www.burmeseclassic.com

ရန်ကုန်မြို့၊ ပေဟာန်းမြို့နယ်၊ နန္ဒဝန်လမ်း
မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ်
၏
ပဓာန နာယက

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
ဃောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ

၏

BURMESE CLASSIC

# တိပိဋက ဓမ္မလက်ဆောင် တရားတော်များ

ဓမ္မလက်ဆောင် (၁) မှ (၅၀) အထိ

(ဓမ္မဒါန)

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၂ ခရစ် ၂၀၁၀

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန
ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းနိုင် က
စာအမှတ် ၁၁၉ / ၀၁ / (ပုံနှိပ်) သသန-၁၀ စာမူခွင့်ပြုချက်ဖြင့် စာအုပ်ရိုက်နှိပ်ခွင့်ပြု၍
ဦးအောင်လင်းထွန်း (မြ၀၈၀၆၄) ယူကီကိုပုံနှိပ်တိုက်
အမှတ် ၁၁၁၊ ၄၀လမ်း။ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။


ပထမအကြိမ် – ၂၀၁၀ခုနှစ်၊ အောက်တိုဘာလ (၂၂၀၀)အုပ်
ဓမ္မဒါနအဖြစ်ရိုက်နှိပ်ပူဇော်ပါသည်။

ငြိမ်းအေးရာမှန်၊ မြတ်နိဗ္ဗာန်၊ ရည်သန် ပညာပါရမီ ကုသိုလ်တော်

www.burmeseclassic.com

www.burmeseclassic.com

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
# ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ



ကလေးမြို့၊ တောင်ဖီလာတောရ ဆွမ်းစားကျောင်းရေစက်ချပွဲ (၁၄–၁၁–၂၀၀၆)အတွက် ကြွရောက်စဉ် (၁၁–၁၁–၂၀၀၆)နေ့တွင် ဤကျမ်းစာအုပ် ဓမ္မဒါနကုသိုလ်ရှင် ဒါယကာကြီးကိုယ်တိုင် ကလေးမြို့၌ ရိုက်ကူးပူဇော်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မဒါနအလှူရှင်

ဦးကျော်ဝင်း + ဒေါ်မိုမို

သားသမီး မြေးမြစ်သားစု

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

အမတပဗ္ဗနာ ပညာပါရမီကုသိုလ်တော်

ဤဒံ နော ပုညံ မောစိဉာဏာဿ ပစ္စယော ဟောတု

အုပ်ရေ (၂၂၀၀) အုပ် ရိုက်နှိပ်ပူဇော်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ

ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ

၏

# တိပိဋက ဓမ္မလက်ဆောင် တရားတော်များ

တိပိဋကဓမ္မလက်ဆောင် တရားတော်များကို
တစ်စုတစ်ပေါင်းတည်း လွယ်လင့်တကူ ကြည့်ရှုလေ့လာ ပူဇော်နိုင်ရန်အတွက်
ဓမ္မလက်ဆောင် (၁) မှ (၅၀) အထိ တရားတော်များကို
စုပေါင်း၍ ရိုက်နှိပ်လှူဒါန်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# တိပိဋက ယော ဆရာတော်၏ ဘဝဖြစ်စဉ်

ယော ဆရာတော် အရှင်သိရိန္ဒာဘိဝံသသည် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ လက်ပန်ရွာ အဘ ဦးရဲနိုင် အမိဒေါ်တုတ်ခိုင်တို့မှ ၁၃၀၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက်(၂၆-၃-၁၉၄၃)၊ သောကြာနေ့တွင် ဖွားမြင်သော သားဦးရတနာ ဖြစ်ပါသည်။ ယောဆရာတော်လောင်းလျာအား သူတကာထက်သာလွန်ကြောင်း နိမိတ်ကောင်းဖြင့် "မောင်သာမောင်" ဟု အမည်ပေးကြသည်။

ယောဆရာတော်လောင်းလျာသည်ငယ်စဉ်ဘဝစကားပြောတတ်ခါမှစ၍ မိခင်က စာပေများကို နှုတ်တိုက်ချပေးသည်။ မိဘဘိုးဘွားများက ပုံဝတ္ထု ဇာတ်နိပါတ်များကို မကြာမကြာ ပြောခြင်းဖြင့် ပုံသွင်းခဲ့သည်။ ၁၃၁၄ခု၊ ၁၀ နှစ်သားအရွယ်တွင် လက်ပံရွာကျောင်းဆရာတော် ဦးတိသ ထံ၌တစ်နှစ်ခွဲအတွင်း အခြေခံ ပါဠိစာပေ၊ မြန်မာစာပေ၊ ဂဏန်းသင်္ချာနှင့်တကွ ဗုဒ္ဓယဉ်ကျေးမှုအခြေခံတို့ကိုပါ သင်ကြားတတ်မြောက်ခဲ့သည်။ ၁၃၁၅ခုနှစ်တွင် လက်ပံရွာ အစိုးရမူလတန်းကျောင်း၌အပ်နှံရာ အခြေခံပညာ ပါရမီပါလာသဖြင့် နှစ်စဉ် ဆက်တိုက် စတုတ္ထတန်းထိ ထိပ်ဆုံးမှ အောင်မြင်ခဲ့သည်။

၁၃၁၈ခုနှစ်၊ ၁၄နှစ်သားအရွယ်တွင် လက်ပံရွာကျောင်းဆရာတော် ဦးတိသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်ပြုမင်္ဂလာပြုလုပ်ခဲ့သည်။ သာသနာ့ဘောင်တွင် ပျော်ပိုက်လျက် ရှိသော်လည်း မိဘတို့က ပညာရေးနှောင့်နှေးမည်စိုးသောကြောင့် တစ်လခန့်နေပြီး လူဝတ်လဲစေကာ ဂန့်ဂေါ မြို့နယ်၊ ကန်ရွာရှိ အစိုးရအလယ်တန်းကျောင်းသို့ ပြောင်းရွှေ့အပ်နှံကြသည်။

ကန်ရွာတွင် ဦးရီးတော် ဦးပြည့်ထွန်း+ဒေါ်ပေါ်ခင်တို့၏ အုပ်ထိန်းမှုဖြင့် ပညာသင်ကြားခဲ့သည်။ ၁၃၂၁ ခုနှစ်တွင် သတ္တမတန်း ဗုဒ္ဓဘာသာစာမေးပွဲ၌နံပတ်(၁)မှ အောင်မြင်ပြီး အစိုးရစစ်သတ္တမတန်းကိုကား ပြိုင်ဘက်မရှိ တစ်ကျောင်းလုံး တစ်ဦးတည်းသာ အောင်မြင်ခဲ့သည်။

ယော ဆရာတော်လောင်းလျာသည် သတ္တမတန်းအောင်မြင်ပြီးနောက် မွေးရပ်ဌာနေ လက်ပံရွာသို့ ပြန်ကာ သာသနာ့ဘောင်သို့ဝင်ရန် မိဘတို့အား ခွင့်ပန်ကြားသည်။ မိဘတို့က သားချစ်၏ နောင်ရေးကို တွေး၍ မခွဲလိုကြသဖြင့် ခွင့်မပြုကြချေ။ ထိုအချိန်တွင် ကန်ရွာမှ ဦးရီးတော် ဦးပြည့်ထွန်းရောက်လာပြီး ကောင်းသောအလုပ်ဖြစ်၍ မတားမြစ်သင့်ကြောင်း၊ ဓမ္မန္တရာယ်ဖြစ်တတ်ကြောင်း ပြောဆိုရှင်းလင်းပြသဖြင့် မိဘတို့က လိုက်လျောရသည်။ မောင်သာမောင်အဖို့ကား ဆန္ဒပြည့်ဝရပေပြီ။ ထိုနေ့၌ပင် ဦးရီးတော် ဦးပြည့်ထွန်း နှင့်အတူ ကန်ရွာသို့ လိုက်ခဲ့သည်။

၁၃၂၂ခုနှစ်၊ နယုန်လဆန်း(၈)ရက်နေ့တွင် ပထမကန်တောရဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ဒုတိယအကြိမ် သာမဏေဘဝသို့ ရောက်ခဲ့ရသည်။ ကျက်သရေအဝဝကို အစိုးရကြောင်း နိမိတ်ကောင်းဖြင့် ရှင်သိရိန္ဒ ဟု ဘွဲ့အမည်ပေးခဲ့သည်။

သာမဏေဝတ်ပြီးနောက် ကန်တောရတိုက် စာချဆရာတော်များဖြစ်ကြသော ဦးကေလာသ၊ ဦးနန္ဒိမာ၊ ဦးသာကိန္ဒ(ဓမ္မာစရိယ)တို့ထံ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်စသော ပိဋကတ်တော်အခြေခံစာပေများကို လည်း ကောင်း၊ ပါဠိရေးနည်း၊ ဂါထာစီကုံးနည်း၊ ကဗျာလင်္ကာစပ်နည်းတို့ကိုလည်းကောင်း နှစ်နှစ်အတွင်း ဆရာတော် များ အံ့သြချီးကျူးလောက်အောင် သင်ကြားတတ်မြောက်ခဲ့သည်။ ယော ဆရာတော်လောင်းလျာ ရှင်သိရိန္ဒ သည် ၁၃၂၄ခုနှစ်၊ ကဆုန်လဆုတ်(၈)ရက်၊ စနေနေ့၌ကန်တောရတိုက် တိုက်အုပ်ဆရာတော် ဦးဝိသုတကို ဥပဇ္ဈာယ်ပြုလျက် လက်ပံရွာ ခမည်းတော် ဦးရဲနိုင်+မယ်တော်ဒေါ်တုတ်ခိုင်နှင့် ဘေး ဘိုးဘွားတို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ အရှင်သိရိန္ဒဟူသော ဘွဲ့တော်ဖြင့် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ခဲ့ပေသည်။

ထို့နောက် တစ်ဖန် ၁၃၃၁ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အဂ္ဂမဟာ ပဏ္ဍိတ မြောင်းမြဆရာတော်ကြီး၏ ချီးမြှောက်မှုဖြင့် ဒုတိယအကြိမ် ဒဠှီကမ္မအဖြစ် သိက္ခာတင်၍ သိမ်ထိပ် မင်္ဂလာပြုခဲ့ပါသည်။ အရှင်သိရိန္ဒသည် ရဟန်းခံပြီး မကြာမြင့်မီ မန္တလေးသို့ စာသင်သွားရန် မိဘတို့အား တိုင်ပင်ရာ သားချစ်အား မခွဲလိုကြသဖြင့် တစ်နယ်တစ်ကျေးသို့သွားရန် စိတ်မချနိုင်၍ ခွင့်မပြုပေ။ သို့သော် လက်ပံရွာဆရာတော်၏ ပြောဆိုဆုံးမ လမ်းညွှန်မှုကြောင့် ခွင့်ပြုလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကဓမ္မလက်ဆောင် တရားတော်များ

၁၃၂၄ခုနှစ်၊ နယုန်လဆန်း(၁၁)ရက်နေ့တွင် မန္တလေးမြို့သို့ ထွက်ခွာခဲ့သည်။ မန္တလေးမြို့၊စိန်ပန်းရပ်၊ ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌တစ်ပတ်ခန့်နေပြီး မဟာဝိသုဒ္ဓါရုံတိုက်သို့ လိုက်၍ အပ်နှံကြသည်။ ဦးပဏ္ဍိစ္စ (ကန်ရွာ)၏ အကူအညီရသောကြောင့် မဟာဝိသုဒ္ဓါရုံ အောင်မြေသာစည်ကျောင်း၌နေထိုင်ရန် အဆင်ပြေခဲ့ပါသည်။

အရှင်သိရိန္ဒာဘိဝံသသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌နေစဉ် အောင်မြေသာစည်ဆရာတော် ဦးပဏ္ဍာဝံသ၊ သံတော်ဆင့်ဆရာတော် ဦးတိလောက၊ မစိုးရိမ်ကျောင်းမှ ဆရာတော် ဦးဝိစိတ္တာဘိဝံသ၊ ဦးစန္ဒောဘာသာဘိဝံသ၊ ဦးကောသလ္လ၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးရာဇဓမ္မာဘိဝံသ၊ ဦးဝေပုလ္လ၊ ဦးကုန္ဒာစာရ၊ ဦးဓမ္မာနန္ဒတို့ထံ၌ပိဋကတ်စာပေ ပါဠိတော် အဋ္ဌကထာ ဋီကာ နေ့ဝါညဝါများကို လေ့လာသင်ကြားဆည်းပူးခဲ့ပါသည်။

မန္တလေးမြို့၌ငါးနှစ်နေပြီးနောက် ၁၃၂၉ခုနှစ်တွင် သံတော်ဆင့်ဆရာတော် ဦးတိလောက၏ တိုက်တွန်းညွှန်ကြားချက်အရ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်တိုက်သစ် ဆရာတော် ဦးဝါသဝါဘိဝံသ ထံ ပညာရင်နို့သောက်စို့ရန် ရောက်ရှိခဲ့ရာ ပါဠိတော် အဋ္ဌကထာ ဋီကာ စသော ပိဋကတ်စာပေအထွေထွေတို့ကို လေ့လာသင်ကြားဆည်းပူးခဲ့သည်။

ထို့အပြင် စာချဆရာတော် ဦးသီလာစာရာဘိဝံသ၊ အလယ်တောရဆရာတော် ဦးသူရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)တို့ထံ၌လည်း စာဝါများကို လိုက်နာသင်ကြားခဲ့သည်။ ထိုကဲ့သို့ မိမိအတွက် အဘက်ဘက် ပြည့်စုံအောင် ပိဋကတ်စာပေများကို သင်ကြားဆည်းပူးရင်း မိမိကလည်း တိုက်တာ၏ စာချတာဝန်ကို ထမ်းဆောင်ကာ စာဝါနှစ်ဝါ နေ့စဉ် ကူညီပို့ချပေးခဲ့ပါသည်။

ယောဆရာတော်လောင်းလျာ အရှင်သိရိန္ဒာဘိဝံသသည် မန္တလေးမြို့သို့ရောက်ရှိပြီးနောက် စာမေးပွဲ အလီလီကို ဝင်ရောက်ဖြေဆိုခဲ့ရာ ၁၃၂၄ခုနှစ်၌အစိုးရပထမငယ်တန်း၊ ၁၃၂၅ခုနှစ် ပထမလတ်တန်း၊ ၁၃၂၆ခုနှစ်၌ပထမကြီးတန်းကိုလည်းကောင်း၊ ၁၃၂၈ခုနှစ်၌ဝိနယပါဠိပါရဂူနှင့် စေတိယင်္ဂဏ စာသင်တန်း တို့ကိုလည်းကောင်း၊ ၁၃၂၉ခုနှစ်၌အစိုးရဓမ္မာ စရိယစာချတန်းတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးဖြင့် အဂ္ဂမဟာအကျော် ဘွဲ့ထူးကိုလည်းကောင်း ဆွတ်ခူးအောင်မြင့်ခဲ့ပါသည်။

၁၃၃၀ပြည့်နှစ်တွင် မန္တလေးမြို့၊ သကျသီဟစာမေးပွဲတွင် စာသင်တန်းကို နံပတ်တစ်ဖြင့် အောင်မြင်ခဲ့ပြီး ၁၃၃၁ခုနှစ်တွင် စေတိယင်္ဂဏစာချတန်းကို အောင်မြင်ခဲ့ပါသည်။ ၁၃၃၂ခုနှစ်တွင် သကျသီဟ စာမေးပွဲစာချတန်းကို ပထမဂုဏ်ထူးဖြင့်ပင် အောင်မြင်သည့်အပြင် တိပိဋက ရွေးချယ်ရေး စာမေးပွဲကြီး၌လည်း ဝိနည်းငါးကျမ်းကို အာဂုမ်နှင့့် သဘောရေးဖြေပါ အောင်မြင်သောကြောင့် ဝိနယဓရ၊ ဝိနယကောဝိဒ ဘွဲ့တို ရရှိခဲ့ပါသည်။

၁၃၃၃ခုနှစ်တွင် အဘိဓမ္မာရှေ့ပိုင်းငါးကျမ်း၊ အာဂုမ်ပြန်ဆိုပွဲ အောင်မြင်ပြီး၊ ၁၃၃၄ခုနှစ်တွင် သကျသီဟနိကာယ် စာမေးပွဲ၌သုတ်သီလက္ခန်ကျမ်းနှင့် အစိုးရစာမေးပွဲတွင် ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူကိုလည်း အောင်မြင်တော်မူသည်။ ၁၃၃၅ခုနှစ်တွင် ဝိဘင်္ဂါဒိမြန်မာဂုဏ်ထူးနှင့် သထုံမြို့၊ သုဝဏ္ဏဘုမ္မိ ပရိယတ္တိ စာမေးပွဲကိုလည်း အောင်မြင်သည်။

၁၃၃၆ခုနှစ်တွင် ရန်ကုန်မြို့ နိကာယ်သာသနာထွန်းကားရေးအသင်းမှ ကြီးမှူးကျင်းပသော အဘိဓမ္မာ ပထမပိုင်းလေးအုပ်ကို နံပါတ်တစ်ဖြင့်လည်းကောင်း၊ အာဂုဏ်ကို ဂုဏ်ထူးဖြင့်လည်းကောင်း၊ တိပိဋက ရွေးချယ်ရေးတွင် အဘိဓမ္မာပိဋက ပထမပိုင်း ငါးကျမ်းသဘောရေးဖြေကိုလည်းကောင်း အောင်မြင်ခဲ့သည်။ ၁၃၃၇ခုနှစ်တွင် တိပိဋကရွေးချယ်ပွဲ၌အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်း အာဂုမ်ပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲ နှစ်ရပ်လုံးကို အောင်မြင်သဖြင့် အာဘိဓမ္မိက အဘိဓမ္မကောဝိဒ ဘွဲ့ကို ရရှိတော်မူသည်။

ထို့ပြင် ရန်ကုန်မြို့၊ နိကာယ်သာသနာထွန်းကားရေးအသင်းမှ ကြီးမှူးကျင်းပသော နိကာယ် စာမေးပွဲတွင် နိကာယုဇ္ဇောတက အဘ္တဝိသာရဒ မူလအာဘိဓမ္မိကဘွဲ့ကို ရရှိခဲ့သည်။ ၁၃၄၀ပြည့်နှစ်တွင် သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း အာဂုမ်ပြန်ဆိုပွဲတွင် အောင်မြင်တော်မူသောကြောင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော် အောင်လက်မှတ်နှင့့် အရိုးနီကနက္ကဒဏ်ထီးဖြူတော်သုံး လက်ပါရှိသော သာသနာ့ အောင်လံတော်တို့ကို ရရှိတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကဓရယောဆရာတော် ၏

၁၃၄၆ခုနှစ် (၃၇)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးတွင် သင်ရိုးဝိနယပိဋက သုတ္တန္တပိဋက ဒီဃနိကာယ် သုံးကျမ်း သဘောရေးဖြေစာမေးပွဲကို အောင်မြင်တော်မူသောကြောင့် နိုင်ငံတော် အစိုးရက လျှုဒါန်းအပ်သော အရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော် အောင်လက်မှတ်နှင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်တို့ကို ခံယူရရှိတော်မူ သည့် သာသနာ့အာဇာနည် အရှင်ဖြစ်လာပါသည်။

၁၃၅၁ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လျှုဒါန်းခြင်းခံရသည်။ ၁၃၆၀ ပြည့်နှစ်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လျှုဒါန်းခဲ့ပါသည်။

ယခုအခါ ဆရာတော်သည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်တာဝန် စသည့် များပြားလှစွာသော တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

## ယောဆရာတော်၏ ရေးသားထုတ်ဝေပြီးသော တိပိဋကဓမ္မလက်ဆောင်များ

| | | | |
|---|---|---|---|
| ၁။ | စိတ်ထိန်းကိရိယာ | ၂၄။ | ဘဝဝေစု မြတ်ကောင်းမှု |
| ၂။ | ဘဝလမ်းညွှန် | ၂၅။ | တရားဆောင်သူ စိတ်မပူ |
| ၃။ | သာဓု(၄)ပါး မြတ်တရား | ၂၆။ | အား |
| ၄။ | အပေါင်းလက္ခဏာ | ၂၇။ | ယော |
| ၅။ | အနှစ်ထုတ်ယူ စွမ်းတဲ့လူ | ၂၈။ | မွေးနေ့မင်္ဂလာ ရတနာ |
| ၆။ | ကံကိုထိန်းချုပ် စိတ်ခလုတ် | ၂၉။ | ၄၅နှစ် တရားသက် |
| ၇။ | စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့် | ၃၀။ | နှစ်လေးဆယ့်ငါး တရားအချုပ် |
| ၈။ | ကိုယ့်လမ်းကိုယ်လျှောက် ကောင်းရာရောက် | ၃၁။ | လူ့အလှဆုံး စိန်တစ်လုံး |
| ၉။ | အချိန်တန်ဖိုး၊ လူ့တန်ခိုး | ၃၂။ | မေတ္တာနှလုံး အလှဆုံး |
| ၁၀။ | ဘဝတကွေ့ ခဏတွေ့ | ၃၃။ | မေတ္တာလွှမ်းခြုံ ဘေးရန်လုံ |
| ၁၁။ | ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ် | ၃၄။ | အလှူကျေးဇူး စွမ်းရည်ထူး |
| ၁၂။ | တရားအသိ လူ့မျက်စိ | ၃၅။ | နှုတ် × ဆက် ၄ မင်္ဂလာ |
| ၁၃။ | မေတ္တာပန်းခိုင် သုံးပွင့်ဆိုင် | ၃၆။ | မေတ္တာတရား လူ့စွမ်းအား |
| ၁၄။ | နှလုံးသားဝယ် ဘုရားတည် | ၃၇။ | အကုန်အရ လူ့ဘဝ |
| ၁၅။ | အေးမြရွှင်ပြုံး လူ့နှလုံး | ၃၈။ | မီးသတိပြု |
| ၁၆။ | လူ၏စွမ်းအား မြတ်တရား | ၃၉။ | မေတ္တာကျေးဇူး စွမ်းရည်ထူး |
| ၁၇။ | ကိုယ့်ကိုကိုယ်ချစ် လူအစစ် | ၄၀။ | ၄၅ ဝါ သာသနာ |
| ၁၈။ | အသိမှန်ကန် ကိုယ့်ဖို့ကျန် | ၄၁။ | လူ့အား |
| ၁၉။ | တရားကျေးဇူး စွမ်းရည်ထူး | ၄၂။ | လူ၏စွမ်းအား ပတ္တမြား |
| ၂၀။ | သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက် | ၄၃။ | စိတ်ကောင်းထားက မိတ်ကောင်းရ |
| ၂၁။ | ကျန်းမာရွှင်လန်း မေတ္တာစွမ်း | ၄၄။ | အချစ်ဆုံး ဆွေမျိုး |
| ၂၂။ | မေတ္တာလက်တွဲ ရာပြည့်ပွဲ | ၄၅။ | ငြေ့သည် |
| ၂၃။ | ကိုယ်ပိုင်အလုပ် ဥစ္စာထုပ် | ၄၆။ | ၄၅ နှစ် ရဟန်းသက် |

www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကဓမ္မလက်ဆောင် တရားတော်များ

၄၇။ စိတ်အေးစရာ သာသနာ
၄၈။ တစ်ခါလာလဲဒါပါပဲ
၄၉။ လူ့ဘဝထဲ စာမေးပွဲ
၅၀။ ခန္ဓာကိုယ်ထဲ စာမေးပွဲ
၅၁။ ဘဝတစ်ခေါက် ခြောက်ဆယ့်ခြောက်
၅၂။ ယနေ့အလုပ် ယနေ့လုပ်
၅၃။ အဘိဓမ္မာ သိစရာ
၅၄။ ဝိသုဒ္ဓါရုံ ခွင့်ခါကြုံ
၅၅။ ဓာတ်
၅၆။ ဘဝကိုဆောင် အလင်းရောင်
၅၇။ လူသားမေတ္တာ ဤကမ္ဘာ
၅၈။ ဆရာကျေးဇူး စွမ်းရည်ထူး
၅၉။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ
၆၀။ ဉူးကောသလ္လတစ်ဘဝပေါ် ရတောင်ဖီလာ
၆၁။ သတိမေတ္တာသူငါစုပေါင်း အကုန်ကောင်း
၆၂။ ယခုအလုပ် ယခုလုပ်

## ပြုစုသည့် ကျမ်းစာအုပ်များ

၁။ ဓမ္မာစရိယလမ်းပြကျမ်း (ပထမတွဲ)
၂။ တရားအလင်္ကာ ပဒေသာ

## ရွှေစန္ဒာထွန်းစာပေတိုက်မှ ထုတ်ဝေပြီးသော
## ယော ဆရာတော်၏ တရားဓမ္မသနာတော်များ

၁။ မေတ္တာနှလုံး အလှဆုံး
၂။ အဆင်းအတက် လမ်းနှစ်ဖက်
၃။ အသိမှန်ကန် အဖိုးတန်
၄။ ကုသိုလ်လည်းရ ဝမ်းလည်းဝ
၅။ ဆင်းရဲ၏နောက် ချမ်းသာရောက်
၆။ စိတ်အေးစရာ သာသနာ
၇။ အိမ်တွင်းမင်္ဂလာ လူ့ကျင့်စဉ်
၈။ မေတ္တာတရား လူ့စွမ်းအား
၉။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၁၀။ စိတ်စွမ်းရည်
၁၁။ ဘဝဇာတ်ခုံ ပုံစံစုံ
၁၂။ ပညာလမ်းပြ လူ့အလှ
၁၃။ အပေါင်းလက္ခဏာ
၁၄။ ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း
၁၅။ အသီးတစ်ရာ အညှာတစ်ခု
၁၆။ တရားပြည့်ဝ အရိပ်ရ
၁၇။ အဆိုးကိုရှောင် အကျိုးဆောင်
၁၈။ ဘဝတစ်ခေါက် ခဏရောက်
၁၉။ ဩဝါဒပဒေသာ
၂၀။ အချိန်တန်ဖိုး လူ့တန်ခိုး
၂၁။ ယော တရားတော်
၂၂။ ဗုဒ္ဓလမ်းညွှန် အကျင့်မှန်
၂၃။ ပစ္စည်းတန်ဖိုး လူ့တန်ခိုး
၂၄။ ဘဝပင်လယ် ခရီးသည်
၂၅။ ဩဝါဒပဒေသာ(၂)
၂၆။ နှလုံးသားဝယ် ဘုရားတည်
၂၇။ လူ့ဘဝထဲ စာမေးပွဲ
၂၈။ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း
၂၉။ ၄၅ နှစ် တရားသက်
၃၀။ မီးသတိပြု

www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကယောဆရာတော် ၏

# တိပိဋကဓရ ဓမ္မလက်ဆောင် တရားတော်များ

## – မာတိကာ –


တိပိဋကဓရ ဓမ္မလက်ဆောင် (၁)
"စိတ်စွမ်းရည်ထုတ်စက်ရုံနှင့်
စိတ်ထိန်းကိရိယာ"

တိပိဋကဓရ ဓမ္မလက်ဆောင် (၂)
ဘဝလမ်းညွှန်

တိပိဋကဓရ ဓမ္မလက်ဆောင် (၃)
သာဓု (၄) ပါး -မြတ်တရား

တိပိဋကဓရ ဓမ္မလက်ဆောင် (၄)
အပေါင်းလက္ခဏာ

တိပိဋကဓရ ဓမ္မလက်ဆောင် (၅)
အနှစ်ထုတ်ယူစွမ်းတဲ့လူ

တိပိဋကဓရ ဓမ္မလက်ဆောင် (၆)
"ကံကိုထိန်းချုပ် စိတ်ခလုတ်"

တိပိဋကဓရ ဓမ္မလက်ဆောင် (၇)
စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်

တိပိဋကဓရ ဓမ္မလက်ဆောင် (၈)
ကိုယ့်လမ်းကိုယ်လျှောက်ကောင်းရာရောက်

တိပိဋကဓရ ဓမ္မလက်ဆောင် (၉)
အချိန်တန်ဖိုးလူ့တန်ခိုး

တိပိဋကဓရ ဓမ္မလက်ဆောင် (၁၀)
"ဘဝတစ်ကွေ့ ခဏတွေ့"

တိပိဋကဓရ ဓမ္မလက်ဆောင် (၁၁)
ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်
(တိပိဋကမယ်တော်ကြီး စိန်ရတု
အထူးလက်ဆောင်)

တိပိဋကဓရ ဓမ္မလက်ဆောင် (၁၂)
တရားအသိ လူမျက်စိ
ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဟောသော တရား

တိပိဋကဓရ ဓမ္မလက်ဆောင် (၁၃)
' မေတ္တာပန်းခိုင် သုံးပွင့်ဆိုင် '

တိပိဋကဓရ ဓမ္မလက်ဆောင် (၁၄)
နှလုံးသားဝယ် ဘုရားတည်

တိပိဋကဓရ ဓမ္မလက်ဆောင် (၁၅)
အေးမြရွှင်ပြုံး လူ့နှလုံး

တိပိဋကဓရ ဓမ္မလက်ဆောင် (၁၆)
လူ၏စွမ်းအား မြတ်တရား




www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကဓယာဆရာတော် ၏


တိပိဋကဓရ မေမွလက်ဆောင် (၁၇)
ကိုယ့်ကိုကိုယ်ချစ်လူအစစ်

တိပိဋကဓရ မေမွလက်ဆောင် (၁၈)
အသိမှန်ကန် ကိုယ့်ဖို့ကျန်

တိပိဋကဓရ မေမွလက်ဆောင် (၁၉)
တရားကျေးဇူး စွမ်းရည်ထူး

တိပိဋကဓရ မေမွလက်ဆောင် (၂၀)
သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်

တိပိဋကဓရ မေမွလက်ဆောင် (၂၁)
ကျန်းမာရွှင်လန်း မေတ္တာစွမ်း

တိပိဋကဓရ မေမွလက်ဆောင် (၂၂)
မေတ္တာလက်တွဲ ရာပြည့်ပွဲ

တိပိဋကဓရ မေမွလက်ဆောင် (၂၃)
ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်

တိပိဋကဓရ မေမွလက်ဆောင် (၂၄)
ဘဝစေစု မြတ်ကောင်းမှု

တိပိဋကဓရ မေမွလက်ဆောင် (၂၅)
တရားဆောင်သူ စိတ်မပူ

တိပိဋကဓရ မေမွလက်ဆောင် (၂၆)
" အား"

တိပိဋကဓရ မေမွလက်ဆောင် (၂၇)
ယော

တိပိဋကဓရ မေမွလက်ဆောင် (၂၈)
မွေးနေ့မင်္ဂလာရတနာ

တိပိဋကဓရ မေမွလက်ဆောင် (၂၉)
၄၅-နှစ် တရားသက်

တိပိဋကဓရ မေမွလက်ဆောင် (၃၀)
နှစ်လေးဆယ့်ငါးတရားအချုပ်

တိပိဋကဓရ မေမွလက်ဆောင် (၃၁)
"လူ့အလှဆုံးစိန်တစ်လုံး"

တိပိဋကဓရ မေမွလက်ဆောင် (၃၂)
မေတ္တာနှလုံး အလှဆုံး [မေတ္တာသုတ်]

တိပိဋကဓရ မေမွလက်ဆောင် (၃၃)
မေတ္တာလွှမ်းခြုံ ဘေးရန်လုံ [ခန္ဓသုတ်]

တိပိဋကဓရ မေမွလက်ဆောင် (၃၄)
အလှူကျေးဇူး စွမ်းရည်ထူး

တိပိဋကဓရ မေမွလက်ဆောင် (၃၅)
နှုတ်ဆက်မင်္ဂလာ

တိပိဋကဓရ မေမွလက်ဆောင် (၃၆)
မေတ္တာတရား လူ့စွမ်းအား

တိပိဋကဓရ မေမွလက်ဆောင် (၃၇)
အကုန်အရ လူ့ဘဝ
(၆၃-နှစ်ပြည့်အထူးလက်ဆောင်)

တိပိဋကဓရ မေမွလက်ဆောင် (၃၈)
မီးသတိပြု




www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကက မေ့ွလက်ဆောင် တရားစာတော်များ

တိပိဋကစရေ မေ့ွလက်ဆောင် (၃၉)
မေတ္တာကျေးဇူးစွမ်းရည်ထူး

တိပိဋကစရေ မေ့ွလက်ဆောင် (၄၀)
၄၅-ဝါ သာသနာ

တိပိဋကစရေ မေ့ွလက်ဆောင် (၄၁)
လူအား ( ၄၅-ဝါ သာသနာ
အထိမ်းအမှတ်အထူးလက်ဆောင် )

တိပိဋကစရေ မေ့ွလက်ဆောင် (၄၂)
လူ၏စွမ်းအား ပဋ္ဌာန်းမြား
(ယောတိပိဋက၏ကျေးဇူးရှင်
သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တတိလောက ၏
ပဋ္ဌာန်းမြားရတု မွေးနေ့အထူးလက်ဆောင်)

တိပိဋကစရေ မေ့ွလက်ဆောင် (၄၃)
စိတ်ကောင်းထားက မိတ်ကောင်းရ

တိပိဋကစရေ မေ့ွလက်ဆောင် (၄၄)
အချစ်ဆုံးဆွေမျိုး

တိပိဋကစရေ မေ့ွလက်ဆောင် (၄၅)
ညွှဲသည်

တိပိဋကစရေ မေ့ွလက်ဆောင် (၄၆)
၄၅-နှစ်ရဟန်းသက် (ရဟန်းဘဝဒုလ္လဘ)

တိပိဋကစရေ မေ့ွလက်ဆောင် (၄၇)
စိတ်အေးစရာ သာသနာ
(တိပိဋကယောဆရာတော်၏ ရဟန်းသက်
၄၅-နှစ်ပြည့် နှင့်
မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး၏
နှစ်-၁၀၀ပြည့် အထူးလက်ဆောင်)

တိပိဋကစရေ မေ့ွလက်ဆောင် (၄၈)
တစ်ခါလာလည်း ဒါပါပဲ

တိပိဋကစရေ မေ့ွလက်ဆောင် (၄၉)
လူ့ဘဝထဲစာမေးပွဲ ( ယောဆရာတော်၏
ရဟန်းသက် ၄၅-နှစ်ပြည့် အထိမ်းအမှတ်နှင့်
မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး၏ နှစ်၁၀၀-
ပြည့် အထိမ်းအမှတ်အတွက်
အထူးလက်ဆောင်ဖြစ်သည် )

တိပိဋကစရေ မေ့ွလက်ဆောင် (၅၀)
ခန္ဓာကိုယ်ထဲဘောလုံးပွဲ
( ယောဆရာတော်၏ ၆၅/၄၆ အထိမ်းအမှတ်
အထူးလက်ဆောင် )



www.burmeseclassic.com

www.burmeseclassic.com



(၈၃) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
ဝါဝါ [illegible]

(၅၃) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible] ) [illegible]
[illegible]
[illegible]
[illegible]
( [illegible]

(၀၉) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]
[illegible] )
( [illegible]

(၆၄) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]

(၀၃) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]

(၀၃) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible] ) [illegible]
( [illegible]

(၂၁) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]
[illegible]
[illegible]
( [illegible]

(၉၃) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]

(၃၃) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]

(၄၀) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]

(၈၀) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
( [illegible] ) [illegible]

(၄၃) ဒိဋ္ဌဓမ္မဝေဒနီယကံ ဇာတ်ဝတ္ထု
[illegible]
[illegible]
[illegible]
[illegible]
( [illegible]



www.burmeseclassic.com

www.burmeseclassic.com



# တိပိဋကမွေလက်ဆောင် (၁)
# "စိတ်စွမ်းရည်ထုတ်စက်ရုံနှင့် စိတ်ထိန်းကိရိယာ"

## နမော စိတ္တာသတ္တိဒေသကဿ

### ၁။ စိတ်ကိုရှင်းလင်း၊ စက်ရုံတွင်း၊ ထည့်သွင်းပြုပြင်ပါ။

**( ၁၃၄၈-ခု၊ နတ်တော်လပြည့်ကျော်၉-ရက်(၂၅-၁၂-၈၆)နေ့တွင် ရန်ကုန်မြို့၊ ပုဇွန်တောင် ဓမ္မယောသက ဦးမောင်မောင်အိမ်၌ စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်၊ ပတ္တမြားမြို့ အလှူရှင်များ၏ တိပိဋကရေပူဇော်ပွဲအတွက် အရှင်သိရိန္ဒာဘိဝံသ ဟောကြားအပ်သော အနုမောဒနတရားမှ ကောက်နုတ်ချက် )**

သာသနာဆိုတာ စိတ်စွမ်းရည်ထုတ်လုပ်တဲ့စက်ရုံကြီးနဲ့တူပါတယ်၊ မိမိတို့ရဲ့စိတ်အစဉ်က ကုန်ကြမ်းပစ္စည်းနဲ့တူပါတယ်၊ စိတ်ထဲက စွမ်းရည်သတ္တိ ကမ္မသတ္တိရလဒ်စွမ်းရည်ပေါ်လာအောင် စိတ်ကိုသာသနာစက်ရုံထဲမှာ ထည့်ပေးရမယ်၊ သာသနာဆိုတဲ့ စိတ်စွမ်းရည်ထုတ်လုပ်တဲ့စက်ရုံကြီးထဲမှာ မိမိရဲ့စိတ်ဆိုတဲ့ ကုန်ကြမ်းပစ္စည်းကို စနစ်တကျထည့်လိုက်တော့ ဒါနပုံစံနဲ့ထည့်လိုက်ရင် ဒါနစွမ်းရည်တွေပေါ်ထွက်လာတယ်။ သီလပုံစံနဲ့ ထုတ် လုပ်တဲ့အခါ သီလစွမ်းရည်တွေ ပေါ်လာတယ်။ သမထဘာဝနာလုပ်ငန်းစဉ်နဲ့ ထုတ်လုပ်လိုက်ပြန်တော့ သမထ အင်အားစွမ်းရည်တွေပေါ်ထွက်လာရပါတယ်၊ ဝိပဿနာဘာဝနာ လုပ်ငန်းစဉ်နဲ့ ထည့်သွင်း ထုတ်လုပ်တဲ့အခါ ဝိပဿနာစွမ်းအင်တွေ စိတ်ထဲက ပေါ်ထွက်ပြီး လာရပါတယ်၊ ကုသိုလ်လုပ်တာဟာ စိတ်စွမ်းရည်ထုတ်လုပ်တာ ပါပဲ၊ စိတ်အင်အားဖြည့်သွင်းတာပါပဲ။

စိတ်ဟာအားမသွင်းရင် အမြဲအားနည်းနေတတ်တယ်၊ အားနည်းနေရင်ဘာဖြစ်မလဲ- စိတ်အပူအခိုးအငွေ့ ဆိုတဲ့မတည့်တဲ့ ကိလေသာရန်သူတွေနဲ့ပဲ ပေါင်းနေရမှာပဲ၊ ကိလေသာရန်သူတွေ အနိုင်ကျင့်သလို ခံနေရမှာပဲ၊ သာသနာစက်ရုံကိုမှီပြီး စိတ်အင်အားသွင်းလိုက်တော့ စိတ်အားတွေမြင့်လာတယ်၊ အရည် အသွေးတွေ တက်လာ တယ်၊ အရည်အသွေးတက်လာတဲ့အခါ ကိုယ်နှင့်စိတ်ကို ချမ်းသာကြည်နူးစေတတ်တဲ့ သဒ္ဓါစတဲ့တရားများ ဝင်လာပြီး ငါ့စိတ်သိပ်ချမ်းသာတာပဲ၊ သိပ်ကြည်နူးတာပဲ၊ သိပ်ပျော်ရွှင်တာပဲ၊ ဒီလိုဖြစ် လာရမယ်၊ ဒီလိုဖြစ်လဲ ဖြစ်စေတတ်ပါတယ်။

မိမိရဲ့စိတ်ထဲက သာသနာလမ်းစဉ်နဲ့ထုတ်လုပ်လို့ရလာတဲ့ စိတ်စွမ်းရည်သတ္တိအင်အားခေါ်တဲ့ ကမ္မသတ္တိ ကုသိုလ်ကောင်းမှုတရားကသာ မိမိအတွက်ထာဝရအားကိုးရမယ်၊ ထာဝရစိတ်ကို ငြိမ်းချမ်းစေမယ်၊ အနေလဲလှ-အသေလဲစိတ်ချစေလိမ့်မယ်၊ စိတ်စွမ်းအားမြင့်တက် ရင့်ကျက်လာလိမ့်မယ်၊ ရဲစွမ်းသတ္တိရှိလာလိမ့်မယ်။

### ၂။ အပူပယ်ရှား၊ နောက်ဆုတ်သွား၊ တရားဝင်ရောက်လာ။

လောကမှာတွေ့နေရတဲ့ ဒုက္ခတွေရဲ့ အနှုတ်လက္ခဏာဟာ သူတော်ကောင်းတရားပါပဲ၊ ဒုက္ခရဲ့ အနှုတ်လက္ခဏာလို့ပြောလိုက်ရင် သုခရဲ့အပေါင်းလက္ခဏာဆိုတာဟာလဲ ဒီသူတော်ကောင်းတရားပါပဲ။ သူတော်ကောင်းတရားကို ဖြည့်ကျင့်အားထုတ်မှသာ သုခရဲ့အပေါင်းလက္ခဏာဟာ တဟုန်ထိုး မြင့်တက်လာလိမ့်မယ်၊ သုခတွေပေါင်းမှ ဒုက္ခတွေလျော့လိမ့်မယ်၊ သုခတွေတိုးမှ ဒုက္ခတွေနောက်ဆုတ်လိမ့်မယ်၊ ဒုက္ခ ထုတ်လုပ်ရေး ကိရိယာဟာ ကိလေသာတွေပါ။ ကိလေသာဆိုတာ စိတ်ရဲ့အပူအခိုးအငွေ့တွေပဲ၊ ဒုက္ခမျိုးစုံကို ဖန်တီးဖော်ထုတ်ပေးနေတာဟာ သူတို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်း သူတော်ကောင်းဆိုတာဟာ မိမိစိတ်ထဲမှာတွယ်ကပ်နေတဲ့ ကိလေသာ ဓာတ်ငွေ့တွေကို နုတ်နိုင်သလောက် ဖယ်ရှားနိုင်သလောက်သာ သူတော်ကောင်းလို့ ခေါ်ရပါတယ်၊ အဲဒီ ကိလေသာ ဓာတ်ငွေ့တွေ ဝင်လာတဲ့အခါ စိတ်ဟာဖောက်လွဲဖောက်ပြန်ဖြစ်လာတာပဲ၊ သူတော်ကောင်းဂုဏ်ရည်တွေ လျှောကျကုန်တာပဲ၊ စိတ်စွမ်းရည်တွေကျဆင်းပြီး စိတ်ညစ်ရ၊ စိတ်ရှုပ်ရ၊ စိတ်ပျက်ရ၊ စိတ်ဆင်းရဲရတာပဲ၊ ကိလေသာဓာတ်ငွေ့ဆိုတာ ပကတိမျက်စိနဲ့ကြည့်လို့လဲမမြင်ရဘူး၊ လောကီဓေတ်မီစက်ကိရိယာတွေနဲ့ သုတေသနလုပ်လို့လဲ တွေ့ရမှာမဟုတ်ဘူး၊ သတိပညာဦးစီးတဲ့ သာသနာမျက်စိနဲ့ကြည့်မှမြင်နိုင်တာမျိုးပါ။ စိတ်ချမ်းသာချင်ရင် အဲဒီစိတ်ရဲ့အပူအခိုးငွေ့ ကိလေသာဓာတ်ငွေ့တွေကိုဖယ်ရှားပြီး ကိုယ့်စိတ်ထဲကအင်အားတွေပေါ်လာအောင် ဖော်ထုတ်ပေးရမယ်။

## ၃။ စိတ်ထိန်းသတိ၊ တပ်ဆင်ဘိ၊ မှတ်သိ စွဲမြဲပါ။

စိတ်ဆိုတာက စွမ်းရည်ထုတ်တတ်မှ စွမ်းရည်ပေါ်လာပါတယ်၊ စွမ်းရည်မထုတ်တတ်ဘူးဆိုရင် ဘာမှ ကောင်းကျိုးမပြုတဲ့ စွမ်းအင်မဲ့တဲ့ စိတ်တွေချည်းပဲ ဖြစ်နေကြတယ်၊ တစ်ခါတစ်ရံ စိတ်ထိန်းကရိယာ သတိပြုတ်ထွက်သွားတဲ့အခါကျတော့ စိတ်အစဉ်ပေါက်ကွဲသွားတတ်တယ်၊ စိတ်ညစ်တယ်၊ စိတ်ရှုပ်တယ်၊ စိတ်ပျက်တယ်၊ စိတ်ပူတယ်၊ မုန်းတယ်ဆိုတာမျိုးတွေဖြစ်လာတယ်၊ စိတ်အစဉ်ပေါက်ကွဲရာကနေ ကိုယ်နဲ့နှုတ်ကိုပါ ကူးစက်ပြီး အပြုမှားအပြောမှားတွေပေါ်လာတတ်တယ်၊ သတိလွတ်ရင် အမှားချင်းဆက်သွားတော့ တာပဲ။

စိတ်အစဉ်ပေါက်ကွဲလာတော့ ကိုယ်တစ်ယောက်တည်းပေါက်ကွဲလို့အားမရတဲ့အတွက် ပတ်ဝန်းကျင်ကိုပါ ကူးစက်အောင်ဖြန့်ချလိုက်တယ်၊ ဒီမီးတွေဟာ ရပ်ကွက်၊ မြို့နယ်၊ နိုင်ငံ၊ ကမ္ဘာအထိပျံ့နှံ့ပြီးတော့ သွားရတာဟာ အဲဒီကြောက်စရာကောင်းတဲ့ ကိလေသာဓာတ်ငွေ့တွေကြောင့်ပဲ၊ စိတ်ကို စိတ်ထိန်းကိရိယာသတိနဲ့မထိန်းပဲ လွှတ်ချလိုက်တော့ စိတ်အစဉ်ပေါက်ကွဲပြီး မိမိရော သူတပါးပါအကုန်လုံးမီးတွေကူးစက်ပြီးတော့ လောကကြီးဟာ ပူလောင်ချောက်ချားနေကြရတာပါ။

စိတ်ထိန်းကိရိယာသတိတပ်ဆင်လိုက်ရင် စိတ်မှာသူတော်ကောင်းဓာတ်တွေ ကိန်းဝပ်လာတယ်၊ သတိအားကောင်းရင် စိတ်ကောင်းဖော်ထုတ်ပေးတဲ့ သဒ္ဒါတရားလဲ အားကောင်းလာရမြဲပါ။ စိတ်ထား ကောင်းသလောက်သာ သူတော်ကောင်းဖြစ်ခွင့်ရှိပါတယ်။ သူတော်ကောင်းစိတ်တွေမွေးပြီး သူတော်ကောင်း ဓာတ်ကလေးတွေနဲ့ နေကြတဲ့အခါ လောကကြီးဟာ သိပ်ကြည်နူးစရာကောင်းသွားတာပဲ။ သိပ်အေးချမ်းတယ်။

## ၄။ သူတော်ကောင်းတွေ၊ ဤ ၄ ထွေ၊ မသွေကျင့်သုံးရာ။

သူတော်ကောင်းရဲ့ လမ်းစဉ်ဆိုတာ -

၁။ မသိမလိမ္မာ မိုက်ရိုင်းတဲ့ပုဂ္ဂိုလ်များ နှောင့်ယှက်လာရင် သည်းခံခွင့်လွှတ် သဘောထားကြီးတတ်ရမယ်။

၂။ သူတစ်ပါးရဲ့ ပိုင်နက်အခွင့်အရေးကို ဘယ်တော့မှ မကျူးကျော်မနှောင့်ယှက်မစော်ကားရဘူး။ ကိုယ်ချင်းစာတဲ့ ကရုဏာတရားထားရမယ်။

၃။ မိမိရသင့်ရထိုက်တဲ့ အခွင့်အရေးကို သူတစ်ပါးအတွက် ရက်ရက်ရောရောခွဲဝေပေးနိုင်ရမယ်၊ သူတစ်ပါး ကြီးပွားရေးအတွက် စေတနာမေတ္တာထားပြီးကူညီပေးနိုင်ရမယ်။

၄။ သူတစ်ပါးတွေ ကြီးပွားတိုးတက်ပြည့်စုံနေတာကို မြင်ရ၊ ကြားရလို့ရှိရင် ကိုယ်ကြီးပွားတိုးတက်ပြည့်စုံသလိုပဲ လှိုက်လှိုက်လှဲလှဲဝမ်းသာတတ်ရမယ်။

ဒါဟာသူတော်ကောင်းလမ်းစဉ် (၄)ချက်ပဲ။ ဒီ(၄)မျိုးပြည့်စုံနေကြရင် လောကကြီးဟာ ပြဿနာမျိုးစုံ ကင်းပြီး မိသားစုတစ်စုတည်းလို အေးချမ်းစွာနေကြရမှာ သေချာပါတယ်။

- **သည်းခံ သနား၊ ဝမ်းမြောက်ငြား၊ ပွားများမေတ္တာဖြို။**
- **သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ပပျောက်ဘေးရန် ကိုယ့်မှာလုံ။**
- **သူတော်သူမြတ်၊ ဤ (၄) ရပ်၊ မချွတ်ကျင့်ပါကုန်။**
- **အေးချမ်းလှပ၊ ဤလောက၊ ပြည့်ဝစွမ်းအားစုံ။**



www.burmeseclassic.com

www.burmeseclassic.com


### ၅။ အစားထိုးက၊ ကုသိုလ်ရဲ့ တက်ကြွ အေးချမ်းလာ။

အကုသိုလ်ဆိုတာ စိတ်ကိုလွှတ်ထားလိုက်ရုံနဲ့ အလိုအလျောက်ဝင်ရောက်နိုင်ကြပေမယ့် ကုသိုလ်ကတော့ မကြိုးစားပဲ အလိုအလျောက်ဝင်ရောက်လာနိုင်တာမျိုးမဟုတ်ဘူး။ လောကီခေတ်မီ စက်ကိရိယာယန္တရားကြီးတွေနဲ့ ထည့်သွင်းလို့လည်း ကုသိုလ်ကိုရနိုင်မှာမဟုတ်ပါဘူး။ အကုသိုလ်ဖြစ်ဖို့လွယ်သလောက် ကုသိုလ်ဖြစ်ဖို့ကျတော့ မလွယ်လှပါဘူး။ အစီအစဉ်နဲ့ တမင်ကြိုးစားမှ ကုသိုလ်ဆိုတာရပါတယ်။

ကုသိုလ်လုပ်တယ်ဆိုတာ အစားထိုးစနစ်ကို အသုံးချတာပါ။ အစားမထိုးတတ်ရင် ကိလေသာဓာတ်ငွေ့တွေနဲ့ပဲနေရမယ်၊ စိတ်ညစ်တယ်၊ စိတ်ပျက်တယ်၊ စိတ်ရှုပ်တယ်၊ စိတ်ပူတယ်ဆိုတာ ကုသိုလ်နဲ့ အစားမထိုးနိုင်လို့ စိတ်မှာကိလေသာဓာတ်ငွေ့တွေ လွှမ်းမိုးခြယ်လှယ်နေကြတာပါ။ စိတ်ထိန်းကိရိယာ ပြုတ်ထွက်သွားပြီး ပညာကင်းမဲ့သွားတဲ့အခါကျတော့ စိတ်ဆင်းရဲစရာ စိတ်ပျက်စရာတွေ့ရတိုင်း "ငါစိတ်ညစ်တာဟာ မင်းကြောင့်၊ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့်" နဲ့ ထိုးလိုက်တဲ့ လက်ညှိုးတွေက စုံနေတာပဲ၊ မိမိအပြစ်ကို လက်ညှိုးထိုးရမှာ မေ့နေတတ်တယ်၊ အမှန်ကတော့ မိမိကသာအဓိကပါ။ မိမိစိတ်မှာ ကိလေသာဓာတ်ငွေ့တွေရှင်းနေအောင် လုပ်ထားတဲ့ပုဂ္ဂိုလ်အတွက် သူများဘယ်လောက်ပဲနှောက်ယှက်နှောက်ယှက် စိတ်မပျက်ပါဘူး၊ ဣန္ဒြေမပျက်ပါဘူး၊ အပြုံးတောင်မပျက်တတ်ပါဘူး။

ကိလေသာဓာတ်ငွေ့နေရာမှာ ကုသိုလ်နဲ့အစားထိုးပေးဖို့က စိတ်ထိန်းကိရိယာသတိကို အထူးလိုအပ်ပါတယ်။ ကိလေသာနဲ့ ၅မိနစ်လောက်မျောနေရမယ့် စိတ်ဟာ သတိနဲ့တစ်မိနစ်အစားထိုးလိုက်ရင် ၄မိနစ်ပဲပူခွင့်မျောခွင့်ရတော့မယ်ပေါ့။ ၄-မိနစ်အစားထိုးနိုင်ပြန်တော့ တစ်မိနစ်ပဲမျောခွင့်ရမှာပါ။ တစ်မိနစ်လောက်မျောတာ တောင်မှ သိပ်ပြီးထူထပ်လှမယ်မဟုတ်ဘူး၊ စိတ်ထိန်းကိရိယာသတိစွဲမြဲနေရင် အကုသိုလ်ဖြစ်ခွင့် သိပ်ပြီးနည်းပါး သွားမှာဘဲ။

နေ့စဉ်တစ်နေ့တာအလုပ်ကို စိတ်ကူးပေါက်သလို ထလုပ်တာမျိုးမဟုတ်ဘဲ သတိနဲ့စဉ်တန်းပြီး အကွက်ချလုပ်တတ်မယ်ဆိုရင် တစ်နေ့လုံးကုသိုလ်ချည်းဖြစ်ခွင့်များနေမှာပါ။ အမှားအယွင်းလည်း သိပ်နည်းမှာပဲ၊ စားဝတ်နေရေးနဲ့ ကုသိုလ်ရေးဟာ နှစ်လမ်းမကွဲတော့ဘဲ တစ်လမ်းတည်းပေါင်းမိသွားမှာပါ၊ သတိ ဆိုတာ -

၁။ အာရုံကို ပုံဖော်ရမယ် ၂။ အာရုံနဲ့စိတ်ကပ်ပေးရတယ် ၃။ အလုပ်မပြီးမီ အာရုံမပျောက်အောင် ထိန်းထားရတယ် ၄။ အလုပ်လုပ်နေစဉ် အခြားမဆိုင်တဲ့အာရုံမဝင်ရအောင် စောင့်ရှောက်ရတယ် ၅။ အလုပ်မပြီးမချင်း ရှေ့နဲ့နောက် အသိချင်းစပ်ထားရတယ် ၆။ အလုပ်တိုင်းအရေးကြီးတယ်လို့ သဘောထားရတယ်။

စားဝတ်နေရေး၊ လူမှုရေးလုပ်ငန်းမျိုးစုံကို စိတ်ထိန်းကိရိယာသတိနဲ့စိတ်စွမ်းရည်ထုတ်စက်ရုံ သာသနာလုပ်ငန်းစဉ်ထဲထည့်လိုက်ရင် စိတ်ကုန်ကြမ်းတွေ ကုန်ချောဖြစ်ပြီး အမှိုက်ပုံထဲက ရွှေထုပ်ရသလို အံ့ဩစရာ ကောင်းကျိုးပြု စိတ်စွမ်းရည်တွေ ကေန်ရရှိလာမှာပါ။

### ၆။ စိတ်၏သီတံ၊ စိတ်သော့ဆံ၊ ကေန်ကိုင်ထားပါ။

**(၁၃၄၉-ခု၊ကဆုန်လပြည့်ကျော်၃ရက် (၁၅. ၅. ၈၇)နေ့တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သိမ်တော်ကျောင်းတိုက်၌ ရန်ကုန်မြို့၊ ပျဉ်းမနား ရွှေစင်မင်း ဦးကျော်ခင်-ဒေါ်အမာကြည်တို့၏ ရှင်နေမိန္ဒာလင်္ကာရ ရဟန်းခံအလှူအတွက် အရှင်သီရိန္ဒာဘိဝံသဟောကြားအပ်သော အနုမောဒနာ တရားမှ ကောက်နုတ်ချက်)**

သတိဆိုတာ စိတ်ကိုသီတံကလေးနဲ့ သီကုံးပေးတဲ့သဘောပါ၊ သတိဆိုတဲ့စိတ်သီတံကြိုး ပြတ်သွားတာနဲ့ တပြိုင်နက် စိတ်ဟာဖရိုဖရဲပြန့်ကြဲသွားတယ်၊ စိတ်ကိုသတိကြိုးနဲ့သီပေးလိုက်တော့ ကိလေသာတွေလာလုလို့မရဘူး၊ သတိက ဆုပ်ကိုင်ထားလိုက်ရင် စိတ်ဟာဘယ်လိုမှ လွတ်ထွက် မသွားတော့ဘူး၊ နေ့စဉ်လုပ်နေတဲ့ စားဝတ်နေရေး အလုပ်အားလုံးဟာ သတိသီတံကြိုးနဲ့ တပ်ဆင်သီကုံးပေးလိုက်တော့ ဒုက္ခအနတ်လက္ခဏာပြတဲ့တရား အလုပ်တွေချည်းဖြစ်တယ်။

သတိဆိုတာ စိတ်ကိုကိုင်တွယ်ပေးတဲ့ကိရိယာပါ။ သတိနဲ့အကိုင်အတွယ်မတတ်ရင် စိတ်ဟာခဏခဏ ကျကွဲတယ်၊ စိတ်အစဉ်ပေါက်ကွဲတယ်၊ စိတ်စွမ်းရည်ကျဆင်းတယ်၊ စိတ်အပူ အခိုးအငွေ့ကိလေသာတွေ



www.burmeseclassic.com

www.burmeseclassic.com


ခြယ်လှယ်သလိုခံနေရတယ်၊ စိတ်ပျက်တယ် စိတ်ညစ်တယ် စိတ်ရှုပ်တယ် စိတ်ပူတယ်ဆိုတာ စိတ်ကျကွဲတာပါ စိတ်ကျကွဲတယ်ဆိုတာ အကုသိုလ်ဖြစ်တာပဲ၊ အဲ့ဒီအခါမှာ သတိကဝင်ထိန်းပေးရမယ်။

" သတိထားပါ "လို့ ပြောတဲ့စကားဟာလည်း စိတ်ကိုကျမကွဲရအောင် သတိနဲ့ကိုင်ထားပါ- လို့ ပြောတဲ့စကားပါ။ သတိဟာ သာသနာက နံပါတ်တစ်တောင်းတဲ့ အရေးကြီးဆုံးတရားဖြစ်တယ်၊ သတိဆိုတာ လိုတယ်လို့သာရှိတယ်၊ ပိုတယ်လို့ ဘယ်တော့မှမရှိဘူး၊ ဘယ်လောက်ပဲ ပညာတတ် နေပေမယ့် "ပညာရှိ သတိဖြစ်ခဲ"ဆိုတဲ့အတိုင်း သတိလွတ်နေတဲ့အခါ စိတ်စွမ်းရည်ဟာတိုးတက်မလာပါဘူး။ သတိရှိနေမှသာ ဘဝခရီးကို ဖြောင့်အောင်သွားတတ်မယ်၊ ငြိမ်းချမ်းအောင်လည်းနေတတ်မယ်၊ စိတ်အပူ အခိုးအငွေ့ ကိလေသာနှင့် သံသရာခလုတ်ကိုလည်း ရှောင်တိမ်းတတ်မယ်။

သတိဟာ စိတ်ရဲ့သော့ဆံလည်းဟုတ်ပါတယ်၊ စိတ်ကို ကိလေသာသော့ခလောက်နဲ့ ပိတ်ဆို့ထားတဲ့အတွက် စိတ်ကိုမသုံးဖြစ်ပဲနေတတ်ပါတယ်၊ သတိလွတ်နေရင် စိတ်ဟာဘယ်အခါမှ အဆင်သင့် အနေအထားမှာရှိမနေတတ်ပါဘူး၊ တစ်ရက်ကုန်သွားပေမယ့် စိတ်ထဲက ဘာအင်အားမှ ပေါ်မလာဘူး၊ တစ်လ, တစ်နှစ်စသည်ကုန်သွားပြန်တော့လည်း ဘာအင်အားမျှပေါ်အောင် မဖော်ထုတ်ဖြစ်ပါဘူး။

စိတ်ကို သတိသော့ဆံနဲ့ဖွင့်ပေးလိုက်မှသာ သဒ္ဓါတရားတံခါးပွင့်လာတယ်၊ သဒ္ဓါတရား တံခါးပွင့် လာပြီဆိုရင် ကောင်းမှုကုသိုလ်တရားတွေ တဟုန်ထိုးဝင်ရောက်လာနိုင်ပါတယ်၊ ကုသိုလ်အားလုံးဟာ သတိရှိမှပဲလုပ်ဖြစ်ပါတယ်၊ သတိက နှိုးဆော်ပေးလိုက်မှ သဒ္ဓါစတဲ့တရားတွေဟာ ဘာလုပ်ရမယ်ဆိုတာ ပေါ်လာကြတယ်။ သတိဆိုတာ "အချိန်မရွေးသင့်ကို အလုပ်ခိုင်းမယ်၊ အဆင်သင့်အနေအထားမှာ အမြဲရှိနေ ပါ "လို့ စိတ်ကိုအမြဲတမ်းအသင့်အနေအထားရှိအောင် နှိုးဆော်နေခြင်းဖြစ်တယ်၊ စိတ်ဆိုတာ သတိလွတ်ရင် မေ့လျော့ပေါ့ဆလာပါတယ်၊ မေ့တယ်ဆိုတာ အလုပ်လမ်းစလုံးဝပျောက်သွားတာမျိုးပါ၊ မေ့သွားရင် ရသင့်တာ လုံးဝမရတော့တဲ့အတွက် လူဖျင်းဖြစ်သွားတတ်ပါတယ်၊ လျော့တယ်၊ ပေါ့ဆတယ်ဆိုတာ အလုပ်လမ်းစလုံးဝပျောက်သွားတာမဟုတ်ပေမယ့် အချိန်သိပ်ဆွဲနေတတ်တယ်၊ နောက်ကိုချည်းရွှေ့ရွှေ့နေတတ်တယ်၊ တကယ်လုပ်ပြန်ရင်လည်း လေးလေးနက်နက် စူးစူးစိုက်စိုက်မလုပ်ဘဲ ပြီးစလွယ်အပေါ်ယံကလေးသာ လုပ်သွားတတ်တယ်၊ လျော့သွားရင် ပေါ့ဆသွားရင် ရသမျှတွေဟာ အရည်အသွေးမမီတော့တဲ့အတွက် လူညံ့ဖြစ်သွားတတ်ပါတယ်၊ ဒါပေမယ့် အညံ့တွေချည်းပဲ၊ သတိဆိုတာက လူဖျင်းလည်းမဖြစ်ရအောင် လူညံ့လည်းမဖြစ်ရအောင် အလုပ်တိုင်း အရည်အသွေးပြည့်ဝအောင် ဦးဆောင်ကြီးကြပ်ကွပ်ကဲပေးတဲ့တရား ဖြစ်ပါတယ်။

အသိသတိပါနေရင် အလုပ်တစ်ခုကိုလုပ်လိုက်တာနဲ့ ပစ္စုပ္ပန်အတွက်ရောသံသရာအတွက်ပါ နှစ်ကိုစ္စပြီးသွားနိုင်တယ်၊ သတိဟာပစ္စုပ္ပန်သံသရာ အကျိုးနှစ်မျိုးလုံးပါ တစ်ပြိုင်တည်းယူပေးနိုင်တဲ့ တရားပါ၊ တကယ်တော့ ပစ္စုပ္ပန်မသေချာလို့သာ အနာဂတ်အတွက် စိတ်မအေးကြရတာပဲ၊ သတိက ပစ္စုပ္ပန်တိုင်း အကုန်သေချာအောင် စေ့စပ်တိကျအောင် ဆောင်ရွက်ပေးတဲ့တရားပါ၊ ပစ္စုပ္ပန်သေချာမှတော့ အနာဂတ် ဟာ ပူစရာမလိုတော့ဘူး၊ ပစ္စုပ္ပန်သေချာရင် အနာဂတ်အတွက်လည်း စိတ်ချရပြီးသားဖြစ်သွားတယ်။

### ၄။ အချိန်သူခိုး၊ စိတ်ကိုချိုး၊ အဆိုးစပေါ် ထွက်ပါ။ အချိန်ကိုထိန်း၊ အပူငြိမ်း၊ တွက်ကိန်းကိုက်၍လာ။

**(၁၃၄၉-ခု၊ ဝါဆိုလပြည့်ကျော် ၇-ရက်၊ (၁၇-၇-၈၇)နေ့တွင် ရန်ကုန်မြို့ ပြည်တွင်းအခွန်များ ဦးစီးဌာနရုံး၌ ညွှန်ကြားရေးမှူးချုပ်ဦးစိန်လင်း အမှူးပြုသော ပြည်တွင်းအခွန်များ ဦးစီးဌာန ဗုဒ္ဓဘာသာအသင်းဝင်၏ဝါတွင်းတရားပွဲအတွက် အရှင်သီရိန္ဒာဘိဝံသဟောကြားအပ်သော အပ္ပမာဒ တရားမှ ကောက်နုတ်ချက်)**

စိတ်အပူအခိုးအငွေ့ ကိလေသာဆိုတာအချိန်သူခိုးတွေပါ၊ ကုသိုလ်သူခိုး၊ ငြိမ်းချမ်းရေးသူခိုး၊ စိတ်ချမ်းသာသူခိုးဆိုတာလည်း ဒီကိလေသာတွေပဲ၊ သူတို့က သတိလွတ်တိုင်းဝင်လာကြမှာပဲ၊ လောကမှာ အကြောင်းသိတဲ့အတွင်းသူခိုးဟာ ပိုကြောက်စရာကောင်းသလိုပဲ ဒီကိလေသာတွေဟာလည်း တကယ်ကြောက်စရာကောင်းတဲ့အတွင်းသူခိုးတွေပါ၊ လောကမှာ သူခိုးခိုးသွားတဲ့ပစ္စည်းဥစ္စာကို တစ်နည်းနည်းနဲ့ရှာရင်ရနိုင်သေးပေမယ့် ကိလေသာဆိုတဲ့အချိန်သူခိုးက ခိုးသွားတဲ့အချိန်ကိုတော့ ဘယ်ပုံစံနဲ့မှရှာလို့မရနိုင်တော့ဘူး၊ အချိန်ဟာ နောက်ထပ်အသစ်တွေသာလာတော့တယ် ကုန်သွားတဲ့အချိန်ဟောင်းကတော့ ဘယ်တော့မှ ပြန်မလာတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com


သတိဆိုတာက အချိန်အလေအလွင့်မရှိရအောင် အချိန်တိုင်းအဖိုးတန်အောင်ထိန်းပေးတဲ့ အချိန်ထိန်းကိရိယာပါ။ အချိန်ထိန်းကိရိယာဆိုတာ အချိန်မသွားအောင် ထိန်းတာကိုပြောတာ မဟုတ်ဘူး၊ အချိန်တိုင်းအချိန်တိုင်းသုံးဖြစ်အောင် စိတ်ကို သတိနဲ့ဖမ်းပေးတာကို အချိန်ထိန်းကိရိယာတပ်ဆင်တယ်လို့ ပြောရတာပါ။ တကယ်တော့ ဘယ်တန်ခိုးရှင် ပညာရှင်မှ အချိန်ကိုမသွားဘဲရပ်နေအောင် တားပြီးမထားနိုင်ပါဘူး၊ အာရုံနဲ့သတိကပ်ပေးပြီး အလုပ်ရဲ့ အစ အလယ် အဆုံးအကုန်လုံးထင်ရှားအောင် ဖော်ထားပြီးလုပ်နေရင် အချိန်အလေအလွင့် အဖိတ်အစင် မရှိတော့ဘူး၊ ဘယ်တော့မှ အမှတ်တမဲ့မလုပ်ဘဲ အမြဲတမ်းအမှတ်နဲ့ ချည်းလုပ်နေရင် အဖိုးတန်အချိန်တွေချည်း ဖြစ်သွားတယ်။

အချိန်တစ်ခုဟာ သတ္တဝါတစ်ယောက်အတွက် တစ်ခါပဲအခွင့်အရေးပေးတယ်၊ နှစ်ခါပြန်ပြီး အခွင့်အရေးမပေးဘူး။ အချိန်တိုင်း အချိန်တိုင်း အမြဲတမ်း မိမိကို နှုတ်ဆက်သွားနေကြတယ်၊ ရောက်လာတုန်း သုံးရင်သုံး မသုံးရင် နောက်ထပ်ပြန်မလာတော့ဘူး၊ အချိန်တစ်ခုဟာ ဘာမျှကြာလိုက်တာမဟုတ်ဘူး၊ မကြာလိုက်ပေမယ့် သုံးတတ်ရင် တိုင်းတာကန့်သတ်လို့မရအောင် စွမ်းရည်သတ္တိနှင့် တန်ဖိုးမြင့်မားတိုးတက်သွားရပါတယ်၊ သတိဆိုတာ အလုပ်တိုင်းအချိန်ကိုက်ပြီးအောင်၊ အချိန်မီရလဒ် ပေါ်ထွက်လာ အောင်၊ စနစ်တကျအကွက်မိအောင်၊ ကွေ့ကောက်မျောမသွားအောင် စိတ်ကိုစီစဉ်လမ်းညွှန် အကွက်ချပေးတဲ့ စိတ်ရဲ့အခမ်းအနားမှူးလည်း ဟုတ်ပါတယ်။

မိမိရဲ့ ကိုယ် နှုတ် စိတ်အမူအရာအားလုံး အလုပ်ကိစ္စအားလုံးမှာ အဆက်မပြတ်သတိကပ်ပြီး ရှုမှတ်နေရင် အချိန်ထိန်းကိရိယာတပ်ဆင်ပေးတာပဲ၊ သတိနဲ့စိတ်ကို ထိန်းသိမ်းရှုမှတ်နေရတာနဲ့အလုပ်တွေ နောက်ကျသွားမှာပဲလို့ ပူစရာမလိုပါဘူး။ အချိန်ကြာကြာလုပ်ရမယ့်အလုပ်ဟာ ခဏလေးနဲ့ မြန်မြန်ပြီးသွားလိမ့်မယ်၊ အမှားအယွင်း အတိမ်း အချွတ်အချော်လည်း ကင်းလိမ့်မယ်၊ ပြီးသမျှဟာလည်း အရည်အသွေး တောက်ပြောင်လိမ့်မယ်၊ ဒုက္ခအပူရဲ့ အနုတ်လက္ခဏာပြလာတာက ပိုပြီးအားတက်စရာကောင်းတယ်။

အမှတ်သညာမြဲမှသတိမြဲလိမ့်မယ်၊ အစပိုင်းမှာတော့ သညာမှတ်နဲ့စရတာပဲ၊ အမှတ်သညာ အားကောင်းလာတာနဲ့ သတိလည်းအားကောင်းလာပါတယ်၊ သတိဆိုတာ မိမိယူလိုရာ အာရုံကို တစ်ချက်တည်းနဲ့မိအောင် ဖြောင့်ဖြောင့်တန်းတန်းစိုက်စိုက်မတ်မတ်ယူပေးပါတယ်၊ သတိလွတ်နေရင် မိမိယူလိုတဲ့အာရုံနဲ့ တခြားစိတ်ထဲမှာ ထင်လာတဲ့အာရုံကတစ်မျိုး ဖြစ်နေတတ်တယ်၊ သတိဟာ စိတ်ကို ဖရိုဖရဲဖြန့်ကြဲမထားဘဲ စုစုစည်းစည်း စူးစူးစိုက်စိုက် ရှင်းရှင်းလင်းလင်းထားတတ်တယ် "မအားဘူး"လို့ဆိုတာထက် ရနေတဲ့အချိန်ကို မသုံးတတ်ဘူးဆိုတာက ပိုပြီးမှန်ပါတယ်၊ အချိန်ထိန်းကိရိယာ သတိတပ်ဆင်ပေးလိုက်ရင် မအားတဲ့အချိန်ဟာလည်း တရားအချိန်ဖြစ်သွားပါတယ်။

## ၈။ အကွက်မဖေါ်၊ တွန်းလိုက်သော်၊ လမ်းချော် စိတ်အားပျက်။
## အကွက်ချကာ၊ တွန်းမှသာ၊ စိတ်မှာ စွမ်းအားတက်။

စိတ်ဆိုတာ သတိနဲ့အကွက်မဖော်ဘဲ ဝီရိယနဲ့အရမ်းတွန်းချလိုက်ရင် လမ်းချော်ပြီး စွမ်းအားပျက်စီးသွားတတ်ပါတယ်၊ သတိအထိန်းမပါတဲ့ ဝီရိယဟာ ရေမပါဘဲထမင်းချက်သလို စိတ်ကို စွမ်းအားမတက် မရင့်ကျက်စေတတ်ပါဘူး၊ သတိနဲ့အကွက်ကိုဖော်၊ စိတ်လမ်းကြောင်းပေါ်တင်ပြီး ဝီရိယနဲ့တွန်းပေးမှ တွန်းနိုင်သလောက် စိတ်မှာစွမ်းအားတက်လာတယ်၊ စိတ်ရင့်ကျက်စေနိုင်တယ်၊ သမာဓိပေါ်လာနိုင်ပါတယ်၊ စိတ်ဆိုတာ မလှုပ်ဘဲရပ်နေလိုက်ရင် ကာမသုခလ္လိကာနုယောဂ လမ်းဘက်ရောက်ပြီး မြုပ်သွားတတ် မျောသွားတတ်တယ်၊ သတိအထိန်းမပါဘဲ အရမ်းလှုပ်လိုက်၊ ကြိုးစားလိုက်ပြန်တော့လည်း အတ္တကိလမထာနုယောဂ လမ်းမှားပေါ် ချော်ပြီး လဲသွားတတ်ပြန်တယ်၊ သတိကမြုပ်လည်း မမြုပ်ရအောင်၊ မျောလည်းမမျောရအောင်၊ လဲလည်းမလဲရအောင် ချော်လည်းမချော်ရအောင် မဇ္ဈိမပဋိပဒါအလယ်လမ်းကြောင်းပေါ်က စွမ်းအားအပြည့်နဲ့ ပန်းတိုင်အရောက် ကြိုးစားသွားနိုင်အောင် အကွက်ချပြီး ထိန်းပေးရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၉။ **သတိပညာ၊ ချိန်သီးမှာ၊ ကောင်းစွာ တပ်ထားမှ။**
**လုံ့လ–သဒ္ဓါ၊ လက်တံမှာ၊ မှန်စွာ လည်ပတ်ကြ။**

သတိနဲ့ ပညာဟာ တိုင်ကပ်နာရီကြီးတွေမှာရှိတဲ့ ချိန်သီးနဲ့တူတယ်၊ သဒ္ဓါနဲ့ဝီရိယကတော့ နာရီလက်တံနှစ်ချောင်းနဲ့တူတယ်၊ သတိပညာဆိုတဲ့ တရားချိန်သီးရပ်နေရင် သဒ္ဓါ၊ ဝီရိယဆိုတဲ့ လက်တံနှစ်ချောင်း ရပ်သွားမှာပဲ၊ တရားချိန်သီးစောင်းသွားရင် လက်တံနှစ်ချောင်းစောင်းသွားမှာပဲ၊ ယုံတာလည်းမမှန်နိုင်တော့ဘူး၊ ကြိုးစားတာလည်း လမ်းလွဲသွားမယ်၊ တရားချိန်သီးကောင်းကောင်းတပ်ဆင်ထားမှ လက်တံဟာ အဆက်မပြတ် မှန်မှန်လည်ပတ်နိုင်မယ်၊ ယုံကြည်တာလည်းလမ်းမှန်သွားပြီး အားထုတ်တာလည်း အားထုတ်သလောက် စွမ်းအားရောက်အောင် လမ်းမှန်သွားမယ်။

**၁၀။ အပ္ပမာဒ၊ မြတ်ဓမ္မ၊ ပင်မ ခလုတ်မည်။ ဓာတ်ကြိုးပမာ၊ ဆက်သွယ်ကာ၊ သဒ္ဓါကောင်းရမည်။ ဝီရိယမှာ၊ ခလုတ်သာ၊ ကောင်းစွာနှိပ်ရသည်။ ပညာမီးရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်လူ့စွမ်းရည်။**

စိတ်အစဉ်မှာ ပညာမီးရောင်းထွန်းလင်းပြောင်ရေးအတွက် အပ္ပမာဒ သတိဆိုတဲ့ ပင်မခလုတ် အမြဲဖွင့်ထားဖို့လိုပါတယ်၊ ကြောင်းကျိုးဆက်သွယ်ပေးတဲ့ သဒ္ဓါတရားဓာတ်ကြိုးလည်း မပြတ်ဘဲရှိနေရမယ်၊ သတိအထိန်းပါတဲ့ လုံ့လဝီရိယခလုတ်ကိုလည်း မကျိုးမပျက်အောင် ကောင်းကောင်းနှိပ်ပေးရမယ်၊ ဒါဆိုရင် ပညာအရောင် ထွန်း ပြောင်နိုင်တော့တာပါပဲ၊ အချုပ်ကတော့ သာသနာဆိုတဲ့စိတ်စွမ်းရည်ထုတ်စက်ရုံထဲမှာ စိတ်ဆိုတဲ့ ကုန်ကြမ်းကို ထည့်တဲ့အခါ သတိဆိုတဲ့စိတ်ထိန်းကိရိယာဟာ ပဓာနဖြစ်ပါတယ်။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
၁၃၄၉-ခုနှစ်၊ ဝါခေါင်လ၊ (၁၉၈၇-ခု၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋကမွေလက်ဆောင် (၂)

## ဘဝလမ်းညွှန်

## နမော ဘဝမင်္ဂလာဒေသကဿ

### ၁။ အပြောမများ၊ အလုပ်များ၊ စွမ်းအားတက်ပါစေ။

သိသမျှပြောနေခြင်းထက် စွမ်းနိုင်သလောက် ထိထိရောက်ရောက်လုပ်ခြင်းကသာ သတ္တိရှင်ပီသ၍ သုခကို လက်တွေ့ရနိုင်မည်။ အလုပ်တစ်ရစ် (တစ်ကန့်) ပြီးလာတိုင်း စွမ်းအား တစ်ထစ်တက်လာမည်။ အသိမှန်ခြင်းကြောင့် အလုပ်မှန်၍ အလုပ်မှန်ရန်လည်း အသိမှန်ကို တကယ်လိုအပ်သည်။

### ၂။ ချမ်းသာဖို့ရာ၊ စီးပွားရှာ၊ လူ့ရွာအလုပ်တွေ။

လူတိုင်း လူတိုင်း စီးပွားရေးသမားချည်းသာဖြစ်၏။ ပစ္စုပ္ပန်စီးပွားရေးနှင့် တမလွန် စီးပွားရေး (သို့မဟုတ်) လောကီစီးပွားရေးနှင့် လောကုတ္တရာစီးပွားရေးလောက်မျှသာ ကွာခြင်းမှုရှိ၏။ စီးပွားရေး အင်အားရှိသလောက် ချမ်းသာမှုအဆင့်အတန်းကို ရနိုင်ကြသည်သာဖြစ်၏။ မိမိသည်မည်သည့်စီးပွားရေးသမားဖြစ်သည်။ တစ်နေ့လျှင် စီးပွားရေးမည်မျှတိုးတက်သည်။ နေ့စဉ်အရှုံးအမြတ် ရှိ/မရှိကိုကား စိစစ်တတ်ဖို့ အလွန်အရေးကြီးလှပေသည်။

- စားဝတ်နေမှု၊ ပစ္စည်းစု၊ ယခုစီးပွားရေး။
- ဒါန, သီလ, သမထ, ဝိပဿနာ၊ ဤလေးဖြာ၊ နောင်ခါ စီးပွားရေး။
- စီးပွားနှစ်ခု၊ ရအောင်စု၊ ခုရောနောင်ပါ၊ ချမ်းသာရေး။

### ၃။ ကိုယ် ကိုယ်တိုင်သာ၊ ကိုယ့်ဆရာ၊ ကိုယ်သာသိ၍ ပြုပြင်လေ။

သူတစ်ပါးကိုလိမ်ညာ၍ရနိုင်သော်လည်း မိမိကိုယ်ကို မိမိကား မည်သည့်နည်းဖြင့်မျှ လိမ်ညာ၍မရနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ကိုယ့်အကြောင်းကို ကိုယ်အသိဆုံးဖြစ်သောကြောင့်ပါတည်း။ (မည်သူမျှ မသိရအောင် တိတ်တိတ်ပုန်းပြုလုပ်ထားသောလျှို့ဝှက်ချက်ကိုပင် ကိုယ်ကသိပြီးဖြစ်နေသော ကြောင့်တည်း၊) ကိုယ်သာလျှင် အနီးကပ်ဆုံးသောကိုယ့်ဆရာဖြစ်သည်။ ကိုယ့်အမှားကို ကိုယ်တိုင်စိစစ်၍ ကိုယ်တိုင်အကြည်ညိုခံနိုင်အောင် ကိုယ့်ဟာကိုယ် ရဲရဲရင့်ရင့်ပြုပြင်ထိန်းကျောင်းနိုင်ဖို့ အထူးလိုအပ်လှပေသည်။

### ၄။ သတိမြဲမြံ၊ ပစ္စုပ္ပန်၊ စကန့်မိအောင်ထိန်းတတ်စေ။

အလုပ်တစ်ခုကိုလုပ်ရန် စီမံကိန်းချရာ၌ အတိတ်,အနာဂတ်ကာလကိုပါ ထည့်သွင်းရေတွက်ရသော်လည်း တကယ်အလုပ်လုပ်ရမည့်အချိန်ကား ပစ္စုပ္ပန်ကာလသာဖြစ်သည်။ ပစ္စုပ္ပန်ကာလသည်လည်း ရပ်တန့်၍ နေသည် မဟုတ်ချေ။ ပစ္စုပ္ပန်မှအတိတ်သို့ အလွန်လျှင်မြန်စွာ ကူးပြောင်းကျန်ရစ်နေခဲ့သကဲ့သို့ အနာဂတ်သည်လည်း ပစ္စုပ္ပန်သို့ ရုတ်တရက် (တဟုန်ထိုးပြေးလာ၍) ပြောင်းလဲနေချေသည်တကား။ အချိန်တစ်ခုသည် နှစ်ကြိမ်ဆက်၍ အခွင့်အရေးမပေးတတ်ချေ၊ ရောက်လာခိုက် သုံးလျှင်သုံး၊ မသုံးလျှင် အဖြုန်းဖက်ရောက်သွားလေတော့သည်။ သတိရှိမှ ပစ္စုပ္ပန်ကို မိအောင်ဖမ်းနိုင်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ ကိုယ့်ကို ကိုယ်သာ၊ အုပ်ချုပ်ပါ၊ မှန်စွာ တိုးတက်ပေ။

မိမိကိုယ်ကို မိမိနိုင်အောင် အုပ်ချုပ်နိုင်သူသည် (ဝါ) မိမိစိတ်ကိုနိုင်အောင် ထိန်းချုပ်နိုင်သူသည် တိုင်းပြည် တစ်ခု၊ ကမ္ဘာတစ်ခုကို အုပ်ချုပ်နိုင်သူပင်ဖြစ်၏။ အမှန်အားဖြင့် မိမိကိုယ်ကို မိမိအုပ်ချုပ်မှုသည် တစ်တိုင်းပြည် တစ်ကမ္ဘာကို အုပ်ချုပ်မှုထက်ပင် အဆများစွာ ခက်ခဲလှချေသည်တကား။ ကိုယ့်ကိုကိုယ် နိုင်အောင် အုပ်ချုပ်နိုင် သလောက် မိမိ၏တိုးတက်မှုလည်း မြင့်တက်သွားပေတော့မည်။ သတိကို အမြဲကိုင်ထားမှလည်း ကိုယ့်ကိုကိုယ် နိုင်မည်ဖြစ်သည်။

## ၆။ ရုပ်ထက် နာမ်ကို၊ အလေးပို၊ ကုသိုလ်ဖြစ်အောင် ပြုပါလေ။

ရုပ်ခန္ဓာကြီးကို ရာတန်ရုံ၊ ထောင်တန်ရုံ၊ အချိန်ကုန် ငွေကုန်ခံပြီး ဆင်ယင်ပြုပြင်နေခြင်းထက် နာမ်ခန္ဓာကို (စိတ်ကို) သိန်းသန်းကုဋေမကတန်အောင် ပြုပြင်နေခြင်းကသာ ခုရောနောင်ပါ အေးချမ်းကြောင်း အကောင်းဆုံး ဖြစ်ပေသည်။ ပညာကိုလမ်းညွှန်ပြု၍ သတိအထိန်းတပ်ကာ သဒ္ဓါဖြင့် စိတ်ကောင်းဖော်ပြီး လုံ့လဖြင့် တွန်းပေးနိုင်မှ အဖိုးတန်ကုသိုလ်ကိုရနိုင်မည်။ ကုသိုလ်ဟူသည် ကုသိုလ်မှန်းသိတုန်း ကြိုးစားထားမှသာ တွင်မည်ဖြစ်သည်။

## ၇။ အချိန်ကောင်းများ၊ ရက်ကောင်းများ၊ လွန်သွားခဲ့ကြပေ။

အချိန်ကောင်း၊ နေ့ရက်ကောင်းတွေကိုရွေးချယ်စောင့်ဆိုင်းနေစဉ် ထိုအရွေးခံမည့် အချိန်ကောင်း နေ့ရက်ကောင်းတို့သည် စောင့်ဆိုင်းနေသူမိမိကိုပင် အားမနာပဲ မိမိကိုပြက်ရယ်ပြုလျက် လစ်ခနဲ လစ်ခနဲ ကုန်သွားကြလေပြီ။ သို့ဖြစ်၍ ပညတ်နောက်ကိုလိုက်ကာ ရက်ရာဇာ၊ ပြဿဒါးကို အကြောင်းပြုပြီး အချိန်ကောင်းများနှောင်းသွားအောင် မရွေ့ဆိုင်းရာ၊ အပြစ်ကင်းသောအလုပ်ကောင်းကို လုပ်နေသူအတွက် ရောက်နေဆဲပစ္စုပ္ပန် အချိန်တိုင်းသည်သာ အချိန်ကောင်းဖြစ်သည်။ လောကဥ္စ ဂြိုဟ်, နက္ခတ် စသည်ကြောင့် ရက်ရာဇာ, ပြဿဒါးစသည် သတ်မှတ်ခြင်းဖြစ်ပေလိမ့်မည်။ သို့ရာတွင် သတ္တဝါများသည် ရက်ရာဇာကြောင့် မြင့်တက်လာကြသည်လည်း မဟုတ် ပြဿဒါးကြောင့် နိမ့်ကျကြသည်လည်းမဟုတ်ချေ။ အလုပ်ကောင်းကြောင့် မြင့်တက်ကြ၍ အလုပ်ဆိုးကြောင့် နိမ့်ကျရသည်ကို အမြင်မလျှန်းသင့်ချေ။

## ၈။ သတိ သတိ၊ အစဉ်ရှိ၊ အသိတိုး၍ ချမ်းသာပေ။

သတိဖြင့်စိတ်ကို ထိန်းသိမ်းစောင့်ကြပ်ရခြင်းသည် (ဝါ) စိတ်ထိန်းကိရိယာ တပ်ဆင်ထားရခြင်းသည် ခက်ခဲသော်လည်း ပင်ပန်းဆင်းရဲသည်မဟုတ်ပေ။ စိတ်အစဉ်အမြင်ရှင်းလင်း၍ လုပ်ငန်းတွင်ကျယ် လွယ်ကူခြင်း၊ စိတ်ကြည်လင်ချမ်းသာခြင်း အကျိုးတို့ကို စိတ်နှင့်သတိ သဟဇာတဖြစ်သလောက် လက်တွေ့ရရှိ ခံစားခွင့်ရပေမည်။ အာရုံနှင့်စိတ် အစဉ်ကပ်၍ အသိခြင်းဆက်စပ်နေခြင်းသည် သတိဖြစ်သည်။

## ၉။ အဆိုးထဲမှာ၊ အကောင်းရှာ၊ ချမ်းသာတွေ့နိုင်ပေ။ မရှာတတ်လျှင်၊ သုခပင်၊ စွမ်းအင်ရှုံး၍ ဆင်းရဲစေ။

လူ့လောကသည် ဒုက္ခဘုံဖြစ်သဖြင့် ချမ်းသာစရာတွေ့ခါမှ ချမ်းသာအောင်နေမည်ဟု မရေရာသော မျှော်လင့်စောင့်ဆိုင်းခြင်းဖြင့် အချိန်မကုန်စေသင့်ပေ။ ချမ်းသာအောင်နေတတ်မှ ချမ်းသာကိုရနိုင်သည် ဖြစ်၍ စိတ်ရှင်းရှင်းဖြင့် တွေ့သမျှအာရုံကို အကောင်းဖက်ဆွဲပြီး ချမ်းသာမှုကို မရ ရအောင် ရှာယူတတ်ရပေမည်။ အကောင်းမြင်အဖြစ် မသုံးသပ်တတ်ပါက သုခထဲမှပင် ဒုက္ခဖြစ်လာတတ်သည်။ အာရုံကောင်းနှင့်တွေ့တိုင်း ချမ်းသာသည်မဟုတ်ပဲ စိတ်ကောင်းထားတတ်မှ ချမ်းသာမည်ဖြစ်သည်။

## ၁၀။ အကြောင်းရှိလျှင်၊ အကျိုးထင်၊ ဆင်ခြင်သုံးသပ်လေ။

ဆိုးသောအကြောင်းကြောင့် ဆက်ခံရဦးမည့်ဆိုးကျိုးပြစ်ဒဏ်ကို မကြောက်မရွံ့ရဲဝန့်စွာခံယူပါလေ။ ထို ဆိုးကျိုးပြစ်ဒဏ်မျိုးကို နောက်ထပ်ပေးမည့်အကြောင်းဆိုးကို ရဲဝံ့ပြတ်သားစွာရှောင်ကြည်ပါလေ။ အကြောင်းဆိုး



www.burmeseclassic.com

www.burmeseclassic.com


ကိုမပြုဘဲ အောင့်ထားရသောဆင်းရဲထက် ထိုအကြောင်းဆိုးကြောင့်ရရှိလာမည့်ဆိုးကျိုးပြစ်ဒဏ်က အဆများစွာ မရေတွက်နိုင်အောင် ကြီးမားများပြားပြင်းထန်တတ်သည်ကို အထူးသတိပြုပါလေ။

## ၁၁။ မရပ်မနား၊ ရှေ့သို့သွား၊ ကြိုးစားလိုက်ပါလေ။

အချိန်သည် နောက်သို့လည်းမဆုတ်၊ ရပ်၍လည်းမနေ ရှေ့သို့သာအမြဲသွားနေသည်။ သင်၏ ရုပ်နာမ် တရားများသည်လည်း နောက်သို့လည်းမဆုတ်၊ ရပ်၍လည်းမနေ၊ ရှေ့သို့သာ အမြဲသွားနေကြသည်။ ထို့အတူ သင်သည်လည်း နောက်သို့လည်းမဆုတ်၊ ရပ်၍လည်းမနေပဲ သတိပဋ္ဌာန်စက်ခေါင်းတပ်လျက် အသိ, သတိ အထိန်းပါသောလှံ့လစွမ်းဖြင့် ရှေ့သို့သာအမြဲသွားနိုင်အောင် ကြိုးစားလိုက်စမ်းပါလော့။ (အချိန်နှင့် အရွယ်သည် မရပ်မနားသွားနေသကဲ့သို့ မရပ်မနားကြိုးစားနေလိုက်လျှင် တဟုန်ထိုးတိုးတက်မြင့်မားသွားမည်မှာ သေချာ သည်။ မကြိုးစားနိုင်အောင် ဘယ်အရာများက တားဆီးထားသည်ကိုမြင်အောင် ကြည့်ရှုသတိပြုဖို့ အထူး လိုအပ်နေသည်။)

- **အချိန်သည်လည်း၊ မရပ်ဘဲ၊ အမြဲသွားနေသည်။**
- **အရွယ်သည်လည်း၊ မရပ်ဘဲ၊ အမြဲကြီးနေသည်။**
- **ထို့ကြောင့်သာပဲ၊ အသင်လည်း၊ အမြဲတက်အောင်လုပ်ရမည်။**

## ၁၂။ ကံဟောင်းလာကြောင်း၊ ကံသစ်လောင်း၊ ရေမြောင်းဖောက်ပါလေ။

"ကံသာအမိ၊ ကံသာအဖ" "ကံသာကိုယ်ပိုင်ဉစ္စာ"ဟူသောစကားသည် အိပ်နေသောသူနှင့် သက်ဆိုင် ခွင့်မရှိနိုင်ပါ။ ဉာဏ်, ဝီရိယဟူသော ပစ္စုပ္ပန်ကံဖြင့် မကြိုဆိုသမျှ မနှိုးသမျှ အတိတ်ကံကား အိပ်နေဦးမည်သာ ဖြစ်သည်။ ရေလာသည်ကို မြောင်းပေးမှသာ (ဝါ) ကံဟောင်းကို ကံသစ်ဖြင့် ကြိုဆိုလမ်းဖွင့်ပေးမှသာ အတိတ်ကံ များလမ်းပွင့်၍ အကျိုးပေးခွင့်သာပေလိမ့်မည်။ ပစ္စုပ္ပန်ကံကောင်းများဖြင့် လမ်းဖွင့်မြောင်းဖောက်ပေးမှ အတိတ် ကံကောင်းများနှင့်ပေါင်းမိကာ အဆက်မပြတ်ကောင်းကျိုးရမည်။

## ၁၃။ ကြီးသောချမ်းသာ၊ တောင့်တရှာ၊ ချမ်းသာငယ်ကိုစွန့်ပါလေ၊ ကြီးသောဆင်းရဲ၊ ကြောက်လျှင်လည်း၊ ဆင်းရဲငယ်ကို သည်းခံလေ။

အသင်သည် ကြီးမားလှသော ချမ်းသာကို မျှော်လင့်တောင့်တနေသူဖြစ်လျှင် သေးငယ်သောချမ်းသာကို ရဲရဲဝံ့ဝံ့စွန့်လွှတ်ပါလေ။ ထို့အတူ ကြီးမားလှသော ဆင်းရဲကို ကြောက်ရွံ့နေသူဖြစ်လျှင် သေးငယ်သောဆင်းရဲကို သည်းခံပါလေ။ သည်းခံချုပ်တည်းအောင့်အည်းနိုင်၍ စွန့်လွှတ်ရဲသော ခန္တီအမာခံခွန်အားကို လက်ကိုင်ထား နိုင်မှ ကြောက်သောဆင်းရဲလွတ်၍ တောင့်တလိုချင်သောချမ်းသာကို ရနိုင်မည်ဖြစ်သည်။

## ၁၄။ အခက်အခဲ၊ မကြောက်ဘဲ၊ အောင်ပွဲရအောင် ရဲရင့်စေ။

အခက်အခဲဟူသည် ရုတ်တရက်မြင့်တွေ့ရသည့်အခါ ကြောက်ဖွယ်ကောင်းအောင် ကြီးမားနေတတ်၏။ ကြောက်လျှင်ပို၍ပင် ကြောက်စရာကောင်းအောင်ကြီးလာတတ်၏။ မကြောက်မရွံ့ဘဲ ရဲရဲတင်းတင်း သေသေ ချာချာစူးစိုက်၍ ကြည့်လိုက်ပါမူ ကြည့်ရင်းကြည့်ရင်း အလိုလိုပင်သေးငယ်၍ သွားတတ်ချေသည်။ ခက်ခဲမှုသည် ကြောက်သူကိုအောက်သို့တွန်းပစ်၍ မကြောက်သူကိုအပေါ်သို့ရောက်အောင် တွန်းတင်ပေးလေသည်။

## ၁၅။ ကိုယ့်ဖို့ဉစ္စာ၊ ကိုယ်တိုင်ရှာ၊ ချိန်ခါရှိတုန်းရှာပါလေ။

ရာထူးဂုဏ်သိန်၊ စည်းစိမ်ဉစ္စာ၊ အဖြာဖြာသည်၊ ငါ့ဟာ, ငါ့ဟာ၊ သမုတ်ပါလည်း၊ ခန္ဓာကြွေပျောက်၊ သေပြီး နောက်ဝယ်၊ ကိုယ့်နောက်မပါ။ အိမ်ဂေဟာ၌ (ကျောင်းဝိဟာ၌)၊ စုကာပုံလစ်ကျန်နေရစ်၏။ ဆွေမျိုး, မိဘ၊ အဝဝသည်၊ ချစ်ကြသော်လည်း၊ မလွဲမသွေ၊ ကွဲရပေမည်၊ သေရာကိုယ့်နောက်၊ တစ်ယောက်မပါ၊ ငိုယိုကာ ဖြင့်၊ မြုပ်ရာသင်္ချိုင်း၊ မြေလုပ်တိုင်းမှ၊ မဆိုင်းမတွ၊ ပြန်လေကြ၏။ ကိုယ်တိုင်စီမံ၊ ကုသိုလ်ကံသာ၊ မကွာကိုယ့် နောက်၊ တစ်ကောက်ကောက်ပဲ၊ လိုက်တတ်မြဲမို့၊ ကိုယ့်ဖို့ဉစ္စာ၊ ကိုယ်တိုင်ရှာ၊ ချိန်ခါရှိတုန်း၊ ရအောင်ဖြည့်။


www.burmeseclassic.com

www.burmeseclassic.com


## ၁၆။ ခန္တီမေတ္တာ၊ ဤနှစ်ဖြာ၊ လူ့ရွာအလှပေ။

လူ့လောကတစ်ခုလုံးကို (သတ္တလောကတစ်ခုလုံးကို)ခန္တီ့မေတ္တာနှစ်ပါးဖြင့် အလှဆင်ထားမှသာ လောကကြီးသာယာစိုပြေကျက်သရေရှိ၍ လှပတင့်တယ်မည်ဖြစ်သည်။ ဤတရားများမရှိလျှင် တစ်ဖက်မှ တိုးတက်လာသော ရုပ်ပိုင်းဆိုင်ရာအားလုံးသည် အချိန်မရွေးမီးထတောက် ပြာကျသွားနိုင်ကြသည်။ ဤ တရားနှစ်ပါးဖြင့် အလှဆင်ပေးနိုင်မှသာ တက်လာကြသော ရုပ်ပိုင်းဆိုင်ရာဝတ္ထုများ တောက်ပြောင်၍ အဖိုးတန်ပေလိမ့်မည်။ ခန္တီသည် မေတ္တာ၏အမာခံဖြစ်သည်။ လောကရှိအဆောက်အဦးများ၌ အုတ်မြစ်တိုင်စသည့်အမာခံများ မခိုင်ခဲ့လျှင် အမိုးအကာတင်လိုက်သောအခါ ပြိုလဲသွားတတ်သကဲ့သို့ သည်းခံခွင့်လွှတ် အနစ်နာခံတတ်သော ခန္တီအမာခံတရားမရှိလျှင် မေတ္တာအမိုးအကာတင်လိုက်သောအခါတင်၍မရဘဲ (မေတ္တာပို့လွှတ်၍မရဘဲ) ပြိုကွဲယိုင်လဲ၍ သွားတတ်သည်။ အုတ်မြစ်တိုင်စသည့်အမာခံခိုင်ခန့်မှသာ အမိုးအကာတင်၍ ရနိုင်သကဲ့သို့ ခန္တီအမာခံ ခိုင်ခန့်မှသာ မေတ္တာအမိုးအကာတင်၍ လွယ်ကူမည်ဖြစ်သည်။

## ၁၇။ စိတ်မပုပ်အောင်၊ သတိဆောင်၊ သို့လှောင်သုံး၍နေ။

လောက၌အစားအသောက် အသုံးအဆောင်ပစ္စည်းများကို အသုံးမပြုမီမပုပ်သိုးရအောင် မပျောက်ပျက်ရအောင် စနစ်တကျသိုလှောင်သိမ်းဆည်းထားပြီးမှ လိုသလိုအသုံးပြုကြသကဲ့သို့ စိတ်ကိုလည်း သတိဖြင့်ဖမ်းယူ သိုလှောင်သိမ်းဆည်းပြီး ဉာဏ်ဖြင့် လိုသလိုအသုံးပြုရမည်။ စိတ်ထဲမှ လိုချင်သည့်ပုံစံပေါ်ထွက်လာအောင် ဖော်ထုတ်ရမည်။ သတိလွတ်လျှင် ကိလေသာဝင်လာပြီး စိတ်ပုပ်သိုးသွားမည်ဖြစ်သည်။

## ၁၈။ သတိဖြင့်သာ၊ သို့လှောင်ပါ။ မှန်စွာစိတ်ကောင်း မပျောက်ပေ။

လောက၌ အဖိုးတန်ရတနာများကို အမှတ်တမဲ့ထားလျှင်၊ အထိန်းအသိမ်း အထားအသိုမတတ်လျှင် သူခိုးခိုးခံရတတ်၊ ပျောက်ပျက်တတ်သကဲ့သို့ စိတ်ကိုသတိဖြင့် အထိန်းအသိမ်း အထားအသိုမတတ်လျှင်လည်း ကိလေသာသူခိုးခိုးခံရတတ်၏။ စိတ်စွမ်းရည်ကျဆင်းပျောက်ပျက်တတ်၏။ ကိလေသာ၏ ထောင်းထုနှိပ်စက်အနိုင်ကျင့်မှုကို ခံရတတ်၏။ အဖိုးတန်ရတနာများကို သေသေချာချာထိန်းသိမ်းထားသိုတတ်မှသာ မပျောက်ပျက်ဘဲ မိမိသုံးလိုသလို ကောင်းကျိုးပြုသကဲ့သို့ စိတ်ကိုသတိဖြင့် ထိန်းသိမ်းသိုလှောင်ပေးမှသာ သဒ္ဓါ၊ ဝီရိယ၊ ပညာ စသောတရားများဖြင့် အဖိုးတန်အောင် အသုံးချသွားနိုင်ပေလိမ့်မည်၊ ပစ္စုပ္ပန်လုပ်နေဆဲ အလုပ်ကိစ္စအာရုံတိုင်း သတိဖြင့်စူးစိုက်ပြီး ရှင်းခနဲ ရှင်းခနဲ ရှုမှတ်နေခြင်းသည် စိတ်ကိုကိလေသာ သူခိုးမခိုးနိုင်အောင် စနစ်တကျ သိုလှောင်သိမ်းဆည်းနေခြင်းဖြစ်သည်။

## ၁၉။ မိမိစိတ်ထဲ၊ သတိစွဲ၊ အမြဲတောက်ပနေ။

လောက၌အသုံးအဆောင်ပစ္စည်းများကိုလုံခြုံသည့်နေရာ၌ စနစ်တကျထားပြီး မကြာမကြာ ပွတ်တိုက်ပေးနိုင်မှ အရောင်တောက်ပြောင်သကဲ့သို့ စိတ်ကိုလည်း သတိဖြင့် သိမ်းဆည်းသိုလှောင်ပြီး သဒ္ဓါ၊ ဝီရိယ၊ ပညာရွှေသွားရှိသောကောင်းမှုလုပ်ငန်းဖြင့် မကြာမကြာပွတ်တိုက်ပေးနိုင်မှသာ အရည်အသွေး အမြဲတောက်ပြောင်နေလိမ့်မည်။ စိတ်ကို ကိလေသာဖုံတောထဲ၌ ပစ်စလက်ခတ်ပစ်ထားလျှင် စိတ်စွမ်းရည် ညစ်နွမ်းမှေးမှိန်သေးသိမ်ညှိုးဖျင်းသွားလိမ့်မည်။

## ၂၀။ အဆင်ကောင်းမှ၊ ပုံချောရ၊ တောက်ပကြည်လင်ပေ။
## ပုံကြီးအောင်ခဲ့၊ ဆေးရောင်ထဲ့၊ တကယ့်စွမ်းအားတွေ။

ကုသိုလ်ကောင်းမှုလုပ်ခြင်းသည် စိတ်ကိုအမှတ်တရဓာတ်ပုံကောင်းကောင်းရအောင် ရိုက်နေခြင်းဖြစ်သည်။ စေတနာသည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ဖြင့် အပြင်အဆင်ကောင်းမှ စိတ်စွမ်းရည် ကမ္မသတ္တိရလဒ်ဟူသော စိတ်၏ဓာတ်ပုံသည် ကြည်လင်တောက်ပသောပုံချောပုံကောင်း ဖြစ်လာမည်။ ဉာဏ်ဖြင့်ပုံကြီးချဲ့တတ်သလောက် နိဗ္ဗာန်ရောက်သည်ထိ တစ်သံသရာလုံးအကျိုးပေး၍မကုန်နိုင်သော ခံ့ညားထည်ဝါလှပသည့် ကမ္မသတ္တိဓာတ်ပုံကြီးဖြစ်လာမည်ဖြစ်သည်။ ပညာဖြင့်ပုံကြီးချဲ့၍ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရောင်ထည့်ပေးလိုက်လျှင် စွမ်းအားပြည့်စုံသုံးမကုန်သည့်ဓာတ်ပုံကြီးများ စိတ်ထဲမှအားရှိစရာ ပေါ်ထွက်လာ ကြမည်ဖြစ်သည်။

**၂၁။ ကြွက်သေတစ်ခု၊ အရင်းပြု၊ ကောင်းမှုပိုင်ပါစေ။**

အရောင်းအဝယ်ကုန်သွယ်မှု၌ အလွန်ကျွမ်းကျင်ရလဒ်မြင်တတ်သောပညာရှင်သည် ဘာမျှတန်ဖိုး မရှိသော ကြွက်သေတစ်ကောင်ကိုရ၍ ကာလ ဒေသ ပုဂ္ဂလကို ချင့်ချိန်တွက်ချက် အကွက်ကောင်းကို ကြည့်ပြီး ရောင်းချကာ ရွှေ-ပြား-ပဲ-ကျပ်မှစ၍ အဆင့်ဆင့်မြှင့်ကြိုးစားသွားတတ်သဖြင့် သိန်းကြွယ်, သန်းကြွယ် သူဌေးကြီး ဖြစ်သွားနိုင်သကဲ့သို့ အို, နာ, သေထုပ် အကောက်ပုပ်ဖြစ်သော ဘဝကို ရနေသူသည် သာသနာ့ အသိပညာဖြင့် လိမ္မာပါးနပ်စွာသုံး၍ ပါရမီအစစ် ဒါန, သီလ, သမထ, ဝိပဿနာအနှစ်များဖြင့် ဘဝကို လဲလှယ်တတ်လျှင် မဂ်ပေါက်ဖိုလ်ဝင်နိဗ္ဗာန်မြင်သည့် စွမ်းအားပိုင်ရှင် တရားသူဌေးကြီး ဖြစ်လာနိုင်ပေသည်။ ဝိပဿနာအသိဖြင့် ရုပ်နာမ်သဘာဝကို တစ်ချက်လောက်မြင်အောင်ကြည့်ရှုသုံးသပ်မိလျှင်ပင် ဘဝကြွက် သေကောင်မှရတနာတွေ ကို ကောက်ယူနေခြင်းဖြစ်ပေသည်။

**၂၂။ တရားကင်းကွာ၊ မချမ်းသာ၊ ရှိတာတွေလည်း အငှားတွေ။ ပစ္စည်း ခန္ဓာ၊ ရှာရှုံသာ၊ ရတာတွေ လည်း အဆိပ်တွေ။ တရားရှာမှ၊ ကိုယ်ပိုင်ရ၊ မုချ ချမ်းသာပေ။**

လူ့ဘဝဟူသည် တရား၏ အကောင်းဆုံးတည်ရာဌာန ဖြစ်သည်။ ပါရမီအနှစ်တရားစစ်ကို စုဆောင်း လိုလျှင် လူ့ဘဝသာအကောင်းဆုံးဖြစ်သည်။ လူ့ဘဝ၌ တရားအသိလူ့မျက်စိဖြင့် ကြည့်တတ်လျှင် အားလုံး တရားချည်းသာတည်း။ အမှန်အားဖြင့် လူသည်တရားကင်းကွာသွားလျှင်, တရားကို စိတ်မဝင်စားလျှင် ချမ်းသာ ကိုလည်းမရ၊ စိတ်အေးစရာလည်း မမြင်ရချေ။ မိမိ၌တကယ်ရှိနေသော အရာများကလည်း ဉာဏ်ဖြင့်ကြည့်လျှင် အငှားတွေချည်းသာဖြစ်သည်။ ခန္ဓာ, ပစ္စည်း, ဆွေမျိုး,လုပ်ပိုင်ခွင့်ဟူသော အငှား (၄)ခု သာကိုယ့်မှာရှိနေသည်။ အငှားဟူသည် နောက်ကအချိန်ကန့်သတ်ချက်ရှိ၍ အချိန်စေ့လျှင်ပြန်အပ်ရမည်ဖြစ်သည်။ တရားမရှာပဲ ပစ္စည်း နှင့်ခန္ဓာတိုးရုံလောက်သာရှာနေလျှင် အဆိပ်တုံး(၂)တုံးသာရနေမည်။ အဆိပ်သည် ရှိသလောက်ကိုယ့်ကိုပြန်၍ လောင်လိမ့်မည်။ ထို့ကြောင့်ကိုယ်ပိုင်လည်းဖြစ်၊ အဆိပ်ဖြေဆေးလည်းဖြစ်သော ကောင်းမှုကို ရသလောက်ရှာ ထားမှ ဧကန်ချမ်းသာမည်ဖြစ်ပေသည်။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋက ယောဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်၊ နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
၁၃၄၉-ခုနှစ်၊ ဝါခေါင်လ၊ (၁၉၈၇-ခု၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋက ဓမ္မလက်ဆောင် (၃)

## သာဓု (၄) ပါး -မြတ်တရား

### နမော သာဓု စေသကဿ

### ၁။ ကောင်းခြင်း ၄ ပါး လူ့စွမ်းအား

ဒက္ခံ ဂဟပတိ သာဓု၊ သံဝိဘဇ္ဇဉ္စ ဘောဇနံ။
အပမာဒေါ အတ္ထလာဘေသု၊ အတ္ထဗျာပတ္တိ အဗျထော။

(ဇာတက-ပ-၁၈၂)

- ■ **စီးပွားကိုရှာ၊ ကျွမ်းကျင်ရာ၊ ကောင်းတာ လူ့စွမ်းရည်။**
- ■ **ဥစ္စာကိုခွဲ၊ မျှသုံးစွဲ၊ ကောင်းမြဲလူ့စွမ်းရည်။**
- ■ **စည်းစိမ်တိုးပွား၊မမော်ကြွား၊ ကောင်းပြား လူ့စွမ်းရည်။**
- ■ **စီးပွားပျက်မူ၊ စိတ်မပူ၊ မှတ်ယူလူ့စွမ်းရည်။**
- ■ **စွမ်းရည် ၄-ရပ်၊ ပြည့်စုံလတ်၊ ကောင်းမြတ် လူခေါ်သည်။**
- ■ **ကောင်းခြင်း ၄-ပါး၊ လူ့စွမ်းအား၊ ထူးခြားမြင့်တက်သည်။**
- ■ **အကောင်း ၄-မျိုး၊ လူ့တန်ခိုး၊ အားကိုးထိုက်ပေသည်။**

အိမ်ရာတည်ထောင်လူ့ဘောင်မှာနေကြတဲ့လူများအတွက် သာဓု ၄ပါးမြတ်တရားကို ဘုရားရှင် ဟောကြားထားပါတယ်။ လူ့စွမ်းအား (၄)ပါးလို့ခေါ်ရင်ဖြစ်သလို လူ့တန်ခိုး(၄)မျိုးလို့လဲခေါ်နိုင်တာပါပဲ။ အဲဒီ (၄)ပါး ဆိုတာက -

၁။ စီးပွားဥစ္စာရှာဖွေစုဆောင်းမှု၌ လိမ္မာကျွမ်းကျင်ခြင်းလို့ဆိုတဲ့ ရှာဖွေစုဆောင်းနိုင်တဲ့ စွမ်းအားတန်ခိုး **(ရှာဖွေမှု စွမ်းရည်)**

၂။ ရလာတဲ့ပစ္စည်းဥစ္စာကို ခွဲခြမ်းဝေဖန်သုံးဆောင်မှု၌ လိမ္မာကျွမ်းကျင်ခြင်းလို့ဆိုတဲ့ သုံးစွဲတတ်တဲ့ စွမ်းအားတန်ခိုး။ **(အသုံးချမှုစွမ်းရည်)**

၃။ အကြောင်းအားလျော်စွာ စီးပွားဥစ္စာရာထူးဂုဏ်သိရ်အရှိန်အဝါများ ရရှိကြီးပွားတိုးတက်လာတဲ့အခါ မမော်မကြွား မထောင်မလွှားခြေဖျားမထောက်ဘဲ မဖြုန်းတီးဘဲ အလွဲသုံးစားမပြုဘဲ တည်တည်ငြိမ်ငြိမ် ကျနွေရရ ထိန်းသိမ်းထားတတ်တဲ့စွမ်းအားတန်ခိုး။ **(ထိန်းသိမ်းမှုစွမ်းရည်)**

၄။ ရရှိထားတဲ့စီးပွားဥစ္စာ ရာထူးဂုဏ်သိရ်အရှိန်အဝါများ အကြောင်းအားလျော်စွာ ကုန်ဆုံးပျက်စီးလျော့ကျသွားတဲ့အခါ စိတ်မညှိုးနွမ်းမပင်ပန်းရအောင် ကြည်လင်အေးမြတည်ငြိမ်စွာ စိတ်ကိုထိန်းထားနိုင်တဲ့ ခံနိုင်ရည်စွမ်းအားတန်ခိုး။ **(ခံနိုင်မှု စွမ်းရည်)**

အဲဒီ ၄-ပါးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၂။ တန်ခိုး (၂) စု စွမ်းအားစု (ပထမသာစု)

- ■ **တရား, ဥစ္စာ၊ စုစရာ၊ လူမှာ နှစ်မျိုးရှိ။**
- ■ **ပစ္စည်းစုမှု၊ ဘုံဆိုင်ဟူ၊ ရန်သူပိုင်း၍ ပူရ၏။**
- ■ **ရှာလိုက် ရလိုက်၊ ကုန်သွားလိုက်၊ မောဟိုက် မဆုံးရှိချေ၏။**
- ■ **တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချ ချမ်းသာ၏**
- ■ **အမောလည်းပြေ၊ စိတ်အေးစေ၊အနေရှင်း၍ ရင့်ကျက်၏။**

အဲဒီ ၄-ပါးထဲမှာ ပထမကောင်းခြင်းတရားဆိုတာ စီးပွားဥစ္စာရှာဖွေစုဆောင်းမှု၌ လိမ္မာကျွမ်းကျင်ခြင်းပါ။ လူ့ဘဝမှာ ရှာဖွေစုဆောင်းရမယ့် စီးပွားဥစ္စာက -

၁။ စားဝတ်နေရေးအတွက် ရှာဖွေစုဆောင်းရတဲ့ **'ပစ္စည်း'** ဆိုတဲ့ စီးပွားဥစ္စာ။

၂။ ရှာဖွေမှုစွမ်းရည်, အသုံးချမှုစွမ်းရည်, ထိန်းသိမ်းမှုစွမ်းရည်, ခံနိုင်မှုစွမ်းရည်ကိုပေးစွမ်းနိုင်တဲ့ **'တရား'**ဆိုတဲ့ စီးပွားဥစ္စာ။

အဲဒီလို ၂-မျိုးရှိတယ်။ ပစ္စည်းစုရေးအတွက် ခန္ဓာကတာဝန်ပေးပြီး တရားစုရေးအတွက်ကိုတော့ သဒ္ဓါတရားက တာဝန်ပေးပါတယ်။

ပစ္စည်းတစ်မျိုးတည်းသာ ရှာနေရုံနဲ့တော့ လူ့စွမ်းအားဟာမပြည့်စုံသေးဘူး။ ဘာ့ကြောင့်လဲဆိုတော့ လူ့စွမ်းအားတန်ခိုးဆိုတဲ့ ပြီးပြည့်စုံခြင်းဟာ -

(၁) ပစ္စည်းနဲ့ အရှိန်အဝါ၏ ပြီးပြည့်စုံခြင်း။ (၂) အကျင့်တရား၏ ပြီးပြည့်စုံခြင်း။ လို့ ၂-မျိုးရှိတဲ့ကြောင့်ဖြစ်ပါတယ်။ တန်ခိုးဆိုတာ မြေလျှိုးလို့မိုးပျံနိုင်တာကိုမှ တန်ခိုးခေါ်တာမဟုတ်ဘူး။ လိုအပ်တဲ့အကျိုးကို ပြီးပြည့်စုံစေနိုင်တယ်ဆိုရင် တန်ခိုးလို့ခေါ်တာပါပဲ။

ပစ္စည်းဆိုတာ ခန္ဓာကတာဝန်ပေးလို့စုရပေမယ့် ဘုံဆိုင်လဲဖြစ် ရန်သူကလဲပိုင်းနေတာမို့ ရှိသလောက်ပူနေရပါတယ်။ တရားမပါရင် ရှာလိုက် ရလိုက် ကုန်သွားလိုက်နဲ့ မောဟိုက်မဆုံးနိုင်အောင်လဲဖြစ်နေတတ်ပါတယ်။ ကောင်းမှုတရားပါတွဲစုပေးမှ ကိုယ်ပိုင်အစစ်ရလို့ ဧကန်ချမ်းသာမှာဖြစ်ပါတယ်။ စိတ်စွမ်းအားကောင်းမှုတရားများ လုံလောက်အောင်စုဆောင်းနေသူဟာ စိတ်စွမ်းအား ပြည့်ဝလာလို့ အမောလဲပြေရတယ်။ ကိုယ်ပိုင်ရလာလို့ စိတ်လဲအေးရတာပေါ့။

## ၃။ အသိမှန်ကန် ကိုယ့်ဖို့ကျန်

- ■ **ခန္ဓာစုက ၊ မြေကျွေးရ၊ ဒုက္ခအပူတိုးရုံသာ။**
- ■ **ပစ္စည်းစုမှု၊ ဘုံဆိုင်ဟူ၊ ထိုက်သူသုံးကြပါ။**
- ■ **အနေမရဲ၊ သေမရဲ၊ အမြဲ ကြောက်ရပါ။**
- ■ **တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချစိတ်အေးပါ။**
- ■ **အနေလဲရဲ၊ အသေရဲ၊ အမြဲကိုယ့်နောက်ပါ။**
- ■ **အသိမှန်ကန်၊ ကိုယ့်ဖို့ကျန်၊ ဧကန်စိတ်ချမ်းသာ။**

လူ့လောကမှာ ဖို့ ၃ဖို့ရှိတယ်။ မြေကျွေးဖို့ ခန္ဓစုတာ, ထိုက်သူသုံးဖို့ ပစ္စည်းစုတာ, ကိုယ်ပိုင်ရဖို့ တရားစုတာ, အဲဒီ ၃ မျိုးပဲ။ ခန္ဓာထဲက စွမ်းအားတန်ခိုးများရအောင် မဖော်ထုတ်ဘဲ ခန္ဓာကိုအလိုလိုက်ပြီး မွေလျှော်ပေါ့ဆနေသူဟာ ခန္ဓာကိုယ်စုနေသူပဲ။ ခန္ဓာကကိုယ့်တာဝန်ကိုမထမ်းရဘဲ ကိုယ်ကသာ ခန္ဓာတာဝန်ကိုထမ်းပေးနေရသူမျိုးပါ။ ခန္ဓာစုတာဟာ မြေကြီးတိုးအောင်ကျွေးဖို့သာဖြစ်တယ်။ နေ့တိုင်းလဲ ကိုယ့်အတွက်မြေအတိုးတက်တယ်။ သေတော့လဲ ခန္ဓာကိုမြေထဲမှာပဲကျွေးလိုက်ရမယ်။ ဒုက္ခအပူလဲ နောက်ထပ်တိုးလာမယ်။

တရားမစုဘဲ ပစ္စည်း(၁)မျိုးတည်းသာစုပြန်တော့ ပစ္စည်းဆိုတာရန်သူမျိုး(၅)ပါးနဲ့ ဆက်ဆံတဲ့ဘုံဆိုင်ဆိုတော့ ပစ္စည်းထိုက်သူသုံးသွားမှာပေါ့။ ကိုယ်ရှာတာ ကိုယ်သုံးရမှာပဲလို့ တွက်ထားလို့မရဘူး။ ပစ္စည်းဟာ



www.burmeseclassic.com

www.burmeseclassic.com


အမာခံမဟုတ်တဲ့အတွက် မိုးသီးများအရည်ပျော်ကျသလို အချိန်မရွေးပျောက်ကွယ်သွားနိုင်တယ်။ ငွေ(၁၀၀) ရရင် (၁၀၀)တန်အကျိုးကို ပြီးစေနိုင်တာဖြစ်တဲ့အတွက် (၁၀၀)တန် တန်ခိုးတက်လာပါတယ်။ ဒါပေမယ့်(၁၀၀) တန် အန္တရာယ်နှင့် (၁၀၀)တန်ကြောင့်ကြပူပန်မှုဟာ တစ်ခါတည်းတွဲခိုလာတယ်။ ငွေ (၁)သိန်းရရင်လဲ (၁)သိန်း တန်တန်ခိုး ချက်ချင်းတက်တယ်။သို့သော် (၁)သိန်းတန် အပူဟာလဲပူးကပ်ပြီး ပါလာတာပါပဲ။ အဲဒီအတိုင်းပဲ အခြားအခြားသက်ရှိသက်မဲ့ပစ္စည်းများဟာလဲ ရလာရင် ဆိုင်ရာဆိုင်ရာ ထိုက်တန်တဲ့တန်ခိုးများရလာသလို ဆိုင်ရာကြောင့်ကြအပူတွေ တွဲပါလာကြစမြဲပါ။ ကိုယ်လဲပါးနပ်လိမ္မာစွာ သုံးတတ်သလောက် သုံးစွဲခွင့် ရချင် ရပါလိမ့်မယ်။ သူများလဲ ထိုက်သလောက်ဝေသုံးသွားကြလိမ့်မယ်။ ဘုံဆိုင်တန်ခိုးဖြစ်နေတာကိုး။

ပြီးတော့ လောကမှာကာလအကန့်အသတ်နဲ့ အပ်နှင်းထားတဲ့ရာထူးဂုဏ်သိန် အရှိန်အဝါတွေဟာလဲ လုပ်ပိုင်ခွင့်အကျိုးကို ပြီးစေနိုင်တာမို့ တန်ခိုးတွေပါပဲ။ ဒါပေမယ့်ပတ်ဝန်းကျင်အများနဲ့ ဆက်ဆံနေတာလဲဖြစ် သူများကပေးထားတာလဲဖြစ်နေတော့အန္တရာယ်နှင့် ကြောင့်ကြပူပန်မှုဟာ တွဲကပ်ပြီးပါနေလျက်ပါပဲ၊ ပြီးတော့လဲ သတ်မှတ်ထားတဲ့ကာလအကန့်အသတ်ပြည့်လို့ အချိန်စေ့သွားရင် အလိုလိုဟာကနဲဆို လျှောကျသွားတာပါ။ ခဏငှားထားတာကိုး။

ခန္ဓာနှင့်ပစ္စည်းဟာ အရေးကြုံရင်ကိုယ့်ဖက်ကလဲမရပ်တည်၊ အာမလဲမခံ၊ တာဝန်လဲမယူပါဘူး။ ဒါ့ကြောင့် ခန္ဓာကို အလိုလိုက်ရုံ ပစ္စည်းစုနေရုံနဲ့တော့ အနေလဲမရဲ အသေလဲမရဲပါ။ ကြောက်မြဲကြောက်နေတာပါပဲ။

ဒီတော့လောကပစ္စည်းတန်ခိုးနှင့် အရှိန်အဝါများကြာကြာလဲတည်တံ့ခိုင်ခံ့အောင် ကောင်းကျိုးပြု စွမ်းအား ပေါ်ထွက်ပြီး အဖိုးလဲတန်အောင် အမာခံစွမ်းအားတန်ခိုးအစစ်လဲရအောင်ဆိုရင် တရားတန်ခိုးကို ဇကန်စုရမယ်။ တရားစွမ်းအားကိုရမှကိုယ်ပိုင်တန်ခိုးဖြစ်လာမယ်။ တရားစွမ်းအားနည်းသလောက် တက်လာသမျှ ရုပ်ဝတ္ထုတွေ ကြောက်စရာကောင်းသလို တရားစွမ်းအားမြင့်မားသလောက် ရရှိလာသမျှ ရုပ်ဝတ္ထုတွေ အရည်အသွေး တောက်ပြောင်လာပါတယ်။

စိတ်အားထက်သန်စွာနဲ့ စုဆောင်းထားတဲ့ကိုယ်ပိုင်တရားဆိုတာ အရေးကြုံတိုင်း ကိုယ့်ဘက်က ရပ်တည် တယ်။ အာမလဲခံတယ်၊ တာဝန်လဲယူတယ်။ ဘဝကူးလက်မှတ်ထုတ်ပေးတယ်။ နိဗ္ဗာန်ကူးလက်မှတ်ကိုပါအပ် လိုက်တယ်။ အရိပ်ပမာ ကိုယ်နဲ့ထက်ချပ်မကွာလိုက်နေတယ်။ ဒါ့ကြောင့် အနေရဲလို့ အသေရဲတယ်။ တကယ် အသိမှန်နဲ့ အစုအဆောင်းမြန်သလောက် ကိုယ့်ဖို့ကျန်တာမို့ တကယ်ပျော်ရွှင်အားတက် ချမ်းသာစေတဲ့ ကိုယ်ပိုင် အလုပ်ဥစ္စာထုပ်ဖြစ်ပါတယ်။

## ၄။ ကိုယ်ပိုင်စွမ်းအား မြတ်တရား

- **စိတ်တက်ကြွစွာ၊ လှူသူမှာ၊ ဥစ္စာပစ္စည်းလုံခြုံသည်။**
- **စည်းကမ်းသီလ၊ စောင့်ထိန်းက၊ ဘဝခန္ဓာလုံခြုံသည်။**
- **ဘာဝနာပွား၊ ရှုသူများ၊ စိတ်ထားလုံခြုံသည်။**

ကုသိုလ်ကံဟာမလိုအပ်တဲ့အကျိုးမဲ့မှန်သမျှဖျက်ဆီးပစ်နိုင်ပြီး လိုအပ်တဲ့အကျိုးမှန်သမျှ လိုသလောက် ဖြစ်စေ ပြီးစေနိုင်တာဖြစ်တဲ့အတွက် ကိုယ်ပိုင်စွမ်းအားတန်ခိုးအစစ်ဖြစ်ပါတယ်။ ကိုယ်လုပ်တဲ့ကောင်းမှုဟာ ကိုယ်ပဲဇကန်ရသွားပါတယ်။ ဒါနလုပ်နေသူဟာ ဒါနတန်ခိုးရှင်ပဲ။ သီလကျင့်သုံးနေသူလဲ သီလတန်ခိုး ပိုင်နေသူ ပါ။ ဘာဝနာပွားနေသူလဲ ဘာဝနာတန်ခိုးရှင်ဖြစ်နေပါတယ်။ ကိုယ့်စိတ်ကို လိုသလိုသုံးလို့ရနေ သလောက် တန်ခိုးစွမ်းအားရှင်ဖြစ်နေပါတယ်။

ဒါနဆိုတာ ပစ္စည်းလုံခြုံရေး၊ သီလဆိုတာ ဘဝခန္ဓာလုံခြုံရေး၊ ဘာဝနာဆိုတာ စိတ်ဓါတ်လုံခြုံရေး ဖြစ်ပါ တယ်။ အဲဒီတရားစွမ်းအားတွေဟာ မိဘအရင်းကသော်မှ တားဆီးနတ်ပယ်မပေးနိုင်တဲ့ ဘေးရန်အန္တရာယ် ဆင်းရဲများကို တားဆီးနတ်ပယ်ပေးနိုင်တဲ့စွမ်းရည်ရှိပါတယ်။ မိဘအရင်းကသော်မှ ရအောင် ယူမပေးနိုင်တဲ့ ကောင်းကျိုးတရားချမ်းသာများ တိုးတက်မြင့်မားမှုများကို ရအောင်ယူပေးနိုင်တယ်။ မြှင့်တင် ဆောင်ရွက်ပေးနိုင် ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလက်ထက်က တမ္ဗဒါဌိကဆိုတဲ့လူတစ်ယောက်ရှိတယ်။ သူ့အလုပ်က (၅၅)နှစ်ပတ်လုံး သေဒဏ်ကျခံရသူများကို သတ်ပေးရတဲ့မင်းမှုထမ်းအလုပ်ပါ။ အလုပ်ကအနားယူပြီးစအချိန် အရှင်သာရိပုတ္တရာကိုမှီပြီး ကုသိုလ်ကောင်းကောင်းပြုခွင့်ရသွားတယ်။အကုသိုလ်ကြောင့် အပါယ်ရောက်ရမှာဖြစ်ပေမယ့် သေခါနီးမှာ စိတ်ပါလက်ပါပြုခွင့်ရသွားတဲ့ကောင်းမှုကြောင့် သေတော့ တုသိတာနတ်ပြည်ကို ရောက်သွားတယ်။ လူရာပေါင်းများစွာသတ်လာခဲ့တဲ့အပါယ်ကောင်အင်္ဂုလိမာလ လဲ တရားကြောင့် ရဟန္တာဖြစ်ရတယ်။

လောကမှာ မျိုးစေ့များဟာ စားလို့ရှိရင် ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ပေးနိုင်တယ်။ အားကိုဖြစ်စေတယ်။ စိုက်ပျိုးရင်လဲ အပင်ပေါက်ပေးနိုင်တဲ့သတ္တိရှိတယ်။ အဲဒီလိုပဲ ကုသိုလ်ကံမှာလဲ စွမ်းရည်သတ္တိ (၃)မျိုးရှိပါတယ်။ ဘာလဲဆိုတော့ ပြုလုပ်လိုက်ရင် အကုသိုလ်ကြွေးစာရင်းကိုရှင်းပေးနိုင်တယ်။ အကုသိုလ်ကံကြောင့်ရောက်လာမယ့် များတဲ့မကောင်းကျိုးနည်းသွားအောင် နည်းတဲ့မကောင်းကျိုး လုံးဝပျောက်သွားအောင် တားဆီးဖယ်ရှားပေးနိုင်တယ်။ ပြီးတော့ ကုသိုလ်ကံရဲ့ရလာဘ်စွမ်းအင်ကို မြင်ထားတာမို့ ချက်ချင်းစိတ်ကို အားရှိသွားစေတယ်။ နောက်တစ်ခုက အနာဂတ်မှာကောင်းကျိုးပေးဖို့ ကမ္မသတ္တိစွမ်းအားကို လုံခြုံစွာ သိုမှီးသိမ်းဆည်းထားလိုက်ပါတယ်။

အဇာတသတ်မင်းဟာ အဖသတ်ကံကြောင့် အဝီစိငရဲကိုရောက်ရမှာဖြစ်ပေမယ့် ရတနာ (၃)ပါးကို လေးလေးနက်နက် စွဲစွဲမြဲမြဲမှီခိုပြီး ကောင်းမှုကို အထူးကြိုးစားသွားတဲ့အတွက် အဝီစိငရဲက လွတ်သွားတယ်။ ငရဲအသေးစားဖြစ်တဲ့ လောဟကုမ္ဘီငရဲမှာ နှစ်ပေါင်း(၆)သောင်းပဲခံရတယ်၊ ရာခိုင်နှုန်း ၉၀ မက မကောင်းကျိုးပြစ်ဒဏ်တွေအများကြီးလျော့သွားတယ်။ လောလောဆယ်မအိပ်နိုင်မစားနိုင်လောက်အောင် အားငယ်တုန်လှုပ်နေရတဲ့ပူလောင်မှုတွေဟာလဲ ငြိမ်းအေးသွားတယ်။ ငရဲကလွတ်လာတဲ့ နောင်အခါမှာ ဝိဇိတာဝီမည်တဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ကြောင်း ပါရမီကောင်းမှုလဲအများကြီးတိုးပွားသွားတယ်။ တရားဟာတရားလို စိတ်ဝင်စားသူကို တရားလိုပဲ သစ္စာရှိရှိဆောင်ရွက်ပေးစမြဲပါ။

## ၅။ ရှိသလောက်သာ ကောင်းကျိုးလာ

- **လုပ်သင့်သည်များ၊ လုပ်၍ထားလင့်၊ စွမ်းအားမြင့်သော်၊ ဖြစ်သင့်ရာတွေ၊ ဖြစ်လာပေ၊ မသွေကောင်းကျိုးရ။**
- **ဖြစ်သင့်တာတွေ၊ ဖြစ်လာစေလို၊ ကောင်းကျိုးလိုသော်၊ စိတ်ကိုတိုးမြှင့်၊ လုပ်သင့်သည်များ၊ လုပ်၍ထား၊ တရားလမ်းစဉ်ပြ။**
- **လုပ်သလောက်သာ၊ ကောင်းကျိုးလာ၍၊ ရတာမဟန်၊ ကြောင်းမမှန်၊ ဧကန်လွဲနေရ။**
- **စိတ်ဓါတ်မြှင့်တင်၊ စွမ်းအားမြင်၊ ပြုပြင်မှုတွေ ကောင်းလာရ။**
- **ပြုပြင်မှုတွေ၊ ကောင်းလာပေ၊ မသွေချမ်းသာရ။**

တရားသဘောဆိုတာ ရှိသလိုသာဖြစ်နေကြတာပဲ။ ကုသိုလ်ကံဟာကိုယ့်မှာရှိသလောက် အကျိုးပေးပါတယ်။ ရှိတာထက်ပိုလို့တော့မပေးနိုင်ပါဘူး။ ဒါ့ကြောင့် သတ္တိကောင်းများရအောင် အစွမ်းကုန်မြှင့်တင် မြှုပ်နှံသိုမှီးအားထုတ်တတ်ဖို့ အထူးလိုအပ်ပါတယ်။ အသိအမြင်မှန်နဲ့ လုပ်သင့်တာလုပ်ထားမှ စွမ်းအား မြင့်လာပြီး ဖြစ်သင့်တဲ့ကောင်းကျိုးတွေ ဧကန်ဖြစ်လာမှာဖြစ်တယ်။

ဖြစ်သင့်တာကိုဖြစ်စေချင်ရင် လုပ်သင့်တာကိုလုပ်ရမှာပဲ။ မဖြစ်သင့်တာကို မဖြစ်စေချင်ရင် မလုပ်သင့်တာကိုရှောင်ရမှာပဲ။ လုပ်သင့်တာလုပ်နိုင်သလောက် ဖြစ်သင့်တာဧကန်ဖြစ်လာမှာပါ။ မလုပ်သင့်တာ ရှောင်နိုင်သလောက် မဖြစ်သင့်တာတွေကင်းလွတ်ခွင့်ရမှာပဲ။ လုပ်သင့်တာ လုပ်တော့လဲ သဒ္ဓါဝီရိယစတဲ့ စိတ်စွမ်းအားများကို လိုအပ်တဲ့အတိုင်းအတာထိ တိုးမြှင့်ပြီးလုပ်ထားရမှာဖြစ်တယ်။

ကောင်းကျိုးရလာဘ်ဆိုတာ လုပ်နိုင်သလောက်သာရောက်လာစမြဲပါ။ အကျိုးရလာဘ်ကို အကြောင်းက တိုင်းတာပေးမှာ ဖြစ်ပါတယ်။ ရလာဘ်ဟန်မကျရင် လမ်းကြောင်းလွဲနေလို့ဖြစ်မှာပဲ။ လွဲမှန်းသိရင် ဉာဏ်နဲ့ တိုင်းတာနှိုင်းချိန်ပြီး တည့်မတ်ပြုပြင်ပေးရုံပေါ့။ သာသနာနဲ့တွေ့နေတော့ တရားလမ်းကြောင်းပေါ် စိတ်ကိုတင်ပေးလိုက်ရင် ပြုပြင်လို့လွယ်ပါတယ်။ အပြင်ကောင်းသလောက် ကောင်းကျိုးချမ်းသာကိုရဖို့ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ်မင်းရဲ့ **"ဝဿကာရ"**ဆိုတဲ့ အမတ်ချုပ်ကြီးဟာတစ်ချိန်မှာ အရှင်မဟာကစ္စည်း ရဟန္တာကို **"မျောက်ကြီး"**လို့ နှုတ်နဲ့ပြစ်မှားမိခဲ့တယ်။ ဝန်ချတောင်းပန်ကန်တော့လိုက်ရင် အပြစ်လွတ်မယ်ဆိုတာ သိလျက်နဲ့ မကန်တော့ခဲ့ဘူး။ မလုပ်သင့်တဲ့ပြစ်မှားမှုကိုပြုလုပ်မိ၊ လုပ်သင့်တဲ့ကန်တော့မှုကို မပြုလုပ်မိလို့ သေသွားတော့ မျောက်ကြီးဖြစ်ရရှာတယ်။ သူ့ရာထူးကလဲ မကယ်နိုင်ခဲ့ပါဘူး။

## ၆။ တာဝန် ၂-ခု မြင်အောင်ရှု

■ **အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။**

■ **ကုသိုလ်အစု၊ ကောင်းစွာပြုက၊ စိတ်အေးရအောင်၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။**

စိတ်မနိုင်သူတိုင်း အကုသိုလ်ဖြစ်ပြီး စိတ်မနိုင်မှုအားကြီးသလောက် အကုသိုလ်အရှိန်အဟုန်တက်လာပါတယ်။ အကုသိုလ်ဆိုတာ စိတ်သစ္စာဖောက်လို့ဖြစ်လာတာမို့ လိုတာကိုလဲမပေး၊ အာမလဲမခံ၊ တာဝန်လဲမယူ၊ စိတ်လဲမအေးရ၊ အကုသိုလ်ပမာဏ အင်အားကြီးမားသလောက် ကိုယ်ကသူ့ကို ပြန်ပြီးတာဝန်ယူရပါတယ်။ ကုသိုလ်ကတော့ စိတ်နိုင်လို့ဖြစ်လာတာမို့ လိုတာအကုန်ပေးပါတယ်။ ဘဝကူးအထိ နိဗ္ဗာန်ကူးအထိ အားလုံးအာမခံတာဝန်ယူတယ်၊ ကုသိုလ်ရှိသလောက် သူကကိုယ့်ကို တာဝန်ယူထားတာဖြစ်လို့ အမြဲစိတ်အေးရတယ်။ အတိုချုပ်ကတော့ အကုသိုလ်ဆိုတာ ကိုယ်ကသူ့ကို တာဝန်ယူရမယ်။ ကုသိုလ်ဆိုတာ သူကကိုယ့်ကိုတာဝန်ယူသွားလိမ့်မယ်။ မိမိရဲ့အဓိကတရားခံဟာ မိမိပဲဆိုတာ အမြင်ရှင်းဖို့ပါပဲ။

စေတနာတိုင်း စေတနာတိုင်းဟာ အဝိဇ္ဇာတဏှာမကင်းသေးသမျှ ဘဝခန္ဓာအရုပ်များကို ရေးဆွဲဖော်ပြပေးနိုင်တယ်။ စေတနာညံ့ရင်ကံလဲညံ့ပြီး ခန္ဓာအရုပ်လဲညံ့ဖျင်းသွားရပါတယ်။ စေတနာကောင်းရင် ကံအကောင်းစားဖြစ်ပြီး ခန္ဓာအရုပ်အကောင်းစားဖြစ်သွားရတာပါ။ မိဘဆိုတာ နေရာပေးရုံသာတတ်နိုင်ပြီး တကယ်တော့ ကိုယ့်အရုပ်ကို ကိုယ်ကိုယ်တိုင်ရေးနေကြတာပါ။

အရှင်ဗာကုလတို့လို စေတနာအကောင်းစားထားပြီးသုံးလို့ မကုန်နိုင်တဲ့ပါရမီကုသိုလ်ကံကို စုတတ်ဖို့လိုလိမ့်မယ်။ ရည်မှန်းချက်မှန်အောင်ထားတတ်ဖို့လဲ အထူးလိုအပ်ပါတယ်။ ဘဝလွတ်မြောက်ရေး မရမချင်း သံသရာမှာ ခန္ဓာဝန်ထမ်းနေရသမျှ သုံးလို့ဖြစ်တဲ့ခန္ဓာကိုထမ်းရမှပဲ ရှေ့ကိုတက်နိုင်လိမ့်မယ်။ သုံးလို့မဖြစ်တဲ့ ခန္ဓာဝန်ကိုထမ်းနေရရင် ဒုက္ခအပိုထုပ်ကြီးကိုထမ်းရင်း အချိန်တွေ အလကားကုန်သွားပြန်ရော။ ပြီးတော့ တက်ပြီးသားတွေတောင် ပြန်ကျသွားနိုင်တယ်။

ဒါ့ကြောင့် စေတနာအခိုက်မှာ အလွန်အရေးကြီးပါတယ်။

တောဒေယျပုဏ္ဏားသူဌေးကြီးဟာ (၈၇)ကုဋေကြွယ်ဝပေမယ့် သဒ္ဓါမဲ့လို့ စေတနာတွေလွဲမှားနေခဲ့တယ်။ ရတနာ ၃ပါးထွန်းကားတဲ့နေရာ သာသနာရှိတဲ့နေရာမှာနေရပေမယ့် သူ့ခန္ဓာအတွင်းကို သာသနာ လုံးဝမရောက်ခဲ့ဘူး။ ရှိသမျှပစ္စည်းတွေအပေါ်မှာ နှမြောမှုကလွန်ကဲ၊ တွယ်တာစွဲလမ်းမှုက အားကြီးနေတယ်။ ဒေါသမာနကလဲ ကြီးနေတယ်။ ဒီတော့ သူ့မှာစေတနာမှန်မထားနိုင်လို့ကောင်းမှုကင်းပြီး၊ စေတနာမှားအပွပွားလို့ မကောင်းမှုကသာ နေရာယူထားတယ်။ ဒါ့ကြောင့် သေသွားတော့ သူ့အိမ်မှာပဲ ခွေးကြီး ဖြစ်သွားရရှာတယ်။ စေတနာက သူဌေးရုပ်ကြီးကနေ ခွေးရုပ်ကြီးဖြစ်အောင် ပြောင်းလဲရေးဆွဲပေးလိုက်တယ်ပေါ့။

## ၇။ စိတ်ထိန်းကောင်းမှ ကံကောင်းရ

■ **ယုံကြည်၊ ကြိုးစား၊ သတိထား၊ စွမ်းအား အမြင်မှန်။**

■ **စိတ်ထိန်းကောင်းမှ၊ ကံကောင်းရ၊ မုချမြဲစေကန်။**

ကုသိုလ်လုပ်တာဟာ စိတ်ထဲက ဓာတ်ပုံရိုက်ယူတဲ့သဘောမျိုးဖြစ်လို့ စေတနာအထားအသိုကောင်းသလောက်သာ ကမ္မ သတ္တိဓာတ်ပုံဟာ ခန့်ညားကောင်းမွန်ပါတယ်။ ကံတရားကို စိတ်စွမ်းရည်လို့ပဲခေါ်ခေါ် စေတနာရဲ့အရိပ်လို့ပဲခေါ်ခေါ် စိတ်ရဲ့ဓာတ်ပုံလို့ပဲခေါ်ခေါ် စွမ်းအင်သတ္တိလို့ပဲခေါ်ခေါ် ဝေါဟာရပိုင်သလို



www.burmeseclassic.com

www.burmeseclassic.com


ခေါ်နိုင်ပါတယ်။ အချုပ်အားဖြင့်တော့ စိတ်ထဲမှာလှုပ်ရှားလိုက်သလို ပေါ်ပေါက် ရရှိလာတဲ့ ရလာဘ် တစ်ခုပါ။ သူရှိသလောက်စိတ်ချရပြီး သူနည်းသလောက် အားငယ်ရတတ်ပါတယ်။

စေတနာကောင်းမှ ရလာဘ်ကကောင်းမှာမို့ စေတနာကောင်းမွန်ရိုးဖြောင့်ဖြူစင်အောင် ကြီးကြပ် ကွပ်ကဲပေးမယ့်အဖွဲ့လိုလာတယ်။ စေတနာကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်တွေက အဓိကအားဖြင့် (၅)ပါး ရှိတယ်။ ယုံကြည်လက်ခံမှုအင်အားလို့ဆိုတဲ့ **သဒ္ဓါ,** တွန်းကန်လှုပ်ရှားမှုအင်အားလို့ဆိုတဲ့ **ဝီရိယ,** ထိန်းသိမ်းမှု အင်အား လို့ဆိုတဲ့ **သတိ,** စူးစိုက်တည်ငြိမ်စည်းရုံးပေါင်းစုမှုအင်အား လို့ဆိုတဲ့ **သမာဓိ,** အလင်းရောင်ပေးမှု အင်အားလို့ ဆိုတဲ့ **ပညာ။** အဲဒီ (၅)ပါးပဲ။ အဲဒီ (၅)ပါး ကောင်းမွန်သလောက် စေတနာကောင်းလာပါတယ်။

## ၈။ လမ်းကြောင်း ၄–ခု ပို့ဆောင်မှု

■ **ဒါန သီလ၊ သမထ ဝိပဿနာ၊ ဤ ၄-ဖြာ၊ ကောင်းရာပို့ဆောင်သည်။**

■ **လမ်းကြောင်း ၄-ခု၊ ပို့ဆောင်မှု၊ ယခု နောင်ခါ စိတ်အေးသည်။**

အဲဒီအင်အား(၅)ပါးနဲ့ထိန်းပြီး စေတနာကို ပို့လွှတ်သယ်ဆောင်တင်ပို့ရမယ့်လမ်းကြောင်းက (၄)သွယ် ရှိပါတယ်။

(၁) ပေးကမ်းစွန့်ကြဲ လှူဒါန်းရတဲ့ **ဒါန၊** (၂) ကိုယ်နှုတ်ကိုထိန်းသိမ်းရတဲ့ **သီလ။** (၃) စိတ်ကို ထိန်းသိမ်း ရတဲ့ **သမထ။** (၄) အမြင်မှန်ရအောင် ကြည့်ရတဲ့ **ဝိပဿနာ။** အဲဒီ (၄) ပါးပဲ။

ဒီ (၄)ပါးလုံးဟာ စွန့်သင့်တာကို စွန့်လွှတ်နိုင်မှုရတာချည်းပါ။ ဒါနဆိုတာ ကိုယ့်မှာရှိတဲ့ပစ္စည်းကို စွန့်လွှတ် ရတာ၊ သီလကတော့ မကောင်းတဲ့ကိုယ်နှုတ်အမူအရာကိုစွန့်ပစ်ရတာ။ သမထက စိတ်အပူ အခိုးအငွေ့ ကိလေသာတွေကို စွန့်ရတာပဲ။ ဝိပဿနာကျတော့ အထင်အမြင်လွဲနေတာကိုစွန့်ရတာပါ။ စွန့်သင့်တာကို ရဲရဲစွန့်နိုင်မှ ကောင်းမှုစွမ်းအားတိုးပွားပါတယ်။

## ၉။ ရအောင်ယူပေး ဆက်သွယ်ရေး

■ **ပို့ဆောင်ရေးဝယ်၊ စိတ်အေးဖွယ်၊ ဆက်သွယ် သဒ္ဓါအား။**

■ **ကောင်းမှု ကောင်းကျိုး၊ အစဉ်တိုး၊ တန်ခိုးတက်၍သွား။**

ပို့ဆောင်ရေးသေချာဖို့ ဆက်သွယ်ရေးလိုလာတယ်။ ဆက်သွယ်ရေးတာဝန်ကို သဒ္ဓါတရားက ယူရပါ တယ်။ ကြောင်းကျိုးပြုပြီး ကောင်းမှုတရားတွေနဲ့ဆက်သွယ်ပေးတယ်။ သဒ္ဓါတရားဆိုတာ ယုံကြည်တယ် စိတ်ချ တယ် သဘောတူတယ်, လက်ခံတယ်, ကျေနပ်တယ်, ခံယူချက်ပြတ်သားတယ်, တာဝန်ခံနိုင်တယ်, တာဝန်ယူ နိုင်တယ်, အာမခံချက်ပေးနိုင်တယ်, ဘဝခန္ဓာနဲ့ စိတ်အစဉ်ကို အညွှန့်တလူလူ လွှင့်ထူပေးနိုင်တယ်။ စိတ်အစဉ်ကို တံခါးဖွင့်ပေးတယ်။

သဒ္ဓါတရားကို စိတ်ရှင်းကိရိယာလို့ဆိုရင်လဲ မှန်တာပါပဲ။ ရှုပ်တဲ့စိတ်ကိုရှင်းသွားစေတယ်။ နောက်တဲ့ စိတ်ကို ကြည်သွားစေတယ်။ ပူနေတဲ့စိတ်ကို အေးသွားစေတယ်။ ခြောက်ကပ်ကပ်ဖြစ်နေတဲ့စိတ်ကို စိုပြည် လန်းဆန်းသွားစေနိုင်တယ်။

သဒ္ဓါတရားဟာလက်နဲ့လဲတူတယ်။ လောကအသုံးအဆောင်ပစ္စည်းဥစ္စာ ရတနာမှန်သမျှကို ပကတိလက် နဲ့ကောက်ယူရသလို ကောင်းမှုတရားမှန်သမျှကို သဒ္ဓါတရားနဲ့ပဲ နှစ်သက်ကြည်ဖြူ ကောက်ယူရပါတယ်။ ပြီးတော့ ပကတိလက်ဟာမီးခဲလိုပူတာမျိုးကိုလဲ မကိုင်ချင်ဘူး။ အညစ်အကြေးကိုလဲမကိုင်ချင်ဘူး။ အေးတဲ့အရာမျိုး သန့်ရှင်းတဲ့အရာမျိုးကိုသာကိုင်ချင်တယ်။

အဲဒီအတိုင်းပဲ သဒ္ဓါတရားဟာလဲ ပူလောင်ညစ်နွမ်းစေတတ်တဲ့ မကောင်းမှုဒုစရိုက်များကို မကိုင်ချင် မယူချင်မလုပ်ချင်ဘူး။ အေးမြကြည်လင် စင်ကြယ်သန့်ရှင်းစေတတ်တဲ့ ကောင်းမှုတရားစွမ်းအားများကိုသာ ကိုင်ယူပြုလုပ်ချင်ပါတယ်။

သဒ္ဓါတရားဟာ ဥစ္စာနဲ့လဲတူပါတယ်။ လောကမှာ ပကတိဥစ္စာကြေးငွေရှိရင် လိုတာကိုလဲ လဲလှယ်လို့ ရတယ်။ ဥစ္စာပိုင်ရှင်ကိုလဲ အရှိန်အဝါ ကြီးမားမြင့်တက်သွားစေတယ်။ နှစ်သက်ရွှင်ပြုံး ချမ်းသာမှုကိုလဲ ဖြစ်စေတယ်။ အဲဒီအတိုင်းပဲ သဒ္ဓါဆိုတဲ့ဥစ္စာရှိရင်လဲ လိုအပ်တဲ့တရားစွမ်းအားများကို လဲလှယ်ယူနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါပိုင်ရှင် ပုဂ္ဂိုလ်ကို အရှိန်အဝါမြင့်သွားစေပြီး နှစ်သက်ရွှင်ပြုံးချမ်းသာစေတတ်ပါတယ်။ လောကီပိုက်ဆံ ကြေးငွေ အမြောက်အမြားရှိပေမယ့် သဒ္ဓါတရားမရှိရင် ရတနာ (၃)ပါးတို့ တရားရတနာတို့ကို သုံးစွဲခွင့် ယူနိုင်ခွင့် ပိုင်ဆိုင်ခွင့်မရှိနိုင်ပါဘူး။ သဒ္ဓါတရားဥစ္စာရှိသူများသာ ရယူသုံးစွဲပိုင်ဆိုင်ခွင့်ရှိပါတယ်။

သဒ္ဓါတရားဟာ မျိုးစေ့နဲ့လဲတူတယ်။ လောကမှာ ရေမြေကောင်းမွန် ပြည့်စုံပေမယ့် စိုက်ပျိုးစရာ မျိုးစေ့ မရှိရင် အပင်ပေါက်အောင်မတတ်စွမ်းနိုင်ဘူး။ မျိုးစေ့ရှိသလောက်သာ အပင်ပေါက်အောင် စိုက်ပျိုးနိုင်တယ်။ အဲဒီအတိုင်းပဲ ယုံကြည်လက်ခံမှု သဒ္ဓါတရားမျိုးစေ့မရှိရင် ဗုဒ္ဓသာသနာနဲ့တွေ့နေရပေမယ့် ရတနာ (၃)ပါးနဲ့ ကြုံနေပေမယ့် ဘဝကောင်းနေရာကောင်းရနေပေမယ့် ကောင်းမှုစွမ်းအားအပင်များပေါက်မလာနိုင်ဘူး။ သဒ္ဓါ တရားမျိုးစေ့ရှိသလောက်သာ တရားစွမ်းအင်အပင်များ ပေါက်ရောက်ရရှိလာနိုင်ပါတယ်။ ရတနာ(၃)ပါးနဲ့ ကံ, ကံရဲ့အကျိုးကို လက်ခံယုံကြည်နိုင်မှ စိတ်စွမ်းအင်သတ္တိတိုးပွားနိုင်ပါတယ်။

စိတ်အစဉ်ကိုသဒ္ဓါတရားနဲ့ တံခါးဖွင့်မပေးရင် စိတ်အစဉ်မှာဟာတာတာဖြစ်နေတိုင်း မကောင်းမှုဒုစရိုက် အမှိုက်တွေ အရက်သေစာမူးယစ်ဆေးဝါးတွေကို ခန္ဓာထဲမှာထည့်သွင်းမိတယ်။ ထည့်သွင်းမိပေမယ့် တကယ်ထင် သလို ပြည့်မလာဘဲ ကျန်းမာရေး စီးပွားရေး လူမှုရေး ပညာရေးတွေထိခိုက်ပြီး ဆုံးရှုံးလို့သာ သွားတတ်ပါတယ်။ ဒါကြောင့်စိတ်ထဲမှာ ဟာတာတာဖြစ်လာတိုင်း တရားစွမ်းအားများ ဖြည့်သွင်းပေးဖို့ သဒ္ဓါတရားတံခါးကို အစဉ် ဖွင့်ပေးရလိမ့်မယ်။ တံခါးပေါက်လွဲသွားရင် အပူအခိုးအငွေ့ဝင်လာပြီး သဒ္ဓါတရားတံခါးပေါက်မှန်မှသာ အအေး စွမ်းအားများ အဆက်မပြတ်ဝင်လာကြမှာပါ။

သဒ္ဓါတရားကို သံသရာခရီးသွားတွေရဲ့အဖော်လို့လဲဆိုရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကောင်းမှု တရားစွမ်းအင်ဆိုတဲ့ မိတ်ဆွေကောင်းကောင်းနဲ့တွေ့အောင် မိတ်ဆက်ပေးတတ်တဲ့ကြောင့်ပဲ။ သဒ္ဓါတရားဟာ ကုသိုလ်နဲ့အရင်းနှီးဆုံးမိတ်ဆွေပါ။ ဒါကြောင့်လဲ ကုသိုလ်ကောင်းမှုတရားကို စိတ်ပါလက်ပါ ထက်ထက်သန်သန် ပြုလုပ်နေသူများကို ဂုဏ်တင်ချီးမွမ်းတဲ့အခါ "ဒီလူ သိပ်သဒ္ဓါတရားကောင်းတာပဲ"လို့ သဒ္ဓါတရားနဲ့ပဲ ခေါင်းတပ် ပြီး ချီးမွမ်းကြပါတယ်။

သဒ္ဓါတရားဟာ စိတ်ကိုအအေးပေးတဲ့ကိရိယာလဲဟုတ်ပါတယ်။ စိတ်အစဉ်မှာ ခြစ်ခြစ်တောက် ပူလောင် နေတဲ့အခါ ပကတိရုပ်ပိုင်းဆိုင်ရာ ရေတို့ လေတို့က စိတ်ကိုအေးအောင်မတတ်နိုင်ပါဘူး။ သဒ္ဓါတရားနဲ့ပဲ စိတ်ကိုအအေးပေးရပါတယ်။ သဒ္ဓါတရားကောင်းသလောက် အေးချမ်းကြရပါတယ်။

သဒ္ဓါတရားဆိုတာ ကောင်းမှုတရားစွမ်းအားများကို နိုင်နိုင်နင်းနင်းထမ်းဆောင်ပေးနိုင်တဲ့ စိတ်ခွန်အား လဲဖြစ်ပါတယ်။ ခွန်အားမရှိသေးတဲ့ကလေးသူငယ်များဟာ ၅ပိဿာလောက်လေးတဲ့ ဝန်ထုပ်(၁)ခုကို နိုင်အောင် မချီမနိုင်သလိုဘဲ သဒ္ဓါခွန်အားမရှိရင် သဒ္ဓါခွန်အားနည်းနေရင် ဘယ်ကောင်းမှုကုသိုလ်တရားကိုမှ နိုင်အောင် မချီမနိုင်ပါဘူး။ ဘယ်ကုသိုလ်မှမလုပ်ရဲပါဘူး။ အလွန်ခွန်အားကောင်းတဲ့လူကြီး (၁)ယောက်ကတော့ ၅ပိဿာ လောက်လေးတဲ့ ဝန်ထုပ်(၁)ခုကို လက်တစ်ဖက်တည်းနဲ့ အသာကလေးချီမ,ယူနိုင် မြှောက်ပြနိုင်သလိုပဲ သဒ္ဓါ ခွန်အားကောင်းနေသူဟာလဲ ဘယ်ကုသိုလ်ကိုမဆို နိုင်နိုင်နင်းနင်း အသာကလေး နဲ့ပဲ ပြုလုပ်ဆောင်ရွက်ချီမ, ယူနိုင်ပါတယ်။

မိမိခန္ဓာအစဉ်မှာ စိတ်စေတသိက်အကောင်းစားတွေကိုထည့်ပေးနိုင်မှသာ စိတ်စွမ်းအားတန်ခိုး ပေါ် ထွက်ပါတယ်။ စိတ်စေတသိက်အကောင်းစားတွေထည့်ပေးဖို့ကလဲ သဒ္ဓါတရားရှိမှဖြစ်တယ်။ သဒ္ဓါတရားဟာ နှလုံးသားထဲမှာ ကိုယ်ပိုင်စိတ်ကောင်းတွေထည့်ပေးတယ်။ ကိုယ်ပိုင်စိတ်ရှိမှ ကိုယ်ပိုင်တရားရမှာပေါ့။

လောကမှာရှိတဲ့ခန္ဓာနဲ့ဆက်စပ်နေတဲ့ အပူဆင်းရဲမှန်သမျှဟာ အချိန်ကုန်ရုံအရွယ်ကြီးရုံနဲ့ သူ့ဟာသူ အလိုအလျောက်လျော့သွားကြ ကုန်သွားကြတာမဟုတ်ဘူး။ ကောင်းမှုတရားစိတ်စွမ်းအားများနဲ့ လျော့ပေးနိုင် နုတ်ပေးနိုင်မှသာ လျော့နိုင် ကုန်နိုင်ကြတာပါ။ ချမ်းသာမှု လွတ်မြောက်ငြိမ်းအေးမှုတို့ဟာလဲ အသက်ကြီးရုံ အချိန်ကုန်ရုံကလေးနဲ့ သူ့ဟာသူ အလိုအလျောက်တိုးလာကြ, ရင့်လာကြ မြင့်လာကြတာမဟုတ်ပါဘူး။ တရားစွမ်းအားကောင်းမှုများနဲ့ မြှင့်တင်ပေးနိုင်မှသာ ရင့်ကျက်မြင့်မားတိုးတက်လာကြတာပါ။ ဒီလိုဆိုရင် ဒုက္ခရဲ့ အနုတ်လက္ခဏာ သုခရဲ့ အပေါင်းလက္ခဏာ တရားစွမ်းအားများ အဆက်မပြတ်ဝင်ရောက်လာနိုင်ဖို့ သဒ္ဓါတရားက တံခါးဖွင့်ပေးနေရမယ်၊ ဆက်သွယ်ပေးနေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဒေဝဒတ်ဆိုရင် အားလုံးကြားဖူးကြပါတယ်။ သူဟာဉာဏ်ကြီးသူ တိဟိတ်ပါ။ ရဟန်းပြုပြီး မကြာမီ တရားအားထုတ်လို့ ဈာန်တန်ခိုးတွေရခဲ့တယ်။ ဒါပေမယ့်တန်ခိုးကိုအခြေခံပြီး လောဘမာနတွေ ဝင်လာလို့ သဒ္ဓါတရားဆက်သွယ်ရေးပြတ်သွားတယ်။ ဆက်သွယ်ရေးပြတ်တော့ ပို့ဆောင်ရေးတွေ ကမောက်ကမဖြစ်ကုန်တာပေါ့။ ဘုရားဖြစ်ချင်တာနဲ့ ဘုရားကိုတက်ပြိုင်လိုက်တာ ရပြီးသားတန်ခိုးတွေ လျှောကျ ကွယ်ပျောက်သွားတယ်။ နောက်ဆုံးကံအမှားကြီးနှစ်ခုကိုလွန်ကျူး သွေးပွက်ပွက်အန်မထနိုင်အောင် လူမမာကြီးဖြစ် နောက်ပိတ်ဆုံးမှာတော့မြေမျိုခံရပြီး ယခုထိအဝီစိငရဲမှာ ကြီးစွာဒုက္ခခံနေရတုန်းပါ။

ရည်ရွယ်ချက်မြင့်မားပေမယ့် စိတ်ထားယုတ်မာလွန်းတော့ဘုရားဖြစ်ဖို့မပြောနဲ့ ရဟန်းနဲ့တူအောင် လူနဲ့တူအောင်တောင်မနေလိုက်ရရှာဘူး။ "ကိုယ့်ကိုကိုယ်သတ် ဒေဝဒတ်"လို့ဆိုရလောက်အောင် မိုက်တွင်းနက်သွားတယ်။

ကုဋေ(၄၀)ကြွယ်ဝတဲ့ ဒု-သ-န-သော သူဌေးသား(၄)ယောက်ဟာလဲ သဒ္ဓါတရားဆက်သွယ်ရေး ပြတ်သွားလို့ပို့ဆောင်ရေးလမ်းမှားပြီး မကောင်းမှုဒုစရိုက်တွေကိုချည်းလုပ်သွားလိုက်တာ သေတော့ ၄ ယောက်လုံး လောဟကုမ္ဘီငရဲမှာကျကြရရှာတယ်။

ကဿပဘုရားလက်ထက်က မဟာဒုဂ်ဆိုတဲ့လူမွဲကြီးကိုသုညကြီးဟာ သဒ္ဓါတရားဆက်သွယ်ရေးကောင်းလို့ ပို့ဆောင်ရေးလမ်းညွှန်မှန်သွားတော့ ကောင်းမှုတရားကို အထူးကြိုးစားလိုက်တာ မျက်မှောက်ဘဝမှာပဲ ထိပ်တန်းသူဌေးကြီးဖြစ်ခဲ့ရတယ်။ တတိယဘဝ ယခုဘုရားလက်ထက်ရောက်တော့ (၇)နှစ်အရွယ်ကိုရင်လေးဘဝနဲ့ ရဟန္တာဖြစ်ခဲ့ရတယ်။ နာမည်က ကိုရင်ပဏ္ဍိတတဲ့။

## ၁၀။ ဘက်စုံတန်ခိုး စွမ်းအားတိုး

- **တစ်ဖက်ရရုံ၊ စွမ်းမကုန်၊ လူ့ဘုံအရ ရှုံးနိုင်သည်။**
- **နှစ်ဖက်ရမှ၊ လူ့ဘဝ၊ မုချလှနိုင်သည်။**

ပညာအလင်းရောင်ကောင်းနေသူဟာ ဘဝအမြင်ရှင်းနေအောင် ရှုမြင်သုံးသပ်တတ်ပါတယ်။ ပစ္စည်းစွမ်းအား တရားစွမ်းအား နှစ်မျိုးလုံး ရှာဖွေစုဆောင်းနိုင်အောင် ဘဝအခြေအနေပေးထားပါလျက်နဲ့ တရားစွမ်းအားကိုမစုဖြစ်ဘဲ ပစ္စည်းစွမ်းအားတစ်မျိုးတည်းစုသွားနေသူဟာ လူ့စွမ်းအားမစုံတဲ့အတွက် ဘက်စုံတန်ခိုးရှင်မဖြစ်လိုက်ရတော့ဘဲ တစ်ခြမ်းပဲ့တန်ခိုးရှင်သာဖြစ်သွားမှာပဲ။ တန်ခိုးမစုံလင်တော့ တစ်ဖက်စောင်းနင်းဖြစ်ပြီးလဲသွားတတ်တယ်။ တရားစွမ်းအားများ တွဲဖက်ပေးလိုက်ရင် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေတဲ့ ပစ္စည်းရှာဖွေစုဆောင်းရေးလုပ်ငန်းတွေဟာလဲ တရားစည်းဝိုင်းဘောင်ထဲကို အလိုလိုရောက်ရှိသွားတာပါ။

တရားမစုဖြစ်ဘဲ ပစ္စည်းကိုသာစုနေရင် လူ့စွမ်းရည်မကုန်သေးလို့ လူဖြစ်ရတာ အရှုံးပေါ်နေဦးမှာပဲ။ တရားရော ပစ္စည်းပါ နှစ်မျိုးလုံးစုနိုင်မှ နှစ်ဖက်ရဖြစ်ပြီး မျက်မှောက်တမလွန်နှစ်ဖက်လုံး အကြည့်ခံနိုင်တဲ့ နှစ်ဖက်လှလူ့ဘဝဖြစ်မှာပါ။

ရှေးတုန်းက မကြွယ်ဆိုတဲ့သူဌေးကတော်လေးတစ်ယောက်ဟာ ပစ္စည်းသာစုပြီး တရားကိုတော့ မစုဖြစ်ဘဲ အချိန်ဆွဲနေတယ်။ မြေကြီးထဲမှာ မြှုပ်ထားတာတောင် ငွေဒင်္ဂါးပေါင်း ကုဋေ(၄၀)ရှိသတဲ့။ အရွယ်ကောင်းတုန်း အချိန်မှာ ရောဂါတစ်ခုနဲ့ ရုတ်တရက်ကွယ်လွန်သွားတော့ မြေကြီးထဲမှာမြှုပ်ထားတဲ့ ငွေဒင်္ဂါးတွေကိုစွဲသွားလို့ အဲဒီငွေဒင်္ဂါးမြှုပ်ထားတဲ့နေရာအနီးမှာပဲ ကြွက်မလေးဖြစ်သွားသတဲ့။ တစ်ခြမ်းပဲ့တန်ခိုးဆိုတော့ တစ်ဖက်စောင်းနင်းတိမ်းမှောက်သွားတာပေါ့။ နောက်ဘဝကနေပြီးကြည့်တော့ မလှတော့ဘူးပေါ့။

## ၁၁။ ပစ္စည်းတန်ခိုး ဘက်စုံတိုး

- **ဥဋ္ဌာ-သမ၊ အာရက္ခနှင့်၊ ကလျာဏမိတ္တာ၊ ဤလေးဖြာ၊ ဥစ္စာတိုးပွားကြောင်း။**
- **ဥစ္စာတိုးလျှင်၊ အသိဝင်၊ အမြင်ထူးမှ အစဉ်ကောင်း။**
- **ပစ္စည်းတန်ခိုး၊ ဘက်စုံတိုး၊ ကောင်းကျိုးရစေကြောင်း။**



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဥစ္စာဟာလဲ လူ့ဘဝရဲ့တန်ခိုးစွမ်းအားတစ်ခုဖြစ်တဲ့အတွက် လူဖြစ်လာရင်ပစ္စည်းကိုလဲ ကိုယ့်အတွက် အခွင့်ပေးထားသလောက် ရှာဖွေစုဆောင်းကြရမှာပဲ။ ဒါပေမယ့် ကိုယ့်အတွက်ပေးထားတဲ့အခွင့်အလမ်း ထက်ကျော်ပြီး "ရရင်ပြီးရော" "ဖြစ်ချင်ရာဖြစ်"လို့ဘောင်မခတ်ဘဲ ရှာဖွေရင်တော့ တန်ခိုးစွမ်းအား ဖြစ်မလာဘဲ အန္တရာယ်ထုပ်ကြီးသာဖြစ်သွားလိမ့်မယ်။ ကိုယ့်အတွက်ပေးထား တာမဟုတ်တဲ့ အခွင့်အလမ်း စည်းဘောင်ကို မကျော်လွန်ဖို့လိုအပ်သလို ကိုယ့်အတွက်ပေးထားတဲ့ အခွင့်အရေးကိုလဲ ပေးထားသလောက် အတိအကျ အပြည့် အဝယူတတ်ဖို့ ဉာဏ်ဝီရိယများများ လိုအပ်လိမ့်မယ်။

ပစ္စည်းဥစ္စာရှာဖွေစုဆောင်းတဲ့အခါ ထားရှိရမယ့် သမ္ပဒါလေးပါးကို ဘုရားရှင်ဟောကြားထားပါတယ်။

(၁) ထကြွနိုးကြား ကြိုးစားမှုနဲ့ ပြည့်စုံတဲ့ **ဥဋ္ဌာနသမ္ပဒါ** = မိမိစီးပွားရေးနဲ့ သက်ဆိုင်တဲ့ကာလ ဒေသကို နှိုင်းချိန်နိုင် နားလည်နိုင်တဲ့ အသိဉာဏ်ရှိဖို့လိုတယ်။ ကိုယ့်အတွက်ရနိုင်စွမ်းရှိတဲ့ စီးပွားကိုလဲ မရမနေ ရအောင်ယူ မယ်ဆိုတဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်နဲ့ ရဲစွမ်းသတ္တိလဲလိုတယ်။ တကယ်ရှိတဲ့သတ္တိကို ဗျတ္တိ အနေနဲ့ဖော်ထုတ်ပြီး ကိုယ်ထိလက်ရောက် ထထကြွကြွနိုးနိုးကြားကြား ကြိုးစားဖို့လဲလိုတယ်။ ၁၀၀ တန် သတ္တိရှိပေမယ့် ၅၀ တန်သာ ကြိုးစားရင် ၅၀ ပဲ ရမှာပေါ့။

(၂) ပစ္စည်းအဝင်နဲ့အထွက်ညီမျှအောင် အသက်မွေးတတ်သုံးစွဲတတ်တဲ့ **သမဇီဝိတာ** = ရလာတဲ့ ပစ္စည်းနဲ့ သုံးစွဲတဲ့ပစ္စည်းကာမိအောင် အသက်မွေးတတ်ဖို့လဲလိုတယ်။ အရများလို့ အကုန်အကျနည်းမှ ပစ္စည်းတန်ခိုး တက်လိမ့်မယ်။ အရနည်းလို့ အကုန်အကျများနေရင်တော့ ကြွေးပတ်ပတ်လည်ဝိုင်းပြီး ပူနေရမှာမို့ ပစ္စည်းတန်ခိုး လျှော့ကျသွားမှာပဲ။ စိတ်ချမ်းသာမှုရလာမှာမဟုတ်ဘူး။ အချို့နေရာမှာ မသုံးဘဲဖြစ်နိုင် တယ်ဆိုရင် မသုံးဘဲခြိုးခြံ ချွေတာရမှာပဲ။ သည်းခံအောင့်အည်းချုပ်တည်းထားရမှာပဲ။

(၃) ပစ္စည်းမပျောက်ပျက်အောင် စောင့်ရှောက်ထိန်းသိမ်းတတ်တဲ့ **အာရက္ခသမ္ပဒါ** = ရလာတဲ့ပစ္စည်းတွေ ရန်သူမျိုးငါးပါးကြောင့်မပျောက်ပျက်ရအောင် မလိုအပ်တဲ့နေရာတွေမှာ အချည်းအနှီး အလဟဿမဖြုန်းမိ အောင် သတိဉာဏ်နဲ့ စောင့်ရှောက်တတ်ဖို့လဲလိုတယ်။ လုံခြုံအောင် သိမ်းဆည်းတတ်ဖို့ ရင်းနှီးမြှုပ်နှံ တတ်ဖို့လဲ လိုပါတယ်။

(၄) အပေါင်းအသင်းကောင်းကို မိတ်ဖွဲ့ပေါင်းသင်းတတ်တဲ့ **ကလျာဏ မိတ္တတာ** = တရားရှာတဲ့နေရာမှာ သာ မိတ်ဆွေကောင်းလိုတာမဟုတ်သေးဘူး။ စီးပွားဥစ္စာရှာတဲ့နေရာမှာလဲ အပေါင်းအသင်း မိတ်ဆွေကောင်းကို လိုအပ်တာပဲ။ အပေါင်းအသင်းမှားသွားရင် နောက်ထပ်အသစ်ရဖို့မပြောနဲ့ ကိုယ့်မှာ ရှိနေပြီးသားတွေတောင် အကုန်ပြောင်သွားတတ်တယ်။ သတိဉာဏ်ကြီးကြီးထားပြီး မိမိရဲ့စီးပွားရေးနဲ့သက်ဆိုင်တဲ့ တော်လဲတော် ကောင်း လဲကောင်းတဲ့ အပေါင်းအသင်းကောင်းတွေကို လိမ္မာကျွမ်းကျင်ပါးနပ်စွာ ပေါင်းသင်းဆက်ဆံတတ်ဖို့လိုလိမ့်မယ်။

## ၁၂။ တရား ငါးမျိုး လူ့တန်ခိုး

- **ဒါနစွမ်းအား၊ စုသူများ၊ စီးပွားမေတ္တာ ပြည့်စုံသည်။**
- **သရဏဂုံ၊ စိတ်ဝယ်ထုံ၊ လုံခြုံအေးမြသည်။**
- **ငါးပါးသီလ၊ စောင့်ထိန်းက၊ ဘဝခန္ဓာလုံခြုံသည်။**
- **မေတ္တာတရားအစဉ်ပွား၊ စွမ်းအားပိုင်ရှင်ဖြစ်ရသည်။**
- **အနိစ္စဟု၊ မြင်အောင်ရှု၊ ပူမှုကင်းလွတ်သည်။**
- **တရားငါးမျိုး၊ လူ့တန်ခိုး၊ ကောင်းကျိုး စည်ပင်သည်။**

လူ့ဘဝမှာ ပစ္စည်းစွမ်းအားတန်ခိုးသာမက တရားစွမ်းအားတန်ခိုးပါပြည့်စုံမှ ဘက်စုံတန်ခိုးရှင်ဖြစ်လာ မယ်။ "တတိယအရွယ်မှာ တရားရှာရမယ်"လို့ ပုံသေသတ်မှတ်ထားလို့မဖြစ်ပါဘူး။ တရားအလုပ်ဟာ နောက်ကို ပို့ရမယ့် အလုပ်မျိုးမဟုတ်ပါဘူး၊ သိတတ်တဲ့အရွယ်လုပ်နိုင်တဲ့အချိန်ကစပြီး လုပ်ရမယ့်အလုပ်မျိုးဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ တတိယအရွယ်ထိအောင်နေရမယ်လို့ ဘယ်သူမှတာဝန်မယူနိုင်တဲ့ ကြောင့်ပဲ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်စရာ ပူလောင်စရာ လောကခံတွေဆိုတာ တတိယအရွယ်ရောက်မှတွေ့ရတာမျိုးမဟုတ်ဘူး။ ပထမအရွယ် ဒုတိယအရွယ်မှာလဲတွေ့ရတတ်တာပဲ။ ငယ်ငယ်ကစတရားစွမ်းအားကို အဆင်သင့်စုဆောင်း လေ့ကျင့်ထားမှသာ ကျန်းမာရေး စီးပွားရေး အိမ်ထောင်ရေး လူမှုရေး ပညာရေး ကိစ္စတွေမှာ သန့်ရှင်းကြည်လင်ပြီး အရည်အသွေးတောက်ပြောင်လာလိမ့်မယ်။ ဘဝအမြင်ရှင်းပြီး ငြိမ်းချမ်း သာယာစွာ နေထိုင်တတ်လိမ့်မယ်၊ ခံနိုင်ရည်ရှိလာလိမ့်မယ်။

တရားအလုပ်ဆိုတာ အားတဲ့လူ ပစ္စည်းပေါတဲ့လူတွေရဲ့အလုပ်လို့ သတ်မှတ်ထားတာ မဟုတ်ဘူး။ အဲဒီလိုလဲ မယူဆရဘူး။ အပူဒုက္ခကြောက်သူ ငြိမ်းအေးချမ်းသာချင်သူအားလုံးတို့ရဲ့ အလုပ်သာဖြစ်တယ်။ မအားပေမယ့် ပစ္စည်းမပေါပေမယ့် သဒ္ဓါ ပညာ သတိအားကောင်းသူတိုင်း လုပ်နိုင်ပါတယ်။ မအားဘဲနဲ့ လူတိုင်းနေ့စဉ်လုပ်ယူနိုင်တဲ့ တရားစွမ်းအားငါးမျိုးကို ဝေလာမသုတ်မှာ ဘုရားရှင်ဟောကြားထားပါတယ်။ (၁) ဒါန၊ (၂) သရဏဂုံ၊ (၃) ငါးပါးသီလ (၄) မေတ္တာ၊ (၅) အနိစ္စာနုပဿနာ၊ အဲဒီငါးမျိုးပါပဲ။

အဲဒီငါးမျိုးဟာ တစ်မျိုးထက်တစ်မျိုးအဆင့်ဆင့် အကျိုးကြီးမားသွားပုံကိုလဲ ဖော်ပြတယ်။ ဒါနလုပ်တဲ့အခါ နောက်လေးမျိုးတွဲဖက်ပေးမှ ဒါနအကျိုးတန်ခိုးတွေ ပိုပြီးကြီးမားသွားနိုင်ပုံကိုလဲ ညွှန်ပြတယ်။ မအားဘဲနဲ့ နေ့စဉ်လုပ်ယူနိုင်တဲ့ အပေါ့ပါးဆုံးလမ်းစဉ်ငါးချက်ကိုလဲ ဖော်ပြတယ်။ သဒ္ဓါပညာ သတိအားကောင်းသူအတွက် ဘာမှမခက်ခဲပါဘူး။ တာဝန်လဲမလေးပါဘူး။ စွမ်းအားတန်ခိုးကောင်းကျိုးကလဲ အလွန်ကြီးမားပါတယ်။ တရားကို တရားလို စိတ်ဝင်စားသူအတွက် တရားကလဲ တရားလိုပဲသစ္စာရှိပါတယ်။

## ၁၃။ ဒါနစွမ်းအား မြတ်တရား

- **မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၊ ကြည်ညိုလေးစားပေးရသည်။**
- **ပေးလှူစရာ၊ ကိုယ့်ဥစ္စာ၊ တွယ်တာမှုလဲ ကင်းရသည်။**
- **တွယ်တာမှုကင်း၊ အမြင်ရှင်း၊ ချက်ချင်းစိတ်ကြည်သည်။**
- **ဘဝတန်ခိုး၊ ဥစ္စာတိုး၊ ကောင်းကျိုး စည်ပင်သည်။**

ဒါနဆိုတာ ကိုယ့်မှာရှိတဲ့ပစ္စည်းကို သူများလက်ထဲရောက်အောင် စွန့်လွှတ်ဖြန့်ကြဲရတဲ့အလုပ်ပါ။ သဒ္ဓါပညာမေတ္တာစွမ်းအားကြောင့် စွန့်လွှတ်ရတာဟာပဲ အားရှိစရာတန်ခိုးဖြစ်နေတယ်။ ပစ္စည်းအပေါ် တွယ်တာကပ်ငြိနေတဲ့လောဘနဲ့ နှမြောတွန့်တိုတဲ့မစ္ဆေရကို ဖျက်ဆီးပစ်နိုင်မှ ဒါနအောင်မြင်ပါတယ်။ လှူလိုက်တဲ့အခါ စိတ်အပူအရှုပ်အညစ်အကြေးတွေကို အနိုင်ယူဆေးကြောသုတ်သင်ပြီးလှူရတာမို့ စိတ်ထဲမှာ ရှင်းခနဲ အားရှိသွားစေ ပျော်ရွှင်ကြည်နူးသွားစေပါတယ်။ သုဂတိဘဝအကျိုး စည်းစိမ်ဥစ္စာအကျိုးနဲ့ပြည့်စုံအောင် တာဝန်ယူပေးနိုင်တဲ့စွမ်းအားပါ။ လောကုတ္တရာဆိုတဲ့ လွတ်ငြိမ်းချမ်းသာမှုရသည့်တိုင်အောင် ဆောင်ရွက်ပေးနိုင်ပါတယ်။ လက်ထဲမှာပေးလှူစရာပစ္စည်းလဲရှိမှ ပေးလှူချင်တဲ့သဒ္ဓါအင်အားလဲရှိမှ ဒါနဖြစ်ပေါ်လာနိုင်ပါတယ်။

ဒါနဟာ ပါရမီ၁၀ပါးထဲမှာ ပထမဆုံးပါရမီပဲ။ အူမတောင့်မှ သီလစောင့်တတ်တာဖြစ်လို့ အမာခံသီလကိုလဲ ထိန်းချုပ်ပေးနိုင်တယ်။ ကိုယ်ရောသူပါ စိတ်ဓာတ်နူးညံ့သွားတတ်တာမို့ ဘာဝနာကို အထောက်အကူပြုတယ်။ လူမှုဆက်ဆံရေးကို ပြေလည်အကွက်စေ့သွားစေတယ်။ ဒါနလုံလောက်မှ ပစ္စည်းပြည့်စုံတတ်တာဖြစ်လို့ ပစ္စည်းပြည့်စုံရင် ပညာရေးကိုပါအဆင်ပြေစေတယ်။ တွေ့ခဲလှတဲ့ သာသနာတော်ကို ကြာကြာတည်အောင် ချီးမြှောက်ထောက်ပံ့အားပေးနိုင်တယ်။ ဒါနဟာမေတ္တာလမ်းစဉ်လဲဖြစ်တယ်။

## ၁၄။ ဒါနအကျိုး ဤ ငါးမျိုး

- **အလှူပေးမှု၊ချစ်ခင်သူ၊ပြောထူပြည့်ဝသည်။**
  **(အလှူပေးငြား မေတ္တာထား၊ အများချစ်ကြသည်။)**
- **ငြိမ်သက်ကြည်လင်၊ သူတော်စင်၊ ထွက်ဝင်ချဉ်းကပ် ကြံရသည်။**



www.burmeseclassic.com

www.burmeseclassic.com



- **ကောင်းသတင်းများ၊ လွှန်ကျော်ကြား၊ ပြန့်ပွားရလေသည်။**
- **ကိုယ်ကျင့်တရား၊ မကင်းငြား (ပြည့်စုံငြား)၊ ခန့်ငြားထည်ဝါရဲရင့်သည်။**
- **ဘဝတစ်လျှောက်၊ ကောင်းရာရောက်၊ စားသောက်သုံးဆောင်ပြည့်စုံသည်။**
- **ဒါနအကျိုး၊ ဤ ၅-မျိုး၊ တန်ခိုးတက်လာသည်။**

လူမျိုးမရွေးဘာသာမရွေး ဒါနရှင်မှန်သမျှရနိုင်တဲ့ အကျိုးငါးမျိုးရှိတယ်။ (၁) ဒါနဆိုတာ မေတ္တာ လုပ်ငန်းစဉ်ဖြစ်တဲ့အတွက် ဒါနရှင်ဟာ လူချစ်လူခင်ပေါ တယ်။ ချစ်ခင်မြတ်နိုးလေးစားသူများပြားတယ်။ (၂) ပညာရှိသူတော်ကောင်းတွေနဲ့ ပေါင်းသင်းဆက်ဆံတွေ့ကြုံခွင့်ရတယ်။ (၃) ကောင်းသတင်းကျော်စောတယ်။ (၄)လူ့ကျင့်ဝတ်မကင်းကွာဘူး။ စည်းကမ်းသီလကို မကျိုးမပေါက်အောင် ထိန်းသိမ်းနိုင်စွမ်းရှိတယ်။ ပြီးတော့ မေတ္တာလမ်းစဉ်ကိုလိုက်နေသူဖြစ်တဲ့အတွက် ပရိသတ်အတွင်း ကျက်သရေရှိရှိ မျက်နှာပန်းလှလှ ရဲရဲဝံ့ဝံ့ ရွှင်ရွှင်လန်းလန်း ဝင်ထွက်သွားလာနိုင်တယ်။ (၅) ဘဝတစ်လျှောက် ပစ္စည်းပြည့်စုံတဲ့ဘဝကောင်းကိုရောက်ရတယ်။ အဲဒီအကျိုးတွေဟာ ဒါနရှင်အားလုံးအလိုလိုရရှိလာတဲ့ ဘုံဆိုင်အကျိုးတွေဖြစ်ပါတယ်။ ပစ္စည်းဆိုတာ လောဘမစွေ့ရနဲ့ ဆုတ်ကိုင်ထားရင် ကိုယ်ပိုင်မကျန်ဘဲ ပြန့်ကြဲသွားတတ်ပါတယ်။ သဒ္ဓါပညာမေတ္တာရှေ့ထားပြီး ဒါနလမ်းစဉ်နဲ့ဖြန့်ကြဲပေးလိုက်ရင် ကိုယ်ပိုင်စွမ်းအားအတိုးအပွားတွေ ဆုပ်မိကိုင်မိဖြစ်လာတတ်ပါတယ်။ ဒါနကြောင့်မွဲသူ ရှေးကလဲမရှိ၊ ယခုလဲမရှိပါဘူး။

ဒါနဆိုတာ အလှူမဏ္ဍပ်ကြီးထိုးပြီး ကြီးကြီးကျယ်ကျယ်လှူနိုင်မှ ဒါနလို့ခေါ်တာမဟုတ်ဘူး။ နေ့စဉ် ဘုရားရှင်အတွက် ပန်း ရေချမ်း ဆွမ်း ဆီမီးလှူတာကစ မိသားစုအချင်းချင်းပေးတာက အလယ်၊ တိရစ္ဆာန်လေးများအတွက် ကျွေးမွေးတာအဆုံး၊ အဲဒီပေးကမ်းစွန့်ကြဲမှုအားလုံးဟာ ဒါနမူစည်းကမ်းလမ်းစဉ်အတိုင်း လုပ်နိုင်ရင် သဒ္ဓါပညာတန်ခိုးသွင်းပေးရင် အရည်အသွေးပါတဲ့ဒါနတွေချည်းပါပဲ။ ကိုယ့်လက်ထဲက လွှတ်လိုက်ရမယ့်အတူတူတော့ အရည်အသွေးစွမ်းရည်ပါအောင်လွှတ်တတ်ဖို့ အထူးအရေးကြီးပါတယ်။ ဒီလိုဆိုရင် ဒါနဟာ မအားပေမယ့် နေ့တိုင်းလုပ်လို့ရတဲ့အလုပ်ဆိုတာ သေချာသွားပါတယ်။

## ၁၅။ သရဏဂုံ စွမ်းအားထုံ

- **တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကို၊ ကြည်လင်လေးမြတ်၊ ရှိသေညွှတ်၊ ဆည်းကပ်ပါ၏ဘုရား။**
- **ဆင်းရဲကင်းပျောက်၊ ချမ်းသာရောက်အောင်၊ စွမ်းဆောင်တတ်ငြား၊ မြတ်တရားကို၊ လေးစားချစ်ခင်၊ ကြည်လင်လေးမြတ်၊ ရှိသေညွှတ်၊ ဆည်းကပ်ပါ၏ဘုရား။**
- **ကောင်းစွာကျင့်ငြား၊ ရှစ်ပါးသံဃာ၊ အရိယာကို၊ ကောင်းစွာလေးမြတ်၊ ရှိသေညွှတ်၊ ဆည်းကပ်ပါ၏ဘုရား။**

သရဏဂုံသုံးပါးဆိုတာ သာသနာနဲ့တွေ့ကြုံတုန်းသာသုံးခွင့်ရတဲ့ အထက်တန်းစားပုဂ္ဂိုလ်များရဲ့ သီးခြားစွမ်းအင်ရတနာကောင်းဖြစ်ပါတယ်။ သရဏဂုံဆိုတာ ကိုယ့်အသက်ခန္ဓာကို ရတနာသုံးပါးထံ အပ်နှံ လိုက်ခြင်းပါ။ အပ်နှံရလောက်အောင်လဲ ရတနာသုံးပါးက အရည်အသွေးပြည့်ဝပါတယ်။ သရဏဂုံဟာ ဒါနထက်အကျိုးကြီးသလို သရဏဂုံအခြေခံတဲ့ဒါနက ပိုပြီးအရည်အသွေးမြင့်မားပါတယ်။ သာသနာတွင်းမှာ သရဏဂုံတည်နေသူဟာ သောတာပန်ဖြစ်အောင်အားထုတ်သူထဲမှာ ပါဝင်သွားတာဖြစ်လို့ အထက်တန်းစား အလှူခံပုဂ္ဂိုလ်လဲ ဖြစ်သွားတယ်။ လှူရင်အကျိုးအနန္တကို ဖြစ်စေနိုင် ပေးစွမ်းနိုင်တဲ့ အလှူခံဖြစ်သွားပါတယ်။ သရဏဂုံကြောင့် အလှူခံရော အလှူပေးသူပါ အရည်အသွေးတောက်ပြောင်ရပါတယ်။ သရဏဂုံကို ပိုက်ဆံ ပေးဝယ်လို့မရပါဘူး။ သဒ္ဓါပညာရှိသူများသာရနိုင်တဲ့ အခွင့်ထူးဖြစ်ပါတယ်။ သရဏဂုံဆိုတာ ရတနာကို အားကိုးလေးစားထိုက်တဲ့ ရတနာလို့ အသိအမှတ်ပြုလက်ခံနိုင်တဲ့သဒ္ဓါပညာပြဋ္ဌာန်းတဲ့ ကောင်းမှုစွမ်းအားကို ခေါ်တာပါ။

သရဏဂုံဟာမအားပေမယ့် ပစ္စည်းဥစ္စာမရှိပေမယ့် သဒ္ဓါပညာရှိသူတိုင်း နေ့စဉ်ရယူနိုင်တဲ့ စွမ်းအားဖြစ်တယ်။ အန္တရာယ်ကာကွယ်ရေးတိုးတက်မြင့်မားရေးမှာ အစွမ်းထက်မြက်လှပါတယ်။ သဒ္ဓါပညာ တန်ခိုး



www.burmeseclassic.com

www.burmeseclassic.com


သွင်းပေးနိုင်သလောက် စွမ်းအားမြင့်လာပါတယ်။ သရဏဂုံကြောင့် လူဟာ အရှိန်အဝါတက်လာရပါတယ်။

သာသနာ့လမ်းစဉ်ဆိုတာ ကိုးကွယ်ရုံသက်သက်မဟုတ်ဘူး။ လက်တွေ့ လက်ခံကျင့်သုံးရတဲ့ လက်တွေ့လမ်းစဉ်ပါ။ ဖွတ်မှိတ်ပြီးတော့လဲအယုံမခိုင်းပါဘူး။ ပညာနဲ့လဲခွဲခြမ်းစိတ်ဖြာ ဝေဖန်သုံးသပ် စိစစ်နိုင်ခွင့်ရှိပါတယ်။ ကိုယ်သဘောကျရင်ယူ၊ သဘောကျသလောက်ယူ၊ သဘောမကျလို့ မယူချင်လဲနေလို့ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်လဲပေးထားပါတယ်။

သရဏဂုံသုံးပါးမှာ ဓမ္မသရဏဂုံဆိုတာ သာသနာဆိုတဲ့တရားလမ်းကြောင်းကိုပြတယ်။ မဂ်၄၊ ဖိုလ် ၄၊ နိဗ္ဗာန်၊ ပရိယတ်ဆိုတဲ့ တရား ၁၀ပါးပါ။ ပရိယတ်ကိုပြောလိုက်ရင် ပဋိပတ်လဲ အလိုအလျောက် ပါဝင်သွားပါပြီ။ ဓမ္မသရဏဂုံဟာ ဗုဒ္ဓသရဏဂုံနဲ့ သံဃသရဏဂုံကိုလဲ အလင်းရောင်ပေးပါတယ်။ အလယ်ကနေပြီး ချိန်ခွင်ပမာချိန်ပေးပါတယ်။ ဓမ္မသရဏဂုံအားကောင်းသလောက်ပဲ ဗုဒ္ဓနဲ့ သံဃာကို လက်ခံနိုင်ပါတယ်။ ဓမ္မသရဏဂုံပျောက်သွားရင် ဗုဒ္ဓနဲ့ သံဃသရဏဂုံနှစ်ပါးဟာ ကွယ်ပျောက်သွားမှာပါ။ ဗုဒ္ဓဆိုတာ သာသနာဆိုတဲ့ ဓမ္မလမ်းကြောင်းကို စတင်ဖော်ထုတ်ပေးသူပါ။ သံဃာဆိုတာကတော့ သာသနာဆိုတဲ့ဓမ္မလမ်းကြောင်း မကွယ်ပျောက်အောင်စောင့်ရှောက်နေသူပါ။ ကိုယ်တိုင်လဲကျင့်တယ်။ တရားမပျောက်အောင်လဲ အစဉ်အဆက် ဟောပြော ပို့ချဖြန့်ဝေပေးပါတယ်။ အရိယာသံဃာထိ အာရုံယူရမှာပါ။

အဲဒီလိုရတနာသုံးပါးရဲ့ အားကိုးလောက်တဲ့ဂုဏ်စွမ်းရည်တွေကို အာရုံယူပြီး ကိုးကွယ်ဆည်းကပ် ဆောက်တည်ရမှာပဲ။ ဂုဏ်စွမ်းရည်ကိုအားကိုးတယ်။ အရိပ်ခိုတယ်၊ လက်တွေ့အသုံးချတယ်။ ဘေးရန်ဆင်းရဲကို စွမ်းရည်တွေနဲ့ကာကွယ်တယ်။ အားကိုးလို့ကာကွယ်တာကိုပဲ ကိုးကွယ်တယ်လို့ဆိုရတာပါ။

ဘုရားရှင်လက်ထက်က တိသရဏဂမနိယဆိုတဲ့အရှင်မြတ်တစ်ပါးရှိတယ်။ သူဟာလွန်ခဲ့တဲ့ (၉၁) ကမ္ဘာထက် အမျိုးသားတစ်ဦးဖြစ်စဉ် အရှင်နိသဘမည်တဲ့ အဂ္ဂသာဝကကြီးထံ သရဏဂုံ ဆောက်တည်ခဲ့တယ်။ အပါယ်ဒုဂ္ဂတိကို ကြောက်လွန်းလို့ သဒ္ဓါပညာလဲထက်သန်တာမို့ သရဏဂုံရာသက်ပန်မြဲခဲ့တယ်။ အပါယ်ကို လုံးဝမရောက်ခဲ့တော့ဘူး။ သရဏဂုံစွမ်းအားကြောင့် သမာဓိကောင်းတယ်။ ဉာဏ်ထက်မြက်တယ်။ တင့်တယ်လှပတယ်။ အများလေးစားခံရတယ်။ သုဂတိဘဝကောင်းမှာ အထက်တန်းကချည်းကျင်လည်ခဲ့ရပြီး ယခုဂုဏ်ဘုရား သာသနာမှာ (၇)နှစ်သားအရွယ်ကလေးနဲ့ရဟန္တာဖြစ်ခဲ့ရတယ်။ သရဏဂုံရဲ့အကျိုးကျေးဇူးဟာ အလွန်ကြီးပါတယ်။

### ၁၆။ ကျင့်ဝတ် ၅-ပါး မြတ်တရား

- **သူ၏အသက်၊ ရက်စက်မညှာ၊ မသတ်ပါ၊ သတ်တာရှောင်ပါမည်။**
- **သူ၏ဥစ္စာ၊ မခိုးပါ၊ ခိုးတာရှောင်ပါမည်။**
- **ကာမဂုဏ်မွဲ၊ ကျင့်ဖောက်လွဲ၊ ရဲရဲရှောင်ပါမည်။**
- **မဟုတ်မှန်တာ၊ မပြောပါ၊ လိမ်တာရှောင်ပါမည်။**
- **အရက်သေစာ၊ မသောက်ပါ၊ မူးတာရှောင်ပါမည်။**
- **ကျင့်ဝတ် ၅-ပါး၊ မြတ်တရားကြောင့်၊ အများလိမ္မာ၊ ဘေးရန်ကွာ၊ချမ်းသာအေးမြသည်။**

၅-ပါးသီလဟာ အိမ်နေသူ လူဝတ်ကြောင်အားလုံးတို့ရဲ့ အလှတန်ဆာရတနာပါ။ လူမျိုးမရွေး ဘာသာမရွေး ပုဂ္ဂိုလ်သတ္တဝါမရွေး တစ်လောကလုံးရဲ့ စည်းကမ်းဥပဒေပါပဲ။ မသိနားမလည်ပေမယ့် လွန်ကျူးမိရင် ပစ္စုပ္ပန် တမလွန် ပြစ်ဒဏ်နှစ်မျိုးလုံးမှ ဘယ်သူမှကင်းလွတ်ခွင့်မရှိပါဘူး။ သီလစည်းကမ်းဆိုတာ လူ့ စွမ်းအင်ကို အမွှမ်းတင်အလှဆင်ပေးတဲ့ ဘောင်ခတ်ပေးမှုအဖြစ်ရှုမြင်သုံးသပ်တတ်မှ အနှစ်သာရ ရှိပါတယ်။ ချုပ်ချယ်မှုအနေနဲ့ အမြင်လွဲသွားရင်တော့ လူ့ယဉ်ကျေးမှုတွေဟာ ပျက်စီးကုန်ပြီး အကျည်းတန်အရုပ်ဆိုးကုန်မှာပါ။

၅-ပါးသီလဟာ လူဝတ်ကြောင်များရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ပညာရေးဆိုတဲ့ အရေးကိစ္စငါးချက်ကို သာယာဝပြောအောင် ငြိမ်းအေးအောင် တိုးတက်မြင့်မားအောင် ဘောင်ခတ် သတ်မှတ်ပေးတဲ့စည်းကမ်းပါပဲ။ သာသနာတွင်းမှာရော သာသနာပမှာပါအမြဲရှိနေရတဲ့လူ့စည်းကမ်းပါ။သာသနာတွင်းမှာ



www.burmeseclassic.com

www.burmeseclassic.com


တော့ သရဏဂုံကြောင့် ပိုပြီးအဆင့်အတန်းမြင့်မားရ၊ အရည်အသွေးတောက်ပြောင်ရပါတယ်။

၅-ပါးသီလပါတဲ့ သရဏဂုံဟာ သရဏဂုံရိုးရိုးထက် အကျိုးကြီးမားသလို သရဏဂုံသီလတည်ပြီးမှ လုပ်တဲ့ ဒါနဟာ ပိုပြီးအကျိုးကြီးမားသွားရပါတယ်။ သရဏဂုံသီလတည်နေတဲ့ အလှူခံပုဂ္ဂိုလ်ဟာလဲ အလှူရှင်ကိုအကျိုးကြီးသွားစေနိုင်တယ်။ လူတိုင်းသာ ငါးပါးသီလလုံကြရင် စည်းကမ်းငါးချက်ကို တန်ဖိုးထားကြရင် အန္တရာယ်လဲရှင်း၊ ရောဂါလဲကင်းပြီး ငြိမ်းချမ်းသာယာတဲ့လောကကြီးဖြစ်သွားမှာသေချာပါတယ်။ လူအချင်းချင်း ကြောက်စရာမလိုတော့ဘဲ ယုံကြည်စိတ်ချစွာနဲ့ ဆက်ဆံနေထိုင်နိုင်ကြမှာပါ။ သီလဟာ ကိုယ်နဲ့နှုတ်ကို စည်းကမ်း ထိန်းသိမ်းရတဲ့ကျင့်ဝတ်ပါ။ မအားလပ်ပေမယ့် သဒ္ဓါပညာရှိသူတိုင်း နေ့စဉ်ရအောင်ယူနိုင်တဲ့စွမ်းအားဖြစ်ပါတယ်။

## ၁၇။ သီလအကျိုး ဤ ၅ မျိုး

- **စည်းကမ်းသီလ၊ စောင့်ထိန်းက၊ ခနတိုးတက် လုံခြုံသည်။**
- **ကောင်းသတင်းများ၊ လွှန်ကျော်ကြား၊ ပြန့်သွားရလေသည်။**
- **ပရိသတ်လယ်၊ လွှန်တင့်တယ်၊ ထည်ဝါခံ့ညား ရဲရင့်သည်။**
- **မတွေမဝေ၊ သေရပေ၊ လားလေ ထက်နတ်ပြည်။**

သီလကို စွမ်းအားမြင့်မားအောင် ကျင့်သုံးလိုက်နာရင် (၁) သီလလုံရင်သတိမြဲတာဖြစ်လို့ စီးပွားတိုးတက်ပြီး ဘဝခန္ဓာလုံခြုံရေးရတယ်။ (၂) ကောင်းသတင်းကျော်ကြားတယ်။ (၃) ပရိသတ်အလယ် ခန့်ငြားထည်ဝါရဲရင့်တယ်။ (၄) မတွေမဝေသေရတာဖြစ်လို့အသေလဲလှတယ်။ (၅) သေပြီးနောက် ဘဝကောင်းကိုရဖို့သေချာတယ်။

## ၁၈။ မေတ္တာတရား နေ့စဉ်ပွား

- **မေတ္တာတရား၊ အစဉ်ပွား၊ စွမ်းအားတိုးတက်ရ။**
- **ရန်သူကပင်၊ အကျွမ်းဝင်၊ ချစ်ခင်လေးစားရ။**
- **ကိုယ်ကချစ်မှ၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ ဧကန်တုံ့ပြန်ကြ။**

မေတ္တာဟာ ဒါနထက် သရဏဂုံထက် ၅-ပါးသီလထက် အကျိုးကြီးမားသလို ဒါနလုပ်တဲ့အခါ မေတ္တာပါမှ ပိုပြီးဒါနအကျိုးထက်သန်မြင့်မားစေပါတယ်။ မအားပေမယ့် သဒ္ဓါ ဝီရိယ သတိ စွမ်းအားရှိနေ သူတိုင်း မေတ္တာကို နေ့စဉ်ပွားလို့ ဖြစ်နိုင်ပါတယ်။ မိမိနဲ့မကင်းနိုင်လို့ နေ့စဉ်ဆက်ဆံ ထိတွေ့နေရသူများ အပါအဝင် သတ္တဝါအားလုံးတို့အပေါ် တကယ်ချမ်းသာစေချင်တဲ့မေတ္တာ ဓာတ်ကလေးကို စိတ်ပါလက်ပါ လှိုက်လှိုက်လှဲလှဲ ပို့လွှတ်ပေးရုံပါပဲ။

မေတ္တာဟာ ဒါနလုပ်ငန်းကို ပိုမိုလေးနက်သွားစေတယ်။ ဣဿာမစ္ဆေရနယ်ကို ကျဉ်းမြောင်းသွားစေတယ်။ ဣဿာ က သူ့မှာဘာမှမရှိစေချင်ဘူး။ ရှိတာတွေလဲ အကုန်ပျက်စေချင်တယ်။ မေတ္တာကတော့ သူ့မှာကောင်းတာအကုန်ရှိစေချင်တယ်။ ရှိပြီးသားတွေလဲ ကြာကြာတည်စေချင်တယ်။ မစ္ဆေရက ကိုယ့်ဟာမျိုး သူ့မှာ ဘာမှမရှိစေချင်ဘူး။ မေတ္တာက ကိုယ့်ဟာမျိုး သူ့မှာအကုန်ရှိစေချင်တယ်။

မေတ္တာဆိုတာ စိတ်စွမ်းအား တည်ငြိမ်ရင့်ကျက်အေးမြသွားစေတယ်။ မေတ္တာပွားပို့တဲ့အခါ အာရုံနဲ့စိတ်နေရာမှန်ဖို့က လိုရင်းပဓာနပါ။ သတိနဲ့ အာရုံကို ပုံဖော်ပြီး ချမ်းသာတဲ့ပုံ ဖန်တီးယူရမယ်။ ကန့်သတ်ချက်မပြည့်မချင်း အာရုံပျောက်မသွားစေရဘူး။ စိတ်ကလဲအမြော်အကြောက်ကင်းရမယ်။ ပြီးတော့ မေတ္တာရဲ့ ဆန့်ကျင်ဘက် ဒေါသရဲ့အပြစ်ကိုလဲမြင်အောင်ဆင်ခြင်ကြည့်ရှုရမယ်။ သည်းခံခွင့်လွှတ် အနစ်နာခံတတ်တဲ့ ခန္တီအမာခံကိုလဲ လေ့ကျင့်ပေးရမယ်။ မေတ္တာအပို့ခံရသူအပေါ် ဆွေမျိုးရင်းခြာစိတ်ထားရမယ်။ အဲဒီလိုဆိုရင် မေတ္တာစွမ်းအားဟာပေါ်လာရပါတယ်။

မေတ္တာဟာလဲ လူမျိုးမရွေး ဘာသာမရွေးလက်ခံကျင့်သုံးရမယ့် အဖြူရောင်တရားပါ။ သာသနာပ မှာလဲရှိပါတယ်။ သာသနာတွင်းမှာလဲရှိတယ်။ သာသနာတွင်းမှာတော့ ရတနာ ၃ပါးကြောင့် ပိုပြီး တောက်ပြောင်တယ်။


www.burmeseclassic.com

www.burmeseclassic.com


မေတ္တာရှင်ကို ရန်သူကတောင် အကျွမ်းဝင်ရ ချစ်ခင်လေးစားရပါတယ်။ မေတ္တာရဲ့သဘောက အသွားရှိသလောက်ပဲ အပြန်လာတတ်ပါတယ်။

နေ့စဉ် (၁) အတူနေသူ၊ (၂) အတူနေနတ်၊ (၃) အုပ်ချုပ်ရေးတာဝန်ခံ၊ (၄) တစ်ရပ်တစ်ရွာတည်းနေသူ၊ (၅) သတ္တဝါ အားလုံး၊ အဲဒီလို အဆင့်ဆင့်ဖြန့်ပေးရမယ်။ အဲဒါကို လွှမ်းခြုံရေးမေတ္တာလို့ ခေါ်တယ်။ ပြီးတော့ (၁) မိမိကိုယ်၊ (၂) ချစ်ခင်လေးစားလောက်သူနှင့် ကိုယ့်ကိုကူညီဖူးသူ၊ (၃) ကူလဲမကူညီ ရန်လဲမပြုတဲ့ကြားနေပုဂ္ဂိုလ်၊ (၄) ရန်သူ၊ အဲဒီလိုမြှင့်တင်ပွားပေးရမယ်။ စွမ်းအား တိုးတက်ရေးမေတ္တာလို့ ဆိုရပါတယ်။ ကိုယ့်ပစ္စည်းကို သူများလက်ထဲပေးတိုင်းလဲ စဉ်းစားမေတ္တာပို့ပေးရမှာပဲ။ မေတ္တာဟာဒါနကိုလဲ စိုပြည်စေတယ်။ သီလကိုလဲ ခိုင်မြဲစေတယ်။ ဘာဝနာကိုလဲ တိုးတက်မြင့်မားအောင်မြှင့်တင်ပေးတယ်။

## ၁၉။ အနိစ္စဟု မြင်အောင်ရှု

- **ခုပဲဖြစ်လာ၊ ခုပျက်ပါ၊ ဘယ်ဟာတွေမှ မမြဲကြ။**
- **လောဘကင်းကွာ၊ မမြဲတာ၊ ကောင်းစွာ သိမြင်ရ။**
- **အနိစ္စမြင်၊ လောဘစင်၊ စွမ်းအင်ထူးခြားလှ။**

အနိစ္စလို့ မြင်အောင်ရှုနိုင်တဲ့ ဝိပဿနာ ပညာဟာ ဒါနသရဏဂုံ သီလမေတ္တာတွေထက် အကျိုးကြီးသလို ဒါနလုပ်တဲ့အခါ အနိစ္စာနုပဿနာပါဝင်မှ ဒါနအကျိုးကို ပိုမိုမြင့်မားထက်သန် စေပါတယ်။ မအားလပ်ပေမယ့် နေ့စဉ်အလုပ်လုပ်နေရင်း သတိပညာတပ်ဆင်ပေးလိုက်ရင် ရှုမြင်သုံးသပ်လို့ရပါတယ်။

အသိစိတ်ကလေးရော သိစရာအာရုံပါ တစ်ခုပြီးတစ်ခု အဆက်မပြတ်ပြောင်းလဲသွားနေပုံ၊ အဟောင်းနဲ့အသစ် လျင်မြန်စွာချက်ချင်းအလဲအလှယ်လုပ်နေပုံ၊ အဟောင်းနေရာဖယ်ပေးမှ အသစ်ပေါ်လာကြပုံ၊ အသစ်ပေါ်လာတိုင်း အဟောင်းချုပ်ပျောက်သွားပုံ၊ အဟောင်းနေရာမှာအသစ်အစားထိုးမှုက အကြားကလေးတောင်မှ မပေါ်ရအောင် မြန်လွန်းလို့ တစ်တန်းတည်းထင်နေရပုံ၊ ဘယ်ဟာမှ အခိုင်အမြဲရပ်တည်နိုင်ခြင်းမရှိပုံတို့ကို အသိသတိနဲ့ အနီးကပ်ကြည့်ရှုသုံးသပ်လိုက်ရင် အရှိအတိုင်းပေါ်လာရတာပါ။ စိတ်နဲ့အပူကို တိုက်ရိုက်ခွာပေးတဲ့စွမ်းအင်ဖြစ်ပါတယ်။ တကယ်အရှိကို အရှိအတိုင်းပေါ်လာအောင် ဖော်ထုတ်ပေးနိုင်မှ တရားလို့ခေါ်ပါတယ်။

သဒ္ဓါ ပညာ သတိ ဝီရိယအားကောင်းသူတိုင်း တရားပိုင်ရှင်ဖြစ်နိုင်ပါတယ်။ စိတ်မှာ အသိသတိကင်းသွားရင် လောဘတိမ်ထူထပ်လာလို့ မမြဲတဲ့သဘောကိုမမြင်ရဘူး။ အသိသတိပေါ်လာရင် လောဘတိမ်ကင်းစင်သွားပြီး အနိစ္စသဘောကိုရှုနိုင်သလောက်မြင်နိုင်တယ်။ အနိစ္စမြင်တော့ လောဘအပူလဲ တစ်စတစ်စ စင်သွားရပြန်တယ်။ နေ့စဉ်ထမ်းတဲ့အထုပ်တွေဟာ အပူထုပ်တွေမဟုတ်တော့ဘဲ ကိုယ့်ကိုတာဝန်ယူမယ့် တရားစွမ်းရည်ထုပ်တွေ ဧကန်ဖြစ်သွားမှာပါ။

လူ့ဘဝအချိန်က တိုတောင်းလွန်းတော့ အချိန်တိုအတွင်း လုပ်သင့်တာမြန်မြန်ပြီးဖို့ဆိုရင် အချိန်ထိန်းကိရိယာသတိကို အထူးလိုအပ်ပါတယ်။ ရနိုင်ပါလျက် ရမလာရင်တော့ ရှုံးတယ်လို့ ဆိုရမှာပဲ။ ဥပမာ-နေ့စဉ် ၁ဝပိဿာလောက်ရနိုင်သူဟာ ပေါ့ပေါ့လျော့လျော့နဲ့ တစ်ကျပ်သားစီလောက်သာယူနေရင် နေ့စဉ် ၉ ပိဿာနဲ့ ၉၉ ကျပ်သားလောက် အရှုံးထွက်နေတယ်။ တစ်ရက်နဲ့ပြီးအောင်လုပ်ရမယ့် အလုပ်ဟာလဲ ရက်ပေါင်း (၁၀၀၀) လောက်ကြာသွားမှာပေါ့။ လုံးဝမလုပ်ရင် လုံးဝအရှုံးပေါ်လာမှာပဲ။ တရားလဲ ဒီအတိုင်းပဲ။ နေ့စဉ် မိမိမည်မျှအရှုံးထွက်နေတာကို ပြန်တွက်ကြည့်ရင် သိပ်နှမြောစရာတွေတွေ့ရမယ်။

တွေ့ခဲတဲ့သာသနာနဲ့လဲ တွေ့၊ ရခဲတဲ့ ဘဝကောင်းကိုလဲရ၊ ဖြစ်ခဲတဲ့ အသိဉာဏ်သဒ္ဓါတရားတွေလဲ ဖြစ်နေတုန်း၊ သာသနာ ရတနာ ဆရာ စတဲ့ အမှီကောင်းများကြုံနေတုန်း၊ လမ်းကောင်းနေတုန်း၊ တွင်အောင်ရုန်းနိုင် ကြိုးစားနိုင်မှ စွမ်းအင်တက်ပြီးအမြတ်ထွက်ပါလိမ့်မယ်။

သာသနာ့အလင်းရောင်ကောင်းတုန်း ဦးတည်ချက်လဲမှန်ဖို့လိုတယ်။ လုပ်ဆောင်ချက်တွေဟာလဲ အကွက်ကျနေဖို့လိုတယ်။ ဦးတည်ချက်ပန်းတိုင်မရှိတဲ့ခရီးဟာ ဘယ်တော့မှအဆုံးမရှိနိုင်ဘူး။ ဦးတည်ချက် ပန်းတိုင်လဲ ရှိထားမှ အဲဒီပန်းတိုင်ကိုရောက်နိုင်တဲ့လမ်းကိုလဲသိထားမှ သိတဲ့လမ်း အတိုင်းလဲတကယ်သွားမှ ဆင်းရဲရဲ့ လမ်းဆုံးဖြစ်တဲ့ချမ်းသာကို ရောက်နိုင်ကြမှာပါ။


www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့်ဘဝအမြင်ရှင်းဖို့ စီးပွားရေးဝန်ထုပ်တွေ တန်ခိုးစွမ်းအားတက်ပြီး အဖိုးတန်ဖို့၊ ဘဝခန္ဓာဝန်ထုပ် ထမ်းရကျိုးနပ်ပြီး အနှစ်ဖော်ထုတ်ဖို့အတွက် ပစ္စည်းဥစ္စာရော တရားအင်အားပါနှစ်မျိုးလုံး ရှာဖွေစုဆောင်းနိုင်မှ ပထမသာဓုအကောင်းတရားဖြစ်လာမယ်။

## ၂၀။ အသုံးချပုံ အကွက်စုံ (ဒုတိယသာဓု)

- **အသက်ရှည်ရန်၊ ကျန်းမာရန်၊ အားခွန်ပြည့်အောင် သုံးစွဲရ။**
- **ကျေးဇူးရှင်တွေ၊ ပေးရပေ၊ မသွေ မေတ္တာရ။**
- **မိသားစုအား၊ ပေးရငြား၊ စွမ်းအား မေတ္တာရ။**
- **ဆွေမျိုးမိတ်ဆွေ၊ ပေးရပေ၊ မသွေမေတ္တာရ။**
- **မျိုးစေ့အမှန်၊ စိုက်ရပြန်၊ ကောင်းအတိုးရ။**
- **ဥစ္စာအကျိုး၊ ဤ ၅-မျိုး၊ တန်ခိုးတက်လာရ။**
- **အသုံးချပုံ၊ အကွက်စုံ၊ လူ့ဘုံအကောင်းရ။**

ဒုတိယကောင်းခြင်းတရားကရလာတဲ့ပစ္စည်းဥစ္စာကို ခွဲခြမ်းဝေဖန်သုံးစွဲမှုဖြ် လိမ္မာကျွမ်းကျင်ရခြင်းပါ။ သုံးစွဲတတ်တဲ့ အသုံးချမှုစွမ်းအားတန်ခိုးပေါ့။ ပစ္စည်းကိုသုံးစွဲတတ်ဖို့ လိုသလိုဘဝခန္ဓာကို သုံးစွဲတတ်ဖို့ လဲလိုတာပဲ။ ရှာတုန်းက တရားစွမ်းအားကိုပါတွဲရှာထားတာဖြစ်လို့ သုံးတဲ့အခါကျတော့လဲ တရားနဲ့ တွဲသုံးရုံပဲရှိတာပေါ့။ ရလာတဲ့ပစ္စည်းကို ခွဲဝေသုံးတတ်တဲ့ သဒ္ဓါ ပညာမေတ္တာရှိရမယ်။

(၁) ခန္ဓာကိုလဲသုံးရမယ်။ (၂) ကြွေးဟောင်းလဲဆပ်ရမယ်။ (၃) ကြွေးသစ်လဲပေးရမယ်။ (၄) ရေလဲလောင်းရမယ်။ (၅) မျိုးစေ့လဲစိုက်ရမယ်။ အဲဒီလို ရည်ရွယ်ချက်ကောင်းကောင်းနဲ့ စနစ်တကျအကွက်ချပြီး သုံးတတ်ရမှာပါ။

အဲဒီ ၅ မျိုးထဲမှာ (၁) **ခန္ဓာကိုလဲသုံးရမယ်ဆိုတာ** စားဝတ်နေရေး ကျန်းမာရေးအတွက် အသုံးပြုတာကို ပြောတာပါ။ သဒ္ဓါပညာပါလာရင် စားဝတ်နေရေးအတွက်သုံးတာဟာလဲ တရား စွမ်းအားတွေပါပဲ။ လောကမှာ မော်တော်ကားထဲ ဓာတ်ဆီစက်ဆီထည့်တယ်ဆိုတာ အလှကြည့်ဖို့မဟုတ်ဘူး။ လိုရာအရပ်ရောက်အောင် မောင်းဖို့ထည့်တာပဲ။ အဲဒီအတိုင်းပဲ မော်တော်ကားနဲ့တူတဲ့ ခန္ဓာထဲမှာ ဓာတ်ဆီ စက်ဆီနဲ့တူတဲ့စားစရာ ဝတ်စရာ ဆေးဝါးစတဲ့ဥစ္စာတွေ နေ့စဉ်ထည့်ပေးတာဟာလဲ အလှကြည့်နေဖို့မဟုတ်ဘူး။ အတွင်းမှာဇရာကြိုး တပ်ထားတာဆိုတော့ အလှကြည့်နေလို့လဲ မဖြစ်ပါဘူး။ မိမိသူတစ်ပါးအတွက် မိသားစုအတွက် လောကသာသနာအတွက် ပစ္စုပ္ပန်သံသရာအတွက် လောကီလောကုတ္တရာအတွက် ရပ်ရွာမြို့နယ်နိုင်ငံအတွက် ကောင်းကျိုးပေါ်ထွက်လာအောင် လိုရာအရပ်ရောက်အောင် စွမ်းရည်မြင့်မားအောင် မောင်းပေးဖို့ထည့်ပေးတာပါ။ ဒီလိုဆိုရင် ဒီခန္ဓာကြီးကျန်းမာဖို့ အသက်ရှည်ဖို့ ခွန်အားတိုးဖို့ အသိပညာတိုးဖို့ လိုတယ်ပေါ့။ ဒီတော့ စားဝတ်နေရေးပြည့်စုံဖို့ အထူးလိုအပ်ပါတယ်။ ဒါကြောင့် သဒ္ဓါပညာပါလာရင် ခန္ဓာကိုယ်ကိုအသုံးချဖို့ စားဝတ်နေရေး အလုပ်ကို လုပ်တာဖြစ်လို့ အသုံးချစွမ်းရည်ပါပဲ။ ခန္ဓာကိုယ်ကြီးကို ပြုပြင်နေတာဟာ အမြဲဆုပ်ကိုင်ထားဖို့ အမြဲရပ်တည်နေဖို့ ပြုပြင်နေတာမဟုတ်ဘဲ လုပ်ပိုင်ခွင့်ရှိသလောက် ခန္ဓာကို အသုံးချဖို့ ပြုပြင်နေတယ်လို့ အမြင်ရှင်းနေဖို့လိုပါတယ်။

(၂) **ကြွေးဟောင်းလဲဆပ်ရမယ်ဆိုတာ** ကျေးဇူးရှင်များကို ကျေးဇူးဆပ်တာကိုပြောတာပါ။ မိမိ ယခု ပစ္စုပ္ပန် လူ့ဘဝကိုရလာတာဟာ အတိတ်ကုသိုလ်ကံကြောင့်ရတာမှန်သော်လဲ မိမိလူတစ်လုံး သူတစ်လုံး ဖြစ်လာတာကတော့ မိဘ ဘိုးဘွား ဆရာသမားစတဲ့ ကျေးဇူးရှင်များကြောင့်ပါ။ ဒါ့ကြောင့် ကျေးဇူးရှင်ရဲ့ကျေးဇူးကိုသိပြီး ပြန်ဆပ်ရမယ့်တာဝန်ရှိလာပါတယ်။ အခွန်ဆောင်တာလဲ ကြွေးဟောင်းဆပ်တာပါပဲ။

ကျေးဇူးရှင်တွေအတွက် ကျေးဇူးဆပ်တဲ့အခါ သဒ္ဓါ ပညာပါလာရင် ဒါနကောင်းမှုလဲဖြစ်တယ်။ ကျင့်ဝတ်ကို လိုက်နာတာဖြစ်လို့ သီလစွမ်းအားလဲတက်တယ်။ အကျိုးလိုလားမှုအား ကောင်းသလောက် မေတ္တာစွမ်းအားပါ မြင့်လာရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



(၃) **ကြွေးသစ်လဲပေးရမယ်ဆိုတာ** သား သမီး မြေးတပည့်စတဲ့ မိမိနဲ့စပ်ဆိုင်နေသူများကို သူတို့ရဲ့ ကိုယ်ပိုင်အင်အားနဲ့ ရပ်တည်နိုင်သည်အထိ ကူညီစောင့်ရှောက်ထောက်ပံ့တာကို ပြောတာပါ။ သဒ္ဓါပညာတွဲ လုပ်ရင် အိမ်ထဲမှာနေရင်းမြင့်တက်လာနိုင်တဲ့ ဒါနသီလမေတ္တာစွမ်းအားတွေပါပဲ။ ပေးရမယ့်အတူတူတော့ ကုသိုလ်ဖြစ်အောင်ပေးရုံပဲပေါ့။ တိရစ္ဆာန်ကလေးတစ်ကောင်အတွက် သူ့ထံကမျှော်လင့်ချက်မထားဘဲ စိတ်စေတနာကောင်းကောင်းနဲ့ ပေးကမ်းတတ်ရင်ပဲ အဆ(၁၀၀) အကျိုးပေးနိုင်တယ်ဆိုတော့ သရဏဂုံသီလ တည်တဲ့ ကိုယ့်မိသားစုအတွက် ဒါနဖြစ်အောင်ပေးတတ်ရင် အဆအသချေမရေတွက်နိုင်အောင် အကျိုးပေး နိုင်ပါသတဲ့။

(၄) **ရေလောင်းရမယ်ဆိုတာ** နှစ်ဖက်မိဘထံမှ တော်စပ်တဲ့ ဆွေမျိုးတွေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ အတွက် ကူညီစောင့်ရှောက်ထောက်ပံ့တာကိုပြောတာပါ။ ပစ္စည်းကိုမေတ္တာစွမ်းအားပေါ်အောင် မြှင့်တင်ပေးရ မှာဖြစ်လို့ မေတ္တာရေလောင်းတယ်လို့ဆိုရတာပါ။ အများနဲ့နေရတာဆိုတော့မကင်းနိုင်ပါဘူး။ အခါအားလျော်စွာ ကိုယ်ကလဲသူတို့ထံက အကူအညီယူရမှာပဲ။ သူတို့ကိုလဲ ကိုယ်ကအခါအားလျော်စွာကူညီရမှာပါ။ ကူညီဖို့ စီးပွား ဥစ္စာရှာဖွေစဉ်ကပဲ ခွဲတမ်းဟာ တစ်ခါတည်းပါလာရမယ်။

ပေးသင့်သူကိုပေးတာဖြစ်လို့ ပစ္စည်းခွဲဝေအသုံးချခြင်းလို့ပဲဆိုရတယ်။ ဒါနသီလပေါ်လာအောင် မေတ္တာ စွမ်းအားမြင့်လာအောင်ပေးတတ်ရင် ကုန်ဆုံးသွားတဲ့အသုံးချခြင်းမျိုးမဟုတ်ဘဲ အတိုးအမြတ်ပြန်ရတဲ့ အသုံးချ ခြင်းမျိုးဖြစ်သွားပါတယ်။

(၅) **မျိုးစေ့လဲစိုက်ရမယ်ဆိုတာ**က သီးခြားဒါနကောင်းမှုလုပ်တာကို ပြောတာပါ။ ဒါနကောင်းမှု သက်သက်ကျတော့ ကြွေးဟောင်းဆပ်တာနဲ့လဲမဆိုင်ဘူး။ အလှူခံပုဂ္ဂိုလ်ထံမှ မျှော်လင့်ချက်မပါတဲ့အတွက် ကြွေးသစ်ပေးတာနဲ့လဲမဆိုင်ဘူး။ သက်သက်စွမ်းအားထုတ်ယူခြင်းမျှသာဖြစ်တယ်။ ချက်ချင်းဘဝသံသရာ မဆုံး နိုင်သေးဘူးဆိုရင် ဒါနမျိုးစေ့ကိုတော့ ဧကန်စိုက်ရမှာပဲ။ နောက်နှစ်အတွက်တောင် မျိုးစေ့ချန်ထားရသေးတယ် ဆိုရင် နောက်ဘဝအတွက်မျိုးစေ့ချန်ဖို့က ပိုအရေးကြီးတယ်ပေါ့။ ပကတိမျိုးစေ့နဲ့ ပကတိပစ္စည်းဥစ္စာကို နောက် ဘဝအတွက်ထားလို့မဖြစ်နိုင်တော့ ဒါနမျိုးစေ့တစ်မျိုးကိုပဲ ရိက္ခာအနေနဲ့အားကိုးရမှာပါ။ ဒါနမပါတော့ သံသရာ မှာရော ယခုဘဝမှာပါ အလွန်မျက်နှာငယ်ရ အောက်တန်းကျရပါတယ်။ သဒ္ဓါပညာရှိနေသူအတွက် ဒါနအလုပ် ဆိုတာ နေ့စဉ်လုပ်လို့ဖြစ်နိုင်တဲ့အလုပ်ပါ။ ဒါနစွမ်းအားတွဲဖက်ပေးရင် စီးပွားရေးလုပ်ငန်းပါ ရွှန်းရွှန်းစိုစို စည်စည်ကားကားဖြစ်လာတတ်ပါတယ်။ ကံဉာဏ်ဝီရိယဆိုတဲ့ စီးပွားရေး ဖိုခနောက် (ဖိုခုံလောက်) သုံးလုံးမှာ ဒါနကံနည်းနေရင် ဉာဏ်ဝီရိယစိုက်ပေမယ့် ထင်သလောက်အရာမရောက်တတ်ဘူး။ ဒါနကံအားကောင်းမှ ဉာဏ်ဝီရိယစိုက်သလောက် အရာရောက်နိုင်ပါတယ်။ ဒါ့ကြောင့် မျိုးစေ့စိုက်တဲ့ဒါနဟာလဲ ကုန်သွားတဲ့ အသုံးချ ခြင်းမျိုးမဟုတ်ဘဲ အတိုးအမြတ်ပြန်ရလာတဲ့ အသုံးချခြင်းမျိုးပါ။

ပစ္စည်းရောခန္ဓာကိုပါ တရားအသိနဲ့ တွဲပြီး ခွဲဝေအသုံးချတတ်မှ ဒုတိယသာဓု = အကောင်းတရားဖြစ် လာပါတယ်။ လိုသလို ရမလာရင်လဲ ရလာတာနဲ့ပဲ အကောင်းတရားပေါ်ထွက်အောင် အမြင်ရှင်းရှင်းနဲ့ နေ့စဉ် ခွဲဝေသုံးရမှာပဲ။

## ၂၁။ စည်းစိမ်တိုးပွား မဖော်ကြွား (တတိယသာဓု)

- **ရာထူးဂုဏ်သိန်၊ စည်းစိမ်တိုးပွား၊ မဖော်ကြွား၊ စွမ်းအားတက်ပါစေ။**
- **သိက္ခာ သုံးဖြာ၊ ဖြည့်ကျင့်ကာ၊ ကောင်းစွာ ထိန်းရပေ။**

တတိယကောင်းခြင်းတရားက စီးပွါး ဥစ္စာရာထူးဂုဏ်သိန် အရှိန်အဝါများ ရရှိတိုးတက်လာတဲ့အခါ မဖော်မကြွား မထောင်လွှားဘဲ, အလွဲသုံးစားမပြုဘဲ ဣန္ဒြေရရ သိက္ခာရှိရှိထိန်းသိမ်းထားတတ်တဲ့ စွမ်းအား တန်ခိုးပါပဲ။ ရလာရင်ထိန်းသိမ်းမှုစွမ်းရည်ကောင်းမှ အရည်အသွေးတက်ပြီး တောက်ပြောင်ပါတယ်။ ကြာကြာလဲ တည်ပါတယ်။ ရှာတုန်းကတရားကိုပါတွဲဖက်ရှာခဲ့တာဆိုတော့ ရလာတော့လဲတရားစွမ်းအားနဲ့ပဲ တွဲဖက်ထိန်းသိမ်း တတ်ရမယ်ပေါ့။

ကိုယ့်ရဲ့ဥစ္စာအရှိန်အဝါကြောင့် မိမိကိုရောသူတစ်ပါးကိုပါ ဒုက္ခမဖြစ်စေရအောင် အလွဲသုံးစား မလုပ်မိ အောင် မလိုအပ်တဲ့နေရာမှာမဖြုန်းတီးမိအောင် သတိပညာနဲ့ထိန်းသိမ်းတတ်ရမယ်။ စီးပွါးဥစ္စာကိုလဲ ဆုံးရှုံး



www.burmeseclassic.com

www.burmeseclassic.com


စေတတ် လူညွန့်ကိုလဲတုံးစေတတ် မိသားစုမိတ်ဆွေများကိုလဲ ရွံ့မုန်းစေတတ် တဲ့လောင်းကစားမှု မူးယစ်သောက်စားမှုတွေကိုမပြုလုပ်မိအောင် တည်ငြိမ်စွာ ထိန်းသိမ်းစောင့်စည်းတတ်ရမယ်။ ရရှိလာတာကို အဖိုးတန်အောင် မသုံးတတ်မထိန်းသိမ်းတတ်ရင် လူ့တန်ခိုးတွေ လျော့ကျတယ်လို့ဆိုရတယ်။

ရလာတဲ့ဥစ္စာနဲ့ အရှိန်အဝါတွေကို ကျင့်ဝတ်စည်းကမ်းကို လိုက်နာလေးစားတတ်တဲ့ သီလ သိက္ခာနဲ့လဲ ထိန်းထားနိုင်ရမယ်။ စိတ်ဓါတ်တည်ငြိမ်ရင့်ကျက်အောင် လေ့ကျင့်ထားတဲ့သမာဓိ သိက္ခာနဲ့လဲ ပိပိရိရိ ထိန်းသိမ်းတတ်ရမယ်။ ပစ္စည်းဥစ္စာအရှိန်အဝါဟာ အကြောင်းညီတုန်း ခဏသာဆိုင်ခွင့်ပေးထားတာဖြစ်တယ်။ ထာဝရအပိုင်ပေးထားတာတွေ မဟုတ်ဘူး။ အကြောင်းချွတ်ယွင်းလာတာနဲ့ တစ်ပြိုင်နက်ပျောက်ကွယ်သွားနိုင်တယ်။ ဒါ့ကြောင့်ဆိုင်ခွင့်ရတုန်း အဖိုးတန်အောင်သုံးရမယ်လို့ စဉ်းစားဆင်ခြင်တတ်တဲ့ပညာသိက္ခာနဲ့လဲ ထိန်းတတ်ရမယ်။

ရရှိလာတာတွေကိုအကြောင်းပြုပြီးလမ်းမချော်ရအောင် တည်ငြိမ်ရင့်ကျက်လေးနက်အောင် အဖိုးတန်အောင် စွမ်းအားပြည့်ပြည့်သိက္ခာရှိရှိနဲ့ ထိန်းသိမ်းနိုင်မှု တတိယသာဓု ။ အကောင်းတရား ဖြစ်လာပါတယ်။

## ၂၂။ စီးပွားပျက်က မပူရ (စတုတ္ထသာဓု)

- **ရာထူးဂုဏ်သိန်၊ စည်းစိမ်ဥစ္စာ၊ မမြဲပါ၊ ချိန်ခါမရွေး ပျက်တတ်သည်။**
- **အပျက်မျိုးစုံ၊ ဤလူ့ဘုံ၌ ၊ တွေ့ကြုံဆုံကွဲ၊ တည်မမြဲ မလွဲပျက်ရမည်။**
- **ဆိုင်သလောက်သာ၊ ရနိုင်တာ၊ ချိန်ခါစေ့က ကွယ်ပျောက်သည်။**
- **ပျက်လျှင်ပြုပြင်၊ လူ့စွမ်းအင်၊ မြှင့်တင်ပေးရသည်။**
- **စီးပွါးပျက်က၊ မပူရ၊ အေးမြတည်ငြိမ်သည်။**

စတုတ္ထကောင်းခြင်းတရားက ရရှိထားတဲ့ စီးပွါးဥစ္စာရာထူးဂုဏ်သိန်အရှိန်အဝါများ လျော့ကျကုန်ဆုံးပျက်စီးသွားတဲ့အခါ စိတ်မညှိုးနွမ်းမပင်ပန်းရအောင် ထိန်းထားနိုင်တဲ့ ခံနိုင်ရည် စွမ်းအားတန်ခိုးဖြစ်ပါတယ်။ စီးပွားဥစ္စာအရှိန်အဝါများရရှိလာတဲ့အခါ မိုးမမြင် လေမမြင် ခြေဖျားထောက်ပြီး စီးပွားဥစ္စာအရှိန်အဝါများ လျော့ကျပျက်စီးပျောက်ကွယ်သွားတဲ့အခါ ခြေမကိုင်မိ လက်မကိုင်မိ ထောက်တည်ရာမရှိအောင် စိတ်ထိခိုက်သွားတတ်တယ်ဆိုရင် လူတန်ခိုးတွေလျော့ကျကုန်တော့တာပဲ။

ပျက်ချင်တာပျက်ပါစေ၊ စိတ်မညှိုးနွမ်း မပင်ပန်းရအောင်ထိန်းထားနိုင်မှ ခံနိုင်ရည်ရှိမှ တန်ခိုးရှိတယ်ခေါ်ပါတယ်။ ပစ္စည်းတန်ခိုးလျော့ကျပေမယ့် တရားတန်ခိုးရှိရင် အရှုံးထဲကအမြတ်တောင်ပေါ်လာရပါသေးတယ်။ အကြောင်းအားလျော်စွာရရှိထားတာတွေ ပျောက်ကွယ်ကုန်ဆုံးသွားရင် စိတ်ဓာတ် မကျဆင်းရအောင် အကျင့်စာရိတ္တမပျက်စီးရအောင် တရားစွမ်းအားနဲ့ ပိုင်နိုင်စွာထိန်းထားနိုင်ရမယ်။ စည်းစိမ်ဥစ္စာပျက်တဲ့နောက်ကို စိတ်ပျက်တာနဲ့ အကျင့်ပျက်တာ ပါမသွားစေရ ဘူး။ အဲဒီခံနိုင်ရည်စွမ်းအားမျိုးကို လိုချင်လို့ပဲ စောစောတုန်းက ရှာဖွေစုဆောင်းစဉ်မှာ တရားစွမ်းအားကိုပါ ပူးတွဲရှာခဲ့ရတာပါ။

ဖြစ်ချင်ရာဖြစ်စိတ်မပျက်ဘဲ တည်တည်ငြိမ်ငြိမ်ရင့်ရင့်ကျက်ကျက်တရားစွမ်းအားနဲ့ စိတ်ကိုထိန်းထားနိုင်ရမယ်၊ လောကထဲမှာနေရတာဆိုတော့ လောကဓံဆိုတာ အချိန်မရွေးတွေ့နိုင်တယ်။ ရှောင်လို့ရတာလဲရှိတယ်။ ရှောင်လို့မရတာလဲရှိတယ်။ ဘာပဲဖြစ်ဖြစ်ကိုယ့်ဘက်ကခံနိုင်ရည်ရှိအောင် လေ့ကျင့်ထားမှ ကိုယ့်တာဝန်ကျေမှာပါ။

အဆိုးလောကဓံတွေနဲ့တွေ့ရတယ်ဆိုတာ လောကဥပမာအားဖြင့် သံရိုင်းတုံးကိုမီးဖုတ်ပေးတာနဲ့တူတယ်။ သံရိုင်းတုံးဟာ မီးမဖုတ်ဘဲ ဒီအတိုင်းထုရင် လိုချင်တဲ့ဓားလှံစတဲ့ အသုံးအဆောင်တွေပေါ်လာအောင်ထုဖို့ မလွယ်ဘူး။ အဲဒီအတိုင်းပဲ စိတ်ဟာလဲ (တရားစွမ်းအားမရှိသေးရင်) အဆိုးလောကဓံနဲ့မတွေ့သေးမီ အေးစက်စက် ပေကပ်ကပ်လုပ်နေတတ်တယ်။

သံရိုင်းတုံးကိုလိုချင်တဲ့ပုံစံရအောင်ထုချင်ရင် နီရဲနေအောင် မီးဖုတ်ပေးရတယ်။ အချိန်တန်တော့ လက်မပူလောင်ရအောင် ညှပ်နဲ့ဆွဲယူရမယ်။ ညှပ်မပါဘဲလက်နဲ့သွားဆွဲရင်တော့ လက်တွေ လောင်ကျွမ်းသွားမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com


ညှပ်နဲ့ဆွဲယူ ပေပေါ်တင်ပြီးတူနဲ့ထုပေးလိုက်တဲ့အခါ လိုချင်တဲ့ဓား လှံ စတဲ့ပုံစံတွေ ထုသလိုပေါ် လာရပါတယ်။ အဲဒီအတိုင်းပဲ စည်းစိမ်ဥစ္စာရာထူးဂုဏ်သိန် အရှိန်အဝါ လျှောကျပျက်စီးမှု အဆိုး လောကဓံနဲ့ ကြုံရတဲ့အခါ "ငါ့စိတ်ကို မီးဖုတ်ပေးနေပြီ"လို့ သဘောထားရမယ်။

မီးဖုတ်ခံရတဲ့စိတ်ကလေးကို ဒီအတိုင်းပစ်မထားနဲ့၊ ကြာတော့မည်းသွားလိမ့်မယ်။ အပ္ပမာဒ သတိညှပ်ကလေးနဲ့ဆွဲယူရမယ်။ သတိညှပ်မပါရင်တော့ ရှူးမတတ်လောင်ကျွမ်းသွားတတ်တယ်။

လောကဓံမီးဖုတ်ခံရတဲ့ စိတ်သံရိုင်းတုံးကလေးကို သတိညှပ်နဲ့ဆွဲယူ၊ တရားလုပ်ငန်းစဉ် ပေပေါ်တင်၊ ယောနိသော မနသိကာရဆိုတဲ့တူနဲ့ ခပ်သွက်သွက်ခပ်နာနာကလေးထုပေးလိုက်ပါ။ ဘာမှမကြာဘူး။ စိတ်ကလေး ဟာ ဒါနပုံစံနဲ့ထုလိုက်တော့ ဒါနချက်ချင်းပေါ်လာတယ်။ သီလ သမထ ဝိပဿနာပုံစံနဲ့ ထုလိုက်ပြန်တော့လဲ ချက်ချင်းပဲ သီလတွေ, သမထစွမ်းအားတွေ၊ ဝိပဿနာစွမ်းရည်တွေ၊ အားရှိစရာ အံ့သြစရာကောင်းလောက် အောင် ပေါ်လာရတယ်။

ဘာမဆို ယောနိသောမနသိကာရနဲ့ (နှလုံးသွင်းစိတ်ထားကောင်းကောင်းနဲ့) အကောင်းဘက်က မြင်အောင်ကြည့်နိုင်ရင် အမြတ်တွေချည်းပါပဲ။ လူမှန်ရင် တွေ့သမျှနဲ့အဆင်ပြေအောင် ငြိမ်းချမ်းစွာ အမြင်ရှင်းရှင်းနဲ့ နေတတ်ရမယ်။ အနာဂတ်အတွက်သေချာအောင်လဲ ကြိုတင်ပြင်ဆင် ထားတတ်ရမယ်။ ဒါမှ လူဖြစ်ရကျိုးနပ် မယ်၊ ဒီလိုဆိုရင် သာဓု ၄-ပါး မြတ်တရား စွမ်းအားကိုရရှိအောင် လေ့ကျင့်ထားဖို့ အထူးလိုအပ်ပါတယ်။

ဘုရားရှင်လက်ထက်က တေလပနာဠိနိဂုံးရွာကြီးမှာ သူဌေးသမီးတစ်ယောက်ရှိတယ်။ ဂေါပါလ သူဌေးရဲ့ သမီးဆိုတော့ ဂေါပါလသူဌေးသမီးလို့ပဲ ဆိုရမှာပေါ့။ ရုပ်လှတယ်၊ အထူးသဖြင့်ဆံပင်ကောင်းတယ်။ တရားနာဖူးတော့ တရားဗဟုသုတရှိတယ်။ သဒ္ဓါတရားကောင်းတယ်။ သူ့မိဘက ပစ္စည်းကြွယ်ဝတယ်။ သမီးက တစ်ယောက်တည်းပါ၊ မိဘများကွယ်လွန်တော့ အမွေအားလုံး သမီးက ရလိုက်ပါတယ်။ ဒါပေမယ့် အမွေနဲ့ မထိုက်တန်ရှာတော့ မကြာမီပစ္စည်းအားလုံးကုန်ဆုံးပျောက်ပျက်ပြီး ဆင်းရဲတဲ့ဘဝရောက်သွားတယ်။ တရားအသိနဲ့ ကြောင်းကျိုးဆက်သွယ်ကြည့်တတ်လို့ စိတ်မပျက်အောင် တည်ငြိမ်စွာ ထိန်းတတ်ပါတယ်။ ဒါနမလုပ်နိုင်တော့ပေမယ့် သရဏဂုံ သီလ မေတ္တာတရားများကိုတော့ရတဲ့နည်းနဲ့ ဖြည့်ကျင့်ကြိုးစားပြီး စိတ်ကိုတင်းထားနိုင်တယ်။ "သူများ တွေလို အဖိုးတန်တွေ မဝတ်နိုင်ပေမယ့် ငါ့ခေါင်းပေါ်မှာ အဖိုးအတန်ဆုံးရတနာသုံးလုံးရှိတယ်၊ ခန့်ညားထည်ဝါလုံခြုံလှပတဲ့ သီလမေတ္တာအဝတ်တန်ဆာကို ငါဝတ်ဆင်နေရတယ်၊ ဘာမှအားငယ်စရာမလို" လို့ တရားနဲ့ ကိုယ့်ဟာကိုယ်အားပေးတတ်ပါတယ်။

ပစ္စည်းပျက်တဲ့နောက် စိတ်ပျက်တာနဲ့အကျင့်ပျက်တာပါမသွားရအောင် သတ္တိရှိရှိထိန်းနိုင်တယ်။ စိတ်ဓာတ်ကြံ့ခိုင်တယ်။ကိုယ်ဆင်းရဲပေမယ့် စိတ်မဆင်းရဲအောင်နေတတ်တယ်။ ဂေါပါလသူဌေးသမီးမှာ မိတ်ဆွေ သူဌေးသမီးတစ်ယောက်ရှိတယ်။ သူကပစ္စည်းကြွယ်ဝပေမယ့် ဆံပင်မကောင်းဘူးတဲ့။ ဂေါပါလသူဌေးသမီး ဆင်းရဲမှန်းသိတော့ အဲဒီသူဌေးသမီးကလာပြီး "ညီမရဲ့ဆံပင်ကို ၁၀၀၀နဲ့ ရောင်းပါ"လို့ ဆံပင်လာဝယ်တယ်။ ဂေါပါလသူဌေးသမီးက "မိန်းမတို့ဘုန်းကျက်သရေကိုတော့ အဆုံးမခံနိုင်၊ ၁၀၀၀ မက တစ်သောင်းပေးလဲ မရောင်းနိုင်ပါ"လို့ ပြန်ပြောလိုက်တယ်။ သတ္တိရှိတယ်ပေါ့။ တစ်နေ့ကျတော့ အရှင်မဟာကစ္စည်းအမှူးရှိတဲ့ ရဟန္တာရှစ်ပါးဟာ ဂေါပါလသူဌေးသမီးတို့အိမ်ရှေ့ကကြွသွားကြတယ်။ သူဌေးသမီးက ကြည်ညိုလွန်းလို့ အိမ်ပေါ်ပင့်ပြီး သူအလွန်မြတ်နိုးလှတဲ့ဆံပင်ကိုဖြတ်ပြီး ရှစ်ကျပ်နဲ့ရောင်းလိုက်တယ်။ အဲဒီရှစ်ကျပ်နဲ့ပဲ ချက်ချင်းဆွမ်းစီမံပြီး တစ်ပါးတစ်ကျပ်တန်စီ ဆွမ်းလှူတယ်။ တရားကျေးဇူးကြောင့် ဖြတ်ထားတဲ့ဆံပင်လဲ ချက်ချင်းပြန်ပေါက်ပါသတဲ့။ မကြာမီ ဥဇ္ဇေနီမြို့ စဏ္ဍပဇ္ဇောတမင်းကြီးရဲ့မိဖုရားကြီး ဖြစ်သွားပြီး အလွန် ကြီးကျယ်တဲ့စည်းစိမ်နဲ့ ပြည့်စုံသွားတယ်။ ဒါပေမယ့် လုံးဝအောက်ခြေမလွတ်အောင်ထိန်းနိုင်တယ်။ "သာသနာတော်ကြောင့် ရတနာသုံးပါးကျေးဇူးကြောင့် ငါကြီးပွားတာ"လို့ သာသနာကို ချီးမြှောက်တယ်။ ရတနာသုံးပါးကို အသည်းစွဲကြည်ညိုတယ်။ သာဓုလေးပါး မြတ်တရားကို အဆက်မပြတ် ကျင့်သုံးတယ်။ မကြာမီ "ကဥ္စနဝန"ကျောင်းတိုက်ကြီးကို ဆောက်ပြီး အရှင်မဟာကစ္စည်းအမှူးရှိတဲ့ သံဃာအားလှူတယ်။ သာသနာပြုကျောင်းအမကြီးဖြစ်သွားပြီး၊ နိဗ္ဗာန်ကိုဦးတည်လို့ကောင်းမှုကို အစွမ်းကုန် ကြိုးစားသွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ဘုရားလက်ထက်ကပဲ ပသေနဒီကောသလမင်းကြီးမှာ ကိုဉာဏ်ထူးဆိုတဲ့ဝန်ထမ်း တစ်ယောက်ရှိတယ်။ သဒ္ဓါမေတ္တာအားကြီးတယ်။ အသိတရားထူးခြားမှုရှိတယ်။ ဘယ်အလုပ်ပဲလုပ်လုပ် "ဒါလဲကိုယ့် အလုပ်ပဲ"လို့ စေတနာကောင်းနဲ့လုပ်တတ်ပါတယ်။ မင်းကြီးက သူလုပ်တာတွေသဘောကျလွန်းလို့ ရာထူးတင်ချီးမြှောက် မှုတွေတိုးပေးလိုက်တယ်။ လုပ်ဖော်ကိုင်ဖက်တွေက မနာလိုကြလို့ မင်းကြီးနဲ့ ကိုဉာဏ်ထူးကွဲအောင် အကြောင်း ယုတ္တိအမျိုးမျိုးပြပြီးကုန်းတိုက်လိုက်ကြတာ မင်းကြီးယုံသွားတယ်။ စိတ်ဆိုးလွန်းလို့ ကိုဉာဏ်ထူးကို အလုပ်ဖြုတ် ထောင်ချလိုက်တယ်။ ကိုဉာဏ်ထူးက အပြုံးတောင်မပျက်ပါ။ မင်းကြီးနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အထူးမေတ္တာပို့ တယ်။ စူးစူးစိုက်စိုက်ပို့လိုက်တာ အောင်မြင်ပါတယ်။ မေတ္တာသမာဓိရလာတော့ ဝိပဿနာဆက်ပွားလိုက်တာ ထောင်ကျနေတဲ့ ကိုဉာဏ်ထူး သောတာပန် ဖြစ်သွားတယ်။ မေတ္တာစွမ်းအားကြောင့်မင်းကြီးမနေနိုင်တော့ဘဲ ချက်ချင်းအလွှတ်ခိုင်းတယ်။ ရှေးကထက်ပိုပြီး ရာထူးရိက္ခာတွေမြှင့်တင်ချီးမြှောက်တယ်။ လုပ်ဖော် ကိုင်ဖက် တွေလဲအားလုံးဝန်ချတောင်းပန်ကြရတယ်။ တရားဟာတရားလိုစိတ်ဝင်စားရင် တရားကျင့်သူကို တရားလိုပဲ သစ္စာရှိရှိပြန်စောင့်ရှောက်တတ်စမြဲပါ။ အလုပ်ပြုတ် ထောင်ကျတဲ့ ကိုဉာဏ်ထူး ထောင်ထဲမှာ သောတာပန် ဖြစ်အောင် အားထုတ်ပြနိုင်တယ်ဆိုတော့ တကယ်ချီးကျူးအံ့သြစရာကြီးပဲ။ တကယ်တော့ ကိုဉာဏ်ထူးရဲ့စွမ်းအား မဟုတ်ဘဲ သူကိုယ်တိုင်လိုက်နာကျင့်သုံးထားတဲ့ သာဓုလေးပါးမြတ်တရားရဲ့စွမ်းအားပါ။ သာဓုလေးပါး မြတ် တရားကြောင့် သူများတွေဂုဏ်ပျက်ရမယ့်နေရာမှာ ကိုဉာဏ်ထူးတစ်ယောက် အကြီးအကျယ်ဂုဏ်တက်သွားရပါ တယ်။

အားလုံးချမ်းသာကြပါစေ

တိပိဋကယောဆရာတော်
၁၃၅၀-ခု၊ နတ်တော်လ(၁၉၈၈-ခု၊ ဒီဇင်ဘာလ)


www.burmeseclassic.com

www.burmeseclassic.com



## တိပိဋက ဓမ္မလက်ဆောင်-၄

## အပေါင်းလက္ခဏာ

## နမော ဗုဒ္ဓိလက္ခဏ ဒေသကဿ

### ၁။ အဖိုးတန်လှ လူ့ဘဝ

- **လုပ်ရန်အခွင့်၊ သင့်-မသင့်ကို၊ နှိုင်းချင့်တိုင်းတာ၊ ကောင်းစွာသိတတ်၊ ဆုံးဖြတ်တတ်၊ မချွတ်လူခေါ်ရ။**
- **ထက်မြက်စွန့်စား၊ စိတ်ထားမှန်ကန်၊ မြင့်မားပြန်၊ ဧကန်လူခေါ်ရ။**
- **မိဘဆရာ၊ ကောင်းစွာပြောကြား၊ မြတ်စကားကို၊ မှတ်သားနာယူ၊ စိတ်ထားဖြူ၊ ထိုသူလူခေါ်ရ။**

လူဆိုတာတန်ဖိုးဆုံးဖြတ်လို့မရနိုင်အောင်အဖိုးတန်လှတဲ့ဘဝတခုဖြစ်ပါတယ်၊ လူမည်ခြင်း အကြောင်း ၃မျိုးက -

(၁) လုပ်သင့် မလုပ်သင့်, အကျိုးရှိ-မရှိ အကြောင်းအကျိုး, အကောင်းအဆိုးကို "ခွဲခြားသိတတ်တဲ့"ကြောင့် လူလို့ခေါ်တာပါ။

(၂) ထက်မြက်စွန့်စားမြင့်မားတဲ့ စိတ်စွမ်းအားရှိတဲ့ကြောင့်လဲ လူလို့ခေါ်ရပါတယ်။

(၃) မိဘကောင်း ဆရာသမားကောင်းတို့ရဲ့ လမ်းညွှန်ဆုံးမပြောသမျှကိုနာယူ နားထောင် လိုက်နာကျင့်သုံးတတ်တဲ့ကြောင့်လဲ လူလို့အမည်ရပါတယ်။ အဲဒီလို လူမည်ခြင်းအကြောင်း-၃မျိုး ရှိတယ်၊ လူဆိုတာ အပေါင်းလက္ခဏာပြရမယ့် ဘဝမျိုးပါ၊ အပေါင်းလက္ခဏာပြနိုင်လောက်အောင် စွမ်းရည်ပြည့်ဝတဲ့ကြောင့်လဲ လူ့ဘဝဟာ အဖိုးတန်လှပါတယ်။

### ၂။ အနှစ်ထုတ်ယူ စွမ်းတဲ့လူ

- **ကိုယ့်ကိုကိုယ်မြှင့်၊ လူလိုကျင့်၊ လူနှင့်တူအောင်လုပ်ရမည်။**
- **မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ စိတ်ရင်းဖြူရမည်။**

ပုံစံအားဖြင့် လူနဲ့တူရုံနဲ့တော့ အလိုလိုမြင့်လာနိုင်မှာ မဟုတ်သေးပါဘူး၊ (၁) လူဖြစ်ဖို့လဲခက်ခဲပါတယ်၊ (၂) သုံးခွင့်ရပြီး သုံးလို့ဖြစ်တဲ့လူဖြစ်ဖို့ ပိုခက်ခဲပါတယ်၊ (၃) သုံးတတ်တဲ့ အသိအလိမ္မာ ဉာဏ်ပညာ သဒ္ဓါတရား အားကောင်းတဲ့လူဖြစ်ဖို့က ဒီထက်ပိုပြီး ခက်ခဲပါတယ်၊ (၄) ဒီထက်ပိုခက်တာကတော့ သုံးဖြစ်ဖို့ သုံးနိုင်ဖို့ပါပဲ၊ (၅) သုံးဖြစ်ပြန်တော့လဲ လူ့ဘဝရဲ့အနှစ်သာရကို ပြည့်ပြည့်ဝဝရအောင်ယူနိုင်တဲ့လူဖြစ်ဖို့ ကတော့ အခက်ခဲဆုံးပါ။

ဒါကြောင့် အကျင့်လုပ်ငန်းစဉ်အားဖြင့် လူနဲ့တူအောင်မြှင့်တင်ပေးနိုင်မှ လူအစစ်ဖြစ်ခွင့်ရပါလိမ့်မယ်၊ ဒီလိုဆိုရင် မကောင်းမှုတွေကင်းရှင်းအောင် ကြိုးစားနေရမယ်၊ ကောင်းမှုတွေအဆင့်ဆင့်ပြည့်ဝလာအောင် ဖြည့်သွင်းပေးနေရမယ်၊ စိတ်နေစိတ်ထားဖြူစင်အောင် လေ့ကျင့်ပေးနေရမယ်။

### ၃။ စွမ်းရည်ပြည့်ဝ လူ့ဘဝ

- **ယုံကြည်ကျန်းမာ၊ ရိုးဖြောင့်ကာ၊ မှန်စွာအားထုတ်မှု။**
- **ပညာတရား၊ ဤ ၅-ပါး၊ ရှိငြားစွမ်းတဲ့လူ၊**



www.burmeseclassic.com

www.burmeseclassic.com



အနှစ်ပြည့်ဝအောင် ယူနိုင်တဲ့လူဖြစ်ဖို့ ဆိုရင် -

(၁) ကိုယ့်စေတနာရဲ့စွမ်းအားနဲ့ တရားရဲ့စွမ်းအားကို ယုံကြည်လက်ခံနိုင်ရမယ်၊ တရားလမ်းကြောင်းအတိုင်း မြှင့်တင်ပေးနိုင်သလောက် မြင့်တက်လာနိုင်တဲ့ ကိုယ့်ရဲ့လူ့စွမ်းလူ့စရှိနေတာကိုယုံရမယ်၊ ခံယူချက်လဲ ပြတ်သားရမယ်၊ အထူးအားဖြင့်တော့ တရားလမ်းညွှန်ကောင်းဖြစ်တဲ့ မြတ်ဘုရားရဲ့စွမ်းအားကိုယုံကြည်ရမယ်။

(၂) ကိုယ်ကျန်းမာအောင်လဲ သတိဉာဏ်ကူပြီး ပြုပြင်စောင့်ရှောက်နေထိုင်တတ်ရမယ်၊ သဒ္ဓါတရားကောင်းမှ စိတ်သန့်စင်အေးမြကျန်းမာပါတယ်၊ ရောဂါကင်းမှ ကိုယ်ကျန်းမာမှာဖြစ်လို့ ပြုပြင်လို့ရသမျှ ပြုပြင်ပေးရမှာပါ၊ ကိုယ်ရော စိတ်ရောကျန်းမာမှ လိုသလိုစွမ်းအင်ထုတ်နိုင်မှာဖြစ်ပါတယ်။

(၃) စိတ်စွမ်းအားဖြည့်သွင်းနိုင်အောင် ရိုးသားဖြောင့်မတ်မှုလဲရှိရမယ်။ ဖြောင့်စင်းမှုဟာ အလွန်ချစ်စရာကောင်းတဲ့အရိုးခံသဘောဖြစ်သလို လူ့စွမ်းအားထုတ်ယူနိုင်ဖို့ အဖြူထည်အမာခံလဲ ဖြစ်ပါတယ်။

(၄) ရှိနေတဲ့လူ့စွမ်းလူ့စတွေပေါ်လာအောင် နည်းမှန်လမ်းမှန်အားဖြင့် ကြိုးစားအားထုတ်မှုလဲရှိရမယ်၊ ကြွေးမတင်ရအောင် နေ့စဉ်မှန်မှန်တွန်းပေးဖို့လဲလိုလိမ့်မယ်၊ ၁-ပိဿာစွမ်းအားကို ၁-ကျပ်သားလုံ့လနဲ့ မရနိုင်တဲ့အတွက် ၁-ပိဿာလိုချင်ရင် ၁-ပိဿာတန်လုံ့လထုတ်ပြီး ကြိုးစားပေးရမှာပါ။

(၅) အရှိကို-အရှိအတိုင်း သိမြင်နိုင်စွမ်းရှိတဲ့ အသိဉာဏ်ပညာလဲရှိရမယ်၊ ရအောင်ယူတဲ့ပညာ ထိန်းသိမ်းနိုင်တဲ့ပညာ၊ အသုံးချပညာဆိုတဲ့ ပညာ(၃)ဆင့်လုံး မြှင့်တင်ပေးနေဖို့လိုပါလိမ့်မယ်။

အဲဒီအရည်အချင်း ၅-မျိုးဟာ ဘာဝနာအားထုတ်တဲ့အခါမှာ အထူးလိုအပ်တဲ့ ပဓာနအကြောင်းတွေပါ၊ အခြားလူမှုရေး စီးပွားရေး ပညာရေးစတဲ့ လူ့စွမ်းလူ့စတွေကို ဖေါ်ထုတ်တဲ့အခါမှာလဲ အထူးလိုအပ်တဲ့ အရည်အသွေးတွေဖြစ်ပါတယ်။

## ၄။ လူ့၏ဘဝ အနှတ်ပြ

- **အချိန်အရွယ်၊ စိတ်ရှုပ်ဖွယ်၊ လူ့ဝယ်အနုတ်ပြ။**
- **အတိတ်ကိုတွေး၊ စိတ်မအေး၊ ပူဆွေးအားငယ်ရ။**
- **ပစ္စုပ္ပန်မှာ၊ လက်လွတ်ကာ၊ နစ်နာဆုံးရှုံးရ။**
- **အနာဂတ်လျှင်၊ စိတ်ကူးယဉ်၊ စွမ်းအင်ပျောက်ပျက်ရ။**
- **အနုတ်များသော်၊ အားမပေါ်၊လမ်းချော်အောက်ကိုကျ။**

လူ့ဘဝဟာ အဖိုးတန်တာမှန်သော်လဲ (၁) အချိန်၊ (၂) အရွယ်၊ (၃) စိတ်ရှုပ်ဖွယ်ဆိုတဲ့ ကိလေသာအားဖြင့် လူ့ဘဝရဲ့အနုတ်လက္ခဏာ(၃)မျိုးရှိပါတယ်၊ ဒီ ၃-မျိုးထဲမှာ-

(၁) အချိန်ဟာလဲ အမြဲအနုတ်ပြနေပါတယ်၊ ဘဝကောင်း ခဏကောင်း အခါကောင်း နေရာကောင်း အမှီကောင်းတွေနဲ့ ကြုံကြိုက်တိုက်ဆိုင်နေတဲ့ အချိန်ကောင်းကလေးတွေဟာ တန်ဖိုးဆုံးဖြတ်လို့မရနိုင်အောင် အဖိုးတန် လှပါတယ်၊ ဘယ်လိုပင် အဖိုးတန်ပေမယ့် အချိန်ဆိုတာငြိမ်ငြိမ်ရပ်မနေပါဘူး၊ ပစ္စုပ္ပန်အချိန် ၁-ခုဟာ ဘာမျှ ကြာတာမဟုတ်ပါဘူး။

ရှေ့အချိန်နဲ့ နောက်အချိန်အဆက်မပြတ်အောင် ရှေ့နောက်စပ်နေလို့သာ အချိန်ဟာကြာတယ်လို့ ထင်နေရ တာပါ။ အချိန်တိုင်းအချိန်တိုင်းဟာ လူတစ်ယောက်အတွက် ၁-ကြိမ်သာတွေ့ခွင့်ပေးပြီး အပြီးအပိုင်နှုတ်ဆက် သွားနေကြပါတယ်။ အသက် အဆင်း ခွန်အား ကျန်းမာရေး ပျိုမျစ်နုနယ်တဲ့ဂုဏ်တွေကိုပါ ဆွဲနုတ်ပြီးတွန်းချနေပါတယ်။ ပစ္စုပ္ပန်မှာနေရမယ့်အချိန်တွေ ကြာလေနည်းလေ ကြာလေနည်းလေနဲ့ နည်းနည်းသွားနေကြပါတယ်၊ အချိန်ထိန်းကိရိယာသတိလွတ်တိုင်း အစားထိုးလို့မရနိုင်အောင် ဝါးမျိုသွားပါတယ်၊ ဖြုန်းလိုက် မိတဲ့အချိန်တိုင်းဟာ အနုတ်တွေချည်း အရှုံးတွေချည်းဖြစ်သွားရပါတယ်၊ ဘာကိုမျှမစောင့်ပဲ ဘယ်သူ့ကိုမျှမငဲ့ပဲ အမြဲမပြတ်သွားနေတဲ့ အချိန်ဟာလဲ လူ့ဘဝရဲ့အနုတ်လက္ခဏာ ၁-ခု ဖြစ်ပါတယ်။

(၂) ဒုတိယအနုတ်လက္ခဏာကတော့ အရွယ်ပါ၊ အချိန်ကို ဘယ်တန်ခိုးပညာနဲ့မျှ တားထားလို့မရသလို အရွယ်ကိုလဲ ဘယ်လိုမျှ ကြိုးချည်ထားလို့မရပါဘူး၊ ခန္ဓာအတွင်းမှာ ဇရာကြိုးတပ်ပြီး ဆွဲချနေတာဆိုတော့ အချိန်နဲ့ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com


အရွယ်ဟာလဲပြောင်းလဲနေရပါတယ်၊ လွန်ခဲ့ပြီးတဲ့အချိန်ကိုကြည့်ပြီး အရွယ်ကြီးပြီလို့ ဆိုရသော်လည်း ဒီဘဝမှာ နောက်ထပ်နေရမယ့်အရွယ်ဟာ ကြာလေနည်းလေ ကြာလေငယ်လေ ဖြစ်သွားရပါတယ်။

အရွယ်ပြောင်းလဲနေရင်း နိုပ်စက်တဲ့ဒဏ်ချက်လဲ တွဲလျက်ပါနေပါတယ်၊ တစ်နေ့မှာ နှစ်ထပ်မက ဆယ်ထပ်ပင် ကျွေးသော်လဲ အိုမြဲအိုနေတာပါ။ တကယ်တော့ အချိန်နဲ့အရွယ်ဟာ စကားအနေနဲ့သာ ခွဲပြောရပေမယ့် သဘောအားဖြင့်တော့ အတူတူပါပဲ၊ အပြင်ကနေကြည့်ရင် အချိန်အတွင်းကနေကြည့်ရင် အရွယ်လို့ခွဲပြီး ခေါ်နေတာပါ။ အရွယ်ကို အချိန်နဲ့တိုင်းတာပေးနေတာပါ။

အချိန်အရွယ် (၂)မျိုးကို သဘာဝအနုတ်လက္ခဏာလို့ဆိုရမှာပဲ၊ မပြောင်းလဲအောင် ဘယ်ပုံစံနဲ့မျှ တားဆီး ရပ်တန့်ထားလို့မရပါဘူး။

(၃) တတိယအနုတ်လက္ခဏာကတော့ စိတ်ကို လမ်းမှန်နေရာမှန် မရောက်နိုင်အောင် တားဆီးပိတ်ဆို့နေတဲ့ စိတ်ရဲ့အပူအခိုးအငွေ့ ကိလေသာဓာတ်ငွေ့ နီဝရဏ အရှုပ်တရားတွေပါ၊ စိတ်ဆိုတာ စိတ်ထိန်းကိရိယာသတိနဲ့ မထိန်းနိုင်မအုပ်နိုင်ရင် အာရုံနဲ့တွေ့တိုင်း ကိလေသာမီးထတောက်ပြီး ပူရှုပ်နေတာကများပါတယ်။ စိတ်က အာရုံကိုမနိုင်ပဲ အာရုံကချည်း စိတ်ကိုအနိုင်ယူနေတတ်ပါတယ်၊ မကောင်းတဲ့အာရုံနဲ့ တွေ့ရင်လဲ အပူအရှုပ်က နေရာယူနေတတ်ပါတယ်။ ကောင်းတဲ့အာရုံနဲ့တွေ့ရင်လဲ ရှုပ်နေတတ်တာပါပဲ။

ဒီကိလေသာအရှုပ်တရားတွေကြောင့် ရှိနေတဲ့လူ့စွမ်းလူ့စတွေပေါ်မလာပဲ မြုပ်နေတတ်ပါတယ်။ တိုးတက် မြင့်မား ချမ်းသာရေးလမ်းစတွေ ပိတ်ဆို့ပျောက်ကွယ်နေတတ်ပါတယ်၊ အပေါ်ကိုတက်ရင်း အောက်ကို ပြန် ရောက်နေတတ်သလို ရှေ့ကိုသွားရင်းနဲ့လဲ နောက်ကိုပြန်လျှောစေတတ်ပါတယ်။ အခွင့်အရေးတွေလဲ လက်လွတ် ကုန်ရတတ်ပါတယ်။

ဒီကိလေသာတွေကြောင့်ပဲ ကုန်သွားပြီးတိုင်း အတိတ်ကိုတွေးတော့ စိတ်မအေး၊ မကျေနပ်၊ ရောက်ဆဲ ပစ္စုပ္ပန်တိုင်း လက်လွတ်ဆုံးရှုံး၊ အနာဂတ်ကိုတော့ စိတ်ကူးယဉ်ပြီး မြှော်၊ အဲဒီလိုနဲ့ပဲ အချိန်တွေ အခွင့်အရေး တွေ အလကားဖြစ်ကုန်ရတာပါ။ စွမ်းအားမရ လမ်းချော်ကျပြီး အောက်ကိုရောက်ရတာပါ၊ ဒါ့ကြောင့် ကိလေသာ ဆိုတဲ့ အပူအရှုပ်တရားတွေဟာလဲ လူ့ဘဝရဲ့ အနုတ်လက္ခဏာတွေပါ။

သို့သော် အဲဒီကိလေသာအရှုပ်တွေဟာ သဘာဝအနုတ်လက္ခဏာတော့မဟုတ်ပါဘူး။ ကိုယ့်စိတ်ကို မကိုင် တွယ်တတ်လို့ မထိန်းချုပ်မသုံးစွဲဖြစ်လို့ ဖြစ်ပေါ်လာရတဲ့အနုတ်လက္ခဏာပါ၊ စိတ်ကောင်းကလေးတွေနဲ့ အစားထိုး ပေးလိုက်ရင် ချက်ချင်းပျောက်ကွယ်သွားကြတာပါ။

ဗုဒ္ဓသာသနာပေါ်လာတာဟာ အဲဒီတတိယအနုတ်လက္ခဏာကိုအနိုင်ယူဖို့ဖြစ်ပါတယ်။ ကောင်းမှုကိုလုပ် စိတ်စွမ်းအားထုတ်လုပ်ကြရတာဟာလဲ အဲဒီတတိယအနုတ်လက္ခဏာကို တွန်းလှန်ဖြိုခွင်းနိုင်ဖို့အတွက်ပါပဲ၊ တတိယအနုတ်လက္ခဏာကိုနိုင်သွားပြီဆိုရင် ပထမနှင့် ဒုတိယအနုတ်လက္ခဏာဟာလဲ ထိန်းချုပ်မိပြီး ဖြစ်သွား ရပါတယ်။ စိတ်စွမ်းအားတက်လာရင် အချိန်ကုန်တယ်အရွယ်ကြီးတယ်လို့ မဆိုရ တော့ပါဘူး။ ဒုက္ခအနုတ်နဲ့ သုခအပေါင်းပြသွားတဲ့အဖိုးတန်အချိန်နဲ့ အဖိုးတန်အရွယ်ဖြစ်သွားရပါတယ်။

## ၅။ လူ့ဘဝ၏ အပေါင်းပြ

- **ပစ္စည်း+တရား၊ ဤနှစ်ပါး၊ စွမ်းအား အပေါင်းပြ။**
- **ထိုနှစ်ပါးမှာ၊ တရားသာ၊ မှန်စွာအားကိုးရ။**
- **ပစ္စည်းဥစ္စာ၊ အပူ-ပါ၊ ပေါင်းတာတစ်ခဏ။**
- **တရားဝင်ရောက်၊ အပူပျောက်၊ မကြောက်ရအောင် စိတ်အေးရ။**

အနုတ်လက္ခဏာ (၃)မျိုးရှိနေတယ်ဆိုရင် မိမိတို့ရဲ့တာဝန်က အပေါင်းလက္ခဏာပြပေးဖို့ပါပဲ၊ ဘယ်ဟာ မဆို မကောင်းတာဆိုရင် နုတ်မှကြိုက်တယ်၊ ပေါင်းရင်မကြိုက်ဘူး၊ ကောင်းတာကျတော့ နုတ်တာကို မကြိုက်ဘူး၊ ပေါင်းတာမှပဲကြိုက်တယ်၊ ဒီနေရာမှာ အပေါင်းလက္ခဏာဆိုတာ ကောင်းတဲ့နေရာမှာ ပေါင်းတာပါ။ တိုးတက် မြင့်မားရေးလွတ်မြောက်ငြိမ်းအေးချမ်းသာရေးရဲ့ အပေါင်းလက္ခဏာလို့ ဆိုလိုပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


လူ့ဘဝရဲ့အပေါင်းလက္ခဏာဆိုတာ အကျဉ်းချုပ်အားဖြင့် (၁) ပစ္စည်း ဥစ္စာ၊ (၂) ကောင်းမှုတရား စိတ်စွမ်းအားရယ်လို့ (၂)မျိုး ရှိပါတယ်။ ပစ္စည်းဆိုတာ ခန္ဓာက တာဝန်ပေးထားတာဆိုတော့ နေ့တိုင်း ရှာဖွေစုဆောင်းအပေါင်းလက္ခဏာပြပေးနေရတာပဲ။ ပစ္စည်းနဲ့အပေါင်းလက္ခဏာပြပေးတဲ့အခါ ရရင်ပြီးရောဆိုတဲ့ သဘောမျိုးနဲ့ ရှာရမှာတော့မဟုတ်ပါဘူး။ သဒ္ဓါအား၊ ပညာအားနဲ့ ကိုယ်ပိုင်လူ့စွမ်းလူ့စကိုသုံးပြီး စည်းကမ်းဘောင် အတွင်းက တရားနည်းလမ်းနဲ့အညီရှာရမှာကိုပြောတာပါ။ ပစ္စည်းရှာဖွေရေး အပေါင်းလက္ခဏာဟာ ခန္ဓာရှိသူ အားလုံးနဲ့ သက်ဆိုင်ပါတယ်၊ တရားရှာဖွေရေး အပေါင်းလက္ခဏာကျတော့ ခန္ဓာရှိသူ အားလုံးနဲ့မဆိုင်ပါဘူး။ သဒ္ဓါတရားရှိသူနဲ့သာ ဆိုင်ပါတယ်၊ တရားရှာဖွေရေးကို သဒ္ဓါတရားနဲ့ ဘောင်ခတ်ထားပါတယ်။

ပြီးတော့ပစ္စည်းဥစ္စာဆိုတာ ဘုံဆိုင်လဲဖြစ်,ရလာသလောက် အပူတွဲပါလာတတ်တာလဲဖြစ်, အကန့်အသတ် နဲ့သာဆိုင်ခွင့်ရတာလဲဖြစ်တဲ့ကြောင့် ယာယီတစ်ခဏသာအပေါင်းလက္ခဏာပြနိုင်ပါတယ်။ တရားကသာ ကိုယ် ပိုင်လဲဖြစ်, ရလာသလောက်စိတ်အေးရတာလဲဖြစ် အမြဲရတာလဲဖြစ်တဲ့ကြောင့် ရာသက်ပန်အပေါင်းလက္ခဏာ ဖြစ်ပါတယ်။ တရားရှိသလောက် အပူပျောက်လို့ အကြောက်ပြေရပါတယ်။

## ၆။ တစ်ဖက်ရနှင့် နှစ်ဖက်ရ

- **ပစ္စည်း တရား၊ ၂-ပါးလုံးပင်၊ မရလျှင်၊ မမြင်အကန်းပါ။**
- **ပစ္စည်းကိုသာ၊ ရအောင်ရှာ၍၊ ကင်းကွာတရား၊ ထိုလူများ၊ စွမ်းအားမစုံပါ။**
- **ပစ္စည်းတရား၊ ၂-ပါးလုံးပင်၊ ရနိုင်လျှင်၊ အမြင်ပြည့်စုံပါ။**
- **တစ်ဖက်ရရုံ၊ စွမ်းမကုန်၊ လူ့ဘုံအရှုံးနိုင်ပါ။**
- **နှစ်ဖက်ရမှ၊ လူ့ဘဝ၊ မုချလှနိုင်ပါ။**

ပစ္စည်းတရား ၂-မျိုးလုံးရအောင်မရှာနိုင်ရင် လူကန်းလူဖျင်းလို့ခေါ်ရပါတယ်၊ ပစ္စည်းကိုသာရှာနိုင်ပြီး တရားမရှာနိုင်ပြန်တော့ စွမ်းအားမစုံတဲ့တစ်ဖက်ကန်း ဖြစ်ရပြန်တယ်၊ ၂-မျိုးလုံးရအောင်ရှာနိုင်မှ အမြင်ပြည့်စုံသူ ဖြစ်ပါတယ်။ အပေါင်းလက္ခဏာလဲစုံပါတယ်။

တရားရှာဖွေရေးမပါဘဲ ပစ္စည်းဥစ္စာရှာဖွေရေးသက်သက်ကိုသာ လုပ်နေသူကို တစ်ဖက်ရတစ်ဖက်လှလို့ သာဆိုရပါတယ်။ တစ်ဖက်ရရုံနဲ့တော့ လူ့စွမ်းလူ့စမစုံသေးမကုန်သေးတဲ့အတွက် လူ့ဘဝအရှုံးတယ်လို့ဆိုရမှာပဲ၊ ဘာ့ကြောင့်လဲဆိုတော့ ခန္ဓာရဲ့တာဝန်ဖြစ်တဲ့ ပစ္စည်းရှာဖွေရေးဆိုတာ အတိတ်ကလဲ သံသရာ တစ်လျှောက်လုံး လုပ်ခဲ့တဲ့အလုပ်ပါ။ နောင်အနာဂတ်မှာလဲ ခန္ဓာရနေသမျှ ဧကန်လုပ်နေရဦးမှာပါ။

ပြီးတော့လဲပစ္စည်းနဲ့ အင်အားပြပေးရုံနဲ့ ဒုက္ခအပူတွေအနည်းငယ်မျှ နောက်ဆုတ်မသွားကြပါဘူး။ ရှေ့ကို တိုးမြဲတိုးနေကြပါတယ်။ ပစ္စည်းဆိုတာ ဆိုင်သာဆိုင်ပြီး မပိုင်တဲ့အတွက် အပေါ်ယံအပေါင်းလက္ခဏာဖြစ်သလို ရလိုက်ကုန်လိုက်ဖြစ်နေတဲ့ ယာယီအပေါင်းလက္ခဏာလဲဖြစ်ပါတယ်။ ရန်သူဝိုင်းရံဆက်ဆံနေတဲ့အတွက် တစ်ဖက်လှ အပေါင်းလက္ခဏာမျှသာဖြစ်ပါတယ်။

ခန္ဓာကိုတရားဖြင့်မသုံးပဲ ကျွေးရုံသာကျွေးနေရင်လဲ တစ်ဖက်လှအလုပ်မျှသာဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဇရာ ဗျာဓိ မရဏလို့ဆိုရတဲ့ တစ်ဖက်ကမလှတာတွေရှိနေတဲ့ကြောင့်ပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဆိုတဲ့ အတွင်းကမလှတာလဲ ရှိနေတဲ့ကြောင့်ပါ။ ပြီးတော့လဲ ဒီတစ်ဖက်လှတွေက နောက်ဘဝကနေကြည့်ရင်, လောကုတ္တရာဖက်ကနေကြည့်ရင်, အကြည့်မခံနိုင်တော့ဘူး။

ကောင်းမှုတရား စိတ်စွမ်းအားပါတွဲပေးနိုင်မှ ပစ္စည်းနဲ့ခန္ဓာကို အဖိုးတန်အောင် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ပေးနိုင်တဲ့ အားကိုးစရာ ကိုယ်ပိုင်အပေါင်းလက္ခဏာလဲဖြစ်မယ်၊ နှစ်ဖက်ရနှစ်ဖက်လှ အပေါင်း လက္ခဏာလဲ ဖြစ်သွားပါလိမ့်မယ်။ ဒါမှ နှစ်ဖက်လုံးအကြည့်ခံနိုင်မှာပါ။


www.burmeseclassic.com

www.burmeseclassic.com


## ၇။ တရားစုမှ နှစ်ဖက်လှ

- **ဒါန သီလာ၊ ဘာဝနာ၊ ၃-ဖြာအပေါင်းပြု။**
- **သဒ္ဓါ သီလ၊ သုတ စာဂါ၊ မြတ်ပညာ၊ ၅-ဖြာအပေါင်းပြု။**
- **စိတ်ကောင်းထားမှု၊ တရားစု၊ မှတ်ရှုနှစ်ဖက်လှ။**
- **အပေါင်းလက္ခဏာ ပြည့်စုံကာ၊ ကောင်းစွာစိတ်အေးရ။**

နှစ်ဖက်လှဖို့ဆိုရင် တရားနဲ့တွဲပြီး စိတ်ကို စွမ်းအားထုတ်ပေးရလိမ့်မယ်။ သာသနာဆိုတာ နှစ်ဖက်လှဖို့ အပေါင်းလက္ခဏာပြဖို့ ပေါ်လာတာပါ။ ကံငယ်သူတွေ ကံကြီးစေရမယ်၊ ကံနည်းသူတွေကံများစေရမယ်၊ ကံနိမ့်သူ တွေ ကံမြင့်စေရမယ်။ ကံဆိုးသူတွေ ကံကောင်းစေရမယ်။ ကံညံ့သူတွေ ကံတက်စေရမယ်။ ကံမှိန်သူတွေ ကံ တောက်စေရမယ်။ ကံရှားသူတွေ ကံပေါစေရမယ်။ ကံတုံးသူတွေ ကံချွန်စေရမယ်။ ကံမြင့်သူတွေ မြင့်သည်ထက် ပိုမြင့်စေရမယ်။ လမ်းပျောက်သူတွေ လမ်းတွေ့စေရမယ်။ ရှုပ်သူတွေ ရှင်းစေရမယ်။ ပူသူတွေအေးစေရမယ်။ မြုပ်သူတွေပေါ်စေရမယ်။ ဉာဏ်တုံးသူတွေ ဉာဏ်ထက်စေရမယ်။ အနှောင်အဖွဲ့က ကျွတ်လွတ်စေရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သာသနာပေါ်လာတာပါ။

သာသနာကိုမှီခိုခွင့်ရထားတဲ့ မိမိတို့ရဲ့စိတ်အစဉ်ဟာ ကိုယ့်စိတ်ကြိုက်မြှင့်တင်ပြီး အပေါင်းလက္ခဏာ ပြခွင့်ရှိပါတယ်။ ကိုယ့်ကံကို ကိုယ့်စိတ်ကြိုက်ဖန်တီးနိုင်ခွင့်ရှိပါတယ်။ နှစ်ဖက်လှအပေါင်း လက္ခဏာတရား ဆိုတာ မိမိရဲ့စိတ်ကောင်းမှုကိုအကြောင်းပြုပြီး ပေါ်ပေါက်လာတဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကောင်းမှုတရား စိတ်စွမ်းအားတွေကို ခေါ်တာပါ။

ကောင်းမှုစွမ်းအား မြတ်တရားဆိုတာ ယုံကြည်ချက် သဒ္ဓါတရား တံခါးပေါက်ထဲက စိတ်ကောင်းကောင်း ကလေးတွေကိုထည့်ပေးနိုင်မှ ဖြစ်ပေါ်တိုးပွားနိုင်တာဖြစ်လို့ သဒ္ဓါတရားကိုလဲ အပေါင်းလက္ခဏာလို့ပဲဆိုရပါ တယ်၊ ပြီးတော့ သဒ္ဓါတရားဆိုတာကလဲ သုတဆိုတဲ့နာကြားလေ့လာမှု များများလုပ်ပေးမှ တံခါးသဖွယ်ပွင့်လာ တတ်တာဖြစ်တဲ့အတွက် သုတဟာလဲ အပေါင်းလက္ခဏာပါပဲ။

## ၈။ ဘဝကပေးသည့် လူ့အခွင့်အရေး

- **စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုးစားလေ။**
- **ခံစားခွင့်မူ၊ ရှိတာယူ၊ အပူကင်းအောင်နေ။**

တရားသဘောကဖေါ်ပြတဲ့ ဘဝကပေးတဲ့ လူ့အခွင့်အရေးဆိုတာ (၁) လုပ်ပိုင်ခွင့် (၂) ခံစားခွင့်လို့ (၂)မျိုးရှိပါတယ်၊လူတွေဟာ ကိုယ်ကြိုက်တာကို ကိုယ်လုပ်နေကြတာပါ။ အကုသိုလ်ကြိုက်တဲ့လူတွေ အကုသိုလ် လုပ်နေကြတယ်၊ ကုသိုလ်ကြိုက်တဲ့လူတွေက ကုသိုလ်လုပ်နေကြတယ်၊ ခံစားခွင့်ကတော့ ကိုယ့်စိတ်ကြိုက်ခံစားခွင့် မရှိပဲ ရှိသလိုသာရှိသလောက်သာရနိုင်ပါတယ်၊ ဒါ့ကြောင့် စိတ်ဓာတ်ကိုမြှင့် လမ်းဖွင့်ပြီး လုပ်ပိုင်ခွင့်ကို သေချာ အောင်အသုံးချတတ်ဖို့လိုပါတယ်၊ ကိုယ့်မှာရှိသလောက် ရလာတဲ့ခံစားခွင့်ကိုလဲ အပူကင်းကင်းရှင်းရှင်းနဲ့ တရား စွမ်းအားပါအောင်လက်ခံတတ်ဖို့ လိုပါလိမ့်မယ်။

## ၉။ တံခါးမှားသော် အားမပေါ်

- **ကိုယ့်စိတ်ကြိုက်ပဲ၊ လုပ်သော်လဲ၊ မှတ်လွဲလမ်းမှားခဲ့။**
- **တံခါးမှားကာ၊ အားမပါ၊ ပညာအလင်းမဲ့။**
- **ခံစားခွင့်မှာ၊ ကြောက်စရာ၊ ရောက်လာတတ်သတဲ့။**

အကုသိုလ်ကြိုက်လို့လုပ်တဲ့အခါမှာလဲ ပါဏာတိပါတကြိုက်တဲ့လူတွေ ပါဏာတိပါတလုပ်နေကြတယ်၊ အဒိန္နာဒါနကြိုက်တဲ့လူတွေက အဒိန္နာဒါနလုပ်နေကြတယ်။ အရက်သေစာကြိုက်တဲ့လူတွေ အရက်သေစာ သောက်စားနေကြပါတယ်။ ကိုယ်ကြိုက်လို့ ကိုယ်လုပ်ကြတာပါ။


www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ဟာ ကိုယ်ကြိုက်လို့လုပ်တာမှန်ပေမယ့် ခံစားခွင့်ကျတော့ကြောက်စရာကြီးတွေကို ပေးတတ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ သဒ္ဓါတရား တံခါးပေါက်ကသွင်းတာလဲမဟုတ်, ပြုလုပ်စဉ်မှာ နှိုင်းချိန် တိုင်းတာ ခြင်တွယ်တတ်တဲ့ ပညာလဲမပါတဲ့ကြောင့်ဖြစ်ပါတယ်။ တံခါးပေါက်လဲ မမှန်၊ ပညာအလင်းရောင်လဲမပါတဲ့အတွက် မလုပ်သင့်တဲ့အလုပ်တွေဖြစ်တဲ့ကြောင့် ခံစားခွင့်ကို ကိုယ်လိုသလိုပေးနိုင်စွမ်းမရှိကြပါဘူး၊ အဇာတသတ်မင်းဟာ အဖသတ်ကံကို ကိုယ့်စိတ်ကြိုက်လုပ်လိုက်မိလို့ မျက်မှောက်ဘဝမှာလဲ မအိပ်နိုင်၊ မစားနိုင်၊ ပူလောင်ချောက်ချားခဲ့ရပြီး ယနေ့အထိ လောဟကုမ္ဘီငရဲမှာခံရတုန်းပါ။ လုပ်ပိုင်ခွင့်ကို စိတ်ကြိုက်သုံးလိုက်ပေမယ့် ခံစားခွင့်ကတော့ရှိတာကိုပဲ ယူရတာပါ၊ သာမာဝတီဟာလဲ မေတ္တာရှင် ဧတဒဂ်ဆုပန်ခဲ့ပေမယ့် ဘဝတစ်ခုမှာ ပစ္စေကဗုဒ္ဓါကို စေတနာဆိုးနဲ့ မီးရှို့ခဲ့မိလို့ သံသရာတစ်လျှောက် ဒုက္ခရောက်ခဲ့ရသလို သာမာဝတီဘဝအထိ မီးရှို့အသတ်ခံခဲ့ရပါတယ်၊ ခံစားခွင့်ဆိုတာ ကိုယ့်ကံကပေးတာကို မလိုပေမယ့် ရှိတော့ယူရတာပါပဲ။

## ၁၀။ ကောင်းမှုတရား စိတ်စွမ်းအား

- **တံခါးပေါက်မှန်၊ ထည့်သွင်းပြန်၊ ကိုယ့်ကံစိတ်ချရ။**
- **ပညာအရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်စွမ်းပြည့်ဝ။**
- **ခံစားခွင့်ဝယ်၊ နှစ်သက်ဖွယ်၊ တကယ်ရောက်လာကြ။**

ကုသိုလ်ကြိုက်တဲ့နေရာမှာလဲ ဒါနကြိုက်သူတွေဒါနလုပ်နေကြပါတယ်၊ သီလကြိုက်သူတွေ သီလကျင့်သုံးနေကြပါတယ်၊ ဘာဝနာကြိုက်သူတွေ ဘာဝနာပွားနေကြပါတယ်၊ ကိုယ်ကြိုက်လို့ပဲ ကိုယ်လုပ်နေကြတာပါ၊ ကုသိုလ်ကြိုက်လို့ ကုသိုလ်လုပ်သူအတွက် ခံစားခွင့်ဆိုတာ စိတ်စွမ်းအားမြှင့်တင်နိုင်သလောက် ရောက်ရှိလာရစမြဲပါ၊ သဒ္ဓါတရားတံခါးပေါက်မှန်ပြီး ပညာအလင်းရောင်ပါလာရင် စိတ်စွမ်းအားကို ကြိုက်သလောက်မြှင့်တင်နိုင်တဲ့အတွက် ခံစားခွင့်ကိုလိုသလောက်ရယူနိုင်ပါတယ်၊ သုညဘဝရောက်နေတဲ့ မဟာဒုဂ်ဟာ စိတ်စွမ်းအားမြှင့်နိုင်လို့ မျက်မှောက်ဘဝမှာပဲ အဆင့်မြင့်ခဲ့ရပါတယ်၊ သုညဖြစ်သွားတဲ့ ဂေါပါလသူဌေးသမီးဟာလဲ စိတ်ဓါတ်ကိုမြှင့်တင်ကြိုးစားနိုင်လို့ မျက်မှောက်ဘဝမှာပဲ တိုးတက်မြင့်မားကြီးပွားသွားခဲ့ရပါတယ်၊ ပါဏာတိပါတနဲ့ တစ်ဘဝလုံးအချိန်ကုန်ခဲ့ရတဲ့ တမ္ဗဒါဌိကဟာလဲ သေခါနီးအချိန် ရောက်မှ ကုသိုလ်ကိုစိတ်ပါလက်ပါလုပ်ဖြစ်လို့ ငရဲမရောက်ရပဲ တုသိတာနတ်ပြည်ကို ရောက်ခဲ့ရပါတယ်။

## ၁၁။ အဆင့်မီမှ အားပြည့်ဝ

- **စိတ်ထားညံ့က၊ မပြည့်ဝ၊ အောက်ကျအရာရာ။**
- **စိတ်ထားကောင်းလျှင်၊ စွမ်းအားရှင်၊ အောင်မြင်တိုးတက်ပါ။**
- **စိတ်ဓာတ်လွန်ကဲ၊ အားကုန်ခဲ၊ ထူးကဲရသည်သာ။**

စိတ်စွမ်းအားထုတ်ပြီး ကုသိုလ်လုပ်ကြတဲ့အခါ ကုသိုလ်စွမ်းအားကို လက်ခံမှုအပေါ် မူတည်ပြီး (၁)အဆင့်နိမ့်၊ (၂) အဆင့်မီ၊ (၃) အဆင့်လွန်လို့ (၃)ဆင့်ရှိပါတယ်။ ကိုယ့်စေတနာကိုယ့်စွမ်းအားကို မယုံကြည်သူများက အဆင့်နိမ့်ကုသိုလ်ကိုသာလုပ်ကြပါတယ်၊ ဘယ်ကုသိုလ်ကိုပဲလုပ်လုပ် အပေါ်ယံ ရှော့ရှတ်ရှတ်ဟာတာတာနဲ့ပဲ ပြီးစလွယ်လုပ်တတ်ကြပါတယ်၊ ကိုယ့်စေတနာကိုမှ ကိုယ်မယုံဘူးဆိုရင် စိတ်စွမ်းအားထုတ်လုပ်တဲ့အခါ လျှော့ကျညံ့ဖျင်းသွားတတ်ပါတယ်၊ ဒီလိုဆိုရင် ခံစားခွင့်ကျတော့လဲ ဘာမျှသုံးစားလို့မရ လူစဉ်မမီ အဆင့်မမီတဲ့ အောက်ကျနောက်ကျဘဝမျိုးကိုသာ ရတတ်ပါတယ်၊ အာနန္ဒသူဌေးဟာ စိတ်ထားအဆင့်မမီခဲ့လို့ နောက်ဘဝမှာ သုံးလို့မရတဲ့ လူစဉ်မမီအောက်တန်းကျတဲ့ ဒွန်းစဏ္ဍားဘဝရောက်ခဲ့ရပါတယ်။

ပါယာသိမြို့စားဟာလဲ တပည့်ဥတ္တရကိုသာလွှဲထားပြီး အလှူကို အဆင့်နိမ့်တဲ့စိတ်နဲ့လုပ်မိလို့ နတ်ဖြစ်တော့ တပည့်ကိုမမီတော့ပဲ အဆင့်နိမ့်နတ်မွဲ တစ်ယောက်သာ ဖြစ်ရရှာတယ်။

ကိုယ့်စေတနာစွမ်းအားကိုအဆင့်မီအောင် ယုံကြည်လက်ခံသူများက အဆင့်မီစွမ်းအားကို ထုတ်ပြီး အဆင့်မီကုသိုလ်ကိုလုပ်တဲ့အတွက် အများနဲ့ ရင်ဘောင်တန်းနိုင်တဲ့ အဆင့်မီခံစားခွင့်ကို ရကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စေတနာစွမ်းအားကို လွန်လွန်ကဲကဲယုံကြည်မှုပြင်းထန်သူ အမြင်စူးရှထက်မြက်သူများကတော့ ကုသိုလ်ကိုဘယ်တော့မှ ပြီးစလွယ်ပေါ့ပေါ့ဆဆလုပ်လေ့မရှိကြဘူး "ကိုယ့်စေတနာကိုမှ ကိုယ်မယုံရင် ဘယ်သူ့ကို ယုံမလဲ" "ကိုယ့်စေတနာကိုမှ တန်ဖိုးမထားမလေးစားရင် ဘယ်သူ့ကိုလေးစားမလဲ၊ စေတနာစွမ်းအားဟာ မြင့် တင်နိုင်သလောက်တက်လာရမှာပဲ၊ မြင့်လို့ဖြစ်နိုင်သလောက် မြင့်လိုက်မယ်"လို့ အဆင့်လွန်သွားအောင် မြင့်တင်ကြိုးစားလေ့ရှိတယ်၊ သူ့အတွက်ကျတော့ ခံစားခွင့်ဟာ အရာရာမှာသူတကာလိုက်လို့မမီအောင် ရှေ့တန်း ကချည်းပြေးနေတတ်ပါတယ်၊ အရှင် ဗာကုလဟာ ကုသိုလ်လုပ်တိုင်း အဆင့်လွန် အထက်တန်းစိတ်ထားပြီး လုပ်ခဲ့လို့ နောက်ဆုံးဘဝထိ ဘဝတိုင်း အများလိုက်လို့မမီနိုင်တဲ့အဆင့်လွန် ကောင်းကျိုးကိုချည်းရရှိခဲ့ပါတယ်၊ တကယ်တော့ခံစားခွင့်ဆိုတာ ဖြစ်ချင်သလိုဖြစ်လာကြတာမဟုတ်ပဲ ကိုယ့်မှာရှိသလို ရရှိပေါ်ပေါက်လာကြတာပါ။

## ၁၂။ စိတ်အားမြင့်လျက် ကျက်အောင်ချက်

■ **ဆန်ကိုချက်က၊ ထမင်းရ၊ စားကြပုံပမာ။**

■ **စိတ်ကိုလဲပဲ၊ နိုင်အောင်ဆွဲ၊ အမြဲချက်ပြုတ်ပါ။**

■ **စိတ်ဓာတ်မြင့်တင်၊ စွမ်းအားရှင်၊ အမြင်ရှင်း၍ ရင့်ကျက်လာ။**

ဆန်ကိုအစိမ်းစားလို့မဖြစ်တဲ့အတွက် ထမင်းဖြစ်အောင်ချက်ပြုတ်ပြီးစားကြရသလို စိတ်ဆိုတာလဲ အစိမ်း သုံးလို့မဖြစ်တဲ့အတွက် စွမ်းအားမြင့်တက်ရင့်ကျက်လာအောင် ချက်ပြုတ်ပြီးသုံးကြရပါတယ်၊ ကောင်းမှုကုသိုလ် လုပ်တယ်ဆိုတာ စိတ်အစိမ်းကိုကျက်အောင် ချက်ပြုတ်ရတဲ့သဘောပါပဲ၊ စိတ်အစိမ်းဟာ ဘယ်နေရာမျှ ကောင်း ကျိုးအတွက်သုံးလို့မဖြစ်ပါဘူး၊ အာရုံထိခိုက်မှုကိုမခံနိုင်ဘူးဆိုတာ စိတ်ကိုအစိမ်းထားတဲ့ကြောင့်ပါပဲ။

ဆန်ကိုကျက်အောင်ချက်ပြုတ်ချင်တော့ ဆန်ကိုအိုးထဲမှာထည့်ပေးရသလိုပဲ စိတ်ကိုရင့်ကျက်အောင် ချက်ပြုတ်ချင်တော့လဲ စိတ်ကိုသဒ္ဓါတရားအိုးထဲမှာထည့်ပေးရပါတယ်၊ ပစ္စည်းပေါတိုင်း အချိန်အားတိုင်း ကုသိုလ် လုပ်ကြတာမဟုတ်ပဲ ယုံကြည်ချက်သဒ္ဓါတရားရှိမှသာ ကုသိုလ်လုပ်ဖြစ်ကြတာပါ။ ဒါကြောင့် ယုံကြည်ချက် သဒ္ဓါတရားအိုးထဲမှာ စိတ်ကိုထည့်ပေးမှ ရင့်ကျက်အောင်ချက်ပြုတ်ဖြစ်ပါလိမ့်မယ်။

စိတ်ဆန်ကို အိုးထဲမှာထည့်ပြီးရင် သဒ္ဓါတရားရေနဲ့ပဲ စင်ကြယ်အောင်ဆေးကြောရမယ်၊ ပြီးတော့ သမာဓိ ရေကို လုံလောက်အောင်ထည့်ပေးရမယ်၊ သဒ္ဓါသတိတွဲတဲ့ သမာဓိရေကိုထည့်မပေးရင် စိတ်ဆန်တွေ မရင့် ကျက်ပဲ လောင်ကျွမ်းကုန်မှာပဲ၊ နေ့စဉ်အိပ်တဲ့ အချိန်ကလွဲရင် မနေမနား လှုပ်ရှားကြိုးစားနေပါလျက် စွမ်းအား မတက် မရင့်ကျက်ပဲ အပူတွေသာတိုးနေတယ်ဆိုတာ စိတ်ဆန် ကို ချက် ပြုတ်တဲ့အခါ ဝီရိယမီးကိုချည်း ဖို ထိုးနေပြီး သမာဓိရေထည့်မပေးတဲ့အတွက် စိတ်ဆန်တွေ ကျွမ်းကျွမ်းသွားတဲ့သဘောပါပဲ။

ရေထည့်ပေးပြီးရင်၊ ဒါန သီလ သမထ ဝိပဿနာဆိုတဲ့လမ်းစဉ် လမ်း ၄-ချက်မီးဖိုပေါ် ဖိုခနောက်ပေါ် မှာ စိတ်ကိုတင်ပေးရပါလိမ့်မယ်၊ တင်ပေးပြီးရင် အသိ သတိအထိန်းပါတဲ့ မှန်ကန်စွာ အားထုတ်ခြင်းဆိုတဲ့ ဝီရိယမီးကို မှန်မှန်ထိုးပေးရပါမယ်။ ဝီရိယမီးက စိတ်ကိုမလောင်ပါဘူး၊ ရင့်ကျက်အောင်သာချက်ပေးပါတယ်၊ စိတ်ကိုလောင်တာက ကိလေသာမီးပါ၊ ကိလေသာမီးတွေ ခန်းသွား ရှင်းသွားအောင် ဝီရိယမီးနဲ့ထိုးပြီး ရှင်းပေးရပါ မယ်။ တစ်နည်းအားဖြင့် ကိလေသာရေလဲခန်းအောင် စိတ်ဆန်လဲ ထမင်းအဖြစ်ရင့်ကျက်အောင် ဝီရိယမီးကို ထိုးပြီး ချက်ပြုတ်ပေးရပါတယ်။

ပြီးတော့ ပညာထမင်းချက်သမား ကျွမ်းကျင်ဖို့လဲလိုပါလိမ့်မယ်၊ မြင့်တင် ထုတ်ယူနိုင်သလောက် ပေါ်ထွက် လာနိုင်တဲ့စေတနာစွမ်းအားရလဒ်ကို သိမြင်နိုင်တဲ့ပညာ, ကိုယ့်ခန္ဓာအကြောင်းကို သိရှိနားလည်နိုင်တဲ့ပညာ, သွားရမယ့်လမ်းနှင့် ဦးတည်ချက်ကို သိမြင်နိုင်တဲ့ပညာ, ကိုယ်လုပ်ရမယ့်အလုပ်ကို ပြတ်ပြတ်သားသား သိမြင် နားလည်နိုင်တဲ့ပညာ စတဲ့အရှိကိုအရှိအတိုင်း နားလည်သိမြင်နိုင်တဲ့ပညာဆိုတဲ့ ထမင်းချက်သမားကျွမ်းကျင်မှပဲ စိတ်ကိုစွမ်းအားရှိသလောက်မြင့်ပြီးရင့်ကျက်အောင် ချက်ပြုတ်နိုင်ပါလိမ့်မယ်။

ပြီးတော့လဲ "မီးသတိပြု" ဆိုတဲ့အတိုင်း သတိလိုပါလိမ့်မယ်၊ ပကတိဆန်ကို ထမင်းချက်တဲ့အခါ ချက်တတ် တဲ့လူကြီးက ချက်တာတောင်မှ သတိလွတ်သွားရင် တူးတတ် ပွတတ် မနူးမနပ်ဖြစ်တတ်သလိုပဲ စိတ်ဆန်ကို စွမ်းအားထုတ်လုပ်ချက်ပြုတ်တဲ့အခါမှာလဲ "ပညာရှိသတိဖြစ်ခဲ"ဆိုတဲ့အတိုင်း သတိလွတ်သွားရင် စိတ်စွမ်းအား တရားတွေ မနူးမနပ်ဖြစ်သွားတတ်ပါတယ်၊ ကိလေသာမီးတွေလဲ ကြားညှပ်ပြီးလောင်သွား တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


သတိဆိုတာ အာရုံကိုလဲပုံဖေါ်ပေးရတယ်၊ ပေါ်လာတဲ့အာရုံကိုလဲ အလုပ်ကိစ္စမပြီးမီ ပျောက်ကွယ်မသွားရအောင် ထိန်းပေးရတယ်၊ အစ အလယ် အဆုံး အကုန်လုံးသိအောင်လဲ ဆောင်ရွက်ပေးရတယ်၊ ကိလေသာကြားမညှပ်ရအောင်လဲ ရှေ့နောက်စပ်ပေးရတယ်၊ အခြားအာရုံနှင့် မရောရအောင် စူးစူးစိုက်စိုက် ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းသိအောင်လဲ စိတ်ကိုအာရုံပေါ်မှာ ချပေးရပါတယ်၊ အဲဒီလိုစနစ်တကျချက်ပြတ်လိုက်လို့ ရင့်ကျက်တဲ့စိတ်စွမ်းအားပိုင်ရှင်ဖြစ်လာရင် (၁) ရှာဖွေထုတ်လုပ်မှု စွမ်းအား၊ (၂) အသုံးချမှုစွမ်းအား၊ (၃)ထိန်း သိမ်းမှုစွမ်းအား၊ (၄) ခံနိုင်မှုစွမ်းအားလို့ဆိုတဲ့ လူ့စွမ်းအား (၄)ချက်ကို ရရှိပိုင်ဆိုင်နိုင်တော့တာပါပဲ၊ အနေလှဖို့ အသေစိတ်ချရဖို့အတွက် ရင့်ကျက်မြင့်တက်တဲ့ နှစ်ဖက်လှအပေါင်းလက္ခဏာစွမ်းအားကိုလဲ ရတော့တာ ပါပဲ။

## ၁၃။ ကောင်းခြင်း ၄-မြာ လူ့ချမ်းသာ

- **ရှိသင့်သမျှ၊ စုထားမှ၊ မှချချမ်းသာမည်။**
- **အသုံးချပုံ၊ အကွက်စုံ၊ လူ့ဘုံချမ်းသာမည်။**
- **ကြွေးပေးစရာ၊ ကင်းမှသာ၊ လူ့ရွာချမ်းသာမည်။**
- **အပြစ်ကင်းမှု၊ စိတ်ထားဖြူ၊ ထိုလူချမ်းသာမည်။**
- **ချမ်းသာ ၄-ရပ်၊ ပြည့်စုံလတ်၊ ကောင်းမြတ်လူခေါ်သည်။**

(၁) အိမ်ဋ္ဌနေသူ လူတို့အတွက် ဘုရားဟောထားတဲ့ ချမ်းသာ ၄-မျိုးဆိုတာရှိပါတယ်။ စည်းကမ်းဘောင်အတွင်း တရားနည်းလမ်းအတွင်းက အခြေအနေပေးသမျှ ရနိုင်သလောက်ပစ္စည်းကိုလဲ ကြိုးစားပြီး ရှာဖွေစုဆောင်းထားရမယ်၊ ရှိသင့်တာကပစ္စည်းသာမက တရားပါရှိရမှာဖြစ်တဲ့အတွက် ဘ၀ကောင်းခဏကောင်း အခွင့်ကောင်းကိုရနေတုန်း တရားကိုလဲရသလောက်စုထားရမယ်၊ ဒါမှသာ ရှိသင့်တာတွေရှိထားတာဖြစ်လို့ ရှိမှုကိုအကြောင်းပြုပြီး ဝမ်းသာကျေနပ်ချမ်းသာရပါလိမ့်မယ်။

(၂) ရရှိထားတဲ့ပစ္စည်းကိုလဲအကွက်ကျကျဘက်စုံချပြီး သုံးစွဲတတ်ရမယ်၊ မိမိရဲ့ခန္ဓာကိုယ်ကို သုံးစွဲဖို့အတွက် ကျန်းမာအောင် အသက်ရှည်အောင် ခွန်အားတိုးအောင် ဉာဏ်ပညာပွားအောင်လဲ သဒ္ဓါပညာတွဲပြီး ပစ္စည်းကို စားဝတ်နေရေးကိစ္စမှာ သုံးစွဲတတ်ရမယ်၊ ခန္ဓာကိုယ်ကိုအဖိုးတန်အောင် သုံးချင်လို့သာ စားဝတ် နေရေးအတွက် သုံးတာမျိုးဖြစ်ရမယ်၊ မော်ချင်ကြွားချင် ပျော်ချင်ပါးချင်လို့ သုံးတာမျိုးမဟုတ်ရဘူး၊ မလိုအပ်ပဲ အပိုသုံးတာဖြုန်းတာမျိုးလဲ မဖြစ်စေသင့်ဘူး။ ကြွေးဟောင်းဆပ်တဲ့အနေနဲ့ ကျေးဇူးရှင်မိဘ ဆရာသမားများအတွက် လှူဒါန်းထောက်ပံ့တဲ့အပိုင်းရော နိုင်ငံတော်အတွက် အခွန်ပေးဆောင်တဲ့အပိုင်းပါ မလစ်ဟင်းရအောင် သတိပညာရှိရလိမ့်မယ်။ သားသမီး၊ မြေး၊ တပည့်စတဲ့ မိမိရဲ့အရိပ်အောက်ကို ရောက်လာသူများအတွက်လဲ မလစ်ဟင်းရအောင် သဒ္ဓါမေတ္တာတရားနဲ့ ရှင်းရှင်းလင်းလင်း အေးအေးမြမြပေးကမ်းကူညီစောင့်ရှောက်ရမယ်။ နှစ်ဖက်ဆွေမျိုးများနဲ့ မိတ်ဆွေအပေါင်းအသင်းများအတွက်လဲ လက်လှမ်းမီသမျှ မေတ္တာစေတနာထားပြီး တတ်စွမ်းနိုင်သလောက် ကူညီစောင့်ရှောက် ချီးမြှောက်ပေးရမယ်။ မျိုးစေ့စိုက်တဲ့အနေနဲ့ ဒါနလုပ်ငန်းကိုလဲ မလစ်လပ်အောင် ဆောင်ရွက်ဖို့လိုပါလိမ့်မယ်၊ လိုရင်းကတော့ ပစ္စည်းကုန်သွားတဲ့နေရာမှာ မကုန်နိုင်တဲ့တရားကျန်ရစ်ခဲ့ဖို့ အဓိကပါ။ အဲဒါမှသာ အသုံးချမှုအကွက်ကျပြီး ဝမ်းသာကျေနပ် ချမ်းသာရပါလိမ့်မယ်။

(၃) ရရှိလာတဲ့ပစ္စည်းကိုသုံးတဲ့အခါ စည်းစနစ်ရှိမှု စည်းကမ်းလေးစားမှု ခြိုးခြံချွေတာအောင့်အည်းနိုင်မှု မလိုအပ်ပဲအပိုမဖြုန်းတီးမှုစတဲ့ စွမ်းအားကောင်းများကိုမွေးမြူပြီး ပစ္စည်းကို ကျစ်ကျစ်လစ်လစ်သုံးစွဲ တတ်ဖို့လိုလိမ့်မယ်၊ ဒါမှသူများထံ အောက်ကျနောက်ကျခံပြီး ကြွေးယူရခြင်းမှကင်းလိမ့်မယ်၊ ပစ္စည်းကြွေးကင်းဖို့လိုသလို တရားကြွေးကင်းဖို့လဲလိုမှာပါ၊ ယနေ့ရနိုင်မယ့်ကောင်းမှုတရားကို ယနေ့ပဲလုပ်ထားမှ စိတ်အေးရပါလိမ့်မယ်၊ ယနေ့လုပ်နိုင်ခွင့်ရှိတဲ့ကောင်းမှုကို နောက်နေ့ကိုရွှေ့လိုက်ရင် ယနေ့တရားကြွေးတင်သွားမှာပါ။ ကြွေးကင်းမှုလဲ ဝမ်းသာကျေနပ်ချမ်းသာရပါလိမ့်မယ်။

(၄) ခန္ဓာတာဝန်ထမ်းဆောင်ရင်း ပစ္စည်းရှာတဲ့အခါ ကာလဒေသအားလျော်စွာ သတ်မှတ်ထားတဲ့ စည်းကမ်း ဥပဒေကိုလဲ မကျော်လွန်မိအောင် သဒ္ဓါ ပညာ သတိ အထိန်းနဲ့ လူ့ကျင့်ဝတ်ကိုလဲ ရဲဝံ့တည်ငြိမ်ပြတ်သားစွာ


www.burmeseclassic.com

www.burmeseclassic.com



လိုက်နာမိအောင် ထိန်းသိမ်းစောင့်စည်းနိုင်ရပါလိမ့်မယ်။ အဲဒါမှ အဖိုးတန်လှတဲ့အပြစ်ကင်းမှု ချမ်းသာကို ပျော်ရွှင်ကြည်နူးစွာ ပိုင်ဆိုင်ခွင့်ရရှိပါလိမ့်မယ်။

## ၁၄။ မောင်းနိုင်သလောက် လို့ရာရောက်

- **လှည်းယာဉ် ကားယာဉ်၊ ရထားယာဉ်၊ မောင်းနှင်သလောက် ရောက်နိုင်သည်။**
- **စိတ်ကိုလဲပဲ၊ နိုင်အောင်ဆွဲ၊ အမြဲတွင်အောင် မောင်းရမည်။**
- **အကြောင်းအင်္ဂါ၊ စုံမှသာ၊ လိုရာရောက်နိုင်သည်။**

လောကမှာ ယာဉ်များကိုလမ်းပေါ်တင်ပြီး လိုရာရောက်အောင် မောင်းနှင်ကြသလို စိတ်ကိုလဲပဲ တရားလမ်းကြောင်းပေါ်တင်ပြီး လိုရာရောက်အောင် မောင်းနှင်ပေးရပါတယ်။ လှည်းမောင်းတဲ့အခါ လှည်းကိုယ်ထည်ကောင်းဖို့လိုသလို စိတ်ကိုမောင်းတဲ့အခါမှာလဲ သဒ္ဓါတရားနဲ့ ကြံ့ခိုင်စွာ တည်ဆောက်ထားတဲ့ စိတ်ကိုယ်ထည်ကောင်းဖို့လိုတယ်၊ နွားနှစ်ကောင်ကောင်းဖို့လိုသလို ဝီရိယ သမာဓိနှစ်ပါးညီဖို့ လဲလိုတယ်။ သတိဆိုတဲ့ ကြိုးခိုင်ခိုင်ချည်ပြီး ကြိုးထိန်းနဲ့ မောင်းဖို့လဲ အထူးလိုမှာပါပဲ၊ ပညာဆိုတဲ့ လှည်းမောင်းသမားက ပညာနှင်တံနဲ့ခပ်နာနာထိုးပြီး မောင်းဖို့လဲလိုအပ်ပါလိမ့်မယ်၊ ဒါမှ စိတ်လှည်းကို လိုရာအရောက် လိုသလိုမောင်းနိုင်မှာဖြစ်ပါတယ်။

ကားမောင်းတဲ့အခါမှာလဲ ကားကိုယ်ထည်ကောင်းဖို့လိုသလို စိတ်ကိုမောင်းတဲ့အခါမှာလဲ သဒ္ဓါတရားနဲ့ တည်ဆောက်ထားတဲ့စိတ်ကိုယ်ထည်ကောင်းရမယ်၊ ဝီရိယဆိုတဲ့စက် ကောင်းရမယ်၊ သတိဘရိတ်ကောင်းရမယ်၊ သမာဓိဓါတ်ဆီ စက်ဆီလုံလောက်ရမယ်၊ ပညာဆိုတဲ့ ကားမောင်းသမားကျွမ်းကျင်ရမယ်၊ အဲဒါမှ စိတ် မော်တော်ကားကို ဒါန သီလ သမထ ဝိပဿနာတရားလမ်းကြောင်းပေါ်တင်ပြီး နိဗ္ဗာန်ပန်းတိုင်အရောက် စိတ်ကြိုက် မောင်းနှင်နိုင်မှာဖြစ်ပါတယ်၊ တစ်ခုခုချို့ယွင်းသွားရင် မောင်းလို့အဆင်ပြေမှာ မဟုတ်တော့ပါဘူး။

## ၁၅။ အဆိပ်ပင်ကို ခုတ်ဖို့လို

- **စည်းကမ်းသီလ၊ စောင့်ထိန်းက၊ ခုတ်ရပင်စည်ကို။**
- **သမာဓိအား၊ တိုးအောင်ပွား၊ ရှိုပြားသစ်ငုတ်တို။**
- **ဝိပဿနာ၊ မြတ်ပညာ၊ တူးပါမြေကြီးကို။**

အပေါင်းလက္ခဏာပြပေးတဲ့အခါ၊ အဆိပ်ပင်ကို ခုတ်ဖြတ်တဲ့အပိုင်းလဲပါဝင်မှ စွမ်းအား မြင့်တက်ပါလိမ့်မယ်၊ မိမိနေရာအနီးမှာ အန္တကိုရှုမိရုံနဲ့ ဆင်းရဲဒုက္ခပေးတတ်တဲ့ အဆိပ်ပင်ပေါက်နေရင် အဆိပ်ပင်မှန်း သိတာနဲ့ ခုတ်ရမှာပဲ၊ အဲဒီအတိုင်းပဲ မိမိရဲ့စိတ်အစဉ်မှာ ကိလေသာအဆိပ်ပင်ကို အဆိပ်ပင်မှန်းသိသူဟာ ခုတ်ရမှာပါပဲ။

အဆိပ်ပင်ခုတ်ရတဲ့အခါ ပုဆိန်စတဲ့ အရာများနဲ့ အကိုင်းအခက်နှင့်တကွ ပင်စည်ပိုင်းကို ခုတ်ရသလို သီလသိက္ခာနဲ့ ကိုယ်နှုတ်လွန်ကျူးမှု ဝီတိက္ကမ ကိလေသာဆိုတဲ့ ပင်စည်အကိုင်းအခက်ကို ခုတ်ရပါတယ်၊ ပင်စည်အကိုင်းအခက်ကို ခုတ်ပြီးရင် ကျန်တဲ့အဆိပ်ပင်ငုတ်တိုကို မီးရှို့ရသလိုပဲ သမာဓိသိက္ခာနဲ့ မနောဒွါရမှာ သောင်းကျန်းနေတဲ့ပရိယုဋ္ဌာနကိလေသာဆိုတဲ့ ငုတ်တိုကို မီးရှို့ပစ်ရပါ တယ်၊ အဆိပ်ပင်ငုတ်တိုကို မီးရှို့ပြီးတဲ့အခါ မြေကြီးထဲရောက်နေတဲ့သစ်မြစ်ကို ပေါက်ပြားတူရွင်းစသည်နဲ့ မြေကိုတူးဆွပြီး အမြစ်ကို ခုတ်ဖြတ်ပစ်သလို ဝိပဿနာပညာနဲ့ ခန္ဓာမြေကြီးကို ရုပ်နာမ်ကွဲ အောင်ခွဲကာတူးဆွပြီး အနုသယကိလေသာ ဆိုတဲ့ သစ်မြစ်ကို ဝိပဿနာပညာနဲ့ပဲ အစွဲပြုတ်အောင် ခုတ်ဖြတ်ရှင်းလင်းရပါတယ်။

## ၁၆။ အားကိုးစရာ ရအောင်ရှာ

- **မှီခိုစရာ၊ ကောင်းမှသာ၊ မှန်စွာအားကိုးရ၊**
- **မှီခိုတတ်မှု၊ စိတ်ထားဖြူ၊ ထိုလူအားကိုးရ။**
- **မှီခိုသလောက်၊ စွမ်းအားရောက်၊ မကြောက်ရအောင် အားကိုးရ။**

လောကထဲမှာ ကြောက်စရာတွေပေါ်တဲ့အတွက် အားကိုးစရာဆိုတာ အထူးပဲလိုအပ်လှပါတယ်၊ အဲဒီ အားကိုးစရာက . . . (၁) မှီခိုရာ အားကိုးစရာ (၂)မှီခို တတ်တဲ့အားကိုးစရာ (၃) မှီခိုလိုက်လို့ ရရှိလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အားကိုးစရာ- ရယ်လို့ အကျဉ်းချုပ် ၃-မျိုးရှိပါတယ်၊ အဲဒီ ၃-မျိုးထဲမှာ -

(၁) **မှီခိုရာ အားကိုးစရာဆိုတာ** ရတနာ ၃-ပါးနှင့် ရတနာ ၃-ပါးကို မှီခိုခွင့်ရလို့ အရည်အသွေး တောက်ပြောင်ခွင့်ရကြတဲ့ ပညာရှိသူတော်ကောင်းတွေဖြစ်ပါတယ်၊ မှီခိုရာအားကိုးစရာဟာ မြစ်ထဲ ချောင်းထဲ တွင်းထဲ ကန်ထဲမှာရှိတဲ့ ရေချိုရေကောင်းတွေနဲ့တူပါတယ်။

(၂) **မှီခိုတတ်တဲ့ အားကိုးစရာဆိုတာ** အရည်အချင်းရှိတဲ့ မိမိရဲ့ခန္ဓာကိုယ်ကို ပြောတာပါ။ (ယုံကြည်ကျန်းမာ၊ ရိုးဖြောင့်ကာ၊ မှန်စွာအားထုတ်မှု၊ ပညာတရား ဤ ၅-ပါး ရှိငြားစွမ်းတဲ့လူ-ဆိုတဲ့ ) အရည်အချင်း ၅မျိုး ရှိလာရင် ကိုယ့်ဟာကိုယ်အားကိုးလို့ရလာပါတယ်၊ ဒီခန္ဓာကိုယ်ကြီးဟာ ဇရာကြိုးအဆွဲခံနေရတာဖြစ်လို့ တိုက်ရိုက်အားဖြင့် အားကိုးစရာမဟုတ်သော်လဲ အားကိုးစရာ တရားစွမ်းအားများကို ဖေါ်ထုတ်ပေးတတ်တဲ့အတွက် သွယ်ဝိုက်တဲ့အနေနဲ့ အားကိုးစရာလို့ပဲခေါ်ရပါတယ်၊ မှီခိုတတ်တဲ့အားကိုးစရာကတော့ မြစ်ထဲ ချောင်းထဲ တွင်းထဲကန်ထဲမှာ ရှိတဲ့ရေတွေ ကိုယ့်နေအိမ်ကိုရောက်လာအောင် ခပ်ယူသွယ်ယူတာနဲ့တူပါတယ်။

(၃) **မှီခိုလိုက်လို့ရရှိလာတဲ့ အားကိုးစရာဆိုတာ** ရတနာ ၃-ပါးကိုမှီပြီး ယူနိုင်သလောက် ကြိုးစားနိုင်သလောက် ရရှိလာကြတဲ့ ဒါန သီလ သမထ ဝိပဿနာဆိုတဲ့ ကောင်းမှုတရားစိတ်စွမ်းအားတွေ ဖြစ်ပါတယ်။ အဲဒီစွမ်းအားတွေကသာ မုချအားကိုးစရာဖြစ်ပါတယ်၊ အဲဒီစွမ်းအားတွေကို ဘယ်ကရလာသလဲဆိုတော့ အရည်အချင်းရှိတဲ့ ဒီခန္ဓာကိုယ်ကြီးကထုတ်လုပ်ပေးပါတယ်၊ ဒီခန္ဓာကိုယ်ကြီးကလဲ ဘာ့ကြောင့်ထုတ်လုပ်တတ်ရသလဲ ဆိုတော့ ရတနာ ၃-ပါးစတဲ့ မှီခိုရာကောင်းကောင်းကို မှီခိုခွင့်ရတဲ့ကြောင့် ပါပဲ၊ အဲဒီလိုကြောင်းကျိုးဆက်သွယ်နေပါတယ်၊ အဲဒီမုချ အားကိုးစရာ တရားစွမ်းအားတွေဟာ မြစ်ထဲ ချောင်းထဲတွင်းထဲ ကန်ထဲကရေတွေ ခပ်ယူနိုင်သလောက် ကိုယ့်နေအိမ်ကိုယ့်နေရာကို ရောက်လာတာနဲ့တူပါတယ်။

## ၁၃။ အလှူကျေးဇူး စွမ်းရည်ထူး

- **ဒါနစွမ်းအား၊ စုသူများ၊ စီးပွားမေတ္တာ ပြည့်စုံသည်။**
- **အလှူပေးမှု၊ ချင်ခင်သူ၊ ပြောထူပြည့်ဝသည်။**
- **ငြိမ်သက်ကြည်လင်၊ ပညာရှင်၊ ထွက်ဝင်ချည်းကပ်ကြုံရသည်။**
- **ကောင်းသတင်းများ၊ လွန်ကျော်ကြား၊ ပြန့်သွားရလေသည်။**
- **ကိုယ်ကျင့်တရား၊ ပြည့်စုံငြား၊ ခံ့ညားထည်ဝါ ရဲရင့်သည်။**
- **သေပြီးသည့်နောက်၊ ကောင်းရာရောက်၊ စားသောက်သုံးဆောင်ပြည့်စုံသည်။**
- **အလှူအကျိုး၊ ဤ (၅) မျိုး၊ တန်ခိုးတက်လာသည်။**
- **အလှူကျေးဇူး၊ စွမ်းရည်ထူး၊ ချီးကျူးထိုက်ပေသည်။**

သဒ္ဓါဖွေးဖြူမေတ္တာကူပြီး, စင်ကြယ်သန့်ရှင်း, တွယ်တာမှုကင်းတဲ့ စိတ်နဲ့ အလှူခံပုဂ္ဂိုလ် လက်ထဲမှာ စွန့်ကြတာကို ဒါနလို့ခေါ်ပါတယ်၊ စိတ်စွမ်းအား တန်ခိုးပါမှ ဒါနကောင်းမှုဖြစ်နိုင်ပါတယ်၊ ဒါနဆိုတာ ရန်သူမျိုး ၅-ပါးနှင့် ဆက်ဆံနေတဲ့ပစ္စည်းဥစ္စာထဲက အနှစ်ကိုထုတ်ယူခြင်းလဲဖြစ်တယ်၊ အတိုးရဖို့သေချာတဲ့ အပေါင်းလက္ခဏာလဲဟုတ်တယ်၊ စွမ်းအားအပင်ပေါက်ဖို့ မျိုးစေ့စိုက်ပျိုး ထားခြင်းလဲဖြစ်တယ်၊ အတိုးအာမခံ စိတ်ချရတဲ့ ဘဏ်တိုက်မှာ အပ်နှံထားခြင်းမျိုးလဲဖြစ်တယ်၊ ပစ္စည်း လုံခြုံရေးအတွက် မီးခံသေတ္တာထဲမှာ ထည့်ထားခြင်းမျိုး လဲဖြစ်တယ်၊ သာသနာချီးမြှောက်ရေးမှာ ပစ္စယာနုဂ္ဂဟအနေနဲ့ အရေးတကြီးလိုအပ်တာဖြစ်လို့ သဒ္ဓါပညာမေတ္တာ ရှေ့ထားပြီး အကွက်ကျအောင်လုပ်တဲ့ဒါနဟာ သာသနာကိုကြာကြာတည်စေ နိုင်တဲ့စွမ်းအားရှိပါတယ်၊ ဒါနကို ဒါနနဲ့တူအောင် လုပ်လိုက်ရင် -

(၁) စီးပွားရေးနှင့် မေတ္တာစွမ်းအားတက်လာပြီး ကိုယ့်အပေါ်မေတ္တာရှိသူ ချစ်ခင်မြတ်နိုးသူ ပေါပါတယ်၊

(၂) ပညာရှိ သူတော်ကောင်းတွေနဲ့ ဆက်ဆံပေါင်းသင်းတွေ့ကြုံခွင့်ရပါတယ်၊

(၃) ကောင်းသတင်း ကျော်ကြားပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com


(၄) ကိုယ်ကျင့်တရားပြည့်စုံပြီး ပရိတ်သတ်အလယ် ခံ့ညားထယ်ဝါ ရဲရင့်ပါတယ်။

(၅) ဒါနဟာ သီလကိုပါ ကျေးဇူးပြုတာဖြစ်လို့ သေပြီးတဲ့နောက် ဘဝကောင်းကိုရပြီး စားဝတ်နေရေး နောက်ဆံမတင်းရအောင် ပြည့်စုံပါတယ်၊ အဲဒီ ၅-မျိုးက မတောင်းပဲရနိုင်တဲ့ မိမိစိတ်ကောင်းထားမှုကြောင့် ရောက်လာကြတဲ့ လောကီကောင်းကျိုးတွေပါ၊ ဗုဒ္ဓသာသနာကို မှီခိုခွင့်ရထားသူများကတော့ လောကီ အကျိုးမျှလောက်နဲ့ တင်းတိမ်ကျေနပ်မနေပဲ သိက္ခာ(၃)ပါးလမ်းကြောင်းပေါ်ရောက်အောင် စိတ်အစဉ်ကိုမြှင့်တင်ပေးပြီး လောကုတ္တရာ ချမ်းသာကိုရနိုင်သည်ထိ ဦးတည်ပေးရပါလိမ့်မယ်။

## ၁၈။ သီလအကျင့် ဆင်တိုင်းတင့်

- **စည်းကမ်းသီလ၊ စောင့်ထိန်းက၊ ဘ ဝခန္ဓာ လုံခြုံသည်။**
- **စည်းကမ်းလိုက်နာ၊ စောင့်ထိန်းတာ၊ ဥစ္စာတိုးတက် လုံခြုံသည်။**
- **ကောင်းသတင်းများ၊ လွှန်ကျော်ကြား၊ ပြန့်သွားရလေသည်။**
- **ပရိသတ်လယ်၊ လွှန်တင့်တယ်၊ ထည်ဝါခံ့ညား ရဲရင့်သည်။ (ခန့်ထည် ရဲရင့်သည်)**
- **မတွေမဝေ၊ သေရပေ၊ လားလေထက်နတ်ပြည်။**
- **သီလအကျိုး၊ ဤ ၅-မျိုး၊ တန်ခိုးတက်လာသည်။**
- **သီလအကျင့်၊ ဆင်တိုင်းတင့်၊ ရဲရင့်တည်ငြိမ်သည်။**

ကိုယ်နှင့်နှုတ်ကိုလမ်းမချော်ရအောင် စည်းကမ်းဘောင်အတွင်းမှာ ထိန်းသိမ်းထားတာကို သီလလို့ ခေါ်ပါတယ်၊ သီလဆိုတာ ရောဂါအမျိုးမျိုးတွေနဲ့ ဆက်ဆံနေတဲ့ခန္ဓာကိုယ်ထဲက အနှစ်ထုတ်ယူနေခြင်းလဲဖြစ်တယ်၊ စွမ်းအားတက်ဖို့သေချာတဲ့ အပေါင်းလက္ခဏာလဲဟုတ်တယ်၊ အလှဆုံးတန်ဆာနဲ့ အလှဆင်ပေးနေခြင်းလဲဖြစ်တယ်၊ သံသရာခရီးမှာအားမငယ်ရအောင် ထောက်တည်ရာ တံတားခင်းပေးနေခြင်းလဲဖြစ်တယ်၊ အထက်တန်းကျ မွန်မြတ်တဲ့အပြစ်ကင်းမှုချမ်းသာကို အရယူနေခြင်းလဲ ဖြစ်တယ်၊ သမာဓိပညာ သိက္ခာကိုတက်ရောက်ဖို့ အမာခံလှေကား ထောင်ပေးခြင်းလဲဖြစ်တယ်၊ ကျက်သရေပိုင်ရှင်ဖြစ်အောင် မြှင့်တင်ပေးနေခြင်းလဲဖြစ်တယ်၊ ဒါနကိုအကျိုးကြီးစေတဲ့ စွမ်းအား လဲဖြစ်ပါတယ်၊ အပါယ်ဘေးရန် ပြစ်ဒဏ်မျိုးစုံ၊ ရောဂါမျိုးစုံ မတွေ့ကြုံရေးအတွက် အာမခံတာဝန်ယူ တဲ့ ဘဝခန္ဓာ လုံခြုံရေးစွမ်းအား လဲဖြစ်ပါတယ်၊ သီလကို စွမ်းအားပါဝင်မြင့်မားအောင် ကျင့်သုံးလိုက်နာရင် . . .

(၁) အပ္ပမာဒသတိမြဲတာဖြစ်လို့ စည်းကမ်းစနစ်တကျမှုကိုအခြေခံပြီး စီးပွားဥစ္စာရရှိတိုးတက်ပြည့်စုံပါတယ်၊ ဘဝခန္ဓာလုံခြုံရေးအတွက်လဲ အာမခံရပါတယ်။

(၂) ကောင်းသတင်းကျော်ကြားတယ်၊ စည်းကမ်းပျက်သူ အကျင့်မကောင်းသူဟာ လူမသေမီမှာပဲ နာမည်သေပြီးနေတတ်တယ်၊ လူရာမဝင်တော့ဘူး၊ စည်းကမ်းရှိသူ အကျင့်ကောင်းသူကတော့ လူသေသွားပေမယ့် နာမည်ကောင်းမသေတော့ဘူး၊ အမြဲပြန့်မွှေးနေတတ်တယ်။

(၃) ပရိသတ်အလယ် ခန့်ညားထယ်ဝါရဲရင့်ပါတယ်။

(၄) မတွေမဝေသေရတာဖြစ်လို့ အသေလဲလှပါတယ်။

(၅) သေပြီးတဲ့နောက် ဘဝကောင်းရောက်ဖို့လဲ သေချာပါတယ်၊ အဲဒါတွေက မိမိရဲ့စိတ်ကောင်းထားမှုကြောင့် ရောက်လာကြတဲ့ မတောင်းဘဲအလိုအလျောက်ရနိုင်တဲ့ လောကီကောင်းကျိုးတွေပါ၊ သာသနာကပေးတဲ့ အသိဉာဏ်ရှိသူများကတော့ လောကုတ္တရာကောင်းကျိုးကိုရနိုင်သည်အထိ အသိဉာဏ်ကို ဦးဆောင်မြှင့်တင်ပေးရပါလိမ့်မယ်။

## ၁၉။ မေတ္တာစွမ်းအား မြတ်တရား

- **မေတ္တာတရား၊ တိုးအောင်ပွား၊ စိတ်ထားလုံခြုံသည်။**
- **မေတ္တာတရား၊ အစဉ်ပွား၊ စွမ်းအားပိုင်ရှင်ဖြစ်ရသည်။**



www.burmeseclassic.com

www.burmeseclassic.com


- စွမ်းအင်မေတ္တာ၊ ပွားသူမှာ၊ ချမ်းသာအိပ်နိုးမြင်မက်သည်။
- လူနတ်စသား၊ မေတ္တာထား၊ အများချစ်ကြသည်။
- နတ်ကောင်းနတ်မြတ်၊ စောင့်ရှောက်လတ်၊ ဘေးလွတ်ကင်းဝေးသည်။
- လက်နက်မီးတောက်၊ အဆိပ်ပျောက်၊ မရောက်ရှောင်ကွင်းသည်။
- စိတ်ဓာတ်ငြိမ်လွယ်၊ မျက်နှာဝယ်၊ ချစ်ဖွယ်အဆင်းကြည်လင်သည်။
- မတွေမဝေ၊ သေရပေ၊ လားလေ ဖြဟ္မာ့ပြည်။
- မေတ္တာအကျိုး၊ ဆယ့်တစ်မျိုး၊ တန်ခိုးတက်လာသည်။
- ဝိပဿနာ၊ မြတ်ချမ်းသာ၊ လွယ်စွာ ပွားနိုင်သည်။
- ဘာဝစည်းစိမ်၊ မဓမ္မေးမှိန်၊ ဂုဏ်ရှိန် တက်ရသည်။
- ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာ၊ မှန်စွာလက်ငင်း ရရှိသည်။
- မေတ္တာအကျိုး၊ နောက် (၃) မျိုး၊ တန်ခိုးတက်ပြန်သည်။

စိတ်အားသွင်းရတဲ့အလုပ်ကို ဘာဝနာလို့ ခေါ်ပါတယ်၊ သမထ ဝိပဿနာရယ်လို့ ဘာဝနာ (၂)မျိုးရှိတယ်၊ လှုပ်ရှားနေတဲ့စိတ်ငြိမ်သက်အောင် စိတ်ရဲ့အပူအခိုးအငွေ့တွေငြိမ်းအေးအောင် လုပ်ရတာကို သမထလို့ ခေါ်ပါ တယ်၊ ဝိပဿနာ ကတော့ ခန္ဓာရဲ့အရှိသဘောကို ခွဲခြမ်းစိတ်ဖြာပြီး ဉာဏ်နဲ့ မြင်အောင်ကြည့်ရတဲ့ အလုပ်ပါ။

သမထအမျိုးပေါင်း (၄၀)ထဲမှာ မေတ္တာဟာအရေးအကြီးဆုံးပါ၊ ဒါနလုပ်တော့လဲ မေတ္တာပါမှ အရည်အသွေးတက်ပြီး အကျိုးပေးထက်သန်ပါတယ်၊ သီလကျင့်သုံးတော့လဲ မေတ္တာနဲ့ထိန်းပေး နိုင်မှ သီလခိုင်မြဲပြီး အရှိန်အဝါတက်စေပါတယ်။ အခြားသမထ ဘာဝနာနဲ့ ဝိပဿနာပွားတော့လဲ မေတ္တာနဲ့အခြေခံပေးမှ မေတ္တာကို ပါတွဲပေးမှ အနှောင့်အယှက်ကင်းပြီး သမာဓိဉာဏ်တက်လွယ်ပါတယ်။

မေတ္တာဆိုတာ သူတစ်ပါးရဲ့အကျိုးကိုလိုလားသောအားဖြင့် ချစ်တတ်တဲ့သဘောပါ။တဏှာချစ်နဲ့မတူပါဘူး၊ တဏှာချစ်က ကိုယ့်အတွက်ကို ဦးစားပေးတာပါ။ ကိုယ့်အတွက်ပါတုန်းသာ ချစ်ပြီး ကိုယ့်အတွက် မပါတာနဲ့ တပြိုင်နက်မုန်းတတ်ပါတယ်၊ မေတ္တာကတော့ သူ့အတွက်ကိုသာဦးစားပေးတာဖြစ်လို့ ဘယ်တော့မှ မုန်းတယ်လို့ မရှိပါဘူး။

ပြီးတော့မေတ္တာဆိုတာ ချစ်တတ်သူမှာသာဖြစ်တတ်တယ်၊ ချစ်စရာအာရုံမှာသာ စိတ်ကိုထားတတ်တယ်၊ ချစ်တတ်သူမေတ္တာရှင်ပုဂ္ဂိုလ်ရဲ့ ကိုယ်ပိုင်ဥစ္စာလဲဖြစ်ပါတယ်။

အာရုံနဲ့ စိတ်နေရာမှန်မှ မေတ္တာစွမ်းအား ပေါ်လာလိမ့်မယ်၊ မေတ္တာခံ ပုဂ္ဂိုလ်ရဲ့အာရုံကို သတိနဲ့ပုံဖော်၊ ကောင်းကွက်ကိုမြင်အောင်ကြည့်၊ ချမ်းသာတဲ့ပုံကိုဖန်တီး၊ အလုပ်မပြီးမချင်း အာရုံမပျောက်ရအောင် ထိန်းထား၊ မေတ္တာခံပုဂ္ဂိုလ်ထံက ဘာမှမမျှော်နဲ့ သူကပေးမှာမဟုတ်ဘူး၊ မေတ္တာကသာပေးမှာ မေတ္တာကို မေတ္တာနဲ့တူအောင် လုပ်ဖို့သာ ကိုယ့်အလုပ်ဖြစ်တယ်။

ကြောက်လဲမကြောက်နဲ့၊ အကျိုးလိုလားတဲ့ မေတ္တာစိတ်နဲ့ လွှမ်းခြုံမိရင် မနှောင့်ယှက်နိုင်ဘူး၊ မေတ္တာခံပုဂ္ဂိုလ်ရဲ့အာရုံကိုစွပ်မိအောင် ဖမ်းပြီးမှ ချမ်းသာစေချင်တဲ့စိတ်ကောင်းတွေကို လေးလေးနက်နက် စူးစူးစိုက်စိုက် ပို့လွှတ်ပေးဖို့လိုလိမ့်မယ်။

မေတ္တာကိုစွမ်းအားပါအောင်ပို့လွှတ်ပွားများရင် မေတ္တာအကျိုး(၁၁)မျိုးကို ရနိုင်ပါတယ်၊ အဲဒီ (၁၁)မျိုးက (၁) ချမ်းချမ်းသာသာအိပ်ရတယ်၊ (၂) ချမ်းချမ်းသာသာအိပ်ရာကနိုးရတယ်၊ (၃) ကောင်းတဲ့ အိပ်မက် မြင်မက်ရတယ်၊ (၄) လူချစ်ခံရတယ်၊ (၅) နတ်နှင့်တကွ လူမဟုတ်တဲ့သတ္တဝါတွေရဲ့ချစ်ခင်မှုကို ခံရတယ်၊ (၆) နတ်ကောင်းတွေစောင့်ရှောက်ကြတယ်၊ နတ်ကောင်းတွေရဲ့ စောင့်ရှောက်မှုကိုခံရလို့ ဘေးရန်ကင်းကွာချမ်းသာရတယ်၊ (၇) မီးပူမလောင်နိုင်ဘူး၊ အဆိပ်မထိ နိုင်ဘူး၊ လက်နက်မထိနိုင်ဘူး၊ (၈) အအေးဓါတ်နဲ့စတာဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်တည်ငြိမ်အေးချမ်းလွယ်တယ်၊ သမာဓိရလွယ်တယ်၊ (၉) စိတ်နှလုံး စင်ကြယ်အေးချမ်းတာဖြစ်လို့ မျက်နှာအဆင်းကြည်လင်ပြီး ကျက်သရေပိုင်ရှင်ဖြစ်ရတယ်၊ (၁၀) မတွေ မဝေ အိပ်ပျော်သွားသလို သက်သက်သာသာ သေရတယ်၊ အနေသာ လှတာမဟုတ်ဘူး၊ အသေလဲ စိတ်ချရ တယ်၊ (၁၁) အရဟတ္တဖိုလ်မရသေးရင် (ရဟန္တာမဖြစ်သေးရင်) သေသွားပြီးတဲ့နောက် ဆင်းရဲနည်းပါး ချမ်းသာများတဲ့ ပြဟ္မာ့ပြည်ကိုလားရောက်ရတယ်၊ အဲဒီ အကျိုး(၁၁)မျိုးဟာ အပ္ပနာသမာဓိအဆင့် ရောက် အောင်ပွားတဲ့မေတ္တာရဲ့စွမ်းအားကို ပဓာနထားပြီး ပြောတာ မှန်သော်လဲ ဥပစာရသမာဓိ ခဏိကသမာဓိဖြစ်အောင်ပွားတဲ့မေတ္တာဟာလဲ သူ့အတိုင်းအတာနဲ့သူ အကျိုးပေးနိုင်ပါတယ်။

ပြီးတော့ (၁) မေတ္တာဟာ သမာဓိရလွယ်တဲ့အတွက် ဉာဏ်မျက်စိဖွင့် ရတာလွယ်ကူတာဖြစ်လို့ ဝိပဿနာပညာကိုဖေါ်ထုတ်ရတာ ချမ်းသာလွယ်ကူစေပါတယ်၊ (၂) ဘဝစည်းစိမ် မြင့်တက်ပြီး တည်ငြိမ် ရင့်ကျက်စေပါတယ်၊ (၃) မျက်မှောက်ဘဝစိတ်ချမ်းသာမှုကို လက်ငင်းရရှိစေပါတယ်၊ အဲဒီအကျိုး (၃)မျိုးကိုလဲ မေတ္တာက ပေးပါတယ်။

မေတ္တာစွမ်းအား ပေါ်ထွက်မြင့်တက်လာဖို့ဆိုရင် -

(၁) မေတ္တာခံပုဂ္ဂိုလ်များရဲ့ကောင်းကွက်ကို တွေ့တဲ့နည်းနဲ့ရအောင်ရှာနိုင်ရမယ်၊

(၂) ဒါမှ ကောင်းကျိုးကို လိုလားမယ်၊

(၃) ပြီးတော့ ကောင်းကျိုးကိုဆောင်ရွက်ပေးဖြစ်လိမ့်မယ်၊

(၄) ဒါမှ အပူစိတ် အမုန်းစိတ်တွေ ကင်းဝေးငြိမ်းအေးသွားမယ်၊

(၅) ဒါမှစိတ်အေးချမ်းမှုကို ချက်ချင်းရမယ်၊

အဲဒီလို မှ (၅)ချက်နဲ့ ကွင်းဆက်ပေးရပါတယ်။

နေ့စဉ် (၁) မိမိနှင့်အတူနေသူ (၂) မိမိနေရာရှိနတ်တွေ (၃) မိမိနေရာ ရပ်ကွက် မြို့ရွာရှိ အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်တွေနှင့် (၄) လူတွေကို မေတ္တာမှန်မှန် ပို့ဖို့လိုလိမ့်မယ်၊ ပြီးတော့မှ (၅) သတ္တဝါအကုန်လုံး ခြုံပို့ရုံပဲ။

(၁) အဲဒီ ၅-မျိုးထဲမှာ အတူနေပုဂ္ဂိုလ်တို့ကို ပို့လွှတ်ပေးရင် ချမ်းသာညီညွတ်စွာ ပေါင်းသင်းနေထိုင်ရတယ်။ (၂) မိမိနေရာရှိနတ်တွေကို ပို့လွှတ်ပေးရင် နတ်တွေရဲ့စောင့်ရှောက်ကူညီမှုကိုရရှိမယ်၊ (၃) အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်တွေကိုပို့လွှတ်ပေးရင် ကြည်ဖြူချစ်ခင်စွာနဲ့ ပစ္စည်းဥစ္စာများကိုလုံခြုံအောင် ပြန်စောင့်ရှောက်ပေးကြပါတယ်။ (၄) မိမိနဲ့အတူ တစ်မြို့ တစ်ရွာ တစ်ရပ်ကွက် တစ်လမ်းတည်းနေသူတို့အပေါ် ဖြန့်ပွားပေးရင် သူတို့ကကိုယ့်အပေါ်ပြန်ချစ်ကြပြီး အနှောင့်အယှက်ကင်းဝေး စိတ်အေးချမ်းစွာနေရမယ်။ (၅) သတ္တဝါအားလုံး ခြုံပို့ပေးရင် အရပ်ဒေသအားလုံး ဘယ်အရပ်ပဲသွားသွား ဘေးရန်ကင်းရှင်းပါတယ်။ သူ့ကိုရော ကိုယ့်ကိုပါ အေးမြချမ်းသာစေနိုင်တဲ့ မေတ္တာအပေါင်းလက္ခဏာကို နေ့စဉ်အသုံးချပွားများပေးဖို့ အထူးလိုအပ်လာပါလိမ့်မယ်။ မေတ္တာစက်ရပ်သွားတာနဲ့ လောကကြီးဟာ ပူလောင်ချောက်သွေ့သွားတယ်။ မေတ္တာနဲ့အလှဆင်မှ လောကကြီးဟာ သာယာစိုပြည်အေးမြမှာပါ။

## ၂၀။ ဝိပဿနာ မြတ်ချမ်းသာ

- **တရားရှုပွား၊ ပြုသူများ၊ စိတ်ထားလုံခြုံသည်။**
- **အနိစ္စဟု၊ မြင်အောင်ရှု၊ ပူမှုကင်းလွတ်သည်။**
- **လောဘကင်းကွာ၊ မမြဲတာ၊ ကောင်းစွာသိမြင်သည်။**
- **အနိစ္စမြင်၊ လောဘစင်၊ စွမ်းအင်ထူးခြားသည်။**
- **ဒေါသကင်းက၊ အေးချမ်းရ၊ ဒုက္ခမြင်နိုင်သည်။**



www.burmeseclassic.com

www.burmeseclassic.com



- **ဒုက္ခကိုမြင်၊ ဒေါသစင်၊ စွမ်းအင်ထူးခြားသည်။**
- **မောဟကင်းက၊ အနတ္တ၊ မုချမြင်နိုင်သည်။**
- **အနတ္တမြင်၊ မောဟစင်၊ စွမ်းအင်ထူးခြားသည်။**
- **အစွဲပြုတ်က၊ အပူကွာ၊ ချမ်းသာအေးမြသည်။**
- **အသေစိတ်ချ၊ အနေလှ၊ ဘဝအမြင် ရှင်းလာသည်။**

ဝိပဿနာဆိုတာ ခန္ဓာရဲ့အရှိကိုမြင်အောင်ကြည့်ပြီး စွမ်းအားထုတ်ယူရတဲ့အလုပ်ပါ။ မမြဒဏ်ချက် နှိပ်စက်ခံနေရတဲ့အသက်ထဲက အနှစ်ထုတ်ယူခြင်းလဲဖြစ်ပါတယ်။ ပူရမယ့်နေရာမှာ ငြိမ်းအေးလာအောင်, ရှုပ်ရမယ့်နေရာမှာ အမြင်ရှင်းလာအောင်, ကြောက်ရမယ့်နေရာမှာ ရဲဝံ့လာအောင် အစားထိုးပြီး လေ့ကျင့်ပေး ရတဲ့သဘောပါပဲ။ သမုဒယသစ္စာ တဏှာကြိုးနဲ့ တင်းကျပ်စွာချည်နှောင်ထားတဲ့ ဒုက္ခသစ္စာ ဆင်းရဲထုပ်ကြီးကို ဖြေပြီးကြည့်နေရတဲ့အလုပ်လဲ ဖြစ်ပါတယ်။

စိတ်ဆိုတဲ့သစ်တုံးကို သတိကြိုးနဲ့ဖောင်ဖွဲ့ပြီး ပညာအစောင့်နဲ့ မျှောပေးနေခြင်းလဲဖြစ်တယ်၊ အတိတ် အနာဂတ် ပစ္စုပ္ပန်အာရုံ တွေကို ရှုပ်ရှက်ခတ် ရောထွေးမယူပဲ တစ်နိုင်တစ်ကန့်စီ ရှင်းရှင်းလင်းလင်းယူပြီး မီးတောက်မခံပဲ နိုင်နင်းအောင်ထမ်းနေခြင်းလဲဖြစ်တယ်။

သိတတ်တဲ့စိတ်ရော သိစရာအာရုံရော အဆက်မပြတ်ပြောင်းလဲနေပုံကို ဉာဏ်နဲ့မြင်အောင် ကြည့်နိုင် ရင် ဒုက္ခသဘောနဲ့ အနတ္တသဘောလဲပိုင်ရတော့တာပါပဲ။ အပူနဲ့အစွဲတွေလဲ လျော့ပါးကင်းကွာသွားရပါ တယ်။ ဘဝရပ်တည်ရေးအတွက် ခန္ဓာကိုပြုပြင်နေတာမဟုတ်တော့ပဲ ဘဝအသုံးချရေးအတွက်သာ ဦးတည်တတ်လာပါ တယ်။ ဘဝအမြင်ရှင်းလာပြီး ဘာနဲ့ပဲတွေ့တွေ့ တွေ့သမျှနဲ့အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ နေတတ်လာပါတယ်။ လောကဓံကိုတောင် စိန်ခေါ်နိုင်တဲ့စွမ်းအားကိုရလာတယ်။ အနေလဲလှ အသေလဲ စိတ်ချ ရတဲ့ အံ့ဖွယ်စွမ်းအား ပိုင်ရှင်ဖြစ်လာမှာ ပါ။ "ကမ္ဘာ့အချမ်းသာဆုံးလူ"ဆိုတာ ဒီလိုတရားစွမ်းအားရှိသူမျိုးကိုသာ ပြောတာပါ။ သက်မဲ့သက်ရှိ ပစ္စည်းတွေသာကြွယ်ဝပြီး တရားစွမ်းအား မကြွယ်ဝရင် အချိန်မရွေး "ကမ္ဘာ့ အဆင်းရဲဆုံးလူ" ဖြစ်သွား နိုင်တာကိုတော့ အမြဲသတိရှိဖို့လိုပါလိမ့်မယ်။ တရားစွမ်းအားသာ ချမ်းသာရဲ့စစ်မှန်တဲ့ အပေါင်း လက္ခဏာဖြစ်ပါတယ်။ မိမိသန္တာန်မှာ အနုတ်လက္ခဏာ စိတ်မများစေပဲ အပေါင်းလက္ခဏာစိတ်တွေ များအောင် လုပ်ပေးဖို့အထူးလိုအပ်ပါတယ်။

- **အပေါင်းမပြု၊ အနုတ်က၊ မုချနိုင်လိမ့်မည်။**
- **အနုတ်မနိုင်၊ အပေါင်းနိုင်မှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာမည်။**

အားလုံးချမ်းသာကြပါစေ

တိပိဋကယောဆရာတော်
၁၃၅၁ ခု၊ ပြာသိုလ၊ ၁၉၈၉ ခု၊ ဒီဇင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋက ဓမ္မလက်ဆောင်–၅

# အနှစ်ထုတ်ယူစွမ်းတဲ့လူ

### ၁။ အကာကိုခွဲ အနှစ်ဆွဲ

သာရဉ္စ သာရတော ဉတွာ၊ အ,သာရဉ္စ အ,သာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပ ဂေါစရာ။
(ဓမ္မပဒ)

- **အနှစ်အကာ ၊ ခွဲသိကာ၊ ကောင်းစွာ မြင်တတ်မှ။**
- **အကာကိုခွဲ၊ အနှစ်ဆွဲ၊ ရဲရဲထုတ်နိုင်ကြ။**
- **အနှစ်ထုတ်ယူ၊ စွမ်းတဲ့လူ၊ ထိုသူနှစ်ဖက်ရ။**
- **အသိမှားသော်၊ နှစ်-မပေါ်၊ လမ်းချော်တတ်လေကြ။**
- **အမှန်သိမြင်၊ ပညာရှင်၊ စွမ်းအင်အနှစ်ရ။**

လူ့ဘဝဆိုတာ အကာနဲ့အနှစ်ခွဲခြားသိမြင်တတ်မှသာ အကာကိုခွဲပြီး အနှစ်ကိုဆွဲထုတ်ယူနိုင်လိမ့်မယ်။ အကာလောက်ကိုသာ အနှစ်ထင်နေရင် ဒါမှမဟုတ် အကာနှင့်အနှစ် ပြောင်းပြန်အမြင်လွဲနေရင် အဖိုးတန်လှတဲ့ လူ့ဘဝမှာအနှစ်မတွေ့ရတော့ပဲ အကာနဲ့သာ တစ်ဘဝဆုံးတတ်ပါတယ်။ ဗုဒ္ဓသာသနာဆိုတာ အကာကို အကာမှန်းသိအောင် အနှစ်ကို အနှစ်လို့မြင်အောင် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ညွှန်ပြပေးနေတဲ့ လမ်းစဉ်ပါ။ ထုတ်ယူရမယ့်အနှစ်တွေက (၁) အမြင်မှားမိစ္ဆာဒိဋ္ဌိအကာကိုခွဲပြီး အမြင်မှန် သမ္မာဒိဋ္ဌိအနှစ်ကို ရအောင်ထုတ်ယူရမယ်။ (၂) ပစ္စည်းဥစ္စာအကာကိုခွာပြီး ဒါနအနှစ်ကိုဆွဲယူရမယ်။ (၃) ခန္ဓာကိုယ်အကာကို ရှင်းပြီး ကိုယ်ကျင့်သီလအနှစ်ကို နှိုက်ယူရမယ်။ (၄)အသက်အကာကိုချွတ်ပြီး ဘာဝနာအနှစ်ကိုရအောင်ယူရမယ်။ (၅) လာဘ်အကျော်အစောစတဲ့အကာကိုရှင်းပြီး လွတ်ငြိမ်းမှုအနှစ်ကို ဦးတည်ထားရမယ်။ အဲဒီလိုလမ်းညွှန် အနှစ် ၁ပါး၊ လုပ်ငန်းပိုင်း အနှစ် ၃ပါး၊ ဦးတည်ချက်ပန်းတိုင် အနှစ် ၁ ပါး အားဖြင့် ထုတ်ယူစရာ အနှစ်-၅ပါး ရှိပါတယ်။

### ၂။ နှစ်ဖက်မြင်မှ အနှစ်ရ

- **အယူမှားကာ၊ အသိကွာ၊ ရှိပါသော်လဲ မမြင်ရ။**
- **နှစ်ဖက်မမြင်၊ တစ်ဖက်မြင်ရှုံ၊ စွမ်းမကုန်၊ လူ့ဘုံရှုံးနိုင်ကြ။**
- **သမ္မာဒိဋ္ဌိ၊ အမှန်သိ၊ ရှိသည့်အတိုင်း မြင်ကြရ။**
- **ကြောင်းကျိုးပြတ်သား၊ စွမ်းအားသိလျှင်၊ နှစ်ဖက်မြင်၊ စွမ်းအင်နှစ်ဖက်ရ။**
- **နှစ်ဖက်ရသော်၊ စွမ်းအားပေါ်၊ ရွှင်ပျော်အားတက်ရ။**
- **ကိုယ်တိုင်ပြုကြား၊ ကောင်းမှုများ၊ စွမ်းအား နှစ်ဖက်ပြ။**
- **အပူကင်းလတ်၊ ဖြူစင်တတ်၊ မြင့်မြတ်ကောင်းကျိုးရ။**

အယူအဆအတွေးအခေါ်တွေမှားနေရင် စဉ်းစားနိုင်းချိန်တတ်တဲ့ အသိတရားတွေကင်းကွာနေရင် ကံအရှိ-ခန္ဓာအရှိ-သံသရာ အရှိ-တရားအရှိ-သစ္စာအရှိစတဲ့ အရှိတရားတွေကို-ရှိတဲ့အတိုင်း သိမြင်နိုင်ခွင့်မရတော့ပါဘူး။ ကိုယ့်အတွက် မျက်မှောက်အတွက် လောကီအတွက် ချမ်းသာအောင်သော်မျှ အကွက်မဖော်တတ်တဲ့ ဒုစရိုက်နဲ့ အချိန်ကုန်နေသူတွေဟာ နှစ်ဖက်စလုံးမမြင်သူတွေပါ။ လူ့ဘဝ လုံးလုံးရှုံးနေသူတွေဖြစ်ပါတယ်။ ကိုယ့်အတွက်သာကြည့်တတ်ပြီး သူ့အတွက်မကြည့်တတ် ရင်-မျက်မှောက်အတွက်သာမြင်တတ်ပြီး နောင်ရေးအတွက် မမြင်တတ်ရင် လောကီအတွက်သာဦးတည်တတ်ပြီး လောကုတ္တရာအတွက် ဦးတည်ချက်မထားတတ်ရင်


www.burmeseclassic.com

www.burmeseclassic.com


လဲ တစ်ဖက်မြင်မျှသာဖြစ်လို့ လူ့စွမ်းရည်မကုန်သေး-မစုံသေးပါဘူး။

အကြောင်းနှင့်အကျိုးကိုဆက်စပ်ပြီး ရှေ့နောက်တွေးခေါ်မြော်မြင်တတ်တဲ့ နှစ်ဖက်မြင်ပညာ သမ္မာဒိဋ္ဌိ ရှိထားမှသာ လူ့စွမ်းရည်ကုန်အောင် စုံအောင်သုံးနိုင်လိမ့်မယ်။ နှစ်ဖက်ရစွမ်းအားတွေရပြီး ရှင်ပျော်အားတက် ရပါလိမ့်မယ်။ အပူကင်းအောင်-ဖြူစင်အောင်-အထက်တန်းကျပြီး မြင့်မြတ်တဲ့ ကောင်းကျိုးရအောင် စွမ်းအား နှစ်ဖက်ပြတဲ့ကောင်းမှုကို စုဆောင်းထားနိုင်ပါလိမ့်မယ်။

## ၃။ နီတိုး ရွှေရိုး ပုံပြင်မျိုး

- **နှစ်ဖက်လုံးပင်၊ မမြင်လျှင်၊ စွမ်းအင်လုံးလုံးရှုံးနိုင်ကြ။**
- **နီတိုးပမာ၊ ညိုးငယ်စွာ၊ အကာကိုပင် မတွေ့ရ။**
- **တစ်ဖက်မြင်ရုံ၊ စွမ်းမကုန်၊ လူ့ဘုံမပြည့်ဝ။**
- **မောင်ရွှေရိုးလို၊ အကာကို၊ ဝါးမျိုရှုံ့မဲ့ရ**
- **နှစ်ဖက်မြင်သော်၊ အနှစ်ပေါ်၊ ရွှင်ပျော်အားတက်ရ။**

နီတိုးနှင့်ရွှေရိုးပုံပြင်ကလေးတစ်ခုရှိပါတယ်။ ပုံပြင်ဆိုတာ အလွတ်သဘောပြောရင် သမ္ဖပ္ပလာပ တိရစ္ဆာန ကထာမျိုး ဖြစ်ပါတယ်။ ဆိုလိုရင်းတရားသဘောကို နားလည်စေလို မှတ်မိစေ လိုတဲ့အတွက် နှိုင်းယှဉ်ထည့်သွင်း ပြောရင်တော့ သမ္ဖပ္ပလာပ တိရစ္ဆာနကထာ မဟုတ်တော့ပဲ တရား စကားရဲ့ ဥပမာအရာမှာ တည်သွားပါတယ်၊ တရားစကားပဲဖြစ်သွားပါတယ်။ ရွာတစ်ရွာ ဘုန်းကြီး ကျောင်း တစ်ကျောင်းမှာ မျောက်ကလေးတစ်ကောင် ရှိပါတယ်၊ သူ့နာမည်ကို 'နီတိုး'လို့ ပေးထားသတဲ့၊ တစ်နေ့တော့ နီတိုးဟာ ကျောင်းဝင်းထဲ ဟိုဟိုဒီဒီ လျှောက်သွား ရင်း အုန်းပင်တစ်ပင်အောက်ကို ရောက်သွားတယ်၊ တိုက်တိုက်ဆိုင်ဆိုင် အုန်းပင်ပေါ်က အုန်းသီးတစ်လုံး မြေကြီးပေါ်ကြွေကျလာပါတယ်၊ အုန်းသီးကိုမြင်ရတော့ မျောက်ကလေးမောင်နီတိုး ဝမ်းသာလိုက်တာ၊ အုန်းသီး လို့ မခေါ်တတ်ပေမယ့် စားစရာအသီးတစ်လုံးလို့တော့ နားလည်ဟန်တူပါရဲ့၊ ဒါနဲ့အုန်းသီးကို ကွယ်ရာတစ်နေရာ ကို ယူသွားပြီး စားဖို့ခွဲပါတယ်၊ လက်သီးနဲ့ အချက်ပေါင်းများစွာ ထိုးပြီးခွဲလိုက်တာ လက်သီးတွေသာ နာလာတယ်၊ အုန်းသီးမကွဲဘူး၊ ဒူးပေါ်တင်ပြီး ဆောင့်ခွဲတော့လဲ ဒူးသာနာလာတယ်၊ မကွဲဘူး၊ ခြေထောက်နဲ့ကန်ခွဲ နင်းခွဲ တော့လဲ မကွဲဘူး၊ မြေကြီးပေါ်ဆောင့်ခွဲတော့လည်း မကွဲဘူး။ ခေါင်းပေါ်တင်ပြီး အချက်ပေါင်းများစွာ ဆောင့်ခွဲ တော့လဲ ခေါင်းသာနာလာတယ် မကွဲဘူး၊ ခေါင်းပေါ်တင်လိုက် အောက်ချလိုက်နဲ့ ခွဲလိုက်တာ ဘယ်လိုမှ ခွဲလို့ မရဘူး။ ဒီတော့ပြုံးပန်းပွင့်ပြီး ဝမ်းသာနေတဲ့ မျောက်ကလေးမောင်နီတိုးဟာ မျက်နှာနီရဲပြီး စိတ်ဆိုးလာတယ်၊ "ငါက စားမျှား စားရ မလားမှတ်တယ်၊ ခွဲလို့လဲ မရဘူး"တဲ့၊ "ဒီလောက်ခွဲလို့မှမရတဲ့အသီး အလကားပါ" ဆိုပြီးတော့ လွှင့်ပစ်လိုက်တယ်၊ မခွဲတတ်လို့သာ လွှင့်ပစ်လိုက်ရတယ် နှမြောလိုက်တာတော့လွန်လို့ပဲ၊ ဒါကြောင့် ညိုးငယ်စွာနဲ့ပဲ မှိုင်ပြီးထိုင်နေသတဲ့။

တစ်နေရာမှာ ကစားနေတဲ့ကျောင်းသားကလေး မောင်ရွှေရိုးက နီတိုး လွှင့်ပစ်လိုက်တဲ့ အုန်းသီးကို မြင်တော့ "နီတိုး . . . မင်း အုန်းသီးကိုတောင် ကွဲအောင်မခွဲနိုင်ဘူး၊ အတော် အ,တာပဲ"လို့ အပြစ်တင်လိုက် တယ်။ "မင်းမခွဲတတ်ရင်လဲ ငါပဲခွဲစားရမှာပေါ့"လို့ဆိုပြီး ကျောင်းပေါ်တက်ဓားယူ, အုန်းသီးကိုခွဲပါတယ်။ သူ က အုန်းသီးလို့လဲခေါ်တတ်တယ်၊ စားကောင်းတဲ့ အသီးလို့ လဲသိထားတယ်၊ ဒါပေမယ့် ဘာကိုစားရမယ် ဆိုတာတော့ နားမလည်ပါဘူး၊ ဒါနဲ့ လူလည်လုပ်ပြီး အုန်းသီးကိုခွဲတော့ အပေါ်အခွံစိမ်းကို ခွဲလိုက်တဲ့အခါ အုန်းမျှင်တွေကို တွေ့ရတယ်၊ အုန်းမျှင်တွေကို ဆက်ခွာလိုက်တဲ့အခါ ခွံမာကြီးကိုသွားတွေ့ရတော့ "ဟယ် . အုန်းသီးကလဲ အစေ့တယ်ကြီးပါလား"တဲ့။ ခွံမာကိုဆက်ခွဲရင် စားစရာအနှစ်တွေ့မယ်ဆိုတာ နားမလည်ရှာတော့ ပစ်ရမယ့်အစေ့ကြီးမှတ်ပြီး လွှင့်ပစ်လိုက်ပါရော၊ သူ့လက်ထဲမှာ အုန်းမျှင်တွေပဲ ကျန်တော့ တယ်၊ "ဟယ်--အုန်းသီးကလဲ စားစရာလဲမရှိပါလား၊ ရှိရှိမရှိရှိလေ အပင်ပန်းခံပြီးခွဲထားရမှတော့ ရှိတာကိုပဲ စားရမှာပဲ"ဆိုပြီး အုန်းမျှင်တွေကို ဝါးစားပါတော့တယ်၊ သွားနဲ့ကြိတ်မိုတ်ဆွဲပြီးဝါးတော့ ဝါးလို့လဲမရ၊ မျိုလို့ လဲမကျ၊ ကြိတ်မိုတ်ဝါးပြီး အရည်တွေမျိုချတော့ ကောင်းတဲ့အရသာ ဘာမျှမရှိ၊ ဖန်တွန့် ဖန်တွန့်နဲ့၊ "ဝါးလို့ရရ မရရ အရသာရှိရှိ မရှိရှိ ကြိုးကြိုးစားစားခွဲထားရမှတော့ ရှိတာကိုပဲ ပေတေပြီးစားရမှာပဲ"ဆိုပြီး မျက်နှာရှုံ့မဲ့ရှုံ့မဲ့နဲ့ ရွှေရိုးအုန်းမျှင်တွေ ဝါးစားနေတုန်း ဦးပဥ္စင်းတစ်ပါးရောက်လာတယ်၊


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ ရွှေရိုး မင်းဘာတွေလုပ်နေတာလဲကွ"၊ "တပည့်တော်အုန်းသီးစားနေတာဘုရာ့"၊ "ဟယ်-- မင်းအုန်းသီး စားတာကလဲ ဘယ်လိုဖြစ်နေတာလဲ၊ အုန်းမှုံ့ တွေချည်း ဝါးလှချည်လား"၊"ဟုတ်တယ်ဘုရား အုန်းသီးက အစေ့ကြီးကကြီးတော့ လွင့်ပစ်လိုက်ရလို့ရှိတာကိုပဲ စားတော့တာဘုရာ့"၊ "ညံ့လိုက်တာ ရွှေရိုးရယ်- - နေစမ်း ပါဦး၊ ဒီအုန်းသီးက ဘယ်ကရလာတာလဲ"၊ "ဟောဟိုမှာ ဘုရာ့-- နီတိုး၊ နီတိုး၊ အုန်းသီးကို အကြာကြီး ခွဲနေလိုက်တာ ဘယ်လိုမှမခွဲတတ်လို့ လွင့်ပစ်လိုက်တာဘုရာ့၊ သူမခွဲတတ်ရင် တပည့်တော်ပဲခွဲစားမယ်ဆိုပြီးတော့ ခွဲစားတာဘုရာ့ "၊ "နေစမ်းပါဦး ရွှေရိုး--မင်းလွင့်ပစ်လိုက်တဲ့ အုန်းစေ့ကြီးက ဘယ်မှာတုံး"၊ "ဟောဟိုမှာ ဘုရာ့"၊ "သွားယူချေကွ ရွှေရိုးရဲ စားရမှာက အဲဒီထဲမှာ" ရွှေရိုးပြေး သွားပြီး သူလွင့်ပစ်လိုက်တဲ့ အုန်းစေ့ကြီး ကိုယူလာခဲ့ပါတယ်။ "ကဲရွှေရိုး အဲဒီအုန်းစေ့ကြီးကိုခွဲစမ်းကွ"၊ "မာတယ် ဘုရာ့၊ ခွဲလို့မရဘူး""မာချင်မာပါစေ ရွှေရိုး၊ ကြိုးစားသာခွဲပါ""မာတယ်ဘုရာ့၊ မခွဲနိုင်ဘူး" "မာပါစေ ရွှေရိုး၊ မင်းယောကျ်ားပဲ ကြိုးစားသာခွဲစမ်းပါ" အဲဒီလို ဦးပဉ္ဇင်းက အတန်တန်အားပေးပြီး အခွဲခိုင်းတော့ ရွှေရိုးဟာ ခွံမာကို ကြိုးစားခွဲလိုက်တဲ့အခါ စားစရာ အနှစ်တွေ့သွားတယ်။

ဘာကိုဆိုလိုတာလဲဆိုတော့ မိမိတို့တစ်တွေဟာ အတိတ်ကုသိုလ်ကံဆိုတဲ့ အုန်းပင်ပေါ်က ကြွေကျလာတဲ့ လူ့ဘဝ အုန်းသီးကြီးတစ်လုံးတော့ရနေကြပါပြီ၊ အုန်းသီးလို့တောင်မခေါ်တတ်- အုန်း မှုံ့အကာတွေ့အောင် တောင်မခွဲတတ်တဲ့ မျောက်ကလေးမောင်နီတိုးလို ကိုယ့်ဘဝအကြောင်းနားမလည်သူတွေ, မကောင်းမှုနဲ့ အချိန် ကုန်နေသူတွေ, ဘဝမလှသူတွေ, မျက်မှောက်ဘဝမှာတောင် ချမ်းသာအောင် မနေတတ်သူတွေ, နှစ်ဖက်စလုံး အမြင်မရှိသူတွေ, လူ့ဘဝလုံးလုံးရှုံးသူတွေ, ညီးငယ်စွာနဲ့ လျှောကျသူတွေကလဲအများကြီးပါ။ နီတိုးဟာ အုန်းသီး ကို နှမြောပေမယ့် မခွဲတတ်တော့ လွင့်ပစ်ရသလိုပဲ လူ့ဘဝကိုဘယ်လိုမှတန်ဖိုးရှိအောင် မသုံးတတ်လို့ အပယ်ခံ ဘဝကို ရောက်သွားသူတွေကလဲမနည်းလှဘူး။

အုန်းသီးကိုခွဲတတ်ပေမယ့် အကာကိုအနှစ်ထင် အနှစ်ကိုအကာလို့မြင်ပြီး အကာဖြစ်တဲ့ အုန်းမှုံ့တွေကို ရှူ့မဲ့ရှူ့မဲ့နဲ့ကြိတ်မှိတ်ဝါးနေတဲ့ မောင်ရွှေရိုးလိုတစ်ဖက်မြင်ပညာလောက်သာရှိထားပြီး အကာတွေနဲ့ အချိန်ကုန် နေသူတွေကလဲ အများကြီးပဲ၊ တရားစွမ်းအားကိုရအောင်မယူဖြစ်ဘဲ သံသရာတစ်လျှောက်လုံးသုံးလာခဲ့တဲ့ အိုစာ နာစာ သေစာဖြစ်တဲ့ တစ်ဘဝကိစ္စ ခန္ဓာဝန်ထမ်းဆောင်မှုကိစ္စတွေနဲ့ လုံးလည်ချာလည်လိုက်နေသူတွေဟာ အကာကိုသာဝါးနေတဲ့ မောင်ရွှေရိုးနဲ့ တူသူတွေလို့ဆိုရမှာပဲ။ ဦးပဉ္ဇင်းက ရွှေရိုးကို အုန်းစေ့ခွံမာကို အခွဲခိုင်းပြီး၊ အနှစ်ထုတ်ခိုင်းသလို သဒ္ဓါ မေတ္တာပညာ ပြည့်ဝကြတဲ့ ပညာရှိသူတော်ကောင်းတွေကလဲ ပစ္စည်းခွံမာကိုခွဲပြီး ဒါနအနှစ်ထုတ်ဖို့ ကိုယ်ခန္ဓာ ခွံမာကိုခွဲပြီး သီလအနှစ်ကိုထုတ်ဖို့ အသက်ခွံမာကိုခွဲပြီး ဘာဝနာအနှစ်ကိုထုတ်ဖို့ လမ်းညွှန်ပေးကြပါတယ်၊ လမ်းညွှန်ချက်ရတော့ တချို့ကရွှေရိုးလို "မာတယ်ဗျ" လို့ငြင်းနေတတ်ကြပါတယ်။

## ၄။ စွမ်းအားမမြင် ခက်တယ်ထင်

- **စွမ်းအင်ဓမ္မ၊ မသိကြ၊ ဗာလကုသိုလ်ရှောင်။**
- **ကုသိုလ်တိုင်းပဲ၊ မလုပ်ရဲ၊ ခက်ခဲသယောင်ယောင်။**
- **စွမ်းအားသိမြင်၊ ယုံကြည်လျှင်၊ ပျော်ရွှင်အားရ ကုသိုလ်ဆောင်။**
- **ကုသိုလ်တိုင်းပ ၊ လုပ်ရဲကြ၊ လွယ်လှသယောင်ယောင်။**
- **အနှစ်တွေ့ငြား၊ ချမ်းသာပွါး၊ ထူးခြား ဤလူ့ဘောင်။**

မိုက်တာကိုသာ ဗာလခေါ်တာမဟုတ်ဘူး၊ အရှိအတိုင်းမသိလို့ ဖျင်းရင်လဲ ဗာလခေါ်ရတာပဲ၊ တရား စွမ်းအားအရှိကို တကယ်မသိရင် ကုသိုလ်ကောင်းမှုမှန်သမျှ ခက်တယ်ထင်ပြီး ရှောင်ရှောင်နေတတ်ပါတယ်၊ တရားစွမ်းအားအရှိကို တကယ်သိမြင်သူတွေကတော့ ကုသိုလ်ကောင်းမှုကို ပျော်ရွှင် အားတက်စရာအလုပ်လို့ပဲ လက်ခံကြတယ်၊ ကောင်းမှုဆိုတာ စိတ်ကောင်းထားဖို့ကိုသာ ပဓာန တောင်းတာဆိုတော့ သဒ္ဓါတရားတံခါးဖွင့်ပြီး စိတ်ကောင်းကလေးတွေထည့်သွင်းပေးလိုက်ရင် ရနိုင် တာဖြစ်တဲ့အတွက် ခက်တယ်လို့မထင်ပဲ လွယ်တယ်လို့ပဲ မြင်လာပါတယ်။ စွမ်းအားကိုသိလို့ စိတ်ကိုနိုင်အောင် မ,နိုင်သူဟာ ကောင်းမှုအနှစ်ကိုထုတ်ယူနိုင်ပြီး၊ ဝမ်းသာ ကျေနပ်အားရမှု ချမ်းသာမှုတွေ တိုးပွါးမြင့်မားလာတာဖြစ်လို့ ထူးခြားတဲ့လူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


## ၅။ ကြက်မကြီးလို့ ရှုပ်တယ်ဆို

- **အမှိုက်ပုံမှာ၊ အစာရှာ၊ ထွက်လာ ပတ္တမြား။**
- **ကြက်မကြီးလို့၊ ရှုပ်တယ်ဆို၊ အပို အလကား။**
- **ရတနာတွေ၊ လက်လွတ်ချေ၊ ရှုံးလေ လူ့စွမ်းအား။**

ကြက်မကြီးတစ်ကောင် အမှိုက်ပုံကြီးတစ်ပုံကိုတွေ့လို့ ကြိုးကြိုးစားစားယက်ရှာနေသတဲ့၊ အမှိုက်ပုံထဲက ပဲစေ့တို့ မုန့်ပိုင်းတို့ ဆန်ကွဲတို့ ပိုးကောင်တို့ စတဲ့စားစရာတွေပေါ် ထွက်လာရင် စားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယက်နေတာပါ။ အဲဒီလို ယက်နေတုန်း သိန်းပေါင်းများစွာတန်တဲ့ ပတ္တမြားတစ်လုံး အမှိုက်ပုံထဲက ပေါ်ထွက်လာသတဲ့၊ ပတ္တမြားတုံးကိုကြက်မကြီးမြင်တော့ တန်ဖိုးကို မသိနားမလည်တဲ့အတွက် စိတ်အပျက်ကြီးပျက်သွားတယ်။ "ငါက, စားစရာလိုချင်လို့ အမှိုက်ပုံကို ကြိုးစားယက်တယ်၊ ထွက်လာတော့ ဘာမဟုတ်တဲ့ အဖိုးမတန်တဲ့ ကျောက်ခဲကြီးထွက်လာတယ်၊ တယ်ရှုပ်တဲ့ကျောက်ခဲကြီး"ဆိုပြီးတော့ ခြေနဲ့ကန်ထုတ်ပစ်လိုက်တယ်၊ ပတ္တမြားရဲ့ တန်ဖိုးကိုမသိတော့ စားစရာပဲစေ့တစ်ခြမ်းလောက်တောင်မှ ပတ္တမြားကိုတန်ဖိုးမထားပါဘူး၊ ကြက်မကြီး ကန်ထုတ်လိုက်တာနဲ့ ပတ္တမြားကတော့ တစ်ပြားသားမျှတန်ဖိုးလျော့မသွားပါဘူး၊ ပတ္တမြားမှန်းမသိတဲ့ ကြက်မကြီးရဲ့ ညံ့ဖျင်းမှုသာဖြစ်ပါတယ်။ ပတ္တမြားမှန်းသိတဲ့လူတစ်ယောက်က အဲဒီပတ္တမြားကို တွေ့သွားတော့ ဝမ်းသာအားရကောက်ယူပြီး အဖိုးတန်အောင်သုံးလိုက်ပါတယ်။ အဲဒီအတိုင်းပဲ လူ့လောကထဲမှာလဲ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားရှာဖွေရင်း ကံအားလျော်စွာရတနာသုံးပါးနှင့် တွေ့ကြတယ်၊ လမ်းညွှန်ပေးမယ့် ပညာရှိသူတော်ကောင်းတွေ တရားလုပ်ငန်းကျင့်စဉ်တွေ တွေ့ကြ တယ်၊ အဲဒီလိုတွေ့ကြသော်လဲ နှစ်ဖက်မြင်ပညာရတနာမရှိသူတွေကတော့ "တယ်ရှုပ်တဲ့ကျောက်ခဲကြီး"လို့ ထင်နေတတ်ကြပါတယ်၊ ဒီလိုဆိုရင် ရတနာတွေလက်လွတ်ပြီး၊ လူ့စွမ်းအားတွေ ဆုံးရှုံးကုန်တတ်ပါတယ်၊ ဘဝတန်ဖိုး နားလည်ဖို့ ရတနာတန်ဖိုးနားလည်ဖို့ နှစ်ဖက်မြင်ပညာ ရတနာကို အထူးပဲလိုအပ်လှပါတယ်။

## ၆။ အဆင်းအတက် လမ်းနှစ်ဖက်

- **အဆင်းအတက်၊ လမ်းနှစ်ဖက်၊ ကွက်ကွက်မြင်အောင်ကြည့်။**
- **အဆင်းခေါ်ဆို၊ အကုသိုလ်၊ ကုသိုလ်အတက်သိ။**
- **အဆင်း ရဲက၊ ဆင်းရဲရ၊ အောက်ကျမည်ဟုသိ။**
- **ကုသိုလ်ကိုကိုင်၊ တက်ရောက်နိုင်၊ ကိုယ်ပိုင်စွမ်းအားရှိ။**

သတ္တဝါများသွားနေကြတဲ့လမ်းက အဆင်းလမ်း အတက်လမ်းအားဖြင့် နှစ်မျိုးရှိပါတယ်၊ စိတ်ကိုမနိုင်လို့ လွှတ်ချလိုက်တဲ့အတွက် ဖြစ်ပေါ်လာတဲ့အကုသိုလ်က အဆင်းလမ်းပါ၊ သူက အကုသိုလ်လုပ်ထားပြီး သူကို အမြဲတမ်းအောက်ကိုတွန်းပို့ပါတယ်။ သဲမှုန့်ကလေးတွေ ကျောက်ခဲကလေးတွေဟာ ငယ်သော်လဲ အောက်ကိုသာ ဆွဲနေတဲ့အတွက် ရေထဲမှာချလိုက်ရင် နစ်မြုပ်သွား ရသလို အကုသိုလ်ဟာလဲ နည်းနည်းပင်ဖြစ်သော်လဲ အောက်ကို ချည်းသာဆွဲ ချတတ်ပါတယ်။ စိတ်ကို နိုင်နင်းစွာအသုံးချနိုင်လို့ ပေါ်ပေါက်လာတဲ့ ကုသိုလ်တွေကတော့ အတက်လမ်းပါ။ သူက ကုသိုလ်ပိုင်ရှင်ကို အထက်ကိုချည်းဆွဲတင်ပေးပါတယ်။ ဆင်းရဲသူနှင့် ချမ်းသာသူ ယှဉ်ကြည့်ရင် ဆင်းရဲသူကပိုပြီးများပါတယ်၊ ဘာ့ကြောင့် ဆင်းရဲသူများရသလဲဆိုတော့ အဆင်းလမ်းကို ရဲရဲကြီး ဆင်းနေသူတွေက များတဲ့ကြောင့်ပါပဲ၊ အဆင်းရဲလွန်းလို့ သတ္တဝါတွေဆင်းရဲကြတာပါ၊ အဆင်းရဲလွန်းလို့ပဲ အောက်ကျနောက်ကျ ဖြစ်ကြရတာပါ။ သဒ္ဓါသတိစတဲ့အင်အားတွေနဲ့ စိတ်ကို ပိုင်ပိုင်နိုင်နိုင်ကိုင်ပြီး ကုသိုလ်ဖြစ် အောင် ဖော်ထုတ်ပေးနိုင်မှ ကိုယ်ပိုင်စွမ်းအားရကာ အလိုရှိသလောက် အထက်ကိုတက်နိုင်မှာပါ။


www.burmeseclassic.com

www.burmeseclassic.com


## ၅။ အတက်မများ အဆင်းများ

- ဆင်းကြသူမှာ၊ များလှစွာ၊ မြေမှာရှိတဲ့ မြေမှုန့်လို။
- တက်နိုင်သည့် ဖွဲ၊ အလွန်နည်း၊ လက်သည်းပေါ်က မြေမှုန့်လို။
- စိတ်ကိုမနိုင်၊ စွမ်းအားယိုင်၊ ငေးမှိုင် လျှောကျအောက်လမ်းကို။
- စိတ်ကိုနိုင်မှ၊ တက်နိုင်ကြ၊ ရောက်ရ အထက်ကို။

လက်သည်းခွံပေါ်ကမြေမှုန့်နှင့် မဟာပထဝီမြေကြီးပေါ်က မြေမှုန့်ကိုနှိုင်းယှဉ်လိုက်တဲ့အခါ အလွန့်အလွန်ကွာခြားသလိုပဲ တက်သူနှင့် ဆင်းသူဟာလဲ မယှဉ်သာအောင် သိပ်ပြီးကွာခြားလှပါတယ်။ ဆင်းသူတွေဟာ မဟာပထဝီမြေကြီးပေါ်က မြေမှုန့်တွေလောက် များပြားလှသလို တက်နိုင်သူကတော့ လက်သည်းခွံပေါ်က မြေမှုန့်လောက်ပင် နည်းပါးလှပါတယ်။ တကယ်တော့ အထက်ကိုတက်ချင်ရုံကလေးနဲ့ တက်လို့ရတာမျိုး မဟုတ်ပါဘူး။ စိတ်ကိုနိုင်သလောက်သာ အပေါ်ကိုတက်နိုင်ကြတာပါ။ စိတ်နိုင်သူနည်းတဲ့ကြောင့်လဲ တက်နိုင်သူနည်းရခြင်းဖြစ်ပါတယ်။ စိတ်မနိုင်သူတိုင်း စိတ်စွမ်းအား လူ့စွမ်းအားတွေယိုင်ပြီး ငေးမှိုင်ကာ အောက်လမ်းကို လျှောကျသက်ဆင်း သွားကြရပါတယ်။လူ့စွမ်းရည်ထဲမှာ ကိုယ့်စိတ်ကို နိုင်တာ ဟာ အံ့ဩစရာအကောင်းဆုံးဖြစ်တဲ့စွမ်းရည်ဖြစ်ပါတယ်။ စိတ်မနိုင်သူအလွန်များတဲ့ကြောင့် အောက်ကိုဆင်းသူတွေ သိပ်များနေရခြင်းပါ။

## ၈။ ရှိသလိုသာ ဖြစ်ရတာ

- ဖြစ်ချင်တိုင်းလဲ၊ မဖြစ်ဘဲ၊ ချွတ်လွဲ တတ်ကြရ။
- ရှိသလိုသာ၊ ဖြစ်ရတာ၊ တန်ရာရလာကြ။

ကောင်းကျိုးတွေဆိုတာ ဘာမျှမလုပ်ပဲ ဖြစ်ချင်ရုံကလေးမျှနဲ့ ဖြစ်လာကြတာမဟုတ်ပါဘူး၊ အကြောင်းမလုံလောက်ရင် ဖြစ်ချင်တာကတစ်မျိုး တကယ်ဖြစ်လာတာကတစ်မျိုးဖြစ်ပြီး ချွတ်လွဲသွားတတ်စမြဲပါ။ အသက်ရှည်ချင်ရုံနဲ့ ရှည်တာမဟုတ်ပဲ အသက်ရှည်ကြောင်းမပါရင် အသက်တိုရတာပါပဲ၊ ကျန်းမာချင်ရုံကလေးနဲ့လဲ ကျန်းမာတာမဟုတ်ပဲ အကြောင်းမပြည့်စုံရင် မကျန်းမမာဖြစ်ရတာပဲ၊ ဉာဏ်ကောင်းချင်ရုံနဲ့လဲ ကောင်းတာမဟုတ်ပဲ အကြောင်းမလုံလောက်ရင် ဉာဏ်နည်းသူ ဖြစ်ရတာပါပဲ၊ အဲဒီလို စသည်အားဖြင့် ဖြစ်ချင်ရုံမျှနဲ့ အကြောင်းမဲ့ဖြစ်မလာနိုင်ပဲ ကိုယ့်မှာအကြောင်းရှိသလောက်သာ အကြောင်းနှင့်တန်ရုံမျှသာ အကျိုးကိုရလာကြတာပါ။

## ၉။ ကံရှိသလောက် အကျိုးရောက်

- ပြုလုပ်ဆဲမှာ၊ စေတနာ၊ ပြီးခါကံဟုသိ။
- ပြုထိုက်ပြုအပ်၊ ဉှိနှစ်ရပ်၊ စွဲမှတ်ကံခေါ်ဘိ။
- ကိုယ့်အကျိုးသာ၊ ပေးနိုင်တာ၊ ကံမှာ စည်းကမ်းရှိ။
- ကံရှိသလောက်၊ အကျိုးရောက်၊ မျက်မှောက် မြင်အောင်ကြည့်။
- မျက်မှောက်တမလွန်၊ အပြန်ပြန်၊ ကိုယ့်ကံကျိုးပေး၏။

စေတနာနှင့်ကံဟာ တရားကိုယ်ချင်းတူပေမယ့် ဝေါဟာရအားဖြင့် ခဏ အခိုက်အတန့်ကွဲပြားပါတယ်၊ ပြုလုပ်အားထုတ်ဆဲအချိန်မှာ စေတနာလို့ခေါ်ပြီး အဲဒီစေတနာချုပ်ပျောက်သွားလို့ သတ္တိအနေနဲ့ ကျန်ရစ်ခဲ့တဲ့ စွမ်းအားကို ကံလို့ခေါ်ပါတယ်။ နှစ်ဖက်မြင် ကမ္မသကတာ သမ္မာဒိဋ္ဌိပညာရှိသူသာ အဲဒီကံကိုမြင်အောင်ကြည့်နိုင်ပါတယ်။ သစ်ပင်မှာ အသီးသီးပေးနိုင်တဲ့သတ္တိကို လက်တွေ့မပြနိုင်သလို ကံသတ္တိကိုလဲ လက်တွေ့မပြနိုင်ပါဘူး၊ ဉာဏ်နဲ့ကြည့်မှသာ မြင်ရပါတယ်။

ဘာ့ကြောင့် ကံခေါ်သလဲဆိုတော့ ကုသိုလ်ကို ဧကန်ပြုထိုက်တဲ့ ကြောင့်လဲ ကံလို့ခေါ်တယ်။ ကံမြောက်အောင် အပြုခံရတဲ့ကြောင့် ပြုအပ်တဲ့ကြောင့်လဲ ကံလို့ခေါ်ပါတယ်။ အကုသိုလ်ကိုတော့ ပြုထိုက်တာ မဟုတ်သော်လဲ ကံမြောက်အောင်အပြုခံရတဲ့ကြောင့် ပြုအပ်တဲ့ကြောင့်သာ ကံလို့ခေါ်ပါတယ်။ ကံဆိုတာ အလွန်စည်းကမ်း


www.burmeseclassic.com

www.burmeseclassic.com


တိကျပါတယ်။ အသီးသီး မိမိဆိုင်ရာအကျိုးကိုသာ ပေးပါတယ်။ ကိုယ်နဲ့ မဆိုင်တဲ့အကျိုးကို ဝင်မရှုပ်တတ်ပါဘူး၊ ကိုယ့်အကျိုးကိုပေးတဲ့အခါမှာလဲ ကိုယ့်စွမ်းအားရှိသလောက် သာပေးတတ်ပါတယ်။ ဘယ်လောက်ပင် ကောင်းတာတွေကိုလိုချင်ပေမယ့် ရှိတာထက်ပိုလို့တော့ မပေးနိုင်ပါဘူး၊ မျက်မှောက်လောကကြီးကို ဉာဏ်နဲ့ချိုပြီး ကြည့်ရင် ကံရှိသလောက် အကျိုးရောက် တယ်ဆိုတာ သေချာပါ တယ်၊ ဖြစ်ချင်တိုင်းဖြစ်နေကြတာမဟုတ်ဘဲ၊ အသက် အတိုအရှည်၊ အဆင်းလှမလှ၊ ကျန်းမာရေး ကောင်း မကောင်း၊ စီးပွားရေး ကောင်းမကောင်း၊ ဉာဏ် ထက်မထက်စသည်အားဖြင့် ကွာခြားနေကြတာကို ထောက်သောအားဖြင့် ကံဟာရှိသလောက်သာ အကျိုးပေး တယ်ဆိုတာ ခိုင်လုံနေပါပြီ၊ အဲဒီကံဟာ မျက်မှောက်ဘဝမှာလဲ အကျိုးပေးပါတယ်၊ တမလွန်ဒုတိယဘဝမှာလဲ အကျိုးပေးပါတယ်၊ တတိယဘဝကစပြီး နိဗ္ဗာန်မရမချင်း သံသရာ တစ်လျှောက်လုံးလဲ အခွင့်သာတိုင်း အကျိုး ပေးနိုင်ပါတယ်။

## ၁၀။ သေချာစေမှု ကောင်းစေအောင်ပြု

- **နူးညံ့သန့်ရှင်း၊ အပြစ်ကင်း၊ ဖြောင့်စင်းသေချာမှု။**
- **အလိုမ့်လဲခံ၊ ရပ်နိုင်ပြန်၊ မှတ်ရန်အတုယူ။**
- **မြန်တော့မြန်တယ်၊ ပြီးစလွယ်၊ တကယ်ညံ့ဖျင်းမှု။**
- **လိမ့်မသွားနိုင်၊ မရပ်နိုင်ဘဲ၊ ဗုန်းဗုန်းလဲ၊ အတ်ကွဲမတတ်ဆူ။**
- **မြန်တိုင်းမကောင်း၊ သေချာတောင်း၊ ရှေးဟောင်း လမ်းစဉ်ဟူ။**
- **သေချာစေမှု၊ ကောင်းအောင်ပြု၊ မှတ်ရှု သတိမူ။**

ကောင်းမှုအနှစ်ကိုစုဆောင်းပြုလုပ်တဲ့အခါ သေချာကောင်းမွန်ဖို့အထူးလိုအပ်ပါတယ်၊ 'သ,စေတန' သုတ်မှာ မြတ်စွာဘုရားဟောထားတာတစ်ခုရှိတယ်၊ မြတ်စွာဘုရားအလောင်း ပါရမီ ဖြည့်စဉ်တစ်ချိန်တုန်းက ရထားလုပ်ဆရာ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ရှင်ဘုရင်နာမည်က 'သ,စေတန'မင်း ဖြစ်ပါတယ်။ တစ်ချိန်ကျ တော့ 'သ,စေတန'မင်းက ဘုရားလောင်းရထားလုပ်ဆရာကို "အမောင် ရထားလုပ်ဆရာ၊ လာမည့် နောက် ခြောက်လမှာ ရထားနှင့်စစ်တိုက်ထွက်ရမှာဖြစ်တဲ့အတွက် ခြောက်လအတွင်း ရထားဘီးနှစ်ဖက်ပြီးအောင် လုပ်ပါ" လို့ပြောတော့ "ကောင်းပါပြီ ဘုရင်မင်းတရား"လို့ ဝန်ခံပြီး ဘုရားလောင်းဟာ ရထားဘီးနှစ်ဖက်ကို လုပ်ပါတယ်။ အဲဒီလိုလုပ်တဲ့အခါ ရထားဘီးတစ်ဖက်တည်းကို လုပ်နေလိုက်တာ ငါးလနဲ့ နှစ်ဆယ့်လေးရက် ကြာသွားတယ်၊ အဲဒီအချိန်မှာ ရှင်ဘုရင်က "ဘယ့်နှယ်လဲ အမောင်ရထားဆရာ၊ စစ်တိုက်ထွက်ဖို့ ခြောက်ရက်ပဲလိုတော့တယ်၊ ရထားဘီးနှစ်ဖက်ပြီးပြီလား" လို့မေးတော့ "မှန်လှပါ တစ်ဖက်ပြီးပါပြီဘုရား၊ နောက်တစ်ဖက်ကျန်ပါသေးတယ်ဘုရား"လို့ သံတော်ဦးတင်တယ်။ ဒီတော့ဘုရင်က "ဟယ် . . ဘီးတစ်ဖက် တည်းကို ဒီလောက်တောင်ကြာရသလား၊ စစ်တိုက်ထွက်ရမှာက ခြောက်ရက်တည်းလိုတော့တယ်၊ ကျန်တဲ့ ဘီးတစ်ဖက်ကို ခြောက်ရက်နဲ့ ပြီးအောင်လုပ်နိုင်ပါ့မလား" ဆိုတော့ "မှန်လှပါ ပြီးစေချင်ရင် ပြီးနိုင်ကြောင်းပါ ဘုရား"လို့ လျှောက်တဲ့အခါ "ကဲ . . . ဒီလိုဆိုရင် ပြီးစေဗျား "လို့ အမိန့်ချမှတ်လိုက်တယ်။

ဘုရားလောင်းလဲ ဒုတိယဘီးတစ်ဘက်ကို ဆက်လုပ်ပါတယ်။ ခြောက်ရက်အတွင်း ပြီးစေရမယ် ဆိုလို့သာ လုပ်ရတယ်၊ ပထမရထားဘီးလိုတော့ သေချာအောင်မလုပ်နိုင်တော့ဘူး၊ အလျင်အမြန်လုပ်လိုက်တာ ခြောက် ရက်ပြည့်တော့ ဒုတိယဘီးပြီးသွားပါတယ်၊ ခြောက်လလဲပြည့်ပြီဆိုတော့ ဘုရားလောင်းက "မှန်လှပါ ရထားဘီး နှစ်ဖက်စလုံးပြီးကြောင်းပါဘုရား"လို့ သံတော်ဦးတင်တော့ 'သ,စေတန'မင်းက "ဩော် . . . ရထားဘီးတစ်ဖက် ကို ခြောက်ရက်တည်းနဲ့လဲပြီးအောင် လုပ်နိုင်သားပဲ၊ နေစမ်းပါဦးကွ . . . ရထားဘီးတစ်ဖက်ကို ငါးလနဲ့ နှစ်ဆယ့်လေးရက်ကြာအောင် လုပ်တယ်။ ကျန်တစ်ဖက်ကိုတော့ ခြောက်ရက်နဲ့ ပြီးအောင်လုပ်တယ်၊ ဒီလိုဆိုတော့ အချိန်ကသိပ်ကွာခြားနေတယ်၊ အဲဒီဘီးနှစ်ဖက် ဘယ်လိုထူးတယ်ဆိုတာ ပြနိုင်ပါ့မလား"လို့ ပြောတော့ ဘုရားလောင်းက "မှန်ပါ ပြနိုင်ကြောင်းပါဘုရား"လို့ သံတော်ဦးတင်တယ်၊ " ကဲ . . . ပြစမ်းဗျား"လို့ ဘုရင်ကအမိန့်ချတော့ ပြရတော့မယ်ပေါ့။ ဘုရားလောင်းက ဒါကိုပြချင်လို့ပဲ သင်ခန်းစာပေးချင်လို့ပဲ တမင်လုပ် နေတာဆိုတော့ အခွင့်ကောင်းရသွားပြီဆိုပါတော့။ အဲဒါနဲ့ရထားဘီးလှိမ့်မယ့်လမ်းအဆုံးမှာ ရထားဘီးရပ်မယ့်


www.burmeseclassic.com

www.burmeseclassic.com


နေရာကိုလုပ်ပါတယ်၊ မင်းနှင့်တကွ ပရိသတ်စုံညီရှေ့မှာ ဘုရားလောင်းက ပထမရထားဘီးကို လှိမ့်ပြလိုက်ပါတယ်၊ ရထားဘီးဟာ လူလဲမကိုင်ရပဲ ငြိမ်ငြိမ်ကလေးနဲ့ မလှုပ်ပဲလိမ့်သွားတယ်၊ လမ်းအဆုံးရပ်ရမယ့်နေရာကို ရောက်တော့ ဝင်ရိုးနဲ့လဲမလျှိုရပဲ ဝင်ရိုးနဲ့ လျှိုလိုက်သလို ချပ်ခနဲရပ်သွားတယ်။ အဲဒီဘီးကို ဘေးမှာဖယ်ထားလိုက်ပြီး ဒုတိယရထားဘီးကိုလဲပဲ ဒီလမ်းအတိုင်းပဲ လှိမ့်ပြလိုက်ပြန်ပါတယ်။ အဲဒီဘီးဟာ စပြီးလှိမ့်လိုက်တယ်ဆိုရင်ပဲ လဲတော့မလိုလို လဲတော့မလိုလိုနဲ့ လှုပ်လှုပ်လှုပ်လှုပ်နဲ့ လိမ့်သွားတယ်၊ လဲသွားမှာစိုးလို့ လူက နောက်က လိုက်သွားရတယ်၊ လမ်းဆုံးလို့ရပ်ရမယ့်နေရာ ကိုရောက်တော့ ဘယ်လိုမှမရပ်နိုင်တော့ပဲ ဘိုင်းခနဲဆို ကွဲအက်မတတ် အသံဆူညံစွာမြည်ပြီး ချာလပတ်လည်ကာ လဲကျသွားပါတယ်။

"ဘုရင်မင်းတရား ထူးပုံကိုမြင်တော်မူတယ်မဟုတ်ပါလားဘုရား"လို့ဆိုတော့ ဘုရင်က"အေး . . မြင်သားပဲ၊ ကောင်းပြီ အဲဒီဘီးနှစ်ခု ဘာ့ကြောင့် ဒီလိုထူးခြားရတယ်ဆိုတာကို ရှင်းပြပါဦး" မိန့်တော့ ဘုရားလောင်းကလဲ ရှင်းပြရတယ်ပေါ့။ "မှန်လှပါဘုရား၊ ဘုရာ့ ကျွန်တော်မျိုးပထမရထားဘီးကို ငါးလနှင့် နှစ်ဆယ့်လေးရက်ကြာအောင် လုပ်နေတာက အပျင်းထူနေတာမဟုတ်ကြောင်းပါဘုရား၊ နေ့ရောညပါ အချိန်ပြည့်ကြိုးစားပြီး လုပ်တာဖြစ်ကြောင်းပါဘုရား၊ အဲဒီလိုလုပ်တဲ့အခါ သစ်သားတွေကိုနူးညံ့အောင် သန့်ရှင်းအောင် ဖြောင့်စင်းအောင် အပြစ်ကင်းအောင် အချိန်ယူပြီး သေသေချာချာလုပ်ရပါတယ်၊ ဒါကြောင့် အလှိမ့်လဲခံနိုင်တယ်၊ ရပ်လဲရပ်တည်နိုင်ပါတယ်၊ ဒုတိယရထားဘီးကတော့ ၆ ရက်အတွင်း အမြန်လုပ်ရတာဖြစ်လို့ နူးညံ့သန့်ရှင်းအပြစ်ကင်းအောင် ဖြောင့်စင်းအောင် အချိန်မယူနိုင်တော့တဲ့အတွက် အပေါ်ယံအပြင်ဘက်က ကြည့်ကောင်းရုံလောက်သာ အဓိကထားပြီး အတွင်းက သေချာအောင် မလုပ်နိုင်တော့ပါ၊ ဒါ့ကြောင့် အလှိမ့်လဲမခံပါ၊ ရပ်တည်နိုင်စွမ်းလဲမရှိပါဘုရား"လို့ သံတော်ဦးတင်ပါတယ်။

ဒီလိုဆိုရင် ဘာကိုသင်ခန်းစာပေးတာလဲ ဆိုတော့ လူတွေလုပ်တဲ့ကောင်းမှုလုပ်ငန်း ကိုယ်ပိုင်လုပ်ငန်းများ လုပ်နေပုံကို သင်ခန်းစာပေးတာပါ၊ စိတ်အစဉ်ကို နူးညံ့သန့်ရှင်းဖြောင့်စင်းအောင်မြှင့်တင်ပြီး သေချာအောင် လုပ်တဲ့သူဟာ အာရုံတွေကြားထဲမှာ အလှိမ့်ခံနိုင်တယ်၊ အာရုံတွေအပေါ်မှာ တည်တည်ငြိမ်ငြိမ်ရပ်တည်နိုင်တယ်၊ ဘဝကူးတဲ့အခါ ကောင်းရာဘဝကို တည်ငြိမ်စွာ ကူးသွားနိုင်တယ်၊ ပကာသနကိုရှေ့တန်းတင်ပြီး လူအထင်ကြီးရုံ အပေါ်ယံလူမြင်ကောင်းရုံသာ အဓိကထားရင် အတွင်း အနှစ်ဘာမျှမပါရင် ပြီးစလွယ်သာလုပ်သွားရင် အာရုံတွေကြားထဲမှာအလှိမ့်မခံနိုင်ဘူး၊ အာရုံပေါ်မှာ တည်တည်ငြိမ်ငြိမ်လဲမရပ်တည်နိုင်ဘူး၊ ဘဝကူးရင်လဲ ချွတ်ချော်တိမ်းပါးပြီး အပါယ်လေးပါးဖက်ကိုလဲ သွားတတ်ပါတယ်၊ အဲဒါကြောင့် ကောင်းမှုလုပ်တဲ့အခါ အပြင်ယံလူမြင်ကောင်းဖို့ထက် အနှစ်ပါအောင် နူးညံ့ဖြောင့်စင်းသေချာအောင်လုပ်ဖို့လိုတယ်၊ ကိုယ့်အလုပ်ကို သူတစ်ပါးသိဖို့ ကျေနပ်ဖို့ထက် ကိုယ်တိုင်သိဖို့ ကျေနပ်ဖို့က ပိုပြီးအရေးကြီးပါတယ်၊ အဲဒီလိုသင်ခန်းစာပေးလိုရင်းပါ။

## ၁၁။ မပြင်သူထက် ပြင်သူတက်

- **ပြုပြင်လိုလျှင်၊ စိတ်ကြည်လင်၊ စွမ်းအင်သာလွန်ရ။**
- **ပြုပြင်မှုတိုး၊ မကောင်းကျိုး၊ ငုပ်လျှိုးသက်သာရ။**
- **မပြင်သူထက်၊ ပြင်သူတက်၊ ရင့်ကျက် သာလွန်ကြ။**
- **ကောင်းအောင်ပြင်ငြား၊ ချမ်းသာပွား၊ စွမ်းအားလွန်တက်ကြွ။**

စိတ်ကောင်းမှန်သမျှ သဒ္ဓါတရားတံခါးပေါက်ကသာ ဝင်ရောက်လာကြတာဖြစ်တဲ့အတွက် စိတ်ကို စွမ်းအားမြှင့်တင်ပြုပြင်လိုရင် ကြည်လင်အေးမြသန့်ရှင်းတဲ့သဒ္ဓါတရားကို စိတ်ထဲမှာအမြဲမပြတ်ထားရမယ်။ စိတ်စွမ်းအားပြုပြင်မှုတွေတိုးလာတိုင်း အတိတ်က မတော်တဆမှားခဲ့တဲ့ အကုသိုလ်များရဲ့ မကောင်းကျိုးတွေ ငုပ်လျှိုးသက်သာခွင့်ရသွားပါတယ်၊ များတာတွေနည်းသွားပြီး နည်းတာတွေလုံးဝပျောက်သွားရပါတယ်။ စိတ်ကို မပြုမပြင်ပဲပစ်ထားသူ ပစ်စလက်ခတ်နေသူ မျှောချနေသူတွေထက် စိတ်ကိုပြုပြင်နေသူ စိတ်ကိုအစီအစဉ်နဲ့ အကွက်ချတွန်းနေသူတွေက ရင့်ကျက် ပြီး မြင့်တက်သာလွန်သွားကြစမြဲပါ။ စိတ်ဆိုတာမပြုမပြင်ပဲ အလိုလို စွမ်းအားတက်နိုင်စွမ်းမရှိပါဘူး။ ကောင်းအောင်ပြုပြင်ပေးမှသာချမ်းသာကြောင်း စွမ်းအားတွေ တိုးပွားလာရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ ခန္တီနိုင်မှ စွမ်းအားရ

- သည်းခံခွင့်လွှတ်၊ အောင့်အည်းတတ်၊ မြင့်မြတ်အကျင့် ပေါ်လာသည်။
- ကောင်းမှုသုံးတန်၊ အကျင့်မှန်၊ သည်းခံနိုင်မှ တိုးပွားသည်။
- ကြီးသောချမ်းသာ၊ တောင့်တရှာ၊ ချမ်းသာငယ်ကို စွန့်ပါမည်။
- ကြီးသောဆင်းရဲ၊ ကြောက်လျှင်လဲ၊ ဆင်းရဲငယ်ကို သည်းခံမည်။
- သည်းခံသလောက်၊ စွမ်းအားရောက်၊ ထွန်းတောက် အာဇာနည်။

အနှစ်တရားကို အဆင့်မြင့်မြင့် ဖွဲ့ရှိရှိ ပြည့်ပြည့်ဝဝထုတ်ယူလိုရင် သည်းခံခွင့်လွှတ် အောင့်အည်းတတ်တဲ့ ခန္တီအမာခံအင်အားကိုလဲ လက်ကိုင်ထားဖို့ လေ့ကျင့်ပေးနေဖို့ အထူးလိုအပ်ပါတယ်။ သည်းမခံနိုင်ရင် အကျင့်မြတ်တွေ ငုပ်လျှိုးကွယ်ဝှက် တိမ်မြုပ်နေတတ်ပါတယ်။ စွမ်းအားတွေရှိနေပါ လျက် ထွက်မလာရဲ ၊ ပေါ်မလာနိုင်ကြပါဘူး၊ သည်းခံနိုင်စွမ်းရှိမှ အကျင့်မြတ်များပေါ်ထွက်မြင့်မားလာကြပါတယ်။ ဒါန သီလ ဘာဝနာကောင်းမှု သုံးမျိုးလုံးသည်းခံနိုင်မှ တိုးပွားနိုင်ကြတယ်။ ချမ်းသာကြီးကြီးကို လိုလားတောင့်တတယ်ဆိုရင်ချမ်းသာငယ်ငယ်ကို ရဲရဲစွန့်နိုင်ရမှာပဲ။ ဆင်းရဲကြီးကြီးကို ကြောက်တယ်ဆိုရင်လဲ ဆင်းရဲငယ်ကို အရေးအတွက်မထားပဲ အောင့်အည်းသည်းခံနိုင်ရလိမ့်မယ်။ သည်းခံနိုင်သလောက် စွမ်းအားတွေ ရောက်လာပြီး ထွန်းတောက်ပြောင်မြောက်တဲ့ အာဇာနည် ဖြစ်ခွင့်ရသွားမယ်။

## ၁၃။ အထိန်းတပ်မှ အမြန်ရ

- စွမ်းအားမြှင့်လို၊ အေးချမ်းလို၊ စိတ်ကိုထိန်းရသည်။
- စိတ်ထိန်းသတိ၊ တပ်ဆင်ဘိ၊ မှတ်သိစွဲမြဲသည်။
- အချိန်မီအောင်၊ သတိဆောင်၊ မီအောင်ဖမ်းရသည်။
- အချိန်ထိန်းမှ၊ စွမ်းအားရ၊ ကိစ္စအမြန်ပြီးနိုင်သည်။
- သတိလွှမ်းခြုံ၊ စွမ်းအားထုံ၊ အာရုံကိုလည်း ထိန်းရသည်။
- အာရုံထိန်းသော်၊ စွမ်းအားပေါ်၊ ရှင်ပျော် အားတက်သည်။
- အာရုံဖော်ပြီး၊ ကပ်ထားပြီးသော်၊ မပြီးသမျှ၊ မပျောက်ရအောင်၊ မရောအောင်လဲ၊ သတိစွဲ၊ အမြဲထိန်းရသည်။

နှိုင်းချိန် ချင့်ချိန်ချိန်တွယ်တတ်တဲ့အမြင်ပိုင်းကို နှစ်ဖက်မြင်ပညာကဆောင်ရွက်ရတယ်။ ကောင်းတဲ့ အလုပ်လက်ခံဖို့ကိုတော့ သဒ္ဓါတရားကတာဝန်ယူရပြီး တကယ်အလုပ် အကောင်အထည်ဖော်ဖို့ကျတော့ သတိက ပဓာနပါ။ စိတ်ကိုလမ်းမချော်အောင် စွမ်းအားမြင့်အောင် အေးချမ်းအောင် သတိနဲ့ ထိန်းပေးရပါတယ်။ သတိတပ်ဆင်ပေးမှ စိတ်ဟာ အစအလယ်အဆုံး အကုန်လုံး တိတိကျကျ ပိုင်ပိုင်နိုင်နိုင် စွဲစွဲမြဲမြဲအာရုံကို မှတ်နိုင်သိနိုင်ပါတယ်၊ ဒါ့ကြောင့်သတိကို စိတ်ထိန်းကိရိယာလို့ခေါ်တယ်၊ အချိန်မီလုပ်လိုရာကိစ္စကို စွမ်းအားလဲ ပြည့် အမြန်လဲပြီးနိုင်အောင်အမိဖမ်းပြီး ထိန်းပေးရတာဖြစ်လို့ အချိန်ထိန်းကိရိယာလို့လဲခေါ်ပါတယ်၊ ယူလိုရာ အာရုံကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ် သားသားမိအောင်ဖမ်းပေးတတ်တဲ့အတွက် အာရုံထိန်းကိရိယာလို့လဲ ခေါ်ရပါတယ်။ သတိဆိုတာ ယူလိုရာအာရုံကို ပထမဆုံးပြတ်ပြတ်သားသားပုံဖော်ပေးရတယ်။ ပေါ်လာတဲ့ အာရုံကို စိတ်ရဲ့အပူ အနိုးအငွေ့တွေကြားမညှပ်ရအောင် အချိန်သူခိုးတွေမဝင်ရအောင် စိတ်နဲ့ ချုပ်ခနဲနေအောင် ကပ်ပေးရတယ်။ အချိန်အားဖြင့်ဖြစ်စေ၊ အကြိမ်အားဖြင့်ဖြစ်စေ၊ ကန့်သတ်ချိန်အတွင်း အလုပ်မပြီးမီ အာရုံ ပျောက်မသွားရအောင်လဲ ထိန်းပေးရတယ်။ အလုပ်လုပ်နေစဉ် အလုပ်နဲ့မဆိုင်တဲ့ အခြားအာရုံများ ရောထွေး မလာရအောင်လဲ စူးစိုက်ထိန်းပေးရတယ်။ ဒါ့ကြောင့် အနှစ်ကိုအတိအကျရအောင် ထုတ်ယူဖို့ဆိုရင်သတိကို အရေးတကြီးအထူးလိုအပ်ပါတယ်။

## ၁၄။ ဘဏ်တိုက် ၄–ခု လုံအောင်နှ

- စိတ်တက်ကြွစွာ၊ လျှသူမှာ၊ ဥစ္စာပစ္စည်း လုံခြုံသည်။
- စည်းကမ်းသီလ၊ စောင့်ထိန်းက၊ ဘာဝနာ လုံခြုံသည်။



www.burmeseclassic.com

www.burmeseclassic.com



- **သမာဓိအား၊ တိုးအောင်ပွား၊ စိတ်ထားလုံခြုံသည်။**
- **ဝိပဿနာ၊ ရှုပွားပါ၊ မှန်စွာတရား လုံခြုံသည်။**
- **အတိုးလဲပြ၊ စိတ်အေးရ၊ မုချကိုယ်ပိုင်သည်။**

အနှစ်ထုတ်ယူတယ်ဆိုတာ မိမိရဲ့စိတ်ကို တရားဘဏ်တိုက် ၄-ခုမှာ လုံခြုံအောင် ယုံကြည်စိတ်ချစွာ အပ်နှံစုဆောင်းထားလိုက်ခြင်းပါပဲ၊ တစ်နည်းအားဖြင့် တရားမီးခံ သေတ္တာ ၄ လုံးထဲမှာ မိမိစိတ်ကို လုံခြုံအောင် ထည့်သွင်းထားလိုက်တဲ့သဘောမျိုးပါပဲ၊ သဒ္ဓါ မေတ္တာပြဋ္ဌာန်းပြီး စိတ်အားထက်သန်တက်ကြွစွာ စွန့်ကြဲ လှူဒါန်းသူဟာ မိမိရဲ့စိတ်ကို ဒါနစီးပွားရေးဘဏ်မှာ လုံခြုံအောင် အပ်နှံလိုက်တာပါ။ အတိုးလဲ အကန့်အသတ်မရှိရမယ် စိတ်လဲအေးရမယ်၊ ကိုယ်ပိုင်အစစ်လဲဖြစ်မယ်လို့ ယုံကြည်စိတ်ချတဲ့အတွက် ရဲရဲအပ်နှံဝံ့တာပဲ။ စိတ်ရွှင်လန်း တက်ကြွစွာ ကိုယ်ကျင့်သီလစည်းကမ်းများကို စောင့်ထိန်းတာကတော့ သီလစီးပွားရေးဘဏ်မှာ အပ်နှံလိုက်တာ ဖြစ်တယ်၊ ကိုယ်ကျင့်သီလကြောင့် ဘေးရန်ပြစ်ဒဏ် အနှောင့်အယှက်အမျိုးမျိုးမှ မျက်မှောက်တမလွန် နှစ်တန်လုံး လုံခြုံရေးရပါတယ်။ ဗုဒ္ဓါနုဿတိ မေတ္တာစတဲ့ သမာဓိတိုးအောင်ပွားရတဲ့လုပ်ငန်းကို ကြိုးစား အား ထုတ်သူဟာ သမထဘဏ်တိုက်မှာ ကိုယ့်စိတ်ကို ယုံကြည်စွာအပ်နှံလိုက်တာပါ။ နီဝရဏ ကိလေသာ ဘေးရန်တွေ မနှောင့်ယှက်မဖျက်ဆီးနိုင်အောင် လုံခြုံရေးရပြီး တည်ငြိမ်အေးချမ်းရပါ တယ်။ ရုပ်နာမ်တွေရဲ့မမြဲပုံ၊ ညှဉ်းဆဲနေလို့ဆင်းရဲပုံ၊ အစိုးမရ အနှစ်သာရမရှိပုံကို တကယ်လက်တွေ့မြင်အောင် ပွားများအားထုတ်ရတဲ့ ဝိပဿနာရှုသူကတော့ ဝိပဿနာဘဏ်တိုက်မှာ စိတ်ကိုအပ်နှံလိုက်တာပါ။ ဉာဏ်မှန်ဘီလူးတပ်ပြီး ခန္ဓာကို ကြည့်ရှုခြင်းလဲ ဖြစ်တယ်။ တဏှာ မာန ဒိဋ္ဌိ သံသရာနယ်ချဲ့တွေရဲ့ ချယ်လှယ်နှောင့်ယှက်ဖျက်ဆီးမှုမခံရအောင် လုံခြုံရေး အတွက် တာဝန်ယူပါတယ်။ ဘဏ်တိုက်၄-လုံးမှာ သဒ္ဓါတရားနဲ့ ယုံကြည်စိတ်ချစွာ အပ်နှံထားသူဟာ အတိုးလဲ စိတ်ချရတယ်၊ စိတ်လဲအေးရတယ်၊ ဧကန်ကိုယ်ပိုင်လဲဖြစ်သွားရပါတယ်။

## ၁၅။ ဥစ္စာကို့ခွဲ အနှစ်ဆွဲ

- **ပစ္စည်းရမှု၊ ဘုံဆိုင်ဟူ၊ ရန်သူဝိုင်းတဲ့အကာတွေ။**
- **သုံးတတ်လှူတတ်၊ သူတော်မြတ်၊ ရလတ်အနှစ်ချမ်းသာတွေ။**

ပစ္စည်းဥစ္စာဆိုတာ ခန္ဓာရှိနေတာဖြစ်လို့ ရှာတော့ရှာရမှာပဲ၊ ဒါပေမယ့် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေတာဖြစ်လို့ ရလာသလောက် ရှိနေသလောက် ပူပန်ကြောင့်ကြနေရတဲ့အတွက် ပစ္စည်းရှိရုံနဲ့ အနှစ်ကို မရသေးပါဘူး။ အကာတွေမျှသာ ဖြစ်ပါတယ်။ သဒ္ဓါ ပညာ မေတ္တာနဲ့ ခွဲဝေသုံးစွဲတတ်မှ ချမ်းသာကြောင်းအနှစ်ကို ရပါလိမ့်မယ်။ ကိုယ့်အတွက်သုံးတဲ့အခါမှာလဲ မော်ဖို့ ကြွားဖို့ ခံစားဖို့ ပျော်ဖို့ အတွက်ဦးစားပေးသုံးရင် ပစ္စည်းတွေနေ့တိုင်း အကာဖြစ်ကုန်မှာပဲ၊ ကျန်းမာဖို့၊ ခွန်အားတိုးဖို့၊ ဉာဏ်ပညာပွားဖို့၊ အသက်ရှည်ဖို့၊ ခန္ဓာကို အဖိုးတန်အောင်သုံးဖို့၊ မိမိရဲ့မိသားစုအပါအဝင် လက်လှမ်းမီသမျှချမ်းသာအောင် ဆောင်ရွက်ပေးဖို့၊ ရည်ရွယ်ချက်မှန်မှန်ထားပြီး သုံးမှသာ ပစ္စည်းဥစ္စာရဲ့အနှစ်တွေနေ့တိုင်းပေါ်ထွက်လာမှာပါ။ ကျေးဇူးရှင်များ၊ သားသမီးမြေး တပည့် အလုပ်သမားများ၊ ဆွေမျိုးမိတ်ဆွေများ၊ ကိုယ့်ကျင့်တရားပြည့်ဝတဲ့ အလှူခံပုဂ္ဂိုလ်များအတွက်ပေးတဲ့အခါလဲ သဒ္ဓါပညာ မေတ္တာပြဋ္ဌာန်းပြီး ချမ်းသာစေလိုတဲ့ စိတ်နဲ့ရွှင်လန်းတက်ကြွစွာပေးကမ်းမယ်ဆိုရင် ပစ္စည်းရဲ့ အနှစ်ကိုပိုင်နိုင်စွာ ထုတ်ယူနေခြင်းပဲဖြစ်ပါတယ်။ အသုံးလဲတတ် အပေးလဲတတ်မှသာ ပစ္စည်းရဲ့အနှစ်ကို နေ့တိုင်းရရှိနိုင်ပါလိမ့်မယ်။

## ၁၆။ ပစ္စည်းဆွဲအား ဤသုံးပါး

- **သဒ္ဓါ,တဏှာ၊ ရန်သူမှာ ၊ ဥစ္စာကိုဆွဲသည်။**
- **ရန်သူဆွဲမှု၊ ပွက်ပွက်ဆူ၊ အပူကျန်ရစ်သည်။**
- **တဏှာဆွဲသော်၊ အရှုံးပေါ်၊ လမ်းချော်တတ်လေသည်။**
- **သဒ္ဓါဆွဲက၊ စိတ်အေးရ၊ မုချချမ်းသာမည်။**

မိမိတို့ရှာဖွေစုဆောင်းထားတဲ့ပစ္စည်းမှာ ဆွဲအား ၃ မျိုးရှိပါတယ်။ ရန်သူရယ်၊ တဏှာရယ်၊ သဒ္ဓါတရားရယ်လို့ ၃ မျိုးပါပဲ။ သဒ္ဓါနဲ့ တဏှာကပစ္စည်းကိုလုနေကြတုန်းမှာ ရန်သူမျိုးငါးပါးက ကြားဖြတ်ဝင်လာတတ်ပါတယ်။ ရန်သူက ပစ္စည်းကိုလက်ဦးအောင်ဆွဲသွားရင် စိတ်မထိန်းနိုင်သလောက်ပွက်ပွက်ဆူပြီး အပူပဲ ကျန်ရစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ အနှစ်မရတော့ပဲ အကာတွေချည်း ဖြစ်သွားမှာပဲ။ ပြီးတော့ပစ္စည်းကို တဏှာကဆွဲသွားရင်လဲ အရှုံးပေါ်တတ် လမ်းချော်တတ်တယ်။ မသုံးသင့်တဲ့နေရာမှာ သုံး၊ သုံးသင့်ပေမယ့် ကပ်ငြိနေတာနဲ့မသုံးရင်ရှုံးကုန်မှာပဲ။ တည့်တာ လျောက်ပတ်တာ ကို ဦးစားမပေးပဲ ကြိုက်နှစ်သက်တာတစ်ခုကိုသာ ဦးစားပေးပြီး ပစ္စည်းကိုသုံးရင် ရောဂါပေါ မယ်၊ ဘေးရန်ထူပြောမယ်၊ အပြစ်များမယ်၊ ပစ္စည်းကြောင့် အရှုံးပဲ ထွက်လာမှာပါ။ ပစ္စည်းကို သဒ္ဓါတရားက ဆွဲယူမှစိတ်ချရပါတယ်၊ ကိုယ့်အတွက်သုံးတာရော သူများအတွက်ပေးတာရော အနှစ်ပေါ်အောင် ထုတ်ယူနိုင် မယ်၊ ချမ်းသာကြောင်း စိတ်အေးစရာ စွမ်းအားများကို မုချဧကန်ရရှိပါတယ်။

## ၁၇။ ခန္ဓာကိုရှင်း အနှစ်သွင်း

- **ငါတို့ကိုယ်မှာ၊ ဤခန္ဓာ၊ ရောဂါပိုင်းတဲ့ အကာတွေ။**
- **သီလဖြည့်မှ၊ အနှစ်ရ၊ မုချချမ်းသာပေ။**
- **ခန္ဓာကိုရှင်း၊ အနှစ်သွင်း၊ ပြောင်ဝင်းကျက်သရေ။**

လုပ်ငန်းပိုင်းအနေနဲ့ ဒုတိယထုတ်ယူရမယ့်အနှစ်က ကိုယ်ကျင့်သီလပါ။ ဒီကိုယ်ခန္ဓာကြီးကို ဆိုင်ခွင့် ရထားပေမယ့် ပိုင်ခွင့်တော့မရပါဘူး၊ ဆိုင်ခွင့်ရထားတာဖြစ်လို့ ဆိုင်သလောက် နေ့စဉ်ပြုပြင်နေရပါတယ်၊ ဘယ်လိုပင်ပြုပြင်သော်လဲ ပိုင်တာမဟုတ်တော့ ပြုပြင်နေရင်းနဲ့ပဲ ဖောက်ပြန်တတ်ပါတယ်၊ အကြောင်းတရား တွေနဲ့ဆက်သွယ်နေတာဖြစ်လို့ အကြောင်းတရားတွေမညီညွတ်ကြတိုင်း ဆန့်ကျင်ဖက်ဖြစ်ကြတိုင်း ဖောက်ပြန် ကြတိုင်း ခန္ဓာကိုယ်လဲဖောက်ပြန်ရတာပါ၊ ဖောက်ပြန်တိုင်း ကြီးကြီးငယ်ငယ် ရောဂါအသွယ်သွယ်တို့ဟာလဲ ပိုင်းလာတတ်စမြဲပါ၊ အဲဒီလိုရောဂါမျိုးစုံ ပိုင်းအုံခံနေရတာဖြစ်လို့ အနာနှင့်ဆက်ဆံနေတဲ့အတွက် ဤခန္ဓာကိုယ် ကြီးဟာ အကာမျှသာဖြစ်ပါတယ်၊ အနှစ်လိုချင်ရင် သဒ္ဓါတရားနှင့် ခန္ဓာကိုရှင်းပြီး ကိုယ်ကျင့်သီလဖြည့်ကျင့်ရ မယ်၊ ရုပ်အလှတန်ဆာတွေ ဝေဝေဆာဆာကြီးဆင်ပေးရုံနဲ့ ခန္ဓာမလှသေးဘူး၊ အနှစ်လဲမပေါ်သေးဘူး၊ ကိုယ်ကျင့် သီလပါတွဲပြီး အလှဆင်မှ အလှစုံမယ် အနှစ်လဲပေါ်ထွက်လာမယ်၊ ဒါ့ကြောင့် စာရိတ္တ ဝါရိတ္တသီလ စည်းကမ်း ကျင့်ဝတ်အရပ်ရပ်ကို ခံယူချက်အမြင်ရှင်းတဲ့ သဒ္ဓါတရားနဲ့ လေးလေးနက်နက်လိုက်နာကျင့်သုံးရင် ခန္ဓာကိုယ်ရဲ့ အနှစ်ကိုရရှိပါတယ်၊ ချမ်းသာရကြောင်း အနှစ်ကောင်းကို ဧကန်ပိုင်ခွင့်ရသွားပါပြီ။

## ၁၈။ ခန္ဓာအရှိ မြင်အောင်ကြည့်

- **တူးဖြိုဖောက်ခွဲ၊ ဆင်းရဲဟူသမျှ၊ ညှဉ်းဆဲကြ၊ စားကြငါးခန္ဓာ။**
- **သုညကိုဆောင်၊ အပုပ်ကောင်၊ မြင်အောင်ကြည့်မှသာ။**
- **ချမ်းသာအစစ်၊ ရအောင်ညှစ်၊ အနှစ်ထုတ်ဖြစ်ပါ။**
- **ခန္ဓာအရှိ၊ မြင်အောင်ကြည့်၊ အသိတိုးစရာ။**

ခန္ဓာအရှိကို ဉာဏ်နဲ့သတိနဲ့မြင်အောင်ကြည့်နိုင်မှ ခန္ဓာရဲ့အနှစ်ကို မရမနေ ညှစ်ထုတ်ယူနိုင်ပါလိမ့်မယ်၊ ခန္ဓာမည်ခြင်းအကြောင်းကို ၄မျိုးပြတယ်၊ ဆင်းရဲတွေရဲ့ တူးဖြိုဖောက်ခွဲတာကို ခံနေရတဲ့ကြောင့်လဲ ခန္ဓာလို့ ခေါ်တယ်၊ ဆင်းရဲဟူသမျှ ညှဉ်းဆဲတာကိုခံနေရတဲ့ကြောင့်လဲ ခန္ဓာမည် ပါတယ်၊ ဆင်းရဲတွေရဲ့ စားသမျှ ဝါး သမျှ ခံနေရတဲ့ကြောင့်လဲ ခန္ဓာအမည်ရပါတယ်၊ ပြီးတော့လဲ နိစ္စမှ ကင်းဆိတ်တဲ့ မခိုင်မြဲတဲ့ အနိစ္စသုညသဘော၊ သုခမှ ကင်းဆိတ်တဲ့ ဆင်းရဲတဲ့ ဒုက္ခဆိုတဲ့ သုညသဘော၊ အတ္တမှ ကင်းဆိတ်တဲ့ အစိုးမရ အနှစ်သာရမရှိတဲ့ အနတ္တဆိုတဲ့သုညသဘော၊ သုဘမှ ကင်းဆိတ်တဲ့ မတင့်တယ်တဲ့ အသုဘဆိုတဲ့ သုညသဘောကို ဆောင်ထားတဲ့ ကြောင့်လဲ ( ပုထုဇဉ်တွေရဲ့ဆန္ဒအမြင်ကို ဆန့်ကျင်ဖက်ချည်းလုပ်ပြနေတတ်တဲ့ကြောင့်လဲ) ခန္ဓာလို့ခေါ်ပါတယ်၊ ဒီလိုဆိုရင် ခန္ဓာဟာဆိုင်သလောက်သာပြုပြင်လို့ရပြီး မပိုင်ဘူးဆိုတာသေချာနေတဲ့အတွက် ပြုပြင်ရင်းနဲ့ပဲ အနှစ်ကိုရအောင် ဆွဲထုတ်ယူနေရမှာပဲ။

## ၁၉။ ခန္ဓာဆွဲအား ဤသုံးပါး

- **သဒ္ဓါ၊တဏှာ၊ အိုသေနာ၊ ခန္ဓာကိုဆွဲသည်။**
- **အိုနာသေဆွဲ၊ တုံးလုံးလဲ၊ ဆင်းရဲ မဆုံးဖြစ်တတ်သည်၊**
- **တဏှာဆွဲငြား၊ အပူပွါး၊ လမ်းမှားတတ်ချေသည်။**
- **သဒ္ဓါဆွဲက၊ စိတ်အေးရ၊ မုချချမ်းသာမည်။**



www.burmeseclassic.com

www.burmeseclassic.com


ပစ္စည်းမှာဆွဲအား ၃မျိုးရှိသလို ခန္ဓာမှာလဲ ဆွဲအား ၃မျိုးရှိပါတယ်၊ အိုနာသေ ဆိုတဲ့ သင်္ခါရဒဏ်ချက်ကလဲ အမြဲဆွဲနေတယ်၊ တဏှာကလဲ ဆွဲတယ်၊ သဒ္ဓါကလဲ ဆွဲတတ်တယ်၊ သင်္ခါရ ဒဏ်ချက်ဆွဲရုံနဲ့လဲ ဆင်းရဲမကုန်ပဲ တဗုန်းဗုန်းလဲပြီး ဆင်းရဲပင်ပန်းနေရပါတယ်။ ဒီဆွဲအားကတော့ အားသည်ဖြစ်စေ မအားသည်ဖြစ်စေ အမြဲဆွဲနေပါတယ် တဏှာကခန္ဓာကိုဆွဲပြန်တော့လဲ စည်းကမ်းဘောင်ခတ်ကန့်သတ်ချက်မရှိပဲ ပရမ်းပတာ ထင်ရာ ဦးတည့်ရာဆွဲပြီး တည့်တာကိုဦးစားမပေး၊ အကြိုက်ကိုသာဦးစားပေးသွားတဲ့အတွက် ခန္ဓာကိုယ်ကြီး အပူပွားရ လမ်းမှားရတတ်ပါတယ်၊ အေးချမ်းခွင့်မရပါဘူး၊ ဒီခန္ဓာကို သဒ္ဓါတရားကဆွဲမှ စိတ်ချရပါတယ်၊ စိတ်အေးစရာ ကိုယ်ကျင့်သီလ အနှစ်တွေပေါ်လာမယ်၊ သဒ္ဓါတရားရှိလာရင် သီလရှိသူတို့ကို ရှိခိုးပူဇော်ခြင်းစတဲ့ စာရိတ္တသီလ၊ ၅ပါး၊ ၈-ပါးစတဲ့ ဝါရိတ္တသီလတွေကို နှစ်ခြိုက်ကြည်ဖြူစွာကျင့်သုံးပြီး ချမ်းသာကြောင်းအနှစ်တွေကို မုချဧကန် ထုတ်ယူနိုင်ပါတယ်၊ သဒ္ဓါတရားရှိလာရင် စိတ်ကိုနိုင်အောင် မယူနိုင်လို့ စိတ်နိုင်သလောက် စွမ်းအား တောက်ပြောင်လာရပါတယ်။

## ၂၀။ အသက်ကိုကြည့် အနှစ်သိ

- **ရုပ်နာမ်အသက်၊ ဤ ၂ ချက်၊ ဖြစ်ပျက်နှိပ်စက် အကာတွေ။**
- **တရားရှုမှ၊ အနှစ်ရ၊ မုချချမ်းသာပေ။**
- **အသက်ကိုကြည့်၊ အနှစ်သိ၊ ရသိအနှစ်တွေ။**

လုပ်ငန်းပိုင်းအနေနဲ့ တတိယထုတ်ယူရမယ့်အနှစ်ကတော့ ဝိပဿနာဘာဝနာပါ၊ ဝိပဿနာကို ပြောလိုက်ရင် မကင်းရာမကင်းကြောင်းအနေနဲ့ သမထလဲပါဝင်နိုင်ပါတယ်၊ ဘာဝနာအနှစ်ကို ရုပ်နာမ်အသက်ထဲက ခွဲထုတ်ယူရမှာပါ၊ ရုပ်နာမ်အသက်ဟာ ဖြစ်ပျက်နှစ်တန် ဖောက်ပြန် ပြောင်းလွဲနေတာဖြစ်လို့ မခိုင်မြဲမှု အနိစ္စ ဒဏ်ချက်နှိပ်စက်ခံနေရတဲ့အတွက် အကာမျှသာဖြစ်ပါတယ်။ တရားမဖက်ပဲ အသက်ရှင်ရုံသက်သက်နဲ့တော့ အနှစ်မပါ အကာတွေချည်းပဲရနေမယ်၊ အနှစ်ကိုလိုချင်ရင် ဘာဝနာပွားရမယ်၊ အထူးအားဖြင့် မခိုင်မြဲမှု ဆင်းရဲမှု အစိုးမရ အနှစ်သာရမရှိမှုကိုမြင်အောင် ဝိပဿနာရှုပွားရမယ်၊ ဘာဝနာဆိုတာ စိတ်ကိုအားသွင်းပေးရတဲ့အလုပ်ပါ၊ စိတ်ဆိုတာ အသက်ကြီးရုံ အချိန်ကုန်ရုံနဲ့ အလိုလိုအားတိုးလာတာမဟုတ်ဘူး၊ ဘာဝနာလုပ်ငန်းစဉ်နဲ့ သွင်းပေးမှအားတိုးလာပါတယ်၊ ပြီးတော့ ဆင်းရဲမှုတရားခံကိလေသာဓာတ်ငွေ့ကလဲ အသက်ကြီးရုံ အချိန်ကုန်ရုံနဲ့ အလိုအလျောက်လျော့ပါးကုန်ဆုံးသွားကြတာမဟုတ်ပါဘူး၊ ဘာဝနာနဲ့ဖယ်ရှားပေးမှ လျော့ပါးကုန်ဆုံးနိုင်ကြတာပါ၊ ကိလေသာတွေဟာ အထည် ကိုယ်ဒြပ်ဝတ္ထုမျိုးမဟုတ်လို့ တော်ပါသေးရဲ့ အထည် ကိုယ်ဒြပ်ဝတ္ထုမျိုးသာဆိုရင် လောကထဲမှာ ကိလေသာထားစရာနေရာတောင်ရှိမှာ မဟုတ်တော့ဘူး၊ ပုထုဇဉ်တစ်ယောက်တည်းရဲ့ နေ့စဉ်ထုတ်လွှင့်ပေးနေတဲ့ကိလေသာဓာတ်ငွေ့ဟာတောင် နည်းတာမှမဟုတ်ပဲ၊ ကိလေသာရှိသလောက် ဆင်းရဲရမယ်၊ ကိလေသာနည်းသလောက် ဆင်းရဲနည်းသွားပြီး ကိလေသာကင်းရင်တော့ ဆင်းရဲကင်းရပါတယ်၊ ဒါ့ကြောင့် ကိလေသာကို တိုက်ရိုက်တိုက်ဖျက်ပေးနေရတဲ့ တရားရှုမှတ်ပွားများမှုဟာ အသက်ရှင်ရသလောက် စွမ်းအား တောက်ပြောင်စေတဲ့အသက်ရဲ့ အနှစ်ပါပဲ။

## ၂၁။ တန်ဖိုးမြင့်တက် ဤတစ်ရက်

- **ကျန်းမာနုပျို၊ အဆင်းကို၊ ဝါးမျိုစားတဲ့ အချိန်တွေ။**
- **အသက်ခွန်အား၊ ကုန်၍သွားရန်၊ ဝါးစားပြန်၊ အမှန်သိအောင် ကြိုးစားလေ။**
- **အနှစ်တစ်ရာ၊ သက်ရှည်ကာမူ၊ မပါအနှစ်၊ လူအဖြစ်၊ စင်စစ်မမြတ်ပေ။**
- **တစ်ရက်တည်းသာ၊ သက်ရှည်ကာမူ၊ သိက္ခာပြည့်ဝ၊ အနှစ်ရ၊ မုချမြင့်မြတ်ပေ။**
- **တန်ဖိုးမြင့်တက်၊ ဤတစ်ရက်မှာ၊ ဝမ်းသာအားရ၊ လူ့ဘဝ၊ မုချရကျိုးနပ်ပါချေ။**

အချိန်ဟာ ကျန်းမာရေး-နုပျိုတဲ့အရွယ် အဆင်း-အသက်-ခွန်အား ၅မျိုးကို ဝါးမျိုစားနေပါတယ်၊ အချိန်က စား တယ်ဆိုတာ အပြင်ဖက်က ဝေါဟာရစကားအနေနဲ့ ပြောတာပါ၊ ခန္ဓာဖက်ကို ဉာဏ်လှည့်ကြည့်လိုက်တော့ ခန္ဓာကစားနေတာကို တွေ့ရမှာပါ၊ ရုပ်နာမ်ခန္ဓာပြောင်းလဲနေတာကို အချိန်နဲ့တိုင်းတာပြီး ပြောနေတာပါ၊ သိက္ခာ ၃ရပ် အကျင့်မြတ်ကို မဖြည့်ကျင့်ပဲ တရားမသိပဲ မရှုမှတ်ပဲ အနှစ်ကင်းကွာ အကာချည်းသက်သက် နှစ်ပေါင်းတစ်ရာအသက်ရှည်ရတာထက်တော့ သိက္ခာ ၃ရပ်အကျင့်မြတ်ကိုဖြည့်ကျင့်ပြီး တရားရှုမှတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com


တရားအသိကလေးနဲ့ အနှစ်သာရ ပြည့် ပြည့်ဝဝနဲ့ တစ်ရက်တည်းအသက်ရှင်ရတာက မြတ်ပါတယ်၊ ဒီလိုဆိုရင် နေ့စဉ် တစ်ရက် တစ်ရက်ကို တစ်သက်တစ်သက်လောက်တန်ဖိုးထားပြီး အနှစ်ပြည့်အောင် ကြိုးစားရပေလိမ့်မယ်၊ အနှစ်ပြည့်မှ လူဖြစ်ရကျိုးနပ်ပါတယ်။

## ၂၂။ တန်ဖိုးကြီးလှ တစ်ခဏ

- **လက်ဖျောက်တစ်ချက်၊ လျှပ်တစ်ပြက်၊ မျက်စိတစ်မှိတ်တွင်၊**
- **အက္ခရာတစ်လုံး၊ ရွတ်နေတုန်း၊ မဆုံးသေးမီတွင်။**
- **ရုပ်နာမ်အစု၊ ပြောင်းလဲမှု၊ မှတ်ရှုပေး လိုက်လျှင်။**
- **ကောင်းမှုအားလုံး၊ လွှမ်းၡ်ဖုံး၊ ထိပ်ဆုံးရောက်သူပင်။**
- **ကိုယ်မှာဖြစ်ဘိ၊ ဖြစ်တိုင်းသိ၊ သိတိုင်းအပူစင်။**
- **ရှေ့စိတ်ဖြစ်ဘိ၊ နောက်စိတ်သိ ( ဖြစ်တိုင်းသိ ) သိတိုင်းအပူစင်။**
- **အပူစင်က၊ ဖြစ်ပျက်ကြ၊ မုချအမှန်မြင်။**
- **အမှန်မြင်မှ၊ ချမ်းသာရ၊ ဒုက္ခလွတ်မည်ပင်။**

ဝိပဿနာဆိုတာ ရုပ်နာမ်အရှိသဘောကို ထူးထူးခြားခြား မြင်အောင်ကြည့်ပြီးပွါးများ ရတဲ့အလုပ်ပါ၊ အထင်ကိုကျော်ပြီး အမြင်ပေါ်အောင်ရှုရတဲ့ ဉာဏ်အမြင်ပါပဲ၊ သံသရာနယ်ချဲ့ဖြစ်တဲ့ ဆင်းရဲမှုတရားခံ ကိလေသာအပူတွေကိုအပြတ်ရှင်းပြီး လောကုတ္တရာတရားနှင့် တိုက်ရိုက်ဆက်သွယ်ပေးတဲ့ စွမ်းအားလဲ ဖြစ်ပါတယ်၊ ကိလေသာတွေကိုဖြိုခွဲတဲ့နေရာမှာ အထိရောက်ဆုံးလဲဖြစ် အရှိအတိုင်းထိထိမိမိသိခွင့်ရတာလဲဖြစ် လောကုတ္တရာတရားနှင့် တိုက်ရိုက်ဆက်သွယ်ပေးတာလဲ ဖြစ်တဲ့ ကြောင့် ရုပ်နာမ်ပြောင်းလဲမှုကို လက်ဖျောက်တစ်ချက် လျှပ်တစ်ပြက် မျက်စိတစ်မှိတ် အက္ခရာ တစ်လုံးရွတ်ခန့်ကာလ စက္ကန့်ပိုင်းအတွင်း ရှုမှတ်ပွါးများနိုင်ရင်တောင်မှ ဒါနသီလသမထ ကောင်းမှုများထက် သာလွန်လွှမ်းမိုးနိုင်တယ်လို့ ဘုရားက ဂုဏ်တင်ချီးမွမ်းထားပါတယ်၊ ကိုယ်မှာဖြစ်တိုင်းဖြစ်တိုင်း ရှင်းရှင်းလင်းလင်းသိအောင် ရှေ့စိတ်တွေဖြစ်သွားတိုင်း နောက်စိတ်က သိအောင် သတိဉာဏ်ကပ်ပြီးရှုမှတ်ပေးနေရင် သတိဉာဏ်နှင့်ကိလေသာမတွဲနိုင်တဲ့အတွက် သိတိုင်းသိတိုင်း စိတ်ရဲ့ အပူအခိုးအငွေ့တွေ ကင်းစင်သွားပါတယ်၊ အပူကင်းစင်သွားရင် ခန္ဓာရဲ့အဖြစ်အပျက် အပြောင်းအလဲကို ပြတ်ပြတ်သားသားသိမြင်နိုင်ပါတယ်၊ အရှိအတိုင်းအမှန်အတိုင်းသိမြင်ရမှလဲ ဒုက္ခအပူကင်းလွတ်ပြီး ငြိမ်းအေးချမ်းသာမှုကို ကေန်ရနိုင်မှာပါ။

## ၂၃။ နာမ်မလိမ္မာ ရုပ်တွေနာ

- **နာမ်မလိမ္မာ၊ ရုပ်ခန္ဓာ၊ နစ်နာတတ်ချေသည်။**
- **နာမ်လိမ္မာမှ၊ ရုပ်ကာယ၊ မုချသက်သာမည်။**
- **နာမ်တွေမအေး၊ မယဉ်ကျေး၊ ရုပ်ဘေးသင့်တတ်သည်။**
- **နာမ်ယဉ်ကျေးမှ ၊ စိတ်အေးရ၊ မုချ ချမ်းသာမည်။**

သိက္ခာ ၃-ရပ်အကျင့်မြတ်နဲ့ ခန္ဓာအစဉ် စိတ်အစဉ်ကို မြင့်တင်ပေးနေတယ်ဆိုတာ နာမ်လိမ္မာအောင် လေ့ကျင့်ပေးနေရတာဖြစ်ပါတယ်၊ နာမ်အစဉ် စိတ်အစဉ် မလိမ္မာမယဉ်ကျေးသလောက် ရုပ်ခန္ဓာကြီးနစ်နာတတ်ပါတယ်၊ ရုပ်ခန္ဓာကိုထမ်းဆောင်ရတာလဲ ပိုပြီးလေးလံလှပါတယ်။ နာမ်လိမ္မာမှသာ ရုပ်ခန္ဓာကို ထမ်းဆောင်ရတာသက်သာပြီး တန်ဖိုးမြင့်တတ်ပါတယ်၊ နာမ်အစဉ် မအေးမြ မယဉ်ကျေးရင် မိမိရဲ့ ရုပ်ခန္ဓာရော မိမိနှင့် ပတ်သက်ဆက်နွယ်နေတဲ့ ရုပ်ခန္ဓာတွေရော ဘေးသင့်တတ်ပါတယ်၊ အချိန်မရွေး မီးထတောက် ပေါက်ကွဲတတ်ပါတယ်။ နာမ်အစဉ် စိတ်အစဉ်ကို လိမ္မာယဉ်ကျေးသိမ်မွေ့အောင် ပြုပြင်လေ့ကျင့်ပေးနေမှ ကေန်စိတ်အေးရပြီး ငြိမ်းအေးချမ်းသာမှုကို ရရှိနိုင်ပါလိမ့်မယ်။ သီလဆိုတာ ကိုယ်နှင့်နှုတ်လိမ္မာယဉ်ကျေးဖို့ပဲ၊ သမထဆိုတဲ့ သမာဓိက စိတ်လိမ္မာယဉ်ကျေးဖို့အတွက်ပါ။ ဝိပဿနာဆိုတဲ့ ပညာက အမှန်သိမြင်ဖို့အတွက် ဖြစ်ပါတယ်၊ ကိုယ်နှုတ်စိတ်အားလုံး လိမ္မာယဉ်ကျေးဖို့အတွက်ဆိုရင်လဲ မှန်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄။ ကိုယ့်ကိုကိုယ်ချစ် မိတ်ဆွေစစ်

- ပေးနိုင်ခဲတာ၊ ပေးမှသာ၊ မှန်စွာမိတ်ဆွေစစ်။
- ခက်တဲ့ကိစ္စ၊ လုပ်ပေးမှ၊ မုချမိတ်ဆွေစစ်။
- သည်းခံဖို့ရန်၊ ခက်ခဲပြန်၊ သည်းခံနိုင်မှ မိတ်ဆွေစစ်။
- ကိုယ်တိုင်ပြုကြား၊ ကောင်းမှုများ၊ စွမ်းအားပြည့်တဲ့မိတ်ဆွေစစ်။
- ကိုယ်ကချစ်မှ၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ အမှန်ကောင်းစွာချစ်။

ဒါန သီလ ဘာဝနာအနှစ်များကို ရရှိပိုင်ဆိုင်ထားပြီဆိုရင် မိတ်ဆွေအစစ် ဆွေမျိုးအစစ်တွေကို ရရှိသွားတာဖြစ်လို့ မိတ်ဆွေဆွေမျိုးများက ဆောင်ရွက်ရမယ့်ကိစ္စများကို အံ့ဩစရာကောင်းအောင် ထူးထူးခြားခြား ဆောင်ရွက်ပေးကြတော့မှာပါ။ မေတ္တာသစ္စာပြည့်ဝတဲ့မိတ်ဆွေဟာ ပေးနိုင်ခဲတဲ့ပစ္စည်းများကို ရက်ရက်ရောရော ပေးတတ်သလိုပဲ အနှစ်သာရပြည့်ဝတဲ့ကောင်းမှု မိတ်ဆွေတွေကလဲပေးနိုင်ခဲတဲ့ အံ့ဩစရာအကျိုးများကို ပေးတတ်ပါတယ်။ မိဘအရင်းကတောင်မှမပေးနိုင်တဲ့ အသက်ရှည်ခြင်း ကျန်းမာခြင်းဉာဏ်ထူးချွန်ခြင်းစတဲ့ လောကီလောကုတ္တရာကောင်းကျိုးများကို ပေးကြပါတယ်၊ မိတ်ဆွေဟာခက်ခဲတဲ့ကိစ္စများကို စေတနာမေတ္တာမှန်နဲ့မဖြစ်မနေ ဆောင်ရွက်ပေးတတ်သလို အနှစ်ပြည့်ဝတဲ့ကောင်းမှုမိတ်ဆွေကလဲများတဲ့ မကောင်းကျိုးကို လျှော့ပေးခြင်း နည်းတဲ့မကောင်းကျိုးကို လုံးဝပျောက်ကွယ်သွားစေခြင်းစတဲ့ ခက်ခဲတဲ့ကိစ္စများကို ဆောင်ရွက်ပေးပါတယ်၊ မိဘရင်းကတောင်မဆောင်ရွက်နိုင်တာတွေကို ဆောင်ရွက်ပေးကြပါတယ်။ မေတ္တာသစ္စာပြည့်ဝတဲ့ မိတ်ဆွေစစ်ဟာသည်းခံခွင့်လွှတ်နိုင်ခဲတဲ့ကိစ္စများကို သဘောထားကြီးစွာနဲ့ သည်းခံခွင့်လွှတ်တတ်သလို အနှစ်ပြည့်ဝစုံလင်လှတဲ့ကောင်းမှုမိတ်ဆွေတွေကလဲ ခံနိုင်ရည်ရှိခဲတဲ့အရာတွေမှာ ခံနိုင်ရည်ရှိအောင် တည်ငြိမ်ရင့်ကျက်အောင် ဆောင်ရွက်ပေးပါတယ်၊ ကောင်းမှုမိတ်ဆွေတွေကြောင့် ငိုစရာတွေ့ပေမယ့် မငိုရ၊ ပူစရာတွေ့ပေမယ့် မပူရ၊ ကြောက်လန့်စရာတွေ့ပေမယ့် မကြောက်လန့်ရဘူး၊ အပြုံးမပျက် တည်ငြိမ်ရင့်ကျက်စွာ ခံနိုင်ရည်ရှိတယ်၊ ဒါ့ကြောင့် ကိုယ်တိုင်စိတ်ပါလက်ပါ အနှစ်ပြည့်ဝအောင်ပြုလုပ်ထားတဲ့ကောင်းမှုများဟာ တကယ့်အရေးမှာ တကယ် အားကိုးရတာဖြစ်တဲ့ကြောင့် စိတ်အချရဆုံး အားအကိုးရဆုံးမိတ်ဆွေတွေပါ။ ကိုယ့်ကို ချစ်မြတ်နိုးသူဟာ ကောင်းမှုကို စိတ်အားထက်သန်စွာပြုလုပ်တာဖြစ်လို့ တကယ်မိတ်ဆွေစစ်ပါ၊ မိမိကကောင်းမှုကို တန်ဖိုးထားသလောက်သာ ကောင်းမှုကလဲ မိမိကိုကောင်းကျိုးပြုပါတယ်။

## ၂၅။ အနှစ်ငါးမျိုး အစုံတိုး

- ဒါနသီလာ၊ ဘာဝနာ၊ သုံးဖြာအနှစ်တွေ။
- မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ မြတ်နိဗ္ဗာန်၊ စကန်ရနိုင်ပေ။
- ဆင်းရဲဒုက္ခ၊ ဟူသမျှ၊ မုချလွတ်နိုင်ချေ။
- အနှစ်ထုတ်ယူ၊ စွမ်းတဲ့လူ၊ ထိုသူမှန်မြတ်ပေ။
- အနှစ်ငါးမျိုး၊ အစုံတိုး၊ ကောင်းကျိုးကျက်သရေ။

လမ်းညွှန်အနှစ်ဖြစ်တဲ့ သမ္မာဒိဋ္ဌိကိုရရှိပိုင်ဆိုင်ထားတာဖြစ်တဲ့အတွက် ပစ္စည်းရဲ့အနှစ် ဒါန၊ ခန္ဓာရဲ့အနှစ်သီလ၊ အသက်ရဲ့အနှစ်ဘာဝနာကို ပိုင်ဆိုင်ရရှိလာ တဲ့အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ဆိုတဲ့ သာသနာရဲ့အနှစ်ကိုရဖို့ သေချာသွားပါပြီ၊ ဒီလိုဆိုရင် အနှစ်ငါးမျိုးအစုံတိုးတဲ့ စွမ်းအားပြည့်သူဖြစ်ခွင့်ရသွားပါတယ်။ ဒါမှ "အနှစ်ထုတ်ယူ စွမ်းတဲ့လူ"တဲ့။

- အနှစ်မသုံး၊ အကာဖုံး၊ အရှုံးတွေ့တတ်သည်။
- အကာကိုခွါ၊ အနှစ်ရှာ၊ လူ့ရွာပြုံးရသည်။
- မရှုံးလိုပါ၊ ပြုံးဖို့သာ၊ သေချာစေရမည်။

အားလုံးချမ်းသာကြပါစေ
တိပိဋကယောဆရာတော်
၁၃၅၂ ခု၊ ပြာသိုလ ၁၉၉၀ ခု၊ ဒီဇင်ဘာလ



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋက ဓမ္မလက်ဆောင်-၆
## "ကံကိုထိန်းချုပ် စိတ်ခလုတ်"

### ၁။ ကိုယ့်ကံကိုယ်ပိုင် ကိုယ်ကနိုင်

တသ္မာ မေ သုကတံ ကမ္မံ၊ သုခေတ္တေ ဗီဇသမ္ဗဒါ။
ခေမေတုံ နေ၀ သန္တောမိ၊ တဒါ ဟိ သုကတံ မမ။

(ဗာကုလတ္ထေရာ ပဒါန-၃၈၇)

- ကံသာဥစ္စာ၊ ဖြစ်ပါသော်လဲ၊ ကံလက်ထဲ၊ တလွဲမအပ်ရာ။
- ကောင်းတာပြုက၊ ကောင်းကျိုးရ၊ ဆိုးက မကောင်းပါ။
- မဆင်မခြင်၊ အမှားဝင်၊ အပြင်ခက်တတ်ပါ။
- ကံဖိသမျှ၊ ခံနေက၊ ဒုက္ခမလွတ်ပါ။
- ကိုယ်ကကံကို၊ လွှမ်းဖို့လို၊ ဉာဏ်ကို ကိုင်စွဲပါ။
- မိမိဆန္ဒ၊ ပြည့်ဝလာရန်၊ စိတ်ရည်သန်မြဲ၊ ဉာဏ်လက်ထဲ၊ အမြဲအပ်နှင်းပါ။
- ကံကိုထိန်းချုပ်၊ စိတ်ခလုတ်၊ မယုတ် ဉာဏ်ပညာ။
- ကိုယ့်ကံကိုယ်ပိုင်၊ ကိုယ်ကနိုင်၊ ပန်းတိုင်ရောက်ရမှာ။
- သာသနာလယ်၊ တကယ်တွေ့ကြုံ၊ ပြီးပြည့်စုံအောင်၊ မကုန်အောင်၊ စွမ်းဆောင်ပြုလုပ်ရာ။

ရဟန္တာမဖြစ်သေးသမျှ ကံနှင့်မည်သူမျှမကင်းနိုင်ပါ။ ထိုမကင်းနိုင်သောကံကို အထိန်းအချုပ်မပါဘဲ လွှတ်ထားလျှင် ကံခြယ်လှယ်သလို ခံနေရမည်ဖြစ်သည်။ အထိန်းအချုပ်မပါသော ကံသည် ကိုယ့်ဥစ္စာဖြစ်သော်လည်း ကိုယ်ကစိတ်ကြိုက်မလွှမ်းမိုးနိုင်သဖြင့် ထိုကံကို ကိုယ်မပိုင်ချေ။ ကံထိန်းခလုတ်ဟူသော အသိဉာဏ်ဖြင့် စဉ်းစားနိုင်းချိန်မှု ထိန်းချုပ်မှုမပြုလျှင် ကံထဲတွင် အမှားဝင်သွားတတ်သည်။ ကံတစ်ခါမှားသွားလျှင် နောက်ထပ် ပြန်ပြင်ရန် အလွန်ခက်ခဲတတ်သည်။ ကံထိန်း ခလုတ်မတပ်ဆင်ဘဲ ကံကိုလွှတ်ထားလျှင် လေတိုက်ရာ ကြုံသလို လွင့်နေသော သစ်ရွက်ခြောက်ပမာ ဦးတည်ချက်လည်းမရှိ လမ်းကြောင်းလည်းမရှိ ကိုယ်ပိုင်စွမ်းအားလည်း မပါဘဲ ကံဖိသမျှ ကံခြယ်လှယ်သမျှခံနေရ၍ ဒုက္ခလွတ်လမ်းမရှိချေ။ မိမိကကံကိုလွှမ်းမိုးလိုလျှင် မိမိစိတ်ကြိုက် ဆန္ဒပြည့်ဝ လိုလျှင် ဉာဏ်ကိုအမြဲကိုင်စွဲ၍ဉာဏ်လက်ထဲတွင်သာ ကံကို အပ်နှံရပေမည်။ ဉာဏ်ဟူသော ကံထိန်းခလုတ်တပ်ဆင်၍ ထိန်းချုပ်ကိုင်တွယ်ထားနိုင်သောကံကို ကိုယ်ပိုင်တော့၏။ ပိုင်လျှင်နိုင်တော့၏။ နိုင်လျှင် ပန်းတိုင်အရောက် ကိုယ့်စိတ်ကြိုက်သယ်ဆောင်သွားနိုင်လေတော့သည်။ သာသန သမ္ပတ္တိ လယ်ယာကောင်းနှင့် တွေ့ကြုံခိုက် ဉာဏ်ဦးစီးသောကံမျိုးစေ့ကို ပြီးစီးပြည့်စုံအောင် အရှိန်အဝါ မကုန်နိုင်အောင် ကိုယ်ပိုင်ချည်းသာ ဖြစ်အောင် ကြိုးစိုက်ပျိုးစုဆောင်းထားရပေလိမ့်မည်။

ကံပြုသမျှ ကံကောင်းဖြစ်အောင် ကံကောင်းပြုသမျှ တိကျသောရည်မှန်းချက်ပန်းတိုင်နှင့် ရှင်းလင်း ပြတ်သားသောလမ်းကြောင်းကိုဖော်ကာ အမြင်ကြည်လင်သန့်စင်သောလုပ်ငန်းကိုမူချ၍ စနစ်တကျ ကုသိုလ်ပြု ခြင်းကိုပင် "ကံကိုထိန်းချုပ် စိတ်ခလုတ်" ဟု ခေါ်ရသည်။

### ၂။ ကိလေသာပျက် စိတ်တွေပျက်

- ပွလောင် ညစ်နွမ်း၊ အမြင်ကန်း၊ ပင်ပန်းရတဲ့ ကိလေသာ။
- ကောင်းတာတားမြစ်၊ လွန်နှိပ်စက်၊ အသက်ကြီးအောင် သောင်းကြမ်းတာ။



www.burmeseclassic.com

www.burmeseclassic.com


- **ကြီးလေဆိုးလေ၊ အလွန်မွှေ၊ အသေမဖြောင့်ပါ။**
- **ကျိုးလိုသယောင်၊ ဟန်ပန်ဆောင်၊ လဲအောင် တွန်းချတာ။**
- **သံကိုသံဖျက်၊ သံချေးတက်သို့၊ စိတ်ပျက်သွားရန်၊ ဖျက်ဆီးပြန်၊ အလွန်ကြောက်စရာ။**
- **သိက္ခာစုဆောင်း၊ လက်နက်ကောင်း၊ ထောင်းထောင်းကြေအောင် တိုက်ဖျက်ပါ။**

သံကိုသံဖျက်သံချေးတက်သကဲ့သို့ စိတ်ကိုမှီလျက် စိတ်ကိုဖျက်နေသောအရာကား ကိလေသာ ပေတည်း။ ကိလေသာဝင်လာလျှင် စိတ်တွင် ကိုယ်ပိုင်စွမ်းအားမရှိတော့ဘဲ ၎င်းကိုထိန်းချုပ် နိုင်စွမ်းလည်း ပျက်ပြယ်ရလေသည်၊ ကိလေသာသည် အေးမြသောစိတ်ကို ပူလောင်သွားစေ၍ စင်ကြယ်သောစိတ်ကို ညစ်နွမ်းပေကျံ အကြည်းတန်စေသည်။ ၎င်းအရှိ ခန္ဓာအရှိ သစ္စာအရှိ တရားအရှိကိုလုံးဝမမြင်ရအောင် ဖုံးအုပ်ထားလိုက်ပြီး ကိလေသာထုပ်ကြီးကို အကန့်အသတ်မရှိ ထမ်းဆောင် နေရသောစိတ်မှာ မရွှင်မလန်းအလွန်ပင်ပန်းရလေသည်။ ဆင်းရဲဟူသမျှ၏ ပဓာနတရားခံမှာ မိမိသာဖြစ်ရသည်ကိုပင် သိမြင်ခွင့်မပေးတော့ချေ။ ကိလေသာသည် ကုသိုလ်ကောင်းမှုပြုခွင့်အားလုံးကို တားမြစ်ပိတ်ပင်ထားပြီး စိတ်ကိုနာကျင်အောင် နှိပ်စက်ညှဉ်းပန်းတတ်၏။ တရားအလုပ်ကို တကယ် မလုပ်နိုင်သေးသမျှ ကိလေသာသည် မည်သူ့ကိုမျှ အားမနာချေ။ အသက်ကြီးရုံ အချိန်ကုန်ရုံမျှဖြင့် အလိုအလျောက်ရပ်တန့်နောက်ဆုတ်ခြင်းမရှိဘဲ ကိုယ်ကျင့်တရားကင်းကွာလျှင် အသက်ကြီးလျှင် ပို၍ပင်သောင်းကျန်းတတ်လေသည်။ ဘဝကူးအာမခံချက်ကိုပင် မွှေနှောက်ဖျက်ဆီးပစ်၍ ကြီးလေ ဆိုးလေဖြစ်တတ်သဖြင့် " ကြီးလေသာ " ဟုပင် ခေါ်ရမလို ဖြစ်နေသည်။ ကိလေသာသည် မောဟမှောင်ကို အကာအကွယ်ယူထားသဖြင့် စိတ်၏အကျိုးကိုလိုလားသယောင်ယောင် မိတ်ဆွေဟန်ဆောင်ကာဝင်ရောက်လာမြဲတည်း။ စိတ်နှင့်ယှဉ်တွဲမိ၍ ရင်းနှီးသွားသည်နှင့် တစ်ပြိုင်နက် အတွေးအပြော အလုပ်လွဲအောင် စိတ်ကိုအလဲတွန်းချတတ်လေသည်။ သို့သော် ကိုယ့်တရားခံအစစ်ကို ကိုယ်မသိလိုက်၊ မလိုချင်တာတွေပေး၍ ရှေ့ကိုသွားသယောင်ယောင် ဟန်ဆောင်လျက် နောက်ကိုသာပြန်ပို့နေတတ်သော ဤကိလေသာဓါတ်ငွေ့ကို သာသနကျင့်စဉ် သိက္ခာ (၃)ရပ် လက်နက်ကောင်းဖြင့် တိုက်ဖျက်ချေမှုန်းရုံမှတစ်ပါး အခြားနည်းလမ်းမရှိပေ။

## ၃။ အမှောင်ဖြိုခွင်း ဉာဏ်အလင်း

- **ခန္ဓာ-အာ-ဓါတ်၊ချားရဟတ်လို၊ မပြတ်ဖြစ်ပေ၊ ဆက်စပ်နေ၊ မှတ်လေသံသရာ။**
- **အဝိဇ္ဇာမှောင်၊ ကင်းအောင်မပွား၊ မကြိုးစားလတ်၊ ခန်-အာ-ဓာတ်၊ နောက်ထပ်ဖြစ်ဦးမှာ။**
- **ဖြစ်လာပြန်က၊ ပျက်စီးရ၊ မုချဆင်းရဲပါ။**
- **အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊ မောဟိုက်မဆုံး၊ အပူတုံးဖြင့်၊ နိမ့်ပြန်-မြင့်ပြန်၊ အဖန်ဖန်၊ စုန်ဆန်မျောရပါ။**
- **သံသရာမှောင်၊ လင်းအောင်ဖြိုခွင်း၊ ဉာဏ်အလင်း၊ ထည့်သွင်းမြတ်ပညာ။**
- **ဗုဒ္ဓညွှန်ကြား၊ မြတ်တရားကြောင့်၊ အမှားကင်းစင်၊ စိတ်ကြည်လင်၊ အမြင်ရှင်း၍လာ။**

ချားရဟတ်ပမာ ခန္ဓာ အာယတန ဓာတ် (ရုပ်နာမ်)များမဆုံးနိုင်အောင် အဆက်မပြတ်လည်ပတ်ကာ ဖြစ်နေခြင်းကို ဘဝသံသရာဟုခေါ်သည်။ မိမိတို့ယခုရရှိနေသော ခန္ဓာအစဉ်သည် သံသရာပေတည်း။ အဝိဇ္ဇာနှင့် တဏှာသည် သံသရာကို ကြိုးကိုင်၍ ခြယ်လှယ်နေသည်။

မသိနားမလည်မှုဟူသောအမှောင်ထုကို အကာအကွယ်ယူ၍ တပ်မက်လိုချင်မှုတဏှာသည် စည်းဘောင်ကန့်သတ်ချက်အလျှင်းမရှိချေ။ ကိုယ့်ဟာကိုယ် အပြုအပြင်မတတ်သဖြင့် ဖတ်ဖတ်မောခဲ့ရပေါင်းများလှလေပြီ။ အဝိဇ္ဇာမှောင်ကင်းအောင် တရားအလုပ်ကိုအားမထုတ်နိုင်သေးသမျှ ရုပ်နာမ်ခန္ဓာသံသရာအသစ်တွေ အဆက်မပြတ်ထပ်ကာ ထပ်ကာ ဖြစ်လာကြလိမ့်ဦးမည်။ ဖြစ်လာတိုင်း လည်း ဧကန်ပျက်ကြလိမ့်ဦးမည်။

တစ်ဖန် သံသရာဟူသည် တစ်ပြေးညီ တစ်ဖြောင့်တည်း ကျင်လည်ရသည်မဟုတ်။ နိမ့်လိုက် မြင့်လိုက် စုန်လိုက်ဆန်လိုက်ကျင်လည်ရမြဲတည်း။ သတိပညာဖြင့် အကွက်စေ့အောင် မထိန်းချုပ် မပြုပြင်နိုင်လျှင် အဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com


မိုက် တဏှာကြိုက်၏ အငိုက်ဖမ်းကာ အလဲတွန်းမှုကြောင့် စည်းဘောင်မရှိ မျှောမိမျှောရာ မောဟိုက်မဆုံး အပူတုံးချည်းသာရဖို့များနေသည်။ အဝိဇ္ဇာမှောင်နှင့် တဏှာကြိုးသည် သတိပညာလွတ်တိုင်း ကိုယ့်ဟာကိုယ် မခန့်မှန်းတတ်အောင် ပိတ်ဆီးရစ်ပတ် ထားမြဲသာတည်း။

သံသရာခရီးတွင် ပညာအလင်းရောင်မပါဘဲကျင်လည်ရမှာ ကြောက်စရာအကောင်းဆုံးပါတည်း။ ထို့ကြောင့် ရုပ်ပိုင်းဆိုင်ရာရော နာမ်ပိုင်း(စိတ်ပိုင်း)ဆိုင်ရာပါ ပြည့်စုံသောခန္ဓာ တည် ဆောက်မှုကို ရထားတုန်းဝယ် လက်လှမ်းမီသမျှ အသိပညာကြွယ်အောင်ကြိုးစားထားကြရပေလိမ့်မည်၊ တစ်ဖက်မြင်(ဘဝရပ်တည်ရေး) ပညာမျှသာမက နှစ်ဖက်မြင် (ဘဝအသုံးချရေး = တရား သဘောဆိုင်ရာ) ပညာထိ ပြည့်ဝစုံလင်အောင် ဆည်းပူး လေ့ကျင့်ထားသင့်ပေသည်။

## ၄။ လောကလှ့ဘောင် အလင်းရောင်

- နေ-လ-မီးမှာ၊ မြတ်ပညာ၊ ၄ ဖြာအလင်းရောင်။
- နေ့မှာသာလင်း၊ ညမလင်း၊ နေမင်းစွမ်းအားဆောင်။
- ငွေလမင်းမှာ၊ ညလင်းကာ၊ နေ့မှာစွမ်းအားမှောင်။
- ထွန်းရာ၌သာ၊ လင်းနိုင်ကာ၊ မီးမှာစွမ်းမပြောင်။
- နေ-လ-မီးမှာ၊ အဝိဇ္ဇာ၊ ကင်းကွာသွားဖို့ မစွမ်းဆောင်။
- နေရာမရွေး၊ ခါမရွေး၊ လင်းပေးနိုင်တဲ့ ပညာရောင်။
- အပူလဲစင်၊ အမှန်မြင်၊ စွမ်းအင်ပြည့်တဲ့ ပညာရောင်။
- အဝိဇ္ဇာကင်း၊ စိတ်မှာလင်း၊ သန့်ရှင်းပညာရောင်။
- ပညာလမ်းပြ၊ မြတ်ဗုဒ္ဓ၊ မုချ မြင့်မြတ်ခေါင်။

လူ့လောကအတွင်း၌ အမှောင်ကြောက်သူလူတို့အတွက် အမှောင်ကို ဖြိုခွင်းပေးနိုင်သောအလင်းရောင် (၄)မျိုးရှိသည်။ နေရောင်၊ လရောင်၊ မီးရောင်၊ ပညာရောင်အားဖြင့် (၄)ပါးတို့တည်း။ နေသည် နေ့အခါသာ လင်း၍ ညအခါမလင်း။ လသည် လဆန်းပိုင်း ညအခါသာလင်း၍ နေ့အခါမှောင်သွား၏။ မီးသည် ထွန်းရာ၌ သာလင်း၍ နေရာတိုင်းမလင်းနိုင်ချေ။ ထို့ကြောင့် နေ လ မီးရောင်တို့သည် ကာလဒေသဖြင့် ကန့်သတ်ထားသဖြင့် မလုံလောက်သည့်ပြင် သံသရာကိုခြယ်လှယ်နေသော အဝိဇ္ဇာမှောင်လင်းသွားအောင် ၄င်းအလင်းရောင် တို့ဖြင့် တိုက်ရိုက်မစွမ်းနိုင်ချေ။ ပညာလမ်းပြမြတ်ဗုဒ္ဓ၏ လမ်းညွှန်ချက်ဖြစ်သော နှစ်ဖက်မြင်ပညာအလင်းရောင် သည်သာ နေရာမရွေး အခါမရွေး လင်းပေး၏။ စိတ်အပူစင်၍ အမှန်အတိုင်းမြင်ရအောင် စွမ်းဆောင်ပေး၏။ အဝိဇ္ဇာကင်း၍ စိတ်သန့်ရှင်းသွားအောင် ရှင်းလင်းပေးနိုင်သည်။ သို့ဖြစ်၍ "ကံကိုထိန်းချုပ် စိတ်ခလုတ်" တပ်ဆင်ရေးဝယ် နေ၊လမီးရောင်ဖြင့်လည်း မလုံလောက်၊ ဘဝရပ်တည်ရေး တစ်ဖက်မြင်ပညာဖြင့်လည်းမပြည့်စုံ သဖြင့် သာသနာ့လမ်းညွှန်ချက်နှစ်ဖက်မြင်ပညာကိုရအောင်ယူရခြင်း ဖြစ်ပေသည်။

## ၅။ နည်းလမ်း ၄ သွယ် ပညာကြွယ်

- ပြဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။
- အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။
- ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာခွဲရှိရ။
- အလုပ်လေးစား၊ ရိုသေငြား၊ စိတ်အားလွန်တက်ကြွ။
- နည်းလမ်း ၄ သွယ်၊ ပညာကြွယ်၊ ခုံထယ်(ထည်) စွမ်းပြည့်ဝ။

ပညာအလင်းရောင်ကိုအပြည့်အဝရလိုသူအတွက် ဗုဒ္ဓသည်အားအကောင်းဆုံးမှီခိုရာပေတည်း။ အကုန် လုံးသိမြင်နိုင်သောပညာကို ရထားသောကြောင့်ဖြစ်၏။ ဗုဒ္ဓဟူသော ဘွဲ့တံဆိပ်အောင်လက်မှတ်ကို ရရှိနိုင်ရန်


www.burmeseclassic.com

www.burmeseclassic.com


အတွက် ဗုဒ္ဓအလောင်း သူတော်ကောင်းသည် နည်းလမ်း (၄)သွယ်ကို အတိအကျအပြည့်အဝအသုံးပြုခဲ့ရသည်။ နည်းလမ်း (၄)သွယ်ဖြင့် တရားအားလုံးသိမြင်နိုင်လောက်အောင် ပညာကြွယ်ခဲ့သည်။ နည်းလမ်း (၄)သွယ်ကြောင့် ပညာကြွယ်ကာ အံ့ဖွယ်(၈)ဖြာသာသနာကို တည်ထောင်ဖော်ထုတ်တော်မူနိုင်ခဲ့သည်။ သတ္တဝါများအတွက် တိကျ၍ ပြည့်ဝသောလမ်းညွှန်ချက်ကို ပေးတော်မူနိုင်ခဲ့သည်။ မဟောင်းနိုင်မရိုးနိုင်သောကျင့်စဉ်များကို ညွှန်ပြတော်မူနိုင်ခဲ့သည်။ မိမိကိုယ်တော်တိုင်အမှောင်အားလုံးပယ်ခွင်းကာ အထွတ်အထိပ်ရောက်အောင် အမြင့်မားဆုံးတက်တော်မူနိုင်၍ ပညာအလင်းရောင်လိုချင်သူများအတွက် လမ်းဆုံးထိ အမြင့်မားဆုံးနည်းပေးလမ်းပြတော်မူခဲ့သည်။ တစ်လောကလုံး၏ ထောက်တည်အားကိုးရာအစစ်ဖြစ်တော်မူခဲ့သည်။

နည်းလမ်း ၄-သွယ်ဟူသည်-(၁) ဆိုင်ရာပြဌာန်းချက်အားလုံးကုန်ဆုံးအောင် ကြိုးစား အားထုတ်ရခြင်း၊ (၂) ရှေ့အသိပညာ နှင့် နောက်အသိပညာဆက်စပ်မိအောင် ရှေ့အသိပညာက နောက်အသိပညာအား ကျေးဇူး ပြုနိုင်လောက်အောင် အဆက်မပြတ်မှန်မှန်ကြိုးစားအားထုတ်ရခြင်း၊ (၃) ကန့်သတ်ထားသောအချိန်မပြည့်သမျှ နောက်မဆုတ်ဘဲ ကာလရှည်ကြာစွာ ဖွဲဖွဲရှိရှိ စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်ရခြင်း၊ (၄) မိမိ၏လုပ်ငန်းကို စိတ်ပါလက်ပါ ရိုရိုသေသေလေးလေးစားစား တက်တက်ကြွကြွ ကြိုးစားအားထုတ်ရခြင်း၊ (အရေအတွက် ပြည့်ရုံ အချိန်စေ့ရုံမျှ လုပ်ခြင်းမဟုတ်ဘဲ တကယ်စိတ်ပါဝင်စားရခြင်း)အားဖြင့် (၄) ပါးတို့တည်း။ ဗုဒ္ဓဖြစ်အောင် ဤနည်းလမ်း (၄)သွယ် အတိုင်း ကြိုးစားခဲ့ရသကဲ့သို့ ပညာချွန်သူ ပညာရှင်အားလုံးလည်း ဤနည်းလမ်းကိုပင် လက်သုံးပြုကာ အားထုတ်ကြိုးပမ်းကြရပေသည်။ အသိပညာတိုးပွားလာသလောက် ကံကိုထိန်းချုပ်နိုင်မှုစွမ်းအား မြင့်မားကြရပေသည်။

## ၆။ ပညာစုံမှု နည်း ၄–ခု

- **စိတ်ကောင်းကိုရှာ၊ တရားနာ၊ ကောင်းစွာ စိတ်ကိုထား။**
- **အသိအကျင့်၊ ဘက်စုံမြင့်၊ ဆင့်ဆင့်ပညာပွား။**
- **နည်းလမ်း ၄ သွယ်၊ ပညာကြွယ်၊ ခံ့ထယ်(ထည်) လူ့စွမ်းအား။**

ပညာစုံမှု နည်း-၄ခုကား (၁)တော်လည်းတော် ကောင်းလည်းကောင်းသောပညာရှိမိတ်ဆွေကောင်းများကို ရှာဖွေဆည်းကပ်ပေါင်းသင်းဆက်ဆံမှုရှိရခြင်း၊ (၂) ထိုပညာရှိ သူတော်ကောင်းများ၏ လမ်းညွှန်ဟောကြားမြတ်တရားကို ရိုသေလေးစားစွာ နာယူမှတ်သားရခြင်း၊ (၃)စိတ်ကို တရား လမ်းကြောင်းပေါ်တင်၍ နှလုံးသွင်းမှန်ကန်ရခြင်း (အယူအဆအတွေးအခေါ် အကြံအစည် လမ်း ကြောင်းမှန်ရခြင်း)၊ (၄) အသိတရားကို အကျင့်တရားနှင့်ပေါင်းစပ်၍ လက်တွေ့လုပ်ငန်းခွင် ဝင်ရ ခြင်းအားဖြင့် (၄)ပါးတို့တည်း။ ဤနည်းလမ်းသည် စာတွေ့ပညာမျှသာမက လက်တွေ့ပညာပါ ပါဝင်လာသဖြင့် သံသရာအမှောင်ကို ဖြိုခွင်းရေးနှင့် ကံကိုထိန်းချုပ်နိုင်ရေး အတွက် ထိရောက်လာပေသည်။

## ၇။ ပညာကြွယ်ရန် နည်း ၄ တန်

- **ယုံကြည် နာကြား၊ မမေ့ပြား၊ စဉ်းစားဝေဖန်ပါ။**
- **အသိတရား၊ ပညာများ၊ တိုးပွားပေါ်ထွက်လာ။**
- **နည်းလမ်း ၄ သွယ်၊ ပညာကြွယ်၊ ခံ့ထယ်(ထည်) တိုးပွားတာ။**

ပညာကြွယ်ရန် နည်း ၄တန် နောက်တစ်မျိုးကား (၁)လမ်းမှန်အတိုင်း တကယ်ကြိုးစားမှုကြောင့် ထူးချွန်ခဲ့ကြသော ရှေးရှေးပညာရှိတို့၏လုပ်ငန်းစဉ်နှင့် စွမ်းရည်ကိုလည်းကောင်း မိမိတကယ် ကြိုးစားလျှင် ကြိုးစားနိုင်သလောက် ရောက်ရှိလာမည့်ရလဒ်စွမ်းရည်ကို လည်းကောင်း တကယ် လေးလေးနက်နက်ယုံကြည်ရခြင်း၊ (၂) ပညာရှိသူတော်ကောင်းတို့၏ လမ်းညွှန်ဟောကြား မြတ် တရားကို ရိုသေလေးစားစွာ နာယူမှတ်သားရခြင်း၊ (၃)သင်ယူနာကြားထားသမျှ အသိပညာများကို မမေ့မပျောက်ရအောင် ထိန်းသိမ်းထားနိုင်ရခြင်း၊ (၄) မမေ့


www.burmeseclassic.com

www.burmeseclassic.com


မပျောက်အောင် ဆောင်ယူထိန်းသိမ်း ထားသည့် အသိပညာများကို တိုးပွားမြင့်မားလာအောင် ကြံစည် စဉ်းစား တွေးတောဝေဖန်ရခြင်း၊ စဉ်းစား၍ နားမလည်လျှင် ပညာရှိထံမေးမြန်းရခြင်း ဤ(၄)ပါးတို့တည်း။ ပညာရှိအားလုံး ဤနည်းလမ်းဖြင့်ပင် အမှောင်ခွင်း၍အလင်းဆောင်ကာ ကံကိုထိန်းချုပ်နိုင်ကြပေသည်။

## ၈။ ပညာတိုးစေ နည်း ၄ ထွေ

- **တရားကိုနာ၊ ဆွေးနွေးကာ၊ ကောင်းစွာကျင့်သုံးမှု။**
- **ရှေ့နောက်ဆက်စပ်၊ သတိကပ်၊ ရှုမှတ် ပွားများသူ။**
- **ဆင်းရဲဒုက္ခ၊ အနုတ်ပြ၊ မုချချမ်းသာဟူ။**
- **နည်းလမ်း ၄ သွယ်၊ ပညာကြွယ်၊ ခံ့ထယ်(ထည်)စွမ်းတဲ့လူ။**

စာတွေ့ပညာမှလက်တွေ့ပညာသို့ အဆင့်ဆင့်တိုးရေးအတွက် နည်းလမ်း(၄)ခုကား (၁) ပညာရှိ သူတော်ကောင်းများ၏ လမ်းညွှန်ချက်ကို ရိုသေလေးစားစွာ စိတ်ပါလက်ပါနာကြားလေ့လာရခြင်း၊ (၂)အသိပညာလေ့လာထားသူအချင်းချင်း အသိချင်းဖလှယ်ကာ ဆွေးနွေးမေးမြန်းပြောကြား ရခြင်း၊ (၃) စာတွေ့အသိပညာကို လက်တွေ့ကျကျ နှလုံးသွင်းဆင်ခြင်သုံးသပ်ရခြင်း၊ (၄) နှလုံးသွင်း ဆင်ခြင်ရုံမျှသာမက ရှေ့နောက်ဆက်စပ်မိအောင် လက်တွေ့တကယ်ပွားများအားထုတ်ရခြင်း၊ ဤ ၄ ခုပေတည်း။ ဤနည်းလမ်းသည် လက်တွေ့ပညာကို ဦးစားပေးထားသဖြင့် သံသရာမှောင်ဖြိုခွင်း၍အလင်းဆောင်နိုင်ရန် ထိရောက်သောနည်းလမ်းဖြစ်ပြီး ကံကို ထိန်းချုပ်စိတ်ခလုတ်ကို လက်တွေ့တပ်ဆင်ပေးခြင်းလည်းဖြစ်ပေသည်။

## ၉။ ပညာကြီးရေး နည်းလမ်း – ၄

- **ဟောပြပေးကာ၊ ကောင်းတာ သင်ပြား၊ တရားပူဇော်၊ သန့်ရှင်းသော်၊ ကြီးသော် မြတ်ပညာ။**
- **နည်းလမ်း ၄-သွယ်၊ ပညာကြွယ်၊ ခံ့ထယ်(ထည်)စွမ်းပြည့်လာ။**

ပညာကြီးရန် နည်းမှန်(၄)ခု မြတ်ကောင်းမှုကား (၁) မိမိတတ်သိနားလည်ထားသော တရားစာပေ အသိပညာများကို နာမည်ကျော်ကြားမှုပစ္စည်းရမှုကို လုံးဝမမျှော်လင့်ဘဲ မေတ္တာစေတနာ အပြည့်အဝထား၍ ဟောပြောပြသသင်ကြားပေးခြင်း၊ (၂) လက်မှုအတတ်စသော အပြစ်မရှိသော ကောင်းကျိုးပြုအတတ်ပညာများကို မေတ္တာစေတနာကောင်းစွာထား၍သင်ပြပေးခြင်း၊ (၃) တရားကို ပူဇော်သောအားဖြင့် ဓမ္မကထိကကို ချီးမြှောက်ပူဇော်ကာ တရားဟောစေခြင်း၊ စာချဘုန်းကြီးကို ချီးမြှောက်ပူဇော်ကာ စာချစေခြင်း၊ ပညာချွန်သူကို ချီးမြှောက်ပူဇော်ခြင်း၊ (၄) ပတ်ဝန်းကျင် နေရာ ထိုင်ခင်းနှင့်တကွ ကိုယ်တွင်းကိုယ်ပသန့်ရှင်းစင်ကြယ်အောင် သုတ်သင်ရှင်းလင်း၍ နေထိုင်တတ်ခြင်း၊ ဤ ၄ ခုပေတည်း။ ဤနည်းလမ်းသည် ခုရော နောင်ပါသေချာရန် ပညာမျိုးစေ့ကြဲချခြင်းလုပ်ငန်းမျိုးဖြစ်သည်။

လောကဥ္စအမှောင်ခွင်း၍အလင်းဆောင်နိုင်သူအားလုံး ပညာကြွယ်သူအားလုံး ကံကို ထိန်းချုပ်စိတ်ခလုတ်ရှိသူအားလုံးတို့သည် ဆိုအပ်ခဲ့ပြီးသောနည်းလမ်း၄သွယ်တို့ဖြင့်ကြိုးစားကာ ထည်ဝါခံ့ညား မြင့်မားခဲ့ကြလေသည်။

## ၁၀။ အသိဉာဏ်ယှဉ် လိုတာပြင်

- **ကံစိတ်ဥတု၊ အစာဟု၊ ပေါင်းစု ငါးခန္ဓာ။**
- **သခၤါရတွေ၊ ရထားပေ၊ မသွေပြင်ရမှာ။**
- **အသိဉာဏ်ယှဉ်၊ လိုတာပြင်၊ စွမ်းအင်တိုးပွားလာ။**
- **လိုတာပြင်က၊ စွမ်းအားရ၊ တက်ကြွအေးချမ်းလာ။**
- **မောဟကင်းအောင်၊ အလင်းဆောင်၊ ထွန်းပြောင်မြတ်ပညာ။**
- **အလုပ်ကိစ္စ၊ ခွဲသိက၊ ထူးလှမြတ်ပညာ။**



www.burmeseclassic.com

www.burmeseclassic.com



- **အာရုံအရှိ၊ အမှန်ကြည့်၊ ထွင်းသိမြတ်ပညာ။**
- **ကြောင်းကျိုး ပြတ်သား၊ စွမ်းအားသိလျှင်၊ နှစ်ဖက်မြင်၊ စွမ်းအင်မြတ်ပညာ။**
- **အာရုံအမှန်၊ သိမြင်ရန်၊ ဧကန်ထွန်းပြပါ။**
- **တွေဝေမှုကင်း၊ အမြင်ရှင်း၊ လက်ငင်းကောင်းကျိုးလာ။**
- **စိတ်တည်ငြိမ်မှ၊ ပညာရ၊ တက်ကြွတိုးပွားလာ။**

မိမိတို့သည် ကံ စိတ် ဥတု အာဟာရအကြောင်း ၄မျိုးတို့ဖြင့် ပြုပြင်ရမည့်ခန္ဓာကိုရထားသဖြင့် မချွတ်ဧကန် ပြုပြင်နေရမည်သာဖြစ်သည်။ ပြုပြင်သောအခါ အသိဉာဏ်ယှဉ်၍ လိုအပ်သည်ကို ကြည့်ရှုပြုပြင်မှသာ စွမ်းအား တိုးတက်ပြည့်ဝကာ ခန္ဓာကိုလိုသလိုအသုံးချနိုင်မည်ဖြစ်သည်။ ကံလိုနေလျှင် ကံကိုပြင်၍ စိတ်စွမ်းအားကျဆင်း ညှိုးဖျင်းနေလျှင် စိတ်ကိုမြှင့်တင်ပြုပြင်ပေးရမည်ဖြစ်၏။ သာသနသမ္ပတ္တိခေတ်၌ ကံနှင့်စိတ်ကိုပြုပြင်ရန်အကောင်းဆုံးပေတည်း။ ဥတုနှင့်အာဟာရကိုလည်း ဉာဏ်ဖြင့်ပင် ချင့်ချိန်၍ ပြုပြင်ရမြဲဖြစ်၏။ လိုအပ်သည်ကို မပြုပြင်ဘဲ မလိုအပ်သည်ကို ပြုပြင်လျှင် ရည်မှန်းချက်၏ ဆန့်ကျင်ဘက်နှင့် ထိပ်တိုက်ရင်ဆိုင် တိုးမိတတ်လေသည်။ သို့ဖြစ်၍ သင်္ခါရဖြစ်သောခန္ဓာကို အဆင်ပြေအောင် ပြုပြင်တတ်ရန် လုံလောက်သော အသိဉာဏ်ကို လိုအပ်ပေသည်။

ကံကိုထိန်းချုပ်နိုင်သော စိတ်ခလုတ်ဟူသောအသိပညာသည် သံသရာအမှောင်မောဟကိုအဆင့်အလိုက် ကင်းအောင်ရှင်း၍ အလင်းဆောင်ပေးနိုင်၏။ ကိုယ်လုပ်ရမည့်အလုပ်ကိစ္စကို ခွဲခွဲခြားခြားသိမြင်အောင် ဖော်ပြ၏။ အာရုံအရှိကိုအရှိအတိုင်း အမှန်သိနိုင်အောင် ကြည့်ရှု သုံးသပ်စေ ၏။ ကြောင်းကျိုးဆက်သွယ်၍ တကယ် အမြင်ရှင်းစေ၏။ လမ်းမမှားအောင် ပန်းတိုင်ဦးတည်ချက် တိကျပြတ်သားအောင် အလုပ်ရှင်းအောင် လမ်းညွှန်ပေး၏။ စိတ်တည်ငြိမ်မှသာ အသိပညာမှန်ကို ရနိုင်သည်ဖြစ်၍ စိတ်တည်ငြိမ်စေနိုင်သည့်အလေ့အကျင့်ကို ပုံမှန်လေ့ကျင့်ပေးရန် အထူးလိုအပ်လှပေသည်။

## ၁၁။ စိတ်တည်ငြိမ်မှ ပညာရ

- **အိမ်၏ အထွတ်၊ အချက်ပမာ၊ ကောင်းတာပြုလို၊ ကုသိုလ်အဟုန်၊ ပြီးပြည့်စုံအောင်၊ ကြီးမှူးဆောင်ရွက်၊ စူးစိုက်လျက်၊ မြင့်တက် သမာဓိ။**
- **တပ်မပျက်ရေး၊ စည်းရုံးပေးကာ၊ မင်းပမာသို့၊ ကောင်းတာပြုကြ၊ တကွဖြစ်နေ၊ တရားတွေကို၊ ဖရိုဖရဲ၊ မပြန့်ကျဲအောင်၊ စွမ်းအားဆောင်၊ မြင့်ခေါင်သမာဓိ။**
- **ထင်ရာမသွား၊ မရွေ့လျားဘဲ၊ စွဲမြဲအာရုံ၊ ကောင်းစွာလုံ၊ ပွားထုံသမာဓိ။**
- **အမှုန့်မပြယ်၊ လုံးနယ်၍ပေး၊ ရေအေးပမာ၊ ကောင်းတာကိုပြု၊ တရားစုကို၊ ပေါင်းစုသိမ်းကျုံး၊ စွမ်းအင်သုံး၊ စည်းရုံးသမာဓိ။**
- **အတွင်းရန်ဓါတ်၊ ရှင်းအောင်ဖြတ်ကာ၊ ကိလေသာဘေး၊ အပူဝေး၊ ငြိမ်းအေးသမာဓိ။**
- **အာရုံပေါ်မှာ၊ ကောင်းမွန်စွာထား၊ စိတ်စွမ်းအားကြောင့်၊ အမှားကင်းစင် အမှန်မြင်၊ စွမ်းအင်သမာဓိ။**
- **အပူကင်းကွာ၊ စိတ်ချမ်းသာမှ၊ တည်ငြိမ်ရ၊ တက်ကြွသမာဓိ။**

စိတ်တည်ငြိမ်အောင်လေ့ကျင့်ပေးမှ သမာဓိကိုရနိုင်သည်။ သမာဓိသည် စိတ်ကိုထားလိုရာအာရုံ၌ ထားလိုသည့်ပုံစံဖြင့် ထားလိုသလောက်တည်ငြိမ်စူးစိုက်အေးချမ်းစွာထားနိုင်သောစွမ်းအားထူးဖြစ်သည်။ အိမ်၏ အထွတ်အချက်သည် အိမ်တစ်ခုလုံးကို လွှမ်းအုပ်ထိန်းချုပ်ထားသကဲ့သို့ သမာဓိသည် ကုသိုလ်ကောင်းမှုအားလုံး ပြီးစီးထမြောက်ပြည့်စုံအောင် ကြီးမှူးဆောင်ရွက် စူးစိုက်ပေးလေသည်။ သမာဓိရှိနေလျှင် စိတ်သောင်းကျန်းမှု မရှိသဖြင့် ကိုယ်နှုတ်လျှပ်ပေါ်မှုကိုထိန်းထားပြီးဖြစ်ခြင်း စိတ်ငြိမ်လျှင် ပညာမျက်စိပွင့်လာခြင်းကြောင့် သီလနှင့် ပညာကို ဗဟိုမှနေ၍ ထိန်းချုပ်ထားနိုင်ရကား သာသနာကျင့်စဉ်တရား၏ အလယ်ဗဟိုချက်မတရားလည်း ဖြစ်လေသည်။ မိမိ၏စစ်တပ်မပြိုကွဲမပျက်စီးအောင် နည်းပရိယာယ်ကြွယ်ဝစွာဖြင့် စည်းရုံးပေးသောမင်းကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com


ကောင်းမှုပြုသောအခါ သမာဓိက အတူတကွဖြစ်သော စိတ်စေတသိက်တရားများကို ဖရိုဖရဲ မပြန့်ကျဲရအောင် သေသေသပ်သပ်စုစုစည်းစည်းဖြစ်အောင် စည်းရုံးပေါင်းစုပေးပေသည်။ စိတ်ကိုထင်ရာမသွား မရွေ့လျားစေဘဲ ယူလိုရာအာရုံပေါ်၌သာ ကောင်းမွန်လုံခြုံစွာ စွဲစွဲမြဲမြဲထားပေး၏။ ဆန်မှုန့်စသည်ကို ရေဆီစသည်ဖြင့် မပြန့်ကျဲအောင် လုံးနယ်၍ပေးရသကဲ့သို့ ယှဉ်ဘက်တရားများကို စွမ်းအင်သုံး၍ ပေါင်းစုသိမ်းကျုံးစည်းရုံး၍လည်းပေးတတ်၏။ အတွင်းရန်ကိလေသာကိုကင်းအောင်ဖြတ်လျက် ရှင်းအောင်ဖယ်ရှားကာ စိတ်ကိုအပူကင်းဝေး ငြိမ်းအေးသွားစေ၏။ အပူကင်းစင်စွာဖြင့် အာရုံပေါ်မှာ စိတ်ကိုတည်ငြိမ်ကောင်းမွန်စွာထားနိုင်မှုကြောင့် အမှားကင်းစင်၍ အမှန်အတိုင်းမြင်သိနိုင်သော ဉာဏ်ပညာမျက်စိအလင်းကို ရှင်းလင်းပီသစွာ ဖော်ထုတ်ပေးနိုင်လေသည်။ ကံထိန်းခလုတ် အသိဉာဏ်ကိုတည်ဆောက်ပေးသောအမာခံအင်အားလည်းဖြစ်သည်။ အပူကင်းကွာ စိတ်ချမ်းသာအောင် စိတ်ကိုထားတတ်မှုလည်း သမာဓိကလွယ်ကူစွာပေါ်ပေါက်နိုင်လေသည်။ စိတ်ကို ကြေးချွတ်ဆေးကြောပေးနိုင်သလောက် သမာဓိစွမ်းအားကိုပိုင်ဆိုင်ခွင့်ရမြဲပေတည်း။

## ၁၂။ လုံ့လကြံ့ခိုင် စိတ်မယိုင်

- **အိမ်အို ကျားကန်၊ ထောက်ပေးဟန်သို့၊ မသန်ပျော့ညံ့၊ နောက်တွန့်တရား၊ ထောက်ပံ့သွားလို၊ ကုသိုလ်မယုတ်၊ နောက်မဆုတ်၊ အားထုတ်လုံ့လစွမ်း။**
- **တပ်မဆုတ်ရေး၊ စစ်ကူပေးကာ၊ မင်းပမာသို့၊ ကောင်းတာပြုကြ၊ တကွဖြစ်နေ၊ တရားတွေကို၊ ချီးမြှောက်လိုငြား၊ စွမ်းအားမယိုင်၊ ကိုယ်ပိုင်အလုပ်၊ နောက်မဆုတ်၊ အားထုတ် လုံ့လစွမ်း။**
- **ရသည့်ဆင်းရဲ၊ ကျိတ်အံခဲ၍၊ အမြဲ သည်းခံ၊ စိတ်အားသန်လျက်၊ မှန်မှန်ကြိုးကုတ်၊ နောက်မဆုတ်၊ အားထုတ်လုံ့လစွမ်း။**
- **တကွဖြစ်နေ၊ တရားတွေကို၊ အားသေရပ်တန့်၊ နောက်တွန့်မှုကင်း၊ စိတ်အားတင်းအောင်၊ ထောက်ပံ့ဆောင်၊ မြင့်ခေါင်လုံ့လစွမ်း။**
- **ပန်းတိုင်အရောက်၊ ကြံတိုင်းပေါက်အောင်၊ မကြောက်မရွံ့၊ နောက်မတွန့်ဘဲ၊ ရဲဝံ့ပြင်းထန်၊ ကြိုးစားပြန်၊ ထက်သန်လုံ့လစွမ်း။**
- **ထိတ်လန့်စရာ၊ ကြုံမှုသာ၊ တက်လာလုံ့လစွမ်း။**
- **အမှန်ကြိုးစား၊ ချမ်းသာများ၊ တိုးပွားအံ့မခန်း။**

ထိုက်တန်သောလုံ့လကို လမ်းမှန်အောင် အားထုတ်နိုင်မှသာ သမာဓိကိုရနိုင်မည်ဖြစ်သည်။ ဝီရိယသည် သမာဓိအဖွဲ့ဝင် တရားပေတည်း။ စိတ်တွန်းကိရိယာလည်း ဖြစ်၏။ လဲပြိုလုမတတ် ယိမ်းယိုင်နေသောအိမ်အိုကို ထောက်တိုင်ကျားဖြင့်မလဲရအောင် ထောက်ကန်ပေးရသကဲ့သို့ မသန် မစွမ်းတော့ဘဲ အင်အားပျော့ညံ့နေသော နောက်သို့-အမြဲ-တွန့်ဆုတ်နေတတ်သော စိတ်စေတသိက် များကို လုံ့လဝီရိယဖြင့် ထောက်ပံ့မြှင့်တင်အားပေး၍ တကယ်ရထိုက်သော ကုသိုလ်မယုတ်လျော့ရအောင် နောက်မဆုတ်တမ်း ကြိုးပမ်းလျက် အားဖြည့်ပေးရလေသည်။

အင်အားချည့်နဲ့နည်းပါးလာသော မိမိ၏စစ်တပ်နောက်မဆုတ်ဘဲ ရဲဝံ့စွာချီတက်တိုက်ခိုက်နိုင်ရေးအတွက် လိုအပ်သောစစ်ကူကိုပေးရသောမင်းကဲ့သို့ အတူတကွဖြစ်နေသောတရားများကို စွမ်းအားမယိုင်လဲအောင် ချီးမြှောက်အားပေး၍ ကိုယ်ပိုင်အလုပ်ဟူသမျှ နောက်မဆုတ်တမ်းကြိုးပမ်းကာ ပန်းတိုင်ကို လှမ်းကိုင်နိုင်ရေးအတွက် လုံ့လစွမ်းက တာဝန်ယူရသည်။ ရရှိပေါ်ပေါက်လာသော ဆင်းရဲကိုစိတ်အားတင်းကာ သည်းခံလျက် မှန်မှန်ကြိုးကုတ်အားထုတ်ပေးလေသည်။

လမ်းမှန်သော အထိန်းပါသောလုံ့လဖြင့် တွန်းမပေးလျှင် စိတ်စေတသိက်များ စွမ်းအား သေကျေပျက်စီးကာ အလုပ်ကောင်းဟူသမျှ ရပ်တန့်သွားတတ်သည်။ လှမ်းယူလိုက်လျှင် လက် တစ်ကမ်းလောက်သာရှိပါလျက် ပင်ကိုယ်စွမ်းအားထုတ်ကာ မယူလိုတော့ဘဲ နောက်တွန့်နေတတ် သည်။ ထိုသို့ အားသေရပ်တန့် နောက်တွန့်နေသောအဖော်တရားများကို အသက်သွင်းကာ စွမ်းအားဖြည့်တင်းပေးလျက် ပန်းတိုင်အရောက် ကြံတိုင်းပေါက်အောင် မကြောက်မရွံ့နောက်မတွန့်ဘဲ ရဲဝံ့ပြတ်သားစွာချီတက်နိုင်အောင် လုံ့လက ထောက်ပံ့အားပေး မြှင့်တင်



www.burmeseclassic.com

www.burmeseclassic.com


ပေးရလေသည်။ ထိတ်လန့်စရာ သံဝေဂအာရုံများပေါ်လာမှ လုံ့လစွမ်းပေါ်ပေါက်တိုးတက်လာမြဲဖြစ်ရာ ထူးခြားသောထိတ်လန့်စရာ ထင်ထင်ရှားရှားမပေါ်သောအခါ အိုနာသေသံဝေဂအာရုံများဖြင့် အမြဲမပြတ်သတိပေးနေရမည်ဖြစ်သည်။ မျိုးစေ့များသည် စိုက်ပျိုးမှုအပင်ပေါက်သကဲ့သို့ စိတ်စေတသိက်များလည်း လုံ့လထူကာ စိုက်ပေးမှ ကိုယ်ပိုင်စွမ်းအားများ ထူးထူးခြားခြားပေါ်လာကာ အံ့ဩစရာ ကောင်းကျိုးချမ်းသာများကိုရအောင် ဆောင်ရွက်ပေးနိုင်မည် ဖြစ်လေသည်။ လုံ့လကြံ့ခိုင်မှ စိတ်မယိုင်ဘဲ သမာဓိစွမ်းအားကိုလည်း အရှိအတိုင်း ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

## ၁၃။ သတိထက်သန် လုံ့လမှန်

- **စိတ်နှင့်အာရုံ၊ မခုန်မမျော၊ ပေါလောမပေါ်၊ လမ်းမချော်ရန်၊ ကိုင်ပေးပြန်၊ ထက်သန်သတိအား။**
- **မင်း၏ ဥစ္စာ၊ ကောင်းစွာပြရှိုး၊ ဘဏ္ဍာစိုးသို့၊ ကောင်းကျိုးရကြောင်း၊ ကုသိုလ်ကောင်းမှု၊ အမြန်ပြုရန်၊ နှိုးဆော်ပြန်၊ ထက်သန်သတိအား။**
- **အာရုံကိုကပ်၊ စိတ်မလွတ်အောင်၊ မပြတ်ယူကာ၊ သိမ်းဆည်းတာ၊ မှတ်ပါသတိအား။**
- **စကြာမင်းထီး၊ သားကြီးပမာ၊ မကောင်းတာဖယ်၊ ကောင်းရာကယ်၊ ဆက်သွယ်သတိအား။**
- **မမေ့မလျော့၊ မပေါ့မတန်၊ မပျောက်ရန်၊ ဧကန် ထိန်း၍ထား။**
- **စိတ်နှင့်အာရုံ၊ မခုန်မမျော၊ ပေါလောမပေါ်၊ လမ်းမချော်ရန်၊ စောင့်ရှောက်ပြန်၊ ထက်သန် သတိအား။**
- **စ လယ် အဆုံး၊ အားလုံးသိဖို့၊ အာရုံသို့သာ၊ ရှေးရှုကာ၊ ကောင်းစွာစိတ်ကိုထား။**
- **အမှတ်မြဲသော်၊ သတိပေါ်၊ ရွှင်ပျော်အားတက်ကြွား။**

လုံ့လဝီရိယဟူသည် သတိအထိန်းတပ်ဆင်မှလမ်းမှန်ရောက်၍ စွမ်းအားအမှန်ကို ဖော်ထုတ်ပေးနိုင်လေသည်။ အသိ သတိအထိန်းမပါသော လုံ့လသည် သမာဓိဉာဏ်ကို မဖြစ်စေဘဲ ဥဒ္ဓစ္စကိုသာ ဖြစ်စေတတ်သည်။ တည်ငြိမ်အေးချမ်းမှုကိုမဖြစ်စေဘဲ ပျံ့လွင့်ပင်ပန်းမှုကိုသာ ဖြစ်စေတတ်သည်။ သို့ဖြစ်၍ သမာဓိဉာဏ်ကို ဧကန်ဖြစ်စေနိုင်သော လုံ့လဝီရိယကောင်းကိုရရှိနိုင်ရန်အတွက် သတိအထိန်းတပ်ဆင်ပေးရလေသည်။

သတိဟူသည် လုပ်ငန်းဆောင်ရွက်နေသော စိတ်နှင့် လုပ်ငန်းအာရုံတို့ မခုန်မမျောရအောင် ပေါလောမပေါ်ရအောင် လမ်းလည်းမချော်ရအောင် တိကျလေးနက်ထက်သန်စွာ ဆောင်ရွက်နိုင်သော သေချာမြဲမြံစွာ ကိုင်တွယ်ထိန်းသိမ်းပေးတတ်သော သဘောပေတည်း။ မင်းဘဏ္ဍာစိုးသည် မင်း၏ဥစ္စာကို ကောင်းစွာထိန်းသိမ်း၍ အရှိအတိုင်းမှန်မှန်ပြပေးနေရသကဲ့သို့ သတိသည်လည်း ပြုထားပြီးသောလက်ရှိတရားများကို ဖော်ပြ၍ နောက်ထပ်လိုအပ်သည်များကိုလည်းကောင်း ထိုလိုအပ်ချက်များကိုအမြန်ပြုပေးရန်လည်းကောင်း အစဉ်နှိုးဆော်ပေးနေရသောတရားဖြစ်ပေသည်။

သတိသည်အာရုံနှင့်စိတ်မလွတ်မကွာရအောင် အဆက်မပြတ်ကပ်ပေးပြီး အာရုံကို ပိုင်နိုင်စွာ သိမ်းဆည်းပေး၏။ စကြာမင်း၏သားကြီးပမာ စိတ်၏သားကြီးအရာဌ်တည်၍ မကောင်းတာမှန်သမျှ ဖယ်ရှားလျက် ကောင်းရာကိုသာအမြဲရရှိအောင် ဆောင်ရွက်ပေးတတ်၏။ ဦးတည်ချက်နှင့် လမ်းကြောင်းလုပ်ငန်းစဉ်များကို မမေ့မလျော့ရအောင် မပေါ့ဆရအောင်ပျောက်ကွယ်မသွားရအောင် အဆက်မပြတ်ထိန်းထားနိုင်သော စွမ်းအားဖြစ်၏။

စိတ်နှင့်အာရုံကို မခုန်မမျောပေါလောမပေါ်လမ်းမချော်အောင် လုံခြုံစွာစောင့်ရှောက်ပေး၍ အာရုံတစ်ခုခုကိုယူတိုင်း အစ အလယ် အဆုံး အားလုံးသိအောင် ရှေးရှုဆက်စပ်ပေးလေသည်။ သညာမှတ်မြဲမှ သတိပေါ်ပေါက်လာနိုင်ရကား လုပ်ငန်းကိစ္စခပ်သိမ်းအကွက်ချကာ မှတ်နေရမည် ဖြစ်သည်။

## ၁၄။ ယုံကြည်လက်ခံ စွမ်းအားမှန်

- **ကုသိုလ်ကိုယူ၊ လက်နှင့်တူ၊ စင်ဖြူသဒ္ဓါအား။**
- **ကောင်းတာကိုသာ၊ ကိုင်လိုပါ၊ ကောင်းစွာစိတ်ကိုထား။**



www.burmeseclassic.com

www.burmeseclassic.com



- အရှုပ်အပူ၊ ကိုင်မိမှုလဲ၊ လွှတ်ပစ်မြဲ၊ အမြဲကိုင်မထား။
- ခပ်သိမ်းဥဿုံ၊ လုံးစုံချမ်းသာ၊ ရဖို့ရာ၊ ဥစ္စာသဖွယ် လဲလှယ်သွား။
- လူနတ်နိဗ္ဗာန်၊ ကောင်းကျိုးမှန်၊ သီးရန်စိုက်ရမျိုးစေ့များ။
- စကြာမင်းဖျား၊ ပတ္တမြားလို၊ အဖုံးကိုဖယ်၊ အနယ်ထိုင်စေ၊ စိတ်ကြည်စေ၊ ရှင်းလေသဒ္ဓါအား။
- ဘေးရန်ပေါလတ်၊ မြစ်ကိုဖြတ်ကူး၊ အထူးလေ့ကျင့်၊ ရဲရင့်ပေတောင်း၊ သူရဲကောင်းလို၊ ကုသိုလ်ပြုလျှင်၊ ရှေ့ကဝင်၊ စွမ်းအင်သဒ္ဓါအား။
- ယုံကြည်စရာ၊ ကောင်းစွာလက်ခံ၊ ယုံကြည်ပြန်၊ ထက်သန်သဒ္ဓါအား။
- ယုံကြည်ဖွယ်၌၊ စိုက်စိုက်မတ်မတ်၊ သက်ဝင်တတ်၍၊ ဆုံးဖြတ်ပိုင်နိုင်၊ ကောင်းတာကိုင်၊ မြဲခိုင်သဒ္ဓါအား။
- စိတ်ကိုကြည်စေ၊ သက်ဝင်ပေ၊ စိတ်တွေအားရှိသွား။
- မနောက်ကျူဘဲ၊ ဆုံးဖြတ်ရဲ၊ ခိုင်မြဲကောင်းစွာထား။
- မိတ်ကောင်းကိုရှာ၊ တရားနာ၊ ကောင်းစွာစိတ်ကိုထား။
- အသိအကျင့်၊ ဘက်စုံမြင့်၊ ဆင့်ဆင့်သဒ္ဓါပွား။

စားစရာ ဝတ်စရာတို့ကို လက်ကကိုင်ယူပေးမှသာ စားနိုင်ဝတ်နိုင်သကဲ့သို့ လက်ဖြင့်ယူ ပေးမှ လုပ်ငန်းခပ်သိမ်းကို ဆောင်ရွက်နိုင်သကဲ့သို့ သဒ္ဓါတရားကလက်ခံကာကိုင်ယူပေးမှသာ ကောင်းမှုခပ်သိမ်းကို ပြုလုပ်ပေးနိုင်သည်။ သဒ္ဓါလက်ဖြင့် မယူလျှင် နီးပါလျက်ပင် ဝေးနေလေသည်။ ပကတိလက်သည် သန့်ရှင်း စင်ကြယ်အေးမြသော ဝတ္ထုကိုသာကိုင်လိုသကဲ့သို့ သဒ္ဓါတရားသည် လည်း မကောင်းမှုကိုမကိုင်လိုဘဲ ကောင်းမှုတရားကိုသာကိုင်လိုပေသည်။ မီးခဲအညစ်အကြေးစသည်ကိုမတော်တဆကိုင်မိစေကာမူ လက်ဖြင့်ကြာကြာ ကိုင်မထားဘဲ ချက်ချင်းလွှတ်ပစ်လိုက် သကဲ့ သို့ သတိလွတ်၍ အရှုပ်အပူများ စိတ်ညစ်စရာများ ရုတ်တရက်စိတ်အစဉ်၌ဝင်ရောက်လာလျှင် လည်း ကြာရှည်မထားဘဲ ချက်ချင်းလွှတ်ပစ်၍ စိတ်ကောင်းဖြင့် ပြန်လည်အစားထိုးပေးတတ်သည်။

သဒ္ဓါတရားသည် ချမ်းသာရကြောင်း ကောင်းမှုဟူသော အဖိုးတန်ပစ္စည်းများကို ပိုက်ဆံကြေးငွေပမာ လဲလှယ်ဝယ်ယူပေး၍ ချမ်းသာ ၃ ပါးအသီးများကိုသီးပေးနိုင်သော ကောင်းမှုအပင် ပေါက်အောင်လည်း မျိုးစေ့သဖွယ် စိုက်ပျိုးပေးလေသည်။ စကြာမင်း၏ပတ္တမြားကဲ့သို့ နီဝရဏဟူသောစိတ်၏အဖုံးကို ဖယ်ရှားပေး၍ ကိလေသာဟူသော သောင်းကျန်းမှု အနောက်အကျူများကို အနယ်ထိုင်သွားစေကာ နောက်နေသော စိတ်ကိုလည်း ကြည်လင်အေးမြသွားစေနိုင်သည်။ ငါး မိကျောင်းစသော ဘေးရန်အန္တရာယ်ပေါသောမြစ်ကို မဖြတ်ကူးရဲဘဲ ကြောက်ရွံ့နေသော လူအပေါင်း ကို အကြိမ်များစွာ အချိန်များစွာ လေ့ကျင့်ထားသော သူရဲကောင်းက လာရောက်ကာ ဘေးရန်များကိုဖယ်ရှား၍ မြစ်ကိုဖြတ်ကူးနိုင်အောင် ဆောင်ရွက်ပေးသကဲ့သို့ နီဝရဏ ကိလေသာ အန္တရာယ်ပေါလှသဖြင့်ကောင်းမှုမပြုရဲဘဲ ကြောက်ရွံ့နေသောစိတ်ကို သဒ္ဓါတရားက ရှေ့ကဝင်လာ၍ နီဝရဏ ကိလေသာရန်ကို ဖယ်ရှားကာ ကောင်းမှုများ အောင်မြင်စွာပြုလုပ်နိုင်အောင် အပူမှ အအေးသို့ အနိမ့်မှအမြင့်သို့ ဆင်းရဲမှချမ်းသာသို့ ဖြတ်ကူးကျော်တက်ရဲအောင် ရဲဝံ့စွာ-တာဝန်ယူအာမခံလျက် ဆောင်ရွက်ပေးလေသည်။

သဒ္ဓါတရားသည် ရတနာ(၃)တန်နှင့် ကံ ကံ၏အကျိုး ဤ(၅)မျိုးကို ကောင်းစွာလက်ခံယုံကြည်ပြီး ထို(၅)မျိုးသည် အမှန်တရားများဖြစ်သည်ဟုလည်း ပိုင်နိုင်စွာဆုံးဖြတ်နိုင်သည်။ စိတ် စေတသိက်များ အားရှိအောင် ဆုံးဖြတ်ရဲအောင်လည်း ဆောင်ရွက်ပေးရသည်။ သဒ္ဓါတရားတိုးပွါးအောင် ပြောပြတတ်သော မိတ်ဆွေကောင်းကို ရှာဖွေပေါင်းသင်းခြင်း သဒ္ဓါတရားတိုးပွားကြောင်း တရားစကားကို နာကြားခြင်း စိတ်ကို တရားလမ်းကြောင်းပေါ် လမ်းမှန်အောင်ထားခြင်း အသိတရားကို အကျင့်တရားနှင့်ပေါင်းစပ်၍ အားထုတ်ခြင်းအားဖြင့် သဒ္ဓါတရားအဆက်မပြတ် ဖြစ်ပေါ်တိုးပွားနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၅။ အဝိဇ္ဇာမှောင် ပယ်ခွင်းရှောင်

- ■ ရဖို့မထိုက်၊ ဒုစရိုက်ကို၊ မောဟိုက်ပင်ပန်း၊ အမြင်ကန်းဘိ၊ အသိလွဲမှား၊ ရရှိထား၊ ဆိုးဝါးအဝိဇ္ဇာ။
- ■ ရအောင်ယူထိုက်၊ သုစရိုက်ကို၊ ရထိုက်သော်ငြား၊ ရ,မထား၊ ဆိုးဝါး အဝိဇ္ဇာ။
- ■ အမှန်တရား၊ မသိငြားဘဲ၊ အမှားသိတတ်၊ မိုက်ကန်းလတ်၊ ချော်ချွတ်အဝိဇ္ဇာ။
- ■ အမှန်တရား၊ မထင်ရှားအောင်၊ ဖုံးကွယ်ရှောင်၊ မိုက်မှောင်အဝိဇ္ဇာ၊
- ■ အဆုံးကင်းကွာ၊ သံသရာ၌၊ သူငါအများ လမ်းတွေမှားအောင်၊ ပြေးသွားစေတတ်၊ မိုက်ကန်းလတ်၊ ချော်ချွတ်အဝိဇ္ဇာ။
- ■ မရှိအမှား၊ ပြေးကာသွား၍၊ ရှိငြားအမှန်၊ မပြေးပြန်၊ မသန်အဝိဇ္ဇာ။
- ■ ဝဋ္ဋအာရုံ၊ ကြောင်းကျိုးစုံကို၊ အကုန်ဖုံးထား၊ အသိမှား၊ ဆိုးဝါးအဝိဇ္ဇာ။
- ■ အဝိဇ္ဇာမှောင်၊ ပယ်ခွင်းရှောင်၊ ဉာဏ်ရောင်လင်းမှသာ။
- ■ ကံကိုထိန်းချုပ်၊ စိတ်ခလုတ်၊ မယုတ်မြဲသေချာ။

တရားစုခွင့်လည်းမပေး ကံကိုထိန်းချုပ်ခွင့်လည်းမပေးဘဲ စိတ်ကိုပရမ်းပတာ မသေမချာဖြစ်အောင် မှောချနေသည်မှာ အဝိဇ္ဇာခေါ်သောမောဟပေတည်း။ အဝိဇ္ဇာသည်ရအောင်ယူဖို့မထိုက်သော ဒုစရိုက်အပူများကိုသာ အရယူထား၍ တကယ်ရအောင်ယူရမည့် သုစရိုက်တရား ကောင်းမှုများကိုကား အရယူနိုင်စွမ်းမရှိချေ။ အမှန်ဆိုလျှင်ဘာကိုမျှမသိဘဲ အမှားကိုသာသိတတ်၍ လူကိုပါမိုက်ကန်းသွားစေသည်။ အမှန်တရား မထင်ရှားအောင်လည်း လကိုတိမ်ဖုံးသည့်ပမာ အမြဲကာကွယ်ဖုံးအုပ်ထားတတ်၏။ အဆုံးကင်းကွာသော သံသရာခရီးရှည်ကြီး၌ အများသူငါသတ္တဝါတွေကို ကမောက်ကမလမ်းတွေမှားအောင်လည်း အလျားလိုက် အပြေးခိုင်းနေပေသည်။ တကယ်မရှိသော ပညတ်စသောအရာ၌ အစွမ်းပြကာ ပြေးသွားတတ်၍ တကယ်ရှိသော ရုပ်နာမ်ပရမတ်အရာ၌ကား မပြေးနိုင်တော့ဘဲ ပျော့ခွေယိုင်လဲသွားတတ်စမြဲတည်း။ သတ္တဝါများ အပါယ်သို့ သွားရောက်ရခြင်းသည် တမင်သက်သက်သွားရခြင်းမဟုတ်ဘဲ အဝိဇ္ဇာလှည့်စားသဖြင့် လမ်းမှားပြီး ရောက်သွား ရခြင်းသာတည်း။ သံသရာ၌ တစ်ခါလမ်းမှားသွားလျှင် အမှန်ဘက်သို့ပြန်လာရန် မလွယ်ကူလှပေ။ အဝိဇ္ဇာသည် ဝဋ္ဋအာရုံ ကြောင်းကျိုးစုံကို အကုန်ဖုံးလွှမ်းထားသဖြင့် ကြောင်းကျိုးဆက်သွယ် တကယ်သိမြင်အောင်မပြနိုင်ဘဲ ဆီးနှင်းထူထပ်စွာပိတ်ဆို့နေသည့်ရေလမ်းခရီးတွင် လှေသဘော်မောင်းနှင်ရသည်ထက်ပင် ခက်ခဲလွဲမှားစွာ စိတ်ကိုပရမ်းပတာမောင်းနှင်နေပေသည်။ သို့ဖြစ်၍ သာသနာနှင့် တွေ့ကြုံခိုက် အဝေးကြည့်မှန်ပြောင်းသဖွယ် ကြောင်းကျိုးဆက်သွယ်သိနိုင်သော ကမ္မသကတာ သမ္မာဒိဋ္ဌိပညာ အနီးကပ်ကြည့်ရသည့် မှန်ဘီလူးပမာ ခန္ဓာရုပ်နာမ်အရှိကိုတကယ်ကြည့်နိုင်သော ဝိပဿနာ သမ္မာဒိဋ္ဌိပညာကိုအပိုင်ရအောင် ကြိုးစားယူထားနိုင်မှ ကံထိန်းခလုတ်ပိုင်ပြီး နောင်ရေးအတွက် စိတ်အေးရပေလိမ့်မည်။

## ၁၆။ ပညာ (၃)ဆင့် ဂုဏ်ရည်မြင့်

- ■ ကိုယ်တိုင်ပြုထား၊ ကံတရား၊ သိငြားမူလဆင့်။
- ■ ဝိပဿနာ၊ မြတ်ပညာ၊ မှတ်ပါ အလယ်ဆင့်။
- ■ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ အသိမှန်၊ မှတ်ရန်အထက်ဆင့်။
- ■ အသိ(၃)ဖြာ၊ တိုးပွားလာ၊ လူမှာ ဂုဏ်ရည်မြင့်။

အသိပညာသည် အတိုချုပ်အားဖြင့် (၃)ဆင့်ရှိပေသည်။ မိမိကိုယ်တိုင်ပြုလုပ်ထားသော အကောင်းအဆိုးကံ (၂)မျိုးကို ကြောင်းကျိုးဆက်သွယ်၍ မြင်အောင်ကြည့်ရသော ကမ္မသကတာ သမ္မာဒိဋ္ဌိပညာသည် မူလတန်းပညာမည်၏။ အတိတ် အနာဂတ် ပစ္စုပ္ပန်ကို ကြောင်းကျိုးဆက်သွယ်ကာ အရှည်မျှော်မြင်ပြီး ကြည့်ရသောကြောင့် အဝေးကြည့်မှန်ပြောင်းနှင့်တူသည်။ လုပ်ထိုက်သောကံ မလုပ်ထိုက်သောကံဟု အမှန်သိအောင်လည်း စဉ်းစားနှိုင်းချိန်ကာ သေချာစွာခွဲခြား၍ ကြည့်ရှုပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်နာမ်ခန္ဓာအရှိကို တကယ်မြင်အောင်ကြည့်နိုင်သော ဝိပဿနာသမ္မာဒိဋ္ဌိပညာသည် အလယ်တန်းပညာမည်၏။ ဖြစ်တိုင်းပျက်တိုင်းမြင်အောင် အနီးကပ်ရှုမှတ်သုံးသပ်၍ ကြည့်ရှုရသောကြောင့် အနီးကြည့်မှန်ဘီလူးနှင့်တူသည်။ ကိုယ့်ကံကိုယ်ပိုင်ရုံမျှသာမက နိုင်လည်းနိုင်အောင် ထိန်းချုပ်ကိုင်တွယ်ကာ လမ်းရှင်းပေးသောကြောင့် ကံထိန်းခလုတ်အစစ်လည်းဖြစ်သည်။ ကုသိုလ်ကံ ကြောင့် နောက်ထပ်ရရှိလာမည့် လောကီကောင်းကျိုးများကို အနှစ်အစိုင် အခိုင်အမာ ပန်းတိုင်အဖြစ်လက်မခံဘဲ အသုံးချစရာအသုံးအဆောင်အဖြစ် အချိန်တန်ကလက်လွှတ်ရမည့် ယာယီအငှားပစ္စည်းအဖြစ်ဖြင့်သာ လက်ခံပေးလေသည်။ အချိန်တန်ကဖျက်ချခံရမည့် အပေါ်သို့ တက်ရုံအတွက်သာ ခဏဆောက်လုပ်ထားသည့်ငြမ်းသဖွယ်လည်း အမြင်ရှင်းသွားစေသည်။ ဖျက်ချမခံရမီအမြန်အသုံးချဖြစ်အောင်လည်း အသိစွမ်းအား တိုးပွားထက်သန်လျင်မြန်စေသည်။ အချိန်တန်၍ လက်လွှတ်လိုက်ရသောအခါ၌လည်း နောက်ထပ်အပူမီးမပွားစေဘဲ စွမ်းအားကိုသာတိုးတက်သွားစေ၍ ငြိမ်းအေးကြည်လင်သန့်စင်သွားစေသည်။အကြောင်းရှိနေသမျှဖြစ်၍ အချိန်တန်ကပျက်စီးပျောက်ကွယ်ရခြင်းသည် ရုပ်နာမ် သင်္ခါရတို့၏အလုပ်သာဖြစ်၍ ကိုယ့်အလုပ်မဟုတ်သေးချေ။ ကိုယ့်အလုပ်မထည့်သွင်းဘဲ သူ့အလုပ်ကိုသာလက်ပိုက်ကြည့်နေလျှင် မူးလဲကာ မောဟိုက်ပင်ပန်းသွားတတ်လေသည်။ သူ့အလုပ်ထဲတွင် တကယ်မြင်အောင်ကြည့်ရှုသုံးသပ်ပွားများရသော ကိုယ့်အလုပ်ထည့်ပေးမှသာ ငြိမ်းအေးချမ်းသာပေလိမ့်မည်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကား ပန်းတိုင်ရလဒ် အထက်တန်း ပညာမည်၏။ နိဗ္ဗာန်ကိုတိုက်ရိုက်မြင်အောင်ပြပေးသည်။ ဆင်းရဲမှုတရားခံကိလေသာအပူ အခိုးအငွေ့များကိုလည်း တာဝန်ကျေအောင်အပြတ်ရှင်းကာ ငြိမ်းသတ်ပေးလေသည်။ အသိပညာတိုးပွားလာသည်နှင့်အမျှ လူသည်ဂုဏ်ရည်မြင့်မားသွားရလေသည်။

## ၁၇။ ဘဝပင်လယ် ခရီးသည်

- **အစမထင်၊ ဆုံးမမြင်ပြန်၊ ရုပ်နာမ်ခန္ဓာ၊ သံသရာ၊ ခန္ဓာမြစ်ပင်လယ်။**
- **ကမ်းလည်းမမြင်၊ လမ်းမမြင်ရ၊ လှိုင်းတွေထ၊ နက်လှရေပင်လယ်။**
- **နည်းစုံခြယ်သ၊ ပိဋက၊ နယမြစ်ပင်လယ်။<br>(နည်းစုံရောပြွမ်း၊ နည်းကျယ်ဝန်း၊ ပဋ္ဌာန်း မြစ်ပင်လယ်။)**
- **တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်၏ ၊ ဉာဏ်အသိ၊ ထူးဘိဉာဏ်ပင်လယ်။**
- **ပင်လယ် ၄-တန်၊ ကျယ်ဝန်းဟန်၊ စေကန် အံ့သြဖွယ်။**

ကျယ်ဝန်းနက်ရှိုင်းသည့်သဘောကို ပင်လယ်ဟုခေါ်သည်။ ၎င်းသည် သံသရာပင်လယ်၊ ရေပင်လယ်၊ နည်းပင်လယ်၊ ဉာဏ်ပင်လယ်ဟု ၄-မျိုးရှိသည်။ အစလည်းမထင် အဆုံးလည်းမမြင်ရအောင် ရုပ်နာမ်ခန္ဓာအဆက်မပြတ် လည်ပတ်ဖြစ်ပျက်နေသောအစဉ်ကို သံသရာပင်လယ်ဟု ခေါ်၍ ကမ်းလည်းမမြင် လမ်းလည်းမမြင် လှိုင်းလုံးတွေထ နက်ရှိုင်းကျယ်ဝန်းလှသော ရေပြင်ကြီးကို ရေပင်လယ်ဟု ဆိုရသည်။ ဒေသနာနည်းအဖုံဖုံဖြင့်ပြည့်စုံစွာ ဟောကြားအပ်သော အနန္တနယပဋ္ဌာန်းကျမ်းအပါအဝင် ပိဋက (၃)သွယ် နိကာယ် (၅)ရပ် တရားတော်မြတ်သည် နယပင်လယ်မည်ပေသည်။ တရားအလုံးစုံကို အကုန်အစင်သိမြင်တော်မူသော ဘုရားရှင်၏ သဗ္ဗညုတ ဉာဏ်တော်ကား ဉာဏ်ပင်လယ်ပေတည်း။ ထို(၄)ပါးတို့တွင် ရှေ့ပင်လယ် (၂)မျိုးကား မကူးတတ်လျှင် နစ်မြုပ်စေမည့် ပင်လယ်များဖြစ်၍ နောက်ပင်လယ် ( ၂ )ပါးကား ရှေ့ပင်လယ် (၂)ပါးကို ကူးခပ်တတ်အောင် နည်းပေးသည့် လမ်းညွှန်ပင်လယ်များ ဖြစ်ပေသည်။ အဓိကအားဖြင့် နည်းပင်လယ် ဉာဏ်ပင်လယ်ကို မှီတွယ်ထောက်တည်ခွင့်ရသဖြင့် ခန္ဓာအစဉ်ဟူသောသံသရာပင်လယ်ကို ကူးခပ်ရာတွင် ကံထိန်းခလုတ်ကို အတိအကျအပြည့်အဝတပ်ဆင်နည်းကို သေသေချာချာရပေသည်။ နောက် ပင်လယ် (၂)ပါးသည် ကျယ်ဝန်းနက်ရှိုင်းစေကာမူ သတ္တဝါများကိုမနစ်မြုပ်စေဘဲ ကူးနိုင်သလောက် ချမ်းသာရောက်အောင်သာ ဆောင်ရွက်ပေးတတ်လေသည်။ ဘဝပင်လယ်ထဲ၌ ခရီးသည်ဖြစ်နေရသော်လည်း နည်းပင်လယ် ဉာဏ်ပင်လယ်ကြောင့် ထောက်တည်ရာရ၍ ကမ်းနှင့်လမ်းကိုပါ မှန်းဆ တတ်လေသည်။ နောက်(၂)ပါးကား ကျယ်ဝန်းနက်ရှိုင်းသဖြင့် ပင်လယ်ဟုခေါ်ရစေကာမူ စင်စစ်အားဖြင့် ဘဝပင်လယ်လမ်းပြတရားများပါပေတည်း။



www.burmeseclassic.com

www.burmeseclassic.com


## ၁၈။ ကံထိန်း (၃)ဖြာ သာသနာ

- မျက်စိပမာ၊ မြင်စရာ၊ သင်တာပရိယတ်။
- ခြေထောက်ပမာ၊ သွားစရာ၊ ကျင့်တာ ပဋိပတ်။
- ကိစ္စပြီးမြောက်၊ လိုရာရောက်ဘိ၊ ထိုးထွင်းသိ၊ ပဋိဝေဓမှတ်။
- ဆေးညွှန်းပမာ၊ သိစရာ၊ သင်တာပရိယတ်။
- ဆေးကိုစားသုံး၊ ပမာထုံးသို့၊ ရှင်ပြုံးလိုက်နာ၊ ကြိုးစားကာ၊ ကျင့်တာပဋိပတ်။
- ကိစ္စပြီးမြောက်၊ ရောဂါပျောက်ဘိ၊ ထိုးထွင်းသိ၊ ပဋိဝေဓမှတ်။
- ကန်ပေါင်ပမာ၊ စောင့်ရှောက်ကာ၊ သင်တာပရိယတ်။
- ရေအေးပမာ၊ တည်ရှိကာ၊ ကျင့်တာပဋိပတ်။
- ကြာပန်းအလား၊ တရားရရှိ၊ ထိုးထွင်းသိ၊ ပဋိဝေဓမှတ်။
- ကံထိန်း(၃)ဖြာ၊ သာသနာ၊ ထွန်းကာ တည်ရှိလတ်။

ပင်လယ်(၄)ပါးတို့တွင် နယပင်လယ်ဟုခေါ် ဆိုရသော ပိဋက(၃)သွယ် နိကာယ်(၅)ရပ် တရားမြတ်သည် ကံထိန်းနည်းကို အတိအကျအပြည့်အဝလမ်းညွှန်ထားသော ပရိယတ်မည်၏။ အကျဉ်းချုပ်အားဖြင့် သိက္ခာ(၃)ရပ် အကျင့်မြတ်သည် လက်တွေ့ကံကိုထိန်းချုပ်၍ ကျင့်သုံးလိုက်နာရသောပဋိပတ်မည်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်သည်ကား ကံကိုထိန်းချုပ်မှုကျွမ်းကျင်သည့်အတွက် ရရှိလာသောရလဒ်ဖြစ်သော ပဋိဝေဓမည်ပေသည်။ ပရိယတ်သည်ယခုဘဝသာမက နောက်နောင်ဘဝထိမြင်အောင် လောကီသာမက လောကုတ္တရာထိမြင်အောင် မျက်စိတစ်ဆုံးမျှသာမက ကံအရှိသံသရာအရှိ ခန္ဓာအရှိ သစ္စာအရှိကိုပါမြင်အောင် လမ်းညွှန်ဖော်ပြပေးသဖြင့် မျက်စိနှင့်တူ၍ ပဋိပတ်သည် မျက်စိဖြင့်မြင်အောင်ကြည့်ထားသော လမ်းအတိုင်း လမ်းမမှားအောင် လက်တွေ့ကျင့်သောအားဖြင့် သွားရသဖြင့် ခြေထောက်နှင့်တူလေသည်။ ပဋိဝေဓကား မျက်စိဖြင့် ကြည့်၍ ခြေထောက်ဖြင့်သွားသဖြင့် လိုရာအရပ်သို့ရောက်ရှိသွားခြင်းနှင့်တူပေသည်။

တစ်နည်းအားဖြင့် ပရိယတ်သည် ဆေးနည်းဆေးညွှန်းနှင့်တူ၍ ပဋိပတ်သည် ဆေးနည်း ဆေးညွှန်းအတိုင်း ဆေးကို လက်တွေ့စားသုံးခြင်းနှင့်တူကာ ပဋိဝေဓကား စွဲကပ်နေသောရောဂါ ပျောက်ကင်းသွားခြင်းနှင့်တူလေသည်။ တစ်နည်းသော်ကား ပရိယတ်သည် ကန်ပေါင်ရိုးနှင့်တူ၍ ပဋိပတ်သည်ရေစင်ရေအေးနှင့်တူကာ ပဋိဝေဓကား ကြာနှင့် တူလေသည်။ ကံထိန်းလမ်းညွှန် သာသနာတော်နှင့် တွေ့ကြုံနေသဖြင့် ကံလမ်းကြောင်း ဖြောင့်မတ် တည်ငြိမ်သန့်စင်အောင် သတိတွဲသော ဉာဏ်ကို လေးလေးနက်နက်အသုံးချ၍ မိမိ၏ လုပ်ပိုင်ခွင့်ကို အပြည့်အဝ သုံးကာ ပိုင်နိုင်စွာ လမ်းရှင်းပေးရပေလိမ့်မည်။

## ၁၉။ ကံကိုထိန်းတတ် ဘဝမြတ်

- ဘုရားပွင့်ရာ၊ သာသနာ၊ ကြုံတာဘဝမြတ်။
- လမ်းညွှန်ပေငြား၊ ပုဂ္ဂိုလ်များ၊ ကြုံငြားဘဝမြတ်။
- တရားရှိရာ၊ အရပ်မှာ၊ ဖြစ်တာ ဘဝမြတ်။
- အင်္ဂါကြီးငယ်၊ ပြည့်စုံကြွယ်၊ ခံ့ထည်ဘဝမြတ်။
- လိမ္မာသွက်လက်၊ လွန်ထက်မြက်၊ မြင့်တတ်ဘဝမြတ်။
- ကုသိုလ်ဆန္ဒ၊ လွန်ပြင်းပြ၊ မြင့်လှ ဘဝမြတ်။
- အကောင်း(၆)ဖြာ၊ ပြည့်စုံပါ၊ မြင့်တာဘဝမြတ်။
- ကံထိန်းတတ်လျှင်၊ ရလဒ်မြင်၊ စွမ်းအင် တိုးလာတတ်။



www.burmeseclassic.com

www.burmeseclassic.com


ဘုရားသာသနာနှင့်ကြုံလျှင် ကံထိန်းတပ်ဆင်နည်းကို အတိအကျ အပြည့်အဝသိမြင်နိုင်၍ လူ၏လုပ်ပိုင်ခွင့်ကို အားလုံးအသုံးချနိုင်သဖြင့် ကံကိုထိန်းချုပ်စိတ်ခလုတ်ကိုတပ်ဆင်နိုင်ရန် အခွင့်ကောင်းကိုရရှိလာသည်။ အကောင်းအဆိုးခွဲကာ အကြောင်းအကျိုးပြ၍လမ်းညွှန်ဟောပြတတ်သော ပညာရှိသူတော်ကောင်းတို့နှင့် တွေ့ကြုံရမှုလည်း ကံထိန်းတပ်ခွင့်လမ်းပွင့်လာတတ်ပေသည်။ အလိုရှိရာကုသိုလ်ကိုပြုလုပ်လိုရာ အခါ၌ အချိန်မရွေး လိုသလောက် ပြုလုပ်နိုင်ခွင့်ရှိသည့် အရပ်ဒေသမျိုး၌ နေထိုင်ခွင့်ဖြစ်ခွင့်ရမှုလည်း ကိုယ့်ကံကို စိတ်ကြိုက်မြှင့်တင်နိုင်မည် ဖြစ်သည်။ မျက်စိနားစသော အင်္ဂါ ကြီးငယ်ပြည့်စုံသည့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုလုံလောက်မှ အတုယူသင့်သည်ကိုအတုယူ၍ လေ့လာသင်ယူသင့်သည်ကို လေ့လာသင်ယူကာ အစစအရာရာ ပြည့်စုံအောင် ကံကောင်းအောင်ပြုပြင်နိုင်ပေလိမ့်မည်။ လိမ္မာသွက်လက် ထက်မြက်သော နာမ်ပိုင်း(စိတ်ပိုင်း) ဆိုင်ရာ ခန္ဓာတည်ဆောက်မှုပြည့်စုံကောင်းမွန်ရမည်ဖြစ်သည့်အပြင် ကုသိုလ်ကိုအလွန်တန်ဖိုးထားကာ အလွန်လိုချင်လှသည့် ဆန္ဒထက်သန်ပြင်းပြမှုလည်း ကိုယ့်ကံကို လေးလေးနက်နက် သွက်သွက် လက်လက်မြှင့်တက်သွားအောင် မြှင့်တင်ထိန်းချုပ်အားထုတ်နိုင်ပေသည်။ လူ့ဘဝ ဂုဏ်ရည် (၆)ချက်နှင့် ပြည့်စုံသူသည် ကံထိန်းခလုတ်တပ်ဆင်ရန် အခွင့်အကောင်းအဆုံးကိုရရှိနေသူဖြစ်သည်။ ကံကို ထိန်းချုပ်တတ်လျှင် ရလဒ်ကိုလည်း တကယ်မြင်သိနေရပြီဖြစ်၍ အားရှိရဲရင့်နေရပေသည်။

## ၂၀။ ဗုဒ္ဓကျေးဇူး စွမ်းရည်ထူး

- **များစွာဒုက္ခ၊ ရှိနေကြ၍၊ ဒုက္ခအမှန်၊ လွတ်ဖို့ရန်၊ လမ်းညွှန်ဗုဒ္ဓပေါ်လာသည်။**
- **ဖြစ်ချင်သမျှ၊ မဖြစ်ရဘဲ၊ လွဲရမြဲမို့၊ ဖြစ်ဖို့ဓကန်၊ အကြောင်းမှန်၊ လမ်းညွှန်ဗုဒ္ဓ ပေါ်လာသည်။**
- **တကယ့်အရေး၊ တကယ့်ဘေးတွင်၊ ကယ်တင်မည့်သူ ၊ မရှိမှု၍ ၊ မပူကင်းလို၊ ကိုယ့်ကိုကိုယ်သာ၊ ကယ်ဖို့ရာ၊ မြတ်စွာဗုဒ္ဓ ပေါ်လာသည်။**

သူငါအများ ကံထိန်းခလုတ်တပ်ဆင်နိုင်ရေးအတွက် ဗုဒ္ဓရတနာပေါ်လာခြင်း ဖြစ်သည်။ ဤခန္ဓာ၊ ဤလောက၌ ဆင်းရဲဒုက္ခများစွာရှိနေသောကြောင့်သာ ဒုက္ခလွတ်ကြောင်း လမ်းကောင်းကိုညွှန်ပြပေးရန် ဘုရားပွင့် လာရသည်။ ဗုဒ္ဓသာသနာသည် ဒုက္ခထွက်ပေါက်ပေတည်း။ ထိုမှတစ်ပါး အကြောင်းမဲ့ဖြစ်ချင်သလို ဖြစ်ခွင့် ရသည်မဟုတ်ဘဲ ရှိသလိုသာဖြစ်ရသောကြောင့် ဖြစ်ချင်သည့်အရာများ ဖြစ်ခွင့်ရရန်ဖြစ်နိုင်ကြောင်း နည်းလမ်း ကောင်းများကို အတိအကျအပြည့်အဝ ညွှန်ပြပေး ဖို့လည်း ဘုရားပွင့်လာရပေသည်။ သာသနာ့လမ်းညွှန်ချက်ကို ရရှိထားသူသည် လူ့စွမ်းရည်ကို စိတ်ကြိုက်မြှင့်တင်နိုင်ခွင့်ရှိလေသည်။ ၄င်းပြင် တကယ့်အရေး တကယ့်ဘေးနှင့် ကြုံလာလျှင် မည်သူကမျှ မည်သူ့ကိုမကယ်နိုင်ရကား တကယ်ကယ်တင်ရှင်အစစ်သည် မိမိသာဖြစ်သည့် အတွက် ကိုယ့်ဟာကိုယ်နည်းလမ်းမှန်ဖြင့် ကယ်တင်တတ်ရန် လမ်းညွှန်ပေးဖို့လည်း ဘုရားပွင့်လာရပေသည်။ ဘုရားကား လမ်းညွှန်ပေးရုံသာဖြစ်၍ လက်ကိုဆွဲ၍ ကယ်တင်မည်မဟုတ်ရကား လမ်းညွှန်ချက်ကို လက်ခံ ကျင့်သုံးလိုက်နာသောအားဖြင့် ကိုယ့်ဟာကိုယ်သာကယ်ရမည်ဖြစ်ပေသည်။ အဝိဇ္ဇာတဏှာဖြင့်ကယ်လျှင် မြုပ် မည်ဖြစ်၍ သိက္ခာ(၃)ပါးဖြင့်ကယ်မှသာ လွတ်မြောက်ငြိမ်းအေးချမ်းသာရေးကို ရရှိနိုင်မည်ဖြစ်သည်။

## ၂၁။ ကံထိန်းပိုင်လှ မာကုလ

- **တိကျလေးနက်၊ ရည်မှန်းချက်၊ အကွက်ရှိပါစေ။**
- **နောက်မဆုတ်တမ်း၊ လုံ့လစွမ်း၊ကြိုးပမ်းမှုလည်း ရှိပါစေ။**
- **စိတ်ဓာတ်ခိုင်မာ၊ ပြတ်သားစွာ၊ ကောင်းရာ ဦးတည်လေ။**
- **အသိမှန်ကန်၊ ပညာဉာဏ်၊ ဝေဖန်နှိုင်းချိန်လေ။**
- **လိုချင်သမျှ၊ ပြီးလာရ၊ မုချ အောင်မြင်ပေ။**
- **ဝမ်းမြောက်ရွှင်လန်း၊ ဉာဏ်ပြဌာန်း၊ တိုက်တွန်းမှုလဲ တင်းပါစေ။**



www.burmeseclassic.com

www.burmeseclassic.com



- **ရှေ့နောက်အတွင်း၊ အပူကင်း၊ သန့်ရှင်းစင်ကြယ်စေ။**
- **တိဟိတ်ဥက္ကဋ်၊ ကုသိုလ်မြတ်၊ မချွတ်ဧကန် ရရှိပေ။**
- **အဆင့်မြင့်လှ၊ ကျိုးကြီးရ၊ အေးမြအဆင်ပြေ။**

ကံထိန်းခလုတ်တပ်ဆင်၍ ကုသိုလ်ကိုစေ့စပ်သေချာအောင်ပြုလုပ်ရာ၌ အရှင်ဗာကုလသည် အထင်ရှားဆုံးပုံစံဖြစ်ပေသည်။ ကံထိန်းခလုတ် အသိဉာဏ်ကောင်းလှသဖြင့် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး အပါယ်သို့လည်းမကျဘဲ သုဂတိဘဝ၌လည်း မည်သည့်အခါမျှအောက်ကျနောက်ကျမနေရဘဲ စားဝတ်နေရေးအတွက်ပိုသည်ဟုသာရှိ၍ လိုသည်ဟုမရှိခဲ့ပေ။ စိတ်ချမ်းသာကြောင်း ပညာရှိသူတော်ကောင်းတွေနှင့်ချည်းသာ တွေ့ရ၏။ မည်သူမျှ သူ့ကို အနှောင့်အယှက်မပေးကြချေ။ နှောင့်ယှက်သော်လည်း ဒုက္ခမရောက်ရဘဲ နှောင့်ယှက်သူသာပို၍ ဒုက္ခရောက် သွားတတ်သည်။ နောက်ဆုံးဘဝ၌ ရေချိုးရင်း ငါးကြီးကမျိုချလိုက်သည်ကိုပင် ငါးမျိုသည်ဟုမထင်ရဘဲ မိခင်ကမွေ့ရာထဲ၌ ပွေ့ဖက်သိမ်းပိုက်ထားသည်ဟုသာ ထင်ရလေသည်။ မျိုချသော ငါးကြီးမှာသာ ဒုက္ခတွေ့သွားလေသည်။ အနာရောဂါကင်းရှင်း၍ ကျန်းမာရုံမျှသာမက သက်တမ်းကျော်အောင်ပင် အသက်လည်းရှည်ခဲ့လေသည်။ ကိုယ်ကျင့်သီလ ဘဝတိုင်းပြည့်စုံ၍ ကံကိုထိန်းချုပ်တတ်သော အသိဉာဏ်ကလည်း ဘဝတိုင်းပြည့်ဝခဲ့လေသည်။ နောက်ဆုံးဘဝ၌ ရဟန်းပြု၍ တရားအားထုတ် တော့လည်း အခက်အခဲလုံးဝမရှိဘဲ (၇)ရက်သာအားထုတ်ကာ လွယ်ကူစွာပင် ရဟန္တာဖြစ်ခဲ့၏။ ပရိနိဗ္ဗာန်စံတော့လည်း သူတစ်ပါးပယောဂလည်းမပါ ရောဂါအနှောင့်အယှက်လည်းမရှိဘဲ မိမိကိုယ်တိုင်တေဇောကသိုဏ်းဝင်စားကာ တေဇောဓာတ် လောင်ကျွမ်းအောင် အဓိဋ္ဌာန်ပြီး ကိုယ့်ဟာ ကိုယ်ရုပ်ကလာပ်ကို မီးရှို့သွားခဲ့လေသည်။ ကံထိန်းခလုတ်ပိုင်လှသောအရှင်မြတ်ကြီး၏ ဘဝခရီးနှင့်ဘဝအပြီးသတ်မှုတို့ကား တည်ငြိမ်အေးချမ်းလှပါဘိတကား။ ထို့ကြောင့် ကုသိုလ်လုပ်တိုင်း အရှင် ဗာကုလကို နည်းယူ၍ ကံထိန်းခလုတ်တပ်ကာ စနစ်တကျအစီအစဉ်ချ၍ ပြုလုပ်ရမည် ဖြစ်ပေသည်။

ကုသိုလ်လုပ်လျှင် ထက်သန်ပြင်းပြသောဆန္ဒကိုရှေ့သွားပြု၍ တိကျလေးနက်ပြတ်သားသော ရည်မှန်းချက် အကွက်ဖော်ကာ ထားရှိရမည်။ နိဗ္ဗာန်ထိဦးတည်ထားရမည် ဖြစ်၏။ နိဗ္ဗာန်မရမီ သံသရာခရီး၌ သူတော်ကောင်းပညာရှိတွေနှင့်သာ တွေ့ကြုံခွင့်ရရန် စားဝတ်နေရေးအတွက် နောက် ဆံမတင်းရအောင် ပြည့်စုံရန် ကျန်းမာသန်စွမ်းရန် ကိုယ်ကျင့်သီလ ခိုင်မာပြည့်စုံရန် တစ်ဘဝထက် တစ်ဘဝ အသိဉာဏ်မြင့်မားကြွယ်ဝပြည့်စုံရန် လမ်းရှင်းထားရမည်ဖြစ်၏။ ရည်မှန်းချက်မအောင်သမျှ နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်တတ်သော လုံ့လစွမ်းလည်း လုံလောက်အောင် ရှိရမည်။ လမ်းမှားမှန်းသိလျှင်သာ နောက်ဆုတ်ရ၏။ လမ်းမှန်တွေ့နေချိန်၌ နောက်ဆုတ်ရန်မလိုချေ။ ခိုင်မာပြတ်သားသောစိတ်ကိုထား၍ ကောင်းရာကိုအမြဲဦးတည်နေရပေမည်။ ကိလေသာ အပူရောထွေးသော ပျော့ညံ့ညံ့ပေါ့ပျက်ပျက်ဟာတာတာမျိုးမရှိစေဘဲ ရဲရင့်ကြံ့ခိုင်မှုရှိစေရမည်။ အသိမှန်ကန်သော ဉာဏ်ပညာဖြင့် ဝေဖန်စဉ်းစားချင့်ချိန်ချိန်တွယ်တိုင်းတာ၍ ရှင်းရှင်းလင်းလင်းလုပ်ရမည်ဖြစ်သည်။ ဤအကျိုးကိုရလိုလျှင် ဤအကြောင်းကို ဤမျှလောက်မြှင့်ပေးရမည်စသည်ဖြင့် ကြောင်းကျိုးဆက်သွယ်ကြည့်ကာ ကံထိန်းခလုတ်အသိဉာဏ်ကို အပိုင်နိုင်ဆုံးတပ်ဆင်လျက် အကွက်မိအောင် ဖိဖိစီးစီးပြုလုပ်အားထုတ်ရမည်။

ကုသိုလ်လုပ်တိုင်း လုပ်ငန်းပိုင်း၌ ဝမ်းမြောက်ရွှင်လန်းသောစိတ်ဖြင့်လည်းပြုရ၏။ ဉာဏ်လည်းရှေ့သွားပြုရ၏။ ကြောင်းကျိုးဆက်သွယ်ကြည့်နိုင်သော-ဉာဏ် အကျိုးကို-မြင်နိုင်သော ဉာဏ်နှင့် ခန္ဓာရုပ်နာမ်အရှိကို မြင်အောင်ကြည့်နိုင်သော အသိဉာဏ်ထိ မြှင့်တင်ပေးဖို့လိုပေလိမ့်မည်။ သူတစ်ပါးတိုက်တွန်းမှု ကိုယ့်ဟာကိုယ် ထပ်တလဲလဲနှိုးဆော်မှုကြောင့်သာ မလွှဲသာမရှောင်သာလုပ်ရခြင်းမျိုးမဖြစ်စေဘဲ "ကုသိုလ်ဆိုတာ ငါ့အလုပ်ပဲ"ဟု အမြင်ရှင်းစေလျက် တက်တက်ကြွကြွလည်း ပြုလုပ်ရမည်။ ကုသိုလ်၏ ရှေ့နောက်အတွင်းတို့၌ အပူလုံးဝမပါစေဘဲ သတိဝီရိယတင်းကြပ်စွာထားလျက် သန့်ရှင်းစင်ကြယ်အောင်လည်း ပြုလုပ်ရမည်ဖြစ်သည်။ ဤသို့ ပြုလုပ်လျှင် အဆင့်မြင့်ကုသိုလ်ကိုရရှိသည်ဖြစ်ရကား အေးမြ၍အဆင်ပြေသောကောင်းကျိုးကို ဧကန်ရရှိမည်ဖြစ်ပေသည်။ နိဗ္ဗာန်မရမီ သွားရမည့်သံသရာခရီးသည် အဆင်းအတက်များ၍ ကြမ်းတမ်းစေကာမူ အန္တရာယ်များ လှစေကာမူ ကံထိန်းခလုတ်ပိုင်ထားသူအတွက် အဆင်ပြေချောမွေ့နေမည်ဖြစ်သည်။ သံသရာ လမ်းပန်းဆက်သွယ်ရေးလည်း အချိတ်အဆက်မိနေတော့မည်သာတည်း။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂။ 'သိက္ခာသုံးပြာ အားကိုးရာ'

- စည်းကမ်းလိုက်နာ၊ စူးစိုက်ကာ၊ ရှိတာ မြင်အောင်ကြည့်။
- အကျဉ်းချုပ်မှာ၊ ကျင့်စရာ၊ သိက္ခာသုံးပါးရှိ။
- သိက္ခာသုံးပါး၊ ဖြည့်ကျင့်ငြားက၊ အများတကာ၊ အားကိုးရာ၊ ကိုယ့်မှာ စွမ်းအားပြည့်။
- ကြီးလေလှလေ၊ အေးမြပေ၊ လူတွေချစ်ကြ၏။

သာသနာ့ကျင့်စဉ် သီလ သမာဓိ ပညာသိက္ခာ(၃)ပါးကား လက်တွေ့အားကိုးရာအစစ်တည်း။ ကံထိန်းခလုတ်တပ်ပြီးနောက် တကယ်သွားရမည့်လမ်းကြောင်းလည်း ဖြစ်သည်။ အတိုချုပ်အားဖြင့် စည်းကမ်းလိုက်နာခြင်းသည်သီလဖြစ်၍ အာရုံပေါ် စိတ်ကို စူးစိုက်ပေးခြင်းသည် သမာဓိဖြစ်ပြီး ကံအရှိ ခန္ဓာအရှိ သစ္စာအရှိကို မြင်အောင် ကြည့်ခြင်းသည် ပညာဖြစ်သည်။ သိက္ခာသုံးပါး ဖြည့်လျှင် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ အရိပ်ပေးနိုင်သည်။ ကြီးလေလှလေဖြစ်၍ အစဉ်အေးမြပြီး လူအများ၏ချစ်ခင်လေးစားမှုကိုလည်းခံရလေသည်။ သာသနာနှင့်ကြုံခိုက် ဘဝကောင်း ရခိုက် ကံထိန်းခလုတ်တပ်၍ လမ်းကြောင်းမှန်အတိုင်းသွားဖြစ်ဖို့သည် အရေးကြီးဆုံးကိစ္စဖြစ်လေတော့သည်။

## ၂၃။ ကံထိန်း (၃)ခု ပိုင်အောင်ပြု

- မလိုအပ်ငြား၊ ကံပိုများ၊ ဖယ်ရှားပေးရပါ။
- လိုအပ်သည့်ကံ၊ သန့်စင်ရန်၊ ဇေကန်ဆေးကြောပါ။
- ပန်းတိုင်အရောက်၊ လမ်းကိုဖောက်၊ ပြီးမြောက်တတ်စေပါ။
- ဉာဏ်ဖြင့်ထိန်းသိမ်း၊ အပူငြိမ်း၊ ကံထိန်းခလုတ်ပါ။
- ပညာမရှိ၊ သတိလွတ်က၊ ဘဝပင်လယ်၊ ခရီးသယ် (သည်)၊ တကယ်ကြောက်စရာ။

အချုပ်အားဖြင့် ကံထိန်းခလုတ် တပ်ဆင်ခြင်းဟူသည် (၁) (မလိုအပ်သော ကံပိုကံမဲများပါလာလျှင် ထိုကံပိုကံမဲများကို ကိုယ်ကပြန်၍ ထမ်းဆောင်နေရသဖြင့် ခရီး ကြန့်ကြာခြင်း နောက်သို့ပြန်ရောက်လာခြင်း အောက်သို့ လျှောကျသွားတတ်စေခြင်းစသော အခက်အခဲအကျပ်အတည်း များနှင့်ရင်ဆိုင်ရသည်ဖြစ်ရကား) မလိုအပ်သောကံပိုကံမဲ (အကုသိုလ်ကံ)များကို ဖယ်ရှားပေးရခြင်း၊ (၂) တကယ်ယူဆောင်သွားရမည့်လိုအပ်သော ကုသိုလ်ကံများကို သန့်စင်အောင်ဆေးကြောသုတ်သင်ရှင်းလင်းပေးရခြင်း၊ (၃) နိဗ္ဗာန်တိုင်အောင် ပန်းတိုင်အရောက် ဦးတည်ချက်ထားကာ သိက္ခာ-၃သွယ် အလယ်လမ်းကြောင်းကိုဖောက်လျက် ပါရမီအဖြစ် အနှစ်ထုတ်ပြီး၊ ပြီးမြောက်အောင် လမ်း ရှင်းထားခြင်း ပေတည်း၊ ပညာမရှိ သတိကင်းလွတ်လျှင် ဘဝပင်လယ်အတွင်း ပန်းတိုင်မရှိ လမ်းမရှိ မူမရှိဘဲ မျောမိမျောရာ သွားနေရသောခရီးသည် ဘဝသည် ကြောက်စရာကောင်းလှသဖြင့် ကံထိန်း (၃)ခုပိုင်အောင် ပြုသင့်လှပေသတည်း။

အားလုံးချမ်းသာကြပါစေ

တိပိဋကယောဆရာတော်
၁၃၅၄ ခု၊ တပေါင်းလ၊ ၁၉၉၂ ခု၊ မတ်လ



www.burmeseclassic.com

www.burmeseclassic.com


## (တိပိဋကစရေ ဓမ္မလက်ဆောင်–၇)

# စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်

### နမော ဗုဒ္ဓါယ

### ၁။ စိတ်မြင့်မားသော် စွမ်းအားပေါ်

- ယုံသလောက်သာ၊ လက်ခံတာ၊ သဒ္ဓါတိုးမြှင့်စေ။
- အားထုတ်နိုင်မှု၊ စွမ်းအားရ၊ လုံ့လထက်သန်စေ။
- အကြားမရှိ၊ ဆက်စပ်သိ၊ သတိစွဲမြဲစေ။
- စူးစိုက်နိုင်ငြား၊ စိတ်မြင့်မား၍၊ စွမ်းအားရရှိ၊ သမာဓိ၊ အားပြည့် ခိုင်မာစေ။
- အသိဉာဏ်ရှင်၊ စွမ်းအားမြင်၍၊ ကြည်လင် လမ်းမှန်၊ ပညာဉာဏ် ကောင်းမွန်သန့်ရှင်းစေ။
- စိတ်မြင့်မားသော်၊ စွမ်းအားပေါ်၊ ရှင်ပျော် အားတက်ပေ။
- စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုးစားလေ။

လူတိုင်းအတွက် တရားကပေးထားသောအခွင့်အရေးမှာ လုပ်ပိုင်ခွင့်နှင့်ခံစားခွင့်ဖြစ်၏။ ပဋ္ဌာန်းတွင် ကမ္မပစ္စည်းနှင့် ဝိပါကပစ္စည်းပေတည်း။ လူတိုင်း ကိုယ်နားလည်သလို ကြိုက်နှစ်သက်ရာကို လုပ်နေကြ၏။ သို့သော် စိတ်ဓာတ်ကိုမမြှင့်လျှင် လုပ်ပိုင်ခွင့်လွဲ၍ မလိုလားအပ်သော ပူလောင် စပ်ခါးသောခံစားခွင့်နှင့် ထိပ်တိုက်ရင်ဆိုင်တိုးတတ်ရလေသည်။ စိတ်ဓာတ်ကိုမြှင့်ပေးမှ လုပ်ပိုင်ခွင့် မှန်ကန်ပြီး လိုအပ်သောခံစားခွင့် ကောင်းကျိုးကိုရနိုင်မည်ဖြစ်သည်။ ခံစားခွင့်ကား လုပ်ပိုင်ခွင့်ကဲ့သို့ လိုချင်သလို ကြိုက်သလိုရနိုင်သည်မဟုတ်ဘဲ ကိုယ့်မှာရှိထားသလိုသာရနေခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ ခံစားခွင့်မြင့်လိုလျှင် လုပ်ပိုင်ခွင့်မြင့်အောင် စိတ်ဓာတ်ကိုမြှင့်ပေးရမည်ဖြစ်သည်၊ ယုံကြည် သလောက်သာ ကောင်းသောလုပ်ပိုင်ခွင့်ကို လက်ခံနိုင်သည်ဖြစ်၍ များများလက်ခံနိုင်အောင် ယုံကြည်ချက် သဒ္ဓါစွမ်းအားကိုတိုးမြှင့်ပေးရ၏။ ယိုင်လဲနေသောစိတ်ကို လုံ့လဖြင့် ထူမ တည့်မတ်ပေးရ၏။ ကောင်းကျိုး စွမ်းအားကိုပြ၍ ရဲစိတ်သွင်းပေးရ၏။ အားပြတ်၍ ရပ်တန့်နေသောစိတ်ကို အားသွင်းကာ အားဖော်ထုတ်ပေး ရ၏။ စွမ်းအားအပင်ပေါက်အောင်လည်း အားစိုက် ပေးရ၏။ အာရုံချင်းကပ်၍ အသိချင်းစပ်နေအောင်လည်း သတိစွဲမြဲစေရ၏။ လုံ့လကို တည့်မတ်အောင်ထိန်းပေးနိုင်သည့် စူးစိုက်မှုသမာဓိကိုလည်း အထူးလိုအပ်၏။ ၎င်းကို ထိန်းချုပ်ပေးနိုင်သည့် အမြင်ပြတ်သားထူးခြားသော အသိပညာကိုလည်း အလွန်လိုအပ်လှပေ၏။ ဤသို့ စိတ်ကိုမြင့်အောင် မြှင့်ပေးမှ ကိုယ်ပိုင်စွမ်းအားကို အမှန်တကယ်ပေါ်လာအောင် ဖော်ထုတ်နိုင်မည်ဖြစ်ပေသည်။

### ၂။ ကိုယ့်ကိုကိုယ်မြှင့် လုပ်ပိုင်ခွင့်

- ကြိုက်သလောက်သာ၊ ပေးလှူပါ၊ ကိုယ်သာပဓာန။
- နိုင်သလောက်သာ၊ စောင့်ထိန်းပါ၊ ကိုယ်သာအဓိက။
- လိုသလောက်သာ၊ စူးစိုက်ပါ၊ ကိုယ့်မှာအခွင့်ရ။
- မြင်သလောက်သာ၊ ရှုပွားပါ၊ ကိုယ့်မှာစွမ်းအားရ။


www.burmeseclassic.com

www.burmeseclassic.com


- **ကိုယ်ပိုင်အလုပ်၊ ဥစ္စာထုပ်၊ ကိုယ်လုပ်သမျှရ။**
- **ကိုယ့်ကိုကိုယ်မြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုးစားကြ။**

ကောင်းမှုစွမ်းအားကို ကြိုးစားဖြည့်ကျင့်ရာ၌ မည်သူမျှ မိမိကိုကန့်သတ်ချုပ်ချယ်ပိုင်ခွင့်မရှိဘဲ မိမိသာ ပဓာနဖြစ်လေသည်။ "ဤမျှသာပေးလှူရမည်" ဟု မည်သူမျှကန့်သတ်တားဆီးခွင့်မရှိ၊ မိမိကြိုက်သလောက် ပေးလှူနိုင်ခွင့်ရှိ၏။ ထင်းရောင်းသမား တိဿသည် သမီးရွှေယူရန်ရှာခဲ့သည့် ငွေအကုန်လုံးလှူခဲ့ဖူး၍ ဂေါပါလ သူဌေးသမီးသည် ဆင်းရဲသူအဖြစ်သို့ရောက်သွားသောအခါ မိမိအလွန်မြတ်နိုးလှသည့် ဆံပင်ကိုပင်ဖြတ်၍ ရောင်းကာ လှူခဲ့လေသည်။ သီလ သမာဓိ ပညာ သိက္ခာ (၃)ပါးကိုလည်း "ဤမျှသာကျင့်ရမည်"ဟု မည်သူမျှ ဘောင်ခတ်ချုပ်ချယ်ပိုင်ခွင့်မရှိချေ။ မိမိနိုင်သလောက် သီလဖြည့်နိုင်၏။ လိုသလောက်စူးစိုက်မှုသမာဓိကို ပွားနိုင်၏။ မြင်သလောက် ဝိပဿနာပညာကို ပွားများအားသုံးသပ်ခွင့်ရလေသည်။ ပသေနဒီကောသလမင်း ၏ အမတ် ကိုဉာဏ်ထူးသည် အကျဉ်းထောင်ထဲ၌ သီလ၊ မေတ္တာ၊ ဝိပဿနာကို သောတာပန်ဖြစ်အောင် ဖြည့်ကျင့် မြှင့်တင် ကြိုးစားခဲ့၏။ သူကြွယ်သား အရှင်တိဿ သည် လူဆိုးများလက်ထဲ၌ ရဟန္တာဖြစ်အောင် အားထုတ်ပြခဲ့ ၏။ ကျားဆွဲခံရသောရဟန်းတစ်ပါးသည် ကျားပါးစပ်ထဲ၌ ရဟန္တာဖြစ်အောင် ကြိုးစားပြခဲ့၏။ ကိုယ့်လုပ်ပိုင်ခွင့် ကို ကိုယ်သုံး၍ စိတ်ကိုမြှင့်တင်ကြိုးစားနိုင်ရန် ကိုယ်ပိုင်အခွင့်အရေးကို မိမိတို့ အသေအချာရရှိ နေကြပေသည်။ ကိုယ့်စိတ်ကို ကိုယ်သာကန့်သတ်ပိုင်ခွင့်ရှိလေသည်။

## ၃။ ဂုဏ်ရည်ထွန်းတောက် လူတစ်ယောက်

- **ဘုရားပွင့်ရာ၊ သာသနာ၊ ကြုံတာဘဝမြတ်။**
- **လမ်းညွှန်ပေးငြား၊ ပုဂ္ဂိုလ်များ၊ ကြုံငြားဘဝမြတ်။**
- **တရားရှိရာ၊ အရပ်မှာ၊ ဖြစ်တာ ဘဝမြတ်။**
- **အင်္ဂါကြီးငယ်၊ ပြည့်စုံကြွယ်၊ ခန့်ထယ် ဘဝမြတ်။**
- **လိမ္မာသွက်လက်၊ လွန်ထက်မြက်၊ မြင့်တက်ဘဝမြတ်။**
- **ကုသိုလ်ဆန္ဒ၊ လွန်ပြင်းပြ၊ မြင့်လှ ဘဝမြတ်။**
- **အကောင်း (၆) ဖြာ၊ ပြည့်စုံပါ၊ မြင့်တာ ဘဝမြတ်။**
- **ဂုဏ်ရည်ထွန်းတောက်၊ လူတစ်ယောက်၊ အံ့လောက် ချီးမွမ်းအပ်။**
- **စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားအပ်။**

ယခု မိမိတို့ရရှိနေသောဘဝသည် စိတ်ဓာတ်ကိုမြှင့်လျှင် လုပ်ပိုင်ခွင့်အပြည့်ရှိသော ဘဝကောင်း ပေ တည်း။ အဆင့်မြင့်လမ်းညွှန်ချက်ပြည့်ဝစုံလင်သော ဘုရားသာသနာနှင့်လည်း တွေ့ကြုံနေရ၏။ တရားလမ်းမှန် ကို ညွှန်ပြပေးတတ်သော မိကောင်း ဖကောင်း ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းတို့နှင့် လည်း တွေ့ကြုံခွင့်ရထား၏။ အလိုရှိရာကောင်းမှုကို အလိုရှိရာအခါ၌ အချိန်မရွေးပြုလုပ်ခွင့်ရှိသည့် သူတော်ကောင်းတရားထွန်းကားရာအရပ်၌လည်း နေထိုင်ရ၏။ မျက်စိ နား အင်္ဂါ ခြေလက်ပြည့်စုံ၏။ သွက်လက် ထက်မြက်သော လူလိမ္မာဖြစ်ခွင့်ရ၏။ ကုသိုလ်ကို တန်ဖိုးထားသူလည်းဖြစ်ခွင့်ရ၏။ မိမိ၏လုပ်ပိုင်ခွင့်ကို အပြည့် အဝရရှိထားသည်ဖြစ်ရကား စိတ်ဓာတ်ကိုမြှင့်၍ လုပ်ပိုင်ခွင့်ကိုသုံးကာ လမ်းဖွင့်ပြီး အထူးကြိုးစားရမည် ဖြစ်ပေ သည်။

## ၄။ တရားကိုချစ် လူ့အစစ်

- **သီလလည်းပျက်၊ မငြိမ်သက်ဘဲ၊ အသက်ရှည်ကြာ၊ နှစ်တစ်ရာ၊ မှန်စွာမမြတ် ကဲ့ရဲ့အပ်။**
- **သီလလည်းရှိ၊ သမာဓိစင်၊ မှတ်သိဝင်က၊ တစ်ရက်မျှ၊ ရှင်ရအသက်မြတ်။**
- **တန်ဖိုးမြင့်တက်၊ ဤတစ်ရက်မှာ၊ ဝမ်းသာအားရ၊ လူ့ဘဝ၊ မုချရကျိုးနပ်။**



www.burmeseclassic.com

www.burmeseclassic.com


- **တရားကိုမုန်း၊ လူဖြစ်ရှုံးငြား၊ တရားချစ်မှ၊ လူဖြစ်ရ၊ မုချအစစ်မှတ်။**
- **စိတ်ဓာတ်ကိုမြင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ကြိုးစားအပ်။**

ကိုယ်ကျင့်သီလလည်းပျက် စိတ်လည်းမငြိမ်သက် တရားအရှိကိုလည်းသိခွင့်မရလျှင် ခံစားခွင့် ဆုံးရှုံးအောင် လုပ်ပိုင်ခွင့်ကိုဖြုန်းပစ်နေသူဖြစ်သောကြောင့် နှစ်ပေါင်းတစ်ရာမက အသက်ရှည်ရသော်လည်း မမြတ်ချေ။ လူဖြစ်ရကျိုးမနပ်ချေ။ ကိုယ်ကျင့်သီလလည်းပြည့်စုံ စိတ်လည်းတည်ကြည်ငြိမ်သက် တရားအရှိကိုလည်း သိခွင့်ရလျှင် ထူးခြားသောခံစားခွင့်နှင့်ထိုက်တန်သည့် လုပ်ပိုင်ခွင့်ကိုသုံးနေသူဖြစ်ရကား တစ်ရက်တည်းမျှပင် အသက်ရှင်ရစေကာမူ မြင့်မြတ်လှပေ၏။ လူဖြစ်ရကျိုးနပ်လှပေ၏။ စွမ်းရည်မပါသော ဗလာအသက်ဖြင့် ဆင်းရဲမကုန်ဆုံးနိုင်ဘဲ တရားစွမ်းရည်ဖြင့်သာ အပူဆင်းရဲငြိမ်း၍ ချမ်းသာစစ်ကိုရနိုင်မည်ဖြစ်သောကြောင့် လူ့အသက်တန်ဖိုးကို အချိန်ကာလဖြင့်မသတ်မှတ်ဘဲ လုပ်ပိုင်ခွင့်တရားစွမ်းရည်ဖြင့်သာ တိုင်းတာရလေသည်။ တရားကိုချစ်မှ လူအစစ်ဖြစ်ခွင့်ရပေသည်။

## ၅။ ပိုင်တာလုပ်မှ စိတ်အေးရ

- **ခန္ဓာအငှား၊ အလုပ်များလည်း၊ အငှားတွေသာ၊ လုပ်ရပါ၊ ကိုယ့်ဟာ ဘာမှမဟုတ်။**
- **ကောင်းမှုတရား၊ ကိုယ်ပိုင်များ၊ ကြိုးစား ကိုယ့်အလုပ်။**
- **အပိုင်အငှား၊ နှစ်ပါးကြောင်းရာ၊ ဆုံသောခါ၊ ပိုင်တာဦးစွာလုပ်။**
- **ပိုင်တာလုပ်မှ၊ စိတ်အေးရ၊ မုချကိုယ့်အထုပ်။**
- **စိတ်ဓာတ်ကိုမြင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားလုပ်။**

တရားမျက်စိဖြင့်ကြည့်လျှင် မိမိ၏ခန္ဓာလည်း တစ်နေ့နေ့တွင်ပြန်အပ်နှံရမည့် အငှားသာဖြစ်၏။ ခန္ဓာက တာဝန်ပေးသမျှ အလုပ်များလည်း တရားမပါလျှင် အငှားအလုပ်ချည်းသာဖြစ်၏။ ပါရမီအနှစ် ကောင်းမှုတရားအစစ်သည်သာ သွားလေရာအတူလိုက်ပါမည့်ကိုယ်ပိုင်များဖြစ်၏။

ဉာဏ်အမြော်အမြင်ကြီး၍ ကိုယ့်လုပ်ပိုင်ခွင့်ကိုပိုင်နိုင်စွာ နားလည်ထားသူများသည် အငှားအလုပ်နှင့် ကိုယ်ပိုင်အလုပ်နှစ်မျိုး တိုက်ဆိုင်တွေ့ဆုံလာသောအခါ ကိုယ်ပိုင်အလုပ်ကိုသာ ဦးစားပေး၍လုပ်ကြ၏။ မလွှဲမရှောင်သာသောအငှားအလုပ်ကို နေ့စဉ်လုပ်နေရသကဲ့သို့ ကိုယ်ပိုင်အလုပ်ကိုလည်း နေ့စဉ် နေ့တွက်ကိုက်အောင် မဖြစ်မနေကြိုးစားလုပ်ကြ၏။ ဉာဏ်အမြင်ရှင်းလွန်းသူများကား အငှားအလုပ်ကိုလုပ်ရင်းပင် ကိုယ်ပိုင်အလုပ်ဖြစ်အောင် လမ်းရှင်းပြီး ကြိုးစားပြုလုပ်တတ်ကြလေသည်။ ကိုယ်ပိုင်မရှိသေးသမျှ ဘာတွေပဲလုပ်လုပ် စိတ်မအေးရသေးချေ။

## ၆။ ယနေ့အလုပ် ယနေ့လုပ်

- **သိက္ခာသုံးပါး၊ ကောင်းမှုများ၊ ဦးစားပေးသင့်ပေ။**
- **ဦးစားပေးရန်၊ အလုပ်မှန်၊ အမြန်ပြီးအောင် လုပ်ပါလေ။**
- **အလုပ်နောက်ကျ၊ လို့လဖင့်နှေး၊ ချမ်းသာဝေး၊ ပူဆွေးရတတ်ချေ။**
- **ယနေ့အလုပ်၊ ယနေ့လုပ်၊ အဟုတ် စိတ်အေးစေ။**
- **စိတ်ဓာတ်ကိုမြင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားလေ။**

သိက္ခာသုံးပါးကောင်းမှုများသည် ဦးစားပေးရမည့်ကိုယ်ပိုင်အလုပ်များဖြစ်၏။ ဦးစားပေးရမည့်အလုပ်ကိုလည်း ဦးစားပေး၍သာလုပ်ရ၏။ ယနေ့အလုပ်ကိုလည်း ယနေ့ပင် ပြီးအောင်လုပ် ရ၏။ အနာဂတ်ကို ကိုယ်မပိုင်ချေ။ ရောက်ဆဲပစ္စုပ္ပန်သည်သာ ကိုယ်ပိုင်အချိန်ဖြစ်၏။ ကိုယ်ပိုင်အချိန်တိုင်း ကိုယ်ပိုင်အလုပ်ကို လုပ်ထားလိုက်မှ စိတ်အေး၍အမောပြေရ၏။ ဦးစားပေးရမည့် အလုပ် များနောက်ကျသွားလျှင် အချိန်အားဖြင့် နှောင်းသွားလျှင် လို့လဖင့်နှေးနေလျှင် ခံစားခွင့်ချမ်းသာများ ဝေးကွာလက်လွတ်သွားတတ်၏။


www.burmeseclassic.com

www.burmeseclassic.com


လုပ်ပိုင်ခွင့်ကို နေရာမှန်အောင် မသုံးမိသဖြင့် ခံစားခွင့်များဆုံးရှုံးသွားလျှင်တစ်ဖန်တွေး ၍ ပူဆွေးရတတ်လေ၏။ အချိန်ကုန်ရုံ ပူရုံမှတပါး အကျိုးမရှိတော့ချေ။ သို့ဖြစ်၍ လုပ်ပိုင်ခွင့်ရှိသော ဘဝကို ရခိုက်, လုပ်ရမည့်အလုပ်ကို နားလည်ခိုက်, အကြောင်းညီခိုက် နောက်မကျရအောင် ယနေ့ အလုပ်တိုင်း ယနေ့ပြီးအောင်လုပ်ရပေမည်။ နက်ဖြန်ဆိုလျှင် နက်ဖြန်အလုပ်က လာပေလိမ့်ဦးမည်။

## ၇။ လုပ်သလိုပြော အစဉ်ချော

- လုပ်နိုင်တာသာ၊ ပြောဆိုရာ၊ ညီညာတိကျစေ။
- မလုပ်နိုင်က၊ မပြောရ၊ နှိုင်းဆဆင်ခြင်လေ။
- အပြောသာများ၊ မလုပ်ငြား၊ အများကဲ့ရဲ့ချေ။
- ပြောဆိုပြီးလျှင်၊ ဖြစ်အောင်ပင်၊ မြင့်တင် ပြုလုပ်လေ။
- စိတ်ဓာတ်ကိုမြှင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားလေ။

တကယ်လုပ်နိုင်သည်ကိုသာပြောဆိုသင့်၏။ မလုပ်နိုင်သည်ကို မပြောဆိုသင့်ချေ။ အလုပ်နှင့် အပြောညီမှ သူရောကိုယ်ပါ လေးလေးစားစားအားကိုးရမည်ဖြစ်၏။ လုပ်သလိုပြောမှလည်း အစဉ်ချောပေလိမ့်မည်။ အပြောသာများ၍ လက်တွေ့တကယ်မလုပ်နိုင်လျှင် ပညာရှိများ၏ ကဲ့ရဲ့ ပြစ်တင် အထင်သေးမှုကို မလွဲမသွေခံရပေမည်။ ကိုယ့်ဟာကိုယ်လည်း ပေါ့တော့တော့ ရော်ရွတ် ရွတ်ကြီးဖြစ်နေတတ်၏။ အပြောလွယ်သလောက် အလုပ်ခက်ခဲနေတတ်သဖြင့် တကယ်လုပ်နိုင် မလုပ်နိုင်စဉ်းစားနှိုင်းချိန်ပြီးမှသာ ပြောသင့်၏။ ပြောဆိုပြီးလျှင်ကား စိတ်ဓာတ်ကိုမြှင့်၍ လုပ်ပိုင်ခွင့်ကိုသုံးပြီး တကယ်ပင်ဖြစ်အောင် ကြိုးစားသင့်ပေသည်။

## ၈။ ဆွဲအားနှစ်ခု စိတ်ကိုလု

- သဒ္ဓါ,တဏှာ၊ ဤနှစ်ဖြာ၊ လူ့ရွာဆွဲအားတွေ။
- တဏှာဆွဲသော်၊ အရှုံးပေါ်၊ လမ်းချော် တတ်ကြပေ။
- လုပ်ပိုင်ခွင့်လဲ၊ ရှုံးရမြဲ၊ အဆွဲမတတ်ချေ။
- ပစ္စည်းခန္ဓာ၊ ရှာရုံသာ၊ သေရွာမဆုံးချေ။
- ပစ္စည်းရှာမှု၊ ဘုံဆိုင်ဟူ၊ ထိုက်သူ သုံးကြပေ။
- ခန္ဓာစုက၊ မြေကျွေးရ၊ ဒုက္ခအပူ တိုးပွားစေ။
- ဘောင်ကျော်လွန်က၊ အပါယ်ကျ၊ ဒုက္ခပင်လယ်ဝေ။
- သဒ္ဓါဆွဲက၊ စွမ်းအားရ၊ မုချချမ်းသာစေ။
- တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချစိတ်အေးစေ။
- ဆွဲအားနှစ်ခု၊ စိတ်ကိုလု၊ ကောင်းမှု နိုင်ပါစေ။

လူနှင့်တကွ သတ္တလောကတွင် သဒ္ဓါ တဏှာ (၂)ပါးသည် စိတ်ကိုလုယက်ဆွဲယူနေကြ၏။ တဏှာဆွဲလျှင် အဝိဇ္ဇာပါလာသဖြင့် လမ်းမမှန်ဘဲအရှုံးပေါ်က လမ်းချော်တတ်၏။ အဆွဲမတတ်သဖြင့် လုပ်ပိုင်ခွင့်လည်း ရှုံးရတတ်၏။ သေရွာမဆုံးနိုင်သောပစ္စည်းခန္ဓာ တိုးရုံလောက်သာရှာပေး၏။ စည်းကမ်းဘောင်ကျော်လွန်သွားအောင်ရှာပြန်က အပါယ်ကျ၍ ဒုက္ခပင်လယ်ဝေသွားစေတတ်၏။ တရားမပါဘဲ ရှာထားသမျှပစ္စည်းကား ထိုက်သူသုံးဖို့သာဖြစ်၏။ ကိုယ်ပိုင်ဟု ဧကန်ပြော၍ မရချေ။ တရားကင်းကွာ အလိုလိုက်ထားသောခန္ဓာကား မြေကျွေးဖို့သာဖြစ်၏။ အပူသာဆက်၍ တိုးလာမည်။ သဒ္ဓါဆွဲမှ တရားစွမ်းအားရမည်။ ကိုယ်ပိုင်ရ၍ စိတ်အေးရမည်။ ဧကန်ချမ်းသာ ကြောင်းဖြစ်၏။ ဆွဲအားနှစ်ခုက စိတ်ကိုလုနေကြရာတွင် သဒ္ဓါကနိုင်အောင်ဆွဲနိုင်မှ အားကိုးစရာ ကောင်းမှုကိုရမည်ဖြစ်၏။ ကောင်းမှုနိုင်အောင်လည်းလုပ်ပိုင်ခွင့်ကိုမြှင့်ရမည် ဖြစ်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com


## ၉။ အငတ်ဘေးကြုံ ပြိတ္တာဘုံ

- **ကံအဝယ်မှား၊ အပါယ်သွား၊ ဆွဲအားတဏှာဖြစ်။**
- **အငတ်ဘေးကြုံ၊ ပြိတ္တာဘုံ၊ စုပြုဒုက္ခဖြစ်။**
- **ရေကိုမြင်ရ၊ ကြားရသော်လဲ၊ ငတ်နေမြဲ၊ ဆင်းရဲနွံ မှာနစ်။**
- **အများတကာ၊ သနားပါ၊ ကူလာသော်လဲ ကံကညစ်။**
- **အခွင့်ဆုံးရှုံး၊ အညွန့်တုံး၊ အသုံးဝင်အောင် ဉာဏ်ဖွင့်လှစ်။**

စိတ်ဓာတ်ကိုမြင့် လုပ်ပိုင်ခွင့်ဟူသည် ဘဝအခြေအနေကလည်းပေးမှ လုပ်ပိုင်ခွင့်ကိုလည်း နားလည်ထားမှ ရရှိနိုင်သောအရာမျိုးဖြစ်၏။ အခြေအနေကပင်မပေးပါက ဘာမျှမတတ်နိုင်ချေ။ တဏှာဆွဲအား အသာရသွားသူတစ်ဦးသည် ကံတုကံလိမ်ကို အဝယ်မှားသဖြင့် အပါယ်သွားရရှာ၏။ အငတ်ဘေးစုံသော ပြိတ္တာဘုံ၌ ဖြစ်ရရှာ၏။ ငတ်လိုက်ဘိဖြစ်ခြင်း၊ ဘာဆိုဘာမှ မစားရမသောက်ရ ရေဆာလောင်လွန်းလှသဖြင့် တစ်ယူဇနာကျယ်သော ဂင်္ဂါမြစ်ကြီးထဲဆင်းပြေးလာ၏။ အဝေးမှရေသံကြား၍ ရေကိုလှမ်းမြင်ရစေကာမူ အနီးသို့ကပ်လိုက်လျှင် ရေများပျောက်သွား၏။ မီးခိုးသာ ထလာ၏။ ခြစ်ခြစ်တောက်ပူလောင်သော ကျောက်ပြင်ပေါ်လမ်းလျှောက်ရသလို ဖြစ်သွား၏။ ရေရှိပါလျက် အကုသိုလ်ကံကြောင့် မသောက်ရချေ။ တစ်နေ့လုံး တစ်ညလုံးပြေးပါသော်လည်း ရေမတွေ့၊ နံနက်လင်းသောအခါ ဆွမ်းခံကြွလာသော ရဟန်းတော် အပါး (၃၀)နှင့်တွေ့၍ သနားလွန်းလှသဖြင့် သဲပြင်ပေါ်အအိပ်ခိုင်းပြီး သပိတ်အလုံး(၃၀)ဖြင့် ပါးစပ်ထဲသို့ရေလောင်းထည့်ကြသော်လည်း လည်ချောင်းထဲသို့ ရေတစ်ပေါက်မျှမရောက်ချေ။ လုပ်ပိုင်ခွင့် ခံစားခွင့်ရှုံးနေခိုက် အခြေအနေမပေးခိုက် မည်သူကူညီ၍မျှ အရာမရောက်ချေ။ ထိုအဖြစ်ကို ဉာဏ်ဖွင့်လှစ်ကြည့်ပြီး မိမိအခွင့်လက်မလွတ်မီ သုံးမိဖို့ အရေးကြီးပေသည်။

## ၁၀။ လမ်းဖွင့်တတ်သူ ဒေါ်သာလူ

- **သိက္ခာ(၃)ပါး၊ မြတ်တရား၊ ယောကျ်ား မိန်းမ မခွဲပါ။**
- **စိတ်ဓာတ်ကိုမြင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့်ထားတဲ့ သာသနာ။**
- **ကြိုးစားလုပ်လျှင်၊ စွမ်းအားထင်၊ မျက်မြင် ကိုယ်တွေ့ပါ။**
- **ယောကျ်ားဖြစ်ရုံ၊ အားမစုံငြား၊ မကြိုးစားက၊ စွမ်းအားကျ၊ ဘာမှမရပါ။**
- **မိန်းမသော်လဲ၊ အားကုန်ခဲ၍၊ စိတ်ဖွဲ့ထက်သန်၊ ကြိုးစားပြန်၊ ဧကန်ထူးခြားလာ။**
- **စိတ်ဓာတ်ကိုမြင့်၊ လုပ်ပိုင်ခွင့်၊ လမ်းဖွင့် ကြိုးစားရာ။**
- **လမ်းဖွင့်တတ်သူ၊ ဒေါ်သာလူ၊ အပူကင်းရပါ။**

သိက္ခာ (၃) ပါးနှင့် တရားအလုပ်ဝယ် ယောကျ်ား မိန်းမဟု ခွဲခြားခြင်းမရှိချေ။ မည်သူမဆို စိတ်ဓာတ်ကိုမြှင့်လျှင် လုပ်ပိုင်ခွင့်အတွက် အမြဲလမ်းဖွင့်ထားသော သာသနာတော်ဖြစ်၏။ တကယ်ကြိုးစား၍ တကယ်စွမ်းအားထင်ရှားသူတွေ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်၏။ ကာယဗလပြည့်ဝသော ယောကျ်ားပင် ဖြစ်သော်လည်း သဒ္ဓါဝီရိယစသော စိတ်စွမ်းအားမစုံ၍ မကြိုးစားဖြစ်လျှင် စွမ်းအားကျဆင်း၍ ဘာမှမရပဲ တစ်ဘဝလုံးဗလာဖြစ်သွားတတ်၏။ မိန်းမသားပင်ဖြစ်စေကာမူ စိတ်ထားမြှင့်၍ ဖွဲသန်သန်ကြိုးစားလျှင် ဧကန်ထူးခြားလာရမြဲတည်း။ လုပ်ပိုင်ခွင့်နှင့်ထိုက်တန်သော ခံစားခွင့်ဆုလာဘ်ကို အံ့ဩဖွယ်ရရှိမြဲဖြစ်၏။

တရားဗဟုသုတကြွယ်ဝသော ဒေါ်သာလူ ဟူသော အဖွားတစ်ဦးရှိ၏။ ဒုက္ခတွေ့လျှင် ကောင်းမှုကို ပိုကြိုးစားတတ်၏။ အလွန်ပူအိုက်လှသည့် နွေရာသီရောက်လျှင် "လူ့ပြည်၌ နေတစ်စင်း ထွက်ရုံမျှပင် ဤမျှ လောက် ပူလျှင် ငရဲ၌ကား ဤအပူထက် အဆပေါင်းသိန်းသန်းကုဋေမက ပူပေလိမ့်မည်။ ငရဲပူထဲ၌ လုပ်ပိုင်ခွင့်လည်း လုံးဝမရှိ၊ ခံစားခွင့်လည်း ဗလာနတ္ထိ၊ လူ့ပြည်၌ ပူအိုက်သော်လည်း လုပ်ပိုင်ခွင့်နှင့် ခံစားခွင့် မရှုံး၊ ငရဲသို့မရောက်ဖို့ ငါအရေးကြီး၏။ ဒုက္ခလွတ်ဖို့ ငါအရေးကြီး၏။ "ဟု စိတ်ကိုမြှင့်ကာ ဒါနကို ပိုလုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



သီလကို တိုးမြှင့်ပေး၏။ ဘုရားအတွက် ရေခဏခဏလှူ၏။ ခါတိုင်းထက် ဘုရားပိုရှိခိုး၏။ မေတ္တာပိုပွား၏။ အပူဒဏ်ကြောင့်ဖောက်ပြန်သည့်ရုပ်သဘောကို ဉာဏ်ဖြင့်ရှု၏။ ဝိပဿနာပိုပွား၏။ ကုသိုလ်ပိုလုပ်၏။ စိတ်ဓာတ်ကိုမြှင့် လမ်းဖွင့်ကာ ကြိုးစားအားထုတ်ပြီးတိုင်း ကိုယ်ကအောင်ပွဲခံနိုင်သဖြင့် ဒေါ်သာလူ ပျော်ရွှင် အားတက်ရမြဲတည်း၊ အေးသည့်အခါ ဆာသည့်အခါ နာသည့်အခါ၌လည်း နည်းတူပင် ပိုကြိုးစားတတ်သည်။

## ၁၁။ ကိုယ့်ကိုကိုယ်ယုံ မလေးလုံ

- **မလိုအပ်ငြား၊ ကံပိုများ၊ ဖယ်ရှားပေးရပါ။**
- **လိုအပ်သည့်ကံ၊ သန့်စင်ရန်၊ စေနက်ဆေးကြောပါ။**
- **ပန်းတိုင်အရောက်၊ လမ်းကိုဖောက်၊ ပြီးမြောက်တတ်စေပါ။**
- **ဉာဏ်ဖြင့်ထိန်းသိမ်း၊ အပူငြိမ်း၊ ကံထိန်းခလုတ်ပါ။**
- **ပညာမရှိ၊ သတိလွတ်က၊ ဘဝပင်လယ်၊ ခရီးသည်၊ တကယ်ကြောက်စရာ။**
- **ကိုယ့်ကိုကိုယ်ယုံ၊ မလေးလုံ၊ အစုံကောင်းကျိုးဖြာ။**
- **လုပ်ပိုင်ခွင့်များ၊ သုံးတတ်ငြား၊ ယောကျ်ားဖြစ်ရပါ။**

လုပ်ပိုင်ခွင့်ကိုသုံး၍ ကောင်းမှုပြုသည့်အခါ ကံထိန်းခလုတ် အသိဉာဏ်တပ်ဆင်တတ်ဖို့ အထူးအရေးကြီး၏။ ကံထိန်းခလုတ် တပ်ဆင်ခြင်းဟူသည်

(၁) မလိုအပ်သော ကံပိုကံမဲ (အကုသိုလ်ကံ)များကို ဖယ်ရှားပေးခြင်း။

(၂) လိုအပ်သောကုသိုလ်ကံကို သန့်စင်အောင် ဆေးကြောပေးခြင်း၊

(၃) နိဗ္ဗာန်ပန်းတိုင်အရောက်လမ်းကိုဖောက်ကာ ပါရမီအစစ်ဖြစ်အောင် မြှင့်တင်ပေးခြင်းပေတည်း။ ကံထိန်းခလုတ်အသိဉာဏ်ရှိမှ အပူငြိမ်းအေးစွာ လိုရာကိုအရယူနိုင်မည်။ ပညာလည်းမရှိ သတိလည်းလွတ်လျှင် ဘဝပင်လယ်၌ ခရီးသည်အဖြစ်သည် ကြောက်စရာအလွန်ကောင်း၏။ ပန်းတိုင်ဦးတည်ချက်လည်းမရှိ လမ်းကြောင်းလည်းမရှိ လုပ်ငန်းမှုလည်းမရှိလျှင် ကံပစ်ချရာ အထိန်းမရှိ မျောရမည်သာတည်း။

ဘုရားလက်ထက်တော်က၊ ကပိလဝတ်မြို့၌ သရဏဂုံ သီလလုံခြုံလှ၍ ကောင်းမှုတရား၌ မွေ့လျော်လှသည့် ဂေါပိကာ(မလေးလုံ)အမည်ရသော အမျိုးသမီး (သာကီဝင်မင်းသမီး)တစ်ဦးရှိ၏။ ကံထိန်းခလုတ်အသိဉာဏ်ဖြင့် စနစ်တကျကုသိုလ်ပြု၏။ နိဗ္ဗာန်ကိုပန်းတိုင်ထား၍ ယောကျ်ားဆုကိုလည်းတောင်း၏ ရဟန်းတော် (၃)ပါးကို အိမ်၌ပင့်ဖိတ်၍ နေ့စဉ်ဆွမ်းလောင်းလှူ၏။ ရဟန်းတော်(၃)ပါးသည် သီလလည်းပြည့်စုံ၍ ဈာန်ရအောင်လည်း တရားအားထုတ်ထားကြ၏။ သို့သော် ကံထိန်းခလုတ်မည်မည်ရရမရှိချေ။ အသက်တမ်းစေ့၍ မလေးလုံကွယ်လွန်လျှင် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏သား ရုပ်လှ၍ဉာဏ်ကြီးသောကိုဖိုးလုံ (ဂေါပက) နတ်သားဖြစ်ရ၏။ အစစအရာရာပြည့်စုံ၏။ ရဟန်းတော် (၃)ပါးမှာ ကံထိန်းခလုတ်မပါသဖြင့် ကွယ်လွန်ကာနီးတွင် ဘဝများစွာဖြစ်ခဲ့ရသော စာတုမဟာရာဇ်နတ်ပြည်၌ စိတ်ညွတ်သွားသဖြင့် ဈာန်လျှောကာ အညံ့စား "သဘင်သည်"နတ်သားများ ဖြစ်ကြရ၏။ ဆွမ်းအစ်မနှင့် ရဟန်းတော် (၃)ပါး အထက်အောက် ပြောင်းပြန်ဖြစ်သွား၏။ တစ်ချိန်တွင် ရဟန်းတော်(၃)ပါးဘဝမှ ရောက်လာသောနတ်သား(၃)ဦးတို့ ကပြဖျော်ဖြေရမည့်အလှည့်ရောက်ချိန်၌ ဂေါပက (ကိုဖိုးလုံ) နတ်သားလည်း ပွဲကြည့်ပရိတ်သတ်၌ပါလာ၏။ နတ်သား (၃)ဦးတို့ကပြနေကြသော်လည်း ဣန္ဒြေသိက္ခာပြည့်စုံမှု ရုပ်ဆင်းအင်္ဂါထူးခြားမှုတို့ကို ကိုဖိုးလုံနတ်သားက စဉ်းစား ဆင်ခြင်မိသဖြင့် မိမိဆွမ်းလောင်းလှူခဲ့သော ရဟန်းဘဝမှ ရောက်လာမှန်း သိသွား၏။ ချက်ချင်းအကရပ်ခိုင်းကာ လေးနက်စွာသတိပေး၍ တရားကိုအမြန်အားထုတ်ခိုင်းတော့ရာ နတ်သား (၂)ဦးမှာ မကြာမီဈာန်ပြန်ရပြီး ဝိပဿနာကို ဆက်အားထုတ်ရာ အနာဂါမ်ထိ ဖြစ်သွားကြ၏။ စုတေကာ ဗြဟ္မာ့ပြည်သို့ တက်သွားကြ လေသည်။ ကျန်နတ်သား(၁) ဦးကား မည်သို့မျှပြော၍မရချေ။ လက်ရှိဘဝ၌ တပ်မက်စွဲငြိကာမလွတ်မြောက်ဘဲ ကျန်ရစ်လေတော့၏။ ဆွမ်းအစ်မ မလေးလုံကား နတ်ပြည်ရောက်သည်အထိ သာသနာပြုဖော်ရပါပေ၏။ ချီးကျူးဖွယ်ကောင်းလှပါပေစွ။



www.burmeseclassic.com

www.burmeseclassic.com


သို့ဖြစ်၍ စိတ်ဓာတ်ကိုမြှင့်၍ လုပ်ပိုင်ခွင့်ကို တကယ်ထိရောက်အောင် အသုံးချ တတ်ဖို့အရေးသည် မိမိတို့အတွက် အရေးအကြီးဆုံးဖြစ်လေတော့သတည်း။

## ၁၂။ နှလုံးသားဝယ် ဘုရားတည်

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒါယကာကြီးဦးအုံးမောင်က တိပိဋကလောင်းလျာများ အားတက်ရ, နည်းယူရအောင် တိပိဋကအတွေ့အကြုံကို (တိပိဋက ရွှေရတုအထိမ်းအမှတ်အဖြစ်)ရေးပေးပါရန် လျှောက်ထားလာပါသည် (လောက၌ တစ်နေရာမှတစ်နေရာသို့ ခရီးသွားရာတွင် ရောက်လိုဇောဖြင့် သွားသူ တစ်ယောက်သည် ဆန္ဒအတိုင်း လိုရာအရပ်သို့ရောက်နိုင်သော်လည်း "လမ်းမှာဘာတွေ တွေ့ခဲ့သလဲ"ဟု မေး လျှင် အကုန်ပြောပြဖို့မလွယ်သကဲ့သို့ တိပိဋကလမ်းကြောင်းအတွေ့အကြုံကို အကုန်ရေးပြရန်မှာမလွယ်ကူပေ သို့သော် ထင်ရှားရာလောက်ကိုတော့ ရေးပြပါမည်။)

- **တရားစကား၊ မြတ်ဘုရား၊ ကိုယ်စားပြုလေပါ။**
- **တရားတစ်စု၊ ဘုရားဟု၊ မှတ်ရှုပျော်စရာ။**
- **အာဂုံဆောင်ထား၊ ကျက်မှတ်ငြား၊ ဘုရားတည်သူပါ။**
- **နှလုံးသားဝယ်၊ ဘုရားတည်၊ တကယ်စွမ်း၍ အေးချမ်းပါ။**
- **ကံထူးဉာဏ်ထူး၊ လုံ့လထူး၊ အထူးပုဂ္ဂိုလ်ပါ။**

ဘုရားဟောတရားစကားများသည် ဘုရားကိုကိုယ်စားပြုသည်ဖြစ်၍ တရားတစ်စုလျှင် ဘုရားတဆူဟု သဒ္ဒါ, ပညာဖြင့် ကြည့်ရှုတတ်ပါက တိပိဋကအလုပ်သည် ပျော်ရွှင်အားတက်စရာ ကောင်းလှသည်။ ဘုရားစကား တော်များကို အာဂုံဆောင်ကျက်မှတ်နေလျှင် နှလုံးသားဘုရားတည်နေသူဖြစ်သည်၊ ဘုရားတည်တတ်သူသည် ရတနာအရှိန်အဝါကြောင့် စွမ်းအားပြည့်ဝ၍ ထည်ဝါခန့်ငြား ကျက်သရေရှိလှပေသည်။

တိပိဋကလောင်းလျာများသည် (၁) တိပိဋကလမ်းကြောင်းပေါ် ရောက်လာနိုင်လောက်အောင် ပါရမီကံ အထိုက်အလျောက်ရှိထားရမည်။ (၂) ပိဋကသုံးပုံအတွင်း ကျက်စားနိုင်လောက်သော ကံအရင်းခံသည့် ဉာဏ်လည်းရှိရမည်၊ (၃) ပိဋကသုံးပုံကိုအကန့်လိုက် ရှုန်းကန် အားထုတ်သယ်ဆောင်နိုင်သော ဝီရိယအစွမ်း လည်းရှိရမည်။

## ၁၃။ နည်းလမ်းလေးသွယ် ပညာကြွယ်

- **ပြဋ္ဌာန်းကျမ်းစုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။**
- **အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။**
- **ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာ ဖွဲ့ရှိရ။**
- **အလုပ်လေးစား၊ ရိုသေငြား၊ စွမ်းအားလွန်တက်ကြွ။**
- **နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊ ခန့်ထည်စွမ်းပြည့်ဝ။**

တိပိဋကလောင်းလျာသည် (၁) အပိုင်းလိုက်ဆိုင်ရာ ပြဋ္ဌာန်းချက်အားလုံးကို အချိန်မီကြိုးစားနိုင်ရန် လုံလောက်သောအချိန်ရရှိရေးအတွက် အချိန်ကိုကြိုတင်ခွဲဝေထားရမည်။ (၂) ရှေ့အသိနှင့် နောက်အသိ ဆက်စပ်မိအောင် ရှေ့အသိက နောက်အသိအား ကျေးဇူးပြုနေအောင် အဆက်မပြတ် မနေမနားကြိုးစားနိုင် ရမည်။ (၃) ကန့်သတ်ချိန် (ပန်းဝင်ချိန်)မရောက်မချင်း ရှည်လျားသောပိဋကခရီးကို ဖွဲ့ရှိရှိ ကြိုးစားနိုင်သော သတိရှိရမည်။ (၄) ပိဋကသုံးပုံအတွင်း စိတ်ကိုနှစ်မြှုပ်၍ (အချိန်ပင်ကုန်မှန်းမသိရလောက်အောင်) လုပ်ငန်း အပေါ် စိတ်ပါဝင်စား လေးစားမှုရှိရမည်။


www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ပညာအရောင် ထွန်းလင်းပြောင်

- **အပ္ပမာဒ၊ မြတ်ဓမ္မ၊ ပင်မ ခလုတ်မည်။**
- **ဓာတ်ကြိုးပမာ၊ ဆက်သွယ်ကာ၊ သဒ္ဓါ ကောင်းရသည်။**
- **ဝီရိယမှာ၊ ခလုတ်သာ၊ ကောင်းစွာနှိပ်ရသည်။**
- **ပညာအရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်လူ့စွမ်းရည်။**

ပင်မခလုတ်ကို ဖွင့်၍ ဓာတ်ကြိုးဆက်သွယ်ကာ အနီးရှိမီးခလုတ်ကိုနှိပ်မှ မီးရောင်လင်းနိုင်သကဲ့သို့ (၁) စာပေကို စွဲမြဲစွာ ကျက်မှတ်နိုင်သောသတိ၊ ကျက်ပြီးစာများကို မမေ့ပျောက်အောင် ထိန်းသိမ်းထားနိုင်သော သတိ-ဟူသော ပင်မခလုတ်အားကောင်းအောင် လေ့ကျင့်ရမည်။ (၂) တရားနှင့် ထိုက်တန်သော မိမိစွမ်းရည် မိမိနှင့် ထိုက်တန်သောတရားစွမ်းရည်ကို ယုံကြည်မှုဟူသော ဓာတ်ကြိုးပမာဆက်သွယ်မှုအားကောင်းရမည်။ (၃) သတိအထိန်းဖြင့် အဆက်မပြတ် မှန်ကန်စွာ အားထုတ်မှုဟူသော ဝီရိယခလုတ်ကို နှိပ်ပေးနိုင်ရမည်။ (၄) သတိနှင့်တွဲသော ဝီရိယသည် သမာဓိကို ဖြစ်စေနိုင်သည်ဖြစ်၍ သမာဓိက ပညာအား ကျေးဇူးပြုရသည် ဖြစ်ရကား ပညာမီးရောင်လင်းလာမည်ကေန်ဖြစ်သည်။

မိမိသည် အသက် (၁၈)နှစ်အရွယ်ရောက်မှ ပရိယတ္တိပညာကို စတင်သင်ကြားခဲ့ရသည်။ ငယ်စဉ်အခါက စ၍ အသက် (၂၆)နှစ်အရွယ်အထိ တိပိဋကလုပ်ငန်းသည် ကိုယ်နှင့်ဆိုင်သည်ဟု မတွက်ခဲ့။ တိပိဋကလမ်း ကြောင်းပေါ်သို့ စိတ်ကူးမျှပင်မရောက်ခဲ့။ ကိုယ့်အရာမဟုတ်ဟု တွက်ဆခဲ့သည်။ သို့သော် ဓမ္မာစရိယစာမေးပွဲ နှင့် သကျသီဟ, စေတိယင်္ဂဏစာမေးပွဲများဖြေဆိုခဲ့စဉ်ကကောင်း တိုက်ဆိုင်မှုများ အထိုက်အလျောက် ကြုံကြိုက် လာသဖြင့် အတိတ်ကံ ကောင်း/မကောင်းသိလိုလျှင် ပစ္စုပ္ပန်ဉာဏ်,ဝီရိယဖြင့် တူးဆွစမ်းသပ်ပေးရမည်ဟု အသိပေါ်လာသည်။ တိပိဋကလမ်းကြောင်းပေါ်သို့ တက်ရောက်စမ်းသပ်လိုစိတ်ဖြစ်လာခဲ့သည်။

စတုတ္ထတိပိဋကဆရာတော် အရှင် သုမင်္ဂလာလင်္ကာရ သည် သက်တော် (၂၇)နှစ်အရွယ်၌ တိပိဋကဘွဲ့ ရခဲ့သည်။ မိမိမှာကား အသက်(၂၇)နှစ်အရွယ်ရောက်မှ တိပိဋကလုပ်လိုစိတ်ပေါ်ခဲ့သည်။ တိပိဋက အလုပ်ကို စတင်ခဲ့သည်။ မအောင်တော့လည်း ဘုရားစကားတော်များကို နှုတ်ထဲ နှလုံးသားထဲ ထည့်သွင်းခွင့်ရခြင်းသည် ပင် အမြတ်ဟုသဘောထားကာ ဝိနည်းပါဠိတော်ကို စ၍ကျက်မှတ်ခဲ့သည်။

မိမိသည် ဝိနည်းပါဠိတော်ကို စတင်ကျက်မှတ်ချိန်၌ စိတ်ဆန္ဒရှိ၍ ကျက်စမ်းကြည့်နေသော်လည်း သကျသီဟစာချတန်းနှင့် စေတီယင်္ဂဏစာချတန်းစာမေးပွဲဖြေဆိုဆဲ တန်းလန်းသာဖြစ်နေသည်။ မပြီးပြတ်သေး ပါ။ နောက်တစ်ခုက စာသင်သားများအား နေ့စဉ် စာနှစ်ဝါပို့ချမှုလုပ်ငန်းက အမြဲရှိနေပါသည်။ ဟောပြောရေး တာဝန်ကလည်း မကင်းနိုင်ပါ။ တိပိဋကလမ်းကြောင်းပေါ်တက်လာသော်လည်း အာရုံတစ်ခုတည်းဖြင့် တည်ငြိမ် စူးစိုက်စွာ ကြိုးစားခွင့်ရနေခြင်းမဟုတ်ပါ။

ကျက်မှတ်လိုသောပါဠိတော်မှ အဖြတ်ကောင်းရာဝါကျတစ်ခုစီပိုင်းလိုက်သည် မြန်မာလို အဓိပ္ပါယ် နားလည်အောင် ဖတ်သည်။ နိဿျ မြန်မာပြန်စာအုပ်များနှင့် တိုက်ဆိုင်ကြည့်သည်။ မြန်မာလို နားလည်ပြီးနောက် ပါဠိတော်ဝါကျအစုံလိုက် စိတ်ထဲ၌စွဲလာအောင် (၅)ခေါက်လောက် မျက်စိဖွင့်ကြည့်သည်။ စာရွက်ထဲမှ စာကြောင်းများကို စိတ်ဖလင်ကော်ပြားထဲသို့ရောက်အောင် သတိ, ဝီရိယ, ဉာဏ်ဖြင့်ကူးယူသည်။

မိမိသည် စာကျက်သောအခါ အသံထွက်၍ ကျက်လေ့မရှိပါ။ ငယ်စဉ်အခါကစ၍ စာကို အသံတိတ်သာ ကျက်လေ့ရှိသည်။ အသံမထွက်သဖြင့် မိမိစာကျက်သည်ကို အများက မသိကြပါ။ အများအတွက်လည်း အနှောင့် အယှက်မဖြစ်ပါ။ အသံထွက်ကျက်သကဲ့သို့ ပင်ပန်းခြင်းလည်းမရှိပါ။ လေနာခြင်း-စသော ကျန်းမာရေး အနှောင့်အယှက်လည်းမဖြစ်ခဲ့ပါ။ (၅)ခေါက်လောက် မျက်စိဖွင့် ဖတ်ပြီးနောက် နောက်ထပ် (၅)ခေါက်လောက် မျက်စိစုံမှိတ်ပြီး စိတ်ထဲ၌ နှလုံးသွင်းသည်။ စာက သိုဏ်းရှုခြင်းပင်ဖြစ်သည်။ စာလုံးများကို စိတ်ထဲ၌ သတိဖြင့် စီတန်းသိုမှီးထားလိုက်ခြင်းဖြစ်သည်။ ဘုရားစကားတော်များကို နှလုံးသားမှာ ထည့်သွင်းထားခြင်းဖြစ်၍ နှလုံးသား၌ ဘုရားတည်ပေးခြင်းလည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ငါ့နှလုံးသားထဲ ဘုရားကြွရောက် သီတင်းသုံးနေပြီ" ဟု စာကြောင်းများ နှလုံးသားထဲ ကပ်ထားမိတိုင်း သဒ္ဓါပီတိဖြင့် ကြည်နူးမှုများ တစ်ဖွားဖွားဖြစ်ရသည်။ ထို့ကြောင့်လည်း မိမိစိတ်ထဲ၌ ပင်ပန်းမှုများမဖြစ်ခဲ့ရပဲ ဝမ်းသာရွှင်လန်းအေးချမ်းမှုများသာ ဖြစ်ခဲ့ရသည်။ ဝါကျတစ်ခုပြီးသွားလျှင် နောက်တစ်ခုသို့ဆက်၍ ဤနည်းအတိုင်းပင် ကျက်သည်။ နောက်တစ်စုပြီးတိုင်း ရှေ့ပြီးခဲ့သည့် တစ်စုနှင့်ပြန်ပေါင်း၍စိတ်ထဲ၌ စီကုံးထားသည်။ တစ်မျက်နှာလောက်ပြီးသွားပြန်တော့လည်း ထို တစ်မျက်နှာလုံးပြန်ပေါင်း၍ အသိစိတ်မှာကပ်၍တပ်ထားသည်။

ဝါကျအနေအထားသိပ်သည်း၍ အဓိပ္ပါယ်ခက်ခဲသောနေရာတို့၌ သတိ, ဝီရိယအင်အားကို နှစ်ဆ,သုံးဆ လောက် မြှင့်တင်ကြိုးစားပေးရပါသည်။ ဂါထာများဆိုလျှင် ပုံမှန်ထက်ဆယ်ဆလောက် မြှင့်တင်အားထုတ်ရသည်။ ဂါထာများကိုကျက်မှတ်ရာ၌ မိမိသည် စိတ်ဖြင့်သာ ကျက်မှတ်သည်ဖြစ်၍ စုဏ္ဏိယပါဠိများလောက် စိတ်ထဲတွင် ထည့်သွင်းသိကုံး၍ ရုတ်တရက်မလွယ်ကူတတ်ပါ။ မိမိတွင် စာမျက်နှာပုံသေ သတ်မှတ်ချက်မရှိပါ။ စာအသွား အလာ လွယ်လျှင် လွယ်သလိုအကုန်များ၍ ခက်လျှင်ခက်သလို အကုန်နည်းပါသည်။ ပျမ်းမျှ ၁၀-မျက်နှာမှ ၁၅-မျက်နှာ လောက်ကုန်ပါလိမ့်မည်။ အာဂုံမကျက်ရဘဲ သဘောဖြင့်သာမှတ်သားရသော ပဋ္ဌာန်းပါဠိတော်မျိုး၌ ၂၀-၃၀လောက် ကုန်တတ်သည်လည်းရှိတတ်ပါသည်။ ဂါထာများကို သီးခြားအချိန်ပေး၍ သီးခြားကျက်ပေး ရပါသည်။

သရုပ်များသောနေရာ စကားလုံးဝေါဟာရများသောနေရာတို့၌ စာအုပ်အတွင်းရှိစာမျက်နှာ ဘေးနားမှာ ခဲတံဖြင့် သင်္ကေတ သင်္ချာလေးများ ရေးမှတ်ထားပြီး ကျက်သောအခါ ပြန်သောအခါတို့၌ အရေအတွက်မများ အောင် လက်တစ်ချောင်းခြင်းချိုး၍ သတ္တိဉာဏ်ကို အသုံးပြုရပါသည်။ ပါဠိတော်များသည် စကားအသုံးအနှုန်း ပြေပြစ်ညက်ညော၍ စကားလုံးအထားအသိုပုံသေနည်းစနစ် မှန်သောကြောင့် အဋ္ဌကထာ ဋီကာများကဲ့သို့ ခက်ခဲစွာ ကျက်ရသည်မဟုတ်ပါ။ အချို့သောနေရာ၌ အကြောင်းအရာခေါင်းစဉ် စကားလုံးလေးများကို မှတ်သားထားပြီး စိတ်ထဲတွင် ပါဠိစီကုံးဆို၍ပင် ရနိုင်ပါသည်။

ကံ, ကတ္တား၊ ဝုတ္တ, အဝုတ္တ။ ဝါစ္စ, ဝါစက၊ လိင်, ဝုစ်-စသည်မှန်ကန်အောင် ပါဠိတော်များကို မှတ်သား တတ်ဖို့ အထူးလိုအပ်သဖြင့် အနည်းဆုံးဓမ္မာစရိယတန်း(စာချတန်း)ဆိုင်ရာ စာပေလေ့လာပြီးသူများ ဖြစ်နိုင်လျှင် ဓမ္မာစရိယဘွဲ့တစ်ခုခုရပြီးသူများသာ တိပိဋကကိုကျက်မှတ်ဖို့ အသင့်လျော်ဆုံးဖြစ်ပါသည်။ စာသွားစာလာ စည်းကမ်းစနစ်ကိုနားမလည်ဘဲ အကုန်လုံးတွေ့သမျှ အာပူတိုက် အော်နေရလျှင် မလိုအပ်ဘဲပင်ပန်းပြီး အချိန် ကုန်သလောက် ခရီးမရောက်ဖြစ်နေတတ်ပါသည်။ သဒ္ဒါမြင်၍ စာပေစည်းကမ်းကို အထိုက်အလျောက် နားလည် မှ စာကျက်သက်သာ၍ ဉာဏ်သတိဖြင့် မပျောက်အောင် ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။

ဝိနည်း,သုတ္တန်အားလုံးကို ဤဆိုအပ်ပြီးနည်းစနစ်ကို အများဆုံးသုံး၍ ကျက်မှတ်ပါသည်။ အဘိဓမ္မာ၌ ဓမ္မသင်္ဂဏီ, ဝိဘင်း, ပုဂ္ဂလပညတ်, ကထာဝတ္ထုတို့ကို ဝိနည်း သုတ္တန် ကျက်မှတ်သောပုံစံ နည်းစနစ်အတိုင်း ကျက်မှတ်ရသည့်အပြင် အဘိဓမ္မာသင်္ဂြိုဟ်သရုပ်လည်း ကျေပွန်ကွဲပြားဖို့ လိုအပ်ပါ သည်။ ဓာတုကထာ ယမိုက် တို့ကိုကား ညဝါများဖြစ်၍ ငယ်,လတ်,ကြီးတုန်းက ဖြတ်သန်း ကျက်စား ခဲ့ရသည့် ညဝါ နည်းလမ်းအတိုင်းပင် နည်းမှီးကျက်ရပါသည်။ အချို့သောနေရာ၌ သရုပ်သဘောကို စဉ်းစားကျက်၍ အချို့သောနေရာ၌ကား အမှတ် သင်္ကေတနည်းစနစ်ဖြင့်ပင် ကျက်ရပါသည်။

ပဋ္ဌာန်းပင်လယ်ကိုကူးခတ်ရာ၌ အဓိကအားဖြင့် ပထမကြီးတန်းတုန်းကလေ့လာခဲ့ရသော ကုသလတိက်ကို အထူးကျေပွန်ဖို့လိုပါသည် ကြွင်းကျန်သောတိက်,ဒုတ်များ၌ကား မာတိကာအရ ကောက်ကို အထူးကျေပွန်အောင် လေ့လာ၍ ဝိဘင်္ဂဝါရပါဠိများကို အများအားဖြင့် ကုသလတိက်ကို နည်းမှီး၍ ဖြုတ်သင့်, ခွဲသင့်သည်တို့ကို ဉာဏ်ဖြင့်ချင့်ချိန်ပြီး ပါဠိကိုစီကုံးကျက်မှတ်ရပါသည်။ ပဋ္ဌာန်း သင်္ချာဝါရကိုကား သဘောဉာဏ်ကိုသုံး၍ တွက်ချက်ပြီး ကျက်မှတ်ရသည်လည်းရှိသည်။ သညာမှတ် သင်္ကေတနည်းဖြင့် မှတ်သားထားရမှုသည်လည်း အမြောက် အမြားပါဝင်သည်။ မာတိကာအရ ကောက် ကျေပွန်နေဖို့ကတော့ အရေးကြီးဆုံးဖြစ်သည်။

မိမိသည် ကျက်မှတ်ထားပြီးသည့် ပါဠိတော်များကိုမမေ့ပျောက်ရအောင် ထိန်းသိမ်းထားရာတွင် ကိုယ့်ဟာ ကိုယ်ပြန်ဆိုရာ၌ အသံမထွက်ပဲ အသံတိတ်သာပြန်ဆိုလေ့ရှိပါသည်။ တကယ့်ပွဲကြီး၌ ပြန်ဆိုနိုင်ရန် လေ့ကျင့်ရာ



www.burmeseclassic.com

www.burmeseclassic.com



၌ကား စာထောက် စာမ တစ်ပါးစီအနားမှာထား၍ စာအုပ်ကိုအကြည့်ခိုင်းပြီး ပြန်ဆိုပါသည်။ ပုံမှန်စာများကို တစ်ပိုင်း ခက်ခဲသောစာနှင့်ဂါထာများကိုတစ်ပိုင်း အားဖြင့် နှစ်ပိုင်းခွဲပြီး ပြန်ဆိုပါသည်။ နေ့စဉ် စာအုပ်တိုင်း ဉာဏ်ကိုဖြန့်ထားပြီး စာအုပ်တိုင်း အချိုးကျပိုင်း၍ ပြန်ဆိုပါသည်။

အဋ္ဌကထာ ဋီကာများကို လေ့လာမှတ်သားရာ၌ အဖွင့်ခံပါဠိကိုအခြေခံ၍ အဋ္ဌကထာနှင့် ဋီကာကို တွဲဖတ်ကြည့်ရှု ကျက်မှတ်မှစာမြင်ပြီးစွဲမြဲပါသည်။ အဋ္ဌကထာ ဋီကာများကို မှတ်စုထုတ်နှုတ်၍ ကျက်မှတ်လေ့ မရှိပါ။ အစ,အဆုံးအကုန်ဖတ်၍ အကြောင်းပြ သရုပ်ပြ အဆုံးအဖြတ်စသော အထူးမှတ်သားဖွယ် အကြောင်း အရာများကို ခဲနီဖြင့် မှတ်သားထားပြီး သာမန်ရိုးရိုးစာများထက် အခေါက်များစွာဖတ်ပါသည်။ အချို့စာများကို ပါဠိတော်ကျက်မှတ်သည့်ပုံစံအတိုင်းပင် ကျက်မှတ်ထားပါသည်။

မိမိသည် သတိ, သမာဓိကိုအများဆုံးသုံးကာ ဉာဏ်ကိုထုတ်လုပ်ပြီးကြိုးစားသည်ဖြစ်၍ စာပြန်ရာ၌လည်း မည်သူ့ကိုမျှကြောက်ရွံ့လေ့မရှိပါ။ ရေးဖြေရာ၌လည်း ကိုယ်သိတာ ကိုယ်ရေးရခြင်းဖြစ်၍ မကြောက်တတ်ပါ။ စာတစ်ကြိမ်ပြန်ပြီးတိုင်း စာတစ်ပုဒ်ဖြေပြီးတိုင်း အလွန်မွန်မြတ်သည့် ဘုရားစကားတော်များကို စိတ်ထဲ,နှလုံးသား ထဲမှာ သိုမှီးထားပြီးမှ ထုတ်နှုတ်သုံးရခြင်းဖြစ်၍ သဒ္ဓါပီတိဖြင့် အလွန်ပျော်မွေ့လေ့ရှိပါသည်။ မိမိသည် တိပိဋက ရွေးချယ်ပွဲ၌ အာဂုံရော ရေးဖြေပါ ကျရှုံးဖူးပါသည်။ မိမိ၌စာမလုံလောက်မှန်းသိပါလျက် ပျော်မွေ့၍ ပြန်ဆို ရေးဖြေနေခြင်းသာ ဖြစ်ပါသည်။ ကျရှုံးခဲ့ဖူးသော်လည်း စိတ်ပျက်ခြင်း, ဝမ်းနည်းခြင်း, အားငယ်ခြင်း, ညှိုးနွမ်းခြင်း, စိတ်ဓာတ်ကျခြင်းလုံးဝမဖြစ်ခဲ့ဘူးပါ။

တစ်နေ့စာနှစ်ဝါ ပို့ချယင်း၊ တရားဟောယင်း တည်ငြိမ်အေးဆေးစွာပင် ပြန်ဆို ရေးဖြေခဲ့ပါသည်။ တိပိဋကအားလုံးပြီး၍ နှစ်ကိုလက်ချိုးရေတွက်လိုက်သောအခါ (၁၆)နှစ်တိတိကြာသည်ဟု သိလိုက်သည်။ သို့သော် သဒ္ဓါပီတိဖြင့် ပျော်မွေ့လွန်း၍ ၂-နှစ် ၃-နှစ်လောက်သာ ကြာမြင့်သည်ဟု ထင်နေမိခဲ့ပါသည်။ မိမိ သည် တိပိဋက စာမေးပွဲကို ကြိုးစားရာ၌ စာသင်သားပုံစံဖြင့် တစိုက်မတ်မတ် စောက်ချလုပ်ခဲ့သည်မဟုတ်ပဲ စာချတစ်ဖက်, တရားဟော တစ်ဖက်, အခြားစာမေးပွဲများ တစ်ဖက်တွဲလျက် အေးဆေးစွာလုပ်ခဲ့သည်ဖြစ်၍ (၁၆)နှစ်ခရီးကို မြန်သည်ဟုပင် ထင်ခဲ့ပါသည်။ (၁၆)နှစ်လုံးလုံး နှလုံးသား၌ ဘုရားတည်ခွင့်ရ၍ ဂုဏ်ယူ ဝမ်းမြောက် ကြည်နူးနေမိပါသည်။

ပျော်မွေ့သဖြင့် တိပိဋကပြီးသောအခါ ပဏ္ဏာသ (မဇ္ဈိမနိကာယ်) ကို ဆက်လက်ပြန်ဆိုရန် ကြိုးစားခဲ့ ပါသေးသည်။ အချိန်လု၍ လုံးဝမရတော့သဖြင့် လက်လျှော့လိုက်ရပါတော့သည်။ တိပိဋကပြီး၍ ပူဇော်ပွဲလုပ် ကြသည်ကိုလည်း မနှစ်သက်ပါ။ အပူဇော်ခံလို၍ တိပိဋကလုပ်သည်မဟုတ်၊ ပျော်စရာကောင်း၍သာ လုပ်သည် ဟုပြောကာ အများအားဖြင့်ငြင်းပယ်ခဲ့ပါသည်။ ဓမ္မရတနာကို ရတနာအသိဖြင့် စိတ်နှလုံး၌ ထည့်သွင်းထားရခြင်း ကား လောက၌မည်သည့်အရသာနှင့်မျှ မနှိုင်းယှဉ်နိုင်လောက်အောင် ပျော်မွေ့ဖွယ်ကောင်းလှ၍ အေးချမ်း မွန်မြတ်လှပေသတည်း။

ကံရှိသူတိုင်း တိပိဋကလမ်းကြောင်းပေါ်ရောက်၍ ဉာဏ်ဝီရိယဖြင့် ဓမ္မရတနာကို တူးဖော်သုံးစွဲနိုင် ကြပါစေ။

အားလုံးချမ်းသာကြပါစေ
တိပိဋကဓရဆရာတော်
၁၃၅၉ ခု၊ တပို့တွဲလ
၁၉၉၈ ခု၊ ဖေဖော်ဝါရီလ



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋက ဓမ္မလက်ဆောင် (၈)

## ကိုယ့်လမ်းကိုယ်လျှောက်ကောင်းရာရောက်

### နမော မဂ္ဂဒေသကဿ

### ၁။ ကောင်းရာရောက်ရန် လမ်းအမှန်

- **ကောင်းစွာသိမြင် ၊ ကြံစည်လျှင်၊ စွမ်းအင် မြတ်ပညာ။**
- **ကောင်းစွာပြောမှု၊ ကောင်းစွာပြုပေး၊ သက်မွေးမှန်ကန်၊ ဤ ၃-တန်၊ ကျင့်ရန် သီလသာ။**
- **ကောင်းစွာကြိုးစား၊ သတိထား၍၊ ကောင်းငြားတည်ကြည်၊ ဤ ၃-လီသိ၊ သမာဓိ၊ ကျင့်ဘိမြတ်သိက္ခာ။**
- **သိက္ခာ ၃-ရပ်၊ အကျင့်မြတ်၊ မပြတ်ဖြည့်စရာ။**
- **နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊ ကြာညောင်းသော်လည်း မဟောင်းပါ။**
- **ကောင်းရာရောက်ရန်၊ လမ်းအမှန်၊ ဧကန်တိကျပါ။**
- **ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ မကြောက်ရအောင် ကြိုးစားရာ။**

မိမိလျှောက်ရမည့်လမ်းကို ရှင်းလင်းပြတ်သားစွာသိမြင်ခွင့်ရရန် တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်က အတိအကျညွှန်ပြတော်မူခဲ့သည်။ ကျင့်ရမည့်အကျင့် လုပ်ရမည့်အလုပ် သွားရမည့်လမ်း ဆန်တက်ရမည့်ခရီး ဖွဲ့ရှိရမည့်လမ်းစဉ် ထမ်းဆောင်ရမည့်တာဝန်မှာ သိက္ခာ (၃)ပါးသာဖြစ်၏။ မဂ္ဂင် (၈)ပါးဟုလည်း ခေါ်ရသည်။ လောကုတ္တရာမဂ္ဂင်သို့ရောက်အောင် လောကီမဂ္ဂင်လမ်းကပင် စ၍သွားရပေသည်။ ခေါင်းတွဲပမာ အသိပညာနှင့် ထိုပညာအလုပ်ကိစ္စ ဆောင်ရွက်နိုင်အောင် အာရုံကိုလှည့်ပတ်ကြံစည်ပေးသော ဝိတက်သည် ပညာသိက္ခာဖြစ်၏။ အရှိကိုမြင်အောင် ကြည့်ရခြင်းပေတည်း။ အပြောအလုပ်အသက်မွေးမှု အပြစ်ကင်းစင်မှန်ကန်ခြင်းသည် သီလသိက္ခာမည်၏။ လူနှင့်တူအောင် လူအစစ်ဖြစ်အောင် စည်းကမ်းထိန်းသိမ်းခြင်းပင် ဖြစ်သည်။ သတိဖြင့်နေရာယူ သမာဓိဖြင့်စူးစိုက် လုံ့လဖြင့်တွန်းခြင်းသည် သမာဓိသိက္ခာပေတည်း။ စိတ်ကို ချေးချွတ်ဆေးကြော၍ စိတ်စွမ်းအား တန်ခိုးထုတ်လုပ်ခြင်းဖြစ်၏။ စင်ကြယ် မြင့်မြတ် လူ့စိတ်ဓာတ်ပေါ်အောင် ဖော်ထုတ်ပေးခြင်းလည်း ဖြစ်သည်။စားဝတ်နေရေး ခန္ဓာဝန်ထမ်းဆောင်ရင်းပင် အဆက်မပြတ်ဖြည့်ကာ ဖြောင့်တန်းစွာသွားနေရမည့် မဟောင်းနိုင်သောလမ်းရိုးကြီးဖြစ်ပေသည်။ ဘုရားမပွင့်သည့်အခါ လမ်းပျောက်နေတတ်ပေသည်။

### ၂။ ကိုယ့်လမ်းကိုယ်ရှင်း အပူကင်း

- **အသိမပါ၊ မယုံပါ၊ ထင်ရာလျှောက်၍လုပ်။**
- **ထင်ရာလုပ်က၊ အပါယ်ကျ၊ ဘဝနာ၍ အကျိုးယုတ်။**
- **အသိလည်းပါ၊ ယုံကြည်ပါ၊ ကောင်းစွာရှင်း၍လုပ်။**
- **ကောင်းစွာလုပ်က၊ စိတ်အေးရ၊ ဒုက္ခငြိမ်း၍ အပူချုပ်။**
- **ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ မကြောက်ရအောင် စွမ်းအားထုတ်။**
- **ကိုယ့်လမ်းကိုယ်ရှင်း၊ အပူကင်း၊ မပျင်းမရိလုပ်။**

နှစ်ဖက်မြင်အသိပညာလည်းမရှိ ယုံကြည်ချက်လည်းမရှိလျှင် ကိုယ့်လမ်းကို ကိုယ်မရှင်းနိုင်ဘဲ ရည်မှန်းချက်လည်းမပြတ်သား၊ လမ်းကြောင်းလည်း မပီပြင်၊ စည်းကမ်းဘောင်လည်းမရှိ၊ ထင်ရာလျှောက်၍ လုပ်ပေ



www.burmeseclassic.com

www.burmeseclassic.com


တော့မည်။ အမြင်မပါဘဲ အထင်ဖြင့်သာလုပ်လျှင် ကိုယ်လျှောက်ရမည့် လမ်းကြောင်းအမှန်ပေါ်သို့ မရောက်နိုင်တော့ချေ။ ရရှိနေသောဘဝကောင်းနှစ်နာ၍ အပါယ်ကျကာ ကောင်းကျိုးခံစားခွင့်များဆုံးရှုံးသွားမည်ဖြစ်သည်။ အမြင်ပီပြင်၍ ခံယူချက်ကြည်လင်မှ ကိုယ့်လမ်းကိုယ်ရှင်း၍ ကိုယ့်လမ်းကိုယ်လျှောက်တတ်ပေမည်။ ဘာသာတရားကိုးကွယ်ခြင်းသည် "မည်သည့်ဘာသာဝင်"ဟု အမည်ခံရုံသက်သက်မဟုတ်၊ ကိုယ့်လမ်း ကိုယ်ရှင်းတတ်ဖို့သာ ဘာသာတရားကိုးကွယ်မှု၏အနှစ်သာရ ဖြစ်သည်။ ဗုဒ္ဓသာသနာလမ်းကြောင်းကြီးကား ဒုက္ခငြိမ်း၍ အပူချုပ်သည်ထိ စွမ်းဆောင်နိုင်သော သွားတတ်ယူတတ်သူအတွက် သေချာပေါက်လမ်းမှန်ပေတည်း။ ကိုယ်သွားရမည့် ကိုယ့်လမ်းအစစ်ဖြစ်ပေသည်။ လမ်းတွေ့တုန်း တွင်အောင်သွားရန်မှာ မိမိတာဝန်သာတည်း။

## ၃။ နယ်ချဲ့သုံးပါး လမ်းကြောင်းမှား

- **တင့်တယ်လှစွာ၊ လွန်ချမ်းသာဟု၊ သညာဖောက်ပြန်၊ ပိုးဖလံမျိုး၊ မီးကိုတိုးသို့၊ ကြောင်းကျိုးမမြင်၊ မဆင်ခြင်ဘဲ၊ အထင်ဖြင့်သာ၊ စွဲတတ်ပါ၊ တဏှာအကန်းပေ။**
- **မကောင်းကိုပင်၊ အကောင်းထင်ငြား၊ ပိုးလောက်များလို၊ ထောင်လွှား မာန်တက်၊ အပျက်မမြင်၊ မြဲတယ်ထင်ကြ၊ ကြွတတ၊ မာနအယုတ်ပေ။**
- **ငါငါဥစ္စာ၊ မရှိပါဘဲ၊ မှန်ကြည့် လွဲမှား၊ လူဖျင်းများလို၊ တရားအမှန်၊ရုပ်နာမ်မမြင်၊ ငါ့ဟာထင်ဘိ၊ ငါဟုသိ၊ ဒိဋ္ဌိအမှားပေ။**
- **နယ်ချဲ့သုံးပါး၊ လမ်းကြောင်းမှား၍၊ အများသူငါ၊ သံသရာ၊ ရှည်ကြာ ကြရပေ။**
- **တက်ရင်းတက်ရင်း၊အောက်ကိုဆင်း၊ ညံ့ဖျင်း၍သာ နေရချေ။**

စည်းဘောင်မခတ် နယ်ချဲ့တတ်သော တရားဆိုး ၃-ပါးသည် ဘဝသံသရာတစ်လျှောက် မွေ့နှောက်ရှုပ်ပွေလာခဲ့သည်။ တဏှာမာန ဒိဋ္ဌိပေတည်း။ ယင်းသုံးပါးသည် အဝိဇ္ဇာမောဟနှင့် ယှဉ်တွဲနေသဖြင့် သံသရာခရီးသည်များကို လမ်းမှန်တွေ့ခွင့်မပေးချေ။ လမ်းစပေါ်လာလျှင်ပင်အစ ဖျောက်ပစ်တတ်သည်။ မျက်စိလည်သွားစေတတ်သည်။ ဆင်းရဲမလွတ်နိုင်အောင် ချည်နှောင်ထား တတ်၍ ဆင်းရဲနယ်ကျယ်အောင်သာချဲ့ထွင်နေတတ်သည်။

တဏှာသည် ပိုးဖလံမျိုး မီးကိုတိုးသကဲ့သို့ အသုဘခန္ဓာကို သုဘဟူ၍ ဒုက္ခခန္ဓာကို သုခဟူ၍ အမြင်အမှတ်လွဲကာ ကြောင်းကျိုးမမြင်မဆင်ခြင်ဘဲ ထင်မိထင်ရာစွဲနေတတ်သည်။ မာနကား မကောင်းသော အညစ်အကြေးကို အကောင်းထင်သောပိုးလောက်များကဲ့သို့ အနိစ္စဖြစ်သောခန္ဓာကို နိစ္စဟုအထင်လွဲကာ အပျက်မမြင်မြဲသည်ထင်ပြီး ထောင်လွှားမာန်တက်နေတတ်သည်။ ဒိဋ္ဌိကမူ မှန်မကြည့်တတ်သောလူဖျင်းနှင့် တူလှသည်။ မှန်ကိုကြည့်သောအခါ မှန်ထဲ၌ထင်လာသော မိမိအရိပ်ကို မိမိအရိပ်ဟုမထင်ဘဲ မှန်ထဲ၌ မှန်ပိုင်ရှင် လူတစ်ယောက်ရှိနေသည်ဟု အထင်လွဲသော လူဖျင်းပမာ ငါသူတစ်ပါးစသည်မှာ ရုပ်နာမ်အစုကို ခေါ်ဖြစ်ရုံပညတ်ထားသည်ဟု နားမလည်ဘဲ တကယ်ပင် ငါသူတစ်ပါး ငါ့ဥစ္စာဟုအမြင်လွဲနေတတ်သည်။ ထို ၃-ပါးကိုမရှင်းနိုင်လျှင် တက်ရင်း တက်ရင်း အောက်ကိုဆင်း၍ အညံ့အဖျင်းသာဖြစ်နေရပေလိမ့်ဦးမည်။

## ၄။ နတ်သားနှစ်ယောက် အပါယ်ရောက်

- **ဒေဝနန္ဒ၊ မေ့လွန်းလှ၍၊ မရ ကုသိုလ်၊ ကံဟောင်းကိုသာ၊ ခံစားကာ၊ ဗလာဖြင့်သာ ကုန်လွန်ခဲ့။**
- **ဒေဝ အဖော်၊ အသိချော်၍၊ အပျော်လွန်လွန်း၊ စိတ်တွေရမ်း၊ ကျီးကန်းဖြစ်မှာတဲ့။**
- **နန္ဒတစ်ယောက်၊ လမ်းတွေပျောက်၊ ပိုးလောက် ဖြစ်မှာတဲ့။**
- **အပါယ်ရောက်ရန်၊ သိပြန်တော့လဲ၊ ကြောက်ရမြဲ၊ ဟိုဆွဲဒီဆွဲနဲ့။**
- **ရောက်သွားပြန်တော့၊ ပျော်ပြန်ပေါ့၊ အချော့ကောင်းတာ တဏှာတဲ့။**

ဒေဝနှင့်နန္ဒဟု သူငယ်ချင်းနှစ်ယောက်ရှိ၏။ လူ့ပြည်တွင် စိတ်တူကိုယ်တူကောင်းမှုပြုကြပြီး နှစ်ယောက်လုံး နတ်ပြည်သို့ရောက်သွားကြသည်။နတ်ပြည်၌လည်း သူငယ်ချင်းနှစ်ယောက်ပင် ဖြစ်ကြ၏။ နတ်စည်းစိမ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လူ့စည်းစိမ်သည် ပင်လယ်ရေနှင့် ဆီးနှင်းပေါက်လောက်ကွာခြားလှသည်ဟု ဆို၏။ ထိုမျှကြီးကျယ်သော နတ်စည်းစိမ်ကို ခံစားရသောအခါ ဒေဝနှင့်နန္ဒ အသိချော်၍ လမ်းတွေပျောက်ကုန်၏။ နယ်ချဲ့ ၃-ပါး လမ်းကြောင်းများပေါ်သို့ ရောက်မှန်းမသိ ရောက်သွားကြသည်။ မပျောက်မပျက် အမြဲဆုပ်ကိုင်ရရှိထားမည့် ချမ်းသာဟု ထင်ကာ ကံဟောင်းကိုသာခံစား၍ ကုသိုလ်ကံသစ်ကိုပြုရန် မေ့နေကြလေသည်။ ကုသိုလ်ဗလာဖြင့် သက်တမ်းစေ့၍ သေရက်နီးလာသောအခါ အရိပ်နိမိတ်ထင်လာကာ မိမိတို့သွားရမည့်ဘဝကို ကြည့်လိုက်ကြ၏။ ဒေဝက ကျီးကန်းဖြစ်ရမည်ဟု မြင်၏။ နန္ဒက တွင်းထဲမှပိုးလောက်ဖြစ်ရမည်ကို ကြိုတင်သိသည်။ အပါယ်ရောက်ရမည်ဟု ကြိုတင်သိရလျှင် စိတ်နှလုံးခြစ်ခြစ်တောက်ပူကာ ခြေမကိုင်မိ လက်မကိုင်မိ ထောက်တည်ရာမရဖြစ်ကုန်ကြသည်။ မိမိ၏အသုံးအဆောင်များကို ဟိုဆွဲဒီဆွဲကိုင်ကြည့်သော်လည်း စိတ်နှလုံးပူသည့်အတွက် အကုန်လုံးအပူချည်းသာ ဖြစ်ကုန်သည်။ နန္ဒက ဒေဝထံပြေးလာ၍ "ကယ်ပါဦး ကိုဒေဝ"ဟု ပူဆာသည်။ "လောက်နှင့်စာလျှင် ကျီးကန်းကတော်သေးတာပေါ့"ဟု နှစ်သိမ့်အားပေးသည်။ ဒေဝကလည်း "ဟုတ်ပေသားပဲ သူနှင့်စာလျှင် ငါက တော်သေးတာပေါ့" ဟု အားတင်းထားလိုက်ပြီး၊ "ကဲ ဘာအကူအညီပေးရမလဲ"ဟုမေးရာ နန္ဒက "ကျွန်ုပ်ပိုးလောက်ဖြစ်တဲ့အခါ ခင်ဗျားက ကျီးကန်းဘဝနဲ့လာပြီး ကျုပ်ကိုဆိတ်သတ်ပစ်စမ်းပါ၊ လောက်ဖြစ်ရမှာ ရွံလွန်းလို့ပါ" ဟု အဖြေပေးသည်။ "ကောင်းပြီ ဒီလောက်တော့ တတ်နိုင်တယ်"ဟု ဒေဝက ဝန်ခံသည်။ သေခါနီးကောင်းမှုပြုလျှင်ရနိုင်သည့် အာသန္နကံ၏အခွင့်အရေးကို နားမလည်ရှာကြဘဲ ပူပူလောင်လောင်နှင့်ပင် သေသွားကြသည်။ ဒေဝက ကျီးကန်းဖြစ်၏။ "ဒါလဲ ကောင်းသားပဲ" ဟု တဏှာက ချော့သဖြင့် "ငါ တစ်ကောင်တည်းမှတ်လို့ပါ၊ ခုတော့ ကျီးကန်းအဖော်တွေအများကြီးပဲ" ဟု တွေးကာ ကျီးကန်းဘဝ၌ အလွန်ပျော်နေလေသည်။ နန္ဒကား တွင်းထဲ၌ လောက်ဖြစ်သွား၏။ "အဖော်ကလဲများ အသုံးအဆောင်ကလဲပေါ၊ ငါ့လောက်ပျော်စရာကောင်းတာ ဘယ်သူရှိသေးသလဲ"ဟု အထင်ရောက်ကာ လောက်ဘဝ၌ အပျော်ကြီးပျော်နေသည်။ ဒေဝကျီးကန်းက ကတိထားခဲ့သည့်အတိုင်း နန္ဒလောက်ကိုကယ်ရန် တွင်းအနီး၌ရှိသောသရက်ပင်ကြီး၌နားကာ "အား- အား" ဟု အသံပေးသည်။ နန္ဒလောက်က မော်၍ပင်မကြည့်၊ မသိချင်ယောင်ဆောင်နေ၏။ ဒေဝကျီးကန်းက "ဒီကောင်ကတိမတည်ဘူး"ဟုဆိုကာ အရှိန်အဟုန်မြှင့်၍ အကြိမ်များစွာမြည်၍အသံပေးသောအခါ နန္ဒလောက်ကြီးအပေါ်နားတက်လာကာ "အာ-သူငယ်ချင်း ကိုဒေဝပါလား၊ ဘာကိစ္စရှိလို့ပါလဲ ခင်ဗျာ"ဟုမေး၏။ "နတ်ပြည်မှာတုန်းက ကတိထားခဲ့တာမေ့ပြီလား၊ ခု ခင်ဗျားကိုကယ်ဖို့ ဆိတ်သတ်ဖို့လာတာ"ဟုပြောတော့ နန္ဒလောက်က "တောင်းပန်ပါတယ် ကိုဒေဝရယ်၊ ပျော်လွန်းလို့ပါ၊ မသတ်ပါနဲ့၊ ခင်ဗျားမြင်ရတဲ့အတိုင်းပဲ ကျုပ်မှာ အဖော်လဲပေါ၊ အသုံးအဆောင်လဲများဆိုတော့ ပျော်စရာအလွန်ကောင်းပါတယ်၊ တောင်းပန်ပါတယ်ဗျာ"ဟု ဆိုကာ တွင်းထဲပြန်ဆင်းသွား၏။ "ကဲ-ကတိမတည်တော့လဲ လမ်းခွဲကြတော့တာပေါ့"ဟုဆိုပြီး ဒေဝ ကျီးကန်းစိတ်ဆိုးကာ ပျံသွားရှာလေတော့သည်။

ဤအကြောင်းအရာကိုခြုံငုံသုံးသပ်သော် "မယုံလျှင်ပုံပြင်"ဟု ဆိုနိုင်သော်လည်း သံသရာခရီးသည်အများစု၏ ဘဝခရီးသွားနေကြပုံမှာ ဤနည်းအတိုင်းသာတည်း၊ ကိုယ့်လမ်းကိုယ်မလျှောက်လျှင် ကောင်းရာမရောက်ဘဲ လမ်းပျောက်ကာ တိမ်းမှောက်ချွတ်ချော်ကာ အပါယ်သို့ ရောက်ကြရလေသည်။ ရောက်ရာဘဝမှာပျော်အောင်တဏှာက ချော့ထားတတ်မြဲပေတည်း။

## ၅။ ဘာဘာညာညာ သံသရာ

- ဟိုရှေ့နားတွင်၊ လှမ်း၍မြင်၊ ဘာပင်ခေါ်သတဲ့။
- ဘာပင်လို့သာ၊ မသိပါ၊ အောက်မှာ ဝင်နားခဲ့။
- ဘာသီးကြီးက၊ ကြွေ၍ကျ၊ ကောက်ရ ဝမ်းသာခဲ့။
- ရှေ့နားရောက်က၊ ခွဲကြည့်ကြ၊ ဘာမှ မရှိတဲ့။
- ဘာဘာညာညာ၊ မောလိုက်တာ၊ စိတ်မှာပင်ပန်းခဲ့။
- ဆူဆူညံညံ၊ ဟိုအသံ၊ ဘာသံ ခေါ်သတဲ့။
- ဘာသံလို့သာ၊ မသိပါ၊ ဆက်ကာလျှောက်သွားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



- **ရန်သူကျားဆိုး၊ ပက်ပင်းတိုး၊ ခုန်ထိုး ကိုက်စားခဲ့။**
- **ဘာဘာ ညာညာ၊ သေသွားရှာ၊ လိုရာမရောက်ခဲ့။**

ဘာဘာနှင့် ညာညာပုံဝတ္ထုတစ်ခုရှိ၏။ ဘာဘာနှင့် ညာညာဟူသည် သံသရာခရီးသည် အားလုံး ခြုံမိငုံမိအောင်ခေါ်ထားသော အမည်ပညတ်ဖြစ်သည်။ကိုဘာဘာနှင့် မညာညာတို့ ဇနီးမောင်နှံနှစ်ယောက် တစ်နေ့သောအခါမှာ မိမိတို့နေထိုင်ရာရွာမှ ဆွေမျိုးမိတ်ဆွေရှိရာရွာတစ်ရွာသို့ ခရီးသွားကြသည်။ ခရီးမဝေးဟု ထင်ကြသဖြင့် ခြေလျင်လျှောက်၍သွားကြမည်ဖြစ်၍ ခရီးစရိတ်မပါချေ။ နံနက်စာအမီရောက်မည် အထင်ဖြင့် လမ်း၌စားသောက်ရန် အစားအသောက်ရိက္ခာလည်း ယူမလာခဲ့ကြချေ။ ရွာမှထွက်၍ တောလမ်းခရီးအတိုင်း သွားကြရာ လမ်းခွဲနှစ်ခွနေရာသို့ရောက်သွားကြသည်။ လက်ျာလမ်းသို့မလိုက်ဘဲ လမ်းမှားပြီး လက်ဝဲလမ်းသို့ လိုက်သွားကြသည်။နေက တဖြေးဖြေးပူလာရာ မောလည်းမော ဆာလည်းဆာလာကြသည်။ ရှေ့၌ အရိပ်ကောင်းသောသစ်ပင်ကြီး တစ်ပင်ကို ခပ်လှမ်းလှမ်းကပင်မြင်ကြရာ၊ "ကိုဘာဘာ ဟိုရှေ့မှာသစ်ပင်ကြီးမြင်ရပြီ၊ အဲဒါ ဘာပင်ခေါ်သလဲ၊ နေလဲပူလှပြီဆိုတော့ ခဏဝင်နားရအောင်"ဟု မညာညာက မေးမြန်းပြောဆိုသည်။ "ငါလဲ ဘာပင်လို့မသိဘူးကွာ၊ ဘာပင်ပဲဖြစ်ဖြစ်ကွယ် အမောပြေဖို့သာ အဓိကပါ" ဟု ကိုဘာဘာက ပြောပြီး သစ်ပင်အောက်မှာဝင်နားကြသည်။ အမည်မသိသော ဘာပင်ကြီးအောက် ဝင်ရောက်နားနေကြတုန်း သစ်ပင်ပေါ်မှ သောက်ရေအိုးလောက်ကြီးသော သစ်သီးကြီးတစ်လုံးကြွေကျလာသည်။"ကိုဘာဘာ ဟိုမှာသစ်သီးကြီး ကြွေကျလာပြီ၊ အဲဒါ ဘာသီးခေါ်သတဲ့လဲ" ဟု မညာညာက မေးတော့ "ငါလဲ ဘာသီးလို့မသိဘူး၊ ဘာသီးပဲဖြစ်ဖြစ်ကွယ် အဆာပြေအောင်စားရဖို့သာ အဓိကပါ၊ ဆာလဲ ဆာလှပြီဆိုတော့ ခွဲစားကြတာပေါ့" ဟု ကိုဘာဘာက ပြောလိုက်ရာ မညာညာက "လမ်းခရီးဆိုတာ မှန်းလို့မဖြစ်ဘူး ကိုဘာဘာ၊ ဆာပေမယ့် သည်းခံလို့ဖြစ်ပါသေးတယ်၊ ရှေ့နားရောက်မှခွဲစားကြတာပေါ့"ဟုပြောလာသဖြင့် ဇနီးမောင်နှံနှစ်ယောက် ဘာပင်ကြီးပေါ်မှကြွေကျလာသော ဘာသီးကြီးကို ကောက်ယူလာခဲ့ကြသည်။ ကိုဘာဘာက ပခုံးဖြင့်ထမ်းလိုက် မညာညာကခေါင်းဖြင့်ရွက်လိုက် သယ်ယူလာခဲ့ကြရာ ရှေ့၌စားစရာလည်းမတွေ့ရတော့ဘဲ ဆာလည်းဆာလှပြီဖြစ်၍ လမ်းဘေးမှာ ခဏဝင်နားကာ ဘာသီးကြီးကိုစားရန် ခွဲကြလေသည်။ ဘာသီးကြီးထဲ၌ စားစရာဟူ၍ ဘာဆိုဘာမျှမရှိချေ။ ဇနီးမောင်နှံနှစ်ယောက် ကိုယ်ရောစိတ်ပါဖတ်ဖတ်မောသွားကြတော့သည်။ မသွားလျှင်မဖြစ်၍ ပင်ပန်းချိနဲ့စွာဖြင့်ပင် ခရီးကို ဆက်သွားကြသည်။ နေကပူလာပြီဖြစ်၍ ရေဆာလှသဖြင့် ရေမျှော်ရင်းသွားကြရာ တောင်ခြေတစ်ခု၌ အရောင်တလက်လက်ထွက်နေသောတံလျှပ်ကို ရေအမှတ်ဖြင့် လိုက်သွားကြသည်။ အနားကိုရောက်တော့ သောက်စရာဘာမျှမရှိချေ။ တစ်ခါမောကြပြန်၏။ နေဝင်၍ မိုးချုပ်လာသော်လည်း ဘာမျှမစားသောက်ရ၊ လမ်းမှားခဲ့ပြီဖြစ်၍ သွားလိုရာရွာသို့လည်းမရောက်၊ မိမိတို့လာခဲ့ရာလမ်းကိုပင်ပြန်ရှာ၍မတွေ့တော့ချေ။ ညဉ့်နက်လာပြီ ရှေ့မှဆူဆူညံညံအသံကြားရ၏။ အစာရှာသည့်ကျားကြီး ဟိန်းဟောက်သံဖြစ်၏။ "ကိုဘာဘာ အဲဒါ ဘာသံတဲ့လဲ" "ငါလဲဘာသံလို့ မသိဖူး မညာညာ အန္တရာယ်တော့မပြုကောင်းတန်ရဲ့ပေါ့" ဟုဆိုကာ အသံရှိရာသို့ ဆက်သွားကြ၏။ ကျားကြီးနှင့်ပက်ပင်းတိုးကာ ဇနီးမောင်နှံနှစ်ယောက်လုံးကို ကျားကြီးက ခုန်ဖမ်းကိုက်စားလိုက်၏။ ဘာဘာနှင့် ညာညာ ဆွေမျိုးရွာသို့မရောက်တော့ဘဲ ကျားခံတွင်း၌ သေသွားရှာကြလေသည်။

သံသရာခရီးသည်များလည်း ဤအတိုင်းပင် အများအားဖြင့်သွားနေကြသည်။ ဒါနရိက္ခာထုပ်ကို မယူဖြစ်ကြ၊ ယူလျှင်လည်း လောက်အောင်မယူချင်ကြ၊ သွားရင်းသွားရင်း သီလလမ်းကြောင်းပျောက်ကာ အယူတိမ်းပါး လမ်းမှားသို့ရောက်သွားတတ်ကြသည်။ဘဝတစ်ထောက် သစ်ပင်အောက်မှာဝင်နားကြပြန်တော့ ဘယ်လိုဘဝဟု နားမလည်ကြ၊ မသိကြ၊ ဘာသီးကြီးသဖွယ် ရာထူးစည်းစိမ် ဥစ္စာအမျိုးမျိုးရောက်လာပြန်တော့ အနှစ်ပါသည်အထင်ဖြင့် ဆုပ်ကိုင်သယ်ဆောင်သွားကြရာ အချိန်တန်၍ လက်လွှတ်လိုက်ရသောအခါ ဘာသီးကို ခွဲ၍ ဘာမျှမတွေ့ရသည့်ပမာ ဟာကနဲဖြစ်ပြီး အမောကြီးမောကြရလေသည်။ ခန္ဓာနှင့်ဆက်စပ်နေသည့် လောကီစည်းစိမ်အားလုံး နောက်ဆုံးခွဲကြည့်သောအခါ တကယ်ပင်ဘာမျှမရှိပါတကား။ ကျားဆိုးသဖွယ် ဒုစရိုက်အန္တရာယ်များကိုလည်း အန္တရာယ်ပြုမည်ဟုမသိသဖြင့်ဖွတ်တိုးသွားမိကြရာ အချိန်မရောက်ဘဲ အသက်ပျောက်ခဲ့ပေါင်းလည်း များလှပြီ၊ သွားလိုရာ သုဂတိနိဗ္ဗာန်သို့မရောက်ဘဲ အပါယ်ကျားပါးစပ်ထဲသို့လည်း ဆင်းနေကြရ



www.burmeseclassic.com

www.burmeseclassic.com


သည်။ သွားလိုသည်ကတစ်နေရာ ရောက်သွားတော့တစ်မျိုးဖြစ်နေကြသည်။ သို့ဖြစ်၍ ကိုယ့်လမ်းကိုယ်လျှောက်မှ ကောင်းရာရောက်ပေလိမ့်မည်။

## ၆။ အစအေးအဆူ တာဝန်ယူ

- **အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန် တာဝန်ယူရပါ။**
- **ကုသိုလ်အစ၊ ကောင်းစွာပြုက၊ စိတ်အေးရအောင်၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊တာဝန်ယူသွားပါ။**

စိတ်မနိုင်သူတိုင်း အကုသိုလ်ဖြစ်ကြသည်။ စိတ်မနိုင်မှုအင်အား ကြီးသလောက် အကုသိုလ် အရှိန်အဟုန်မြင့်လာသည်။ အကုသိုလ်ဟူသည် စိတ်သစ္စာဖောက်၍ ဖြစ်ပေါ်လာသည့်အတွက် ကိုယ်လိုတာကို လည်းမပေး၊ အာမ,မခံ တာဝန်မယူသည့်အတွက် စိတ်လည်းမအေးရ ကိုယ့်ကိုအမြဲ ပြန်လည်ခြိမ်းခြောက်နေသည်။ အကုသိုလ်ပမာဏအင်အား အတိုင်းအတာကြီးမားလျှင် ကြီးမားသလောက် ကိုယ်ကသူ့ကိုပြန်လည်၍ တာဝန်ယူရသည်။ အပါယ်ဘုံသား သတ္တဝါများအားလုံး အကုသိုလ်၏တာဝန်ကို ယူနေရသူတွေချည်းသာတည်း။ မျက်မှောက်လူ့လောကတွင်လည်း အကုသိုလ်၏တာဝန်ကိုယူနေရသူတွေ များစွာပင်ရှိကြသည်။ တာဝန်မယူနိုင်လျှင် အကုသိုလ်မှ ဝေးအောင်ရှောင်ရမည်ဖြစ်၍ မရှောင်နိုင်၍တိုးမိလျှင်လည်း ဧကန်တာဝန်ယူရမည်သာတည်း။

ကုသိုလ်ဟူသည် စိတ်နိုင်၍ဖြစ်ပေါ်လာသည့်အတွက် စည်းကမ်းလမ်းကြောင်း ဦးတည်ချက်ရှိသဖြင့် လိုတာအကုန်ပေးသည်၊ မိဘအရင်းကပင်မပေးနိုင်သည်များကို သူကပေးသည်။ မိဘအရင်းကပင် မဖြေရှင်းနိုင်သည့်အခက်အခဲအားလုံး သူကဖြေရှင်းပေးသည်။ လူ့စိတ်ဓာတ်ကို သဘောထားရင့်ကျက်မြင့်တက်စေသည်။ ဘဝကူးအထိ နိဗ္ဗာန်ကူးအထိ အားလုံးအာမခံတာဝန်ယူသည်။ ကုသိုလ်ရှိသလောက် သူကကိုယ့်ကို တာဝန်ယူထားသောကြောင့် စိတ်အေးရပေသည်။ အတိုချုပ်မှာ အကုသိုလ်ဆိုလျှင် ကိုယ်ကသူ့ကိုတာဝန်ယူရ၍ ကုသိုလ်ဆိုလျှင် သူကကိုယ့်ကိုတာဝန်ယူသွားသည်။

## ၇။ ကုသိုလ်ကိုချစ် လူအစစ်

- **များစွာဒုက္ခ၊ ရှိနေကြ၍၊ ဒုက္ခအမှန်၊ လွတ်ဖို့ရန်၊ ဧကန် ကုသိုလ်ပြုရသည်။**
- **ဖြစ်ချင်သမျှ၊ မဖြစ်ရဘဲ၊ လွဲရမြဲမို့၊ ဖြစ်ဖို့ဧကန်၊ အကြောင်းမှန်၊ ဧကန်ကုသိုလ်ပြုရသည်။**
- **တကယ့်အရေး၊ တကယ့်ဘေးတွင်၊ ကယ်တင်မည့်သူ၊ မရှိမူ-၊ အပူကင်းလို၊ ကိုယ့်ကိုကိုယ်သာ၊ ကယ်ဖို့ရာ၊ မှန်စွာကုသိုလ်ပြုရသည်။**
- **ကုသိုလ်ကိုချစ်၊ လူအစစ်၊ အနှစ်ပေါ်လာသည်။**
- **ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ မကြောက်ရအောင် စိတ်အေးသည်။**

ကုသိုလ်ကြောင့်လူဖြစ်လာရသည်ဖြစ်၍ လူနှင့်ကုသိုလ်, ကုသိုလ်နှင့်လူ ခွဲခွာ၍မရချေ။ ကုသိုလ်လမ်းပျောက်ကွယ်သွားသည်နှင့် လူသည် လူ့လမ်းကြောင်းပေါ်မှဖဲခွာသွားရမည်သာ ဖြစ်သည်။ ဤခန္ဓာ၌ ဆင်းရဲဒုက္ခများစွာရှိနေသောကြောင့်သာ ဒုက္ခလွတ်ကြောင်း လမ်းမှန်ကောင်းဖြစ်သည့်ကောင်းမှုကုသိုလ်ကို မချွတ်ဧကန်ပြုရပေသည်။ အကြောင်းမဲ့ဖြစ်ချင်သလို ဖြစ်ရသည်မဟုတ်ဘဲ ရှိသလိုသာဖြစ်ရသောကြောင့် ဖြစ်ချင်သည့်အရာများဖြစ်ခွင့်ရရန် ကောင်းကျိုးဖြစ်နိုင်ကြောင်း နည်းလမ်းကောင်းဖြစ်သော ကောင်းမှုကုသိုလ်ကို စီးပွားရေးအလုပ်တစ်ခုဟုပင်သဘောထား၍ ကြိုးစားစုဆောင်းပြုလုပ်နေရသည်။ တကယ့်အရေး တကယ့်ဘေးကြုံလာလျှင် မည်သူကမျှ မည်သူ့ကိုမကယ်နိုင်ရကား မိမိကိုယ်တိုင်သာ ကောင်းမှုကုသိုလ်ဖြင့်ကယ်ရမည်ဖြစ်၍ ကိုယ့်ဟာကိုယ် ကယ်စရာရှိဖို့အတွက်လည်း ကုသိုလ်ကိုပြုရပေသည်။ တကယ် ကယ်တင်ရှင်အစစ်ကား မိမိ၏ကောင်းမှုတရားသာတည်း။ ကုသိုလ်ကိုချစ်မှ လူအစစ်ဖြစ်ခွင့်ရပြီး ကောင်းရာကိုရောက်အောင် မကြောက်မရွံ့ကိုယ့်လမ်းကိုယ်လျှောက်နိုင်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၈။ တရားအဆောင် ကြံတိုင်းအောင်

- အောက်ကျ နောက်ကျ၊ မဖြစ်ရအောင်၊ ဆွဲဆောင် ချီမ၊ ထားနိုင်ကြ၊ ထူးလှမြတ်တရား။
- အလိုရှိရာ၊ မြတ်ချမ်းသာကို၊ ကောင်းစွာရောက်အောင်၊ ရရှိအောင်၊ ပို့ဆောင်ပေးတဲ့မြတ်တရား။
- ဆင်းရဲမလို၊ ချမ်းသာလိုလျှင်၊ စိတ်အစဉ်ထဲ၊ အမြဲမကွာ၊ ဆောင်ထိုက်ပါ၊ ထူးတာမြတ်တရား။
- တရားအဆောင်၊ ကြံတိုင်းအောင်၊ မြင့်ခေါင် လူ့စွမ်းအား။

အဆောင်သဘောကို တရားဟုခေါ်ရသည်။ ဆွဲဆောင်ထားနိုင်သော သဘော ပို့ဆောင်ပေးနိုင်သော သဘော ဆောင်ထားထိုက်သောသဘောပေတည်း။ တရားပိုင်ရှင်ပုဂ္ဂိုလ်ကို အောက်ကျ နောက်ကျမဖြစ်ရအောင် အခြေအနေမဲ့မဖြစ်ရအောင် ကိုယ်ဆင်းရဲစိတ်ဆင်းရဲမဖြစ်ရအောင် လိမ့်မကျရအောင် ဆွဲဆောင်ချီမ ထားနိုင်သောကြောင့် တရားအမည်ရသည်။

တရားရှိသူကို အလိုရှိရာရည်မှန်းချက် ချမ်းသာပန်းတိုင်သို့ ဧကန်ရောက်အောင်ရရှိအောင် ပို့ဆောင်ပေးနိုင်သောစွမ်းရည်သတ္တိလည်း တရား၌အပြည့်အဝရှိပေသည်။ သယ်ယူပို့ဆောင်ရေးအတွက် စိတ်ချရအောင် တာဝန်ယူထားသော အင်အားပေတည်း။ ဆင်းရဲအပူကိုမလိုလျှင် ချမ်းသာငြိမ်းအေးမှုကိုသာလိုလျှင် စိတ်အစဉ်၌ မလွတ်တန်းဆောင်ထားထိုက်သော အကောင်းဆုံး အဆောင်ကောင်းဖြစ်၍လည်း တရားခေါ်ရသည်။ စိတ်မှာ မတရားမှုကိလေသာကင်းသလောက် တရားစွမ်းအားဝင်ရောက်နိုင်ခွင့်ရလေသည်။ တရားစွမ်းအား အဆောင်ကောင်းကြောင့် ကြံစည်တိုင်း အောင်မြင်ရပြီး လူ့လည်းစွမ်းရည်မြင့်မားကာ ကျက်သရေတိုးတက်လာရလေသည်။ တရားစွမ်းအား ရှိသမျှ လူ့စွမ်းအားပြည့်ရစမြဲပေတည်း။ လမ်းမပျောက်အောင် ကိုယ့်လမ်းကိုယ်လျှောက်နိုင်စမြဲပေတည်း။

## ၉။ စိတ်ဓာတ်ကိုမြင့် စွမ်းအားမြင့်

- လုပ်သင့်သည်များ၊ လုပ်၍ထားလင့်၊ စွမ်းအားမြင့်သော်၊ ဖြစ်သင့်ရာတွေ၊ ဖြစ်လာပေ၊ မသွေ ကောင်းကျိုးရ။
- ဖြစ်သင့်တာတွေ၊ ဖြစ်လာစေလို၊ ကောင်းကျိုးလိုသော်၊ စိတ်ကိုတိုးမြှင့်၊ လုပ်သင့်သည်များ၊ လုပ်၍ထား၊ တရားလမ်းစဉ်ပြ။
- လုပ်သလောက်သာ၊ ကောင်းကျိုးလာ၍၊ ရတာမဟန်၊ ကြောင်းမမှန်၊ ဧကန်လွဲနေရ။
- စိတ်ဓာတ်မြင့်တင်၊ စွမ်းအားမြင်၊ ပြုပြင်မှုတွေ ကောင်းလာရ။
- ပြုပြင်မှုတွေ၊ ကောင်းလာပေ၊ မသွေချမ်းသာရ။
- စိတ်ဓာတ်ကိုမြင့်၊ စွမ်းအားမြင့်၊ ရခွင့်ပိုင်လာရ။

ဓမ္မနိယာမအားဖြင့် ရှိသလိုသာဖြစ်နေကြသည်။ အသိအမြင်မှန်ဖြင့် လုပ်သင့်သည်များကို လုပ်၍ထားလျှင် စွမ်းအားမြင့်လာ၏။ စွမ်းအားမြင့်လာသော် ဖြစ်သင့်သည့်ကောင်းကျိုးများ ဧကန် မသွေ ဖြစ်လာရမြဲပေတည်း၊ ဖြစ်သင့်သည့် ကောင်းကျိုးတရားများဖြစ်လာစေလိုလျှင် သဒ္ဓါဝီရိယ စသော စိတ်စွမ်းအားများကို တိုးမြှင့်၍ လုပ်သင့်သည့်အလုပ်များကို လိုအပ်သည့်အတိုင်းအတာအထိ လုပ်ထားရမြဲသာဖြစ်သည်။ ကောင်းကျိုးရလဒ်ဟူသည် လုပ်နိုင်သလောက်သာ ရောက်လာတတ်သည်။ လုပ်နေပါလျက် ရလဒ်ဟန်မကျလျှင် လမ်းကြောင်းမမှန် ဧကန်လွဲနေ၍သာ ဖြစ်ပေလိမ့်မည်။ လွဲနေသည် လိုနေသည်ဟုသိလျှင် ဉာဏ်ဖြင့်နှိုင်းချိန်တိုင်းတာ ဆင်ခြင်ပြီး စိတ်ဓာတ်ကိုမြှင့်ပေးရ၏။ ပြုပြင်ရမည့်ခန္ဓာကိုရထားသည်ဖြစ်၍ စွမ်းအားမြင့်မှလည်း အပြုအပြင် ကောင်းလာမည် ဖြစ်သည်။ အပြုအပြင်ကောင်းသလောက် ကောင်းကျိုးချမ်းသာများရောက်လာကာ စိတ်ဓာတ်မြှင့်နိုင်သလောက် စွမ်းအားမြင့်ပြီး မိမိ၏ရခွင့်များပိုင်လာမည် ဖြစ်ပေသည်။ ကိုယ့်လမ်း ကိုယ်လျှောက်နိုင်သလောက် ကောင်းရာရောက်မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


## ၁၀။ အသိမှန်ကန် ကိုယ့်ဖို့ကျန်

- ခန္ဓာစုက၊ မြေကျွေးရ၊ ဒုက္ခအပူ တိုးရုံသာ။
- ပစ္စည်းစုမူ၊ ဘုံဆိုင်ဟူ၊ ထိုက်သူ သုံးကြပါ။
- အနေမရဲ၊ သေမရဲ၊ အမြဲကြောက်ရပါ၊
- တရားစုမှ၊ ကိုယ်ပိုင်ရ၊ မှချစိတ်အေးပါ။
- အနေလဲရဲ၊ အသေရဲ၊ အမြဲကိုယ့်နောက်ပါ။
- အသိမှန်ကန်၊ ကိုယ့်ဖို့ကျန်၊ ဇကန်စိတ်ချမ်းသာ။
- ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ မကြောက်ရအောင် စွမ်းအားလာ။

လူ့လောက၌ ဖို့ (၃)ဖို့ရှိသည်။ မြေကျွေးဖို့ခန္ဓာစုခြင်း၊ ထိုက်သူသုံးဖို့ပစ္စည်းရှာခြင်း၊ ကိုယ်ပိုင်ရဖို့ တရားရှာခြင်း တို့ပေတည်း။ ကောင်းမှုတရား စိတ်စွမ်းအားကို တိုးပွားအောင် မကြိုးစား အားမထုတ်ဘဲ ကျွေးရုံသာ ကျွေးနေရလျှင် ခန္ဓာကို ကိုယ့်တာဝန်ကိုမထမ်းစေဘဲ ကိုယ်ကသာ ခန္ဓာတာဝန်ကိုထမ်းဆောင်နေလျှင် ခန္ဓာကို စုနေခြင်းဖြစ်သည်။ ခန္ဓာစုခြင်းသည် မြေကြီးတိုးအောင် ကျွေးဖို့သာဖြစ်မည်။ ဒုက္ခအပူလည်း အရှိန်အဟုန် တိုးလာမည်ဖြစ်သည်။ ဒုက္ခအပူဟူသည် အသက်ကြီးရုံ အချိန်ကုန်ရုံမျှဖြင့် အလိုအလျောက်ယုတ်လျော့မသွားချေ။ တရားဖြင့် အင်အားပြ ပေးမှနောက်ဆုတ်သွားပေလိမ့်မည်။ ခန္ဓာကတာဝန်ပေးထားသော ပစ္စည်းဥစ္စာရှာဖွေစုဆောင်းခြင်းသည် ထိုက်သူသုံးဖို့သာဖြစ်၏။ ရန်သူမျိုး ၅-ပါး လက်ဦးချင်လည်း လက်ဦးလိမ့်မည်။ ခန္ဓာနှင့်ဥစ္စာသည် အရေးကြုံလျှင် ကိုယ့်ဖက်ကလည်းမရပ်တည် အာမလည်းမခံ တာဝန်လည်းမယူ၊ ထို့ကြောင့် ခန္ဓာကို အလိုလိုက်ရုံ ပစ္စည်းစုရုံမျှဖြင့် အနေလည်းမရဲ အသေလည်းမရဲသေးချေ၊ ကြောက်မြဲ ကြောက် လျက်သာတည်း။ ကောင်းမှုတရားကို စိတ်အားထက်သန်စွာ စုဆောင်းမှ ကိုယ်ပိုင်ရမည်ဖြစ်၍ စိတ်အေးရမည်၊ ကောင်းမှုတရားကား အရေးကြုံတိုင်း ကိုယ့်ဖက်ကရပ်တည်သည်။ အာမလည်း ခံသည် တာဝန်လည်းယူသည်။ ဘဝကူးလက်မှတ် ထုတ်ပေးသည်။ နိဗ္ဗာန်ကူးလက်မှတ်ကိုပါ အပ်လိုက်သည်။ အရိပ်ပမာ ကိုယ်နှင့်ထပ်ချပ်မကွာရှိနေသည်။ ထို့ကြောင့်ပင် အနေလည်းရဲသည်။ အနေတတ်၍ အဖြေလည်းတတ်သည်။ အသေလည်းတတ် အသေလည်း ရဲသည်။တကယ်အသိမှန်၍ အစုအဆောင်းမြန်သလောက် ကိုယ့်ဖို့ကျန်သည်ဖြစ်၍ တကယ်ပျော်ရွှင်ချမ်းသာ စေသော ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်ဖြစ်ပေသည်။ ကောင်းရာရောက်အောင် ကိုယ့်လမ်းကိုယ်လျှောက်နိုင်မည်။

## ၁၁။ ကောင်းမှု ၄ မျိုး မြတ်ရွှေအိုး

၁။ -မြေ၌မြုပ်ထား၊ ရွှေငွေများနှင့်၊ မသွားတတ်ပါ၊ အိမ်လယ်ယာ၊ ဥစ္စာထာဝရ။
-မိမိသွားရာ မလိုက်ပါ၊ နောက်မှာကျန်ခဲ့ကြ။
-ရှိသမျှလဲ၊ ဘုံဆိုင်ပဲ၊ အမြဲ စိတ်ပူရ။

၂။ -ဆင်မြင်းကျွဲနွား၊ ဆွေမျိုးများနှင့်၊ ရွှေလျားတတ်ပါ၊ ပစ္စည်းမှာ၊ ဥစ္စာ ဇင်္ဂမ။
-ဘဝပြောင်းရာ၊ မလိုက်ပါ၊ အိမ်မှာကျန်ခဲ့ကြ။
-ရှိသမျှလဲ၊ ဘုံဆိုင်ပဲ၊ အမြဲစိတ်ပူရ။

၃။ -ကိုယ်နှင့်ဆက်စပ်၊ ရှိနေတတ်သည့်၊ အတတ်ပညာ၊ များလှစွာ၊ ဥစ္စာ အင်္ဂသမ။
-တစ်ဘဝသာ၊ သုံးရပါ၊ သေခါ ပျောက်သွားကြ။
-တစ်ဖက်မြင်ရုံ၊ စွမ်းမကုန်၊ လူ့ဘုံမပြည့်ဝ။

၄။ -အရိပ်များလို၊ နောက်ကိုလိုက်ရှိ၊ ကောင်းကျိုးပေးကာ၊ ကုသိုလ်မှာ၊ ဥစ္စာ ဂါမိက။
-ကောင်းမှု ၄ မျိုး၊ မြတ်ရွှေအိုး၊ ကောင်းကျိုး အနန္တ။
-ဥစ္စာအပြား၊ ဤ ၄ ပါးတွင်၊ တရားကိုသာ၊ ကိုယ်ပိုင်တာ၊ နောင်ခါ စိတ်အေးရ။



www.burmeseclassic.com

www.burmeseclassic.com


လူနှင့်မကင်းနိုင်သဖြင့် လူများရှာဖွေစုဆောင်းနေရသောဥစ္စာသည် ၄မျိုးရှိ၏။ ထာဝရ-ဇင်္ဂမ-အင်္ဂသမ-အနုဂါမိက တို့ပေတည်း။ မြေ၌မြှုပ်ထားသောရွှေငွေများနှင့် တိုက်အိမ်ခြံမြေ လယ်ယာစသော မရွှေ့မပြောင်းနိုင်သောဥစ္စာတို့သည် ထာဝရဥစ္စာမည်၏။ မိမိသွားရာမလိုက်ဘဲ ပစ္စည်းတည်ရာ၌သာ နေရစ်ခဲ့စမြဲတည်း။ ကိုယ်ပိုင်အစစ်မဟုတ်သောကြောင့် ကိုယ်နှင့်ဆိုင်သလောက် ကိုယ့်မှာရှိသလောက်စိတ်ပူနေရလေသည်။

ဆင်မြင်းကျွဲနွားဆွေမျိုးများနှင့် မိမိနှင့်သက်ဆိုင်သည့်သက်ရှိများ ရွှေ့ပြောင်းနိုင်သော သက်မဲ့ပစ္စည်းများသည် ဇင်္ဂမ ဥစ္စာမည်၏။ ရွှေ့ပြောင်းနိုင်သော်လည်း ဘဝပြောင်းရာသို့ကား မလိုက်ခဲ့ချေ။ တမလွန်ဘဝသို့ ပြောင်းသယ်၍ မရချေ၊ ရှိသမျှတစ်ဘဝအတွက်သာ ဖြစ်၏။ ရန်သူ ဝိုင်းနေသောဘုံဆိုင်သာဖြစ်၍ ရှိသလောက် စိတ်ပူရလေသည်။

ကိုယ်နှင့်ဆက်စပ်နေသော အသက်မွေးဝမ်းကြောင်းဆိုင်ရာအတတ်ပညာအမျိုးမျိုးသည် အင်္ဂသမ ဥစ္စာမည်၏။ အင်္ဂါခြေလက်စသည်ကို သွားလေရာယူသွားရသကဲ့သို့ ကျွမ်းကျင်မှု အတတ်ပညာများလည်း သွားလေရာ ကိုယ်နှင့်ဆက်စပ်ပါနေကြသဖြင့် အင်္ဂါကြီးငယ်နှင့်တူသော ဥစ္စာဟု ခေါ်ရသည်။ ထိုဥစ္စာလည်း တစ်ဘဝသာ သုံးရ၍ သေခါပျောက်သွားသည်။ တစ်ဝမ်းအတွက် တစ်လှမ်းအတွက်သာသင်ယူထားသော အတတ်ပညာများဖြစ်၍ ဤဘဝတစ်ဖက်သာ မြင်နိုင်စွမ်းရှိပြီး ကံအရှိ ခန္ဓာအရှိ သံသရာအရှိ သစ္စာအရှိကိုမြင်အောင် မကြည့်နိုင်သဖြင့် လူ့စွမ်းရည်မပြည့်စုံသေးချေ။

အရိပ်ပမာနောက်ကလိုက်၍ အခက်အခဲဟူသမျှဖြေရှင်း၍ ကောင်းကျိုးပေးနေတတ်သော ဒါန သီလ သမထ ဝိပဿနာ ကောင်းမှု ၄မျိုးကား အနုဂါမိက ဥစ္စာဖြစ်သည်။ ဉာဏ်ဖြင့် လမ်းရှင်းမှု ဦးဆောင်မှု ကောင်းသလောက် ကောင်းကျိုးကန့်သတ်မှန်းဆ၍ မရနိုင်လောက်အောင် ကြီးမားများပြားသည်။

ဥစ္စာ ၄ ပါးတွင် အနုဂါမိက ဥစ္စာဖြစ်သော ကောင်းမှုတရားသည်သာ ကိုယ်ပိုင်အစစ်ဖြစ်သည်။ ရှေ့ ၃ ပါးကား အငှားသာဖြစ်သည်။ သို့သော်အငှားရှိမှ ကိုယ်ပိုင်ကိုထုတ်ယူနိုင်ပေသည်။ အငှားကို ဉာဏ်ဖြင့် အသုံးချတတ်လျှင် ကိုယ်ပိုင်ပေါ်လာရသည်။ ကောင်းရာရောက်အောင် ကိုယ့်လမ်းကိုယ်လျှောက်နိုင်သည်။

## ၁၂။ စွမ်းရည် ၅-တန် အာမခံ

- **ယုံကြည်ကြိုးစား၊ သတိထား၊ စွမ်းအားအမြင်မှန်။**
- **သဒ္ဓါ သီလ၊ မြတ်သုတ၊ စာဂ - ပညာဉာဏ်။**
- **တရား ၅-ထွေ၊ ရှိသူတွေ၊ မသွေ စိတ်အေးရန်။**
- **လိုချင်သမျှ၊ ပြီးလာရ၊ မုချမြဲကေန်။**
- **ဆွေမျိုး ဥစ္စာ၊ ကျန်းမာ သီလ၊ ပညာရ၊ ပြည့်ဝ ဤ ၅-တန်။**
- **ဗောဓိ ၅-တန်၊ ပဟာန် ၅-သွယ်၊ လမ်းအလယ်မှ၊ သွားနိုင်ကြ၊ ရောက်ရ ပြည်နိဗ္ဗာန်။**
- **စွမ်းရည် ငါး၀၊ အတိုးရ၊ မုချ အာမခံ။**

ကောင်းရာရောက်အောင် လှမ်းလျှောက်ရမည့် သုဂတိနိဗ္ဗာန်လမ်းတွင် အပိုင်း ၄ပိုင်း ရှိသည်။ တာထွက်သည့်အပိုင်း၊ လမ်းကြောင်းအပိုင်း၊ စခန်းချသည့်အပိုင်း၊ ပန်းဝင်သည့်အပိုင်းတို့ ဖြစ်သည်။ တာထွက်သည့်အပိုင်း၌ ယုံကြည်မှုသဒ္ဓါ ကြိုးစားသည့်ဝီရိယ ထိန်းသိမ်းမှုသတိ စိတ်စွမ်းအားသမာဓိ အမြင်မှန်ပညာ ၅ပါး အားကောင်း ရသည်၊ လမ်းကြောင်းကျင့်စဉ်ပိုင်း၌ ယုံကြည်လက်ခံမှုသဒ္ဓါ၊ စည်းကမ်းလိုက်နာမှုသီလ၊ အသိပွား၍ သဒ္ဓါတိုး အောင် သင်ယူလေ့လာ နာကြားမှုသုတ၊ ပစ္စည်းဥစ္စာကိုစွန့်ကြဲမှု စာဂ၊ လမ်းရှင်း၍ ဦးဆောင်ပေးနိုင်သည့်ပညာ၊ ၅ ပါး ပြည့်စုံရသည်။ အတိုချုပ်အားဖြင့် ဒါန သီလ ဘာဝနာပင် ဖြစ်သည်။ သုဂတိ ဘဝ ၁-ခု, ခုသို့ဝင်၍ စခန်းချသည့်အပိုင်း၌ ဆွေကောင်းမျိုးကောင်း မိတ်ဆွေကောင်းနှင့် တွေ့ကြုံပေါင်းသင်းမှု၊ ခန္ဓာကို အသုံးချရန် စားဝတ်နေရေးအတွက် ပစ္စည်းဥစ္စာပြည့်စုံလုံလောက်မှု၊ ကျန်းမာရေးကောင်းမွန်မှု၊ ကိုယ်ကျင့်တရား သီလအား ကောင်းမှု၊ အသိပညာကြွယ်ဝမှု၊ ဤ ၅-ခုပြည့်စုံမှု

www.burmeseclassic.com


ဘဝကိုမတိမ်းစောင်းအောင် အတိအကျ အသုံးချနိုင်မည်ဖြစ် သည်။ ပန်းဝင်သည့်အပိုင်း၌ ဗောဓိ ၃ သွယ် (သာဝကဗောဓိကို ၃ မျိုးခွဲလျှင်) ပကတိသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိဟူသော ဗောဓိ ၅ သွယ်ရှိသည်။ စိတ်၏ အပူအခိုးအငွေ့ ကိလေသာကို တစ်ခဏပယ်မှု တဒင်္ဂ၊ ဈာန်ဖြင့်ခွါမှု ဝိက္ခမ္ဘန၊ မဂ်ဖြင့်ဖြတ်မှု သမုစ္ဆေဒ၊ ဖိုလ်ဖြင့်ငြိမ်းမှု ပဋိပဿဒ္ဓိ၊ ဆင်းရဲအားလုံးမှလွတ်မြောက်သည့် နိဗ္ဗာန် ဟူသော နိဿရဏ၊ ဤ ပဟာန် ၅သွယ်ဖြင့် အဆင့်ဆင့်ပန်းဝင်ရလေသည်။ ကောင်းရာရောက်အောင် ဤလမ်းအတိုင်းလျှောက်ရသည်။

## ၁၄။ စိတ်အေးစရာ အား ၄ ဖြာ

- **သီလ ဉာဏ်ကူ၊ လုံ့လထူ၊ ပေးလှူစွန့်ကြဲက။**
- **တရား ၄ တွေ့၊ ရှိသူတွေ့၊ အနေစိတ်အေးရ။**
- **တရား ၄-တွေ့၊ ရှိသူတွေ့၊ အသေ စိတ်အေးရ။**
- **ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ မကြောက်ရအောင် စွမ်းအားရ။**

စည်းကမ်းထိန်းသိမ်းမှု ကိုယ်ကျင့် သီလ၊ အမြင်ပြတ်သားမှု ပညာ၊ စိတ်စေတသိက်များ လဲကျနေသည်ကို ထူပေးသော လုံ့လ၊ မျိုးစေ့စိုက်ပျိုးကြဲချ၍အတိုးရအောင် စွန့်ကြဲမှု စာဂ၊ ဤ ၄မျိုးရှိလျှင် အနေလည်းစိတ်အေးရ၍ အသေလည်းစိတ်ချရသည်။ အဖြောင့်အားဖြင့် ဒါန သီလ သမထ ဝိပဿနာ ၄ မျိုးပင်ဖြစ်သည်။ သတိ အထိန်းပါသောလုံ့လသည် သမာဓိကိုဖြစ်စေသဖြင့် သမထလည်း ပါဝင်သွားသည်။ ကောင်းမှု ၄ မျိုး မြတ်ရွှေအိုးပင်တည်း။ ဤ ၄မျိုးကို စေ့စပ်သေချာအောင် ဖြည့်နေသူသည် ကောင်းရာရောက်အောင် ကိုယ့်လမ်းကိုယ် လျှောက်နေခြင်းဖြစ်ပေသည်။ လမ်းပျောက်လျှင်ကြောက်ရ၍လမ်းမပျောက်သူအတွက် မကြောက်ရအောင် စွမ်းအားကိုရရှိနေပေသည်။

## ၁၅။ ဒါနတရား ဥစ္စာအား

- **မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၍၊ ကြည်ညိုလေးစား၊ ပေးစွန့်ငြား၊ ထူးခြားမြတ်ဒါန။**
- **ပေးလှူစရာ၊ ကိုယ့်ဥစ္စာဝယ်၊ တွယ်တာငြိကပ်၊ ကင်းအောင်ဖြတ်လျက်၊ တွယ်တာမှုကင်း၊ အမြင်ရှင်း၊ ချက်ခြင်းစိတ်ကြည်ရ။**
- **ဘဝတန်ခိုး၊ ဥစ္စာတိုး၊ ကောင်းကျိုး အနန္တ။**
- **လှူစရာရှိ၊ အကျိုးသိ၊ ယုံဘိမြတ်ဒါန။**

ဒါနဟူသည် ပစ္စည်းဥစ္စာ၏အင်အားပင် ဖြစ်သည်။ အတိုးတက်စေသည့် အနှစ်လည်း ဖြစ်သည်။ မိမိဥစ္စာကို သူ့ဥစ္စာဖြစ်သွားစေလိုသော မေတ္တာတရားမျိုးစေ့ကြဲချရာ လယ်ယာသဖွယ် ဂုဏ်ရည်ကြွယ်သော အလှူခံ၏ စွမ်းရည်ကို ကြည်ညိုလေးစားကာ အပင်ပေါက်၍အတိုးဖြင့် သီးလာ မည့်မျိုးစေ့ပမာ ဒါန စေတနာ၏ အင်အားကို ယုံကြည်သောသဒ္ဓါတရားဖြင့် ထုံမွမ်းထားသော စေတနာသည် ကိုယ့်ဥစ္စာကို အလှူခံလက်ထဲရောက်အောင် ရဲဝံ့ပြတ်သားစွာပေးစွန့်လိုက်သည်။ပစ္စည်းအပေါ်တွယ်တာကပ်ငြိနေသော လောဘကို ထိုးဖောက်ရှင်းလင်းနိုင်သလောက် ဒါနအပေါ် ပျော်ရလေသည်။ ဒါန၏စွမ်းရည်ပမာဏအလျောက် မိမိ၏လောဘကို မည်မျှနိုင်နင်းကြောင်းကို လည်းဖော်ပြသည်။ပစ္စည်းအပေါ်တွယ်တာမှုကင်း၍ အမြင်ရှင်းကာ ချက်ချင်းစိတ်ကြည်လင်ပြီး၊ အားရှိပျော်ရွှင်ကြည်နူးစရာအဖြစ်ဖြင့် ဉာဏ်ထဲ၌ သဘောကျကျေနပ်သွားစေသည်။ ဘဝစည်းစိမ် တန်ခိုး အရှိန်အဝါနှင့် ပစ္စည်းဥစ္စာတိုးတက်ပြည့်စုံအောင် နိဗ္ဗာန်ချမ်းသာထိ လိုချင်သမျှပြီးအောင် ကောင်းကျိုးရဖို့ အာမခံတာဝန်ယူထားသဖြင့်လည်း တွေးလိုက်တိုင်းပို၍ပို၍ ကျေနပ်စရာဖြစ်ရပေသည်။ ပေးလှူစရာဝတ္ထုလည်း ရှိမှ အကျိုးကိုတကယ်သိမြင်ယုံကြည်မှုလည်းရှိမှ အလှူဒါနတစ်ခု အောင်မြင်သည်။ စိုက်ပျိုးရေးပုံစံဖြင့် မြင်အောင်ကြည့်နိုင်မှလည်း ပျော်စရာကောင်းပေသည်။ မိမိ၏ စွန့်လွှတ်လိုက်မှုကြောင့် တစ်ဖက်ပုဂ္ဂိုလ် ချမ်းသာသွားသည်ကို တွေ့မြင်လိုက်ရခြင်းကား လက်ငင်းကြည်နူးစရာဖြစ်နေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


## ၁၅။ ကိုယ်ကျင့်သီလ လူ့အလှ

- ကိုယ်နှုတ်နှစ်ပါး၊ ကောင်းစွာထား၍၊ စွမ်းအားတည်ရာ၊ ပေးတတ်ပါ၊ မှတ်ပါ သီလစွမ်း။
- အကျင့်ပျက်ကို၊ ဖျက်ဆီးလိုမြဲ၊ လမ်းလဲမချော်၊ ဘောင်မကျော်၊ မြင့်သော် လူ့စည်းကမ်း။
- အပြစ်ကင်းစင်၊ စိတ်ကြည်လင်၍၊ စွမ်းအင်တိုးပွါး၊ မြင့်တက်ငြား၊ ထူးခြားအံ့မခန်း။
- ရှက်ကြောက်နှစ်ဖြာ၊ ရှိနေပါမှ၊ သဒ္ဓါလဲတင့်၊ စိတ်လဲမြင့်၊ ရဲရင့်သီလစွမ်း။

ကိုယ်ကျင့်သီလသည် လူ့ဘဝ၏အလှတန်ဆာဖြစ်၍ ကောင်းရာရောက်ရန် လှမ်းလျှောက်ရမည့် အမာခံလမ်းကြောင်းလည်းဖြစ်သည်။ ကိုယ်နှုတ်နှစ်ပါးကို စည်းကမ်းဘောင်ခတ်၍ ကောင်းမွန်စွာထားခြင်းသည် သီလမည်ပေ၏။ ကိုယ်နှုတ်စည်းကမ်းရှိခြင်းသည် သီလမည်၍ စိတ်စည်းကမ်းရှိခြင်းသည် သမာဓိမည်သည်။သီလသည် စွမ်းအားနှင့်ထောက်တည်ရာကိုလည်းပေးသည်။ ဘဝ တစ်ခုမှတစ်ခုသို့ကူးတိုင်း အပါယ်ချောက်ထဲ လိမ့်မကျရအောင် အောက်ကျနောက်ကျမဖြစ်ရအောင် တံတားသဖွယ်ခိုင်မာစွာ ခင်းပေးသည်။ အကျင့်ပျက်ကို ဖျက်ဆီးပိတ်ပင်၍ သွားရမည့်လမ်းလည်း မချော်ရ လူ့စည်းကမ်းဘောင်လည်းမကျော်ရအောင် ထိန်းချုပ်ကန့်သတ်ပေးသည်။ "လူအစစ်ပါ၊ မယုံမရှိပါနဲ့၊ ရဲရဲသာဆက်ဆံပါ၊ မဟုတ်တာဘာမှမလုပ်ပါဘူး"ဟု လူ့စွမ်းရည်ကို အပ်နှင်းပေးခြင်းလည်းဖြစ်သည်။ လူကိုအပြစ်ကင်းစင်စေ၍ စိတ်ကိုကြည်လင် ကျေနပ်ဝမ်းမြောက်စေသည်။ အဆင့်မြင့်၍ စွမ်းအားတိုးတက်သွားစေသည်။ သမာဓိပညာသို့တက်ရန် လှေခါးသဖွယ်ထောင်ပေးသည်။ အရှက် အကြောက် နှစ်ပါးရှိမှ သီလုံခြုံသည်။ သဒ္ဓါတင့်၍စိတ်ထားမြင့်ကာ အကျင့်ရဲရင့်ပေသည်။

## ၁၆။ စိတ်စာတ်ငြိမ်းအေး သန့်ရှင်းရေး

- မှန်သားမစင်၊ မကြည်လင်၊ မထင်အရိပ်မှာ။
- စိတ်မကြည်လင်၊ မသန့်စင်၊ အမြင်မရှင်းပါ။
- မှန်သားကြည်လင်၊ အရိပ်ထင်၊ အမြင်ပြတ်သားပါ။
- စိတ်တည်ငြိမ်ဘိ၊ အမှန်သိ၊ အရှိအတိုင်းသာ။
- ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ မကြောက်ရအောင် စိတ်အေးပါ။

မှန်သားမစင်မကြည်လင်လျှင်မှန်ကြည့်သောအခါ မှန်ထဲ၌အရိပ်ပြတ်သားစွာ မထင်သကဲ့သို့ စိတ်မကြည်လင် မသန့်စင်လျှင်လည်း အသိအမြင်မရှင်းလင်းမပြတ်သားချေ။ မှန်သားသန့်စင်ကြည်လင်မှ အမြင်ပြတ်သားစွာ အရိပ်ထင်သည့်အလား စိတ်ထားတည်ငြိမ်စင်ကြယ်မှသာ အရှိအတိုင်း အမှန်ကိုသိနိုင်မည်ဖြစ်သည်။ စိတ်ကိုစည်းကမ်းထိန်းသိမ်းခြင်းသည် သမာဓိဖြစ်၏။ စိတ်အညစ်အကြေးများကို ဆေးကြောတိုက်ချွတ်ခြင်းဖြစ်၍ သမထလည်းမည်သည်။ အိုးခွက် ပန်းကန်အဝတ်စသော လူသုံးကုန်ပစ္စည်းများကို နေ့တိုင်းသုံးစွဲနေရသဖြင့် နေ့စဉ်သုံးပြီးတိုင်း ဆေး ကြောလျှော်ဖွပ်ရသကဲ့သို့ နေ့စဉ်ကိစ္စခပ်သိမ်း၌ သုံးစွဲနေရသော စိတ်ကိုလည်း ဗုဒ္ဓါ နုဿတိစသော သမာဓိလုပ်ငန်းစဉ်ဖြင့် ဆေးကြောသုတ်သင်ပေးနေရလေသည်။ စိတ်စင်ကြယ်မှလည်း ကောင်းရာရောက်အောင် ကိုယ့်လမ်းကိုယ်လျှောက်နိုင်မည်ဖြစ်ပေသည်။

## ၁၇။ နှလုံးသားဝယ် ဘုရားတည်

- အမြတ် ၃ဖြာ၊ ရတနာ၊ စိတ်မှာ ပွါးထုံလေ။
- ကိုယ်မှာ ဖြစ်ဘိ၊ ဖြစ်တိုင်းသိ၊ သတိမြဲပါစေ။
- စွမ်းအား မေတ္တာ၊ ကရုဏာ၊ ကောင်းစွာ ပွားတတ်စေ။
- လူ၏ စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပေ။
- ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ ပပျောက်ဘေးရန်တွေ။
- အဆောင်ဆေးဝါး၊ မန္တရား၊ ဆောင်ထားစရာ မလိုချေ။
- အဆောင်ကောင်းက၊ မင်္ဂလာရ၊ စိတ်ချ အေးချမ်းစေ။
- နှလုံးသားဝယ် ဘုရားတည်၊ တကယ်စွမ်းတဲ့ လူသားပေ။


www.burmeseclassic.com

www.burmeseclassic.com



ဘုရား တရား သံဃာ အမြတ်ဆုံး ရတနာ ၃ ပါးဂုဏ်ကို စိတ်မှာသွင်း၍ ပွားထုံနေသူ ကိုယ်မှာ ဖြစ်တိုင်းလှုပ်ရှားတိုင်း သတိမပြတ်အသိကပ်၍ရှုမှတ်နေသူ သတ္တဝါအားလုံးချမ်းသာစေ လိုသောစိတ်ဖြင့် မေတ္တာပွါးနေသူ ဆင်းရဲရောက်သူအားလုံး ဆင်းရဲလွတ်ရန်ကရုဏာပွါးနေသူသည် နှလုံးသားဝယ်ဘုရားတည် နေသူ ဖြစ်သည်။ အထူးအားဖြင့် ဘုရားဂုဏ်ကို စိတ်နှလုံး၌ စူးစူးစိုက်စိုက် လေးလေးနက်နက်ထားကာ ပွါးထုံ နေသူ အာရုံယူနေသူသည် နှလုံးသားဝယ်ဘုရားတည်နေသူ ပေတည်း။ မြေပေါ် ကျောင်းပေါ် အိမ်ပေါ်၌ တည်ထားသောဘုရားကို မိမိ၏ခံတွင်းထဲရောက်အောင် အထူးအားဖြင့် စိတ်နှလုံးအတွင်းရောက်အောင် တည်ထားတတ်ရမည်ဖြစ်သည်။ နှလုံးသား၌ ဘုရားတည်ဖို့အတွက် ကိရိယာတန်ဆာပလာမများချေ။ တာဝန် လည်း မကြီးချေ။ တကယ်ယုံသည့် သဒ္ဓါနှင့်စွမ်းအားကို မြင်အောင်ကြည့်တတ်သော အသိပညာအရင်းအနှီး စိုက်ဖို့သာလိုပေသည်။ နှလုံးသားတွင်ဘုရားတည်နေလျှင် ကိုယ့်လမ်းကိုယ်လျှောက်နေသူဖြစ်၍ ဘေးရန် အမျိုးမျိုးလည်း ကင်းလွတ်ပပျောက်ဝေးကွာလေသည်။ ထိုသူအတွက် ဘေးရန်ကင်းရန် ကျက်သရေတိုးရန် လောကီ ဆေးဝါးမန္တရားများ ဆောင်ထားစရာမလိုပါ။ အကောင်းဆုံးအဆောင်ကို ဆောင်ထားသူဖြစ်၍ မဂ်ဖိုလ် ရသည်ထိပင် စိတ်ချ အေးချမ်းစေသည်။ စိတ်နှလုံး၌ ရတနာထည့်မပေးလျှင် ဤ ခန္ဓာသည် လမ်းဘေးတွင် ထားသော အမှိုက်ပုံးကြီးကဲ့သို့ ကိလေသာအမှိုက်တွေ ရှုပ်ပွပြွတ်သိပ်နေအောင် အထည့်ခံနေရသည်။ ကိုယ့်ခန္ဓာ ကို အမှိုက်ပုံးအဖြစ်မခံဘဲ ရတနာခန္ဓာကြီးဖြစ်အောင် တကယ်စွမ်းသည့် ရတနာစိတ်ပိုင်ရှင်ဖြစ်အောင် နှလုံး သားဝယ် အမြဲဘုရားတည်ထားရပေလိမ့်မည်။ လူ့စွမ်းအားကား စိတ်ထားကောင်းဖို့ လိုရင်းပေတည်း။

## ၁၀။ ဘဝတစ်ကွေ့ ခဏတွေ့

- ငှားနွားပမာ၊ ဤခန္ဓာ၊ ချိန်ခါစေ့လျှင် ပြန်အပ်ရ။
- အငှားကိုပင်၊ အပိုင်ထင်၊ အမြင်လွဲ၍ မေ့တတ်ကြ။
- မခိုင်းရက်ပါ၊ သနားညှာ၊ အစာကျွေး၍ စောင့်ရှောက်ရ။
- အချိန်စေ့ပေါ့၊ ပြန်အပ်တော့၊ မေ့လျော့သူတွေ ပူဆွေးရ။
- လိမ္မာပါးနပ်၊ အသုံးတတ်၊ ပြန်အပ်ချိန်မှာ စိတ်အေးရ။
- ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင် ကြိုးစားကြ။
- ကိုယ့်လမ်းကိုယ်လျှောက်၊ ကောင်းရာရောက်၊ မကြောက်ရအောင် စုထားကြ။

မိမိတို့ရရှိထားသော ဤခန္ဓာသည် အချိန်စေ့လျှင် မရဏလက်ထဲတွင် ပြန်အပ်ရမည်ဖြစ်၍ သူတပါးထံမှ အချိန်အကန့်အသတ်ဖြင့် ခဏငှားထားသောငှားနွားကြီးနှင့် တူလှပေသည်။ အငှားကို အပိုင်ထင်ပြီး မေ့နေ တတ်ကြသည်။ ငှားနွားကို ကိုယ့်နွားမှတ်၍ မခိုင်းရက်ဘဲ အလှကြည့်နေလျှင် အစာကျွေးရ စောင့်ရှောက်ရသည့် အလုပ်တာဝန်ပိုသာတက်၍ အရှုံးထွက်မည်ဖြစ်သည်။ ဤခန္ဓာကိုလည်း ကောင်းမှုပြုရန်မခိုင်းရက်ဘဲ ကျွေးရုံသာ ကျွေးနေလျှင် အိုနာသေအပူဆင်းရဲများ နောက် မဆုတ်ဘဲတိုး၍သာနေသဖြင့် အရှုံးထွက်တတ်ပေသည်။ အချိန် စေ့၍ ပြန်အပ်ရသောအခါ မေ့လျော့ သူများမှာ လက်ဆုပ်လက်ကိုင် အားကိုးစရာအမာခံမရှိသဖြင့် ပူဆွေး ကြောက်လန့်ကြရသည်။ အငှားမှန်းသိ၍ လိမ္မာပါးနပ်စွာ ခန္ဓာကိုအသုံးချနေသူကား ပြန်အပ်ချိန်တွင် စွမ်းအား အပြည့်ရှိနေသဖြင့် စိတ်အေးရလေသည်။ ဘဝတစ်ကွေ့ကလေး ခဏလေးတွေ့ရသည်ဖြစ်၍ အချိန်မီ ခပ်သုတ်သုတ်အသုံးချတတ်ဖို့လိုမည်ဖြစ်ပေသည်။

## ၁၁။ အသုံးချရန် ပစ္စုပ္ပန်

- ပစ္စုပ္ပန်သာ၊ ရောက်ဆဲမှာ၊ မှန်စွာ အဖိုးအတန်ဆုံး။
- ပြုလုပ်ဆဲသာ၊ အလုပ်မှာ၊ မှန်စွာ အရေးအကြီးဆုံး။
- ရောက်ဆဲ လုပ်ဆဲ၊ သတိစွဲ၊ အမြဲတွင်အောင်သုံး။
- မသုံးမိက၊ အပူရ၊ ဘဝနာ၍ အခွင့်ရှုံး။
- အချိန်ကိုထိန်း၊ အပူငြိမ်း၊ တွက်ကိန်းအကိုက်ဆုံး။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဟူသမျှတွင် ပစ္စုပ္ပန်ရောက်ဆဲအချိန်သာ အဖိုးအတန်ဆုံးဖြစ်သည်။ အလုပ်ကိစ္စဟူသမျှတွင် ပစ္စုပ္ပန်လုပ်ဆဲအလုပ်ကိစ္စသာအရေးအကြီးဆုံး ဖြစ်သည်။ အတိတ်ဟာကွက် ချွတ်ယွင်းချက်များကို ဖာထေးပြုပြင်ပေးရသည်မှာ ပစ္စုပ္ပန်သာတည်း။ အတိတ်အင်အားကို အားဖြည့်ပံ့ပိုးရသည်မှာလည်း ပစ္စုပ္ပန်သာတည်း။ အနာဂတ်ကိုအာမခံ တာဝန်ယူပေးနိုင်သည်မှာလည်း ပစ္စုပ္ပန်ပင်ဖြစ်သည်။ တကယ်ပိုင်၍ တကယ်အလုပ်လုပ်နိုင်သောအချိန်လည်း ပစ္စုပ္ပန်သာဖြစ်၏။ အတိတ်နှင့်အနာဂတ်ကား စကားအဖြစ်သာပြော၍ဖြစ်ပြီး တကယ်အလုပ်လုပ်နိုင်သောအချိန်များ မဟုတ် ချေ။ ပစ္စုပ္ပန်အချိန်နှင့် ပစ္စုပ္ပန်အလုပ်တိုင်း အချိန်ထိန်းကိရိယာ သတိတပ်ဆင်၍ အသုံးချနိုင်မှ အချိန်မီကောင်းရာရောက်အောင် ကိုယ့်လမ်းကိုယ်လျှောက်နိုင်မည်ဖြစ်သည်။ မသုံးမိလျှင် အပူအခိုးအငွေ့သာတိုး၍ ဘဝကောင်းနစ်နာကာ ရခွင့်များဆုံးရှုံးမည်ဖြစ်သည်။ အချိန်ကိုသတိဖြင့်ထိန်းနိုင်မှအပူငြိမ်းပြီး လူ့ဘဝတွက်ကိန်းကိုက်မည်ဖြစ်ပေသည်။

## ၂၀။ အမှန် ၄ ပါး မြတ်တရား

- **ဘေးရန်ပေါလတ်၊ စက်ဆုပ်အပ်စွာ၊ ထင်တာမရှိ၊ ကင်းဆိတ်ဘိ၊ မှတ်သိဆင်းရဲစစ်။**
- **သည်းခံဖို့ရန်၊ ခက်ခဲပြန်၊ ဧကန်ဆင်းရဲစစ်။**
- **မျက်လှည့်ပမာ၊ ရွံ့စရာဟု၊ ချမ်းသာတု၊ မှတ်ရှုဆင်းရဲစစ်။**
- **စိတ်နှင့်ချမ်းသာ၊ နှစ်ဖြာကွဲပြား၊ ကင်းကွာသွားရန်၊ တူးဖြိုပြန်၊ ဧကန်ဆင်းရဲစစ်။**
- **မခံမရပ်၊ နှိပ်စက်တတ်ငြား၊ ပူလောင်သွားစေ၊ ဆင်းရဲစေ၊ မှတ်လေ ဒုက္ခစစ်။**
- **အရမ်းနှိပ်စက်၊ အကြမ်းဖက်ကာ၊ ချမ်းသာကိုစား၊ အပူပွါး၊ မှတ်သားဆင်းရဲစစ်။**
- **အရမ်းနှိပ်စက်၊ အကြမ်းဖက်ကာ၊ ချမ်းသာကိုသတ်၊ တူးဖြိုတတ်၊ မချွတ်ဆင်းရဲစစ်။**
- **အကြောင်းတရား၊ ပေါင်းဆုံငြားသော်၊ များပြားစွာလှ၊ ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ အသိကွာ၊ ဆွဲကာတွန်း၍ နှစ်။**
- **မလှုပ်နိုင်အောင်၊ ဝိတ်ကာလှောင်၍၊ ချည်နှောင်တုပ်ထား၊ မျှောချသွား၊ ကြီးမားဒုက္ခဖြစ်။**
- **ကျင်လည်စရာ၊ သံသရာဟု၊ ခန္ဓာမရှိ၊ ငြိမ်သက်ဘိ၊ မှတ်သိချမ်းသာစစ်။**
- **အပူဆင်းရဲ၊ ချုပ်ပျောက်စဲ၍၊ အမြဲငြိမ်းရာ၊ နိဗ္ဗာန်မှာ၊ ချမ်းသာတရားစစ်။**
- **ငြိမ်းရာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၊ ကျင့်ရန် မဂ္ဂင်ရှစ်။**
- **နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်း၊ ကြာညောင်းသော်လည်း အမြဲသစ်။**

အမှန် ၄ပါးမြတ်တရားသည် တရားအားလုံး၏လိုရင်းအချုပ်ဖြစ်သည်။ သစ္စာ ၄ ပါး ပေတည်း။ အမှန် ၄ ပါးကိုသိမှ ဒုက္ခလွတ်မည်ဖြစ်၏။ သစ္စာကိုသိခြင်းသည် စာသိ၊ ကျင့်သိ၊ ရသိ ဟု ၃ မျိုးရှိသည်။ ပရိယတ္တိအသိ၊ ပဋိပတ္တိအသိ၊ ပဋိဝေဓ အသိဟုလည်းခေါ်ရသည်။ ပဋိဝေဓအသိ ကိုရရန်အတွက် ပရိယတ္တိအသိကို ဖော်ထုတ်၍ ပဋိပတ္တိအသိပေါ်အောင် လက်တွေ့ကျင့်ရလေသည်။

အမှန် ၄ ပါးတွင် ဒုက္ခသည် ပိုင်းခြားသိရမည့်တရားဖြစ်၏။ ဘေးရန်များစွာ၏တည်ရာဖြစ်၍ စက်ဆုပ်အပ်သောသဘော နိစ္စ သုခ အတ္တ သုဘဟု ထင်ထားသော်လည်း ထင်တာဘာမျှမရှိဘဲ နိစ္စ စသည်မှ ကင်းဆိတ်သော သုညသဘောကြောင့် ဒုက္ခအမည်ရသည်။ အို နာ သေ စသည်ကို သည်းခံဖို့ခက်ခဲလှသောကြောင့်လည်း ဤခန္ဓာသည်ဒုက္ခမည်၏။ မျက်လှည့်ပမာ ချမ်းသာအယောင်ဆောင်ရောက်လာ၍ အချိန်စေ့က ပျောက်ကွယ်သွားရုံမက နှိပ်စက်သွားတတ်ရကား စက်ဆုပ်ရွံ့ရှာဘွယ် အတုအယောင်ချမ်းသာမျှသာဖြစ်သောကြောင့်လည်း ဒုက္ခမည်သည်၊ ချမ်းသာရောက်လာပြီး နောက်အချိန်စေ့က စိတ်အလိုမတူဘဲကွယ်ပျောက်သွားတတ်သဖြင့် စိတ်နှင့် ချမ်းသာ နှစ်ဖြာထက်ခြမ်းကွဲသွားအောင် တူးဖြိုဖောက်ခွဲပစ်တတ်ကြောင့်လည်း ဒုက္ခပင်တည်း၊ မခံမရပ်နိုင်အောင် နှိပ်စက်တတ်၍ ပူလောင်ဆင်းရဲစေတတ်သောကြောင့်လည်း ဒုက္ခ၊ အပူပွားအောင် အရမ်းနှိပ်စက်အကြမ်းဖက်ပြီး ချမ်းသာကိုဝါးစားပစ်တတ်သောကြောင့်လည်း ဒုက္ခ၊ အရမ်းနှိပ်စက်အကြမ်းဖက်၍ ချမ်းသာကို တူးဖြိုဖျက်ဆီးပစ်တတ်သောကြောင့်လည်း ဒုက္ခအစစ်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကဓမ္မလက်ဆောင် တရားတော်များ

သမုဒယသည် ပယ်စွန့်ရမည့်တရားတည်း၊ တပါးသောအကြောင်းတရားနှင့် ပေါင်းဆုံမိလျှင် ဒုက္ခများစွာကို ဖြစ်စေတတ်၍ ဒုက္ခဖြစ်ကြောင်းဖြစ်ရကား အသိကင်းကွာအဝိဇ္ဇာနှင့် အမြဲတွဲသော တဏှာသည် သမုဒယမည်၏၊ သတ္တဝါများကို ဝဋ်ဆင်းရဲထဲအတင်းဆွဲ၍ တွန်းချနှစ်မြုပ်နေသော တရားလည်းဖြစ်သည်။ မလှုပ်နိုင်အောင် ပိတ်လှောင်၍ ချည်နှောင်တုပ်ထားကာ သံသရာ ရေအလျဉ်ကျောမှာ နစ်မွန်းပင်ပန်းဆင်းရဲအောင် မျှောချနေသောတရားလည်းဖြစ်သည်။ မျက်စိလည်းကောင်း လက်ခြေအင်္ဂါလည်းပြည့်စုံ ခွန်အားလည်း အလွန်ကောင်းသောလူတစ်ယောက်ကို အားကောင်း မောင်းသန် လူ ၄-၅ ယောက်ဝိုင်း၍ တွန်းလှဲဖမ်းချုပ်ကာ ခြေရောလက်ပါ ကြိုးဖြင့် အတင်းအကြပ်ချည်နှောင်တုပ်ပြီး ရေစီးသန်လှသော မြစ်ထဲချောင်းထဲ မျှောချလိုက်လျှင် မျက်စိလက်ခြေခွန်အားများ မည်သို့မျှမတတ်နိုင်တော့ဘဲ နစ်မြုပ်၍ သေရသကဲ့သို့ပေတည်း။

နိရောဓကား မျက်မှောက်ပြုရဆိုက်ရောက်ရမည့်တရားတည်း၊ နိရောဓဟူသည် ကျင်လည် ပြေးသွားစရာသံသရာခန္ဓာမရှိသောကြောင့် ငြိမ်သက်သော သဘောပေတည်း၊ အပူဆင်းရဲအားလုံး ချုပ်ပျောက်စဲ၍ အမြဲငြိမ်းအေးသောသဘောလည်းဖြစ်သည်။ ကိုယ့်လမ်းကိုယ်လျှောက်လျှင် တကယ်ရောက်နိုင်သည့် ပန်းတိုင်လမ်းဆုံးလည်းဖြစ်သည်။ ကြောက်စရာ ပူစရာအားလုံး ဒုက္ခလောင်စာအားလုံး ဤပန်းတိုင်သို့ရောက်မှ လွတ်မြောက်ငြိမ်းအေးကြမည် ဖြစ်ပေသည်။

မဂ္ဂကား ကျင့်ရမည့် တရားဖြစ်သည်၊ မဂ္ဂင် (၈)ပါးဟူသော သိက္ခာ ၃ ပါးသည် ဒုက္ခငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်လမ်းကောင်းဖြစ်သည်။ ကောင်းရာရောက်အောင် လှမ်းလျှောက်ရမည့် ကိုယ်ပိုင်လမ်းလည်းဖြစ် သည်။ သို့ဖြစ်၍ နိဗ္ဗာန်အထိ ကောင်းရာရောက်လိုလျှင် ဤလမ်းအတိုင်း သွားရပေလိမ့်မည်၊ ဒါနစသည်ပြုလျှင် "ရှိ၍ လုပ်သည်" ဆိုခြင်းထက် "သိ၍ လုပ်သည်" ဆိုသော အသိတရားကိုသာ ဦးစားပေးလုပ်ရမည်။ ဦးတည်ရည်မှန်းချက်ထားပြန်တော့လည်း ရှိဖို့ထက် သိဖို့ကိုသာ အဓိကထားရမည်ဖြစ်သည်။ ဘုရားလက်ထက်က "မပြည့်စုံ"အမည်ရသည့် ကျွန်မကလေးသည် ရေခပ်ဆိပ်သို့ ရောက်လျှင် မိမိစားဖို့ယူလာခဲ့သည့် ဆန်ကြမ်းမုန့်ကလေးကို လမ်း၌ ဘုရားရှင်နှင့်တွေ့၍ လှူလိုက်သည်။ "ရှိလို့လှူတာ မဟုတ်ပါ၊ သိလို့လှူတာပါ၊ ရှိဖို့လှူတာလဲမဟုတ်ပါ၊ သိဖို့လှူတာပါ၊ ရှင်တော်မြတ်ဘုရားသိမြင်ပြီးတဲ့ အမှန်တရားကိုသာ သိမြင်ရပါလို၏ ဘုရား" ဟု အသိအမြင်ရှင်းရှင်းဖြင့် လှူခဲ့သည်၊ ဘုရားထံမှတရားနာရသောအခါ သောတာပန်ဖြစ်သွားသည်၊ "မပေါက်ပေါက်"မည်သော လယ်စောင့်အမျိုးသမီးကလေးလည်း အရှင်မဟာကဿပကြီးအား မိမိ လှော်ထားသောပေါက်ပေါက်များကိုလှူဒါန်းရာ "အရှင်ဘုရားများသိမြင်ပြီးတဲ့ တရားကိုသာ သိပါရစေ"ဟု အသိတရားကိုရှေ့ထား၍ လှူခဲ့သည်၊ ကွယ်လွန်သောအခါ နတ်ပြည်၌ မပေါက်ပေါက် နတ်သမီးဖြစ်သည်၊ ဘုရားထံမှတရားနာရ၍ နတ်သမီးဘဝ၌ သောတာပန်ဖြစ်လေသည်။ ကိုယ့်လမ်းကို ကိုယ်မှန်အောင် လျှောက်နိုင်ကြ၍ မဂ်ဖိုလ် နိဗ္ဗာန်အထိ ကောင်းရာရောက်ခဲ့ကြလေသတည်း။

အားလုံးချမ်းသာကြပါစေ

တိပိဋကယောဆရာတော်
၁၃၅၅ ခု၊ နယုန်လ၊ ၁၉၉၆ ခု၊ ဇွန်လ



www.burmeseclassic.com

www.burmeseclassic.com



# တိပိဋက ဓမ္မလက်ဆောင် (၉)

# အချိန်တန်ဖိုးလူ့တန်ဖိုး

## နမောကာလဂုဏဒေသကဿ

### ၁၊ အချိန်ကိုထိန်း အပူငြိမ်း

ကာလော ဃသတိ ဘူတာနိ၊ သဗ္ဗာနေဝ သဟတ္တနာ။
ယော စ ကာလဃသော ဘူတော၊ သ ဘူတပစနိံ ပစိ။

(ဇာတက-ပ-၆၈)

- **အဆက်မပြတ်၊ သွားနေတတ်၍၊ မရပ်မနား၊ ပြောင်းနေငြား၊ ထူးခြားအချိန်တွေ။**
- **တကယ်ပြောင်းတာ၊ ရုပ်နာမ်ပါ၊ ခန္ဓာမမြဲချေ။**
- **ရုပ်နာမ်အသက်၊ ပျက်အောင်ဖျက်၍၊ အသက်ကုန်ရန်၊ နတ်ယူပြန်၊ စကန်စားတဲ့ အချိန်တွေ။**
- **တကယ်ပျက်တာ၊ ရုပ်နာမ်ပါ၊ ခန္ဓာဆင်းရဲချေ။**
- **ရေတွက်ကြောင်းမှတ်၊ ရေတွက်အပ်၊ ထူးလတ်အချိန်တွေ။**
- **ကိုယ့်အတွက်မှာ၊ ရေစရာ၊ ကောင်းစွာကျင့်တဲ့ တရားပေ။**
- **အညီအမျှ၊ လူတိုင်းရအောင်၊ တိကျသေချာ၊ ပေးတတ်ပါ၊ ချိန်ခါကာလတွေ။**
- **အချိန်တိုင်းဟာ၊ တစ်ကြိမ်သာ၊ နှစ်ခါမပေးချေ။**
- **မသုံးတတ်မူ၊ ဖြုန်းနေသူ၊ အပူတိုး၍နေ။**
- **သုံးနိုင်သူကား၊ ပြုံးနိုင်ငြား၊ စွမ်းအားတိုး၍ အေးမြပေ။**
- **အချိန်တိုင်းသိ၊ စွမ်းအားရှိ၊ သတိမြဲအောင် ကြိုးစားလေ။**
- **အချိန်ကိုထိန်း၊ အပူငြိမ်း၊ တွက်ကိန်းကိုက်ကြပေ။**

အချိန်တိုင်းသည် အသုံးချတတ်သူအတွက် သုံးနိုင်သလောက် စွမ်းအားတန်ခိုးများပင် ဖြစ်သည်။ မသုံးတတ်သူအတွက် အချိန်တိုင်း မိမိကိုမြိမ်းခြောက်နေသောရန်သူ များဖြစ်နေတတ်သည်။ အချိန်တစ်ခု၏ တန်ခိုးစွမ်းအားကို လောကပစ္စည်းတန်ဖိုးဖြင့် တွက်ချက်တိုင်းတာ၍မရ စကောင်းချေ။ အချိန်တိုင်း တန်ဖိုးမဖြတ်နိုင်သော ရတနာများဖြစ်ပေသည်။ လောက၌ ကြီးပွားတိုးတက်နေသူ၊ အဆင့်မြင့်နေသူတိုင်းသည် အချိန်ကို တန်ဖိုးထား၍ လေးစားနေသူများသာဖြစ်သည်။ အချိန်ကိုတန်ဖိုးထား၍ လေးစားသလောက်လည်း ကြီးပွားတိုးတက်အဆင့်မြင့် ရစမြဲသာတည်း။

အချိန်၏သဘောကို စဉ်းစားကြည့်လျှင် အလွန်စိတ်ဝင်စားဖွယ် ကောင်းလှသည်ကို တွေ့ရမည်ဖြစ်သည်။ အမှန်စင်စစ် အချိန်ဟူသည်မှာ အထည်ကိုယ်ဒြပ်ပရမတ္ထအားဖြင့် ထင်ရှားရှိသောအရာမျိုးမဟုတ်ချေ။ စကားအဖြစ်ခေါ်ဝေါ်သတ်မှတ်ထားသော ပညတ်မျှသာဖြစ်သည်။ နာရီသည်မှာလည်း အချိန်မဟုတ်ချေ။ အချိန်ကို တိုင်းတာသတ်မှတ် ဆုံးဖြတ်ပေးသောအရာသာ ဖြစ်သည်။ သက်ရှိသက်မဲ့ ရုပ်နာမ်ခန္ဓာအစုတို့၏ ဖြစ်ပျက်ပြောင်းလဲနေသောအမြန်နှုန်းကိုပင် အချိန်ဟုတင်စား၍ခေါ်နေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


မှန်ပေသည်။ အဆက်မပြတ် မရပ်မနားပြောင်းလဲ၍သွားနေတတ်သောကြောင့် အချိန်ဟု ခေါ်ရသည်။ ဉာဏ်သတိဖြင့် သေချာစွာကြည့်လျှင် တကယ်ပြောင်းလဲသွားနေသည်မှာ အချိန်မဟုတ်ဘဲ မခိုင်မြဲသော ရုပ်နာမ် ပရမတ်တရားများ မရပ်မနားဖြစ်ပျက်ပြောင်းလဲသွားနေခြင်းသာ ဖြစ်သည်ကိုတွေ့ရမည်ဖြစ်သည်။ သတ္တဝါတို့၏ ရုပ်နာမ်အသက်ကိုဖျက်ဆီး၍ လက်ရှိဘဝ၌ နေရမည့်အသက်တမ်းကိုကုန်အောင် တစ်စတစ်စ နုတ်ယူဝါးစား ပစ်နေတတ်သောကြောင့်လည်း အချိန်ဟုခေါ်ဆိုရ၏။ တကယ်ပျက်နေသည်မှာ အချိန်မဟုတ်ဘဲ ရုပ်နာမ်များသာ ဆင်းရဲအောင် ညှင်းဆဲလျက် ပျက်နေကြခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် ရေတွက်အပ်၊ ရေတွက်ကြောင်း ဖြစ်သောကြောင့်လည်း အချိန်ခေါ်ရသည်။ အချိန်ကိုအာရုံပြု၍လည်း ၁-နာရီ၊ ၂-နာရီ စသည်ဖြင့် ရေတွက် ရ၏။ သက်ရှိသက်မဲ့များကိုလည်း 'သက်တမ်းမည်မျှရှိပြီ'ဟု အချိန်ဖြင့် တိုင်းတာရေတွက်ရ၏။ သို့ရာတွင် အချိန်၏ပမာဏ, အရာဝတ္ထု၏သက်တမ်းကို ရေတွက်နေရုံမျှဖြင့် ကိုယ့်အတွက် မည်သည့်စွမ်းအားမျှ တက်လာ မည်မဟုတ်ချေ။ အချိန်ကုန်တိုင်း, အရာဝတ္ထုသက်တမ်းတိုးတိုင်း ကိုယ့်အတွက် စွမ်းအားတက်လာမည့် ရေတွက် စရာကား ကောင်းမွန်စွာ ကျင့်ကြံအားထုတ်အပ်သော ကောင်းမှုတရားသာတည်း။

အချိန်သည် မည်သူ့ကိုမျှမျက်နှာမလိုက်ဘဲ အညီအမျှလူတိုင်းရအောင် တိကျသေချာစွာ ဝေငှပေးတတ် သည်။ အချိန်တိုင်းသည် လူတစ်ယောက်အတွက် တစ်ကြိမ်သာအခွင့်အရေးပေးတတ်၍ နှစ်ကြိမ်ဆက်၍ ပေးရိုး ထုံးစံမရှိချေ။ မည်သူ့ကိုမျှလည်း မစောင့်ဆိုင်းတတ်ချေ။ ပေးလာသောအချိန်ကိုမသုံးဘဲ ဖြုန်းနေသူမှာ အပူ ဆင်းရဲများတိုးနေ၍ အချိန်ကိုအသုံးချနိုင်သူသာ အေးမြရွှင်ပြုံးစေသော စွမ်းအားတန်ခိုးများကို သုံးနိုင်သလောက် ပိုင်ဆိုင်ခွင့်ရလေသည်။ အာရုံတိုင်းမိ၍ အချိန်တိုင်းသိအောင် ထိန်းနိုင်စွမ်းသော စိတ်ထိန်းကိရိယာ သတိရှိသူ များသာ အပူငြိမ်းကာ တွက်ကိန်းကိုက်ကြလေသည်။

## ၂။ အစားချင်းပြိုင် ကိုယ်ကနိုင်

- **ကျွန်းမာနုပျို၊ အဆင်းကို၊ ဝါးမျိုစားတဲ့ အချိန်တွေ။**
- **အသက်ခွန်အား၊ ကုန်၍သွားရန်၊ ဝါးစားပြန်၊ အမှန်သိအောင် ကြိုးစားလေ။**
- **အချိန်ကိုစား၊ သတိထား၊ စွမ်းအားတိုးမြှင့်လေ။**
- **စာရင်းတောင်းကာ၊ အချိန်မှာ၊ စွန့်ခွာသွားတတ်ပေ။**
- **သတိလွတ်က၊ ကိုယ့်ဘက်မှ၊ သုညပေါ်လာချေ။**
- **အပူတိုးကာ၊ အို၍လာ၊ နစ်နာတတ်ကြပေ။**
- **သတိရှေ့ထား၊ ပညာပွားသော်၊ အစားချင်းပြိုင်၊ ကိုယ်ကနိုင်၊ ကြံ့ခိုင်အေးမြပေ။**

အချိန်သည် ကျွန်းမာရေး၊ နုပျိုသည့်အရွယ်၊ တင့်တယ်လှပသောအဆင်း၊ အသက်၊ ခွန်အား ဤ ၅-မျိုး ကို ဝါးစားနေသည်။ အချိန်က စားသည်ဆိုရာမှာ အပြင်ဘက်က ဝေါဟာရစကားအနေဖြင့် ပြောခြင်းသာ ဖြစ်သည်။ ခန္ဓာဘက်ကိုဉာဏ်လှည့်ကြည့်လိုက်လျှင် ခန္ဓာကသာစားနေခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်၏။ ရုပ်နာမ်ခန္ဓာပြောင်းလဲနေသည်ကို အချိန်ဖြင့်တိုင်းတာ၍ ပြောနေခြင်းသာ ဖြစ်သည်။ သတိကိုစိတ်မှာအမြဲထား၍ ပညာအားဖြင့်သုံးနိုင်မှ အချိန်ကိုနိုင်အောင် စားနိုင်မည်ဖြစ်၏။ သတိသည် အချိန်တိုင်းမိအောင် ဖမ်းပေး နိုင်သော အချိန်ထိန်းကိရိယာလည်းဖြစ်၍ အာရုံတိုင်းသိအောင် သိမ်းဆည်းပေးနိုင်သည့် အာရုံထိန်းစက်လည်း ဖြစ်သည်။ စိတ်တိုင်းနိုင်နင်းအောင် ထိန်းချုပ်၍ စွမ်းအားကိုဖော်ထုတ်ပေးသောစိတ်ထိန်းကိရိယာလည်း ဖြစ်ပေသည်။

အချိန်တိုင်းသည် အတိုင်းအတာတစ်ခုပြီးတိုင်း လူများထံ တရားသဘောအားဖြင့် ကောင်းမှုစာရင်း တောင်းယူတတ်လေသည်။ 'ကဲ . . . ၁-မိနစ်ပေးလိုက်မယ်၊ လိမ္မာပါးနပ်သူတွေ ကိုယ်ပိုင်တရားရအောင် လုပ်ယူ ကြ'ဟု အချိန်ကလုပ်ပိုင်ခွင့်ကိုအပ်နှင်းလာသောအခါ သတိလွတ်နေသူသည် ၁-မိနစ်ပြည့်၍ 'ကဲ. . ၁-မိနစ်ပြည့် ပြီ၊ ကိုယ်ပိုင်တရားဘယ်လောက်ရတယ်ဆိုတာ စာရင်းပေးကြ'ဟု အချိန်က စာရင်းတောင်းလာလျှင် ကိုယ်ပိုင်မရ ဘဲ သုညသာစာရင်းပြရလေသည်။ ထိုအခါ အချိန်က တရားသဘောအားဖြင့် စကားနာထိုးလာတတ်သည်။


www.burmeseclassic.com

www.burmeseclassic.com



'ကဲ-- ဒါဖြင့်ရင် ဒီ ၁-မိနစ်အတွင်း ဘယ်လောက်အိုတယ်ဆိုတာ တိုင်းကြည့်ရအောင်'ဟု ထိုးနှက်လာတတ်သည်။ ဇရာဒီဂရီကား စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ အားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ အမြဲအတက် ချည်းသာ ပြနေစမြဲတည်း။ ၁-မိနစ်လွတ်၍ ၁-မိနစ်သုညဖြစ်သွားလျှင် အချိန်များစွာကုန်သွားသောအခါ သုညများစွာ ပေါင်းမိသွားလိမ့်မည်။ ကိုယ်ပိုင်သုညဖြစ်သော်လည်း အပူနှင့် ဇရာများအကျမရှိ၊ အတက်ချည်း ပြနေသဖြင့် မိမိဘက်မှသုညတွေများလာသလောက် အောက်ကျ နောက်ကျဖြစ်ကာ နစ်နာဆုံးရှုံးသွားတတ်ပေ သည်။

သတိရှေ့ထားပညာပွား၍ နိုင်အောင်စားနိုင်မှသာ မိမိကအနိုင်ရ၍ အချိန်က စာရင်းတောင်းတိုင်း အပြည့်အဝပေးနိုင်ပြီး ကြံ့ခိုင်အေးချမ်းလျက် အစွမ်းတက်လာမည်ဖြစ်ပေသည်။

အချိန်ကိုအသုံးချရာ၌ ကိုယ့်ဟာကိုယ်မိမိသဘောဖြင့် အချိန်ကိုကန့်သတ်၍ အသုံးချနေလျှင် ကိုယ့်စိတ်ကို မနိုင်သလောက် စည်းကမ်းဖောက်တတ်၏။ နောက်အချိန်သို့ပြန်ပြန်ရွှေ့မိတတ်ပြီး အချိန်ကိုကိုယ်ကမစားနိုင်ဘဲ အချိန်ကသာ ကိုယ့်ကိုစားသွားတတ်သည်။ ကိုယ့်ထက် အင်အားသာလွန်သူ အရှိန်အဝါကြီးသူတစ်ဦးဦးက 'ဤအချိန်အတွင်း ဤအလုပ်ကိုပြီးအောင်လုပ်ရမည်'ဟု ကန့်သတ်ပေးလာမှသာ အချိန်ကိုလေးစားပြီး အချိန်မီ အလုပ်ပြီးအောင် မဖြစ်မနေကြိုးစားတတ်လေသည်။ အချိန်ကို ကိုယ်ကနိုင်အောင်စားတတ်လေသည်။

ရှေးအခါက စူဠတိဿ၊ မဟာတိဿ ဟု သူကြွယ်သားညီအစ်ကိုနှစ်ယောက်ရှိရာ မိဘနှစ်ဦး ကွယ်လွန် သွားပြီးနောက် အစ်ကိုမဟာတိဿက အမွေပစ္စည်းအားလုံး ညီ၏လက်ထဲအပြတ်ပေးအပ်ခဲ့ပြီး ရဟန်းပြုကာ သာသနာ့အမွေကိုသာ ယူသွားလေသည်။ ဆရာကောင်းထံ ကျင့်ကြံအားထုတ်နည်းကို စနစ်တကျသင်ယူကာ တောထဲသွားပြီး တစ်ပါးတည်း တရားအားထုတ်နေသည်။ မိမိသဘောအတိုင်း အချိန်ကိုကန့်သတ်၍ အားထုတ် နေသဖြင့် 'ယနေ့မရလျှင် နောက်နေ့ဆက်လုပ်မည်'ဟု အချိန်ကိုဖြန့်ကြဲထားကာ ပစ္စုပ္ပန်ထက် အနာဂတ်ဘက်သို့ သာစိတ်ညွတ်နေသည်။ မိမိ၏စိတ်အပေါ်မှာ မိမိ၏အာဏာမစူးရှ မထက်မြက်၊ အားထုတ်ပါလျက် စွမ်းအား တက်၍မလာ၊ 'ယခုသာ အဖိုးတန်ဆုံး၊ ယနေ့သာ အရေးအကြီးဆုံး'ဟု စိတ်ကိုအားမတင်းဖြစ်တော့၊ အချိန်များက မိမိကို ပြက်ရယ်ပြုသလိုဖြစ်လာ၏။ ကိုယ်ကအချိန်ကို နိုင်အောင်မစားနိုင်ဘဲ အချိန်ကသာ ကိုယ့်ကို မသိမသာ စားပစ်နေရာ အချိန်တော်တော်ကြာသွားသည်။

ထိုသို့လူနှင့်အချိန် အားချင်းပြိုင်နေစဉ် အိမ်၌ကျန်ရစ်ခဲ့သော ညီငယ်၏ဇနီးက 'ငါ့ခဲအို သာသနာမှာ မပျော်လို့ လူထွက်လာရင် အမွေပြန်ခွဲပေးရမှာ၊ လူပြန်မထွက်နိုင်အောင် သတ်ပစ်တာပဲ ကောင်းတယ်'ဟု ပစ္စည်းကိုအကြောင်းပြု ၍ ဆိုးညစ်စိမ်းကား မိုက်မဲသောစိတ်များပေါ်လာကာ လူဆိုးများအား အဖိုးအခပေးပြီး မဟာတိဿကို သေအောင်အသတ်ခိုင်းလေသည်။ လူဆိုးများလည်း ညအခါတောထဲသွား၍ မဟာတိဿ ထွက်မပြေးနိုင်ရန် လူအင်အား-၅၀၀ဖြင့် ဝိုင်းထားလိုက်သည်။ လူဆိုးခေါင်းဆောင်ကြီးကို အကြောင်းကိစ္စကို မေးကြည့်သောအခါ 'ကိုယ်တော့်ခယ်မက လွှတ်လိုက်လို့ ကိုယ်တော့်ကို ယခုပဲသတ်ပစ်တော့မယ်'ဟု ပြောဆိုလာ သဖြင့် 'ကိလေသာနှင့် သေရမှာ ရှက်လွန်းလို့ပါ၊ ဒီတစ်ညတော့ ငါ့ကို တရားအားထုတ်ခွင့်ပေးကြပါဦး' ဟု ခွင့်တောင်းလိုက်၏။ 'ခွင့်မပေးနိုင်ဘူး'ဟု လူဆိုးများက ငြင်းဆန်နေကြ၍ ယုံကြည်စိတ်ချစေရန် အာမခံပေး သည့်သဘောဖြင့် ပေါင်နှစ်ဖက်ကို ရိုက်ချိုးပေးရလေသည်။ 'ဒီတစ်ညတော့ ခွင့်ပေးတယ်၊ မနက်ဖြန်လင်းမှ ကိုယ်တော့်ကို သတ်မယ်'ဟု တစ်ညခွင့်ပေးလိုက်သည်။ မဟာတိဿ၏ ယခုဘဝနေရမည့် အသက်အပိုင်းအခြား မှာ တစ်ညသာကျန်ပေတော့၏။ ကိုယ့်ဟာကိုယ်အချိန်ကိုကန့်သတ်၍ အသုံးချ အားထုတ်စဉ်က ခပ်အေးအေး အချိန်ကိုဖြန့်ခွဲပြီး သုံးနေခဲ့သော်လည်း ကိုယ့်ကိုနိုင်သည့် သူတစ်ပါးက ကန့်သတ်ပေးသည့်အချိန်ကိုကား 'ယခု'ဟူသော တစ်စိတ်တည်းသာထားကာ အချိန်မီအောင် အစွမ်းကုန်စူးစိုက်ပြီး အသုံးချလေတော့သည်။ အတိတ်ကိုလည်း မတွေးအား၊ ခယ်မအပေါ်မကျေနပ်မှုကိုလည်း စိတ်ထဲမှာ ဝင်ခွင့်မပေးအား၊ နောက်နေ့မနက် လင်းလျှင် အသတ်ခံရမည်ကိုလည်း မစဉ်းစားနိုင်၊ ပစ္စည်းကြောင့်ဖြစ်ရသော ဒုက္ခဖြစ်သောကြောင့် ပစ္စည်းကို လည်း အားကိုးစရာဟုမမြင်၊ ဆွေမျိုးကြောင့်ဖြစ်ရသောဆင်းရဲဖြစ်သည့်အတွက် ဆွေမျိုးကိုလည်း အားကိုးစရာ ဟု မမျှော်လင့်၊ ခန္ဓာကြောင့်ဖြစ်ရသောဆင်းရဲသာဖြစ်နေခြင်းကြောင့် ခန္ဓာကိုယ်ကြီးကိုလည်း အားကိုး၍ မဖြစ်တော့။ ထို့ပြင် မလှုပ်နိုင်အောင် ခြေထောက်၂-ဖက်လုံး ရိုက်ချိုးခံထားရ၏။

www.burmeseclassic.com


မဟာတိဿအတွက် ယခုနေ့ညသည် လောကဘက်ကကြည့်လျှင် ပြဿဒါးရက်ဟုဆိုနိုင်သော်လည်း သာသနာဘက်ကကြည့်လျှင် အချိန်ကိုအပြည့်သုံး၍ အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်နိုင်သည့်အတွက် ရက်ရာဇာအစစ်ဖြစ်နေသည်။ လူဆိုးများ ကန့်သတ်ပေးသောအချိန်အတွင်း အချိန်မီအလုပ်ပြီးရေးကိစ္စသည် မဟာတိဿအတွက် အသက်ထက်ပင် အရေးကြီးနေလေတော့၏။ အတိတ်, အနာဂတ်ရောခွင့်မပေးဘဲ အချိန်ထိန်းကိရိယာ သတိ တပ်ဆင်ပေးနိုင်မှလည်း အချိန်မီပေတော့မည်။ မိမိ၏ကိုယ်ပိုင်အချိန်ဟူ၍ တစ်ညမျှသာ ရှိပါတော့တကား။ ဆင်းရဲကြီးကြီးကိုကြောက်လျှင် ဆင်းရဲငယ်ငယ်ကို သည်းခံရမြဲဖြစ်၍ ပေါင် ၂-ဖက်ရိုက်ချိုးခံရသည့်ဒဏ်ရာ ဒဏ်ချက်ကိုပင် အရေးအတွက်မထားနိုင်တော့။

မဟာတိဿသည် အချိန်ထိန်းသတိကိုတင်းကျပ်စွာ တပ်ဆင်ပေးလိုက်သည်။

(၁) အလုပ်လုပ်ရမည့်အာရုံကို ပြတ်ပြတ် သားသားပေါ်လာအောင် ပုံဖော်ပေးခြင်း၊

(၂) ပေါ်လာသောအာရုံကို စိတ်နှင့်ကပ်ပေးခြင်း၊

(၃) ပေါ်လာသောအာရုံကို အလုပ်မပြီးမချင်း ပျောက်ကွယ်မသွားရအောင် ထိန်းထားခြင်း၊

(၄) အလုပ်လုပ်ဆဲ အာရုံကိုယှက်နေစဉ် အခြားမဆိုင်သော အာရုံဝင်မလာရအောင် ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(၅) ရှေ့နှင့်နောက် အသိချင်းစပ်နေအောင် ဆက်စပ်ပေးခြင်းတို့မှာ သတိ၏တာဝန် လုပ်ငန်း အတိုချုပ်ပေတည်း။

သတိဖြင့်စိတ်ကိုနေရာချပေးပြီးခါမှ ကြိုးစားအားထုတ်လိုက်လျှင် သတိ နှင့်တွဲသော ဝီရိယ သည် စိတ်တည်ငြိမ်ရင့်ကျက်မှုသမာဓိကို ဖြစ်ပေါ်စေမြဲတည်း။ စိတ်အညစ်အကြေးကိုလည်း ဆေးကြောသုတ်သင်ပေးလေသည်။ သမာဓိရှိလျှင် အမှန်အရှိအတိုင်းသိမြင်နိုင်သဖြင့် သမာဓိစွမ်းအားကြောင့် ပညာလည်း ပေါ်လာရ မြဲဖြစ်သည်။ ယခုသာ အရေးကြီးဆုံးဟူသော စိတ်ထားဖြင့်- ခန္ဓာမှာဉာဏ်စိုက်၍ ရှိသမျှအားကို အကုန်ထုတ်၍ စူးစူးစိုက်စိုက်ကြိုးစားလိုက်ရာ အချိန်မီပင် မဂ်၄-ပါး, ဖိုလ်၄-ပါးကို ဆက်ကာဆက်ကာရရှိပြီး ကိလေသာ ကုန်ခမ်းကာ ရဟန္တာဖြစ်သွားလေသည်။ နံနက်မလင်းမီပင် အလုပ်ကိစ္စပြီးစီးသွားသဖြင့် ဝမ်းမြောက်မဆုံးဖြစ် ရတော့သည်။ အလုပ်မြန်မြန်ပြီးအောင် အချိန်ကိုကန့်သတ်ချက်ပေးဖော်ရသော ခယ်မနှင့် လူဆိုးများကိုလည်း ကျေးဇူးတင်၍ မဆုံးနိုင်တော့ပေ။ လူနှင့်အချိန် အစားချင်းပြိုင်ကြရာ အချိန်ကိုထိန်းတတ်၊ အစားတတ်သဖြင့် အချိန်ကို ကိုယ်က နိုင်လေတော့သည်။ ခယ်မနှင့်လူဆိုးများက အတင်းအကြပ်အချိန်ကို ကန့်သတ်ချက် မပေး ဖြစ်ကြလျှင် မဟာတိဿ၏ မဂ်ဖိုလ်ရရေးမှာမသေချာလှ၊ ရလျှင်လည်း ကြာချင်သလောက်ကြာနေဦးမည်။ လောက၏အဆိုးအာရုံများသည် တရားမျက်စိရှိသူအတွက် အကောင်းချည်းသာဖြစ်ပါတကား။ လောက၏ ဝိပတ္တိခေတ်ဆိုးများသည်ပင် အမြင်ရှင်းသူအတွက် သမ္ပတ္တိခေတ်ဆိုက်နေတတ်၏။ မဟာတိဿသည် ညတွင်း ချင်းပင် အချိန်ကိုတန်ဖိုးရှိအောင်သုံးလိုက်ရာ တကယ့်လူ့တန်ခိုးပိုင်ရှင် ဖြစ်သွားလေသည်။

အလားတူပင် တရားအားထုတ်နေစဉ် ကျားဆွဲခံရသော ရဟန်းတော်တစ်ပါးသည်လည်း ကျားက ရဟန်း၏ခြေဖျားမှစ၍ ကိုက်စားလာသောအခါ ကျားစားခံရင်းအချိန်ကို ထိန်းလျက် ခန္ဓာမှာဉာဏ်စိုက်ပြီး ဝိပဿနာပွားလေရာ ကျားပါးစပ်ထဲ၌ပင် ရဟန္တာဖြစ်သွားခဲ့ဖူးလေသည်။ ကျားက တစ်ကိုယ်လုံးစား၍မကုန်မီ ကျားကကန့်သတ်ပေးသောအချိန်အတွင်း အလုပ်ပြီးအောင် အားထုတ်နိုင်သဖြင့် ကျားနှင့် တရား အစားချင်း ပြိုင်ကြရာ တရားကသာအနိုင်ရခဲ့လေသည်။

ထိုအတူပင် ဧတဒဂ် ၅-တန်ပိုင်ရှင် သောတာပန် အရှင်အာနန္ဒာသည်လည်း ရဟန္တာချည်းသာ ပါဝင်သည့် ပထမသင်္ဂါယနာတင်ပွဲမကျင်းပမီ တစ်ရက်အလိုတွင် 'မနက်ဖြန် သင်္ဂါယနာတင်တော့မည်၊ သင်က သောတာပန် သာရှိသေးသည်၊ ရဟန္တာချည်းသာပါဝင်မည့် သင်္ဂါယနာတင်ပွဲ၌ သင့်ကိုဝင်ခွင့်မပေးနိုင်၊ အချိန်မီ အားထုတ်ပါ'ဟု ရဟန်းတော်များကအချိန်ကို ကန့်သတ်ချက်ပေးလာခါမှ နေ့ချင်းပြီးညချင်းပြီး အချိန်ထိန်း သတိကို တပ်ကာကြိုးစားလိုက်ရာ အချိန်မီပင် ရဟန္တာဖြစ်ခဲ့လေသည်။ အချိန်တန်ဖိုးကြောင့် လူ့တန်ခိုးအပြည့် ရရှိသွားခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃၊ တွက်ကိန်းကိုက်သူ စိတ်မပူ

- **တရားကိုနာ၊ ဆွေးနွေးကာ၊ ကောင်းစွာကျင့်သုံးမူ။**
- **ရှေ့နောက်ဆက်စပ်၊ သတိကပ်၊ ရှုမှတ်ပွားများသူ။**
- **ဆင်းရဲဒုက္ခ၊ အနုတ်ပြ၊ မုချချမ်းသာဟူ။**
- **အချိန်ကိုထိန်း၊ အပူငြိမ်း၊ တွက်ကိန်းကိုက်တဲ့လူ။**
- **တွက်ကိန်းကိုက်က၊ စွမ်းအားရ၊ မုချစိတ်မပူ။**

(၁) ပညာရှိသူတော်ကောင်းများ၏ လမ်းညွှန်ချက်ကို ရိုသေလေးစားစွာ စိတ်ပါလက်ပါ နာကြားလေ့လာခြင်း၊

(၂) အသိပညာ လေ့လာထားသူအချင်းချင်း အသိချင်းဖလှယ်ကာ ဆွေးနွေးမေးမြန်းပြောကြားခြင်း၊

(၃) စာတွေ့အသိပညာကို လက်တွေ့ကျကျနှလုံးသွင်း ဆင်ခြင်သုံးသပ်ခြင်း၊ အသိတရားကို အကျင့်တရားနှင့် ပေါင်းစပ်ခြင်း၊

(၄) နှလုံးသွင်းဆင်ခြင်ရှုမှုမှာ ရှေ့နောက်ဆက်စပ်မိအောင် လက်တွေ့တကယ်ပွားများ အားထုတ်ခြင်းအားဖြင့် ဤ ၄-မျိုးသည် တွက်ကိန်းကိုက်ကြောင်း၊ စိတ်မပူကြောင်း၊ ချမ်းသာကြောင်းဖြစ်သော အချိန်ထိန်းနည်း လမ်းကောင်းပင် ဖြစ်သည်။

ဘုရားလက်ထက်က တစ်ချိန်တွင် ဘုရားရှင်စမွာမြို့အနီး ရေကန်ကြီးနားဝယ် စမ္ပာ မြို့သူ မြို့သားတို့အား တရားဟောတော်မူနေစဉ် ဖားတစ်ကောင်ရေကန်ထဲမှတက်လာပြီး တရားနာပရိသတ် နားသို့ရောက်လာသည်။ ဘုရားဟောအပ်သောတရားသံကိုကြားရလျှင် အကြောင်းအကျိုး အကောင်းအဆိုးပင်ခွဲခြား၍ နားမလည်သော်လည်း နားထောင်၍ကောင်းသောအသံဟုကားသိသည်။ ကြည်လင်သောစိတ်ထားဖြင့် တရားကိုနားထောင်နေစဉ် နွားကျောင်းသားတစ်ယောက်ရောက်လာပြီး သံချွန်တပ်နွားရိုက်ဒုတ်ကို လက်ဖြင့်ကိုင်ကာ မြေပေါ်ထောက်လျက် ပရိသတ်ကိုမော့ကြည့်နေသည်။ ဖား၏ ကျောပေါ် ဒုတ်ထောက်မိသွားရာ ဒုတ်ဒဏ်ကို မခံနိုင်တော့သော ဖားကလေး သေသွားလေသည်။ တရားနာခိုက် ကြည်လင်သောစိတ်ဖြင့် သေသွားသောကြောင့် တာဝတိံသာနတ်ပြည်၌ ဉာဏ်အလွန်ကြီးသောနတ်သားတစ်ယောက်သွားဖြစ်လေတော့၏။ 'အချိန်တန်ဖိုး ဖားတန်ခိုး'ဟုပင် ဆိုရပေမည်။ ဖား၏အသိ ဖား၏နားဖြင့် နာကြားလိုက်ရသော တရားသည်ပင် ဤမျှလောက် အံ့ဖွယ်ကောင်းအောင် စွမ်းဆောင်နိုင်ပေသည်။

နတ်ပြည်သို့ရောက်သွားသောအခါ တရားစွမ်းအားကြောင့် အသိဉာဏ်ကြီးကာ အမြင်ရှင်းလာသည်။ ကြီးကျယ်ခမ်းနားလှသော နတ်စည်းစိမ်ကိုရရှိသော်လည်း ယစ်မူးမေ့လျော့စရာအဖြစ် မမြင်၊ အသုံးချဖို့သာ မြင်လာသည်။ 'ဖား၏အသိ ဖား၏နားဖြင့်နာယူခဲ့သော တရားသည်ပင် ဤမျှ လောက်စွမ်းဆောင်နိုင်သေးလျှင် ယခု နတ်၏အသိ နတ်၏နားဖြင့် ဆက်လက်နာယူလိုက်လျှင်ကား ပို၍ပင် အဆများစွာ စွမ်းဆောင်နိုင်ဖို့ သေချာသည်'ဟု တရားအပေါ် ယုံကြည်အားကိုးမှု တိုးတက်မြင့်မားလာသည်။ 'ဘဝဆိုတာ သုံးလို့ဖြစ်တုန်း ပိုင်အောင်သုံးမှ ဖြစ်လိမ့်မယ်'ဟုလည်း အမြင်ရှင်း၍ အားတက်လာသည်။ ပုထုဇဉ်အများစုမှာ အောက်တန်းမှ အထက်တန်းသို့ရောက်သွားလျှင် အောက်ခြေလွတ်တတ် မေ့လျော့တတ်သော်လည်း ဖားဘဝက ရောက်သွားသော ဖားနတ်သားကမူ အောက်ခြေမလွတ်ချေ။ ချက်ချင်းပင် လူ့ပြည်ဘုရားထံလာ၍ လက်တွေ့ပွားများရင်း တရားနာလိုက်ရာ အချိန်ထိန်းကောင်းလှသဖြင့် သောတာပန်ဖြစ်သွားလေသည်။ 'အချိန်တန်ဖိုး နတ်တန်ခိုး'ဟု ဆိုရလောက်အောင် အထက်တန်းရောက်သွားပြီး ဘုရား၏စွမ်းရည်, တရား၏အရှိန်အဝါ, အကွက်စေ့အောင် အသုံးချလိုက်သည့်အချိန်၏တန်ဖိုးကို အားရကျေနပ်လွန်းလှ၍ ပြုံးပြီး နတ်ပြည်သို့ပြန်သွားလေသည်။ အချိန်ကို ပိုင်အောင်ထိန်းတတ်သော ဖားနတ်သားတစ်ယောက် အံ့သြထိုက်အောင် တွက်ကိန်းကိုက်လှပေသည်။

လူများစွာကိုသတ်လာခဲ့သော နာဠာဂီရိ ဆင်ဆိုးသည်လည်း တိရစ္ဆာန်စိတ်ပေါက်နေသော လူတစ်စုက အရက်-၁၆အိုးတိုက်၍ ဘုရားကို နင်းသတ်ခိုင်းသောအခါ ဘုရား၏ မေတ္တာဓာတ်ကြောင့် အရက်မူးပြေပြီး ဘုရားရှေ့ငြိမ်သက်စွာဝပ်လာသည်။ ဘုရားထံမှ တရားနာရသောအခါ လိမ္မာယဉ်ကျေး၍ ငါးပါးသီလလုံသွား



www.burmeseclassic.com

www.burmeseclassic.com


သည်။ တိရစ္ဆာန်စင်စစ်က လူစိတ်ပေါက်သွားသည်။ တရားနာခြင်းသည် အဟိတ်တိရစ္ဆာန်ကိုပင် အဆင့်မြင့်အောင် အချိန်ကိုထိန်းပေးနိုင်သေးလျှင် လူ၏နား လူ၏အသိဖြင့် နာယူလေ့လာတတ်သောလူအတွက်ကား ဧကန်ပင်ထိပ်တန်းရောက်အောင် စွမ်းဆောင်ပေးမည်သာဖြစ်ပေသည်။ အချိန်ကိုလည်းပိုင်နိုင်အောင် ထိန်းတတ်လာမည်ဖြစ်ပေသည်။ နာကြားသင်ယူလေ့လာပြီးသောတရားကို ဆွေးနွေးပြောဆိုရမည်။ ထိုမှတစ်ဆင့်လက်တွေ့လိုက်နာကျင့်သုံးရမည်။ အချိန်သူခိုး ကိလေသာများ တစ်စတစ်စနည်းပါးကင်းကွာသွားအောင် ဘာဝနာဖြင့် စွမ်းအားမြှင့်ပေးရမည်။ သို့မှသာ လက်တွေ့အပူငြိမ်း၍ တွက်ကိန်းကိုက်နိုင်မည်ဖြစ်သည်။

## ၄၊ပညာတိုးကြောင်းအချိန်ကောင်း

- **တရားမနာ၊ ကောင်းမှုမှာ၊ ဝေးကွာတတ်လေစွ။**
- **တရားကိုနာ၊ ကောင်းမှုမှာ၊ ကောင်းစွာပြုနိုင်ကြ။**
- **တရားမနာ၊ မဂ်ဖိုလ်မှာ၊ ဝေးကွာတတ်လေစွ။**
- **တရားနာငြား၊ မဂ်ဖိုလ်များ၊ စွမ်းအားမြင့်တက်ရနိုင်ကြ။**
- **တရားစကား၊ ဟောကြားပုဂ္ဂိုလ်၊ မိမိကိုယ်၊ ရိုသေလေးစားရ။**
- **တည်ကြည်ငြိမ်သက်၊ ရွှင်အားတက်၊ လေးနက်လမ်းမှန်စိတ်ထားရ။**
- **ဤသို့လေ့လာ၊ သင်ကြား-နာ၊ ပညာပွားနိုင်ကြ။**
- **တရားနာကြား၊ လူ့စွမ်းအား၊ ထူးခြားမြင့်တက်ရ။**
- **ပညာတိုးကြောင်း၊ အချိန်ကောင်း၊ မဈောင်းရအောင် ထိန်းနိုင်ကြ။**
- **အချိန်တန်ဖိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးအနန္တ။**

လောက၌ အချိန်ကိုဖြုန်းခြင်းထက် နစ်နာသောဆုံးရှုံးမှုမျိုးမရှိချေ။ အစားထိုး၍မရနိုင်သော ဆုံးရှုံးမှုမျိုးဖြစ်သည်။ အချိန်ကိုဖြုန်းပစ်နေသလောက် ဆင်းရဲဒုက္ခအပူများလည်း တစ်ဟုန်ထိုး ဝင်ရောက်လာတတ်မြဲဖြစ်သည်။ အချိန်၏တန်ဖိုးကို မည်သည့်စက်ကိရိယာနှင့်မျှ တိုင်းတာဆုံးဖြတ်၍မရစကောင်းချေ။ စီးပွားဥစ္စာရှာသူအတွက် အချိန်သည်ပင် စီးပွားဥစ္စာဖြစ်သည်။ ပညာသင်ကြားလေ့လာနေသူအတွက် အချိန်သည်ပင်ပညာဖြစ်သည်။ တရားရှာမှီးအားထုတ်သူအတွက် အချိန်သည်ပင်တရားဖြစ်သည်။ အချိန်ကိုထိန်း၍အကွက်စေ့အောင် ကြိုးပမ်းနိုင်သမျှ စွမ်းအားရရှိကာ ရည်မှန်းချက်အောင်မြင်ရမြဲဖြစ်သည်။

အချိန်တန်ဖိုးရှိအောင် စွမ်းအားတိုးအောင် အသုံးချနိုင်ဖို့နည်းလမ်းကောင်းကို မချွတ်ဧကန်လိုအပ်သည်။ တရားနာကြားလေ့လာသင်ယူမှုသည် နည်းလမ်းကောင်းကိုရစေသည်။ မသိသေးလျှင် သိစေသည်။ သိပြီးလျှင် လည်း အမြင်ရှင်း၍သတိပေါ်စေသည်။ ကိလေသာအထုံများနေသော ပုထုဇဉ်၏သဘောသည် ပညာရှိ သူတော်ကောင်းတို့၏ နည်းပေးလမ်းညွှန်မှုကိုမရဘဲ တိုးတက်ခွင့်မရချေ။ လောက၌ သားစိမ်းငါးစိမ်းများသည် မပြုမပြင် ပင်ကိုယ်အတိုင်းဆိုလျှင် စားချင်ဖွယ်မရှိ၊ ရွံဖွယ်အတိသာဖြစ်သည်။ အနံ့ရောအရသာပါဆိုးဝါးလှသည်။ ကျွမ်းကျင်သူတို့၏ မွမ်းမံပြုပြင်ချက်ပြုတ်မှုကိုခံရမှသာလျှင် အနံ့အရသာနှင့်ပြည့်စုံသောစားဖွယ်အဖြစ် စားပွဲပေါ်ရောက်လာနိုင်သည်။ ထို့အတူပင် ကိလေသာနှင့်အတူနေရသော ပုထုဇဉ်အစိမ်းသည် ပညာရှိများ၏ လမ်းညွှန်ပြုပြင်မှုကို မခံယူမရရှိပါက ပွဲလယ်မတင့် မရဲရင့်နိုင်ချေ။ အပြုအပြင်ကောင်းကောင်းရရှိမှသာ အချိန် တန်ဖိုး လူ့တန်ခိုးများ တိုးပွားရရှိနိုင်မည်ဖြစ်သည်။

ဘုရားနှင့်ပစ္စေကဗုဒ္ဓါမှတစ်ပါး မည်သူမဆို ပညာရှိများ၏လမ်းညွှန်ချက်ကိုမရဘဲ မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် အထက်သို့တက်နိုင်စွမ်းမရှိကြပေ။ လမ်းညွှန်ဟောကြားမြတ်တရားကို နာယူလေ့လာခွင့်မရလျှင် ကောင်းမှုလည်းဝေးကွာတတ်၍ မဂ်ဖိုလ်ရထိုက်သူပင်မဂ်ဖိုလ်မရဘဲ ဝေးကွာနေတတ်သည်။ တရားနာယူလေ့လာခွင့်ရမှသာ ကောင်းမှုကိုလည်းလေးနက်စွာပြုနိုင်၍ မဂ်ဖိုလ်ရထိုက်သူလည်း စွမ်းအားမြင့်တက်ကာ ရရှိသွားနိုင်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com



တရားနာကြားလေ့လာသင်ယူရာ၌လည်း ပညာပွားအောင် တရားနာယူလေ့လာသင်ယူနည်း (၅)နည်း ရှိ၏။

(၁) ဟောကြားသင်ပြအပ်သောတရားစကားကို ရိုသေလေးစားရခြင်း၊

(၂) ဟောကြားသင်ပြတတ်သောပုဂ္ဂိုလ်ကို ရိုသေလေးစားရခြင်း၊

(၃) မိမိကိုယ်ကို ရိုသေလေးစား တန်ဖိုးထားရခြင်း၊

(၄) စိတ်တည်ကြည်ငြိမ်သက်စွာထား၍ နာယူလေ့လာရခြင်း၊

(၅) တရားလမ်းကြောင်းအမှန်အတိုင်း စိတ်ကိုထားရခြင်း၊

ဤနည်းဖြင့်သင်ကြားလေ့လာနာယူမှ အချိန်ထိန်းကြောင်းပညာကောင်းများတိုးပွားလာနိုင်မည်ဖြစ်သည်။

အဇာတသတ်မင်းသည် ဆရာကိုးကွယ်မှား၍ အသိလွဲကာ ဖခင်ဗိမ္ဗိသာရမင်းကို သတ်မိသည်ထိ နယ်ကျော်ခဲ့သည်။ ကိုယ့်အမှားပြစ်ဒဏ်ကို မျက်မှောက်ဘဝမှာပင် ခံရရှာသည်။ မအိပ်နိုင် မစားနိုင် မနေနိုင် မထိုင်နိုင် ဖြစ်ခဲ့ရသည်။ အလိုလိုပင် တဖျတ်ဖျတ်တုန်လှုပ်ထိတ်လန့်ကြောက်ရွံ့နေသည်။ ရှင်ဘုရင်ဖြစ်ပါလျက် စိတ်စွမ်းအားများ သုညဒီဂရီအောက်ကျဆင်းသွားသည်။ မိမိ၏ကိုယ်နှင့် မိမိ၏ပတ်ဝန်းကျင်အားလုံး မိမိ၏ အခက်အခဲကို ဖြေရှင်းနိုင်စွမ်းမရှိတော့။ ကိုယ့်ဟာကိုယ် ဩဇာမညောင်းတော့သဖြင့် သူများအပေါ် သက်ရောက်နေသောအာဏာသည်လည်း သူ့အတွက် ဘာမှအဓိပ္ပါယ်မရှိတော့ချေ။ ကိုယ့်အချိန်ကို တန်ဖိုးရှိအောင် မထိန်းနိုင်, မသုံးနိုင်တော့သဖြင့် အချိန်တိုင်း ကိုယ့်ကိုအမြဲပြန်လည်ခြိမ်းခြောက်နေသယောင်ရှိတော့၏။ နောက်ဆုံးတွင် ဆရာဇီဝက ၏ အကူအညီကိုယူ၍ ဘုရားရှင်ထံရောက်ကာ တရားနာကြားခွင့်ရခဲ့သည်။ စွမ်းအားတိုးတက်လာခဲ့သည်။ ပုထုဇဉ်၏သဒ္ဓါတရားအနေဖြင့် အထွဋ်အထိပ်ရောက်ခဲ့သည်။ အသက်ခန္ဓာကို ရတနာသုံးပါးထံ အပ်နှံ၍ မိမိ၏စိတ်နှလုံး၌ ရတနာသုံးပါးကိုထည့်သွင်းထုံထားခဲ့သည်။ တရားစွမ်းအားကြောင့် အိပ်နိုင် စားနိုင် ဖြစ်လာ၍ ကြောက်စိတ်ကင်းရှင်းရဲတင်းလာခဲ့သည်။ ပထမ သင်္ဂါယနာတင်ပွဲ၌ အစွမ်းကုန် ကူညီစောင့်ရှောက်ခဲ့သည့် သာသနာ့သမိုင်းဝင်ပုဂ္ဂိုလ်ထူးပင် ဖြစ်လာခဲ့ရလေသည်။ အချိန်ထိန်းကြောင်း နည်းလမ်းကောင်းများ ရလာ၍ အချိန်ကိုအဖိုးတန်အောင် ထိန်းနိုင်စွမ်းရှိလာသဖြင့် မျက်မှောက်ဘဝ၌ စိတ်ချမ်းသာမှုများစွာရရှိခဲ့ သည်သာမက ဖခင်ကိုသတ်မိခဲ့သည့်ပြစ်ဒဏ်သည်လည်း ရာခိုင်နှုန်း ၉၀-မက သက်သာလျော့ပေါ့ခွင့်ရခဲ့သည်။ အဝီစိငရဲကြီးသို့မရောက်တော့ဘဲ လောဟကုမ္ဘီငရဲအငယ်၌ နှစ်ပေါင်း ၆-သောင်းမျှသာ ခံရတော့မည်။ 'ဝိဇိတာဝီ ပစ္စေကဗုဒ္ဓါဖြစ်မည်'ဟုပင် ဗျာဒိတ်ရသွားလေသည်။ တရားနာခြင်း၏အကျိုးပေတည်း။

၅၅-နှစ်ပတ်လုံး သေဒဏ်ကျသူများကိုသတ်လာခဲ့ရသည့် လူသတ်ဝန်ထမ်း တမ္ဗဒါဌိက သည်လည်း သေခါနီးနာရီပိုင်းအလို အချိန်တိုကလေးအတွင်း၌ အရှင်သာရိပုတ္တရာထံမှ တရားကိုနာရ၍ ကုသိုလ်ကို ကုသိုလ်နှင့်တူအောင်ပြုခွင့်ရရှိသွားပြီး မကြာမီကွယ်လွန်သွားရာ အပါယ်သို့မကျရောက်ဘဲ တုသိတာနတ်ပြည်သို့ ရောက်သွားလေသည်။ တရားနာရသဖြင့် အချိန်ကိုထိန်းနိုင်စွမ်းရှိကာ အချိန်တန်ဖိုးကြောင့် လူ့တန်ခိုး တက်သွား ခြင်းပင် ဖြစ်သည်။

## ၅၊ ကိုယ်ပိုင်တရား ကိုယ့်စွမ်းအား

- **ယုံကြည်သဒ္ဓါ၊ ရှိသူမှာ၊ ကောင်းစွာသန့်ရှင်းရ။**
- **ကိုယ့်လမ်းကိုယ်ရှင်း၊ အပူကင်း၊ ချက်ချင်းစိတ်ကြည်ရ။**
- **ကိုယ်ပိုင်စိတ်တွေ၊ ဖြစ်လာပေ၊ လုပ်လေသမျှကိုယ်ပိုင်ရ။**
- **သဒ္ဓါယှဉ်တွဲ၊ စိတ်မှာလဲ၊ အမြဲကြည်လင်ရ။**
- **အမြဲကြည်လင်၊ စိတ်အစဉ်၊ ပြုလျှင်အမှန်ရ။**
- **အမြဲကြည်လင်၊ စိတ်အစဉ်၊ ပြောလျှင်အမှန်ရ။**
- **အမြဲကြည်လင်၊ စိတ်အစဉ်၊ တွေးလျှင်အမှန်ရ။**



www.burmeseclassic.com

www.burmeseclassic.com


- **အလုပ်-အပြော၊ စိတ်သဘော၊ မနောဖြူစင်က။**
- **အရိပ်ပမာ၊ မြတ်ချမ်းသာ၊ နောက်မှာ လိုက်နေကြ။**
- **ကိုယ်ပိုင်တရား၊ ကိုယ့်စွမ်းအား၊ တိုးပွားမြင့်တက်ရ။**
- **သစ်တစ်ပင်ကောင်း၊ ငှက်ပေါင်းများစွာ၊ မှီခိုရာသို့၊ သဒ္ဓါကောင်းသူ၊ စိတ်ကြည်ဖြူလျှင်၊ ရှင်လူရဟန်း၊ စိတ်အေးချမ်း၊ မှီငြမ်းခိုလှုံရ။**

အချိန်တန်ဖိုး လှူတန်ခိုးဟူသည် ကိုယ်ပိုင်တရားကိုယ့်စွမ်းအားကို ဖော်ထုတ်ပေးခြင်းလည်း ဖြစ်သည်။ ကိုယ့်စွမ်းအားရှိသလောက် ကိုယ်ပိုင်တရားများရရှိလာ၍ အချိန်ကို အဖိုးတန်အောင် အသုံးချတတ်မှလည်း ကိုယ့်စွမ်းအားပေါ်လာမည်ဖြစ်သည်။ ကိုယ်ပိုင်တရား ကိုယ့်စွမ်းအားကို ကိုယ့်နှလုံးသားထဲ၌ ကိုယ်ပိုင်စိတ်ဖြစ်လာမှရရှိနိုင်သည်။ ကိုယ့်နှလုံးသားထဲ၌ ကိုယ်ပိုင်စိတ်ဖော်ထုတ်ရေးကို သဒ္ဓါတရားက တာဝန်ယူရသည်။ စိတ်ကောင်းဖော်ထုတ်ရေးဟုလည်း ဆိုနိုင်သည်။

မိမိတို့၏ နှလုံးသားခန္ဓာအိမ်သည် ငွေကြေးများစွာအကုန်အကျခံ၍ ဆောက်လုပ်ထားသောတိုက်အိမ်ကြီး ၁-လုံးနှင့်တူလှသည်။ ကောင်းမှုကုသိုလ်ကံအရင်းအနှီးများစွာစိုက်၍ ဆောက်လုပ်ထားသော အဖိုးတန်အိမ်ကြီးဟုပင် ဆိုနိုင်သည်။

(၁) ဘုရားသာသနာနှင့် ကြုံတွေ့ရခြင်း၊
(၂) မိကောင်း ဖကောင်း ဆရာသမားကောင်းစသော အမှီကောင်းနှင့် တွေ့ရခြင်း၊
(၃) သာသနာရှိရာ ရတနာ ၃-ပါးရှိရာ တရားရှိရာအရပ်၌ ဖြစ်ခွင့်,နေခွင့်ရခြင်း၊
(၄) ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံခြင်း၊
(၅) သဒ္ဓါ ပညာ မေတ္တာစသော စိတ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုပြည့်စုံခြင်း၊
(၆) ကုသိုလ်တရားကို အလွန်လိုချင်လှသော လူဖြစ်ရခြင်းအားဖြင့် လူ့ဘဝဂုဏ်ရည် ၆-ချက်နှင့်ပြည့်စုံသဖြင့်လည်း တန်ဖိုးကြီးမားလှသည်။

ဤအဖိုးတန်နှလုံးသားခန္ဓာအိမ်၌ အိမ့်ရှင်ကိုယ်ပိုင်စိတ်များမနေနိုင်ရန် အိမ်ငှားပမာ ကိလေသာစိတ်များ, အစီအစဉ်မဲ့စိတ်များကသာ နေရာယူနေတတ်ကြသည်။ ကိုယ့်စိတ်မနေနိုင်က သူများစိတ်တွေဝင်နေကြမည်သာတည်း။ သူတစ်ပါးစိတ်(သူများစိတ်)ဆိုသည်မှာ တင်စား၍ခေါ်ခြင်း တည်း။ ကိုယ့်အလိုအတိုင်း ဘာမျှဆောင်ရွက်မပေးဘဲ မိမိလိုချင်သည့်အရာကိုလည်း ဘာမျှမပေးတတ်သောကြောင့်ဖြစ်သည်။ ကိုယ့်နှလုံးသား၌ပင် ဝင်ရောက်နေကြသော်လည်း သူတစ်ပါးအလိုကျသာ ဆောင်ရွက်သွားကြသောကြောင့် ကိလေသာစိတ်, အစီအစဉ်မဲ့စိတ်များကို သူတစ်ပါးစိတ်ဟုပင် ခေါ်ရသည်။ နှလုံးသားခန္ဓာအိမ်ထဲ၌ သူတစ်ပါးစိတ်များဝင်ရောက်နေချိန်တွင် မိမိကိုယ်ပိုင် ကောင်းမှုများကိုအလုပ်ခိုင်း၍ လုံးဝမရချေ။ မိမိကိုယ်ပိုင်ကောင်းမှုကို ပြုလုပ်လိုသဖြင့် 'နှလုံးသားထဲမှ ဆင်းပေးကြပါ'ဟု အဆင်းခိုင်း၍လည်းမရချေ။ အိမ်ငှားစိတ်, သူတစ်ပါးစိတ်များသည် အဖိုးအခလည်း လုံးဝမပေးဘဲ မိမိနှလုံးသားအိမ်ပေါ်တက်၍ အိမ်ကိုအပိုင်စီးထားတတ်ကြသည်။ ထိုအခါမျိုးတွင် ပြုလုပ်လိုက်သောအလုပ်များသည် ကိုယ်ပိုင်အလုပ်မဟုတ်တော့ဘဲ အငှါးအလုပ် သူတစ်ပါးအလုပ်ချည်းသာဖြစ်နေတော့သည်။ တစ်နေ့လုံး မနေမနားကုန်းရုန်းကြိုးစားလုပ်နေရစေကာမူ ကိုယ့်အတွက် အားကိုးစရာကိုယ်ပိုင်အလုပ်ဟူ၍ မည်မည်ရရပေါ်မလာတတ်ချေ။ ရုပ်ပစ္စည်းလောက်သာ တက်လာတတ်ပြီး စိတ်စွမ်းအားဘက်မှ အတက်မပြချေ။ သို့ဖြစ်၍ ကိုယ်ဖြစ်ချင်တာကိုလည်း လုပ်မပေး၊ ကိုယ်လိုချင်ရာကိုလည်းယူမပေးလျှင် 'ငါ့နှလုံးအိမ်ထဲမှာ သူတစ်ပါးစိတ်, အငှားစိတ်တွေ ဝင်နေကြပြီ'ဟု နားလည်ရမည်ဖြစ်သည်။ ထိုအခါ တံမြက်လှည်းသကဲ့သို့ သဒ္ဓါတရားဖြင့် နှလုံးသားခန္ဓာအိမ်ကို သန့်ရှင်းပစ်ရမည်။ ဝီရိယနှင့်တွဲကာ သူတစ်ပါးစိတ်များကို ဖယ်ထုတ်ပစ်ရမည်။ သဒ္ဓါတရားပေါ်လာသည်နှင့်တပြိုင်နက် ကိုယ်ပိုင်စိတ်များ ချက်ချင်းဖြစ်လာကြသည်။ ကိုယ့်နှလုံးခန္ဓာအိမ်၌ ကိုယ့်စိတ်များဝင်ရောက်လာလျှင် ကိုယ်လုပ်လိုသောကိုယ်ပိုင်အလုပ်များကို စေကန်လုပ်နိုင်တော့မည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် သဒ္ဓါတရားသည် စိတ်၏ကယ်ဆယ်ရေးတာဝန်ကိုလည်းယူရသည်။ စိတ်သည် အမှတ်တမဲ့ လွှတ်ထားလျှင် ဩယဝဲစုပ်ခံရသည်။ လောဘ ဒိဋ္ဌိ မောဟဟူသော ဝဲဩယသည် ကိုယ်ပိုင်အလုပ်ကိုလုပ်ခွင့်မပေးဘဲ စိတ်ကိုဖမ်းချုပ်တုတ်နှောင်ထားတတ်သည်။ ဥပမာအားဖြင့် -အင်္ဂါ ခြေလက်အားလုံးပြည့်စုံသည့် အားကောင်းမောင်းသန်သူ ၁-ယောက်ကို လူ ၃-၄ယောက်က အလျင်အမြန်ချက်ချင်းလာရောက်တွန်းလှဲ၍ ခြေနှင့်လက်ကို ဖမ်းချုပ်ပြီး ခိုင်ခံ့သောကြိုးဖြင့် ချည်နှောင်တုပ်ကာ ရေစီးအလွန်သန်၍ မြန်လှသောမြစ်ချောင်းထဲမျှောချလိုက်လျှင် ထိုလူတွင်ရှိနေသော အင်္ဂါခြေလက်များသုံး၍မဖြစ်တော့ဘဲ အလကားဖြစ်သွားသည်။ ပမာန ခြေနှင့်လက်ကို ချည်တုပ်ထားလိုက်သဖြင့် ရှိနေသောခွန်အားလည်း ဘာမျှအသုံးမဝင်တော့ချေ။ ပါနေသောမျက်စိလည်း ဘာကိုမျှမြင်အောင် ကြည့်နိုင်စွမ်းမရှိတော့ချေ။ သူတစ်ပါး၏ ချုပ်ချယ်ဖိစီး လွှမ်းမိုးနှိပ်စက် အနိုင်ကျင့်မှုကို ခံရသော ထိုသူ၏တစ်ကိုယ်လုံးသည် ကိုယ့်အတွက်ဘာတစ်ခုမျှအသုံးမဝင်တော့ချေ။ ထို့အတူပင် မိမိစိတ်သည်လည်း လောဘ ဒိဋ္ဌိ မောဟ ဝဲစုပ်၍ ဖမ်းချုပ်ခံရလျှင် မရပ်မတည် ချာလပတ်ရန်း၍နစ်မွှမ်းကာ မြုပ်သွားတတ်သည်။ ထောက်တည်ရာမရအောင်လည်း မျောသွားတတ်သည်။ ရှိနေသောစိတ်ခွန်အားလည်း အသုံးမဝင်တော့ချေ။ ပညာမျက်စိလည်း ကန်းသွားတော့သည်။ ရှိသမျှ အလကားဖြစ်သွားသည်။ လှုပ်ရှားအားထုတ်နေသမျှလည်း ကိုယ့်ဟာ ဘာမှမဟုတ်တော့ဘဲ သူတစ်ပါးအလုပ်ချည်းသာ ဖြစ်နေသည်။ ပြဆိုခဲ့ပြီးဥပမာတွင် ကြိုးတုပ်၍ ရေမျှောခံရသောလူ၁-ယောက်ကို စိတ်ကောင်းရှိသူလူတစ်စုက အချိန်မီတွေ့မြင်လိုက်၍ ချက်ချင်းဆယ်ယူကယ်တင်ပြီး ကြိုးများကို ဖြေပေးလိုက်လျှင် ထိုသူ၏ တကယ်ရှိနေသော အင်္ဂါ ခြေ လက် မျက်စိများ ခွန်အားများကို တစ်ဖန်ပြန်၍ လိုသလိုအသုံးချခွင့်ရသွားနိုင်ပြန်သည်။

ထို့အတူပင် ဝဲစုပ်၍နှစ်မြုပ်ခံရသော စိတ်ကိုလည်း သဒ္ဓါတရားက အချိန်မီဆယ်ယူကယ်တင်၍ နီဝရဏကြိုးကို ဖြေပေးလိုက်လျှင် စိတ်၏ပင်ကိုယ်အင်အားများ ပြန်ပေါ်လာကာ လိုသလိုအသုံးချနိုင်ခွင့် ရသွားပြန်သည်။ မြုပ်နေ မျောနေသောစိတ်ကို သဒ္ဓါတရားက ကယ်ဆယ်ပေးလိုက်ခြင်းကြောင့် ကိုယ့်စိတ်တိုင်းကျဆောင်ရွက်ပေးနိုင်သော ကိုယ်ပိုင်စိတ်ကောင်းများပေါ်လာရလေသည်။ ယုံကြည်ချက်သဒ္ဓါတရား အားကောင်းသလောက် စိတ်အစဉ်သန့်ရှင်းကြည်လင်ပြီး ကိုယ့်စိတ်များသာ နေရာယူလာကြသည်။

ကိုယ့်နှလုံးသားထဲ၌ ကြည်လင်သန့်ရှင်းသော ကိုယ့်စိတ်များဖြစ်လာလျှင် ကိုယ့်လမ်းကို ကိုယ်အပူကင်းအောင် စိတ်ကြိုက်ရှင်းနိုင်မည်ဖြစ်သည်။ ကိုယ့်နှလုံးခန္ဓာအိမ်၌ ကိုယ်ပိုင်စိတ်များဖြစ်လာချိန်၌ ပြုလုပ်ဆောင်ရွက်သမျှ အလုပ်ခပ်သိမ်းသည် ကိုယ်ပိုင်အလုပ်ချည်းသာဖြစ်သည်။ စိတ်ကြည်နေလျှင် ပြုလုပ်ပြောဆိုကြံစည်သမျှ ကိုယ်ပိုင်တရားကိုယ့်စွမ်းအားချည်းသာ ပေါ်လာရသည်။ ကိုယ်ပိုင်ရဖို့အရေး၌ ကိုယ့်စိတ်ရှိဖို့သာလိုရင်းဖြစ်သည်။ ကိုယ့်စိတ်ရှိ၍ အမြင်ကြည်လာလျှင် နိုင်ငံ့ကိစ္စလည်းကိုယ်ပိုင်အလုပ်ပင်ဖြစ်သည်။ ကိုယ့်စေတနာက ကိုယ့်ကို ပြန်အကျိုးပေးမည်သာဖြစ်သည်။ ကိုယ့်စေတနာကောင်းက ကိုယ့်အတွက် ကောင်းကျိုးပေးမည်ဟု တစ်ထစ်ချယုံကြည်နေသူအတွက် သူတစ်ပါး၏အလုပ်ကိစ္စများ, ရပ်ရွာမြို့နယ်ကိစ္စများ, မကင်းနိုင်သော အထွေထွေကိစ္စများအားလုံးသည် ကိုယ်ပိုင်ရကြောင်း အလုပ်ကောင်းချည်းသာဖြစ်သည်။ စိတ်ကောင်းထား၍ အလုပ်ကောင်းလုပ်ကာ ကိုယ်ပိုင်တရား ကိုယ့်စွမ်းအားရရှိနေသူ၏နောက်သို့ ကောင်းကျိုးချမ်းသာများသစ္စာရှိရှိဖြင့် အရိပ်ပမာလိုက်နေကြပုံကို ဉာဏ်ဖြင့်ကြည့်တတ်သလောက် အားရှိဖွယ်တွေ့မြင်ရမည်ဖြစ်သည်။ သဒ္ဓါကောင်းသူ စိတ်ကြည်ဖြူလျှင် ကိုယ့်အတွက်သာအရိပ်ပေးနိုင်သည်မဟုတ်၊ ရှင်လူ ရဟန်းများစွာအတွက်ပင်အရိပ်ကောင်းကောင်းပေးနိုင်စွမ်းရှိလေသည်။ သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းမက ခိုလှုံမှီခိုနိုင်သကဲ့သို့ လူတစ်ယောက်စိတ်ကောင်းထား၍ အရိပ်ကောင်းသွားလျှင် ကိုယ်ရောသူပါ လူများစွာတို့ လောကသာသနာ, လောကီ - လောကုတ္တရာ အရာခပ်သိမ်းအတွက် အစစအရာရာအရိပ်ခိုရပေသည်။

ရှေးအခါက ကဋမ္ဗရရွာသူအမျိုးသမီးငယ်တစ်ဦးရှိသည်။ သဒ္ဓါတရားဖြင့် ကြည်လင် အေးချမ်းစွာနေတတ်သဖြင့် 'မကြည်အေး'ဟု ခေါ်ရမည်ဖြစ်သည်။ မည်သည့်အလုပ်ကိုမဆို မည်သူ၏ကိစ္စကိုမဆို စိတ်ကောင်းထား၍ အကောင်းဆုံးဖြစ်အောင်သာ လုပ်ပေးတတ်သည်။ တစ်ချိန်တွင် သားဦးကလေးရပြီးခါစအချိန်၌ တရားပွဲရှိကြောင်း သတင်းကြားရသဖြင့် မအားလပ်မပြီးပြတ်နိုင်သော အိမ်အလုပ်များကို 'အိမ်အလုပ်ဆိုတာ အိမ်ရှိနေသမျှ ရှိမယ်၊ အိမ်ဆိုတာလဲ ခန္ဓာရှိနေသမျှရှိမှာပဲ၊ အိမ်အလုပ်ပြီးခါမှ တရားသွားနာမယ်ဆိုရင် ငါ့တစ်သက်



www.burmeseclassic.com

www.burmeseclassic.com


တရားနာချိန်ရှိမှာ မဟုတ်တော့ဘူး၊ အချိန်ဆိုတာ သုံးတတ်မှသာ အဖိုးတန်လိမ့်မယ်၊ အိမ်အလုပ်မအားချင်နေ၊ တရားနာသွားမှဖြစ်မယ်'ဟု တရားလမ်းကြောင်းပေါ် စိတ်ကိုတင်လိုက်၏။ သားငယ်ငယ်ကလေးကို အကြောင်းပြု၍ ဆင်ခြေပေးစရာအကြောင်း ပေါ်လာပြန်သောအခါ 'သားကြီးခါမှ တရားနာရင်လဲ တရားအခွင့်အရေးနောက်ကျသွားလိမ့်မယ်၊ သိစရာတွေ အချိန်နှောင်သွားလိမ့်မယ်၊ သားငယ်ချင်ငယ်ပါစေ တရားနာသွားမှဖြစ်မယ်'ဟု ဆုံးဖြတ်လိုက်သည်။ အိမ်မှာထားခဲ့၍ မဖြစ်နိုင်သဖြင့် သားငယ်ကလေးကိုပါခေါ်ပြီး တရားပွဲရှိရာသို့ သွားလေသည်။ ကျောင်းအတွင်း ပရိသတ် ပြည့်နေသည့်လည်းတစ်ကြောင်း၊ သားငယ်ပါခဲ့သည်လည်း တစ်ကြောင်းကြောင့် ကျောင်းတွင်းသို့မဝင်ဘဲ ကျောင်းအပြင်သစ်ပင်အောက်၌ သားငယ်ကို ပျဉ်ချပ်ပေါ် သိပ်ထားကာ တရားကိုစူးစူးစိုက်စိုက်နာယူနေသည်။ တရားနာနည်း ၅-နည်းအတိုင်း ခန္ဓာမှာဉာဏ်စိုက်၍ လက်တွေ့ ပွားများရင်း လေးလေးစားစားနာယူသည်။ တရားနာရင်း သားဘက်သို့လှည့်ကြည့်လိုက်ရာ မြွေဆိုးကြီး တစ်ကောင် သားပေါ်တက်ကိုက်နေသည်ကို မြင်တွေ့လိုက်ရသည်။ 'တရားပွဲပြီးမှ ကြည့်ရှင်းတော့မည်'ဟု မြွေဆိပ်တက်၍ မေ့မျောနေသောသားငယ်ကို စိတ်အာရုံ၌ဝင်မလာစေဘဲ သတိဖြင့်ပိုင်နိုင်စွာထိန်းကာ နာမြဲ တရားကို ဆက်လက်၍ နာကြားနေ၏။ အချိန်ကိုပိုင်နိုင်စွာထိန်း၍ တရားနာရင်း ခန္ဓာမှာဉာဏ်စိုက်ပြီး ပွားများလိုက်ရာ သောတာပန်ဖြစ်သွားသည်။ တရားပွဲပြီး၍ သားဘက်ကိုကြည့်လိုက်ပြန်ရာ သားငယ်မှာ မေ့မျောနေတုန်းပင်ရှိသေးသည်။ သစ္စာဆိုလိုက်သည်။ 'ငါသည်တရားကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ချမ်းသာခွင့်ရသွားပြီ၊ တရားဆိုတာ ငါ့သားလေးအပါအဝင် သတ္တဝါအားလုံးချမ်းသာဖို့ ပေါ်ပေါက်လာခြင်းသာဖြစ်တယ်၊ ဤသို့ မှန်ကန်သောသစ္စာစကားကြောင့် သားငယ်ကလေး ချမ်းသာပါစေ'ဟု ၁-ခေါက်သစ္စာဆို၍ပြီးသည်နှင့် တပြိုင်နက် သားငယ်၏ခန္ဓာမှ မြွေဆိပ်အားလုံး လျှောကျသွားလေသည်။ သဒ္ဓါစွမ်း၊ မေတ္တာစွမ်း၊ ကရုဏာစွမ်း၊ တရားစွမ်းကြောင့် ဆေးတစ်ချက်မျှမထိုး လိုက်ရဘဲ ဆေးတစ်ခွက်မျှ မတိုက်ကျွေးလိုက်ရဘဲ သားငယ်၏ရောဂါ လုံးဝကင်းပျောက်သွားရ၏။ မကြည်အေးတစ်ယောက် တိကျလေးနက်သောယုံကြည်ချက်ဖြင့် သားသောက ကိုပင်ထိန်း၍ အချိန်မရွှေ့ဘဲ ပစ္စုပ္ပန်ကိုသာတန်ဖိုးထားပြီး တရားကိုလက်တွေ့ပွားများလိုက်ရာ မိမိအတွက်ရော သားငယ်အတွက်ပါ နှစ်ဦးစလုံးအတွက် ထောက်တည်ရာရသွားခဲ့လေသည်။ မည်သည့် အာရုံငါးမျိုးနှင့်တွေ့ရ သည်ဖြစ်စေ မိမိနှလုံးသားခန္ဓာအိမ်၌ သူတစ်ပါး၏အငှားစိတ်မဝင်လာစေဘဲ ကိုယ်ပိုင်စိတ်ကိုသာ ခိုင်မာ ပြတ်သားစွာထား၍ ကြိုးစားတတ်သူ၏စွမ်းအားသည် တကယ်ပင်အံ့ဖွယ်ကောင်းလှပါပေသည်။

## ၆၊ အသီးတစ်ရာ အညှာတစ်ခု

- **အသိဉာဏ်ကင်း၊ ညံ့ဖျင်းသူမှာ၊ မေ့လျော့ကာ၊ လုပ်ပါသော်လည်း အားမတက်။**
- **အာရုံနယ်ကျွန်၊ အပျော်လွန်ကာ၊ အညှာပြုတ်ကျ၊ အပူရ၊ ရှုံးရအဆက်ဆက်။**
- **အသိဉာဏ်ရှိ၊ အမှန်ကြည့်သူ၊ သတိမူကာ၊ ဉစ္စာအလား၊ စောင့်ရှောက်ထား၊ ကြိုးစားအားထုတ်လျက်။**
- **အသီးတစ်ရာ၊ အညှာတစ်ခု၊ သတိပြု၊ ကောင်းမှုစွမ်းအားတက်။**
- **အချိန်တန်ဖိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးအဆက်ဆက်။**

အချိန်တန်ဖိုး လူ့တန်ခိုးကို ဖော်ထုတ်မြှင့်တင်ရာတွင် အလုပ်ပိုင်း၌အချိန်ထိန်းသတိသည် လိုရင်းအချုပ် ပဓာန ဖြစ်သည်။ အချိန်ထိန်းကိရိယာ၊ အာရုံထိန်းကိရိယာ၊ စိတ်ထိန်းကိရိယာဟု ဝေါဟာရခွဲ၍ ခေါ်နိုင်သော်လည်း အလုပ်သဘောအားဖြင့် တစ်မျိုးတည်းသာဖြစ်သည်။ စိတ်ကို သတိဖြင့် ထိန်းလိုက်လျှင် အာရုံကိုလည်း ထိန်းပြီးဖြစ်သွား၍ အချိန်ကိုလည်း ထိန်းနိုင်လေသည်။

မမေ့မလျော့မပေါ့ဆဘဲ ထက်သန်စူးစိုက်သောစိတ်နှင့်အာရုံကို နေရာချထားပေးနိုင်သော၊ အချိန်မီ ပြီးအောင်လည်း ချုပ်ကိုင်ပေးနိုင်သောစွမ်းအားကို အပ္ပမာဒသတိဟုခေါ်ရသည်။ ရည်မှန်းချက်နှင့်အလုပ် လုံးဝလမ်းစပျောက်သွားလျှင် မေ့သည်ဟုခေါ်သည်။ မေ့လျှင် ဘာမှမရတော့ဘဲ ဗလာသုညဖြစ်သွားသဖြင့် 'လူဖျင်း'ဖြစ်သွားသည်။ ရည်မှန်းချက်နှင့် အလုပ်လမ်းကြောင်းမပျောက်သော်လည်း အချိန်မီမလုပ်ဘဲ အချိန်ဆွဲ ထားခြင်း၊ ပြီးစလွယ် အပေါ်ယံရှော်ရှုပ်ရှုပ် ပေါ့ပျက်ပျက်လုပ်ခြင်း၊ မတိကျမသေချာခြင်း၊ အကွက်မစေ့ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



လစ်ဟင်းပျက်ကွက်ပြတ်တောက်ခြင်းမျိုးကို လျော့သည်, ပေါ့သည်, ဆသည်ဟုခေါ်ရသည်။ လျော့လျှင် ပေါ့လျှင် ဆလျှင် ရည်မှန်းချက်အရည်အသွေးမမီ, စံချိန်စံနှုန်းမပြည့်တော့သဖြင့်'လူညံ့'ဖြစ်သွားသည်။ အပွမာဒ သတိသည် 'လူဖျင်း'လည်း မဖြစ်ရအောင်,'လူညံ့'လည်းမဖြစ်ရအောင်, အရည်အသွေးမီ၍ စံချိန်လည်းပြည့်အောင် ထိန်းချုပ်ပေးသော စံချိန်ထိန်းစွမ်းအားဖြစ်ပေသည်။

အမှန်အားဖြင့် သတိသည် အသီးတစ်ရာကို ထိန်းချုပ်ထားနိုင်သော အညာတစ်ခုသဖွယ် အသီးတစ်ရာ မကများပြားလှသော စွမ်းအားအနန္တကို ထိန်းချုပ်ပေးနိုင်သည်။ သတ္တဝါအနန္တကိစ္စ အနန္တ စွမ်းအားအနန္တကို ရည်မှန်းချက်ပြုတ်မကျအောင် ကိုင်တွယ်ပေးသော လောက၏ပင်မ ပဓာန အညာကြီးဖြစ်ပေသည်။ ထိုအညာ ပြုတ်ကျ၍ အာရုံနယ်ကျွန်အပျော်လွန်နေလျှင် အပူအခိုးအငွေ့သာတိုးလာ၍ အရှိန်သာ ဆက်၍ ဆက်၍ ပေါ်လာ တတ်သည်။ မေ့လျော့ညံ့ဖျင်းသူ၏အလုပ်သည် လုပ်နေပါသော်လည်း အားကိုးစရာ စွမ်းအားတက်၍ မလာ နိုင်ပေ။ ရေတစ်ပေါက်မျှမထည့်ဘဲ မီးကိုသာဖိထိုး၍ ထမင်းချက်နေသူနှင့်သာတူလိမ့်မည်။ ဥဂ္ဂဏ်ရှိ၍ အမှန်ကြည့်တတ်သူသည် သတိတရားကို အဖိုးတန်ဥစ္စာအလား မြတ်နိုးစွာ စောင့်ရှောက်ထားရမည်။ ကြိုးစား အားထုတ်တိုင်း သတိအထိန်း တပ်ရမည်။ အညာတစ်ခုပိုင်သူသည် အချိန်တန်ဖိုးလူ့တန်ခိုးများ အဆက်မပြတ် တိုးပွားအောင် မြှင့်တင်နိုင်ပေသည်။ အညာပြုတ်လျှင် ဒုက္ခရောက်၍ အညာခိုင်မှ ကိုယ်ပိုင်ရနိုင်သည်။

## ၇၊ ခံ့ညားစပွယ် မောင်မိုးလယ်

- **မသိမစင်၊ မကြည်လင်၊ စွမ်းအင်ဆုံးရှုံးသည်။**
- **အရာမဟုတ်၊ လူလည်လုပ်၊ လူရှုပ်ဖြစ်တတ်သည်။**
- **လူရှုပ်ဖြစ်က၊ ဝိုင်းပယ်ကြ၊ ဒုက္ခအပူပွားရသည်။**
- **အသိစင်ကြယ်၊ စွမ်းရည်ကြွယ်၊ လူလယ်(လည်)လုပ်တတ်သည်။**
- **လူလယ်လုပ်က၊ ထူးခြားလာ၊ သိက္ခာပြည့်စုံသည်။**
- **သိက္ခာပြည့်စုံ၊ အားလုံးယုံ၊ ဝိုင်းအုံချဉ်းကပ် မြတ်နိုးသည်။**
- **ကြီးလေ လှလေ၊ အေးမြပေ၊ လူတွေ ချစ်ကြသည်။**
- **အချိန်တန်ဖိုး၊ လူ့တန်ခိုး၊ ကောင်းကျိုး စည်ပင်သည်။**

လောက၌ အဖြူကိုဂုဏ်တင်လိုလျှင် အမည်းနှင့်ယှဉ်ပြမှပို၍ပေါ်လွင်၏။ ကောင်းဂုဏ်ကို ချီးကျူးရာ၌ လည်း ဆိုးပြစ်ကိုထောက်ဆကြည့်မှ ပို၍လေးနက်တန်ဖိုးတက်စမြဲ တည်း။ စင်စစ်အားဖြင့် ကောင်းဂုဏ်သည် အသက်ကြီးရုံအချိန်ကုန်ရုံမျှဖြင့် အလိုအလျောက်ရရှိလာသော ဘုံဆိုင်စွမ်းရည်မျိုး မဟုတ်ချေ။ ဆိုးပြစ်ကို တကယ်မြင်၍ စင်ကြယ်အောင်ရှောင်ရှားက စွမ်းအားကို နေရာတကျဖြည့်သွင်းအားထုတ်နိုင်သော အာဇာနည် တို့၏ သီးခြားကိုယ်ပိုင်စွမ်းရည်မျိုးသာ ဖြစ်သည်။ ပုထုဇဉ် အများစု၏ စိတ်အများစုမှာ ဆိုးပြစ်သို့သာ တိမ်းလွယ် ညွတ်လွယ်တတ်သဖြင့် ကောင်းဂုဏ်များ လက်လွတ်ဆုံးရှုံး၍သာ နေတတ်ချေသည်။

အသိမစင်ကြယ်လျှင် နီဝရဏငါးပါးတို့က လိုချင်သောဂုဏ်စွမ်းရည်များကို ဖယ်ရှားဖျက်ဆီးပစ်တတ် သည်။ အသိစင်ကြယ်မှ သဒ္ဓါစသော ဗလငါးပါးတို့က ဂုဏ်စွမ်းရည်ကြွယ်ဝအောင် ဖြည့်တင်း မြှင့်တင်ပေး နိုင်ကြသည်။ အသိမစင်ကြယ်လျှင် လုပ်သင့်သည်ကိုမလုပ်မိ၍ဖြစ်စေ, မလုပ်သင့်သည်ကို လုပ်မိ၍ဖြစ်စေ စွမ်းအင်ဂုဏ်ရည်များ ဆုံးရှုံးပျက်ပြားလက်လွတ်သွားတတ်သည်။

အသိမစင်ကြယ်လျှင် အရာမဟုတ်သည် ၌ လူလည်လုပ်မိတတ်ပြီး လူရှုပ်ကြီးဖြစ်သွားက အများ၏ ဝိုင်းပယ်ရှုပ်ချခြင်းကိုခံရ၍ ဒုက္ခအပူပွားတတ်ချေသည်။ ကိုယ့်ဟာကိုယ် လည်လှသည် အထင်နှင့် လူလည်လုပ် လိုက်သော်လည်း ဘေးပတ်ဝန်းကျင်က ကိုယ့်ကို လူလည်ဟုမမြင်ဘဲ အပို လူရှုပ်ကြီးဟုသာ မြင်နေတတ်သည်။ ကလည်ပတ်မှုမှန်မှ ကောင်းကျိုးလည်ပတ်မှုမှန်နိုင်သဖြင့် အသိတရားရှေ့ထား၍ ကကိုမှန်ကန်အောင် လည်ပတ် ပေးနိုင်သူသာ တကယ့်လူလည်အစစ် ဖြစ်ပေသည်။ အသိတရားအကျင့်တရားဖြင့် မှန်အောင်လည်ပတ်ပေးနိုင်မှ



www.burmeseclassic.com

အလုပ်နှင့် ရည်မှန်းချက် အဆက်မပြတ်ရအောင် ဆက်စပ်ပေးနိုင်မည်ဖြစ်သည့်အတွက် လူလည်လုပ်ရကျိုးနပ်မည်။ လူလည် လုပ်တတ်မှ သိက္ခာ, အကျင့်ဘက်စုံမြင့်၍ အများ၏ချစ်ခင်မြတ်နိုးအားကိုးမှုကိုခံရပေမည်။ သာသနာသည် လူလည်အစစ်လုပ်နည်းကို ညွှန်ပြသောလမ်းစဉ် ဖြစ်ပေသည်။

ဘုရားလက်ထက်တော်အခါက အရှင်မဟာကဿပတွင် မြန်မာအမည်အားဖြင့် 'မောင်ဖိုးလယ်'ဟု ခေါ် ရသော တပည့်တစ်ယောက်ရှိ၏။ တက်လိုက်ဆင်းလိုက် ချာချာလည်နေအောင် နည်းမျိုးစုံဖြင့် လူလည်လုပ်နေ သောကြောင့် 'မောင်ဖိုးလယ်'ဟု ခေါ်ရခြင်းဖြစ်သည်။ တစ်ချိန်တွင် တရားနာရသဖြင့် သဒ္ဓါတရားပေါက်ကာ ဒါနသီလမျှဖြင့် အားမရမတင်းတိမ်တော့ဘဲ ဘာဝနာကိုပါ တိုး၍ အချိန်များများယူကာ ပွားများအားထုတ်လို သောကြောင့် အရှင်မဟာကဿပထံ ရဟန်းအဖြစ်ကိုတောင်း၍ ရဟန်းပြုခွင့်ရခဲ့သည်။ ရဟန်းဘဝ၌ဆရာဖြစ်သော အရှင်မဟာကဿပ၏ လမ်းညွှန်ချက်ကို အတိအကျလိုက်နာကာ သိက္ခာသုံးပါးကို ဖြည့်လျက် တရားကိုအားထုတ်ခဲ့သဖြင့် လောကီစျာန်အားလုံးရခဲ့သည်။ စွမ်းရည်ကြွယ်ဝသော သမာဓိပိုင်ရှင်ဖြစ်လာသည်။ ဝိပဿနာကိုကား ရံဖန်ရံခါ သာမန်လောက်သာအားထုတ်ပုံရသည်။ လေးလေးနက်နက်အားထုတ်ပုံ မပေါ်သေး။ တစ်နေ့သောအခါ မြို့တွင်းသို့ကိစ္စရှိ၍သွားရာ သူ့ဦးလေးရွှေပန်းထိမ်သည်အိမ်၌ ဆန့်ကျင်ဘက်အာရုံတစ်ခုနှင့်တွေ့ရသဖြင့် စိတ်ကိုထိန်းနိုင်စွမ်းမရှိဘဲ ငုပ်လျှိုးနေသော နီဝရဏများ ထကြွသောင်းကျန်းလာပြီး ရထားသောစျာန် အားလုံး ကွယ်ပျောက်ခဲ့ရသည်။

နီဝရဏများက စျာန်ပိုင်ရှင်ဦးပဥ္စင်း ဖိုးလယ်ကို သာသနာမှနှင်လိုက်၏။ အိမ်ရာတည်ထောင် လူ့ဘောင်သို့ ရောက်သွား၏။ အိမ်သို့ရောက်ပြန်တော့လည်း စိတ်ကိုမနိုင်တော့သဖြင့် အပျင်းထူ၍သာနေ၏။ အလုပ်ကို အလုပ်နှင့်တူအောင် ဘာဆိုဘာမျှမလုပ်၊ ထို့ကြောင့် အိမ်နေသူ လူများက မကြည်ဖြူကြတော့သဖြင့် အိမ်မှနှင်ချလိုက်ကြသည်။ လူလယ်မလုပ်တတ်သဖြင့် လူရှုပ်ဖြစ်ကာ ဖိုးလယ်ခမျာ ဝိုင်းပယ်ခံရရှာလေပြီ။ 'ငါ့ကို ဘယ်သူမျှအရေးမစိုက်ရင်လဲ ငါထင်ရာ ငါလုပ်ရုံပဲပေါ့'ဟု ဆုံးဖြတ်ကာ သူခိုးလူဆိုးများနှင့်ပူးပေါင်း၍ ခိုးဆိုးတိုက်ခိုက်လုယက်လျက် လူမိုက်အလုပ်ကို လုပ်လေတော့သည်။ စျာန်သမာဓိရနေစဉ် စောစောတုန်းက ဤအဖြစ်မျိုးသို့ ရောက်သွားလိမ့်မည်ဟု မည်သူမျှမထင်မှတ်ခဲ့ချေ။

တစ်နေ့သောအခါ အိမ်တစ်အိမ်ဝင်ခိုးနေတုန်း သက်သေခံပစ္စည်းနှင့်တကွ ဖိုးလယ် အဖမ်းခံရ၍ ရှင်ဘုရင်ထံပို့လိုက်သောအခါ ရှင်ဘုရင်က 'သူခိုးဖိုးလယ်ကို လက်ပြန်ကြိုး တင်းကျပ်အောင်တုပ်၊ မြို့ထဲလမ်းတိုင်း လျှောက်ပြ၊ လမ်းဆုံရောက်တိုင်း ကြိမ်နှင့်ရိုက်၊ တောင်စမုခ်က ထောင်ထုတ်၊ ကားစင်တင်၊ တံကျင်လျှိုခုတ်ပိုင်းသတ်စေ'ဟု သေဒဏ်ပေးလိုက်သည်။ အရာမဟုတ်သည်၌ လူလည်လုပ်မိသဖြင့် ဦးပဥ္စင်းလူထွက်ဖိုးလယ်ခမျာ သေဒဏ်အပေးခံရသည်ထိ ဝိုင်းပယ်ခံရရှာပြန်ပြီ။ တာဝန်ရှိသူများလည်း မင်းအမိန့်အတိုင်းပင် ဖိုးလယ်ကို လက်ပြန်ကြိုးတင်းကျပ်နေအောင်တုပ်၊ လမ်းတိုင်းလျှောက်ပြ၊ လမ်းဆုံရောက်တိုင်း ကြိမ်နှင့်ရိုက်လျက် သွားနေကြရာ တစ်နေရာရောက်သောအခါ အရှင်မဟာကဿပဆွမ်းခံကြွနေခိုက်နှင့် သွားတိုးလေသည်။

ရိုက်သံ နှက်သံ အော်ဟစ်သံကြားရ၍ အရှင်မဟာကဿပက ကြည့်တော်မူလိုက်သောအခါ 'ဩော် ငါ့တပည့်ဖိုးလယ်ပါလား၊ လူဆိုးဖြစ်လို့ သေဒဏ်တောင်ကျနေပြီပဲ' ဟု သိတော်မူကာ 'သူ့ကံနှင့်သူ ဖြစ်ချင်ရာဖြစ်ပစေတော့'ဟုလျစ်လျူရှုတော်မမူဘဲ ကရုဏာကြီးစွာဖြင့် အနီးသို့ကြွသွားတော်မူ၏။ တာဝန်ရှိသူများကို တင်းကျပ်စွာတုတ်နှောင်ထားသောကြိုးကို အနည်းငယ်လျှော့ပေးရန် မေတ္တာရပ်ခံပြီး ဖိုးလယ်အား 'အားထုတ်ခဲ့ပြီး တရားကို ပြန်ဆင်ခြင်လိုက်ပါ' ဟု သတိပေးတရားဟောကြားကာ ပြန်ကြွတော်မူသည်။

ဆရာသမား၏မေတ္တာရိပ်ကို ခိုလှုံခွင့်ရရှိသွားသော မောင်ဖိုးလယ်အတွက် တန်ဖိုးဆုံးဖြတ်၍ မရနိုင်လောက်အောင် အတိုင်းထက်အလွန် စိတ်အားတက်သွားသည်။ ရဟန်းဘဝက အားထုတ်ခဲ့ပြီးသော ကမ္မဋ္ဌာန်းကို အချိန်မဆိုင်းဘဲ ချက်ချင်းပရိကံလုပ်၍ ကြိုးတုပ်ခံရသည့်ကြားထဲမှပင် သတိဖြင့်အာရုံကိုဖော် စိတ်ကိုထိန်းကာ အားထုတ်လိုက်ရာ လောကီ စျာန်၄-ပါးလုံးရရှိသွား၏။ မှန်၏။ လောက၌ ပစ္စုပ္ပန်အချိန်သာ အဖိုးအတန်ဆုံးဖြစ်၍ ပစ္စုပ္ပန်တွေ့ကြုံဆဲ လုပ်ဆဲအလုပ်သာ အရေးအကြီးဆုံးဖြစ်သည်။ မောင်ဖိုးလယ်သည် ပစ္စုပ္ပန်အချိန်ကို



www.burmeseclassic.com

www.burmeseclassic.com


လက်လွှတ်၍ 'အချုပ်အနှောင်မှ လွတ်လျှင် တရားအားထုတ်တော့မည်'ဟု အနာဂတ်ကိုသာအားကိုးမိလျှင် ဖိုးလယ်ဘဝကား အလကားဖြစ်သွားတော့မည်။ ပစ္စုပ္ပန်ကိုအရှိအခြေအနေအတိုင်းသာသုံးသပ်၍ တန်ဖိုးထား တတ်သော ဖိုးလယ်၏စိတ်ဓာတ်ကို လေးစားထိုက် ချီးကျူးထိုက်ပေသည်။ ဖိုးလယ်သည် ကိလေသာ နီဝရဏကို ချွာန်ဖြင့်ခွာလိုက်သဖြင့် ကြောက်စိတ်လည်းကင်းသွား၏။

မြို့အပြင်ဘက်ရောက်၍ သတ်မှတ်ထားသောကားစင်ပေါ်တင်ပြီး တံကျင်လျှိုရန် ခုတ်ပိုင်းရန် လက်နက် များ ပြင်နေကြသည်ကိုမြင်ရသော်လည်း ဖိုးလယ်မကြောက်တော့ချေ။ ဘာမှမဖြစ်သလို ဣန္ဒြေမပျက်ပင် ချွာန်သမာဓိဖြင့် တည်ငြိမ်ရင့်ကျက်စွာနေလိုက်သည်။ တာဝန်ရှိသူအားလုံး လက်ဖျားခါအံ့အားသင့်ကုန်ကြသည်။ အခြေအနေ ထူးဆန်းလှသဖြင့် မသတ်ကြသေးဘဲ ရှင်ဘုရင်ထံ ဖြစ်ကြောင်းကုန်စင် သံတော်ဦးတင်ကြသည်။ 'သေဘေးတွေ့ရပါလျက် မကြောက်လျှင် မကြောက်ရမယ့်စွမ်းအားရှိနေလို့ဖြစ်မှာပဲ၊ ကဲ-ဒါဖြင့် မသတ်ကြနှင့်၊ လွှတ်လိုက်ကြတော့' ရှင်ဘုရင်က ဖိုးလယ်အား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။

မြတ်စွာဘုရားထံလည်း သွားလျှောက်ကြသည်။ မြတ်စွာဘုရားက ကျောင်းတော်မှနေ၍ ရောင်ခြည်တော် လွှတ်ကာ ဖိုးလယ်အားတရားဟောတော်မူလိုက်၏။ ဖိုးလယ်က တရားကို ရိုရိုသေသေ နာကြားလျက် ခန္ဓာမှာ ဉာဏ်ချကာ ဝိပဿနာရှုပွားလိုက်ရာ ကားစင်ပေါ်၌ပင် သောတာပန် ဖြစ်သွားသည်။ တာဝန်ရှိသူများကလည်း ကြိုးကိုဖြေ၍လွှတ်လိုက်ကြ၏။ ဖိုးလယ်က ချွာန်သမာဓိကိုအခြေခံ၍ အဘိဉာဏ်ရအောင် ဆက်အားထုတ်ကာ အဘိဉာဏ်ရပြီးနောက် ကောင်းကင်ခရီးဖြင့်ပျံလျက် ဘုရားသီတင်းသုံးရာကျောင်းသို့သွားလေ၏။ ဘုရားထံ ဆက်တရားနာကာ ခန္ဓာမှာ ဉာဏ်ချလျက် ဝိပဿနာပွားများအားထုတ်လေသော် ဘုရားရှေ့၌ပင်ထိုင်ရင်း ရဟန္တာဖြစ်သွားလေသည်။ ရဟန္တာဖြစ်သွားသဖြင့် ရဟန်းလည်းပြန်ပြုလိုက်လေသည်။

ဤအကြောင်းအရာကိုကြည့်လျှင် ရှုထောင့်အမျိုးမျိုးမှကြည့်တတ်သလောက် မြင်နိုင်မည်ဖြစ်သည်။ အဓိကအားဖြင့် အသိမစင်ကြယ်၍အချိန်မထိန်းနိုင်သဖြင့် စွမ်းရည် တန်ခိုး လူ့တန်ဖိုး ဆုံးရှုံးရပုံ၊ အရာမဟုတ် သည်၌ လူလယ်လုပ်မိ၍ဝိုင်းပယ်ခံရပုံ၊ တကယ့်အရေးကြုံလာလျှင် ဆရာသမားစကားကို အသက်မက တန်ဖိုး ထားပုံ၊ အသိသတိပေါ်လာသည်နှင့် ပစ္စုပ္ပန်အခြေအနေကိုသာတန်ဖိုးထား၍ အသုံးချတတ်ပုံ၊ အသိစင်ကြယ် စွမ်းရည်ကြွယ်မှုကြောင့် ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေး၍ ခွင့်လွှတ်လိုက်ကြပုံ၊ ပညာရှိများ၏ ချီးမြှောက်ခံရပုံ၊ လမ်းစပေါ်လာခိုက် အဆက်မပြတ်ကြိုးစားသွားပုံ၊ ခိုးမှုဖြင့် သေဒဏ်အပေးခံရသော်လည်း တရားစွမ်းအား ကြောင့် လူကမသေဘဲ လူက ကိလေသာကို မဂ်တရားဖြင့်ပြန်၍ သေဒဏ်ပေးလိုက်ပုံတို့မှာ ကြည့်တတ်လျှင် မြင်သာသော အကြောင်းအရာသင်ခန်းစာများဖြစ်ပေသည်။

အားလုံးငြိမ်းချမ်းကြပါစေ

တိပိဋကယောဆရာတော်
၁၃၅၅-ခုနှစ်၊တပေါင်းလ(၁၉၉၄၊မတ်လ)



www.burmeseclassic.com

www.burmeseclassic.com


# တိပိဋက မေ့လက်ဆောင်(၁၀)

# "ဘဝတစ်ကွေ့ ခဏတွေ့"

## နမော ဘဝဝိမုတ္တိဒေသကဿ

### ၁။ မသွားဘဲသာ နီး၍လာ

အပ္ပမာယု မနုဿာနံ၊ ဟီဠေယျ နံ သုပေါရိသော။
စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။

(သံ-၁-၁၀၉)

- ဆုတ်ကပ်ကာလ၊ လူ့ဘဝ၊ တိုလှလူ့တစ်သက်။
- သတိထားကာ၊ စဉ်းစားပါ၊ မှန်စွာကဲ့ရဲ့လျက်။
- ဦးခေါင်းမီးလောင်၊ ငြိမ်းအောင်ကျင့်ငြား၊ ပမာထား၊ စွမ်းအားဖြင့်အောင်တက်။
- သေခြင်းတရား၊ မရောက်ငြားသည့်၊ အများသတ္တဝါ၊ မရှိပါ၊ နီးလာသေဖို့ရက်။
- မသွားဘဲသာ၊ နီး၍လာ၊ မှန်စွာသုသာန်ဖက်။
- သွားပါသော်လဲ၊ ဝေးနေမြဲ၊ ချွတ်လွဲနိဗ္ဗာန်တွက်။
- ခန္ဓာရသမျှ၊ သေဆုံးရ၊ မုချကေနပ်ပျက်။
- ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင် ကြိုးစားတက်။

မိမိ၏ခမည်းတော်ကြီးဦးရဲနိုင်သည် အသက်(၇၄)နှစ်အရွယ် (၁၇-၉-၉၃) (၁၃၅၅၊ တော်သလင်း လဆန်း-၂ ရက်) သောကြာနေက နံနက်(၇)နာရီအချိန် လူကြီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ထိုစဉ်က 'ဘဝတစ်ကွေ့ ခဏတွေ့'စာအုပ်ငယ်ကို ရေးသားရိုက်နှိပ်၍ ပရိသတ်အား ဝေငှပေးရလျှင် အကျိုးများမည်'ဟု စိတ်ကူးမိခဲ့သည်။ သို့ရာတွင် စိတ်ဖြင့် နှလုံးသွင်းဆင်ခြင်ရုံ, နှုတ်ဖြင့်ဟောရုံမျှသာပြီးခဲ့၍ စာအုပ်အဖြစ် မရောက်ခဲ့ပါ။ ခမည်းတော်စျာပနပွဲ၌ 'ခမည်းတော်ကြီးနှင့် မိမိတို့ဘဝတစ်ကွေ့မှာခဏတွေ့ပြီး အချိန်စေ့၍ ခွဲခွာသွားခြင်းသာဖြစ်ကြောင်း၊ မိမိတို့လည်း သေလက်မှတ်ရပြီးဖြစ်၍ ကံနံ့သတ်ချိန်စေ့လျှင် သေရမည်သာ ဖြစ်ကြောင်း၊ ဘဝတစ်ကွေ့မှာ ခဏလေးသာတွေ့ခြင်းဖြစ်၍ မသေမီအတူနေရစဉ် အချင်းချင်းအကျိုးရှိအောင် စိတ်ကောင်းထား ဆောင်ရွက်ဖို့လိုကြောင်း၊ တစ်ယောက်ယောက်က ရှေးဦးစွာသေသွားလျှင် သေသူအတွက် အကျိုးရှိအောင် စေတနာမှန်ဖြင့် ကျန်ရစ်သူက ဆောင်ရွက်ပေးဖို့သာဖြစ်ကြောင်း၊ ပူဆွေးငိုကြွေးခြင်းသည် ကျန်ရစ်သူအတွက်ရော ဘဝပြောင်းသူအတွက်ပါ ဘာမျှအကျိုးမရှိကြောင်း၊ ပုထုဇဉ်တို့သဘာဝ နှမြောပူဆွေး သည့်စိတ်ပေါ်လာလျှင် သတိဖြင့်နိုင်သမျှထိန်းထားသင့်ကြောင်း၊ ဆွေမျိုးပျက်စီးမှုကြောင့် သောတာပန်များပင် ငိုကြွေးကြသေးသည်ဖြစ်ရာ ပုထုဇဉ်အနေဖြင့် ငိုကြွေးခြင်းသည် အထူးအဆန်းမဟုတ်သော်လည်း တရားဖြင့် ထိန်းနိုင်လျှင်ငြိမ်းအေးကြောင်း၊ သေသွားသူကိုရည်စူး၍ ကုသိုလ်ပြုခြင်းသည် မေတ္တာဖြင့် အကျိုးလိုလားသော စိတ်ကို ရှေ့သွားပြုပြီး တည်ငြိမ်သန့်ရှင်းအေးမြစွာ ပြုလုပ်ရသည့်သဘောသာဖြစ်ကြောင်း၊ အပူစိတ်ဖြင့် ငိုသံ ပါကြီးဖြင့်အမျှပေးလျှင် ရောက်မည်မဟုတ်ကြောင်း'စသည်ဖြင့် ဟောပြပေးခဲ့သည်။ မယ်တော်ကြီးနှင့် မိသားစု အားလုံး ခမည်းတော်ကြီးကို နှမြောကြသော်လည်း တရားဖြင့်ထိန်းနိုင်ကြ၍ နှလုံးစိတ်ဝမ်းအေးချမ်းကြသည်။ ရွှင်လန်းဝမ်းမြောက် စွာတရားနာယူနှလုံးသွင်းကြသည်။ ဝမ်းမြောက်ဝမ်းသာကုသိုလ်စစ်စစ်ပြုပြီး အမျှပေးဝေ နိုင်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ်တစ်ဖန် ၄-လအကြာ (၁၄-၁-၉၄) (၁၃၅၅၊ ပြာသိုလဆန်း - ၃ ရက်) သောကြာနေ့ နံနက် (၈)နာရီခွဲချိန်တွင် မိမိအလွန်အားထားလေးစားရသော သက်တော် (၈၆)နှစ်အရွယ်ရှိ အဂ္ဂမဟာပဏ္ဍိတ စတုတ္ထကန်တောရဆရာတော်ဘုရားကြီး ဦးကေလာသ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြန်ပါသည်။ ထိုစဉ်ကလည်း 'ဘဝတစ်ကွေ့ ခဏတွေ့ စာအုပ်ငယ်ကို ရေးသားရိုက်နှိပ် ဖြန့်ဝေပေးရလျှင် ကောင်းမည်'ဟု စိတ်ကူးခဲ့သေး၏။ သို့ရာ တွင် နှလုံးသွင်းရုံ ဟောရုံအဆင့်သာ ရောက်၍ မရေးဖြစ်ခဲ့ပါ။ ဆရာတော်ကြီးဈာပနပွဲ၌ 'ဘဝတစ်ကွေ့ ခဏတွေ့' တရားကိုဟော၍ ဆရာတော်ကြီးအားလည်း ဓမ္မဖြင့်ပူဇော်ကာ ပရိသတ်အားလည်း ဓမ္မအလှူ ပေးလှူနိုင်ခဲ့ပါသည်။ လောကပကာသနလုံးဝမဖက်ဘဲ ဓမ္မပကာသနသက်သက်ဖြင့် ကုသိုလ်အပြည့်ရအောင် ယူ၍ ဈာပနပွဲကို ငြိမ်သက်အေးချမ်းစွာပြုလုပ်နိုင်ခဲ့ကြပါသည်။

လောကဖခင်, သာသနာဖခင် ၂-ဦး ကွယ်လွန်စဉ်က 'ဘဝတစ်ကွေ့ ခဏတွေ့' သည် နှလုံးသွင်းရုံ, ဟောရုံသာပြီးခဲ့၍ ဓမ္မလက်ဆောင်စာအုပ်အဖြစ် ရောက်မလာခဲ့ပါ။

ယခုမကြာသေးမီက ရခိုင်ပြည်နယ်၊ ဝမြို့နယ်၊ ကျိန္တလီရွာနေဒကာရင်းဦးသိန်းအောင် က 'ယခု (၂၇-၅-၉၄)သောကြာနေ့က ဇနီးဖြစ်သူ အသက်(၆၁)နှစ်ရှိ ဒကာမကြီးဒေါ်တင်အေး စွယ်တော်ဖူးဖို့ ရန်ကုန်သို့ အလာ တောင်ကုတ်တွင်ကားမှောက်၍ ကွယ်လွန်သွားခဲ့ကြောင်း၊ ၁-လပြည့်အထိမ်းအမှတ် အလှူလုပ်လို၍ အပူကိုငြိမ်းအေးစေမည့်စာအုပ်ငယ်ကလေးတစ်အုပ် ရိုက်နှိပ်ဖြန့်ဝေမှုဒါနပြုလိုသဖြင့် အချိန်မီရေးပေး စေလိုကြောင်း' လျှောက်ထားလာခါမှ ဤ'ဘဝတစ်ကွေ့ ခဏတွေ့' စာအုပ်ငယ်ပေါ်ပေါက်လာရတော့သည်။ အလုပ်တစ်ခုခုအောင်မြင်ရန် နောက်မှတွန်းအားတစ်ခုခုတော့ရှိနေရမည်ဟု သတိပြုမိလာပေသည်။

ဆုတ်ကပ်ကာလလူ့ဘဝဟူသည် တကယ်ပင်ခဏကလေးတွေ့ကြုံရသည့်တစ်ကွေ့ကလေးမျှသာ ဖြစ်ချေသည်။ အသက်တစ်ရာပြည့်အောင်နေရဖို့ပင်မလွယ်တော့ချေ။ နတ်ပြဟ္မာတို့၏ သက်တမ်းဖြင့်ယှဉ်၍ ရေတွက်လျှင် နာရီပိုင်း,မိနစ်ပိုင်း,စက္ကန့်ပိုင်းကလေးမျှသာရှိသဖြင့် အသက်တိုတောင်းနည်းပါးလွန်းလှသည်။ ဆုတ်ကပ်ကာလ လူ့ဘဝ၌ သားအမိ, သားအဖ, ညီအစ်ကို, မောင် နှမ, ဆွေမျိုး, မိတ်ဆွေစသည်ဖြင့် ဘဝတစ်ကွေ့ကလေးမှာ ခဏကလေးသာ တွေ့ဆုံခွင့်ရကြလေသည်။ သူရောကိုယ်ပါ မြို့ရွာအတွင်း ထိုထိုဤဤအရပ်သို့ ကိစ္စရှိ၍ သွားလာကြသည့်အခါ လမ်းတစ်ကွေ့၌ မြင်ဘူးသူ, မမြင်ဘူးသူလူအများကို တွေ့ဆုံဘူးကြပေသည်။ တွေ့ဆုံစဉ် စက္ကန့်, မိနစ်ပိုင်းအတွင်း စိတ်ထားမတတ်လျှင် လမ်းတစ်ကွေ့ကလေးမှာပင် အကုသိုလ်အပူထုပ်တစ်ပွေ့ကြီးယူမိတတ်ကြ၏။ စိတ်ထားတတ်သူကား လမ်းတစ်ကွေ့ကလေး၌တွေ့ဆုံခိုက် ကုသိုလ်စွမ်းအား တစ်ပွေ့ကြီးရအောင် ယူနိုင်ပေသည်။ ထို့အတူ ဘဝသံသရာတစ်ကွေ့ဝယ် ခဏတွေ့ခိုက်မှာလည်း စင်ကြယ် မြင့်မြတ်သော စိတ်ထားဖြင့် ကိုယ့်ကြောင့်လည်း သူချမ်းသာအောင်, သူ့ကြောင့်လည်း ကိုယ်စွမ်းအားတက်အောင် နေတတ်, ထိုင်တတ်, အသုံးချတတ်မှ လူ့ဘဝ ရကျိုးနပ်ပေမည်။

ဖြစ်လာပြီးနောက် မသေနိုင်သူဟူ၍ လုံးဝမရှိချေ။ ဖြစ်လာခြင်းသည် ပျက်ဖို့သာ ဖြစ်၏။ ဘဝခန္ဓာကပင် ဖြစ်-အို-နာ-သေဆင်းရဲမျိုးစုံတို့၏ တည်ရာဖြစ်ပေသည်။ အတိတ်ကလည်း ဘဝများစွာရခဲ့ပြီဖြစ်၍ အကြိမ်များစွာ မရေမတွက်နိုင်အောင်သေခဲ့လှပြီ။ ယခုဘဝ၌လည်း ဧကန်သေရမည်သာတည်း။ နောက်အနာဂတ်၌လည်း ဘဝတွေရလာသလောက် သေရပေလိမ့်ဦးမည်။

မသွားဘဲနီးလာသည်မှာသုသာန်ဖြစ်၍ သွားပါလျက်ဝေးနေသည်မှာ နိဗ္ဗာန်ဖြစ်သည်။ သုသာန်သို့ မည်သူမျှ မသွားချင်, သွားလည်း မသွားကြ၊ သို့သော် အို နာ သေကြိုးက ဆွဲသွားသဖြင့် တစ်ချိန်ထက်တစ်ချိန် အမြန်နီးကပ်လာနေသည်။ နိဗ္ဗာန်ကိုနှုတ်ဖြင့်တောင်းမိသော်လည်း စိတ်ဝင်စားမှု မလေးနက်လှသဖြင့် လက်တွေ့အကျင့်ကို ထိထိရောက်ရောက်မကျင့်မိ၍ တစ်စတစ်စ လမ်းပျောက် ကာ ပို၍ ပို၍ နိဗ္ဗာန်နှင့် ဝေးသွားတတ်သည်။ ဘဝခန္ဓာရနေသမျှ မလိုချင်သော သေဆုံးပျက်စီးမှုဆင်းရဲကို ထပ်တလဲလဲရနေဦးမည်သာတည်း။ မရဏဆင်းရဲသည် တစ်ဦးတစ်ယောက်တည်း၏ ဆင်းရဲလည်းမဟုတ်၊ တစ်ဘဝတည်းသာတွေ့ရသည့် ဆင်းရဲလည်းမဟုတ်၊ ဘဝတိုင်းကြုံတွေ့ရသည့် သတ္တဝါတိုင်း၏ဘုံဆိုင် ဆင်းရဲသာဖြစ်သည်။

ယခုရနေသော မိမိတို့၏ဘဝခန္ဓာသည် သက်တမ်းအချိန်အားဖြင့် တိုတောင်းနည်းပါးလွန်းသဖြင့် ကဲ့ရဲ့ ထိုက်သော်လည်း ဗုဒ္ဓသာသနာနှင့်တွေ့ကြုံခိုက်ဖြစ်၍ လူ့ဘဝလုပ်ပိုင်ခွင့်ကို အပြည့်အဝ အတိအကျ သုံးနိုင်သောကြောင့် အချိန်တိုင်းတန်ဖိုးမဖြတ်နိုင်အောင် အဖိုးတန်လှသည်ကိုမူကား အထူးသတိထားရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းမီးလောင်ခံရသူသည် အခြားကိစ္စများကို ခဏရပ်ထား၍ မီးငြိမ်းဖို့သာ ပဓာနထား ကြိုးစားရသကဲ့သို့ ဆင်းရဲမှုတရားခံ အပူ, အခိုး, အငွေ့များ ငြိမ်းအောင်ကျင့်ဖို့အရေးသည် မိမိတို့၏ပဓာနကိစ္စပေတည်း။ နည်းမှန်လမ်းမှန်ကိုကား ဧကန်တွေ့နေကြပြီဖြစ်သည်။

ရောဂါမျိုးစုံနှင့် သက်မဲ့သက်ရှိအန္တရာယ်အယှက်မျိုးစုံတို့က တိုတောင်းလှသည့်အသက်ကလေးကို ဖျက်ဆီးပစ်ရန် ဝိုင်းဝန်းခြိမ်းခြောက်နေကြသည်။ သက်တမ်းစေ့အောင်နေရမည်ဟု မည်သူကမျှ အာမမခံ, တာဝန်မယူနိုင်ချေ။ အနေးနှင့်အမြန်သာကွာမည်။ သေရမည်ကတော့ ဧကန်ဖြစ်၏။ သေပြီးနောက်လည်း အဝိဇ္ဇာနှင့်တဏှာဟူသော ဘဝနှောင်ကြိုးမပြတ်သေးလျှင် ဘဝခန္ဓာအသစ်ကို တစ်ဖန်ရရှိဦးမည်။ ဘဝခရီး ဆက်ရဦးမည်။ ဘဝခရီးဆက်လျှင်လည်း ကိုယ်သွားချင်သလို မသွားရဘဲ ကိုယ့်မှာရှိသလိုသာသွားရမည်ဖြစ်၍ ကိုယ်သွားလိုသောပုံစံဖြင့် သွားနိုင်အောင် ကိုယ်ပိုင်ကောင်းမှုကို အချိန်မီကြိုးစားပြုလုပ်ရမည် ဖြစ်ပေသည်။

## ၂။ မဈျောလင့်ဘဲ သေရမြဲ

- **အသက် အနာ၊ ချိန်အခါနှင့်၊ စွန့်ရာသုသာန်၊ လားရန်ဂတိ၊ မသိအပ်ငြား၊ ဤ(၅)ပါး၊ စွမ်းအားမြင့်အောင်ကြိုးစားလေ။**
- **သေခြင်းတရား၊ ရက်ချိန်းထား၊ အများသူငါ မရှိချေ။**
- **နေရာမရွေး၊ ခါ-မရွေး၊ မနေးသေနိုင်ပေ။**
- **မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ကိုယ်လဲသေနိုင်ပေ။**
- **တန်စိုးလက်ဆောင်၊ မယူပေါင်၊ မာန်ထောင်သေမင်းတွေ။**
- **စစ်ထိုးမရ၊ ထိုးရလျှင်လဲ၊ ကိုယ်ကပဲ အမြဲရှုံးရပေ။**
- **သူငါအားလုံး၊ ချုပ်ပျောက်သုဉ်း၊ နောက်ဆုံးရောက်က သေရချေ။**
- **သူ ငါတိုင်းပင်၊ သေမင်းတွင်၊ ကပ်ဝင်လဲရချေ။**
- **ကိုယ်ပြုသမျှ၊ မြတ်ပုညာ၊ မှချအားရှိစေ။**
- **ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင်ကြိုးစားလေ။**

မိမိတို့အတွက် ကြိုတင်မသိနိုင်သော အရာ ၅-မျိုးရှိသည်။ မည်သည့်အသက်အရွယ်၌ သေရမည်၊ မည်သည့်အနာဖြင့်သေရမည်၊ မည်သည့်နေ့ရက် အချိန်နာရီ၌သေရမည်၊ မည်သည့်နေရာ၌သေရမည်၊ သေပြီးနောက်မည်သည့်ဘဝသို့ရောက်မည်ကို မြတ်စွာဘုရားနှင့် အဘိညာဉ်ရပုဂ္ဂိုလ်ထူးကြီးများမှတစ်ပါး ကြိုတင်မသိနိုင်ကြပေ။

အများသူငါအားလုံး မည်သူမျှ သေမင်းဟုခေါ်ရသော သေခြင်းတရားနှင့် ရက်ချိန်းထားခြင်းမရှိချေ။ သေမင်းဟူသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပေ။ ပစ္စည်းရှိသူ, ပညာရှိသူ, တန်ခိုးကြီးသူ, အာဏာရှိသူ, ရာထူးရှိသူ အားလုံးမည်သူ့ကိုမျှ မျက်နှာမလိုက်ဘဲ သူကချည်းသာ လွှမ်းမိုးအနိုင်ယူတတ်သောကြောင့် သေခြင်းတရားကိုပင် သေမင်းဟု တင်စားခေါ်ခြင်းဖြစ်သည်။ ဆိုင်ရုံသာဆိုင်၍ မပိုင်သဖြင့် သေရမည့်နေ့ကို ကိုယ့်ဟာကိုယ် ကန့်သတ်ချိန်းချက်နိုင်စွမ်းမရှိချေ။ နေရာဒေသမရွေး အခါကာလမရွေး မနေးလျင်စွာ မကြာချက်ချင်း သေနိုင်ကြသည်။ မမျှော်လင့်ဘဲ ဖြုန်းကနဲပင် သေပွဲဝင်နိုင်ကြသည်။ နေ့မြင် ညပျောက်, ညမြင်နေ့ပျောက်, ခုမြင် ခုပျောက်ဟု ဆိုရလောက်အောင် အပျက်အစီးမြန်တတ်သည်။ သေခြင်းတရားကား ဘဝတစ်ခု၏ ကန့်သတ်ချိန်ရောက်လာလျှင် တန်စိုးလက်ဆောင်ပေး၍လာဘ်ထိုးသော်လည်း ကင်းလွတ်ခွင့်မပေး၊ အချိန်နေ့ရက်ရွှေ့ရန်လည်းမပေးချေ။ ကိုယ့်နောက်ကိုသူ့ကိုဆွဲ၍မရဘဲ သူ့နောက်ကိုသာကိုယ်ကလိုက်ရမည်ဖြစ်သည်။ အကြမ်းနည်းကို သုံး၍ လက်နက်မျိုးစုံဖြင့် စစ်ခင်းတိုက်ခိုက်၍လည်းမရချေ။ အရဲစွန့်၍ တိုက်ခိုက်လျှင်လည်း ကိုယ်က သာ ဧကန်မချွတ် ရှုံးရမည်ဖြစ်သည်။ သူ ငါအားလုံး နောက်ဆုံးရောက်က မုချဧကန် ချုပ်ပျောက်သုဉ်း၍ သေဆုံးရမည်ချည်းသာ တည်း။ သူငါတိုင်းပင် နောက်ဆုံးတွင် သေမင်းထံ လက်မြှောက်ကာ ဒူးထောက်၍ အရှုံးပေးကြရမည်ချည်းသာ တည်း။

မတတ်စွမ်းနိုင်သောသေခြင်းတရားကို မတွေ့ရအောင်တားဆီးမည့်အစား ကိုယ်တတ်စွမ်းနိုင်သော ကောင်းမှုတရားကို အချိန်မီကြိုးစားထားဖို့သာလိုပေသည်။ ကိုယ်အနိုင်ယူရမည့်အရာကား ကိုယ့်စိတ်သာတည်း။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ကိုနိုင်သလောက် ကောင်းမှုတိုးမည်။ ကောင်းမှုတိုးသလောက် စွမ်းအားသတ္တိပြည့်ဝ၍ အသေတတ်မည်၊ အသေရဲမည်၊ ဘဝခရီးကို လမ်းရှင်းတတ်မည်။ တကယ့် ထောက်တည်အားကိုးရာအစစ်မှာ ကိုယ်ပြုထားသည့်ကောင်းမှုတရားသာဖြစ်သည်။ ကိုယ့်ကိုကိုယ် ကယ်တင်စရာစွမ်းအားမှာလည်း ကောင်းမှုတရားမှတစ်ပါး အခြားဘာမျှမရှိချေ။ လောကအတွင်းရှိ ကယ်ဆယ်ရေးတာဝန်ခံ, ကယ်ဆယ်ရေးကိရိယာအားလုံးသည် ဘောင်ခတ်ထားသည့် ကန့်သတ်ချက်နယ်မြေကို ကျော်လွန်နိုင်စွမ်းမရှိချေ။ အကန့်အသတ်ဖြင့်သာ ကယ်ဆယ်နိုင်စွမ်းရှိကြလေသည်။

တစ်ချိန်တုန်းက ဘုရားရှင် အာဠဝီမြို့ အဂ္ဂါဠဝကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆွမ်းလှူကြသော ဆွမ်းအလှူရှင် လူများအား အနုမောဒနာတရား ဟောတော်မူရာ -

■ **အသက်မမြဲ၊ သေခြင်းမြဲ၊ ငါလဲစေန် သေရမည်။**

■ **ငါ့အသက်မှာ၊ သေခြင်းသာ၊ မုန်စွာ နောက်ဆုံးရှိချေသည်။**

■ **ဇီဝိန်မကင်း၊ သက်ရှည်ခြင်း၊ သေတွင်း၌သာ ဆုံးလိမ့်မည်** ဟု

သေခြင်းတရားကို အဖန်ဖန်ပွားများရန်ကိုလည်းကောင်း, သေခြင်းတရားကို ဆင်ခြင် စဉ်းစား ပွားများခြင်း မပြုသူသည် လက်၌တုတ်မပါသူ မြွေဆိုးတွေ့လျှင် ကြောက်ရသကဲ့သို့ကြောက်ရွံ့တုန်လှုပ်ကာ အော်ဟစ်မြည်တမ်း ပင်ပန်းစွာ သေရတတ်သည်ကိုလည်းကောင်း, သေခြင်းတရားကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်စဉ်းစားပွားများသူသည် လက်၌တုတ်ကိုင်ထားသူ မြွေမကြောက်သကဲ့သို့ စိတ်ခါတ်ကြံ့ခိုင်၍ မတုန်မလှုပ်မထိတ်မလန့် ရဲရင့်တည်ငြိမ်စွာဘဝကူးရသည်ကိုလည်းကောင်း ဟောပြတော်မူ၏။

တရားနာပရိသတ်အတွင်း၌ ၁၆-နှစ်အရွယ်ရှိ ရက်ကန်းသည်အမျိုးသမီးငယ် တစ်ဦးတည်းသာ လေးလေးစားစားတန်ဖိုးထားကာ စိတ်ပါလက်ပါနာကြားမှတ်သား၍ နေ့ညဉ့်မပြတ် ပွားများလေသည်။ ၃-နှစ်ပတ်လုံး စွဲစွဲမြဲမြဲ သဲသဲမဲမဲပွားများအားထုတ်သည်။ ကျန်လူအများကား ပြီးပြီးပျောက်ပျောက်ဖြစ်သွားကြသည်။

ဘုရားရှင်သည် တရားဟောပြီးနောက် ဇေတဝန်ကျောင်းသို့ကြွတော်မူ၏။ တစ်နေ့သောအခါမိုးသောက်ယံ၌ လောကကို ဉာဏ်ဖြန့်၍ကြည့်တော်မူရာ ဉာဏ်တော်ထဲ၌ ထိုအမျိုးသမီးငယ်၏ သောတာပန်ဖြစ်မည့် အခြင်းအရာကို မြင်တော်မူရသဖြင့် အာဠဝီမြို့ အဂ္ဂါဠဝကျောင်းတော်သို့ ရဟန်းငါးရာနှင့်အတူ ကြွတော်မူသည်။

လူအများသည် ဘုရားအမှူးရှိသောသံဃာတော်အား ဆွမ်းလှူပြီးနောက် ဘုရားထံမှတရားနာရန် နေရာယူနေကြသည်။ ရက်ကန်းသည်အမျိုးသမီးငယ် ပရိသတ်ထဲ၌ ရောက်မလာသေးသဖြင့် ဘုရားရှင်က တရားမဟောဘဲ ဆိတ်ဆိတ်ပင်ထိုင်နေတော်မူ၏။ ထိုအမျိုးသမီးငယ်သည် သူ့ဖခင်စေခိုင်းအပ်သော ရက်ဖောက်ကိုလုံး၍ သူ့ဖခင်ထံသွားပို့ပြီးခါမှ တစ်ဖန်ပြန်လာ၍ ဘုရားထံတရားနာမည်ဟု စိတ်ကူးထားသည်။ စိတ်ကူးထားသည့်အတိုင်း ရက်ဖောက်လုံးပြီး တောင်း၌ထည့်ကာ သူ့ဖခင်ရှိရာရက်ကန်းအလုပ်ရုံသို့သွားစဉ် ဘုရားရှိရာအနီးသို့ ရောက်သွားရာ ပရိသတ်အစွန်၌ရပ်လျက် ဘုရားကိုကြည့်ရှုနေလေသည်။

ထိုအမျိုးသမီးငယ်ရက်ကန်းအလုပ်ရုံသို့ရောက်လျှင် ထိုနေ့၌ပင်သေလွန်ရမည်ကို ဘုရားရှင်သိတော်မူ၍ ပုထုဇဉ်ဘဝဖြင့်သေရလျှင် လားရာဂတိမမြဲနိုင်, သောတာပန်ဘဝဖြင့်သေရမှ လားရာဂတိမြဲနိုင်မည်ဖြစ်ရကား ထိုအမျိုးသမီးငယ်ကို ပရိသတ်အတွင်းဝင်လာစေလိုသဖြင့် ဘုရားရှင်က ကြည့်တော်မူလိုက်၏။ အမျိုးသမီးငယ်လည်း အလိုက်သိစွာ ပရိသတ်အတွင်းဝင်လာ၍ ဘုရားရှင်ကို ဦးချပြီး သင့်တော်ရာအရပ်၌နေလိုက်သည်။

ပရိသတ်အလယ်၌ထိုင်နေသော ထိုအမျိုးသမီးငယ်ကို ဘုရားရှင်က မေးခွန်း ၄-မျိုးမေးတော်မူရာ အမျိုးသမီးငယ်ကလည်း ဖြေကြား၏။ မေးပုံ ဖြေပုံမှာ -

(၁) **'ချစ်သမီး ဘယ်ကလာခဲ့သလဲ'** ဟုမေးသော် **'မသိပါအရှင်ဘုရား'** ဟု လျှောက်၏။

(၂) **'ဘယ်အရပ်ကိုသွားမလို့လဲ'**ဟု မေးပြန်သော် **'မသိပါဘုရား'** ဟုပင် လျှောက်၏။

(၃) **'သင်မသိဘူးလား'** ဟု မေးပြန်ရာ **'သိပါတယ်ဘုရား'** ဟု လျှောက်၏။

(၄) **'သင်သိရဲ့လား'**ဟု မေးပြန်သောအခါ **'မသိပါဘုရား'**ဟု လျှောက်ထားဖြေဆို၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအမျိုးသမီးငယ်၏ ဖြေဆိုသံကို လူအများကကြားရလျှင် အကြောင်းမသိသဖြင့် ဤကလေးမသည် ဘုရားရှင်ကို 'ဘု'ပြောသည်, ကန့်လန့်ပြောသည်, မရိုမသေ မခန့်မညားပြောသည်ဟု ထင်ကြသောကြောင့် ဝိုင်း၍ ကဲ့ရဲ့ရှုတ်ချပြစ်တင်ပြောဆိုကြလေသည်။ ဘုရားရှင်က ထိုပရိသတ်ကို အသံတိတ်အောင်ပြု၍ ထို အမျိုးသမီးငယ်ကို အဖြေစကား ၄-မျိုး၏ဆိုလိုရင်းကို အရှင်းခိုင်းတော်မူသည်။ ထိုအမျိုးသမီးငယ်က ဤသို့ ရှင်းလင်းလျှောက်ထားသည်။

(၁) 'အတိတ်ကာလ ဘယ်ဘဝကလာခဲ့၍ ဤရက်ကန်းသည် သမီးငယ်ဘဝသို့ ရောက်လာရသည်ကို မသိ၍ 'ဘယ်ကလာခဲ့သလဲ' ဟုမေးတော့ 'မသိပါဘုရား'ဟု လျှောက်ခဲ့တာပါဘုရား'

(၂) 'ဤဘဝက သေလွန်ပြီးနောက် အဘယ်ဘဝသို့လားရောက်ရမည်ကိုမသိ၍ 'ဘယ်ကိုသွားမလို့လဲ'ဟု မေးတော့ 'မသိပါဘုရား'ဟု လျှောက်ခဲ့ရခြင်းဖြစ်ပါတယ်ဘုရား'

(၃) 'တပည့်တော်မ ဤဘဝ၌ ဧကန်မုချသေရမည်ကိုသိ၍ 'သင်မသိဘူးလား'ဟုမေးတော့ 'သိပါတယ် ဘုရား'ဟု ဖြေဆိုခဲ့တာပါဘုရား'

(၄) 'ဧကန်မုချသေရမည်ကို သိသော်လည်း သေရမည့်နေ့ရက်အချိန်အခါကို အတိအကျမသိရပါ၍ 'သင်သိရဲ့လား'ဟုမေးတော့ 'မသိပါဘုရား'ဟု လျှောက်ခဲ့တာပါဘုရား'

ဤသို့အမျိုးသမီးငယ်က ရှင်းလင်းလျှောက်ထားလိုက်သောအခါ ဘုရားရှင်က ကောင်းချီး ပေးတော်မူသည်။ မရဏာဿတိကမ္မဋ္ဌာန်းကို ၃-နှစ်စီးဖြန်းပွားများခဲ့သူဖြစ်ရကား ဘုရားရှင် အာဘော်ကျဖြေပြနိုင်ခြင်း ဖြစ်သည်။ ဘုရားရှင်က သစ္စာ ၄-ပါး အမှန်တရားကိုပြ၍ ဝိပဿနာတရားကို ဟောပြလိုက်ရာ အသက်(၁၉)နှစ် အရွယ် ထိုအမျိုးသမီးငယ်သည် ခန္ဓာမှာဉာဏ်ကိုချ၍ လက်တွေ့ပွားများရင်း တရားကိုနာကြားစဉ် သောတာပန် ဖြစ်သွားလေသည်။

သောတာပန်ဖြစ်ပြီးနောက် ရက်ဖောက်တောင်းကိုယူ၍ ဖခင်ရှိရာ ရက်ကန်းအလုပ်ရုံသို့သွားရာ ဖခင် ရက်ကန်းသည် သည် ထိုင်ရင်းအိပ်ငိုက်နေစဉ် အသံကြား၍လန့်နိုးပြီး သမီးအနားသို့ရောက်နေသည်ကို သတိ မထားမိဘဲ လက်ခတ်(လက်လိပ်)ကိုငင်လိုက်ရာ သမီး၏ရင်ဝကိုထိခိုက်မိ၍သမီးလဲကျသွားသည်။ ထိုအမျိုးသမီး ငယ် သေဆုံးကာ တုသိတာနတ်ပြည်သို့ ရောက်သွားလေသည်။

မိမိအမှားကြောင့် သမီးသေဆုံးသွားသည်ကိုသိရသော ဖခင်ရက်ကန်းသည် သည် ထောက်တည်ရာမရ အောင် ပူလောင်လွန်းလှ၍ငိုကြွေးမြည်တမ်းလျက် ဘုရားထံပြေးသွားပြီး 'တပည့်တော်ရဲ့ သမီးလိမ္မာကလေး သေသွားပါပြီဘုရား၊ တပည့်တော်ရဲ့နှလုံးသားတွေ ပူလောင်လှပါတယ်ဘုရား၊ တပည့်တော်ရဲ့သောကမီးကို ငြိမ်းပေးတော်မူပါဘုရား'ဟု လျှောက်သည်။ ဘုရားရှင်က 'အသင်ဒကာ သည် အတိတ်ဘဝများစွာက သမီး သေ၍ ငိုခဲ့ရသောကြောင့် ယိုစီးထွက်ကျခဲ့သောမျက်ရည်များ ပင်လယ်ရေထက်ပင်များခဲ့လှပြီ'ဟု တရားစကား မိန့်ကြားတော်မူ၏။

ထိုရက်ကန်းသည်ဒကာသည် စိတ်သက်သာရာရ၍ နောက်ထပ်ပူလောင်ရှုပ်ထွေးလှသော သံသရာခရီး ကြမ်းကြီးကိုဆက်သွားရန် ကြောက်ရွံ့လှသဖြင့် ဘုရားရှင်ထံရဟန်းအဖြစ်ကိုတောင်း၍ ရဟန်းပြုလိုက်သည်။ ရဟန်းဘဝ၌ ကြိုးကြိုးစားစားတရားအလုပ်ကိုအားထုတ်လိုက်ရာ မကြာမီပင် ဝိပဿနာဉာဏ်ရင့်၍ ရဟန္တာ ဖြစ်သွားသည်။ သမီးသေ၍ရဟန္တာဖြစ်သည်ဟုပင် ဆိုရမလိုဖြစ်နေသည်။ သားအဖနှစ်ယောက်စလုံး ဘဝ တစ်ကွေ့၌ ခဏတွေ့ရကျိုးနပ်သွားကြလေပြီတကား။

## ၃။ ရှုပ်နှာမ်အစု၊ ငါးခုခန္ဓာ သေမျိုးသာ

- **မနာရလို၊ ငါကဆိုလဲ၊ မရဘဲ၊ မလွဲ နာကြရ။**
- **မအိုရလို၊ ကိုယ်ကဆိုလဲ၊ မရဘဲ၊ မလွဲအိုကြရ။**
- **မသေရလို၊ ငါကဆိုလဲ၊ မရဘဲ၊ မလွဲသေကြရ။**
- **နှစ်ဝ နာမ်ရုပ်၊ ဤကိုယ်ပုပ်ကား၊ ဖြစ်ချုပ်ကြိမ်ဖန်၊ ဖောက်ပြန်ဖောက်လွဲ တည်မမြဲ၊ ငါလဲသေမည်ပ။**



www.burmeseclassic.com

www.burmeseclassic.com



- ရုပ်နာမ်အစု၊ ငါးခုခန္ဓာ၊ သေမျိုးသာ၊ သူငါ အားလုံးသေကြရ။
- အတိတ်ကလဲ(ရှေးတုန်းကလဲ)၊ ချုပ်ပျောက်စဲ၊ မလွဲ သေခဲ့ရ။
- ခုခါ၌လဲ၊ ချုပ်ပျောက်စဲ၊ အမြဲ သေနေကြ။
- နောင်ခါ၌လဲ၊ မခိုင်မြဲ၊ မလွဲ သေမည်ပ။
- သူများတွေလဲ၊ သေမျိုးဘဲ၊ မလွဲ သေနေကြ။
- တို့တတွေလဲ၊ သေမျိုးဘဲ၊ မလွဲ သေမည်ပ။
- မသေမီတွင်၊ အထုပ်ပြင်၊ ကြိုတင် ကြိုးစားမှ။
- အားကိုးစရာ၊ ပြည့်စုံပါ၊ သေခါ စိတ်အေးရ။
- ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင် ကြိုးစားကြ။

မိမိတို့ရရှိထားသည့်အရာကား ရုပ်နာမ်အစု ငါးခုခန္ဓာသေမျိုးသာတည်း။ အိုမျိုး, နာမျိုး, သေမျိုး ဖြစ်သောကြောင့်သာ အိုရ, နာရ, သေရပေသည်။ ခန္ဓာသည်သူ့အလုပ်ကို သူလုပ်နေခြင်းသာ ဖြစ်သည်။ သူ့အလုပ်ထဲ၌ ကိုယ့်အလုပ်မထည့်ဘဲငေးကြည့်နေလျှင် မှုးလဲသွားမည်ဖြစ်သည်။ မီးတောက်သွားမည်ဖြစ်သည်။ သူ့အလုပ်ထဲ၌ ကိုယ့်အလုပ်ထည့်ပေးမှ ငြိမ်းအေး၍ အမြတ်ထွက်လာပေလိမ့်မည်။

နှစ်ဝနာမ်ရုပ်ဤကိုယ်ပုပ်ကား မအို မနာ မသေလိုသော်လည်း အလိုမကျဘဲ အိုနာသေရမြဲသာတည်း။ ဖြစ်တိုင်းဖြစ်တိုင်းချုပ်ပျောက်ပျက်စီး၍ ဖောက်ပြန်ဖောက်လွဲ တည်မမြဲသည့် ခန္ဓာသာတည်း။ ဖြစ်လာပြီးလျှင် မည်သည့်ခေတ်မီစက်ကိရိယာကြီးနှင့်မျှမပျက်အောင်တား၍မရ။ မည်သည့်စွမ်းအားတန်ခိုးနှင့်မျှ မသေရအောင် ထိန်းချုပ်ဆီးတားနိုင်စွမ်းမရှိချေ။

အတိတ်ကလည်း ရေတွက်ကန့်သတ်၍မရနိုင်အောင် ပျက်ခဲ့လေပြီ။ ပစ္စုပ္ပန်၌လည်း ဖြစ်နေတုန်း ပျက်နေတုန်းပင်တည်း။ နောက်ခါ၌လည်း ဖြစ်လာတိုင်းပျက်ရပေလိမ့်ဦးမည်။ သူများတွေလည်း သေမျိုးကို ရထားသဖြင့် သေကြပြီးသေနေကြတုန်းပင်၊ မိမိတို့လည်း သေမျိုးဖြစ်၍ မလွဲဧကန်သေရမည်သာ။ မသေမီ အချိန်ရှိတုန်း ကုသိုလ်အထုပ်ကိုလုံလောက်အောင် ကြိုတင်ပြင်ဆင်ထားမှ အားကိုးစရာပြည့်စုံပြီး သေခါ စိတ်အေးရမည်ဖြစ်သည်။

ဘုရားလက်ထက်က သာဝတ္ထိမြို့၌ ကမ္ဘာတစ်သိန်းပါရမီဖြည့်ပြီးသော ကိသာ ဂေါတမီသည် အရွယ်ရောက်၍ သူဌေးသားတစ်ဦးနှင့်အကြောင်းပါကာ သားဦးကလေးတစ်ယောက်ရရှိလာသည်။ သားဦးကလေးသည် လမ်းသွားခါစ ချစ်စဖွယ်အရွယ်ကလေး၌ သေဆုံးသွားရှာသည်။ ဘဝတစ်ကွေ့ ကလေး၌ ခဏကလေးသာ တွေ့လိုက်ရသည်။ ကိသာ ဂေါတမီသည် ဤဘဝ၌ သေသူကိုမတွေ့ဘူးသေးသဖြင့် သောကမီးကြီးစွာလောင်၍ သားသေအလောင်းကောင်ကိုမပစ်ရက်ရှာဘဲ ရင်ခွင်မှာ ပွေ့ဖက်လျက် 'ငါ့သားသေလေး အသက်ပြန်ရှင်အောင် ကုပေးနိုင်တဲ့ဆေးကိုသိပါသလား၊ သားသေကိုရှင်အောင်ကုနိုင်တဲ့ဆေးမရှိဘူးလား'ဟု အိမ်စဉ်လျှောက်ကာ မေးသွားလေသည်။ သားအပေါ်မှာ တွယ်တာမှုကအားကြီးနေသဖြင့် 'အရူးမ'ဟု ပြောင်လှောင်ပြောဆို ကြသည်ကိုပင် အရေးမစိုက်နိုင်တော့၊ စိတ်ကောင်းရှိသူ ပညာရှိယောကျ်ားတစ်ယောက်က တွေ့၍ သနားသဖြင့် မြတ်စွာဘုရားထံ သွားမေးရန် ညွှန်ကြားလိုက်လေသည်။ ကိသာ ဂေါတမီသည် သားသေအလောင်းကောင်ကို ပွေ့ပိုက်ကာ ဘုရားထံသွား၍ 'တပည့်တော်မရဲ့ သားသေကို ရှင်အောင်ကုပေးနိုင်တဲ့ဆေးကို သိတယ်ဆိုတာ မှန်ပါသလားဘုရား၊ တပည့်တော်မရဲသားသေကလေး အသက်ရှင်ဆေး ပေးတော်မူပါဘုရား' ဟု ဟစ်အော် လျှောက်ထားသည်။ ဘုရားရှင်က 'ဆေးကိုရလိုလျှင် လူမသေဘူးသေးတဲ့အိမ်မှ မုန်ညင်းစေ့ အနည်းငယ်ယူဆောင်လာခဲ့' ဟု မိန့်တော်မူသည်။ 'ငါ့သားသာ သေရသည်မဟုတ်၊ လူအားလုံးပင် သေကြရသည်၊ ငါသာ သားနှင့် ကွဲကွာရသည့်ဆင်းရဲကို တွေ့ရသည်မဟုတ်၊ လူတိုင်း လူတိုင်းပင် ထိုဆင်းရဲကို တွေ့ကြုံရသည်' ဟု အသိအမြင်မှန်ရ၍ သောကငြိမ်းအေးစေလိုသဖြင့် ဘုရားရှင်က နည်းပရိယာယ်ကိုသုံး၍ မိန့်ကြားတော်မူခြင်းဖြစ်သည်။

ကိသာ ဂေါတမီသည် သားသေကိုပွေ့ပိုက်ကာ သာဝတ္ထိမြို့တွင်းဝင်၍ အိမ်စဉ်အတိုင်း ဝင်သွားကာ မုန်ညင်းစေ့ကိုတောင်းရာ မုန်ညင်းစေ့ကို အိမ်ရှင်များက ပေးမည်ပြုသောအခါ 'ဤအိမ်၌ သေဘူးသူ တစ်စုံတစ်ယောက်မျှမရှိပါသလော'ဟု မေး၏။ 'ဤအိမ်၌ လူသေဘူးပါသည်'ဟု ကြားရသောအခါ မုန်ညင်းစေ့ကို



www.burmeseclassic.com

www.burmeseclassic.com


ပြန်ပေး၍ ရှေ့ဆက်သွားလေသည်။ ဝင်ရောက်သမျှ အိမ်တိုင်းအိမ်တိုင်းပင် 'လူသေဘူးပါသည်'ဟု ပြောပြသော အခါ ကိသာ ဂေါတမီ စိတ်၌ အသိသတိဝင်လာသည်။ 'ဩ--သေတယ်ဆိုတာ ငါ့သားတစ်ယောက်တည်းမဟုတ်၊ အားလုံးသေကြတာပဲ၊ သားချစ်နှင့် ကွေကွင်းရတဲ့ ဆင်းရဲဆိုတာ ငါတစ်ယောက်တည်း တွေ့ရတာမဟုတ်၊ အားလုံးတွေ့ရတာပဲ' ဟု အမြင်မှန်ပေါ်ပေါက်ကာ သားသေအပေါ် တွယ်တာမှုကင်းလျက် သင့်တော်ရာသွား၍ သားသေကိုစွန့်ပစ်ခဲ့ပြီး ဘုရားထံ သွားလေသည်။

ဘုရားရှင်က 'လူမသေဘူးသေးတဲ့အိမ်က မုန်ညင်းစေ့ရခဲ့ရဲလား'ဟု မေးတော်မူရာ 'မရခဲ့ပါဘုရား၊ အသက်ရှင်သူအားလုံး နောက်ဆုံးမှာ သေရတာချည်းပါဘဲဘုရား'ဟု လျှောက်သောအခါ 'ချစ်သမီး--သင်သည် 'ငါ့သားသာ သေ၏'ဟု ထင်ခဲ့သည်၊ အမှန်အားဖြင့် သေခြင်းဟူသည် သတ္တဝါအားလုံး၏ ဘုံဆိုင်ဒုက္ခသာ ဖြစ်သည် 'ဟု အစချီ၍ သစ္စာ ၄-ပါး ဝိပဿနာတရားကိုပြ၍ တရားဟောတော်မူလိုက်ရာ ကိသာ ဂေါတမီ သောတာပန် ဖြစ်သွားသည်။ မကြာမီသာသနာဝင်၍ ဘိက္ခုနီပြုကာ တရားအားထုတ်ရာ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်သွားလေသည်။ သားသေ၍ ကိသာ ဂေါတမီ အချိန်မီ ရဟန္တာဖြစ်သွားရသည်ဟု ဆိုရမလိုဖြစ်သည်။ ဘဝတစ်ကွေ့၌ ခဏတွေ့ရကျိုးနပ်သွားသည်။ နောက်ပိုင်း၌ မြတ်စွာဘုရားက 'ခေါင်းပါးသောသင်္ကန်းကို ဆောင်နိုင်သည့်ဘိက္ခုနီတို့တွင် အသာဆုံး'ဟု ဧတဒဂ်ဘွဲ့ပေးတော်မူသည်။ ကမ္ဘာတစ်သိန်းပါရမီဖြည့်ပြီးသော ဧတဒဂ်ပိုင်ရှင် ရဟန္တာ ထေရီမအလောင်း ထိပ်တန်းအမျိုးသမီးကြီးကိုသော်မှ သားသေကိုရှင်အောင် လုပ်ပေး ချင်သည့် အသိမှားဝင်လာသည်အထိ ပူလောင်မှောင်မိုက်စေသော သောကမီးကြီးကား အလွန်ဆိုးဝါးလှ ချေတကား။

## ၄။ အပျက်မျိုးစုံ ဤလူ့ဘုံ

- **အပျက်မျိုးစုံ၊ ဤလူ့ဘုံ၊ တွေ့ကြုံဆုံ၍ကွဲ။**
- **ပျက်လျှင်ပြုပြင်၊ လူ့စွမ်းအင်၊ မြှင့်တင်ပေးရမြဲ။**
- **ပန်းပဲဆရာ၊ မီးထဲမှာ၊ ဖုတ်ကာပေးတဲ့ သံလိုပဲ။**
- **သတိညှပ်ဟူ၊ ဆွဲထုတ်ယူ၊ အပူသက်သာစဲ။**
- **တရားလမ်းမှန်၊ တင်ပေးပြန်၊ ဖန်ဖန်ထုရမြဲ။**
- **သုံးဆောင်စရာ၊ ပေါ်ထွက်လာ၊ စိတ်မှာတိုးတက်ရဲ။**
- **ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင် အားကုန်ခဲ။**

ခဏတွေ့ကြုံ ဤလူ့ဘုံသည် အပျက်မျိုးစုံနေသောလောကဖြစ်၏။ ခဏတဖြုတ် တွေ့ကြုံဆုံပြီး အချိန်စေ့ လျှင် မကြာမီကွဲကြရသည်။ ပျက်စရာကား ဆွေမျိုး၊ ဥစ္စာ၊ ကျန်းမာရေး၊ ကိုယ်ကျင့်တရား၊ အယူအဆ အတွေး အခေါ် အားဖြင့် ၅-မျိုးရှိသည်။ ထို ၅-မျိုးထဲက တစ်မျိုးမျိုးပျက်၍ အပျက်အတိုင်းထားပြီး ငေးမှိုင်နေလျှင် လူ့စွမ်းအားတုံးသွားတတ်သည်။ အပျက်၅-မျိုးတွင် ရှေ့ ၃-မျိုး ပျက်ရုံမျှဖြင့် အပါယ်မကျပါ။ နောက်၂-မျိုး ပျက်မှ အပါယ်ရောက်အောင်ပို့တတ်၍ ကြောက်စရာကောင်းသည်။ ဘာတွေ ဘယ်လိုပင်ပျက်ပျက် အပျက်ကို တရားဖြင့် ပြုပြင်ပေးနိုင်မှ လူ့စွမ်းရည်ပေါ်လာနိုင်သည်။ ပျက်နေသည့်သက်ရှိသက်မဲ့များကို လက်လှမ်းမီ သလောက် မိမိတတ်စွမ်းနိုင်သည့်အတိုင်း အတာထိပြင်ပေးရသည်။ ပြင်ရန်လက်လှမ်းမမီတော့လျှင်လည်း ကိုယ့်စိတ်ကိုသာ တရားဖြင့် ပြုပြင်ပေးလိုက်ရသည်။ ပြင်ရမည့်ခန္ဓာကိုရထားသဖြင့် ပြင်နိုင်မှတော်ကာကျမည်။

အပျက်အာရုံနှင့်တွေ့ရသည့်အခါ ပန်းပဲဆရာက သံရိုင်းတုံးကိုမီးထဲမှာဖုတ်ပေးသကဲ့သို့ မိမိစိတ်ကို မီးဖုတ်ပေးနေပြီဟု နားလည်ရမည်ဖြစ်သည်။ နီရဲနေအောင်မီးဖုတ်ခံရသည့် သံတုံးကို ညှပ်မပါဘဲ လက်ဖြင့် သွားကိုင်လျှင် လက်ကိုလောင်ကျွမ်းသွားစေတတ်သကဲ့သို့ အသိသတိမပါသောစိတ်ဖြင့် အပျက်အာရုံကို သွားထိ လျှင် ရှုမတတ် ပူလောင်သွားစေတတ်သည်။ ဆူပွက်နေသော မီးဖိုပေါ်တင်ထားသည့်ထမင်းအိုး၊ ဟင်းအိုးကို လက်ခုအဝတ်မပါဘဲ လက်ဖြင့်သွားကိုင်လျှင် လက်ကိုပူလောင်သွားစေတတ်သကဲ့သို့ အပျက်အာရုံကို တရား အသိ သတိအခုအခံမပါဘဲသွားထိလျှင် အရှုးတစ်ပိုင်းဖြစ်အောင် ပူလောင်သွားစေတတ်သည်။

နီရဲနေအောင်မီးဖုတ်ခံထားရသည့်သံတုံးကို မပူအောင်ညှပ်ဖြင့်ဆွဲထုတ်ယူ၍ ပေပေါ်တင်ကာ ဓားလှံ စသော အသုံးအဆောင်ဖြစ်ပေါ်လာအောင် တူဖြင့်အဖန်ဖန်ထုပေးရသကဲ့သို့ ဆွေမျိုး ပျက်စီးခြင်းစသော



www.burmeseclassic.com

www.burmeseclassic.com


အပျက်အာရုံကိုလည်းစိတ်မပူရအောင် သတိညှပ်ဖြင့်ဆွဲထုတ်ယူကာ တရားလမ်းကြောင်း ပေပေါ်တင်ပြီး ဒါန သီလ သမထ ဝိပဿနာ စွမ်းအားပေါ်လာအောင် ယောနိသော မနသိ ကာရတူဖြင့် အဖန်ဖန်ထုပေးလိုက်လျှင် အားကိုးစရာ ကိုယ်ပိုင်တရားများချက်ချင်းရရှိလာ ပေသည်။ အထုကောင်းသလောက် စိတ်မှာ စွမ်းအားတက်၍ ရဲရင့်လာရပေသည်။

ပဋာစာရီဟုဆိုလျှင် ဉာတိဗျသန(ဆွေ မျိုးပျက်စီးမှု)ကြောင့် သွက်သွက်ခါအောင် ရူးခဲ့ရသူဟု အများပင် ကြားဖူးကြသည်။ ပဋာစာရာ ဟုလည်းခေါ်သည်။ ရှောင်တခင်လျှင်မြန်သော အကျင့်ရှိသောကြောင့် ပဋာစာရီဟု တွင်သည်။ အရှက်ရှိသူတို့၏ အကျင့်မှလျှောကျကာ အရှက်မဲ့သူတို့၏ အကျင့်ရှိသောကြောင့်လည်း ပဋာစာရီဟုခေါ်ရသည်။ အဝတ်ထမီဝတ်ဆင်ခြင်းကင်းကာ လှည့်လည်သွားလာတတ်သောကြောင့်လည်း ပဋာစာရီဟု တွင်သည်။ လောကသဘာဝကို ပြောင်းပြန်လုပ်သူဟု ဆိုနိုင်သည်။

သူသည် သာမန်ပုဂ္ဂိုလ်မဟုတ်၊ ပြောလျှင် ယုံနိုင်စရာမရှိ၊ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးသော ဧတဒဂ်ပိုင်ရှင် ထိပ်တန်းရဟန္တာ ထေရီမဖြစ်မည့် နောက်ဆုံးဘဝပေတည်း။ ဥစ္စာလည်းပေါ ရုပ်လည်းချောသည့် ထိပ်တန်းသူဌေးသမီးဖြစ်သည်။ ၁၆-နှစ်အရွယ်တွင် မိဘများက သူဌေးသားတစ်ဦးနှင့် လက်ဆက်ပေးရန် စီမံကြသော်လည်း မိမိအိမ်၌ အစေအပါးလုပ်နေသောကျွန်ကို မိမိကို အခိုးခိုင်းကာ ကျွန်၏ခိုရာသို့လိုက်သွားပြီး တောရွာ၌ ဆင်းဆင်းရဲရဲသွားနေသည်။ မိဘက မွေ့ယာခင်းပေးသော်လည်း ဆူးပေါ်သို့ ခုန်ဆင်းပြေးသူဟု ဆိုနိုင်သည်။ စိတ်၏ ပင်ကိုယ်သဘောကား တကယ့်ထင်မိထင်ရာပေတည်း။

ကိုယ်ဝန်ရင့်၍ သားဖွားခါနီးချိန်၌ မိဘထံပြန်လိုသဖြင့် ခင်ပွန်းကိုပြောရာ ခင်ပွန်းက သဘောမတူ။ ခင်ပွန်းမရှိမီတစ်နေ့မှာ အိမ်မှထွက်၍မိဘထံပြန်သွားရာ ခင်ပွန်းသိ၍ နောက်မှလိုက်သွားသောအခါ လမ်း၌ပင် တွေ့၍ သားဦးကလေးမွေးဖွားပြီး တောရွာရှိအိမ်သို့ ပြန်လာခဲ့ကြသည်။ နောက်ဒုတိယအကြိမ် ကိုယ်ဝန်ရင့်၍ သားဖွားချိန်နီးပြန်တော့လည်း မိဘထံပြန်လိုသဖြင့် ခင်ပွန်းကိုပြောပြန်ရာ ခင်ပွန်းကသဘောမတူချေ။ တစ်နေ့တွင် ခင်ပွန်းအိမ်၌မရှိခိုက် သားဦးကလေးကိုခေါ်ကာ မိဘထံပြန်သွားရာ ခင်ပွန်းသိ၍ နောက်မှလိုက်သွားသည်။ လမ်းမှာပင်တွေ့ရသည်။ ညနေမိုးချုပ်၍ မှောင်စပြုလာပြီ ဖြစ်သည်။

မိုးကြီးလေကြီး သဲသဲမဲမဲကျရောက်လာသည်။ ကံဆိုးမသွားရာမိုးရွာဟုဆိုရမည် ဖြစ်သည်။ မိုးရွဲရွဲစို၍ ချမ်းအေးလှသည့်အချိန်တွင် ကမ္ဗဇလေက အပြင်းအထန်လှုပ်ရှားလာသဖြင့် သားဖွားဖို့ အရိပ်တစ်ခုလုပ်ပေးရန် ခင်ပွန်းကိုပြောသောအခါ ခင်ပွန်းက ညအခါမိုးမှောင်ကြီးထဲ စမ်းတဝါးဝါးအမိုးအကာလိုက်ရှာရင်း တောင်ပို့ တစ်ခုပေါ်၌ ခြုံကိုတက်ခုတ်စဉ် တောင်ပို့တွင်းက မြွေထွက်ကိုက်သဖြင့် ပွဲချင်းပြီးသေရှာသည်။

ပဋာစာရီသည် မိုးကြီးလေကြီးထဲမှာပင် သားဦးကလေးနှင့်အတူနေရင်း နောက်ထပ် သားငယ်ကလေးကို မွေးဖွားပြန်သည်။ တစ်ညလုံး သား ၂-ယောက်ကိုရင်ခွင်မှာထားပြီး ဒူးနှင့်လက် လေးဖက်ထောက်ပြီး ခိုက်ခိုက်တုန် ချမ်းလျက် ဆင်းရဲစွာနေရရှာသည်။ မနက်လင်းတော့ တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ခင်ပွန်းကို လိုက်ရှာရာ တောင်ပို့၌ လဲလေနေသည်ကိုတွေ့ရ၍ 'ငါ့ကြောင့် ငါ့ခင်ပွန်းသေရသည်'ဟု သွေးသားနုနုဖြင့် ပြင်းထန်စွာ ငိုကြွေးပူဆွေးရရှာသည်။

ပဋာစာရီသည် သားကြီးကိုလက်မှာဆွဲ, သားငယ်ကိုပွေ့ချီကာ မိဘထံပြန်အသွားတွင် ညက ရွာသွန်းသော မိုးကြီးကြောင့် မြစ်ရေကြီးနေသည်ကိုမြင်ရ၏။ ကိုယ်စိတ်ဆင်းရဲမှုက လွှမ်းမိုးနေသဖြင့် ဘာကိုမျှ အေးအေး ဆေးဆေး စဉ်းစားဆုံးဖြတ်နိုင်စွမ်းမရှိတော့။ မြစ်ရေကူးလျှင် သား ၂-ယောက်စလုံး ခေါ်သွားရမည်ကိုခေါ်မသွား၊ သားကြီးကို ဤဖက်ကမ်းမှာခဏထားခဲ့သည်။ သားကြီးဆိုသော်လည်း ဘာမျှနားမလည်သေး။ သားငယ်ကို ပွေ့ချီကာ ဟိုဖက်ကမ်းကိုကူးသွား၍ သစ်ခက်များခင်းပြီး ခဏသိပ်ထားခဲ့သည်။ သားကြီးကိုခေါ်ရန် မြစ်ထဲဆင်း ကူးလျက် ပြန်လာသည်။

သိန်းစွန်ကြီးသည် ပဋာစာရီမြစ်လယ်သို့အရောက်တွင် သစ်ခက်ပေါ်သိပ်ထားခဲ့သော သားငယ်ကို အသားတုံးမှတ်ပြီး ထိုးသုတ်လေရာ ပဋာစာရီကအော်ပြီး လက်ကိုမြှောက်၍ သိန်းစွန်ကို ခြောက်လိုက်သည်။ ဝေး၍သိန်းစွန်ကမကြားဘဲ သားငယ်ကိုချီသွားလေသည်။ လက်မြှောက်၍အော်သည်ကို သားကြီးက သူ့ကိုခေါ်သည်ဟု ထင်ပြီးရေထဲဆင်းပြေးလာရာ ရေထဲမှာသားကြီး မျောပါသွားလေသည်။ သား ၂-ယောက်စလုံး


www.burmeseclassic.com

www.burmeseclassic.com



သေသွားကြသည်။ စောစောက မီးစတစ်ချောင်းသာ ရင်ဝ၌ လောင်နေခဲ့ရာ ယခုတော့ မီးစ ၃-ခုပေါင်း၍ ဟုန်းဟုန်းတောက်အောင် လောင်ကျွမ်းရှို့မြှိုက်မှုကို ခံရတော့သည်။ ကိုယ့်မီးကို ကိုယ်ကိုယ်တိုင်မွှေးခဲ့ခြင်းပင် မဟုတ်ပါလော။

ပဋာစာရီသည် ခင်ပွန်းရော သားနှစ်ယောက်ပါသေဆုံးသဖြင့် ပူလောင်ပင်ပန်းစွာ အရူးတစ်ပိုင်း ငိုကြွေးရင်း သာဝတ္ထိမြို့မိဘထံပြန်လာခဲ့ရာ လမ်း၌လူတစ်ယောက်နှင့်တွေ့၍ သူ့မိဘအကြောင်းမေးကြည့်ရာ ညတုန်းက မိုးကြီးလေကြီးပြင်းထန်စွာကျပြီး အိမ်ပြိုကျကာ သူဌေးကြီးဇနီးမောင်နှံရော သူ့သားပါအိမ်ပိ၍ သေသွားကြပြီဖြစ်ကြောင်း ကြားသိရပြန်ရာ ပဋာစာရီ၏ နှလုံးသားသည် ခံနိုင်စွမ်းလုံးဝမရှိတော့ချေ။ မိမိခါးဝတ်လျှောကျသွားသည်ကိုပင် မသိတော့ဘဲ ရူပ်ပျက်ဆင်းပျက် သွက်သွက်ခါအောင် တစ်ခါတည်းသတိလွတ်ကာ ရူးသွားလေတော့သည်။ ၆-လောင်းပြိုင် ဗျသနဆင်းရဲကြီးက နှလုံးသားကိုတစ်ပြိုင်တည်း စူးဝင်ထိုးနှက် ဖျက်ဆီးပစ်လိုက်သည်။

အသက်မသေတာပင် တော်ပါသေးသည်။ သတိကတော့လုံးဝမရှိတော့။ ပဋာစာရီ၏ မိဘ မောင်ခင်ပွန်း သားများနှင့် ဘဝတစ်ကွေ့ကလေးမှာ ခဏလေးတွေ့ရခြင်းသည် ပူလောင်ညစ်နွမ်း ကြမ်းတမ်းခက်ထန်အကျည်းတန်၍ ရုပ်ပျက်လွန်းလှချေတကား။ ပါးစပ်ကလည်း ကယောင်ကတမ်းတွေ ထင်ရာလျှောက်ပြော၊ ခါးကလည်း အဝတ်မပါ၊ သောကပရိဒေဝ မီးလောင်ထားသဖြင့် ပင်ကိုယ်ရုပ်ကလည်း လုံးဝမရှိ၊ ကျက်သရေဟုလည်း ဘာတစ်ခုမှမရှိ၊ အရှက်ဟူ၍လည်း ဗလာနတ္ထိ၊ အရေအတွက်ထားစရာဟုလည်း ဘာမျှမရှိတော့ဘဲ လူ့လောက၏အမှိုက်သရိုက်သဖွယ် ဖြစ်သွားတော့သည်။ လူများက 'အရူးမကြီး၊ အရူးမကြီး'ဟုဆိုကာ ဖုံနှင့်ကြဲ၊ သဲနှင့်ပက်၊ ခဲတုတ်ဖြင့်ပစ်ခတ်လျက် လူကြားထဲ လုံးဝဝင်ခွင့်မပေးကြတော့ချေ။ ငယ်ငယ်တုန်းက ဥစ္စာပေါရုပ်ချောသည့် ထိပ်တန်းသူဌေးသမီးပါဟုပြောလျှင် မည်သူမျှယုံကြတော့မည်မဟုတ်၊ ယခုဘဝမှာပင် ထိပ်တန်းတေဒဂ်ဘွဲ့ခံ ရဟန္တာ ထေရီမကြီး ဖြစ်မည့်သူပါဟုပြောလျှင်လည်း မည်သူမျှယုံနိုင်ကြလိမ့်မည်မဟုတ်၊ ပြက်ရယ်ပြုသည့်ပြောင်လှောင်စကား, ယုံတမ်းစကားဟုသာ ထင်သွားကြမည်ဖြစ်သည်။

အရူးမဘဝဖြင့် ဦးတည့်ရာ ထင်ရာသွားနေခဲ့ရာ တစ်ချိန်တွင် ဘုရားရှင် ဇေတဝန်ကျောင်း၌ တရားဟောနေစဉ် ကျောင်းနှင့်မနီးမဝေးအရပ်သို့ရောက်သွား၏။ ဘုရားရှင်က မြင်တော်မူသဖြင့် ကျောင်းဖက်သို့လာနိုင်အောင် အဓိဋ္ဌာန်တော်မူလိုက်၏။ ကျောင်းသို့လာသောအခါ အဝတ်မပါသဖြင့် 'အရူးမကြီး'ဟုဆိုကာ လူများက ဝိုင်းတားကြ၏။ ဘုရားရှင်က မတားမြစ်ရန်မိန့်ကြားပြီး ပဋာစာရီအနီးသို့ရောက်လာသောအခါ 'သတိရပါ၊ သတိ ထားပါ'ဟု မိန့်တော်မူလိုက်ရာ ပဋာစာရီ ချက်ချင်းသတိရလာ၏။ ယောကျ်ားတစ်ယောက်က ပစ်ပေးလိုက်သောအဝတ်ကို ချက်ချင်းဝတ်ပြီး ဘုရားအနားသို့ချဉ်းကပ်ကာ 'မြတ်စွာဘုရား၊ တပည့်တော်မမှာ သားသေ, လင်ဆုံး, မိဘနှင့်မောင်ပါ ပျက်ပြုန်းပြီး ယူကြုံးမရ သောကမီးတစ်ဟုန်းဟုန်းတောက်နေပါတယ်ဘုရား၊ ကယ်တော်မူပါဘုရား' ဟုလျှောက်ရာ မြတ်စွာဘုရားက 'သားသမီး စသည့် ဆွေမျိုးတွေသေဆုံး၍ ငိုခဲ့ရသည့် မျက်ရည်တွေ ပင်လယ်ရေမက များခဲ့လှပြီဖြစ်ကြောင်း၊ သားသမီးစသူတွေသည် အားကိုးရာအစစ်မဟုတ်ဘဲ တရားသာ အားကိုးရာအစစ်ဖြစ်ကြောင်း'မိန့်တော်မူ၍ သစ္စာလေးပါး ဝိပဿနာတရားကိုပြပြီး တရားဟောလိုက်ရာ ပဋာစာရီအရူးပျောက်၍ သောတာပန်ဖြစ်သွားသည်။ မကြာမီ ဘိက္ခုနီလုပ်၍ တရားအလုပ် ဆက်အားထုတ်သည်။

ဘိက္ခုနီဘဝ၌ တစ်နေ့တွင် ရေခပ်ပြီး ခြေကိုရေဆေးရာ ခြေဆေးရန် ပထမလောင်းလိုက်သောရေသည် အနည်းငယ်စီးသွားပြီးပြတ်သွား၏။ ဒုတိယလောင်းလိုက်သောရေသည် ထိုထက်ခပ်ဝေးဝေးစီးသွား၏။ တတိယလောင်းလိုက်သောရေသည် ထို့ထက်တော်တော်ဝေးဝေးစီးသွား၏။ ပဋာစာရီသည် ၎င်းရေစီးသွားပုံကို ကမ္မဋ္ဌာန်းအာရုံအဖြစ်ယူ၍ 'ပထမလောင်းလိုက်သောရေကဲ့သို့ သတ္တဝါတို့သည် ပထမအရွယ်လည်းသေနိုင်၏။ ဒုတိယလောင်းလိုက်သောရေကဲ့သို့ မဇ္ဈိမအရွယ် လည်းသေနိုင်၏။ တတိယလောင်းလိုက်သောရေကဲ့သို့ ပစ္ဆိမအရွယ်လည်းသေနိုင်၏' ဟု စဉ်းစားမိသည်။ ဘုရားရှင်က ပဋာစာရီ၏နှလုံးသွင်းပုံကိုထောက်ခံ၍ ကျောင်းတော်ကနေပြီး ရောင်ခြည်တော်လွှတ်ကာ 'အဖြစ်အပျက်ကိုမမြင်ဘဲ နှစ်တစ်ရာအသက်ရှည်ရတာထက်တော့ အဖြစ်အပျက်ကိုရှုလျက် တစ်ရက်တည်းအသက်ရှင်ရတာက မြတ်၏ 'ဟု တရားဟောလိုက်ရာ ခန္ဓာမှာဉာဏ်ကိုချ၍ ရှုပွားရင်း တရားနာလိုက်ရာ ပဋာစာရီသည် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


အသက်-၂၀ကျော်လောက်ပင် ရှိပေလိမ့်ဦးမည်။ နောက်ပိုင်းတွင် ဘုရားရှင်က 'ပဋာစာရီသည် ဝိနည်းဆောင်ဘိက္ခုနီတို့တွင် အသာဆုံး'ဟု ဧတဒဂ်ဂုဏ်ထူးကို ချီးမြှင့်တော်မူသည်။

ပဋာစာရီ ငယ်ငယ်ရွယ်ရွယ်နှင့် အချိန်မီရဟန္တာဖြစ်သွားအောင် ခင်ပွန်းနှင့်သား မိဘ မောင်များက သေပေးလိုက်ရသလိုဖြစ်သွားသည်။ ပဋာစာရီ၏ဘဝတစ်ကွေ့သည် အကျည်းတန်သော်လည်း ခဏတွေ့ရကျိုးတော့နပ်သွားပေပြီ။ ကိလေသာရောဂါမြန်မြန်ပျောက်အောင် ဆေးပူဆေးခါးကြီး တိုက်ပေးလိုက်သလိုလည်း ဖြစ်သွားသည်။ လောက၌ မည်သည့်အရာမဆို ကြည့်တတ်လျှင်တရားချည်းပင်ဖြစ်၍ မကြည့်တတ်လျှင်အလကားသာ ဖြစ်သွားလေသည်။

ပဋာစာရီသည် ဉာတိဗျသန အာရုံကို သတိညှပ်မပါဘဲ စိတ်ဖြင့်အမှတ်တမဲ့ကိုင်မိ၍ သွက်သွက်ခါ ရူးအောင် ပူလောင်သွားရသည်။ တရားအသိ အခုအခံမပါဘဲ အာရုံနှင့် စိတ်ထိသွားသဖြင့် ထိပ်တန်းပါရမီရှင်ကြီးဖြစ်ပါလျှက် ခြစ်ခြစ်တောက်ပူလောင်ပြီး ရူးသွားရသည်။ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်၏ အကြောင်းအရာသည် ယူတတ်သူအတွက်လမ်းညွှန်သင်ခန်းစာဖြစ်ပေသည်။ ဘဝ တစ်ကွေ့ခဏတွေ့ခိုက် အို, နာ, သေထက် မိမိက အရာရာလက်ဦးထားဖို့ အရေးကြီးလှပေသည်။

ဘုရားလက်ထက်က ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ သည် အဂ္ဂသာဝက ၂-ပါး အမှူးရှိသော ရဟန်း-၅၀၀ အား ဆွမ်းကပ်ရန် စီမံချက်ပြုတ်နေခိုက် 'သား ၃၂-ယောက်နှင့်တကွ ခင်ပွန်း စစ်သူကြီးဗန္ဓုလတို့ ရန်သူလက်ချက်ဖြင့်ကွယ်လွန်သွားပါပြီ'ဟု သတင်းစာလွှာရောက်လာသောအခါ စာကိုမည်သူ့အားမျှမပြဘဲ တည်ငြိမ်ရင့်ကျက်အေးဆေးစွာပင် ကုသိုလ်အလုပ်ကိုဆက်လုပ်နေသည်။ ရဟန်း-၅၀၀ ကြွလာ၍ ဆွမ်းဆက်ကပ်နေစဉ် ကျွန်မတစ်ယောက်က ထောပတ်အိုးကို ချီမလာရာ ချော်လဲ၍ ထောပတ်အိုးကျကွဲသွားသည်။ အရှင်သာရိပုတ္တရာ က ကုသိုလ်ပြုနေစဉ် စိတ်အနှောင့်အယှက်မဖြစ်စေလို၍ ဗန္ဓုလစစ်သူကြီးတို့သားအဖ အသတ်ခံရသည်ကိုလည်း မသိသေးသဖြင့် 'မလ္လိကာ- ကွဲတတ်တဲ့သဘောဟာ ကွဲတာပဲ၊ ပျက်တတ်တဲ့ သဘောဟာ ပျက်တာပဲ၊ စိတ်အနှောင့်အယှက်မဖြစ်ပါစေနှင့် 'ဟု သတိပေးမိန့်ကြားတော်မူသည်။ ထိုအခါ မလ္လိကာက သိမ်းထားသောစာကို ထုတ်ပြပြီး 'အချစ်ဆုံးသား ၃၂-ယောက်နှင့် အားအကိုးရဆုံးခင်ပွန်း ဗန္ဓုလစစ်သူကြီးတို့ ကွယ်လွန်တဲ့အကြောင်း သတင်းကြားရတာတောင်မှ စိတ်မတုန်လှုပ်အောင် ထိန်းထားနိုင်ပါသေးတယ် ဘုရား၊ ထောပတ်အိုးကျကွဲတာလောက်တော့ ဘာမှအရေးအတွက်မထားပါဘုရား'ဟု လျှောက်ထားလေသည်။ တကယ် ဆိုလျှင် ၃၃-လောင်းပြိုင် ဗျသနဒုက္ခကြီးဖြစ်၍ ပဋာစာရီထက် ၅-ဆ, ၆-ဆလောက်ပိုပြီး ရူးဖို့ကောင်းလှသည်။ ပဋာစာရီလို အရင့်အမာပါရမီရှင်ကြီးလည်း မဟုတ်သေးပါ။ သာမန်ပုထုဇဉ်အနုစားမျှသာ ဖြစ်သည်။ တရား အသိ, သတိအထိန်းက လက်ဦးထားသဖြင့် ရူးဖို့မဆို ထားဘိ၊ ဣန္ဒြေပျက်သည့်အဆင့်သို့ပင် ရောက်မလာပေ။ ပုထုဇဉ်မိန်းမသားတစ်ယောက် ဤမျှလောက် စိတ်ထားခိုင်မာရင့်ကျက်သည်ကို ချီးမွမ်းအံ့ဩထိုက်လှပေသည်။ အမှန်အားဖြင့် မလ္လိကာ ၏ နှလုံးသား မဟုတ်ပါ။ တရားထုံမွမ်းထားသော တရားနှလုံးသားသာ ဖြစ်ပါသည်။ ဘဝတစ်ကွေ့၌ ခဏ တွေ့ရကျိုးနပ်အောင် တည်ငြိမ်ရင့်ကျက်လေးနက်၍ အဖိုးတန်အောင် နေသွားတတ်ပေ သည်။ တရားကား ကိုယ်က စိတ်ဝင်စားသလောက် ကိုယ့်ကိုတကယ်စောင့်ရှောက်တတ်သော အံ့ဖွယ်စွမ်းအားပါပေတည်း။

## ၅။ ခန္ဓာကိုယ်ကောင် မီးစွဲလောင်

- **အိမ်မီးလောင်မှု၊ ဆွဲထုတ်သူ၊ ယူနိုင်သလောက် သုံးရသည်။**
- **မယူနိုင်ငြား၊ ဥစ္စာများ၊ မီးဝါးခံ၍ ရှုံးရသည်။**
- **ခန္ဓာကိုယ်ကောင်၊ မီးစွဲလောင်ကာ၊ အိုနာသေမြဲ၊ မီးပုံထဲမှ၊ ဒါနစသား၊ ကောင်းမှုများ၊ ဆွဲငြားကိုယ်ပိုင်ရရှိသည်။**
- **မယူနိုင်က၊ အပူရမြဲ၊ အမှိုက်ထဲမှာ၊ ပါသွားကာ၊ မီးစာဖြစ်ရသည်။**
- **ကျန်ရစ်တဲ့သူ၊ ဝေ၍ယူ၊ သေသူဘာမျှမရပြီ။**
- **ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင် ယူရမည်။**

လောက၌နေအိမ်ဟူသည် သစ်ဝါးစသော လောင်စာများဖြင့် ပေါင်းစုတည်ဆောက်ထားခြင်းဖြစ်၍ အချိန်မရွေးမီးလောင်တတ်သကဲ့သို့ မိမိခန္ဓာသည်လည်း ရုပ်နာမ်ခန္ဓာ သေစရာများဖြင့် ပေါင်းစုတည်ဆောက်



www.burmeseclassic.com

www.burmeseclassic.com


ထားသဖြင့် အချိန်မရွေးသေနိုင်သည်။ အို နာ သေမီးလောင်တတ်သည်။ လောင်နိုင်သည်။ လောင်နေသည်။ အိမ်မီးလောင်လျှင် လက်လှမ်းမီသလောက် အိမ်ထဲမှာရှိသော ပစ္စည်းဥစ္စာကို ဆွဲထုတ်ယူရမြဲဖြစ်သည်။ ဆွဲထုတ်ယူနိုင်သလောက် အိမ်ရှင်ရ၍ သုံးစွဲရသည်။ အဖိုးမတန်သည်ကိုဆွဲမိလျှင် အဖိုးမတန်သည်ကိုသာရမည်။ အဖိုးတန်ဆွဲမိမှ အဖိုးတန်သုံးရမည်။ မဆွဲယူနိုင်သောဥစ္စာနှင့်တကွ အိမ်ကြီးကား မီးဝါးခံ၍ ရှုံးရမြဲတည်း။

မိမိတို့ရထားသောခန္ဓာသည်လည်း အိုမီးအဆက်မပြတ်လောင်နေသည်။ အကြောင်းဖောက်ပြန်တိုင်း နာမီးနှိပ်စက်နေဆဲ၊ အိုမီးနှင့် နာမီးသည် တငွေ့ငွေ့လောင်ရင်း သေမီးတောက်ကြီး ဟုန်းကနဲထလာအောင် ရှို့မြှိုက်ဆဲ၊ ထိုမီးလောင်နေသောခန္ဓာအိမ်ကြီးထဲမှ ကောင်းမှုတရားကို အချိန်မီလက်ဦးအောင် ဆွဲထုတ်ယူနိုင်မှ ကိုယ်ပိုင်ရမည်။ မယူနိုင်လျှင် အမှိုက်ထဲအကုန်ပါပြီး မီးစာ ဖြစ်သွားလိမ့်မည်။ သေသူမှာလက်ခါထားခဲ့၍ ကျန်ရစ်သူသာ ဝေယူသွားကြလိမ့်မည်။ ဘဝခရီးကား ခက်ခဲကြမ်းတမ်းလှသည်။ နောက်ဆုံးတွင် ကိုယ့်အခက်အခဲကို ကိုယ်သာဖြေရှင်းရမည်ဖြစ်၍ ဘဝတစ်ကွေ့ခဏတွေ့ခိုက် ခန္ဓာအိမ်ကြီးမလောင်ကျွမ်းမီ ပြာမကျမီ အချိန်မီ အားကိုးစရာကောင်းမှုအနှစ်ကို လျင်မြန်ဖျတ်လတ်ပါးနပ်စွာ ဆွဲထုတ်ယူထားမှ စိတ်အေးရမည်ဖြစ်ပေသည်။

ဘုရားလက်ထက်က သာဝတ္ထိမြို့၌ သူဌေးမိသားစု ၃-ယောက်ရှိ၏။ ဦးရွှေတွန့်၊ ဒေါ်ရွှေညွန့်၊ သားမောင်ရွှေချော တို့တည်း။ ရွှေနှင့်ပစ္စည်းပေါသော်လည်း မလှူရက် မပေးရက် နမြောတွန့်တို လွန်းလှသဖြင့် ဦးရွှေတွန့်၊ ရွှေနှင့်ပစ္စည်းပေါ၍ သဒ္ဓါတရားအညွန့်မဆိုးလှသဖြင့် ဒေါ်ရွှေညွန့်ဟု ဆိုနိုင်သည်။ ရွှေပေါသည့်အိမ်၌ လူချောကလေးဖြစ်ရသဖြင့် မောင်ရွှေချော၊ ရွှေပန်းတိမ်သည်ထံ နားတန်ဆာအလုပ်ခိုင်းလျှင် လက်ခပေးရမည်စိုး၍ ဖခင်ဦးရွှေတွန့်ကိုယ်တိုင် ပုံမကျပန်းမကျ ထွင်းထုအပ်သောရွှေနားတန်ဆာပြောင်ချောကြီးကို ဝတ်ဆင်ရသဖြင့်လည်း မောင်ရွှေချောဟု ဆိုထိုက်သည်။ တစ်ဦးတည်းသောသားကလေးသည် စိတ်ကောင်းရှိ၍ မိဘထံ ဘာမျှမပူဆာတတ်၊ နူးညံ့သိမ်မွေ့သည်။

မောင်ရွှေချော(၁၆)နှစ်အရွယ်တွင် အသားဝါရောဂါ စွဲကပ်လာ၏။ ဒေါ်ရွှေညွန့်က ဆရာကောင်း ဆေးကောင်းဖြင့် ရောဂါပျောက်အောင်ကုရန် ဦးရွှေတွန့် ကိုပြောသောအခါ 'ငွေကုန်မခံနိုင်' ဟုဆိုကာ ငြင်းပယ်သည်။ ကြားဖူးနားဝ ဆေးမီးတိုများဖြင့်ကုစမ်းကြည့်၏။ မပျောက်ဘဲ ရောဂါကျွမ်းမှ ဆေးဆရာပင့်ရာ ဆေးဆရာများက နာမည်ပျက်မခံတော့ဘဲလက်လွှတ်လိုက်ကြ၏။ ရောဂါမှာ ကြာလေဆိုးလေဖြစ်ကာ သေဘေးမှ လွတ်လမ်းမမြင်တော့၊ ရွှေချောကလေး ဧကန်သေရတော့မည်ကို ဦးရွှေတွန့်သိလာ၍ 'သားလူမမာကို လာရောက်ကြည့်ရှုမေးမြန်းသူများ အိမ်ထဲ၌ထားသောပစ္စည်းများကို မြင်သွားကြလိမ့်မည်၊ သားကိုအပြင်ဖက်ထုတ်ထားမှဖြစ်မည်'ဟု တွေးကာ လူမမာသားကလေး မောင်ရွှေချောကို အိမ်ဦးကြမ်းပြင်ဖက်ထုတ်ထားလိုက်သည်။ အနား၌ပြုစုယုယစောင့်ရှောက်နေသည်လည်း မဟုတ်ပါ။ ပစ္စည်းပြည့်စုံပါလျက် တစ်ဦးတည်းသောသားလိမ္မာကလေးကို တူတူတန်တန် သားလိုမချစ်တတ်သော ထိုမိဘမျိုးနှင့်ဘဝတစ်ကွေ့ကလေး၌ခဏလေးတွေ့ရမှာတောင် ကြောက်စရာကောင်းလိုက်ပါဘိ။

နောက်နေ့နံနက်စောစောတွင် မြတ်စွာဘုရား၏ကျေးဇူးပြုခံထိုက်သူ ရှိ၊ မရှိ ဘုရားရှင်က ဉာဏ်မျက်စိကို ဖြန့်၍ ကြည့်တော်မူလိုက်ရာ ဉာဏ်တော်ထဲ၌ရွှေချောကလေးပေါ်လာသည်။ နံနက်လင်းသောအခါ ရဟန်းအပေါင်းခြံရံ၍ မြို့ထဲသို့ဆွမ်းခံကြွရင်း ဦးရွှေတွန့်အိမ်ရှေ့သို့ကြွရောက်တော်မူ၏။ ရွှေချောကို ချီးမြှောက်တော်မူလို၍ ကြွတော်မူခြင်းဖြစ်သည်။ ထိုအချိန်တွင် ရွှေချောသည် အိမ်အတွင်းဖက်ကို မျက်နှာမူ၍ အိပ်နေသည်။ မိဘနှစ်ပါးလုံး အနားမှာမရှိ၊ ဘုရားကြွလာသည်ကို ရွှေချောမမြင်၍ ဘုရားရှင်က ရောင်ခြည်တော်လွှတ်လိုက်သည်။ ရောင်ခြည်တော်လင်းထိန်လာသဖြင့် အရောင်လာရာဖက်ကိုအားယူ၍လှည့်ကြည့်လိုက်ရာ ဘုရားကို ဖူးမြင်ရသည်။ အလွန်အားနည်းလှ၍ မိမိလက်ကိုပင်မြှောက်ချီနိုင်စွမ်းမရှိတော့သဖြင့် လက်အုပ်ချီ၍ ရှိခိုးနိုင်စွမ်းပင် မရှိတော့၊ ကြည်လင်သောစိတ်ဖြင့်အာရုံပြု၍ဖူးမြင်ရုံသာ တတ်နိုင်တော့သည်။ ဘုရားရှင်ပြန်ကြွသွားပြီး နောက်မကြာမီပင် ထိုရောဂါဖြင့်ကွယ်လွန်၍ သေခါနီးဘုရားကိုကြည်ညိုလိုက်ရသော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်၌ ဉာဏ်ကြီးသော စည်းစိမ်ပြည့်ဝသောနတ်သား တစ်ယောက်ဖြစ်သွားသည်။

ဦးရွှေတွန့်သည် သားသေအလောင်းကောင်ကို သုသာန်သို့ပို့၍ မီးရှို့မြေမြှုပ်လိုက်သည်။ သားမရှိခါမှ မိဘနှစ်ဦးလုံး သားတန်ဖိုးကို ပိုသိရသည်။ အမွေခံသားသမီးမရှိတော့သော မိမိ၏ပစ္စည်းဥစ္စာများကိုလည်း တန်ဖိုးရှိသည်ဟု မထင်တော့၊ အဖိုးအဖွားနှစ်ဦးတည်း အိမ်ထဲ၌ ခြောက်ကပ်ကပ်ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


သားသေဆုံးသည့်နေ့မှစ၍ ဒေါ်ရွှေညွန့်မှာ နေစရာမရှိအောင် ပူလောင်စွာဖြင့် ငိုရသည်။ ဦးရွှေတွန့်ကြီးမှာ အိမ်မှာငို၍ အားမရနိုင်သဖြင့် နေ့စဉ်သုသာန်သို့လိုက်၍ငိုနေသည်။ ထိုအကြောင်းကို နတ်ပြည်သို့ရောက်သွား သော ရွှေချောနတ်သားကသိရ၍ 'ငါ့အဖေသည် လူ့ပြည်သူ့အိမ်မှာ ငါနေမကောင်း မကျန်းမာတုန်းက ဆေးကု ပေးရမှန်းမသိဘဲ သားသေလို့မရှိတော့လည်း ငိုလိုက်ရတာ မောလို့၊ သွားပြီးအသိပေးဦးမှဖြစ်မယ်'ဟုကြံကာ (၁၆)နှစ်သား ရွှေချောကလေး အယောင်ဆောင်ပြီး ဦးရွှေတွန့်ငိုကြွေးရာ သုသာန်သို့ရောက်လာ၍ ငိုနေလေ သည်။

ဦးရွှေတွန့်က 'ဩ-အမောင်၊ ငါကတော့ သေသွားတဲ့သားကိုလွမ်းလို့ငိုတာ၊ အမောင်ကတော့ ဘာဖြစ်လို့ ငိုရတာလဲ'ဟု မေးရာ

'ဩ--အဘ၊ ကျွန်တော် ရွှေရထားတစ်ခုလုပ်ထားတယ်၊ ရထားနဲ့လိုက်ဖက်မယ့်ဘီးနှစ်ခုကို ခုထိမရသေးဘူး၊ ဒါကြောင့် ရထားဘီးနှစ်ခုလိုချင်လို့ ငိုတာပါအဘ'ဟု ရွှေချောနတ်သားက ပြောသောအခါ သားနှင့် တစ်ပုံစံတည်း တူလွန်းလှသဖြင့် သားချစ်စိတ်လည်း ဖြစ်ပေါ်လာ၍ ဦးရွှေတွန့်က မေးမြန်း၏။

'ရွှေ၊ ငွေ၊ ပတ္တမြား၊ ကြေးတို့တွင် ဘယ်လိုရထားဘီးကို လိုချင်ပါသလဲအမောင်'

'ဘယ်လောက်ကြီးတဲ့ရထားဘီး လုပ်ပေးမှာလဲ အဘ'

'ကြီးချင်သလောက်ကြီးပါ အမောင်၊ လုပ်ပေးပါ့မယ်'

သားအသက်ထင်ရှားရှိစဉ် မကျန်းမာတုန်းကဆေးကုပေးဖော်မရသည့် ဦးရွှေတွန့်က 'ကြီး ချင်သလောက် ကြီးပါစေ' ဟု ဆိုလာသောအခါ ရွှေချောနတ်သားက -

'အဘ--ကျွန်တော်က ရွှေ ငွေ ပတ္တမြား ကြေးဘီးတွေမလိုချင်ဘူးဗျ၊ ဟိုကောင်းကင်ပေါ်မှာ နေနှင့်လ ရှိတယ် အဘ၊ နေကို ရထားဘီးတစ်ဖက် လုပ်ချင်တယ်၊ လကို ရထားဘီးတစ်ဖက် လုပ်ချင်တယ်၊ ဒါကြောင့် နေနှင့် လကိုလိုချင်လို့ ငိုတာပါအဘ'ဟု ပြောပြရာ ဦးရွှေတွန့် က-

'မိုက်လှ ရူးလှချည့်လားအမောင်ရယ်၊ ကောင်းကင်က နေနှင့်လကို ဘယ်လိုလုပ်ရနိုင်မလဲကွယ်' ဟု ဆိုလေသည်။

ရွှေချောနတ်သားက ထိုစကားမျိုးကိုပြောစေလို၍ ကြားလို၍ ပြောနေခြင်းဖြစ်သည်။ ထိုအခါ 'ဩ-- အဘ၊ အဘက မမြင်ရတော့တဲ့သေသွားတဲ့သားကလေးရွှေချောကို လွမ်းလို့ တမ်းတပြီးငိုနေတယ်၊ ကျွန်တော်က မြင်ရတဲ့ တကယ်ရှိနေတဲ့ နေနှင့်လကိုလိုချင်လို့ငိုနေတယ်၊ မရှိလို့မမြင်ရတာကို မှန်းပြီးငိုနေသူနှင့် တကယ်ရှိနေလို့ မြင်ရတာကို တမ်းတပြီးငိုနေသူနှစ်ယောက်မှာ ဘယ်သူက ပိုပြီး မိုက်ပါသလဲ, ရူးပါသလဲခင်ဗျာ'

ဦးရွှေတွန့် ရှင်းကနဲ အမြင်ပေါ်လာ၏။ 'အေး-- ဟုတ်လိုက်တာကွယ်၊ သေပြီးလို့ မမြင်ရတော့တဲ့သားကို မှန်းပြီးငိုနေတဲ့ငါက ပိုပြီးမိုက်တာရူးတာပေါ့ကွယ်၊ နေစမ်းပါဦးကွယ့်၊ အမောင်က ဘယ်သူလဲ၊ လူလား နတ်လား'

'ရွှေချောလေ၊ အဘရဲ့သားပေါ့၊ အဘရဲ့အိမ်မှာ ရွှေချောဘဝတုန်းက အသဲအသန် မကျန်းမမာဖြစ်စဉ် အဘက အိမ်ဦးကြမ်းပြင်မှာ ထုတ်ထားလိုက်တယ်မဟုတ်လား၊ အဲဒီတုန်းက မြတ်စွာဘုရားကြွလာလို လက်အုပ် မချီနိုင်လောက်အောင်အားနည်းနေတော့ ကြည်လင်တဲ့စိတ်နဲ့ ဖူးရှုံသာ ဖူးမြင်လိုက်ရတဲ့ကုသိုလ်ကြောင့် ယခု တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်နေတယ်၊ အဘ--ကုသိုလ်ကို လက်ဦးအောင်အမြန်လုပ်ပါ၊ အဘမှာ ပစ္စည်းတွေ အများကြီးပဲ၊ အမွေခံသားသမီးလဲ မရှိတော့ဘူး၊ အဘတို့မရှိတဲ့အခါ ဒီပစ္စည်းတွေဘယ်သူ့အတွက် ဖြစ်မယ်ထင်လို့လဲ၊ ဘုရားထံ ချဉ်းကပ်ပြီး အမြန်အလှူလုပ်ပါ၊ တရားနာပါ'ဟု ပြော၍ နတ်ပြည်သို့ပြန်သွားသည်။

ဦးရွှေတွန့်သည် ချက်ချင်းအိမ်ပြန်၍ဆွမ်းစီမံပြီး ဘုရားနှင့်တကွ သံဃာကိုအိမ်ပင့်ကာ ဆွမ်းကပ်လေသည်။ ဆွမ်းဘဉ်းပေးပြီးသော် ပရိသတ်များစွာ ရောက်လာကြသည်။ 'ရွှေချောနတ်သား ရောက်လာစေသတည်း' ဟု ဘုရားက အဓိဋ္ဌာန်လိုက်ရာ ရွှေချောနတ်သားလည်း ဦးရွှေတွန့်အိမ်သို့ ရောက်လာသည်။ ဘုရားက တရားဟောရာ တရားပွဲပြီးသွားသောအခါ ရွှေချောနတ်သားနှင့် ဦးရွှေတွန့် သောတာပန်ဖြစ်သွားသည်။ ဦးရွှေတွန့်သည် သောတာပန်ဖြစ်ပြီးသောအခါ များပြားလှစွာသောပစ္စည်းဥစ္စာကို သာသနာ၌ စွန့်ကြဲလှူဒါန်း လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ဤအကြောင်းအရာ၌ ရွှေချော၏စိတ်ထားဖြူစင်မြင့်မြတ်ပုံ အသိတရားပြည့်ဝပုံကို အတုယူဖွယ်အဖြစ် တွေ့ရမည်ဖြစ်သည်။ ဘဝတစ်ကွေ့၌ခဏတွေ့ခိုက် မသိတတ်သူကို သိတတ်သူက ခွင့်လွှတ်ရမည်။ မသိတတ်သူကို သိတတ်သူကမေတ္တာရှေ့ထားကူညီရမည်။ လမ်းညွှန်ရမည်။ တစ်လုတ်ကျွေးဘူးသည့် သူ့ကျေးဇူးကိုသိရမည်။ တစ်ယောက်နှင့်တစ်ယောက် မကျေနပ်မှု အလုံးအကြိတ်အခဲများမဖြစ်စေဘဲ ခန္တီမေတ္တာဖြင့်ချေဖျက်ပစ်ရမည် စသည်ဖြင့် ယူတတ်သလောက် ဘဝသင်ခန်းစာများရရှိနိုင်ပေသည်။ တကယ်ဆိုလျှင် ဦးရွှေတွန့် သည် သားရွှေချောအပေါ် သားလိုမချစ်တတ်။ သေလုမျောပါးရောဂါဖြစ်တာတောင်မှ ပစ္စည်းကုန်မှာကိုနှမြော၍ ဆေးကုဖော်မရ။ ဤမျှ အသိတရားခေါင်းပါးသူကို ရွှေချောမစိမ်းကားပါ။ နတ်စည်းစိမ်ဖြင့်လည်း မေ့လျော့ယစ်မူးမနေပါ။ ဖခင်ကို ဖခင်ဟုပင် အသိအမှတ်ပြု၍ သဘောထားကြီးစွာ သာသနာနှင့်တွေ့ရသည်ထိ ကူညီပေးလိုက်ပုံမှာ လက်ဖျားခါပြီး အံ့ချီးထိုက်လှပေသည်။ ဘဝတစ်ကွေ့မှာ ခဏတွေ့ရကျိုးနပ်အောင် နေထိုင်ကျင့်သုံးတတ်ပါပေစွတကား။

## ၆။ အိုတာမမြင် မသေချင်

- **နွားကိုကျောင်းငြား၊ နွားကျောင်းသားမှာ၊ တုတ်ကိုင်ကာ၊ မောင်းလာနွားစားကျက်။**
- **အိုသေတရား၊ ဤနှစ်ပါးမှာ၊ နှိပ်စက်ကာ၊ မောင်းလာလူ့အသက်။**
- **အိုတာမမြင်၊ မသေချင်၊ ပြုပြင်သော်လည်း လိုက်၍ဖျက်။**
- **အသိဉာဏ်ယှဉ်၊ ပြင်လည်းပြင်ပါ၊ စေခိုင်းပါ၊ လူမှာအမြတ်ထွက်။**
- **ဘဝတစ်ကွေ့၊ ခဏတွေ့၊ မမေ့ရအောင်ကြိုးစားတက်။**

နွားကျောင်းသားသည် တုတ်ကိုကိုင်၍ရိုက်နှက်ကာ နွားများကိုနွားစားကျက်သို့ မောင်းနှင်နေသကဲ့သို့ အိုသေတရားသည် သင်္ခါရတုတ်ကိုကိုင်၍ သတ္တဝါအများကို နှိပ်စက်ကာ သုသာန်သို့ မောင်းနှင်နေသည်။ နွားကျောင်းသားက အစာကောင်းကောင်းစားစေလို၍, ရေကောင်းကောင်းသောက်စေလို၍ မောင်းနှင်သော်လည်း အိုသေတရားက သတ္တဝါအများကို မောင်းနှင်နေခြင်းကား အကျိုးလိုလား၍မဟုတ်ချေ။ ပျက်စီးအောင်သာ ရိုက်နှက်မောင်းနှင်နေခြင်းဖြစ်သည်။ အိုတာမမြင်ချင်၊ မသေချင်၍ အမျိုးမျိုးအကြောင်းစုံဖြင့် ပြုပြင်သော်လည်း အချိန်စေ့လျှင် ဖျက်ချလိုက်သည်သာတည်း။ မသွားဘဲနီးနေသည်မှာ သုသာန်ပင်မဟုတ်ပါလော။ မည်မျှပင် ပြုပြင်စေကာမူ အချိန်စေ့က ပျက်ရမြဲတည်း။ ထို့ကြောင့်ပြုပြင်တိုင်းလည်း အသိဉာဏ်ယှဉ်ရမည်။ နေ့စဉ်ကိုယ်ပိုင်အင်အားရရှိအောင်လည်း အားမနာတမ်းစေခိုင်းရမည်ဖြစ်သည်။ လူတိုင်း သေလက်မှတ်ရပြီးသားဖြစ်၍ လက်မှတ်ကိုကိုင်ကာ ကိုယ့်အလှည့်ကို တန်းစီစောင့်နေကြသည်။ ကြောင်လက်ထဲသို့ ရောက်သွားသောကြွက်ကို ကြောင်သည်အမျိုးမျိုးကျေနပ်အောင် ဆော့ကစား၍ ခေါင်းမှစပြီး ဝါးစားလိုက်သကဲ့သို့ ဤခန္ဓာကြွက်ကိုလည်း ဇရာကြောင်သည် ဗျာဓိမျိုးစုံဖြင့် ကျေနပ်အောင်ဆော့ကစားပြီးမှ မရဏဖြင့် ဝါးစားလိုက်မည်သာဖြစ်ပါသည်။

## ၇။ အပုပ်ကိုဆောင် အသေကောင်

- **ဂုဏ်စွမ်းရည်များ၊ လျော့ကျသွား၊ မှတ်သား အသေကောင်။**
- **အပုပ်ရည်တွေ၊ ယိုစီးနေ၊ မှတ်လေ အသေကောင်။**
- **ချစ်ခင်စရာ၊ ဖြတ်တတ်ပါ၊ မှတ်ပါ အသေကောင်။**
- **အသုံးမကျ၊ မီးရှို့ရ၊ မြှုပ်ရ သုသာန်ဘောင်။**

မရဏဝါးစားခံရ၍ သေဆုံးပျက်စီးကာ ဥတုဇရုပ်ကလာပ်အလောင်းကောင်ကြီးဘဝသို့ ရောက်သွားသောအခါ ခင်တွယ်စရာတစ်ကွက်မျှမရှိတော့ပါ။ အသက်ထင်ရှားရှိစဉ်ကရှိနေခဲ့သော ဂုဏ်ထူးစွမ်းရည်များအားလုံး လျော့ကျပျက်စီးဆုတ်ယုတ်သွားသောကြောင့်လည်း အသေကောင်ဟု ခေါ်ရသည်။ ရက်ကြာလာသည်နှင့်အမျှ ရွံစရာအပုပ်ရည်တွေ တစ်စိုစိုယိုစီးနေတတ်သောကြောင့်လည်း အသေကောင်ပုပ်ကြီးဖြစ်လာရသည်။ အဆင်းအနံ့ ပုံသဏ္ဍာန်အားဖြင့် ဖောက်ပြန်ပျက်စီးလာ၍ ချစ်ခင်တွယ်တာစရာမှန်သမျှ ဖြတ်တောက်ပစ်တတ်သောကြောင့်လည်း အသေကောင် အမည်ရသည်။ ဘာမျှအသုံးမကျတော့သဖြင့် လူသေမြှုပ်ရာသုသာန်သို့ထုတ်၍ မီးရှို့ကာမြေမြှုပ်ပစ်လိုက်ရတော့သည်။ နောက်ဆုံးတွင် ဘာမျှမဟုတ်တော့ပါတကား။


www.burmeseclassic.com

www.burmeseclassic.com


**၀၃ သေသွားသူတွေ အမျှဝေ**

- **သေသွားသူတွေ၊ အမျှဝေ၊ ပြုလေမြတ်ကောင်းမှု။**
- **ကိုယ့်မှာရှိတာ၊ ပေးရပါ၊ ကောင်းစွာကုသိုလ်ပြု။**
- **အထုပ်(၄)ထုပ်၊ ကောင်းစွာလုပ်၊ မယုတ်ရအောင်စု။**
- **သိက္ခာ(၃)ရပ်၊ အကျင့်မြတ်တွင်၊ ဒါနတင်၊ စွမ်းအင်မြတ်ကောင်းမှု။**
- **ကိုယ်ပိုင်ပြီးမှ၊ များသတ္တ၊ အမျှပေးဝေပြု။**
- **အမျှကိုယူ၊ ဝမ်းမြောက်သူ၊ အတူရရှိချမ်းသာစု။**
- **မေတ္တာရှေ့ထား၊ စိတ်အားထက်သန်၊ တရားမှန်၊ ဧည့်ခံပွဲဟုရှု။**

ပုထုဇဉ်တို့၏လားရာဂတိသည် မရေမရာသွားနေလျှင် ပိုင်းခြားသတ်မှတ်မပြတတ်ချေ။ စိတ်မတည်ငြိမ်တတ်သဖြင့် တဏှာတိမ်းညွတ်ရာရောက်သွားတတ်သည်။ အကုသိုလ် အလေးချိန်များနေလျှင် အကုသိုလ်တွန်းချရာသို့လည်း ရောက်သွားတတ်သည်။

ရှေးအခါက ပါဠလိမြို့၌ထီးနန်းစိုက်၍အုပ်ချုပ်သော အဿကမင်းကြီးတွင် ဥပရီမည်သော အလွန်ချောမောလှပသော မိဖုရားခေါင်ကြီးရှိသည်။ မြန်မာလို ဒေါ်မြင့်မြင့်ဟု ခေါ်ရမည်ဖြစ်၏။ ထိုမိဖုရားကြီး မကြာမီကွယ်လွန်သွားသည်။ အဿကမင်းက ချောလွန်းလှလွန်း ချစ်မြတ်နိုးလွန်းလှသဖြင့် မိဖုရားကြီး၏အလောင်းကောင်ကို မီးမရှို့ရက်၊ မြေမမြှုပ်ရက်ဘဲ ဆေးစိမ်ထားကာ နေ့တိုင်း မစားနိုင် မသောက်နိုင် အလောင်းကောင်ကို ကြည့်ကြည့်ပြီး ပူဆွေးငိုကြွေးနေသည်။ မည်သူမျှတရားရအောင် နားချ၍မရ၊ နေ့စဉ်မပြတ်ငိုလာခဲ့ရာ ၇ရက်ကြာသွား၏။

ဘုရားလောင်း ဈာန်အဘိညာဉ်ရ ရသေ့ကြီးသည် အဿကမင်းကြီး၏ သောကပရိဒေဝ မီးကိုငြိမ်းပေးရန် တန်ခိုးဖြင့်မင်းဥယျာဉ်သို့ကြွသွား၏။ 'မိဖုရားကြီးဥပရီ (ဒေါ်မြင့်မြင့်)ကိုမြင်လိုလျှင် ဥယျာဉ်သို့လာခဲ့'ဟု လုလင်တစ်ယောက်မှတစ်ဆင့်သတင်းပို့လိုက်၏။ မိဖုရားကြီးကို မြင်လိုလှသဖြင့် အဿကမင်းကြီး ဝမ်းမြောက်ဝမ်းသာစိတ်အားတက်ကြွစွာ ဥယျာဉ်သို့ရောက်လာ၍ ဘုရားလောင်း ရသေ့ကို ရှိခိုးထိုင်နေပြီး -

'အရှင်ဘုရား၊ မိဖုရားကြီးရဲ့ ဖြစ်ရာအရပ်ကို သိတယ်ဆိုတာ ဟုတ်ပါသလား'

'ဟုတ်ပါတယ်မင်းကြီး'

'ဘယ်မှာ ဖြစ်သလဲဘုရား'

'မိဖုရားကြီးက ရုပ်အဆင်းလှလွန်းတော့ အလှမာန်ယစ်ပြီး မေ့လျော့ပေါ့ဆလွန်းလို့ ကောင်းမှုမပြုမိတာကြောင့် ဒီဥယျာဉ်ထဲမှာပဲ နွားချေးပိုးမကြီးဖြစ်နေရဲ့ဗျာ'

'အား--အရှင်ဘုရား၊ မဖြစ်နိုင်တာဘဲ၊ မယုံနိုင်ပါဘူး'

'ဒီလိုဆို ခေါ်ပြီးပြပေးမယ်လေ'

'ပြပေးပါဘုရား'

ဘုရားလောင်းက 'နွားချေးပိုးထီးကြီး နွားချေးပိုးမကြီးနှစ်ကောင် အဿကမင်းရဲ့ရှေ့မှာ ရောက်လာကြစေ'ဟု တန်ခိုးဖြင့်ခေါ်လိုက်၏။ ချက်ချင်းပိုးကောင်ကြီးနှစ်ကောင် ရောက်လာကြသည်။

'ဟောဒီမှာမင်းကြီး--နွားချေးပိုးထီးကြီးရဲ့နောက်က လိုက်လာတဲ့နွားချေးပိုးမကြီးဟာ ဒကာတော်မင်းကြီး ချစ်မြတ်နိုးလှတဲ့ ဥပရီမိဖုရားကြီးပဲ'

'တပည့်တော်ရဲ့မိဖုရားချောကြီး ဒီလိုစက်ဆုပ်စရာကောင်းတဲ့ နွားချေးပိုးမကြီးဖြစ်နိုင်စရာ အကြောင်းမရှိပါ၊ မယုံနိုင်ပါဘူး ဘုရား'

'ဒီလိုဆို စကားအပြောခိုင်းမယ်လေ'

'ခိုင်းပါဘုရား'

ဘုရားလောင်းက တန်ခိုးဖြင့် 'ဥပရီ(မြင့်မြင့်)' ဟု ခေါ်လိုက်၏။

'ဘာပါလဲအရှင်ဘုရား' ဟု ပြန်ထူးသည်။

'သင်က အရင်ဘဝက ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဿကမင်းကြီးရဲ့ မိဖုရားကြီးဥပရီ ပါဘုရား'

'ယခုအခါ သင်ဟာ အဿကမင်းကြီးနှင့် ပိုးထိုးကြီးနှစ်ဦးမှာ ဘယ်သူ့ကိုပိုချစ်သလဲ'

'အရင်ဘဝခင်ပွန်းထက် ယခုဘဝခင်ပွန်းကို ပိုချစ်ပါတယ်၊ ဘဝဟောင်းချုပ်လို့ ဘဝသစ် ရောက်လာချိန်ကစပြီး အဿကမင်းကြီးဟာ ကျွန်ုပ်အတွက်ဘာမျှအကျိုးမရှိတော့ပါ။ ဖြစ်နိုင်လျှင် အဿကမင်းကြီးကိုသတ်ပြီး လည်ချောင်းသွေးနဲ့ ပိုးထိုးကြီးရဲ့ခြေကို ဆေးပေးချင်ပါတယ်'

ဤသို့ပိုးမကြီးဖြေဆိုသံကို အဿကမင်းကြီးကြားရသောအခါ စိတ်မချမ်းမသာဖြစ်သွားပြီး 'ဒီလိုမှန်းသိရင် ဘာလို့ စိတ်အပင်ပန်းခံနေတော့မလဲ၊ အစောကြီးကတည်းက အလောင်းကောင်ကို လွှင့်ပစ်မှာပေါ့'ဟုဆိုကာ အခမ်းအနားဖြင့် သင်္ဂြိုဟ်မနေတော့ဘဲ မိဖုရားကြီး အလောင်းကောင်ကို စွန့်ပစ်လိုက်လေသည်။

အဿကမင်းကြီးသည် စောစောကအကြောင်းမသိသဖြင့် မိဖုရားကြီးအပေါ် စွဲမိစွဲရာစွဲပြီး မအိပ်နိုင် မစားနိုင်လောက်အောင် သောကပရိဒေဝအပူမီး ကြီးစွာလောင်ခဲ့လေသည်။ အကြောင်းမှန် သိသွားသောအခါ မိဖုရားကြီးအပေါ် တပ်မက်မှုကင်းကာ သောကပရိဒေဝမီး ငြိမ်းအေးသွားသည်။

မိမိနှင့်ဆက်စပ်သူသေသွားလျှင် သေသူကိုရည်စူး၍ ကျန်ရစ်သူကကုသိုလ်ပြုပြီး အမျှပေးဝေခြင်းသည် မြင့်မြတ်သောလူ့ကျင့်ဝတ်ပင်ဖြစ်သည်။ သေသွားသူအပေါ် အစွဲအလန်းကြီးစွာဖြင့် ပူလောင်ရှုပ်ထွေးစွာ အမျှဝေခြင်းမျိုးသည် အကျိုးမများပါ။ မေတ္တာတရားဖြင့် သန့်ရှင်းအေးမြစွာ ကူညီချီးမြှောက်သည့် သဘောမျိုး သာ ဖြစ်ရပါမည်။

သေသွားသူသည် ဒေဝ-မနုဿ-နိရယ-ပေတ-တိရစ္ဆာန်ဟုသွားရာဘဝ ငါးမျိုးအနက် ပေတဂတိ (ပြိတ္တာဘဝ)ကို ရောက်မှ အမျှပေး၍ အကျိုးခံစားခွင့်ရှိသည်။ မနုဿ(လူ)၊ နိရယ(ငရဲ) တိရစ္ဆာန်ဘဝမျိုးသို့ ရောက်သွားလျှင် အမျှပေးသည်ကိုကြားနိုင်မည်မဟုတ်၊ ခံစားခွင့်ရနိုင်မည်မဟုတ်ပါ။ ဒေဝ(နတ်ပြဟ္မာ ဘဝ) ရောက်လျှင် သာဓုခေါ်နိုင်သော်လည်း ကျန်ရစ်သူကပေးလိုက်သော ကုသိုလ်အဖို့ကို သူကမျှော်လင့်လိမ့်မည် မဟုတ်ပါ။ သီလရှိသူအား လှူရမည်၊ ရည်စူးရမည်၊ အမျှပေးရမည်။ ဘဝတစ်ပါးရောက်သူသိ၍ သာဓုခေါ်နိုင်ရ မည်။ သို့မှသာအကျိုးခံစားခွင့်ရှိသည်။ နောက်ပိတ်ဆုံး မိမိတော့ရပြီးသားပါတည်း။ သေသွားသူအပေါ် ကျေးဇူးသိတတ်သည့်ဂုဏ်, အကျိုးလိုလား မေတ္တာထားတတ်သည့်ဂုဏ်ကလည်း တန်ဖိုးမဖြတ်နိုင်အောင် ကျန်ရစ်ပေသည်။

ကိုယ့်မှာရှိပြီးသည်ကိုသာ သေပြီးသူအတွက် အမျှပေးဝေရသည်ဖြစ်သောကြောင့် ရှေးဦးစွာ မိမိက ကုသိုလ်အကောင်းစားရအောင်ပြုရမည်။ မိမိ၌နည်းနည်းရှိလျှင် နည်းနည်းသာပေး၍ ဖြစ်နိုင်မည်။ များများ ရှိထားမှ များများပေးနိုင်လိမ့်မည်။ အညံ့စားရှိထားလျှင် အညံ့စားကိုသာပေးနိုင်၍ အကောင်းစားရှိထားမှ အကောင်းစားကိုပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကုသိုလ်ကို အကောင်းဆုံးဖြစ်အောင်လုပ်တတ်ဖို့ကား ကျန်ရစ်သူ၏ အရေးအကြီးဆုံးတာဝန်ပေတည်း။

ဒါန, သီလ, သမထ, ဝိပဿနာဟူသော အထုပ်ကြီး ၄-ထုပ်ကို ကောင်းစွာထုပ်ပြီး နောက် (သို့မဟုတ်) သီလ, သမာဓိ, ပညာ, သိက္ခာသုံးရပ်အကျင့်မြတ်ပေါ်တွင် ဒါနရိက္ခာထုပ်ကိုတင်ပြီးနောက် အမျှပေးကာ တင်ပို့ လိုက်ရမည်ဖြစ်သည်။ ကိုယ်ပိုင်ပြီးမှသာ ကိုယ်ပိုင်ကုသိုလ်ကို အမျှပေးရသည်။ ပစ္စည်းသည် ကိုယ်ပိုင်မဟုတ်ဘဲ ဘုံဆိုင်သာဖြစ်၍ အမျှပေးဝေ၍မရပါ။ ဘုံဆိုင်အငှားကို ကိုယ်ပိုင်တရားဖြင့် လဲလှယ်ပြီးမှ အမျှဝေ၍ဖြစ်သည်။

အမျှပေးသည်ကိုသိရှိခွင့်ရ၍ ဝမ်းမြောက်ဝမ်းသာသာဓုခေါ်လျက် အမျှကိုယူနိုင်လျှင် ဘဝတစ်ပါး ပြောင်းသွားသူသည် ကုသိုလ်ပြုသူနှင့် ထပ်တူအဖို့ရကာ ချမ်းသာခွင့်ရသွားလေသည်။ သေလွန်သွားပြီးသူကို ရည်စူး၍ ကုသိုလ်ပြုခြင်းကို မေတ္တာတရားရှေ့သွားပြု၍ တရားထမင်းဝိုင်းကြီးကိုပြင်ပြီး ဧည့်ခံနေသည်ဟု မြင်အောင် ကြည့်ရှုသုံးသပ်တတ်ဖို့ လိုအပ်လှပေသည်။ ဘဝတစ်ကွေ့ ခဏတွေ့ခိုက် အကျိုးရှိရှိကူညီပေးခြင်းပင် ဖြစ်ပေသည်။

**"အားလုံးချမ်းသာကြပါစေ"**

တိပိဋကယောဆရာတော်

၁၃၅၆-ခု၊ နယုန်လ (၁၉၉၄-ခု၊ ဇွန်လ)



www.burmeseclassic.com

www.burmeseclassic.com



# တိပိဋကဓမ္မလက်ဆောင်(၁၁)

# ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်

## (တိပိဋကမယ်တော်ကြီး စိန်ရတုအထူးလက်ဆောင်)

### နမောဗုဒ္ဓသာ

အစ္စေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

(မ-၃-၂၂၆)

- သိက္ခာ ၃-ပါး၊ ကောင်းမှုများ၊ ဦးစားပေးသင့်ပေ။
- ဦးစားပေးရန်၊ အကျင့်မှန်၊ အမြန်ပြီးအောင် လုပ်ပါလေ။
- အလုပ်နောက်ကျ၊ လုံ့လဖင့်နွေး၊ ချမ်းသာဝေး၊ ပူဆွေးရတတ်ချေ။
- ယနေ့အလုပ်၊ ယနေ့လုပ်၊ အဟုတ်စိတ်အေးစေ။
- ကိုယ်ပိုင်အလုပ်၊ ခပ်သုတ်သုတ်၊ အဟုတ်ပြီးအောင် ကြိုးစားလေ။
- ပိုင်တာလုပ်မှ၊ စိတ်အေးရ၊ မုချအေးချမ်းစေ။
- ပစ္စုန်ပ္ပန်သာ၊ ကိုယ်ပိုင်ပါ၊ ပိုင်တာစု၍နေ။

### ၁။ အဖိုးတန် လူ့ဘဝ

အဖိုးတန်လူ့ဘဝ တစ်ခုကိုရရန် အတိတ်က စိတ်ကောင်းအရင်းအနှီး အမြောက်အမြားစိုက်ခဲ့ရသည်။ ပုံစံအားဖြင့် အရေအတွက်တိုးရုံ ခေါ်ဖြစ်ရုံ လူဖြစ်ဖို့လွယ်ချင်လွယ်နိုင်သော်လည်း တကယ် အသုံးဝင်သည့် အရည်အချင်းမီ လူတစ်ယောက်ဖြစ်လာဖို့ကား အလွန်ခက်ခဲလှပေသည်။ (၁) လူ့ဘဝကို ရခဲ၏။ (၂) ထို့ထက် သုံး၍ဖြစ်သောလူဖြစ်ရန် ခက်ခဲသည်။ (၃) တစ်ဖန် သုံးတတ်သည့်အသိ အလိမ္မာ ဉာဏ်ပညာရှိသူဖြစ်ဖို့ ပို ခက်သည်။ (၄) ထို့ထက်သုံးနိုင်သူလူဖြစ်ရန် ခက်ခဲပြန်၏။ (၅)လူ့ ဘဝအနှစ်သာရကို ပြည့်ပြည့်ဝဝရအောင် 'ငါတော့ လူဖြစ်ရကျိုးနပ်ပြီ'ဟု ကြုံးဝါးနိုင်လောက်အောင် တကယ်အသုံးချဖြစ်သည့်လူဖြစ်ဖို့ကား အခက်အခဲဆုံး အခွင့်အရေးကြီးပေတည်း။

### ၂။ လူ့ဘဝဂုဏ်ရည် ၆-ချက်

တစ်ဖန် လူ့ဘဝဂုဏ်ရည် ၆-ချက်နှင့်ပြည့်စုံသော အဖိုးတန်လူဖြစ်မှုလည်း ဘဝ တစ်ခု၌ အပိုင်နှင့်အငှား သရုပ်ကွဲပြားပေလိမ့်မည်။

(၁) လမ်းကောင်းလမ်းမှန်ကို အတိအကျ အပြည့်အဝညွှန်ပြပေးနိုင်သော ဘုရားသာသနာနှင့် တွေ့ကြုံရခြင်း။

(၂) လမ်းမှန်အတိုင်း ဟောညွှန်ပြသဆုံးမပေးတတ်သော မိဘဆရာသမားပညာရှိ သူတော်ကောင်းများနှင့် တွေ့ဆုံခွင့်ရခြင်း၊ လမ်းညွှန်ကောင်း အမှီကောင်းကိုရခြင်း။

(၃) တရားရှိရာ သာသနာရှိရာ ရတနာ ၃-ပါးထွန်းကားရာအရပ်၌ ဖြစ်ခွင့်နေခွင့် ရခြင်း၊ အချိန်မရွေး ကိုယ်ပိုင်အလုပ်ကို လုပ်နိုင်ခွင့်ရှိသောအရပ်၌ နေရခြင်း။



www.burmeseclassic.com

www.burmeseclassic.com


(၄) မျက်စိ နားစသော ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုပြည့်စုံခြင်း။

(၅) သဒ္ဓါ ပညာ မေတ္တာစသော စိတ်ပိုင်းဆိုင်ရာခန္ဓာတည်ဆောက်မှု ပြည့်စုံခြင်း။

(၆) ကိုယ်ပိုင်ကောင်းမှုကို နှစ်သက်လိုလားတန်ဖိုးထားတတ်သူ ဖြစ်ရခြင်း။

ဤကား တကယ်အဖိုးတန်လူဖြစ်အောင်မြှင့်တင်ပေးမည့် လူ့ဘဝဂုဏ်ရည် ၆-ချက်တည်း။

## ၃။ အရေတော်သော လူ့ဘဝ

လူဖြစ်လာလျှင်-

(၁) ပစ္စုပ္ပန်၌ တွေ့သမျှအာရုံနှင့် အဆင်ပြေအောင် တရားစွမ်းအားဖြင့် ပျော်ရွှင်ချမ်းသာစွာ နေတတ်ရမည်။

(၂) မိမိ၏ ကိုယ်အား ဉာဏ်အား ပစ္စည်းအားဖြင့် မိမိ, သူတစ်ပါး, လောက, သာသနာစွမ်းနိုင်ရာ၌ တင့်တယ်ထည်ဝါအောင် အလှူဆင်ပေးနိုင်ရမည်။ ကောင်းကျိုးပြု ဘဝမှတ်တိုင် ကျန်ရစ်ခဲ့ရမည်။

(၃) ဘဝ တစ်ခုနိဂုံးချုပ်၍ ကူးပြောင်းရချိန်၌ အတိတ်ကိုလည်း အမျှင်မတန်း၊ အနာဂတ်ကိုလည်း မကြောက်ရွံ့ဘဲ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ စွမ်းအားပြည့်ပြည့် ရှင်းလင်းပြတ်သားစွာ ဘဝကူးပြောင်းနိုင် အောင် ကိုယ်ပိုင်အလုပ် လုပ်ထားရမည်။ ဘဝလွတ်မြောက်ရေးအထိ ဦးတည်ထားရမည်။ ဤစွမ်းရည်များရနိုင်မှ အရေတော်သော လူ့ဘဝဖြစ်နိုင်မည်။ ဤစွမ်းရည်များကို ရအောင်မယူနိုင်ဘဲ ရှာလိုက်, ရလိုက် စားလိုက်,ကုန်လိုက်ဖြင့် အိုနာသေနှင့်အပြိုင်ပြေးကာ ဒရွတ်တိုက်သွားနေသူ၏ လူ့ဘဝကား ဘာမျှအဓိပ္ပါယ်မရှိချေ။ ဂုဏ်ယူထိုက်သော လူ့ဘဝလည်း မဖြစ်နိုင်တော့ချေ။

## ၄။ အပိုင်,အငှား ခွဲ၍ထား

မိမိ၏ဘဝ၌ လုပ်နေရသော အလုပ်အားလုံးကို အပိုင်,အငှားခွဲခြားပေးသောအရာကား မိမိ၏အသိစိတ်သာ ဖြစ်သည်။ ကိလေသာစိတ်နှင့် အစီအစဉ်ကင်းမဲ့သောစိတ်အားလုံး အငှားစိတ်ချည်းသာဖြစ်သည်။ အငှားစိတ်ဖြစ်နေသမျှ အလုပ်အားလုံး အငှားအလုပ်ချည်းသာဖြစ်တော့၏။ အငှားစိတ်ဝင်နေလျှင် ဘုရားကျောင်းကန်ကိစ္စ၌ပင် အငှားအလုပ်ဖြစ်နေတတ်သည်။

သဒ္ဓါတရားက ဖေါ်ထုတ်ပေးသောစိတ်ကောင်းစိတ်မြတ်သည် အပိုင်စိတ်ဖြစ်သည်။ ကိုယ်ပိုင်အလုပ်ကို လုပ်ပေးနိုင်သဖြင့် ကိုယ်ပိုင်စိတ်ဟုဆိုရသည်။ သဒ္ဓါက စိတ်ကောင်းဖေါ်ထုတ်ပေးလိုက်လျှင် ပညာဖြင့် အကွက်ချကာ သတိဖြင့်ထိန်း၍ ဝီရိယဖြင့်တွန်းပေးလိုက်လျှင် ကိုယ်ပိုင်စွမ်းအားတရားများပေါ်လာရပေသည်။ ကိုယ်ပိုင်စိတ်များဖြစ်နေချိန်၌ ကောင်းမှုကိစ္စသာမက နေ့စဉ်လုပ်နေကျ စားဝတ်နေရေး, စီးပွားရေး, လူမှုရေးကိစ္စအားလုံးပင် ကိုယ်ပိုင်အလုပ်သာဖြစ်နေတတ်သည်။

သာမန်အကြမ်းအားဖြင့် - (၁) ခန္ဓာ (၂) ပစ္စည်း (၃)ဆွေမျိုး (၄)လုပ်ပိုင်ခွင့် ဤ ၄-မျိုးသည် အငှားဖြစ်သည်။

အငှားဟူသမျှသည်-

(၁) အချိန်ကန့်သတ်ချက်ပါနေသည်။ ကိုယ့်စိတ်ကြိုက်ကန့်သတ်၍လည်းမရ၊ သူတစ်ပါးတွေက ကန့်သတ်ပေး၍လည်းမဖြစ်၊ သူ့ဟာသူ တရားသဘောအားဖြင့် ကန့်သတ်ထားခြင်းသာဖြစ်သည်။

(၂) အချိန်စေ့လျှင်ပြန်အပ်ရမည်။ ကိုယ်ပိုင်တရားစွမ်းအားနည်းသလောက် မျက်နှာငယ်ကလေးဖြင့် ပြန်အပ်ရမည်သာဖြစ်သည်။

(၃) အငှားများသည် မိမိကိုအငိုတိတ်အောင် အကြောက်ပြေအောင် အပူငြိမ်းအောင် သတ္တိရှိအောင် လုံးဝအာမ,မခံ တာဝန်မယူကြပေ။

(၄) ရှိသလောက်ပူပန်ကြောင့်ကြရမည်။ ဤကား အငှား၏သဘောပေတည်း။



www.burmeseclassic.com

www.burmeseclassic.com


အပိုင်ဟူသည် ကိုယ်ပိုင်စိတ်ကောင်းဖြင့် သာရယူနိုင်သော (၁)ဒါန (၂)သီလ(၃)သမာဓိ (၄)ဝိပဿနာများဖြစ်သည်။ လူ့ဘဝ၌ အမြဦးစားပေးရမည့်အလုပ်များလည်း ဖြစ်သည်။

အပိုင်ဟူသမျှသည်-

(၁) အချိန်ကန့်သတ်ချက်မပါ။ မည်သူမျှဝင်ရောက်ကန့်သတ်၍လည်းမရ၊ အသိဉာဏ်ရှိ၍ စွမ်းအားပြည့်လျှင် မင်္ဂပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်စေနိုင်သည်။

(၂) မည်သူ့ထံမျှ ပြန်အပ်ခဲ့စရာမလို၊ ကိုယ်ရတာ ကိုယ်ယူသွားရုံပင်ဖြစ်သည်။ မျက်နှာငယ်စရာ, ပူစရာလည်းမရှိ။

(၃) အပိုင်များသည် မိမိကိုအငိုတိတ်အောင် အကြောက်ပြေအောင် အပူငြိမ်းအောင် သတ္တိရှိအောင် အားလုံးအာမခံတာဝန်ယူကြသည်။

(၄) ရှိသလောက်စိတ်အေးရသည်။ ဤကား အပိုင်၏သဘောပေတည်း။

## ၅။ ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်

ဘုရားရှင်၏ လမ်းညွှန်ချက်တရားများသည် ခြောက်တရား၊ မြှောက်တရား၊ ချော့တရားဟု ၃-မျိုးရှိသည်။ ကိုယ့်ဟာကိုယ်စိတ်ကို တရားလမ်းကြောင်းပေါ်ရောက်အောင် တင်ပေးရာ၌လည်း ဤ၃-နည်းဖြင့်ပင် ဆုံးမပေးရသည်။ ခြောက်သင့်သည့်အခါခြောက်၍မြှောက်သင့်သည့်အခါ မြှောက်ပြီး ချော့သင့်သည့်အခါ ချော့ပေးရသည်။ 'ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်'ဟူသည် 'ခြောက်'တရားမျိုး ဖြစ်သည်။ မကြာမကြာခြောက်ပေးမှ သံဝေဂကြောက်စိတ်ပေါ်ပြီး ကိုယ်ပိုင်အလုပ်ကို ခပ်သုတ်သုတ်အချိန်မီလုပ်ဖြစ်မည်ဖြစ်သည်။

နွားများ မြင်းများကို လှည်း၌ယှဉ်က, ပေးသောအခါ ခွန်အားလည်းကောင်းပါလျက် လမ်းလည်းကောင်းပါလျက် အေးစက်စက် နှေးနှေးကွေးကွေးလုပ်နေလျှင် ဝေါက်ပေးရ တုတ်ဖြင့်ရိုက်ပေးရသည်။ ထိုမျှဖြင့်ပင် အေးနေ ဖြေးနေသေးလျှင် တုတ်၌တပ်ထားသော သံချွန်ဖြင့် ဖိထိုးပေးရသည်။

ထိုအခါနာကျင်လွန်းသဖြင့် ရုန်းရပြေးရရှာသည်။ ထို့အတူပင် စွမ်းအားရှိသောလူ့ဘဝ ဂုဏ်ရည်နှင့်ပြည့်စုံသောလူဖြစ်နေပါလျက် သာသနာလမ်းကြောင်းလည်းကောင်းနေပါလျက် အေးစက်စက် ပေါ့ဆဆ လုပ်နေလျှင် သံဝေဂဖြစ်စရာတရားသံချွန်ဖြင့် (ခြောက်တရားဖြင့်) နာနာခြိမ်းခြောက် ထိုးဆွပေးရမည်။ ခပ်သုတ်သုတ်လုပ်နိုင်မှ အို နာ သေထက် ကိုယ်ကလက်ဦးပြီး စိတ်အေးရပေလိမ့်မည်။ သေခြင်းတရားနှင့် ချိန်းချက်ထားခြင်းမရှိသဖြင့် မနက်ဖြန်ကို ကိုယ်မပိုင်ချေ။ ကိုယ်ပိုင်သောအချိန်သည် ပစ္စုပ္ပန်သာဖြစ်သည်။ ယနေ့အလုပ်ကိုယနေ့လုပ်ထားမှသာ ခုရော နောင်ပါ စိတ်အေးရမည်ဖြစ်သည်။

## ၆။ ဘာမျှမသိ နာလှ၏

သံသရာ၌ အသိဉာဏ်မပါဘဲ စမ်းတဝါးဝါးသွားနေရခြင်းသည် အနစ်နာဆုံးဖြစ်၏။ ကိုယ့် ဘဝအကြောင်းနားလည်ခွင့်မရခြင်းသည် အလွန်ဆုံးရှုံးလှချေသည်။ ပသာဒမျက်လုံးကောင်းပါလျက် ကြောင်တောင်ကန်းဖြစ်နေလျှင် ကိုယ်ပိုင်အလုပ်များလစ်ဟင်းသွားတော့မည်။ သံသရာခလုတ်ကိုဝင်တိုက်ပြီး မှောက်လဲရတော့မည်။ ဘုရားလက်ထက်က သာဝတ္ထိမြို့၌ တုဒိဗြာဟ္မဏ တောဒေယျ ခေါ် ပုဏ္ဏားသူဌေးတစ်ယောက်ရှိသည်။ ၈၇ကုဋေကြွယ်ဝသည်။ ရှိသော်လည်း ဘဝအမှန်ကို ဉာဏ်ဖြင့် သိခွင့်မရချေ။ ဘုရား သံဃာနှင့်တွေ့ရပါလျက်သာသနာနှင့်မတွေ့ရချေ။ လောဘမစ္ဆေရ အပူအခိုးအငွေ့များဖြင့်သာ ဘဝကိုဖြုန်းတီး၍နေခဲ့ရာ- (၁) ပစ္စုပ္ပန်၌လည်းစိတ်ချမ်းသာခွင့်မရ၊ (၂) ကိုယ့်ပစ္စည်းဖြင့် မိမိကိုရော သူတစ်ပါးကိုပါ လောက, သာသနာ ၂-ဖက်လုံးအလှမဆင်လိုက်ရ၊ ကောင်းကျိုးပြုဘဝမှတ်တိုင် ဘာမျှမကျန်ရစ်ခဲ့။ (၃) နောင်ရေး စိတ်အေးစရာ ဘာတစ်ခုမျှမစု၊ လက်ရှိဘဝနိဂုံးချုပ်ချိန်၌ သူ့အိမ်အတွင်းမှာပင်ခွေးကြီးဖြစ်ခဲ့ရရှာသည်။ 'မရှိတာထက် မသိတာခက်' ဟူသောစကားသည် ထိုသူဌေးမျိုးကိုရည်ရွယ်၍ဆိုခြင်းဖြစ်ပေလိမ့်မည်။ လုံးဝအဓိပ္ပါယ်ကင်းမဲ့သော လူ့ဘဝကြီးပေတည်း။ ဒု သ န သော သူဌေးသား ၄- ယောက်လည်း ကုဋေ-၄၀ ပစ္စည်းနှင့်ဘဝကို အလွဲသုံးစားလုပ်မိ၍


www.burmeseclassic.com

www.burmeseclassic.com


ယနေ့ထိ လောဟကုမ္ဘီငရဲ၌ ပူလောင်ချောက်ချားစွာ ဆင်းရဲခံနေရတုန်းဖြစ်သည်။ ငရဲရောက်မှ လူ့ဘဝတန်ဖိုးကို နားလည်ခွင့်ရကြရှာသတဲ့။ ကုဋေ-၄၀ကြွယ်ဝသော အာနန္ဒသူဌေးလည်း အသိကင်းမဲ့စွာ ဘဝခရီးကိုသွားမိ၍ ကိုယ်ပိုင်အလုပ်ပါမသွားသဖြင့် နောက်ဘဝတွင် လုံးဝအသုံးမကျသော လူပုံစံပင်မပီသတော့သော လူအညံ့စား ဖြစ်သွားရရှာသည်။ ကုဋေ-၁၆၀ ကြွယ်ဝသော မဟာဓန(ကိုကြွယ်ပေါ်)တို့ ဇနီးမောင်နှံလည်း အရိယာဖြစ်နိုင်လောက်သောက်, ပထမတန်းစားသူဌေးဖြစ်နိုင်လောက်သောက် ပါခဲ့ပါလျက် ဘဝအသိမရှိခဲ့သဖြင့် ဘဝနှင့် ပစ္စည်းကို အလွဲသုံးစားလုပ် ဖြုန်းတီးပြီး နောက်ဆုံးအခြေအနေမှာ သူတောင်းစားဘဝဖြင့် ပူလောင်ချောက်ချားစွာ ဘဝဆုံးကြရရှာသည်။ အမှိုက်ပုံကိုယက်၍ အစာရှာနေသောကြက်မကြီးတစ်ကောင် အမှိုက်ပုံထဲမှ ထွက်လာသောပတ္တမြားတုံးကို အသုံးမကျသောကျောက်ခဲတုံးကြီး ထင်မှတ်စိတ်ဆိုးကာ ကန်ထုတ်လိုက်သကဲ့သို့ ဘဝအသိကိုကျောပေးပြီး ရတနာကိုကန်ထုတ်ပစ်ရလောက်အောင် ညံ့ဖျင်းလှသော လူ့ဘဝကား အန္တရာယ်ဝန်းရံလျက်ပါတကား။

## ၃။ အလုပ်နောက်ကျ ပူဆွေးရ

အချိန်သည် ဘယ်အချိန်မျှမရပ်၊ အမြဲ သွားနေသည်။ အရွယ်သည် ဘယ်အချိန်မှ မရပ်၊ အမြဲကြီးနေသည်။ ထိုအထဲတွင် ကိုယ်ပိုင်အလုပ်ကို ရပ်ထားလျှင်တော့ အလုပ်နောက်ကျ ပူဆွေးရ တတ်ချေသည်။ အများအားဖြင့် အငှားစိတ်ဖြင့်သာနေရသောပုထုဇဉ်၏သဘောကား-

(၁) အတိတ်ကိုပြန်တွေးလျှင် မကျေနပ်၊ အမြဲပူနေတတ်၏။ (၂) ပစ္စုပ္ပန်ကို တန်ဖိုးမထား၊ လွှတ်ပစ်၏။ ပစ္စုပ္ပန်အလုပ်ကို အနာဂတ်သို့ ရွှေ့ရွှေ့ပစ်၏။ (၃) အနာဂတ်ကို လည်တမော်မော်မျှော်၍ စိတ်ကူးယဉ်နေတတ်၏။ တကယ်ရောက်လာ ပြန်တော့မလုပ်ဖြစ်၊ မျှော်သွားတတ်ပြန်၏။ ဤပုံစံမျိုးဖြင့် တကယ်လုပ်ရမည့်အလုပ်များ အချိန်မီပြီးနိုင်သော စွမ်းအားများရှိနေပါလျက် မပြီးလိုက်တော့ဘဲ နောက်ကျသွားတတ်၏။ တစ်ခါတစ်ရံ လုံးဝမလုပ်ဖြစ်တော့။

ရှေးက သူဌေးကတော်ကလေး တစ်ဦးရှိခဲ့ဘူး၏။ ပစ္စည်းကြွယ်ဝသဖြင့် မကြွယ်ဟုခေါ်ရမည်ဖြစ်၏။ မြေကြီးထဲ၌မြှုပ်နှံထားသော ငွေဒင်္ဂါးပင် ကုဋေ-၄၀ရှိ၏။ မြေပေါ် အိမ်ပေါ်၌လည်း အများအပြားပင်ရှိသည်။ ပဌမ, ဒုတိယအရွယ်၌ ပစ္စည်းကိုပင်ရှာဦးမည်ဟု ဆုံးဖြတ်ထား၍ တရားကိုကား တတိယအရွယ်သို့ပို့ထားလိုက်၏။ သို့သော် ခန္ဓာက ကိုယ့်နောက်သို့မလိုက်၊ အရွယ်ကောင်းတုန်း ဖျံ့မျစ်နုနယ်တုန်းမှာပင် အနာရောဂါ ဝင်လာ၍ ထိုအနာဖြင့်ပင် ကွယ်လွန်ရရှာသည်။ သေခါနီး မြေကြီးထဲ၌မြှုပ်ထားသောပစ္စည်း ကုဋေ-၄၀ကို စွဲလန်းမိသဖြင့် ထိုငွေဒင်္ဂါးမြှုပ်ထားသောနေရာ အနီး၌ပင် ကြွက်မကလေးဖြစ်သွားရရှာသည်။ ကိုယ်ပိုင်အလုပ် နောက်ကျလျှင် စိတ်မအေးရ၊ ပူဆွေးရမည်သာ ဖြစ်သည်။

## ၀။ စိတ်စေခိုင်းမှ ကိုယ်ပိုင်ရ

လောက၌ ရေသည် နေရာတိုင်းအသုံးဝင်၏။ ရေမရှိလျှင် နေ၍မဖြစ်။ သုံးတတ်သလောက် ရေသည် အဖိုးတန်၏။ သို့ရာတွင် ထည့်စရာနေရာမရှိ၊ အဖုံးအပိတ် အကာအကွယ်ကင်းမဲ့စွာဖြင့် လမ်းဘေးမှာ ပစ်ထားသောရေကား ဖုံ,မြူမှုန်,အညစ်အကြေးများ ရောယှက်ဝင်ရောက်ကာ သောက်မရ သုံးမရတော့ချေ။ သောက်သုံးသူကို အကျိုးမပြုရုံသာမက အန္တရာယ်ပင်ပြုလာမည်ဖြစ်၏။

ထို့အတူ စိတ်ကိုနေရာတိုင်းသုံးနေရ၏။ စိတ်မရှိ၍မဖြစ်၊ စိတ်သည် သုံးတတ်သလောက် သုံးနိုင်သလောက် အဖိုးတန်လှသည်။ သို့သော် တရားလုပ်ငန်းထည့်စရာမရှိ တရားအဖုံးအပိတ် ကင်းမဲ့စွာ ပစ်စလက်ခတ် လွှတ်ထားသောစိတ်ကား ကိလေသာနီဝရဏ ဖုံ, မြူမှုန်, အမှိုက်သရိုက်များ ဝင်ရောက်ကာ ညစ်ထေးပေကျံပြီး ဘာမျှအသုံးမကျတော့ချေ။ အများအတွက်မဆိုထားဘိ၊ ကိုယ့်အတွက်ပင် အသုံးမဝင်တော့၊ လောကုတ္တရာအတွက်မဆိုထားဘိ လောကီအတွက်ပင် တန်ဖိုးမရှိတော့၊ ကောင်းကျိုးမပြုရုံမျှသာမက အန္တရာယ်ပင် ပြုလာမည်။ နေရေး, သေရေးကိုပင် ခြိမ်းခြောက်လာတော့မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com


ရေသည်လုံခြုံသန့်စင်မှ ကောင်းကျိုးပြုသကဲ့သို့ စိတ်လည်း သဒ္ဓါဖြင့်သန့်စင်၊ သတိဖြင့် လုံခြုံအောင် ထိန်းသိမ်းသိုလှောင်အသုံးပြုတတ်မှ ကောင်းကျိုးပြုလိမ့်မည်။ ကိုယ်ပိုင်အလုပ်ကို တကယ်ထိရောက်အောင် လုပ်နိုင်ပေလိမ့်မည်။ တကယ်တော့ စိတ်သာပဓာနတည်း။ စိတ်စင်ကြယ် ရေးသည် အရေးအကြီးဆုံးဖြစ်သည်။

## ၉။ ဆရေးအသိ လူမျက်စိ

လူ့ဘဝကိုရခိုက် မှန်ကန်သောဘဝ အသိမျက်စိကိုရထားမှ ကြည့်သင့်သည်ကို မြင်အောင် ကြည့်နိုင်မည်။ ဘဝရပ်တည်ရေးမှ ဘဝအသုံးချရေးသို့ မှန်ကန်စွာ ဦးတည်ချက်ထားတတ်လာမည် ဖြစ်သည်။ သတ္တဝါအားလုံး ခရီးသည်ချည်းဖြစ်သည်။ ခရီးသည်အားလုံး လိုရာရောက်လိုကြသည်။ အန္တရာယ်ဘေးရန် ကင်းလိုကြသည်။ လွယ်ကူသက်သာချမ်းသာစွာ သွားလိုကြသည်။ လိုရာပြီးမြောက် ပန်းတိုင်ရောက်လိုသည့် ဆန္ဒချင်းတူကြသည်။ သို့သော် သွားပုံမတူကြ။ ခရီးသွားသူ ၃-မျိုးရှိသည်။

(၁) ရေစီးမြန်လှ သန်လှသော ရေပြည့်နေသည့်မြစ်ကြီးကို ဤဖက်ကမ်းမှ ဟိုဖက်ကမ်းသို့ ရောက်အောင် ကူးကြရာ၌ အချို့လူများက ရေစုန်မျော၍ မြစ်ကိုအလျားလိုက်စုန်ကူးကြသည်။ အစုန်ဖြစ်၍ ကူးရခတ်ရ လွယ်သော်လည်း အထိန်းမတတ်လျှင် ရေကူးမကျွမ်းကျင်လျှင် ရေထဲ၌မြုပ်မည်။ နစ်မွန်းမည်။ အကန့်အသတ်မရှိမျောမည်။ ဟိုဖက်ကမ်းသို့လည်း ရည်ရွယ်ထားသလို မရောက်နိုင်။

(၂) အချို့လူများက ရေစီးသန်လှသောမြစ်ကို အထက်သို့ဆန်၍ အလျားလိုက် လက်ပစ်ကူး ကြသည်။ အဆန်ဖြစ်၍ ကူးရခတ်ရခက်သလောက် အလွန်အမင်းဆင်းရဲပင်ပန်းမည်။ ပင်ပန်းသလောက်လည်း ခရီးမရောက်၊ ဟိုဖက်ကမ်းသို့လည်း လုံးဝမရောက်နိုင်၊ နောက်ဆုံးလက်ပန်းကျ၍ သေရုံသာရှိသည်။

(၃) အသိတရားရှိသူ အချို့လူများကား ဤဖက်ကမ်းမှဟိုဖက်ကမ်းသို့ တည့်တည့် ဖြတ်ကူး ကြသည်။ လက်ပစ်ကူးသူပင်(ပင်ပန်းသော်လည်း) ကျွမ်းကျင်လျှင် ဟိုဖက်ကမ်းရောက်ဖို့ သေချာသည်။ လက်ပစ်ကူးသူထက် ဗူးတောင်းလှေသမွန်ဖြင့် ကူးသူက သက်သာလွယ်ကူသည်။ ထို့ထက် မော်တော်သင်္ဘောဖြင့်ကူးလျှင် ပိုချမ်းသာ၍ လုံခြုံရေးပိုစိတ်ချရသည်။ မြစ်ဖြတ်တံတားကြီးရှိ၍ တံတားအတိုင်းဖြတ်ကူးလျှင်ကား အချမ်းသာဆုံး အလုံခြုံဆုံးဖြစ်၍ ဟိုဖက်ကမ်းရောက်ဖို့လည်း သေချာပြီးသား ဖြစ်နေသည်။

(၁) ဘဝမြစ်ပင်လယ်ကိုကူးကြရာ၌လည်း အချို့ကစိတ်အလိုလိုက်၍ အထိန်းအကွပ်မရှိ မျောချနေကြသည်။ အာရုံကို အထိန်းအချုပ်မရှိလက်ခံ၍ မျောချင်တိုင်းမျောနေကြသည်။ မြစ်ကို အလျားလိုက် စုန်ကူးသည်နှင့် တူ၏။ ဓမ္မစကြာက ကာမသုခလ္လိကာနုယောဂလမ်းဟု အမည်ပေးသည်။ မလှုပ်ဘဲရပ်နေလျှင် မြုပ်မည်၊ မျောမည်။ လိုချင်သောချမ်းသာကိုလည်းမရ၊ ဟိုဖက်ကိုလည်း မရောက်နိုင်။

(၂) အချို့က အသိ သတိ အထိန်းမပါဘဲ ဒုက္ခပြတ်ချင်ဇောဖြင့် မိမိကိုယ်ကို အရမ်းနှိပ်စက်ကာ ပင်ပန်းကြီးစွာ အားထုတ်ကြသည်။ အားထုတ်လေ ဆင်းရဲပင်ပန်းလေသာဖြစ်သည်။

ရေစီးသန်သော ရေဆန်ခရီးကို လက်ပစ်ကူးသူနှင့်တူသည်။ အတ္တကိလမထာနုယောဂလမ်းဟုခေါ်သည်။ အသိ သတိ အထိန်းမပါဘဲ အရမ်းလှုပ်လိုက်လျှင် လဲမည်၊ ဆင်းရဲမည်၊ ချမ်းသာကိုလိုချင်ပါလျက် မရ၊ ဟိုဖက်ကို ရောက်ချင်ပါလျက်ဝေးသွား၏။

(၃) တရားအသိ လူမျက်စိရှိသူများက အသိသတိအထိန်းတပ်ကာ သိက္ခာ ၃-ရပ် မြစ်ဖြတ်လမ်းဖြင့် ကူးကြသည်။ သိက္ခာ ၃-ပါးသင်္ဘောဖြင့် လုံခြုံစိတ်ချစွာ ဟိုဖက်ကမ်းကို ဖြောင့်ဖြောင့်မတ်မတ်ကူးကြသည်။ သိက္ခာ ၃-ပါးတံတားဖြင့် တည်ငြိမ်အေးချမ်းစွာ ကူးကြသည်။ မြစ်ကို ဤဖက်မှ ဟိုဖက်သို့ ဖြောင့်ဖြောင့်ဖြတ်ကူးသူနှင့် တူသည်။ မဇ္ဈိမပဋိပဒါ ဟုခေါ်ရ၏။ ဟိုဖက်ကမ်းရောက်ဖို့ သေချာသည်။ ဘဝတစ်လျှောက်တည်ငြိမ်ရင်ကျက် လေးနက်လုံခြုံသည်။ အပူဝေး၍ စိတ်အေးရသည်။

သာသနာ့အလင်းရောင်ကောင်းခိုက် မဂ္ဂင်မြစ်ကူးတံတားကြီးရှိခိုက် မြစ်ဖြတ်လမ်းတကယ်ရှိ၍ တကယ်သိခိုက် အသိသတိအထိန်းတပ်ပြီး အားစိုက်ကူးကြရမည်။ အသိသတိ အထိန်းပါလျှင် ကြိုးစားအားထုတ်သမျှ စွမ်းအားချည်းသာဖြစ်၏။ တွင်သလောက် ခပ်သုတ်သုတ်အားထုတ်၍ ရုန်းပေးရမည်။ ကိုယ်ပိုင်အလုပ်ကို ခပ်သုတ်သုတ်တွန်းပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com


## ၁၀။ လူ၏စွမ်းရည် အစိုးနိမိ

ကိုယ်ပိုင်အလုပ်ကို တကယ်ဖော်ထုတ်နိုင်သော လူ့စွမ်းရည် ၅-ချက်ရှိ၏။

(၁) ယုံကြည်ချက်, ခံယူချက်ရှိရမည်၊ စိတ် ကျန်းမာရမည်။

(၂) ကိုယ်ကျန်းမာရမည်။

(၃) (တရားဝင်ရောက်နိုင်အောင်) ဖြောင့်စင်း ရိုးသားရမည်။

(၄) အလုပ်နှင့်ထိုက်တန်သော လုံ့လအားကို ထုတ်သုံးနိုင်ရမည်။ ၁၀-ပိဿာဝန်ကို ၁ကျပ်သား အားဖြင့် ချီမ,လျှင် နေရာမှပင် ရွေ့မည်မဟုတ်။

(၅) အရှိအတိုင်း နားလည်သဘောပေါက်နိုင်သော အသိတရားရှိရမည်။ ထို ၅-မျိုးရှိမှ ကိုယ်ပိုင်အလုပ် သရုပ်ပေါ်လာလိမ့်မည်။

လူ့စွမ်းရည်အဖိတ်အစဉ်မရှိရအောင် အစဉ်နိုးချပ်သောသတိရှိရမည်။ သတိလွတ်သလောက် အဖိတ်အစဉ် အလေအလွင့်ပေါ်လာမည်။ မြုပ်၍ မျော၍လည်းသွားတတ်သည်။ သွားရင်းသွားရင်း လမ်းစပျောက်တတ်သည်။ မသေချာမတိကျသော ကိုယ့်ဘဝ ကန့်သတ်ချက်ကိုလည်း သတိဉာဏ်အမြဲထား၍ ကြည့်နေတတ်ဖို့ အထူးလိုအပ်လှသည်။

ဘုရားလက်ထက်က ဗာရာဏသီမြို့၌ ကုန်သည်ကြီး တစ်ယောက်ရှိ၏။ ပစ္စည်းကြွယ်ဝလှသဖြင့် 'ဦးကြွယ်ဝ'ဟု ခေါ်ရမည်ဖြစ်၏။ တစ်ချိန်မှာ ဗာရာဏသီမှသာဝတ္ထိသို့ လှည်းအစီး-၅၀၀ဖြင့် အထည်အဝတ်ကုန်ပစ္စည်းရောင်းဖို့သွားသည်။ ထိုအချိန်၌ သာဝတ္ထိတွင် ဘုရားရှင် သီတင်းသုံးလျက်ရှိ၏။ သံဃာ အမြောက်အမြားလည်းရှိနေသည်။ သို့သော် ဦးကြွယ်ဝတွင် ဘုရားဖူးဖို့အစီအစဉ် လုံးဝမပါ၊ တရားနာဖို့လည်း ထည့်မတွက်၊ ဆွမ်းလောင်းလှူဖို့လည်း စိတ်ကူးမထည့်မိ၊ အဝိဇ္ဇာ တဏှာ ဦးဆောင်၍ ကုန်ရောင်းဖို့တစ်ခုသာ စိတ်ကူးပြီး ဗာရာဏသီမှ ထွက်လာသည်။ ရက်အတော်ကြာမှ သာဝတ္ထိအနီး မြစ်တစ်ဖက်ကမ်းသို့ရောက်ကြ၏။ နောက်နေ့မှ သာဝတ္ထိဖက်ကူးရန် စိတ်ကူးထား၏။ ညအခါမိုးကြီးရွာချ၍ မြစ်ရေပြည့်သွားသဖြင့် နောက်နေ့ရောက်သော် သာဝတ္ထိဖက်သို့ လှည်းမကူးနိုင်တော့ပေ။ ဦးကြွယ်ဝက 'လုပ်သလိုမဖြစ်ရင် ဖြစ်သလိုလုပ်မယ်' 'ဒီမှာ ၁-နှစ်လုံး အေးအေးဆေးဆေးနေပြီး ကုန်ပစ္စည်းတွေကုန်အောင်ရောင်းမယ်၊ ပြီးမှ ဗာရာဏသီပြန်မယ်'ဟု သာဝတ္ထိ၌ ၁-နှစ်လုံး အေးဆေးဆေးဆေးနေရန် ဆုံးဖြတ်လိုက်၏။ သူ့အစီအစဉ်နှင့်သူတော့ ဟုတ်နေသည်။

ထိုနေ့နံနက် ဘုရားရှင်သည် အရှင်အာနန္ဒာနှင့်အတူ သာဝတ္ထိမြို့အတွင်း ဆွမ်းခံကြွတော်မူရာ မြစ်ကမ်းအရောက်တွင် ဦးကြွယ်ဝကိုမြင်၍ ပြုံးတော်မူ၏။ ပြုံးတော်မူခြင်းအကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်သည်တွင် ဦးကြွယ်ဝ၏သာဝတ္ထိ၌ ၁-နှစ်လုံးနေရန် ဆုံးဖြတ်ထားပုံ၊ သူ့အသက် ၇-ရက်သာကျန်တော့ပုံ၊ သတ္တဝါများသည် ဖြစ်ချင်တာလောက်သာစဉ်းစား၍ ဖြစ်နိုင် မဖြစ်နိုင် ဖြစ်နိုင်ခွင့်ရှိမရှိ ဥာဏ်သတိဖြင့် နှိုင်းချိန်ခြင်း မပြုကြပုံ ကိုယ်ပိုင်အလုပ် လက်လွတ်နေတတ်ပုံကိုမြင်၍ပြုံးကြောင်း မိန့်တော်မူ၏။

အကြောင်းစုံကိုသိရသော အရှင်အာနန္ဒာကား ထိုဒကာကြီးအပေါ် သနားစိတ်ကြီးစွာ ဖြစ်ပေါ်မိ၏။ ဘုရားထံခွင့်ပန်၍ ဦးကြွယ်ဝကိုသတိပေးရန် ဆွမ်းခံပုံစံဖြင့် ဟိုဖက်ကမ်းကြွသွား၏။ လှည်းစခန်းသို့ ဆွမ်းခံကြွလာသည်ကိုမြင်၍ ဦးကြွယ်ဝကပင့်ပြီး ဆွမ်းလောင်းလှူ၏။ အရှင်အာနန္ဒာက မေး၏။ 'ဒကာကြီး ဘယ်ကလာခဲ့တုန်း'၊ 'ဗာရာဏသီကလာခဲ့တာဘုရာ့'၊ 'ဘာကိစ္စနဲ့လာခဲ့တုန်း'၊ 'ကုန်ရောင်းဖို့ဘုရာ့'၊ 'လှည်း-၅၀၀အပြည့် အထည်အလိပ်ကုန်ပစ္စည်းတင်လာခဲ့တယ်ဘုရာ့'၊ 'ဒီမှာ ဘယ်လောက်ကြာအောင်နေမလဲ'၊ 'တစ်နှစ်လုံး အေးအေးဆေးဆေးနေမယ်ဘုရာ့'၊ 'ဒကာကြီး ကိုယ်ပိုင်ကောင်းမှုကောပြုရဲ့လား'၊ 'ပြုမှာပါဘုရား'၊ အနာဂတ်ကို ရွှေလိုက်ခြင်းဖြစ်၏။ ယခုဆွမ်းလောင်းနေခြင်းသည်လည်း ကြုံ၍လုပ်နေခြင်းမျှသာဖြစ်၏။ တကယ် လေးလေးနက်နက် ကိုယ်ပိုင်အားကိုးစရာအဖြစ် လုပ်နေခြင်းမဟုတ်၊ အတိတ်ကိုမကျေနပ်, ပစ္စုပ္ပန်ကိုလွတ်, အနာဂတ်ကို စိတ်ကူးယဉ်သည့်ပုထုဇဉ်အများစု၏ မျှောချစနစ်ဖြင့်သာသွားနေသည်။ အရာရာမှာ အများတကာထက် သာလွန်လိုကြသော်လည်း အသိစိတ်ကား အများတကာအနေအထားမှ မရုန်းထွက်လိုကြ၊ မရုန်းထွက်နိုင်ကြ။


www.burmeseclassic.com

www.burmeseclassic.com


'ပြုမှာပါလို့ မရေမရာလုပ်မနေနဲ့၊ အသက်ဆိုတာ အစိုးရတာမဟုတ်ဘူး'၊ 'မှန်ပါ့ ပြုမှာပါဘုရား၊ ကောင်းမှုပြုဖို့ပဲ စီးပွားရှာနေတာပဲ'၊ 'ဒကာကြီးကိုယ်ပိုင်ကောင်းမှုဆိုတာ ခုလုပ်လိုက်ရင် ခုစိတ်အေးရမှာပဲ'၊ ပထမတွင် အရှင်အာနန္ဒာက သွယ်ဝိုက်၍ပြောနေ၏။ ဦးကြွယ်ဝကား 'လုပ်မှာပါ' က မလျော့၊ ယခုချက်ချင်း တက်တက်ကြွကြွလုပ်မည့် အမူအရာမပြ၊ အေးစက်စက်လုပ်နေ၏။ သူ့ ဘဝသူမသိရှာ၍ ဦးစားပေးအလုပ်ကို နားမလည်ရှာ၊ မသိခြင်းက သူ့ကိုမြှုပ်ချမ္ဘောချနေခြင်းဖြစ်သည်။ မသိသလောက် ကိုယ်ပိုင်အလုပ် နောက်ကျသွားမည်သာဖြစ်သည်။

အရှင်အာနန္ဒာက အတိအကျတိုက်ရိုက်ကြီးပင် ပြောလိုက်ရတော့၏။ သူအကျိုးရှိအောင် သွားခြင်းဖြစ်သဖြင့် တကယ်အကျိုးရှိမှသွားရကျိုးနပ်မည်။

'ဒကာကြီးရဲ့အသက်ဟာ ၇-ရက်ပဲရှိတော့တယ်'။ ထိုစကားကိုကြားလိုက်သည်နှင့် ဦးကြွယ်ဝအလွန်အမင်း ထိတ်လန့်သွားသည်။ သေရမည်ကိုအလွန်ကြောက်သွား၏။ ကောင်းမှုသာ ကိုယ်ပိုင်အစစ်ဖြစ်ပုံ၊ ကိုယ်ပိုင်လက်ဦးအောင် ခပ်သုတ်သုတ်သာလုပ်သင့်ပုံကို ရှင်းကနဲမြင်လာ၏။ သတိဝင်လာ၏။ အားကိုးတကြီးဖြင့် အရှင်အာနန္ဒာကို လျှောက်၏။ 'အရှင်ဘုရား ဒီကနေ့ကစ ၇-ရက်ပတ်လုံး ဘုရားအမှူးရှိတဲ့သံဃာတော်များ တပည့်တော်တို့လှည်းစခန်းကို ဆွမ်းအလှူခံကြွစေလိုပါတယ်ဘုရား၊ ကောင်းမှုပြုလိုလှပါတယ်ဘုရား၊ အရှင်ဘုရားက စီစဉ်ပေးစေချင်ပါတယ်ဘုရား'၊ 'ဒကာကြီး ဖြစ်အောင်စီစဉ်ပေးမယ်'ဟု မိန့်ကြားသံကိုကြားရသည်နှင့် ဦးကြွယ်ဝတို့ဆွမ်းလောင်းရန် ချက်ပြုတ်စီမံကြတော့၏။ အရှင်အာနန္ဒာကလည်း ဘုရားထံသွားလျှောက်ရာ လက်ခံတော်မူ၏။ သံဃာတော်များလည်းကြွရောက်ရန်လက်ခံတော်မူကြ၏။ အားကိုးထိုက်ပေစွ။

## ၁၀။ အသေမကြောက် လူ ၄-ယောက်

■ **စည်းစိမ်ကာမ၊ ကာယမတွယ်၊ ကောင်းမှုကြွယ်၍၊ စင်ကြယ်သန့်ရှင်း၊ ယုံမှားကင်းငြား၊ မြတ်တရား၊ ထူးခြား ဉာဏ်အမြင်။**

■ **အသေမကြောက်၊ လူ ၄-ယောက်၊ အံ့လောက် စွမ်းအားရှင်။**

ဦးကြွယ်ဝ ကောင်းမှုပြုခွင့်ကြုံလာပြီ။ လောက၌ ကြုံကြိုက်တိုက်ဆိုင်မှုဟူသမျှတို့တွင် သာသနာနှင့် ကြုံကြိုက်တိုက်ဆိုင်မှုသည် အမြင့်မြတ်ဆုံးအားရှိစရာအကောင်းဆုံးဖြစ်သည်။ ဦးကြွယ်ဝသည် နေအိမ်မှ ထွက်လာခဲ့စဉ်က ဘုရားဖူးရန်အစီအစဉ်မပါခဲ့သော်လည်း ဘုရားဖူးရတော့မည်။ တရားနာဖို့ ရည်ရွယ်ချက်မပါခဲ့သော်လည်း တရားနာရတော့မည်။ ဆွမ်းလောင်းလှူရန် အစီအစဉ်မရှိခဲ့သော်လည်း ဆွမ်းလောင်းလှူရတော့မည်။ ရက်အကန့်အသတ်ကို ကြိုတင်သိလိုက်ခြင်းသည်ပင် ဦးကြွယ်ဝအတွက် သာသနာနှင့် မြန်မြန်တွေ့ဆုံခြင်း၏အကြောင်းဖြစ်သွားသည်။

အချိန်တန်လျှင် ဘုရားအမှူးရှိသောသံဃာတော်များ လှည်းစခန်းသို့ဆွမ်းခံကြွလာတော်မူကြသည်။ ဦးကြွယ်ဝနှင့်တပည့်များ စိတ်အားထက်သန်ပျော်ရွှင်စွာ ဆွမ်းလောင်းလှူကြသည်။ သရဏဂုံသီလ ဆောက်တည်ကြရသည်။ မြတ်စွာဘုရားက ကိုယ်ပိုင်ရအောင်ယူနည်း တရားများ ဟောကြားပေးသဖြင့် တရားနာကြရသည်။ ဝိပဿနာအသိထိ ရရှိကြသည်။ တစ်နေ့တည်းဖြင့်ပင် ကိုယ်ပိုင်ကောင်းမှုမြောက်မြားစွာရသွားသည်။ အထူးသဖြင့် တရားနာလိုက်ရသဖြင့် မည်သည့်အစားအစာကို စားရသည်နှင့်မျှမတူသောအားရှိမှုကို ဦးကြွယ်ဝ ရသွားသည်။ နောက် ၇-ရက်မြောက်၌သေရမည်ဟု သိထားသူအတွက် တရားမှတစ်ပါး မည်သည့်အစားအစာမျှ အားမရှိစေနိုင်တော့ချေ။

အသေမကြောက် (သေမှာမကြောက်) လူ ၄-ယောက်ရှိသည်။

(၁) ကာမဂုဏ်(စည်းစိမ်ဥစ္စာ)တို့၌ မတွယ်တာမစွဲလန်းသူ၊ စွန့်ခွာနိုင်လောက်အောင် တရားအမြင်ရှင်း၍ စိတ်ရင့်ကျက်လာသူ

(၂) မိမိ၏ ကိုယ်ခန္ဓာ၌ မတွယ်တာ မစွဲလန်းသူ၊ အပိုင်အငှားကွဲပြား၍ စိတ်ထားရင့်ကျက်လာသူ

(၃) စိတ်အားထက်သန်စွာ ပြုလုပ်ထားသော ကိုယ်ပိုင်ကောင်းမှုများ ကြွယ်ဝပြည့်စုံနေသူ



www.burmeseclassic.com

www.burmeseclassic.com



(၄) ကိုယ်ပိုင်စွမ်းအား မြတ်တရားအပေါ် အမြင်ရှင်း၍ ယုံမှားကင်းသူ၊

ဤ၄-ယောက်သည် သေရမည်ကိုမကြောက်ကြ၊ ဤ၄-မျိုးတွင် စွမ်းအား ၁-ခုရှိလျှင် ကျန် ၃-ခုလည်း ရှိပြီးသားသာဖြစ်သည်။ အမှန်အားဖြင့် ကိုယ့်ကျင့်တရားကသာ လူကိုတကယ် သတ္တိရှိ စေနိုင်ပေသည်။

ကိုယ်ပိုင်တရားရရှိသွားသဖြင့် ဦးကြွယ်ဝ သတ္တိရှိလာသည်။ 'ငါနေရမည့်အချိန် ၆-ရက်သာကျန်တော့တယ်'ဟု သံဝေဂ သံချွန်တပ်ထိုးရတော့၏။ မည်သည့်ပစ္စုပ္ပန်ကိုမျှ လက်လွှတ်မခံနိုင်တော့၊ မဖြုန်းရက်တော့၊ ပြုပြီးကောင်းမှုများကို ပြန်တွေးလိုက်, အသစ်ကောင်းမှုများကို ပြုလုပ်လိုက်အားဖြင့် အလုပ်ချင်း ဆက်စပ်ထားရတော့၏။ ဥစ္စာစီးပွားအငှားကိစ္စများကို မတွေးအားတော့၊ ကိုယ်ပိုင်အလုပ်ကို ခပ်သုတ်သုတ်နှင်နေရတော့၏။ ဘဝရပ်တည်ရေးမှ ဘဝအသုံးချရေးသို့ အမြဲဦးတည်ထားလိုက်၏။ သူ့အတွက် ရှင်ရသမျှအသက်သည် အသုံးချဖို့သာဖြစ်သည်။ ပစ္စုပ္ပန်တိုင်း အဖိုးတန်အချိန်ချည်းသာ ဖြစ်နေတော့သည်။

၆-ရက်မြောက်ရောက်ပြန်တော့ 'ငါနေရမယ့်အချိန် ၁-ရက်သာ ကျန်တော့တယ်နော'ဟု သံချွန်တပ်ထိုးကာ ကိုယ်ပိုင်အလုပ်ကိုအပြင်းနှင်လျက် အရှိန်မြှင့်၍မြှင့်၍သာ စိတ်ကိုတင်ပြီး ကြိုးစားနေသည်။ အာရုံအထိမခံ၊ ပျော့ကျတတ်သောနှလုံးသားစိတ်ဓါတ်သည် တရား၆-ကြိမ်နာရသော စွမ်းအား, အဆက်မပြတ်ဖြည့်ကျင့်သော တရားစွမ်းအားကြောင့် ပို၍ပို၍ ခိုင်မာရင့်ကျက်မြင့်တက်လာသည်။ မိမိကို အထူးချီးမြှောက်တော်မူသော ဘုရားနှင့် သံဃာတော်၏ ဂုဏ်ကျေးဇူးကိုလည်း မမေ့နိုင်တော့၊ မေတ္တာကရုဏာအပြည့်အဝဖြင့် ကူညီစောင့်ရှောက်တော်မူသော အရှင်အာနန္ဒာ မထေရ်မြတ်ကြီးအပေါ်၌လည်း ကျေးဇူးတင်မဆုံးဖြစ်နေတော့၏။ 'ငါ ကံကောင်းလိုက်တာ၊ အရတော်လိုက်တာ'ဟု ဝမ်းမြောက်ပျော်ရွှင်၍ မဆုံးနိုင်တော့ပေ။ သေခါနီးသူကို ပျော်စေနိုင်သောစွမ်းအားကား တရားသာတည်း။

၇-ရက်မြောက်နေ့၌လည်း ဘုရားအမှူးရှိသောသံဃာတော်များ ဦးကြွယ်ဝတို့လှည်းစခန်းသို့ ကြွလာတော်မူကြ၏။ ၇-ရက်ပတ်လုံးချီးမြှောက်တော်မူကြခြင်းဖြစ်၏။ ဦးကြွယ်ဝတို့ ဝမ်းမြောက်ပျော်ရွှင်စွာ ဆွမ်းလောင်းလှူ ကြ၏။ ဘုရားရှင်က သစ္စာ ၄-ပါး ဝိပဿနာတရားကိုပြ၍ တရားဟောတော်မူ၏။ ဦးကြွယ်ဝက တရားအရှိန်ရနေပြီဖြစ်၍ ခန္ဓာမှာ သတိဉာဏ်စိုက်၍ လက်တွေ့ရှုမှတ်ရင်း တရားကိုနာကြားလိုက်ရာ တရားပြီးဆုံးသော် ဝိပဿနာဉာဏ်ရင့်ကာ သောတာပန်ဖြစ်သွားသည်။ အရတော်လိုက်ပါဘိ၊ ဦးကြွယ်ဝ တကယ်သာသနာနှင့် တွေ့ဆုံကြုံကြိုက်သွားလေပြီ။ မကြာမီ ဘုရားအမှူးရှိသော သံဃာတော်များ ပြန်ကြွသွားသောအခါ ဦးကြွယ်ဝကလိုက်ပို့၍လှည်းစခန်းသို့ပြန်လာ၏။ ခေါင်းကိုက်ရောဂါ ချက်ချင်းဝင်ရောက်လာပြီး တပည့်များခင်းထားသောအိပ်ရာ၌ လျောင်းအိပ်ကာ ဝေဒနာကိုရှုမှတ်နေ၏။ ပိဿာ ၄၀-၅၀လောက်ရှိသော ဝန်ထုပ်ကို တစ်ပေါင်းတည်း ပေါင်းထမ်းလျှင်လေး၏။ ၄-၅ပိဿာလောက်စီခွဲထမ်းလျှင် သယ်ဆောင်လျှင် ပေါ့၍နိုင်၏။ ထို့အတူ ဝေဒနာအထဲ ငါ-ရောထည့်၍ တစ်တန်းတည်း တစ်ပေါင်းတည်းကြည့်နေလျှင် ဝေဒနာသည် လေးလံ၏။ မနိုင်၊ လူးလှိမ့်အော်နေရမည်ဖြစ်၏။ ပစ္စုပ္ပန်တည့်တည့်ကိုသာ ဉာဏ်သတိစိုက်၍ ၁-ခုစီခွဲရှုနေလျှင် အကြောင်းရှိ၍ ၁-ခုဖြစ်လိုက်၊ အချိန်စေ့က ထို ၁-ခုပျက်သွားလိုက်၊ ထို ၁-ခုပျက်သွားပြီးသော် အကြောင်းရှိ၍ နောက် ၁-ခု ပြန်ပေါ်လာလိုက်၊ ဤသို့ စသည်ဖြင့် ၁-ခုချင်းအကန့်လိုက်သာမြင်နေရသဖြင့် ဝေဒနာကိုနိုင်သွား၏။ ဦးကြွယ်ဝသည် ဝေဒနာကိုစိုက် ရှုမှတ်ရင်း ဘဝနာအမြတ်ထုတ်လျက်ပင် စုတိစိတ်ကျ၍ ကွယ်လွန်သွားခဲ့ရာ တုသိတာနတ်ပြည်သို့ ရောက်သွားလေသည်။ ကိုယ်ပိုင် အလုပ်ကို ခပ်သုတ်သုတ်လုပ်ရ ကျိုးနပ်သွားခဲ့လေပြီ။ မူလရည်ရွယ်ချက်နှင့် အဖြစ်အပျက်တစ်ခြားစီ ဖြစ်သွားသော်လည်း အကောင်းသာဖြစ်သည်။

## ၁၂။ ချိန်သီးလက်တံ စွမ်းအားမှန်

- **သတိပညာ၊ ချိန်သီးမှာ၊ ကောင်းစွာ တပ်ထားမှ။**
- **လှံ့လ သဒ္ဓါ၊ လက်တံမှာ၊ မှန်စွာ လည်ပတ်ကြ။**
- **လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းမှ ရနိုင်ကြ။**



www.burmeseclassic.com

www.burmeseclassic.com


■ **ကိုယ်ပိုင်အလုပ်၊ ခပ်သုတ်သုတ်၊ အဟုတ်တကယ် လုပ်နိုင်ကြ။**

ကိုယ်ပိုင်အလုပ်ကို ခပ်သုတ်သုတ်လုပ်နိုင်ရန် ချိန်သီးနှင့်လက်တံကို အရေးတကြီးတောင်းသည်။ အားချိန်နှင့်ပစ္စည်းကို ထူးမတောင်း၊ အချိန်ထိန်း အာရုံထိန်း စိတ်ထိန်းကရိယာသတိနှင့် ချင့်ချိန်တတ်သော ပညာဟူသည့် ချိန်သီး အမြဲတပ်ထားဖို့လည်း အထူးလိုအပ်သည်။ အမြဲယုံကြည်လက်ခံ၍ စိတ်ကောင်းဖေါ်ထုတ်ပေးနိုင်သော သဒ္ဓါနှင့် စွမ်းအားပေါ်အောင်ဖေါ်ထုတ်၍ စွမ်းအားအပင်စိုက်ပေးနိုင်သော ဝီရိယဟူသည့် လက်တံ အမြဲလည်ပတ်နေရန်လည်း အထူးလိုအပ်သည်။ ချိန်သီးပြုတ်လျှင် လက်တံရပ်သည်။ သဒ္ဓါလက်တံပြုတ်၍ ဝီရိယတစ်ဖက်သာကျန်တတ်သည်။ ကျန်နေသော ဝီရိယတစ်ဖက်လည်း ရှေ့ကိုမသွားတော့ဘဲ နောက်ပြန်ကြီးသာလည်နေတတ်သည်။ ကိုယ်ပိုင်အလုပ်ဖြစ်အောင် လည်ပတ်နိုင်စွမ်းမရှိတော့ဘဲ ကြိုးစားနေသမျှ ရှုန်းကန်လှုပ်ရှားနေသမျှ အငှားအလုပ်ချည်းသာဖြစ်နေတတ်သည်။ ချိန်သီးအမြဲတပ်ထားမှ လက်တံအမြဲလည်ပတ်ကာ နေ့စဉ်ရုန်းကန်ကြိုးစားအားထုတ်နေသမျှ စားဝတ်နေရေး, စီးပွားရေး, လူမှုရေးကိစ္စများသည်ပင် တရားအလုပ်နှင့် တစ်ထပ်တည်းပေါင်းလျက် ကောင်းမှုစွမ်းအားများပေါ်လာနိုင်မည်ဖြစ်သည်။ ကိုယ်ပိုင် စိတ်ကောင်းရှိနေသမျှ ကိုယ်ပိုင်အလုပ်ချည်းသာဖြစ်တော့သည်။ နေ့စဉ်လုပ်ငန်းအားလုံး ဒါန သီလ ဘာဝနာဘောင်အတွင်း အလိုအလျောက်ရောက်ရှိသွားပေတော့မည်။ ကိုယ်ပိုင်အလုပ်ကား မြန်နိုင်သမျှ စိတ်အေးရမည်ဖြစ်ပေသည်။

ရှေးက'ဒေါ်ကြွယ်'အမည်ရသော သူဌေးကတော် ၁-ဦးရှိ၏။ ပစ္စည်းလည်းပေါ၏။ သားသမီးလည်း ၁၄-ယောက်ရှိ၏။ ပစ္စည်းအားကိုး ဆွေမျိုးအားကိုးဖြင့် အရွယ်ကောင်းတုန်းက မည်သည့်တရားအလုပ်မျှမလုပ်၊ တတိယအရွယ် အဖွားကြီးဘဝရောက်သော် ခင်ပွန်းသူဌေးကြီးကွယ်လွန်၍ သားသမီးများက သစ္စာဖောက်လာကြသဖြင့် သံဝေဂဖြစ်ကာ သာသနာဝင်ပြီး တရားအလုပ်ကို အမြန်အားထုတ်လိုက်ရာ ရဟန္တာဖြစ်သွားလေသည်။

" အားလုံးချမ်းသာကြပါစေ "

တိပိဋကဓရာဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
၁၃၅၈-ခု၊ ပြာသိုလ (၁၉၉၇-ခု၊ ဇန်နဝါရီလ)


www.burmeseclassic.com

www.burmeseclassic.com


## တိပိဋက ဓမ္မလက်ဆောင် ၁၂

# တရားအသိ လူမျက်စိ

## ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဟောသော တရား

### နမောဗုဒ္ဓဿ

### (နမော ပဥ္စကမ္မမဓာတော)

၁၉၉၇ ခု၊ မေလ ၁၆ ရက်နေ့ည ထိုင်းနိုင်ငံ ချင်းမိုင်မြို့၊ ပိဋက ၃ ပုံပူဇော်ပွဲ၌ ဟောကြားအပ်သောတရားဖြစ်သည်။ ၎င်းတရားကို ရန်ကင်းပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်နေ ထိုင်းနိုင်ငံဇာတိ အရှင်ဓမ္မာလင်္ကာရ (ဓမ္မာစရိယ)က ထိုင်းဘာသာပြန်ပေးသည်။

(ဆောင်ပုဒ်များကို ဖြည့်စွက်ထားပါသည်။)

### ၁။ တရားအသိ လူမျက်စိ

- ■ ရသိ-မှတ်သိ၊ ခွဲ၍သိ၊ အသိ(၃)မျိုးပြ။
- ■ အမှတ်အသား၊ ခွဲခြားမမြင်၊ ရရှိပင်၊ ဝိညာဏ်စိတ်သိပြ (ဝိညာဉ်စိတ်သိပြ)
- ■ ကြောင်းကျိုးမကူ၊ အဖြူအမဲ၊ ကွဲပြားရှိသာ သိတတ်ပါ၊ သညာမှတ်သိပြ။
- ■ အကောင်းအဆိုး၊ ကြောင်းကျိုးခွဲကာ၊ သိတတ်ပါ၊ ပညာခွဲသိပြ။
- ■ အသိ (၃)မျိုး၊ ရွှေ(၂)မျိုးမူ၊ မစိုဟူ၊ အပူမကင်းကြ။
- ■ ခွဲသိပညာ၊ ရှိမှသာ၊ မှန်စွာအားထုတ်ကြ။
- ■ ကြောင်းကျိုးဆက်ကာ၊ ကြည့်တတ်ပါ၊ ပညာအဝေးပြ။
- ■ ဝိပဿနာ၊ အနီးမှာ၊ ကြည့်ကာ ငြိမ်းအေးရ။
- ■ မျက်မှန်(၂)လက်၊ စွမ်းအားတက်၊ အကွက်စေ့အောင်ကြည့်နိုင်ကြ။
- ■ တရားအသိ၊ လူမျက်စိ၊ အကြည့်မှန်၍ စိတ်အေးရ။

၁။ ကဲ. . . တရားပွဲ စကြပါစို့၊ ယခု ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ပိဋက ၃ ပုံ ပူဇော်ပွဲကြီးကို အကြောင်းပြုပြီး ရောက်ရှိလာကြတဲ့တရားနာပရိသတ်ကြီးကို ချစ်ကြည်ရင်းနှီးမြတ်နိုးစွာနဲ့ လှိုက်လှိုက်လှဲလှဲ မေတ္တာရှေ့ထား နှုတ်ခွန်းဆက်သလိုက်ပါတယ်။

လူမျိုးနဲ့ဘာသာစကားကွဲပြားသော်လဲ ဗုဒ္ဓဓမ္မနဲ့မေတ္တာကို အကြောင်းပြုပြီး မကွဲမပြား တစ်သားတည်းပါပဲ၊ ဆွေမျိုးတစ်မျိုးတည်းပါပဲ၊ ဆွေမျိုးအရင်းတွေနဲ့ တွေ့နေရသလိုပဲ စိတ်ထဲမှာ ခံစားမိပါတယ်။

မြန်မာနိုင်ငံက တိပိဋကဆရာတော် ၃ပါးလုံးကြွလာကြတာဖြစ်လို့ တာဝန်ခံဆရာတော်ကြီးက တစ်ပါးလျှင် ပိဋက ၁ ပုံစီ အနှစ်ချုပ်ထုတ်ပြီးဟောဖို့ တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ပါတယ်။

ဦးပဥ္စင်းက အဘိဓမ္မာကိုဟောဖို့ တာဝန်ယူရပါတယ်။ ဒါ့ကြောင့် ယနေ့ညဟောရမယ့် တရားနာမည်က **"တရားအသိ လူမျက်စိ"** ဆိုတဲ့တရားပါ၊ ပိဋက ၃-ပုံထဲက အဘိဓမ္မာရဲ့ အနှစ်ချုပ်ပါ၊ ပိဋက ၃-ပုံလုံးရဲ့ အနှစ်ချုပ်လို့လဲ ဆိုနိုင်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


လူရဲ့အသိဆိုတာ (၁) ရ-သိ (၂) မှတ်-သိ (၃) ခွဲ-သိ လို့ ၃-မျိုးရှိပါတယ်။ အဘိဓမ္မာ အသုံးအနှုန်းအနေနဲ့တော့ စိတ်ဝိညာဏ်သိ, သညာသိ, ဉာဏ်ပညာသိ,လို့ခေါ်ပါတယ်၊ အမှတ်အသားလဲမပါ ခွဲခြားမှုလဲမပါပဲ အာရုံကိုရရုံမျှသာ ယူနိုင်သိနိုင်တဲ့သဘောက စိတ်ဝိညာဏ်သိ-ပါ။ အကောင်းအဆိုး အကြောင်းအကျိုး ခွဲခြားမှုမပါပဲ အဖြူအမဲစသည်ကွဲပြားရုံလောက်သာ မှတ်သားနိုင်တဲ့သဘောကတော့ သညာ သိပါ။ အကောင်းအဆိုး အကြောင်းအကျိုး ကွဲကွဲပြားပြားခွဲခြားသိတာကတော့ ဉာဏ်ပညာသိ ဖြစ်ပါတယ်။**"တရားအသိ လူမျက်စိ"** ဆိုတာ အဲဒီဉာဏ်ပညာသိကိုခေါ်တာပါ။ ရှေ့အသိ(၂)မျိုးနဲ့တော့ လူ့အသိဟာမစုံသေးပါဘူး၊ လူမျက်စိရဲ့အကြည့်ဟာ မလုံလောက်သေးပါဘူး၊ အပူလဲ မငြိမ်းနိုင်သေးပါဘူး၊ ဉာဏ်ပညာအသိပါရှိထားမှ လူ့စွမ်းအားပေါ်အောင် အမှန်အတိုင်း ဆောင်ရွက်အားထုတ်နိုင်မှာ ဖြစ်တယ်၊ အဲဒီပညာကလဲ ကြောင်းကျိုးဆက်သွယ်ပြီး ကြည့်ရှုသုံးသပ်ဆုံးဖြတ်နိုင်တဲ့ အဝေးကြည့်ပညာ, ရုပ်နာမ်ခန္ဓာအရှိကို မြင်အောင် အပူငြိမ်းအောင် ကြည့်ရှုနိုင်တဲ့ အနီးကြည့်ပညာရယ်လို့(၂)မျိုးရှိတယ်၊ လူ ရဲ့မျက်မှန်(၂)လက်လို့ ခေါ်ဆိုရမှာပေါ့၊ အနီးကြည့်ပညာကို ဝိပဿနာလို့လဲ ခေါ်ပါတယ်။

လူ့ဘဝရလာရင် ကိုယ့်အကြောင်းကိုကိုယ်သိအောင် လေ့လာထားဖို့ဟာ အရေးအကြီးဆုံးကိစ္စပဲ၊ အဝေးကြည့် အနီးကြည့် လူ့မျက်စိ(၂)လုံးနဲ့ မြင်နိုင်သမျှ မြင်ရအောင် ကြည့်ထားဖို့ အထူးလိုအပ်ပါတယ်၊ ကိုယ့်အကြောင်းကို ကိုယ်သိထားမှ (၁) ကိုယ့်အလုပ်ကို ကိုယ်လုပ်တတ်မယ်၊ ကိုယ့်အလုပ်ဆိုတာ အပူငြိမ်းစေ ဆင်းရဲလွတ်စေ ချမ်းသာစေနိုင်တဲ့ကောင်းမှုဖြစ်အောင် လုပ်နိုင်တာကို ပြောတာပါ။ (၂) ကိုယ့်လမ်းကို ကိုယ်သွားတတ်မယ်၊ ကိုယ့်လမ်းဆိုတာ အပူငြိမ်းကြောင်း ဆင်းရဲလွတ်ကြောင်း ချမ်းသာကြောင်းဖြစ်တဲ့ သီလ သမာဓိ ပညာ သိက္ခာ ၃-ပါး လမ်းကြောင်းအတိုင်း ဖြည့်ကျင့်ကြိုးစားသွားနိုင်တာကို ဆိုလိုပါတယ်၊ (၃) ကိုယ့်နေရာမှာ ကိုယ်နေတတ်မယ်၊ ကိုယ့်နေရာဆိုတာ ဘုရားအာရုံ တရားအာရုံ ကုသိုလ်အာရုံ သတိပဋ္ဌာန်အာရုံနဲ့ နေနိုင်တာမျိုး ဖြစ်ပါတယ်။

## ၂။ စိတ်အေးစရာ သာသနာ

- **လူနတ်နိဗ္ဗာန် ၊ ၃-တန်သုခ၊ မှန်စွာ ရဖို့၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ကောင်းစွာပေါ်ခဲ့သည်။**
- **များစွာဒုက္ခ၊ ရှိနေကြ၍ ၊ ဒုက္ခလွတ်ရန်၊ လမ်းညွှန်ကောင်းများ၊ မြတ်တရား၊ ထူးခြားပေါ်လာသည်။**
- **ဖြစ်ချင်သမျှ၊ မဖြစ်ရဘဲ၊ လွဲရမြဲမို့၊ ဖြစ်ဖို့စေကန်၊ လမ်းညွှန်ကောင်းများ၊ မြတ်တရား၊ ထင်ရှားပေါ်လာသည်။**
- **တကယ့်အရေး၊ တကယ့်ဘေးတွင်၊ ကယ်တင်မည့်သူ၊မရှိမူ၍၊အပူကင်းလို၊ ကိုယ့်ကိုအမှန်၊ ကယ်ဖို့ရန်၊ လမ်းညွှန် တရားပေါ်လာသည်။**
- **စိတ်အေးစရာ၊ သာသနာ၊ ကောင်းစွာ တွေ့ဆုံသည်။**
- **လူ့လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ အဆင့်မြင့်အောင်သုံးနိုင်သည်။**
- **ဗုဒ္ဓမြတ်စွာ၊ သာသနာကြောင့်၊ကမ္ဘာလည်းလှ၊ လူလည်းလှ၊ အေးမြချမ်းသာသည်။**
- **နောက်ဆုံး၌ကား၊ မြတ်တရားသာ၊ ထောက်တည်ရာ၊ လူမှာစွမ်းအား ပြည့်ဝသည်။**
- **တရားအသိ၊ လူမျက်စိ၊ အကြည့်မှန်၍ စိတ်အေးသည်။**

၂။ လောကအတွင်း ကြုံကြိုက်တိုက်ဆိုင်မှုတွေထဲမှာ ဗုဒ္ဓသာသနာနဲ့ ကြုံကြိုက်တိုက်ဆိုင်မှုဟာ အမြင့်မြတ်ဆုံးဖြစ်တဲ့ အခွင့်အရေးရလာဘ်ကြီးဖြစ်တယ်၊ ဗုဒ္ဓသာသနာနဲ့ တွေ့ဆုံခွင့်ရဖို့ အတိတ်က ကောင်းမှုတရားများစွာနဲ့ ရင်းနှီးခဲ့ရပြီး၊ ပစ္စုပ္ပန်မှာ သဒ္ဓါပညာစွမ်းအားကို ခိုင်မာစွာ မ,တည်ပေးရပါတယ်၊ ဗုဒ္ဓသာသနာနဲ့တွေ့ဆုံသူဟာ လူရဲ့မှန်ကန်တဲ့ လုပ်ပိုင်ခွင့်နဲ့ ကောင်းမွန်တဲ့ ခံစားခွင့်အားလုံးကို စိတ်ကြိုက်ရယူနိုင်ပါတယ်။

ဒုက္ခလွတ်အောင် ရုန်းနိုင်တယ်၊ အန္တရာယ်လုံအောင် ကာကွယ်နိုင်တယ်၊ အပူငြိမ်းနိုင်တယ်၊ အကြောက်ပြေနိုင်တယ်၊ အငိုတိတ်နိုင်တယ်၊ အညစ်ဟူသမျှစင်ကြယ်ပြီး အရှုပ်ဟူသမျှရှင်းနိုင်တယ်၊ အပျက်ဟူသမျှ အကောင်းဆုံးဖြစ်အောင် ပြုပြင်နိုင်တယ်၊ ကံနိမ့်သူမြင့်နိုင်တယ်၊ ကံဆိုးသူ ကောင်းစေနိုင်တယ်၊ ကံနည်းသူ


www.burmeseclassic.com

www.burmeseclassic.com


များစေနိုင်တယ်၊ ကံယ်သူ ကြီးစေနိုင်တယ်၊ ကံမှားသူ မှန်စေနိုင်တယ်၊ အတိတ်အကုသိုလ် ကြွေးစာရင်းကို ရှင်းပေးနိုင်တယ်၊ တကယ်တော့ သာသနာ့အခွင့်အရေးရဲ့တန်ဖိုးကို တိုင်းတာကန့်သတ်လို့ မရစကောင်းပါဘူး။

လူ့လောကကို ရုပ်ဝတ္ထုပစ္စည်း(၁)မျိုးတည်း အလှဆင်ရုံနဲ့ အလှမစုံလင်ပါ၊ မငြိမ်းချမ်းနိုင်ပါ၊ တရား အထိန်းမပါပဲ ရုပ်ဝတ္ထု(၁)မျိုးတည်းနဲ့သာ အလှဆင်နေရင် အချိန်မရွေးမီးထတောက် ပေါက်ကွဲ ဆင်းရဲစေနိုင်ပါတယ်။ တရားပါအလှဆင်ပေးမှ လူ့လောက အလှစုံလင်မယ်၊ ငြိမ်းချမ်းမယ်။

တရားအသိမပါပဲ ပစ္စည်းအရှိ(၁)မျိုး တည်းနဲ့လဲ လူ့ဘဝမချမ်းသာနိုင်သေးပါဘူး၊ အရှိကို အသိနဲ့မထိန်း နိုင်ရင် ရှိတဲ့ကြောင့်ပဲ ပူရ ကြောက်ရ ငိုရ ရန်ဖြစ်ရ, စတဲ့ မဆုံးနိုင်တဲ့အပူမီးတွေသာ တောက်လောင်နေကြရမှာ ဖြစ်တယ်၊ အပူမျိုးစုံကိုငြိမ်းအေးစေနိုင်တဲ့ တရားဟာ ဗုဒ္ဓသာသနာမှာသာ အတိအကျအပြည့်အဝရှိပါတယ်၊ အိုနာ သေဆင်းရဲတွေနဲ့ လူမှုရေးအပူမျိုးစုံကို ရင်ဆိုင်တွေ့ကြုံနေကြရတဲ့လူတွေရဲ့ နောက်ဆုံး ထောက်တည် အားကိုးစရာဟာ တရား(၁)မျိုးတည်းသာ ဖြစ်ပါတယ်။

သတ္တဝါတိုင်းချမ်းသာကိုလိုချင်ကြတာဖြစ်လို့ အဲဒီလိုချင်လှတဲ့ လူနတ်နိဗ္ဗာန် ၃ တန်ချမ်းသာ ကောင်းစွာ ရကြောင်း တရားကောင်းများပေါ်လာရပါတယ်၊ ဒီခန္ဓာမှာ ဆင်းရဲဒုက္ခများစွာရှိနေလို့သာ ဆင်းရဲဒုက္ခလွတ် ကြောင်း လမ်းမှန်ကောင်းဖြစ်တဲ့တရားရတနာကို ဘုရားရှင်က ဖော်ထုတ်ပေးခဲ့ရတာပါ၊ အကြောင်းမဲ့ ဖြစ်ချင် သလို ဖြစ်ရတာမဟုတ်ပဲ ရှိသလိုသာဖြစ်ရတာဖြစ်လို့ ဖြစ်လိုတဲ့အရာများ ဖြစ်ခွင့်ရဖို့ ကောင်းကျိုးဖြစ်ကြောင်း နည်းလမ်းကောင်းဖြစ်တဲ့ တရားလမ်းစဉ်ပေါ် ပေါက်ခဲ့ရပါတယ်၊ တကယ့်အရေးတကယ့်ဘေးကြုံလာတော့ ဘယ် သူကမှ ဘယ်သူ့ကိုမကယ်နိုင်ပါဘူး၊ မိမိကိုယ်တိုင်သာ တရားနဲ့ကယ်ရမှာဖြစ်လို့ ကိုယ့်ဟာကိုယ်ကယ်စရာ စွမ်းအား ရရှိဖို့အတွက်လဲ တရားပေါ်လာရတာဖြစ်တယ်၊ တကယ့်ကယ်တင်ရှင်အစစ်ကတော့ မိမိရဲ့ကိုယ့်ကျင့် တရားသာ ဖြစ်ပါတယ်၊ တရားအသိတပ်ဆင်ပေးတဲ့ လူရဲ့မျက်စိသာအကြည့်မှန်လို့ အလုပ်မှန်ပြီး စိတ်အေးရမှာ ပါ။

လောကမှာသာသနာပေါ်လာဖို့ခက်ခဲသလောက် ဘုရားမရှိတဲ့နောက် သာသနာ မကွယ်ပျောက်အောင် စောင့်ရှောက်ထိန်းသိမ်းရတဲ့တာဝန်ကလည်း ကြီးလေးလှပါတယ်၊ တစ်ဦးတစ်ယောက်ကောင်း အင်အားနဲ့ ထမ်းဆောင်နိုင်တဲ့တာဝန်မျိုးမဟုတ်ပါဘူး။

လူသုံးကုန်ပစ္စည်းများဟာ (၁) ထုတ်လုပ်ရေး (၂) ထိန်းသိမ်းရေး (၃) ဖြန့်ဝေရေးရယ်လို့ အပိုင်း(၃)ပိုင်း အဆက်မပြတ်လည်ပတ်ပေးနိုင်မှ လူအများပြည့်ဝလုံလောက်အောင် သုံးဆောင်ခွင့်ရသလို သာသနာလဲ အဲဒီ နည်းအတိုင်းပဲ အပိုင်း(၃)ပိုင်း အဆက်မပြတ် လည်ပတ်ပေးနိုင်မှ တရားနဲ့ထိုက်တန်သူ အားလုံးတရားနဲ့တွေ့ပြီး တရားစွမ်းအားကိုရရှိနိုင်ကြမှာဖြစ်ပါတယ်။

အဲဒီ ၃ ပိုင်းမှာ သာသနာ့ထုတ်လုပ်ရေးကိစ္စဆိုတာ ဗုဒ္ဓရဲ့ကိစ္စသာ ဖြစ်ပါတယ်၊ ဗုဒ္ဓဟာ ဗုဒ္ဓရဲ့ကိစ္စပြီးဆုံး သွားလို့သာ ပရိနိဗ္ဗာန်စံတော်မူခဲ့တာပါ၊ ကျန် ၂-ပိုင်းကတော့ ဗုဒ္ဓရဲ့ကိစ္စမဟုတ်တော့ပဲ သာသနာကို သက်ဝင် ယုံကြည်သူ ရဟန်းရှင်လူတို့ရဲ့တာဝန်သာဖြစ်ပါတယ်။

ဒါ့ကြောင့် သာသနာပြုတယ်ဆိုတာ (၁) မိမိကိုယ်တိုင် အသိတရားကြွယ်ဝဖို့နဲ့ အကျင့်တရား ပြည့်စုံဖို့ လေ့ကျင့်ပေးရတဲ့ ထိန်းသိမ်းရေး (၂) မိမိသိခွင့် ကျင့်ခွင့်ရတဲ့တရားကို အခြားပုဂ္ဂိုလ်များနဲ့ နောင်လာနောက်သား သားစဉ်မြေးဆက် အဆက်မပြတ်သိနိုင်ကျင့်နိုင်အောင် ဟောပြောပို့ချ လမ်းညွှန်ရေးသားပေးရတဲ့ ဖြန့်ဝေရေး အဲဒီကိစ္စ တာဝန် ၂-ရပ်ကို ဆောင်ရွက်နေတာပါပဲ။ သာသနာပြုတယ်ဆိုတာ အဲဒီ ၂-ခု လုပ်နေတာပါ။

## ၃၊ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်

- **ပြသူ-သင်သူ၊ ချီးမြှောက်သူ၊ စိတ်တူ ညီညွတ်ကြ။**
- **သံဃာနှင့်လူ၊ အုပ်ချုပ်သူ၊ ကြည်ဖြူ ညီညွတ်မှ။**
- **မေတ္တာပန်းခိုင်၊ သုံးပွင့်ဆိုင်၊ ပြန့်လှိုင် တိုးတက်ရ။**
- **သာသနာရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင် စွမ်းပြည့်ဝ။**


www.burmeseclassic.com

www.burmeseclassic.com


၃။ သာသနာပြုလုပ်ငန်းဆိုတာ မေတ္တာပြဋ္ဌာန်းတာဖြစ်လို့ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်ပုံစံမျိုးနဲ့ ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်မှ အနှစ်သာရပြည့်ဝမယ်။ တာရှည်လည်းခံမယ်။ သာသနာပြုမေတ္တာပန်း ၃ပွင့်ဆိုတာ (၁) စာပေ ပို့ချသင်ပြပေးသူ၊ တရားဟောပြောပြသသူ၊ (၂)စာပေနှင့် တရားသင်ယူနာကြားသူ (၃) မိဘပမာ သဒ္ဓါမေတ္တာ ပညာရှေ့ထားပြီး ပစ္စည်း ၄-ပါးနဲ့ ချီးမြှောက်ထောက်ပံ့အားပေးသူတို့ပါပဲ။

နောက်တစ်မျိုးကတော့ (၁) သာသနာ့ဝန်ထမ်းရှင်ရဟန်းဆိုတဲ့ သံဃာ (၂) ပစ္စည်း ၄ပါး ချီးမြှောက် ထောက်ပံ့တဲ့ တိုင်းသူပြည်သားလူအများနဲ့ (၃) နိုင်ငံတော်အစိုးရ စတဲ့ အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ်ရယ်လို့ ၃-မျိုးပါ။ အဲဒီမေတ္တာပန်း ၃-ပွင့် မျက်နှာချင်းဆုံပြီး စိတ်ထားကြည်ဖြူညီညွတ်စွာ ဝိုင်းဝန်းချီးမြှောက် စောင့်ရှောက်အားပေးနေလို့ သာသနာတည်နေရတာပါ။

## ၄။ တရားအစု မူ (၃) ခု

- **လူနတ်နိဗ္ဗာန်၊ ၃-တန်ချမ်းသာ၊ ကောင်းစွာပွားတိုး ကောင်းကျိုးလိုသူ၊ လို့လထူ၍၊ သင်ယူအပ်ငြား၊ မြတ်စကား၊ ထူးခြားပိဋက။**
- **အနက်မှန်ကန်၊ အကျိုးမှန်ဟု၊ လမ်းညွှန်ပြ၍၊ ပေါင်းစုထားရာ၊ တည်ရှိရာ၊ ထူးတာ ပိဋက။**
- **ကိုယ်နှုတ်နှစ်တွေ၊ စောင့်စည်းလေ ဟု၊ ဥပဒေမှတ်၊ ပညတ်ထုတ်ပြန်၊ လမ်းမှန်ဖြောင့်တန်း၊ စည်းကမ်း ဆိုင်ရာ၊ ဟောပြတာ၊ အာဏာဝိနယ၊ (ဝိနည်း-စည်းကမ်း)**
- **သတ္တဝါစရိုက်၊ အစဉ်လိုက်၍၊ အကြိုက်ကိုရွေး၊ ဦးစားပေးငြား၊ စိတ်ထားလည်းစင်၊ တရားမြင်ဖို့၊ ကျင့်စဉ်ဖြောင့်တန်း၊ နည်းလမ်းဆိုင်ရာ၊ ဟောပြတာ၊ မိန့်မှာ သုတ္တန္တ (သုတ္တန်-နည်းလမ်း)**
- **တကယ်အရှိ၊ အမှန်သိရန်၊ ခွဲဝေဖန်၍၊ ရုပ်နာမ်တရား၊ သဘောသွားကို၊ ပိုင်းခြားစိတ်ဖြာ၊ ဟောပြတာ၊ ထူးတာဘိဓမ္မ။ (အဘိဓမ္မာ-သဘောတရား)**
- **စည်းကမ်းနည်းလမ်း၊ သဘောခန်းဟု၊ (၃)လမ်းခွဲကာ၊ သတ်မှတ်ပါ၊ (၃)ဖြာ ပိဋက။**

၄။ တရားအသိ လူမျက်စိတပ်ဆင်ပေးဖို့ ဗုဒ္ဓဟောကြားတဲ့ တရားစကားကို လူ နတ်နိဗ္ဗာန် ၃-တန် ချမ်းသာ အပြည့်အစုံလိုချင်သူများ ကြိုးစားလေ့လာထိုက်တဲ့ကြောင့် ပိဋကလို့ခေါ်တယ်၊ မှန်ကန်တိကျတဲ့ သဘောတရား အကျိုးများကို ပေါင်းစုထားရာဖြစ်တဲ့ကြောင့်လဲ ပိဋကလို့ခေါ်ရပါတယ်။

အဲဒီ ပိဋကဟာ စည်းကမ်းပိုင်း၊ နည်းလမ်းပိုင်း၊ သဘောတရားပိုင်းလို့မူ(၃)မျိုးကွဲပြားတယ်၊ အဲဒီ၃မျိုး ထဲမှာ ဝိနည်းဆိုတာ စည်းကမ်းပိုင်းပဲ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများ လိုက်နာရမယ့်စည်းကမ်းကို အဓိကထား တယ်၊ ရှင်ရဟန်းများ ကိုယ်နှုတ် ၂ ပါးစောင့်စည်းထိန်းသိမ်းဖို့ ကရုဏာပညာပြည့်ဝတော်မူတဲ့ ဘုရားရှင်က ဥပဒေသတ်မှတ်ပညတ်ထုတ်ပြန်ထားတဲ့ တရားစကားစုတွေပဲ၊ အဲဒီစည်းကမ်းကြောင့် ဗုဒ္ဓသာသနာ လှပ တင့်တယ် ထည်ဝါခန့်ညားပြီး အများလေးစားမှုကို ခံယူနေရတာပါ။

သုတ္တန်ဆိုတာ နည်းလမ်းပိုင်းပဲ၊ တရားနာသူရဲ့ စိတ်နေစိတ်ထား ဝါသနာအကြိုက် စရိုက် အနုအရင့်ကို လိုက်ပြီး၊ စိတ်ထားစင်ကြယ်ဖို့ တရားမြင်ဖို့အတွက် စကားအသုံးအနှုန်း နည်းပရိယာယ် ကြွယ်ဝတော်မူတဲ့ ဘုရားရှင်က စကားနည်းပရိယာယ်မျိုးစုံသုံးကာ ဟောကြားထားတဲ့ကျင့်စဉ်နည်းလမ်းပါ။ တရားနာသူရဲ့ စိတ် အနာရောဂါပျောက်ရေးကို အဓိကထားပါတယ်။

လောကဆေးဆရာများဟာ လူနာ(၁)ဦးကိုတွေ့ရရင် တတ်သိထားသမျှ ဆေးပညာအားလုံးကို အကုန်သုံး ဖို့မလိုပဲ ရှိသမျှဆေးပစ္စည်းအားလုံးကိုလဲ အကုန်သုံးဖို့မလိုပဲ လူနာရဲ့ရောဂါနဲ့သက်ဆိုင်တဲ့ ဆေးနည်းနှင့် ဆေးပစ္စည်းကိုသာရွေးချယ်ပြီး ရောဂါပျောက်အောင် ကုသပေးသလိုပါပဲ၊ တရားနာသူရဲ့ ကာလ ဒေသ ပုဂ္ဂလ အခြေအနေအလိုက် စိတ်အနာပျောက်အောင် လမ်းညွှန်ပေးထားတဲ့ ကျင့်စဉ်နည်းလမ်းဟာ သုတ္တန်ဖြစ်ပါတယ်။

အဘိဓမ္မာဆိုတာ သဘောတရားပိုင်းပဲ၊ လောကသက်မဲ့ သက်ရှိအားလုံးမှာ တကယ်ရှိနေတဲ့ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်သဘောတရားကို အမှန်အတိုင်း အတိအကျ အပြည့်အဝသိမြင်နားလည်နိုင်ဖို့ သဘောတရား



www.burmeseclassic.com

www.burmeseclassic.com



ပိုင်နိုင်ကျွမ်းကျင်တော်မူလှတဲ့ ဘုရားရှင်က ပိုင်းခြားစိတ်ဖြာဟောကြားထားတဲ့တရားဖြစ်ပါတယ်။ သဘော တရားပိုင်နိုင်ရေးကို အဓိကထားပါတယ်။ ဝိနည်းသုတ္တန်မှာ သဘောတရားပိုင်းဆိုင်ရာပါဝင်လာရင် အဘိဓမ္မာ မှာလာတဲ့ သဘောတရားများကိုပဲ ယူငင်အသုံးချရပါ တယ်။ အဲဒီလိုမူအားဖြင့် ပိဋက ၃ ပုံ ဖြစ်လာပါတယ်။

## ၅။ အဘိဓမ္မာ သိစရာ

- **ကြီးပွါးတိုးတက်၊ တရားနက်၊ မိန့်မြွက်ဘိဓမ္မာ။**
- **အမှတ်အသား၊ မြတ်တရား၊ ဟောကြားဘိဓမ္မာ။**
- **ပူဇော်ထိုက်ပေ၊ တရားတွေ၊ ဟောလေ ဘိဓမ္မာ။**
- **ပိုင်းခြားသတ်မှတ်၊ တရားမြတ်၊ ဟောအပ် ဘိဓမ္မာ။**
- **ထူးခြားကဲလွန်၊ တရားမွန်၊ ဟောညွှန်ဘိဓမ္မာ။**
- **လူ၏ စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပါ။**
- **စိတ်ထားကောင်းရန်၊ လမ်းအမှန်၊ ဟောညွှန် ဘိဓမ္မာ။**
- **ဆောင်၍ ထားရန်၊ ရှောင်ကြဉ်ရန်နှင့်၊ (၂)တန်အမှု၊ အကျိုးစု၊ (၃)ခု ကွဲပြားပါ။**

၅။ အဘိဓမ္မာဆိုတာ တွေးတောကြံဆရုံမျှနဲ့ သိရတဲ့အတွေးအခေါ်ပညာမျိုးလဲ မဟုတ်ပါဘူး၊ လောကီ သိပ္ပံ ပညာနည်းမျိုးစုံနဲ့ လက်တွေ့စမ်းသပ်လို့ရနိုင်တဲ့ ပညာမျိုးလဲ မဟုတ်ပါဘူး။ ခေတ်မီစက်ကိရိယာများနဲ့ တွက်ချက်တိုင်းတာလို့ပင် လက်လှမ်းမမီတဲ့ ခက်ခဲနက်နဲပြီး အမှန်တကယ်ရှိနေတဲ့ သဘာဝပညာထူးပါ။ တရား လုံးစုံအကုန်သိမြင်တဲ့ဘုရားရှင်သာ မပွင့်ထွန်းမပေါ်ခဲ့ရင် အဘိဓမ္မာသဘောကိုသိခွင့်ရမှာ မဟုတ်ပါဘူး။

ရေအိုးတစ်လုံးအတွင်း မြစ်ပေါင်းစုံ ချောင်းပေါင်းစုံမှရေများကိုထည့်မွှေပြီး၊ ခွက်ထဲ လက်ထဲမှာထည့်ကာ ခွဲခြားကြည့်ရင် "ဒါက ဧရာဝတီမြစ်ရေ၊ ဒါက ဂင်္ဂါမြစ်ရေ၊ ဒါက မဲခေါင်မြစ်ရေ" စသည်ခွဲခြားသိဖို့ မလွယ်ကူ သလို အဲဒီထက်အဆများစွာ ခက်ခဲနက်နဲလှတဲ့ အတူဖြစ်, အတူချုပ်, အတူအာရုံပြုပြီး, အဖြစ်အပျက် အပြောင်း အလဲ မြန်လွန်းလှတဲ့စိတ်စေတသိက်(နာမ် တရား)တွေကို **"ဒါက ဖဿ၊ ဒါက ဝေဒနာ"** စသည်ခွဲခြားသိဖို့ မလွယ်ကူပါဘူး၊ ဘုရားရှင်ရဲ့ ဉာဏ်ကို မှီခိုခွင့်ရသူများသာ နားလည်နိုင်မှာဖြစ်ပါတယ်။

အဘိဓမ္မာဆိုတာ မေတ္တာစတဲ့ ကြီးပွားတိုးတက်မြင့်မားစေတတ်တဲ့ တရားထူးများ၊ အာရုံ-သမ္ပယုတ်- ဒွါရ စတဲ့ အမှတ်အသားတရားများ၊ လောကုတ္တရာစတဲ့ ပူဇော်ထိုက်တဲ့ အထက်တန်းစားတရားများ၊ ဖဿ ဝေဒနာ စတဲ့ သဘာဝအပိုင်းအခြားတရားများ၊ မဟဂ္ဂုတ် လောကုတ္တရာစတဲ့ ထူးခြားကဲလွန်တရားမွန်များကို ဟောကြားထားတဲ့တရားဖြစ်ပါတယ်။

## ၆။ အဘိဓမ္မာ လူလိမ္မာ

- **နာမ်မလိမ္မာ၊ ရုပ်ခန္ဓာ၊ နစ်နာတတ်ချေသည်။**
- **နာမ်လိမ္မာမှ၊ ရုပ်ကာယ (လူ့ဘဝ)၊ မုချသက်သာမည်။**
- **နာမ်တွင် မအေး၊ မယဉ်ကျေး၊ ရုပ်ဘေးသင့်တတ်သည်။**
- **နာမ်ယဉ်ကျေးမှ၊ စိတ်အေးရ၊ မုချ ချမ်းသာမည်။**
- **အဘိဓမ္မာ၊ လူ့ခန္ဓာ၊ လိမ္မာယဉ်ကျေး နုစေသည်။**

၆။ လူတိုင်းလူတိုင်း (၁) လုပ်ပိုင်ခွင့် (၂) ခံစားခွင့်ဆိုတဲ့ လူ့အခွင့်အရေး ၂-ရပ်ကို ရရှိထားကြပါတယ်။ လူတိုင်းပဲ ကိုယ်ကြိုက်တာ ကိုယ်လုပ်နေကြတာပါ။ လူ့အလုပ်ကလဲ သိသင့်တာသိအောင် လေ့လာပြီး မိမိသိရှိ နားလည်ထားတဲ့အတိုင်း လုပ်ကိုင်ဆောင်ရွက်ရခြင်းပါပဲ။ အသိမှန်မှ အလုပ်မှန်မယ် ၊ အသိမှားရင် အလုပ်လဲ လွဲမှားရတော့မှာပဲ၊ အသိမှားရင် နာမ်မလိမ္မာတော့ပဲ ကြံစည်ပြောဆိုလုပ်ကိုင်မှုများ တိမ်းပါးချွတ်ချော်ပြီး



www.burmeseclassic.com

www.burmeseclassic.com


လူ့ဘဝနစ်နာသွားတတ်ပါတယ်။ အသိမှားလို့ နာမ်မယဉ်ကျေး မအေးချမ်းရင် မိမိဆိုင်ရာ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုများ ဘေးသင့်ရောက်တတ်တယ်၊ အသိမှန်လို့ နာမ်လိမ္မာယဉ်ကျေးမှ လူ့ဘဝခန္ဓာကို သက်သာအောင် ထမ်းဆောင်နိုင်ပြီး စိတ်အေးစရာ စွမ်းအားများရရှိလို့ မုချဧကန်ချမ်းသာမှာ ဖြစ်ပါတယ်။

အဘိဓမ္မာဟာ လူကို အသိအမြင်မှန်ကန်စေပြီး လိမ္မာယဉ်ကျေး နူးညံ့သိမ်မွေ့စေပါတယ်၊ အဘိဓမ္မာကျမ်းထဲမှာ စိတ်စေတသိက် ရုပ်ဖြစ်ပုံ၊ ကြောင်းကျိုး ဆက်သွယ်ပုံ၊ အကောင်းအဆိုး ခွဲခြားပုံ၊ အဆိုးကိုရှင်း အကောင်းသွင်းလို့ ပြုပြင်ပုံ၊ နာမ်နှင့်ရုပ်ဆက်စပ်နေပုံ၊ လိမ္မာယဉ်ကျေးအောင် အဆင့်ဆင့်မြှင့်ပြီး ကျင့်သုံးပုံ၊ အကျင့်မှန်ကန်မြင့်မားသလောက် လွတ်ငြိမ်းချမ်းသာရပုံ၊ စသည်တို့ကို အတိအကျအပြည့်အဝညွှန်ပြထားပါတယ်။

ဒါ့ကြောင့် အဘိဓမ္မာဟာ မှန်ကန်တဲ့လုပ်ပိုင်ခွင့်နဲ့ ကောင်းမွန်တဲ့ခံစားခွင့်ကိုရရှိပြီး လူလိမ္မာ ဖြစ်ရေးအတွက် ဦးတည်ပါတယ်။

## ၇။ အဘိဓမ္မာ သင်စရာ

- **သဒ္ဓါရှိမှ၊ စိတ်ကြည်ဖြူ၊ ကောင်းသူ ခေါ်ရပါ၏**
- **ပညာရှိမှ၊ စွမ်းအားယူ၊ တော်သူ ခေါ်ရပါ၏**
- **တော်လည်းတော်စေ၊ ကောင်းပါစေ၊ နှစ်ထွေညီမှသာ၊**
- **ကောင်းကျိုးသုခ၊ အစုံရ၊ မုချမြဲသေချာ၊**
- **တော်လည်း တော်ဖို့၊ ကောင်းလာဖို့၊ သင်စို့ ဘိဓမ္မာ။**

၇။ လောကမှာ လူတော်လူကောင်းကို နေရာတိုင်းများစွာလိုအပ်ပါတယ်၊ လူတော်ဖြစ်ဖို့ အသိပညာတိုးပွားအောင် လေ့လာသင်ယူရပါတယ်၊ အသိပညာမှာလည်း မျက်မှောက်တစ်ဘဝ ခန္ဓာထမ်းဆောင်ရေးဆိုင်ရာ လောကီအသိပညာမျှသာမက ကံအကြောင်း ဘဝခန္ဓာအကြောင်း တမလွန်နေ့ာင်ရေးအကြောင်း၊ အမှန်တရားအကြောင်း၊ ရုပ်နာမ်အကြောင်း၊ စသည်ကိုဖော်ပြတဲ့ နှစ်ဖက်မြင်အသိပညာကိုပါ တတ်သိနားလည်ထားမှ ပြည့်ဝစုံလင်တဲ့လူတော်တစ်ယောက် ဖြစ်ခွင့်ရမှာ ဖြစ်ပါတယ်။

အဘိဓမ္မာဆိုတာ ဧကန်သင်ယူလေ့လာမှတ်သားရမယ့် နှစ်ဖက်မြင် သဘောတရားရေးဆိုင်ရာ ပညာမျိုးပါ၊ သဘောတရားပိုင်းမှ အမြင်ရှင်းပြီး ဘဝခန္ဓာအခက်အခဲကို အမှန်အတိုင်း ကိုင်တွယ်ဖြေရှင်းတတ်မှာပါ၊ ရှင်းမရနိုင်လောက်အောင် အလွန်ရှုပ်ထွေးလှတဲ့ လူမှုရေးဒုက္ခပြဿနာမျိုးစုံကြားထဲမှာ အမြင်ကြည်လင်စွာနဲ့ အပူကင်းအောင် နေထိုင်တတ်မယ်၊ အခက်အခဲတိုင်းကို ကျော်လွန်အောင်ဖြေရှင်းနိုင်မှ ဘဝခရီးကို အေးမြကြည်လင် တည်ငြိမ်ရင့်ကျက်စွာ ဖြောင့်ဖြောင့်တန်းတန်းသယ်ဆောင်သွားနိုင်မှ တကယ်စစ်မှန်တဲ့ လူတော်တစ်ယောက် ဖြစ်ခွင့်ရနိုင်မှာ ဖြစ်တယ်၊ လူတော်တစ်ယောက်ဖြစ်ဖို့ အဘိဓမ္မာက လုံးဝတာဝန်ယူပါတယ်။

လူကောင်းတစ်ယောက်ဖြစ်ဖို့ ယုံကြည်ချက်သဒ္ဓါတရားရှိအောင် လုပ်ပေးရပါတယ်၊ သဒ္ဓါ တရားရှိလာရင် စိတ်ကြည်လင် သန့်ရှင်းဖြူစင်လာပြီး ကောင်းတာကိုချည်းသာ လုပ်ချင်တာဖြစ်လို့ လူကောင်းဖြစ်လာရပါတယ်၊ သဒ္ဓါတရားဆိုတာ လူတစ်ယောက်ရဲ့ သဘောထားခံယူချက်ပဲ၊ ယုံကြည်စိတ်ချမှု၊ သဘောတူညီလက်ခံမှု၊ ကျေနပ်အားရမှု၊ ခံယူချက်ပြတ်သားမှု၊ အာမခံတာဝန်ယူနိုင်မှု၊ သဘောမျိုးလဲဖြစ်ပါတယ်။

စွမ်းအားကောင်းများရအောင် လှမ်းယူချီမ သယ်ဆောင်ပေးနိုင်တဲ့တရားလဲ ဖြစ်လို့ စိတ်ကို အပူအညစ်ကင်းအောင် သန့်စင်ဆေးကြောပေးတဲ့ တရားလဲဖြစ်တယ်၊ ယုံကြည်လက်ခံမှုရှိသလောက် ကောင်းတဲ့အလုပ်များကို ပြုလုပ်ဆောင်ရွက်မှာဖြစ်လို့ ကောင်းမှုရှိသလောက် ချမ်းသာအစုံကိုရရှိဖို့သေချာပါတယ်၊ လူကောင်းတစ်ယောက် ဖြစ်လာဖို့အတွက်လဲ အဘိဓမ္မာက လုံးဝတာဝန်ယူပါတယ်။

တော်လဲတော် ကောင်းလဲကောင်းတဲ့ လူတော်လူကောင်းဖြစ်ခွင့်ရမှ ဘက်စုံ အကွက်စုံ စေ့စပ်သေချာအောင် ကောင်းကျိုးပြုအလုပ်များကို ပြုလုပ်နိုင်မယ်၊ စွမ်းအားပိုင်ရှင် အဆင့်မြင့်လူလဲ ဖြစ်ခွင့်ရမယ်။

လူ့စွမ်းအားဟာ စိတ်ထားကောင်းဖို့သာ လိုရင်းပဓာနပါ၊ စိတ်ထားကောင်းရင် မိမိ သူတစ်ပါး လောက သာသနာအတွက် စိတ်ချအားကိုးရတဲ့ အကြီးမားဆုံးအင်အား(၁)ခုဖြစ်တယ်၊ စိတ်ကောင်းထားတတ်ဖို့ အဘိဓမ္မာက ပြည့်စုံတိကျစွာ လမ်းညွှန်ပေးပါတယ်။


www.burmeseclassic.com

အဘိဓမ္မာကို အနှစ်ချုပ်ထုတ်လိုက်ရင် ကောင်းကျိုးရလဒ် စွမ်းအားကိုပေးနိုင်တဲ့ အမြဲဆောင်ထားရမယ့် (ကောင်းမှုကုသိုလ်)တရား၊ မကောင်းကျိုးကိုပေးတတ်တဲ့ အမြဲစွန့်ခွါရှောင်ကြဉ်ရမယ့် (မကောင်းမှု အကုသိုလ်) တရား, အဲဒီ (၂)မျိုးနဲ့ဆက်စပ်နေတဲ့ ရုပ်နာမ်(အဗျာကတ)တရား,လို့ (၃)မျိုးရှိပါတယ်၊ အဲဒီ(၃)မျိုးကိုပဲ အခြေခံပြီး တိကဒုကစသည် နည်းအမျိုးမျိုးခွဲလို့ အကျယ်ချဲ့ဟောကြားထားတာပါ။ သဘာဝ ပရမတ် အနှစ်ချုပ် ကတော့ စိတ်-စေတသိက်-ရုပ်-နိဗ္ဗာန် (၄)မျိုးပါ။

## ၈။ ကိလေသာဖျက် စိတ်တွေမှုက်

- **ပူလောင်ညစ်နွမ်း၊ အမြင်ကန်း၊ ပင်ပန်းရတဲ့ ကိလေသာ။**
- **ကောင်းတာတားမြစ်၊ လွန်နှိပ်စက်၊ အသက်ကြီးအောင်သောင်းကြမ်းတာ။**
- **ကြီးလေဆိုးလေ၊ အလွန်မွေ၊ အသေ မဖြောင့်ပါ။**
- **ကျိုးလိုသယောင်၊ ဟန်ပန်ဆောင်၊ လဲအောင်တွန်းချတာ။**
- **သံကိုသံဖျက်၊ သံချေးတက်သို့၊ စိတ်ပျက်သွားရန်၊ ဖျက်ဆီးပြန်၊ အလွန်ကြောက်စရာ။**
- **သိက္ခာစုဆောင်း၊ လက်နက်ကောင်း၊ ထောင်းထောင်းကြေအောင် တိုက်ဖျက်ပါ။**

၈။ သံကို သံဖျက် သံချေးတက်သလို စိတ်ကို မှီပြီး စိတ်ကို ဖျက်ဆီးနေတာကတော့ ကိလေသာပါ၊ စိတ်ရဲ့အပူ အခိုးအငွေ့လို့ ခေါ်ပါတယ်၊ စိတ်ထဲ ကိလေသာဝင်လာရင် စိတ်ရဲ့ထိန်းချုပ်နိုင်တဲ့ ကိုယ်ပိုင်စွမ်းအား ပျက်ပြယ် သွားပါတယ်၊ ကိလေသာဆိုတာ အေးမြတဲ့စိတ်ကို ပူလောင်စေတယ်။

စင်ကြယ်တဲ့စိတ်ကို ညစ်နွမ်းစေတယ်၊ တရားအရှိကို လုံးဝမမြင်ရအောင် ဖုံးအုပ်ထားတယ်၊ ကိလေသာ ထုပ်ကြီးကို အကန့်အသတ်မရှိ ထမ်းဆောင်ထားရလို့ စိတ်ကို မရွှင်မလန်း ပင်ပန်းစေတယ်၊ ကောင်းမှုပြုခွင့် အားလုံးကို တားမြစ်ပိတ်ပင်ထားတယ်၊ စိတ်ကိုနာကျင်အောင် နှိပ်စက်ညှင်းပန်းတယ်၊ တရားအလုပ်ကိုမလုပ်ရင် ကိလေသာဟာဘယ်သူ့ကိုမှ အားမနာဘူး၊ အသက်ကြီးရုံ အချိန်ကုန်ရုံနဲ့ အလိုအလျောက် ရပ်တန့် နောက်ဆုတ်သွားတာ မဟုတ်ဘူး၊ တရားကင်းကွာရင် အသက်ကြီးတော့ ပိုပြီးတောင် သောင်းကြမ်းတတ်တယ်၊ ဘဝကူးအာမခံချက်ကိုတောင် မွှေနှောက်ဖျက်ဆီးပစ်တတ်တယ်၊ ကြီးလေ ဆိုးလေ ဖြစ်တတ်တယ်။

မောဟမှောင်ကို အကာအကွယ်ယူထားတဲ့ ကိလေသာဟာ စိတ်ရဲ့အကျိုးကို လိုလားသယောင် မိတ်ဆွေ ဟန်ဆောင်ပြီး ဝင်လာတတ်တယ်၊ စိတ်နဲ့ယှဉ်တွဲမိတာနဲ့ တစ်ပြိုင်နက် အတွေးအပြောအလုပ်လွဲအောင် စိတ်ကို အလဲတွန်းချတတ်တယ်၊ ဒါပေမယ့် ကိုယ့်တရားခံအစစ်ကို ကိုယ်မသိလိုက်ဘူး၊ ကိလေသာဟာ မလိုချင်တာ တွေပေးတယ်၊ ရှေ့ကိုသွားသယောင်ယောင် ဟန်ဆောင်ပြီး နောက်ကိုသာပြန်ပို့နေတတ်တယ်၊ ကိလေသာ ဖျက်ဆီးခံရလို့ စိတ်ပျက်စီးရတာပါ၊ ကိုယ့်စိတ်ကိုတောင် ကိုယ်လိုသလို စိတ်ကြိုက်သုံးလို့မရတော့ဘူး၊ ကိလေသာဆိုတာ မျက်စိနဲ့ကြည့်လို့လဲ မြင်ရတာမဟုတ်ပါ၊ လက်နဲ့ကိုင်ကြည့်လို့လဲ တွေ့ရတာမဟုတ်ပါ၊ ခေတ်မီ စက်ကိရိယာမျိုးစုံနဲ့ စမ်းကြည့်လို့လဲ တွေ့ရတာမဟုတ်ပါ။ ဒါပေမယ့် စိတ်မှာ ကိလေသာဝင်လာရင် ပူလောင်ညစ်နွမ်း ပင်ပန်းရှုပ်ထွေးရ တာကတော့ အမှန်ပါ၊ ဗုဒ္ဓသာသနာကြောင့်သာ ကိလေသာကို သိရတာပါ။

ကိလေသာ အကျဉ်း ၁၀, အကျယ် ၁၅၀၀ဆိုတာ ဆင်းရဲဒုက္ခအပူတည်ဆောက်ရေးအဖွဲ့ ဖြစ်ပါတယ်၊ အဲဒီအဖွဲ့ထဲမှာ အဝိဇ္ဇာဆိုတဲ့ မောဟက အကြီးအမှူး ဥက္ကဋ္ဌပါ၊ တဏှာဆိုတဲ့ လောဘက အကျိုးဆောင် အတွင်းရေးမှူးပါ၊ ကျန် မာနဒိဋ္ဌိ စတဲ့ ကိလေသာများက အဖွဲ့ဝင်တွေပါ၊ ဥက္ကဋ္ဌ အဝိဇ္ဇာက ဆင်းရဲလမ်းဆုံး, ဆင်းရဲလွတ်ကြောင်း လမ်းကောင်းနှင့် လုပ်ငန်းကိုမသိ၊ အမှန်သဘောကို ဘာမှမသိ၊ တဏှာက အလိုဆန္ဒ ပြီးပြည့်စုံတယ်လို့ လုံးဝမရှိ၊ ပစ္စည်းခန္ဓာရှာဖွေစုဆောင်းလို့ ပြည့်ဝတယ်ဆိုတာ ဘယ်တော့မှမရှိ၊ မပြီးမီ မပြည့်စုံမီ မပြည့်ဝမီမှာပဲ အိုနာသေကြရပါတယ်၊ အဲဒီ မသိနှင့် မရှိဆိုတဲ့ အဝိဇ္ဇာတဏှာနဲ့ပဲ သံသရာလည် နေကြရတယ်၊ သံသရာမပြတ်နိုင်အောင် ချည်နှောင်ဆက်စပ်ပေးနေတဲ့ အခိုင်မာဆုံးသံသရာကြိုး ၂-ချောင်းဖြစ် ပါတယ်။

ကိလေသာကိုနိုင်တဲ့ လက်နက်က ၃-မျိုးပဲရှိတယ်၊ စည်းကမ်းလိုက်နာတဲ့ သီလ, အာရုံအပေါ် စူးစိုက်တဲ့ သမာဓိ, အာရုံအရှိကို မြင်အောင်ကြည့်နိုင်တဲ့ ပညာ, အဲဒီ သိက္ခာ ၃ပါးပဲ။



www.burmeseclassic.com

www.burmeseclassic.com


လောကမှာ အမျိုးမှန်ကျောက်မျက်ရတနာကို ကျောက်ခဲသဲထဲမြေထဲမှ ခက်ခက်ခဲခဲတူးဖော်ပြီး ပြုပြင်ပေးနိုင်မှ အဖိုးတန်အဆင့်ရောက်လာနိုင်သလို လူ့စိတ်ဓါတ်ကိုလဲ ကိလေသာအမှိုက်ထဲမှ ခက်ခက်ခဲခဲဆွဲထုတ်ပြီး ပြုပြင်ပေးနိုင်မှ စိတ်ကောင်းပေါ်လာပါတယ်၊ လူကောင်းဖြစ်ခွင့်ရနိုင်ပါတယ်။

## ၉။ စိတ်အေးစရာ ဘာဝနာ

- **အငြိမ်+အကြည်၊ ၂-ဖြာ ဖြည့်သွင်း၊ အရှုပ်ကင်းကွာ၊ ဘာဝနာ၊ မှန်စွာစွမ်းအားရ (- စိတ်ဓါတ်ခွန်အား၊ အမြင်အားဖြင့်၊ တိုးပွားစေရန်၊ လို့လသန်၍၊ အားသွန်ကြိုးကုတ်၊ စွမ်းအားထုတ်တာ၊ ဘာဝနာ ၂-ဖြာ စွမ်းအားရ )**
- **စိတ်အစဉ်မှာ၊ ကောင်းစွာလုံစေ၊ ငြိမ်းအေးစေ၊ ပွားလေ သမထ။**
- **ဝိပဿနာ၊ ကောင်းစွာပွားများ၊ တရားလုံစေ၊ အေးမြစေ၊ ရှင်းလေ လူ့ဘဝ။**
- **သာသနာရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင် စွမ်းပြည့်ဝ။**

၉။ မငိုရ, မကြောက်ရ, မပူရ, မရှုပ်ရ, မမှားရအောင် စိတ်အားကောင်းဖို့ စိတ်အားဖြည့်သွင်း မြှင့်တင်ပေးတာကို ဘာဝနာလို့ခေါ်ပါတယ်၊ အဲဒီဘာဝနာက အပူငြိမ်းအောင် စိတ်ငြိမ်အောင် လေ့ကျင့်ပေးရတဲ့ သမထ, ရုပ်နာမ်အရှိ အမှန်သိအောင် ကြည့်ရှုလေ့ကျင့်ပေးရတဲ့ ဝိပဿနာ,လို့ ၂-မျိုးရှိပါတယ်၊ အကောင်းဆုံး စိတ်အပန်းဖြေနည်းများဖြစ်ပါတယ်။

စိတ်မှာ ကိလေသာဝင်နေရင် ပူရှုပ်နေလို့ ကိုယ်ပိုင်အလုပ် မလုပ်ဖြစ်ပါ။ လုပ်ပြန်တော့လဲ မတွင်ကျယ်တတ် မပြီးဆုံးတတ်ပါ၊ မငြိမ်းအေး မငြိမ်သက်ပါ၊ စိတ်ဓါတ် မငြိမ်းအေး မငြိမ်သက်တော့ စိတ်မှာ တရားစွမ်းအားထားစရာနေရာမရှိပါ၊ စိတ်မကြည်လင် မသန့်စင်ရင် ရုပ်နာမ်အရှိကိုသိမြင်ခွင့်မရပါ၊ ဒါ့ကြောင့် စိတ်တန်ခိုးပေါ်အောင် သမာဓိရအောင် သမထကိုပွားရပါတယ်၊ စိတ်စင်ကြယ်အောင် ချေးချွတ်ဆေးကြော သန့်စင်ပေးရပါတယ်၊ သတိနဲ့ ဝီရိယတွဲမိရင် သမာဓိရနိုင်ပါတယ်။

အရှိကိုအရှိအတိုင်း အမြင်ထူးခြားကွဲပြားအောင် အသိဉာဏ်စိုက်လုပ်ရတဲ့အလုပ်က ဝိပဿနာပါ၊ ပညတ်ကိုထွင်းဖောက်ပြီး ရုပ်နာမ်အမြင်ရောက်အောင် လေ့ကျင့်ရှုပွားရတဲ့အလုပ်မျိုးပါ၊ ငါစွဲ ငါ့ဟာစွဲ ကင်းအောင်, အပူငြိမ်းအောင် ဉာဏ်နဲ့ဆေးကြောပေးခြင်းလဲ ဖြစ်ပါတယ်။

## ၁၀၊ တရားချိန်သီး လူ့မှန်ကြိုး

- **သတိ-ပညာ၊ ၂-ဖြာဖြည့်သွင်း၊ အမှားကင်းစေ၊ ချိန်သီးပေ၊ မသွေတပ်ဆင်ရ။**
- **သတိမပါ၊ သိစရာ၊ ရှိတာမပြည့်ဝ။**
- **သတိတွဲကာ၊ အသိပါ၊ ရှိတာအပြည့်ရ။**
- **အာရုံဖော်ပြီး၊ ကပ်ထားပြီးသော်၊ မပြီးသမျှ၊ မပျောက်ရအောင်၊ မရောအောင်လဲ ၊ သတိစွဲ၊ အမြဲဆက်စပ်ရ။**
- **အလုပ်တိုင်းမှာ၊ စွမ်းအားပါအောင်၊ ပညာဖြင့်လဲ၊ ချင့်ချိန်မြဲ၊ ခတ်ခွဲကျွမ်းကျင်ရ။**

၁၀။ သတိပညာ ၂-ပါးဟာ အလုပ်ကိစ္စ ခပ်သိမ်းမှာ အလွန်ကျေးဇူးများတဲ့တရား ဖြစ်ပါတယ်၊ ဘဝနှင့်အလုပ် မတိမ်းအောင် ထိန်းပေးနိုင်တဲ့ လူ့ဘဝချိန်သီးလို့ခေါ်နိုင်ပါတယ်၊ သတိက အာရုံနှင့် စိတ်ကို အကွက်ချထိန်းပေးပြီး ပညာနဲ့စွမ်းအားအရှိကို ခွဲခြားကြည့်ရပါတယ်၊ သတိနဲ့လမ်းဖော်ပြီး ဝီရိယနဲ့ စိတ်အပြေး လေ့ကျင့်ပေးရပါတယ်။ အာရုံနှင့် စိတ်ပြဿနာမဖြစ်အောင်, အာရုံကူးပြဿနာမရှိအောင် သတိပညာက ဖြေရှင်းပေးပါတယ်၊ ကိုယ့်စိတ် ဘယ်နေရာရောက်နေမှန်းသိအောင် အမြဲထောက်လှမ်းစူးစမ်းပေးနေပါတယ်။

သတိမပါရင် အသိတရားမတိကျ မပြည့်ဝနိုင်ပါဘူး၊ စွမ်းအားကိုလဲ အပြည့်မရနိုင်ပါဘူး၊ သတိသွင်းမှ အကြည့်ရှင်းပြီး အသိတရားတိကျပြည့်ဝနိုင်ပါတယ်၊ စွမ်းအားကိုလဲ အပြည့်အဝရနိုင်ပါတယ်၊ သတိပညာချိန်သီးတပ်ပေးလိုက်ရင် နေ့စဉ်လုပ်နေတဲ့အိမ်အလုပ် (စားဝတ်နေရေး စီးပွားရေး လူမှုရေးအလုပ်) အားလုံး တရားအလုပ် ဖြစ်သွားနိုင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


သတိဆိုတာ အလုပ်ကိစ္စတိုင်း (၁)အာရုံကိုပုံဖော်ပေးရတယ်၊ (၂)အာရုံနဲ့စိတ်ကပ်ပေးရတယ် (၃) အလုပ်မပြီးမီ အာရုံမပျောက်အောင် ထိန်းထားရတယ်၊ (၄)အလုပ်လုပ်နေစဉ် အခြားမဆိုင်တဲ့ အာရုံ ကြားဖြတ်မဝင်ရအောင် စောင့်ရှောက်ပေးရတယ်၊ (၅) အလုပ်မပြီးမချင်း အစ အလယ် အဆုံး အကုန်လုံးသိနေအောင် ရှေ့နဲ့နောက် အသိချင်းစပ်ထားရတယ်၊ (၆) အလုပ်တိုင်း အရေးကြီးတယ်လို့ သဘောထားရတယ်။ သတိပါရင် အလုပ် တစ်ခုပြီးတိုင်း အရည်အသွေးစံချိန်မီပြီး စွမ်းအားအပြည့်ရနိုင်ပါတယ်၊ သတိအထိန်းပါတဲ့ အားထုတ်ခြင်းကသာ အလေအလွင့်မရှိပဲ တိကျတဲ့စိတ်စွမ်းအားကို တိုးတက်စေပါတယ်။

## ၁၁။ အဆိပ်ကင်းကွာ လူ့ချမ်းသာ

- **သတိ-ပညာ၊ ၂-ဖြာဖြည့်သွင်း၊ အဆိပ်ကင်း၊ ချက်ချင်းချမ်းသာပေ။**
- **ပစ္စည်းခန္ဓာ၊ ရှာရှိသာ၊ ရတာတွေလဲ အဆိပ်တွေ။**
- **သတိ-မေတ္တာ၊ ဤ ၂-ဖြာ၊ လူ့ရွာ အဆိပ်ဖြေ။**
- **သတိကိုကိုင်၊ ကိုယ့်ကိုနိုင်၊ ကြံ့ခိုင်စွမ်းအား ပြည့်ဝပေ။**
- **မေတ္တာကိုကိုင်၊ သူ့ကိုနိုင်၊ ကြံ့ခိုင်အေးမြပေ။**
- **တစ်ယောက်တည်းပင်၊ စွမ်းအင်အပြည့်၊ တည့်လို့ဘိ၊ သတိဖြင့်သာနေ။**
- **အများတကာ၊ ဆက်ဆံရာ၊ မေတ္တာပါမှ အဆင်ပြေ။**

၁၁။ ပြီးတော့သတိနဲ့မေတ္တာကို လူ့ချမ်းသာ အဆိပ်ဖြေဆေး ၂ -ပါးလို့ ဆိုနိုင်ပါတယ်။ လူ့ ချမ်းသာဆိုတာ ချမ်းသာအစစ် မဟုတ်ပါဘူး၊ ဘေးရန်အပူစတဲ့ အဆိပ်တွေရောနေပါတယ်။ သတိဟာ အာရုံအနိုင်ကျင့်မခံရအောင် ခန္ဓာမှာကိလေသာ အဆိပ်မပြန့်အောင် စောင့်ရှောက်ပေးတယ်၊ ပြန့်လာရင်လဲ ချက်ချင်းဖြေပေးတယ်၊ ကိုယ့်ကိုကိုယ်နိုင်အောင် အုပ်ချုပ်ပေးတယ်၊ ကိုယ်တစ်ယောက်တည်း တည့်အောင်နေထိုင်စေတယ်။

သတိဟာ လက်တွေ့အကျင့်လုပ်ငန်းအပိုင်းမှာ လိုရင်းအချုပ်ပဓာနဖြစ်တယ်။ ပိဋက (၃)ပုံလုံးရဲ့ အထိန်းအချုပ် ပင်မခလုတ်လို့လဲဆိုရတယ်၊ သတိဟာ အချိန်တိုင်းမိအောင် ဖမ်းပေးနိုင်တဲ့ အချိန်ထိန်းကိရိယာလဲဖြစ်တယ်။ အာရုံတိုင်းသိအောင် ကိုင်တွယ်ပေးနိုင်တဲ့ အာရုံထိန်းစက်လဲဖြစ်တယ်။ စိတ်တိုင်း နိုင်နင်းအောင် ထိန်းချုပ်ပြီး စွမ်းအားကိုဖော်ထုတ်ပေးနိုင်တဲ့ စိတ်ထိန်းကိရိယာလဲဖြစ်ပါတယ်။ ပစ္စုပ္ပန်တိုင်း လေးလေးစားစား တန်ဖိုးထားပါတယ်။

မေတ္တာက ပစ္စည်းဥစ္စာကို အကျိုးရှိအောင်သုံးစွဲပြီး တရားအနှစ်ကျန်ရစ်အောင် ပေးကမ်း တတ်တယ်၊ ပစ္စည်းဥစ္စာ အဆိပ်ဖြေဆေးလို့ဆိုနိုင်တယ်၊ သူတစ်ပါးကိုနိုင်အောင် လွှမ်းခြုံပေးတယ်၊ အများနဲ့ အဆင်ပြေအောင် နေထိုင်စေတယ်။

သတိက မိမိကိုလုံခြုံအောင်စောင့်ရှောက်ယင်း သူတစ်ပါးကိုပါလုံခြုံအောင် စောင့်ရှောက် ပေးတယ်၊ မေတ္တာကတော့ သူတစ်ပါးကိုလုံခြုံအောင် စောင့်ရှောက်ကူညီယင်း မိမိကိုပါလုံခြုံအောင် စောင့်ရှောက်ပေးပါတယ်။

## ၁၂။ သာယာအေးမြ လူ့အလှ

- **ခန္တီ-မေတ္တာ၊ ၂-ဖြာဖြည့်သွင်း၊ အပူကင်း၊ လက်ငင်းလူ့အလှ။**
- **အုတ်တိုင်ပမာ၊ ခန္တီမှာ၊ ကောင်းစွာ ခိုင်ခံ့မှု။**
- **အမိုးအကာ၊ လုံခြုံစွာ၊ မေတ္တာထားနိုင်ကြ။**
- **ခန္တီအောင်လတ်၊ မေတ္တာမြတ်၊ မချွတ်ရနိုင်ကြ။**

၁၂။ နောက်ပြီးတော့ ခန္တီနဲ့မေတ္တာ ၂-ပါးဟာ လူ့လောက သာယာစိုပြည်လှပအောင် အလှဆင်ပေးတဲ့တရား ဖြစ်ပါတယ်။ အဲဒီ ၂-ပါးမရှိရင် တစ်ဖက်မှ တိုးတက်လာတဲ့ ရုပ်ပိုင်းဆိုင်ရာအားလုံး အချိန်မရွေး မီးထတောက် ပြာကျသွားနိုင်တယ်၊ အဲဒီတရား ၂-ပါးနဲ့ အလှဆင်ပေးနိုင်မှ ပေါ်လာသမျှ ရုပ်ပိုင်းဆိုင်ရာများတောက်ပြောင်ပြီး အဖိုးတန်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com


ခန္တီဆိုတာ မေတ္တာရဲ့အမာခံဖြစ်တယ်။ အဆောက်အဦးကြီးများမှာ အုတ်မြစ်တိုင်စတဲ့ အမာခံ ခိုင်ခံ့မှ အမိုးအကာတင်လို့ရနိုင်သလို သည်းခံခွင့်လွှတ် အနစ်နာခံစွန့်လွှတ်နိုင်တဲ့ ခန္တီအမာခံ ခိုင်ခံ့မှမေတ္တာအမိုးအကာ တင်လို့ လွယ်ကူမှာပါ။

ခန္တီနဲ့ သဘောထားကြီးပြီး မေတ္တာနဲ့စောင့်ရှောက်ကူညီပေးနိုင်မှ ကမ္ဘာ့လူသားအားလုံး အတူလက်တွဲကာ ငြိမ်းချမ်းသာယာအေးမြစွာနေနိုင်ကြမှာ ဖြစ်ပါတယ်။

မေတ္တာဆိုတာ ဘာသာအားလုံး, လူမျိုး အားလုံး, သတ္တဝါအားလုံးတို့ရဲ့တစ်ခုတည်းသော ပေါင်းဆုံရာ တရားပါ၊ ဒေါသဆိုတာ လောကရဲ့အကြီးမားဆုံးခွဲအားပါ။ မေတ္တာကတော့ လောကရဲ့ အကြီးမားဆုံးဆွဲအား ဖြစ်ပါတယ်။

## ၁၃၊ စွမ်းရည် ၅ တန် အာမခံ

- **စွမ်းအားပြည့်စုံ၊ ကိုယ့်ကိုယုံ၍၊ မတုန်လှုပ်တတ်၊ ရဲရင့်တတ်၊ မြင့်မြတ်ဗိုလ်ခေါ်ရ။**
- **အတူဖြစ်ငြား၊ မြတ်တရားကို (လက်အောက်ငယ်သား၊လူအများကို) အမှားကင်းပျောက်၊ အမှန်ရောက်အောင်၊ စောင့်ရှောက်ပေးတတ်၊ ကူညီတတ်၊ မြင့်မြတ်ဗိုလ်ခေါ်ရ။**
- **ဘေးရန်ပြုတတ်၊ နှောင့်ယှက်တတ်ငြား၊ရန်သူများကို၊ ဖယ်ရှားပစ်တတ်၊ သုတ်သင်တတ်၊ မြင့်မြတ်ဗိုလ်ခေါ်ရ။**
- **ယုံကြည်, ကြိုးစား၊ သတိထား၍၊ စွမ်းအားမြှင့်တင်၊ စိတ်အစဉ်၊ အမြင်ပြည့်စုံရ။**
- **ယုံသလောက်သာ၊ လက်ခံတာ၊ သဒ္ဓါတိုးမြှင့်ရ။**
- **အားထုတ်သလောက်၊ စွမ်းအားရောက်၊ မကြောက်ရအောင် ကြိုးစားရ။**
- **အကြားမရှိ၊ ဆက်စပ်သိ၊ သတိစွဲမြဲရ။**
- **စူးစိုက်နိုင်ငြား၊ စိတ်မြင့်မား၍၊ စွမ်းအားရရှိ၊ သမာဓိ၊ အားပြည့်နိုင်မာရ။**
- **အသိဉာဏ်ယှဉ်၊ စွမ်းအားမြင်၍ ကြည်လင်လမ်းမှန်၊ ပညာဉာဏ်၊ ကောင်းမွန်သန့်ရှင်းရ။**
- **စိတ်ထိန်းကောင်းငြား၊ စိတ်မြင့်မားကာ၊ ကံကောင်းလာ၊ မှန်စွာ ကောင်းကျိုးရ။**
- **တရားအသိ၊ လူမျက်စိ၊ အကြည့်မှန်၍၊ စိတ်အေးရ။**

၁၃။ ချမ်းသာလိုချင်သူဟာ ကံကောင်းအောင်လုပ်ရမယ်၊ ကံဆိုတာ အလုပ်ပါပဲ၊ အပြစ်ကင်းလို့ ကောင်းမြတ်တဲ့ အလုပ်ကို လုပ်ရမယ်လို့ဆိုလိုတယ်၊ ကံကောင်းဖို့စေတနာကောင်းရမယ်၊ စိတ်ကောင်းထားရမယ်၊ ပြုလုပ် အားထုတ်ဆဲအခါမှာ စေတနာလို့ခေါ်တယ်၊ စေတနာချုပ်ပျောက်သွားပြီးနောက် သတ္တိအနေနဲ့ ကျန်ရစ်ခဲ့တဲ့ စွမ်းအားကို ကံလို့ခေါ်ပါတယ်။ ဉာဏ်ရှိသူ(တရားအသိ လူမျက်စိရှိသူ)သာ ကံကိုမြင်အောင် ကြည့်နိုင်တယ်။

ကံဟာ လိုချင်သလောက် ကောင်းကျိုးပေးတာမဟုတ်ဘဲ ရှိသလောက်သာပေးနိုင်တယ်၊ ဖြစ်သင့်တာ ဖြစ်စေချင်ရင်, ရသင့်တာလိုချင်ရင် ရှိသင့်တာရှိအောင် လုပ်ထားရမှာပဲ။

ကောင်းမှုလုပ်တယ်ဆိုတာ စိတ်ထဲကဓါတ်ပုံရိုက်ယူတဲ့ သဘောမျိုးပါပဲ၊ စိတ်စေတနာ အထားအသို ကောင်းသလောက် ကမ္မသတ္တိဓာတ်ပုံ ကောင်းမွန်လှပနိုင်တယ်။ ကံဆိုတာ စိတ်စွမ်းရည်, စေတနာရဲ့အရိပ်, စိတ်ရဲ့ဓါတ်ပုံ, စွမ်းအင်သတ္တိဖြစ်ပါတယ်၊ စိတ်ထဲမှာ လှုပ်ရှားလိုက်သလို ပေါ်လာတဲ့ရလာဒ် ၁-ခုပါ၊ သူရှိ သလောက်စိတ်အေးရပြီး, သူနဲ့သလောက် အားငယ်ရတတ်ပါတယ်။

စေတနာကောင်းအောင် ကြီးကြပ်ကွပ်ကဲပေးတဲ့ အဖွဲ့ဝင်တရား ၅-ပါးရှိတယ်၊ ယုံကြည်လက်ခံမှုသဒ္ဓါ အင်အား, တွန်းကန်လှုပ်ရှား ကြိုးစားအားထုတ်မှု ဝီရိယအင်အား, ထိန်းသိမ်းမှု သတိ အင်အား, စည်းရုံးပေါင်းစု စူးစိုက်တည်ငြိမ်မှု သမာဓိအင်အား, အလင်းရောင်ပေးမှုပညာအင်အား, အဲဒီ ၅-ပါးပါပဲ၊ အဲဒီ ၅-ပါး ကောင်း သလောက် စေတနာကောင်းလာပါတယ်၊ စေတနာကောင်းမှ ကံကောင်းမယ်၊ ကံကောင်းမှ ကောင်းကျိုးချမ်းသာ ရနိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အကျိုးကောင်းအောင် ကံကောင်းဖို့လိုတယ်။ ကံကောင်းအောင် စေတနာကောင်းဖို့လိုတယ်၊ စေတနာကောင်းအောင် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့က ကြီးကြပ်ပေးရမယ်၊ ယုံကြည်သလောက်သာ ကောင်းတဲ့အလုပ်ကို လက်ခံနိုင်တာဖြစ်လို့ များများလက်ခံနိုင်အောင် ယုံကြည်မှုသဒ္ဓါစွမ်းအားကို တိုးမြှင့်ပေးရမယ်၊ ဘုရားအာရုံ တရားအာရုံဆိုတဲ့ စိတ်ကောင်းထုတ်လုပ်တဲ့စက် စိတ်သန့်စင်တဲ့စက်ထဲမှာ စိတ်ကိုမကြာမကြာထည့်ပေးရမယ်။

ယိုင်လဲနေတဲ့စိတ်ကို လုံ့လနဲ့ ထူမ,တည့်မတ်ပေးရမယ်၊ ကောင်းကျိုးစွမ်းအားကိုပြပြီး ရဲစိတ်သွင်းပေးရမယ်၊ အားပြတ်ရပ်တန့်နေတဲ့စိတ်ကို အားသွင်းပြီး အားဖော်ထုတ်ပေးရမယ်၊ စွမ်းအား အပင်ပေါက်အောင်လဲ အားစိုက်ပေးရမယ်။

အာရုံချင်းကပ် အသိချင်းစပ်နေအောင်လဲ သတိစွဲမြဲစေရမယ်၊ လုံ့လကို တည့်မတ်အောင် ထိန်းပေးနိုင်တဲ့ စူးစိုက်မှုသမာဓိကိုလဲ အထူးလိုအပ်ပါတယ်။ ကံကိုထိန်းချုပ်ပေးနိုင်တဲ့ အမြင်ပြတ်သားထူးခြားလှတဲ့ အသိပညာကိုလဲ အထူးလိုအပ်ပါတယ်။ အဲဒီ ၅-ပါးမြှင့်ပေးမှ ကိုယ်ပိုင်စွမ်းအားကို အမှန်တကယ်ပေါ်လာအောင် ဖော်ထုတ်ပေးနိုင်မှာဖြစ်ပါတယ်။

စေတနာကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင် ၅-ပါးကို စိတ်ခွန်အားလို့လဲခေါ်တယ်၊ စွမ်းရည် ၅-တန်အာမခံလို့လဲ ခေါ်ပါတယ်၊ ဗိုလ်လို့လဲ ခေါ်ရပါတယ်၊ စွမ်းအားပြည့်စုံ မတုန်လှုပ်တတ် ရဲရင့်တတ်တဲ့ကြောင့် ဗိုလ်လို့ခေါ်တာပါ၊ အတုဖြစ်နေတဲ့တရားများကို အမှားကင်းပျောက် အမှန်ရောက်အောင် စောင့်ရှောက်ကူညီတတ်တဲ့ကြောင့်လဲ ဗိုလ်အမည်ရပါတယ်၊ ဘေးရန်ပြုတတ် နှောင့်ယှက်တတ်တဲ့ ရန်သူတရားဆိုးများကို ဖယ်ရှားသုတ်သင်ပစ်နိုင်တာဖြစ်လို့လဲ အဲဒီ ၅-ပါးကို ဗိုလ်လို့ခေါ်ရပါတယ်။ ကောင်းမှုလုပ်တိုင်း အဲဒီ ၅-ပါး ပြည့်စုံမှ, စွမ်းရည် ၅-တန်က အာမခံမှ, ဧကန်ကံကောင်းလာနိုင်မှာ ဖြစ်ပါတယ်။တရားအသိ လူမျက်စိအားကောင်းမှ အကြည့်မှန်ပြီး စိတ်အေးရမှာဖြစ်ပါတယ်။

## ၁၄။ တရား ၃ ပါး လူ့စွမ်းအား

- **ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းရမည်။**
- **ကိုယ်အား ဉာဏ်အား၊ ပစ္စည်းအား၊ အများလှအောင် ဆင်ရမည်။**
- **ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်။**
- **တရား ၃-ပါး၊ လူ့စွမ်းအား၊ ခန့်ညားထည်ဝါသည်။**

၁၄။ လူ့ဘဝမှာ ရလဒ် ၃-ခုရမှ လူဖြစ်ရကျိုးနပ်မှာပါ။ လူ့ဘဝရလဒ် ၃-ခုဆိုတာ (၁)၊ ပစ္စုပ္ပန်တိုင်း ဘယ်အာရုံနဲ့ပဲတွေ့တွေ့ တွေ့သမျှအာရုံနဲ့အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာနေတတ်ရမယ်၊ နေနိုင်၏အောင်လဲ တရားအဆောင်ကောင်း အမြဲရှိထားရမယ်၊ သတိပညာ ချိန်သီး အမြဲတပ်ဆင်ထားရမယ်၊ သဒ္ဓါ ဝီရိယလက်တံလဲ အမြဲလည်ပတ်ပေးနေရမယ်။ (၂) မိမိရဲ့ ကိုယ်အား ဉာဏ်အား ပစ္စည်းအားတွေနဲ့ မိမိသူတစ်ပါး လောကသာသနာစွမ်းနိုင်ရာဖက်မှာ သဒ္ဓါ ပညာ မေတ္တာအားတွေနဲ့ လှပတင့်တယ် ထည်ဝါခန့်ညားကျက်သရေရှိအောင်အလှတန်ဆာ ဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူပေးနိုင်ရမယ်၊ နာမည်ကောင်းကျန်ရစ်ရမယ်၊ (၃)ဘဝ ကူးစိတ်အေးရအောင် ကိုယ်ပိုင်တရားကို အချိန်မီစုဆောင်းထားနိုင်ရမယ်၊ ဘဝလွတ်မြောက်ရေးအထိ တိကျပြတ်သားတဲ့ဦးတည်ချက်ရှိထားရမယ်၊ အဲဒီ ၃ မျိုးရနိုင်မှ တရားအသိ လူမျက်စိရှိတယ်လို့ ဆိုနိုင်မှာပါ၊ တရားအသိ လူမျက်စိရှိရင်လဲ အဲဒီ ၃မျိုးကို ဧကန်ရနိုင်ပြီးသားဖြစ်ပါတယ်။ (တရား ပြီးပါပြီ)

ပရိတ်သတ်အားလုံး ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ။

( သာဓု ၃ ကြိမ် ခေါ်ကြသည် )

**အားလုံးချမ်းသာကြပါစေ**

**တိပိဋကယောဆရာတော်**

၁၃၅၅ ခု၊ နယုန်လ(၁၉၉၆ ခု၊ ဇွန်လ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၁၃)

## ' မေတ္တာပန်းခိုင် သုံးပွင့်ဆိုင် '

## နမော မေတ္တာပုပ္ဖဖုလ္လသ

### (ရန်ကုန်၊ ဗဟန်း၊ မဟာဝိသုဒ္ဓါရုံ နှစ်–၄၀ ပြည့်အထိမ်းအမှတ်)

သမဂ္ဂါနံ တပေါ သုခေါ (ဓမ္မပဒ-ဒု-၁၆၂)

ယောစ မေတ္တေန စိတ္တေန၊ သဗ္ဗပါဏာနုကမ္ပတိ။

ဗဟုံ ဟိ သော ပသဝတိ၊ ပုညံ တာဒိသကော နရော။

(ဝါရဏ ထေရဂါထာ-၂၆၅)

### ၁။ အလှရတနာ သာသနာ

- **ဤသာသနာ၊ ငြိမ်းချမ်းစွာ၊ ကမ္ဘာကြီးကို လှစေသည်။**
- **မြန်မာ၌သာ၊ သာသနာ၊ ခိုင်မာပြည့်စုံသည်။**
- **ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊ ဂုဏ်ရည်ကြွယ်၊ ခန့်ထယ်(ထည်) မြန်မာပြည်။**
- **မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရွှင်ပြုံးကြည်သာ၊ တို့မြန်မာ၊ ကမ္ဘာကပင် မော်ကြည့်သည်။**
- **ဗုဒ္ဓမြတ်စွာ၊ သာသနာကြောင့်၊ ကမ္ဘာလည်းလှ၊ လူလည်းလှ၊ အေးမြချမ်းသာသည်။**
- **နောက်ဆုံးမှာကား၊ မြတ်တရားသာ၊ ထောက်တည်ရာ၊ လူမှာစွမ်းအားပြည့်ဝသည်။**

လောက၌ ကြုံကြိုက်တိုက်ဆိုင်မှု ဟူသမျှတို့တွင် ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက် တိုက်ဆိုင်မှုသည်သာ တုနှိုင်းမရမြင့်မြတ်လှသော အထက်တန်းအကျဆုံး အကောင်းဆုံးသောအခွင့်အရေး ရလာဘ်ကြီးဖြစ်ပေသည်။ ဗုဒ္ဓသာသနာနှင့်တွေ့ဆုံခွင့်ရရန် အတိတ်ကကောင်းမှုတရားများစွာဖြင့် ရင်းနှီးခဲ့ရ၍ ပစ္စုပ္ပန်၌ သဒ္ဓါ ပညာ စွမ်းအားကို ခိုင်မာစွာမ-တည်ပေးရပေသည်။

ဗုဒ္ဓသာသနာနှင့် ကောင်းကောင်းတွေ့ကြုံသူသည် လူ၏မှန်ကန်သောလုပ်ပိုင်ခွင့်နှင့် ကောင်းမွန်သော ခံစားခွင့်အားလုံးကို စိတ်ကြိုက်ရယူနိုင်သည်။ သာသနာ့အခွင့်အရေးနှင့် တန်ဖိုးကို တိုင်းတာကန့်သတ်၍ မရနိုင်ပေ။

လူ့လောကကို ရုပ်ဝတ္ထုပစ္စည်း ၁-မျိုးတည်း အလှဆင်ရုံမျှဖြင့် အလှမစုံလင်ပါ။ မငြိမ်းချမ်းနိုင်ပါ။ သာသနာ့လမ်းညွှန်ချက်တရားပါ အလှဆင်ပေးမှ လောကအလှစုံလင်၍ ငြိမ်းချမ်းမည်ဖြစ်သည်။ တရားမပါဘဲ ရုပ်ဝတ္ထု၁-မျိုးတည်းဖြင့်သာ အလှဆင်နေလျှင် အချိန်မရွေးမီးထတောက် ပေါက်ကွဲပြာကျသွားနိုင်သည်။

တရားအသိမပါဘဲ ပစ္စည်းအရှိ ၁-မျိုးတည်းဖြင့်လည်း လူ့ဘဝမချမ်းသာနိုင်သေးပါ။ အရှိကို အသိဖြင့် မထိန်းနိုင်ပါက ရှိခြင်းကြောင့်ပင် ပူရ,ကြောက်ရ, ငိုရ, ရန်ဖြစ်ရ,စသည်ဖြင့် မဆုံးနိုင်သောအပူမီးတွေသာ တောက်လောင်နေကြရမည်ဖြစ်သည်။ မသိလျှင် အရှိက ပြန်လည်ခြိမ်းခြောက်သမျှ ခံနေရမည်။ ထိုကဲ့သို့သော အပူမီးမျိုးစုံကို ငြိမ်းပေးနိုင်သောအရာကား တရားရေအေးသာတည်း။ ထိုငြိမ်းအေးစေနိုင်သော တရားကား ဗုဒ္ဓသာသနာ၌သာ အတိအကျအပြည့်အဝရှိသည်။ ဒို နာ သေဆင်းရဲတွေနှင့် လူမှုရေးအပူမျိုးစုံကို ရင်ဆိုင် တွေ့ကြုံနေကြရသော လူတို့၏နောက်ဆုံး ထောက်တည်အားကိုးစရာကား တရား ၁-မျိုးတည်းသာ ဖြစ်ပေသည်။

သတ္တဝါတိုင်း ချမ်းသာကိုလိုချင်ကြသည်ဖြစ်၍ ထိုလိုချင်လှသော လူနတ်နိဗ္ဗာန် ၃-တန် ချမ်းသာ ကောင်းစွာရကြောင်း တရားကောင်းများ, ဒုက္ခလွတ်ကြောင်း လမ်းမှန်ကောင်းများကို ဘုရားရှင်က ဖေါ်ထုတ်ပေး ခဲ့ရသည်။ တရားအသိတပ်ဆင်ပေးသော လူ၏မျက်စိသည်သာ အကြည့်မှန်၍ အလုပ်မှန်ကာ စိတ်အေးရမည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာနှင့်မကင်းနိုင်သည့် စားဝတ်နေရေး စီးပွားရေး လူမှုရေးအလုပ်များသည် မီးရထား ဘူတာ၌ ခေါင်းတွဲ မရှိသဖြင့် ရပ်ထားရသည့် လူစီးတွဲ ကုန်တင်တွဲ ရထားတွဲကြီး ၂-တွဲနှင့် တူလေသည်။ အချိန်အတိုင်းအတာ တစ်ခုထိ လေ့လာနာယူမှတ်သားခြင်း, အချိန်အကန့်အသတ်တစ်ခုဖြင့် လေ့ကျင့်အားထုတ်ထားခြင်းကား မီးရထားခေါင်းတွဲနှင့် တူသည်။

သမ္မာဒိဋ္ဌိအသိဉာဏ်ခေါင်းတွဲနှင့် ချိတ်ဆက်ပေးလိုက်လျှင် စားဝတ်နေရေးရထားတွဲကြီးသည် သိက္ခာ ၃-ပါး၊ မဂ္ဂင် ၈-ပါးလမ်းကြောင်းအတိုင်း လိုက်ပါပေါင်းမိသွားပါမည်ဖြစ်ပေသည်။ ဖြစ် အို နာ သေ ဘူတာများကို ကျော်လွန်ပြီး နိဗ္ဗာန်ဘူတာအရောက် သယ်ဆောင်သွားနိုင်မည်ဖြစ် သည်။ ခန္ဓာထမ်းဆောင်ရေးတွဲနှင့် တရားတွဲ တစ်ဆက်တည်း တစ်သားတည်းပေါင်းမိသွားမည် ဖြစ်ပေသည်။

ဗုဒ္ဓသာသနာသည် (ဝါ- သိက္ခာ၃-ပါး တရားသည်)တစ်ခုတည်းသော ဒုက္ခအပူထွက်ပေါက် ဖြစ်သည်။ မဆုံးနိုင်အောင် များပြားလှသော လူမှုရေးဒုက္ခအပူပြဿနာမျိုးစုံကို ကုန်ကြမ်းအဖြစ်သုံး၍ သာသနာ့လုပ်ငန်းစဉ် စက်ထဲထည့်သုံးလိုက်လျှင် အပူငြိမ်းကြောင်း ချမ်းသာကြောင်းဖြစ်သော ကုန်ချောစွမ်းအားများပေါ်ထွက်လာမည် ဖြစ်သည်။

ယနေ့မျက်မှောက်လောက၌ မူးယစ်ဆေးဝါး အရက်သေစာများကို မကောင်းမှန်းသိလျက် သုံးစွဲနေကြခြင်း သည် စိတ်ကိုမေ့ဆေး ထုံဆေးပေးသည့်သဘောသာဖြစ်သည်။ အခက်အခဲမပြေလည်ရုံမျှမက အပူ ၁-ခုကို အပူ-၁၀၀ ပွားယူခြင်းသာဖြစ်သည်။ သေးငယ်သောအပူကို ကြီးထွားအောင် လုပ်ခြင်းလည်းဖြစ်သည်။ လူ့ဘဝ ခန္ဓာအခက်အခဲကို တရားကလွဲ၍ မည်သည့်အရာကမျှ ပြေလည်အောင် ဖြေရှင်းနိုင်စွမ်းမရှိချေ။ သန့်စင်တိကျ စစ်မှန်သောသာသနာသည် မြန်မာပြည်၌သာ အပြည့်အစုံရှိသည်။ အစိုးရနှင့် ပြည်သူ, ဆရာနှင့်ဒကာ, ညီညာ ကြည်ဖြူစွာ စောင့်ရှောက်နိုင်သည့် ကျေးဇူးကြောင့်ပင်ဖြစ်သည်။

သာသနာသည် အေးချမ်းသောဘုရားရှင်၏မေတ္တာနှလုံးသားမှပေါ်ထွက်လာခဲ့၍ အေးချမ်းသော သူတော်ကောင်းကြီးတို့၏ မေတ္တာနှလုံးသားအဆက်ဆက်ဖြင့် သယ်ဆောင်လာခဲ့သည့် အအေးဓာတ်ဖြစ်သည်။ သာသနာသည် ကမ္ဘာလောကကြီးကို ငြိမ်းချမ်းစွာအလှဆင်ပေးသည်။ သာသနာပြန့်နှံ့သလောက် ငြိမ်းချမ်းမှု တိုးပွားလာမည်ဖြစ်သည်။

သာသနာနှင့်ထိုက်တန်သော မေတ္တာနှလုံးသားထားရှိမှုကြောင့် မြန်မာ၌သာ သာသနာခိုင်မာသည်၊ ပြည့်စုံသည်၊ သန့်စင်သည်။ မေတ္တာနှလုံးအလှဆုံးဖြင့် ရွှင်ပြုံးကြည်သာ သာသနာကို ဝိုင်းဝန်းအားပေး ချီးမြှောက်မှုကြောင့် ကမ္ဘာ့အလယ်၌ မြန်မာဂုဏ်ရည်ကြွယ်ဝ၍ ထည်ဝါသည်။ စိတ်ချမ်းသာ လိုသူအားလုံး မြန်မာကိုမော်ကြည့်ရသည်။ ကမ္ဘာအတွက် ဖြန့်ဝေပေးရလောက်အောင်လည်း မြန်မာ၌ သာသနာ တိကျ ပြည့်ဝ သန့်ရှင်းနေသည်။ သာသနာသည် ကမ္ဘာကိုရော လူကိုပါ အလှဆင်၍ အေးမြသာယာချမ်းသာစေသည်။ လူ့လောက၏နောက်ဆုံး ထောက်တည်အားကိုးရာကား တရားသာတည်း။

## ၂။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်

- **ပြသူ-သင်သူ၊ ချီးမြှောက်သူ၊ စိတ်တူညီညွတ်ကြ။**
- **သံဃာနှင့်လူ ၊ အုပ်ချုပ်သူ ၊ ကြည်ဖြူညီညွတ်မှု။**
- **မေတ္တာပန်းခိုင်၊ သုံးပွင့်ဆိုင်၊ ပြန့်လှိုင်တိုးတက်ရ။**
- **သာသနာရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်စွမ်းပြည့်ဝ။**
- **မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရွှင်ပြုံးကြည်သာ၊ တို့မြန်မာ၊ကမ္ဘာကပင် မော်ကြည့်ရ။**

လောက၌ သာသနာပေါ်ပေါက်လာရန် ခက်ခဲသလောက် ဘုရားမရှိသည့်နောက် သာသနာ မကွယ် ပျောက်အောင် စောင့်ရှောက်ထိန်းသိမ်းရသည့်တာဝန်ကလည်း ကြီးလေးလှသည်။ တစ်ဦး တစ်ယောက်ကောင်း အင်အားဖြင့် ထမ်းဆောင်နိုင်သောတာဝန်မျိုးမဟုတ်ပေ။ မည်သည့်ပစ္စည်းမျှ မပါဝင်သော စကော၊ လင်ပန်း (ဗျတ်)စသော ပေ့ါပါးသောအရာများကို ဖိုခနောက် ၁-လုံး၊ ၂-လုံး ပေါ်တင်၍လွယ်ကူသော်လည်း စားဖွယ် အပြည့်ထည့်ထားသည့် ဒယ်အိုးကြီးမျိုးကိုကား ခိုင်မာသောဖိုခနောက် (ဖိုခုံလောက်) ၃-လုံးရှိမှ တင်၍ ဖြစ်နိုင် သည်။ ဗုဒ္ဓသာသနာသည် အကြီးမားဆုံးသော အင်အားဖြစ်၍ အနှစ်သာရအပြည့်ဝဆုံးလည်းဖြစ်သဖြင့် စိတ်

www.burmeseclassic.com


ခွန်အား ကောင်းမွန်သန့်စင်ရိုးဖြောင့်သူ မေတ္တာရှင်တို့၏ မေတ္တာဖိုခနောက်(ဖိုခုံလောက်) ၃-လုံးပေါ်တင်ထားမှ တာရှည်ခံမည် ဖြစ်သည်။ သာသနာ့တာဝန်ကို စိတ်ခွန်အားကောင်းသူများသာ နိုင်အောင် သယ်ပိုးထမ်းဆောင်နိုင်ကြသည်။

မြန်မာပြည်၌ လူဖြစ်ရသူများသည် အခြားနိုင်ငံများထက်ပို၍ သာသနာ့အကျိုးကို သယ်ပိုးထမ်းဆောင်ခွင့်ရကြသဖြင့် ပို၍ကံကောင်းသူများဖြစ်ကြသည်။ သာသနာ့စွမ်းအားကို မှီခိုခွင့်ရကြ သဖြင့်လည်း စိတ်ဓာတ်ပိုမိုရင့်ကျက်၍ ခံနိုင်ရည်စွမ်းအားများရရှိထားကြပြီး ကောင်းဆိုး ၂-တန် လောကဓံကို စိန်ခေါ်ရဲလောက်အောင် စိတ်ဓာတ်ကြံ့ခိုင်သူများဖြစ်ခွင့်ရကြသည်။

လောက၌ လူသုံးကုန်ပစ္စည်းများသည် (၁) ထုတ်လုပ်ရေး (၂) ထိန်းသိမ်းရေး (၃) ဖြန့်ဝေရေးအားဖြင့် အပိုင်း ၃-ပိုင်း အဆက်မပြတ်လည်ပတ်ပေးနိုင်မှ လူအများပြည့်ဝလုံလောက်အောင် သုံးဆောင်ခွင့်ရသကဲ့သို့ သာသနာလည်း ၎င်းနည်းတူပင် အပိုင်း ၃-ပိုင်း အဆက်မပြတ် လည်ပတ်ပေးနိုင်မှ တရားနှင့်ထိုက်တန်သူအားလုံး တရားနှင့်တွေ့ကာ တရားစွမ်းအားကို ရရှိနိုင်ကြမည်ဖြစ်သည်။

ထို ၃-ပါးတို့တွင် သာသနာ့ထုတ်လုပ်ရေးအပိုင်းမှာ ဗုဒ္ဓ၏ကိစ္စသာဖြစ်သည်။ ဗုဒ္ဓသည် ဗုဒ္ဓ၏ကိစ္စပြီးဆုံးသွားခြင်းကြောင့်သာ ပရိနိဗ္ဗာန်စံခြင်းဖြစ်သည်။ ကျန် ၂-ပိုင်းကား ဗုဒ္ဓ၏ကိစ္စ မဟုတ်တော့ဘဲ သာသနာကို ယုံကြည်လက်ခံသူ ရဟန်းရှင်လူတို့၏ တာဝန်သာဖြစ်သည်။ ထို့ကြောင့် သာသနာပြုလုပ်ငန်းဟူသည်

(၁) မိမိကိုယ်တိုင်အသိတရားကြွယ်ဝရန်နှင့် အကျင့်တရားပြည့်စုံရန် လေ့ကျင့်ပေးခြင်းဟူသော ထိန်းသိမ်းရေး၊

(၂) မိမိသိခွင့် ကျင့်ခွင့်ရသောတရားကို အခြားသောပုဂ္ဂိုလ်များနှင့် နောင်လာ နောက်သား သားစဉ်မြေးဆက် အဆက်မပြတ် သိနိုင်ကျင့်နိုင်အောင် ဟောပြောပို့ချလမ်းညွှန်ပေးခြင်းဟူသော ဖြန့်ဝေရေး၊

ဤကိစ္စ တာဝန်၂-ရပ်ကို ဆောင်ရွက်နေခြင်းပေတည်း။

သာသနာပြုလုပ်ငန်းသည် မေတ္တာပြဋ္ဌာန်းသဖြင့် မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်ပုံစံမျိုးဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်မှ အနှစ်သာရပြည့်ဝ၍ တာရှည်ခံမည်ဖြစ်သည်။

သာသနာပြု မေတ္တာပန်း ၃-ပွင့်ဟူသည်

(၁) စာပေပို့ချသင်ပြပေးသူ၊ တရားဟောပြော ပြသသူ၊

(၂) စာပေနှင့်တရား သင်ယူနာကြားသူ၊

(၃) မိဘပမာ သဒ္ဒါ မေတ္တာရှေ့ထား၍ ပစ္စည်း ၄-ပါး ချီးမြှောက်ထောက်ပံ့အားပေးသူ တို့ပေတည်း။

တစ်နည်းအားဖြင့်-

(၁) သာသနာ့ဝန်ထမ်း ရှင်ရဟန်းဟူသော သံဃာ၊

(၂) ပစ္စည်း ၄-ပါး ချီးမြှောက်ထောက်ပံ့သူ တိုင်းသားပြည်သူ လူအပေါင်းနှင့်

(၃) နိုင်ငံတော်အစိုးရ စသော အုပ်ချုပ်ရေးတာဝန်ခံပုဂ္ဂိုလ် ဤ ၃-မျိုးပေတည်း။

ဤ မေတ္တာပန်း ၃-ပွင့် မျက်နှာချင်းဆိုကာ စိတ်ထားကြည်ဖြူ ညီညွတ်စွာဖြင့် ဝိုင်းဝန်းချီးမြှောက်စောင့်ရှောက်အားပေးခြင်းကြောင့်သာ သာသနာတည်နေရပေသည်။

ဆရာနှင့် ဒကာသည် ရေနှင့်ကြာပမာ အချင်းချင်းမေတ္တာဖြင့် အလှဆင်ပေးနေသူများ ဖြစ်သည်။ ရေကြောင့် ကြာပေါက်၍ ကြာကြောင့် ရေလှသကဲ့သို့ ဒကာ၏ အေးမြကြည်လင်သော မေတ္တာရေကြောင့် ဆရာ၏သန့်စင်မွန်မြတ် အေးချမ်းတည်ငြိမ်လှပသော မေတ္တာကြာပန်း ပေါက်ရောက်၍ ဆရာ၏မေတ္တာကြာပန်းကြောင့်ပင် ဒကာ၏မေတ္တာရေမှာပို၍ ထည်ဝါလှပခွင့်ရလေသည်။

ချီးမြှောက်သူတို့၏ မေတ္တာ, ချီးမြှောက်ခံရသူတို့၏မေတ္တာစွမ်းအားများသည် အတွင်းတွင် ငြိမ်ဝပ်ပုန်းလျှိုးနေကြသည်မဟုတ်ဘဲ အရှိန်တက်ကာ လောကအတွင်း ထိုးဖောက်ပြန့်နှံ့လျက် ဗဟိဒ္ဓကိုလည်း ဓာတ်ခိုက်နေမြဲသာဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


လောက၌ တရားသာ အင်အားအကောင်းဆုံးဖြစ်သည်။တရားသာ အထူးဆန်းဆုံးဖြစ် သည်။တရားဖြင့် လူစွမ်းကောင်းလုပ်နိုင်သူလောက် မည်သူမျှမစွမ်းနိုင်ချေ။ တရားသာ အကောင်းဆုံး လူစွမ်းကောင်းလုပ်နည်း ဖြစ်သည်။

ဗုဒ္ဓသာသနာတော်သည် စိတ်ကောင်းထုတ်လုပ်သည့်စက်၊ စိတ်သန့်စင်သည့်စက်၊ စိတ်အပူကို အအေးခံသည့်စက်၊ ဉာဏ်ကောင်းထုတ်လုပ်သည့်စက်၊ စိတ်ပျက်ကိုပြင်သည့်စက်ကြီး ဖြစ်ပေသည်။ လူချမ်းသာ၏ အနှစ်ချုပ်မှာ "စိတ်စင်ကြယ်မှု"သာတည်း။

တရားသည် မြန်မာ့အဓိက ထွက်ကုန်ပစ္စည်းဖြစ်၍ ထွက်ကုန်အဆက်မပြတ်ရရှိရေးအတွက် ဗုဒ္ဓသာသနာ တိကျပြည့်ဝခိုင်မာစွာတည်တံ့ဖို့ လိုပါသည်။ ထိုတာဝန်ကျေပွန်ရေးအတွက် ပရိယတ္တိစာသင်တိုက်များ ပေါ်ပေါက်ရေး, ကြာရှည်တည်တံ့ရေးသည် အရေးအကြီးဆုံးဖြစ်ပေသည်။

## ၃။ စာချပန်းခိုင် အေးမြလှိုင်

- **စာပေကျမ်းဂန်၊ လမ်းအမှန်၊ ကေန်ကျွမ်းကျင်ရ။**
- **အကျိုးလိုကာ၊ စေတနာ၊ မေတ္တာအားကြီးရ။**
- **သင်ပြလိုငြား၊ ထူးခြားလှစွာ၊ ဝါသနာ၊ စိတ်ပါဝင်စားရ။**
- **ကိုယ်ကျိုးစွန့်ခွာ၊ သည်းခံကာ၊ နစ်နာခံတတ်မှ။**
- **စာချဆရာ၊ ရတနာ၊ ကောင်းစွာဖြစ်လာရ။**
- **စာချပန်းခိုင်၊ အေးမြလှိုင်၊ ကြံ့ခိုင်စွမ်းအားရ။**
- **သစ်တစ်ပင်ကောင်း၊ ငှက်ပေါင်းများစွာ၊ မှီခိုရာသို့၊ ဆရာကောင်းမှု၊ စိတ်ကြည်ဖြူလျှင်၊ ရှင်ရဟန်း၊ စိတ်အေးချမ်း၊ မှီငြမ်းခိုလှုံရ။**
- **နှိပ်ကွပ်ထိုက်သူ၊ နှိပ်ကွပ်မှု၊ တော်သူတွေ့လျှင်၊ ချီးမြှောက်ရ။**
- **သာသနာရောင်၊ ထွန်းလင်းအောင်၊ ကျင့်ဆောင်ရမည့် လမ်းစဉ်ပြ။**
- **မတော်မကောင်း၊ အကျင့်စောင်း၊ မနှောင်းရအောင် နှိပ်ကွပ်ရ။**
- **တော်သော်ကောင်းသော်၊ စွမ်းအားပေါ်၊ စင်တော်ကောက်၍ ချီးမြှောက်ရ။**
- **သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ထွန်းတောက်စွမ်းအားရ။**
- **ပစ္စည်း,တရား၊ ဤ ၂-ပါး၊ ပေးငြားချီးမြှောက်ရ။**
- **ထို ၂-ပါးမှာ၊ တရားသာ၊ ပေးတာမြင့်မြတ်လှ။**
- **ပစ္စည်းပေးမှု၊ ဘုံဆိုင်ဟူ၊ ရန်သူဝိုင်း၍ အပူရ။**
- **တရားပေးသော်၊ စွမ်းအားပေါ်၊ ရွှင်ပျော်အားတက်ရ။**

သစ်ပင် တစ်ပင်၌ မျိုးစေ့ကောင်းမကောင်း အပင်ကို ကြည့်လျှင်သိနိုင်၏၊ အပင်ကောင်း မကောင်း အသီးအပွင့်ကို ကြည့်ရသည်။ ဆရာကောင်းမကောင်းသိလိုလျှင်ကား တပည့်ကိုကြည့်၍ အကဲဖြတ်ရသည်။

အသီးအပွင့်ကောင်းကို အပင်ကောင်းမှရရှိသည်။ အပင်ကောင်းကို မျိုးစေ့ကောင်းက ဖော်ထုတ်ပေးသည်။ တပည့်ကောင်းကိုကား ဆရာကောင်းကသာ ဖော်ထုတ်ပေးနိုင်စွမ်းရှိသည်။

မျိုးစေ့ကောင်း၍ အပင်ကောင်းသည်။ အပင်ကောင်းမှ အသီးကောင်းနိုင်သည်။ အသီးကောင်းမှလည်း မျိုးစေ့ကောင်းကို အဆက်မပြတ်ရရှိနိုင်မည်ဖြစ်သည်။ ဆရာကောင်းမှသာ တပည့်ကောင်းများ အဆက်မပြတ် ပေါ်ထွက်လာနိုင်လိမ့်မည်။ ဆရာကောင်းများ အဆက်မပြတ်ရရှိနိုင်ရန် တပည့်ကောင်းများ အဆက်မပြတ် ဖော်ထုတ်ပေးဖို့ အထူးလိုအပ်သည်။

အခြေခံကျ၍ ခိုင်မာရင့်ကျက်သော အသိအကျင့်ဘက်စုံပြည့်ဝသောသာသနာကို လက်ဆင့်ကမ်း သယ်ဆောင်မည့် ဒေါင်ဒေါင်မြည် သာသနာပြုအာဇာနည်ပုဂ္ဂိုလ်ထူးများ စဉ်ဆက်မပြတ် ပေါ်ပေါက်လာအောင် ဖော်ထုတ်ပေးနိုင်သူတို့ကား ပရိယတ္တိစာသင်တိုက်ကြီးများရှိ အရည်အချင်း ပြည့်ဝသည့် စာချဆရာတော်များ


www.burmeseclassic.com

www.burmeseclassic.com


သာဖြစ်သည်။ စည်းကမ်းစနစ်ဖြင့် သိပ်သည်းကျစ်လစ်စွာ အုပ်ချုပ်၍ သာသနာ့စက်ယန္တရားကို နေ့စဉ်ပုံမှန် လည်ပတ်ပေးနေသော ပရိယတ္တိစာသင်တိုက်ကြီးများသည် စံချိန်မီသာသနာပြုပုဂ္ဂိုလ်များ ထုတ်လုပ်ပေးနေသော ဌာနကြီးများ ဖြစ်သည်။

နိုင်ငံတစ်ခု၏ အန္တရာယ်ကာကွယ်ရေးအတွက် လက်နက်ကောင်းရှိသောစစ်သူရဲကောင်းများကို အရေးတကြီးလိုအပ်သကဲ့သို့ သာသနာ၏အန္တရာယ်ကာကွယ်ရေးအတွက်လည်း ပရိယတ္တိလက်နက်ကောင်းများရှိသော အာဇာနည်သူရဲကောင်းများကို အထူးလိုအပ်လှပေသည်။ ထိုပရိယတ္တိသူရဲကောင်းများကို ပရိယတ္တိစာသင်တိုက်များကသာ ဖေါ်ထုတ်နိုင်စွမ်းရှိသည်။

သာသနာ့သစ်ပင်ကြီး၌ ပရိယတ္တိသည် ရေသောက်မြစ်ဖြစ်၏။ ပဋိပတ္တိသည် ပင်စည်, အကိုင်း, အခက်တည်း။ ပဋိဝေဓကား အသီး, အပွင့်ဖြစ်သည်။ ပစ္စည်း ၄-ပါး ရေလုံလောက်အောင်ရမှ သာသနာ့သစ်ပင်ရှင်သန်မည်ဖြစ်သည်။

စာချဆရာတော်များသည် ပရိယတ္တိစာသင်တိုက်၏ အဓိကအမာခံအင်အားများဖြစ်သည်။ သာသနာအတွက် တကယ်အားကိုးရသော စာချဆရာတော်သည် -

(၁) ပရိယတ္တိစာပေကျမ်းဂန်ကို လမ်းမှန်အတိုင်း နှံ့စပ်ကျွမ်းကျင်တတ်မြောက်ရသည်၊

(၂) အများအကျိုးကို တကယ်လိုလား၍ တပည့်များကိုတတ်မြောက်ကျွမ်းကျင်စေလိုသော စေတနာမေတ္တာအားကြီးရသည်၊

(၃) မိမိတတ်ကျွမ်း နားလည်ထားသည့်ပရိယတ္တိအတတ်ပညာကို တပည့်များတတ်သိ နားလည်အောင် သင်ပြပေးလိုသော ဝါသနာအထုံရှိရသည်၊ ထူးထူးခြားခြား စိတ်ပါဝင်စားမှုရှိရသည်၊

(၄) ကိုယ်ကျိုးကိုစွန့်၍ သည်းခံခွင့်လွှတ်အနစ်နာခံနိုင်ရသည်၊

လမ်းပြကောင်းသည့်စာချဆရာ ရတနာကောင်းဖြစ်ရန် အလွန်ခက်ခဲလှသည်၊ စိတ်ကောင်း စာတတ်သည့်အကျင့် မြတ်သခင် စာချအရှင်များကိုရရှိပါမူကား သစ် တစ်ပင်ကောင်းလျှင်၊ ငှက် တစ်သောင်းခိုရသကဲ့သို့ ရှင်လူရဟန်း စိတ်အေးချမ်းစွာ မှီငြမ်းခိုလှုံခွင့်ရလေသည်။ မေတ္တာရှင် စာချဆရာတော်များသည် စာသင်တိုက်ကို ထည်ဝါစေသောအလှရတနာများဖြစ်သည်။

စာသင်တိုက်များသည် တစ်ပွဲတိုး ရက်တိုသင်တန်းဌာနများမဟုတ်ဘဲ နှစ်နှင့်ချီ၍ ဖွဲလုံ့လကြီးမားစွာကြိုးစားရသောနှစ်ရှည်စီမံကိန်းလုပ်ငန်းဌာနများဖြစ်သည်။ စာသင်တိုက်အတွင်း လမ်းညွှန်အုပ်ချုပ် သင်ပြပို့ချပေးနေသော ရှေ့ဆောင်လမ်းပြစာချအားလုံးသည် အထူး ကျွမ်းကျင်ရ သည်၊ အထူးစိတ်ဝင်စားရသည်၊ အထူးနိုးကြားတက်ကြွရသည်၊ ရဘို့ထက် ပေးဘို့သာ အားသန်ရသည်၊ အထူးစိတ်ရှည်ရသည်၊ အထူးမေတ္တာထားရသည်။

စာသင်တိုက်၏ အလှသည် စည်းကမ်းဖြစ်သည်။ လောက၌ လှပမွှေးကြိုင်သော ပန်းပွင့်ကလေးများသည် ကြိုးဖြင့်သီကုံးမပေးလျှင် ပန်းပင်ပေါ် မှကြွေကျလာသည်နှင့် တစ်ပြိုင်နက် လေထဲလွင့်ချင်သလိုလွင့်ကာ ဖုံထဲရွှံ့ထဲ အညစ်အကြေးတွေထဲ ရောက်ချင်သလိုရောက်သွားပြီး အဆင်းအနံ့ပျက်စီးကာ အမှိုက်ထဲပါသွားနိုင်သည်။

ထို့အတူ သာသနာအတွက် တကယ်အားကိုးအားထားပြုရမည့် စာသင်သား ပန်းပွင့်ကလေးများသည် စည်းကမ်းသီတံကြိုးဖြင့် သီကုံးမပေးလျှင် ပုထုဇဉ်သဘာဝ စိတ်သွားရာကိုယ်ပါပြီး လွင့်စင်ပျက်စီးသွားနိုင်သည်။

လှပမွှေးကြိုင်သည့်ပန်းပွင့်ကလေးများသည် လှပခိုင်ခန့်သည့် သီတံကြိုးကလေးဖြင့် သီကုံးပေးလိုက်လျှင် လေတိုက်ရာမလွင့်တော့ဘဲ အဆင်းရှိသလောက်လှပနိုင်၍ အနံ့ရှိသလောက် မွှေးပျံ့နိုင်သည်။ အလှချင်းလည်းဆုံ အနံ့ချင်းလည်းစုပုံ၍ ပို၍လည်းလှ၊ ပို၍လည်းမွှေးကာ၊ ခန့်ညားထယ်ဝါ ကျက်သရေတိုးနိုင်သည်။

ထို့အတူ စာသင်သားပန်းပွင့်ကလေးများသည် စည်းကမ်းသီတံကြိုးဖြင့် ထိန်းကျောင်း ပဲ့ပြင်သီကုံးပေးမှ တာရှည်ခံပြီး လှပထည်ဝါနိုင်ကြမည်ဖြစ်သည်။ စည်းကမ်းသည် လူကို ချုပ်ချယ်ထားခြင်းမဟုတ်၊ လှပတင့်တယ်ထည်ဝါအောင် အလှဆင်ပေးခြင်းသာဖြစ်သည်။ သာသနာ၏အသက်သည် စည်းကမ်းသာဖြစ်သဖြင့် အစစအရာရာစည်းကမ်းရှိမှလည်း သာသနာသန့်ရှင်းတည်တံ့ ပြန့်ပွားနိုင်မည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


စာသင်တိုက်၏အရိပ်သည် မေတ္တာဖြစ်သည်။ စာချဆရာတော်များသည် မိမိအရိပ်ကို လာခိုလှုံကြသည့် တပည့်စာသင်သားများအပေါ် ကြီးမားလုံခြုံအေးမြသည့်မေတ္တာရိပ်ကို အစဉ်ပေးထားကြရသည်။ မေတ္တာကို ထောက်ကန်ထားသည့်ခန္တီလည်း အားကောင်းအောင်လေ့ကျင့်ထားရသည်။ ခန္တီနှင့်မေတ္တာမရှိလျှင် စရိုက်ပေါင်းစုံ လူပေါင်းစုံ စိတ်ထားပေါင်းစုံကို စုပြုံအုပ်ချုပ်နေရသော စာသင်တိုက်၏အလှပျက်သွားနိုင်သည်။ အကုသိုလ်အပူပုံကြားထဲမှာ ပူပူလောင်လောင် ခြောက်ခြောက်ကပ်ကပ်စိတ်နေကျဉ်းကျပ်စွာဖြင့် အဓိပ္ပါယ်ကင်းမဲ့သွားနိုင်သည်။

စာသင်တိုက်၏ ဂုဏ်ကျက်သရေသည် ပရိယတ္တိစာပေဖြစ်သည်။ တစ်သာသနာလုံးကို တာဝန်ယူအာမခံပြီး အလှဆင်ပေးရသောအလုပ်ဖြစ်သည်။ စာချဆရာတော်များသည် စာသင်သားများ ပရိယတ်စာပေကျွမ်းကျင်အောင် မိမိတတ်သိသမျှပို့ချသင်ပြပေးကြရသည်။ ဖြစ်နိုင်လျှင် မိမိထက်ပင် သာလွန်ထူးချွန်သွားအောင် မေတ္တာစေတနာကြီးကြီးမားမားထားပြီး ကြိုးစားသင်ပြပေးကြရသည်။ စာသင်သားများထံမှ မည်သည့်အရာကိုမျှ မျှော်လင့်ချက်မထားဘဲ စာပေကိုလည်းသင်ပြ၊ ပစ္စည်းကိုလည်း ပေးကမ်းချီးမြှင့်၊ နေနည်းထိုင်နည်းစည်းစနစ်ကျအောင်လည်း လမ်းညွှန်၊ စိတ်နေစိတ်ထားတတ်အောင်လည်း သွန်သင်၍ မျက်ချည်မပြတ် စောင့်ရှောက်ပေးနေကြရသည်။

သာသနာ့လုပ်ငန်းစဉ်သည် အသိနှင့်အကျင့် အချင်းချင်း အပြန်အလှန်ကျေးဇူးပြုနေရသည်။ စာသိပရိယတ်ကို ကျင့်သိပဋိပတ်ဖြင့် အသက်သွင်း၍ အလှဆင်ပေးရသည်။ ကျင့်သိပဋိပတ်ကို စာသိပရိယတ်ဖြင့် မတိမ်းမစောင်းအောင်ထိန်းကျောင်းပေးရသည်။ ပဋိပတ်မပါသော ပရိယတ် သည် (အကျင့်မပါသော အသိသည်) အသိတရားများသေ၍ ခြောက်ကပ်ကြီးဖြစ်သွားနိုင်သည်။ ပရိယတ်မပါသောပဋိပတ်သည်လည်း တိမ်းပါးချွတ်ချော်သွားနိုင်သည်။

ဆရာကောင်းဖြစ်လိုလျှင် တပည့်ကောင်းဖြစ်အောင် ကြိုးစားကြရစမြဲဖြစ်သည်။ စာသင်တိုက်တိုင်း၌ (၁) မတည့်အတူနေသဘောမျိုးမရှိစေဘဲ မေတ္တာတရားဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ မိသားစုစိတ်ဓါတ်ထားကာ အတူလက်တွဲနေထိုင်ရေး၊ (၂) အဆင့်မမီသေးသူ, အခက်အခဲကြုံနေရသူများကို ကရုဏာဖြင့် ဖေးမကူညီစောင့်ရှောက်ရေး၊ (၃)တကယ်တော်သူ ကောင်းသူများကို လက်မနှေးဘဲ မုဒိတာဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင်ချီးမြှောက်ရေး၊ (၄) မတော်မကောင်း တိမ်းစောင်းသွားသူ, အပြစ်ရှိသူများကို စိတ်ဆိုးမှု, ပူလောင်မုန်းတီးမှု, မပါဝင်စေဘဲ ဥပေက္ခာဖြင့် အေးမြစွာ ပြစ်ဒဏ်ပေးရေးဟူသော ဗြဟ္မဝိဟာရလမ်းစဉ် ၄-ချက်ကို ချမှတ်ကာ လိုက်နာကျင့်သုံးကြရပါသည်။ အပြစ်ရှိသူကို ဒဏ်တပ်ရာ၌ပင် ဒေါသအပူကို မပါဝင်စေရပါ။ ကိုယ်က အကောင်းဆုံးဖြစ်အောင် ပြုလုပ်ကူညီပေးပါလျက် မလိုက်နာနိုင်လျှင် သူ့ကံနှင့်သူသာဖြစ်၍ အေးမြကြည်လင်စွာ လက်လွှတ်ရုံသာ ရှိပါသည်။

စာချဆရာတော်များသည် တပည့်စာသင်သားများအပေါ်၌သာမက မိမိတို့ကို သာသနာ့အလုပ်အားထုတ်နိုင်အောင် မိဘပမာ မေတ္တာစေတနာထား၍ ပစ္စည်း ၄-ပါးလှူဒါန်းထောက်ပံ့ အားပေးနေကြသော အလှူရှင်ဒကာ, ဒကာမများအပေါ်၌လည်း အေးမြသောမေတ္တာဓာတ်ကို အစဉ်ဖြန့်ဝေလွှမ်းခြုံထားရပါသည်။ စိတ်ဖြင့်လည်း မေတ္တာဓာတ်စိမ့်ဝင်ပြန့်နှံ့နေအောင် ဖြန့်ပေးနေရ သကဲ့သို့ ကိုယ်နှုတ်ဖြင့်လည်း မေတ္တာသဘောကို အမြဲဆောင်နေရပါသည်။ လူချင်းတွေ့လျှင် လောက စကားများဖြင့် အချိန်မကုန်စေဘဲ ဘဝနေနည်း, အသုံးချနည်း, လမ်းညွှန်တရားများကိုသာ ပြောပြသင့် ပါသည်။ တတ်သိနားလည်အောင် လူ့ဘဝရခိုက် ကုသိုလ်ယူတတ်အောင် အခါအားလျော်စွာ ဟောပြောပေးရသည်။ စာရေး၍လည်း လမ်းညွှန်ပေးကြရပါသည်။ ကိုယ့်အရိပ်ကို လုံလောက်အောင်ပေးရပါသည်။

## ၄။ စာသင်ပန်းခိုင် မွှေးပြန့်ကြိုင်

- **နွားမွေးပမာ၊ များလှစွာ၊ ပညာသင်ကြားကြ။**
- **ထူးချွန်သူကား၊ ဦးချိုလား၊ ရှားပါးရခဲလှ။**
- **ပညာရှာတောင်း၊ လူအပေါင်း၊ အကြောင်းညီခဲစွ။**
- **ကံ-ဉာဏ်-ဆန္ဒ၊ လုံ့လ-ကျန်းမာ၊ ဆရာ- အားပေး၊ ကြောင်းညီရေး၊ မနှေးလိုအပ်လှ။**


www.burmeseclassic.com

www.burmeseclassic.com


- စိတ်နိုင်သလောက်၊ စွမ်းအားရောက်၊ ထွန်းတောက်ပေါ်လာရ။
- ပြဋ္ဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန် ကြိုးစားရ။
- အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။
- ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာဇွဲရှိရ။
- အလုပ်လေးစား၊ ရှိသေပြား၊ စွမ်းအားလွန်တက်ကြွ။
- နည်းလမ်း ၄-သွယ်၊ ပညာကြွယ်၊ ခန့်ထည် (ထယ်) စွမ်းပြည့်ဝ။
- ခြေထောက်မပါ၊ မြွေသတ္တဝါလည်း၊ လိုရာကိုပြေး၊ ရောက်နိုင်သေး၏။
- ဦးခေါင်းမပါ၊ ပုစွန် (ကဏန်း)မှာလည်း၊ လိုရာကိုပြေး၊ ရောက်နိုင်သေး၏။
- ငါ့မှာလက်ခြေ၊ စုံလင်ပေခဲ့၊ တစ်ထွေဦးခေါင်း၊ ပြည့်စုံရှောင်းခဲ့၊ အပေါင်းအင်္ဂါ၊ စုံလင်ပါသော်၊ လိုရာပန်းတိုင်၊ ငါလှမ်းကိုင်၊ အနိုင်ရဖို့ သေချာလှ။
- ကြက်တူရွေးပင်၊ စကားသင်ပေး၊ ပြောတတ်သေး၏။
- မျောက်ကလေးပင်၊ လူတို့သင်ပေး၊ ကတတ်သေး၏။
- ငါကားလူသား၊ ငါလူသားတည်း၊ လူသားတို့မာန်၊ လှံ့လသန်၍၊ ဉာဏ်ရည်ကိုပြု၊ ဇွဲဖြင့်တုသော်၊ ဤလူ့ပြည်မှာ၊ မစွမ်းရာ၊ ဘယ်ဟာမရှိကြ။

ယနေ့အခါ စာသင်သားငယ်ကလေးများသည် နောင်အနာဂတ်၌ သာသနာကိုဦးဆောင်ကြမည့် ဆရာတော်ကြီးများဖြစ်လာလိမ့်မည်။ ဆရာကောင်းဖြစ်လိုလျှင် တပည့်ကောင်းဖြစ်အောင် ကြိုးစားရမြဲဖြစ်သည်။ အကောင်းတစ်ခုဖြစ်လာရန် အကြောင်းပေါင်းစုံစု၍ အချိန်ပေါင်းများစွာပေးပြီး ဇွဲရှိရှိကြိုးစားရသည်။

ပညာရေးလောက၌ ဆိုရိုးစကားတစ်ခုရှိသည်။ "စာသင်နွားမွေး၊ စာတတ်နွားဦးချို" ဟူ၍ ဖြစ်သည်။ နွားတစ်ကောင်၌ အမွေးများစွာရှိသော်လည်း ဦးချိုကား ၂-ချောင်းတည်းသာရှိသည်။ ထို့အတူ ပညာသင်ကြားသူများ နွားမွေးလောက်များပြားကြသော်လည်း တကယ်ထူးချွန်ပေါက်ရောက်တတ်မြောက်သူကား နွားဦးချိုအလား အလွန်နည်းပါးလှချေသည်။

ပညာရှာဖွေသင်ကြားရာ၌ အကြောင်းညီဖို့ခက်ခဲလှသည်။ အကြောင်းလုံလောက်ပြည့်စုံမှ နွားချိုပမာ ထူးချွန်သူများ ဖြစ်ခွင့်ရနိုင်ကြသည်။

(၁) အတိတ်ကုသိုလ်ကံ ကောင်းရသည်။

(၂) ဆိုင်ရာအတတ်နှင့်ထိုက်တန်သော ထက်မြက်ထူးချွန်သော ကံအရင်းခံသည့် ဉာဏ်လည်းရှိရသည်။

(၃) တတ်မြောက်ကျွမ်းကျင် လိုချင်လှသည့်ဆန္ဒကောင်းလည်း ထက်သန်စွာထားရှိရသည်။

(၄) ရည်မှန်းချက်ပန်းတိုင်အရောက် ပို့ဆောင်ပေးနိုင်သော နိုးကြားတက်ကြွ ထက်သန်သောဝီရိယကိုလည်း စိုက်ထုတ်ရသည်။ စွဲစွဲမြဲမြဲ သဲသဲမဲမဲအားခဲ၍ ကြိုးစားနိုင်သောဇွဲလုံ့လကို အထူးလိုအပ်သည်။

(၅) မိမိခန္ဓာကို လိုသလို သုံးနိုင်ရန် ကျန်းမာရေးပြည့်စုံလုံလောက်ဖို့လည်းလိုသည်။ ပြည့်စုံအောင်လည်း အသိဉာဏ်ယှဉ်၍ စောင့်ရှောက်ပေးရသည်။

(၆) မတိမ်းစောင်းအောင် ထိန်းကျောင်းအုပ်ချုပ်ကြီးကြပ်ပေးတတ်သော ဆရာသမားကောင်း၊ လိုအပ်သော အတတ်ပညာပြည့်စုံအောင် သင်ပြပို့ချလမ်းညွှန်ပေးတတ်သော ဆရာသမားကောင်းနှင့်တွေ့ခွင့်ရဖို့လည်း အထူးလိုအပ်သည်။

(၇) သဒ္ဓါ မေတ္တာအားကောင်းသည့် စေတနာရှင်များ၏ပစ္စည်း ၄-ပါး လုံလောက်အောင် ချီးမြှောက်အားပေးမှုကိုလည်း ရရှိဖို့လိုအပ်သည်။

ဤသို့ စသောအကြောင်းများ ညီညွတ်ပြည့်စုံမှ ထူးချွန်နိုင်ကြသည်။ စိတ်နိုင်သလောက်သာ စွမ်းအား ရောက်၍ ထွန်းတောက်မြင့်မားနိုင်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com


ပညာလိုလားစာသင်သားသည် -

(၁) အပိုင်းလိုက်ဆိုင်ရာ ပြဋ္ဌာန်းချက်အားလုံးကို အချိန်မီကြိုးစားနိုင်ရန် လုံလောက်သောအချိန်ရရှိရေးအတွက် အချိန်ကို ကြိုတင်ခွဲဝေထားရမည်။

(၂) ရှေ့အသိနှင့် နောက်အသိ ဆက်စပ်မိအောင် ရှေ့အသိက နောက်အသိအား ကျေးဇူးပြုနေအောင် အဆက်မပြတ် ကြိုးစားနိုင်ရမည်။

(၃) ကန့်သတ်ချိန် (ပန်းဝင်ချိန်) မရောက်မချင်းရှည်လျားသော ပရိယတ္တိခရီးကို ဇွဲရှိရှိ ကြိုးစားနိုင်သောသတ္တိရှိရမည်။

(၄) ပရိယတ္တိလုပ်ငန်း အတွင်း စိတ်ကိုနှစ်မြှုပ်၍ (အချိန်ပင်ကုန်မှန်းမသိရလောက်အောင်) လုပ်ငန်းအပေါ် စိတ်ပါဝင်စား လေးစားမှုရှိရမည်။

ဤနည်းလမ်း ၄-သွယ်အတိုင်း လိုက်နာနိုင်လျှင် ဧကန်ပညာကြွယ်ဝမည်ဖြစ်သည်။

လောက၌ ပင်မခလုတ်ကိုဖွင့်၍ ဓာတ်ကြိုးဆက်သွယ်ကာ အနီးရှိမီးခလုတ်ကိုနှိပ်မှ မီးရောင်လင်းနိုင်သကဲ့သို့ (၁) စာပေကို စွဲမြဲစွာ ကျက်မှတ်နိုင်သောသတိ၊ ကျက်ပြီးစာများကို မမေ့ပျောက်အောင် ထိန်းသိမ်းထားနိုင်သောသတိဟူသော ပင်မခလုတ်အားကောင်းအောင် လေ့ကျင့်ရမည်။ (၂) တရားနှင့်ထိုက်တန်သော မိမိစွမ်းရည်၊ မိမိနှင့်ထိုက်တန်သော တရားစွမ်းရည်ကို ယုံကြည်မှုဟူသော ဓာတ်ကြိုးပမာ ဆက်သွယ်မှုအားကောင်းရမည်။ (၃) သတိအထိန်းဖြင့် အဆက်မပြတ်မှန်ကန်စွာ အားထုတ်မှုဟူသော ဝီရိယခလုတ်ကိုနှိပ်ပေးနိုင်ရမည်။ (၄) သတိနှင့်တွဲသော ဝီရိယသည်သမာဓိကို ဖြစ်စေနိုင်သည်ဖြစ်၍ သမာဓိကပညာအား ကျေးဇူးပြုသည်ဖြစ်ရကား ပညာမီးရောင်လင်းလာမည် ဧကန်ဖြစ်သည်။

ပုထုဇဉ်သည် ကိုယ့်အပေါ်ဩဇာညောင်းသည့် အထိန်းတွန်းအား လမ်းညွှန်အမြဲရှိနေမှ တိုးတက်ကြီးပွားနိုင်၏၊ ပရိယတ္တိစာသင်တိုက်ဖွင့်လှစ်တည်ထောင်၍ ပရိသတ်ဖြင့်စုစည်းနေထိုင်ခြင်းသည် အရေးအတွက်ထက်ကောင်းသောအရည်အသွေးကိုလိုချင်၍သာ ဖြစ်သည်။ သာသနာ့ဆန် ကောင်းကိုလိုချင်၍ သာသနာ့စက်ထဲထည့်ကြိတ်ပေးခြင်းသာဖြစ်သည်။ သို့သော် ဖွဲသည်ဖွဲသာဖြစ်ရသည်။ သုဂတိနိဗ္ဗာန်သွားရမည့် ပရိယတ္တိမြေပုံကားချပ် မပျောက်အောင် ထိန်းနေခြင်းလည်းဖြစ်သည်။

စာသင်သားသည် လှပမွှေးကြိုင်သော ပန်း တစ်ခိုင်ဖြစ်သဖြင့် စည်ကမ်းဖြင့်အလှဆင်၍ မေတ္တာရနံ့ကိုမွှေးပျံ့ကြိုင်လှိုင်အောင်ဖြန့်နေရမည်ဖြစ်သည်။ မေတ္တာရိပ်ပေး၍ အုပ်ချုပ်လမ်းညွှန်ပေးသည့်ဆရာသမားကို မေတ္တာဖြင့် တုံ့ပြန်ကျေးဇူးဆပ်ရမည်။ ပစ္စည်းထုပ်ကြီးများပေးမှ ဆရာသမားကို ကျေးဇူးဆပ်သည်ဟု ခေါ်သည် မဟုတ်၊ ဆရာသမားများသည် ထိုပစ္စည်းထုပ်ကြီးများကို လုံးဝမမက်မော၊ လုံးဝမျှော်လင့်ချက်မထား၊ လမ်းညွှန်ချက်ကို အေးမြကြည်လင်စွာ လက်ခံလိုက်နာသည့်မေတ္တာကိုသာ ဆရာများက တပည့်ထံမှ တောင့်တလိုလားအားထားကြသည်။

သက်မဲ့ပစ္စည်းများဖြင့် သာသနာကိုပြ၍မဖြစ်ပါ။ သက်မဲ့သည် အမှတ်အသားနှင့် အသုံးအဆောင်သာဖြစ်သည်။ သက်ရှိအစွမ်းဖြင့်သာ သာသနာကိုပြနိုင်သည်။ စာသင်သား သံဃပရိသတ်သည် ကျောင်းတိုက်၏အလှ၊ ကျောင်းတိုက်၏ပြတိုက်ဖြစ်သည်။ စေတီပုထိုး ဘုရား ကျောင်းကန်များကို သာသနာ့အထိမ်းအမှတ်အဖြစ် အသက်ဂုဏ်သွင်းပေးနေကြသည်မှာ သက်ရှိပုဂ္ဂိုလ်များ၏ တရားစွမ်းအားသာတည်း။ ဉာဏ်ရှိသူ သက်ရှိစွမ်းအားကြောင့် သက်မဲ့ဝတ္ထုများလှပ၍ အဖိုးတန်ကြသည်။ သက်မဲ့ဝတ္ထုကြောင့်ပင် ဉာဏ်ရှိသူ သက်ရှိပုဂ္ဂိုလ်များ စွမ်းအားရရှိ တိုးတက်ကြရသည်။

လောက၌ ကောင်းသောဂုဏ် တစ်ခုကိုရရှိရန် နှစ်နှင့်ချီ၍ အချိန်များစွာယူပြီး မနေမနားကြိုးစားကြရသည်။ သို့သော် ဂုဏ်ကတော့ ဖြေးဖြေး ဖြေးဖြေးသာ ရောက်လာတတ်သည်။ ဂုဏ်ပျက်ဖို့ အပြစ်ရဖို့အတွက်ကား အချိန်များများမပေးရ။ ချက်ချင်းပင် ပြန့်သွားတတ်သည်။ ဂုဏ်တက်ချင်လို့ တစ်သက်လုံးခဲထားသော်လည်း ဂုဏ်ပျက်ချင်တော့ တစ်ရက်တည်းဖြင့် အကုန်ပါသွားတတ်သည်။ သို့ဖြစ်၍ ဂုဏ်ရဖို့ ကြိုးစားရသလောက် ဂုဏ်မပျက်အောင် ထိန်းထားရသည့်တာဝန်ကလည်း ကြီးလေးလှချေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပျင်းနှင့်အဖျင်းနောက်က ပြစ်ဒဏ်များသည် ထပ်ချပ်မကွာပူးကပ်လိုက်နေကြသည်။ တော်သူ ကောင်းသူ၏ရှေ့မှာကား ဆုလာဘ်များက အမြဲလက်ကမ်းကြိုဆိုနေကြသည်။ စာသင်တိုက်၏ သွားနေသော လမ်းစဉ်ကား ဤအတိုင်းသာဖြစ်သည်။ နှိပ်ကွပ်ထိုက်သူကို နှိပ်ကွပ်၍ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ပေး ရခြင်းသည်ပင် သာသနာပြုအလုပ်၏ အရိုးခံလမ်းကြောင်းဖြစ်ပေသည်။

အတိတ်ကံကို အရင်းအနှီးလုပ်၍ ဉာဏ်ဝီရိယကို အထိန်မချန် ထုတ်သုံးနိုင်သူများသည် ထူးခြားသောလူ ဖြစ်သည်။ ကံရုပ်ကို ဉာဏ်အလုပ်ဖြင့် အလှဆင်ရမည်။ သာသနာ့လမ်းကြောင်း ပေါ်ရောက်လျှင် (အင်္ဂုလိမာလ- အဇာတသတ်မင်း-အသောကမင်းစသည်တို့ကဲ့သို့) လူမိုက်များပင် နာမည်ကောင်းကိုပြန်လည်ရရှိနိုင်ကြသည်။ လူ့ခန္ဓာစက်ယန္တယားသည် အထူးဆန်းဆုံးစွမ်းအားဖြစ်၍ စက်ကိုနေ့တိုင်းစစ်ဆေးပေးနေဖို့ အထူးလိုအပ်သည်။ ကံမျက်လုံးတွင် ဉာဏ်မျက်လုံးတပ်ဆင်ပေးရ မည်။ ဉာဏ်မျက်လုံးရှိမှသာ ကိုယ့်ဟာကိုယ်ဆုံးမတတ်သည်။ ပျော်ရာမှာမနေဘဲ တော်ရာ (သင့်လျော်လျောက်ပတ်ရာ)၌ နေတတ်အောင်လေ့ကျင့်ပေးရမည်။ ပြာထဲ ဖုံထဲမှာ ပျော်သည့် ခွေးသည် မွေ့ယာကော်ဇောပေါ် သိပ်ရခက်၏။ ကိလေသာနှင့် ပျော်သောစိတ်သည် တရားအာရုံပေါ် တင်ရခက်သည်။

ရှင်ရဟန်းများသည် ဘုရား၏တရားကိုအကြောင်းပြု၍ သင်္ကန်းဝတ်လာခဲ့ကြသဖြင့် ဘုရား၏ ရင်နှစ် သည်းချာ သားအရင်းများဖြစ်ကြသည်။ မည်သူကိုမျှကြောက်၍ အားနာ၍ ဝတ်ခဲ့ကြသည်မဟုတ်ဘဲ ကိုယ့်ဟာ ကိုယ် သဘောကျဆုံးဖြတ်၍ ကိုယ့်သဘောနှင့်ကိုယ် ဝတ်ခဲ့ကြခြင်းသာဖြစ်သည်။ သာသနာနှင့်ထိုက်တန်၍သာ ဝတ်နိုင်ခြင်းဖြစ်၍ ထိုက်တန်၍သာ သင်္ကန်းဝတ်ဖြင့်နေနိုင်ကြခြင်း ဖြစ်သည်။ ရှင်ရဟန်းဘဝသည် သဒ္ဓါတရား ဖြင့် ရပ်တည်ရသည်ဖြစ်၍ သဒ္ဓါတရားကိုဖြုတ်လိုက်လျှင် ရှင်ရဟန်း၏နေစရာ နေရာမရှိတော့ချေ။ အမှန်အား ဖြင့် သာသနာပင်လယ်ကြီးသည် ဘုန်းကံ သဒ္ဓါပညာစသည်ကြီးမားသည့် ကြီးကျယ်မြင့်မြတ်သူတို့၏ နေရာသာ ဖြစ်သည်။ အဖိုးတန်ဝတ္ထုသည် တန်ဖိုးသိသူအတွက်သာ အဖိုးတန်စမြဲ။

ဗုဒ္ဓသာသနာ = ဗုဒ္ဓရတနာနှင့်တွေ့သူသည် ကံအကောင်းဆုံးဖြစ်သည်။ ပတ္တမြားပွန်ဘဝ, လက်ရှိပစ္စည်း ရတနာများသည် မိမိကိုတစ်ဘဝသာအဝကျွေးနိုင်မည်။

တစ်ဘဝအတွက်ပင် မသေချာ၊ ဗုဒ္ဓရတနာသည်ကား နိဗ္ဗာန်အထိ အဝကျွေးသွားမည် ဖြစ်သည်။ အသိ စိတ်နှင့် တရားမထိတွေ့လျှင် ရှင်ရဟန်းဘဝသည် ပျင်းစရာ, ကြောက်စရာ, အကောင်းဆုံးဖြစ်သည်။ အသိစိတ် နှင့် တရားထိတွေ့ခွင့်ရလျှင်ကား ရှင်ရဟန်းဘဝသာ ပျော်စရာ အားကိုးစရာအကောင်းဆုံးဖြစ်သည်။

လောက လာဘ သက္ကာရများသည် ရှင်ရဟန်း၏တန်ဖိုးမဖြတ်နိုင်သော ငြိမ်းချမ်းမှုကို ဖျက်ဆီးပစ်တတ် သည်ကို အထူးသတိပြုတတ်ရသည်။ လောက၌ ဘုရားတရားလောက် ဘာတစ်ခုမျှ အထင်ကြီးစရာမရှိပါ။ ရှင်ရဟန်းများသည် စားဖို့ အလုပ်လုပ်နေကြသည်မဟုတ်ဘဲ အလုပ်လုပ်ဖို့သာ စားနေကြခြင်းဖြစ်သည်။ သူတော် မှ ကိုယ်ကကောင်းရမည်မဟုတ်ဘဲ သူတော်အောင် ကိုယ်က ကောင်းပြနေရသော သူတော်ကောင်းဘဝအစစ် လည်း ဖြစ်သည်။

စာသင်သားရှင်ရဟန်းများ၏ စာပေပရိယတ်လုပ်ငန်းဟူသည် အမျိုးမှန်ကျောက်မျက်ရတနာကို အဖိုးတန် အဆင့်ရောက်အောင် တူးဖော်သွေးပေးနေရသောအလုပ်ဖြစ်သည်။ ကောင်းကောင်းနေထိုင်ခြင်းဖြင့် တစ် သာသနာလုံးကို ဂုဏ်ပြုနေရသောဘဝလည်းဖြစ်သည်။ စာပေအသိသည် ပဋိပတ်အကျင့်ဖြင့် အသက်သွင်း ၍-အလှဆင်ပေးမှထည်ဝါလှပရှင်သန်သည်။ အကျင့်ပဋိပတ်မပါလျှင် တရားသောက်ရေပုံးကြီးကို အနားမှာထား ပြီး ကိလေသာအညစ်အကြေးများဖြင့် ပူလောင်ညစ်ပတ်ကာ တရားရေ ဆာလောင်ငတ်ပြတ်နေမည်သာ ဖြစ် သည်။ သိက္ခာ ၃-ဖြာ သာသနာကို ကိုယ်ပိုင်ရအောင်ကျင့်သော တကယ့်သာသနာပိုင်အစစ်များဖြစ်အောင် ကြိုးစားမြှ ှင့်တင် ပေးနေရမည်။ ပရိယတ်သည် တာဝန်ကျေလျှင် စာအုပ်ထဲသို့ ပြန်သွားတတ်သည့် အငှားတာဝန် ဖြစ်တတ်၍ ပဋိပတ်သာကိုယ်ပိုင်အလုပ်ဖြစ်သည်။

ဆရာများက "လုပ်မလုပ်၊ ဟုတ်မဟုတ်" ၂-ချက်သာ လမ်းညွှန်စောင့်ကြပ်နိုင်ပြီး ကိုယ်ပိုင်အသိဖြင့် တကယ်အားထုတ်ရေးမှာ စာသင်သားတို့၏ တာဝန်သာဖြစ်သည်။ ကိုယ်နှင့်ထိုက်တန်၍သာ လုပ်ရသောအလုပ် ဖြစ်၍ တကယ်လုပ်လျှင် ဧကန်ဖြစ်လာရမည်သာတည်း။ ခြေထောက်မပါသည့်မြွေ၊ ဦးခေါင်းမပါသည့် ပုစွန်



www.burmeseclassic.com

www.burmeseclassic.com


(ကဏန်း)သည်ပင် လိုရာရောက်အောင် ပြေးနိုင်သေးလျှင် လက်ခြေဦးခေါင်းပြည့်စုံသော မိမိမှာ လုပ်လျှင် အဘယ်မှာမဖြစ်နိုင်ဘဲ ရှိရမည်နည်း။ ကြည်တူရွေးပင် လူတို့သင်ပေးက စကားပြောတတ်သေးလျှင် မျောက်ကလေးပင် သင်ပြပေးသူရှိက ကတတ်သေးလျှင် လူအစစ်လည်းဖြစ် ရှင်ရဟန်းလည်းဖြစ်သော မိမိအတွက် နည်းမှန်လမ်းမှန်ကြိုးစားလျှင် အဘယ်မှာမအောင်မြင်ဘဲရှိပါအံ့နည်း။

စာသင်သားတပည့်များသည် စာချဆရာများ၏လမ်းညွှန်မှုကို မေတ္တာဖြင့်လက်ခံ၍ အစဉ် မပြတ်မေတ္တာဓာတ်ဖြင့် လွှမ်းခြုံတုန့်ပြန်နေရမည်ဖြစ်သည်။ အသိပညာသာမက အလိမ္မာကိုပါ မေတ္တာဖြင့် ပေးဝေနေသည့် ဆရာအား မေတ္တာတရားဖြင့် ကျေးဇူးဆပ်မှ ကျေပွန်ပေလိမ့်မည်။

မိမိတို့စာပေပညာကို ကြောင့်ကြမရှိ အေးချမ်းဖြောင့်တန်းစွာ သင်ယူအားထုတ်နိုင်အောင် မေတ္တာရှေ့ထားကာ မိဘမာ ပစ္စည်း ၄-ပါးဖြင့် ချီးမြှောက်စောင့်ရှောက်နေကြသော ဒကာဒကာမများကိုလည်း မေတ္တာလွှမ်းခြုံကျေးဇူးဂုဏ်ကို တုန့်ပြန်ပေးကြရမည်ဖြစ်သည်။ အခါအားလျော်စွာလည်း လမ်းညွှန်တရားများ အနည်းငယ်စီပြောကြားပေးရမည်။ အလှူရှင် ကျေနပ်ကြည်လင် မေတ္တာသက်ဝင်အောင် ကြိုးစားအားထုတ် ကျင့်သုံးနေထိုင်ရမည်ဖြစ်သည်။ အလှူရှင် ကျေနပ်ကြည်လင်အောင်မနေလျှင် ကြည်ဖြူစွာ ပေးလှူသည့်သူ ပစ္စည်းကို ဒမြ(ဓားပြ)တိုက်ယူသည်နှင့် တူနေလိမ့်မည်။ လူတို့သည် အရေးကြုံလျှင် ရှင်ရဟန်းကိုသာ အားကိုးကြရသည်။

အားကိုးရလောက်အောင် လေ့ကျင့်ထားမှ ကိုယ့်တာဝန်ကျေမည်ဖြစ်၏။ မိမိခန္ဓာသည် မေတ္တာထပ်ဆင့်ထုတ်လွှင့်သည့် စက်ရုံသဖွယ်ဖြစ်သဖြင့် စွမ်းအားထက်မြက်၍ သန့်ရှင်းနေဖို့ အထူးလိုအပ်သည်။ မေတ္တာဖြင့် သာယာစိုပြေဝပြောအောင် တည်ထောင်ဖန်တီးထားသော မေတ္တာလောကကို တဏှာက ဝင်ရောက်ဖျက်ဆီးပစ်တတ်သည်ကိုလည်း အထူးသတိပြုရမည်ဖြစ်၏။

စာသင်တိုက်အတွင်း ထိုးစည် ထိုးမောင်း သံချောင်း ခေါင်းလောင်း တုံးခေါက်သံများသည် မင်္ဂလာအခါပေးဆရာများ ဖြစ်ကြသည်။ စာသင်သားများ၏အသိစိတ်ကို တက်ကြွအောင် နှိုးဆွပေးနေသော မင်္ဂလာစံတော်ချိန်များတည်း။ အချိန်နာရီသည် တာဝန်ကျေ၏။ လူများနောက်ကိုလိုက်၍ နားချိန် စားချိန် အိပ်ချိန်ပင် မပေးကြဘဲ လူ့လောကအတွက် လည်ပတ်လုပ်ရှားပေးကြသည်။ သူတို့မှာ ပျင်းချိန်မရှိ၊ ခိုကပ်မှုလုံးဝမရှိ၊ အချိန်ပြည့်အလုပ်လုပ်သည်။ အချိန်နာရီ တာဝန်ကျေသောကြောင့်သာ တိကျသောအချိန်ကိုသိရသည်။ ထို့အတူ သာသနာ၌ ဆရာ့တာဝန်, တပည့်တာဝန်, ဒကာတာဝန်တိကျစွာ ကျေပွန်ကြလျှင် မေတ္တာပန်း ၃-ခိုင်ဖြင့် အလှဆင်နေကြလျှင် ဗုဒ္ဓသာသနာ မြန်မာ့မြေပေါ်မှ မပျောက်ကွယ်နိုင်သေးပါ။ ကမ္ဘာသို့ပင် တစ်စတစ်စပြန့်ပွားသွားမည်ဖြစ်ပါသည်။

## ၅။ အလှူ့အစွမ်း မေတ္တာပန်း

- လောကမျက်မြင်၊ ပျားနှင့်ယင်၊ နှိုင်းယှဉ်ကြည့်နိုင်ကြ။
- ယင်ကောင်ပမာ၊ ရှုပ်ထွေးစွာ၊ ကောင်းတာမစုက။
- ခုရောနောင်ပါ၊ ပူလောင်ကာ၊ ချမ်းသာဆုံးရှုံးရ။
- ပျားကောင်ပမာ၊ ဖြောင့်မှန်စွာ၊ ကောင်းတာစုထားမှ။
- ခုရောနောင်ပါ၊ အေးမြကာ၊ ချမ်းသာရနိုင်ကြ။
- တိကျလေးနက်၊ ခံယူချက်၊ မြင့်တက်တူညီရ။
- စည်ကမ်းသစ္စာ၊ စောင့်ထိန်းကာ၊ ဖြောင့်စွာကြိုးစားရ။
- ကိုယ်ကျိုးစွန့်ခွာ၊ ပေးကမ်းကာ၊ နစ်နာခံတတ်မှ။
- အသိမှန်ကန်၊ ပညာဉာဏ်၊ ဝေဖန်နှိုင်းချိန်ရ။
- ၄-မျိုးရှိလျှင်၊ စွမ်းအားရှင်၊ အောင်မြင်တိုးတက်ရ။
- အများပေါင်းစု၊ ဤ ၄-ခု၊ ရွှေရှုညီညွတ်ရ။
- ခုရောနောင်ပါ၊ အေးမြကာ၊ ကောင်းစွာတွေ့ဆုံရ။



www.burmeseclassic.com

www.burmeseclassic.com


- **သတိ-ပညာ၊ ချိန်သီးမှာ၊ ကောင်းစွာတပ်ထားမှ။**
- **လှံ့လ-သဒ္ဓါ၊ လက်တံမှာ၊ မှန်စွာလည်ပတ်ကြ။**
- **လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းမှ ရနိုင်ကြ။**
- **အလှူအစွမ်း၊ မေတ္တာပန်း၊ ရွှင်လန်းအားတက်ရ။**

သဒ္ဓါ ပညာ မေတ္တာရှေ့သွားပြု၍ ပစ္စည်းကိုလက်ထဲမှလွှတ်၍ အလှူခံထံအရောက် တွန်းပို့နိုင်သော ထက်သန်ထူးခြားလှသည့် စေတနာစွမ်းအားသည် အရှိန်အဝါကြီးမားလှသည်။ သာသနာကို သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ကျေးဇူးပြုနိုင်သောစွမ်းအားဖြစ်သည်။ ပစ္စယာနုဂ္ဂဟဒါနကို လက်လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် သာသနာကွယ်ပျောက်သွားမည် ဖြစ်သည်။

လောက၌ လူအဖွဲ့ ၂-မျိုးရှိ၏။ ယင်ကောင်နှင့်တူသောလူ၊ ပျားကောင်နှင့်တူသောလူတို့ ပေတည်း။ ယင်ကောင်များသည် အများပေါင်းစု၍ နေတတ်ကြသော်လည်း (၁) အမျိုးအတွက် ခံယူဦးတည်ချက်မရှိ၊ အမျိုးကို မချစ်၊ (၂) စည်းကမ်းမရှိ၊ အများအပေါ် သစ္စာမရှိ၊ (၃) ခွဲဝေအသုံးချ အနစ်နာခံစွန့်လွှတ်မှုမရှိ၊ (၄) သဘာဝ အသိတရားမရှိ၊ တရုန်းရုန်းတအုံးအုံးဖြင့် ကြုံရာသွား ကြုံရာနား ကြုံရာစား၍ အဓိပ္ပါယ်ကင်းမဲ့စွာဖြင့် ပူလောင်ရှုပ်ထွေးစွာနေကြသည်။ ယင်ကောင်၌ အဆိပ်မရှိသော်လည်း အဆိပ်ထက် ကြောက်ဖို့ကောင်းသည့် စည်းကမ်းသစ္စာမဲ့မှုကြောင့် မည်သူမျှအယုံအကြည်မရှိကြချေ။ ယင်မနားအောင်ဖုံးထားကြသည်။ နားလျှင် ခြောက်ပစ်ကြသည်။ ယင်နားစာကိုမစားဘဲ ရှောင်ကြသည်။ ယင်ကောင်ကို သုတ်သင်ဖယ်ရှားပစ်ရမည့် အန္တရာယ်ကောင်အဖြစ်သာ မြင်ကြသည်။

ထို့အတူ (၁) အမျိုးဘာသာ သာသနာအတွက် ခံယူဦးတည်ချက်မရှိသူ, မိမိနှင့် အမျိုးကိုမချစ်သူ၊ (၂) စည်းကမ်းသစ္စာမရှိသူ၊ (၃) ခွဲဝေအသုံးချအနစ်နာခံ စွန့်လွှတ်မှုမရှိသူ၊ (၄) စဉ်းစားနိုင်းချိန် ချင့်ချိန်တိုင်းတာ ဆုံးဖြတ်နိုင်သော အသိပညာမရှိသူသည် ယင်ကောင်ပမာ ရှုပ်ထွေးစွာနေသောလူဖြစ်သည်။ မိမိသူတပါး လောကသာသနာကို အလှဆင်နိုင်စွမ်းမရှိဘဲ အများကိုပူလောင်အောင်လုပ်မိတတ်သည်။ ရှာလိုက် ရလိုက် ကုန်သွားလိုက်၊ အကုန်စာရင်းသာပြု၍ အရစာရင်းနှင့် အလှစာရင်းမပြနိုင်ဘဲ တစ်ဘဝကုန်သွားတတ်သည်။ ကိုယ်က သူ့ကိုမယုံ, သူက ကိုယ့်ကိုမယုံ, ကိုယ်က သူ့ကိုစိတ်မချ, သူက ကိုယ့်ကိုစိတ်မချ, သံသယများ အပူပွားကာသာ နေကြရသည်။ ထိုသူမျိုးကို ပစ္စည်းမည်မျှပင် ပေါများပြည့်စုံစေကာမူ မည်သူမျှတန်ဘိုးမထားမလေးစားကြ။ လူရာမသွင်း အားမကိုးကြ။ ထိုသူများသည် ပစ္စုပ္ပန်၌လည်းရှိသာရှိ၍ မချမ်းသာကြ၊ နောင်ရေး စိတ်အေးစရာကိုလည်း မလုပ်ဖြစ်ကြ၊ မိမိအတွက် ဂုဏ်ယူဖွယ်ဟူ၍ ဘာမျှပြစရာမရှိ၊ လူ့စွမ်းအားနှင့် လူ့အလှကို မရနိုင်ကြ။

ပျားကောင်များသည် အများပေါင်းစု၍ နေတတ်ကြရာ (၁) အမျိုးအတွက် ခံယူဦးတည်ချက်ရှိသည်၊ အမျိုးကိုချစ်သည်။ (၂) စည်းကမ်းရှိသည်၊ အများအပေါ် သစ္စာရှိသည်။ (၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်မှုရှိသည်၊ မိသားစုစိတ်ဓါတ်ရှိသည်။ (၄) သဘာဝအသိတရားရှိသည်။ ပျားကောင်၌အဆိပ်ရှိသော်လည်း စည်းကမ်းသစ္စာရှိ၍ဖြောင့်မတ်မှုကြောင့် အများ၏ ယုံကြည်စိတ်ချ မှုကို ခံယူရသည်။ ပျား၏လမ်းစဉ်စနစ်ကို သဘောကျ၍ လူအများက ပျားမွေးမြူရေးလုပ်ကြသည်။ ပျားကောင်စုထားသောပျားရည်ကို ဆေးအဖြစ် ယုံကြည်စိတ်ချစွာ သုံးစွဲကြသည်။ ပျားကောင်သည် ပျားရည်အတုကိုမလုပ်တတ်၊ အစစ်ကိုသာ ပြုလုပ်ဖော်ထုတ်တတ်သည်။ ပျားရည် စစ်မစစ် စိစစ်မေးမြန်းကြခြင်းသည် ပျားကောင်ကိုမယုံ၍မဟုတ်ပါ။ မသမာသော (ယင်ကောင်နှင့် တူသော)လူများကို မယုံကြ၍သာ စိစစ်မေးမြန်းကြခြင်းဖြစ်သည်။

ပျားကောင်သည် သဘာဝအသိတရားရှိသည်။ စည်းကမ်းသစ္စာရှိ၍ နာမည်ကောင်းကို ထိန်းနိုင်သည်။ ယင်ကောင်များကဲ့သို့ အခုစားချင်မှ အခုထရှာကြသည်မဟုတ်ဘဲ ကြိုတင်ရှာဖွေ စုဆောင်းကြသည်။ မခိုမကပ် ညီညီညွတ်ညွတ်အလုပ်လုပ်ကြသည်။ မည်သည့်ပျားကောင်မှ အပျင်းထူအပါးခိုကာ မသမာစိတ်ဖြင့် လမ်းဘေးအမှိုက်ထဲမှ မဟုတ်တယုတ်အပုပ်များကို သယ်ယူမလာခဲ့ပါ။ ချိုမြိန်ကောင်းမြတ်သော ပျားရည်ကိုသာ ရယူလိုကြသဖြင့် အားလုံးပန်းပွင့်ရှိရာသွားကြသည်။ ပျားကောင်များသည် စည်းကမ်းသစ္စာမဲ့မှုဖြင့် နာမည်ပျက်မခံကြပါ။ ကောင်းတာကိုသာစုခြင်း၊ ကြိုတင်စုခြင်း၊ ညီညွတ်ခြင်း၊ စည်းကမ်းသစ္စာရှိခြင်းတို့ဖြင့် နာမည်ကောင်းကို ထိန်းထားနိုင်ကြသည်။ ပန်းဝတ်ရည်စုပ်ယူခြင်းကြောင့် ပန်းပွင့်အလှမပျက်စီးစေရ၊ လိုရာပန်းဝတ်ရည်ကိုစုပ်ယူ၍


www.burmeseclassic.com

www.burmeseclassic.com


အုံရှိရာ အရောက် သစ္စာရှိရှိသယ်ဆောင်ကြသည်။ မသမာစိတ်ဖြင့် ကိုယ်ရှာတာကို တိတ်တိတ်ခိုးစားမပစ်၊ အများချမ်းသာရေးကို ဦးစားပေးသည်။ အုံထဲရောက်တော့လည်း ဘောင်တံတိုင်းခတ်မထား၊ ကျဉ်းမြောင်းစိတ်မရှိ "ငါရှာတာ မင်းတို့လဲစားကြပေါ့ကွာ၊ မင်းတို့ရှာတာ ငါလဲစားမှာပေါ့၊ တို့က တစ်မိသားစုတည်း အတူနေကြတာဘဲ"ဟူသောသဘောဖြင့် အားလုံးပေါင်းစုရောနှောထားကာ အားလုံးချစ်ခင်ညီညွတ်စွာ ခွဲဝေအသုံးချစားသုံးတတ်ကြသည်။"ပျားသည် မေတ္တာရှင်"ဟု မဆိုနိုင်သော်လည်း မေတ္တာရှင်လူ့မျက်လုံးဖြင့်ကြည့်လျှင် ချစ်ခင်မြတ်နိုးဖွယ် အလွန်ကောင်းလှသည်။

ထို့အတူ သဒ္ဓါ ပညာ မေတ္တာ(သာသနာပြု ခွန်အား ၃-ခု)အားကောင်းသော လူအများသည် အများပေါင်းစု၍ ဆောင်ရွက်တတ်ကြရာ (၁) အမျိုးဘာသာသာသနာအတွက် ခံယူဦးတည်ချက်ရှိကြသည်။ မိမိနှင့်အမျိုးကို နည်းမှန်လမ်းမှန်ချစ်တတ်ကြသည်။ (၂) ကိုယ်ကျင့်စည်းကမ်းရှိကြသည်။ အချင်းချင်း အများအပေါ် သစ္စာရှိကြသည်။ အပြန်ပြန်အလှန်လှန်ယုံကြည်စိတ်ချကြရသည်။ အချင်းချင်းအားကိုးကြရသည်။ (၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်မှုရှိသည်။ ကိုယ့်ရှိတာ သူ့ကိုပေးသည်။ သူ့ရှိတာ ကိုယ့်ကိုပေးသည်။ ကိုယ်သိတာ သူ့ကိုပြောသည်။ သူသိတာ ကိုယ့်ကိုပြောသည်။ ကိုယ်စွမ်းနိုင်သည့်အခါ သူ့ကိုကူညီသည်။ သူစွမ်းနိုင်သည့်အခါ ကိုယ့်ကိုကူညီသည်။ မိသားစုစိတ်ဓါတ်ရှိကြသည်။ (၄) စဉ်းစားနှိုင်းချိန် ချင့်ချိန် ချိန်တွယ်ဆုံးဖြတ်နိုင်သော အသိပညာရှိသည်။

ထိုသူများသည် ပူလောင်ခြောက်ကပ်စွာမနေထိုင်ကြဘဲ ခန္ဓာနှင့်ပစ္စည်းကိုလည်း ပူလောင် ခြောက်ကပ်စွာမသုံးကြဘဲ ဖြုန်းတီးမှုဘက်သို့မရောက်စေဘဲ ဉာဏ်သတိဖြင့် ထိန်းသိမ်းကာ တရားပျားရည်ကိုစုကာ စိုပြည်လန်းဆန်းအေးချမ်းစွာ နေထိုင်တတ်ကြသည်။ တရားပျားရည်ရယူလိုကြသဖြင့် ဗုဒ္ဓ ဓမ္မ သံဃ ဟူသော ပန်း ၃-ပွင့်ထံ နေ့စဉ်ပုံမှန်ချဉ်းကပ်ကြသည်။ ထိုလူများ၏ ခန္ဓာသည် သာသနာရတနာကြောပေါ်ရောက်နေသဖြင့် ရတနာခန္ဓာဖြစ်ခွင့်ရသည်။ ပစ္စည်းအားလုံး ရတနာပစ္စည်းများဖြစ်သွားကြသည်။ အချိန်အားလုံး မင်္ဂလာစံတော်ချိန် ရတနာအချိန်များ ဖြစ်သွားကြသည်။ သာသနာရတနာကြောနှင့်တွေ့သူအတွက် လက်ညှိုးထိုးရာ ရတနာချည်းသာတည်း။ ဖြုန်းပစ်ရက်စရာ တစ်ခုမျှမရှိ။

ထိုလူများသည် ပျားရည်နှင့်တူသောတရားကောင်းများကို ဖြည့်ကျင့်စုဆောင်းကာ ပစ္စုပ္ပန်တိုင်း ပျော်ရွှင်ချမ်းမြေ့အောင်နေတတ်ကြသည်။ မိမိ၏ ကိုယ်-ဉာဏ်-ပစ္စည်းအားဖြင့် မိမိသူတပါး လောကသာသနာကို မေတ္တာရှေ့ထားပြီး အလှူဆင်တတ်ကြသည်။ ဘဝကူးစိတ်အေးရအောင် ကိုယ်ပိုင်တရားကို အချိန်မီစုဆောင်းထားကြသည်။ ဘဝလွတ်မြောက်ရေးအထိ တိကျပြတ်သားသောဦးတည်ချက်ရှိထားကြသည်။

ထိုလူများကို မိသားစုကလည်း ယုံကြည်ချစ်ခင်ကြသည်။ လောကလူအများကလည်း လေးစားမြတ်နိုးကြသည်။ သာသနာဖက်ကလည်း အထူးပင်တန်ဘိုးထားကြသည်။ ထိုမေတ္တာရှင်များကသာ သာသနာကို တည်အောင် ဆောင်ရွက်ပေးနိုင်စွမ်းရှိပါသည်။

ပျားကောင်ပမာဖြောင့်မတ်စွာ တရားပျားရည်ဖြင့် အလှူဆင်ပေးလိုသူ၌ သတိပညာချိန်သီးနှင့် သဒ္ဓါဝီရိယလက်တံကို အထူးလိုအပ်ပါသည်။ သတိပညာသည် ဘဝနှင့်အလုပ် မတိမ်းအောင် ထိန်းပေးနိုင်သောလူ့ဘဝချိန်သီးဖြစ်သည်။ သတိဖြင့် အာရုံနှင့်စိတ်ကိုအကွက်ချထိန်းပေးပြီး ပညာဖြင့် စွမ်းအားအရှိကို ခွဲခြားကြည့်ရသည်။ သတိဖြင့်လမ်းဖေါ်ပြီး ဝီရိယဖြင့်စိတ်အပြေး လေ့ကျင့်ပေးရသည်။ အာရုံနှင့် စိတ်ပြဿနာမဖြစ်ရအောင်ဖြေရှင်းပေးသည်။ ကိုယ့်စိတ် မည်သည့်နေရာရောက်နေမှန်းသိအောင် အမြဲထောက်လှမ်းစူးစမ်းပေးသည်။ သဒ္ဓါနှင့် ဝီရိယကား လူ့စွမ်းအားပေါ်လာအောင် ပုံမှန်လည်ပတ်ပေးနေသော လူ့ဘဝလက်တံ ၂-ချောင်းဖြစ်သည်။

သတိပညာချိန်သီးနှင့် သဒ္ဓါဝီရိယလက်တံတို့တွင် သဒ္ဓါက စိတ်ကောင်းဖော်ထုတ်ပေးသည်။ မင်္ဂလာတံခါးပေါက် ဖွင့်ပေးသည်။ စိတ်ကျန်းမာအောင် လုပ်ပေးသည်။ ကောင်းသော အစားအသောက်၏အရသာကို ကျန်းမာသူသာ အရသာတွေ့အောင် ခံစားနိုင်သကဲ့သို့ သဒ္ဓါကောင်း၍ စိတ်ကျန်းမာသူသာ တရားအရသာတွေ့နိုင်မည်ဖြစ်သည်။ သတိသည် စိတ်ကောင်းကို ထိန်းသိမ်းပေးသည်။ စားဝတ်နေရေးနှင့် တရားတစ်သားတည်းပေါင်းပေးသည်။ အချိန်နှင့်အင်အား ဖြုန်းတီးမှုကို ထိန်းချုပ်ပေးသည်။ ဝီရိယက စိတ်ကောင်းကိုအချိန်မီအောင်တွန်းပေးသည်။ အားကို ဘေးမှာထုတ်မပစ်ဘဲ အတွင်းမှာထုတ်ယူထားလိုက်သည်။ ချိန်သီးမပါသောဝီရိယသည်


www.burmeseclassic.com

www.burmeseclassic.com



အားကို ဘေးမှာထုတ်ပစ်၍ ချိန်သီးတပ်ထားသော ဝီရိယကသာ အားကို အတွင်းမှာ ထုတ်ယူထားနိုင်စွမ်းရှိသည်။ ပညာသည် စွမ်းအားကို မြင်အောင်ပြ၍ လုပ်ခရလဒ်ကို ထုတ်ပေးသည်။

လူသည် သဒ္ဓါပျောက်လျှင် ခြောက်ကပ်ကပ်ဖြစ်သွားသည်။ စိုပြည်ထည်ဝါမှုများ ခန်းခြောက် ပျောက်ကွယ်သွားသည်။ ကုသိုလ်ထုပ်ကြီးများ ကိုင်ထားသော်လည်း ကုသိုလ်ပုံစံဖြင့် ဝင်မလာကြတော့။ သတိပျောက်လျှင် ရှုးတူးတူးဖြစ်သွားသည်။ လိုအပ်သည့်ပုံစံပျောက်သွား၍ အချိန်မီ အလုပ်မပြီးတတ်၊ လောက၌ မတော်တဆဟူသမျှသည် သတိမပါသောအရှူးစိတ်ကြောင့်သာ ဖြစ်ရသည်။

ဝီရိယပျောက်လျှင် နတတဖြစ်သွားသည်။ အားကိုးစရာ တရားစွမ်းအားများနှင့် အောင်ပန်းများ လက်တစ်ကမ်းတွင် လှမ်းကြိုဆိုနေကြပါလျက် လက်လွှတ်ဆုံးရှုံးရတတ်၏။ ပညာပျောက်လျှင် အတတဖြစ်သွားသည်။ ကံအရှိ ရုပ်နာမ်အရှိကို ဘာမျှမသိ၊ အာရုံလိမ်သမျှခံရမည်။ ကိုယ့်ဟာကိုယ်ပင် အလိမ်ခံရတတ်၏။

သာသနာနှင့်တွေ့ကြုံခိုက် ခန္ဓာတာဝန်နှင့် တရားအလုပ်ပေါင်းမိဖို့ အရေးကြီးသည်။ မချက်မပြုတ်ဘဲ ထင်းပုံကိုမီးရှို့သလို ဘာမျှအလကားမကုန်စေရ၊ မီးထိုးဆိုက်ပြီး ချက်ပြုတ်သလို စားဝတ်နေရေး ထင်းမီးဆိုက်ပြီး တရားထမင်းချက်တတ်ရမည်။ ကုန်သွားသည့်ပစ္စည်းထဲမှ မကုန်နိုင်သည့်တရားစွမ်းအားကျန်ခဲ့ရမည်။ အသိမပါလျှင် အရှိနှိပ်စက်သမျှ ခံရမည်။

အခက်အခဲကို ဟန်ဖြင့်ရှင်း၍မရပါ။ သာသနာသည် ဟန်သာသနာမဟုတ်သဖြင့် ဟန်ကုသိုလ် ဟန်တရားများဖြင့် အချိန်မကုန်စေဘဲ တကယ်အနှစ်ပြည့်ကုသိုလ်တရားများကို အခွင့်ကောင်းတုန်း အယူကျွမ်းကျင်ဖို့ အထူးလိုအပ်သည်။ သံသရာခရီးသည်များ၌ ဖြစ်-အို-နာ-သေ ခလုတ်တိုက်ချော်လဲစရာ ၄-ခု၊ လောဘ ဒေါသ မောဟ စူးစရာ ဆူး ၃-ချောင်း၊ အဝိဇ္ဇာ တဏှာ ငြိစရာကျော့ကွင်း ၂-ခုရှိသည်။ ချိန်သီးပါမှ အကွက်စေ့၍ အနှစ်ပြည့်မည်။

ချိန်သီးနှင့်လက်တံပြုတ်လျှင် ဘဝကိုကူးခတ်နေခြင်းမဟုတ်ဘဲ ဘဝမှာအစီအစဉ်ကင်းမဲ့စွာ မြုပ်မျောနေခြင်းသာ ဖြစ်သွားမည်။ ချိန်သီးနှင့် လက်တံတပ်ဆင်လည်ပတ်နေမှ မမြုပ်မမျောဘဲ အစီအစဉ်ဖြင့် တစ်ဘက်ကမ်းသို့ ကူးခတ်နိုင်မည်ဖြစ်သည်။ တစ်ဘက်ကမ်းသို့ ကူးခတ်ကြရာ၌ ပရိယတ္တိစာသင်တိုက်တည်ထောင်၍ မေတ္တာပန်းခိုင် ၃-ပွင့်ဆိုင်ပုံစံဖြင့် ပျော်ရွှင်ချမ်းမြေ့စွာ ကူးခတ်ကြိုးစားကြခြင်းသည် ဗူးတောင်းဖြင့် တစ်ကိုယ်တည်းကူးခြင်းလည်းမဟုတ်၊ လှေသမ္ဗန်ငယ်ဖြင့် လူအနည်းငယ်သာ တင်ဆောင်ကူးခြင်းလည်းမဟုတ်ဘဲ ဥထပ်သင်္ဘောကြီးဖြင့် လူပေါင်းမြောက်များစွာပါအောင် တင်ဆောင်၍ ကူးခတ်နေကြခြင်းဖြစ်သည်။ မိမိတို့နှင့်ထိုက်တန်သောဘဝ သမိုင်းတာဝန်ကို ထမ်းဆောင်ခွင့်ရသဖြင့်လည်း ဝမ်းသာအားရဂုဏ်ယူဖွယ်ဖြစ်ရပါသည်။ ဆရာက မေတ္တာဖြင့်လမ်းညွှန်၊ တပည့်က မေတ္တာဖြင့်လက်ခံ၊ သံဃာက မေတ္တာဖြင့်လွှမ်းခြုံ၊ ဒကာ ဒကာမက မေတ္တာဖြင့်ချီးမြှောက်နေရသည့် မေတ္တာလမ်းစဉ်ကား အေးချမ်းလှပေသည်။

- **စာပေပို့ချ၊ ဟောညွှန်ပြငြား၊ သနားငဲ့ညှာ၊ မြတ်ဆရာ၊ ချမ်းသာကြပါစေ။**
- **ဤသာသနာ၊ အရှည်ကြာဖို့၊ ပညာကြိုးစား၊ စာသင်သား၊ ၂-ပါး ကိုယ်စိတ်ချမ်းသာစေ။**
- **မိဘပမာ၊ စောင့်ရှောက်ကာဖြင့်၊ သဒ္ဓါဖွေးဖြူ၊ မေတ္တာကူ၍၊ ပေးလှူတတ်ငြား၊ လူအများ၊ ၂-ပါး ကိုယ်စိတ်ချမ်းသာစေ။**
- **ဆင်းရဲရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေး ကြပါစေ။**

အားလုံးချမ်းသာကြပါစေ

တိပိဋကယောဆရာတော်

၁၃၆၀-ခု၊ နတ်တော်လ (၁၉၉၈-ခု၊ ဒီဇင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋက စမ္မလက်ဆောင်(၁၄)

# နှလုံးသားဝယ် ဘုရားတည်

## နမော ဗုဒ္ဓသ

"တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ဂုဏ်၊
စိတ်ဝယ်ထုံထား၊ နှလုံးသား၊ ဘုရားတည်ပါ၏"

## ၁။ နှလုံးသားဝယ် ဘုရားတည်

- **လူ့နှလုံးသား၊ ဘုရားမတည်(တယ်)၊ စိတ်ရှုပ်ဖွယ်၊ တကယ်ပူလှ၏။**
- **နှလုံးသားဝယ်၊ ဘုရားတည်(တယ်)ငြား၊ လူ့စွမ်းအား၊ ထူးခြားမြင့်တက်၏။**

တစ်ခါတုန်းက ရွာတစ်ရွာမှာ 'ဖိုးထိန်' ဆိုတဲ့ လူတစ်ယောက်ရှိတယ်။ 'ဘုရားတည် ရန်'ဆိုတဲ့ အတိတ်နဲ့ ထီထိုးသတဲ့။ ထီဖွင့်တော့ တစ်သိန်းဆုပေါက်တယ်။ သူ့ရည်ရွယ် ချက်ရှိတဲ့အတိုင်း ဘုရားတည်ဖို့စီစဉ်တယ်။ မြေတစ်နေရာ ငါးသောင်းပေးဝယ်လိုက်တယ်။ ကျန်ငါးသောင်းနဲ့မတည်ပြီး ဘုရားတည်မယ်ပေါ့။

မြေဝယ်ပြီးတာနဲ့ လူရှုပ်တစ်ယောက်က 'ဒီမြေနေရာ သူပိုင်ပါတယ်'ဆိုပြီး အမှုလာလုပ်တယ်။ ဖိုးထိန် တစ်ယောက် အလုပ်တွေရှုပ်သွားတယ်။ မခံချင်စိတ်နဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး အမှုရင်ဆိုင်လိုက်ရတာ ဘုရားတည်ဖို့ ထားတဲ့ ငွေငါးသောင်းအကုန်ပြုတ်ပဲ။ ဒါတင်မကဘူး။ နောက်ထပ် လက်ထဲမှာရှိတဲ့ ငွေငါးသောင်းလောက်လဲ ကုန်သွားပြန်တယ်။ ဖိုးထိန် တစ်ယောက် စိတ်ဓာတ်ကျလိုက်တာ၊ စိတ်ညစ်လိုက်တာ။ 'ဘုရားတည်ဖို့ထီထိုးတာ ထီလဲပေါက်ရက်သားနဲ့ ငါကြံစည်သလို တစ်ခုမှမဖြစ်၊ အနှောင့်အယှက်တွေနဲ့သာ ရင်ဆိုင်နေရတယ်၊ အမှုတွေ ရှုပ်, အလုပ်တွေရှုပ် တယ်လဲ စိတ်ညစ်ဖို့ကောင်းပါလား' ဆိုပြီး အတော်စိတ်ဆင်းရဲနေရှာသတဲ့။

တစ်နေ့တော့ ဘုန်းကြီးကျောင်းရောက်သွားတယ်။ ဘုန်းတော်ကြီးက ဦးတိသတဲ့။ လူဆိုတာ ကိုယ့်စိတ်ထဲ ရှိနေတဲ့ အလုံးအခဲတွေကို သူများရှေ့ပြောချလိုက်ရရင် ရှင်းသွားသလိုဖြစ်တတ်တယ်။ ဖိုးထိန်လဲ သူ့စိတ်ထဲက အလုံးအခဲတွေကို ဘုန်းကြီးရှေ့အန်ထုတ်တော့တာပဲ။ သူ့အကြောင်းအရာကို လျှောက်ထားပြတယ်။ 'ဘုန်းကြီး ဘုရား၊ တပည့်တော် ဘုရားတည်ဖို့ထီထိုးတာ ထီပေါက်တယ်ဘုရာ့၊ ဘုရားတည်မယ်လုပ်တော့ အမှုတွေဖြစ်, အလုပ်တွေရှုပ်ကုန်တယ်ဘုရား၊ တပည့်တော်စိတ်ကူးသလိုဖြစ်မလာတော့ စိတ်ဆင်းရဲပြီး စိတ်ဓာတ်တွေကျနေ တယ်ဘုရား၊ ဘုရားတည်ချင်စိတ်တောင် မရှိတော့ပါဘူးဘုရား'

ဒီတော့ ဘုန်းကြီးဦးတိသက'ဟဲ့-- ဖိုးထိန်၊ ဘာလုပ်ဖို့ ဘုရားတည်ချင်ရတာလဲ' 'ကုသိုလ်လိုချင်လို့ဘုရား' 'ကုသိုလ်လိုချင်လို့ဘုရားတည်ချင်ရင် လွယ်ပါတယ်ဖိုးထိန်ရယ်၊ ဘုရားတကယ် တည်ချင်ရင် ငွေလဲမလိုပါဘူး၊ မြေလဲမလိုပါဘူးကွ၊ ငွေမပါပဲ မြေမပါပဲ ကုသိုလ်ရအောင် ဘုရားတည်လို့ရပါတယ်ကွ'လို့ဆိုတော့ ဖိုးထိန်က 'အား--ဘုန်းကြီး ဘုရား၊ ငွေမရှိပဲ မြေမရှိပဲ ဘယ်လိုလုပ်ပြီး ဘုရားတည်လို့ဖြစ်မှာလဲဘုရား၊ အမိန့်ရှိပါဦးဘုရား'

'အော်-- မင်းမှာ နှလုံးသားမြေကြီးရှိသားပဲကွ၊ ဘယ်သွားဝယ်စရာလိုသေးလဲ၊ နှလုံးသားမြေကြီးကို သဒ္ဓါ ပညာ သတိနဲ့ချက်ချင်း ရှင်းလိုက်စမ်းပါ၊ ဘာမှမခက်ဘူး၊ လွယ်လွယ်လေးရယ်၊ မင်း 'နမောတဿ ဆိုတတ်တယ်နော်' 'ဆိုတတ်ပါတယ်ဘုရား၊ တပည့်တော် ငယ်ငယ်ကလေးက စ ရနေတာပဲ'

'အေး--ဒီလိုဆိုရင် ပါးစပ်ထဲတင် ပြန်ထွက်သွားမယ့် နမောတဿမဖြစ်စေနဲ့ကွ၊ တကယ့် သက်တော် ထင်ရှားဘုရားရဲ့ဂုဏ်တွေထိအာရုံပြုပြီး လေးလေးနက်နက်နှလုံးသားထဲထည့်ပေးလိုက်စမ်း၊ နှလုံးသားထဲ စွဲမြဲအောင် အာရုံပြုလိုက်စမ်း၊ အဲဒါဘုရားတည်တာပဲကွ'


www.burmeseclassic.com

www.burmeseclassic.com



'သရဏဂုံ ၃ -ပါးကောဆိုတတ်ရဲ့လား ဖိုးထိန်' 'တပည့်တော် ငယ်ငယ်ကလေးက စဆိုတတ်ပါတယ် ဘုရား' 'အေး. . . ---အဲဒီသရဏဂုံလဲ ပါးစပ်ဖျားတင်ပြန်ထွက်သွားမယ့် သရဏဂုံမဖြစ်စေရဘူးကွဲ့၊ သဒ္ဓါတရားနဲ့ ယုံယုံကြည်ကြည်, ပညာတရားနဲ့ လေးလေးနက်နက်, သတိတရားနဲ့ စူးစူးစိုက်စိုက် နှလုံးသားထဲမှာ အာရုံယူပြီးမှဆိုရတယ်၊ အဲဒါဘုရားတည်တာပဲ ဖိုးထိန်'

'ပြီးတော့ ဣတိပိ သော ဘဂဝါ လဲရတယ် ထင်ပါရဲ့' 'ရပါတယ်ဘုရား၊ ကျောင်းသား ကလေးဘဝက စရနေတာပါ' 'ဒါဖြင့် မင်းမှာဘာမှထူးပြီး စာကျက်စရာလဲမလိုပါလားကွ၊ သဒ္ဓါ ပညာ သတိ အရင်းအနှီး လေးစိုက်ပြီး စိတ်နှလုံးထဲရောက်အောင် လေးလေးနက်နက်အာရုံယူ ပြီးမှဆိုရင် နှလုံးသားဘုရားတည်တာပဲကွဲ့'

'မြေကြီးပေါ်ဘုရားတည်တာက အရင်းအနှီးအများကြီးစိုက်ရတယ်။ ကိရိယာတန်ဆာပလာ အဆောက်အဦးတွေ အများကြီးစုဆောင်းရှာဖွေရတယ်။ နှလုံးသားထဲဘုရားတည်တာက ကိရိယာ တန်ဆာပလာ ဘာမှ မလိုဘူး၊ တကယ်ယုံတဲ့သဒ္ဓါတရားရယ်၊ စွမ်းအားကို တကယ်သိမြင်တဲ့ပညာရယ်၊ အာရုံကို စူးစူးစိုက်စိုက် မိမိရရဖမ်းနိုင်တဲ့သတိရယ်၊ ဒီလောက်အရင်းအနှီး ကိရိယာတန်ဆာပလာရှိရင် ဘုရားတည်လို့ရနိုင်ပြီပဲကွ'

'မြေကြီးပေါ်ဘုရားတည်တာက ရက်နဲ့လနဲ့နှစ်နဲ့ချီပြီး အချိန်အများကြီးယူရတယ်၊ နှလုံးသားထဲ ဘုရားတည်တာက စက္ကန့်ပိုင်း မိနစ်ပိုင်းဆိုပြီးသွားတာကွ၊ ပြီးတော့ စွမ်းအားတန်ခိုးကလဲ ချက်ချင်းရတာကွဲ့၊ ဒါကြောင့် ကိုယ့်မှာနှလုံးသားမြေကြီးရှိနေမှတော့ သူများမြေကြီးဝယ်မနေစမ်းပါနဲ့ကွာ၊ အသိ,သတိနဲ့ အာရုံယူလို့ ဘုရားဂုဏ်တွေထည့်လိုက်, ပွားလိုက်ရင် နှလုံးသားထဲ ဘုရားတည်ရတာ လွယ်လွယ်လေးပါကွ'

'ဖိုးထိန်ရေ၊ သာသနာနှင့်တွေ့ရတဲ့ လူတစ်ယောက်အတွက်လုပ်ချင်ရင် လုပ်တတ်ရင် ယခုချက်ချင်းလုပ်လို့ ဖြစ်ပါတယ်ကွာ၊ မနိုင်ဝန်ထုပ်ကြီးကို မနိုင်စိတ်နဲ့ လေးလံစွာ ထမ်းနေမယ့်အစား တစ်စစီဖြုတ်ပြီး နိုင်တဲ့နေရာကစ နိုင်သလောက်ထမ်းလိုက်တာကပဲ လက်ငင်းအစွမ်းသတ္တိ ရစေနိုင်ပါတယ်'

'ပြီးတော့ မေတ္တာကလေးပါ တွဲပို့ပေးနိုင်ရင် လူ့လောကမှာတော့ အတော်နေပျော်သွားပြီ ဖိုးထိန်ရဲ့'

'ပစ္စုပ္ပန်တိုင်းတန်ဖိုးထားပြီး လေးလေးစားစား ယုံယုံကြည်ကြည်လုပ်နိုင်ရင် ဘာစာမှလဲ အရှည်ကြီး ကျက်စရာမလို၊ ကိုယ်ရပြီးသားကိုသုံးရုံပဲ မဟုတ်လား'

'ဖိုးထိန်ရေ၊ ရတနာက ရတနာလိုယုံပြီး ရတနာလိုသုံးတတ်ရင် ရတနာလိုပဲ လူကို အစွမ်းထက်မြက်အောင် လုပ်ပေးနိုင်ပါတယ်ကွာ'

အဲလိုစသည်ဖြင့် ဘုန်းကြီးဦးတိဿက အသိမှေးမှိန်ပြီး စိတ်ဓာတ်ကျနေတဲ့ ဖိုးထိန်တစ်ယောက်ကို နှလုံးသားထဲဘုရားတည်နည်းကို သေသေချာချာပြောပြတော့ ဖိုးထိန်တစ်ယောက် ရွှင်လန်းတက်ကြွလာတယ်။ ဝမ်းသာလို့လဲ မဆုံးနိုင်အောင်ဖြစ်သွားတယ်။

'အား--ဘုန်းကြီးဘုရား၊ ဒီလို နှလုံးသားထဲဘုရားတည်လို့ဖြစ်မှန်းသိရင် တပည့်တော် ဘာလို့ စိတ်အပင်ပန်း အဆင်းရဲခံနေမလဲဘုရား၊ စောစောက ဒါမျိုးသိခဲ့ရင် ဒီပုံစံနဲ့ တည်မှာပေါ့၊ တပည့်တော် ငွေမလို, မြေမလိုပဲ ဘုရားတည်နည်းကိုသိသွားပြီဆိုတော့ ယနေ့ကစပြီး ချက်ချင်း နှလုံးသားဘုရားတည်တော့မယ်ဘုရား၊ ဘုန်းကြီး ဘုရားဟာ တပည့်တော်ရဲ့တစ်သက်တာသာမက တစ်သံသရာလုံးအတွက် အလွန်ကျေးဇူးကြီးလှတဲ့ ကျေးဇူးရှင်ကြီးပါဘုရား'လို့လျှောက်ပြီး ရှိခိုးဝပ်ချကန်တော့ပြန်သွားတယ်။

ဖိုးထိန်က အချိန်မဆိုင်းပဲ ချက်ချင်းနှလုံးသားဘုရားတည်တော့တာပဲ။ 'နမောတဿ' ဆိုတော့ လေးလေးနက်နက်စိတ်အစဉ်မှာအာရုံယူပြီး ဆိုတတ်လာတယ်။ သရဏဂုံ ၃-ပါးဆိုတော့လဲ စူးစူးစိုက်စိုက် စိတ်ပါလက်ပါ အာရုံယူလို့ဆိုတတ်လာတယ်။ ဘုရားဂုဏ်တော်ပွားတော့လဲ သက်တော်ထင်ရှား ဘုရားထိ အာရုံပြုတတ်လာတယ်။ မိမိနှလုံးသားထဲ တကယ့်သက်တော်ထင်ရှား ဘုရားအစစ် ကြွရောက်သီတင်းသုံးနေသလိုပဲ လေးလေးနက်နက်အာရုံပြုတတ်တယ်။ စိတ်နှင့်အာရုံ စွပ်မိလောက်အောင် စိုက်ကနဲ စိုက်ကနဲအာရုံယူတတ်ပါတယ်။

မေတ္တာပါတွဲပြီးပွားများတတ်လာတယ်။ အမှုလုပ်ခဲ့တဲ့လူရုပ်ကိုတောင် မုန်းစိတ်ကင်းအောင် မေတ္တာပွားပို့တတ်တယ်။ 'မင်းက စိတ်ရှုပ်လောက်အောင် အမှုလုပ်ဖော်ရပေလို့သာ ငါဟာ ဒီလိုနှလုံးသား ဘုရားတည်နည်းသိရတာ၊ ကျေးဇူးကြီးလိုက်တာ ကိုလူရှုပ်ရယ်'လို့ ကောင်းကွက်ကိုရှာပြီး ကြည်လင်လေးနက်တဲ့စိတ်နဲ့ မေတ္တာပို့ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


နေ့စဉ် နှလုံးသားထဲဘုရားတည်လိုက်တော့ ဖိုးထိန်ဟာစိတ်တွေကြည်ပြီး စိတ်အားတွေ ရွှင်လန်းတက်ကြွလာတယ်။ စိတ်နှလုံးတွေရှင်းလင်းရင့်ကျက်လာတယ်။ ရက်အတော်လေးများလာတော့ ရတနာ ၃-ပါး ကျေးဇူး၊ မေတ္တာကျေးဇူးကြောင့် အရှိန်အဝါတွေတက် အလုပ်လုပ်ရတာ တယ်ကောင်း၊ စီးပွားရေးလုပ်ရတာက အဆင်ပြေလို့၊ ပတ်ဝန်းကျင်ကလဲ ချင်ခင်လေးစားလိုက်ကြတာ။ 'ဒီအလုပ်မျိုး အသိနောက်ကျလိုက်တာ'လို့ စိတ်ထဲမှာဖြစ်လာတယ်။ ဒီလောက်ကောင်းမှန်းသိသွားတော့ ဒီအလုပ်ကို တစ်ရက်မှမလွှတ်ချင်တော့ဘူး။ တရားဆိုတာ ဒီလိုပါပဲ။ လုပ်ဖြစ်ဖို့ပဲလိုပါတယ်။ လုပ်မိရင် တရားကအစွမ်းပြသွားတာဖြစ်လို့ မလွှတ်နိုင်လောက်အောင် ဆွဲဆောင်တတ်စမြဲပါ။

နောက်ဆုံး နှလုံးသားထဲဘုရားတည်တဲ့ကျေးဇူးကြောင့် စောစောကမြေအမှုလုပ်ခဲ့တဲ့ လူရှုပ် ကတောင်ကိုယ်တိုင်လာပြီး တောင်းပန်ရပါတယ်။ 'ကိုဖိုးထိန်ရယ်၊ ဘုရားတည်မှာမှန်းသိရင် ကျွန်တော် မြေကြီးပေးမှာပေါ့၊ ကျွန်တော်စောစောက ဒီလိုမှန်းမှမသိပဲ၊ ကဲ-ကဲ ကိုဖိုးထိန် ဘုရားတည်မှာဆို မြေကြီးကိုယူပါဗျာ၊ ကျွန်တော် ပြောမှားဆိုမှားပြုမှားရှိရင်လဲ အားလုံးခွင့်လွှတ်ပါ၊ လေးလေးစားစား တောင်းပန်ပါတယ်'တဲ့။ လောကမှာ တရားလောက်စွမ်းတာဟာ တရားပဲရှိပါတယ်။ အဆိုးကို အကောင်းအဖြစ် ပြောင်းပေးနိုင်ဖို့ တရားပေါ်လာတာပဲ မဟုတ်ပါလား။ တရားကလွဲလို့ လောကကို နိုင်တဲ့အရာမရှိပါဘူး။

ဒီလိုဆိုတော့ ဖိုးထိန်က 'အား--မြေမလိုတော့ပါဘူးဗျ၊ ကျွန်တော်ဘုရားတည်ပြီးပါပြီ'လို့ ပြန်ပြောသတဲ့။

'အော်--ကိုဖိုးထိန်၊ ဘယ်နေရာများ သွားတည်လဲဗျာ၊ ခင်ဗျားတည်တဲ့ဘုရားကိုလဲ ကျွန်တော် မမြင်ရပါလား'

'ကျုပ်နှလုံးသားထဲ ဘုရားတည်ပြီးပြီလေ၊ ကျုပ်နှလုံးသားထဲမှာ ဘုရားရှိတယ်၊ တရားရှိတယ်၊ သံဃာလဲရှိတယ်၊ မေတ္တာတွေတောင် ထည့်ထားတယ်ဗျ၊ ကျွန်တော်ဟာ စောစောက ခင်ဗျားနှင့် ရန်ဖြစ်ခဲ့တဲ့ ဗလချာဖိုးထိန်မဟုတ်တော့ဘူးဗျ၊ ရတနာဖိုးထိန်ဖြစ်နေပါပြီ၊ ခင်ဗျားအပေါ် ကျွန်တော်မှားခဲ့တာရှိရင်လဲ အားလုံးခွင့်လွှတ်ဖို့ အနူးအညွတ်တောင်းပန်ပါတယ်ခင်ဗျာ '

သူတည်တဲ့ဘုရားက နှလုံးသားထဲ တိုက်ရိုက်တည်တာဆိုတော့ ချက်ချင်းစွမ်းအားက တက် နေတာကိုး။ မြေကြီးပေါ်တည်တဲ့ဘုရားက အာရုံမပြုရင် ဘာမှတတ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ဖိုးထိန်က 'ကျွန်တော့်နှလုံးသားထဲ ဘုရားတည်ပြီးပြီ၊ ခင်ဗျာ့မြေကြီး ကျုပ်မလိုချင်တော့ဘူး'တဲ့။

'ဟာ--ဒီလိုမလုပ်ပါနဲ့၊ ကိုဖိုးထိန်ရယ်၊ ကျွန်တော်လဲကုသိုလ်ရအောင် မြေကြီးကိုယူသာယူပါ၊ မြေကြီးပေါ်မှာလဲ ဘုရားတည်ပေးပါဦးဗျာ၊ ကျွန်တော်မှားတာလဲ ခွင့်လွှတ်ပါ'လို့ပြောပြီး မြေကြီးကို အတင်းလာပေးသတဲ့။ နှလုံးသားဘုရားမတည်ခင်တုန်းက ရန်လုပ်နေတဲ့လူတောင်မှ နှလုံးသားမှာ ဘုရားတည်လိုက်တော့ လာပြီး ကျိုးကျိုးနွံနွံပေးရရှာတယ်။

ဒီတော့ဖိုးထိန်ကလဲ 'မြေကြီးရတော့လဲ တည်ရမှာပေါ့'ဆိုပြီး သူရည်မှန်းထားတဲ့အတိုင်း မြေပေါ်မှာလဲ ဘုရားတည်လိုက်ပါသတဲ့။ ဖိုးထိန် မြေကြီးပေါ်ဘုရားတည်နိုင်တာဟာ နှလုံးသား ဘုရားတည်လိုက်တဲ့ စွမ်းအားကြောင့်ပါ။ စောစောက နှလုံးသားဘုရားမတည်ပဲ မြေကြီးပေါ်တည်မယ်လုပ်တုန်းက ရန်လုပ်နေခဲ့လို့ အလုပ်မှ မဖြစ်ခဲ့ပဲ။ မုန်းသူက ပြန်ချစ်လာရတာကလဲ မေတ္တာအစွမ်းကြောင့်ပါ။ သူများအတွက် ပြောပြနေခြင်းဟာ ကိုယ့်အတွက် လမ်းညွှန်သင်ခန်းစာပါ။

ချုံးပြောလိုက်တော့ စိတ်နှလုံးထဲ ဘုရားဂုဏ်ကို စူးစူးစိုက်စိုက် လေးလေးနက်နက်ထားပြီး အာရုံယူနေပွားထုံနေရင် နှလုံးသားဘုရားတည်နေတာပါ။ မြေပေါ် ကျောင်းပေါ် အိမ်ပေါ်မှာ တည်ထားတဲ့ဘုရားကို မိမိရဲ့ခံတွင်းမှတစ်ဆင့် စိတ်နှလုံးထဲထိရောက်အောင် တည်ထားရမှာပါ။ နှလုံးသားဘုရားတည်နေရင် အကောင်းဆုံးအဆောင်ကို ဆောင်ထားတာဖြစ်လို့ ဘေးရန်အပူကင်းပြီး ကိုယ်ရောစိတ်ပါ ကြည်သာရွှင်လန်းချမ်းမြေ့ရမှာသေချာပေါက်ပါ။



www.burmeseclassic.com

www.burmeseclassic.com


## ၂။ အသိမှန်ကန် မောင်ဖိုးညာဏ်

■ လူ့နှလုံးသား၊ တရားမပါ၊ လူဗလာ၊ ကြီးပါသော်လည်း အားမတက်။

■ နှလုံးသားဝယ်၊ ဘုရားတည်(တယ်)၊ လူငယ်သော်လည်း စွမ်းအားတက်။

'နှလုံးသားဘုရားတည်' ဆိုတဲ့ အကြောင်းအရာကို မြတ်စွာဘုရားရာဇဂြိုဟ်မြို့ ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် မြန်မာနာမည်နဲ့ မောင်ဖိုးညာဏ်ဆိုတဲ့ ချာတိတ်ကလေး တစ်ယောက်ကို အကြောင်းပြုဟောတော်မူခဲ့ပါတယ်။ ဖိုးညာဏ်ဟာ မိစ္ဆာဒိဋ္ဌိဖြစ်နေကြတဲ့ ဦးကံ-ဒေါ်တန် တို့ရဲ့သားဆိုတော့ စောစောက မိစ္ဆာဒိဋ္ဌိပါ။ ရတနာသုံးတန် ကံ, ကံရဲ့အကျိုးကို လက်မခံသေးပါဘူး။

နောက်ပိုင်း သမ္မာဒိဋ္ဌိကလေးသူငယ်တွေနှင့်ပေါင်းသင်းဆက်ဆံတာများတော့ သူ့အဖော် တွေနှင့်အတူ ဘုရားကျောင်းကန်ရောက်လိုက် တရားပွဲရောက်လိုက်နဲ့ မသိမသာ တရားလမ်းကြောင်းပေါ် ရောက်လာခဲ့ပါတယ်။ အကြောင်းအားလျော်စွာ သူ့မိဘက မိစ္ဆာဒိဋ္ဌိဖြစ်နေလို့သာ သူက မိစ္ဆာဒိဋ္ဌိဖြစ်နေရပေမယ့် 'ဖိုးညာဏ်' ဆိုတဲ့အတိုင်း သူကညာဏ်ရှိသူပါ။

ကလေးပေါက်စဖြစ်ပေမယ့် စဉ်းစားနိုင်းချိန် ချင့်ချိန်ချိန်တွယ်တတ်တဲ့ အသိညာဏ်ရှိတယ်။ 'တရားတွေက ယုံကြည်ရုံ ကိုးကွယ်ရုံနဲ့ပြီးတာမဟုတ်၊ လက်တွေ့လုပ်ကြည့်ရင် လက်ငင်းစွမ်းအားတက်ပြီး ချမ်းသာစေတတ်ပါတကား'လို့ ဖိုးညာဏ် အမြင်ရှင်းလာတယ်။

သမ္မာဒိဋ္ဌိ ကလေးသူငယ်တွေနှင့် ပေါင်းသင်းဖန်များလာတော့'နမော ဗုဒ္ဓဿ'ဆိုတဲ့ ဘုရား ရှိခိုးတစ်ပုဒ် ရလာတယ်။ တိုသလောက် အံ့ဖွယ်စွမ်းအားပြည့်ဝတဲ့ဘုရားရှိခိုးပါ။ အတိုဆုံး နှလုံးသားဘုရားတည်နည်းလဲ ဖြစ်ပါတယ်။ အပေါင်းအသင်းကောင်းတွေကြောင့် 'နမော ဗုဒ္ဓဿ'ရဲ့ အဓိပ္ပါယ်ကိုလဲ ကောင်းကောင်း သိရှိနားလည်ခွင့်ရခဲ့တယ်။ အရွယ်ငယ်ပေမယ့် အသိကကြွယ်လာတယ်။ အသိကြွယ်လာသလောက် တရားလမ်းကြောင်းပေါ် ရောက်လာတယ်။ နေ့စဉ်မပျက် နှလုံးသားဘုရားတည်နေတယ်။

အရှိန်အဝါတက်လာတယ်။ ပတ်ဝန်းကျင်က လေးစားလာကြတယ်။ အသိပညာလဲ တိုးတက်လာတယ်။ အယုတ်စွဆုံး အခြားကလေးများနှင့်ကစားတာတောင် 'နမော ဗုဒ္ဓဿ'လို့ နှလုံးသားဘုရားတည်ပြီးကစားရင် ကိုယ်ကချည်း ပွဲတိုင်းနိုင်လာတာတွေရတယ်။ စိတ်နေစိတ်ထား သန့်စင်မွန်မြတ်လာတယ်။ မေတ္တာပို့နည်းလေး တွေပါရလာလို့ မေတ္တာပို့နေရတာ လောကမှာ ဘာနှင့်မှ မလဲနိုင်တဲ့ ငြိမ်းချမ်းပျော်ရွှင်အားတက်မှုတွေ လက်တွေ့ရလာခဲ့ပါတယ်။ ပညာသင်ရတာလဲ အလွန်ညာဏ်ပွင့်နေတာ လက်တွေ့ဖြစ်လာတယ်။

## ၃။ အေးမြရွှင်ပြုံး လူ့နှလုံး

၇-နှစ်, ၈-နှစ်ဝန်းကျင်အရွယ်လောက်သာရှိသေးတဲ့ ဖိုးညာဏ်ကလေးဟာ တရားကို လက် တွေ့လုပ်ရင်း နှလုံးသားဘုရားတည် တတ်လာတယ်။ ရတနာသုံးပါးဆည်းကပ် မြတ်နိုးတတ်တယ်။ မေတ္တာလဲပို့တတ်တယ်။ လူကြီးလေးလို့ ဆိုရမှာပေါ့။ အပေါင်းအသင်းကောင်းတွေရဲ့ ကျေးဇူးကြောင့်ပါ။ အပေါင်းအသင်းကောင်းဟာ ပေါင်းသင်းဆက်ဆံမှီခိုတတ်ရင် တကယ်တိုးတက်စေတတ်စမြဲပါ။

ဖိုးညာဏ်ဟာ ရတနာသုံးပါးအစွမ်း တကယ်သိသွားတော့ လက်မလွှတ်နိုင်တော့ဘူး။ တစ်နေ့တော့ ဖိုးညာဏ်ဟာ သူ့အဖေဦးကံနှင့်အတူ တောထဲထင်းခုတ်သွားတယ်။ ထင်းတွေ လှည်းထဲထည့်ပြီးပြန်လာတဲ့အခါ သင်္ချိုင်းကုန်းတစ်ခုအနီးရောက်တော့ အရိပ်လဲကောင်း ရေနှင့်မြက်လဲပေါတာနဲ့ လှည်းချွတ် နွားတွေလွှတ်ပြီး အနားယူကြတယ်။ ကြိုးမချည်ပဲ လွှတ်ထားတဲ့နွားတွေဟာ စိတ်ကြိုက်မြက်တွေစား, ရေလဲအဝသောက်ပြီး အရှင်သခင်တွေအိပ်ပျော်နေစဉ်း အိမ်ပြန်သွားကြတယ်။ သားအဖနှစ်ယောက်လဲ ခဏရယ်လို့အိပ်လိုက်တာ မောပန်းလွန်းတော့ တော်တော်ကြာအောင် အိပ်ပျော်သွားကြတယ်။ အိပ်ရာမှထကြည့်လိုက်တော့ နွားနှစ်ကောင် လုံး မရှိတော့ဘူး။

ဦးကံက 'သားလေးဖိုးညာဏ်ရေ--- နွားတွေ အိမ်ပြန်သွားကြပြီထင်တယ်ကွယ့်၊ လှည်းက နွားမပါဘဲလဲ



www.burmeseclassic.com

www.burmeseclassic.com


သွားမှာ မဟုတ်ဘူးကွ၊ တို့သားအဖလဲ လှည်းမရုန်းနိုင်ဘူး၊ သားလေးဒီမှာ ခဏစောင့်နေရစ်နော်၊ အဖေအိမ်ပြန်နွားတွေသွားယူလိုက်ဦးမယ်'ဆိုပြီး အိမ်ပြန်သွား၊ နွားနှစ်ကောင် အိမ်မှာပဲ တွေ့ရလို့လှည်းရှိရာပြန်ယူလာခဲ့တယ်။ တော်တော်ဝေးတော့ မိုးချုပ်သွားလို့ မြို့တံခါးပိတ်သွားတယ်။ ဦးကံပြန်ထွက်လို့မရတာနဲ့ နွားနှစ်ကောင်ပြန်ယူပြီး အိမ်ကိုပြန်သွားရပါတယ်။ ဦးကံနှင့် ဒေါ်တန်ဟာ သားကလေးကိုစိတ်မချတာနဲ့ တစ်ညလုံးအိပ်လို့ မပျော်ရှာကြပါဘူး။

လှည်းနဲ့ကျန်ရစ်ခဲ့တာက ဖိုးညဏ်လေးတစ်ယောက်တည်း အရွယ်ကလေးက ငယ်ငယ်, နေရာက အန္တရာယ်အလွန်ပေါတဲ့သင်္ချိုင်းကုန်း, အချိန်ကညအခါ, တစ်စတစ်စညဉ့်နက်လာတယ်။ ကြောက်တတ်သူအတွက် အိပ်ပျော်မှာမဟုတ်ပါဘူး။

## ၄။ အသိလက်ဦး စွမ်းရည်ထူး ဘီးလူးကပင် လေးစားရ

အဖေ လာနိုးလာနိုးနဲ့ မျှော်နေရပေမယ့် အဖေပြန်မလာတော့ လှည်းအောက်မှာ ဖိုးညဏ် အိပ်လိုက်ပါတယ်။ သူအမှတ်တမဲ့မအိပ်ဘူး။ အိပ်ခါနီးဘုရားရှိခိုးလို့ 'နမော ဗုဒ္ဓဿ'ကို သေသေချာချာရွတ်လို့ မေတ္တာပို့လို့ နှလုံးသားဘုရားတည်ပြီးအိပ်တယ်။ လူငယ်ပေမယ့် နှလုံးသားက ရတနာနှလုံးသားဖြစ်နေတယ်။ ဒါနဲ့အိပ်ပျော်သွားတယ်။

သင်္ချိုင်းကုန်းမှာသစ်ပင်ကြီးနှစ်ပင်ရှိတယ်။ ဒီဖက်သစ်ပင်ပေါ်မှာ ဘီလူးကြီးဖိုးချွန် နေတယ်။ အသိထူးချွန်လို့ ဖိုးချွန်လို့ခေါ်တာပါ။ ဟိုဖက်သစ်ပင်ပေါ်မှာတော့ ဘီလူးကြီးဖိုးလွန် နေတယ်။ လွန်ကိုလွန်လွန်းလို့ ဖိုးလွန်ခေါ်တာ။

ဖိုးညဏ်ကလေး အိပ်ပျော်သွားတော့ ဟိုဖက်သစ်ပင်ပေါ်မှာရှိနေတဲ့ ဖိုးလွန်က ဖိုးချွန်ကို လှမ်းခေါ်လိုက်တယ်။

'ဟေ့-ဖိုးချွန်' ' ဘာတုန်းကွ ဖိုးလွန်' ' ဟိုလှည်းအောက်မှာ ကလေးလေးဟ'

'ကလေးလေးကို ဘာလုပ်ချင်လို့တုန်းဖိုးလွန်' 'စားရမှာပေါ့ကွ' 'ဖိုးလွန်ရေ--ဒီကလေးက စားရမယ့်ကလေးမဟုတ်ဘူးကွ' 'ဘာဖြစ်လို့တုန်းဗျာ' 'ဖိုးလွန်ရေ-- ငါ အကဲခတ်နေတယ်ကွယ်၊ သူအမှတ်တမဲ့မအိပ်ဘူး၊ အိပ်ခါနီးပါးစပ်ကရွတ်လိုက်တာစုံလို့၊ ရှိခိုးလိုက်တာလဲ အကြိမ်ကြိမ်ပဲ၊ ဒီကလေးကိုတော့ မင်းမစားပါနဲ့ကွာ' 'ဖိုးချွန်ရယ်--မင်းသတ္တိညံ့လိုက်တာ၊ ကိုယ့်ပါးစပ်ပေါက် ရောက်လာတာတောင် မစားရဲဘူး၊ တယ်ပြီး အကြောင်းပြလှချည်လား၊ ကဲ-မင်းမစားရင်လဲ ငါစားရမှာပေါ့'

ဖိုးလွန်တစ်ယောက် တားမရဘူး။ သစ်ပင်ပေါ်ကဆင်းလာပြီး လှည်းအောက်မှာအိပ်နေတဲ့ ဖိုးညဏ်ကလေးရဲ့ ခြေထောက်ကို စားမလို့သွားဆွဲတော့ ထုံနေအောင် နှလုံးသားဘုရားတည်ထားတဲ့ ဖိုးညဏ်ကလေးပါးစပ်က 'နမော ဗုဒ္ဓဿ'လို့ယောင်ပြီး ဆိုလိုက်မိတယ်။ 'တပည့်တော်ဟာ တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်ကို ရှိခိုးပါတယ်ဘုရား' တစ်နည်းအားဖြင့် 'တပည့်တော်ရဲ့နှလုံးသားမှာ ဘုရားတည်ပါတယ်ဘုရား'လို့ အဓိပ္ပါယ်ရတယ်။ ဆိုလိုတာကတော့ 'အို--ဘီလူးကြီး. . . ကျွန်ုပ်ကို ချာတိတ်ကလေး, ကလေးပေါက်စလေးဆိုပြီး အထင်မသေးနဲ့လေ၊ ကျွန်ုပ်နှလုံးသားမှာ သင့်ထက်အဆများစွာ တန်ခိုးအရှိန်အဝါကြီးတဲ့ဘုရားရှိတယ်၊ ကျွန်ုပ်မှာ အားကိုးစရာအဖော်ရှိတယ်'ပေါ့။

ပါးစပ်တင်ထွက်သွားတဲ့ ဗုဒ္ဓမဟုတ်ဘူး။ နှလုံးသားမှာတည်ထားတဲ့ဘုရားဆိုတော့ ဘီလူးကြီး ဖိုးလွန်ဟာ ကြောက်အားလန့်အားနဲ့ ကယောင်ကတမ်းနောက်ဆုတ်ချလိုက်တယ်။ ဒီတော့ ဖိုးချွန်က ပြောကောင်းတာပေါ့။ 'ဒီကလေးဟာ စားရမယ့်ကလေးမဟုတ်ပါဘူးလို့ ငါမပြောဘူးလားဖိုးလွန်၊ ကဲ--ပြောတာနားမထောင်လို့ မင်းကို ဒဏ်ပေးရမယ်၊ ကဲ--ဘုရင့်နန်းတော်ထဲမှာ အကောင်းဆုံးစားစရာတွေသွားယူ၊ ရွှေခွက်နဲ့ထည့်ယူခဲ့၊ ဒီကလေးကို ကျွေးရမယ်' ဖိုးလွန်လဲမှားသွားတော့ ဒဏ်ထမ်းရတာပေါ့။ ဘုရင်နန်းတော်ထဲ တန်ခိုးနဲ့ဝင်၊ ရှင်ဘုရင်စားမယ့် စားစရာတွေ ရွှေခွက်နဲ့ထည့်, သင်္ချိုင်းကုန်းကိုယူလာပြီး ဖိုးချွန်နှင့်ဖိုးလွန်နှစ်ယောက် မိဘယောင်ဆောင်ပြီး ဖိုးညဏ်ကလေးကိုကျွေးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


မှောင်နေတဲ့ညအခါဆိုတော့ ဖိုးညဏ်က ဘီလူးတွေလို့မထင်ဘူးတဲ့၊ အဖေနှင့်အမေ စားစရာ လာကျွေးကြတယ်လို့ထင်ပြီး စိတ်ချလက်ချမကြောက်ပဲ စားသောက်ပါသတဲ့။

စဉ်းစားကြည့်ပေါ့။ နှလုံးသားဘုရားတည်လိုက်တဲ့အစွမ်းကြောင့် အန္တရာယ်ပြုတတ်တဲ့ ဘီလူးတောင်မှ မိဘယောင်ဆောင်ပေးရတယ်။ ကြောက်စရာဘီလူးလို့တောင် မထင်လိုက်ရဘူး။ နှလုံးသားဘုရားမတည်ခဲ့ရင် ဖိုးညဏ်ကလေး ဘီလူးစာဖြစ်သွားမှာသေချာပြီးသားပါ။ ဖိုးညဏ်ဟာ မိဘအမှတ်နဲ့ပဲ မကြောက်မရွံ့စားပြီး ပြန်အိပ်ပျော်သွားတယ်။ ဘီလူးကြီးနှစ်ကောင်ဟာ ကလေးကို ပစ်မထားခဲ့ဘူး။ အခြားအန္တရာယ်မရောက်ရအောင် တစ်ညလုံးစောင့်ရှောက်ပေးကြတယ်။ ရန်လုပ်တတ်တဲ့ အန္တရာယ်ကောင်တွေက အန္တရာယ်မရောက်ရအောင် ပြန်စောင့်ရှောက်ပေးရတယ်ဆိုတဲ့ အံ့ဖွယ်စွမ်းအားဟာလဲ နှလုံးသားဘုရားတည်တဲ့ကြောင့်ပါ။

မိုးလင်းခါနီးထိတစ်ညလုံးစောင့်ရှောက်ပြီး ရွှေခွက်မှာစာရေးခဲ့တယ်။ 'ဒီရွှေခွက်ကို ဒီကလေးခိုးတာမဟုတ်၊ ဒီကလေးရဲ့နှလုံးသားဘုရားတည်တဲ့အစွမ်းကြောင့် ကြည်ညိုလေးစားလွန်းလို့ ဘီလူးကြီးတွေယူပေးတာ၊ ကလေးမှာ ဘာမှအပြစ်မရှိ' ဆိုတဲ့အကြောင်း ရွှေခွက်မှာစာရေးတယ်။ ပြီးတော့' ဒီစာကို ပိုင်ရှင်ဘုရင်ကလွဲရင် ဘယ်သူမှမမြင်စေသတည်း'လို့ ဘီလူးတန်ခိုးနဲ့အဓိဋ္ဌာန်ပြီး ဖုံးထားလိုက်တယ်။ တန်ခိုးဆိုတော့လဲ ဖြစ်ချင်တာဖြစ်နိုင်မှာပေါ့လေ။ ပြီးတော့ ဘီလူးနှစ်ကောင် ပျောက်ကွယ်သွားကြတယ်။

မနက်လင်းတော့ နန်းတော်မှာ ရွှေခွက်ပျောက်လို့ဒေါင်းတောက်အောင် ပြာလောင်ခတ်ရှာနေကြတယ်။ နောက်ဆုံးမြို့ပြင်ထွက်ရှာ၊ သင်္ချိုင်းကုန်းနားကလှည်းပေါ်မှာသွားတွေ့၊ အနားမှာ လူကိုလိုက်ရှာတော့ ဖိုးညဏ်ကလေးကိုပဲသွားတွေ့၊ ဖိုးညဏ်ကလေးကိုဖမ်းပြီး နန်းတော်ခေါ်သွား၊ နန်းတော်ရောက်တော့ ရှင်ဘုရင့်လက်ထဲ ရွှေခွက်အပ်တယ်။ ရှင်ဘုရင်က ရွှေခွက်ကိုကြည့်လိုက်တာနဲ့ စာကိုတွေ့လို့အကြောင်းသိသွားတယ်။

ဒီအချိန်မှာ ဦးကံနှင့်ဒေါ်တန်တို့လဲ သားလေးဆီလာရင်း သားလေးနန်းတော်ရောက်နေတယ်ကြားလို့ နန်းတော်ထဲလိုက်သွားကြတော့ သားအမိ သားအဖ ၃-ယောက်လုံး နန်းတော်မှာဆုံမိကြတယ်။

ရှင်ဘုရင်က ဖိုးညဏ်ရဲ့စွမ်းရည်ကိုသိသွားတော့ သိပ်လေးစားလွန်းလို့ ၃-ယောက်လုံး ဘုရားထံခေါ်သွားတယ်။ နှလုံးသားဘုရားတည်တဲ့အစွမ်းကြောင့် ၇-နှစ်, ၈-နှစ်အရွယ် ဖိုးညဏ်ကလေးကို ဘီလူးကြီးတွေကလဲ လေးစားရတယ်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ ရှင်ဘုရင်ကတောင် လေးစားရတယ်။

ဘုရားထံရောက်တော့ ရှင်ဘုရင်ကပဲ ဘုရားကိုလျှောက်တယ်။ 'မြတ်စွာဘုရား-- ဘုရားဂုဏ်ကိုပွားရင် အန္တရာယ်ကင်းစေနိုင်တယ်ဆိုတာ ဟုတ်မှန်ပါသလားဘုရား၊ ဘုရားဂုဏ်ပွားများတဲ့စွမ်းအားသာ အန္တရာယ်ကင်းစေနိုင်ပါသလားဘုရား၊ အခြားအရာတွေကကော အန္တရာယ်ကင်း စေနိုင်သေးသလားဘုရား'လို့မေးတော့ ဘုရားက 'ဘုရားဂုဏ်ပွားတာလဲ အန္တရာယ်ကင်းစေနိုင်တယ်၊ အခြားကျန်တဲ့ ၅-မျိုးလဲ အန္တရာယ်ကင်းစေနိုင်တယ်'လို့ဆိုပြီး နှလုံးသားဘုရားတည်မှုနဲ့ ပတ်သက်လို့ တရား ၆-မျိုးဟောကြားတော်မူတယ်။ အဖွှာသယအားလျော်စွာအရာဌာနလိုက်ပြီး ၆-မျိုး ဟောတာပါ။

(၁) ဘုရားဂုဏ်ကို အာရုံပြုပွားများတာ၊

(၂) ဘုရားလို့ပြောလိုက်ရင် တရားနှင့်မကင်းနိုင်တာဖြစ်လို့ တရားဂုဏ်ကို အာရုံပြုပွားများတာ၊

(၃) ဘုရားလို့ပြောလိုက်ရင် သံဃာလဲ ဘုရားရဲ့တပည့်ပဲဖြစ်တော့ မကင်းနိုင်တာဖြစ်လို့ သံဃာ့ဂုဏ်ကို အာရုံပြုပွားများတာ၊ အရိယာသံဃာကို ပဓာနထားပြောလိုက်ရင် ကလျာဏပုထုဇဉ် သံဃာလဲပါရမှာပဲ၊

(၄) ၃၂-ကောဋ္ဌာသကို သမာဓိရအောင် စူးစိုက်ပွားများတာရယ်၊ တစ်နည်းအားဖြင့် မိမိကိုယ်မှာ ဖြစ်တိုင်းဖြစ်တိုင်း သတိမပြတ်ရှုမှတ်ပြီး ဝိပဿနာထိပွားများတယ်၊

(၅) ဒုက္ခရောက်နေတဲ့သတ္တဝါတွေ ဒုက္ခလွတ်ကြပါစေလို့ ကရုဏာပွားများတာရယ်၊

(၆) ပြီးတော့ သတ္တဝါအားလုံး ချမ်းသာကြပါစေလို့ မေတ္တာပို့လွှတ်ပွားများတာရယ်၊ ဒီ ၆-မျိုးကို ဟောပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုပမာနထားလို့ 'နှလုံးသားဘုရားတည်'လို့ ပြောရတာပါ။ တကယ်တော့ ၆-မျိုးလုံး တရားအလုပ်မှန်သမျှ ဘယ်အလုပ်ပဲလုပ်လုပ် ဘုရားလမ်းညွှန်ချက်အတိုင်း လေးလေးနက်နက် ယုံယုံကြည်ကြည်လုပ်ရင် နှလုံးသားဘုရားတည်တယ်လို့ပဲ ဆိုရပါတယ်။

ဘုရားက ဒီ ၆-မျိုးကို ဝိပဿနာအသိတွေထိပြပြီး တရားဟောလိုက်တဲ့အခါ ဖိုးဥ ၁၈ဏ်တို့ သားအမိသားအဖ ၃-ယောက်လုံး ခန္ဓာဉာဏ်စိုက်ပြီး တရားနာလိုက်ကြတာ၊ ၆-ဂါထာလဲပြီးရော ၃-ယောက်လုံး သောတာပန် ဖြစ်ကုန်ကြတယ်။ ဟန်ကျလိုက်တာ။

သားလေးတစ်ယောက် နှလုံးသားဘုရားတည်လိုက်တာနဲ့ မိစ္ဆာဒိဋ္ဌိမိဘများဖြစ်တဲ့ ဦးကံ-ဒေါ်တန် တို့တောင် သမ္မာဒိဋ္ဌိတွေဖြစ်ကုန်တယ်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ တင်မကတော့ပဲ မဂ်ဖိုလ်သမ္မာဒိဋ္ဌိ အဆင့်ထိရောက်သွားကြတယ်။ နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုရတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တွေဖြစ်သွားကြတယ်။ သားလေးကရှေ့က၊ အဖေနှင့်အမေက နောက်လိုက်တွေဖြစ်ကုန်တယ်။

သောတာပန်ဖြစ်ပြီး နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုရပြီဆိုတော့ တရားမှာမွေ့လျော်လွန်းလို့ တရားအပေါ် ယုံကြည်လွန်းလို့ ၃-ယောက်လုံးပဲ သာသနာဝင်လိုက်ကြပါတော့တယ်။ အဖေ နှင့်အမေက ရဟန်းပြု သားကရှင်ပြု၊ တရားဆက်အားထုတ်လိုက်ကြတာ အားလုံးရဟန္တာဖြစ်ကုန်တယ်။ သိပ်အားရကျေနပ်စရာကောင်းတာပဲ။

တရား၆-မျိုးထဲက တစ်မျိုးမျိုးလက်ကိုင်ထားရင် ဘေးရန်မကြောက်ရဘူး။ အကောင်းဆုံး အဆောင်ကောင်းကို ဆောင်ထားသူဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်အတွက် လောကီဆေးဝါးကောင်း မန္တရားကောင်းတွေ ဘာမှဆောင်စရာမလိုတော့ဘူး။ မဂ်ဖိုလ်ရသည်ထိ စိတ်ချရတဲ့ အကောင်းဆုံး အဆောင်ကောင်းကို ဆောင်ထားပြီးသားပဲ။

## ၅။ တရားမြင်မှ ဗုဒ္ဓ,သံဃာမြင်နိုင်ပါ

- **တရားမမြင်၊ ဘုရားပင်၊မမြင်ကွယ်ပျောက်ပါ။**
- **တရားမြင်မှ၊ မြတ်ဗုဒ္ဓ၊ မုချမြင်နိုင်ပါ။**
- **ဘုရားမမြင်၊ တရားပင်၊ မမြင်ကွယ်ပျောက်ပါ။**
- **ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ။**
- **ဘုရားမမေ့၊ တရားမွေ့၊ ကြုံတွေ့သာသနာ။**
- **တရားမြင်သော်၊ သံဃာတော်လဲ၊ မြင်ရမြဲ၊ ထူးကဲရတနာ။**
- **နှလုံးသားဝယ်၊ ဘုရားတည်(တယ်)၊ တကယ်စွမ်းတဲ့လူသားပါ။**

လောကဟာ လူနောက်ကိုမလိုက်ပါဘူး။ လူကသာ လောကနောက်ကို မောနေအောင် လိုက်နေရပါတယ်။ လောကဆိုတာကလဲ စည်းသေဘောင်ခတ်ထားခြင်းမရှိ ပေါ်လိုက် ပျောက်လိုက်၊ မြင့်လိုက် နိမ့်လိုက်၊ တက်လိုက်ကျလိုက်၊ အေးလိုက် ပူလိုက်၊ တိုးလိုက် ဆုတ်လိုက်ဘာကိုမှ ပုံသေ ဆုတ်ကိုင်ထားလို့မရ။

လူက လောကကို ပိုင်ချင်တယ်။ လောက,က လူကို ဘာတစ်ခုမှအပိုင်မပေး၊ အမြဲတမ်း ပြက်ရယ်ပြုပြောင်လှောင်နေတယ်။ ပြုံးလိုက်မဲ့လိုက်၊ ရယ်လိုက်ငိုလိုက်နဲ့ လူက လောကနောက် ဒရွတ်တိုက်လိုက်နေရတယ်။ နောက်ဆုံးတော့ အပူလုံးကြွပြီး ချုံးချုံးငိုပွဲဆင်လိုက်ရတယ်။ နောက်ဆုံး ဘာတစ်ခုမှ ကိုင်စရာမရှိတော့ လူက လောကကို လုံးဝအရှုံးပေးလိုက်ရတော့တယ်။

ဒါ့ကြောင့် လောကကို ဘောင်ခတ်ပေးနိုင်တဲ့တရားဆိုတာ ဧကန်လိုအပ်လာတယ်။ လောကကိုနိုင်တဲ့အရာဟာ တရားတစ်ခုပဲရှိတယ်။ အဲဒီတရားကိုဖော်ထုတ်ပေးဖို့ ဗုဒ္ဓပေါ်လာရတာပါ။ ဗုဒ္ဓက တရားကို လမ်းညွှန် ဟောကြားပေးခဲ့တယ်။ တရားကြောင့်ပဲ ဗုဒ္ဓဟာ အရှိန်အဝါကြီးရတယ်။ တရားကို ရှေ့ဆုံးက လက်တွေ့ကျင့်သုံး လိုက်နာရင်း မပျောက်အောင်စောင့်ရှောက်ပေးရတဲ့ သံဃာဆိုတာလဲ ပေါ်လာရတယ်။



www.burmeseclassic.com

www.burmeseclassic.com


အချုပ်အားဖြင့်တော့ လူနှင့်တကွ သတ္တဝါအားလုံးအပူငြိမ်းပြီး ချမ်းသာကြဖို့ ရတနာသုံးပါး ပေါ်ပေါက်လာရခြင်းပါ။

စိတ်ထဲမှာအမြဲထားပြီး မြတ်နိုးလေးစားထိုက်လို့ ဗုဒ္ဓ ဓမ္မ သံဃာကို ရတနာလို့ခေါ်ပါ တယ်။ အမျိုးမှန်တဲ့ အဖိုးတန်လဲဖြစ်၊ အတူလဲမရှိ၊ တွေ့ကြုံဖို့လဲခက်ခဲ၊ အထက်တန်းစားပုဂ္ဂိုလ်များရဲ့ အသုံးအဆောင်လဲဖြစ်၊ တကယ်အားရှိစရာ, ပျော်စရာလဲဖြစ်၊ ဒါကြောင့်လဲ ရတနာဖြစ်ပါတယ်။ ရတနာဟာ ရတနာလို့ အခေါ်ခံထိုက်လောက်အောင် စွမ်းရည်ပြည့်စုံမှသာ ရတနာဖြစ်လာတာဖြစ်လို့ ရတနာဟာ ရတနာလိုပဲ အားကိုးရတာအမှန်ပါ။

မိမိတို့နေ့စဉ် မရိုးနိုင်မဝနိုင်အောင်ဆိုနေကြတဲ့ သရဏဂုံ ၃-ပါးမှာ အလယ်က 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဆိုတာ သာသနာကို ပြတယ်။ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဆိုတဲ့ တရား ၁၀-ပါးပါ။ ဓမ္မက္ခန်ဆိုတာ ပရိယတ်ကို ပြောတာပါ။ မဂ်ဖိုလ်နိဗ္ဗာန်ကတော့ ပဋိဝေဓပါ။ ပရိယတ်နှင့်ပဋိဝေဓကို ဆက်သွယ်ပေးတဲ့ပဋိပတ်ဆိုတာလဲ ပါသွားပါပြီ။ သိအောင်လေ့လာခိုက် ပရိယတ်ပါ။ လက်တွေ့ကျင့်ခိုက်မှာတော့ ပဋိပတ်ဖြစ်သွားပါတယ်။ ချိုတဲ့ ပန်းသီးလို့သိပြီးနောက် တကယ်စားတော့ တကယ်ချိုသလိုပါပဲ။ စာသိ-ကျင့်သိ-ထိုးထွင်းသိလို့ ပေါင်းလိုက်ရင် အသိ ၃-ပါး မြတ်တရားပါပဲ။

သာသနာဆိုတာ မြန်မာလိုတော့ အဆုံးအမလမ်းညွှန်ပါ။ သာသနာဆိုတာ လူတွေထားရမယ့် ရည်ရွယ်ချက်, လူတွေသွားရမယ့်လမ်းကြောင်း, လူတွေလုပ်ရမယ့်စည်းကမ်းမူဘောင်ကို သပ်သပ်ရပ်ရပ် ပြတ်ပြတ်သားသား သတ်မှတ်ပြတယ်။ ရည်ရွယ်ချက်မပါ လမ်းကြောင်းမရှိ အစီအစဉ်မပါပဲ ကြုံသလိုသွားနေသူဟာ မိမိရဲ့အဖိုးတန်လှတဲ့လူ့ဘဝကို ဖြုန်းပစ်နေသူပါ။

ရည်ရွယ်ချက်ဆိုတာ ပဋိဝေဓ(မဂ်ဖိုလ် နိဗ္ဗာန်), လမ်းကြောင်းဆိုတာ ပဋိပတ်(သိက္ခာ ၃-ပါး ကောင်းမှုတရား), စည်းကမ်းမူဘောင်ဆိုတာ ပရိယတ်(အချိန်တိုင်းအဖိုးတန်အောင် လုပ်ငန်းတိုင်း စွမ်းရည်ပါအောင် တိကျတဲ့လမ်းညွှန်ချက်)ပါပဲ။ ပရိယတ်ဆိုတာ ခရီးသည်လမ်းစဉ်ပြမြေပုံ ကားချပ်ကြီးပါ။

လူ့အလုပ်အားလုံး လူ့စွမ်းရည်ပါဝင်စေချင်ရင် လူ့အပူငြိမ်းချင်ရင် 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ဆိုတဲ့ သာသနာလမ်းကြောင်းပေါ် တက်ပေးပါ။ လူ့အလုပ်အားလုံး တရားနှင့်ပေါင်းမိချင်ရင်လဲ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' လမ်းကြောင်းပေါ်ပဲ တက်ရမယ်။ 'ဓမ္မံ သရဏံ ဂစ္ဆာမိ' ပြတ်သားသူအတွက် စားဝတ်နေရေး, လူမှုရေး အလုပ်အားလုံး အပူထုပ်မဟုတ်တော့ပဲ အံ့သြစရာကောင်းလောက်အောင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ ဖြစ်သွားမှာပါ။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'မှာပါတဲ့ ဗုဒ္ဓက သာသနာဖော်ထုတ်ပေးတဲ့ပုဂ္ဂိုလ်ကိုပြတယ်။ သာသနာကို ပစ္စေကဗုဒ္ဓါသာဝကများ ဖော်ထုတ်နိုင်စွမ်းမရှိပါဘူး။ တရားလုံးစုံ အကုန်သိမြင် ဗုဒ္ဓဘုရားရှင်တို့ရဲ့ အရာသာ ဖြစ်ပါတယ်။

ဘုရားရှင်ဟာ အကြောင်းလုံလောက်ပြည့်စုံအောင်- (၁) သတ်မှတ်ချက်အားလုံးပြည့်စုံရေး (၂) သတ်မှတ်ချက် စေ့စပ်သေချာရေး (၃) သတ်မှတ်ချိန် ပြီးစီးရေး (၄) သတ်မှတ်ချက် အရည်အသွေးပြည့်ဝရေး အတွက်အသက်ခန္ဓာကိုတောင်အရေးအတွက် မထားပဲ ကောင်းတာအားလုံး စွန့်လွှတ်အနစ်နာခံနိုင်တဲ့ အကြောင်းကောင်း ပြည့်စုံမှုကြောင့် (၁) ဥာဏ် (၂) အပူကင်းမှု (၃) စွမ်းရည် (၄) တင့်တယ်မှုဆိုတဲ့ အကျိုးကောင်းများ တုဘက်မရှိ ပြည့်စုံခဲ့ပါတယ်။ ဒါ့ကြောင့်လဲ အများကောင်းကျိုးအတွက် ဆောင်ရွက်တဲ့နေရာမှာ အံ့သြဖွယ်ကောင်းလောက်အောင် ပြည့်ဝတိကျသေချာလွန်းလှပါတယ်။

'သံဃံ သရဏံ ဂစ္ဆာမိ'မှာပါတဲ့ သံဃာဆိုတာ သာသနာစောင့်ရှောက်သူကိုပြတယ်။ သာသနာဟာ သူ့ဟာသူ အလိုအလျောက်တည်တာမဟုတ်ဘဲ စောင့်ရှောက်သူရှိမှတည်ပါတယ်။ မုချအားဖြင့် အရိယာသံဃာ, ဥပစာအားဖြင့် ကလျာဏပုထုဇဉ်ဆိုတဲ့ သမ္မုတိ သံဃာက သာသနာ မပျောက်အောင် စောင့်ရှောက်ပေးတယ်။ စောင့်ရှောက်တော့လဲ မကွယ်ပျောက်ရုံထိုင်ပြီး စောင့် ရှောက်နေတာမဟုတ်ပါ။ ကိုယ်တိုင်လဲကျင့်ကြံ ကြိုးကုတ်


www.burmeseclassic.com

www.burmeseclassic.com


ပွားများအားထုတ်တယ်။ ကိုယ်သိတဲ့အတိုင်း အများသိအောင်လဲ ဂုဏ်ပကာသန လာဘ်လာဘ ဘာမျှ မမျှော်လင့်ပဲ မေတ္တာကရုဏာစစ်စစ်နဲ့ဟောပြောပို့ချလမ်းညွှန်ဖြန့်ဝေပေးတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ တရားများကို လောကပစ္စည်းနဲ့ မလဲလှယ်ပဲ တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာကရုဏာနဲ့သာ ဖြန့်ဝေပေးကြပါတယ်။

ပြီးတော့ အလယ်က'ဓမ္မံသရဏံဂစ္ဆာမိ'မှာပါတဲ့ဓမ္မဟာ ဘုရားမရှိတဲ့နောက် ဗုဒ္ဓနှင့် သံဃာ မပျောက်အောင် အသက်ဂုဏ်သွင်းပေးပါတယ်။ အလယ်ကနေပြီး ရှေ့ကဗုဒ္ဓနှင့် နောက်ကသံဃာကို ချိန်ခွင်ပမာ ချင့်ချိန်ချိန်တွယ်ပေးတယ်။ အလင်းရောင် ညှိထွန်းပေးတယ်။ နှလုံးသားဘုရားတည်တတ်အောင် လမ်းညွှန်ပေးပါတယ်။

စေတီဆိုတာ ၄-မျိုးရှိတယ်။

**(၁)ပရိဘောဂစေတီ** - ဘုရားသက်တော် ထင်ရှားရှိတော်မူစဉ်က အသုံးပြုတော်မူခဲ့တဲ့ ဗောဓိပင်၊ ပြီးတော့ အုတ်ကျောင်းလို့ခေါ်တဲ့အုတ်စေတီတော် စသည်ပေါ့။

**(၂) ဓာတုစေတီ** - ဘုရားရဲ့အရိုးဓါတ်တော် စသည်တွေ၊

**(၃) ဥဒ္ဒိဿစေတီ** - သက်တော်ထင်ရှားဘုရားဂုဏ်ကို ရည်ရွယ်အာရုံပြုပြီး ပူဇော်ထုလုပ်ထားတဲ့ ရုပ်ပွားဆင်းတုတွေ၊

**(၄) ဓမ္မစေတီ** - 'ဓမ္မံ သရဏံ ဂစ္ဆာမိ'မှာပါတဲ့ ဓမ္မ၊ ပဓာနအားဖြင့် လမ်းညွှန်ပရိယတ္တိပါ။ ပရိယတ္တိလမ်းညွှန်ကြောင့် ကျင့်ကြံအားထုတ်နည်းကိုသိရတော့ လမ်းမှန်အတိုင်းကျင့်နိုင်လို့ ပဋိပတ္တိပေါ်လာတယ်။ ကျင့်ကြံအားထုတ်နည်းမှန်တဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန် ပဋိဝေဓကိုရတယ်။ ပြီးတော့ ဒီပရိယတ္တိလမ်းညွှန်ကြောင့်ပဲ ပရိဘောဂ, ဓာတု, ဥဒ္ဒိဿစေတီ၃-မျိုးကို အသက်ဂုဏ်သွင်းပြီး ကိုးကွယ်ပူဇော်တတ်တယ်။ နှလုံးသားဘုရားတည်တတ်တယ်။ ဓမ္မစေတီမရှိရင် ကျန်စေတီ ၃-ပါး ပျောက်သွားမှာပါ။

ဓမ္မပျောက်သွားရင် စေတီအားလုံးအုတ်ပုံကြီးတွေဖြစ်သွားတော့မှာ၊ တိုးလာသမျှ အုတ်ပုံကြီးတွေပဲ တိုးတော့မှာ၊ ဆင်းတုအားလုံးအရုပ်တွေဖြစ်ကုန်တော့မှာ၊ အရုပ်တွေချည်းပဲ တိုးတော့မှာပါ။ ရှေးဟောင်းပစ္စည်း အလှကြည့်သာကြည့်နိုင်တော့မှာဖြစ်တယ်။ ဘုရားအနေနဲ့ ကိုးကွယ်ပူဇော်တတ်မှာမဟုတ်တော့ဘူး။ ဓမ္မမပြတ်သားရင် ဗုဒ္ဓအပေါ်အမြင်မပြတ်သားတော့ဘူး။

အိမ်တစ်အိမ်မှာ မိခင်နှင့်သမီး သားအမိနှစ်ယောက်ရှိကြတယ်။ မိခင်ကသမီးကို နေ့တိုင်း ဘုရားရေကပ်, ပန်းကပ်, ဆွမ်းကပ်, ဆီမီးကပ်ဖို့ ပြောထားတယ်။ သမီးက ဘုရားဆွမ်းတော်ကပ်တဲ့အခါ လက်ဖက်ရည်ပန်းကန်ငယ်ငယ်လေးထဲမှာ ဇွန်းသေးသေးလေးနဲ့ ဆွမ်းတစ်ဇွန်းစာထည့်, ဇွန်းဖျားကလေးနဲ့ ဟင်းကလေးနဲနဲစီထည့်ပြီးတော့ ရေလေးနည်းနည်းရောထည့် ဘုရားရှေ့သွားပြီး ဆွမ်းတော်ကပ်လိုက်တယ်။

မိခင်ဖြစ်သူမြင်တော့ ပြောတယ်။ 'သမီးရယ်-- ဘုရားဆွမ်းတော်ကပ်တာ နည်းလှချည်လား၊ ဆွမ်းကလဲ ဇွန်းသေးသေးလေးနဲ့ တစ်ဇွန်းစာ၊ ဟင်းကလဲ ဇွန်းဖျားလေးနဲ့ တို့ရုံ ထိရုံလေး၊ ဒီလောက်ကလေးနဲ့ ဘုရားကမျှတမှာတဲ့လား'၊ ဒီတော့ သမီးက'အမေရယ်၊ ဘုရားက ဘုဉ်းပေးတာမှမဟုတ်ပဲ၊ အရုပ်ကြီးပဲ၊ နည်းနည်းလေးတောင်ကုန်အောင် မဘုဉ်းပေးနိုင်တာ၊ အများကြီးကပ်တော့ကော ဘာထူးမှာလဲ' တဲ့။

ဒီတော့ သူ့အဖြေရှင်းသွားပြီလေ။ သူဘုရားကို ဆွမ်းကပ်တာမဟုတ်ဘူး။ အရုပ်ကိုကပ်နေတာ သေချာသွားပြီ။ နှလုံးသားမှာ ဘုရားတည်နိုင်တဲ့စွမ်းရည် သူ့မှာမရှိတာလဲ သက်သေပြနေပြီ။

ဟုတ်ပါတယ်။ ဓမ္မပျောက်ရင်တော့ ဗုဒ္ဓပျောက်မှာသေချာပေါက်ပါ။ စေတီတွေ ရုပ်ပွား ဆင်းတုတွေကို အသက်ဂုဏ်သွင်းပေးတာက ဓမ္မပါ။ ဘုရားကို ဘုရားလိုမြင်အောင် ပြပေးတာလဲ ဓမ္မပါ။ ဓမ္မအမြင်ရှင်းသူများသာ နှလုံးသားဘုရားတည်နိုင်ကြပါတယ်။ တကယ်တော့ တရားမြင်မှပဲ ဘုရားမြင်မှာပါ။ စာသိ-ကျင့်သိ-ထိုးထွင်းသိဆိုတဲ့ အသိ၃-မျိုးမှာ အနည်းဆုံးစာသိတရားတော့ ရှိထားမှ ဘုရားမြင်အောင်ကြည့်တတ်မှာပါ။ တရားမြင်သလောက်သာ ဘုရားလက်ခံမှာပါ။



www.burmeseclassic.com

www.burmeseclassic.com


ပင်လယ်ရေကို ပေတံပေကြိုးနဲ့ ရေထဲချတိုင်းသူဟာ ပေတံပေကြိုးရှည်သလောက်သာ ရေအနက်ကို သိရမှာပါ။ ကိုယ့်မှာရှိတဲ့ ပေတံပေကြိုးရဲ့ အတိုင်းအတာထက်ပိုပြီး ပင်လယ်ရေအနက်ကို မသိနိုင်ပါဘူး။ အဲဒါမျိုးလိုပဲ အသိဉာဏ်ပေကြိုးရှိသလောက်သာ ဘုရားမြင်နိုင်မှာပါ။ အသိဉာဏ် ပေကြိုးရှည်အောင် ဓမ္မနဲ့ ဆန့်တန်းတတ်ဖို့လိုအပ်ပါတယ်။

ပြီးတော့ ဘုရားမြင်မှလဲ တရားမြင်မှာပါ။ တရားကိုတန်ဖိုးထားမှာပါ။ ဘုရားလဲမမေ့ တရားလဲမမေ့မှ သာသနာနှင့်တွေ့တယ်ခေါ်ပါတယ်။ ပိဋကစာအုပ်ကြား, သက်န်းပုံကြား, ဘုရားကျောင်းကန်ကြားထဲ သွားလာနေရုံနဲ့ သာသနာနှင့်မတွေ့သေးပါဘူး။ ဒါက သာသနာ့ အသုံးအဆောင်တွေပါ။ ရဟန်းသာမဏေ သံဃာတွေကြားထဲဝင်နေရုံနှင့်လဲ သာသနာနှင့် တွေ့တယ်မဆိုနိုင်သေးဘူး။ ဒါကလဲ သာသနာ့ဝန်ထမ်းတွေကြားထဲ ဝင်နေ တာပဲရှိသေးတယ်။ နှလုံးသား ဘုရားတရားရောက်မှပဲ သာသနာနှင့်တွေ့ခွင့်ရမှာဖြစ်တယ်။

'ဓမ္မံ သရဏံ ဂစ္ဆာမိ' ပြတ်သားမှပဲ သံဃာအပေါ် အမြင်ပြတ်သားမှာပါ။ တရား မြင်မှ သံဃာမြင်မယ်။ သမ္မုတိသံဃာအပေါ် အရိယာသံဃာရဲ့ဂုဏ်သွင်းပြီး ကိုးကွယ်လှူဒါန်း ပူဇော်တတ်ဖို့က တရားအမြင်ရှင်းဖို့ လိုတယ်။ တရားအမြင်မပြတ်သားရင် ဆွေဘုန်းကြီး မျိုးဘုန်းကြီး ရင်းနှီးတဲ့ဘုန်းကြီးလောက်ပဲ သဘောထားပြီး သူငယ်ချင်းသာသာလောက်ပဲ မြင်မိတတ်တယ်။ ဓမ္မပြတ်သားမှ သံဃာကို သံဃာလိုမြင်ပြီး သံဃာလို ကိုးကွယ် လှူဒါန်း ပူဇော်တတ်လိမ့်မယ်။ စာထဲမှာပြထားတဲ့ အကြောင်းအရာလေးတစ်ခုရှိတယ်။

နှလုံးသားမှာဘုရားတည်တတ်တဲ့ ဓမ္မအမြင်ပြတ်သားပြီး သဒ္ဓါတရားအလွန်ကောင်းတဲ့ ကျောင်းဒကာကြီး တစ်ယောက်ဟာ သံဃိကဆွမ်းအလှူ လှူချင်တဲ့ဆန္ဒဖြစ် လာတယ်တဲ့။ အရေအတွက်ကတော့ တစ်ပါးတည်းပဲ လှူချင်တာပါတဲ့။ ကျောင်းကိုသွားပြီး ဆရာတော်ကြီးထံ အလှည့်ကျ သံဃာတစ်ပါးကို သူ့အိမ်စေလွှတ်ပေးဖို့ လျှောက်တော့ အလှည့်ကျတစ်ပါးကို လွှတ်လိုက်တယ်။ အလှည့်ကျရဟန်းက သီလလုံးဝမရှိတဲ့ နယ်ကျော် ပယ်ကျော် အကျင့်ပျက်ကိုယ်တော်ကြီးဆိုပဲ။

ကျောင်းဒကာကြီးက အိမ်မှာ ရဟန္တာကို ဆက်ကပ်မယ့်ပုံစံမျိုးနဲ့ သံဃာ့ဂုဏ်အာရုံပြုပြီး အကောင်းဆုံး အမွန်မြတ်ဆုံးဖြစ်အောင် ချက်ပြုတ်စီမံနေတယ်။ နေရာထိုင်ခင်းကျကျနနခင်း, ပန်းတွေခင်းပြီး အားလုံးကိုစွပြီးလို့ အဆင်သင့်ဖြစ်တဲ့အခါ အိမ်ပေါက်ဝကနေ လက်အုပ်ချီပြီး သံဃာတစ်ပါးအလာကို စောင့် မျှော်ကြိုဆိုနေပါ တယ်။

မကြာမီ သီလမရှိတဲ့ကိုယ်တော်ကြီး သင်္ကန်းရုံကြွလာတာမြင်တော့ ဒီကိုယ်တော်ကြီးအကြောင်း ကောင်း ကောင်းသိထားပေမယ့် သဒ္ဓါလဲမပျက် မျက်နှာလဲမပျက်ဘူး။ စိတ်ထားလဲ မပြောင်းဘူး။ တကယ့်ရဟန္တာ ကြီးကြွလာသလို ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာအားရဆီးကြိုတယ်။

'ကြွတော်မူပါဘုရား၊ ကြွတော်မူပါဘုရား'

လို့ ကျကျနနပန်းခင်းထားတဲ့လမ်းအတိုင်း လက်အုပ်ချီပင့်သွားတယ်။ 'ဒီနေရာ သီတင်းသုံးတော်မူပါ ဘုရား'လို့လျှောက်၊ သေသေချာချာ ဦးသုံးကြိမ်ချကန်တော့ပြီးတော့ မွန်မြတ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်ကို အရိယာ သံဃာဂုဏ်အာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာလှူတယ်။ ဆွမ်းကပ်ပြီး ပြန်သွားတော့လဲ ဒီကိုယ်တော်ကြီးကို အိမ် ပေါက်ဝထိ လက်အုပ်ချီ ကျကျနနလိုက်ပို့ပြီး အိမ်ထဲပြန်ဝင်ခဲ့တယ်။

ကိုယ်တော်ကြီးက 'ဒီဒကာကြီးတော့ ငါ့ကို အသဲစွဲကြည်ညိုသွားပြီ'လို့ သူ့ကိုယ်သူ အတော်အထင်ကြီးသွား သတဲ့။ ညနေကျတော့ ကျောင်းမှာ ဆောင်ရွက်စရာကိစ္စတစ်ခုရှိလို့ ပေါက်တူးလိုတာနဲ့ မနက်ကဆွမ်းကပ်တဲ့ ဒကာကြီးအိမ်သွားပြီး အလှူခံပါတယ်။ ဒကာကြီးကမြင်တော့ ပေါက်တူးကို ခြေမနဲ့ညှပ်ပေးပြီး 'ရော့-ယူသွား၊ နောက်ထပ်မလာနဲ့'လို့ ပြောလွှတ်လိုက်တယ်။ ကိုယ်တော်ကြီး အတော်မျက်နှာပျက်အရှက်ရသွားတယ်။

မနက်က ဒီကိုယ်တော်ကြီးကို ဆွမ်းကပ်တာက သံဃာကစေလွှတ်တဲ့ သံဃာ့ကိုယ်စားလှယ်ဖြစ်လို့ သံဃာ့ဂုဏ်အာရုံပြုပြီး ရိုရိုသေသေလှူခဲ့တာပါတဲ့။ ညနေကျတော့ သံဃာက စေလွှတ်တာမဟုတ်ပဲ သူ့ကိစ္စနှင့် သူလာခဲ့တာလဲတစ်ကြောင်း, ဒီကိုယ်တော်ကြီး ဘာအကျင့်မှမရှိမှန်း သိထားတာလဲတစ်ကြောင်းကြောင့် နှိပ်ကွပ် တဲ့အနေနဲ့ ဒီကိုယ်တော်ကြီးနားလည်သွားအောင်လို့ မရိုမသေပေးတာပါတဲ့။ နှလုံးသားဘုရားတည်ထား သူဆိုတော့ ကာလ, ဒေသ, ပုဂ္ဂလကို ချင့်ချိန်တတ်တယ်ပေါ့။


www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် တရားအမြင်ပြတ်သားမှုလဲ သံဃာအပေါ်အမြင်ရှင်းမှာဖြစ်တယ်။ နှလုံးသားဘုရားတည် တတ်ရင် သံဃာလဲတည်တတ်ပြီးသားပါ။ ကောင်းမှုမျိုးစေ့ ကြဲချစိုက်ပျိုးရာ သံဃာအပေါ် အမြင်ပြတ်သားပြီး ဒါနကိုဒါနနှင့်တူအောင် လုပ်တတ်မယ်။ သီလ သမာဓိပညာကို လေးလေးနက်နက် အစစ်အမှန်ဖြစ်အောင် လုပ်တတ်မယ်။ ဓမ္မအစွမ်းကြောင့် ရုပ်ပွားဆင်းတုစေတီကိုလဲ အသက်ဂုဏ်သွင်းတတ်တယ်။ ဒုသီလရဟန်းကို တောင် သံဃာဂုဏ်သွင်းပြီး ကောင်းမှုရအောင် လိမ္မာပါးနပ်စွာယူတတ်ပါတယ်။ တရားအမြင်ရှင်းသူတိုင်း လိမ္မာပါးနပ် ကျွမ်းကျင်စမြဲပါ။

## ၆။ နှလုံးသားဝယ် ဘုရားတည်၍ (၄)သွယ်အကျိုးရ

- **ပညာကြီးလတ်၊ ဘုရားမြတ်၊ ဆည်းကပ်သူလဲ ဉာဏ်ကြီးပါ။**
- **အပူကင်းစင်၊ ဘုရားရှင်၊ ဦးတင်သူလဲ အပူကွာ။**
- **တန်ခိုးကြီးပြား၊ မြတ်ဘုရား၊ လေးစားသူလဲ တန်ခိုးဖြာ။**
- **ရုပ်ဆင်းသပ္ပါယ်၊ အံ့ဩဖွယ်၊ ကိုးကွယ်သူလဲ အေးချမ်းပါ။**
- **နှလုံးသားဝယ်၊ ဘုရားတည်(တယ်)၊ တကယ်စွမ်းတဲ့ လူသားပါ။**
- **လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းဖို့ လိုရင်းပါ။**

(၁) ဘုရားရှင်ဟာ တရားလုံးစုံ အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ကို ရရှိ ထားတာဖြစ်လို့ ဉာဏ်အကြီးမားဆုံးဖြစ်ပါတယ်။ ဉာဏ်ကြီးမားထူးချွန်တဲ့ဘုရားဂုဏ် အာရုံပြုပူဇော်သူ (နှလုံးသားဘုရားတည်သူ) ဟာလဲ ဉာဏ်ကြီးခြင်းအကျိုးရပါတယ်။ ဘုရားရှိခိုးပူဇော် အာရုံပြုကြတာဟာ ဘုရားထံကဉာဏ်ဓာတ်တွေ ကူးယူကြတာပါ။ မြစ်ထဲ ချောင်းထဲ တွင်းထဲ ကန်ထဲမှာရှိတဲ့ ရေချိုရေကောင်းတွေ ကိုယ့်နေအိမ်ရောက်အောင် အိုးပုံးနဲ့ ခပ်ယူတာနှင့်တူပါတယ်။ သဒ္ဓါ ပညာ သတိ အိုးပုံးနဲ့ ဉာဏ်ဓာတ်တွေခပ်ယူတာ၊ သဒ္ဓါ ပညာ သတိ ပိုက်လိုင်းနဲ့ ဉာဏ်ဓာတ်တွေသွယ်ယူကြတာ။ ပညာကြီးတာက နောက်ဘဝထိမစောင့်ပါဘူး။ ဒီဘဝမှာပဲ ပညာဓာတ်တွေ ကူးယူနိုင်သလောက် ဉာဏ်ကြီးနိုင်ပါတယ်။ ဘုရားကိုအာရုံပြုလို့ ပေါ်လာတဲ့သမာဓိဟာလဲ စစ်မှန်လေးနက်တဲ့ ဉာဏ်ပညာကို ဖေါ်ထုတ်ပေးနိုင်ပါတယ်။

ဘုရားဆိုတာ ဒုက္ခလွတ်ကြောင်းနည်းလမ်းကောင်းကိုသိဖို့၊ ဖြစ်လိုရာဖြစ်နိုင်ကြောင်း လမ်းကောင်းကို သိဖို့၊ တကယ့်အရေးကျတော့ ကိုယ့်ဟာကိုယ်ကယ်တင်နည်းကိုသိဖို့၊ အသိဉာဏ်တွေရရှိတိုးပွားဖို့သာ ပွင့်တော်မူ ခဲ့တာပါ။

ပြီးတော့ ကျင့်ကြံကြိုးကုတ်အလုပ်လုပ်ပုံ၊ အားထုတ်ပုံ၊ ဘဝအသုံးချပုံနည်းလမ်း၊ ဘေးကင်းရာနှင့် ဘေးရန် ကင်းကြောင်းနည်းလမ်း၊ သံသယပျောက်ပြီး အမှန်ဘဝရောက်ကြောင်းနည်းလမ်း၊ ဆင်းရဲသူများ ချမ်းသာ ပွားကြောင်း နည်းလမ်း၊ သစ္စာ၄-ပါး အမှန်တရားသိကြောင်း နည်းလမ်းအတွက် အသိဉာဏ်ပွားစေဖို့ ဘုရားပွင့် လာတာပါ။ ဘုရားဟာ ကယ်တင်ရှင်၊ ဖန်ဆင်းရှင်တော့မဟုတ်ပါဘူး။ လုပ်ပိုင်ခွင့်ကိုအပ်နှင်းပေးခြင်း၊ လမ်းဖွင့် ပေးခြင်းသာဖြစ်ပါတယ်။

ပြီးတော့လဲ လုပ်သင့်တာလုပ်ရင် ဖြစ်သင့်တာဧကန်ဖြစ်ရမှာဖြစ်ကြောင်း၊ ဖြစ်သင့်တာဖြစ်ချင်ရင် လုပ်သင့်တာဧကန်လုပ်ရမှာဖြစ်ကြောင်း အကြောင်းနှင့်အကျိုးကိုတိုင်းတာပြပြီး အသိဉာဏ်ဖြစ်ပေါ် တိုးပွား အောင် လမ်းဖွင့်ပေးခဲ့ပါတယ်။

ရုပ်ပွားဆင်းတုများဟာ သက်မဲ့ရုပ်ပစ္စည်းများနဲ့ အတုထုလုပ်ထားတာဖြစ်လို့ အထိန်းအသိမ်းမတတ် သလောက် ဟောင်းနွမ်းညစ်ပေပျက်စီးသွားနိုင်သော်လဲ တရားနဲ့ အသက်ဂုဏ်သွင်းထားတဲ့ ဗုဒ္ဓရဲ့စွမ်းအား တွေကတော့ ဟောင်းနွမ်းညစ်ပေပျက်စီးမသွားနိုင်ပါဘူး။ လိုရင်းကတော့ အသိပါပဲ။ ဗုဒ္ဓရဲ့စွမ်းအားကုန်သွားလို့ သာသနာကွယ်တာ မဟုတ်ပါဘူး။ ထိုက်တန်သူ သုံးစွဲတတ်သူ မရှိတော့လို့သာ သာသနာကွယ်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com


## ၇။ အသိဉာဏ်မြင့် လုပ်ပိုင်ခွင့် လမ်းပွင့်ထူးခြားလာ

ဒါ့ကြောင့် ဉာဏ်ကြီးရှင်ဘုရားဂုဏ်ကိုအာရုံပြုပြီး နှလုံးသားဘုရားတည်ရင် အဲဒီပုဂ္ဂိုလ် ဉာဏ်ကြီးပါတယ်။ ဘုရားလက်ထက်ရွာတန်းရှည်မြို့ကလေးမှာ ရန်သူလက်ထဲရောက်ခါနီးဆဲဆဲ မောင်ကံဆိုးဘဝက ရတနာသုံးပါး အစွမ်းနဲ့တက်လာတဲ့ မောင်သက်တိုး(အာယုဝဍ္ဍန)ဟာ သိတတ်တဲ့အရွယ်ကစ မိဘကျေးဇူးကြောင့် နှလုံးသား ဘုရားတည်တတ်ခဲ့တယ်။ ၇- နှစ်, ၈-နှစ်အရွယ်လောက် မှာ ဘုရားထံကတရားနာရတော့ ဉာဏ်ကြီးသူပီပီ ခဏ္ဍာ ဉာဏ်စိုက်ပွားများရင်း နာခဲ့လို့ သောတာပန် ဖြစ်ခဲ့ပါတယ်။

ပြီးတော့ ရာဇဂြိုဟ်သူဌေးအိမ်က ကျွန်မကလေးမပြည့်စုံ(ပုဏ္ဏာ)ဟာလဲ ရာဇဂြိုဟ်သူဌေးအိမ်မှာ အလုပ် လုပ်တဲ့အခါ ရတနာသုံးပါးကိစ္စကိုဆောင်ရွက်ရင်း နှလုံးသားဘုရားတည်တတ်လို့ ဘုရားထံကတရားနာရတော့ ဉာဏ်ကြီးတဲ့ကြောင့် သောတာပန် ဖြစ်ခဲ့ရတယ်။

မောင်ရွှေချော(မဋ္ဌကုဏ္ဍလီ)ဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အပြင်းအထန်မကျန်းမမာ ဖြစ်ခဲ့တယ်။ သူ့အဖေဦးရွှေတွန့်ဟာ ပစ္စည်းအလွန်ပေါများ ပြည့်စုံပေမယ့် အလွန်နှမြောပါတယ်။ သူ့အမေဒေါ်ရွှေညွှန့်က မနှမြောတတ်ပေမယ့် ဦးရွှေတွန့်ကို မကျော်လွန်နိုင်ပါဘူး။ သားလေးက ဒီတစ်ယောက်ပဲရှိတာ၊ ဒါတောင် သားကိုသားလိုမချစ်တတ်ပါဘူး။

သားမကျန်းမာတာ ဆေးဝါးကုသမပေးရုံသာမက လူမမာလာမေးသူတွေ အိမ်ထဲကပစ္စည်းတွေ မြင်မှာ စိုးလို့ သေလုမျောပါး သားလူမမာမောင်ရွှေချောကို အိမ်အပြင်ဖက်ထုတ်ထားခဲ့ပါတယ်။ ဒီလောက် တာဝန်မဲ့ လွန်းပြီး ဝတ္တရားပျက်ကွက်လှတဲ့ အဖေမျိုး သံသရာမှာ တွေ့ရမှာကြောက်စရာပဲ။

ဒီအကြောင်း ဘုရားသိတော်မူတော့ ကြွလာတော်မူပြီး ရွှေချောကလေးသိမြင်ရလောက်အောင် ရောင် ခြည်တော် လွှတ်ပေးတယ်။ ရွှေချောဟာ သေခါနီးတစ်ခဏကလေးမျှသာ ကြည်ညိုစိတ်ဖြစ်လိုက်ရပြီး သေသွား ပါတယ်။

တစ်ခဏမျှသာ နှလုံးသားဘုရားတည်လိုက်ရတဲ့အစွမ်းကြောင့် တာဝတိံသာမှာ ဉာဏ်အလွန်ကြီးတဲ့ နတ်သား သွားဖြစ်တယ်။ နတ်သားဘဝနဲ့ ဘုရားထံကတရားနာလိုက်ရတော့ သောတာပန်ဖြစ်သွားတယ်။ နှလုံးသားဘုရားတည်ရတဲ့ အကျိုးဂုဏ်အင် အာနိသင်တွေကတော့ အားရကျေနပ်ဖွယ်သိပ်ကောင်းတယ်။

ဘုရားလက်ထက်က ထေရီကာအိမ်ရှင်မဟာ သိတတ်တဲ့အရွယ်ကစ နှလုံးသားဘုရားတည် သူဖြစ်ပါ တယ်။ အိမ်ထဲကအလုပ်အားလုံး တရားအလုပ်နှင့် တစ်သားတည်းပေါင်းထားတယ်။ မီးဖိုချောင်ထဲ ထမင်းဟင်း ချက်ရင်း မီးပူရေပူဒဏ်ကြောင့် ဆန်, ဟင်းသီးဟင်းရွက်တွေကျက်တာကို သက်သေအရာထားပြီး ခန္ဓာဉာဏ်စိုက် ဝိပဿနာပွားခဲ့တာ မီးဖိုချောင်ထဲမှာပဲ အနာဂါမ်ဖြစ်ခဲ့ပြီး သာသနာဝင်ဆက်အားထုတ်တော့ ရဟန္တာထေရီမ ဖြစ်ခဲ့တယ်လို့ဆိုတယ်။

ပြီးတော့ သီဟိုဠ်ကျွန်း ကဋအန္ဓကာရကျောင်းတိုက်ဆရာတော် အရှင်ဖုဿဒေဝဟာ ဘုရားဂုဏ် ပွားထုံ ပြီး နှလုံးသားဘုရားတည်ထားလေ့ရှိပါတယ်။ နေ့စဉ်စေတီရင်ပြင် ဘုရားဝတ်ပြု တံမြက်လှည်းနေကျပါ။ တစ်နေ့ တော့ မာရ်နတ်ဖန်ဆင်းပြတဲ့ ဘုရားရဲ့ပုံတော်ကိုမြင်ရလို့ သဒ္ဓါပီတိသမာဓိကိုအခြေခံပြီး ဝိပဿနာပွားလိုက်တာ ရဟန္တာဖြစ်သွားခဲ့ရပါတယ်။

စွမ်းအားပြည့်ဝပြီးသားရတနာကို ကိုယ်က ယုံယုံကြည်ကြည်နဲ့သုံးတတ်ဖို့ပဲလိုတယ်။ ရတနာကတော့ ရတနာအစွမ်းကိုပေးဖို့ အဆင်သင့်ပါ။

## ၈။ အပူကင်းဝေး အဝေးခါတ်ထုံ့ စွမ်းအားစုံ

(၂) ဘုရားရှင်ဟာကိလေသာဆိုတဲ့စိတ်ရဲ့အပူအခိုးအငွေ့တွေကို ဝါသနာနှင့်တကွ အားလုံး ပယ်ပြီးပါပြီ။ ဘုရားမှာ ဘာအပူမှမရှိတော့ပါဘူး။ ဘာအန္တရာယ်မှလဲမရှိတော့ပါဘူး။ နှောင့်ယှက်သူတွေရှိသော်လဲ ဘယ်သူမှ အန္တရာယ်ဖြစ်အောင် မနှောင့်ယှက်နိုင်ပါဘူး။ အပူငြိမ်းလို့ အန္တရာယ်လွတ်ကင်းပြီးတဲ့ ဘုရားဂုဏ်အာရုံပြုပြီး ပူဇော်တတ်ရင် နှလုံးသားဘုရားတည်တတ်ရင် အပူလဲကင်း အန္တရာယ်ဘေးရန်လဲ လွတ်မှာသေချာပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


မြန်မာရာဇဝင်မှာ ဟံသာဝတီပဲခူးခေတ်က 'တလထော်'ဆိုတဲ့ မွန်အမျိုးသမီးလေးရှိခဲ့ဖူးတယ်။ ငယ်ရွယ်စဉ် သိတတ်တဲ့အရွယ်ကစပြီး ရတနာသုံးပါးကြည်ညိုမြတ်နိုးဆည်းကပ်တတ်တယ်။ နှလုံးသားဘုရားတည် တတ်တယ်။ မေတ္တာလဲ ကောင်းကောင်းပို့တတ်တယ်။ အရွယ်ရောက်တဲ့အချိန်မှာ တိုင်းပြည်အုပ်ချုပ်သူက မိစ္ဆာဒိဋ္ဌိတိဿမင်းပါ။ ဗုဒ္ဓဘာသာဝင်တွေကိုးကွယ်တဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတွေကို ဖျက်ဆီးပစ်၊ ရေထဲလွှင့်ပစ်တယ်။ သူ့မှာ ဓမ္မစွမ်းရည်, ဓမ္မမျက်လုံးမရှိတော့ လူကထုလုပ်ထားတဲ့အရုပ်လောက်ပဲ သူကမြင်တယ်။ နှလုံးသားဘုရားတည်နိုင်စွမ်းမရှိဘူး။ သူက ဒီလောက်ပဲမြင်တော့ ဒီလိုပဲလုပ်မှာပါ။

အဲဒီလိုလွှင့်ပစ်တဲ့ရုပ်ပွားဆင်းတုတွေကို တလထော်က ကောက်ယူကိုးကွယ်ပူဇော်တယ်။ သူ့မှာ ဓမ္မအမြင် ပြတ်သားတော့ အရုပ်လို့မမြင်ဘူး။ ဘုရားလို့ပဲမြင်တယ်။ နှလုံးသားမှာ ရဲရဲဘုရားတည်တယ်။ ဒီအကြောင်းကို တိဿမင်းကြီးကြားတော့ သူ့ကိုဆန့်ကျင်ဖက်လုပ်တယ်ဆိုပြီး ဒေါသအမျက်ထွက်လွန်းလို့ တလထော် ကို အဖမ်းခိုင်းပြီး သေဒဏ်ပေးလိုက်တယ်။

ဆင်နှင့်နင်းသတ်ခိုင်းတော့ ဆင်နှင့်တကွ တာဝန်ရှိသူအားလုံးအပေါ် 'တလထော်' က မေတ္တာလဲပို့, နှလုံးသားမှာလဲ ဘုရားတည်ထားလိုက်တယ်။ ဆင်ကြီးတွေလုံးဝမနင်းရဲ၊ အနားတောင် မကပ်ရဲ၊ မီးရှို့အသတ်ခိုင်း ပြန်တော့ မီးလုံးဝမကူး၊ တွင်းတူးပြီး တွင်းထဲမြှုပ်သတ်မယ်လုပ်ပြန်တော့ ဘယ်လိုမှ သတ်လို့မရ၊ ဒါ့ကြောင့် လွှတ်ပေးလိုက်ရတယ်။ တိဿမင်းကြီးတောင်မှ မိစ္ဆာဒိဋ္ဌိကိုစွန့်ပြီး သမ္မာဒိဋ္ဌိ ဖြစ်သွားရတယ်ဆိုပဲ။

ကာယအားချင်းယှဉ်ရင်တော့ နှိပ်စက်သူအားလုံး အားကောင်းသူယောကျ်ားတွေချည်းပါ။ ဓမ္မအားချင်း ယှဉ်လိုက်တော့ မိန်းကလေးရဲ့နှလုံးသားကယှဉ်မရအောင် သာလွန်ထူးဆန်းနေပါတယ်။ မိန်းကလေးတစ်ယောက် ရဲ့ နှလုံးသားဘုရားတည်တဲ့အစွမ်းကြောင့် မိစ္ဆာဒိဋ္ဌိရှင်ဘုရင်ကြီးတောင် သမ္မာဒိဋ္ဌိ ဖြစ်သွားရပါသတဲ့။

လောကမှာ မီးနှင့်ရေယှဉ်လိုက်ရင် ရေနဲ့မီးကိုငြိမ်းသတ်ရသော်လဲ ရေများမှ လက်လဲဦးမှ ရေကမီးကို နိုင်တာပါ။ မီးများလို့ လက်လဲဦးပြန်ရင်တော့ မီးကရေကိုနိုင်ပြန်တာပဲ။ မျက်မြင်အားဖြင့် နေ့စဉ် မီးဖိုချောင်ထဲမှာ မီးကရေကိုအနိုင်ယူတဲ့ပွဲတွေ ဆင်နွှဲနေကြတာတွေ့ရမှာပါ။

ရေလက်ဦးမှ များလဲများမှ ရေကမီးကိုနိုင်သလို တရားလဲလက်ဦးမှ များမှ အပူအန္တရာယ်မျိုးစုံကိုနိုင်မှာ ဖြစ်ပါတယ်။ ခွေးဆိုး, မြွေဆိုး, ကျွဲဆိုးစတဲ့အန္တရာယ်တွေ ချောက်တာတောင်မှ တုတ်တို့ ခဲတို့ကိုင် ချောက်ရသေး တယ်ဆိုရင် လောကအန္တရာယ်အပူမျိုးစုံကို ချောက်ချင်ရင်လဲ ဘုရား တရား ခဲတုတ်လက်နက်ကို လက်ဦးအောင် ကိုင်ထားမှ စိတ်ချရမှာပါ။

ဘုရားလက်ထက်က ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ ဟာ ၃၃-လောင်းပြိုင် ဉာတိ ဗျသနကြောင့် အပူမီးမလောင်ရအောင် ဣန္ဒြေမပျက်ထိန်းနိုင်ခဲ့တယ်။ နှလုံးသားဘုရားတည်တဲ့ အစွမ်းကြောင့်ပါပဲ။

ဘုရားလက်ထက်ကပဲ ပသေနဒီကောသလမင်းကြီးရဲ့ဝန်ထမ်း ဦးဉာဏ်ထူးဟာ တရား မကြာမကြာ နာကြားထားတော့ ဓမ္မအမြင်ရှင်းသူဖြစ်လို့ နှလုံးသားဘုရားတည်တတ်တယ်။ မေတ္တာကောင်းကောင်း ပွားတတ်တယ်။ ဘယ်အလုပ်တွေ ဘယ်လောက်ပဲအရေးကြီးကြီး ဘုရားတရားက ရှေ့ကအမြဲပါ။ မေတ္တာလက်ဦး ပြီးသားပါ။ အလုပ်များပေမယ့် ဘယ်တော့မှမရှုပ်ပါ။

တရားနဲ့အညွန့်တလူလူလွှင့်ထူနိုင်မှ 'လူ' ဖြစ်ပါတယ်။ ရှိသမျှနဲ့ပူလောင်နေရင် 'လူ' မဟုတ်ပါဘူး။ 'ပူ'တွေပဲဖြစ်သွားမှာပါ။ ပြီးတော့ ဆင်းရဲအန္တရာယ်လောကဓံတွေက လက်မဦးသေးခင် တရားလက်ဦးနေတာကပဲ အမြဲအေးချမ်းနိုင်ပါတယ်။

မျက်ရည်ပေါက်ပေါက်ကျရလောက်အောင် မရှုနိုင်မရှိက်နိုင်ဖြစ်လောက်အောင် ဆင်းရဲဒုက္ခ လောကဓံတွေကြုံရခါမှ လူ့တန်ဖိုးကျဆင်းသွားခါမှ 'ဟိုကယ်တော်မူပါ' 'ဒီကယ်တော်မူပါ' လို့ ကယောင်ကတမ်းနဲ့ အားကိုးရာရှာရတာဟာ အောက်ကျပြီးယုတ်ညံ့လွန်းလှပါတယ်။ နေ့စဉ်ပြုံးလို့ ဖြစ်တုန်း ဘုရားတရား လက်ဦးနေတာကပဲ ကောင်းပါတယ်။ ကိုယ့်ရဲ့အောင်လံဟာ လွှင့်လို့ဖြစ်တုန်း လွှင့်နေရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com


ဦးဉာဏ်ထူးဟာ ဒီအတိုင်းပဲ အမြင်ရှင်းထားသူဖြစ်လို့ နေ့စဉ် ဘုရားတရားလက်ဦးနေပါတယ်။ တစ်ချိန်ကျတော့ ရှင်ဘုရင်က ဦးဉာဏ်ထူးကို သဘောကျလွန်းလို့ ရာထူးတွေတိုးပေးပြီး ထူးထူးခြားခြား ချီးမြှောက်ပေးလိုက်တယ်။ လုပ်ဖော်ကိုင်ဖက်တွေက မနာလိုမုန်းတီးကြလို့ ရှင်ဘုရင်နှင့်ကွဲအောင် ယုတ္တိမျိုးစုံပြ ကုန်းတိုက်ကြပါရော။

ရှင်ဘုရင်ကအရမ်းယုံပြီး ဒေါသအမျက်ထွက်လွန်းလို့ ဟုတ်မဟုတ်အမှန်သိအောင် စစ်ဆေးဖို့တောင် အချိန်မပေးနိုင်တော့ပဲ ဦးဉာဏ်ထူးကို အလုပ်ဖြုတ်ထောင်ချလိုက်တယ်။ စိတ်ကောင်းရှိသူ တရားပိုင်ရှင်အတွက် အဆိုးလောကဓံမှန်သမျှ အပေါ်တက်ဖို့ တွန်းအားတွေချည်းသာဖြစ်တတ်တယ်။ အများအတွက်ဝိပတ္တိဟာ သူ့အတွက်တော့ သမ္ပတ္တိဆိုက်နေတတ်တယ်။

ဦးဉာဏ်ထူးဟာ အပြုံးတောင်မပျက်၊ ဒါမျိုးမတွေ့မီ ထုံနေအောင်ကြိုတင်လေ့ကျင့်ထားပြီးသား၊ ရှင်ဘုရင်နှင့်တာဝန်ရှိသူတွေ လုပ်ဖော်ကိုင်ဖက်တွေကို စူးစူးစိုက်စိုက်မေတ္တာလဲပို့ , နှလုံးသားမှာလဲဘုရားတည်လို့ သမာဓိကိုအခြေခံပြီး ဝိပဿနာပွားလိုက်တာ ထောင်ထဲမှာပဲ သောတာပန် ဖြစ်သွားတယ်။

မေတ္တာအစွမ်းကြောင့် ရှင်ဘုရင်က ချက်ချင်းအလွှတ်ခိုင်းပြီး တောင်းပန်တယ်။ ခါတိုင်းထက်ပိုပြီး ချီးမြှောက်လိုက်တယ်။ လုပ်ဖော်ကိုင်ဖက်တွေအားလုံး လာရောက်ဝန်ချတောင်းပန်ကြတယ်။ လောကကိုနိုင်တဲ့ အရာဟာ တရားကလွဲလို့ ဘာမှမရှိပါဘူး။

ကဋမ္ဗရရွာသူ မကြည်အေးလဲ နှလုံးသားထဲအမြဲဘုရားတည်ထားသူ, သတိစွဲမြဲသူဖြစ်တယ်။ ကလေးထိန်းတာတောင်မှ သတိဉာဏ်နဲ့ တရားလမ်းကြောင်းပေါ်တင်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအဖြစ်ပြောင်းယူတတ်သူပါ။ တစ်နေ့တော့ တရားပွဲရှိလို့ သားငယ်ကိုပါခေါ် အနားမှာသိပ်ပြီး တရားနာနေတယ်။ ခန္ဓာမှာ ဉာဏ်စိုက်ပြီး စိတ်ပါလက်ပါ အကျင့်နှင့်ပေါင်းစပ်ထားတယ်။ သားငယ်အပေါ် မြွေဆိုးတက်ကိုက်ပြီး သားငယ်မြွေဆိပ်တက်လို့ မေ့မျောနေတာတောင်မှ သတိမလွှတ်ရှုမှတ်ရင်း တရားနာနေလိုက်တာ သောတာပန် ဖြစ်သွားတယ်။ မေ့မျောနေတဲ့ သားငယ်ကိုလဲသစ္စာဆိုပြီး မြွေဆိပ်ပြေပျောက်သွားအောင် ဆောင်ရွက်ပေးလိုက်တယ်။ သားအမိနှစ်ယောက်လုံး ဘေးရန်အပူငြိမ်းပြီး ချမ်းသာသွားကြပါတယ်။ နှလုံးသားဘုရားတည်တဲ့ အစွမ်းကြောင့်ပါ။

ဘုရားလက်ထက်က မစန္ဒာဆိုတဲ့ လလိုပဲ အမြဲအေးချမ်းအောင်နေတတ်တဲ့ အမျိုးသမီးတစ်ဦး ရှိခဲ့ဖူးတယ်။ သိတတ်တဲ့အရွယ်ကစ နှလုံးသားမှာ ဘုရားတည်နေသူပါ။ သူများတွေက ပွဲရှိလို့ ပွဲကြည့်ခေါ်ကြပေမယ့် 'ဇာတ်ခုံပေါ် ကပွဲဆိုတာ အိမ်ထဲကအကြောင်းအရာတွေကိုယူပြီးပြတာပါ၊ သူများပွဲတွေကြည့်မယ့်အစား ကိုယ့်ပွဲကိုယ်ကြည့်တာကပဲ ငြိမ်းအေးနိုင်ပါတယ်'လို့ အမြင်ရှင်းရှင်းနဲ့ ဘယ်တော့မှ ပွဲကြည့်မလိုက်ခဲ့ဘူး။ အရွယ်ရောက်တော့ မိဘများက သူဌေးသားတစ်ဦးနှင့် နေရာချပေးလိုက်တယ်။ မကြာခင် သူ့ခင်ပွန်း သူဌေးသားက မစန္ဒာကို အပြီးအပိုင်စွန့်ခွာသွားတယ်။ မစန္ဒာဟာ အပြုံးလဲမပျက်, ဣန္ဒြေလဲမပျက်ပါ။

လောကလူတွေ ထမင်းဟင်းချက်တဲ့အခါ မီးကိုသုံးကြရသော်လဲ လောင်ကျွမ်းသွားအောင် ရှို့ပစ်ဖို့တော့ မဟုတ်ပါ။ ရင့်ကျက်အောင် စနစ်တကျချက်ပြုတ်အသုံးချခြင်းသာဖြစ်တယ်။ ဒါမျိုးလိုပဲ နေ့စဉ်လုပ်နေရတဲ့ လူ့အလုပ်တွေဟာလဲ ပူလောင်အောင်ရှို့မြှိုက်ဖို့မဖြစ်စေသင့်ပါ။ ဇနီး ခင်ပွန်း သားသမီးဆိုတာလဲ ပူလောင်ဖို့ မဖြစ်စေသင့်ပါ။ တရားပုံစံနဲ့ရင့်ကျက်အောင် စနစ်တကျအသုံးချတာပဲ ဖြစ်ရပါမယ်။ လိုရင်းကတော့ အသိသတိပါပဲ။

ဒါ့ကြောင့် မစန္ဒာဟာ'ဘယ်သူ့ကိုမှ ကိုယ်ပိုင်တာမဟုတ်တော့ ဘယ်သူပဲခွဲခွါသွားသွား တရားအဖော် ကိုယ့်မှာကျန်ခဲ့ရင်ပြီးတာပဲ'လို့ အမြင်ရှင်းရှင်းနဲ့သာသနာဝင်ပြီး တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားခဲ့ရတယ်။ နှလုံးသားဘုရားတည်နိုင်သူဟာ တကယ်ပဲအပူလဲငြိမ်းပြီး အန္တရာယ်မျိုးစုံလဲလွတ်မြောက်ပါတယ်။

## ၉။ တရားတန်ခိုး စွမ်းအားတို့က အောင်မြင်ရ

(၃) ဘုရားရှင်ဟာ တန်ခိုးအရှိန်အဝါအကြီးမားဆုံးဖြစ်လို့ နှလုံးသားဘုရားတည်သူဟာလဲ တန်ခိုးကြီးရပါတယ်။ အကြံအစည်ကောင်းတွေကြံစည်သလောက် ပေါက်ရောက်အောင်မြင်ပါတယ်။ တရားကို တရားလို


www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားသလောက် တရားကလဲ လူကိုအံ့ဩဖွယ်ကောင်းလောက်အောင် တန်ခိုးစွမ်းအားမြှင့်တင်ပေးတတ်စမြဲပါ။

တရားမပါတဲ့လူဟာ ဘာတွေပဲရှိရှိ အတောင်ကျိုးတဲ့ငှက်လိုပဲ၊ ဘာတန်ခိုးမှ မရှိတော့ဘူး။ တရားတောင်ပံနဲ့ မပျံနိုင်တော့ပဲ ဘာစွမ်းအားမှမပါတဲ့ခြေထောက်နှစ်ဖက်နဲ့သာ လှုပ်တုတ်လှုပ်တုတ်နဲ့ ပူလောင်ပင်ပန်းရှုပ်ထွေးစွာနဲ့ ရုန်းကန်ပြေးလွှားနေရမှာပါ။ တရားတန်ခိုး တောင်ပံတပ်ဆင်ပေးမှ, တရားတောင်ပံ သန်မာပြည့်စုံမှ ဒါန သီလ သမထဝိပဿနာပုံစံနဲ့ လိုရာပျံနိုင်တယ်။ ဆင်းရဲအန္တရာယ် အပူလွတ်အောင်လဲပျံသန်းပြနိုင်တယ်။

နှလုံးသားဘုရားတည်သူဟာ ဘုရားတရားတန်ခိုးများခါတ်ကူးနေတာဖြစ်လို့ တန်ခိုးအရှိန်အဝါကြီးပါတယ်။ ဘုရားလက်ထက်က တေလပနာဋ္ဌိနိဂုံးရွာကြီးမှာ ရုပ်ချောဆံပင်ကောင်းပြီး ပစ္စည်းကြွယ်ဝတဲ့ ဂေါပါလသူဌေးသမီးရှိခဲ့ဖူးတယ်။ ငယ်ငယ်ကစ နှလုံးသားဘုရားတည်တတ်ပါတယ်။ အရွယ်ရောက်လို့ မိဖနှစ်ပါးကွယ်လွန်တဲ့အခါ ပစ္စည်းအားလုံးဆုံးရှုံးပြီး ဆင်းရဲမွဲတေသွားခဲ့တယ်။ ပစ္စည်းဗလာ သုည ဖြစ်ခဲ့ရတယ်။

အိမ်ဖော်အမျိုးသမီးကိုအဖေါ်လုပ်ပြီး ဆင်းရဲပင်ပန်းစွာနေရရှာတယ်။ သူဌေးသမီးဆိုတဲ့ နာမည်ပဲကျန်တော့တယ်။ ပစ္စည်းတော့ လုံးဝမရှိတော့ဘူး။

ဒါပေမယ့် စိတ်မဆင်းရဲပါဘူး။ တရားအစွမ်းကြောင့် စိတ်နှလုံးကြံ့ခိုင်ပါတယ်။ သူဆင်းရဲ မှန်းသိတော့ ပစ္စည်းရှိတဲ့သူဌေးသမီးတစ်ဦးက သူ့ဆံပင်ကို တစ်ထောင်ပေးဝယ်ခဲ့ပေမယ့် မိန်းမတို့ရဲ့ ဘုန်းကျက်သရေအရှုံးမခံချင်လို့မရောင်းခဲ့ပါဘူး။

အရှင်မဟာကစ္စည်းအမှူးရှိတဲ့ ရဟန္တာ ၈-ပါးအိမ်ရှေ့ကြွလာခိုက်ပင့်လျှောက်လို့ အိမ်ပေါ် ကြွလာကြတယ်။ မိမိမြတ်နိုးလှတဲ့ ဆံပင်ကိုဖြတ်၊ ၈-ကျပ်နဲ့ရောင်းလိုက်တယ်။ ၈-ကျပ်တန်ဆွမ်း အမြန်စီမံပြီး ရဟန္တာ ၈-ပါးအား သံឃာ့ဂုဏ်အာရုံပြုလှူလိုက်ပါတယ်။ ဆံပင်ရောင်းရုံကလွဲလို့ ဆွမ်းလောင်းလှူနိုင်ဖို့ အခြားနည်းလမ်းမရှိတော့တဲ့အတွက် တစ်ထောင်ပေးလာဝယ်ဖူးတဲ့ဆံပင်ကို ၈-ကျပ်နဲ့ရောင်းပြီး အလှူလုပ်လိုက်ရတာပါ။ လောကဘုန်းထက် ဓမ္မဘုန်းကမြင့်မြတ်တာကို သိထားလို့လဲ ဖြစ်ပါတယ်။

စေတနာပြတ်သားလွန်းလို့ ဖြတ်ထားတဲ့ဆံပင် ချက်ချင်းပြန်ပေါက်ပြီး ပင်ကိုယ်အတိုင်း ဖြစ်သွားရုံမက စည်းစိမ်ဥစ္စာတစ်ဟုန်ထိုးတိုးတက်ပြည့်စုံသွားခဲ့ပါတယ်။ နိမ့်လိုက်မြင့်လိုက် မျက်လှည့် ပြနေတဲ့လောကထဲမှာ တရားနဲ့ညှိပြီးနေတတ်မှပဲ သက်သာငြိမ်းချမ်းခွင့်ရနိုင်ကြတာပါ။

မွန်တလထော်ရဲ့ သေဘေးနှင့် တုန်လှုပ်ချောက်ချားဖွယ်အန္တရာယ်မှ အံ့ဩဖွယ်ကောင်းလောက်အောင် လွတ်မြောက်သွားတာဟာလဲ နှလုံးသားဘုရားတည်တဲ့ အံ့ဖွယ်တန်ခိုးစွမ်းအားကြောင့်ပဲဖြစ်ပါတယ်။ ပုဂံရာဇဝင်လာ မိဖုရားစောလုံရဲ့ ဂုဏ်တော်တန်ခိုးအကြောင်းကိုလဲ ကြားဖူးကြပြီးသားဖြစ်မှာပါ။

ဘုရားလက်ထက်က မဟာကပ္ပိနမင်းနှင့် အနော်ဇာမိဖုရားတို့ဟာ 'ဗုဒ္ဓ ဓမ္မ သံဃ' ဆိုတဲ့အသံကို ကုန်သည်တွေထံက ကြားရတဲ့အချိန်ကစပြီး သဒ္ဓါ ပညာ သတိနဲ့ မလွတ်တမ်း နှလုံးသားမှာ ဘုရားတည်ထားခဲ့ကြပါတယ်။ ဘုရားထံသွားတော့ မြစ် ၃-တန်ကို လှေမစီးပဲ မြင်းစီးပြီးကူးခဲ့ကြတယ်။ အဲဒါလဲ တန်ခိုးပါပဲ။ ဘုရားထံရောက်သာသနာဝင်ပြီး တရားအားထုတ်ကြတော့ ၂- ဦးလုံး ရဟန္တာဖြစ်ခဲ့ကြပါတယ်။

အိပ်မရ စားမရ စိတ်ချောက်ချားပူလောင်နေတဲ့ ဘုရင်အဇာတသတ်ရဲ့အပူငြိမ်းပြီး အဝီစိငရဲက ကွင်းလုံးကျွတ် လုံးဝလွတ်မြောက်သွားတာမျိုး, ငရဲအသေးစားလေးမှာ နှစ်ပေါင်းခြောက် သောင်းမျှသာ ခံရလောက်အောင် လျှော့ပေါ့ခွင့်ရသွားတာမျိုးဟာလဲ သဒ္ဓါတရားထက်သန်ပြင်းပြစွာနဲ့ နှလုံးသားဘုရားတည်တဲ့ စွမ်းအားတန်ခိုးကြောင့်ပါ။

စွမ်းအားတန်ခိုးတော် အနန္တပိုင်ရှင်ဘုရားထံမှ သဒ္ဓါပညာပိုက်လိုင်းနဲ့သွယ်ပြီး ကိုယ့်သန္တာန် စွမ်းအားရောက်အောင် ဓာတ်ကူးယူကြရမှာပါ။ ကူးယူနိုင်သလောက် အံ့ဖွယ်စွမ်းအားရဖို့ သေချာပေါက်ပါ။

ဝတ္တကာလက ရွာသူအမျိုးသမီးငယ်တစ်ဦးဟာ သူ့မိဘများက ဂိရိကဏ္ဍကကျောင်းကို ညအခါ တရားနာသွားကြတော့ အိမ်စောင့်ကျန်နေခဲ့တယ်။ အိမ်တံခါးပေါက်ကနေပြီး လရောင်နဲ့ ဂိရိကဏ္ဍကကျောင်းရှိ



www.burmeseclassic.com

www.burmeseclassic.com


တောင်ထိပ်စေတီကိုလှမ်းဖူးရင်း နှလုံးသားဘုရားတည်နေလိုက်တာ ကောင်းကင်မြောက်တက်ပြီး သုမိဘထက် အရင် ကျောင်းကိုရောက်သွားသတဲ့။

## ၁၀။ ထည်ဝါလှပ အေးချမ်းရ

(၄) ပါရမီကံတော်အနန္တကြောင့်ရလာတဲ့ ဘုရားရှင်ရဲ့ ရုပ်ဆင်းသပ္ပါယ် တင့်တယ်လှပမှုဟာ လူတွင်မက နတ်ဗြဟ္မာတောင်ယှဉ်လို့မရပါဘူး။ ရုပ်ဆင်းတင့်တယ်လှပရတဲ့အထဲမှာ စိတ်အပူအခိုး အငွေ့လုံးဝ ကင်းတာက လဲတစ်ကြောင်း၊ သတ္တဝါအားလုံးတို့အပေါ် အယုတ်အလတ် အမြတ်မရွေး မေတ္တာကရုဏာ အအေးဓာတ်ဖြန့် ထားတာကလဲတစ်ကြောင်းတို့ကြောင့် တစ်နေ့လုံးမျက်စိမမှိတ်ပဲ ဖူးမြင်ရလို့တောင် မရိုးမဝနိုင်လောက်အောင် တင့်တယ်သပ္ပါယ်လှပတယ်လို့ဆိုပါတယ်။

လှပတင့်တယ်အေးချမ်းလှတဲ့ ဘုရားဂုဏ်ကိုအာရုံပြုပြီး နှလုံးသားဘုရားတည်သူဟာလဲ ရုပ်လဲလှတယ်။ အေးချမ်းတယ်။ တင့်တယ်ထည်ဝါတယ်။ လောကမှာ ရတနာနှင့်ဆက်စပ်တဲ့ ထည်ဝါမှုသာ အကြီးကျယ် အမြင့် မြတ်ဆုံးပါ။

ဘုရားလက်ထက်က ကပိလဝတ်မြို့မှာ မလေးလုံ(ဂေါပိကာ)ဆိုတဲ့ သဒ္ဓါတရား အလွန် ကောင်းတဲ့ မင်းသမီးရှိတယ်။ နှလုံးသားဘုရားတည်တဲ့စွမ်းအားကြောင့် တင့်တယ်ထည်ဝါတယ်။ ယောကျ်ားဆုတောင်းပြီး ကောင်းမှုကို စိတ်အားထက်သန်စွာလုပ်လို့ နောက်ဘဝ တာဝတိံသာမှာ သိကြားမင်းရဲ့သားချော ကိုဖိုးလုံ(ဂေါပက)နတ်သားဖြစ်တယ်။ ဉာဏ်ကလဲကြီး ရုပ်ကလဲလှလိုက် တာတဲ့။

ဇေတဝန်ကျောင်းဒကာ အနာထပိဏ်, ပုဗ္ဗာရုံကျောင်းအမ ဝိသာခါတို့ဟာ သဒ္ဓါကောင်းလွန်းတော့ နှလုံးသားမှာ အသဲစွဲဘုရားတည်ခဲ့ကြလို့ တစ်သာသနာလုံးမသိသူမရှိ ထည်ဝါလှပကျော်ကြားခဲ့ကြတယ်။ ယနေ့ ထိလဲ လှပတင့်တယ်တဲ့ဂုဏ်သတင်းဟာ ပျံ့မွှေးနေတုန်းပဲ နှစ်ယောက်လုံး သောတာပန်ဖြစ်ခဲ့ကြတယ်။ ဘုံစဉ်စံ တွေလို့ဆိုပါတယ်။

ဘုရားလက်ထက်က မြန်မာနာမည်နဲ့ ဦးချစ်- ဒေါ်ခင်လို့ခေါ်ရတဲ့ မေတ္တာအလွန်အားကြီးတဲ့ဇနီးမောင်နှံ ဟာ သဒ္ဓါအလွန်ကောင်းကြလို့ နှလုံးသားဘုရားတည်နေသူများဖြစ်တယ်။ ရတနာစွမ်းအားကြောင့် အလွန် ထည်ဝါကြပါတယ်။ နှစ်ယောက်အလွန်ချစ်ခင် ညီညွတ်ကြပြီး မဂ်ဖိုလ်ရတော့လဲအတူတူပဲရကြပါတယ်။

တရားရှိသူအတွက် လူ့ဘဝဟာ အလွန်နေပျော်ပါတယ်။ ကဿပဘုရားလက်ထက်က အများကြားဘူးလို့ နှုတ်ကျိုးနေကြတဲ့ မဟာဒုဂ်ဆိုတဲ့လူမွဲကြီးဟာ စောစောက အလွန်ဆင်းရဲမွဲတေကျက်သရေမဲ့လှပါတယ်။ တစ်နေ့ စားဖို့တစ်နေ့ရှာရတယ်။ နက်ဖြန်အတွက် ဘာမှကြိုတင်စုမထားနိုင်ဘူး။ လူရော စိတ်ရော အလွန်ဆင်းရဲ အောက်တန်းကျနေပါတယ်။

မေတ္တာရှင်ဖြစ်တဲ့ ကိုညဏ်ရှိရဲ့ စိတ်ရှည်လက်ရှည်စည်းရုံးမှုကြောင့် သဒ္ဓါ ပညာအားတွေ ရရှိပြည့်စုံခဲ့ပြီး နှလုံးသားဘုရားတည်ခွင့်ရခဲ့လို့ ကောင်းမှုကိုအစွမ်းကုန်ကြိုးစားခဲ့တယ်။ ထက်မြက် လှတဲ့ကံအရှိန် တစ်ဟုန်ထိုး တက်ပြီး ပစ္စုပ္ပန်ဘဝမှာပဲ ထိပ်တန်းအကြွယ်ဝဆုံးဖြစ်ခွင့်ရသွားတယ်။ ပစ္စည်းလဲကြွယ် သဒ္ဓါပညာလဲကြွယ် တရားလဲကြွယ်ပြီး အလွန်ထည်ဝါခဲ့ပါတယ်။

နောက်ဆုံးဘဝ ဤဘုရားသာသနာမှာ ပဏ္ဍိတသာမဏေဘဝနဲ့ ၇-နှစ်အရွယ်မှာပဲ လွယ်လွယ်ကူကူနဲ့ ရဟန္တာဖြစ်ခဲ့ရပါတယ်။ နှလုံးသားဘုရားတည်သူတွေအားလုံး နိမ့်ရာမှ မြင့်ကြတယ်။ ဆိုးရာမှ ကောင်းကြတယ်။ ပူလောင်ရာမှ အေးချမ်းကြတယ်။ ဆုတ်ရာမှ တိုးနိုင်ကြတယ်။ ကျရာမှ တက်နိုင်ကြတယ်။ ရတနာနှင့်တွေ့သူ အားလုံးတွေ့ခွင့်ရသလောက် အစွမ်းပြနိုင်ကြတာချည်းပါပဲ။

အဝတ်ကိုချုပ်ထားတဲ့ နိုင်ငံတော်အလံကိုတောင်မှဂုဏ်သွင်းပြီး အရိုအသေပေး အလေးပြုနိုင်ကြတယ် ဆိုရင် အုတ်,သစ်သား ရွှေ,ကျောက်,ကြေးတွေနဲ့ထုလုပ်ထားတဲ့ စေတီ, ရုပ်ပွားဆင်းတုတွေကိုလဲ ဓမ္မနဲ့ အသက် ဂုဏ်သွင်းပြီး ကြည်ညိုပူဇော်တတ်ဖို့ နှလုံးသားဘုရားတည်နိုင်ဖို့ ဘာမှ အခက်အခဲရှိမှာ မဟုတ်တော့ပါဘူး။ တကယ်တော့ ဓမ္မအစွမ်းသာအဓိကပါ။


www.burmeseclassic.com

www.burmeseclassic.com


## ၁၁။ ဓာတ်လုံးပေးရမယ်

ဖိုးထူးဆိုတဲ့လူငယ်တစ်ယောက် ဦးပဥ္စင်းထံရောက်လာတယ်။ သူက 'အရှင်ဘုရားတို့မှာ ဓာတ်လုံးရှိသလား၊ ရှိရင် တပည့်တော်လဲပေးပါဘုရား'တဲ့၊ 'ရှိပါတယ်ကွယ်--လိုချင်ရင် ၃-လုံးပေးမှာပေါ့'၊ '၃-လုံးကြီးတောင်ပေးမယ်ဆိုတော့ သိပ်ဝမ်းသာလိုက်တာဘုရား'တဲ့။ 'ကဲ ဖိုးထူး-- ဓါတ်လုံးပေးမယ်၊ လိုက်ဆိုပါ'၊ 'ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ' ဆိုတော့ ဖိုးထူးက 'ဒီသရဏဂုံ ၃-ပါး ကို တပည့်တော် ငယ်ငယ်ကလေးက စရပြီးသားပါ၊ လိုက်ဆိုစရာမလိုပါဘူး'တဲ့။

'ဟဲ့ ဖိုးထူး--အဲဒီနှုတ်ကျိုးလို့ရနေတာက ဓာတ်မပါဘူးကွ၊ ရတနာ ၃-ပါးရဲ့ကောင်းတဲ့ အံ့ဖွယ်စွမ်းအားဓာတ်တွေ ကိုယ့်သန္တာန်မှာ ကိုယ့်စိတ်နှလုံးမှာကူးစက်ပြီးကျန်နေခဲ့မှ ဓာတ်လုံးဖြစ်မှာပေါ့၊ ကောင်းတဲ့စွမ်းအားဓာတ်တွေ ကူးနေခဲ့ဖို့ဆိုရင် စစ်မှန်သန့်စင်လေးနက်တဲ့ သဒ္ဓါ သတိ ပညာလိုတယ်၊ အကောင်းဓာတ်တွေ နှလုံးသားအရောက် ပို့ဆောင်ထည့်သွင်းပေးနိုင်မှ ဓာတ်လုံးခေါ်ရတယ်၊ ဒီဓာတ်လုံးတွေက တကယ်စွမ်းတာကွဲ့၊ တစ်ဘဝတင်မကဘူး၊ နိဗ္ဗာန်အရောက် သံသရာတစ်လျှောက် ကြောက်တာလဲအကုန်လွတ်စေ, လိုတာမှန်သမျှလဲ အကုန်ရစေနိုင်တဲ့ အံ့ဖွယ်ဓာတ်လုံးတွေဖြစ်လို့ တစ်သက်လုံးလက်မလွှတ်ပဲ အမြဲဆောင်ထားစမ်းပါ'။

## ၁၂။ ဗေဒင်ကော ဟောသလား

ဓာတ်လုံး၃-လုံးရလို့ အားတက်ဝမ်းသာလှတဲ့ဖိုးထူးက ဆက်မေးတယ်။ 'အရှင်ဘုရား၊ ဗေဒင်ကော ဟောသလားဘုရား'တဲ့။ 'ဟောတော့ ဟောပါတယ်၊ ဒါပေမယ့် ဗုဒ္ဓ ဓမ္မ ဗေဒင် အတိုချုပ်လောက်ပဲဟောတယ်'၊ 'စိတ်ညစ် စိတ်ရှုပ်စိတ်ပူစရာ မကောင်းကျိုးရနေတာက မကောင်းတဲ့ အတိတ်ကံ, ပစ္စုပ္ပန်ကံကြောင့်ပဲ၊ စိတ်အေးမြ ရွှင်လန်း တတ်ကြွဖွယ်ကောင်းကျိုးရနေတာကတော့ ကောင်းတဲ့အတိတ်ကံ ပစ္စုပ္ပန်ကံကြောင့်ပဲ၊ ကံဆိုတာ အလုပ်ပဲ၊ အလုပ်မှားရင် မလိုတာတွေရတယ်၊ အလုပ်မှန်တော့ လိုတာရတယ်၊ အတိတ်ကံကိုသာ ကံလို့ခေါ်တာ မဟုတ်ဘူး၊ ပစ္စုပ္ပန်ကံကိုလဲ ကံလို့ခေါ်တာပဲ၊ အတိတ်ကံကောင်းရက်နဲ့ ပစ္စုပ္ပန်ကံညံ့လို့ မဖြစ်သင့်တာ ဖြစ်ရတာ တွေ အများကြီးပါ၊ အချုပ်ကတော့ မကောင်းကျိုးရတာမှန်သမျှ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံဆိုးလို့၊ ကောင်းကျိုး ရနေတာမှန်သမျှ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံကောင်းလို့ပါပဲ'။

## ၁၃။ ယတြာကော ချေသလား

ဖိုးထူး ဆက်မေးတယ်။ 'ယတြာကောချေပေးသလားဘုရား'တဲ့။ 'ဗုဒ္ဓ ဓမ္မ ယတြာတော့ချေပေးပါတယ်၊ အောက်ကျဆင်းရဲတာမလိုချင်ရင် မကောင်းတဲ့အလုပ် အပြောအတွေးကိုရှောင်၊ အဆင့်မြင့်ချမ်းသာတာ လိုချင်ရင် ကောင်းတဲ့အလုပ်အပြောအတွေးကို ဆောင်ထား၊ လိုရင်းကတော့ သတိပညာပါပဲ'။

အားလုံးချမ်းသာကြပါစေ

တိပိဋကယောဆရာတော်
၁၃၆၂-ခု၊ ပြာသိုလ (၂၀၀၁-ခု၊ ဇန်နဝါရီလ)

(လာအိုနိုင်ငံ၌ ရေးခဲ့သောတရားဖြစ်သည်)


www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၁၅)

## အေးမြရွှင်ပြုံး လူ့နှလုံး

### နမော သာစု ဒေသကဿ

နမော ကရုဏာသီတလဟဒယဿ
သတိမတော သဒါ ဘဒ္ဒံ၊ သတိမာ သုခမေဓတိ။
သတိမတော သုဝေ သေယျော၊ ဝေရာ စ ပရိမုစ္စတိ။
ယဿ သဗ္ဗမဟောရတ္တံ၊ အဟာသာယ ရတော မနော။
မေတ္တံ သော သဗ္ဗဘူတေသု၊ ဝေရံ တဿ န ကေနစိ။

(သံ - ၁ - ၂၁၀)

- **စိတ်အစဉ်ထဲ၊ သတိစွဲ၊ အမြဲကောင်းမြတ်သည်။**
- **စိတ်အစဉ်တွင်း၊ သတိတွင်း၊ ချက်ချင်းချမ်းသာသည်။**
- **စိတ်အစဉ်မှာ၊ သတိပါ၊ နောင်ခါကောင်းဖို့၊ သေချာသည်။**
- **သတိရှိသူ၊ ဘေးရန်ဟူ၊ အပူကင်းလွတ်သည်။**
- **သက်ရှိဘေးရန်၊ ပပျောက်ရန်၊ ဇောန်မေတ္တာပွားရသည်။**
- **မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊ အကုန်ချမ်းသာသည်။**
- **အေးမြရွှင်ပြုံး၊ လူ့နှလုံး၊ ကျင့်ထုံးလမ်းစဉ်မည်။**
- **လူ၏စွမ်းအား၊ ပတ္တမြား၊ ထူးခြားမြင့်မြတ်သည်။**

တစ်ချိန်မှာ မြတ်စွာဘုရားဟာ မဂဓတိုင်း မဏိမာလိကနတ်စင် နတ်နန်း နတ်ကွန်းသွားပြီးတော့ မဏိဘဒ္ဒနတ်ဘီလူးကြီးရဲ့ဘုံဗိမာန်မှာ ကြွရောက်သီတင်းသုံးတော်မူပါတယ်။

မဏိဘဒ္ဒဆိုတာ ပတ္တမြားကောင်း (ကောင်းမြတ်တဲ့ပတ္တမြား)လို့အဓိပ္ပါယ်ရပါတယ်။ ဘီလူးကြီးရဲ့ နာမည်က ဘယ်လိုရည်ရွယ်ချက်နဲ့ မဏိဘဒ္ဒလို့ ပေးထားတယ်လို့ မသိရပေမယ့် ဒီအကြောင်း အရာမှာပြထားတာက ပြည်တန်ပတ္တမြားထက်အဖိုးတန်လှတဲ့ ပတ္တမြားနှစ်လုံးလို့ တင်စား ခေါ်ဆိုထိုက်တဲ့ လူ့ချမ်းသာအဆိပ်ဖြေဆေး တရားနှစ်ပါးရဲ့ စွမ်းအားပါ။

မဏိဘဒ္ဒနတ်ဘီလူးကြီးဟာ ဘုရားထံချဉ်းကပ်ပြီး ဘုရားထံကနာကြားခဲ့ရတဲ့ တရားအသိများနဲ့ ပေါင်းစပ်ပြီးတော့ မိမိနားလည်ထားသလို ဘုရားကို အခုလို စကားလေးခွန်း လျှောက်ထားပါတယ်။

(၁) သတိရှိနေတဲ့ပုဂ္ဂိုလ်အတွက် နေ့ရော ညပါ ဘယ်ခါမဆို ကောင်းဆိုးနှစ်တန် လောကဓံ ဘယ်အာရုံနှင့်တွေ့တွေ့ အမြဲတမ်းကောင်းတဲ့ အချိန်တွေချည်းပဲဘုရား၊ သူ့အတွက် ပြဿဒါး မရှိဘူး၊ ရက်ရာဇာချည်းပါ။

(၂) သတိရှိနေတဲ့ပုဂ္ဂိုလ်ဆိုတာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်ချမ်းသာ မျက်မှောက် တမလွန် နိဗ္ဗာန်ချမ်းသာကို ရနိုင်ပါတယ်ဘုရား၊ သူဟာ ချက်ချင်း စိတ်ချမ်းသာနိုင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


(၃) အချိန်ထိန်းကိရိယာ သတိရှိနေသူအတွက် ပစ္စုပ္ပန်သေချာနေပြီဖြစ်လို့ မနက်ဖြန်တိုင်း အကောင်းတွေချည်းပါဘုရား၊ သတိရှိနေရင် နောင်ရေး ဘာမှပူစရာမလိုပါ၊ အနာဂတ်တိုင်းဟာ ကောင်းတဲ့အချိန်တွေချည်းပါ။

(၄) အာရုံထိန်းကိရိယာ၊ စိတ်ထိန်းကိရိယာ၊ သတိရှိနေသူဟာ ဘေးရန်အမျိုးမျိုး လွတ်မြောက်နိုင်ပါတယ်ဘုရား။'

ဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက ရှေ့စကားသုံးခွန်းကိုတော့ အပြည့်အစုံ လက်ခံတယ်။ စတုတ္ထစကားကျတော့ တစ်ဝက်ပဲလက်ခံတယ်။ တစ်ဝက်ကိုတော့ လက်မခံဘူး။

သတိရှိရင် သက်မဲ့ဘေးရန်မျိုးစုံလွတ်ဖို့ သေချာပေမယ့် သက်ရှိဘေးရန်လွတ်ဖို့ကျတော့ သတိရှိရုံနဲ့မရသေးဘူး၊ မေတ္တာပါပွားရဦးမယ်' လို့ သတိအရေးကြီးသလို မေတ္တာလည်း အရေးကြီးကြောင်း ဘုရားရှင်က မေတ္တာစွမ်းအားကိုပါ ဆက်ဟောတော်မူပါတယ်။ သတိနဲ့မေတ္တာဟာ လူချမ်းသာအဆိပ်ဖြေဆေး နှစ်ပါးပါ။

## ၁။ အချိန်စားတာကို ခေါင်းငုံ့ခံနေမလား

- **ကျန်းမာ-နုပျို၊ အဆင်းကို၊ ဝါးမျိုစားတဲ့ အချိန်တွေ။**
- **အသက်-ခွန်အား၊ ကုန်၍သွားရန်၊ ဝါးစားပြန်၊ အမှန်သိအောင်ကြိုးစားလေ။**

အချိန်ဆိုတာ သတ္တဝါတွေကို အမြဲတမ်းစားနေတဲ့ အရာတစ်ခုပါ။ ကိုယ်က သတိမရှိလို့ မသိတာပါ။ သိသိ၊ မသိသိ၊ အချိန်ကတော့ ဘယ်သူ့ကိုမှမျက်နှာမလိုက်၊ အမြဲတမ်း ဝါးမျိုစား နေပါတယ်။

အချိန်ဟာ ကျန်းမာရေးကိုစားနေတယ်။ တကယ်တော့ ခန္ဓာက စားနေတာပါ။ ခန္ဓာက စားနေတာကိုပဲ အချိန်နဲ့တင်စားပြောတာပါ။ ကျန်းမာနေတဲ့ ခန္ဓာကိုယ်ကြီး တစ်စတစ်စ ကျန်းမာရေး လျော့လျော့သွားအောင် အမြဲတမ်းစားနေတယ်။

နုပျိုနေတဲ့အရွယ်ကိုလည်း အချိန်က စားနေတယ်။ တကယ်တော့ ခန္ဓာကြီးက စားနေတာပါ။ လှပတင့်တယ်တဲ့အဆင်းကိုလည်း အချိန်က အဆက်မပြတ် စားနေပါတယ်။ ကြည့်လို့ရှုလို့ ကောင်းနေတဲ့ အဆင်းကို ကြည့်လို့ရှုလို့ မကောင်းအောင် တစ်စတစ်စ အချိန်က စားနေတာ။ ဒါလည်းပဲ တကယ်တော့ ခန္ဓာကပဲ စားနေတာပါ။

အသက်ကိုလည်း စားနေတယ်။ ဒီဘဝမှာနေရမယ့်အသက် တစ်စတစ်စလျော့အောင် နည်းအောင် ကုန်အောင် အချိန်က မရပ်မနား စားနေတယ်။ တစ်စက္ကန့်ကုန်သွားပြန်ပြီ။ ဒီဘဝမှာ နေရမယ့်အချိန် တစ်စက္ကန့် လျော့သွားပြန်ပြီ။ တစ်မိနစ်ကုန်သွားပြန်ပြီ။ ဒီဘဝမှာ နေရမယ့်အချိန် တစ်မိနစ်လျော့သွားပြန်ပြီ။ တစ်နာရီ ကုန်သွားပြန်ပြီ။ ဒီဘဝမှာနေရမယ့်အချိန် တစ်နာရီ လျော့သွားပြန်ပြီ။ အဲဒီလို အချိန်က စားနေလိုက်တာ ဉာဏ်သတိနဲ့ကြည့်မှပဲ မြင်နိုင်ပါတယ်။

လောကမှာ ခြကောင်များ စက္ကူကို ဖြုတ်ဖြုတ်၊ ဖြုတ်ဖြုတ်နဲ့ ကိုက်နေသလိုပဲ။ သင်္ခါရ ခြတွေကိုက်တာက ကြားလည်းမကြားရ၊ မြင်လည်းမမြင်ရတော့ ကြောက်ရမှန်းမသိကြ၊ ဒါကြောင့် ဉာဏ်သတိ စိုက်ကြည့်ရမယ်။

ဖြစ်ပျက်၊ ဖြစ်ပျက်ဆိုတဲ့ သင်္ခါရခြတွေ ခန္ဓာကိုယ်ကြီးကို အချိန်မစဲ အမြဲမပြတ်ကိုက်ပြီး ဖြိုချနေတယ်။ ဒီဘဝမှာနေရမယ့် အချိန်တွေ အရွယ်တွေ တစ်စတစ်စနည်းအောင် ကုန်အောင် စားလို့နေတယ်။ တကယ်စားတာတော့ ခန္ဓာပါပဲ။

ခွန်အားတွေလည်း တစ်စတစ်စလျော့အောင် ကုန်အောင် အချိန်က စားနေတယ်။ ခန္ဓာစားတာကိုပဲ 'အချိန်' လို့ ပရမတ်ကို ပညတ်နဲ့ တင်စားပြီး အများနားလည်အောင် ပြောနေတာပါ။

ဒီတော့ အချိန်စားတာကို ခေါင်းငုံ့ခံနေလို့ မဖြစ်ဘူး။ သတိဉာဏ်နဲ့ အချိန်ကို ကိုယ်က နိုင်အောင်စားပြီး ကိုယ်ပိုင်စွမ်းအားတွေ ဆွဲထုတ်ယူမှ ဖြစ်မယ်။ ကိုယ့်ခန္ဓာ ကိုယ်ပိုင်တာ မဟုတ်တော့ အချိန်နောက်မကျရအောင် သတိဉာဏ်ကို အမြဲကိုင်ထားနေဖို့ လိုမှာပါ။


www.burmeseclassic.com

www.burmeseclassic.com



## ၂။ သတိရှိနေရင် ရက်ရာဇာချည်း

- သတိ-မပါ၊ သိစရာ၊ ရှိတာမပြည့်ဝ။
- သတိတွဲကာ၊ အသိပါ၊ ရှိတာအပြည့်ရ။
- သတိရှိမှု၊ စိတ်မပူ၊ ထိုသူအကောင်းရ။

အချိန်ထိန်း၊ အာရုံထိန်း၊ စိတ်ထိန်းကိရိယာ သတိရှိနေသူအတွက် ပြဿဒါးဆိုတာ မရှိဘူး။ အမြဲရက်ရာဇာချည်းပဲ။ အချိန်ကောင်းတွေချည်းပဲ။ တရားဆိုတာ လောကကို အနိုင်ယူဖို့ ပေါ်လာတာပါ။

လူ့စိတ်မကောင်းအောင်လုပ်တာက ကိလေသာပဲ။ အချိန်မကောင်းအောင် လုပ်တာလည်း ကိလေသာပါပဲ။ ဒုက္ခအပူမျိုးစုံ ဖန်တီးတာကလည်း ကိလေသာတွေပါ။ သတိနှင့် ကိလေသာ တွဲလို့မရတော့ သတိရှိနေတဲ့ အချိန်ဟာ အချိန်ကောင်းဖြစ်သွားတယ်။ နေ့ရောညပါ ဘယ်အခါမဆို ကောင်းတဲ့အချိန်တွေချည်းပဲ။ ကောင်းဆိုးနှစ်တန် ဘယ်လောကဓံနှင့်ပဲတွေ့တွေ့ သတိရှိသူအတွက်တော့ အချိန်ကောင်းတွေချည်းပဲ။

အဆိုးကိုဖန်တီးတတ်တဲ့ ကိလေသာ အပူငွေ့တွေကိုနှုတ်ပေးတာ၊ လျှော့ပေးတာ၊ ဖျောက်ဖျက်ပေးတာက သတိပါ။ ဝီရိယလုပ်ရှားတိုင်း သတိအထိန်းပါမှ အပူငွေ့ကင်းပါတယ်။ လူ့အသိအားလုံး သတိထဲမှာ သိုမှီးသိမ်းဆည်းထားတာဖြစ်လို့ သတိရှိရင် အသိဉာဏ်ထူးများလည်း ပေါ်လာရစမြဲပါ။ သတိဆိုတာ အသိသိုမှီးထားတဲ့ ဘဏ်တိုက်ပါ။

လောကမှာ ကောင်းကင်နက္ခတ်ကိုကြည့်ပြီး အချိန်အကောင်းအဆိုး = ရက်ရာဇာ၊ ပြဿဒါး သတ်မှတ်ကြတယ်။ သာသနာကတော့ သတိရှိရင် အချိန်ကောင်း = ရက်ရာဇာ၊ သတိလွတ်ရင် အချိန်ဆိုး = ပြဿဒါး လို့ သတ်မှတ်တယ်။ ကောင်းမှုကုသိုလ်လုပ်တဲ့ အချိန်ဟာ ရက်ရာဇာ (အချိန်ကောင်း)၊ မကောင်းမှုအကုသိုလ် လုပ်တဲ့အချိန်ဟာ ပြဿဒါး (အချိန်ဆိုး) ဖြစ်တယ်။

မကောင်းကျိုးကို ပြဿဒါးနက္ခတ်က ပေးတာမဟုတ်ဘဲ မကောင်းမှုအကုသိုလ်ကသာ ပေးပါတယ်။ ကောင်းကျိုးကိုလည်း ရက်ရာဇာ သတ်မှတ်ပေးတဲ့ နက္ခတ်က ပေးတာမဟုတ်ပါဘူး။ ကောင်းမှုတရားကသာ ပေးပါတယ်။ ဒါကြောင့် ကောင်းကျိုးကို ဧကန်ပေးတတ်တဲ့ ကောင်းမှုတရားကို သတိရှိရှိ အသိတရားပြည့်ပြည့်နဲ့ ဖြစ်အောင် တိုးအောင် လုပ်နေတဲ့ အချိန်ဟာ တကယ်ကောင်းမြတ်တဲ့အချိန်ပါ။ သတိဟာ လူ့အသိအားလုံး ထည့်သွင်းသိမ်းဆည်းပေးတဲ့ကြောင့် ပိုက်ဆံအိတ်နှင့်လည်း တူပါတယ်။

## ၃။ ကိုယ့်စိတ် ကောင်းမကောင်းသာကြည့်

- သတိလွတ်ငြား၊ ပြဿဒါး၊ စိတ်ထားမကောင်းပါ။
- သတိထားက၊ စိတ်ကောင်းရ၊ မုချရက်ရာဇာ။

သာသနာနည်းအရ အကောင်းအဆိုးသိဖို့ ကောင်းကင်နက္ခတ်တွေ မော်ကြည့်နေစရာ မလိုဘူး။ ကိုယ့်စိတ်ကောင်းမကောင်းပဲ အကဲခတ်ပါ။ ကိုယ့်စိတ်မှာ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်နေသလောက် အကုန်ပြဿဒါးအချိန်တွေဖြစ်နေမှာပဲ။ လောဘဆိုတာ ပြိတ္တာစိတ်၊ ဒေါသဆိုတာ ငရဲစိတ်၊ မောဟဆိုတာ တိရစ္ဆာန်စိတ်ကို ဖန်တီးတယ်။ လူကို ပြဿဒါးဖြစ်အောင်လုပ်နေတာက လောဘ၊ ဒေါသ၊ မောဟ အပူ အခိုး အငွေ့တွေပါ။

သတိ၊ ပညာ၊ သဒ္ဓါ ဦးစီးတဲ့ စိတ်ကောင်း စိတ်မြတ်တွေ ဖြစ်နေတဲ့အချိန်ဟာ ကိုယ့်အတွက် ရက်ရာဇာချည်းပဲ။ ဒါကြောင့် သတိရှိနေရင် ကောင်းတဲ့အချိန်တွေချည်းပါ။

## ၄။ အသင့်အနေအထားမှာ အမြဲရှိပါစေ

- အာရုံမှာကပ်၊ စိတ်ထိန်းကပ်ကာ၊ စောင့်ရှောက်ပါ၊ ကောင်းစွာလုံခြုံစေ။
- ဟိုပြေး ဒီပြေး၊ ကင်းစင်ဝေး၊ အပြေးရပ်အောင်၊ စောင့်ရှောက်လေ။
- ခိုင်းလိုသောခါ၊ ကျိုးနွံစွာ၊ စိတ်မှာ အသင့်ရှိပါစေ။



www.burmeseclassic.com

www.burmeseclassic.com



သတိဆိုတာ စိတ်ကို အချိန်မရွေးသုံးနိုင်အောင် အသင့်အနေအထားမှာ အမြဲထားတာပါ။ 'ဟဲ့ . . စိတ်ကလေး၊ မင်းကို အချိန်မရွေး အလုပ်ခိုင်းမှာနော်၊ မင်းကို အချိန်မရွေး သီလ ဆောက်တည်ခိုင်းမယ်၊ အချိန်မရွေး သမာဓိပွားများခိုင်းမယ်၊ အချိန်မရွေး ဝိပဿနာ နှလုံးသွင်းပွား များခိုင်းမယ်၊ အချိန်မရွေး ဒါနအလုပ်လည်း ခိုင်းမှာပဲ၊ မင်း အသင့်အနေအထားမှာ အမြဲရှိနေပါစေ'

'ခိုင်းလိုက်တဲ့အချိန်မှာ မင်းဟာ တောတွေးတောင်တွေး၊ တောငေးတောင်ငေး၊ တောပြေးတောင်ပြေး ဟိုခလုတ်တိုက် ဒီခလုတ်တိုက် ဟိုချော်လဲ ဒီချော်လဲ မလုပ်နဲ့နော်၊ ခိုင်းရင်လုပ်ဖို့ အမြဲအသင့်ရှိနေပါစေ'

'ချက်ရင်းပြုတ်ရင်း သွားရင်းလာရင်း စားရင်းသောက်ရင်း စီးပွားရှာရင်းလည်း ဘယ်အချိန်မှ အမှတ်တမဲ့ မနေနဲ့နော်၊ နိုးနိုးကြားကြား တက်တက်ကြွကြွ အဆင်သင့် အနေအထားမှာ အမြဲရှိနေပါစေ'လို့ စိတ်ကို အဆင်သင့် အနေအထားဖြစ်အောင် အမြဲတမ်း နှိုးဆော် တာဝန် ပေးထားတဲ့သဘောကို သတိလို့ ခေါ်ပါတယ်။

သတိဆိုတာ အချိန်မီ အလုပ်လုပ်နိုင်အောင် ထိန်းပေးတဲ့ အချိန်ထိန်းကိရိယာပါ။ အာရုံနဲ့ စိတ် ထိတွေ့လာတဲ့အခါ အာရုံအနိုင်ကျင့်တာမခံဘဲ ကိုယ်ကသာ အာရုံကိုအနိုင်ယူပြီး တရားစွမ်းအား ဖော်ထုတ် ပေးနိုင်တာဖြစ်လို့ အာရုံထိန်းကိရိယာလည်းဟုတ်တယ်။ စိတ်နောက်ကို လူက မလိုက်ဘဲ လူနောက်ကိုသာ စိတ်ကိုပါအောင်ဆွဲပြီး ထိန်းပေးနိုင်တာဖြစ်လို့ စိတ်ထိန်းကိရိယာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အခါမဆို ဘာနှင့်တွေ့တွေ့ ဘာပဲလုပ်လုပ် စိတ်ကို အသင့်အနေအထားမှာ အမြဲရှိနေအောင် စွမ်းဆောင်နိုင်တယ်။

## ၅။ သတိရှိရင် ချမ်းသာရနိုင်တယ်

- **မေ့လျော့ပေါ့ဆ၊ အပူရ၊ အောက်ကျည့်ဖျင်းစေ။**
- **အာရုံနယ်ကျွံ၊ အပျော်လွန်၊ ဇကန်ထိန်းချုပ်လေ။**
- **မမေ့သူမှာ၊ ရှုပွားကာ၊ ချမ်းသာကြရပေ။**
- **အေးမြရွှင်ပြုံး၊ လှနှလုံး၊ ကျင့်ထုံးစနစ်ပေ။**

အာရုံနယ်ကျွံအပျော်လွန်ရင် သတိလွတ်သွားတတ်တယ်။ သတိလွတ်တော့ မေ့လျော့ ပေါ့ဆသွားတယ်။ အလုပ်လမ်းစ လုံးဝပျောက်သွားရင် မေ့တယ်လို့ခေါ်တယ်။ ဘာမှ စွမ်းအား ပေါ်မလာတော့ဘူး။ ဒါ့ကြောင့် မေ့ရင် ဖျင်းသွားတတ်တယ်။

မမေ့ပေမယ့် တင်းတင်းကြပ်ကြပ် ပြတ်ပြတ်သားသား လေးလေးစားစားမရှိပဲ မပေါ်တစ်ချက် ပေါ်တစ်ချက်၊ မလုပ်တစ်ချက် လုပ်တစ်ချက်၊ လုပ်တော့လည်း ပြီးစလွယ် အပေါ်ယံ ရှော်ရွှတ်ရွှတ် မထိတစ်ထိ လုပ်နေရင် လျော့တယ်၊ ပေါ့တယ်၊ ဆတယ်လို့ ခေါ်တယ်။ လျော့ရင် ပေါ့ရင် ဆရင် လူညံ့ဖြစ်သွားတတ်တယ်။ ရပေမယ့် ဘာမှ အရည်အသွေးမမီတော့ဘူး။ အောက်ကျနောက်ကျ အညံ့စားပဲဖြစ်မယ်။ ဖျင်းသလောက် ညံ့သလောက် ဆင်းရဲရမှာပဲ။

လောကမှာ ကလေးသူငယ်များ မီးဆော့တဲ့အခါ ပျော်ချင်လို့ မီးဆော့တာဖြစ်ပေမယ့် မီးဆိုတာက ပျော်ရမှာထက် လောင်တတ်တာကိုး။ မီးလောင်ပြီး ဒုက္ခရောက်မှာပဲ။

ဒါမျိုးလိုပဲ။ သတိအထိန်းမပါပဲ အာရုံတွေကြားထဲမှာ စိတ်ကို လွှတ်ထားကြမယ်ဆိုရင် ပျော်ချင်ကြပေမယ့် စိတ်ဆင်းရဲရရာတွေက ပုံလို့၊ ပျော်ရမှာက ဘာမှမဟုတ်ဘူး၊ လောင်စရာတွေက အများကြီးပဲ။

ထက်သန်ထူးခြားတဲ့ သတိတရား အားကောင်းသူဟာ ပစ္စုပ္ပန်မှာလည်း ချမ်းသာအောင် နေတတ်တယ်။ နောင်ရေးစိတ်အေးရအောင်လည်း အဆင်သင့် ကြိုတင်စုဆောင်းထားဖြစ်တယ်။

စိတ်ဆင်းရဲတယ်ဆိုတာ ကိလေသာကြောင့်ပဲ။ သတိဝင်လာတဲ့အချိန်မှာ ကိလေသာ ကင်းပြီး မျက်မှောက်ချက်ချင်း ချမ်းသာတယ်။ ငြိမ်းချမ်းတဲ့စွမ်းအားရလာတယ်။ သတိနှင့်စိတ် ယှဉ်တွဲနေသလောက် တည်ငြိမ်ရင့်ကျက်ပြီး ငြိမ်သက် ငြိမ်းချမ်းပါတယ်။

ပစ္စုပ္ပန်ငြိမ်းချမ်းရင် နောင်ရေးချမ်းသာဖို့လည်း သေချာပြီးသားပါ။ အသိပညာ ဦးဆောင်မှု ကောင်းလာတဲ့အခါ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုလမ်းကြောင်းပေါ် ရောက်သွားတော့ လောကုတ္တရာ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာရဖို့လည်း သေချာသွားပြီပဲ။ စိတ်ထဲသတိထည့်ထားလိုက်ရင် လက်ငင်း ချမ်းသာတာကတော့ သေချာပေါက်ပါ။

## ၆။ အရိုက် သတိဉာဏ်ဖန်တီးမှ ချမ်းသာမယ်

- **မသိ-တဏှာ၊ ဖန်ဆင်းကာ၊ ပျော်တာ အတုမှတ်။**
- **သတိ-ပညာ၊ ဖန်ဆင်းကာ၊ ပျော်တာ အစစ်မြတ်။**
- **အတုနောက်တွင်၊ အပူဝင်၊ စစ်လျှင် ချမ်းသာတတ်။**

နတ်ပြည် ၆-ထပ်ထဲမှာ ပဉ္စမနတ်ပြည်ကို နိမ္မာနရတိလို့ခေါ်ပါတယ်။ အဲဒီနတ်ပြည်မှာရှိတဲ့ နတ်တွေဟာ ဖန်ဆင်းပြီးပျော်ကြတယ်လို့ဆိုတယ်။ ကံက ပေးထားတဲ့ ပင်ကိုယ်ရှိပြီးသား စည်းစိမ်ထက် အလွန်အကဲ ခံစားစံစား ပျော်ရွှင်လိုတဲ့အခါ မိမိစိတ်တိုင်းကျ ကိုယ့်တန်ခိုးနဲ့ ဖန်ဆင်း ပြီး မွေ့လျော်ပျော်ရွှင်တတ်ကြပါသတဲ့။

လူတွေလည်း ပင်ကိုယ်သဘာဝ ပျော်စရာမရှိတော့ ဖန်တီးပြီးပျော်ကြရတာပဲ။ ဖန်တီးမှပဲ ပျော်စရာ တွေ့ကြတာဖြစ်လို့ နိမ္မာနရတိ လူသားတွေလို့ ခေါ်မယ်ဆိုခေါ်လို့ဖြစ်ပါတယ်။ ဖန်တီးပုံက လောကနည်း၊ ဓမ္မနည်းလို့ နှစ်မျိုးရှိပါတယ်။

လောကလူသားတွေက လောကနည်းနဲ့ အဝိဇ္ဇာတဏှာရှေ့ထားပြီး ပျော်ကြတယ်။ က, တတ် သူကို အကခိုင်း၊ ဆိုတတ်သူကို သီချင်းဆိုခိုင်း၊ တီးမှုတ်တတ်သူကို တီးမှုတ်ခိုင်းပြီး ကြုံကြုံဖန်ဖန် ဖန်တီးပျော်ကြတယ်။ ဒီတိုင်း ငုတ်တုတ်ထိုင်နေတော့လည်း ပျော်စရာမရှိတော့ ဖန်တီးပျော်ကြရတာပေါ့။ ဒါပေမယ့် အတုတွေပါ။ အတုနောက်မှာ ပူစရာတွေရှိနေပါတယ်။

ပြီးတော့ လောကလူသားတွေဟာ အသုဘခန္ဓာကို သုဘ၊ အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တလို့ ပြောင်းပြန်ဖန်တီးပြီး စိတ်ကူးနဲ့ အတုလုပ်ပျော်ကြပါတယ်။ အတုများဖြစ်လို့ နောက်ဆုံးတော့ ငိုကြရတာပဲ။

ဓမ္မလူသားတွေကတော့ ဓမ္မနည်းနဲ့ သတိပညာရှေ့ထားပြီး ပျော်တတ်ကြပါတယ်။ အသုဘ ခန္ဓာအပေါ် သီလသမာဓိအားနဲ့ ဖန်တီးပျော်ကြတယ်။ အနိစ္စ ဒုက္ခ အနတ္တ ခန္ဓာအပေါ် ဝိပဿနာနဲ့ ဖန်တီးပြီး ငြိမ်းချမ်းစွာ ပျော်တတ်တယ်။ အစစ်အပျော်ဆိုတော့ စွမ်းအားပဲ တိုးတက်လာတယ်။ ငိုစရာပူစရာ ဘာမှမပါပါဘူး။

ဓမ္မလူသားတွေဟာ ကျွမ်းကျင်တဲ့ ဖန်တီးရှင်များဖြစ်လို့ ပစ္စည်းတွေရှာပြီး ပစ္စည်းကို ဒါန သီလ သမာဓိ ဝိပဿနာဖြစ်အောင် ဖန်တီးပျော်နိုင်ကြတယ်။ ပစ္စည်းတွေ သုံးမဖြစ်တော့လို့ အမှိုက်ပုံးထဲ အမှိုက်ပစ်တာ တောင်မှ ဝိပဿနာနဲ့ ဖန်တီးပျော်လိုက်သေးတယ်။ ပစ္စည်းတွေ သူခိုး ခိုးခံရလို့ ပျောက်သွားတာတောင်မှပဲ ပျော်စရာ ဝိပဿနာဖြစ်အောင် ဖန်တီးလိုက်သေးတယ်။ လောကလူသားတွေ ငိုစရာအားလုံးဟာ ဓမ္မလူသား တွေအတွက်တော့ ငြိမ်းချမ်းတဲ့ ပြုံးစရာ ပျော်စရာ များ ဖြစ်သွားရပါတယ်။

အိုထုပ်၊ နာထုပ်၊ သေထုပ်ဖြစ်တဲ့ မိမိခန္ဓာအပေါ်မှာလည်း သီလ၊ သမာဓိ၊ ဝိပဿနာပုံစံနဲ့ ဖန်တီး ပျော်တတ်ပါတယ်။

## ၇။ ယခု ကောင်းရင် နောင်ကောင်းပါတယ်

- **ပစ္စုပ္ပန်မှာ၊ လက်လွတ်ကာ၊ နစ်နာဆုံးရှုံးရ။**
- **နောက်နေ့ကိုတွေး(နောင်ရေးကိုတွေး)၊ စိတ်မအေး၊ ပူဆွေးအားငယ်ရ။**
- **ပစ္စုပ္ပန်မှာ၊ သတိပါ၊ နောင်ခါစိတ်အေးရ။**

ပစ္စုပ္ပန်တိုင်း မလွတ်တမ်း သယ်ဆောင်သွားရမယ့်တရားကတော့ သတိပါ။ လောက ဓမ္မ ကိစ္စခပ်သိမ်းမှာ သတိအရေးအကြီးဆုံးပါ။ သတိဟာ စိတ်အပေါက်ကို သေသေချာချာ ပိတ်ဆို့ ဖားထေးပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


တကယ်အလုပ်လုပ်ရမယ့် အချိန်က ပစ္စုပ္ပန်သာဖြစ်ပါတယ်။ အချိန်ထိန်းကိရိယာ သတိရှိမှ ပစ္စုပ္ပန်မိအောင် ဖမ်းပြီးသုံးနိုင်ပါတယ်။ သတိလွတ်ရင် အရေးကြီးတဲ့ပစ္စုပ္ပန်တိုင်း လက်လွတ်ဆုံးရှုံးတယ်။ အတိတ်ကိုတွေးတော့ စိတ်မအေးရလို့ မကျေနပ်။ မသေချာတဲ့အတိတ်၊ ပစ္စုပ္ပန်ကြောင့် အနာဂတ်ကိုတွေးတိုင်း ကြောက်လန့်စိုးရိမ်ရတယ်။ ကိုယ့်အကြောင်းကိုယ်သိထားတာမို့ ကိုယ့်ဟာကိုယ် အခြောက်ခံရတာက သူများခြောက်တာထက် ပိုပြီး ကြောက်လန့်တုန်လှုပ် ပူလောင်ရတတ်တယ်။ မသေချာ မရေရာတဲ့ ပစ္စုပ္ပန်တိုင်း အနာဂတ်ကို ခြိမ်းခြောက်ပါတယ်။ မကောင်းတဲ့ပစ္စုပ္ပန်ဟာ မကောင်းတဲ့ အနာဂတ်ကို ဖန်တီးပါတယ်။

သတိကတော့ ပစ္စုပ္ပန်ကို တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုးလေးစားတာဖြစ်လို့ မလွတ်အောင် ထိန်းထားနိုင်တယ်။ သတိထဲမှာ အသိ သို့မှီးသိမ်းဆည်းထားနိုင်တာဖြစ်လို့ ဘာမဆို အသိနဲ့အဖိုးတန်အောင် အသုံးချနိုင်တယ်။ ပစ္စုပ္ပန်အနေရှင်းသလောက် နောင်ရေးလည်း စိတ်အေးရပါတယ်။ သေချာတဲ့ပစ္စုပ္ပန်ဆိုတာ အနာဂတ်ကို အားလုံးတာဝန်ယူပါတယ်။ 'နောက်တော့ ကောင်းကောင်းနေ တော့မယ်' ဆိုတာထက် 'ယခုပဲ ကောင်းကောင်းနေပါတော့မယ်' ဆိုတာက နောင်ရေး စိတ်အေးရဖို့ ပိုသေချာမှာပါ။ ဒါ့ကြောင့် ယခု ကောင်းရင် နောင်ကောင်းပါတယ်။

## ၈။ စိတ်အပေါက်ကြီး လုံအောင်ဖာပါ

- **အရာရာမှာ၊ စူးစိုက်ကာ၊ ကောင်းစွာ ငြိမ်းအေးစေ။**
- **စွဲမြဲသတိ၊ သမာဓိ၊ အသိနိုင်မာစေ။**
- **စိတ်တွေပေါက်တာ၊ လုံအောင်ဖာ၊ စုတ်တာကိုလဲ ချုပ်စပ်လေ။**
- **ရှိတာကိုရှု၊ သိအောင်ပြု၊ ကောင်းမှု ပိုင်ပါစေ။**
- **ကုန်ဆုံးသွားလျှင်၊ အသိဝင်၊ စွမ်းအင်ရလဒ် ကျန်ပါစေ။**
- **အေးမြရွှင်ပြုံး၊ လူ့နှလုံး၊ ကျင့်ထုံးစနစ်တွေ။**

ခုရော နောင်ပါ စိတ်အေးချမ်းလိုရင် မူ ၃-ခု ကို လက်တွေ့ကျင့်သုံး လိုက်နာဖို့လိုမှာပါ။ အစီအစဉ်၊ လမ်းကြောင်း၊ ဦးတည်ချက်ဆိုတဲ့ မူ ၃-မျိုးပါပဲ။ ဒီ ၃-ခု မရှိတဲ့ လူ့ဘဝဟာ ဘာမှအဓိပ္ပါယ်မရှိပါဘူး။ နေ့စဉ် ထမင်းနှစ်ထပ်မှန်မှန်ကျွေးပြီး သေရမယ့်ရက်ကို ထိုင်စောင့်နေတာနဲ့ပဲ တစ်ဘဝကုန်ဆုံးသွားမှာပဲ။ လှိုင်းလေ ထူထပ်ပြီး ကမ်းမမြင် လမ်းမမြင်ရတဲ့ ပင်လယ်ထဲမှာ ထင်ရာစုတ်မောင်းနေတဲ့ သင်္ဘောလိုပဲ။ ရောက်ချင် သလိုရောက်၊ မျောချင်သလိုမျော၊ မြုပ်ချင်သလိုမြုပ် ဒုက္ခတွေ ပင်လယ်ဝေသွားမှာပဲ။

မူ ၃-ခုဆိုတာ

(၁) ဘာမဆို အေးအေးဆေးဆေးလုပ်ပါ။ သတိ သမာဓိရှိဖို့ ပြောတာပါ။ လုပ်ငန်းတစ်ခု တာထွက် လိုက်တာနဲ့ မျက်ခြည်မပြတ်ဖို့ သေချာဖို့လိုတယ်။ အလုပ်လုပ်ရင် စူးစိုက် တည်ငြိမ် အေးချမ်းဖို့ အရေးကြီး ပါတယ်။ ဒါမှ ပစ္စုပ္ပန် သေချာမှာပါ။ သတိ၊ သမာဓိနဲ့ စူးစိုက်ပေးတယ်ဆိုတာ ပေါက်ပြဲနေတဲ့စိတ်ကို လုံအောင် ပိတ်ဆို့ဖာထေးတာပါ။ စုတ်ပြတ်နေတဲ့စိတ်ကို လုံအောင် ချုပ်စပ်ပေးတာလည်း ဖြစ်ပါတယ်။

ပုထုဇဉ်ရဲ့စိတ်ဟာ သတိလွတ်တိုင်း လောဘ ဒေါသ မောဟတွေ ထိုးဖောက်ဆွဲဆုတ်ပစ်တာ ခံနေရလို့ အပေါက်တွေ အစုတ်တွေချည်း ဖြစ်နေတတ်တယ်။ စိတ်ပေါက်ပြဲကုန်ရင် တရားထည့်လို့ သယ်ဆောင်လို့ မရတော့ဘူး။ တရားစွမ်းအားတွေ အပေါက်က အကုန်ယိုဖိတ်ကုန်တယ်။ အပေါက်များတော့ အပူအရှုပ်တွေ ဝင်လို့လည်း လွယ်ကူသွားတာပေါ့။ ပုံးအပေါက်နဲ့ရေခပ်ရင် အခေါက်များပေမယ့် ရေမရသလိုဘဲ စိတ်အပေါက်ကြီးနဲ့ ပြေးလွှားရုန်းကန်နေရင် နေ့ရက် လတွေ နှစ်တွေ များလာပေမယ့် သေဖို့ နီးလာတာက လွဲရင် ဘာအားကိုးစရာ တရားတွေမှ ရလာ၊ တိုးလာမှာ မဟုတ်ပါဘူး။

လုံချည်၊ အင်္ကျီအစုတ်တွေဝတ်ရင် မထည်ဝါသလိုပဲ။ စိတ်အစုတ်အပြတ်ကြီးနဲ့ အလုပ်လုပ်နေရင် အာရုံတွေအကြားမှာ ထည်ဝါမှုမရှိတော့ဘဲ အာရုံတွေရဲ့ မထီမဲ့မြင်ပြုတာကို ခံနေရမယ်။ ပူလောင် ရှုပ်ထွေးနေမှာပဲ။


www.burmeseclassic.com

www.burmeseclassic.com


ဒါ့ကြောင့် ဘာမဆို ပူပူလောင်လောင် ပြာလောင်ခတ် ရှုပ်ယှက်ခတ်မလုပ်ပဲ စိတ်ပေါက်ကို သတိနဲ့ဖာ၊ စိတ်စုတ်ကို သတိနဲ့ ချုပ်ပြီး လုံခြုံတဲ့စိတ်နဲ့ အေးအေးဆေးဆေး လုပ်ရမယ်။ ခြေလေး တစ်လှမ်း၊ ထမင်းလေး တစ်လုတ်ကစ သေချာမှုပဲ ခုရောနောင်ပါ စိတ်အေးရမှာပါ။

(၂) 'မအားဘူး' လို့ မပြောပါနဲ့၊ ရှိတာကိုသာ သိအောင်လုပ်ပါ။ လူ့ဘဝဆိုတာ တွန်းအားတွေလည်း များတယ်။ အလုပ်ကိစ္စလည်း မအားလပ်လောက်အောင် အလွန်များပြားတယ်။ ပြီးတော့ အသိထူးခြားတယ်။ ဒါ့ကြောင့် တရားနှင့်ထိုက်တန်တာပါ။ လူဆိုတာ နတ်များလို ကံဟောင်းကို ထိုင်စားနေတဲ့ဘဝ မဟုတ်တော့ တစ်လှုပ်လှုပ်နဲ့ စားဝတ်နေရေးအတွက် အလုပ်လုပ်နေရပါတယ်။ အလုပ်များလို့လည်း လူနှင့်တရား ထိုက်တန်တာဖြစ်လို့ အလုပ်များတာဟာ တရားဝင်ပေါက်တွေ များ နေတာပဲလို့ အားရှိစရာတွက်တတ်ဖို့ လိုမှာပါ။ အလုပ်နှင့်တရား တွဲမိပေါင်းမိဖို့ ကြိုးစားရမှာ ဖြစ်တယ်။

သတိနဲ့ စိတ်ပေါက်ကို လုံအောင်ဖာထေး ပိတ်ဆို့နိုင်သူဟာ ရှိတာကိုသိနိုင်လောက်အောင် အသိရှင်းပါတယ်။ အလုပ်များပေမယ့် မရှုပ်ပါဘူး။ အသိရှုပ်တာကိုပဲ အလုပ်ရှုပ်တယ်လို့ ပြောနေကြတာပါ။ အသိရှင်းရင် ကံအရှိ ခန္ဓာအရှိ ရုပ်နာမ်အရှိတွေဟာ ကြည့်နိုင်သလောက် မြင်ရပါတယ်။ မြင်သလောက်လည်း စွမ်းအားကိုယူတတ်ပါတယ်။ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စမျိုးစုံ တွေထဲမှာ ဒါန၊ သီလ၊ သမာဓိ ဝိပဿနာ စွမ်းအားတွေ ပါဝင်နေကြတာကို အားရှိစရာကောင်းလောက်အောင် တွေ့မြင်လာရပြီး ပါးနပ်လိမ္မာကျွမ်းကျင်စွာ စုဆောင်းရယူတတ်လာပါတယ်။ အရှိဟာ အသိနဲ့ထိန်းပေးနိုင်ရင် အားလုံး စွမ်းအားတွေ ချည်းပါ။

(၃) ဗုဒ္ဓသာသနာနှင့် တွေ့သူတွေရဲ့ အစွမ်းကတော့ ကုန်သွားတာဟာ 'အား' ပဲ။ ကုန်ဆုံးခြင်းရဲ့ ရလာဒ်ဟာ စွမ်းအားပဲဖြစ် တယ်။ ကုန်ဆုံးခြင်းရဲ့နောက်မှာ စွမ်းအားရလဒ်တစ်ခုခု ကျန်နေခဲ့ရမယ်။ လူရဲ့လက်ထဲမှာရှိနေတဲ့ သက်မဲ့သက်ရှိအားလုံး ကိုယ်ရှိချင်သလောက် ရှိနေကြမှာမဟုတ်ဘဲ သူရှိနိုင်သလောက်သာရှိနေပြီး ကန့်သတ်ချိန်ပြည့်ရင် ကုန်ဆုံးပျောက်ကွယ်သွား ကြမှာချည်းပဲ။

ကုန်ဆုံးသွားရင် ထင်းတုံးတွေပုံထားပြီး မသုံးဘဲ အလကားမီးရှို့ပစ်လိုက်သလို အလကား ကုန်သွားတာမျိုး မဖြစ်စေသင့်ဘူး။ အကုန် စာရင်းတွေပြပြီး အိုဖို့၊ နာဖို့၊ သေဖို့၊ ပူဖို့ လောင်စာ ထည့်ပေးတာနဲ့ပဲ ပစ္စည်းတွေကုန်နေမယ်ဆိုရင် သိပ်ရှုံးတာပေါ့။ တရားမပါတဲ့လူရဲ့ စားဝတ်နေရေးဟာ ထင်းတုံးတွေပုံပုံပြီး မီးရှို့ပစ်နေသလို လောင်လောင်ပြီး ကုန်ကုန်သွားကြတာဖြစ်လို့ သိပ်နှမြောစရာကောင်းတယ်။

ထင်းပုံကြီးကို ထမင်းဟင်းချက်တဲ့အခါ ယူယူပြီး မီးဆိုက်အသုံးချလိုက်တော့ ထင်းတွေ ကုန်သွားပေမယ့် တစ်ဖက်က ထမင်းဟင်းကျက်လို့ စားရတာတွေ ပြစရာကျန်ခဲ့ တာမျိုးပဲ ဖြစ်သင့် ပါတယ်။

ကိုယ့်လက်ထဲမှာရှိတဲ့ ကိုယ်နှင့်ဆိုင်တဲ့ အရာတွေအားလုံး အချိန်စေ့ရင် တစ်နည်းနည်းနဲ့ ကုန်သွားမှာ ချည်းပဲ။ ဘာတစ်ခုမှ အမြဲဆုပ်ကိုင်ထားလို့ မရပါဘူး။ အချုပ်အားဖြင့်တော့ စားသုံးလို့ကုန်၊ ပေးလို့ကုန်၊ ပျောက်ပျက်လို့ကုန်တဲ့ အကုန် ၃-မျိုးနဲ့ နေ့စဉ်ကုန် နေရမှာချည်းပါ။ ဒီလို ကုန်ဆုံးသွားတဲ့အခါ ဒါနရနိုင်တဲ့နေရာမှာ ဒါနအားတွေ ကျန်ရစ်ခဲ့အောင် သဒ္ဓါနဲ့စိတ်ကို သန့်စင်၊ သတိနဲ့စိတ်ကိုထိန်း၊ ဉာဏ်နဲ့ကျွမ်းကျင်ပါးနပ်စွာ ယူထားနိုင်ရမယ်။

ဝေယျာဝစ္စတွေ၊ သီလတွေရနိုင်တဲ့နေရာမှာ မလွတ်တမ်း ဆွဲယူနိုင်ရမယ်။ သမာဓိရနိုင်တဲ့ နေရာရောက်ပြန်တော့ သတိနဲ့ ဝီရိယတွဲပြီး စူးစူးစိုက်စိုက် တည်တည်ငြိမ်ငြိမ်၊ ခုလည်း သေချာ နောင်လည်း စိတ်အေးရအောင် တစ်ပါတည်း ယူထားသင့်ပါတယ်။ ဘာပဲလုပ်လုပ် စိတ်ပေါက်ကို လုံအောင်ဖာပြီး သေသေသပ်သပ် ပိပိရိရိ အေးအေးချမ်းချမ်းပဲ လုပ်သင့်ပါတယ်။

ဝိပဿနာရနိုင်တဲ့ နေရာကျပြန်တော့ အသိကိုလျှို့ဝှက်မထားဘဲ အကုန်ထုတ်သုံးရမှာပဲ။ စိတ်ပေါက်ကို သတိနဲ့ဖာထားရင် အသိလည်းလုံနေလို့ ရှိတာကို တကယ်သိမြင်ရပါတယ်။ နေ့စဉ် ထမင်းနဲ့ စားသောက်ဖွယ်တွေ စားနေကြတာကိုပဲကြည့်ပါ။ မနက်စားလိုက်တော့ ညနေဆာတယ်။ ညနေ စားလိုက်ပြန်တော့ မနက်မှာ ဆာပြန်တယ်။ ဒါတွေဟာ ကြည့်တတ်ရင် ဝိပဿနာပဲ။ ကုန်သွားလို့ ဆာတာ ဆိုတော့ ကုန်တာ ပြောင်းလဲဖောက်ပြန်တာဟာ အနိစ္စပဲ။ ဆာတာဟာ ဒုက္ခပဲ။ ခန္ဓာက ကိုယ့်အလိုမလိုက်၊ ကိုယ်ကသာ ခန္ဓာနောက်လိုက်ပြီး ကျွေးရ၊ စားရမှာဖြစ်လို့ အနတ္တပဲ။



www.burmeseclassic.com

www.burmeseclassic.com


အမှိုက်ပုံးထဲ နေ့စဉ်အမှိုက်ပစ်နေကြတာဟာ ကြည့်တတ်ရင် ဝိပဿနာပဲ။ သုံးမဖြစ်အောင် အမှိုက်ထဲ ပစ်လိုက်ရလောက်အောင် ပြောင်းလဲဖောက်ပြန်သွားတာဖြစ်လို့ အနိစ္စရှုရုံပဲ။ ဖြစ်ချင်တာ မဖြစ်၊ မဖြစ်ချင်တာ ဖြစ်သွားလို့ ဒုက္ခပေါ့။ 'ဟဲ့ အမှိုက်တွေ၊ ပစ္စည်းကောင်းတွေ ပြန်ဖြစ်ကြစမ်း' လို့ ခိုင်းလို့မရ၊ ကိုယ့်အလို သူမလိုက်နိုင်တော့ အနတ္တဆိုတာ ရှင်းလို့ပဲ။

ပစ္စည်းတွေ သူခိုး၊ ခိုးခံရလို့ ပျောက်သွားတာတောင်မှ သတိနဲ့အသိကောင်းသူဟာ အပူမကျန်စေဘဲ ဝိပဿနာရှုပြီး အမြတ်ထုတ်ယူနိုင်ပါသေးတယ်။ အသိ၊ သတိကောင်းသူအတွက် အများ ချီးချငိုစရာ၊ ပူလောင်စရာ အားလုံးဟာ ပြုံးပြစရာ၊ ငြိမ်းအေးစရာတွေချည်း ဖြစ်နေ တတ်ပါတယ်။

နေ့စဉ် ထမင်းဟင်းချက်ပြုတ်နေကြတဲ့အခါ ဆန်က ထမင်းဖြစ်သွားပုံတွေ, သားငါး၊ ဟင်းသီး ဟင်းရွက်တွေက ဟင်းအဖြစ် ပြောင်းလဲသွားပုံတွေ၊ စားလိုက်တော့ ကုန်သွားပုံတွေဟာ ကြည့်တတ်ရင် ဝိပဿနာတွေပါပဲ။

နေ့စဉ် လူတွေလုပ်နေကြတဲ့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေအားလုံးဟာ အသိ၊ သတိ ခေါင်းတွဲတပ်ဆင်ပေးလိုက်ရင် ဒါန၊ သီလ၊ သမာဓိ ဝိပဿနာ စွမ်းအားတွေချည်းပါပဲ။

ပြီးတော့ ရှင်လာရင် ဧကန်သေရမယ်။ ဖြစ်လာရင် ဘာမဆိုပျက်ရမယ်။ ရလာရင် အချိန်စေ့တော့ ကုန်ဆုံးသွားရမယ်။ တွေ့ဆုံလာရင် ကန့်သတ်ချိန်ပြည့်တော့ ကွဲရမယ်။ ဒါဟာ ဘဝသံသရာမှာ သွားနေကျ ပုံမှန်လည် ပတ်နေတဲ့လမ်းရိုးကြီးပါ။ အသိ၊ သတိမပါသူတွေ မူးလဲသွားကြပေမယ့် အသိ၊ သတိ အားကောင်းသူအတွက်တော့ ဒါတွေဟာ 'အား' တွေချည်းပဲ။

လူကို လောက က နိုင်တယ်။ လောကကိုတော့ ဓမ္မ (တရား) က နိုင်တယ်။ ဓမ္မ (တရား) ကို နိုင်တာကတော့ သတိပညာပါ။ သတိပညာနဲ့ ဓမ္မကိုလက်ကိုင်ထားနိုင်ရင် လောကကို နိုင်ပြီဖြစ်လို့ လူဟာ လောကအလယ်မှာ ကောင်းဆိုးနှစ်တန် ဘယ်လောကဓံနဲ့တွေ့တွေ့ နေရာတိုင်း အဝင်ဆံ့သွားပါတယ်။

## ၉။ ရန်ပွဲတွေ ဖျန်ဖြေပေးပါ

- **ရန်ဖြစ်နေတာ၊ ဤခန္ဓာ၊ မှန်စွာဒုက္ခမှတ်။**
- **သမုဒယ၊ ရန်တိုက်ကြ၊ ဒုက္ခပွားစေတတ်။**
- **နိရောဓမှာ၊ ရန်ငြိမ်းရာ၊ မှန်စွာအသိကပ်။**
- **မဂ္ဂသစ္စာ၊ ဖျန်ဖြေတာ၊ စိတ်မှာသတိချုပ်။**
- **သတိရှိသူ၊ ဘေးရန်ဟူ၊ အပူဒုက္ခလွတ်။**

(၁) နေ့စဉ် ရန်ဖြစ်နေတာ ဘယ်သူလဲ ?

ရန်သူဆိုတာ ခန္ဓာ ၅-ပါးရဲ့နာမည်ပါ။ ခန္ဓာရှိသူတိုင်း အနည်းဆုံး အတွင်းရန်သူတွေနဲ့တော့ နေ့စဉ် ရန်ဖြစ်နေကြပါတယ်။

အိုး၊ နာ၊ သေ၊ ဆင်းရဲမျိုးစုံတွေနဲ့ ရန်ဖြစ်နေကြရတယ်။ ကိလေသာ မကင်းသေးသူတွေကတော့ လောဘ၊ ဒေါသ၊ မောဟ အတွင်းရန်တွေနဲ့လည်း ရန်ဖြစ်ကြရပါတယ်။ ကိလေသာတွေ များသလောက် အပြင်က သက်မဲ့သက်ရှိ ဘေးရန်တွေလည်း များပြားနေတတ်ပါတယ်။ သတိလွတ်သလောက် သက်မဲ့ဘေးရန်တွေကတော့ တန်းစီလို့ ဝိုင်းလို့ပါ။ နေ့စဉ် ရန်ဖြစ်နေတာက ဒုက္ခသစ္စာ ဤခန္ဓာကြီးပဲဖြစ်တယ်။

(၂) ဒီရန်ပွဲတွေဖြစ်အောင် ဘယ်သူရန်တိုက်ပေးတာလဲ ?

ရန်တိုက်ပေးနေတာ သမုဒယသစ္စာပါ။ အဝိဇ္ဇာဦးစီးတဲ့ တဏှာဆိုတဲ့ သမုဒယသစ္စာကြောင့် ရန်ဖြစ်နေကြတာ။ ကိုယ့်ဟာကိုယ်ကျွေးတာ ပေးတာအားလုံး ရန်တိုက်တဲ့ပုံစံ ဖြစ်နေတတ်တယ်။ ကိုယ့်မိသားစု ပေးတာ ကျွေးတာ အားလုံးလည်း ရန်တိုက်သလို ဖြစ်နေတတ်တယ်။ အဝိဇ္ဇာကြောင့် ရန်တိုက် သွေးထိုးပေး နေမှန်းမသိပါဘူး။ အလှူပွဲကြီးတွေလုပ်တာတောင်မှ ပကာသနတွေ ရှေ့တန်းတင်ပြီး ရန်တိုက်သွေးထိုး ပေးတဲ့ပုံစံနဲ့ လုပ်မိတတ်တယ်။ တကယ်တော့ အသိ၊ သတိကင်းသလောက် ကိုယ့်ဟာကိုယ် ရန်တိုက်ပြီး


www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ဟာကိုယ်ပဲ ရန်ဖြစ်နေကြရတာပါ။ မသေးသေး နိဗ္ဗာန်တောင်းတဲ့အခါ 'တပည့်တော်မ ဤကောင်းမှုကြောင့် နိဗ္ဗာန်ကို အမြန်ရပါလို၏ ဘုရား။ နိဗ္ဗာန်မှ ပြန်ခဲ့သည်ရှိသော် လောကီစည်းစိမ်ဆက်ခံစားရပါလို၏ဘုရား' လို့ တောင်းသတဲ့။ နိဗ္ဗာန်တောင်းတာတောင် ရန်တိုက်တဲ့နည်းနဲ့ တောင်းမိတတ်တယ်။ သူက နိဗ္ဗာန်ကို နေ့ချင်းပြန်ပဲ သွားချင်တာ။

(၃) ဒီရန်ပွဲတွေ ဘယ်တော့ငြိမ်းကြမှာလဲ ?

နိရောဓသစ္စာခေါ်တဲ့ နိဗ္ဗာန်မျက် မှောက်ပြုကြ၊ ရကြ၊ ရောက်ကြတော့မှပဲ ဒီရန်ပွဲတွေ ငြိမ်းကြမှာပါ။ နိဗ္ဗာန်ဆိုတာ ဒုက္ခသစ္စာ လောင်စာချုပ်ငြိမ်းတဲ့တရားပါ။ ခံစားတဲ့ ချမ်းသာ၊ လွတ်မြောက်တဲ့ချမ်းသာရယ်လို့ ချမ်းသာက အတိုချုပ် နှစ်မျိုးရှိတယ်။ အဝိဇ္ဇာ တဏှာက ခံစားတဲ့ ချမ်းသာကိုသာ တောင့်တတယ်။ ခံစားဖို့လောင်စာရှာရတော့ မီးနှင့်လောင်စာတိုးပြီး လောင်ရဦးမှာပဲ။ သတိပညာက လွတ်မြောက်တဲ့ချမ်းသာကို မြတ်နိုးတယ်။ လွတ်မြောက်ဖို့ လောင်စာနဲ့မီးကင်းလွတ်အောင် ရုန်းထွက်မယ်ပေါ့။ နိဗ္ဗာန်မရောက်ခင်လည်း အပူကင်းဝေးစွာ နေနိုင်ဖို့ ကြိုးစားမှာပဲ။ မကျန်းမာသူမှာ ခံစားဖို့ထက် ရောဂါလွတ်ဖို့သာ အဓိကပါ။ ဒုက္ခမီးလောင်နေမှန်း တကယ်သိသူမှာလည်း ခံစားဖို့ထက် ဒုက္ခမီး လွတ်ငြိမ်းဖို့သာ အဓိကဖြစ်မှာပါ။ နိဗ္ဗာန်ဆိုတာ ခံစားရတဲ့ချမ်းသာမဟုတ်ပဲ လွတ်မြောက်တဲ့ ချမ်းသာမျိုးပါ။ နိဗ္ဗာန်ရောက်မှပဲ ရန်ပွဲငြိမ်းကြမယ်။

(၄) ဒီရန်ပွဲတွေပြေလည်အောင် ဖျန်ဖြေပေးတာ ဘယ်သူလဲ ?

ရန်ပွဲတွေဖျန်ဖြေပေးတာ မဂ္ဂသစ္စာပါ။ ကျင့်စဉ်လုပ်ငန်း သဘောအနေနဲ့ကတော့ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ လောကီမဂ္ဂသစ္စာ သိက္ခာသုံးပါးပဲ။ အချုပ်ကတော့ သတိပဲ။ သတိရှိရင် အသိဉာဏ်လည်း ပေါ်လာပါတယ်။ ဒီတရားတွေက ဒုက္ခလွတ်ကြောင်း တရားကောင်းတွေဖြစ်လို့ ရန်ပွဲအားလုံး ပြေလည်ငြိမ်းအေးသွားအောင် ဖျန်ဖြေပေးပါတယ်။ သာသနာ့အနှစ်ချုပ် ကျင့်စရာကတော့ သိက္ခာသုံးပါးပါ။ စည်းကမ်းသုံးချက်လို့လည်း ခေါ်တယ်။ သီလဆိုတာ ကိုယ်နှုတ်ရဲ စည်းကမ်း၊ သမာဓိဆိုတာ စိတ်ရဲ့စည်းကမ်း၊ ဝိပဿနာပညာဆိုတာ အသိရဲ့စည်းကမ်း၊ စကားပြောဖြစ်ရုံ သိတာမဟုတ်ပဲ အရှိကို တကယ်သိမှ ပညာအစစ်ပါ။

ကိုယ့်ကိုကိုယ်ကျွေးကြတဲ့အခါ အဝိဇ္ဇာ တဏှာနဲ့ ရန်တိုက်မကျွေးဘဲ သတိပညာနဲ့ သိက္ခာသုံးပါး လမ်းကြောင်းပေါ်တင်ပြီး ရန်ဖျန်ဖြေလို့သာ ကျွေးရ၊ စားရမှာဖြစ်တယ်။ မိသားစု ကျွေးတော့လည်း ရန်မတိုက်ဘဲ ဖျန်ဖြေလို့သာ ကျွေးပေးရမှာပါ။ လူ့အလုပ်အားလုံး သိက္ခာသုံးပါး လမ်းပေါ်ရောက်သွားရင် ဘေးရန်လွတ်တယ်။ အပူငြိမ်းတယ်။ အမှားနည်းတယ်။ လမ်းဖြောင့်တယ်။ မြန်မြန်ပြီးတယ်။ ဘာမဆို အချိန်မီရနိုင်တယ်။

သတိလွတ်ရင် လမ်းသွားရင်းဆူးစူးတတ်တယ်။ ခလုတ်တိုက်တတ်တယ်။ ချော်လဲတတ်တယ်။ မတော်တဆဘေးရန်တွေများတယ်။ မတော်တဆအားလုံးဟာ သတိမထားလို့ ဖြစ်ကြတာချည်းပဲ။ သတိရှိရင် အပူဘေးရန်မျိုးစုံ လွတ်ပါတယ်။

## ၁၀။ မီးမှိုထဲကမီးဟာ ရန်သူအစစ်မဟုတ်

- **လူ့လောကမှာ၊ မီးမပါ၊ လိုရာမပြီးကြ။**
- **ဆင်ခြင်မှုတွေ၊ ကင်းလွတ်ချေ၊ မီးတွေလောင်တတ်ကြ။**
- **ဆင်ခြင်မှုတွေ၊ ပြည့်စုံပေ၊ မိတ်ဆွေပြန်ဖြစ်ကြ။**

မီးဆိုတာ ရန်သူမျိုး ငါးပါးထဲမှာပါတယ်လို့ ငယ်စဉ်ကစ ကြားဖူးခဲ့ကြပါတယ်။ မီးလောင်လို့ အကြီးအကျယ် ဒုက္ခရောက်ကြရတာကိုလည်း မြင်တွေ့ဖူးကြပါတယ်။ မီးကြောင့် ဒုက္ခရောက်ကြရတယ်ဆိုတော့ မီးဟာရန်သူဆိုတာ သေချာသွားပြီပေါ့။

ဒီလိုဆိုရင် မီးကို ရန်သူမှန်းသိသွားကြတော့ မီးအပေါ် ဘယ်လိုသဘောထားကြမလဲ။ ရန်သူဖြစ်တဲ့ သူခိုးကို အိမ်ထဲဝင်ခွင့် မပေးသလို မီးကိုလည်း အိမ်ထဲဝင်ခွင့်မပေးဘဲ ထားကြတော့မလား။ အိမ်ထဲမှာ တစ်ရက်လောက် မီးဖြတ်စမ်းကြည့်ပေါ့။ အလုပ်ဖြစ်မှာ မဟုတ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆန်ကို ထမင်းချက်ချင်တော့ နေပူထဲသွားလှမ်းလို့ ဆန်က ထမင်းမဖြစ်ဘူး။ အိုးထဲ ထည့်ထားရုံနဲ့လည်း ဆန်က ထမင်းမဖြစ်နိုင်ပါဘူး။ ရေစိမ်ထားလို့လည်း ထမင်းမရပါဘူး။ မီးနဲ့ချက်မှပဲ ဆန်ဟာ ထမင်းဖြစ်မှာပါ။ ဟင်းသီးဟင်းရွက် သားစိမ်းငါးစိမ်းတွေ ဟင်းဖြစ်စေချင်ရင်လည်း မီးနဲ့ပဲချက်ရမှာပါ။ ဒီတော့ နေ့စဉ် ထမင်း၊ ဟင်းတွေ ချက်ကျွေးနေတဲ့မီးဟာ ကျေးဇူးရှင်မိတ်ဆွေပဲ။ မီးကူညီလို့သာ ထမင်းဟင်းတွေ စားနေကြရတာပါ။

တကယ်တော့ မီးကို ရန်သူလို့ပြောရတာက သုံးစွဲသူတွေရဲ့ မဆင်ခြင်မှုကြောင့်ပါ။ ဒါကြောင့်လည်း 'မီးသတိပြု' လို့ သတိပေးနေရတာပါ။ မီးဆိုတာ လောင်တတ်တဲ့သဘောရှိပါတယ်။ အဲဒါကို စည်းမဲ့ကမ်းမဲ့ မလောင်စေဘဲ စည်းနဲ့ကမ်းနဲ့ လောင်နိုင်အောင် သတိဉာဏ်နဲ့ ထိန်းပေးကြရပါတယ်။

ထမင်းဟင်းချက်ပြုတ်ကြတဲ့အခါ 'ဟဲ့-မီးကလေး၊ မင်းလောင်သင့်တာကိုပဲ လောင်ပါကွာ၊ မလောင်သင့်တာတွေကို နယ်ကျော်ပြီး မလောင်ပါနဲ့၊ ထမင်းချက်ရင် ထမင်းကျက်ရုံလောက်ပဲ လောင်ပါ၊ စည်းမဲ့ကမ်းမဲ့ လူကိုလည်း မလောင်ပါနဲ့၊ အိမ်ကိုလည်း မလောင်ပါနဲ့၊ အခြား မဆိုင်တဲ့ ပစ္စည်းတွေကိုလည်း မလောင်ပါနဲ့၊ လောင်သင့်တာကို လောင်သင့်သလောက်ပဲ လောင်ရင် တော်လောက်ပါပြီ' လို့ သတိဉာဏ်ကထိန်းပေးရတာပဲ။

ဒါကြောင့် မီးဟာသုံးတတ်ရင် ကျေးဇူးရှင်မိတ်ဆွေပါ။ စည်းမဲ့ကမ်းမဲ့သုံးရင် ရန်သူဖြစ်တတ်ပေမယ့် သတိဉာဏ်နဲ့ စည်းကမ်းရှိရှိ သုံးတတ်ရင် မရှိမဖြစ်တဲ့ အသက်သခင်ကျေးဇူးရှင်ပါ။ ဒါကြောင့် ရန်သူလို့ ဆိုရပေမယ့် ရန်သူအစစ်တော့ မဟုတ်ပါဘူး။ သတိရှိရင် မီးဘေးရန်လွတ် တယ်ပေါ့။

## ၁၁။ ခန္ဓာလည်း စိတ်ကောင်းထားရင် ရန်သူအစစ်မဟုတ်

- **သတိ-မပါ၊ ဤခန္ဓာ၊ ရန်ရှာတတ်၍ ပူလောင်ရ။**
- **သတိရှိလျှင်၊ အသိဝင်၊ စွမ်းအင်ထုတ်ပေးကြ။**
- **စိတ်ကောင်းထားလျှင်၊ ခန္ဓာပင်၊ ချစ်ခင်စဖွယ်ဖြစ်သွားရ။**

ခန္ဓာလည်း မီးလိုပဲ သတိမရှိရင်၊ ဆင်ခြင်မှုကင်းရင် အမြဲရန်ရှာတယ်။ မီးလိုခြိမ်းခြောက် တောက်လောင်နေတာပဲ။ သဒ္ဓါနဲ့ စိတ်ကောင်း ဖော်ထုတ်ပြီး သတိပညာနဲ့ ထိန်းကျောင်းတတ်ရင် ခန္ဓာက ချစ်စရာ မိတ်ဆွေဖြစ်သွားရတယ်။ အလှူလုပ်ပေးတဲ့ခန္ဓာဟာ အနှစ်ထုတ်ပေးတာဖြစ်လို့ မိတ်ဆွေပဲ။ သီလကျင့်သုံးပေးရင် သမာဓိ၊ ဝိပဿနာ ပွားများအားထုတ်ပေးရင် စွမ်းအားဖော်ထုတ် မြှင့်တင်ပေးတာဖြစ်လို့ ခန္ဓာဟာ ကျေးဇူးရှင်မိတ်ဆွေ ဖြစ်သွားတယ်။ တရားအလုပ် ပြုလုပ်ကျင့်သုံးပေးတဲ့ ခန္ဓာဟာ ချစ်စရာကောင်းသွားတယ်။ သူက ကျင့်သုံးအားထုတ်ပေးလို့သာ အားကိုးစရာ ရတာပဲ။

ကိုယ့်သန္တာန် ရောဂါတစ်ခုခုဖြစ်လာတော့ သတိလွတ်ရင် နှိပ်စက်ပြီး ရန်လုပ်တယ်။ သတိနဲ့ စူးစိုက်လိုက်တော့ ဝိပဿနာပြန်ပေးတယ်။ သိနာနှင့်မသိနာ နှစ်မျိုးမှာ နာရမယ့်အတူတူ သိနာ ဖြစ်စေရမယ်။ သိနာဖြစ်ရင် တရားအမြတ်ကျန်တယ်။ သတိလွတ်ရင် အာရုံမျိုးစုံ အနိုင်ကျင့်တာ ခံရတယ်။ သတိထားတော့ အာရုံတိုင်းက ဆုလာဘ်ပြန်ပေးတယ်။

ခန္ဓာဟာ မသုံးတတ်သူအတွက် အဆိပ်တုံးပါ။ သုံးတတ်သူအတွက် ရတနာတုံးပဲ။ အဆိပ်ရှိတဲ့ မြွေကိုက်ရင် အကိုက်ခံရသူ သေမှာပဲ။ မြွေဆိပ်ဟာ မြွေမှာရှိတုန်းတော့ ကြောက်ဖွယ် အန္တရာယ်ပါ။ မြွေကို ဖမ်းပြီး အဆိပ်ကို စနစ်တကျထုတ်ယူ၊ ဓာတ်သဘာဝတွေနဲ့ဖော်စပ်လိုက်တော့ အဆိပ်ဟာ အသက်ကယ်ဆေး ဖြစ်သွားတယ်။ ဒါမျိုးလိုပဲ။ ခန္ဓာအဆိပ်တုံးကို သတိနဲ့ကိုင်၊ တရားဓာတ်သဘာဝတွေနဲ့ အသက်ကယ်ဆေး၊ မသေဆေး ဖော်ရမယ်ပေါ့။

သတိလွတ်ရင် ပစ္စည်းလေးတစ်ခုခု အမှတ်တမဲ့ထားလိုက်မိလို့ လိုချင်လို့ ပြန်ရှာတော့ မတွေ့၊ မတွေ့တော့ ကိုယ့်ဟာကိုယ် စိတ်ဆိုး၊ တစ်ခါတစ်ရံ ကိုယ့်ဟာကိုယ်တောင် ရန်ရှာချင်လာတယ်။ ကိုယ့်ဟာကိုယ် ရန်သူဖြစ်သွားတယ်။ သတိရှိရင် ကိုယ့်ဟာကိုယ် ရန်မဖြစ်ရတော့ဘူး။ ဒါကြောင့် သတိရှိရင် အတွင်းဘေးရန်နှင့် သက်မဲ့ဘေးရန်မျိုးစုံ လွတ်မြောက်တယ်။ အပြင်က သက်ရှိဘေးရန် ကင်းလွတ်ဖို့ကျတော့ မေတ္တာပါ ပို့လွှတ်ပေးရမယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂။ အေးမြရွှင်ပြုံး လှနှလုံး

- တရားမပါ၊ လူ့ခန္ဓာ၊ ရှိတာမပြည့်ဝ။
- အတောင်ကျိုးငြား၊ ငှက်အလား၊ စွမ်းအားဆုံးရှုံးရ။
- တရားပါငြား၊ လူစွမ်းအား၊ ထူးခြားမြင့်တက်ရ။
- သတိရှေ့ထား၊ မေတ္တာပွား၊ စွမ်းအားအနန္တ။
- အေးမြရွှင်ပြုံး၊ လှနှလုံး၊ ကျင့်ထုံးလမ်းစဉ်ပြ။

လူ့ခန္ဓာရဲ့ သဘာဝအားဖြင့် အတောင့်တဆုံးအရာကတော့ တရားပဲ။ တရားဆိုတာ ခန္ဓာနှင့် တွဲမှ အစွမ်းပြနိုင်တာဖြစ်လို့ တရားနဲ့ အထိုက်တန်ဆုံးကလည်း လူ့ခန္ဓာပဲ။ လူဟာ အပူခွာနိုင်ရင် အသိထူးတယ်။ ဆင်းရဲအပူ တွန်းအားများတယ်။ ပြီးတော့ မအားလောက်အောင် အလုပ်များတယ်။ ဒါ့ကြောင့် တရားနှင့် လူ့ခန္ဓာ တကယ်တန်ပါတယ်။ ပါရမီဖြည့်ဖို့လည်း လူ့ဘဝသာ အကောင်းဆုံးပါ။ တရားနှင့် အလွန်တန်တဲ့ လူ့ဘဝမှာ လူ့ခန္ဓာရဲ့ အတောင့်တ၊ အလိုလားဆုံးတရားပဲ မရှိဘူးဆိုရင် လူ့ရဲ့အရှိဟာ မပြည့်စုံသေးပါဘူး။ ကိုယ့်ကို အာမခံတာဝန်ယူနိုင်တဲ့ စွမ်းအားကိုမပြနိုင်ဘဲ နေ့စဉ် လောင်စာတွေထည့်ပြီး သေရမည့်ရက်ကို ထိုင်စောင့်နေရုံနဲ့တော့ လူ့ဘဝဟာ အဓိပ္ပာယ် ကင်းမဲ့လွန်းပါတယ်။

တရားလက်လွတ်ရင် အဲဒီလူဟာ အတောင်ကျိုးတဲ့ငှက်နှင့် တူနေပါတယ်။

## ၁၃။ သတိရှေ့ထား မေတ္တာပွား

သတိရှေ့ထား မေတ္တာပွားရင် လူ့စွမ်းအားဟာ အနန္တပါ။ အမှတ်သညာမြဲမှ သတိဖြစ်ပေါ် တိုးပွားတယ်။ မေတ္တာလိုချင်ရင် ခန္တီအမာခံကောင်းအောင် လေ့ကျင့်ရပါတယ်။ မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကို မြင်အောင်ကြည့်နိုင်မှလည်း မေတ္တာဖော်ထုတ်လို့ လွယ်ပါတယ်။

သတိဆိုတာ ကိုယ်တစ်ယောက်တည်း တည့်အောင်နေနည်းကို ပြတယ်။ မေတ္တာကတော့ အများနှင့် အဆင်ပြေအောင်၊ တည့်အောင်နေနည်းကိုပြပါတယ်။ သတိရှိရင် ကိုယ့်ကိုနိုင်တယ်။ မေတ္တာရှိရင်တော့ သူ့ကိုနိုင်တယ်။ သတိက ခန္ဓာအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်။ မေတ္တာကတော့ ပစ္စည်းအဆိပ်တုံးကို အဆိပ်ဖြေပေးပါတယ်။

သတိတစ်လုံးပိုင်ရင် ပစ္စုပ္ပန်တိုင်း တရားစွမ်းအားနဲ့ စိတ်ချမ်းသာအောင်နေတတ်တယ်။ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားနဲ့ မိမိ သူတစ်ပါး လောကသာသနာကို အလှဆင်နိုင်တယ်။ ဘဝကူး စိတ်အေးရတယ်။ နောင်ရေး သေချာတယ်။ မေတ္တာပွားတော့လည်း သတိကိုကိုင်မှ ပိုင်နိုင်ပါတယ်။ အေးမြရွှင်ပြုံး လှနှလုံးရဲ့ အနှစ်ချုပ်ကတော့ သတိနှင့်မေတ္တာပါပဲ။

## ၁၄။ ဘဝနာနှင့်ဘာဝနာ၊ ရောဂီနှင့်ယောဂီ

- သတိလွတ်တာ၊ ဘဝ-နာ၊ ရှိတာ စွမ်းအားပျက်။
- သတိကပ်ပါ၊ ဘာဝနာ၊ ကောင်းစွာ စွမ်းအားတက်။
- သတိလွတ်မူ၊ ရောဂီဟူ၊ အပူတိုး၍ အခိုးထွက်။
- သတိကပ်မူ၊ ယောဂီဟူ၊ အပူငြိမ်း၍ တန်ခိုးတက်။
- သတိမပါ၊ ရတာ-နာ၊ ရှိပါသော်လည်း အခိုးထွက်။
- သတိတွဲကာ၊ ရတနာ၊ ရှိတာတွေလည်း တန်ဖိုးတက်။

ပစ္စုပ္ပန်တိုင်း သတိနဲ့မိအောင်ဖမ်းပြီး မသုံးနိုင်ရင် ဘဝနာသွားမှာပဲ။ အခွင့်တွေရှုံးမယ်။ အရှုံးကလေးချင်း ထပ်သွားရင် အရှုံးကြီးဖြစ်သွားမယ်။

သတိလွတ်ရင် ဘဝနာတယ်၊ ဘမှာရေးချပြုတ်သွားတယ်။ သတိကပ်ပေးတော့ ဘာဝနာ ပေါ်လာတယ်။ သတိလွတ်နေရင် အထိန်းမရှိတဲ့စိတ်နဲ့ အစီအစဉ်ကင်းမဲ့တဲ့အာရုံတွေ တစ်ဒေါင်းဒေါင်း ဝင်ဆောင့်တိုက်ခိုက်မိလို့



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ရောစိတ်ရော နာနေတတ်တယ်။ မတော်တဆ အထိအခိုက်တွေကြောင့်လည်း နာနေတတ်တယ်။ 'ခင်ဗျားဘာလုပ်နေလဲဗျ' လို့ မေးရင် 'ဘဝနာပွားနေပါတယ်' လို့ ဖြေရလိမ့်မယ်။ တမင်ပွားတာ မဟုတ်ပေမယ့် သတိလွတ်နေရင်တော့ စိတ်အပူအခိုးအငွေ့တွေ ဝင်ပြီး စိတ်အနာလည်း တိုးပွားနေမှာပဲ။ မတော်တဆ ထိခိုက်မှုတွေကြောင့် ရုပ်အနာလည်း တိုးပွားလာတတ်ပါတယ်။

သတိလွတ်ရင် ရောဂီ (ရကောက်နဲ့ရောဂီ) သတိကပ်တော့ ယောဂီ (ယပက်လက်နဲ့ ယောဂီ) သတိလွတ်နေရင် ကိုယ်လည်းနာ စိတ်လည်းနာနေတဲ့ရောဂီ (အနာရောဂါသည်) ဖြစ်နေတယ်။ ဘဝ-နာဆိုတာနဲ့ အဓိပ္ပာယ်အတူတူပါပဲ။ သတိကပ်ပေးတော့ ယောဂီ (စွမ်းအားပိုင်ရှင်) ဖြစ်လာတယ်။ ဘာဝနာနဲ့ သဘောတူပါတယ်။ သတိလက်လွတ်နေကြရင် ဘယ်သူပဲဖြစ်ဖြစ် အနာသည် ရောဂီပုံစံနဲ့ပဲ ပူလောင်ရှုပ်ထွေးစွာ နေကြရမှာ။ သတိစွဲမြဲမှပဲ စွမ်းအားပိုင်ရှင် ယောဂီ ပုံစံနဲ့ အစွမ်းပြနိုင်မယ်။ ထမင်းစားတော့ ထမင်းစားယောဂီ, လမ်းသွားတော့ လမ်းသွားယောဂီ၊ ထမင်းချက်တော့ ထမင်းချက်ယောဂီ၊ ကလေးထိန်းတော့ ကလေးထိန်းယောဂီ၊ ဘာပဲလုပ်လုပ် စွမ်းအားရနိုင်တဲ့ ယောဂီဖြစ်သွားမယ်။

သတိလွတ်ရင် ရတာနာတယ်။ တမှာ ရေးချပါလာတယ်။ ကိုယ့်အကြောင်းနဲ့ကိုယ် ရထားတဲ့ ခန္ဓာကြီးနှင့် သက်မဲ့သက်ရှိဆိုင်သမျှအားလုံး နစ်နာဆုံးရှုံးမယ်။ အာရုံကချည်း စိတ်ကိုနိုင်နေမယ်။ အပူငြိမ်းအောင် အားထုတ်တာတောင်မှ သတိလွတ်သွားရင် ရုပ်နာ၊ စိတ်နာတွေက လွှမ်းမိုးသွားတတ်တယ်။ သတိကပ်ပေး တော့မှပဲ ရတနာဖြစ်လာမယ်။ အဖိုးတန်စွမ်းအားတွေ ပေါ်ပေါက်မယ်။

ဘာဝနာဆိုတာ 'အဖြစ်ဘာဝနာ' နဲ့ 'အတိုးအပွားဘာဝနာ' လို့ နှစ်မျိုးရှိတယ်။ စွမ်းအား တွေ ဖြစ်ပေါ်လာအောင် သတိနဲ့ စတင်ထိန်းပြီး ဝီရိယနဲ့ တွန်းပေးလိုက်ရင် 'အဖြစ်ဘာဝနာ' တော့ ရလာပါတယ်။ 'အဖြစ်ဘာဝနာ' တစ်ခုနှစ်ခု တစ်ကြိမ်နှစ်ကြိမ်လောက်တင် ရပ်မထားဘဲ 'အတိုး အပွား ဘာဝနာ' ဖြစ်အောင် အရေအတွက်အကြိမ်များအောင် သတိနဲ့ အဆက်မပြတ် ထိန်းထားရပါတယ်။ ရုပ်ကျန်းမာနေတာတောင်မှ သတိလွတ်နေရင် စိတ်တွေနာနေတတ်ပါတယ်။ ရုပ် မကျန်းမာတာတောင်မှ သတိကပ်ရင် စိတ်နာတွေပျောက်ပြီး အဖိုးတန်စွမ်းအား ဖော်ထုတ်နိုင်ပါတယ်။

## ၁၅။ သတိလွတ်ရင် အရှုံးကလေး

- **သတိမပါ၊ အသိကွာ၊ မှတ်ပါ အရှုံးလေး။**
- **အရှုံးလေးတွေ၊ ထပ်သွားချေ၊ ကြီးလေ တရားဝေး။**
- **သတိကိုကိုင်၊ မယိမ်းယိုင်၊ ကြံ့ခိုင်စိတ်ငြိမ်းအေး။**

သတိလွတ်ရင် မေ့တယ်ခေါ်တယ်။ မေ့လျော့ပေါ့ဆသွားရင် အရှုံးကလေးဖြစ်သွားတယ်။ ၁-မိနစ် သတိလွတ်ရင် ၁-မိနစ် အရှုံးလေးဖြစ်နေမှာပဲ။ လောက မတော်တဆ အားလုံးဟာ သတိကင်းတဲ့ အရှုံးစိတ်ကြောင့် ဖြစ်တာချည်းပဲ။ အရှုံးလေးချင်းထပ်သွားရင် အရှုံး အလတ်စား ဖြစ်သွားနိုင်တယ်။ ကြာတော့ အရှုံး အကြီးစားလည်း ဖြစ်သွားနိုင်တာပဲ။ သူငယ်ပြန်ကြတယ်ဆိုတာ သတိလွတ်လို့ အရှုံးအလတ်စား ဖြစ်တယ်လို့ ဆိုနိုင်တယ်။ သတိလွတ်ရင် အသိသေတယ်။ ဖုတ်ဝင်တဲ့ သတ္တဝါလိုဖြစ်နေတယ်။ အသိသေရင် မတော်တဆတွေ များတယ်။ အသိကို သတိနဲ့ အသက်သွင်းပေးရမယ်။

အသက် ၉၀-ကျော် အဘွားကြီးတစ်ယောက်တွေ့ဖူးတယ်။ အသက်ရှည်တဲ့အဘွားဆိုပြီး ရပ်ဝေးရပ်နီးက လာကန်တော့ကြ၊ လက်ဆောင်တွေပေးကြ၊ တချို့က လက်ဆောင်ပေးရုံမကဘူး၊ မေးသေးတယ်။ 'အဘွား ဘာလိုသေးလဲ' ဆိုတော့ ပြန်ပြောပုံက 'နားဆွဲကလေးလည်း ဝယ်ပေးကြပါကွယ်၊ ဆွဲကြိုးကလေးလည်း ဝယ်ပေးကြပါ၊ မိတ်ကပ်၊ ပေါင်ဒါဘူးလေးလည်း ဝယ်ပေးကြပါကွယ်' ဆိုပြီး ဟက်ဟက်ပက်ပက်ရယ်တယ်။ ရယ်ရာက ချက်ချင်း ချုံးချငိုတယ်။ အနားက ဝိုင်းကြည့်နေသူတွေ သိသွားကြပြီး 'ဟယ် . . . အဘွားကြီး သူငယ်ပြန်နေပါပြီကော' သူငယ်ပြန်ဆိုတာ စကားယဉ်အောင်သုံးတာ။ တိုက်ရိုက်ကတော့ 'ဟယ် . . အဘွားကြီး ရူးပါပြီကော' လို့ ပြောလိုတာ။ သတိမြဲမှပဲ မယိမ်းမယိုင် စိတ်ကြံ့ခိုင်ပြီး ခုရော နောင်ပါ စိတ်အေးရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com


## ၁၆။ ကြာလေ ပေါလေ

ဟိုတုန်းက အိမ်တစ်အိမ်မှာ သမီးကလေးတစ်ယောက် ဖွားမြင်လာတယ်။ အတိတ်ဒါနကံ တော်တော်ကောင်းပုံပေါ်တယ်။ သမီးဖွားမြင်တဲ့နေ့ကစ အဲဒီအိမ်မှာ စီးပွားရေးတွေ တစ်ဟုန်ထိုး တက်လာတယ်။ အလုပ်အကိုင်တွေ အဆင်ပြေလာတယ်။ ပိုက်ဆံတွေ ပစ္စည်းတွေဟာ ကြာလေ ပေါများလေ ဖြစ်လာတယ်။ ဒီတော့ သူ့မိဘတွေက 'ဒီသမီးကြောင့် ပစ္စည်းပေါလာတာပဲ' ဆိုပြီး 'မကြာပေါ' လို့ နာမည်ပေးလိုက်တယ်။ မကြာပေါ အရွယ်ရောက်လာတော့ စီးပွားရေး အလုပ်ကို ဦးစီးလုပ်ရတယ်။ အလုပ်သမား-၆၀ လောက်ကို ဦးဆောင်ရတယ်။ ကံက ကောင်းတော့ လုပ်သလို အဆင်ပြေတယ်။

စီးပွားရေးကောင်းသလောက် တရားကို လုံးဝ စိတ်မဝင်စားဘူး။ ဘယ်ကောင်းမှုမှ လုပ်လိုစိတ်မရှိ၊ ဘယ်သူကမှ စည်းရုံးလို့မရ၊ အလှူလုပ်ခိုင်းတော့ ကုန်မှာစိုးလို့ငြင်းတယ်။ ဒါနကံ ကောင်းလွန်းလို့ 'မကြာပေါ' ဖြစ်ရတာကို သတိမရ၊ သီလကို တန်ဖိုးမထား။ ဘာဝနာဆို အချိန်ကုန်တယ်လို့ ငြင်းတယ်။ ရှိပေမယ့် အသိကမှီအောင်မလိုက်တော့ 'လူ' မဟုတ်တော့ဘဲ 'ပူ' ဖြစ်မှန်းမသိ ဖြစ်လာတယ်။ အသက် - ၆၀ လောက်ရောက်တော့ သူ့ဘဝ ဘာမှတန်ဖိုးမရှိပုံကို သက်သေပြလာတယ်။ စိတ်နှင့်တရား မထိတွေ့ရလို့ မေ့လျော့မှုများလာတယ်။

အလုပ်သမားတွေအတွက် လုပ်ခမပေးရသေးတာကို 'ပေးပြီးပြီ' လို့ ပြောလာတယ်။ ကြွေးယူထားသူတွေက ကြွေးပေးဆပ်ပြီးတာကိုလည်း 'မပေးရသေးဘူး' လို့ ငြင်းလာတယ်။ သတိမရှိတော့ မတော်မဆတွေ တော်တော်များလာတယ်။

သူ့ရဲ့လုပ်ပုံပြောပုံ ချွတ်ချော်လွန်းလို့ အလုပ်သမားတွေက မလေးစားတော့ဘူး။ ခိုင်းလို့လည်း မလုပ်တော့ဘူး။ 'မောင်ဘယ်သူရေ ဘယ်နားသွားလိုက်စမ်းကွယ်' ဆိုတော့ 'အဘွားကြီး ကိုယ့်ဟာ ကိုယ်ထသွား၊ ခြေကျိုးသလား' တဲ့၊ 'မဘယ်သူရေ-ဘယ်ဟာလေး လုပ်လိုက် စမ်းကွယ်' ပြောတော့ 'အဘွားကြီး ကိုယ့်ဟာကိုယ်ထလုပ်၊ လက်ကျိုးသလား' တဲ့။

အလုပ်သမားတွေက ဒေါ်ကြာပေါ ကြားလောက်တဲ့နေရာကနေပြီး ပြောကြတယ်။ 'တို့အဘွားကြီး အခုမှ ဒေါ်ကြာပေါအစစ် ဖြစ်တာကွ၊ ကြာလေ ပေါတောတောနိုင်လေ၊ ကြာလေ ပေါတောတောနိုင်လေပဲ၊ မကြာခင် ဒေါ်ကြာရူးလည်း ဖြစ်ဦးမှာပါ' တဲ့။ တရားမရှိတော့ ဘဝ တန်ဖိုးမဲ့သွားတယ်။ နောက်ဆုံး သူတစ်ယောက်တည်း ကျက်သရေမဲ့စွာနဲ့ ဆင်းဆင်းရဲရဲနေခဲ့ရပါ တယ်။ ဒါကြောင့် တရားလက်ဦးဖို့ဆိုရင် သတိမြဲဖို့ အထူးလိုအပ်လှပါတယ်။

## ၁၇။ သူတော်ကောင်းလမ်းစဉ် ၄-ချက်

- **သည်းခံ-သနား၊ ဝမ်းမြောက်ငြား၊ ပွားများမေတ္တာခြံ။**
- **သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ပပျောက်ဘေးရန် ကိုယ့်မှာလုံ။**
- **သူတော်သူမြတ်၊ ဤ ၄-ရပ်၊ မချွတ်ကျင့်ပါကုန်။**

ဒုတိယဂါထာက အပြင်ဘက်က သက်ရှိဘေးရန်တွေ လွတ်မြောက်ချင်ရင်၊ မရောက်အောင် ကာကွယ်ချင်ရင် မေတ္တာကိုပါပွားရမယ်လို့ပြပါတယ်။ မေတ္တာလို့ပြောလိုက်ရင် ကရုဏာလည်း ပါတယ်။ ကရုဏာအားကောင်းမှလည်း မေတ္တာပွားနိုင်တယ်။ မေတ္တာနဲ့ကရုဏာ ပြောလိုက်တော့ ခန္တီနှင့်မုဒိတာ နှစ်ပါးပါ ပါသွားတယ်။

ခန္တီ၊ ကရုဏာ၊ မုဒိတာ၊ မေတ္တာဆိုတာ သူတော်ကောင်းလမ်းစဉ် လေးချက်ပဲ။ အေးမြရွှင်ပြုံး လူ့နှလုံးကို ပိုင်ဆိုင်နေသူတွေရဲ့ စွမ်းရည်ပေါ့။ အချုပ်ကတော့ မေတ္တာပါ။

မေတ္တာဆိုတာ ခန္တီအမာခံလိုတယ်။ အဆောက်အဦးကြီးတွေမှာ အုတ်မြစ်တို့ တိုင်တို့ မခိုင်မာရင် အမိုးအကာအခင်းတွေ တင်လို့မရဘူး။ တင်လို့ရရင်လည်း ခဏပဲရှိမှာပေါ့။ လေကလေး နည်းနည်း တိုက်လိုက်တာနဲ့ အကုန်ပြိုလဲသွားမှာပါ။


www.burmeseclassic.com

www.burmeseclassic.com



လူ့လောကမှာလည်း ခန္တီဆိုတဲ့အုတ်မြစ်တိုင် မခိုင်မာရင် မေတ္တာဆိုတဲ့ အမိုးအကာ အခင်းတွေ တင်လို့ မရဘူး။ ရရင်လည်း ခဏပဲရှိမှာ၊ ဘာမဟုတ်တဲ့ အကြောင်းအရာလေးတွေနဲ့လည်း ပြိုလဲသွားမှာပါ။

အဆောက်အဦးကြီးတွေမှာ အုတ်မြစ်တို့၊ တိုင်တို့ ခိုင်မာမှသာ အမိုး၊ အကာ၊ အခင်းတို့ စိတ်ကြိုက်တင်လို့ ရတယ်။ တော်တော်တန်တန်လေတွေ တိုက်ချင်သလောက်တိုက် မလဲဘူး။

ဒါမျိုးလိုပေါ့။ အဖွဲ့အစည်း အပေါင်းအသင်းနဲ့ နေကြတယ်ဆိုတာ ခန္တီဆိုတဲ့ အုတ်မြစ်တိုင် ခိုင်ခိုင်မာမာစိုက်ရတယ်။ ဒါမှ မေတ္တာဆိုတဲ့ အမိုး အကာ အခင်းတွေကို လုံလုံခြုံခြုံ မိုးလို့၊ ကာလို့ ဖြန့်ခင်းလို့ရမယ်။ ဘယ်လိုအမွှေ ဘယ်လိုလေတိုက်တိုက် ပြိုလဲမသွားပဲ တည်ငြိမ်အေးချမ်း ရင့်ကျက်စွာနဲ့ တရားစွမ်းအားယူနိုင်တယ်။ ဒါ့ကြောင့် မေတ္တာစွမ်းအားရဖို့ ခန္တီအမာခံလိုတယ်။

ပုထုဇဉ်တွေနဲ့ပဲ အများအားဖြင့် နေကြရတာဆိုတော့ ပုထုဇဉ်ဆိုတာကလည်း မောဟ မကင်းသေးလို့ သဘောမကျစရာတွေ အများကြီးတွေ့မှာပေါ့။ ကိုယ့်ဟာကိုယ်တောင် သဘောမကျစရာတွေ အများကြီးပဲ။

ပုထုဇဉ်ရဲ့ မကောင်းတဲ့အမူအရာဆိုတာ မောဟဦးစီးတဲ့ ကိလေသာရဲ့အကျိုးဆက်တွေပဲ။ မိမိနှင့်ကိုယ်ချင်းစာပြီးတော့ သည်းခံခွင့်လွှတ်နိုင်တဲ့အင်အားရှိမှ မေတ္တာနေရာယူနိုင်မှာ၊ ဒါ့ကြောင့် သည်းခံခွင့်လွှတ် အနစ်နာခံ သဘောထားကြီးနိုင်တဲ့ခန္တီလည်း သူတော်ကောင်းလမ်းစဉ်ပဲ။

သနားကြင်နာ ကိုယ်ချင်းစာတတ်တဲ့ ကရုဏာတရားလည်း သူတော်ကောင်းလမ်းစဉ်ပဲ။ သူများ ပိုင်တဲ့အခွင့်အရေးကို မကျူးကျော် မနှောင့်ယှက်ရဘူး။ ဖေးမကူညီ စောင့်ရှောက်ပေးရမယ်။

သူတစ်ပါးတွေ ကြီးပွားတိုးတက် ပြည့်စုံမြင့်မားတာတွေ့ရင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာတတ်တဲ့ မုဒိတာလည်း သူတော်ကောင်းလမ်းစဉ်ပဲ။ သူတစ်ပါး ကြီးပွားတိုးတက် အောင်မြင်တာတွေ့ရင် အရေအဖတ် မစားရဘဲ အချောင်ပူလောင်ရတဲ့ ဣဿာကို မဖြစ်စေသင့်ဘူး။ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုတတ်ရမယ်။

မိမိရဲ့ သန့်စင်မွန်မြတ်အေးမြတဲ့ စိတ်နှလုံး ခန္ဓာအစဉ်ကနေပြီး သတ္တလောကအတွင်း 'သတ္တဝါ အားလုံး ချမ်းသာကြပါစေ' လို့ မေတ္တာစိတ်တွေလွှတ်ပြီး လွှမ်းခြုံပေးရတဲ့ မေတ္တာစွမ်းအားဟာလည်း သူတော်ကောင်း လမ်းစဉ်ပါပဲ။ အဲဒီ လေးခုလုံးမှာ မေတ္တာပဓာနပါ။

အဲဒီလေးခုလုံးဟာ သူတစ်ပါးကိုလုံခြုံအောင် ချမ်းသာအောင် ကူညီစောင့်ရှောက်ပေးတဲ့ အလုပ်ပဲ။ သည်းခံတာလဲ သူ့ကိုစောင့်ရှောက်တာပဲ။ သည်းမခံရင် သူ့ကိုစောင့်ရှောက်ရာမရောက်ဘဲ ကိုယ်ရောသူရော ဒုက္ခရောက်ကြရမှာပါ။

သနားတယ်၊ ဝမ်းမြောက်တယ်၊ မေတ္တာပွားတယ်ဆိုတာဟာလည်း သူ့ကို ကူညီစောင့်ရှောက်တာပါပဲ။ သူ့ကိုစောင့်ရှောက်တော့ ကိုယ့်ဂုဏ်မြောက်တယ်။ ဘေးရန်တွေလည်း လုံခြုံတယ်။ အဲဒီ တရားတွေမရှိရင် လူ့လောကကြီးဟာ ဘာမှ ပျော်စရာ၊ နေချင်စရာ မရှိတော့ဘဲ ခြောက်ကပ်ကြီး ဖြစ်နေမှာပါ။

## ၁၈။ မေတ္တာမရှိ အားမပြည့်

- **ရှိသင့်သည်များ၊ ရှိပါငြားလည်း၊ စွမ်းအားမေတ္တာ၊ ကင်းစင်ကွာ၊ ချမ်းသာမပြည့်ဝ။**
- **စည်းစိမ်ဥစ္စာ၊ ပေါများပါလည်း၊ မေတ္တာစွမ်းအင်၊ မပွားလျှင်၊ ဆန့်ကျင်ဖက်သာ လုပ်လိုကြ။**
- **ရာထူးဂုဏ်သိရ်၊ အရှိန်အဝါ၊ ကြီးမားပါလည်း၊ မေတ္တာစွမ်းအင်၊ မပွားလျှင်၊ ဆန့်ကျင်မုန်းတီးကြ။**
- **သိက္ခာ ၃-ဖြာ၊ ဖြည့်ကျင့်ပါလည်း၊ မေတ္တာစွမ်းအင်၊ မပွားလျှင်၊ ဆန့်ကျင်နှောင့်ယှက်ကြ။**
- **မေတ္တာတရား၊ အစဉ်ပွား၊ စွမ်းအားတိုးတက်ရ။**
- **ရန်သူကပင်၊ အကျွမ်းဝင်၊ ချစ်ခင်လေးစားရ။**
- **ကိုယ်ကချစ်မှ၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ စေကန်တုန့်ပြန်ကြ။**



www.burmeseclassic.com

www.burmeseclassic.com



လူမှာ စည်းစိမ်ဥစ္စာ ရာထူးဂုဏ်သိန်စတဲ့ ရှိသင့်တာတွေ ဘာတွေပဲရှိရှိ မေတ္တာမပွားရင် လူ့ချမ်းသာ မပြည့်ဝပါဘူး။ ဆန့်ကျင်ဖက် လုပ်ချင်ကြတယ်။ မုန်းတီးသူတွေ ရှိတတ်ကြတယ်။

သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ဖြည့်ကျင့်တာတောင်မှ မေတ္တာမပွားရင် နှောင့်ယှက်သူတွေ ရှိတတ်ကြပါသေးတယ်။ မေတ္တာသုတ်မှာလာတဲ့ ရဟန်းတော်-၅၀၀ ဟာ စောစောက မေတ္တာ မပွားဘဲ တရားအားထုတ်ကြလို့ နတ်တွေ နှောင့်ယှက်တာခံကြရတယ်။ လုံ့ဝ အလုပ်မဖြစ်ကြလို့ တောထဲက ထွက်ခွာသွားကြရပါတယ်။ ဘုရားထံပြန်သွားပြီး မေတ္တာအလုပ်ကို သင်ယူကြတယ်။ နတ်တွေရှိရာ တောအုပ်ထဲပြန်လာပြီး မေတ္တာပို့လွှတ်ကြတော့ နတ်တွေက ဆီးကြို၊ ဝေယျာဝစ္စတွေ လုပ်၊ အစောင့်အရှောက်တွေတောင် ပေးကြပါတယ်။ မေတ္တာအစွမ်းကြောင့် နတ်တွေရဲ့ အစောင့်အရှောက်ကိုရလို့ တရားကို ဖြောင့်ဖြောင့်အားထုတ်ကြရတော့ ဝါတွင်းမှာပဲ ရဟန္တာဖြစ်ခဲ့ကြပါတယ်။ ကောင်းတာလုပ်တာတောင် မေတ္တာမပါရင် အလုပ်မဖြောင့်တတ်ပါဘူး။ တကယ်တော့ မေတ္တာမရှိရင် လူ့စွမ်းအား မစုံသေးပါဘူး။

မေတ္တာပွားမှ လူ့စွမ်းအားစုံမယ်။ တိုးတက်မယ်။ မေတ္တာရှင်ကို ရန်သူကတောင် ချစ်ကျွမ်းဝင်ရ လေးစားရပါတယ်။ မုန်းတီးနေတဲ့ရန်သူကို ချစ်အောင်လုပ်နည်းက မေတ္တာတစ်ခုပဲ ရှိတာပါ။ မေတ္တာဟာ အသွားရှိသလောက် အပြန်လာပါတယ်။

ဘုရားလက်ထက်က ပသေနဒီကောသလမင်းကြီးရဲ့ ဦးဉာဏ်ထူးဆိုတဲ့ ဝန်ထမ်းဟာ ခန္တာဝန်နှင့် တရားဝန် တွဲထမ်းတတ်တဲ့ ဝန်ထမ်းကောင်းတစ်ယောက်ပါ။ နေ့စဉ် မေတ္တာပွားထုံထားတော့ လုပ်သမျှ စေတနာအမှန်နဲ့ပဲ လုပ်တယ်။ သူလုပ်သမျှ ဘုရင်ကသဘောကျတော့ ရာထူးတွေတိုးပြီး အစစ ချီးမြှောက် လိုက်တယ်။ လုပ်ဖော်ကိုင်ဖက်များက မနာလို ငြူစူလွန်းလို့ ဦးဉာဏ်ထူး နှင့် ရှင်ဘုရင် ကွဲအောင် ကုန်းတိုက်ကြတယ်။ ရှင်ဘုရင်က ယုံပြီး ဦးဉာဏ်ထူးကို အလုပ်ဖြုတ် ထောင်ချလိုက်တော့ ဦးဉာဏ်ထူးက ရှင်ဘုရင်နှင့် လုပ်ဖော်ကိုင်ဖက်တွေကို စူးစူးစိုက်စိုက် ထပ်တလဲလဲ မေတ္တာပို့ပါတယ်။ သမာဓိဉာဏ်တွေတက်ပြီး သောတာပန်ဖြစ်သွားတယ်။ ဒါမှ အေးမြရွှင်ပြုံး လူ့နှလုံးအစစ်ပါ။ မေတ္တာအစွမ်းကြောင့် ရှင်ဘုရင်က ချက်ချင်းအလွှတ်ခိုင်း၊ တောင်းပန်ပြီး ခါတိုင်းထက် အဆများစွာချီး မြှောက်ပေးလိုက်တယ်။ လုပ်ဖော်ကိုင်ဖက်တွေကလည်း လာတောင်းပန်ကြတယ်။ ချစ်လိုက်ကြတာ ဉာဏ်ထူးမှ ဉာဏ်ထူးပဲ။

ဘုရားလက်ထက်က ဥတ္တရာအမျိုးသမီးကို သိရိမာက ရန်ငြိုးဖွဲ့ပြီး ထောပတ်ဆီပူနဲ့ ခေါင်းကို လောင်းတဲ့အခါ သိရိမာကို မေတ္တာစူးစူးစိုက်စိုက်ပို့တယ်။ ကျိုက်ကျိုက်ဆူတဲ့ ထောပတ်ဆီပူဟာ ရေအေးလိုပဲ အလိုလို အေးမြသွားတယ်။ ရန်လုပ်တဲ့သိရိမာကို ဥတ္တရာက သောတာပန်ဖြစ်သည်ထိ မေတ္တာစစ်စစ်နဲ့ ဆက်ပြီးတောင်ကူညီပေးလိုက်ပါသေးတယ်။ သိရိမာကချစ်လိုက်တာ ဥတ္တရာမှ ဥတ္တရာပဲ။

ဘုရားလက်ထက်ကပဲ မာဂဏ္ဍီကုန်းတိုက်မှုကြောင့် ဥတေနမင်းဟာ အမျက်ထွက်ပြီး မေတ္တာအားကြီးတဲ့ သာမာဝတီနှင့် အခြံအရံတွေကို တန်းစီခိုင်းပြီး အဆိပ်လူးတဲ့မြားနဲ့ ပစ်သတ်တယ်။ သာမာဝတီတို့က မေတ္တာပို့လွှတ်နေတယ်။ ဘယ်လိုမှပစ်လို့မရဘဲ မြားက ဥတေနမင်းဘက်ကိုသာ ပြန်လှည့်လာတယ်။ ဥတေနမင်းကြောက်လန့်လွန်းလို့ လေးကိုပစ်ချပြီး သာမာဝတီကို ဝန်ချတောင်းပန် ကန်တော့တယ်။ ချစ်ခင်ကြည်ညို လေးစားလိုက်တာ သာမာဝတီမှ သာမာဝတီပဲ။

ဒါပေမယ့် သာမာဝတီမှာ ပြင်မရနိုင်တဲ့ အမှားတစ်ခုပါလာခဲ့တာကို တွေ့ရတယ်။ ဘာလဲ ဆိုတော့ သူဟာ မေတ္တာရှင်အမျိုးသမီး ဧတဒဂ်ဆုကိုပန်ခဲ့တယ်။ မြင်းကောင်းခွာလိပ်ဆိုသလို ပန်းဝင်ခါနီးမှ ခွာတစ်ချက်လိပ်ခဲ့တယ်။ သာသနာပဘဝတစ်ခုမှာ နန်းတွင်းသူဖြစ်လို့ နီရောဓ သမာပတ်ဝင်စားနေတဲ့ ပစ္စေကဗုဒ္ဓါကို စေတနာဆိုးနဲ့ မီးရှို့သတ်ခဲ့ဖူးတယ်။ ပစ္စေကဗုဒ္ဓါက မသေပေမယ့် စေတနာဆိုးကတော့ မကောင်းကျိုးပေးတာပဲ။ ငရဲတောင် ကျခဲ့ရသေးတယ်။ အဲဒီ စေတနာဆိုးရဲ့အကျိုးဆက်ကြောင့် သာမာဝတီဟာ အခြံအရံနှင့်တကွ မီးရှို့အသတ်ခံရလို့ မရှုမလှ သေခဲ့ရပါတယ်။ သတိလွတ်မှုကြောင့် ဖြစ်ရတဲ့ အမည်းကွက် အားနည်းချက်ပါ။ မေတ္တာစွမ်းအားကြောင့် အဖြူရောင်သန်းလို့ ရွှန်းစိုခဲ့ရပေမယ့် သတိကင်းလွတ်တဲ့ကြောင့် အမည်းရောင်လွှမ်းပြီး ခြောက်ကပ်ကြီးဖြစ်ခဲ့ရတယ်။ မေတ္တာရှင် ဧတဒဂ်ရခဲ့ပေမယ့် အဆင်ခြင်ကင်းမဲ့မှုရဲ့ လိုက်လာတဲ့ အမည်းကွက်ကို ချေဖျက်နိုင်စွမ်းမရှိပါဘူး။ ဒါကြောင့် သတိနဲ့မေတ္တာ မလွတ်တမ်းကိုင်ထားနိုင်မှ အေးမြရွှင်ပြုံး လူ့နှလုံးကို အဆက်မပြတ် ပိုင်ဆိုင်ခွင့်ရပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉။ စွမ်းအင်မေတ္တာ မူ ၅-မြာ

- ■ ကောင်းကွက်ကိုရှာ၊ ကျိုးလိုကာ၊ ဆောင်ကာပူငြိမ်း၊ အေးချမ်းရ။
- ■ ဤလမ်းစဉ်မှာ၊ မူ ၅-ဖြာ၊ မေတ္တာစွမ်းရည်ပြ။
- ■ ပံသုကူကောက်၊ ရေကန်နောက်မှာ၊ ခြေထောက်ရာရေ၊ မမာနေသူ၊ ရေကြည်ဟူ၊ ၅-ဆူ နှိုင်းယှဉ်ပြ။
- ■ ကျယ်ပြန့်မြင့်မြတ်၊ မကန့်သတ်ပဲ၊ ဒေါသစဲ၊ ဆင်းရဲကင်းစင်ပ။
- ■ ဤ ၅-ခုမှာ၊ အနှစ်ပါ၊ မေတ္တာဂုဏ်ရည်ပြ။

မေတ္တာစွမ်းရည်ရဖို့ မူ ၅-ခုရှိတယ်။

(၁) မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကို မြင်အောင်ရှာကြည့်ရမယ်။

(၂) မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကျိုးကို လှိုက်လှိုက်လှဲလှဲ လိုလားရမယ်၊ တကယ် ကြီးပွားတိုးတက် ချမ်းသာစေလိုတဲ့စိတ် ရှိရမယ်။

(၃) မေတ္တာခံပုဂ္ဂိုလ် ချမ်းသာအောင် ကိုယ်၊ နှုတ်၊ စိတ်နဲ့ ထိထိမိမိ ဆောင်ရွက်ပေးရမယ်၊ ကိုယ်နဲ့ တတ်နိုင်တဲ့အခါ ကိုယ်နဲ့၊ နှုတ်နဲ့တတ်နိုင်တဲ့အခါ နှုတ်နဲ့၊ အယုတ်စွဆုံး စိတ်နဲ့တော့ 'ချမ်းသာကြပါစေ' လို့ ပို့လွှတ်ဆောင်ရွက်ပေးရမယ်၊ မေတ္တာဆိုတာ သတ္တဝါအားလုံးအပေါ် မိတ်ဆွေစိတ်၊ မိခင်စိတ်ထားတာပါ။

(၄) တစ်ခေါက်ထက်တစ်ခေါက် အပူငြိမ်းသွားရမယ်။

(၅) အပူငြိမ်းသွားသလောက် တစ်စတစ်စ အေးချမ်းသွားရမယ်၊ အဲဒါမှ မေတ္တာစွမ်းရည် ပေါ်ပေါက် တိုးပွားနိုင်ပါတယ်။ ကောင်းကွက်ကို တွေ့အောင်ရှာနိုင်မှ မေတ္တာပို့လို့ရပါ တယ်။ အမှိုက်ပုံ၊ သုသာန်တို့မှာ ပံသုကူကောက်တဲ့ရဟန်းဟာ သုံးမဖြစ်တာကိုဖယ်, သုံးဖြစ်တာ ကိုသာရနိုင်သလောက် ရွေးချယ်ကောက်ယူပြီး ရဟန်းနှင့် လျှောက်ပတ်အောင် လျှော်ဖွပ်ချုပ်ဆိုး ဝတ်ရသလို၊ ရေညှိရေမှော် ဖုံးနေတဲ့ရေကန်ထဲ ရေသောက်လိုတဲ့အခါ ရေညှိရေမှော် အနောက်အကျူကို ဖယ်၊ ရေကြည်ကိုသာ ခပ်သောက်ရသလို အဆိုးအကောင်း ရောပွမ်းနေသူကို မေတ္တာပို့လိုရင် အဆိုးကို ဉာဏ်သတိနဲ့ဖယ် အကောင်းကိုသာ မြင်အောင်ကြည့်ပြီး မေတ္တာစိတ်ဖြစ်အောင် ဖန်တီးယူရတာပဲ။

အကောင်းနည်းပြီး အဆိုးများသူကို မေတ္တာပို့ပြန်တော့လည်း ခွက်နဲ့ လက်နဲ့ မခပ်လောက်အောင် ရေနည်းနေတဲ့ နွားခြေရာခွက်ထဲကရေကို ဒူးနဲ့တတောင်နဲ့ထောက်၊ ပါးစပ်နဲ့ငုံပြီး အဆာပြေအောင် သောက်ရသလို မကောင်းတာတွေဖယ်၊ အကောင်းကလေးကိုသာ ရနိုင်သလောက် အာရုံယူ မေတ္တာပို့ရတာပါပဲ။ စိတ်အဆာပြေပြီး မေတ္တာရေသောက်ရဖို့သာ အဓိကပါ။

အကောင်း လုံးဝမရှိသူကို မေတ္တာပို့ပြန်တော့ အပြင်းအထန်မကျန်းမာသူအပေါ် ကရုဏာစိတ်ထား ရသလို သနားစဖွယ်ဒုစရိုက် လူမမာကြီးအဖြစ် ဖန်တီးပြီး မေတ္တာလွှမ်းခြုံပေးရတာပဲ။ ကိုယ့်မှာ မေတ္တာစွမ်းအား ကျန်နေခဲ့ဖို့က အရေးကြီးတာပဲ။

အားလုံးကောင်းသူကို တွေ့ပြန်တော့ ရေညှိရေမှော် အနောက်အကျူကင်းပြီး ကြည်လင်နေတဲ့ ရေကန်ကို တွေ့ရင် ရေဝအောင် ခပ်ယူသောက်သုံးရသလို မေတ္တာဝအောင်ပို့လိုက်ရုံပဲ။ အကောင်းကို တွေ့တာပဲဆိုပြီး မေ့မနေရဘူး။ မေတ္တာစွမ်းအားကို လက်ဦးအောင်ယူလိုက်ပါ။

မေတ္တာပို့ရင် -

(၁) စိတ်ထားကျယ်ပြန့်လာရမယ်။

(၂) မြင့်မြတ်တဲ့စိတ် ဖြစ်ပေါ်တိုးပွားလာရမယ်။

(၃) ကန့်သတ်ချက်ဘောင် ကင်းသွားစေရမယ်၊ ခွဲခြမ်း ခွဲခြမ်း မရှိစေရဘူး။

(၄) ဒေါသရန်စိတ်တွေ မုန်းတီးစိတ်တွေ ကင်းသွားရမယ်။

(၅) စိတ်ဆင်းရဲမှု ကင်းပျောက်သွားရမယ်။ အဲဒါ မေတ္တာဂုဏ်ရည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀။ မေတ္တာလွှမ်းခြုံ ဘေးရန်လုံ

- အတူနေလတ်၊ လူနှင့်နတ်တူ၊ အုပ်ချုပ်သူပါ၊ မြို့ရွာလူစုံ၊ အားလုံးကုန်၊ လွှမ်းခြုံမေတ္တာပို့လွှတ်ရ။
- အတူနေတာ၊ ပို့လွှတ်ရာ၊ ချမ်းသာညီညွတ် ပေါင်းသင်းရ။
- အတူနေငြား၊ နတ်အများ၊ ပို့ထားစောင့်ရှောက် ကူညီကြ။
- အုပ်ချုပ်နေသူ၊ ပို့လွှတ်မူ၊ ကြည်ဖြူဥစ္စာ စောင့်ရှောက်ကြ။
- မြို့ရွာလူတွေ၊ ပို့လွှတ်ချေ၊ ချစ်လေ နှောင့်ယှက်ကင်းစင်ပ။
- သတ္တဝါကုန်၊ မေတ္တာခြုံ၊ လုံးစုံအရပ် ရန်ကင်းပ။
- မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊ အကုန်ချမ်းသာရ။

လွှမ်းခြုံရေးမေတ္တာ ၅-မျိုးရှိပါတယ်။

(၁) အတူနေ လူပုဂ္ဂိုလ်တွေကို (ဆွေမျိုး, မိတ်ဆွေ အတူနေငြား၊ လူအများ၊ နှစ်ပါးကိုယ်စိတ်ချမ်းသာစေလို့) မေတ္တာပို့ရတယ်။

ပုထုဇဉ်အချင်းချင်း နေကြရတာဆိုတော့ ကိုယ့်အပူဓာတ်က သူ့အပေါ်မရောက်မီ၊ သူ့ အပူကလည်း ကိုယ့်အပေါ်မလွှမ်းမီ မေတ္တာအအေးဓာတ်ကို ကြိုတင်ပို့လွှတ်ထားရတယ်။ ကားကြုံ၊ လှူကြုံကောင်းလို့ လိုက်ခဲ့ကြတဲ့ ခရီးသည်များလို ကံကြုံကောင်းလို့ လိုက်ခဲ့ကြတဲ့ အတူနေသူတွေကို သူလဲချမ်းသာ ကိုယ်လည်းစွမ်းအားရအောင် မေတ္တာနဲ့ ကူညီစောင့်ရှောက်ရမှာပဲ။ ကိုယ့်စေတနာဟာ ကိုယ်ရဲ့ လုပ်ခပဲ မဟုတ်လား။ သူတို့အပေါ် မေတ္တာ လက်ဦးထားရင် ချမ်းချမ်းသာသာ ညီညီညွတ်ညွတ် ပျော်ရွှင်ချမ်းမြေ့စွာ အတူနေရတယ်။

(၂) အတူနေ နတ်တွေကိုမမြင်ရပေမယ့် ဉာဏ်နဲ့အာရုံပြုပြီး (အတူနေငြား၊ နတ်အများ၊ နှစ်ပါးကိုယ်စိတ်ချမ်းသာစေလို့) မေတ္တာပို့လွှတ်ပေးရမယ်။ ကိုယ်ကမေတ္တာပို့ရင် သူတို့ကလည်း မေတ္တာနဲ့ပဲပြန်ပြီး ကူညီစောင့်ရှောက်ပေးကြတယ်လို့ ဆိုပါတယ်။

(၃) ဌာန၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့၊ နိုင်ငံအတွင်း တာဝန်ယူအုပ်ချုပ်နေကြတဲ့ အုပ်ချုပ်ရေးတာဝန်ခံ လူများကိုလည်း (အုပ်ချုပ်နေငြား၊ လူအများ၊ နှစ်ပါးကိုယ်စိတ်ချမ်းသာစေလို့) မိဘအရာ ထားပြီး မေတ္တာဓာတ် ပို့လွှတ်ပေးရမယ်။ သူတို့ကလည်း ကိုယ့်ဥစ္စာကို လုံခြုံအောင် စောင့်ရှောက်ပေးကြပါတယ်။

(၄) တစ်လမ်းတည်း၊ တစ်ရွာတည်း၊ တစ်ရပ်ကွက်တည်း၊ တစ်မြို့တည်း အတူနေသူတွေကိုလည်း ( မြို့ရွာအတွင်း၊ ရပ်ကွက်တွင်းမှာ၊ လူများစွာ၊ ချမ်းသာကြပါစေလို့) ဆွေမျိုးစိတ်ထားပြီး မေတ္တာပို့လွှတ်ရမယ်။ အသွားရှိရင် အပြန်လာစမြဲမို့ သူတို့ကလည်း ကိုယ့်အပေါ် ချစ်ခင်မြတ်နိုး အားကိုးလေးစားကြတယ်။ ဘာအနှောင့်အယှက်မှ မပေးကြဘူး။

(၅) သတ္တဝါအားလုံးအပေါ်လည်း (လုံးစုံများစွာ သတ္တဝါ၊ ချမ်းသာကြပါစေလို့) ဆွေမျိုးမိတ်ဆွေ စိတ်ထားပြီး မေတ္တာဓာတ်လွှမ်းခြုံပေးရမယ်။ လွှမ်းခြုံပေးရင် ဘယ်အရပ်ပဲသွားသွား ဘာအနှောင့်အယှက်မှ မရှိဘူး။ ကိုယ့်အရပ်သွားလို့ ကိုယ့်ဆွေမျိုးတွေနှင့် တွေ့နေရသလို ကြည်လင် ရွှင်လန်း ချမ်းမြေ့ ပျော်ရွှင် ရပါတယ်။ မေတ္တာမခြုံရင် ကိုယ့်အိမ်ထဲမှာတောင် မလုံတော့ပါဘူး။

## ၂၁။ ပူလို့မဆုံး လူ့နှလုံး

- လူ့နှလုံးသား၊ တရားမကူ၊ အရှုပ်ထူ၊ အပူတိုး၍ နေ့စဉ်ရှုံး။
- ရှိသမျှလည်း၊ မပိုင်ပဲ၊ ရှာမြဲ တစ်သက်လုံး။
- နောက်ဆုံးရောက်က၊ ပျောက်ကွယ်ကြ၊ ဘဝအနှစ် အကုန်ဆုံး။
- တရားကျင့်သုံး၊ ရွှင်ပြုံးအေးမြ၊ လူ့ဘဝ၊ ထူးလှအမြတ်ဆုံး။



www.burmeseclassic.com

www.burmeseclassic.com


လူ့နှလုံးဟာ တရားမကူရင် အပူတုံးကြီး ဖြစ်နေမှာပါ။ မပိုင်တာတွေချည်းရှာနေရလို့ မရှိ တော့လည်းပူ ရလာတော့လည်းပူ ကုန်သွားတော့လည်းပူ တစ်ပူတည်းပူနေရမယ်။ အပူအားလုံး လောဘ၊ ဒေါသ၊ မောဟကို မြစ်ဖျားခံပြီး လူ့နှလုံးကို ဖြတ်သန်းစီးဆင်းလာခဲ့တာပါ။ အရင်းကိုမနိုင်ဘဲ အဖျားကိုဖမ်းကိုင်လို့လည်း အပူမငြိမ်းနိုင်ပါဘူး။ လူကိုနိုင်တာက လောက၊ လောကကိုနိုင်တာက တရား၊ တရားကိုနိုင်တာက သတိပညာပါ။ သတိပညာနဲ့ အညာကိုကိုင်ရှင်းမှ အရင်းကို နိုင်ကြမှာ ဖြစ်တယ်။ အရင်းကိုနိုင်ရင်တော့ ငြိမ်းအေးကြပါတယ်။

မတူးနဲ့မထူးဆိုတဲ့ အပျိုကြီးညီအစ်မ နှစ်ယောက်ရှိတယ်။ သူတို့မိဘတွေက ပစ္စည်းအလွန်ပေါ၊ တစ်ရွာလုံးရဲ့ မျက်နှာဖုံး၊ ဘုရားဒကာ ဘုရားအမ၊ ကျောင်းဒကာ ကျောင်းအမတွေပေါ့။

ညီအစ်မနှစ်ယောက် မိဘရှိစဉ်က အလွန်ချစ်ခင်ညီညွတ်ကြပေမယ့် မိဘနှစ်ပါး ကွယ်လွန် သွားတဲ့အခါ အမွေကိစ္စနဲ့စကား မပြောနိုင်ကြတော့ဘူး။ ပြုံးရာက မဲ့ကုန်ကြပြီ၊ အေးရာက ပူလောင် ကုန်ကြပြီ၊ ပျော်ရာက ရန်ဖြစ်စရာတွေ ဖန်တီးကုန်ကြပြီ။

ရှိတိုင်းချမ်းသာတာမှ မဟုတ်ဘဲ။ လူ့ချမ်းသာရဲ့အနှစ်ချုပ်ဆိုတာ စိတ်သန့်ရှင်းမှုသာ ပဓာန၊ စိတ်လဲ မကြည်လင်၊ အမြင်လည်းမရှင်းတော့ဘူးဆိုရင် ဘာရှိရှိ ဒုက္ခချည်းပဲ။

အလွန်ချစ်တဲ့ ညီအစ်မနှစ်ယောက်ကို သွေးကွဲသွားအောင်ခွဲပစ်တာက ပစ္စည်းပဲ။ ဖြောင့်အောင် ပြောရင်တော့ ပစ္စည်းအရင်းခံတဲ့ ဒေါသပါ။ လောကရဲ့ အကြီးမားဆုံးခွဲအားက ဒေါသ၊ နှစ်ယောက်တည်းရှိတဲ့ အပျိုကြီးညီအစ်မကို စကားမပြောနိုင်အောင် ခွဲပစ်တာ ဒေါသတရား၊ ပစ္စည်းက ရန်တိုက်တော့ ဒေါသ က ခွဲပစ်လိုက်တာပေါ့။

ပုထုဇဉ်ရဲ့စိတ်ဟာ တရားလွတ်ရင် မောဟအမှောင်ထဲမှာ အကျဉ်းချခံရတယ်။ လောဘနှင့် ဒေါသက နှစ်ဖက်ညှပ်ထောင်းနေတယ်။ လောဘအလိုမကျတာနဲ့ ဒေါသမီးတောက်တာပဲ။ မတူးနဲ့ မထူးတို့မှာလည်း ပစ္စည်းလောဘ အလိုမကျတော့ ဒေါသမီးတောက်နေကြပါတယ်။ နှစ်ယောက် မျက်နှာချင်းဆိုင်လို့မရဘူး။ တစ်ယောက်မျက်နှာ တစ်ယောက် လုံးဝကြည့်လို့မရဘူး။

အိမ်နှစ်ထပ်မှာ လှေကားတစ်ခုတည်း၊ အပေါ်ထပ်တက်ချင်ရင် အတွင်းက ဝင်တက်ရုံပဲ။ နှစ်ယောက် မတည့်တော့ တစ်ယောက်တစ်ထပ်စီနေတယ်။ အတွင်းလှေကားဖြုတ်၊ တစ်နေရာကနေပြီး အပေါ်တက်လို့ ဖြစ်အောင် ပြောင်းတပ်၊ အပေါ်ထပ်မှာ အစ်မ မတူး၊ အောက်ထပ်မှာ ညီမ မထူး၊ နှစ်ယောက် တစ်ထပ်စီ နေကြတယ်။

နှစ်ဝင်းဖြစ်အောင် အုတ်တံတိုင်းကိုလည်း တစ်နေရာက ခြားလိုက်ရတယ်။ နှစ်ယောက်တည်း နေကြပေမယ့် အိမ်တစ်ခုလုံး ဘာကျက်သရေမှမရှိ၊ ဘာတွေရှိရှိ ခြောက်ကပ်ကြီး။

အပေါ်ထပ်ကမတူးက ကြမ်းပေါက်တွေဖောက်၊ ရေတွေသွန်ချ၊ အမှိုက်တွေသွန်ချ၊ သူက နိုင်တယ် ပေါ့လေ။ တစ်ထပ်စီနေကြပေမယ့် ငြိမ်းချမ်းမှု လုံးဝမရှိ၊ အပေါ်ထပ်က အစ်မက လှမ်းဆဲလိုက်၊ အောက်ထပ်က ညီမက ပြန်အော်ဆဲလိုက်၊ ညီအစ်မနှစ်ယောက်ရဲ့ ဒေါသငွေ့ကြောင့် အိမ်ကြီးဟာ အခိုးအလျှံ တစ်ပြောင်ပြောင်နဲ့ ပူလောင်နေတယ်။

ဒီအကြောင်းကို သူတို့မိဘရှိစဉ်က ကိုးကွယ်ခဲ့တဲ့ဘုန်းကြီးကကြားတော့ အကြီးမက ကျွတ်ဆတ်ဆတ်နဲ့ ပြောလို့မရမှန်းသိလို့ အငယ်မကို ခေါ်ပြောတယ်။

'ဟဲ့ - မထူး၊ နင်တို့ လူလား၊ ဘီလူးလား'

'တပည့်တော်မတို့ လူတွေပါဘုရား'

'အေး . . . လူဆို လူလိုနေကြ၊ နင်တို့ ဘီလူးထက် ဆိုးကုန်ပြီ၊ နင်တို့ဟာ အငတ်ငတ် အပြတ်ပြတ် စားရမဲ့ သောက်ရမဲ့ဘဝလည်း မဟုတ်ဘူး၊ ပြီးတော့ ကျောင်းဒကာ ကျောင်းအမ ဘုရားဒကာ ဘုရားအမ သမီးတွေ၊ ရွာရဲ့ မျက်နှာဖုံး၊ နေရတာက နှစ်ယောက်တည်း၊ လူဟာ 'ပူ' မဖြစ်ကြစေနဲ့၊ လူလိုပဲနေကြ'

'ကဲ - မထူး၊ မင်းကအငယ်ဆိုတော့ သည်းခံခွင့်လွှတ်လိုက်၊ ပြီးတော့ မေတ္တာပို့၊ ဖြစ်တဲ့နည်းနဲ့ မေတ္တာပို့၊ မေတ္တာပို့လို့မရရင် ဘုရားထံမှာ စိတ်ဆေးကြောသန့်စင်ပေး၊ စိတ်ကောင်းထုတ်လုပ်ပေး၊ နင့်အပေါ်မှာ နင့်အစ်မ



www.burmeseclassic.com

www.burmeseclassic.com


ကျေးဇူးပြုခဲ့တာတွေ အများကြီး၊ အဲဒီကောင်းကွက်ကို သေသေချာချာ မြင်အောင်ကြည့်ပြီး မေတ္တာပို့၊ ကဲ-လူဆိုရင် ပြောတာနားထောင်'

'မှန်ပါ၊ ဘုန်းကြီးအမိန့်အတိုင်းပါဘုရား'

အိမ်ပြန်၊ ဘုရားရှေ့သွား၊ ဘုရားအာရုံပြု၊ စိတ်သန့်စင်၊ လူ့ပင်ကိုယ် စိတ်ကောင်းလေးတွေ ပေါ်လာတယ်။ ဒေါသလွှမ်းမိုးတဲ့ သူများစိတ်ကြောင့်သာ ပူလောင်နေခဲ့တာပဲ။ လူ့ပင်ကိုယ် စိတ်ကောင်းတွေ ပေါ်လာတော့ ကောင်းကွက်ကိုဖော်လို့ရလာတယ်။ သူ့အစ်မပုံဖော်စမ်းကြည့်တော့ 'ဟာ . . . ဟုတ်သားပဲ၊ ငါ့အပေါ်မှာ ငါ့အစ်မကျေးဇူးတွေ အများကြီးပါလား'

အစ်မ မတူးရဲ့ပုံဖော်၊ ကောင်းကွက်တွေ မြင်အောင်ကြည့်၊ ပြုံးကွက်ကလေးတွေ ဖန်တီးပြီး 'ကျေးဇူးရှင် အစ်မ မတူး ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပါစေ' လို့ လှိုက်လှိုက်လှဲလှဲ မေတ္တာပို့တယ်။

နည်းလမ်းမှန်တော့ အစ်မဆီ မေတ္တာဓာတ်တွေရောက်သွားပြီ။ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ နေ့စဉ် လှိုက်လှိုက်လှဲလှဲ ဘုရားအကူအညီနဲ့ မေတ္တာပို့နေတယ်။

အိမ်အပေါ်ထပ်က မတူး၊ မနေနိုင်ဘူး။ အောက်ထပ်ဆင်းပြီးတော့ ပြောလာတယ်။ 'ညီမရယ် အစ်မ မှားတာပါနော်၊ အစ်မကို သည်းခံပါ၊ ခွင့်လွှတ်ပါ'

'မဟုတ်ပါဘူး အစ်မရယ်၊ ညီမ မှားတာပါ' တစ်ယောက်နှင့်တစ်ယောက် ဖြောင့်ချက်ပေးလာကြတယ်။ စောစောကတော့ 'နင်မှားတာ၊ နင်မှားတာ' နဲ့ တစ်ယောက်နှင့်တစ်ယောက် လက်ညှိုးထိုးကြတယ်။ အကြီးမားဆုံး ဒေါသခွဲအားကြောင့် ကိုယ့်ကိုကိုယ် တရားခံ မလုပ်နိုင်ကြဘူး။

အခုတော့ ကိုယ့်ကိုကိုယ် တရားခံလုပ်နိုင်ကြတယ်။ ခန္တီနှင့်မေတ္တာဝင်လာတယ်။ 'ညီမရယ် - အစ်မ မှားတာပါ၊ သည်းခံပါ'

'မဟုတ်ပါဘူးအစ်မရယ်၊ ညီမက ပိုမိုက်ပါတယ်၊ ညီမမှားတာပါ၊ ခွင့်လွှတ်ပါ' အဲဒါနဲ့ တစ်ယောက်နှင့် တစ်ယောက် တည့်သွားကြတယ်။ မလုပ်ချင်လို့ မလုပ်နိုင်လို့ မလုပ်ဖြစ်လို့သာ မဖြစ်တာပါ။ တကယ် လုပ်ရင်တော့ တကယ်ဖြစ်ကြတာချည်းပါ။

ဘေးကထောင်ထားတဲ့ လှေကားကြီး ဖြုတ်၊ အရင်အတိုင်း အထဲကပြန်တပ်၊ နှစ်ဝင်းခြားပြီး ကာထားတဲ့ အုတ်တံတိုင်းကို ဖြိုချ နှစ်ယောက်တည့်သွားကြတယ်။

မိဘတွေရဲ့တရားအမွေကိုပါယူလို့ သာသနာအတွက် အကျိုးများလှတဲ့ ဘုရားအမ၊ ကျောင်းအမတွေ ဖြစ်ကုန်ကြတယ်။ အချင်းချင်းလည်း အလွန်ချစ်ခင်မြတ်နိုး လေးစားသွားကြတယ်။ ပတ်ဝန်းကျင်ရဲ့ ချစ်ခင်မြတ်နိုး လေးစားမှုကိုလည်း ခံယူကြရတယ်။ လောက၊ သာသနာကို တရားနဲ့ အလှဆင်နိုင်ကြတဲ့ အဖိုးတန် အမျိုးကောင်းသမီးတွေ ဖြစ်သွားကြပါတယ်။

ဆရာဘုန်းကြီးထံလည်း မကြာမကြာသွားပြီး အဆုံးအမကို နာယူကြတယ်။ တရားနှင့် နား တွေ့ဖန် များတော့ အထူးသိမ်မွေ့လာကြပါတယ်။ တရားနှင့် စားဝတ်နေရေးတွဲပြီး တရားအလုပ် မွေ့လျော်တတ်တယ်။ သတိနှင့်မေတ္တာ စွဲစွဲမြဲမြဲထုံထားတော့ ဘဝအနေရှင်းပြီး စီးပွားရေးလည်း ပိုကောင်းလာတယ်။ သဒ္ဓါ၊ မေတ္တာ ကောင်းတော့ နေရာတကာ လူရာဝင်ပြီး ပွဲလယ်တင့်ကြတယ်။ အထူးအားဖြင့် ဒါန၊ သရဏဂုံ၊ ငါးပါးသီလ၊ မေတ္တာ၊ အနိစ္စာ နုပဿနာ ငါးချက်ကို နေ့စဉ်မပျက် ကြိုးစား အားထုတ်ကြတယ်။

တစ်နေ့တော့ ညအိမ်ဝင်းတံခါးမပိတ်မိလို့ ညအခါ ညဉ့်နက်ချိန်မှာ မတူး၊ မထူးတို့အိမ် ဓားပြ ၃-ယောက်ဝင်လာတယ်။ အိမ်တံခါးကိုခေါက်၊ တံခါးကို အတင်းအဖွင့်ခိုင်းတယ်။ ညီအစ်မနှစ်ယောက် အိပ်ရာကထလာပြီး ရတနာသုံးပါးဂုဏ်ကို အာရုံပြု၊ စူးစူးစိုက်စိုက် မေတ္တာပို့ရင်း တံခါးနားသွားကြတယ်။

'အား . . . ဦးလေးတို့၊ အစ်ကိုတို့ပါလား၊ လာကြ၊ လာကြ၊ တံခါးဖွင့်ပေးရမှာပေါ့'

'ဟိုက် . . . နင်တို့ ဦးလေး အစ်ကို တစ်ယောက်မှမပါဘူးကွ၊ ဓားပြတွေသိရဲ့လား၊ ငွေ ၁၀-သိန်း ပေးရင်ပေး၊ မပေးရင် အသေပဲ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူးရှင် . . . ကျွန်မတို့ရဲ့ ဦးလေးတို့ အစ်ကိုတို့ဆိုတာ ကျွန်မတို့ နေ့စဉ် လုပ်နေကျ ဒါန၊ သရဏဂုံ၊ သီလ၊ မေတ္တာ၊ ဝိပဿနာ ကောင်းမှုတွေကိုခေါ်တာပါရှင်၊ သဒ္ဓါတရား တံခါးဖွင့် ပေးပါမယ်၊ ကောင်းမှုဆွေမျိုးတွေ စိတ်ထဲဝင်လာကြပါ' လို့ ပြောတာပါရှင်။

ဓားပြ ၃-ယောက် ကြောက်လန့်ပြီး ဆင်းပြေးကုန်ကြတယ်။ မေတ္တာလွှမ်းခြုံတော့ ဘေးရန်မျိုးစုံ လုံကြပါတယ်။ သတိမေတ္တာစွမ်းမှုန်း လက်တွေ့သိကြရတော့ ပိုပိုပြီး ကြိုးစားကြပါတယ်။ အသက်ထက်ဆုံး 'အေးမြရွှင်ပြုံး လူ့နှလုံး' ပုံစံနဲ့ပဲ အလှူဆင်သွားကြတယ်။

## ၂၂။ လူတွက်တွက်မှ ချမ်းသာမယ်

လူ့ဘဝမှာ နတ်တွက်၊ ငရဲတွက်၊ လူ တွက်လို့ အတွက် ၃-မျိုးရှိတယ်။ အဝိဇ္ဇာ တဏှာနဲ့ ဖြန်းနေကြတာက နတ်တွက်၊ တွက်တာ၊ ဒေါသ ဒေါမနဿတွေနဲ့ ပူလောင်နေကြတာက ငရဲတွက်, တွက်တာ၊ သတိပညာနဲ့ တရားအနှစ်ကျန်အောင် သုံးနေကြတာကတော့ လူတွက် တွက်တာပါ။ လူဟာ လူတွက် တွက်မှပဲ ခုရော နောင်ပါ ချမ်းသာမှာပါ။

လူ့ဒုက္ခဆိုတာ တရားရဲ့တွန်းအားတွေပါ။ ဒူးရင်းသီးလိုပါပဲ။ အပြင်ကကြည့်ရင် ဆူးတွေ ချည်းဖြစ်နေလို့ အမြင်အတွေ့ မကောင်းပေမယ့် ခွဲကြည့်လိုက်တော့ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံတဲ့ စားဖွယ်ကိုတွေ့ရတယ်။ လူ့ဒုက္ခတွေလည်း အခံရခက်ပေမယ့် ဉာဏ်ဓားနဲ့ ခွဲကြည့်ရင် ချမ်းသာကြောင်း တရားကောင်းတွေ သိုမှီးထားတာ တွေ့ရမယ်။ ဒါ့ကြောင့် လူ့ဒူးရင်းသီး ခွဲသုံးဖို့ ကိုင်စရာ သတိလိုသလို ဉာဏ်ဓားကိုလည်း ထက်အောင် သွေးထားရမယ်။

လူ့ဘဝမှာ အရေအတွက်ထက် အရည်အသွေးကို တန်ဖိုးထားရပါတယ်။ များဖို့ထက် ကောင်းဖို့က အဓိကပါ။ ၅-မိနစ်လောက် တွက်ကြည့်ပါ။ ကိုယ့်ကိုတွန်းချတဲ့စိတ်နဲ့ ကိုယ့်ကို တာဝန်ယူမယ့်စိတ် ဘယ်စိတ်က များသလဲ။ စိတ်မနိုင်လို့ အကုသိုလ်ဖြစ်တာက များမယ်။ စိတ်နိုင်လို့ ကုသိုလ်ဖြစ်တာက နည်းတတ်တယ်။ အရေအတွက်နဲ့ပြိုင်ရင် အကုသိုလ်က နိုင်မှာပါ။ တွန်းချမယ့်စိတ်က များနေတတ်ပါတယ်။

ဒါပေမယ့် အရေအတွက်နဲ့မကြည့်ဘဲ စွမ်းအားနဲ့ ကြည့်ပါ။ ကိုယ့်စိတ်ကိုနိုင်လို့ ဖြစ်လာတဲ့ ကုသိုလ်စိတ် တစ်ကြိမ်ဟာ အကြိမ်များစွာဖြစ်တဲ့ အကုသိုလ်ကိုနိုင်ပါတယ်။ ကုသိုလ်ဆိုတာ တန်ခိုးပဲ။

သဒ္ဓါ၊ ပညာ၊ မေတ္တာ၊ သတိတွေ လူ့စိတ်မှာ များများဖြစ်ခွင့်ရမှ လူစိတ်များများဖြစ်ပြီး လူတွက် တွက်နိုင်ကြမှာပါ။ လူတွက် တွက်နိုင်သူကို တာဝန်ယူမယ့်စွမ်းအားတွေ ဆီးကြိုနေကြတယ်။ မျက်နှာကြီး နေပါတယ်။ စားဝတ်နေရေး ကျန်းမာရေးကိစ္စမှာ ရုပ်အတွက်သာမက စိတ်အတွက်ပါ တရားအစာ၊ တရားအဝတ်၊ တရားနေရာ လုံလောက်အောင် ပေးနိုင်လို့ စိတ်ပါကျန်းမာရွှင်လန်းပြီး 'အေးမြရွှင်ပြုံး လူ့နှလုံး' ပုံစံပေါ်လာမှာပါ။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၆၃-ခု၊ ပြာသိုလ ( ၂၀၀၂-ခု၊ ဖေဖော်ဝါရီလ )



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၁၆)

# လူ၏စွမ်းအား မြတ်တရား

## နမော မဟာဝီရဿ

ဣတ္ထိဘာဝေါ ကိံ ကယိရာ၊ စိတ္တမှိ သုသမာဟိတေ။
ဉာဏမှိ ဝတ္တမာနမှိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

(သံ - ၁ - ၁၃၀)

- ■ သိက္ခာ (၃)ပါး မြတ်တရား၊ ယောကျ်ားမိန်းမ မခွဲပါ။
- ■ စိတ်ဓာတ်ကိုမြှင့်၊ ကြိုးစားခွင့်၊ လမ်းဖွင့်ထားတဲ့ သာသနာ။
- ■ ကြိုးစားလိုက်လျှင်၊ စွမ်းအားထင်၊ မျက်မြင်ကိုယ်တွေ့ပါ။
- ■ ယောကျ်ားဖြစ်ရုံ၊ အားမစုံငြား၊ မကြိုးစားက၊ စွမ်းအားကျ၊ ဘာမှမရပါ။
- ■ မိန်းမသော်လည်း၊ အားကုန်ခဲ၍၊ စိတ်ဖွဲ့ထက်သန်၊ ကြိုးစားပြန်၊ ကေန်ထူးခြားလာ။
- ■ လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းဖို့လိုရင်းပါ။

### ၁။ အိုးပွဲလက်ဆောင်

ဒေါ်စန်းစန်းမေ (နဝင်္ဂသုခ ဆေးတိုက် ၉၁၊ ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့) က သူ့ရဲ့ အသက် (၅၀) ပြည့် ရွှေရတု မွေးနေ့အထိမ်းအမှတ် တရားတစ်ပုဒ် လိုချင်တယ်လို့ လျှောက်ထား တောင်းဆိုလာပါတယ်။ ဒါ့ကြောင့် **"လူ၏စွမ်းအားမြတ်တရား"** ဆိုတဲ့ တရားတစ်ပုဒ်ကို မွေးနေ့လက်ဆောင်ပေးလိုက်ပါတယ်။

မွေးနေ့ဆိုတာ အရင်နှစ်တွေကထက် ယခုပိုပြီး အိုမင်းရင့်ရော်လာတာဖြစ်လို့ အိုပွဲပါပဲ၊ နာတဲ့ပွဲ-သေတဲ့ပွဲတွေ ရဲသွားအောင်၊ နည်းသွားအောင်၊ စဲသွားအောင်လို့ အိုတဲ့ပွဲကို မှတ်မှတ်ရရ လုပ်ပေးကြရတာပါ။

အိုတဲ့နေ့မှာ အိုပွဲလက်ဆောင် ကောင်းမှုတရား ရဖို့လိုသလို နာတဲ့နေ့မှာ နာပွဲလက်ဆောင် ကောင်းကောင်း ရဖို့၊ သေတဲ့နေ့ရောက်တော့လည်း သေပွဲလက်ဆောင် လှလှပပရဖို့ တရားဘာဝနာ အလုပ်ကို သည်းသည်းမဲမဲ စွဲစွဲမြဲမြဲ ပွားများအားထုတ်ထားရမှာ ဖြစ်ပါတယ်။

ခန္ဓာဟာ သူက ကိုယ့်ကို မညှာမတာ နှိပ်စက်နေတာဖြစ်လို့ ကိုယ်လည်း သူ့ကို မညှာမတာ ခိုင်းပေးမှ ခန္ဓာက ဘဝလက်ဆောင် ပြန်ပေးမှာပါ။

### ၂။ တည်ငြိမ်အေးချမ်း လူ့အစွမ်း

မြတ်စွာဘုရား လက်ထက်တော်က သောမာ ဆိုတဲ့ ဘိက္ခုနီ(ရဟန်းမ) တစ်ပါး ရှိပါတယ်။ လမင်းလိုပဲ လှပတင့်တယ် အေးချမ်းလို့ မြန်မာလို "မလှအေး" လို့ ခေါ်ဆိုရမှာပါ။ တရားနဲ့ မနေရသူဟာ ပင်ကိုယ် ရုပ်လှတာတောင်မှ ခြောက်ကပ်ကပ် ပူလောင်လောင်ကြီးပါ။ တရားနဲ့ နေရပြန်တော့ အရုပ်ဆိုးတာတောင်မှ ထည်ဝါအေးချမ်းပါတယ်။ သောမာ - ကတော့ ပင်ကိုယ်ရုပ် လှရုံမျှမက တရားကြောင့်လည်း အလွန် ငြိမ်းချမ်းပါတယ်။

တစ်နေ့တော့ သောမာဟာ နေ့လည်ချိန် တောထဲသွားပြီး ဆိတ်ငြိမ်ရာ သစ်ပင်အောက်မှာ တရားနဲ့ မွေ့လျော်ကာ သီတင်းသုံးနေပါတယ်။

အဲဒီအချိန်မှာ မာရ်နတ်ဟာ (မာရ်နတ်အဖွဲ့ဝင် နတ်လည်းဖြစ်နိုင်ပါတယ်) ရုပ်အဆင်းကို ဖျောက်ထားပြီး (ရုပ်အဆင်း ကွယ်ပျောက်ပြီး) အသံနဲ့ပြောပါတယ်။ "မြင့်မြတ်တဲ့တရားအလုပ်ဟာ **မြင့်မြတ်တဲ့**


www.burmeseclassic.com

www.burmeseclassic.com


**ယောကျ်ားတွေရဲ့အလုပ်သာ ဖြစ်တယ်၊ အသိဉာဏ် လက်နှစ်သစ်လောက်သာ ရှိတဲ့ မိန်းမတွေရဲ့ အလုပ်မဟုတ်ဘူး၊ တရားနဲ့မိန်းမ မတန်ဘူး၊ တရားဟာ မိန်းမနဲ့ဘာမှ မဆိုင်ဘူး"** လို့ မိန်းမတွေကို ချိုးချိုးဖဲ့ဖဲ့ ကဲ့ရဲ့ရှုတ်ချပြောဆိုတယ်၊ ပြောသံသာကြားရတယ်၊ ပြောသူ ကိုတော့ မမြင်ရပါဘူး။

ပြောသူကို မမြင်ရပေမယ့် အသံကို ကြားရတာနဲ့ "မာရ်နတ်" ဆိုတာ သောမာ-က သိလိုက်ပါတယ်။ ဒါ့ကြောင့် "သင်ဘယ်သူလဲ" လို့ မေးမနေတော့ပဲ တိုက်ရိုက်ပဲ ပြောလိုက်ပါတယ်။ "ဒကာ မာရ်နတ်၊ စိတ်ဓာတ်ငြိမ်သက် ငြိမ်းချမ်းပြီး အသိဉာဏ်ဖြစ်လာလို့ အမှန်တရားကို သိမြင်ရမယ်ဆိုရင် မိန်းမဆိုတဲ့ ဝေါဟာရစကားဟာ ဘာလုပ်မှာတဲ့လဲ" ဒီလို ပြောလိုက်တော့ မာရ်နတ် ကွယ်ပျောက်သွားပါတယ်။

လူ့ဘဝရဲ့ တန်ဖိုးဆိုတာ သီလ သမာဓိ ပညာဆိုတဲ့ ကိုယ်ကျင့်တရား သိက္ခာသုံးပါးပါ၊ စိတ်ဓာတ် ငြိမ်သက် အေးချမ်းတဲ့ သမာဓိကို ပြောလိုက်ရင် အရင်းခံသီလလဲ ပါဝင်သွားပါတယ်။ စိတ်ငြိမ်ရင် ကိုယ်၊ နှုတ် သောင်းကျန်းမှုကို ထိန်းချုပ်နိုင်လို့ သီလလုံခြုံပြည့်စုံသွားနိုင်လို့ပါ။ သိက္ခာ ၃-ပါး ကိုယ်ကျင့်တရား ပြည့်စုံရင် မိန်းမဆိုတဲ့ ဝေါဟာရစကားဟာ လိုရင်းမဟုတ်ဘူးလို့ ဆိုလိုပါတယ်။

## ၃။ စိတ်ထားကောင်းဖို့ လိုရင်းပါ

သိက္ခာသုံးပါး တရားအလုပ်ကိစ္စမှာ ယောကျ်ားမိန်းမခွဲခြား မထားပါဘူး။ ယောကျ်ား မိန်းမဆိုတဲ့ ပညတ်စကားဟာ လိုရင်းမဟုတ်ဘဲ သိက္ခာသုံးပါး ကိုယ်ကျင့် တရားနဲ့ ထိုက်တန်လောက်အောင် စိတ်ကောင်းထားဖို့သာ လိုရင်းပဓာနပါ။ ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ဘယ်သူမဆို စိတ်ကောင်းထားရင် သိက္ခာသုံးပါး ဖြည့်ကျင့်ခွင့်ကို သာသနာက အမြဲလမ်းဖွင့်ထားပါတယ်။ တကယ်ကြိုးစားအားထုတ်လို့ တကယ်စွမ်းအားထင်ရှားသူတွေ မျက်မြင်ကိုယ်တွေ့ တကယ်ရှိနေကြတာပဲ။

ယခုအခါ ဘိက္ခုနီသာသနာ အဆက်ပြတ်သွားတော့လို့ မိန်းမများ ဘိက္ခုနီ (ရဟန်းမ) ပြုလုပ်ခွင့် မရနိုင်တော့ပေမယ့် သာသနာနွယ်ဝင် သီလရှင်ဝတ်ပြီးတော့လည်း ကိုယ့်ဘဝနဲ့ ထိုက်တန်တဲ့ သိက္ခာသုံးပါးကို ဖြည့်ကျင့်နိုင်ပါတယ်။ လူဝတ်ကြောင်ဘဝနဲ့လည်း ကိုယ်နဲ့တန်တဲ့ သိက္ခာသုံးပါးကို ဖြည့်ကျင့်နိုင်တာပါပဲ။ တချို့နေရာတွေမှာ တရားအလုပ် အားထုတ်နေကြတာတွေဟာ မိန်းမပရိသတ်က ယောကျ်ားပရိသတ်ထက် ပိုပြီး များပြားနေကြတာကို တွေ့မြင်နေရပါတယ်။

ကာယဗလပြည့်ဝတဲ့ ယောကျ်ားဖြစ်ပေမယ့် သဒ္ဓါဝီရိယစတဲ့ စိတ်စွမ်းအားမစုံလို့ မကြိုးစားဖြစ်ရင် စွမ်းအားကျဆင်းပြီး ဘာမှမရဘဲ တစ်ဘဝလုံး ဗလာဖြစ်သွားတတ်ပါတယ်။ မိန်းမသား ဖြစ်ပေမယ့် စိတ်ဓာတ်ကိုမြှင့်ပြီး ဇွဲသန်သန်ကြိုးစားရင် ဧကန်ထူးခြားလာရမြဲပါ။ အလုပ်နဲ့ ထိုက်တန်တဲ့ ခံစားခွင့်ဆုလာဘ်ကို အံ့သြဖွယ်ရရှိလာစမြဲပါ။

ယောကျ်ားဖြစ်ပေမယ့် စိတ်ထားညံ့နေရင် မြင့်မြတ်တယ်လို့ မဆိုနိုင်သလို မိန်းမဖြစ်နေပေမယ့် စိတ်ထားကောင်းရင် ယုတ်ညံ့တယ်လို့ မဆိုနိုင်ပါဘူး။ ဘယ်သူပဲဖြစ်ဖြစ် စိတ်ထားကောင်းမှပဲ တရားနဲ့ ထိုက်တန်မှာပါ။ တရားနဲ့ထိုက်တန်လို့ တရားကို တကယ်ကျင့်သုံးမှပဲ မြင့်မြတ်တယ်လို့ ဆိုနိုင်မှာဖြစ်တယ်။ လူ့ဘဝရဲ့ အနှစ်ချုပ်ဟာတရားပါ။

## ၄။ ပူ နှင့် လူ

- **စွမ်းအားမပါ၊ အသိက္ခာ၊ နစ်နာ "ပူ" ဟု မှတ်။**
- **မရှိလဲပူ၊ ရှိလဲပူ၊ အပူတိုး၍ အနေကျပ်။**
- **စွမ်းအားပြည့်ကာ၊ အသိပါ၊ မြတ်တာ "လူ" ဟု မှတ်။**
- **မရှိလဲအေး၊ ရှိလဲအေး၊ အအေးစုံ၍ အနေမြတ်။**
- **အညွှန့်ကိုထူ၊ တလူလူ၊ အပူငြိမ်း၍ ဒုက္ခလွတ်။**
- **စိတ်ကောင်းထားက၊ လူ့ဘဝ၊ မုချရကျိုးနပ်။**



www.burmeseclassic.com

www.burmeseclassic.com


ပင်လယ်ထဲက ရေတွေဟာ အလွန် များပြားကြပေမယ့် သူချည်းသက်သက် မဟုတ်ဘူး။ ရေရှိသလောက် ဆားရှိတယ်၊ ရေနဲ့ထပ်တူ ဆားပါဝင်နေပါတယ်၊ ဒါ့ကြောင့် ငန်လွန်းလို့ သောက်သုံးလို့ မဖြစ်ပါဘူး။

ဒါမျိုးလိုပဲ လူမှာရှိနေတဲ့ သက်မဲ့ သက်ရှိအားလုံးဟာ သူတို့ချည်းသက်သက် ရှိနေကြတာ မဟုတ်ဘူး။ သူတို့ရှိသလောက် အပူရှိနေတယ်။ အရှိနဲ့ထပ်တူ အပူပါဝင်နေတယ်၊ ဒါ့ကြောင့် ဘာပဲရှိရှိ ရှိရုံနဲ့တော့ မငြိမ်းချမ်းပါဘူး၊ အသိက မှီအောင်လိုက်ပေးမှပဲ ငြိမ်းချမ်း ပျော်ရွှင် နိုင်ကြမှာပါ။

ရေပေါ်တဲ့ပင်လယ်ထဲ သင်္ဘောနဲ့ ခရီးသွားကြတဲ့အခါ သောက်သုံးဖို့ ရေချိုရေကောင်း ယူဆောင်သွားရသလို လောကထဲမှာ ပစ္စည်းရှာရင်း စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေ လုပ်ကြတော့လဲ ငြိမ်းချမ်းစွာ သောက်သုံးဖို့ တရားရေကို ယူဆောင်ကြရပါတယ်။

လူ့အပူအားလုံးကို စုပ်ထုတ်ပစ်နိုင်တာက တရား ၁-မျိုးထဲရှိတာဖြစ်လို့ ဒုက္ခထုပ်ဖြစ်တဲ့ ပစ္စည်းဥစ္စာတွေကို ချမ်းသာအဖြစ် စစ်ထုတ်ပေးဖို့ တရားဆိုတာရှိအောင် လုပ်ရပါတယ်။

ပင်လယ်ရေကို စနစ်တကျခပ်ယူပြီး ဆားချက်ရင် အဖိုးတန်လူသုံးဆား ရရှိနိုင်သလို လူ့ပစ္စည်းတွေကိုလည်း အဖိုးတန်တရားတွေ ဖြစ်သွားအောင် ချက်ပေးဖို့လိုမှာပါပဲ။

တရားမပါရင် အပူနဲ့ချည်း နေရမှာဖြစ်လို့ "လူ" မဖြစ်တော့ဘဲ "ပူ" ပဲ ဖြစ်နေတော့မှာပါ။ တရားနဲ့ အညွန့်တလူလူ လွှင့်ထူနိုင်မှ "လူ" ဖြစ်ခွင့်ရမှာ ဖြစ်ပါတယ်။

## ၅။ "လူ" ရေးတဲ့ ငအေး

ပညာသင်ကြားကာစဖြစ်တဲ့ ကျောင်းသားကလေး ငအေးကို သူ့ဆရာက ကျောက်သင်ပုန်းထဲမှာ "လူ" လို့ ပီပီသသ အရေးခိုင်းတယ်၊ ငအေးက လကို အလယ်တည့်တည့်က မကွင်းဘဲ ဘယ်ဖက် (လက်ဝဲဖက်) အပေါ်နားမှာ သေးသေးကလေးကွင်းပြီး အောက်ကိုဝိုက်ချပြီးတော့ နှစ်ချောင်းငင်လိုက်ပါတယ်။ (လနှစ်ချောင်းငင် လူမဖြစ်တော့ပဲ ပရေမှုတ် နှစ်ချောင်းငင် ပူဖြစ်သွားပါတယ်)

သူ့ဆရာကိုပြတော့ ဆရာက "ဟဲ့ ငအေး အဲဒါလူ မဟုတ်ဖူးကွ၊ ပရေမှုတ် နှစ်ချောင်းငင် ပူကွ၊ ပူဆိုရင် လူနဲ့ အလွန်ဝေးသွားပြီ၊ ကြည့်စမ်း အကွင်းကလေးက သေးသေးလေး၊ အဲဒါ ပရေမှုတ်ကွ လ မဟုတ်ဘူး၊ ပြန်ပြင်ရေးပါဦး" လို့ ခိုင်းလိုက်တယ်။

ငအေးက ဘယ်ဘက် အကွင်းကလေးကို ဖြုတ်၊ အောက်ကိုဝိုက်ချပြီး နှစ်ချောင်းငင်လိုက်တယ်၊ ငအေးအပြင်မှား သွားတယ်၊ အကွင်းသေးသေးကို ကြီးအောင်လုပ်ရမှာကို မလုပ်ဘဲ ဖြုတ်ပစ်လိုက်တော့ ပ-စောက် နှစ်ချောင်းငင် ပူ ဖြစ်သွားပါတော့တယ်။

ဆရာကိုပြတော့ ဆရာက "ဟဲ့ ငအေး ခုမှပိုဆိုးရော့ဟ၊ စောစောကရေးတဲ့ ပူ-တုန်းက လူနဲ့ နည်းနည်းနီးအောင် လုပ်လို့ရနိုင်သေးတယ်။ ခုတော့ ပူ-ဖြစ်သွားပြီ၊ ပူ-ဆိုတာ လူ-ရဲ့ ဆန့်ကျင်ဖက်ကွ၊ ဒီမှာငအေး လကို ဟောဒီလို အလည်တည့်တည့်က ကွင်းပြီး ဟောဒီလို နှစ်ချောင်းငင်မှ လူဖြစ်မှာပေါ့ကွ" လို့ လူဖြစ်အောင် ရေးနည်းကို သင်ပြပေးပါတယ်။

အဲဒါမျိုးလိုပဲ တရားလုံးစုံ အကုန်သိမြင်တော်မူတဲ့ မြတ်စွာဘုရားကလည်း "မနုဿတ္တ ဒုလ္လဘ" လို့ ဂုဏ်တင်ခံရတဲ့ လူ့ဘဝမှာ လူအစစ်ဖြစ်အောင် နေနည်း၊ လူ့ဘဝအနှစ်ထုတ်နည်း၊ လူလို ချမ်းသာအောင် နေနည်း၊ လူ့ဘဝအလှဆင်နည်း၊ လူ့စွမ်းကောင်းလုပ်နည်းတွေကို တရားလမ်းကြောင်း ခင်းပေးတော်မူခဲ့ပါတယ်။

## ၆။ ရုပ်မနေတဲ့ အရွယ်

- **မရုပ်မနား၊ ယုတ်လျော့ငြား၊ ကုန်သွား လူ့အရွယ်။**
- **စွမ်းရည်မြင့်မား၊ ထူးခြားလေးနက်၊ ကြီးပွားတက်သော်၊ နှစ်သက်ဖွယ်ရာ၊ ဝမ်းမြောက်တာ၊ ခေါ်ပါလူ့အရွယ်။**
- **ငြီးငွေ့စရာ၊ အိုသောခါ၊ ခေါ်တာ လူ့အရွယ်။**


www.burmeseclassic.com

www.burmeseclassic.com


လူတစ်ယောက်ရဲ့ မွေးနေ့အစစ် ဆိုတာ "အူဝဲ အူဝဲ" နဲ့ ကယောင်ကတမ်း အော်ဟစ် ငိုကြွေးရင်း အမိဝမ်းက ကျွတ်ထွက်ဖွားမြင်ခဲ့ရတဲ့ တစ်နေ့တည်းပါ။ မွေးနေ့အစစ်လုပ်ချင်ရင် အဲဒီ ဖွားမြင်တဲ့နေ့မှာပဲ လုပ်ပေးရမှာပါ။ ဒါပေမယ့် အဲဒီမွေးနေ့မှာ အရေအတွက်မျှသာရှိသေးပြီး အရည်အသွေးအားဖြင့် ဘယ်လို လူတန်းစားဆိုတာ သရုပ်မကွဲသေးလို့ မွေးနေ့လုပ်ပေးရင်လည်း အားတက်သရော ရှိလှမယ်မဟုတ်ပါဘူး။

လူ့တစ်ဘဝရဲ့ ဇာတိဆိုတာ ဒုက္ခ အဝယ်ဒိုင်ဖွင့်လှစ်လိုက်တာပါပဲ။ ဇာတိရှိလို့ ဒုက္ခမျိုးစုံ စုပြုံနေကြတာပါ။ ဇာတိအဝယ်ဒိုင်မှာ လာရောင်းသမျှ ဒုက္ခအားလုံး အကုန်ဝယ်ယူပါတယ်။

ဇာတိရယ်လို့ရလာပြီး ဖွားမြင်လာတော့ အရွယ်ဆိုတာ ရပ်နေတာမဟုတ်ပါဘူး။ ကြိုးချည်ထားလို့လည်း မရပါဘူး။ ခေတ်မီ စက်ကိရိယာတွေနဲ့ ထိန်းချုပ်ပြီး ရပ်ထားလို့လည်း မရပါဘူး။ အရွယ်ဆိုတာ မရပ်မနားသွားနေပါတယ်။ ဇရာသဘောကြောင့် ရင့်ကျက်နေတယ်။ အနိစ္စသဘောကြောင့်လည်း အဆက်မပြတ် ပြောင်းလဲနေပါတယ်။

အရွယ်ဟာ ဒီဘက်ကကြည့်ရင် ကြီးလာပေမယ့် ဟိုဘက်ကကြည့်ရင် ငယ်သွားပါတယ်။ အသက်အရွယ် ကြီးလာလေ နောက်ထပ်နေရမယ့်အချိန် နည်းလာလေပါ။ ၁-မိနစ်ကုန်သွားတိုင်း နောက်ထပ်တစ်ဘဝမှာ နေရမယ့်အချိန် ၁-မိနစ် လျော့လျော့သွားပါတယ်။ ၁-နှစ် ကြီးလာတော့ နောက်ထပ်နေရမယ့် အချိန် ၁-နှစ်ကုန်ဆုံးယုတ်လျော့သွားပါတယ်။

အရွယ်ငယ်ငယ်ကလေးကနေ ကြီးလာတော့ စွမ်းရည်မြင့်မားထူးခြားလာတော့ အရွယ်က မိဘစတဲ့ ပုဂ္ဂိုလ်များရဲ့ နှစ်သက်ဝမ်းမြောက်မှုကို ခေါ်တတ်တယ်။ မိဘစသူတို့ကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြတယ်။ "သားလေး သမီးလေးက ကြီးလာပြီကွဲ့၊ စကားပြောတတ်လာပြီကွဲ့၊ ကျောင်းထားရတော့မှာကွဲ့၊ သားလေး ရှင်ပြုရတော့မှာကွဲ့၊ သားတို့ သမီးတို့ ပညာတတ်လာကြပြီကွဲ့၊ အဖေအမေတို့ကတောင် သားတို့ သမီးတို့ကို အားကိုးရတော့မှာကွဲ့" လို့ ဝမ်းသာအားရ အရွယ်ကို ကြိုဆိုကြတယ်။ အသက်အရွယ် ကြီးလာရင်တောင်မှ အကျင့်သိက္ခာကောင်းရင် အများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေကြတုန်းပါ။ ချစ်ခင်မြတ်နိုး အားကိုးလေးစားနေကြတုန်းပါ။

အရွယ်ကဆွေးမြေ့ယိုယွင်း အိုမင်းလာတော့ အများရဲ့ ငြီးငွေ့မှုကို ခေါ်နေတတ်တယ်။ နာရင်လည်း ခေါ်တတ်တာပါပဲ၊ "အဖွား - ငယ်ငယ်ကနဲ့လည်းမတူတော့ပါလား၊ ဟိုနံရံမှာ ချိတ်ဆွဲထားတဲ့ အဖွား ငယ်ငယ်တုန်းက ရိုက်ကူးထားခဲ့တဲ့ ဓာတ်ပုံက သိပ်ကြည့်ကောင်းတာပဲ၊ ခုဆို ဘာမှ ကြည့်မကောင်းတော့ဘူး၊ ဆံပင်တွေကလည်း ဖြူလို့၊ နားကလည်းထိုင်း မျက်စိကလည်းမွဲ၊ အရေတွေက တွန့်လိပ်ကုန်ပြီ၊ မှည့်မည်းတွေက ဟိုတစ်ကွက် ဒီတစ်ကွက်နဲ့၊ သွားကျိုးတော့ ပါးကလည်း ခွက်ခွက်ကြီး၊ ခါးကလည်းကုန်း၊ သူများက တွဲထူပေးမှပဲ ထိုင်နိုင် ထနိုင် သွားနိုင်တော့တယ်၊ အဖွားကို ကြည့်ရတာ ဘာမှမသက်သာတော့ဘူး" လို့ အများကလည်း ငြီးငွေ့စွာနဲ့ ကြိုဆိုကြတယ်၊ ပျိုမျစ်နုနယ် ရှုချင်စဖွယ်ကောင်းတဲ့ အရွယ်ကို ဇရာက မညှာမတာ လောင်မြိုက် ရိုက်ချိုး ဖျက်ဆီး ပစ်တာပါပဲလား-လို့ သံဝေဂဉာဏ် ဖြစ်စရာတွေ ပေါ်လာတတ်တယ်၊ ကုန်ဆုံး ယုတ်လျော့ သွားတဲ့ နေရာမှာ တရားကလွဲလို့ ဘာမှအစားထိုးစရာမရှိပါဘူး။

## ၄။ မောင်ပန်းစိန် မွေးနေ့

မကြာသေးမီကပဲ မောင်ပန်းစိန်ရဲ့ မိဘတွေက သား မောင်ပန်းစိန်ရဲ့ မွေးနေ့အလှူလုပ် တော့ တရားဟောမယ့် ဘုန်းကြီးထံလာပြီး ကြိုတင်လျှောက်ထားကြတယ်၊ "အရှင်ဘုရား သား မောင်ပန်းစိန်ရဲ့ မွေးနေ့မှာ အမှတ်တရ တရားရှည်ရှည် ဟောပေးပါဘုရား။ ဒါမှ လိမ္မာယဉ်ကျေး မယ်၊ တစ်ဘဝလုံး နေတတ် ထိုင်တတ်မယ်၊ လူကြီးမှန်းသိမယ်၊ ဘဝတန်ဖိုး နားလည်သွားမယ် ဘုရား၊" လို့ တရားရှည်ရှည်ဟောပေးဖို့ တောင်းပန်ကြတယ်။

အဲဒါကို မောင်ပန်းစိန် ကြားသွားတော့ တရားရှည်မှာကို ကြောက်လှတဲ့ မောင်ပန်းစိန် က ဘုန်းကြီးထံချဉ်းကပ်ပြီး လာဘ်ငွေ (၁၀၀၀၀) ထိုးလိုက်တယ်၊ "ဘုန်းဘုန်းဘုရား၊ အဖေအမေတို့ ပြောသလို တရားရှည်ရှည် မဟောပါနဲ့ဘုရား၊ တပည့်တော် သူငယ်ချင်းတွေလာရင် ဧည့်ခံရဦးမှာ ဘုရား၊ တရားရှည်ရှည်



www.burmeseclassic.com

www.burmeseclassic.com


ဟောရင်လည်း မနာနိုင်ပါဘူး။ တရားဟာ တိုတိုပဲကောင်းပါတယ်၊ ဟောခငွေ (၁၀၀၀၀) လည်း ဘုန်းဘုန်းယူပါ။ တရားလည်း အတိုဆုံးဟောပါ" လို့ လာဘ်ထိုးပြီး တရားအလျှော့ ခိုင်းပါတယ်၊ ဘုန်းကြီးကလည်း "ကဲ မောင်ပန်းစိန် လာဘ်တော့မထိုးပါနဲ့ ပြန်ယူသွားပါ။ မင်းစိတ်တိုင်းကျ ဖြစ်စေရပါမယ်" လို့ ပြောပြီး သူ့လာဘ်ငွေကို အတင်းပြန်ပေးလိုက်ရတယ်၊ အကောင်းရဲ့ တန်ဖိုးကို သူက မသိရှာတော့ အကောင်းကို အဖိုးအခပေးပြီးတောင်မှ အလျှော့ခိုင်းနေရှာတယ်။

တရားဟောတဲ့ ဘုန်းကြီးကတော့ ကာလဒေသ ပုဂ္ဂလကို ချင့်ချိန်ပြီး နှစ်ဖက်လုံး အဆင်ပြေအောင် မတိုမရှည် လိုရင်း ထိမိရုံကလေးပဲ ဟောပေးလိုက်ပါတယ်။ တိုတာ ရှည်တာလိုရင်းမဟုတ်ပဲ ပစ်လိုက်ရင် မှန်သွားဖို့ပဲ မဟုတ်လား။ မှန်သွားတော့လည်း နှစ်ဖက်စလုံး ပြုံးပြုံး ပြုံးပြုံးနဲ့ပါ။

အသိမစင်ကြယ်သေးတဲ့ ပုထုဇဉ်လူဆိုတာ အကြောင်းအကျိုးနှစ်ခုယှဉ်ပြိုင်လာရင် အကြောင်းတရားကို ဈေးဆစ်မိတတ်တယ်၊ အလျှော့ခိုင်းတတ်တယ်၊ အချိန်ဆွဲ နောက်ချန်နေ ချင်တတ်တယ်၊ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးလို့ ထင်နေမိတတ်တယ်၊ အကောင်းရဲ့တန်ဖိုးကြီးမား ပုံကို နားမလည်တော့ မောင်ပန်းစိန်လိုပဲ တကယ်အားကိုးရမယ့် အကောင်းတရားကို အဖိုးအခ ပေးပြီး အလျှော့ခိုင်း မိတတ်တယ်၊ ကောင်းကျိုး တရားကျတော့ များများလည်းလိုချင်တယ်၊ မြန်မြန်လည်း လိုချင်တယ်၊ များလေကြိုက်လေ မြန်လေ သဘောကျလေပဲ၊ အရှိအတိုင်း ပေးတာကိုတောင်မှ နည်းတယ်ထင်ပြီး အတိုးအမြှင့် ခိုင်းချင်လာတတ်တယ်။

အကြောင်းနဲ့အကျိုး ကွင်းချင်းဆက်မိအောင် နှိုင်းယှဉ်တိုင်းတာနိုင်တဲ့ အသိဉာဏ် အထူးလိုအပ်ပါတယ်၊ တရားများများနာယူပေးမှ တရားစာများများ ဖတ်ရှုလေ့လာပေးမှ အသိဉာဏ် စင်ကြယ်တတ်ပါတယ်၊ လူ့ခန္ဓာမှာ အသိဉာဏ် ထည့်သွင်းပေးစရာက နားနဲ့ မျက်စိနှစ်ပေါက်ပဲ ရှိတာပါ။

အကြောင်းနဲ့အကျိုးကို အဖိုးအခ ပိုက်ဆံနဲ့ ပစ္စည်းလိုပဲ နားလည်သဘောပေါက်သင့်ပါတယ်။ ပစ္စည်းမျိုးစုံရောင်းချတဲ့ ကုန်စုံဆိုင်ထဲသွားပြီး ဈေးဝယ်တဲ့အခါ ကိုယ့်လက်ထဲရှိတဲ့ (၅၀၀) တန် စက္ကူလေး တစ်ရွက်ကိုင်ပြီး သောင်းတန်၊ သိန်းတန် ပစ္စည်းတွေကို ဈေးဆစ်ဝယ်နေရင် အရူးပဲ အပြောခံရမယ်။ ဆိုင်ရှင် ကြိမ်းမောင်းတာလည်း ခံရမယ်၊ ငွေ ၁၀-သိန်းလောက် ပါသွားရင် ဒီဈေးထဲရှိတဲ့ပစ္စည်း ကြိုက်တာရွေး ဝယ်ရုံပဲ မဟုတ်လား။

ကောင်းကျိုးများများလိုချင်ရင် ကောင်းတာများများ လုပ်ပေးရမယ်၊ မြန်မြန်လိုချင်ရင် လျှင်မြန်ဖျတ်လတ် နိုးကြားစွာနဲ့ လက်ဦးအောင် ခပ်သုတ်သုတ် လုပ်ပေးရမှာပါ။ ကောင်းမှုဟာ ကောင်းမှုမှန်း သိတုန်းလေး ကြိုးစားပေးမှ တွင်မှာ ဖြစ်တယ်။

"ကုသလ" ဆိုတဲ့ ပါဠိစကားကို "ကုသိုလ်" လို့ ပါဠိပျက်ခေါ်နေကြတာပါ။ တရားနဲ့ ထိုက်တန်အောင် စိတ်ကောင်းမှသာ ရနိုင်တာဖြစ်လို့ "ကောင်းမှု" လို့လည်း ခေါ်ပါတယ်၊ တိုက်ရိုက် နားလည်အောင် ပြောရရင်တော့ လူ့စွမ်းအား၊ လူ့တန်ခိုး၊ လူ့အရှိန်အဝါလို့ ခေါ်ပါတယ်။

ပုထုဇဉ်ရဲ့စိတ်ဟာ လောဘ-ဒေါသ-မောဟ အောက်မှာ အများဆုံး ပြားပြားဝပ်နေရတာ ဖြစ်လို့ ကိုယ်ပိုင်စွမ်းအား၊ တန်ခိုးအရှိန်အဝါ အလွန်နည်းပါးနေတတ်ပါတယ်၊ ကိုယ့်စိတ်ကို နေရာတကျ မသုံးဖြစ်ဘဲ အလွဲသုံးစားလုပ်မိလို့ ပေါက်ကွဲသွားပြီး မရှုမလှ ဆင်းရဲသွားတတ်ပါတယ်။ သတိဉာဏ်အထိန်းကောင်းမှပဲ စွမ်းအားကို ပိုင်ဆိုင်ခွင့်ရမှာပါ။

## ၈။ အရေးအတွက် အားဖြည့်စွက်

- **လောကတွင်းမှာ၊ အရာရာ၊ ရပ်တာဘာမှ မရှိကြ။**
- **စိတ်မပါလဲ၊ မရပ်ဘဲ၊ အမြဲရေတွက်ရ။**
- **စွမ်းအားမပါ၊ ရေစရာ၊ လွန်စွာကြောက်လန့်ရ။**
- **စွမ်းအားပြည့်ကာ၊ ရေစရာ၊ ကောင်းစွာအားရှိလှ။**
- **စိတ်ကိုသန့်ကာ၊ ကောင်းစွာလုံစေ၊ အားတက်စေ၍၊**
  **အရေအတွက်၊ အားဖြည့်စွက်၊ ဟာကွက်ပြည့်နိုင်ကြ။**



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ဘာတစ်ခုမှ ရပ်မနေကြတော့ အရေအတွက်ဆိုတာ အမြဲရှိနေမှာပဲ၊ စိတ်ပါပါ မပါပါ နေ့တိုင်း အမြဲရေတွက်နေရမှာပါ။ နေလတွေကလည်းမရပ်၊ အချိန်နာရီတွေကလည်းမရပ်၊ ခန္ဓာကလည်း မရပ်၊ ပြုပြင်ကျွေးမွေးနေရတာကလည်း မရပ်၊ မရပ်ပဲ လှုပ်ရှားနေရသလောက် အရေအတွက်ကလည်း တိုးနေမှာပါ။

လူ့ဘဝတစ်သက်တာဟာ ဂဏန်းပေါင်းစက်နဲ့ တွက်ရလောက်အောင် မများပေမယ့် လူရဲ့ အမျိုးစုံလှတဲ့ အရေအတွက်တွေကတော့ ဂဏန်းပေါင်းစက်နဲ့ လိုက်တွက်လို့မမှီနိုင်လောက်အောင် များပြားလှပါတယ်၊ အဲဒီများပြားလှတဲ့ လူ့အရေအတွက်တွေကို တရားစွမ်းအား ပုံစံနဲ့ အကန့်လိုက် သိုမှီးသိမ်းဆည်းပေးနိုင်ဖို့ သတိဉာဏ်ဆိုတဲ့ အချိန်ထိန်း၊ အာရုံထိန်း၊ စိတ်ထိန်းကိရိယာ လိုအပ်ပါတယ်။

လူ့အရေအတွက်ဟာ အရည်အသွေးမပါတဲ့ အရေအတွက်၊ အရည်အသွေးပါတဲ့ အရေအတွက်လို့ (၂)မျိုး ရှိပါတယ်။ သဒ္ဓါ သတိအသိမပါသူတွေရဲ့ ကြိုးစားလှုပ်ရှားမှုအားလုံး အရည်အသွေး မပါတဲ့ အရေအတွက်ချည်းပဲ၊ အရည်အသွေးမပါတဲ့ အရေအတွက်က ကိုယ့်ကို ပြန်ခြိမ်းခြောက်တာဖြစ်လို့ ရှိသလောက်၊ တိုးလာသလောက် ကြောက်ရတယ်၊ စိတ်သန့် စိတ်လုံကို မသုံးနိုင်ရင် အရည်အသွေးမပါတဲ့ အရေအတွက်တွေချည်း ဖြစ်နေတယ်၊ သူ့အတွက် တာဝန်ကျေအောင် အရေအတွက် ဖြည့်ပေးနိုင်ပေမယ့် ကိုယ့်ဖက်ကတော့ တာဝန်မကျေဘဲ အခွံချည်း ရေနေရမှာပါ။

သဒ္ဓါနဲ့သန့် သတိနဲ့ သိုမှီးသိမ်းဆည်းထားတဲ့ စိတ်သန့်စိတ်လုံကို ဝီရိယနဲ့တွဲပြီး သုံးနိုင်ရင်တော့ အရည်အသွေးပါတဲ့ အရေအတွက်တွေချည်း ဖြစ်နေမယ်၊ ဘဝအနှစ်တွေချည်း တိုးနေမှာ ဖြစ်တယ်၊ ကုသိုလ်လုပ်တယ်ဆိုတာ အခွံချည်း ရေတွက်နေမယ့်အစား အရေအတွက်တွေထဲမှာ အရည်အသွေးထည့်သွင်းပေးရတဲ့အလုပ်ပါ။ ကုန်ဆုံး ယုတ်လျော့သွားတဲ့ အရေအတွက်ထဲမှာ ဟာကွက်ပြည့်အောင် အားဖြည့်စွက်ပေးခြင်းလည်း ဖြစ်ပါတယ်။ ကုန်သွားတဲ့နေရာမှာ အားဖြည့် စွက်ပေးနိုင်တာက တရားကလွဲလို့ ဘာမှမရှိပါဘူး။ ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် စိတ်သန့် စိတ်လုံကို သုံးနိုင်မှပဲ ဟာကွက်ပြည့်မှာပါ၊ တရားစုဆောင်းရေးအပိုင်းမှာ စိတ်ခွန်အားသာ ပဓာနပါ၊ အရည်အသွေးပါတဲ့ အရေအတွက်ကတော့ ရှိသလောက် ကိုယ့်ကို အာမခံ တာဝန်ယူသွားကြ စမြဲပါ။

## ၉။ ဖိုးစံနှင့် ဖွားစံ

ဖိုးစံနှင့် ဖွားစံဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်။ နှစ်ယောက်လုံးရဲ့ နာမည်မှာ "စံ" ပါတာကြောင့် ဖိုးစံ ဖွားစံလို့ခေါ်တာပါ။ နာမည်အပြည့်အစုံကတော့ "ဦးစံဖြိုး" နဲ့ "ဒေါ်စံနှောင်း" ပါ၊ ငယ်ငယ်ကစ အများက "မောင်စံ" "မစံ" လို့ခေါ်ခဲ့ကြတယ်၊ ငယ်ငယ်ကစ အသက် (၆၀) ထိ ဝန်ထမ်းအလုပ်လုပ်ခဲ့ကြတယ်၊ တရားကို လုံးဝ စိတ်မဝင်စားကြဘူး၊ အများက "ဟဲ့ မောင်စံတို့ မစံတို့၊ ကိုစံတို့ မစံတို့၊ ဦးစံတို့ ဒေါ်စံတို့ တရားမနာကြသေးဘူးလား၊ ကုသိုလ် မလုပ်ကြသေး ဘူးလား" လို့မေးတော့ "အသက် ၆၀-ပြည့်လို့ အငြိမ်းစားယူခါ လုပ်မှာပါ" လို့ ဖြေကြတယ်၊ အချိန်တိုင်း အခွံတွေချည်း ရေတွက်နေရတယ်။ ၆၀-ပြည့်လို့ အငြိမ်းစားယူကြတော့လည်း ဘာကုသိုလ်မှ မလုပ်ဖြစ်ကြပါဘူး၊ ဘယ်တရားကိုမှ စိတ်မဝင်စားကြလို့ အသက်ကြီးလို့ အပူတိုးတာ က လွဲပြီး ဘာအရည်အသွေးမှ ပေါ်မလာတော့ပါ။

အသက် (၇၀) လောက်ရောက်တော့ နှစ်ယောက်လုံး သတိလွတ်ပြီး သူငယ်ပြန်လာကြပြီ၊ မြေးတွေရဲ့အိမ်မှာ နှစ်ယောက်အတူနေကြတော့ ဖိုးစံက ရန်စလိုက် ဖွားစံက ရန်စလိုက်နဲ့ ပူပူလောင်လောင်နဲ့ အချိန်ကုန်နေကြတယ်။ တရားဘဝနာ ပွားများရမယ့်အရွယ်မှာ ဘဝနာ ကုန်ကြပါတယ်။

တစ်ချိန်မှာ ဖွားစံက ဖိုးစံကို **"နင်ဘာမှ မသိတတ်ဘူး"** လို့ပြောလိုက်မိတော့ ဖိုးစံ စိတ်ဆိုးပြီး **"ဟဲ့ ဖွားစံ ဒီမှာ တောင်ဝှေးကိုမြင်ရဲ့လား၊ တောင်ဝှေးနဲ့ ချလိုက်ရမလား"** လို့ တောင်ဝှေးကိုင် ရိုက်ဖို့ ရွယ်လိုက်တယ်၊ ဖွားစံက **"ဟဲ့ ဖိုးစံ နင့်မှာသာ တောင်ဝှေးရှိတာမဟုတ်ဘူး၊ ငါ့မှာလည်း တောင်ဝှေးနဲ့ဟဲ့၊ ငါ့ကို ဘာမှတ်တုံးလို့"** တောင်ဝှေးနဲ့ရိုက်ဖို့ ပြန်ရွယ်လိုက်တော့ ဖိုးစံက အိမ်အပေါ်ထပ်လှေကားက အောက်ကို ဆင်းပြေးတယ်၊ လှေကားပေါ်က ဒလိမ့်ခေါက်ကွေး လိမ့်ကျတော့ ခြေလက်တွေကျိုးပဲ့၊ ခေါင်းကွဲ ဒဏ်ရာတွေ ပြင်းပြင်းထန်ထန် ရသွားရှာတယ်၊ မြေးတွေပြေးလာပြီး "အဖိုးတို့ အဖွားတို့ ဘာလို့ ဒီအရွယ်ရောက်မှ ဒီလောက် ဒေါသကြီးနေရတာလဲ" လို့ပြောတော့ ဖိုးစံနဲ့ ဖွားစံတို့က



www.burmeseclassic.com

www.burmeseclassic.com



"သူကစတာ" "သူကစတာ" နဲ့ ဒေါသနဲ့ တလှည့်စီ ဖြေနေကြတယ်၊ ၇၀-ကျော် ဖိုးစံဟာ ဒီဒဏ်ရာတွေနဲ့ပဲ မကြာခင် ကွယ်လွန်ခဲ့ရရှာတယ်၊ ဖွားစံက တော့ ၉၀-ကျော်ထိ ဆက်အသက်ရှည်နေတယ်၊ ဒါပေမယ့် အရေအတွက်ပဲ ရှိပါတယ်၊ ဘာအရည်အသွေးမှ မရှိပါဘူး၊ သတိလွတ်လို့ အသိသေနေရင် အရှုံးပါပဲ။

အသက်ရှည်တဲ့ အဖွားဆိုပြီး တချို့က လက်ဆောင်လာပေးကြတယ်၊ တချို့က လက်ဆောင်ပေးရုံမကဘူး မေးသေးတယ် "အဖွားဘာလိုသေးလဲ" ဆိုတော့ "နားဆွဲကလေး ဆွဲကြိုးကလေး မိတ်ကပ်ပေါင်ဒါဘူးလေး ဝယ်ပေးကြပါကွယ်" လို့ ဆိုပြီး ဟက်ဟက်ပက်ပက် ရယ်တယ်၊ ရယ်ရာက ချုံးချငိုတယ်၊ ဝိုင်းကြည့် နေရသူတွေက အဖွားကြီး သူငယ်ပြန်နေမှန်း သိသွားကြပြီ၊ သူငယ်ပြန်ဆိုတာ စကားယဉ်အောင်သုံးတာ၊ တိုက်ရိုက်ကတော့ "အဖွားကြီး ရူးနေပြီ" လို့ ပြောလိုတာ၊ ရုပ်အိုရင် တုတ်တောင်ဝှေး ကိုင်ရသလို စိတ်အိုလာတော့လည်း သတိတောင်ဝှေး မြဲမြဲကိုင်ထားမှ မယိမ်းမယိုင် စိတ်ကြံ့ခိုင်ပြီး ခုရော နောင်ပါ စိတ်အေးရမှာပါ။

## ၁၀။ ရုပ်အိုပေမယ့် စိတ်မအိုစေနဲ့

တစ်ခါတုန်းက ဒေါ်မြဆိုတဲ့ ဒကာမကြီး တစ်ယောက်ရဲ့ အသက် ၉၀-ပြည့် မွေးနေ့အလှူလုပ်တယ်၊ အသက်ကြီးပေမယ့် သတိကောင်းနေသေးလို့ အလှူကို စိတ်အားထက်သန်စွာနဲ့ လုပ်နေတာကို အားရဖွယ် တွေ့ရပါတယ်။

သူ့ကို "ဒကာမကြီး - ဒီအရွယ် ရောက်လာတော့ ဒကာမကြီးရဲ့ခန္ဓာမှာ ကောင်းတာဆိုလို့ ဘာတွေများ ကျန်သေးသလဲ" လို့ မေးကြည့်တော့ "တပည့်တော်မ ခန္ဓာမှာ ယခုကောင်းတာ ဘာတစ်ခုမှ မကျန်မရှိတော့ပါဘူး ဘုရား၊ နားလည်းမကောင်း၊ မျက်စိလည်းမကောင်း၊ စားရသောက်ရ၊ သွားရလာရ၊ ထိုင်ရထရတာ ဘာတစ်ခုမှ မကောင်းတော့ဘူး ဘုရား၊ အိုရတာ ဆင်းရဲလှချည်လား ဘုရား" လို့ ညည်းတွားပြီး ဖြေရှာတယ်၊ "ဒကာမကြီး ကောင်းတာတစ်ခုတော့ ချန်ထားပါဦး" "အရှင်ဘုရား ဘာမှကို မကောင်းတော့တာဘုရား" "စိတ်ကောင်း တစ်ခုတော့ ချန်ထားပါဦးလေ၊ စိတ်ကောင်းမှ တရားအဖော်နဲ့ ပျော်ပျော်ကြီး အတူနေရမှာပေါ့၊ ဒေါ်မြဆိုတာ အေးမြတဲ့သဘော၊ အဖိုးတန်တဲ့သဘောကို ဆောင်တာဖြစ်လို့ နာမည်နဲ့လိုက်လျောအောင် သဒ္ဓါနဲ့ စိတ်ကောင်းအောင် သန့်ရှင်း၊ သတိနဲ့ ထိန်း၊ ဝီရိယနဲ့ ထောက်ကန် ကြိုးစားပါ။ တရားဆိုတာ စိတ်ခွန်အား အဓိကပါ" လို့ အားပေးစကား ပြောပေးတော့ စိတ်အားတက်ကြွလာတာတွေ့ရတယ်၊ တရားထက်သာတဲ့ စိတ်ခွန်အားဆိုတာမရှိပဲကိုး၊ "တပည့်တော်မရဲ့ ရုပ်ခန္ဓာကြီး အိုချင်သလို အိုပစေတော့ဘုရာ့၊ အိုရုံမက ပြိုလဲချင်လဲပစေတော့ဘုရာ့၊ စိတ်တော့ အလဲမခံဘူးဘုရား၊ သတိနဲ့ထိန်း ဝီရိယနဲ့ ထောက်ကန် ထားတော့မယ် ဘုရာ့၊ သူငယ်မပြန်ရအောင် အမြဲ ရှုမှတ်နေမယ်ဘုရာ့" "ကောင်းတယ် ကောင်းတယ်၊ အဲဒါမျိုးကို **"လူ၏စွမ်းအားမြတ်တရား"** လို့ ခေါ်ပါတယ် "။

## ၁၁။ လူ့ဘဝဂုဏ်ရည်

ယောက်ျားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ဘယ်သူမဆို လူ့ဘဝဂုဏ်ရည် ၆-ချက်နဲ့ ပြည့်စုံမှပဲ ဒေါင်ဒေါင်မြည် အဖိုးတန်လူသားတစ်ယောက် ဖြစ်လာနိုင်မှာပါ။

(၁) တရားရတနာကြောနှင့် တွေ့ရမှ လူ့ရဲ့လုပ်ပိုင်ခွင့်ကို စိတ်ကြိုက်သုံးခွင့်ရပြီး လူ့ရဲ့ ခံစားခွင့်ကိုလည်း အဆင့်မြင့်မြင့် ရယူပိုင်ဆိုင်ခွင့်ရှိတာဖြစ်လို့ ဘုရားသာသနာနဲ့တွေ့ရတာဟာ တကယ် စိတ်အေးစရာ ကောင်းလှတဲ့ လူ့ဘဝဂုဏ်ရည်ပါ၊ သာသနာရှိတဲ့ခေတ်အခါမှာ လူဖြစ်ရတာဟာ သက်တမ်း ဘယ်လောက်တိုတယ်ပဲပြောပြော လူ့စွမ်းရည်ကို အကုန်ညှစ်ထုတ်ပြီး သုံးနိုင်တာဖြစ်လို့ အားရှိစရာ အကောင်းဆုံး ဖြစ်ပါတယ်။

(၂) ပုထုဇဉ်ဆိုတာ အဝိဇ္ဇာ၊ တဏှာကြိုး နှစ်ချောင်းနဲ့ လာခဲ့တာလည်းဖြစ်၊ ဆင်းရဲမျိုးစုံနဲ့ လုံးထွေး ခဲ့ရတာလည်းဖြစ်လို့ တရားနဲ့ဆက်သွယ်ရေး ပြတ်သွားတတ်ပါတယ်။ ကိုယ့်ဟာကိုယ် အပေါ်ကိုလည်း မတက်နိုင်၊ ရှေ့ကိုလည်း မသွားတတ်ပါဘူး၊ ဒါကြောင့် ကြောင်းကျိုးပြပြီး တရားနဲ့ ဆက်သွယ်ပေးတတ်တဲ့ မိဘ ဆရာသမားကောင်း စတဲ့ ဆက်သွယ်ရေး တာဝန်ခံတွေနဲ့ တွေ့ကြုံခွင့်ရဖို့ အရေးကြီးပါတယ်၊ ပုထုဇဉ်ဟာ ကိုယ့်ဟာကိုယ် မနိုင်သေးသမျှ ကိုယ့်အပေါ် ဩဇာငြောင်းတဲ့ အထိန်း-တွန်းအား-လမ်းညွှန်အမြဲ ရှိနေရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com


အမှိုကောင်းရရင် လမ်းဖြောင့်သွားတတ်တာမို့ အမှိုကောင်းကို ရရှိခြင်းဟာလည်း တကယ်အားရှိစရာကောင်းတဲ့ လူ့ဘဝဂုဏ်ရည်ပါ။

(၃) တရားရှိတဲ့နေရာမှာ ဘယ်ကုသိုလ်မဆို အချိန်မရွေး လုပ်ခွင့်ရှိတဲ့နေရာမှာ နေရတာလည်း ဂုဏ်ယူဖို့ကောင်းတဲ့ လူ့ဘဝဂုဏ်ရည်ပါ၊ ကမ္ဘာ့အလယ်မှာ မြန်မာပြည်နေဖို့ ပျော်ဖို့ကောင်းတယ်ဆိုတာ အဲဒီ တတိယလူ့ဘဝ ဂုဏ်ရည်ကြောင့်ပါ။ ဘဝအသုံးချပညာ ဘဝနေနည်း ပညာများကို သင်ယူနာကြား လေ့လာခွင့်ရတယ်၊ လူ့အသိကို တစ်ဘဝနဲ့ ဘောင်ခတ်မထားဘဲ သံသရာ နောင်ရေး ဘဝလွတ်မြောက်ရေး အတွက်ပါ တွက်ချက်မျှော်ခေါ်တတ်အောင် မြှင့်တင်ပေးတတ်တယ်။

(၄) မျက်စိနားစတဲ့ အင်္ဂါကြီးငယ်ပြည့်စုံတဲ့ ကျန်းမာသန်စွမ်းတဲ့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုနဲ့ လည်း ပြည့်စုံရမယ်၊ ပုထုဇဉ်ဟာ သုတ-မပါဘဲ အသိထူးကို မရနိုင်တာဖြစ်လို့ အထူးအားဖြင့် သုတ ဆက်သွယ်ရေး တပ်ဆင်နိုင်အောင် မျက်စိနားကောင်းမွန်ဖို့ လိုအပ်ပါတယ်။

(၅) တရားကိုအပြည့် လက်ခံနိုင်လောက်အောင် လိမ္မာ သွက်လက် ထက်မြက် ထူးချွန်တဲ့ စိတ်ပိုင်းဆိုင်ရာ ခန္ဓာ တည်ဆောက်မှု ပြည့်စုံဖို့လည်း အထူးလိုအပ်ပါတယ်။ သဒ္ဓါ သတိ ဝီရိယ ပညာ စတဲ့ စွမ်းအားများနဲ့ ပြည့်စုံမှလည်း စိတ်စွမ်းအားကို မြှင့်တင်အသုံးချခွင့်ရနိုင်မှာပါ။ စိတ်ပိုင်း ဆိုင်ရာစွမ်းအားနဲ့ ထိန်းမပေးနိုင်ရင် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုနဲ့ ရုပ်ဝတ္ထုပြည့်စုံမှု အားလုံးဟာ ပျော်ရွှင်ချမ်းသာအောင် အာမခံ နိုင်စွမ်းမရှိတော့ဘဲ အချိန်မရွေး မီးထတောက် ပေါက်ကွဲ ပြာကျသွားနိုင်ပါတယ်။

(၆) လူဆိုတာ ကုသိုလ်ကံ အရင်းခံစွမ်းအားနဲ့ လာခဲ့ရတာဖြစ်လို့ ကုသိုလ်နဲ့အဆက်ပြတ် ခံလို့မရပါ။ ကုသိုလ်ဆိုတာ ကိုယ့်စိတ်ကိုနိုင်မှရနိုင်တဲ့ လူ့တန်ခိုးအစစ်ပါ၊ လူဖြစ်လျက်နဲ့ ကုသိုလ် စိတ်မဝင်စားရင် လူ့နေရာ လူ့လမ်းကြောင်းပေါ်က ပြန်ဆင်းပေးရမှာ ဧကန်ပါ။

အပူထုပ်ကြီးများဖြစ်တဲ့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စ အားလုံးဟာ ကုသိုလ်တန်ခိုးနဲ့ ထိန်းပေးနိုင်မှ ငြိမ်းအေးမှာပါ။ ကံထောက်ပေးမှလည်း ကြံ့ခိုင်မှာပါ။ အာရုံဖိစီးမှုဒုက္ခ သက်သာပြီး ခုရောနောင်ပါ စိတ်အေးရမှာဖြစ်ပါတယ်၊ ဒါဟာ လူ့ဘဝဂုဏ်ရည် ၆-ချက်ပါ။

လူ့ရဲ့တကယ့်စွမ်းအားအစစ်ဆိုတာ တရားပါ၊ အရေးကြုံလာရင် ကိုယ့်ဘက်က မယိမ်းမယိုင် ရပ်တည်မှာကလည်း တရား တစ်ခုတည်းပါ။ လူကိုနိုင်တာက လောက၊ လောကကို နိုင်တာက တရား၊ တရားကိုနိုင်တာက သတိပညာပါ၊ ဒါ့ကြောင့် တရားကိုနိုင်တဲ့ သတိပညာကို အမြဲကိုင်ထားနိုင်ရင် လောကကိုလည်း နိုင်ပြီဖြစ်လို့ လောကထဲမှာ နေရာတကာ အဝင်ဆံ့သွားပါတယ်၊ လောကနဲ့ ပြေလည်အောင် ညှိနှိုင်းပြီး ငြိမ်းချမ်းစွာ နေတတ်ပါတယ်။

ခွေးဆိုး မြွေဆိုးစတဲ့ အန္တရာယ်ပြုတတ်တဲ့ သတ္တဝါကောင်တွေကို ခြောက်တာတောင်မှ တုတ်တို့ ခဲတို့ ကိုင်ခြောက်ရသေးတယ်ဆိုရင် လောကအန္တရာယ် အပူမျိုးစုံကို ခြောက်ချင်ရင်လည်း တရားခဲ တုတ် လက်နက်ကို သတိပညာနဲ့ လက်ဦးအောင်ကိုင်ထားမှ စိတ်ချရမှာပါ။

## ၁၂။ ဒေါ်သာလှ

ဒေါ်သာလှဆိုတဲ့ အဖွားတစ်ဦး ရှိပါတယ်၊ နာမည်ရင်းကတော့ ဒေါ်စာဖြူ ပါ၊ သာလွန်တဲ့ လူဖြစ်အောင် စိတ်ဓာတ်မြှင့်တင်ကြိုးစားတတ်လို့ ဒေါ်သာလှလို့ပဲ တွင်နေပါတယ်။

တရားဖြည့်ပေးမှ လူ့စွမ်းအား ဖွံ့ဖြိုးနိုင်တယ်၊ တရားဝေးရင် လူ့စွမ်းအား ကြုံလှီသေးငယ် ပိန်ကျသွားတတ်တယ်၊ တရားလွတ်ရင် ပုထုဇဉ်ရဲ့စိတ်ဟာ ကိလေသာပြန်ပေးဆွဲတာကို ခဏခဏ ခံနေရတယ်၊ ကုသိုလ်နဲ့မရွေးသမျှ အကုသိုလ်မျိုးစုံနဲ့ နှိပ်စက်သမျှ ခံနေရတယ်။ သတိ၊ ဝီရိယ၊ ပညာနဲ့ ကိလေသာ လက်ထဲရောက်နေတဲ့စိတ်ကို မြန်မြန်ရွေးယူပြီး မြန်မြန်အဖိုးတန်အောင် သုံးပေးရမယ်။ ပုထုဇဉ်ဖြစ်လို့ စိတ်တိုင်းမကျရင် စိတ်ဆင်းရဲတတ်ပေမယ့် သတိဉာဏ်လက်ဦးရင် စွမ်းအား မြင့်သွားနိုင်တယ်၊ စိတ်ထားမှန်အောင် လေ့ကျင့်ပေးဖို့လိုတယ်။

ဒေါ်သာလှက တရားနာကြား လေ့လာဖူးတဲ့အချိန်ကစ လူ့ဒုက္ခတွေကို စိန်ခေါ်တတ်လာတယ်၊ ဒုက္ခတွေ့ရင် ကောင်းမှုကို ပိုကြိုးစားတယ်၊ အလွန်ပူအိုက်လှတဲ့ နွေရာသီရောက်လာရင် "လူ့ပြည်မှာ


www.burmeseclassic.com

www.burmeseclassic.com



နေတစ်စင်းထွက်ရုံနဲ့ပဲ ဒီလောက်ပူနေရင် ငရဲမှာတော့ ဒီထက် အဆပေါင်း သိန်းသန်း ကုဋေမက ပူမှာပဲ၊ ငရဲပူထဲမှာ လုပ်ပိုင်ခွင့်လည်း လုံးဝမရှိ၊ ခံစားခွင့်လည်း ဗလာနတ္ထိ၊ လူ့ပြည်မှာ ပူအိုက်ပေမယ့် လုပ်ပိုင်ခွင့်နဲ့ ခံစားခွင့်မရှုံး၊ ငါ ငရဲမရောက်ဖို့ အရေးကြီးတယ်၊ ဒုက္ခ မြန်မြန်လွတ်ဖို့ အရေးကြီးတယ်" လို့ စိတ်ကိုမြှင့်ပြီး ဒါနကို ပိုလုပ်တယ်၊ သီလကို တိုးမြှင့်ပေးတယ်၊ ဘုရားအတွက် ရေခဏခဏလှူတယ်၊ ခါတိုင်းထက် ဘုရားပိုရှိခိုးတယ်၊ မေတ္တာပိုပွားတယ်၊ အပူဒဏ်ကြောင့် ဖောက်ပြန်တဲ့ ရုပ်သဘောကို ဉာဏ်နဲ့ရှုတယ်၊ ဝိပဿနာပိုပွားတယ်။

အေးတဲ့အခါ, နာတဲ့အခါ, ဆာတဲ့အခါမှာလည်း အဲဒီလိုပဲ ပိုကြိုးစားတတ်ပါတယ်။ နေမကောင်းတဲ့အခါ "ကျွန်မတစ်ကိုယ်လုံး ကုသိုလ်ထုပ်ကြီး ဖြစ်နေတယ်" လို့တောင် ကြုံးဝါး ကျူးရင့်တတ်ပါသေးတယ်၊ ဒုက္ခတွန်းတော့ အလဲမခံ၊ စိတ်မနိုင်တိုင်း အစုန်မှာ မျှောမချ၊ သတိ ဝီရိယ ဉာဏ်နဲ့ အဆန်လမ်းမှာ အစွမ်းပြ တက်ရောက်နိုင်တယ်ဆိုတာ **"လူ၏ စွမ်းအားမြတ် တရား"** ရဲ့ အစွမ်းပါ။

## ၁၃။ မလေးလုံ

ဘုရားလက်ထက်က ကပိလဝတ်မြို့မှာ သဒ္ဓါတရားအလွန်ကောင်းလို့ သရဏဂုံသီလ လုံခြုံပြီး ကောင်းမှုမွေ့လျော်လှတဲ့ မလေးလုံဆိုတဲ့ သာကီဝင်မင်းသမီးတစ်ဦး ရှိခဲ့တယ်။ ပါဠိလိုတော့ ဂေါပိကာတဲ့၊ သတိဉာဏ် ကံထိန်းခလုတ်တပ်ထားတယ်၊ နိဗ္ဗာန်ကို ပန်းတိုင်ထားပြီး ယောက်ျားဆုကိုလည်း တောင်းတယ်၊ ကောင်းမှုကို စနစ်တကျလုပ်တယ်။

ရဟန်းတော် သုံးပါးကို အိမ်မှာပင့်ပြီး နေ့စဉ်ဆွမ်းလောင်းလှူပါတယ်၊ ရဟန်းသုံးပါးဟာ သီလ ပြည့်စုံရုံသာမက ချွန်ရအောင်လည်း အားထုတ်ထားတယ်၊ သက်တမ်းစေ့လို့ ကွယ်လွန်တော့ သတိဉာဏ် ကံထိန်းခလုတ်ကောင်းတဲ့ မလေးလုံက တာဝတိံသာနတ်ပြည်မှာ သိကြားမင်းရဲ့သား ဉာဏ်ကြီးလို့ ရုပ်ချောတဲ့ ကိုဖိုးလုံ (ဂေါပက) နတ်သား သွားဖြစ်တယ်၊ မိန်းမက အဆင့်မြင့်ယောက်ျား ဖြစ်သွားပါတယ်။

ရဟန်းတော်သုံးပါးကတော့ ကံထိန်းခလုတ် သတိဉာဏ်လွတ်သွားလို့ ကွယ်လွန်တော့ ဘဝများစွာ အဖြစ်များခဲ့တဲ့ စတုမဟာရာဇ် နတ်ပြည်မှာ စိတ်ညွတ်သွားကြတယ်၊ ဘဝနိကန္တိကြောင့် ချွန်လျှော့ပြီး အညံ့စား သဘင်သည် နတ်သားတွေ ဖြစ်သွားကြတယ်။

ဆွမ်းအမက အထက်တန်းစား နတ်ဖြစ်၊ ဆွမ်းခံ ရဟန်းသုံးပါးက အောက်တန်းစားနတ်တွေ ဖြစ်သွားကြတော့ ဆွမ်းအမနဲ့ ရဟန်းသုံးပါး အထက်အောက် ပြောင်းပြန်ဖြစ်သွားပါတယ်။ ပုထုဇဉ်စိတ်ဟာ တစ်ခါတစ်ရံ မယုံနိုင်လောက်အောင် အံ့ဩစရာကောင်းလောက်အောင် ပြောင်းပြန်ကြီး ဖြစ်တတ်စမြဲပါ။

စိတ်နောက်ကို လူကလိုက်နေရ သူနဲ့ လူ့နောက်ကို စိတ်ကိုပါအောင် ဆွဲနေသူတို့ရဲ့ စွမ်းအားဟာ ဘယ်နည်းနဲ့မှ မတူနိုင်ပါဘူး။

တစ်ချိန်မှာ ရဟန်း သုံးပါးဘဝမှ ရောက်သွားကြတဲ့ နတ်သားသုံးဦးတို့ ကပြဖျော်ဖြေနေချိန်မှာ ကိုဖိုးလုံနတ်သား ပွဲကြည့်ရောက်သွားတယ်၊ ကပြနေတဲ့ နတ်သားသုံးဦးဟာ မိမိ ဆွမ်းလောင်းလှူခဲ့တဲ့ ရဟန်းဘဝမှ ရောက်လာမှန်း သိသွားတော့ ချက်ချင်းအကရပ်ခိုင်း၊ လေးလေးနက်နက် သတိပေးပြီး တရားအမြန် အားထုတ်ခိုင်းလိုက်တယ်၊ နတ်သားနှစ်ဦးက ချွန်ပြန်ရလို့ ဝိပဿနာ ဆက်အားထုတ်လိုက်တော့ အနာဂါမ် ဖြစ်ပြီး ဗြဟ္မာ့ပြည်တက်သွားတယ်၊ ကျန်တစ်ဦးကတော့ ဘဝနိကန္တိ ကြီးလွန်းလို့ ကျန်ရစ်ခဲ့ပါတယ်။ ကိုဖိုးလုံဟာ ကိုယ့်ဟာကိုယ်လည်း တိုးတက်မြင့်မားအောင် ထိန်းပြီး ကြိုးစားနိုင်တယ်၊ သူများတွေ ကျဆင်းသွားတာကိုလည်း သတိပေးပြီး တိုးတက်အောင် ကူညီပေးနိုင်တယ်၊ ဒီအစွမ်းတွေဟာ မလေးလုံဘဝက တိကျခိုင်မာ သေချာစွာ ကြိုးစားခဲ့တဲ့ **"လူ၏ စွမ်းအား မြတ်တရား"** ရဲ့ ထူးခြားတဲ့ အစွမ်းပါပဲ။

## ၁၄။ ဂေါပါလ သူဌေးသမီး

ဘုရားလက်ထက်က တေလပနာဋိ နိဂုံးရွာကြီးမှာ ရုပ်ချောဆံပင်ကောင်းပြီး ပစ္စည်းကြွယ်ဝတဲ့ ဂေါပါလ သူဌေးသမီး ရှိခဲ့တယ်၊ ငယ်ငယ်ကစ တရားနဲ့ ဆက်သွယ်ရေး ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


အရွယ်ရောက်လို့ မိဘနှစ်ပါး ကွယ်လွန်တဲ့အခါ ပစ္စည်းအားလုံး ဆုံးရှုံးပြီး ဆင်းရဲမွဲတေသွားခဲ့တယ်။ အိမ်ဖော်အမျိုးသမီးကို အဖော်လုပ်ပြီး ဆင်းရဲပင်ပန်းစွာ နေရရှာတယ်၊ သူဌေးသမီး ဆိုတဲ့ နာမည်ပဲ ကျန်တော့တယ်၊ ပစ္စည်းတော့ လုံးဝ မရှိတော့ဘူး၊ လူ့အရှိတွေဟာ ကိုယ်ရှိချင်သလောက် ရှိနေကြတာမဟုတ်ဘဲ သူတို့ရှိနိုင်သလောက်ရှိပြီး အချိန်စေ့ရင် ပျောက်ကွယ်သွားကြတာပါ။ အရှိနောက်က အသိမှီအောင်လိုက်နိုင်မှ ချမ်းသာရနိုင်သလို မရှိနောက်က အသိ မျက်ခြည်မပြတ် လိုက်နိုင်မှလည်း ငြိမ်းချမ်းရပါတယ်၊ လောက အမွဲတွေထဲမှာ သဒ္ဓါတရားမွဲတာဟာ အဆင်းရဲဆုံး အောက်တန်းအကျဆုံးပါ။ သဒ္ဓါတရားကွယ်ဝရင် လုပ်သင့်တာကို ကေန်လုပ်မှာဖြစ်လို့ ရှိသင့်တာတွေ ကေန်ရှိလာမှာပါ။

ကိုယ့်မှာ တကယ်ရှိရမှာက သဒ္ဓါ တရားစစ်စစ်ပါ၊ လူတွေဟာ ပစ္စည်းဝယ်ယူကြတဲ့အခါ ပစ္စည်းအတုကို မလိုကြပေမယ့် ကိုယ့်ကိုတာဝန်ယူမယ့် တရားကိုယူကြတဲ့အခါ သဒ္ဓါတရားအတုကို သုံးမိတတ်ကြပါတယ်၊ သဒ္ဓါတရားပိုစစ်မှ ကုသိုလ်စစ်မှာပါ၊ ကုသိုလ်စစ်မှလည်း ကောင်းကျိုးရဖို့ သေချာမှာ။

ဂေါပါလသူဌေးသမီးဟာ သဒ္ဓါတရားစစ်စစ်ရှိသူဖြစ်လို့ ပစ္စည်းမွဲသွားပေမယ့် စိတ်မဆင်းရဲပါဘူး၊ တရားအစွမ်းကြောင့် စိတ်နှလုံးကြံ့ခိုင်ပါတယ်၊ သူဆင်းရဲမှန်းသိတော့ ပစ္စည်းရှိတဲ့ သူဌေးသမီးတစ်ဦးက သူ့ဆံပင်ကို တစ်ထောင်ပေးဝယ်ခဲ့ပေမယ့် မိန်းမတို့ရဲ့ ဘုန်းကျက်သရေ အရှုံးမခံချင်လို့ မရောင်းခဲ့ပါဘူး။

အရှင်မဟာကစ္စည်း အမှူးရှိတဲ့ ရဟန္တာ (၈)ပါး အိမ်ရှေ့ကြွလာခိုက် ပင့်လျှောက်လို့ အိမ်ပေါ် ကြွလာကြတယ်၊ မိမိမြတ်နိုးလှတဲ့ ဆံပင်ကို (၈)ကျပ်နဲ့ ရောင်းပြီး (၈)ကျပ်တန် ဆွမ်း အမြန်စီမံ, ရဟန္တာ (၈)ပါးအား သံဃာ့ဂုဏ် အာရုံပြုလှူလိုက်ပါတယ်။

ဆံပင်ရောင်းရုံကလွဲလို့ ဆွမ်းလောင်းလှူနိုင်ဖို့ အခြားနည်းလမ်း မရှိတော့တဲ့အတွက် တစ်ထောင်ပေး လာဝယ်ဖူးတဲ့ ဆံပင်ကို (၈)ကျပ်နဲ့ ရောင်းပြီး အလှူလုပ်လိုက်ရတာပါ။ လောက အလှထက် ဓမ္မကျက်သရေကို တန်ဖိုးထားလို့ပါ။

စေတနာပြတ်သားလွန်းလို့ ဖြတ်ထားတဲ့ ဆံပင်ချက်ချင်းပြန်ပေါက်ပြီး ပင်ကိုယ်အတိုင်း ပြန်ဖြစ်သွားရုံမက စည်းစိမ်ဥစ္စာ တစ်ဟုန်ထိုး တိုးတက်ပြည့်စုံသွားခဲ့ပါတယ်။ သာသနာပြု "ကဉ္စနဝန" ကျောင်းအမကြီးလည်း ဖြစ်သွားခဲ့ပါတယ်။

နိမ့်လိုက်မြင့်လိုက် မျက်လှည့်ပြနေတဲ့ လောကထဲမှာ တရားနဲ့ညှိနှိုင်းပြီး သက်သာငြိမ်းချမ်းအောင် နေတတ်တယ်ဆိုတာ **"လူ၏စွမ်းအားမြတ်တရား"** အစွမ်းကြောင့်ပါ။

## ၁၅။ တလထော်

လူကစိတ်နောက်ကို လိုက်နေရရင် အစုန်စိတ်ပါ။ လူ့စွမ်းအားကို လက်လွှတ်အရှုံးပေးရသူပါပဲ၊ လူနောက်ကို စိတ်ကိုပါအောင် ဆွဲနိုင်ရင် အဆန်စိတ်ပါ၊ လူ့စွမ်းအား တကယ်ရအောင် ယူနေသူပါပဲ၊ ကောင်းမှုတရားဆိုတာ အဆန်စိတ်နဲ့ လုပ်မှရနိုင်တယ်။

မြန်မာရာဇဝင်မှာ ဟံသာဝတီ ပဲခူးခေတ်က "တလထော်" ဆိုတဲ့ မွန်အမျိုးသမီးလေး ရှိခဲ့ဘူးတယ်။ ငယ်ရွယ်စဉ် သိတတ်တဲ့ အရွယ်ကစပြီး ရတနာသုံးပါး ကြည်ညို မြတ်နိုးဆည်းကပ် တတ်တယ်။ နှလုံးသား ဘုရားတည်တတ်တယ်။ မေတ္တာလည်း ကောင်းကောင်းပို့တတ်တယ်၊ အခက်အခဲကြုံလာခါမှ ဟိုပြေးဒီကပ် ကယောင်ကတမ်း ထလုပ်တာမျိုးမဟုတ်ဘဲ နေ့စဉ်ဘုရား တရားလက်ဦးအောင် ပုံမှန် လေ့ကျင့်နေခဲ့တာပါ။ တရားကို ကိုယ်က လက်ဦးအောင် ကိုင်ထားမှ အပူပေါ်တဲ့ လူ့လောကထဲမှာ နေတတ်ထိုင်တတ်မှာပါ။ စိတ်ကို လူ့နောက်ပါအောင် ဆွဲထားနိုင်ရင် စွမ်းအားတန်ခိုးရှင်ပဲ။

အရွယ်ရောက်ချိန်မှာ မိစ္ဆာဒိဋ္ဌိ တိဿမင်းဟာ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်တွေကို ဖျက်ဆီးပစ်၊ ရေထဲလွှင့်ပစ်တယ်၊ လွှင့်ပစ်တဲ့ ရုပ်ပွားဆင်းထုတွေကို တလထော်က ကောက်ယူကိုးကွယ် ပူဇော်တယ်၊ သဒ္ဓါတရားစစ်စစ်ရှိတာဖြစ်လို့ ကိုယ့်အစွမ်း ကိုယ်ယုံတော့ ရဲရင့်ပါတယ်။

ဒီအကြောင်းကို တိဿမင်းကြီးကြားတော့ သူ့ကို ဆန့်ကျင်ဖက်လုပ်တယ်ဆိုပြီး ဒေါသအမျက် ထွက်လွန်းလို့ တလထော်ကိုဖမ်းပြီး သေဒဏ်ပေးလိုက်တယ်၊ ဆင်နှင့်နင်းသတ်ခိုင်းတော့ ဆင်နှင့် တာဝန်ရှိသူ


www.burmeseclassic.com

www.burmeseclassic.com


အားလုံးအပေါ် တလထော်က မေတ္တာလည်း စူးစူးစိုက်စိုက်ပို့တယ်၊ နှလုံးသားမှာလည်း ဘုရားတည်လိုက်တယ်၊ ဆင်ကြီးတွေ လုံးဝမနင်းရဲ၊ အနားတောင် မကပ်ရဲ၊ မီးရှို့အသတ်ခိုင်းပြန်တော့ လုံးဝမီးမကူး၊ တွင်းတူးပြီး တွင်းထဲ မြှုပ်သတ်မယ်လုပ်ပြန်တော့ ဘယ်လိုမှ သတ်လို့မရ၊ ဒါကြောင့် လွှတ်ပေးလိုက်ရတယ်၊ တရားကို တရားလို စိတ်ဝင်စားသူကို တရားကလည်း တရားလိုပဲ အံ့ဩဖွယ် ကောင်းလောက်အောင် ပြန်စောင့်ရှောက်တတ်စမြဲပါ။ တိဿမင်းကြီးတောင်မှ မိစ္ဆာဒိဋ္ဌိကိုစွန့်ပြီး သမ္မာဒိဋ္ဌိစစ်စစ် ဖြစ်သွားရပါသတဲ့။

အသက်ကိုတောင် ရန်ရှာလာတဲ့ အလွန်ကြီးမားလှတဲ့ ဘဝအခက်အခဲကို တရားစွမ်းနဲ့ အေးချမ်းစွာ ဖြေရှင်းနိုင်ရုံမက မိန်းကလေးတစ်ယောက်ရဲ့ တရားစွမ်းကြောင့် မိစ္ဆာဒိဋ္ဌိ ရှင်ဘုရင်ကြီးတောင် သမ္မာဒိဋ္ဌိ ဖြစ်သွားရလောက်အောင် စွမ်းဆောင်နိုင်တယ်ဆိုတာ တရားကို တရားလို စိတ်ဝင်စားတတ်တဲ့ အလွန်ထူးဆန်းလှတဲ့ အံ့ဩဖွယ် **"လူ၏စွမ်းအား မြတ်တရား"** ရဲ့ အစွမ်းကြောင့်ပါ။

## ၁၆။ မလ္လိကာ

တရားဆိုတာ အားချိန်၊ မအားချိန်နှင့် တိုင်းတာတာမဟုတ်ဘဲ အသိတရားနဲ့သာ ဘောင်ခတ်ထားတာပါ၊ အား-မအား ခွဲကြည့်မနေဘဲ ကိုယ့်စိတ်တရားနဲ့ တန် မတန်သာ ခွဲကြည့်ပါ၊ တရားနဲ့တန်တဲ့ စိတ်ကောင်းပေါ်ပေါက်နေရင် အံ့ဖွယ်တရားစွမ်းအားကို ရရှိနိုင်ပါတယ်။

ဘုရားလက်ထက်က ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာဟာ ခင်ပွန်းနှင့် သား (၃၂) ယောက်လုံး မတရားလုပ်ကြံ သတ်ဖြတ်ခံရတဲ့ (၃၃) လောင်းပြိုင် ဉာတိဗျသနကြောင့် အပူမီး မလောင်ရအောင် ဣန္ဒြေမပျက် တရားနဲ့ ထိန်းနိုင်ခဲ့တယ်၊ လုပ်လက်စအလှူကို အေးအေးဆေးဆေး ပိပိရိရိ ပြီးအောင်လုပ်ပြလိုက်ပါတယ်၊ ဉာတိဗျသန ဒုက္ခရောက်နေမှန်း ဘေးက ဘယ်သူတစ်ယောက်မှ မသိလိုက်ကြပါ။

ပုထုဇဉ် မိန်းမသားတစ်ယောက် ဤမျှ ပြင်းထန်လှတဲ့ ဆွေမျိုးပျက်စီးမှုဒုက္ခကြောင့် သောကပရိဒေဝမီး အလောင်မခံဘဲ သတိဉာဏ်နဲ့ ပိပိရိရိ ထိန်းထားနိုင်တဲ့အစွမ်းဟာ တရားအစွမ်းနဲ့ တွဲနေတဲ့ တကယ်ချီးကျူးထိုက်တဲ့ **"လူ၏ စွမ်းအားမြတ်တရား"** အစွမ်းပါ၊ တကယ်တော့ မလ္လိကာရဲ့ အစွမ်းမဟုတ်ဘဲ တရားနဲ့ထိုက်တန်တဲ့ နှလုံးအိမ်မှာ လာကိန်းတဲ့ ထူးခြားလှတဲ့ တရားရဲ့ အစွမ်းဖြစ်ပါတယ်။

## ၁၇။ မကြည်အေး

ရှေးတုန်းက ကဋ္ဌမ္ဗရရွာသူ မကြည်အေးဆိုတာ ရှိခဲ့ဖူးတယ်။ ကလေးထိန်းတာတောင်မှ တရားလမ်းကြောင်းပေါ် စိတ်ကိုတင်ပြီး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းအဖြစ် ပြောင်းယူတတ်လောက်အောင် သတိဉာဏ်စွဲမြဲသူ ဖြစ်ပါတယ်။ တရားနဲ့ထိုက်တန်အောင် အသိစိတ်ကို သဒ္ဓါတရားစစ်စစ်နဲ့ သန့်စင်ထားတာဖြစ်လို့ ကြည်လင်အေးချမ်းစွာနေတတ်တဲ့ အိမ်ရှင်မ ဖြစ်တယ်၊ တရားအသိ လက်ဦးထားရင် လူဟာ တစ်ပန်းသာပြီးသားပါ။

တစ်နေ့တော့ တရားပွဲရှိလို့ သားငယ်ကိုပါခေါ် အနားမှာသိပ်ပြီး တရားနာနေတယ်၊ ခန္ဓာမှာ ဉာဏ်စိုက်ပြီး စိတ်ပါလက်ပါ အကျင့်နှင့်ပေါင်းစပ်ထားတယ်၊ သားငယ်အပေါ် မြွေဆိုး တက်ကိုက်ပြီး သားငယ်မြွေဆိပ်တက်လို့ မေ့မျောနေတာတောင်မှ သတိမလွတ် ရှုမှတ်ရင်း တရားနာနေလိုက်တာ သောတာပန် ဖြစ်သွားတယ်၊ မေ့မျောနေတဲ့ သားငယ်ကိုလည်း သစ္စာဆိုပြီး အဆိပ်ပြေပျောက်အောင် ဆောင်ရွက်ပေးလိုက်တယ်၊ သားအမိနှစ်ယောက်လုံး ဘေးရန်အပူငြိမ်းပြီး ချမ်းသာသွားကြပါတယ်၊ ပူလောင်ရှုပ်ထွေးလှတဲ့ လူ့ကိစ္စအာရုံတွေကို တရားအသိနဲ့ ကန့်သတ်ထားပြီး အပူမထိ ရန်မငြိအောင် အစွမ်းပြနိုင်တာဖြစ်လို့ တကယ်လေးစားထိုက်တဲ့ **"လူ၏ စွမ်းအား မြတ်တရား"** စွမ်းအားပါ။

## ၁၈။ မ, ပြည့်စုံ

ပြီးတော့ ဘုရားလက်ထက်က ရာဇဂြိုလ်သူဌေးအိမ်မှာ မပြည့်စုံ (ပုဏ္ဏာ) ဆိုတဲ့ ကျွန်မကလေး တစ်ယောက်ရှိတယ်၊ နာမည်က မပြည့်စုံဆိုပေမယ့် ဘာမှမပြည့်စုံရှာလို့ သူများအိမ်မှာ ကျွန်အလုပ်လုပ်နေရတာပါ။ ပြည့်စုံတာ တစ်ခုတော့ ရှိပါတယ်၊ သဒ္ဓါတရားပါ၊ သဒ္ဓါတရားရှိရင် ပစ္စည်းမရှိပေမယ့် လူမွဲမဟုတ်ပါဘူး၊ လုပ်သင့်တာ လုပ်လိုက်ရင် ဖြစ်သင့်တာဖြစ်ပြီး ရှိသင့်တာရှိလာမှာ ဧကန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်က ကံမကောင်းအကြောင်း မလှလို့ ကျွန်ဖြစ်နေရပေမယ့် စိတ်ကိုတော့ ကျွန်စိတ် အဖြစ်မခံပါဘူး၊ အိမ်မှာလုပ်ရတဲ့ ကောင်းမှုကိစ္စ ရတနာသုံးပါး ကိစ္စတွေကို ကိုယ့်ကိစ္စလို့ပဲ သဘောထားပြီး သဒ္ဓါတရားစစ်စစ်နဲ့ စိတ်အား ထက်သန်စွာ လုပ်ပေးတတ်ပါတယ်၊ ဘာမဆို ကိုယ့်အလုပ်လို့ သဘောထားပြီး စိတ်ကောင်းစိတ်မြတ်နဲ့ ဆောင်ရွက်ပေးတတ်တာဖြစ်လို့ မိသားစုကလည်း သူ့အပေါ် သမီးလို သဘောထား စောင့်ရှောက်ပေးကြတယ်၊ လူတစ်ကိုယ်လုံးမှာ စိတ်ကောင်းဟာ အဖိုးအတန်ဆုံး အရှိန်အဝါအကြီးဆုံးဖြစ်တာမို့ ကိုယ်က စိတ်ကောင်းထားရင် အဲဒီစိတ်ကောင်းနဲ့ ထိုက်တန်တဲ့ အစောင့်အရှောက်ကို ရရှိစမြဲပါ။ "ကိုယ့်စေတနာဟာ ကိုယ့်လုပ်ခပဲ" မဟုတ်လား။

တစ်နေ့တော့ ကိုယ့်အတွက်ဝေစုရတဲ့ ဆန်ကြမ်းမုန့်ကလေးကို ရေခပ်ဆိပ်ရောက်တော့မှ စားဖို့ ယူသွားတယ်၊ ဘုရားက သူ့ကိုချီးမြှောက်ဖို့ ခရီးရင်ဆိုင်ကြွသွားတော့ မပြည့်စုံက ဘုရားကို မြင်တယ်ဆိုရင်ပဲ သဒ္ဓါတရား တဖွားဖွားဖြစ်ပေါ်တိုးပွားပြီး ကိုယ်စားဖို့ယူခဲ့တဲ့မုန့်ကို မစားတော့ဘဲ ဘုရားသပိတ်ထဲ လောင်းလှူ လိုက်ပါတယ်၊ ဘုရားရှင်က မုန့်ကို အလှူခံပြီး တရားဟောတော့ ခန္ဓာဉာဏ်စိုက်ပွားများရင်း တရားနာလိုက်တာ ကျွန်မလေး မပြည့်စုံ သောတာပန် ဖြစ်သွားပါတယ်။ မကြာခင် နာမည်နဲ့လိုက်လျောအောင် အစစအရာရာ ပြည့်စုံသွားခဲ့ပါတယ်။

ရုပ်ခန္ဓာ ကျွန်ဖြစ်ရပေမယ့် စိတ်ခန္ဓာ ကျွန်ဖြစ်မခံဘဲ ဘုရားနဲ့ သူ့ဌေးမိသားစု ချီးမြှောက်ခံရ လောက်အောင် စိတ်ကောင်းထားတာဖြစ်လို့ တကယ် အတုယူလေးစားထိုက်တဲ့ **"လူ၏စွမ်းအား မြတ်တရား"** ရဲ့ အစွမ်းပါ။

## ၁၉။ မမြတ်မွန်

ဘုရားလက်ထက်က မမြတ်မွန် (ဥတ္တရာ) ဆိုတဲ့ အမျိုးသမီးဟာ မေတ္တာ၊ သမာဓိ အလေ့အကျင့်များသူ ဖြစ်ပါတယ်၊ အခက်အခဲကြုံလာမှ ကောက်ရိုးမီး ဟုန်းကနဲထတောက်သလို ကယောင်ကတမ်း ထလုပ်တာမျိုး မဟုတ်ဘဲ နေ့စဉ်ပုံမှန် လူနှင့်တရား တစ်သားတည်း ပေါင်းစပ်ပြီး ထုံနေ အောင် လေ့ကျင့်ထားတာပါ။

ဟုတ်ပါတယ်၊ တရားနဲ့ လူဟာ ပေါင်းထားမှ ငြိမ်းချမ်းပါတယ်၊ သားအမိ၊ သားအဖ၊ ညီအစ်ကို၊ ညီအစ်မ မောင်နှမ၊ ဇနီးမောင်နှံတွေဟာ တစ်ခါတစ်ရံ အကြောင်းအားလျော်စွာ ခွဲထားလို့ ဖြစ်နိုင်ပေမယ့် လူနဲ့ တရားကတော့ ဘယ်လိုအကြောင်းကြောင့်မှ ခွဲထားလို့ မဖြစ်နိုင်ပါဘူး၊ တစ်နေ့မှလည်း ခွဲမထားသင့်ပါဘူး၊ တရားနဲ့ လူကွဲတာနဲ့ လောကက လူကို ရန်စလာတတ်ပါတယ်။

တစ်နေ့တော့ သီရိမာက မမြတ်မွန်ကို ရန်ငြိုးဖွဲ့ပြီး ထောပတ်ဆီပူနဲ့ ခေါင်းကို လောင်းချတဲ့အခါ သီရိမာကို စူးစူးစိုက်စိုက် မေတ္တာပို့တယ်၊ ထုံနေအောင် လေ့ကျင့်ထားခဲ့တဲ့ မေတ္တာဟာ အာရုံနဲ့ လိုက်လျော ညီထွေဖြစ်သွားလို့ ကျိုက်ကျိုက်ဆူတဲ့ ထောပတ်ဆီပူဟာ ရေအေးလိုပဲ အလိုလို အေးမြသွားတယ်၊ ရန်လုပ်တဲ့ သီရိမာကို မမြတ်မွန်က သောတာပန် ဖြစ်သည်ထိ မေတ္တာစစ်စစ်နဲ့ ဆက်ပြီး ကူညီလိုက်ပါသေးတယ်၊ သူကိုယ်တိုင်ကလည်း သောတာပန် ဖြစ်နေပြီပဲ၊ သီရိမာက ချစ်လိုက်တာ မမြတ်မွန်မှ မမြတ်မွန်ပဲ။

ရန်သူကိုတောင် ချစ်ခင်ရင်းနှီး အကျွမ်းဝင်အောင် ထမ်းဆောင်နိုင်တဲ့ မိမိ၊ သူတစ်ပါး၊ အများအကျိုးကို ပြီးစေနိုင်တဲ့ မမြတ်မွန်ရဲ့အစွမ်းဟာ တကယ်အားထားထိုက်တဲ့ **"လူ၏စွမ်းအား မြတ်တရား"** အစွမ်း ဖြစ်ပါတယ်။

## ၂၀။ သာမာဝတီ

ဘုရားလက်ထက်ကပဲ ဥတေနမင်းမှာ သာမာဝတီဆိုတဲ့ သဒ္ဓါကောင်းပြီး မေတ္တာအားကြီးတဲ့ မိဖုရားတစ်ပါးရှိတယ်၊ သဒ္ဓါတရားဟာ လူ့အဖော်အစစ်ဖြစ်လို့ သူရှိရင် လူဟာအားရှိပြီး ရဲရင့်တယ်၊ ကောင်းတာ အားလုံးလုပ်ရဲပါတယ်၊ သူ့ရဲ့ သဒ္ဓါနဲ့ပေါင်းစပ်မိတဲ့ မေတ္တာစွမ်းအားဟာ အထူးနိုးကြား တက်ကြွ ထက်သန်ရင့်ကျက်လှပါတယ်။

စစ်သားရဲ့အစွမ်းဟာ ဆန့်ကျင်ဘက်ရန်သူရှိမှ ပေါ်လွင်ထင်ရှားလာရသလို၊ ဆေးနှင့် ဆေးဆရာရဲ့ အစွမ်းကို ရောဂါရှိမှ သိရသလို သူတော်ကောင်းတို့ရဲ့ ဗမ္မစွမ်းအားကို ဆန့်ကျင်ဖက် အတိုက်ခာတ်တွေ ပေါ်လာမှ အံ့ဩဖွယ်ကောင်းလောက်အောင် သိမြင်ခွင့်ရနိုင်ပါတယ်။

www.burmeseclassic.com


တစ်နေ့တော့ ဥတေနမင်းဟာ မာဂဏ္ဍီကုန်းတိုက်မှုကြောင့် အမျက်ထွက်ပြီး မေတ္တာအားကြီးတဲ့ သမာဝတီနဲ့ အခြံအရံတွေကို တန်းစီခိုင်းပြီး အဆိပ်လူးတဲ့မြားနဲ့ (လေးပေါ်တင်) ပစ်သတ်တယ်၊ တရားမပါရင် အသက်ကိုတောင် ရန်ရှာလာတဲ့ လောကရဲ့ မတရားခြိမ်းခြောက်မှုဟာ အလွန်ကြောက်လန့် တုန်လှုပ်ဖွယ် ကောင်းလှပါတယ်။ တရားမကူရင် ခံရသူဟာ တကယ်ပဲ မှုန့်မှုန့်ညက်ညက် ကျေမွသွားလောက်ပါတယ်။

သာမာဝတီတို့က မေတ္တာပို့လွှတ်နေတယ်၊ ယခုမှ ကယောင်ကတမ်း စတာမဟုတ်ဘဲ ကာလရှည်ကြာ လေ့ကျင့်နေခဲ့တဲ့ အလေ့အကျင့် အထုံဖြစ်တယ်၊ ဘယ်လိုမှ ပစ်လို့မရဘဲ မြားက ဥတေနမင်းဘက်ကိုသာ ပြန်လှည့်လာတယ်၊ တရားက လောကကိုနိုင်တာဆိုတော့ လောကသဘာဝကို ပြောင်းပြန် ပြန်ပစ်နိုင်တဲ့ အံ့ဖွယ်စွမ်းအားပါ။

ဥတေနမင်း ကြောက်လန့်လွန်းလို့ လေးကိုပစ်ချပြီး သာမာဝတီကို ဝန်ချတောင်းပန် ကန်တော့တယ်၊ ချစ်ခင်ကြည်ညို လေးစားလိုက်တာ သာမာဝတီမှ သာမာဝတီပဲ၊ မိမိနှင့် အခြံအရံ များစွာတို့ကို သေဘေးမှ လွတ်မြောက်အောင် လုပ်ပေးနိုင်ရုံမျှမက ခက်ထန်ကြမ်းကြုတ်လှတဲ့ ဥတေနမင်းရဲ့ စိတ်နှလုံးကို သိမ်မွေ့နူးညံ့သွားအောင် စွမ်းဆောင်နိုင်တဲ့ သာမာဝတီရဲ့ အစွမ်းဟာလည်း တကယ်အတုယူထိုက်တဲ့ **"လူ၏စွမ်းအား မြတ်တရား"** ရဲ့ စွမ်းအားပါ။

## ၂၁။ မစန္ဒာ

ဘုရားလက်ထက်က လ,လိုပဲ အမြဲအေးချမ်းအောင်နေတတ်တဲ့ မစန္ဒာဆိုတဲ့ အမျိုးသမီးတစ်ဦး ရှိခဲ့ဖူးတယ်၊ သိတတ်တဲ့အရွယ်ကစ လူနဲ့တရား ပေါင်းမိသူပါ။ အရာရာမှာ အသိသတိနဲ့ နိုးကြားစွာ နေထိုင်ကျင့်သုံးနေတတ်သူပါ။

သူများတွေက ပွဲရှိလို့ ပွဲကြည့် ခေါ်ကြပေမယ့် "ဇာတ်ခုံပေါ်က ပွဲဆိုတာ အိမ်ထဲက အကြောင်းအရာတွေကို ယူပြီး ပြတာပါ၊ သူများပွဲတွေကြည့်မယ့်အစား ကိုယ့်ပွဲ ကိုယ်ကြည့်တာကပဲ ငြိမ်းအေးနိုင်ပါတယ်" လို့ အမြင်ရှင်းရှင်းနဲ့ ဘယ်တော့မှ ပွဲကြည့်မလိုက်ခဲ့ဘူး။

အရွယ်ရောက်တော့ မိဘများက သူဌေးသားတစ်ဦးနဲ့ နေရာချပေးလိုက်တယ်၊ မကြာခင်ပဲ သူ့ခင်ပွန်း သူဌေးသားက မစန္ဒာကို အပြီးအပိုင် စွန့်ခွာသွားတယ်။ မရေတွက်နိုင်အောင် များပြား လှတဲ့ လူ့အပူတွေကို ချမ်းသာအဖြစ် သတိဉာဏ်နဲ့ စစ်ထုတ်တတ်တဲ့ ကိုယ့်ပွဲကို ကိုယ်ငြိမ်းအေးအောင် ကြည့်တတ်တဲ့ မစန္ဒာဟာ အပြုံးလည်းမပျက် ဣန္ဒြေလည်း မပျက်ပါ။

"ဘယ်သူ့ကိုမှ ကိုယ်ပိုင်တာ မဟုတ်တော့ ဘယ်သူပဲခွဲခွာသွားသွား တရားအဖော်ကိုယ့်မှာ ကျန်ခဲ့ရင် ပြီးတာပဲ" လို့ အမြင်ရှင်းရှင်းနဲ့ သာသနာဝင်ပြီး တရားအားထုတ်လိုက်တာ ရဟန္တာ ဖြစ်သွားတယ်၊ ကိုယ့်ပွဲကိုယ် သတိဉာဏ်နဲ့ မျက်ချည်မပြတ် ကြည့်တတ်တော့ ငြိမ်းသွားတာပဲ။ ရဟန္တာဖြစ်တော့ လောကနဲ့ လုံးဝ ပြေလည်သွားပါပြီ။

ကိုယ့်ကိုအမြဲ ဆန့်ကျင်ဖက်လုပ် တွန်းချနေတဲ့ လောကကြီးနဲ့ ပြေလည်အောင် ညှိနှိုင်း နေထိုင်တတ်တဲ့ လူဟာ အားလုံးနဲ့ တည့်သလို အားလုံးနဲ့ တည့်အောင်နေတတ်တဲ့ မစန္ဒာရဲ့ အစွမ်းဟာလည်း တကယ်အတုယူ လေးစားထိုက်တဲ့ **"လူ၏စွမ်းအား မြတ်တရား"** ရဲ့ အစွမ်းပါ။

## ၂၂။ မခိုင်ငြိမ်းအေး

ဘုရားလက်ထက်ကပဲ တရား၊ သုတ ပြည့်ဝတဲ့ ထေရိကာဆိုတဲ့ အိမ်ရှင်မတစ်ဦး ရှိခဲ့ဖူးတယ်၊ စိတ်ဓာတ်ကြံ့ခိုင် ငြိမ်းအေးအောင် တရားနဲ့လောကညှိနှိုင်း နေထိုင်တတ်တာဖြစ်လို့ မြန်မာလိုတော့ မခိုင်ငြိမ်အေးလို့ ခေါ်ရမှာပါ။

သိတတ်တဲ့အရွယ်ကစ တရားနဲ့ ဆက်သွယ်ရေးရထားတာဖြစ်လို့ အိမ်ထဲက အလုပ်အားလုံး တရားအလုပ်နဲ့ တစ်သားတည်း ပေါင်းထားတတ်တယ်၊ အိမ်ထဲမှာနေရင်းနဲ့ပဲ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားတွေကို အသိဉာဏ်နဲ့ အကန့်လိုက် အကန့်လိုက်ရအောင် ပြောင်မြောက်စွာ ယူတတ်သူပါ။ တစ်နေ့တော့


www.burmeseclassic.com

www.burmeseclassic.com


မီးဖိုချောင်ထဲ ထမင်းဟင်းချက်ရင်း မီးပူ ရေပူဒဏ်ကြောင့် ဆန်၊ ဟင်းသီးဟင်းရွက်၊ သားငါးတွေ ကျက်တာကို သတိဉာဏ်နဲ့ကြည့်တော့ မခိုင်မြဲလို့ ပြောင်းလဲနေကြပုံတွေ ဉာဏ်ထဲပြတ်ပြတ်သားသား ပေါ်လာတယ်၊ အဲဒါကို သက်သေအရာ ထားပြီး ခန္ဓာဉာဏ်စိုက် ဝိပဿနာ ပွားလိုက်တာ မီးဖိုချောင်ထဲမှာပဲ အနာဂါမ်ဖြစ်ပြီး သာသနာ့ဝင် ဆက်အားထုတ်တော့ ရဟန္တာထေရီမ ဖြစ်သွားတယ်လို့ ဆိုတယ်။

အများတကာ "မအားဘူး၊ အလုပ် ရှုပ်တယ်" လို့ ညည်းတွားပြီး အရှုံးပေးနေရတဲ့ အိမ်အလုပ်တွေကို "အားဖို့မလို သိဖို့လိုတယ်" လို့ တရားနဲ့ ပေါင်းပြီး အားထုတ်နိုင်လောက်အောင် သတိဉာဏ် ပြတ်သားရှင်းလင်းလှတဲ့ မခိုင်ငြိမ်းအေးရဲ့ အစွမ်းသတ္တိဟာလဲ တကယ်စံပြုထိုက်တဲ့ **"လူ၏စွမ်းအား မြတ်တရား"** ရဲ့ အစွမ်းမျိုးပါ။

## ၂၃။ ဒေါ်ပုတ်

ရွာတစ်ရွာမှာ ဦးတုတ်နဲ့ ဒေါ်ပုတ်ဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်။ ဦးတုတ်ကလည်း နာမည်နဲ့လိုက်အောင် မည်းမည်းပုပ်ပုပ် ဝတုတ်ကြီး၊ ဝသလောက် သိပ်ဒေါသကြီးတယ်၊ ဒေါ်ပုတ်ကလည်း ပုတ်ကြီးလိုပဲ ဝတုတ်ကြီး၊ တစ်နေ့မှ တည့်အောင်မနေနိုင်တဲ့ လူဝကြီး ဇနီးမောင်နှံပါ။

ဦးတုတ်က ဒေါ်ပုတ်ကို တုတ်ပြ၊ ဓါးပြ နေ့တိုင်းခြိမ်းခြောက်၊ အလုပ်သွား အလုပ်ပြန်ဆို ပိုပြီး ဆူပူကြိမ်းမောင်း၊ အိမ်ပေါ်က ခဏခဏနှင်ချ၊ အိမ်က ဒေါ်ပုတ်ရဲ့ မိဘအမွေအိမ်ပါ၊ တကယ်ဆို ကိုယ်ကသာ ဆင်းသွားရမှာ၊ အိမ်ထဲ ဘုရားသံ တရားသံ တစ်နေ့မှ မကြားရ၊ ဆဲဆို ကြိမ်းမောင်းသံပဲ ပွက်ညံပြီး အပူခိုးတွေ မွှန်နေတယ်၊ ဒေါ်ပုတ်ကြီး သေချင်စိတ်ပေါက်လောက်အောင် ပူလောင်နေတယ်၊ လူစင်စစ်က ဘီလူးတိုင်းပြည်ရောက်နေသလို ကြောက်လန့်ချောက်ချားပြီး မွန်းကြပ်နေရရှာတယ်။

တစ်နေ့တော့ ဦးတုတ် အလုပ်သွားနေတုန်း ဒေါ်ပုတ်က ရွာဦးကျောင်းဘုန်းကြီး ဦတိဿထံ သွားပြီး စိတ်ရှုပ်စရာကောင်းလှတဲ့ အိမ်ထဲက အဖုအထစ် ဆူးငြောင့်ခလုတ်အပူထုပ်တွေကို အကုန် ဖွင့်ဖောက်ပြတယ်၊ ဘုန်းကြီးထံ အားကိုးတကြီး စစ်ကူတောင်းရှာတယ်။ ဘုန်းကြီးကလည်း ကျည်ဆန်တွေကို ပစ်ပုံပစ်နည်းနှင့်တကွ ထုတ်ပေးလိုက်တယ် "ကဲ မိပုတ် ဘုရားဂုဏ်များများပွားပြီး မေတ္တာကို ကြိုးကြိုးစားစားပို့ကြည့်ပါ" လို့ လိုရင်းလမ်းညွှန်လိုက်တယ်။

ဒေါ်ပုတ်က အိမ်ပြန်၊ ဘုရားများများရှိခိုး၊ ဘုရားဂုဏ်ထုံအောင်ပွားပြီး ဦးတုတ်ကို သတိနဲ့ပုံဖော် ကောင်းကွက်ကိုရှာ၊ ပြုံးကွက်ကိုဖန်တီး၊ အကြိမ်များစွာ မရပ်မနား မေတ္တာပို့လွှတ် တယ်၊ မေတ္တာကျည်ဆန်ကို အဆက်မပြတ် ပစ်ခတ်လိုက်တော့ ဦးတုတ်ကို မေတ္တာကျည်ဆန် ထိသွား တယ်၊ ဦးတုတ် ကိုယ်ရော၊ နှုတ်ရော၊ စိတ်ပါမကျန် အကုန်ဦးညွှတ်ပြီးသိမ်မွေ့သွားတယ်။ နှစ်ယောက် ဘုရားကျောင်း သွားဖက်၊ ကုသိုလ်ပြုဖက် ဖြစ်ပြီး ပျော်ရွှင်ချမ်းမြေ့ဖွယ် ကောင်းသွားတယ်။ ဒါဟာလည်း အတုယူ လေးစားထိုက်တဲ့ **"လူ၏စွမ်းအား မြတ်တရား"** အစွမ်းပါပဲ။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၄ ခုနှစ်၊ နယုန်လ (၂၀၀၂ ခုနှစ်၊ ဇွန်လ)


www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရေ စမ္ပလက်ဆောင် (၁၇)

## ကိုယ့်ကိုကိုယ်ချစ်လူ့အစစ်

### နမော ပိယဓေသကာသ

### ၁။ ကိုယ့်ကိုကိုယ်မုန်း လူ့ဖြစ်ရှုံး

- **မကောင်းအလုပ်၊ ပြုလုပ်သူမှာ၊ ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်။**
- **မကောင်းစကား၊ ပြောကြားသူမှာ၊ ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်။**
- **မကောင်းသဘော၊ တွေးတောသူမှာ၊ ကြောက်စရာ၊ ကိုယ့်ဟာကိုယ်မုန်းသည်။**
- **ကိုယ့်ကိုမချစ်၊ ရန်သူအစစ်၊ ဆိုးညစ်ပူလောင်သည်။**
- **ကိုယ့်ကိုကိုယ်မုန်း၊ လူ့ဖြစ်ရှုံး၊ ယူကျုံးမရ ဖြစ်တတ်သည်။**

အဝိဇ္ဇာတွဲတဲ့တဏှာနဲ့ ကိုယ့်ကိုကိုယ် အချစ်လွဲနေသူဟာ ဘာမှ စဉ်းစားနိုင်းချိန်မှု မရှိဘူး။ နောင်ဘာပဲဖြစ်ဖြစ် ပစ္စုပ္ပန်မျက်စိ တစ်လှမ်းလေးလောက်ကြည့်ပြီး မကောင်းတဲ့အလုပ် လုပ်ရဲတယ်။ သတ်ဖြတ်ညှဉ်းဆဲ နှိပ်စက်ရဲတယ်။ ခိုးရဲ၊ လုရဲ၊ အမှားလုပ်ရဲတယ်။ ကိုယ့်ဟာကိုယ်မုန်းလို့ မကောင်းတာ လုပ်တာပါ။

ဗဟိဒ္ဓရန်သူတွေ ကိုယ့်ကိုမုန်းတယ်ဆိုတာက တစ်ဘဝပဲနှိပ်စက်မှာ၊ ကိုယ့်ဟာကိုယ် မုန်းလို့ မကောင်းတာလုပ်ရင် သံသရာတစ်လျှောက်လုံး ခေါင်းမဖော်နိုင်အောင် ဒုက္ခအကြီးအကျယ် ပေးမှာပါ။ ကိုယ့်ကိုမုန်းနေတဲ့ ရန်သူ နှောင့်ယှက်တာထက် အဆများစွာ ဆင်းရဲပူလောင်အောင် လုပ်နေတာဖြစ်လို့ ကိုယ့်ဟာကိုယ် တကယ်မုန်းနေတဲ့ပုဂ္ဂိုလ်ပါ။ ပါးစပ်ကချစ်ပါတယ်လို့ ဘယ်လိုပဲပြောပြော မုန်းလို့လုပ်တာ။

ပါးစပ်က သူများဒုက္ခရောက်စေတဲ့စကားတွေ၊ အကျိုးမရှိတဲ့စကားတွေ ပြောနေရင်လည်း ကိုယ့်ဟာကိုယ် တကယ်မုန်းနေလို့ပဲ။ ကိုယ့်ဟာကိုယ်မုန်းတာက သူများအမုန်းခံရတာထက် ပိုပြီးကြောက်ဖို့ကောင်းတယ်။

သတိဉာဏ် အထိန်းအကွပ်မရှိဘဲ စဉ်းစားချင်သလို လျှောက်စဉ်းစားနေရင်၊ သူများပစ္စည်း မတရား ကြံစည်နေရင်၊ သူများပျက်စီး ရာပျက်စီးကြောင်းတွေ တွေးတောနေရင် ကိုယ့်ဟာကိုယ် မုန်းနေတဲ့လူပဲ။ မကောင်းတာတွေ စဉ်းစားတွေးတောနေတာက သူများတွေ ရိုက်နှက်နှောင့်ယှက်တာထက် နာတတ်ပါတယ်။ ပိုပြီးတော့ ကြောက်စရာကောင်းတယ်။

ကိုယ့်ကို နည်းမှန်လမ်းမှန်မချစ်တဲ့လူဟာ ကိုယ့်ရဲ့တကယ့်ရန်သူအစစ်ပါ။ လောကမှာ မုန်းစရာ အကောင်းဆုံး ဘယ်သူလဲလို့ ရှာကြည့်ပါ။ ကိုယ့်ဟာကိုယ်ပဲတွေ့ရမယ်။ အပြင်ရန်သူက ဘယ်လောက်ပဲမုန်းမုန်း ကိုယ့်ကို အပါယ်မချနိုင်ဘူး။ ကိုယ့်ဟာကိုယ်ပဲ အပါယ်ကိုချတာပါ။ ပြီးတော့ ကိုယ့်ဟာကိုယ်ပဲ အရုပ်ဆိုးအောင်, အသက်တိုအောင်၊ ဉာဏ်ထိုင်းအောင်၊ ဆင်းရဲမွဲတေအောင် လုပ်ပါတယ်။ ဗဟိဒ္ဓရန်သူ ပါချင်လည်းပါလိမ့်မယ်။ အဓိကကတော့ မိမိပါ။ ဒါ့ကြောင့် လောကမှာ ကိုယ့်ဟာကိုယ်သာ မုန်းစရာအကောင်းဆုံးပါ။

ကိုယ့်ဟာကိုယ်မချစ်တဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ရဲ့ရန်သူအစစ်ပါ။ ဆိုးတယ်၊ ညစ်တယ်၊ ပူလောင်ရတယ်။ ပစ္စုပ္ပန်မှာ ဘဝအနှစ်ဘာ တစ်ခုမှမရ၊ နောင်ရေးစိတ်အေးစရာ ဘာတစ်ခုမှ ပြစရာမရှိ၊ ကိုယ့်ဟာကိုယ် ထောင်းထုနှိပ်စက်တာနဲ့ပဲ ကြေမွပြီး ဒုက္ခရောက်သွားမယ်။

ဒု - သ - န - သော လို့ နာမည်ကြီးတဲ့ သူဌေးသားလေးယောက်ဟာ ဘုရားသာသနာနဲ့လည်း ကြုံရတယ်။ ပစ္စည်းလည်း ကုဋေ-၄၀ (သိန်း ၄၀၀၀) ကြွယ်ဝတယ်။ သုံးလို့ဖြစ်တဲ့ ဘဝကောင်းလည်းရတယ်။ ဒါပေမယ့် ကိုယ့်ဟာကိုယ် စနစ်တကျ မချစ်တတ်ကြဘူး။


www.burmeseclassic.com

www.burmeseclassic.com


တဏှာနဲ့အချစ်လွဲကြတော့ မကောင်းမှုဒုစရိုက် အကုသိုလ်တွေကို စိတ်တူကိုယ်တူ လုပ်ကြတယ်။ ကွယ်လွန်တော့ လေးယောက်လုံး ငရဲကိုရောက်သွားကြတယ်။ လောဟကုမ္ဘီငရဲမှာ ယခုထိ ပူလောင်စွာ ခံနေရတုန်းပဲ။ ငရဲရောက်တော့မှပဲ လူ့ဘဝတန်ဖိုးကို သိကြတယ်လို့ ဆိုပါတယ်။

သူတို့ကတော့ 'ကိုယ့်ကိုကိုယ်ချစ်လို့ အကုသိုလ်လုပ်တာပါ' လို့ ပြောချင်ပြောမှာပေါ့။ ဒါပေမယ့် အဝိဇ္ဇာမှောင်ထဲက တဏှာနဲ့ လွဲမှားစွာ ချစ်မိတာဖြစ်လို့ တကယ်တော့ ချစ်တာမဟုတ်ဘဲ မုန်းတာပါ။ မုန်းလို့ မဟုတ်တာတွေလျှောက်လုပ်တာ၊ ဒါမျိုးကတော့ ကိုယ့်ကိုမချစ် ရန်သူအစစ်ပါ။

## ၂။ လူ

- **လုပ်ရန်အခွင့်၊ သင့်မသင့်ကို၊ ရှိုင်းချင့်တိုင်းတာ၊ ကောင်းစွာသိတတ်၊ ဆုံးဖြတ်တတ်၊ မချွတ်လူခေါ်ရ။**
- **ထက်မြက်စွန့်စား၊ စိတ်ထားမှန်ကန်၊ မြင့်မားပြန်၊ စေန်လူခေါ်ရ။**
- **မိဘဆရာ၊ ကောင်းစွာပြောကြား၊ မြတ်စကားကို၊ မှတ်သားနာယူ၊ စိတ်ထားဖြူ၊ ထိုသူလူခေါ်ရ။**

ကိုယ့်ဟာကိုယ်ချစ်တတ်မှ လူအစစ်ဖြစ် ခွင့်ရမယ်။ ကိုယ့်ဟာကိုယ် တကယ်ချစ်တတ်ဖို့ မှန်ကန်တဲ့ အသိပညာလိုပါတယ်။ လူဆိုတာ ဘာပဲလုပ်လုပ် လုပ်သင့် မလုပ်သင့် ပညာနဲ့ ချင့်ချိန် ချိန်တွယ် တွက်ချက်ဆန်းစစ်တတ်ရမယ်။ ဒါလုပ်လိုက်ရင် ကိုယ့်အတွက် ခံစားခွင့် ဘယ်လောက်ရနိုင်သလဲ။ ဒါလုပ်လိုက်လို့ သူများမှာ အနှောင့်အယှက် ဘယ်လောက်ဖြစ်သွားနိုင်သလဲ။ ကိုယ့်မှာကော မျက်မှောက် တမလွန်ဆင်းရဲတွေ ဘယ်လောက်လာနိုင်သေးသလဲ။ ဒါကို လုပ်လိုက်ရင်ကော မိမိ၊ သူတစ်ပါး၊ လောက၊ သာသနာအတွက် ကောင်းကျိုးပြုနိုင်ပါ့မလား။ အဲဒီလို ချင့်ချိန်တိုင်းတာတတ်ရမယ်။ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်သာဆိုရင် မဖြစ်မနေ ရဲရဲလုပ်ရမယ်။ မလုပ်သင့်တာ ကိုတော့ ရဲရဲပဲ ရှောင်ရမှာပါ။ ဒါဟာ လူ့ရဲ့အစွမ်းပဲ။

လူဆိုတာ ထက်မြက်တဲ့စိတ်, စွန့်စားတဲ့စိတ်, မြင့်မားတဲ့စိတ်ရှိရမယ်။ မိမိကိုရော သူတစ်ပါးကိုရော ချမ်းသာစေချင်တဲ့၊ ချမ်းသာအောင် ဆောင်ရွက်ပေးချင်တဲ့ အသိစိတ် ရှိရပါတယ်။ ကိုယ်တိုင်လည်း ကောင်းတာကို လက်တွေ့လုပ်ပြနိုင်မှ၊ သူများကိုလည်း ကုသိုလ်ရအောင် တရားစွမ်းအားတွေ ပေါ်ပေါက် တိုးပွားလာအောင် ကူညီပေးနိုင်မှ တကယ်ချစ်ရာ ရောက်ပါတယ်။ ကိုယ့်ဟာကိုယ် တကယ်ချစ်တတ်မှ အများကိုလည်း စနစ်တကျ ချစ်တတ်ပါတယ်။

လူအစစ်ဖြစ်ဖို့ မိဘဆရာသမားစကားကို နားထောင်လိုက်နာရပါတယ်။ ပုထုဇဉ်ဆိုတာ အများအားဖြင့် လောဘ၊ ဒေါသ၊ မောဟအောက်မှာ ပြားပြားဝပ်ဝပ်နေရတာဖြစ်လို့ ကိုယ့်သဘောနဲ့ကိုယ် ရှေ့သွားလည်း မရဘူး။ အပေါ်တက်လည်း မရဘူး။ ပုထုဇဉ်ဟာ ကိုယ့်ဟာကိုယ် မထိန်းနိုင်သေးသမျှ ကိုယ့်အပေါ် ဩဇာညောင်းတဲ့ အထိန်းတစ်ခု အမြဲရှိနေရတယ်။ ကိုယ့်ဟာကိုယ် အရာရောက်အောင် မတွန်းနိုင်သေးသမျှ ကိုယ့်အပေါ် ဩဇာညောင်းတဲ့ တွန်းအားတစ်ခု အမြဲရှိနေရတယ်။ ကိုယ့်ဟာကိုယ် အစွမ်းပေါ်အောင် မလုပ်နိုင်သေးသမျှ လမ်းညွှန်တစ်ခုလည်း အမြဲရှိနေရတယ်။ မိဘ၊ ဆရာသမားကောင်းများဟာ ဒီသုံးခုကို တာဝန် ယူကြရပါတယ်။

ပညာရှိသူတော်ကောင်းကြီးတွေနဲ့ တွေ့ကြုံပေါင်းသင်းခွင့်ရရင် ဒီတစ်ဘဝသာမက နိဗ္ဗာန်အရောက် သံသရာတစ်လျှောက် အစောင့်အရှောက်ရနိုင်တယ်။ စောင့်ရှောက်နိုင်တဲ့စွမ်းအားကို ရအောင် ဆောင်ရွက် ပေးနိုင်တယ်။ ဒါကြောင့် လူဆိုတာ မိဘ၊ ဆရာသမား စတဲ့ ပညာရှိ သူတော်ကောင်းတွေရဲ့ လမ်းညွှန်စကားကို ရတနာထုပ်ကြီးရသလို လေးလေးစားစား တန်ဖိုးထား လိုက်နာတတ်ရပါတယ်။ အဲဒီလို မြတ်နိုးဖွယ်ဂုဏ်ရည်ပါမှ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပါ။

## ၃။ တကယ်ချစ်တဲ့လူ

- **အကောင်းအလုပ်၊ ပြုလုပ်သူမှာ၊ အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်။**
- **အကောင်းစကား၊ ပြောကြားသူမှာ၊ အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်။**
- **အကောင်းသဘော၊ တွေးတောသူမှာ၊ အားကိုးရာ၊ ကိုယ့်ဟာကိုယ်ချစ်သည်။**
- **ကိုယ့်ကိုကိုယ်ချစ်၊ လူအစစ်၊ အနှစ်ပိုင်ဆိုင်သည်။**



www.burmeseclassic.com

www.burmeseclassic.com


ပညာတွဲတဲ့သဒ္ဓါနဲ့ ကိုယ့်ကိုကိုယ် တကယ်ချစ်တတ်ရင် ကောင်းတဲ့အလုပ်ကို တကယ်ကောင်းအောင် လုပ်ပါတယ်။ ကောင်းတဲ့အလုပ်ကိုလုပ်ရင် အားကိုးစရာကောင်းတယ်။ စိတ်ကောင်း ဆိုတာ လူ့တစ်ကိုယ်လုံးမှာ အဖိုးအတန်ဆုံးနဲ့ အရှိန်အဝါအကြီးဆုံးပဲ။ စိတ်ကောင်းရှိမှ ကောင်းတာလုပ်နိုင်ပါတယ်။ ကောင်းတာ လုပ်တတ်ရင် ကိုယ့်ဟာကိုယ် တကယ်ချစ်တတ်ပြီပေါ့။ ကိုယ့်အပေါ် အလွန်ချစ်တဲ့ မိဘဆွေမျိုးအရင်းတွေ၊ မိတ်ဆွေအရင်းတွေ ပေးတာထက်တောင်မှ အံ့ဩစရာ ကောင်းအောင် သူကပေးမှာ၊ အံ့ဩစရာကောင်းအောင် ဆောင်ရွက်ပေးမှာပါ။

ဘာလို့အလှူလုပ်တာလဲမေးရင် ချစ်လို့လုပ်တာလို့ ဖြေရုံပဲပေါ့။ ဘာလို့ စည်းကမ်း၊ သီလ စောင့်ထိန်းတာလဲ မေးရင်လည်း ချစ်လို့ပါလို့ပဲဖြေလိုက်ပေါ့။ တရားဆိုတာ ကိုယ်ကချစ်သလောက် သူက ပြန်ချစ်ပါတယ်။ မလိုတစ်မျိုး လိုတစ်မျိုးမလုပ်ဘူး။ သစ္စာမဖောက်ပါဘူး။

ပါးစပ်က အကျိုးရှိတဲ့စကားပြောတာ၊ မိမိ၊ သူတစ်ပါး ချမ်းသာကြောင်း လောက သာသနာ ကြီးပွားတိုးတက်ကြောင်း စကားပြောတာ၊ နှုတ်ကထွက်လာသမျှ မေတ္တာ၊ စေတနာအရင်းခံတဲ့အသံနဲ့ ပြောတာတွေဟာ ကိုယ့်ဟာကိုယ် တကယ်ချစ်လို့ ပြောနေတာ။ ကိုယ့်ဟာကိုယ်ချစ်တာက သူများတွေ အချစ်ခံရတာထက် ပိုပြီး အားကိုးဖို့ကောင်းတယ်။

သတိဉာဏ်ဦးဆောင်တဲ့ စိတ်ကောင်း စိတ်မြတ်နဲ့ ကောင်းတဲ့သဘောလေးတွေ စဉ်းစားတွေးတောလို့ နှလုံးသွင်းဆင်ခြင်လို့နေရင် ကိုယ့်ဟာကိုယ်ချစ်တာ၊ တကယ့်အားကိုးရာပါ။ အလှူလုပ်ပြီးတော့ ပြန်စဉ်းစားရင် ဒါနက ဘာဝနာပြန်ဖြစ်တယ်။ စောင့်ထိန်းထားတဲ့သီလတွေကို ပြန်စဉ်းစားတိုင်း သီလက ဘာဝနာတွေ ဖြစ်သွားပြန်တယ်။ ဟိုတုန်းက ကောင်းတာလုပ်ခဲ့သမျှ ပြန်တွေးတောနေတာတွေ၊ မေတ္တာပို့လို့ ဘုရားဂုဏ်တော် ပွားလို့ စိတ်ဓာတ်ငြိမ်သက်ငြိမ်းချမ်းအောင် ထိန်းသိမ်းလို့ ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်လို့နေတာတွေအားလုံးဟာ ကိုယ့်ဟာကိုယ် တကယ်ချစ်တာပါ။

ကိုယ့်ဟာကိုယ် နည်းမှန်လမ်းမှန် တကယ်ချစ်တတ်တော့ ပစ္စည်းရဲ့အနှစ်ဒါနပိုင်တယ်။ ဘဝခန္ဓာရဲ့ အနှစ်သီလလည်းပိုင်တယ်။ အသက်နဲ့ စိတ်ရဲ့အနှစ်ဖြစ်တဲ့ သမာဓိ၊ ဝိပဿနာ၊ ဘာဝနာ အနှစ်တွေပိုင်တယ်။ 'ငါ့လောက် အရတော်တဲ့လူ ရှိသေးလို့လား' လို့တောင်မှ စိတ်ထဲမှာ ကြည်နူး စရာကျေနပ်စရာ ဖြစ်လာတယ်။ လောကမှာ ဘယ်အပျော်နှင့်မှ ယှဉ်လို့မရနိုင်တဲ့၊ နှလုံးသားကို အေးချမ်း စိမ့်ဝင်သွားစေနိုင်တဲ့ စွမ်းအားတွေပါ။

တရားအသိရှိရင် ကိုယ့်ဟာကိုယ် နည်းမှန်လမ်းမှန် ချစ်တတ်တယ်။ အာရုံနှင့် စိတ် အဆင်ပြေအောင် နေတတ်တယ်။ အာရုံအနိုင်ကျင့်တာ မခံဘူး။ ဘယ်လိုအာရုံနှင့်ပဲတွေ့တွေ့ ကိုယ်ပိုင်စွမ်းအားကျန်အောင် ယူတတ်တယ်။ ဒီလို စွမ်းအားအနှစ်တွေရနိုင်မှ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပါ။

## ၄။ ကိုယ့်ကိုမချစ် လူမစစ်သူ မောင်ဦးနှင့်မထွေး

ကိုပုနဲ့မနုတို့မှာ သားတစ်ယောက် ဖွားမြင်လာတယ်။ ဦးဦးဖျားဖျားမို့ မောင်ဦးလို့ နာမည် ပေးလိုက်တယ်။ မောင်ဦးလေးမှာ မျက်စိနဲ့နားက ပါတယ်ဆိုရုံလေးပဲ။ ဦးနှောက်ကလည်း ခပ်ပျက်ပျက်၊ အသက်ကသာ တစ်နှစ်ထက်တစ်နှစ် ကြီးလာတယ်။ စကားက တစ်ခွန်းမှမပြော။ အတိတ်ဘဝက ကိုယ့်ကို မချစ်ခဲ့တော့ ယခုဘဝမှာ လူမစစ်တော့ဘူးပေါ့။

အကန်း၊ အပင်း၊ အ,အ၊ အ,နှ၊ ရူးကြောင်ကြောင်သားလေးရထားကြတော့ ကိုပုတို့ မနု တို့မှာ သားလေးချစ်လို့သာ မောင်ဦးလို့နာမည် ပေးရပေမယ့် သုံးလို့ကလုံးဝမရ။ ဝန်ထုပ်ကြီးတစ်ထုပ် အိမ်ပေါ် ရောက်နေသလို ကြီးလိုက်တဲ့တာဝန်၊ လူမစစ်ရင်တော့ ကိုယ့်အတွက်ရော သူ့အတွက်ရော တကယ့် ဝန်ထုပ်ကြီးထက် လေးပါတယ်။

ဒီတော့ မနု တော်တော်စိတ်ပျက်တယ်။ 'ဟယ် .. ကြောင်တစ်ကောင် ခွေးတစ်ကောင် မွေးရတာလောက်မှ ပျော်စရာမကောင်းပါလား' လို့ ပါးစပ်ကတောင်ထုတ်ပြီး ညည်းတွားမိရှာတယ်။ တော်တော်လဲ စိတ်ဓာတ်ကျမိတယ်။ 'သူများသားလေးတွေ ဒီအရွယ်ဆိုရင် စကားပြောတတ်ပြီ၊ ကျောင်းတောင်ထားလို့ ရနိုင်ပြီပဲ။ တို့သားလေး ဒီအရွယ်ရောက်လည်း စကားတစ်ခွန်းမှမပြောပါလား'


www.burmeseclassic.com

www.burmeseclassic.com


ရုပ်ရော၊ စိတ်ရော မပြည့်ရှာတဲ့ သားလေး မောင်ဦးဟာ ဘာမသိ ညာမသိဆိုတော့ စိတ်ဆင်းရဲစရာ စိတ်ညစ်စရာတွေသာဖြစ်အောင် အမျိုးမျိုးနှောင့်ယှက်တယ်။

မပြည့်တဲ့သားတစ်ယောက်ရလို့ သူတို့ အမြဲစိတ်ညစ်နေကြတယ်။ ဟော . . . နောက်တစ်ခါ သမီးတစ်ယောက်ဖွားမြင်လာပြန်ရော။ ဒီတစ်ခါတော့ သုံးလို့ရလိမ့်မယ်ထင်လို့ 'မထူး' လို့ နာမည်ပေးလိုက်တယ်။ အတူတူပါပဲ။ မျက်စိနဲ့နားက ပါတယ်ဆိုရုံလေး၊ မြင်လည်းမမြင်၊ ကြားလည်း မကြား၊ စကားလည်းတစ်ခွန်းမှ မပြော၊ ငိုရုံပဲတတ်တယ်။ ဟိုဘဝက ကိုယ့်ကိုမချစ်ခဲ့လို့ ယခု လူမစစ်တာပါ။

မနုတစ်ယောက် တော်တော်စိတ်ညစ်လာတယ်။ 'ဩော် . . . သားလေးသာ ဒါမျိုးဖြစ်တာ၊ သမီးလေးတော့ ဒါမျိုးမဖြစ်ကောင်းတန်ရဲ့လို့ ထင်ခဲ့တာ၊ သမီးလည်း ဒါမျိုးပါပဲလား' သူတို့အိမ်မှာ လူမစစ်တဲ့ ဝန်ထုပ်ကြီးနှစ်ထုပ်ရောက်နေလို့ တော်တော် စိတ်ဓာတ်ကျနေကြတယ်။

## ၅။ လူမစစ်တော့ ဂုဏ်ပျက်တယ်ထင်

သူများတွေက မေးကြတယ်။ 'ဟေ့ . . . မောင်ပုတို့ မနုတို့ သားသမီးဘယ်နှစ်ယောက် ရှိလဲ' 'တစ်ယောက်မှမရှိ၊ တစ်ယောက်မှမရှိ' 'မင်းတို့အိမ်မှာ ကလေးနှစ်ယောက်တွေ့နေပါလား' 'အဲဒါ သူများ အထိန်းခိုင်းလို့ ခဏထိန်းတာ' လို့ ပြောလိုက်တယ်။

အမှန်တော့ သားသမီးတွေက သုံးမရလို့ ဂုဏ်မယူချင်တော့ဘူး။ လူမစစ်တော့ ဂုဏ်ပျက်တယ် ထင်လို့ သူများတွေကိုလိမ်ပြောကြ တာပါ။

တစ်နေ့တော့ ရွာဦးကျောင်းဘုန်းကြီးထံ ရောက်သွားကြတယ်။ စကားစပ်မိစပ်ရာပြောရင်း ဘုန်းကြီးကမေးတယ်။ 'မောင်ပုတို့ မနုတို့ သားသမီး ဘယ်နှစ်ယောက်ရှိလဲကွဲ့' ဘုန်းကြီးကိုတော့ မလိမ်ကြဘူး။ 'ရှိတာတော့ နှစ်ယောက်ဘုရား' 'ဟဲ့ . . . ရှိတယ်ဆို တော်ရောပေါ့၊ ရှိတာတော့ဆိုတာ ဘာလဲ' 'သုံးလို့ မဖြစ်ဘူးဘုရား၊ စကားပြောရမယ့်အရွယ် ကျောင်းထားရမယ့်အရွယ် ရောက်လာပေမယ့် တစ်ယောက်မှ စကားမပြောနိုင်ဘူး၊ အအ၊ အန၊ အကန်း၊ အပင်းတွေချည်း ဘုရား၊ ဘာဆိုဘာမှ သုံးလို့မရဘူး၊ ဝန်ထုပ်ကြီးနှစ်ထုပ် အိမ်ပေါ်ရောက်နေသလို ထမ်းထားရတာ လေးရုံပဲရှိတယ်၊ မိဘတွေ ဒုက္ခဖြစ်ရုံလေး သူတို့ အိမ်ပေါ်ရောက်နေကြတာ၊ တပည့်တော်တို့ အမြဲစိတ်ညစ်၊ စိတ်ဓာတ်ကျရတယ်ဘုရား'

## ၆။ ကိုယ့်ကြွေးကိုယ်ဆပ်

ဘုန်းကြီးက ကိုယ့်ဟာကိုယ်ချစ် တတ်အောင်လို့ သာသနာ့မျက်လုံးဖွင့်ပေးလိုက်တယ်။

'ဟဲ့ . . . မောင်ပုတို့ မနုတို့၊ အဲဒါ ကြွေးခေါ်တယ်ကွဲ့၊ ဘဝသံသရာတစ်ကွေ့မှာ မင်းတို့က သူတို့ဆီ ကြွေးတွေအများကြီးယူခဲ့ပုံပေါ်တယ်၊ အဲဒီတုန်းက မင်းတို့ကြွေးဆပ်ခဲ့မိပုံမပေါ်ဘူး' 'မင်းတို့ရဲ့ ကြွေးရှင်တွေကလည်း စိတ် စေတနာမှန်ခဲ့ပုံမပေါ်ဘူး၊ ငါ့စိတ်ထင်တော့ မောင်ဦးနဲ့ မထူးဟာ အရင်ဘဝက ဇနီးမောင်နှံ ဖြစ်ခဲ့ပုံရတယ်၊ ကြည့်လေ . . . အကျိုးပေးပုံက တစ်ပုံစံထဲ မဟုတ်လား' 'စိတ်နေစိတ်ထားရော၊ ကန်းတာ၊ ပင်းတာ၊ အ တာ ရော တစ်ပုံစံတည်းဆိုတော့ ကြွေးရှင်တွေဆိုပေမယ့် စိတ်နေစိတ်ထား တော်တော် ဆိုးညစ်ခဲ့ပုံပေါ်တယ်ကွဲ့၊ မင်းတို့က ကြွေးယူခဲ့တယ် ထင်တယ်ဟေ့ . . . ကြွေးဆို ဆပ်မှကျေမယ်နော်၊ ဆပ်တော့လည်း ပြုံးပြုံးလေးနဲ့ဆပ်ရမယ်'

## ၇။ တကယ်ချစ်မှလူစစ်မယ်

'ကိုယ့်ကိုကိုယ်တကယ်ချစ်ပြီး ဒါနနဲ့ ဆပ်စမ်းပါ၊ သီလ သမာဓိ ဝိပဿနာတွေနဲ့ ကျေအောင်ဆပ်လိုက်ပါ၊ သာသနာမျက်လုံးရှိတယ်၊ မင်းတို့ဘက်မှာ ဘုရား၊ တရား၊ သံဃာရှိတယ်၊ မင်းတို့ဘာမှ စိတ်ဓာတ်ကျစရာလည်း မလိုဘူး၊ စိတ်အားငယ်စရာလည်း မလိုဘူး၊ သာသနာဆိုတာ အဆိုးမှန်သမျှ အကောင်းဖြစ်အောင် ပြောင်းလဲသုံးတတ်ဖို့ ပေါ်ပေါက်လာတာ'



www.burmeseclassic.com

www.burmeseclassic.com



'ငါတို့မှာ ဒါနသားသမီးတွေရှိတယ်၊ သီလသားသမီးတွေရှိတယ်၊ သမာဓိ ဝိပဿနာဆိုတဲ့ ဘာဝနာသားသမီးတွေရှိတယ်လို့ ကိုယ့်ဟာကိုယ်ချစ်ပြီး အေးမြတဲ့နှလုံးနဲ့ ပြုံးပြုံးလေး တရားစွမ်းအားယူပါကွယ်၊ သူတို့က လူမစစ်ကြပေမယ့် ကိုယ်က လူစစ်အောင် ကိုယ့်ဟာကိုယ် တရားနဲ့ ချစ်ပြလိုက်ရုံပေါ့'

'သူတို့ကို သံယောဇဉ်နဲ့ ချစ်နေတာထက် ကိုယ့်ဟာကိုယ် သဒ္ဓါတရားနဲ့ချစ်ပြီး ကောင်းတဲ့တရားကို ရနိုင်တဲ့နည်းနဲ့ ဆွဲထုတ်ယူတာကပဲ မြတ်ပါတယ်၊ အရှိကိုအရှိအတိုင်းသာမြင်အောင် ကြည့်ပါ၊ ကိုယ့်မှာ သာသနာနှင့်တွေ့နေတာဆိုတော့ ဘာမှအားငယ်စရာ မလိုပါဘူး၊ လောကထဲ အဆိုးမှန်သမျှ အကောင်းအဖြစ် ပြောင်းလဲသုံးတတ်ဖို့ သာသနာပေါ်လာတာပဲ'

'လောကမှာ ဒူးရင်းသီးတို့ ပိန္နဲသီးတို့ဆိုတာ အပြင်ဘက်ကကြည့်ရင် ဆူးတွေချည်း မြင်နေရပေမယ့် ဓားနဲ့ခွဲကြည့်လိုက်တော့ အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံတဲ့ စားစရာတွေ တွေ့ရသလိုပေါ့၊ လောက အဆိုးအာရုံတွေဟာ အပြင်ဘက်ကကြည့်တော့ စိတ်ညစ်၊ စိတ်ရှုပ်၊ စိတ်ပျက်စရာတွေ ဖြစ်နေပေမယ့် သတိဉာဏ်ဓားနဲ့ ခွဲကြည့်ရင် ပျော်ရွှင်ကြည်နူးစရာ တရားတွေချည်းပဲကွယ့်'

## ၈။ သူဆိုးပေမယ့် ကိုယ်ကကောင်းပြပါ

'ကဲ . . . သူတို့ကံဆိုးလို့ အကျိုးပေးညံ့တာကို ကိုယ်ကလိုက်ဆိုးနေဖို့ မလိုပါဘူးကွာ၊ သူဆိုးပေမယ့် ကိုယ်က ကောင်းပြလိုက်ပါ၊ သူတို့ကို ကျွေးရမယ့်အတူတူ ပြုံးပြုံးလေးနဲ့ ဒါန ဖြစ်အောင်ကျွေး၊ သားတို့ သမီးတို့ရယ်၊ အဖေတို့ အမေတို့အတွက် ဒါနထုပ်ကြီးလာပေးတာ ဝမ်းသာလိုက်တာကွယ်ဆိုပြီး ပြုံးပြုံးလေးကျွေး'

'သူတို့ရဲ့ ကိစ္စကြီးငယ်တွေ ဆောင်ရွက်ပေးတဲ့အခါ ဝေယျာဝစ္စသီလတွေလို့ သဘောထားပြီး ပြုံးပြုံးလေး လုပ်ပေးဟေ့'

'ကိုယ့်ဘက်မှာ ဘုရား တရားရှိတယ်နော်၊ ကိုယ်သွားနေတာ သာသနာ့လမ်းကြောင်း၊ ဒါကြောင့် လုပ်ရမယ့်အတူတူ သာသနာ့မျက်လုံးတပ်ပြီး ကိုယ့်ဖို့ကျန်အောင် လုပ်စမ်းပါ'

'စိတ်ဓါတ်ကျနေတော့ကော အကန်းလေးတွေက မြင်လာမှာမှ မဟုတ်ဘဲ၊ နားပင်းလေးတွေက ကြားလာမှာမှ မဟုတ်ဘဲ၊ အ အ လေးတွေ စကားပြောလာမှာမှမဟုတ်ဘဲ၊ မျှော်လင့်ချက်မရှိတာကို အချိန်ကုန်ခံ ငေးမှိုင်မနေနဲ့၊ နောက်ကျသွားမယ်နော်၊ မြန်မြန်ကြိုးစားကြ'

ဘုန်းကြီးက ပါဠိပါဠ္ဌသားတစ်ခွန်းမှမပါပဲ လူပြိန်းသဘောပေါက်နားလည်အောင် ဟောပြပေးတယ်။

'ကြွေးဆိုတာ ကျေအောင်ဆပ်ဟေ့၊ ဆပ်တဲ့အခါ သာသနာ့မျက်လုံးတပ်ပြီး တရားအသိနဲ့ ဆပ်၊ ဒါနပုံစံ သီလပုံစံ ဝေယျာဝစ္စပုံစံနဲ့ ကျေအောင်ဆပ်၊ မေတ္တာပုံစံ ကရုဏာပုံစံနဲ့ အေးချမ်း စွာဆပ်၊ စိတ်ထဲမှာ နည်းနည်းမှ ပူလောင်မှုမဖြစ်စေနဲ့၊ သူလည်း သူ့အကြောင်းနဲ့သူ လာခဲ့တာ၊ ကိုယ်လည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပဲလို့ ဉာဏ်မျက်လုံးတပ်ကြည့်ရင် ဘာမှပူဖို့မလိုပါဘူး၊ မျှော်လင့်ချက်မရှိတာကို အချိန်ကုန်အပင်ပန်းခံပြီး တောင့်တ မနေနဲ့၊ ကိုယ်ရနိုင်တဲ့ တရားစွမ်းအားကိုသာ ရနိုင်တဲ့နေရာက ဆွဲထုတ်ယူရုံပဲ'

'အနိစ္စ ဒုက္ခ အနတ္တ ဆိုတာ ဒါကိုခေါ်တာပဲမဟုတ်လားလို့ သာသနာ့မျက်လုံးတပ်ပြီး ဉာဏ်နဲ့ထိုးဖောက် နှလုံးသွင်းဆင်ခြင်ကြည့်ပါ၊ ဝိပဿနာစွမ်းအားတွေ ရအောင်ယူပြီး အေးမြတဲ့နှလုံးနဲ့ ပြုံးပြုံးကြီး ကြွေးကျေအောင်ဆပ်လိုက်ပါ'

'သူတို့ကို အကြောင်းပြုပြီး ဒါနထုပ်တွေ ကုသိုလ်ထုပ်တွေကျန်ခဲ့ပါစေ၊ အပူထုပ် မကျန်ခဲ့ပါစေနဲ့၊ ဒေါသ၊ ဒေါမနဿ၊ အကုသိုလ်ထုပ်တွေ ဘာမှမကျန်စေနဲ့နော်၊ ကြွေးကို တစ်ခါထဲ အပြီးအပြတ် ပြောင်စင်သွားအောင် ဆပ်လိုက်စမ်းဟေ့'

ဘုန်းကြီးက ဒီလို အသိရှင်းသွားအောင် ပြောပြတော့ ကိုပုတို့ မနုတို့ အထူးအားဖြင့် မနုတစ်ယောက် တော်တော်စိတ်အားတက်သွားတယ်။ တရားမျက်လုံးကောင်းကောင်း ရသွားတယ်။ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပုံစံနဲ့ တရားစွမ်းအားကိုယူမယ်လို့လည်း ဆုံးဖြတ်လိုက်တယ်။ တရား တစ်ခါ နာကြားရရင် အားဆေးတစ်ခွက်ပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



## ၉။ ကိုယ့်အထုပ်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား

ကိုပုတို့ မနုတို့အိမ်ကိုရောက်သွားတော့ ခါတိုင်းလိုစိတ်မျိုး မဟုတ်တော့ဘူး။ ပူပူလောင်လောင် မရှိတော့ဘူး။ သားသမီးတွေကို မေတ္တာ၊ ကရုဏာ၊ စေတနာ၊ သဒ္ဓါနဲ့ အေးအေးမြမြ ကြည်ကြည်လင်လင် စားစရာတွေ ကျွေးတတ်လာတယ်။ သူတို့ကိုမြင်ရတိုင်း 'နင်တို့က ကိုယ့်ဟာကိုယ် မချစ်ခဲ့ကြတော့ ယခု လူမစစ်ကြတော့ဘူးပေါ့' လို့ သံဝေဂလည်း ဖြစ်မိလာတယ်။ သနားစိတ်လည်း တစ်ဖွားဖွားဖြစ်လာတယ်။ ကုသိုလ်ယူစရာ အာရုံလေးတွေလို့သာ အမြင်ရှင်းပြီး အေးချမ်းလာတယ်။

ခါတိုင်းက စကားပြောသံမကြားရဘဲ ငိုသံလောက်ပဲကြားခဲ့ရလို့ ဝမ်းနည်းစိတ်ပျက် အားငယ်ခဲ့ရပေမယ့် ယခုတော့ စိတ်ကို နေရာတကျ အေးချမ်းအောင် ထားတတ်လာတယ်။

'သားတို့ သမီးတို့ရေ . . . မင်းတို့လည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပဲကွယ်၊ သားတို့သမီးတို့လည်း ကိုယ့်အကြောင်းနဲ့ကိုယ်၊ ကိုယ့်အကန့်အသတ်နဲ့ကိုယ် လာခဲ့ကြတာ၊ အချိန်စေ့တော့ ကိုယ့်အထုပ်ကိုယ်ထမ်း ကိုယ့်လမ်း ကိုယ်ပဲသွားကြရမှာ'

'အဖေအမေတို့လည်း ကိုယ့်အကြောင်းနဲ့ကိုယ်၊ ကိုယ့်အကန့်အသတ်နဲ့ကိုယ် လာခဲ့ကြတာပါ။ အချိန်စေ့တော့ ကိုယ့်အထုပ်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်ပဲ သွားကြရမှာပေါ့၊ နောက်ဆုံးတော့ ကိုယ့်ဟာကိုယ် တရားနဲ့ချစ်တတ်ဖို့သာ လိုရင်းပါ'

ကိုပုတို့ မနုတို့ ဉာဏ်နဲ့ထွင်းဖောက်ကြည့်တတ်လို့ အမြင်ရှင်းလာကြတယ်။ မငြိုငြင်ကြတော့ဘူး။ မေတ္တာ ကရုဏာလေးတွေနဲ့ စေတနာသုံးတန်ထက်သန်ပြဋ္ဌာန်းပြီး အေးအေးလေး ကျွေးတတ်လာတယ်။

'ကဲ . . . သားတို့ သမီးတို့၊ အဖေတို့ အမေတို့ ဒါနဖြစ်အောင် စားကြဦးကွယ်'

တို့အိမ်ပေါ်မှာ အလှူခံနှစ်ယောက် ရောက်နေကြတယ်လို့ ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် အလှူလုပ်နေကြတယ်။

'ဒီဒါနဟာ ကိုယ့်ကိုကယ်မယ့်စွမ်းအားပါလား၊ ကိုယ်ကတကယ်ချစ်ရမယ့် အရာဟာ ဒီစွမ်းအားပါပဲလား' လို့ ချစ်စရာ တကယ်တွေ့သွားကြတယ်။

'သားတို့ သမီးတို့ရေ . . . အဖေတို့ အမေတို့က ဘဝသံသရာတစ်ကွေ့တုန်းက ကြွေးယူခဲ့မိတယ်ဆိုရင်လည်း ဒီဘဝနောက်ဆုံး ဖြစ်ပါရစေကွယ်၊ ဒီဘဝမှာပဲ ကြွေးကျေအောင် အပြီး ဆပ်ပါရစေတော့' လို့ ကြွေးကို ဒါနနဲ့ ကျေဆောင်ဆပ်တယ်။ သူတို့ကိစ္စတွေကို ဝေယျာဝစ္စသီလပုံစံနဲ့ ဆောင်ရွက်ပေးတယ်။ မေတ္တာလေးတွေပို့လို့ သမာဓိလေးတွေ အကန့်လိုက် အကန့်လိုက် ယူလို့ ခန္ဓာအရှိ ဉာဏ်နှင့်ကြည့်ပြီး ဝိပဿနာစွမ်းအားတွေယူလို့ သားသမီးတွေရဲ့ ကမောက်ကမဘဝကို အနိစ္စ၊ ဒုက္ခ၊ အနတ္တတင်လို့ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ကြိုးစားနိုင်ကြပါတယ်။ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပုံစံနဲ့ အာရုံနှင့်စိတ် အဆင်ပြေအောင် နေတတ်လာတယ်။ ငြိမ်းချမ်းပျော်ရွှင်စွာ နေတတ်လာတယ်။ ဆရာကောင်းနှင့် တွေ့ခွင့်ရသွားတော့ တစ်ပန်းသာသွားပြီပေါ့။

## ၁၀။ အနေမကြပ် စိတ်ထားတတ်

တစ်ခါတစ်ရံကျတော့ သူတို့သတင်းကြားရတတ်တယ်။ 'ဘယ်သူ့သားက ဘယ်လိုဆိုးတာဆိုပဲ၊ အမေကိုတောင် ပြန်ဆဲတာတဲ့၊ အဖေကို တုတ်နဲ့ ဓါးနဲ့ လိုက်တာတဲ့၊ မိဘ စိတ်ဆင်းရဲအောင် လုပ်တယ်ဆိုပဲ၊ မိဘကို ခြိမ်းခြောက်ကြိမ်းမောင်း နှောင့်ယှက်တာတဲ့'

ဒီတော မနုတစ်ယောက်က 'မနုတို့ရဲ့သား မောင်ဦးက ကန်းတာ၊ ပင်းတာ၊ အတာ၊ နတာ တစ်ခုပဲ ပြောစရာရှိပါတယ်လေ၊ ကိုယ့်အဖေ အမေကို တုတ်နဲ့ ဓါးနဲ့ ဘယ်တော့မှ စိတ်ဆင်းရဲအောင်မလုပ်' လို့ ဂုဏ်ယူပြလိုက်သေးတယ်။

သာသနာ့မျက်လုံးရတော့ ဂုဏ်ယူစရာလို့တောင် မြင်လိုက်သေးတယ်။ သာသနာ့မျက်လုံး မရခင်တုန်းက ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် မွေးရသလောက်တောင်မှ အရသာမတွေ့တဲ့ သားသမီးတွေလို့



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဓာတ်ကျခဲ့တယ်။ သာသနာ့မျက်လုံးပေါ်လာတော့ အာရုံနှင့်စိတ် အဆင်ပြေ အောင် နေတတ်လာတယ်။ သာသနာဘက်ကနေ ကြည့်တတ်ရင် ဘာနှင့်တွေ့တွေ့ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ဖြစ်ဖို့ လမ်းပွင့်သွားတာပဲ၊ စိတ်ထားတတ်တော့ အနေမကြပ်တော့ဘူးပေါ့။

တစ်ခါတစ်ရံ သတင်းကြားရပြန်တယ်။ 'ဘယ်သူ့သမီးက တယ်ဆိုးတယ်ဆိုပဲ' ဒီတော့ မနုက 'မိနုတို့သမီးက ကန်းတာ၊ ပင်းတာ၊ အ တာ ပဲ ပြောစရာရှိတယ်၊ မိဘကို ဘယ်တော့မှ ဆဲတယ်၊ တုတ်နဲ့ ဓါးနဲ့ လိုက်တယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် နှောင့်ယှက်တယ်ဆိုတာ မရှိဘူး' လို့ ဂုဏ်ယူပြလိုက်တယ်။ စိတ်ထားမှန်တော့ တရားနှလုံးသွင်းလမ်းကြောင်း ဖြောင့်တာပေါ့။

ဒီတော့ အကန်း၊ အပင်း၊ အ အ၊ အ နု တွေနှင့် တွေ့တာတောင်မှ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပုံစံနဲ့ နည်းမှန်လမ်းမှန်တရားစွမ်းအားကို ယူတတ်သေးတယ်ဆိုရင် မကန်း၊ မပင်း၊ မအ၊ မနု ကြတဲ့ တကယ့်လူ့ဘဝ ဂုဏ်ရည်နှင့် ပြည့်စုံသူ မိမိတို့အတွက် ကေန် ကိုယ့်ကိုကိုယ်ချစ် လူအစစ် ပုံစံပေါ်လာရမှာပါ။

လူ့စွမ်းအား တရားရအောင်ယူဖို့မှာ စိတ်ကောင်းသာ ပဓာနပါ။ ကမ္ဘာ့ အဖိုးအတန်ဆုံး ရတနာသုံးပါးလုံးနှင့် လာတွေ့နေရတာဆိုတော့ ဓာတ်ကောင်းတွေ ကိုယ့်နှလုံးအရောက် ကူးယူလို့ရတယ်။ ဘာပဲတွေ့တွေ့ တရားစွမ်းအားကိုယူနိုင်စွမ်းရှိတယ်။ တရားလမ်းကြောင်းပေါ်က သွားနိုင်လောက်အောင် အသိ လုံလောက်တယ်။

## ၁၁။ လူကောင်းအစစ် ကိုယ့်ကိုချစ်

ကိုယ့်ဟာကိုယ် ချစ်တတ်ဖို့ဆိုရင် စိတ်ကောင်းဖေါ်ထုတ်ပေးတဲ့ သဒ္ဓါတရား၊ စိတ်ကောင်း ကိုထိန်းသိမ်းပေးတဲ့ သတိတရား၊ စိတ်ကောင်းကို အချိန်မီစွမ်းအားပေါ်အောင် တွန်းတွန်းပေးတဲ့ ဝီရိယတရား၊ စိတ်ကောင်းကို လမ်းညွှန်ခွဲခြမ်း စိတ်ဖြာအသုံးချပေးတဲ့ ပညာတရားရှိရမယ်။ ဒီတရားတွေရှိတော့ စိတ်တွေကောင်းတယ်။ စိတ်တွေကောင်းတော့ လူကောင်းအစစ်ဖြစ်ပြီး ကိုယ့်ကိုကိုယ် နည်းမှန်လမ်းမှန် ချစ်တတ်တယ်။

ပညာရှိတော့ 'လက်ထဲမှာကိုင်ထားတာ ဒါနထုပ်နော်၊ ကိုယ့်သားသမီးကျွေးတာပဲဆိုပြီး တဏှာ သံယောဇဉ်နဲ့များ သွားမကျွေးလိုက်နဲ့၊ ဒါနကျန်အောင်ကျွေးပါ' လို့ မျက်လုံးတပ်ပေးနိုင်တယ်။ အမှန် မြင်အောင်ကြည့်နိုင်တယ်။

'မိသားစုကျွေးတာ ဒါနကျန်ခဲ့ပါစေ၊ အကုန်စာရင်းပြပြီး အမောခံမကျွေးပါနဲ့၊ ဈေးရောင်းတာ ဒါနတော့ အနည်းဆုံးကျန်ခဲ့ပါစေ' 'နိုင်ငံ့တာဝန်ထမ်းတော့ ယူတတ်ရင် သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားတွေ တန်းစီလို့ပါလား' လို့ ပညာက အလင်းရောင်ညှိထွန်း လမ်းပြပေးတယ်။ ဘာပဲလုပ်လုပ် လေးတဲ့ဝန်ထုပ်ကြီးတွေ အများကြီးပေါ့သွားတယ်။

ခန္ဓာဟာ အိုထုပ်၊ နာထုပ်၊ သေထုပ်ဆိုတော့ တကယ်လေးပါတယ်။ အဲဒီအထဲ ကိလေသာ အပူထုပ်တွေ ထပ်ထည့်လိုက်ရင် လေးသည်ထက်ပိုပြီး လေးသွားပြန်ရော။ သဒ္ဓါ၊ ပညာ၊ မေတ္တာ စွမ်းအားတွေနဲ့ ရွှင်လန်းအေးမြစွာ တရားစွမ်းအားကိုယူပေးနိုင်မှ အလွန်လေးတဲ့ ခန္ဓာဝန်ထုပ်ကြီးကို ပေါ့သွားအောင် ထမ်းဆောင်နိုင်ပါတယ်။ လူကောင်းစစ်ရင် ကိုယ့်ကိုတကယ်ချစ်တတ်ပါတယ်။

## ၁၂။ ဆွေမျိုးအစစ် မိတ်ဆွေဖြစ်

- **လောဘ၊ ဒေါသ၊ မောဟ အပူ၊ ပွက်ပွက်ဆူ၍၊ ရန်သူဖြစ်ငြား၊ ဤ ၃-ပါး၊ စိမ်းကားသွားအောင် လုပ်တတ်သည်။**
- **သဒ္ဓါပညာ၊ မေတ္တာတန်ခိုး၊ စွမ်းအားတိုး၊ ဆွေမျိုးမိတ်ဆွေ ဖြစ်စေသည်။**
- **တရားဆွေမျိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးရစေသည်။**
- **ဆွေမျိုးအစစ်၊ မိတ်ဆွေဖြစ်၊ အချစ်မှန်ကန်သည်။**
- **အချစ်မှန်မှ၊ စိတ်အေးရ၊ မုချချမ်းသာမည်။**
- **ကိုယ့်ကိုကိုယ်ချစ်၊ လူအစစ်၊ အနှစ်ပိုင်ဆိုင်သည်။**



www.burmeseclassic.com

www.burmeseclassic.com


လူဟာ လောဘ၊ ဒေါသ၊ မောဟကို နှုတ်ထားလိုက်ရင် ဘာမှကြောက်စရာမလိုတော့ဘူး။ ပူစရာလည်း မရှိတော့ဘူး။ လူတွေ နေ့စဉ် တိုက်ပွဲဆင်ပြီး ရုန်းကန်နေရတာက အပူနှင့် ဆင်းရဲပါ။ အပူနှင့် ဆင်းရဲအားလုံး လောဘ၊ ဒေါသ၊ မောဟထံက မြစ်ဖျားခံပါတယ်။ လောကကြီးကို အကျည်းတန် အရုပ်ဆိုးအောင်၊ နေချင်စရာမကောင်းအောင်၊ ပူလောင်ရှုပ်ထွေး ထိတ်လန့်အောင်လုပ်တာဟာ ဒီသုံးပါးပဲ။ ဒီသုံးပါးနောက်က နောက်လိုက်အခြံအရံတွေလည်း အများကြီးပါလာတယ်။

လူတွေအပါအဝင် သတ္တဝါတွေကို စိမ်းကားသွားအောင်၊ သူစိမ်း ပြင်ပပုဂ္ဂိုလ် (တစိမ်း) ဖြစ်သွားအောင် လုပ်နေတာက လောဘ၊ ဒေါသ၊ မောဟပါ။ မိတ်ဆွေယောင်ဆောင်ဖျက်ဆီးနေတဲ့ အနီးကပ်ရန်သူပါ။ ဒီသုံးပါးကြောင့် သွေးသားအရင်းတွေတောင် စိမ်းကားသွားတတ်တယ်။ တစ်ချို့ တွေ့ဖူးမှာပေါ့။ ပြောတော့ 'ညီအစ်ကိုအရင်း၊ ညီအစ်မအရင်း၊ မောင်နှမအရင်း' တဲ့။ ပြီးတော့ ရန်တွေဖြစ်လို့ မုန်းတီးလို့ အမှုပြဿနာတွေ ဖြစ်လို့ ရန်သူပုံစံနဲ့နေကြတာတွေ့ရမယ်။

သွေးသားစပ်ပေမယ့် ဆွေမျိုးမတော်ကြဘူး။ အဲဒီ လောဘ၊ ဒေါသ၊ မောဟကြောင့်ပါ၊ သွေးသားစပ်တိုင်း ဆွေမျိုးမတော်နိုင်ဘူး။ ဆွေမျိုးဆိုတာ ရင်းနှီးရမယ်။ ချစ်ခင်ရမယ်။ အကျွမ်းဝင်ရမယ်။ အကျိုးလိုလားရမယ်။ သစ္စာရှိရမယ်။ လောဘ၊ ဒေါသ၊ မောဟ တံတိုင်းခြားသွားရင် ဆွေစိတ်မျိုးစိတ်ပျောက်ပြီး သိပ်ကြောက်စရာ ကောင်းတဲ့ရန်သူ ဖြစ်သွားတယ်။

ရန်စိတ်တွေ ကင်းရှင်းနိုင်သလောက်သာ ဆွေစိတ်၊ မျိုးစိတ်၊ မိတ်ဆွေစိတ်ဖြစ်လာရတာပါ။ ဆွေမျိုးမိတ်ဆွေဖြစ်အောင် လုပ်ပေးနေတာက သဒ္ဓါ၊ ပညာ၊ မေတ္တာပါ။ သူတို့ကို သတိဉာဏ်က ဦးဆောင်ပေးပါတယ်။ တစ်ချို့ တွေ့ဖူးပါလိမ့်မယ် 'ကျွန်တော်တို့နှစ်ယောက်က ညီအစ်ကိုအရင်းလို ခင်မင်တာဗျ၊ ညီအစ်ကိုအရင်းထက်တောင် သာပါလိမ့်ဦးမယ်ဗျ၊ ငယ်ငယ်ကစ ရင်းနှီးလာခဲ့ကြတာ' တဲ့။ သွေးသားမစပ်ပေမယ့် ဆွေမျိုးတော်တယ်လို့ ဆိုလိုတာပါ။ သဒ္ဓါ၊ ပညာ၊ မေတ္တာကြောင့် ရင်းနှီးချစ်ခင် အကျွမ်းဝင်ရတာပါ။ စိတ်ထားကောင်းမှ ကောင်းမှုဆွေမျိုး မိတ်ဆွေရနိုင်တာဖြစ်လို့ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ဖြစ်ခွင့်ရသွားပါတယ်။

လောဘ၊ ဒေါသ၊ မောဟကြောင့် သွေးသားအရင်းတောင် စိမ်းကားတတ်ပါတယ်။ ကိုယ့်ဟာကိုယ်တောင် စိမ်းကားမိတတ်တယ်။ သွေးသားမစပ်သူဆိုရင် ဘာမှပြောဖို့မလို၊ ဧကန်စိမ်းကားပြီးသားပါ။

သဒ္ဓါ၊ ပညာ၊ မေတ္တာကြောင့် သွေးသားမစပ်သူတောင် ရင်းနှီးချစ်ခင်အကျွမ်းဝင်ပြီး ဆွေမျိုး၊ မိတ်ဆွေဖြစ်တတ်ပါတယ်။ ကိုယ့်ဟာကိုယ်တောင် ဆွေမျိုးတော်စပ်သွားရတယ်။ သွေးသားအရင်းဆိုတော့ ထူးပြောဖို့မလို၊ ဆွေမျိုးမိတ်ဆွေဖြစ်ဖို့ သေချာပေါက်ပါ။ ပစ္စည်းတွေနှင့်တောင် ဆွေမျိုးတော်စပ်ခွင့် ရနိုင်ပါသေးတယ်။

## ၁၃။ မောင်ထူးနှင့် မအေး

ရွာဦးကျောင်းဘုန်းကြီးထံ တစ်နေ့တော့ မောင်ထူးတစ်ယောက် ရောက်လာတယ်။ ဘုန်းကြီးကမေးတယ်။ 'ဟေ့ . . . မောင်ထူး မင်းဇနီး ဘာနာမည်တဲ့လဲကွဲ့' 'မအေးတဲ့ဘုရား' 'မအေးနှင့်မင်းက ဘယ်လို တော်စပ်တာလဲကွဲ့' 'ဇနီးခင်ပွန်း ဇနီးမောင်နှံတော်တာပေါ့ဘုရား' 'ငါက အဲဒါကိုမေးတာ မဟုတ်ပါဘူးကွ' 'ဒါဖြင့် ဘာကိုမေးတာလဲဘုရာ့၊ တပည့်တော်က ဒါပဲ ဖြေတတ်တာပေါ့' 'ဇနီးကြောင့် စိတ်ညစ် စိတ်ပျက် စိတ်ပူ စိတ်ရှုပ်ရသလား၊ ဇနီးနှင့် နေ့တိုင်း ရန်ဖြစ်နေရသလား၊ ဒါမှမဟုတ် ဇနီးကိုအကြောင်းပြုပြီး နေ့စဉ် ဒါန၊ သီလ၊ ဘာဝနာ တရား စွမ်းအားတွေတက်ပြီး ပျော်နေရသလားလို့ မေးတာပါကွ' 'အရှင်ဘုရား ပုထုဇဉ်ပဲဘုရား။ ပူရ၊ ရှုပ်ရ၊ ညစ်ရတာက များပါတယ်၊ နေ့တိုင်းလောက်နီးပါး ရန်ဖြစ်ရပါတယ်ဘုရား၊ ပျော်ရတာက နည်းနည်းကလေးပါ'

'မင်းပြောတော့ ဇနီးခင်ပွန်းဆို' 'ဟုတ်ပါတယ်ဘုရာ့၊ ဇနီးခင်ပွန်းပါ' 'ဟာ. . . ဇနီးခင်ပွန်း မှန်ရင် ရန်ဖြစ်စရာမလိုပါဘူးကွာ၊ မောင်ထူးရေ ရန်သူဆိုတာ တကူးတက တမင်ရှာထားစရာ မလိုပါဘူးကွ၊ ဘယ်ပဲသွားသွား ရန်သူဟာ မရှာဘဲတွေ့နိုင်ပါတယ်၊ တကူးတကရှာပြီး အိမ်မှာ ခေါ်ထားရမှတော့ ဆွေမျိုးမိတ်ဆွေပဲ ဖြစ်သင့်ပါတယ်၊ ဆွေမျိုးချင်း မိတ်ဆွေချင်း ကောင်းမှုပြုဖက် ပါရမီဖြည့်ဖက်သာ ဖြစ်ရမယ်၊ တပည့်တော်က ဇနီးနှင့် ဒါနဆွေမျိုး၊ သီလဆွေမျိုး၊ ဘာဝနာဆွေမျိုး တော်တယ်ဘုရာ့လို့ ဖြေနိုင်အောင်


www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားစမ်းပါ' 'အကုသိုလ်တွေ၊ အပူတွေ၊ ရန်သူတွေဆိုတာ တိရစ္ဆာန်ဘဝမှာလည်း ရှာလို့ရပါတယ်ကွာ၊ ဒါတွေကို သာသနာနှင့်ကြုံရတဲ့ လူ့ဘဝမှာ ကြုံကြုံဖန်ဖန် ရှာနေစရာမလိုပါဘူး၊ တကယ်တော့ လူ့ဘဝရဲ့ အနှစ်ချုပ်ဟာ ကောင်းမှုတရားပါ၊ နေ့စဉ် ကောင်းမှုတရားနဲ့ ဂုဏ်ယူနိုင်ဖို့လိုပါတယ်' 'မင်းနာမည်က မောင်ထူးဆိုပြီးတော့ ထူးလည်းမထူးဘူး ပြောတော့၊ မအေးတဲ့ အေးလည်း မအေးဘူး၊ နာမည်နှင့် လူနှင့် ကိုက်ညီသွားအောင် နေထိုင် ကျင့်သုံးပြလိုက်စမ်းပါ '

## ၁၄။ သားသမီးနဲ့ ဘာတော်သလဲ

'ဟဲ့ . . မောင်ထူး မင်းမှာ သားသမီး ဘယ်နှစ်ယောက်ရှိသလဲကွဲ့' ' သုံးယောက်ရှိပါတယ် ဘုရား၊ သားကနှစ်ယောက် သမီးကတစ်ယောက်' 'အဲဒီသားသမီးတွေက မင်းနှင့် ဘယ်လိုတော်သလဲကွ' 'သားအဖပဲ တော်တာပေါ့ဘုရာ့' 'ငါက အဲဒါကို မေးတာမဟုတ်ပါဘူးကွာ၊ သားသမီးတွေကို အကြောင်းပြုပြီး နေ့စဉ် ပူလောင်နေရသလား၊ ဒါမှမဟုတ် တရားစွမ်းအားတွေတက်ပြီး ပျော်ရွှင်အေးချမ်းနေရသလား' လို့ မေးတာပါ။

'ပုထုဇဉ်ပဲဘုရာ့၊ ပူရလောင်ရ စိတ်ညစ်ရတာကများပါတယ်၊ နေ့စဉ်လောက်နီးပါး ဆူရပူရ၊ ဆဲရဆိုရ၊ အော်ရငေါက်ရနဲ့၊ ပျော်ရတာက နည်းနည်းကလေးပါ' 'မင်းပြောတော့ သားအဖဆို' 'ဟုတ်ပါတယ်ဘုရာ့၊ သားအဖမှ အရင်းခေါက်ခေါက်ပါ'

'ဟဲ့ . . သားအဖအရင်းဆိုရင် ပူစရာမလိုဘူးကွ၊ ရန်သူတို့၊ အပူတို့ဆိုတာ တမင်ရှာပြီး မွေးထားဖို့ မလိုပါဘူး မောင်ထူးရာ၊ မရှာဘဲတောင် ပေါလွန်းလို့၊ ရှာထားရမှတော့ တရားဆွေမျိုး လက်ဦးပါစေကွာ၊ သားသမီးတွေနှင့် ဒါန၊ သီလ၊ ဘာဝနာဆွေမျိုးတော်မှပဲ စိတ်အေးရမှာပါ'

'မောင်ထူးရေ . . သွေးသားစပ်ရုံနဲ့ ဆွေမျိုးခေါ်တာမဟုတ်ဘူး၊ ရင်းနှီးချစ်ခင် အကျွမ်းဝင်မှ အပြန်ပြန်အလှန်လှန် ကောင်းကျိုးပြုမှ ဆွေမျိုးဖြစ်ခွင့်ရမယ်၊ အိမ်ရာတည်ထောင် လူ့ဘောင်ဆိုတာ တရားမျက်စိမပါသူတွေ မီးခဲယောင်ယောင်ကိုင်ပြီး ပူလောင်နေကြပေမယ့် တရားမျက်စိပါသူတွေ အတွက်တော့ ကောင်းမှုရတနာတွေ ကောက်ယူတဲ့နေရာပါ၊ ဘယ်သူနှင့်နေရနေရ ဘာပဲလုပ်လုပ် ဘာပဲရှိရှိ လူ့အနှစ်ဟာ တရားပါ'

## ၁၅။ ကိုယ့်ဟာကိုယ်ကော ဘာတော်သလဲ

'ဟဲ့ . . မောင်ထူး၊ ကိုယ့်ဟာကိုယ်ကော ဘာတော်သလဲ' 'အရှင်ဘုရား၊ ကိုယ်တစ်ယောက်တည်း ဘယ်လိုလုပ်ဆွေမျိုးစပ်လို့ရမလဲ' 'စပ်တတ်ရင်ရပါတယ်ကွ၊ ကိုယ်တစ်ယောက်တည်းနေတဲ့အခါ စိတ်ပူစိတ်ရှုပ် စိတ်ညစ်နေတတ်သလား၊ ဒါမှမဟုတ် စိတ်ကို အစီအစဉ်နဲ့ထားပြီး တရားစွမ်းအားနဲ့ အေးချမ်းအောင် နေတတ်သလား' 'ဘယ်တုန်းက ဘယ်လို ကောင်းကျိုးပြု အလုပ်တွေလုပ်ခဲ့တယ်၊ ဘယ်တော့ ဘယ်လို ကောင်းကျိုးပြုအလုပ်တွေ လုပ်ပေးရဦးမယ်လို့ တွေးတွေးပြီး ကြည်နူးပျော်ရွှင်နေရသလားလို့ မေးတာပါကွ'

'ပုထုဇဉ်ပဲဘုရာ့၊ တစ်ယောက်တည်းနေလည်း ပူရှုပ်ညစ်နေတာပါပဲ၊ စိတ်အထိန်းအကွပ်မရှိဘဲ တွေးချင်ရာလျှောက်တွေးနေတဲ့အခါ တုတ်တွေနဲ့ ဝိုင်းရိုက်နေကြတယ်လို့ ထင်ရလောက်အောင် အပူမျိုးစုံ ရှုပ်ယှက်ခတ်ဝင် ရောက်နေကြတာက များပါတယ်ဘုရား' 'ဟဲ့ . . မောင်ထူး၊ မင်းဟာက ကိုယ်တစ်ယောက် ထဲလည်း မတည့်ပါလား၊ သူများတွေနှင့် မတည့်တာတော့ ထားလိုက်ပါ ဦးတော့ကွယ်၊ ကိုယ့်ဟာကိုယ် မတည့်တာတော့ သိပ်ညံ့လွန်းတယ်၊ ကိုယ့်ဟာကိုယ် တည့်ဖို့တော့ ကောင်းတယ်ကွ၊ သတိဆိုတာ ကိုယ်တစ်ယောက်တည်း တည့်အောင်နေနည်းကို ညွှန်ပြတယ်'

'ကိုယ့်ဟာကိုယ် သီလ၊ သမာဓိ၊ ဝိပဿနာ ဆွေမျိုးတော်အောင် သဒ္ဓါ၊ ပညာ၊ သတိနဲ့ စိတ်ကို နေ့စဉ်သန့်စင်ပေးဖို့ လိုလိမ့်မယ်ကွ'

'မောင်ထူးရေ--လောဘ ဒေါသ မောဟတွေကြောင့် ဘယ်သူနှင့်မှမတည့်တာ၊ အားလုံး စိမ်းကား ကုန်တာကွ၊ ကိုယ့်ဟာကိုယ်တောင် စိမ်းကားသွားရတယ်နော်'

'ဟဲ့ . . မောင်ထူး၊ လောဘ ဒေါသ မောဟတွေက အခုမှစတာမဟုတ်ဘူး၊ အစမထင် သံသရာကစ ထုံနေအောင်ပါလာခဲ့တာ ကြာလှပြီကွဲ့' 'ဒီအပူငွေ့ အညစ်အကြေးတွေကို သန့်စင်တဲ့အခါ ကိုယ့်အားနဲ့ချည်း


www.burmeseclassic.com

www.burmeseclassic.com


မနိုင်ဘူးကွ၊ ဘုရားအား၊ တရားအားကို အများကြီး အကူအညီယူရတာ၊ ဘုရား တရား အကူအညီမပါဘဲ လောဘ၊ ဒေါသ၊ မောဟနှင့် မောင်ထူးပြိုင်ကြည့်ရင် မောင်ထူးရှုံးမှာ သေချာပေါက်ပဲ၊ ဒါကြောင့် နေ့စဉ်အိပ်ရာထလာရင် ဘုရားရှိခိုး မပျင်းနဲ့၊ ဘုရားဂုဏ်တော်ပွားတာ မေတ္တာပို့တာ တရားအလုပ်လုပ်တာ မပျင်းနဲ့၊ ဘာအလုပ်ပဲရှိရှိ ဘုရားတရားကိုတော့ မေ့လို့မဖြစ်ဘူး'

'နေ့စဉ် ကိုယ့်ဟာကိုယ်ဆွေမျိုးတော်ဖို့ မိတ်ဆွေဖြစ်ဖို့ဆိုရင် ဘုရား တရား လက်ဦးနေပါစေ၊ မောင်ထူးရေ . . သူများနဲ့ မတည့်တာထက် ကိုယ့်ဟာကိုယ်မတည့်တာက ပိုကြောက်ရတယ်၊ ကိုယ့်ဟာကိုယ် မတည့်ရင် အောက်ကိုလိမ့်ကျသွားဖို့ သေချာသလောက်ပဲ၊ ကိုယ့်ဟာကိုယ်မှ မတည့်တော့ဘူးဆိုရင် ကိုယ့်ပစ္စည်း တွေနှင့်လည်း မတည့်တော့ဘူးသာမှတ်ပါ၊ အားလုံးနှင့် ဆွေမျိုး မိတ်ဆွေတော်စပ်ဖို့ အဓိကအင်အားကတော့ စိတ်ကောင်းပဲ၊ ဒါကြောင့် ကိုယ့်ဟာကိုယ် ဆွေမျိုးတော်အောင် မိတ်ဆွေဖြစ်အောင် စိတ်ကောင်းပိုင်ရှင်အဖြစ် မျက်နှာကြီးဖို့ လိုအပ်တာဖြစ်လို့ တရားနှင့် နေ့စဉ် စိတ်ကို သန့်စင်ပေးပါကွာ'

'အရှင်ဘုရား . . အရှင်ဘုရားနဲ့တွေ့ရတာ တပည့်တော်စိတ်တွေ အားရှိလိုက်တာ၊ အသိရှင်းလိုက်တာ ဘုရား၊ ဘဝနေနည်း နားလည်သွားပါပြီဘုရား' လို့ လျှောက်ထားပြီး မောင်ထူး ပြန်သွားတယ်။

## ၁၆။ ထူးလည်းထူး အေးလည်းအေး

အိမ်ရောက်တော့ မောင်ထူးက မှတ်မိသမျှ ဘဝနေနည်းတရားတွေကို မအေးကို ပြောပြတယ်။ မအေးကလည်း စိတ်ပါလက်ပါ နားထောင်တယ်။ နှစ်ယောက်လုံး တရားမှန် ထောင်ကြည့်ပြီး ပြုပြင်လို့ ရသလောက် ကောင်းအောင်ပြုပြင်နေထိုင်ကြည့်ကြတယ်။ တရားစွမ်းကြောင့် လက်တွေ့ ငြိမ်းချမ်းပြီး ရွှင်လန်း အားတက်လာကြပါတယ်။ ရေငတ်တဲ့ပန်းပင်နှင့် ရေမှန်မှန်ဖြန်းထားတဲ့ ပန်းပင်ဟာ လန်းဆန်းပုံချင်းတော့ မတူနိုင်ဘူးပေါ့လေ။ စိတ်ထားရှင်းတော့ အသိတွေပွင့်ပြီး အဆင့်မြင့်လူတွေ တစ်စတစ်စ ဖြစ်သွားကြတယ်။ မိသားစုအတွက်ရော လောကသာသနာအတွက်ပါ တရားစွမ်းအားသွင်းပြီး အရေးပါအရာရောက်အောင် စွမ်းဆောင်ပေးနိုင်ကြတယ်။ နာမည်နဲ့လိုက်အောင် ထူးလည်းထူး အေးလည်းအေးလာကြတယ်။ 'ဒါဟာတရား အစွမ်းကြောင့်' ဆိုတာ သဘောပေါက်လာကြတော့ ဇနီးမောင်နှံနှစ်ယောက် ရွာဦးကျောင်းဘုန်းကြီးထံ မကြာမကြာသွားပြီး တရားနာကြ ကုသိုလ်ပြုကြတယ်။ အမှန်တရားဆိုတာ နားနှင့်မတွေ့သေးရင်သာပါ။ တွေ့သွားရင် နာယူမှတ်သားလို့မဝနိုင်အောင် အရသာရှိတာပါ။ ပြီးတော့ စိတ်နှင့်တရား မတွေ့သေးရင်သာပါ။ တကယ်တွေ့သွားရင် မလွှတ်ချင်လောက်အောင် အေးချမ်းပြီး စွမ်းအားတွေတက်သွားရတာပါ။ လူကို အမြဲ အားရှိစေနိုင်တာက တရားပဲဆိုတော့ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပုံစံနှင့် ဘဝအနေတတ်လာကြပြီ။

## ၁၇။ ဓားပြတိုက်တတ်တယ်၊ ခါးပိုက်နှိုက်တတ်တယ်

တစ်နေ့တော့ ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပုံစံနဲ့ တရားလမ်းကြောင်းပေါ်က အတတ်နိုင်ဆုံး ကြိုးစားပြီး လျှောက်လှမ်းနေကြတဲ့ မောင်ထူးနှင့်မအေး ဇနီးမောင်နှံနှစ်ယောက်ဟာ လှူဖွယ်အစုံနဲ့ ရွာဦးကျောင်းဘုန်းကြီးထံ သွားရောက်ကန်တော့ကြတယ်။ တရားဟောကြား ဆုံးမပေးဖို့လည်း လိုလိုလားလားနဲ့ လျှောက်ထား တောင်းပန်ကြတယ်။ ဘုန်းကြီးကလည်း တရားနာယူသူသိဖို့သာ အဓိကဖြစ်တာမို့ နှစ်ယောက်တည်းလဲ မေတ္တာ ကရုဏာရှေ့ထားပြီး ဟောပေးပါတယ်။ တစ်ယောက်ပဲရှိရှိ၊ နှစ်ယောက်ပဲရှိရှိ၊ ဘယ်နှစ်ယောက်ပဲရှိရှိ တရားဟာတရားပါပဲ။ ဘုန်းကြီးက ပြောပေးတယ်။ 'ဟဲ့ . . မောင်ထူးတို့ မအေးတို့၊ တရားဆိုတာ ကိုယ်က လက်ဦးထားတာပဲ စိတ်အေးရပါတယ်၊ ပုထုဇဉ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟတွေ မဖြစ်ရဘူးတော့ မဟုတ်ဘူးကွ၊ ဖြစ်တော့ဖြစ်မှာပဲ၊ ဒါပေမယ့် ကန့်ပေးနိုင်ရမယ်၊ သန့်ပေးနိုင်ရမယ်၊ ထိန်းပေးနိုင်ရမယ်၊ အချိန်သတ် ပေးနိုင်ရမယ်၊ ဆွေစိတ်မျိုးစိတ် ဖေါ်ထုတ်ပေးတဲ့ သဒ္ဓါ၊ ပညာ၊ မေတ္တာတွေအတွက် နေရာပေး နိုင်အောင် သတိထားကြိုးစားရမယ်'

'တကယ်လို့ ဘုရားအား၊ တရားအားတွေနဲ့ ၁၀-မိနစ် ၁၅-မိနစ်လောက်တောင်မှ စိတ်သန့်ရှင်းဖို့ အချိန်မပေးနိုင်ဘူးဆိုရင် အိမ်ထဲမှာ ဆွေမျိုးတွေ တစ်ယောက်မျှ မရှိတော့ဘူးလို့မှတ်ပါ '



www.burmeseclassic.com

www.burmeseclassic.com



'အိမ်ထဲမှာ ဘာတွေပဲရှိနေတော့သလဲဆိုတော့ ခါးပြနှင့်ခါးပိုက်နှိုက်ပဲရှိတော့တယ်လို့ သဘောပေါက်နားလည်ပါ၊ သံယောဇဉ်ဆိုတဲ့ခါးမြှောင်ကို ပြပြတောင်းနေတဲ့ ခါးပြတွေက ကိုယ်ရှာဖွေထားသမျှ၊ စုထားသမျှ အကုန်လုသွားမယ်၊ ကိုယ့်အာမခံတွေ၊ ဘဝကူးလက်မှတ်တွေ၊ ပျော်စရာကောင်းတဲ့ ငြိမ်းချမ်းတဲ့ အလှတွေ၊ ဓားပြ (ဒမြ) တိုက်ခံရတဲ့ထဲ အကုန်ပါသွားမယ်၊ ပေးလည်းပေးရသေး၊ ပျော်စရာလည်းမရှိ ခြောက်ကပ်ကြီး'

'ပြီးတော့ ပူးကပ်ပြီး မသိမသာ ခါးပိုက်နှိုက်တတ်တယ်၊ ရန်ကုန်မြို့ထဲ ဘတ်စ်ကားနဲ့ ခရီးသွားတော့ ခရီးသည်များလို့ ကျဉ်းကျဉ်းကြပ်ကြပ်စီးရတဲ့အခါ အနီးအနားမှာရှိနေတဲ့ တစိမ်းပြင်ပ လူတစ်ယောက်ယောက်က ကိုယ့်မှာပါတဲ့ ပိုက်ဆံအိတ်ကို မသိမသာ ခါးပိုက်နှိုက်တတ်တယ်၊ ဆွဲကြိုးပါရင် ကတ်ကြေးနဲ့ ညှပ်ယူသွားတတ်တယ်၊ မှတ်တိုင်ရောက်လို့ ဆင်းတော့မှ ခါးပိုက်နှိုက်သွား မှန်းသိပြီး ပူရ ငိုရတတ်တယ်'

'ဒါမျိုးလိုပဲ၊ သတိ၊ ဉာဏ်၊ သဒ္ဓါ၊ မေတ္တာအားတွေပျောက်နေရင် အတူနေသူအားလုံး တစိမ်းဖက်ရောက်နေတတ်တယ်၊ အဖိုးတန် ကောင်းမှုတရားတွေ၊ ပစ္စုပ္ပန်လူ့ဘဝ ပျော်ရွှင်ငြိမ်းချမ်းမှုတွေအားလုံးကို သူတို့က ပူးကပ်ပြီး ခါးပိုက်နှိုက်ယူတတ်တယ်၊ သူတို့ကိုင်ပြီး ကောင်းမှုတရား အရှုံးခံနေရတာကိုပဲ ခါးပိုက်နှိုက်ခံရတာလို့ တင်စားပြောတာပါ၊ မိသားစုတွေ တစ်အိမ်တည်း အတူနေကြတယ်ဆိုတာ ဘတ်စ်ကား စီးသွားကြတာပဲ'

'တရားလွတ်လို့ မွန်းကြပ်နေတဲ့အခါ ကိုယ့်အားကိုးရာ တရားအားလုံး နှိုက်ယူသွားတတ်တယ်၊ မှတ်တိုင်ရောက်ရင် ဆင်းရမှာကိုလည်း သိထားဖို့လိုမယ်၊ ဘဝမှတ်တိုင်ရောက်လို့ ဆင်းရတဲ့အခါ ဘာမှ အားကိုးစရာမကျန်ဘဲ ပူလောင်ရ အားငယ်ရတတ်တယ်၊ ဒါကြောင့် ခါးပိုက်နှိုက် အထူးသတိထားကြ'

'လောဘ၊ ဒေါသ၊ မောဟကြောင့် သွေးသားအရင်းတောင် တစိမ်းဖြစ်တတ်တယ်၊ တစိမ်း ဖြစ်နေရင် တကယ့်အရေးကြုံတော့ ဘာအကူအညီမှ ရမှာမဟုတ်ဘူး၊ ပူလောင်ရမှာပဲ'

'သဒ္ဓါနဲ့ စိတ်ကိုသန့်စင်၊ မေတ္တာနဲ့ သူ့အကျိုးကိုရှေးရှု၊ ပညာနဲ့ ရလဒ်စွမ်းအားကို မြင်အောင်ကြည့်ပေးမှ ဆွေမျိုးတွေ မိတ်ဆွေတွေနှင့်ချည်း ရင်းရင်းနှီးနှီးနေရမယ်၊ အရေးကြုံလာရင် ကိုယ့်ဖက်မှာချည်းရှိနေမှာ သေချာပေါက်ပါ၊ လူဟာ သေချာတာတွေ ကေန်ရှိထားဖို့လိုတယ် '

## ၁၈။ အခွံဆောင်ရမယ်

'သတိဉာဏ်လွတ်ရင် စိတ်သန့် စိတ်လုံတွေပျောက်ပြီး စားဝတ်နေရေးအလုပ်အားလုံး အခွံဆောင်နေရမှာပဲ၊ အခွံက နသတ် အခွန်မဟုတ်ဘူး၊ သေးသေးတင်အခွံပါ၊ ကိုယ့်ကို တာဝန်ယူမယ့် တရားစွမ်းရည် အနှစ်မပါတော့ဘဲ အခွံထုပ်ချည်း ထမ်းဆောင်ထားရတာဖြစ်လို့ အခွံဆောင်တယ်လို့ပြောတာပါ၊ အသိ၊ သတိမပါရင် အိုထုပ်၊ နာထုပ်၊ သေထုပ်၊ ဒုက္ခထုပ်အခွံကို အိုစာ နာစာ သေစာ ဒုက္ခ စာအခွံတွေကျွေးပြီး လောင်စာထည့်နေရတာနဲ့ တစ်ဘဝကုန်သွားမယ်၊ ဘာပဲရှာရှာ ဘာပဲရရ ဘာပဲရှိရှိ တရားစွမ်းရည်အနှစ် ညှစ်ထုတ်ပေးတဲ့ သတိဉာဏ် ကင်းပျောက်နေရင် အခွံချည်းပဲ ထမ်းဆောင်နေရမှာပဲ'

'သတိဉာဏ် အဆက်မပြတ်ထည့်ပေးနိုင်ရင် စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး အလုပ်တွေအားလုံး ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာအနှစ်တွေချည်း ပေါ်လာနိုင်တယ်၊ သတိဉာဏ်ပေါ်လာတိုင်း အခွံလွတ်သွားမယ်၊ ဒါကြောင့် အခွံလွတ်ဘဝဖြစ်အောင် သတိဉာဏ် အမြဲဆောင်ထားဖို့လိုတယ်၊ သတိဉာဏ်ဆိုတာ အလုပ်တိုင်း၊ နေရာတိုင်း၊ အချိန်တိုင်း ထည့်ထွင်းသုံးစွဲလို့ ဖြစ်နိုင်ပါတယ်'

## ၁၉။ မွေးကတည်းက ငိုတတ်တယ်

'အကောင်းဆိုတာ မွေးကတည်းက ဘယ်သူမှမတတ်ဘူး၊ အကောင်းဖြစ်လာဖို့ နေ့စဉ် ထုံနေအောင် တမင်လေ့ကျင့်ယူရတယ်၊ ကိုယ်ရော၊ နှုတ်ရော၊ စိတ်ရော အကောင်းဘက်ရောက်အောင် ဇွဲရှိရှိ လေ့ကျင့်နေရတယ်၊ မွေးကတည်းက စ တတ်တာက ငိုတာတစ်ခုပဲ တတ်သေးတယ်၊ တချို့ အဖိုးအဖွား ဖြစ်တာတောင် စိတ်တိုင်းမကျရင် ငိုကြတုန်းပဲ၊ မွေးကတည်းက မသင်ဘဲနဲ့ ဒါပဲတတ်ခဲ့တာကိုး'

ကိုယ့်ခန္ဓာနှင့်ပစ္စည်းတွေက ပျက်ပြတယ်။ ပျောက်ပြတယ်။ ကုန်ဆုံးပြတယ်။ သူခိုးနောက် လိုက်ပြတယ်။ နှိပ်စက်ပြတယ်။ ဆင်းရဲပြတယ်။ အာဏာဆန်ပြတယ်။ အဲဒါတွေဟာ စာတွေ့ကို လက်တွေ့နှင့်ပေါင်းစပ်ပြီး သင်ပြပေးတာတဲ့။ တရားအစွမ်းမပြနိုင်ဘဲ ပူလောင်သွားရင် ခန္ဓာနှင့် ပစ္စည်းက တရားသဘောနဲ့



www.burmeseclassic.com

www.burmeseclassic.com


ပြောလာတယ်။ 'လက်တွေ့ သဘောပေါက် နားလည်မလားလို့ ငါသင်ပေးတာ နင်မတတ်ဘူး၊ ငိုတာပဲ နင်တတ်တယ်' တဲ့။

## ၂၀။ အရင်းမစိုက် လှေထိုးလိုက်

'မောင်ထူးတို့ မအေးတို့ရေ . . လူမှာရှိဖို့ထက် သိဖို့ကပိုအရေးကြီးတယ်ကွဲ့၊ သိသင့်တာ သိလို့ လုပ်သင့်တာလုပ်လိုက်ရင် ရှိဖို့တာဝန်ယူပြီးသားပါ။ သာသနာ ရတနာကြောမှာ ဗဟိဒ္ဓ ဘာအရင်းအနှီးမှ မစိုက်ရဘဲ ကိုယ့်စေတနာကို သတိ၊ ပညာ အထိန်းပါတဲ့ ဝီရိယထိုးဝါးနဲ့ မှန်မှန် ထိုးပေးရုံပဲ၊ ဘုရားက အရင်းစိုက် တည်ထောင်ထားတဲ့ (သီလ၊ သမာဓိ၊ ပညာ၊ သာသနာ) လှေကို ကိုယ်ကဝင်ထိုးပေးလိုက်ရုံပဲ'

## ၂၁။ မြွေသုံးကောင် မျိုချနေပြီ

'ကိုယ့်ခန္ဓာဟာ ဘာကျွေးကျွေး ဘာပေးပေး အို၊ နာ၊ သေ မြွေဆိုးသုံးကောင်က ဖားကို မြွေမျိုချသလို တစ်စတစ်စ မျိုချနေပါပြီ၊ ကိုယ်ကမခိုင်းဖြစ်၊ မသုံးဖြစ်ပေမယ့် မြွေသုံးကောင်က မကုန်မချင်း မျိုချနေမှာပါ၊ ဟိုရွှေ့ဒီရွှေ့ အချိန်ဆွဲနေရင် ကိုယ်မသုံးရဘဲ မြွေမျိုတာနဲ့ ကုန်သွားမှာပါ၊ အချိန်မီအောင် မြန်မြန်သုံးဖို့လိုမယ်'

## ၂၂။ အမွေနှင့် အမွေ

'ဟဲ့ မောင်ထူးတို့ . . . ကိုယ့်ရဲ့ သားသမီးတွေ အမွေပေးတော့ ပစ္စည်းအမွေတင် ပေးရမှာမဟုတ်ဘူး၊ တရားအမွေပါပေးရမှာ၊ တရားသာ အမွေအစစ်ဖြစ်တယ်၊ တရားမပါရင် ပစ္စည်းဟာ အမွေမဟုတ်ဘဲ အမွေဖြစ်တတ်တယ်၊ ဟထိုးပါသွားတတ်တယ်၊ သူ့ဟာသူလည်း မွေတတ်တယ်၊ သူတို့မောင်နှမအချင်းချင်းလည်း မွေတတ်တယ်၊ မိဘကိုတောင် ပြန်မွေတတ်တယ်၊ တချို့ အဝေမတည့်ကြလို့ မုန်းတီးတတ်ကြတယ်'

'အမွေခံ မဖြစ်စေဘဲ အမွေခံဖြစ်အောင် တရားအမွေ နေ့စဉ်ပေးကြ၊ ကိုယ့်မှာရှိမှ သူ့ကို ပေးလို့ဖြစ်မှာ ဆိုတော့ ကိုယ်က အိပ်ရာထတာနဲ့ ဘုရားတရားလက်ဦးနေအောင် သတိဉာဏ် ဦးဆောင်ထား၊ ကိုယ့်ဟာ ကိုယ်လည်း နိုင်တုန်းဖိထားရတယ်၊ သားသမီးတွေကိုလည်းနိုင်တုန်း ဘုရား၊ တရားအင်အားနဲ့ ဖိထား၊ ကိုယ်ကောင်းသလောက် သူတို့ထံ ဓါတ်ကူးမယ်၊ သူတို့ကောင်းသလောက် ကိုယ့်မှာ စိတ်ချမ်းသာရ၊ တရားစွမ်းအားတွေ တက်ရမယ်ပေါ့'

## ၂၃။ တရားတန်ခိုး အစားထိုး

'တရားနှင့် မတွေ့သူဆိုတာ ဟာသွားတဲ့နေရာမှာ အစားထိုးစရာမရှိဘူး၊ လဲသွားရင် မထူတတ်ဘူး၊ ရုပ်ဝတ္ထုတွေ အဆင်ပြေတုန်း ပြုံးနိုင်ပေမယ့် 'ထစ်ကနဲ 'ဆို တစ်ခုခုအဆင်မပြေတာနဲ့ ဒေါသတွေ အပူတွေ ဝင်လာတယ်၊ ချက်ချင်း အဆင့်နိမ့်လူ ဖြစ်သွားရတယ်'

'တရားဆိုတာ ဟာကနဲဆို ချက်ချင်းဝင် အစားထိုးပေးရတဲ့ စွမ်းအားဖြစ်တယ်၊ ထုံတဲ့ နေရာဖြေပေးတယ်၊ အကြိတ်အခဲကို အရည်ဖျော်ချေဖျက်ပေးတယ်၊ ဟာသွားတဲ့နေရာ အစားထိုး အားဖြည့်ပေးတယ်၊ စိတ်အနာကိုလည်း ဆေးကုပေးပါတယ်'

## ၂၄။ ထိုက်တန်သူမှ စွမ်းအားရ

'တစ်သောင်းတန်ပစ္စည်းကို ၅၀-ပေး ဝယ်လို့ ရမှာမဟုတ်ဘူး၊ တစ်သောင်းပေးဝယ်မှရမှာပဲ၊ အဖိုးတန်လူ့တန်ခိုး တရားစွမ်းအားကို လောဘ၊ ဒေါသ၊ မောဟ၊ ထိန၊ မိဒ္ဓ၊ အပူအရှုပ်တွေနဲ့ လဲလှယ်လို့ မရနိုင်ဘူး၊ စစ်မှန်သန့်စင်တဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာတွေနဲ့ ရင်းနှီးယူမှ ရနိုင်တယ်'

'ဘုရားအာရုံပြုတော့မယ်ဆိုရင်, တရားဖြည့်ကျင့်တော့မယ်ဆိုရင် စိတ်ရော ကိုယ်ရော ခန္ဓာတစ်ခုလုံး ဘုရားတရားနဲ့ ထိုက်တန်အောင် သန့်စင်ထားရမယ်၊ ကိုယ့်ခန္ဓာမှာ ရတနာသုံးပါး အာရုံ ကိန်းဝပ်နိုင်လောက်အောင် စံကျောင်းသဖွယ် ခံ့ထည်သန့်ရှင်းရမယ်၊ စာကျက်ရင် စာနဲ့ပါးစပ် တန်ပစေ၊ ပရိတ်ရွတ်ရင် ပရိတ်နဲ့ပါးစပ် တန်ပစေ၊ ဘာဝနာပွားရင် ဘာဝနာနဲ့စိတ်တန်အောင် မြင့်တင်သန့်စင်ထားဖို့ အထူးလိုအပ်တယ်'



www.burmeseclassic.com

www.burmeseclassic.com


## ၂၅။ လက်နှိပ်ဓာတ်မီး ထိုးကြည့်

'တရားနာယူတယ်၊ တရားစာဖတ်တယ်ဆိုတာ ကိုယ့်အရှိကို တကယ်သိဖို့ အလင်းရောင် ညှိထွန်းပေးတာပါ၊ အိပ်ခန်းထဲ ပစ္စည်းထည့်ထားတဲ့သေတ္တာတွေ ညအခါ မီးရောင်မရှိဘဲဝင်ယူတော့ ခလုတ်တိုက်တတ်တယ်၊ မမြင်ရလို့ လိုရာဖွင့်မယူနိုင်ဘူး'

'တရားအသိမရှိရင် ချမ်းသာဖို့ ရှာဖွေစု ဆောင်းထားတဲ့ပစ္စည်းတွေဟာ စိတ်နဲ့ခလုတ်တိုက်ပြီး မျက်ရည်ကျရ ပူရတတ်တယ်၊ ဉာဏ်အလင်းရောင်မပါရင် အရှိတွေနဲ့ခလုတ်တိုက်ချော်လဲ ဒဏ်ရာရတတ်တယ်'

'အခန်းထဲကပစ္စည်းတွေ လက်နှိပ်ဓာတ်မီးထိုးကြည့်ရင်တောင် အရှိကိုမြင်ရတယ်၊ အန္တရာယ်ကင်းတယ်၊ လိုရာဖွင့်ယူနိုင်တယ်'

'ကိုယ့်အရှိတွေဟာလဲ ဉာဏ်လက်နှိပ်ဓာတ်မီးထိုးကြည့်မှ အပူကင်းအောင် ရှောင်တိမ်းဖယ်ရှားနိုင်မယ်၊ သတိဉာဏ်နဲ့ အရှိတွေထဲက လိုရာတရားစွမ်းအားကို အလွယ်တကူ ဖွင့်ယူနိုင်မယ်၊ တရားစွမ်းအားဆိုတာ မအားလို့ မရတာမဟုတ်ဘဲ ရှိတာကို အရှိအတိုင်း မမြင်ရလို့သာမရတာပါ၊ တကယ်တော့ မရှိတာထက် မသိတာကခက်တာ၊ ကိုယ်စားနေတဲ့ ထမင်းလုတ်ထဲ၊ ကိုယ်သွားနေတဲ့ ခြေလှမ်းထဲ သီလ၊ သမာဓိ၊ ဝိပဿနာ ဘယ်လောက်ပါဝင်နေတယ်ဆိုတာ ဉာဏ်သတိရှိမှ သိမှာပါ'

## ၂၆။ အားဖို့မလို သိဖို့သာလို

'တရားစွမ်းအားရဖို့ အားချိန်အပိုဆောင်းပေးဖို့မလိုဘူး၊ ပစ္စည်းအပိုဆောင်းပေးဖို့လည်း မလိုပါဘူး၊ ရှိနေပြီးသားကိုသာ သိအောင်လုပ်ပါ၊ အရှိတွေထဲမှာ ဉာဏ်နဲ့ဖွင့်ယူရုံလေးပါ၊ ဖွင့်ယူတတ်သလောက် တရားစွမ်းအားရမှာ သေချာပါတယ်'

'ဒီလို ဉာဏ်မျက်စိဖွင့်ပေးတဲ့ သာသနာဆိုတာ ကမ္ဘာပေါင်းတစ်သိန်း၊ ဘဝပေါင်း တစ်သိန်းကြာလို့ တစ်ကြိမ်တစ်ခါတွေ့ရဖို့ မလွယ်ဘူး၊ လောကထဲမှာ သာသနာဟာ အဖိုးအတန်ဆုံးပဲ လောကကိုနိုင်ဖို့ လောကကို ဘောင်ခတ်ပေးဖို့ သာသနာပေါ်လာတာ၊ သာသနာနှင့်တွေ့တုန်း စိတ်ကို ကောင်းသမျှပြင်ထားပါ၊ မြင်သမျှ အကုန်ကြည့်ထားပါ၊ ရသလောက် အကုန်နှိုက်ယူထားပါ၊ ပါးနပ်လိမ္မာ ကျွမ်းကျင်ပါစေ၊ နေ့စဉ်အားဖို့ ကြိုးစားမယ့်အစား သိဖို့သာကြိုးစားပါ '

## ၂၇။ မအားတာ အလုပ်ပဲ

'ဘဝခန္ဓာမျိုးစုံတွေထဲမှာ လူ့ခန္ဓာဟာ တရားနှင့် အထိုက်တန်ဆုံးပဲ၊ ဘာကြောင့်လဲဆိုတော့ အသိဉာဏ်လည်းဖော်ထုတ်နိုင်သလောက် ထူးထူးခြားခြားပေါ်လာနိုင်တယ်၊ တရားမမေ့ရဲလောက်အောင် အချိန်မရွေ့ရဲလောက်အောင် လောကဓံဒုက္ခ တွန်းအားတွေကလည်းများတယ်၊ ပြီးတော့ အလုပ်ကိစ္စတွေကလည်း သိပ်များတယ်'

'လူ့ဘဝအလုပ်များတာဟာ တရားဝင်ပေါက်များနေတာပဲ၊ များလာသမျှ သူ့ဟာသူ များချင်သလိုမများစေဘဲ သတိဉာဏ်နဲ့ ကန့်ပေးလိုက်ရင် တရားစွမ်းအား ပေါ်လာပါတယ်၊ သတိဉာဏ်ရှိရင် အလုပ်များပေမယ့် မရှုပ်ပါဘူး၊ မအားတာဟာပဲ အလုပ်ဖြစ်သွားပါတယ်'

'စားဝတ်နေရေးနှင့်တရား ခွဲထားဖို့အချိန်ကမလောက်တော့ တစ်ချိန်တည်းမှာ နှစ်ကိစ္စပြီးအောင် ကြိုးစားလေ့ကျင့်ပေးရမယ်၊ သတိဉာဏ်ဆိုတာ ခန္ဓာနှင့်တရား ပေါင်းကူးတံတား တည်ဆောက်ပေးတာပါ'

'စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးလမ်းကြောင်းပေါ်မှာ မဂ္ဂင်လမ်းခင်းထားပြီး မဂ္ဂင်ယာဉ်ကြော ပေါ်မှာ ခန္ဓာမော်တော်ယာဉ်မောင်းဖြစ်ဖို့၊ စိတ်ဆိုတဲ့ ဘီးလေမလျော့ဖို့၊ စိတ်ဘီးမပေါက်ဖို့ အထူးသတိထား ရလိမ့်မယ်၊ စိတ်ဘီးလေလျော့သွားရင် ခန္ဓာမော်တော်ယာဉ်မောင်းလို့ အဆင်မပြေချင်တော့ဘူး၊ သွားရင်တောင် နှေးနှေးကလေး သွားနေတတ်တယ်'

'ပြီးတော့ သဒ္ဓါတရားကိုယ်ထည်လည်းကောင်းမှ၊ ဝီရိယစက်ကလည်းကောင်းမှ၊ ပညာ ယာဉ်မောင်းလည်း ကျွမ်းကျင်မှ၊ သတိအထိန်းလည်း တပ်ထားမှ စိတ်ကိုလိုသလိုမောင်းလို့ အဆင်ပြေပါတယ်'


www.burmeseclassic.com

www.burmeseclassic.com


## ၂၈။ဘက်မလိုက်တာတရားပဲ

'လူသွားလမ်း ၃-လမ်း ရှိတယ်။

(၁) လောဘဦးဆောင်ပြီး ရသမျှ ဖြုန်းပစ်တဲ့လမ်း၊ 'ခံစားတယ်' လို့တော့ ပြောကြပါတယ်၊ တကယ်တော့ အားကိုးစရာ တရားစွမ်းအားမကျန်အောင် ဖြုန်းပစ်တာပါ။

(၂) ဒေါသဦးဆောင်ပြီး ရှိသမျှနှိပ်စက်နေတဲ့လမ်း၊ ဉာဏ်မပါဘဲ ဒုက္ခကို ဒုက္ခနဲ့ပဲ ထောင်းထုနေတဲ့လမ်းပဲ၊ ဒုက္ခလောင်စာကိုရှာ၊ အပူမီးနဲ့ရှို့ပစ်ပြီး နှိပ်စက်နေတဲ့လမ်းပါ၊ ဉာဏ်မပါတော့ နှိပ်စက်သလို ဖြစ်သွားတာပါ။

(၃) သတိဉာဏ်ဦးဆောင်ပြီး ရသမျှ ရှိသမျှ အဖိုးတန်အောင် အသုံးချနေတဲ့လမ်း၊ ကုန်ဆုံးသွားလေသမျှ ကိုယ့်အတွက် အားကိုးစရာ စွမ်းအားကျန်အောင် အနှစ်ဆွဲထုတ်ယူနေတဲ့ လမ်းပါ၊ ဉာဏ်ပါတော့ ဒုက္ခနှင့်ဒုက္ခ တိုးတိုက်နေပေမယ့် တရားတန်ခိုးတွေ ပေါ်ထွက်လာရပါတယ်'

'အဲဒီ သုံးလမ်းမှာ လောဘလမ်းကြောင်းဆိုတာ နေပူတော့ဖုံထူ၊ မိုးရွာတော့ ဗွက်ထတဲ့ လမ်းနဲ့တူတယ်၊ သွားရင်းသွားရင်း မြုပ်တတ်တယ်၊ လမ်းသွားလို့မတွင်ဘူး၊ ခရီးလည်း မရောက်ဘူး၊ တစ်သက်လုံး ရှာထားသမျှ စုထားသမျှ ဘာမှပြစရာမကျန်ဘဲ အကုန်မြုပ်သွားတယ်'

'ဒေါသလမ်းကြောင်းဆိုတာက ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်စရစ်တွေ၊ ဆူးတွေ၊ ခလုတ်တွေပေါ်တဲ့ လမ်းဆိုးနဲ့တူတယ်၊ သွားရတာ အလွန်ဆင်းရဲတယ်၊ ဆူးစူးတိုင်း နှုတ်နေရတာနဲ့ ခလုတ်တိုက်လို့ ဒဏ်ရာရတိုင်း ရပ်နေရတာနဲ့ ခရီးမတွင်တော့ဘူး၊ ပေကပ်သွားပြန်တော့ လဲသွားတတ်တယ်'

'ဉာဏ်မပါဘဲ သတိအထိန်းမတပ်ဘဲ လှုပ်လိုက်ရင် လှုပ်သမျှ ဒုက္ခအကြောင်းချည်းပဲ၊ သတိဉာဏ် လက်နက်မကိုင်ရင် အိမ်ထဲက ဒုက္ခတွေကမကြောက်ဘူး၊ ခွေးဆွဲသလို လိုက်ဆွဲတတ်တယ်၊ ဒုက္ခထုပ်တွေကို နိုင်တာက သတိဉာဏ်ပါ'

'ဒါကြောင့် သတိဉာဏ်လမ်းကြောင်းဆိုတာ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒုက္ခလမ်းကြောင်းပေါ်မှာ ခိုင်မာညက်ညော သန့်ရှင်းစွာခင်းထားတဲ့ နိုင်လွန်ကတ္တရာလမ်းချော၊ ကွန်ကရစ် လမ်းချောနှင့်တူတယ်၊ မြုပ်လည်း မမြုပ်ဘူး၊ ခလုတ်လည်း မတိုက်ဘူး၊ သွားသလောက် ရောက်တယ်၊ ငြိမ်းချမ်းတယ်'

'မောဟ ဦးဆောင်နေတဲ့ လောဘဘက်၊ ဒေါသဘက် နှစ်ဖက်ကိုလိုက်သွားရင် တရားစွမ်းအား လူ့တန်ခိုး ပျောက်ကွယ်သွားရတယ်၊ ဘက်လိုက်ပြီး လှုပ်ရှားနေရင် ကိုယ့်ရန်သူ ကိုယ်ရှာနေတာပဲ၊ အဲဒီနှစ်ဖက်လုံး မပါဝင်အောင် သတိဉာဏ်ဦးဆောင်ထားမှ တရားလို့ ခေါ်ပါတယ်၊ ဘက်မလိုက်တာကမှ တကယ့်တရားပါ'

## ၂၉။ လူ့တွက်တွက်တတ်မှ အားရှိမယ်

'လူ့ဘဝမှာ တွက်ကိန်း သုံးမျိုးရှိတယ်၊ ယခုပြောပြနေတဲ့ လူသွားလမ်း သုံးလမ်းကိုပဲ နာမည် တစ်မျိုးပြောင်းပြီး ပြောနေတာပါ။

(၁) နတ်တွက်တွက်ကြည့်ပြီး ဖြုန်းတာ၊ နေ့စဉ် စီးပွားဥစ္စာ တိုးတက်ရေးအတွက်လောက်ပဲ တွက်နေတာမျိုးပါ၊ စည်းစိမ်ခံစားဖို့လောက်ပဲတွက်ပြီး ကိုယ့်ရဲ့အပူ ငြိမ်းအေးချမ်းသာရေးအတွက် အာမခံ တာဝန်ယူမယ့် တရားစွမ်းအားတိုးတက်ဖို့ မတွက်မိဘူး၊ လောင်စာတွေရှာပြီး အို၊ နာ၊ သေ မီးပုံရှို့ပစ်တာနဲ့ပဲ တစ်ဘဝကုန်သွားရတယ်'

(၂) ငရဲတွက်တွက်လို့ လောင်ပြီးရှုံးတာ၊ စိတ်ဆင်းရဲစရာမျိုးစုံတွေနဲ့ ပူလောင်နေရတာမျိုးပါ၊ တရားစွမ်းအား အခုအခံကမရှိတော့ အာရုံဖိစီးမှုဒုက္ခအောက်မှာ စိတ်ပြားပြားဝပ်နေရတယ်၊ မသိသမျှ အရှိက နှိပ်စက်တာပဲ၊ ဉာဏ်မပါတော့ ရှိလို့ဆင်းရဲပူလောင်ရတာက မရှိလို့ ဆင်းရဲရတာထက်ပိုပြီး အခံရ ခက်တတ်တယ်၊ မွန်းကြပ်ပူလောင်နေရတယ်၊ ရှိပြီးသားတွေမရှိအောင် ကယောင်ကတမ်း လုပ်ပစ်လိုက်ချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



(၃) လူတွက်တွက်ပြီး ပြုးတာ၊ နေ့စဉ် ကိုယ့်ကိုတာဝန်ယူမယ့် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ၊ တရားစွမ်းအားတိုးတက်ဖို့ ဉာဏ်နဲ့တွက်တာပါ။ လူ့ဘဝအဖိုးတန်တယ်ဆိုတာ တရားအခွင့်အရေးကြောင့်ပါ။ လူ့ဘဝရဲ့ အနှစ်ချုပ်ဟာလည်း တရားပါပဲ၊ တရားဟာ လူ့ဘဝနှင့်သာ အထိုက်တန်ဆုံးဖြစ်တယ်။

(က) လူဟာ အသိဉာဏ်ထူးခြားတယ်၊

(ခ) သံဝေဂဖြစ်စရာ တွန်းအားပေါတယ်၊

(ဂ) အလုပ်များတယ်၊ အလုပ်များတာဟာ တရားဝင်ပေါက်တွေများနေတာပဲ၊ လူဆိုတာ လူတွက်တွက်တတ်မှ စိတ်အေးရမယ်၊ အားလည်းရှိမယ်၊ ကိုယ်ပိုင်တရားမရှိသေးသမျှ ဘာပဲရှိရှိ စိတ်မအေးရသေးဘူး'

## ၃၀။ လှေစီးတဲ့ခရီးသည်

'ဖြုန်းတဲ့လမ်း၊ နှိပ်စက်ခံရတဲ့လမ်း နှစ်လမ်းသွားနေသူကို လောကလူသား၊ သတိဉာဏ် ဦးဆောင်တဲ့ အသုံးချလမ်းကြောင်းက သွားနေသူကို ဓမ္မလူသားလို့ ခွဲပြီးခေါ်လို့ရပါတယ်၊ အဝိဇ္ဇာတဏှာ မြစ်ခြားနေလို့ လောကလူသား၊ ဓမ္မလူသားလို့ နှစ်မျိုးကွဲသွားရတာပါ'

'လောကလူသားက အဝိဇ္ဇာတဏှာမြစ်ကို သဒ္ဓါတရားလှေသမ္ဗန်နဲ့ ဖြတ်ကူးတယ်၊ မိသားစု ဖြစ်တဲ့ လူတွေရော ရှာဖွေစုဆောင်းထားတဲ့ပစ္စည်းတွေရော လှေသမ္ဗန်နဲ့ အပြည့်တင်သွားတယ်၊ မကျွမ်းကျင်လှတဲ့ ပညာလှေ သမ္ဗန်ခတ်သမားက ဝီရိယတက်မ ထိုးဝါးနဲ့ လှော်ခတ်သွားတယ်'

'မြစ်လယ်ခေါင်ရောက်တော့ သဒ္ဓါတရား လှေသမ္ဗန် ဝမ်းဗိုက်ပေါက်သွားတယ်၊ အဝိဇ္ဇာ၊ တဏှာ ရေစီးသန်တော့ ဝီရိယတက်မ ထိုးဝါးလည်း ကျိုးသွားပါရော၊ သတိအထိန်းညံ့လွန်းတော့ အဝိဇ္ဇာ တဏှာရေတွေဝင်ပြီး သဒ္ဓါတရားလှေသမ္ဗန်မှောက်သွားတယ်၊ အားလုံး ဒုက္ခရောက်ကုန်ရောပေါ့၊ လောကလူသားတွေမှာ အဖိုးတန်တရားတွေ ဆုံးရှုံးတယ်ဆိုတာ လှေမှောက်ကုန်လို့ပါ'

## ၃၁။ ကျီးကန်းနှင့် ဥဩ

'လောကလူသားက ကျီးကန်းနှင့်တူတယ်၊ ဓမ္မလူသားက ဥဩငှက်နှင့်တူပါတယ်၊ လောကလူသားက အများအားဖြင့် အခိုးထုတ်တယ်၊ ဓမ္မလူသားကတော့ တန်ခိုးပဲထုတ်တယ်'

'ကျီးကန်းနှင့်ဥဩကို နှိုင်းယှဉ်ကြည့်လိုက်တော့ ငှက်ချင်းလည်းအတူတူပဲ၊ မည်းနက်တဲ့ အရောင်ချင်းလည်းအတူတူပဲ၊ ဒါပေမယ့် အသံကတော့ တခြားစီပါ၊ ကျီးကန်းမြည်လိုက်ရင် ပွက်ညံနေတာပဲ၊ မြည်သမျှ အပုပ်သံချည်းပါ၊ စည်းကမ်းလည်း မဲ့လွန်းပါတယ်၊ သူ့အသံကြားရသူတွေတောင် အပုပ်ခတ် ကူးတာခံရတယ်'

'လောကလူသားလည်း ကျီးကန်းလိုပဲ၊ နှုတ်ကထွက်လာသမျှ အပုပ်သံချည်းပဲ 'သားသမီးတွေ ကျွေးရပေးရတာ တစ်နေ့တစ်နေ့ဆို အများကြီးကုန်တာ၊ လောက်နိုင်တယ်ကို မရှိဘူး၊ ဟိုဟာ ကုန်လိုက်၊ ဒီဟာပျောက်လိုက်နဲ့ အရမ်းစိတ်ညစ်ဖို့ ကောင်းလိုက်တာ' အဲဒါ ကျီးကန်းသံမြည်ပြနေတာ၊ သူ့အသံ ကြားရသူတွေထံ အပုပ်ခတ်တွေကူးလာတတ်တယ်၊ ကိုယ့်ဟာကိုယ် ချစ်နည်းမသိတော့ ပုပ်လိုက်တာ'

'ဥဩငှက်မြည်လိုက်တော့ အေးအေးကလေးပဲ၊ အလွန်ချိုသာတယ်၊ နားထောင်ရသူတွေထံ အအေးခတ်တွေ ကူးစက်လာသလိုပဲ ခံစားရတယ်၊ သူ့အသံကြားရတာ နားလည်းချမ်းသာ၊ စိတ်လည်း ချမ်းသာပဲ'

'ဓမ္မလူသားလည်း ဥဩငှက်လိုပဲ၊ နှုတ်က ထွက်သမျှ ငြိမ်းချမ်းတဲ့အအေးသံချည်းပဲ၊ စိတ်က အေးချမ်းတော့ စိတ်ထဲရှိသလို အသံထွက်လာရတာကိုး' 'သားသမီးတွေ ကျွေးရ ပေးရတာ ပျော်စရာအလှူပွဲပါ၊ သူတို့ရှိနေလို့သာ အိမ်ထဲနေရင်း ဒါန၊ သီလ၊ ဘာဝနာတွေပြုခွင့်ရတာ၊ ကိုယ့်ခန္ဓာကျွေးတာ သီလ၊ သမာဓိ၊ ဝိပဿနာပါ၊ အမှိုက်ပုံးထဲ



www.burmeseclassic.com

www.burmeseclassic.com


အမှိုက်ပစ်တာ ဝိပဿနာပါ၊ ပန်းကန်ဆေးတာ ဝိပဿနာပါ၊ ပစ္စည်း သူခိုး အခိုးခံရလို့ ပျောက်တာ ဝိပဿနာပါ၊ နေမကောင်းတာ ဝိပဿနာပါ၊ ခန္ဓာကြီး သိပ်တာဝန်ကျေတယ်၊ သူ့မှာရှိတာ ပွင့်ပွင့်လင်းလင်း အကုန်ထုတ်ပြတယ်၊ တရားအသိ လက်ဦးတော့ တို့ဘဝများ အရတော်လိုက်တာ 'အဲဒါ ဥပြဲသံမြည်ပြနေတာ၊ သူ့အသံကြားရသူထံ အအေးဓာတ်တွေ ကူးစက်လာတယ်၊ ကိုယ့်ဟာကိုယ်ချစ်နည်း သိရပြန်တော့ တကယ်အေးချမ်းပါတယ်'

## ၃၂။ အသိမှန်ကန် အမြတ်ကျန်

'တစ်သိန်းပေးဝယ်ထားရတဲ့ ပစ္စည်းကို တစ်သောင်းနဲ့ ပြန်ရောင်းရရင် ရှုံးတယ်လို့ ပြောကြတယ်၊ ရှုံးတာမှ အကြီးအကျယ်ရှုံးတာတဲ့၊ ဒီလိုဆိုရင် အသိမမှန်ပဲ နေ့စဉ်နေ့စဉ် ထောင်တန် သောင်းတန် အကောင်းစား တွေချည်း ကျွေးပေးနေရတဲ့ ကိုယ့်ခန္ဓာကြီးက ဘာမှအဖိုးမတန်တဲ့ ဆင်းရဲတွေ၊ အပူတွေ၊ အစုတ်အနုတ်တွေ၊ အပုပ်တွေချည်း ပြန်ပေးနေမယ်ဆိုရင် အကြီးအကျယ် ရှုံးတယ်လို့ မဆိုနိုင်ဘူးလား'

'တစ်သိန်းတန်ကို တစ်သောင်းနဲ့ ရောင်းရတုန်းက ရှုံးတယ်ဆိုပေမယ့် ဆယ်ပုံတစ်ပုံတော့ ပြန်ရပါသေးတယ်၊ ကိုယ့်ခန္ဓာက ကိုယ့်ကိုပြန်ပေးတော့ အပုံတစ်ရာပုံတစ်ပုံတောင် ပြန်ရရဲ့လား၊ ပြန်ရဖို့အသာထား၊ အို၊ နာ၊ သေ ဒုက္ခမျိုးစုံနဲ့ ပြန်နှိပ်စက်တာပဲမဟုတ်လား၊ ဒီလိုဆိုတော့ အသိမမှန်ရင် ကိုယ့်ခန္ဓာကျွေးနေရတာက ပိုရှုံးပါတယ်'

'ကိုယ့်ခန္ဓာကျွေးတတ်ရင် သီလ၊ သမာဓိ၊ ဝိပဿနာ အဖိုးတန်တွေ ပြန်ရနိုင်ပါတယ်၊ အသိမှန်ရင် အဖိုးတန်အမြတ်ကျန်ပါတယ်၊ ကိုယ့်ခန္ဓာကျွေးရင်းနဲ့ လိမ္မာပါးနပ်စွာ တရားစွမ်းအားတန်ခိုး ဆွဲထုတ်ယူရုံပေါ့'

'ပြီးတော့ ကိုယ်ကအဖိုးတန် အကောင်းတွေပေးပြီး ကျွေးမွေးထားရတဲ့ သားသမီးတွေထံက အပူတွေပြန်ရမယ်ဆိုရင် ရှုံးတယ်ပဲဆိုရမှာပါ၊ မှန်ကန်တဲ့အသိနဲ့ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အမြတ်တွေ ကိုယ့်မှာကျန်အောင် ကျွေးတတ်၊ ပေးတတ်မှ ကိုယ့်ကိုကိုယ်ချစ် လူအစစ် ဖြစ်မှာပါ'

## ၃၃။ တရားအသိ လူ့မျက်စိ

'တရားအသိဆိုတာ လူမျက်စိတပ်ဆင်ပေးတာ' 'လုပ်သင့်-မလုပ်သင့်' 'လုပ်-မလုပ်' ကိုယ့်ဟာကိုယ် ဆုံးဖြတ်ခိုင်းတာပါ၊ ဆုံးဖြတ်တတ်အောင် လမ်းညွှန်ပေးတာ'

'နေ့စဉ် လူတွေလုပ်နေတဲ့အလုပ်ကို တူရာပေါင်းလိုက်ရင် ရှိဖို့နဲ့သိဖို့ နှစ်ခုတည်းပါ၊ လူတွေက သိဖို့ထက်ရှိဖို့ ပိုအားသန်ကြတယ်၊ သိဖို့အလုပ်ကို ရှိဖို့အလုပ်လောက် သိပ်စိတ်မဝင်စားကြဘူး'

'တကယ်တော့ သိဖို့ကပဓာနပါ၊ အသိမှန်မှ အလုပ်မှန်မယ်၊ အလုပ်မှန်မှ အရှိမှန်မှာပါ၊ ရှိသင့်တာမရှိရင် ပူရသလို မရှိသင့်တာတွေရှိနေရင်လည်း ပူရတတ်တာပါပဲ၊ အသိမှန်ရင် ကိုယ့်ကိုကိုယ်ချစ် လူအစစ်ပုံစံနဲ့ ရှိသင့်တာရှိအောင်၊ ပြည့်စုံလုံလောက်အောင်၊ မရှိသင့်တာ မရှိအောင်၊ ကင်းရှင်းအောင်၊ စွမ်းဆောင်နိုင်ပါတယ်'

## ၃၄။ မသိရင်ညံ့တယ်

'ဉာဏ်မျက်စိဖွင့်ပေးတဲ့ သာသနာဆိုတာ ဘဝကမ္ဘာသိန်းပေါင်းများစွာကြာလို့ တစ်ခါတွေ့ဖို့ မလွယ်ဘူး၊ တကယ်တွေ့ခွင့်ရရင် နိဗ္ဗာန်ရောက်သည်အထိ သုံးမကုန်နိုင်တဲ့စွမ်းအားတွေ ထုတ်ယူဖြည့်ကျင့်ခွင့် ရသွားတယ်'

'သာသနာနှင့်တွေ့တုန်း 'ကိုယ်ဟာ ဘယ်လောက်စွမ်းတယ်' လို့မှ သိခွင့်မရရင် 'ကိုယ့်မှာ ဘာရှိတယ်' လို့မှ မသိလိုက်ရရင် အလွန်ညံ့တဲ့လူ ဖြစ်သွားမှာပဲ'

'လောဘ၊ ဒေါသ၊ မောဟနဲ့ အမြဲမခွဲတမ်း တွဲနေရင် ကိုယ့်အစွမ်း ဘာမှမသိရတော့ဘူး၊ ကိုယ့်မှာ ဘာရှိနေမှန်း သိခွင့်ရမှာ မဟုတ်တော့ဘူး'

'ဒါကြောင့် ဘုရားက 'ကိုယ့်အစွမ်း ကိုယ်သိချင်ရင်၊ ကိုယ့်မှာရှိတာ အမှန်အတိုင်းသိချင်ရင် လောဘ၊ ဒေါသ၊ မောဟကိုခွာပြီး စိတ်ငြိမ်အောင်၊ ငြိမ်းချမ်းအောင်လုပ်ကြ ' တဲ့၊ သတိနဲ့ ဝီရိယ တွဲပေးလိုက်ရုံပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



## ၃၅။ အချိန်ထိန်းကိရိယာ

'လူ့ဘဝသက်တမ်းက ဆယ်ဂဏန်းပဲရှိတာ တိုတိုကလေးရယ်၊ လုပ်ရမယ့်အလုပ်က နိဗ္ဗာန်မင်္ဂဖိုလ်ထိ အားယူရမှာဖြစ်လို့ လုပ်ငန်းပမာဏ သိပ်ကြီးကျယ်တယ်၊ များလည်းများတယ်၊ အချိန်နှင့်အလုပ် ခွဲဝေကြည့်ရင် မလောက်တော့ဘူး'

'ဒီတော့ အချိန်တိုတိုနဲ့အလုပ်ပြီးဖို့ အချိန်ထိန်းကိရိယာ သမာဓိ အထူးလိုအပ်လာတယ်၊ စိတ်ကို ငြိမ်သက်ငြိမ်းချမ်းစွမ်းအားတက်စေတဲ့ သမာဓိရှိလာရင် စားဝတ်နေရေး ခန္ဓာတာဝန်နှင့် တရား တွဲမိသွားတယ်၊ တစ်ချိန်တည်း နှစ်ကိစ္စပြီးအောင် လုပ်နိုင်တာဖြစ်လို့ အချိန်ခြိုးခြံချွေတာတယ်လို့လည်း ဆိုနိုင်တယ်'

'ရေတွင်း ရေကန်ရှိရာ ရေခပ်သွားမယ်ဆိုရင် ပုံးတို့၊ အိုးတို့လုံမှ အိမ်ကိုရေရောက်အောင် ခပ်နိုင်တယ်၊ နေ့စဉ် သတိ သမာဓိနဲ့ စိတ်ကိုလုံအောင် ဖာထေးပေးမှ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေထဲ တရားရေရအောင် ခပ်ယူနိုင်မယ်'

## ၃၆။ ကလေးတွေ အလိုမလိုက်နဲ့

'လောဘဒေါသမောဟဆိုတာ ကလေးကလားဆန်တဲ့ ပေါ်တောတော ကြောင်တောင်တောင် စိတ်ကိုဖြစ်စေတတ်လို့ ကလေးသူငယ်တွေနှင့်တူတယ်၊ အိမ်ထဲ ကလေးတွေ သိပ်အလိုလိုက်ရင် မိဘလက်ထဲ ကိုင်ထားတဲ့ ငွေစက္ကူကိုလည်း ဆွဲဆုတ်ပစ်တတ်တယ်၊ အဖိုးတန်ပစ္စည်းတွေကိုလည်း ရိုက်ချိုးဖျက်ဆီးခွဲပစ်တတ်တယ်'

'ဒါမျိုးလိုပဲ လောဘ ဒေါသ မောဟတွေ အလိုလိုက်နေရင် ရပြီးသား သီလ၊ သမာဓိ၊ ပညာအဖိုးတန်တွေကို ဆွဲဆုတ်ရိုက်ချိုးဖျက်ဆီးပစ်တတ်တယ်၊ နောက်ထပ် အဖိုးတန်တရားစွမ်းအားတွေ မရအောင်လဲ နှောင့်ယှက်တတ်တယ်'

'ကြည့်လေ . . အတိတ်ဘဝများစွာက ဈာန်သမာဓိတွေရခဲ့တာ အခု မရှိတော့ဘူး၊ ဒီကလေးတွေ ဖျက်ဆီးပစ်တာပဲ၊ သိပ်အလိုလိုက်ခဲ့တာကိုး၊ ဟဲ့ . . လောဘ မင်း ဖြစ်ချင်သလောက်ဖြစ်ဟ . . ဒေါသဖြစ်ချင်သလို ဖြစ်လိုက်စမ်း ဟဲ့ . . မောဟ မင်းသဘောပဲလို့ အလိုလိုက်ခဲ့တော့ ရခဲ့ပြီးတဲ့ လောကီ ဈာန်တန်ခိုးတွေ ဖျက်ဆီးပစ်တာခံရတယ်၊ နောက်ထပ်ရအောင် အားထုတ်မယ်ဆိုတော့လည်း ဒီကလေးတွေကို မထိုးဖောက် မကျော်လွန်နိုင်တော့ဘူး'

'လူကြီးစိတ်ထားမှ တရားကြီးကြီးတွေ ရနိုင်မှာပါ၊ သတိ၊ ဝီရိယ၊ သမာဓိဉာဏ် လူကြီးစိတ်တွေ မကြာမကြာဖြစ်အောင် တိုးအောင် လေ့ကျင့်ပေးနေရင် ဒီကလေးကလား အပူငွေ့တွေကို ကန့်ပေးနိုင်မယ်၊ သန့်ပေးနိုင်မယ်၊ အရှိန်သတ်ပေးနိုင်မယ်၊ လျှော့ပေးနိုင်မယ်၊ နောက်တော့ တစ်စ တစ်စ ပယ်နိုင်မှာပါ၊ အကောင်းနဲ့ အစားမထိုးနိုင်ရင် သူတို့ကတော့ ဆိုးနေမှာပဲ'

## ၃၇။ ဘာလဲဟဲ့ လောကဓံ ခံနိုင်မှုစွမ်းရည်

'လောကဆွေမျိုးမိတ်ဆွေတွေက အခါအားလျော်စွာ ခွဲထားလို့ရပေမယ့် တရားနှင့် လူကတော့ ဘယ်အခါ ဘယ်အကြောင်းကြောင့်မှ ခွဲထားလို့မရဘူး၊ တစ်နေ့မှ လူနှင့်တရား ခွဲမနေသင့်ဘူး၊ တရားနှင့်လူ ကွဲသွားရင် (နွားကွဲတော့ကျားကိုက်တတ်သလို) လောကက (လောကဓံတွေက) လူကို ရန်စလာတတ်ပါတယ်၊ တရားမပါရင် လူဟာ ကောင်းတာ ဆိုးတာ ဘာမှမခံနိုင်ဘူး'

'လောကမှာ သက်မဲ့၊ သက်ရှိ ဘယ်အရာမဆို ခံနိုင်မှုစွမ်းရည်ကိုယ်စီရှိကြတယ်၊ ကိုယ့်မှာရှိနေတဲ့ ခံနိုင်ဝန်ထက် ကျော်လွန်သွားရင် တစ်မျိုးတစ်ဖုံ ပြောင်းလဲဖောက်ပြန်သွားရတာချည်းပဲ'

'ခံနိုင်ဝန်ထက်ကျော်သွားရင် ကျောက်တုံးကြီးတောင် အစိတ်စိတ်အမြွာမြွာ ကွဲသွားရတယ်၊ သံချောင်းကြီးတွေ သံတုံးကြီးတွေတောင် ကွေးကောက်အရည်ပျော်သွားရပါတယ်'



www.burmeseclassic.com

www.burmeseclassic.com


'တစ်တန်ခံနိုင်ဝန် အင်အားမျှသာရှိတဲ့ တံတားပေါ်မှာ ၃-တန်ကား၊ ၅-တန်ကားတွေ ဖြတ်သွားရင် တံတားလည်းကျိုး ကားလည်းမှောက် လူလည်းဒုက္ခရောက်မှာပဲ'

'ပစ္စည်းနှင့်ငွေလောက်၊ ဆွေမျိုးနှင့် ရာထူးလောက်ကိုသာ ခံနိုင်ဝန်အဖြစ် တည်ဆောက်ထားသူမှာ ဘာခံနိုင်ရည်မှမရှိဘူး၊ လူကိုနိုင်တာ လောကဓံပါ၊ လောကဓံဆိုတာ အချိန်နေရာပမာဏ စည်းကမ်း သတ်မှတ်ချက် မရှိဘူး၊ အချိန်မရွေး နေရာမရွေး သူလာချင်သလောက်လာမှာ၊ လာချင်သလိုလာမှာ'

'ကိုယ့်မှာရှိတဲ့ လူ့ခံနိုင်ဝန်ထက် ကျော်တဲ့ လောကဓံတွေ စည်းမဲ့ကမ်းမဲ့ စိတ်မှာ ဖြတ်သန်း ချလိုက်ရင် လူ့စိတ်တွေ ကျိုးပေါက်တိမ်းမှောက်ကုန်မယ်၊ ရူးမတတ် လူးလိမ့်ခံရလိမ့်မယ်၊ ချက်ချင်း အရူးဖြစ်သွားနိုင်တယ်'

'ခံနိုင်ဝန်များစွာနဲ့ တည်ဆောက်ထားတဲ့ တံတားကြီးပေါ်မှာ ဘယ်ကားကြီးတွေမဆို ဖြတ်သန်းလို့ရတယ်၊ ခံနိုင်ဝန်ထက် မကျော်သမျှ ဘာပဲဖြတ်သွားဖြတ်သွား ခံနိုင်ပါတယ်'

'သီလ သမာဓိ ဝိပဿနာတရားစွမ်းအားဆိုတာ လူ့ခံနိုင်ဝန်အင်အား တည်ဆောက်မြှင့်တင်ပေးခြင်း ဖြစ်တယ်၊ တရားစွမ်းရည်များများ လေ့ကျင့်ထားသူဟာ တော်တော်ကြီးမားတဲ့ လောကဓံဒုက္ခကြီးတွေ ဖြတ်သန်း သွားတာတောင် ခံနိုင်ရည်ရှိတယ်၊ ဣန္ဒြေမပျက်ဘူး၊ ပြောင်းလဲမသွားဘူး၊ တရားဟာ လောကထဲမှာ အား အကောင်းဆုံးပဲ၊ လောကကို အနိုင်ယူဖို့ပဲ တရားပေါ်လာတာကိုး'

'ကျောက်ဆောင်တွေ, ကျောက်တုံး ကျောက်ခဲကြီးတွေအောက်မှာရှိနေတဲ့ ရေကန်အနက်ကြီးထဲမှာ ရေကန်ထဲ ရေတစ်ပေါက်မှ မရှိတဲ့အချိန်၊ ရေအလွန်နည်းနေတဲ့အချိန် အပေါ်ကနေ ဒိုင်ဗင်ထိုးချလိုက်ရင် ထိပ်ပေါက် ခေါင်းကွဲ သွေးတွေရဲပြီး ရုပ်ပျက်၊ ဆင်းပျက် ဒုက္ခသည်ကြီး ချက်ချင်းဖြစ်သွားမယ်'

'ကိုယ့်မှာ ဘာတရားရေမှမရှိဘဲ လောကဓံ အာရုံတွေကြားထဲ ဒိုင်ဗင်ထိုးသလို ပြေးလွှားရုန်းကန်နေရင် စိတ်တွေပေါက်ကွဲ ဒုက္ခပွဲကြီး ကြုံရတတ်တယ်'

'ရေများများရှိနေတဲ့အချိန် ရေကန်ထဲ ဒိုင်ဗင်ထိုးလိုက်ရင် ရေများတော့ ကျောက်ဆောင်ရှိပေမယ့် လူနှင့်မထိဘူး၊ စိတ်ကြိုက် အစွမ်းပြနိုင်တယ်'

'တရားရေများများရှိထားရင် တရားက လောကကိုနိုင်တာဆိုတော့ လောကအာရုံတွေကြားထဲ တည်တည်ငြိမ်ငြိမ် ခံနိုင်ရည်ရှိပါတယ်၊ တရားနှင့်ခန္ဓာတာဝန်လည်း တွဲမိသွားမယ်၊ ဘဝ အနေလည်း ရှင်းသွားမယ်'

## ၃၈။ လူ့သူငယ်ချင်းအစစ်

'ဒုက္ခဆိုတာ ငယ်ငယ်တုန်းကစ ကိုယ်နှင့်အတူပါလာတာဖြစ်လို့ တကယ့်သူငယ်ချင်းကြီးပါ၊ မွေးဖွား ကတည်းကစ အတူပါလာခဲ့တဲ့ လူ့သူငယ်ချင်းအစစ် ဖြစ်ပါတယ်'

'အဲဒီ သူငယ်ချင်းဒုက္ခနှင့် နေ့တိုင်းရင်းနှီး အကျွမ်းဝင်အောင်လုပ်ရမယ်၊ ဘုရား တရား နေ့စဉ် လက်ဦးထားသူဟာ မျက်နှာပန်းလှသွားတာဖြစ်လို့ ဒုက္ခက လူကိုလေးစားတတ်ပါတယ်၊ တရားမျက်နှာကြီးရင် ဒုက္ခက လူကို ရင်းရင်းနှီးနှီး လေးလေးစားစား နှုတ်ဆက်တတ်ပါတယ်'

'တရားမျက်နှာကြီးတော့ 'ဒုက္ခက လူကို နှိပ်စက်တာမဟုတ်ဘူး၊ ရန်လုပ် နှောင့်ယှက်တာမဟုတ်ဘူး' တဲ့၊ 'လူ့စွမ်းအားတရားတွေ မြန်မြန်လည်းရအောင်၊ များများလည်းရအောင် တွန်းအားပေးကူညီနေတာ' တဲ့၊ တရားမမေ့ရအောင် လူသွားလမ်းမပျောက်ရအောင် သတိပေး နှိုးဆွနေတာ'

'လူ့ဒုက္ခဆိုတာ သုခရဲ့ဝင်ပေါက်ပဲ၊ သုခဝင်လာတော့မလို့ တံခါးခေါက်တာ၊ သဒ္ဓါတရား တံခါးဖွင့်ပေးလိုက်ရုံပဲ၊ ဒုက္ခဆိုတာ သုခရဲ့ကုန်ကြမ်းတွေ၊ တရားနှင့်စိတ်အားတင်းပြီး သူငယ်ချင်းဒုက္ခကို ပြုံးပြုံးကလေး ပြန်နှုတ်ဆက်လိုက်ရုံပဲ'

'ဘုရားတရား လက်မလွှတ်ရဲတာ တရားမမေ့ရဲတာဟာ ဒုက္ခကျေးဇူးကြောင့်ပါ၊ အဖိုးတန်တရား လူ့ဘဝအနှစ် မျက်ခြည်မပြတ်အောင် ကူညီပေးနေတာဖြစ်လို့ တကယ်တော့ ဒုက္ခဆိုတာ လူ့ကျေးဇူးရှင်


www.burmeseclassic.com

www.burmeseclassic.com


အစစ်ပါ၊ အရင်းနှီးဆုံးဆက်ဆံရမယ့် လူ့သူငယ်ချင်းပါ၊ တရားမျက်နှာငယ်သွားရင်တော့ ဒုက္ခက ရန်လုပ်နေသမျှ လူးလိမ့်ခံနေရမယ်'

## ၃၉။ တရားစွဲရမယ်

'ဘာပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အလိုမကျရင်၊ ကိုယ့်ကိုနှောင့်ယှက်ရင်၊ ကိုယ့်ကို ဆန့်ကျင်ဖက် လုပ်ရင် တရားစွဲဖို့အဆင်သင့်လုပ်ထား၊ လောကဖက်က တရားစွဲတယ်ဆိုတာ ရုံးတင် အမှုလုပ်တာ၊ အပ္ပတစ်ခုကို အပ္ပ - ၁၀၀ မက ပွားယူတာပါ၊ သာသနာဘက်က တရားစွဲတာက ဝိပဿနာတရား ကိုင်စွဲပြီး ငြိမ်းအောင် လုပ်တာဖြစ်တယ်'

'ကိုယ့်ခန္ဓာလည်း ကိုယ်မလိုချင်တဲ့ အို၊ နာ၊ သေ ဒုက္ခ အပူမျိုးစုံပေးနေလို့ အမြဲ ဆန့်ကျင်ဖက်လုပ်တယ်၊ ကိုယ့်ဆွေမျိုးတွေလဲ ကိုယ်မလိုချင်တဲ့အပူတွေပေးနေလို့ ဆန့်ကျင်ဖက်လုပ်သလိုပဲ ဖြစ်နေတတ်တယ်၊ ကိုယ့်ပစ္စည်းတွေလည်း ကိုယ့်အလိုမလိုက်လို့ ဆန့်ကျင်ဖက်လုပ်တာပါပဲ၊ ဒါတွေအားလုံး တရားစွဲမှုဖြစ်မယ်'

'သတိဉာဏ်ရှိရင် တရားစွဲတတ်ပါတယ်၊ အိမ်ထဲက သက်မဲ့သက်ရှိအားလုံး ဝိပဿနာရဲ့ ကုန်ကြမ်းတွေချည်းပဲ၊ ရသမျှပြောရင် ဒါန၊ သီလ၊ သမာဓိ ဝိပဿနာရဲ့ ကုန်ကြမ်းတွေပါ၊ ဉာဏ် လက်နိပ်ဓါတ်မီးထိုးပြီး လိုတာထုတ်ယူရုံပဲ'

'ဒါတွေဟာ ဉာဏ်မရှိရင် ဟိုဖက်ရောက်သွားပြီး ဉာဏ်ရှိပြန်တော့ အကုန်လုံး ကိုယ့်ဖက်ကချည်းကွဲ့၊ လူဟာ အသိဉာဏ်ထူးခြားပေမယ့် အသိဉာဏ်ကို လောဘ၊ ဒေါသ၊ မောဟတွေက ဖုံးအုပ်ထားတော့ သတိ၊ ဝီရိယ၊ သမာဓိအားနဲ့ ဖွင့်ယူရတယ်၊ အိပ်ရာထလာတာနဲ့ ဘုရားတရား လက်ဦးနေဖို့လိုတယ်'

'အသိစိတ်ရှင်းလာရင် အိမ်ထဲမှာ ဒါန၊ သီလလောက်တော့ အသာလေးပဲ၊ မိသားစု ကျွေးမွေး ပေးကမ်းနေရတာ ဒါန၊ ကြီးကျယ်တဲ့သမာဓိအတွက် အချိန်မပေးနိုင်ရင်တောင် စိုက်ကနဲ စိုက်ကနဲ စူးစိုက်နေရတဲ့ သမာဓိ အငယ်စားလောက်တော့ရအောင် လေ့ကျင့်နိုင်တယ်'

'လူဆိုတာ လုပ်သမျှ အရည်အသွေး စွမ်းအားပါဝင်နေမှ ခုရော နောင်ပါ စိတ်အေးရမှာ၊ နေ့စဉ် ဘာတစ်ခုမှရပ်မနေဘဲ ကုန်ဆုံးပျောက်ပျက် ပြောင်းလဲနေပုံတွေ ကိုယ်မလိုတာရလို့ ကိုယ်လိုတာ မရတာတွေ၊ ကိုယ့်အလိုနဲ့ ဆန့်ကျင်ဘက်ဖြစ်နေပုံတွေအားလုံးဟာ သတိဉာဏ် သွင်းကြည့်လိုက်ရင် ဉာဏ်ရင့်ဖို့ အကြောင်းတွေချည်းပဲ၊ အပူငြိမ်းချမ်းပြီး စွမ်းအားတွေပဲ ကျန်နေခဲ့ပါတယ်'

'အပြောင်းအလဲ အကုန်အကျတွေ၊ အထစ်အငေါ့ အဖုအထစ်တွေ၊ ကသိကအောက် ကမောက်ကမတွေ တွေ့ရကြုံရသမျှ သတိဉာဏ်သွင်းပြီး ဝိပဿနာနဲ့ တရားစွဲလိုက်ရင် အကုန်ငြိမ်းအေးသွားတယ်၊ ခံနိုင်ရည်အားလည်း မြင့်မားသွားတယ်'

'တရားဗဟုသုတရှိတဲ့ ဒေါ်မြဆိုတဲ့ ယောဂီကြီးဟာ နေ့စဉ် ခန္ဓာဉာဏ်စိုက် တရားအလုပ် အားထုတ်ထားတော့ သူ့ရဲ့သားသမီး မြေးတွေကို ပြောဆိုလို့မရရင် အာဏာဖီဆန်ရင် သားသမီး မြေးတွေကို တရားစွဲပစ်လိုက်တယ်၊ သူ့တရားစွဲပုံက 'နင်တို့ ငါပြောရင် သိပ်အာဏာဆန်တယ်၊ ငါ့ခန္ဓာကိုယ်ကြီးနှင့် သိပ်တူတာပဲ' တဲ့၊ ဝိပဿနာအသိဉာဏ်နှင့် ပြောတဲ့စကားပဲ၊ ကိုယ့်ခန္ဓာ ဘယ်လောက် အာဏာဆန်တယ်ဆိုတာ ဝိပဿနာရှုနေမှ သိရမှာပါ၊ တရားစွဲလိုက်တော့ စိတ်မဆိုးဘဲ ငြိမ်းအေးသွားတယ်'

## ၄၀။ နေ့တိုင်း တီဗွီကြည့်ပါ

'ကိုယ့်ခန္ဓာ ရုပ်မြင်နာမ်ကြားစက်ကြီးက အဆက်မပြတ် ထုတ်လွှင့်နေတဲ့သတင်းမှန်တွေ သိရဖို့ သတိဉာဏ်ဦးဆောင်တဲ့ ဝိပဿနာဉာဏ်နဲ့ ခန္ဓာတီဗွီ နေ့စဉ်ကြည့်ပေးပါ၊ သတင်း အဆက်အသွယ်မပြတ်မှ တရားအနှစ်တွေ အချိန်မီအမြန်ရနိုင်မယ်၊ အချိန်ပိုင်းလေးတွေနဲ့ အချိန်ယူပြီးတော့လည်း ခန္ဓာတီဗွီကို ဉာဏ်စိုက်ကြည့်ပါ၊ အိပ်ရာထချိန်မှ အိပ်ရာဝင်ချိန်အတွင်း စားသောက် သွားလာ လုပ်ကိုင်လှုပ် ရှားနေသမျှ ဉာဏ်သွင်းထားရင် သတင်းအဆက်အသွယ်မပြတ်ပါဘူး၊ ကိုယ့်သတင်းမှန်ကိုမှ ကိုယ်မသိလိုက်ရရင် သိပ်နစ်နာသွားမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com


## ၄၁။ နေ့တိုင်း ဘောလုံးကန်ပါ

'ခန္ဓာဘောလုံးကွင်းမှာ စိတ်ဘောလုံးကို ကိုယ်ကနိုင်အောင် လုကန်ပါ၊ ကိုယ့်အဖြူသင်းဘက်က ပေါ့ဆသွားရင် အမည်းအသင်းဘက်က အပူအရှုပ် ဒုက္ခဂိုးပေါင်းများစွာ သွင်းသမျှ ခံနေရမယ်၊ ကိုယ့်ဘက်ကလည်း ပြန်မသွင်းနိုင်၊ သူ့ဘက်က ဂိုးသွင်းတာကိုလည်း မဖမ်းနိုင်ရင် 'ဗုဒ္ဓဘာသာဝင် လူတစ်ယောက်ပါ' လို့ ပြောပြရမှာတောင် ရှက်စရာကြီးကွဲ့၊ ရှိသာရှိ မသိတဲ့ လူ့ဘဝဟာ အလွန်း၊ နလွန်း၊ ဖျင်းလွန်းပါတယ်ကွယ်'

'သတိဂိုးသမားကောင်းပါစေ၊ သတိနဲ့ အဖြူသင်းတစ်သင်းလုံးထိန်းထား၊ အမြန်နှိုးဆော်ပေး၊ သီလ၊ သမာဓိ၊ ပညာ အတန်း သုံးတန်း အပေးအယူ အချိတ်အဆက်မိပါစေ၊ သဒ္ဓါ၊ ဝီရိယ၊ ပညာ လှုပ်ရှားမှုမှန်ပါစေ၊ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးလှုပ်ရှားမှု အားလုံး နည်းလမ်းမှန်ပါစေ၊ ပညာရှေ့တန်းကနေပြီး သတိ၊ ဝီရိယ၊ သမာဓိအားနဲ့ ဒါနဂိုး၊ ဝေယျာဝစ္စ သီလဂိုး၊ သမာဓိဂိုး၊ ဝိပဿနာဂိုး များများရအောင်သွင်းပေး'

'အမည်းသင်းဘက်က ကန်သွင်းလိုက်သမျှ အပူအရှုပ် ဒုက္ခဂိုးတွေကို သတိဂိုးသမားက ဉာဏ်အကူအညီနဲ့ ဝိပဿနာစွမ်းရည်ပေါ်အောင် ရှုမှတ်ပြီး အမိဖမ်းယူပါ'

'အမည်းသင်းဘက်က သွင်းလာသမျှ မိအောင်ဖမ်း၊ ကိုယ့်အဖြူသင်းဘက်က သတိဉာဏ်နဲ့ တစ်ဂိုးပြီးတစ်ဂိုးရအောင် ဆက်တိုက်သွင်း၊ အလုပ်သာများပစေ၊ မရှုပ်စေနဲ့၊ ဘယ်သူ့ထံမှ ပြန်မအပ်ရတဲ့ နိဗ္ဗာန်ရောက်ကြောင်း ငြိမ်းအေးချမ်းသာကြောင်း တရားစွမ်းရည် ကိုယ်ပိုင်ဒိုင်းဆုကို အရယူပြီး ဘဝကို အနိုင်ယူပါ၊ ဒါမှ 'ကိုယ့်ကိုကိုယ်ချစ် လူအစစ်' ဖြစ်ခွင့် ရသွားမယ်၊ ကဲ . . ဒါပဲ၊ ပြန်ကြတော့'

မောင်ထူးနဲ့မအေး ပြောမပြတတ်လောက်အောင် ဝမ်းသာလိုက်လေခြင်း၊ တရားနာတာက အားဆေးဆိုတော့ အားလည်းတက်သွားလိုက်တာ၊ ဒါမျိုး အသိနောက်ကျသွားလိုက်တာလို့တောင် ထင်သွားကြတယ်။

မောင်ထူးနဲ့ မအေးတို့ ဘဝအမြင်ရှင်းသွားကြပြီ။ ဘဝအနေတတ်သွားကြပြီ။ ဘဝအနှစ်ထုတ်ယူတတ်ကြပြီ။ ခုရောနောင်ပါ လုံလည်းလုံ၊ လောက်လည်းလောက်အောင် ဉာဏ်ဦးဆောင်ပြီး ကောင်းမှုတရား ကြိုးစားတတ်လာတယ်။ ကိုယ်လည်းကောင်းကောင်း နေထိုင်ကျင့်သုံးပြတယ်။ သားသမီးတွေကိုလည်း ဖွဲ့ရှိရှိ စည်းရုံးတယ်။ နောက်တော့ အောင်မြင်တယ်။ နေ့စဉ် နံနက် အိပ်ရာထတာနဲ့ ရတနာသုံးပါးအားနဲ့ တရားတံခါး ဖွင့်ထားလိုက်တယ်။ တစ်အိမ်လုံးလည်း ကျက်သရေရှိလို့ လောကသာသနာ နေရာတကာ အဝင်ဆံ့တဲ့ အဖိုးတန်အဆင့်မြင့်လူတွေ ဖြစ်သွား ကြပါတယ်။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၄ - ခုနှစ်၊ တပို့တွဲလ ( ၂၀၀၃-ခု၊ ဖေဖော်ဝါရီလ )



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ မွေလက်ဆောင် (၁၈)

# အသိမှန်ကန် ကိုယ့်ဗိုက်ကျန်

## နမော ယထာဘူတ ဉာဏဿ

သမာဓိ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။

(သံ - ၃ - ၃၆၃)

### ၁။ အသိမှန်ကန်ကိုယ့်ဗိုက်ကျန်

- **ခန္ဓာစုတ၊ မြေကျွေးရ၊ ဒုက္ခအပူ တိုးရုံသာ။**
- **ပစ္စည်းစုမှု၊ ဘုံဆိုင်ဟူ၊ထိုက်သူသုံးကြပါ။**
- **အနေမရဲ၊ သေမရဲ၊ အမြဲကြောက်ရပါ။**
- **တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချ စိတ်အေးပါ။**
- **အနေလည်းရဲ၊ အသေရဲ၊ အမြဲ ကိုယ့်နောက်ပါ။**
- **အသိမှန်ကန်၊ ကိုယ့်ဗိုက်ကျန်၊ ကေန်စိတ်ချမ်းသာ။**
- **မှန်သားမစင်၊ မကြည်လင်၊ မထင်အရိပ်မှာ။**
- **စိတ်မကြည်လင်၊ မသန့်စင်၊ အမြင်မရှင်းပါ။၏**
- **မှန်သားကြည်လင်၊ အရိပ်ထင်၊ အမြင်ပြတ်သားပါ။**
- **စိတ်တည်ငြိမ်ဘိ၊ အမှန်သိ၊ အရှိအတိုင်းသာ။**

လူ့လောကမှာ ဖို့ (၃) ဖို့ရှိပါတယ်၊ (၁) မြေကျွေးဖို့ ခန္ဓာစုတာ (၂) ထိုက်သူတွေသုံးဖို့ ပစ္စည်းရှာဖွေစုဆောင်းတာ (၃) ကိုယ်ပိုင်ရဖို့ တရားရှာဖွေ စုဆောင်းကြိုးစားတာ၊ အဲဒီ (၃) ဖို့ပဲ၊ ကောင်းမှုတရားစိတ်စွမ်းအားတွေ တိုးပွားအောင် မကြိုးစားဘဲ ကျွေးရုံသာ ကျွေးနေရင်၊ ပြီးတော့ ခန္ဓာကို ကိုယ့်တာဝန်ကို မထမ်းစေဘဲ ကိုယ်ကသာ ခန္ဓာတာဝန်ကို ထမ်းဆောင်နေရင် ခန္ဓာကိုစုနေတာပါ၊ ခန္ဓာစုတာဟာ မြေကြီးတိုးအောင် ကျွေးဖို့သာဖြစ်သွားမှာပါ။ ဒုက္ခအပူတွေလည်း အရှိန်အဟုန် တိုးလာမှာပဲ၊ ဒုက္ခအပူဆိုတာ အသက်ကြီးရုံ အချိန်ကုန်ရုံနဲ့ အလိုအလျောက် ယုတ်လျော့သွားတာ မဟုတ်ဘူး၊ တရားနဲ့ အင်အားပြပေးမှ နောက်ဆုတ်သွားမှာဖြစ်တယ်။

ခန္ဓာက တာဝန်ပေးထားတဲ့ ပစ္စည်းဥစ္စာရှာဖွေစုဆောင်းတာက ထိုက်သူတွေသုံးဖို့သာ ဖြစ်တယ်၊ ကိုယ်စုဆောင်းထားတဲ့ ပစ္စည်းကို ကိုယ်ပဲသုံးရလိမ့်မယ်လို့ ကေန်တွက်ထားလို့ မရပါဘူး။ ရန်သူမျိုးငါးပါး လက်ဦးချင်လည်း လက်ဦးလိမ့်မယ်၊ ကိုယ်ကရင်လည်း အရင်ပစ္စည်းနဲ့ ခွဲချင် ခွဲရလိမ့်မယ်၊ ပစ္စည်းကျရင်လည်း အရင်ကိုယ်နဲ့ ခွဲချင်ခွဲသွားလိမ့်မယ်၊ ကိုယ်ထိုက်သလောက်ပဲ ကိုယ်သုံးရမယ်၊ သူများနဲ့ ထိုက်သလောက် သူများတွေ သုံးသွားကြမှာပါ၊ ပစ္စည်းဆိုတာ အများနဲ့ဆက်ဆံတဲ့ ဘုံဆိုင်ဆိုတော့ ထိုက်သူသုံးဖို့ ပစ္စည်း ရှာပေးနေရတာ ဖြစ်တယ်။

ခန္ဓာနဲ့ ပစ္စည်းဟာ အရေးကြုံရင် ကိုယ့်ဘက်ကလည်း မရပ်တည်ဘူး၊ အာမလည်းမခံ တာဝန်လည်း မယူဘူး။ ဒါကြောင့် ခန္ဓာကို အလိုလိုက်ရုံ ပစ္စည်းစုရုံနဲ့တော့ အနေလည်းမတတ် အနေလည်းမရဲ၊ အသေလည်းမတတ် အသေလည်း မရဲသေးပါဘူး၊ ကြောက်မြဲ ကြောက်နေရဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုတရားကို စိတ်အားထက်သန်စွာ စုဆောင်းထားမှ ကိုယ်ပိုင်ရလို့ စိတ်အေးရမှာ ဖြစ်တယ်။ စိတ်တကယ် ကောင်းနေမှရနိုင်တဲ့ ကောင်းမှုတရားကတော့ အရေးကြုံတိုင်း ကိုယ့်ဘက်က ရပ်တည်တယ်၊ အာမလည်းခံတယ်၊ တာဝန်လည်းယူတယ်၊ ဘဝကူးလက်မှတ်ထုတ်ပေးတယ်၊ နိဗ္ဗာန်ကူး လက်မှတ်ကိုပါ အပ်လိုက်တယ်၊ အရိပ်ပမာကိုယ်နှင့် ထပ်ချပ်မကွာ ရှိနေတယ်၊ ဒါကြောင့် အနေလည်းတတ်၊ အနေလည်းရဲတယ်၊ အခက်အခဲမှန်သမျှ အဖြေလည်းတတ်တယ်၊ ပြီးတော့ အသေလည်းတတ် အသေလည်း ရဲပါတယ်။

လောကမှာ အရောင်းအဝယ် လုပ်ရင် “ဘယ်လောက်ကျန်သလဲ” လို့ မေးတတ်ကြတယ်၊ အမြတ်အစွန်းကိုမေးတာဖြစ်မှာပါ။ ကိုယ့်အတွက် တကယ်ကျန်ရမယ့် အမြတ်အစွန်းက ကိုယ့်ကို အာမခံ တာဝန်ယူမယ့် တရားပါ။ ပစ္စည်းအမြတ်အစွန်းက ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းအတွက် ပြန်ကုန်သွားမှာပါ။ တရားအမြတ်ကျန်ဖို့ မှန်ကန်တဲ့ အသိဉာဏ်ကို အထူးလိုအပ်ပါတယ်။

သန့်စင်မှန်ကန်တဲ့ အသိဉာဏ်ကိုရဖို့ သတိဝီရိယတရားနဲ့ သမာဓိအားကို ထုတ်ဖော် မြှင့်တင်ကြရပါတယ်။ သမာဓိစွမ်းအားနဲ့ စိတ်အညစ်အကြေးတွေကို သန့်စင်ဆေးကြောပေးနိုင်မှ အမှန်သိမြင်နိုင်တဲ့ ဉာဏ်ပေါ်ပေါက်လာနိုင်မယ်။ မှန်သားလည်းမကောင်း ပြဒါးလည်းမရှိ မြူမှုန်တွေ ပေကျံနေပြီး သန့်လည်းမသန့်ရှင်းတဲ့ မှန်ထဲမှာ မျက်နှာရိပ်ကို ကြည့်လိုက်ရင် အရိပ်ပြတ်ပြတ်သားသား ထင်မလာနိုင်ဘူး။ မှန်ထဲမှာ မျက်နှာရိပ်ကို ထင်ထင်ရှားရှားမမြင်နိုင်ဘူး။ ဒါမျိုးလိုပဲ စိတ်မှာ ကိလေသာနီဝရဏတွေ ပိတ်ဆို့ပေကျံနေရင် စိတ်အရည်အသွေး မကောင်းတော့ဘူး။ စိတ်မှန်သား ညှိုးသွားတယ်။ စိတ်ဓာတ် ငြိမ်သက်ငြိမ်းချမ်းတဲ့ သမာဓိပြဒါးလည်း ပျက်သွားတယ်၊ ဘယ်အာရုံကိုပဲကြည့်ကြည့် အမြင်မရှင်းပါဘူး။ အမှန်သိမြင်နိုင်တဲ့ ဉာဏ်ပေါ်မလာဘူး။ ဒါန၊ သီလ၊ ဘာဝနာ ရနိုင်ခွင့်ရှိတဲ့ အာရုံတွေ ဖစ်နေပေမယ့် ကောင်းတာကို ဘာတစ်ခုမှ ယူနိုင်စွမ်းမရှိတော့ဘူး။ စိတ်အစဉ် ပူလောင်ရှုပ်ထွေးပြီး မှန်ကန်တဲ့ အသိဉာဏ်ပျောက်နေလို့ ကိုယ့်ဖို့ကျန်တဲ့ တရားစွမ်းအားတွေ လတ်လွတ်ကုန်တယ်။ ဘဝတွက်ကိန်း သိပ်ရှုံးတယ်။ ဘာပဲလုပ်လုပ် အမြင်မရှင်းတော့ ကိုယ့်ဖို့ မကျန်ဘူး။

မှန်သားကလည်းကောင်း ပြဒါးကလည်းပြည့် မြူမှုန်အညစ်အကြေးတွေလည်း သန့်စင်ရှင်းလင်းနေတဲ့ မှန်ထဲမှာ မျက်နှာရိပ်ကို ကြည့်လိုက်တဲ့အခါ မှန်ထဲမှာ မျက်နှာရိပ်ပြတ်ပြတ်သားသား ထင်လာပါတယ်။ မွေးညှင်းပေါက်ကလေးတွေပါမကျန် မျက်နှာမှာရှိတာ အကုန်လုံးမြင်ရပါတယ်။ အဲဒီအတိုင်းပဲ စိတ်မှာ ကိလေသာ အပူအခိုးအငွေ့ ကင်းနေအောင် သတိ၊ ဝီရိယ၊ သမာဓိအားနဲ့ ရှင်းလင်းပယ်ခွာပေးနိုင်ရင် စိတ်အရည်အသွေးကောင်းလာတယ်။ သမာဓိ ပြဒါးရှိတော့ ကြည့်ရတာ အမြင်ပြတ်သား ရှင်းလင်းတယ်။ ကံအရှိ၊ ခန္ဓာအရှိ၊ သစ္စာအရှိတွေကို ကြည့်တတ်သလောက်မြင်ရတယ်။ စိတ်ငြိမ်ရင် လာဘ်မြင်တာဖြစ်လို့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး အလုပ်တွေထဲမှာ တကယ်အားကိုးရမယ့် ကောင်းမှုတရား စိတ်စွမ်းအားတွေကို လိမ္မာကျွမ်းကျင်စွာ ဆွဲထုတ်ယူတတ်ပါ တယ်။ စိတ်ငြိမ်လို့ အသိမှန်ရင် ဘာပဲလုပ်လုပ် ကိုယ့်ဖို့ကျန်တယ်။ ဘဝတွက်ကိန်း ကိုက်တယ်။

အသိဉာဏ်ဆိုတာ ပင်ကိုယ်ဉာဏ်ဖန်တီးဉာဏ်လို့ နှစ်မျိုးရှိတယ်။ အတိတ်ဘဝက ကောင်းမှုပြုလုပ်စဉ် ဉာဏ်ယှဉ်ခဲ့လို့ အတိတ်ကံနဲ့ ယှဉ်တွဲပါလာတဲ့ ဉာဏ်ကို ပင်ကိုယ်ဉာဏ်လို့ ခေါ်တယ်။ ဉာဏ်ကောင်းတယ်၊ ဉာဏ်ကောင်းတယ်ဆိုတာ အဲဒီအခြေခံ ပင်ကိုယ်ဉာဏ်ကိုပြောတာပါ။ ပင်ကိုယ်ဉာဏ်မရှိရင် အားနည်းရင် ဖန်တီးဉာဏ် ဖော်ထုတ်ရတာ ခက်ခဲတတ်တယ်၊ ပင်ကိုယ်ဉာဏ်ရှိမှ ဖန်တီးဉာဏ် ဖော်ထုတ်ရတာ လွယ်ကူတယ်၊ ပညာသင်တာလည်း လွယ်ကူတယ်၊ ပညာသင်တာလည်း လွယ်ကူတယ်၊ တရားအားထုတ်တော့လည်း ဉာဏ်ပေါ် လွယ်တယ်။

ဖန်တီးဉာဏ်ဆိုတာ ပညာရှိတွေရဲ့ လမ်းညွှန်သွန်သင်မှုနဲ့ သင်ယူလေ့လာတတ်မြောက်လာတဲ့ အသိဉာဏ်မျိုး နည်းလမ်းစနစ်ကို လေ့လာသင်ယူပြီး အသိဉာဏ်ကို ဖုံးလွှမ်းထားတဲ့ စိတ်ရဲ့အညစ်အကြေး ကိလေသာတွေကို သတိ၊ ဝီရိယ၊ သမာဓိအားနဲ့ သန့်စင်ပေးလိုက်လို့ ပေါ်ပေါက်လာတဲ့ အသိဉာဏ်မျိုးဖြစ်တယ်။ ဖန်တီးယူနိုင်မှ မှန်ကန်တဲ့ အသိဉာဏ်ပေါ်လာမယ်။ ဒါကြောင့် ဉာဏ်ဖန်တီး ဖော်ထုတ်ပေးနိုင်တဲ့ သတိ၊ ဝီရိယ၊ သမာဓိကို စဉ်ဆက်မပြတ် အသုံးပြုနေရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ပုထုဇဉ်ဆိုတာ ပင်ကိုယ်ဉာဏ် ပါလာခဲ့ပေမယ့် ဖန်တီးဉာဏ် မဖော်ထုတ်နိုင်ရင် တိုးတက်ကြီးပွားဖို့ အလွန်ခက်ခဲတတ်ပါတယ်။ ပုထုဇဉ်သာမန်ဟာ ပတ်ဝန်းကျင်အကူနဲ့ အရွှတ္တအင်အားကို ထူထောင်ယူရတဲ့ ဘဝမျိုးပါ။ ဘုရားရှင်လက်ထက်က ဗာရာဏသီမြို့မှာ ကိုကြွယ်ပေါနှင့် မကြွယ်ဒွေး ဆိုတဲ့ ဇနီးမောင်နှံ နှစ်ဦးရှိခဲ့တယ်။ နှစ်ဖက်ပေါင်း သန်းပေါင်း ၁၆၀၀-ကျော် ကြွယ်ဝရုံသာမက မဂ်ဖိုလ်ရနိုင်လောက်အောင် အတိတ်ကံနှင့်တွဲတဲ့ ပင်ကိုယ်ဉာဏ်လည်း ပါခဲ့ကြတယ်။ ဒါပေမယ့် ငယ်စဉ်အခါ သူတို့ရဲ့မိဘများက သူတို့နှင့်မခွဲနိုင်လို့ သူတို့ကို ပညာသင်မပေးခဲ့ကြဘူး။ တရားနည်းလမ်းစနစ်တွေနဲ့လည်း ဆက်သွယ် မပေးခဲ့ကြဘူး။

ဒါကြောင့် ကိုကြွယ်ပေါနှင့် မကြွယ်ဒွေးတို့ဟာ ပစ္စည်းကြွယ်ဝကြပေမယ့် အသိပညာတရား အလွန်ငယ်ကြပါတယ်။ ဖန်တီးဉာဏ် မဖော်ထုတ်နိုင်တော့ ပင်ကိုယ်ဉာဏ်လည်း တိမ်မြုပ်နေရတယ်။ ပစ္စည်းနှင့် ဘဝကို ထိန်းသိမ်း အသုံးချနိုင်စွမ်းမရှိလို့ နောက်ဆုံး နှစ်ယောက်လုံး ခွက်စုတ်ကိုင် တောင်းစားရတဲ့ သူတောင်းစားတွေ ဖြစ်ကုန်ကြတယ်၊ အမြတ်မရရုံမက အရင်းတောင် ရှုံးခဲ့ရတယ်၊ အသိမမှန် တကယ်ကိုယ့်ဖို့ မကျန်တာပါ။

အတိတ်ကပါလာတဲ့ ပင်ကိုယ်ဉာဏ်ကို ဖန်တီးဉာဏ်နဲ့ ထက်အောင်သွေးမပေးနိုင်ရင် ဉာဏ်တုံးပြီး လူစွမ်းအား ဆုံးရှုံးတတ်ပါတယ်။ ဒါကြောင့်ဖန်တီးဉာဏ် ဖော်ထုတ်ယူနိုင်ဖို့ အရည်အချင်းပြည့်ဝတဲ့ ပတ်ဝန်းကျင် အမှီကောင်းကို အမြဲပဲ လိုအပ်လှပါတယ်။ သန့်စင်မှန်ကန်တဲ့ အသိဉာဏ် ပွင့်လင်းပေါ်ပေါက်လာမှ ဘဝအနှစ်ချုပ်ဖြစ်တဲ့ တရားစွမ်းအားရရှိနိုင်မှာပါ။ အသိမှန်မှ ကိုယ့်ဖို့ ကျန်မှာပါ။

## ၂။ မွေးနေ့ဆိုတာ အိုပွဲပါ

- **တစ်နှစ်တစ်ခါ၊ မွေးနေ့ပါ၊ လူမှာခေါ်ရိုးရှိ။**
- **တကယ်ပြောင်းတာ၊ ရုပ်နာမ်ပါ၊ ခန္ဓာမမြဲသိ။**
- **ရုပ်နာမ် ဖွေ့၊ မမြဲကြ၊ ခဏ ခဏ ပြောင်းနေ၏။**
- **သေမင်းမှတ်တိုင်၊ နောက်တစ်တိုင်၊ ရင်ဆိုင် ရောက်လာ၏။**
- **မွေးနေ့ဆိုတာ၊ အိုပွဲပါ၊ သေချာဉာဏ်မြင်ကြည့်။**
- **အသက်, သိက္ခာ၊ ကြီးစရာ၊ လူမှာနှစ်မျိုးရှိ။**
- **အသက်ကြီးရုံ၊ အားမစုံ၊ အကုန်ကြောက်ရ၏။**
- **အသိမကြွယ်၊ အကျင့်ကွယ်၊ အိုပယ်ဖြစ်သွား၏။**
- **အကျင့်သိက္ခာ၊ ကြီးမှသာ၊ မှန်စွာ စိတ်အေး၏။**
- **ကြီးလေလှလေ၊ အေးမြပေ၊ လူတွေချစ်ကြ၏။**
- **အသိမှန်ကန်၊ ကိုယ့်ဖို့ကျန်၊ စေကန်စိတ်အေး၏။**

လူတွေဟာ အထူးအားဖြင့် ဗုဒ္ဓသာသနာနှင့် တွေ့ကြုံသူတွေဟာ မိမိရဲ့ ယခုလက်ရှိ လူ့ဘဝ ရောက်လာခဲ့တဲ့ မွေးနေ့ကို အမှတ်တရ မြတ်မြတ်နိုးနိုး ဂုဏ်ယူတတ်ကြပါတယ်။ ယခု လူ့ဘဝကို ရရှိအောင် အကျိုးပေးလိုက်တဲ့ အတိတ်ဘဝကုသိုလ်ကံအတွက် အားတက်ဂုဏ်ယူရသလို လူ့ဘဝစွမ်းရည် မြင့်မားအောင် ကောင်းမှုတရားနဲ့ပဲ မြှင့်တင်ကြိုးစားနေတတ်ကြပါတယ်။ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံခွင့်ရတာကတော့ ဝမ်းမြောက်ဂုဏ်ယူဖွယ် အကောင်းဆုံးပါ။

လူတစ်ယောက်ရဲ့ မွေးနေ့ဆိုတာ မွေးဖွားလာခဲ့တဲ့ ရက်တစ်ရက်တည်းသာ ဖြစ်ပါတယ်။ နောက်ထပ် နှစ်စဉ်ရောက်ရှိလာတဲ့ ရက်တွေကိုတော့ စကားအနေနဲ့ တင်စားပြီး မွေးနေ့လို့ခေါ်ကြတာပါ။ မွေးနေ့အစစ်နှင့် ရက်ချင်းတူလို့ တစ်နှစ်တစ်ခါ ရောက်လာတဲ့နေ့ကို မွေးနေ့လို့ ပြောကြတာဖြစ်တယ်။ တကယ်တော့


www.burmeseclassic.com

www.burmeseclassic.com


အရင်နှစ်တွေကထက်ပိုပြီး အိုမင်းရင့်ရော်လာတာဖြစ်လို့ အိုပွဲနေ့တွေသာ ဖြစ်ပါတယ်။ ရုပ်က ပွင့်ပွင့်လင်းလင်း အိုပြလို့သာ ကြီးမှန်းသိရတာပါ။ စိတ်ကြောင့်သာဆိုရင် ကြီးမှန်း သိရမှာမဟုတ်ဘူး။ ကြာလေ ငယ်လေ ဖြစ်ချင်ဖြစ်နေမှာ။ မပွင့်လင်းဘူး။ အရင်နှစ်ကထက်ပိုပြီး သေဖို့နီးလာတာဖြစ်လို့ သေခါနီးတဲ့နေ့လို့ ဆိုရင်လည်း မှန်တာပါပဲ။

တစ်နည်းပြောရရင် ပရမတ်အားဖြင့် ရုပ်နာမ်ခန္ဓာတွေ မခိုင်မြဲလို့ အဆက်မပြတ် ဖြစ်ပျက် ပြောင်းလဲနေကြတာဆိုတော့ နေ့စဉ်နေ့တိုင်း မွေးနေ့နှင့် သေနေ့တွေချည်းပဲ။ ဖြစ်ချိန်က မွေးချိန်၊ ပျက်ချိန်က သေချိန်ပေါ့။

လူ့ဘဝမှာ အသက်ရယ်၊ အကျင့်သိက္ခာတရားရယ်လို့ ကြီးစရာနှစ်မျိုးရှိတယ်။ အသက်ကြီး အောင် တမင်ကြိုးစားနေဖို့မလိုဘူး။ အသက်မကြီးမှာတော့ မပူနဲ့။ အလိုအလျောက် အသက်ကြီးအောင် ဇရာကြိုးက ဆွဲသွားလိမ့်မယ်။ အားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ၊ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ ဇရာကြိုးက တာဝန်ကျေအောင် ဆွဲသွားမှာဆိုတော့ မကြီးချင်လည်း ကြီးရမှာပါ။ လွန်ခဲ့ပြီးတဲ့ အချိန်ကိုကြည့်ပြီး အသက်ကြီးတယ်လို့ ပြောကြတာဖြစ်တယ်။ နောက်ကကျန်နေတဲ့ အချိန်ကိုကြည့်ရင်တော့ နောက်ထပ် ဒီဘဝမှာနေရမယ့်အချိန်နည်းသွားပြီဖြစ်လို့ အရွယ်ငယ်သွား တော့တာပါ။ ရှေ့ကကြီးလာလေ နောက်က ငယ်သွားလေပဲ။ အလိုအလျောက် အသက်အရွယ်ကြီးလာရုံနဲ့ လူ့စွမ်းအား ပြည့်ဝစုံလင်ကြီးပွားလာတာ မဟုတ်တော့ အကုန်ကြောက်နေရမှာပါ။ အသက်ကြီးလေ ကြောက်စရာတိုးလေ အရွယ်ကြီးလေ အားငယ်စရာ ပေါ်လေပဲ။

အသက်သာကြီးလို့ တရားမကြီးရင် ကိုယ့်ဖို့မကျန်ဘူး။ ပြီးတော့ 'အိုပယ်' လည်း ဖြစ်သွားတတ်တယ်။ 'အိုပြီ ပယ်လိုက်တော့' လို့ဆိုပြီး အများကတန်ဖိုးမထားပဲ ဝိုင်းပယ်တတ်ကြတယ်။ 'အဖိုးကြီး ကိုယ့်နေရာကိုယ်သွားနေ၊ အဖွားကြီး ကိုယ့်နေရာကိုယ်သွားနေ' လို့ အော်ချင် ငေါက်ချင် ဟောက်ချင်ကြတယ်။ တရားမပါဘဲနဲ့ အသက်ကြီးရတာဟာ သိပ်မျက်နှာငယ်ရတတ်တယ်။ ပြီးတော့ ကိုယ်က အစာကျွေးထားရတဲ့ ခွေးဆိုးက ကိုယ့်ကိုပြန်ကိုက်သလို ကိုယ်ပြုပြင် ကျွေးမွေးစောင့်ရှောက် ထားရတဲ့ခန္ဓာက ကိုယ့်ကို ဇရာဗျာဓိတုတ်နဲ့ ပြန်ပြီးရိုက်နှက် နှိပ်စက်နေတာဖြစ်လို့ ဉာဏ်နဲ့စဉ်းစားကြည့်ရင် နစ်နာဆုံးရှုံးလွန်းလှပါတယ်။

အကျင့်သိက္ခာတရားကြီးဖို့ကတော့ တမင်ကြိုးစားယူရပါတယ်။ အသက်ကြီးသလို အလိုအလျောက် ကြီးမလာနိုင်ပါဘူး။ လူရဲ့ ဆင်းရဲဒုက္ခ အပူတွေဟာ အသက်ကြီးလာရုံနဲ့ အလိုအလျောက် လျော့မသွားနိုင်ဘဲ တရားစွမ်းအားနဲ့ လျှော့ပေးမှ လျော့သွားနိုင်ကြတာပါ၊ ဒုက္ခအပူကိုနိုင်တာက တရားပဲရှိတာ၊ လူကိုနိုင်တာက လောကနဲ့ ဒုက္ခ၊ လောကနဲ့ဒုက္ခကိုနိုင်တာက တရား၊ တရားကိုနိုင်တာက သတိနဲ့ဉာဏ်၊ အကျင့်သိက္ခာတရား ဆိုတာ သီလ၊ သမာဓိ၊ ပညာပါ၊ လူ့စည်းကမ်း သုံးချက်ပါပဲ၊ သီလဆိုတာ ကိုယ်နှုတ်ရဲ့ စည်းကမ်း၊ သမာဓိဆိုတာ စိတ်ရဲ့ စည်းကမ်း၊ ဝိပဿနာပညာဆိုတာ အသိရဲ့ စည်းကမ်းပါ။

အကျင့်သိက္ခာကြီးမှပဲ ကိုယ့်ဖို့ကျန်တာဖြစ်လို့ တကယ်စိတ်အေးရမယ်၊ တရားပါကြီးလာရင် အိုပယ်မဖြစ်တော့ပဲ "အိုကြွယ်" ဖြစ်သွားပါတယ်၊ အိုလေ စွမ်းအားကြွယ်ဝလေ၊ ကြီးလေကိုယ်ပိုင်တရား ကြွယ်ဝလေပဲ။ တရားကြွယ်ဝတော့ ကိုယ့်ဟာကိုယ်လည်း ကျေနပ်ရတယ်။ အများကလည်း ချစ်ခင်မြတ်နိုး အားကိုးကြပါတယ်။ အသက်ကြီးရကျိုးနပ်အောင် ဘဝတန်ဖိုးလည်း မြင့်တက်အောင် တရားတန်ခိုးလည်း အမြဲတိုးနေအောင် အချိန်တိုင်းလည်း တွက်ကိန်းကိုက်အောင် မလွတ်တမ်း အမြဲကိုင်ထားရမှာကတော့ သတိဉာဏ်ပါ။ ဘာတွေပဲဖြစ်ဖြစ် ဘာတွေပဲလုပ်လုပ် ဘာတွေပဲရရ ဘာတွေပဲကုန်ကုန် ကိုယ်နှင့်တစ်ပါတည်း တရားအမြဲကပ်ပါနေဖို့ အရေးအကြီးဆုံး ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၃၊ ဘဝတစ်ခေါက် ခဏရောက်

- အငှားမျှသာ၊ ဤခန္ဓာ၊ ချိန်ခါစေ့လျှင် ပြန်အပ်ရ။
- အငှားကိုပင်၊ အပိုင်ထင်၊ အမြင်လွဲ၍ မေ့တတ်ကြ။
- မခိုင်းရက်ပါ၊ သနားညှာ၊ အစားကျွေး၍ စောင့်ရှောက်ရ။
- အချိန်စေ့ပေါ့၊ ပြန်အပ်တော့၊ မေ့လျော့သူတွေ ပူဆွေးရ။
- လိမ္မာပါးနပ်၊ အသုံးတတ်၊ ပြန်အပ်ချိန်မှာ စိတ်အေးရ။
- ဘဝတစ်ခေါက်၊ ခဏရောက်၊ မကြောက်ရအောင် ကြိုးစားကြ။
- အသိမှန်ကန်၊ ကိုယ့်ဖို့ကျန်၊ ကေန်ပြတ်တဲ့ လူ့ဘဝ။

မိမိတို့ ယခုရလာတဲ့ လူ့ဘဝခန္ဓာဟာ အထူးအားဖြင့် ဗုဒ္ဓသာသနာနှင့် တွေ့ကြုံရတာဆိုတော့ လူ့လုပ်ပိုင်ခွင့်ကို အကုန်သုံးနိုင်တာဖြစ်လို့ အလွန်အဖိုးတန်လှပါတယ်။ လူ့ဘဝ အဖိုးတန်တယ်ဆိုတာ စည်းစိမ်တွေ ကြီးကျယ်များပြားလို့ မဟုတ်ဘူး။ တရားအခွင့်အရေး ပြည့်ဝစုံလင်ကောင်းမွန်လွန်းလို့ အဖိုးတန်တာပါ။

အဖိုးတန်ပေမယ့် ကိုယ့်ခန္ဓာကို ကိုယ်ပိုင်တာမဟုတ်ဘူး။ လောကမှာ တရားကလွဲလို့ ပိုင်နိုင်တဲ့အရာ ရှိတာမှ မဟုတ်ပဲ။ ကိုယ့်ရဲ့ဘဝခန္ဓာကို ကိုယ့်စိတ်ကြိုက် ကန့်သတ်ပိုင်ခွင့်မရဘဲ ကံက ကန့်သတ်ပေးသလောက်သာ ဒီဘဝမှာ နေကြရမှာဖြစ်တယ်။ ကိုယ့်ခန္ဓာလို့ဆိုရသော်လည်း အချိန်အကန့်အသတ်နဲ့ ခဏ ငှားထားတဲ့ အငှားထုတ်သာဖြစ်တယ်။

ကံ စိတ် ဥတု အာဟာရဆိုတဲ့ ဘဝခန္ဓာ တည်ဆောက်ရေးအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ဘဝတစ်ခုမှာ နေရတာပါ။ ကံက ဥက္ကဋ္ဌ၊ စိတ်ကအတွင်းရေးမှူး၊ ဥတုနဲ့အဟာရက အဖွဲ့ဝင်တွေ၊ ဒီဘဝ ရောက်လာတဲ့နေ့ကစ ကံကလက်မှတ်တစ်စောင်ထုတ်ပေးလိုက်တယ်။ မရဏလက်မှတ် သေလက်မှတ်တဲ့။ လက်မှတ်ထဲမှာက ပကတိစာလုံးနဲ့ ရေးထားတာမဟုတ်တော့ ပကတိမျက်စိနဲ့ ကြည့်လို့ မြင်ရမှာမဟုတ်ဘူး။ တရားသဘောနဲ့ပဲ ရေးထားတာဆိုတော့ ဉာဏ်နဲ့ဖတ်ကြည့်မှ မြင်ရမှာပါ။ ကိုယ့်လက်မှတ်ထဲကစာကို ဉာဏ်နဲ့ဖတ်ကြည့်စမ်း၊ ဘာတွေတွေ့ရမလဲ။

'ဦးဘယ်လူ ဒေါ်ဘယ်လူ ကိုဘယ်သူ မဘယ်သူ မောင်ဘယ်ဝှာ မဘယ်ဝှာသည် ဤဘဝ၌ ဘယ်ပုံစံဖြင့် ဘယ်နှစ်နှစ်နေစေ (သူကန့်သတ်သလောက်ပဲနေရမှာတဲ့)။ ဘယ်နှစ်နှစ်နေစဉ်အတွင်းမှာ စိတ်ဆိုတဲ့ အကျိုးဆောင်အတွင်းရေးမှူးက ဤခန္ဓာကို စိတ်ကြိုက်လိုသလို အသုံးချစေ (အသုံးချခွင့် အပ်နှင်းခဲ့တာကိုတော့ အထူးသတိပြုရလိမ့်မယ်)။ အသုံးချနိုင်အောင် ဥတု အာဟာရ အဖွဲ့ဝင်တွေက လိုအပ်တဲ့အခါ လိုအပ်တဲ့နေရာ လိုအပ်သလို ကူညီပံ့ပိုးပေးစေ (ဥတု အာဟာရထံ သတိဉာဏ်နဲ့ ချဉ်းကပ်ရမှာ၊ ချဉ်းကပ်ပုံ လွဲမှားသွားရင် အသက်တိုတတ်၊ ရောဂါရတတ်၊ ဘေးရန်ထူပြောတတ်တယ်)။ ဘယ်နှစ်နှစ်ပြည့်သည်နှင့် တပြိုင်နက် ဦးဘယ်လူ၊ ဒေါ်ဘယ်လူ၊ ကိုဘယ်သူ၊ မဘယ်သူ၊ မောင်ဘယ်ဝှာ၊ မဘယ်ဝှာရဲ့ ခန္ဓာကို မရဏထံ ပြန်အပ်စေ။

ပုံ - ဦးကံ

ဥက္ကဋ္ဌ

ဘဝခန္ဓာတည်ဆောက်ရေးအဖွဲ့

ဉာဏ်နဲ့ဖတ်ကြည့်ရင် တရားသဘောကို ဒီအတိုင်းပဲ တွေ့ရမယ်။ စကားအနေနဲ့ပြောရင်လည်း ဒီအတိုင်းပဲ ပြောရမှာပါ။ ကိုယ့်ခန္ဓာဟာ ဆိုင်သာဆိုင်ပြီး မပိုင်တဲ့အငှားပါ။

အငှားကို အပိုင်ထင်ပြီး အမြင်လွဲလို့ မေ့နေရင် ကိုယ့်ခန္ဓာကို ခိုင်းဖြစ်မှာ မဟုတ်ဘူး။ စွမ်းရည် အနှစ်ပေါ်အောင် သုံးဖြစ်မှာမဟုတ်ဘူး။ ကိုယ့်ခန္ဓာကို မခိုင်းရက်ပဲ သနားငဲ့ညှာပြီး အစာကျွေးရုံသာကျွေးလို့



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်နေရင် ကိုယ့်အကျိုးကို သူ့ကိုမထမ်းဆောင်စေဘဲ ကိုယ်ကသာသူ့ကို ထမ်းထားရတာဆိုတော့ ဆုံးရှုံးနစ်နာလွန်းလှပါတယ်။ မေ့လျော့သူဟာ အသိမှန် မပေါ်နိုင်လို့ ကိုယ့်ဖို့မကျန်ဘူး။ ကိုယ့်ဖို့မကျန်တော့ အချိန်စေ့လို့ ပြန်အပ်ရတဲ့အခါ ပူဆွေး ကြောက်လန့် တုန်လှုပ်ရမှာပဲ။ ခန္ဓာကိုမသုံးရင် တကယ်ရှုံးမှာပါ။

ဝေနဲ့လှ ဆိုတဲ့သူငယ်ချင်းနှစ်ယောက် ရှိပါတယ်။ တစ်နေ့တော့ ဝေက လှထံသွားပြီး နွားနှစ်ကောင် ငှားပါတယ်။ "ကိုလှရာ ကျွန်တော့ကို နွားနှစ်ကောင် တစ်နှစ်ငှားပါ။ တစ်နှစ်ပြည့်တော့ ပြန်အပ်ပါမယ်။ ငှားခလည်းပေးပါမယ်။" "ဟေ့ ဝေ . . . ကတိတော့တည်မှဖြစ်မယ်နော်" "စိတ်ချပါ ကိုလှ . . . သူငယ်ချင်းချင်းပဲ ကတိတည်ရမှာပေါ့"

နွားနှစ်ကောင် ငှားသွားတဲ့ ဝေဟာ အိမ်ရောက်တော့ အမြင်ပြောင်းလဲသွားတယ်။ သူများဆီက ငှားခဲ့တဲ့နွားလို့ မထင်တော့ဘူး။ ကိုယ်ပိုင်နွားတွေလို့ အထင်လွဲသွားပါတယ်။ ငှားနွားကို ကိုယ့်နွားမှတ်ပြီး မခိုင်းရက်တော့ဘူး။ "ငါ့နွားနှစ်ကောင်လှတယ်၊ ငါ့နွားနှစ်ကောင်လှတယ်" လို့ အလှကြည့်နေတယ်။ ခိုင်းရမှာ နှမြောလွန်းလို့ မခိုင်းဘဲ အရိပ်တကြည့်ကြည့်နဲ့နေရင်း တစ်နှစ်ကုန်သွားတယ်။ မခိုင်းပေမယ့် နွားဆိုတာ နေ့စဉ်အစာကျွေးရတယ်။ ရေတိုက်ရတယ်။ ကျန်းမာရေး တာဝန်ယူရတယ်။ လုံခြုံအောင် စောင့်ရှောက်ရတယ်။ အကုန်အကျ စရိတ်ကလည်းများ တာဝန်ကလည်းကြီးပေါ့။

တစ်နှစ်ပြည့်တော့ လှက ရောက်လာတယ်။ "ဟဲ့ ဝေ . . . ငါ့ဆီကငှားသွားတဲ့ နွားနှစ်ကောင် တစ်နှစ်ပြည့်ပြီး ပြန်ပေးတော့၊ ငှားခလည်းပေး" လို့ဆိုတော့ ဝေ တစ်ယောက် ကြောင်တောင်တောင်နဲ့ မျက်လုံးပြူးသွားတယ်။

"အား . . . . ကိုလှ ခင်ဗျား နွားနှစ်ကောင်ကို ခုထက်ထိ ကျွန်တော်မခိုင်းရသေးပါဘူးခင်ဗျား။ ကျွန်တော်က ငှားထားတဲ့ နွားတွေလို့ မထင်တော့ဘဲ ကိုယ်ပိုင်နွားတွေလို့ ထင်မိလို့ နှမြောလည်း နှမြော၊ သနားလည်း သနားတာနဲ့ အလှပဲ ကြည့်နေခဲ့တာ၊ မခိုင်းပေမယ့် နေ့စဉ်ကျွေးမွေး စောင့်ရှောက်နေခဲ့တာ။ စရိတ်အကုန်အကျတကလဲများ၊ တာဝန်ကလဲ သိပ်ကြီးတယ်ဗျာ။ မခိုင်းပဲ ပြန်အပ်လိုက်ရရင် ကျွန်တော်အကြီးအကျယ် ဆုံးရှုံးနစ်နာမှာပါ။ ဒါကြောင့် ကိုလှရယ် . . . . ကျွန်တော့်ကို ငဲ့ညှာထောက်ထား သနားတဲ့အနေနဲ့ နောက်တစ်နှစ် နွားနှစ်ကောင် ပြန်ငှားပါဦး။ ကျွန်တော်ခိုင်းချင်ပါသေးတယ်"

"ဟဲ့ ဝေ . . . နွားတွေကို မခိုင်းနဲ့လို့ ဘယ်သူက ပြောထားလို့လဲ၊ မင်း အ လို့၊ န လို့၊ ညံ့ဖျင်းလို့ မခိုင်းတာပဲ၊ တစ်နှစ်ဆို တစ်နှစ်ပေါ့။ မင်းပဲ မနှစ်က "စိတ်ချပါ၊ ကတိတည်စေရပါမယ်" လို့ ဝန်ခံခဲ့တာ မဟုတ်လား။ တစ်နှစ်ပြည့်ပြီပဲ၊ ကတိအတိုင်း ပြန်အပ်ရုံပေါ့" လို့ ဆိုပြီး နွားနှစ်ကောင်ကို လှက ဆွဲယူသွားတယ်။ ဝေတစ်ယောက် ရှုံးလိုက်တာ။

ဒါမျိုးလိုပဲ မိမိတို့ ယခုဘဝရထားတဲ့ ခန္ဓာလည်း အတိတ်ကုသိုလ်ကံ လှဆီက နှစ်အကန့်အသတ်နဲ့ ခဏငှားထားတဲ့ အငှားထုပ်ပါ။ လှဆီက ခဏငှားထားတဲ့ ဝေရဲ့ နွားနှစ်ကောင်နဲ့ တူတယ်လို့ ဆိုရမှာပဲ။ ပေးရုံသာပေးထားလို့ ကျွေးရုံသာ ကျွေးထားပြီး မခိုင်းဖြစ် မသုံးဖြစ်ရင် အချိန်စေ့လို့ မရဏထံ ပြန်အပ်ရတဲ့အခါ ဝေလို ပူရ ရှုံးရမှာပဲ။

"ကဲ ဒီဘဝ ဒီလောက်ဆို တော်ပြီ။ မင်းရဲ့ခန္ဓာကို မရဏထံ ပြန်အပ်ပါ။" လို့ ဆိုလာရင် "ကျွန်တော် ကျွန်မတို့မှာ အားကိုးစရာ ဘာမှ မလုပ်ရသေးပါဘူး။ ဒီအတိုင်းသာ သေသွားရင် နောက်က ကျန်ခဲ့တာတွေလည်း စိတ်မချ၊ ရှေ့ဆက်သွားရမှာလည်း ကြောက်ရ ပူရနဲ့ အရှုံးကြီးရှုံးတော့မှာပါ။ အားကိုးစရာဘာမှ မရှိသေးတဲ့ ကျွန်တော် ကျွန်မတို့ကို ငဲ့ညှာထောက်ထား သနားတဲ့အနေနဲ့ ခန္ဓာကိုသုံးဖို့ ခိုင်းဖို့ နောက်ထပ် ၁၀-နှစ်တော့ နေရပါစေဦး။ ၁၀-နှစ် ဆိုင်းငံ့ပေးပါဦး" လို့ ခွင့်တောင်းလာတော့ "အား. . . . မရဘူး တစ်ရက်မှ ရွှေ့မပေးနိုင်ဘူး" လို့ မရဏက အတင်းဆွဲသွားတဲ့အခါ ကြောက်လန့်တုန်လှုပ် ပူဆွေးကြရမှာပဲ။ အသိမမှန်လို့ ကိုယ့်ဖို့မကျန်ရင် တကယ်မျက်နှာငယ်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


သတိရှေ့ထား ဉာဏ်တရားနဲ့ လိမ္မာပါးနပ်စွာ အားမနာတမ်း ခန္ဓာကို နေ့တွက်ကိုက်အောင် ခိုင်းထား သုံးထားမှ ကိုယ့်ဖို့အားကိုးစရာကျန်မယ်။ ကိုယ်က သူ့ကိုတာဝန်ယူ ကျွေးမွေးစောင့်ရှောက် ပေးနေရသလို သူက ကိုယ့်ကို တာဝန်ယူနိုင်အောင် သူ့ကို ကိုယ်က စေခိုင်းအသုံးချပေးရမှာကို အထူးသတိပြုဖို့လိုလိမ့်မယ်။ ပုံရိုင်းရိုင်းပြောရရင် ကြက်၊ ဝက်၊ မွေးမြူသူတွေ ကြက်ဝက်ကို နေ့စဉ် အစာဝအောင် ကျွေးနေကြတာဟာ ကြက်၊ ဝက်ကို အားကိုးစရာဘာမှ မရှိသေးတဲ့ ကျွန်တော် ကျွန်မတို့ကို ငဲ့ညှာထောက်ထားသနားတဲ့အနေနဲ့ ခန္ဓာသုံးဖို့ ခိုင်းဖို့ နောက်ထပ် ၁၀-နှစ်တော့ နေပါရစေဦး။ ၁၀-နှစ် ဆိုင်းငံ့ပေးပါဦး" လို့ ခွင့်တောင်းလာတော့ "အား. . . မရဘူး တစ်ရက်မှ ရွှေ့မပေးနိုင်ဘူး" လို့ မရဏက အတင်းဆွဲသွားတဲ့အခါ ကြောင်လန့်တုန်လှုပ် ပူဆွေးကြရမှာပဲ။ အသိမမှန်လို့ ကိုယ့်ဖို့ မကျန်ရင် တကယ်မျက်နှာငယ်ရပါတယ်။

သတိရှေ့ထား ဉာဏ်တရားနဲ့ လိမ္မာပါးနပ်စွာ အားမနာတမ်း ခန္ဓာကို နေ့တွက်ကိုက်အောင် ခိုင်းထား သုံးထားမှ ကိုယ့်ဖို့ အားကိုးစရာကျန်မယ်။ ကိုယ်က သူ့ကို တာဝန်ယူသူ ကျွေးမွေးစောင့် ရှောက်ပေးနေရသလို သူက ကိုယ့်ကို တာဝန်ယူနိုင်အောင် သူ့ကို ကိုယ်က စေခိုင်းအသုံးချပေးရမှာကို အထူးသတိပြုဖို့လိုလိမ့်မယ်။ ပုံရိုင်းရိုင်းပြောရရင် ကြက်၊ ဝက် မွေးမြူသူတွေ ကြက်ဝက်ကို နေ့စဉ် အစာဝအောင် ကျွေးနေကြတာဟာ ကြက်၊ ဝက်ကို ခင်တွယ်လွန်းလို့ မဟုတ်ဘူး။ ရောင်းရင် ဈေးကောင်းကောင်းရဖို့သာ ကြက်၊ ဝက် ကိုအစားကျွေးနေတာ ဖြစ်တယ်။ ဒီခန္ဓာကို နေ့စဉ် အစာဝအောင်ကျွေးနေတာဟာလဲ သာသနာ့ ဈေးကွက်မှာ တရားနဲ့ လဲလှယ်ရင် အမြတ်များများရဖို့ ကျွေးမွေးစောင့်ရှောက်နေတာသာ ဖြစ်သင့်တယ်။ လိမ္မာပါးနပ် အသုံးတတ်သူဟာ ဧကန်ကိုယ့်ဖို့ ကျန်တာဖြစ်လို့ အရဏထံပြန်အပ်ရတဲ့အချိန်မှာ စိတ်အေးရမှာ သေချာပေါက်ပါ။ ဘာတွေ ကုန်ကုန်၊ ဘာတွေပျက်ပျက် တရားကျန်ခဲ့ရင် ပြီးတာပါပဲ။ လူ့ဘဝရဲ့ အနှစ်က တရားကိုး။ ခန္ဓာသေရပေမယ့် တရားမသေရအောင် အသိထဲမှာ သတိဉာဏ် အသက်သွင်းထားဖို့လိုမယ်။

## ၄။ ဒီဘူတာမှာ ခဏလေးရပ်မှာ

- **ဘဝခန္ဓာ၊ သံသရာ၊ မောင်းလာရထားတွဲ။**
- **လူ၏ဘူတာ၊ ဆိုက်ရောက်လာ၊ ရပ်မှာခဏပဲ။**
- **ကိုယ်ပိုင်ဥစ္စာ၊ တင်စရာ၊ မှီရာမိအောင်ဆွဲ။**
- **ကိုယ့်လက်မှတ်မှာ၊ တစ်စောင်သာ၊ ဖြတ်ပါသတိစွဲ။**
- **အသိမှန်တန်၊ ကိုယ့်ဖို့ကျန်၊ ဧကန်အားရှိမြဲ။**

လူ့ဘဝတစ်သက်တာဆိုတာ ဘူတာတစ်ခုမှာ မီးရထားတွဲဝင်ပြီး ခဏဆိုက်ရောက်နေတာနဲ့ တူပါတယ်။ အဝိဇ္ဇာတဏှာဦးစီးတဲ့ ကိလေသာမီးပူငွေ့ အရှိန်နဲ့မောင်းခဲ့ရတာလည်းဖြစ် ဒုက္ခသစ္စာ မီးလောင်စာတွေထည့်ပြီး မောင်းခဲ့ရတာလဲဖြစ်လို့ မီးရထားတွဲနဲ့ တကယ်တူတာပါ။ ဘဝခန္ဓာ သံသရာမီးရထားတွဲကြီး ခုတ်မောင်း လာခဲ့တာ ကြာလှပြီပဲ။ တိမ်းမှောက်ခဲ့လို့ ဒုက္ခရောက်ခဲ့တာလည်းများလှပြီ။ လမ်းချော်ခဲ့တာလည်း ခဏခဏပါ။ ခုတ်မောင်းလာတဲ့ မီးရထားတွဲကြီး ယခုလူ့ဘဝ ဘူတာမှာ ဆိုက်ရောက်နေပါတယ်။

လူ့ဘဝဘူတာမှာ သံသရာ ခန္ဓာမီးရထားတွဲရပ်ချိန်က ခဏလေး။ ဘာမှမကြာဘူး။ ဆုတ်ကပ်ကာလ လူ့တစ်သက်ဟာ အချိန်နည်းနည်းကလေးပါ။ ဆယ်ဂဏန်းပဲရှိတာ။ ရာဂဏန်းရောက်ဖို့ မလွယ်ဘူး။ ရာဂဏန်းရောက်ရင်တောင်မှ ကိုယ့်ခန္ဓာ ကိုယ်သုံးလို့ အဆင်ပြေမှာ မဟုတ်တော့ပါဘူး။ သုံးလို့ဖြစ်တဲ့ လူ့တစ်သက်ဆိုတာ တကယ့်ဆယ်ဂဏန်းလေးပါ။

ဆယ်ဂဏန်းမျှသာရှိတဲ့ လူ့တစ်သက်ဟာ နတ်သက်နဲ့တွက်ကြည့်ရင် ရက်ပိုင်းနာရီပိုင်းမျှသာရှိမယ်။ သက်တမ်းအလွန်ရှည်တဲ့ ဗြဟ္မာသက်နဲ့ တွက်ရင်တော့ မိနစ်ပိုင်း စက္ကန့်ပိုင်းပဲရှိမှာပါ။ ဒါ့ကြောင့် လူ့ဘဝ ဘူတာမှာ ရထားရပ်ချိန် မိနစ်ပိုင်းကလေးပါ၊ ရထားက ဒီဘူတာမှာ ခဏလေး ရပ်မှာ။

ရထားရပ်ချိန် မကြာလှပေမယ့် ဗုဒ္ဓသာသနာတော်နှင့် တွေ့ဆုံခွင့်ရနေကြတာဖြစ်လို့ တင်ယူသယ်ဆောင် သွားကြရမယ့် ပစ္စည်းတွေက သိပ်များပါတယ်။ သာသနာ့အသိဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ကိုယ့်ခန္ဓာဟာ ဒုက္ခထုပ်ကြီးပဲလို့ သိခွင့်ရသွားတယ်။ သုဂတိ ဘဝခန္ဓကို ရရှိထားတာတောင်မှ မသက်သာလှဘူး။ ဒိုတာ၊

www.burmeseclassic.com



နာတာ၊ သေတာလည်း မကောင်းဘူး။ ကိုယ် စိတ် ဆင်းရဲမျိုးစုံတွေလဲ ဘယ်ဟာမှ မကောင်းဘူး။ လုပ်ပိုင်ခွင့်၊ ခံစားခွင့် အားလုံးဆုံးရှုံးတဲ့ အပါယ်လေးဘုံကျသွားရင်တော့ အဆင်းရဲဆုံးပဲ။ ဒီဆင်းရဲမီးအားလုံး ခန္ဓာလောင်စာရှိလို့သာ လောင်နေကြတာပါ။ မြတ်ဗုဒ္ဓလမ်းညွှန် မိန့်ကြားထားတဲ့ နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ကတော့ ဒီလောင်စာအားလုံး ချုပ်ငြိမ်းတာဖြစ်လို့ ဒီအပူဆင်းရဲမီးတွေ မလောင်နိုင်တော့ဘူး။ ဒီတော့ အမှန်အတိုင်းနားလည်သဘောပေါက်ခွင့်ရတုန်း ဘာပဲလုပ်လုပ် နိဗ္ဗာန်ထိဦးတည်ရုံပဲပေါ့။ ဒါ့ကြောင့် ဒီလူ့ဘဝ ဘူတာကစ နိဗ္ဗာန်လက်မှတ် တစ်စောင်ပဲ ဖြတ်မှဖြစ်တော့မယ်။ နိဗ္ဗာန်မရောက်သေးလို့ သံသရာ ရထားလမ်းတစ်လျှောက် သုဂတိဘဝဘူတာတွေ ဝင်ဆိုက်တော့လည်း နိဗ္ဗာန်လက်မှတ်နဲ့ပဲ ဝင်ရောက်ပြီး ရထားရပ်ချိန်အတွင်း ဒါန၊ သီလ၊ ဘာဝနာတွေရသလောက် စုဆောင်းတင်ယူရုံပေါ့။ ဒါ့ကြောင့် နိဗ္ဗာန်ထိ ရောက်အောင်သွားရမှာဖြစ်လို့လည်း တင်ယူရမယ့် ပစ္စည်းတွေ များပါတယ်။

အို၊ နာ၊ သေ ဥပဒြဆွဲပြီး ဤလူ့ဘဝဘူတာမှ ရထားမထွက်မီ သတိဉာဏ်ဦးဆောင်လို့ မှန်ကန်တဲ့အသိနဲ့ မှီရာကို မိအောင်ဆွဲပြီး အမြန်တင်ရမှာဖြစ်တယ်။ ပေါ့ဆဆ အေးစက်စက် လုပ်နေရင် ဟိုဟာကျန်၊ သည်ဟာကျန်နဲ့ အပူပွားရမှာပဲ။ ဗုဒ္ဓသာသနာနှင့်တွေ့ခိုက် အဖိုးတန်ကောင်းမှု ပစ္စည်းတွေကို သတိဉာဏ်နဲ့ အမြန်ဆွဲယူရမယ်။ သိန်းတန်၊ သန်းတန်၊ ပြည်တန် ပတ္တမြားတွေထက် အဆပေါင်းများစွာ အဖိုးတန်လှတဲ့ မင်္ဂဖိုလ်နိဗ္ဗာန်ရောက်သည်ထိ အကျိုးကျေးဇူးပြုနိုင်တဲ့ အဖိုးတန်ကောင်းမှုတွေ လိုသလောက်ရယူနိုင်ပါရက်သားနဲ့ ဘာမှအဖိုးမတန်တဲ့ ပကာသနအခွံ ကျောက်ဖြူးတွေကို အလေးအရှုပ်ခံပြီး သယ်ဆောင်နေရင်တော့ အကြီးအကျယ် နစ်နာဆုံးရှုံးမှာပါ။

စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးအလုပ်နဲ့ တရားကို သတိဉာဏ်နဲ့ ဖြစ်နိုင်သမျှ ပေါင်းစပ်ထားပြီး ရနိုင်တာကို ရနိုင်သလောက် ဆွဲထုတ်ယူနိုင်မှ အချိန်မီမှာပါ။ ဘဝပေါင်း၊ ကမ္ဘာပေါင်း တစ်သိန်းကြာလို့တောင်မှ တစ်ကြိမ်တစ်ခါ မတွေ့နိုင်တဲ့ လူတစ်သိန်းမှာတစ်ယောက် ယုံကြည်လက်ခံနိုင်စွမ်းမရှိတဲ့ ဗုဒ္ဓသာသနာ့ အခွင့်အရေးကြီး လက်မလွှတ်ဖို့ အထူးအရေးကြီးပါတယ်။ ရထားရပ်ချိန် မကြာပေမယ့် အခွင့်အရေးကြီးက အလွန် ကြီးကျယ်များပြားလှပါတယ်။

### ၅။ တွေ့ရသူတွေကို နှုတ်ဆက်ထားခဲ့ပါ

- **တိမ်တိုက်ပမာ၊ သံသရာ၊ တွေ့လာ တစ်ခဏ။**
- **လေကြောင့်ကွဲကွာ၊ ပျက်ရရှာ၊ လျှင်စွာပျောက်သွားကြ။**
- **သတိဉာဏ်ကူ၊ အပူနှုတ်တာ၊ အေးတာကိုဆက်၊ ရွှေ့တိုတက်၊ နှုတ်ဆက်သူတွေ စိတ်အေးရ။**

လူ့ဘဝဘူတာမှာ ခဏတွေ့ရသူတွေအားလုံး ကောင်းကင်မှာရှိနေတဲ့ တိမ်တိုက်ကြီးတွေနှင့် တကယ်တူပါတယ်။ ကောင်းကင်က တိမ်တိုက်ကြီးတွေကို သေချာကြည့်စမ်းပါ- အဝေးကြီးမှာ တစ်ခုစီ တစ်ခုစီရှိနေကြတဲ့ တိမ်တွေဟာ မကြာမီ ပေါင်းစုမိသွားတယ်။ လေကပေါင်းစုံပေးလို့ စုမိကြတာပါ။ ဖြိုချပစ်လို့ ရုတ်တရက် ကိုယ့်မှာရှိတာတွေပျောက်ကွယ် ပြိုကျကုန်တယ်။ ကံကြောင့်ဆုံ၊ ကံကြောင့်ကွဲ၊ ကံကြောင့် ပြိုရတဲ့သဘောကို ဉာဏ်သွင်းပြီး ကြည့်ရှုသုံးသပ်ထားရမှာဖြစ်တယ်။

ဘယ်သူနှင့်တွေ့တွေ့ ဘာတွေပဲရှိရှိ ခဏလေးပဲတွေ့ရမှာဖြစ်ပြီး လူ့ဘဝဘူတာမှ မီးရထား ထွက်တာနဲ့ အားလုံးခွဲခွာကြရမှာပါ။ ဓမ္မဝတ်ကျေအောင်နှုတ်ဆက်ထားမှ စိတ်အေးရမယ်။ နှုတ်ဆက်တယ်ဆိုတာ အပူကို နှုတ်ပြီး အအေးနဲ့ ဆက်ပေးတာကို ပြောတာ။ ခွဲခွာတဲ့အချိန်မှာ ပူကြဆွေးကြ၊ ငိုကြွေးကြ မျက်ရည်ကျကြတာတွေဆိုတာ နှုတ်ဆက်တာမဟုတ်ဘူး။ အဲဒါ ရန်လုပ်တယ်လို့ ခေါ်တယ်။ မကျေနပ်လို့ ရန်လုပ်တဲ့ အမူအရာကို ပြကြတာပါ။

ခွဲခွာသွားသူရော ကျန်ရစ်သူပါ စိတ်အေးစရာ ကိုယ့်ဖို့တရားကျန်ခဲ့မှ နှုတ်ဆက်တာအစစ်ပါ။ သတိ၊ ဝီရိယ၊ သမာဓိ ဉာဏ်အားနဲ့ အပူကို နှုတ်လို့ အအေးကို ဆက်နိုင်မှ အရှုပ်ကိုနှုတ်လို့ ရှင်းတာတွေကို ဆက်ပေးနိုင်မှ ညစ်တာတွေကို ပယ်ရှားနှုတ်ပစ်လို့ သဒ္ဓါ၊ ပညာ၊ မေတ္တာနဲ့ သန့်ရှင်းတဲ့ ဒါန၊ သီလ၊ ဘာဝနာတွေကို ဆက်ပေးနိုင်မှ ကြောက်စရာတွေကို နှုတ်ပြီး မကြောက်ရမယ့်ကောင်းမှုတရားကို ဆက်ပေးနိုင်မှ တကယ် နှုတ်ဆက်တယ်လို့ ဆိုနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ခဏာတွေ့ရသူတွေကို အပိုင်မစီးချင်ပါနဲ့။ နှုတ်ဆက်ရရင်ပဲ ကျေနပ်ပါ။ သူတို့အတွက် ပေးသမျှ ကျွေးသမျှ ဒါနကျန်ရစ်ခဲ့ပါစေ။ ဒါနနဲ့နှုတ်ဆက်ပါ။ သူတို့ကိစ္စ ဆောင်ရွက်ပေးရသမျှ ဝေယျာဝစ္စတွေ၊ သီလကျင့်ဝတ်တွေ ကျန်အောင်ဆွဲယူထားလိုက်ပါ။ သီလနဲ့ နှုတ်ဆက်ရုံပေါ့။ သတိ၊ ဝီရိယ တွဲလို့ပဲဖြစ်ဖြစ် မေတ္တာတရား ထားလို့ဘဲဖြစ်ဖြစ် ငြိမ်သက်ငြိမ်းချမ်းတဲ့ သမာဓိ ကျန်ခဲ့ဖို့လိုမယ်။ ဘာပဲလုပ်လုပ် သမာဓိနဲ့ နှုတ်ဆက်ပါ။ ကုန်တတ်တဲ့ သဘော ညှင်းဆဲတတ်တဲ့သဘော မပိုင်တဲ့သဘောတွေကို ဉာဏ်သွင်းကြည့်ရှုပြီး အချိန်တိုင်းမှာ ဝိပဿနာနဲ့ နှုတ်ဆက်ထားရမယ်။ ကိုယ့်ဟာကိုယ် ကျွေးတာတောင်မှ သီလ၊ သမာဓိ၊ ဝိပဿနာနဲ့ နှုတ်ဆက်ထားမှ စိတ်အေးရမှာပါ။

## ၆။ ဖော်ပေးမှ ပေါ်လာမယ်

- **သတိမဖော်၊ အသိချော်၊ မပေါ်တရား မြုပ်သွား၏။**
- **သတိကိုဖော်၊ အသိပေါ်ပြား၊ မြတ်တရား၊ ထင်ရှားပေါ်လာ၏။**
- **အသိမှန်ကန်၊ ကိုယ့်ဖို့ကျန်၊ စေကန်စိတ်အေး၏။**

နေ့စဉ်လူတွေ လုပ်ကိုင်ဆောင်ရွက်နေကြတဲ့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး အလုပ်တွေထဲမှာ တကယ်အားကိုးရမယ့် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ဖြစ်နိုင်တာတွေ အများကြီး ပါဝင်နေပါတယ်။ ပါဝင်နေကြပေမယ့် သတိဉာဏ်နဲ့ဖော်မပေးတော့ ပေါ်မလာကြဘူး မြုပ်ကုန်ကြတယ်။

ကျောက်တုံးကျောက်ခဲထဲ မြေကြီးထဲမှာရှိတဲ့ ကျောက်မျက်ရတနာတွေဟာ ထုခွဲဖော်ထုတ် တူးဖော်သူ မရှိရင် ပေါ်မလာပဲ မြုပ်နေတတ်တယ်။ ထုခွဲတော့ ထွက်လာတယ်။ တူးဖော်တော့ ပေါ်လာတယ်။ မြေထဲ ရေထဲ ရွှံ့ထဲမှာ ရှိနေတဲ့ ရွှေတွေဟာ ဖော်ထုတ်သူ၊ စစ်ထုတ်သူ၊ ရွှေကျင်သူ မရှိရင် ပေါ်မလာပဲ မြုပ်နေကြတယ်။ ရွှေကျင်သမားတွေ စစ်ယူဖော်ထုတ်ပေးရင် ရွှေမှုန့်တွေ ပေါ်လာတာပဲ။

နေ့စဉ်လုပ်နေတဲ့ အလုပ်တွေထဲက ကောင်းမှုတရား လူ့စွမ်းအားတွေပေါ်ထွက်လာအောင် သတိဉာဏ်နဲ့ တူးဆွဖော်ထုတ်ယူရမယ်။ ရွှေကျင်သလို စစ်ယူကျင်ယူ ထုတ်ယူကြရမယ်။ ဝီရိယတင်းပြီး မိုင်းခွဲသင့်ရင်လဲ ခွဲပေးရုံပေါ့။ သတိဉာဏ်ရှိရင် နေ့စဉ်မြုပ်နေသမျှ အကုန်ပေါ်လာမှာပါ။ အမြဲကိုင်းထားရမှာက သတိပါ။ သတိရှိရင် အသိဉာဏ် ပေါ်လာပါတယ်။

နေ့စဉ်စားနေတဲ့ ထမင်းလုတ်တွေဟာ သတိဉာဏ်နဲ့ဖော်မပေးတော့ ဘာတရားမှ ပေါ်မလာပဲ မြုပ်ကုန်တယ်။ အိုစာ၊ နာစာ၊ သေစာ၊ အပူစာ ကျွေးတဲ့ထဲလဲ ပါသွားတယ်။ အကုန်စာရင်း ပြပြီးတော့လဲ ပူရတယ်။ အသိမမှန်တော့ ကိုယ့်ဖို့မကျန်ဘူးပေါ့။ သတိဉာဏ်နဲ့ ဖော်ပေးနိုင်ရင် ထမင်းလုတ်ထဲက သီလပေါ်လာနိုင်တယ်။ သတိ၊ ဝီရိယ တွဲပေးရင် သမာဓိ ပေါ်လာနိုင်တယ်။ ဉာဏ်စိုက်လိုက်ရင် ဝိပဿနာ စွမ်းအား ထင်ထင်ရှားရှားပေါ်လာနိုင်ပါတယ်။

ထမင်းလုပ်တိုင်း သိတတ်တာနဲ့သိစရာ ကုန်သွားပုံတွေ အဆက်မပြတ် သတိကပ်ကြည့်ရင် မခိုင်မြဲတဲ့ သဘော ကောင်းကောင်းပေါ်လာမယ်။ ပြီးတော့ နေ့စဉ်းစားခါနီး ဉာဏ်သွင်းကြည့်စမ်းပါ။ မနေ့က ဝအောင်စားခဲ့ပြီးရက်သားနဲ့ ဘာဖြစ်လို့ဒီနေ့ စားရမှာလဲ။ မနေ့က စားခဲ့တာတွေ မရှိတော့ဘူး။ ကုန်ခန်းသွားပြီ လောင်သွားပြီ အသားအသွေးစသည်ပြောင်းလဲသွားပြီ။ ဒါဆိုမခိုင်မြဲတဲ့ အနိစ္စပဲ။ ဘာထူးလဲ ဒီနေ့ဝအောင် စားထားရင်လဲ နောက်နေ့ကုန်ဦးမှာပဲ။ ဒီနေ့ ဘယ်လောက်ပဲစားစား နောက်နေ့စားရဦးမှာပါ။ သေချာ ကြည့်တတ်ရင် မခိုင်မြဲတာ သေချာနေပြီပဲ။ အားချိန်လည်းမလို၊ ပိုက်ဆံလည်းမတောင်း သတိဉာဏ်ပဲ တောင်းတာပါ။ "အားဖို့မလို သိဖို့လိုတယ်"ဆိုတာ သေချာပြီပေါ့။ အချိန်မီ မစားရင်၊ မကျွေးရင် ဗိုက်တွေ ဆာလောင်လာတယ်။ ဝမ်းမီးက ဝမ်းရေကို လောင်လာလို့ အလွန်ဆင်းရဲလှပါတယ်။

ဒါဆို ဆင်းရဲတဲ့ ဒုက္ခအစစ်ပဲ။ ပြီးတော့တစ်ဆက်တည်း ဉာဏ်နဲ့ မြင်သွားတယ်။ မြင်ပုံက "ငါဟာ စားစရာ၊ သောက်စရာတွေထဲက အားတွေကို ချေးငှားသုံးနေသူပဲ။ ကိုယ့်အထုပ် ကိုယ်မထမ်းနိုင်လို့ အထမ်းသမားငှားပြီး အထမ်းခိုင်းသလို ငါလည်း ငါ့အားနဲ့ငါ တာဝန်ကို မထမ်းနိုင်လို့ စားသောက်စရာတွေထံ အထမ်းငှားပြီး အကူအညီ တောင်းနေရသူပဲ" ဒီလိုမြင်လာတော့ အားကို နေ့စဉ်ငှားသုံးပြီး ငှားခကျေအောင်


www.burmeseclassic.com

www.burmeseclassic.com


မပေးနိုင်တဲ့ မိမိဘဝကိုလည်း တွေးတွေးပြီး ရှက်စရာမြင်လာမယ်။ သိလို့ ဖော်ပေးနိုင်ရင် တရားစွမ်းအား ကျန်ပါတယ်။ မသိလို့ မဖော်နိုင်ရင်တော့ အကုန်မြုပ်သွားတယ်။ "မသိသူ ကျော်သွား၊ သိသူ ဖော်စား" ဆိုတဲ့စကားထဲမှာ ဒါမျိုးလည်း ပါမှာပါ။

ဒီနေ့ဗိုက်တွေ ဆာလောင်နေပေမယ့် အချိန်မရလို့ မအားလို့ မစားနိုင်၊ မကျွေးနိုင်သေးဘူး။ မနက်ဖြန်မှပဲ စားတော့မယ်"လို့ စိတ်ကူးစမ်းကြည့်တော့ ခန္ဓာကလက်မခံဘူး၊ ကိုယ့်သဘောမှ မဟုတ်ဘဲ။ သူ့သဘောနောက် ကိုယ်ကလိုက်ပေးရမှာ ရက်ရွှေ့ဖို့မပြောနဲ့ နာရီတောင် အရွှေ့မခံဘူး၊ ကုသိုလ်ကောင်းမှုပြုဖို့ကျတော့ ကိုယ့်သဘောအတိုင်းဖြစ်လို့ ရွှေ့ချင်သလောက် ရွှေ့လို့ရတယ်၊ ကိုယ့်ခန္ဓာ အစာကျွေးဖို့ကျတော့ ကိုယ့်သဘောအတိုင်းမဖြစ်နိုင်လို့ လုံးဝ ရွှေ့လို့မရနိုင်ပါဘူး။ ဒါဆို အနတ္တသဘော ရှင်းနေပြီပဲ။ သတိဉာဏ်နဲ့ ဖော်နိုင်ရင် နေ့စဉ်စားနေတဲ့ ထမင်းဟင်းတွေထဲမှာ ကိုယ့်ကို အာမခံတာဝန်ယူမယ့် တရားစွမ်းအားတွေ အများကြီး ပေါ်လာနိုင်တယ်၊ မဖော်နိုင်လို့ မြုပ်နေတာတွေ နေ့တိုင်း အများကြီးပဲ။

သတိဉာဏ်နဲ့သာ တကယ်ဖော်နိုင်ရင် နေ့စဉ်တွေ့ကြုံရတဲ့ အာရုံတွေ၊ နေ့စဉ်လုပ်နေရတဲ့ အလုပ်တွေ နေ့စဉ်ယူနေရတဲ့တာဝန်တွေ၊ နေ့စဉ်လှမ်းနေရတဲ့ ခြေလှမ်းတွေ အားလုံးထဲမှာ အားကိုးစရာ တရားစွမ်းအားတွေ အများကြီးပေါ်လာနိုင်တယ်။ ၁၀-ခုမှာ ၁ခု၊ ၅၀-မှာ ၁-ခုလောက် ရရင်တောင် အများကြီး စုမိနေပြီပဲ။ အသိမှန်လို့ ကိုယ့်ဖို့ကျန်မှပဲ တကယ်စိတ်အေးရမှာပါ။

## ၇။ ကံ ဉာဏ် ဝီရိယ

- **ကံဉာဏ်လုံ့လ၊ မစုံက၊ အောက်ကျ ဆင်းရဲလျက်။**
- **ကံအားဉာဏ်အား၊ လုံ့လအား၊ ၃-ပါးစုံမှ အစဉ်ထက်။**
- **အကွက်မဖော်၊ တွန်းလိုက်သော်၊ လမ်းချော် စိတ်အားပျက်။**
- **အကွက်ချကာ၊ တွန်းမှသာ၊ စိတ်မှာ စွမ်းအားတက်။**
- **ဉာဏ်အားတွေတိုး၊ ကံတန်ခိုး၊ ကောင်းကျိုး အစုံဆက်။**

လူတွေ နှုတ်ကျိုး နားယဉ်နေတဲ့ အားကိုးတကြီးပြောနေကြတဲ့ စကားက "ကံ ဉာဏ် ဝီရိယ" တဲ့၊ ကံကို လူတွေတော်တော်အားကိုးတဲ့ သဘောရှိပါတယ်။ အလုပ်ကလေးတစ်ခုခု အဆင်မပြေရင်တောင် "သိပ်တော့ အဆင်မပြေလှဘူး၊ ကံကောင်းရင်တော့ ဖြစ်လာဦးမလားလို့ပဲ" စာမေးပွဲဖြေလို့ မရရင်လဲ "ဖြေရတာတော့ အားမရပါဘူး၊ ကံကောင်းရင်တော့ အောင်ချင်အောင်မှာပါ" ဘေးရန်ပေါ်တဲ့ နေရာကိုသွားတော့လဲ "ကံကောင်းရင် ဘေးရန်လွတ်လောက်ပါတယ်"၊ နောက်ဆုံးတော့ ကံအတိုင်းပေါ့ဗျာ" ကံစီမံသလိုပဲဗျာ" အဲဒီလို စသည်ဖြင့် ကံစွမ်းကို အားကိုးတကြီး မျှော်ကြပါတယ်။ အားကိုးတယ်ဆိုတာ အားပါမှ ကိုးလို့ ဖြစ်မှာပါ။ အားပါအောင် အားသွင်းပေးဖို့ ဉာဏ်နဲ့ ဝီရိယကို ထိရောက်အောင် အသုံးချရပါတယ်။

ကံ၊ ဉာဏ်၊ ဝီရိယ သုံးခုကို အတိတ်ရလဒ်အနေနဲ့ ခွဲပြောကြတယ်၊ မကောင်းတော့လည်း "ကံဆိုးတယ်၊ ဉာဏ်နည်းတယ်၊ ဝီရိယမရှိဘူး" လို့ သီးခြားခွဲပြီး ကဲ့ရဲ့ပြစ်တင် တတ်ကြတယ်၊ ကောင်းပြန်တော့လည်း "ကံကောင်းတယ်၊ ဉာဏ်ကောင်းတယ်၊ လုံ့လရှိတယ်" လို့ သီးခြားတစ်ပါးစီခွဲပြီး ဂုဏ်တင်ချီးမွမ်းကြပါတယ်။

ပစ္စုပ္ပန်လုပ်ငန်းသဘောမှာတော့ တွဲပြောရလိမ့်မယ်၊ ကံဆိုတာ အဆိုးအကောင်း နှစ်မျိုးရှိနေတာဖြစ်လို့ အဆိုးမရဘဲ အကောင်းတွေချည်းရအောင် ဉာဏ်က စောင့်ရှောက်ပေးရမယ်၊ ဉာဏ်က ကံကို အကွက်ချေလို့ ကောင်းမွန်အောင် ဖန်တီးပေးရမယ်။ ဝီရိယက ဉာဏ်သစ်တွေ ပြန်လောင်းထည့်ပေးရမှာဖြစ်တယ်။ ဝီရိယချည်း မတတ်စွမ်းနိုင်တော့ သတိက ကူညီပေးရမယ်၊ သတိနဲ့ အကွက်မဖော်ဘဲ ဝီရိယသက်သက်နဲ့ တွန်းလိုက်ရင် စိတ်လမ်းချော်ပြီး အားတွေကျိုးပဲ့ပျက်စီး သွားတတ်တယ်၊ တည်ငြိမ်အေးချမ်းတဲ့ စွမ်းအားတွေ ငုပ်လျှိုး ပျောက်ကွယ် တိမ်မြုပ်သွားလိမ့်မယ်၊ သတိနဲ့ အကွက်ချပြီး ဝီရိယနဲ့တွန်းပေးမှ စိတ်မှာ စွမ်းအား တက်လာမယ်၊ စိတ်ငြိမ်သက် ငြိမ်းချမ်းသလောက် ဉာဏ်ရောက်တောက်ပြီး ကံတန်ခိုးတွေ တောက်ပြောင်မြင့်မားလာမှာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကံ၊ ဉာဏ်၊ ဝီရိယဆိုတာ ခန္ဓာ ဒီဘက်ကမ်းကနေပြီး တရားဟိုဘက်ကမ်းကို ဖြတ်ကူးနေပါတယ်။ ခန္ဓာနဲ့ တရားကြားမှာ အဝိဇ္ဇာတဏှာ မြစ်ခြားနေတော့ ဉာဏ်တံတားခင်းပြီးမှ ကူးရမှာပါ။ အဝိဇ္ဇာတဏှာ မြစ်ထဲမှာ သတိ၊ ဝီရိယတိုင်စိုက်ဖို့ အခက်ဆုံးပါ။ စိုက်လိုက်တိုင်း အဝိဇ္ဇာ၊ တဏှာ ရေစီးအားနဲ့ ကျွတ်ထွက်လဲပြီး မျောမျောသွားတတ်တယ်။

အဝိဇ္ဇာတဏှာမြစ်ထဲ သတိ၊ ဝီရိယတိုင်ခိုင်မာအောင်စိုက်ပြီး သမာဓိ သံပေါင်တင်ရမယ်၊ သမာဓိ သံပေါင်ခိုင်ခန့်မှ ဉာဏ်တံတားခင်နိုင်မယ်၊ ကိုယ်နှုတ်စိတ်ဆိုင်ရာ ကံ (အလုပ်) အားလုံး ဉာဏ်တံတားပေါ် လျှောက်သွားနိုင်မှ ကံကောင်းပိုင်မှာပါ။ ကံတနိုး တက်နေမှာပဲ ကောင်းကျိုးအစုံဆက်နိုင်မှာ ဖြစ်တယ်။

ပြီးတော့ ပုထုဇဉ်ဆိုတာ လိုချင်တာတွေများတော့ လုပ်ချင်တာတွေလည်း အများကြီးပဲ၊ အစုံလုပ်ချင်တာ၊ လုပ်ချင်တဲ့ထဲမှာ မကောင်းမှု အကုသိုလ်လည်း အစုံပါတယ်၊ အလုပ်ဆိုတာ ကံပဲ၊ လုပ်ချင်တိုင်း မလုပ်ဘဲ လုပ်သင့်တာသာ လုပ်နိုင်အောင် ဉာဏ်က ရွေးချယ်ပေးတယ်၊ လုပ်သင့်တဲ့ အလုပ်ထဲမှာလည်း လုပ်နိုင်တာကိုပဲ ဝီရိယက သတိနဲ့တွဲပြီး တစ်ကန့်စီ တစ်ကန့်စီ စွမ်းအားပေါ်အောင် လုပ်ပေးပါတယ်။

လိုချင်တာများလို့ လုပ်ချင်တာများနေတာက ကံ၊ လုပ်ချင်တဲ့အလုပ်တွေထဲက လုပ်သင့်တာကို ရွေးချယ်ပေးတာက ဉာဏ်၊ လုပ်သင့်တဲ့ထဲက လုပ်နိုင်တာကို တစ်ကန့်ချင်း စွမ်းအားရအောင် လုပ်ပေးတာက ဝီရိယပဲ။

ကံ၊ ဉာဏ်၊ လုံ့လမစုံတော့ လူဟာအရာရာမှာ အောက်ကျဆင်းရဲတတ်တယ်၊ ကံ၊ ဉာဏ်၊ လုံ့လ သုံးပါးစုံလင်မှပဲ အစဉ်ထက်မြက်ပြီး အမြင်သစ်တွေတိုးလို့ ကောင်းကျိုးချင်း ဆက်မိကြမှာပါ။

## ၈။ ၃-လုံးထီပဲထိုးပါ

- **ဗုဒ္ဓ ဓမ္မ၊ သံဃသုံးဖြာ၊ ရတနာ၊ စိတ်မှာ သွင်း၍ထား။**
- **ဒါန သီလာ၊ ဘာဝနာ၊ သုံးဖြာ တိုးအောင်ပွား။**
- **ကံ၊ ဉာဏ်၊ လုံ့လ၊ သုံးမျိုးရ၊ တက်ကြွလွန်ထူးခြား။**
- **အသိမှန်ကန်၊ ကိုယ့်ဖို့ကျန်၊ ဧကန်အားရှိသွား။**

မကြာမီ လွန်ခဲ့တဲ့ သီတင်းကျွတ်ပြီးခါစက ဒကာမ (အမျိုးသမီး) တစ်စုကျောင်းကို လှူဒါန်းဖို့ ရောက်လာကြတယ်၊ သူတို့မေးတာက "၂-လုံးထီနံပါတ်ပေးသလားဘုရား" တဲ့၊ မေးတော့လည်း ဖြေရ တာပေါ့ "၂-လုံးထီနံပါတ်တော့ မပေးပါဘူး၊ ၃-လုံးထီ နံပါတ်ပဲ ပေးပါတယ်၊ ကိုယ်တိုင်လည်း ၃-လုံးထီပဲ အမြဲထိုးနေတာပါ၊ တွေ့သမျှလူတိုင်းကိုလည်း ၃-လုံးထီထိုးဖို့ပဲ အမြဲတိုက်တွန်းပါတယ်" "ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဆိုတဲ့ ရတနာ ၃-လုံး၊ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကိုယ်ပိုင်တရား ၃-မျိုး၊ ကံ၊ ဉာဏ်၊ ဝီရိယဆိုတဲ့ စွမ်းရည် ၃ ချက်၊ အဲဒီ ၃-လုံးပဲ ပေးပါတယ်၊ ခုလည်း အဲဒါပဲ ပေးပါမယ်၊ ယုံယုံကြည်ကြည်နဲ့သာ ထိုးပါ။ ဒီ ၃-လုံးက တကယ်ထိုးရင် တကယ်ပေါက်ပါတယ်၊ ဧကန် ဘေးရန် ဆင်းရဲ အပူလွတ်ပြီး ဧကန်ချမ်းသာမှာ သေချာပေါက်ပါ။ အဲဒီ ၃-လုံးကို ယူဖြစ်အောင် ယူသွားကြ၊ သေချာပေါက် ၃-လုံးထီရှိနေမှတော့ မသေချာတာတွေနဲ့ အချိန်ကုန်ခံ၊ ပစ္စည်းကုန်ခံနေဖို့လည်း မလိုဘူး၊ အပင်ပန်းခံနေဖို့လည်း မလိုဘူး၊ သေချာတာကိုပဲ လုပ်ကြ"

အဲဒီလိုပြောတော့ တဝါးဝါးနဲ့ရယ်ပြီး ထပြန်သွားကြတယ်၊ သူတို့ တောင်းတဲ့နံပါတ်နဲ့ ဒီကပေးလိုက်တဲ့ နံပါတ် မကိုက်လို့နဲ့တူပါရဲ့၊ ဗုဒ္ဓသာသနာနဲ့ တကယ်တွေ့သူဟာ မသေချာတာတွေနဲ့ အချိန်၊ ပစ္စည်းအင်အား အကုန်ခံ မဖြုန်းသင့်ဘူး၊ သေချာတာကိုပဲ ယုံယုံကြည်ကြည် လုပ်သင့်တယ်၊ အသိမှန်မှပဲ ကိုယ့်ဖို့ကျန်မှာပါ။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၅-ခုနှစ်၊ နတ်တော်လ။ (၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၁၉)

## တရားကျေးဇူး စွမ်းရည်ထူး

### နမော ဗဟုကာရဿ

### ( နမော သဗ္ဗညူ ပကာရဿ )

**(ကောဇာ ၁၃၆၄-ခု၊ ဦးတန်ခူးလဆန်း ၇-ရက်၊ ခရစ် ၂၀၀၂-ခု၊ မေလ ၁၉ရက်၊ သောကြာနေ့ည ‘ပထမ-ရွှေကျင်ဆရာတော်ဘုရားကြီး၏ဇာတိ ဖြစ်သော ရွှေဘိုခရိုင်၊ ဝက်လက် မြို့နယ်၊ ရွှေကျင်ရွာ၊ ရွှေကျင် ဗိမာန်စာသင်တိုက်၌ ဒုတိယ ရွှေကျင်သာသနာပိုင် ပထမ-မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး၏ ရုပ်တုတော်ပင့်ဆောင်ပူဇော်ပွဲအတွက် ဟောကြားခဲ့သည့် ‘တရားကျေးဇူး စွမ်းရည်ထူး’ တရားတော်ကို တစ်ပြိုင်တည်း တိုက်ဆိုင်ရောက်ရှိလာသော မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ နှစ်၁၀၀ပြည့်၊ ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ ၄၅-နှစ်ပြည့်၊ ကလေးမြို့၊ မဟာဝိသုဒ္ဓါရုံ နှစ်၂၀-ပြည့် အထိမ်းအမှတ် စာအုပ်အဖြစ် အမှတ်တရ ထုတ်ဝေလိုက်ပါသည်။)**

#### ၁။ အသိထူးခြား ရှားပါးပုဂ္ဂိုလ်

ယနေ့ည ကျေးဇူးတော်ရှင် ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးရဲ့ ရုပ်တုတော် ပင့်ဆောင် ပူဇော်ပွဲကို အကြောင်းပြုပြီး ကောင်းမှုတိုးပွားအောင် ကြိုးစားနေကြတဲ့အခါ ‘တရားကျေးဇူး စွမ်းရည်ထူး’ ဆိုတဲ့တရားကို အာရုံပြု နာယူကြမယ်၊ မြတ်စွာဘုရားဟောတဲ့ ဒေသနာစကားက -

ဒွေမေ ဘိက္ခဝေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။ ကတမေဒွေ ယောစ ပုဗ္ဗကာရီ၊ ယောစ ကတညူ ကတဝေဒီ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။

(အံ ၁-၈၆)

**ဘိက္ခဝေ** - ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ **လောကသ္မိံ** - အသိမကူ အရှုပ်ထူ၍ အပူပေါလှ ဤလောက၌။ **ဒွေ** - နှစ်မျိုး နှစ်စား နှစ်ပါးကုန်သော။ **ဣမေ ပုဂ္ဂလာ** - အသိထူးခြား ဂုဏ်ကြီးမားသည့် ဤကဲ့သို့သော ရှားပါးပုဂ္ဂိုလ်တို့ကို။ **ဒုလ္လဘာ**-မုချမသွေ ရခဲလှပါပေကုန်၏။

**ကတမေဒွေ** - အဘယ်နှစ်ယောက်တို့နည်းဟူမူကား။ **ယော** - တရားချစ်ခင် စိတ်ကောင်းဝင်သည့် အကြင်ကဲ့သို့သော သူတော်စင်ပုဂ္ဂိုလ်မျိုးသည်။ **ပုဗ္ဗကာရီ** - လာဘ်လည်းမဖက်၊ ဂုဏ်မမက်ပါ၊ မေတ္တာရှေ့ထား၊ တရားဆည်းပူး၊ စွမ်းရည်ထူးဖြင့်၊ ရှေးဦးမချွတ်၊ ကျေးဇူးပြုတတ်ပါပေ၏။ **သောစ**-ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုး လည်းကောင်း။ **ယော** - တရားချစ်ခင် စိတ်ကောင်းဝင်သည့် အကြင်ကဲ့သို့သော သူတော်စင်ပုဂ္ဂိုလ်မျိုးသည် **ကတညူ** - သူပြုအပ်ဖူး သူ့ကျေးဇူးကို အထူးသိတတ်ပါပေ၏။ **ကတဝေဒီ** - သူပြုအပ်ဖူး သူ့ကျေးဇူးကို ချီးကျူးမပြတ် ထုတ်ဖော်တတ်ပါပေ၏။ **သောစ**-ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးလည်းကောင်း။

**ဘိက္ခဝေ** - ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့။ **လောကသ္မိံ** - အသိမကူ အရှုပ်ထူ၍ အပူပေါလှ ဤလောက၌။ **ဒွေ** - နှစ်မျိုး နှစ်စား နှစ်ပါးကုန်သော။ **ဣမေပုဂ္ဂလာ** - ဤဆိုအပ်ခဲ့ပြီးသော အသိထူးခြား ဂုဏ်ကြီးမားသည့် ရှားပါးပုဂ္ဂိုလ်တို့ကို။ **ဒုလ္လဘာ** - မုချမသွေ ရခဲလှပါပေ ကုန်တော့သတည်း။ ဒီလောကထဲမှာ အသိထူးခြားဂုဏ်ကြီးမားတဲ့ ရှားပါးပုဂ္ဂိုလ် နှစ်မျိုးဆိုတာ ရခဲတယ်၊ ပေါ်ပေါက်လာဖို့ ခက်ခဲတယ်၊ နှစ်မျိုးဆိုတာ - (၁) လာဘ်လည်းမဖက် ဂုဏ်မမက်ဘဲ သဒ္ဓါ၊ ပညာ၊ မေတ္တာတရားစစ်စစ်နဲ့ ရှေ့က ကျေးဇူးပြုပေးတတ်၊ ကူညီစောင့်ရှောက်ပေးတတ်တဲ့ ကျေးဇူးရှင်ပုဂ္ဂိုလ်မျိုး၊ ယခု ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးတို့လိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com


(၂) ကျေးဇူးရှင်ရဲ့ ကျေးဇူးကို သိတတ်၊ ကျေးဇူးဆပ်တတ်တဲ့ ပုဂ္ဂိုလ်မျိုး၊ ယခု တရားဟော တရားနာ ပရိသတ် အပေါင်း သူတော်ကောင်းတို့လိုပေါ့။

ကျေးဇူးသိလို့ပဲ ယခုဒီအလုပ်ကို လုပ်နေကြတာပါ။ အဲဒီပုဂ္ဂိုလ်ထူးနှစ်မျိုး ပေါ်ပေါက်လာဖို့ ခက်ခဲတယ်၊ ပုထုဇဉ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟအောက်မှာ ပြားပြားဝပ်နေရတာဖြစ်လို့ ကိုယ့်အတွက်သာ ဦးစားပေး တတ်လွန်းလို့ပါ၊ ကိုယ့်အတွက်သာငဲ့ပြီး အများအတွက် ထည့်မတွက်မိတတ်တာက များနေတတ်လို့ပါ၊ ရှားပါးပုဂ္ဂိုလ်ထူးနှစ်မျိုး ပေါ်လာတော့လည်း အများသူငါ ကောင်းမှုချမ်းသာ တိုးပွားကြရစမြဲပါ၊ ဒါ့ကြောင့်-

၁။ လာဘ်လည်းမဖက်၊ ဂုဏ်မမက်ပါ၊ မေတ္တာရှေ့ထား၊ တရားဆည်းပူး၊ စွမ်းရည်ထူးဖြင့်၊ ကျေးဇူးပြုတတ်၊ ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည်။

၂။ တရားဆည်းပူး၊ စွမ်းရည်ထူးကြောင့်၊ ကျေးဇူးသိတတ်၊ ထုတ်ဖော်တတ်၊ လူမြတ်ကိုလည်း ရခဲသည်။

၃။ ပုဂ္ဂိုလ်ထူးများ၊ ပေါ်လာငြား၊ အများချမ်းသာသည်။

## ၂။ တစ်ချက်ခုတ်တော့ နှစ်ချက်ပြတ်

- **တစ်ချက်ခုတ်လတ်၊ နှစ်ချက်ပြတ်၊ နှိုင်းအပ်ပုံပမာ။**
- **အခွင့်တစ်ခု၊ တိုက်ဆိုင်မှု၊ နှစ်ခုတိုးပွားပါ။**
- **ထေရ်မြတ်နှစ်ဝ၊ ပူဇော်ရ၊ တက်ကြွထူးခြားလာ။**

ဦးပဋ္ဌင်းတို့ ဒီကျောင်းရွာမှာလာပြီး တရားဟောခွင့်ရတာက ကံနှစ်ထပ်ကောင်း ဖြစ်သွားတယ်၊ ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးနှစ်ပါးကို တစ်ပြိုင်တည်း ပူဇော်ခွင့်ရလို့ပါ၊ 'ရွှေကျောင်းရွာသွားပြီး တရားဟော ပေးရမယ်' လို့ တာဝန်ပေးတော်မူကြတဲ့ ရွှေကျောင်းဂိုဏ်း အကြီးအကဲ ဆရာတော်ဘုရားများကိုလည်း ကျေးဇူးတင် ဝမ်းမြောက်လို့ မဆုံးနိုင်ပါဘူး။

ရွှေကျောင်းဂိုဏ်းကြီးကို ဖေါ်ထုတ်တည်ထောင်တော်မူသွားတဲ့ ပထမရွှေကျောင်းဆရာတော်ဘုရားကြီးဆိုတာ ဒီရွှေကျောင်းရွာက ဖွားမြင်တော်မူခဲ့တာပါ၊ ရွှေကျောင်းဂိုဏ်းဆိုတာ ဒီရွှေကျောင်းရွာရဲ့ နာမည်ပါ၊ ဒါကြောင့် ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးရဲ့ ဆရာဖြစ်တဲ့ ပထမရွှေကျောင်း ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တွေကိုပါ ပူဇော်ခွင့်ရသွားပါတယ်၊ တစ်ချက်ခုတ်တော့ နှစ်ချက်ပြတ်တယ်လို့ ဆိုရမှာပါ။

ဒီလိုဆိုတော့ ဆရာတော်ဘုရားကြီးနှစ်ပါးမှ ဆင်းသက်လာတဲ့ ယနေ့တိုင်အောင် ရွှေကျောင်းဆရာတော် အဆက်ဆက် ဝိသုဒ္ဓါရုံဆရာတော်အဆက်ဆက်ကိုလည်း ပူဇော်ရာရောက်သွားတာပါ၊ အရင်းကိုကိုင်လိုက်တော့ အဖျားလည်း အကုန်ပါသွားတော့တာကိုး၊ ဒါကြောင့် ဒီရွှေကျောင်းရွာကိုလာပြီး တရားဟောရတာဟာ အကျိုး ကျေးဇူးများလွန်းလို့ အလွန်ဝမ်းသာဂုဏ်ယူမိပါတယ်။

## ၃။ တရားကျေးဇူး စွမ်းရည်ထူး

- **တရားမပါ၊ လူ့ခန္ဓာ၊ ရှိတာမပြည့်ဝ။**
- **ရှိသမျှလည်း၊ အပူတွဲ၊ အမြဲအားငယ်ရ။**
- **တရားပါငြား၊ လူ့စွမ်းအား၊ ထူးခြားမြင့်တက်ရ။**
- **တရားကျေးဇူး၊ စွမ်းရည်ထူး၊ ချီးကျူးထိုက်ပေစွ။**

လောကကို ဦးဆောင်တာက အဝိဇ္ဇာနဲ့ တဏှာ, ဓမ္မကို ဦးဆောင်တာက သတိနဲ့ပညာပါ၊ လောကကို အဝိဇ္ဇာနဲ့တဏှာက ဦးဆောင်တာဆိုတော့ လောကဆိုတာ အသိမကူ အရှုပ်ထူပြီး အပူပေါလှပါတယ်၊ အသိမကူသလောက် ရှုပ်ထွေးတယ်၊ ရှုပ်သလောက်လည်း ပူတယ်၊ တရားမကူရင် အပူနဲ့ချည်းနေရတယ်၊ 'မရှိတော့လည်း ဆင်းရဲတယ်ဗျာ၊ ရှိတော့လည်း တယ်ဒုက္ခရောက်ပါလား' လို့ ညည်းတွားရလောက်အောင် ပူလောင်ပါတယ်၊ မရှိတော့လည်း မသက်သာ၊ ရှိပြန်တော့လည်း မသက်သာလှပါ။


www.burmeseclassic.com

www.burmeseclassic.com


တရားမပါရင် တစ်နေ့ ထမင်းနှစ်ထပ် မှန်မှန်ကျွေးပြီး သေရမယ့်ရက်ကို ထိုင်စောင့်နေတာနဲ့ တစ်ဘဝ ကုန်သွားမှာ၊ အဲဒီတစ်ဘဝဟာလည်း တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း မရှိပါဘူး၊ 'ဒီနေ့တော့ အေးပြီးဟဲ့၊ ဒီနေ့တော့ ပြီးပြီဟဲ့' လို့ ဘာမှမပြနိုင်၊ ဘာရယ်လို့မှ မယ်မယ်ရရ မပြနိုင်ဘဲ တစ်ဘဝကုန်သွားကြတာ၊ ဒါ့ကြောင့် လောကကို အလျားလိုက်ကူးနေရင် ပူလို့ ရှုပ်လို့ မဆုံးနိုင်အောင် တစ်မျောတည်းမျော၊ တစ်မြုပ်တည်း မြုပ်နေတော့မှာဖြစ်လို့ လောက ဖြတ်လမ်းဖြစ်တဲ့ ဓမ္မဆိုတာ လောကထဲပေါ်လာရတာ။

တရားမပါဘဲ လူ့အရှိဟာ မပြည့်ဝ မစုံလင်နိုင်ပါဘူး၊ ပင်လယ်ရေဟာ ရေရှိသလောက် ဆားပါဝင်တာဖြစ်လို့ ငန်လွန်းတဲ့ကြောင့် သောက်သုံးရတာအဆင်မပြေသလို လူ့အရှိတွေဟာလည်း ရှိသလောက် အပူပါဝင်တာဖြစ်လို့ ရှိရုံနဲ့ မချမ်းသာနိုင်ပါဘူး၊ အရှိထဲ အသိသွင်းပေးနိုင်သလောက်သာ ချမ်းသာခွင့်ရနိုင်မှာပါ၊ တရားကျေးဇူးပြုခံရရင် လူဟာ အံ့ဩချီးကျူးထိုက်လောက်အောင် တကယ့် စွမ်းအားပိုင်ရှင် ဖြစ်သွားရပါတယ်။

## ၄။ တရားကျန်ခဲ့ရင် တော်ပြီ

- **လောကတွင်းမှာ၊ အရာရာ၊ ဘယ်ဟာတွေမှ မမြဲကြ။**
- **ရှိသမျှရှုံး၊ ချုပ်ပျောက်သုဉ်း၊ နောက်ဆုံးဘာမှ မကျန်ကြ။**
- **မြတ်တရားသာ၊ ကျန်ခဲ့တာ၊ လူမှာအစွမ်းပြ။**

လောကအတွင်း လူကို နည်းမျိုးစုံ အမျိုးမျိုးကျေးဇူးပြုနေကြတဲ့အရာတွေထဲမှာ တရားသာ အမြင့်မြတ်ဆုံးပါ၊ ကျေးဇူးပြုခံနေရသူတွေထဲမှာလည်း တရားနဲ့ ကျေးဇူးပြုခံရသူသာ အမြင့်မြတ်ဆုံး အစွမ်းဆုံးပါ၊ လောကထဲမှာ တရားသာ အထူးခြားဆုံး၊ အမြင့်မြတ်ဆုံးပါ။

ဘဝတစ်ခုလုံး အနှစ်ချုပ်ထုတ်ကြည့်ရင် တရားပဲကျန်ရမယ်၊ လူ့အလုပ်၊ လူ့ပစ္စည်း၊ လူ့ဆွေမျိုးတွေ အားလုံး အနှစ်ချုပ်ထုတ်ကြည့်ရင် တရားပဲ ကျန်နေခဲ့ရမှာဖြစ်တယ်၊ လူ့ အခွင့်အရေးအစစ်က တကယ်တော့ တရားတစ်ခုတည်းပါ။

ကိုယ့်လက်ထဲမှာ ရှိနေကြတဲ့ သက်မဲ့သက်ရှိအားလုံးဟာ ဘာမှခိုင်မြဲကြတာမဟုတ်တော့ ကန့်သတ်ချိန် စေ့ရင် အားလုံး ပျောက်ကွယ်သွားကြမှာချည်းပဲ၊ ဘာတွေပဲ ပျောက်ကွယ်သွားသွား ကိုယ့်တရား ပျောက်ကွယ် မသွားရင် ပြီးတာပဲ၊ ဘယ်သူတွေပဲ ခွဲခွာသွားသွား နောက်ဆုံး ကိုယ့်မှာ တရားအဖော်ကျန်နေခဲ့ရင် ပြီးတာပါပဲ၊ ဘဝရဲ့တွက်ကိန်းဟာ နောက်ဆုံးတော့ တရားပါပဲ။

အလွန်လေးလံတဲ့ ပစ္စည်းဝတ္ထုကြီးတွေကို လူတစ်ယောက်အင်အားနဲ့ ချီမလို့ မနိုင်သလို လောကဆင်းရဲ အပူတွေလည်း တရားကင်းတဲ့လူ အင်အားသက်သက်နဲ့ မနိုင်ပါဘူး၊ မနိုင်လို့ ငိုရ ပူရ စိတ်ဆင်းရဲရပါတယ်၊ အလွန်လေးတဲ့ ပစ္စည်းကြီးတွေဟာ စက်ယန္တရားအင်အားနဲ့ ချီမလိုက်ရင် မလေးပဲ မနိုင်သလို လောကဆင်းရဲ အပူတွေလည်း တရားအင်အားနဲ့ မ မှ နိုင်ပါတယ်၊ လောကမှာ မခံချင်စရာတွေ၊ မခံနိုင်စရာတွေက အများကြီးပဲ၊ တရားပါမှ လူခံနိုင်ရည်အင်အား ပေါ်လာမှာပါ၊ တရားကို သတိဉာဏ် ဦးဆောင်တယ်။

လူနဲ့ဒုက္ခအပူကို ဖြန်ဖြေပေးနိုင်တာက တရားပဲရှိတာ၊ လူမှာ ဖြန်ဖြေပေးတဲ့ တရားမရှိရင် လူနှင့်ဒုက္ခအပူ နပမ်းလုံး ရန်ဖြစ်နေရတာနဲ့ပဲ လူ့တစ်ဘဝ ကုန်သွားမှာပါ။

သံသရာမှာ လောဘ၊ ဒေါသ၊ မောဟတွေက ရိုက်ရိုက်ပြီး ခွာခွာချတာနဲ့ လူနှင့်တရား ကွာနေခဲ့တာ များပါပြီ၊ လူနှင့်တရားကို သတိဉာဏ်တွဲစပ်ပြီး ထုံနေအောင် ပူးကပ်ထားရမယ်။

## ၅။ အများကူညီမှ လူပီသမှာပါ

- **သံသရာလမ်း၊ ခရီးကြမ်း၌၊ ကြိုးတန်းလန်းသာ၊ လာခဲ့ပါ၊ လူမှာရှုပ်ထွေးလှ။**
- **သံသရာလမ်း၊ ခရီးကြမ်းထဲ၊ ဆင်းရဲနှင့်လုံး၊ အစဉ်ရှုံး၊ နောက်ဆုံးပူလောင်ရ။**
- **ဆူးတွေတက်နင်း၊ အသိကင်းဘိ၊ အင်အားချိ၊ အသိပြတ်သွားရ။**


www.burmeseclassic.com

www.burmeseclassic.com


■ အများမကူ၊ ဆွဲမထူပြား၊ ပစ်၍ထား၊ လူလားမမြောက်ကြ။

■ အများကြည့်ရှု၊ ပေါင်းစုကူညီ၊ လူ့စွမ်းရည်တိုး၊ လူ့တန်ခိုး၊ တန်ဖိုးတက်နိုင်ကြ။

မိမိတို့ရဲ့ ဘဝသံသရာခရီးကြီးကို ဉာဏ်နဲ့ ခြုံကြည့်ပေါ့၊ သံသရာကို ချုပ်ကိုင်ထားတာက အဝိဇ္ဇာနဲ့တဏှာ၊ သံသရာလမ်းခရီး ကြမ်းကြီးမှာ အဝိဇ္ဇာ တဏှာဆိုတဲ့ သံသရာကြိုးနှစ်ချောင်းနဲ့ လာခဲ့ကြတာဖြစ်လို့ လူ့ဘဝဟာ အလွန်ရှုပ်ထွေးလှပါတယ်။

သံသရာလမ်း ခရီးကြမ်းကြီးထဲမှာ အို၊ နာ၊ သေ ဆင်းရဲမျိုးစုံနဲ့ မရှုမလှ နပမ်းလုံးခဲ့ကြရပါတယ်၊ နောက်ဆုံးတော့ မချိမဆံ့ ဆန့်ငင် ဆန့်ငင်နဲ့ ကိုယ်ကပဲ ဆင်းရဲမျိုးစုံကို အရှုံးပေးခဲ့ရတယ်၊ မတတ်သာလွန်းလို့ အရှုံးပေးရဖန်များတော့ အခဲမကျေစိတ်တွေနဲ့ အံကြိတ်ပြီး လာခဲ့ကြရတာပါ။

ပြီးတော့ လောဘ၊ ဒေါသ၊ မောဟဆူး သုံးချောင်းပေါ် တက်နင်းမိပြီး ဆူးအတန်တန်စူးလို့ မချိမဆံ့ ပင်ပန်းကြီးစွာနဲ့ ပူပူလောင်လောင်လာခဲ့ရတာပါ၊ အဲဒီလို အပူအရှုပ်ကြီးတန်းလန်းနဲ့ လာခဲ့ရတာကလည်း တစ်ကြောင်း ဆင်းရဲမျိုးစုံနဲ့ နပမ်းလုံးခဲ့ရလို့ နောက်ဆုံးအရှုံးပေးခဲ့ရတာကလည်းတစ်ကြောင်း၊ ဆူးပေါ် တက်နင်းမိလို့ ဆူးတန်းလန်း ဆူးဒဏ်ရာတွေနဲ့ မချိမဆံ့လာခဲ့ရတာလည်း တစ်ကြောင်းတို့ကြောင့် အသိဉာဏ်တွေ အဆက်ပြတ်သွားရပါတယ်။

အရင့်အရင် ဘဝများစွာတုန်းက ပညာရှိ အခေါ်ခံရသူတွေလည်း အဲဒီဘဝခန္ဓာ အခက်အခဲတွေကြောင့် အသိဉာဏ်ဆက်သွယ်ရေး ပြတ်ကုန်တယ်၊ မီးရှူးသန့်စင်ဖွားမြင်တဲ့အချိန်မှာ နားထောင်ကြည့်လိုက်ပေါ့၊ 'အူဝဲ အူဝဲ အူဝဲ' နဲ့ ပွင့်ပွင့်လင်းလင်း အရှိအတိုင်းပဲ၊ ဘာဟန်မှမပါဘူး။

အရှိကို အရှိအတိုင်းပဲ ဖော်ပြလိုက်တယ်၊ 'ဘဝတစ်ခုမှာ ကျွန်တော် ဒုက္ခနဲ့ စပါပြီခင်ဗျာ၊ ပူလောင်စပ်ခါး အလွန်အခံရခက်လှတဲ့ဆင်းရဲကို ရှောင်မရအောင်ရင်ဆိုင်ရင်း ပင်ပန်းကြီးစွာနဲ့ ဘဝတစ်ခု စပါပြီခင်ဗျာ' 'ရှေ့ဆက် အိုရဦးမှာပါခင်ဗျ၊ ပြီးတော့ နာရဦးမှာပါခင်ဗျ၊ သေလောက်အောင် ပြင်းပြင်းထန်ထန်လည်း နာရဦးမှာပါ၊ ရှေ့ဆက်ပြီး ကန့်သတ်ချိန်စေ့ရင် သေရဦးမှာပါခင်ဗျ' အရှိအတိုင်း ပွင့်ပွင့်လင်းလင်းပဲ ပြလိုက်တယ်။

ဘယ်သူမှ လူချမ်းသာပုံစံနဲ့ ပြုံးပြုံးကလေး ဖွားမြင်ခဲ့တာမဟုတ်ပါဘူး၊ ဒုက္ခမျိုးစုံ ဖြတ်သန်းပြီး ပင်ပန်းကြီးစွာ ဒုက္ခသည်ပုံစံနဲ့ လာရလို့ အသိတွေပြတ်သွားတယ်၊ မှောင်ကျသွားတယ်၊ ဘာမှ မှန်တာ မသိတော့ဘူး။

ဘဝတစ်ခုနဲ့ တစ်ခု ဖြတ်သန်းရတိုင်း ခရီးကကြမ်းလွန်းလို့ ပင်ပန်းမောဟိုက် အသိတွေ ပျောက်ပြီး သုညပြန်ဖြစ်သွားတယ်၊ သုည (၀)လုံးက ပြန်စရလောက်အောင် အသိတွေ ပြတ်ကုန်တယ်။

အဲဒီပြတ်သွားတဲ့ အသိပေါ် လာအောင် သုညဘဝက လွတ်သွားအောင် လူပီသအောင် ဆက်သွယ်ကူညီ ကျေးဇူးပြုပေးမယ့်ပုဂ္ဂိုလ်ကို ဖွားမြင်လာတာနဲ့တစ်ပြိုင်နက် လိုလာပါပြီ၊ အရင်ဆုံး မိဘတွေက အသိနဲ့ ဆက်သွယ်ပေးကြတယ်၊ ဒါ့ကြောင့် မိဘကို လက်ဦးဆရာလို့ခေါ်ပါတယ်။

မီးရှူးသန့်စင်ဖွားမြင်ကာစ သားသမီးငယ်များကို သတိထားကြည့်ပါ၊ တကယ့် သေးသေးမွှားမွှား နီနီရဲရဲ ကလေးတွေပဲ၊ အရေအတွက်ပဲရှိသေးတယ်၊ ဘာအရည်အသွေးမှ မပါသေးဘူး၊ လူလို့ပြောရင်တောင် ယုံနိုင်စရာမရှိလောက်အောင် စွမ်းရည်တွေကင်းမဲ့နေတယ်၊ ဘဝများစွာက ဆည်းပူးလေ့ကျင့်ခဲ့တဲ့ ပါရမီဓာတ် အဟုန်တွေ အထိုက်အလျောက် ပါခဲ့ကြပေမယ့် ဒုက္ခမျိုးစုံနဲ့ ပင်ပန်းကြီးစွာ နပမ်းလုံးခဲ့ရလို့ ဆက်သွယ်ရေး ပြတ်ကုန်တယ်။

သူတို့လေးတွေမှာ လက်တွေ၊ ခြေတွေ ပါလာကြပေမယ့် မိဘဆွေမျိုးတွေရဲ့ မေတ္တာ၊ ကရုဏာရိပ်ကို မခိုရရင် အမှန်အတိုင်း လှုပ်နိုင်ကြမှာမဟုတ်ပါဘူး၊ မျက်စိ၊ နားတွေ ပါကြသော်လည်း အများမကူရင် အမှန်အတိုင်း မြင်နိုင် ကြားနိုင်ကြမှာ မဟုတ်ပါဘူး၊ ပါးစပ်ပေါက် ပါလာကြပေမယ့် မိဘဆွေမျိုးတွေ ခွံ့မပေးရင်


www.burmeseclassic.com

www.burmeseclassic.com


ဘာမှ မစားတတ် မသောက်တတ်သေးဘူး၊ ဘယ်သူမှ မကူညီဘဲ ပစ်ထားလိုက်ရင် ဒီကလေးတွေ ဘယ်နည်းနဲ့မှ လူလားမမြောက်နိုင်ပါဘူး၊ အများကူညီမှ လူပီသမှာပါ။

## ၆။ သိသူကြည်ဖြူပေမယ့် မသိသူပူတယ်

- **အသိဦးသူ၊ ထူးခြားသူ၊ ကြည်ဖြူဝမ်းသာ၊ စောင့်ရှောက်ကြ။**
- **အသိကင်းကွာ၊ မီးပမာ၊ ပြင်းစွာလောင်မြိုက်ကြ။**
- **တရားမသိ၊ အားမရှိ၊ အသိပါမှစွမ်းအားရ။**

တရားကျေးဇူးပြုခံရဘူးသူက ဒီကလေး သေးသေးမွှားမွှားလေးတွေကိုကြည့်ပြီး လက်ခမောင်းခတ် ဂုဏ်ယူလိုက်တယ်။

'သူတို့လေးတွေကို အကြောင်းပြုပြီး တို့တော့ ဒါနတွေ တိုးပွားတော့မှာ၊ တို့အိမ်မှာ အလှူခံလေးတွေ ပေါ်လာပြီ'

'ဘာမသိ ညာမသိ အသိကင်းမဲ့နေတဲ့ ဒီသားငယ်၊ သမီးငယ်တွေကို အသိတရားဖြစ်ပေါ် တိုးပွားအောင် တို့က ကူညီပေးရတော့မှာ၊ ပညာအလှူလှူပြီး ပညာပါရမီဖြည့်ခွင့်ရတော့မှာ'

'သူတို့ကို အကြောင်းပြုပြီး ဝေယျာဝစ္စတွေ, သီလတွေ တို့မှာ တိုးတော့မှာ'

'သူတို့လေးတွေကို အကြောင်းပြုပြီး ခန္တီ၊ မေတ္တာ၊ ကရုဏာ စတဲ့ စွမ်းအားတွေရလာတော့မှာ၊ ဒါတင်မကသေးဘူး၊ ဝိပဿနာတွေထိ စွမ်းအားအသိတွေပါ တိုးလာတော့မှာပါလား'

တရားကျေးဇူးပြုခံရသူရဲ့ တွက်ကိန်းက အားတက်စရာပဲ၊ ဟုတ်တာပေါ့၊ အသိဦးသူ၊ အသိထူးသူတွေက မသိသေးသူ၊ အသိ မပြည့်ဝသေးသူတွေကို သိအောင် ကူညီပေးကြမှာပါ၊ ကြည်ဖြူဝမ်းသာ စောင့်ရှောက်ပေးကြရမှာပါ။

တရားကျေးဇူးပြုမခံရသူတွေကတော့ ဘာမသိ ညာမသိ ကလေးငယ်ငယ်တွေကို မြင်ရတဲ့အခါ 'တို့အိမ်မှာ မီးစလေးတစ်စ တိုးလာပြီ၊ တစ်သက်လုံး လောင်ပေဦးတော့မယ်' လို့ စိတ်အားငယ်ကြ၊ ပူပန်ကြရတယ်၊ တရားမပါရင် မီးလိုပဲ လောင်နေပါတယ်၊ သူတို့လေးတွေကြောင့် စိတ်မှာ အပူချင်းထပ်ပြီး ရုပ်ရော စိတ်ရော ပင်ပန်းရတယ်၊ ဝန်ထုပ်ကြီးတွေထမ်းထားရသလို လေးလိုက်တာလည်း လွန်ရော၊ သူတို့ကြောင့်ပဲ လူ့ဘဝအနှစ်ဖြစ်တဲ့ တရားစွမ်းရည်တွေ ဆုံးရှုံးနစ်နာတတ်တယ်။

တရားမသိရင် အားတွေပျက်ပြီး တရားသိမှ အားတွေတက်မယ်၊ တရားမသိရင် အပူတွေနဲ့ လုံးထွေးပြီး အားတွေကုန်ခန်းမယ်၊ အပူထုပ်ကြီးတွေကို အသိကင်းမဲ့စွာ ထမ်းနေရင် နောက်ဆုံးတော့ လဲသွားမှာပဲ၊ အသိပါမှ အားရှိမှာဖြစ်လို့ တရားအသိလေးတော့ လက်ဦးထားဖို့ အထူးလိုမှာပါ။

## ၇။ မိဘကျေးဇူး စွမ်းရည်ထူး

- **လက်ဦးဆရာ၊ ခေါ်ထိုက်ပါ၊ နှစ်ဖြာ မိနှင့်ဘ။**
- **တရားအသိ၊ စွမ်းအားဖြည့်၊ အကြည့်မှန်ကန်ရ။**
- **ကိုယ်ကျိုးစွန့်ခွာ၊ သည်းခံကာ၊ နစ်နာခံတတ်ကြ။**
- **သနားကြင်နာ၊ ဝမ်းမြောက်ကာ၊ မေတ္တာအားကြီးလှ။**
- **မိဘမေတ္တာ၊ ကောင်းစွာခိုငြား၊ သမီးသား၊ ကြီးပွားတိုးတက်ရ။**
- **မိဘကျေးဇူး၊ စွမ်းရည်ထူး၊ ချီးကျူးထိုက်ပေစွ။**



www.burmeseclassic.com

www.burmeseclassic.com


တရားကျေးဇူးပြုခဲ့ရလို့ တရားအသိ လက်ဦးထားတဲ့ မိဘတွေက သားသမီးတွေကို သေးသေးမွှားမွှား နီနီရဲရဲကလေးကစ ကူညီစောင့်ရှောက်ပေးကြတယ်၊ စကားပြောတတ်တဲ့အရွယ်ရောက်တော့ စကားပြောတတ်အောင်၊ မိဘမှန်းသိအောင်၊ လူကြီးမှန်းသိအောင်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးတွေ အထိုက်အလျောက် နားလည်အောင် သင်ပြပေးကြတယ်၊ လမ်းညွှန်သွန်သင် ပေးကြတယ်၊ သားသမီးတွေဟာ စောစောက အရေအတွက်လောက်ပဲ ရှိခဲ့တာ၊ နောက်တော့ မိဘကျေးဇူးကြောင့် အရည်အသွေးလေးတွေ တက်လာကြတယ်။

အသိတရား အဆက်ပြတ်နေတဲ့ ကလေးလေးကို အသိတရားပေါ်အောင် ဆက်သွယ်ပေးကြတယ်၊ 'သားသားလေး အဲဒါ ဘုရားခေါ်တယ်၊ အဲဒါက ဘုန်းဘုန်းလို့ ခေါ်တယ်၊ ရှိခိုးကွဲ့၊ ဦးချကွဲ့၊ အန္တရာယ် ဘေးရန်ကင်းရှင်းတယ်ကွဲ့၊ အသက်လည်းရှည်တယ်၊ ကျန်းလည်း ကျန်းမာတယ်၊ ဉာဏ်လည်းကောင်းတယ်ကွဲ့၊ သားသားလေး ဦးတော် ဦးတော်' အဲဒီလို လက်ဦးဆရာက သင်ပေးရတာပဲ၊ ဘုရားနဲ့ ဆက်သွယ်ပေးရတယ်။

တစ်ခါတစ်ရံကျတော့ ဒုက္ခနဲ့ နပမ်းလုံးပြီး အရှုံးပေးခဲ့ရလို့ အခဲမကျေစိတ်တွေက များလွန်းတော့ ကြွတ်ဆတ်ဆတ်ကလေး ဖြစ်နေတတ်တယ်၊ ပြောလို့မရချင်ဘူး၊ 'သားလေးရှိခိုးမယ် ဦးတော်ကွဲ့' လို့ ဆိုတော့ 'ခိုးဘူး' လို့ ငြင်းတယ်၊ ရှိမခိုးနိုင်ဘူးတဲ့၊ 'သားလေးဒီလို မလုပ်နဲ့လေ၊ သားလေးက လိမ္မာတယ်၊ ဦးတော်လုပ်လိုက်သား' ဆိုတော့လည်း 'ခိုးဘူး' တဲ့ ၊ သားလေးက ဆဲပြတဲ့အခါ 'ဟဲ့ သားလေး မဆဲရဘူး' ဆိုတော့ 'ဆဲမယ်' တဲ့၊ မိဘတွေက မေတ္တာ၊ ကရုဏာနဲ့ စောင့်ရှောက်နေတဲ့ကြားထဲက သူ့ရဲ့ ဝါသနာ၊ စရိုက်ဗီဇတွေကို ပြဖြစ်အောင် ပြလိုက်သေးတာ။

ဘာပဲပြပြ ဘယ်လိုပဲငြင်းငြင်း ဘယ်လိုပဲ ကြွတ်ဆတ်ဆတ်လုပ်လုပ် မိဘ စိတ်မဆိုးပါဘူး၊ ကိုယ်ကျိုးစွန့်ခွာ အနစ်နာခံပြီး စောင့်ရှောက်ပေးနေတာဆိုတော့ အပြုံးမပျက် ခွင့်လွှတ်သည်းခံ လိုက်ပါတယ်၊ 'သူမသိသေးဘူး၊ အဆက်ပြတ်နေတာ၊ တို့က အသိနဲ့ ဆက်သွယ်ပေးရမှာ' လို့ သနားကြင်နာ မေတ္တာထားပြီး သွန်သင် လမ်းညွှန်ပေးတာပါပဲ။

ကလေးလေးတွေက မိဘပြောတဲ့အတိုင်း လိုက်နာနားထောင်ပြန်တော့ 'ဟာ-သားလေး သိပ်လိမ္မာတာပဲ' လို့ ဝမ်းမြောက်ဝမ်းသာ အားပေး ချီးမြှောက်ကြပါတယ်။

'သားလေး ကြီးလာပြီကွယ်၊ စကားတောင် ပြောတတ်နေပြီပဲ၊ သားလေးကို ကျောင်းထားရတော့မှာ၊ သားလေးရှင်ပြုရတော့မှာ၊ သားတို့၊ သမီးတို့ ပညာတွေ အများကြီးတတ်လာကြပြီပဲ၊ ဖေဖေတို့ မေမေတို့ အားကိုးရတော့မှာကွယ်' လို့ မိဘတွေဟာ သားသမီးတွေ အကြောင်းပြုပြီး ဝမ်းသာကြည်နူးကြတယ်။

ဒီတော့ တရားကျေးဇူးပြုခံထားရတဲ့ မိဘတွေမှာ သားသမီးတွေကြောင့် ဒါန၊ ဝေယျာဝစ္စ၊ သီလတွေတိုးလို့၊ သည်းခံခွင့်လွှတ် အနစ်နာခံရဖန်များတော့ ခန္တီအမာခံတွေတိုးလို့ စိတ်ဓာတ်တွေ ရင့်ကျက်လို့၊ မေတ္တာ၊ ကရုဏာ အအေးဓါတ်တွေ မြင့်မားလို့၊ ဝမ်းသာကြည်နူးမှုတွေပွားလို့၊ အလွန် အားတက်စရာကောင်းပါတယ်၊ သူတော်ကောင်းလမ်းစဉ် လေးချက်ကိုလည်း လိုက်နာကျင့်သုံးရာ ရောက်နေတာကို အံ့ဩစရာတွေ့ရမယ်။

- **သည်းခံ-သနား၊ ဝမ်းမြောက်ငြား၊ ပွားများမေတ္တာခြံ၊**
- **သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ပပျောက်ဘေးရန်၊ ကိုယ့်မှာလုံ၊**
- **သူတော်သူမြတ်၊ ဤလေးရပ်၊ မချွတ်ကျင့်ပါကုန်၊**

ဒါ သူတော်ကောင်းလမ်းစဉ် လေးချက်ပဲ။

ပြီးတော့ မိဘတွေက 'သားတို့ သမီးတို့ ဒီနေ့ အမေတို့ အဖေတို့ မအားသေးလို့ အဆင်မပြေသေးလို့ အစားအသောက် မကျွေးနိုင်သေးဘူး၊ ဘာမှမပေးနိုင်သေးဘူး၊ မကူညီနိုင်သေးဘူး' လို့ မလုပ်ကြဘူး၊ မပြောကြဘူး၊ မရှိ ရှိတာနဲ့ ကျွေးတယ်၊ ပေးတယ်၊ မဖြစ်၊ ဖြစ်တဲ့နည်းနဲ့ သူတို့ကို နေ့တိုင်း မျက်ခြည်မပြတ် စောင့်ရှောက်ပေးကြတယ်။

ဒါတင်မကသေးဘူး၊ မိဘများဟာ သားသမီးများ လူ့ဘဝမှာ အများနည်းတူ နေထိုင် စားသောက်နိုင်ဖို့ အသိတရားတိုးပွားအောင် ကိုယ်သိသလောက်တော့ သင်ပေးကြပါတယ်၊ သိသမျှ ဘာမှမချန်ဘဲ အကုန်


www.burmeseclassic.com

www.burmeseclassic.com


သင်ပေးကြတာပါ။ မိဘများမှာ သားသမီး ပညာအပြည့်အစုံ တတ်စေလိုတဲ့ မေတ္တာ၊ စေတနာရှိကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ပြည့်စုံအောင် သင်မပေးနိုင်ကြဘူး၊ ဒါ့ကြောင့် ပညာသက်သက်ကိုသာ သင်ပြပေးတဲ့ ဆရာတွေထံ အပ်နှံပေးကြရပါတယ်၊ ပညာ အပြည့် အစုံ တတ်မြောက်ကျွမ်းကျင်ဖို့ကျတော့ ဆရာတွေကပဲ တာဝန်ယူပေးကြရပါတယ်။

ဆရာတွေလက်ထဲ အပ်လိုက်ပေမယ့် မိဘတွေက လက်မလွှတ်ကြပါဘူး၊ ပစ်မထားကြပါဘူး၊ မျက်ခြည် မပြတ် အစဉ်အမြဲစောင့်ကြပ်နေကြတယ်၊ အကူအညီလိုအပ်လာတိုင်း ကူညီပေးဖို့ အသင့်အနေအထားမှာ အမြဲရှိနေကြတယ်၊ ကိုယ့်ဘဝ ကိုယ့်ဟာကိုယ် ရှန်းကန်နိုင်သည်ထိ အမြဲ အရိပ်ပေးထားလျက်ပါ။

ပြီးတော့ ဘဝကိုအသုံးချဖို့၊ ဘဝကိုထိန်းဖို့၊ ဘဝငြိမ်းချမ်းစွာနေဖို့ကျတော့ လောကီပညာ တတ်ရုံနဲ့ ပြီးသေးတာမဟုတ်ဘူး၊ တရားပိုင်းဆိုင်ရာ ပညာပါတတ်ရဦးမှာပါ၊ ဘဝအသုံးချပညာ၊ ဘဝထိန်းပညာ၊ ဘဝ နေနည်းပညာပါ တတ်ကျွမ်းအောင် လေ့လာထားမှ 'တရားကျေးဇူး စွမ်းရည်ထူး' ပိုင်ရှင်များ ဖြစ်ခွင့်ရမှာပါ၊ အဲဒီ ပညာပါတတ်အောင်လို့ မိဘတွေက သားသမီးတွေကို တရားပိုင်းဆိုင်ရာ အသိအကျင့် ပြည့်ဝစုံလင်တဲ့ ဆရာသမားများထံ အပ်နှံဆက်သွယ်ပေးကြပါတယ်၊ သားသမီးတွေကို ဘာမသိညာမသိ သေးသေးမွှားမွှား ဒုက္ခသည် သုညဘဝကစပြီး 'တရားကျေးဇူးစွမ်းရည်ထူး' ပိုင်ရှင်ဖြစ်သည်ထိ မျက်ခြည်မပြတ် စောင့်ကြပ် ကူညီ ဆောင်ရွက်ပေးခဲ့ကြတဲ့ မိဘတွေရဲ့ ကျေးဇူး၊ ဘိုးဘွားစတဲ့ ဆွေမျိုးတွေရဲ့ ကျေးဇူးတွေဟာ တိုင်းတာ ကန့်သတ်လို့ မရနိုင်အောင် အများကြီးပါ၊ ပေးဆပ်လို့ မကုန်နိုင်လောက်အောင် အလွန်ကြီးကျယ်ပါတယ်။

## ၈။ ဆရာ့ကျေးဇူး စွမ်းရည်ထူး

- **ချစ်ခင်သနား၊ တပည့်များ၏၊ ကြီးပွားချမ်းသာ၊ တိုးတက်လာအောင်၊ ကောင်းစွာမချွတ်၊ ကျင့်ဆောင်တတ်၊ ထူးလတ် မြတ်ဆရာ။**
- **သီလစသား၊ တရားကျေးဇူး၊ စွမ်းရည်ထူးကြောင့်၊ ချီးကျူးမကုန်၊ ဂုဏ်ပေါင်းစုံကို၊ ပွားထုံအောက်မေ့၊ တရားမွေ့ကာ၊ ကောင်းစွာလေးမြတ်၊ ဆည်းကပ်အပ်၊ ထူးလတ်မြတ်ဆရာ။**
- **သင်ပြတတ်ငြား၊ မြင်-ကြားဆရာ၊ ဤ ၃-ဖြာကြောင့်၊ ကောင်းစွာပွားတိုး၊ လူ့တန်ခိုး၊ တန်ဖိုးတက်နိုင်ပါ။**
- **ဆရာ့ကျေးဇူး၊ စွမ်းရည်ထူးကြောင့်၊ ချီးကျူးထိုက်ငြား၊ တပည့်များ၊ စွမ်းအားတက်နိုင်ပါ။**

ဘဝစာမေးပွဲ အောင်မြင်အောင် လေ့ကျင့်သင်ယူဖို့ ဘဝသင်တန်းနည်းပြဆရာဖြစ်တဲ့ အသိအကျင့် ပြည့်ဝစုံလင်တဲ့ အမှီကောင်းကို အထူးလိုအပ်ပါတယ်၊ မိဘစတဲ့ ကျေးဇူးရှင်များရဲ့ ကျေးဇူးကြောင့် တရားလမ်းညွှန် ဆရာမွန်များနဲ့လည်း မိမိတို့ တွေ့ဆုံခွင့်ရကြပါတယ်။

ပုထုဇဉ်လူသားဟာ လောဘ ဒေါသ မောဟအောက်မှာ ပြားပြားဝပ်နေရတာဖြစ်လို့ ကိုယ့်ဟာကိုယ် မရုန်းတတ်ပါ၊ ကိုယ့်သဘောအတိုင်း ရှေ့ကိုလည်းမသွားနိုင်၊ အထက်ကိုလည်း မတက်နိုင်ပါ၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့သာ ကြီးပွားတိုးတက်ရပါတယ်၊ အခန်းထဲမှာ တစ်ယောက်တည်း ပိတ်လှောင်ထားလိုက်ရင် လူအတွက် ကြီးပွားတိုးတက်လမ်း ပိတ်သွားနိုင်တယ်၊ အသင်၊ အမြင်၊ အကြားမပါဘဲ ဘယ်ပုထုဇဉ်မှ အသိတရားမရရှိ မတိုးတက်နိုင်ပါဘူး။

အနီးကပ် သင်ပြပေးသူရင်လည်း ရှိနေမှ၊ တိုးတက်ကြောင်း ကောင်းတာလုပ်တာကို မြင်စရာ တွေ့ကြုံစရာ အတုယူစရာ ပုဂ္ဂိုလ်ရင်လည်း ရှိနေမှ၊ ဒါမှမဟုတ် တိုးတက်ကြောင်း ပြောကြားသူရဲ့စကား ကောင်းတာလုပ်တဲ့ သူတစ်ပါးရဲ့ကောင်းသတင်းများ ကြားစရာ နားထောင်စရာ အတုနမူနာ နည်းယူစရာ ရင်လည်း ရှိနေမှ၊ လူဟာတိုးတက်ကြီးပွားနိုင်တယ်၊ သင်ပြပေးသူဟာ သင်ဆရာဖြစ်တယ်၊ မြင်ရလို့ အသိပွား သွားရင် မြင်လိုက်ရတဲ့ အဲဒီပုဂ္ဂိုလ်ဟာ မြင်ဆရာပဲ၊ ကြားရလို့ အသိပွားသွားရင်တော့ တစ်ဆင့်ကြားလိုက်ရတဲ့ အဲဒီပုဂ္ဂိုလ်ဟာ ကြားဆရာပါ။



www.burmeseclassic.com

www.burmeseclassic.com



လူဟာ ဘယ်အရာမဆို ဆရာနဲ့သာ အသိပညာကို ရနိုင်တာမျိုးပါ။ အသိပညာရဖို့ ဆရာ့ထံ နည်းခံ သင်ယူရတယ်၊ အနည်းဆုံး နည်းယူစရာ အတုမြင်အတတ်သင်စရာ မြင်ဆရာ ကြားဆရာလောက်တော့ ရှိနေရပါတယ်။

ဆရာဟာ အရာရာကြည့်ရှုသုံးသပ် ဆုံးဖြတ်နိုင်အောင် လောကအသိ၊ ဘဝအသိ၊ ဓမ္မအသိကို တန်းစေ့လမ်းစေ့ ထည့်သွင်းပေးပါတယ်၊ တပည့်များရဲ့ ဉာဏ်မျက်စိနဲ့ ဉာဏ်နားကို ဖွင့်ပေးသူများဖြစ်တယ်။

အနီးကပ် သင်ကြားပြသ ဆိုဆုံးမတတ်တဲ့ဆရာဟာ တပည့်အပေါ်မှာ မေတ္တာနဲ့ အရိပ်ပေးတယ်၊ စည်းကမ်းနဲ့ အလှဆင်ပေးတယ်၊ ပညာနဲ့ ထည်ဝါအောင် ဂုဏ်ကျက်သရေအဆင့်ဆင့် တင်ပေးတယ်၊ မတိမ်းစောင်းအောင်လည်း ထိန်းကျောင်းပေးတယ်၊ မဆုတ်မရပ် မချော်ရအောင် အချိန်မှီ ပြီးအောင်လည်း တွန်းပေးပါတယ်၊ လမ်းမမှားရအောင်လည်း ညွှန်ကြားပေးတယ်၊ ဆရာကောင်းဆိုတာ တပည့်ကောင်းရဲ့ အထိန်း - တွန်းအား - လမ်းညွှန်ကောင်းပါ။

ဆရာကောင်းဟာ တပည့်ကောင်းကို -

(၁) မေတ္တာတရားနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ မိသားစုစိတ်ဓာတ်ထားပြီး အတူလက်တွဲ နေထိုင်နိုင်ဖို့ ဦးဆောင်ပေးတယ်၊ မေတ္တာလွှမ်းခြုံပေးတယ်၊ မေတ္တာဓာတ် ကူးစက်စိမ့်ဝင်စေတယ်၊

(၂) အဆင့်မမီသေးသူ အခက်အခဲကြုံနေရသူတွေကို ကရုဏာတရားနဲ့ ကြင်နာသနား စာနာစိတ်ထားပြီး ဖေးမကူညီ စောင့်ရှောက်ပေးတယ်၊

(၃) တကယ်တော်သူ ကောင်းသူတွေကို လက်မနှေးဘဲ မုဒိတာတရားနဲ့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင် ချီးမြှောက်ပေးတယ်၊

(၄) မတော်မကောင်း တိမ်းစောင်းသွားသူ အပြစ်ရှိသူတွေကို စိတ်လည်းမဆိုး ပူလောင် မုန်းတီးမှုလည်း မပါဝင်စေဘဲ ဥပေက္ခာတရားနဲ့ပဲ အေးအေးမြမြ ပြစ်ဒဏ်ပေးတယ်။

အပြစ်ရှိသူကို ဒဏ်တပ်အပြစ်ဒဏ်ပေးတာတောင်မှ ဒေါသအပူကို မပါဝင်စေဘူး၊ ကိုယ်က အကောင်းဆုံးဖြစ်အောင် စောင့်ရှောက်ပေးပါရက်နဲ့ မလိုက်နာနိုင်ရင် သူ့ကံနဲ့သူသာဖြစ်လို့ အေးမြကြည်လင်စွာနဲ့ပဲ လက်လွှတ်ပေးလိုက်တယ်။

အကျင့်သိက္ခာပြည့်ဝပြီး ဗြဟ္မဝိဟာရ တရားနဲ့ စောင့်ရှောက်ပေးတတ်တဲ့ ဆရာမြတ်ဆိုတာ တပည့်များရဲ့ အမြဲမပြတ် မမေ့အပ်တဲ့ ချစ်ခင်မြတ်နိုး အားကိုးထိုက်တဲ့ လေးစားဂုဏ်ယူဖွယ် ပုဂ္ဂိုလ်ထူးဖြစ်ပါတယ်။

## ၉။ ဝိသုဒ္ဓါရုံ စွမ်းရည်စုံ

- **ကံထူး၊ ဉာဏ်ထူး၊ လုံ့လထူးကြောင့်၊ ချီးကျူးထိုက်ပါ၊ သန့်ရှင်းကာ၊ ကောင်းစွာစင်ကြယ်၏။ (သန့်ရှင်းစင်ကြယ်ဟူသော စကားသည် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ ဘွဲ့အမည်ကို မြန်မာပြန်ထားသော စကားဖြစ်သည်။)**
- **အသိအကျင့်၊ ဘက်စုံမြင့်၊ ဆင့်ဆင့်တိုးပွား၏။**
- **သတိကိုကိုင်၊ ကိုယ်တိုင်ကျင့်ပြား၊ သိထားသမျှ၊ စုံအောင်ပြ၍၊ သုံးဝသိက္ခာ၊ ကျင့်စေပါ၊ ဆရာပီသ၏။**
- **ဝိသုဒ္ဓါရုံ၊ စွမ်းရည်စုံ၊ ခိုလှုံရသူအေးချမ်း၏။**

အတိတ်ကံကောင်းကို အရင်းအနှီးလုပ်ပြီး ပစ္စုပ္ပန်၊ ဉာဏ်နဲ့ ဝီရိယကို မထိန်မချန် စိုက်ထုတ်အသုံးချနိုင်သူများဟာ အများတကာ သာမန်လူသားထက် ထူးခြားတဲ့ လူရည်ချွန် ပုဂ္ဂိုလ်ထူးများ ဖြစ်လာကြရပါတယ်၊ တချို့က အတိတ်ကံသာကောင်းတာ ပစ္စုပ္ပန်ကံကျတော့ ရပ်နေတာ ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားတဲ့လူသား အာဇာနည်ဟာ အရေအတွက်မများလှပေမယ့် လူသန်းပေါင်း များစွာတို့ရဲ့ ကောင်းကျိုးကို အံ့ဩဖွယ်ကောင်းလောက်အောင် စွမ်းဆောင်ပေးနိုင်ပါတယ်၊ လူအများရဲ့ အားကိုးရာ ဖြစ်သွားတယ်၊ လူအများရဲ့ ဆရာအဖြစ်လည်း ရောက်ရှိသွားရပါတယ်၊ အနည်းဆုံး မြင်ဆရာ၊ ကြားဆရာ လောက်တော့ ဖြစ်နိုင်ပြီပေါ့။

ဆရာဆိုတာ လောကဆရာ၊ ဓမ္မဆရာ နှစ်မျိုးရှိပါတယ်၊ လောကီဆရာ၊ လောကုတ္တရာဆရာလို့ ခွဲပြောရင်လည်း ရတာပါပဲ၊ လောကဆရာတွေက အဖိုးမတန်တဲ့ တစ်ဘဝစာ လောကပညာများကို အဖိုးအခ ယူပြီး သင်ပြပေးကြတယ်၊ ဓမ္မဆရာများကတော့ တန်ဖိုးမဆုံးဖြတ်နိုင်တဲ့ လောကီ၊ လောကုတ္တရာကောင်းကျိုး အကုန်ပေးနိုင်တဲ့ ဓမ္မပညာများကို ကိုယ့်ထံက ပစ္စည်းများ ပြန်ပေးပြီး စိတ်အားထက်သန်စွာ သင်ပေးကြပါတယ်။

တရားအသိရှိတဲ့ ဓမ္မဆရာဟာ 'လာဘ်လည်းမဖက်၊ ဂုဏ်မမက်ပါ၊ မေတ္တာရှေ့ထား၊ တရားဆည်းပူး၊ စွမ်းရည်ထူးဖြင့်၊ ရှေးဦးမချွတ်၊ ကျေးဇူးပြုတတ်တယ်' တဲ့၊ တပည့်တွေထံက ဘာမှမလိုချင်၊ ဘာပစ္စည်းကိုမှ မတောင့်တ၊ ကိုယ့်ကိုအကြောင်းပြုပြီး သူတို့တတ်မြောက်သွားရင် ပြီးတာပဲ၊ ဘာမှ မသိသေးသူတွေကို သိအောင် သင်ပြပေးရတာဟာ ကိုယ့်အမြတ်ပဲ။

ဆရာဟာ 'မင်းတို့ ငါ့ကို ဘာပေးမှ သင်ပေးနိုင်မယ်၊ ဘယ်လိုဟာနဲ့ တုန့်ပြန်ပူဇော်မှ သင်ပြပေးနိုင်မယ်' လို့ ဘယ်တော့မှ တပည့်ထံက မျှော်လင့်ချက်မထား၊ ကိုယ်ကသာ တပည့်ကို ပြန်ပေးမှာပါ၊ 'မင်းတို့ပညာကို ကြိုးစားသင်ယူကြစမ်း၊ ငါကမင်းတို့ကို ဘာတွေ ဘယ်ဟာတွေ ပေးပါ့မယ်ကွာ၊ တော်ရင် ထူးချွန်ရင်လည်း အထူးဆုတွေပေးမှာပါ' လို့ မေတ္တာရှေ့ထား သင်ကြားပေးကြပါတယ်၊ ဆရာသမားရဲ့ မေတ္တာသိပ်ကြီးတာ။

ဘဝနေနည်း၊ ဘဝအသုံးချနည်း၊ ဘဝ ဒုက္ခလွတ်မြောက်ရေး နည်းစနစ်တွေကို အကွက်စေ့နေအောင် သင်ကြားပြသပေးတာဖြစ်လို့ ဆရာသမားကျေးဇူး သိပ်ကြီးပါတယ်၊ ဘဝသံသရာ တစ်လျှောက်အတွက်ရော သံသရာ လမ်းဆုံးအတွက်ပါ ကြည့်ရှုသုံးသပ်ဆုံးဖြတ်တတ်အောင် ဉာဏ်မျက်စိဖွင့်ပေးလိုက်တယ်။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးဆိုတာ တကယ့် ကံထူး၊ ဉာဏ်ထူး၊ လုံ့လထူးကြောင့် အသိစင်ကြယ် စွမ်းရည်ကြွယ်လို့ တကယ်ချီးကျူးထိုက်တဲ့ ပုဂ္ဂိုလ်ထူးကြီးပါ၊ ပင်ကိုယ်အရည်အချင်း ရှိရုံမျှမက ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးဆိုတဲ့ ဆရာကောင်း အမှီကောင်းကို မှီခိုခွင့်ရလိုက်ပြန်တော့ ပိုပြီး ထည်ဝါသွားပါတယ်။

ဆရာတော်ဘုရားကြီးဟာ ပထမရွှေကျင်ဆရာတော်ဘုရားကြီးရဲ့ တပည့်ကောင်း ပီသတာဖြစ်လို့ အသိတရားပြည့်စုံကြွယ်ဝသလောက် အကျင့်သိက္ခာ စိတ်နေစိတ်ထားလည်း အလွန်ထူးခြား မြင့်မားတော် မူပါတယ်၊ ဆရာကောင်းတပည့်ဖြစ်ခဲ့ရတော့ တပည့်ကောင်းတို့ရဲ့ဆရာမြတ်ကြီးလည်း ဖြစ်ရပါတယ်။

ဆရာကောင်းပီသစွာ တပည့်များကို မေတ္တာ ကရုဏာရှေ့ထားပြီး အတတ်ပညာများကို ပြည့်ဝ စုံလင်အောင် သင်ပြပို့ချပေးတော်မူတယ်၊ နောင်လာနောက်သား အသိပွားဖို့ ကျမ်းပေါင်းများစွာကိုလည်း ရေးသားပြုစု လမ်းညွှန်ခဲ့ပါတယ်၊ စိတ်ကောင်းထားဖို့ အကျင့်ကောင်းဖို့ လမ်းညွှန် သွန်သင်ခဲ့ပြီး ရွှေကျင်ဂိုဏ်းကြီးကိုလည်း ပိုမိုကျယ်ပြန့်အောင် စွမ်းဆောင်တော်မူခဲ့ပါတယ်၊ စွမ်းရည်စုံတဲ့ ဆရာတော် ဘုရားကြီးကြောင့် အသိပညာကြွယ်ရသလို အကျင့်သိက္ခာဘက်ကလည်း မျက်နှာမငယ်ကြရပါဘူး၊ ဆရာတော်ဘုရားကြီးရဲ့ တရားရိပ်ကို ခိုလှုံခွင့်ရသူတွေ ယခုထိ အေးချမ်းကြရတုန်းပါ၊ အအေးဓာတ်တွေ ကူးစက်စိမ့်ဝင်နေဆဲပါ။

## ၁၀။ ဝိသုဒ္ဓါရုံ စွမ်းအားထုံ

- **စွမ်းရည်ထူးခြား၊ ဂုဏ်ကြီးမားသည့်၊ တရားသိတတ်၊ ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည်။**
- **စာပေကျမ်းဂန်၊ လမ်းမှန်ပြောကြား၊ တရားဟောတတ်၊ ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည်။**
- **ဆရာပြောကြား၊ နာခံငြား၍၊ တရားယူတတ်၊ ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည်။**



www.burmeseclassic.com

www.burmeseclassic.com



- **ဆပိသုဗ္ဗါရှုံ၊ စွမ်းအားထုံ၊ ပေါင်းဆုံကြိုးစားသည်။**
- **ရှေးရှေးခါတ်ကောင်း၊ နောက်သို့ပြောင်း၊ အကောင်းပေါ်လာသည်။**

လူ စတဲ့ သတ္တဝါတွေဟာ ဓာတ်တူချင်း သာစုဝေးနေကြတာပါ။ ဓါတ်တူမှပဲ ပေါင်းနိုင်တယ်၊ ဓာတ်မတူရင် မပေါင်းနိုင်ကြဘူး၊ ဓါတ်ဆိုးချင်းဆုံပြီး ဓာတ်ကောင်းချင်း ပေါင်းမိကြပါတယ်၊ အဆိုးဓာတ်ချင်းကူးယူလို့ လွယ်ကူပေမယ့် အကောင်းဓာတ်ပေါ်အောင် ကူးယူဖို့ကျတော့ ခက်ခဲတတ်တယ်။

အဆိုးဓာတ်ဖြစ်အောင် အကြောင်းစုံဖို့ မလိုသော်လည်း အကောင်းဓာတ်ဖြစ်ဖို့ကတော့ အကြောင်း အရပ်ရပ်စုံရတယ်။

ဘုရားရှင်တို့ဟာ ဘုရားဖြစ်ချိန်မှာ ဆရာအကူအညီမလိုပေမယ့် ပါရမီဖြည့်ချိန်မှာတော့ ရှေးရှေး ဘုရားရှင်တို့ရဲ့ ဓာတ်ကောင်းတွေကို ထုံနေအောင် ကူးယူကြရပါတယ်၊ ရှေးရှေးဘုရားရှင်တို့ရဲ့ ဓါတ်အားလုံးကို ကူးယူလက်ခံနိုင်မှ ဘုရားဖြစ်တော်မူကြတာပါ။

(၁) ဓာတ်ကောင်းအားလုံး လက်ခံရတယ်၊

(၂) ရှေ့ဓာတ်နဲ့ နောက်ဓတ် ဆက်စပ်မိအောင် မပြတ်လေ့ကျင့်ရတယ်၊

(၃) ဓာတ်ကောင်းထုံနေအောင် ကာလရှည်ကြာ ဖွဲ့ရှိရတယ်၊

(၄) ဓာတ်ကောင်းတည်လို့ ရင့်ကျက်မြင့်တက်အောင် အလုပ်လေးစား စိတ်အားထက် သန်မှုရှိရတယ်၊

အဲဒီလမ်းစဉ် လေးချက်ကို ခြွင်းချက်မရှိ အပြည့်လိုက်နာနိုင်မှ အထွဋ်အထိပ်ရောက်နိုင်တာပါ၊ ဘုရားတစ်ဆူ ပွင့်ပေါ်လာရင် ဓာတ်ကူးယူဖို့ အကောင်းဆုံးအခွင့်အရေးကြီးဖြစ်ပါတယ်။

လောကမှာ သွေးသားမတော်စပ်ပဲ ပေးကမ်းကူညီလာရင် ကျေးဇူးတင်တတ်တယ်၊ ဝမ်းလည်း သာတတ်တယ်၊ အကုန်သိတဲ့ဘုရားက ဓာတ်ကူးပြီး အကုန်ပေးတာဆိုတော့ ကျေးဇူးမတင်ပဲ နေနိုင်ပါ့မလား၊ ဝမ်းမသာပဲလည်း မနေနိုင်တော့ဘူး။

ခရီးသွားရင်း ခဏထိုင်ဖို့ နေရာလေးပေးပြီး ကူညီသူကိုတောင် ကျေးဇူးတင် ဝမ်းမြောက်ကြသေးတာ၊ နိဗ္ဗာန်ရောက်သည်ထိ ဉာဏ်ဓာတ်၊ ကံဓာတ်တွေကူးပြီး တရားနေရာ၊ သုဂတိနေရာ ပေးထားတဲ့ဘုရားကို ကျေးဇူးမတင်ဘဲ ဝမ်းမမြောက်ဘဲ မနေနိုင်ပါဘူး၊ ဘုရားက အကုန်သိထားတာဆိုတော့ ဓာတ်ကောင်းတွေ လိုသလောက် အကုန်ကူးယူလို့ရပါတယ်၊ ဒီတော့ ဘုရားကိုမှီပြီး လိုချင်တာ အကုန်ရနိုင်တာဖြစ်လို့ ဘုရားဟာ သတ္တဝါများရဲ့ အကြီးမားဆုံး ကျေးဇူးရှင်ကြီးပါ။

ဘုရားက ဓာတ်ကောင်းတွေ စုဆောင်းဖော်ထုတ်ပေးတော့ ဓာတ်ကူးပြောင်း ဆက်သွယ်ပေးသူရှိမှ ဓာတ်ကူးယူလက်ခံခွင့် ရရှိနိုင်ကြမှာဖြစ်တယ်၊ စာပေကျမ်းဂန် လမ်းမှန်ပြောကြား တရားဟောပေးသူရှိမှ လေ့လာသင်ယူ နာကြားခွင့်ရနိုင်မှာပါ။

ဓာတ်ကောင်းကူးပြောင်းပေးတဲ့ ကျေးဇူးရှင်ဆရာဆိုတာ -

(၁) အထူးနှံ့စပ်ကျွမ်းကျင်ရမယ်၊

(၂) ဝါသနာထုံပြီး အထူးစိတ်ဝင်စားရမယ်၊ အထူးနိုးကြားတက်ကြွရမယ်၊

(၃) အကျိုးလိုလား မေတ္တာထားပြီး စေတနာ ထက်သန်ရမယ်၊ ရဖို့ထက် ပေးဖို့သာအားသန်ရတယ်။

(၄) ကိုယ်ကျိုးစွန့်ခွာ အနစ်နာခံနိုင်ရမယ်၊ အထူးစိတ်ရှည်ရမယ်။

ဒါဟာ ဆရာသမားကောင်းတွေရဲ့ အရည်အချင်း လေးခုပဲ၊ ဒီအရည်အချင်းတွေရှိနေမှ လည်း တရားကို ဖြန့်ဝေပေးနိုင်ကြတာပါ။

ဓာတ်ကူးပြောင်းပေးသူရှိရင် ဓာတ်ကူးယူ လက်ခံတတ်မှ ရှေးရှေးဓာတ်ကောင်းနောက်ကို ပြောင်းပြီး အကောင်းဓာတ်များ ဆက်ကာဆက်ကာ ပေါ်ပေါက်ပြန့်ပွားလာနိုင်မှာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


(၁) ဓမ္မစွမ်းအားဓာတ်ကောင်းများကို နှစ်နှစ်ခြိုက်ခြိုက် ကျေကျေနပ်နပ် လက်ခံနိုင်ရမယ်။

(၂) မတိမ်းစောင်းအောင် ထိန်းကျောင်းနိုင်တဲ့ အထိန်းကောင်းရှိရမယ်၊ ကိုယ့်ကိုမနိုင်သေးသမျှ ကိုယ့်အပေါ် ဩဇာညောင်းတဲ့ အထိန်းရှိရမှာပါ။

(၃) မဆုတ်မရပ်မချော်ရအောင် တွန်းတွန်းပေးနိုင်တဲ့ တွန်းအားကောင်းရှိရမယ်၊ မဆုတ်ရ မရပ်ရ လမ်းမချော်ရအောင် ဆရာသမားရဲ့ တွန်းအားကောင်းကိုရနေမှ စိတ်အစဉ် ခန္ဓာအစဉ်မှာ တရားစွမ်းအားတည်အောင် စွမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

(၄) လမ်းမမှားအောင် ညွှန်ကြားပေးနိုင်တဲ့ လမ်းညွှန်ကောင်းရှိရမယ်၊ ဒါမှ ဆရာသမား လမ်းညွှန်တဲ့အတိုင်း ကိုယ့်သန္တာန်မှာ တရားတွေကိန်းပြီး တည်သွားနိုင်တာ။

မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးဟာ အလွန်ထူးခြားတဲ့ ပုဂ္ဂိုလ်မြတ်ဖြစ်ပါတယ်။

(၁) ရွှေကျင်ဆရာတော်ဘုရားကြီး၊ မဟာဗိုလ်ဆရာတော်ဘုရားကြီးစတဲ့ ဆရာကောင်းများရဲ့ ကျေးဇူးကြောင့် စာပေကျမ်းဂန်နဲ့ စပ်ကျွမ်းကျင် တတ်မြောက်တော်မူပါတယ်၊ အသိသာမက အကျင့်ပါ ပြည့်စုံပါတယ်။

(၂) တပည့်အများ တတ်သိနားလည်အောင် သင်ပြလမ်းညွှန်ပေးလိုတဲ့ ဝါသနာအထုံ ကြီးမားတယ်၊ ထူးထူးခြားခြား စိတ်ဝင်စားတော်မူပါတယ်။

(၃) တပည့်များကို တတ်မြောက်ကျွမ်းကျင်စေလိုတဲ့ မေတ္တာ၊ စေတနာအားကြီးတော်မူပါတယ်။

(၄) ကိုယ်ကျိုးစွန့်ပြီး သည်းခံခွင့်လွှတ် အနစ်နာခံနိုင်စွမ်း ရှိတော်မူပါတယ်။

ဒါကြောင့်လည်း အရှိန်အဝါဩဇာနဲ့ သိက္ခာပြည့်ပြည့် စည်းကမ်းရှိရှိ ရွှေကျင်ဂိုဏ်းကြီးကို တည်ငြိမ်ရင့်ကျက်စွာ ဦးဆောင်နိုင်တာပါ၊ တိုးတက်စည်ကား ကြီးပွားအောင် အထူးစောင့်ရှောက်တော်မူနိုင်တာလဲဖြစ်တယ်၊ တပည့်ပရိသတ်များကိုလည်း စုစုစည်းစည်း သိပ်သိပ်သည်းသည်း အုပ်ချုပ်ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ အလွန်ရှားပါးတဲ့ ဆရာမြတ်ကြီးပါ၊ ဆရာကောင်းခဲ့လို့ ယနေ့ထိ တပည့်ကောင်းတွေ အဆက်မပြတ် ပေါ်ပေါက်နေရတာပါ။

ပုထုဇဉ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟအောက်မှာ ပြားပြားဝပ်နေရတာဖြစ်လို့ ကိုယ့်အတွက်သာ စဉ်းစားတတ်တယ်၊ သူ့အတွက် နောက်ကိုပို့ပြီး ကိုယ့်အတွက်သာ ရှေ့တန်းတင်တတ်တယ်၊ သူများကို ကြီးပွားချမ်းသာ တိုးတက်စေချင်တဲ့စိတ်၊ ဖြစ်နိုင်ရင် ကိုယ့်ထက်တောင် သာသွားစေချင်တဲ့စိတ်၊ စစ်မှန်သန့်စင်မွန်မြတ်တဲ့စိတ်နဲ့ အများကောင်းကျိုးပြုအလုပ်ကို လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ တကယ်ရှားပါးတဲ့ အဖိုးတန်ကြီးတွေပဲ။

ကိုယ့်အတွက်သာ ကြည့်နေခဲ့ရင် ဒီသာသနာ ဒီလောက်ထိကြာအောင် ဘယ်တည်လိမ့်မတုန်း၊ ကိုယ်လည်းမသိသေးတာ သိအောင်လုပ်တယ်၊ နားမလည်သေးတာ နားလည်အောင် လုပ်တယ်၊ သူ့ကိုလည်း မေတ္တာ ကရုဏာနဲ့ သိအောင် နားလည်အောင် လုပ်ပေးတယ်၊ ပြောပြပေးတယ်၊ ပြန့်အောင် ဖြန့်ဝေပေးတယ်။

ဒါကြောင့် မိမိတို့ရဲ့ စိတ်နှလုံး ခန္ဓာအစဉ်မှာ တရားဓာတ်ကောင်းတွေ ကူးပြောင်းလာအောင် လက်ဆင့်ကမ်း ဖြန့်ဝေပေးခဲ့ကြတဲ့ ဆရာသမားတွေရဲ့ဂုဏ်ဟာ ဆပ်မကုန်နိုင်အောင် သိပ်ကြီးမား များပြားတယ်၊ လောကထဲမှာ တရားဟာ တန်ဖိုးအရှိဆုံး စွမ်းရည်အကြီးမားဆုံးဆိုတော့ တရားနဲ့ ကျေးဇူးပြု ကူညီစောင့်ရှောက်ပေးသူဟာလည်း ကျေးဇူးအကြီးမားဆုံးဖြစ်သွားရပါတယ်၊ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးဟာ တရားနဲ့ အစွမ်းပြနိုင်ခဲ့တယ်၊ တရားကြောင့်ပဲ ထည်ဝါခဲ့တယ်၊ တရားနဲ့ပဲ အများအတွက် မရေမတွက်နိုင်အောင် ကျေးဇူးပြုသွားတယ်၊ ဒါကြောင့် ဒီကျေးဇူးတွေကိုသိလို့ ပုံတော်အတွင်းမှာ ဂုဏ်တော်တွေကို ဉာဏ်နဲ့သွင်းပြီး အားရဝမ်းသာ ပူဇော်နေကြတာပါ၊ တရားတန်ဖိုးကိုသိရလေ တရားနဲ့ ကျေးဇူးပြုခဲ့တဲ့ ကျေးဇူးရှင်ရဲ့ကျေးဇူးကို သိရလေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁။ ဝိသုဒ္ဓါရုံ အခွင့်ကြုံ

- ဓာတ်ကောင်းရသော်၊ စိတ်ကောင်းပေါ်၊ လူတော်လူကောင်း ဖြစ်ရ၏။
- ခုရောနောင်ပါ၊ စိတ်အေးကာ၊ ကောင်းတာစုရှာ၊ စွမ်းအားပြည့်။
- အများတကာ၊ စိတ်ချမ်းသာဖို့၊ မေတ္တာရေးရှု၊ ကျေးဇူးပြု၊ ပေါင်းစုဝမ်းသာ၏။
- တရားကျေးဇူး၊ စွမ်းရည်ထူးကြောင့်၊ ကြည်နူးဝမ်းသာ၊ ဖြစ်ရပါ၊ မေတ္တာတိုးပွား၏။
- ဝိသုဒ္ဓါရုံ၊ အခွင့်ကြုံ၊ ပေါင်းဆုံရလေ၏။

ကျေးဇူးပြုနိုင်တဲ့ပုဂ္ဂိုလ်များက နောင်လာနောက်သားပုဂ္ဂိုလ်များအတွက် တရားနဲ့ ကျေးဇူးပြုသွား ကြတယ်၊ ကျေးဇူးရှင်များက တရားကို ဖြန့်ဝေဟောပြောလို့ စာပေကျမ်းဂန် လမ်းညွှန်ချက်တွေ ရေးသား ခဲ့ကြတယ်၊ ပထမရွှေကျင်ဆရာတော်ဘုရားကြီးနဲ့ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးတို့ရဲ့ စာပေကျမ်းဂန် လမ်းညွှန်တွေကို ဖတ်ရှုလေ့လာရလို့ မျက်စိတွေ၊ နားတွေ၊ အသိဉာဏ်တွေ ပွင့်သွားကြရတယ်။

ကျေးဇူးပြုခံရသူတွေဟာ ကျေးဇူးပြုသွားတဲ့ပုဂ္ဂိုလ်ရဲ့ကျေးဇူးကို လိုက်လိုက်လှဲလှဲ အသိအမှတ်ပြုကြ ပါတယ်၊ တရားတန်ဖိုး တရားစွမ်းရည် နားလည်လာလေ တရားဖြန့်ဝေ ကျေးဇူးပြုသွားတဲ့ ပုဂ္ဂိုလ်ရဲ့ကျေးဇူးကို ပိုသိလေပါ၊ ကျေးဇူးသိတာဟာ သူတော်ကောင်းရဲ့လက္ခဏာပဲ။

ဆိုကြပါစို့၊ ဧည့်သည်တစ်ယောက်က ဒီရွှေကျင်ရွာထဲဝင်လာ၊ ဒကာကြီးတစ်ယောက်ကို မြင်တော့ 'ဘာဘရာ- ဒေါ်အေးတို့အိမ် ဘယ်နားမှာလဲဗျာ' 'ဩ-ဒီတိုင်းသွားကွယ်၊ ဒီလမ်းအတိုင်း သွားနော်၊ ဟိုနား ရောက်တော့ မကျည်းပင်ကြီးရှိတယ်ကွယ့်၊ အဲဒီကနေဘယ်ဘက် ချိုးလိုက်ကွယ့်၊ နှစ်အိမ်မြောက် ရောက်ရင် အဲဒါ ဒေါ်အေးအိမ်ပဲ၊ သွားကွယ့်'

'ကျေးဇူးတင်လိုက်တာ ဘာဘရာ'

'ဘာဘရာ-ကျွန်တော်သွားတတ်အောင် အတိအကျလမ်းညွှန်ပြောပြပေးလို့ ကျေးဇူးကြီးလိုက်တာဗျာ' လမ်းလေးပြတာတောင်မှ ကျေးဇူးသိတတ်တဲ့ပုဂ္ဂိုလ်က ကျေးဇူးတင်မဆုံးဘူး၊ ကိုယ်သွားချင်တဲ့နေရာလေး သေသေချာချာသွားတတ်အောင် သူက လမ်းညွှန်ပေးလိုက်တာ။

တချို့ကျတော့ အဲလိုမဟုတ်ဘူး၊ 'ဘာဘ- ဒေါ်အေးတို့အိမ် ဘယ်နားမှာလဲ'

'ဟိုး . . . ဟိုနားမှာ' ဆို ပြီးပြီ၊ ဒါဆို ဘယ်လိုလုပ် သွားမလဲ၊ ဟိုနားကျတော့ ထပ်မေးရဦးမှာ၊ မသေမချာ ညွှန်လိုက်တော့ သွားလို့မရဘူး။

ဆရာသမားကောင်းဆိုတာ 'ဟိုး ---ဟိုနားမှာ' လို့ မပြောဘူး၊ 'ဒါက ဒီလိုကွယ့်၊ ဒါက ဘယ်လိုကွယ့်၊ ဒီလို ဒီလိုကွယ့်၊ ဒါပြီးတော့ ဒီလိုသွားကွယ့်' လို့ အကျိုးနဲ့အကြောင်းနဲ့ မေတ္တာ၊ ကရုဏာ၊ အအေးဓာတ်က ထပ်ချပ်မကွာလိုက်လို မသိတာသိအောင် မကျင့်တတ်တာ ကျင့်တတ်အောင် မသွားတတ်တာ သွားတတ်အောင် အတိအကျ လမ်းညွှန်သွန်သင်ပေးတာဆိုတော့ ဘယ်မှာ ကျေးဇူးမတင်ဘဲနေနိုင်မလဲ၊ 'တပည့်တော်တို့ အပေါ်မှာ ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတွေ အများကြီးဘုရား၊ ဆရာတော်ဘုရားကြီးက တပည့်တော်တို့ကို လမ်းကောင်းလမ်းမှန်တွေ ညွှန်ပြပေးတယ်ဘုရား' လို့ ကျေးဇူးကို အသိအမှတ်ပြုကြတယ်၊ ကျေးဇူးသိသလောက် ဆရာ့ကျေးဇူး ပေါ်လွင်အောင် ထုတ်ဖော်ပေးကြတယ်၊ နှုတ်နဲ့လည်းပြော၊ စာနဲ့လည်းရေးပြီး ထုတ်ဖော်ကြတယ်၊ 'တပည့်တော်တို့ ဆရာတော်က သိပ်တော်တာ၊ ကျွန်တော်တို့ဆရာက ဘယ်လောက် ကျေးဇူးကြီးတာ' လို့ ချီးကျူး ပြောဆိုကြတယ်။

ယခုပူဇော်နေတဲ့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးဆိုတာ ယခု ပရိသတ်တွေကိုရော၊ ဦးပဥ္စင်းတို့ကိုရော တရားနဲ့ ကျေးဇူးပြုခဲ့ပါတယ်၊ ယခုလည်း ပြုနေဆဲပါ၊ ဆရာတော်ဘုရားကြီးနဲ့ မတွေ့လိုက်ရပေမယ့် ဓမ္မအားဖြင့်တော့ တွေ့ခွင့်ရလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


အထူးအားဖြင့်တော့ ဦးပဠင်းတို့က မဟာဝိသုဒ္ဓါရုံတိုက်ဆိုတော့ ဆရာတော်ဘုရားကြီးက ဦပဠင်းတိုကို ဓမ္မအားဖြင့်ရော နာမည်အားဖြင့်ရော တိုက်ရိုက်ကျေးဇူးပြုနေပါတယ်။

ယခု မန္တလေးမြို့ ရွှေတစ်ချောင်း အနောက်ဘက် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်း အရှေ့ပိုင်းမှာ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆိုတာရှိပါတယ်၊ အဲဒီကျောင်း တိုက်ကြီးကို ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ၁၂၆၅-ခုနှစ်၊ ဝါဆိုလမှာ တည်ထောင် ဖွင့်လှစ်တော်မူခဲ့ပါတယ်၊ အရှေ့မဟာဝိသုဒ္ဓါရုံကနေပြီး အနောက်မဟာဝိသုဒ္ဓါရုံကို ပြောင်းရွှေ့ သီတင်းသုံးတော်မူခြင်းဖြစ်ပါတယ်၊ မိုးတွင်းကာလမှာ ရေတွေဝိုင်းရံ ပြည့်လျှံတတ် လို့ မဟာဝိသုဒ္ဓါရုံ ရေဝိုင်းတိုက်လို့ ဆရာတော်ဘုရားကြီးက အမည်ပေးခဲ့တယ်၊ အများကလည်း ဒီလိုပဲ သိကြပါတယ်၊ မန္တလေးမြို့သူမြို့သား ခပ်များများကတော့ 'အင်းကန်းတိုက် အင်းခန်းတိုက် အင်းဂန်းတိုက်' လို့ ပိုသိကြပါတယ်။

အဲဒီ မန္တလေးမဟာဝိသုဒ္ဓါရုံတိုက်မှာ ၁၃၂၄-ခုနှစ်မှ ၁၃၂၈-ခုနှစ်ထိ ၅-နှစ် နေထိုင်ပြီး ဦးပဠင်းက ပညာသင်ကြားခဲ့ရပါတယ်၊ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်ဟာ ဦးပဠင်းရဲ့ မိခင်+ ဖခင် ဌာနကြီးပဲ၊ ယခု ဦးပဠင်း ဝါ ၄၀-ရှိပါပြီ၊ မန္တလေး မဟာဝိသုဒ္ဓါရုံ ၅-ဝါ၊ ရန်ကုန်မဟာဝိသုဒ္ဓါရုံ ၃၅- ဝါ ၊ ဦးပဠင်းရဲ့ ဝါတွေက ဝိသုဒ္ဓါရုံဝါတွေချည်းပဲ။

အဲဒီ မန္တလေး မဟာဝိသုဒ္ဓါရုံကနေပြီးတော့ ဦးပဠင်းတို့ ရန်ကုန် မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို ခွဲလိုက်ပါတယ်၊ ၁၃၂၀-ခုနှစ်မှာ ခွဲတည်လိုက်တာပါ၊ ဆရာတော်ဘုရားကြီးရဲ့ ဘွဲ့အမည်ကို အကြောင်းပြုပြီး မဟာဝိသုဒ္ဓါရုံလို့ ခေါ်တာဖြစ်တယ်၊ 'ဝိသုဒ္ဓါနံ အယံ ဝါသော' ဆိုတဲ့ ပါဠိ (အပ-၁-၇၄၊ မိလိန္ဒ-၃၇၀) အတိုင်း သန့်ရှင်း စင်ကြယ်သူက စတင်တည်ထောင် ဖော်ထုတ်ပေးခဲ့တာဖြစ်လို့ သန့်ရှင်းစင်ကြယ်သူတွေ သန့်ရှင်းစင်ကြယ်အောင် အားထုတ်သူတွေ နေထိုင်ကြရမယ့်နေရာလို့ အဓိပ္ပာယ်ရပါတယ်။

တစ်ခါဦးပဠင်းတို့ရဲ့ ရန်ကုန်မဟာဝိသုဒ္ဓါရုံကနေပြီး ကလေးမြို့မှာလည်း မဟာဝိသုဒ္ဓါရုံ တိုက်သစ်လို့ ကျောင်းတိုက်ခွဲလိုက်ပြန်တယ်၊ ၁၃၄၅- ခုနှစ်မှာ တိုက်ခွဲပြီး တည်ထောင်လိုက်တာဖြစ်တယ်၊ ဒီနာမည်ပါပဲ၊ မဟာဝိသုဒ္ဓါရုံဆိုတဲ့နာမည်နဲ့ လိုက်လျောညီထွေဖြစ်အောင် စွမ်းနိုင်သလောက်အလုပ်လုပ်ပြီး ဆရာတော် ဘုရားကြီးကို ကျေးဇူးဆပ် ပူဇော်ခွင့်ရပါတယ်။

ဖခင်ဖြစ်တဲ့ မန္တလေး မဟာဝိသုဒ္ဓါရုံက ၁၂၆၅-ခုနှစ်မှာ တည်ထောင်ခဲ့တာဖြစ်လို့ ယခု ၉၉-နှစ်ရှိပါပြီ၊ လာမည့် ၁၃၆၅-ခုနှစ်ဆိုရင် နှစ် ၁၀၀-ပြည့်မှာ မဟာဝိသုဒ္ဓါရုံရာပြည့်ပွဲ ဆိုနိုင်တယ်ပေါ့၊ သားဖြစ်တဲ့ ရန်ကုန်မဟာဝိသုဒ္ဓါရုံက ၁၃၂၀-ခုနှစ်မှာ တည်ထောင်ဖွင့်လှစ်ခဲ့တော့ ယခု ၄၄-နှစ်ရှိလာပြီ၊ လာမည့်နှစ်တော့ ၄၅-နှစ် ပြည့်မယ်၊ ဘုရားရှင်ရဲ့ ဝါတော်-၄၅ ကို အာရုံပြုပြီး ပူဇော်ခွင့်ရမှာပါ၊ မြေးဖြစ်တဲ့ကလေး မဟာဝိသုဒ္ဓါရုံကတော့ ၁၃၄၅-ခုနှစ်မှာ တည်ထောင်ခဲ့လို့ ယခု ၁၉-နှစ်ရှိပါပြီ၊ လာမည့်နှစ်ဆို နှစ် ၂၀-ပြည့်ပေါ့၊ ကျောင်းတိုက်သုံးခုဟာ ချိန်းချက် တိုက်ဆိုင်ထားသလို လာမည့် ၁၃၆၅-ခုနှစ်မှာ နှစ် ၁၀၀-ပြည့်၊ ၄၅-နှစ်ပြည့်၊ နှစ် ၂၀-ပြည့် အထိမ်းအမှတ် ကုသိုလ်ပွဲအဖြစ် ကြုံကြိုက်လာကြမှာပါ၊ မေတ္တာတရားတွေနဲ့ အများပေါင်းစု ကောင်းမှုတွေပြုပြီး လက်တွေ့အလုပ်နဲ့ ကျေးဇူးဆပ်ခွင့်ရကြမှာဖြစ်ပါတယ်။

ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေက ရေတွက်လို့လည်း မကုန်နိုင်၊ ဆပ်လို့လည်း မကုန်နိုင်ပါဘူး၊ မကုန်နိုင်လောက်အောင်လည်း ကြီးကျယ်များပြားပါတယ်၊ ကောင်းကင်ကို မော့ကြည့်ပြီး ကြယ်တွေကို ရေကြည့်ပေါ့၊ ၁၀-လုံး၊ ၉-လုံး လောက်ရောက်ရင်ပဲ ရောသွားတော့တာ၊ နောက်ဆုံး ရေလို့မရတော့ 'ဟာ-အများကြီးပဲ' လို့ အများကြီးနဲ့ပဲ အဆုံးသတ်လိုက်ရတယ်၊ ရေလို့မှမရဘဲ၊ ဒါမျိုးလိုပဲ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တွေ ရေလိုက်တော့လည်း ဘယ်လိုမှ တိုင်းတာ ကန့်သတ်ရေတွက်လို့မရနိုင်တော့ အများကြီးနဲ့ပဲ အဆုံးသတ်ရမှာပါ၊ ရေလို့ရအောင် များတာကိုး။



www.burmeseclassic.com

www.burmeseclassic.com


## ၁၂။ စွမ်းရည်မကြွယ် ရှက်စဖွယ်

- **ကျမ်းရင်းမပေါက်၊ မှတ်စုလောက်သာ၊ ဘွဲ့ယူကာဖြင့်၊ ပညာညွန့်ကို၊ ခူးယူလိုငြား၊ ဖြတ်လမ်းသွား၊ စွမ်းအားမစုံ ရှက်ဖွယ်ပ။**
- **ထိုက်တန်လောက်အောင်၊မကျင့်ဆောင်ဘဲ၊ အချောင်နေကာ၊ ပေးတာကိုစား၊ အပျင်းပွား၊ ယောကျ်ားမပီ ရှက်ဖွယ်ပ။**
- **စွမ်းရည်မကြွယ်၊ ရှက်စဖွယ်၊ တကယ်အောက်တန်းကျ။**

လမ်းရှည်ပရိယတ်နည်းနဲ့ သာသနာ ကြာရှည်တည်အောင် စောင့်ရှောက်ကြတော့ ခေတ်အလျောက် အများအားဖြင့် စာမေးပွဲ နည်းစနစ်နဲ့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းများရဲ့ ပရိယတ္တိ အရည်အချင်းကို သတ်မှတ်ကြပါတယ်၊ ဒါပေမယ့် ပြဋ္ဌာန်းချက်ကျမ်းရင်းများ ပြီးမြောက် ပေါက်ရောက်ကျွမ်းကျင်အောင် လေ့လာသင်ယူခြင်းမပြုဘဲ ကိုယ်တိုင် မှတ်စုထုတ် ကျက်လို့ပဲဖြစ်ဖြစ်၊ သူများထုတ်ထားတဲ့ မှတ်စုကို ယူဖတ်လို့ပဲဖြစ်ဖြစ် ကျက်မှတ်ထားတာနဲ့ တိုးလို့အောင်လာတာ မျိုးဖြစ်ရင်တော့ အားကိုးရမှာမဟုတ်ပါဘူး။

ကျမ်းရင်းမပေါက်ဘဲ မှတ်စုလောက်နဲ့ သာအောင်ပြီး ဘွဲ့ယူထားသူဟာ ပညာညွန့်ကို ခူးထားတဲ့ ဖြတ်လမ်းသွားပုဂ္ဂိုလ်ဖြစ်လို့ တကယ့်အရေးကြုံလာရင် သာသနာအတွက် ဘာမှ အားကိုးလို့ မရပါဘူး၊ ဘွဲ့နဲ့တန်တဲ့ အရည်အချင်းမရှိရင် တကယ်လည်း ရှက်စရာပါ၊ သူများ အထင်ကြီးစရာဘွဲ့ကို ရထားပြီး သူများ အထင်ကြီးလောက်တဲ့ အရည်အချင်းမရှိရင် အောက်တန်းလည်း ကျလွန်းပါတယ်။

ဦးပဥ္စင်းတစ်ပါး တွေ့ဖူးတယ်၊ ဥပမိရုပ်က ခပ်ကောင်းကောင်း၊ စာရေးတံဆွမ်းအလှူပွဲ ၁-ခုကို ကြွသွားတော့ သူ ၁-ပါးတည်း သူဌေး အိမ်တစ်အိမ်မှာမဲကျတယ်၊ အိမ်ပေါ်မှာ လှူဖို့ ပြင်ဆင်ထားတာတွေက ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်ပဲ၊ ၅-သိန်းလောက်တောင် တန်လိမ့်မယ်လို့ ပြောတယ်၊ အဖိုးတန်ပစ္စည်း အသုံးအဆောင်တွေကစုံလို့၊ ဆွမ်း ဆွမ်းဟင်း၊ ခဲဖွယ် ဘောဇဉ် အကောင်းအမွန်တွေ ကပ်ဖို့ ပြင်ဆင်ထားတာ ကလည်း စားပွဲ နှစ်လုံးနဲ့အပြည့်၊ ဒကာက အဲဒီ ဦးပဥ္စင်းကို အိမ်ပေါ်ပင့်သွားလို့ အိမ်ပေါ်ရောက်တော့ လှူဖွယ်အစုံကို အံ့မခန်းတွေ့ရတယ်၊ 'ဟယ် ငါတစ်ပါးတည်း ကံကောင်းလိုက်တာ၊ စာမေးပွဲတစ်ခုခုမှာ ထိပ်ဆုံးကအောင်ရင်တောင်မှ ဒီလောက် များများရဖို့ မလွယ်ဘူး' ဝမ်းသာလွန်းလို့ ဆွမ်းစားချင်စိတ်တောင် မရှိတော့ဘူး။

ဒကာကလည်း တော်တော်ပါးတယ်၊ ဆွမ်းကို အရင်မကပ်သေးဘူး၊ အရည်အချင်းကို အရင်စမ်းသေးတာ၊ နေရာကျောင်းတိုက်နဲ့ ဘွဲ့နာမည်ကိုမေးပြီး အရည်အချင်းကိုမေးတယ်၊ 'ဦးပဥ္စင်းက ဘာစာမေးပွဲတွေ အောင်ပြီးပြီလဲဘုရာ့' 'ဓမ္မာစရိယဘွဲ့ရပြီးပါပြီ ဒကာကြီး' ဒကာက 'ဓမ္မာစရိယဘွဲ့ရပုဂ္ဂိုလ်ကိုမှ မဲပေါက်တဲ့ငါ ကံကောင်းလိုက်တာ' လို့ သိပ်ဝမ်းသာသွားတယ်။

'အရှင်ဘုရား တပည့်တော်တို့မိသားစု မှတ်သားဖို့ ဝမ်းမြောက်ဖို့ တရားလေးတစ်ပုဒ်လောက် အရင်ဟောပေးပါဘုရား' အဲဒီ ဦးပဥ္စင်းက 'ဘုရား ဘုရား . . ပြီးတော့တာပဲ' လို့ ဘုရားတပြီး စိတ်ထဲမှာ ပူထူသွားတယ်၊ ဘာလုပ်ရမှန်း ဘာပြောရမှန်း မသိတော့ဘူး၊ ခပ်ရှက်ရှက်နဲ့ပဲ ပြန်ပြောလိုက်ရတယ်၊ 'ဒကာကြီး ဦးပဥ္စင်းတရား မဟောတတ်ဘူး' 'မဟောတတ်ရင်လည်း ပြောရုံ ပြောပေါ့ဘုရား' 'အလွတ်စကားတွေသာ ပြောတတ်တာ တရားစကားတော့ မပြောတတ်ပါဘူး' 'တစ်ခွန်းနှစ်ခွန်းလောက် ပြောရင်လည်း ရပါတယ် ဘုရား' 'တစ်ခွန်းနှစ်ခွန်းလောက်ကလေးတောင် ပြောစရာမရှိပါဘူး' 'အရှင်ဘုရားပြောတော့ ဓမ္မာစရိယဘွဲ့ ရတယ်ဆို' 'ဟုတ်တော့ဟုတ်တယ် ဒကာကြီး၊ မှတ်စုတွေဖတ်ပြီး ကျက်ထားတာလေးတွေနဲ့ တိုးလို့အောင်ခဲ့တာပါ၊ ဟောတတ်ပြောတတ်လောက်အောင် ဘာမှ လေ့လာထားတာမရှိပါဘူး' ဘာဆိုဘာမှ မပြောတတ်တော့ အောက်ကျခံပြီး ဝန်ခံရရှာတယ်။

'အငယ်-အလတ်-အကြီးတန်းတွေလည်း အရှင်ဘုရား အောင်ပြီးသားမဟုတ်လား' 'ဟုတ်တယ်၊ ဒီအတန်းတွေ အောင်ပြီးလို့ ဓမ္မာစရိယတန်းရောက်တာပဲ' 'ဒီလောက် အတန်းတွေ အများကြီးအောင်ခဲ့တာ တရားစကားလေး တစ်ခွန်းနှစ်ခွန်းလောက်တောင်မှ ဟောပြောစရာ မတွေ့ခဲ့ဘူးလား' 'အတန်းအားလုံး

www.burmeseclassic.com


မှတ်စုနဲ့ချည်း အောင်ခဲ့တာ၊ ကျက်ထားတဲ့မှတ်စုတွေကလည်း စာဖြေပြီးရုံလေး မှတ်ထားတာဆိုတော့ ဖြေပြီးတာနဲ့ အကုန်မေ့ကုန်တာပဲ'

'ဒီလိုနေရာလေးမှာတောင် အရှင်ဘုရားရဲ့ဘွဲ့လက်မှတ်တွေ အသုံးမကျတော့ဘူးဆိုရင် ဒီလောက် ကြီးကျယ်တဲ့ သာသနာ့တာဝန်ထမ်း ဆောင်ရတဲ့အပိုင်းမှာ ဘယ်လိုမှ အသုံးဝင်မှာ မဟုတ်ဘူး၊ ကြက်ကန်း ဆန်အိုးတိုးမိလို့ အောင်တာမျိုးနဲ့ အားမကိုးရဘူး၊ စာတတ်လို့ ထိုက်ထိုက်တန်တန်အောင်မှ ပွဲလယ်တင့်မယ်'

'ဒီလိုဆို အရှင်ဘုရား တရားမဟောတော့ဘူးပေါ့' 'ဟုတ်တယ်၊ ဟောမှ မဟောတတ်ပဲ' 'ကဲ ကဲ ဒါဆို ပရိတ်ကြီး ၁၁-သုတ်ပဲ ရွတ်ပေးပါတော့ဘုရား' 'ပရိတ်ကမရွတ်တာကြာတော့ ၁၁-သုတ်မပြောနဲ့၊ မေတ္တာသုတ်တောင် မကျေတော့ဘူး၊ ဒကာက ' ဩ ငါ ကံဆိုးလိုက်တာ၊ ဘယ်လို ကိုယ်တော်နဲ့ လာတွေ့ရပါလိမ့်' လို့ အကြီးအကျယ် စိတ်ပျက်သွားတယ်၊ အဲဒီဦးပဥ္စင်းကလည်း 'ဩ-ငါကံဆိုးလိုက်တာ ဘယ်လိုအိမ် ရောက်ပါလိမ့်' စောစောက အချင်းချင်း ကံကောင်းတယ် ထင်ခဲ့ကြပေမယ့် ယခုတော့ အချင်းချင်း ကံဆိုးတယ် ထင်နေကြပြီ။

'ဒါဆို အရှင်ဘုရား ဘာမှမလုပ်တတ်ဘူးပေါ့' 'ဟုတ်တယ်' 'ဒါဖြင့် ဒီအိမ်ကို ဘာလို့လိုက်ခဲ့တာတုန်း' ဓမ္မာစရိယကိုယ်တော်ကြီး ဘာမှလည်းပြန်မပြောတတ်တော့၊ မျက်နှာလည်း ထားစရာနေရာ မရှိတော့ဘူး၊ ဘယ်လိုမှ မနေတတ်တော့ပဲ ရှက်လွန်းလို့ အိမ်ပေါ်က ဆင်းပြေးပါရော၊ ဒကာက နောက်ကလိုက်ပြီး ချော့ပင်တာတောင် မရတော့ဘူး၊ မှတ်စုကလေးလောက်နဲ့ တင်းတိမ်နေကြရင်တော့ ပညာမရဲရင့်လို့ ပွဲလယ်မတင့်နိုင်ကြပါဘူး၊ အောက်တန်းလည်းကျ အရှက်လည်း ကွဲရတတ်ပါတယ်။

ပြီးတော့ ကိုယ့်ဘဝနဲ့ထိုက်တန်အောင် ကိုယ်ကျင့်ပဋိပတ်ကို မကျင့်ဆောင်ဘဲ အချောင်နေ၊ ပေးတာစား၊ အပျင်းပွားနေရင် ယောကျ်ား မပီသလွန်းလို့ ရှက်ဖို့ကောင်းတယ်၊ စွမ်းရည်မကြွယ်ရင် တကယ်အောက်တန်းကျ လှပါတယ်၊ ပရိသတ်ဆိုတာ ငွေနဲ့တူတယ်၊ လိုရာသုံးဖို့ပါ။ ပဋိပတ်ဆိုတာ ရွှေနဲ့တူတယ်၊ စွမ်းအား အလှပြဖို့ပါ။

## ၁၃။ ရုပ်သာဆင်းရဲ စိတ်မမွဲ

- **သတိနှင့်ဉာဏ်၊ တရားမှန်၊ ကန်ဦးဆောင်၊ ကျင့်သုံးပေ။**
- **အိုထုပ်ကိုသာ၊ ရငြားပါလည်း၊ ရုပ်သာအိုစမ်း၊ စိတ်မနွမ်း၊ ရွှင်လန်းအေးမြပေ။**
- **နာထုပ်ကိုသာ၊ ရငြားပါလည်း၊ ရုပ်သာနာစမ်း၊ စိတ်မပန်း၊ ရွှင်လန်းတက်ကြွပေ။**
- **ဒုက္ခထုပ်သာ၊ ရငြားပါလည်း၊ ရုပ်သာဆင်းရဲ၊ စိတ်မမွဲ၊ အမြဲငြိမ်းချမ်းပေ။**
- **သေထုပ်ကိုသာ၊ ရငြားပါလည်း၊ ခန္ဓာသာသေ၊ မသေတရား၊ ရင့်ကျက်ငြား၊ ထူးခြား ရွှင်သန်စေ။**
- **တရားနှင့်လူ၊ တွဲထားမှု၊ အပူကင်းစင်ချေ။**

သတိနဲ့ဉာဏ်ဆိုတာ တရားနဲ့ချမ်းသာကို ဦးဆောင်တယ်၊ လူကို လောက က နိုင်တယ်၊ လောကကို တရားကနိုင်တယ်၊ တရားကိုတော့ သတိဉာဏ်ကနိုင်တယ်၊ သတိနဲ့ဉာဏ်ဟာ လောကနဲ့ ဒုက္ခအပေါ် ဩဇာ အညောင်းဆုံးတရားပဲ၊ လောကဖြတ်လမ်းလို့လည်း ဆိုနိုင်တယ်၊ မြစ်ကို အလျားလိုက်ကူးလို့ ဟိုဘက်ကမ်း မရောက်နိုင်သလို လောကကိုလည်း အဝိဇ္ဇာ-တဏှာနဲ့ အလျားလိုက်ကူးနေရင် တရားဆိုတဲ့ ဟိုဘက်ကမ်း မရောက်နိုင်ဘူး၊ ဖြတ်လမ်းကကူးမှပဲ ဟိုဘက်ကမ်း ရောက်မှာပါ။ စာသိ သိရုံ မပြီးစေဘဲ ကျင့်သိ သိအောင် သတိဉာဏ်ကို စိတ်မှာထုံထား ပွားများပေးရမယ်၊ သတိဉာဏ်ဟာ လောကကို အနိုင်ယူနိုင်တဲ့တရားအတွက် အကောင်းဆုံး လက်နက်ပဲ။

သတိဉာဏ် အထုံပါသွားရင် နိဗ္ဗာန်မရောက်မီ ဘဝသံသရာတစ်လျှောက် အိုထုပ်ခန္ဓာကို ရပေမယ့် ရုပ်သာအိုလို့ စိတ်မအိုရအောင်၊ နာထုပ်ခန္ဓာကို ရလာပေမယ့် ရုပ်သာနာလို့ စိတ်မနာရအောင်၊ စိတ်နာ သက်သာအောင်၊ ဒုက္ခခန္ဓာထုပ်ကိုရသော်လည်း ရုပ်သာဆင်းရဲလို့ စိတ်မဆင်းရဲရအောင်၊ စိတ်ဆင်းရဲမှု သက်သာ အောင်၊ သေထုပ်ခန္ဓာကြီးကို ရလာသော်လည်း ခန္ဓာသာသေလို့ တရားမသေရအောင်၊ တစ်ဘဝထက် တစ်ဘဝ


www.burmeseclassic.com

www.burmeseclassic.com


တရားအထုံ ရင့်ကျက်လာအောင်၊ ထိန်းသိမ်း အသုံးချသွားနိုင်မှာ သေချာပေါက်ပါ၊ အသိရဲ့ အသက်ဆိုတာ သတိပဲ၊ အသိကို ထိန်းသိမ်းသိုမှီထားတာလည်း သတိပဲ၊ တရားမသေစေချင်ရင် သတိကိုင်ထားရမှာဖြစ်တယ်။

ဘုရားလက်ထက်က မောင်ငြိမ်းချမ်းဆိုတဲ့ အမျိုးသားတစ်ဦးဟာ သဒ္ဓါတရားထက်သန်စွာနဲ့ ရဟန်းပြုခဲ့တယ်၊ ဦးပဉ္စင်းငြိမ်းချမ်း ဖြစ်သွားတယ်ဆိုပါတော့၊ ၅-ဝါပတ်လုံး ဆရာသမားများထံ စာပေများသင်ယူတယ်၊ နေတတ်ထိုင်တတ်အောင် ဝိနည်းစည်းကမ်းများ ကျွမ်းကျင်အောင် လေ့လာတယ်၊ ကျင့်ကြံအားထုတ်နည်းတွေကို စနစ်တကျ ဆည်းပူးတယ်။

ဦးပဉ္စင်းငြိမ်းချမ်း ၅-ဝါ ပြည့်တော့ တောထွက်ပြီး တောထဲမှာ တစ်ပါးတည်း တရားအားထုတ်တယ်၊ သတိလွတ်ပြီး တရားမေ့သွားမှာ သူအကြောက်ဆုံးပဲတဲ့၊ သတိကို မလွတ်တမ်းကိုင်ပြီး တရားရှုတ်မှတ်နေတယ်။

ရှုမှတ်ခါစမှာတော့ ကိလေသာနဲ့ နပမ်းလုံးနေရလို့ မတွင်ကျယ်လှဘူး၊ စိတ်မနိုင်မနင်း ဖြစ်နေတာက များတယ်၊ စိတ်မနိုင်သလောက် ခန္ဓာလည်း အလွန်ဆင်းရဲပင်ပန်းလာတယ်၊ 'အို စိတ်နိုင်နေရင် တရားဘာလုပ်မှာလဲ၊ စိတ်မနိုင်လို့ဘဲ စိတ်နိုင်အောင် တရားအားထုတ်ရတာပဲ၊ လောကမှာ ရောဂါကြောင့် ဆေးဆရာနဲ့ ဆေးအစွမ်းကို သိရသလို ဒီကိလေသာအပူငွေ့တွေနဲ့ ဆင်းရဲတွေကြောင့် သူတော်ကောင်းနဲ့ တရားအစွမ်းကို သိရတာ၊ ကိလေသာက အလျှော့ခိုင်းတိုင်း တရားကို လျှော့ရမှာလား၊ ကိုယ့်အစွမ်း ကိုယ်ယုံလို့ အားထုတ်တာပါ၊ အားထုတ်ရင်း သေသွားတော့ ဘာဖြစ်လဲ၊ တရားကလွဲလို့ ဘာမှ ငဲ့စရာမရှိပါဘူး' လို့ လုံ့လကိုတင်း သတိသွင်းပြီး ကြိုးစားရှုမှတ်တယ်၊ ကြည်ညိုစရာ အတုယူစရာ သိပ်ကောင်းပါတယ်၊ ပရိယတ် သူရဲကောင်းဖြစ်အောင် သင်ယူထားတာဖြစ်လို့ ကိုယ့်ရဲ့ဘဝတိုက်ပွဲမှာ နည်းဗျူဟာကို လမ်းမှန်၊ စနစ်မှန် အသုံးချတတ်ပါတယ်။

စိတ်ကိုဆုံးမပြီး ဆက်ရှုမှတ်တော့ တစ်စတစ်စ စိတ်နိုင်လာတယ်၊ ရှုမှတ်စရာနဲ့ ရှုမှတ်စိတ် ချပ်ချပ်ရပ်ရပ် မိလာပြီး စိုက်ကနဲ စိုက်ကနဲ ရှုမှတ်ရတာ တရားအရသာတွေ့လာတယ်၊ စိတ်မနိုင်ခင်ကဆိုရင် မှတ်ရတာ ရှော်ရွတ်ကြီး၊ မှတ်စရာကတစ်ခြား မှတ်နေတာကတစ်လွဲ၊ ယခုတော့ အတော်အဆင်ပြေလာပြီ။

တရားမှတ်လို့ကောင်းလာသလောက် အချိန်နဲ့ ဘဝရဲ့တန်ဖိုးကို နားလည်လာတယ်၊ အချိန် မဖြုန်းရက်တော့ဘူး၊ 'ဒီဘဝမှာပဲ ငါ . . ရဟန္တာဖြစ်ရမယ်ဟဲ့' ဆိုပြီး အရဟတ္တဖိုလ် ပန်းတိုင်ထားပြီး အဆက်မပြတ် ကြိုးစားရှုမှတ်တယ်။

'အိပ်ရင် တရားမှတ်ချိန် လျော့သွားလိမ့်မယ်' လို့ အိပ်ချိန်ကို ဖြတ်ပယ်လိုက်ပြီး အချိန်ပြည့် ပိုကြိုးစားတယ်၊ နောက်တော့ 'စားနေရင်လည်း စားဖို့ရှာရတာနဲ့ စားရတာနဲ့ ဆေးကြောရတာနဲ့ အချိန်ကုန်လွန်းတယ်' ဆိုပြီး စားချိန်ကို လျှော့လိုက်ပြန်တယ်၊ 'ငါဘာမှ မစားတော့ဘူး၊ တရားအစာပဲ စားတော့မယ်' လို့ ဘာမှမစားတော့ဘဲ အစားဖြတ်ပြီး တရားပဲမှတ်နေတော့တာတဲ့။

မအိပ်ပဲ တရားမှတ်တာကတော့ သတိ၊ ဝီရိယက နိုင်နေရင် ထိန မိဒ္ဓ ကင်းနေတာဖြစ်လို့ ရုပ်ရော စိတ်ရော အပန်းပြေနေတာဖြစ်လို့ ခံနိုင်ပါတယ်၊ မအိပ်ဘဲ အားထုတ်လို့ မထိခိုက်နိုင်ပါဘူး။

မစားဘဲ အားထုတ်တာကျတော့ ဝမ်းထဲမှာ အစာမရှိရင် ဝမ်းမီးက ဝမ်းရေကို လောင်လာလို့ ရုပ်ပင်ပန်းတတ်တယ်၊ ဦးပဉ္စင်းငြိမ်းချမ်းရဲ့ခန္ဓာဟာ စိတ်နောက်ကို မလိုက်နိုင်တော့ဘဲ လေတွေထိုး အားတွေပြတ်ပြီး ရုတ်တရက် ပျံလွန်တော်မူရရှာတယ်၊ ဦးပဉ္စင်းငြိမ်းချမ်း ကွယ်လွန်ပြီး တာဝတိံသာ နတ်ပြည် နတ်ဗိမာန်တံခါးပေါက်မှာ သွားဖြစ်တယ်၊ ဦးပဉ္စင်းငြိမ်းချမ်းဘဝက ရောက်သွားတာဆိုတော့ ငြိမ်းချမ်းနတ်သားပဲပေါ့။

သတိဉာဏ်ဦးဆောင်တဲ့ တရားစွမ်းကြောင့် အံ့ဩစရာ နှစ်ချက်တွေ့ရတယ်။

(၁) ပထမအချက်က ဦးပဉ္စင်းငြိမ်းချမ်း သေသွားတာကို သူ့ဟာသူတောင် မသိလိုက်ဘူးတဲ့၊ သေရတာဟာ အလွန်ဆင်းရဲတဲ့ဒုက္ခဖြစ်ပေမယ့် တရားက မဆင်းရဲရအောင် သေမှန်းတောင်မသိရအောင် အံ့ဩဖွယ်ဆောင်သွားတယ်၊ သတိဉာဏ်ဟာ ဒုက္ခအပေါ် ဩဇာညောင်းတယ်ဆိုတာ သေချာတယ်ပေါ့၊ အသေမကြောက်ချင်သူတွေ တရားကို ပြင်းပြင်းထန်ထန် အားထုတ်ထားဖို့ လိုလိမ့်မယ်၊ ငြိမ်းချမ်းအကြောင်း ကြားရတာ တရားအတွက် အားတက်စရာကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com


(၂) ဒုတိယအချက်ကတော့ နတ်ပြည်ရောက်သွားပေမယ့် တရားရှုမှတ်တဲ့အလုပ် ရပ်မသွားဘူးတဲ့၊ ခန္ဓာသေရပေမယ့် တရားမသေဘူးဆိုတာ ဒါမျိုးကိုပြောတာ၊ နတ်ဗိမာန်တံခါးဝမှာ ထိုင်ရင်း တရားရှုမှတ်လျက်ပဲတဲ့၊ သေတယ်လည်း မထင်မိဘူး၊ နတ်ပြည်ရောက်တယ်လည်း မထင်မိဘူး၊ လူ့ပြည်က တောထဲမှ ရဟန်းဘဝနဲ့ တရားအားထုတ်နေတုန်းလို့ပဲ ထင်နေတယ်ဆိုပဲ မျက်စိလည်း လုံးဝမဖွင့်ဘူးတဲ့။

နတ်သမီးတွေရဲ့အသံကြားတော့ 'လူ မိန်းမတွေ တောထဲမှာ ထင်းရှာဖို့ ဟင်းသီးဟင်းရွက်ရှာဖို့ လာနေကြတာဖြစ်မယ်' လို့ တွေးနေတယ်၊ နတ်သမီးတွေက တူရိယာ တီးမှုတ်ကြပြန်တော့၊ ဒါ သူတို့အလုပ် သူတို့လုပ်တာ၊ ငါနဲ့မဆိုင်ဘူး၊ ငါ့အလုပ် ငါလုပ်နေရုံပဲ' လို့ ကိုယ့်တရား ကိုယ်မှတ်နေတယ်၊ တရားဟာ တယ်စွမ်းပါလား။

နတ်သမီးတွေက 'လူရဟန်းဘဝမှာ တရားအားထုတ်နေတုန်း သေလာခဲ့တာနဲ့ တူတယ်၊ သူ့ဟာသူ နတ်သားဖြစ်မှန်းမသိသေးဘူး၊ ရဟန်းလို့ ထင်နေတုန်းပဲ ရှိသေးတယ်၊ နတ်သား ဖြစ်မှန်းသိအောင် လုပ်ပေးမှဖြစ်မယ်' ဆိုပြီး ကိုယ်လုံးပေါ်မှန်ကြီးတစ်ချပ်ယူပြီး ထိုင်နေတဲ့ ငြိမ်းချမ်းနတ်သားရှေ့မှာ ထောင်ပြလိုက်ကြတယ်၊ 'ရဟန်းလား၊ နတ်သားလားဆိုတာ ကိုယ့်ဟာကိုယ် သေချာကြည့်ပါဦး' လို့ဆိုပြီး မှန်ကြီးထောင်ပြကြတော့ ငြိမ်းချမ်းနတ်သားက မျက်စိဖွင့်ကြည့်လိုက်ပါတယ်။

မျက်စိဖွင့်ကြည့်လိုက်တော့ သိသွားပြီပေါ့၊ 'ဟယ် . . . ငါဟာ ရဟန်းဘဝက သေခဲ့ပါပြီကော၊ နတ်သားဖြစ်နေပြီပဲ၊ နတ်ပြည်ရောက်ဖို့လောက်သာဆိုရင် တောထဲ ဒီလောက်အသက်စွန့် အားထုတ်ပါ့မလား၊ ရဟန္တာဖြစ်ဖို့ ဒီလောက်အားထုတ်တာပဲ၊ နတ်ဖြစ်ဖို့များ ဘာခက်တာမှတ်လို့၊ ဗုဒ္ဓသာသနာနဲ့ တစ်ခါတွေ့ဖို့ မလွယ်လှဘူး၊ အခွင့်မရှုံးအောင်တော့ ကြိုးစားမှဖြစ်မယ်' ဆိုပြီး နတ်ဗိမာန်ထဲမဝင်ဘဲ ဘုရားထံ ချက်ချင်းသွားတယ်။

'မြတ်စွာဘုရား ဘုရားတပည့်တော် ရဟန်းဘဝနဲ့ တောထဲမှာ တရားအားထုတ်ခဲ့တာဟာ အရဟတ္တဖိုလ်လိုချင်လို့ပါဘုရား၊ ယခု အရဟတ္တဖိုလ်မရဘဲ ဘီလူးမတွေကြားထဲ ရောက်သွားပါတယ်ဘုရား၊ ဘုရားတပည့်တော်အတွက် အရဟတ္တဖိုလ်ရောက်ကြောင်း တရားကောင်းကို ဟောပေးတော်မူစေချင်ပါတယ်ဘုရား' လို့ လျှောက်တယ်၊ နတ်သမီးတွေကို ဘီလူးမတွေလို့ သူက လျှောက်နေတာ၊ မြတ်စွာဘုရားက သစ္စာလေးပါး ဝိပဿနာတရားတွေပြပြီး တရားဟောပါတယ်။

ငြိမ်းချမ်းနတ်သားကလည်း ရဟန္တာဖြစ်ချင်တဲ့ဆန္ဒ ပြင်းပြနေတယ်၊ မြတ်ဗုဒ္ဓကလည်း ရဟန္တာဖြစ်ကြောင်း တရားကောင်းကို ဟောပေးတယ်၊ ဒါပေမယ့် ငြိမ်းချမ်းနတ်သား ရဟန္တာမဖြစ်ဘဲ သောတာပန်ပဲ ဖြစ်သွားခဲ့ပါတယ်၊ သူက သောတာပန်နဲ့ပဲ တန်သေးတာတဲ့၊ သူ့အရည်အချင်းက သောတာပန်လောက်သာ လက်ခံနိုင်သေးတာဆိုပဲ၊ ဒါကြောင့် 'ရင်လောက်မှန်းမှ ခါးလောက်တင်တယ်' လို့ ဆိုကြတာနဲ့တူတယ်၊ သောတာပန်ဖြစ်ပြီးတော့ နတ်ပြည်ပြန်သွားတယ်၊ ရောက်တဲ့နေရာ နေရုံပဲပေါ့၊ တရားကျေးဇူးပြုခံရရင် အံ့ဩစရာကောင်းလောက်အောင် တကယ်စွမ်းတယ်လို့ ဆိုလိုရင်းပါ။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၂-ခု၊ ဝါခေါင်လ **(၂၀၀၀-ခု၊ ဩဂုတ်လ)**



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ မွေလက်ဆောင် (၂၀)

## သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်

## နမော သတ္တလောကဟိတရေသ

## (နမောသတ္တုပကာရသ)

(၁၃၆၅-ခု၊ ဝါခေါင်လပြည့်ကျော် ၁၂၊ ၂၀၀၃-ခု၊ ဩဂုတ်လ ၂၄ , တနင်္ဂနွေနေ့ နေ့လည် ရန်ကုန်မြို့၊ အာဇာနည်လမ်း မင်္ဂလာဗျူဟာအသင်းချုပ်၌ မင်္ဂလာ ဗျူဟာ ပရဟိတအဖွဲ့၏ ၆-ကြိမ်မြောက် အထိမ်းအမှတ် အလှူရေစက်ချပွဲအတွက် ဟောကြားခဲ့သည့်တရား ဖြစ်သည်။)

**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။**

**လောကေ** - အသိမကူ အရှုပ်ထူ၍ အပူပေါလှ ဤလောက၌။ **သဗ္ဗပါဏိနံ** - တစ်ယောက် မကြွင်း ခပင်းဥဿုံ လုံးစုံ များစွာ သတ္တဝါတို့၏။ **ဟိတာယ** - လူနတ်နိဗ္ဗာန် သုံးတန်ပွားတိုး အကျိုးများစိမ့်သောငှာ (ဝါ) မျက်မှောက် တမလွန် နိဗ္ဗာန်အကျိုး ပွားတိုးစိမ့်သောငှာ။ **ဗုဒ္ဓေါ** - အမှန်တရား စွမ်းအားဥဿုံ အလုံးစုံကို အကုန်သိမြင် ဘုရားရှင်သည်၊ **သမုပ္ပန္နော** - သူ့ကို စောင့်ရှောက် ကိုယ့်ဂုဏ်မြောက်အောင် စွမ်းအားဆောင်ကာ ကောင်းစွာမသွေ ဖြစ်ထွန်း ပေါ်ပေါက် တော်မူခဲ့ပါပေသတည်း။

### ၁။ ဒုက္ခသည်တွေချည်းဖြစ်လို့ သနားတယ်

- **ဒုက္ခသစ္စာ၊ ရထားပါ၊ သူငါအားလုံး ဆင်းရဲကြ။**
- **ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ခံ၊ အမှန်ဆင်းရဲရ။**
- **အိုနာသေဘေး၊ မလွတ်သေးပါ၊ သတ္တဝါ၊ လွန်စွာဆင်းရဲလှ။**
- **ကိလေသာညို့၊ အပူပြန့်၍၊ ကြောက်လန့်စဖွယ်၊ အပါယ်လေးဖြာ၊ မလွတ်ပါ၊ ရှည်ကြာဆင်းရဲရ။**
- **ဒုက္ခသည်များ၊ လွန်သနား၊ ဘုရားပွင့်လာရ။**

အသိမကူရင် လောကကြီးဟာ အရှုပ်တွေ သိပ်ထူထပ်ပါတယ်။ အရှုပ်တွေထူသလောက် အပူတွေ တကယ်ပေါတဲ့ လောကကြီးပါ။ လောကကို အဝိဇ္ဇာနဲ့ တဏှာက ဦးဆောင်တာဆိုတော့ ရှုပ်လည်း ရှုပ်ရမှာပဲ ပူလည်းပူရမှာပါပဲ၊ ဒုက္ခမျိုးစုံကို ဦးဆောင်နေတာလည်း အဝိဇ္ဇာနဲ့ တဏှာပါပဲ၊ ရှုပ်တာလည်း သူတို့ကြောင့်ပဲ၊ ပူတာညစ်တာလည်း သူတို့ကြောင့်ပါပဲ၊ ပြဿနာ ဆင်းရဲမျိုးစုံ တွေ့ကြုံ နေရတာလဲ သူတို့ကြောင့်ပါပဲ။ တကယ်တော့ အဝိဇ္ဇာနဲ့ တဏှာဟာ လောကကို လိမ်ညာသွေးဆောင် ဖြားယောင်းနေတာပါ။

တရားကို ဦးဆောင်ပေးတာက သတိနဲ့ဉာဏ်ပါ၊ ချမ်းသာမျိုးစုံကို ဦးဆောင်တာလည်း သတိဉာဏ်ပါပဲ၊ တရားကျင့်စဉ်လုပ်ငန်း အားလုံးကို ချုပ်ကိုင်ထားတဲ့ အရာဟာလည်း အဲဒီ သတိဉာဏ်ပါ။ အပူအရှုပ် အညစ် ဆင်းရဲတွေကို စုပ်ထုတ်ဖယ်ရှားပစ်နိုင်တဲ့အရာဟာ သတိဉာဏ် ဦးဆောင်တဲ့ တရားပဲ ရှိတာပါ။ အဲဒီ တရားလမ်းကြောင်း ခင်းပေးဖို့ သတ္တဝါတွေအတွက် ဦးတည်ရည်ရွယ်ပြီး ပရဟိတစိတ်နဲ့ ဘုရားပွင့်တော် မူခဲ့တာဖြစ်တယ်။ သတ္တဝါတွေအပေါ်မှာ အလွန်သနား တဲ့ မဟာကရုဏာတော်ကြောင့် မြတ်စွာဘုရား အလောင်းရဲ့ ပရဟိတစိတ်ပေါ်လာရတာပါ။

ဘုရားလောင်းသန္တာန်မှာ သနားတဲ့ကရုဏာစိတ် ပေါ်ပေါက်လာရတာက ဒုက္ခိတ သတ္တဝါ တွေကြောင့်ပါ၊ ကရုဏာပြောရင် မေတ္တာလည်းပါပြီးသား၊ တကယ် စေ့စေ့စပ်စပ် ကြည့်လိုက်ရင် သတ္တဝါအားလုံးဟာ သနားစရာတွေချည်းပဲ။


www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတွေဟာ ဒုက္ခသစ္စာထုပ်ကြီးကို ရထားတာဆိုတော့ ချမ်းသာတယ်လို့ ဆိုရပေမယ့် အမှန်တကယ်ကတော့ ဒုက္ခတုံးတွေ ချည်းသာဖြစ်တယ်၊ ဒါကြောင့် တကယ်သနားစရာတွေချည်းပါ၊ ပြီးတော့ ဖြစ်ပျက်နှစ်တန် သင်္ခါရဒဏ်ရဲ့ နှိပ်စက်မှုကို အချိန်ပြည့်ခံနေရတာဖြစ်လို့လည်း တကယ် ဆင်းရဲနေကြပါတယ်၊ နောက်ဆုံးတော့ အိုရတယ် နာရတယ် သေရတယ်၊ ဒါကြောင့်လည်း သနား စရာ သိပ်ကောင်းလောက်အောင် ဆင်းရဲတယ်၊ ဘဝတစ်ခုထဲမှာလည်းပဲ ကိုယ့်ဘဝ ကိုယ့်ခန္ဓာကို မကိုင်တွယ်တတ်သလောက် ဆင်းရဲကြရ၊ ပူလောင်ကြရပါတယ်။

ဒါတင်မကသေးဘူး စိတ်ဓာတ်ကို ညှိုးဖျင်းစေတတ်တဲ့ ကိလေသာအပူရှိန်လောင်ပြီး စိတ်ဆင်းရဲ ပူလောင်ရတဲ့ ဒုက္ခကလည်း တော်တော်ပြင်းထန်တယ်၊ ဘာတွေပဲရှိရှိ အသိသတိ ကင်းကွာသလောက် မချိမဆန့် ခံရလောက်အောင် ဆင်းရဲရပါတယ်၊ မီးခဲကို ကောက်ကိုင်မိပြီး လွှတ်မချတတ်လို့ ပူပူလောင်လောင်နဲ့ အော်ဟစ်ငိုကြွေးရင်း ပြေးနေရတဲ့ ကလေးသူငယ်နဲ့ တူလှပါတယ်၊ သေချာကြည့်တတ်ရင် သနားဖို့ သိပ်ကောင်းပါတယ်။

ပြီးတော့ ဒီကိလေသာ လွှမ်းမိုးခံရလို့ မဆင်မခြင် ထင်ရာလုပ်မိတဲ့ကြောင့် အပါယ်ဘုံ ကျရောက်ပြီး မဆုံးနိုင်တဲ့ ဆင်းရဲတွေထဲ နစ်မွန်းနေကြရတာကလည်း သိပ်သနားစရာကောင်းတယ်။ ပုထုဇဉ်မှာ အပါယ်လွတ်နိုင်တဲ့ အာမခံ မရှိသေးဘူး။

စကားအနေနဲ့ ချမ်းသာလို့ ဆိုနေရပေမယ့် တရားအနေနဲ့ ဒုက္ခထုပ်ကို ကိုင်ထားရတာဆိုတော့ ဒုက္ခသည်တွေချည်းပဲ၊ အဲဒီဒုက္ခရောက်နေတဲ့ သတ္တဝါတွေအပေါ်မှာ ဘုရားအလောင်းတော်ရဲ့ ကရုဏာ ရောက်ရှိသွားတယ်၊ ကြီးကျယ်မြင့်မြတ်လွန်းလို့ ဘုရားအလောင်းတော်ရဲ့ ကရုဏာကို မဟာကရုဏာလို့ခေါ်တယ်၊ အဲဒီ မဟာကရုဏာကြောင့် ကြီးမားမြတ်မွန် ထူးချွန်တဲ့ ပရဟိတစိတ် ပေါ်လာရတာ။ အဲဒီ ပရဟိတစိတ်နဲ့ ကိုယ်ကျိုးစွန့်ခွာ အနစ်နာခံပြီး ပါရမီဖြည့်ကျင့်ခဲ့လို့ ဘုရားဖြစ်လာခဲ့တာပါ၊ သူ့ကိုစောင့်ရှောက်တော့ ကိုယ့်ဂုဏ်လည်း ပြောင်မြောက်လာစမြဲပဲ။

## ၂။ ပရဟိတ မြတ်ဗုဒ္ဓ

- **အမြင့်ထူးခြား၊ လွန်သနား၍၊ အများအကျိုး၊ ကောင်းရာတိုးဖို့၊ ကိုယ်ကျိုးစွန့်ခွာ၊ ဖြည့်ကျင့်ကာ၊ မြတ်စွာဗုဒ္ဓပေါ်လာသည်။**
- **ဒုက္ခလွတ်ရန်၊ ချမ်းသာရန်နှင့်၊ အမှန်ကယ်ရေး၊ နည်းလမ်းပေးဖို့၊ ဖြူဖွေးနှလုံး၊ အစဉ်သုံးကာ၊ ဖြည့်ကျင့်လာ၊ မြတ်စွာဗုဒ္ဓပေါ်လာသည်။**
- **ပရဟိတ၊ မြတ်ဗုဒ္ဓ၊ ထူးလှအာဇာနည်။**

လောကထဲမှာ မြတ်ဗုဒ္ဓသာ အမြင့်မြတ်ဆုံး ပရဟိတ စွမ်းအားရှင်ဖြစ်ပါတယ်၊ မြတ်ဗုဒ္ဓလောက် ကြီးကျယ်ပြောင်မြောက် ထိရောက်အောင် ပရဟိတ စွမ်းဆောင်ပေးနိုင်သူ ဘယ်သူမှ မရှိပါဘူး။ မြတ်ဗုဒ္ဓဟာ အကြီးမားဆုံး၊ အမြင့်မြတ်ဆုံး၊ အတိကျဆုံး၊ အပြည့်ဝဆုံး၊ အသေချာဆုံး ပရဟိတ စွမ်းဆောင်ရှင်ပါ။

ပရဟိတစိတ်နဲ့ပဲ ခက်ခဲတဲ့ ပါရမီတွေဖြည့်ခဲ့တယ်၊ ပရဟိတစိတ်ကြောင့်ပဲ ဘုရားဖြစ်ခဲ့ တာပါ၊ အတ္တဟိတ သက်သက်သာဆိုရင် ဘုရားဖြစ်အောင် ကျင့်နေဖို့တောင် မလိုတော့ဘူး၊ သုမေဓာ ရှင်ရသေ့ဘဝက သာဝကပါရမီ ပြည့်နေပြီပဲ၊ ဆက်အားထုတ်လိုက်ရင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရောက်ဖို့ သေချာနေပါပြီ၊ ပရဟိတစိတ်ကြောင့်သာ အသက်စည်းစိမ်များစွာ စွန့်လွှတ်အနစ်နာခံပြီး ဘုရားဖြစ်ကြောင်း ပါရမီ ကောင်းမှုတွေကို ဖြည့်ကျင့်ခဲ့တာဖြစ်တယ်၊ အကြီးကျယ်ဆုံး ပရဟိတလုပ်ငန်းကို လုပ်ဆောင်ပေးလိုတဲ့ကြောင့် အကြီးကျယ်ဆုံး သဗ္ဗညုတဉာဏ်တော်ကြီးရဖို့အတွက် ကိုယ်ကျိုးစွန့်ခဲ့တာပါ၊ ပရဟိတအတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် အနစ်နာခံခဲ့တာပါ။ ပရဟိတအတွက် အရည်အသွေးမြင့်အောင် မြှင့်တင်ခဲ့တာပါ၊ ပါရမီဖြည့်တယ်ဆိုတာ ကိုယ်ကျိုးစွန့် အနစ်နာခံလိုက်တာပဲ။

ပရဟိတအတွက် ဗုဒ္ဓဖြစ်အောင် ဖြည့်ကျင့်နေရတာပါ။ အတ္တဟိတသက်သက်သာဆိုရင် ဘုရား ဖြစ်အောင် လုပ်နေစရာမလိုဘူး၊ သုမေဓာရှင်ရသေ့ဘဝကပဲ အတ္တဟိတ ပြီးနိုင်ခဲ့ပြီကိုး၊ ပရဟိတစိတ်ကြောင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com


ဘုရားဖြစ်ခဲ့တယ်၊ ပရဟိတစိတ်နဲ့ပဲ တရားဟောခဲ့တယ်။ ပရဟိတစိတ်ကြောင့်ပဲ ဗုဒ္ဓသာသနာ ပေါ်ပေါက်လာတာ။

ဘုရားဖြစ်အောင်လုပ်ရင် ကိုယ့်မှာ ရရှိလာတဲ့ ကိုယ်နဲ့ဆိုင်တဲ့ အများတကာက မြတ်နိုးစရာလို့ အထင်ကြီးခံနေရတဲ့ အသက်စည်းစိမ် မြောက်မြားစွာကို စွန့်လွှတ်အနစ်နာခံရလိမ့်မယ် "အို . . . ငါတစ်ယောက် အနစ်နာခံလိုက်ရင် သတ္တဝါတွေ အများကြီး အပူဒုက္ခလွတ်ကြမှာပဲ၊ ငါတစ်ယောက် အနစ်နာခံလိုက်လို့ အများကြီး ချမ်းသာရင်ပြီးတာပဲ" အားကိုးမြတ်နိုးဖို့ အလွန်ကောင်းတဲ့ မြင့်မြတ်တဲ့ စိတ်ထားပါ။

ဘုရားဖြစ်အောင်သာ ကျင့်မယ်ဆိုရင် အသက်၊ သွေး၊ ချွေး၊ စည်းစိမ်ဥစ္စာ မြောက်မြားစွာ မရေတွက်နိုင်အောင် စွန့်ရမယ်၊ ဘဝများစွာ အသေခံရမယ် " အို . . . ငါတစ်ယောက် သေရတာ ဒီလောက်အရေးမကြီးပါဘူး ငါတစ်ယောက် အနစ်နာခံရလို့ အများတကာ ချမ်းသာသွားမယ်ဆိုရင် ပြီးတာပါပဲ"။ အဲဒါ မြင့်မြတ်တဲ့ ပရဟိတစိတ်ထားပါ။ တကယ်လည်း လေးစားထိုက်ပါတယ်။ တွေးကြည့် ရင်တောင် ကြက်သီးထစရာကြီးပါ။

သတ္တဝါများ ဒုက္ခမျိုးစုံလွတ်ဖို့ ချမ်းသာမျိုးစုံရဖို့ ကိုယ့်ဟာကိုယ် နည်းမှန် လမ်းမှန် ကယ်တင်တတ်ဖို့ နည်းလမ်းတွေ ညွှန်ပြပေးလိုတဲ့ကြောင့် ကိုယ်ကျိုးစွန့်ခွာပြီး အနစ်နာခံခဲ့တာပါ။ "ဗုဒ္ဓ" ဆိုတာကပဲ အထူးချွန်ဆုံး ပရဟိတစွမ်းအားရှင်ရဲ့အမည်ဖြစ်ပါတယ်။

## ၃။ ပရဟိတဆိုတာ ပေးဖို့သက်သက်ပါ

- **ကိုယ်ကျိုးမပါ၊ သူ့တွက်သာ၊ ငဲ့ကာဆောင်ရွက်ရ။**
- **ကရုဏာထား၊ မေတ္တာပွား၊ စွမ်းအားဖြည့်ပေးရ။**
- **သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ထွန်းတောက်စွမ်းအားရ။**

ပရဟိတဆိုတာ ကိုယ်ကျိုးကို မငဲ့ပဲ သူ့အတွက် သက်သက်လုပ်ပေးတာပါ။ သီးခြား အလှူဒါနကြီးတွေ လုပ်ကြတယ်ဆိုတာ သူ့အတွက်ပါတယ် ဆိုပေမယ့် ကိုယ့်အတွက် ဦးတည်ပြီး လုပ်ကြတာပါ။ ကိုယ့်ရဲ့ မင်္ဂလာ နိဗ္ဗာန်ရရေးကို အဓိက ဦးတည်တာပါ၊ ဒါကြောင့် သီလရှိတဲ့ မြင့်မြတ်တဲ့ အလှူခံပုဂ္ဂိုလ်တွေကို ရွေးချယ်ပြီး လှူကြတယ်၊ ကိုယ့်အတွက်ငဲ့ပြီး ရွေးချယ်တာပါ။

ပရဟိတဆိုတာ သူ့ဆီက ဘာတစ်ခုမှ မျှော်လင့်ချက်မထားဘူး။ "ငါတို့က ဒီလို ကူညီဆောင်ရွက်ပေးလိုက်ရင် သူတို့က ငါတို့ကို အသိအမှတ်ပြုလိမ့်မယ်၊ ပေးကြလိမ့်မယ်၊ ငါတို့ လိုအပ်တဲ့အခါ သူတို့က ပြန်ကူညီစောင့်ရှောက်ပေးကြလိမ့်မယ်" လို့ လုံးဝမျှော်လင့်ချက် မထားပါဘူး၊ ပရဟိတသဘောဆိုတာ ကိုယ့်ကြောင့် သူချမ်းသာရင် တော်ပြီပေါ့၊ ကိုယ့်အတွက်မငဲ့မှ မြင့်မြတ်တဲ့ ပရဟိတစိတ်ဖြစ်မှာပါ၊ မြတ်ဗုဒ္ဓကိုကြည့်ပေါ့၊ ကိုယ့်အတွက် ဘာမှမငဲ့ဘူး။

သဗ္ဗညုတ ဉာဏ်တော်ကြီးကို လိုချင်တာက လောကထဲမှာ ကြွားချင်လို့ မဟုတ်ဘူး၊ ဉာဏ်ကြီးကျယ်မှ အကြီးအကျယ်ဆုံး ပရဟိတလုပ်ငန်းကို လုပ်နိုင်မှာဖြစ်လို့ လိုချင်တာပါ၊ များများသိမှ များများပေးနိုင်မယ်၊ ကြီးကြီးသိမှ ကြီးကြီးလုပ်ပေးနိုင်မယ်၊ ကောင်းကောင်းသိမှလည်း ကောင်းကောင်း ဖန်တီးပေးနိုင်မယ်၊ ဒါကြောင့် ကြီးကြီးကျယ်ကျယ် လုပ်ပေးချင်လို့ ကြီးကျယ်တဲ့ ဉာဏ်ကို ရဖို့အတွက် အကြီးကျယ်ဆုံး ပါရမီလုပ်ငန်းကို လုပ်ခဲ့တာပါ။

ပရဟိတဆိုတာ ပေးဖို့သက်သက်ပါ။ လှူတဲ့အခါ သီလရှိသူတွေ ရွေးချယ်ကြတာက ကိုယ့်အတွက်ငဲ့လို့ပါ။ ပရဟိတကျတော့ အယုတ်အလတ် အမြတ်မရွေး၊ လူမျိုးမရွေး ဘာသာမရွေး၊ ဘယ်သူ ဘယ်ဝါမရွေး အားလုံးရဲ့ အကျိုးအတွက်ပါ။ သူတို့ဆီက ဘာတစ်ခုမှလည်း မျှော်လင့်ချက် မထားပါဘူး၊ ကိုယ့်ကြောင့် သူချမ်းသာသွားရင် ပြီးတာပဲ။


www.burmeseclassic.com

www.burmeseclassic.com


## ၄။ ပရဟိတဆိုတာ သူ့အတွက်ကိုယ်အနာခံပေးတာ

- **ကံအား ဉာဏ်အား၊ လုံ့လအားတို့၊ ရှားပါးမစုံ၊ မလုံလောက်ငြား၊ လူအများ၊ သနားငဲ့ညာကူညီရ။**
- **ကိုယ့်ကျေးဇူးကို၊ အထူးသိကာ၊ တုံ့ပြန်လာငြား၊ မလိုလား၊ စိတ်ထားသန့်စင်ရ။**
- **ကိုယ့်စေတနာ၊ ကိုယ့်မေတ္တာကြောင့်၊ သူ့မှာငြိမ်းချမ်း၊ မပင်ပန်း၊ ရွှင်လန်းဝမ်းသာရ။**

လောကမှာ ကြက်ခြေနီ၊ လခြမ်းနီစတဲ့ လူမှုရေး အဖွဲ့အစည်းတွေဆိုတာ သူ့အတွက် ကိုယ်က အနာခံပေးရတဲ့ အဖွဲ့တွေပဲ၊ ကူညီခံရသူတွေထံက တုံ့ပြန်ကျေးဇူးဆပ်မှုကို ဘာတစ်ခုမှ မမျှော်လင့် မတောင့်တကြပါဘူး၊ ယခု မင်္ဂလာဗျူဟာပရဟိတအဖွဲ့ဆိုတာလည်း ဒီလိုပါပဲ၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်သတ္တဝါမရွေး ကံအား၊ ဉာဏ်အား၊ လုံ့လအား မလုံလောက်ရှာကြလို့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည် မပြည့်စုံရှာကြသူများကို သူတို့ခန္ဓာ သူတို့သုံးနိုင်ကြဖို့ မေတ္တာ၊ ကရုဏာ အရင်းခံတဲ့ စေတနာကောင်းနဲ့ ကူညီဆောင်ရွက်နေကြတာပဲ။

ပရဟိတ စေတနာရှင်ဟာ ကိုယ့်ကျေးဇူးကိုသိလို့ တုန့်ပြန်မှုကို လုံးဝ မမျှော်လင့်စရာ မလိုပါဘူး၊ ဥပမာခွေးကလေးတစ်ကောင် ရေနစ်မွမ်းလို့ ပင်ပန်းနေတာကို မြင်လိုက်ရရင် ကရုဏာအပြည့်နဲ့ မဖြစ်မနေ ဆယ်တင်ပေးလိုက်ရုံပေါ့၊ လမ်းဘေးမှာ အစာငတ်ပြတ်လို့ အင်အားချိနဲ့နေတဲ့ ခွေးငတ်ကလေးတစ်ကောင်ကို တွေ့မြင်လိုက်ရရင် ကရုဏာအပြည့်နဲ့ အစာကျွေးပေးလိုက်ရုံပေါ့၊ သူတို့ဆီက ဘာကိုမှ မျှော်လင့် တောင့်တစရာ မလိုပါဘူး၊ ခွေးကလေးက "ကျေးဇူးတင်ပါတယ်ဗျာ" လို့ ကျေးဇူးတင်စကားလေးတောင် တုန့်ပြန်နိုင်စွမ်းမရှိပါဘူး၊ သူ့ဆီက ဘာကိုမှ မလိုပါဘူး၊ ကိုယ့်စေတနာ ကိုယ့်မေတ္တာ ကရုဏာကြောင့် ခွေးကလေး ဒုက္ခလွတ်ပြီး ချမ်းသာသွားရင် ပြီးပြီပဲ၊ သူက မတုန့်ပြန်ပေမယ့် ကိုယ့်ရဲ့အောင်မြင်တဲ့စွမ်းဆောင်ချက်ကိုကြည့်ပြီး ကိုယ့်ဟာကိုယ် ကြည်နူးဝမ်းသာရတာက လောကမှာ ဘယ်အရသာနဲ့မှ မလဲနိုင်တဲ့အရသာပါ၊ ကိုယ့်စေတနာဟာ ကိုယ့် လုပ်ခပဲ။

ပရဟိတ စေတနာရှင်ဟာ "ဒုက္ခလွတ်ပါစေ" ဆိုတဲ့ ကရုဏာ၊ "ချမ်းသာပါစေ" ဆိုတဲ့ မေတ္တာနဲ့ပဲ ကူညီတတ်တယ်၊ ပေးကမ်းတတ်တယ်၊ ထောက်ပံ့တတ်တယ်၊ မေတ္တာ ကရုဏာအရင်းခံတဲ့ မြင့်မြတ်တဲ့ စေတနာနဲ့ပဲ ဆောင်ရွက်ပေးပါတယ်။ ဒါကြောင့်လည်း မြင့်မြတ်သူတွေရဲ့ အလုပ်ဖြစ်တယ်။

ပရဟိတဆိုတာ သူ့အတွက် ကိုယ်အနာခံပေးတာ၊ သူလျှောက်လှမ်းနိုင်ဖို့ ကိုယ်က တံတားခင်းပေးတာ၊ အမြင့်မြတ်ဆုံး ပရဟိတစွမ်းဆောင်ရှင်ဖြစ်တဲ့ မြတ်ဗုဒ္ဓရဲ့ ဓာတ်ကောင်းတွေ စိမ့်ဝင်ကူးစက်နေကြတဲ့ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ဟာ မြင့်မြတ်တဲ့ ပရဟိတစိတ်တွေ ကိန်းနေကြတယ်၊ ပရဟိတအလုပ်ကို မလုပ်ဘဲ မနေနိုင်ဘူး၊ မြင့်မြတ်တဲ့စိတ်ရှိသူပီပီ "ဒါငါလုပ်ရမှာပါ" လို့ သိနေကြတယ်။ မြတ်ဗုဒ္ဓရဲ့လမ်းစဉ်ကို လိုက်နာကျင့်သုံးရာ ရောက်ပါတယ်။

## ၅။ ပရဟိတစိတ်နဲ့ပဲ တရားဟောတယ်

- **လာဘ်လည်းမဖက်၊ ဂုဏ်မမက်ပါ၊ သန့်ရှင်းစွာ၊ မေတ္တာဖြင့်သာ ဟောညွှန်သည်။**
- **ဒေဝဒတ်မှာ၊ ရာဟုလာ၊ မေတ္တာအတူ ထားနိုင်သည်။**
- **ဆုံးမထိုက်ငြား၊ ပုဂ္ဂိုလ်များ၏၊ ရင့်ပွားချိန်တန်၊ အသိဉာဏ် မှန်မှန်ကြည့်ရှုသည်။**
- **ကျေးဇူးကိုပြု၊ စွမ်းဆောင်မှု၊ ယခုတိုင်ခဲ့ပြီ။**
- **ပရဟိတ၊ မြတ်ဓမ္မ၊ မုချပေါ်လာသည်။**

မြတ်ဗုဒ္ဓဟာ အလောင်းတော်ဘဝက ပရဟိတစိတ်နဲ့ ပါရမီတွေ ဖြည့်ကျင့်ခဲ့လို့ သဗ္ဗညုတဉာဏ်ကို ရတော်မူခဲ့ပါတယ်။ သဗ္ဗညုတဉာဏ်တော်ကို ပရဟိတဉာဏ်လို့ခေါ်ရင် ဖြစ်နိုင်ပါတယ်။ သဗ္ဗညုတဉာဏ် ရပြီးတော့လည်း ပရဟိတသက်သက်နဲ့ပဲ တရားတွေဟောခဲ့တယ်၊ သူများတွေရဲ့ ပင့်တာ၊ လျှောက်တာကို စောင့်မနေပါဘူး၊ ပရဟိတသမားဟာ အပင့်ကို စောင့်နေဖို့လည်း မလိုပါဘူး။ ဒေဝဒတ်နှင့် ရာဟုလာကို တန်းတူမေတ္တာထားပြီး တရားဟောတော်မူနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


နေ့စဉ်မှန်မှန် ဉာဏ်နဲ့ကြည့်လို့ ဉာဏ်ထဲမှာ ဆုံးမထိုက်သူ တရားဟောထိုက်သူ ကျွတ်ထိုက်သူ မဂ်ဖိုလ်ရထိုက်သူ ပေါ်လာရင် တစ်ယောက်တည်းဖြစ်ပါစေ ဝေးချင်သလောက်ဝေးပါစေ ကြွရောက်ပြီး တရားဟောတော်မူပါတယ်၊ သူတို့ဆီက ဘာတစ်ခုမှ မတောင့်တပါဘူး။ သူတို့ဆီက ဘာမှ မလှူလို့လည်း, ဘာမှ ကိစ္စမရှိ၊ ဘာမှအရေးမကြီး ကိုယ့်ဆွမ်း ကိုယ်ခံစားမယ်၊ ရောက်တဲ့နေရာ ကိုယ့်သပိတ်နဲ့ကိုယ် ဆွမ်းခံလို့ စားရုံပဲ၊ ဘယ်သူက ဘာတွေလှူတာ၊ မလှူတာ ဘာတစ်ခုမှ စိတ်ထဲမှာမထား။ တကယ့် ပရဟိတစိတ်ပါ။

ပရဟိတစိတ်နဲ့ပဲ ပါရမီဖြည့်ခဲ့လို့ ပရဟိတစိတ်ကြောင့်ပဲ ဘုရားဖြစ်ခဲ့တာဆိုတော့ တရားဟောတော့လည်း ပရဟိတစစ်စစ်နဲ့ပဲ ဟောတာပေါ့၊ အကျိုးသာရှိမယ်ဆိုရင် တစ်ယောက်တည်းရှိပါစေ ကြွတော်မူတယ်၊ တစ်ခါတစ်ရံ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ရတယ်၊ ခန္တီ၊ မေတ္တာ၊ ကရုဏာတွေ အရင်းခံပြီးတော့ ဟောတာပါပဲ။

တရားဟောလို့ တရားနာရသူတွေ အသိတရားတွေ ရသွားကြတယ်၊ ဆင်းရဲ အပူမျိုးစုံတွေ ငြိမ်းသွားကြတယ်၊ စိတ်ဓာတ်ငြိမ်းချမ်းလို့ ချမ်းသာမျိုးစုံ ရသွားကြတယ်၊ လောကီ၊ လောကုတ္တရာ ဉာဏ်ဓာတ်တွေ ပွင့်လင်းသွားကြတယ်။

ဘယ်သူ့ဆီက ဘာကိုမှ မမျှော်လင့်ဘဲ ကိုယ့်ဆွမ်း ကိုယ်ခံစားပြီး တရားဟောတယ်၊ ကိုယ့်ကြောင့် သူတို့ချမ်းသာရင် ပြီးပြီပေါ့၊ သူတို့ဆီက ဘာမှမလိုပါဘူး။ ကိုယ့်ကြောင့် သူတို့ အသိဉာဏ်အလင်း ရသွားရင် တော်ပြီပေါ့၊ ကိုယ်ဆောင်ရွက်ပေးမှုကြောင့် သူတို့ရဲ့ အပူဆင်းရဲတွေ ငြိမ်းအေးပြီး ချမ်းသာသွားရင် ပြီးပြီပေါ့၊ အဲဒီလို မြင့်မြတ်တဲ့စိတ်ထားနဲ့ တရားတွေဟောခဲ့တာ။

ဒါ့ကြောင့် မြတ်စွာဘုရားဟာ ပရဟိတ စွမ်းဆောင်ရှင်တွေထဲမှာ အထူးခြား အမြင့်မြတ်ဆုံး ဖြစ်ပါတယ်၊ အထိရောက်ဆုံး စွမ်းဆောင်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ထူးကြီးလည်း ဖြစ်တော်မူပါတယ်။

## ၆။ ပရဟိတ မိ နှင့် ဘ

- **အကျိုးလိုကာ၊ စေတနာကူ၊ မေတ္တာဖြူဖွေး၊ အရိပ်ပေး၊ ငြိမ်းအေးကူမ မိ နှင့် ဘ။**
- **သမီးနှင့်သား၊ ဒုက္ခများ၍ သနားကြင်နာ၊ ယုယကာ၊ ကောင်းစွာဖေးမ မိ နှင့် ဘ။**
- **တိုးတက်ကြီးပွား၊ အောင်မြင်သွားမှု၊ စိတ်ထားဖြူစွာ၊ မုဒိတာ၊ ဝမ်းသာရွှင်ပြ, မိနှင့်ဘ။**
- **ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အားကိုယ်ကိုး၊ စွမ်းရည်တိုးလာ ဥပေက္ခာ၊ ကောင်းစွာပြုကြ မိ နှင့် ဘ။**

ပြီးတော့လဲ လောကထဲမှာ မိဘတွေကိုကြည့်ပါ။ မိဘဆိုတာ ပုထုဇဉ်သဘောအရ အတ္တဟိတ ပါသင့်သလောက်ပါမှာ ဖြစ်ပေမယ့် ပရဟိတကများပါတယ်၊ မိဘက သားသမီးတွေ အပေါ်မှာ ဆောင်ရွက်ရတဲ့ လမ်းစဉ်ဟာ အမှန်တော့ ပရဟိတလမ်းစဉ်ပါ၊ တချို့မိဘတွေ သားသမီးတွေအပေါ်မှာ မျှော်လင့်တောင့်တချက် ရှိကြပေမယ့် ကြီးလာတော့ တောင့်တတဲ့အတိုင်းလည်း ဖြစ်မလာကြပါဘူး၊ "ငါ့သားလေးက အားကိုးရမှာဟဲ့၊ ငါ့သမီးလေးက အားကိုးရမှာဟဲ့" လို့ မျှော်လင့်ထားပေမယ့် ကြီးလာတော့ မိဘစကား နားမထောင်သူတွေ သူတို့သွားချင်ရာသွားသူတွေ ရှိနေတတ်ကြတာပဲ။

ပရဟိတစိတ်ပြည့်ဝတဲ့ မိဘတွေဟာ ဗြဟ္မာကြီးတွေနဲ့တူတယ်လို့ မြတ်စွာဘုရားက ဟောထားပါတယ်၊ ဗြဟ္မာကြီးတွေဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရတရား လေးပါးနဲ့ လောက ကောင်းကျိုးပြုအနေနဲ့ လွှမ်းခြုံပေးနေကြသလို မိဘတွေလည်း သားသမီးတွေ အပေါ်မှာ အဲဒီ ဗြဟ္မဝိဟာရ လမ်းစဉ် လေးချက်နဲ့ပဲ စောင့်ရှောက်နေတဲ့အကြောင်း ဘုရားဟောထားတာရှိပါတယ်။

သားသမီးလေးတွေ ကိုယ်ဝန်အဖြစ် ရောက်ရှိလာပြီဆိုရင်ပဲ မိဘတွေက သားသမီးလေးတွေအပေါ်မှာ မဖွားခင်ကတည်းက မေတ္တာလွှမ်းခြုံထားတယ်ဆိုပဲ၊ "ဘယ်နေ့များ ငါ့သားလေး ငါ့သမီးလေး ကျန်းကျန်းမာမာနဲ့ ဖွားမြင်လာမလဲ" "အနာရောဂါ ကင်းကင်းရှင်းရှင်း၊ အင်္ဂါကြီးငယ် ပြည့်ပြည့်စုံစုံနဲ့ ဖွားမြင်လာမလဲ" "မျက်စိတို့၊ နားတို့၊ ခြေတို့၊ လက်တို့ ပါလာတန်ကောင်းရဲ့၊ ပြည့်ပြည့်စုံစုံ ပါလာပါစေ" "တချို့ကလေးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com


ဖွားလာကတည်းက ခြေထောက်မပါရတာနဲ့ လက်မပါရတာနဲ့ မျက်စိမပါရတာနဲ့ နားမပါရတာနဲ့ သနားစရာကလေးတွေ ရှိနေကြတယ်" "ငါတို့သားလေး သမီးလေး ဒါမျိုး မဖြစ်ပါစေနဲ့၊ လူမှာရှိနေရမယ့် အင်္ဂါကြီးငယ် အစိတ်အပိုင်းတွေ ပြည့်ပြည့်စုံစုံနဲ့ ချမ်းချမ်းသာသာ ဖွားမြင်လာပါစေ" လို့ မေတ္တာနဲ့ လွှမ်းခြုံထားတာတဲ့။

ဖွားမြင်လာတော့လည်း မေတ္တာနဲ့ပဲ စောင့်ရှောက်ပေးတယ်၊ မေတ္တာနဲ့ပဲ သင်ကြားပေးတယ်၊ မေတ္တာနဲ့ပဲ မလုပ်သင့်တာတွေကို တားပေးတယ်၊ မေတ္တာနဲ့ပဲ လုပ်သင့်တာတွေကို လမ်းညွှန် သွန်သင်ပေးတယ်၊ မေတ္တာနဲ့ပဲ လမ်းသွားသင်ပေးတယ်၊ စကားပြော သင်ပေးတယ်၊ မေတ္တာနဲ့ပဲ အစစအရာရာ အဆင်ပြေ ချမ်းသာအောင် ကူညီဆောင်ရွက်ပေးပါတယ်၊ သူတို့ဆီက မျှော်လင့်တော့လည်း မျှော်လင့်တဲ့အတိုင်း ဖြစ်ချင်မှဖြစ်တာဆိုတော့ ဘာမှမျှော်လင့်မနေတော့ဘူး၊ ကိုယ့်ကြောင့် သားသမီးတွေ ဘေးရန်အပူကင်းလို့ ချမ်းသာနေရင် ပြီးတာပါပဲ၊ ဒါ့ကြောင့် ပရဟိတ စွမ်းအားရှင်ဖြစ်တဲ့ မိဘတွေဟာ မဖွားခင်ကတည်းကစပြီး ဖွားမြင်ပြီးနောက်လည်း တစ်သက်လုံး မေတ္တာနဲ့ လွှမ်းခြုံစောင့်ရှောက်ထားကြပါတယ်၊ ဒါ့ကြောင့် ဗြဟ္မာကြီးနဲ့တူတယ်။

## ၇။ သနားလိုက်တာ ကရုဏာ

ဖွားမြင်လာတော့လည်း သားသမီးလေးတွေက သေးသေးမွှားမွှား ငယ်ငယ်ကလေးတွေ၊ ထားသလို နေရတယ်၊ ခြင်ကိုက်၊ ကြမ်းပိုးကိုက်၊ နာတော့ငိုတယ်၊ ဆာတော့လည်း ငိုပြန်တယ်၊ နေမကောင်းတော့လည်း ငိုပြန်တယ်၊ ငိုသံလေးတွေကြားရတော့ မိဘတွေမှာ "ငါ့သားလေး၊ ငါ့သမီးလေး ဘာများဖြစ်တာလဲဟဲ့ ဆင်းရဲရှာလိုက်တာ၊ ဆင်းရဲရှာလိုက်တာ၊ ဆင်းရဲအမြန်လွတ်ပါစေ" လို့ ကရုဏာဖြစ်ရှာကြတယ်။

ကိုယ်တတ်နိုင်သလောက် သေချာ စူးစမ်းလေ့လာ၊ သူတို့ကိုမေးတော့လည်း ဘာမှမပြောတတ်၊ စိတ်တိုင်းမကျရင် ငိုတာလောက်ပဲပြနိုင်တာ၊ ငိုတာကြည့်ပြီး "ဘာဖြစ်သင့်တာလဲဟဲ့" လို့ စူးစမ်း၊ လိုအပ်ရင် ဆေးဆရာတို့ ဆရာဝန်တို့နဲ့ စမ်းသပ်လို့၊ ဆင်းရဲလွတ်အောင် ကူညီဆောင်ရွက်ပေးကြတယ်၊ ပရဟိတ စွမ်းအားရှင်ဖြစ်တဲ့ မိဘတွေဟာ သားသမီးတွေအပေါ်မှာ ဆင်းရဲကြုံလာတိုင်း ကရုဏာနဲ့ အရိပ်ပေးပြီး စောင့်ရှောက်ပေးကြတယ်။

## ၈။ ဝမ်းသာလိုက်တာ မုဒိတာ

သားသမီးလေးတွေကို လမ်းသွားသင် ပေးလို့ လမ်းသွားတတ်ပြီဆိုရင် " ဟဲ့- သားလေးက သွားတတ်ပြီကွယ့်၊ သမီးလေး ပြေးတတ်ပြီကွယ့်" လို့ မိဘတွေ ဝမ်းသာလိုက်ကြတာ၊ လမ်းသွားသင်ပေးတော့ လမ်းသွားတတ်တယ်၊ ပြေးတတ်တယ်၊ ဆော့ကစားတတ်တယ်၊ ဝမ်းသာလိုက်တာ၊ မုဒိတာပေါ့။

စကားသင်ပေးတော့ စကားပြောတတ်တယ်၊ ဟယ် . . သားလေးစကားပြော တတ်လိုက် တာ၊ သမီးလေး စကားပြောတတ်နေပြီပဲကွယ့်၊ " ဟယ် . . ဩကာသတွေတောင် ဆိုတတ်နေပြီပဲ" ဝမ်းသာလိုက်ကြတာ၊ စိတ်ထဲ ဘယ်လိုပျော်မှန်းမသိဘူး၊ သိပ်ပြီး ကြည်နူးရွှင်လန်းကြတယ်။

စကားပြောတတ် လမ်းသွားတတ်လို့ ကိုယ်သင်ပေးတဲ့အတိုင်း တတ်မြောက်လို့ နားလည်လို့ လာရင် သိပ်ဝမ်းသာကြတယ်၊ နောက်ပိုင်းပညာတွေသင်လို့ ထူးချွန်တတ်မြောက်လို့၊ စာမေးပွဲတွေ တစ်ပွဲပြီးတစ်ပွဲ အောင်မြင်လို့ လာပြန်တော့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာလိုက်ရတာ၊ တစ်စတစ်စ အရွယ်လေးကြီးလို့၊ စီးပွားရေးတွေလုပ်လို့၊ စီးပွားရေးအဆင်ပြေလို့၊ အစစအရာရာ တိုးတက် ကြီးပွားပြည့်စုံလို့ လာပြန်တော့လည်း သိပ်ဝမ်းမြောက်ကြတယ်၊ ဒါ့ကြောင့် မိဘတွေဟာ သားသမီး အပေါ်မှာ ဗြဟ္မာကြီးပမာ မုဒိတာနဲ့လည်း လွှမ်းခြုံစောင့်ရှောက်ပေးနေကြတယ်။

## ၉။ သူ့ကံနဲ့သူပေါ့

ဥပေက္ခာက နှစ်လမ်းရှိတယ်။ မိဘတွေက မေတ္တာကရုဏာနဲ့ စောင့်ရှောက်လိုက်တော့ သားသမီးတွေ ပညာလည်းတတ်ပြီ၊ စီးပွားလည်းရှာတတ်ပြီ၊ ကိုယ့်ဘဝကိုယ် ရုန်းကန်တတ်ပြီ၊ ကိုယ့်နေရာကိုယ် ဖန်တီးတတ်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ဟာကိုယ် နေနိုင်ထိုင်နိုင်ကြပြီ၊ အဲဒါနဲ့ သူ့အိမ်ကိုယ့်အိမ် ခွဲသွားကြ၊ အဲဒီတော့ မိဘတွေက "ငါ့သား ငါ့သမီး နေထိုင်တတ်ပြီ သူတို့အတွက် ငါတို့က ထူးပြီး ကြောင့်ကြစိုက်စရာမလိုတော့ဘူး၊ သူတို့ဘဝ သူတို့ရုန်းတတ်ပြီ၊ သူ့အလုပ်နဲ့သူ သွားတတ်ပြီ" ဆိုပြီးတော့ သူတို့အပေါ် ကြောင့်ကြမစိုက်ဘဲ အေးမြတဲ့ ဥပေက္ခာနဲ့ လွှမ်းခြုံ စောင့်ရှောက်ကြတယ်။

ကိုယ်ဆောင်ရွက်တဲ့အတိုင်း အဆင်ပြေသွားလို့ "သူတို့လေးတွေ ကိုယ့်ဟာကိုယ် နေတတ်ပြီ၊ ကိုယ့်ဘဝကိုယ် ရုန်းတတ်ပြီ၊ ငါတို့က ထူးပြီး ကြောင့်ကြစိုက်စရာ မလိုတော့ဘူး" လို့ ငြိမ်းချမ်းစွာ ဥပေက္ခာပြု လျစ်လျူရှုတာကတစ်မျိုး။

နောက်တစ်လမ်းက မိဘတွေက သားသမီးတွေအပေါ် "ကြီးလာရင် ငါတို့ကို ကူညီစောင့်ရှောက် လိမ့်မယ်၊ ငါတို့ စိတ်တိုင်းကျ ဖြစ်လာလိမ့်မယ်" လို့ မျှော်လင့်ထားကြတယ်၊ အားလည်း ကိုးကြတယ်၊ ဒါပေမယ့် ကြီးလာတော့ ကိုယ်ထင်ထားတာနဲ့ တခြားစီဖြစ်သွားတယ်၊ သားက မလိမ္မာ၊ သမီးက မလိမ္မာ၊ ဖြစ်စေချင်တာက တစ်မျိုး၊ ဖြစ်သွားတာက တစ်မျိုး၊ လုပ်စေချင်တာက တစ်မျိုး၊ လုပ်သွားတာကတစ်မျိုး၊ အဲဒီတော့ "အေးလေ သူ့ကံနဲ့ သူပေါ့၊ ငါ့တာဝန်ကျေပြီပဲ၊ သူ့အတွက် ကြောင့်ကြစိုက်စရာမလိုတော့ဘူး" လို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ပဲ စိတ်ကိုဖြေလိုက်တယ်၊ စိတ်ထဲမှာ အလုံးတွေ အကြိတ်တွေ အခဲတွေ ဘာမှမထားတော့ဘူး၊ ဘာမှ မုန်းမနေတော့ဘူး၊ သတင်းစာထဲ ထည့်ပြီး အမွေပြတ်တွေလည်း ကြော်ငြာမနေတော့ဘူး၊ ဥပေက္ခာပြု လျစ်လျူရှု လိုက်တယ်၊ အဲဒါ ပရဟိတစိတ်ပဲ။

"ငါတို့က သူ့ကို သူ့ဘဝသူရုန်းကန်နိုင်အောင် သူ့ဘဝသူ သွားလာနိုင်အောင်၊ သူ့ဟာသူ နေတတ် ထိုင်တတ်အောင်၊ စောင့်ရှောက်ခဲ့ပြီးပြီ၊ နောက်တော့ သူ့ဟာနဲ့သူ၊ သူ့ကံနဲ့သူပေါ့၊ သူ့ဘဝ သူ့ဟာသူ သွားလိမ့်မယ်ပေါ့၊ သူ့အကြောင်းနဲ့ သူ့အကျိုးပေါ့" ငြိမ်းချမ်းစွာပဲ လက်လွှတ်လိုက်တယ်၊ စိတ်ထဲမှာ အချစ်အမုန်းတွေနဲ့ ထူးပြီး အချိန်ဖြုန်းမနေတော့ဘူး၊ အဲဒီဥပေက္ခာက တစ်လမ်း။

လျစ်လျူရှုတာက ပစ်ထားတဲ့သဘော မဟုတ်ပါဘူး၊ အေးချမ်းတဲ့သဘောပါ၊ သူ့ကံနဲ့သူ သူ့ဟာနဲ့သူ သွားနိုင်ပြီဖြစ်လို့ ကိုယ်က အထူးကြောင့်ကြစိုက်စရာမလိုတော့တဲ့သဘောပါ၊ နောက်တစ်လမ်းက ကိုယ်ဖြစ်ချင်သလို ဖြစ်မလာလို့ သူ့ကံနဲ့သူပဲလို့ ငြိမ်းချမ်းစွာ ဖြေလိုက်တဲ့သဘောပါ။ တစ်ခါတစ်ရံ သားသမီးက မျှော်လင့်ထားသလို ဖြစ်မလာဘူး၊ ငယ်ငယ်လေးနဲ့ သေသွားတယ်၊ ဒါလည်း သူ့ကံနဲ့သူပဲပေါ့၊ ကိုယ်က တိုးတက်ကြီးပွားအောင် ကူညီစောင့်ရှောက် ဆောင်ရွက်ပေးပေမယ့် သူ့ကံက ဒီလောက်ပဲ ပါခဲ့တာကိုး၊ ကိုယ်ဘာတတ်နိုင်တာမှ မဟုတ်ဘဲ၊ ကိုယ့်တာဝန် ကျေပြီးရင် ကျန်တာတော့ သူ့ကံနဲ့သူပေါ့။

## ၁၀။ ငှက်တွေက ပို့ပြီး ပရဟိတဆန်တယ်

- **ဥပြီးသည့်နောက်၊ အကောင်ပေါက်အောင်၊ စောင့်ရှောက်၍နေ၊ ဝပ်ပေးပေ၊ ငှက်တွေသဘာဝ။**
- **ဖွားလာပြီးနောက်၊ အတောင်ပေါက်အောင်၊ စောင့်ရှောက်၍ပေး၊ အစာကျွေးကာ၊ ယုယရှာ၊ မေတ္တာရေးရှုကြ။**
- **အတောင်ပေါက်ပြန်၊ စွမ်းအားသန်သော်၊ အပျံသင်ကာ၊ လွှတ်လိုက်ပါ၊ ဘယ်ဟာကိုမှ မတောင့်တ (မငဲ့ကြ)။**

ငှက်တွေကပိုပြီး သားသမီးတွေအပေါ်မှာ ပရဟိတဆန်တာကို တွေ့ရမယ်၊ ဥကို ဥပြီးရင် ပစ်မထားဘူး၊ အကောင်မပေါက်မချင်း မေတ္တာနဲ့ စောင့်ရှောက်ပေးတယ်၊ အငွေ့ကိုပေးပြီး ဝပ်ပေးတယ်၊ ဥထဲက ပေါက်ဖွားလာပြန်တော့ အတောင်မပေါက်မချင်း မပျံနိုင်မချင်း မေတ္တာနဲ့ စောင့်ရှောက်တယ်၊ အစာ ရှာကျွေးတယ်၊ ကရုဏာနဲ့ ဘေးရန်ကာကွယ်ပေးပါတယ်။

အရွယ်ကြီးလို့ အတောင်ပေါက်လာတော့ အပျံသင်ပေးတယ်၊ ဘေးရန်လွတ်အောင် ရှောင်တိမ်းနည်းတွေ၊ အစေးရောက်အောင် ပျံသန်းနည်းတွေ အကုန်သင်ပေးလိုက်ကြတယ်၊ သားသမီးဖြစ်တဲ့ ငှက်တွေထံက ဘာတစ်ခုမှ မမျှော်လင့်ပါဘူး၊ ကိုယ့်ဘက်က တာဝန်ကျေအောင် သေသေချာချာ ကူညီပေးကြတယ်၊ သားသမီး ငှက်တွေ မိဘအကူအညီနဲ့ ကြီးလာလို့ ပျံနိုင်ကြတဲ့အခါ မိဘငှက်တွေ မုဒိတာနဲ့ ဝမ်းမြောက်ကြရှာမှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


သားသမီးငှက်တွေ ကိုယ့်ဟာကိုယ် ရှန်းကန်နိုင်လောက်အောင် စိတ်ချသွားတဲ့အခါ မိဘငှက်တွေက လွှတ်လိုက်ကြသတဲ့၊ "ကဲ သားတို့ သမီးတို့ ငါတို့တာဝန်ကျေပြီ၊ သင်တို့ကို ငါတို့ တာဝန်ကျေအောင် စောင့်ရှောက်ပြီးပြီ၊ သင်တို့ဟာ ကိုယ့်တောင်ပံနှင့်ကိုယ် ပျံတတ်ပြီ၊ ကိုယ့်ခြေထောက်နဲ့ ကိုယ်သွားတတ်ပြီ၊ ကိုယ့်ဟာကိုယ် ရှာစားတတ်ပြီ၊ ကိုယ့်နေရာကိုယ် ဖန်တီးတတ်ပြီ၊ ကိုယ့်ဘဝကိုယ် ရှန်းတတ်ပြီ၊ ဒါ့ကြောင့် သွားကြတော့ ကိုယ်သွားလိုရာသွားပြီး ကိုယ့်ဘဝကိုယ် ရှန်းကြတော့၊ ဒီကိုလည်း ပြန်မလာခဲ့ကြနဲ့တော့၊ တော်တော်ပြတ်သားတယ်ဗျ၊ ဒါ ဥပေက္ခာသဘောပဲဖြစ်မယ်။

ဒါ့ကြောင့် ငှက်တွေရဲ့ သားသမီးအပေါ် စောင့်ရှောက်မှုဟာ ကိုယ်ကျိုးအတွက် ငဲ့ကွက်မှု မပါတဲ့အတွက် ငှက်တွေက ပိုပြီး ပရဟိတဆန်တယ်။

## ၁၁။ မလုပ်ပဲ မနေနိုင်ဘူး

■ **မြတ်စွာဘုရား၊ မိဘများ၏ သနားကြင်နာ၊ စောင့်ရှောက်တာ၊ မြင်ကာအားကျ၊ မြတ်နိုးကြ။**

■ **စွမ်းအားမစုံ၊ မလုံလောက်ငြား၊ လူအများ၊ သနားကြင်နာ ကူလိုကြ။**

မြတ်စွာဘုရားရဲ့ပရဟိတလမ်းစဉ်ကို ကြည်ညိုမြတ်နိုးအားကျသူတွေ မိဘများရဲ့ သားသမီး အပေါ်မှာ ပရဟိတစိတ်နဲ့ ကူညီဆောင်ရွက်ခဲ့ပုံကို အတုယူ လေးစားကြသူတွေဟာ ကိုယ့်သန္တာန်မှာ ပရဟိတစိတ်ဓာတ်တွေ ကူးယူထားကြတာဆိုတော့ ပရဟိတအလုပ်ကို မလုပ်ဘဲ မနေနိုင်ကြပါဘူး။

လောကမှာ ကံ ဉာဏ်လုံ့လ မလုံလောက်ရှာကြလို့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသည် မပြည့်စုံသူတွေ ရှိနေကြတော့ ကူညီနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေက ကူညီကြရမှာပါ။ ကူညီတော့ ပရဟိတစိတ်နဲ့ပဲ ကူညီရမယ်၊ သူ့ဆီက ဘာမှမလိုပါဘူး၊ သူက ကိုယ့်ကို အသိအမှတ်ပြုချင်လည်းပြု မပြုချင်လည်းနေပေါ့၊ သူ့ကို ဒုက္ခလွတ်အောင် ကူညီတော့ သူဒုက္ခလွတ်ရင်ပြီးပြီပဲ၊ သူ့ကို ချမ်းသာအောင် ကူညီတာဆိုတော့ သူချမ်းသာသွားရင်ပြီးတာပဲ၊ မလိုချင်သူကို ကိုယ့်စေတနာက အံ့ဩစရာကောင်းအောင် အကျိုးပေးတတ်ပါတယ်၊ မြင့်မြတ်တဲ့စိတ်ထားနဲ့ လုပ်ပေးတော့ မြင့်မြတ်တဲ့အကျိုးကို မလိုချင်လည်း ပေးမှာပဲ။

ပရဟိတစိတ် မပြည့်ဝသူတွေဟာ သူ့ဆီက မျှော်လင့်ချက်ထားတတ်ကြတယ်၊ "ငါကဖြင့် ပေးလိုက်ရတာ၊ သူကတော့ အသိအမှတ်ကလေးတောင် မပြုချင်ဘူး။ မှတ်တမ်းလွှာလေးတော့ ပြန်ပေးဖို့ ကောင်းတာ" စသည်ဖြင့် တောင့်တနေရင် ပရဟိတစိတ်တွေ နိမ့်ကျသွားပြီ၊ တော်တော် အဆင့်နိမ့်သွားပြီ၊ ပရဟိတဆိုတာ ကိုယ့်အတွက် သူ့ဆီက ဘာမှမျှော်လင့်စရာမလိုဘူး၊ ကူညီခံရသူတွေ ဒုက္ခလွတ်လို့ ချမ်းသာသွားရင်ပြီးတာပဲ။

တစ်ခါတစ်ရံ မြတ်မင်္ဂလာစာစောင်မှာ ဓာတ်ပုံလေးတွေနဲ့ ပါလာတတ်တယ်၊ လူမှုရေး မပြည့်စုံတာလေးတွေ၊ ပညာရေး မပြည့်စုံတာလေးတွေ၊ ကျန်းမာရေး မပြည့်စုံတာလေးတွေ ပရဟိတ စေတနာရှင်တွေရဲ့ အကူအညီ လိုအပ်ပုံတွေ ဖတ်ရှုရတယ်၊ မေတ္တာကရုဏာအားကြီးတဲ့ ပရဟိတ စေတနာရှင်တွေက ကူညီလိုက်တဲ့ အကြောင်းတွေလည်း အဲဒီစာစောင်ထဲမှာပဲ ဝမ်းမြောက်ဝမ်းသာ ဖတ်ရှုရတယ်။

## ၁၂။ လက်မပါ ခြေထောက်နဲ့ရေးပေါ့ကွ

■ **ကံမစုံရှာ၊ လက်မပါ၊ ကြင်နာထိုက်ပေစွ။**

■ **စေတနာထား၊ မေတ္တာပွား၊ သနားကူညီကြ။**

တစ်ချို့ကလေးတွေ ကံမစုံကြလို့ မွေးကတည်းက လက်နှစ်ဖက်ပါမလာကြဘူး၊ ပရဟိတစိတ် ပြည့်ဝသူတွေက ကြင်ကြင်နာနာနဲ့ စေတနာထား ကူညီပေးကြပါတယ်၊ ဆရာဖြစ်သူတွေကလည်း "လက်မပါ၊ ခြေထောက်နဲ့ရေးပေါ့ကွ" လို့ ခြေထောက်နဲ့ စာရေးဖြစ်အောင် သင်ပေးကြတယ်၊ ချီးကျူးထိုက်တဲ့စိတ်ပဲ။

"လက်မပါလို့ အရှုံးပေးဖို့ မလိုဘူးကွ" ဆိုပြီး ခြေမလေးနဲ့ ခြေညှိုးလေးနဲ့ ညှပ်ပြီးတော့ စာရေးဖြစ်အောင် သင်ပေးတယ်။ အဲဒါကို ကြားသိရတဲ့ ပရဟိတစိတ်ရှိသူတွေက ပြည့်ပြည့်စုံစုံ ပညာသင်နိုင်အောင် ဝိုင်းကူညီကြတယ်၊ သူ့ကံက အားနည်းခဲ့တော့ ပရဟိတစေတနာရှင်တွေက ကံကောင်း ဉာဏ်ကောင်း စေတနာကောင်း မေတ္တာကောင်းတွေနဲ့ အကောင်းပေါင်းစုံ ဝိုင်းစုပြီး ကူညီကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


"လက်မပါတဲ့ ဒီကလေးလေး ဘယ်နှစ်တန်းတောင် အောင်သွားပြီတဲ့" လို့ ကြားသိရတော့ မုဒိတာနဲ့ ဝမ်းသာလိုက်ရတာ။ သူ ဒုက္ခလွတ်စေချင်လို့ ကူညီတာက ကရုဏာ၊ သူချမ်းသာစေချင် ပညာတတ်စေချင်လို့ ကူညီတာက မေတ္တာ "သူ ဘယ်နှစ်တန်း အောင်သွားပြီတဲ့" လို့ ကြားရတော့ ဝမ်းသာရတာက မုဒိတာ။

တစ်ခါတစ်ရံတော့လည်း "ငါတို့ ကူညီထောက်ပံ့လိုက်တဲ့ ကလေးက ကွယ်လွန်သွားရှာပြီတဲ့၊ သေဆုံးသွားရှာပြီတဲ့" လို့ ကြားရတတ်တယ်၊ ဒါတော့လည်း ကိုယ်က ဘယ်တတ်နိုင်မလဲ၊ သူ့ကံနဲ့ သူပဲပေါ့၊ သူဒုက္ခလွတ်ဖို့ ချမ်းသာဖို့ ကိုယ်က စေတနာကောင်းနဲ့ ကူညီလိုက်တာပဲ၊ ဒါပေမယ့် သူ့ကံက ဒီလောက်ပဲဆိုတော့ ဘယ်တတ်နိုင်မလဲ၊ ဒါဥပေက္ခာသဘော၊ ဟုတ်တယ် ကူညီတယ်ဆိုပေမယ့် ကူညီခံထိုက်သူမှ ကူညီလို့ရတာ။

မြတ်စွာဘုရားကိုပဲ ကြည့်ပေါ့၊ သတ္တဝါအားလုံးအတွက် ပရဟိတစိတ်နဲ့ ဘုရားပွင့်လာတာ၊ ဒါပေမယ့် တကယ်တော့ အားလုံးအတွက်မဖြစ်နိုင်ဘူး၊ သတ္တဝါအနည်းစုအတွက်၊ ထိုက်တန်သူအတွက်သာ ဖြစ်ပါတယ်။

## ၁၃။ ထိုက်တန်သူမှ ကယ်လို့ရ

- **ကယ်တတ်သူမှာ၊ ဉာဏ်မေတ္တာ၊ ကြင်နာမှုလည်း ရှိရပေ။**
- **ကယ်ထိုက်သူ၏၊ ကံအရှိ၊ ခွဲကြည့်တတ်ပါစေ။**
- **ထိုက်တန်သူမှ၊ ကယ်နိုင်ကြ၊ ဒုက္ခလွတ်နိုင်ချေ။**

အများကို ကယ်ဆယ်ကူညီလိုတဲ့ ပရဟိတစေတနာရှင်ဟာ သူများကို ကူညီလိုရုံနဲ့ မပြီးသေးဘူး၊ အရည်အချင်းကလည်း လိုသေးတာ၊ ဉာဏ်လည်းလိုမယ်၊ မေတ္တာ ကရုဏာလည်း ရှိရမယ်၊ ပရဟိတဆိုတော့ မေတ္တာ ကရုဏာကရှိပြီး ပြည့်ပြီးဖြစ်ရမှာပါ၊ ချင့်ချိန် ချိန်တွယ် တွက်ချက် ဝေဖန်နိုင်တဲ့ ဉာဏ်လည်းရှိရမှာပဲ၊ အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်နိုင်ရမယ်။

ဟိုတုန်းက ညီအစ်ကို နှစ်ယောက်ရှိခဲ့ဖူးတယ်၊ ၄-၅-၆ နှစ်အရွယ်လောက်ပဲ ရှိဦးမယ်၊ ရုပ်ချောလေး တွေပါ၊ အိမ်နားမှာလည်း ရေကန်တစ်ခုရှိတယ်၊ ရေသိပ်မနက်ပါဘူး၊ လူကြီးတစ်ရပ်လောက်တောင် မရှိပါဘူး၊ လူကြီးဆိုထောက်ပြီး ဒီတိုင်းသွားလို့ရတယ်၊ တစ်ချိန်တော့ မိဘတွေ အိမ်မှာမရှိခိုက် ညီအစ်ကို နှစ်ယောက်ပဲ အိမ်မှာကျန်ခဲ့တော့ ညီဖြစ်သူက ရေကန်ထဲဆင်းပြီး ကစားတယ်၊ ကလေးအရပ်နဲ့တော့ ရေကန်က မထောက်မိဘူး၊ နက်တယ်၊ ရေမကူးတတ်ပဲနဲ့ ရေထဲမှာ ဆော့ကစားနေလိုက်တာ၊ မကြာမီ လက်ပန်းကျပြီး ရေထဲ မြုပ်သွားတယ်၊ ညီလေး ရေနစ်သွားတယ်ပေါ့။

ညီရေနစ်သွားတာကို အစ်ကိုက ကုန်းပေါ်က လှမ်းမြင်တယ်၊ အစ်ကိုဖြစ်သူက ညီရေနစ်နေတာကို ကြည့်မနေနိုင်တော့ဘူး၊ "ဟယ် . . ငါ့ညီ ရေနစ်နေပြီ၊ ငါရေထဲဆင်းပြီး ငါ့ညီကို ကယ်ဆယ်မှ ဖြစ်မယ်၊ ဒီတိုင်းဆို ငါ့ညီသေတော့မှာ" အစ်ကိုဖြစ်သူက ညီကိုသနားလွန်းလို့ ဘောင်းဘီတောင် မချွတ်တော့ဘူး၊ ဒီတိုင်းအတင်း ပြေးဆင်းပြီးတော့ ညီရေနစ်တဲ့နေရာကိုသွားတယ်။

ရေထဲငုပ်ပြီး ညီကိုဆွဲဆယ်လိုက်တယ်၊ ညီကလည်း ရေအောက်မှာ ဆန့်ငင်ဆန့်ငင်နဲ့ မောနေတဲ့အချိန်၊ အစ်ကိုလာဆွဲတော့ အစ်ကိုလက်ကို မလွှတ်တော့ဘူး၊ ညီက အစ်ကိုလက်ကို အတင်းဆွဲထားတော့ အစ်ကိုကလည်း ရုန်းလို့မရတော့ဘူး၊ အဲဒါနဲ့ ညီအစ်ကိုနှစ်ယောက်လုံး ရေထဲမှာ သေကြရောဗျ၊ နှစ်ယောက်လုံး သနားစရာ သိပ်ကောင်းလိုက်တာ၊ မိဘတွေပြန်လာတော့ ဒီအကြောင်းကိုသိရလို့ ရှူးမတတ် ပူလောင်လိုက်ကြတာ။ ဆိုလိုတာကတော့ ကူညီကြ ကယ်ဆယ်ကြတဲ့အခါ ကူညီကယ်ဆယ်သူရဲ့ အရည်အချင်းကလည်း လိုသေးတာ၊ ကူညီကယ်ဆယ်ထိုက်သူရဲ့ အခြေအနေကိုလည်း သုံးသပ်တတ်ရသေးတယ်၊ အချိန်အခါမဟုတ် နေရာမဟုတ်ဘဲ သနားလို့ ကယ်ဆယ်ရင် အဆင်မပြေတတ်ဘူး၊ ဒုက္ခသာ ပိုလာတတ်တယ်။

## ၁၄။ ဥပေက္ခာနဲ့အောင်စတ်မှ ငြိမ်းအေးမယ်

- **ကိုယ်က ညာတာ၊ သနားပါလည်း၊ သူ့မှာကံအား၊ ရှိနေငြားမှ၊ သူ့ဒုက္ခ၊ မုချလွတ်နိုင်မည်။**
- **ကိုယ့်စေတနာ၊ မေတ္တာရှေ့ထား၊ ကူညီငြားလည်း၊ သူ့အားကံက၊ ကြိုးဆိုမှ၊ မုချချမ်းသာမည်။**
- **သူ့ကံကိုယ့်ကံ၊ ရှိကြမှန်လည်း၊ ကိုယ့်ကံသာမှု၊ သူ့ကိုကူ၊ စင်ဖြူအေးချမ်းသည်။**



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာ ကရုဏာတို့နဲ့ ကူညီဆောင်ရွက်ကြတဲ့အခါ ဥပေက္ခာနဲ့လည်း နောက်က ထိန်းခတ်ထား ရသေးတယ်၊ ကိုယ်က "သူဒုက္ခလွတ်ပါစေ" လို့ ကရုဏာနဲ့ ကူညီလိုက်ပေမယ့် ကူညီခံရသူရဲ့ ကံအရင်းအနှီး ကလည်း ရှိသေးတယ်၊ ကိုယ်က ဆင်းရဲလွတ်စေချင်တဲ့ ပရဟိတစေတနာကောင်းနဲ့ ကူညီလိုက်ရင် ဒီတင်ပြီးပြီပဲ နောက်ပိုင်း သူ့ကံနဲ့သူပေါ့။ "ငါထင်ထားသလို သူဖြစ်မလာဘူး" လို့ စိတ်မကောင်းစရာ မလိုပါဘူး။ ကရုဏာကို ဥပေက္ခာနဲ့ ဘောင်ခတ်ထားရမယ်။

သူ့ကို ချမ်းသာစေချင်တဲ့ မေတ္တာ၊ စေတနာကောင်းနဲ့ ကူညီလိုက်ပေမယ့် သူ့ကံကလည်း ရှိသေးတာကိုး၊ သူ့မှာ ထိုက်တန်တဲ့ကံကရှိနေမှ သူချမ်းသာမှာပါ၊ ကိုယ်ထင်သလို သူချမ်းသာမလာတော့လည်း သူ့ကံပဲလို့ ဖြေလိုက်ရုံပေါ့၊ ကိုယ်ထင်ထားသလို သူမချမ်းသာဘူးလို့ စိတ်ပျက်စရာ မလိုပါဘူး၊ မေတ္တာကိုလည်း ဥပေက္ခာနဲ့ပဲ ဘောင်ခတ်ထားရတယ်။

ပရဟိတဟာ မေတ္တာ ကရုဏာလို့ ဆိုသော်လည်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လေးပါးလုံးစုံမှ ပြီမ်းအေးမှာပါ၊ အများအတွက် စေတနာကောင်းနဲ့ ဆောင်ရွက်နေတာဆိုတော့ သူ့ဆီက ဘာမှမျှော်လင့်ချက် မထားဘဲ လုပ်ပေးနိုင်တာကပဲ မြင့်မြတ်လှပြီပဲ။

## ၁၅။ စေတနာမှန် ကိုယ့်ထံပြန်

- **အသိလက်ဦး၊ အသိထူးပြား၊ စိတ်ကောင်းထား၊ သနားချစ်ခင်ကူညီရ။**
- **ကိုယ့်ကြောင့်သူ့မှာ၊ စိတ်ချမ်းသာ၍၊ စေတနာမှန်၊ ကိုယ့်ထံပြန်၊ ဘေးရန်လုံ၍ ငြိမ်းချမ်းရ။**

ပရဟိတလုပ်ငန်းဆိုတာ ကူညီခံရသူထံက ဘာတစ်ခုမှ ကပ်ငြိတာတွေ မျှော်တာတွေမထား၊ "ငါတို့ကြောင့် သူတို့ ဒုက္ခလွတ်ရင်တော်ပြီ၊ ငါတို့ကြောင့် သူတို့ ချမ်းသာရင်တော်ပြီ" လို့ တကယ်မြင့်မြတ်တဲ့ စေတနာနဲ့ လုပ်ရတဲ့အလုပ်ပါ။ တကယ်တော့ ပရဟိတဆိုတာ လောဘကို တိုက်ရိုက်ဖြိုဖျက်ရတဲ့ အလုပ်ဖြစ်ပါတယ်။

မေတ္တာ၊ ကရုဏာနဲ့ ဆောင်ရွက်တာဖြစ်လို့ ဒေါသကိုလည်း တိုက်ရိုက်ဖျက်ဆီးနေရတဲ့ အလုပ်ဖြစ်တယ်၊ အသိတရားဦးဆောင်ပြီး လုပ်လိုက်တော့ မောဟကိုပါ သန့်စင်ခွင့်ရလိုက်ပြန်တယ်။ ဒီလိုဆိုတော့ လောဘ၊ ဒေါသ၊ မောဟကို အနိုင်ယူရတဲ့ အလုပ်ပါပဲလား။ ဒါကြောင့် မြင့်မြတ်တဲ့ အလုပ်ဖြစ်ရတာပါ။

လောကထဲမှာ ဆင်းရဲဒုက္ခ အပူပြဿနာမျိုးစုံကို ဖန်တီးနေတဲ့ လောဘ၊ ဒေါသ၊ မောဟ အပူငွေ့တွေကို ဖယ်ရှားသန့်စင်ပြီး မြင့်မြတ်တဲ့ စိတ်ထားနဲ့ ဆောင်ရွက်နေရတာဖြစ်လို့ စဉ်းစား လိုက်ရင် အလွန်ကြည်နူးစရာ ကောင်းတဲ့အလုပ်ပါ။

ဒါကြောင့် အသိထူးသူတွေက အသိမထူးသေးသူတွေကို အသိသာမန်သာ ရှိနေသေးသူတွေကို ကူညီကြရမှာပါ။ အသိလက်ဦးထားသူတွေက အသိနောက်ကျနေသူတွေကို ကံအား၊ ဉာဏ်အား၊ လုံ့လအား နည်းပါးနေသူတွေကို လိုက်လိုက်လှဲလှဲ ဝမ်းသာအားရကူညီကြရမှာပါ။

ဒီလို ကူညီလိုက်တာဟာ သန့်စင်တဲ့ စိတ်ထားနဲ့ ကောင်းတာလုပ်တာဖြစ်လို့ ကိုယ့်စေတနာက ကိုယ့်ကို ပစ်ထားမှာမှ မဟုတ်ပဲ၊ ကောင်းကျိုးကိုပေးမှာ သေချာပေါက်ပါ။ ကိုယ့်စေတနာဟာ ကိုယ်လုပ်ခပဲ မဟုတ်လား။ သစ္စာလည်း အရှိဆုံးပဲ။

## ၁၆။ လူ့ဘဝထဲ စာမေးပွဲ

- **ပူ၍မဆုံး၊ ဆင်းရဲတုံး၊ အရှုံးဖြင့်ပင် စခဲ့ပါ။**
- **တွန်းကြတိုက်ကြ၊ လူ့ဘဝ၊ ဒုက္ခမျိုးစုံတာ။**
- **အများမကူ၊ ဆွဲမထူပြား၊ ပစ်၍ထား၊ လူလား မမြောက်ပါ။**
- **အများကြည့်ရှု၊ ပေါင်းစုကူညီ၊ လူ့စွမ်းရည်တိုး၊ လူ့တန်ခိုး၊ တန်ဖိုးတက်နိုင်ပါ။**
- **တရားလေ့လာ၊ ဖြည့်ကျင့်ပါက၊ လူ့ဘဝထဲ၊ စာမေးပွဲ၊ မလွဲအောင်ရမှာ။**
- **သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ မကြောက်ရအောင် စိတ်အေးပါ။**



www.burmeseclassic.com

www.burmeseclassic.com



သံသရာ ခရီးသည်တွေကို ဦးဆောင်နေတာက အဝိဇ္ဇာနဲ့ တဏှာဆိုတော့ အမြင်နဲ့ လာခဲ့ရတာထက် အထင်နဲ့ လာခဲ့ရတာကများပါတယ်၊ အမြင်ခရီးသည် မဟုတ်ဘဲ အထင်ခရီးသည် ဖြစ်နေကြလို့ အလုပ်တစ်ခုကို လုပ်တဲ့အခါ စဉ်းစားနိုင်းချိန် ချင့်ချိန်တွက်ချက် စစ်ဆေးမှု မပြုတော့ဘဲ အထင်နဲ့ပဲ ရမ်းဆလုပ်မိတတ်ကြပါတယ်၊ ဒါကြောင့်လည်း ကိုယ်ဖြစ်ချင်သလို ဖြစ်မလာကြဘဲ ကိုယ်မလိုချင်တာတွေချည်း ဖြစ်နေတတ်ကြတာပါ။ တကယ်တော့ ကိုယ့်တရားခံဟာကိုယ်ပါပဲ။

ပြီးတော့ အဝိဇ္ဇာ တဏှာကပဲ လောကကို ဦးဆောင်နေတာဖြစ်လို့ သူဖြစ်ချင်သလို ဖြစ်နေတဲ့ လောကထဲမှာ နစ်ချင်သလိုနစ်ပြီး ကြီးလေပူလေ ကြာလေရှုပ်လေ ဖြစ်နေကြရပါတယ်။

အဝိဇ္ဇာ တဏှာ ကြိုးတန်းလန်းနဲ့လာခဲ့ရတော့ ကိုယ့်ကြိုးနဲ့ကိုယ်ရစ်ပတ်ပြီး ရှုပ်ရှက်ခတ် ကယောင်ကတမ်း ချာချာလည် ပြေးနေရတယ်၊ ဆင်းရဲမျိုးစုံနဲ့ နပမ်းလုံးခဲ့ရတယ်၊ နောက်ဆုံး အခဲမကျေစိတ်တွေနဲ့ အံကြိတ်ပြီးအရှုံးပေးခဲ့ရပါတယ်၊ ဒါကြောင့် ဘဝတစ်ခု စလာတိုင်း အသိတွေ သုညဖြစ်သွားပြီး အပူသည် ဆင်းရဲတုံး အရှုံးသမားဖြစ်သွားရတယ်။

ဘဝတစ်ခုမှ မကျန်အောင် အိမ်မီးလောင်ခံရသူဟာ သုညကစ အကုန်ပြန်စရသလို၊ ပြန်စနိုင်အောင် ပရဟိတစေတနာရှင်များက ဝိုင်းကူကြရသလို၊ ယခင် ဘဝများက ရခဲ့တဲ့ အရှိန်နဲ့ အသိတွေကို ဒုက္ခအပူမျိုးစုံတွေက ဘာမှမကျန်အောင် ကြိတ်ချေ ထောင်းထု ဖျက်ဆီးပစ်လိုက်လို့ ဘဝတစ်ခုမှာ သုညကစ အကုန်ပြန်စရပါတယ်၊ ပြန်စနိုင်အောင် မိဘ၊ ဆရာသမားစတဲ့ ပရဟိတ စေတနာရှင်တွေက ဝိုင်းကူကြရပါတယ်။

ဘဝတစ်ခုကို အပူသည် အရှုံးသမားဘဝနဲ့ စခဲ့ရသလို တစ်ဘဝလုံး အတွန်းအတိုက်ကလည်း ပေါလှပါတယ်၊ ထီးဖိနပ်မပါဘဲ နေပူထဲသွားရင် လူးလိမ့်နေရလောက်အောင် ဆွေ့ဆွေ့ခုန် ပူရသလို တရားအခုအခံမရှိရင် တကယ်လူးလိမ့်နေရလောက်အောင် ပူလွန်းလှပါတယ်၊ လက်တွေ့ ဖြေနေရတဲ့ ဘဝစာမေးပွဲမှာ သုညချည်းဖြစ်ပြီး အကုန်ရှုံးရမှာပါ။

အများမကူ ဆွဲမထူရင် ဘယ်သူမှ လူ မပီသနိုင်ပါဘူး၊ ခြေထောက်ပါပေမယ့် အများမကူရင် မသွားနိုင်ဘူး၊ လက်ပါပေမယ့် အကူမရရင် ဘာမှမကိုင်နိုင်ဘူး၊ ပါးစပ်ပါပေမယ့် အများက မကူညီကြရင် စကားလည်း မပြောတတ်ဘူး၊ ဘာမှလည်း မစားသောက်တတ်ဘူး၊ နားတို့ မျက်စိတို့ကို သုံးတတ်အောင်လည်း အကူအညီ အများကြီးပေးရမှာပါ။ အများကြည့်ရှု ပေါင်းစုကူညီကြမှ အစစအရာရာ လူပီသမှာဖြစ်တယ်။

လူ့ဘဝမှာအရှုံးသမားပုံစံနဲ့ ဘဝတစ်ခု စခဲ့ရသလို တရားအသိမပါရင် အရှုံးသမားပုံစံနဲ့ပဲ အဆုံးသတ်ကြရမှာပါ။ စာပေတတ်မြောက်အောင် သင်ကြားပြီး အတန်းအသီးသီး အောင်မြင်အောင် စာမေးပွဲဖြေဆိုနေကြတာက စာတွေ့စာမေးပွဲတွေပါ။ စာတွေ့ဆိုတာ ဘဝထဲမှာ လက်တွေ့ကျကျ ဖြေဆိုနိုင်ဖို့သာ လေ့လာနေတာဖြစ်တယ်၊ လူ့ဘဝထဲက လက်တွေ့စာမေးပွဲတွေ တကယ်အောင်ဖို့ အရေးကြီးတယ်၊ ဘဝစာမေးပွဲ အောင်ဖို့ကျတော့ လောကအသိသာမက တရားအသိပါ လိုအပ်ပါတယ်။

ကံ၊ ဉာဏ် မစုံကြလို့ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး မပြည့်စုံသူတွေကိုလည်း ပရဟိတ စွမ်းအားရှင်တွေက ပြည့်စုံသင့်သလောက် ပြည့်စုံအောင် ကူညီကြရမယ်၊ သူတို့ရဲ့လက်တွေ့ ဘဝစာမေးပွဲမှာ အောင်မှတ်ကလေးလောက်ပဲ ရရပေါ့၊ စွမ်းနိုင်သူတွေက စွမ်းနိုင်သလောက် ကူညီပေးကြရမှာပါ။

အခုကာလမှာ တချို့ ဆွံ့ အ နားမကြားတဲ့ ကလေးတွေရှိကြတယ်၊ ဖွားမြင်လာကတည်းက ဘာမှလည်းမကြား၊ အချိန်တန်လို့လည်း စကားမပြောတတ်၊ သင်လို့လည်းမရ၊ အ အ ကလေး၊ အဲဒါတွေကို ပရဟိတစွမ်းအားရှင်တွေက စာရေးတတ် ဖတ်တတ်အောင် တီထွင်ပြီး သင်ကြားပြသပေးကြတယ်၊ တကယ် ချီးကျူးထိုက် လေးစားထိုက်ပါတယ်။

တချို့ စကားသာ မပြောတတ်တာ၊ စာရေးတတ်တယ်၊ စာဖတ်တတ်တယ်၊ တချို့ နားသာ မကြားတာ မျက်စိက စာဖတ်တတ်တယ်၊ ပရဟိတ စွမ်းအားရှင်တွေ ဝိုင်းကူကြတော့ သူတို့ဘဝဟာ အလကား ဖြစ်မသွားတော့ဘူး၊ နားမကြားပေမယ့် အသိသွင်းစရာ မျက်စိက ရှိနေတော့ အသိပေါ်အောင် မြှင့်တင်နိုင်တယ်၊ ဖြစ်အောင်ကြိုးစားကြတော့ ဖြစ်သွားတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


ဆွံ့အ နားမကြားသူတွေ ပါတာလေးတွေကို သုံးနိုင်ခွင့်ရသွားလို့ အသိတရားနဲ့ ဆက်သွယ်ခွင့် ရသွားကြတော့ သူတို့ရဲ့ လက်တွေ့ဘဝစာမေးပွဲမှာ အောင်မှတ်ကလေး ရတန်သင့်သလောက် ရတန်ကောင်း ရဲ့ပေါ့၊ သူညတော့ မဖြစ်နိုင်တော့ပါဘူး။

လက်တွေ့ ဘဝစာမေးပွဲဖြေဆိုဖို့ ပြဋ္ဌာန်းထားတဲ့ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာဆိုတဲ့ ဘာသာရပ် လေးမျိုးဟာ မျက်စိဖြစ်စေ၊ နားဖြစ်စေ နှစ်မျိုးလုံးဖြစ်စေ ရှိနေမှ အသိသွင်းနိုင်မယ်၊ သိပြီး လေ့ကျင့်နိုင်မယ်၊ ဒါဆို ကေန်အောင်ကြမှာပါ။

## ၁၇။ သူ့ကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်

■ သည်းခံသနား၊ ဝမ်းမြောက်ငြား၊ ပွားများမေတ္တာခြံ၊

■ သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ပပျောက်ဘေးရန် ကိုယ့်မှာလုံ၊

■ သူတော်သူမြတ်၊ ဤလေးရပ်၊ ချွတ်ကျင့်ပါကုန်။

ပရဟိတအင်အားလေးမျိုးနဲ့ သူများတွေကို စောင့်ရှောက်ပေးနေရင် ကိုယ့်ကိုကိုယ်လည်း စောင့်ရှောက် ပြီးသားဖြစ်သွားတယ်၊ သူတော်ကောင်းလမ်းစဉ် လေးချက်လို့လည်းခေါ်တယ်၊ လေးမျိုးဆိုတာ ခန္တီ၊ ကရုဏာ၊ မေတ္တာ၊ မုဒိတာပဲ။

သည်းမခံနိုင်ရင် သူ့ကိုစောင့်ရှောက်ရာ မရောက်ဘဲ သူရောကိုယ်ရော ဒုက္ခရောက်နိုင်တာဖြစ်လို့ သည်းခံခွင့်လွှတ် သဘောထားကြီး အနစ်နာခံလို့လည်း သူ့ကို စောင့်ရှောက်နေရပါတယ်၊ ခန္တီဆိုတဲ့ အုတ်မြစ်တိုင် ခိုင်မာမှ မေတ္တာဆိုတဲ့ အမိုး၊ အကာ၊ အခင်းကို မိုးလို့ ကာလို့ ဖြန့်ခင်းလို့ ရနိုင်မှာပါ။ ပရဟိတ စေတနာရှင် အချင်းချင်းပဲဖြစ်ဖြစ် ကူညီခံရသူအပေါ်မှာပဲဖြစ်ဖြစ် အခြားသူတွေအပေါ်မှာပဲဖြစ်ဖြစ် သည်းခံခွင့်လွှတ်နိုင်မှ အားလုံး ဘေးရန်အပူတွေ ငြိမ်းကြမှာဖြစ်တယ်။

ခန္တီလည်း ပရဟိတလုပ်ငန်း တစ်ခုပဲ၊ မောဟမကင်းသေးတဲ့ ပုထုဇဉ်အများနဲ့ နေရတာဆိုတော့ မကြိုက်တာတွေ့တိုင်း စကားများ၊ ရန်ဖြစ်၊ စိတ်တွေကောက်နေရင်လည်း နေစရာရှိမှာ မဟုတ်တော့ဘူး၊ "သူလည်း ပုထုဇဉ်ပဲ၊ လောဘ၊ ဒေါသ၊ မောဟနဲ့ နေရတာဖြစ်တယ်၊ သူ့အသိက အပေါ်ယံ တိမ်တိမ်ကလေး ဆိုတော့ ငါ့အပေါ် တစ်မျိုးမြင်ချင်လည်း မြင်လိမ့်မယ်၊ ကိစ္စမရှိပါဘူး၊ ကိုယ့်စေတနာမှန်နေရင် ပြီးတာပါပဲ။ " စသည်ဖြင့် သည်းခံခွင့်လွှတ် သဘောထားကြီး တတ်ရတယ်။

"သည်းခံ" ဆိုတဲ့နေရာမှာ သည်းခံသင့်တဲ့နေရာ သည်းမခံသင့်တဲ့ နေရာလို့ နှစ်မျိုးရှိတယ်၊ သည်းမခံသင့်တဲ့ နေရာဆိုတာ အကျင့်စာရိတ္တနဲ့ စွပ်စွဲပုတ်ခတ်လာတဲ့ နေရာမျိုးပါ၊ ကိုယ်ကျင့်သိက္ခာ ထိခိုက် နစ်နာလောက်အောင် စွပ်စွဲပြောဆိုလာရင် ခေါင်းငုံ့ခံမနေရဘူး၊ ခေါင်းငုံ့ခံနေရင် ဝန်ခံရာ ရောက်သွားမယ်၊ မဟုတ်မှန်တဲ့အကြောင်းကို အကြောင်းနဲ့အကျိုးနဲ့ ပြန်ရှင်းပေးရမယ်၊ သည်းမခံရဘူးဆိုတာ စိတ်ဆိုးရမှာကို ပြောတာမဟုတ်ပါဘူး၊ ခေါင်းငုံ့မခံဘဲ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ပြန်ရှင်းပေးရမှာကို ပြောတာပါ၊ သူ့ကိုစောင့်ရှောက်လိုက်ရင် ကိုယ့်ဂုဏ်လည်း မြောက်ပြီးသားပါ၊ အခြားနေရာမျိုးမှာတော့ အကုန်သည်းခံ လိုက်ရုံပါပဲ။

ဆင်းရဲ ဒုက္ခရောက်နေတဲ့၊ သတ္တဝါတွေ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အဆင့်မမှီသူတွေကို ကြားရ၊ မြင်ရရင် ကရုဏာနဲ့ သနားကြင်နာတတ်တယ်၊ ဒုက္ခလွတ်စေချင်တယ်၊ အခြေအနေမဲ့ ဘဝကလွတ်ပြီး အခြေအနေရှိသူ ကောင်းမွန်သူ ဖြစ်သွားစေချင်တယ်၊ အချင်းချင်းလည်း သနားကြင်နာ ကိုယ်ချင်းစာ ကြရပါတယ်၊ ဒါလည်း ပရဟိတ အင်အားတစ်ခုပဲ။

နိုင်ငံတွေမှာလည်း လူမှုဝန်ထမ်း ဝန်ကြီးဌာန ဆိုတာမျိုးတွေဟာ ပရဟိတအလုပ်တွေ လုပ်ကြရတာပဲ၊ ပရဟိတဌာနလို့ သီးခြားထားကြတယ်၊ ကံ၊ ဉာဏ် မလုံလောက်သူတွေကို သူတို့ဆီက ဘာမှမျှော်လင့်ချက် မထားဘဲ သူတို့ဘဝကို သူတို့ သုံးနိုင်အောင်၊ လူ့စွမ်းရည်တန်ဖိုးတွေ တက်လာအောင်၊ အဆင့်မှီလူတွေဖြစ်အောင် ကူညီစောင့်ရှောက် ပေးကြရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


မေတ္တာဟာလည်း ပရဟိတအင်အားတစ်ခုပါ၊ မိမိရဲ့ သန့်စင်မွန်မြတ် အေးမြတဲ့ စိတ်နှလုံး ခန္ဓာအစဉ်က နေပြီး လောကအတွင်းမှာ "သတ္တဝါအားလုံး ချမ်းသာကြပါစေ" လို့ မေတ္တာ အအေးဓာတ်ကို လွှမ်းခြုံပေး နေရမယ်၊ အချင်းချင်းလည်း မေတ္တာထားကြရမယ်၊ ကူညီခံ ပုဂ္ဂိုလ်တို့အပေါ်မှာလည်း မေတ္တာစစ်စစ်နဲ့ ချစ်ခင် ကြရမှာဖြစ်တယ်။

ဒါန အလုပ်ဟာ မေတ္တာပါမှ လေးနက်တယ်၊ ကိုယ်ရဖို့ထက် သူရဖို့ကို ဦးစားပေးတတ်တဲ့ မေတ္တာပါ သွားရင် သူလည်းချမ်းသာ ကိုယ်လည်းပိုပြီး အကျိုးကြီးကြီးရမယ်ပေါ့၊ ကိုယ့်အတွက် ကုသိုလ်ဖြစ် အလှူလုပ်တာ ထောင်မှ ပရဟိတ မေတ္တာပါမှ စွမ်းအားတိုးတက် ထက်မြက်ပါတယ်။

သီလကျင့်သုံးတော့လဲ မေတ္တာပါမှ ပိုမိုပြီး ခိုင်မာပါတယ်၊ " ငါ့ကြောင့် ဘယ်သူမှ ဒုက္ခမရောက်ကြပါစေနဲ့၊ ငါ့ကြောင့် အားလုံး ချမ်းသာကြပါစေ" လို့ မေတ္တာပါနေရင် သီလခိုင်လုံပါတယ်၊ အရည်အသွေး တန်ခိုးလည်း ပိုတိုးပါတယ်။

မေတ္တာဆိုတာက ကိုယ့်အတွက် သက်သက်တွက်နေရာကနေပြီး သူ့အတွက်ပါ ထည့်တွက်လိုက်တာပါပဲ၊ ဒါကြောင့် စည်းကမ်း၊ သီလ စောင့်ထိန်းတဲ့အခါ သူ့အတွက်ပါ ထည့်တွက်လိုက်တော့ ကိုယ့်အတွက် ပိုပြီး လေးနက်သွားတယ်၊ စွမ်းအားတန်ခိုးကောင်းကျိုးများ စည်ပင်ဖွံ့ဖြိုး တိုးတက် မြင့်မားသွားပါတယ်။

ပြီးတော့ မုဒိတာဆိုတာလည်း ပရဟိတ အင်အားတစ်ခုဖြစ်တယ်၊ သူများတွေ ကြီးပွားတိုးတက် ပြည့်စုံ မြင့်မားသွားရင် လှိုက်လှိုက်လှဲလှဲ ဝမ်းသာတတ်ရမယ်၊ ကိုယ်က ကူညီစောင့်ရှောက်လိုက်လို့ ဒုက္ခလွတ်သွားသူတွေ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အခြေအနေကောင်းလို့ အဆင်ပြေသွားသူတွေကို တွေ့မြင် ကြားသိရရင်လည်း တကယ်ဝမ်းမြောက်စရာကြီးပဲ၊ ဝမ်းမမြောက်ဘဲ မနေနိုင်ပါဘူး။

ပရဟိတအင်အား လေးမျိုးနဲ့ သူ့ကို စောင့်ရှောက်ကူညီလိုက်တော့ သူတို့ဆီက ကိုယ်က ဘာမှ မျှော်လင့်မထားပေမယ့် စေတနာကောင်းက ဂုဏ်ကိုပေါ်အောင် ဖော်သွားတယ်၊ အများကလည်း ဂုဏ်တင် ချီးမွမ်းကြတယ်၊ ဘေးရန်အပူမျိုးစုံလည်း လုံတယ်။

## ၁၈။ မေတ္တာအစွမ်း စိတ်အေးချမ်း

- **ဝိပဿနာ၊ မြတ်ချမ်းသာ၊ လွယ်စွာပွားနိုင်သည်။**
- **ဘဝစည်းစိမ်၊ မမေ့မှိန်၊ ဂုဏ်ရှိန်တက်ရသည်။**
- **ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာ၊ မှန်စွာလက်ငင်းရရှိသည်။**
- **မေတ္တာအစွမ်း၊ စိတ်အေးချမ်း၊ ရွှင်လန်းအားတက်သည်။**

သူတော်ကောင်းလမ်းစဉ် လေးချက်မှာ မေတ္တာက ပဓာနပဲ၊ အဘိဓမ္မာမှာ ဗြဟ္မဝိဟာရ တရားလေးပါးရဲ့ တူညီတဲ့အကျိုး သုံးပါးကို ပြထားတယ်၊ ဗြဟ္မဝိဟာရဆိုတဲ့ အကျင့်မြတ်ဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဥပေက္ခာပါ၊ သူတော်ကောင်း လမ်းစဉ်လေးချက်ဆိုတာက ဥပေက္ခာနေရာမှာ ခန္တီကို ပြောင်းလဲထည့်လိုက်ရုံပဲ၊ သုတ္တန်မှာ မေတ္တာအကျိုး ၁၁-မျိုး၊ အမှန်တော့ ဗြဟ္မဝိဟာရ လေးပါးလုံးရဲ့ အကျိုးပါပဲ။

မေတ္တာဆိုတာ အအေးနဲ့ စတာဆိုတော့ အမြင်ကလည်းရှင်း၊ စိတ်ကလည်းကြည် စိတ်ဓာတ်ကလည်း ငြိမ်းချမ်းတော့ ဝိပဿနာပွားရတာ သိပ်လွယ်တယ်၊ စိတ်ထဲမှာ အလုံးတွေ အကြိတ်တွေ အခဲတွေက မရှိသလောက် နည်းနေတော့ ဝိပဿနာဉာဏ် ဖော်ရတာ လွယ်ကူပါတယ်၊ ရုပ်နာမ် ခန္ဓာတွေအတွင်းမှာ ဉာဏ်သွင်းပြီး ရှုမှတ်နေရတာ တကယ်အရသာတွေ့တယ်၊ ငြိမ်းချမ်းတဲ့ ဝိပဿနာ ချမ်းသာကို လက်ငင်းရတယ်။

ဘဝဆိုတာ စည်းစိမ်ပေါ်တာနဲ့ မပြည့်စုံသေးဘူး၊ အသိမပါရင် အရှိတွေ ဖိသမျှ ခံနေရတတ်တယ်၊ ရှိပေမယ့် မချမ်းသာဘဲ လေးလံရှုပ်ထွေး ပူလောင်နေရတတ်ပါတယ်၊ တရားပါမှ ဘဝပြည့်စုံမယ်၊ မေတ္တာ တရားရှိသူမှာ စည်းစိမ်ဥစ္စာတွေလည်း ဂုဏ်အရှိန်အဝါတွေ တက်လာတယ်။

ရှိနေပေမယ့် အရှိတွေကို အကြောင်းပြုပြီး ပူလောင်ရှုပ်ထွေးမနေဘူး၊ "ဒီလို ဒါနလမ်းကြောင်းလေးနဲ့ သွားမယ်၊ ဒါက သီလလမ်းကြောင်းလေးပေါ့၊ ဒါက သမာဓိလမ်းကြောင်းလေးနဲ့ တွန်းရုံပေါ့၊ ဒါကတော့ ဝိပဿနာ လမ်းကြောင်းလေးပဲ၊ အမှိုက်ပုံးထဲ အမှိုက်ပစ်ရတော့ ဝိပဿနာ ပေါ့ဟယ်၊ ပစ္စည်းလေး သူခိုးခိုးခံရလို့



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားတော့လည်း ဝိပဿနာ လက်တွေ့ပြတာပေါ့၊ ခန္ဓာမှာ နေထိုင်မကောင်းဖြစ်တော့လည်း ခန္ဓာရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို လက်တွေ့မြင်အောင် ပြနေတာပဲ” လို့ အမြင်လေးတွေ ရှင်းနေတယ်။

မေတ္တာစွမ်းအားရှင်မှာ စည်းစိမ်ဥစ္စာ အရှိကြောင့်လည်း လေးလံရှုပ်ထွေး ပူလောင်မနေဘူး၊ တစ်ခုခုလက်ထဲက လွတ်သွားတော့လည်း “ဟာကနဲ” ပူလောင်မသွားဘူး၊ ဝိပဿနာစွမ်းအားနဲ့ အစားသွင်းလိုက်တယ်၊ ဝိပဿနာ အမြင်ရှင်းပါတယ်၊ နိဗ္ဗာန်မရောက်မီလည်း သုဂတိဘဝရောက်ဖို့ သေချာပေါက် လမ်းကြီးပဲ။

ပြီးတော့ မျက်မှောက်ပစ္စုပ္ပန်မှာလည်း ချက်ချင်းလက်ငင်း စိတ်ချမ်းသာတဲ့ အကျိုးကိုရတယ်၊ ပိုက်ဆံမပေးပဲ သေချာပေါက်ရနိုင်တယ်၊ မေတ္တာရှင်တွေ၊ ပရဟိတစိတ်နဲ့ ကူညီနေတဲ့ ပုဂ္ဂိုလ်တွေ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဥပေက္ခာစွမ်းအားတွေနဲ့ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ပစ္စုပ္ပန်မှာ တကယ် စိတ်ချမ်းသာတယ်၊ တကယ်ငြိမ်းချမ်းပါတယ်။

သူ့ကိုကြည့်လိုက်ရင် ကြည်လင်ငြိမ်းချမ်းတဲ့ အမူအရာကိုပဲ တွေ့ရမယ်၊ ပြဿနာ အလွှန်ပေါ်တဲ့ လောကထဲမှာ ပြဿနာကင်းရှင်းတယ်၊ အပူပေါ်တဲ့ လောကထဲမှာ အပူငြိမ်းချမ်းတယ်၊ အရှုပ်တွေ တကယ်ပေါ်တဲ့ လောကထဲမှာ အလွန်ရှင်းတယ်၊ မျက်မှောက်ပစ္စုပ္ပန်မှာ စိတ်ချမ်းသာစွာ နေရတယ်၊ သတိဉာဏ် ဦးဆောင်လိုက်ပြန်တော့ နိဗ္ဗာန် မဂ်ဖိုလ်ထိ သေချာပေါက် လမ်းဖြောင့်ကြီးပေါ့ဗျာ။

ကံထိန်းခလုတ် သတိဉာဏ် ဦးဆောင်ပြီး နိဗ္ဗာန်ထိ လက်မှတ်ဖြတ်လိုက်တော့ သုဂတိ ဘဝလက်မှတ်ဆိုတာ အထူးဖြတ်ဖို့ မလိုပါဘူး၊ ပါသွားပြီးသားပါ၊ ရန်ကုန်က မန္တလေးကို မီးရထားလက်မှတ် ဖြတ်လိုက်ရင် ပဲခူးလက်မှတ်တို့ တောင်ငူလက်မှတ်တို့ သီးခြားဖြတ်ဖို့ မလိုတော့ဘူး၊ ဧကန်ဆိုက်မှာပါပဲ၊ သတိဉာဏ်နဲ့ နိဗ္ဗာန်ကို ဦးတည်လိုက်ရင်လည်း သုဂတိ လက်မှတ်ဖြတ်ဖို့ မလိုတော့ဘဲ နိဗ္ဗာန်မရောက်မချင်း သုဂတိဘဝတွေမှာ အလိုလို ဆိုက်မှာပါ။

ကိုယ့်စိတ်ကောင်း စေတနာကောင်းတွေကြောင့် ကံကောင်းတွေရပြီး အကျိုးကောင်းတွေ ရမှာ သေချာပေါက်ပါ၊ ဖြစ်လေရာဘဝတိုင်းမှာ ကိုယ့်ခန္ဓာကို လေးလံစွာ ထမ်းထားရုံနဲ့ မပြီးစေဘဲ၊ ခန္ဓာနှိပ်စက်သမျှ ခေါင်းငုံ့ခံနေရုံနဲ့ မပြီးစေဘဲ၊ ခန္ဓာကို လိမ္မာပါးနပ်စွာ သုံးတတ်ဖို့ သတိဉာဏ် အမြဲ ဦးဆောင်ထားရလိမ့်မယ်။

ပြီးတော့ ကိုယ့်ရဲ့ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားတွေနဲ့ မိမိ၊ သူတစ်ပါး လောကသာသနာ စွမ်းနိုင်ရာဘက်မှာ မိမိလက်လှမ်းမီသမျှ ကူညီတတ် စောင့်ရှောက်တတ်ဖို့၊ အလှုတန်ဆာ ဆင်ပေးနိုင်ဖို့၊ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူနိုင်ဖို့၊ ကိုယ့်ကြောင့် အများလည်းချမ်းသာ ကိုယ်လည်း စွမ်းအားရအောင် ဆောင်ရွက်တတ်ဖို့၊ ဘဝတိုင်း ဘဝအနှစ် ‘ညှစ်ထုတ်ယူတတ်ဖို့’ သတိဉာဏ် ဦးဆောင်ထားကြရုံပေါ့ဗျာ။

ဒါကြောင့် -

ကတပုညတာ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတာ၊ သူ့ကို စောင့်ရှောက် ကိုယ့်ဂုဏ်မြောက်၍ မကြောက်ရကြောင်း တရားကောင်းကို၊ ပဏ္ဍိတာ၊ ဘုရားအစ ရှိကုန်သော ပညာရှိ သူတော်ကောင်းတို့သည်၊ ပသံသန္တိ၊ မေတ္တာနှလုံး အလှုဆုံးဖြင့် ရွှင်ပြုံးကြည်သာ ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၅-ခု၊ နှောင်းတန်ခူးလ



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ မွေလက်ဆောင် (၂၁)

## ကျန်းမာရွှင်လန်း မေတ္တာစွမ်း

### နမော မေတ္တာဖလသာ

**(ယောဆရာတော်၏ တိပိဋကဘွဲ့ရ နှစ် (၂၀) ပြည့်နှင့် ယောဆရာတော် သိန်း-၄၀၀ ကျော် မ တည် လှူဒါန်း ဆောက်လုပ်သည့် ဂန့်ဂေါမြို့နယ်၊ ကန် တိုက်နယ်ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ်အတွက် အမှတ်တရ အထူးလက်ဆောင် ဖြစ်သည်။)**

### ၁။ ကျန်းမာရွှင်လန်းမေတ္တာစွမ်း

ပဋ္ဌမာ ဘိက္ခဝေ သမ္ပဒါ။
ကတမာ ပဉ္စ၊ ဉာတိသမ္ပဒါ ဘောဂသမ္ပဒါ
အာရောဂျသမ္ပဒါ သီလသမ္ပဒါ ဒိဋ္ဌိသမ္ပဒါ။
(ပ) ဣမာ ခေါ ဘိက္ခဝေ ပဉ္စ သမ္ပဒါ
(အံ-၂-၁၃၀)

- ဆွေမျိုးဥစ္စာ၊ ပြည့်စုံကာ၊ ကျန်းမာသန်စွမ်းမှု။
- သီလမြဲမြံ၊ အမြင်မှန်၊ ကောင်ပြည့်စုံရ။
- ဘဝတစ်ခု၊ သုံးဆောင်မှု၊ ရှေးရှုသလို ဖြစ်လာရ။
- အပြည့် ၅-မျိုး၊ နောက် ၂-မျိုးသာ၊ မြင့်မြတ်တာ၊ ကောင်းရာပို့နိုင်ကြ။
- ရှေ့ ၃-မျိုးမှု၊ သုံးတတ်ဟူ၊ နောက်မှုမြင့်တင်ရ။
- မြှင့်တင်ဖို့ရန်၊ ရှေ့ ၃-တန်၊ ကောင်ရှိနေရ။
- ကိုယ်လည်းကျန်းမာ၊ စိတ်ချမ်းသာ၊ မေတ္တာထားနိုင်မှု။
- ကျန်းမာရွှင်လန်း၊ မေတ္တာစွမ်း၊ အေးချမ်းလူ့ဘဝ။

လူ့ဘဝ၌ -
(၁) ဆွေမျိုးပြည့်စုံမှု
(၂) ပစ္စည်းဥစ္စာ ပြည့်စုံမှု
(၃) ကျန်းမာရေး ပြည့်စုံမှု
(၄) ကိုယ်ကျင့်သီလ ပြည့်စုံမှု
(၅) အမြင်မှန် ဉာဏ်ပညာပြည့်စုံမှု ဟူ၍ ပြည့်စုံမှု ၅-မျိုးရှိသည်။

၎င်း ၅-မျိုးကိုပင်
(၁) မိတ္တဖလ
(၂) ဘောဂဖလ
(၃) ကာယ ဖလ
(၄) စာရိတ္တဖလ
(၅)ဉာဏဖလ အားဖြင့် ဖလ ၅-တန်ဟူ၍လည်း လူအများ သုံးနှုန်းပြောဆိုကြသည်။ လူ၏ခွန်အား ၅-မျိုးဟု ဆိုလိုပေသည်။


www.burmeseclassic.com

www.burmeseclassic.com


လူ့ဘဝသည် ဤ ၅-မျိုးနှင့်ပြည့်စုံမှ လိုသလို အသုံးချ၍ ဖြစ်နိုင်မည်ဖြစ်သည်။ တစ်ခုခု ချို့ယွင်းလျှင် ဘဝအသုံးချမှု လစ်ဟင်းသွားမည်၊ လူ့ဘဝဟူသည် အဓိပ္ပာယ်ကင်းမဲ့စွာ ထမ်းထားဖို့ မဟုတ်ဘဲ စွမ်းအားပြဖို့သာဖြစ်သည်၊ မိမိ သူတစ်ပါး လောကသာသနာ နိုင်ငံအတွက် မိမိ၏ စွမ်းဆောင်ချက်ကို ဖော်ပြပေးနိုင်ရမည်။

လူ့ဘဝဟူသည် မချက်မပြုတ်ဘဲ ထင်းတုံးကို မီးရှို့ပစ်သလို အနှစ်မထုတ်ဘဲ အလကား ဖြုန်းပစ်ဖို့လည်း မဟုတ်၊ ဦးတည်ချက် ရည်ရွယ်ချက် ကင်းမဲ့စွာဖြင့် ထင်သလို ရှန်းနေဖို့လည်းမဟုတ်၊ နေ့စဉ် ပြုပြင်၍ နေ့တွက်ကိုက်အောင် သုံးနေရမည့် တရားကုန်ကြမ်းသာဖြစ်သည်။ ထင်းမီးဆိုက်၍ ထမင်းဟင်း ချက်ပြုတ်သကဲ့သို့ စားဝတ် နေရေးထင်းမီးဆိုက်ကာ တရားစွမ်းအား ရင့်ကျက်အောင် မြှင့်တင်ပေးနေရမည်။ လူ့ဘဝ၏အနှစ်ချုပ်သည် တရားသာဖြစ်သည်။

ထို ပြည့်စုံမှု ငါးမျိုးတွင် နောက် နှစ်မျိုးသည်သာ ကောင်းရာရောက်အောင် ဇေန် ပို့ဆောင်ပေးနိုင်၍ ဆင်းရဲအပူမျိုးစုံ ကင်းလွတ်အောင် စွမ်းဆောင်ပေးနိုင်သဖြင့် ရှေ့ သုံးမျိုးထက် မြင့်မြတ်သည်၊ ဘဝအနှစ်ကို ထုတ်ယူပေးသဖြင့်လည်း ချက်ချင်း လက်ငင်းအားရှိ ရွှင်လန်းသွားစေ သည်။ ရှေ့သုံးမျိုးသက်သက်ရှိနေရုံမျှဖြင့် ကောင်းရာရောက်အောင် ပို့ဆောင်ပေးနိုင်စွမ်းလည်း မရှိသေးပါ။ ဆင်းရဲအပူ ကင်းလွတ်အောင် စွမ်းဆောင်ပေးနိုင်စွမ်းလည်း မရှိသေးပါ။

ရှေ့သုံးမျိုးသည် အဖိုးတန်အောင် သတိ ဉာဏ်ဖြင့် အသုံးချနေရမည့်အရာဖြစ်၍ နောက် နှစ်မျိုးကား စွမ်းရည်မြင့်တက်အောင် အစဉ် မြှင့်တင်ပေးနေရမည့်အရာမျိုး ဖြစ်သည်၊ ဆွေမျိုး-ဥစ္စာ-ကျန်းမာရေးတို့သည် အကြောင်းအားလျော်စွာ ဆုတ်ယုတ် ပျက်စီးသွားတတ်ကြသော်လည်း ကိုယ်ကျင့် သီလနှင့် အသိဉာဏ်ကိုကား ဆုတ်ယုတ်ပျက်စီးမသွားစေဘဲ အစဉ်စောင့်ရှောက် ထိန်းသိမ်းထား၍ စွမ်းရည်ထူးခြား မြင့်မားနေအောင် အစဉ် မြှင့်တင်ပေးနေရမည်သာ ဖြစ်သည်၊ အကြောင်းမလုံလောက်လျှင် ရှေ့သုံးမျိုး မပျက်အောင် တားထား၍မရ၊ နောက်နှစ်မျိုး မဆုတ်ယုတ် မပျက်စီးရအောင်ကား သတိဉာဏ် ဦးဆောင်သော ကိုယ့်စွမ်းအားဖြင့် တားထားရမည်။ ထိန်းသိမ်းစောင့်ရှောက်ထားရမည်။

ရှေ့သုံးမျိုးရှိနေမှလည်း နောက်နှစ်မျိုးကို မြှင့်တင်နိုင်စွမ်းရှိမည် ဖြစ်သည်၊ သတိဉာဏ်ဖြင့် စောင့်ရှောက်မှု ကောင်းမှ ကျန်းမာ၍ ကိုယ်ကျင့်သီလနှင့် အသိဉာဏ် ပြည့်စုံမှ ရွှင်လန်းကာ၊ ဆွေမျိုး နှင့် ပစ္စည်းကို နေရာတကျ သုံးတတ်မှ မေတ္တာစွမ်း ပြနိုင်ကြမည်၊ သွေးသားတော်စပ်နေသည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ ရင်းနှီးချစ်ခင် အကျွမ်းဝင်၍ အကျိုးကိုလိုလားမှုသာ ဆွေမျိုးဟုဆိုရသည်၊ သွေးသားတော်စပ်သော်လည်း ရင်းနှီးချစ်ခင် အကျွမ်းဝင်ခြင်းမရှိဘဲ အကျိုးကို မလိုလားလျှင် ဆွေမျိုးဟု မခေါ်ရပါ။

## ၂။ ကျန်းမာရွှင်လန်း လူ့အစွမ်း

- **လူ့လောကမှာ၊ ရစရာ၊ ကျန်းမာမှုသာ အမြတ်ဆုံး။**
- **ရစရာများ၊ ရပါငြားလည်း၊ ကိုယ်အားချူခြာ၊ မကျန်းမာ၊ ရတာအကုန်ရှုံး။**
- **လာဘ်ဟူသမျှ၊ ကျန်းမာမှ၊ ရောက်ရ အကုန်လုံး။**
- **ကိုယ်လည်းကျန်းမာ၊ စိတ်ချမ်းသာ၊ မေတ္တာလမ်းစဉ်သုံး။**
- **ကျန်းမာရွှင်လန်း၊ လူ့အစွမ်း၊ အေးချမ်းတစ်သက်လုံး။**

လူ့လောကအတွင်းရစရာ လာဘ်လာဘ ဟူသမျှတို့တွင် အနာရောဂါကင်းရှင်း ကျန်းမာခြင်းဟူသော လာဘ်သည်သာ အမွန်မြတ်ဆုံးဖြစ်သည်၊ အနာရောဂါ ကင်းနေရုံ ကျန်းမာနေရုံ သက်သက်ကို အမွန်မြတ်ဆုံးဟု ဆိုလိုသည်မဟုတ်ဘဲ ကျန်းမာနေလျှင် အမွန်မြတ်ဆုံးဖြစ်သော တရားကိုပင် ရအောင်အားထုတ်နိုင်ကြောင်း အမွန်မြတ်ဆုံး တရားရသည်ထိ ကြိုးစားအားထုတ်နိုင်လောက်အောင် ခန္ဓာအသုံးဝင်၍ အဖိုးတန်ကြောင်းကိုသာ ဆိုလိုရင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com


အနာရောဂါ နှိပ်စက်ခံရ၍ မကျန်းမမာဖြစ်နေလျှင် အမွန်မြတ်ဆုံးတရားကို အားထုတ်နိုင်ဖို့ မဆိုထားဘိ စီးပွားဥစ္စာ၊ အတတ်ပညာ စသည်ကို ရှာဖွေစုဆောင်းနိုင်ဖို့ပင် မလွယ်ကူတော့၊ ကိုယ်အားဖြင့် စိုက်ထုတ်၍ ပြုလုပ်ရမည့် မည်သည့်အလုပ်ကိုမျှ လုပ်နိုင်စွမ်းမရှိတော့၊ စိတ်ဆန္ဒကို ရုပ်က မလိုက်လျောနိုင်တော့၊ အယုတ်စွဆုံး ကိုယ့်မှာရှိနေပြီးဖြစ်သော စီးပွား ဥစ္စာ၊ အတတ်ပညာ၊ လူ့ဘဝခန္ဓာ၊ ရာထူး ဂုဏ်သိရ် စသည်တို့သည်ပင် ရှိရုံသာရှိ၍ လာဘ်ကောင်းရသည်ဟု မဆိုနိုင် တော့ချေ။ ရုပ်နှင့်ဆက်စပ်၍ ရုပ်ကိုမှီနေရသော စိတ်သည်လည်း မရွှင်လန်းချင်တော့ပေ၊ စိတ် အားငယ်၍ စိတ်စွမ်းအား ဆုတ်ယုတ်လာတတ်သည်။

အနာရောဂါသည် ကိုယ့်မှာရှိနေသမျှသော စီးပွား ဥစ္စာတို့ကိုလည်း လုယက်တိုက်ခိုက်၍ အချိန်ပြည့် ရိုက်နှက် နှိပ်စက်နေသဖြင့် ဓားပြနှင့်တူလှသည်၊ ဆေးဖိုးဝါးခ ဆေးကုသစရိတ် လိုအပ်လာတိုင်း လက်ဝတ်လက်စား အသုံးအဆောင် တိုက်ခန်းနေအိမ်များကို အရောင်းခိုင်းသည်ထိ လုယက်တိုက်ခိုက် လာတတ်သည်၊ ရှိပစ္စည်းအားလုံး ပြောင်ခါကုန်စင်သွားသည်ထိ တစ်တိတိ ကုန်အောင် ဆွဲယူနေတတ်သည်။ အနာညှင်းပန်းလာလျှင် မကျန်းမာ မရွှင်လန်းနိုင်တော့ဘဲ အံ့ဖွယ်ကောင်းလှသည့် လူ့အစွမ်းများ တိမ်မြုပ်ငုပ်လျှိုး ရပ်တန့်သွားတတ်လေသည်။

အနာရောဂါကင်း၍ ကျန်းမာနေလျှင် ပစ္စည်းလိုက ပစ္စည်းရအောင် ကြိုးစားရှာဖွေနိုင်သည်၊ အတတ်ပညာလိုသော် အတတ်ပညာရအောင် အားထုတ် ဆည်းပူးနိုင်သည်၊ ချမ်းသာကြောင်း ကောင်းမှု တိုးပွားလိုမူ ကောင်းမှုမှန်သမျှ ရရှိတိုးပွားလာအောင် ကြိုးစားခွင့်ရနိုင်သည်၊ လူ့စွမ်းရည် အရှိန်အဝါတန်ခိုးများ အစဉ်တိုးပွားနေအောင် အမြဲ ကြိုးစားအားထုတ်နိုင်သည်၊ ကျန်းမာလျှင် အမြင့်မြတ်ဆုံးတရားကိုပင် ရရှိအောင် အားထုတ်နိုင်သည်ဖြစ်ရကား ကျန်းမာရေးသည် လူ၏ အကြီးမြတ်ဆုံး လာဘ်ကြီး ဖြစ်ရလေသည်။

ရုပ်အနာကင်းကွာ၍ ကျန်းမာနေသလောက် သတိရှေ့ထား မေတ္တာပွားကာ စိတ်နာကင်း၍ သန့်ရှင်းစွာ နေနိုင်လျှင်၊ ဘဝ အနှစ်ပေါ်အောင် ဉာဏ်ဖြင့်ထုတ်ယူ အသုံးချနေနိုင်လျှင်၊ ကျန်းမာရွှင်လန်း လူ့အစွမ်းဖြင့် အေးချမ်းစွာ နေထိုင်ကျင့်သုံးခွင့်ရလျှင် လူ့တစ်ဘဝ အသက်ရှင်ရကျိုး နပ်မည်သာ ဖြစ်ပေသည်။

### ၃။ ကျန်းမာရွှင်လန်း တရားစွမ်း

- **ယုံကြည်-ကျန်းမာ၊ ရိုးဖြောင့်ကာ၊ မှန်စွာ အားထုတ်မှု။**
- **ပညာတရား၊ ဤ ၅-ပါး၊ ရှိငြား စွမ်းတဲ့လူ။**
- **ကိုယ်လည်းကျန်းမာ၊ စိတ်ချမ်းသာ၊ လိုရာတက်၍ယူ။**
- **ကျန်းမာရွှင်လန်း၊ တရားစွမ်း၊ အေးချမ်းမြင့်တက်ဟူ။**

လူ့ဘဝ၌ ပစ္စည်းဥစ္စာနှင့် လောကအတတ်ပညာတို့သည် လူ့ခြေထောက်နှင့် တူကြသည်၊ လောက အောက်ကသာ သွားရ၊ နေရမည်၊ လောကအမိန့်ကိုသာ နာခံနေရမည်၊ အပူအရှုပ်ကို စုပ်ထုတ် ဖယ်ရှား ပစ်နိုင်စွမ်းမရှိ၊ လောကအပေါ် လွှမ်းမိုးနိုင်စွမ်းမရှိ၊ ဤနှစ်ခုလောက်မျှဖြင့် ကျေနပ်နေကြသော လူအများသည် ကိုယ့်ကြိုးနှင့်ကိုယ်ရစ်ပတ်ပြီး ရှုပ်ရှက်ခတ် ဖြစ်ကာ ကြီးလေ ရှုပ်လေ၊ လှုပ်လေ မြုပ်လေ ဖြစ်နေတတ်ကြသည်၊ ထွက်ပေါက်မတွေ့ရဘဲ အရှိအကြား၊ အရှိအောက်တွင် ပိတ်လှောင်ခံနေရတတ်သည်။

တရားစွမ်းအားသည် လူ့တောင်ပံနှင့် တူသည်၊ တရားကို သတိဉာဏ်က ဦးဆောင် ထိန်းချုပ်ထားသည်၊ လောကကိုကား အဝိဇ္ဇာ တဏှာက ဦးဆောင်ချုပ်ကိုင်ထားသည်၊ လူသည် အရေးကြုံလာလျှင် တရားတောင်ပံ ကိုသာ အားကိုးရသည်၊ ငှက်၌ ခြေထောက်နှင့် တောင်ပံနှစ်မျိုး ပါရှိရာ ငှက်များသည် သွားဖို့လာဖို့ နားဖို့နေဖို့ လှုပ်ရှားဖို့ အခိုက်အတန့်သာ ခြေထောက်ကိုသုံး၍ အရေးကြုံလာလျှင် တောင်ပံကိုသာ အားကိုးကြသည်။

ငှက်သည် နောက်က ဘေးရန်မျိုးစုံလိုက်လာလျှင် "ငါ့မှာခြေထောက်ရှိသားပဲ" ဟု ပေကပ်ပြီး ခြေထောက်ဖြင့် လှုပ်တုတ်လှုပ်တုတ် သွားမနေပါ၊ ခြေထောက်ကိုချည်း အားကိုးနေပါက နောက်က လိုက်လာသည့် ဘေးရန်မှီလာပြီး ဘေးရန်အောက် ပြားပြားဝပ်ရောက်ကာ အကြီးအကျယ် ဒုက္ခ ရောက်သွားမည် ဖြစ်သည်၊ ငှက်များသည် ဘေးရန်ကြုံလာလျှင် ပါးနပ်ကြသည်၊ ခြေထောက်ကို အားမကိုးဘဲ တောင်ပံကိုသာ


www.burmeseclassic.com

www.burmeseclassic.com


အားကိုး၍ ဘေးရန်လွတ်အောင် ရှောင်တိမ်း ပျံသန်းတတ်သည်၊ ခြေထောက်ကား တောင်ပံဖြင့် အားပြု ပျံသန်းနိုင်အောင် အားယူပေးရသည်၊ အဝေးသို့ သွားလိုသည့်အခါ၌လည်း ငှက်များသည် တောင်ပံကိုသာ အားကိုးကြသည်၊ ခြေထောက်ဖြင့် အားယူကာ တောင်ပံဖြင့် ပျံသန်းသွားကြသည်။

လူသည် ဆင်းရဲအပူလောကဓံ အန္တရာယ်မျိုးစုံ ကြုံကြိုက်လာလျှင် ပစ္စည်းနှင့် အတတ် ဟူသော ခြေထောက်ဖြင့် အားယူ၍ အပူလွတ်အောင် တရားတောင်ပံဖြင့် ရှောင်တိမ်းပျံသန်းရသည်၊ "ငါ့မှာ ပစ္စည်းရှိသားပဲ၊ ငါပညာတတ်သားပဲ" ဟု ပေကပ်ပြီးနေခဲ့သော် အပူအောက် ပြားပြားဝပ် ရောက်သွားပြီး ဆင်းရဲအန္တရာယ် ကြိတ်ချေသမျှ ခံနေရမည်ဖြစ်သည်၊ သံသရာနောင်ရေးနှင့် ဘဝ လွတ်မြောက်ရေးကို မြော်တွေးလျှင်လည်း တရားတောင်ပံကို အားပြုမှ သေချာပေါက် စိတ်အေးရမည်ဖြစ်သည်၊ တရားတောင်ပံ အဖြစ် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ တရားစွမ်းအားအစုံကို အကွက်စေ့အောင် သုံးနိုင်ရမည်။ လူသည် တရားမပါလျှင် အတောင်ပံကျိုးသည့် ငှက်နှင့်သာ တူနေပေလိမ့်မည်။

အထူးအားဖြင့် ဝိပဿနာထိရှိထားမှ လူ့စွမ်းအားစုံ၍ လောကဓံကြုံလာလျှင် ရဲရင့်စွာ ခုခံတွန်းလှန် ဖယ်ရှားနိုင်ရန် အသင့်အနေအထားဖြစ်အောင် ကြိုတင်ပြင်ဆင်ထားသူ အစစ် ဖြစ်နိုင်ပေလိမ့်မည်၊ ဝိပဿနာ စွမ်းအား ရလိုသူသည် (၁) တရားလုံးစုံ အကုန်သိမြင် ဘုရားရှင်၏ စွမ်းရည်ကို အကြွင်းမဲ့ ယုံကြည် လက်ခံနိုင်ရမည်။ ကိုယ့်အစွမ်းကို ကိုယ်ယုံရမည်၊ ယုံရလောက်အောင် ရတနာသုံးပါးထံမှ ဓာတ်ကောင်းများ ကူးယူထားရမည်၊ ကိုယ့်ကိုကိုယ်မှ မယုံရသူအတွက် အရေးကြုံလျှင် အားကိုးရာမတွေ့နိုင်ပါ၊ သဒ္ဓါသည် စိတ်ကျန်းမာအောင် လုပ်ပေးသည်၊ လောက၌ ရှိသောအရသာမျိုးစုံသည် ကိုယ်ကျန်းမာသူအတွက်သာ အရသာ တွေ့နိုင်၍ ဓာတ်ဖောက်ပြန်ကာ မကျန်းမာသူအတွက် အရသာမတွေ့နိုင်သကဲ့သို့ သဒ္ဓါပျောက်၍ စိတ်ဖောက် ပြန်ကာ စိတ်မကျန်းမာသူအတွက် တရားအရသာ မတွေ့နိုင်ဘဲ သဒ္ဓါရှိကာ စိတ်ကျန်းမာသူသာ တရား အရသာ ကောင်းကောင်းတွေ့နိုင်သည်။ တရား၏ဆွဲဆောင်မှုကို ကောင်းမွန်စွာ ကြိုဆိုလက်ခံနိုင်မည်ဖြစ်သည်။

(၂) အနာကင်း၍ ကိုယ်ကျန်းမာရမည်၊ သတိဉာဏ်ဦးဆောင်၍ လိုအပ်သလိုအခါ အခွင့်အလိုက် ကံ ဉာဏ် ဝီရိယကို ပြုပြင်ပေးတတ်ရမည်၊ အတိတ်ကံ ပစ္စုပ္ပန်ကံ ချို့ယွင်းလျှင်လည်း အနာပေါ်လာတတ်သည်။ အတိတ်ကံကောင်းကို ပစ္စုပ္ပန် ကံကောင်းဖြင့် ကြိုဆို၍ အတိတ်ကံဆိုးကို ပစ္စုပ္ပန်ကံကောင်းဖြင့် စွမ်းနိုင်သမျှ တားဆီးပေးရမည်၊ ဉာဏ်နည်းလျှင်ဖြစ်စေ ဝီရိယကို အလွဲသုံးစား လုပ်မိလျှင်ဖြစ်စေ မမျှော်လင့်ဘဲ အချိန်မရွေး အနာရောဂါ ရလာတတ်သည်၊ သတိအမြဲရှိမှ ဉာဏ်နှင့် ဝီရိယလမ်းမှန်ကာ ကျန်းမာရေးလာဘ်ကို ရရှိပေလိမ့်မည်၊ သတိအားနည်းလျှင် ရုတ်တရက် ရှောင်တခင် မမျှော်လင့်ဘဲ ခြေကျိုးခြင်း ထိခိုက်ဒဏ်ရာရခြင်း အစားမှား၍ ဝမ်းပျက်ခြင်းစသော အနာများ လတ်တလော ပေါ်ပေါက်လာတတ်သည်၊ တရားအတွက် အနှောင့်အယှက် အတားအဆီးဖြစ်သွားတတ်သည်၊ သတိအမြဲ ကိုင်ထားနိုင်လျှင် ပိုသည်မရှိပါ။

(၃) တရားသည် အကွေ့အကောက်ကင်းသည့် ဘက်မလိုက် အဖြူရောင်စွမ်းအားဖြစ်၍ တရား လိုချင်လျှင် တရားနှင့်ထိုက်တန်အောင် ရိုးသားဖြောင့်စင်း ဖြူစင်ရမည်၊ မိမိ၏အရှိကို အရှိအတိုင်း ပွင့်လင်းစွာ ဖော်ထုတ်ပြနိုင်ရမည်၊ ကောက်ကျစ်စဉ်းလဲမှုနှင့် တရားသည် ဆန့်ကျင်ဘက်ဖြစ်သည်၊ စိတ်ဖြောင့်စင်းမှ စိတ်ထဲသို့ တရားဝင်ရောက်နိုင်မည်။

(၄) မကောင်းမှုကင်း၍ ကောင်းမှုသွင်းနိုင်အောင် စိတ်ကို အားတင်းဖြည့်သွင်းပေးသည့် လုံ့လလည်း ရှိရမည်၊ စွမ်းအားပေါ်လာအောင် အားကို ဖော်ထုတ်ပေးနိုင်သည့် မှန်ကန်သော ဝီရိယရှိရမည်၊ ကောင်းကျိုးပေးဖို့ သေချာသည့် ကောင်းသောအလုပ်ကို ရဲရဲလုပ်ရမည်၊ နည်းမှန် လမ်းမှန် စွမ်းအားပေါ်လာဖို့ ဝီရိယ ကိုင်စွဲနိုင်သလောက် သတိမြဲရမည်၊ သတိမပါသော ဝီရိယသည် အားကိုအပြင်၌ ခိုးထုတ်ပစ်တတ်၍ သတိတွဲသော ဝီရိယကသာ အားကို အတွင်း၌ ထုတ်ယူ စုဆောင်းပေးကာ သမာဓိကို ဖြစ်ပေါ်မြင့်တက် ရင့်ကျက်စေမည်ဖြစ်သည်၊ သမာဓိကောင်းမှ သန့်စင်လေးနက် စူးရှထက်မြက်သည့် ဉာဏ် ပေါ်ပေါက်လာမည် ဖြစ်သည်။

(၅) အမှန်အတိုင်း ကြည့်ရှုသုံးသပ် ဆုံးဖြတ်နိုင်သည့် စူးရှထက်မြက်သည့် အသိဉာဏ်ရှိရမည်၊ ရုပ်နာမ်အရှိကို အရှိအတိုင်း ဆုံးဖြတ်နိုင်ရမည်၊ အရှိနှင့် ဆက်သွယ်၍ အရှိကိုပေါ်အောင် ဖော်ထုတ်ပေးနိုင်သည့် နာယူလေ့လာ မှတ်သားထားသည့် ဉာဏ်လည်း ရှိထားရမည်၊ နှလုံးသွင်း ဆင်ခြင်စဉ်းစားနိုင်းချိန် ဉာဏ်လည်း



www.burmeseclassic.com

www.burmeseclassic.com


ရှိနေရမည်၊ ရှုလိုက်လျှင် ရုပ်နာမ်အတွင်း ထိုးဖောက်ကျက်စား ၍ အရှိကို အရှိအတိုင်း မြင်နိုင်သော ဉာဏ်လည်း ရှိရမည်၊ ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာလျက် ကျန်းမာရွှင်လန်း တရားစွမ်းဖြင့် အေးချမ်းအောင် နေထိုင် ကျင့်သုံးတတ်လျှင် ဤလူ့ဘဝသို့ ရောက်လာရကျိုး နပ်ပေတော့မည်။ ကျန်းမာမှုလည်း တရားအလုပ်ကို စိတ်ရှိတိုင်း ပေါက်ရောက်အောင် လုပ်နိုင်ပေလိမ့်မည်။

## ၄။ ကျန်းမာရွှင်လန်း စိတ်အေးချမ်း

- **တပ်မက်လွန်လျှင်၊ မဆင်ခြင်၊ မြော်မြင်ကင်းတတ်သည်။**
- **ကြိုက်နှစ်သက်ပါ၊ မတည့်တာ၊ တွေ့ရာလျှောက်စားသည်။**
- **တွေ့ရာစားက၊ ရောဂါရ၊ ဘဝရှုံးတတ်သည်။**
- **လောဘကင်းကွာ၊ မတည့်တာ၊ ကြိုက်ပါသော်လည်း ရှောင်ကြဉ်သည်။**
- **တည့်တာကိုသာ၊ ရွေးသုံးကာ၊ ကျန်းမာရွှင်လန်းသည်။**
- **ဒေါသကိုရှောင်၊ မီးမလောင်၊ ကြီးအောင်နုပျိုသည်။**
- **မောဟကင်းလင့်၊ ပညာရင့်က၊ မသင့်ရာရှောင်၊ သင့်ရာဆောင်၊ အိုအောင်အသက်ရှည်။**
- **ကိုယ်လည်းကျန်းမာ၊ စိတ်ချမ်းသာ၊ ကောင်းတာစုနိုင်သည်။**
- **ကျန်းမာရွှင်လန်း၊ စိတ်အေးချမ်း၊ လူစွမ်းပြနိုင်သည်။**

လောဘ၊ ဒေါသ၊ မောဟသည် လူ့စွမ်းအား အရည်အချင်းကို အနီးကပ် ရိုက်ချိုး ဖျက်ဆီးပစ် နေတတ်သည်။ လူ့ပျော်ရွှင်မှု မျိုးစုံကိုလည်း ချက်ချင်း အကျည်းတန် အရုပ်ဆိုးသွားအောင် လုပ်ပစ်တတ်သည်၊ ကိလေသာများလွန်း၍ ပုထုဇဉ်ဟုဆိုရသော်လည်း ဗုဒ္ဓသာသနာနှင့် တွေ့ကြုံခိုက် ရတနာသုံးပါးထံမှ ဓာတ်ကောင်းများ ကူးယူကာ ကိလေသာနှင့် စိတ်ကန့်နိုင်အောင်၊ သန့်နိုင်အောင်၊ ခပ်ခွာခွာ ထားနိုင်အောင် နေ့စဉ်လေ့ကျင့် ပေးနေရမည်။ အကောင်းဟူသည် လေ့ကျင့်ယူရသည် ချည်းသာတည်း။ မလေ့ကျင့်ဘဲ မည်သည့်အကောင်းဓာတ်မျှ ရနိုင်မည်မဟုတ်ပေ။

လိုချင်တပ်မက်မှု လောဘလွန်ကဲလျှင် ဆင်ခြင်မှု အမြော်အမြင်ကင်းကာ ကိုယ်နှင့် မတည့် မလျောက်ပတ်သည့် အစားအသောက်စသည်ကို ကြိုက်တိုင်း လျှောက်စားမိတတ်သည်၊ တွေ့ရာ စားမိသော် အနာရောဂါ ရတတ်တိုးပွားတတ်၍ ဘဝရှုံးပြီး အညွန့်တုံးတတ်သည်။

လူ့ရောဂါတို့တွင် အစားအသောက်မဆင်ခြင်၍ ဖြစ်ရသောရောဂါသည် အများဆုံး ဖြစ်သည်၊ လျောက်ပတ်သော အစား အသောက်ကြောင့် လူသည် အသက်ရှည်ရ၊ ကျန်းမာရ၊ ခွန်အား တိုးရသည်၊ မလျောက်ပတ်သော အစားအသောက်ကြောင့် အသက်တိုရ အနာရောဂါထူပြောရသည်။

လောဘကိုထိန်းနိုင်သူသည် ဆင်ခြင်နိုင်သည့် အသိဉာဏ် ဝင်ရောက်လာတတ်၍ စားသောက်သုံးစွဲမှု အားလုံး ကြိုက်နှစ်သက်မှုကို ဦးစားမပေးဘဲ လျောက်ပတ်မှု တည့်မှုကိုသာ ဦးစားပေး ရွေးချယ်ကာ စားသောက်သုံးစွဲတတ်သည်၊ လျှာဖျား၌ တစ်ခဏကလေး တွေ့ထိသွားသည့်တဒင်္ဂ အရသာထက် ခန္ဓာကိုယ် ခွန်အားပြည့်ဝ မှုတစ္စာ ကျန်းကျန်းမာမာ ကြာရှည်အသုံးချ နိုင်ဖို့ကိုသာ ရှေ့တန်းတင် စဉ်းစားတတ်သည်၊ ကြိုက်သော်လည်း ကိုယ်နှင့်မတည့် မလျောက်ပတ်လျှင် ရဲရဲပြတ်သားစွာ ရှောင်ကြဉ်သည်၊ မကြိုက်နှစ်သက် စေကာမူ ကျန်းမာရေးအတွက် ကျေးဇူးပြုလျှင် ကျေနပ်စွာ စားသောက်သုံးစွဲသည်၊ ထို့ကြောင့် အနာရောဂါ ကင်းရှင်းနည်းပါး၍ ကျန်းမာရွှင်လန်းရသည်။

ခန္တီ မေတ္တာ လက်ကိုင်သုံး၍ ဒေါသအပူကို ထိန်းချုပ်နိုင်လျှင် စိတ်ဓာတ် ငြိမ်းအေးချမ်းသာသဖြင့် ရုပ်ကို အပူဓာတ် လောင်မြိုက်မှု နည်းပါးရကား အရွယ်ကြီးသည်ထိ အိုရုပ်မပေါက်ဘဲ နုပျိုလန်းဆန်း အေးချမ်းရသည်၊ စိတ်ရွှင်လန်း အေးချမ်းသဖြင့် ရုပ်လည်း ကျန်းမာနုပျိုရလေသည်။



www.burmeseclassic.com

www.burmeseclassic.com


မောဟကင်းစင်နည်းပါး၍ အသိဉာဏ် ရင့်ကျက်တိုးပွားများပြားလာလျှင် "အသက်ကို ဉာဏ်စောင့်" ဟူသည့်အတိုင်း မသင့်လျော် မလျောက်ပတ်သည်ကို ရှောင်ကြဉ်ဖယ်ရှား၍ သင့်လျော် လျောက်ပတ်သည်ကိုသာ ရွေးချယ်ဆောင်ရွက်တတ်သဖြင့် အသက်ရှည်ကြာစွာနေရပေသည်။

အသက်လည်းရှည် ကိုယ်လည်းကျန်းမာ စိတ်လည်း အေးငြိမ်းချမ်းသာစွာနေရလျှင် ဘဝ အနှစ်တရားစစ်ကို တန်းစီ၍ ကောက်ယူစုဆောင်းနေရုံသာဖြစ်၍ လူ့တစ်ဘဝ နေပျော်ပါသည်၊ အနေမြတ်လျှင် အသေလည်း ကေန်တတ်ပါလိမ့်မည်၊ ပစ္စုပ္ပန် သေချာနေသူအတွက် နောင်ရေး ပူစရာ ဘာမှမရှိချေ။

## ၅။ ကျန်းမာရွှင်လန်း ဥစ္စာစွမ်း

- အသက်ရှည်ကြာ ၊ ကိုယ်ကျန်းမာ၍ မေတ္တာတန်ခိုး၊ အားပြည့်ဖြိုးရန်၊ ဉာဏ်တိုးရန်၊ ကေန်ဥစ္စာသုံးစွဲရ။
- ကျေးဇူးရှင်တွေ၊ ပေးရပေ၊မသွေ မေတ္တာစွမ်းအားရ။
- မိသားစုအား၊ ပေးရငြား၊ စွမ်းအား မေတ္တာရ။
- ဆွေမျိုးမိတ်ဆွေ၊ ပေးရပေ၊ မသွေမေတ္တာစွမ်းအားရ။
- အလှူခံအား၊ ပေးရငြား၊ စွမ်းအား မေတ္တာရ။
- မျိုးစေ့အမှန်၊ စိုက်ရပြန်၊ ကေန် အတိုးရ။
- ပစ္စည်းဥစ္စာ၊ စွမ်းရည်ပါ၍၊မေတ္တာတန်ခိုး၊ စွမ်းအားတိုး၊ ကောင်းကျိုးအနန္တ။
- ကျန်းမာရွှင်လန်း၊ ဥစ္စာစွမ်း၊ အေးချမ်းလူ့ဘဝ။

ပစ္စည်းဥစ္စာများသည် မည်သည့်အခါမှ လူနှင့်မကင်းနိုင်ကြသည့် လူ့အဖော်များ ဖြစ်ကြသည်၊ ရန်သူမျိုးငါးပါးနှင့် အမြဲဆက် ဆံနေကြသဖြင့် လူ၏ ပူဖက်လောင်ဖက် များလည်းဖြစ်ကြသည်၊ ရှိနေသလောက် ပူပန်ကြောင့်ကြနေရသဖြင့် ပူဖော်ပူဖက် လောင်ဖော်လောင်ဖက်များပေတည်း၊ သတိဉာဏ်ရှိသူအတွက် ပစ္စည်းသည် ကူဖော်လောင်ဖက်များဖြစ်သည်၊ လူ့စွမ်းအားရအောင် နည်းမျိုးစုံဖြင့် အဖော်သဖွယ် ကူညီဆောင်ရွက်ပေးကြသည်။ ကိစ္စခပ်သိမ်း သူတို့ပါမှသာ ပြီးနိုင်သဖြင့် ကူဖော်ကူဖက် ဆောင်ဖော် ဆောင်ဖက်များပေတည်း။ လူ၏ "ကျန်းမာရွှင်လန်း မေတ္တာစွမ်း" အတွက် အရေးပါသည့်အခန်းမှ ပစ္စည်း ပါဝင်ကူညီနေရသည်၊ ပစ္စည်းမပါလျှင် လူသည် အလုပ်မဖြစ်နိုင်တော့။

၁။ ပစ္စည်းရှိသူ၏ ပစ္စည်းသည် မိမိ အသက်ရှည်ကြာနေရရန် အသက်ရှည်သလောက် ကိုယ်ကျန်းမာရန် မေတ္တာစွမ်းအား တိုးပွားရန် ခွန်အားပြည့်ဖြိုးရန် အသိဉာဏ်ရရှိတိုးတက်ရန် စိတ်ဓာတ်ရွှင် လန်းချမ်းမြေ့ရန် အသုံးပြုရခြင်း အကျိုးရှိသည်၊ သုံးတတ်သလောက် ပစ္စည်းအသုံး ဝင်သည်၊ မိမိ သုံးမဖြစ် တော့၍ အမှိုက်အဖြစ် စွန့်ပစ်လိုက်ရသည့်အခါ၌ပင် ပစ္စည်း၏ ပြောင်းလဲဖောက်ပြန်တတ်သည့်သဘောကို ဉာဏ်ဖြင့်ရှုကာ ဝိပဿနာကျန်နေခဲ့ရမည်။ သဒ္ဓါ၊ မေတ္တာ၊ ပညာရှိသလောက် ပစ္စည်း၏စွမ်းအား ကျယ်ပြန့် ရသည်။

၂။ ကျေးဇူးရှင်များအတွက် ကျေးဇူးဆပ်ရန် အသုံးဝင်သည်၊ ကျေးဇူးရှင်များအား လှူဒါန်း ပေးကမ်းရသဖြင့် ဒါနစွမ်းအား ရရုံသာမက အချင်းချင်းမေတ္တာဓာတ် များရရှိနိုင်ကြသည်။ ဉာဏ်ရှိလျှင် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အစုံရနိုင်သည်။

၃။ သားသမီးစသော မိသားစုများအား ပေးကမ်းချီးမြှင့်ရန် အသုံးကျသည်၊ အချင်းချင်း၏ မေတ္တာဓာတ်ကို ရင့်ကျက် မြင့်တက်ခိုင်မာသွားစေသည်၊ ဉာဏ်အမြင်ကျယ်လျှင် အိမ်ထဲ၌ပင် နေ့စဉ် အလှူပွဲ ကောင်းမှုပွဲကို ဆင်နွှဲကျင်းပနေရသကဲ့သို့ ပျော်ရွှင်အားတက်သွားစေပြီး မိသားစုကြောင့် ကံကောင်းများ တိုးပွားဖွံ့ဖြိုးလာနိုင်သည်။

၄။ ပစ္စည်းဥစ္စာသည် ဆွေမျိုးမိတ်ဆွေများနှင့် ကြုံတွေ့ရလျှင်လည်း ဆွေဝတ် မိတ်ဝတ် ကျေပြွန်အောင် ကူညီပေးနိုင်သည့် အဖော်ကောင်းများဖြစ်ရသည်၊ သွေးသားဆက်စပ်သူကို ဆွေမျိုးဟုခေါ်၍ အချင်းချင်း အကျိုးဆောင်ဖက်များကို မိတ်ဆွေဟုဆိုရသည်၊ လူသည် တစ်ယောက်တည်းနေ၍မဖြစ်၊


www.burmeseclassic.com

www.burmeseclassic.com


ဆွေမျိုးမိတ်ဆွေ အသိုင်းအဝန်းရှိရသည်၊ လိုအပ်သည့်အခါတိုင်း ဆွေမျိုး မိတ်ဆွေများအတွက် ပေးကမ်းကူညီရသည်၊ အယုတ်စွဆုံး ဈေးရောင်းသူကား ဆိုက်ကားဖြင့်ပို့ပေးသူများကိုပင် အကျိုးဆောင်ပေးသည့် မိတ်ဆွေအဖြစ် သဘောထား၍ အဖိုးအခပေးရသည့်အခါ ဒါန စသည်ဖြစ်အောင် မေတ္တာ၊ စေတနာကောင်းဖြင့် ကျေနပ်စွာပေးတတ်ရမည်။ တာဝန်ဝတ္တရား ကျေရုံ အရေးအတွက်ပြည့်ရုံ ကုန်သွားရုံမျှဖြင့် မပြီးစေရ၊ သတိဉာဏ်ဖြင့် အရည်အသွေး စွမ်းအား ထည့်သွင်းပေးတတ်ရမည်၊ အပေါင်းအသင်းကို ချစ်သည်ဆို၍ အရက်သေစာတော့ မတိုက်ကျွေးကောင်း၊ သူတော်ကောင်းများ မလုပ်အပ် မလုပ်ထိုက်သည့် အလုပ်ဖြစ်သည်။

၅။ ပစ္စည်းသည် ကိုယ်ကျင့်သိက္ခာပြည့်ဝ၍ အလှူခံထိုက်အောင် မြင့်မြတ်ကြသည့် သူတော်ကောင်းများအား လှူဒါန်းပေးကမ်းရာ၌ အလွန်အသုံးဝင်သည်၊ အတိုး အာမခံ အလွန်စိတ်ချရသည့် ဓမ္မဘဏ်တိုက်၌ အပ်နှံခြင်းပင်ဖြစ်သည်၊ သူတော်ကောင်းများလည်း သူတော်ကောင်းအလုပ်ကို ကျန်းမာချမ်းသာစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်ကြသည်၊ မိမိလည်း ကြီးမားကျယ်ပြန့် ဖွံ့ဖြိုးသည့် ဓမ္မစွမ်းအားကို ပို၍ပို၍ ရရှိသည်။ အံ့ဖွယ်သာသနာကိုပင် ရှည်ကြာတည်တံ့ပြန့်ပွားအောင် စွမ်းဆောင်ပေးနိုင်သည်၊ ပစ္စည်း၏ အသုံးဝင်မှု နယ်ပယ်ကား အလွန် ကျယ်ဝန်းလေစွ၊ ကျန်းမာရွှင်လန်း မေတ္တာစွမ်းအတွက် ပစ္စည်းသည် သတိဉာဏ်ရှိသလောက် ထိရောက်စွာ ကျေးဇူးပြုနိုင်ပါသည်။

## ၆။ ကျန်းမာရွှင်လန်း ကံအစွမ်း (ကုသိုလ်စွမ်း)

- **လုပ်သင့်သည်များ၊ လုပ်၍ထားလင့်၊ စွမ်းအားမြင့်သော်၊ ဖြစ်သင့်တာတွေ၊ ဖြစ်လာပေ၊ မသွေကောင်းကျိုးရ။**
- **ဖြစ်သင့်တာတွေ၊ ဖြစ်လာစေလို၊ ကောင်းကျိုးလိုသော်၊ စိတ်ကိုတိုးမြှင့်၊ လုပ်သင့်သည်များ၊ လုပ်၍ထား၊ တရားလမ်းစဉ်ပြ။**
- **လုပ်သလောက်သာ၊ ကောင်းကျိုးလာ၍၊ ရတာမဟန်၊ ကြောင်းမမှန်၊ စောင့်လွဲနေရ။**

၁ - အပိုင်အငှား၊ နှစ်ပါးကြောင်းရာ၊ ဆုံသောခါ၊ ပိုင်တာ ဦးစွာလုပ်တတ်ရ။
- ပိုင်တာလုပ်လျှင်၊ စွမ်းအားဝင်၊ အမြင်ရှင်း၍၊ ချမ်းသာရ။

၂ - ဦးစားပေးရန်၊ အလုပ်မှန်၊ အမြန်ပြီးအောင် လုပ်ကြရ။
- စွမ်းအားမမြှင့်၊ လုံ့လဖင့်နွေး၊ ချမ်းသာဝေးကွာ၊ နောက်ကျကာ၊ နောင်ခါပူဆွေးရ။
- ယနေ့အလုပ်၊ ယနေ့လုပ်၊ အဟုတ် စိတ်အေးရ။

၃ - လုပ်နိုင်တာသာ၊ ပြောဆိုရာ၊ ညီညာတိကျ ရှိစေရ။
- လုပ်နိုင်လင့်၊ မပြောသင့်၊ နှိုင်းချင့် ဆင်ခြင်ရ။
- အပြောသာများ၊ မလုပ်ငြား၊ အများကဲ့ရဲ့ကြ။
- ပြောဆိုပြီးလျှင် ဖြစ်အောင်ပင်၊ မြှင့်တင် ပြုလုပ်ရ။
- ကိုယ်လည်းကျန်းမာ၊ စိတ်ချမ်းသာ၊ ကောင်းတာစုနိုင်ကြ။
- ကျန်းမာရွှင်လန်း၊ ကံအစွမ်း၊ အေးချမ်းလှဘဝ။

တရားလမ်းစဉ်၌ အကြောင်းကံသည် အလုပ်ဖြစ်၍ အကျိုးဝိပါတ်သည် လုပ်ခဖြစ်သည်၊ ကမ္မနိယာမအားဖြင့် အလုပ်နှင့် လုပ်ခသည် အတိအကျ တိုင်းတာတွက်ချက် သတ်မှတ်ပြီးသားဖြစ်သည်၊ ကုသိုလ်ကောင်းမှုကို ကုသိုလ်ကောင်းမှုလို သဘောထား၍ စိတ်ဝင်စားသူအတွက် ကုသိုလ်ကောင်းမှုကလည်း ကုသိုလ်ကောင်းမှုပီပီ အံ့ဖွယ်ကောင်းကျိုးကို ပေးတတ်စမြဲသာဖြစ်သည်။

လုပ်သင့်လုပ်ထိုက်သည့် ကောင်းမှုကို ကောင်းမှုပုံစံဖြင့် စနစ်တကျ လုပ်ထားလျှင် ဖြစ်သင့်ဖြစ်ထိုက်သည့် ကောင်းကျိုးကလည်း ကောင်းကျိုးပုံစံဖြင့် အတိအကျ ပြည့်ဝဖြစ်ပေါ်လာရသည်၊ ကောင်းကျိုးတရားဖြစ်ပွားစေလိုလျှင်လည်း စိတ်စွမ်းအားကို သန့်စင်တိုးမြှင့်၍ ကောင်းမှုကို စိတ်ဝင်စားစွာ ပြုလုပ်ထားရပေမည်၊ ကောင်းကျိုးလိုသလောက် ကောင်းမှုကို လုပ်ထားရမည် ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုလုပ်ထားသလောက်သာ ကောင်းကျိုးရလာတတ်သည်၊ အရှိကို လျှို့ဝှက်ထိန်ချန်၍လည်း မထား၊ မရှိသည်ကို အရှိလုပ်ကာ ဟန်လုပ်၍လည်း မပေးတတ်၊ အကယ်၍ အကျိုးရမှု ဟန်မကျလျှင် မိမိ၏ အကြောင်းဟန်မကျ၊ မမှန်ကန်ဟု ဉာဏ်ဖြင့် တိုင်းတာကြည့်နိုင်သည်၊ အကျိုးကောင်း ရလိုလျှင် အကြောင်းကောင်း လုပ်ထားရုံသာတည်း၊ ကောင်းမှုလုပ်တိုင်း အစီအစဉ် ကောင်းရမည်၊ လမ်းကြောင်းရှင်းရမည်၊ ဦးတည်ချက် ပြတ်သားရမည်။

အကြောင်းကောင်းကို စေ့စပ်သေချာအောင် ပြုလုပ်ရာ၌ အရှင်ဗာကုလသည် အထင်ရှားဆုံး ပုံစံဖြစ်သည်၊ အရှင်ဗာကုလ အလောင်းအလျာသည် လွန်ခဲ့သည့် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်ကပင် ကျန်းမာကြောင်း ကောင်းသောအလုပ်ကို အထူးစိတ်ဝင်စားခဲ့သည်၊ သူတစ်ပါးတို့၏ ကျန်းမာရေးအတွက် စိတ်အားထက်သန်စွာ ကူညီခဲ့သည်၊ လိုအပ်သော ဆေးဝါးများ၊ ကျန်းမာရေး အထောက်အကူပစ္စည်းများကို ကိုယ်ကျိုးစွန့်၍ပင် ထောက်ပံ့လှူဒါန်းခဲ့သည်။

ဗုဒ္ဓသာသနာနှင့် တွေ့ကြုံရသည့်အခါတို့၌လည်း မြတ်စွာဘုရားအား ကျန်းမာရေးအတွက် ဆေးဝါး စသည် လှူဒါန်းသည်။ သံဃာတော်များ အသိအကျွင့် လုပ်ငန်းနှစ်ရပ်ကို အပြည့်အဝ ကြိုးစားအားထုတ်နိုင်အောင် အထူးစိတ်ဝင်စားစွာ ထောက်ပံ့လှူဒါန်းသည်၊ ကျန်းမာရေးအတွက် လိုအပ်သမျှ အကုန်လှူသည် "အိမ်ဆောက်မည်" စိတ်ကူးဖြင့် သစ် ဝါး စသည်ရှာရန်သွားသည်တွင် လမ်း၌ သံဃာတော်များ သီတင်းသုံးသည့် ကျောင်းအို ကျောင်းဟောင်း ကျောင်းပျက်ကို တွေ့ရ၍ အိမ်အလုပ်ကို ရပ်ဆိုင်းထားပြီး ကျောင်းဟောင်းကို ဖျက်ကာ ကျောင်းသစ်ဆောက်ပေးသည်၊ ကျန်းမာရေးအတွက် ဆေးရုံဆေးခန်း၊ ဆေးပစ္စည်း အသုံးအဆောင်များ လိုအပ်သမျှ ဘဝများစွာ အကြိမ်များစွာ လှူသည်၊ ကျန်းမာရေးဆိုင်ရာ အလှူလုပ်တိုင်း "ဤကောင်းမှု အကျိုးဆက်ကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ နံ့သာတစ်ရှူ နွားနို့တစ်ညှစ်ခန့် အချိန်တစ်ခဏလေးမျှပင် ကိုယ်ခန္ဓာ၌ မည်သည့်အနာရောဂါမျှ မဖြစ်ရပါလို၏" ဟု ဆုတောင်းသည်၊ ကမ္ဘာတစ်သိန်းထက်၌ အနာကင်း၍ ကျန်းမာသူ ဧတဒဂ်ဆုကိုလည်း ပန်ဆင်သည်။

ပါရမီကောင်းမှု ပြုလုပ်စဉ် -

(၁) ကိုယ်ပိုင်အလုပ်နှင့် ဘုံဆိုင်အငှားအလုပ် နှစ်မျိုးဆုံလာသောအခါ ကိုယ်ပိုင်အလုပ်ကိုသာ ဦးစွာလုပ်တတ်သည်၊ မလွှဲမရှောင်သာ၍ ဘုံဆိုင်အငှားအလုပ်ကို လုပ်ရလျှင်လည်း ဉာဏ်ဖြင့် ကိုယ်ပိုင် အလုပ်အဖြစ်ပြောင်း၍ ကိုယ်ပိုင်တရားစွမ်းအား ကျန်အောင်လုပ်တတ်သည်။

(၂) ဦးစားပေးရမည့် ကိုယ်ပိုင်အလုပ်ကို လုပ်လျှင်လည်း ယနေ့အလုပ် ယနေ့ပြီးအောင် လုံ့လသည်းစွာ မြှင့်တင်၍ ကြိုးစားပြုလုပ်တတ်သည်၊ အလုပ်ကြွေးမတင်ရန် သတိကြီးစွာထားသည်။

(၃) မလုပ်နိုင်သည်ကို မပြောဘဲ လုပ်နိုင်သည်ကိုသာပြောသည်၊ အပြောနှင့် အလုပ်ညီစေသည်၊ ပြောပြီးလျှင် မဖြစ်မနေလုပ်သည်၊ ကောင်းမှုပြုစဉ် အကွက်စေ့ကာ သေချာလှသဖြင့် ကောင်းကျိုးပေးသည့် အခါလည်း ဒေါင့်စေ့၍ သေချာလှသည်။

တစ်အသေင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်သို့လည်း မကျရောက်ခဲ့ရ၊ သုဂတိဘဝ၌လည်း မည်သည့်အခါမျှ အောက်ကျနောက်ကျ မနေရဘဲ စားဝတ်နေရေးအတွက် ပိုသည်ဟုသာ ရှိသည်၊ လိုသည်ဟု မရှိခဲ့၊ ကံကောင်းများကို ပိုလျှံနေအောင် အကျိုးပေး၍ မကုန်နိုင်အောင် လုပ်ခဲ့သူဖြစ်၍ တကယ် သုံးမကုန်နိုင်အောင် အကျိုးပေးသည်။

စိတ်ချမ်းသာကြောင်း ပညာရှိ သူတော်ကောင်းတွေနှင့်ချည်းသာ တွေ့ရသည်၊ သူ့အား မည်သူမျှ အနှောင့်အယှက် မပေးကြ၊ နှောင့်ယှက်သော်လည်း ဒုက္ခမရောက်ရဘဲ နှောင့်ယှက်သူသာ ဒုက္ခရောက်သွားတတ်သည်၊ နောက်ဆုံးဘဝ၌ ရေချိုးစဉ် ငါးကြီးက မျိုချလိုက်သည်ကိုပင် ငါးမျိုသည်ဟုမထင်ရဘဲ မိခင်က မွေ့ရာထဲ၌ ပွေ့ဖက်သိမ်းပိုက်ထားသည်ဟုသာ ထင်ရသည်၊ မျိုချသော ငါးသာ ဒုက္ခတွေ့သွားသည်။

ကိုယ်ကျင့်သီလ ဘဝတိုင်းပြည့်စုံ၍ ကံကို ထိန်းချုပ်တတ်သော အသိဉာဏ်ကလည်း ဘဝတိုင်း ပြည့်ဝစုံလင်ခဲ့သဖြင့် အနာရောဂါကင်းရှင်း၍ ကျန်းမာရုံမျှမက သက်တမ်းကျော်အောင်ပင် အသက်လည်း ရှည်ခဲ့လေသည်။ အယုတ်စွဆုံး နံ့သာတစ်ရှူ နွားနို့တစ်ညှစ်ခန့် ကာလကလေးမျှပင် ခန္ဓာကိုယ်၌



www.burmeseclassic.com

www.burmeseclassic.com


အနာရောဂါဟူ၍ တစ်ကြိမ်တစ်ခါမျှပင် မဖြစ်စဖူး၊ အနာရောဂါအတွက် ဆေးဝါး တစ်စိတ်တစ်ခြမ်း တစ်တို့ကလေးမျှပင် မမှီဝဲ၊ မသုံးစွဲရဘူးချေ၊ မည်သည့်အရာကိုမျှ မျှော်လင့်တောင့်တ နေစရာမလို၊ အချိန်တန်လျှင် လိုအပ်သမျှ အလိုအလျောက် ရောက်ရှိလာသည်၊ ကောင်းမှုကို ကောင်းမှုနှင့်တူအောင် လုပ်ထားခဲ့သဖြင့် ကောင်းမှုက ကောင်းမှုပီပီ အံ့ဩဖွယ်ကောင်းလောက်အောင် ပေးပြနေခြင်းဖြစ်သည်။

နောက်ဆုံးဘဝ၌ ရဟန်းပြု၍ တရားအားထုတ်တော့လည်း အခက်အခဲ လုံးဝမရှိ၊ (၇) ရက်သာ အားထုတ်ကာ လွယ်ကူစွာပင် ရဟန္တာဖြစ်ခဲ့သည်၊ ပရိနိဗ္ဗာန်စံတော့လည်း သူတစ်ပါး ပယောဂလည်း မပါ၊ ရောဂါအနှောင့်အယှက်လည်းမရှိ၊ တေဇောကသိုဏ်းဝင်စားကာ မိမိကိုယ်တိုင် တေဇောဓာတ် လောင်ကျွမ်း အောင် အဓိဋ္ဌာန်ပြီး ကိုယ့်ဟာကိုယ် ရုပ်ကလာပ်ကို မီးရှို့သွားခဲ့လေသည်၊ မကြားစဖူး အဖြစ်ထူးဟုပင်ဆိုရမည်။

စိတ်ထိန်းပိုင်နိုင်လှသည့် အရှင်ဗာကုလ၏ "ကျန်းမာရွှင်လန်းမေတ္တာစွမ်း" ဘဝခရီးစဉ်နှင့် ဘဝအပြီးသတ်မှုကား တည်ငြိမ် အေးချမ်းလှပေသည်၊ လိုသမျှ ရသည်၊ တောင်းသမျှ ပြည့်သည်၊ ကိလေသ ပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန် နှစ်မျိုးလုံး မည်သည့်အခက်အခဲမျှမရှိ ဘဝခရီးသွားနည်းကို အရှင်မြတ်ကြီးက နည်းစနစ် ပေးသွားပေသည်။

## ၇။ ကျန်းမာရွှင်လန်း ဆေးအစွမ်း

- **သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ကြီး၏။**
- **ချစ်သူမကွဲ၊ ဆင်းရဲရန်ဘေး၊ ကင်းစင်ဝေးပြေး၊ မြဲရံပွား၊ အများရှိသေ၏။**
- **ဆေးကိုလှူတာ၊ ကျိုးဆယ်ဝ၊ မုချရနိုင်၏။ (အပဒါန-၁-၃၆၃)**
- **ဆေးရုံ ဆေးခန်း၊ စိတ်ရွှင်လန်းစွာ၊ လှူသူမှာလည်း၊ ဆယ်မျိုးဘဲ၊ မလွဲရနိုင်၏။**
- **ဆေးကိုပေးမှု၊ အသက်လှူ၊ လှူသူမှာလည်း သက်ရှည်၏။**
- **တရားအသက်၊ တွဲ၍ဖက်၊ ရင့်ကျက်ရှည်လို၏။**
- **ဆေးကိုပေးမှု၊ ကျန်းမာလှူ၊ လှူသူမှာလည်း ကျန်းမာ၏။**
- **ကိုယ်စိတ်အနာ၊ ကင်းစင်ကွာ၊ ချမ်းသာအေးလို၏။**
- **ဆေးကိုပေးမှု၊ အားလုံးလှူ၊ လှူသူမှာလည်း အားလုံးပြည့်။**
- **အားလုံးထဲမှာ၊ လွတ်ငြိမ်းတာ၊ မှန်စွာရလို၏။**
- **ကျန်းမာရွှင်လန်း၊ ဆေးအစွမ်း၊ အေးချမ်းရလို၏။**

ရုပ်ခန္ဓာသည် အကြောင်းနှင့် ဆက်စပ်နေ၍ အကြောင်းကောင်းမွန်နေမှ နေသာထိုင်သာ ရှိ၏၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းလေးပါးဖြင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီးလေးပါး ညီညွတ်အောင် သတိဉာဏ်ရှေ့သွားပြု၍ ပြုပြင်နေရသည်၊ ကိုယ့်ဟာကိုယ်လည်း အမြဲမပြတ် ပြုပြင်ပေးရသည်၊ သူတစ်ပါးတို့၏ ရုပ်ခန္ဓာကိုလည်း ကျန်းမာအောင် စွမ်းနိုင်သမျှ ကူညီပြုပြင်ပေးရသည်။

ရုပ်မကျန်းမာခြင်းသည် ဓာတ်လေးပါး မညီမညွတ် ဖြစ်နေခြင်း၊ ဖောက်ပြန်နေခြင်း ဖြစ်သည်၊ မကျန်းမာသူကို ကျန်းမာအောင် ဆေးဝါးကုသပေးခြင်းသည် ဥတု အာဟာရဖြင့် ဓာတ်လေးပါး ညီညွတ်သွားအောင် ပြုပြင်ပေးခြင်းဖြစ်သည်၊ မကျန်းမမာဖြစ်ကြသော အခြားပုဂ္ဂိုလ်များ ဆေးဝါး ကုသနိုင်ရန် ဆေးဝါးဓာတ်စာများ လှူဒါန်းပေးကမ်းခြင်း ဆေးဝါးကုသရာဌာနဖြစ်သော ဆေးရုံဆေးခန်းများ ဆောက်လုပ်လှူဒါန်းခြင်းသည်လည်း မကျန်းမာသူကို ဓာတ်သဘာဝ ညီညွတ်အောင် ကူညီပြုပြင်ပေးခြင်းပင် ဖြစ်သည်။

မကျန်းမာသူများအတွက် ရောဂါကင်းပျောက်စေလိုသော ကရုဏာ၊ ကျန်းမာ ချမ်းသာစေလိုသော မေတ္တာဖြင့် ဆေးဝါးကုသပေးခြင်း ဆေးဝါးဓာတ်စာ လှူဒါန်းပေးကမ်းခြင်း ဆေးကုသနိုင်အောင် ဆေးရုံဆေးခန်း လှူဒါန်းခြင်းသည် မကျန်းမာသူကို မိမိ၏စွမ်းရည်ဖြင့် ကူညီစောင့်ရှောက်ပေးရာ ရောက်သည်သာမက မိမိ၏ ကံအား ဉာဏ်အားကိုလည်း မြှင့်တင်ပေးရာ ရောက်ပေသည်၊ ကိုယ့်စေတနာက ကိုယ့်ကို အကောင်းဓာတ်များ


www.burmeseclassic.com

www.burmeseclassic.com


တုံ့ပြန်ပေးသည်၊ ကံကောင်း ဉာဏ်ကောင်းက အကျိုးကောင်းများ ရရှိလာအောင် တုံ့ပြန်သည်၊ သူ့ကိုစောင့်ရှောက်သဖြင့် ကိုယ့်ဂုဏ်လည်း မြောက်ရသည်။

သဒ္ဓါ၊ မေတ္တာ၊ ကရုဏာ၊ ပညာဖြင့် မကျန်းမာသူအားလုံး ကျန်းမာအောင် ဆေးဝါး ကုသပေးလျှင် ဆေးဝါးဓာတ်စာ လှူဒါန်းပေးကမ်းလျှင် ဆေးကုသနိုင်အောင် ဆေးရုံဆေးခန်း ဆောက်လုပ်ပေးလျှင် ထိုမွန်မြတ်သော စိတ်ထားရှိသူ စေတနာရှင်သည် အကျိုး (၁၀) ပါးကို စေကန်ရရှိသည်။

(၁) ဘဝတိုင်းအသက်ရှည်သည်၊ သက်တမ်းစေ့အောင် ကျော်အောင်နေရသည်၊

(၂) ဥပဓိရုပ်ပြည့်စုံ၍ ရုပ်ဆင်းလှပသည်၊

(၃) ကိုယ်စိတ်နှစ်ပါး ချမ်းသာအေးမြသည်၊

(၄) ကာယဗလပြည့်စုံသည်၊ ခွန်အားကောင်းသည်၊

(၅) ဉာဏ်ကြီးမား ထက်မြက်သည်၊ အရာရာ အသိစူးရှ ထက်မြက်သည်၊ လေးနက်သော ဉာဏ်ရှိသည်၊

(၆) ချစ်ခင်မြတ်နိုးအပ်သည့် ဆွေမျိုးမိတ်ဆွေများနှင့် မကွဲမကွာ ရာသက်ပန် တစ်သက်လုံး အတူနေရသည်၊

(၇) ဆင်းရဲမှုကင်းသည်၊ အောက်ကျ နောက်ကျ အခြေအနေမဲ့ မဖြစ်ရ၊ စိုးရိမ်ကြောင့်ကြ ပူပန်စရာကင်းသည်၊

(၈) ဆန့်ကျင်ဖက် ဘေးရန် ကင်းဝေးသည်၊ မည်သည့် သက်မဲ့သက်ရှိ ဘေးရန်ကမျှ အနှောင့်အယှက် မပေးနိုင်ကြ၊

(၉) စိတ်ချမ်းသာကြောင်း အခြံအရံကောင်း များနှင့် ပြည့်စုံသည်၊ ဆွေမျိုးမိတ်ဆွေ ကောင်းပေါ်များသည်၊

(၁၀) အများ၏ ရှိသေလေးစားမြတ်နိုးမှုကို ခံယူရသည်။

ဆေးရုံဆေးခန်း ဆေးဝါးလှူဒါန်းလျှင် အသက်ရှင်အောင် လှူဒါန်းခြင်းဖြစ်သဖြင့် အသက်ကို လှူရာရောက်သည်၊ လှူသူမှာလည်း ဘဝတိုင်း အသက်ရှည်ရသည်၊ ရှင်သမျှ အသက်ကို ဗလာအသက် မဖြစ်စေဘဲ သတိဉာဏ်သွင်း၍ တရားအသက်ပါ တွဲဖက်၍ ရှင်နိုင် ရှည်နိုင်အောင် အသက်ရှင်နေသလောက် တရားစွမ်းအား ရင့်ကျက်နေအောင် ဉာဏ်ဦးဆောင်ပေးရမည် ဖြစ်သည်။

ဆေးလှူခြင်းသည် အနာရောဂါ ကင်းပျောက်အောင် လှူခြင်းဖြစ်သဖြင့် ကျန်းမာရေးကို လှူခြင်း ဖြစ်ပါသည်၊ စေတနာကောင်းက ပြန်တုံ့ပြန်သဖြင့် လှူသူလည်း အနာရောဂါကင်း၍ ကျန်းမာရသည်၊ ရုပ်အနာကင်းရုံမျှမက စိတ်အနာပါကင်း၍ ငြိမ်းအေးချမ်းသာအောင် ကျန်းမာနေသလောက် တရားစွမ်းအား တိုးပွားနေအောင် ဉာဏ်ဦးဆောင်ပေးရမည် ဖြစ်ပါသည်။

အနာရောဂါကင်း၍ ကိုယ်ကျန်းမာနေလျှင် အကောင်းအားလုံး ရယူနိုင်စွမ်းရှိသဖြင့် ဆေးလှူခြင်းသည် အကောင်းအားလုံးကို လှူရာရောက်သည်။ အကောင်းအားလုံးထဲမှ အကောင်းဆုံးဖြစ်သော လွတ်ငြိမ်းချမ်းသာမှု အစစ်ကို ရရှိရန် ဉာဏ်ဖြင့်ရည်သန် ဦးဆောင်ထားရမည်၊ မေတ္တာ၊ ကရုဏာ၊ သဒ္ဓါ၊ ပညာရွှေ့သွားပြု၍ စေတနာကောင်းဖြင့် ဆောင်ရွက်ပေးမှုကြောင့် တိုင်းတာကန့်သတ် ရေတွက်မရနိုင်သော "ကျန်းမာရွှင်လန်း ဆေးအစွမ်း" များကို သူရောကိုယ်ပါ သေချာပေါက် ရရှိမည်သာ ဖြစ်ပါသည်။

## ၈။ နေကောင်းရဲ့လား၊ သုံးလို့ဖြစ်ပါတယ်

- **အသိကင်းက၊ ထမ်းထားရ၊ ဘာမှမရပါ။**
- **အသိရှင်းက၊ စွမ်းအားပြ၊ ဘဝအနှစ်ပါ။**
- **အရှုံးမတော်၊ အရှုံးပေါ်၊ ဖြုံးသော်ပူရပါ။**
- **ရုပ်ကိုလည်းပြင်၊ စိတ်လည်းပြင်၊ ဉာဏ်ယှဉ်သုံးစွဲရာ။**



www.burmeseclassic.com

www.burmeseclassic.com



- သုံး၍ဖြစ်ရုံ၊ ဤလူ့ဘုံ၊ ဉာဏ်ခြုံသုံးသပ်ရာ။
- ကိုယ့်ကိုကိုယ်သုံး၊ စိတ်နှလုံး၊ ရွှင်ပြုံးအားတက်ပါ။
- ကိုယ်ကျန်းမာလျှင်၊ စိတ်ကြည်လင်၊ မြော်မြင်သုံးတတ်ပါ။
- ကျန်းမာရွှင်လန်း၊ မေတ္တာစွမ်း၊ အေးချမ်းရသည်သာ။

ချစ်ခင်ရင်းနှီးသူ လူအချင်းချင်း တွေ့ဆုံကြတိုင်း "နေကောင်းရဲ့လား" ဟု မေးတတ်ကြသည်၊ အခြားစကားကို မပြောမီ ရှေးဦးစွာ ပြောကြသည့်စကားဦးလည်း ဖြစ်သည်၊ မြတ်နိုးဖွယ် နှုတ်ခွန်းဆက် စကားဟုလည်းဆိုနိုင်သည်၊ အမြတ်ဆုံးလာဘ်ဖြစ်သည့် ကျန်းမာရေးကို တန်ဖိုးထားသည့် စကားဟုဆိုလျှင်လည်း ဖြစ်နိုင်သည်၊ မြတ်စွာဘုရားသည်ပင် ကိုယ်တော်ထံမှောက် ရောက်လာသူတိုင်းကို "ကစ္စိ တေ ခမနီယံ၊ ကစ္စိ ယာပနီယံ = ဘယ်လိုလဲ သင်၏ကိုယ်ခန္ဓာ ခန့်ကျန်း၏လော၊ မျှတ၏လော (နေကောင်း၏လော)" ဟု မေးတော်မူမြဲဖြစ်သည်၊ အမေးခံရသူတိုင်းကလည်း "ခန့်ကျန်းကြောင်း မျှတကြောင်း (နေကောင်းကြောင်း)" ဖြေဆိုကြစမြဲသာတည်း၊ ဝမ်းမြောက်ဖွယ် နှုတ်ခွန်းဆက်စကားမျိုး ဖြစ်သည်။

မိမိနှင့်တွေ့ဆုံကြရသည့် ရဟန်းရှင်လူများကလည်း မိမိကိုတွေ့လျှင် "နေကောင်းရဲ့လား" ဟု မေးတတ်ကြပါသည်၊ ထိုအခါ မိမိက "နေကောင်းပါတယ်" ဟုလည်း မဖြေဖြစ်၊ "နေမကောင်းပါ" ဟုလည်း မဖြေမိ၊ ရှင်ရဟန်းကမေးလျှင် "သုံးလို့ဖြစ်ပါတယ်ဘုရား" လူများကမေးလျှင် "သုံးလို့ဖြစ်ပါတယ်ဗျာ" ဟုသာ ဖြေမိတတ်သည်၊ တစ်ချို့က "တပည့်တော်မေးတာက နေကောင်းရဲ့လားလို့ မေးတာပါဘုရား" ဟု ပြန်မေးတတ်ကြသည်၊ မိမိကလည်း "ဟုတ်ပါတယ် သုံးလို့ရပါတယ်၊ ခိုင်းလို့လည်း ကောင်းပါသေးတယ်" ဟုသာ ဆက်၍ ဖြေမိတတ်သည်၊ တစ်ချို့က နှစ်ကြိမ် သုံးကြိမ်ပင် ပြန်မေးတတ်သည်၊ မိမိကလည်း ထိုနည်း အတိုင်းပင် ဆက်ဖြေနေတတ်သည်၊ စာမေးပွဲသဘောအရဆိုလျှင် ထိုအဖြေမျိုးသည် အောင်မှတ်ရနိုင်သည့် အဖြေမျိုးမဟုတ်၊ အမေးနှင့်ကိုက်ညီသည့် အဖြေလည်းမဟုတ်၊ အမေးနှင့်မကိုက်ညီသော်လည်း မိမိဖြေဆိုသည့် အဖြေသည် အဖြေမှန်သာ ဖြစ်ပါသည်။

ခန္ဓာသည် နေကောင်း၍ ကျန်းမာနေသော်လည်း သတိဉာဏ်ကင်းနေလျှင် သုံး၍မဖြစ်ပါ၊ စွမ်းအား ပေါ်လာအောင် မသုံးဖြစ်ပါ၊ ရုပ်ခန္ဓာ မကျန်းမာ၍ နေမကောင်းဖြစ်နေသော်လည်း သတိဉာဏ် ကောင်းနေလျှင် (စိတ်နေကောင်းနေလျှင်) သုံး၍ဖြစ်နေတတ်သည်၊ စွမ်းအားပေါ်လာအောင် သုံးဖြစ်နေတတ်ပါသည်၊ လူ့ဘဝခန္ဓာကား နေ့စဉ်သုံး၍ဖြစ်အောင် ပြုပြင်နေရ၍ သုံး၍ဖြစ်နေသမျှ ဘဝအနှစ်ပေါ်အောင် သုံးနေဖို့ သာတည်း။

လူ့ဘဝခန္ဓာသည် အထူးအားဖြင့် ဗုဒ္ဓသာသနာနှင့် တွေ့ကြုံနေရသူ၏ ခန္ဓာသည် ရှေ့နားက ပြဆိုခဲ့သည့် အတိုင်း အဓိပ္ပာယ်ကင်းမဲ့စွာ ထမ်းထားဖို့မဟုတ်၊ နေ့စဉ် ပြုပြင်၍ အသုံးချကာ စွမ်းအားပြနေဖို့သာ ဖြစ်သည်၊ မိမိသူတစ်ပါးအတွက် မိသားစုအတွက် လောကသာသနာအတွက် လောကီ လောကုတ္တရာအတွက် မှတ်မှတ် ရရ စွမ်းအားပြနိုင်ရမည်၊ အသိကင်းသလောက် လေးလံစွာ ထမ်းထားရမည်ဖြစ်၍ ခန္ဓာဝန်ထုပ်ပိကာ ဘာတစ်ခုမှ အားကိုးစရာ ရမည်မဟုတ်ချေ၊ အသိရှင်းသလောက် စွမ်းအားပြနိုင်ပြီး ဘဝအနှစ်များ ပေါ်ထွက်လာမည်ဖြစ်သည်။

ဘဝခန္ဓာသည် လဲသွားအောင် ရှန်းနေဖို့လည်းမဟုတ်၊ အလကားဖြစ်သွားအောင် ဖြုန်းပစ် ဖို့လည်းမဟုတ်၊ နေ့စဉ်ပြုပြင်၍ သုံးနေဖို့သာဖြစ်သည်၊ ဆုတ်ကပ်ကာလ လူ့တစ်ဘဝသည် အချိန်နည်းပါးလွန်းသဖြင့် နတ်များကဲ့သို့ ပျော်ရွှင်ခံစားနေဖို့ အချိန်မရှိ၊ နေ့စဉ်သုံး၍ဖြစ်ရုံသာ ပြုပြင်ကျွေးမွေးပေးနေရခြင်းဖြစ်သည်။

ဇရာစားသမျှ ခေါင်းငုံ့ခံကာ ခန္ဓာကို အလကား ဖြုန်းပစ်နေဖို့ ကျန်းမာလိုခြင်း နေကောင်းလိုခြင်းမဟုတ်၊ နိုးကြားတက်ကြွ ရွှင်လန်းစွာ ဘဝအနှစ်ပေါ်အောင် မြန်မြန်သုံးနေဖို့သာ ကျန်းမာအောင် နေကောင်းအောင် ပြုပြင်နေရခြင်းဖြစ်သည်။ နေ့စဉ်သုံး၍ဖြစ်ဖို့သာ အဓိကတည်း၊ သုံး၍ မဖြစ် တော့လျှင် အသက်ရှည်နေ၍လည်း ဘာမှ တန်ဖိုးရှိမည်မဟုတ်တော့၊ ကြာကြာ နေရဖို့ထက် အသက်ရှင်နေသမျှ ခန္ဓာကို ကောင်းကောင်း သုံးနေရဖို့သာလိုသည်၊ သို့ဖြစ်၍ ဉာဏ်ယှဉ်၍ ပြုပြင်ကာ ဉာဏ်ယှဉ်၍ပင် အဆက်မပြတ် အသုံးချနေရမည်၊ ဇရာဗျာဓိ မိစီးကာ အိပ်ရာထဲ တုံးလုံးပက်လက်လဲ၍ မသေချာသည့်အချိန်ရောက်တော့မှ ကိုယ်ပန်း စိတ်ပန်းခံ



www.burmeseclassic.com

www.burmeseclassic.com



အသက်လုပ်နေ မည့်အစား ကျန်းမာသန့်စွမ်းနေတုန်း သတိဝီရိယ ကြိုးစွာထား၍ နေ့တွက်ကိုက်အောင် မြန်မြန် အသုံးချကာ ကြိုတင် ကြိုးစားထားခြင်းက စိတ်အေးရဖို့ သေချာပေသည်။ ကိုယ့်ကို အာမခံတာဝန်ယူမည့် တရားစွမ်းအား ကျန်နေခဲ့မှသာ အသုံးချသည်ဟု ဆိုရသည်။

## ၉။ တရားစွမ်းအင် အာနိသင်

- ■ ရောဂါကြောင့်သာ၊ ဆေးဆရာ၊ စွမ်းတာသိနိုင်သည်။
- ■ ရုပ်နာမ်ခန္ဓာ၊ ကိလေသာဟူ၊ အပူကြောင့်သာ၊ ကောင်းစွာကျင့်တတ်၊ သူတော်မြတ်၏၊ မြင့်မြတ်ထူးဆန်း၊ လှူ့အစွမ်း၊ ဖြစ်ထွန်းပေါ်လာသည်။
- ■ ရောဂါအများ၊ ရှိနေငြား၍၊ ဆေးဝါးစွမ်းအင်၊ အာနိသင်၊ ပေါ်လွင်ထင်ရှားသည်။
- ■ ရုပ်နာမ်ခန္ဓာ၊ ကိလေသာဟူ၊ အပူအများ၊ ရှိနေငြား၍၊ တရားစွမ်းအင်၊ အာနိသင် ပေါ်လွင်ထင်ရှားသည်။
- ■ ကျန်းမာရွှင်လန်း၊ မေတ္တာစွမ်း၊ အေးချမ်းရလေသည်။

လူ့လောက၌ အနာရောဂါမရှိခဲ့လျှင် ဆေးဆရာ၏ အရည်အချင်း စွမ်းရည်ကို မသိနိုင်သကဲ့သို့ ရုပ်နာမ်ခန္ဓာဆင်းရဲဒုက္ခနှင့် ကိလေသာအပူများ မရှိခဲ့လျှင် တရားကျင့်သည့် သူတော်ကောင်း၏ စွမ်းအား ဂုဏ်ရည်များကို သိနိုင်ခွင့်ရမည်မဟုတ်ပေ၊ အနာရောဂါရှိနေသောကြောင့်သာ ဆေးဆရာ၏ စွမ်းရည်ကို သိနိုင်သကဲ့သို့ ရုပ်၊ နာမ်၊ ခန္ဓာ၊ ဆင်းရဲနှင့် ကိလေသာ အပူများကြောင့်သာ တရားကျင့်သည့် သူတော်ကောင်း၏ စွမ်းအားကို အတုယူ အားကျဖွယ်အဖြစ် သိခွင့်ရနိုင်ကြသည်။

အနာရောဂါမရှိလျှင် ဆေးဝါးစွမ်းအင် အာနိသင်ကို မသိရသကဲ့သို့ ရုပ်နာမ်၊ ခန္ဓာ၊ ဆင်းရဲ ဒုက္ခနှင့် ကိလေသာအပူများမရှိလျှင် တရားစွမ်းအား အာနိသင်ကို မသိနိုင်၊ အနာရောဂါကြောင့် ဆေးဝါးစွမ်းအင် အာနိသင် ပေါ်လွင်ရသကဲ့သို့ ရုပ်နာမ်ခန္ဓာ ဆင်းရဲနှင့် ကိလေသာ အပူများကြောင့်သာ အပူငြိမ်းကြောင်း တရားကောင်းဟူ၍ တရားစွမ်းအင် အာနိသင်ပေါ်လွင်လာရ ခြင်းဖြစ်သည်။

အနာရောဂါသည် ဆေးဝါးအာနိသင်နှင့် ဆေးဆရာစွမ်းအင်ကို ဖော်ထုတ်ပေးသကဲ့သို့ ရုပ်နာမ်၊ ခန္ဓာဆင်းရဲနှင့် ကိလေသာ အပူရှိန်များသည် တရားစွမ်းအင် အာနိသင်နှင့် သူတော်ကောင်း စွမ်းအားကို ဖော်ထုတ် ဂုဏ်တင်ပေးတတ်သည့် တွန်းအားကြီးများဖြစ်သည်။

သတိဉာဏ်မရှိသူအတွက် အနာရောဂါကြောင့် ဘဝပျက်၍ ဆုံးရှုံးနိုင်သော်လည်း သတိဉာဏ်ရှိသူ အတွက် ဘဝတက်၍ အမြတ်ထွက်နိုင်သည်၊ အနာရောဂါကို အကြောင်းခံ၍ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာများ တိုးပွားရသည်၊ အနာရောဂါကြောင့် မေတ္တာ၊ ကရုဏာဖြင့် ဆေးဝါး ကုသပေးရခြင်း ဆေးဝါးဓါတ်စာ လှူဒါန်းခွင့်ရခြင်း ဆေးရုံဆေးခန်းများ ဆောက်လုပ်လှူဒါန်းခွင့်ရခြင်း မေတ္တာကရုဏာပွားရခြင်း သတိ သံဝေဂတိုးရခြင်း ဝိပဿနာအသိများ ဖြစ်ပေါ်တိုးပွားရခြင်းစသော တန်ဖိုးမဆုံးဖြတ်နိုင်သည့် ကောင်းမှုတရားများ တိုးပွားလာကြရသည်။

သတိဉာဏ် မရှိသူအတွက် ကိလေသာအပူကြောင့် ဂုဏ်ပျက်တတ်သော်လည်း သတိဉာဏ် ရှိ၍ သုံးတတ်သူအတွက် ကိလေသာအပူကြောင့်ပင် ဂုဏ်တက်ကြရသည်၊ လူ၏ သန္တာန်၌ တရား စွမ်းအား တက် မတက် သိလိုလျှင် ကိလေသာဖြစ်စရာ ဆင်းရဲဒုက္ခ လောကဓံအာရုံများဖြင့် စမ်းသပ်ကြည့်ရသည်၊ အစမ်းခံ နိုင်လျှင် တရားစွမ်းအား တက်နေပြီဟု သိရသည်၊ အစမ်းမခံနိုင်လျှင် ဘာမှမရှိသေး၊ ဘာမှမစွမ်းသေးဟု နားလည်ရသည်။

ရုပ်ခန္ဓာ၌ အနာရောဂါရှိလာလျှင် ရောဂါပျောက်ရန် ဆေးဝါးမှီဝဲကြရသည်၊ "ဖျား၍ ဆေးသောက်သည်"၊ "နေမကောင်း၍ ဆေးစားသည်၊ မကျန်းမာ၍ ဆေးထိုးသည်၊ အနာရှိ၍ ဆေးလိမ်းသည်" ဟု စကားအဖြစ်ပြောကြသည်၊ အဖြောင့်အားဖြင့်" အဖျားပျောက်လို၍ ဆေးသောက်သည်၊ နေကောင်းလာအောင်



www.burmeseclassic.com

www.burmeseclassic.com


ဆေးစားသည်၊ ကျန်းမာလာအောင် ဆေးထိုးသည်၊ အနာပျောက်အောင် ဆေးလိမ်းသည်" ဟု နားထောင်ရသူ ကြားရသူတို့က သဘောပေါက် နားလည်ကြသည်။

ထို့အတူ စိတ်၌လည်း ကိလေသာ အပူရောဂါများရှိနေ၍ စိတ်နာပျောက်ရန် တရားဆေးကို မှီဝဲကြရသည်။ "ပျင်း၍ တရားနာသည်၊ စိတ်မနိုင်၍ တရားထိုင်သည်၊ စိတ်ရှုပ်၍ တရားမှတ်သည်၊ စိတ်ညစ်၍ သမာဓိပွားသည်" ဟု စကားအဖြစ် ပြောလျှင် ဖြစ်နိုင်သည်၊ "အပျင်း ရောဂါပျောက်အောင် တရားနာသည်၊ စိတ်ရှင်းအောင် သမာဓိပွားသည်၊ စိတ်စင်ကြယ်သန့်ရှင်းသွားအောင် သမာဓိပွားသည်" ဟု သဘောပေါက် နားလည်နိုင်ပါသည်။

အနာရောဂါကြောင့် ဆေးဆရာနှင့် ဆေးအစွမ်းပေါ်ပေါက်လာ၍ ဆေးဆရာအစွမ်းနှင့် ဆေးအစွမ်း ကိုလည်း အနာရောဂါကပင် အံ့ဩစရာကောင်းလောက်အောင် ဖော်ထုတ်ပေးသည်၊ ရောဂါကြီးလေ ဆေးဆရာ အစွမ်းနှင့် ဆေးအစွမ်းပို၍ ပေါ်လာလေပင်ဖြစ်သည်၊ ကိလေသာအပူများနှင့် လူ့ဒုက္ခမျိုးစုံများကြောင့် သူတော်ကောင်းနှင့် တရားပေါ်ပေါက်လာ၍ သူတော်ကောင်းအစွမ်းနှင့် တရားအစွမ်းကိုလည်း အပူဒုက္ခမျိုးစုံ ကပင် အံ့ဖွယ်ကောင်းလောက်အောင် ဖော်ထုတ်ပေးသည်၊ ဒုက္ခအပူကြီးလာလေ လူ့အစွမ်းနှင့် တရားအစွမ်းပို၍ ပေါ်လာလေပင် ဖြစ်တတ်ပါသည်။

## ၁၀။ ရုပ်နာစိတ်နာ ဤနှစ်နာ ဘယ်နာပို၍ ဆိုးသနည်း

- **ရုပ်၏အနာ၊ စိတ်အနာ၊ အနာနှစ်မျိုးရှိ။**
- **ရုပ်၏အနာ၊ ပျောက်လွယ်ပါ၊ စိတ်နာပျောက်ရန် ခက်ခဲ၏။**
- **စိတ်၏အနာ၊ တိုးပွားလာ၊ ရုပ်နာပိုဆိုး၏။**
- **စိတ်၏အနာ၊ ကင်းရှင်းလာ၊ ရုပ်နာအကျိုးရှိ။**
- **စိတ်နာပျောက်ရန်၊ အသိဉာဏ်၊ လမ်းမှန်ရှာ၍ကြည့်။**
- **ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ စိတ်နာပျောက်အောင်ကုပေး၏။**
- **စိတ်နာပျောက်မှ၊ ငြိမ်းအေးရ၊ ဒုက္ခအပူလွတ်နိုင်၏။**
- **ကျန်းမာရွှင်လန်း၊ မေတ္တာစွမ်း၊ အေးချမ်းရလေ၏။**

လူ့ခန္ဓာ၌ သာမန်အားဖြင့် သတ္တဝါခန္ဓာ၌ ရုပ်အနာ စိတ်အနာဟု အနာ နှစ်မျိုးရှိသည်။ ရုပ်ခန္ဓာရှိလျှင် ရုပ်နာရှိနိုင်သည်၊ အကြောင်းဖောက်ပြန် ရောဂါဒဏ် နှိပ်စက်ခံရသည့် ရုပ်နာအကြီး စားလည်း ဖြစ်နိုင်သည်၊ နတ်ပြဟ္မာခန္ဓာ၌ မထင်ရှားသော်လည်း လူ့ခန္ဓာ စသည့်၌ကား ထင်ရှားသော ရုပ်နာအကြီးစားများ ဖြစ်နိုင်ခွင့်ရှိသည်၊ ဖြစ်ပျက်နှစ်တန် သင်္ခါရဒဏ် နှိပ်စက်ခံရသည့် ရုပ်နာအသေးစားကား ရုပ်ခန္ဓာရှိသူအားလုံး၌ ရှိနိုင် ဖြစ်နိုင်သော အနာမျိုးဖြစ်သည်၊ ကမ္ဘာဦးကာလ ရှေးအခါက လူ့လောက၌ ရုပ်နာ (၃) မျိုးသာ ရှိခဲ့သည်၊ ဆာလောင်၍ စားသောက်ချင်သော အနာ၊ ထမင်းဆီယစ်၍ အိပ်ချင်သောအနာ၊ အိုသော အနာ တို့ဖြစ်သည်၊ နောက်မှ ကိလေသာ အပူရှိန် တိုးလာမှုကြောင့် ရုပ်နာရောဂါများ ၉၈-မျိုးထိ တိုးလာရသည်ဟု သိရသည်၊ စိတ်နာဆိုးသဖြင့် ရုပ်နာတိုးရခြင်းဖြစ်သည်။

ကိလေသာမကင်းသေးသူအားလုံး၌ စိတ်အနာရှိနိုင် ဖြစ်နိုင်သည်၊ စိတ်၌ဖြစ်ပျက် နှစ်တန် သင်္ခါရဒဏ်၏ နှိပ်စက်မှုရှိနေသော်လည်း ရုပ်ကဲ့သို့ မထင်ရှားပေ၊ အနာအဖြစ် ကျန်မနေခဲ့ပေ၊ ကိလေသာဖြစ်တိုင်း စိတ်အနာ ပေါ်ပေါက်လာရသည်၊ သို့ရာတွင် ကိလေသာဖြစ်တိုင်း "စိတ်နာ သည်" ဟု မဆိုကြဘဲ ရုပ်ကိုပါ အပူဓာတ်ကူးကာ ညှိုးနွမ်း ပင်ပန်းသွား စေသည့် ဒေါသ ဒေါမနဿ အပူများ စိတ်ကိုလွှမ်းမိုးခံရမှ "စိတ်နာသည်" ဟု ဆိုကြသည်၊ ရုပ်ကို ဟန်ဆောင်ထိန်းထားနိုင်စွမ်း မရှိနိုင်လောက်အောင် ပြောင်းလဲဖောက်ပြန်ပူလောင်သွားလျှင် "စိတ်နာ" ပေါ်လာခြင်းဖြစ်သည်၊ စိတ်နာပေါ်လာ၍ ချက်ချင်းသတိဉာဏ်ဖြင့် ရှုမှတ်ပေးနိုင်ပါမူကား စိတ်အပူဓါတ်သည် ရုပ် ဖောက်ပြန်သွားအောင် ကူးစက်မလာတော့ဘဲ စိတ်ထဲတွင်ပင် ငြိမ်သက် ငြိမ်းချမ်းသွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ရုပ်အနာပေါ်လာပါက ဆေးဝါးဓါတ်စာများဖြင့် ကုသပေးလျှင် လွယ်ကူစွာ ပျောက်တတ်သည်၊ ဆေးတွေ့သွားလျှင် ရုပ်အနာ ပျောက်လွယ်တတ်သည်၊ စိတ်အနာကား လောကဆေးဝါးဖြင့် ကုသ၍ မပျောက်နိုင်၊ ပျောက်ဖို့ ခက်ခဲတတ်သည်၊ သမထဝိပဿနာတရား ဆေးဝါးဖြင့် ကုသပေးမှ သက်သာ ပျောက်ကင်းတတ်သည်၊ ရုပ်နာ၍ စိတ်ပါနာလာလျှင် စိတ်နာကြောင့် ရုပ်နာ ပိုဆိုးတတ်သည်၊ ရုပ်နာ သော်လည်း တရားဘာဝနာ အလုပ်ကြောင့် စိတ်နာ ကင်းရှင်းနေလျှင် ရုပ်အနာ အကျိုးပင် ရှိနေတတ်သည်၊ ရုပ်နာကို ဉာဏ်စိုက်၍ ရှုမှတ်နေလျှင် ရုပ်နာကြောင့် ဝိပဿနာဉာဏ် ရင့်ကျက်လာတတ်သည်၊ ရှုဖန်များလျှင် အံ့ဖွယ် ကောင်းလောက်အောင်ပင် ရုပ်နာ ပျောက်ကင်းသွားတတ်ပါသည်။

စိတ်နာလာလျှင် ရုပ်ကို ရန်မရှာဘဲ စိတ်နာပျောက်ကြောင်း နည်းလမ်းကောင်းကိုသာ ဉာဏ်ဖြင့် ရှာကြံသင့်သည်၊ ဗုဒ္ဓမြတ်စွာသာသနာသည် စိတ်နာအားလုံး ပျောက်အောင် ကုပေးနိုင်သည့် အကောင်းဆုံး နည်းလမ်းဖြစ်သည်၊ စိတ်နာပျောက်အောင် သတိဉာဏ်ဖြင့် နည်းမှန်လမ်းမှန် ကုသပေးနိုင်မှ စိတ်နာသာမက ရုပ်နာပါပျောက်ပြီး ဒုက္ခအားလုံး လွတ်ငြိမ်းနိုင်မည်ဖြစ်သည်၊ တရားဆေးအကုန်လုံးကို ချုပ်ကိုင်ထားသော အရာသည် သတိဉာဏ် ဖြစ်သည်၊ လူ့အခက်အခဲကို တရားကလွဲ၍ မည်သည့်အရာကမှ ပြေလည်အောင် ဖြေရှင်းမပေးနိုင်ပါ၊ ဗုဒ္ဓသာသနာဟူသည် တစ်ခုတည်းသော ဒုက္ခအပူ ထွက်ပေါက်ဖြစ်၍ ဉာဏ်ကောင်း စိတ်ကောင်း ထုတ်လုပ်သည့် စက်ကြီးလည်း ဖြစ်သည်။

## ၁၁။ တရားရေအေး အမြိုက်ဆေး

**၁ - ဆာလောင်မှုတွေ၊ ပြေပျောက်စေ၊ ပေးလေရေစွမ်းအား။**
**- အားငယ်မှုတွေ၊ ပြေပျောက်စေ၊ ပေးလေမြတ်တရား။**
**၂ - ညစ်ညမ်းမှုတွေ၊ သန့်ရှင်းစေ၊ ပေးလေရေစွမ်းအား။**
**- စိတ်ဓါတ်ရှုပ်ထွေး၊ ညစ်ထေးမှုတွေ၊ သန့်ရှင်းစေ၊ ပေးလေမြတ်တရား။**
**၃ - ပူလောင်မှုတွေ၊ ငြိမ်းအေးစေ၊ ပေးလေရေစွမ်းအား။**
**- စိတ်ပူမှုတွေ၊ အေးမြစေ၊ ပေးလေမြတ်တရား။**
**၄ - ညှိုးနွမ်းမှုတွေ၊ လန်းဆန်းစေ၊ ပေးလေရေစွမ်းအား။**
**- စိတ်ဓါတ်ညှိုးနွမ်း၊ ပင်ပန်းမှုတွေ၊ ရွှင်လန်းစေ၊ ပေးလေမြတ်တရား။**
**- တရားရေအေး၊ အမြိုက်ဆေး၊ ဖြူဖွေးသန့်စင်သွား။**
**- ကျန်းမာရွှင်လန်း၊ မေတ္တာစွမ်း၊ အေးချမ်းမြတ်တရား။**

လောက၌ ဆာလောင်မှု၊ ညစ်ညမ်းမှု၊ ပူလောင်မှု၊ ညှိုးနွမ်းမှု စသည်တို့ ရှိနေကြသဖြင့် ၄င်းတို့ကို ပယ်ဖျောက်ကုစားရန် ရေစင်ရေအေးကို မချွတ်ကေန် လိုအပ်သကဲ့သို့ အားတက် သန့်စင် ငြိမ်းချမ်း ရွှင်လန်းစွာနေထိုင်နိုင်ရန် လူ့သန္တာန်၌ တရားရေအေး အမြိုက်ဆေးကို ရှိအောင် လုပ်နေကြရသည်၊ စိတ်နာအားလုံး ကုစားရန် တရားဆေးသည် မရှိမဖြစ်သည့် လူ့ဘဝ အိမ်သုံး၊ ကျောင်းသုံးဆေးဖြစ်သည်။

တရားသည် လောကကို အနိုင်ယူနိုင်ဖို့ လွှမ်းမိုးဖို့ ဘောင်ခတ်ပေးဖို့ ပေါ်ပေါက်လာခြင်း ဖြစ်သဖြင့် လောကထဲ၌ အား အကောင်းဆုံးဖြစ်သည်၊ တရားကို ရေအေးဟုလည်း ဆိုရသည်၊ အမြိုက်ဆေးဟုလည်း ဆိုလျှင်ဖြစ်နိုင်သည်၊ လောကသည် အဆိုးနှင့်အကောင်း ဒွန်တွဲနေသည်၊ အဆိုးနှင့် အကောင်းတွင် အဆိုးကသာ ပို၍ များသည်၊ အကောင်းကား ကြိုးကြိုးစားစား သတိ ထား၍ ဆွဲထုတ်ယူနိုင်မှ ရနိုင်သည့် အရာမျိုးဖြစ်သည်၊ အဆိုးကို အလိုအလျောက် ရနိုင်သော်လည်း အကောင်းကို အလိုအလျောက် မရနိုင်ပါ။

(၁) ရေစင်ရေအေးသည် ဆာလောင်မွတ်သိပ်မှုကို ပြေပျောက်စေ၍ အားရှိပြည့်ဝ သွားစေ သကဲ့သို့ တရားရေအေးသည်လည်း စိတ်ဆာလောင်မှု စိတ်အားငယ်မှု ကြောက်ရွံ့ ထိတ်လန့် တုန်လှုပ်မှု


www.burmeseclassic.com

www.burmeseclassic.com


အားလုံးကို ပယ်ဖျောက်ပေး၍ စိတ်ကို အားတက်သွားစေသည်၊ စိတ်ကို အဆာပြေ သွားစေသည်၊ ကြောက်လန့်တုန်လှုပ်မှု ကင်းပျောက်သွားစေသည်၊ တရားမှတပါးစိတ်ကို အားပြည့်သွားအောင် ဆောင်ရွက်ပေးနိုင်သော အရာဟူ၍ လုံးဝမရှိ။

(၂) သန့်စင်သောရေသည် အညစ်အကြေးအမျိုးမျိုးကြောင့် ညစ်ထေးပေကျံလာသော ညစ်ညမ်းမှုအားလုံးကို သန့်ရှင်းစင်ကြယ်သွားအောင် သုတ်သင်ရှင်းလင်း ဆေးကြောပေးနိုင်သည်၊ ရေမရှိလျှင် လူ့လောကကြီး အကျည်းတန် အရုပ်ဆိုးသွားမည်ဖြစ်သည်၊ တရားသည်လည်း ကိလေသာ အညစ်အကြေးများကြောင့် ညစ်ထေးပေကျံလာရသော စိတ်ညစ်မှု၊ စိတ်ရှုပ်မှုအားလုံးကို စင်ကြယ်သွားအောင် ရှင်းလင်းသန့်စင်ပေးနိုင်သည်၊ တရားရေမရှိလျှင် လူ့ဘဝ ရုပ်ပျက်သွားမည်၊ စိတ်ပျက်သလောက် ရုပ်ပျက်သွားမည်သာဖြစ်သည်၊ တရားသည် တစ်ခုတည်းသော ဒုက္ခ အပူထွက်ပေါက် ဖြစ်သည်။

(၃) ရေစင်ရေအေးသည် ပူလောင်မှုအားလုံးကို ငြိမ်းအေးသွားအောင် ဆောင်ရွက်ပေးနိုင်သည်၊ ပူအိုက်လာသည့်အခါ ရေအေးကို သောက်သုံးရလျှင် အပူသက်သာ၍ ငြိမ်းအေးသွားသည်၊ အပူကို ဖယ်ရှားပေးသည်၊ အနည်းဆုံးသက်သာသွားစေသည်။

စိတ်အပူအားလုံး ကိလေသာအရင်းခံကြသည်၊ မည်သည့်အပေါက်ကမျှ မထည့်သွင်းရဘဲ စိတ်အပူများ အထဲသို့ ရောက်နေတတ်ကြသည်။ ဒေါသ၊ ဒေါမနဿ စသော အပူရှိန် ပြင်းထန်လာသောအခါ သောက အပူများ တိုးတက်လာသည်၊ စိတ်ထဲ၌ တစ်ငွေ့ငွေ့ လောင်လာသည်၊ နောက်တော့ ပါးစပ်က အသံထုတ်အော်ရလောက်အောင်၊ ငိုကြွေး မြည်တမ်းရလောက်အောင် ပရိဒေဝ အပူရှိန် တက်လာတတ်သည်၊ သောက ပရိဒေဝ အပူရှိန်ကို ထိန်းနိုင်စွမ်း မရှိလျှင် ဥပါယာသ အပူရှိန်အထိ တက်သွားတတ်သည်၊ ဥပါယာသ အပူရှိန်ရောက်သွားလျှင် အပူရှိန်နံပါတ် ကုန်သွားပြီဖြစ်၍ ပါးစပ်က အသံထုတ်အော်၍ ပင်မရတော့၊ သတိလုံးဝ ကင်းပျောက်ပြီး မေ့မြောသွားရတတ်သည်၊ ထိုအပူရှိန်များ ကျသွားအောင်၊ လျော့သွားအောင်၊ အေးသွားအောင် တရားကလွဲ၍ မည်သည့်အရာကမျှ ဆောင်ရွက်မပေးနိုင်ချေ။ တရားမရှိလျှင် အပူသည် မည်သူ့ကိုမျှ မျက်နှာမလိုက်ပါ၊ လူမျိုးမရွေး ဘာသာမရွေး ပုဂ္ဂိုလ်မရွေး တရားမရှိသလောက် အပူက လူကိုနှိပ်စက်တတ်သည်။

(၄) ရေအေးသည် ညှိုးနွမ်းမှုအားလုံးကို လန်းဆန်းသွားစေနိုင်သည်၊ သစ်ပင်ပန်းပင်များသည် ရေအေးဓာတ်ကို မရလျှင် ညှိုးနွမ်းခြောက်သွေ့သွားနိုင်သည်၊ ရေဖြန်းထားသော ပန်းပင်နှင့် ရေမဖြန်းဘဲ ပစ်ထားသောပန်းပင်သည် လန်းဆန်းပုံချင်း ပွင့်ပုံချင်း မတူကြချေ၊ ရေဖြန်းမှ ပန်းပင်သစ်ပင်များ လန်းဆန်းနိုင်ကြမည်ဖြစ်သည်၊ တရားသည်လည်း စိတ်ဓာတ်ညှိုးနွမ်း ပင်ပန်းမှုအားလုံးကို လန်းဆန်း၍ ရွှင်လန်းတက်ကြွသွားစေနိုင်သည်။

တရားသည် အကောင်းဆုံးသော စိတ်အပန်းဖြေနည်းဖြစ်သည်၊ တရားဖြင့် အပန်းမဖြေလျှင် စိတ်မလန်းဆန်းနိုင်ပါ၊ မရွှင်လန်းနိုင်ပါ၊ အနည်းဆုံး အိပ်ရာဝင် အိပ်ရာထချိန်၌ ဘုရားရှေ့ သွားကာ မိနစ်ပိုင်းမှစ၍ တစ်စတစ်စ အချိန်တိုးပေး၍ စိတ်အပန်းဖြေကြရသည်၊ သတိနှင့် ဝီရိယ အတွဲမှန်အောင် ညှိ၍ သမာဓိပညာ တိုးအောင် လေ့ကျင့်ပေးကြရသည်။

တရားသည် စိတ်အနာအားလုံး စိတ်ရောဂါအားလုံး သက်သာပျောက်ကင်းအောင် ကုသပေးသည့် အကောင်းဆုံး ဆေးဝါးကောင်းဖြစ်သည်၊ ဒုက္ခအားလုံး အပူအားလုံး လုံးဝ အမြစ်ပြတ် ပျောက်သည်ထိ ကုသပေးနိုင်သည်၊ အပူများလေ တရားစွမ်းပြ၍ ကောင်းလေသာ ဖြစ်ရမည် ဖြစ်သည်။

## ၁၂။ ဆာနာနှိပ်စက် အကုစက်

- **ရောဂါထဲမှာ ဆာလောင်တာ၊ လွန်စွာ အဆိုးဆုံး။**
- **တစ်နေ့နှစ်ခါ၊ ကုပါသော်လဲ၊ မပျောက်ဘဲ၊ ကုမြဲတစ်သက်လုံး။**
- **ဆာနာပျောက်ရန်၊ အသိဉာဏ်၊ ရည်သန်ဘောဇဉ်သုံး။**
- **ဆာနာပျောက်စေ၊ မေတ္တာဝေ၊ ပေးလေ တရားသုံး။**


www.burmeseclassic.com

www.burmeseclassic.com


- **ဆင်ခြင်သုံးလတ်၊ မေတ္တာလွှတ်၊ ရှုမှတ်တရားထုံး။**
- **ကျန်းမာရွှင်လန်း၊ မေတ္တာစွမ်း၊ အေးချမ်းတစ်သက်လုံး။**

ဤခန္ဓာ၌ အနာရောဂါများ ဝိုင်းအုံနေကြသည်၊ အကြောင်းဖောက်ပြန်တိုင်း ဖြစ်ပေါ်လာတတ်သည့် အခြားအနာ ရောဂါများ မရှိလျှင်သော်မှ ဆာလောင်လှသည့် အနာရောဂါကား နေ့စဉ် နှိပ်စက်နေသည်၊ ရောဂါတွေထဲမှာ ဆာနာရောဂါသည် အဆိုးဆုံးဖြစ်သည်၊ အဘယ်ကြောင့် ဆိုသော် တစ်နေ့နှစ်ခါ ကုစ၍သော်မှလည်း မပျောက်နိုင်ဘဲ တစ်သက်လုံး ကုနေရသောကြောင့်ပေတည်း။

အခြားရောဂါများသည် ဆေးနှင့် တွေ့သွားလျှင် ပျောက်ကင်းသွားတတ်ကြသည်၊ အနည်း ဆုံး သက်သာသွားတတ်ကြသည်၊ ဆာနာကား နေ့စဉ်ဆေးနှင့် တွေ့နေသော်လည်း ကု၍ မပျောက်နိုင်ချေ၊ တစ်နေ့ကုလိုက် သက်သာလိုက် နောက်နေ့ပြန်ပေါ်လိုက်ဖြင့် သမုဒ္ဒရာ ဝမ်းတစ်ထွာ ဆာနာရောဂါကို ဖတ်ဖတ်မောနေအောင် ကုနေကြရသည်။

သို့ဖြစ်၍ ကိုယ့်အတွက် အစာကျွေးသည့်အခါ တစ်နေ့တာ ဆာနာပျောက်ရန် ရည်သန်၍ အသိဉာဏ်ဖြင့် စားသောက် သုံးစွဲတတ်ဖို့လိုသည်၊ စားဖွယ်ကို စားသုံးနေခြင်းသည်ပင် ဆာနာ သက်သာပျောက်ကင်းအောင် ကိုယ့်ဟာကိုယ် ဆေးကုနေခြင်းဖြစ်သည်။ ဆာနာပျောက်အောင် ကုနေရင်း စိတ်နာပျောက်အောင် တရား ဆေးကုသည့်သဘောလည်း ပါဝင်သွားစေရမည်။

စားသောက်ဖွယ်ကို စားသောက် သုံးဆောင်ရတိုင်း တစ်နေ့တာ ဆာနာရောဂါသက်သာ ပျောက်ကင်းပြီး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် လောကီလောကုတ္တရာ ကောင်းကျိုးပြုလုပ်ငန်းများကို ကြိုးစားအားထုတ် လုပ်ကိုင်နိုင်ဖို့ ဉာဏ်ဖြင့်ဆင်ခြင်၍ သုံးတတ်လျှင် သီလဖြည့်ရန် သုံးစွဲခြင်းဖြစ်လျှင် ဆာနာကုယင်း သီလ တိုးလာမည်၊ သတိနှင့် ဝီရိယတွဲပေးခြင်း၊ မေတ္တာပို့လွှတ် လွှမ်းခြုံခြင်း စသည်ကို ဆောင်ရွက်ရင်း စားသုံးတတ်လျှင် သမာဓိစွမ်းအား ပါဝင်ဖြစ်ပေါ် တိုးတက်လာမည်ဖြစ်သည်၊ အသိစိတ်နှင့် သိစရာများ ဖြစ်ပျက် ပြောင်းလဲနေပုံကို သတိဉာဏ် ကပ်ပြီး ရှုမှတ်၍ စားသောက်သုံးစွဲတတ်လျှင် ဝိပဿနာပါ တစ်ပါတည်း ရသွားပါလိမ့်မည်၊ ကိုယ့်ကို အာမခံတာဝန်ယူမည့် တရားစွမ်းအား ဘဝအနှစ်များကို ဆာနာကို နေ့စဉ် ကုနေရင်း အားတက်ဖွယ် ကောင်းလောက်အောင် ရရှိနေမည်သာဖြစ်သည်။

သူတစ်ပါးအတွက် စားသောက်ဖွယ်များကို ပေးကြ ကျွေးကြသည့်အခါ၌လည်း ဆာနာ ပျောက်၍ ချမ်းသာကြစေရန် ရည်သန်ပြီး မေတ္တာဖြင့်ပေးတတ်ဖို့လိုသည်၊ စားသောက်ဖွယ် ပေးနေခြင်း ကျွေးနေခြင်း သည် သူတစ်ပါး၏ တစ်နေ့တာ ဆာနာရောဂါကို လက်တွေ့ အစာဆေးဖြင့် ကုသပေးနေခြင်းပင် ဖြစ်သည်၊ အစားအသောက် ပေးကမ်းလှူဒါန်းနေခြင်းသည်လည်း သူတစ်ပါး ဆာနာပျောက်ရန် ဆေးအလှူ ပေးနေခြင်းပင် ဖြစ်သည်၊ သူတစ်ပါး၏ ဆာနာရောဂါကို ကုသပေးရင်း မိမိ၏ဘဝအနှစ်ဖြစ်သော ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားများကို တစ်ပါတည်း လိမ္မာကျွမ်းကျင်စွာ ဆွဲထုတ်ယူထားတတ်ရမည်။ ကိုယ့်ခန္ဓာ ပေးနေသမျှ ကျွေးနေသမျှ နေ့စဉ် ဘဝအနှစ်ကျန်အောင် အသုံးချနေဖို့သာ ဖြစ်ရမည်၊ သူတစ်ပါးအတွက် ပေးနေသမျှ ကျွေးနေသမျှသည်လည်း သူတို့ခန္ဓာကို သူတို့နေ့စဉ် ဘဝအနှစ်ကျန်အောင် အသုံးချနိုင်ဖို့သာဖြစ်စေရမည်၊ သူ့ကို မေတ္တာဖြင့် စောင့်ရှောက်ပေးလိုက်လျှင် ကိုယ့်ဂုဏ်လည်းမြောက်လာရစမြဲသာဖြစ်သည်။ ကိုယ်လည်း ကျန်းမာ စိတ်လည်းချမ်းသာ၍ "ကျန်းမာရွှင်လန်း မေတ္တာစွမ်း" ပုံစံဖြင့် နေထိုင်နိုင်ဖို့ ဘဝအနှစ်ကျန်အောင် အသုံးချနိုင်ဖို့ အမြဲလက်ကိုင်ထားရမည့် တရားကား သတိဉာဏ်သာတည်း။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်

၁၃၆၆ ခု၊ ဝါခေါင်လ၊ (၂၀၀၄ ခု၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၂၂)

## မေတ္တာလက်တွဲ ရာပြည့်ပွဲ

### နမော မေတ္တာသမ္ဗုဒ္ဓဿ

(သာသနာ-၂၅၄၇၊ ကောဇာ-၁၃၆၅ ခု၊ နတ်တော်လဆန်း-၇၊ ခရစ်-၂၀၀၃ ခု၊ နိုဝင်ဘာလ-၃၀၊ တနင်္ဂနွေနေ့ည မန္တလေးမြို့၊ ရွှေကျင်နိကာယဗဟိုဌာန၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ အောင်မြေသာစည်ကျောင်းကြီး (အလယ်တိုက်ကြီး)၌ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ်၁၀၀-ပြည့် အထိမ်းအမှတ်ပွဲတော်ကြီးအတွက် ဟောကြားခဲ့သည့် "မေတ္တာလက်တွဲ ရာပြည့်ပွဲ" တရားတော်ကို တစ်ပြိုင်တည်း တိုက် ဆိုင်ရောက်ရှိလာသော စန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက် နှစ်၁၀၀ပြည့်၊ မိမိ၏ သက်န်းသက် ၄၅-နှစ်ပြည့်နှင့် တိပိဋက နှစ်-၂၀ပြည့်၊ ကလေးမြို့နယ် တောင်ဖီလာတောရကျောင်းတိုက် နှစ်၂၀-ပြည့် အထိမ်းအမှတ်စာအုပ်အဖြစ် အမှတ်တရထုတ်ဝေလိုက်ပါသည်။)

### ၁။ မေတ္တာလက်တွဲ ရာပြည့်ပွဲ

- **မေတ္တာစိတ်မြတ်၊ အအေးဓါတ်၊ ပို့လွှတ်စောင့်ရှောက်သူ။**
- **သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ထွန်းတောက်စွမ်းအားဖြူ။**
- **စိတ်ကောင်းထားပြန်၊ စွမ်းအားမှန်၊ကိုယ့်ထံတုန့်ပြန်ဟူ။**
- **မေတ္တာပေါင်းစု၊ အကျိုးပြု၊ ကောင်းမှုတစ်လုလု။**
- **ကောင်းမှုတိုးပွား၊ ချမ်းသာများ၊ မြင့်မားအောင်လံထူ။**
- **မေတ္တာလက်တွဲ၊ ရာပြည့်ပွဲ၊ ထူးကဲအံ့ဖွယ်ဟူ။**

ယနေ့ည မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီး နှစ် (၁၀၀) ပြည့် မြောက်လာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပူဇော်တဲ့အနေနဲ့ ရာပြည့်ပူဇာ မင်္ဂလာကောင်းမှု အကြောင်းပြုကာ ကောင်းမှုတရား ကြိုးစားပြုလုပ်အားထုတ်နေကြတဲ့အခါမှာ ရာပြည့် ဓမ္မပူဇာ အနေနဲ့ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်အနေနဲ့ ပရိသတ်တွေအတွက်လည်း ဓမ္မဒါန ဓမ္မလက်ဆောင် အနေနဲ့ 'မေတ္တာလက်တွဲ ရာပြည့်ပွဲ' ဆိုတဲ့ တရားတော်ကို အာရုံပြု နာယူကြမယ်။

မေတ္တာတရားနဲ့ ညီညီညာညာပေါင်းစုပြီး ကောင်းမှုတိုးအောင် ဝမ်းမြောက်ဝမ်းသာ ကြိုးစားအားထုတ် နေကြတာဖြစ်လို့ 'မေတ္တာလက်တွဲ ရာပြည့်ပွဲ' လို့ ဆိုနိုင်ပါတယ်။ သဒ္ဓါ၊ မေတ္တာ၊ ပညာဆိုတဲ့ သာသနာပြု ခွန်အားသုံးခုကို အခြေခံပြီး ဆွေစိတ်မျိုးစိတ်တွေနဲ့ စုပေါင်းဆောင်ရွက်ကြတာဆိုတော့ သာသနာအတွက်လည်း အလွန်အကျိုးများ ကိုယ့်အတွက်လည်း တကယ်အားကိုးရမယ့် တရားစွမ်းအားတွေ အမြောက်အမြား ရရှိကြပါတယ်။ ဒါ့ကြောင့် 'မေတ္တာလက်တွဲ ရာပြည့်ပွဲ' တရားကို အာရုံပြုကြမယ်။

**ယော စ မေတ္တေန စိတ္တေန၊ သဗ္ဗပါဏာနုကမ္ပတိ။**

**ဗဟုံ ဟိသော ပသဝတိ၊ ပုညံ တာဒိသကောနရော။**

**ယော စ နရော** - တရားချစ်ခင် စိတ်ကောင်းဝင်သည့် အကြင်ကဲ့သို့သော သူတော်စင် ပုဂ္ဂိုလ် မျိုးသည်ကား၊ **မေတ္တေန စိတ္တေန** - မေတ္တာစိတ်မြတ် အအေးဓာတ်ဖြင့်၊ **သဗ္ဗပါဏေ**- တစ်ယောက်မကြွင်း ခပင်းဉဿုံ လုံးစုံများစွာ သတ္တဝါတို့ကို၊ **အနုကမ္ပတိ** - အစဉ်စောင့်ရှောက် စွမ်းအားရောက်အောင် ချီးမြောက် တတ်ပါပေ၏။ **တာဒိသကော** - မေတ္တာစွမ်းအား မြတ်တရားကို ပွားများမြင့်တင် သူတော်စင်သဘော


www.burmeseclassic.com

www.burmeseclassic.com



ရှိပါပေသော၊ **သောနရော** - တရားချစ်ခင်စိတ်ကောင်းဝင်သည့် ထိုကဲ့သို့သော သူတော်စင်ပုဂ္ဂိုလ်မျိုးသည်၊ **ဗဟုံဟိ** - များပြားလှသည်သာလျှင် ဖြစ်ပေသော၊ **ပုညံ** - စိတ်ကောင်းအစု ကောင်းမှုစွမ်းအားမြတ်တရားကို၊ **ပသဝတိ** - မေတ္တာလက်တွဲ ရာပြည့် ပွဲဟု ကောင်းမှုတိုးအောင် စွမ်းအားဆောင်ကာ ကောင်းစွာမသွေ တိုးပွားစေတတ်ပါပေသတည်း။

တရားချစ်ခင် စိတ်ကောင်းဝင်တဲ့ပုဂ္ဂိုလ်ဟာ မေတ္တာစိတ်မြတ် အအေးခာတ်နဲ့ လောကလူသား သတ္တဝါအများတို့အပေါ်မှာ 'ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ' လို့ အစဉ်စောင့်ရှောက် ချီးမြှောက်တတ်တယ်။ အဲဒီလို မေတ္တာခြံရံတဲ့ စိတ်ကောင်းနဲ့ ဆောင်ရွက်ပေးတတ်သူမှာ ချမ်းသာကြောင်း ကောင်းမှုတရားတွေ အလွန်တိုးပွားရပါတယ်လို့ ဆိုလိုပါတယ်။ အဲဒိ ဒေသနာဂါထာက ဝါရဏထေရ ဂါထာမှာ လာပါတယ်။ ယခုကျင်းပနေတဲ့ 'မေတ္တာလက်တွဲ ရာပြည့်ပွဲ' နဲ့ သက်ဆိုင်နေတဲ့ကြောင့် အဲဒီဂါထာကိုပဲ တရားဖွင့်ပွဲဂါထာ အဖြစ် ရွတ်လိုက်တာပါ။

သူတစ်ပါးကို မေတ္တာနဲ့ ချီးမြှောက်စောင့်ရှောက်ရင် ကိုယ့်ဂုဏ်လည်း ပြောင်မြောက်ပြီး ဖြူဖွေးသန့်စင်တဲ့ တရားစွမ်းအားတွေ ထွန်းတောက် ပေါ်ပေါက်လာရပါတယ်။ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီးတို့လို၊ ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးတို့လိုပေါ့။ ကိုယ့်စိတ်ကောင်းဟာ ကိုယ့်ထံကို စွမ်းအားအမှန်အတိုင်း တုန့်ပြန်ပေးတတ်စမြဲပါ။ ကောင်းမှုဆိုတာ ချမ်းသာရဲ့နာမည်ဆိုတော့ ကောင်းမှုရှိနေသလောက်လည်း အပူငြိမ်းပြီး ချမ်းသာရမှာဖြစ်လို့ တကယ်တော့ ကောင်းမှုကုသိုလ်ရတာဟာ ပျော်ရွှင်အားတက်ဖို့ အကောင်းဆုံးပဲ။ ကောင်းမှု ကုသိုလ်ဟာ ကိုယ်မလိုချင်တဲ့ ဆင်းရဲအပူအားလုံးကိုလည်း လျော့အောင်၊ နည်းအောင်၊ ကုန်အောင်၊ လွတ်အောင် လုပ်ပေးနိုင်တယ်။ ကိုယ်လိုချင်တဲ့ ချမ်းသာ အားလုံးရအောင်လည်း စွမ်းဆောင်ပေးနိုင်တယ်။

လောကကိုပါ လွှမ်းမိုးအနိုင်ယူနိုင်တာဖြစ်လို့ လောကထဲမှာ ကောင်းမှုကုသိုလ် တရားလောက် အဖိုးတန်တာ ဘာတစ်ခုမှ မရှိပါဘူး။

## ၂။ တွေ့ခဲ ကြုံခဲ ရာပြည့်ပွဲ

- **လူ၏စွမ်းအား၊ တရားမပါ၊'နှစ်တစ်ရာ'၊ မှန်စွာကဲ့ရဲ့အပ်။**
- **လူ၏စွမ်းအား၊ တရားပြည့်ကာ၊ 'နှစ်တစ်ရာ'၊ မှန်စွာချီးမွမ်းအပ်။**
- **တန်ဖိုးမြင့်တက်၊ လူ့တစ်သက်မှာ၊ ဝမ်းသာအားရ၊ လူ့ဘဝ၊ မုချရကျိုးနပ်။**

ဆုတ်ကပ်ကာလ လူ့တစ်သက်ဆိုတာ နှစ် (၁၀၀) ပြည့်အောင်နေရဖို့ မလွယ်ကူလှတာ ဖြစ်လို့ ထူးခြားတဲ့ နှစ် (၁၀၀) ပြည့်ပွဲမျိုးကို တွေ့ရခဲ ကြုံရခဲလှပါတယ်။ လူ့စွမ်းအား တရားမပါဘဲ ရေတွက်နေကြရတဲ့ အရေအတွက်တွေဟာ နှစ် (၁၀၀) ပြည့်နေကြပေမယ့် ဘယ်လို အားတက်ပျော်ရွှင်မှုမျိုးကိုမှ မဖြစ်စေနိုင်ပါဘူး။ သံသရာခရီးရှည်ကြီးမှာ အထူးကြောင့်ကြစိုက်ပြီး ရေတွက်မနေပေမယ့် အရာဝတ္ထုတစ်ခုခုဟာ တစ်ချိန်ချိန်မှာတော့ နှစ် (၁၀၀) ပြည့်နေကြမှာပါပဲ။

လူ့စွမ်းအားတရားများ ထည့်သွင်းပြီး ရေတွက်နေရလို့ ပြည့်မြောက်လာတဲ့ နှစ် (၁၀၀) ကမှ တကယ့် နှစ် (၁၀၀) ပါ။ ထူးခြားတဲ့ နှစ် (၁၀၀) ပြည့်ပွဲမျိုးကို လူ့တစ်သက်မှာ များများစားစား တွေ့ကြုံရဖို့ မလွယ်လှပါဘူး။

ဦးပဥ္စင်းတို့တစ်သက်မှာ လောကရာပြည့်ပွဲတွေဆိုတာတော့ မကြာမကြာ တွေ့ရတတ်ပါတယ်။ အဖိုးရာပြည့်ပွဲ၊ အဖွားရာပြည့်ပွဲ၊ အဆောက်အဦးရာပြည့်ပွဲ၊ ကလေးရက် (၁၀၀) ပြည့် မွေးနေ့ပွဲ၊ လ (၁၀၀) ပြည့်မွေးနေ့ စတဲ့ အရေအတွက်မလုပ်လောက်တဲ့ ရာပြည့်ပွဲဆိုတာမျိုးတွေ တွေ့ရတတ်တယ်။ တစ်ခါတစ်ရံ ဘုရားပွဲရာပြည့်ပွဲ၊ ဆွမ်းလောင်းတဲ့အကြိမ် ရာပြည့်ပွဲဆိုတာမျိုးတွေလည်း တွေ့ရတတ်တယ်။

မှတ်မှတ်ရရ ထူးခြားလှတဲ့ရာပြည့်ပွဲကတော့ အလွန်နည်းပါတယ်။ လွန်ခဲ့တဲ့ ၁၄-နှစ် ၁၅-နှစ်လောက်က ကျိုက်လတ်မြို့ ပန္တိမာရုံဆရာတော်ဘုရားကြီးရဲ့ သက်တော်ရာပြည့်ပွဲကို အရင်ဆုံး ကြုံခဲ့ရတယ်။ အဲဒီတုန်းက ကြိုတင်မျှော်လင့်မထားဘဲ ရာပြည့်ပူဇာတရားပွဲ မှတ်မှတ်ရရ ဟောခဲ့ရဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စံကင်းဆရာတော်ရာပြည့်ပွဲ၊ ကြေးမြင် ဆရာတော်ရာပြည့်ပွဲ၊ ရွှေဟင်္သာဆရာတော် ရာပြည့်ပွဲတွေရှိခဲ့ကြပေမယ့် ဦးပဋ္ဌင်းတို့ အကြောင်းမညီလို့ ပူဇော်ခွင့်မကြုံခဲ့ပါဘူး။

လွန်ခဲ့တဲ့ ၃-နှစ်က အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှာ ဘာသာဋီကာကျမ်းပြု အကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ သက်တော်ရာပြည့်ပွဲကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ အဲဒီ မဟာဂန္ဓာရုံဆရာတော် နှစ် (၁၀၀) ပြည့်ပွဲမှာလည်း ဦးပဋ္ဌင်းတို့ ရာပြည့်ပူဇာ တရားတစ်ပွဲ ဟောခွင့်ရခဲ့ပါတယ်။ ဆရာတော်ကြီးကို ပူဇော်ခွင့်ရခဲ့လို့ ကုသိုလ်တွေအများကြီး ပွားခဲ့ရတယ်။ ဘာသာဋီကာကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ သက်တော်ရာပြည့်ပူဇော်ပွဲပြီးလို့ တစ်ပတ်လောက်ကြာပြန်တော့ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ကြီးရဲ့ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် ပူဇော်ပွဲနှင့် ကြုံကြိုက်တိုက်ဆိုင်လာပြန်တယ်။ အဲဒီ ရာပြည့်ပူဇော်ပွဲမှာလည်း ရာပြည့်ပူဇာမင်္ဂလာတရားကို အမှတ်တရ ဟောကြားပူဇော်ခွင့်ရခဲ့ပြန်ပါတယ်။

ယခုလည်းပဲ တစ်သာသနာလုံး တစ်နိုင်ငံလုံးရဲ့ ရွှေကျင်နိကာယ ဗဟိုဌာနချုပ်ကြီးဖြစ်တဲ့ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီးရဲ့ နှစ် (၁၀၀) ပြည့်ပွဲတော်ကြီးကို အကြောင်းပြုပြီး ကောင်းမှုတွေ တိုးပွားခွင့်ကြုံလာရပြန်ပါတယ်။ ယခုလို ရာပြည့်ပူဇာမင်္ဂလာတရားကို ဟောကြားလို့လည်း မိခင်တိုက်ကြီးကို ကျေးဇူးဆပ် ပူဇော်ခွင့်ရတယ်။ ပြီးတော့ ရာပြည့်အလှူမင်္ဂလာပွဲကြီးမှာ ကိုယ်တိုင်ပါဝင် လှူဒါန်းခွင့်ရလို့လည်း ကောင်းမှုတွေပိုပြီး တိုးပွားရပါတယ်။ ကိုယ်တိုင် ပါဝင်ပူဇော်ခွင့် ရတဲ့အတွက် အခြားရာပြည့်ပွဲတွေထက် ပိုပြီး ကောင်းမှုကုသိုလ်တွေတိုးတာဖြစ်လို့ ပိုပြီး ဝမ်းမြောက်ကြည်နူးရပါတယ်။ လာမယ့် ၁၃၆၆-ခု၊ တပို့တွဲလမှာလည်း ဟိုအနောက် ပုံတောင်ပုံညာ အနောက်ဘက် ယောနယ် ဂန့်ဂေါနယ်မှာ ဦးပဋ္ဌင်းတို့ ကိုရင်ဘဝက နေထိုင်ပြီး ပညာသင်ကြားခဲ့ရတဲ့ ကန်ရွာအနီး ကန်တောရကျောင်းတိုက်ကြီးရဲ့ နှစ် (၁၀၀) ပြည့်ပွဲနှင့် ကြုံကြိုက်ဦးမှာပါ။ အဲဒီမှာလည်း ယခု မဟာဝိသုဒ္ဓါရုံ ရာပြည့်ပွဲလိုပဲ ကိုယ်တိုင် ရာပြည့်ပူဇာတရားပွဲကို ဟောကြားပြီး ကျေးဇူးဆပ်ခွင့် ရဦးမယ်။ ရာပြည့်အလှူပွဲကြီးကိုလည်း ယခုလိုပဲ ကိုယ်တိုင် ပါဝင်လှူဒါန်းခွင့် ရဦးမှာပါ။ ကောင်းမှုတွေ အတိုင်းအတာ အကန့်အသတ်မရှိအောင် အများကြီးရဦးမှာဖြစ်လို့ ကြိုတင်ပြီး ဝမ်းမြောက် ကြည်နူးပီတိဖြစ်နေရပါတယ်။

အဲဒီ အကြားကာလဖြစ်တဲ့ ၁၃၆၆-ခုနှစ် အတွင်းမှာပဲ မော်လမြိုင်မြို့မှာ မဟာမြတ်မုနိဘုရားကြီး နှစ် (၁၀၀) ပြည့်ပွဲနှင့် မဟာမြိုင်ကျောင်းတိုက် ဝိနည်းစာတော်ပြန် နှစ် (၁၀၀) ပြည့်ပွဲဆိုတဲ့ ရာပြည့်ပွဲ (၂) ပွဲနှင့် ဓနုဖြူမြို့နယ် စံကင်းရွာမှာ ပထမဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးနှင့် စံကင်းဆရာတော်ဘုရားကြီးတို့ သီတင်းသုံးတော်မူခဲ့ကြတဲ့ အတုလဂုဏ်ရောင်ဓမ္မာရုံကျောင်း နှစ် (၁၀၀) ပြည့်ပွဲအတွက် ရာပြည့်ပူဇာ မင်္ဂလာတရားပွဲကြီး သုံးပွဲအပြင် ရန်ကုန်မြို့ စမ်းချောင်း ကိုးထပ်ကြီးဘုရား နှစ် (၁၀၀) ပြည့်ပွဲအတွက် ရာပြည့်ပူဇာ မင်္ဂလာတရား ဟောပေးရဦးမှာဖြစ်လို့ ကုသိုလ်တွေ အများကြီး တိုးပွားရဦးမှာပါ။ ကိုယ့်အသက် နှစ် (၁၀၀) ပြည့်အောင် နေခွင့်ရမှာ မဟုတ်ပေမယ့် တွေ့ကြုံခွင့်ရတဲ့ အလွန်ထူးခြားတဲ့ ရာပြည့်ပွဲတွေကို အကြောင်းပြုပြီး ကောင်းမှုများစွာ တိုးပွားရပါတယ်။

## ၃။ မိခင်ကျောင်းထဲ ကောင်းမှုပွဲ

- **မိဘဆရာ၊ ကင်း၍ကွာ၊ လူမှာ အခိုးထွက်။**
- **မိဘဆရာ၊ စောင့်ရှောက်ပါ၊ လူမှာ တန်ခိုးတက်။**
- **ကျေးဇူးရှင်၏၊ ကျေးဇူးသိ၊ မျှားဘိအကျိုးဆက်။**
- **မိခင်ကျောင်းထဲ၊ ကောင်းမှုပွဲ၊ ထူးကဲအစဉ်ထက်။**

လူတိုင်းမှာ မိဘဆရာရှိကြသော်လည်း မိဘ ဆရာများရဲ့ နည်းပေးလမ်းပြ ဆုံးမသွန်သင်မှုကို လုံးဝမရရင်ဘဲဖြစ်ဖြစ်၊ ရပေမယ့် ရတဲ့အတိုင်း မလိုက်နာနိုင်ရင်ဘဲဖြစ်ဖြစ် မိဘဆရာ ကင်းကွာတယ်လို့ပဲ ဆိုရပါတယ်။ မိဘမဲ့ ဆရာမဲ့ဖြစ်နေရင်တော့ ပြောစရာမလိုတော့ပါဘူး။ ကေန် မိဘဆရာ ကင်းကွာနေသူဖြစ်ပါတယ်။ မိဘဆရာ ကင်းကွာသူဟာ လူရဲ့ အံ့ဖွယ်စွမ်းအားတွေ ငုပ်လျှိုးကုန်ပြီး ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် အခိုးတွေ ထွက်နေတတ်ပါတယ်။ လောကမှာ လူသာ ကြောက်စရာအကောင်းဆုံးပါ။ အခိုးထွက်နေတဲ့လူဟာ တိရစ္ဆာန်ထက်တောင် ကြောက်စရာ ကောင်းနေတတ်ပါတယ်။

မိဘဆရာကောင်းတွေရဲ့ လမ်းညွှန်ဆုံးမမှုကို နှံ့နှံ့နာအောင်ရရှိထားသူဟာ မိဘဆရာ စောင့်ရှောက်မှုကို ကောင်းကောင်းရနေသူဖြစ်တယ်။ မိဘ ဆရာကိုအကြောင်းပြုပြီး ကောင်းမှုတွေတိုးလို့ ကောင်းကျိုးတွေ ဝေဝေဆာဆာ ရနေရင်လည်း မိဘဆရာ အစောင့်အရှောက်ရနေသူလို့ပဲ ဆိုလို့ဖြစ်ပါတယ်။ ရတနာသုံးပါး အရိပ်ကလွဲရင် လောကထဲမှာ မိဘဆရာအရိပ်ဟာ အအေးချမ်းဆုံး အလုံခြုံဆုံးပါ။ မိဘ ဆရာကောင်းနှင့် တွေ့ရရင် တစ်ဘဝလုံးသာ အစောင့်အရှောက်ရတာ မဟုတ်ပါဘူး။ နိဗ္ဗာန်အရောက် သံသရာတစ်လျှောက်လုံး အတွက်ပါ အစောင့်အရှောက်ကောင်းကို ရနေတတ်ပါတယ်။

အဲဒီ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီးဟာ ဦးပဥ္စင်းရဲ့ တစ်ဘဝလုံး တစ်သံသရာလုံးအတွက် စွမ်းအားတွေ တက်အောင် ဆက်ပေးလိုက်တဲ့ မိခင်အရင်းပါ။ မိဘဆရာလို့ဆိုရင်လည်း မှန်တာပါပဲ။ ဘဝနေနည်း၊ ဘဝအသုံးချနည်း၊ ဘဝအနှစ်ထုတ်နည်းတွေကို အများကြီးရရှိခဲ့တဲ့နေရာ ဖြစ်ပါတယ်။ ကန်တော့ရတိုက်လည်း အတူတူပါပဲ။

အဲဒီ မိခင်ကျောင်းတိုက်ကြီးထဲမှာ ညတရားပွဲဟောခွင့်ရတာ ဒီအကြိမ်နဲ့ပေါင်းရင် နှစ်ကြိမ်ရှိပါပြီ။ လွန်ခဲ့တဲ့ သုံးနှစ် နတ်တော်လပြည့်ကျော်တုန်းက ယခု စုဒ္ဓသမရွှေကျင်သာသနာပိုင် ဖြစ်လာမယ့် ဇယမေဒနီဝါဆို ဆရာတော်ဘုရားကြီးရဲ့ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ဂုဏ်တော်ကို အကြောင်းပြုလို့ ဒီကျောင်းတိုက် မှာ ဂုရုပူဇော်ပွဲကျင်းပခဲ့ပါတယ်။ အဲဒီတုန်းကလည်း ဂုဏပူဇာ ဓမ္မပူဇာအနေနဲ့ ညတရားပွဲ ဟောခဲ့ဖူးပါတယ်။

ယခုလည်း ကျောင်းတိုက်ကြီးရဲ့ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပူဇော်ပွဲကို အကြောင်းပြုပြီး ညတရားပွဲ ဟောခွင့် ကြုံလာပြန်ပါတယ်။ မိခင်ကျောင်းတိုက်ကြီးကိုလည်း ကျေးဇူးဆပ်ရာရောက်၊ ဒီကျောင်းတိုက်ကြီးကို တည်ထောင်တော်မူသွားတဲ့ ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးကိုလည်း ကျေးဇူးဆပ်ရာရောက် ဒုတိယ ရွှေကျင်သာသနာပိုင် ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးမှစပြီးတော့ ယခု စုဒ္ဓသမ ရွှေကျင် သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီး တိုင်အောင် နှစ်ပေါင်း (၁၀၀) အတွင်းမှာ သာသနာအတွက် အားသွန် ကြိုးပမ်းတော်မူခဲ့ကြတဲ့ ဆရာတော်ဘုရားကြီးများကိုလည်း မြတ်မြတ်နိုးနိုး ပူဇော်ရာ ရောက်တာဖြစ်လို့ အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။

## ၄။ အချိန်တန်ဖိုး လူ့တန်ခိုး

- **လောကတွင်းမှာ၊ အရာရာ၊ ရပ်တာဘာမှမရှိကြ။**
- **စိတ်မပါလဲ၊ မရပ်ဘဲ၊ အမြဲရေတွက်ရ။**
- **စွမ်းအားမပါ၊ ရေစရာ၊ လွန်စွာကြောက်လန့်ရ။**
- **စွမ်းအားပြည့်ကာ၊ ရေစရာ၊ ကောင်းစွာအားရှိလှ။**
- **အချိန်တန်ဖိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးအနန္တ။**
- **မေတ္တာလက်တွဲ၊ ရာပြည့်ပွဲ၊ ထူးကဲအောင်မြင်ရ။**

'၁၀၀, ၁၀၀' လို့ဆိုတော့ လောကပြော ပြောရင် နှစ်ပေါင်း (၁၀၀) အိုလာပြီပေါ့။ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ်ပေါင်း (၁၀၀) အိုလာပြီပြောရင် ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် နှစ် (၁၀၀) အိုလာပြီဆိုတဲ့စကားဟာ အားငယ်ကြောက်ရွံ့ဖွယ်သဘောကို မပြပါ။ အားတက်ဝမ်းမြောက် ကြည်နူးဖွယ် သဘောကိုသာ ပြပါတယ်။ ဘာကြောင့်လဲဆိုတော့ အရည်အသွေး စွမ်းအားတွေ ပါဝင်နေတဲ့ကြောင့်ပါ။

နှစ် (၁၀၀) ပြည့်ပွဲဆိုတာ စက်ခလုတ်နှိပ်ပြီး 'ချက်ချင်း နှစ် (၁၀၀) ပြည့်စေသတည်း' လို့ ဆိုလိုက်ရုံနဲ့ ပေါ်လာနိုင်တဲ့ တစ်ရာမျိုးမဟုတ်ပါ။ အင်နဲ့အားနဲ့ စိတ်ကောင်းစေတနာကောင်း တွေနဲ့ မေတ္တာကောင်း စွမ်းအားကောင်းတွေနဲ့ မြောက်မြားစွာ စုဆောင်းပြီး ဖွံ့ဖြိုးရှိ သာသနာ့ လမ်းကြောင်းအတိုင်း ကောင်းမွန်စွာ ချီတက်ကြိုးစားလာခဲ့ကြလို့ အောင်ပွဲအဆင့်ဆင့် ရရှိလာတဲ့ သုတိသာလှတဲ့ မင်္ဂလာစကားပါ။ အလုပ်သဘောကို ဖော်ပြတဲ့စကားမျိုးဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


လောကထဲမှာ အရည်အသွေး စွမ်းအားတွေဖြည့်သွင်းပြီး အလုပ်သဘောနဲ့ကြီးနေတဲ့ အကြီးကိုမှ လူအများက တန်ဖိုးထားတတ်ကြတာပါ။ အလုပ်သဘောမပါပဲ သူ့ဟာသူ ကြီးနေတဲ့ အကြီးမျိုးကို ဘယ်သူမှ တန်ဖိုး မထားကြပါဘူး။

'ဟောဒီသစ်ပင်ကြီးဟာ နှစ်ပေါင်း (၁၀၀) ရှိပြီ။ ဟောဒီအဆောက်အဦးကြီးလည်း နှစ်ပေါင်း (၁၀၀) ရှိပြီ' လို့ တစ်ယောက်ယောက်က ပြောလာရင် အလုပ်သဘောမပါပဲ သူ့ဟာသူ ကြီးလာတဲ့ (၁၀၀) ဆိုတော့ ဘယ်သူကမှ တခမ်းတနား ဂုဏ်ယူမနေကြပါဘူး။

'ဟိုဖက်အိမ်က အဖိုးကြီးဟာ အသက် (၁၀၀) ရှိပြီ၊ ဒါပေမယ့် သူငယ်ပြန်နေတယ်' လို့ ပြောလာရင်လည်း သူ့ (၁၀၀) ကို ဘယ်သူက တန်ဖိုးထားမှာလဲ။ သူ့ဆွေမျိုးတွေကလည်း တန်ဖိုးထားမှာ မဟုတ်ပါဘူး။ သူ့ဟာသူလည်း တန်ဖိုးထားစရာ ဘာမှမရှိပါဘူး။ ဒါ့ကြောင့် (၁၀၀), (၁၀၀) ဆိုတဲ့ စကားဟာ အရည်အသွေးဖြည့်သွင်းနေတဲ့ အလုပ်သဘောနဲ့ ဂုဏ်ယူပြတဲ့ မြတ်နိုးအားတက်ဖွယ် စကားမျိုးပါ။

သတိဉာဏ်နဲ့ သေသေချာချာကြည့်လိုက်ရင် 'ဟောဒီလောကထဲမှာ ဘာတစ်ခုမှ ရပ်နေတာ မရှိဘူး' ဆိုတာ တွေ့ရမယ်။ သက်မဲ့ရော သက်ရှိရော ဘာတစ်ခုမှ ရပ်တန့်မနေပါဘူး။ ရပ်နေတယ်ဆိုရင် နှစ် (၁၀၀) ဆိုတဲ့ အရေအတွက်တောင် ပေါ်လာမှာမဟုတ်ပါဘူး။

ကောင်းကင်က ဖြတ်သန်းသွားနေကြတဲ့ နေတွေ၊ လတွေ၊ ကြယ်တွေလည်း ရပ်တယ်လို့ မရှိဘူး။ အမြဲသွားနေကြတယ်။ အချိန်နာရီတွေလည်း ရပ်တယ်ဆိုတာမရှိဘူး။ တစ်သွားတည်း သွားနေကြတာပဲ။ လက်ပတ်နာရီလေး ငုံ့ငုံ့ကြည့်နေတာဟာ ရပ်မနေလို့ပဲ။ ရပ်နေရင် ကြည့်ဖို့ မလိုပါဘူး။

ကိုယ့်အသက်အရွယ်ကလည်း ရပ်တယ်လို့မရှိ၊ တစ်ကြီးတည်းကြီး၊ တစ်ပြောင်းတည်း ပြောင်းနေတာ၊ ကိုယ့်စားဝတ်နေရေးကလည်း ရပ်ထားလို့မရ၊ ရပ်ထားလို့မရတော့ ရှာဖွေရတဲ့ အလုပ်ကလည်း ရပ်ထားလို့ မဖြစ်၊ လောကထဲမှာ ရပ်နေတာ ဘာတစ်ခုမှမရှိ၊ ဘာတစ်ခုမှ ခိုင်မြဲတာမရှိတော တစ်သွားတည်းသွား တစ်ပြောင်းတည်း ပြောင်းနေကြပါတယ်။

အဲဒီလို ဘာတစ်ခုမှမရပ်တော့ မရပ်တဲ့နောက်က အရေအတွက်တွေ တကောက်ကောက် လိုက်နေကြတယ်။ ကောင်းကင်ပေါ်က နေတစ်ကြိမ် ဖြတ်သန်းသွားပြန်တော့ 'ငါ့အသက် တစ်ရက် ကြီးလာပြန်ပြီ' လို့ ရေတွက်ရတယ်။ သူကမရပ်တော့ မရေချင်ပေမယ့် ရေနေရမှာပဲ။ ကောင်းကင်က နေဖြတ်သွားလို့ အသက်ကြီးတာတော့ မဟုတ်ဘူး။ နေဖြတ်မသွားလည်း ကြီးမှာပါပဲ။ နေဖြတ်သွားတယ်ဆိုတာက တိုင်းတာ တာပါ။

ခေါင်းပေါ်ကနေ အကြိမ် (၃၀) လောက် ဖြတ်သွားပြန်တော့ 'ငါ့အသက် နောက်ထပ် တစ်လ ကြီးပြန်ပြီဟဲ့'။ နေအကြိမ် (၃၆၀) ကျော် ဖြတ်သန်းသွားပြန်တော့ 'ငါ့အသက် တစ်နှစ် ကြီးပြန်ပြီဟဲ့' လို့ ရေတွက်နေရတယ်။ ပြန်ပေါင်းကြည့်လိုက်တော့မှ တစ်နှစ်ဆိုတာ တစ်ခဏလေးပဲဆိုတာ သိသွားတယ်။

တစ်ချို့အရေအတွက်တွေက မရပ်လို့ ရေနေရပေမယ့် စိတ်ပါလှတယ်လို့ မရှိလှဘူး။ စိတ်မပါဘဲ ရေနေရတဲ့အရေအတွက်တွေက အများကြီးပဲ။ လောကမှာ ရေတွက်စရာတွေ များလွန်းလို့ အမှန်အတိုင်း ရေတွက်တတ်အောင် စာသင်ကျောင်းတွေမှာ 'ဂဏန်းသင်္ချာ' ဆိုတဲ့ 'အရေအတွက်' ဘာသာရပ်တစ်ခု ပြဋ္ဌာန်းပေးထားရတယ်။

နေ့စဉ် ရေနေရတဲ့အရေအတွက်က -

(၁)အရည်အသွေးစွမ်းအားမပါဘဲ အခွံချည်း ရေတွက်နေရတဲ့ အရေအတွက်က တစ်မျိုး၊

(၂)အရည်အသွေး စွမ်းအားအပြည့်နဲ့ ရေတွက်နေရတဲ့ အရေအတွက်က တစ်မျိုးလို့ နှစ်မျိုးရှိပါတယ်။

သဒ္ဓါနဲ့လည်း စိတ်ကိုမသန့်စင်၊ သတိနဲ့လည်း စိတ်ကိုလုံခြုံအောင် မထိန်းသိမ်း၊ သမ္မာဝါ ယာမခေါ်တဲ့ ဝီရိယခလုတ်ကိုလည်း အချက်ကျကျ မနှိပ်နိုင်၊ မှန်ကန်တဲ့အသိနဲ့လည်း အကွက်ကျကျ မကြည့်နိုင်ဘဲ အားကို အတွင်းမှာ ထုတ်ယူစုဆောင်းနိုင်စွမ်းမရှိဘဲ အပြင်မှာသာ ထုတ် ပစ်နေတဲ့ ပုဂ္ဂိုလ်များရဲ့ အရေအတွက်တိုင်းဟာ အရည်အသွေးမပါတဲ့ အခွံအရေအတွက်တွေချည်း ဖြစ်သွားတယ်။ အရည်အသွေးမပါတဲ့ အရေအတွက်ဟာ တိုးလာသလောက် ကိုယ့်ကိုပြန်ပြီး ခြိမ်း ခြောက်တတ်ပါတယ်။ ဂဏန်းတစ်လုံး တိုးလာတိုင်း ကြောက်နေရ


www.burmeseclassic.com

www.burmeseclassic.com


ပါတယ်။ အရည်အသွေးမပါတဲ့ အရေအတွက်ဆိုတာ ကိုယ့်ကို အာမလည်းမခံ၊ တာဝန်လည်းမယူတော့ ရေတွက်သူကို အားငယ် ပူလောင်သွားစေတတ်တယ်။

ကိုယ့်အသက်ကို သူများကမေးတာတောင် မကြိုက်ချင်တတ်ဘူး။ အရည်အသွေး မပါသလောက် အများအလယ်မှာ မျက်နှာငယ်ရတတ်ပါတယ်။ မိမိတို့မှာ ဘဝသံသရာတစ်လျှောက် အစွမ်းသတ္တိမပါဘဲ တိုးလာခဲ့တဲ့ အရေအတွက်ဂဏန်းတွေဟာ သိန်းလည်းမက၊ သန်းလည်းမက၊ ကုဋေလည်းမက များလှပါပြီ၊ သူ့ဟာသူ တိုးနေတဲ့အရေအတွက်တွေကို ဘာမှ တန်ဖိုးထားစရာ မလိုပါဘူး။ တန်ဖိုးထားလို့လည်း မဖြစ်ပါဘူး။ ကိုယ့်ကိုအာမ မခံ၊ တာဝန်မယူနိုင်ရင် ဘယ်ဂဏန်းကို ရေလို့မှ အစွမ်းမတက်ပါဘူး။

သဒ္ဓါနဲ့စိတ်ကို သန့်စင်လို့၊ သတိနဲ့ စိတ်ကောင်းကိုလုံခြုံအောင် စောင့်ရှောက် ထိန်းသိမ်းလို့၊ ဝီရိယခလုတ်ကို အချက်ကျကျနှိပ်လို့၊ ဉာဏ်နဲ့အကွက်ကျကျကြည့်ပြီး အားကို အပြင်မှာ ထုတ်မပစ်ပဲ အတွင်းမှာ ထုတ်ယူ စုဆောင်းနိုင်သူရဲ့ အရေအတွက်တွေဟာ အရည်အသွေးပါတဲ့ အရေအတွက်ချည်း ဖြစ်လာပါတယ်။ သတိဉာဏ်ဟာ တရားအားလုံးကို ချုပ်ကိုင်ထားတာဆိုတော့ သတိဉာဏ်သာ အမြဲကိုင်ထားနိုင်ရင် ရေတွက်တိုင်း အရည်အသွေးစွမ်းအားတွေ ပါဝင်သွားမှာပါ။ အရည်အသွေးပါတဲ့ အရေအတွက်ဟာ လူကို အားတက် ကျေနပ်သွားစေနိုင်တယ်။ မဟာဝိသုဒ္ဓါရုံ တိုက်သစ် နှစ် (၁၀၀) ဆိုတာ အရည်အသွေးတွေ ထည့်သွင်းပြီး ရေတွက်ထားတာဖြစ်လို့ တကယ် အားရှိ ကြည်နူးသွားစေနိုင်တဲ့ အရေအတွက်မျိုးပါ။

## ၅။ အား

- **နတ်ငရဲတွက်၊ အခိုးထွက်၊ အားပျက်ကျီးပမာ။**
- **အဆီခန်းခြောက်၊ အားတွေပျောက်၊ လန့်ကြောက်အော်ရရှာ။**
- **လူ၏အတွက်၊ ဉသြင့်ကျ၊ အားတက်ဝမ်းမြောက်ပါ။**
- **ဘဝအနှစ်၊ ရအောင်ညှစ်၊ အားသစ်တိုးပွားပါ။**
- **သတိဉာဏ်အား၊ ကိုင်၍ထား၊ ထူးခြားတိုးတက်လာ။**

လောကကို အဝိဇ္ဇာတဏှာဦးဆောင်တယ်။ လောဘ၊ ဒေါသ၊ မောဟ ဦးဆောင်တယ်လို့ ဆိုရင်လည်း မှန်တာပါပဲ။ လောဘ၊ မောဟ ဦးဆောင်တော့ နတ်တွက်တွက်ပြီး ဖြုန်းတယ်။ ဒေါသ၊ မောဟ ဦးဆောင်ပြန်တော့ ငရဲတွက် တွက်မိလို့ ပူလောင်ပြီးရှုံးရတယ်။ နတ်တွက်၊ ငရဲတွက်နဲ့ အချိန်ကုန်နေသူများကို လောကလူသားလို့ ခေါ်တယ်။ လောကလူသားဟာ ကျီးကန်းနှင့်တူတယ်။ ကျီးကန်းမှာ အပူများလွန်းလို့ အဆီမရှိသလို လောကလူသားမှာလည်း အခိုးတွေထွက်အားတွေပျက်ပြီး ဘဝအဆီအနှစ် တရားစွမ်းအားတွေ ခန်းခြောက် ကုန်တယ်။ အားတွေခန်းခြောက်တော့ လန့်ကြောက်ပြီး ကျီးကန်းသံပေါက်အောင် အော်နေရမှာပဲ။ နေ့စဉ် စားဝတ်နေရေးအလုပ်လုပ်ရင်း မိသားစုတာဝန်ထမ်းဆောင်ရင်း အကုန်စာရင်းတွေချည်းပြပြီး အပူသံ၊ အကြောက်သံ၊ အားငယ်သံတွေနဲ့ အော်ဟစ်ညည်းညူနေရမယ်။ နေ့စဉ်ရေတွက်နေရတဲ့ အရေအတွက်အားလုံး အားပျက်စရာချည်း ဖြစ်နေမှာပါ။

တရားကို သတိဉာဏ်ဦးဆောင်တယ်။ လောကကိုနိုင်ဖို့ တရားပေါ်လာတာပါ။ သတိဉာဏ် ဦးဆောင်တော့ လူတွက်တွက်ပြီး သုံးတယ်၊ ပြုံးနိုင်တယ်။ ဘဝ၊ အချိန်၊ ပစ္စည်းတွေအားလုံး ဘာတစ်ခုမှ အလကား ဖြစ်မသွားဘူး။ လူတွက် တွက်နိုင်သူကို ဓမ္မလူသားလို့ခေါ်တယ်။ ဓမ္မလူသားဟာ ဥသြငှက်နှင့်တူတယ်။ ဥသြငှက်ဟာ သာယာချိုအေးတဲ့အသံနဲ့ အများစိတ်ချမ်းသာအောင် မြည်တတ်သလို ဓမ္မလူသားဟာလည်း နေ့စဉ်ကုန်သွားတဲ့ထဲက အရစာရင်းတွေပြပြီး အေးချမ်းတဲ့ အသံနဲ့ စိတ်ကြည်နူးအားတက်ဖွယ်ကောင်းတဲ့ ဘဝအနှစ်တရား စွမ်းအားတွေရအောင် ဆွဲထုတ်ယူနိုင်တယ်။ နေ့စဉ် ရေတွက်နေရတဲ့ အရေအတွက်အားလုံး အားတက်ဝမ်းမြောက်စရာချည်း ဖြစ်နေ မှာပါ။ အမြဲကိုင်ထားရမှာက သတိနှင့်ဉာဏ်ပဲ။ သတိဉာဏ်အစွမ်းက လူ့အပူအားလုံးကိုလည်း စုပ်ထုတ်ဖယ်ရှားပစ်တယ်။ ကိုယ်နှင့်ဆိုင်တဲ့အရာတွေ တစ်နည်းနည်းနဲ့ ကုန်သွားတဲ့ အခါ ဘဝ အဆီအနှစ် တရားစွမ်းအားတွေ ကျန်နေခဲ့အောင်လည်း ဆွဲထုတ်ယူထားလိုက်တယ်။ အရေအတွက် အားလုံးကို အရည်အသွေးထည့်သွင်းပေးတယ်။

ကိုယ်ထမင်းစားတော့လည်း သီလ၊ သမာဓိ၊ ဝိပဿနာကျန်နေခဲ့အောင် ရေတွက်တတ်တယ်။ ကိုယ့်အတွက် တစ်ခုခုသုံးလို့ ကုန်သွားတော့လည်း တရားစွမ်းအားထည့်သွင်းပြီး ရေတွက်တတ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



မိသားစုတာဝန်ထမ်းရပြန်တော့လည်း ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အစုံရအောင် ယူတတ်တယ်။ လမ်းသွားတာတောင်မှ သီလ၊ သမာဓိ၊ ဝိပဿနာပါအောင် သွားတတ်လာတယ်။ နိုင်ငံ တာဝန်ထမ်းတာတောင်မှ တရားစွမ်းအား ထည့်သွင်းတတ်တယ်။

သာသနာနှင့် ထိထိခိုက်ခိုက် တွေ့ထိသွားသူမှာ အချိန်အလကားကုန်တာ အတော်နည်းသွားတယ်။ စားဝတ်နေရေးနှင့်တရား ပေါင်းစပ်မိသွားတာက ပိုပြီး အံ့ဩစရာကောင်းတယ်။ အားတက်ဖို့လည်း သိပ်ကောင်းတယ်။ အရည်အသွေးပါလာတော့ ရေတွက်ရတာ အားရှိတယ်။

မဟာဝိသုဒ္ဓါရုံတိုက်သစ် နှစ် (၁၀၀) ဆိုတာလည်း အရည်အသွေးပါလို့ အားတက်ဝမ်းမြောက်နေကြတာပါ။ နေ့စဉ် ပရိယတ်အလုပ် ပဋိပတ်အလုပ်တွေနဲ့ စွမ်းအားတွေဖြည့်ပြီး ရေတွက်လာခဲ့တာ၊ သီလ သမာဓိ ဝိပဿနာ တရားစွမ်းအားတွေနဲ့ နေ့စဉ်အရည်အသွေးတွေထည့်ပြီး အားအပြည့်နဲ့ ရေတွက်လာခဲ့တာ၊ တရားစွမ်းအား ဘဝအနှစ်တွေ ထည့်သွင်းရေတွက်လာခဲ့ရတာဆိုတော့ ရေတွက်ရတာ သိပ်အရသာရှိသွားတယ်။ အရည်အသွေးပါတဲ့အရေအတွက်က ကိုယ့်ကို အားလုံး အာမခံတာဝန်ယူပါတယ်။

သတိဉာဏ်မပါရင် ရေတွက်နေရသမျှ ကြောက်စရာ သူခိုးဂဏန်းချည်းဖြစ်သွားတယ်။ သတိဉာဏ်ရှိနေရင် ဘာပဲရေရ ရေရ ကိုယ့်ကို အာမခံတာဝန်ယူမယ့် အားတက်စရာ တန်ခိုးဂဏန်းတွေချည်း ရနေမယ်။ ရေသမျှ အားကျန်ခဲ့မယ်။

အချိန်၊ အရွယ်၊ ပစ္စည်းတွေ ဘာပဲကုန်ကုန် ကုန်သွားတိုင်း အားတွေကျန်နေခဲ့တော့ ရေတွက်ရတာ အားရှိတယ်၊ ဘာမှ ကြောက်စရာမလိုဘူး။ ဒါ့ကြောင့် ယခု 'မဟာ ဝိသုဒ္ဓါရုံ နှစ် (၁၀၀)' လို့ ရေတွက်ပြီး 'မေတ္တာလက်တွဲ ရာပြည့်ပွဲ' ကို ကျင်းပပြုလုပ်လို့ ဘဝအနှစ် ကုသိုလ်အစစ်ကို ညှစ်ထုတ်ယူနေကြရတာဟာ အလွန်အားတက် ဂုဏ်ယူစရာဖြစ်နေတာပါ။ မရိုးနိုင်အောင်လည်း အရသာတွေ့နေရတာပါ။

လူတွေဟာ အားရှိဖို့ ကြိုးစားနေကြပါတယ်။ အားရှိချင်လို့ နေ့စဉ် စီးပွားဥစ္စာရှာကြတယ်။ ရှာတော့ရကြတယ်။ ရပေမယ့် ပစ္စည်းက အမြဲနေဖို့လာတာမဟုတ်၊ ခဏလာတာဆိုတော့ ဧည့်သည်ပဲ။ ဒါ့ကြောင့် ပစ္စည်းရလာရင် 'ဒီနေ့ ဧည့်သည် ဘယ်နှစ်ယောက် ရောက်လာတယ်' လို့ ရောက်လာတဲ့ ဧည့်စာရင်းကို မှတ်တဲ့ အဆင့်ပဲရှိသေးတယ်။ တကယ့် 'အား' တွေ မဟုတ်ကြ၊ နေ့စဉ် သုံးစွဲလို့ ကုန်သွားပြန်တော့ 'ဒီနေ့တည်းခိုနေတဲ့ ဧည့်သည်တွေထဲက ဘယ်နှစ်ယောက်ပြန်သွားတယ်' လို့ ပြန်သွားတဲ့ဧည့်စာရင်းကို မှတ်တဲ့အဆင့်ပဲ ရှိနေသေးတယ်။ သတိဉာဏ်မရှိရင် 'အား' အဖြစ် ရောက်မလာနိုင်ကြဘူး။ သတိဉာဏ်မပါရင် နေ့စဉ်ရရှိတဲ့စာရင်း၊ ကုန်ဆုံးသွားတဲ့စာရင်းတွေ မှတ်နေရတာ ဘာအရသာမှမရှိပါဘူး။ သတိဉာဏ်ရှိနေရင်တော့ အားလုံး ဒါန၊ သီလ၊ ဘာဝနာပုံစံနဲ့ 'အား' စာရင်းပြနိုင်မှာပါ။

ပြီးတော့ နေ့စဉ်အားရှိချင်လို့ တစ်နေ့ ၂-ထပ် ဝအောင် စားသောက်ကြပြန်တော့လည်း မနက်စာ စားပြီးပြန်တော့ ညနေမှာ ပြန်ဆာ၊ ညစာစားပြီးပြန်တော့လည်း နောက်နေ့ရောက်တော့ ပြန်ဆာ၊ တစ်ရက်တောင်မခံတဲ့ အားတွေဖြစ်နေတယ်။ အိုတာလည်း လျော့မသွား၊ နာတာလည်း နောက်ဆုတ်မသွား၊ သေတာလည်း နောက်ဆုတ်မသွား၊ တကယ့်သတ္တိရှိစေမယ့် အားတွေ ပေါ်မလာကြပါဘူး။ သတိဉာဏ်ရှိနေရင်တော့ သီလ၊ သမာဓိ၊ ဝိပဿနာအားတွေ ပေါ်ပေါက်လာမှာပါ။ နိဗ္ဗာန်ရောက်သည်ထိ လျော့မသွားနိုင်တဲ့အားတွေ ကျန်နေခဲ့မှာ ဖြစ်ပါတယ်။

နောက်ပြီးတော့ လူ့အင်အားတွေထဲမှာ ပစ္စည်းအားနဲ့ လောကအတတ်ပညာအားဆိုတာ လူ့ခြေထောက်သဘောမျိုးဖြစ်နေလို့ လောကအောက်ကသာ နေရမယ်။ လောက ဖိသမျှခံရမယ်။ လောကအပေါ် လွှမ်းမိုးနိုင်စွမ်းမရှိဘူး။ တရားအားကမှ လူ့ရဲ့ တကယ့်အင်အားပါ။ တရားအားဆိုတာ လူ့အတောင်ပံသဘောမျိုးဖြစ်နေလို့ လောကအပေါ် လွှမ်းမိုးနိုင်မယ်။ သောကပရိဒေဝ စိတ်ဆင်းရဲမျိုးစုံကို လွှမ်းမိုးပြီး ပျံသန်းနိုင်မယ်။

ဒါ့ကြောင့် လူရဲ့အဓိကအင်အားဖြစ်တဲ့ တရားစွမ်းအားတွေနဲ့ အားဖြည့်ရေတွက်လာခဲ့ရတဲ့ 'မဟာဝိသုဒ္ဓါရုံ နှစ် (၁၀၀) ကို အားရဝမ်းသာကြိုဆိုပြီး ကောင်းမှုတရားတွေနဲ့ပဲ စွမ်းအားမြှင့်တင် ပူဇော်ကြတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


### ၆။ ကျောက်တူးသမား လူ့စွမ်းအား

- သတိမပါ၊ အသိကွာ၊ တူးတာ ရရစ်ကြောက်။
- ရလာသမျှ၊ အပူရ၊ မုချအမြဲကြောက်။
- အန္တရာယ်ရော၊ အပူပေါ၊ ခုရောနောင်ပါ တွေး၍ကြောက်။
- သတိတွဲကာ၊ အသိပါ၊ တူးတာ ယပင့်ကျောက်။
- ရလာသမျှ၊ ထူးခြားလှ၊ မုချစွမ်းအားရောက်။
- အန္တရာယ်ဝေး၊ အပူအေး၊ ဖြူဖွေးအရောင်တောက်။

ဗုဒ္ဓသာသနာ ရတနာကြောပေါ် ရောက်နေတဲ့ လူ့ခန္ဓာဆိုတာ ကျောက်ထွက်တဲ့ မြေကြီးနှင့် တူတယ်။ လူတိုင်းချမ်းသာချင်ကြတာဆိုတော့ ခန္ဓာမြေမှာ ကျောက်တူးနေကြပါတယ်။ လူတိုင်း ကျောက်တူးသမားချည်းပဲ။ ကျောက်တူးပုံက နှစ်မျိုးပါ။

(၁)မသန့်စင် မလုံခြုံတဲ့စိတ်နဲ့ ကျောက်တူးတာက တစ်မျိုး၊

(၂)သန့်စင်လုံခြုံတဲ့စိတ်နဲ့ ကျောက်တူးတာက တစ်မျိုး၊

အဲဒီလို နှစ်မျိုးရှိတယ်။ ဘယ်လူမျိုး ဖြစ်ဖြစ်၊ ဘယ်ဘာသာဝင်ဖြစ်ဖြစ်၊ ရှင်ရဟန်း ဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ် အားလုံးဟာ ကျောက်တူးသမားတွေချည်းပဲ။

မသန့်စင် မလုံခြုံတဲ့စိတ်နဲ့ ကျောက်တူးတဲ့ပုဂ္ဂိုလ်က ကျောက်တွေပိုပြီးရပါတယ်။ ဒါပေမယ့် သူရတဲ့ ကျောက်တွေက ရရစ်ကြောက်တွေဖြစ်နေတယ်။

သဝေထိုးကကြီး ရရစ်ရေးချ ကသတ် ကြောက်၊ ရလာသမျှ တိုးလာသမျှ ကြောက်စရာချည်း ဖြစ်နေတတ်တယ်။ အိုရမှာ ကြောက်ရ၊ နာရမှာကြောက်ရ၊ သေရမှာ ကြောက်ရ၊ ငိုရမှာကြောက်ရ၊ သူခိုးကြောက်ရ၊ လူဆိုးကြောက်ရ၊ ရန်သူကြောက်ရ၊ ဟိုကြောက်ရ၊ ဒီကြောက်ရ ရှိသမျှအကုန် ကြောက်နေရတယ်။ မသန့်စင် မလုံခြုံတဲ့စိတ်နဲ့ တူးနေသမျှတော့ စားဝတ်နေရေး စီးပွားရေးတွေ ဘယ်လောက်ပဲ ပြေလည်နေတယ်လို့ ပြောပြော ရရစ်ကြောက်တွေပဲ တိုးနေမှာပါ။

သန့်စင်လုံခြုံတဲ့စိတ်နဲ့ ကျောက်တူးနေသူတွေကတော့ ယပင့်ကျောက်တွေပဲရပါတယ်။ အဖိုးတန်လွန်းတာကြောင့် ယပင့်ကျောက်လို့ တင်စားပြောတာပါ။ သဒ္ဓါနဲ့ စိတ်ကိုသန့်စင်၊ သတိနဲ့ စိတ်ကိုလုံအောင်ထိန်းလို့ ဝီရိယခလုတ်ကို အချက်ကျကျနှိပ်ပေးပြီး အားကို အပြင်မှာထုတ်မပစ်ဘဲ အတွင်းမှာ ထုတ်ယူစုဆောင်းနိုင်သူတွေဟာ ယပင့်ကျောက်တူးနေကြတာပါ။ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အဖိုးတန်ကျောက်တွေထွက်တယ်။ ပရိယတ္တိကျောက်တွေ ပဋိပတ္တိကျောက်တွေ အများကြီး ထွက်ပါတယ်။

အဖိုးတန်ကျောက်တွေ မတူးယူနိုင်တဲ့ ခန္ဓာကိုယ်ကြီးဟာ အိုထုပ်၊ နာထုပ်၊ သေထုပ်၊ အပူထုပ်ကြီးပဲ ဖြစ်နေမှာပါ။ အပူထုပ်ဆိုတော့ အပုပ်လည်းထူမှာပါပဲ။ အဖိုးတန် တရားကျောက်တွေတူးပြီး ဖြူဖွေးအောင် သန့်စင်လို့ တောက်ပြောင်တဲ့ တရားရောင်တစ်ဖိတ်ဖိတ်နဲ့ အရည်အသွေးနှင့် စွမ်းအားတွေ ထည့်သွင်းရေတွက်လာခဲ့တဲ့ကြောင့် နှစ် (၁၀၀) ပြည့်လာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပူဇော်နေကြတာဖြစ်တယ်။

### ၇။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ

- လောကတွင်းမှာ၊ ကိုယ်ပိုင်တာ၊ ဘယ်ဟာတွေမှ မရှိကြ။
- ဆိုင်သလောက်သာ၊ ပြင်နိုင်တာ၊ ကိုယ့်ဟာခဏရ။
- ဆိုင်ရှိသာဆိုင်၊ ကိုယ်မပိုင်၊ မနိုင်ပျက်ကြရ။
- ဆိုင်သမျှလဲ၊ မရပ်ဘဲ၊ အမြဲနှုတ်နေကြ။
- နှုတ်သမျှလဲ၊ သတိစွဲ၊ အမြဲဆက်ပေးရ။
- ဆက်တတ်မှသာ၊ ကိုယ်ပိုင်တာ၊ ကောင်းစွာကျန်ခဲ့ကြ။
- သတိကိုင်စွဲ၊ နှုတ်ဆက်ပွဲ၊ အမြဲအေးချမ်းရ။



www.burmeseclassic.com

www.burmeseclassic.com


တရားကိုနှုတ်ထားလိုက်ရင် လောကထဲမှာ ကိုယ်ပိုင်တဲ့အရာလို့ ဘာတစ်ခုမှမရှိပါဘူး။ နောက်ပိတ်ဆုံး ကိုယ့်ခန္ဓာတောင် ပိုင်တာမဟုတ်ပါဘူး။ ကိုယ်နှင့်ဆက်စပ်တဲ့ အရာအားလုံးဟာလည်း ဆိုင်ရုံသာဆိုင်တာပါ။ ဘာကိုမှ ပိုင်ခွင့်မရှိပါဘူး။ အပိုင်ပဲလို့ချင်တယ်ဆိုရင်တော့ မပိုင်တဲ့ အဌားတွေကို ပိုင်တဲ့တရားနှင့် အမြန်လဲလှယ်ယူလိုက်ရုံပါပဲ။

ကိုယ်နဲ့ဆက်စပ်သက်ဆိုင်နေတဲ့ အရာအားလုံးဟာ ဘာတစ်ခုမှရပ်တန့်မနေဘဲ အမြဲ ဆွဲနှုတ်သွားနေကြပါတယ်။ ဆွဲနှုတ်ယူသွားကြပုံက ၃-မျိုးပါ။

(၁)တားမရတဲ့သဘာဝအနှုတ်က တစ်မျိုး၊

(၂)လိုအပ်လို့ နှုတ်ယူနေတဲ့ အနှုတ်က တစ်မျိုး၊

(၃)မလိုအပ်လို့ နှုတ်ပစ်နေရတဲ့အနှုတ်က တစ်မျိုး၊ အဲဒီလို နှုတ်ပုံ ၃-မျိုးရှိတယ်။

(၁) တားမရတဲ့ သဘာဝအနှုတ်ဆိုတာက ကိုယ့်ရဲ့ကျန်းမာမှု၊ နုပျိုမှု၊ ရုပ်ဆင်းပြည့်စုံမှု၊ ဒီဘဝမှာနေခွင့်ရတဲ့ အသက်အပိုင်းအခြား အခွင့်အရေးတွေ၊ လျင်မြန် ဖျတ်လတ် သန်စွမ်းတဲ့ ခွန်အားတွေကို အချိန်နဲ့ထပ်တူ နှုတ်ယူသွားနေကြပါတယ်။ ပြီးတော့ ကိုယ်နှင့်ဆိုင်တဲ့စီးပွားဥစ္စာတွေ အကြောင်း အမျိုးမျိုးကြောင့် ပျောက်ပျက်သွားတာမျိုးတွေ၊ ကိုယ့်ဆွေမျိုး မိတ်ဆွေတွေနှင့် ရှင်ကွဲ သေကွဲ ကွဲရတာမျိုးတွေ စတဲ့ တားမရတဲ့ သဘာဝအနှုတ်တွေဟာ အများကြီးပါ။

(၂) လိုအပ်လို့ နှုတ်ယူနေတဲ့အနှုတ်ဆိုတာ အဓိက ကတော့ ပစ္စည်းဥစ္စာပါပဲ။ ပစ္စည်းဥစ္စာဆိုတာ သုံးစွဲဖို့ ရှာဖွေစုဆောင်းထားတာဖြစ်လို့ နေ့စဉ်လိုအပ်သမျှ နှုတ်ယူသုံးစွဲနေရမှာပါ။ ကိုယ် စားသောက်သုံးစွဲဖို့ စုထားတဲ့ပစ္စည်းထဲက လိုအပ်သမျှ နှုတ်ယူနေရမယ်။ မိသားစုတွေ ကျွေးဖို့၊ ပေးသင့်သူတွေပေးဖို့လည်း နေ့စဉ် နှုတ်ယူနေရမယ်။ အလှူလုပ်ချင်ရင်လည်း ရှာဖွေစုဆောင်းထားတဲ့ထဲကပဲ နှုတ်ယူရမှာပဲ။ လိုအပ်လို့ နှုတ်ယူနေတာချည်းပါ။

(၃) မလိုအပ်လို့ နှုတ်ပစ်နေရတဲ့ အနှုတ်ဆိုတာက အဓိကကတော့ လောဘ၊ ဒေါသ၊ မောဟ ဦးစီးတဲ့ အပူတွေပါ။ သူတို့နောက်က ဆင်းရဲတွေ၊ ပြဿနာတွေ၊ အပူအရှုပ်တွေ၊ အနှောင့်အယှက် အန္တရာယ်တွေဟာ အတိုင်းအတာ အကန့်အသတ်မရှိ ကပ်လိုက်နေကြတာဖြစ်လို့ လောဘ၊ ဒေါသ၊ မောဟ တွေဟာ မလိုအပ်တဲ့အရာတွေပဲ။ မလိုအပ်တော့ ကိုယ်စွမ်းနိုင်တဲ့နည်းနဲ့ နှုတ်နေရမှာပါ။ လုံးဝကျွတ်ထွက် သွားအောင် နှုတ်မပစ်နိုင်သေးပေမယ့် စိတ်နှင့် တစ်စ တစ်စ ခွာပေးနေရမယ်။ ကန့်ပေးနေရမယ်။ သန့်ပေးနေရမယ်။ ကိုယ့်ဘက်က အင်အားသုံးပြီး မနှုတ်ရင် သူ့ဖက်က အင်အားသာလွန်ပြီး ကိုယ့်စိတ်ကို လွှမ်းမိုးသွားမှာပဲ။ ကိုယ်က သူ့ကို မနှုတ်နိုင်ရင် သူက ကိုယ့်ရဲ့ ကုသိုလ်ကောင်းမှုတွေ အံ့ဖွယ်ကောင်းအောင် စုးရှထက်မြက်လှတဲ့ ကိုယ့်စွမ်းရည်တွေကို နှုတ်သွားတော့မှာပါ။ ဒီအပူတွေကို မလိုအပ်ပေမယ့် မနိုင်လို့သာ ထားရတာပါ။ မနိုင်ပေမယ့် မလိုအပ်တာဆိုတော့ ဘုရားအား တရားအားကို အမှီပြုပြီး နေ့စဉ်နှုတ်ပစ်နေရမယ်။ လိုမှ မလိုအပ်တာကိုး။

ပြီးတော့ ခန္ဓာကိုယ်မှာဒုက္ခဖြစ်စေတတ်၊ ကျန်းမာရေးကို ထိခိုက်ဆုံးရှုံးစေတတ်တဲ့ အညစ်အကြေး အမျိုးမျိုးတွေကိုလည်း မလိုအပ်တာဖြစ်လို့ နေ့စဉ် နှုတ်ပစ်ဖယ်ရှားနေရတာပဲ။ ခန္ဓာမှာ လိုအပ်တာမရှိရင်လည်း ဆင်းရဲရမယ်။ မလိုအပ်တာတွေ ရှိနေပြန်တော့လည်း တကယ်ဆင်းရဲရမှာပါ။ ခန္ဓာမှာ မလိုအပ်လို့ နှုတ်ပစ်စရာ တွေကလည်း နည်းတာမဟုတ်ဘူး။

ဘယ်လိုနည်းနဲ့ပဲနှုတ်နှုတ် အနှုတ်နောက်က ကောင်းတာတွေ အမြန်ဆက်ပေးဖို့ သတိကို အမြဲကိုင်ထားမှ ဖြစ်မယ်။ နှုတ်သွားတိုင်း သတိဉာဏ်နဲ့ အမြန်ဆက်ပေးနေရမှာက ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ကောင်းမှု စွမ်းအားတွေပါ။ အနှုတ်တွေက သိပ်မြန်နေတာဖြစ်လို့ အဆက်ကလည်း မြန်နိုင်သမျှ မြန်ပေးမှ အချိန်မီ ဘဝအနှစ် ပေါ်လာမယ်။

သတိဉာဏ်နဲ့ အဆက်တတ်မှ အနှုတ်နောက်က အဆက်မီပြီး နှုတ်ပြီးတိုင်း ဆက်ပေးနေရတဲ့ ကိုယ့်ရဲ့ နေ့စဉ် 'နှုတ်-ဆက်ပွဲ' တွေဟာ အားတက်စရာ ဖြစ်ခွင့်ရသွားမယ်။ အဆက်မကောင်းရင် နှုတ်သွားတိုင်း စိတ်ပျက် အားငယ်သွားရတဲ့ 'နှုတ်-ပျက်ပွဲ' တွေ ဖြစ်ကုန်မှာပဲ။ အယုတ်စွဆုံး ခန္ဓာမှာ နေထိုင်မကောင်းတာတို့၊


www.burmeseclassic.com

www.burmeseclassic.com


အနာရောဂါဖြစ်တာတို့၊ ပစ္စည်းသုံးမဖြစ်လို့ အမှိုက်ပုံးထဲ ပစ်လိုက်ရတာတို့၊ ပစ္စည်းသူခိုးခိုးခံရလို့ ပျောက်သွားတာတို့ စတဲ့ အနှုတ်တွေရဲ့နောက်က စိတ်အပူကို သတိဉာဏ်နဲ့ ဆက်နှုတ်ပေးပြီး ဝိပဿနာ စွမ်းအားကောင်းတွေ အစားသွင်း ဆက်ပေးနိုင်ရင် ဘယ်အနှုတ်ကြောင့်မှ လူဟာ မရှုံးနိုင်ပါဘူး။ နှုတ်သွားတိုင်း အမြတ်ကျန်နေခဲ့မှာပါ။

စိန်ရွှေရတနာဆိုင် ဖွင့်လှစ်ရောင်းချနေသူဟာ အဖိုးအခမရဘဲ ရတနာတွေ သူခိုးခိုးခံလိုက်ရရင် အိပ်မရ၊ စားမရ၊ နေမရ၊ ထိုင်မရအောင် စိတ်ဆင်းရဲပူလောင်နေမယ်။ အနှုတ်နောက်က မဆက်ဘဲ စိတ်အားပျက်သွားရတာဆိုတော့ နှုတ်ပျက်ပွဲကြီးပဲ ဖြစ်နေတော့မှာ။

တကယ်လို့ အဖိုးအခ အမြတ်များများပေးပြီး လူတွေက ရတနာတွေကို လာဝယ်ယူကြမယ်ဆိုရင် နှုတ်သွားတဲ့နေရာမှာ အဆက်တွေကျန်နေခဲ့လို့ နှုတ်သွားတိုင်း ပျော်ရွှင်အားတက်နေမှာပါ။ နှုတ်သလောက် ဆက်ခဲ့တာကိုး။

ယခု မဟာဝိသုဒ္ဓါရုံ နှစ် (၁၀၀) ပြည့်ပွဲကြီး မှာ အနှုတ်နောက်က အဆက်တွေပြည့်နေတာကြောင့် ရွှင်လန်းအားတက်နေကြတာဖြစ်တယ်။ တားမရတဲ့ သဘာဝအနှုတ်တွေနောက်ကလည်း အပူတွေကို သတိဉာဏ်နဲ့ နှုတ်ပြီး အေးချမ်းတဲ့ တရားစွမ်းအားတွေနဲ့ အရည်အသွေးပြည့်အောင် ဆက်ပေးနိုင်တယ်။ ပစ္စည်းတွေကို လိုအပ်လို့နှုတ်ယူပြီး ဒါနစတဲ့ ကောင်းမှုတွေနဲ့လည်း နောက်က ဆက်ပေးနိုင်တယ်။ မလိုအပ်တာတွေနှုတ်ပစ်ပြီး လိုအပ်တဲ့တရားတွေနဲ့ အကွက်စေ့အောင်ဆက်ပေးနိုင်တယ်။ အဲဒါ အားရကျေနပ်နှစ်သက်ဖွယ် 'နှုတ်ဆက်ပွဲကြီး' ပဲ။

## ၈။ လွှမ်းခြုံမေတ္တာ နှစ်တစ်ရာ

- **ဤသာသနာ၊ ငြိမ်းချမ်းစွာ၊ ကမ္ဘာကြီးကို လှစေသည်။**
- **မြန်မာ့ဩဘာ၊ သာသနာ၊ နိုင်မာပြည့်စုံသည်။**
- **ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊ ဂုဏ်ရည်ကြွယ်၊ ခန့်ထည်(ထယ်) မြန်မာပြည်။**
- **မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရွှင်ပြုံးကြည်သာ၊ တို့မြန်မာ၊ ကမ္ဘာကပင် မော်ကြည့်သည်။**
- **ဗုဒ္ဓမြတ်စွာ၊ သာသနာကြောင့်၊ ကမ္ဘာလည်းလှ၊ လူလည်းလှ၊ အေးမြချမ်းသာသည်။**
- **ဝိသုဒ္ဓါရုံ၊ စွမ်းရည်စုံ၍၊ လွှမ်းခြုံမေတ္တာ၊ နှစ်တစ်ရာ၊ ကောင်းစွာပြည့်လာသည်။**

၁၂၆၅-ခုနှစ်က ကျေးဇူးတော်ရှင် ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး စတင် တည်ထောင်တော်မူခဲ့တဲ့ ဒီမဟာဝိသုဒ္ဓါရုံ တိုက်သစ်ဟာ ယခုဆိုရင် နှစ်ပေါင်း (၁၀၀) တိတိ ပြည့်ပါပြီ။ မဟာဝိသုဒ္ဓါရုံ နှစ် (၁၀၀) ပြည့် ပွဲတော်ကြီးကို နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ရွှေကျင် နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယကအဖွဲ့ စည်းဝေးပွဲကြီးနှင့် ပူးတွဲပြီးကျင်းပလိုက်တော့ ကုသိုလ်တွေ ပိုပြီးတိုးပွားကြရပါတယ်။ မေတ္တာသရုပ်လည်း ပိုပြီးတော့ပေါ် လွင်ပါတယ်။

နောက်တစ်ခု ချိန်းထားသလိုတိုက်ဆိုင်တာက ရွှေကျင်နိကာယ အဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ စုဒ္ဓသမရွှေကျင် သာသနာပိုင် ဇယမေဒနီ ဝါဆိုဆရာတော်ဘုရားကြီး ရွှေကျင်သာသနာပိုင် ဖြစ်တော်မူလာတဲ့အချိန်ပဲ။ မနက်ဖြန်ဆိုရင် ရွှေကျင်သာသနာပိုင် ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီး ပူဇော်ကြမှာပါ။ ရာပြည့် သာသနာပိုင်ဆရာတော်ဘုရားကြီးလို့ ခေါ်မယ်ဆို ခေါ်လို့ရတယ်။ တမင်ကြိုတင်စီစဉ်ထားတာ မဟုတ်ပေမယ့် အံ့သြဖွယ် ကြုံကြိုက်တိုက်ဆိုင်မှုကြီးပဲ။

ဒုတိယ ရွှေကျင်သာသနာပိုင်ဖြစ်တဲ့ ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး လက်ထက်ကစပြီး ယခု စုဒ္ဓသမရွှေကျင် သာသနာပိုင် ဇယမေဒနီဝါဆိုဆရာတော်ဘုရားကြီး လက်ထက်ထိ နှစ် (၁၀၀) တိတိပဲ။ ဒါကြောင့် နှစ် (၁၀၀) တိုင်တိုင် သာသနာအလုပ်ကို ကြိုးပမ်းအားထုတ်ခဲ့တာတွေကို 'မေတ္တာလက်တွဲ ရာပြည့်ပွဲ' အလုပ်နဲ့ ဝမ်းမြောက်ဝမ်းသာ ပူဇော်နေကြတာပါ။

ကုသိုလ်လုပ်နိုင်ကြတယ်ဆိုတာ အဓိကကတော့ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံခွင့်ရနေလို့ပါ။ တစ်ကမ္ဘာလုံး ခြုံကြည့်ရင် ဗုဒ္ဓသာသနာတော်ဟာ မြန်မာတစ်နိုင်ငံတည်းမှာပဲ ပြည့်ပြည့်စုံစုံ ရှိပါတော့တယ်။ သဒ္ဓါ၊ ပညာ၊ မေတ္တာဆိုတဲ့ သာသနာပြုခွန်အား ၃-ခုနဲ့ ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းနေတဲ့ကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသာသနာဟာ ကမ္ဘာလောကကြီးကို ငြိမ်းချမ်းစွာအလှဆင်ပေးဖို့ ပေါ်ပေါက်လာတာဖြစ်တယ်။ သာသနာဟာ မေတ္တာသာသနာလည်း ဖြစ်ပါတယ်။ ကမ္ဘာကို ငြိမ်းချမ်းစွာ အလှဆင်ပေးတယ်။ လူတစ်ယောက် သာသနာပြန့်သွားရင် လူတစ်ယောက်ငြိမ်းချမ်းတယ်။ မိသားစုတစ်စု သာသနာပြန့်သွားရင် မိသားစုတစ်စု ငြိမ်းချမ်းသွားမယ်။ သာသနာပြန့်ပွားသလောက် ငြိမ်းချမ်းရေးနယ်ပယ် ကျယ်ဝန်းသွားနိုင်ပါတယ်။

ပထမရွှေကျင်ဆရာတော် ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်စတဲ့ မေတ္တာရှင်ဆရာတော် ဘုရားကြီးများရဲ့ ကျေးဇူးကြောင့် မိမိတို့ မျက်မှောက်ယနေ့ထိ မေတ္တာသာသနာဟာ သန့်သန့်ရှင်းရှင်း ထည်ထည်ဝါဝါနဲ့ ရောက်ရှိ ပျံ့နှံ့ခဲ့ရတာပါ။ ထေရဝါဒသက်သက် သန့်သန့်ရှင်းရှင်း ပြည့်ပြည့်စုံစုံနဲ့ သာသနာကို ထိန်းသိမ်းထားနိုင်တာဟာ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာရှိပါတယ်။ အချို့ ထေရဝါဒနိုင်ငံတွေမှာ သာသနာထဲ လောကီတွေ အများကြီး ရောကုန်ကြပြီ။

မေတ္တာတရားနဲ့ပေါင်းစုပြီး ထိန်းသိမ်းစောင့်ရှောက်မှုကောင်းတဲ့ကြောင့် ကမ္ဘာ့အလယ်မှာ မြန်မာသာ သာသနာအပြည့်စုံဆုံး အခိုင်မာဆုံးပါ။ တရားငတ်နေတဲ့ ကမ္ဘာသူ ကမ္ဘာသားတွေအတွက် ဖြန့်ဝေပေးနိုင် လောက်အောင် ပြည့်စုံပါတယ်။

ဒါကြောင့် နိုင်ငံခြားသားတွေက ပြောကြတယ်။ 'တရားဟာ မြန်မာ့ထွက်ကုန်' တဲ့။ 'သတိပဋ္ဌာန် ဝိပဿနာတရားဟာ မြန်မာ့အဓိက ထွက်ကုန်ပစ္စည်း' တဲ့။ အဲဒီထွက်ကုန်ပစ္စည်းတွေ အဆက်မပြတ်ဖို့ ယခုလို စာသင်တိုက်ကြီးတွေမှာ စာချဘုန်းကြီးတွေက ပို့ချသင်ပြပေးလို့ စာသင်သားတွေက သင်ယူကြိုးစားလို့ နေကြရတာဖြစ်တယ်။

ဗုဒ္ဓသာသနာနှင့်ပတ်သက်လို့ ဂုဏ်ယူစရာအကောင်းဆုံးကတော့ မြန်မာပါ။ မြန်မာလို့ ကမ္ဘာကသိလို့ မော်ကြည့်နေကြတာက ဗုဒ္ဓသာသနာကြောင့်ပါ။ သာသနာကြောင့် မြန်မာလှတာ ဖြစ်တယ်။ မြန်မာပြည်သူ ပြည်သားအားလုံး ဗုဒ္ဓသာသနာရတနာကြောပေါ် ရောက်နေကြတယ်။ အလုပ်လုပ်ဖို့ပဲလိုတယ်။

နိဗ္ဗာန် မဂ် ဖိုလ် ရောက်သည်ထိတောင်မှ အာမခံတာဝန်ယူထားတဲ့ သာသနာ၊ လောကီ စီးပွားရေး လောက်တော့ အသာလေးပေါ့။ စားဝတ်နေရေး လောကီကောင်းကျိုးတွေ ရဖို့လောက်တော့ အသာလေးပါ။ စည်းကမ်းတကျသာ လုပ်ကြမယ်ဆိုရင် လောကီ လောကုတ္တရာ ကောင်းကျိုးအစုံရအောင် စွမ်းဆောင်ပေးနိုင်တဲ့ သာသနာပါ။ စည်းကမ်းက အတိုချုပ် ၃-ချက် ပါ။ ကိုယ် နှုတ်ရဲ့စည်းကမ်းဆိုတာ သီလ၊ စိတ်ရဲ့စည်းကမ်းဆိုတာ သမာဓိ၊ အသိရဲ့စည်းကမ်းဆိုတာ ဝိပဿနာ ပညာပဲ။

ဗုဒ္ဓမြတ်စွာသာသနာကြောင့် မြန်မာကို ကမ္ဘာက သိနေကြပါတယ်။ 'တို့မှာရှိသင့်တာတွေ အားလုံး ပြည့်ပြည့်စုံစုံရှိရက်သားနဲ့ ပူလောင်လှချည်လား၊ တို့မှာ တစ်ခုခုတော့ လိုနေသေးတာ သေချာပြီ၊ ဘာများ လိုပါလိမ့်' စဉ်းစားဆင်ခြင်စစ်ဆေးလိုက်တော့ 'တို့မှာ ဘဝအနှစ်ဖြစ်တဲ့ တရားလိုနေသေးတယ်၊ ဒါကို ဖြန့်ဝေ ပေးနိုင်တဲ့နည်းစနစ် တို့ဆီမှာမရှိဘူး၊ ဘယ်သွားလေ့လာရပါ့' တရားလေ့လာလိုတဲ့ဆန္ဒတွေ ဖြစ်လာကြတယ်။

ကမ္ဘာ့မြေပုံကြီးကို ဖြန့်ကြည့်လိုက်တဲ့အခါ ဘုရားပွင့်တဲ့တိုင်းပြည်ကြီးရဲ့ အရှေ့နား မှာကပ်နေတဲ့ 'မြန်မာ' ဆိုတဲ့ တိုင်းပြည်သေးသေးလေးကို တွေ့ရတယ်။ တိုင်းပြည်ကြီးများရဲ့ ပြည်နယ်လေး တစ်ခုလောက်သာရှိတဲ့ နိုင်ငံသေးသေးလေးပဲ။ ဓမ္မကြောင့် ဂုဏ်သတင်း အမည်ပျံ့မွှေးနေတဲ့ 'မြန်မာ'ဆိုတဲ့ တိုင်းပြည်လေးကို ကမ္ဘာ့မြေပုံထဲမှာ သွားတွေ့ကြတယ်။ 'ဟောဒီ တိုင်းပြည် ငယ်ငယ်လေးထဲမှာ ဘဝအသုံးချတရားတွေ၊ ဘဝမှာ ငြိမ်းချမ်းအောင်နေနည်းတွေ၊ ဘဝဒုက္ခ လွတ်မြောက်ကြောင်း နည်းလမ်းတွေ၊ ခုရောနောင်ပါ စိတ် အေးကြောင်း တရားတွေ အပြည့်အစုံ ရှိသတဲ့၊ အဖိုးအခ မယူဘဲ အခမဲ့မေတ္တာနဲ့ ဖြန့်ဝေပေးသတဲ့' လို့ ကြားသိရသူတွေဟာ မြန်မာပြည်ကိုလာရောက်ပြီး တရားနည်းလမ်းတွေကို လိုသလောက် ရနိုင်သလောက်ယူကြတယ်။ သာသနာကြောင့် မြန်မာကို မော်ကြည့်ကြတာပါ။ မော်ကြည့်ရလောက်အောင်လည်း မေတ္တာနဲ့ပဲ ထိန်းသိမ်း စောင့်ရှောက်နေကြတာကိုး။

ဗုဒ္ဓသာသနာကို မှီခိုခွင့်ရတဲ့မေတ္တာဟာ ထူးခြားလေးနက် စွမ်းအားအလွန်ထက်ပါတယ်။ မေတ္တာလွှမ်းခြုံ ထားတဲ့ ဗုဒ္ဓရဲ့အဆုံးအမတရားတွေကြောင့် ဒီမဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ကြီး လှပနေတာပါ။ ရွှေကျင် သာသနာပိုင်ဆရာတော်ကြီးကစပြီး ဆရာတော်အဆက်ဆက်တွေ စည်းကမ်းတကျ ကျက်သရေရှိရှိ စွမ်းအား ပြည့်ပြည့်နဲ့ အလှဆင်နိုင်ခဲ့တာဟာ သာသနာကျေးဇူးကြောင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သာသနာနှင့်တွေ့သွားရင် လှကြတာချည်းပါပဲ။ ပင်ကိုယ်အရုပ် ဆိုးချင်ဆိုးပါစေ တရားနှင့်တွေ့လိုက်ရင် ကျက်သရေကို ရှိသွားတာ။ သာသနာနှင့်တွေ့ရတော့ လူလဲလှတယ်။ အိမ်ဆိုလည်း လှတာပဲ။ ကျောင်းဆိုလည်း လှတာပဲ။ သက်ရှိတွေ တရားနဲ့လှသွားရင် မြို့၊ ရွာ၊ နိုင်ငံ သက်မဲ့အားလုံးဟာလည်း အကုန်လှသွားတယ်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး နှစ် (၁၀၀) ပြည့်လာသည်အထိ ထည်ဝါလှပ ကျက်သရေ ရှိလာခဲ့ရတာဟာလည်း ဗုဒ္ဓသာသနာကျေးဇူးကြောင့်ပါ။ ဝိသုဒ္ဓါရုံ နှစ် (၁၀၀) ပြည့်လာတာဟာ 'နှစ် (၁၀၀) ပြည့်စေသတည်း' လို့ စက်ခလုတ်နှိပ်ပြီး ပြည့်လာတာ မဟုတ်ဘူး၊ သဒ္ဓါ၊ မေတ္တာ၊ ပညာအရင်းခံတဲ့ စွမ်းအားပြည့်စုံ တရားဂုဏ်တွေနဲ့ လွှမ်းခြုံပြီး အားသွန်ခွန်စိုက် ကြိုးစားလာခဲ့ကြလို့ အရည်အသွေးပါတဲ့ အရေအတွက်တွေကို ရေတွက်ရင်း ပြည့်လာခဲ့ရတဲ့ နှစ် (၁၀၀) ပါ။

လောကထဲမှာ တရားလောက် အရှိန်အဝါကြီးတာ ဘာတစ်ခုမှမရှိပါဘူး။ လောကကိုအနိုင်ယူဖို့ပဲ တရား ပေါ်လာတာဆိုတော့ တရားဟာ အရှိန်အဝါအကြီးဆုံးဖြစ်ရတာပေါ့။ ရွှေရှိရှိ ငွေရှိရှိ ဘာတွေပဲရှိရှိ အာရုံက လူကိုနိုင်သွားရင် လူဆင်းရဲလို့ခေါ်တယ်။ လူက အာရုံကို နိုင်သွားရင်တော့ လူချမ်းသာလို့ ခေါ်တယ်ပေါ့ဗျာ။ ပြီးတော့ ပစ္စည်းက လူကို နိုင်သွားရင်လည်း လူဆင်းရဲပါပဲ။ အရေအတွက်များလေ ဆင်းရဲများလေပဲ။ လူက ပစ္စည်းကို နိုင်ပြန်တော့ လူချမ်းသာပေါ့။

တရားအသိရှိသူသာ အာရုံနှင့်ပစ္စည်းကို နိုင်မှာဆိုတော့ တရားအမြဲပိုင်ဖို့ တရားကိုနိုင်တဲ့ သတိဉာဏ်ကို မလွှတ်တမ်း ကိုင်ထားရုံပေါ့။ ဘာတွေပဲရှိရှိ ကိုယ်ပိုင်တရားမရှိသေးသမျှ စိတ်အေးကြရမှာ မဟုတ်ပါဘူး။

သာသနာဆိုတာ အလွန်ငြိမ်းချမ်းတဲ့ ဘုရားရှင်ရဲ့ မေတ္တာနှလုံးသားမှ ပေါ်ထွက်လာခဲ့ပြီး အေးချမ်းတဲ့ သူတော်ကောင်းကြီးတို့ရဲ့ မေတ္တာနှလုံးသားအဆက်ဆက်နဲ့ သယ်ဆောင်လာခဲ့တဲ့ အအေးဓာတ်ဖြစ်ပါတယ်။ မေတ္တာလမ်းကြောင်းပေါ်က ဖြတ်သန်းခဲ့ရတာဖြစ်လို့ ကြာလေ ကောင်းလေ၊ ဟောင်းလေ သစ်လေပဲ။ ကမ္ဘာကိုရော လူကိုပါ အလှဆင်ပေးပြီး အေးမြသာယာ ချမ်းသာစေပါတယ်။ လူလှမှလည်း ကမ္ဘာကလှမှာပါ။

## ၉။ ကြီးပေမယ့် မအိုသေးပါဘူး

ကျေးဇူးတော်ရှင် ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးဟာ ဖွဲ့စည်းပုံစနစ် ၄-ချက်ကို အခြေခံပြီး ၁၂၆၅-ခုနှစ်က ဟောဒီ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီးကို တည်ထောင်ပြီး ဦးဆောင်တော်မူခဲ့ပါတယ်။ ပထမရွှေကျင်ဆရာတော်ဘုရားကြီးလက်ထက်က ရှိနေခဲ့တဲ့ ရွှေကျင်နိကာယ အဖွဲ့အစည်း ရွှေကျင်ဂိုဏ်းကြီး ကိုလည်း အဲဒီစနစ် ၄-ချက်နဲ့ပဲ တည်ငြိမ်ရင့်ကျက်စွာဦးဆောင်ပြီး ရှေးကထက် ပိုမိုတိုးတက် စည်ကား ကြီးပွားအောင် သိက္ခာပြည့်ပြည့် စည်းကမ်း ရှိရှိ အထူးစောင့်ရှောက်ထိန်းသိမ်းတော်မူနိုင်ခဲ့ပါတယ်။

အဖွဲ့အစည်းနှင့် စည်းစနစ်၊ စည်းစနစ်နှင့်အဖွဲ့အစည်း၊ ကျောင်းတိုက်နှင့် နည်းစနစ်၊ နည်းစနစ်နှင့် ကျောင်းတိုက်ဆိုတာ ခွဲခြားလို့ မရစကောင်းပါဘူး။ စည်းကမ်းစနစ်မပါရင် အဖွဲ့အစည်း မပီသသလို နည်းစနစ်မရှိရင်လည်း ကျောင်းတိုက် မပီပြင်နိုင်ပါဘူး။ ကျောင်းတိုက် ကြာရှည်တည်တံ့ ခိုင်ခံ့နေနိုင်တယ် ဆိုတာကပဲ နည်းစနစ်ကောင်းတဲ့ကြောင့်ပါ။ စာသင်တိုက်ဆိုတာ စည်းကမ်းနဲ့ ဖွဲ့စည်းပြီး စည်းကမ်းတကျ နည်းလမ်းမှန်နဲ့ နေ့စဉ်လေ့ကျင့်နေရတဲ့ နေရာမျိုးကို ခေါ်တာပါ။ တကယ်အလုပ်လုပ်ဖို့ စည်းကမ်းနဲ့ ပေါင်းစုနေကြတာဖြစ်လို့ တကယ်ပဲ နည်းမှန်လမ်းမှန်နဲ့ မနေမနား အလုပ်လုပ်ကြရမှာပါ။

ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက ကျစ်လျစ်သိပ်သည်းစွာ နည်းစနစ်ကောင်းကောင်းနဲ့ တည်ထောင်ထားတော်မူခဲ့တဲ့ မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံ တိုက်သစ်ကြီးဟာ ယခု နှစ် (၁၀၀) တိတိ ပြည့်လာပါပြီ။

'နှစ် - ၁၀၀' ဆိုတာ စက်ခလုပ်နှိပ်လိုက်လို့ ပေါ်လာတာလည်းမဟုတ်၊ 'ပြည့်စေသတည်း' လို့ ဆိုလိုက်ရုံနဲ့ ပေါ်လာတာလည်းမဟုတ်၊ အလုပ်ကိုဖော်ပြတဲ့ စကားမျိုးသာ ဖြစ်ပါတယ်။ မေတ္တာ အရင်းခံတဲ့ စိတ်ကောင်း၊ စေတနာကောင်းတွေနဲ့ စွမ်းအားကောင်း မြောက်မြားစွာစုဆောင်းပြီး ဇွဲရှိရှိ ကြိုးစားလာခဲ့လို့ ရရှိလာတဲ့ သုတိသာလှတဲ့ စကားမျိုးပါ။

ရာပြည့်ပွဲကို တရားစကားနဲ့ပြောရရင် 'နှစ် (၁၀၀) အိုလာပြီ' လို့ ဆိုရမှာပဲ။ ဒါပေမယ့် အားငယ် ကြောက်ရွံ့ဖွယ်သဘောကို မပြဘဲ အားတက်ကြည်နူး ဝမ်းမြောက်ရွှင်ပြုံးမှုကိုသာ ဖြစ်စေတတ်ပါတယ်။ အရည်အသွေး ပါဝင်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဓါ၊ သတိ၊ မေတ္တာ၊ ပညာတွဲပြီး ရေတွက်နေရင် အရေအတွက်တိုင်း အရည်အသွေး ပါဝင်နေတယ်။ အရည်အသွေးပါတဲ့ အရေအတွက်ဟာ တိုးတက်မြင့်မားလာသလောက် ကိုယ့်ကို အာမခံ တာဝန်ယူတာဖြစ်လို့ ကြာလေကောင်းလေ၊ ဟောင်းလေသစ်လေ ဖြစ်လာရတာပါ။ ဒါကြောင့် ဒီမဟာ ဝိသုဒ္ဓါရုံတိုက်သစ်ကြီးဟာ နှစ် (၁၀၀) ကြီးလာပေမယ့် မအိုသေးပါဘူး။

## ၁၀။ ချိန်သီးနှင့် လက်တံ

အချိန်တွေကုန်သွားတိုင်း အရေအတွက် တိုးလာတိုင်း စွမ်းအားအပြည့်ရချင်တယ်ဆိုရင်၊ အားကိုးစရာ ကျန်နေစေချင်တယ်ဆိုရင် သတိပညာဆိုတဲ့ချိန်သီးနဲ့ သဒ္ဓါဝီရိယဆိုတဲ့ လက်တံကို အမြဲကိုင်ထားနိုင်ဖို့ အထူး လိုအပ်ပါတယ်။ တိုင်ကပ်နာရီကြီးတွေမှာ ချိန်သီးရပ်တော့ လက်တံရပ်တယ်။ ချိန်သီးစောင်းတော့ လက်တံ စောင်းတယ်။ အချိန်မှန်မသိရတော့ဘူး။ တရားမှာလည်း ဒီလိုပဲ။ သတိပညာရပ်ရင် ပျောက်ရင် တိမ်းစောင်း သွားရင် သဒ္ဓါ ဝီရိယရပ်တယ်။ ပျောက်တယ်။ တိမ်းစောင်းတယ်။ အားကိုးရမယ့် စွမ်းအားအမှန်ကို မရနိုင်တော့ဘူး။

နာရီချိန်သီး အဆက်မပြတ်သွားနေမှ လက်တံနှစ်ချောင်း မှန်မှန်လည်ပတ်ပြီး အချိန်မှန်ကို အမြဲပြနေ သလို သတိပညာ ချိန်သီးကောင်းနေမှ သဒ္ဓါဝီရိယလက်တံ မှန်မှန်လည်ပတ်ပြီး တရားစွမ်းအားမှန်ကို အမြဲရရှိ နေမှာပါ၊ ပစ္စည်းတွေသုံးမဖြစ်တော့လို့ အမှိုက်ပုံးထဲ အမှိုက်ပစ် လိုက်တာတောင် ဝိပဿနာတရားမှန်ကို ပြသွားမယ်။ ခန္ဓာမှာ အကြောင်းဖောက်ပြန်လို့ နေမကောင်း ထိုင်မကောင်းဖြစ်လာရင်တောင်မှ ဝိပဿနာ တရားမှန်ကို ပြသွားမှာပါ။

ချိန်သီးကောင်းလို့ လက်တံသာ မှန်မှန်လည်ပတ်နေရင်တော့ လူရဲ့ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေအားလုံး ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားမှန်တွေ ဇကန်ပြသွားမှာ သေချာပေါက်ပါ။ ချိန်သီးနှင့်လက်တံကောင်းနေရင် နေ့တိုင်းမေတ္တာလက်တွဲ ကုသိုလ်ပွဲတွေနဲ့ချည်း ပျော်ရွှင်အားတက် နေကြရမှာပါ။ သတိဆိုတာ တစ်ကိုယ်ရေ 'အား'၊ မေတ္တာဆိုတာ စုပေါင်း 'အား'၊ တစ်ကိုယ်ရေ 'အား' ကောင်းမှ စုပေါင်း 'အား' ကောင်းလာမှာ ဖြစ်ပါတယ်။ ချိန်သီးနှင့်လက်တံမှာ အချုပ်ကတော့ သတိပါပဲ။

သတိနှင့်ပညာက ဘဝနှင့်အလုပ် မတိမ်းစောင်းအောင် ထိန်းပေးနိုင်တဲ့ လူ့ဘဝချိန်သီးပါ။ သဒ္ဓါဝီရိယက လူ့စွမ်းအားပေါ်လာအောင် ပုံမှန်လည်ပတ်ပေးတဲ့ လူ့ဘဝလက်တံဖြစ်ပါတယ်။ သဒ္ဓါက စိတ်ကိုကောင်းအောင် သန့်စင်ပေးတယ်။ သတိက စိတ်ကောင်းကို ထိန်းပေးတယ်။ ဝီရိယကတော့ စိတ်ကောင်းကို အချိန်မီ စွမ်းအား ပေါ်အောင် တွန်းပေးပါတယ်။ ပညာကတော့ အရှိအတိုင်း ကြည့်ရှုသုံးသပ်ဆုံးဖြတ်ပြီး စွမ်းအားကို မြင်အောင်ပြလို့ ထိုက်တန်တဲ့ လုပ်ခရလဒ်ကို ထုတ်ပေးပါတယ်။ ဒါကြောင့်လည်း အားတက်သွားရတာပါ။

## ၁၁။ ကောင်းမှုမင်္ဂလာ ရက်ရာဇာ

- **သတိလွတ်ငြား၊ ပြဿဒါး၊ စိတ်ထားမကောင်းပါ။**
- **သတိထားက၊ စိတ်ကောင်းရ၊ မုချရက်ရာဇာ။**
- **ကုသိုလ်ကောင်းမှု၊ ရအောင်ပြု၊ သာစုခေါ်ထိုက်ပါ။**

လောကအချို့လူတွေဟာ အလုပ်တစ် ခုခုလုပ်ချင်တဲ့အခါ အခါကောင်း ရက်ကောင်းတွေ ရွေးချယ်လေ့ ရှိတတ်ကြတယ်။ အခါပေး ဆရာထံသွားလို့လည်း အခါကောင်း ရက်ကောင်းကို တောင်းယူ ရွေးချယ်တတ်တယ်။ အိမ်မှာရှိနေတဲ့ပြက္ခဒိန်ကို လှန်ကြည့်လို့လည်း ကိုယ်ကြိုက်တဲ့ အခါကောင်း ရက်ကောင်းကို ရွေးယူတတ်ကြတယ်။

ပြက္ခဒိန်အကွက်ထဲမှာပါတဲ့ ပြဿဒါးတို့၊ ဝါရမိတ္တုတို့၊ နဂါးလှည့်တို့ဆိုတာမျိုးတွေကို ကြည့်ပြီး ကြောက်လွန်းလို့ရှောင်ကြတယ်။ သူတို့အလိုကတော့ ဒီလိုနေ့မျိုးဆိုရင် ကောင်းတဲ့အလုပ်တွေ ရပ်ထားရ မလိုတောင် ဖြစ်နေတယ်။ 'ရက်ရာဇာ' ကွက်တွေကိုကြည့်ပြီး ကြိုက်တဲ့ရက်ကို ရွေးယူတတ်ကြတယ်။ ပြက္ခဒိန်ထဲမှာ ထည့်ထားတဲ့ 'ရက်ရာဇာ' တို့ 'ပြဿဒါး' တို့ဆိုတဲ့ အကွက်တွေဆိုတာ ကောင်းကင်နက္ခတ် အသွားအလာတွေကိုကြည့်ပြီး လောကနည်းနဲ့ ဗြာဟ္မဏဆရာတွေ ပေးတဲ့အခါတွေ ဖြစ်ပါတယ်။ ဗုဒ္ဓက ပေးထားတဲ့ အခါလည်းမဟုတ်ဘူး။ ဓမ္မကပေးထားတဲ့ အခါလည်း မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဆိုတာ ဒါမှမဟုတ် ရတနာ ၃-ပါးဆိုတာ လောကပြဿဒါးရက်တွေကို ရက်ရာဇာ ပြောင်းပေးဖို့ ပေါ်လာတာဖြစ်ပါတယ်။ လောကအဆိုးမှန်သမျှကို အကောင်းဖြစ်အောင် ပြောင်းလဲပေးဖို့ပေါ်လာတာ။ ဆင်းရဲကို ချမ်းသာဖြစ်အောင်၊ ရှုပ်တာတွေ ရှင်းအောင်၊ ညစ်တာတွေ သန့်စင်အောင်၊ ပူလောင်မှုကို ငြိမ်းအေးအောင်၊ မှန်ကန်တဲ့ နည်းစနစ်ကောင်းတွေကို လမ်းကြောင်းခင်းပေးဖို့ လောကထဲမှာ ပေါ်လာတာဖြစ်တယ်။

ဗုဒ္ဓနှင့်ဓမ္မဆိုတာ လောကအဆိုးတွေ ပေါ်လာတိုင်း နောက်ဆုတ်ပေးဖို့ အရှုံးပေးဖို့ ပေါ်လာတာ မဟုတ်ဘူး။ အဆိုးအားလုံး လုံးဝ ပျောက်ပျက်သွားသည်ထိ အနိုင်ယူဖို့ အောင်ပွဲခံဖို့သာ ပေါ်လာတာဖြစ်တယ်။ စစ်မှန်တဲ့ ဓမ္မလမ်းကြောင်းကို မတွေ့ရသေးသမျှ လောကနောက်ကိုသာ လိုက်နေရမှာပါ။ လောကက သတ်မှတ်ပေးတဲ့ အကောင်းအတုတွေနဲ့ပဲ ကျေနပ်နေရမှာပါ။

ဗုဒ္ဓနှင့်ဓမ္မကပေးထားတဲ့ ရက်ရာဇာရွေးနည်းကတော့ တစ်မျိုးတည်းပါ။ 'သတိ ရှိနေရင် အချိန်တိုင်း အမြဲကောင်းပါတယ်' တဲ့။ အလုပ်ကောင်း တစ်ခုခုလုပ်မယ်ဆိုရင် ကောင်းကင်ကိုလည်း မော်မကြည့်ပါနဲ့။ ပြက္ခဒိန်ကိုလည်း လှန်မကြည့်ပါနဲ့။ ကိုယ့်စိတ်တစ်ခုကိုပဲ ကြည့်ပါ။ ကိုယ့်စိတ်မှာ သတိကင်းလွတ်ပြီး လောဘ၊ ဒေါသ၊ မောဟ နက္ခတ်ဆိုးတွေနှင့် ယှဉ်နေရင် ဒါန၊ သီလ၊ ဘာဝနာ ဘယ်ကောင်းမှုကိုမှ လုပ်လို့ မဖြစ်နိုင်တာကြောင့် ပြဿဒါး = အချိန်ပျက် အချိန်ဆိုးလို့မှတ်ပါ။ သတိရှိရင် အချိန်ဆိုးကို အချိန်ကောင်း ပြန်ပြောင်းယူလို့ ရနိုင်ပါတယ်။

ကိုယ့်စိတ်ကို ကြည့်လိုက်လို့ သတိ နက္ခတ်ကောင်းနှင့် ယှဉ်နေတာကိုတွေ့နေရရင် ကောင်းမှုအားလုံး အကုန်လုပ်လို့ ဖြစ်နိုင်တဲ့ကြောင့် ရက်ရာဇာ = ရက်မင်းလို့ မှတ်ပါ။ ကောင်းကျိုးမှန်သမျှ ပေးနိုင်တဲ့ ကောင်းမှုအားလုံးနှင့် ထိုက်တန်တဲ့ကြောင့် အချိန်ကောင်းလို့လည်း မှတ်ပါ။

လူကို လောက က နိုင်တယ်၊ လောကကို ဓမ္မကနိုင်တယ်။ ဓမ္မကို သတိကနိုင်တယ်။ ဒီလိုဆိုတော့ သတိဟာ အားလုံးကိုနိုင်တဲ့ ဓမ္မရာဇာ = တရားမင်းပဲ။ အချိန်က လူကို ကောင်းအောင် လုပ်မပေးနိုင်ပါဘူး။ လူကသာ အချိန်ကိုကောင်းအောင် လုပ်ပေးရတာပါ။ လူက ကောင်းအောင် ဖန်တီးထားတဲ့အချိန်ကသာ တကယ့်အချိန်ကောင်းပဲ။

တကယ်လို့ ကိုယ့်စိတ်ထဲမှာ ဓမ္မရာဇာ = တရားမင်းဖြစ်တဲ့သတိရှိနေမယ်ဆိုရင် အချိန်တိုင်း အချိန်ရာဇာ၊ စက္ကန့်တိုင်း စက္ကန့်ရာဇာ၊ မိနစ်တိုင်း မိနစ်ရာဇာတွေ အကုန်ဖြစ်ပြီး နောက်ဆုံး မြင့်မြတ်တဲ့ဘဝ ဖြစ်သွားလို့ ဘဝရာဇာလို့တောင် ခေါ်ရင် ဖြစ်နိုင်ပါတယ်။ ဓမ္မက ပေးထားတဲ့အခါကိုး။

သတိရှိရင် အခါတင်မကပါဘူး။ အလုပ်ကိုလည်း အလုပ်ရာဇာလို့ခေါ်နိုင်တာပဲ။ သတိ အရင်းခံနဲ့ ပြုလုပ်ထားတဲ့ ကောင်းမှုအားလုံးဟာ ဆင်းရဲ အပူအန္တရာယ် အားလုံးကို အနိုင်ယူ လွှမ်းမိုးနိုင်တာဖြစ်လို့ ဓမ္မရာဇာ = တရားမင်းလို့ခေါ်ရင် ဖြစ်နိုင်တာပဲ။ ဘယ်သူ့အမိန့်နဲ့မှ တားမရနိုင်တဲ့ အခက်အခဲတွေကို တားဆီး ဖယ်ရှားပေးနိုင်တာကိုး။

သတိမရှိရင် လောက က ရက်ရာဇာလို့ သတ်မှတ်ထားတဲ့နေ့မှာတောင်မှ ကားမောင်းရင် ကားတိုက်နိုင်တယ်။ ထမင်းဟင်းချက်ရင် မီးလောင်နိုင်တယ်။ သတိကင်းမဲ့သလောက် ဒုက္ခအပူ ရောက်လာနိုင်တယ်။ ဒါ့ကြောင့် အချိန်ကောင်းအောင် လူက သတိဉာဏ်နဲ့ ဖန်တီးယူရမှာဖြစ်ပါတယ်။

အချုပ်ကတော့ သတိဆိုတာ 'ယခု ရောက်ဆဲအချိန်သာ အကောင်းဆုံး၊ အဖိုးအတန်ဆုံး၊ ယခုလုပ်ဆဲ အလုပ်သာ အရေးအကြီးဆုံး' လို့ အသိအမှတ်ပြုတာပါ။ ဟုတ်တယ်၊ ပစ္စုပ္ပန်တစ်ခုတည်းပဲ ကိုယ်ပိုင်ချိန်ရှိတာ။ အတိတ်၊ အနာဂတ်ဆိုတာ စကားအနေနဲ့သာ ပြောလို့ဖြစ်တာ၊ ကိုယ်ပိုင်ချိန် တစ်ခုမှမပါဝင်ဘူး။ အတိတ်ကလည်း လွန်ခဲ့ပြီးပြီ၊ ဘာမှ အလုပ်မဖြစ်တော့ဘူး။ အနာဂတ်လည်း ရောက်မလာသေးတော့ အလုပ်မဖြစ်သေးဘူး။ ရောက်ဆဲပစ္စုပ္ပန်တစ်ခုပဲ အလုပ်ဖြစ်တာပါ။

ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်က ဆရာတော်ဘုရားကြီးရဲ့ တပည့်တစ်ဦးက အလှူလုပ်ချင်လို့ လာရောက်ပြီး ရက်ကောင်းရွေးပေးဖို့ လျှောက်ထားတောင်းပန်သတဲ့။ 'တပည့်တော်မ အလှူလုပ်ချင်လို့ ရက်ကောင်း ရွေးပေးစေချင်ပါတယ်ဘုရား' လို့ လျှောက်တော့ ဆရာတော်ဘုရားကြီးက 'အလှူလုပ်ဖို့က ဒီနေ့ အကောင်းဆုံးပဲကွဲ့၊ ဒီနေ့မှာလည်း အခုဟာ အကောင်းဆုံးပဲ၊ အနာဂတ်ကို ကိုယ်ပိုင်တာ မဟုတ်ဘူးကွဲ့' လို့ မိန့်တော်မူပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဒီနေ့ အလှူလုပ်ဖို့ တပည့်တော်မှာ ဘာမှအဆင်သင့် လုပ်မထားရသေးပါဘုရား'

'အဆင်သင့်ဖြစ်တာ မဖြစ်တာကတော့ သင်တို့တာဝန်ပဲ။ တို့ကတော့ တောင်းတဲ့ရက်ကို တာဝန်ကျေအောင်ပေးလိုက်ပြီ' တဲ့။ ပစ္စုပ္ပန်တိုင်း တန်ဖိုးထားဖို့ မိန့်ကြားတော်မူတဲ့ မှတ်သားဖွယ်စကားပါ။

ဒါကြောင့် သတိရှေ့ထား ဉာဏ်တရားနဲ့ တရားရာဇာတွေဖြစ်အောင် ကျင့်သုံးရင်း နှစ် (၁၀၀) ပြည့်လာခဲ့တဲ့ မဟာဝိသုဒ္ဓါရုံကို ယခု သတိရှေ့ထား ဉာဏ်တရားသာမက မေတ္တာပါတွဲပြီး ဝမ်းမြောက်ဝမ်းသာ ပူဇော်ရင်း ကောင်းမှုအနန္တကို ရယူနေကြပါတယ်။

## ၁၂။ ပဌာန်းမောင်ပေါ် အသိချော်

သတိ၊ ဝီရိယ အတွဲရပ်လို့ အဆက်ပြတ်သွားရင် တရားအရှိန်ရပ်သွားမယ်။ ဒီလိုဆို အပူတွေ တိုးဝင်လာတော့မှာပဲ။ ပဌာန်းမောင်ပေါ် ပြောသလို 'ပူလှချည်လားဟဲ့၊ တယ်ပူလှချည်လားဟဲ့' လို့ ညည်းတွားရလောက်အောင် အပူတွေတောက်လောင်သမျှ ခံနေရမှာပဲ။ အာရုံတွေကထောင်း ကိလေသာတွေကထောင်းနဲ့ ပြားပြားဝပ်ပြီး မွန်းကြပ်နေရမှာပါ။

ပဌာန်းမောင်ပေါ်ဆိုတာရှိတယ်။ သူက ပဌာန်းသင်တန်းတွေ တော်တော်များများ တက်ထားတယ်။ ဟိုသင်တန်းသွားတက်လိုက်၊ ဒီသင်တန်းသွားတက်လိုက်နဲ့ဆိုတော့ ပဌာန်းသဘောတွေ တော်တော်နားလည်ထားတယ်။ ဒါပေမယ့် သိတာလောက်ပဲရှိတာ ကျင့်တာမဟုတ်တော့ ပူလိုက်တာ။ သားတွေးပူ၊ သမီးတွေးပူ၊ ပစ္စည်းတွေးပူ၊ ဟိုတွေးပူ၊ ဒီတွေးပူနဲ့ အိမ်ထဲမှာ အပူချင်းစပ် မီးတွေဟပ်ပြီး မွန်းကြပ်နေရှာတယ်။

ပဌာန်းတတ်ပေမယ့် မကျင့်လို့ အပူက မအေးတော့ ညည်းရှာတယ်ဗျ။ ပဌာန်းမောင်ပေါ် ဆိုတော့ ပဌာန်းအသံနဲ့ပဲ ညည်းတယ်။ သူ့ညည်းသံလေးက -

'အပူ အပူချင်း သဟဇာတပစ္စယေန ပစ္စယော' 'အိမ်ထဲမှာ သူ့အပူနှင့် ငါ့အပူ တွဲမိလို့ သဟဇာတဖြစ်ကုန်ပြီ၊ ပဌာန်းကတော့ သန္တာန်တူမှ သဟဇာတဖြစ်တယ်လို့ဆိုတယ်၊ ငါတို့မှာ သန္တာန်မတူဘဲနဲ့ တစ်အိမ်ထဲမှာ သဟဇာတတွေဖြစ်ကုန်ပြီ၊ သူ့အပူက ကိုယ့်ကိုဟပ်၊ ကိုယ့်အပူက သူ့ကိုဟပ်နဲ့ အပူချင်းစပ်ပြီး မွန်းကြပ်ပူလောင်လှချည်လားဟဲ့'

'ရှေ့အပူသည် နောက်အပူအား ပုရေ ဇာတပစ္စယေနပစ္စယော' မောင်ပေါ်က ပဌာန်းသံနဲ့ ရွတ်ပြီး ညည်းနေတာ 'ရှေ့အပူက နောက်အပူဆက်လောင်၊ ဟယ် . . . အပူကြားထဲမှာ နေရတာ မသက်သာလိုက်တာဟဲ့'

'နောက်အပူသည် ရှေ့အပူအား ပစ္ဆာ ဇာတပစ္စယေနပစ္စယော' 'ဩော် . . နောက်အပူကလည်း ရှေ့လှမ်းလောင်၊ ပူလောင်လှချည်လားဟဲ့'

'ရှေးရှေးသောအပူသည် နောက်နောက်သောအပူအား အနန္တရပစ္စယေနပစ္စယော' 'အပူချင်းထပ်ဒလစပ်ကြီး လောင်လှချည်လားဟဲ့' ပဌာန်းမောင်ပေါ်သင်ထားတဲ့ ပဌာန်းက ပဌာန်းသံ ညည်းတွားတတ်ရုံကလွဲလို့ မောင်ပေါ်အတွက် ဘာမှအကျိုးမရှိသလို ဖြစ်နေတယ်။

စိတ်ဓာတ်ငြိမ်းအေးအောင် မကျင့်နိုင်ရင် ပဌာန်းမောင်ပေါ် ပြောသလိုပဲ အပူနဲ့ပဲ အချိန်ကုန်နေမှာပါ။ 'ရှိတယ်' လို့သာ ပြောလို့ဖြစ်မယ်။ 'ချမ်းသာတယ်' လို့ ပြောနိုင်တော့မယ် မဟုတ်ဘူး။ တရားကင်းဝေးနေရင် ဒီဘဝမှာတောင် ချမ်းသာအောင်နေနိုင်မှာ မဟုတ်ဘူး။ နောက်သံသရာဆိုတာတော့ အဝေးကြီး၊ လောကုတ္တရာချမ်းသာအတွက်ဆိုတာ ပိုပြီးဝေးတော့မှာပဲ။

## ၁၃။ ချမ်းသာကိုရောက် သေချာပေါက်

- **ဗုဒ္ဓ ဓမ္မ၊ သံဃ ၃-ဖြာ၊ ရတနာ၊ စိတ်မှာသွင်း၍ထား။**
- **ဒါန သီလာ၊ ဘာဝနာ၊ ၃-ဖြာ တိုးအောင်ပွား။**
- **ကံဉာဏ်လုံ့လ၊ အစုံရ၊ တတ်ကြွလွန်ထူးခြား။**
- **စည်းကမ်း ၃-ဖြာ၊ မြတ်သိက္ခာ၊ ကောင်းစွာဖြည့်ကြိုးစား။**
- **စာသိကျင့်သိ၊ ထိုးထွင်းသိ၊ အသိ ၃-ခုပွား။**
- **ချမ်းသာကိုရောက်၊ သေချာပေါက်၊ မကြောက်ရအောင် အားရှိသွား။**



www.burmeseclassic.com

www.burmeseclassic.com



တရားဟော တရားနာ ပုဂ္ဂိုလ်အားလုံးဟာ သေချာပေါက် သာသနာတော်ကြီးနှင့် တွေ့နေကြပါပြီ။ သေချာတာကိုပဲ လုပ်ကြရမှာပါ။ မသေချာတာတွေနဲ့ အချိန်မဖြုန်းသင့်ဘူး။ လွန်ခဲ့တဲ့ သီတင်းကျွတ်ပြီးခါစက ဒကာမ (အမျိုးသမီး) တစ်စု လှူဒါန်းဖို့ ကျောင်းကို ရောက်လာကြတယ်။

သူတို့မေးတဲ့စကားက ထူးထူးဆန်းဆန်းပဲ။ 'အရှင်ဘုရား၊ အရှင်ဘုရား ၂-လုံးထီနံပါတ် ပေးသလားဘုရား' တဲ့၊ သူတို့က ဒါတွေလိုက်မေးပြီး ထိုးနေကြတာနှင့်တူတယ်။ ဘုန်းကြီးတွေ တွေ့တော့လည်း ဒီလိုပဲ မေးနေပုံပေါ်တယ်။ မေးတော့လည်း ဖြေရတာပေါ့။ 'ဘုန်းကြီးအိုကြီးတို့က ၂-လုံးထီနံပါတ် မပေးပါဘူး၊ ၃-လုံးထီနံပါတ်ပဲပေးပါတယ်၊ ကိုယ်တိုင်လည်း ၃-လုံးထီပဲ အမြဲထိုးတယ်၊ တွေ့သမျှလူတိုင်းကိုလည်း ၃-လုံးထီထိုးဖို့ပဲ တိုက်တွန်းပါတယ်' ထိကတော့ သူတို့ပြောတဲ့ စကားနဲ့ကိုက်အောင် လိုက်ပြောတာပါ။

'၃-လုံးထီဆိုတာ ဗုဒ္ဓ ဓမ္မ သံဃဆိုတဲ့ ရတနာ ၃-ပါး၊ ယုံယုံကြည်ကြည်ထိုးပါ၊ သေချာပေါက် ပေါက်ပါတယ်၊ ကိုယ့်မှာသေချာပေါက်တွေရှိမှတော့ ဘာလို့မသေချာတာတွေနဲ့ အချိန်ကုန်ခံ စိတ်မောခံလိုက် နေရတာတုန်း၊ သေချာတာကိုပဲ ဉာဏ်နဲ့ထိုးပေါ့၊ ဗလာမရှိဘူး၊ ချက်ချင်းကံကောင်းရမယ်၊ ကံကောင်းရင် နောက်က အကုန်လိုက်ကောင်း ခွင့်ရသွားမယ်'

'နောက် ၃-လုံးထီတစ်မျိုးက ဒါန သီလ ဘာဝနာ၊ တကယ်ထိုးရင် တကယ်ပေါက်ပါတယ်၊ ဇကန် ဘေးရန်ဆင်းရဲ အပူလွတ်ပြီး ဇကန်ချမ်းသာရမှာ သေချာပေါက်ပါ၊ ယုံယုံကြည်ကြည် ထိုးနော်၊ တကယ်ပေါက်တာ၊ မသေချာတာတွေနဲ့ အချိန်မကုန်ကြစေနဲ့'

'နောက် ၃-လုံးထီတစ်မျိုးက ကံ ဉာဏ် ဝီရိယ၊ ကံက အလုပ်၊ ပုထုဇဉ်တွေလိုချင်တာ သိပ်များတော့ လုပ်ချင်တာ သိပ်များတယ်၊ ဉာဏ်က လုပ်သင့်တာကို ရွေးချယ်ပေးတယ်၊ ဝီရိယက ယခု စလုပ်နိုင်တဲ့ အလုပ်ကို ချက်ချင်း လုပ်ပေးတယ်၊ ဝီရိယကောင်းအောင် သတိက ကူညီပေးတယ်၊ သေချာတာကို နောက်မကျရအောင် အမြန်ထိုးပါ၊ တကယ်ပေါက်တယ်၊ ဗလာမရှိဘူး၊ သတိကောင်းတော့ ဝီရိယကောင်းတယ်၊ ဝီရိယကောင်းတော့ ဉာဏ်ကောင်းတယ်၊ ဉာဏ်ကောင်းရင် ကံအလွန် ကောင်းတယ်၊ အားလုံးအဆင်ပြေသွားမယ်'

'ဗုဒ္ဓသာသနာဆိုတဲ့ ကံကောင်းထုတ် လုပ်တဲ့စက်ကြီး၊ ဉာဏ်ကောင်းထုတ်လုပ်တဲ့ စက်ကြီး၊ ဝီရိယကောင်း ထုတ်လုပ်ပေးတဲ့စက်ကြီးနှင့် တွေ့နေမှတော့ မသေချာတာတွေနဲ့ အချိန်တွေ၊ အင်အားတွေ၊ ပစ္စည်းတွေကို အလကား မဖြုန်းကြနဲ့'

'နောက် ၃-လုံးထီတစ်မျိုးက သီလ၊ သမာဓိ၊ ဝိပဿနာ ၃-ပါး၊ သီလဆိုတာ ကိုယ် နှုတ်ရဲ့ စည်းကမ်း၊ သမာဓိဆိုတာ စိတ်ရဲ့စည်းကမ်း၊ ဝိပဿနာဆိုတာ အသိရဲ့စည်းကမ်း၊ ထိုးစမ်းကြည့်ပါ၊ ချက်ချင်းအား ရှိသွားမယ်၊ မသေချာတာတွေနဲ့ အပင်ပန်းမခံကြနဲ့၊ သေချာတာကိုပဲလုပ်ကြ'

'နောက် ၃-လုံးထီတစ်မျိုးက ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဆိုတဲ့ သာသနာ ၃-ရပ်ပဲ၊ သိအောင် လုပ်ရမယ်၊ သိတဲ့အတိုင်းပဲ လက်တွေ့ကျင့်ရမယ်၊ အကျင့်မှန်ရင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ နောက်က လာလိမ့်မယ်ပေါ့၊ လောကထဲမှာ ဒီ့ထက်သေချာတဲ့လမ်းစဉ် ဘာမှမရှိဘူး၊ ဒါ အသေချာဆုံးပဲ၊ လုပ်သလောက် အရာရောက်တဲ့ သေချာပေါက် အလုပ်ကိုပဲလုပ်ကြ၊ မသေချာတဲ့အလုပ်တွေနဲ့ အပူတွေမစုကြနဲ့'

အဲဒီလိုပြောတော့ တဝါးဝါးနဲ့ရယ်ပြီး ထပြန်သွားကြတယ်။ သူတို့တောင်းတဲ့နံပါတ်နဲ့ ဒီကပေးတဲ့နံပါတ် မကိုက်ဘူးနှင့်တူတယ်ဗျ။

ဗုဒ္ဓသာသနာဆိုတာ မဂ်ဖိုလ် နိဗ္ဗာန် လောကုတ္တရာထိ အာမခံထားတဲ့ သေချာပေါက် လမ်းစဉ်ကြီးပဲ။ လောကီကောင်းကျိုးတွေလောက်တော့ အသာလေးပါ။ မသေချာတာတွေနဲ့ အချိန်၊ အင်အား၊ ပစ္စည်းတွေကို အမောခံ ဖြုန်းမနေကြတော့ဘဲ သေချာပေါက်အလုပ်ကို ယုံယုံကြည်ကြည်နဲ့ အမြန်လုပ်ကြရုံပါပဲ။ အချိန်ထိန်း ကိရိယာသတိ တပ်ဆင်ပြီး အချိန်မီ ခပ်မြန်မြန် ကြိုးစားကြရုံပေါ့။ စွဲစွဲမြဲမြဲ၊ သဲသဲမဲမဲ၊ ရဲရဲရင့်ရင့် စွမ်းအားမြှင့်ပေးကြရုံပေါ့။ မပိုင်တဲ့အင်္ဂါးတွေကို ပိုင်တဲ့တရားတွေနှင့် စိတ်ကောင်း ဉာဏ်အလိုက်ပေးပြီး အမြန်လဲလှယ်ယူကြရုံပေါ့။ မမှားနိုင်တဲ့ သေချာပေါက်လမ်းကောင်းကြီး တွေ့နေကြပြီပဲ။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်

၁၃၆၆-ခု၊ တော်သလင်းလ (၂၀၀၄-ခုစက်တင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com



သိရိန္ဒာဘိဝံသော ဓမ္မ-ဘဏ္ဍာဂါရိက လဒ္ဓကော။

သဗ္ဗဂ္ဂဒါနံအဒါသိ၊ ထေရဂုဏာနုသာရိတော။

**ဓမ္မဘဏ္ဍာဂါရိက လဒ္ဓကော**-ဘုရားရှင် ရွှေလက်ထက်, စေတင် ၅-တန်, ဘွဲ့ထူးခံသည့်, အာနန္ဒာခေါ်, မထေရ်ကျော်တစ်ပါးကဲ့သို့, တရားဘဏ္ဍာ, ရတနာကို, ကောင်းစွာပိုင်သ, အစိုးရ တော်မူသော (ငါ) နိကာယ် ၅-ရပ်, ပိဋကတ် ၃-ပုံ, အလုံးစုံကို, အာဂုံရေးဖြေ, ငေးမနေဘဲ, မေးလေသမျှ, အောင်ပွဲရခဲ့သည့်, တိပိဋကဓရ တိပိဋက ကောဝိဒ, တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးဂုဏ်ထူး, ဆွတ်ခူးရရှိခဲ့ပေသော။

**သိရိန္ဒာဘိဝံသော မဟာထေရော** - ရန်ကုန်မြို့ထက်ဝေ့၊ ကနက်မြေဝယ်၊ ကျက်သရေ သိုက်မြိုက်၊ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်သစ်ကြီး၏ ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာအကျော် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ မဟာထေရ်မြတ်သည်။

**တတ္ထ** - မန္တလေး မဟာဝိသုဒ္ဓါရုံ ရွှေဘုံတိုက်အတွင်း ခင်းကျင်းဆင်နွဲ ထို ရာပြည့်အောင်ပွဲတော်ကြီး၌။

**ထေရဂုဏာနုသာရိတော** - ရွှေကျောင်ဦးကိုင်၊ သာသနာပိုင်ဟု၊ မဏ္ဍိုင်အဓိပတိ၊ ဓမ္မသေနာပတိ၊ ဂိုဏ်း၏ဖခင် ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ကြီးမားဂုဏ်အင်၊ မြင့်မိုရ်သွင်သို့၊ စုံလင်မြတ်လှ၊ မပြတ်တလျှက်၊ အမှတ်တရယနေ့တိုင်၊ မမေ့နိုင်မဏ္ဍိုင်မေရု၊ ဂုဏ်တော်စုကို၊ ဂုဏ်ပြုပူဇော် လိုသည်ဖြစ်၍။

**သဗ္ဗဂ္ဂဒါနံ** - တစ်သက်မှတစ်ခါကြုံ၊ ရတနာပုံအခါဆိုက်ချိန်မို့၊ ကုသိုလ်သိုက်အရတူးရန်ဖို့၊ ထူးကဲပုညာ၊ အလှူတော်မြတ်ဒါနကို၊ (ငါ) (၁၂၅၀) တစ်ထောင့်နှစ်ရာ့ငါးဆယ်ကျော်၊ သံဃာတော်အပေါင်း၊ ဆွမ်းကြီး လောင်း၍၊ အောင်ကြောင်းမှန်စွာ၊ ပင့်သံဃာ (၄၀၀)ကျော် မြတ်ရဟန်းတို့အား ဆွမ်းကပ် လှူဒါန်းပြီးလျှင် လက်ဆွဲအိတ် (၄၀၀) ကျော်နှင့်တကွ စီဝိုင်စီသင်္ကန်းအစုံ (၄၀၀)ကျော် သာသနာတော်ကို ပူဇော်လှူဒါန်းခြင်း မဟာပုညမြတ်ဒါနကို။

**အဒါသိ** - နိဗ္ဗာန်စခန်း၊ စိတ်ကြံမှန်း၍၊ လှူဒါန်းတော်မူလေသတည်း။ **အဒါသိ** - နှစ်(၁၀၀) ပြည့်ပွဲတော်၊ ဒုလ္လဘပွဲ၊ ကြုံရခဲတာမို့ ထူးကဲကော်ရော် အလှူတော်ကို ပူဇော်လှူဒါန်းတော်မူလေသတည်း။

ဘဒ္ဒန္တပညာသိရီဘိဝံသ

(သ-အ-ပါဠိပါရဂူ၊အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)
မင်္ဂလာဗိမာန်ကျောင်း
**မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။**



www.burmeseclassic.com

www.burmeseclassic.com


၁။ အောင်မြေသာစည် ဝါသပုဗ္ဗော၊ ဝိသုဒ္ဓါရုံ ဂုဏာနန္ဒရော။
တိပိဋကဓရော ထေရော၊ ယော ပဒေသဝင်္ခသကော။
၂။ ဝါသပုဗ္ဗံ ဝိသုဒ္ဓါရုံ၊ ရွှေကျင်ဝံသ သမုန္နတိံ။
**ဓမ္မုဿဝံ သယံကတွာ၊ သဟဝံသေဟိ ပူဇယိ။**

**အောင်မြေသာစည် ဝါသပုဗ္ဗော** - ယခုမျက်မြင်၊ ရာပြည့်သဘင်ကျင်းပရာ၊ မဟာအောင်မြေသာစည်၊ ဂုဏ်ရည်ပြန့်ဟီး၊ အလည်တိုက်ကြီး၌၊ လွန်ပြီးရှေးဝယ်၊ စာသင်ရွယ်က၊ မှတ်ဖွယ်အထူး၊ နေခဲ့ဖူးပေသော။

**ဝိသုဒ္ဓါရုံဂုဏာနန္ဒရော** - မန္တလေး၊ ရန်ကုန်၊ မြို့နှစ်စုံမှ၊ ရွှေဘုံမကိုင်၊ ဝိသုဒ္ဓါရုံကျောင်းနှစ်တိုက်၏၊ သိုက်မြိုက်အထူး၊ ဂုဏ်ကျေးဇူးကို ဆောင်တော်မူပေသော။

**ယော ပဒေသဝင်္ခသကော** - မကွေးတိုင်း အဝင်အပါ၊ ယောမြို့ရွာ ယောဒေသ၏၊ လောကမျက်ဝန်း၊ ဦးဆောက်ပန်း ဖြစ်တော်မူပေသော။

**တိပိဋကဓရော ထေရော** - တိပိဋကဓရ၊ ယောထေရဟု၊ ဝေရမ္ဘလေဟုန်အသွင်ဖြင့်၊ ဂုဏ်အင်ထွန်းပေါ်၊ ယောဆရာတော်ဘုရားသည်။

**ရွှေကျင်ဝံသ သမုန္နတိံ** - ရွှေကျင်နွယ် ရွှေကျင်ဆက်၊ ရှေးထက်မက၊ အဆများစွာ၊ တိုးတက်ပြန့်ပွားရာ ဖြစ်ပေသော။

**ဝါသပုဗ္ဗံ ဝိသုဒ္ဓါရုံ** - စာသင်ရှေးဦး၊ နေခဲ့ဖူးရာ၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီးကို။

**သယံ** - မိမိကိုယ်တိုင်၊ **ဓမ္မုဿဝံကတွာ၊** ရာပြည့်အောင်ပွဲ၊ ရာပြည့်တရားပွဲ၊ ရာပြည့်အလှူပွဲ ခြိမ့်ခြိမ့်သဲကို၊ ဦးမလွဲ ခေါင်းမရှောင်၊ ရှေ့ဆောင်ရှေ့သွား၊ ဓမ္မဂုဏ်ရည်အင်အားဖြင့်၊ အားရရွှင်ပျော် ပြုလုပ်တော်မူ၍။

**ဝံသေဟိ သဟ** - ဝိသုဒ္ဓါရုံ၊ ရွှေဘုံသခင် အရှင်များပြား၊ ဝိသုဒ္ဓါရုံနွယ်ဖွား၊ ဆရာတော်များစွာတို့နှင့်တကွ ကြည်ဖြူအတူသာလျှင်။

**ပူဇယိ** - ဝိသုဒ္ဓါရုံ၊ တိုက်ရွှေဘုံ၏ အဟုန်ကြီးမား၊ ကျေးဇူးတရားကို၊ နှလုံးသားရောက်၊ တည်ဆောက်ရည်မျှော်၊ သရုပ်ပေါ်အောင်၊ ပူဇော်ခဲ့လေပြီတကား။

ဘဒ္ဒန္တတိက္ခာနန္ဒ
(သာသနဓဇသိရိပဝရဓမ္မာစရိယ၊
မဟာဂန္ထဝါစကပဏ္ဍိတ)
ကန်တောရကျောင်းတိုက်၊ ကန်ရွာ၊
ဂန့်ဂေါမြို့နယ်။
၁၃၆၅-ခု၊ နတ္တော်လဆန်း (၈) ရက်
(၁-၁၂-၂၀၀၃)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကရေ မွေ့လက်ဆောင် (၂၃)

## ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်

### နမော ဗုဒ္ဓသာ

(ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း၌ စုပေါင်းဆောက်လုပ်အပ်သည့် ပါဠိမဋ္ဌူငါးထပ်ကျောင်းဆောင်သစ်ကြီးကို ရေစက်သွန်းချ လှူဒါန်းကြသည့် ကျောင်းလွှတ်ပူဇာမင်္ဂလာအတွက် အောင်ပွဲအထိမ်းအမှတ် ဓမ္မလက်ဆောင်ဖြစ်သည်)

### ၁။ အထုပ်များသော် ဘုန်းကံပေါ်

**သဒ္ဓါ ဗန္ဓတိ ပါထေယျံ၊ သိရီ ဘောဂါနမာသယော။ (သံ ၁-၄၁)**

- **လုံ့လတရား၊ အလုပ်များ၊ ကြိုးစားလုပ်ပေးသည်။**
- **အလုပ်များသော်၊ စွမ်းရည်ပေါ်၊ ရှင်ပျော်ထူးခြား၊ တိုးတက်သည်။**
- **သဒ္ဓါတရား၊ အထုပ်များ၊ ကြိုးစားထုပ်ပေးသည်။**
- **အထုပ်များသော်၊ ဘုန်းကံပေါ်၊ ရှိန်စော်စီးပွားတိုးတက်သည်။**
- **သမာဓိအုပ်၊ သတိချုပ်၊ အဟုတ်ပညာစစ်ပေးသည်။**
- **ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်၊ အဟုတ်တကယ်စိတ်အေးသည်။**

စိတ်မှာ ခွန်အားကြီး ၅-ခုဆိုတာ ရှိတယ်။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဗိုလ် ၅-ပါးပါ။ အဲဒီ ၅-ပါးက တာဝန်ကိုယ်စီ ကျေပြွန်အောင် ထမ်းဆောင်ပေးကြပါတယ်။ သဒ္ဓါက အထုပ်၊ ဝီရိယက အလုပ်၊ သတိက အချုပ်၊ သမာဓိက အအုပ်၊ ပညာက အဟုတ်တဲ့။ အဲဒါက ပေါ်လွင်တဲ့ ပဓာနစွမ်းဆောင်ချက်ကိစ္စကို ပြောတာပါ။ တစ်ပါးစီခွဲဖြစ်နိုင်တာတော့ မဟုတ်ပါဘူး။ တစ်ပါးဖြစ်ရင် ကျန်တာတွေလည်း တွဲဖြစ်ကြရတာပဲ။

သဒ္ဓါတရားက ကောင်းတာမှန်သမျှ လက်ခံနိုင်တယ်။ ကောင်းမှုတရားအားလုံးနဲ့ ထိုက်တန်တဲ့ စိတ်ကောင်းပေါ်လာအောင် ဖော်ထုတ်ပေးနိုင်တယ်။ စိတ်ကိုကြည်လင် အေးမြအောင် သန့်စင်ပေးရတယ်။ ကိုယ်ပိုင်ကောင်းမှု တစ်ခုခုလုပ်ချင်ရင် သဒ္ဓါတရားထံ စာရင်းပေးသွင်းမှ သဒ္ဓါတရားက စာရင်းအတိအကျ ရယူပေးရတဲ့ သဘောပါ။ ကိုယ်ပိုင်ကောင်းမှု အထုပ်တွေ ထုပ်ယူနိုင်လောက်အောင် ကိုယ်ပိုင်စိတ်ကောင်းတွေ ထုတ်ပေးတတ်လို့ 'သဒ္ဓါကအထုပ်' လို့ ပြောတာပါ။

တရားနာရလို့ စာပေဖတ်ရှုလေ့လာရလို့ စိတ်ထားတတ်ရင် ကုသိုလ်စိတ်ဖြစ်တတ်ပါတယ်။ သဒ္ဓါတရား ကောင်းလာနိုင်ပါတယ်။ ဒါပေမယ့် ဝီရိယက ကြိုးစားအားထုတ်မပေးရင် ကုသိုလ်စိတ်ဖြစ်ရုံနဲ့ ကုသိုလ်အလုပ် ဖြစ်မလာတတ်ဘူး။ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာအဖြစ် ရောက်မလာတတ်ဘူး။ ဝီရိယနဲ့ ရဲရဲရင့်ရင့် တမင်ကြိုးစားယူမှ ကုသိုလ်အလုပ်ဖြစ်လာတာပါ။ ဒါကြောင့် ကိုယ်ပိုင် အထုပ်ပေါ်လာအောင် ကြိုးစားပြုလုပ်ပေးတတ်လို့ အလုပ်များသလောက်လည်း စွမ်းရည်ပေါ်ရတာဖြစ်လို့ 'ဝီရိယကအလုပ်' လို့ ပြောရင်ဖြစ်တယ်။

သတိကတော့ တရားအားလုံးကို ချုပ်ကိုင်ထားတာဖြစ်လို့ ဘယ်ကုသိုလ်ပဲပြုပြု သတိကောင်းမှ တိတိကျကျ ပြည့်ပြည့်ဝဝ ရနိုင်ပါတယ်။ 'သင်တို့ ဘယ်လောက်ပဲ ကောင်းကောင်းကွာ၊ ငါမကောင်းရင် ဘာတစ်ခုမှ မတိကျ မပြည့်ဝနိုင်ပါဘူး' လို့ ဆိုရလောက်အောင် အရာရာမှာ အရေးပါ အရာရောက်တာကြောင့် အားလုံးရဲ့ အချုပ်ပါ။ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့် သမာဓိ မပိုမလို မတိမ်းမစောင်း အမြဲတမ်း ညီနေအောင် သတိက ချုပ်ချုပ်ရပ်ရပ် အမြဲကပ်နေရပါတယ်။ ဒါ့ကြောင့် 'အချုပ်' ပါ။


www.burmeseclassic.com

www.burmeseclassic.com



သမာဓိဆိုတာ သတိရှိမှ တက်လာနိုင်တာပါ။ သမာဓိက အတူဖြစ်နေကြတဲ့ စိတ် စေတသိက်တွေကို ဖရိုဖရဲ ပြန့်ပြန့်ကြဲ မဖြစ်ရအောင် ဟိုလွင့်ဒီလွင့် မလွင့်ရအောင် စုစုစည်းစည်း၊ စူးစူးစိုက်စိုက် ထိန်းသိမ်း အုပ်ချုပ်ပေးရတယ်။ ပေါင်းစုစည်းရုံးပေးရတယ်။ ကိုယ့်တပ်မပျက်ရအောင် ပေါင်းစုစည်းရုံး ထိန်းအုပ်ပေး နေရတဲ့မင်းများလို စိတ်စေတသိက်တွေ ကစဉ့်ကလျား မလွင့်ပါးရအောင် ပေါင်းစုထိန်း အုပ်ပေးတတ်တယ်။ အိမ်ကိုလုံအောင်အုပ်ပေးတဲ့ ခေါင်အုပ်များလို အပူအရှုပ် အညစ်အရှုပ်တွေ အဝင်မခံဘဲ စိတ်ကိုလုံအောင် ဖုံးအုပ်ပေးတယ်။ သမာဓိရှိမှ စွမ်းရည် ပြည့်ဝစုံလင်မယ်။ ဒါ့ကြောင့် 'အအုပ်' ပါ။

ပညာဆိုတာ သတိ သမာဓိကောင်းမှ သန့်စင်နိုင်တယ်။ ပညာက စစ်ပေးပါတယ်။ စစ်ပုံက ၃-မျိုးပါ။

(၁) မှန်အောင် စစ်ဆေးတယ်၊ ကောင်းအောင် စစ်ပေးတယ်၊ အစစ်ကို ရွေးပေးတယ်၊ ဟုတ်မဟုတ် မှန်မမှန် ပြည့်မပြည့် သင့်မသင့် သေသေချာချာ စေ့စေ့စပ်စပ် စစ်ဆေးလို့လည်းပေးတယ်။

(၂) မြူမှုံတွေ မလိုအပ်တဲ့အဖတ်အကာတွေ မပါဝင်ရအောင် ရေစစ်နဲ့စစ်ပေးသလို ကောင်းမှုတွေ စင်ကြယ် သန့်ရှင်းသွားအောင် မလိုအပ်တာတွေမပါရအောင် စစ်လို့လည်းပေးတယ်။

(၃) ပြီးတော့ အယောင်ဆောင်အတုတွေ မပါဝင်ရအောင် အစစ်အမှန်တွေချည်း ရနိုင် အောင်လည်း ကြည့်ရှုသုံးသပ်ဆုံးဖြတ်ပေးတယ်။ အဲဒီလို ပညာက စစ်ဆေးတယ်။ စစ်ပေးတယ်။ အစစ်ကို ရွေးတယ်။ ဒါ့ကြောင့် 'ပညာကအဟုတ်' တဲ့။

ဒီလို အစီအစဉ် နည်းလမ်းကောင်းနဲ့ အထုပ်တွေထုပ်တတ်ရင် အထုပ်ကောင်းချည်းပဲ။ အထုပ် ကောင်းတွေများတော့ ဘုန်းကံ (ပုဉ်းကံ) တွေ ကြီးကြီးမားမား ထူးထူးခြားခြား ပေါ်ပေါက် တိုးပွားလာရပါတယ်။ အံ့ဩစရာကောင်းလောက်အောင် ကောင်းကျိုးတွေ ရောက်လာတော့မှာပဲ။

ကံဆိုတာ ကောင်းချင်တိုင်းကောင်းခွင့် ရနိုင်တာမဟုတ်ပါဘူး။ သဒ္ဓါစတဲ့ တရားတွေ ကောင်းပေးမှ စေတနာကောင်းနိုင်မယ်။ စေတနာ သန့်စင်ကောင်းမွန်သလောက်ပဲ ကံကောင်းနိုင်မှာပါ။

## ၂။ ကိုယ့်အလုပ် ကိုယ်လုပ်၊ ကိုယ့်အထုပ် ကိုယ်ထုပ်

- **အချိန်စေ့က၊ ပြန်အပ်ရ၍၊ အာမ မခံ၊ တာဝန်မယူ၊ ရှိလျှင်ပူ၊ မှတ်ယူအငှားသာ။**
- **ဘယ်အခါမျှ၊ မအပ်ရဘဲ၊ အာမလည်းခံ၊ တာဝန်လည်းယူ၊ စိတ်မပူ၊ မှတ်ယူ ကိုယ်ပိုင်သာ။**
- **မပိုင်အငှား၊ ပိုင်တရား၊ လဲခြားကုသိုလ်ပါ။**
- **စိတ်ကောင်းနှင့်ဉာဏ်၊ ထိုက်တန်စွာရွေး၊ အလိုက်ပေး၊ မနေးရနိုင်ပါ။**
- **ကိုယ်ပိုင်အလုပ်၊ ဉစ္စာထုပ်၊ အဟုတ်တကယ်၊ စိတ်အေးပါ။**

လူဆိုတာ အလုပ်သမားပါ။ အလုပ်လုပ်ဖို့ လူဖြစ်လာကြတာပါ။ နတ်များလို ကံဟောင်းကို ထိုင်စား နေရမယ့် ဘဝမဟုတ်ဘဲ ကံသစ်ကို ဉာဏ် ဝီရိယတွဲပြီး အမြဲထည့်လောင်းနေရတဲ့ ဘဝမျိုးပါ။ အလုပ် လုပ် တတ်တဲ့အရွယ် အလုပ်လုပ်နိုင်တဲ့အရွယ်ကစပြီး တစ်သက်လုံး မနေမနား အလုပ်လုပ် ကြရပါတယ်။

အဲဒီလို အလုပ်လုပ်ကြတဲ့အခါမှာ တရားလမ်းကြောင်းဆက်သွယ်ရေး မရသေးတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ကို အာမ မခံတဲ့ အလုပ်တွေ၊ တာဝန်မယူတဲ့အလုပ်တွေနဲ့ အချိန်ကုန်နေတတ်ကြတယ်။ ပူလောင်ရှုပ်ထွေးစွာနဲ့ တစ်ဘဝ ကုန်သွားတတ်ကြတယ်။ တစ်ချို့တော့လည်း ကိုယ့်ကို အာမ မခံ၊ တာဝန်မယူတဲ့ အလုပ်မျှသာမက ကိုယ့်ကိုဒုက္ခပေးမယ့်အလုပ်တွေကိုတောင် လက်ရဲဇက်ရဲ လုပ်မိတတ်ကြတယ်။ အလုပ်ကြောင့်ပဲ ဒုက္ခရောက်နေ ကြရသူတွေ အများကြီးပါ။

တရားလမ်းကြောင်း ဆက်သွယ်ရေးရထားတဲ့ပုဂ္ဂိုလ်တွေကျတော့ ဘာပဲလုပ်လုပ် ကိုယ်လုပ်သမျှ ကိုယ့်ကို အာမခံတာဝန်ယူမယ့် ကိုယ့်အလုပ် ပါဝင်သွားအောင် သတိဉာဏ်နဲ့ထည့်သွင်းပြီး လုပ်တတ်ကြတယ်။ သာသနာဆိုတာ အလုပ်နှင့်မကင်းနိုင်ကြတဲ့ လူတွေရဲ့ အလုပ်တွေထဲမှာ ကိုယ့်အလုပ်ပါဝင်အောင် လမ်းညွှန်ပေးဖို့ ပေါ်ပေါက်လာတာပါ။ လုပ်ရင်တော့ ကိုယ့်အလုပ်ပါမှပဲ စိတ်အေးရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လူတွေဟာ နေ့စဉ် အထုပ်ကြီးအထုပ်ငယ်တွေကို အမြဲထုပ်နေကြတယ်။ နတ်တွေကတော့ ကံက လိုတာမှန်သမျှ အကုန်ပေးထားတာဖြစ်လို့ ဘာမှ အထုပ်တွေ ထုပ်ထားစရာမလိုဘူး။ အချိန်တန်ရင် အဆင်သင့် ယူသုံးရုံလေးပဲ။ လူကတော့ ဝီရိယ လုပ်သားတွေဖြစ်နေတဲ့ကြောင့် ကြိုတင်ထုပ်မထားရင် ဘယ်ကမှ အဆင်သင့်မရနိုင်လို့ ပစ္စုပ္ပန် စားဝတ်နေရေးအတွက် နေ့စဉ် မနေမနား ကြိုးစားထုပ်နေကြရပါတယ်။

သတိဉာဏ်မပါရင် လူ့အထုပ်တွေဟာ ထုပ်လိုက် ပြေသွားလိုက်၊ ထုပ်လိုက် ပြေသွားလိုက်နဲ့ မောစရာကြီးပဲ။ ဒါကြောင့် အထုပ်နှင့်မကင်းနိုင်ကြတဲ့ လူတွေအတွက် နေ့စဉ်ထုပ်နေတဲ့ အထုပ်တွေထဲမှာ ကိုယ့်အထုပ်ပါဝင်သွားအောင် လမ်းညွှန်ပေးဖို့ သာသနာပေါ်ပေါက်လာတာဖြစ်တယ်။ ဘာပဲထုပ်ထုပ် ထုပ်ရင်တော့ အထုပ်တွေထဲမှာ ကိုယ့်အထုပ်ပါသွားမှ ခုရောနောင်ပါ စိတ်အေးရမှာ ဖြစ်တယ်။

လောကထဲမှာ အငှားထုပ်၊ အပိုင်ထုပ်လို့ အထုပ် ၂-မျိုးရှိတယ်။ အငှားက ၄-ထုပ်၊ အပိုင်ကလည်း ၄-ထုပ်ပါ။ အငှား ၄-ထုပ်ဆိုတာ -

(၁) မိမိရဲ့ခန္ဓာ၊ ကိုယ့်ခန္ဓာ ကိုယ်ပိုင်တာမှ မဟုတ်ဘဲ၊ ဆိုင်ရုံပဲဆိုင်တာ။

(၂) ပစ္စည်းဥစ္စာ၊ ကိုယ်ရှာထားတဲ့ပစ္စည်းဥစ္စာဆိုပေမယ့် ဆိုင်ရုံပဲဆိုင်တာ၊ ပိုင်တာ မဟုတ်ဘူး၊ စကားအနေနဲ့ 'ပိုင်တယ်' လို့ ပြောကြပေမယ့် တရားအနေနဲ့တော့ ပိုင်ခွင့်မရှိပါဘူး၊ ရန်သူမျိုး ၅-ပါးနဲ့ ဆက်ဆံနေတဲ့ ဘုံဆိုင်တွေပါ။

(၃) ဆွေမျိုးတွေ၊ ကိုယ့်ဆွေမျိုးလည်း ကိုယ်ပိုင်တာမဟုတ်ဘူး၊ ကံကြုံလို့ တစ်ခဏလေး တွေ့ဆုံနေကြတာ။

(၄) လုပ်ပိုင်ခွင့်ရာထူး၊ ကိုယ့်ကိုယ့်လို့ အချိန်အပိုင်းအခြားနဲ့ ခဏလေးအပ်ထားတာ ဆိုတော့ ပိုင်ခွင့်မရှိပါဘူး၊ ဆိုင်ရုံပါပဲ။

ဘာဖြစ်လို့ အဲဒီအထုပ် ၄-ထုပ်ကို အငှားလို့ဆိုရတာလဲဆိုတော့ အကြောင်း ၄-ချက်ပါ။

(၁) နောက်က အချိန်ကန့်သတ်ချက်ပါတယ်။ ကိုယ့်စိတ်ကြိုက် ကန့်သတ်ပိုင်ခွင့် မရှိဘူး။ သူ့ဟာသူ ကန့်သတ်ထားတာ၊ သူကန့်သတ်တဲ့နောက်ကို ကိုယ်ကလိုက်ရမှာ၊ ကိုယ့်ဟာကိုယ်တောင် ဒီဘဝမှာ ဘယ်နှစ်နှစ်နေမယ်လို့ ပြောပိုင်ခွင့်မရှိဘူး။

(၂) အချိန်စေ့တော့ ပြန်အပ်ရတယ်၊ ကိုယ်ပိုင်တရားမရှိရင် မျက်နှာငယ်ကလေးနဲ့ ရုပ်ပျက် ဆင်းပျက် ပူပူလောင်လောင် ပြန်အပ်ရမှာဖြစ်တယ်။ အချိန်စေ့တာနဲ့ 'ဟာကနဲ' ဆို ဖြစ်သွားမယ်။ ငှားထားတာကိုး။

(၃) ဒီအထုပ်တွေက ဘယ်လောက်ပဲရှိရှိ ကိုယ့်ကို အာမလည်းမခံဘူး၊ တာဝန်လည်း မယူဘူး၊ အရေးကြုံလာရင် ဘာတစ်ခုမှ ကိုယ့်ဘက်က ရပ်တည်မှာမဟုတ်ဘူး။ တကယ့်အရေးကျတော့ ကိုယ့်ဘက်မှာ ဘာမှမရှိတော့ဘူး။ အကုန်လုံး သူများဘက်ရောက်သွားမယ်။

(၄) ရှိသမျှ ပူရမယ်။ မပိုင်တဲ့အငှားတွေဆိုတော့ ကိုယ့်ခန္ဓာအတွက်လည်း ပူနေရမှာပဲ။ ပစ္စည်းတွေလည်း ရှိသလောက် ပူပန်ကြောင့်ကြနေရမှာပဲ။ ဆွေမျိုးလည်း ရှိသလောက် ပူနေရမယ်။ လုပ်ပိုင်ခွင့်ကလည်း ဆိုင်သလောက် ပူရမယ်။ ရှိလို့သာ ပူနေရတယ်ဆိုရင် မပိုင်တဲ့ အငှားလို့သာ မှတ်ပါ။

အပိုင် ၄ - ထုပ်ဆိုတာ -

(၁) ဒါန (၂) သီလ (၃) သမာဓိ (၄) ဝိပဿနာ ၄-မျိုးပါ။

အငှားထုပ်ကို ကုန်ကြမ်းအဖြစ်သုံးနိုင်မှ သုံးတတ်မှ ကိုယ်ပိုင်ပေါ်ပါတယ်။ မပိုင်တဲ့အငှားကို ပိုင်တဲ့ တရားနှင့် လဲယူတာကိုပဲ ကုသိုလ်လုပ်တယ်လို့ ခေါ်တာပါ။ လဲလှယ်တဲ့အခါ ကိုယ့်ဘက်က စိတ်ကောင်းနှင့် ဉာဏ်အလိုက်ပေးရပါတယ်။ အညံ့နှင့်အကောင်း လဲလှယ်ရင် အညံ့ဘက်က အလိုက်ပေးမှ လဲလို့ရမှာပါ။ အငှား ၄-ထုပ်က အာမ မခံတဲ့ အပူထုပ်ဆိုတော့ အညံ့ပဲ။ ကိုယ်ပိုင် ၄-ထုပ် က အာမခံတဲ့ အအေးထုပ်ဖြစ်လို့ အကောင်းပါ၊ ဒါကြောင့် အငှားဘက်က စိတ်ကောင်းနှင့် ဉာဏ် အလိုက်ပေးမှ အပိုင်တွေရမှာဖြစ်တယ်။

ဘာဖြစ်လို့ ဒီ ၄-ထုပ်ကို ကိုယ်ပိုင်လို့ ဆိုရတာလဲဆိုတော့ အကြောင်း ၄-ချက်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com


(၁) နောက်က အချိန်ကန့်သတ်ချက် မပါဘူး၊ ဘယ်သူမှလည်း ကန့်သတ်ပိုင်ခွင့်မရှိဘူး။

(၂) ဘယ်သူ့ထံမှ မျက်နှာငယ်ကလေးနဲ့ ပြန်အပ်စရာမလိုဘူး၊ ကိုယ်ရတာ ကိုယ်ယူသွားရုံပဲ။

(၃) ကိုယ်ပိုင်ဆိုတာ ရှိသလောက် ကိုယ့်ကို အာမခံတယ်၊ တာဝန်ယူတယ်၊ အရေးကြုံရင် အမြဲတမ်း ကိုယ့်ဘက်ကချည်းပဲ။

(၄) ရှိသလောက် ခုရော နောင်ပါ စိတ်အေးရတယ်၊ ရှိလို့သာ စိတ်အေးရရင် ကိုယ်ပိုင်လို့သာမှတ်ပါ။

## ၃။ ကိုယ်ပိုင်အစစ် လူ့အနှစ်

- **'စကား' ပိုင်မှာ၊ ပြောရုံသာ၊ ချိန်ခါစေ့လျှင် ပျောက်သွားကြ။**
- **'တရား' ပိုင်ကား၊ ကိုယ်ပိုင်ငြား၊ စွမ်းအားမပျောက်ကြ။**
- **လောကီချမ်းသာ၊ ဦးတည်ပါ၊ ကုန်ခါပူကြရ။**
- **နိဗ္ဗာန်ရည်မှန်း၊ ကုသိုလ်စွမ်း၊ ကုန်ခမ်းမသွားကြ။**
- **ကိုယ်ပိုင်အစစ်၊ ရအောင်ညှစ်၊ အနှစ်ပိုင်ဆိုင်ရ။**

ရှေးတုန်းက ပဲခူးဘက်မှာ ဆရာတော်ကြီး ဦးသီလဆိုတာ ရှိခဲ့ဖူးတယ်။ အကျင့်သိက္ခာ အလွန်ကောင်းတယ်။ မေတ္တာလည်း အလွန်ကြီးမားတယ်။ ဆရာတော်ကြီး တောထဲမှာ သီတင်းသုံးတော့ ဆရာတော်ကြီးရဲ့ မေတ္တာဓာတ်ကြောင့် တောထဲမှာရှိတဲ့ကျားတို့၊ ဝံတို့ စတဲ့သားရဲတိရစ္ဆာန်တွေဟာ အိမ်မွေး၊ အိမ်ကြောင်တွေလိုပဲ အလွန်ယဉ်ပါး နေကြတယ်ဆိုပဲ။

တစ်နေ့တော့ ဆရာတော်ကြီးထံ ဒကာတစ်စု လာကန်တော့ကြသတဲ့။ လာပြီး ဖူးမြော်ကြတယ်။ ဆရာတော်ကြီးက မေးတယ်။ 'ဒကာတို့ ဘာအလုပ်လုပ်ကြသလဲ' ရေရေလည်လည် ဒကာတစ်ယောက်က အားလုံးရဲ့ကိုယ်စား ဖြေဆိုတယ်တဲ့။ 'ဆရာတော်ဘုရား . . . ဟိုဒကာကြီးက နယ်ပိုင်ကြီးဘုရား၊ ဘယ်နယ်ကို ပိုင်တာဘုရား' 'ဟိုက ဒကာကြီးက မြို့ပိုင်ကြီးဘုရား၊ ဘယ်မြို့ကိုပိုင်တာဘုရား' 'ဟိုဒကာကြီးက စက်ပိုင်ကြီးဘုရား၊ ဆန်စက်တွေ ဆီစက်တွေ အများကြီး ပိုင်တာဘုရား' သူပြောတဲ့ စကားတွေထဲမှာ 'ပိုင်' ဆိုတဲ့စကားက အကုန်ပါတယ်။

ဒီတော့ ဆရာတော်ကြီးက အမိန့်ရှိတော်မူသတဲ့ ။ 'သူများတွေမှာ ပိုင်တာတွေ များလှချည်လား၊ နယ်တွေရော၊ မြို့တွေရော၊ လူတွေ၊ ပစ္စည်းတွေ၊ စက်တွေရော အများကြီး ပိုင်လိုက်ကြတာ၊ တို့များတော့ဗျာ၊ သူများတွေကိုပိုင်ဖို့ အသာထားလိုက်ပါဦးတော့၊ ပစ္စည်းတွေကိုပိုင်ဖို့ အသာထားလိုက်ပါဦးတော့၊ ဟောဒီ ကိုယ့်ခန္ဓာကိုယ်ကြီးကိုတောင် အခုထိ မပိုင်သေးပါဘူးဗျာ' တဲ့။

အမှန်တော့ တရားဟောတာပါပဲ။ ပါဠိပါဠ်သားတွေ တခမ်းတနားရွတ်ပြီး ဟောမှ တရားဟောတယ်လို့ ခေါ်တာမှမဟုတ်ဘဲ။ နားထောင်သူ သဘောပေါက်နားလည်သွားအောင် ပြောပြပေးနိုင်ရင် တရားဟောတာပါပဲ။ ဆိုလိုတာကတော့ 'ဒကာကြီးတို့၊ အခုန ဒကာကြီးတို့ပြောနေတဲ့ 'ပိုင်' ဆိုတာ စကားပြောဖြစ်ရုံလေးရယ်၊ စကားနဲ့ ပိုင်ရုံလေးနဲ့ စိတ်အေးရမှာမဟုတ်ဘူး၊ အချိန်စေ့တော့ ပျောက်ကွယ်သွားကြမှာ၊ တရားနဲ့ပိုင်မှပဲ စိတ်အေးရမှာ၊ ဒါကြောင့် စကား 'ပိုင်' နဲ့ မကျေနပ်ကြဘဲ တရား 'ပိုင်' ဖြစ်အောင် အမြန်ကြိုးစားကြ၊ တို့များလည်း ကိုယ့်ခန္ဓာ ကိုယ်မပိုင်မှန်းသိထားလို့ မပိုင်တဲ့ခန္ဓာကို ပိုင်တဲ့တရားနှင့် အမြန်လဲနေတယ်' လို့ ပြောလိုရင်းပါ။

ဟုတ်ပါတယ်။ စကားနဲ့ 'ပိုင်' လို့ ပြောရုံနဲ့ ဘာတစ်ခုမှ ပိုင်ခွင့်မရှိပါဘူး။ အဌားဟာ အဌားပါပဲ။ စိတ်ကောင်းနှင့် ဉာဏ်အလိုက်ပေးပြီး လဲလို့ရထားတဲ့ ကောင်းမှုတရားသာ ကိုယ်ပိုင်ပါ။ တရားနဲ့ 'ပိုင်' လို့ ပြောမှ တကယ်ပိုင်ခွင့်ရမှာပါ။

ကောင်းမှုကိုယ်ပိုင်တရားကို စုဆောင်းကြတော့လည်း လောကီစည်းစိမ်ချမ်းသာလောက်ပဲ တောင့်တ ဦးတည်ရည်ရွယ်မယ်ဆိုရင် ကိုယ်ပိုင်အတုပဲဖြစ်မယ်။ နိဗ္ဗာန်ထိ သတိဉာဏ်နဲ့ ချိတ်ဆက်ထားနိုင်မှ ကိုယ်ပိုင်အစစ်ဖြစ်နိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com


လောကီချမ်းသာလောက် တောင့်တလုပ်ရင် အဝိဇ္ဇာတဏှာခြံရံနေလို့ အတုသာ ဖြစ်တတ်တယ်။ စက္ကူနဲ့ လုပ်ထားတဲ့ မီးပုံးပျံကို မှိုင်းအားအပြည့်သွင်းပြီး ကောင်းကင် လွှတ်တင်လိုက်တဲ့အခါ မှိုင်းအားရှိသလောက် အရှိန်အဟုန်နဲ့ တက်သွားတတ်တယ်။ လွှတ်တင်သူတွေက 'တက်ပြီဟေ့ တက်ပြီဟေ့' လို့ ဝမ်းသာအားရ ကောင်းချီးပေးလိုက်ကြပေမယ့် မှိုင်းအားကုန်တော့ မီးပုံးပျံဟာ မီးလောင်ပြီး မရှုမလှနဲ့ ပျက်စီးပြီး အောက်ကို ပြန်ကျလာတတ်ပါတယ်။ အသွားတုန်းက မျက်နှာလှပေမယ့် အပြန်မှာ မျက်နှာမလှဘူး။ ရုပ်ပျက်ဆင်းပျက် ပြန်ကျလာရတယ်။ လောကီလောက်သာ တောင့်တရည်ရွယ်ပြီး စုထားတဲ့ကောင်းမှုလဲ ဒီအတိုင်းဘဲ။ အကျိုး ပေးပြီးရင် ကုန်သွားတာဖြစ်လို့ အသွားမျက်နှာလှပေမယ့် အပြန်မျက်နှာ မလှတတ်ဘူး။ ဒါကြောင့် ကိုယ်ပိုင်စစ်စစ်ဖြစ်အောင် လုပ်သမျှကောင်းမှုအားလုံးကို နိဗ္ဗာန်နဲ့ ချိတ်ဆက်ထားမှုဖြစ်မယ်။ နိဗ္ဗာန်ကို ဦးတည်ထားတဲ့ ကောင်းမှုဟာ နိဗ္ဗာန်မရောက်မချင်း ဘယ်တော့မှ မကုန်နိုင်တော့ပါဘူး။ အသွားအပြန် အားလုံး မျက်နှာပန်းလှရတဲ့ ကောင်းမှုမျိုး ဖြစ်ပါတယ်။

## ၄။ ကိုယ်ပိုင်စိတ်ထား ကိုယ့်စွမ်းအား

- **မပိုင်စိတ်ထား၊ အလကား၊သူ့များအနိုင်ရ။**
- **ကိုယ်ပိုင်စိတ်ထား၊ ကိုယ့်စွမ်းအား၊ သူများယူမရ။**
- **နိဗ္ဗာန်ရည်မှန်း၊ ဉာဏ်ပြဌာန်း၊ ရှင်လန်းတက်ကြွရ။**
- **သိက္ခာသုံးဖြာ၊ ကြိုးစားကာ၊ ကောင်းစွာဖြည့်သွင်းရ။**
- **ရှေ့နောက်အတွင်း၊ အပူကင်း၊ သန့်ရှင်းအေးချမ်းရ။**

သဒ္ဓါ သတိဉာဏ် ကင်းပျောက်နေရင် ကိုယ့်မှာဖြစ်နေပေမယ့် ကိုယ့်စိတ် မဟုတ်ပါဘူး။ ကိုယ်ပိုင်အလုပ်နဲ့ မတန်တဲ့ အလကားအငှားစိတ်တွေပဲ ဖြစ်နေတယ်။ ကိုယ်ပိုင်အလုပ်ဆိုရင် ငြင်းပယ်ရှောင်လွှဲပစ်တတ်တယ်။ သူများအလိုအတိုင်း ထင်ရာလျှောက်လုပ်မှာဖြစ်လို့ ဒါမျိုးကို သူများစိတ်လို့ပဲ ခေါ်ရမှာပါ။ ဘယ်နေရာမဆို သူများတွေကပဲ အနိုင်ယူသွားကြမှာပါ။ ကိုယ့်ဟာမှ မလုံလောက်ပဲကိုး။ သဒ္ဓါ၊ သတိဉာဏ်ရှိနေရင် ကိုယ့်မှာ ဖြစ်နေသလောက် ကိုယ်ပိုင်စိတ်တွေချည်းပဲ ဖြစ်နေမှာပါ။ ကိုယ်ပိုင်စိတ်ဆိုတာ မချုပ်မပျောက် အမြဲ တည်နေတာကို ပြောတာမဟုတ်ပါဘူး။ ကိုယ်ပိုင်အလုပ်နှင့် ထိုက်တန်တဲ့ကြောင့် ဘယ်ကောင်းမှုမဆို အားလုံးကို လက်ခံနိုင်တဲ့ကြောင့် ကိုယ်ပိုင်စိတ်လို့ပြောတာပါ။ ကိုယ်ပိုင်စိတ်ရှိလာရင် ကိုယ့်စွမ်းအားရဖို့ သေချာသွားပါပြီ။ ကိုယ့် စွမ်းအားကို ကိုယ်တကယ်ပိုင်ပါတယ်။ ဘယ်သူမှ မယူနိုင်လောက်အောင် ပိုင်တော့တာပါ။

ဒေါ်စီဆိုတဲ့ ကျောင်းအမကြီး တစ်ယောက်ရှိတယ်။ သဒ္ဓါတရား အလွန်ကောင်းပါတယ်။ ကိုယ်ပိုင်စိတ် များများထားနိုင်တော့ ကိုယ်ပိုင်အလုပ် များများလုပ်နိုင်တယ်ပေါ့။ ဆရာတော်ကြီး တစ်ပါးအတွက် သံဃာ့ ဂုဏ်ကို အာရုံပြုပြီး ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းထားတယ်။ ဆရာတော်ကြီးက စာပေလည်း အလွန် ကျွမ်းကျင်တယ်။ စိတ်နေစိတ်ထား အကျင့်သိက္ခာလည်း အလွန်ကောင်းမွန်တယ်။ ကျောင်းအမကြီး ဒေါ်စီဟာ 'ငါ့ဘဝ အရတော်လိုက်တာ' လို့ နေ့စဉ် ဝမ်းမြောက်မဆုံးဖြစ်နေတယ်။ နေ့တိုင်း ကိုယ်ပိုင် ကောင်းမှုတွေ အမြဲတိုးပွားနေပါတယ်။

တစ်နေ့တော့ ကျောင်းအမကြီး ဒေါ်စီဟာ ကော်ဇောအသစ်စက်စက် တစ်ထည်ရတာနဲ့ ကျောင်းကို လာပြီး ဆရာတော်ကြီးထံ ကော်ဇောကိုလှူလိုက်ပါတယ်။ တရားကို မကြာမကြာ နာကြားထားရလို့ သဒ္ဓါသာမက ပညာပါ ကြွယ်ဝနေတာဖြစ်တော့ ဒါနရဲ့ မူအတိုင်းပဲ စေတနာသုံးတန် ထက်သန်ပြဌာန်းပြီး ဝမ်းမြောက် ဝမ်းသာလှူလိုက်တယ်။

ဒါနရဲ့ မူက -

(၁) နိဗ္ဗာန်ကို ရည်မှန်းချက်ထားရမယ်။ ဒုက္ခအားလုံးလွတ်နိုင်တာက နိဗ္ဗာန်တစ်ခုပဲ ရှိတာ။ ခံစားတဲ့ချမ်းသာနဲ့ လွတ်မြောက်တဲ့ ချမ်းသာ နှစ်မျိုးမှာ တကယ့်အရေးကျတော့ လွတ်မြောက်တဲ့ ချမ်းသာကသာ မြင့်မြတ်ပါတယ်။ မကျန်းမာသူမှာ ခံစားဖို့ထက် အနာရောဂါလွတ်ဖို့သာ အဓိကပါ။ အနာရောဂါ



www.burmeseclassic.com

www.burmeseclassic.com


ပျောက်ကင်းဖို့အတွက် ဗဟိဒ္ဓပစ္စည်းအားလုံး စွန့်ရတယ်။ ခန္ဓာအစိတ်အပိုင်းတွေ ခွဲစိတ် ဖြတ်တောက်တာတောင် ခွင့်ပြုရတာပဲ။ ဒုက္ခ မီးလောင်နေမှန်း တကယ်သိသူမှာလည်း ခံစားဖို့ထက် ဒုက္ခမီး လွတ်ငြိမ်းဖို့သာ အဓိကဖြစ်မှာပါ။ နိဗ္ဗာန်ဆိုတာ ခံစားတဲ့ချမ်းသာ မဟုတ်ဘဲ လွတ်မြောက်တဲ့ချမ်းသာမျိုးပါ။ ဉာဏ်ကို ရှေ့ကထားပြီး နိဗ္ဗာန်နဲ့ ချိတ်ဆက်ထားလိုက်တဲ့ကောင်းမှုဟာ နိဗ္ဗာန်မရောက်မချင်း ဘယ်တော့မှ သတ္တိ မကုန်နိုင်တော့ဘူး။

(၂) ဉာဏ်ဦးဆောင်ရမယ်။ ရှိလို့လှူတာထက် သိလို့လှူတာပဲဖြစ်စေရမယ်။ ရှိအလှူ သိအလှူ နှစ်မျိုးမှာ သိအလှူပဲဖြစ်ရမယ်။ ရည်ရွယ်ချက်ကလည်း ရှိဖို့ထက် သိဖို့ကိုပဲ ဦးစားပေး ရမယ်။ အရှိအောက်ကို အသိရောက်သွားရင် အရှိနောက်က အသိကျန်နေခဲ့ရင် အရှိအောက် ပြားပြားဝပ်ပြီး မွန်းကြပ်ပူလောင် သွားတတ်တယ်။ အရှိကို အသိက ဦးဆောင်နေရမယ်။ အရှိအပေါ်က အသိဉာဏ် လွှမ်းမိုးထားရမယ်။ အရှိအားလုံးဟာ တရားစွမ်းအားကျန်အောင် ဉာဏ်နဲ့ ခွဲဝေအသုံးချဖို့သာ ဖြစ်ရမယ်။ ကြောင်းကျိုးဆက်သွယ် သိတဲ့ ဉာဏ်လည်း လိုတယ်။ ခန္ဓာအရှိကို ခွဲသိတဲ့ဉာဏ်လည်း လိုပါတယ်။ နှစ်ဖက်လုံး အကျိုးရှိအောင် ချင့်ချိန်တတ်တဲ့ ဉာဏ်လည်းလိုတယ်။

(၃) ဝမ်းမြောက်ဝမ်းသာ ပျော်ပျော်ကြီး လှူရမယ်။ 'လှူတယ်ဆိုတာ ယူတာပဲ' လို့ စိုက်ပျိုးရေးပုံစံနဲ့ ကြည့်ပြီး ဝမ်းသာတတ်ရမယ်။ ပြီးတော့ ငါ့စေတနာကြောင့် အလှူခံပုဂ္ဂိုလ် ချမ်းသာတော့မှာပဲလို့ မေတ္တာစိတ်နဲ့လည်း ဝမ်းမြောက်နေရမယ်။ ငါ့ကြောင့် သူချမ်းသာပါစေဆိုတဲ့ မေတ္တာစိတ်နဲ့ပေးရမယ်။ သူ့ကြောင့် ကိုယ်ချမ်းသာဖို့ လိုသလို ကိုယ့်ကြောင့် သူချမ်းသာဖို့လည်း လိုတာပါပဲ။

(၄) အောင်ပွဲတစ်ခုရလိုက်သလို တက်တက်ကြွကြွ ထက်ထက်သန်သန် လှူရမယ်။ ရန်သူမျိုး ငါးပါးထက် ကိုယ်က လက်ဦးသွားတဲ့သဘော၊ လောဘမစ္ဆေရ အတွင်းရန်သူတွေကို ကိုယ်က အနိုင်ယူနိုင်တဲ့ သဘောမျိုးနဲ့ နိုင်သွားတဲ့အလှူမျိုးပဲ ဖြစ်ရမယ်။

(၅) သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး လမ်းကြောင်းရှင်းပြီး လှူရမယ်။ ဒုက္ခအပူ ထွက်ပေါက်က ဒီတစ်ပေါက်ပဲ ရှိတာ။ ကိလေသာကိုနိုင်တဲ့ နည်းကလည်း ဒီတစ်နည်းပဲရှိတာ။ သာသနာမှာ ဘာပဲလုပ်လုပ် ကိလေသာကို နိုင်တဲ့ နည်းစနစ် အစီအစဉ်ပါဝင်မှ အလုပ်လို့ခေါ်တယ်။ မဂ္ဂင်လမ်းကြောင်းလို့လည်း ခေါ်တယ်။

(၆) ရှေ့နဲ့နောက် သတိနဲ့ အသိချင်းစပ်ပြီး အပူကင်းတဲ့စိတ်နဲ့ လှူရမယ်။ ဒါဆို ပထမတန်းစား အဆင့်မြင့် အလှူမျိုး ဖြစ်သွားတယ်။ ကျောင်းအမကြီး ဒေါ်စီဟာ ဒီမူအတိုင်းပဲ ဝမ်းမြောက်ဝမ်းသာ ကော်ဇောကို ဆရာတော်ကြီး လက်ထဲလှူဒါန်းပြီး အိမ်ပြန်သွားပါတယ်။ ညနေပိုင်းလာပြီး လှူသွားတာပါ။

ကော်ဇောကို အလှူခံထားလိုက်တဲ့ ဆရာတော်ကြီးကလည်း ဆိုင်သာဆိုင် မပိုင်တဲ့ ကော်ဇောကို ခေါက်သိမ်းမထားတော့ဘဲ ခုတင်ပေါ်မှာ ချက်ချင်းဖြန့်ခင်းပြီး အသုံးချလိုက်ပါတယ်။ တစ်ညတာ သိက္ခာသုံးပါး ဖြည့်ကျင့်ရင်း တရားရှုမှတ်ရင်းနဲ့ ကော်ဇောကို အကျိုးရှိအောင် သုံးစွဲလိုက်တယ်။

နောက်နေ့နံနက်ရောက်တော့ ကိစ္စရှိလို့ ဆရာတော်ကြီးက ကျောင်းအပြင်ဘက် ခဏထွက်နေတယ်။ ဒီအချိန်မှာ သူခိုးတစ်ယောက် ကျောင်းထဲရောက်လာတယ်။ သူခိုးက သူခိုးပုံစံနဲ့ လာတာမဟုတ်ဘူး။ သားသားနားနား ဝတ်စားဆင်ယင်ပြီးလာတာ၊ ဘုန်းကြီးဖြစ်ဖြစ် လူဖြစ်ဖြစ် တစ်ယောက်ယောက် တွေ့ရင်လည်း အလှူလာပင့်သလိုလို လျှောက်မယ်၊ ပြောမယ်ပေါ့။ ဘယ်သူမှမတွေ့ရရင်လည်း တွေ့ရာပစ္စည်းကို ခိုးယူမယ်ပေါ့။

သူခိုးက ကျောင်းထဲဝင်လိုက်တော့ ဘယ်သူမှ မတွေ့ရဘူး။ သူ့အတွက် အတော်ပဲ၊ အကြံအောင်ပြီပေါ့။ မြန်မြန်ခိုးလို့ရနိုင်တဲ့ ပစ္စည်းကိုကြည့်လိုက်တော့ ခုတင်ပေါ်မှာခင်းထားတဲ့ ကော်ဇောအသစ်ကို မြင်သွားတယ်။ ကော်ဇောကို အမြန်ခေါက်သိမ်းပြီး ခိုးပြေးပါရော။ သူခိုးလက်ထဲ ကော်ဇောပါသွားပြီ။ ဆရာတော်ကြီးက သူခိုးလက်ထဲ ကော်ဇောပါသွားတာကို လှမ်းမြင်လိုက်တယ်။ သူခိုးဝင်ခိုးသွားမှန်း သိလိုက်ပါတယ်။ ဘာမှ မပြောလိုက်ဘူး။

နံနက်ပိုင်းမှာ ကျောင်းအမကြီး ဒေါ်စီက ခဲဖွယ်ဘောဇဉ်လှူဖို့ ကျောင်းကို ရောက်လာပြန်တယ်။ အရင်နေ့ကလှူခဲ့တဲ့ကော်ဇော ရှိမရှိ ကြည့်လိုက်တော့ ကော်ဇောကို မတွေ့ရတော့ဘူး။ မတွေ့တော့ ဆရာတော်ကြီးကို မေးလျှောက်ရတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


'ဆရာတော်ဘုရား . . ဆရာတော်ဘုရား၊ မနေ့က တပည့်တော်မ လှူခဲ့တဲ့ ကော်ဇော ဘယ်ရောက်သွားပြီလဲဘုရား' 'သူ့ဟာကို သူယူသွားပြီဗျာ့' ဆရာတော်ကြီးရဲ့စကားက သိပ်ရှင်းတာပဲ။ 'သူ့ဟာကို သူယူသွားပြီဗျာ့' 'ဒကာမကြီးဟာလည်း ပါမသွားဘူးဗျာ၊ ဘုန်းကြီးဟာလည်း ပါမသွားဘူးဗျာ၊ ကိုယ့်ဟာမှ မပါဘဲ၊ သူ့ဟာသူ ယူသွားတာ ဘာပူဖို့လိုသေးလဲ' အတော်ငြိမ်းချမ်းတဲ့စကားပဲ။ ပစ္စည်းနဲ့ ပူပန်ကြောင့်ကြ နေရတဲ့ လောကကြီးထဲမှာ ဆရာတော်ကြီး မိန့်ကြားတဲ့စကားက ကြားလိုက်ရတဲ့အပူသည်ကို ငြိမ်းချမ်း သွားစေတာပဲ။

'ဒကာမကြီးဟာလည်း ပါမသွားဘူးဆိုတာ ဒကာမကြီးမနေ့ကပဲ ဒီကော်ဇောကို နိဗ္ဗာန် ဦးတည်လို့ စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူဒါန်းခဲ့ပြီမဟုတ်လား၊ နိဗ္ဗာန်မရောက်မချင်း ဒီဒါန မကုန်နိုင်တော့ဘူး၊ ကိုယ်ပိုင်အစစ် ဖြစ်သွားပြီ၊ ဒါနတင် ဘယ်ကလို့လဲ၊ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အစုံရသွားတာ၊ အဲဒီကိုယ်ပိုင်ကောင်းမှုတွေ အခု သူခိုးလက်ထဲ ပါမသွားဘူး၊ ဒကာမကြီးဆီမှာပဲ အကုန်ကျန်နေခဲ့တယ်'

'ဘုန်းကြီးဟာလည်း ပါမသွားဘူးဆိုတာ ဘုန်းကြီးကလည်း ဒီကော်ဇောကို ချက်ချင်းခင်းပြီး အသုံးချလိုက်တယ်၊ သိက္ခာသုံးပါး ဖြည့်ကျင့်ရင်း တရားရှုမှတ်ရင်း ကော်ဇောကို သုံးစွဲလိုက်တယ်၊ တစ်ညနေ တစ်ညတာ သုံးစွဲလိုက်တာနဲ့ ကော်ဇောကြောင့် ဘုန်းကြီးမှာ ကိုယ်ပိုင်တရားတွေ အများကြီး ရလိုက်တယ်၊ နိဗ္ဗာန်ရောက်သည်ထိ သတ္တိမကုန်နိုင်တော့ဘူး၊ အဲဒီ ဘုန်းကြီးရဲ့ကိုယ်ပိုင် ကောင်းမှုတွေလည်း အခု သူခိုးလက်ထဲ ပါမသွားဘူး၊ ဘုန်းကြီးဆီမှာပဲ ကျန်နေခဲ့တယ်'

'ဒကာမကြီး၊ ကော်ဇောဆိုတာ ဘုံဆိုင်အငှားပဲ။ ဒေါ်စီလက်ထဲရှိနေတုန်းက ဒေါ်စီရဲ့ ကော်ဇော၊ ဘုန်းကြီး လက်ထဲရောက်လာတော့ ဘုန်းကြီးရဲ့ကော်ဇောပေါ့၊ ဟောအခု သူခိုးလက်ထဲ ရောက်သွားတော့ သူခိုး ကော်ဇောပဲ၊ အခုမပိုင်တဲ့ ကော်ဇောကိုပဲ သူခိုးယူသွားတာ၊ ပိုင်တဲ့ ကောင်းမှုတွေ တစ်ခုမှ သူခိုးနောက် ပါမသွားဘူး၊ ဒီတော့ သူ့ဟာသူ ယူတာပဲ၊ ကိုယ့်ဟာ ပါမသွားရင် ပြီးရောပေါ့'

'ဟုတ်ပါတယ်ဘုရား၊ သူခိုးနောက်ကို ကိုယ့်ဟာမှ ပါမသွားပဲ၊ သူ့ဟာကိုပဲ သူယူသွားတာဖြစ်လို့ ဘာပူစရာ လိုသေးလဲဘုရား' ကျောင်းအမကြီး ဒေါ်စီဟာ ဝမ်းသာကျေနပ်လွန်းလို့ တပြုံးပြုံးနဲ့ ဦးချပြီး အိမ်ပြန် သွားပါတယ်။ တကယ့်အရေးမှာ လူကို အားရှိသွားစေနိုင်တဲ့အရာဟာ တရားကလွဲလို့ ဘာမှရှိတာ မဟုတ်ပါဘူး။ တရားလောက်ပျော်စရာ ကောင်းတာလည်း တရားပဲ ရှိတာပါ။ လူကို အမြဲပြုံးစေနိုင်တာလည်း တရားပဲရှိတာ၊ ပစ္စည်းတို့ ဆွေမျိုးတို့ စတဲ့အရာတွေက ကိုယ်ပိုင်မဟုတ်လို့ အမြဲမပြုံးစေနိုင်ဘူး။ သူတို့ကြောင့်ပဲ စိတ်ညစ်ရ၊ ပူရ၊ ရန်ဖြစ်ရ၊ ငိုရတာတွေ အများကြီးပါ။

## ၅။ တရားမဝင် အလုပ်ခွင် (အလှုပ်)

- **သတိလွတ်ငြား၊ အလုပ်များ၊ တရားမဝင်ပါ။**
- **တရားမဝင်၊ အလုပ်ခွင်၊ စွမ်းအင်ပျောက်ပျက်ပါ။**
- **သတိရှေ့ထား၊ အလုပ်များ၊ တရားဝင်နိုင်ပါ။**
- **တရားဝင်သော်၊ စွမ်းအားပေါ်၊ ရွှင်ပျော်အားတက်ပါ။**

'အပ္ပမာဒေန သမ္ပာဒေထ' လို့ အပ္ပမာဒ သတိနဲ့ တရားနိဂုံးအုပ်သွားတဲ့ ဘုရားရှင်ရဲ့ အာဘော်က 'သင်တို့ ဘာပဲလုပ်လုပ် သတိပါမှ တရားဝင်မယ်။ သတိမပါရင် ဘယ်အလုပ်မှ တရားမဝင်ဘူး' လို့ ဆိုလိုရင်းပါ၊ နေ့စဉ် တစ်နေ့လုံး လုပ်နေသမျှအလုပ်တွေဟာ သတိမပါရင် တကယ်ပဲ တရားမဝင်တာပါ။ ကိုယ်တကယ် အားကိုးရမယ့် တရားစွမ်းအား မပါဝင်တာကိုပဲ တရားမဝင်ဘူးလို့ ပြောတာဖြစ်တယ်။

သတိလွတ်ရင် ဉာဏ်လည်း ကင်းပြတ်သွားတာဖြစ်လို့ ဘာပဲလုပ်လုပ် အလှုပ်ပဲဖြစ်မယ်။ ဟထိုး ပါနေတယ်။ အလုပ်မဖြစ်တော့ဘူး။ အလှုပ်ထဲမှာ ကိုယ်ပိုင်စွမ်းအားမပါဝင်ဘူး။ ဦးတည်ချက် မပါ၊ လမ်းကြောင်းမရှိ အစီအစဉ်ကင်းမဲ့စွာနဲ့ တစ်လှုပ်လှုပ် လှုပ်နေရတာဖြစ်လို့ အလှုပ်၊ စိတ်ဓာတ် စူးစိုက်တည်ငြိမ် အေးချမ်းမှု မပါဘဲ တုန်လှုပ်ချောက်ချားစွာ လှုပ်နေတာဖြစ်လို့လည်း အလှုပ်၊ စိတ်လှုပ်ရှားဖွယ် အကျိုးကို ပေးဦးမှာဖြစ်လို့လည်း အလှုပ်၊ သတိမပါတော့ အလှုပ်၊ အလှုပ်ဆိုတော့ တရားမဝင်၊ သတိပါတော့ အလုပ်၊ အလုပ်ဖြစ်မှ တရားဝင်မယ်။



www.burmeseclassic.com

www.burmeseclassic.com



သတိရှိတော့ ဉာဏ်ပေါ်တယ်။ ဒီတော့ တရားလာဘ်မြင်တယ်။ ဘယ်နေရာမဆို ဘယ်အလုပ်မဆို တရားစွမ်းအားရအောင် ဖမ်းယူတတ်တယ်။ ဒါကြောင့် တစ်နေ့လုံး ဘာပဲလုပ်လုပ် တရားစွမ်းအားချည်းပဲ ရနေတတ်တယ်။ ဉာဏ်သန့်စင်တော့ ဟုတ်မဟုတ် စစ်ဆေးတယ်။ အပိုမပါအောင်လည်း စစ်ပေးတယ်။ အတုတွေမပါအောင်လည်း အစစ်ကို ရွေးပေးတယ်။ ဒါကြောင့် အလုပ်ဟာ တရားဝင်ဖြစ်သွားတာ။

လောကမှာ ချောင်းကျဉ်း၊ မြစ်ကျဉ်း တစ်နေရာကနေပြီး အပေါက်လဲကျဉ်း ကြိုးလဲခိုင်တဲ့ နိုင်လွန်ပိုက်ကွန်ကိုချ ထောင်ထားလိုက်ရင် ဖြတ်သွားသမျှငါးတွေ ကြီးတာရော၊ ငယ်တာရော၊ သေးသေးမွှားမွှား ကလေးပါမကျန် ပိုက်ကွန်ထဲ အကုန်မိသွားမှာသေချာပေါက်ပဲ။ ဒါမျိုးလိုပဲ လူတွေ နေ့စဉ် ဖြတ်သန်းလှုပ်ရှားနေရတဲ့ ခန္ဓာနဲ့ဆက်စပ်သမျှ လုပ်ငန်း ကိစ္စလမ်းကြောင်းမှာ သတိဥာဏ်ဆိုတဲ့ ပိုက်ကွန်ကို ချထားလိုက်ရင် ကြီးကြီးငယ်ငယ် အသေးအဖွဲ့ပါမကျန် လူကိစ္စအားလုံး သတိဉာဏ်ပိုက်ကွန်ထဲ အကုန်မိသွားမယ်။ တစ်နေ့လုံး အားတက်စရာ တရားချည်းပဲ ဖြစ်နေတော့မှာပေါ့။ လုပ်ငန်းခွင်အားလုံး တရားဝင်ဖြစ်သွားမှာ သေချာပါတယ်။

ကိုယ့်ခန္ဓာဟာ ကိုယ်နဲ့ဆိုင်ရုံပဲ ဆိုင်တယ်၊ မပိုင်ဘူး။ ဘယ်လောက်ဆိုင်သလဲလို မေးရင် 'ကိုယ်ပိုင်ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ထုတ်ယူခွင့်ရလောက်အောင် ဆိုင်တယ်'လို့ ပြောနိုင်အောင် သတိဉာဏ်နဲ့ ကိုယ်ပိုင် အမြန်ထုတ်ယူရုံပေါ့။

## ၆။ ကိုယ့်ကံကိုယ်ဖွင့် ဉာဏ်ကိုမြင့်

- **အသိကင်းငြား၊ ကံတရား၊ တံခါးပိတ်နေကြ။**
- **ကိုယ့်ကံကိုယ်ဖွင့်၊ ဉာဏ်ကိုမြင့်၊ အသင့်ဖြစ်စေရ။**

'ငါစားဖို့ ငါသုံးဖို့ ငါ့ဖို့ ' လို့ အဝိဇ္ဇာ တဏှာနဲ့ ကိုယ့်အတွက် သက်သက်သာငဲ့ပြီး ရှာဖွေတာက ကံတံခါးကို ပိတ်ပြီး (ကံကို အောက်ကို မှောက်ထားပြီး) ရှာတာပဲ။ ဒီနည်းက ကိုယ်စားဖို့တောင် လောက်အောင် မရနိုင်ဘူး။ 'အများအတွက်၊ တရားအတွက်' လို့ သဒ္ဓါ၊ မေတ္တာ၊ ပညာနဲ့ ရှာဖွေတာကတော့ ကံတံခါးကို ဖွင့်ပြီး (ကံကို အပေါ်ကိုလှန်ထားပြီး) ရှာတာပါ။ စိုပြေ လန်းဆန်း ဖွံ့ဖြိုးလှတဲ့ စေတနာကြောင့် သုံးမကုန်နိုင်အောင် လာတော့တာပဲ။ မဟာဒုဂ် နာမည်ကြီးသွားတာ ဒါပဲ။ ကံတံခါး ပိတ်ရှာတုန်းက တစ်နေ့ စားဖို့တောင် လောက်ငအောင် မရလို့ ခွက်စုတ်ကိုင် တောင်းစားနေရတယ်။ ကံတံခါးကို ဖွင့်ရှာလိုက်တော့ တစ်သက်လုံး သုံးမကုန်နိုင်လောက်အောင် ထိပ်တန်းသူဌေးကြီး ဖြစ်သွားတယ်။ မကြာမီဘဝမှာပဲ ငယ်ငယ်လေးနဲ့ ရဟန္တာ ဖြစ်သွားတယ်။

ကောင်းမှုပြုလုပ်တယ်ဆိုတာ ကိုယ့်ရပိုင်ခွင့်ကို ကိုယ့်ဆီက တောင်းယူတာပါ။ သားသမီးက မိဘထံ၊ အလုပ်သမားက အလုပ်ရှင်ထံ ရပိုင်ခွင့်ကို ယုံကြည်စိတ်ချစွာနဲ့ အားကိုးတကြီးတောင်းကြသလို ကိုယ်ကလည်း ကိုယ့်ထံ ရပိုင်ခွင့်ကောင်းမှုတွေ ယုံကြည်စိတ်ချစွာနဲ့ တောင်းယူတတ်ရမယ်။ ကိုယ့်ထံမှာ ကောင်းမှုရပိုင်ခွင့်တွေ အများကြီး ရှိနေပါတယ်။

အချိန်တိုင်း တွက်ကိန်းကိုက်အောင် သတိဉာဏ်နဲ့ အမြန်တောင်းယူဖို့လိုမယ်။

ပြီးတော့ ကိုယ့်ဟာကိုယ် အားမနာတမ်း မညှာတမ်းခိုင်းပေးမှလည်း ဘဝတွက်ကိန်း ကိုက်လိမ့်မယ်။ ဒီခန္ဓာကြီးက ဇရာကခိုင်းတော့ သိပ်သဘောကောင်းတာပဲ။ ခိုင်းသလောက် အိုပြလိုက်တယ်။ ဗျာဓိရောဂါက ခိုင်းတော့လည်း သိပ်သဘောကောင်းလိုက်တာ၊ ခိုင်းသလောက် နာပြလိုက်တာပဲ။ အို၊ နာ၊ သေ မြွေဆိုးကြီးက ခန္ဓာဖားကို မျိုချနေပြီ။ ကုန်ဆုံးအောင် မျိုချနေမှာပါ။ ဒီလိုဆို ကိုယ့်ဟာကိုယ်လည်း ဘယ်ကောင်းမှုမှ ငြင်းပယ်လို့ မရအောင် သတိဉာဏ်နဲ့ နာနာခိုင်းပေးရမယ်။ ခိုင်းပေးရင်လည်း လုပ်ပေးမှ ကိုယ့်ဟာကိုယ် ကယ်ရာရောက်မယ်။ အကွက်စေ့နေအောင် ခိုင်းပေးဖို့လည်းလိုမယ်။ ခိုင်းသမျှ တက်တက်ကြွကြွ လုပ်နိုင်အောင်လည်း အထူးလေ့ကျင့်ထားဖို့ လိုမှာပါ။

နေ့တိုင်း လက်နဲ့တွေ့နေရတဲ့ လက်တွေ့အလုပ်ကို တစ်နေကုန်လုပ်နေရတယ်။ လက်သာ တွေ့ပြီး ဉာဏ်နဲ့ မတွေ့ရင် တရားမဟုတ်ဘူး။ လက်နဲ့တွေ့တိုင်း ဉာဏ်ပေါင်းစပ်မိရင် တရားချည်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စိတ်ပါလက်ပါ လုပ်နိုင်မှ တရားပါ။ လက်သာပါပြီး စိတ်မပါရင် (ဉာဏ်မပါရင်) တရားစွမ်းအား မရနိုင်ပါဘူး။ စားဝတ်နေရေး ကိစ္စမျိုးစုံလုပ်တဲ့အခါ လက်သာပါပြီး စိတ်မပါရင် တရားစွမ်းအား အဖော်တွေ ပါမလာဘဲ ကျန်နေခဲ့ကြတယ်။ တရားအဖော်နောက်က အမြဲလိုက်လာနိုင်အောင် စိတ်လည်းပါဖို့လိုမယ်။ စိတ်သန့်-စိတ်လုံကို အမြဲသုံးနိုင်ရင် စိတ်ပါလာမှာပါ။ တရားဆိုတာ လက်တွေ့အလုပ်တွေကို စာတွေ့ဉာဏ်နဲ့ ပေါင်းပေးလိုက်ရုံပါပဲ။ ဉာဏ်နဲ့ဖွင့်ပေးမှပဲ ကံကပွင့်လန်းမှာပါ။ ကံက အလုပ်လုပ်ချင်တဲ့သဘော၊ အလုပ်လုပ်တဲ့ သဘောပါ။ ဉာဏ်က လုပ်သင့်တာကို ရွေးချယ်ပေးတယ်။ ဝီရိယက လုပ်နိုင်တာကို စလုပ်ပေးတယ်။ သတိက ဝီရိယ အလုပ်ဖြစ်အောင် ကူညီပေးတယ်။ ဒါဆို ကံပွင့်ပြီပေါ့။ ကံဆိုတာ အလုပ်ပဲ။ ကံဆိုတာ ကိုယ်စွမ်းနိုင်သလောက် ထုတ်ယူထားတဲ့ အစွမ်းသတ္တိပဲ။ သူရှိတဲ့အတိုင်း ကိုယ့်ကို တုန့်ပြန်မှာပါ။

## ၇။ လိုတာအကုန်ပေးမယ် ထည့်စရာယူခဲ့ကြ

- **လိုချင်သမျှ၊ အကုန်ရရန်၊ လမ်းကောင်းညွှန်ဖို့၊ မှန်ကန်ထူးခြား၊ မြတ်တရား၊ ထင်ရှားပေါ်လာသည်။**
- **ထည့်စရာသာ၊ ယူခဲ့ပါ၊ လိုတာအကုန်ပေးနိုင်သည်။**

မြတ်စွာဘုရားဟာ အလောင်းတော်ဘဝက ဘဝများစွာ စည်းစိမ်ဥစ္စာအားလုံး စွန့်လွှတ်ခဲ့တာတွေ၊ ခန္ဓာအစိတ်အပိုင်းများကို ဖြတ်တောက် အနစ်နာခံ စွန့်လွှတ်ခဲ့တာတွေ၊ အသက်ကိုတောင် အရေးအတွက် မထားဘဲ အသေခံစွန့်လွှတ်ခဲ့တာတွေဟာ မိမိတို့အပါအဝင် သတ္တဝါများစွာ တို့အတွက် လိုတာအကုန်ပေးဖို့ အားတွေ စုပေးတာဖြစ်တယ်။

ဗုဒ္ဓအား၊ ဓမ္မအားလောက် ကောင်းတဲ့အားဆိုတာ လောကထဲမှာ ဘယ်အားမှ မရှိပါဘူး။ ဗုဒ္ဓ ဓမ္မအားသာ အကောင်းဆုံးပါ။ ဒီအားတွေဟာ အဓိကကတော့ အများသူငါ သတ္တဝါများအတွက် အသုံးချဖို့သာဖြစ်တယ်။ သတ္တဝါအားလုံးအတွက် လိုသမျှ အကုန်ပေးနိုင်လောက်အောင်လည်း အားက တကယ်ကောင်းတာပါ။

'ငါ အင်အားတွေ စုထားတာဟာ သင်တို့လိုတာကို အကုန်ပေးဖို့ဖြစ်တယ်၊ သင်တို့လိုတာ အကုန်ပေးမယ်၊ ထည့်စရာယူခဲ့ကြ' လို့ တရားသဘောအားဖြင့် ဖိတ်ခေါ်နေပါတယ်။ ထည့်စရာ ဆိုတာ သဒ္ဓါတရားကိုပြောတာ၊ သဒ္ဓါတရားထည့်စရာမရှိဘဲနဲ့ ကောင်းတာတွေလိုချင်လို့ရမှာ မဟုတ်ဘူး။ ထည့်စရာက မလုံခြုံရင်လည်း ရမှာမဟုတ်ဘူး။ နွားနို့တွေ ဝေပေးနေတဲ့အခါ ထည့်စရာ အိတ်တွေ၊ ခြင်းတွေ ယူသွားရင် နွားနို့ဝေစုရမှာ မဟုတ်ဘူး။

သဒ္ဓါတရားဟာ စိတ်ကို တရားနဲ့တန်အောင် သန့်စင်ပေးရပါတယ်။ ဘယ်ကောင်းမှုပဲလုပ်လုပ် သဒ္ဓါတရားထံ စာရင်းပေးသွင်းရပါတယ်။ သဒ္ဓါတရားက လက်မခံရင် ကောင်းမှုစာရင်း မဝင်တော့ဘူး။ လုပ်ပေမယ့် ကောင်းမှုစာရင်းထဲ မပါတော့ဘူး။ ဘုရားရှိခိုးချင်ရင် ဘုရားအာရုံနဲ့ တန်အောင် စိတ်ကို သဒ္ဓါနဲ့ ရှင်းထားရမယ်။ ရတနာသုံးပါးကို အာရုံပြုချင်ရင် ရတနာသုံးပါး ကိန်းဝပ်နိုင်လောက်တဲ့ စံကျောင်းသဖွယ် ခန့်ထည်စင်ကြယ်အောင် သဒ္ဓါက စိတ်ကို သန့်ရှင်းမွမ်းမံ ခြယ်သပေးရပါတယ်။ သဒ္ဓါသန့်စင်ထားတဲ့ စိတ်ကောင်းကို သတိနဲ့လုံအောင်ထိန်းပြီး ဉာဏ်နဲ့ ခွဲဝေ အသုံးချပေးလိုက်တော့မှ တရားဝင် ကိုယ်ပိုင် ကောင်းမှုတွေ ထိုက်ထိုက်တန်တန် ရရှိလာတာပါ။

ရှိဖို့ထက် သိဖို့ ပိုအရေးကြီးပါတယ်။ သိသင့်တာသိလို့ လုပ်သင့်တာလုပ်ရင် ရှိသင့်တာရှိဖို့ အားလုံး တာဝန်ယူပြီးသားပါ။ အရှိကို အသိက လွှမ်းမိုးအနိုင်ယူနိုင်မှ ကိုယ်ပိုင်စွမ်းအားတွေ ရနိုင်မှာဖြစ်တယ်။

'အရင်းမစိုက် လှေထိုးလိုက်' ဆိုတဲ့ စကားလိုပါပဲ။ ကိုယ့်ဆီက ဗဟိဒ္ဓပစ္စည်း ဘာမှ အရင်းအနှီး မစိုက်ရဘဲ ဗုဒ္ဓသာသနာ ရတနာကြောမှာ ကိုယ့်စေတနာကို သဒ္ဓါ၊ သတိ၊ ပညာ အထိန်းပါတဲ့ ဝီရိယထိုးဝါးနဲ့ မှန်မှန် ထိုးပေးရမယ်။ သူများ အရင်းအနှီး စိုက်တည်ထောင်ထားတဲ့ သာသနာလှေကို ကိုယ်က ဝင်ထိုးပေးရုံပါပဲ။ ထိုးနိုင်သလောက် သေချာပေါက် ခရီးရောက်တယ်။ သဒ္ဓါ၊ သတိ၊ ဉာဏ် ကူညီနိုင်သလောက် လုပ်ခ ကြီးကျယ် များပြားလှပါတယ်။ အသိတော်ရင် အရှိတွေ နည်းမှန်လမ်းမှန်ပေါ်လာပြီး အသိမှောက်တော့ အရှိတွေ အကုန် ပျောက်သွားတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသာသနာဆိုတာ နိဗ္ဗာန် မဂ် ဖိုလ် လောကုတ္တရာ အထွဋ်အထိပ်ထိတောင်ရအောင် ပေးနိုင်သေးတာ ဆိုတော့ လောကီစည်းစိမ်ချမ်းသာ ကောင်းကျိုးလောက်တော့ အသာလေးပါ။ ကေန်ပေးနိုင်ပါတယ်။ ဓာတ်ကောင်းလိုချင်သူတွေအတွက်လည်း ဓာတ်ကောင်းတွေလိုသလောက် ကူးယူနိုင်ပါတယ်။ အချုပ်ပြောရရင် ကောင်းတာလိုသလောက် အကုန်ရနိုင်တယ်။ ကိုယ့်မှာ အကောင်းတွေထည့်ဖို့ သဒ္ဓါတရားစစ်စစ်တော့ လိုလိမ့်မယ်။ ကိုယ့်အစွမ်းကို ကိုယ်ယုံဖို့လိုသလို မှီခိုရာသာသနာ ရတနာစွမ်းရည်ကိုလည်း အကြွင်းမဲ့ ယုံကြည် လက်ခံဖို့ လိုမှာပါ။ ပေးသူက ပေးနိုင်ပေမယ့် ယူသူက မယူနိုင်ရင်တော့ ဘာမှရနိုင်မှာ မဟုတ်ပါဘူး။

အမွဲတကာ့အမွဲတွေထဲမှာ သဒ္ဓါမွဲတာဟာ အဆင်းရဲဆုံး, အောက်အကျဆုံးပါ။ ကြွယ်ဝသူတွေထဲမှာလည်း သဒ္ဓါကြွယ်ဝတာဟာ အချမ်းသာဆုံးပဲ။ သဒ္ဓါဟာ ချမ်းသာအားလုံး ချမ်းသာကြောင်း ကောင်းမှု အားလုံးရအောင် လဲလှယ်ဝယ်ယူနိုင်တဲ့ တရားပိုင်းဆိုင်ရာ ပိုက်ဆံပစ္စည်းပါ။

'သဒ္ဓါမရှိဘူး၊ သဒ္ဓါမွဲတယ်' လို့ အပြောခံရရင် တုတ်နဲ့ရိုက်တာထက် နာတယ်။ အညွန့်တွေ ရိုက်ချိုးပစ်တဲ့ စကားပဲ။ 'သဒ္ဓါတရားကောင်းလိုက်တာ' လို့ ဆိုလိုက်ရင် အကောင်းဆုံးစကားနဲ့ ဂုဏ်ပြု ချီးကျူးလိုက်တာပါ။ သဒ္ဓါကောင်းရင် မေတ္တာတို့ ပညာတို့လည်း ကောင်းဖို့မခက်တော့ဘူး။ ပညာကောင်းရင် မကင်းနိုင်တဲ့ သတိကလည်း ကောင်းရတော့မှာပေါ့။ ဒါဆို လိုတာအကုန်ရဖို့ သေချာပြီပဲ။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၆-ခု၊ သီတင်းကျွတ်လ (၂၀၀၄-ခုနှစ်၊ အောက်တိုဘာလ)



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋကရေ မွေလက်ဆောင် (၂၄)

## ဘဝစေစု မြတ်ကောင်းမှု

## နမော ဗုဒ္ဓဿ

(ယောဆရာတော်၏ တိပိဋကဘွဲ့ရ နှစ် ၂၀-ပြည့် နှင့် ယောဆရာတော်၏ ဩဝါဒခံ ကလေးမြို့နယ် တောင်ဖီလာတောရ နှစ်၂၀-ပြည့်အထိမ်းအမှတ်အတွက်အမှတ်တရမွေလက်ဆောင်ဖြစ်သည်။)

### ၁။ ရှုပ်-ပူ-ငေး-အေး စေစုလေး

- **လောဘဝင်သော်၊ အသီချော်၊ အပျော်အတုမှတ်။**
- **ဒေါသဝင်မူ၊ ပွက်ပွက်ဆူ၊ အပူစေစုမှတ်။**
- **မောဟညစ်ထေး၊ စိတ်မအေး၊ အငေးစေစုမှတ်။**
- **သတိကိုဖော်၊ စွမ်းအားပေါ်၊ အပျော်အစစ်မှတ်။**
- **ရှုပ်-ပူ-ငေး-အေး၊ စေစုလေးတွင်၊ အအေးကိုသာ၊ ယူရမှာ၊ မြဲစွာသတိချပ်။**

လူ့ဘဝ၌ (၁) အပူစေစု (၂) အငေး စေစု (၃) အပျော်အတုစေစု (၄)အပျော်အစစ် စေစုအားဖြင့် စေစု ၄-မျိုးရှိသည်ဟု ဆိုနိုင်သည်။ လောဘသည် အပျော်တုကို ဖန်တီးသည်။ အပျော်တုသည် ရှုပ်အောင်လုပ်တတ်သည်။ ဒေါသကြောင့် အပူစေစု ပေါ်လာရသည်။ ကိုယ့် အပူက သူ့ကိုဟပ်၊ သူ့အပူက ကိုယ့်ကိုဟပ်၍ မွန်းကြပ်ပူလောင်ရတတ်သည်။ လောဘအလို မပြည့်၍ အဆင်မပြေလျှင်လည်း မကျေနပ်မှု ဒေါသ အချိန်မရွေး ပေါ်လာတတ်သည်။ ဒေါသဖြစ်လျှင် ဣဿာ မစ္ဆေရ ကုက္ကုစ္စ ဒေါမနဿ စသည့် အပူအုပ်စုဝင်များလည်း ပါဝင်လာတတ်သည်။ မထိန်းနိုင်လျှင် အသက်ဆုံးရှုံးရသည်အထိ အပူနယ်ပယ် အရှိန်မြင့်၍ ကျယ်ဝန်းသွားနိုင်သည်။

မောဟသည် အငေးစေစုကို ဖော်ထုတ်သည်။ မောဟအားကြီးလျှင် ကိုယ့်အလုပ် မလုပ်ဖြစ်အောင်လည်း ငေးနေမိတတ်သည်။ အလုပ်လုပ်လျှင်လည်း ကြောင်တောင်ငေး ဖြစ်နေတတ်သည်။ အချိန်စေ့ရုံ အရေအတွက် ပြည့်ရုံလောက်သာ လုပ်နိုင်၍ အမှန်ကို ဘာမှမသိလိုက်၍ စိတ်အေးရမည့် အရည်အသွေး မပါဝင်တတ်၊ မတော်တဆ မှားယွင်းချွတ်ချော်မှုလည်း မကြာခဏ ကြုံရတတ်သည်။ စိတ်ထဲ၌လည်း အမြဲရှုပ်ပွ ညစ်ထေး နေတတ်၍ ဘာပဲလုပ်လုပ် အချိန်မီ မပြီးတတ်၊ ပြီးသမျှလည်း အရည်အသွေးမမီတတ်၊ ဘာမဆို အကုန် နောက်ကျ ကျန်နေတတ်သည်။

မောဟလွှမ်းကဲလျှင် ထိနမိဒ္ဓ (ထိုင်းမှိုင်းမှု) လည်း များနေတတ်သည်။ အလုပ် မလုပ် ဖြစ်အောင်လည်း ငိုက်သည်။ အလုပ် လုပ်စဉ်လည်း ငိုက်သည်။ လူ့စွမ်းရည် နစ်နာဆုံးရှုံးရသည်။ အငေးစေစုသည် ပုထုဇဉ်တစ်ဦးအတွက် နေ့စဉ်အများဆုံး ရယူနေရသောစေစုဖြစ်သည်။ ဘာမှ အဓိပ္ပာယ်မရှိဘဲ အချိန်၊ အင်အား၊ ပစ္စည်းကို ဖြုန်းပစ်နေမိတတ်သည်။ ရည်ရွယ်ချက်၊ လမ်းကြောင်း၊ အစီအစဉ် ပျောက်ဆုံးရတတ်သည်။ အချို့လူများသည် အခမဲ့ငေး၍ အားမရနိုင် မဝနိုင်သဖြင့် အရက်သေစာ မူးယစ်ထုံထိုင်းဆေးများကို မှိဝဲကာ ပိုက်ဆံပေး၍ (ပိုက်ဆံအကုန် ခံ၍) ပင် ငေးကြ ငိုက်ကြသည်။

လောဘ၊ ဒေါသသည် မောဟကြောင့် ပေါ်လာရသည်ဖြစ်၍ အငေးများလျှင် အရှုပ်အပူများ အချိန်မရွေး ဝင်လာနိုင်သည်။ မောဟအမှောင်ထဲ ခိုနေရသောစိတ်ကို လောဘနှင့် ဒေါသသည် အချိန်တိုင်း တစ်လှည့်စီ ညှပ်ထောင်း၍ နှိပ်စက်နေကြသည်။

စိတ်သည် သတိလွတ်လျှင် မောဟမှောင်ထဲ ခိုနေရသဖြင့် မှောင်သည်။ မှောင်တော့ မိုက်သည်။ မိုက်တော့ ရိုင်းသည်။ ရိုင်းတော့ ရမ်းကားသည်။ ရမ်းကားတော့ ဒုက္ခရောက်ရသည်။ သံသရာခရီးသည်များကို အဝိဇ္ဇာ တဏှာ (မောဟ လောဘ) ကြိုးနှစ်ချောင်းဖြင့် တင်းကျပ်စွာ ချည်ထားသည်။ အဝိဇ္ဇာ (မောဟ) သည်



www.burmeseclassic.com

www.burmeseclassic.com


ဆင်းရဲဒုက္ခ အပူတည်း ဆောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌတည်း။ တဏှာ (လောဘ) ကား အကျိုးဆောင် အတွင်းရေးမှူးဖြစ်သည်။ လူ့ဒုက္ခ အားလုံး ထိုနှစ်ပါးမှပင် မြစ်ဖျားခံလာသည်။

အရှုပ်၊ အပူ၊ အငေးသည် ဘဝက အလိုအလျောက်ပေးထားသော ဝေစုဖြစ်သည်။ ကိုယ့်ဘက်က တရားအသိမရှိလျှင် မလိုချင်သော်လည်း ယူနေရမည်သာဖြစ်သည်။ လူ့စွမ်းရည်တန်ခိုး၏ ယိုပေါက်ကြီး သုံးပေါက်လည်း ဖြစ်သည်။ မဆိုင်သောအလုပ်ကို လုပ်လိုမှု၊ စကားများမှု၊ အအိပ်များမှု၊ ရောနှောလည်ပတ် အပေါင်းအသင်းများမှုဟူသော တရားယိုပေါက် လေးပေါက်ကိုပါ ဟင်းလင်းပွင့်သွားစေသည်။ နောက်ဆုံး တစ်ဘဝလုံး အကာမျှသာဖြစ်၍ ဗလာသုညဖြစ်သွားစေသည်။

လူတကယ်ယူရမည့်ဝေစုမှာ အပျော်အစစ်ဟူသော တရားဝေစုသာဖြစ်သည်။ သတိကောင်းမှ စွမ်းအား မြင့်ကာ ဘဝ ဝေစုအစစ် တိုးတက်များပြားလာမည်ဖြစ်သည်။

## ၂။ သတိရှိမှ ဝေစုပြည့်မည် ( သတိရှိလျှင်အလုပ်ဖြစ်သည် )

- **သတိမပါ၊ အသိကွာ၊ ရတာမပြည့်ဝ။**
- **ရသမျှလဲ၊ အပူတွဲ၊ အမြဲအားငယ်ရ။**
- **သတိတွဲကာ၊ အသိပါ၊ ရှိတာအပြည့်ရ။**
- **သတိတစ်လုံး၊ အစဉ်သုံး၊ ရွှင်ပြုံးအေးချမ်းရ။**
- **ဘဝဝေစု၊ မြတ်ကောင်းမှု၊ စေ့ငုသေချာရနိုင်ကြ။**

လူတစ်ယောက်၏ နောက်ဆုံးပိုင်ဆိုင်ခွင့်သည် တရားတစ်မျိုးတည်းသာဖြစ်သည်။ လူ့ဘဝ၏ နောက်ဆုံး အသားတင်အမြတ်သည်လည်း တရားတစ်မျိုးတည်းသာတည်း။ လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး လူသားအားလုံးအတွက် တရားသည်သာ လူ့ဘဝ အနှစ်ဖြစ်သည်။ တရားကင်းမဲ့နေလျှင် လူ့ဝေစု လက်လွတ် ဆုံးရှုံးသွားလိမ့်မည်။

တရားအားလုံးကို သတိဉာဏ်က ချုပ်ကိုင်ထားသည်။ ဉာဏ်ကို သတိထဲထည့်သွင်းလိုက်လျှင် မလွတ်တမ်း အမြဲကိုင်ထားရမည်မှာ သတိသာဖြစ်သည်။ အစဉ် ပညာရှိ သူတော်ကောင်းများထံမှ ဘဝအသုံးချနည်း၊ ဝေစုယူနည်း၊ အနှစ်ထုတ်ယူနည်းကို သင်ယူလေ့လာ နာကြားမှတ်သားရမည်။

နည်းစနစ်ကောင်းကို နာကြားလေ့လာမှတ်သားပြီးလျှင် အစဉ်အမြဲ ဘဝ ဝေစုကောင်းကို ယူနေနိုင်ရန် သတိကို အမြဲကိုင်ထားနိုင်ရမည်။ သညာမှတ်ကစ၍ တစ်စတစ်စ လေ့ကျင့်ပေးနေလျှင် သတိမှတ်ကောင်း လာလိမ့်မည်။ အကောင်းတစ်ခုရရန် တမင်လေ့ကျင့်ယူရသည်။ အကောင်းသည် အဆိုးလောက် လွယ်လင့်တကူ ဖြစ်မလာနိုင်ချေ။

သတိအားနည်းလျှင် အသိဉာဏ်လည်း အားနည်းတတ်၍ လာဘ်မမြင်သဖြင့် ဝေစုအစစ်ကို ရအောင် မယူနိုင်ပေ။ ရလျှင်လည်း စွမ်းရည်မပြည့်ဝ၍ အားငယ်စရာချည်းသာ ဖြစ်နေတတ်သည်။ မိမိလက်ထဲ ရောက်နေသော အရှိအားလုံးထဲ၌ မိမိကို အာမခံ တာဝန်ယူနိုင်သည့် တရားစွမ်းအားများစွာ ပါဝင် နေကြသော်လည်း သတိမရှိလျှင် ဘာမှမရ၊ အကုန် လွတ်ကျကုန်သည်။ မရရုံမျှမက အရှိကြောင့်ပင် ဆင်းရဲ ပူလောင်သွားတတ်သေးသည်။

ဗဟုသုတရှိစေကာမူ သတိကင်းလွတ်နေလျှင် မိမိ၏အရှိကြောင့် အရှုပ်၊ အပူ၊ အငေး ဝေစုများသာ ရနေလိမ့်မည်။ အသိ သတိမကူလျှင် လူကအရှိအောက်မှာ ပြားပြားဝပ်၍ မွန်းကြပ်ပူလောင်နေရမည်။ မသိလျှင် အရှိအားလုံး ဆင်းရဲကြောင်းသာ ဖြစ်နေတတ်သည်။

သတိရှိမှ ဘဝအသုံးချဉာဏ်ပေါ်လာမည်။ အရှိကို အရှိအတိုင်း သိမြင်ခွင့်ရ၍ အရှိအတိုင်း စွမ်းအားဝေစုအစစ်ကို အပြည့်အဝ ထုတ်ယူနိုင်မည်ဖြစ်သည်။ လူသည် သတိရှိလျှင် အလုပ်ဖြစ်သည်။ သတိကြဲလျှင်အလုပ်နည်းသည်။ သတိစွဲလျှင် အလုပ်မြဲသည်။ သတိများသလောက် ဝေစုအစစ်တိုးပွားမည်။

သတိအသုံးချနည်းမှာ -

(၁)လုပ်လိုသည့်အာရုံကို ပေါ်အောင်ဖော်ရမည်။



www.burmeseclassic.com

www.burmeseclassic.com


(၂)အာရုံနှင့်စိတ် စွပ်မိအောင် ကပ်ရမည်။
(၃)အလုပ်မပြီးမီ အာရုံမပျောက်အောင်ထိန်းထားရမည်။
(၄)အလုပ်လုပ်နေစဉ် အခြားအာရုံမဝင်စေရ။
(၅)အလုပ်လုပ်နေစဉ် အသိချင်းစပ်ထားရမည်။
(၆)အလုပ်တိုင်းအရေးကြီးသည်ဟု သဘောထားရမည်။ သို့သော် တစ်ချိန်မှာ တစ်ခုသာ အရေးကြီးရမည်။

## ၃။ သတိကင်းပျောက် ဒုက္ခရောက်

- **ရှိသမျှလည်း၊ ဒုက္ခပဲ၊ ဆင်းရဲပေါ်နိုင်သည်။**
- **ပေးသမျှလည်း၊ ဒုက္ခပဲ၊ ဆင်းရဲရောက်နိုင်သည်။**
- **ယူသမျှလာည်း၊ ဒုက္ခပဲ၊ ဆင်းရဲရနိုင်သည်။**
- **သတိလွတ်က၊ အပူရ၊ ဒုက္ခရောက်နိုင်သည်။**
- **သတိကိုကိုင်၊ စိတ်ကိုနိုင်မှ၊ လူ့ဒုက္ခ၊ မုချလွတ်နိုင်သည်။**

ပုထုဇဉ်၏အရှိအားလုံးကို သာသနာ့ဓာတ်ခွဲခန်းထဲထည့်ကြည့်လျှင် အားလုံး ဒုက္ခသစ္စာချည်းသာဖြစ်သည်။ တဏှာသည်လည်း ဒုက္ခဖြစ်ကြောင်းသာဖြစ်သည်။ ပုထုဇဉ်၏ အရှိဟူသမျှ အချိန်မရွေး မီးထတောက်ပေါက်ကွဲနိုင်သည့် ဆင်းရဲတုံးချည်းပါတကား။ ဆင်းရဲတုံးသာ ရှိနေသဖြင့် ထိုအရှိထဲမှ အချိန်မရွေး ပူလောင်စပ်ခါးလှသည့် ဆင်းရဲများ ပေါ်ပေါက်လာနိုင်ကြသည်။

မိမိက သူတစ်ပါးအား ပေးကမ်းရသည့်အခါ၌လည်း ဒုက္ခထုပ်များကိုသာ ပေးနေရသဖြင့် ယူသူကလည်း ဒုက္ခထုပ်များကိုသာ ယူနေရသဖြင့် အသိ၊ သတိ ကင်းလွတ်သလောက် ပေးသူ၊ ယူသူ နှစ်ဖက်လုံး ဒုက္ခရောက်နိုင်ရနိုင်ကြသည်သာတည်း။ အချိန်မရွေး ပူလောင်သွားနိုင်ကြသည်။

သတိသည် နေရာတကာ အရာခပ်သိမ်း အဝင်အဆံ့ဆုံး တရားဖြစ်သည်။ ဒုက္ခနှင့် လောကအပေါ်ဩဇာအငြောင်းဆုံးလည်း ဖြစ်သည်။ အကောင်းတရား၌လည်း သတိ အဝင်ဆံ့သည်။ သတိအားနည်းလျှင် သဒ္ဓါ၊ ဝီရိယ၊ ပညာ စသော တရားများလည်း အားပျော့၍ စွမ်းရည် ကျဆင်းနေတတ်သည်။ အရှိန်လျော့နေတတ်သည်။

သတိစွမ်းအား မြှင့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် စွမ်းအားအရှိန် မြင့်တက်လာ၍ ဘဝစေစု ပြည့်ဝလာတတ်သည်။

အဆိုးအရာ၌လည်း သတိအဝင်ဆံ့သည်သာတည်း။ စိတ်ဆိုးလျှင် သတိသွင်းလိုက်က တစ်စတစ်စပြန်ကောင်းသွားသည်။ စိတ်ညစ်ခိုက် သတိဖော်လိုက်လျှင် မကြာမီ သန့်စင်သွားသည်။ စိတ်ရှုပ်လာကသတိထားလိုက်သော် တစ်ခဏအတွင်း ရှင်းလာရ၏။ စိတ်ပျက်လာသော် သတိကိုဖော်က ချက်ချင်း ပြန်ကောင်း၏။ စိတ်ပူလာလျှင် သတိထည့်ပေးက မကြာမီ ငြိမ်းအေးသွားရ၏။

သတိသည် အပျော်အစစ်ဖြစ်သော တရားဝေစုကို တိုက်ရိုက်ယူပေးနိုင်ရုံမျှသာမက အပျော်အတုဖြစ်သော အရှုပ်ဝေစုကိုလည်း ချက်ချင်းရှင်းပေးနိုင်၏။ အပူဝေစုကို ငြိမ်းအေးအောင် ပြောင်းလဲပေးနိုင်၍အငေးဝေစုကို ဖြတ်ကျော်ကာ အသိတရား ချက်ချင်း ဖော်ထုတ်ပေးနိုင်သည်။ အရှုပ်၊ အပူ၊ အငေးကို ပယ်ဖျက်၍အပျော်အစစ်ဖြစ်အောင် ဖန်တီးပေးနိုင်သည်။ သတိလွတ်လျှင် စိတ်ပျံ့လွင့် မျောပါသွား၍ အငေးဖက်ရောက်တတ်သည်။ အထိန်းမပါသောစိတ်ကြောင့် လောဘဖြစ်စရာနှင့်ဝင်တိုးမိ၍ ရှုပ်သွားတတ်သည်။ အပျော်တုရလာတတ်သည်။ မကျေနပ်စရာနှင့် ဝင်တိုးမိသော် ပူလောင်သွားတတ်သည်။ သတိခလုတ်ကို နှိပ်လိုက်လျှင်အကောင်းဘက် ပြောင်းလာသည်။

သတိကိုသာ နိုင်အောင်ကိုင်ထားနိုင်လျှင် ဒုက္ခထုပ်တွေ ရရှိနေသော်လည်း ဒုက္ခထုပ်ကို ပေးနေရယူနေရသော်လည်း ဒုက္ခမရောက်နိုင်ပါ။ နေထိုင်မကောင်းလျှင် သတိကိုထင်ရှားအောင် ထည့်သွင်းပေးနိုင်က ဝိပဿနာအသိပင် ပေါ်လာတတ်သည်။ အမှိုက်ပစ်လျှင် ပင် သတိဝင်လာက ဝိပဿနာအသိ ပေါ်လာနိုင်သည်။ သတိရှိလျှင် ဘာမဆို တရားချည်း သာတည်း။ သတိရှိမှလည်း လူ့အပူဒုက္ခလွတ်နိုင်မည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


## ၄။ ယူတတ်သလောက် ဝေစုရောက်

- **လောကအရာ၊ ဝေစုမှာ၊ ရှိတာရနိုင်ကြ။**
- **တရားအရာ၊ ဝေစုမှာ၊ သိတာ ရနိုင်ကြ။**
- **ယူတတ်သလောက်၊ ဝေစုရောက်၊ မကြောက်ရအောင် စိတ်အေးရ။**

လောကဝေစုသည် ရှိသလောက်သာ ရနိုင်သောအရာဖြစ်သည်။ ပိုက်ဆံ-၁၀၀၀ ကို လူနှစ်ယောက် ဝေလျှင် ၅၀၀-စီ ခွဲယူရုံသာတည်း။ အရှိထက် ပိုလိုချင်၍မရ၊ ရှိသလောက်သာ ရနိုင်မည်။ အခြားပစ္စည်းများကို ခွဲဝေရာ၌လည်း ယူသူ ရှိသလောက် ရှိနေသောပစ္စည်းကို အရှိထဲမှ ခွဲယူရုံသာဖြစ်သည်။ ရှိတာကိုသာ ဝေ၍ရသည်။ မရှိတာကို ဝေ၍မရ။

တရားဝေစုကား သိသလောက်၊ ယူတတ်သလောက်၊ ယူနိုင်သလောက် ရနိုင်သောအရာဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာ ရှိသောနေရာ၌ ယူ၍ မကုန်လောက်အောင် တရားရှိနေသည်။ တရား အခွင့်အရေး မြောက်မြားစွာ ရှိနေသော်လည်း သိသလောက်သာ ယူတတ်မည်။ ယူတတ်သလောက်သာရမည်။ လိုချင်သလောက်ရနိုင်သည်။

ဗုဒ္ဓသာသနာနှင့် တွေ့ကြုံနေရသူအတွက် ခန္ဓာနှင့်ပစ္စည်းအားလုံး တရားဝေစု၏ တည်ရာ (တရားကုန်ကြမ်း) ချည်းသာဖြစ်သည်။ ခန္ဓာနှင့်ပစ္စည်းသည် ဒုက္ခတုံးများဖြစ်ကြ၍ မကိုင်တွယ်တတ်လျှင် အလွန်ပူလောင်လှသည်။ ကိုင်တွယ်တတ်လျှင်ကား ပျော်ရွှင် အားတက် ကြည်နူးစရာ တရားဝေစုများကို ပေးတတ်သဖြင့် အေးမြချမ်းသာစေသည်။

လူတွေ နေ့စဉ် မီးဖိုချောင်ထဲ၌ သုံးစွဲနေရသော မီးကိုပင်ကြည့်ပါ။ မီးသည် အလွန်ပူသည်ဟုလည်း သိထားကြသည်။ ရန်သူမျိုး ၅-ပါး၌ ပါဝင်သည်ဟုလည်း သိနေကြသည်။သတိကင်းလွတ်လျှင် ချက်ချင်း အကြီးအကျယ် ရုပ်ပျက်ဆင်းပျက် ဒုက္ခပေးနိုင်သောအရာလည်း ဖြစ်သည်။ မီးကသာ ဒုက္ခပေးလိုက်လျှင် ချက်ချင်း မွဲပြာကျသွားမည်။ ပွက်ပွက်ဆူအောင် ပူသွားမည်။

သို့သော် လူသည် မီးနှင့်မကင်းနိုင်၊ မီးမပါလျှင် ထမင်းဟင်းစားသောက်ဖွယ်တွေ စားရတော့မည်မဟုတ်၊ ထို့ကြောင့် ပူမှန်းသိပါလျက် နေ့စဉ် မီးကိုသုံးနေရသည်။ အမှန်အားဖြင့် ပူသောကြောင့်သာ မီးကို လူတွေ သုံးနေကြခြင်း ဖြစ်သည်။ ဆန်၊ သားစိမ်း၊ ငါးစိမ်း၊ ဟင်းသီးဟင်းရွက်စသည် ကျက်သွားနိုင်လောက်အောင် ပူနေသောကြောင့်သာ မီးကို အမြတ်တနိုး သုံးနေကြသည်။

သတိဉာဏ်ဖြင့် မလောင်အောင် ကိုင်တွယ်တတ်ကြသဖြင့် မီးကြောင့် ဒုက္ခမရောက်ကြရဘဲ မီးဖြင့် ချက်ပြုတ်၍ စားသောက်ဖွယ်များ စားသောက်ရသဖြင့် မီးကြောင့် ပျော်ရွှင်ကြည်နူးဝမ်းမြောက်မှုကိုပင် ရကြပါသေးသည်။ မီးကြောင့် ပူနေသော ထမင်းအိုး၊ ဟင်းအိုး၊ ရေနွေးအိုးများကို မပူအောင် သတိဉာဏ်ကူ၍ ကိုင်တွယ်တတ်ကြသဖြင့် အပူကြောင့် ဒုက္ခ မရောက်ကြဘဲ ဝမ်းမြောက်မှုကိုပင် ရကြပါသေးသည်။

မီးသည် ဒုက္ခပေးတတ်သော်လည်း သတိဉာဏ်ဖြင့် ကိုင်တွယ်တတ်၍ ဒုက္ခမရောက်ဘဲ မီးကြောင့် ဝမ်းသာကြရသကဲ့သို့ စိတ်ညစ် စိတ်ရှုပ် စိတ်ပျက်စရာကောင်းလှသည့် ဒုက္ခသစ္စာမီး လောင်စာများနှင့် နေ့စဉ် ထိတွေ့နေရသော်လည်း သတိဉာဏ်ဖြင့် ကိုင်တွယ်တတ်သူအတွက် အပူဝေစုကိုမရဘဲ အပျော်အစစ် တရားဝေစုကိုသာ ရနိုင်ပေသည်။ အပျော်အစစ်ဟူသည် အားရှိသွားခြင်း၊ စွမ်းရည်ပြည့်သွားခြင်း၊ စိတ်အေးသွားခြင်း၊ သတ္တိရှိသွားခြင်း၊ စိတ်ချသွားခြင်း၊ ရဲရင့်သွားခြင်းမျိုးကို ဆိုလိုသည်။

တရားဝေစုသည် ရှိသလောက် ရနိုင်သည်မဟုတ်ဘဲ သိသလောက် ယူတတ်သလောက်သာ ရနိုင်သည့် ဝေစုမျိုးဖြစ်သည်။

## ၅။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ

- **တရားမပါ၊ လူ့ခန္ဓာ၊ ရှိတာမပြည့်ဝ။**
- **ရှိသမျှလည်း၊ မပိုင်ဘဲ၊ အမြဲနှုတ်နေကြ။**



www.burmeseclassic.com

www.burmeseclassic.com


■ **နှုတ်သမျှလည်း၊ သတိစွဲ၊ အမြဲဆက်ပေးရ။**

■ **ဆက်တတ်မှသာ၊ ကိုယ်ပိုင်တာ၊ ကောင်းစွာကျန်ခဲ့ကြ။**

■ **ဘဝစေစု၊ မြတ်ကောင်းမှု၊ စေငုသေချာရနိုင်ကြ။**

လူ့ဘဝ၌ တရားကို နှုတ်ထားလိုက်လျှင် မည်သည့်အရာကိုမျှ ပိုင်ခွင့်မရှိချေ။ ကိုယ့်ခန္ဓာကိုပင် မပိုင်ချေ။ ကိုယ်နှင့်ဆက်စပ်သမျှ ဆိုင်ရုံသာဆိုင်သည်။ အငှားမျှသာဖြစ်သည်။ အပိုင်ရလိုလျှင် တရားနှင့် အမြန်လဲလှယ်ယူရမည်။ ကိုယ်နှင့်သက်ဆိုင်သမျှ အားလုံးလည်း တစ်ခုမှ ရပ်တန့်မနေဘဲ အမြဲဆွဲနှုတ်ခံနေရသည်။

လူ့ဘဝ၌ -

(၁) တားမရသည့် သဘာဝအနှုတ်မျိုး

(၂) လိုအပ်၍ နှုတ်ယူနေရသည့် အနှုတ်မျိုး

(၃) မလိုအပ်၍ နှုတ်ပစ်နေရသည့် အနှုတ်မျိုးဟု နှုတ်ပုံ သုံးမျိုးရှိသည်။

(၁) တားမရသည့် သဘာဝအနှုတ်ဟူသည် ခန္ဓာ၌ ပြုပြင်ပေးသမျှ အချိန်စေ့လျှင် ပျက်သွားခြင်းမျိုး၊ ကိုယ်ကျန်းမာမှု၊ နုပျိုမှု၊ ရုပ်ဆင်းပြည့်စုံမှု၊ အသက်အပိုင်းအခြား ခွန်အားကို အချိန်နှင့်ထပ်တူ နှုတ်ယူသွားခြင်းမျိုး၊ ကိုယ်နှင့်ဆိုင်သည့် စီးပွားဥစ္စာများ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ပျက်သွားခြင်းမျိုး၊ ကိုယ့်ဆွေမျိုး မိတ်ဆွေများနှင့် ရှင်ကွဲ၊ သေကွဲ ကွဲရခြင်းမျိုးပေတည်း။ မည်သည့်နည်းမျိုးဖြင့်မျှ တားမရနိုင်၊ မည်သူမျှလည်း တားမြစ်နိုင်စွမ်း မရှိ။

(၂) လိုအပ်၍ နှုတ်ယူနေရသည့် အနှုတ်ဟူသည် အဓိကအားဖြင့် မိမိရှာဖွေစုဆောင်းထားသည့် စီးပွားဥစ္စာထဲမှ မိမိစားသောက်သုံးစွဲဖို့ မိသားစုကျွေးဖို့ ပေးသင့်သူတွေပေးဖို့ အလှူလုပ်ဖို့ အခွန်ဆောင်ဖို့ စသည်အတွက် နှုတ်ယူနေရခြင်းမျိုးဖြစ်သည်။ လိုအပ်၍ပင် နှုတ်ယူနေရသည်။

(၃) ဆင်းရဲအပူမျိုးစုံကို ဖန်တီးတတ်သည့် လောဘ၊ ဒေါသ၊ မောဟ ဦးစီးသည့် ကိလေသာ အကုသိုလ်တို့သည် မလိုအပ်သော တရားဆိုးများဖြစ်၍ ၎င်းတို့ကို နှုတ်ပစ်နေရသည်။ လုံးဝကျွတ်ထွက်သွားအောင် နှုတ်မပစ်နိုင်သေးသော်လည်း တစ်စတစ်စ တစ်နိုင်တစ်နိုင်စီ ခွာ၍ ကန့်၍ကန့်၍ ပေးနေရမည်။ ကိုယ်က မနှုတ်နိုင်လျှင် သူက နှုတ်နေမည်သာဖြစ်သည်။

ခန္ဓာ၌ ဒုက္ခဖြစ်စေတတ် ကျန်းမာရေးကို ထိခိုက်ဆုံးရှုံးစေတတ်သည့် အညစ်အကြေး စသည်ကိုလည်း နေ့စဉ် နှုတ်ပစ်နေရသည်။ အိမ်ထဲ ကျောင်းထဲ၌ ပိုလျှံပစ္စည်းဖြစ်သော အမှိုက်များကိုလည်း မလိုအပ်၍ နှုတ်ပယ် စွန့်ပစ်နေရသည်။

မည်သည့်နည်းဖြင့်ပင် နှုတ်သည်ဖြစ်စေ အနှုတ်နောက်က သတိဉာဏ်ဖြင့် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ကောင်းမှုစွမ်းအားကျန်နေခဲ့အောင် ဆက်ပေးရမည်။ အဆက်တတ်မှသာ ကိုယ်ပိုင်ကျန်၍ စိတ်အေးရမည်။

(၁) မည်သည့်အလုပ်မဆို သတိ၊ သမာဓိဖြင့် အေးအေးဆေးဆေး စူးစူးစိုက်စိုက် တည်တည်ငြိမ်ငြိမ် လုပ်တတ်ရမည်။

(၂) သတိ သမာဓိကောင်းလျှင် ဉာဏ်ပေါ်လာ၍ ဉာဏ်ဖြင့် အရှိကိုအရှိအတိုင်း ကြည့်ရှုသုံးသပ်ဆုံးဖြတ်တတ်လာမည်။

(၃) တစ်ခုခု ကုန်ဆုံးသွားတိုင်း စွမ်းအားတစ်ခုခု ကျန်နေခဲ့ရမည်။ ဤသည်ပင်လျှင် တရားဝေစုကို ရယူနေခြင်းဖြစ်သည်။

## ၆။ ဘဝဝေစု အမြဲန်လှ

■ **ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ခွင့်ခါကြုံကြိုက်၊ ကိုယ်ရလိုက်ပြီ၊ သာခိုက်ခုခေတ်၊ လူ့အဖြစ်လည်း၊ ဆက်လက်တစ်ဖန်၊ ရခဲ့ပြန်၏။ အမှန်ကြုံရ၊ ခုဘဝမှာ၊ အခွင့်သာဆဲ၊ ကိုယ်မခဲလျှင်၊ ကိုယ်လွဲမှာပေါ့၊ ခွင့်ခါကြုံတုန်း၊ ကိုယ်မသုံးလျှင်၊ ကိုယ်ရှုံးမှာပေါ့၊ ခွင့်ခါကြုံခိုက်၊ ကိုယ်မစိုက်လျှင်၊**



www.burmeseclassic.com

www.burmeseclassic.com


**ကိုယ်မိုက်မှာပေါ့။အိုနာသေဘေး၊ မတွေ့သေးမီ၊ မနေးယခု၊ မြတ်ကောင်းမှုကို၊ ရွေးရှုသဒ္ဓါ၊ ပြုလိုက်ပါ၊ နောင်ခါ နောင်တ ဖြစ်တတ်သည်။**

■ **ဘဝဝေစု၊ အမြန်လု၊ ယခုယူမှ စိတ်အေးမည်။**

ဘဝဝေစု မြတ်ကောင်းမှုကို ယူရာ၌ အခြေအနေပေးအောင် အကြောင်းညီအောင် အချိန်ကုန်ခံ စောင့်ဆိုင်းနေစရာမလို၊ သတိဉာဏ်ဖြင့် အခြေအနေပေးအောင် အကြောင်းညီအောင် မဖြစ်မနေ ပြုပြင်ဖန်တီးယူမှ အမြန်ရ၍ ဘဝတွက်ကိန်းကိုက်မည်ဖြစ်သည်။ 'ယခု' ဟူသော ပစ္စုပ္ပန်တိုင်း တရားဝေစု တစ်ခုခု ရနေအောင် သတိဉာဏ်ကောင်းနေဖို့ အမြဲ လေ့ကျင့်နေရမည်။ သတိသည် အဆိုးကို အကောင်းအဖြစ် ပြောင်းပေးသည့် ခလုတ်တည်း။

ယခု ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်တိုက်ဆိုင်ခွင့် ရနေသည်။ လောကအတွင်း ကြုံကြိုက်တိုက်ဆိုင်မှု ဟူသမျှတို့တွင် ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်တိုက်ဆိုင်မှုသည်သာ ခုရောနောင်ပါ စိတ်အေးရကြောင်း အကောင်းမြတ်ဆုံး လာဘ်ကြီးဖြစ်သည်။ ယူလိုရာ အကုန်ရနိုင်သည်။ သာသနာရှိခိုက် လူ့ဘဝကိုလည်း ရနေသည်။

(၁) ဗုဒ္ဓသာသနာနှင့် ကြုံကြိုက်ခြင်း၊

(၂) လမ်းကောင်းလမ်းမှန် ညွှန်ကြားပေးမည့် ပညာရှိသူတော်ကောင်းများနှင့် တွေ့ကြုံခွင့်ရခြင်း၊

(၃) တရားထွန်းကားရာအရပ်၌ ဖြစ်ရနေရခြင်း၊

(၄) မျက်စိ၊ နား စသည့် ရုပ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှုပြည့်စုံခြင်း၊

(၅) သဒ္ဓါ မေတ္တာ ပညာ စသည့် စိတ်ပိုင်းဆိုင်ရာ ခန္ဓာတည်ဆောက်မှု ပြည့်စုံခြင်း၊

(၆) ဘဝဝေစု မြတ်ကောင်းမှုကို ရယူလိုသောဆန္ဒ ထက်သန်ပြင်းပြခြင်း ဟူသော လူ့ဘဝဂုဏ်ရည် ၆ ချက်နှင့် ပြည့်စုံနေသည်။

ထိုအခွင့်ကောင်းများကို ဘဝတိုင်း ရနိုင်သည်မဟုတ်၊ ကံအလွန်ကောင်းခိုက် တစ်ခါတရံသာ ရနိုင်သည်။ အခွင့်သာဆဲ ကိုယ်မခဲလျှင် ကိုယ်လွဲလိမ့်မည်။ အခွင့်သာတုန်း ကိုယ်မသုံးလျှင် ကိုယ်ရှုံးသွားလိမ့်မည်။ အခွင့်သာခိုက် အားမစိုက်လျှင် ကိုယ်မိုက်ရာရောက်မည်။ အို၊ နာ၊ သေဘေးက အနိုင်မယူမီ ဝေစုကောင်းကို အမြန်ယူမှ စိတ်အေးရမည်။ နောက်ကျသွားလျှင် နောင်တရတတ်သည်။ နောင်တသည် ပွဲရုံကလွဲ၍ ဘာမှအကျိုးမရှိ။

ကောင်းမှုပြု၍ ဘဝဝေစု ယူနေခြင်းသည် ကိုယ့်ရပိုင်ခွင့်ကို ကိုယ့်ထံ တောင်းယူနေခြင်းဖြစ်သည်။ ကိုယ့်ထံ၌ ကိုယ့်ရပိုင်ခွင့် မြောက်မြားစွာ ရှိနေသည်။ သားသမီးက မိဘထံ အလိုရှိရာကို ယုံကြည်စိတ်ချစွာ အားကိုးတကြီး တောင်းယူသကဲ့သို့ မိမိကလည်း မိမိထံ ရပိုင်ခွင့်ကောင်းမှုဝေစုကို ယုံကြည်စိတ်ချစွာ အားကိုးတကြီး တောင်းယူတတ်ဖို့လိုသည်။ ကိုယ့်ကိုကိုယ်မှ မယုံလျှင် မည်သူ့ကို ယုံရတော့မည်နည်း။

အချိန်တိုင်း တွက်ကိန်းကိုက်အောင် သတိရှေ့ထား ဉာဏ်တရားဖြင့် ကိုယ့်ထံ အမြန်တောင်းယူဖို့ လိုမည်။ မြစ်ကျဉ်း-ချောင်းကျဉ်းတစ်နေရာ၌ အပေါက်လည်းကျဉ်း ကြိုးလည်းခိုင်သည့် နိုင်လွန်ပိုက်ကွန်ကို ချထောင်ထားလိုက်လျှင် ဖြတ်သွားသမျှ ကြီးကြီးငယ်ငယ် ငါးအားလုံး သေးသေးမွှားမွှားကလေးပါမကျန် ပိုက်ကွန်ထဲ အကုန်မိသကဲ့သို့ နေ့စဉ်ဖြတ်သန်းလှုပ်ရှားနေရသည့် လူ့ကိစ္စလမ်းကြောင်း၌ သတိဉာဏ် နိုင်လွန်ပိုက်ကွန်ကို ချထားလိုက်လျှင် ကြီးကြီးငယ်ငယ် အသေးအဖွဲပါမကျန် လူ့ကိစ္စအားလုံး သတိဉာဏ် ပိုက်ကွန်ထဲ အကုန်မိသွားမည်။ တစ်နေ့လုံး အားတက်စရာ ဝေစုချည်းသာ ရနေတော့မည်။

## ၄။ လိုတာအကုန်ဝေပေးမည် ထည့်စရာယူခဲ့

■ **လိုချင်သမျှ၊ ဝေငှပေးရန်၊ လမ်းကောင်းညွှန်ဖို့၊ မှန်ကန်ထူးခြား၊ မြတ်တရား၊ ထင်ရှားပေါ်လာသည်။**

■ **ထည့်စရာသာ၊ ယူခဲ့ပါ၊ လိုတာအကုန်ပေးနိုင်သည်။**



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်းဘ၀က စည်းစိမ်ဥစ္စာ ခန္ဓာအသက်ကို အရေးအတွက်မထားဘဲ အနစ်နာခံ စွန့်လွှတ်၍ ဘ၀များစွာ ပါရမီဖြည့်ခဲ့ခြင်းသည် မိမိတို့အပါအဝင် သတ္တဝါများစွာတို့အတွက် လိုတာအကုန်ဝေပေးဖို့ အားစုပေးခြင်းဖြစ်သည်။ အားပြည့်စုံမှ ဗုဒ္ဓဖြစ်လာသည်။ လောက၌ ဗုဒ္ဓ ဓမ္မအားသာ အကောင်းဆုံးဖြစ်သည်။

သတ္တဝါအားလုံးအတွက် လိုသမျှ အကုန်ပေးနိုင်လောက်အောင် ဗုဒ္ဓသာသနာဟူသော ဓမ္မအားက တကယ်လုံလောက် ကောင်းမွန်သည်။ ပေးသူကပေးနိုင်သော်လည်း ယူသူက မယူနိုင်လျှင် ဘာမှ ရမည်မဟုတ်။ ဝေစုကောင်းကောင်းရလိုလျှင် သဒ္ဓါတရား ထည့်စရာရှိရမည်။ 'သဒ္ဓါတရား ကောင်းလိုက်တာ' ဟု ဆိုလိုက်လျှင် အကောင်းဆုံးစကားဖြင့် ဂုဏ်ပြုချီးကျူးလိုက်ခြင်းပင်ဖြစ်သည်။ သဒ္ဓါတရားသည် ချမ်းသာအားလုံး ကောင်းမှုအားလုံးရအောင် လဲလှယ်ဝယ်ယူနိုင်သည့် တရားပိုင်းဆိုင်ရာ ပိုက်ဆံပစ္စည်းပေတည်း။

ကိုယ့်အစွမ်းကိုလည်း ကိုယ်ယုံဖို့ လိုသည်။ မှီခိုရာ ရတနာစွမ်းရည်ကိုလည်း အကြွင်းမဲ့ ယုံကြည်လက်ခံဖို့လိုသည်။ ယုံကြည်မှ ကိုယ့်ထံမှာ ကိုယ့်အစွမ်းကို အပ်နှံရဲမည်။ သဒ္ဓါကောင်းလျှင် မေတ္တာ၊ ပညာ ကောင်းဖို့ မခက်တော့။ ပညာကောင်းလျှင် မကင်းနိုင်သည့် သတိလည်း ကောင်းရတော့သည်။ သဒ္ဓါဖြင့် စိတ်ကို ကောင်းအောင် သန့်ရှင်း၍ သတိဖြင့် စိတ်ကောင်းကို လုံအောင်ထိန်းကာ ဉာဏ်ဖြင့် စိတ်ကောင်းကို အသုံးချတတ်သူအတွက် ဝေစုကောင်းကို ဧကန်ရပါသည်။ ဉာဏ်သည် စစ်ဆေးသည်။ စစ်ပေးသည်။ အစစ်ကို ရွေးသည်။ ထို့ကြောင့် ဝေစု ကောင်းမွန်ပြည့်စုံသည်။

## ၈။ တရား ၃-ပါး လူ့စွမ်းအား

- **ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းရမည်။**
- **ကိုယ်အား ဉာဏ်အား၊ ပစ္စည်းအား၊ အများလှုအောင် ဆင်ရမည်။**
- **ဘ၀ကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်။**
- **တရားသုံးပါး၊ လူ့စွမ်းအား၊ ခန့်ညားထည်ဝါသည်။**
- **ရှုပ်-ပူ-ငေး-အေး၊ ဝေစုလေးတွင်၊ အအေးကိုယူ၊ စိတ်စင်ဖြူ ထိုလူ ဝေစုကောင်းနိုင်သည်။**

လူတွင် ဖျက်အား၊ တက်အားဟု အား နှစ်မျိုးရှိသည်။ အဝိဇ္ဇာ တဏှာသည် ဖျက်အားကို ဦးဆောင်၍ သတိဉာဏ်သည် တက်အားကို တည့်မတ်သည်။ တစ်နည်းအားဖြင့် လောဘ၊ ဒေါသ၊ မောဟသည် ဖျက်အားကို ဖန်တီး၍ သဒ္ဓါ၊ မေတ္တာ၊ ပညာသည် တက်အားကို ဖော်ထုတ်သည်။ တက်အားကောင်းမှ ဘ၀ဝေစု မြတ်ကောင်းမှုကို ပြည့်ဝ စုံလင်အောင်ရနိုင်မည်။

လူသည် -

(၁) ပစ္စုပ္ပန်မှာလည်း တွေ့သမျှအာရုံနှင့် အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ နေတတ်ရမည်။ နေတတ်အောင် လေ့ကျင့်ထားရမည်။ တစ်ကိုယ်ရေ 'အား' ဖြစ်သော သတိနှင့် စုပေါင်း 'အား' ဖြစ်သော မေတ္တာကို အစဉ်ကိုင်ထားနိုင်မှလည်း အဆင်ပြေအောင် နေတတ်မည်။ သတိရှိလျှင် ကိုယ်နှင့်ဆက်စပ်သမျှ အဆင်ပြေ၍ မေတ္တာရှိလျှင် အများနှင့် အဆင်ပြေသည်။ နေ့စဉ်တွေ့ကြုံနေကျ လုပ်ကိုင်ဆောင်ရွက်နေကျ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စတွေထဲမှ တရားဝေစုကို စီတန်းကောက်ယူ နိုင်ရမည်။ အကောင်းရလိုလျှင် တမင်လေ့ကျင့်ယူရသည်။

(၂) မိမိ၏ ကိုယ်အား ဉာဏ်အား ပစ္စည်းအားဖြင့် သဒ္ဓါ၊ မေတ္တာ၊ ပညာတရားကို ရှေ့သွားပြုပြီး မိမိသူတစ်ပါးလောက သာသနာစွမ်းနိုင်ရာ၌ လှပတင့်တယ် ထည်ဝါခန့်ညား ကျက်သရေရှိအောင် အလှဆင် ပေးနိုင်ရမည်။ ကောင်းကျိုးပြု ဘ၀မှတ်တိုင် စိုက်ထူနိုင်ရမည်။ နာမည်ကောင်း ကျန်ရစ်ခဲ့ရမည်။

(၃) ဘ၀တစ်ခု ကန့်သတ်ချိန်စေ့၍ ကူးပြောင်းရသောအခါ ကျန်ရစ်ခဲ့သည့် အတိတ်ကိုလည်း အမျှင်မတန်း၊ ရှေ့သွားရမည့် အနာဂတ်ကိုလည်း မကြောက်ရွံ့ဘဲ ရဲရဲဝံ့ဝံ့ သတ္တိရှိရှိ စွမ်းအားပြည့်ပြည့် ရှင်းလင်း ပြတ်သားစွာ ဘ၀ကူးပြောင်းနိုင်ရမည်။ ကူးပြောင်းရဲအောင် ဘ၀ဝေစု မြတ်ကောင်းမှုကို ကြိုတင်၍ အရယူ ထားနိုင်ရမည်။ ပစ္စုပ္ပန် သေချာနေလျှင် နောင်ရေး စိတ်အေးရပါသည်။ နောက်ဆုံး ဘ၀လွတ်မြောက်ရေးထိ ဦးတည်ချက် ထားနိုင်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဤစွမ်းရည်များပြည့်စုံမှ လူ့ဘဝလည်း ရကျိုးနပ်မည်။ သာသနာနှင့်လည်း ကြုံရကျိုးနပ်မည်။ ဝေစု ကောင်းသဖြင့် ကျေနပ်ဂုဏ်ယူဖွယ် လူ့ဘဝလည်း ဖြစ်နိုင်မည်။ လူသည် လူ့အနှစ်ရမှ လူဖြစ်ကျိုးနပ်မည် ဖြစ်သည်။ လူသည် လူ့အသိပေါ်အောင် တရားနှင့် ဆက်သွယ်ရမည်။ တရား နာကြားရမည်။ လေ့လာရမည်။ ဖတ်ရှုရမည်။ တတ်အောင်သင်ယူရမည်။ တရားလမ်းကြောင်း အတိုင်း အေးအေးဆေးဆေး စဉ်းစားတတ်ရမည်။ တရားကို ဘဝထဲ၌ နေရာတကျ လက်တွေ့ အသုံးချတတ်ရမည်။

## ၉။ ယူသွားသမျှ ဝေစုရ

ဘုရားလက်ထက်က တောဒေယျ သူဌေးကြီးသည် ငွေဒင်္ဂါး သိန်း-၈၇၀၀ ကျော် ကြွယ်ဝသည်။ သို့ရာတွင် လောဘဖြင့် အပျော်အတု အရှုပ်ဝေစုကို ယူသည်။ မစ္ဆရိယ အားကြီး၍ ဒေါသလွှမ်းကဲကာ အပူဝေစုကိုလည်း ယူသည်။ ဘုရားကိုတောင် စိတ်ဆိုးမိသည်။ သေတော့ သူ့အိမ်တွင် ခွေးဖြစ်သွားသည်။ သိန်း-၈၇၀၀ တန် ဆင်းရဲသားဟု ခေါ်နိုင်သည်။ ပဗ္ဗဇာတ်လာ သူဌေးကတော်ကလေး မကြွယ်သည် လောဘလွှမ်းကဲ၍ တရားကို နောက်ကိုပို့ပြီး စီးပွားဥစ္စာကိုသာရှာသည်။ ငွေဒင်္ဂါး သိန်း- ၄၀၀၀ကို မြေ၌ မြှုပ်ထားသည်။ တရားကို တတိယအရွယ်ရောက်မှ ရှာမည်ဟု အားခဲထားသော်လည်း ပထမအရွယ်မှာပင် ရောဂါရ၍ ကွယ်လွန်ရှာသည်။ ကွယ်လွန်ခါနီး မြေ၌မြှုပ်ထားသည့် ငွေဒင်္ဂါးအပေါ် စွဲလန်းသွားသဖြင့် ထိုငွေဒင်္ဂါးအနီးမှာပင် ကြွက်မ ဖြစ်ရသည်။ သိန်း-၄၀၀၀ တန် ဆင်းရဲသူမဟု ဆိုရမည်။

ကဌမ္မရစ္ဆာသူ မကြည်အေးသည် တရားပွဲသို့သွား၍ သားငယ်ကို အနားမှာသိပ်ပြီး တရားနာနေစဉ် မြွေဆိုးတစ်ကောင် သားအပေါ်တက်၍ ကိုက်သည်။ သားငယ် မြွေဆိပ်တက်၍ မေ့မျောသွားသည်။ ထိုအခြင်းအရာကို မကြည်အေး မြင်လိုက်ရသည်။ သို့သော် အပူဝေစု အဝင်မခံဘဲ သတိဖြင့် စိတ်ကိုထိန်း၍ တရားနာရင်း ခန္ဓာဉာဏ်စိုက် ဝိပဿနာပွားလိုက်ရာ သောတာပန်ဖြစ်သွားသည်။ သစ္စာဆိုလိုက်ရာ သားငယ်လည်း မြွေဆိပ်ပျောက်၍ ချမ်းသာသွားသည်။ သတိကောင်း၍ ဝေစုကောင်းခြင်းဖြစ်သည်။

ဘုရားလက်ထက်က ထေရိကာ အိမ်ရှင်မသည် တရားဆက်သွယ်မှုကောင်း၍ အလုပ်များသော်လည်း မရှုပ်အောင် ထိန်းတတ်သည်။ မီးဖိုထဲ ဟင်းရွက်ကြော်ချက်စဉ် မီးပူဒဏ်ကြောင့် ဟင်းရွက်ညှိုးကျက်သွားသည်ကို အာရုံယူကာ ခန္ဓာဘက်ဉာဏ်လှည့်၍ ဝိပဿနာရှုလိုက်ရာ အနာဂါမ်ဖြစ်သွားသည်။ သာသနာဝင်၍ ဆက်အားထုတ်လိုက်ရာ ရဟန္တာဖြစ်သွားသည်။ သတိကောင်း၍ပင် ဝေစုကောင်းသွားရသည်။

## ၁၀။ တောင်ဖီလာကျောင်း ဝေစုကောင်း

ကလေးမြို့နယ် တောင်ဖီလာတောရဆရာတော် ဦးကောသလ္လသည် ငယ်စဉ်ကစ၍ အလုပ်တစ်ခုကို မဖြစ်မနေ ဇွဲရှိရှိ စွဲစွဲမြဲမြဲ လုပ်တတ်သည်။ ဓမ္မာစရိယအောင်ပြီးနောက် ဂျပန်သို့ သာသနာပြုကြွသည်။ ၎င်းမှ ပြန်လာ၍ ရန်ကုန်၌ သီတင်းသုံးခိုက် ကလေးမြို့ ဒကာ၊ ဒကာမများ၏ ပင့်လျှောက်ချက်အရ ကလေးမြို့ ရွှေဘုံသာဘုရားမြောက်ဘက် ဇောဓိကျောင်း၌ ကြွရောက်သီတင်းသုံးသည်။ စာလည်းချသည်။ တရားလည်း ဟောသည်။ ကိုယ်တိုင်လည်း တရားအားထုတ်သည်။ ကိုယ်တိုင်လည်း ဝေစုယူသည်။ တပည့် ဒကာ ဒကာမတို့အားလည်း ဝေစုယူနည်းကို လမ်းညွှန်ပေးကမ်းသည်။

၁၃၄၆-ခု၌ ဇောဓိကျောင်းကို ဝိသုဒ္ဓါရုံသို့ အပ်လှူထားခဲ့ပြီး တောင်ဖီလာတောရသို့ ထွက်ကြွကာ အချိန်ပြည့် တရားအားထုတ်သည်။ သဲသဲမဲမဲ တကယ်အားထုတ်သည်။ နောက်မကြာမီ ခန္ဓာမှာအနာပေါက်ရာ တစ်စတစ်စ ရောဂါပြင်းထန်လာသည်။ ရောဂါကို သည်းခံနိုင်စွမ်း မရှိတော့၍ နေ့ရောညပါ တလူးလူး တလိမ့်လိမ့် အော်ဟစ်နေရသည်။ တရားဝေစုယူနေရင်းက ရောဂါ ပြင်းထန်လွန်း၍ သတိလွတ်ကာ အပူဝေစု ရောက်လာခြင်းဖြစ်သည်။

တိပိဋကအရှင်သိရိန္ဒာဘိဝံသက ဆရာတော်အနား ကြွသွားပြီး လျှောက်ထားမိသည်။

'ဆရာတော်ဘုရား တရားအားထုတ်တာဟာ ဒီလိုဝေဒနာမျိုးတွေကို အနိုင်ယူဖို့ ဝေဒနာအပေါ် အမြတ်ထုတ်နိုင်ဖို့ တရားစွမ်းအားတွေရဖို့ အားထုတ်တာပဲဘုရား။ ဒါကို သတိ ဝီရိယနဲ့ စိုက်ပြီး ဉာဏ်နဲ့ ရှုမှတ်လိုက်ရင် ဖြစ်နိုင်မှာပါဘုရား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူးကွာ၊ နာကို နာလွန်းပါတယ်၊ နာတာက လွန်ပါတယ်၊ ဒါကို ငါသည်းမခံနိုင်တော့ဘူး'

ဤသို့ မိန့်ကြားကာ အမြဲတမ်း ညည်းညူ အော်ဟစ်နေသည်။ နောက်နေ့များ၌လည်း အနားသွား၍ ဤနည်းအတိုင်း လျှောက်လိုက် အခြားအကြောင်းအရာများကို လျှောက်လိုက်ဖြင့် လျှောက်နေသည်။ ဘာမှမထူး၊ တအော်တည်းသာ အော်နေသည်။ အပူဝေစု နေရာယူနေပြီ။

တိပိဋက အရှင်သိရိန္ဒာဘိဝံသက တရားစကားများကိုသာ တစ်ခွန်းပြီးတစ်ခွန်း မနားတမ်း လျှောက်ထားနေရင်း စာထဲက ကျားစားခံရသည့် ရဟန်းတစ်ပါးအကြောင်း ရောက်သွားသည်။

'ဆရာတော်ဘုရား ရှေးတုန်းက ရဟန်းတစ်ပါး ညအခါ တောထဲ တရားအားထုတ်နေတုန်း ကျားဆွဲသွားတာတဲ့ဘုရား၊ ကျားပါးစပ်ထဲမှာ ဝိပဿနာရှုပွားလိုက်တာ ကျားပါးစပ်ထဲမှာပဲ ရဟန္တာဖြစ်သွားတယ်လို့ ဆိုတယ်'

'ကျားစားခံရင်းနဲ့ ဝိပဿနာရှုတာဟာ တော်တော်ချီးကျူးဖို့ကောင်းတယ်ဘုရား။ ဘယ်သူတွေ ဘယ်လောက် ဆင်းရဲတယ်ပြောပြော ကျားစားခံရတာလောက် မဆိုးပါဘူးဘုရား။ ဆရာတော်ဘုရားကို နှိပ်စက်နေတဲ့ ရောဂါဟာ ကျားကိုက်တာလောက်တော့ မဆိုးဘူးထင်ပါတယ်ဘုရား။ ကိုယ်က သတိဉာဏ် လက်ဦးရင်နိုင်အောင် ရှုမှတ်နိုင်လောက်ပါတယ်ဘုရား'

ဤကျားစားခံရသည့် ရဟန်းအကြောင်း ကျားပါးစပ်ထဲ၌ ဝိပဿနာရှု၍ ရဟန္တာဖြစ်သွားကြောင်းကို လျှောက်မိသောအခါ ဆရာတော့် အော်ဟစ်ညည်းညူသံ လုံးဝရပ်သွားသည်။

'အေး . . ဟုတ်သားပဲ၊ တရားဟာ ဒီလို နေရာမျိုးမှာ သုံးရတာ၊ ဟုတ်တယ်၊ မှန်တယ်' ဤသို့ အမိန့်ရှိပြီး ငြိမ်သွားသည်။ လုံးဝ မအော်မညည်းတော့၊ သတိဝီရိယတွဲပြီး စူးစိုက်ရှုမှတ် နေတော့သည်။ စူးစိုက်ရှုမှတ်ရင်း တရားနှင့်စိတ် ချပ်ချပ်ရပ်ရပ်ကပ်မိသွားသည်။ တရားနှင့်စိတ် တွေ့ထိသွားသည်။

သတိဉာဏ်က ဆရာတော့်ဝေဒနာကို နိုင်သွားပါပြီ၊ နိုင်တုန်း မနားတမ်း အဆက်မပြတ် ရှုမှတ်နေတော့သည်။ ၇-ရက်လောက် ကြာအောင်ဆွမ်းကပ်လည်း ဘုဉ်းမပေး၊ ရေကပ်လည်း မသောက်၊ နောက်ဆုံး ကျောင်းထဲ လူဝင်မခံတော့၊ လူဝင်သံကြားလျှင် မဝင်ရန် လက်ပြတားသည်။ 'မလာကြနှင့်တော့၊ ငါ့မှာအလုပ်ရှိတယ်၊ နိုင်တုန်း မှတ်ပါရစေ' ဆိုသည့်သဘောမျိုးဖြစ်သည်။

၇-ရက်ပတ်လုံး မစားမသောက် မအိပ်ဘဲ အဆက်မပြတ် ရှုမှတ်နေလိုက်ရာ ဆရာတော့် တရားရှုမှတ်မှု လုပ်ငန်းက 'ရောဂါပြင်းလေ အသိရှင်းလေ' ဖြစ်လာသည်။ ဖြစ်၊ ပျက် ပြောင်းလဲ ညှဉ်းဆဲနေသော ဝေဒနာနှင့် ရုပ်နာမ် ဖြစ်ပျက်ကို သတိဉာဏ်ဖြင့် အကွက်မိအောင် ရှုမှတ်နေသည်။

ငါနှင့်ဝေဒနာ အရောမခံဘဲ သတိဉာဏ်ဖြင့် ရှင်းအောင်ခွာပြီး အဆက်မပြတ် တစ်သမတ်တည်း ရှုမှတ်အားထုတ်တော်မူရာ သတိမလစ် ပကတိတည်ငြိမ်စွာ ကြည်လင်အေးချမ်းစွာ တစ်ဘဝ ခန္ဓာချုပ်ငြိမ်းလေတော့သည်။ တကယ့်တရားဝေစုကို ဆရာတော်ယူသွားလေပြီ၊ တောင်ဖီလာတောရသည် ဆရာတော့် အောင်မြေအစစ်ပါတည်း။ ဆရာတော်အတွက် တောင်ဖီလာကျောင်းသည် ဝေစုကောင်းသွားစေခဲ့လေပြီ။

ဆရာတော် ဦးကောသလ္လသည် တောင်ဖီလာတောရကျောင်း၌ ကိုယ့်အတွက် ဝေစုကောင်းအောင် သတိဉာဏ် ကြီးစွာထား၍ ကြိုးစားသွားခဲ့သည်။ အများအတွက် ဝေစုကောင်းစေရန် တောင်ဖီလာတောရကို စာသင်တိုက်ဖြစ်ရန် ဖန်တီးပေးခဲ့သည်။ သို့ဖြစ်၍ စာချစာသင် သံဃာတော်များ ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့ လှူဒါန်းနေကြသည့် ဒကာ၊ ဒကာမများ အခါအားလျော်စွာ တရားအားထုတ်နေကြသည့် ယောဂီများ ၂၄အားလုံးသည် တောင်ဖီလာကျောင်းကြောင့် ဝေစုကောင်းနေကြသူများပေတည်း။

အားလုံးချမ်းသာကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၆-ခု၊ တန်ဆောင်မုန်းလ (၂၀၀၄ခု၊ နိုဝင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကရေ ဓမ္မလက်ဆောင် (၂၅)

# တရားဆောင်သူ စိတ်မပူ

## နမော ဓမ္မရာဇဿ

န တာဝတာ ဓမ္မဓရော၊ ယာဝတာ ဗဟု ဘာသတိ။
ယော စ အပ္ပမ္ပိ သုတွာန၊ ဓမ္မံ ကာယေန ပဿတိ။
သ ဝေ ဓမ္မဓရော ဟောတိ၊ ယော ဓမ္မံ နပ္ပ မဇ္ဇတိ။
(ဓမ္မပဒဂါထာ - ၂၅၉)

### ၁။ တရားဆောင်သူ စွမ်းတဲ့လူ

- **အပြောများရုံ၊ နှုတ်အာဂုံ၊ အစုံရပါစေ။**
- **လက်တွေ့မပွား၊ မကျင့်ငြား၊ တရား မဆောင်ပေ။**
- **တရားအနှယ်၊ မကွယ်ရုံသာ၊ စောင့်ပေးကာ၊ ကိုယ့်ဟာမဟုတ်ချေ။**
- **နို့မသုံးရ၊ မခိုင်းရဘဲ၊ အခကိုယူ၊ နွားကျောင်းသူ၊ ပုံတူမှတ်ကြလေ။**
- **သင်ယူနာကြား၊ လက်တွေ့ပွား၊ တရားမြင်အောင် ကျင့်တတ်ပေ။**
- **စွမ်းအားတက်အောင်၊ တရားဆောင်၊ အမှောင်ကင်းစင်ချေ။**
- **ရှေ့နောက်ဆက်စပ်၊ သတိကပ်၊ ရှုမှတ်၍ သာနေ။**
- **တရားဆောင်သူ၊ စိတ်မပူ၊ စင်ဖြူအေးချမ်းပေ။**

လူလုပ်၍ဖြစ်နိုင်သော အထူးအဆန်းဟူသမျှတို့တွင် တရားသည်သာ အထူးအဆန်းဆုံး ဖြစ်သည်။ လူစွမ်းကောင်း လုပ်နည်းတို့တွင်လည်း တရားသည်သာ အကောင်းဆုံးနည်းဖြစ်သည်။ လောကတွင်းရှိ လူစွမ်းကောင်းတို့တွင်လည်း တရားဖြင့်လူစွမ်းကောင်း လုပ်သူသာ အစွမ်းဆုံးဖြစ် သည်။ တရားသည် လောကကို အနိုင်ယူလွှမ်းမိုးဖို့သာ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ လောက အဆိုးပေါ်လာတိုင်း နောက်ဆုတ် အရှုံးပေးဖို့ တရားပေါ်လာခြင်းမဟုတ်၊ တရားသည် တစ်ချို့ အဆိုးများကို အကောင်းအဖြစ် ပြောင်းလဲပေးသည်။ တစ်ချို့အဆိုးများကို ကင်းပျောက်သွားအောင် ဖယ်ရှားပစ်သည်။ အဆိုးကို အဆိုးအတိုင်း လက်ခံကာ အဆိုးအတိုင်း ပြန်မပေးတတ်ချေ၊ ထို့ကြောင့်ပင် တရားသည် အားကိုးစရာ ရတနာ ဖြစ်လာရပေသည်။

တရားဟူသည် စာသိ - ကျင့်သိ - ထိုးထွင်းသိအားဖြင့် အသိသုံးမျိုးပင်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟကို အနိုင်ယူလွှမ်းမိုးနိုင်မှ တရားဟုခေါ်သည်။ လောဘ၊ ဒေါသ၊ မောဟကို နိုင်မှလည်း ဆင်းရဲအပူ အရှုပ်အားလုံးကို အနိုင်ယူနိုင်မည် ဖြစ်သည်။ စာသိကို ပရိယတ်၊ ကျင့်သိပို ပဋိပတ်၊ ထိုးထွင်းသိကို ပဋိဝေဓဟုလည်း ခေါ်သည်။

စာသိ - သည် ဆင်းရဲအပူကို အနိုင်ယူပုံနည်း စနစ်ဖြစ်၍ ကျင့်သိ - သည် ဆင်းရဲအပူကိုနိုင်အောင် လက်တွေ့လေ့ကျင့်နေခြင်းဖြစ်သည်။ ထိုးထွင်းသိကား ဆင်းရဲအပူကို တကယ်နိုင်သွားခြင်းပေတည်း။ ဆင်းရဲအပူကို တကယ်နိုင်သွားမှလည်း တကယ့်တရား အစစ်ကို ရရှိပိုင်ဆိုင်သွားမည် ဖြစ်သည်။

မကျန်းမမာဖြစ်နေသူသည် "ဘီရိုထဲ၌ ဆေးဝါးအစုံရှိသည်" ဟု ဆိုရုံမျှဖြင့် ရောဂါကင်း၍ ကျန်းမာလာမည် မဟုတ်ဘဲ ထိုရှိနေသော ဆေးဝါးထဲမှာ သင့်လျော်လျောက်ပတ်သည့် ဆေးဝါးကို ရွေးချယ်သုံးစား မှီဝဲမှသာ စွဲကပ်နေသော အနာရောဂါပျောက်ကင်း၍ ကျန်းမာနိုင်မည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com


ဆင်းရဲအပူမျိုးစုံ တွေ့ကြုံနေရသူသည်လည်း စာသိ-ပရိယတ်သိ အပြည့်အစုံရှိနေရုံမျှဖြင့် အပူကင်း၍ ငြိမ်းချမ်းလာမည်မဟုတ်ဘဲ စာသိနည်းစနစ်အတိုင်း လက်တွေ့ဖြည့်ကျင့် ကြိုးစား အားထုတ်မှသာ အပူကွာ၍ ချမ်းသာရနိုင်မည်ဖြစ်သည်။

နှုတ်တက်အာဂုံဆောင်ကာ စာသိများစွာရှိ၍ သူတစ်ပါးအတွက် ဟောပြောပို့ချ လမ်းညွှန် ရေးသားတတ်ရုံမျှဖြင့် ဓမ္မဓရ-တရား ဆောင်ပုဂ္ဂိုလ်အစစ် မဖြစ်နိုင်သေး၊ တရားအမျိုးအနွယ်အဆက် မကွယ်ပျောက်ရုံ စောင့်ရှောက်ပေးနေရသည့် အစောင်အရှောက် ပုဂ္ဂိုလ်သာ ဖြစ်နေဦးမည်။ စာသိ လောက်မျှဖြင့် ကိုယ်ပိုင်တရားအစစ် မဖြစ်နိုင်သေး၊ အဖိုးအခကိုယူ၍ သူတစ်ပါးနွားကို ထိန်းကျောင်း ပေးနေရသူသည် နွားကျောင်းခသာ ရမည်ဖြစ်၍ နွားများကို စိတ်ကြိုက်ခိုင်းခွင့်လည်းမရှိ၊ နွားမှ ဖြစ်ပေါ်လာသော နွားနို့ကိုလည်း သောက်သုံးခွင့်မရှိ၊ စာသိမျှသာရှိ၍ များစွာဟောပြောပို့ချ ဖြန့်ဝေ ပေးနေရသူသည်လည်း လူအများ၏ ပူဇော်လှူဒါန်းမှုလောက်ကိုသာ ခံယူရ၍ တရားကို စိတ်ကြိုက် ခိုင်းခွင့် အသုံးချခွင့်လည်း မရ၊ အလွန်ကောင်းမွန်သည့် တရားအရသာကိုလည်း သုံးစွဲရမည်မဟုတ်။

ပရိယတ္တိ ဓမ္မဓရပုဂ္ဂိုလ်ကို တရားဆောင်အစစ် မဟုတ်သေးဟုဆိုခြင်းမှာ ကိုယ့်အတွက် ရည်ရွယ်၍ ဆိုခြင်းဖြစ်သည်။ သာသနာအတွက် အများအတွက်ကား အလွန်အားကိုးရသည့် "တရားဆောင်" ပုဂ္ဂိုလ်များသာဖြစ်သည်။ ထို့ကြောင့်ပင် မြတ်စွာဘုရား ကိုယ်တော်တိုင်က ပရိယတ္တိ သုတကြွယ်ဝသူ ဗဟုသုတ ပုဂ္ဂိုလ်များကို "သုတဗုဒ္ဓ" ပုဂ္ဂိုလ်အဖြစ် ဂုဏ်တင်ချီးမွမ်းတော်မူခဲ့သည်။

ပရိယတ္တိ တရားဆောင်ဖြစ်သူ မိမိအတွက်ကား စာသိသမျှဖြင့် ကိုယ်ပိုင်မဖြစ်သေး၊ စာသိကို အခြေခံ၍ နှလုံးသွင်းမှုသားကာ အလွဲသုံးစားလုပ်မိလျှင် ကာဿပဘုရားရှင် သာသနာတုန်းက ပိဋက ဥပုံဆောင် စာချအကျော်ဆရာတော် အရှင်ကပိလကဲ့သို့ အပါယ်သို့ပင် ရောက်တတ်ပါသေးသည်။ အရေးကြုံလာလျှင် ကိုယ့်ကိုမကယ်နိုင်သေးပါ။

သင်ယူနာကြား စာသိများအောင် ကြိုးစား၍ ကျင့်သိများအောင် လက်တွေ့ပွားကာ အားထုတ်ပေးမှ ကိုယ်ပိုင်တရားဆောင်ပုဂ္ဂိုလ် ဖြစ်သွားမည်။ ကျင့်သိပေါ်အောင် တိုးမြှင့်ပေးမှ တရားဆေးကို လက်တွေ့သုံးစွဲရာ ရောက်သဖြင့် ကိလေသာအနာရောဂါ ပျောက်မည်ဖြစ်သည်။ လက်တွေ့ပွား၍ သစ္စာ တရားမြင်သွားလျှင် ထိုးထွင်းသိအဖြစ် ရောက်သွားနိုင်သည်။ စာသိသည် ကျင့်သိအတွက်ဖြစ်၍ ကျင့်သိသည်လည်း ထိုးထွင်းသိ အတွက် ဖြစ်သည်။ သစ္စာကို တကယ်မြင်၍ ပဋိဝေဓ = ထိုးထွင်းသိ အဆင့်ရောက်မှ ဓမ္မဓရအစစ် = တကယ့် တရားဆောင် ပုဂ္ဂိုလ်ဖြစ်ရတော့သည်။ စာသိအားဖြင့် အနည်းငယ် တစ်ဂါထာလောက်မျှကိုသာ လေ့လာ သင်ယူထားသော်လည်း လက်တွေ့ကျင့်ကြံပွားများ အားထုတ်၍ မဂ်ဖိုလ်ရသွားလျှင် တကယ့်တရားဆောင် ပုဂ္ဂိုလ်အစစ် ဖြစ်သွားသည်။

တရားအားလုံးကို သတိဖြင့် ချုပ်ကိုင်ထားသည်ဖြစ်ရကား မဂ်ဖိုလ်ရရေးကို အရေးတကြီး ဦးစားပေးကာ သတိမပြတ် ရှုမှတ်နေလျှင်လည်း ဓမ္မဓရ = တရားဆောင် ပုဂ္ဂိုလ်ပင်ဖြစ်သည်။ သတိမပြတ် ရှုမှတ်နေလျှင်ပင် ကိလေသာ အပူအရှုပ် အညစ်များကို လက်တွေ့အနိုင်ယူနေပြီဖြစ်သည်။ သို့ဖြစ်၍ အနည်းဆုံး ပဋိပတ္တိဓမ္မဓရဖြစ်အောင် သတိရှေ့ထား ဉာဏ်တရားဖြင့် ခန္ဓာကို လက်တွေ့အသုံးချနိုင်မှ တကယ့်လူစွမ်းကောင်း ဖြစ်လာနိုင်ပါလိမ့်မည်။

## ၂။ တရားဆောင်သူ စိတ်မပူ

အဓိစေတသော အပ္ပမဇ္ဇတော၊ မုနိနော မောနပထေသု သိက္ခတော။

သောကာ နဘဝန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတီမတော။

- **မမေ့မလျော့၊ မပေါ့မဆ၊ တက်ကြွ ပြင်းထန်၊ အကျင့်မှန်၊ ဧကန်ကျင့်သုံးမူ။**
- **ခံနိုင်မှုများ၊ စိတ်စွမ်းအား၊ တိုးပွား ရင့်ကျက်သူ။**
- **ကိလေသာတွေ၊ ငြိမ်းအေးပေ၊ စိတ်နေ မြင့်မားသူ။**
- **စိတ်မဆင်းရဲ၊ ဝမ်းမနည်း (ဝမ်းမနဲ)၊ အမြဲ အောင်လံထူ။**
- **လက်တွေ့တရား၊ ဆောင်၍ထားကာ၊ စွမ်းအားရ၊ မုချစိတ်မပူ။**



www.burmeseclassic.com

www.burmeseclassic.com


- ■ အကျင့်မပါ၊ သိရုံသာ၊ သူငါမကြိုက်ဟူ။
- ■ ဆေးဖော်ရုံသာ၊ မစားပါ၊ ဆရာတွေနှင့်တူ။
- ■ အကျင့်ပါမှ ချီးမွမ်းကြ၊ မုချစွမ်းအားဖြူ။
- ■ ကောင်းအောင်ရေးရှု၊ ကောင်းအောင်ပြု၊ သာဓုအောင်သံဆူ။

မြတ်စွာဘုရားလက်ထက်တော်အခါက အသက်အရွယ်ကြီးမှ ရဟန်းပြုလာသည့် အမျိုးသားကြီး တစ်ဦးရှိသည်။ မြန်မာလို "ဦးငြိမ်း" ဟုခေါ်လျှင် ဖြစ်နိုင်သည်။ အသက်ကြီးမှ ရဟန်းပြုရသဖြင့် စာပေကျမ်းဂန်များများ သင်ယူရန်မစွမ်းနိုင်၊ သင်ယူရန်အချိန်လည်း မလုံလောက်တော့၊ သတိရှေ့ထား တရားပွားများ အားထုတ်နည်းကိုသာ အတိုချုပ် ဖြတ်လမ်းနည်းဖြင့် သင်ယူ၍ နေ့ညမစဲ စွဲစွဲမြဲမြဲ အားထုတ်သည်။

ဦးပဉ္စင်းကြီး ဦးငြိမ်းသည် ဆရာသမားကောင်းများ၏ အထိန်းတွန်းအား လမ်းညွှန်ကောင်းကို ကောင်းမွန်စွာရရှိသဖြင့် ကိုယ့်စိတ်ကို သတိဖြင့်ထိန်းသည်၊ ဝီရိယဖြင့် တွန်းသည်၊ ပညာဖြင့် လမ်းညွှန် ဆုံးမတတ်သည်။

ဆရာသမားကောင်းနှင့်လည်း တွေ့ရ၍ ကိုယ်ကလည်း ဆရာသမား လမ်းညွှန်ချက်ကို တသွေမတိမ်း လိုက်နာကျင့်သုံးလျှင် ဧကန်ပြီးမြောက် ပေါက်ရောက်တတ်စမြဲသာဖြစ်သည်။ ဦးပဉ္စင်းကြီး ဦးငြိမ်းသည် "မွန်းတိမ်းမှ လှန်းသည့်စပါး နာနာမွှေပေးမှ အချိန်မီခြောက်နိုင်တော့မည်" ဟု စိတ်ကို အားတင်း သတိသွင်း၍ ပြင်းပြင်းထန်ထန် အဆက်မပြတ် အားထုတ်သည်။

ဦးပဉ္စင်းကြီး ဦးငြိမ်းသည် တရားအလုပ်မှတစ်ပါး မည်သည့်အလုပ်ကိုမှ စိတ်မဝင်စား၊ မလိုအပ်ဘဲ လုံးဝ စကားမပြော၊ အိပ်ချင်တိုင်းလည်း မအိပ်၊ မည်သူနှင့်မျှလည်း မရောနှော၊ တရားယိုပေါက်ကို အသိဉာဏ်ဖြင့် လုံအောင်ပိတ်၍ အဆက်မပြတ် ရှုမှတ်အားထုတ်လိုက်ရာ မကြာမီရဟန္တာဖြစ်သွားသည်။ အခါနှောင်း သော်လည်း အလာကောင်းသွားပြီဖြစ်သည်။ သိသလောက် လက်တွေ့ကျင့်၍ တရားအဆောင်ကောင်းကို ရသဖြင့် တကယ်ပင် စိတ်မပူရတော့ဘဲ အမြဲငြိမ်းသွားလေပြီ၊ ယခုမှ "ဦးငြိမ်း" အစစ်ဖြစ်သွားတော့သည်။

ဦးပဉ္စင်းကြီး ဦးငြိမ်းသည် ဝိနည်းစည်းကမ်းအရ ဆရာနှင့်ကင်းလွတ်၍ နေနိုင်ခွင့်ရှိသောအခါ တောထဲသို့သွား၍ တစ်ပါးတည်း သီတင်းသုံးနေထိုင်သည်။ စာများများသင်ခွင့် မရသဖြင့် ရွတ်စရာ စာများများမရှိ၊ အပ္ပမာဒ သတိစွမ်းရည်ကိုပြသည့် "အဓိစေတသော အပ္ပမဇ္ဇတော" စသော တစ်ဂါထာတည်းသာ နှုတ်တတ်ရသည်။ ၎င်းတစ်ဂါထာကိုသာ မကြာမကြာရွတ်လေ့ရှိသည်။

အထူးသဖြင့် ဥပုသ်နေ့လိုအခါမျိုးတို့၌ တရားနာယူလိုသူရှိက တရားနာယူနိုင်ရန် ကြွေးကြော် အသိပေး၍ "အဓိစေတသော" စသော တစ်ဂါထာကို ရွတ်ဆိုသည်။ တစ်ခေါက်ပြီးတိုင်း ပြီးတိုင်း မြေပြည်းသံကြီးကဲ့သို့ တစ်တောလုံး ဟိန်းသွားအောင် နတ်တွေ သာဓုခေါ်ကြသည်။ "အသိနှင့်အကျင့် ညီလိုက်လေစွ" ဟု ကောင်းချီးပေးကြခြင်း ဖြစ်သည်။

တစ်ခုသော ဥပုသ်နေ့၌ တိပိဋကဓရ ဆရာတော်နှစ်ပါးတို့သည် အခြံအရံ ၅၀၀-စီနှင့် တကွ ဦးငြိမ်းနေထိုင်ရာ တောထဲသို့ ရောက်လာကြသည်။ ရဟန်း ၁၀၀၀ ကျော် ရောက်လာခြင်း ဖြစ်သည်။ ဦးပဉ္စင်းကြီး ဦးငြိမ်းက ဆီးကြိုနေရာပေး၊ အရိုအသေပြု၊ နှုတ်ခွန်းဆက်ပြီး တရားနာကြားလိုသဖြင့် တိပိဋကဓရ ဆရာတော်နှစ်ပါးထံ တရားဟောပေးပါရန် လျှောက်ထားတောင်းပန်သည်။

"ဆရာတော်ဘုရားများဘုရား၊ ဘုရားတပည့်တော်ဟာ အသက်ကြီးမှ ရဟန်းပြုရတာဖြစ်လို့ စာများများ မသင်ကြားခဲ့ရပါဘုရား၊ ဆရာတော်ဘုရားတို့လို ပိဋကသုံးပုံဆောင် စာတတ်ပေတတ် ပုဂ္ဂိုလ်ကျော်ကြီးများထံက တရားများများ နာလိုလှပါတယ်ဘုရား၊ ရောက်တုန်းရောက်ခိုက် ဘုရားတပည့်တော်ကို သနားချီးမြှောက်တဲ့ အနေနဲ့ တရားဟောကြား ဆုံးမပေးစေလိုပါတယ်ဘုရား"။

ဤသို့ လျှောက်ထား၍ တရားတောင်းသည်၊ ရဟန္တာပုဂ္ဂိုလ်များသည် အလွန် တရားနာလိုကြသည်။ တရားနာကြား၍ အားမရနိုင်ကြ၊ သစ္စာကို ထိုးထွင်းသိပြီးသောကြောင့်ပင် တရားကို ပို၍နာလိုခြင်း ဖြစ်သည်။

တိပိဋကဓရဆရာတော်များက "ငါ့ရှင် ဦးပဉ္စင်းကြီး၊ ဒီတောထဲမှာ တရားနာမယ့် ပရိသတ်ကော ရှိလို့လား" ဟု မေးမြန်းတော်မူကြသည်။ ဦးပဉ္စင်းကြီး ဦးငြိမ်းသည် အသက်အရွယ်ကြီးသော်လည်း သိက္ခာဝါငယ်နေသဖြင့် တိပိဋကဓရ ဆရာတော်များက "ငါ့ရှင်" ဟု ခေါ်ကြခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"လူသားအနေနဲ့တော့ ဒီတောထဲမှာ တပည့်တော်တစ်ပါးတည်း ရှိပါတယ်ဘုရား၊ နတ်တွေကတော့ ဒီတောထဲမှာ အများကြီးရှိပါတယ်ဘုရား၊ တပည့်တော်တရားဟောတဲ့အခါ စာများများ မတတ်တော့ တရားများများ မဟောနိုင်ဘူးဘုရား၊ တပည့်တော်က တစ်ဂါထာတည်းပဲ နှုတ်တက် ရတာဆိုတော့ ဒီရထားတဲ့ တစ်ဂါထာကိုပဲ ရွတ်ပါတယ်ဘုရား၊ တောထဲမှာရှိတဲ့ နတ်တွေဟာ ဒီတစ်ဂါထာရွတ်လို့ ပြီးတိုင်းပြီးတိုင်း တစ်တောလုံး ပဲ့တင်ထပ်ဟိန်းသွားအောင် ကောင်းချီးပေး သာဓုခေါ်ကြတယ်ဘုရား။

"ဒီတောထဲက နတ်တွေဟာ တရားအများကြီး နာချင်ကြပုံပေါ်တယ်ဘုရား၊ တပည့်တော် ဟောရွတ်ပေးတဲ့ တစ်ဂါထာတည်း တိုတိုလေး နာနေရတာ အားရကျေနပ်ကြပုံ မပေါ်ဘူး၊ တပည့်တော် တောထွက်အိုကြီး ကိုလည်း သနားတဲ့အနေနဲ့ တရားများများနာချင်ကြတဲ့ နတ်တွေကိုလည်း ချီးမြှောက်အားပေးတဲ့အနေနဲ့ ဆရာတော်ဘုရားများ တရားရှည်ရှည် ဟောပေးကြစေချင်ပါတယ်ဘုရား။

ဦးပဋ္ဌင်းကြီး တရားတောင်းကောင်းလှသဖြင့် တိပိဋကဓရဆရာတော်နှစ်ပါးတို့ တလှည့်စီ တရားဟောပေးကြသည်။ နတ်များ တရားနာယူနိုင်ရန် ကြွေးကြော်ဖိတ်ကြား အသိပေး၍ ပိဋက ၃-ပုံ အဆီအနှစ်များကိုထုတ်ကာ နာချင့်စဖွယ် အကျယ်တဝင့် ဟောပေးကြသည်။ တိပိဋကဓရ ဆရာတော်တစ်ပါး ဟောပြီးသွားသောအခါ နတ်သာဓု ခေါ်သံတစ်ခွန်းမှပေါ်မလာ၊ နောက် တိပိဋကဓရ ဆရာတော်တစ်ပါးက ဟောပြီးပြန်တော့လည်း နတ်တွေ တစ်ယောက်မှ သာဓုမခေါ်ကြ။

"တရားကောင်းတော့ ကောင်းတယ်၊ ဒါပေမယ့် မကောင်းဘူး" ဟု ဆိုလိုသည့်သဘော ဖြစ်သည်။ သာသနာအတွက် အများအတွက်တော့ ကောင်းသည်။ မကျင့်သေး၍ ကိုယ့်အတွက် မကောင်းသေးပါဟု ဆိုလိုဟန်တူသည်။

ဆရာတော်များ မနေသာ၍ မေးကြရသည်။ "ဘယ်လိုလည်း ဦးပဋ္ဌင်းကြီး နတ်တွေတရား နာချင်ကြတယ်ဆိုလို့ တရားဟောပေးကြပေမယ့် တစ်ယောက်မှလည်း သာဓုမခေါ်ပါလား၊ နတ်တွေ တရားနာကြပုံ မပေါ်ဘူး၊ အိပ်ငိုက်နေကြတယ်ထင်တယ်။"

"ဟုတ်တယ်ဘုရား ဒီနေ့ နတ်တွေသာဓုခေါ်သံ တစ်ခွန်းမှမကြားရဘူး၊ အကြောင်းဘယ်လိုလည်းဆိုတာ မလျှောက်ထားတတ်ပါဘုရား၊ အခြားနေ့တွေတုန်းက တပည့်တော်ဟောတာဟာ ဒီလောက်ရှည်ရှည်ကြီး ဘယ်ဟောနိုင်မလဲဘုရား၊ ဟောမှ မဟောတတ်ဘဲ၊ ကိုယ်ရထားတာက တစ်ဂါထာတည်းဆိုတော့ ဒီတစ်ဂါထာကိုပဲ ထပ်တလဲလဲ ရွတ်ပေးရတာ၊ ပြီးတိုင်းပြီးတိုင်း တစ်တောလုံး နတ်သာဓုသံ ပဲ့တင်ထပ်ဆူညံ ဟိန်းနေတာပဲ ဘုရား၊ ဒီနေ့တော့ဘာကြောင့် သာဓုမခေါ်ကြသလဲဆိုတာ မသိရပါဘုရား၊ ဒီလောက်ကောင်းတဲ့ တရားကို သာဓုခေါ်သင့်တယ်ဘုရား"

"ကဲ ဦးပဋ္ဌင်းကြီး၊ ကိုယ်တော်နှုတ်တက်ရထားတဲ့ တစ်ဂါထာတည်းကိုပဲ ရွတ်စမ်း၊ ဟောစမ်းပါဦး"

ဦးပဋ္ဌင်းကြီး ဦးငြိမ်းက နေရာမှာ ထိုင်, ယပ်ကိုကိုင်ပြီး "အဓိစေတသော အပ္ပမဇ္ဇတော" စသော ဥဒါန်းတစ်ဂါထာကို ရွတ်ပြလိုက်သည်။ တစ်ဂါထာရွတ်၍ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် တစ်တောလုံး ပဲ့တင်ထပ်ဟိန်းသွားအောင် နတ်များသာဓုခေါ်ကြသည်။

ထိုအခါ တိပိဋကဓရဆရာတော် နှစ်ပါးတို့က မည်သို့မျှ မပြောကြသော်လည်း တပည့်ရဟန်းများက မနေသာကြတော့၍ ကဲ့ရဲ့ပြစ်တင်စကား ပြောကြားကြတော့သည်။

"အို-နတ်တွေလုပ်ပုံ မတရားဘူး၊ မျက်နှာလိုက်တယ်၊ တို့ရဲ့ဆရာတော်နှစ်ပါး ခမ်းခမ်းနားနား အကျယ်တစ်ဝင့် နာချင့်စဖွယ် တကယ်ကြိုးစားပမ်းစား တရားဟောတုန်းကတော့ နတ်တွေ တစ်ယောက်မှ သာဓုမခေါ်ကြဘူး၊ သာဓုခေါ်သံ ချီးမွမ်းသံ တစ်ခွန်းမှပေါ်မလာဘူး၊ ဒီတောထွက် ကိုယ်တော်အိုကြီး တစ်ဂါထာတည်း တိုတိုလေးဟောတာကိုတော့ သာဓုခေါ်ကြတယ်၊ အဲဒါ လုံးဝ မတရားဘူး"

တိပိဋကဓရ ဆရာတော်နှစ်ပါးတရားဟောရာ၌ နတ်များသာဓုမခေါ်ခြင်း အကြောင်းမှာ ဆရာတော်နှစ်ပါးသည် ပိဋကသုံးပုံကို အာဂုံဆောင်ထားကြသော်လည်း ပုထုဇဉ်များသာ ဖြစ်နေကြ သေးသဖြင့် အသိနှင့်အကျင့် မညီညွတ်ကြသေးသောကြောင့်ဖြစ်သည်။ အဟောအပြော ကောင်းကြသော်လည်း ကိုယ်ပိုင်တရား မဟုတ်သေး၍ နတ်များ အပြည့်အဝ မကြိုက်နှစ်သက်ကြသေး၊ ဆေးကိုသာ ဖော်စပ်၍ မစားသုံးလျှင် ရောဂါမပျောက်နိုင်သကဲ့သို့ ပိဋကသုံးပုံ နှုတ်ငုံဆောင်၍ တရားစကား မြောက်မြားစွာ


www.burmeseclassic.com

www.burmeseclassic.com



ဟောကြားနိုင်သော်လည်း လက်တွေ့မကျင့်လျှင် ကိလေသာရောဂါ မပျောက်နိုင်သေး ၍ မကြိုက်သေးသဖြင့် သာဓုမခေါ်ကြခြင်း မထောက်ခံကြခြင်း ဖြစ်သည်။

ဦးပဥ္စင်းကြီး ဦးငြိမ်း တစ်ဂါထာတည်း တိုတိုလေးပင် ဟောသော်လည်း ရဟန္တာဖြစ်ပြီးသဖြင့် အသိနှင့်အကျင့်တစ်ထပ်တည်း ညီနေသောကြောင့် အလွန်သဘောကျ ကျေနပ်ကာ သာဓုခေါ်ကြ ကောင်းချီးပေးကြခြင်း ဖြစ်သည်။

အခြားနေရာများ၌ တရားဆိုလျှင် မည်သူပင်ဟောသည်ဖြစ်စေ တိုတိုရှည်ရှည် တရားအားလုံးကို နတ်များဝမ်းမြောက်ဝမ်းသာ သာဓုခေါ်တတ်ကြသော်လည်း ဤအရာ၌ တိပိဋကဓရ ဆရာတော်နှစ်ပါးကို အားပေးလိုသောကြောင့်လည်း နတ်များသာဓုမခေါ်ကြခြင်း ဖြစ်သည်။

"အရှင်ဘုရားတို့ ပိဋကသုံးပုံကိုတောင် နှုတ်ငုံဆောင်ထားတာဆိုတော့ စာတွေအများကြီး တတ်နေပြီပဲ။ ကျင့်ကြံအားထုတ်နည်းတွေကို အပြည့်အစုံ သိနေနားလည်နေကြပြီပဲ။ ရှေ့ဆက် ကျင့်ရုံလေးပဲ ရှိတော့တာ မဟုတ်လား။ ရှေ့ကို ခြေတစ်လှမ်း ဆန့်ပေးလိုက်ရုံလေးပဲ ရှိတော့တာ၊ ဟိုက တောထွက် ကိုယ်တော်အိုကြီးတောင် နည်းနည်းလေး သင်ယူနာကြားပြီး လက်တွေ့အားထုတ် လိုက်တာ၊ ရဟန္တာဖြစ်သွားသေးတာပဲ၊ အရှင်ဘုရားတို့မှာ အများကြီးတတ်မြောက်ကျွမ်းကျင်ထားတာ ဆိုတော့ လက်တွေ့အားထုတ်လိုက်ရင် မကြာမီ ရဟန္တာဖြစ်သွားနိုင်တယ်။ ကိစ္စပြီးအောင် အမြန် အားထုတ်လိုက်ကြစမ်းပါ"

ဤသို့ အားပေးလို၍ သာဓုမခေါ်ကြခြင်း ဖြစ်သည်။ ပိဋကသုံးပုံဆောင် နွားကျောင်းသားဘဝဖြင့် အချိန်မကုန်စေချင်၊ ကိုယ်ပိုင်တရားကို အမြန်ရစေလိုကြသည်။ ဟောတရား မကောင်း၍ မဟုတ်ပါ။ အလွန်ပင် ကောင်းလှပါသည်။ စာသိတရားကို ကျေနပ်စွာ အားရဝမ်းသာထောက်ခံ နိုင်ကြသော်လည်း ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်နေပါလျက် အကျင့်လိုနေခြင်းကို အားမရနိုင်ဘဲ ဖြစ်နေကြသည်။ ထို့ကြောင့် မထောက်ခံ မချီးမွမ်းသာဓု မခေါ်ကြခြင်း ဖြစ်သည်။

တိပိဋက ဆရာတော်နှစ်ပါးနှင့် တပည့်ရဟန်းများ တောထဲမှထွက်ခွာ၍ သာဝတ္ထိ ဇေတဝန် ကျောင်းတော်ရှိဘုရားရှင်ထံသွားကာ တောထဲ၌ တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အကြောင်းအရာကို ဘုရားရှင်အား အကုန်လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က "ဟုတ်တယ် ချစ်သားရဟန်းတို့၊ များများသင်ယူဆောင်ထား ဟောကြားတတ်ပေမယ့် လက်တွေ့မကျင့်သေးရင် ကိုယ်ပိုင်တရားမဟုတ်သေးလို့ "ဓမ္မဓရ = တရား ဆောင်အစစ်" မဖြစ်နိုင်သေးဘူး။ အနည်းငယ် တစ်ဂါထာလောက်ကလေး သင်ယူနာကြားဆောင် ထားပြီး လက်တွေ့ကျင့်လို့ သစ္စာကို ထိုးထွင်းသိမှ "ဓမ္မဓရ = ကိုယ်ပိုင်တရားဆောင်ပုဂ္ဂိုလ်အစစ်" ဖြစ်နိုင်မယ်ဟု မိန့်ကြားတော်မူသည်။

စာသိတရားဆောင်ထားရုံမျှဖြင့် ကိလေသာ အနာရောဂါလည်းမပျောက်၊ အပူလည်း မငြိမ်းသေး၊ စာသိလောက်ကို ကိလေသာအပူက လုံးဝမကြောက်သေး၊ မမေ့သော သတိ၊ မလျှော့သော ဝီရိယ၊ မပေါ့သော သမာဓိ၊ မဆသော ဉာဏ်ကို မြှင့်တင်ပေးပြီး တက်ကြွပြင်းထန် အကျင့်မှန်ကို ဇကန်လက်တွေ့ကျင့်သုံး အားထုတ်ပေးမှ ကိလေသာအပူများ နောက်ဆုတ်သွားကြမည်ဖြစ်သည်။

လက်တွေ့ကျင့်ကြံအားထုတ်ပေးမှ ခံနိုင်ရည်အင်အား မြင့်မားလာမည်။ စိတ်စွမ်းအား တိုးပွား ရင့်ကျက်လာမည်။ ကိလေသာ အပူငြိမ်းသွားမည်။ စိတ်နေစိတ်ထား မြင့်မားသွားမည်။ စိတ်မဆင်းရဲ ဝမ်းမနည်းရတော့ဘဲ အမြဲအောင်လံထူနိုင်မည်။ ထိုအခါ ရောက်လာမှ "ဓမ္မဓရ ကိုယ်ပိုင် တရားဆောင် ပုဂ္ဂိုလ်အစစ်" ဖြစ်လာမည် ဖြစ်သည်။

ဓမ္မဓရအစစ်ဖြစ်လိုသူ မလွတ်တမ်းအမြဲဆောင်ထားရမည့် တရားမှာ သာသနာ၌ နံပါတ် (၁) အရေးအကြီးဆုံးဖြစ်သော အပ္ပမာဒခေါ် သတိတရားပေတည်း။ "ပညာရှိ သတိဖြစ်ခဲ့" ဟု ဆိုရိုးစကားရှိပေသည်။

## ၃။ တရားအဆောင်, အကျွန်အဆောင်

- **အောက်ကျ-နောက်ကျ၊ မဖြစ်ရအောင်၊ ဆွဲဆောင်ချီမ၊ ထားနိုင်ကြ၊ ထူးလှ မြတ်တရား။**
- **အလိုရှိရာ၊ မြတ်ချမ်းသာကို၊ ကောင်းစွာ ရောက်အောင်၊ ရရှိအောင်၊ ပို့ဆောင်ပေးတဲ့ မြတ်တရား။**



www.burmeseclassic.com

www.burmeseclassic.com



- **ဆင်းရဲမလို၊ ချမ်းသာလိုလျှင်၊ စိတ်အစဉ်ထဲ၊ အမြဲမကွာ၊ ဆောင်ထိုက်ပါ၊ ထူးတာ မြတ်တရား။**
- **တရားအဆောင်၊ အကုန်ဆောင်၊ ထွန်းပြောင် လူ့စွမ်းအား။**

အဆောင်သဘောကို တရားဟု ခေါ်ရသည်။ ဆွဲဆောင်ထားနိုင်သော သဘော၊ ပို့ဆောင်ပေးနိုင်သော သဘော၊ ဆောင်ထားထိုက်သော သဘောပေတည်း။ "ဓမ္မံသရဏံ ဂစ္ဆာမိ" ၌ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ပရိယတ်အားဖြင့် တရား ၁၀-ပါးကို ဓမ္မဟုခေါ်သည်။ စာသိ၊ ကျင့်သိ၊ ထိုးထွင်းသိဟူသော အသိသုံးမျိုးပေတည်း။ ထိုတွင် မဂ်လေးပါးနှင့် နိဗ္ဗာန်ကိုသာ မုချတရားဟုခေါ်၍ ဖိုလ်လေးပါးနှင့် ပရိယတ်ကိုကား တင်စားသောအားဖြင့် တရားဟုခေါ်သည်။

အထူးအားဖြင့် စာသိ = ပရိယတ်သည် မဂ်နိဗ္ဗာန်ရကြောင်း ရောက်ကြောင်း ဖြစ်သောကြောင့်သာ သွယ်ဝိုက်တင်စားသောအားဖြင့် တရားအမည်ရသည်။ ပရိယတ်ကိုပြလျှင် ကျင့်သိ = ပဋိပတ်လည်း ပါဝင်ပြီး ဖြစ်သည်။ ပရိယတ်သည် အသုံးချပုံနည်းစနစ်ဖြစ်၍ ပဋိပတ်သည် ထိုနည်း စနစ်ကို လက်တွေ့အသုံးချခြင်း ဖြစ်သည်။ ပဋိပတ်သည် ပရိယတ်နှင့် ပဋိဝေဓကို ဆက်သွယ်ပေး သော လမ်းကြောင်းပေတည်း။ သိရုံမျှဖြင့် လိုရာမရောက် လက်တွေ့ကျင့်မှ လိုရာရောက်မည်။ ပုထုဇဉ်သည် မဂ်ဖိုလ်မရသေး၍ အသိအကျင့်ဖြင့်သာ အစွမ်းပြနိုင်သေးသည်။ လက်တွေ့ကျင့်ထားရသော တရားသည် တကယ့်အဆောင်ကောင်း ဖြစ်သည်။ အကျင့်ကောင်းသည် တရားပိုင်ရှင်ပုဂ္ဂိုလ် ကို အောက်ကျနောက်ကျ မဖြစ်ရအောင် အခြေအနေမဲ့ မဖြစ်ရအောင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ရအောင် လိမ့်မကျရအောင် ဆွဲဆောင်ချီမ ထားနိုင်သောကြောင့် တရားအမည် ရသည်။

တရားရှိသူကို အလိုရှိရာ ရည်မှန်းချက် ချမ်းသာပန်းတိုင်သို့ ဧကန်ရောက်အောင် ရရှိအောင် ပို့ဆောင်ပေးနိုင်သော စွမ်းရည် သတ္တိလည်း တရား၌ အပြည့်အဝရှိသည်။ သယ်ယူပို့ဆောင်ရေးအတွက် စိတ်ချရအောင် တာဝန်ယူထားသော အင်အားပေတည်း။

ဆင်းရဲအပူကိုမလိုလျှင် ချမ်းသာငြိမ်းအေးမှုကိုသာလျှင် စိတ်အစဉ်၌ မလွတ်တမ်း ဆောင်ထားထိုက်သော အကောင်းဆုံး အဆောင်ကောင်းဖြစ်၍လည်း တရားခေါ်ရသည်။

စိတ်မှာ မတရားမှု ကိလေသာ အပူကင်းသလောက် တရားစွမ်းအား ဝင်ရောက်ခွင့်ရှိသည်။ လောဘ၊ ဒေါသ၊ မောဟ မတရားမှုကို အနိုင်ယူနိုင်မှလည်း တရားဟု ခေါ်သည်။ ထိုမတရားမှု အပူအရှုပ်အညစ်များကို အနိုင်ယူဖယ်ရှားပစ်နိုင်ဖို့ပင် တရားကို ဖြည့်ကျင့်နေရခြင်း ဖြစ်သည်။

ပုထုဇဉ် အစွမ်းနိုင်ဆုံး အလုပ်ကား သီလ၊ သမာဓိ၊ ဝိပဿနာ အကျင့်သာတည်း။ ထိုးထွင်းသိ = ပဋိဝေဓကိုကား အရိယာ ဖြစ်မှရမည်။ တရားအဆောင်ကောင်းရှိလျှင် အရှုပ်အပူ အညစ်အားလုံးကို အနိုင်ယူလွှမ်းမိုး၍ အောင်မြင်သွားမည်။ လူလည်း စွမ်းရည်မြင့်မားကာ ကျက်သရေတိုးလာမည်။ အကျင့်တိုးလာသလောက် လူ့စွမ်းအားတန်ခိုး ပြည့်ဝလာမည်ဖြစ်သည်။ အကျင့်တိုးအောင် အမြဲဆောင်ထားရမည့် တရားကား အပ္ပမာဒခေါ်သော သတိပေတည်း။

## ၄။ သတိအားသွင်း တရားမင်း

- **အဆိုးကိုနိုင်၊ အကောင်းပိုင်ဖို့၊ ကြံ့ခိုင် ထူးခြား၊ သတိထား၊ တရား အား-အစစ်။**
- **ပေးနိုင်ခဲ့တာ၊ ပေးမှသာ၊ မှန်စွာ အား-အစစ်။**
- **ခက်တဲ့ကိစ္စ၊ လုပ်ပေးမှ၊ မုချ အား-အစစ်။**
- **သည်းခံဖို့ရန်၊ ခက်ခဲပြန်၊ သည်းခံနိုင်မှ အား-အစစ်။**
- **ကိုယ်တိုင်ပြုငြား ကောင်းမှုများ၊ တရား အား-အစစ်။**
- **သတိအားသွင်း၊ တရားမင်း၊ ချက်ချင်း စွမ်းအားတက်။**

"သတိမတော သဒါဘဒ္ဒံ = သတိရှိလျှင် အချိန်တိုင်း အမြဲကောင်းသည်" ဟု မြတ်စွာဘုရားက အခါကောင်းကို သတ်မှတ်ပြသည်။ ကောင်းကင်ရှိ နက္ခတ်က သတ်မှတ်ပေးသော အချိန်ကောင်း =



www.burmeseclassic.com

www.burmeseclassic.com


ရက်ရာဇာသည် လူကိုတိုက်ရိုက်ကောင်းအောင် လုပ်မပေးနိုင်၊ လူကသာ အချိန်ကိုကောင်းအောင် လုပ်ပေးနိုင်သည်။ သတိသည် အချိန်ထိန်း ကိရိယာပေတည်း။ အာရုံထိန်းကိရိယာ စိတ်ထိန်းကိရိယာလည်း ဖြစ်သည်။

ကောင်းကင်နက္ခတ်အရ သတ်မှတ်ထားသော ရက်ရာဇာနေ့၌ သတိမထားဘဲ အမှတ်တမဲ့ မော်တော်ကားမောင်းလျှင် မော်တော်ကား တိုက်မိတတ်သည်။ ဘေးရန် အန္တရာယ်များ မမျှော်လင့်ဘဲ ရောက်လာတတ်သည်။ ထိုရက်ရာဇာမျိုး၌ မီးဖိုချောင်ထဲ သတိလက်လွတ် ထမင်းဟင်းချက်ပြုတ်လျှင် မီးလောင်၍ ဒုက္ခရောက်တတ်သည်။ လောက ရက်ရာဇာသည် တိုက်ရိုက်ဘေးရန်လွတ်အောင် လုပ်မပေးနိုင်။ အချိန်-အာရုံ၊ စိတ်ကို တိုက်ရိုက်ထိန်းသိမ်းပေးနိုင်သော သတိကသာ ဘေးရန်လွတ်အောင် တိုက်ရိုက် လုပ်ပေးနိုင်သည်။

သတိသည် အချိန်တိုင်းကို ကောင်းအောင် လုပ်ပေးနိုင်သည်။ အလုပ်တိုင်းကိုလည်း ကောင်းအောင် ဖန်တီးနိုင်သည်။ သတိရှိသူသည် အချိန်ကောင်းကိုပိုင်၍ အလုပ်ကောင်းကို လုပ်ရသည်။ သတိရှိလျှင် အလုပ်ဖြစ်သည်။ သတိသည် တရားအားလုံးကို ချုပ်ကိုင်ထားနိုင် လွှမ်းမိုးနိုင် သောကြောင့် ဓမ္မရာဇ (ဓမ္မရာဇာ) ဖြစ်သည်။ တရားအားလုံး၏ မင်းမြတ်ပေတည်း။ တရားထဲ၌ အချုပ်မင်းလည်း ဖြစ်သည်။ သတိကောင်းမှ အကောင်းအားလုံး တိကျ၍ ပြည့်ဝနိုင်သည်။ မြတ်စွာ ဘုရားကိုလည်း ဓမ္မရာဇ = တရားမင်းဟုပင် ခေါ်သည်။

တရားမင်းဖြစ်သော သတိထိန်းချုပ်မှုကောင်း၍ တိကျပြည့်ဝစွာ ရရှိလာသော ကောင်းမှုစွမ်းအား မြတ်တရားတို့ကိုလည်း အရာရာ လွှမ်းမိုးနိုင်သည့် ဓမ္မရာဇ (ဓမ္မရာဇာ) များဟုပင် ခေါ်ဆိုထိုက်သည်။ သတိအားသွင်းမှုလည်း တရားမင်းဖြစ်နိုင်သည်။ သတိတရားမင်းကြောင့် ရရှိလာသော ကောင်းမှုစွမ်းအား မြတ်တရားသည်-

(၁) မည်သူမျှ မပေးနိုင်သည့် အံ့ဖွယ်ကောင်းကျိုးကို ပေးစွမ်းနိုင်လောက်အောင် အားအစစ် ပြည့်ဝသည်၊ ကံတကယ်ကောင်းပြီဆိုလျှင် အများမော်ကြည့်ရသည်။

(၂) မည်သူမျှ ဖြေရှင်းမပေးနိုင်သည့် အခက်အခဲအားလုံးနှင့် မည်သူမျှ တားဆီး ကာကွယ် ဖယ်ရှားမပေးနိုင်သည့် ဘေးရန်အပူ အားလုံးကို အံ့ဩဖွယ်ကောင်းလောက်အောင် ဖြေရှင်းတားမြစ် ဖယ်ရှားပေးနိုင်သည်။ မိမိ၏ စေတနာသည် တကယ်သုံးတတ်လျှင် တကယ်အားရှိ လာနိုင်ပါသည်။

(၃) ခံနိုင်မှုစွမ်းအား ရင့်ကျက်မှုစွမ်းအားကို အံ့ဩဖွယ်ကောင်းလောက်အောင် ပေးစွမ်းနိုင်သည်၊ တရားသည် လူနှင့်လောကအကြား၌ အခံဓာတ်ကို ခြားပေးသည်။ ထို့ကြောင့် လူသည် ခံနိုင်ရည်ရှိသည်၊ ရင့်ကျက်သည်၊ လူကို လောက, ကနိုင်သည်။ လောကကို တရားက နိုင်သည်၊ တရားကို သတိက နိုင်သည်။ ထို့ကြောင့် အားလုံးကို အနိုင်ယူလွှမ်းမိုးလိုလျှင် သတိကို မလွတ်တမ်း အမြဲကိုင်ထားရုံသာတည်း၊ သတိကို စိတ်ထဲ၌ အမြဲထည့်ထားနိုင်အောင် အစဉ်လေ့ကျင့် ပေးနေရုံသာတည်း၊ သတိသည် ကျင့်စဉ်တရား အားလုံး၏ အနှစ်ချုပ်ဖြစ်သည်။

## ၅။ တိပိဋက ဆောင်ပုဒ်ရ

- **လူနတ်နိဗ္ဗာန်၊ ၃-တန်ချမ်းသာ၊ ကောင်းစွာ ပွားတိုး၊ ကောင်းကျိုးလိုသူ လုံ့လထူ၍၊ သင်ယူအပ်ငြား၊ မြတ်စကား၊ ထူးခြား ပိဋက။**
- **အနက်မှန်ကန်၊ အကျိုးမှန်ဟု လမ်းညွှန်ပြု၍၊ ပေါင်းစုထားရာ၊ တည်ရှိရာ၊ ထူးတာ ပိဋက။**
- **ကိုယ်နှုတ်နှစ်ထွေ၊ စောင့်စည်းလေဟု၊ ဥပဒေမှတ်၊ ပညတ်ထုတ်ပြန်၊ လမ်းမှန်ဖြောင့်တန်း၊ စည်းကမ်းဆိုင်ရာ၊ ဟောပြတာ၊ အာဏာဝိနယ။**
- **သတ္တဝါစရိုက်၊ အစဉ်လိုက်၍၊ အကြိုက်ကို ရွေး၊ ဦးစားပေးငြား၊ စိတ်ထားလည်းစင်၊ တရားမြင်ဖို့၊ ကျင့်စဉ်ဖြောင့်တန်း၊ နည်းလမ်းဆိုင်ရာ၊ ဟောပြတာ၊ မိန့်မှာ သုတ္တန္တ။**
- **တကယ်အရှိ၊ အမှန်သိရန်၊ ခွဲဝေဖန်၍၊ ရုပ်နာမ်တရား၊ သဘောသွားကို၊ ပိုင်းခြားစိတ်ဖြာ၊ ဟောပြတာ၊ ထူးတာဘိဓမ္မ။**



www.burmeseclassic.com

www.burmeseclassic.com



■ **စည်းကမ်းနည်းလမ်း၊ သဘောခန်းဟု၊ ၃-လမ်းခွဲကာ၊ သတ်မှတ်ပါ၊ ၃-ဖြာ ပိဋက။**

လူနတ်နိဗ္ဗာန် ၃-တန်ချမ်းသာ အပြည့်အစုံရလိုသူများ ကြိုးစားလေ့လာ သင်ယူအပ်သောကြောင့် ဗုဒ္ဓဟောကြား မြတ်စကားကို ပိဋကဟုခေါ်သည်။ မှန်ကန်တိကျသည့် သဘောတရား အကျိုးများကို ပေါင်းစုထားရာ ဖြစ်သောကြောင့်လည်း ပိဋက အမည်ရသည်။ ထိုပိဋကသည် စည်းကမ်းပိုင်း နည်းလမ်းပိုင်း သဘောတရားပိုင်းဟု ၃-မျိုးကွဲပြားသည်။

ဝိနည်းသည် စည်းကမ်းပိုင်းဖြစ်သည်။ ရှင်ရဟန်းများ လိုက်နာရမည့် စည်းကမ်းကို အဓိက ထားသည်။ ရှင်ရဟန်းများ ကိုယ်နှုတ်နှစ်ပါး စောင့်ထိန်းဖို့ ကရုဏာပညာ ပြည့်ဝတော်မူသည့် ဘုရားရှင်က ဥပဒေသတ်မှတ် ပညတ်ထုတ်ပြန်ထားသည့် တရားစကားစုသည် ဝိနည်းပေတည်း၊ ထိုစည်းကမ်းကြောင့် ဗုဒ္ဓသာသနာ လှပတင့်တယ် ထည်ဝါခန့်ညားပြီး အများလေးစားမှုကို ခံယူနေရ သည်။

သုတ္တန်ကား နည်းလမ်းပိုင်းဖြစ်သည်၊ တရားနာကြားသူ၏ စိတ်နေစိတ်ထား ဝါသနာ အကြိုက်စရိုက် အနုအရင့်ကိုလိုက်ပြီး စိတ်ထား စင်ကြယ်ရေး တရားမြင်ရေးအတွက် စကားအသုံးအနှုန်း နည်းပရိယာယ် ကြွယ်ဝတော်မူသည့် ဘုရားရှင်က စကားနည်းပရိယာယ် မျိုးစုံသုံးကာ ဟောကြားထားသည့် ကျင့်စဉ် နည်းလမ်းသည် သုတ္တန်ပေတည်း၊ တရားနာကြားသူ၏ စိတ်အနာ ရောဂါပျောက်ရေးကို အဓိကထား ဦးစားပေးသည်။

လောကဆေးဆရာသည် လူနာတစ်ဦးကို တွေ့ရလျှင် တတ်သိထားသမျှ ဆေးပညာအားလုံးကိုလည်း အကုန်ထုတ်သုံးရန်မလို၊ ရှိသမျှ ဆေးပစ္စည်းအားလုံးကိုလည်း အကုန်ထုတ် သုံးရန်မလို၊ လူနာ၏ ရောဂါနှင့် သက်ဆိုင်သည့် ဆေးနည်းနှင့် ဆေးပစ္စည်းကိုသာ ရွေးချယ်ပြီး ရောဂါပျောက် အောင် ကုသပေးသကဲ့သို့ တရားနာသူ၏ ကာလ၊ ဒေသ၊ ပုဂ္ဂလ အခြေအနေအားလျော်စွာ စိတ်အနာပျောက်အောင် ရွေးချယ်စိစစ်၍ လမ်းညွှန်ဟောကြားပေးသည့် ကျင့်စဉ်နည်းလမ်းသည် သုတ္တန်ဖြစ် သည်။

အဘိဓမ္မာသည် သဘောတရားပိုင်းဖြစ်သည်၊ လောကအတွင်း သက်မဲ့သက်ရှိ အားလုံး၌ တကယ်ရှိနေသည့် ရုပ်ဓာတ်၊ နာမ်ဓာတ်၊ ပရမတ် သဘောတရားကို အမှန်အတိုင်း အတိအကျ အပြည့်အဝ သိမြင်နားလည်နိုင်ရန် သဘောတရား ပိုင်နိုင်ကျွမ်းကျင်တော်မူလှသည့် ဘုရားရှင်က ပိုင်းခြားစိတ်ဖြာ ဟောကြားထားသည့် တရားစကားစုသည် အဘိဓမ္မာပေတည်း၊ သဘောတရား ပိုင်နိုင်ရေးကို အဓိကထားသည်၊ ဝိနည်းသုတ္တန်၌ သဘောတရားပိုင်းဆိုင်ရာ ပါဝင်လာလျှင် အဘိဓမ္မာ၌လာသည့် သဘောတရားများကိုပင် ယူငင်အသုံးချရသည်၊ ဤသို့မူအားဖြင့် ပိဋက သုံးပုံ ဖြစ်လာသည်။ ဝိနည်း၌ သီလ၊ သုတ္တန်၌ သမာဓိ၊ အဘိဓမ္မာ၌ ပညာကို အဓိကထားဟော သည်။

သီလသည် ကိုယ်နှုတ်၏ စည်းကမ်း၊ သမာဓိသည် စိတ်၏စည်းကမ်း၊ ပညာသည် အသိ၏ စည်းကမ်းဖြစ်သည်။ သတိသည် သိက္ခာသုံးပါး အကျင့်တရား၏ စည်းကမ်းအချုပ်ပေတည်း၊ ထိုသတိကိုပင် ပိဋကသုံးပုံ၏ အနှစ်ချုပ်ဟု ဆိုနိုင်သည်။ ရတနာသုံးပါးနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ သုံးပါး ဤခြောက်ပါးသည် ပိဋကသုံးပုံ၏ အနှစ်ဟု ဆိုထားသည်လည်းရှိသည်။ ထိုခြောက်ပါးကို အနှစ်ပြန်ထုတ်လျှင်လည်း သတိကိုပင် ထုတ်ယူရမည်။

သတိသည် စာသိမပျောက်အောင် ထိန်းနိုင်သောသတိ၊ ကျင့်သိမပျောက်အောင် ထိန်းနိုင်သော သတိအားဖြင့် နှစ်မျိုးရှိ၏ဟု ဆိုနိုင်သည်၊ စာသိမပျောက်အောင် ထိန်းနိုင်သည့် သတိမန္တ ဓတဒဂ်ရ အရှင်အာနန္ဒာသည်ပင် သောတာပန်ဖြစ်ပြီးနောက် ကျင့်သိမပျောက်အောင် ထိန်းနိုင်သည့် သတိ လျော့ပါးနေသည်။ အချိန်မီ ရဟန္တာဖြစ်နိုင်ရေးအတွက် သင်္ဂါယနာတင်ထေရ်အရှင်တို့က "အပ္ပမတ္တော ဟောတိ" ဟု ကျင့်သိသတိဖြစ်ပေါ် တိုးပွားအောင် သတိပေးခဲ့ရဘူးသည်။

စာသိသတိသာရှိ၍ ကျင့်သိသတိမရှိလျှင် တိပိဋကဓရအစစ် မဖြစ်နိုင်သေး၊ မဂ်ဖိုလ်မရသေးသော်လည်း မဂ်ဖိုလ်ရအောင် သတိမပြတ် ရှုမှတ်တတ်သည့် ကျင့်သိသတိလောက် အနည်းဆုံး ရှိနေမှ တိပိဋကဓရ အစစ်ဖြစ်နိုင်မည်၊ ပိဋကသုံးပုံလာ ကျင့်စဉ်အားလုံး၏ အနှစ်ချုပ်ဖြစ်သော သတိကိုပါ မလွတ်တမ်းကိုင်ထားနိုင်မှ စာသိ တိပိဋကဓရမှ ကျင့်သိတိပိဋကဓရ အဖြစ်သို့ ရောက်နိုင်မည်ဖြစ်သည်။ နှစ်မျိုးစုံမှ ပိဋက သုံးပုံဆောင်အစစ်ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကဓမ္မလက်ဆောင် စာရေးတော်များ

ရှေ့နားကပြဆိုခဲ့သည့် ဦးပဋ္ဌင်းကြီး ဦးငြိမ်း၏ အကြောင်းအရာ၌ တိပိဋကဓရ ဆရာတော် နှစ်ပါးသည် စာသိသတိကောင်း၍ ပိဋကသုံးပုံကို တစ်လုံးမကျန် အာဂုံဆောင်ထားနိုင်ကြသော် လည်း တိပိဋက အနှစ်ချုပ်ဖြစ်သည့် ကျင့်သိသတိအားနည်းနေကြသည်။ တောထဲ၌ နတ်တွေက ရွေးချယ်ပေးသည့် ဓမ္မပြိုင်ပွဲတွင် အောင်မှတ်လုံးဝမရဘဲ အရှက်ကွဲမတတ် အကြီးအကျယ် ရှုံးခဲ့ကြရသည်။

တိပိဋကဓရဆရာတော်နှစ်ပါးတို့သည် ပိဋကသုံးပုံ မပျောက်အောင် ဆောင်ထားနိုင်သည့် စာသိ သတိ အလွန်ကောင်းကြပါလျက်၊ သူတစ်ပါးအတွက် နာချင့်စဖွယ် အကျယ်တဝင့် ခမ်းခမ်းနားနား နာ၍ မဝနိုင်လောက်အောင် အဟောကောင်းကြပါလျက်၊ ကျင့်သိသတိအားနည်း၍ ပုထုဇဉ် အစိမ်းများသာ ဖြစ်နေကြသောကြောင့် ဓမ္မပြိုင်ပွဲ၌ အမှတ်လုံးဝမရခဲ့ကြပေ။

အသက်ကြီးမှ ရဟန်းပြုကာ တစ်ဂါထာမျှသာ နှုတ်တတ်ရသည့် ဦးငြိမ်းသည်ကား စာသိ သတိ မကြီးကျယ်လှသော်လည်း ပိဋကသုံးပုံလာ ကျင့်စဉ်တရားအားလုံး၏ အချုပ်ဖြစ်သော ကျင့်သိ သတိကို အထွဋ်တင်နိုင်သဖြင့် ထိုးထွင်းသိ သတိကိုပင် ရခဲ့သည်။ ရဟန္တာဖြစ်ခဲ့သည်။ ထို့ကြောင့် တောထဲက နတ်များရွေးချယ်ပေးသော ဓမ္မပြိုင်ပွဲတွင် တစ်ဂါထာတည်း ရွတ်လိုက်ရုံမျှဖြင့် အောင်မှတ် အပြည့် ရခဲ့သည်။ တကယ့်တိပိဋက အောင်ပွဲကား လက်တွေ့ကျင့်သည့် အကျင့်လုပ်ငန်းပေတည်း။

စာသိနည်းသူပင် ကျင့်သိကောင်းက အောင်ပွဲကိုရနိုင်သေးလျှင် စာသိကျင့်သိ နှစ်မျိုးလုံး များပြား ကောင်းမွန်သူကား ဆိုဖွယ်မရှိ၊ ဧကန်အောင်ပွဲရဖို့ သေချာသည်၊ တရားဟောရာ၌ သိရုံသာ သိ၍ မကျင့်ဘဲဟောနေလျှင် အသက်မဝင်၊ အရသာမတွေ့၊ ဉာဏ်နှင့်မထိ၊ သိအောင်လည်း ကြိုးစား၍ သတိရှေ့ထားကာ လက်တွေ့လည်း အားထုတ်နေသူ၏ ဟောတရားသည် လုံးတိုင်းခွန်းတိုင်း အသက်ဝင်သည်။ ဟောသူ နာသူ နှစ်မျိုးလုံး တရားအရသာတွေ့သည်၊ ဉာဏ်နှင့် ထိထိခိုက်ခိုက် တွေ့သည်။

သို့ဖြစ်၍ စာတစ်လုံးပင်ရရ၊ နှစ်လုံးပင်ရရ၊ တစ်ခွန်းတည်းပင်ဟောဟော လက်တွေ့ကျင့်ဖြစ် အောင် အသုံးတည့်မှ တကယ်အဖိုးတန်မည်၊ မည်သည့် စာတွေ့ စာမေးပွဲကိုပင်အောင်အောင် သတိကိုင်စွဲ၍ အမြဲကျင့်နိုင်မှ တကယ့်စာမေးပွဲအောင်မြင်သူ ဖြစ်နိုင်မည်။ စာတွေ့စာမေးပွဲအောင်သော်လည်း လက်တွေ့ မကျင့်နိုင်လျှင် ဘဝစာမေးပွဲ ရှုံးနေဦးမည်။ စာတွေ့တိပိဋကဘွဲ့ရထားသော်လည်း လက်တွေ့မကျင့်နိုင်လျှင် ဓမ္မပြိုင်ပွဲဘဝထဲ၌ အရှုံးဖက်ကပင် နေရဦးမည်၊ မျက်နှာငယ်ရဦး မည်။

တိပိဋက အောင်ပွဲရရန် အနှစ်ချုပ်ကျင့်သိ သတိအသုံးချနည်းကား-

(၁) ပြုလုပ်ဆောင်ရွက်လိုသည့် အာရုံကို အလုပ်မဖြစ်မချင်း ပုံပေါ်အောင် ဖော်ယူရမည်။

(၂) အာရုံနှင့်စိတ် ချပ်ချပ်ရပ်ရပ် စွပ်မိသွားအောင် ကပ်ပေးရမည်။

(၃) အချိန် အကြိမ်လုပ်ငန်းပမာဏအားဖြင့် ကန့်သတ်ထားသည့် အလုပ်မပြီးမချင်း အာရုံမပျောက်အောင် ထိန်းထားရမည်။

(၄) အလုပ်တစ်ခုလုပ်နေစဉ် အခြားအာရုံမဝင်ရအောင် ကန့်သတ်နိုင်ရမည်။

(၅) အလုပ်တစ်ခုလုပ်နေစဉ် အစအလယ်အဆုံး အကုန်သိနေအောင် အသိချင်းစပ်ထားရမည်။

(၆) ပြုလုပ်နေဆဲ အလုပ်အားလုံးအရေးကြီးသည်ဟု သဘောထားရမည်။ သို့ရာတွင် တစ်ချိန်၌ အလုပ်တစ်ခုသာ အရေးကြီးရမည်၊ နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း ပွတ်သိပ်၍ အရေးမကြီးရ။ ရှုပ်သွားတတ်သည်။ မြုပ်သွားတတ်သည်။ အရှိအောက် ပိသွားတတ်သည်။

ဤသို့ ကျင့်သိ သတိကို နည်းမှန်လမ်းမှန် နေရာတကျ အသုံးချတတ်လျှင် အသုံးချနိုင်လျှင် တိပိဋက ဘဝစာမေးပွဲ ဧကန်အောင်မှတ်ရဖို့ သေချာပါသည်။ သိထားလျှင် ကျင့်ဖို့၊ အသုံးချဖို့ အရေးကြီးသည်။ ကျင့်တော့မည်ဆိုလျှင် သတိအရေးအကြီးဆုံးပါတည်း။

သာသနာနှင့် တွေ့ကြုံသူအားလုံး သတိအမြဲကိုင်စွဲ၍ လက်တွေ့ဘဝစာမေးပွဲကို အောင်မြင်အောင် ဆင်နွှဲနိုင် ကြပါစေ။

တိပိဋက ယောဆရာတော်

၁၃၆၆-ခု၊ ပြာသိုလ (၂၀၀၅-ခု ဇန်နဝါရီလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋက မွေလက်ဆောင် (၂၆)

## " အား"

### နမော ဒသဗလဿ

- သတိပညာ၊ ဤ ၂ ဖြာ ၊ လူမှာ တစ်ယောက် "အား"။
- ခန္တီမေတ္တာ ၊ ဤ ၂ ဖြာ ၊ လူမှာ စုပေါင်း "အား"။
- တစ်ယောက်ကောင်းမှ ၊ ပေါင်း၍ရ၊ တက်ကြွ လူ့စွမ်း "အား"။
- စိတ်ကိုအားသွင်း၊ တရားမင်း၊ ချက်ချင်းသတိထား။
- အဆိုးကိုနိုင်၊ အကောင်းပိုင်၊ ကြံ့ခိုင်လွန်ထူးခြား။

လူ့စွမ်းအား လူ့ခွန်အား လူ့အင်အားကို "အား"ဟု ခေါ်သည်။ "အား" ဟူသည် တရားပေတည်း၊ တရားဟူသော "အား"သည် လူ့ဘ၀၏အနှစ်ချုပ်တည်း၊ လူတစ်ယောက်၏ နောက်ဆုံး ပိုင်ဆိုင်ခွင့်လည်း ဖြစ်သည်။ လူ့ဘ၀ နောက်ဆုံး အသားတင်အမြတ်လည်း ဖြစ်သည်။ တရား"အား" မရှိသောလူသည် လောကအနိုင်ကျင့်သမျှ ခံနေရမည်။ ကိုယ့်အရှိကို ကိုယ်မနိုင်တော့ဘဲ အရှိအောက်၌ ပြားပြား၀ပ် ပူလောင်နေရမည်ဖြစ်သည်။

ဆင်းရဲအပူ အရှုပ်အညစ်အန္တရာယ် မကောင်းကျိုး အဆိုးမျိုးစုံကိုလျော့အောင် နည်းအောင်၊ ပါးအောင် လွတ်ကင်းအောင် ကုန်ဆုံးအောင်လုပ်ပေးနိုင်မှ "အား"ဟု ခေါ်သည်။ ချမ်းသာတန်ခိုး ကောင်းကျိုးမျိုးစုံ အောင်မြင်တိုးတက်မှုမျိုးစုံကိုရအောင် တိုးအောင် ပွားအောင် များအောင် မြင့်အောင်စွမ်းဆောင်ပေးနိုင်မှလည်း "အား"ဟုခေါ်သည်။ "အား"ပါအောင် "အား"သွင်းထားမှ အားကိုးရမည်ဖြစ်သည်။ "အား"အကုန်လုံးကို ချုပ်ကိုင်ထားသောအရာကား သတိဉာဏ်တည်း၊ အထူးအားဖြင့် သတိပေတည်း။

လူ့ "အား"သည် တစ်ကိုယ်ရေ တစ်ယောက် "အား" စုပေါင်း "အား" ဟု ၂မျိုးရှိသည်။ သတိနှင့် ဉာဏ်ပညာသည် တစ်ကိုယ်ရေတစ်ယောက် "အား"ဖြစ်၍ ခန္တီနှင့် မေတ္တာသည် စုပေါင်း "အား"ဖြစ်သည်။ တစ်ဦးတစ်ယောက်စီ၏ "အား"ကောင်းမှ စုပေါင်း "အား"ဖော်ထုတ်၍ ဖြစ်နိုင် သည်။ ၂ ယောက်ပေါင်းမိလျှင် "အား" ၂ဆတက်လာမည်။ မြောက်မြားစွာ ပေါင်းမိလျှင် ပို၍ "အား"တိုးပွားများပြားလာမည်။ တစ်ကိုယ်ရေ "အား"မရှိဘဲ စုပေါင်းလိုက်လျှင် အားမတက်ဘဲ အားပျက်သွားတတ်သည်။

တစ်ကိုယ်ရေ "အား" ဖော်ထုတ်ရာ၌ (၁) ပစ္စည်းဖြင့်အားယူခြင်း ၊ (၂) လောက အတတ် ပညာဖြင့်အားယူခြင်း၊ (၃) တရားဖြင့်အားယူခြင်း အားဖြင့် ၃ မျိုးရှိ၏ဟု ဆိုနိုင်သည်။ ပစ္စည်းဖြင့် အားယူရခြင်းသည် မခိုင်သည့်ကောက်ရိုးကို ကြိုးကျစ်၍ လွန်ဆွဲရသည်နှင့်တူသည်။ ကြာရှည်အဆွဲမခံ၊ မမျှော်လင့်ဘဲကြိုးပြတ်၍ ရုပ်ပျက်ဆင်းပျက်လဲကျသွားတတ်သည်။

ထိုမျှသာမက ပစ္စည်းသည် ပင်လယ်ရေနှင့်တူသည်။ ပင်လယ်ရေ အလွန်များသော်လည်း သူချည်းသက်သက်များသည် မဟုတ်၊ ရေနှင့်အညီအမျှ ဆားပါ၀င်သည်။ ရေရှိသလောက် ဆားရှိသည်။ ထို့ကြောင့် ငန်လွန်း၍ သောက်သုံးမဖြစ်၊ ပင်လယ်ထဲ သင်္ဘောဖြင့်သွားလျှင် သောက်သုံးရန် ရေချိုရေကောင်းကို သီးခြားယူသွားရသည်။ ပစ္စည်းလည်း သူချည်းသက်သက်လာသည် မဟုတ်၊ ပစ္စည်းရှိသလောက်ဆားနှင့် တူသည့် အပူဆင်းရဲဘေးရန်များတွဲပါလာသည်။ ရှိသလောက် ပူရတတ်သည်။ ရေချိုရေကောင်းနှင့်တူသည့် တရားရေကိုယူနိုင်မှ နှလုံးစိတ်၀မ်းအေးချမ်းစွာ သောက်သုံးရမည်ဖြစ်သည်။

ထိုမှတစ်ပါး ပစ္စည်းသည်ဧည့်သည်များသာဖြစ်သည်။ အိမ်၌အမြဲနေရန် ရောက်လာသည်မဟုတ်။ ခဏနေပြီး မကြာမီပြန်သွားကြမည်ဖြစ်သည်။ ပစ္စည်းရလာလျှင် ရောက်လာသည့် ဧည့်စာရင်းကို မှတ်နေခြင်းဖြစ်၍ ပစ္စည်းကုန်သွားလျှင် ပြန်သွားသည့် ဧည့်စာရင်းကို မှတ်နေခြင်းဖြစ်သည်။ ကိုယ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com


တရား"အား"မကျန်ဘဲ ဧည့်စာရင်းမှတ်နေရုံမျှဖြင့် လူ့ဘဝသည် ဘာမှအဓိပ္ပါယ်မရှိ၊ လူ့စွမ်းအားမပြည့်လျှင် လူဖြစ်ကျိုးမနပ်၊ ပစ္စည်းသည် တကယ့် "အား"အစစ်များမဟုတ်သေး၊ သတိဉာဏ်ကင်းလျှင် "အား"ပျက်တတ်၍ သတိဉာဏ်ရှိမှ "အား" အဖြစ်ကျန်ရစ်မည်။ ပစ္စည်းသည် တရား"အား"၏ ကုန်ကြမ်းသာဖြစ်သည်။ တစ်နေ့တစ်ရက်မျှ မကင်းနိုင်သည့် လူ့အဖော်များလည်း ဖြစ်သည်။ အဖော်ဆိုလျှင် "အား"ရှိမှ ကောင်းမည်။

လောကအတတ်ပညာသည် လောကနောက်သို့ လိုက်သွားရုံသာ စွမ်းနိုင်သည်။ လောကကို အနိုင်ယူနိုင်သည့် နည်းလမ်းမဟုတ်၊ လောကအောက်ကသာနေရမည်။ လောကအနိုင်ကျင့်သည်ကို ခံရမည်။ ထို့ကြောင့် လူ့"အား"အစစ် မဟုတ်သေး။

ပစ္စည်းဟူသောလောကအရှိနှင့် အတတ်ပညာဟူသော လောကအသိသည် လူ့ခြေထောက် မျှသာ ဖြစ်သည်။ လောကအောက်ကသာ သွားရမည်။ ပစ္စည်းပေါများပါလျက် လောကအတတ်ပညာ တစ်ဖက်ကမ်းခတ်တတ်မြောက်ထားပါလျက် မဆုံးနိုင်သည့် လူမှုဒုက္ခပြဿနာများဖြင့် ပူလောင် ရှုပ်ထွေးနေရသူတွေ ဒုနှင့်ဒေး မြောက်မြားစွာရှိနေကြသည်။

တရားသည် လူ့အတောင်ပံဖြစ်သည်။ တရားဖြင့် အားယူနိုင်မှ လောကအပေါ် လွှမ်းမိုးနိုင်မည်။ သောကပရိဒေဝစသည့် လူ့အပူမျိုးစုံကို လွှမ်းမိုး၍ ပျံသန်းနိုင်သည်။ ငှက်သည် ခြေထောက်ကို သွားလာလှုပ်ရှားနားနေဖို့ အခိုက်အတန့်သာသုံးသည်။ အရေးကြုံလာလျှင် တောင်ပံကို အားကိုးသည်။ နောက်မှ ခဲတုတ်စသည်ဖြင့် လိုက်ပစ်ခတ်လာလျှင် တောင်ပံကို အားပြုပျံသန်း ရှောင်တိမ်းသည်။ ဘေးရန်လိုက်လာသော်လည်း မမှီဘဲ ဘေးရန်လွတ်သွားသည်။ အဝေးကိုသွားလိုလျှင်လည်း တောင်ပံကိုပင် အားပြု၍ ပျံသန်းသည်။ တောင်ပံဖြင့်ပျံလိုလျှင် ခြေထောက်ဖြင့် အားယူပေးရသည်။

လူသည် ပစ္စည်းနှင့်အတတ်ပညာ ခြေထောက်ရှိသော်လည်း တရားတောင်ပံဖြင့် ပျံသန်းမှ ဘေးရန်ဆင်းရဲ အပူမျိုးစုံလွတ်ငြိမ်းနိုင်မည်။ အရှိကလူကိုနိုင်လျှင် လူဒုက္ခရောက်မည်။ လူက အရှိကို နိုင်မှ လူချမ်းသာမည်။ တရားအသိ သတိရှိနေမှလည်း ကိုယ့်အရှိကိုကိုယ်နိုင်မည်။

အရှိအားလုံးကို "အား"အဖြစ်ပြောင်းလဲအနိုင်ယူရန် အချိန်အာရုံစိတ်ကို ထိန်းသိမ်းအသုံးချ ပေးနိုင်သည့် သတိ "အား" ကို အထူးလိုအပ်သည်။သတိမရှိလျှင် အားပျက်၍ သတိရှိမှ အားတက်သည်။ သတိလွတ်လျှင် ဘဝနာသည် (ဘဝ္ဂ ရေးချပြုတ်သွားသည်) သတိကပ်ပေးမှ ဘဝနာပေါ် လာသည်။ သတိလွတ်လျှင် ရောဂီ ( ရကောက် ရောဂီ )၊ အနာသည်ကြီး၊ အထိန်းမရှိသည့် စိတ် နှင့် အစီအစဉ် ကင်းမဲ့သည့်အာရုံများ တစ်ဒေါင်းဒေါင်း ဝင်ဆောင့် တိုက်ခိုက်မိ၍ ကိုယ်ရောစိတ်ပါ နာနေတတ်သည်။ မတော်တဆ အထိအခိုက်တွေ ကြောင့်လည်း နာနေတတ်သည်။ သတိကပ်ပေးတော့ ယောဂီ(ယပက်လက်ယောဂီ)၊ စွမ်းအားပိုင်ရှင်ကြီး၊ ဘဝနာနှင့်ရောဂီ ဘာဝနာနှင့်ယောဂီ အတူတူ ပင်ဖြစ်သည်။ သတိရှိနေလျှင် အသုံးချဉာဏ်လည်း ပေါ်လာရသည်။ ထမင်းစားတော့ ထမင်းစား ယောဂီ၊ လမ်းသွားတော့ လမ်းသွားယောဂီ၊ ထမင်းချက်တော့ ထမင်းချက်ယောဂီ၊ ကလေးထိန်းတော့ ကလေးထိန်းယောဂီဖြစ်သွားသည်။ အလုပ်အားလုံး "အား"ပါသွားသည်။ အားပါလျှင် အားကိုးရသည်။

လောကအတတ်ပညာသည် သညာဝိတက်ကိုအရင်းခံ၍ ဘဝအသုံးချ တရားဆိုင်ရာ ဉာဏ်ပညာသည် သတိသမာဓိကို အခြေခံအင်အားယူသည်။ တစ်နည်းအားဖြင့် စာသိပညာသည် သညာဝိတက်ကို အရင်းခံသည်။ ကျင့်သိပညာသည် သတိသမာဓိကို အခြေခံသည်။ "အား" အစစ် ရလိုသူသည် (၁) မည်သည့် အလုပ်ကိုမဆို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် စူးစူးစိုက်စိုက် လုပ်တတ်ရမည်။ (၂) အရှိကိုအရှိအတိုင်း ဉာဏ်ဖြင့်ကြည့်ရှုသုံးသပ်ဆုံးဖြတ်တတ်ရမည်။ (၃) မည် သည့်အရာမဆို တစ်ခုခုကုန်သွားတိုင်း "အား"တစ်ခုခုကျန်နေခဲ့ရမည်။ ဤသည်ပင်လျှင် အိမ်တွင်းမဂ္ဂင် လူ့ကျင့်စဉ် ဖြစ်သည်။

မိမိနှင့်ဆိုင်ရာ အချိန်အင်အား ပစ္စည်းစသည်တို့သည် အမြဲနှုတ်နေကြသည်။ နှုတ်ပုံ ၃မျိုး ရှိသည်၊ (၁) တားမရသည့်သဘာဝအနှုတ်က ၁-မျိုး၊ ပြင်သမျှပျက်သွား ခြင်း ဖြည့်သမျှ ကုန်သွားခြင်း စသည်၊ (၂) လိုအပ်၍ နှုတ်ယူနေရသည့် အနှုတ်က ၁-မျိုး၊ နေ့စဉ်စုဆောင်းထားသည့် ပစ္စည်းထဲမှ နှုတ်ယူသုံးစွဲနေရခြင်း စသည်၊ (၃) မလိုအပ်၍နှုတ်ပစ်နေရသည့် အနှုတ်က ၁-မျိုး၊ စိတ်ထဲ၌ ကိလေသာရုပ်ခန္ဓာ၌ အညစ်အကြေး



www.burmeseclassic.com

www.burmeseclassic.com


အိမ်ကျောင်းထဲ၌အမှိုက်ကိုစွန့်ပစ်နေရခြင်းစသည်၊ ထို ၃မျိုး တို့တွင် မည်သည့်နည်းဖြင့်ပင် နှုတ်၍ ကုန်ဆုံးသွားသည်ဖြစ်စေ၊ သတိဉာဏ်ဖြင့် "အား" တစ်ခုခု ကျန်နေခဲ့အောင် ဆွဲယူစစ်ထုတ်ထားတတ်ရမည်။ ကုန်ဆုံးသွားခြင်းသည် "အား"သာ ဖြစ်ရမည်။ တစ်ခုခုကုန်သွားတိုင်း ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ "အား"တစ်ခုခုပေါ်လာရမည်။ ဤသို့ သတိဉာဏ်သည် တစ်ကိုယ်ရေတစ်ယောက် "အား"ကို ကျေနပ်လောက်အောင် ဖော်ထုတ်ပေးသည်။

စုပေါင်း "အား" ကို ခန္တီနှင့် မေတ္တာက ဖန်တီးပေးသည်။ သည်းခံခွင့်လွှတ်မှု အားနည်းလျှင် မေတ္တာအား ဖော်ထုတ်ဖို့မလွယ်၊ ဥပေက္ခာအားနည်းလျှင်လည်း မေတ္တာမစင်ကြယ်တတ်၊ ဆွေမျိုး မိတ်ဆွေ၊ တစိမ်း မည်သူနှင့် အတူနေရနေရ ခန္တီ၊ ဥပေက္ခာ မွမ်းထုံသည့် မေတ္တာဖြင့် လွှမ်းခြုံထားနိုင်မှ စုပေါင်း "အား"ကိုရနိုင်မည်။ သတိဉာဏ်ဦးဆောင်မှုလည်း စုပေါင်း "အား" စေ့စပ်သေချာ မည်။

အများနှင့်စုပေါင်းနေလျှင် ယင်ကောင်လို မရှုပ်ထွေး မညစ်ညမ်းစေရ၊ ပျားကောင် လို ဖွဲ့စည်းပုံစနစ်ဖြင့် ဖြောင့်မှန်စွာပေါင်းစုတတ်ရမည်။ ဖွဲ့စည်းပုံစနစ် ၄-ချက်ရှိသည်။

၁။ အမျိုးဘာသာ သာသနာအတွက် ခံယူ ဦးတည်ချက်ရှိရမည်။ အမျိုးကို နည်းမှန် လမ်းမှန် ချစ်တတ်ရမည်။ နာမည်ကောင်းကို ထိန်းထားနိုင်ရမည်။

၂။ စည်းကမ်းရှိရမည်။ အချင်းချင်းသစ္စာရှိရမည်။

၃။ ခွဲဝေအသုံးချ အနစ်နာခံစွန့်လွှတ်နိုင်ရမည်။ မိသားစုစိတ်ဓါတ်ရှိရမည်။ အကျိုးလိုလားရမည်။

၄။ စည်းစားနိုင်းချိန် သုံးသပ်ဆုံးဖြတ်နိုင်သည့်ပညာရှိရမည်။ တစ်နည်းအားဖြင့် (၁) သည်းခံတတ်ရမည်။ (၂) သနားကြင်နာကိုယ်ချင်းစာတတ် ရမည်။ (၃) သူကြီးပွားလျှင် ဝမ်းသာတတ်ရမည်။ (၄) မေတ္တာထားတတ်ရမည်။

စုပေါင်းအားကို ဤ(၄)ချက်ဖြင့် ဖွဲ့စည်းဖော်ထုတ်ရသည်။ ၂-ယောက်တည်းမှအစ မြောက်မြားလှစွာသော အရေအတွက်ထိ ဤစနစ်အတိုင်း ဖွဲ့စည်းပေါင်းစုနေတတ်ကြလျှင် ဒါန၊ သီလ၊ သမာဓိ ဝိပဿနာအားများ တိုးပွားလာမည်သာဖြစ်သည်။

မိမိ၏ပစ္စည်းများနှင့်လည်း သတိဉာဏ်ဦးဆောင်သော မေတ္တာဖြင့်ပင် ဖွဲ့စည်းထားရမည်။ ပစ္စည်းကို မေတ္တာပို့လွှတ်ခြင်းမဟုတ်သော်လည်း ပစ္စည်းကိုလက်ခံယူကြမည့်ပုဂ္ဂိုလ်များအပေါ် မေတ္တာလွှမ်းခြုံ၍ "အား"ကျန်နေခဲ့အောင် ပစ္စည်းဖြန့်ဝေတတ်ရမည်။ ကိုယ့်အတွက်သုံးစားလျှင် သက်ရှည်ကျန်းမာဖို့ ခွန်အားတိုးဖို့ ဉာဏ်ပညာတိုးဖို့ ခန္ဓာကိုအသုံးချဖို့ ရည်ရွယ်ရမည်။ မိမိ၏ ကိုယ်အား၊ ဉာဏ်အားဖြင့် အများချမ်းသာအောင် ကူညီပေးဖို့ ဦးတည်ချက်ထားတတ်လျှင် လူနှင့် ပစ္စည်းဖွဲ့စည်းပုံ နည်းလမ်းမှန်သွားသည်။ ထိုမှတပါး (၁) ကျေးဇူးရှင်၊ (၂) မိသားစု၊ (၃) ဆွေမျိုး မိတ်ဆွေ၊ (၄) အလှူခံဟူသောပုဂ္ဂိုလ် ၄-မျိုး တို့အား ပေးရသည့်အခါတိုင်း မေတ္တာလွှမ်းခြုံ၍သာ ပေးရမည်။ ပေး၍ကုန်သွားတိုင်း မိမိ၌ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အားများသာ ကျန်နေခဲ့ကြရမည်ဖြစ်သည်။

မေတ္တာကောင်း၍ စိတ်ငြိမ်သက်ငြိမ်းချမ်းလျှင် စိတ်ထဲ၌ အလုံးအကြိတ်အခဲများ ကင်းနေသဖြင့် ဝိပဿနာရှု၍ လွယ်ကူခြင်း အကျိုးကိုပါဆက်ရသွားမည်။ ဝိပဿနာဟူသည် ရုပ်နာမ်ခန္ဓာ၏ အမှတ် (၃) ခုကို မှတ်သားရှုပွားခြင်းဖြစ်သည်။ လူတစ်ယောက်ယောက်ကို အမှတ်အသားတစ်ခုခုဖြင့် မှတ်ထားသကဲ့သို့ ရုပ်နာမ်ခန္ဓာကိုလည်း မခိုင်မြဲမှု၊ ညှင်းဆဲနှိပ်စက်မှု အလိုမလိုက်မှုဟူသော အမှတ် အသား(၃)ခုဖြင့် မှတ်ထားခြင်းဖြစ်သည်။ လက်တွေ့တကယ်သိသွားလျှင် အစွဲအရှုပ် အပူများကင်း၍ အနေရှင်းသွားမည်။

သတိသည်တရားအားလုံးကို ချုပ်ကိုင်လွှမ်းမိုးထားနိုင်သောကြောင့် ဓမ္မရာဇာ ◦ တရားမင်းပင်ဖြစ်သည်။ သတိကောင်းမှ တစ်ကိုယ်ရေအား စုပေါင်းအား အကောင်းတရားအားလုံး တိကျ၍ ပြည့်ဝနိုင်သည်။ သတိအထိန်းကောင်း၍ ရရှိလာသောကောင်းမှုတရားအားလုံးကိုလည်း အရာရာ လွှမ်းမိုးနိုင်သောကြောင့် တရားမင်းဟုပင် ဆိုထိုက်သည်။ ထို "အား"ပါသော ကောင်းမှုတရားသည် (၁) မည်သူမျှမပေးနိုင်သည့် အံ့ဖွယ်ကောင်းကျိုးကိုပေးစွမ်းနိုင်သည်၊ ကံတကယ်ကောင်းလျှင် အများ မော်ကြည့်ရသည်။ (၂) မည်သူမျှ


www.burmeseclassic.com

www.burmeseclassic.com


မဖြေရှင်းနိုင်သည့် အခက်အခဲအားလုံးနှင့် မည်သူမျှမတားဆီးနိုင်သည့် ဘေးရန်အပူအားလုံးကို ဖြေရှင်း တားဆီး ဖယ်ရှားပေးနိုင်သည်၊ မိမိ၏စေတနာသည် တကယ် သုံးတတ်လျှင် တကယ် "အား" ပြည့်ပါသည်။ (၃) ခံနိုင်မှုစွမ်းအား ရင့်ကျက်မှုစွမ်းအားကို ထူးခြားစွာ ပေးနိုင်သည်၊ တရားသည် လူနှင့် လောကအကြား၌ အခံခံတတ်ခြားပေးသဖြင့် လူသည် ခံနိုင်ရည်ရှိ၍ ရင့်ကျက်သည်။ အားလုံးကို အနိုင်ယူလွှမ်းမိုးလိုလျှင် အားလုံးကိုနိုင်သော သတိကို အမြဲကိုင်ထားရုံသာတည်း။

သတိရှိလျှင် အလုပ်ဖြစ်သည်၊ အလုပ်ဖြစ်လျှင် "အား"ပါသည်။ အလုပ်တိုင်း "အား" ပါအောင် သတိအသုံးချနည်းကား (၁) လုပ်ကိုင်ဆောင်ရွက်လိုသည့် အာရုံကို အလုပ်မဖြစ်မချင်း ပုံပေါ်အောင် ဖော်ယူရမည်။ (၂) အာရုံနှင့်စိတ် ချပ်ချပ်ရပ်ရပ်စွပ်မိသွားအောင်ကပ်ပေးရမည် (၃) အချိန် အကြိမ် လုပ်ငန်း ပမာဏအားဖြင့် ကန့်သတ်ထားသည့် အလုပ်မပြီးမချင်း အာရုံမပျောက်အောင် ထိန်းထားရမည်။ (၄) အလုပ် တစ်ခု လုပ်နေစဉ် အခြားအာရုံမဝင်ရအောင် ကန့်ထားနိုင်ရမည်။ (၅) အလုပ်တစ်ခု လုပ်နေစဉ် အစ အလယ် အဆုံးအကုန်သိနေအောင် အသိချင်းစပ် ထားရမည်။ (၆) ပြုလုပ်နေဆဲအလုပ် အားလုံး အရေးကြီးသည်ဟု သဘောထားရမည်။ သို့ရာတွင် တစ်ချိန်၌ အလုပ် ၁-ခု သာ အရေးကြီးရမည်။ ၂-ခု ၃-ခု တစ်ပြိုင်တည်းမြွတ်သိပ်၍ အရေးကြီးလျှင် ရှုပ်သွား မြုပ်သွားတတ်သည်။ အရှိအောက် ပိသွားတတ်သည်။

အမြဲ "အား"ရှိနေဖို့ သတိကိုအမြဲကိုင်စွဲထားရုံသာတည်း။ ကိလေသာကိုနိုင်မှ တရား "အား" ဟုခေါ်သည်။ ကိလေသာသည် သတိနှင့်တွဲမဖြစ်နိုင်၊ သတိကိုင်သလောက် ကိလေသာကို နိုင်ပြီး အံ့ဖွယ်ထူးခြား လူ့စွမ်းအားများ အဆက်မပြတ်ရရှိနေတော့မည်သာ ဖြစ်ပေသည်။ ပဌမ-ဒုတိယ ကန်တောရ ဆရာတော်ဘုရားကြီး (၂)ပါး တို့သည် သတိမေတ္တာကြီးမားတော်မူကြသဖြင့် တစ်ကိုယ်ရေ အား စုပေါင်းအားကို ထုထည်ကြီးမားစွာ တည်ဆောက်တော်မူနိုင်ခဲ့ကြသည်။ ကန်တောရ ကျောင်းတိုက်ကို အားပြည့်အောင် "အား" သွင်းပေးတော် မူခဲ့ကြသည်။ သို့ဖြစ်၍ ကန်တောရကျောင်း တိုက် နှစ် ၁၀၀ကို ဤ "အား"ဖြင့် ပူဇော်အပ်ပါသတည်း။

## "အား"

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ၁၂၆၆ ခု၊ ဝါဆိုလ၌ ဖွားမြင်တော်မူခဲ့၍ ၁၃၆၆ ခု၊ ဝါဆိုလ၌ နှစ် (၁၀၀)တိတိ ပြည့်တော်မူသည်။ ကန်တောရကျောင်းတိုက်သည်လည်း ၁၂၆၆ ခု၊ ဝါဆိုလ၌ စတင်ပေါ်ပေါက်ခဲ့၍ ၁၃၆၆ခု၊ ဝါဆိုလ၌ပင် နှစ် (၁၀၀)တိတိ ပြည့်မြောက်လာသည်။

သို့ဖြစ်၍ မဟာစည်ဆရာတော်ဘုရားကြီးနှင့် ကန်တောရကျောင်းတိုက်တို့သည် အချင်းချင်းဖွားဖက်တော်များ ဖြစ်ကြပါသည်။

ထို့ကြောင့် မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်အထိမ်းအမှတ် ပူဇော်ပွဲအတွက် တိပိဋကယောဆရာတော် ရေးသားပူဇော်ပေးခဲ့သည့် "အား"တရားတော် ကို ကြုံကြိုက်တိုက်ဆိုင်လာသော ကန်တောရကျောင်းတိုက် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် အထူး လက်ဆောင်အဖြစ် ထုတ်ဝေလိုက်ပါသည်။

တိပိဋက ယောဆရာတော်

## " အား "

( တိပိဋက ယောဆရာတော် )

- လောကတွင်းမှာ၊ အရာရာ၊ ရပ်တာ ဘာမှမရှိကြ။
- စိတ်မပါလဲ၊ မရပ်ဘဲ၊ အမြဲရေတွက်ရ။
- စွမ်းအားမပါ၊ ရေစရာ၊ လွန်စွာကြောက်လန့်ရ။



www.burmeseclassic.com

www.burmeseclassic.com



- **စွမ်းအား ပြည့်ကာ၊ ရေစရာ၊ ကောင်းစွာအားရှိလှ။**
  **စိတ်ကိုသန့်ကာ၊ ကောင်းစွာလုံစေ၊ အားတက်စေ၍ ၊ အရေအတွက်၊ အားဖြည့်စွက်၊ ဟာကွက်ပြည့်နိုင်ကြ။**
- **သတိမပါ၊ အသိကွာ၊ ရှိတာမသိရ။**
- **သတိတွဲကာ၊ အသိပါ၊ ရှိတာအပြည့်ရ။**
- **သတိတစ်လုံး၊ အစဉ်သုံး၊ ရွှင်ပြုံးအေးချမ်းရ။**
- **တိမ်တိုက်ပမာ၊ သံသရာ၊ တွေ့လာတစ်ခဏ။**
- **လေကြောင့်ကွဲကာ၊ ပျက်ရရှာ၊ လျင်စွာပျောက်သွားကြ။**
- **သူနှုတ်သွားလျှင်၊ အသိဝင်၊ စွမ်းအင်ဆက်ပေးမှု။**
- **သတိဉာဏ်ကူ၊ အပူနှုတ်ကာ၊ အေးတာကိုဆက်၊ ရှေ့ကိုတက်၊ နှုတ်ဆက်သူတွေ စိတ်အေးရ။**
- **လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းမှ ရနိုင်ကြ။**

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ နှုတ်မြွက်သံကို ဆဋ္ဌသင်္ဂါယနာ အမေးအဖြေ တရားတိပ်ခွေမှ မိမိ သာမဏေဘဝကပင် ကြားနာခဲ့ရဖူးပါသည်။ ၁၃၂၂- ခုနှစ် တပို့တွဲလ ကန်တော်ရစာပြန်ပွဲ၌ တရားတိပ်ခွေဖွင့်ပြသဖြင့်ကြားနာရခြင်း ဖြစ်ပါသည်။ စူဠကမ္မဝိဘင်္ဂသုတ် အမေးအဖြေကို စတင်၍ နာကြားရသည်ဖြစ်ရာ မဟာစည်ဆရာတော် ဘုရားကြီး၏ အမေးသံနှင့် တိပိဋက ဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ဘုရားကြီး၏အဖြေသံတို့သည် နာကြားရသူ မိမိ၏ စိတ်ကို အထူးဆွဲဆောင်နိုင်စွမ်းရှိသည်။ ကြားနာ၍ မဝနိုင်လောက်အောင် "အား" အပြည့်ပါသည်။ သဒ္ဓါပီတိ သောမနဿကို တစ်ဖွားဖွားဖြစ်ပေါ် တိုးပွားစေပါသည်။

ဆဋ္ဌသင်္ဂါယနာ အမေးအဖြေ ဆရာတော်နှစ်ပါးတို့၏ အသံကိုကြားရတိုင်း မိမိစိတ်သည် ဆဋ္ဌသင်္ဂါယနာတင်ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်းသို့ စိတ်ကူးဖြင့် ရောက်သွားမိသည်။ "ငါ့နားနှင့် ငါ့စိတ် မင်္ဂလာရှိလှပေစွ" ဟု ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ခဲ့ရသည်။ ကျောင်းပိဋကတ်တိုက်မှ ဆဋ္ဌသင်္ဂါယနာ ဆိုင်ရာစာအုပ်များ၊ မဟာစည်ဆရာတော်၏ ထေရုပတ္တိစာအုပ်များကို ထုတ်ယူ ဖတ်ရှုလေ့လာခွင့်ရသောအခါ ပိုမို၍ ကြည်ညိုလေးစားခွင့်ရခဲ့ပြန်သည်။

ထို့နောက် မကြာမီ မဟာစည်ဆရာတော်၏ဝိပဿနာရှုနည်းစာအုပ်ကို ဖတ်ရှုလေ့လာခွင့် ရပြန်သည်။ ဆရာတော်၏စွမ်းရည်ကိုသိရှိယုံကြည်ပြီးဖြစ်သဖြင့် စိတ်ဝင်စားစွာဖတ်ရှုမိသည်။ ဆရာတော်၏ ဓာတ်ကောင်းများ အထိုက်အလျောက်ကူးယူခွင့်ရခဲ့သည်။ ထိုစဉ်က မိမိတွင် ပရိယတ္တိ အခြေခံ အားနည်းခဲ့သေးသော်လည်း မြန်မာလိုရှင်းပြသော ဆရာတော်၏စာကို ဖတ်ရှုရသဖြင့် ဝိပဿနာ အခြေခံ သဘောကို အသင့်အတင့်နားလည်ခဲ့ပါသည်။ ဤကား သာမဏေဘဝက ဓမ္မဂုဏ်ကို အာရုံပြု၍ မဟာစည်ဆရာတော်ကို အဝေးမှမှန်း၍ ကြည်ညိုခဲ့ရခြင်းပေတည်း။

မိမိရန်ကုန်သို့ရောက်လာသောအခါမှသာ မဟာစည်ဆရာတော်ကို အနီးကပ် ဖူးမြင်ခွင့်ရသည်။ မိမိတို့ တိပိဋကစာမေးပွဲ ဖြေဆိုခဲ့စဉ်က တိပိဋက ရွေးချယ်ပွဲကို မဟာစည်ရိပ်သာ ဖလ်ယဉ်မှော်ရုံ၌ ကျင်းပသဖြင့် မဟာစည်၏ ကျေးဇူးပြုမှုကို ပိုမိုခံယူရသည်။ မဟာစည်ရိပ်သာသည် မိမိတို့၏ တိပိဋကအောင်မြေ ဖြစ်ခဲ့ရသည်။ အထူးအားဖြင့် မိမိတို့၏ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော် (ဘဒ္ဒန္တ ဝါသဝ ဘိဝံသ)ပျံလွန်တော်မူစဉ်က မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကြွရောက်၍ ဈာပနပွဲတွင် တရားဟောကြား ချီးမြှင့်ပေးတော် မူခဲ့ပါသည်။

လောက၌ မည်သည့်အရာမျှရပ်မနေကြဘဲ တစ်လှုပ်လှုပ်ပြောင်းလဲနေကြသည်။ နေလများကလည်း မရပ်၊ အချိန်နာရီကလည်းမရပ်၊ ခန္ဓာကလည်းမရပ်၊ ပြုပြင်ကျွေးမွေးနေရမှုကလည်းမရပ်၊ ပြုပြင်ကျွေးမွေးဖို့ ရှာဖွေစုဆောင်းနေရသည့် အလုပ်ကလည်း ရပ်ထား၍မဖြစ်၊ သက်မဲ့သက်ရှိ မည်သည့်အရာမျှ ရပ်မနေကြသဖြင့် အရေအတွက်ဟုအမြဲရှိနေမည် ဖြစ်သည်။ စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ နေ့တိုင်း အမြဲ ရေတွက်နေရမည်သာတည်း။ မရပ်ဘဲ လှုပ်ရှားနေရသလောက် အရေအတွက်ကလည်း အမြဲတိုးနေမည်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဆုတ်ကပ်ကာလ လူ့ဘဝတစ်သက်သည် ဂဏန်းပေါင်းစက်ဖြင့် တွက်ရလောက်အောင် မများလှ၊ ဆယ်ဂဏန်းမျှသာရှိသော်လည်း အမျိုးစုံလှသည့် လူ့အရေအတွက်များကား ဂဏန်းပေါင်းစက်ဖြင့် လိုက်တွက်၍မမီနိုင်လောက်အောင် များပြားလှသည်။ များပြားလှသည့် လူ့အရေအတွက်များကို တရားစွမ်းအားပုံစံဖြင့် အကန့်လိုက် သိုမှီးသိမ်းဆည်းပေးနိုင်ရန် သတိဉာဏ်ဟူသော အချိန်ထိန်း၊ အာရုံထိန်း၊ စိတ်ထိန်းကိရိယာကို အထူးလိုအပ်ပေသည်။

နေ့စဉ် မလွဲမသွေရေတွက်နေရသော လူ့အရေအတွက်သည် အရည်အသွေးစွမ်းအား ပါ မပါ အားဖြင့် ၂-မျိုးရှိသည်။ သဒ္ဓါ၊ သတိ၊ အသိမပါသူများ၏ ကြိုးစားလှုပ်ရှားမှုအားလုံး အရည်အသွေးမပါသော အရေအတွက်ချည်းသာ ဖြစ်သည်။ "အား"မပါသော လှုပ်ရှားခြင်းများလည်းဖြစ် သည်။ အရည်အသွေးမပါသော အရေအတွက်သည် ကိုယ့်ကိုပြန်ခြိမ်းခြောက်တတ်သဖြင့် ရှိသလောက် တိုးလာသလောက်ကြောက်ရသည်။

သဒ္ဓါဖြင့် သန့်၍သတိဖြင့် သိုမှီးသိမ်းဆည်းထားသော စိတ်သန့်စိတ်လုံကို ဝီရိယနှင့်တွဲပြီး သုံးနိုင်သူအတွက် အရည်အသွေးပါသော အရေအတွက်ချည်းဖြစ်နေသည်။ ဘဝအနှစ်ချည်းသာ တိုးနေမည် ဖြစ်သည်။ ကောင်းမှုပြုခြင်းဟူသည် အခွံချည်းရေတွက်မနေဘဲ အရေအတွက်ထဲ၌ အရည်အသွေး ထည့်သွင်းပေးရသည့်အလုပ် ဖြစ်သည်။ ကုန်ဆုံးယုတ်လျော့သွားသည့် အရေအတွက်ထဲ၌ ဟာကွက်ပြည့်အောင် တရားဖြင့် "အား" ဖြည့်စွက်ပေးရသည်။ ကုန်သွားသည့်နေရာ၌ "အား" ဖြည့်စွက်ပေးနိုင်သောအရာကား တရားမှတစ်ပါး မည်သည့်အရာမျှမရှိချေ။ အရည်အသွေးပါသော အရေအတွက်သည် တိုးလာသလောက် "အား"ကို ပြည့်စေသည်။

ဗုဒ္ဓသာသနာလမ်းစဉ် လက်တွေ့အကျင့်လုပ်ငန်းပိုင်း၌ သတိသည် လိုရင်းအချုပ် ပဓာနဖြစ်သည်။ သတိသည် "စွမ်းအား" အကုန်လုံးကို ထိန်းချုပ်ဖော်ထုတ်ပေးနိုင်သည့် အားအကောင်းဆုံးတရား ဖြစ်သည်။ သာသနာ့ကျင့်စဉ် အားလုံးခြုံမိငုံမိအောင် ချုပ်ကိုင်ပေးနိုင်သော ပင်မ "အင်အား" လည်းဖြစ်သည်။ စိတ်အစဉ်၌ သတိမပါလျှင် အမှန်အတိုင်း ကြည့်ရှုသုံးသပ်ဆုံးဖြတ်နိုင်သည့် အသိတရား မတိကျမပြည့်ဝနိုင်ပေ။ သတိမပါလျှင် အသိသေနေတတ်သဖြင့် လှုပ်နေသော်လည်း လုပ်ကိုင် ဆောင်ရွက်နေသော်လည်း တကယ်အားကိုးရမည့် "အား" မပါဝင်နိုင်ချေ။ သတိအသက်သွင်းပေးမှ အကြည့်ရှင်းပြီး အသိတရားတိကျပြည့်ဝနိုင်သည်။ အမှန်အားကိုးရမည့် စွမ်းရည် "အား"လည်း အပြည့်အဝရနိုင်မည်ဖြစ်သည်။ သတိသည် အသိ၏ အသက်ဖြစ်သဖြင့် သတိအထိန်းပါသည့် အား ထုတ်မှုကသာ အလေအလွင့်မရှိ တိကျသည့်စိတ်စွမ်းအားတန်ခိုးကို တိုးတက်စေနိုင်သည်။

ဘဝသံသရာခရီးသည်ဖြစ်သော မိမိတို့သည် ကောင်းကင်ပြင်က တိမ်တိုက်ပမာ တစ်ခဏသာ အချင်းချင်း တွေ့ဆုံခွင့်ရကြသည်။ ကောင်းကင်ကတိမ်များသည် ကိုယ့်သဘောဖြင့် ရပ်တည်သွားလာ လှုပ်ရှားခွင့်မရှိဘဲ လေ၏တွန်းအားဖြင့်သာ ရွေ့လျားနေကြရသည်။ တိမ်သည် (၁)လေကြောင့် တစ်စုနှင့် တစ်စုပေါင်းမိသည်။ (၂) လေကခွဲပစ်လိုက်ပြန်သဖြင့် မကြာမီလေကြောင့်ပင် တစ်စုနှင့် တစ်စု ကွဲသွားကြ ပြန်သည်။ လေအဟုန်ဖြင့်ရွေ့လျားနေစဉ် တစ်ခါတစ်ရံ တစ်ချို့တိမ်များ ဆင်ရုပ်၊ မြင်းရုပ်၊ လူရုပ်စသည့် ပုံသဏ္ဌာန်များပေါ်လာတတ်သည်။ သို့သော် မကြာလိုက်ပါ။ တစ်ခဏသာ ဖြစ်သည်။ (၃) တစ်ချို့တိမ်များ လေအကူဖြင့် အရည်ပျော်ကျကာ မိုးရည်အဖြစ်ပြိုကျကြသည်။

ဘဝသံသရာခရီးသည်သည် (၁) ကံဟူသောလေကြောင့် သားအမိ သားအဖ ညီအစ်ကို မောင်နှမ ဆရာတပည့် သီတင်းသုံးဖော်စသည်ဖြင့် တစ်ခဏပေါင်းဆုံမိကြသည်။ (၂) ကံဟူသော လေက ခွဲပစ်လိုက်ပြန်သဖြင့် မကြာမီ ကံလေကြောင့်ပင် အချင်းချင်း ရှင်ကွဲ၊ သေကွဲ ကွဲကြရပြန်သည်။ ဤအရာ၌ အတိတ်ကံ ပစ္စုပ္ပန်ကံ ၂-မျိုးလုံးပင် လေဟုန်အရာ၌ တည်ကြသည်။ ကံ ၂-မျိုးလေအဟုန်ဖြင့် သွားလာလှုပ်ရှားနေကြစဉ် အဆင့်မျိုးစုံ ပုံစံမျိုးစုံ ပေါ်လာကြသော်လည်း မကြာလိုက်ပါ။ တစ်ခဏသာ ဖြစ်သည်။ (၃) အချို့ပုဂ္ဂိုလ်များ၏ သက်မဲ့ သက်ရှိ အရာများသည် ကံ ၂-မျိုးဟူသော လေက ဖြိုချလိုက်သဖြင့် ပျောက်ကွယ် ပြိုကျ ပျက်စီးသွားကြရသည်။ ဘဝသံသရာခရီးသည်များသည် ကိုယ့်သဘောဖြင့် ရပ်တည် ကန့်သတ်ခွင့် မရှိဘဲ ကံစီမံသလို ရပ်တည် လှုပ်ရှားနေကြရသည်။

မိမိ၌ ရှိနေသော အရှိအားလုံးသည် ကိုယ်ရှိစေချင်သလောက် ရှိနေကြမည် မဟုတ်ဘဲ သူရှိနိုင်သလောက် သာရှိပြီး ကန့်သတ်ချိန်စေ့လျှင် ကိုယ့်ကို ကျောပေး၍ ခွဲခွာသွားကြမည်သာဖြစ်သည်။ မည်သည့် အရာကိုမျှ


www.burmeseclassic.com

www.burmeseclassic.com



မိမိက အပိုင်ဆုပ်ကိုင်ထားခွင့် မရှိချေ။ မိမိ၏ အရှိများ ခွဲခွာသွားတိုင်း ကုန်ဆုံးသွားတိုင်း မိမိက အေးမြစွာ နှုတ်ဆက်တတ်ဖို့ အထူးလိုအပ်မည် ဖြစ်သည်။ "နှုတ်ဆက်" ဟူသည် နှုတ်၍ ဆက်ခြင်းကို ဆိုလိုသည်။ သတိ၊ ဝီရိယ၊ သမာဓိဖြင့် အပူကိုနှုတ်၍ ဉာဏ်ဖြင့် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အအေးကို ဆက်ပေးရမည်။ သတိဉာဏ်ဖြင့် မကောင်းမှု အရှုပ်အညစ်များကို နှုတ်၍ သတိဉာဏ်ဖြင့်ပင် သန့်ရှင်းစင်ကြယ်သော ကောင်းမှု စွမ်းအား မြတ်တရားကို ဆက်ပေးတတ်ရမည်။ နှုတ်ဆက်တတ်မှလည်း စိတ်အေးရမည်ဖြစ်သည်။ ကုန်ဆုံး သွားခြင်းသည် "အား" သာကျန်နေခဲ့ရမည်။ သတိဉာဏ်သည် အကုန်ကို အရဖုံး၍ ပြုံးစရာ "အား" ကို ဖော်ထုတ်ပေးသည်။

(၁) စွမ်းအားရှင်ပုဂ္ဂိုလ်သည် ပစ္စုပ္ပန် ဘဝ၌ တွေ့သမျှ အာရုံနှင့် အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ နေတတ်ရမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် သတိဉာဏ်ကို အစဉ်လက်ကိုင်ပြု၍ "အား" ဖြစ်ပေါ်တိုးပွားအောင် နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်တော်မူခဲ့သဖြင့် တည်ငြိမ် ရင့်ကျက်အေးချမ်းစွာ နေတော်မူနိုင်စွမ်းရှိသည်။ လောကကို အနိုင်ယူနိုင်သော သတိပဋ္ဌာန် ဝိပဿနာတရားကို စံပြအဖြစ် ကျင့်သုံးပြတော်မူခဲ့သည်။ "အား" ပါအောင် "အား" ကို တကယ်ထုတ်ယူ စုဆောင်းတော်မူနိုင်ခဲ့သည်။

(၂) စွမ်းအားရှင်ပုဂ္ဂိုလ်သည် မိမိ၏ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားဖြင့် လောကသာသနာ စွမ်းနိုင်ရာဖက်မှာ သဒ္ဓါ၊ မေတ္တာ၊ ပညာကို ရှေ့သွားပြု၍ လုပတင့်တယ် ထည်ဝါခံ့ညား ကျက်သရေရှိအောင် အလှတန်ဆာ ဆင်ပေးနိုင်ရမည်ဖြစ်ရာ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူ၍ နာမည်ကောင်း ကျန်နေခဲ့ရမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် အပူပေါ်လှသည့်ဤလောက အတွင်း၌ အပူငြိမ်းကြောင်း အေးချမ်းကြောင်း သတိပဋ္ဌာန် ဝိပဿနာတရားကောင်းကို "အား" ပါအောင် လမ်းညွှန်ပေးတော်မူခဲ့သည်။ ပြည်တွင်း၌သာမက ပြည်ပ၌ပါ ကျယ်ပြန့်အောင် ဖြန့်ပေးတော် မူနိုင်ခဲ့သည်။ ကောင်းကျိုးပြု "မဟာစည်" မှတ်တိုင်ကို စိုက်ထူ နိုင်ခဲ့သည်။ "ဆဋ္ဌသင်္ဂါယနာပုစ္ဆက" ဟု မှတ်တမ်းဝင် အဖြစ်လည်း ဥဒါန်းတွင်ရစ်ခဲ့သည်။ အကောင်းဆုံး အပူငြိမ်းဆေးကို လက်တွေ့ကျကျ ပေးဝေတော်မူခဲ့သည်။

(၃) စွမ်းအားရှင်ပုဂ္ဂိုလ်သည် ဘဝကူး စိတ်အေးရအောင် သံသရာနောင်ရေး အတွက်ပါ စိတ်ချရအောင် ဘဝလွတ်မြောက်ရေးထိ သေချာအောင် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် အကောင်းဆုံးကျင့်စဉ်ဖြစ်သော သတိပဋ္ဌာန် ဝိပဿနာတရားကို "အား" ပါအောင် တကယ်ကျင့်သုံးပြနိုင်ခဲ့သဖြင့် နောင်ရေးစိတ်အေးဖို့ သေချာပြီးသားဖြစ်သည်။ ဘဝတစ်ခု၌ (က) အပျော်ဝေစု၊ (ခ) အပူဝေစု၊ (ဂ) အငေးဝေစုဟု ၃-မျိုးရှိရာ အပျော်ဝေစုတွင်လည်း အစစ်အတု ၂-မျိုး ရှိပြန်ရာ သတိဉာဏ်ဦးဆောင်၍ အပျော် အစစ်ဖြစ်သောသတိပဋ္ဌာန် ဝိပဿနာဘဝနာ၌ မွေ့လျော်တော်မူသော ဆရာတော်ဘုရားကြီးအတွက် ဘဝလွတ်မြောက်ရေးအထိ သေချာပြီးသားဖြစ်သည်။

အလုပ်သည် (၁) လုပ်ထိုက်ရမည်၊ (၂) လုပ်တတ်ရမည်၊ (၃) လုပ်နိုင်ရမည်၊ (၄) လုပ်ချင်ရမည်၊ (၅) လုပ်ဖြစ်ရမည်၊ အလုပ်ဖြစ်လျှင် "အား"ပါလာပြီ ဖြစ်သည်။ အလုပ်ဖြစ်အောင် သတိက စွမ်းဆောင်ပေးသည်။ လက်တွေ့အလုပ်ဖြင့် "အား"ဖြည့်တော်မူခဲ့၍ အများအတွက် "အား" ဖြန့်ဝေ လမ်းညွှန်ပေးတော်မူခဲ့သည့် ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ သက်တော် "နှစ် ၁၀၀" ကို (မွေအားဖြင့်ရှိနေသော အနန္တဂုဏ်ကို ) ဤ "အား"ဟူသော ဆောင်းပါးဖြင့် မြတ်မြတ်နိုးနိုး ဦးနှိမ်ချ၍ လေးမြတ်ကော်ရော် ပူဇော်အပ်ပါသတည်း။

**အားလုံးချမ်းသာကြပါစေ**

တိပိဋကယောဆရာတော်
၁၃၆၅ ခု၊ ပြာသိုလ(၂၀၀၄ ခု၊ ဇန်နဝါရီလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋက ဓမ္မလက်ဆောင် (၂၇)

## ယော

## နမော ယောသမ္ဗာပကဿ ဗုဒ္ဓဿ

### ၁၊ ယော

ယာတိ ယာပေတိ ယောမည်၏။
ယာတဗ္ဗောတိစ ယာပိတော၊
ယော ယာယတိစ ဓတေန။
ယော ဇ္ဈေစဝ ယာယတိ၊

(က) ၁။ချစ်ခင်ညီညွတ်၊ ရောက်လာတတ်၊ သိမှတ် ယော ခေါ်သည်။
၂။ချစ်ခင်စရာ၊ ဖြစ်တတ်ပါ၊ မှန်စွာ ယော ခေါ်သည်။
၃။ချစ်ခင်ကြည်ဖြူ သိတတ်မှု၊ မှတ်ယူ ယော ခေါ်သည်။
(ခ) ၁။ချမ်းသာ-၃ ရပ်၊ ရောက်စေတတ်၊ သိမှတ် ယော ခေါ်သည်။
၂။ချမ်းသာ ၃ ဖြာ၊ ဖြစ်စေပါ၊ မှန်စွာ ယော ခေါ်သည်။
၃။သစ္စာ ၄-ဆူ၊ သိစေမှု၊ မှတ်ယူ ယော ခေါ်သည်။
(ဂ) ၁။ချစ်ခင်လေးမြတ်၊ ရောက်ရှိအပ်၊ သိမှတ် ယော ခေါ်သည်။
၂။ချစ်ခင်လေးမြတ်၊ ဖြစ်စေအပ်၊ မချွတ် ယော ခေါ်သည်။
၃။ချစ်ခင်လေးစား၊ သိအပ်ငြား၊ မှတ်သား ယော ခေါ်သည်။
(ဃ) ၁။ချမ်းသာ ၃ တန်၊ ရောက်ကြောင်းမှန်၊ ဧကန် ယော ခေါ်သည်။
၂။ချမ်းသာ-၃ ဖြာ၊ ဖြစ်ကြောင်းမှာ၊ မှန်စွာ ယော ခေါ်သည်။
၃။သစ္စာ ၄-ဆူ၊ သိကြောင်းဟူ၊ မှတ်ယူ ယော ခေါ်သည်။
(င) ၁။ကောင်းစွာရောက်ရာ၊ နိဗ္ဗာန်မှာ၊ မှန်စွာ ယော ခေါ်သည်။
၂။ကောင်းစွာဖြစ်ရာ၊ မြတ်ချမ်းသာ၊ မှန်စွာ ယော ခေါ်သည်။
၃။ကောင်းစွာသိရာ၊ တရားမှာ၊ မှန်စွာ ယော ခေါ်သည်။
(စ) ၁။တရားအစု၊ မြတ်ကောင်းမှု၊ မှတ်ရှု ယော ခေါ်သည်။
၂။တရားကိုချစ်၊ ယောအစစ်၊ အနှစ် ပိုင်ဆိုင်သည်။
၃။ယောသူယောသား၊ ရိုးဖြောင့်ငြား၊ စိတ်ထား ဖြူရမည်။

### ၂၊ အထက် ယော

ကန်တောရကျောင်းတိုက် ရာပြည့်အထိမ်းအမှတ်ပူဇော်ပွဲကျင်းပနေတဲ့နေရာဒေသကလဲ ယောဒေသ၊ တရားဟောပြောပေးတဲ့ဘုန်းကြီးကလဲ ယောဘုန်းကြီး၊ တရားနာယူမှတ်သားမယ့် ပရိသတ်ကလဲ အများအားဖြင့် ယောပရိသတ်ဆိုတော့ တရားနာမည်ကိုလဲ 'ယော'လို့ပဲ နာမည်ပေး လိုက်မယ်။

ပါဠိမှာ'ယော'ဟာ အလွန်အသုံးတွင်ကျယ်နေတဲ့စကားပါ။ 'ယောဘဂဝါ၊ အကြင် မြတ်စွာဘုရားသည်၊ ယောသဘာဝေါ- အကြင်သဘောတရားသည် ယောဘိက္ခု - အကြင် ရဟန်းသည်' ဒါမျိုးတွေ အများကြီးပဲ။


www.burmeseclassic.com

www.burmeseclassic.com



နာမ်ဝိဘတ် ၇-သွယ်မှာလဲ အာလုပ်ယော၊ ပထမာယော၊ ဒုတိယယောတွေပါတယ်။ ပါဠိနှင့် နီးစပ်သူတိုင်း ယောဆိုတဲ့အသံဟာ ရိုးနေပါပြီ။

ပါဠိမှာ ဂမုဓာတ်နောင်ရော-ပစ္စည်းသက်လိုက်ရင် ဩကာရန္တနဲ့ဂေါလို့ပြီးတယ်။ ရောက်တယ်၊ ဖြစ်တယ်၊ သိတယ်လို့ အဓိပ္ပါယ် ၃-မျိုးပြတဲ့ ယာဓာတ်နောင်မှာ 'ရော' ပစ္စည်း သက်လိုက်ရင်လဲ ယောလို့ပြီးနိုင်တာပဲ။ ယောသူယောသားတွေ ဖွားမြင်နေထိုင်ရာဒေသ 'ယော'နဲ့ အသံချင်းတူတဲ့ 'ယော'ဆိုတဲ့ ပါဠိစကားဟာ အသံလဲကောင်းတယ်။ အဓိပ္ပါယ်လဲကောင်းတယ်။ အဲဒီ ပါဠိ'ယော'နဲ့ အသံတူတဲ့ဒေသ'ယော'မှာ နေသူတွေလဲ 'ယော'ဆိုတဲ့ နာမည်ကောင်းအောင် စိတ်ကောင်းထားပြီး ကြိုးစားဖို့လိုလိမ့်မယ်။

ပါဠိမှာ အသုံးတွင်ကျယ်နေတဲ့ 'ယော'ဟာ အောက်လမ်း 'ယော'မဟုတ်ဘူး။ အထက် လမ်း'ယော'သာ ဖြစ်တယ်။ ယောသူယောသားတွေ နေထိုင်တဲ့ဒေသ'ယော'ဟာလဲ အောက်လမ်း 'ယော'မဖြစ်စေသင့်ဘူး။ အထက်လမ်း 'ယော'ဖြစ်အောင်သာ ကြိုးစားသင့်တယ်။

## ၃၊ အဖြူ ယော

ဦးပဥ္စင်း တိပိဋကအောင်ပြီးခါစက တော်တော်နာမည်ကြီးတဲ့ ဒကာကြီးတစ်ယောက် လာလျှောက် ဖူးတယ်။ 'အရှင်ဘုရားကို ယောဆရာတော်လို့ လူတွေကခေါ်နေကြတယ် ဘုရာ့'တဲ့။ 'ယောနယ်မှာမွေးဖွားခဲ့တဲ့ ယောသားစစ်စစ်ကို ယောဆရာတော်လို့ခေါ်တာပဲ ဒကာကြီးရယ်၊ ဒါအမှန်ပဲဟာ။ မမှန်ရင်တော့ ကန့်ကွက်ငြင်းပယ်ရမှာပဲ။ ခုတော့မှန်နေတာဖြစ်လို့ ကျေကျေနပ်နပ် ထောက်ခံလိုက်ရုံပေါ့။ ဦးပဥ္စင်း ကိုယ်တိုင်လဲ ဒီနာမည်ကို သဘောကျ ကျေနပ်လွန်းလို့လက်ခံပြီး အသုံးပြုနေပါတယ်'

'ဆရာတော် --- ဒီ'ယော' ဆိုတဲ့နာမည်ကြီးကို မတပ်ချင်စမ်းပါနဲ့ ဘုရား'

'ဘာဖြစ်လို့လဲ ဒကာကြီးရဲ့'

'တပည့်တော်တို့မှတ်သားဖူးတာက 'ယော'ဆိုတာ မှော်တို့ ကဝေတို့ စုန်းတို့လို အောက်လမ်း ပညာတွေနဲ့ ထင်ရှားခဲ့တာဘုရား၊ ပယောဂဆရာတွေကတောင် 'ယောပြန်' ဆိုပြီး နာမည်တပ်ကြတာ၊ ဒီလိုအောက်လမ်းနည်းနဲ့ လူသိများနေတဲ့ 'ယော'ဆိုတဲ့ နာမည်ကြီးကို ဆရာတော်တို့လို တိပိဋက ဆရာတော်တစ်ပါးရဲ့ဘွဲ့တော်နဲ့ တွဲမခေါ်သင့်ပါဘူးဘုရား၊ အောက်တန်းကျလွန်းပါတယ်'

'ဟိုတုန်းက ယောဒေသရဲ့လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသခံလူတွေရဲ့ရိုးသားမှုတွေကို အမြ[illegible]ခံပြီး မသမာတဲ့လူတွေက အချောင်နိုက်ခဲ့ကြတာပါ ဒကာကြီး။ ပိုက်ဆံရရုံ တစ်ခုလောက်သာကြည့်ပြီး ဝတ္ထုစာအုပ်တွေနဲ့တစ်မျိုး၊ သီချင်းတွေနဲ့တစ်ဖုံ၊ ရုပ်ရှင်ဇာတ်လမ်းတွေနဲ့တစ်သွယ်၊ မဟုတ်မမှန် နည်းအမျိုးမျိုးနဲ့ 'ယော' ဆိုတဲ့နာမည်ကို အမည်းရောင် ဖုံးအုပ်ပစ်ခဲ့ကြတာပါ'

'အောက်လမ်းနည်းပညာဆိုတာ ယောနယ်ရဲ့ သီးခြားပညာ မဟုတ်ပါဘူး၊ အခြားဒေသတွေမှာလဲ ရှိတတ်တာပါပဲ'

'ဒကာကြီးပြောသလိုပဲ၊ အမည်းရောင်ဖုံးအုပ်ခံခဲ့ရတော့ ယောသူယောသား ခပ်များများဟာ အခြားဒေသတွေ ရောက်သွားတဲ့အခါ 'ယောကပါ'လို့ အမှန်အတိုင်း မပြောရဲခဲ့ကြဘူး၊ မျက်နှာငယ် ခဲ့ကြရပါတယ်။ ဘယ်ဟာ ဘယ်လိုဆိုတာလဲ ရေရေလည်လည် မဖြေရှင်းတတ်ကြပါဘူး၊ ဒီတော့ 'ယောကပါ'လို့ မပြောဝံ့တော့ပဲ 'ဒီပြင်နယ်ကပါ'လို့ ပြောင်းလွှဲပြောခဲ့ရသူတွေ အများကြီးပါ။ ဦးပဥ္စင်း မန္တလေးမှာ ပညာသင်နေတုန်းကလဲ အမေးခံခဲ့ရဖူးတယ်။ 'အရှင်ဘုရားက စကားဝဲတဲတဲနဲ့ ရှမ်း လား'တဲ့။ 'မဟုတ်ပါဘူး၊ ယော ကပါ'။ 'ယောဆိုတာ အောက်လမ်းပညာသည်တွေ သိပ်ပေါတယ်လို့ ကြားဖူးတယ်'

'ဒါတွေ ဦးပဥ္စင်းဘာမှမသိဘူး' စကားရှည်ရှည်ပြောနေလို့လဲ ဘာမှအကျိုးရှိမှာမဟုတ်လို့ ဒီလောက်ပဲ ဖြေခဲ့ဖူးပါတယ်။

'အမည်းရောင်ဖုံးအုပ်ခံခဲ့ရတဲ့ 'ယော'ကို အဖြူရောင်ပြောင်းချင်လွန်းလို့ ဦးပဥ္စင်း တိပိဋက အောင်ပြီးတဲ့ အချိန်ကစပြီး သူများတွေက 'ယောဆရာတော်'လို့ ခေါ်ကြတာကိုလဲ ကျေကျေနပ်နပ် လက်ခံအတည်ပြုခဲ့တယ်။ ဦးပဥ္စင်းကိုယ်တိုင်လဲ ကိုယ့်ဂုဏ်တက်ဖို့ထက် အမျိုးဂုဏ်နှင့် နယ်ဂုဏ်တက်ဖို့ကို ဦးစားပေးပြီး 'ယောဆရာတော်'လို့ပဲ ကျေကျေနပ်နပ် လက်ခံအသုံးပြုလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


'အောက်လမ်းနည်းနဲ့ထင်နေခဲ့တဲ့ 'ယော'ဆိုတဲ့ အမည်းရောင်နာမည်ကြီးကို အထက်လမ်းနည်းနဲ့ အဖြူရောင် ပြောင်းပေးလိုက်တာပါ။ နာမည်ကမ္ဘည်းကို ပြောင်းဖို့မလိုပါဘူး၊ အရောင် ပြောင်းပေးလိုက်ရင်ပဲ အမြင်တွေ ပြောင်းသွားကြမှာပါ'

'ယခုလို အဖြူရောင်ပြောင်းပေးလိုက်တဲ့အတွက် ယောသူယောသားခပ်များများဟာ ဘယ်ဒေသပဲ ရောက်ရောက် 'ယောနယ်ကပါ' လို့ ရဲရဲကြီး ဂုဏ်ယူဝင့်ကြွား ပြောနေကြတာကို တွေ့နေရပါပြီ၊ ဟိုမြို့ဒီမြို့တွေမှာ 'ယောအသင်း'ဆိုတာတွေလဲ ပေါ်ပေါက်နေကြပါပြီ၊ အသင်းတွေကလည်း အင်အားတစ်ခုပဲ'

'အခုတော့ ယောဒေသဟာ လမ်းပန်းဆက်သွယ်ရေးလဲကောင်း၊ လူတွေလဲ အရောက်အပေါက်များ၊ ဒေသခံလူတွေရဲ့ ဖော်ရွေတတ်တဲ့ စိတ်ရင်းစေတနာမှန်တွေကိုလဲသိကြရတော့ ယောနယ်ဟာ ကြောက်စရာ အန္တရာယ်နယ်မြေမဟုတ်ပဲ ရတနာ ၃-ပါး ရှိသေကိုင်းရှိုင်းတဲ့ ရိုးသားဖော်ရွေသူတွေ အများဆုံး နေထိုင်တဲ့ နေရာအဖြစ် အမှန်သိသွားကြပါပြီ'

'ဒါကြောင့် ဟိုတုန်းကလို ရုပ်ရှင်ဇာတ်လမ်းတွေ၊ ဝတ္ထုကာတွန်းတွေမဟုတ်မဟတ် သိချင်းတွေနဲ့ 'ယော'နာမည်ကို အမည်းရောင် မဖုံးနိုင်ကြတော့ပါဘူး'

အထက်ပါအကြောင်းအရာဟာ တကယ်အမှန်ဖြစ်ပါတယ်။ နာမည်ကိုပြောင်းဖို့မလိုပဲ စိတ်ကောင်း ထားပြီး မှန်ကန်တဲ့အလုပ်ကို ကြိုးစား လုပ်တတ်ဖို့ပဲလိုပါတယ်။ သားစိမ်း၊ ငါးစိမ်းဟာ မချက်မပြုတ် ပင်ကိုယ်အတိုင်းဆိုရင် အဆင်းအနံ့လဲ မကောင်းဘူး။ အရသာလဲ မကောင်းဘူး။ ဒီတိုင်းစားရင်လဲ အော့အန်သွားမှာပဲ။ ကျွမ်းကျင်သူက စီမံချက်ပြုတ်ပေးလိုက်တော့ အဆင်းလဲ ကောင်း၊ အနံ့လဲ ကောင်း၊ အရသာလဲ ကောင်းလို့ စားချင်စဖွယ် ဟင်းကောင်းအဖြစ် စားပွဲပေါ် ရောက်သွားတာပဲမဟုတ်လား။ သားငါးဆိုတဲ့ နာမည်မပြောင်းပါဘူး။ စီမံချက်ပြုတ်ပြီး အရောင်ပြောင်းပေးလိုက်တာပဲ။ လူလဲ စိတ်ကောင်းနဲ့ အလုပ်ကောင်းကို နည်းမှန်လမ်းမှန်လုပ်ပြီး အဖြူရောင် ပြောင်းပေးရမှာဖြစ်တယ်။

နောက်တစ်ခု စကားစပ်မိလို့ပြောရဦးမယ်။ ဦးပဥ္ဇင်းရဲ့ ဒကာရင်း ပြည်မြန်မာ ကိုအောင်ထွန်းနိုင်ရဲ့ မိခင်နာမည်က 'ဒေါ်ဆိုး'တဲ့။ ဦးပဥ္ဇင်း ဆားတောင်ကို တရားဟောသွားတုန်းက ကျောင်းကို သူတို့ ဆွမ်းလာပို့ကြတော့ ဒကာကြီးနာမည်သိပြီးသားဖြစ်လို့ ဒကာမကြီးနာမည်ကိုပဲ မေးမိပါတယ်။ 'ဒကာမကြီးနာမည်ဘယ်လိုခေါ်လဲ'၊ ဒကာမကြီးမဖြေမီ သူ့ဒကာကြီး ဦးသောင်းညွန့်က 'ဒေါ်စိုးတဲ့ ဘုရား'လို့ဖြေလိုက်တယ်။ ဒီတော့ ဒေါ်ဆိုးက 'ဘယ်ကလာ -- ဒေါ်စိုးတဲ့လဲ၊ ဒေါ်ဆိုးဟာ ဒေါ်ဆိုးပေါ့၊ နာမည်ဆိုးချင်ဆိုး လူမဆိုးရင်ပြီးရောပေါ့၊ စိတ်ကောင်းထားဖို့၊ ကောင်းတဲ့ အလုပ် လုပ်ဖို့သာ လိုရင်းပဲ'တဲ့။ ဟုတ်ပါတယ်၊ နာမည်ပြောင်းဖို့ထက် ဖြူစင်တဲ့စိတ်ထားနဲ့ အလုပ်ကို အဖြူရောင် ပြောင်းပေးဖို့သာ အဓိကပါ။

## ၄၊ အလုပ် ယော

ယောဆိုတာ (ဒေသ ယောနဲ့ အသံတူတဲ့ ပါဠိ ယော ဆိုတာ) နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းလို့ အဓိပ္ပါယ်ရပါတယ်။ မိမိတို့ဟာ ဇာတိဒေသအားဖြင့်သာ 'ယော'ဆိုတဲ့ အမည်ရတာမျိုး မဖြစ်စေပဲ အလုပ်သဘောအားဖြင့်လဲ 'ယော' အမည်ရအောင် ကြိုးစားကြရမှာဖြစ်တယ်။ နိဗ္ဗာန်ရောက်ကြောင်းဆိုတာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ၃-ပါးကို ပြောတာပါ။ လောကုတ္တရာ မဂ္ဂင်လမ်းကြောင်းပေါ်ရောက်ဖို့ လောကီ မဂ္ဂင်လမ်းကြောင်းခင်းပေးတာပဲ။ သိက္ခာ၃-ပါးကို ခွဲ့ လိုက်ရင် မဂ္ဂင်၈-ပါးဖြစ်သွားတယ်။ ကျဉ့်စဉ်အချုပ်က ဒါပဲ။ ဒါကို နောက်ထပ်ချုံလိုက်ရင် သတိ ၁-လုံးထဲမှာ အားလုံးအကျုံးဝင်သွားတယ်။

ခန္ဓာဝန်ထမ်းဆောင်ရင်း စားရင်းသွားရင်း လုပ်ရင်းကိုင်ရင်း နေရင်းထိုင်ရင်း ဘယ်ကိစ္စမဆို၊ ဘယ်အခါမဆို 'သတိအစီအစဉ်နဲ့' စိတ်ကိုတွန်းပေးလိုက်ရင် သမာဓိပေါ်လာရတယ်။ သတိလက်လွတ် နေတာနဲ့တော့ စွမ်းရည်မတူနိုင်ပါဘူး။ သမာဓိဟာ သီလကိုလဲ ခိုင်ခံ့စေတယ်။ ပညာကိုလဲ လေးနက်စေတယ်။ ရတဲ့အချိန်ကို ဖြစ်တဲ့နည်းနဲ့သုံးပြီး အဆက်မပြတ်ဖြည့်ပေးနိုင်အောင် သတိရှေ့ထား ဉာဏ်အားကိုသုံးပြီး ကြိုးစားပေးနေရမှာပဲ။

သီလစည်းကမ်းကိုလိုက်နာ၊ သမာဓိနဲ့စူးစိုက်၊ ပညာနဲ့ရှုတာကို မြင်အောင်ကြည့်တတ်ရင် သိက္ခာကို ဖြည့်ကျင့်နေတာပါပဲ။ ဒါနလုပ်တော့လဲ ဒီမဂ္ဂင်လမ်းကြောင်းနဲ့ပဲလုပ်ရမှာဖြစ်တယ်။ သတိဉာဏ်နဲ့


www.burmeseclassic.com

www.burmeseclassic.com


ဦးတည်ချက်ကောင်းရမယ်။ လမ်းကြောင်းရှင်းရမယ်။ အစီအစဉ်ကောင်းရမယ်။ ပြီးတော့လဲ ဘာမဆို အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် စူးစူးစိုက်စိုက်လုပ်တတ်ရမယ်။ အရှိကို အရှိအတိုင်း ကြည့်ရှု သုံးသပ်ဆုံးဖြတ်တတ်ရမယ်။ ဘာပဲကုန်ကုန် တစ်ခုခုကုန်ဆုံးသွားတိုင်း တရားစွမ်းအား တစ်ခုခု ကျန်နေခဲ့ရမယ်။ ဒါဆိုရင်အလုပ်သဘောနဲ့ 'ယော'အစစ်ဖြစ်နိုင်ပြီပဲ။

စိတ်အစဉ်ကိုအာရုံတွေပေါ် ဖြတ်သန်းမောင်းနှင်တဲ့အခါ သတိနဲ့ထိန်းမောင်းရမယ်။ သတိနဲ့ အကွက်ချပြီး သတိအစီအစဉ်နဲ့ ရှင်းကနဲ ရှင်းကနဲယူပေးနိုင်မှ ရှေ့နောက်စပ်သွားရင် သမာဓိပေါ်နိုင်တယ်။ သီးခြားအချိန်ယူပြီး ထွက်လေဝင်လေမှတ်တာတို့၊ ဘုရားဂုဏ်တော်ပွါးတာတို့၊ မေတ္တာပွါးများတာတို့ ဆိုရင်တော့ မပြောနဲ့တော့၊ သတိကို အများကြီးသုံးရတယ်။ ကိလေသာနဲ့သတိ တွဲလို့မရတော့ သတိအစပ်ကောင်းသလောက် စိတ်စွမ်းအားတန်ခိုးတွေတက်ပြီး အေးချမ်းလာရတယ်။

## ၅၊ အစစ် ယော

သမာဓိဆိုတာ သာသနာ့ကျင့်စဉ်ရဲ့အလယ်ဗဟိုချက်မပဲ။ စိတ်သောင်းကျန်းမှုမရှိတော့ ကိုယ်နှုတ်သောင်းကျန်းမှု ကင်းသွားလို့ သီလအလိုလိုထိန်းပြီးသားဖြစ်သွားတယ်။ စိတ်ငြိမ်တော့ ပညာကိုပါ လမ်းဖွင့်ပေးလိုက်တယ်။ သီလဆိုတာ ကိုယ်နှုတ်ရဲ့စည်းကမ်း၊ သမာဓိဆိုတာ စိတ်ရဲ့စည်းကမ်း၊ ဝိပဿနာပညာဆိုတာ အသိရဲ့စည်းကမ်းပဲ။ ဒီစည်းကမ်း ၃-ချက်ရှိနေရင် ဘာလုပ်လုပ် 'ယော'အလုပ်ချည်းပါ။

သိသင့်တာသိအောင် လေ့လာသင်ယူနာကြားပြီးတဲ့အခါ အလုပ်ပိုင်းမှာ သတိအရေးကြီးဆုံးပဲ။ သတိကင်းရင် ဉာဏ်ပါပျောက်တတ်တယ်။ သတိဉာဏ်မရှိရင် သံသရာခရီးရှည်ကြီးမှာ အဝိဇ္ဇာချုပ်နှိုင်ပြီး တဏှာခေးပြက သိက္ခာ ၃-ပါး အဖိုးတန်တရားတွေမရနိုင်အောင် လုယက်တိုက်ခိုက် နှောင့်ယှက် ဖျက်ဆီးတာခံရတတ်တယ်။ သိက္ခာဖြည့်ကျင့်ခွင့်မရတာ ကိုပဲ ခေးပြတိုက်ခံရတယ်လို့ ပြောတာပါ။ ဖြည့်ကျင့်ထားပြီးတဲ့ ကိုယ်ပိုင်တရားတွေကိုတော့ မတိုက်နိုင်တော့ပါဘူး။ အဝိဇ္ဇာ မှောင်ကင်းမှ သိက္ခာဖြည့်ကျင့်နိုင်မယ်။ သိက္ခာဖြည့်ကျင့်နေရင် အဝိဇ္ဇာလဲနည်းပါးသွားမယ်။ နောက်တော့ ကင်းသွားမယ်။ အဆိုးကင်းလို့ အကောင်းသွင်းဖို့ သတိကအချုပ်ပဲ။

တရားသတိဉာဏ်မပါပဲ ရှာဖွေစုဆောင်းနေသမျှ မိုးသီးကောက်သလို ဖြစ်နေမှာပဲ။ မိုးရွာလို့ မိုးသီးများ ကျလာတဲ့အခါ အထူးအဆန်းမှတ်ပြီး အိုးတွေခွက်တွေပုံးတွေနဲ့ ကောက်ယူ၊ မိုးသီးဆိုတာ အေးတုန်းခဲတာ၊ အိမ်ထဲသယ်ယူသွားတော့ အပူငွေ့တွေနဲ့တွေ့လို့ အရည်ပျော်သွားကြတယ်။ မိုးသီးတစ်လုံးမှ မကျန်တော့ဘူး။ လူ့အရှိအားလုံးလဲ ဒီအတိုင်းပဲ။ နောက်ဆုံး ဘာမှ ပြစရာမကျန်ပဲ မောသွားတတ်တယ်။

ဇာတိဒေသအားဖြင့် ရလာတဲ့ 'ယော' နာမည်လောက်နဲ့တော့ ဘာမှစွမ်းမှာမဟုတ်ဘူး။ အထိန်းအသိမ်း အသုံးအစွဲမတတ်ရင် စောစောကပြောခဲ့သလို အမည်းရောင် ဖုံးလွှမ်းတာတောင် ခံရလိမ့်ဦးမယ်။ အလုပ်သဘောနဲ့တရားစွမ်းအားကျန်အောင် ဖြည့်ကျင့်ကြိုးစားနိုင်မှ အဖြူရောင် 'ယော'အစစ်ဖြစ်ခွင့်ရမယ်။ 'ယော'အမည်ရတဲ့တရားကို 'ယော'အသိနဲ့ 'ယော'ပုံစံကျအောင် ဖြည့်ပေးမှဖြစ်မယ်။

## ၆၊ အကောင်း ယော

အထက်မှာပြခဲ့တဲ့ဂါထာက ဘုရားဟောမဟုတ်ပါဘူး။ ဘုရားဟောတရားတွေ ဘောင်ဝင်အောင် 'ယော'ဆိုတဲ့အသံတူရအောင် ကိုယ့်ဟာကိုယ်စီကုံးထားတာပါ။ တရားအားလုံးကိုပဲ အသံတူနဲ့ 'ယော'လို့ခေါ်ရင် ဖြစ်နိုင်တာချည်းပါပဲ။

(၁) ကောင်းမှုတရားအားလုံးဟာ ချစ်ခင်စဖွယ် ညီညွတ်စွာရောက်လာတတ်တဲ့ကြောင့် 'ယော' လို့ ခေါ်နိုင်တယ်။ သဒ္ဒါကလဲ သူ့တာဝန်နဲ့သူ ကြည်ကြည်လင်လင်၊ ဝီရိယကလဲ မခိုမကပ် တက်တက်ကြွကြွ၊ သတိကလဲ ချပ်ချပ်ရပ်ရပ် သေသေသပ်သပ်၊ သမာဓိကလဲ သူ့တာဝန်နဲ့သူ ပိုင်ပိုင်နိုင်နိုင် စူးစူးစိုက်စိုက်၊ ပညာကလဲ အလင်းရောင်ပေးပြီး ရှင်းရှင်းလင်းလင်းနဲ့ အခြားဖဿ စတဲ့တရားတွေကိုပါ စည်းရုံးပြီး ညီညီညွတ်ညွတ်ဖြစ်လာခါမှ 'ယော'အမည်ရတဲ့ ကောင်းမှုတရားပေါ်လာရတယ်။ ယောမည်တဲ့ ကောင်းမှုတရားရှိသူကိုလဲ ယောလို့ပဲခေါ်နိုင်တယ်။ ယောအစစ်ဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ချစ်တတ်ရမယ်။ တစ်ယောက်ကိစ္စတစ်ယောက် ညီညီညွတ်ညွတ် ကူညီဆောင်ရွက်တတ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com


ချစ်ခင်စရာဖြစ်တတ်တဲ့ကြောင့်လဲ ယောခေါ်ပါတယ်။ ကောင်းမှုတရားအားလုံးဟာ ချစ်စရာအနေနဲ့ ဖြစ်လာကြတာချည်းပဲ။ 'ကျွန်တော်က မိဘဆွေမျိုးအရာမှာနေပြီးတော့ ကောင်းကျိုးတွေ ပေးမှာပါခင်ဗျာ၊ ကြောက်စရာအားလုံး တားဆီးပေးမှာပါခင်ဗျာ၊ လိုချင်တာအားလုံးပြီးအောင် ဆောင်ရွက်ပေးမှာခင်ဗျာ' လို့ ပြောနေသလိုပဲ။ ကောင်းမှုတစ်ခါလုပ်လို့ပြီးသွားတိုင်း ပျော်လိုက်ရတာ၊ ယောဆိုတာ ချစ်စရာကောင်းရမယ်၊ ရုပ်လှလို့ ချစ်စရာကောင်းတာထက် စိတ်လှလို့ချစ်စရာ ကောင်းတာက ပိုပြီးတန်ဖိုးရှိပါတယ်။

ချစ်ခင်ကြည်ဖြူစွာ သိတတ်တဲ့ကြောင့်လဲ ယော ခေါ်ရတယ်။ သဒ္ဓါတရားစစ်စစ်နဲ့ ကြည်ကြည်လင်လင် ဖြူဖြူစင်စင် ပညာစစ်စစ်နဲ့ အသိအမြင်ရှင်းလင်းစွာ ပေါ်ပေါက်လာတဲ့နိဗ္ဗာန်ရောက်ကြောင်း ဝိဝဋ္ဋနိဿိတ ကောင်းမှုမျိုးပါ။ ယောဆိုရင် အသိထူးခြားရမယ်။ သိတတ်၊ နားလည်တတ်ရမယ်။ သူ့အကျိုး၊ ကိုယ့်အကျိုး၊ မျက်မှောက်၊ တမလွန် နိဗ္ဗာန်အကျိုးကိုမြင်အောင် ကြည့်တတ်ရမယ်။ (၃-ခုပေါင်းလိုက်တော့ 'ယာယတီတိယော' ရောက်တတ်၊ ဖြစ်တတ်၊ သိတတ်တယ်ပေါ့။)

(၂) ပြီးတော့ လူ နတ် နိဗ္ဗာန် ၃-တန်ချမ်းသာသို့ ရောက်စေတတ်တဲ့ကြောင့် သိက္ခာ ၃-ပါး ဝိဝဋ္ဋနိဿိတ ကောင်းမှုတရားဟာ ယော မည်ပါတယ်။ အဲဒီချမ်းသာ ၃-မျိုးကို ဖြစ်စေတတ်တဲ့ကြောင့်လဲ ယောပါ။ နိဗ္ဗာန်ချမ်းသာကို ဖြစ်စေတယ်ဆိုတာ ရုပ်နာမ်များလို ဥပါဒ်အနေနဲ့ဖြစ်စေတာကို ပြောတာမဟုတ်ပါဘူး၊ နိဗ္ဗာန်ရအောင်ကျေးဇူးပြုနိုင်တာကိုပဲ ဆိုလိုပါတယ်။ သစ္စာ၄-ပါး အမှန်တရားကို သိစေတတ်တဲ့ကြောင့်လဲ ယောလို့ခေါ်တယ်။ ဒီသိက္ခာ ၃-ပါးဆိုတဲ့ လောကီမဂ္ဂင်တရားပါပဲ။ ဒါနလဲ အကျုံးဝင်ပြီးသားပါ။ (ပေါင်းလိုက်တော့ 'ယာပေတီတိ ယော'ရောက်စေတတ်၊ ဖြစ် စေတတ်၊ သိစေ တတ်တယ်ပေါ့။) ယောဆိုရင် မိမိကိုရော သူတစ်ပါးကိုရော ချမ်းသာအောင် လုပ်ပေးနိုင်ရမယ်။

(၃) ပြီးတော့ ကောင်းမှုတရားဆိုတာ မိဘအရင်းတောင်မှ မပေးနိုင်တာတွေကို ပိုက်ဆံအများကြီး ပေးဝယ်လို့ တောင်မှ မရနိုင်တာတွေကို ပေးနိုင်တာကြောင့် စိတ်ဝင်စားဖို့ ချစ်ခင်မြတ်နိုးဖို့ ကောင်းပါတယ်။ ကောင်းမှုလုပ်ရင် ချစ်ခင်လေးမြတ်စွာ စိတ်ပါလက်ပါ လုပ်ထိုက်တယ်။ စိတ်ဝင်စားစွာ ရောက်အပ်၊ သိအပ်တယ်။ (ဒါကြောင့် ယာတဗ္ဗောတိယောပေါ့။) စိတ်ဝင်စားစွာ ဖြစ်စေအပ်၊ ဖြစ်စေထိုက်တယ်။ (ဒါကြောင့် ယာပိတောတိယောပေါ့။) ယောဆိုရင် ချစ်ခင်မြတ်နိုး အားကိုးထိုက်အောင် ကောင်းမွန်စွာ နေထိုင်ကျင့်သုံးပြ တတ်ရမယ်။

(၄) ချမ်းသာ ၃-တန်သို့ရောက်ကြောင်း၊ ချမ်းသာ ၃-တန်ရဲ့ဖြစ်ကြောင်း၊ သစ္စာ ၄-ပါးကို သိကြောင်း ဖြစ်တာကြောင့်လဲ သိက္ခာ၃-ပါး ကောင်းမှုတရားကို ယောလို့ခေါ်ပါတယ်။ ရောက်စေတတ်၊ ဖြစ်စေတတ်၊ သိစေတတ်တယ်ဆိုတဲ့စကားနဲ့ အဓိပ္ပါယ်သဘော အတူတူပါပဲ။ လူချမ်းသာ၊ နတ်ပြဟ္မာ ချမ်းသာက အပါယ် ဒုက္ခနဲ့စာရင် သက်သာခွင့်ရတဲ့ကြောင့် ချမ်းသာလို့ဆိုရတာပါ။ ခန္ဓာဒုက္ခရှိနေလို့ ချမ်းသာအစစ်တော့ မဟုတ်ပါဘူး။ နိဗ္ဗာန်သာချမ်းသာအစစ်ပါ။ အချုပ်ကတော့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဖြစ်လို့ ယောခေါ်တာပါ။ သစ္စာသိမှပဲ နိဗ္ဗာန်ရောက်မှာဆိုတော့ သစ္စာသိကြောင်း တရားကောင်းလဲ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်အနေနဲ့လဲ ကိုယ့်ကြောင့် သူရောကိုယ်ပါ ချမ်းသာခွင့်ရနိုင်မှ ယောအစစ်ဖြစ်မယ်။ (ယာယတိ ဧတေနာတိ ယော= ရောက်ကြောင်း၊ ဖြစ်ကြောင်း၊ သိကြောင်း ဖြစ်တဲ့ကြောင့် ယောပေါ့)

## ၅၊ အနှစ် ယော

(၅) ပြီးတော့ သိက္ခာ၃-ရပ် အကျင့်မြတ်ဆိုတဲ့ မဂ္ဂင်ကျင့်စဉ်နဲ့ ကောင်းစွာ ရောက်ရာဖြစ်တာကြောင့် နိဗ္ဗာန်ကိုယောလို့ခေါ်တယ်။ နိဗ္ဗာန်လဲ ယောပဲ။ ကောင်းမှုတရားနဲ့ ကောင်းစွာရောက်ရာ ဖြစ်တာကြောင့် သုဂတိဘဝကိုလဲ ယောလို့ခေါ်ရင် ဖြစ်တာပါပဲ။

နိဗ္ဗာန်အပါအဝင် ချမ်းသာအားလုံးဟာ ကောင်းမှုစွမ်းအားမြတ်တရားနဲ့ ကောင်းစွာရောက်ရာ ဖြစ်တာကြောင့် ယောမည်ပါတယ်။ ချမ်းသာလဲ ယောပါပဲ။ ချမ်းသာအစစ်ကတော့ နိဗ္ဗာန်ပေါ့။ တရားအားလုံးဟာလဲ အသိဉာဏ်ရဲ့တည်ရာ = သိရာ ဖြစ်တဲ့ကြောင့် ယောအမည် ရတယ်။ လွယ်လွယ်ပြောရင် သိစရာပေါ့။ တရားအားလုံး ယောတွေချည်းပဲ။ ဒုက္ခအပူ လွတ်ငြိမ်းချင်သူတွေ ငြိမ်းအေးချမ်းသာချင်သူတွေ ကောန်သိအောင်လုပ်ရမယ့် သိစရာတွေ ဖြစ်လို့ ယောပါ။ (ယာယတိ ဇာနာတိ ယော ပေါ့)။



www.burmeseclassic.com

www.burmeseclassic.com


အားလုံးခြုံလိုက်တော့ ဘုရားလဲ ယော၊ တရားလဲ ယော၊ နိဗ္ဗာန်လဲ ယော၊ ကောင်းမှု တရားလဲ ယော၊ ကောင်းတာမှန်သမျှ အကုန် ယောချည်းပဲ။ ဒီတော့ တရားကိုချစ်တတ်မှ ယောအစစ် ဖြစ်မှာပါ။ တရားချစ်မှလဲ ဘဝအနှစ်ကိုပိုင်မှာ ဖြစ်တယ်။ ယောသူယောသားဆိုတာလဲ ရိုးသားဖြောင့်မတ်ရမယ်။ စိတ်ထားဖြူစင်ရမယ်။ သဒ္ဓါတရားကောင်းရမယ်။ သတိဉာဏ်ဆိုတဲ့ တစ်ကိုယ်ရေတစ်ယောက် 'အား'လဲကောင်းရမယ်။ ခန္တီမေတ္တာဆိုတဲ့ စုပေါင်း'အား'လဲ ကောင်းရမယ်။ ဒါမှ ယော အစစ်ဖြစ်မယ်။

## ၈၊ အတောက် ယော

ယောနယ်ကရွာတစ်ရွာမှာ ယောသားကိုမဲနဲ့ ယောသူမဝဲ ဆိုတဲ့ ဇနီးမောင်နှံ ၂- ယောက် ရှိတယ်။ အလွန်ဆင်းရဲပါတယ်။ သူတို့အလုပ်က ရေခပ်ရောင်းတယ်။ ထင်းခုတ်ရောင်းတယ်။ သူများအိမ်မှာ အငှားအလုပ်တွေလုပ်တယ်။ ထမင်းတစ်နပ်နဲ့တစ်နပ် အလျှင်မှီအောင်တောင် မနည်း ရုန်းကန်ကြိုးစားကြရတယ်။ ဘဝအနှစ်ဖြစ်တဲ့ ကောင်းမှုအလုပ်ဆိုတာ သူတို့နဲ့ မဆိုင်သလိုနေကြတယ်။ နာမည်က ယောသူယောသားဆိုပေမယ့် အလုပ်က ယောဖက်ကို စိတ်မရောက်ဖြစ်ပါဘူး။

မွဲရ ဆင်းရဲရတဲ့အထဲမှာ ငမဲဆိုတဲ့လူက အရက်လဲသောက်လိုက်သေး၊ ဖဲလဲရိုက်လိုက်သေး၊ ဒီလိုဆိုတော့ ငမဲနဲ့မဝဲဟာ မဲနဲ့ဝဲပေါင်းလိုက်တော့ မွဲတာပဲ။ တစ်ရွာလုံး အမွဲဆုံး ဇနီးမောင်နှံပေါ့။ နေ့စဉ် ၂-ကြိမ် ၃ကြိမ် ပုံမှန် ရန်ဖြစ်ကြတယ်။

ချမ်းသာဆို ဘာမှမရှိ၊ အဲဒီထဲ သူများပစ္စည်းခိုးလို့ မကြာခဏအပြစ်ပေးခံကြရတယ်။ အိမ်နီးချင်းတွေက တရားဖက်ပါအောင် ဆွဲဆောင်စည်းရုံးပေးကြတယ်။ 'ဟဲ့ ငမဲတို့၊ မဝဲတို့၊ ဘုရား ရှိခိုးကြ၊ ဒါမှပိုက်ဆံရှာလို့ အဆင်ပြေတယ်' 'အိုဗျာ--ပိုက်ဆံရှာတာနဲ့ ဘုရားရှိခိုးတာ ဘာဆိုင်တာ မှတ်လို့' အဲဒီလိုတုံ့ပြန်တယ်။

'ဟဲ့---သရဏဂုံဆောက်တည်ရတယ်။ ဒါမှခန္ဓာဝန်ထမ်းဆောင်လို့ အဆင်ပြေတယ်၊ ပိုက်ဆံရှာရတာ ကောင်းတယ်' 'အိုဗျာ-- သရဏဂုံနဲ့ပိုက်ဆံ ဘာဆိုင်လို့လဲ' တုံ့ပြန်ချက်က ဒီလိုချည်းပဲလာတယ်။

'လာကွဲ့-- ငမဲတို့၊ မဝဲတို့၊ တရားနာလိုက်ခဲ့ကြ၊ ဒါမှအသိဉာဏ်ပွင့်လင်းပြီး အလုပ် လုပ်ရ၊ ပိုက်ဆံရှာရတာ လာဘ်မြင်တယ်' 'အိုဗျာ--တရားနာတာနဲ့ပိုက်ဆံ ဘာမှမဆိုင်ပါဘူး' ဘယ်လိုမှ စည်းရုံးလို့ မရဘူး။ အဲဒါနဲ့ တော်တော်ကြာသွားတယ်။

တစ်နေ့တော့ ကျောင်းမှာတရားပွဲရှိတယ်။ တစ်ရွာလုံးလေးစားခံရတဲ့ ဘကြီးမိုးက ရွာထဲ လှည့်ပြီး တရားပွဲဖိတ်တယ်။ 'ယနေ့ည တရားပွဲရှိပါသဖြင့် ရွာဦးကျောင်းတော်သို့အတူတကွ တရားနာ ကြွရောက်ကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည် ခင်ဗျား'လို့ တရားနာမသွားပဲ မနေနိုင်အောင် မေတ္တာလေသံလေးနဲ့ ဖိတ်ကြားတယ်။

ငမဲနဲ့မဝဲတို့အိမ်ကျတော့ ဘကြီးမိုးက အိမ်ထဲဝင်ပြီးသီးသန့်အထူးဖိတ်ကြားတယ်။ လက်ထဲမှာလဲ တုတ် ၁-ချောင်းကိုင်လို့၊ 'ဟဲ့ ငမဲတို့မဝဲတို့၊ ဒီနေ့ည ကျောင်းမှာ တရားပွဲရှိတယ်၊ တရားနာ လိုက်မှာလား၊ မလိုက်ဖူးလား၊ တစ်ခွန်းပဲပြော၊ နင်တို့လူတွေ မဟုတ်တော့ဘူး။ တိရစ္ဆာန်တွေ ဖြစ်ကုန်ပြီ။ နင်တို့ကြောင့် ရွာကျက်သရေမဲ့တယ်။ မလိုက်ရင် ဟောဒီမှာ တုတ်ကိုကြည့်'လို့ဆိုတော့ တစ်ရွာလုံး လေးစားခံရတဲ့ ဘကြီးမိုးကို ကြောက်လဲကြောက် လေးလဲလေးစားတော့ 'လိုက်ပါမယ် ဘကြီးရယ်၊ စိတ်ချပါ'လို့ ဝန်ခံလိုက်ရတယ်။

ညကျတော့ တစ်ခါမှ တရားနာမလိုက်ဖူးတဲ့ ငမဲနဲ့ မဝဲ တရားပွဲရောက်သွားကြတယ်။ တရားဟောဘုန်းကြီး ကလဲ ပါဠိတွေမပါပဲ အများနားလည်အောင် မြန်မာသက်သက်နဲ့ရှင်းရှင်းလေး ဟောပေးပါတယ်။

'ဆင်းရဲဆိုတာ ခေါင်းငုံ့ခံနေဖို့မဟုတ်ကြောင်း၊ ကိုယ့်အားကိုကိုယ်ယုံပြီး ရုန်းထွက် ကြိုးစား ဖို့သာ ဖြစ်ကြောင်း၊ ဒါန-သရဏဂုံ-ငါးပါး သီလ-မေတ္တာ-အနိစ္စာနုပဿနာဆိုတဲ့ လုပ်ငန်း ၅-မျိုးဟာ လွယ်လဲလွယ် အချိန်လဲ သီးခြားမပေးရ၊ ပိုက်ဆံလဲ ထူးမကုန်၊ သွားလာနေထိုင်လုပ်ကိုင်ရင်း နေ့စဉ်လုပ်လျှင်ဖြစ်နိုင်ကြောင်း၊ စေတနာကောင်းသလောက် ချက်ချင်းကံကောင်းလာမှာ ဖြစ်ကြောင်း၊ ချက်ချင်း တိုးတက် ကြီးပွားသွားမည် ဖြစ်ကြောင်း' စိတ်ဝင်စားဖွယ်ဟောပေးတော့ ငမဲနဲ့ မဝဲ တော်တော်စိတ်ဝင်စားသွားတယ်။

'မဏ္ဍပ်ကြီးထိုးပြီး ကြီးကြီးကျယ်ကျယ်လှူမှ ဒါနခေါ်တာမဟုတ်ပဲ သဒ္ဓါ-ပညာ- မေတ္တာနဲ့ပေးတတ်ရင် မိသားစုအချင်းချင်းပေးတာတောင် ဒါနဖြစ်နိုင်ကြောင်း၊ စိတ်ကောင်းထားတတ်ရင် ဘယ်သူ့အတွက်ပဲ ပေးပေး အလှူလုပ်နေခြင်းပင်ဖြစ်ကြောင်း၊ ကိုယ့်အိမ်က ရုပ်ပွားဆင်းတုကို ဉာဏ်နဲ့ အသက်ဂုဏ်သွင်းပြီး ရေ၊ ပန်း၊


www.burmeseclassic.com

www.burmeseclassic.com



ဆွမ်း၊ ဆီမီးကပ်လျှင် ဒါန အလွယ်တကူရနိုင်ကြောင်း၊ သဒ္ဓါတရားရှိလျှင် ဒါနလုပ်ဖို့အလွန်လွယ်ကြောင်း၊ ဒါနအကျိုးအလွန်ကြီးမားကြောင်း' လုပ်တတ်အောင် လုပ်ချင်အောင် သေသေချာချာဟောပြပေးတယ်။

'သရဏဂုံဆိုတာ အန္တရာယ်ကာကွယ်တဲ့တောင်ကြီး ၃-လုံးနဲ့တူကြောင်း၊ သဒ္ဓါ-ပညာရှိရင် အလွယ်တကူရနိုင်ပြီး အလွန်အကျိုးကြီးကြောင်း၊ ရတနာသုံးပါးအင်အားနဲ့နေရတဲ့ ချမ်းသာဟာ ဘယ်သူ့ငွေးစည်းစိမ်နဲ့မှ မလဲနိုင်လောက်အောင် ကောင်းမွန်ကြောင်း၊ ၅-ပါးသီလဟာ လူ့အလှဆုံး ရတနာဖြစ်ကြောင်း၊ လုံခြုံရေးအတွက် အလွန်စိတ်ချရကြောင်း၊ မေတ္တာဟာလူ့နှလုံးကို အလှဆုံးဖြစ်အောင် မြှင့်တင်ပေးကြောင်း၊ စိတ်ငြိမ်လွယ် အေးချမ်းလွယ်စေကြောင်း ပိုက်ဆံမပေးရပဲ အားချိန်လဲ ထူးမပေးရပဲ ချက်ချင်းစိတ်ချမ်းသာရကြောင်း၊ နေ့စဉ်သွားလာလုပ်ကိုင် ဆောင်ရွက်နေသမျှထဲမှာ သတိဉာဏ်သွင်းပေးရင် မခိုင်မြဲလို့ပြောင်းလဲနေကြပုံကိုသိမြင်ရကြောင်း၊ အမြင်ရှင်းလို့ အပူမျိုးစုံ ငြိမ်းအေးကြောင်း' သဘောပေါက် နားလည်အောင် အလုပ်လုပ်တတ်အောင် ဟောပေးတယ်။ ယော လမ်းစဉ် ၅-ချက်ကို ဟောပေးတယ်ပေါ့။

ပြီးတော့ 'တရားအလုပ်ဟာ အပူတွေက လူကိုအနိုင်မယူသေးမီ လက်ဦးအောင် လေ့ကျင့် ထားရကြောင်း၊ တရားဆိုတာ သိတတ်တဲ့အရွယ်ကစလုပ်ထားမှ စိတ်အေးရကြောင်း'ကိုလဲ နိုးကြားတက်ကြွအောင် ဟောပေးပါတယ်။

## ၉၊ အ-မင် ယော

ငမဲနဲ့မဝဲတို့က 'ဒီတရားဟာ ငါတို့အတွက် သီးခြားဟောပေးတာပဲ။ ဒီနေ့ တရားနာရတာ အဖိုးတန်လိုက်တာ တရားနာ နောက်ကျလိုက်တာ'လို့ စိတ်ထဲမှာဖြစ်နေကြတယ်။

'နေ့စဉ်ကုသိုလ်လုပ်ဖို့ ဘာမှမခက်ဘူး သိတဲ့အတိုင်း ချက်ချင်းပဲလုပ်တော့မယ်။ တို့က ယောသား ယောသူဆိုတော့ ယောအစစ်ဖြစ်အောင် ယောလမ်းစဉ်ကို လက်တွေ့ကျင့်သုံးတော့မယ်။ ဇာတိ ယော လောက်နဲ့တော့ ဘာအပူမှငြိမ်းမှာမဟုတ်ဘူး'လို့ ခံယူချက်ကောင်းကောင်းနဲ့ တရားပွဲပြီးလို့ အိမ်ပြန်ရောက်တဲ့ အချိန်ကစပြီး ယောလမ်းစဉ်ကို လက်တွေ့ကျင့်သုံးတယ်။ ချမ်းသာရောက်ကြောင်း တရားကိုပဲ ယောလမ်းစဉ်လို့ပြောတာပါ။

ငမဲနဲ့မဝဲ ယောဇနီးမောင်နှံ ၂-ယောက် တရားနာပြီးတဲ့နောက်ပိုင်းမှာ လုပ်နည်းလုပ်ဟန်တွေ ပြောင်းလဲလာတယ်။ ဘဝအသုံးချပုံနည်းစနစ် မှန်ကန်လာတယ်။ နေ့စဉ် လုပ်ကိုင်ဆောင်ရွက်နေကျ ဘဝလမ်းကြောင်းမှာ ကံတံခါး ဖွင့်လှစ်လိုက်တယ်။ မှောက်ထားတဲ့ကံကို လှန်လိုက်တယ်။

ရေရောင်းဖို့ရေသွားခပ်တော့ ပထမဆုံးခပ်လာတဲ့ရေကို ရွာဦးစေတီကို အရင်သွားလှူတယ်။ ဘုရားဝင်းထဲက အမှိုက်တွေ၊ ပေါင်းပင်တွေကို နေ့စဉ်နည်းနည်းစီ ရှင်းပေးကြတယ်။ လူတွေက သူတို့ကို မြင်တော့ အံ့ဩနေကြတယ်။ ဒုတိယခေါက်ရေကို ရွာဦးဘုန်းကြီးကျောင်း သွားလှူတယ်။ လမ်းဘေးမှာ ရေချမ်းစင်တည်ထားပြီး တတိယခေါက်ရေကို လူအများသောက်သုံးဖို့ လမ်းဘေးရေချမ်းစင်မှာ သွားလှူလိုက်တယ်။ စတုတ္ထခေါက်ကစပြီး ရွာထဲလှည့် ရေရောင်းတယ်။

သူများအိမ်တွေသွားပြီး ရေရောင်းတဲ့အခါ ဒါနဖြစ်အောင်နှလုံးသွင်းတယ်။ 'ကိုယ်က သူ ချမ်းသာစေချင်လို့ ရေကိုပေးထားခဲ့တာ၊ သူတို့က ငါတို့ကို ရေဖိုးအနေနဲ့ပေးတာမဟုတ်ဘူး။ ငါတို့ရဲ့စေတနာကို သဘောကျလို့ ဆုချတာပဲ'လို့ ရှင်းရှင်းလေး ခံယူလိုက်တယ်၊ အရောင်းအဝယ်လို့ မမြင်တော့ဘူး၊ နှလုံးသွင်း ကောင်းတော့ ရေရောင်းတာ ဒါနဖြစ်လာတယ်။

ထင်းရောင်းဖို့ တောထဲထင်းသွားခုတ်တော့လဲ ခုတ်ပြီးသယ်ယူလာတဲ့ထင်းစည်းထဲက ပထမ ထင်း ၃-ချောင်းကို ရွာဦးကျောင်း သွားလှူတယ်။ ဒုတိယထင်း ၃-ချောင်းကို မိဘအိမ်သွားလှူတယ်။ တတိယ ထင်း ၃-ချောင်း ကို ကျေးရွာရှင်ဘကြီးမိုးအိမ်သွားလှူတယ်။ ကျန်တဲ့ ထင်းတွေကိုမှ ရွာထဲလိုက်ရောင်းတယ်။ ဒါဟာ သူတို့ရဲ့ နေ့စဉ်အလုပ်ပါ။

နေ့စဉ် ထမင်းချက်ခါနီး ဆန်မဆေးသေးခင် 'ဒီတစ်ဇွန်းလေး လျှော့လိုက်လို့ ထူးမငတ်နိုင်ဘူးဟဲ့' ဆိုပြီး ဦးဦးဖျားဖျားဇွန်းကလေးနဲ့ တစ်ဇွန်း နုတ်ယူထားလိုက်တယ်။ စိတ်ကူးဉာဏ်ကလေးတွေ ကောင်းလာတယ်။ နေ့စဉ် မနက်စာ ၁-ဇွန်း၊ ညစာ ၁-ဇွန်းနှုတ်ယူပြီး စုထားလိုက်တာ ၁-လ ဆို အတော် များလာတယ်။ များလာတော့ ဆွမ်းချက်ပြီး သီးခြား အလှူလုပ်ကြတယ်။ တော်တော် ပျော်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


## ၁၀၊ အမှန် ယော

သရဏဂုံကိုလဲ သဒ္ဓါ၊ ပညာစစ်စစ်နဲ့ လေးလေးနက်နက်ဆောက်တည်ကြတယ်။ သရဏ ဆိုတာ ကိုးကွယ်ရာရတနာ ၃-ပါးကိုပြောတာ။ သရဏဂုံဆိုတာက အဲဒီရတနာ၃-ပါးကို ဆည်းကပ်တတ်လို့ရလာတဲ့ ကောင်းမှုတန်ခိုးစွမ်းအားပါ။ ငမဲနဲ့မဝဲတို့ ဘကြီးမိုးထံ သွားကန်တော့ကြတယ်။ 'ဘကြီးရယ် ကျွန်တော်တို့ ၂-ယောက်ဟာ ဘကြီးရဲ့ကျေးဇူးကြောင့် အခုမှပဲ လူဖြစ်ခွင့်ရကြပါတယ်။ ဘကြီးကျေးဇူးကို ဘယ်တော့မှ မမေ့နိုင်ပါဘူး။ ဆုံးမစရာ ရှိရင်လဲ မညှာမတာ အားမနာတမ်း ဆုံးမ ပေးစေချင်ပါတယ်'

ဘကြီးမိုးက 'ရော့---မင်းတို့ကိုးကွယ် ပူဇော်ကြ'ဆိုပြီး ဘုရားပုံပါတဲ့ ပြက္ခဒိန် ၁-ခု ဆုချီးမြှင့်လိုက်တယ်။ ငမဲ၊ မဝဲတို့ ပြောမပြတတ်လောက်အောင် ဝမ်းသာလိုက်ကြတာ၊ ဘုရားပုံပါတဲ့ ပြက္ခဒိန်ကို အိမ်ဦးခန်းမှာ ချိတ်ဆွဲထားလိုက်တယ်။ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ဂုဏ်ကျေးဇူးတော်အနန္တကို အာရုံပြုပြီး နေ့တိုင်း ရှိခိုးပူဇော်ကြတယ်။ မနက်အိပ်ရာထလာတာနဲ့ သရဏဂုံ ၃-ပါးကို ခံတွင်းထဲ စိတ်နှလုံးထဲထည့်လိုက်တယ်။ 'ငါတို့ခံတွင်းထဲ စိတ်ထဲမှာ သရဏဂုံ မထည့်ရသေးဘူးဆိုရင် ဘာစားစရာမှ မစားသေးဘူး'လို့ ခံယူချက် အမြင်တွေလဲ ရှင်းလာတယ်။ ဘယ်သွားသွား၊ ဘာလုပ်လုပ် ရတနာ ၃-ပါးဂုဏ်ကို စိတ်ထဲအာရုံယူပြီးမှသာ လုပ်တတ်လာတော့ အရှိန်အဝါ တစ်စတစ်စတက်လာတယ်။

၅-ပါးသီလကိုလဲ နှုတ်ကဆိုရုံနဲ့မပြီးတော့ပဲ သဒ္ဓါပညာနဲ့ လေးလေးနက်နက် ကျင့်သုံးတတ်လာတယ်။ ပစ္စည်းမွဲပေမယ့် သဒ္ဓါကြွယ်ဝလာတော့ စိန်ရွှေထက် အဖိုးတန်တဲ့ ၅-ပါးသီလနဲ့ မြတ်နိုးစွာ အလှ ဆင်တတ်လာပြီ။

အိပ်ရာထတာနဲ့ မေတ္တာစိတ်က နေရာယူပြီးသား။ အတူနေ လူ၊ နတ်၊ အုပ်ချုပ်သူ၊ တစ်ရွာတည်းနေသူနှင့် သတ္တဝါအားလုံး ၅-မျိုးစဉ်တန်းပြီး 'ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ'လို့ နေ့စဉ် မေတ္တာလွှမ်းခြုံပေးတယ်။ မုန်းစိတ်၊ ကြောက်စိတ် ကင်းသည်ထိ စွမ်းရည်တိုးတက် မြင့်မားနေကြတယ်။ အိမ်ထဲမှာရှိနေခဲ့တဲ့ရန်ပွဲလဲ လုံးဝငြိမ်းအေးသွားတယ်။ မေတ္တာနယ်လဲ တစ်စတစ်စ ကျယ်ပြန့်သွားတယ်။ သူတို့က တစ်ရွာလုံးကိုချစ်တော့ တစ်ရွာလုံးကလဲ သူတို့ကိုချစ်နေကြတယ်။

ဝိပဿနာလို့ နာမည်မတပ်ပေမယ့် သွားလာနေထိုင်လုပ်ကိုင်ရင်း၊ စားဝတ်နေရေး ဆောင်ရွက်ရင်း သိတတ်တဲ့စိတ်နဲ့ သိစရာအာရုံတွေကို သတိဉာဏ်နှင့် ချုပ်ကနဲချုပ်ကနဲကပ်ပြီး ယူတတ်လာတယ်။ ဘာတစ်ခုမှမရပ်ပဲ ပြောင်းလဲ ကုန်ဆုံး ချုပ်ပျောက်နေကြပုံတွေကို တကယ်လက်တွေ့ သိလာကြရတော့ ဘဝအမြင်တွေ ရှင်းသွားကြတယ်။ ငမဲ၊ မဝဲတို့ဟာ ဇာတိအနေနဲ့သာ ယောမည်တာ မဟုတ်တော့ပဲ မြင့်မြတ်တဲ့ စိတ်ထားနဲ့ မြင့်မြတ်တဲ့ အလုပ်ကြောင့် ယောအစစ်တွေ ဖြစ်သွားကြပါတယ်။

## ၁၁၊ အထူး ယော

စိတ်ကောင်းနဲ့ ကောင်းမှုကြိုးစားလေ အဲ့ဩစရာကောင်းကျိုးပေးလေ၊ ကောင်းကျိုးပေးလေ ကောင်းမှုပိုကြိုးစားလေဖြစ်နေတော့ နှစ်အနည်းငယ်အတွင်းမှာပဲ တစ်ဟုန်ထိုး တိုးတက် ကြီးပွားသွားတယ်။ နောက်မကြာမီ တစ်ရွာလုံးရဲ့ မျက်နှာဖုံး ဖြစ်သွားကြပါတယ်။ စီးပွားရေးတွေအားလုံး အဆင်ပြေ ပြည့်စုံသွားတယ်။ ပေါ်လေ လှူလေ၊ လှူလေ ပေါ်လေပဲ။ ဘယ်နေရာကြည့်ကြည့် 'ကိုမဲ၊ မဝဲ မိသားစု ကောင်းမှု' ဆိုတဲ့ ကောင်းမှုရှင်ဆိုင်းဘုတ်တွေချည်းပဲတွေ့နေရတယ်။ သူတို့အိမ်ကို ဓါးပြတွေ အကြိမ်ကြိမ် တိုက်ဖို့ ကြိုးစားခဲ့ကြပေမယ့် လုံးဝဝင်လို့မရပါဘူး။ နောက်တော့ လူဆိုးဓားပြတွေကတောင် လေးစားလာကြတယ်။ ယောသား ကိုမဲ၊ ယောသူ မဝဲတို့ဟာ စောစောက အကုသိုလ် အောက်လမ်းနည်းနဲ့ ကျက်သရေမဲ့ နာမည်ပျက် ခဲ့ကြပေမယ့် နောက်တော့ ကောင်းမှု အထက်လမ်းနည်းနဲ့ နာမည်တက်သွားကြတယ်။ နာမည်မပြောင်းဘူး။ အရောင်ပဲပြောင်းတာပါ။ နိဗ္ဗာန်ထိ ဦးတည်တတ်ကြပြီ။ ဒါကြောင့် တကယ့်ယောအစစ်တွေ ဖြစ်သွားကြ ပါတော့တယ်။

" အားလုံးယောအစစ်ဖြစ်၍ တိုးတက်မြင့်မား ကြီးပွားကြပါစေ "

တိပိဋကယောဆရာတော်
(၁၃၆၆-ခု၊ တပို့တွဲလ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ)


www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကမွေလက်ဆောင် (၂၈)

## မွေးနေ့မင်္ဂလာရတနာ

## နမော ဇာတိဓိဏာသာ

- ■ တစ်နှစ်တစ်ခါ၊ မွေးနေ့ပါ၊ လူမှာခေါ်ရိုးရှိ။
- ■ တကယ်ပြောင်းတာ၊ ရုပ်နာမ်ပါ၊ ခန္ဓာမမြဲသိ။
- ■ ရုပ်နာမ်ဝမွေ၊ မမြဲကြ၊ ခဏခဏ ပြောင်းနေ၏။
- ■ သေမင်းမှတ်တိုင်၊ နောက်တစ်တိုင်၊ ရင်ဆိုင်ရောက်လာ၏။
- ■ မွေးနေ့ဆိုတာ၊ အိုပွဲပါ၊ သေချာဥာဏ်ဖြင့်ကြည့်။
- ■ မရပ်မနား၊ ယုတ်လျော့ပြား၊ ကုန်သွားဥာဏ်ဖြင့်ကြည့်။
- ■ စွမ်းရည်မြင့်မား၊ ထူးခြားလေးနက်၊ ကြီးပွားတက်သော်၊ နှစ်သက်ဖွယ်ရာ၊ ဝမ်းမြောက်တာ၊ ခေါ်တာဥာဏ်ဖြင့်ကြည့်။
- ■ ငြိုးငွေ့စရာ၊ အိုသောခါ၊ ခေါ်တာဥာဏ်ဖြင့်ကြည့်။
- ■ အသက်သိက္ခာ၊ ကြီးစရာ၊ လူမှာနှစ်မျိုးရှိ။
- ■ အသက်ကြီးရုံ၊ အားမစုံ၊ အကုန်ကြောက်ရ၏။
- ■ အသိမကြွယ်၊ အကျင့်ကွယ်၊ အိုပယ်ဖြစ်သွား၏။
- ■ အကျင့်သိက္ခာ၊ ကြီးမှသာ၊ မှန်စွာစိတ်အေး၏။
- ■ ကြီးလေလှလေ၊ အေးမြပေ၊ လူတွေချစ်ကြ၏။
- ■ မွေးနေ့မင်္ဂလာ၊ ရတနာ၊ ကောင်းစွာရအောင်ဖြည့်။

### ၁။ အပြစ်ကင်းအောင် ကောင်းကျိုးဆောင်

လူတွေဟာ မိမိရဲ့ ယခုလက်ရှိလူ့ဘဝရောက်လာခဲ့တဲ့မွေးနေ့ကို အမှတ်တရ မြတ်မြတ်နိုးနိုး ဂုဏ်ယူတတ်ကြပါတယ်။ ယခု လူ့ဘဝကိုရရှိအောင် အကျိုးပေးလိုက်တဲ့ အတိတ်ဘဝ ကုသိုလ်ကံအတွက် အားတက်ဂုဏ်ယူရသလို လူ့ဘဝစွမ်းရည်မြင့်မားအောင် ကောင်းမှုတရားနဲ့ပဲ မြင့်တင် ကြိုးစား နေတတ်ကြပါတယ်။

လူဆိုတာ အပြစ်ကင်းတဲ့ကောင်းမှုကြောင့် လူဖြစ်ခဲ့ရတာဖြစ်လို့ အပြစ် ကင်းကင်းရှင်းရှင်း နေနိုင်ဖို့ သတိထားကြိုးစားရပါတယ်။ အပြစ်ကင်းတဲ့အရသာ ဘယ်လောက်ကောင်းတယ်ဆိုတာ အပြစ်တစ်စုံတစ်ရာ တွေ့ကြုံရလို့ အရှက်ကွဲရ ပူလောင်ရတဲ့အခါမှ ပိုသိရတတ်ပါတယ်။ ပြီးတော့ ကောင်းကျိုးပေးတတ်တဲ့ ကုသိုလ်ကြောင့် လူ့ဘဝရောက်လာရတာဖြစ်လို့ လူဆိုတာ မိမိ၊ သူတစ်ပါး၊ လောက သာသနာကောင်းကျိုး ဆောင်ပေးနိုင်ဖို့လဲ အထူးပဲလိုအပ်မှာပါ။ နည်းမှန်လမ်းမှန် ကောင်းကျိုးဆောင်ပေးနိုင်ရင် အပြစ်လဲကင်းမှာ သေချာပေါက်ပဲ။

### ၂။ မွေးနေ့ဆိုတာ အိုပွဲပါ

လူတစ်ယောက်ရဲ့မွေးနေ့အစစ်ဆိုတာ 'အူဝဲ အူဝဲ'နဲ့ ကယောင်ကတမ်းအော်ဟစ် ငိုကြွေးရင်း အမိဝမ်းကကျွတ်ထွက်ဖွားမြင်ခဲ့ရတဲ့တစ်နေ့တည်းပါ။ မွေးနေ့အစစ်လုပ်ချင်ရင် အဲဒီဖွားမြင်တဲ့ နေ့မှာပဲ လုပ်ပေးရမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီမွေးနေ့မှာ မွေးနေ့ရှင်ကိုယ်တိုင်က ဘာမှ နားမလည်သေးပါဘူး။ မိဘတွေက မွေးနေ့လုပ်ပေးရင်လဲ အရေအတွက်မျှသာ ရှိသေးပြီး အရည်အသွေးအားဖြင့် ဘယ်လို လူတန်းစားဆိုတာ သရုပ်မကွဲသေးလို့ အားတက်သရောရှိလှမယ် မဟုတ်ပါဘူး။


www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ်နှစ်စဉ်ရောက်ရှိလာတဲ့ ရက်တွေကိုတော့ မွေးနေ့အစစ်နဲ့ ရက်ချင်းတူလို့ စကား အနေနဲ့ တင်စားပြီး မွေးနေ့လို့ပြောကြတာပါ။ တကယ်တော့ အရင်နှစ်တွေကထက် ပိုပြီး အိုမင်းရင့်ရော်လာတာဖြစ်လို့ အိုပွဲနေ့တွေသာ ဖြစ်ပါတယ်။ မွေးနေ့ဆိုတာ အိုပွဲပါ။ စကားဆိုတာ ပြောဖြစ်ရုံပါ။ တရားဆိုတာ အမှန်သိဖို့ အပူငြိမ်းဖို့ပါ။

## ၃။ အိုပွဲလှုပ်တာ ရဲဖို့ပါ

ပုထုဇဉ်ဆိုတာ အဖြစ်ကိုပဲ လိုချင်တယ်။ အပျက်ကိုတော့ မလိုချင်ဘူး။ ဖြစ်ချင်တာမှ ခဏ ခဏ ဖြစ်ချင်တယ်။ အများကြီးလဲဖြစ်ချင်တယ်။ အပျက်ဆိုရင် တစ်ခုမှမလိုချင်ဘူး။ လုံးဝမပျက်ချင်ဘူး။ မဖြစ်နိုင်တာကို တောင့်တနေတာကပဲ ဆင်းရဲကြောင်းပါ။

နာတဲ့ပွဲ၊ သေတဲ့ပွဲတွေ ရဲသွားအောင် နည်းသွားအောင် စဲသွားအောင်လို့ အိုတဲ့ပွဲကို မှတ်မှတ်ရရ လုပ်ပေးကြရတာပါ။ အိုတဲ့နေ့မှာ အိုပွဲလက်ဆောင် ကောင်းမှုတရားရဖို့လိုသလို နာတဲ့နေ့မှာ နာပွဲလက်ဆောင် ကောင်းကောင်းရဖို့၊ သေတဲ့နေ့ရောက်တော့လဲ သေပွဲလက်ဆောင် လှလှပပရဖို့ တရားဘာဝနာ အလုပ်ကို သဲသဲမဲမဲ စွဲစွဲမြဲမြဲ ပွားများအားထုတ်ထားရမှာ ဖြစ်ပါတယ်။

ခန္ဓာဟာ သူ့ကကိုယ့်ကို မညှာမတာ နှိပ်စက်နေတာဖြစ်လို့ ကိုယ်ကလဲ သူ့ကို မညှာမတာခိုင်းပေးမှ ခန္ဓာက ဘဝလက်ဆောင် ပြန်ပေးမှာပါ။

## ၄။ မွေးခနေ့နှင့်သေခနေ့ နီးနီးလေး

မွေးဖွားပြီးတာနဲ့ရပ်နေတာမဟုတ်တော့ အနိစ္စသဘောကြောင့် အဆက်မပြတ်ပြောင်းလဲနေတယ်။ ဇရာသဘောကြောင့်လဲ ရင့်ကျက်နေတယ်။ တစ်စတစ်စ အိုနေတယ်။ မွေးဖွားလာတာနဲ့ တစ်ပြိုင်နက် အိုခြင်းနဲ့နာခြင်းက ဆီးကြိုတယ်။ အိုခြင်း၊ နာခြင်းကို ငယ်ငယ်လေးက စတွေ့ခဲ့ရတာကြောင့် ငယ်ပေါင်း သူငယ်ချင်းလို့ ဆိုနိုင်တယ်။

ရုပ်က ပွင့်ပွင့်လင်းလင်းအိုပြလို့သာ ကြီးလာမှန်းသိရတာပါ။ စိတ်ကြောင့်သာဆိုရင် ကြီးမှန်း သိရမှာ မဟုတ်ဘူး။ ကြာလေငယ်လေ ဖြစ်ချင် ဖြစ်နေမှာပါ။

တစ်နှစ်တစ်ခါ တင်စားခေါ်နေရတဲ့မွေးနေ့ကို မနှစ်ကထက်ပိုပြီး သေဖို့နီးလာတာဖြစ်လို့ သေခါနီးတဲ့နေ့လို့ဆိုရင်လဲ မှန်တာပါပဲ။ မွေးနေ့ရောက်တိုင်း သေမင်းမှတ်တိုင်တစ်တိုင် နီးလာတယ်။

သက်တမ်းတိုလှတဲ့ ဆုတ်ကပ်ကာလဖြစ်နေတာလဲတစ်ကြောင်း၊ အကြောင်းဖောက်ပြန်ရင် အချိန်မရွေး သေနိုင်တာလဲတစ်ကြောင်း၊ ပြောင်းလဲဖောက်ပြန်မှု မြန်လွန်းတာလဲ တစ်ကြောင်းကြောင့် မွေးနေ့နှင့် သေနေ့ နီးနီးလေးပါ။ မေ့မေ့လျော့လျော့ပျော်နေရမယ့်အချိန် သိပ်မရှိလှပါဘူး။

တစ်နည်းပြောရရင် ပရမတ်အားဖြင့် ရုပ်နာမ်ခန္ဓာတွေမခိုင်မြဲလို့ အဆက်မပြတ် ဖြစ်ပျက် ပြောင်းလဲ နေကြတာဆိုတော့ နေ့စဉ် နေ့တိုင်း မွေးနေ့နှင့်သေနေ့တွေချည်းပဲ။ ဖြစ်ချိန်က မွေးချိန်၊ ပျက်ချိန်က သေချိန်ပေါ့။ ဘဝဆိုတာ မွေးတာ၊ အိုတာ၊ နာတာ၊ သေတာကို ငေးကြည့်နေဖို့ မဟုတ်ဘူး။ အမြန်သုံးဖို့သာ ဖြစ်တယ်။ နေ့တိုင်း မွေးနေ့ ဖြစ်နိုင်တာဆိုတော့ နေ့တိုင်းပဲ ကောင်းမှုလုပ်နေရမှာပါ။ တစ်နည်းအားဖြင့် အချိန်တိုင်းပဲ မွေးနေ့ခေါ်နိုင်တာဖြစ်လို့ အချိန်တိုင်းကောင်းမှုတိုးအောင် အချိန်ထိန်းကိရိယာ သတိကို အမြဲကိုင်ထားရမယ်။

## ၅။ အရွယ်ဆိုတာ မရပ်ပါ

ဖွားမြင်လာတော့ အရွယ်ဆိုတာ ရပ်နေတာမဟုတ်ဘူး။ ကြိုးချည်ထားလို့လဲမရဘူး။ ခေတ်မီ စက်ကိရိယာတွေနဲ့ ထိန်းချုပ်ပြီး ရပ်ထားလို့လဲမရဘူး။ အရွယ်ဆိုတာ မရပ်မနားသွားနေတယ်။

အရွယ်ဟာ ဒီဘက်ကကြည့်ရင် ကြီးလာပေမယ့် ဟိုဘက်ကကြည့်ရင် ငယ်သွားပါတယ်။ အသက်အရွယ် ကြီးလာလေ နောက်ထပ်နေရမယ့် အချိန်နည်းလာလေပဲ။ ၁-မိနစ်ကုန်သွားတိုင်း နောက်ထပ်နေရမယ့်အချိန် ၁-မိနစ်ယုတ်လျော့သွားပါတယ်။ ရှေ့ကကြီးလာလေ နောက်က ငယ်သွားလေပဲ။

အရွယ်ငယ်ငယ်ကလေးကနေကြီးလာတော့ အရွယ်က မိဘစသူတို့ရဲ့ နှစ်သက်ဝမ်းမြောက်မှုကို ခေါ်တတ်တယ်။ မိဘစသူတို့ကလဲ ဝမ်းမြောက်ဝမ်းသာ အရွယ်ကို ကြိုဆိုကြတယ်။ အကျင့်သိက္ခာ ကောင်းရင်



www.burmeseclassic.com

www.burmeseclassic.com


အသက်အရွယ်ကြီးလို့ အိုမင်းလာတာတောင်မှ ဝမ်းသာအားရကြိုဆိုနေကြတုန်းပါ။ ချစ်ခင်မြတ်နိုး အားကိုး လေးစား နေကြတုန်းပါ။

အရွယ်က ဆွေးမြေ့ယိုယွင်းအိုမင်းလာတော့ အများရဲ့ငြီးငွေ့မှုကိုခေါ်နေတတ်တယ်။ နာရင်လဲ ခေါ်တတ်တာပါပဲ။ အများကလဲ ငြီးငွေ့စွာနဲ့ကြိုဆိုကြတယ်။ 'ပျိုမြစ်နုနယ် ရွှင်ဖွယ်ကောင်းတဲ့ အရွယ်ကို ဇရာက မညှာမတာလောင်မြိုက်ရိုက်ချိုး ဖျက်ဆီးပစ်တာပါပဲလား'လို့ သံဝေဂဉာဏ် ဖြစ်စရာတွေ ပေါ်လာတတ်တယ်။ အရွယ်တွေအချိန်တွေ ကုန်ဆုံးယုတ်လျော့သွားတဲ့နေရာမှာ တရားကလွဲလို့ ဘာမှ အစားထိုးစရာမရှိပါဘူး။

ရတနာဆိုင်ဖွင့်လှစ်ရောင်းချသူဟာ ဆိုင်ရှင်အလစ်မှာ သိန်းတန်ရတနာ အခိုးခံရရင် အဖိုး အခမရလို့ ပူရမယ်။ တရားအဖိုးအခမရပဲ အချိန်အရွယ်ကုန်သွားသူလဲ အားငယ်ပူလောင်ရမယ်။ ဝယ်သူရှိလို့ ရတနာ ရောင်းရသူဟာ ထိုက်တန်တဲ့အဖိုးအခရလို့ဝမ်းသာရတယ်။ အချိန်အရွယ်ကုန်သွားတိုင်း တရား အစားထိုး နိုင်သူဟာ ပျော်ရွှင်အားတက်ရပါတယ်။

## ၆။ အိုပယ်ဘဝ အားငယ်ရ

လူ့ဘဝမှာ အသက်၊ သိက္ခာလို့ ကြီးစရာ ၂-မျိုးရှိတယ်။ အသက်ကြီးအောင် တမင်ကြိုးစားဖို့မလိုဘူး။ စိတ်ပါပါ မပါပါ အားအား မအားအား ဇရာကြီးက တာဝန်ကျေအောင်ဆွဲသွားတာဆိုတော့ မကြီးချင်ပဲလဲ ကြီးရမှာပါ။ ရှေ့က အရွယ်ကြီးလာတိုင်း နောက်ကအရွယ်ငယ်သွားတယ်။ အသက်က အလိုအလျောက် ကြီးလာပေမယ့် တရားစွမ်းအားကတော့ အလိုအလျောက် မကြီးနိုင်ပါ ဘူး။ အသက်သာကြီးပြီး တရားမကြီးရင် အသက်ကြီးလေ ကြောက်စရာတိုးလေ၊ အသက်ကြီးလေ အားငယ်စရာပေါ်လေ ဖြစ်သွားမှာပဲ။

အသက်သာကြီးလို့ တရားမကြီးရင် 'အိုပယ်'ဖြစ်သွားတတ်တယ်။ 'အိုပြီ၊ ပယ်လိုက်တော့'လို့ ဆိုပြီး အများက တန်ဖိုးမထားပဲ ဝိုင်းပယ်တတ်ကြတယ်။ 'အဖိုးကြီး ကိုယ့်နေရာ ကိုယ်သွားနေ . . . ဘာနားလည် လို့လဲ၊ ဒါ ကိုယ့်နေရာလား' စသည်ဖြင့် အော်ချင်ငေါက်ချင်ဟောက်ချင်ကြတယ်။ တရားမပါဘဲ အသက်ကြီး ရတာဟာ သိပ်မျက်နှာငယ်ရတတ်ပါတယ်။ သတိလွတ်ပြီး သူငယ်ပြန်သွားရင် ပိုပြီးမျက်နှာငယ်ရတယ်။ ကျက်သရေလဲ လုံးဝမဲ့သွားတတ်တယ်။

## ၇။ ကြီးလေလှလေ စေးမြဲလေ

အကျင့်သိက္ခာတရားကြီးဖို့ တမင်ကြိုးစားရပါတယ်။ အသက်ကြီးသလို အလိုအလျောက် ကြီးမလာနိုင်ပါဘူး။ လူ့ဆင်းရဲအပူတွေဟာ အသက်ကြီးရုံနဲ့ အလိုအလျောက် လျော့မသွားနိုင်ပဲ တရားစွမ်းအားနဲ့ လျှော့ပေးမှ လျော့သွားနိုင်ကြတာပါ။ ဒုက္ခအပူကို နိုင်တာက တရားပဲရှိတာ၊ တရား ကိုနိုင်တာက သတိနှင့်ဉာဏ်ပဲ။ သတိနှင့်ဉာဏ်ဟာ လောကနှင့် ဒုက္ခအပေါ် ဩဇာ အညောင်းဆုံးလဲ ဖြစ်တယ်။

အကျင့်သိက္ခာတရားဆိုတာ သီလ၊ သမာဓိ၊ ပညာပါ။ လူ့စည်းကမ်း ၃-ချက်ပါပဲ။ သီလ ဆိုတာ ကိုယ်နှုတ်ရဲ့ စည်းကမ်း၊ သမာဓိဆိုတာ စိတ်ရဲ့စည်းကမ်း၊ ဝိပဿနာပညာဆိုတာ အသိရဲ့ စည်းကမ်းပါ။ အသက်ကြီးသလောက် အကျင့်သိက္ခာတရားပါကြီးလာမှ 'အိုပယ်' မဖြစ်တော့ပဲ 'အိုကြွယ်' ဖြစ်သွားပါတယ်။ အိုလေ စွမ်းအားကြွယ်ဝလေ၊ ကြီးလေ ကိုယ်ပိုင်တရားကြွယ်ဝလေပဲ။ တရားကြွယ်ဝတော့ ကိုယ့်ဟာကိုယ်လဲ ကျေနပ်ရတယ်။ အများကလဲ ချစ်ခင်မြတ်နိုးအားကိုးကြပါတယ်။

ဘာတွေပဲဖြစ်ဖြစ် ဘာတွေပဲလုပ်လုပ် ဘာတွေပဲရရ ဘာတွေပဲကုန်ကုန် ကိုယ်နှင့် တစ်ပါတည်း တရားအမြဲကပ်ပါနေဖို့ အရေးအကြီးဆုံးပါ။ ဒီလိုဆိုရင် အသက်ကြီးရကျိုးနပ်အောင်၊ ဘဝ တန်ဖိုးလဲ မြင့်တက်အောင်၊ တရားတန်ခိုးလဲ အမြဲတိုးနေအောင်၊ အချိန်တိုင်းလဲ တွက်ကိန်းကိုက်အောင် မလွတ်တမ်း အမြဲကိုင်ထားရမှာကတော့ သတိဉာဏ်ပဲ ဖြစ်ပါတယ်။

## ၈။ မွေးဆိုသေနာ မင်္ဂလာ

မင်္ဂလာဆိုတာ မင်္ဂလဆိုတဲ့ပါဠိကို ရေးချလေးထည့်ပြီး မြန်မာသံနဲ့ ပြောနေတဲ့စကားပါ။ 'သဗ္ဗပါပဝိနာသနံ' ဆိုတဲ့ မင်္ဂလာသုတ် စကားပျိုးအတိုင်း မကောင်းမှု ဖျက်ဆီးတဲ့အလုပ်၊ မကောင်းမှု ပါးအောင်



www.burmeseclassic.com

www.burmeseclassic.com


နည်းအောင် ကင်းအောင် ကျင့်ဆောင်တဲ့အလုပ်ကို မင်္ဂလာလို့ခေါ်တာပါ။ မကောင်းမှု ကင်းရင် ကောင်းမှုသွင်းနိုင်တာဖြစ်လို့ ကောင်းမှု ဖြည့်သွင်းနေရင်လဲ မကောင်းမှု ကင်းသွားတာဖြစ်လို့ ကြီးပွားတိုးတက်ကြောင်း ကောင်းမှုအလုပ်ကိုလဲ မင်္ဂလာလို့ ခေါ်နိုင်တာပါပဲ။

လောကမှာ သုမင်္ဂလကိစ္စ ဒုမင်္ဂလကိစ္စလို့ မင်္ဂလာကို ၂-မျိုးခွဲပြောတတ်ကြတယ်။ သာရေး ကိစ္စက သုမင်္ဂလ၊ နာရေးကိစ္စက ဒုမင်္ဂလဆိုပြီး ခွဲပြောကြတယ်။ တရားဖက်မှာတော့ ၂-မျိုးခွဲဖို့ မလိုပါဘူး။ မင်္ဂလာဆိုရင် ဒုမင်္ဂလမရှိပါဘူး။ သုမင်္ဂလချည်းပါပဲ။ မွေး၊ အို၊ နာ၊ သေလဲ မင်္ဂလာခေါ်ရင် ဖြစ်ပါတယ်။

'ဖြစ်-အို-နာ-သေဟာ ဆင်းရဲအစစ်' လို့ ဘုရားဟောထားတာဖြစ်လို့ ဒီ၄-မျိုးကို ဉာဏ်နဲ့ သေသေချာချာမြင်အောင် ကြည့်ရှုသုံးသပ်ဆုံးဖြတ်တတ်သူမှာ မကောင်းမှုကို လက်ရဲ ဇက်ရဲ မလုပ်ရဲပါဘူး။ မလုပ်မိအောင် ထိန်းသိမ်းပါတယ်။ ကောင်းမှုကိုပဲ စွဲစွဲမြဲမြဲ ရဲရဲရင့်ရင့် လုပ်တတ်ပါတယ်။ မကောင်းမှုရှင်းလို့ ကောင်းမှုသွင်းနိုင်ရင် လက်တွေ့မင်္ဂလာအလုပ်ပဲ။ ဖြစ်-အို-နာ-သေ က အကုသိုလ် မလုပ်ရဲအောင် ထိန်းသိမ်းပေးပြီး ကုသိုလ်အမြန်လုပ်အောင် တွန်းပေးတာကိုး။

## ၃။ မွေးနေ့ဟာလဲ တရားပဲ

မွေးနေ့နှင့်ရက်ချင်းတူလို့ တစ်နှစ်တစ်ခါရောက်လာတဲ့ရက်တွေကို စကားအနေနဲ့ တင်စားပြီး မွေးနေ့လို့ ပြောကြတာဖြစ်ပေမယ့် သတိဉာဏ်ပါရင်တော့တရားစကားပါပဲ။ မွေးနေ့လို့ ပြောလိုက်ရင် ဉာဏ်ရှိသူရဲ့ အသိထဲမှာ တရားသဘောတွေ ပေါ်လာတယ်။ မွေးနေ့အစစ်နှင့် အတုကိုလဲ ခွဲကြည့်တတ်တယ်။

မွေးနေ့လို့ပြောလိုက်တော့ 'ငါမွေးဖွားခဲ့စဉ်တုန်းက ပြုံးပြုံးလေးမဟုတ်ဘူး၊ ကယောင်ကတမ်း အော်ဟစ်ငိုကြွေးရင်း ဒုက္ခသည်ပုံစံနဲ့ ဖွားမြင်ခဲ့ရတာ၊ မဖွားမြင်မီ အမေ့ဝမ်းထဲမှာ ကျဉ်းကျဉ်းကျပ်ကျပ် ၁၀-လလောက် နေခဲ့ရသေးတာ၊ ကိုယ်စိတ်တိုင်းမကျတာမှန်သမျှ ဘာမှမတုန့်ပြန်၊ မတင်ပြတတ်၊ မချိမဆန့်ခံနေခဲ့ရတာ၊ အမေ့ဝမ်းထဲ မရောက်မီ အရင်ဘဝက မချိမဆန့် သေခဲ့ရသေးတာ'လို့ ဉာဏ်နဲ့ ဖော်ယူတတ်သလောက် ကြောက်လန့်စရာ တရားသဘောတွေ ပေါ်လာတတ်ပါတယ်။

ပြီးတော့ 'ငါ့ကို မမွေးဖွားမီ အမေဟာ ငါ့ကို လေးလံစွာ ဝမ်းနဲ့ လွယ်ထားခဲ့ရတယ်၊ ဝမ်းထဲမှာ ဆင်းဆင်းရဲရဲ နေရရှာတဲ့ ငါ့ကို ချစ်ခင်သနားလွန်းလို့ အမေဟာ စား၊ သွား၊ နေထိုင်မှုတွေ အစစ ဆင်ခြင်ခဲ့ရတယ်၊ ငါ့အတွက် အမေဆင်းရဲ ခံခဲ့ရတယ်၊ ငါ့ကို မွေးဖွားတုန်းက အမေဟာ သေလုမျောပါး အကြီးအကျယ် ဆင်းရဲခဲ့ရရှာတယ်'လို့ 'မွေးနေ့' ဆိုတဲ့စကားလုံးက အမေ့ ဂုဏ်ကျေးဇူးတွေကို တစ်သီကြီး ဖော်ပေးပါတယ်။

'ဒုက္ခမျိုးစုံနဲ့နပမ်းလုံးခဲ့ရလို့ ငါမွေးဖွားချိန်မှာအသိတွေသုညဖြစ်ခဲ့တယ်၊ သညာသိ ပညာသိတွေ ဘာမှ မရှိတော့ဘူး၊ စိတ်သိ-ဝိညာဏ်သိ တည်းတည်းလေး မှုံမှုံမွှားမွှားလေးပဲရှိတော့တယ်၊ ဘာမှမသိ၊ ဘာမှနားမလည်၊ ဘာမှမတတ်၊ စိတ်တိုင်းမကျရင် ငိုရုံပဲတတ်တယ်'လို့ မွေးဖွားစဉ်က မိမိရဲ့ ဒုက္ခသည် သုညဘဝကိုလဲ 'မွေးနေ့'ဆိုတဲ့ စကားလုံးက အမှတ်ရသွားစေပါတယ်။

'ငါမွေးပြီးတဲ့နောက် သုညမျှသာရှိနေသေးတဲ့ ငါ့ကို အဖေအမေတို့က ကိုယ်ကျိုးစွန့် အနစ်နာခံ စောင့်ရှောက်ခဲ့ကြတယ်၊ လိုတာအကုန် ပေးတယ်၊ သုညဘဝက လွတ်အောင် စွမ်းနိုင်သမျှ အကုန်ကူညီကြတယ်၊ မလုပ်သင့်တာ အကုန်တားလို့ လုပ်သင့်တာအကုန် ညွှန်ကြားတယ်၊ ကိုယ်တတ်သမျှ အကုန်သင်ပေးကြတယ်၊ နောက်တော့ ပညာတတ်အောင်သင်နိုင်ဖို့ ဆရာတွေလက်ထဲ အပ်ပေးကြတယ်' စသည်ဖြင့် 'မွေးနေ့'ဆိုတဲ့ စကားလုံးဟာ ဆပ်မကုန်နိုင်တဲ့ မိဘကျေးဇူးတွေကိုလဲ ဖော်ပေးပါတယ်။

မွေးနေ့လို့ပြောလိုက်တာနဲ့ မွေးဖွားပြီးတဲ့နေ့ကစ ယနေ့ထိ ထပ်ချပ်မကွာ အိုခြင်း၊ နာခြင်းက တကောက်ကောက် လိုက်နေပုံ၊ ယခု အိုခြင်း နာခြင်းနှင့် ရင်ဆိုင်နေရဆဲဖြစ်နေပုံ၊ အိုခြင်း နာခြင်းက သေခြင်းထဲ အပြေးသွားနေပုံ၊ သေခြင်းက အိုခြင်းနာခြင်းထဲ အပြေးလာကြိုနေပုံ၊ ဇာတိရှိလာခြင်းကြောင့်သာ ဒုက္ခမျိုးစုံ ဝိုင်းအုံ လာနေကြပုံတွေဟာ ဉာဏ်နဲ့ ဖော်ယူတတ်သလောက် ပေါ်လာကြပါတယ်။ မွေးနေ့ဟာလဲ တရားပါပဲ။


www.burmeseclassic.com

www.burmeseclassic.com


## ၁၀။ ပြေးမလွှတ်ချေ၊ အိုနာသေ

မလိုချင်ပဲရလာတဲ့မွေးနေ့ရဲ့ အကျိုးဆက်ကတော့ အို-နာ-သေပဲ။ ဘယ်သူမှ ရှောင်လွှဲလို့ မရနိုင်ပါဘူး။ မွေးဖွားပြီးတာနဲ့ သူတို့ကမလွတ်အောင် ဆုတ်ကိုင်ထားလိုက်ပြီပဲ။ ကြောင်လက်ထဲရောက်သွားတဲ့ ကြွက်ဟာ လွတ်လမ်း လုံးဝမရှိတော့ပါဘူး။ ကြောင်က နည်းမျိုးစုံ အားရအောင် ဆော့ကစားပြီး ကြွက်ကို ဝါးစားပစ်လိုက်တာပါ။ ခန္ဓာလဲ ဒီတိုင်းပါပဲ။ ဇာတိကြောင်လက်ထဲ ရောက်သွားပြီဆိုတော့ ဇရာမရဏာဒုက္ခမျိုးစုံနဲ့ နည်းမျိုးစုံ ဆော့ကစားပြီး မရဏာရဲ့ဝါးစားပစ်တာကို စောင့်ခံရမှာပါ။ လွတ်များ လွတ်ဦးမှာလားလို့ ဘာမှ သံသယပွား စဉ်းစားစရာမလိုပါဘူး။ စောင့်သေမှာပါ။

မွေးနေ့လို့ပြောရရင် အိုနေ့၊ နာနေ့၊ သေနေ့လို့ ရဲရဲပြောနိုင်အောင်လဲ ကြိုးစားရုံပေါ့။ အိုနေ့ကတော့ နေ့တိုင်း ရောက်နေတာပါ။ ရုတ်တရက် အိုရုပ် မပေါက်သေးပေမယ့် နီနီရဲရဲ သေးသေးမွှားမွှား နုနုလေးကနေ တစ်စတစ်စ ရင့်လာတာဟာ ဇရာသဘောကြောင့်ပါ။ နေ့တိုင်း အိုပွဲမှာ ရဲဖို့ ကောင်းမှုမြဲအောင် သတိထား ကြိုးစားနေရမှာ ဖြစ်တယ်။ ဦးပဋ္ဌင်း ၅၅-နှစ်ကျော်ကတည်းက ကိုယ့်ဟာကိုယ် ပြောတဲ့အခါ ဦးပဋ္ဌင်းလို့လဲ မသုံးတော့ဘူး။ 'ဘုန်းကြီး'လို့လဲ ရိုးရိုး မသုံးတော့ဘူး။ 'ဘုန်းကြီး အိုကြီး' လို့ပဲ သုံးတော့တယ်။ ဇရာကို အတည်ပြုကြေငြာလိုက်တာပါ။

နာနေ့ကလဲ နေ့တိုင်းရောက်နေမှာပါ။ ရုပ်ရှိရင် အနာရှိပါတယ်။ ဣရိယာပုထ် အမျိုးမျိုးနှင့် ပြောင်းလဲပြုပြင်နေလို့ မပေါ်တာပါ။ မပြောင်းလဲပဲ ဣရိယာပုတ်တစ်မျိုးတည်းနဲ့ ကြာကြာနေကြည့်ရင် နာတာတွေ ပေါ်လာတာ တွေ့ရမှာပါ။ အကြောင်းဖောက်ပြန်ရင် ပြင်းထန်တဲ့အနာလဲ အချိန်မရွေး ပေါ်လာနိုင်ပါတယ်။ နေ့တိုင်း နာပွဲမှာရဲဖို့ သတိဉာဏ် အမြဲကိုင်စွဲထားရမှာပါ။

သေနေ့ဆိုတာလဲ ရှောင်လွှဲမရအောင် စောင့်ရောက်လာဦးမှာပါ။ ကိုယ်ပိုင်တရား နေ့စဉ်မြဲနေရင် သေရဲမှာပါ။ ပစ္စုပ္ပန်သေချာရင် အနာဂတ် စိတ်အေးရပြီပဲ။ အိုနာသေဘေးတွေ နောက်ပြန်ဆုတ်သွားအောင်လုပ်နိုင်တဲ့ နည်းလမ်း လောကမှာ မရှိပါဘူး။

တချို့အနာရောဂါတွေ ဆေးဝါးကောင်း၊ ဆရာကောင်းတွေကြောင့် ပျောက်ကင်းသွားကြပေမယ့် ကံက အသက်ရှင်ခွင့် ပေးထားတုန်းမှာပဲ ကုလို့ရတာပါ။ တကယ်သေလောက်အောင် နာလာရင် ဘယ်ဆေး၊ ဘယ်ဆရာမှ မတတ်နိုင်တော့ဘူး။

အိုနာသေဘေးလွတ်အောင် တိမ်းရှောင်စရာ ပြေးစရာနေရာလဲလုံးဝမရှိပါဘူး။ ရေထဲ မြေထဲ လေထဲပုန်းလို့လဲမလွတ်ပါဘူး။ ပုန်းတဲ့နေရာထိ ခန္ဓာလောင်စာပါသွားမှာဖြစ်လို့ လောင်စာရှိနေရင် အိုနာသေမီး လောင်နေမှာပဲ။ မွေးနေ့ရှိမှတော့ သေနေ့လဲ လက်ခံရုံပေါ့။

## ၁၁။ မွေးနေ့မင်္ဂလာ ရတနာ

မွေးနေ့အစစ်ကိုပဲ မွေးနေ့လို့ပြောပြော၊ အိုပွဲနေ့ကိုပဲ စကားနဲ့တင်စားပြီး မွေးနေ့လို့ ပြောပြော သတိဉာဏ်နဲ့ အကုသိုလ်ကင်းအောင်ရှင်းနိုင်ရင် ကုသိုလ်များအောင်ဖြည့်သွင်းနိုင်ရင် မွေးနေ့ မင်္ဂလာ ဖြစ်သွားပြီပဲ။

ရတနဆိုတဲ့ပါဠိစကားကို မြန်မာသံနဲ့ ရတနာလို့ ခေါ်တာပါ။ ရလာတဲ့ ကောင်းမှုတရား အားလုံးကို ရတနာလို့ ခေါ်နိုင်ပါတယ်။ ကောင်းမှုရှင်ကို နှစ်သက်ရွှင်ပြုံး အားတက်စေတတ်တာကြောင့်ပါ။ လောကမှာ ကောင်းမှုတရားရတာလောက် ပျော်ရွှင်အားတက်စရာကောင်းတာ ဘာမှမရှိပါဘူး။ ကောင်းမှုတရားဆိုတာ မိဘ မပေးနိုင်တာကိုတောင် ပေးနိုင်တယ်။ ပိုက်ဆံပေးဝယ်လို့ မရနိုင်တာတွေကို သူ့အကုန် ပေးနိုင်တယ်။ ပြီးတော့ အခက်အခဲအားလုံး ဖြေရှင်းပေးနိုင်တယ်။ ဘေးရန်အပူ အားလုံး ဖယ်ရှားတားမြစ်နိုင်တယ်။ ဒါကြောင့် ကုသိုလ်လုပ်ရတာဟာ ပျော်စရာ အကောင်းဆုံးပါ။

ပြီးတော့ ကုသိုလ်ဟာ လုပ်ပြီးရင် စိတ်ထဲမှာ မြတ်မြတ်နိုးနိုး လေးလေးစားစားထားထိုက်တယ်။ စိတ်ထဲမှာ ဖော်ယူလိုက်တိုင်း အတိုးအပွားတွေ ပြန်တက်တယ်။ စိတ်ထဲပေါ်လာတိုင်း အားတွေ ထပ်တိုးရတယ်။ ဒါကြောင့် ရတနာလို့ ခေါ်နိုင်တယ်။


www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုး ကြီးမားများပြားလွန်းလို့လဲ ကောင်းမှုတရားကို ရတနာ ခေါ်နိုင်တာပါ။ အရေးကြုံလာရင် မိဘဆွေမျိုးတွေထက် အားကိုးရတယ်။ လောကပိုက်ဆံပစ္စည်းတွေထက် အဆများစွာ တန်ဖိုးကြီးတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ လောကီလောကုတ္တရာကောင်းကျိုးကို ပေးနိုင်တယ်။ အကျိုးပေး သိပ်ပြီး ကြီးကျယ်များပြားလှပါတယ်။ ကံတကယ်ကောင်းရင် အများ မော်ကြည့်ရတာပါ။

ကောင်းမှုတရားဆိုတာ ဘာနဲ့ပြိုင်ပြိုင် ကိုယ်ကချည်း နိုင်ရတာဖြစ်လို့လဲ ရတနာပါ။ စဖြစ် လာကတည်းက အရှိန်ပြင်းလှတဲ့လောဘ၊ ဒေါသ၊ မောဟတွေကို နိုင်နိုင်နင်းနင်း နှိမ်နင်းအနိုင်ယူခဲ့ရတာဖြစ်လို့ အရှိန်အဝါ သိပ်ကြီးတယ်။ မိဘဆွေမျိုး မဖြေရှင်းနိုင်တဲ့ အခက်အခဲ၊ ပိုက်ဆံပစ္စည်း အများကြီးပေးလို့တောင်မှ မဖြေရှင်းနိုင်တဲ့ အခက်အခဲ၊ ဘယ်သူ့အမိန့်နဲ့မှ တားမရနိုင်တဲ့ အခက်အခဲတွေကို ဖြေရှင်းတားမြစ်နိုင်တယ်။ ကိုယ့်စိတ်စေတနာဟာ တကယ်သုံးတတ်ရင် သိပ်အံ့ဩစရာကြီးပါ။

ကောင်းမှုဆိုတာ စိတ်ထဲမှာတွေ့ကြုံဖို့ဖြစ်ဖို့ ခက်ခဲလှတဲ့ ရှားပါးပစ္စည်း ဖြစ်တာကြောင့်လဲ ရတနာဖြစ်တယ်။ ပုထုဇဉ်စိတ်ဟာ လောဘ၊ ဒေါသ၊ မောဟနှင့် တွေ့ဆုံဖို့လွယ်ကူလွန်းလို့ မကောင်းမှုဖြစ်ဖို့ သိပ်လွယ်ပါတယ်။ အကုသိုလ်တစ်ခုဖြစ်ဖို့ သိပ်ကြောင့်ကြစိုက်စရာ မလိုဘူး။ သဒ္ဓါ၊ သတိ၊ ဉာဏ်စတဲ့ အကောင်းတရားနှင့် စိတ် တွေ့ဆုံဖို့ သိပ်ခက်ခဲတယ်။ စိတ်ထဲကုသိုလ်ဖြစ်ဖို့ တော်တော်ခက်ခဲတယ်။ သာမန်ပုထုဇဉ်ရဲ့ တစ်နေ့တာကာလမှာ အကုသိုလ်ဖြစ်ချိန်က ကုသိုလ်ဖြစ်ချိန်ထက် ပိုများပါတယ်။ ဒါပေမယ့် ကုသိုလ်ဆိုတာ ကိုယ့်စိတ်ကိုနိုင်လို့သာ ရလာတာ ဖြစ်တာကြောင့် အကုသိုလ်ထက် အဆများစွာ အားကောင်းပါတယ်။

နောက်ပြီးတော့ ကောင်းမှုတရားဆိုတာ အထက်တန်းစားပုဂ္ဂိုလ်တို့ရဲ့ အသုံးအဆောင် ဖြစ်လို့ တကယ့်ရတနာပါ။ ကောင်းမှုဟာ ကောင်းမှုနှင့်တန်တဲ့ အထက်တန်းစိတ်ရှိသူမှာသာ ဖြစ်နိုင်တယ်။ လောဘ၊ ဒေါသ၊ မောဟဦးစီးတဲ့အောက်တန်းစားစိတ်နဲ့ ကုသိုလ်မပေါ်နိုင်ပါဘူး။ အလှူလုပ်ချင်ရင် အလှူနှင့် ထိုက်တန်တဲ့ သဒ္ဓါ၊ မေတ္တာ၊ ပညာ ဦးစီးတဲ့ အထက်တန်းစားစိတ်ဖြစ်အောင် လုပ်ရတယ်။ သီလ၊ သမာဓိ၊ ပညာ ဖြည့်ကျင့်တော့မယ် ဆိုရင်လဲ ထိုက်တန်တဲ့ စိတ်ကောင်းရှိမှ ဖြည့်ကျင့်နိုင်ပါတယ်။ ဈေးဝယ်ရသလိုပါပဲ။ ထိုက်တန်တဲ့ အဖိုးအခနှင့်တူတဲ့ အထက်တန်းစားစိတ်တွေ ထုတ်ပေးနိုင်မှ အထက်တန်းကောင်းမှုတွေရမယ်။ အထက်တန်းစားကောင်းမှုရှိမှ အံ့ဩစရာ အထက်တန်း ကောင်းကျိုးတွေပေးမယ်။ အောက်တန်းစားစိတ်ကို လွှမ်းမိုးနိုင်ဖို့ အထက်တန်းစားစိတ် များများဖြစ်ဖို့ အထက်တန်းတရားဖြစ်တဲ့ သတိဉာဏ် အမြဲကိုင်နိုင်အောင် ကြိုးစားနေရမှာပဲ။ ပါရမီဆိုတာ အထက်တန်းပုဂ္ဂိုလ်တွေရဲ့အလုပ်ပါ။

"အားလုံးရတနာကောင်းတိုး၍ ကောင်းကျိုးစည်ပင်ကြပါစေ"

တိပိဋကယောဆရာတော်
၁၃၆၆-ခု၊ တပေါင်းလ (၂၀၀၅-ခု၊ မတ်လ)



www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကရေ ဓမ္မလက်ဆောင် (၂၉)

## ၄၅–နှစ် တရားသက်

## နမော ရတနတ္တယဿ

### ၁။ ၄၅–ဝါ သာသနာ

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။
(သုတ္တနိ-ဋ္ဌ-၃-၂၉၃)

- **လောကုတ်လောကီ၊ နှစ်လီကြီးမား၊ စီးပွားရရန်၊ တိုးတက်ရန်၊ ကေန်ဘုရားပွင့်လာသည်။**
- **လူနတ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ (မျက်မှောက်၊ တမလွန်၊ နိဗ္ဗာန်ချမ်းသာ)၊ ကောင်းစွာအမှန်၊ ရဖို့ရန်၊ ကေန်တရားပေါ်လာသည်။**
- **အဆိုးကင်းကြောင်း၊ အကောင်းရလို၊ ကြီးပွားလိုသူ၊ ကုသိုလ်ပုညာ၊ ကြဲချစရာ၊ ရဖို့ရာ၊ သံဃာပေါ်ပေါက်သည်။**
- **သုံးပါးမြတ်စွာ၊ မင်္ဂလာကြောင့်၊ သူ ငါ အများ၊ ချမ်းသာပွား၊ စွမ်းအားတိုးတက်သည်။**
- **၄၅-နှစ်၊ တရားသက်၊ အားတက်ဖြူစင်သည်။**
- **၄၅-ဝါ၊ သာသနာကြောင့်၊ ကမ္ဘာလည်းလှ၊ လူလည်းလှ၊ အေးမြချမ်းသာသည်။**

ဦးပဋ္ဌင်းဟာ ၁၃၂၂-ခုနှစ်၊ နယုန် လဆန်း ၈-ရက်၊ အသက် ၁၈-နှစ်အရွယ်တုန်းက ဒုတိယအကြိမ် ကိုရင်ဝတ်ခဲ့တာဆိုတော့ ယခု နယုန်လဆိုရင် သက်န်းသက် ၄၅-နှစ်တိတိ ပြည့်ပါပြီ၊ ပထမအကြိမ် မိဘတွေ ရှင်ပြုပေးခဲ့လို့ ကိုရင် ဝတ်ခဲ့ရစဉ်က ကိုရင်ဘဝနဲ့ ၁-လခန့်သာနေပြီး မိဘဆန္ဒအရ လူဝတ်လဲခဲ့ရတယ်၊ ကိုယ်က လူငယ်ဆိုတော့ မိဘဆန္ဒကို မလွန်ဆန်သင့်ဘူးလို့ ယူဆပြီး လိုက်လျောခဲ့တာပါ။

နောက်ထပ် ကိုရင်ပြန်ဝတ်မယ်လို့ အခွင့်ကောင်းကို ချောင်းနေခဲ့ပေမယ့် မိဘတွေက သူတို့သားကို လက်လွှတ်မခံချင်ကြပါဘူး၊ အရေးထဲမှာ အစိုးရစစ် သတ္တမတန်းစာမေးပွဲ အောင်စာရင်း ထွက်လာတော့ 'ကန်တစ်ကျောင်းလုံး သာမောင် ၁-ယောက်ထဲ အောင်တာတဲ့၊ ဂန့်ဂေါ တစ်နယ်လုံးမှာ ၂-ယောက်ထဲပဲ အောင် တာတဲ့' ဆိုတဲ့ သတင်းတွေ ထွက်လာပြန်တယ်၊ သတ္တမတန်းကို အစိုးရစစ်အနေနဲ့ ကျင်းပပေးတာက ဒီအကြိမ် နောက်ဆုံးပဲတဲ့၊ ဒီတုန်းက သတ္တမတန်းအောင်ရင် အလယ်တန်းပညာသင်လို့ ပြီးတော့တာပါ၊ အဲဒီခေတ်က ၇-တန်း အောင်ရင် မူလတန်းပြ ကျောင်းဆရာ ချက်ချင်း လုပ်လို့ရတဲ့အချိန်ပဲ။

မိဘတွေက သူတို့သားအတွက် အားရကျေနပ်လို့ မဆုံးပေါ့၊ သားကို ကျောင်းဆရာ အလုပ်မခိုင်းသေးဘူး၊ ၁၀-တန်းအောင် အောင် ကျောင်းထားပေးဦးမယ်ဆိုပြီး ဂန့်ဂေါ အထက်တန်းကျောင်းမှာ ကျောင်းဆက်ထားဖို့ အားယူနေကြတယ်၊ မိဘတွေက သူတို့သားကို သားအကြီးဆုံးဖြစ်လို့ အတော် အားကိုးနေကြပုံပေါ်ပါတယ်၊ သူတို့ရဲ့သားကို သူတို့ပိုင်တယ်လို့လဲ ထင်နေကြဟန်တူပါတယ်။

၁၃၂၂-ခုနှစ်၊ နယုန်လဆန်း ၅-ရက် နေ့မှာ ကန်ရွာက ဦးကြီးဦးပြည့်ထွန်း (အမေရဲ့ တစ်ဝမ်းကွဲအစ်ကို) ဦးပဋ္ဌင်းရဲ့ ဇာတိလက်ပန်ရွာကို ရောက်လာတယ်၊ နွေရာသီ ကျောင်းပိတ်တုန်းပါ၊ မကြာမီဖွင့်တော့မယ့် ဂန့်ဂေါ အထက်တန်းကျောင်းမှာ အထက်တန်းပညာ ဆက်သင်ဖို့ ပြင်ဆင်နေတဲ့အချိန်ပေါ့၊ ဦးပဋ္ဌင်း ကန်မှာ ကျောင်းနေတုန်းက ဦးကြီးဦးပြည့်ထွန်းအိမ်မှာနေပြီး ပညာသင်ခဲ့ရတာပါ၊ ဦးကြီးက သိပ်စည်းကမ်း ကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကြီး လက်ပန်ကိုရောက်လာတော့ ဦးပဥ္စင်းရဲ့ မိဘတွေဆီသွားပြီး အကျိုးအကြောင်းတွေစုံအောင် ပြပြီး နားချပြောတယ်တဲ့၊ ဒီအချိန် ဦးပဥ္စင်းက အိမ်မှာမရှိဘူး၊ ရွာအရှေ့ဖျားက အဖိုးအဖွားအိမ် ခဏ အလည် ရောက်နေတယ်၊ ဦးကြီး မိဘတွေကို နားဝင်အောင်ပြောပြီး သူဟာသူပဲ ဆုံးဖြတ်ချက်ပေးလိုက်တာတဲ့၊ 'ကဲ နင်တို့သားကို နင်တို့တကယ်ပိုင်တာ မဟုတ်ဘူး၊ သေသွားတာလဲမဟုတ်ဘူး၊ မိုက်ကမ်းရမ်းကားပြီး မိဘကို ခြေကန် ထွက်သွားတာလဲ မဟုတ်ဘူး၊ မြင့်မြတ်တဲ့သာသနာဖက် ဦးတည်တာ၊ သူ ကိုရင်ဝတ်ချင်တာ ဝတ်ပါစေ၊ မတားနဲ့၊ ငါ တာဝန်ယူတယ်' လို့ပြောပြီး အိမ်ပေါ်ကဆင်းသွားသတဲ့၊ သူ့တူ ကိုရင်ဝတ်ချင်တာကို ဦးကြီး သိပြီးသားပါ။

ရွာအရှေ့ဖျားက အဖိုးအဖွားအိမ်ကို ဦးကြီးဦးပြည့်ထွန်း ခပ်သုတ်သုတ်ရောက်လာတယ်၊ ဦးကြီးက အဖွားရဲ့ အစ်ကိုကြီးသားပါ၊ ဦးကြီး က 'ကဲ သားမောင်--- နင့်မိဘတွေ ငါပြောခဲ့ပြီးပြီ၊ ကိုရင်ဝတ်ဖို့ ဒီနေ့ပဲ ကန်ကို သွားတော့မယ်၊ သွားဖို့ အခုပဲပြင်ပါ' လို့ လာပြောတော့ ဦးပဥ္စင်းကလဲ ဝမ်းသာအားရနဲ့ အိမ်ကို ခဏပြန်၊ ယူသင့်တာယူ၊ မျက်နှာတည်တည်ကြီးလုပ်နေတဲ့ အဖေနဲ့ မျက်ရည်စို့ရွှဲနေတဲ့ အမေကို ဦးချ ကန်တော့ထားခဲ့ပြီး ဦးကြီးခေါ်ရာ ကန်ရွာကို လိုက်သွားခဲ့တယ် 'အမေ့မျက်ရည်တွေ အလကားမဖြစ်စေရဘူး၊ ဆေးဖက်ဝင် စေရမယ်' လို့ နောက်တော့မှ နှစ်သိမ့် အားပေးရုံပေါ့လို့ စိတ်ကူးခဲ့မိသေးတယ်။

ဦးကြီး ဦးပြည့်ထွန်းဟာ မိမိရဲ့သာသနာ့ ရှေ့နေကြီးပါ၊ ရှေ့နေကြီး ကောင်းလွန်းလို့ ကိုယ်က မိဘထံ တစ်ခွန်းမှ ခွင့်မတောင်းရပဲ 'ကဲ ကဲ--ကောင်းရာသွားတာပဲ သွားပေါ့' လို့ ခွင့်ပြုလိုက်တာပါ၊ အဖွားက မှာလိုက်ပါသေးတယ်၊ 'အဲ---ဘုန်းကြီးလူထွက်တော့ ငါတို့ လုံးဝမလိုချင်ဘူးနော်' တဲ့၊ ဦးပဥ္စင်းကလဲ ပြုံးရုံက လွဲလို့ ဘာမှ ပြန်မပြောဖြစ်ခဲ့ပါဘူး။

ကန်ကိုရောက်တော့ တစ်ရက်နားပြီး နယုန်လဆန်း၇-ရက်နေ့မှာ ဦးကြီး ဦးပြည့်ထွန်းကိုယ်တိုင် ကန်တောရကျောင်းတိုက် ဘုန်းကြီး ဦးနန္ဒိမာထံ လိုက်ပို့ အပ်နှံပေးလိုက်ပါတယ်၊ ဘုန်းကြီး ဦးနန္ဒိမာကလဲ အလွန်ကျေနပ်တဲ့မျက်နှာနဲ့ လက်ခံထားလိုက်တယ်၊ နေ့လည်ကျတော့ ဘုန်းကြီးဦးနန္ဒိမာက ဓမ္မာစရိယ စာချဘုန်းကြီး ဦးသာကိန္ဒထံ ပို့အပ်ပေးလို့ ဘုန်းကြီး ဦးသာကိန္ဒထံကျောင်းသားဘဝနဲ့ သဂြိုဟ်စာဝါကို ၁ ရက် တက်လိုက်ရပါသေးတယ်၊ နယုန်လဆန်း ၈-ရက်နေ့ မှာ ဒုတိယအကြိမ် ကိုရင် ဝတ်ခဲ့ပါတယ်။

ယခု မိမိသက်နံးဝတ်ခဲ့တာ ၄၅-နှစ် ပြည့်ပါပြီ၊ လွန်ခဲ့တဲ့ ၁၃၂၂-ခု၊ နယုန်လဆန်း ၈-ရက်နေ့တုန်းက 'နောက် ၄၅-နှစ်ကြာရင် ငါဘယ်နေရာရောက်လို့ ဘာတွေများလုပ်နေမှာပါလိမ့်'လို့ အနာဂတ်ကို မမျှော်မှန်းတတ်ခဲ့သော်လဲ ၄၅-နှစ်ပြည့်လာပြီဖြစ်တဲ့ ယခုအခါမှာတော့ အတိတ် ၄၅-နှစ်က ခြေလှမ်းများကို အထိုက်အလျောက် မှန်းဆဖြစ်ပါတယ်၊ ဘဝအခြေအနေပေးထားတာနဲ့ နှိုင်းစာရင် ကိုယ့်ခြေလှမ်းတွေထဲမှာ အားမရတဲ့ခြေလှမ်းတွေက ပိုပြီးများပါတယ်။

မိမိရဲ့ ၄၅-နှစ် လျှောက်လှမ်းလာခဲ့တဲ့ '၄၅-နှစ် သက်နံးသက်'ကာလဟာ စကားတစ်ခု လုပ်ပြီး ရေတွက် လောက်တဲ့အရေအတွက်တော့ မဟုတ်ပါဘူး၊ တကယ်တော့ အသေးအဖွဲ့လေးပါ၊ ဒါပေမယ့် မြတ်ဗုဒ္ဓရဲ့ ၄၅-ဝါ သာသနာ - ၄၅-နှစ် တရားသက်ကို အာရုံပြုပြီး ပူဇော်လိုတဲ့ဆန္ဒနဲ့ '၄၅-နှစ်'လို့ စိတ်ထဲ ထည့်စဉ်းစားမိတာကိုတော့ ကျေနပ်မိပါတယ်၊ ရတနာ၃-ပါးကို အကြောင်းခံတာကိုး။

မြတ်ဗုဒ္ဓရဲ့ ၄၅-နှစ် စွမ်းဆောင်ချက်ကို မိမိရဲ့ ခြစ်ခြစ်ချုပ်ချုပ် ၄၅-နှစ်အလုပ်နဲ့ ပူဇော်လိုတာကြောင့် '၄၅-နှစ်'လို့ ပြောဖြစ် ရေးဖြစ်သွားတာပါ၊ မိမိရဲ့ '၄၅-နှစ် သက်နံးသက်'ဟာ သိပ်အားရစရာ မရှိလှပေမယ့် သာသနာနှင့် မတွေ့ရသူတွေ၊ အချိန်နှင့်ဘဝကို ဖြုန်းပစ်နေသူတွေနှင့် နှိုင်းစာရင်တော့ ကျေနပ်စရာလို့ပဲ ဆိုရမှာပေါ့၊ တကယ်တော့ မြတ်ဗုဒ္ဓရဲ့ကျေးဇူး၊ ရတနာ ၃-ပါး ရဲ့ ကျေးဇူး၊ မြတ်ဗုဒ္ဓသာသနာရဲ့ ကျေးဇူးကြောင့်ပါ။

မြတ်ဗုဒ္ဓဖြစ်ဖို့ နိယတဗျာဒိတ်ရပြီးရင်တောင် အနည်းဆုံး ၄-အသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့် လေ့ကျင့်ခဲ့ရပါတယ်၊ နိယတ ဗျာဒိတ်မရခင်ကလဲ ကမ္ဘာတွေ အများကြီးကြာအောင် ဖြည့်ကျင့်ခဲ့ရသေးတယ်၊ ဘဝတွေဆို ရေလို့တောင် မရနိုင်ဘူး။

ဂေါတမဗုဒ္ဓအလောင်း ပါရမီဖြည့်လာလိုက်တာ လူသက်တမ်း ၁၀၀-ရှည်တဲ့ ခေတ်ရောက်မှ ပါရမီဉာဏ် ရင့်ကျက်ပြည့်စုံတာတဲ့၊ တကယ်ဆိုရင် ကဿပဘုရားက လူတွေရဲ့ အသက်၂၀၀၀၀-တမ်းမှာ ပွင့်သွားတာ



www.burmeseclassic.com

www.burmeseclassic.com


ဆိုတော့ ဂေါတမဘုရားက အသက် ၁၀၀၀၀-တမ်းမှာ ပွင့်ရမှာပါ။ ဒါပေမယ့် အဲဒီအချိန်မှာ ပါရမီ မပြည့်သေးလို့ မပွင့်နိုင်သေးပဲ လူ့သက်တမ်း ၁၀၀-ခေတ်(သက်တမ်းအတိုဆုံး ဗုဒ္ဓခေတ်)ရောက်မှ ပါရမီပြည့်လို့ ဘုရားဖြစ်တော်မူရတာပါ။

၁၀၀-တမ်းမှာ ဘုရားဖြစ်ရပေမယ့် သက်တော် ၁၀၀-ပြည့်အောင် မနေရပါဘူး။ လူ့ သက်တမ်းရဲ့ ၅-ပုံ ၄-ပုံသာ နေရိုးထုံးစံရှိတာဖြစ်လို့ သက်တော် ၈၀-သာ နေရပါတော့တယ်၊ တာဝတိံသာနတ် ၁-ရက် ပြည့်အောင်တောင် မနေရတော့ပါဘူး၊ ဘုရားရဲ့ ၄၅-ဝါ (၄၅-နှစ် ဘုရား သက်) ဟာလဲ စာတု မဟာရာဇ် နတ် ၁-ရက်တောင် မပြည့်ပါဘူး၊ သက်တော် တိုလွန်းလှပါတယ်။

စကားစပ်မိလို့ ပြောရဦးမယ်၊ ဘုရားလက်ထက်က သက်တမ်းအလွန်ရှည်တဲ့ ဝရုဏနှင့် ဝါရုဏဆိုတဲ့ နတ်ကြီး ၂-ယောက် ရှိသတဲ့။ ဂေါတမ ဘုရားလောင်း ပဋိသန္ဓေနေတော့မယ်လို့ သတင်းကြားကတည်းက 'ဗုဒ္ဓဂုဏ်ကို အာရုံပြုပူဇော်ဖို့ နတ်ပန်းကုံးကြီး လုပ်ကြသတဲ့၊ ဘုရား ပရိနိဗ္ဗာန်စံခါနီးလို့တောင် သူတို့ရဲ့ ပန်းကုံးကြီးက လုပ်လို့ မပြီးသေးဘူးဆိုပဲ၊ ဘုရား ပရိနိဗ္ဗာန်စံတော့မယ့်အကြောင်း ကြားရတော့ သူတို ၂-ယောက် တစ်အံ့တစ်သြ ပြောကြသတဲ့၊ ပြောပုံက 'ဟယ်-ဘုရားကလဲ မြန်လိုက်တာ၊ ဒီနေ့ပဲ ပဋိသန္ဓေနေတယ်၊ ဒီနေ့ပဲ ဖွားမြင်တယ်၊ ဒီနေ့ပဲ တောထွက်တယ်၊ ဒီနေ့ပဲ ဘုရားဖြစ်တယ်၊ ဒီနေ့ပဲ တရားဦးဟောတယ်၊ ဒီနေ့ပဲ ရေမီးအစုံအစုံ တန်ခိုးပြတယ်၊ ဒီနေ့ပဲ တာဝတိံသာနတ်ပြည်ကိုတက် တရားဟောပြီး ဒီနေ့ပဲ နတ်ပြည်က ပြန်ဆင်းတယ်၊ ဒီနေ့ပဲ အာယုသင်္ခါရ လွှတ်တယ် ၊ ဒီနေ့ပဲ ပရိနိဗ္ဗာန်စံတော့မယ်ဆိုပဲ၊ မြန်လှချည်လား၊ ဘုရားက နေ့ချင်းပြန်ကြွလာတာပါလား၊ မနက်ဖြန် ယာဂု ဆွမ်းဘုန်းပေးချိန်ထိတော့ နေဖို့ကောင်းသေးတယ်' လို့ ပြောကြသတဲ့။

ဟုတ်ပါတယ်၊ တာဝတိံသာနတ် ၁-ရက်တောင်မပြည့်တဲ့ ဘုရားရှင်ရဲ့သက်တော် ၈၀, စတုမဟာရာဇ်နတ် ၁-ရက်တောင် မပြည့်တဲ့ ဝါတော်-၄၅(ဘုရားသက် ၄၅-နှစ်)ဆိုတာ နတ်သက်နဲ့ တွက်ကြည့်ရင် တကယ့်နေ့ချင်းပြန်ပါ၊ လောကထဲ အဆိုးတွေ ဖြစ်ပေါ်ချိန် များလွန်းသလောက် အကောင်း ဖြစ်ပေါ်ချိန် နည်းလွန်းလှပါတယ်။

ပါရမီဖြည့်ချိန်က အနည်းဆုံး၄-အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ဘုရားအဖြစ်နဲ့ နေသွားရတဲ့အချိန်က ၄၅-နှစ်ထဲရယ်၊ အားယူခဲ့ရတဲ့ အချိန်က အများကြီး၊ ရောက်လာတော့ ခဏလေး၊ မျှော်နေရတာက အကြာကြီး၊ ချက်ချင်းရောက် ချက်ချင်းပြန်ဆိုတော့ မြန်လွန်းတယ်၊ မကာမိဘူး။

သက်တော်တိုလွန်းလို့ အချိန်ပို အများကြီးပေးပြီး အများအတွက် အလုပ်လုပ်ရပါတယ်၊ မိမိအတွက် ကျိန်းစက်အနားယူချိန် နေ့စဉ်၁-နာရီ မိနစ်၂၀-ခန့်လောက်ပဲရှိမယ်၊ ဘုရားဆိုတာ သတ္တဝါများ ကြီးပွား တိုးတက်ချမ်းသာကြောင်း လမ်းကောင်းညွှန်ပြပေးဖို့ ပေါ်လာတာဖြစ်လို့ လောကအတွက် အချိန်ပြည့် အလုပ်လုပ် သွားပါတယ်၊ ဒါကြောင့် ဗုဒ္ဓဝေနေယျသတ္တဝါလဲ တစ်ယောက်မှ မကျန်ခဲ့ပါဘူး၊ ဟောရမယ့် တရားလဲ တစ်လုံးမှ မကျန်ခဲ့ပါဘူး၊ ၄၅-နှစ် ပြည့်တာနဲ့ ဗုဒ္ဓကိစ္စ အားလုံးပြီးသွားတယ်၊ ကွက်တိပဲ။

ဘုရားအဖြစ်နဲ့ နေရတဲ့အချိန် ၄၅-နှစ်ထဲဖြစ်လို့ အချိန်တိုလွန်းပေမယ့် ဟောခဲ့တဲ့ တရားတွေက အပြည့်အစုံဆိုတော့ ယနေ့ထိ သုံးမကုန်နိုင်လောက်အောင် စွမ်းအားက အနန္တပါ၊ ကိုယ်စား ပရိယတ္တိတရားတွေ ထားခဲ့တာဖြစ်လို့ အားတက်စရာကြီးပါ၊ ဒီပရိယတ္တိတရားတွေ မကွယ်ပျောက်ရအောင် ယနေ့ထိ ထိန်းသိမ်း စောင့်ရှောက် ဟောပြောပို့ချ သယ်ဆောင်လာခဲ့ကြတဲ့ သံဃာတော်များရဲ့ ကျေးဇူးတွေကလဲ ကြီးမား များပြားလိုက်တာ။

ဘုရားဆိုတာ သတ္တဝါအားလုံး ကြီးပွားတိုးတက် ပြည့်စုံလုံလောက်ဖို့ ကြီးပွားတိုးတက် ပြည့်စုံလုံလောက်ကြောင်း နည်းလမ်းကောင်းတွေ ရဖို့ လောကထဲ ပေါ်ပေါက်လာရတာ၊ ဘုရား ကြောင့် (ဘုရား အဆုံးအမကြောင့်) သတ္တဝါတွေ လောကီ လောကုတ္တရာ ဘက်စုံကြီးပွားတိုးတက် မြင့်မားနိုင်ကြပါတယ်။

တရားကတော့ သတ္တဝါအားလုံး ခုရော နောင်ပါချမ်းသာဖို့ အပူအရှုပ် အညစ်ဆင်းရဲများ လွတ်ငြိမ်း အေးချမ်းဖို့ လောကထဲ ပေါ်ပေါက်လာရတာ၊ တကယ်တော့ တရားဆိုတာ လောကကို အနိုင်ယူ လွှမ်းမိုးဖို့ပါ၊ အဆိုးကိုနိုင်ဖို့ အကောင်းကို ပိုင်ဖို့လို့ ပြောရင်လဲ မှန်တာပါပဲ။


www.burmeseclassic.com

www.burmeseclassic.com


အဆိုးနိုင်ကြောင်း အကောင်းပိုင်ကြောင်းဖြစ်တဲ့ ကောင်းမှုမျိုးစေ့ ကြဲချစိုက်ပျိုးစရာ လယ်ယာမြေကောင်း ပမာ နေရာကောင်းရဖို့ သံဃာ ပေါ်လာရတာ၊ သံဃာကြောင့် ကောင်းမှုများစွာ ရရှိတိုးပွားကြရပါတယ်။

ဘုရားက အကုန်သိထားတာဆိုတော့ ကြီးပွားချမ်းသာတိုးတက်ကြောင်း တရားကောင်းတွေကို အတိအကျ အပြည့်အဝ ဟောညွှန်ထားခဲ့တယ်၊ ၄၅-နှစ်လုံး ဟောထားခဲ့တဲ့ ဒီတရားတွေကို သံဃာတော်တွေက ကိုယ်တိုင်လဲ နမူနာ၊ စံပြအဖြစ် ကျင့်သုံးလိုက်နာပြတယ်၊ မဆုတ်ယုတ် မကွယ်ပျောက်ရအောင်လဲ ဟောပြောပို့ချ ထိန်းသိမ်း ပေးတယ်၊ ဒီနေ့ထိ အဆက်မပြတ် သယ်ဆောင်ပေးကြတယ်။

ဘုရားကြောင့် တရားပေါ်လာတာ၊ တရားကြောင့် သံဃာပေါ်ပေါက်တာ၊ သံဃာတွေ တာဝန်ကျေ အကျင့်ကောင်းတာကြောင့် ဘုရားဂုဏ်ရည်နှင့် တရားစွမ်းရည်ကို ရှင်းရှင်းလင်းလင်း သိခွင့်ရတာဖြစ်တယ်၊ တရားကြောင့် ဘုရားနှင့် သံဃာရဲ့ ဂုဏ်စွမ်းရည်ကို ဖော်ယူတတ်တာ။

သံဃာဟာ ဘုရား အဆုံးအမအတိုင်း ဖြည့်ကျင့်နေထိုင်ရတဲ့ တပည့်ကောင်း ပီသမှုကို ဖော်ပြရင်း ဆရာဖြစ်တဲ့ မြတ်ဗုဒ္ဓရဲ့ ဂုဏ်ရည်ကို ပေါ်လွင်စေတယ်၊ ဘုရားမရှိတဲ့နောက် ဘုရားကိုယ်စား သတ္တဝါများကို ဟောကြားဆုံးမ လမ်းညွှန်ပေးတယ်၊ အကျင့်ကောင်းလို့ တာဝန်ကျေသလောက် တရားဂုဏ်ရည်ပေါ်လာတယ်၊ သံဃာဆိုတာ ဒီလိုပဲလို့ အများသိအောင် လက်တွေ့ကြိုးစားပြရင်း သံဃာ့ဂုဏ်ရည်ကိုပါ တက်ကြွ မြင့်မားစေတယ်၊ ဒါကြောင့် သံဃာဟာ ရတနာ၃-ပါးလုံးရဲ့ တာဝန်ကိုပေါင်းပြီး ထမ်းဆောင်ထားရတာဖြစ်လို့ လောကထဲမှာ တာဝန်အကြီးဆုံး ထမ်းနေရသူတွေ ဖြစ်တယ်။

## ၂။ ၄၅–နှစ် စွမ်းဆောင်ချက်

- **ကြောင်း-ကျိုးပြည့်ကာ ၊ သတ္တဝါ၊ ကောင်းစွာကျေးဇူးပြု။**
- **ဘုရားဂုဏ်တော်၊ ပေါင်းလိုက်သော်၊ ထွန်းပေါ် ဤ ၃-ခု။**
- **၄၅-နှစ် ၊ စွမ်းဆောင်ချက်ကြောင့်၊ အားတက်စရာ ၊ ကောင်းမှုမှာ၊ ကောင်းစွာရအောင်စု။**

ဘုရားဂုဏ်တော်အားလုံး တူရာပေါင်း လိုက်ရင် ၃-ခုတည်းပါ၊

(၁) မဟာကရုဏာအရင်းခံနဲ့ အသက်ကိုပါစွန့်ပြီး ပါရမီတွေ ဖြည့်ကျင့်ခဲ့တဲ့ အကြောင်းကောင်းပြည့်စုံမှု၊

(၂) ဉာဏ်ကြီးကျယ်တယ်၊ အပူလုံးဝကင်းတယ်၊ တန်ခိုးအရှိန်အဝါကြီးတယ်၊ ရုပ်ဆင်း သပ္ပါယ်တင့်တယ် ငြိမ်းချမ်းတယ်ဆိုတဲ့ အကျိုးကောင်းပြည့်စုံမှု၊

(၃) ဒေဝဒတ်နှင့်ရာဟုလာကို မေတ္တာအတူထားပြီး အကျိုးဆောင်ပေးနိုင်တယ်၊ ဆုံးမထိုက်သူကို နေ့စဉ် မှန်မှန်ကြည့်ပြီး ကြွရောက်ဆုံးမပေးတယ်၊ ကျင့်စဉ်လမ်းကြောင်းတရားကောင်းကို တစ်လုံးမကျန် ဟောထားခဲ့တယ်ဆိုတဲ့သတ္တဝါများ ကောင်းကျိုးကို အထိရောက် အပြောင်းမြောက် အမြင့်မားဆုံး ဆောင်ရွက်ပေးနိုင်မှု၊

ဒီ ၃-ခုပါ၊ ဒီဂုဏ် ၃-ခုကြောင့် ဘုရားရှင်အပေါ် အလွန်အားရကျေနပ်စရာ ကောင်းလှပါတယ်။

ဘုရားရှင်ရဲ့ ၄၅-နှစ် ဘုရားအဖြစ်ဟာ မကြာလှပေမယ့် တရားအင်အားကြီးမားလွန်းလို့ စွမ်းဆောင်ချက် ရှည်လျား များပြားလှပါတယ်၊ အကြောင်းကကလဲ အလွန်ကောင်း၊ ဉာဏ်ကလဲ အလွန်ကြီးကျယ်၊ အရှိန်အဝါကလဲ အလွန်ပြည့်ကြွယ်တော့ အစစအရာရာဆောင်ရွက်သမျှ အကုန်လုံးကွက်တိ အပြည့်အဝ အောင်မြင်တာ ချည်းပဲ။

ဘုရားရှင်ကို နည်းပရိယာယ် မျိုးစုံ၊ ဝါဒ မျိုးစုံ၊ အနုတစ်ဖုံ၊ အကြမ်းတစ်မျိုး ထိုးနှက် နှောင့်ယှက် ခဲ့ကြပေမယ့် ဘုရားရှင်ရဲ့ ဂုဏ်စွမ်းရည်ကို ပိုမိုတောက်ပြောင်သွားအောင် ပွတ်တိုက်ပေးသလိုသာ ဖြစ်ခဲ့ပါတယ်၊ ဘုရားရှင်ရဲ့ အံ့ဖွယ် စွမ်းဆောင်ချက်ကိုသာ မြင့်တက်သွားစေတယ်၊ ဂုဏ်မငယ်ပဲ ပို၍သာ ကြွယ်ဝ သွားစေပါတယ်။

ဘုရားရှင်ရဲ့ နေ့စဉ် စွမ်းဆောင်ချက်အားလုံး တရားလမ်းစဉ် ကျန်ခဲ့တာချည်းပဲ၊ ဘုရားရဲ့ ၄၅-နှစ် တိုက်ရိုက်စွမ်းဆောင်ချက်ကြောင့်လဲ သတ္တဝါများစွာ အပူဒုက္ခမျိုးစုံကင်းလွတ်ပြီး ငြိမ်းအေးချမ်းသာခွင့် ရကြတယ်။ ဘုရားမရှိတဲ့နောက် ဘုရားရဲ့ ၄၅-နှစ် စွမ်းဆောင်ချက်ကို ဓာတ်ကောင်းဆက်ယူပြီး သံဃာများရဲ့


www.burmeseclassic.com

www.burmeseclassic.com


နည်းမှန် လမ်းမှန် စွမ်းဆောင်ချက်ကြောင့်လဲ ရှေးကရော၊ ယခုပါ ငြိမ်းအေးချမ်းသာမှုကို ရပြီးရဆဲပါ၊ နောင်အခါလဲ ဆက်ရကြဦးမှာဖြစ်တယ်။

ဘုရားရှင်ရဲ့ ၄၅-နှစ် စွမ်းဆောင်ချက်ကို အခြေခံပြီး တပည့်သံဃာ အဆက်ဆက် ယနေ့ထိ ပေါ်ထွက်ပြီး ပေါ်ထွက်ဆဲပဲ၊ သာသနာ ရှိနေသမျှလဲ ပေါ်ထွက်နေဦးမှာပါ၊ ဂန့်ဂေါမြို့နယ် ကန်ရွာအနီးရှိ ကန်တောရ ကျောင်းတိုက်ကြီးကို စတင် တည်ထောင်တော်မူခဲ့တဲ့ သက်တော်ရှည် ပထမ ကန်တောရ ဆရာတော်ကြီး ဦးကေတု စတဲ့ စိတ်ကောင်းစာတတ် အကျင့်မြတ်ဂုဏ်နှင့် ပြည့်စုံကြွယ်ဝလှတဲ့ သံဃာတော်များဟာ ဘုရား ရှင်ရဲ့ ၄၅-နှစ် စွမ်းဆောင်ချက်အခြေခံနဲ့ ပေါ်ပေါက်ခဲ့ကြတာချည်းပါပဲ၊ အခြေခံသိပ်ကောင်းပါတယ်။

## ၃။ သာမဏေပြု မူ ၃-ခု

- **တရားသင်ကာ၊ ဆံချရာ၊ ဦးစွာ ပထမ။**
- **ဖန်ရည်တပ်စွန်း၊ မြတ်သင်္ကန်း၊ ဆင်မြန်း ဒုတိယ။**
- **သရဏဂုံ၊ ရွတ်ဆိုပုံ၊ ပြည့်စုံ တတိယ။**
- **ကိစ္စအစု၊ ဤ ၃-ခု၊ ရှင်ပြုခေါ် ဆိုရ။**
- **သာမဏေပြု၊ မူ ၃-ခု၊ ကောင်းမှု အနန္တ။**
- **သရဏဂုံ၊ ပီသရုံ၊ ပြည့်စုံ မြတ်သီလ။**
- **သီလ သိက္ခာ၊ ကျင့်စရာ၊ တစ်ရာကျော်အောင်ရ။**
- **မိဘများပင်၊ ဦးထိပ်တင်၊ မင်းပင် ရှိခိုးရ။**

ဘဝတစ်ခုမှာ အမြဲအားတက်သွားစေနိုင်တာက ကုသိုလ်တစ်ခုပဲရှိတယ်၊ အခြား အရာတွေက ဘယ်ဟာမှ အမြဲ အားမတက်စေနိုင်ပါဘူး၊ ဘဝအနှစ်ကုသိုလ်ကို အရယူတဲ့အခါ နေ့စဉ် များများလဲယူနိုင်ဖို့၊ အရှိန်ကောင်းကောင်းနဲ့ မြန်မြန်လဲယူနိုင်ဖို့၊ စင်စင်ကြယ်ကြယ်လဲရဖို့၊ ဖန်ရည်စွန်းတဲ့ သင်္ကန်းကိုဝတ်ပြီး ရှင်ရဟန်းပြုကြတာဖြစ်တယ်၊ သင်္ကန်းဟာ မြင့်မြတ်တဲ့ဂုဏ်ကိုလဲ ဆောင်ထားနိုင်တယ်။

ရှင်ပြုပြီးတော့မှပဲ သတ်မှတ်တဲ့ အသက်အရွယ်ရောက်လာရင် ရဟန်းဆက်ခံရတာပါ၊ ရဟန်းခံတယ် ဆိုတာ ကိုရင်ဘဝနဲ့ အသွင်ပုံသဏ္ဌာန် ပြောင်းမသွားပေမယ့် သိက္ခာတိုးပေးလိုက်တာပါ၊ ရဟန်းဘဝ ရှေ့ပြေးဖြစ်တဲ့ ရှင်သာမဏေပြုတဲ့အခါ မူစည်းကမ်း ၃-ခု ရှိ တယ်၊ ဒီ ၃-ခု အတိုင်း အတိအကျ လိုက်နာ ရတယ်။ ၃-ခုက

(၁) တရားသင်ပြီး ဆံချခေါင်းရိတ်ရမယ်၊ ရှင်ပြုလို့ ဖြစ်နိုင်တဲ့ အရွယ်ရောက်ရင် အနည်းဆုံး ၂-ပတ်လောက် ကြိုပြီး ဘုန်းကြီးကျောင်းမှာ ရှင်သာမဏေဆိုင်ရာ သင်တန်းတက် လေ့ကျင့်ရပါတယ်၊ သရဏဂုံ ၃-ပါးကို စာလာ ပေလာအတိုင်း အသံမှန်၊ နေရာမှန်၊ တိတိကျကျ ဆိုတတ်ဖို့ ဘုန်းကြီးထံ သင်ယူ လေ့ကျင့်ရတယ်၊ သရဏဂုံ ၃-ပါးက ကျက်ဖို့ မလိုတော့ပေမယ့် ဆိုတတ်ဖို့တော့ တော်တော် လေ့ကျင့်ရတာ၊ လူတွေဆိုတဲ့ လေသံမျိုးနဲ့ ဆိုလို့လဲ ကိုရင် ဖြစ်တာမဟုတ်ဘူး။

သင်္ကန်းဝတ်တတ်ဖို့၊ ရှင်သာမဏေဘဝမှာ နေထိုင်ကျင့်သုံးတတ်ဖို့၊ နှလုံးသွင်း ဆင်ခြင် ပွားများတတ်ဖို့ ကြိုတင်သင်ယူလေ့ကျင့်ထားရပါတယ်၊ ရှင်သာမဏေဆိုင်ရာ အားလုံး သင်ယူလေ့ကျင့်ပြီးလို့ ရှင်ပြုမယ့်နေ့ ရောက်တဲ့အခါ ဆံပင်- အမွေး- ခြေသည်း- လက်သည်း- သွား- အရေဆိုတဲ့ အစု ၅-မျိုးတို့ရဲ့ ရွံဖွယ် ကောင်းပုံကို ကမ္မဋ္ဌာန်းအဖြစ် ပြောပြပြီး ဆံချ ခေါင်းရိတ်ပေးရမယ်၊ ဆံချ ခေါင်းရိတ်ပေးတာဟာ ကမ္မဋ္ဌာန်း သဘောပေါ်လွင်ရမယ်၊ တစ်ချို့ခေါင်းရိတ်ခံရင်းနဲ့ပဲ တရားရလို့ ရဟန္တာဖြစ်သွားကြတဲ့ ပါရမီရှင်တွေ ရှိကြတယ်။

ဦးပဥ္စင်း ပထမအကြိမ် ကိုရင်ဝတ်ခဲ့စဉ်တုန်းက ဘုန်းကြီးကျောင်း ၂-ပတ်လောက်သွားပြီး ကျောင်းသားဘဝနဲ့ ကိုရင်ဆိုင်ရာ သိစရာတွေကို သင်ယူလေ့ကျင့်ခဲ့ရတယ်၊ ဒုတိယအကြိမ် ကိုရင်ဝတ်တဲ့ အခါမှာတော့ ပထမအကြိမ်တုန်းက သင်ယူလေ့ကျင့်ပြီးဖြစ်လို့ ၁-ရက်တည်း လေ့ကျင့်တာနဲ့ပဲ ပြီးသွားတယ်။

(၂) ဖန်ရည်တပ်စွန်းတဲ့ (ဆိုးထားတဲ့) သင်္ကန်းဝတ်ရမယ်၊ ဆရာရဟန်း ခွင့်ပြုချက်နဲ့ ဝတ်ရမှာ ဖြစ်တယ်၊ ကိုရင်ဆိုတာ ရဟန်းနှင့် အမြဲဆက်စပ်နေရတာဖြစ်လို့ ရဟန်းမရှိတဲ့ နေရာမှာ ရှင်ပြုခွင့် လုံးဝမရှိပါဘူး၊


www.burmeseclassic.com

www.burmeseclassic.com


ဆရာရဟန်း ခွင့်ပြုချက်မရပဲ မည်သူမျှ ရှင်လောင်းကို သင်္ကန်းဝတ်ပေးခွင့် မရှိပါဘူး၊ ခွင့်ပြုချက် မရပဲ ကိုယ့်ဟာကိုယ်လဲ ဝတ်ခွင့်မရှိဘူး၊ မိဘ စသည် မည်သူကမျှလဲ ဝတ်ပေးခွင့် မရပါဘူး။

ဆရာရဟန်းကိုယ်တိုင်ရင်လဲ ဝတ်ချင်ဝတ်ပေးမယ်၊ ဆရာရဟန်းက စေခိုင်းခံရတဲ့ တစ်ယောက်ယောက်ကလဲ ဝတ်ချင် ဝတ်ပေးမယ်၊ သင်္ကန်းဝတ်နည်းကို ကြိုတင်သင်ကြားထားပြီးဖြစ်လို့ ဆရာရဟန်းက 'ကဲ မောင်ရင်လောင်းလေး၊ ကိုယ့်ဟာကိုယ်သင်္ကန်း ဝတ်ပါ'လို့ ရှင်လောင်းကို အဝတ်ခိုင်းချင်လဲ ခိုင်းလိမ့်မယ်၊ ဆရာရဟန်းခွင့်ပြုချက်ပါရင် ပြီးတာပါပဲ၊ ဒီ ၃-နည်းထဲက ၁-နည်း နည်းနဲ့ ဝတ်တာကိုပဲ သင်္ကန်းဝတ်တယ်လို့ ခေါ်တယ်။

(၃) ဆရာတပည့် ၂-ဖက်လုံး သရဏဂုံ ၃-ပါးကို ပီပီသသဆိုရမယ်၊ ဆရာရော တပည့်ရော သရဏဂုံ ၃-ပါးကို လုံးတိုင်းခွန်းတိုင်း အသံမှန် နေရာမှန် ရွတ်ဆိုနိုင်မှ ကိုရင် ဖြစ်ပါတယ်၊ တစ်ဖက်ဖက်က တစ်လုံးတစ်လေမပီရင်ပဲ ကိုရင် မဖြစ်နိုင်တော့ပါဘူး၊ သိပ်အရေးကြီးပါတယ်၊ တစ်ချို့ ခက်ခက်ခဲခဲ လေ့ကျင့် ပေးနေရတဲ့ကလေးသူငယ်တွေရှိနေပါတယ်၊ တစ်ချို့ ကလေးသူငယ်တွေ ဘယ်လို လေ့ကျင့်ပေးလို့မှ ပီမလာပါဘူး၊ လွယ်မယောင်နဲ့ အလွန်ခက်တဲ့ အလုပ်ပါ။

ဦးပဥ္စင်းတို့ ဗဟန်း မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်မှာ အများအားဖြင့် သရဏဂုံ ပီအောင် လေ့ကျင့်လို့လွယ်ကူဖို့၊ ကိုရင်နဲ့တူအောင် နေထိုင်တတ်ဖို့ ဦးတည်ပြီး အသက် ၁၀-နှစ်ပြည့်တဲ့ ရှင်လောင်းကိုသာ ရှင်ပြုခွင့်ပေးပါတယ်၊ တစ်ချို့ဆိုရင် အသက်ကြီးတာတောင် ပီအောင်လေ့ကျင့်လို့ မရတော့ 'ဖိုးသူတော်ပဲဝတ်ပါ' လို့နှစ်သိမ့်ပေးလိုက်ရတယ်။

ဦးပဥ္စင်း ပထမအကြိမ် ကိုရင်ဝတ်တုန်းက ၄-တန်းဖြေ ကျောင်းသားပါ၊ အသက်၁၄-နှစ် ကျော်လို့ ၁၅-နှစ်ထဲရောက်နေပြီ၊ ခုကာလဆိုရင် ၈-တန်းဖြေ ကျောင်းသားအရွယ်ပေါ့၊ ဒုတိယအကြိမ် ကိုရင်ဝတ်တော့ ၇-တန်းအောင်ကျောင်းသားပဲ၊ အသက် ၁၇-နှစ်ကျော် ၁၈-နှစ်ထဲဝင် ရောက်စအချိန်ပါ၊ ခုကာလဆိုရင် တက္ကသိုလ် ပထမနှစ်၊ ဒုတိယနှစ်တွေ ရောက်တဲ့အရွယ်ပေါ့၊ ဒါ့ကြောင့် သရဏဂုံပီအောင် လေ့ကျင့်ရတာတို့ ကိုရင်ဆိုင်ရာ သင်ယူရတာတို့ ဘာတစ်ခုမှ အခက်အခဲမရှိပါဘူး။

ဒီမူစည်းကမ်း ၃-ခုနဲ့ ရှင်ပြုပြီးသွားရင် 'တတိယမ္ပိ သံယံ သရဏံ ဂစ္ဆာမိ 'လို့ ဆိုလို့ ပြီးသွားတာနဲ့တစ်ပြိုင်နက် သိက္ခာပုဒ် ၁-ခုချင်း ဆောက်တည်နေစရာ မလိုတော့ပဲ ရှင်သာမဏေ လိုက်နာကျင့်သုံးရမယ့် သိက္ခာပုဒ် အကျဉ်းချုပ် ၁၁၉-ပါးဟာ ရှင်လောင်းခန္ဓာမှာ အလိုအလျောက် တည်သွားတယ်၊ ခန္ဓကဝတ် ၁၄-ပါးကို ၁-ပါးချင်းပြန်ချဲ့လိုက်ရင် ကိုရင်သီလဟာ အများကြီးပါ။

ဒီနေ့ဖြစ်လာတဲ့ ကိုရင်လေးကို မိဘဘိုးဘွားတွေလဲ ရှိခိုးရမယ်၊ မင်းတွေလဲ ရှိခိုးရမယ်၊ နတ်ပြဟ္မာတွေရှိခိုးရင်လဲ ရှိခိုးခံထိုက်တယ်၊ လူအနာဂါမ် ရှိခိုးတာတောင် ခံယူထိုက်တယ်။

ဦးပဥ္စင်းဟာ ၁၃၂၂-ခု၊ နယုန်လဆန်း ၈-ရက်နေ့မှာ ဂန့်ဂေါမြို့နယ် ကန်ရွာအနီး ကန်တောရကျောင်းတိုက်ကြီးအတွင်း သက်တော် ၉၆-နှစ်ရှိတဲ့ သက်တော်ရှည် ပထမ ကန်တောရ ဆရာတော်ကြီးဦးကေတုကို ဥပဇ္ဈာယ်ပြုပြီး ဒုတိယအကြိမ် ကိုရင်ဝတ်ခဲ့တယ်၊ သရဏဂုံ ဆရာက ဘုန်းကြီး ဦးနန္ဒိမာပါ၊ ဆရာဘုန်းကြီး ဦးနန္ဒိမာက 'ရှင်သိရိန္ဒ'လို့ ဘွဲ့အမည် ချီးမြှင့်ပေးတယ်။

၁၃၂၄-ခု၊ ကဆုန်လဆုတ် ၈-ရက်နေ့ ရောက်တော့ ပထမ ကန်တောရ ဆရာတော်ကြီး မရှိတော့ပြီဖြစ်လို့ တတိယ ကန်တောရဆရာတော် ဦးဝိသုတကို ဥပဇ္ဈာယ်ပြုပြီး ကန်တောရ ကျောင်းတိုက်ထဲမှာပဲရဟန်းဖြစ်ခဲ့တယ်၊ အဘေး အပါအဝင် မိဘဘိုးဘွား ဆွေမျိုးများက ပစ္စယာ နုဂ္ဂဟ ပြုပေးကြတယ်၊ ရဟန်းဖြစ်ချိန်မှာ အဘေး (အဖွားရဲ့ အမေ)လဲ ရှိသေးတယ်။

'၄၅-နှစ် သင်္ကန်းသက်'အတွင်းမှာ ဒကာ၊ ဒကာမ များစွာတို့က အကြိမ်၂၅ဝ-ခန့်ထိ သိက္ခာထပ်ရဟန်းခံပေးကြတယ်၊ ရွှေကျင် သာသနာပိုင် မြောင်းမြဆရာတော်ကြီးနဲ့ ကလေး-သာစည် စမ်းချောင်းဆရာတော်ဦးစာရိတ္တတို့ကလဲ ဒကာမပါပဲ သီးခြားကမ္မဝါစာ ဖတ်ပေးပြီး မေတ္တာ ကရုဏာ ကြီးမားစွာနဲ့သိက္ခာထပ်ပေးခဲ့ကြပါသေးတယ်၊ ဆရာတော်ကြီးတွေက ကိုယ့်တပည့်ကို သာသနာအတွက် တော်တော်မျှော်လင့်ထားကြပုံ ပေါ်ပါတယ်။

ရှင်ရဟန်းပြုတယ်ဆိုတာ ကုသိုလ် မြန်မြန်လဲရဖို့၊ များများလဲရဖို့၊ သန့်သန့်ရှင်းရှင်းလဲ ရဖို့'ကုသိုလ်လုပ်သား' တာဝန်ယူရတဲ့ သဘောပါ၊ ကိုယ့်ဟာကိုယ် 'ကုသိုလ်လုပ်သား' အဖြစ် ခန့်အပ်တာဝန်ပေးတာလို့လဲ ပြောရင်ဖြစ်ပါတယ်၊ သတိ အမြဲထားနေရမှာပါ။


www.burmeseclassic.com

www.burmeseclassic.com



'ကုသိုလ်လုပ်သား' ဖြစ်အောင် မလုပ်နိုင်ရင်တော့ 'ဇရာလုပ်သား' 'ဗျာဓိလုပ်သား' 'မရဏလုပ်သား' 'ဒုက္ခလုပ်သား'ပဲ ဖြစ်ရမှာပါ။ 'ကိလေသာလုပ်သား' လဲ ဖြစ်သွားမှာပဲ၊ ဒီလိုဆိုရင် '၄၅နှစ် သက်နှံးသက်' စတဲ့ ဂုဏ်ယူဖွယ် ရေတွက်စရာတွေ ပျောက်ပျက်ကုန်တော့မှာ ဖြစ်တယ်။

## ၄။ ဆရာ့ကျေးဇူး စွမ်းရည်ထူး

- **ချစ်ခင်သနား၊ တပည့်များ၏၊ ကြီးပွားချမ်းသာ၊ တိုးတက်လာအောင်၊ ကောင်းစွာမချွတ်၊ ကျင့်ဆောင်တတ်၊ ထူးလတ်မြတ်ဆရာ။**
- **သီလစသား၊ တရားကျေးဇူး၊ စွမ်းရည်ထူးကြောင့်၊ ချီးကျူးမကုန်၊ ဂုဏ်ပေါင်းစုံကို၊ ပွားထုံအောက်မေ့၊ တရားမွေ့ကာ၊ ကောင်းစွာလေးမြတ်၊ ဆည်းကပ်အပ်၊ ထူးလတ်မြတ်ဆရာ။**
- **သင်ပြတတ်ငြား၊ မြင်ကြားဆရာ၊ ဤ ၃-ဖြာကြောင့်၊ ကောင်းစွာပွားတိုး၊ လူ့တန်ခိုး၊ တန်ဖိုးတက်နိုင်ပါ။**
- **ဆရာ့ကျေးဇူး၊ စွမ်းရည်ထူးကို၊ ချီးကျူးမပြတ်၊ ဦးတင်လတ်၊ အမှတ်ရနေမှာ။**
- **အထိန်း-တွန်းအား၊ လမ်းညွှန်ငြား၊ ထူးခြားမြတ်ဆရာ။**

အသင်၊ အမြင်၊ အကြားမပါပဲ ဘယ်ပုထုဇဉ်မှ အသိဉာဏ် မတိုးတက်နိုင်ဘူး၊ မသင်ကြားရပဲ ဘာမှမတတ်၊ ဘာမဆို ဆရာနဲ့သာ အသိပညာရနိုင်တယ်၊ အသိပညာရဖို့ ဆရာ့ထံ နည်းခံ သင်ယူရတယ်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့ရဲ့ အကူအညီနဲ့ ရှေ့ကို တက်ရတယ်။

ဆရာဆိုတာ-

(၁) စာပေနှံ့စပ် ကျွမ်းကျင်တယ်၊ သုတ ကြွယ်ဝတယ်။

(၂) အများနားလည်အောင် သင်ပြပေးလိုတဲ့ ဝါသနာအထုံ အားကြီးတယ်၊ အထူးစိတ်ဝင်စားတယ်။

(၃) အကျိုးလိုလား မေတ္တာထားတယ်၊ စေတနာ ထက်သန်တယ်။

(၄) ကိုယ်ကျိုးစွန့်ခွာ အနစ်နာခံတယ်၊ ကိုယ် ရဖို့ထက် သူများပေးဖို့သာ အားသန်တယ်။ ဆရာကောင်းဟာ-

(၁) မေတ္တာနဲ့အရိပ်ပေးတယ်၊ စည်းကမ်းနဲ့ အလှဆင်တယ်၊ နည်းကောင်းလမ်းမှန် ဝင်ရောက်နိုင်အောင် တံခါးဖွင့်ပေးတယ်။

(၂) တပည့်တွေ မတိမ်းစောင်းရအောင် ထိန်းကျောင်းပေးတယ်။

(၃) မဆုတ်မရပ် မချော်ရအောင် အချိန်မီ အလုပ်ပြီးစီးအောင် ပန်းတိုင်အရောက် တပည့်တွေကို တွန်းပေးတယ်။

(၄) တပည့်တွေ လမ်းမှန်သွားတတ်အောင် ညွှန်ကြားပေးတယ်၊ ထည်ဝါအောင် ပညာနဲ့ ဂုဏ်ကျက်သရေ အဆင့်ဆင့် တင်ပေးတယ်။

ဆရာကောင်းဆိုတာ တပည့်ကောင်းရဲ့ အထိန်း-တွန်းအား လမ်းညွှန်ကောင်းဖြစ်တယ်၊ တပည့်ဟာ အထိန်းမရှိရင် တိမ်းစောင်းတတ်တယ်၊ တွန်းအားမရှိရင် နှေးတတ်တယ်၊ လမ်းညွှန်မရှိရင် မှားတတ်တယ်၊ ဆရာ့ဆီက ဓာတ်ကောင်းရသွားတဲ့ တပည့်ကောင်းဟာ နောက်ပိုင်းတော့ ကိုယ့်သတိနဲ့ ကိုယ့်ဟာ ကိုယ်ထိန်းရတယ်၊ ကိုယ့်ဝီရိယနဲ့ ကိုယ့်ဟာကိုယ် အချိန်မှီအောင် တွန်းနိုင်ရတယ်၊ ကိုယ့်ပညာနဲ့ ကိုယ့်ဟာကိုယ် ဝေဖန်သုံးသပ် ဆုံးဖြတ်လမ်းညွှန်တတ်ရတယ်၊ ဆရာဆိုတာ တပည့်နားမှာ အမြဲရှိနေနိုင်တာမှ မဟုတ်ပဲ၊ ဓာတ်ကောင်းလောက်ပဲ ကူးပေးနိုင်မှာပေါ့။

ပြီးတော့ ဆရာမြတ်ဟာ-

(၁) မေတ္တာနဲ့ စောင့်ရှောက်တယ်၊ မေတ္တာလွှမ်း ခြုံပေးတယ်၊ မေတ္တာဓာတ် ကူးစက်စိမ့်ဝင်စေတယ်။

(၂) ကရုဏာနဲ့ သနားကြင်နာ စာနာစိတ်ထားတယ်၊ ယုယုယယ ဖေးမကူညီစောင့်ရှောက်ပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



(၃) တကယ်ကြိုးစားလို့ တကယ်တော်လာ ကောင်းလာရင် မုဒိတာနဲ့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင် ချီးမြှောက်ပေးတယ်၊

(၄) မတော်မကောင်း တိမ်းစောင်းသွားလို့ အပြစ် ရှိလာရင် ဥပေက္ခာနဲ့ အေးမြစွာ ပြစ်ဒဏ်ပေးတယ်။

ဂုဏ်ရည်ပြည့်ဝတဲ့ ဆရာကောင်းဆရာမြတ်နဲ့ တကယ်တွေ့ဆုံခွင့်ရသူဟာ ယခုတစ်ဘဝ သာမက သံသရာတစ်လျှောက် နိဗ္ဗာန်ရောက်သည်ထိ အစောင့်အရှောက်ကောင်း၊ ဓာတ်ကောင်း၊ အလေ့အကျင့်ကောင်း များကို ထုံနေအောင် ရရှိတတ်စမြဲပါ။

မိမိရဲ့ကျေးဇူးရှင်ဆရာများစွာရှိတဲ့ ထဲက '၄၅-နှစ် သက်န်းသက်'အတွင်းမှာ ကျေးဇူးပြုသွားတဲ့ ဆရာများကို ဖော်ပြရမယ်ဆိုရင် -

ဒုတိယအကြိမ် ကိုရင်ဝတ်ခါစက ဥပဇ္ဈာယ်ဖြစ်တဲ့ ပထမ ကန်တောရ ဆရာတော်ကြီးက တစ်ပါးတည်း အနားခေါ်ပြီး 'များဖို့ထက် ကောင်းဖို့ ဦးစားပေးကြိုးစား၊ မကောင်းပဲ မများချင်နဲ့၊ အရေအတွက် များဖို့ထက် အရည်အချင်းရှိအောင် ကြိုးစားနော်၊ များဖို့ထက် ကောင်းဖို့က အရေးကြီးတယ်'ဆိုတဲ့ လမ်းညွှန်စကား 'ပညာသင်တယ်ဆိုတာ အရှိကို အသိက အနိုင်ယူဖို့ သင်ရတာ၊ အရှိကို နိုင်တဲ့အသိမှ ပညာအစစ်၊ အရှိကို အသိက မနိုင်ရင် အရှိနှိပ်စက်တာ ခံရမယ်၊ ကိုယ့်မှာရှိလာသမျှ အသိက နိုင်နေအောင် ပညာ တကယ်တော်အောင် ကြိုးစား၊ အရှိကို အသိက အနိုင်ယူရမယ်၊ ဒါမှ သင်္ကန်းဝတ်တာ အကျိုးရှိမယ်' ဆိုတဲ့ ဘဝအသုံးချ နည်းဗျူဟာစကားများနဲ့ လမ်းညွှန် သွန်သင်ပေးခဲ့တယ်၊ နောက်လဲ မကြာမကြာ အနားခေါ်ဆုံးမလို့ စိတ်ဓာတ် ရွှင်လန်းအားတက်ခဲ့ရတယ်။

ကန်တောရ တိုက်အုပ်ဆရာတော် ဦးဝိသုတ (နောက်အခါ တတိယကန်တောရ ဆရာတော်၊ ရဟန်းဘဝ ဥပဇ္ဈာယ်)ကလဲ ကိုရင် ဝတ်တဲ့ နေ့ညမှာပဲ အနားခေါ်ပြီး 'ကြက်တူရွေးတောင် လူသင်ပေးရင် စကားပြောတတ် သေးတာကွဲ့၊ မျောက်ရိုင်းတောင် လူက အက သင်ပေးရင် အများသဘောကျအောင် ကတတ်သေးတာ၊ တိရစ္ဆာန်တောင် နည်းမှန်လမ်းမှန် သင်ပေးရင် တတ်သေးတာ၊ လူဆိုတာတော့ တကယ်သင်ပေးရင် တကယ်တတ်ပါတယ်၊ စာတတ်အောင်လဲ လုပ်၊ အကျင့်ကောင်းအောင်လဲ နေ၊ ဘာမဆို လိုတာပြော' လို့ အားပေးစကား မိန့်ကြားခဲ့တယ်၊ နောက်လဲ မကြာမကြာ ခေါ်ယူဆုံးမလို့ အလွန်အားတက်ခဲ့ပါတယ်။

တိုက်ကြပ်ဆရာတော် ဦးကေလာသ (နောက်အခါ စတုတ္ထကန်တောရဆရာတော်) စာချဆရာတော်ဦးနန္ဒိမာ၊ ဦးသာကိန္ဒ(ဓမ္မာစရိယ) တို့ထံ ပရိယတ္တိအခြေခံကျမ်းစာများကို နည်းစနစ်ရအောင် သင်ယူခဲ့ရပါတယ်၊ ဦးနာယက က စာချမပေးပေမယ့် လိုအပ်သမျှ အကုန်ကူညီပေးတယ်။

ရဟန်းဖြစ်ပြီးတာနဲ့ မန္တလေးပညာသင်ဖို့သွားတယ်။ ၁၃၂၄-ခု၊ နယုန်လဆန်း ၁၁-ရက် နေ့ပါ၊ မန္တလေးဝိဇ္ဇာလင်္ကာရတိုက်မှာ တစ်ပတ်ခန့်တည်းခိုစဉ် ယခုမြို့သာဆရာတော် ဦးနရိန္ဒ၊ ယခု ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးကောသလ္လတို့က အထူး ကူညီစောင့်ရှောက်ကြတယ်၊ ထိုစဉ်က ဝိဇ္ဇာလင်္ကာရ ဆရာတော် ဦးခေမာစာရ၊ ထိုမှာ ဆရာတော် ဦးပညာဝံသတို့ ကိုယ်တိုင်လိုက်ပို့ပြီး မဟာဝိသုဒ္ဓါရုံ တိုက်သစ်မှာ မိမိကို အပ်ပေးကြလို့ ဦးပဏ္ဍိစ္စအကူအညီနဲ့ မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနချုပ်၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ် အောင်မြေသာစည်ကျောင်းကြီးမှာ နေခွင့်ရသွားတယ်။

ရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်၊ သံတော်ဆင့် ဆရာတော်၊ သူဌေးတန်း ဆရာတော် ဦးဂရုဓမ္မ၊ အောင်မြေသာစည်ကျောင်း ဆရာတော် ဦးဥတ္တရာဇီဝနှင့် စာချ ဦးပဏ္ဍာဝံသတို့ရဲ့ ဆုံးမညွှန်ကြားမှုနဲ့ ပညာသင်ကြား ကြိုးစားခဲ့ပါတယ်။

မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် မစိုးရိမ်ကျောင်းတိုက်ဆိုတာ လမ်းလေးပဲခြားတာဆိုတော့ ဝိသုဒ္ဓါရုံကနေ မစိုးရိမ်ကိုသွားပြီးတော့လဲ စာပေသင်ကြားခွင့်ရခဲ့လို့ အလွန်အားတက်ရပါတယ်။ မစိုးရိမ်ဆရာတော် ဦးဝိစိတ္တာဘိဝံသ၊ ဦးစန္ဒောဘာသာဘိဝံသ၊ ဦးကောသလ္လ(လေး)၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးရာဇဓမ္မာဘိဝံသ၊ ဦးဝိပုလ၊ ဦးကုဏ္ဍာစာရ၊ ဦးဓမ္မာနန္ဒတို့ထံ နည်းစနစ်ရအောင် ကျကျနန သင်ကြား ခဲ့ရပါတယ်။ တောင်ထီးလင်းတိုက် ဦးဝဇီရဗုဒ္ဓိထံမှာ ညဝါတွေ သင်ခဲ့ရတယ်။

မန္တလေးမှာ ၅-နှစ်နေပြီး ၁၃၂၉-ခု၊ နယုန်လမှာ သံတော်ဆင့် ဆရာတော် ဦးတိလောကရဲ့ ကျေးဇူးကြောင့် ရန်ကုန်မြို့ ဗဟန်း၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်ကို ရောက်ခဲ့ရပြန်ရော။ ဝိသုဒ္ဓါရုံ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com


ဦးဝါသဝါဘိဝံသ၊ စာချ ဆရာတော် ဦးသီလာစာရ ဘိဝံသ၊ အလယ်တောရ ဆရာတော် ဦးသူရိယာ ဘိဝံသတို့ထံ ဆက်ပြီး ပညာသင်ခွင့်ရခဲ့ပြန်တယ်။ နည်းစနစ်ရအောင် ကျကျနနသင်ရတာပါ။

ချောင်းနက် ဆရာတော် ဦးသောဘန၊ လက်ပန် ဆရာတော် ဦးတိသ၊ မြင်းစာ ဆရာတော် ဦးအာစာရ၊ သာစည်-စမ်းချောင်း ဆရာတော် ဦးစာရိတ္တ၊ မြို့လု ဆရာတော် ဦးနန္ဒက၊ ကန်တောရ စာချ ဆရာတော် ဦးသာကိန္ဒတို့ကလဲ မန္တလေး-ရန်ကုန်မှာ ပညာသင်နေခိုက် အဝေးကနေ မကြာမကြာ စာရေးလို့ ဆုံးမ ထိန်းသိမ်းပေးကြတယ်။

ပြီးတော့ ကလေးမြို့လုကျောင်း၊ မန္တလေး ဝိသုဒ္ဓါရုံ သံတော်ဆင့်ကျောင်း၊ စိန်ပန်းတိုက်သစ်၊ ကဝ- သဏ္ဍလတောင်ကျောင်း၊ မင်းကွန်းရတနာ ဂူချောင်တို့ကို အခါအားလျော်စွာသွားလို့ စာကြည့် စာကျက်တဲ့အခါ ကျောင်းဆိုင်ရာ ဆရာတော်တွေက ဝမ်းမြောက်ဝမ်းသာ အားပေးကူညီခဲ့ကြပါတယ်။

နောက်တစ်ခုက အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသထံမှာ ပညာ မသင်ဖူးခဲ့ပေမယ့် ကျောင်းသား၊ ကိုရင်ဘဝ၊ ရဟန်းဘဝတစ်လျှောက်လုံး ဆရာတော့် ကျမ်းစာအုပ်တွေနဲ့ချည်း အသိအမျှားကြီး တိုးခဲ့ရတာဖြစ်လို့ သင်ဆရာမဟုတ်သော်လဲ မြင်ဆရာ၊ ကြားဆရာ ကျေးဇူးရှင်အစစ်ပါ။

## ၅။ ၄၅-နှစ် အောင်ပွဲဆက်

- **ပြဋ္ဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။**
- **အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။**
- **ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာဖွဲ့ရှိရ။**
- **အလုပ်လေးစား၊ ရှိသေငြား၊ စွမ်းအားလွန်တက်ကြွ။**
- **နည်းလမ်း ၄-သွယ်၊ ပညာကြွယ်၊ ခန့်ထည် (ထယ်) စွမ်းပြည့်ဝ။**
- **တရားလေ့လာ၊ ဖြည့်ကျင့်ပါက၊ လူ့ဘဝထဲ၊ စာမေးပွဲ၊ မလွဲအောင်နိုင်ကြ။**
- **ပညာရှာတောင်း၊ လူ့အပေါင်း၊ အကြောင်းညီခဲစွ။**
- **ကံ-ဉာဏ်-ဆန္ဒ၊ လုံ့လ-ကျန်းမာ၊ ဆရာ-အားပေး၊ ကြောင်းညီရေး၊** မနှေးလိုအပ်လှ။

ကိုယ့်ရဲ့အောင်ပွဲတွေကို ကိုယ့်ဟာကိုယ် ဖော်ပြရတာက ကြွားလိုလို့ မဟုတ်ပါဘူး၊ '၄၅-နှစ် သက်န်းသက်'ကို မှတ်တမ်းတင်တဲ့အနေနဲ့ ဖော်ပြတာပါ၊ ဒါမပါပဲ ပြည့်စုံမှာမှ မဟုတ်ပဲ။

မန္တလေး၊ မဟာဝိသုဒ္ဓါရုံမှာနေခိုက် ငယ်-လတ်-ကြီး၊ စာချတန်း၂-ကျမ်းနှင့် ဝိနယ ပါဠိပါရဂူကို အောင်ခဲ့ ပါတယ်၊ ပြီးတော့ စေတီ ယင်္ဂဏစာသင်တန်းကို အောင်လို့ 'အဘိဝံသ' ဘွဲ့တိုးပြီး 'အရှင်သိရိန္ဒာဘိဝံသ' လို့ ဖြစ်သွားခဲ့တယ်။

ရန်ကုန် မဟာဝိသုဒ္ဓါရုံရောက်တော့ ဓမ္မာစရိယကျမ်းရင်း ၃-ကျမ်းလုံး အမှတ်အများဆုံးနဲ့ အောင်လို့ 'အဂ္ဂမဟာအကျော်' ဘွဲ့ နဲ့ 'သာသန ဓဇဓမ္မာစရိယ'ဘွဲ့၊ နောက်ထပ် ပဋိသမ္ဘိဒါမဂ်ကို ပါဠိလို ဖြေဆို အောင်မြင်လို့ 'ပဋိသမ္ဘိဒါမဂ္ဂပါဠိပါရဂူ' ဘွဲ့ (ပါဠိပါရဂူ ၂-မျိုး ဖြစ်သွားတယ်) ဝိဘင်္ဂဒိ မြန်မာဂုဏ်ထူးအောင်လို့ 'သာသနဓဇသိရီပဝရ ဓမ္မာစရိယ' ဘွဲ့တွေကို ရခဲ့တယ်။

စေတီယင်္ဂဏစာချတန်း ၃-ကျမ်းပြီးလို့ 'သိရိန္ဒာဘိဝံသ - စေတီယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက' ဘွဲ့ကိုလဲ ရရှိခဲ့တယ်။

ပြီးတော့ အများတကာက 'အလွန်ခက်တယ်'လို့ ညည်းတွားနေရတဲ့ သကျသီဟ စာသင်တန်းရော၊ စာချတန်းပါ ၂-မျိုးလုံး နံပါတ် (၁)ကချည်းပဲ အောင်ခဲ့ပါတယ်။ စာချတန်းကို ၂-နှစ်နဲ့ ပြီးအောင် ဖြေနိုင်တယ်။ သကျသီဟ စာချတန်း ၃-ကျမ်းပြီးသွားလို့ 'သိရိန္ဒာဘိဝံသ ပရိယတ္တိ သာသနဟိတ-ဓမ္မာစရိယ' ဘွဲ့ကိုလဲ ရခဲ့ပြန်ပါတယ် (အဘိဝံသလဲ၂-မျိုးဖြစ်သွားတယ်)။


www.burmeseclassic.com

www.burmeseclassic.com


ဒီဘွဲ့တံဆိပ် အောင်လက်မှတ်တွေရလို့ ဘာမှ ခြေဖျားထောက်စရာ မလိုပေမယ့် အများအလယ်မှာ သာသနာအတွက် အလုပ်လုပ်တဲ့အခါ တော်တော် အရာရောက်တာ တွေ့ရတယ်။ ဂုဏ် အရည်အချင်းရှိတယ် ဆိုမှ အများက အသိအမှတ်ပြုတာကိုး၊ သူတို့ အသိအမှတ်ပြုမှပဲ အလုပ်လုပ်လို့ ဖြစ်မှာပါ။

ပြီးတော့ စာမဖွဲ့လောက်တဲ့ အခြားနိကာယ်ဆိုင်ရာ စာမေးပွဲတစ်ချို့ကိုလဲ အောင်ခဲ့ပါသေးတယ်။

နောက်ပြီးတော့ ရန်ကုန်ဝိသုဒ္ဓါရုံဆရာတော်ကြီး ဦးဝါသဝါဘိဝံသရဲ့ တိုက်တွန်း ညွှန်ကြားမှု ကျေးဇူးကြောင့် သင်ရိုး ပိဋက ၃-ပုံကို အာဂုံပြန်ဆို ရေးဖြေ ဖြစ်ခဲ့ပါတယ်။ အဆင့်ဆင့် အောင်မြင်ခဲ့လို့ 'ဝိနယဓရ ဝိနယကောဝိဒ'ဘွဲ့၊ 'အာဘိဓမ္မိက အဘိဓမ္မကောဝိဒ'ဘွဲ့၊ 'ဒီဃဘာဏက ဒီဃနိကာယကောဝိဒ'ဘွဲ့၊ သင်ရိုးပိဋက ၃-ပုံပြီးဆုံးလို့ 'တိပိဋကဓရ တိပိဋက ကောဝိဒ' ဘွဲ့ကို ဆက်ရခဲ့ပါတယ်။

မိမိစာကျက်တဲ့အခါ အသံထွက်လေ့မရှိပါ။ ငယ်ငယ်ကစ စာကို အသံတိတ်သာ ကျက်လေ့ရှိပါတယ်။ မျက်စိ ဖွင့်လိုက် မှိတ်လိုက် ကြည့်ရှု နှလုံးသွင်းပြီး ကျက်တယ်။ အသံမထွက်တာကြောင့် မိမိစာကျက်တာကို အများက မသိကြပါ။ အများအတွက်လဲ အနှောင့်အယှက် မဖြစ်ပါ။ အသံထွက် ကျက်သလိုလဲ မပင်ပန်းပါ။ လေနာစတဲ့ ကျန်းမာရေး အနှောင့်အယှက်လဲ မဖြစ်ခဲ့ပါ။ သတိ၊ သမာဓိအားနဲ့ စိတ်ထဲမှာ စွဲစွဲမြဲမြဲ ထည့်ထားတာဖြစ်လို့ ဖြေတဲ့အခါ ပိုခရီး ရောက်ပါတယ်။ သူများရှေ့မှာ အစမ်းပြန်ပြတဲ့ အခါမျိုးမှ အသံထွက်တာပါ။

တိပိဋကကို ကြိုးစားတဲ့အခါ စာသင်သားပုံစံနဲ့ ဖောက်ချလုပ်ခဲ့တာမဟုတ်ပဲ စာချတစ်ဖက်၊ တရားဟောတစ်ဖက်၊ အခြားစာမေးပွဲများ တစ်ဖက်တွဲပြီး အေးအေးဆေးဆေးလုပ်ခဲ့တာဖြစ်တယ်။ စာချလဲ မပျက်၊ တရားဟောလဲ မလစ်ဟင်း၊ ကိုယ်ပိုင်ကိစ္စလဲ ကြားညှပ်၊ ကျန်းမာရေးလဲ မထိခိုက်ပဲ အေးအေးမှန်မှန် တက်လာခဲ့တာပါ။ ငယ်ငယ်က လုံ့ဝ စိတ်မကူး မမျှော်လင့်ခဲ့တဲ့ အခြံအရံဘွဲ့တွေပါ တွဲပြီး တိပိဋကဘွဲ့ကို ရရှိလာခဲ့တာပါ။

ဒီစာမေးပွဲတွေ အောင်ခဲ့တာတွေ ဒီဘွဲ့တွေ ရခဲ့တာတွေဟာ ပြဆိုခဲ့ပြီးတဲ့ ဆရာသမား ကျေးဇူးရှင်များရဲ့ ကျေးဇူး၊ ပစ္စည်း ၄-ပါး ထောက်ပံ့ကြတဲ့ ဒကာ ဒကာမတွေရဲ့ သဒ္ဓါ၊ မေတ္တာ၊ ပညာစွမ်းအား ကျေးဇူးများကြောင့်သာ ဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ စာမေးပွဲတစ်ခု အောင်မြင်ဖို့အတွက် -

(၁) ပြဋ္ဌာန်းချက်အားလုံးကုန်အောင် လေ့လာသင်ယူ ကြိုးစားရတယ်။

(၂) ရှေ့အသိက နောက်အသိအား ကျေးဇူးပြု နေအောင် အကြားမရှိ အဆက်မပြတ် မှန်မှန် ကြိုးစားရတယ်။

(၃) သတ်မှတ်ချိန် မပြည့်မချင်း ကန့်သတ်ချိန်မရောက်မချင်း ဇွဲရှိရှိ စွဲစွဲမြဲမြဲ ကြိုးစား ရတယ်။

(၄) စိတ်ပါလက်ပါ ရိုရိုသေသေ လေးလေးစားစားကြိုးစားရတယ်။ အထူးစိတ်ဝင်စား ရပါတယ်။

ဒီနည်းလမ်း ၄-မျိုးနဲ့ တကယ်ကြိုးစားရင် စာတွေစာမေးပွဲတွေအားလုံး တကယ် အောင်နိုင်ကြတာချည်း ပါပဲ။ ဘဝထဲက လက်တွေ့ စာမေးပွဲတွေဖြေတော့လဲ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ဆိုတဲ့ ဘာသာရပ် ၄-မျိုးကို ကျွမ်းကျင်အောင် လေ့လာပြီး နေ့စဉ်မပြတ် စွဲစွဲမြဲမြဲ စိတ်ပါလက်ပါ လေ့ကျင့်ကြိုးစားနိုင်ရင် ဘဝစာမေးပွဲ အောင်မှာလဲ သေချာပေါက်ပါ။ အရေးကြီးတာက ဘဝထဲက လက်တွေ့စာမေးပွဲတွေ အောင်ဖို့ပါ။

ပညာရှာတဲ့အခါ အကြောင်းညီမှ ပညာ ပြည့်စုံနိုင်ပါတယ်။

(၁) ပညာကို ဖော်ထုတ်ယူလိုက်ရင် ပညာ ပေါ်ပေါက်လာနိုင်တဲ့ အတိတ်က ရင်းနှီးမြှုပ်နှံထားခဲ့တဲ့ ပါရမီကံ အထိုက်အလျောက် ရှိရမယ်။

(၂) ပညာဆိုင်ရာ အလုပ်အတွင်း ကျက်စား နိုင်လောက်တဲ့ ကံအရင်းခံတဲ့ ထက်မြက်ထူးချွန်တဲ့ ဉာဏ်လဲရှိရမယ်။

(၃) အောင်မြင် တတ်မြောက်လိုတဲ့ ဆန္ဒလဲ ထက်သန်ပြင်းပြရမယ်။

(၄) ရည်မှန်းချက်ပန်းတိုင်အရောက် ပို့ဆောင်ပေးနိုင်တဲ့ နိုးကြားထက်သန်တက်ကြွတဲ့ ဝီရိယလဲ ရှိရမယ်။



www.burmeseclassic.com

www.burmeseclassic.com


(၅) ကိုယ့်ခန္ဓာကို လိုသလိုသုံးနိုင်ဖို့ ကျန်းမာရေးလဲ ပြည့်စုံရမယ်၊ ပြည့်စုံအောင်လဲ ဉာဏ်နဲ့ စောင့်ရှောက်ရမယ်။

(၆) မတိမ်းစောင်းအောင် ထိန်းကျောင်းပေးနိုင်တဲ့ အတတ်ပညာပြည့်စုံအောင် သင်ပြ လမ်းညွှန်ပေးနိုင်တဲ့ ဆရာသမားကောင်းနဲ့လဲ တွေ့ခွင့်ရရမယ်၊ တွေ့နိုင်ဖို့ ကံလိုအပ်မှာပါပဲ။

(၇) ပညာအထောက်အကူပြုပစ္စည်း ပြည့်စုံလုံလောက်ဖို့ သဒ္ဓါ၊ မေတ္တာ၊ ပညာကောင်းတဲ့ စေတနာရှင်တို့ရဲ့ အားပေးချီးမြှောက်မှုကိုလည်း အထိုက်အလျောက်ရရှိရမယ်၊ ဒါမှ အောင်မြင်တတ်မြောက်မှာပါ။

## ၆။ ၄၅–နှစ် စွမ်းအားတက်

- **ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းအောင် ကြိုးစားလေ။**
- **ကိုယ်အား ဉာဏ်အား၊ ပစ္စည်းအား၊ အများလှုအောင် ဆင်တတ်စေ။**
- **ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးရအောင် နိုးကြားစေ။**
- **တရား ၃-ပါး၊ လှူ့စွမ်းအား၊ ခန့်ညား ထည်ဝါပေ။**
- **ဘဝတစ်သက်၊ စွမ်းဆောင်ချက်၊ အားတက်ကျန်ရှိနေ။**

ဘဝရလဒ် ၃-ခုကျန်မှ လူဖြစ်ကျိုးနပ်မှာ ဖြစ်တယ်၊ ဘဝရလဒ် ၃-ခုဆိုတာ-

(၁) ပစ္စုပ္ပန်တိုင်း တွေ့သမျှ အာရုံနှင့် အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက်အေးချမ်းစွာ နေတတ်ရမယ်၊ သတိဉာဏ်ချိန်သီး အမြဲ တပ်ထားရမယ်၊ သဒ္ဓါ၊ ဝီရိယ လက်တံအမြဲ လည်ပတ်ပေးနေရမယ်။

(၂) မိမိရဲ့ ကိုယ်အား၊ ဉာဏ်အား ပစ္စည်းအားနဲ့ မိမိ၊ သူတစ်ပါး၊ လောကသာသနာ စွမ်းနိုင်ရာဖက်မှာ သဒ္ဓါ၊ မေတ္တာ၊ ပညာအားနဲ့ လှပတင့်တယ် ထည်ဝါခန့်ညား ကျက်သရေရှိအောင် အလှတန်ဆာ ဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူပေးနိုင်ရမယ်၊ နာမည်ကောင်းကျန်ရစ်ရမယ်။

(၃) ဘဝကူးစိတ်အေးရအောင် ကိုယ်ပိုင်တရားကို အချိန်မီ စုဆောင်းထားနိုင်ရမယ်၊ အချိန်မီဆိုတာ ယနေ့တိုင်း ယနေ့တိုင်း ယနေ့ လုပ်ရမယ့်အလုပ်ကို ယနေ့ပြီးအောင် လုပ်သွားရုံပေါ့၊ ဘဝလွတ်မြောက်ရေးထိ တိကျတဲ့ ဦးတည်ချက်ရှိထားဖို့လဲ အထူးလိုအပ်မယ်၊ ဒါဆို လူဖြစ်ကျိုး ရှင်ရဟန်းဖြစ်ကျိုးနပ်ပြီပေါ့။

ကိုယ့်စွမ်းဆောင်ချက်ကို ကိုယ့်ဟာကိုယ် ဖော်ပြရတာကလဲ ကြွားလိုလို့ မဟုတ်ပါဘူး၊ ဘုရားကျေးဇူး၊ သာသနာကျေးဇူး၊ ဆရာကျေးဇူးကြောင့် ဘာမဟုတ်တဲ့ တောရွာသားလေးတစ်ယောက်က အထိုက်အလျောက် အရာရောက်သွားပုံကို အများအတွက်ပါ အားတက်ဖွယ်ဖြစ်အောင် မှတ်တမ်းတင်ပြခြင်းသာ ဖြစ်ပါတယ်၊ ဒါမှမပါရင်လဲ '၄၅-နှစ် သက်န်းသက်' မှတ်တမ်းဟာ တုံးတိတိ ဟာတာတာ ခြောက်ကပ်ကပ် ပေါ့ပျက်ပျက် ဖြစ်နေမှာပါ။

ဦးပဥ္စင်းငယ်ငယ်က စကားလဲ အလွန်နည်းပါတယ်၊ လူလဲ အလွန်ကြောက်တတ်ပါတယ်၊ လူတောထဲလဲ မဝင်ရဲပါဘူး၊ ဒါပေမယ့် တတိယ ကန်တောရ ဆရာတော်က ညဘုရား ဝတ်တက်ပြီးရင် မကြာမကြာ သံဃာရှေ့မှောက်မှာ စာဖတ်ခိုင်းလေ့ရှိတယ်၊ စာချဘုန်းကြီး ဦးသာကိန္ဒကလဲ စာလိုက် ပရိယတ်အလယ်မှာ ကိုယ့်ကိုပဲ အမြဲ စာဆိုခိုင်းလေ့ရှိတယ်၊ ဒီတော့ မရဲပေမယ့် စိတ်အားတင်းရတော့တာပေါ့။

ဒါတင်မကသေးဘူး၊ စာချဘုန်းကြီး ဦးသာကိန္ဒကပဲ 'သိရိန္ဒ ---ကိုယ့်ရဟန်းခံပွဲမှာ ကိုယ့်ဟာကိုယ် တရားဟောနိုင်အောင်လုပ်ထား' လို့ မိန့်ကြားထားပြန်တော့ ဆရာ့စကားကို လေးစားတတ်တဲ့ မိမိမှာ မဖြစ်မနေ အရဲစွန့် လေ့ကျင့်ထားရပါတယ်။

ကိုယ့်ရဟန်းခံပွဲ အကြောင်းနည်းနည်း ပြောရဦးမယ်၊ ခမည်းတော်ကြီး ဦးရဲနိုင်က 'ကိုယ့်သားကို ဘယ်သူမှ ရဟန်းခံခွင့် မပေးနိုင်ဘူး၊ ကိုယ့်ဟာကိုယ်ရှိတာနဲ့ပဲ ရဟန်းခံမယ်'လို့ ပြောထားတယ်၊ တပို့တွဲလ ကန်တောရ စာပြန်ပွဲမှာ မိမိက ပိတ်သက်န်း ၁-စုံ မဲပေါက်တော့ ဆရာဘုန်းကြီး ဦးနန္ဒိမာက 'ဒီနှစ် ရဟန်းခံမယ့် ကိုရင် ပိတ်သက်န်း ၁-စုံ မဲပေါက်သွားပြီကွာ၊ ကံကောင်းတယ်ဟေ့' တဲ့၊ မိမိကလဲ ခမည်းတော်ကြီးကို ခေါ်ပြီး 'ရော့ ဒကာကြီး--- ရဟန်းခံပွဲအတွက် သက်န်းတစ်စုံရပြီ၊ မပူနဲ့' လို့ပြောပြီး ပေးလိုက်တယ်၊ ခမည်းတော်ကြီးက ပြုံးပြုံးကြီးနဲ့ ယူသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


## ရဟန်းခံတော့အဟောင်းချည်း

ရဟန်းခံခါနီးတော့ ခမည်းတော်ကြီးက ကျောင်းပြန် ၂-ထပ်သက်န်းအဟောင်း ၁-ထည် ရယ်၊ သပိတ်အဟောင်း ၁-လုံးရယ်၊ အဆင်သင့် ဖြစ်အောင် ဝယ်ထားတယ်၊ ပင့်သံဃာ လှူဖွယ်အဖြစ် ၈-ကျပ်တန် ကျောင်းပြန် ပိတ်သင်းပိုင်တွေ ဝယ်ထားတယ်၊ အားလုံး ကျောင်းပြန်ချည်းပဲ၊ သူက ဒီလောက်ပဲ တတ်နိုင်တာကိုး။

ရဟန်းခံပွဲရောက်တော့ ကျောင်းပြန် သပိတ်ဟောင်းရယ်၊ ကျောင်းပြန် ၂-ထပ် သင်္ကန်းဟောင်းရယ်၊ ကိုယ် မဲပေါက်ထားတဲ့ ပိတ်သက်န်း ၁-စုံရယ်၊ ဒါနဲ့ပဲ ရဟန်းခံလိုက်တာပါ။ ရဟန်းဒကာ ရဟန်းအမကလဲ မိဘဆိုတော့ ဒကာအဟောင်းပေါ့။ ပရိက္ခရာနဲ့လှူဖွယ်ကလဲ ကျောင်းပြန်တွေဆိုတော့ အဟောင်းပေါ့။

ထိပ်တန်းဆရာတော်ကြီးတွေပါဝင်တဲ့ ရဟန်းခံကြွ ပင့်သံဃာများကိုလည်း ၈-ကျပ်တန် ပိတ်သင်းပိုင် ၁-ထည်စီပဲ လှူလိုက်တာပါ။ ကိုယ့်မိဘအရင်းက ကိုယ့်သားအရင်းကို ရဟန်းခံပေးတယ်ဆိုတဲ့ မဖြစ်မနေ စွမ်းဆောင်ချက်ဟာ ဂုဏ်ယူစရာ သိပ်ကောင်းပါတယ်။ အဖိုးအဖွားအဘေးများကလဲ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးကြပါတယ်။ ဦးပြည့်ထွန်း+ဒေါ်ပေါခင်တို့ကလဲ ကူညီပေးကြပါတယ်။

ရဟန်းခံပြီးတဲ့ မနက်ပိုင်းမှာပဲ ကန်တောရ စာပြန်ကျောင်းထဲမှာ အလှူရောက်လာတဲ့ ပရိသတ်များ အတွက် မိမိက တရားဟောပေးရပါတယ်။ တရားမဟောမီ ကိုယ်တိုင်ရေး အနက်ပေးထားတဲ့ 'အာစရိယ ပဏာမဂါထာ' ကို ရွတ်ပြီး ပျံတော်မူသွားပြီးတဲ့ ပထမ ကန်တောရ ဆရာတော်ကြီးကို ကန်တော့လိုက်ပါတယ်။ ဈာပနပြီးတာ မကြာသေးတော့ ဆရာတော်ကြီးကို လွမ်းဆွတ်တသ နမြောနေကြတဲ့ ပရိသတ်ကြီးဟာ စိတ်မထိန်းနိုင်တော့ပဲ မျက်ရည်တွေကျ ငိုကြွေးကြပါတော့တယ်။

ပြီးတော့ ရဟန်းခံပွဲဆိုင်ရာတရားကို ၁- နာရီလောက် ကြာအောင် ဟောပေးလိုက်ပါတယ်။ တရားပွဲပြီးတော့ 'ဦးပဋ္ဌင်း--တရားဟောကောင်းတယ်' လို့ပြောကြတယ်။ အားပေးကြတာနဲ့တူပါရဲ့။ ဘာပဲပြောပြော ကိုယ့်မိဘအရင်းက ရဟန်းဒကာ၊ ရဟန်းအမလုပ်ပြီး ရဟန်းခံပေးရဲ့သာမက ဘယ်ဓမ္မကထိကကိုမှ မပင့်ရပဲ ကိုယ့်ရဟန်းခံပွဲမှာ ကိုယ့်ဟာကိုယ်ပဲ တရားဟောပေးနိုင်တယ်ဆိုတဲ့ အမြဲအမှတ်ရနေမယ့် ဂုဏ်ယူဖွယ် မှတ်တမ်းတစ်ခု ကျန်နေခဲ့ပါတယ်။ ရဟန်းခံပွဲပြီးတော့လဲ မန္တလေး မသွားမချင်း ရွာတွေမှာ တရားတွေ လိုက်ဟောပေးရပါသေးတယ်။

ရဟန်းဖြစ်တဲ့နေ့မှာပဲ ကိုယ့်ဟာကိုယ်ရေးထားတဲ့ဂါထာနှင့် ရတုပိုဒ်စုံကို ရိုက်နှိပ်ဖြန့်ဝေခဲ့တယ်။ တတိယ ကန်တောရဆရာတော်က အဖတ်ခိုင်းလို့ သံဃာ့အလယ်မှာလဲ ဖတ်ပြခဲ့ရသေးတယ်။

မန္တလေးပညာသင်သွားဖို့ ဂန့်ဂေါကနေ မန္တလေးကို လေယာဉ်ပျံစီးတဲ့အခါ 'ငါ ဓမ္မာ စရိယ မအောင်မချင်း အရပ်ကို မပြန်ခဲ့တော့ဘူး' လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၆-နှစ်ကျော်လို့ ဓမ္မာစရိယ အောင်မှပဲ အရပ်ကို ပြန်ရောက်တာပါ။

မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည်ကျောင်းမှာနေခိုက် ကိုယ့်ကို ယုံကြည်လို့ လာအပ်ကြတဲ့ ကိုရင်ငယ်တွေကို လက်ခံပြီး စာသင်ပြပို့ချပေးရတယ်။ ပထမကြီးတန်း ရောက်ကတည်းက စာချအလုပ်ပါ တွဲလုပ်နေရပါတယ်။ ကျောင်းစဉ် အလှည့်ကျ ညတရားပွဲများကိုလဲ တာဝန်ကျေအောင် ဟောပေးခဲ့ရတယ်။ ဥပုသ်ပြုတဲ့အခါ အလှည့်ကျ ပါတိမောက် ရွတ်ပြပေးခဲ့တယ်။ သာသနာပိုင် မြောင်းမြဆရာတော်ကြီးက 'ဒီ ဦးပဋ္ဌင်း ပါတိမောက်ပြတာ သိပ်ရှင်းတယ်'လို့ သံဃာ့အလယ်မှာ ချီးကျူးစကား မိန့်ကြားခဲ့ပါတယ်။

## စာပေပို့ချ လမ်းညွှန်ပြ

၁၃၂၉-ခု၊ ရန်ကုန် မဟာဝိသုဒ္ဓါရုံတိုက် သစ်ကို ရောက်ကတည်းကစလို့ နေ့စဉ်စာ ၂-ဝါ၊ ၃-ဝါ ပုံမှန်ပို့ချပေးခဲ့ရတယ်။ စာချတန်း မပြီးသေးပေမယ့် အရည်အချင်းကို ယုံကြည် စိတ်ချကျေနပ်တာနဲ့ ရန်ကုန် ဝိသုဒ္ဓါရုံ ဆရာတော်ကြီးက မိမိကို စာချဘွန်းကြီးတာဝန် အပ်နှင်းချီးမြှောက်တော်မူတာပါ။ အထူးအားဖြင့် ညဝါကျမ်းများနဲ့ စာချတန်းဆိုင်ရာ အဌကထာ ၃-ကျမ်းလုံးကို နည်းစနစ်ရအောင် ပို့ချသင်ပြပေးခဲ့ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


## တရားဓမ္မ ဟောညွှန်ပြ

တိပိဋက မပြီးခင်ကတည်းက စလို့ ဒကာ၊ ဒကာမများအတွက် ကာလဒေသကို ချင့်ချိန်ပြီး ဘဝ အသုံးချတရားများကို ရွေးချယ်ဟောပေးခဲ့ပါတယ်။ သာမန်အကြောင်းကိစ္စကြောင့် စာဝါ အပျက်မခံပါဘူး။ စာဝါထိခိုက်အောင် ပျက်အောင်လည်း တရားပွဲကို လက်မခံပါဘူး။ တာရှည်ခံမယ့် သာသနာပြု အလုပ်ကိုသာ အမြဲ ဦးစားပေးပါတယ်။ တရားဟောတဲ့အခါ ပရိသတ် ၁-ယောက်၊ ၂-ယောက်တည်း ရှိသော်လဲ စိတ်ပါ လက်ပါ သေသေချာချာ ဟောပေးတယ်။ တရားနာကြားသူ သဘောပေါက် နားလည်အသုံးချတတ်ဖို့ အဓိကထားပြီး မြန်မာစကားပြေနဲ့ ရှင်းရှင်းလေးပဲ ဟောပေးပါတယ်။ တရားဟောတိုင်း ကိုယ့်ဟာကိုယ်ပါ ဆုံးမပြီးသားဖြစ်အောင် တရားနာပရိသတ်ထဲ ထည့်ထားလိုက်တာပါ။

## စာပေကျမ်းဂန် လမ်းအမှန်

လူကြီး၊ လူရွယ်၊ လူငယ်အားလုံး ဘဝ အသုံးချဉာဏ်ရအောင်ဖတ်ရှုလေ့လာဖို့ ဓမ္မလက်ဆောင် စာအုပ်ငယ်များကို အခမဲ့ ဓမ္မဒါနအဖြစ်ဖြန့်ဝေလှူဒါန်းခဲ့ပါတယ်။

(၁) စိတ်ထိန်းကိရိယာ
(၂) ဘဝလမ်းညွှန်
(၃) သာဓု ၄-ပါးမြတ်တရား
(၄) အပေါင်းလက္ခဏာ
(၅) အနှစ်ထုတ်ယူ စွမ်းတဲ့လူ
(၆) ကံကိုထိန်းချုပ် စိတ်ခလုတ်
(၇) စိတ်ဓာတ်ကိုမြှင့် လုပ်ပိုင်ခွင့်
(၈) ကိုယ့်လမ်းကိုယ်လျှောက် ကောင်းရာရောက်
(၉) အချိန်တန်ဖိုး လူ့တန်ခိုး
(၁၀) ဘဝတစ်ကွေ့ ခဏတွေ့
(၁၁) ကိုယ်ပိုင်အလုပ် ခပ်သုတ်သုတ်
(၁၂) တရားအသိ လူမျက်စိ
(၁၃) မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်
(၁၄) နှလုံးသားဝယ် ဘုရားတည်
(၁၅) အေးမြရွှင်ပြုံး လူ့နှလုံး
(၁၆) လူ၏စွမ်းအား မြတ်တရား
(၁၇) ကိုယ့်ကိုကိုယ်ချစ် လူအစစ်
(၁၈) အသိမှန်ကန် ကိုယ့်ဖိုကျန်
(၁၉) တရားကျေးဇူး စွမ်းရည်ထူး
(၂၀) သူကိုစောင့်ရှောက် ကိုယ့်ဂုဏ်မြောက်
(၂၁) ကျန်းမာရွှင်လန်း မေတ္တာစွမ်း
(၂၂) မေတ္တာလက်တွဲ ရာပြည့်ပွဲ
(၂၃) ကိုယ်ပိုင်အလုပ် ဥစ္စာထုပ်
(၂၄) ဘဝဝေစု မြတ်ကောင်းမှု
(၂၅) တရားဆောင်သူ စိတ်မပူ
(၂၆) အား


www.burmeseclassic.com

www.burmeseclassic.com


(၂၇) ယော
(၂၈) မွေးနေ့မင်္ဂလာ ရတနာ
(၂၉) ၄၅-နှစ် တရားသက်
(၃၀) နှစ်လေးဆယ့်ငါး တရားအချုပ်

ဆိုတဲ့ စာအုပ်တွေကို ရေးသား ရိုက်နှိပ် ဖြန့်ဝေ လှူဒါန်းခဲ့ပါပြီ။ တစ်ချို့စာအုပ်ဆိုရင် အကြိမ်များစွာ ရိုက်နှိပ်ဖြန့်ဝေလှူဒါန်းခဲ့ရပါတယ်။ နောက်ထပ်လဲ 'စိတ်အေးစရာ သာသနာ' စတဲ့ စာအုပ်တွေ ပေါ်ထွက်လာဦးမှာပါ။

ဓမ္မာစရိယ စာသင်သား ရှင်ရဟန်းများ အတွက်'ဓမ္မာစရိယလမ်းပြကျမ်း အမှတ်-၁'ကိုလဲ ရိုက်နှိပ်ဖြန့်ဝေပေးခဲ့ပါတယ်။

ပြီးတော့ ဟောတရားခွေများကို စာအုပ် အဖြစ်ပြောင်းပြီး-

(၁) မေတ္တာနှလုံး အလှဆုံး
(၂) အဆင်းအတက် လမ်းနှစ်ဖက်
(၃) အသိမှန်ကန် အဖိုးတန်
(၄) ကုသိုလ်လည်းရ ဝမ်းလည်းဝ
(၅) ဆင်းရဲ၏နောက် ချမ်းသာရောက်
(၆) စိတ်အေးစရာ သာသနာ
(၇) အိမ်တွင်းမင်္ဂလာ လူ့ကျင့်စဉ်
(၈) မေတ္တာတရား လူ့စွမ်းအား
(၉) သမုဒ္ဒရာ ဝမ်းတစ်ထွာ
(၁၀) စိတ်စွမ်းရည်
(၁၁) ဘဝဇာတ်ခုံ ပုံစံစုံ
(၁၂) ပညာလမ်းပြ လူ့အလှ
(၁၃) အပေါင်းလက္ခဏာ
(၁၄) ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း
(၁၅) အသီးတရာ အညှာတစ်ခု
(၁၆) တရားပြည့်ဝ အရိပ်ရ
(၁၇) အဆိုးကိုရှောင် အကျိုးဆောင်
(၁၈) ဘဝတစ်ခေါက် ခဏရောက်
(၁၉) ဩဝါဒပဒေသာ - ၁
(၂၀) အချိန်တန်ဖိုး လူ့တန်ခိုး
(၂၁) ယောတရားတော်
(၂၂) ဗုဒ္ဓလမ်းညွှန် အကျင့်မှန်
(၂၃) ပစ္စည်းတန်ဖိုး လူ့တန်ခိုး
(၂၄) ဘဝပင်လယ် ခရီးသည်
(၂၅) နှလုံးသားဝယ် ဘုရားတည်
(၂၆) ဩဝါဒ ပဒေသာ -၂


www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စာအုပ်များကို ရိုက်နှိပ်ဖြန့်ဝေခဲ့ပြီး ဖြစ်ပါတယ်။ 'လူ့ဘဝထဲ စာမေးပွဲ'စတဲ့ စာအုပ်တွေလည်း ဆက်ထွက်လာဦးမှာပါ။ ဘုရားတရားတွေကို သာမန်လူ နားလည်တဲ့ စကားအသုံးအနှုန်းတွေနဲ့ ဖြန့်ဝေခွင့်ရလို့ ရဟန်း ရှင်လူအများ အသိဉာဏ် တိုးပွားကြရပါတယ်။

## သာသနာပြု အားထုတ်မှု

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ဦးဝါသဝါဘိဝံသက ၁၃၃၉-ခုနှစ်မှာ ရန်ကုန်မြို့ ဗဟန်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကို နောင်တော် ကြီး ဦးကောဏ္ဍညနှင့် တွဲဖက်ထိန်းသိမ်းစောင့် ရှောက်သာသနာပြုဖို့ တာဝန်ပေး လွှဲအပ်တာကို လက်ခံယူခဲ့ရပါတယ်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးတဲ့နောက် ၁၃၄၁-ခုကစ ၁၃၅၉-ခုထိ ဗဟန်း၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်ကို ဆရာတော် ဦးကောဏ္ဍညနှင့် တွဲဖက်ပြီး ကြီးပွားတိုးတက် စည်ကားအောင် အစွမ်းကုန် ကြိုးစားစောင့်ရှောက် သာသနာပြုလာခဲ့ပါတယ်။ အရေးအတွက်ထက် အရည်အချင်းကို ဦးစားပေးပြီး စည်းကမ်းဘောင်ခတ် တင်းကျပ်တိကျစွာ အုပ်ချုပ်ခဲ့ကြပါတယ်။ ဒါကြောင့်လဲ ကျောင်းတိုက်ဟာ ပိုပြီးစည်ကားတိုးတက် ပြည့်စုံလာပါတယ်၊ ကျောင်းတိုက်ဆိုင်ရာ တရားဟော စရာကိစ္စကြုံလာတိုင်း မိမိကသာ တာဝန်ယူဟောပေးခဲ့ရတယ်။

၁၃၄၅-ခုနှစ်မှာ ဇောတိဆရာတော် ဦးကောသလ-၊ ထိုမာဆရာတော် ဦးပညာဝံသတို့က လွှဲအပ်တဲ့ကြောင့် ကလေးမြို့မဟာဝိသုဒ္ဓါရုံတိုက်သစ်ကိုလက်ခံပြီး စာသင်တိုက်အဖြစ် တည်ထောင် ဖွင့်လှစ် ပေးခဲ့ပါတယ်။ ဦးတေဇဝန္တ၊ ဦးဉာဏဗလစတဲ့ တပည့်ကြီးများကို တာဝန်ပေးပြီး ကိုယ်တိုင် မကြာမကြာ သွားရောက်လမ်းညွှန်လို့ ကိုယ်အားဉာဏ်အားနဲ့ စွမ်းနိုင်သလောက် ထိန်းသိမ်းစောင့်ရှောက် သာသနာပြုနေပါတယ်။

၁၃၅၁-ခုနှစ်မှာ တောင်ဖီလာတောရ ဆရာတော် ဦးကောသလ-က လွှဲအပ်တာကြောင့် ကလေးမြို့နယ် တောင်ဖီလာတောရကျောင်းတိုက်ကို လက်ခံပြီး စာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ပေးခဲ့ရပြန်တယ်။ ဦးရာဇိန္ဒ၊ ဦးဝိသုဒ္ဓ စတဲ့ တပည့်ကြီးများကို တာဝန်ပေးပြီး ကိုယ်တိုင် မကြာမကြာ သွားရောက်လမ်းညွှန် စောင့်ရှောက်ပေးပါတယ်။

စာသင်သားဘဝက စဉ်းစားခဲ့ဖူးတယ်။ 'ငါကြီးလာလို့ အခြေအနေပေးရင် ခရိုင်မြို့တစ်ခုခုမှာ စာသင်တိုက်ဖွင့်ပြီး သာသနာပြုမယ်။ အခြေအနေမပေးရင်လဲ ဓမ္မစရိယပြီးတဲ့အခါ ကိုယ့်ရပ် ကိုယ့်နယ်မြေပြန်ပြီး တောဘုန်းကြီးကလေးတစ်ပါးအနေနဲ့ပဲ သာသနာပြုတော့မယ်' လို့ စိတ်ကူးခဲ့တာ အခြေအနေပေးလို့ ခရိုင်မြို့ဖြစ်တဲ့ ကလေးမြို့မှာ စာသင်တိုက် ဖွင့်ခွင့်ရသွားတာပါ။

ကလေးမြို့နယ်၊ အင်ဒိုင်းကြီးရွာကျောင်းနှင့် ရန်ကုန် မြောက်ဒဂုံ ၄၂-ရပ်ကွက်၊ ထေရဝါဒ ဓမ္မရောင်ခြည်ကျောင်း တို့ကိုလဲ တာဝန်ယူစောင့်ရှောက်လိုက်ရပါသေးတယ်။ တပည့်တွေကိုပဲ လွှဲရတာပါ။

သာသနာရေးဆောင်ရွက်ချက်များကို ပူဇော်တဲ့အနေနဲ့ နိုင်ငံတော်အစိုးရက ၁၃၅၁- ခုနှစ်မှာ 'အဂ္ဂမဟာပဏ္ဍိတ' ၁၃၆၀-ခုနှစ်မှာ 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဆိုတဲ့ ဘွဲ့တံဆိပ်တွေ ဆက်ကပ် လှူဒါန်းခဲ့ပါတယ်။

၁၃၅၉-ခုနှစ်မှာ ဆရာတော်ဦးကောဏ္ဍည ပျံတော်မူသွားလို့ ရန်ကုန်မြို့၊ ဗဟန်း၊ မဟာ ဝိသုဒ္ဓါရုံတိုက်သစ်ကို ပဓာန နာယကအဖြစ်နဲ့ ဆက်လက်တာဝန်ယူရပါတယ်။ တပည့်ကြီးများနှင့် အတူ လက်တွဲပြီး အရေအတွက်ထက် အရည်အချင်းကိုပဲ ဦးစားပေးလို့ ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက် သာသနာပြုနေပါတယ်။

## ကုသိုလ်ရအောင်အုပ်ချုပ်တယ်

လူဆိုတာ ကုသိုလ်အရှိန်နဲ့လာခဲ့တာဖြစ်လို့ တစ်ဘဝလုံး ကုသိုလ်အရှိန်နဲ့ပဲ နေနိုင်အောင် ကြိုးစားရမှာဖြစ်တယ်။ ဒါမှကုသိုလ်အရှိန်နဲ့ ပြန်နိုင်မှာပါ၊ ဒါကြောင့် ဘယ်အရာမဆို ကုသိုလ်ရဖို့ တစ်ခုကိုပဲ အဓိကထားကြည့်ရတယ်၊ ပရိသတ်ကို အုပ်ချုပ်တော့လဲ ကုသိုလ်ရအောင်ပဲ အုပ်ချုပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခန္တီမေတ္တာကို အများဆုံးသုံးပြီး ပရိသတ်ကို သိမ်သိမ်မွေ့မွေ့အုပ်ချုပ်ပါတယ်။

(၁) မိသားစုစိတ်ဓာတ်ထားပြီး မေတ္တာတရားနဲ့ ပျော်ရွှင်ချမ်းမြေ့စွာ အတူတကွ လက်တွဲနေထိုင်ရေး၊

(၂) အဆင့်မမီသေးသူများကို ကရုဏာနဲ့ အရိပ်ပေးပြီး ဖေးမကူညီ စောင့်ရှောက်ရေး၊

(၃) တကယ်တော်သူ၊ ကောင်းသူများကို လက်မနှေးပဲ မုဒိတာနဲ့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်တင်ချီးမြှောက်ရေး၊

(၄) မတော်မကောင်း တိမ်းစောင်းသွားလို့ အပြစ်ရှိသူများကို ဥပက္ခာနဲ့ အေးမြစွာ ပြစ်ဒဏ်ပေးရေး၊

ဆိုတဲ့ ဗြဟ္မဝိဟာရလမ်းစဉ် ၄-ချက်နဲ့ပဲ အုပ်ချုပ်တယ်။ ရိုက်နှက် ဆူပူငေါက်ငမ်းမှု လုံးဝ ပြုလေ့မရှိပါဘူး၊ ကိုယ့်ကြောင့်လဲ သူကုသိုလ်ရအောင်၊ သူ့ကြောင့်လဲ ကိုယ်ကုသိုလ်ရအောင်သာ အမြဲကြိုးစားပါတယ်။

## အလုပ်များပေမယ့်မရှုပ်စေနဲ့

အလုပ်တာဝန်များပြားပေမယ့် မပူမရှုပ်ရအောင် တည်ငြိမ်အေးချမ်းစွာနဲ့ပဲ ကိုင်တွယ် ဖြေရှင်းဆောင်ရွက်ပါတယ်။ ပရိယတ်နဲ့ ပဋိပတ်ကိုထိန်းလို့, ပဋိပတ်နဲ့ပရိယတ်ကို အသက်သွင်း အလှဆင်ပေးနေပါတယ်။ ခြောက်ကပ်ကပ် ပရိယတ်မဖြစ်ရအောင် လက်တွေ့ပဋိပတ်ကိုလည်း အချိန်ပိုင်းနဲ့ ကျင့်သုံးအားထုတ်ခိုင်းထားပါတယ်။

## ဦးဆောင်လမ်းပြပါဝင်ရ

ပထမ ၅-နှစ်, ဒုတိယ ၅-နှစ်သက်တမ်းကာလပတ်လုံး ဝိနည်းဓိုရ်တာဝန်ကို ထမ်းဆောင်ခဲ့တယ်။ ပြီးတော့ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိကာယ်သာသနာတော် ထွန်းကားရေးအသင်း ဩဝါဒါစရိယ၊ ဓမ္မသာ ကစ္ဆာအဖွဲ့ ဩဝါဒါစရိယ၊ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းဩဝါဒါစရိယ၊ ဆူးလေ စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဘိဓမ္မာ ပြန့်ပွားရေးအသင်း ဩဝါဒါစရိယ၊ ဓမ္မဗျူဟာ စာစောင် ဩဝါဒါစရိယ၊ ဓမ္မဗျူဟာ သာသန မာမကအဖွဲ့ ဩဝါဒါစရိယ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဩဝါဒါစရိယ၊ တိပိဋက ဓမ္မရက္ခိတအဖွဲ့ ဩဝါဒါစရိယ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဩဝါဒါစရိယ၊ ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိ သာသနာနုဂ္ဂဟ ဆန်လှူအသင်း ဩဝါဒါစရိယ၊ ရန်ကုန်-မန္တလေး ယောနယ်အသင်း ဩဝါဒါစရိယ၊ မိုးကုတ်မြို့ နိကာယ်အသင်း ဩဝါဒါ စရိယ၊ မင်္ဂလာဗျူဟာအသင်း ဩဝါဒါစရိယ၊ မြတ်မင်္ဂလာစာစောင် နာယက၊ ပိဋကဗျူဟာအဖွဲ့ ဩဝါဒါစရိယ၊ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဩဝါဒါစရိယ စတဲ့တာဝန်တွေကို စိတ်အား ထက်သန်ကျေပွန်စွာ ထမ်းဆောင်ပေးနေပါတယ်။

## ချီးမြှင့်ပေးကမ်းမေတ္တာစွမ်း

ဇာတိလက်ပန်ရွာမှာ သိန်း ၂၀၀- ကျော် စွန့်ကြဲပြီး ဘုရား၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ တံတိုင်း၊ ရေတွင်း၊ စာကြည့်တိုက်၊ မီးစက်၊ အလယ်တန်းကျောင်းစတဲ့ လိုအပ်သမျှကို ဆောက်လုပ် ပြုပြင်တပ်ဆင် ပေးခဲ့ပါတယ်။

ကျောင်းသားဘဝက ပညာသင်ကြားခဲ့ရာ ကန်အထက်တန်းကျောင်းမှာသိန်း ၁၃၀-ကျော် စွန့်ပြီး လိုအပ်တာတွေကို ကူညီလှူဒါန်းပေးခဲ့တယ်၊ ကျောင်းကြီးလဲ ဆောက်ပေးခဲ့တယ်။ ကိုရင် ဘဝက ပညာသင်ကြားခဲ့ရာ ကန်တောရ ကျောင်းတိုက်မှာ သိန်း ၆၀-တန် ပိဋကတ်တိုက်နှင့် လိုအပ်တာတွေကို လှူဒါန်းခဲ့ပါတယ်။ ကန်ရွာမှာ သိန်း ၄၀၀-ကျော်စွန့်ကြဲပြီး လိုအပ်နေတဲ့ တိုက်နယ်ဆေးရုံသစ်ကြီးကို မတည် ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။

## မိဘကျေးဇူးအထူးဆပ်

မယ်တော်ကြီးအတွက် (ခမည်းတော် ကြီးရှိစဉ်က ခမည်းတော်ကြီးအတွက်ပါ) နှစ်စဉ် ပစ္စည်းမျိုးစုံ၊ တရားတိတ်ခွေနှင့် စာအုပ်မျိုးစုံ ပေးပြီး ကျေးဇူးဆပ်နေတယ်။ တရားအားထုတ်နိုင်အောင် အလှူလုပ်နိုင်၊ ကုသိုလ်ပြုနိုင်အောင် အထူးဆောင်ရွက်ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com


ယခုတော့ (မိမိ ဒုတိယအကြိမ် ကိုရင်ဝတ်စဉ်က မျက်ရည်စိုရွဲ ငိုပွဲဆင်ခဲ့ရတဲ့) မယ်တော်ကြီးကို (ဦးလေး ဦးမောင်သန်းနှင့် အတူ) ရန်ကုန်မြို့ကို ခေါ်ယူလို့ သီးခြားနေအိမ်တိုက်ခန်းပေးပြီး အာမိသဓမ္မ ၂-မျိုးနဲ့ အနီးကပ် ကျေးဇူးဆပ်နေပါတယ်၊ လစဉ် ၅-သိန်းနှင့် နေ့စဉ်လိုအပ်တဲ့ ခဲဖွယ်၊ ဆေးဝါး၊ အသုံးအဆောင်အမျိုးမျိုးကို ပေးကမ်းလှူဒါန်း ကျေးဇူးဆပ်နေပါတယ်။ အထူးလိုအပ်ရင် လိုအပ်သလိုလဲ အခါကိုကြည့်ပြီး လိုအပ်တာကို ပေးပါတယ်။

မယ်တော်ကြီး စိတ်ချမ်းသာအောင် ဦးလေးရယ်၊ နှမသီလရှင်ရယ်၊ တူမတွေရယ်၊ ဒီဆွေမျိုး အရင်းတွေကိုပါခေါ်ပြီး မယ်တော်ကြီးနဲ့အတူ နေစေပါတယ်။ မိသားစုအားလုံးအတွက် လိုအပ်သမျှ မိမိကပဲ တာဝန်ယူထားပါတယ်။

## ပေးတယ်ဆိုတာယူတာ

လက်ပန်ရွာရှိ အသက်.(၇၀)ကျော် အဖိုး အဖွားများနှင့် ဂီလာနတို့အတွက် လှူတာမျိုး၊ ပညာချွန်ကလေးများအတွက် ဆုချီးမြှင့်တာမျိုး၊ ရန်ကုန်-မန္တလေးရောက် ယောနယ်ဇာတိ စာမေးပွဲအောင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့အတွက် ဆုချီးမြှင့် လှူဒါန်းတာမျိုး၊ ကလေးမြို့ စာသင်တိုက်ခွဲ ၂-တိုက်မှ စာချဘုန်းကြီးနှင့် စာအောင် သံဃာအတွက် နှစ်စဉ် ဆုပေးပွဲ လုပ်ပေးတာမျိုး၊ အနယ်နယ် အရပ်ရပ်မှ ထူးချွန်သူ စာအောင်ရှင်ရဟန်းတို့အတွက် ဆုချီးမြှင့်တာမျိုးတွေ စိတ်အားထက်သန်စွာ ဆောင်ရွက်ပေးခဲ့တယ်။ ပေးတယ်ဆိုတာ ယူတာပါပဲ။

မိမိနေထိုင်ရာ ရန်ကုန်၊ ဗဟန်း၊ မဟာ ဝိသုဒ္ဓါရုံကျောင်းတိုက်အတွင်းမှာတော့ အနိမ့်ဆုံး စာမေးပွဲမှ အမြင့်ဆုံး စာမေးပွဲထိ ကျောင်းအစမ်း စာမေးပွဲပါမကျန် ပရိယတ္တိစာမေးပွဲမျိုးစုံ ဖြေဆိုအောင်မြင်တဲ့ ရဟန်း၊ သာမဏေများ၊ သာသနာရေးစာမေးပွဲကို ဖြေဆိုအောင်မြင်ကြတဲ့ ကျောင်းသားများအတွက် နှစ်စဉ်၊ လစဉ်၊ အပတ်စဉ် အမြဲ ဆုချီးမြှင့် လှူဒါန်းနေပါတယ်။

ရန်ကုန်ဝိသုဒ္ဓါရုံ အထိမ်းအမှတ် ကုသိုလ်ပွဲကို ၁၃၆၀-ပြည့်နှစ်ကစ နှစ်စဉ် လုပ်ပေးခဲ့ပါတယ်။ စာချဘုန်းကြီးများအတွက် ကာလ၊ ဒေသ၊ ပုဂ္ဂလ အလိုက် သင်္ဂဟဝတ္ထု ၄-ပါးနဲ့ ချီးမြှောက် စောင့်ရှောက် ထားတယ်။ မွေးနေ့အလှူကို လစဉ်လုပ်ပေးတယ်၊ ပါတိမောက်ပြ ရဟန်းအတွက် ဥပုသ်တိုင်း လှူပေးတယ်။

တိုက်သံဃာ ပစ္စည်း၄-ပါးပြည့်စုံဖို့, ပရိယတ္တိ ပညာပြည့်စုံဖို့၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာဖို့၊ အထူးကြောင့်ကြစိုက် အားထုတ်ပေးတယ်၊ များဖို့ထက် ကောင်းဖို့၊ ကြာရှည်ခံဖို့ ဦးစားပေး ရွေးချယ်ပါတယ်။

၁၃၃၇-ခု၊ ၃၃-နှစ်အရွယ်ကစ ကျန်းမာရေးအတွက် အသားလွတ်သာ ဘုန်းပေးခဲ့ပါတယ်။ အကျင့်ထူးကြီး ၁-ခု လုပ်ကျင့်နေတာ မဟုတ်ပါဘူး။

## နိုင်ငံရပ်ခြားမသွားလိုပါ

မိမိကို အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ သီရိလင်္ကာ စတဲ့ တိုင်းပြည်တွေက အကြိမ်များစွာ လာရောက်ပင့်ကြပေမယ့် ငြင်းပယ်ခဲ့ပါတယ်။ မလိုက်ခဲ့ပါဘူး။ သွားလိုတဲ့ ဆန္ဒ လုံးဝမရှိပါဘူး။

မတတ်သာလွန်းလို့ လိုက်ခဲ့ရတာ ၂- နေရာရှိတယ်။ ၁၃၅၉-ခုနှစ် ကဆုန်လက ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ပိဋက ၃-ပုံပူဇော်ပွဲအတွက် တာဝန်ခံ ထိုင်းဆရာတော်ကြီးများကိုယ်တိုင် မရမက အတင်း လာပင့်လို့ အားနာပါးနာ လိုက်သွားခဲ့ရတယ်။ အဲဒီမှာ အနှစ်ချုပ် 'တရားအသိလူမျက်စိ' ဆိုတဲ့ တရား ဟောကြား ပေးခဲ့တယ်။ ပဌာန်း ပညာဝါရပါဠိကိုပါ ရွတ်ပေးခဲ့ပါတယ်။ တရားကို ၁-နာရီသာ ဟောပေမယ့် တရားပွဲပြီးတဲ့ အခါ အနား လာမေးမြန်းကြလို့ ဖြေရတာ ၂-နာရီလောက် ကြာသွားတယ်။ နောက် ၁-နေရာက လာအိုခေါ်တဲ့ လောနိုင်ငံပါ။ သာသနာရေးဦးစီးဌာနရဲ့ မေတ္တာရပ်ခံတောင်းပန်မှုကြောင့် အားနာပါးနာနဲ့ပဲ လိုက်သွားရတာပါ။ အခြားဘယ်နေရာမှ မရောက်ပါဘူး။


www.burmeseclassic.com

www.burmeseclassic.com



## ရာပြည့်၂-မျိုးကုသိုလ်တိုး

၁၃၆၅-ခု၊ နတ်တော်လမှာ မိမိရဟန်း ဘဝက ပညာသင်ကြားနေထိုင်ခဲ့တဲ့ မန္တလေးမြို့ ရွှေကျင်နိကာယ ဗဟိုဌာနချုပ် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ရဲ့ နှစ် ၁၀၀-ပြည့် အထိမ်းအမှတ်အဖြစ် သိန်းပေါင်းများစွာ စွန့်ကြဲပြီး ရာပြည့် အလှူပွဲကြီးကို မိမိက ဦးဆောင်ကျင်းပ ပြုလုပ်ပေးခဲ့ပါတယ်။

၁၃၆၆-ခု၊ တပို့တွဲလမှာ လွန်ခဲ့တဲ့ ၄၅- နှစ် မိမိ ကိုရင်ဘဝက ပညာသင်ကြားနေထိုင်ခဲ့တဲ့ ဂန့်ဂေါမြို့နယ်၊ ကန်တောရကျောင်းတိုက်ရဲ့ နှစ် ၁၀၀-ပြည့်အထိမ်းအမှတ်အဖြစ် သိန်း-၁၀၀ ကျော် စွန့်ကြဲပြီး ရာပြည့် အလှူပွဲကြီးကို မိမိက ဦးဆောင်ကျင်းပ ပြုလုပ်ပေးခွင့် ရလာပြန်တယ်။ မမေ့နိုင်တဲ့ ကုသိုလ်အလွန်တိုးတဲ့ ရာပြည့်ပွဲ ၂-မျိုးပါ။

## ဘေးရန်ငြိမ်းအေးချမ်းသာရေး

မြန်မာ့ရုပ်မြင်သံကြားမှ ၁၃၆၅-ခု၊ သီတင်းကျွတ်လပြည့်ကစပြီး လပြည့်နေ့ရောက်တိုင်း ၁-ပတ်စီ တိုင်းပြည် ဘေးရန်ကင်းရေးအတွက် ဥပ္ပါတသန္တိပါဠိကို ထုတ်လွှင့်နိုင်ဖို့ အသံသွင်းပေးခဲ့ပါ တယ်၊ 'စိတ်အေးစရာ လူ့ချမ်းသာ' စတဲ့ တရားတွေကိုလဲ ဟောပေးခဲ့ပါတယ်။ ဝါတွင်း ဥပုသ်နေ့ နဝင်္ဂဥပုသ်သီလပေးဖို့လည်း အသံသွင်းပေးခဲ့ပါတယ်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်တုန်းကလဲ အလုပ်သမားတွေ ဘေးရန်ကင်းဖို့ မကြာမကြာ ပရိတ်ရွတ်ပေးခဲ့ရတယ်။ ကုသိုလ်ယူတတ်ဖို့ တရားလဲဟောပေးခဲ့ရတယ်။

## ဝိနိစ္ဆယတာဝန်ကျေ

၁၃၆၆-ခုနှစ်မှာ မိုးကုတ်ဝိပဿနာတရားဆိုင်ရာ အဆုံးအဖြတ်ပေးရမယ့်ကိစ္စ ပေါ်ပေါက်လာလို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ရဲ့ တာဝန်ပေးချက်အရ နိုင်ငံတော် သီးခြားဝိနည်း ဓိုရ်တာဝန်နဲ့ ထူးခြား ပြောင်မြောက်စွာ ခွဲခြားသန့်စင်ဆုံးဖြတ်ပေးခဲ့ပါတယ်။ သာသနာ့သမိုင်းဝင် အလုပ်တစ်ခုကို ထိရောက်အောင် လုပ်ဆောင်ပေးလိုက်နိုင်လို့ အများကြီးဂုဏ်ယူမိပါတယ်။

၁၃၆၇-ခုနှစ်၊ တန်ခူး-ကဆုန် ရောက်လာပြန်တော့ ဘိက္ခုနီဆိုင်ရာ အဆုံးအဖြတ်ပေးရမယ့်ကိစ္စ ပေါ်ပေါက်လာပြန်တယ်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အဆုံးအဖြတ်ပေးဖို့ တာဝန် ပေးအပ်လာပြန်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်တာဝန်နဲ့ပဲ ထူးခြားပြောင်မြောက်စွာနဲ့ ခိုင်ခိုင်မာမာမှတ်တမ်းကျန်ရစ်အောင် ဆုံးဖြတ်ပေးခဲ့ပါတယ်။

သာသနာ့သမိုင်းဝင်မှတ်တိုင်ကြီးတစ်ခုကို စိုက်ထူဆောင်ရွက်ပေးရတာဖြစ်လို့ အားရကျေနပ် ဂုဏ်ယူမိပါတယ်။

## သာသနာပြန့်လှူအနှံ့

ပြီးတော့ မိမိရဲ့ သင်ပြပို့ချလမ်းညွှန်ပေးမှု၊ ထိန်းသိမ်းစောင့်ရှောက်ပေးမှုတွေကြောင့် တိပိဋက လောင်းလျာတွေ ပိဋက ၂-ပုံဆောင် ၁-ပုံဆောင်တွေ၊ သကျသီဟ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယတွေ၊ အဂ္ဂမဟာ အကျော်တွေ၊ ဓမ္မာစရိယ ပါဠိပါရဂူတွေ၊ သာမဏေကျော်တွေ၊ အသိအကျင့်ထူးချွန်တဲ့ သာသနာပြုပုဂ္ဂိုလ်ကျော်တွေစတဲ့ သာသနာအတွက် အားတက်စရာ တပည့်ကျော်ပုဂ္ဂိုလ်ထူးတွေ မြောက်မြားစွာ ပေါ်ပေါက်လာတာကိုတွေ့ရလို့လဲ အားရကျေနပ် ဝမ်းမြောက်မိပါတယ်။

ဒါတင်မကသေးဘူး။ မိမိရဲ့ ဟောတရားတွေ နာကြားရတဲ့ကြောင့်၊ မိမိရဲ့ဓမ္မလက်ဆောင် စာအုပ်တွေဖတ်ရတဲ့ကြောင့်၊ ဘာသာ အယူဝါဒမှန် ပြောင်းသွားသူတွေ၊ အပူငြိမ်းအေး သွားသူတွေ၊ ဘဝ အသိအမြင် ရှင်းသွားသူတွေ၊ ဘဝအသုံးချတတ်သွားသူတွေ အမြောက်အမြားတွေ့ မြင် ကြားသိရပြန်တော့ တိုင်းထက်အလွန် အားရကျေနပ် ဝမ်းမြောက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ပရိနိဗ္ဗာန်စံမယ့်နေ့ရောက်တော့ ၄၅-နှစ်လုံးဟောထားခဲ့တဲ့ တရားအားလုံးကို အပ္ပမာဒပုဒ် တစ်ခုထဲမှာ အကျဉ်းချုံးလို့ထည့်သွင်းဟောပေးခဲ့ပါတယ်။ အပ္ပမာဒဟာကျင့်စဉ်တရားထဲမှာ အကြီးကျယ်ဆုံးဖြစ်လို့ တရားအားလုံးငုံမိအောင်ထည့်လို့ရပါတယ်။

သဒ္ဓါကအထုပ်၊ ဝီရိယက အလုပ်၊ သတိက အချုပ်၊ သမာဓိက အအုပ်၊ ပညာက အဟုတ် ဆိုတော့ အကောင်းအားလုံးတွေထဲမှာ သတိဟာအချုပ်ပါ။ ဘယ်တရားတွေ ဘယ်လောက်ပဲ ကောင်းကောင်း သတိမပါရင် ဘယ်ဟာမှ မတိကျ မပြည့်ဝနိုင်ပါဘူး။ သတိလွတ်ရင် အသိသေပါတယ်။ ဘယ်အလုပ်မှ တရားပုံစံနဲ့ မလှုပ်ရှားနိုင်ပါဘူး။ သတိရှိမှ အသိဟာရှင်သန်နိုင်တယ်။ တရားစွမ်းအားပုံစံနဲ့ လှုပ်ရှားနိုင်တယ်။ သတိရှိရင် ဘာမဆိုအလုပ်ဖြစ်တယ်။ ဘဝရဲ့အဓိကအသက်လို့ ဆိုရင်လဲ ဖြစ်နိုင်တာပဲ။

သတိဟာ ဘယ်အလုပ်မဆို အချိန်မှီ ပြီးအောင် လုပ်ပေးနိုင်တာဖြစ်လို့ အချိန်ထိန်း ကိရိယာပါ။ အာရုံအမျိုးမျိုးကြောင့် စိတ်မှာ ကိလေသာအပူမီးမတောက်ရအောင် စောင့်ထိန်းပေးနိုင်တာကြောင့် အာရုံထိန်း ကိရိယာလဲ ဖြစ်ပါတယ်။ စိတ်ကို ခွန်အားရှိရှိ အချိန်ပြည့် အလုပ်လုပ်နိုင်အောင် အစီအစဉ်နဲ့ ထိန်းပေးရတာဖြစ်လို့ စိတ်ထိန်းကိရိယာလို့လဲခေါ်တယ်။ အမှန်တော့ ဒီ ၃-မျိုးဟာ စကားအခေါ်အဝေါ် ကွဲပြားပေမယ့် အလုပ်သဘောကတော့အတူတူပါပဲ။ အာရုံတိုင်းမိတော့ အချိန်တိုင်းသိတယ်။ အချိန်တိုင်း သိရင်လဲ စိတ်ဟာ ထိန်းပြီးသားပါ။

သတိဆိုတာ ဝီရိယနဲ့ အစပ်မှန်အောင်တွဲပြီး တည်ငြိမ်လေးနက်စူးစိုက်တဲ့ အံ့ဖွယ် သမာဓိ အာနိသင်ကို ဖော်ထုတ်ပေးတယ်။ စိတ်ငြိမ်ရင် အမှန်သိတဲ့ဉာဏ် ပေါ်လာရတယ်။ ဘဝအသုံးချနည်းကို လေ့လာမှတ်သားထားဖူးသူဟာ ဘဝအသုံးချဉာဏ် တကယ်ပေါ်စေချင်ရင် သတိကို မလွတ်တမ်း ကိုင်ထားရပါတယ်။ သတိဟာ ပိုက်ဆံနဲ့တူတဲ့ အဖိုးတန်အသိဉာဏ်ထည့်ထားတဲ့ ပိုက်ဆံအိတ်ပါပဲ။ အဖိုးတန်ဉာဏ် ပိုက်ဆံမပျောက်ရအောင် လုံလုံခြုံခြုံ ထိန်းသိမ်း ထည့်သွင်းပေးပါတယ်။ ပိုက်ဆံမရှိရင် ဘာမှမဝယ်နိုင်လို့ ဆင်းရဲရသလို ဉာဏ်မရှိရင် ကိုယ့်အရှိတွေကို တရားစွမ်းအားနဲ့ မလဲလှယ်တတ်တာကြောင့် အရှိ နှိပ်စက်တာခံနေရလို့ အလွန်ဆင်းရဲပါတယ်။ သတိရှိတော့ ဉာဏ်ပေါ်လို့ လာဘ်မြင်တယ်။ ဘယ်နေရာမဆို ဘယ်အလုပ်မဆို တရားစွမ်းအားရအောင် ဖမ်းယူတတ်တယ်။

## ၂။ သတိရှေ့ထား တရားအသိ

- **ဝယဓမ္မာ၊ သင်္ခါရာ၊ ၃-ဖြာဥ ာဏ်ထူး မှတ်သားလေ။**
- **အပ္ပမာဒ၊ နှိုးဆော်ပြ၊ တက်ကြွနှိုးကြားစေ။**
- **ဝယဓမ္မာ၊ သင်္ခါရာ၊ ပြင်းစွာထိတ်လန့်စေ။**
- **အပ္ပမာဒ၊ ကျင့်စဉ်ပြ၊ ဘဝအနှစ်တွေ့။**

မြတ်ဗုဒ္ဓအဖြစ်နဲ့ ၄၅-နှစ်ပြည့်လို့ နောက်ဆုံးနေ့မှာ ဟောခဲ့တဲ့ 'ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ' ဆိုတဲ့ စကား ၂-ခွန်းဟာ ၄၅-နှစ်လုံးဟောထားခဲ့တဲ့ ကျင့်စဉ်တရားအားလုံး ခြုံမိငုံမိတဲ့စကားပဲ။ 'ဘာပဲပြင်ပြင်ပျက်တာချည်းပဲကွယ်၊ အလုပ်အမြန်ပြီးအောင် သတိထား ကြိုးစားကြ' လို့ ဆိုလိုပါတယ်။ ဘာသာရပ်အများကြီးကို မှတ်လွယ်ဆောင်လွယ်အောင် မှတ်စုအကျဉ်းချုပ် ထုတ်ပေးတာပါ။ ကိုယ့်ကို အာမခံတာဝန်ယူနိုင်မှ အလုပ်ခေါ်ပါတယ်။ ကိလေသာကို နိုင်တဲ့ အစီအစဉ်ပါမှလဲ အလုပ်ပါ။ သတိပါရင် ကိလေသာနှင့် သတိတွဲမဖြစ်နိုင်တော့ သတိဖြစ်တိုင်း ကိလေသာကင်းနေတာဖြစ်လို့ ကိလေသာကိုနိုင်ပါတယ်။ သတိလွတ်နေရင် ကိလေသာကိုနိုင်တဲ့ အစီအစဉ်မပါနိုင်လို့ အလုပ်မဖြစ်နိုင်ဘူး။ အလှုပ်သာဖြစ်သွားမယ် ဟထိုးပါသွားတယ်။

သတိမပါရင် ဉာဏ်လဲကင်းပြတ်သွားတာဖြစ်လို့ ဘာပဲလုပ်လုပ် အလှုပ်ချည်းပဲ။ စွမ်းအားမပါပဲ အစီအစဉ်ကင်းမဲ့စွာနဲ့ တစ်လှုပ်လှုပ် လှုပ်နေရတာဖြစ်လို့ အလှုပ်၊ စိတ်တည်ငြိမ် အေးချမ်းမှုမပါပဲ တုန်လှုပ်ချောက်ချားစွာ လှုပ်နေတာဖြစ်လို့လဲ အလှုပ်၊ စိတ်လှုပ်ရှားဖွယ်အကျိုးကို ပေးဦးမှာဖြစ်လို့လဲ အလှုပ်ပါ။

ကိလေသာကိုနိုင်တဲ့ အစီအစဉ်ဆိုတာ ကိုယ်နှုတ်ရဲ့စည်းကမ်းဖြစ်တဲ့ သီလ၊ စိတ်ရဲ့ စည်းကမ်း ဖြစ်တဲ့ သမာဓိ၊ အသိရဲ့စည်းကမ်းဖြစ်တဲ့ ဝိပဿနာပညာဆိုတဲ့ သိက္ခာ ၃-ပါး ပါပဲ။ ဒီ ၃-ချက်ရဲ့ စည်းကမ်းအချုပ်က



www.burmeseclassic.com

www.burmeseclassic.com


သတိပါ။ သတိကိုင်ရင် ကိလေသာနိုင်သလို အလုပ်လဲ ဖြစ်ပါတယ်။ ဘာမဆို အလုပ်စာရင်းထဲ ပါဝင်သွားတယ်။ ကိလေသာဖြစ်နေရင်တောင်မှ၊ နေထိုင်မကောင်းလို့ မကျန်းမာရင်တောင်မှ၊ သတိဉာဏ် ထုတ်ရှုမှတ်နိုင်ရင် ဝိပဿနာ အလုပ်စာရင်းဝင်သွားပါတယ်။

ပြဆိုခဲ့တဲ့ စကား ၂-ခွန်းထဲမှာ 'ဝယဓမ္မာ သင်္ခါရာ' ဆိုတာ ပြုပြင်သမျှ ပျက်ရတယ်ဆိုတော့ ရုပ်နာမ်ခန္ဓာရဲ့ အနိစ္စလက္ခဏာကိုပြတယ်။ အနိစ္စမြင်ရင် ဒုက္ခလဲမြင်၊ ဒုက္ခမြင်ရင် အနတ္တလဲ မြင်တာဆိုတော့ လက္ခဏာ ၃-ပါးလုံးကိုပဲ ပြနိုင်ပါတယ်။ ဒီ ၃-ပါးကို အာရုံယူ ရှုမှတ်ပွားများရတဲ့ ဝိပဿနာဉာဏ်လဲ ရနိုင်တာဖြစ်လို့ ပထမစကားဟာ ဝိပဿနာကို ပြပါတယ်။ 'ဝယဓမ္မာ'မှာ အပျက်ကြီး၊ အပျက်ကလေးလို့ ၂-မျိုးရှိတယ်။ အပျက်ကြီးဆိုတာ တစ်ဘဝ ကန့်သတ်ချိန်စေ့လို့ သေရတာမျိုးပါ။ အပျက်ကလေးကတော့ စက္ကန့်မိနစ်မလပ် အဆက်မပြတ်ဖြစ်ပြီးတိုင်း ပျက်နေတဲ့ သဘောပါ။ ဝိပဿနာဆိုတာ အပျက်ကလေးတွေ မိအောင် သတိဉာဏ်နဲ့ ဖမ်းရှုရတဲ့အလုပ်ပါ။

ဝိပဿနာဆိုတာ မိမိတို့ရထားတဲ့ ခန္ဓာရဲ့အမှတ်အသား ၃-ခုကို မှတ်မှတ်ရရ ပြတ်ပြတ်သားသား မှတ်သားနေရတဲ့ အလုပ်ပါ။ ကိုယ့်ခန္ဓာကို မှတ်မိသွားအောင် လုပ်နေတာပဲ။ မြစ်ရေ ချောင်းရေ စီးနေသလို အဆက်မပြတ် ပြောင်းလဲနေတဲ့သဘော၊ အဆက်မပြတ် ညှင်းဆဲနေတဲ့ သဘော၊ ကိုယ့်ကိုအမြဲတမ်း ဆန့်ကျင်ဖက် လုပ်နေတဲ့သဘောကို မှတ်မိသွားအောင် လုပ်နေတာပါ။ ခန္ဓာတီဗွီ ဖွင့်ကြည့်တာ။

'အပ္ပမာဒေန သမ္ပာဒေထ'ကတော့ စွမ်းရည် အလွန်ကြီးကျယ်များပြားလှတဲ့ ဝိပဿနာ အကျင့်မြတ်ကို ကိုယ့်သန္တာန်မှာ အမြန် ဖြစ်ပေါ်တိုးပွားအောင်လုပ်ဖို့ တိုက်တွန်းနှိုးဆော်တဲ့ စကားပါ။ လက်တွေ့ပွားတော့လဲ သတိပါမှ အလုပ်ဖြစ်ပါတယ်။ ဝိပဿနာပညာကို ပြောလိုက်ရင် သီလနဲ့ သမာဓိကလဲ မကင်းနိုင်တော့ ပါရတော့တာပါပဲ။ ပေါင်းလိုက်တော့ သိက္ခာ၃-ပါးပါ။ သိက္ခာ ၃-ခန်း၊ စည်းကမ်း ၃-ချက်ရဲ့ အချုပ်စည်းကမ်းက သတိပါ။

နောက်တစ်နည်းပြောရရင် 'ဝယဓမ္မာ သင်္ခါရာ' က ထိတ်လန့်သွားအောင် သံဝေဂဉာဏ် ဖြစ်သွားအောင် မိန့်ကြားတဲ့စကား ဖြစ်တယ်။ ပြုပြင်သမျှ ပြိုပြိုကျနေတယ်ဆိုတော့ အေးအေးဆေးဆေး စဉ်းစားကြည့်ရင် အလွန်ထိတ်လန့်စရာ ကောင်းတယ်။

'အပ္ပမာဒေန သမ္ပာဒေထ' ကတော့ ကျင့်စရာ အလုပ်ဘဝအနှစ်ချုပ်ကို အကျဉ်းချုံးပြတဲ့ စကား ဖြစ်တယ်။ ထိန်လန့်သွားတယ်ဆိုရင် ပြေးတော့မှာပေါ့။ ပြေးတဲ့အခါ တောထဲ တောင်ထဲမှာ ခြသေ့ဟောက်သံ ကြားလို့ သားကောင်တွေ ကြောက်လန့်ပြေးတော့ ဦးတည့်ရာပြေးသလို ထင်ရာမပြေးဖို့၊ ဦးတည်ချက် လမ်းကြောင်းအစီအစဉ်နဲ့ပြေးဖို့ ဘုရားရှင်က 'အပ္ပမာဒေန သမ္ပာဒေထ'လို့ ပြေးလမ်းဖေါ် ပေးလိုက်တာပါ။

'သင်တို့ကြောက်တဲ့ ခန္ဓာဒုက္ခလွတ်အောင် ဒီလမ်းအတိုင်းပြေးကြ၊ ဒါ ဘေးမဲ့လမ်းပဲ'လို့ ဆိုလိုပါတယ်။ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေ ဘာပဲလုပ်လုပ် ဒီလမ်းအတိုင်းပဲ ပြေးရမယ်။ ဘေးမဲ့လမ်းခေါ်တယ်။ နေမကောင်းရင်လဲ ဒီလမ်းအတိုင်းပြေးရုံပဲ။ ဘေးမဲ့လမ်းကိုး။ နိဗ္ဗာန်ထိ ရောက်ဖို့တောင် သေချာပေါက်လမ်းကြီး သုဂတိဘဝ ရောက်ရေးအတွက်တော့ ဘာမှ စကားတစ်ခု လုပ်ပြောစရာမလိုဘူး။

အပ္ပမာဒသတိလို့ပြောလိုက်ရင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းလို့ ခေါ်ဆိုရတဲ့ သိက္ခာ ၃-ပါးလုံး အကျုံးဝင်ပြီးသားပါ။ ချဲ့လိုက်ရင် မဂ္ဂင် ၈-ပါးပါပဲ။ လောကီမဂ္ဂင်ပေါ့။

## ၃၊ မမေ့မလျော့ မပေါ့မဆ

- **မမေ့မလျော့၊ မပေါ့မဆ၊ တက်ကြွနိုးကြား သတိထား၊ ထူးခြားလာအောင် ကြိုးစားလေ။**
- **သိက္ခာ၃-သွယ်၊ ပြဿယ်ကိစ္စ၊ ဟူသမျှ၊ ပြည့်ဝစုံလင်ပေ။**
- **ဘဝအနှစ်၊ ရအောင်ညှစ်၊ တိုးတက်အောင်မြင်ပေ။**

တကယ်လုပ်ရမယ့်အလုပ် လမ်းစပျောက်လောက်အောင် မျက်ခြည်ပြတ်သွားရင်မေ့တယ်လို့ခေါ်တယ်။ မေ့ရင် ဘာစွမ်းအားမှမရနိုင်တော့လို့ လူဖျင်းဖြစ်သွားတယ်။ လမ်းစ မပျောက်ပေမယ့် စိတ်အားထက်သန်မှု မရှိပဲ အပေါ်ယံပြီးစလွယ် ပေါ့ပျက်ပျက် ရော်ရွတ်ရွတ်လုပ်နေရင် လျော့တယ်၊ ပေါ့တယ်၊ ဆတယ်လို့ဆိုရမယ်။ စွမ်းအားရသင့်သလောက်ရနိုင်ပေမယ့် အရည်အသွေး စံချိန်မမှီတော့လို့ လူညံ့ဖြစ်သွားတယ်။ ဘယ်ဟာမှ

www.burmeseclassic.com


သို့သော် 'ဟဲ့--မင်းတို့ တရားဟောတာက ကိုယ့်အတွက်ကျင့်စရာ မကျန်အောင် အကုန်ဟောပစ်လိုက်တာကိုးကွဲ့' လို့ ဆရာတော်ကြီးတစ်ပါး အမိန့်ရှိသလို တရားစွမ်းအား ရရှိသူတွေထဲမှာ ကိုယ်တစ်ယောက် ကျန်မနေခဲ့ရအောင်တော့ အထူးသတိပြုနေရပါတယ်။ ကိုယ်ကျင့်စရာ မကျန်အောင် သူများအတွက် အကုန် ဟောပစ်ရေးပစ်လိုက်တာမျိုးတော့ မဖြစ်သင့်ပါဘူး။ 'သူ့အတွက် ဟောရင် ငါလဲကျင့်မယ်' 'သူ့အတွက်ရေးရင် ငါလဲအားထုတ်မယ်' ဆိုတာမျိုးပဲဖြစ်ရမှာပါ။ သူ့ အတွက် ကိုယ့်အတွက် ၂-ဖက်လုံး လက်တွေ့တရားစွမ်းအားရအောင် စွမ်းဆောင်ပေးနိုင်မှ တကယ် ဂုဏ်ယူလေးစားထိုက်သူဖြစ်မှာပါ။ ဘယ်သူပဲဖြစ်ဖြစ် တရားနှင့်လူတွေသွားဖို့ အရေးကြီးဆုံးဖြစ်တယ်။ စောလေ ကောင်းလေ၊ လက်ဦးလေ စိတ်အေးရလေပါပဲ။

## နှစ်လေးဆယ့်ငါးတောသားလူလည်

ယနေ့မျက်မှောက်ခေတ်မှာ 'တိပိဋကယောဆရာတော်' လို့ ရဟန်းရှင်လူအများက သာသနာဝင် စာရင်းထဲ ထည့်သွင်းရေတွက် အသိအမှတ်ပြုထားကြပေမယ့် လွန်ခဲ့တဲ့ ၄၅-နှစ်ရဲ့ ဟိုဖက်မှာတုန်းကတော့ ကျေးလက်ဇနပုဒ် တောရွာသား 'သာမောင်' ဆိုတဲ့ နုံခြာခြာ အတတ မအူမလယ် ကျောင်းသား လူငယ်တစ်ယောက်ပါ။ သာသနာနှင့် မတွေ့ရင် (သာသနာထဲမရောက်ရင်) တစ်ဆံချည်လောက်တောင် အပေါ်တက်အောင် ခုန်နိုင်စွမ်းမရှိတဲ့ အသေးအမွှားလူစားပါ။ ကာမ ညွန်ဗွက်ထဲမှာ နှတ်မရအောင် မြုပ်သွားမယ့် လူစားမျိုးလဲ ဖြစ်ပါတယ်။

ကြီးကျယ်လှတဲ့ ဗုဒ္ဓသာသနာကိုအမှီ ရသွားတဲ့ကြောင့် မအူမလယ် တောသားတစ်ယောက် 'လူလည်' လုပ်ခွင့်ရသွားတာ ဖြစ်တယ်။ 'လူလည်'ဆိုတာ အရပ်ထဲမှာပြောတဲ့ 'လူလည်'မျိုးကို ပြောတာမဟုတ်ပါဘူး။ အရပ်ထဲမှာပြောတဲ့ 'လူလည်'ဆိုတာ 'လူလည်' အစစ်မဟုတ်ဘူး၊ 'လူရှုပ်' တွေပါ။ ကိုယ့်ကံကို ကိုယ် လည်ပတ်အောင်လုပ်နိုင်မှ၊ သာသနာ့စက်ယန္တရားကို တကယ်လည်ပတ်အောင် ကြိုးစားနိုင်မှ တကယ့် 'လူလည်' အစစ်ပါ။ ကိုယ့်ရဲ့ '၄၅-နှစ် သက်န်း သက်' အတွင်းမှာ ကိုယ်မှန်းထားတဲ့ ရည်ရွယ်ချက်ရဲ့ အပုံ ၁၀၀-ပုံရင် ၁-ပုံ လောက်တောင် အားရကျေနပ်စရာ မတွေ့ရပေမယ့် သာသနာအတွက် အထိုက်အလျောက် လည်ပတ်အောင် ကြိုးစားနိုင်ခွင့်ရတာကိုပဲ ကျေနပ်လိုက်ရတော့တာပါ။ ကိုယ့်အတွက် အများကြီး ကြိုးစားရဦးမှာပဲ။

ဘုရားရှင်ရဲ့ '၄၅-နှစ် ဘုရားသက်' '၄၅-နှစ် တရားသက်' '၄၅-ဝါ သာသနာ' ဆိုတဲ့ ဗုဒ္ဓသာသနာ အရှိန်အဝါအောက်မှာ ဗုဒ္ဓသာသနာလမ်းကြောင်းပေါ် လျှောက်လှမ်းခွင့်ရသွားတဲ့အတွက် ကိုယ့်ရဲ့ '၄၅နှစ် သက်န်းသက်' အရေအတွက်ကို အားတက်ဖွယ်အဖြစ် နှစ်သက်ကျေနပ်စွာ ရေတွက်လိုက်ရပါတယ်။

အားလုံးချမ်းသာကြပါစေ

**တိပိဋက ယောဆရာတော်**

၁၃၆၇-ခု ကဆုန်လ (၂၀၀၅ ခု၊ မေလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋက စမ္မလက်ဆောင် (၃၀)

## နှစ်လေးဆယ့်ငါးတရားအချုပ်

## နမော အပ္ပမာဒ ဒေသကဿ

### ၁၊ သတိမပျောက် အသိရောက်

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

(ဒီ-၂-၁၂၈)

ဣတိ ဘဂဝါ ပရိနိဗ္ဗာနမဉ္စေ နိပန္နော ပဉ္စစတ္တာလီသ ဝဿာနိ ဒိန္နဩဝါဒံ သဗ္ဗံ ကေဝလံ အပ္ပမာဒပဒေယေဝ ပက္ခိပိတွာ အဒါသိ။

(ဒီဋ္ဌ-၂-၁၈၅)

ပဉ္စတာလီသဝဿာနိ၊ သကလံ ဒိန္နဩဝါဒံ။

အပ္ပမာဒပဒေယေဝ၊ ပက္ခိပိတွာန ဒေသေသိ။

(အဓိပ္ပါယ်ချုံး စီကုံးထားသောဂါထာ)

- **နှစ်လေးဆယ့်ငါး၊ ဟော၍ထား၊ တရားအချုပ်မှာ။**
- **အပ္ပမာဒ၊ လမ်းစဉ်ပြ၊ ဘဝအသက်ပါ။**
- **အချိန်ကိုထိန်း၊ အာရုံထိန်း၊ စိတ်ထိန်းတပ်ဆင်ရာ။**
- **သတိမပျောက်၊ အသိရောက်၊ ထွန်းတောက်ဉာဏ်ပညာ။**

ဂေါတမဘုရား အလောင်းတော်ဟာ (၁) ပါရမီအားလုံး အကြွင်းမရှိ အကုန်ဖြည့်တယ်။ (၂) အကြားမရှိ အဆက်မပြတ်ဖြည့်တယ်။ (၃) ကန့်သတ်ချိန်မပြည့်မချင်း ဖွဲ့ရှိရှိ စွဲစွဲမြဲမြဲဖြည့်တယ်။ (၄) စိတ်ပါလက်ပါ လေးလေးစားစား ဖြည့်တယ်။

ဒီမူ ၄-ချက်နဲ့ဖြည့်ကျင့်ကြိုးစားလာလိုက်တာ ဒီကမ္ဘာကို ရောက်ရှိလာပါတယ်။ ကမ္ဘာ အနေနဲ့တော့ ၄-အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းရောက်ပြီပေါ့။

ကဿပဘုရားရှင်ဟာ လူတို့ရဲ့အသက် (၂၀၀၀၀) တမ်းမှာပွင့်ခဲ့တာဖြစ်လို့ ဂေါတမ ဘုရားရှင်ဟာ အသက်(၁၀၀၀၀)တမ်းမှာ ပွင့်ဖို့ကောင်းတယ်။ သောင်းတမ်း၊ ထောင်တမ်း မမှီရင်တောင်မှ (၅၀၀)တမ်း လောက်မှာ ပွင့်သင့်တယ်။ ဒါပေမယ့် အခုပြောခဲ့တဲ့ မူ ၄-ချက်မှာ တတိယမူအရ ကန့်သတ်ချိန် မပြည့်သေးလို့ ပါရမီဉာဏ်ဟာ ဒီအချိန်မရင့်သေးဘူး။ (၁၀၀) တမ်းရောက်မှ ရင့်တော့တာတဲ့။ ဒါကြောင့် ဘုရားပွင့်နိုင်တဲ့ သက်တမ်းတွေထဲမှာ အတိုဆုံးသက်တမ်း ရောက်တော့မှ ပွင့်လာရတာပါ။

သက်တမ်း (၁၀၀)ဆိုပေမယ့် ထုံးစံ အတိုင်း ၅-ပုံ ၁-ပုံ နှုတ်လိုက်တော့ သက်တော် (၈၀) ပဲ နေသွားရပါတယ်။ (၃၅)နှစ်မှာ ဘုရားဖြစ်ပြီး သက်တော် (၈၀)မှာ ပရိနိဗ္ဗာန်စံတော်မူတာ ဖြစ်လို့ ဘုရားအဖြစ်နဲ့ (၄၅)နှစ်ပဲ နေသွားရပါတယ်။

ဘုရားသက်တော်ဟာ တာဝတိံသာနတ် ၁-ရက်ပြည့်အောင်တောင် မနေလိုက်ရပါဘူး။ ဘုရားအဖြစ်နဲ့နေရတဲ့ ၄၅-နှစ်ဟာလဲ အောက်ဆုံးဖြစ်တဲ့စာတုမဟာရာဇ်နတ်ရဲ့ ၁-ရက်တောင် မပြည့်ပါဘူး။ ပါရမီဖြည့်ခဲ့ရတဲ့အချိန်နဲ့နှိုင်းစာရင် မကာမိအောင် သိပ်နည်းလွန်းပါတယ်။

ဘုရားရှင်ဟာ ၄၅-နှစ်မျှသာ လောကထဲ တရားဟောချိန်ရတာဖြစ်လို့ နေ့စဉ် ကိုယ့်အတွက် ကျိန်းစက် အနားယူချိန် ၁-နာရီ မိနစ်-၂၀ခန့်သာထားပြီး မနေမနား ကြိုးစားဟောပြော ဆုံးမပေးခဲ့ပါတယ်။ ၄၅နှစ်ပြည့်တာနဲ့ ဗုဒ္ဓကိစ္စ အားလုံးပြီးဆုံးသွားတယ်။ အချိန်နဲ့အလုပ်ကွက်တိပဲ။


www.burmeseclassic.com

www.burmeseclassic.com


မတိကျ မပြည့်ဝနိုင်တော့ဘူး။ အပ္ပမာဒခေါ်တဲ့ သတိက လျှော့ဖြင်းလဲ မဖြစ်ရအောင် လျှည့်လဲ မဖြစ်ရအောင် အရည်အသွေးစံချိန် တိကျပြည့်ဝအောင် ဘာမဆို အချိန်မီပြီးအောင် အာရုံနဲ့စိတ်ကပ်ပြီး မပြတ်မလပ် ဆောင်ရွက်ပေးပါတယ်။ အပ္ပမာဒဆိုတာ ဉာဏ်ယှဉ်တဲ့သတိကို ပြောတာပါ။

နောက်တစ်နည်းပြောရင် မမေ့ဆိုတာ သတိ၊ မလျှော့ဆိုတာ ဝီရိယ၊ မပေါ့ဆိုတာ သမာဓိ၊ မဆဆိုတာ ဉာဏ်လို့ ပြောရင်လဲ ဖြစ်နိုင်တာဆိုတော့ မမေ့တဲ့သတိနဲ့ မလျှော့တဲ့ ဝီရိယပေါင်းမိရင် မပေါ့တဲ့ သမာဓိ ပေါ်လာတယ်။ သမာဓိကောင်းတော့ မဆတဲ့ ဉာဏ် ဖြစ်ပေါ်တယ်လို့ အလုပ်သဘောအရ ဆိုနိုင်ပါတယ်။ ဒီထဲက အစသတိနဲ့ အဆုံးဉာဏ်ကိုယူပြီး သတိဉာဏ်ဟာ အပ္ပမာဒပဲလို့ ပြောနေရတာပါ။ သမာဓိနဲ့ ပညာကို ပြောလိုက်ရင် သီလလဲ မကင်းနိုင်တာဆိုတော့ ပေါင်းလိုက်ရင် သိက္ခာ ၃-ပါးပါပဲ။

စိတ်ထဲမှာ သတိနဲ့ ဝီရိယ အစပ်တည့်မှ သမာဓိအာနိသင်ပေါ်လာမှာပါ။ ဆေးအစပ် မတည့်ရင် ရောဂါပိုဆိုးတတ်သလို၊ ဟင်းအစပ်မတည့်ရင် စားမဖြစ်သလို၊ စိတ်ထဲမှာ ဝီရိယဟာ သတိနဲ့ မစပ်ပဲ အစပ်လွဲနေရင် စိတ်ဓာတ်တွေ ပျက်သွားတတ်တယ်။ စိတ်ညစ်ရ၊ စိတ်ရှုပ်ရ၊ စိတ်ပူရ၊ ဆင်းရဲရတာတွေဟာ စိတ်အစပ်မတည့်လို့ ဓာတ်ပျက်သွားတာချည်းပဲ။

ဆေးအစပ်တည့်ရင် တစ်ကြိမ်လောက် သုံးစွဲလိုက်ရင်ပဲ စွဲကပ်နေတဲ့အနာရောဂါ သိသိသာသာ သက်သာ ပျောက်ကင်းသွားတတ်တယ်။ ဟင်းအစပ်တည့်ရင် တစ်ခွက်တည်းနဲ့ပဲ စားဖြစ်တယ်။ စိတ်ထဲက ဝီရိယဟာ သတိနဲ့ အစပ်တည့်ရင် စိတ်ငြိမ်သက် ငြိမ်းချမ်းစူးစိုက်မှု သမာဓိစွမ်းရည် အာနိသင်ပေါ်လာတယ်။ စိတ်ငြိမ်တော့ ဉာဏ်အမြင်ရှင်းတယ်။ နေ့စဉ် လုပ်နေကျအလုပ်တွေ လုပ်တော့ ရှင်းကနဲ၊ စိုက်ကနဲနဲ့ တရားအရသာတွေ ကောင်းကောင်းတွေ့လာရတယ်။ စိတ်အနာတွေ အပူ အရှုပ် အညစ်တွေ သိသိသာသာ သက်သာ ပျောက်ကင်းနေတာကို တွေ့လာရမယ်။ ကိုယ့်စိတ် ဟာ အစပ်တည့်ရင် တကယ်အသုံးဝင်ပါတယ်။

သတိဉာဏ်ဟာ လောကနှင့် ဒုက္ခအပေါ် ဩဇာအငြောင်းဆုံးဖြစ်တယ်။ အဆိုးကိုနိုင်လို့ အကောင်းကို ပိုင်အောင် စွမ်းဆောင်ပေးတယ်။ တရားအားလုံးကို သတိဉာဏ်ကပဲ ချုပ်ကိုင်ထားတာ ဖြစ်တယ်။

## ၄၊ သတိရှေ့ထား တရားအသက်

- **အမှန်မကြည့်၊ သတိမထား၊ တရားမဆောင်၊ အသေကောင်၊ ပုံဆောင်နားလည်ကြ။**
- **အမှန်ကြည့်ငြား၊ သတိထားသော်၊ တရားအသက်၊ တွဲ၍ဖက်၊ ရင့်ကျက်ရှည်နိုင်ကြ။**
- **လေးဆယ့်ငါးနှစ်၊ တရားသက်ကြောင့်၊ အားတက်ဘွယ်ရာ၊ တိုးပွားလာ၊ ကိုယ့်မှာစွမ်းအားရ။**

ဘုရားလက်ထက်က ကုရုတိုင်းဆိုတာ သတိပဋ္ဌာန်တရားအလွန်ထွန်းကားတဲ့နေရာတဲ့။ အိမ်ရှင်မ အမျိုးသမီးတွေတောင် တစ်ယောက်နဲ့တစ်ယောက်တွေ့ရင် သားသမီးစကား၊ စီးပွားရေးစကားတွေ မပြောကြဘူးတဲ့။ အချင်းချင်းတွေ့ရင် မေးကြတာက 'အစ်မက ဘယ်တရား လက်ကိုင်ထားသလဲ' 'ညီမက ဘာတရား အားထုတ်သလဲ' 'မ ဘယ်သူက ဘယ်သတိပဋ္ဌာန် လက်ကိုင်ထားသလဲ' အဲဒီလို မေးမြန်းကြသတဲ့။

တကယ်လို့များ တစ်ယောက်ယောက်က 'စားဝတ်နေရေး စီးပွားရေး လူမှုရေးတွေနဲ့ လုံးလည် ချာလည်လိုက်လို့၊ ဖတ်ဖတ်ကိုမောလို့ ဘယ်လိုလုပ်ပြီး တရားအလုပ် အားထုတ်နိုင်မှာလဲ' လို့ အဖြေပေးလိုက်ရင် အားနာလိမ့်မယ် မထင်နဲ့။ ဝိုင်းပြီး အပြစ်တင်စကားပြောကြတာတဲ့။

'ဓိရတ္ထု တဝ ဇီဝိတံ = သင့်ရဲ့အသက်ရှင်ခြင်းဟာ ကိုယ့်ကိုအာမလဲမခံ၊ တာဝန်လဲ မယူ၊ လိုတာလဲ ဘာတစ်ခုမှမပေး ကိုယ့်ကိုလဲ ပြန်ခြိမ်းခြောက်တဲ့ကြောင့် စက်ဆုပ်စရာ သိပ်ကောင်းတယ်၊ သင့်အသက် ဘာမှ တန်ဖိုးမရှိဘူး'တဲ့။

'ဇီဝမာနာပိ တွံ မတသဒိသာ = ကိုယ့် ဟာကိုယ် အပူငြိမ်းအောင် စိတ်အေးရအောင် ဘာတစ်ခုမှ မလုပ်နိုင်တာကြောင့် အသက်ရှင်နေပေမယ့် အသေကောင်နဲ့ အတူတူပဲ၊ တရားအသက် မရှိတော့လို့ အသေကောင်နဲ့ ဘာထူးသေးသလဲ'တဲ့။

ဟုတ်ပါတယ် ဓမ္မပဒမှာ 'ပမာဒေါ မစ္စုနော ပဒံ = မေ့လျော့ခြင်းဟာ ဘဝသံသရာမှာ အဖန်ဖန် သေရခြင်းရဲ့အကြောင်း' 'ယေ ပမတ္တာ ယထာ မတာ = မေ့လျော့သူဟာ အသေကောင်နှင့် တူကြောင်း' ဘုရားဟောထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


'သူများတွေမှာ လက်ထဲကိုင်ထားတာ ကုသိုလ်ထုပ်ပဲ ဖြစ်ရမယ်ဆိုပြီး တည်ငြိမ်ရင့်ကျက် အေးချမ်းစွာနဲ့ စွမ်းအားရအောင် ယူနိုင်ပါရဲ့သားနဲ့ သင်တစ်ယောက်တယ်ညံ့ဖျင်းပါလား၊ သင့်သန္တာန်မှာ သာသနာကွယ်နေပြီ၊ သင့်မှာ လူ့စွမ်းအားရအောင်ယူနိုင်တဲ့ လူ့အသက်မရှိတော့ဘူး' လို့ ကဲ့ရဲ့ရှုတ်ချကြတယ်။

တကယ်လို့များ တစ်ယောက်ယောက်က မေးပြီဆိုပါတော့၊ 'ကာယာနုပဿနာ သတိ ပဋ္ဌာန်ကိုင်' နေရတာပေါ့။

အသက်က တိုလွန်းတော့ အားအောင် မစောင့်နိုင်တော့ဘူး။ ခန္ဓာကိုယ်မှာ လှုပ်ရှားတိုင်း အလွတ်မခံပဲ မှတ်နေရတာပဲ။ ခန္ဓာရှိနေတော့ ခန္ဓာအလုပ်လဲလွတ်ထားလို့ ဖြစ်တာမှမဟုတ်ပဲ။ ကာယာနုပဿနာ သတိပဋ္ဌာန်ဖြစ်အောင် သတိဉာဏ်လေးထည့်ပြီး လုပ်နေရတာပေါ့။ ဝေဒနာလေး မှတ်နေရတယ်။ စိတ်ကလေးကို ဘယ်အချိန်မှ အလွတ်မခံပဲ သတိဉာဏ်နဲ့ စောင့်ကြည့်နေရတာပေါ့' လို့ ပြောလိုက်မယ်ဆိုရင်၊ 'ဘယ်တရားကို လက်ကိုင်ထားပါတယ်' လို့များ ပြောလိုက်မယ်ဆိုရင် ဝိုင်းပြီးချီးမွမ်းစကားပြောကြတာတဲ့။

'တဝ ဇီဝိတံ သုဇီဝိတံ = ကိုယ့်ကို ဒုက္ခအပူလွတ်အောင် ငြိမ်းအေးချမ်းသာအောင် စွမ်းဆောင်ပေးနိုင်တဲ့ အားကိုးစရာ အသက်ဖြစ်နေလို့ သင့်ရဲ့အသက်ရှင်ခြင်းဟာ ကောင်းတဲ့ အသက်ရှင်ခြင်းပဲ။ သင့်လိုလူမှ လူဖြစ်တယ်ခေါ်တယ်။ သင်ဟာ ဘဝကောင်းရနေတယ်။ သင့်အတွက် ဘုရားပွင့် လာတာ' လို့ ချီးမွမ်းကြတာတဲ့။

ဘုရားရှင်က 'အပ္ပမာဒေါ အမတံပဒံ = မမေ့မှုဟာ မသေရာနိဗ္ဗာန်ရောက်ကြောင်း' 'အပ္ပမတ္တာန မီယန္တိ = မမေ့သူဟာ မသေသူ မည်တယ်'လို့ ဟောထားပါတယ်။

အချုပ်ကတော့ 'ပမာဒဆိုတဲ့ မေ့လျော့မှုဟာ သေကြောင်း၊ အပ္ပမာဒဆိုတဲ့ မမေ့လျော့မှုဟာ မသေကြောင်း' လို့ ဆိုလိုတာပဲ။ မေ့ရင် သေတယ်၊ မမေ့ရင် မသေဘူးလို့ ချုံးပြောရင်လဲ ရတာပဲ။ သတိဟာ အသိရဲ့အသက်လို့ အဖြောင့်ပြောလို့လဲ ဖြစ်ပါတယ်။

မေ့မှုဟာ သေခြင်းအကြောင်းလို့ ပြော လိုက်တော့ -

(၁) တရားမေ့နေရင် သံသရာမှာ ခဏခဏဖြစ်၊ ခဏခဏ သေနေရမှာဖြစ်လို့ အဖန်ဖန် သေနေရခြင်းရဲ့ အကြောင်းဖြစ်တယ်။ သေရမယ့်အကြိမ် လျှော့ပေးနိုင်စွမ်းမရှိဘူး။

(၂) သတိလွတ်လို့ အမေ့များနေရင် စားသောက်သွားလာနေထိုင်မှုစသည်မှာ အမှတ်တမဲ့ မတော်တဆတွေများပြီး မဖြစ်သင့်တာတွေဖြစ်လာတတ်တယ်။ အချိန်မတန်ပဲ သေရခြင်းရဲ့ အကြောင်း ဖြစ်တတ်တယ်။

(၃) သတိမထားတော့ ကိုယ်လုပ်ကိုင်နေရတဲ့ တစ်နေ့တာ အလုပ်တွေထဲမှာ ဘယ်လို တရားစွမ်းအားတွေ ပါဝင်နေတယ်လို့ မသိရဘူး။ ရသင့်တာတွေမရ၊ မရသင့်တာရ၊ ဘာမဆို ရှုပ်ရှက်ခတ်ကြီး။ အာရုံထဲ အသိမထိုးဖေါက်နိုင်လောက်အောင် အသိတွေသေနေတယ်။ အသေကောင်နှင့် တူလိုက်တာလို့ ပြောရလောက်အောင် အသိသေခြင်းရဲ့အကြောင်းလို့လဲ ပြောရင်ဖြစ်တယ်။ ၃မျိုး ပေါ့။

မမေ့မှုဟာ မသေကြောင်းလို့ ပြောလိုက်ရင်ပဲ -

(၁) တရားမမေ့ရင် ဒုက္ခလွတ်ငြိမ်းချမ်းသာဖို့ သေချာပေါက်လမ်းကောင်းဖြစ်တဲ့ကြောင့် မသေရာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တယ်။ သေရမယ့်အကြိမ်တွေ တစ်စတစ်စလျှော့သွားမယ်။

(၂) သတိမပြတ်တော့ မတော်တဆမှုတွေမရှိသလောက်နည်းတယ်။ အချိန်မတန်ပဲ မသေရဘူး။ ကံကပေးထားတဲ့သက်တမ်းစေ့အောင် နေရတယ်။

(၃) သတိထားတော့ တစ်နေ့လုံးလုပ်နေတဲ့ အလုပ်တွေထဲမှာ တရားစွမ်းအားတွေ တန်းစီပြီး ကောက်ယူနိုင်လောက်အောင် အသိရှင်းတယ်။ အာရုံထဲနက်နဲစွာ ထိုးဖောက်နိုင်တယ်။ ရသင့်တာ မလွတ်တမ်း အကုန်ရတယ်။ အလုပ်များပေမယ့် မရှုပ်ဘူး။ 'မအား'ဆိုတဲ့ စကားကိုလဲ မပြောဖြစ်ဘူး။ အလုပ်နှင့်တရားတွဲမိသွားတယ်။ အသိတွေရှင်သန်နေတယ်။ အဲဒီလို အသိမသေခြင်းရဲ့ အကြောင်းလဲ ဖြစ်တယ်။

'အပ္ပမာဒေန သမ္ပာဒေထ'ဆိုတာ စာမေးပွဲဖြေဖို့ ကျက်မှတ်စရာ ဘာသာရပ် အများကြီးကို ဆောင်လို့မှတ်လို့ ကျက်လို့လွယ်အောင် စာအုပ်သေးသေးငယ်ငယ်လေး တစ်အုပ်ထဲမှာ အားလုံးခြုံငုံပြီး အတိုချုပ်



www.burmeseclassic.com

www.burmeseclassic.com


မှတ်စု ထုတ်ပေးသလိုပါပဲ။ ၄၅-နှစ် သင်ကြားပြသပေးထားခဲ့တဲ့ ကျင့်စဉ် ဘာသာရပ်အားလုံးအတွက် နေရာမရွေး အချိန်မရွေးသွားလာလေရာ ဆောင်လို့မှတ်လို့လွယ်အောင် အကျဉ်းချုပ် မှတ်စုလေး ထုတ်ပေးလိုက်တာပါ။

သတိဟာ နေရာတိုင်း အခါခပ်သိမ်းအရေးအကြီးဆုံးပါ။ အဖိုးတန် အသိဉာဏ်ကို ဖော်ထုတ်ပေးနိုင်တာ ဖြစ်လို့ တန်ဖိုးလဲအကြီးဆုံးပါ။ သတိရှိရင် ဘာပဲလုပ်လုပ် အလုပ်ဖြစ်တယ်။ မအားတာဟာပဲ အလုပ်ဖြစ်သွားပါတယ်။

သတိမပါရင် ဘယ်အလုပ်မှ တရားမဝင်တော့ဘူး။ ဟထိုးပါတဲ့အလှုပ်ပဲ ဖြစ်သွားတယ်။ လှုပ်ရုံသာ လှုပ်နိုင်တယ်။ အားကိုးရမယ့်တရား မပါဝင်တော့ဘူးလို့ပြောတာ။ သတိလွတ်ရင် အလုပ်ပြတ်တယ်၊ သတိရှိရင် အလုပ်ဖြစ်တယ်၊ သတိနည်းရင် အလုပ်ကြဲတယ်၊ သတိစွဲရင် အလုပ်မြဲတယ်၊ သတိများတော့ အလုပ်များတယ်၊ များပေမယ့် မရှုပ်၊ အလုပ်တိုင်း ကိုယ်ပိုင်အထုပ်တိုးတယ်၊ ဝေစုပွားလာတယ်။

သတိဟာ အကောင်းဆုံးတရားဖြစ်နေတော့ တစ်ယောက်ယောက်က သတိပေးလာရင် 'သူကကိုယ့်ကို အကောင်းဆုံးလက်ဆောင်ပေးနေတယ်' လို့ သဘောထားတတ်ရမယ်။ လူ့တစ်ကိုယ်လုံးမှာ အလိုအပ်ဆုံး အရာဟာလဲ သတိပါပဲ။

## သတိပေးတာဟာ အကောင်းဆုံး လက်ဆောင်ပဲ

ဆရာတော်ကြီးတစ်ချို့က ဦးပဋ္ဌင်းအတွက် သတိပေးခဲ့ကြဖူးတယ်။ ရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်ကြီးက 'မောင်သိရိန္ဒ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သက္ကျသီဟစာမေးပွဲတွေ ဘာတွေ လွယ်လွယ်နဲ့ အောင်သွားတာ သိပ်ဝမ်းမြောက်တယ်။ ဒါပေမယ့် စာမေးပွဲအောင်ရုံနဲ့တော့ မကျေနပ်နဲ့ဦး။ အနေအထိုင် ကောင်းဖို့၊ အကျင့်ကောင်းဖို့၊ ဝိနည်းသာသနာပြုဖို့ လိုတယ်။ သူများ နားထောင်ကောင်းအောင် ပြောတတ်ရုံနဲ့ မပြီးသေးဘူး။ လက်တွေ့ အလုပ် လုပ်ဖြစ်ဖို့လိုတယ်။ လူမြင်ကောင်းရုံ ဟန်လုပ်ပြတဲ့ ဟန်သမားလဲ မဖြစ်စေနဲ့။ လက်တွေ့ကျင့်ကြံအားထုတ် အလုပ်လုပ်ပါဦး။ လမ်းမချော်ရအောင် သတိအမြဲထားပါ'လို့ သက္ကျသီဟ အောင်ပြီးစက သတိပေးခဲ့ဖူးတယ်။

ရန်ကုန်ဝိသုဒ္ဓါရုံဆရာတော်ကြီး ဦးဝါသဝ ဘိဝံသက 'ဦးပဋ္ဌင်း ဘုန်းကြီးအသက်-၇၀ပြည့်ရင် ကျောင်းကန်တိုက်တာအားလုံး စွန့်ခွာပြီး တရားတစ်ခုပဲ အားထုတ်တော့မယ်လို့ ကြိုတင်စိတ်ကူး ဆုံးဖြတ်ထားခဲ့တယ်။ ဒါပေမယ့် (၇၀) ပြည့်ခါနီးတော့ အရိုးကင်ဆာရောဂါက လက်ဦးအောင် နှိပ်စက် လိုက်တယ်။ ရောဂါနဲ့ပြိုင်ပြီး တရားနှလုံးသွင်းရတာ ကျန်းမာသလိုတော့ မတွင်ကျယ်တော့ဘူးကွဲ့။ ဒါကြောင့် ဦးပဋ္ဌင်းလဲ စာလဲချပါ။ သာသနာကြာကြာတည်ဖို့အတွက်က စာချပေးမှပဲဖြစ်မယ်။ ကိုယ့်အတွက်လဲ အချိန်မနှောင်းရအောင် ကျန်းမာတုန်း မြန်မြန်လုပ်ထားပါ။ အချိန်မှီမှ စိတ်အေးရမယ်။ အချိန်မှီဆိုတာ ယနေ့လုပ်ရမယ့်အလုပ်ကို ယနေ့ပြီးအောင် လုပ်သွားရုံပဲ။ နောက်နေ့ကို ကိုယ်မပိုင်ဘူးကွဲ့.'လို့ မမာမကျန်းဖြစ်နေတုန်း ကိုယ့်ရောဂါကို သံဝေဂအာရုံအဖြစ်ထားပြီး သတိပေးခဲ့ဖူးတယ်။

မော်လမြိုင် သတိပဋ္ဌာန်ဆရာတော်ကြီး ရန်ကုန်ဝိသုဒ္ဓါရုံ ကြွရောက်ခိုက် သွားကန်တော့ တော့ ကော့ကရိတ် ဆရာတော် ဦးသုမနက 'အဲဒါ တိပိဋက ဦးသိရိန္ဒပါဘုရား' လို့ လျှောက်တယ်။ ဆရာတော်ကြီးက 'အော်--ဟုတ်လား၊ တွေ့ရတာဝမ်းသာတယ်။ တရားတွေ ဘာတွေ အားထုတ်ပြီး ပြီလား' လို့ မေးတယ်။ 'ပီပီပြင်ပြင် မည်မည်ရရရယ်လို့ ဘာမှအားမထုတ်ရသေးပါဘုရား'လို့ ဖြေတော့ 'အို-ဦးပဋ္ဌင်း၊ နောက်ကျသွားမယ်၊ ပရိယတ်ပြီးရင် ပဋိပတ်ပဲ မဟုတ်လား၊ စာသင်တာ ကျင့်ဖို့ပဲ၊ သတိပဋ္ဌာန် တရားကင်း နေရင် လူဟာအသေကောင်နဲ့ အတူတူပဲကွဲ့၊ ဘာမှ မစွမ်းတော့ဘူး၊ ဘုရားဟောတဲ့ သတိပဋ္ဌာန်တရားတွေက သိပ်ကောင်းတာ၊ မကျင့်နိုင်အောင် မဟောပါဘူး၊ သွားလာ နေထိုင်စားသောက်ရင်းတောင် လုပ်လို့ရတာပဲ၊ အကျိုးကလဲ သိပ်ကြီးတယ်၊ နောက်မကျအောင် မြန်မြန်အားထုတ်စမ်းပါ' လို့ တိပိဋကနဲ့ တန်အောင် အားမထုတ်ရသေးတာကို အားမလို အားမရရှိလွန်းလို့ သတိပေးခဲ့ဖူးတယ်။

ဦးပဋ္ဌင်း တိပိဋက ပြီးခါစက မင်းကွန်းတောင်ရိုး ဓမ္မာစကြာသုံးဆယ်ပေးဆရာတော်ကြီးထံ သွားကန်တော့ တော့ ဆရာတော်ကြီးက 'တိပိဋက ယောဘုန်းကြီးလေးလား၊ တွေ့ရတာ ဝမ်းမြောက်လိုက်တာ၊ အဲ---စာသိ



www.burmeseclassic.com

www.burmeseclassic.com


ရွှာသိ ငါသိတဲ့ဗျ၊ စာသိရုံနဲ့ လမ်းမဆုံးသေးဘူး၊ မပြည့်စုံသေးဘူး၊ စကားပြောရင်လဲ စာသံပေသံ ပါနေဦးမှာပဲ၊ စာထဲပါတာတွေ ပြောနေတာပါ၊ ငါသိတာ ကျင့်တာတွေကို ပြောတာမဟုတ်ပါဘူးဆိုတဲ့ အဓိပ္ပါယ်လဲ ရောက်နေတတ်တယ်၊ ဒါကြောင့် ငါသိအဖြစ်ရောက်အောင် လက်တွေ့ကျင့်ပါဦး၊ ငါသိဆိုတာ လက်တွေ့ကျင့်လို့ သိရတဲ့အသိမျိုးကိုပြောတာ၊ လက်တွေ့သိဖို့ သတိလိုတယ်၊ သတိမပါရင် လူ့အသိ သေနေတတ်တယ်၊ ရှင်နေအောင် သတိ အသက်သွင်းထားမှဖြစ်မယ်'လို့ တိပိဋကနဲ့တန်အောင် အသိ မြင့်မားစေချင်လွန်းလို့ သတိပေးခဲ့ဖူးတယ်။

တိပိဋကပြီးစီးခါစကပဲ မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက် မင်းကွန်းတိပိဋက ဆရာတော်ကြီးထံ သွားကန်တော့တော့ 'ဦးသိရိန်၊ မင်းကွန်းမှာ ဘာလာလုပ်တာလဲ' 'အနားယူဖို့လာတာပါဘုရား' 'အနားယူဖို့ကတော့ မင်းကွန်းဟာ အလွန်ကောင်းတဲ့နေရာပေါ့ ဦးပဋ္ဌင်းရာ၊ မစိုးရိမ် ဆရာတော်ကြီးက ပြောဖူးတယ်၊ အသက်ကြီးလာရင် လူငယ်တွေက ကိုယ့်နားမကပ်ချင်ကြတော့ဘူး၊ ဘယ်သူမှ ကိုယ့်နားမလာချင်နေ၊ ကိုယ်တစ်ယောက်ထဲ ပျော်ပျော်နေနိုင်အောင် စာလာပေလာအတိုင်း လေ့ကျင့်ထားရတယ်တဲ့၊ စာလာပေလာအတိုင်း ပျော်ပျော်နေနိုင်အောင် လေ့ကျင့်တယ်ဆိုတာ တရားကို အဖော်လုပ်အားထုတ်ထားပါလို့ ပြောတာပါ၊ တစ်ယောက်တည်းပျော်တဲ့နည်းက တရားအလုပ်ပဲရှိတာပဲ' လို့ ဆရာတော်ကြီးက တစ်သက်လုံးမမေ့နိုင်လောက်အောင် သတိပေးခဲ့ဖူးပါတယ်။ သတိပေးတယ်ဆိုတာ အကောင်းဆုံး လက်ဆောင်ပေးတာပါ။

ရှေးတုန်းက သက်တော်-၈၀၊ ဝါတော် -၆၀ ရှိတဲ့ ကန္ဒရသာလဆရာတော်ကြီး ရောဂါ နှိပ်စက်ခံရလို့ အော်ဟစ်ညည်းညူနေတဲ့အခါ တပည့်ရဟန်းက သတိပေးလိုက်တော့ သတိရသွားတယ်၊ သတိဉာဏ်စိုက် ရှုမှတ်လိုက်တာ မကြာမီပဲ ရဟန္တာဖြစ်သွားသတဲ့။ သတိလွတ်တော့ ညည်းညူ အော်ဟစ်ရလောက်အောင် အသိသေတယ်။ သတိကပ်လိုက်တော့ ရဟန္တာဖြစ်လောက်အောင် အသိရှင်သန်တယ်လို့ ဆိုရမှာပေါ့။

ရှေးအခါက စာချအကျော်မဟာသီဝဆရာတော်ကြီးဟာ တပည့်တစ်ပါးရဲ့ပရိယာယ်နဲ့ သတိပေးချက် အရ ၃-ရက်နဲ့ ရဟန္တာဖြစ်အောင် အားထုတ်မယ်ဆိုပြီး တောထွက်သွားတယ်။ ကြံစည်တဲ့အတိုင်း ဖြစ်မလာဘူး။ နှစ်ပေါင်း -၃၀ ကြာပေမယ့် ဘာမှမဖြစ်၊ မဖြစ်တော့ သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း နှစ်စဉ်ငိုတယ်ဆိုပဲ။ နတ်က သတိပေးလိုက်တော့မှ သတိရပြီး ရှုမှတ်လိုက်တာ နှစ်ပေါင်း-၃၀ ပြည့်တဲ့ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန္တာ ဖြစ်သွားသတဲ့။

ရှေးတုန်းက တောထဲမှာ တရားအားထုတ်နေတဲ့ ရဟန်း-၁ပါး ကျားဆွဲခံရတော့ အဖော်ရဟန်းများက နောက်ကလိုက် သတိပေးကြလို့ ကျားစားခံနေရင်း ရှုမှတ်လိုက်တာ ကျားပါးစပ်ထဲတင်ပဲ ရဟန္တာဖြစ်သွားတာတဲ့။ အံ့ဩစရာ ကောင်းလိုက်တာ၊ အမှန်တော့ သတိရဲ့အစွမ်းပဲ။

ဦးပဋ္ဌင်းလဲ ကလေး တောင်ဖီလာတောရ ဆရာတော်ကြီး ဦးကောသလလ္လ အနာနှိပ်စက်ခံရလို ညည်းညူအော်ဟစ်နေတုန်းက တရားစကား လျှောက်ထားသတိပေးခဲ့ဖူးပါတယ်။ ကျားပါးစပ်ထဲ ကျားစားခံရင်း ရှုမှတ်လို ရဟန္တာဖြစ်သွားတဲ့ ရဟန်းအကြောင်းကိုပဲ လျှောက်မိတာပါ။ ချက်ချင်း သတိရပြီး လုံးဝမညည်းတော့ပဲ ပျံတော်မူတဲ့နေ့ထိ အဆက်မပြတ် ရှုမှတ်သွားတာတွေ့ရပါတယ်။ ခန္ဓာသာသေလို့ တရားမသေပါဘူးလို့ ဆိုရမှာပေါ့။ သတိအစွမ်းပါပဲ။

## ၅၊ သတိကိုသုံး စိန်တစ်လုံး (တရားကျင့်သုံး စိန်တစ်လုံး)

- **သတိမပါ အသိကွာ၊ ရှိတာအကုန်ရှုံး။**
- **အတောင်ကျိုးငြား၊ ငှက်အလား၊ စွမ်းအား အကုန်တုံး။**
- **သတိကိုကိုင်၊ စိတ်ကိုနိုင်၊ ကြံ့ခိုင်စိန်တစ်လုံး။**

သရက်သီးတွေထဲမှာ စိန်တစ်လုံးသရက်ဆိုတာ အနံ့အရသာ သိပ်ကောင်းတယ်။ သူ့ကိုစားမိရင် အခြားသရက်သီးကို မစားချင်တော့ဘူးဆိုပဲ။ တရားတွေထဲမှာလဲ အပ္ပမာဒဆိုတဲ့ သတိဟာ သူ့ကိုသုံးမိရင် လူ့အလုပ်အားလုံးကို အလွန်ကောင်းတဲ့တရားအရသာ ပေါ်စေနိုင်တာဖြစ်လို့ အကောင်းဆုံးပဲ။ အားကိုးစရာတရား အလုပ်တစ်ခုခုလုပ်ရင် သတိပါမှ အလုပ်ပြီးပါတယ်။ စွမ်းအားတွေ တိကျပြည့်ဝနိုင်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


'တယ်ကောင်းတဲ့ တရားပါလား။ ဒီလောက်တောင် ကောင်းမှန်းသိရင် အစောကြီးကတည်းက သုံးခဲ့မှာပေါ့'လို့ စိတ်ကို ရွှင်လန်းအားတက်စေပါတယ်။ သတိဟာ စိန်တစ်လုံးလို့ပြောရလောက်အောင် တရားအရသာ တိုးတက်လေးနက်စေတယ်။

ပြီးတော့ သတိဟာ အဆိုးအကောင်းအားလုံးတွေထဲ အကုန်ဝင်ဆန့်တဲ့ကြောင့် အဆိုးအားလုံးကို စိန်ခေါ်နိုင်တယ်။ ဘယ်လောက်ဆိုးဆိုး ယှဉ်ပြိုင်နိုင်တယ်။ ကိုယ့်မှာ အားတစ်ခုခုရှိနေမှ စိန်ခေါ်နိုင်တာပါ။ တရားအားထုတ်တယ်ဆိုတာ ခန္ဓာဒုက္ခနှင့် ကိလေသာအပူတွေကို စိန်ခေါ်လိုက်တာပဲ။ အားပြိုင်တာပါ။ သတိကောင်းသူ စိန်ခေါ်နိုင်ပါတယ်။ လမ်းမှာ ခွေး၂-ကောင် တွေ့ကြတဲ့အခါ တစ်ကောင်ကောင်က စ သွားတွေ အစွယ်တွေ ဖြဲထုတ်ပြပြီး စိန်ခေါ်တယ်။ 'ငါ့ ဘာမှတ်တုန်း' ပေါ့။ ဟိုဖက်ခွေးကလဲ 'နင့်မှာသာ သွားနှင့် အစွယ်ရှိတာ မှတ်လို့၊ ငါ့မှာလဲရှိတယ်' လို့ ပြန်ပြီးရန်ထောင် စိန်ခေါ်တယ်။ ၂-ကောင်ကိုက်တော့ ၂-ကောင်လုံးနာကုန်တာပေါ့။ သတိဆိုတာ ဒါမျိုး မဟုတ်ပါဘူး။ လောကနှင့် ဒုက္ခအပေါ် ဩဇာ အငြောင်းဆုံးတရားဆိုတော့ အဆိုးအားလုံးကို တကယ်နိုင်တာပါ။ လောကနှင့် ဒုက္ခကို အားပြိုင် စိန်ခေါ်နိုင်ပါတယ်။ လောကကိုနိုင်ဖို့ တရားပေါ်လာတာ။ တရားကို သတိက ချုပ်ကိုင်ထားတာပဲ။

သတိရှိသူဟာ လောက လူသားမဟုတ်ဘူး။ ဓမ္မ လူသားပါ။ နာအောင်ခုတ်မယ့် ဓါးမ လူသား မဟုတ်ဘူး။ ချမ်းသာအောင်လုပ်မယ့် ဓမ္မလူသားပါ။ ရောက်လာသမျှ ဆင်းရဲဒုက္ခ၊ လောကဓံ အားလုံးက လွတ်အောင် တရားသိုင်းကွက်နင်းပြီး ရှောင်တိမ်းတတ်တယ်။ လူ့အလုပ်တွေထဲ တရားသိုင်းကွက် နင်းပြီး ဒါန၊ သီလ၊ ဘာဝနာစွမ်းအားပေါ်အောင် ဖော်ထုတ်ယူတတ်တယ်။

ဒါတင်မကသေးဘူး။ စိန်ဟာ သိပ်တန်ဖိုးကြီးသလို သတိဟာလဲ အလွန်တန်ဖိုးကြီးပါတယ်။ လောဘ၊ ဒေါသ၊ မောဟအောက်မှာနေရတဲ့ တန်ဖိုးမဲ့လူတန်းစားကို သီလ၊ သမာဓိ၊ ပညာနဲ့ မွမ်းထုံ လွှမ်းခြုံပြီး တန်ဖိုးကြီးတဲ့ အဆင့်မြင့်လူသားဖြစ်အောင် မြှင့်တင်ပေးပါတယ်။ လူ့အလုပ်အားလုံးလဲ ဒါန၊ သီလ၊ ဘာဝနာပုံစံနဲ့ တန်ဖိုးကြီးမားသွားရပါတယ်။ အချိန်တိုင်းကို တန်ဖိုးကြီးသွားအောင် မြှင့်တင် ထိန်းသိမ်းအသုံးချပေးပါတယ်။ ဒါကြောင့်လဲ စိန်တစ်လုံးခေါ်ရင်ဖြစ်နိုင်တာပါ။

သတိဟာ ဉာဏ်ကိုပါ ထုတ်ပေးနိုင်တာဖြစ်လို့ ဉာဏ်နှင့်တွဲပြီး ပစ္စုပ္ပန်မှာလဲ တစ်ဘဝလုံး တန်ဖိုးကြီးအောင် လုပ်ပေးနိုင်တယ်။ သံသရာတစ်လျှောက်လုံးလဲ တန်ဖိုးကြီးအောင် အကွက်ချ ပေးနိုင်တယ်။ တန်ဖိုးအကြီးမားဆုံး မဂ် ဖိုလ် နိဗ္ဗာန်ထိရအောင် ဆောင်ရွက်ပေးနိုင်တယ်။ ဘယ်သူမှ မပေးနိုင်တာတွေကို သတိက အကုန်ရအောင် လုပ်ပေးနိုင်တယ်။ များဖို့ထက် ကောင်းဖို့ တန်ဖိုးကြီးဖို့သာ အဓိကထားတယ်။

နောက်ပြီးတော့ စေတီဘုရားများမှာ စိန်ဖူးဆိုတာ အမြင့်ဆုံး ထိပ်ဆုံးမှာထားရတဲ့အရာပဲ။ သတိကလဲ ကောင်းတဲ့အလုပ်ဆိုရင် ဘာပဲလုပ်လုပ် ရှေ့ဆုံး ထိပ်ဆုံးကနေပြီး အကောင်းဆုံးဖြစ်အောင် လုပ်ပေးတယ်။ သတိရှိရင် အဖိုးတန်ဉာဏ် ပေါ်လာရတယ်။ သတိဉာဏ်ဟာ လောကနှင့် ဒုက္ခအပေါ်လဲ အနိုင်ယူလွှမ်းမိုး နိုင်တယ်။ တန်ဖိုးမဲ့ခန္ဓာပစ္စည်းကို တန်ဖိုးရှိ တရားစွမ်းအားဖြစ်အောင်လဲ ဖန်တီးနိုင်တယ်ဆိုတော့ အထက်တန်းစားလူ့ဘဝရဲ့ထိပ်ဆုံးက စိန်ဖူးပါပဲ။

အတိုချုံးပြောရင် သတိဟာ -

(၁) စိန်တစ်လုံး သရက်သီးထက်တောင် အရသာသိပ်ကောင်းတယ်၊

(၂) အဆိုးဟူသမျှ အကုန်စိန်ခေါ်နိုင်တယ်၊

(၃) စိန်ထက်တောင် တန်ဖိုးသိပ်ကြီးတယ်၊

(၄) လိုတယ်သာရှိတယ်၊ ပိုတယ်လို့ ဘယ်တော့မှ မရှိနိုင်တဲ့ ကောင်းမှုအားလုံးရဲ့ ရှေ့ဆုံး ထိပ်ဆုံးကချည်း ထားနေရတဲ့ သာသနာ့စိန်ဖူးဖြစ်တယ်။

(၅) ပြီးတော့ အဝေးကိုမှန်အောင် ချိန်ပစ်နိုင်တဲ့ စိန်ပြောင်းပမာ အဝေးအာရုံနှင့် ပုထုဇဉ် ဉာဏ်အမြင် ဝေးနေတဲ့ ရုပ်နာမ်အာရုံကို သတိနဲ့ချိန်ပြီး ဉာဏ်နဲ့မှန်အောင် ပစ်ခတ်ထိုးဖောက်နိုင်တယ်။

ဘဝမှာ အဖိုးအတန်ဆုံးတရားကို ပေါ်အောင်ဖော်ပေးတဲ့တရားပဲ။ ဒါကြောင့် စိန်တစ်လုံးလို့ တကယ်ခေါ်ထိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com


လူမှာရှိနေတဲ့ မြင်တွေ့နေရတဲ့ သက်မဲ့သက်ရှိ အရှိအားလုံးဟာ တကယ့်အရှိတွေ မဟုတ်ပါဘူး။ တရားဆိုတဲ့ တကယ့်အရှိတွေယူဖို့ အထောက်အကူများသာဖြစ်တယ်။ မသုံးတတ်ရင် ဒီအရှိတွေကြောင့် ပူဆွေးငိုကြွေးရမှာပါ။ နောက်ဆုံး လူနှင့်အရှိကွဲသွားအောင် ခွဲပစ်တာခံရမှာပါ။ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ တရားအရှိတွေက လူ့ရဲ့တကယ့်အရှိတွေ ဖြစ်တယ်။ သတိဟာ ဉာဏ်နှင့် တွဲပြီး အငှားအရှိတွေကို တရားအရှိ ပြောင်းပေးတယ်။

လောကအသိဟာ လောကကို အနိုင်ယူနည်းမဟုတ်ဘဲ လောကနောက်ကလိုက်ဖို့ လောကနှင့် အတူနေဖို့သာဖြစ်လို့ လူ့ရဲ့ တကယ်အသိ မဟုတ်သေးဘူး။ စာသိ (စာတွေ့အသိ) ဟာလဲ တကယ့်အသိ မဟုတ်သေးဘူး။ ခန္ဓာသိ (လက်တွေ့အသိ) အတွက် အထောက်အကူမျှသာ ဖြစ်ပါတယ်။ ဒီအသိလောက်နဲ့ အရေးကြုံရင် အပူမငြိမ်းနိုင်သေးပါဘူး။ ခန္ဓာသိ (လက်တွေ့အသိ) ကမှ လူ့ရဲ့ တကယ့်အသိပါ။ ဒါမှ လောကကို အနိုင်ယူနိုင်မှာကိုး။ သတိဆိုတာ စာသိကို ခန္ဓာသိဖြစ်အောင် စာတွေ့အသိကို လက်တွေ့အသိဖြစ်အောင် ပြောင်းလဲပေးပါတယ်။

ပြီးတော့ အရှိနှင့်အသိ ၂-မျိုးမှာ အရှိဆိုတာ လူရဲ့တကယ့်အားမဟုတ်ပါ။ အသိအတွက် အထောက်အကူမျှသာဖြစ်ပါတယ်။ အသိမပါရင် အရှိကြောင့် ဒုက္ခတောင် ရောက်တတ်ပါသေးတယ်။ အသိသာ လူ့ရဲ့တကယ့်အင်အားဖြစ်ပါတယ်။ လောကအသိ ဓမ္မအသိ ၂-မျိုးမှာ ဓမ္မအသိသာ တကယ့်အားပါ။ ဓမ္မအသိမှာလဲ လက်တွေ့အသိကမှ စွမ်းအားပါတဲ့ တကယ့်အသိမျိုးဖြစ်တယ်။ သတိဆိုတာ အရှိကြောင့် အသိပေါ်လာအောင် စွမ်းဆောင်ပေးတယ်။ အရှိကို တကယ်နိုင်မှ အသိပညာ စစ်တာကိုး။

သတိဆိုတာ ဉာဏ်နှင့်တွဲပြီး ဒူးရင်းသီးနှင့်တူတဲ့ ဒုက္ခသစ္စာ ခန္ဓာပစ္စည်းဆူးသီးကြီးထဲက အရသာ အလွန်ကောင်းတဲ့ တရားတွေပေါ်လာအောင် ဖော်ထုတ်ပေးတယ်။ ပြီးတော့ ကျောက်ထွက်တဲ့မြေ၊ ရွှေထွက်တဲ့ရေ စသည်နှင့်တူတဲ့ ခန္ဓာပစ္စည်းရတနာမြေထဲက ကျောက်တူးလို့ ရွှေကျင်သလို ရနိုင်သမျှ မကျန်ရအောင် ကောင်းမှုတရားရတနာ ဖော်ထုတ်ပေးပါတယ်။

အပေါက်သေးလို့ ကြိုးခိုင်တဲ့ နိုင်လွန်ပိုက်ကွန်ဟာ မြစ်ကျဉ်းချောင်းကျဉ်းထဲချပြီး ငါးထောင်တဲ့အခါ ဖြတ်သွားသမျှ ကြီးငယ် ရွယ်လတ် ငါးအားလုံးမိအောင် ဖမ်းပေးနိုင်သလို သတိဉာဏ်ဟာ နေ့စဉ်လုပ်နေကျ လူ့အလုပ်အားလုံးကို ကောင်းမှုတရားပုံစံနဲ့ အကုန်မိအောင် ဖမ်းပေးပါတယ်။ သတိဟာ လူ့အလုပ်အားလုံးကို တရားအလုပ်ဖြစ်အောင် ပြောင်းလဲပေးပါတယ်။ သတိတစ်လုံးရှိရင် လူ့အလုပ်ဖြစ်တာပဲကိုး။

သတိလွတ်တဲ့လူတိုင်း ဘယ်သူမဆို ဇရာလုပ်သား၊ ဗျာဓိလုပ်သား(ရောဂါလုပ်သား)ပဲ ဖြစ်နေမှာပဲ။ ဇရာခိုင်းသမျှ အိုနေရမယ်၊ ဗျာဓိခိုင်းသမျှ နာနေရမယ်၊ လုံးဝဆင်ခြေပေးခွင့်၊ ငြင်းပယ်ခွင့်မရှိပါဘူး။ ကျွေးရသမျှ၊ ပေးရသမျှ၊ ပြုပြင်နေရသမျှ အိုစာတွေ နာစာတွေချည်းပဲ။

ပြီးတော့ သတိလွတ်ရင် လောဘ၊ ဒေါသ၊ မောဟအောက်က အမြဲနေရမှာဖြစ်လို့ ကိလေသာ လုပ်သားလဲ ဖြစ်သွားမှာပဲ။ သတိရှိရင် ကိလေသာလုပ်သား မဖြစ်အောင် ငြင်းပယ်လို့ ရပါတယ်။ ကိလေသာလုပ်သား ဖြစ်ရင် ဒုက္ခလုပ်သားလဲ ဖြစ်သွားတော့မှာပါ။

သတိဉာဏ်က လူကို ကုသိုလ်လုပ်သား ဓမ္မလုပ်သားဖြစ်အောင် စွမ်းဆောင်ပေးပါတယ်။ သတိဉာဏ် ရှိသူမှာ အိုတာ၊ နာတာ၊ ကိလေသာတွေရှိနေပေမယ့် တစ်ဖက်က သတိဉာဏ်နဲ့ တရား အားပြိုင် အနိုင်ယူမှုက ရှိနေတာကြောင့် ဇရာလုပ်သား၊ ဗျာဓိလုပ်သား၊ ကိလေသာလုပ်သား၊ ဒုက္ခလုပ်သားလို့ မခေါ်ရပါဘူး။ ဓမ္မလုပ်သား ကုသိုလ်လုပ်သားလို့ပဲ ခေါ်ရပါတယ်။

အဆိုးကိုနိုင်ဖို့နဲ့ အကောင်းကိုပိုင်ဖို့အတွက်ပဲ တရားအလုပ်ကိုလုပ်ရတာကိုး။ နေမကောင်းရင်တောင် စိန်တစ်လုံးရောဂါဖြစ်အောင် စိန်ခေါ်နိုင်ရမယ်ပေါ့။

"အားလုံး ချမ်းသာကြပါစေ"

တိပိဋက ယောဆရာတော်
၁၃၆၇-ခုနှစ်၊ ကဆုန်လ။ (၂၀၀၅-မေလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋက မွေလက်ဆောင် (၃၁)

## "လွှအလှဆုံးစိန်တစ်လုံး"

### နမော မဟာဝဇိရဉာဏသ

### ၁။ လွှအလှဆုံး စိန်တစ်လုံး

သတိမတော သဒါ ဘဒ္ဒံ၊ သတိမာ သုခမေဓတိ။

(သံ-၁-၂၁၀)

- **သတိမပါ၊ အသိကွာ၊ ကောင်းတာမပြည့်ဝ။**
- **သတိတွဲကာ၊ အသိပါ၊ ကောင်းတာအပြည့်ရ။**
- **သတိတရား၊ အစဉ်ထားက၊ လွှအလှဆုံး၊ စိန်တစ်လုံး၊ ရွှင်ပြုံးအေးချမ်းရ။**

၁၃၆၇-ခုနှစ်ဟာ ဦးပဥ္ဇင်းရဲ့သက်န်း သက် ၄၅-နှစ်တိတိပြည့်တဲ့နှစ်ဖြစ်သလို ဦးပဥ္ဇင်းရဲ့ ဆရာသခင်ကျေးဇူးရှင် ဆရာတော်ဦးသာကိန္ဒရဲ့ သက်တော် ၇၅-နှစ်တိတိပြည့်တဲ့နှစ်လဲဖြစ်ပါတယ်။ ဦးပဥ္ဇင်းက နယုန်လမှာ သက်န်းသက်၄၅-နှစ်ပြည့်ပါတယ်။ ကျေးဇူးရှင်ဆရာတော် ဦးသာကိန္ဒကတော့ ဝါဆိုလမှာ သက်တော်-၇၅နှစ် ပြည့်တာဖြစ်တယ်။

ဆရာတော့်စိန်ရတုသက်တော်ကိုလဲ ပူဇော်ရာရောက်၊ မိမိရဲ့ ၄၅-နှစ်သက်န်း သက်ကိုလဲ အသိအမှတ်ပြုရာ ရောက်အောင် "လွှအလှဆုံး စိန်တစ်လုံး" ဆိုတဲ့ တရားတစ်ပုဒ်နဲ့ မှတ်တမ်းတင်မှာ ဖြစ်ပါတယ်။ အမှန်ကတော့ မြတ်ဗုဒ္ဓနဲ့ မြတ်ဗုဒ္ဓသာသနာကိုရော၊ မိမိကို သာသနမျက်စိဖွင့်ပေးတဲ့ အနန္တကျေးဇူးရှင် ဆရာ့ဂုဏ်ရည်ကိုရော၊ ကိုယ့်အလုပ်နဲ့ ဓမ္မဂုဏ်သွင်းပြီး ပူဇော်ခြင်းသာဖြစ်ပါတယ်။

"လွှအလှဆုံး စိန်တစ်လုံး"ဆိုတာ သာသနာမှာ အဖိုးအတန်ဆုံး၊ အရေးအကြီးဆုံး၊ အရေးပါ အရာအရောက်ဆုံးဖြစ်တဲ့ အပ္ပမာဒခေါ်တဲ့ သတိကိုပဲ စကားအနေနဲ့ တင်စားပြောတာပါ။

ဘုရားသက် ၄၅-နှစ်ပြည့်တဲ့နောက်ဆုံးနေ့မှာ မြတ်ဗုဒ္ဓနောက်ဆုံးဟောခဲ့တဲ့ "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေနသမ္ပာဒေထ" ဆိုတာ အကျဉ်းချုပ်မှတ်စုထုတ်ပေးတာတဲ့။ စာမေးပွဲ ဖြေဆိုဖို့ ပညာသင်ကြား နေကြရသူတွေဟာ လေ့လာစရာ ဘာသာရပ်အများကြီးကို စာအုပ်ငယ်ကလေး တစ်အုပ်ထဲ လိုရင်း အချက်အလက် အားလုံးပါဝင်အောင် အကျဉ်းချုပ်မှတ်စု ထုတ်ထားပေးလိုက်တော့ သွားလေရာ ပေါ့ပေါ့ပါးပါး ဆောင်ယူသွားလို့ လွယ်ကူတယ်။ ဘယ်ရောက်ရောက် ဘာလုပ်လုပ် အချိန်တိုအတွင်း ကျက်မှတ် ကြည့်ရှု နိုင်တယ်။

လက်တွေ့ဘဝစာမေးပွဲ အောင်မြင်အောင် ဖြေဆိုဖို့ ၄၅-နှစ်ပတ်လုံး လမ်းညွှန် ဟောကြား သင်ပြ ပေးထားခဲ့တဲ့ ကျယ်ဝန်းများပြားလှတဲ့ ၄၅-နှစ် ဟော တရားအားလုံးကို မြတ်ဗုဒ္ဓက စကား ၂ ခွန်းတည်းနဲ့ အကျဉ်းချုပ်မှတ်စု ထုတ်ပေးခဲ့ပါတယ်။ မြတ်ဗုဒ္ဓက မှတ်စုထုတ် သိပ်ကျွမ်းကျင်တာပဲ။ ၂-ခွန်းတည်းနဲ့ ဟောတရားအားလုံး ငုံမိသွားတယ်။ စာနဲ့ တကယ်ရေးရင် တစ်ကြောင်းတောင် မပြည့်ပါဘူး။

မှတ်စု၂-ခွန်းမှာ"ဝယဓမ္မာသင်္ခါရာ" က ကြည့်ရှုသုံးသပ်စရာကိုပြတယ်။ "အပ္ပမာ ဒေန သမ္ပာဒေထ" ကတော့ လုပ်ဆောင်စရာကို ပြပါတယ်။ တိုတော့ ကျက်လို့ဆောင်လို့လဲ လွယ်တယ်။ သွားလေရာယူသွားလို့လဲ ရတယ်။ အချိန်မရွေး၊ နေရာမရွေး၊ အလုပ်မရွေး အမြဲအသုံးချလို့လဲရတယ်။ မနိုင်ဘူး၊ မအားဘူးလို့လဲ အကြောင်းပြစရာ မလိုတော့ဘူး။ သတိဆိုတာ နေရာတကာ အခါခပ်သိမ်း အဝင်အဆံ့ဆုံးတရားပဲ။


www.burmeseclassic.com

www.burmeseclassic.com


ဒီမှတ်စုလေး ၂-ခွန်းကို အရဆောင်ပြီး လက်တွေ့ကျကျကြည့်ရှုသုံးသပ် လုပ်ဆောင်တတ်ရင် လူ့ဘဝထဲမှာ နေ့စဉ်ဖြေဆိုနေရတဲ့ ဘဝစာမေးပွဲတွေ အလွယ်တကူအောင်မြင်ဖို့ သေချာပြီးသားပါ။ နေ့စဉ် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ တံခါး ၆-ပေါက်ကနေ အဆက်မပြတ်တရား သဘောနဲ့ မေးနေတဲ့ "ဘာရသလဲ ဘယ်လိုလဲ" စတဲ့ မေးခွန်းတွေကိုလဲ သဘောပေါက်နားလည်မှာ သေချာပေါက်ပါ။ စာတွေ့ စာမေးပွဲတွေအောင်မြင်ဖို့ထက် ဘဝထဲက လက်တွေ့စာမေးပွဲတွေ အောင်မြင်ဖို့က ပိုအရေးကြီးပါတယ်။

"ဝယဓမ္မာ သင်္ခါရာ" ဆိုတဲ့ မှတ်စုလေးကို ဆောင်ထားနိုင်လို့ သဘောပေါက် နားလည်သွားရင် ဘဝကို နည်းမှန်လမ်းမှန် သုံးသပ်တတ်ပါတယ်။ အမြင်ရှင်းအောင် ကြည့်ရှုတတ်ပါတယ်။ "ပြုပြင်နေရသမျှ ဘယ်ဟာမှ ရပ်မနေဘဲ အမြဲကုန်ဆုံးပျက်စီးပြောင်းလဲနေတယ်"လို့ အတိုချုပ် သုံးသပ်ကြည့်တတ်ရင် ဘဝအမြင် ရှင်းသွားပြီပဲ။

မနက်စာစားပြီး ညစာပြန်စားရပြန်တယ်။ တစ်ရက်စားလို့လဲမပြီး၊ တစ်လစားလို့လဲမပြီး၊ တစ်နှစ်စားလို့လဲမပြီး။ အရင်က လဲစားခဲ့ပြီ၊ အခုလဲစားတုန်း၊ နောင်လဲ တစ်သက်လုံးစားနေရဦးမယ်။ ဝတ်စရာ၊ နေစရာတွေလဲပေးပြီး ပေးဆဲ နောင်လဲ ဆက်ပေးရဦးမယ်။ အဲဒီလို နေ့စဉ် လုပ်ဆောင်နေရသမျှ အားလုံးကို ဉာဏ်ပေါ်တင် သုံးသပ်ကြည့်ရင် ဘာမဆို အားလုံး ကုန်ဆုံးပျက်စီးပြောင်းလဲနေတယ်။ ဘာတစ်ခုမှ ခိုင်မြဲတာမရှိဘူးဆိုတာ အဖြေပေါ်နေပြီပဲ။

နေ့စဉ် ရှာလိုက် ရလိုက် ကုန်လိုက်၊ ကျွေးလိုက် ကုန်လိုက်၊ ပေးလိုက် ကုန်လိုက်နဲ့ ပြီးတော့ အိုတာလဲ မရပ်၊ နာတာလဲ မရပ် သေရက်လဲ မလျော့။ ဒီလိုဆို ဘာမှလဲ လက်ဆုပ်လက်ကိုင် ပြစရာ မကျန်၊ အားကိုးစရာလဲ ဘာမှမရှိ တအိအိလဲ ပြိုကျနေပြီ။ ဒါဆို လူ့ဘဝ ဘာအဓိပ္ပါယ် ရှိမှာတဲ့လဲ။ ဒီလောက်နဲ့ပဲ လူ့ဘဝ အဖိုးတန်တယ်လို့ ဆိုနိုင်မှာတဲ့လား။ ကိုယ့်ကို အာမခံ တာဝန်ယူသွားမှာက ဘယ်အရာတဲ့လဲ။ တွေးရင်းတွေးရင်း မောစရာကြီး ဖြစ်မနေဘူးလား။ အဲဒီလိုစသည်ဖြင့် ဉာဏ်ရှိသလောက် ဘဝအပေါ် ကြည့်ရှုသုံးသပ်နိုင်ပါတယ်။ ဉာဏ်အမြင်နက်နဲရင် နက်နဲသလောက် အသေးစိတ်လဲ ထွင်းဖောက်သုံးသပ်နိုင်တယ်။ သုံးသပ်တတ် သလောက်လဲ မြင်လာရမှာပဲ။ ထင်းတုံးတွေပုံပြီး မချက်မပြတ်ပဲ မီးရှို့ပစ်သလို ဖြစ်နေမယ်။ နေ့စဉ် အိုစာ၊ နာစာ၊ သေစာ ၂-ထပ်ကျွေးပြီး သေရမယ့်ရက် လက်ချိုးရေတွက် စောင့်နေရုံနဲ့တော့ လူ့ဘဝ ဘာမှအဓိပ္ပါယ်မရှိ ဒါဆို မိုရာအမြန်ဆွဲမှုဖြစ်တော့မယ်။ ဘဝအနှစ်တော့ ကျန်မှုပဲဖြစ်တော့မယ်။ တစ်ခုခုတော့ အမြန်လုပ်မှ ဖြစ်တော့မယ်။ ဒါကြောင့် ဘုရားရှင်က"အပ္ပမာဒေန သမ္ပာဒေထ"လို့ လုပ်ဆောင်စရာ ကိစ္စအတွက် မှတ်စုလေး ဆက်ထုတ်ပြထားတာပါ။

"မမေ့ပဲ မလျော့ပဲ မပေါ့ပဲ မဆပဲ အချိန်မီ ကိုယ့်အလုပ်ပြီးအောင်လုပ်ကြ" လို့ မိန့်ကြားလိုက်တာက နေ့စဉ် ဘာလုပ်လုပ် ကိုယ့်ကိုတာဝန်ယူမယ့် ကိုယ့်အလုပ်ပါဝင်ပါစေလို့ ဆိုလိုတာပါ။ ကိုယ့်ကို တာဝန်ယူမှုလဲ ကိုယ့်အလုပ်လို့ ခေါ်တာဖြစ်တယ်။ ကိုယ့်အလုပ်ဆိုတာ အကျဉ်းချုပ် သီလ၊ သမာဓိ၊ ပညာပေါ့။ ဒါနလဲ ဒီသိက္ခာ၃-ပါး လမ်းကြောင်းပေါ်ကပဲ သွားရတာပါ။

ကိုယ်၊ နှုတ်ရဲ့ စည်းကမ်း သီလ၊ စိတ်ရဲ့ စည်းကမ်း သမာဓိ၊ အသိရဲ့စည်းကမ်း ပညာတို့ရဲ့ စည်းကမ်းအချုပ်က သတိပဲ။ သတိရှိရင် ဝီရိယနဲ့အစပ်မှန်လို့ သမာဓိတိုးမယ်။ စိတ်ငြိမ်သက် ငြိမ်းချမ်းမယ်။ သမာဓိတိုးတော့ ပညာမြင့်မားမယ်။ စူးရှထက်မြက် သန့်စင်တဲ့ဉာဏ် ပေါ်လာမယ်။ ဉာဏ်အမြင် မှန်လာရင် အသိက အရှိကို ကောင်းကောင်းနိုင်သွားပြီပေါ့။ နေ့စဉ်လုပ်နေကျ အလုပ်တွေထဲက အားကိုးစရာ တရားစွမ်းအားတွေကို တန်းစီပြီး စဉ်တန်း ကောက်ယူသွားရုံပဲရှိတော့တယ်။ ပျော်ရွှင်ကြည်နူး အားတက်စရာတွေ အမြဲမပြတ် တိုးနေတော့မှာဖြစ်တယ်။

အားကိုးရမယ့် အကောင်းတရားတွေကို ကောက်ယူစုဆောင်းကြတဲ့အခါ သတိလွတ်ရင် အကောင်းတွေ လက်လွတ်ဆုံးရှုံးမယ်။ သတိနည်းတော့ အကောင်းတွေအရ နည်းမယ်။ သတိကောင်းမှ အကောင်းတွေ အရများမယ်။ သတိမပြတ်မှ အကောင်းတွေ စေ့စပ်သေချာမှာဖြစ်တယ်။ သတိရှိရင် အမြဲကောင်းတယ်။ အခုလဲချမ်းသာတယ်။ နောင်အခါ ချမ်းသာအောင်လဲ ကြိုတင်အကွက်ချ စီမံတတ်တယ်။ သတိတစ်လုံးမြဲရင် အလုပ်လဲသပ်ရပ်၊ ကံလဲသန့်ရှင်း၊ အကျိုးပေးလဲဖွံ့ဖြိုး အစစ အရာရာ ဘက်စုံစွမ်းအား တိုးတာကြောင့် "လူ့အလှဆုံး စိန်တစ်လုံး" ပိုင်တဲ့လူ ဖြစ်ခွင့် ရသွားပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


## ၂။ အေးမြရွှင်ပြုံး စိန်တစ်လုံး

■ **အနံ့မွှေးကာ၊ အရသာ၊ ထူးတာစိန်တစ်လုံး။**

■ **သတိတွဲက၊ ထူးကဲလှ၊ အေးမြအစဉ်ပြုံး။**

သရက်သီးတွေထဲမှာ အနံ့အရသာ အလွန်ထူးကဲတဲ့ သရက်သီးတစ်မျိုးရှိတယ်။ စိန်တစ်လုံးလို့ ခေါ်ကြတယ်။ သူ့ကိုစားပြီးရင် အခြားသရက်သီးမှည့်ကို မစားချင်လောက်အောင် တကယ် ပွဲတိုးတယ် ဆိုပဲ။ တရားတွေထဲမှာလဲ အပ္ပမာဒခေါ်တဲ့သတိဟာ စိန်တစ်လုံးတရားပါ။ သတိနဲ့ စိတ်ထိတိုင်း တရားအရသာကောင်းတွေ ပေါ်လာရပါတယ်။ အာရုံတိုင်းဟာ သတိတွဲတဲ့စိတ်နဲ့ ထိတွေ့ခွင့်ရတိုင်း အကောင်းတစ်ခုခု တုံ့ပြန်သွားတတ်စမြဲပါ။

လူလုပ်လို့ဖြစ်နိုင်တဲ့ အထူးအဆန်းတွေထဲမှာ တရားသာအထူးဆန်းဆုံးပါ။ အဆိုးကို တကယ်နိုင်တယ်။ အကောင်းပိုင်အောင်လဲ စွမ်းဆောင်ပေးတယ်။ ခန္ဓာဟာ မထူးပေမယ့် သတိရှိသူအတွက် ကောင်းမြတ်တဲ့ တရားတွေ ဖော်ထုတ်ယူနိုင်တာဖြစ်လို့ ဆန်းကြယ်ပါတယ်။ ဆားထိန်းကောင်းရင် ပုပ်နေတဲ့ ငါးပိငါးခြောက်တောင် ပွဲတိုးတယ် မဟုတ်လား။ သတိအထိန်းကောင်းရင် ဒီခန္ဓာ အပုပ်ကောင်ကြီးလည်း သိကြာ ၃-ပါး လူ့စွမ်းအားပုံစံနဲ့ တကယ်ပွဲလယ်တင့်ရတာပါ။

သတိဟာ ချဉ်ပေါက်မွန်းကြပ်နေအောင် ပူလောင်ရှုပ်ထွေးလှတဲ့ လူ့အလုပ်အားလုံးကို အကန့်လိုက် လမ်းကြောင်းရှင်းပြီး ထူးခြားကောင်းမြတ်တဲ့ တရားအလုပ်ဖြစ်အောင် ပြောင်းလဲပေးပါတယ်။ လူဟာ သတိရှိရင် ဘာပဲလုပ်လုပ် အလုပ်ဖြစ်ပါတယ်။

သတိဆိုတာ ဘဝအသုံးချဉာဏ်ကို ဖော်ပေးနိုင်တာဖြစ်လို့ ခန္ဓာပစ္စည်း ဒုက္ခသစ္စာ ဆူးသီးတွေထဲက အရသာအလွန်ကောင်းတဲ့ တရားတွေပေါ်လာအောင် ခွဲထုတ်ယူပေးနိုင်တယ်။ လူ့အပေါ် တကယ် ဩဇာငြောင်းတဲ့ လောကနှင့် ဒုက္ခအပေါ်မှာ ဩဇာအငြောင်းဆုံး အနိုင်ဆုံးတရားဆိုတာ သတိဉာဏ်ပါပဲ။

သတိဟာ အသိမသေအောင် အသိကို အသက်သွင်းပေးတယ်။ မကင်းနိုင်တဲ့ လူ့အလုပ် အားလုံးကို တရားအလုပ်နဲ့ ဆက်စပ်ပေးတယ်။ ဝီရိယနဲ့ အုံ့ဖွယ်အာနိသင်ပေါ်အောင်လဲ စပ်ပေးတယ်။ ပြီးတော့ နေ့စဉ် မအားမလပ်အောင်လုပ်နေရတဲ့ လူ့အလုပ်တွေကို ကုသိုလ်တရား ပုံစံဖော်ပေးပါတယ်။

သတိဟာ ဉာဏ်နဲ့တွဲပြီး စိတ်ညစ်စရာကို သန့်စင်ပေးတယ်။ စိတ်ရှုပ်စရာကို အကန့်လိုက် ကိုင်တွယ်ရှင်းပေးတယ်။ စိတ်ပူစရာကို အေးငြိမ်းအောင် လုပ်ပေးတယ်။ စိတ်ဆင်းရဲစရာကို ငြိမ်းချမ်းအောင် ဖန်တီးပေးတယ်။ ဘာမှမကောင်းတဲ့ အရာတွေကို သဘာဝအကောင်းဖြစ်အောင် ပြောင်းလဲဖန်တီးပေးနိုင်တယ်။ သတိဉာဏ်ဟာ စီးပွား၊ ဥစ္စာစတဲ့ ပြန်သွားမယ့် ဧည့်သည်ဂဏန်းတွေကို နိဗ္ဗာန်ရောက်ကြောင်းတရားဖြစ်တဲ့ ပြန်မသွားတော့မယ့် အိမ်ရှင်ဂဏန်းဖြစ်အောင် ပြောင်းလဲပေးတယ်။ ဒါ့ကြောင့် စိန်တစ်လုံး သရက်သီးထက်တောင် အလွန်အရသာကောင်းလွန်းလို့ အဆိုးတွေကို အလွန်အရသာကောင်းတဲ့ တရား ပေါ်အောင် ဖန်တီးပေးနိုင်လွန်းလို့ သတိကို "စိန်တစ်လုံး"လို့ ခေါ်ရင် ဖြစ်နိုင်ပါတယ်။

## ၃။ စိန်ခေါ်နိုင်သူ တကယ့်လူ

■ **ယှဉ်ပြိုင်အားစမ်း၊ လူ့အစွမ်း၊ လက်တန်းစိန်ခေါ်သည်။**

■ **သတိရှေ့ထား၊ မြတ်တရား၊ ထူးခြားစိန်ခေါ်သည်။**

■ **အဆိုးကိုနိုင်၊ အကောင်းပိုင်၊ ကြံ့ခိုင်ထူးဆန်းသည်။**

ယှဉ်ပြိုင်အားစမ်း လူ့အစွမ်းပြဖို့ ဖိတ်ခေါ်တာကိုပဲ လောကထဲမှာ စိန်ခေါ်တယ်လို့ ပြောနေကြတာ၊ အားချင်းယှဉ်ပြိုင်တာပါပဲ။ လူလူချင်း အားပြိုင်စိန်ခေါ်တယ်။ နိုင်ငံ နိုင်ငံချင်း အားပြိုင် စိန်ခေါ်တယ် ဆိုတာမျိုးတွေ အများကြီးပါ။ တိရစ္ဆာန်ချင်းတောင် အားပြိုင်စိန်ခေါ်နေကြတာပဲ။

လောကနည်းနဲ့ အားပြိုင်စိန်ခေါ်ကြတာက ပုံသေအနိုင်အရှုံးသတ်မှတ်လို့ မရပါဘူး။ နည်း ပရိယာယ် ကြွယ်ဝသူဖက်က အခိုက်အတန့်ပဲ နိုင်တတ်ကြတာပါ။ ဒီတစ်ခါ ဒီဖက်က နိုင်ပေမယ့် နောက်တစ်ခါ ဟိုဖက်က နိုင်သွားတတ်ပြန်ပါတယ်။ ဘတစ်ပြန် ကျားတစ်ပြန်ဆိုတာမျိုးလိုပါပဲ။ အင်အားကြီးသူက အင်အားသေးငယ်သူကို



www.burmeseclassic.com

www.burmeseclassic.com



ပုံသေစိန်ခေါ်လို့ မရပါဘူး။ စာထဲမှာ အားကောင်းတဲ့ ဆင်ပြောင်ကြီးက ဗီလုံးငှက်မယ်ကလေးကို စိန်ခေါ်တော့ ဗီလုံးငှက်မယ်ကလေးကလဲ ပြန်စိန်ခေါ်ပြီး နည်းပရိယာယ်နဲ့ ဆင်ပြောင်ကြီးကို အသေသတ်ပစ်လိုက်တဲ့ အကြောင်းအရာကို တွေ့ရပါတယ်။

သတိရှေ့ထား မြတ်တရားကတော့ အားလုံးကို အမြဲစိန်ခေါ်နိုင်ပါတယ်။ အထူးအားဖြင့် အဆိုးမှန်သမျှ အကုန် စိန်ခေါ်အားပြိုင်နိုင်တယ်၊ လောကနှင့်ဒုက္ခအပေါ် အနိုင်ယူလွှမ်းမိုးဖို့ပဲ တရားပေါ်လာတာဆိုတော့ တရားအားလုံးကိုလဲ သတိကပဲ ချုပ်ကိုင်ထားတာဆိုတော့ သတိက အဆိုးအားလုံးကို တကယ်နိုင်တာပေါ့။

တရားထိုင်ကြတယ်ဆိုတာ ကိလေသာနှင့်ခန္ဓာဒုက္ခကို စိန်ခေါ်တဲ့အလုပ်ပါ။ ထိုင်ထိုင်ချင်း စိတ်တွေ တောလွင့် တောင်လွင့်၊ တောပြေး တောင်ပြေး၊ ထိန်းမနိုင်သိမ်းမရ ဖြစ်နေတာမျိုးတွေ၊ စိတ်ကိုထားတာက တစ်နေရာ စိတ်သွားတာက တစ်နေရာ၊ ကသိကအောက် ကမောက်ကမ ဖရိုဖရဲ ပြန့်ပြန့်ကြဲဖြစ်နေတာမျိုးတွေ၊ ဒီလိုစိတ်ဓာတ်ကျစရာမျိုးတွေ တွေ့ကြုံနေရတယ်ဆိုတာ ကိလေသာက ကိုယ့်ကို စိန်ခေါ်လိုက်တာဖြစ်တယ်။ "စိတ်မနိုင်တာ မလုပ်နဲ့၊ အခုပဲ ထတော့" လို့ စိန်ခေါ်လိုက်တာ။

ဒီတော့ သတိက "ဟဲ့-ကိလေသာတွေ၊ ဟဲ့-စိတ်ကလေး၊ နင်တို့က စစချင်း ကောင်းပြလိုက်ရင် ငါလို သတိရဲ့ အစွမ်းကို ဘယ်သူသိနိုင်တော့မှာလဲ။ နင်တို့က ရှုတ်ချ ရှုတ်ချ မိုက်တိုက်တိုက် ကသိကအောက်လုပ်ပြမှ သတိအစွမ်းကို သိရမှာပေါ့" လို့ ပြန်စိန်ခေါ်ပြီး ဝီရိယနဲ့ တွဲကြိုးစားလိုက်တော့ မကြာမီလှုပ်ရှားနေတဲ့ စိတ်ကလေး ငြိမ်သွားတယ်။ သမာဓိဉာဏ်အစွမ်းတွေ တစ်လှမ်းချင်းထိုးတက်သွားတယ်။ သတိက ကိလေသာကို အနိုင်ယူ စိန်ခေါ်လိုက်တာပါ။

ထိုင်လို့မကြာမီမှာပဲ ခန္ဓာက ဒုက္ခမျိုးစုံပြလာတယ်။ ညောင်းလာတယ်၊ ထုံကျင် ကိုက်ခဲလာတယ်။ "ဒုက္ခမခံနိုင်လို့ ဆက်အားမထုတ်နိုင်တော့ဘူး၊ အခုပဲ ထတော့မယ်" လို့ ဟန်ပြင်လာတယ်။ အဲဒါဟာ ခန္ဓာ ဒုက္ခက ကိုယ့်ကို စိန်ခေါ်လိုက်တာဖြစ်တယ်။ သတိက "ဟဲ့ခန္ဓာ နေ့စဉ် အလိုလိုက် ကျွေးမွေးစောင့်ရှောက်နေရတဲ့ ငါ့ခန္ဓာထဲက ဘာတွေများထွက်လာမလဲ။ စိန်တွေ ရွှေတွေ အဖိုးတန် ရတနာတွေ အကောင်းတွေများ ထွက်လာမလားလို့ အကဲခတ်ကြည့်နေတာ၊ အဖိုးမတန်တဲ့ ဘာမှ မကောင်းတဲ့ဒုက္ခတွေပဲ ထွက်နေမှန်း အခုမှပဲ သိရတော့တယ်။ အဆိုးဒုက္ခတွေကို အကောင်းစွမ်းအားပေါ်အောင် ပြောင်းလဲပစ်လိုက်မယ်။ "တစ်ချက်မှမလှုပ်နဲ့ မပြင်နဲ့" ဆိုပြီး စိန်ခေါ်လိုက်တယ်။ ပင်မ အာရုံကိုမှတ်လိုက်၊ နာတဲ့နေရာကိုမှတ်လိုက်နဲ့ စိုက်အားထုတ်လိုက်တာ ဒုက္ခဝေဒနာတွေအပေါ် လွှမ်းမိုး အနိုင်ယူနိုင်သွားတယ်။ စောစောက တစ်နာရီလောက်ပဲ ထိုင်မယ်လို့ အားခဲထားခဲ့တာဟာ မှတ်တာနဲ့ မှတ်စရာ အချက်မိ၊ အကွက်မိလွန်းလို့ ၂-နာရီ ၃-နာရီကြာအောင် ဆက်ထိုင်လိုက်တယ်။ သတိက ခန္ဓာဒုက္ခကို အနိုင်ယူစိန်ခေါ်လိုက်တာပါ။

သတိဟာ သာသနာမှာ အားအကောင်းဆုံးတရားဆိုတော့ အားလုံးကိုယှဉ်ပြိုင်အနိုင်ယူ စိန်ခေါ်နိုင်တယ်။ သတိရှိသူဟာလဲ သတိစွမ်းအားကြောင့် ဘာမဆိုစိန်ခေါ်နိုင်စွမ်းရှိပါတယ်။ သတိအားကောင်းရင် လူလဲတကယ်စွမ်းတာပါ။

လူ့အလုပ်တွေနဲ့ လူ့စွမ်းအားတရားတွေ အပြန်အလှန်စိန်ခေါ်နေတတ်ကြတာကိုလဲ သတိထားကြည့်ရင် သိရမှာပါ။ "အလုပ်ရှုပ်တယ်၊ မအားဘူး၊ အလုပ်များလွန်းလို့ ကုသိုလ်မလုပ်နိုင်သေးဘူး" ဆိုတာမျိုးတွေက လူ့အလုပ်က တရားကိုအနိုင်ယူလွှမ်းမိုးဖို့ အားပြိုင်စိန်ခေါ်တာပါ။ "မအားတာ အလုပ်ပဲ၊ လူ့တစ်ဘဝလုံး လုပ်စရာ ကုသိုလ်တစ်ခုတည်းရှိတာ၊ နေ့စဉ်လုပ်နေရတဲ့ အလုပ်အားလုံးကို သတိဉာဏ်နဲ့ ကုသိုလ် ပုံဖော်ယူလိုက်ရုံပဲ" ဆိုတာမျိုးတွေက တရားက လူ့အလုပ်ကို အနိုင်ယူ စိန်ခေါ်လိုက်တာပါ။ နောက်ဆုံးတော့ သတိဦးစီးတဲ့ တရားကနိုင်သွားတာချည်းပါပဲ။

သတိတရားအားနည်းသူဟာ အဆိုးဟူသမျှ ဆတ်ဆတ်တုန်အောင်ကြောက်နေရပေမယ့် သတိတရား အားကောင်းသူအတွက်တော့ အဆိုးကို အားပြိုင်စိန်ခေါ် အနိုင်ယူနိုင်ပါတယ်။

မြန်မာရာဇဝင်မှာ ဟံသာဝတီပဲခူးခေတ်က တလထော်ဆိုတဲ့ မွန်အမျိုးသမီးကလေးဟာ မိဘ ဆွေမျိုးကောင်းတွေနဲ့ တွေ့ကြုံခွင့်ရတော့ ယယ်ယယ်ကလေးကစ လမ်းညွှန်သွန်သင်ဆုံးမမှုကို ကောင်းကောင်း ရရှိခဲ့တယ်။ ငယ်ငယ်ကစ ရတနာ၃-ပါး ကိုင်းရှိုင်းတယ်။ ဘုရားဂုဏ်ပွားထုံပြီး နှလုံးသားမှာ ဘုရား တည်ထားတယ်။ မေတ္တာကို ထုံနေအောင်ပွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


အရွယ်ရောက်လာတော့ မိစ္ဆာဒိဋ္ဌိ တိသမင်းကြီးအုပ်ချုပ်တဲ့ခေတ်အခါနဲ့ ကြုံလာရတယ်။ မင်းကြီးက ဘုရားရုပ်ပွားဆင်းတုတွေကို ရေထဲလွှင့်ပစ်တော့ တလထော်က ကောက်ယူကိုးကွယ်ထားတယ်။ မင်းကြီးက ကြားတော့ စိတ်ဆိုးပြီး အဖမ်းခိုင်း၊ သေဒဏ်ပေးလိုက်တယ်။ ဆင်ကြီးတွေနဲ့ နင်းသတ်ဖို့၊ မီးရှို့သတ်ဖို့၊ ကိုယ်တိုင်တွင်းထဲမြှုပ်သတ်ဖို့ ဆိုတာမျိုးတွေလုပ်လာတယ်။ အားပြိုင်စိန်ခေါ်လိုက်တဲ့ သဘောပါ။

တလထော်ကလဲ ဘုရားအာရုံပြု၊ သစ္စာဆို၊ မေတ္တာပွားလိုက်တာ ဆင်ကြီးတွေလဲ မနင်းရဲလို့ အော်ပြေးကုန်တယ်။ မီးရှို့လို့လဲ လုံးဝ မီးမကူး၊ တွင်းထဲမြှုပ်သတ်မယ် လုပ်တော့လဲ ဘာမှမတတ်နိုင်၊ နောက်ဆုံး မိစ္ဆာဒိဋ္ဌိ တိသမင်းကြီးတောင် သမ္မာဒိဋ္ဌိ ပြောင်းပေးရတယ်လို့ဆိုတယ်။ သတိရှေ့ထား တရားကပဲ အဆိုးကို စိန်ခေါ် အနိုင်ယူလိုက်တာပါ။

ပြီးတော့ ဘုရားလက်ထက်က ကိုဉာဏ်ထူးဆိုတဲ့ ပသေနဒီကောသလမင်းကြီးရဲ့ ဝန်ထမ်းကောင်း တစ်ယောက်ဟာ ရတနာ၃-ပါးလေးစားတယ်။ မေတ္တာကို အထူးပွားတယ်။ တရားအလုပ်ကို အထူး စိတ်ဝင်စားတယ်။ ဘယ်သူ့ အလုပ်မဆို စိတ်ကောင်းနဲ့ပဲ လုပ်ပေးတတ်တယ်။ တစ်ချိန်မှာ မင်းကြီး သဘောကျလွန်းလို့ ကိုဉာဏ်ထူးကို အထူး ချီးမြှောက်လိုက်တယ်။ လုပ်ဖော်ကိုင်ဖက်တွေက မနာလိုကြလို့ ကိုဉာဏ်ထူးနဲ့ မင်းကြီးအကြား ယုတ္တိမျိုးစုံ ယုံလောက်အောင်ပြုပြီး ကွဲအောင် ကုန်းတိုက်ကြတယ်။ ကြာတော့ မင်းကြီး အယုံလွဲလို့ စိတ်ဆိုးပြီး ကိုဉာဏ်ထူးကို အလုပ်ဖြုတ်ထောင်ချလိုက်တယ်။ အဆိုးနဲ့ အားပြိုင် စိန်ခေါ်တဲ့ သဘောပေါ့။

ကိုဉာဏ်ထူးက အကျဉ်းထောင်ထဲမှာ တရားအလုပ်ကို ခါတိုင်းထက် အားစိုက်ပြီး ပိုကြိုးစားလိုက်တယ်။ သတိဆိုတာ အကောင်းအဆိုး နေရာတကာ အဝင်အဆံ့ဆုံး တရားဆိုတော့ ထောင်ထဲလဲ အလုပ်ဖြစ်တာပါပဲ။ ဘုရားဂုဏ်အာရုံပြု၊ မေတ္တာအထူးပွား၊ ခန္ဓာမှာဉာဏ်ချပြီး ဝိပဿနာပွားများလိုက်တာ ထောင်ထဲမှာပဲ ကိုဉာဏ်ထူး သောတာပန် ဖြစ်သွားတယ်။ မေတ္တာအစွမ်းကြောင့် မင်းကြီး မနေသာတော့လို့ ကိုဉာဏ်ထူးကို အလွတ်ခိုင်းပြီး ခေါ်တောင်းပန်လိုက်ရတယ်။ ခါတိုင်းထက်တောင် ပိုပြီး ချီးမြှောက်လိုက်သေးတယ်။ လုပ်ဖော်ကိုင်ဖက်တွေလဲ အားလုံးလာပြီး ဝန်ချတောင်းပန်ကြတယ်။ အကုန်ပြေလည် ငြိမ်းအေးသွားတာပဲ။ တရားက အဆိုးတွေကို စိန်ခေါ်အနိုင်ယူလိုက်တာပါ။

ပိုအံ့သြစရာကောင်းတာက ရှေးတုန်းကတောထဲမှာ ရဟန်းတစ်ပါး တရားအားထုတ်နေတာတဲ့။ ညအခါရောက်တော့ ရဟန်းကို ကျားကြီးတစ်ကောင်က ကိုက်ဆွဲချီသွားတာတဲ့။ အဖော်ရဟန်းများ သိလို့ လိုက်ကြပေမယ့် မမှီတော့ဘူးတဲ့။ အဖော်ရဟန်းများက ကျားဆွဲခံရတဲ့ရဟန်းကို အဝေးကနေ သတိပေးစကား ပြောပြီး ပြန်သွားကြသတဲ့။

ကျားကြီးက ကိုက်ဆွဲချီလာခဲ့တဲ့ ရဟန်းကို မြေကြီးပေါ် ချပြီး ခြေထောက်ကစ ကိုက်စားတော့တာတဲ့။ တကယ်ဆို အသဲယားစရာ ကြောက်စရာကြီးပါ။ ကျားကြီးက ရဟန်းကို အားပြိုင်စိန်ခေါ်လိုက်တယ်ပေါ့။ ရဟန်းကလဲ "ဟဲ့ ကျားကြီး နင်ဟာ ငါ့ရဲ့ ရုပ်ခန္ဓာ အပုပ်ကောင်လောက်ကိုပဲ စားနိုင်တော့မယ်ပေါ့။ ငါ့သတိဉာဏ်ကို နင်ဝင်မစားနိုင်ပါဘူး" ဆိုတဲ့သဘောမျိုးနဲ့ ခန္ဓာဉာဏ်စိုက်ပြီး သတိမပြတ် ရှုမှတ်ပွားများ နေလိုက်တာ ကျားပါးစပ်ထဲတင်ပဲ မဂ်၄-ပါး ဖိုလ်၄-ပါး တောက်လျှောက် ရသွားတယ်ဆိုပဲ။ ရဟန္တာ ဖြစ်သွားတယ်ပေါ့။ ရဟန္တာဖြစ်ပြီးလို့ မကြာခင်ပဲ ပရိနိဗ္ဗာန် ပြုသွားတော့သတဲ့။ ခန္ဓာသာ သေပြီး တရားမသေဆိုတာ ဒါမျိုးကို ပြောတာပါ။ ရဟန်းက ကျားကို တရားနဲ့ စိန်ခေါ်အားပြိုင် အနိုင်ယူလိုက်တယ်ပေါ့။ အဲဒီလို အားပြိုင် အနိုင်ယူစိန်ခေါ်နိုင်တာကြောင့်လဲ သတိကိုရော သတိဦးစီးတဲ့ တရားကိုရော "လှအလှဆုံး စိန်တစ်လုံး" လို့ ခေါ်နိုင်ပါတယ်။ မလှတဲ့ အဆိုးတွေကို လှအောင် ပြုပြင်ဖန်တီးပေးနိုင်တယ်ပေါ့။

## ၄။ နေရာထိပ်ဆုံး စိန်တစ်လုံး

- **အဖိုးလည်းတန်၊ အမျိုးမှန်၊ ဇကန်ထူးတဲ့ စိန်တစ်လုံး။**
- **ထိပ်ဆုံးနေရာ၊ ထားရပါ၊ ထူးတာ စိန်တစ်လုံး။**
- **အဝေးအာရုံ၊ ဉာဏ်ကိုခြုံ၊ အကုန်စွမ်းတဲ့ စိန်တစ်လုံး။**



www.burmeseclassic.com

www.burmeseclassic.com


စိန်ဆိုတဲ့ရတနာဟာ အလွန်တန်ဖိုးကြီးမားများပြားသလိုပဲ သတိဟာလဲ အဖိုးတန်ဘဝ အသုံးချဉာဏ်ကို ဖော်ထုတ်ပေးနိုင်တာဖြစ်လို့ သိပ်အဖိုးတန်ပါတယ်။ အိုထုပ်၊ နာထုပ်၊ သေထုပ်ဖြစ်တဲ့ တန်ဖိုးမဲ့ ဒုက္ခခန္ဓာကြီးကို သီလ၊ သမာဓိ၊ ပညာဂုဏ်နဲ့ မွမ်းထုံပေးပြီး အဖိုးတန်စွမ်းအားရှင်ဖြစ်အောင် ပြုပြင်ပြောင်းလဲ မြှင့်တင်ပေးနိုင်ပါတယ်။ တန်ဖိုးမဲ့ လူ့အလုပ်တွေကို အဖိုးတန်တရားအလုပ်ဖြစ်အောင် ဖန်တီးပေးနိုင်တယ်။

အသုံးမကျတဲ့ အမှိုက်သရိုက်တွေကို အဖိုးတန် ဝိပဿနာအာရုံအဖြစ် ပြောင်းပေးနိုင်တယ်။ ရောဂါနှိပ်စက်ခံရတဲ့ ခန္ဓာဒုက္ခအမျိုးမျိုးတွေကို အဖိုးတန် ဝိပဿနာအာရုံအဖြစ် ပြောင်းလဲပေးတယ်။ နေမကောင်းတာဟာ အခံရခက်ပေမယ့် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို လက်တွေ့သရုပ်ပြပေးတာလို့ သဘောပေါက်နားလည်သွားစေတယ်။ အဖိုးအတန်ဆုံး မဂ်ဖိုလ်နိဗ္ဗာန်ရသည်ထိ စွမ်းဆောင်ပေးနိုင်ပါတယ်။ အဲဒီလို အဖိုးတန်လွန်းလို့လဲ သတိကို “လူ့အလှဆုံး စိန်တစ်လုံး” လို့ ခေါ်ဆိုနိုင်ပါတယ်။

ပြီးတော့ စေတီဘုရားများမှာ စိန်ဖူးဆိုတာ ထီးရဲ့အထွဋ်အပေါ်ဆုံး၊ ထိပ်ဆုံးနေရာက ထားရတဲ့ အရာမျိုးပါ။ သတိဆိုတာလဲ ကောင်းတဲ့ အလုပ်လုပ်တိုင်း အလုပ်အားလုံးရဲ့ ရှေ့ဆုံး၊ ထိပ်ဆုံးမှာ ထားရတဲ့ အရေးအကြီးဆုံး တရားပါ။ သာသနာ့စိန်ဖူး တရားစိန်ဖူးပေါ့။ သတိကို အောက်ကိုချ နောက်ကို ပို့လိုက်တာနဲ့ ကောင်းတဲ့ အလုပ်အားလုံး တိမ်းပါးချွတ်ချော် လစ်ဟင်းသွားတတ်ပါတယ်။ ဒါကြောင့် စိန်ဖူးပမာ ထိပ်ဆုံး ရှေ့ဆုံးမှာ အမြဲထားရလောက်အောင် အရေးကြီးလွန်းလို့လဲ သတိကို “စိန်တစ်လုံး”လို့ ခေါ်နိုင်ပါတယ်။

နောက်တစ်ခုက စိန်ပြောင်းလက်နက်ဟာ အဝေးကြီးကို ချိန်ပြီးပစ်လိုရာကို မှန်အောင် ပစ်နိုင်သလို သတိနဲ့ချိန်ပြီး ဉာဏ်နဲ့ အတိတ်အနာဂတ်အာရုံတွေကိုရော ပစ္စုပ္ပန်အဝေးအာရုံတွေကိုရော တည့်တည့်ကြီးမှန်အောင် အမှန်သိအောင် ထွင်းဖောက်ပစ်ခတ်ပေးနိုင်ပါတယ်။ ဉာဏ်နဲ့ မိအောင် လွှမ်းခြုံပေးနိုင်တယ်။ ပြီးတော့ ပုထုဇဉ် အသိဝေးနေတဲ့ ရုပ်နာမ် အဖြစ်အပျက်တွေကိုပါ မိအောင် ထိုးဖောက်ပစ်ခတ်နိုင်တယ်။ စိန်ပြောင်းပမာ အဝေးအာရုံကို ဉာဏ်နဲ့မိအောင် လွှမ်းခြုံပေးနိုင်တာကြောင့်လဲ သတိကို “စိန်တစ်လုံး” လို့ ခေါ်ရင် ဖြစ်နိုင်တာပါပဲ။

အဲဒီလို မြတ်ဗုဒ္ဓရဲ့ ၄၅-နှစ် အနှစ်ချုပ် သတိတရားနဲ့ ဆရာသခင် ကျေးဇူးရှင်ရဲ့ ၇၅နှစ်ပြည့် စိန်ရတုသက်တော်ကို မြတ်နိုးစွာ ပူဇော်လိုက်ပါတယ်။

## ၅။ မြတ်ဆရာဘုန်း စိန်တစ်လုံး

- **ဆရာမပြ၊ နည်းမကျ၊ ဘာမှမတတ်ပါ။**
- **သင်ပြတတ်ငြား၊ မြင်ကြားဆရာ၊ ဤ၃-ဖြာကြောင့်၊ ကောင်းစွာပွားတိုး၊လူ့တန်ခိုး၊ တန်ဖိုးတက်နိုင်ပါ။**
- **မြတ်ဆရာဘုန်း၊ စိန်တစ်လုံးကြောင့်၊ အသုံးဝင်ရ၊ လူ့ဘဝ၊ မုချလှနိုင်ပါ။**

လောကမှာ လူလုပ်တဲ့ ဗုံးဆံ ဗုံးဒဏ် ဘေးရန်တွေကြောက်ရင် မြတ်ဗုဒ္ဓရဲ့ဘုန်းရိပ်ကို ယုံယုံကြည်ကြည်နဲ့ ဝင်ရောက်ခိုလှုံရပါတယ်။ ခိုလှုံတတ်ရင် ဗုံးဒဏ်လွတ်မှာသေချာပေါက်ပါ။ ဒါမျိုးလိုပဲ လောကထဲမှာ အောက်ကျနောက်ကျဘဝ အခြေအနေမဲ့ဒုက္ခသည်ဘဝ အရှုံးသမားဘဝ အညံ့အဖျင်းဘဝကို ကြောက်သူဟာ မြတ်ဆရာရဲ့ ဘုန်းရိပ်ကို စိတ်ချလက်ချ ဝင်ရောက်ခိုလှုံရမှာ ဖြစ်ပါတယ်။ ခိုလှုံသင်ယူ လေ့လာတတ်သူတွေ အထက်တန်း ရောက်ကြရစမြဲပါ။

လူဆိုတာ ဆရာမပြပဲ ဘာမှ နည်းမှန်လမ်းမှန် မတတ်မြောက်နိုင်ပါဘူး။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့ရဲ့ နည်းညွှန်လမ်းပြရရှိမှ အသိမှန်ရမယ်။ လူ့စွမ်းအား တိုးတက်မယ်၊ လူ့တန်ဖိုး မြင့်မားနိုင်မယ်။

ဆရာဆိုတာ တပည့်ကို မတိမ်းစောင်းအောင် ထိန်းကျောင်းပေးတယ်။ အချိန်မီ အလုပ်ပြီးအောင် တွန်းပေးတယ်။ လမ်းမမှားအောင် ညွှန်ကြားပေးတယ်။ တပည့်ကိုယ်တိုင် သတိနဲ့ ထိန်းတတ်ဖို့ ဝီရိယနဲ့ ကိုယ့်ဟာကိုယ် တွန်းတတ်ဖို့ ပညာနဲ့ ကိုယ့်ဟာကိုယ် သုံးသပ်ဆုံးဖြတ် လမ်းညွှန်တတ်ဖို့ ဆရာက အားလုံး သွန်သင် လမ်းညွှန်ပေးပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


ဆရာဟာ စိန်တစ်လုံးပမာ အဖိုးတန်တပည့်များ ပေါ်ထွက်လာအောင် ဖော်ထုတ်ပေးနိုင်ဖို့အတွက် ကိုယ်ကိုယ်တိုင်လဲ စိန်တစ်လုံးပမာ အဖိုးတန်ဆရာဖြစ်အောင် ဆရာကောင်းထံ နည်းခံသင်ယူခဲ့ရတာ ဖြစ်တယ်။ ဆရာကောင်းဖြစ်ဖို့ တပည့်ကောင်းဖြစ်အောင် ကြိုးစားခဲ့ရတာပါ။

ဦးပဍ္ဍင်းရဲ့ စိန်တစ်လုံးပမာ အဖိုးတန်ဆရာမြတ်ဖြစ်တဲ့ ဆရာသခင်ကျေးဇူးရှင် ဆရာတော် ဦးသာကိန္ဒဟာ တကယ်ပဲ စိန်တစ်လုံးဆရာများထံ နည်းခံသင်ယူခဲ့ရတာပါ။ ဒါကြောင့်လဲ စိန်တစ်လုံးပမာ အဖိုးတန်ဆရာ ဖြစ်ခဲ့ရတာပဲ။

မိမိရဲ့ ကျေးဇူးရှင်ဆရာတော် အရှင်သာကိန္ဒဟာ ဂန့်ဂေါမြို့နယ်(ယောနယ်)ကန်ရွာ ဦးမောင်အေး ဒေါ်ချစ်လွန်းတို့က ၁၂၉၂-ခု၊ ဝါဆိုလပြည့်ကျော် ၂-ရက်၊ သောကြာနေ့မှာ မီးရှူးသန့်စင် ဖွားမြင်ပေးလိုက်တဲ့ ဒုတိယ သားရတနာဖြစ်ပါတယ်။ ယခု ၁၃၆၇-ခု၊ ဝါဆိုလပြည့်ကျော် ၂-ရက်၊ သောကြာနေ့မှာ ၇၅-နှစ်ပြည့်တာပါ။ ကန်ရွာဆိုတာ ဦးပဍ္ဍင်း စာသင်ကျောင်းသားဘဝက အလယ်တန်းပညာ သင်ကြားနေထိုင်ခဲ့ရတဲ့ နေရာပါ။

၉-နှစ်သားအရွယ်မှာ မိဘများက ကန်ရွာ အနောက်ကျောင်းဆရာတော်ဦးပဏ္ဍိထံ ပညာသင်ဖို့ အပ်နှံပေးခဲ့ကြပါတယ်။ ကျောင်းသားဘဝ ၂-နှစ်အတွင်း သင်ပုန်းကြီးကစ ပရိတ်ကြီး သုတ်စဉ်ထိ သင်ကြားခဲ့ရတယ်လို့သိရပါတယ်။ ၁၃၀၂-ခု၊ ၁၁-နှစ်သားအရွယ်မှာ ဆရာတော်ဦးပဏ္ဍိ ကို ဥပဇ္ဈာယ်ပြုပြီး မိဘများရဲ့ပစ္စယာနုဂ္ဂဟနဲ့ ရှင်သာမဏေဖြစ်ခဲ့တယ်။ ဆရာတော် ဦးပဏ္ဍိက "ရှင်သာကိန္ဒ" လို့ ဘွဲ့မည် ချီးမြှင့်လိုက်တယ်။

ရှင်သာမဏေဖြစ်လို့ မကြာမီ ၁၃၀၃- ၁၃၀၄ ခုမှာ ဒုတိယကမ္ဘာစစ် ဖြစ်လာလို့ စစ်ဘေး၊ စစ်ဒဏ်၊ ဗုံးဒဏ်ခံရတဲ့ ကန်အနောက်ကျောင်းဟာ နေထိုင်မဖြစ်လောက်အောင် ထိန့်လန့်ကြောက်မက်ဖွယ် ဖြစ်သွားရပါသတဲ့။ ဒါ့ကြောင့် ကိုရင် သာကိန္ဒ လူဝတ်လဲခဲ့ရပါတယ်။

၁၃၀၇-ခု၊ ၁၆-နှစ်သားအရွယ်မှာ ကန်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် ဦးဝိသုတထံ ဒုတိယအကြိမ်ရှင်သာမဏေ ဝတ်ခဲ့ပြန်တယ်။ ကိုရင်ဘဝမှာ တိုက်အုပ်ဆရာတော် ဦးဝိသုတ၊ စာချဆရာတော် ဦးနန္ဒဝံသ(ဗူးတောင်းဆရာတော်)၊ ဦးဝိစယ (ကျောက်ဖူးဆရာတော်) တို့ထံ အခြေခံကျမ်းစာများကို နည်းစနစ်ရအောင် ကျကျနနသင်ယူခဲ့ရတယ်။ အဆုံးအမ လမ်းညွှန်ကောင်းတွေကိုလဲ နွံနာအောင် ခံယူခဲ့ရပါသတဲ့။

၁၃၁၁-ခု၊ သီတင်းကျွတ်လဆန်း ၁၀-ရက်နေ့မှာ ကိုရင်သာကိန္ဒဟာ ပထမကန်တောရ ဆရာတော်ကြီး ဦးကေတုကို ဥပဇ္ဈာယ်ပြုလို့ မိဘနှစ်ပါးဆွေမျိုးများရဲ့ပစ္စည်းချီးမြှောက်မှုနဲ့ ရဟန်းအဖြစ် ရောက်ခဲ့ပါသတဲ့။ ဆရာတော့်ဘဝဟာ ဦးပဍ္ဍင်းရဲ့ဘဝနဲ့ ခပ်ဆင်ဆင်ပဲ။

ရဟန်းဖြစ်ပြီးရင် ကန်တောရတိုက်မှာပဲ ၃ -နှစ်နေပြီး ဆက်ပညာသင်နေခဲ့တယ်။ တိုက်အုပ်ဆရာတော်ဦးဝိသုတ၊ စာချဆရာတော်ဦးဝိစယ၊ ဦးသောဘန၊ ဦးကေလာသတို့ထံမှာ ပိဋက အခြေခံကျမ်းစာများနဲ့ ပါဠိတော်အဋ္ဌကထာကြီးတွေထိ သင်ယူခွင့်ရခဲ့ပါတယ်။ ဆရာတော်က ကန်တောရ ဆရာတော်ကြီးတွေရဲ့ အရိပ်အောက်မှာ ၇-နှစ်နေထိုင်ခိုလှုံသင်ယူခွင့်ရတာကြောင့် ဦးပဍ္ဍင်းထက်ပိုပြီး ကံကောင်းပါတယ်။ ဦးပဍ္ဍင်းက ကန်တောရမှာ ၂-နှစ်ပဲ နေခဲ့ရတယ်။

၁၃၁၄-ခု၊ နတ်တော်လဆန်း၂-ရက်နေ့မှာ ၃-ဝါရ ရဟန်းတော်အရှင်သာကိန္ဒဟာ ကန်တောရ တိုက်ကနေ မန္တလေး ဝိဇ္ဇာလင်္ကာရတိုက်ကို ပြောင်းရွှေ့ပညာသင်ခဲ့တယ်။ ဝိဇ္ဇာ လင်္ကာရ ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသရဲ့ မေတ္တာရိပ်မှာ ခိုလှုံလို့ ငါးမြာကြီးဆရာတော်၊ ဆရာတော် ဦးဝေပုလ္လ (ဂျပန်သာသနာပြု)၊ ဆရာတော် ဦးတေဇနိယတို့ထံ စာမေးပွဲဆိုင်ရာ ကျမ်းစာတို့ကို သင်ယူကြိုးစားခဲ့တယ်။ ငယ်၊ လတ် (၂)တန်းကို ၁-နှစ် ၁-တန်း နှစ်စဉ် အောင်ခဲ့ပါတယ်။

၁၃၁၆-ခုနှစ်မှာ မန္တလေး၊ မစိုးရိမ်ကျောင်းတိုက်ကို ပြောင်းရွှေ့နေထိုင်ခဲ့တယ်။ အဲဒီနှစ်မှာပဲ ပထမကြီးတန်း အောင်မြင်တယ်။

မစိုးရိမ်ဆရာတော် ဦးသူရိယာ ဘိဝံသ၊ ဦးဝိစိတ္တာဘိဝံသ၊ ဦးသိရိန္ဒာဘိဝံသ၊ ပဌာန်းဦးဝိသုဒ္ဓါဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးစန္ဒောဘာသာဘိဝံသနှင့် မဟာဝေယံဘုံသာ ဆရာတော် ဦးကလျာဏာဘိဝံသတို့ထံမှာ



www.burmeseclassic.com

www.burmeseclassic.com


စာချတန်းဆိုင်ရာပညာတွေသင်တယ်။ စာချတန်းဖြေ ဆိုခဲ့တော့ ၃-နှစ်အတွင်းမှာပဲ ဂုဏ်ထူးဆောင် ကျမ်းကြီးများနဲ့တကွ ကျမ်းရင်း ၃-ကျမ်း အောင်မြင် ပြီးဆုံးသွားလို့ "သာသနဓဇ သိရီ ပဝရ ဓမ္မာစရိယ" ဘွဲ့ကိုရခဲ့ပါတယ်။ ငယ်၊ လတ်၊ ကြီး ၃-နှစ်၊ ဓမ္မာစရိယတန်း၃-နှစ်၊ ပေါင်း ၆-နှစ်ကြာပါတယ်။ ဦးပဋ္ဌင်းနဲ့ အတူတူပါပဲ။ ဆရာတော့် အရည်အချင်းစွမ်းရည် တော်တော်ကြီးမားထက်မြက်တာကို လေ့လာသိရှိရပါတယ်။ တကယ်လို့များ သကျသီဟ၊ စေတီယင်္ဂဏတို့လို အဆင့်မြင့်စာမေးပွဲတွေ ဖြေလိုက်ရင်တောင် ဧကန်အောင်နိုင်လောက်တယ်လို့ ယုံကြည်မိလိုက်ပါတယ်။ တိပိဋက စာမေးပွဲဖြေမိရင်တောင် အနည်းဆုံး တစ်ပုံလောက်တော့ ပြီးနိုင်လောက်တယ်လို့ ကိုယ့်ဆရာရဲ့အစွမ်းကို ရဲရဲကြီး ယုံကြည်မိလိုက်ပါတယ်။ ဘာပဲပြောပြော ဦးပဋ္ဌင်း ဆရာတော်ရဲ့ အရည်အချင်းဟာ ဦးပဋ္ဌင်းထက်တော့ သာလွန်ပြီးသားပါ။

ဓမ္မာစရိယအောင်မြင်ပြီးစီးသွားတဲ့အခါ ၁၃၂၀-ခု တပို့တွဲလဆန်းမှာ ကန်ရွာ ဒကာ ဒကာမ များက ချီးကျူးပူဇော်ပွဲလုပ်ဖို့ ပင့်ဆောင်ကြလို့ ဓမ္မာစရိယဘွဲ့ရ အရှင်သာကိန္ဒဟာ ကန်တောရ ကျောင်းတိုက်ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီတုန်းက ဦးပဋ္ဌင်းက ကန်ရွာအလယ်တန်းကျောင်းမှာ ဆဋ္ဌမတန်း ပညာသင်ကြားနေဆဲဖြစ်တဲ့ ကျောင်းသား မောင်သာမောင်ဘဝပဲ ရှိနေပါသေးတယ်။ ဓမ္မာစရိယ ဦးသာကိန္ဒ ကြိုဆိုပူဇော်ပွဲမှာ ဦးပဋ္ဌင်းလဲ ကန်ရွာအလယ်တန်းကျောင်းပရိသတ်အနေနဲ့ ပါဝင်ခဲ့ပါတယ်။ ဘဝရေစက်လို့ပဲ ဆိုရမှာပေါ့။

အဲဒီ ၁၃၂၀-ခုနှစ်မှာပဲ ပဌမကန်တောရဆရာတော်ဘုရားကြီးနဲ့ တိုက်အုပ်၊ တိုက်ကြပ် ဆရာတော်တို့ရဲ့ စေခိုင်း တိုက်တွန်းတာဝန်ပေးမှု၊ ဒကာဒကာမများရဲ့ လျှောက်ထားတောင်းပန်မှုကို အကြောင်းခံပြီး အဲဒီနှစ်ကစ အရှင်သာကိန္ဒဟာ ကန်တောရကျောင်းတိုက်မှာ သီတင်းသုံးရပါတော့တယ်။

စာချဆရာတော် ဓမ္မာစရိယ အရှင်သာကိန္ဒဟာ ကန်တောရကျောင်းတိုက်မှာ ၅-နှစ် သီတင်းသုံးနေတုန်း စာသင်သားသံဃာ ၆၀-ကျော်တို့ကို နေ့စဉ် နှစ်စဉ် စာပေပို့ချ သင်ပြပေးခဲ့ပါတယ်။

ဦးပဋ္ဌင်းဟာ ဒုတိယအကြိမ် ကိုရင်ဝတ်ဖို့ ၁၃၂၂-ခု၊ နယုန်လဆန်း ၇-ရက်နေ့မှာ ဦးကြီး ဦးပြည့်ထွန်း လိုက်အပ်နှံပေးလို့ ကျောင်းသားဘဝနဲ့ ကန်တောရကျောင်းတိုက်ကို ရောက်ခဲ့တယ်။ အဲဒီအချိန်မှာ ဆရာတော်ဦးသာကိန္ဒဟာ ကန်တောရမှာ စာချတာဝန်ထမ်းဆောင်နေဆဲပါ။ အဲဒီနေ့ နေ့လည် ၁-နာရီမှာ ဆရာတော် ဦးသာကိန္ဒထံ ကျောင်းသားဘဝနဲ့ သဂြိုဟ်စာဝါစိတ်ပိုင်းကို သင်ယူလိုက် တက်လိုက်ရပါသေးတယ်။

ဦးပဋ္ဌင်းက အဲဒီနှစ် နယုန်လဆန်း၈-ရက်နေ့မှာ ဒုတိယအကြိမ်ကိုရင်ဝတ်ခဲ့လို့ ရှင်သိရိန္ဒ ဘွဲ့နာမည်နဲ့ ကိုရင်တစ်ပါး ဖြစ်ခဲ့တယ်။ ယခုဆို ဦးပဋ္ဌင်းသင်္ကန်းဝတ်ခဲ့တာ ၄၅-နှစ်တိတိ ပြည့်ပြီပေါ့။ ၁၃၂၂-ခု နယုန် လဆန်း ၉-ရက်နေ့ကစပြီး ၂-နှစ်တိတိ ကိုရင်ဘဝနဲ့ စာချဆရာတော်ဦးသာကိန္ဒထံမှာ ပရိယတ္တိ အခြေခံကျမ်းစာများကို တစ်ခုပြီးတစ်ခု သင်ယူခွင့် ရခဲ့ပါတော့တယ်။ ဒါကြောင့် ဦးပဋ္ဌင်းကို အစီအစဉ်ကျကျ ပရိယတ္တိပညာကို အစဆုံးသင်ပြပေးသူမှာ ကန်တောရ စာချဆရာတော် ဓမ္မာစရိယဦးသာကိန္ဒပဲ ဖြစ်ပါတယ်။ ဆရာကလဲ စိတ်ဝင်စား၊ တပည့်ကလဲ စိတ်အားထက်သန်တာဖြစ်လို့ ပညာသင်ရတာ အလွန်အဆင်ပြေပါတယ်။ တစ်ချို့စာဝါကို တစ်ပါးတည်းခွဲပြီး ပို့ချသင်ပြပေးတာပါ။

ဆရာတော် ဦးသာကိန္ဒဟာ ဦးပဋ္ဌင်းအတွက် သီးခြားချီးမြှောက်ဖို့ ကန်တောရ ကျောင်းတိုက် မှာ ၅-နှစ် သီတင်းသုံးနေထိုင်ပေးတာလို့ ဆိုရလောက်အောင်ပဲ ဦးပဋ္ဌင်းရဲ့ ပရိယတ္တိ ပညာရေးအတွက် အလွန ကျေးဇူးကြီးမား များပြားလှပါတယ်။ ကန်တောရမှာ နေခဲ့ရသမျှ ၂-နှစ်ပတ်လုံး ဆရာတော့်ထံမှာ ဂါထာရေးနည်း၊ ကဗျာလင်္ကာစီကုံးနည်းပါမကျန် ပိဋကအခြေခံကျမ်းစာတွေကို အားလုံး အခြေခံရအောင် ကျကျနန သင်ယူခွင့်ရခဲ့ပါတယ်။

မြို့ကို ပညာသင်သွားမယ်လို့လျှောက်တော့ "အေး--ဟုတ်တယ်၊ သွားသင့်တဲ့အချိန်မှာ သွားသင့်တဲ့ နေရာကို သွားကို သွားရမှာကွ၊ ခေတ်ကြီးက ဂုဏ်မရှိရင် ဖုတ်လေတဲ့ ငပိ ရှိတယ်တောင် မထင်ချင်ကြဘူးကွ၊ ခေတ်အလျှောက် ဉာဏ်မှီသလောက် ရသင့်တဲ့ အဆင့်အတန်းကို ရအောင်လုပ်၊ ဘာမဆို လိုတာကို လှမ်းမှာလိုက်၊ ပန်းတိုင်မရောက်ပဲ ပြန်မလာခဲ့နဲ့"လို့ တက်ကြွအောင် နှိုးဆွပေးလိုက်တယ်။ တွန်းအားလဲ ပေးလိုက်တယ်။ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ နေထိုင်ခွင့်ရအောင် ကန်တောရကို ကိုယ်စားပြုပြီး အပ်နှံစာကိုပါ ရေးပေးလိုက်တယ်။ ကန်တောရကို ကိုယ်စားပြုလို့ပဲ မကြာမကြာ စာရေးဆုံးမတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဦးပဋ္ဌင်းဟာ ရဟန်းဖြစ်ပြီးလို့ မကြာမီ ၁၃၂၄-ခု၊ နယုန်လမှာ မန္တလေး မဟာဝိသုဒ္ဓါရုံ တိုက်သစ်ကို ရောက်ခဲ့ပါတယ်။ မန္တလေးမြို့ကြီးမှာ ပညာသင်ရတဲ့အခါ ဆရာတော် ဦးသာကိန္ဒက စနစ်တကျ မျိုးစေ့ကြဲချပေးလိုက်တဲ့ အခြေခံကောင်းတွေကြောင့် လွယ်လွယ်ကူကူနဲ့ သဘောပေါက် နားလည်တတ်မြောက်ရပါတယ်။ ဘာမှ အခက်အခဲ မရှိပါဘူး။ အခြေခံအုတ်မြစ်ချ ခိုင်မာကောင်းမွန်လွန်းလို့ ပရိယတ္တိ စာမေးပွဲ အားလုံး ပြီးဆုံးရုံသာမက တိပိဋကထိတောင် အထွဋ်တင်နိုင်ခဲ့ပါပြီ။ ဆရာ့ကျေးဇူး ကြီးမားများပြားလိုက်လေစွ။

ကန်တောရ စာချဆရာတော် ဦးသာကိန္ဒဟာ ကန်တောရမှာစာချလို့ ၅-နှစ်ပြည့်လာတော့ "ငါဟာ သာမောင်ဆိုတဲ့ကျောင်းသားလေးက ကိုရင် သိရိန္ဒဘဝနဲ့ ကန်တောရကို လာပညာသင်တော့ ပရိယတ္တိ အခြေခံ အုတ်မြစ် ခိုင်မာအောင် ချပေးရတဲ့တာဝန်ကို ထမ်းဆောင်ပေးခဲ့တယ်။ ၅-နှစ် ကန်တောရမှာ နေပေးပြီးပြီ။ အခုတော့ တပည့်သိရိန္ဒဟာ မြို့ကိုရောက်လို့ ကိုယ့်လမ်းကိုယ်သွားတတ်နေပြီ။ ဒီလောက်ဆို ငါ့တာဝန်ကျေပြီ" လို့ ဆုံးဖြတ်ထားသည့်အလား ၁၃၂၅-ခုနှစ်မှာ ကန်တောရက ထွက်ခွာပြီး ရန်ကုန်ကို ကြွရောက် သီတင်းသုံးပါတယ်။ နောက်တော့ ဇလွန်မြို့ အရှေ့ဖက်ကမ်း အေးရွာမှာ ကျောင်းထိုင်တယ်။ နောက်တစ်ဖန် အေးရွာကျောင်းကို တပည့်ထံ အပ်ထားခဲ့ပြီး ဇလွန်အရှေ့ဖက်ကမ်းက ရွာကန့်လန့်ခေါ်တဲ့ ရွာကန်လှရွာမှာ ပြောင်းရွှေ့ ကျောင်းထိုင်နေလိုက်တာ ယနေ့ထိပဲ။

လူရှင်၊ ရဟန်း၊ ဘယ်သူမဆို ကံပစ်ချရာ ရောက်ကြရနေကြရတာပါ။ ဦးပဋ္ဌင်းလဲ ငယ်ငယ်က လုံးဝ စိတ်ကူးမထည့်မိခဲ့တဲ့ ရန်ကုန်မြို့ကြီးကို ရောက်နေရတာဟာ ကံပစ်ချရာ နေရတာလို့ပဲ နှလုံးသွင်းမိပါတယ်။

ယနေ့မျက်မှောက်ခေတ်မှာ သာသနာအတွက် အထိုက်အလျောက် အရေးပါအရာရောက်အောင် စွမ်းဆောင်ပေးနိုင်တဲ့ဘဝကို ဦးပဋ္ဌင်းရောက်လာရတာဟာ ကန်တောရမှာနေတုန်းက ဆရာတော်ဦးသာကိန္ဒရဲ့ အထူးအရေးပေးချီးမြှောက်မှုကို ခံယူခဲ့ရတဲ့ အခြေခံကောင်းတွေကြောင့်ပါ။ ဒါကြောင့် ဆရာတော် ဦးသာကိန္ဒဟာ ဦးပဋ္ဌင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ "လူ့အလှဆုံး စိန်တစ်လုံး" ပါ။

"အားလုံးချမ်းသာကြပါစေ"

တိပိဋကယောဆရာတော်
၁၃၆၇-ခုနှစ်၊ နယုန်လ ( ၂၀၀၅-ခုနှစ်၊ ဇွန်လ)

## မဟ္မာစရိယအရှင်သာကိန္ဒ ၏ အတိတ်ကအရိပ်ကြေးမုံ

### နမော ဗုဒ္ဓါယ

### ၁။ ရာပြည့်ပူဇော မင်္ဂလာ

လွန်ခဲ့သည့် ၁၃၆၆-ခု၊ ဝါခေါင် လဆန်းလောက်က တိပိဋကယောဆရာတော်၏ ကပ္ပိယ တပည့် မောင်ကြည်စိန်းနှင့် မောင်ချိုကြီး ၂-ယောက် စာရေးသူ (ဓမ္မာစရိယ အရှင်သာကိန္ဒ) နေထိုင်ရာ ဇလွန်မြို့နယ် ရွာကန်လှကျောင်းသို့ ရောက်လာကြသည်။

မလာစဘူး အလာထူး၍ အကြောင်းကို မေးကြည့်ရာ "ယခုနှစ် လာမယ့်တပို့တွဲလမှာ ယောဆရာတော်က ဦးဆောင်ပြီး ကန်တောရကျောင်းတိုက် နှစ်-၁၀၀ပြည့် အထိမ်းအမှတ်ကုသိုလ် ပွဲကြီးလုပ်ပေးမှာတဲ့ဘုရား၊ သိန်း-၁၀၀ကျော် စွန့်ကြဲလှူဒါန်းမှာတဲ့ဘုရား၊ သံဃာ-၃၀၀ လောက် ပင့်မှာတဲ့ဘုရား"

"ယောဆရာတော်က သိန်း-၄၀၀ကျော်စွန့်ကြဲပြီး ကန်တိုက်နယ်ဆေးရုံကြီးလဲ ဆောက်ပေး ထားတယ်ဘုရား၊ ကန်အထက်တန်းကျောင်းမှာလဲ သိန်း-၁၃၀ကျော်တန် ကျောင်းဆောင်တွေ သင်ကြားရေး ပစ္စည်းတွေ လှူထားတယ်ဘုရား၊ ကန်တောရကျောင်းတိုက်ထဲမှာ သိန်း-၆၀တန် ပိဋကတ် တိုက်ကျောင်း ဆောက်တာလဲ ပြီးသွားပြီဘုရား"



www.burmeseclassic.com

www.burmeseclassic.com


"ဒီအလှူပွဲတွေကို ကန်တောရတိုက် နှစ်-၁၀၀ ပြည့်ပွဲနှင့်အတူ ပူးတွဲကျင်းပမှာတဲ့ဘုရား၊ ဒီအလှူပွဲကြီးကို ဆရာသမားအရင်းဖြစ်တဲ့ ဆရာတော်ကိုယ်တိုင် ကြွရောက်ချီးမြှောက်ဖို့ ပင့်လျှောက်လိုက်ပါတယ်ဘုရား" ဟု လျှောက်ကြသည်။

စာရေးသူက "ဟာ---ဒီလိုဆို အကြီးအကျယ် တစ်ခမ်းတစ်နားကြီးပါလား၊ ကောင်းလိုက်တာ၊ ဘုန်းရှင်ကံရှင်ဆိုတော့ လှူနိုင်တာပေါ့ကွယ်" ဟု ပြောပြီး "ငါကတော့ အသက်အရွယ်ကြီးလို့ ကားစီးပြီး ခရီးရှည် မသွားနိုင်တော့ဘူး၊ ဒါ့ကြောင့် လိုက်နိုင်မယ်မထင်ဘူး၊ ဒီကပဲ သာဓုခေါ်လိုက်တော့မယ်" ဟုပြောကာ ငြင်းပယ်လိုက်သည်။

သီတင်းကျွတ်တော့ ကပ္ပိယ ၂ -ယောက် ဒုတိယအကြိမ် ရောက်လာပြန်၍ "ကန်တောရ နှစ်-၁၀၀ ပြည့်ပွဲသို့ ကြွပါရန်" ပင့်လျှောက်ကြပြန်သည်။ စာရေးသူကလည်း "အသက်ကြီး၍ ကားစီးရတာ ဆင်းရဲကြောင်း" ကို အကြောင်းခံ၍ မလိုက်နိုင်ကြောင်း ငြင်းပယ်လိုက်ရပြန်သည်။

နောက်မကြာမီ တတိယအကြိမ် ကပ္ပိယ ၂- ယောက်ရောက်လာပြန်သည်။ မောင်ကြည်စိန်း က "တိပိဋကယောဆရာတော်က မှာလိုက်ပါတယ်ဘုရား၊ ဆရာတော်ကို ရန်ကုန်က ကလေး အရောက် လေယာဉ်နဲ့ အသွားအပြန် ပင့်ပေးမှာပါတဲ့ဘုရား၊ ကန်တောရအရောက် ကားနှင့် ဆက်ပင့် ပြီး ဆရာတော် စိတ်တိုင်းကျ ထားမှာပါတဲ့ဘုရား၊ မဖြစ်မနေ ကြွဖြစ်အောင် ကြွစေလိုပါသတဲ့ဘုရား" ဟု ငြင်းပယ်မရနိုင်လောက်အောင် လျှောက်ပါလေတော့သည်။ မငြင်းပယ်သင့်တော့ဟု ယူဆသဖြင့် "ကြနိလိုက်ပါမည်"ဟု လက်ခံလိုက်ရသည်။ ကန်တောရတိုက်နှစ်-၁၀၀ စာစောင်၌ထည့်ရန် ထေရုပ္ပတ္တိအကျဉ်းနှင့် ဓါတ်ပုံကိုလည်း တောင်းသဖြင့် ပေးလိုက်ရသည်။

မည်သို့ပင်ဖြစ်စေ မိမိနေထိုင်ခဲ့သည့် ကန်တောရတိုက်၏ "ရာပြည့်ပူဇာမင်္ဂလာ"ပွဲသို့ သွားရောက်ခွင့် ရရှိသွားသဖြင့် အတိုင်းမသိ ဝမ်းမြောက်ရပေသည်။

## ၂။ ဆရာ့ကျေးဇူးအထူးသိတတ် တပည့်မြတ်

တိပိဋကယောဆရာတော်သည် ငယ်စဉ်ကစ ကျေးဇူးသိတတ်သည်။ ကျေးဇူးရှင်၏ ကျေးဇူးကို ဆပ်ပေးရန် အခွင့်အခါကို စောင့်မျှော်နေတတ်သည်။ မှတ်မိပါသေးသည်။ ၁၃၂၈-ခု တပို့တွဲလက ဓမ္မာစရိယ ၂-ကျမ်းလည်း စွဲပြီး၍ ရန်ကုန်စေတိယင်္ဂဏစာသင်တန်းလည်း အောင်ပြီးသော ယော ဆရာတော်လောင်းလျာ အရှင်သိရိန္ဒသည် စာရေးသူ (ဆရာရင်းဖြစ်သည့် ဓမ္မာစရိယ အရှင်သာကိန္ဒ) နေထိုင်ရာ ဇလွန်မြို့နယ် အေးရွာတောင်ကျောင်းသို့ ရောက်လာခဲ့သည်။

ဆရာ့ကျေးဇူးကို အမှတ်ရ၍ ဆရာရင်းနှင့်တွေ့ဆုံရန် ရောက်လာခြင်းဖြစ်သည်။ ထိုအချိန်၌ အရှင်သိရိန္ဒသည် ရန်ကုန်သို့ မရောက်သေး၊ မန္တလေး မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ပင် ရှိနေသေးသည်။ ၁၃၂၄ ခု ဆရာတပည့် ကွဲကွာပြီး၍ ၅-နှစ်အကြာတွင် ပထမဆုံး ပြန်လည် တွေ့ဆုံရခြင်းဖြစ်သည်။ မိမိမှာ အလွန်ပင် ဝမ်းမြောက်ကြည်နူးဖြစ်မိပါသည်။

ပညာရေး၊ နေရေး ထိုင်ရေးစသည် အဆင်ပြေမပြေ မေးမြန်းဆွေးနွေး၍ ၃-ညမျှနေပြီး မန္တလေးသို့ ပြန်သွားခဲ့သည်။ ထို့နောက် နှစ်ပေါင်း အတော်ကြာအောင် ဆရာတပည့် ပြန်မတွေ့ကြရတော့ချေ။ ပြန်မတွေ့ရ သော်လည်း အရှင်သိရိန္ဒ၏ သတင်းကောင်းများကို ဆက်ကာ ဆက်ကာ ကြားနေရသည်။

"အရှင်သိရိန္ဒသည် ၁၃၂၉-ခု၌ ရန်ကုန် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ရောက်နေပြီဖြစ်ကြောင်း၊ ဓမ္မာစရိယစာမေးပွဲတွင် တစ်နိုင်ငံလုံး ပထမဖြင့် အောင်မြင်၍ အဂ္ဂမဟာအကျော်ဖြစ်သွားကြောင်း၊ မြန်မာဂုဏ်ထူးနှင့် ပါဠိဂုဏ်ထူးကျမ်းများကို အောင်မြင်၍ သိရီပဝရဓမ္မာစရိယသာမက ပါဠိပါရဂူဘွဲ့များပင် ရရှိသွားပြီဖြစ်ကြောင်း" ဝမ်းသာစရာချည်း ကြားနေရသည်။

"အရှင်သိရိန္ဒသည် စေတိယင်္ဂဏစာချတန်းလည်း ပြီးသွားပြီဖြစ်ကြောင်း၊ နာမည်ကျော် မန္တလေး သက္ကျသီဟစာမေးပွဲကို စာသင်တန်းရော စာချတန်းပါ ၂-မျိုးလုံး နံပါတ်-၁ ကချည်းသာ အောင်မြင်ကြောင်း" သတင်းကောင်းများ ဆက်ကြားရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


"အရှင်သိရိန္ဒသည် ပိဋက ၃-ပုံကိုပြန်ဆိုရန် ကျက်မှတ် ကြိုးစားနေကြောင်း" ကြားရပြန်သောအခါ ကြက်သီးများပင် ထလာရသည်။ နောက်မကြာမီ "ဝိနည်း ၅-ကျမ်း ပြီးဆုံး အောင်မြင်သွားကြောင်း၊ အဘိဓမ္မာ ၇-ကျမ်းလည်း အောင်မြင်သွားပြီဖြစ်ကြောင်း၊ သုတ် ၃-ကျမ်းပါ အောင်မြင်၍ သင်ရိုးပိဋက ၃-ပုံ ပြီးဆုံး၍ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရသွားပြီဖြစ်ကြောင်း" တစ်ခုပြီး တစ်ခုကြားနေရသည်။ စာရေးသူမှာ "ငါတပည့် လုပ်လှချည်လားဟဲ့" ဟု ဝမ်းသာအားရ၍ မဆုံးနိုင်တော့ပေ။

တိပိဋက ပြီးသွားသောအခါ အရှင်သိရိန္ဒာဘိဝံသကို "ယောဆရာတော်" ဟု ခေါ်ကြကြောင်းလည်း ကြားသိရသည်။ တစ် ယောလုံးခြုံ၍ ဂုဏ်တင်ပေးသလို ဖြစ်သွားသည်။ ရှေးအခါက ယောသည် အများအလယ် မျက်နှာငယ်ခဲ့ရသည်။ ဟိုပြောဒီပြော ထင်မိထင်ရာ ချိုးချိုးဖဲ့ဖဲ့ အပြောခံခဲ့ရသည်။ ယခုအခါ ယောသူယောသားအားလုံး ရဲရင့်တက်ကြွ အားရှိလာကြသည်။ "ယော ဆရာတော်" ကြောင့် ကိုယ့်ဟာကိုယ် "ယော"ဟု ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်ပြောရဲလာကြသည်။

ယောဆရာတော်သည် အထက်တန်းအကျဆုံး အမြင့်မားဆုံးဖြစ်သော တိပိဋက စာမေးပွဲကြီး ပြီးဆုံး အောင်မြင်ပြီးနောက် ၁၃၄၇- ခု သီတင်းကျွတ်လတွင် သာမဏေဘဝ ကန်တော့ရ၍ အခြေခံကျမ်းစာတို့ကို ပို့ချပေးခဲ့ဘူးသည့် စာရေးသူ (ဓမ္မာစရိယအရှင် သာကိန္ဒ)နေထိုင်ရာ အေးရွာသို့ မမျှော်လင့်ဘဲ ရောက်လာသည်။ ပစ္စည်းမျိုးစုံဖြင့် စာရေးသူကို ပူဇော်ကန်တော့ လှူဒါန်းသွားသည်မှာ ပညာရှိသူတော်ကောင်း ပီသလှသည်။

ဆရာသမားဖြစ်သော စာရေးသူကလည်း ဒကာဒကာမများနှင့်ပူးတွဲ၍ ယောဆရာတော်၏ ဓမ္မဂုဏ်၊ ပညာဂုဏ်ကို အာရုံထားပြီး တောရွာအလျောက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ပေးခဲ့သည်။ ဤသည်မှာ ၂၃-နှစ်အတွင်း ဒုတိယအကြိမ် ဆရာ တပည့် ပြန်လည်တွေ့ဆုံရခြင်းဖြစ်သည်။

နောက်တစ်ဖန် အေးရွာနေဒကာကြီး ဦးစိန်မောင်မိသားစုက ယောဆရာတော်ကို အလွန်ကြည်ညိုပြီး သိက္ခာထပ်လို၍ ပင့်ရာ ယောဆရာတော်သည် ဆရာသမားကိုလည်း ကန်တော့ရင်း၊ တရားလည်း ဟောရင်း အေးရွာသို့ တတိယအကြိမ် ကြွရောက်လာရပြန်သည်။

၎င်းတတိယအကြိမ်တွင် ဟသ်ာတ မိုးကောင်းကျောင်းတိုက်ဆရာတော်သည် ယော ဆရာတော်ကို ကြားရုံသာကြားဘူး၍ မမြင်ဘူးသဖြင့် လာရောက်တွေ့ဆုံသည်။ ပြန်ခါနီး မှတ်ချက်ချ ပြောသွားသည်။ "ပိဋက ၃ ပုံကို စိတ်နဲ့ကျက်ပြီး ဖြေဆိုအောင်မြင်လို့ တိပိဋကဘွဲ့ရသူဆိုလို့ ဒီတစ်ပါးပဲ ကြားဘူးတယ်" ဟူ၏။

၎င်းနောက် အေးရွာနေ ဦးစိန်မောင်၏ သားသမီးများက ရှင်ပြုအလှူလုပ်ကြသဖြင့် ယော ဆရာတော်၏တရားကို နာလိုကြ၍ ပင့်ကြသည်။ ယောဆရာတော် စတုတ္ထအကြိမ် အေးရွာသို့ ကြွလာရပြန်သည်။ ၎င်း စတုတ္ထအကြိမ်၌ စာရေးသူ အင်းလေးသို့ သွားနေ၍ ယောဆရာတော်နှင့် မတွေ့လိုက်ရပါ။

အလှူ၌တရားဟောခြင်းမှာ လိုရင်းကိစ္စမဟုတ်ဘဲ ဆရာသမားကို ပူဇော်ကန်တော့လိုခြင်းသည်သာ ပဓာန ကိစ္စဖြစ်ကြောင်း နောက်စာရေးသူနှင့်တွေ့သောအခါ ယောဆရာတော်က ပြောပြသည်။

တိပိဋက ယောဆရာတော် ပထမအကြိမ်စာရေးသူကို လာရောက်ကန်တော့စဉ်က "အေးရွာ တောင်ကျောင်းဆရာတော်ကို တိပိဋကယောဆရာတော် လာရောက်ပူဇော်သတဲ့" ဟူသော သတင်းသည် ဇလွန်မြို့နယ်အတွင်း ပြန့်နှံ့သွားသဖြင့် တောကြိုတောင်ကြား၌ ခပ်လျှိုလျှိုနေတတ်သော စာရေးသူ ဘုန်းကြီးသည်ပင် အချောင်နာမည်ကြီးလိုက်သေးသည်။

## ၃။ အသိလေးနက် စွမ်းဆောင်ချက်

မိဘသည် သားသမီးထက် ဆရာသည် တပည့်ထက် အသိလက်ဦး စွမ်းရည်ထူးသူဖြစ်သည်။ မိဘနှင့် ဆရာသည် သားသမီးနှင့် တပည့်အတွက် အသိထူးအောင် ဓါတ်ကူးပေးရသည်။ အထူးအားဖြင့် အသိလက်ဦးသည့်ဆရာသည် အသိနောက်ကျသည့် တပည့်အတွက် အသိထူးသည့်ဆရာသည် အသိမထူးသေးသည့် တပည့်အတွက် အသိဉာဏ်ဓါတ်ကူးပေးရသည်။

အခြေခံအားကောင်းသူအတွက်သာ ဓါတ်ကူး၍ လွယ်ကူပြီး အခြေခံအားနည်းသူအတွက် ဓါတ်ကူးရ ခက်တတ်သည်။ အရှင်သိရိန္ဒသည် အခြေခံကောင်း၍ ဓါတ်ကောင်းကူးဖို့ လွယ်ကူသည်။ ထို့ကြောင့် အသိလည်းထူးသည်။ အသုံးချရလဒ် ထူးခြားလောက်အောင်လည်း အသိလက်ဦးသည်။ လာဘ်မြင်သည်။


www.burmeseclassic.com

www.burmeseclassic.com


အသိလက်ဦးသဖြင့် စွမ်းဆောင်ချက်ထူးခြားသည်။ ရန်ကုန်မြို့၌ သံဃာ့ပရိသတ် ၂၀၀ကျော်ကို လည်းကောင်း၊ ကလေးမြို့၌လည်း သံဃာ့ပရိသတ် ၂၀၀-ကျော်ကို လည်းကောင်း၊ ဦးဆောင်၍ ပိပိရိရိ သေသေသပ်သပ် အုပ်ချုပ်နိုင်သည်။ ပစ္စည်း ၄-ပါး ပြည့်စုံလုံလောက်အောင် စီမံဖန်တီး လမ်းခင်းပေးနိုင်သည်။ အသိအကျင့် ဘက်စုံမြင့်၍ အရည်အချင်းမြင့်အောင် ဦးဆောင်ပေးနိုင်သည်။ ပရိသတ်ကို ထည်ဝါအောင် အလှဆင်ပေးနိုင်သည်။

အထူးအားဖြင့် ယောဆရာတော်သည် ဟိတ်ဟန်မရှိ၊ မာန်မရှိ၊ မည်သည့် ဂုဏ်ထူးမျှ မရှိသေးသည့် ကိုရင်ဘဝ ရဟန်းငယ်ဘဝကလည်း ယခုနေထိုင်သကဲ့သို့ ရိုးရိုးရှင်းရှင်း အေးအေးကလေးသာ နေထိုင်ခဲ့သည်။ အဆင့်အမြင့်ဆုံး တိပိဋကစာမေးပွဲကိုပါအောင်၍ ဘွဲ့ဂုဏ်ထူးပေါင်းစုံဖြင့် မွမ်းထုံလွှမ်းခြုံထားသည့် ယခုအခါ၌လည်း ကိုရင်ရဟန်းငယ်ဘဝ ရှေးအခါကကဲ့သို့ပင် ရိုးရိုးရှင်းရှင်း အေးအေးကလေးသာ နေထိုင်သည်။

ဆရာ့ကျေးဇူးနှင့် သူတစ်ပါးပြုထားသည့် ကျေးဇူးကိုအထူးသိတတ်သည်။ မပြောပလောက်သည့် ၂-နှစ်တာကာလအတွင်း ကန်တောရကျောင်းတိုက်၌ နေထိုင်စဉ် ပရိယတ္တိ ပညာသင်ပြပေးခဲ့သော မိမိ၏ဆရာ ဖြစ်ခဲ့ဘူးသည့် စာရေးသူ (ဓမ္မာစရိယ အရှင် သာကိန္ဒ)၏ ကျေးဇူးဂုဏ်ကို အထူးအာရုံထားသည်။ ဆရာ၏ ကျေးဇူးတရားတို့ကို မမေ့သောအားဖြင့် ဇလွန်မြို့နယ် အေးရွာတောင်ကျောင်းသို့ ၄-ကြိမ်တိုင်တိုင် လာရောက်ကာ ကျေးဇူးဆပ် ပူဇော်ကန်တော့ခဲ့သည်။

ထိုမျှသာမက ၁၃၆၇-ခု၊ ဝါဆိုလပြည့်ကျော် ၂-ရက်နေ့က ရန်ကုန်မြို့၊ ဗဟန်း မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်၌ ဆရာဖြစ်သူ အရှင်သာကိန္ဒ၏ ၇၅-နှစ်ပြည့်မွေးနေ့ စိန်ရတုအလှူပွဲကို ဆင်ယင် ကျင်းပ ပြုလုပ်ပေးခဲ့သည်။ သံဃာ-၂၀၀ကျော်အား သင်္ကန်းရိုင်ဖယ် သင်္ကန်း၊ စီဝိုင်စီ သင်္ကန်း၊ လက်ဆွဲအိတ်၊ နဝကမ္မ ၁၀၀၀၀ိ/- စီနှင့် လှူဖွယ်ဝတ္ထုမျိုးစုံ၊ သီလရှင် ၄၅-ပါးတို့အား လက်ဆွဲအိတ်၊ ငွေ ၁၀၀၀၀ိ/-စီနှင့် လှူဖွယ်ဝတ္ထု မျိုးစုံလှူကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းကျွေးမွေးခဲ့သည်။ ဧည့်ပရိသတ်တို့အား ခဲဖွယ်ဘောဇဉ် ကျွေးမွေးသည်။ ဆရာဖြစ်သူအား လှူဖွယ်မျိုးစုံလှူခဲ့သည်။ ကောင်းမှုမျိုးစုံပြုကာ ဆရာသမား၏ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆုတောင်းပေးခဲ့သည်။

ၚင်းနောက် ဆရာသမား ပညာသင်ကြားနေထိုင်ခဲ့ဘူးရာ မန္တလေးဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌ ကျောင်းသံဃာနှင့် ပင့်သံဃာတို့အား ဆွမ်းဘောဇဉ်နှင့် လက်ဆွဲအိတ်၊ စီဝိုင်စီသင်္ကန်းစသော လှူဖွယ်များလှူဒါန်းကာ ဆရာသမား၏ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆုတောင်းပေးခဲ့သည်။

ထိုမျှသာမကဆရာတပည့် ပရိယတ္တိပညာသင်ကြားရင်း ၂-နှစ်ပတ်လုံး အတူနေထိုင်ခဲ့ရသည့် ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက်၌လည်း တပို့တွဲလပြည့်နေ့တွင် ဆရာသမား၏ စိန်ရတုမွေးနေ့အလှူကို ပြုလုပ်ပေးဦးမည်ဖြစ်သည်။ ကန်ရွာနယ်မြေအတွင်း ဆရာသမားသိတင်းသုံးရန် စိန်ရတု ကျောင်းဆောင် ကိုလည်း ဆောက်လုပ်လှူဒါန်းပေးဦးမည်ဖြစ်သည်။ အသိလက်ဦး စွမ်းရည်ထူးနေသောကြောင့် ဤမျှလောက် ဆရာ့ကျေးဇူးကို အထူးသိ၍ ဆပ်နေခြင်းဖြစ်သည်။

ယောဆရာတော်သည် အသက်-၈၄ နှစ်ရှိပြီဖြစ်သော မယ်တော်ကြီးကို ရန်ကုန်သို့ခေါ်၍ မိမိနေရာ ကျောင်းတိုက်အနီး တိုက်ခန်းကျယ်တစ်ခု၌ထားပြီး လိုလေသေးမရှိရအောင် ပြုစုစောင့်ရှောက် ကျွေးမွေးထား၍ မိခင်ကျေးဇူးကို အထူးဆပ်နေသည်။

ဆရာမိဘကျေးဇူးကိုသိ၍ ဆပ်တတ်သူသည် ဘုန်းကံကြီး၍ အသက်ရှည်ပြီး မျက်မှောက်ဘဝမှာပင် လက်ငင်းကောင်းကျိုးကို ဧကန်ရတတ်မြဲသာ ဖြစ်သည်။

## ၄။ ကြေးမုံ့အသွင် ပုံရိပ်ထင်

လွန်ခဲ့သည့် ၄၅-နှစ်ကျော် အတိတ်ကာလက ဘဝအရိပ်များကြေးမုံမှန်အပြင်၌ ပေါ်ထင်လာသကဲ့သို့ ဉာဏ်အမြင်၌ ထင်ထင်ရှားရှားမှတ်သားမိနေသည်။ စာရေးသူ (အရှင်သာကိန္ဒ) သည် ၁၃၁၉-ခုနှစ်၌ ဓမ္မာစရိယ စာမေးပွဲကိုဖြေဆိုခဲ့ရာ ဂုဏ်ထူးဆောင်ကျမ်းများနှင့်တကွ ကျမ်းရင်း ၃-ကျမ်းကို အောင်မြင်ခဲ့သဖြင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



၁၃၂၀-ခု၊ တပို့တွဲလတွင် ကန်ရွာ ဒကာ၊ ဒကာမများကပင့်ဆောင်ပြီး ဓမ္မာစရိယ ချီးကျူး ဂုဏ်ပြုပူဇော်ပွဲပြုလုပ်ခဲ့ကြသည်။ ဓမ္မာစရိယကြိုဆိုကြသူတို့တွင် ကန်ရွာအလယ်တန်းကျောင်း အဖွဲ့ထဲ၌ အလယ်တန်းကျောင်းသား မောင်သာမောင် ပါဝင်ခဲ့သည်။

စာရေးသူသည် ကန်တောရတိုက်၌ ချီးကျူးဂုဏ်ပြုပူဇော်ပွဲပြီးလျှင် မန္တလေးသို့ ပြန်သွားပြီး ပါဠိပါရဂူဘွဲ့နှင့် ဘီအေဘွဲ့တို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အရယူနိုင်အောင် ဆက်ကြိုးစားဖို့ ကြံစည်စိတ်ကူးဆုံးဖြတ်ထားခဲ့သည်။ သို့သော် ကြံစည်သည့်အတိုင်း ဖြစ်မလာတော့ပါ။

ပထမ ကန်တောရဆရာတော်ဘုရားကြီး တိုက်အုပ်ဆရာတော် ဦးဝိသုတ၊ ကန်သာချောင်းနက်ဆရာတော် ဦးသောဘန စသော ဆရာတော်များ၏ မငြင်းဆန်သာအောင် တာဝန်ပေးမှုကြောင့်လည်းကောင်း၊ ရပ်ရွာဒကာ ဒကာမများ၏ အတန်တန် လျှောက်ထားတောင်းပန်မှုကြောင့် လည်းကောင်း၊ ကန်တောရကျောင်းတိုက်၌လည်း စာချပုဂ္ဂိုလ် အားနည်းနေသောကြောင့်လည်းကောင်း၊ ကန်တောရ စာချတာဝန်ကို မြတ်နိုးစွာ လက်ခံလိုက်ရတော့သည်။

မိမိရည်မှန်းထားသော ပါဠိပါရဂူဘွဲ့နှင့် ဘီအေဘွဲ့တို့ကို ကန်တောရ စာချတာဝန်နှင့် လဲလှယ်လိုက်ရခြင်း ဖြစ်သည်။ မိမိထက်အရင် ဆရာတော်ဦးဝေပုလ္လ၊ ဆရာတော် ဦးဉာဏဝံသတို့ ကန်တောရတိုက်မှ ဓမ္မာစရိယ ဘွဲ့ရခဲ့ကြသော်လည်း ကန်တောရ စာချတာဝန်ကို မယူခဲ့ကြသဖြင့် မိမိသည်သာ ကန်တောရကျောင်းတိုက်၏ ပထမဆုံး ဓမ္မာစရိယဘွဲ့ရ စာချပုဂ္ဂိုလ်ဖြစ်ခဲ့သည်။

စာရေးသူသည် ၁၃၂၀-ခု၊ တပို့တွဲလမှစ၍ ကန်တောရစာချ တာဝန်ထမ်းဆောင်ခဲ့ရာ အစတွင် စာသင်သားသံဃာ-၃၀ကျော်မျှသာ ရှိခဲ့သော်လည်း ၂-နှစ် ၃-နှစ်အတွင်း ၆၀ ကျော် ၇၀ မျှထိ တိုးတက်များပြားလာခဲ့သည်။ နေ့စဉ် နံနက် ၂-ဝါ၊ နေ့လည် ၂-ဝါ၊ ည ၂-ဝါ ကြိုးစားချပို့ ပေးနေရသည်။

## ၅။ ရှင်သိရီနန္ဒ ပေါ်လာရ

မိမိ ဓမ္မာစရိယဘွဲ့ရ၍ ရပ်ရွာမှ ပင့်လျှောက်သဖြင့် ကန်တောရသို့ ပြန်အလာ လမ်းမှနေ၍ ကြိုဆိုကြသူတို့တွင် ကန်အလယ်တန်းကျောင်းအဖွဲ့နှင့်အတူ ၆-တန်းကျောင်းသား မောင်သာမောင် ပါဝင်ခဲ့သည်။ သူပါဝင်ခဲ့သည်ကို ထိုစဉ်က စာရေးသူ မသိခဲ့ပါ။

ထို မောင်သာမောင်သည် ကန်ရွာအလယ်တန်းကျောင်းမှ အစိုးရစစ် သတ္တမတန်း အောင်မြင်ပြီး စာရေးသူနှင့် မရှေးမနှောင်းပင် ၁၃၂၂-ခု၊ နယုန်လဆန်း ၈-ရက်နေ့၌ ကန်တောရကျောင်းတိုက်သို့ လာ၍ ကိုရင်ဝတ်ပါလေတော့၏။ တိုက်ဆိုင်မှ တိုက်ဆိုင်လွန်းပါဘိ၏။

ဒုတိယသံဂါယနာတင် ရဟန္တာအရှင်မြတ်တို့သည် နောက်လာမည့် နှစ်ပေါင်း ၁၀၀-ကျော် ကာလ၌ ဖြစ်ပေါ်လာမည့် သာသနာ့ဘေးရန်ကို တိဿဗြဟ္မာကြီးမှလွဲ၍ မည်သူမျှ ဖြေရှင်းနှိမ်နင်းနိုင်မည်မဟုတ်ဟု မြင်တော်မူကြသည်။

ဗြဟ္မာ့ပြည်သို့သွား၍ တိဿဗြဟ္မာကြီးကို “နောက်နှစ်ပေါင်း-၁၀၀ကျော်ကာလ၌ ဖြစ်ပေါ်လာမည့် သာသနာ့ဘေးရန်ကို နှိမ်နင်းဖြေရှင်း၍ သာသနာကို တာဝန်ယူစောင့်ရှောက်နိုင်ရန် လူ့ပြည်၌ ပဋိသန္ဓေနေပါ” ဟု တောင်းပန်ကြသည်။ တိဿဗြဟ္မာကြီးကလည်း ဝမ်းမြောက်စွာ လက်ခံလိုက်သည်။

ရဟန္တာအရှင်မြတ်ကြီးများက “တိဿဗြဟ္မာကြီး ဗြဟ္မာ့ပြည်မှ စုတေ၍ လူ့ပြည်၌ ပဋိသန္ဓေ နေကာ မောဂ္ဂလိပုတ္တ တိဿသူငယ် ဖြစ်လာလိမ့်မည်။ မောဂ္ဂလိပုတ္တ တိဿသူငယ်ကို သာသနာတွင်း ဝင်ရောက်နိုင်အောင် သက်နံးဝတ် ရှင်ပြုပေးဖို့ အရှင်သိဂ္ဂဝက တာဝန်ယူရမည်။ တိပိဋကဓရဖြစ်သည်ထိ ပိဋက ၃ ပုံ ဘုရားစကား အားလုံး ကျွမ်းကျင်အောင် သင်ပြပို့ချပေးဖို့ အရှင်စန္ဒဝဇ္ဇီက တာဝန်ယူရမည်။ ကိုယ့်တာဝန်ကျေမှသာ ပရိနိဗ္ဗာန် ပြုရမည်” ဟု တာဝန်ပေးတော်မူကြသည်။ အရှင်သိဂ္ဂဝနှင့် အရှင်စန္ဒဝဇ္ဇီ ရဟန္တာအရှင်မြတ်ကြီး ၂-ပါးတို့ကလည်း လက်ခံ၍ တာဝန်ကျေအောင် ဆောင်ရွက်ပေးတော်မူကြသည်။ သာသနာတွင်းရောက်ဖို့ အရှင်သိဂ္ဂဝကတာဝန်ယူသည်။ စာပေ တတ်မြောက်ကျွမ်းကျင်ဖို့ အရှင်စန္ဒဝဇ္ဇီ က တာဝန်ယူသည်။



www.burmeseclassic.com

www.burmeseclassic.com


ယခုလည်း ကန်တောရဆရာတော်ဘုရားကြီးနှင့် တိုက်အုပ်ဆရာတော် ဦးဝိသုတတို့က "ကဲ မောင်သာကိန္န၊ မင်းမျှော်လင့်ထားတဲ့ ပါဠိပါရဂူဘွဲ့နှင့် ဘီအေဘွဲ့တို့ကို အသာထားလိုက်ပါဦး၊ အနာဂတ်သာသနာကို တိုးတက်ပြန့်ပွါးအောင် စွမ်းဆောင်ပေးနိုင် မယ့် ကိုရင်တစ်ပါး မကြာခင် ကန်တောရကို ရောက်လာလိမ့်မယ်၊ ယခု ကန်ရွာအလယ်တန်းကျောင်းမှာ ပညာသင်နေဆဲဖြစ်တဲ့ ကျောင်းသား မောင်သာမောင်ဟာ မကြာခင် ကန်တောရကိုလာပြီး ကိုရင်ဝတ်လိမ့်မယ်။ ကိုရင်သိရိန္ဒ အဖြစ်နဲ့ ကန်တောရမှာ ပညာသင်လိမ့်မယ်၊ အဲဒီ တိပိဋကရေလောင်းလျာဖြစ်တဲ့ ကိုရင်သိရိန္ဒကို မင်းကပဲ တာဝန်ယူလို့ တိပိဋက အခြေခံ ကျမ်းစာများ တတ်မြောက်အောင် သင်ကြားပို့ချပေးပြီးမှ မင်းဆန္ဒအတိုင်း သွားလိုရာသွားနိုင်တယ်" ဟု တာဝန်ပေးအပ်သည့် သဘောမျိုးပင်ဖြစ်သည်။ ဒုတိယ သံဂါယနာတင် ရဟန္တာအရှင်မြတ်ကြီးတို့က အရှင်သိဂ္ဂဝနှင့် အရှင်စန္ဒဝဇ္ဇီ ရဟန္တာ-၂ ပါး တို့ကို မောဂ္ဂလိပုတ္တတိဿအတွက် တာဝန်ပေးသည်နှင့် တူလှသည်။

"ကဲမောင်သာမောင်၊ မင်းကန်တောရတိုက်ထဲ ရောက်လာမယ့်နေ့ကို ငါက ကန်တောရတိုက်ထဲမှာ စာချရင်း 'စောင့်မျှော်နေတယ်"ဟု မပြောသော်လည်း ပြောသကဲ့သို့ပင် ဖြစ်နေသည်။

မောင်သာမောင်သည် ကန်အလယ်တန်းကျောင်း၌ အစိုးရစစ် သတ္တမတန်းကို တစ်ကျောင်းလုံး တစ်ယောက်တည်းအောင်သည်။ မိဘများက ဂန့်ဂေါ်မြို့ အထက်တန်းကျောင်း၌ အထက်တန်း ပညာဆက်သင်နိုင်ရန် စီစဉ်နေကြသည်။ မောင်သာမောင်က အထက်တန်းပညာ ဆက်သင်လိုသည့် ဆန္ဒမရှိ၊ ကိုရင်ဝတ်လိုသည့် ဆန္ဒကသာ ထက်သန်ပြင်းပြနေသည်။

လောကလမ်းသည် အစုန်ခရီးဖြစ်၍ ဓမ္မလမ်းကား အဆန်ခရီးဖြစ်သည်။ မောင်သာမောင်သည် မိဘစကားကို မြေဝယ်မကျ နားထောင်တတ်သူဖြစ်သော်လည်း မိဘလမ်းခင်းထားသည့် အစုန်ခရီးကိုကား မလိုက်လို၊ ကံနှင့်ဉာဏ်က လမ်းခင်းပေးသည့် အဆန်ခရီးကိုသာ လိုက်လိုသည်။ ထို့ကြောင့် ကိုရင်ဝတ်ဖို့သာ စိတ်အားသန်နေသည်။ နောက်ဆုံး၌ ကန်ရွာမှ သူ့ဦးရီးတော် ဦးပြည့်ထွန်း၏ အကူအညီကိုရ၍ မောင်သာမောင်၏ အဆန်ခရီးလမ်းစဉ်က အနိုင်ရသွားသည်။

စာရေးသူသည် "မောင်သာမောင် ကန်ရွာအလယ်တန်းကျောင်း၌ လောကီပညာသင်ယူ နေသည်" ဟုလည်း မသိခဲ့ပါ။ အစိုးရစစ် သတ္တမတန်းကို တစ်ကျောင်းလုံး မောင်သာမောင် တစ်ယောက်တည်း အောင်သည်ဟုလည်း မသိခဲ့ပါ။ မောင်သာမောင် ကန်တောရကျောင်းတိုက်သို့လာ၍ ကိုရင်ဝတ်ကာ အရှင်သိရိန္ဒအဖြစ်ဖြင့် စာရေးသူထံ လောကုတ္တရာပညာ သင်ယူလိမ့်မည်ဟုလည်း ကြိုတင်မသိခဲ့ပါ။ မောင်သာမောင်မှ ရှင်သိရိန္ဒ ရှင်သိရိန္ဒမှ အရှင်သိရိန္ဒ အဆင့်ဆင့်ပြောင်းကာ စာရေးသူထံ တိပိဋက အခြေခံတို့ကို နည်းမှန်၊ လမ်းမှန်၊ စနစ်မှန်ဖြင့် စနစ်ကျကျသင်ယူပြီး၊ မန္တလေး-ရန်ကုန်မြို့ကြီးများသို့သွားကာ တိပိဋကဓရ စာမေးပွဲ အောင်မြင်သည်ထိ စာမေးပွဲအမျိုးမျိုး ကို ဖြေဆိုလိမ့်မည်ဟုလည်း ကြိုတင်မသိခဲ့ပါ။ စာရေးသူ ကန်တောရ၌ ရှိနေခိုက် မောင်သာမောင် ရောက်လာခြင်းသည် ရှေးဘဝက အတူပြုခဲ့သည့် ကုသိုလ်ကံက ဆုံပေးသောကြောင့်သာ ဖြစ်ပေလိမ့်မည်။

မောင်သာမောင်သည် ၁၃၂၂-ခု၊ နယုန်လဆန်း ၇-ရက်နေ့ ကန်တောရသို့ ရောက်လာရာ ထိုနေ့၌ပင် စာရေးသူက မောင်သာမောင်အား စာပေ သင်ပြပို့ချပေးခဲ့ရသည်။

မောင်သာမောင်သည် ၁၃၂၂-ခု၊ နယုန်လဆန်း ၈-ရက်နေ့၌ ပထမ ကန်တောရ ဆရာတော် ဘုရားကြီး ဦးကေတုကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ကိုရင်ဘွဲ့ရှင် သိရိန္ဒ ဖြစ်သည်။ ရှင်သိရိန္ဒအား ၁၃၂၂-ခု၊ နယုန်လဆန်း ၉-ရက်နေ့မှစ၍ ၂-နှစ်ပတ်လုံး တိပိဋက အခြေခံကျမ်းစာများကို သင်ပြပို့ချပေးခဲ့ရသည်။

## ၆။ ဆရာတပည့် ကံ နှင့် ဉာဏ်

တိပိဋကဓရလောင်းလျာ ရှင်သိရိန္ဒသည် စာရေးသူထံ၌ သဒ္ဒါ၊ အဘိဓမ္မာဆိုင်ရာ စာပေတို့ကို စတင်သင်ယူသည်။ အစတွင် အခြားစာသင်သားသံဃာများနှင့်အတူတွဲ၍ စာရေးသူက ပို့ချပေးသည်။ နောက်ပိုင်း၌ ရှင်သိရိန္ဒ၏ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ကောင်းမွန်ပုံကို တွေ့ရ၍ သူ့ကိုငုံ့ပြီး တစ်ပါးတည်း ပို့ချပေးသည်။ အချို့စာဝါကိုသာ ပို၍ ကျေညက်စေရန် အများနှင့်တွဲ၍ သင်ယူစေသည်။


www.burmeseclassic.com

www.burmeseclassic.com


စာရေးသူအနေဖြင့် ရှင်သိရိန္ဒ၁-ပါးအား စာပေပို့ချသင်ပြပေးရသည်မှာ စာလိုက် ပရိသတ် ၁၀၀ ကို ပို့ချပေးရသည်ထက်ပင် အားတက်ဝမ်းမြောက်လှသည်။ ပင်ပန်းရမှန်းပင်မသိ၊ သင်သလောက် တတ်သည်။ ပြသလောက် မြင်သည်။ တိုးပေးသလောက် တက်သည်။ မြှင့်ပေးသလောက် မြင့်သည်။ ထို့ကြောင့် ရှင်သိရိန္ဒ၏ ပညာရေး နှောင့်နှေးမည်စိုး၍ ရက်ပျက် မရှိသလောက် မှန်မှန် ကြိုးစားပို့ချပေးသည်။ သာမန်ကိစ္စဖြင့် ညဥ့်အိပ်ညဥ့်နေ ခရီးသွားအလွန် နည်းသည်။ နည်းနည်းပါးပါး နေမကောင်း မကျန်းမာလျှင်ပင် စာဝါ အပျက်မခံ၊ နောင်တစ်ချိန်တွင် တိပိဋကဓရ ဖြစ်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကြောင့် ချပေးနေခြင်းတော့မဟုတ်၊ မျှော်လင့်တိုင်း ဖြစ်နိုင်သည့်အရာလည်းမဟုတ်၊ ဉာဏ်ထက်သဖြင့် သင်ပြပေးသလောက် အရာရောက်သောကြောင့်သာဖြစ်သည်။

သဒ္ဒါဘက်ဆိုင်ရာ ကစ္စည်း၊ သဒ္ဒါကြီး၊ ရူပသိဒ္ဓိ-ပဒမာလာ-ပုဒ်စစ်-သုတ်စစ်-ဆန်း၊ အဘိဓါန် စသည်တို့ကို လည်းကောင်း၊ အဘိဓမ္မာဘက်ဆိုင်ရာ သင်္ဂဟ-ဋီကာကျော်-ညဝါ စသည်တို့ကို လည်းကောင်း၊ ဝိနည်းဆိုင်ရာ တို့ကို လည်းကောင်း၊ ကဗျာလင်္ကာဆိုင်ရာတို့ကို လည်းကောင်း၊ တစ်ခုပြီး တစ်ခု စုံလင်အောင်သင်ပေးသည်။ အခြားစာသင်သားများ ၄-၅-၆ နှစ်ကျော်ကျော် သင်ရမည့် ပညာရပ်များသည် ရှင်သိရိန္ဒအတွက် ၂-နှစ်သာသင်လိုက်ရသည်။ ကျကျနန ပိုင်ပိုင်နိုင်နိုင် အခြေခံ ရရှိသွားသည်။ ရှေ့ခရီးအတွက် သွားလမ်း ဖြောင့်သွားသည်။

ရှင်သိရိန္ဒသည် စကားနည်းသည်။ အပြောနည်း၍ အလုပ်များသည်၊ စာကိုသာ စိတ်ဝင်စားသည်။ အများနှင့် ရန်ဖြစ်ဖို့မဆိုထားဘိ ဆန့်ကျင်ဘက်တောင် လုံးဝမဖြစ်၊ ရှင်သိရိန္ဒနှင့် မတည့်သူလုံးဝ မရှိ၊ အားလုံးနှင့် အဆင်ပြေအောင်နေတတ်သည်။ စိတ်သဘောထားပြေပြစ်သည်။ အရာရာမှာ ကိုယ်ကသာ အနစ်နာခံ တတ်သည်။ ထို့ကြောင့် အထက်ဆုံး ဆရာတော်ကြီးကအစ အောက်ဆုံး ကိုရင်လေး ကျောင်းသားလေးထိ ရှင်သိရိန္ဒကို ချစ်ခင်မြတ်နိုး တန်ဖိုးထားကြသည်။ အပြစ်တစ်စုံတစ်ခုကြောင့် ပြစ်ဒဏ်ပေးရသည်ဟု လုံးဝမရှိ။

ရှင်သိရိန္ဒသည် စာလည်းတော်သည်။ အနေအထိုင်လည်းကောင်းသည်။ ဣန္ဒြေရရ သိက္ခာရှိရှိသာ ပြောဆိုနေထိုင်သွားလာ လုပ်ကိုင်ဆောင်ရွက်တတ်သည်။ ကျောင်းဝေယျာဝစ္စလည်း မလစ်ဟင်းစေရ၊ မည်သည့်အချိန်၌ မည်သည့်အလုပ်ကို ပြီးအောင်လုပ်ရမည်ဟု ဆရာသမားက သတ်မှတ်၍ ခိုင်းလျှင်လည်း အတိအကျ ပြီးအောင် လုပ်တတ်သည်။

ကိုရင်သိရိန္ဒသည် စာပေအလုပ်ကို အထူးစိတ်ဝင်စားသည်။ တစ်နေ့လုံး မည်သူနှင့်မျှ စကားမပြောဘဲ စာပေအလုပ်ထဲ၌ စိတ်ကို နှစ်မြှုပ်ထားနိုင်သည်။ ကလေးမြို့မှ ရှင်သိရိန္ဒ၏ ပညာသင်ဘက် ဒကာ တစ်ယောက်က "ကန်တောရမှာ အတူစာသင်တုန်းက တစ်နေ့လုံး အခြားပုဂ္ဂိုလ်များနှင့် စကားမပြောဘဲ စာတစ်ခုတည်း အာရုံထားနေနိုင်တာကိုပဲ တပည့်တော် တိပိဋက ယော ဆရာတော်ကို ကြည်ညိုလှပါပြီ ဘုရား" ဟု စာရေးသူကို လျှောက်ဘူးသည်။

## ၇။ သင့်ရာပို့အပ် ဆရာ့ဝတ်

ရှင်သိရိန္ဒသည် ၁၃၂၄-ခု၊ ကဆုန် လဆုတ် ၈-ရက် စနေနေ့၌ တတိယ ကန်တောရ ဆရာတော် ဦးဝိသုတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည်။ ရဟန်းခံ ကိစ္စပြီးမြောက်အောင် စာရေးသူကပင် အစအဆုံး ကြီးကြပ်ဦးဆောင်စီမံပေးရသည်။

ရှင်သိရိန္ဒသည် ရဟန်းလည်းဖြစ်ပြီ။ မိမိထံပညာသင်၍ ၂-နှစ်လည်းပြည့်ပြီ။ ပထမကြီးတန်း ဖြေဆိုနိုင်လောက်သည်ထိ ပရိယတ္တိပညာအရည်အချင်းလည်း ပြည့်စုံနေပြီ။ ဂန့်ဂေါမြို့၌ ပါဠိပထမ ပြန်စာဖြေဌာနမရှိ၍ မည်သည့်စာမေးပွဲကိုမျှ မဖြေဆိုရသေး၊ တပည့်ကို သင့်ရာပို့အပ်ရမည့် ဆရာ့ဝတ္တရားက ရှိလာသည်။

ထို့ကြောင့် အရှင်သိရိန္ဒကို "ကဲ- ဦးသိရိန္ဒ လောကမှာ ဂုဏ်မရှိရင် လူရောရှင်ပါ မလေးစားဘူး၊ ဂုဏ်ရှိမှတန်ဖိုးထား လေးစားကြတယ်၊ ဂုဏဝန္တေပသန္တိဇနာ-လို့ ဆိုတဲ့အတိုင်း ဂုဏ်ရှိမှ အများက အသိအမှတ်ပြုကြတယ်၊ နောက်တောင်ကျနေပြီ၊ လူကိုမစောင့်တဲ့ အချိန်တွေ သိပ်နှမြောစရာကောင်းတယ်၊ ဒါ့ကြောင့် မန္တလေးမြို့ကိုသွားပြီး စာမေးပွဲဆိုင်ရာ စာပေကျမ်းဂန်တွေကို ဆက်သင်ယူပါ၊ စာမေးပွဲဖြေဖို့ အချိန်ရောက်နေပြီ၊ ယခုမကြာခင်မှာပဲ မြို့ကို ပို့အပ်ပေးတော့မယ်" ဟု ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com


အရှင်သိရိန္ဒက သူ့မိဘဆွေမျိုးများထံ ထိုအကြောင်းကို ပြောပြသောအခါ "ကန်တောရမှာ တစ်ဝါဆိုပြီးမှ ကြွပါ" ဟု ပြောကြသည်ဆို၏။ စာရေးသူက သူတို့ကိုခေါ်ပြီး အကြောင်းအကျိုးပြ ပြောပေးလိုက်တော့မှ ကျေနပ်စွာ ခွင့်ပြုလိုက်ကြတော့သည်။

၁၃၂၄-ခု၊ နယုန်လမှာပင် အပ်စာကို သေချာစွာရေး၍ ညီတော်သူဦးပဏ္ဍိစ္စ အကူအညီဖြင့် တပည့်ဦးသိရိန္ဒကို မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ပို့အပ်လိုက်သည်။ ဆရာတပည့် မခွဲခွါလိုသော်လည်း တပည့်၏ ရှေ့ဆက်ရမည့် ပညာရေးကိုငဲ့၍ ပို့လိုက်ရသည်။

## ၈။ အချိန်မီအောင် သတိဆောင်

တစ်ချို့ တောရွာကျောင်းဘုန်းကြီးများသည် စာတော်၍လိမ္မာသော ကိုယ့်တပည့်တို့ကို အဝေးသို့ ပညာသင်မပို့လိုကြပါ။ အနီးအနားမှာအမြဲထား၍ ကိုယ့်ဝတ်ကြီးဝတ်ငယ်ကိုသာ ပြုလုပ်နေစေလိုသည်။ တပည့်အပေါ် ခင်တွယ်သဖြင့် မခွဲခွါလိုကြ၊ ထိုအပြုအမူသည် ဆရာ့ဝတ်မကျေရုံသာမက တပည့်ကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်သွားတတ်သည်။ အညွန့်တလူလူ တက်နေသော တပည့်၏အညွန့်ကို ချိုးဖဲ့ဖျက်ဆီးပစ်သလိုလည်း ဖြစ်သွားတတ်သည်။ အထူးသတိပြုရန် လိုအပ်မည် ဖြစ်ပါသည်။

စာရေးသူ မိမိကိုယ်တိုင်ပင် ကန်တောရ၌ ပညာသင်ကြားနေစဉ်က အခြေခံကျမ်းစာများသာမက ပါဠိတော် အဋ္ဌကထာကျမ်းအချို့ကိုပင် သင်ကြားထားပြီးဖြစ်၍ စာမေးပွဲဖြေဆိုရန် အခြေခံအရည်အချင်းများ ပြည့်စုံလုံလောက်ပြီးဖြစ်ပါလျက် ဆရာတော်များက အချိန်မီ သွားခွင့်မပြုကြသဖြင့် များစွာ နောက်ကျခဲ့ရပါသည်။

ကိုရင်ဘဝ ၁၈-နှစ်သားအရွယ်က မြို့သွားပညာသင်ရန် လျှောက်ဘူးပါသည်။ မရပါ၊ ခွင့်မပြုပါ၊ နောက်ကျမှ မြို့သို့ရောက်သွားသဖြင့် ဓမ္မာစရိယပြီးချိန်လည်း နောက်ကျ၍ သကျသီဟ စေတိယင်္ဂဏစာမေးပွဲ ဖြေဆိုခွင့်လည်း လက်လွတ်ဆုံးရှုံးနစ်နာသွားရပါသည်။ သကျသီဟ စေတိယင်္ဂဏ စာမေးပွဲမှာ အသက် အကန့်အသတ်ဖြင့်သာ ဖြေဆိုရသည်။

ဆရာသမားတို့မည်သည် ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်သော တပည့်တို့ကို အခါမလင့် နောက်မကျစေဘဲ သင့်လျော်ရာပို့အပ်ပြီး ပညာသင်စေရပါမည်။ ပညာသင်၍ အဆင်ပြေအောင် ပစ္စည်းဖြင့်လည်း ကူညီထောက်ပံ့ပေးဖို့ လိုအပ်မည်ဖြစ်ပါသည်။ အဝေးမှနေ၍ မကြာမကြာ စာရေး၍ သွန်သင်ဆုံးမပေးဖို့လည်း လိုအပ်ပါလိမ့်မည်။ အနည်းဆုံး သတိတော့ ပေးနေရမည်ဖြစ်သည်။

ယခုလည်း စာရေးသူသည် ပညာအညွန့် တစ်လူလူတက်နေသော တပည့် အရှင်သိရိန္ဒကို မိမိကဲ့သို့ အချိန်နောက်မကျစေလို၍ ရဟန်းဖြစ်၍ တစ်လမပြည့်မီမှာပင် မန္တလေးသို့ ပညာသင်ရန် ပို့လွှတ်လိုက်ပြီးပါပြီ။

စာရေးသူလည်း ကန်တောရကျောင်းတိုက်၌ ၅-နှစ်ပတ်လုံး စာသင်သားသံဃာများအား မိမိ ကျန်းမာရေးကိုပင် အရေးအတွက်မထားနိုင်တော့ဘဲ နေ့ညမစဲ နေ့စဉ် စာဝါ ၆-ဝါ၊ ၇-ဝါ ပို့ချသင်ပြပေးခဲ့ ရသည်။ တစ်ဖြည်းဖြည်း ကျန်းမာရေး ချို့တဲ့လာသည်။ ထို့ကြောင့် အသက်ကို ဉာဏ်စောင့်သည့်သဘောဖြင့် တပည့်အရှင်သိရိန္ဒကို စောင့်ရှောက်သင်ပြပေးရမည့်တာဝန်လည်း ပြီးဆုံးပြီဖြစ်၍ ရန်ကုန်သို့ ပြောင်းရွှေ့ကာ ဆေးကုသခံယူရာ နှစ်အနည်းငယ်အတွင်းမှာပင် ရောဂါ ရှင်းရှင်းပျောက်၍ ကျန်းမာသွားပါသည်။

၎င်းနောက် အကြောင်းအားလျော်စွာ ဇလွန်မြို့ တစ်ဖက်ကမ်း အေးရွာ ဒကာဒကာမများ၏ ပင့်လျှောက်ချက်အရ အေးရွာတောင်ကျောင်းကြီးသို့ရောက်ရှိကာ သီတင်းသုံးနေထိုင်လျက် တတ်စွမ်းနိုင်သလောက် သာသနာပြုနေခဲ့ရာ ယနေ့ထိပင်ဖြစ်သည်။ အေးရွာနှင့် ရွာကန်လှရွာသည် နှစ်ရွာတစ်ရွာ အတူတူပင်ဖြစ်ရကား နောက်ပိုင်းတွင် အေးရွာတောင်ကျောင်း၌တပည့်ကိုထားခဲ့၍ မိမိက ရွာကန်လှရွာကျောင်းသို့ ပြောင်းရွှေ့နေထိုင်သာသနာပြုခဲ့သည်။ ယခုအခါ ရွာကန်လှရွာ ကျောင်း၌ပင် နေထိုင်ဆဲဖြစ်သည်။

## ၉။ ဆရာ့ကျေးဇူး တပည့်ထူး

တိပိဋကလောင်းလျာ အရှင်သိရိန္ဒသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် ရန်ကုန်မြို့ ဗဟန်းမဟာဝိသုဒ္ဓါရုံတိုက်သစ်တို့၌ နေထိုင်လျက် စာမေးပွဲဆိုင်ရာကျမ်းစာတို့ကို သင်ကြားအားထုတ်သည်။


www.burmeseclassic.com

www.burmeseclassic.com


၁၃၂၄-ခု မှ ၁၃၄၆-ခုထိ မိမိလက်အောက် စာသင်သားသံဃာများအား စာသင်ပြ ပို့ချပေးရင်း ကြိုးစားလာခဲ့ရာ ပထမငယ်မှ အစပြုကာ အဆင့်အမြင့်ဆုံး၊ အထက်တန်း အကျဆုံး၊ အခက်ခဲဆုံး၊ အကြီးကျယ်ဆုံး ပိဋက ၃-ပုံ နှုတ်ငုံဆောင် စာမေးပွဲကြီးပြီးဆုံးသည်ထိ တစ်ခုပြီးတစ်ခု အရှိန်အဟုန်မပျက် မြင့်တက် အောင်မြင်လာခဲ့သည်။

အရှင်သိရိန္ဒသည် ကန်တောရကျောင်းတိုက်၌ ၂-နှစ်တိတိနေထိုင်စဉ်ကပင် ဆရာသမားများ၏ စည်းကမ်းတကျ ပိပိရိရိ သေသေသပ်သပ် ထိန်းသိမ်းစောင့်ရှောက် ဆုံးမသွန်သင်မှုကို နှံ့နာအောင်ရရှိခဲ့သဖြင့် မြို့ကြီးများသို့ ရောက်သွားသည့်အခါ၌လည်း ကိုယ့်ဟာကိုယ် ထိန်းသိမ်းနေထိုင်တတ်သည်။ စိတ်မလေရအောင် စိတ်သွားတိုင်း ကိုယ်မလိုက်ပါမိအောင် ဆရာသမားနှင့်အတူ နေရသကဲ့သို့ပင် မတိမ်းစောင်းအောင် ထိန်းကျောင်းတတ်သည်။

တပည့်ကောင်းဖြစ်မှ ဆရာကောင်း ဖြစ်နိုင်သဖြင့် တပည့်ကောင်းဖြစ်အောင် နေထိုင်ကျင့်သုံးသူသည်-

(၁) ကြီးပွါးတိုးတက်ကြောင်း နည်းလမ်းကောင်းကို လက်ခံနိုင်ရမည်။

(၂) အထိန်းကောင်းရှိရမည်၊ ကိုယ့်ဟာကိုယ်မတိမ်းစောင်းအောင် ထိန်းကျောင်းနိုင်ရမည်။

(၃) တွန်းအားကောင်းရှိရမည်၊ ကိုယ့်ဟာကိုယ်အချိန်မီပြီးအောင် တွန်းပေးတတ်ရမည်။

(၄) လမ်းညွှန်ကောင်းရှိရမည်၊ ကိုယ့်ဟာကိုယ် လမ်းညွှန်တတ်ရမည်၊ အရာရာကြည့်ရှု သုံးသပ် ဆုံးဖြတ်တတ်ရမည်။

အရှင်သိရိန္ဒသည် ထိုအရည်အချင်းစွမ်းအားကို ရနိုင်အောင် ကြိုးစားသူဖြစ်သည်။

အရှင်သိရိန္ဒ၏ ဦးရီးတော်ဦးပြည့်ထွန်း ပြောပြချက်အရ "မောင်သာမောင်သည် ငယ်စဉ်ကစ၍ အေးဆေးတည်ငြိမ်ကြောင်း ရှက်တတ် ကြောက်တတ်ကြောင်း၊ စကားနည်းကြောင်း၊ ပတ်ဝန်းကျင်နှင့် မဆန့်ကျင်အောင် နေထိုင်တတ်သဖြင့် ဆွေမျိုးရော တစိမ်းပါ အားလုံးက မောင်သာမောင်ကို ချစ်ခင်ကြကြောင်း၊ အလိုက်သိတတ်ကြောင်း" သိရသည်။

အရှင်သိရိန္ဒအား ကျောင်းသားဘဝက ပညာသင်ပေးခဲ့ရသည့် ကန်အလယ်တန်းကျောင်း ဆရာဦးသိန်းမော် ပြောပြချက်အရ "မောင်သာမောင်သည် ကျောင်းကို မှန်မှန်ရောက်တတ်ကြောင်း၊ မည်သည့်အခါမျှ ကျောင်းနောက်ကျလေ့မရှိကြောင်း၊ လူငယ်နှင့်မလိုက်အောင်တော်ကြောင်း၊ ဣန္ဒြေသိက္ခာဖြင့်သာ နေတတ်၍ စကားလည်းနည်းကြောင်း၊ ကျောင်းရောက်လျှင်လည်း အချိန်မဖြုန်းဘဲ ကိုယ့်နေရာကိုယ်ထိုင်နေပြီး စာဖတ်၍သာ နေလေ့ရှိကြောင်း၊ စာမသိမရှင်း၍ အခြားကျောင်းသူ၊ ကျောင်းသားများက မေးလျှင်လည်း စိတ်ရှည်လက်ရှည် နားလည်အောင် ပြောပြတတ်ကြောင်း၊ အများနှင့် အရောတဝင် ရှုပ်ရှက်ခတ် မနေတတ်ကြောင်း၊ အများနှင့် မဆန့်ကျင်အောင် လိုက်လျောညီထွေနေတတ်သဖြင့် ဆရာ၊ ဆရာမ ကျောင်းသူ၊ ကျောင်းသား အားလုံးက ချစ်ခင်ကြကြောင်း၊ ကျောင်းစည်းကမ်းကို အတိအကျ လိုက်နာတတ်ကြောင်း၊ ဆရာသမားကို မည်သည့်နေရာ၌တွေ့တွေ့ အလွန် လေးစားတတ်ကြောင်း" သိရသည်။

အရှင်သိရိန္ဒသည်-

(၁) အတိတ်ကံကောင်း အရင်းအနှီးပါလာသည်။

(၂) တိုးတက်နိုင်မည့်နေရာကောင်းကို အဆင့် ဆင့်ရောက်သွားသည်။

(၃) အရည်အချင်းရှိသော မိဘ ဆရာသမား ဟူသော အမှီကောင်းကိုရသည်။

(၄) ကိုယ့်ဟာကိုယ်မတိမ်းစောင်းအောင် ထိန်း ကျောင်းတတ်သည်။

ဤစက်၄-ပါး အဆက်မပြတ် လည်ပတ်နိုင်သောကြောင့်သာ ရည်မှန်းချက်ပန်းတိုင် ရောက်သွားခြင်း ဖြစ်သည်။

ပါဠိပါရဂူ-ဘီအေ-ဟူသော စာရေးသူဆက်လက်၍ အရယူရန် ရည်မှန်းထားသောဘွဲ့များကို တပည့်ဖြစ်သူ ယောဆရာတော်အရှင်သိရိန္ဒာဘိဝံသရရှိသွားသည့် တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိကစသော



www.burmeseclassic.com

www.burmeseclassic.com


အံ့ဖွယ် ချီးကျူးဘွဲ့ဂုဏ်ထူးတို့နှင့် အလဲအလှယ်ပြုလုပ်ပေးလိုက်ရခြင်းမျိုးဖြစ်သဖြင့် စာရေးသူမှာ အေးမြကြည်နူး ပီတိမြူးလျက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မဆုံး ဖြစ်ရပါတော့သည်။ တပည့်အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ ကူညီခဲ့ရသော မိမိ၏စွမ်းဆောင်ချက်မှာ စောစောက မဖြစ်စလောက် မပြောပလောက်ဟု မှတ်ထင်ခဲ့သော်လည်း ယခုမှ ကြီးမားလှသော အင်အားဖြစ်ကြောင်း သိရသဖြင့် ပို၍ဝမ်းမြောက်မိပါသည်။

တိပိဋကယောဆရာတော် အရှင်သိရိန္ဒာဘိဝံသသည် မိဘတို့အတွက် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့ ဖြစ်သကဲ့သို့ ဆရာသမားအတွက် တန်ဖိုးမဖြတ်နိုင်သော ရဟန်းမြတ်တစ်ပါး ပတ္တမြားတစ်ပွင့် ဖြစ်ခဲ့လေပြီတကား။

"အားလုံးချမ်းသာကြပါစေ"

အရှင်သာကိန္ဒ
သာသနဓဇသိရီပဝရ ဓမ္မာစရိယ
ရွာကန်လှကျောင်း၊
ရွာကန်လှရွာ၊ဇလွန်မြို့နယ်။
၁၃၆၇-ခု ၊ နတ်တော်လ
( ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ )


www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကရေ မွေလက်ဆောင် (၃၂)

## မေတ္တာနှလုံး အလှဆုံး

## [မေတ္တာသုတ်]

## နမော မေတ္တာသီတလဟာဒယဿ

### ၁။ မေတ္တာနှလုံး အလှဆုံး

မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊ မာနသံဘာဝယေ အပရိမာဏံ။

**ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရမသပတ္တံ။**

**(မေတ္တသုတ်)**

- **ဤသာသနာ၊ ငြိမ်းချမ်းစွာ၊ ကမ္ဘာကြီးကို လှစေသည်။**
- **မြန်မာ၌သာ၊ သာသနာ၊ ခိုင်မာပြည့်စုံသည်။**
- **ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊ ဂုဏ်ရည်ကြွယ်၊ ခန့်ထည်(ထယ်) မြန်မာပြည်။**
- **မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရွှင်ပြုံးကြည်သာ၊ တို့မြန်မာ၊ ကမ္ဘာကပင် မော်ကြည့်သည်။**
- **ဗုဒ္ဓမြတ်စွာ၊ သာသနာကြောင့်၊ ကမ္ဘာလည်းလှ၊ လူလည်းလှ၊ အေးမြချမ်းသာသည်။**
- **စိတ်ဓာတ်ကြည်လင်၊ ကောင်းတာမြင်၍၊**
- **မိခင်စိတ်ထား၊ မေတ္တာပွား၊ ထူးခြားလူ့စွမ်းရည်။**
- **ကျယ်ပြန့်မြင့်မြတ်၊ မကန့်သတ်ဘဲ၊ ဒေါသစဲ၊ ဆင်းရဲဘေးရန်ကင်းဝေးသည်။**
- **ဒါန သီလာ ဘာဝနာ၊ မေတ္တာပါမှခိုင်မာသည်။**
- **မေတ္တာနှလုံး၊ အလှဆုံး၊ ရွှင်ပြုံးအေးချမ်းသည်။**

မိမိတို့အားလုံး စိတ်ဓာတ်ရွှင်လန်း လူ့စွမ်းရည်ထုတ် ကုသိုလ်လုပ်နိုင်ကြတာဟာ တကယ်တော့ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံခွင့်ရနေလို့ပါ။ ဗုဒ္ဓသာသနာဟာ ကမ္ဘာလောကကြီးကို ငြိမ်းချမ်း စွာ အလှဆင်ပေးဖို့ ပေါ်ပေါက်လာတာဖြစ်တယ်၊ သာသနာဟာ မြတ်ဗုဒ္ဓရဲ့ မေတ္တာနှလုံးသားမှ ပေါ်ထွက်လာခဲ့ပြီး ယနေ့ထိ မေတ္တာရှင်တို့ရဲ့ မေတ္တာနှလုံးသားအဆက်ဆက် ဖြတ်သန်းလာခဲ့ရတဲ့ မေတ္တာလမ်းစဉ်ပါ။ မေတ္တာနှလုံးဟာ အလှဆုံးပါ။ အပြန်အားဖြင့် ဒေါသနှလုံးဟာ အဆိုးဆုံးပါ။ ဒေါသဟာ အကြီးမားဆုံးခွဲအား၊ နှစ်ယောက်တည်းတောင်ခွဲပစ်တယ်၊ မေတ္တာက အကြီးမားဆုံး ဆွဲအား၊ အများကြီးကို စုစည်းနိုင်တယ်။

မေတ္တာသာသနာဟာ ကမ္ဘာကို ငြိမ်းချမ်းစွာ အလှဆင်ပေးတယ်၊ ဘယ်သူ့ကိုမှ တာဝန်အပို မတက်စေပါဘူး၊ သာသနာနှင့် ထိတွေ့ခွင့်ရသူအားလုံးကို ငြိမ်းချမ်းသွားစေတာချည်းပဲ၊ လူတစ်ယောက်ထံ သာသနာပြန့်သွားရင် လူတစ်ယောက်ငြိမ်းချမ်းတယ်၊ မိသားတစ်စုထံ သာသနာ ပြန့်သွားရင် မိသားတစ်စု ငြိမ်းချမ်းသွားမယ်၊ သာသနာပြန့်ပွားသလောက် ငြိမ်းချမ်းရေးနယ်ပယ် ကျယ်ဝန်းသွားနိုင်တယ်။

တစ်ကမ္ဘာလုံးခြုံကြည့်ရင် ထေရဝါဒသက်သက် သန့်သန့်ရှင်းရှင်း ပြည့်ပြည့်စုံစုံ သာသနာကို ထိန်းသိမ်းထားနိုင်တာဟာ မြန်မာတစ်နိုင်ငံတည်းပဲရှိပါတယ်၊ သဒ္ဓါ၊ မေတ္တာ၊ ပညာဆိုတဲ့ သာသနာပြု ခွန်အားသုံးခုနဲ့ ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းနေတဲ့ကြောင့်ပါ၊ အချို့ ထေရဝါဒနိုင်ငံတွေမှာ သာသနာထဲ လောကီတွေ အများကြီး ရောနှောကုန်ကြပြီ။

မေတ္တာတရားနဲ့ ပေါင်းစုစောင့်ရှောက်မှုကြောင့် တစ်ကမ္ဘာလုံး မြန်မာမှာသာ သာသနာ အပြည့်စုံဆုံး အခိုင်မာဆုံးပါ။ တရားငတ်နေတဲ့ ကမ္ဘာသူ ကမ္ဘာသားတွေအတွက် ဖြန့်ဝေပေးရလောက်အောင် ပြည့်စုံပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံခြားသားတွေက ပြောကြတယ်၊"တရားဟာ မြန်မာ့ထွက်ကုန်" တဲ့၊"သတိပဋ္ဌာန် ဝိပဿနာတရားဟာ မြန်မာ့ထွက်ကုန်ပစ္စည်း"တဲ့၊ ဒီထွက်ကုန်တွေ အဆက်မပြတ်ဖို့ စာချ-စာသင်-ချီးမြှောက်သူ၊ သံဃာ-လူ-အုပ်ချုပ်သူဆိုတဲ့ မေတ္တာပန်းသုံးပွင့်ပုံစံနဲ့ စာသင်တိုက်ကြီးတွေ ရပ်တည်နိုင်အောင် အားပေးချီးမြှောက် စောင့်ရှောက်နေကြရတာ ဖြစ်တယ်။

သာသနာနဲ့ပတ်သက်လို့ ဂုဏ်ယူစရာ အကောင်းဆုံးကတော့မြန်မာပါ။ ဗုဒ္ဓသာသနာကြောင့် မြန်မာကို ကမ္ဘာက မော်ကြည့်နေတာ၊ သာသနာကြောင့် မြန်မာလှတာပါ။ မြန်မာတွေအားလုံး ဗုဒ္ဓသာသနာ ရတနာကြောပေါ် ရောက်နေကြတယ်၊ အလုပ်လုပ်ဖို့ပဲလိုတယ်၊ နိဗ္ဗာန် မဂ်ဖိုလ်ထိတောင် အာမခံ တာဝန်ယူထားတဲ့ သာသနာပဲ။ လောကီကောင်းကျိုးရဖို့လောက်တော့ အသာလေးပေါ့၊ သီလဆိုတဲ့ ကိုယ်နှုတ် စည်းကမ်း၊ သမာဓိဆိုတဲ့ စိတ်စည်းကမ်း၊ ဝိပဿနာပညာ ဆိုတဲ့ အသိစည်းကမ်းသုံးချက်အတိုင်းသာ လိုက်နာဆောင်ရွက် လုပ်ကိုင်နိုင်ကြရင် လောကုတ်၊ လောကီ ကောင်းကျိုးအစုံရဖို့ သေချာပေါက်ပါ။

ပင်ကိုယ်အကျည်းတန် အရုပ်ဆိုးသူတွေတောင် သာသနာနဲ့တွေ့သွားရင် လှပထည်ဝါ ကျက်သရေ ရှိသွားတာချည်းပဲ။ ဗုဒ္ဓသာသနာဟာ ကမ္ဘာကိုရော လူကိုပါအလှဆင်ပြီး အေးမြသာယာ ချမ်းသာစေပါတယ်၊ လူလှမှလည်း ကမ္ဘာက လှမှာပါ။ မေတ္တာသာသနာထဲကနေပြီး အသိနည်း၊ အကျင့်နည်းတွေနဲ့ မေတ္တာဓာတ်တွေ ကူးယူနေကြရမှာပါ။ ကိုယ့်နှလုံးသားမှာ မေတ္တာထုံနေအောင် လေ့ကျင့်ဖို့လိုမယ်။ လူဆိုတာ အကောင်းဓာတ်နဲ့တကယ်တွေ့သွားရင် သူ့ကျိုး ကိုယ်ကျိုး အစုံတိုး အောင် စွမ်းဆောင်ပေးနိုင်သည်ထိ တကယ်စွမ်းပါတယ်။ သတိ ဉာဏ် အမြဲလိုအပ်မယ်ပေါ့။

မေတ္တာဆိုတာ တစ်ယောက်တည်းသော သားရင်းအပေါ် အသက်နှင့်ထပ်တူ ချစ်ခင်စောင့်ရှောက်နေတဲ့ မိခင်ရဲ့စိတ်မျိုး ကိုယ့်မှာဖြစ်ပေါ်တိုးပွားအောင် ထပ်တစ်လဲလဲ လေ့ကျင့်နေရတဲ့ အလုပ်ပါ။ ခွင့်လွှတ်မှုနဲ့ ကောင်းကွက်ကို ရှုမြင်တတ်မှုကလည်းအားကောင်းမှ စိတ်ထဲမှာ မေတ္တာ နေရာရနိုင်ပါတယ်။ မိခင်ကိုပဲ ကြည့်ပါ။ သားသမီးအပေါ် အားလုံးခွင့်လွှတ်တယ်၊ ကောင်းကွက်ကို ရှာပြီး အမြဲချစ်တယ်၊ ရင်ခွင်ပေါ်မှာ ချီထား၊ သိပ်ထားတုန်း သားသမီးငယ်က အညစ်အကြေးတွေ စွန့်ပစ်လိုက်တာတောင် မိခင် အပြုံးမပျက်ဘူး။ နည်းနည်းမှ အချစ်ပြယ်မသွားဘူး။ ခါတိုင်းထက် အချစ်သာတိုးနေတတ်တယ်၊ ကိုယ်လည်း ဒီလို အရည်အသွေးပါတဲ့ မေတ္တာစိတ်နဲ့ သတ္တဝါတွေကို ချစ်တတ်အောင် လေ့ကျင့်ရမယ်၊ တစ်သံသရာလုံးခြုံကြည့်ရင် သတ္တဝါအားလုံးဟာ ကိုယ့်ရဲ့ သားသမီးဟောင်းတွေချည်းပဲ။

မေတ္တာပွားဖန်များရင်-

(၁) စိတ်ထားကျယ်ပြန့်လာရတယ်။

(၂) မြင့်မြတ်တဲ့စိတ် ဖြစ်ပေါ်တိုးပွားလာရတယ်။

(၃) ခွဲခြမ်းခွဲခြမ်းမလုပ်ပဲ ကန့်သတ်ချက်ဘောင် တစ်စတစ်စ ကင်းသွားရတယ်။

(၄) သူများအပေါ်ဒေါသရန်စိတ်တွေ မုန်းတီးစိတ်တွေ ကင်းစင်သွားတယ်။

(၅) စိတ်ဆင်းရဲမှုတွေလဲကင်းသွားတယ်။

သူများတွေကကိုယ့်ကို ရန်မလုပ်နိုင်အောင် အရည်အသွေးတွေလည်း တက်လာတယ်။ အဲဒါ မေတ္တာဂုဏ်ရည်ပဲ။

မေတ္တာပါမှ ဒါနလည်း စွမ်းအားတိုးတက် လေးနက်တယ်။ ကိုယ့်ပစ္စည်းကြောင့် သူချမ်းသာပါစေဆိုတဲ့ စိတ်ကောင်းတွေ မွမ်းထုံပေးနိုင်ရင် ဒါနအကျိုးပေး သိပ်ထက်သန်သွားမယ်ပေါ့။ သီလလည်း ခိုင်မြဲတယ်၊ ကိုယ့်ကြောင့် ဘယ်သူမှ ဒုက္ခမရောက်စေရဘူး၊ အားလုံးချမ်းသာစေရမယ်ဆိုတဲ့ စိတ်ကောင်းရှိနေရင် သီလဟာ အလိုအလျောက် ပြည့်စုံလုံခြုံနေပြီပေါ့။ မေတ္တာ ကြိုတင်ပို့ထားမှုပဲ ဘာဝနာလည်း အနှောင့်အယှက်ကင်းပြီး တိုးတက်အောင်မြင်တယ်။ ဘာမဆို မေတ္တာပါမှပဲ အဆင်ပြေပါတယ်။

လူဆိုတာ တစ်ယောက်တည်းချည်းနေရတာမဟုတ်ဘဲ အများနဲ့လည်း တွဲတွဲနေရတာဖြစ်လို့ မေတ္တာကိုင်မှ အများနဲ့အဆင်ပြေပြီး ပျော်ရွှင်အေးချမ်းမှာပါ။ တစ်ယောက်တည်း တည့်အောင် သတိကိုသုံးပေါ့၊ အများနဲ့တည့်ဖို့


www.burmeseclassic.com

www.burmeseclassic.com


မေတ္တာကို ကိုင်ရုံပေါ့၊ ဒါဆိုနေပျော်ပါတယ်။ မေတ္တာလိုချင်ရင် ခန္တီနဲ့ အမာခံ တည်ဆောက်ရတယ်၊ ဥပေက္ခာနဲ့လည်း ဘောင်ခတ်တတ်ရတယ်၊ ဒါမှ တိုးတက်မှာပဲ။

## ၂။ မေတ္တာမခြုံ အားမစုံ

- ရှိသင့်သည်များ၊ ရှိပါငြားလည်း၊ စွမ်းအားမေတ္တာ၊ ကင်းစင်ကွာ၊ ချမ်းသာမပြည့်ဝ။
- စည်းစိမ်ဥစ္စာ၊ ပေါများပါလည်း၊ မေတ္တာစွမ်းအင်၊ မပွားလျှင်၊ ဆန့်ကျင်ဖက်သာ လုပ်လိုကြ။
- ရာထူးဂုဏ်သိန်၊ အရှိန်အဝါ၊ ကြီးမားပါလည်း၊ မေတ္တာစွမ်းအင်၊ မပွားလျှင်၊ ဆန့်ကျင် မုန်းတီးကြ။
- သိက္ခာသုံးဖြာ၊ ဖြည့်ကျင့်ပါလည်း၊ မေတ္တာစွမ်းအင်၊ မပွားလျှင်၊ ဆန့်ကျင်နှောင့်ယှက်ကြ။
- မေတ္တာမခြုံ၊ အားမစုံ၊ အကုန်ကြောက်လန့်ရ။
- မေတ္တာတရား၊ အစဉ်ပွား၊ စွမ်းအားတိုးတက်ရ။
- ရန်သူကပင်၊ အကျွမ်းဝင်၊ ချစ်ခင်လေးစားရ။
- ကိုယ်ကချစ်မှ၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ ကေန်တုန့်ပြန်ကြ။
- မေတ္တာနှလုံး၊ အလှဆုံး၊ ရွှင်ပြုံးအေးချမ်းရ။

လူမှာ စည်းစိမ်ဥစ္စာ ရာထူးဂုဏ်သိရ်စတဲ့ ရှိသင့်တာတွေ ဘာတွေပဲရှိရှိ မေတ္တာမပွားရင် လူ့ချမ်းသာ မပြည့်စုံပါဘူး၊ ဆန့်ကျင်ဘက်လုပ်ချင်သူတွေ, မုန်းတီးသူတွေရှိနေတတ်ကြတယ်။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး ဖြည့်ကျင့်နေတာတောင်မှ မေတ္တာမပွားရင် နှောင့်ယှက်သူ ရှိတတ်သေးတာပဲ။ မေတ္တာသုတ်မှာ လာတဲ့ ရဟန်း ၅၀၀ ဟာ စောစောကမေတ္တာမပို့ပဲ တရားအားထုတ် မိကြလို့ နတ်တွေနှောင့်ယှက်တာ ခံကြရတယ်၊ အလုပ်မဖြစ်ကြလို့ တောထဲက ထွက်ခွာသွားကြရတယ်ပေါ့။ ဘုရားထံက မေတ္တာနည်းကို ရလို့ မေတ္တာပို့တော့မှ အလုပ်ဖြစ်သွားကြတာပါ။ မေတ္တာပို့မှ လူ့စွမ်းအားစုံပါတယ်။ ဖွံ့ဖြိုး တိုးတက်ပါတယ်။

မေတ္တာမခြုံရင် အားမစုံဘူး၊ မေတ္တာခြုံမှလုံတယ်၊ မေတ္တာရှင်ကို ရန်သူကတောင် ချစ်ကျွမ်းဝင်ရ လေးစားရပါတယ်။ မုန်းနေတဲ့ ရန်သူကို ချစ်အောင်လုပ်နည်းက မေတ္တာတစ်ခုပဲ ရှိတာပါ၊ မေတ္တာဟာ အသွားရှိသလောက် အပြန်လာပါတယ်။

အလုပ်ဆိုတာ နည်းမှန်လမ်းမှန် တကယ်လုပ်မှ အကျိုးရှိနိုင်ပါတယ်။ မေတ္တာလည်း အလုပ်ဆိုတော့ စည်းကမ်းမူရှိပါတယ်။

(၁) မေတ္တာခံပုဂ္ဂိုလ်ရဲ့ ချစ်စရာကောင်းကွက်ကို မြင်အောင်ရှာကြည့်တတ်ရမယ်။

(၂) သူတို့ကောင်းကျိုးကို လှိုက်လှိုက်လှဲလှဲ လိုလားရမယ်၊ ကြီးပွားစေလို ချမ်းသာစေလိုတဲ့စိတ် တကယ်ရှိရမယ်။

(၃) သူများချမ်းသာအောင် ကိုယ်နှုတ်စိတ်နဲ့ ထိထိမိမိ ဆောင်ရွက်ပေးရမယ်၊ ကိုယ်နဲ့ တတ်နိုင်တော့ ကိုယ်နဲ့ နှုတ်နဲ့တတ်နိုင်တော့ နှုတ်နဲ့ အနည်းဆုံးစိတ်နဲ့တော့ "ချမ်းသာကြပါစေ" လို့ ပို့လွှတ် ဆောင်ရွက်ပေးရမယ်၊ မေတ္တာဆိုတာ သတ္တဝါ အားလုံးအပေါ် မိတ်ဆွေစိတ်၊ မိခင်စိတ်ထားတာပါ။

(၄) တစ်ခေါက်ထက်တစ်ခေါက် အပ္ပငြိမ်းသွားရမယ်။

(၅) အပ္ပငြိမ်းသွားသလောက် တစ်စတစ်စ အေးချမ်းသွားရမယ်။

အဲဒါ မေတ္တာစွမ်းရည် ပေါ်ပေါက်တိုးပွားဖို့ မူငါးချက်ပဲ။

ပုထုဇဉ်ဆိုတာ အကုန်မကောင်းနိုင်သေးပေမယ့် ကောင်းနိုင်သလောက်တော့ ကောင်းကျိုး ခံစားခွင့် အပြည့်ရနိုင်ပါတယ်။ လူဟာ လောဘ၊ ဒေါသ၊ မောဟနှင့် ကင်းနိုင်သလောက်၊ သဒ္ဓါ၊ မေတ္တာ၊ ပညာ ဖြည့်သွင်းနိုင်သလောက် အကောင်းဂုဏ်ကို ရတာပါ။ လောကမှာ ပုဂ္ဂိုလ်အနေနဲ့ ကြောက်စရာမရှိဘူး။ လောဘ၊ ဒေါသ၊ မောဟတရားဆိုးကိုပဲ ကြောက်ရတာဖြစ်တယ်။ ပုဂ္ဂိုလ်အနေနဲ့ ချစ်ရတာမဟုတ်ပဲ ချစ်စရာ သဒ္ဓါ၊ မေတ္တာ၊ ပညာတရားကောင်းကြောင့်သာ ချစ်ရတာပါ။ တကယ်ချစ်စရာက တရားပါ။


www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာဦးလူတွေဟာ မေတ္တာရှင်ပြဟ္မာကြီးတွေက ဆင်းသက်လာတဲ့ မေတ္တာရှင်တွေတဲ့။ မေတ္တာအရှိန်ကြောင့် အမိဝမ်းထဲမနေရပဲ ဘွားကနဲ ဖြစ်လာကြတာတဲ့။ စားဖွယ် သောက်ဖွယ် ဘာမှမလိုဘဲ မေတ္တာနှင့်တွဲတဲ့ ပီတိနဲ့ပဲ အသက်ရှင်နေကြသတဲ့၊ ပီတိဟာ အစာပဲတဲ့၊ ဗဟိဒ္ဓအလင်းရောင် ဘာမှမလိုပဲ ခန္ဓာကိုယ်က အရောင်တွေ လင်းထိန်နေအောင် ထွက်နေသတဲ့၊ တစ်နေရာက တစ်နေရာသွားတော့ ကောင်းကင်မှာ ပျံသန်းသွားရုံပဲ၊ ဘာယာဉ်ရထားမှ မလိုဘူးတဲ့၊ ကံကဖန်တီး ပေးတဲ့ တင့်တယ်လှပတဲ့နေရာမှာ နေကြရတာလို့ဆိုတယ်။ နာမ်ခန္ဓာ သန့်ရှင်းသလောက် ရုပ်ခန္ဓာကလည်း အလွန် လှပတင့်တယ်တာတဲ့၊ ရုပ်သိပ်ချောတယ်ဆိုပဲ။ သက်တမ်းလည်း သိပ်ရှည်တာပဲတဲ့။ တကယ်တော့ ကမ္ဘာကို မေတ္တာနဲ့ စခဲ့တာပါ။

ကမ္ဘာပျက်တော့လည်း မေတ္တာကပဲ သတ္တဝါတွေကို ကယ်ခဲ့ရတာပါ။ လောကဗျူဟာနတ် တွေရဲ့ တိုက်တွန်းနှိုးဆော်မှုကြောင့် လူတွေထိတ်လန့်ပြီး မေတ္တာပွားလိုက်ကြတာ နတ်တွေတင်မက အပါယ်ဘုံထိ မေတ္တာပြန့်သွားသတဲ့၊ အပါယ်ဘုံသားတွေဟာ လူတွေနတ်တွေဖြစ်၊ မေတ္တာတွေပွား၊ အားလုံးစျာန်တွေရပြီး ကမ္ဘာပျက်တဲ့အခါ မပါဝင်တဲ့ ပြဟ္မာဘုံကို ရောက်သွားကြသတဲ့။ မေတ္တာကြောင့် ဘေးရန်ဒုက္ခ လွတ်ငြိမ်းကုန်တာပေါ့။

ကမ္ဘာတည်တော့လည်း မေတ္တာနဲ့စခဲ့တယ်။ ကမ္ဘာပျက်တော့လဲ အရေးပေါ်မေတ္တာနဲ့ ကယ်ဆယ်ရတယ်။ ကြားကာလမှာလည်း မေတ္တာနဲ့ပဲ လောကကို အလှဆင်ပေးနေရတယ်။ စိတ်မှာ မေတ္တာရောက်နေသလောက် နှလုံးလှလို့ရွှင်ပြုံး ကြရတယ်။ ဒီလောက် အရေးပါအရာရောက်လို့ စွမ်းအားထက်မြက်လှတဲ့ မေတ္တာတရားကို မိမိတို့တစ်တွေရဲ့ စိတ်နှလုံးမှာ အမြန်တပ်ဆင်ပေးဖို့ အထူးလိုအပ်မှာပါ။ မေတ္တာမပါရင် နှစ်ယောက်တည်း အတူနေရတာတောင် ပူလောင်ခြောက်ကပ်ကြီးပဲ။

## ၃။ မေတ္တာတရား လှူ့စွမ်းအား

- **ရဟန်းငါးရာ၊ တောထဲမှာ၊ ကောင်းစွာ ကျင့်သုံးကြ။**
- **သိက္ခာသုံးဖြာ၊ ကြိုးစားကာ၊ မေတ္တာကိုတော့ မပို့ကြ။**
- **မေတ္တာမပို့၊ ကြိုးစားလို့နေ၊ မတွင်ချေ၊ နတ်တွေနှောင့်ယှက်ကြ။**
- **နတ်တွေခြောက်လှန့်၊ စိတ်တွေပြန့်၊ ကြောက်လန့်ထွက်ပြေးရ။**
- **ဘုရားထံမှောက်၊ ပြန်၍ရောက်လာ၊ ကောင်းမွန်စွာ၊ မေတ္တာနည်းကို၊ သင်ယူကြ။**
- **မေတ္တာနည်းများ၊ ရရှိသွားသော်၊ စွမ်းအားပေါ်၊ ရွှင်ပျော်အားတက်၊ ပြန်သွားကြ။**
- **မေတ္တာသုတ်ကို၊ ရွတ်ဆိုပွားများ၊ မေတ္တာအား၊ ကြိုးစားပို့လွှတ်ကြ။**
- **မေတ္တာစွမ်းအား၊ မြတ်တရားကြောင့်၊ နတ်များချစ်ခင်၊ တရားမြင်၊ စွမ်းအင်တိုးလာရ။**
- **မေတ္တာအစွမ်း၊ စိတ်အေးချမ်း၍၊ ရဟန်းငါးရာ၊ ဝါတွင်းမှာ၊ ဖြောင့်စွာကြိုးစားရ။**
- **ဖြောင့်စွာကြိုးစား၊ အပါးငါးရာ၊ ရဟန္တာ၊ ကောင်းစွာဖြစ်ကုန်ကြ။**
- **မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊ အကုန်ချမ်းသာရ။**
- **မေတ္တာတရား၊ လှူ့စွမ်းအား၊ ထူးခြားမြင့်တက်ရ။**
- **မေတ္တာနှလုံး၊ အလှဆုံး၊ ရွှင်ပြုံးအေးချမ်းရ။**

ဘုရားလက်ထက်က တစ်ခုသောဝါဆိုဦးကာလမှာ ရဟန်းတော်အပါးငါးရာဟာ ဘုရားထံ ကမ္မဋ္ဌာန်းယူပြီး ဝါကပ်တရားအားထုတ်ဖို့ သင့်တော်မယ့်နေရာရှာရင်း သွားလိုက်ကြတာ ဟိမဝန္တာအနီး တောအုပ်ကြီးကို ရောက်သွားကြတယ်။ တောင်တန်းတစ်ခုနဲ့တူပါတယ်။ တောအုပ်ထဲ ဝင်ပြီး သစ်ပင်ရင်းမှာ တရားအားထုတ် နေကြပါတယ်။

ရာသီဥတုလည်းကောင်းတယ်။ မနီးမဝေးမှာ ရွာကြီးတွေရှိနေတော့ သဒ္ဓါကောင်းတဲ့ ဒကာ ဒကာမတွေက ဆွမ်းလောင်းလှူကြတာဖြစ်လို့ ဆွမ်းလည်း ပြည့်စုံတယ်။ ဆွမ်းအလှူရှင်များက ကမ္မဋ္ဌာန်း တဲကျောင်းလေးတွေ ဆောက်ပေးကြလို့ နေရာလည်းပြည့်စုံတယ်။ တောရိပ်တောင်ရိပ်ကလည်း ပြည့်စုံပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com


မိမိတို့အပါးငါးရာအချင်းချင်း ချစ်ခင်ညီညွတ်နေကြတာဖြစ်လို့ ပုဂ္ဂလသပ္ပါယလည်း ပြောစရာမရှိ၊ အလွန်ကောင်းပေ့။ သပ္ပါယ ၄၄-ပါးလုံး အဆင်ပြေနေကြတယ်။

ဒါပေမယ့် ပုဂ္ဂလသပ္ပါယ တစ်ပိုင်းလိုနေတယ်၊ ရဟန်းတွေဟာ အပါးငါးရာဆိုတော့ လူအင်အားလည်း ကောင်းတယ်၊ သိက္ခာသုံးပါး မြတ်တရားကို တကယ်တမ်းကြိုးစား ဖြည့်ကျင့်နေကြတာဖြစ်လို့ တရားအင်အားလည်း သိပ်ကောင်းတယ်၊ "ငါတို့ကောင်းတာ လုပ်နေတာပဲ" ဆိုပြီး မလိုအပ်ဘူးထင်လို့ မေတ္တာတော့ မပို့ဖြစ်ကြဘူးတဲ့။ မေတ္တာမပို့တော့ တောရှင်နတ်တွေ အမြင် မကြည်ကြဘူးပေ့။

ရဟန်းတွေ သစ်ပင်အောက်မှာ တရားအားထုတ်ကြတော့ ရဟန်းတွေရဲ့ သီလတန်ခိုးကြောင့် နတ်တွေ သစ်ပင်ပေါ်မနေရဲကြလို့ သစ်ပင်ပေါ်က ဆင်းပေးကြရတယ်။ ကလေးတွေ လက်ကဆွဲပြီး ဟိုဟိုဒီဒီ လှည့်လည်နေကြရတယ်။ စာတုမဟာရာဇ် အောက်ပိုင်းနတ်တွေဟာ လူတွေလိုပဲ ဝမ်းနဲ့လွယ်ပြီး ပဋိသန္ဓေ နေကြရတော့ နတ်ကလေးတွေ ရှိကြပါတယ်။

ရဟန်းတွေခဏလာကြတယ်မှတ်ပြီး တစ်နေ့ပြန်နိုးနိုးနဲ့ သည်းခံစောင့်ဆိုင်းနေကြတယ်။ အရှင်မြတ်များ မပြန်ကြတော့ပဲ အမြဲနေကြမယ့် အမူအရာကို နတ်တွေအကဲခတ်မိကြတော့ သည်းမခံနိုင်ကြတော့ဘူး။ ရဟန်းတွေ တောထဲမနေနိုင်အောင် ညအခါမှာ ကြောက်စရာ အဆင်း၊ အသံ၊ အနံ့တွေလွှတ်ပြီး ခြောက်လှန့်ကြပါတယ်။

နတ်ခြောက်ခံရတော့ ရဟန်းတွေ အလုပ်မဖြစ်ကြတော့ဘူး။ ထိတ်လန့်လို့ သမာဓိတွေ ပျက်၊ အနံ့ဆိုးရှူရလို့ ရောဂါတွေဖြစ်ကုန်တယ်။ ခဏခဏ နေထိုင်မကောင်းဖြစ်လို့ ကျန်းမာရေးပျက်တော့ အလုပ်လဲပျက်ကုန်တယ်။ အလုပ်လုပ်ဖို့ ဒီတောကိုလာခဲ့တာပဲ။ အလုပ်မှ မဖြစ်တော့ဘူးဆိုရင် ဒီတောမှာဆက်နေလဲ ဘာအကျိုးရှိတော့မှာလဲ။ ဒီတောက ထွက်ခွာသွားရုံပဲပေ့။

ကိုယ်က အစွမ်းကုန်ကောင်းပြနိုင်လို့ ကိုယ့်အထဲမှာ အဝင်ဆံ့နေပေမယ့် မေတ္တာတစ်ခု လိုနေသေးရင် သူများတွေထဲမှာ အဝင်မဆံ့နိုင်သေးဘူးဆိုတဲ့ သတိထားစရာ ဘဝ သင်ခန်းစာ တစ်ခုပေါ်လာတယ်။

ကိုယ့်အတွက် ကောင်းပြနိုင်ပေမယ့် သူ့အတွက် ထူးခြားအောင် ကောင်းမပြနိုင်ရင် ဘဝအလှ မစုံနိုင်သေးဘူး။ ကိုယ့်ဘက်ကကြည့်ရင် လှနေပေမယ့် သူ့ဘက်ကကြည့်ရင် လှချင်မှ လှမယ်။

တောထဲမှာ တရားအားထုတ်နေတဲ့ရဟန်း ၅၀၀-လုံးဟာ သိက္ခာသုံးပါးကို ကောင်းမွန်ပြည့်စုံအောင် ဖြည့်ကျင့်နေကြတာဖြစ်တယ်။ အထူးအားဖြင့် သီလ သိပ်ကောင်းကြပါတယ်။ သီလကောင်းလွန်းလို့ပဲ တောထဲကနတ်တွေ အနေခက်ကုန်ကြတာပါ။

ရဟန်းတွေက နတ်တွေကို တမင်နှောင့်ယှက် ကြတာမဟုတ်ပေမယ့် ရဟန်းတွေရဲ့ သီလတန်ခိုးကြောင့် နတ်တွေသစ်ပင်ပေါ်မနေရဲလို့ ဆင်းပေးကြရတာဆိုတော့ နှောင့်ယှက်သလို ဖြစ်သွားတယ်။ ကိုယ့်အင်အား သုံးပြီး သူ့ကို မောင်းထုတ်နှင်ချလိုက်သလိုဖြစ်သွားတော့ နတ်တွေဘက်ကကြည့်ရင် တော်တော် ရုပ်ပျက် သွားမှာပဲ။ ရဟန်းတွေရဲ့အကောင်းဟာ နတ်တွေအမြင်နဲ့ ကြည့်ရင် "ကောင်းတော့ ကောင်းပါတယ်ကွာ၊ ဒါပေမယ့် မကောင်းဘူး" ဆိုတာမျိုးလို အကောင်းလို့ အသိအမှတ်ပြုမခံရဘူး။ ဒါကြောင့်လည်း နတ်တွေက ရဟန်းတွေကို ရုပ်ပျက်ဆင်းပျက် ကသိကအောက်ဖြစ်သွားအောင် မဆင်မခြင် ထင်ရာ လုပ်ပစ်လိုက်ကြတာပါ။ မေတ္တာတစ်ခု လစ်ဟင်းသွားတာနဲ့ တစ်တောလုံး အကျည်းတန် အရုပ်ဆိုးသွားရတာပါ။ တောကြီးထဲမှာ သူရှိတာ ကိုယ်က မကြိုက်၊ ကိုယ်ရှိတာ သူကမကြိုက်လို့ ဆိုရလောက်အောင် ပူလောင်ခြောက်ကပ်ကြီး ဖြစ်သွားတယ်။

မဏိဘဒ္ဒသုတ်မှာ မဏိဘဒ္ဒနတ်ဘီလူးက "သတိရှိသူဟာ ဘေးရန်လွတ်တယ်ဘုရား" လို့ ဘုရားကို လျှောက်တော့ ဘုရားက "သတိရှိရင် သက်မဲ့ဘေးရန်လွတ်နိုင်ပေမယ့် သက်ရှိဘေးရန် လွတ်ဖို့ကျတော့ မေတ္တာပါ ဆက်ပွားရဦးမယ်" လို့ မိန့်ကြားဖူးပါတယ်။

သတိပညာက တစ်ကိုယ်ရေအား, ခန္တီ မေတ္တာက စုပေါင်းအားဆိုတော့ အား ၂-မျိုးစုံမှ တွင်းပ ၂-မျိုးလုံးလုံခြုံအေးမြချမ်းသာကြမယ်ဆိုတာကို သင်ခန်းစာယူစရာတွေ့ရမှာပါ။ တစ်ယောက်တည်း တည့်အောင် သတိနဲ့ နေရမယ်၊ အများနဲ့တည့်အောင် မေတ္တာပွားရမယ် ဆိုတဲ့လမ်းစဉ်ဟာလည်း အလိုအလျောက်ပေါ်ပေါက် လာရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


ရဟန်း ၅၀၀-ဟာ တောထဲမှာနေရတာ အဆင်မပြေကြတော့ ဆွေးနွေးတိုင်ပင်ကြတယ်။ "အရှင်ဘုရားတို့ ဒီလောက်အခြောက်အလှန့်များတဲ့နေရာမှာ တပည့်တော်တို့ အလုပ်မဖြစ်တော့ပါဘူးဘုရား၊ မြတ်စွာဘုရားက ဒုတိယဝါလည်း ခွင့်ပြုထားတာပဲ၊ ဘုရားထံပဲ ပြန်ကြရအောင်ပါ၊ မြတ်စွာဘုရား ညွှန်ပြတဲ့နေရာကိုပဲ သွားပြီး တရား ဆက်အားထုတ်ကြရအောင်ပါ။"

"ကောင်းပြီ" ဆိုပြီး ရဟန်း ၅၀၀-လုံး တောထဲက ထွက်ခွာသွားကြပါတယ်၊ "နတ်တွေ ခြောက်တာနဲ့ ကြောက်လန့်ပြီး ရဟန်းတွေ တောထဲက အကုန်ထွက်ပြေးသွားကြတယ်" လို့ တစ်ယောက်ယောက်က စကားတစ်ခုလုပ်ပြောမယ်ဆိုရင် ပြောစရာဖြစ်သွားတာပေါ့. . ။

ရဟန်းတွေ ဘုရားထံရောက်တော့ အကျိုးအကြောင်းလျှောက်ကြတယ်။ ဘုရားက "မင်းတို့ ဘယ်မှ မသွားကြနဲ့၊ အဲဒီတောထဲကိုပဲ ပြန်သွားကြ၊ ဒီတစ်ခါ နတ်တွေမခြောက်နိုင်အောင် မေတ္တာကို လက်ဆောင် အနေနဲ့ယူသွားကြ၊ မေတ္တာသုတ်ကို ရွတ်လည်းရွတ်ကြ၊ မေတ္တာသုတ်လမ်းစဉ်အတိုင်း ပွားလည်းပွားကြ၊ ဒီမေတ္တာတရားဟာ သင်တို့ရဲ့ အကာအကွယ် အစောင့်အရှောက် အရံအတား (ပရိတ်)လည်း ဖြစ်သွားမယ်၊ သင်တို့ရဲ့ ဝိပဿနာအခြေခံ ကမ္မဋ္ဌာန်းအလုပ်လည်း ဖြစ်သွားမယ်" လို့ မိန့်ကြားပြီး မေတ္တာသုတ် ၁၀ ဂါထာကို သင်ပေးလိုက်တယ်။

ဘုရားရှင်က နတ်ခြောက်ခံရလို့ အလုပ်ပျက်ပြီး ထွက်ပြေးလာခဲ့ကြတဲ့ ရဟန်းတွေကို မေတ္တာသုတ်ရွတ်ပုံ၊ ပွားများပုံ၊ပို့လွှတ်ပုံ၊ စိတ်နေစိတ်ထားမှန်မှန်နဲ့အားထုတ်ပုံ၊ အာရုံနဲ့စိတ်ဆက်ပုံတွေ နောက်ဆုံး ဝိပဿနာပွားပုံတွေအထိ အဆင့်ဆင့် အပြည့်အစုံ သင်ပေးလိုက်တယ်ပေါ့။

မေတ္တာနည်းစနစ် လက်ဆောင်ကောင်းကို ရသွားကြတဲ့ ရဟန်းတော် ၅၀၀-ဟာ ဝမ်းသာအားရနဲ့ အဲဒီတောကိုပဲ ပြန်သွားကြပါတယ်။ တောအုပ်နား ရောက်ကတည်းက မေတ္တာသုတ်ကို ရွတ်လဲရွတ်ကြတယ်၊ မေတ္တာဆေးကို လိမ်းဆေးအနေနဲ့လည်း သုံးကြတယ်ပေါ့။ တစ်တောလုံး၊ တစ်လောကလုံး လွှမ်းခြုံပြီး "ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ" လို့လည်း မေတ္တာပွားများ ပို့လွှတ်ပေးကြတယ်၊ သောက်ဆေး စားဆေးအနေနဲ့လည်း သုံးကြတယ်လို့ ဆိုရမှာပေါ့။

မေတ္တာကလည်း မပို့ရင်သာနေရော့၊ ပို့လိုက်တော့လည်း အင်နဲ့အားနဲ့ ထုနဲ့ထည်နဲ့ နည်းနည်းနောနော အင်အားမှမဟုတ်ပဲ၊ မေတ္တာဓာတ်အားပေးစက်ရုံ အလုံး ၅၀၀-လို့ တင်စားခေါ်ဆိုရင် ဖြစ်နိုင်တဲ့ ရဟန်း ၅၀၀-တို့ရဲ့ သန့်စင်တဲ့ မေတ္တာဓာတ်အားဟာ တစ်တောလုံး လွှမ်းခြုံသွားတယ်၊ နတ်တွေရဲ့နှလုံးသား ခန္ဓာအစဉ်ကို ထိခိုက်သွားတယ်၊ သူတော်ကောင်းတစ်ယောက်ရဲ့ မေတ္တာအင်အားတောင် နည်းတာမဟုတ်ဘူး၊ သူတော်ကောင်းရဟန်း ၅၀၀ ရဲ့ စုပေါင်းမေတ္တာအားဆိုတော့ အတိုင်းအတာမရှိ သိပ်ကြီးကျယ်လှပါတယ်။

မေတ္တာဓာတ်ထိခိုက်မိသွားကြတဲ့ နတ်တွေ မနေနိုင်ကြတော့ဘူး၊ သစ်ပင်ပေါ်က အကုန် ဆင်းပြေးလာပြီး တောအုပ်ဝကနေ ဆီးကြိုကြတယ်၊ "အရှင်ဘုရားတို့ ကြွကြဘုရား ကြွကြဘုရား၊ ကြာမှပဲ ကြွလာကြသကိုးဘုရား၊ တပည့်တော်တို့ မျှော်လိုက်ရတာ"

မေတ္တာလက်ဆောင်မပါခင်က ခြောက်လှန့်ပြီး နှင်လွှတ်လိုက်တဲ့ နတ်တွေဟာ မေတ္တာလက်ဆောင် ပါသွားတော့ စိတ်ဓာတ်တွေပြောင်းသွားပြီး ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ ဆီးကြိုကြတယ်။ အရောက်နောက်ကျတယ်တောင် ထင်နေကြတယ်။ ပြန်သွားမှာတောင် စိုးနေကြတယ်။ မေတ္တာအစွမ်းဟာ သိပ်အံ့ဩစရာ ကောင်းပါတယ်။

ဒါနဲ့ နတ်တွေက ရဟန်းတွေကို တောထဲ ပင့်သွား၊ နေရာထိုင်ခင်းတွေပေးကြတယ်။ စောစောက နတ်တွေမနေစေချင်တဲ့ နေရာတွေမှာပဲ နတ်တွေက ရဟန်းတွေကို နေရာချပေးကြတာပါ။ မလိုတစ်မျိုး လိုတစ်မျိုးဆိုတာ ဒါပေါ့။

နတ်တွေဝမ်းသာလွန်းလို့ ဝေယျာဝစ္စတွေလုပ်၊ သန့်ရှင်းရေးတွေလုပ်၊ ရေပူရေအေးတွေ လိုအပ်သလို စီမံ ဘာမဆို အကုန်လုပ်ပေးကြတယ်၊ တောအုပ်ကြီး လုံခြုံအောင် အစောင့်အရှောက်တောင် ပေးလိုက်ကြ ပါသေးတယ်။

ရဟန်းတွေက စပေးလိုက်တဲ့ မေတ္တာဓာတ်ဟာ အပြန်ပြန်အလှန်လှန် ဓာတ်ချင်းဆက်ပြီး တစ်တောလုံး ပြန့်သွားတယ်။ ရဟန်းတွေရဲ့ မေတ္တာက နတ်တွေထံရောက်၊ နတ်တွေရဲ့ မေတ္တာက ရဟန်းတွေထံရောက်နဲ့


www.burmeseclassic.com

www.burmeseclassic.com


တစ်တောလုံးမှာရှိနေတဲ့ သားကောင်တိရစ္ဆာန်တွေ အပါအဝင် သတ္တဝါအားလုံးတွေလည်း မေတ္တာဓာတ်တွေ ထိခိုက်လို့ ပျော်လိုက်ကြတာ။

မေတ္တာဆိုတာ အသွားရှိသလောက် အပြန်လာတာဆိုတော့ ရဟန်းတွေက အဆက်မပြတ် မေတ္တာကိုချည်း ဖိကြိုးစားပို့နေကြလို့ နတ်တွေထံက မေတ္တာအဆောင်အယောင်တွေကလည်း ဆက်မပြတ် တုံ့ပြန်နေကြပါတယ်။ တစ်တောလုံး ဘာဘေးရန်မှမရှိဘဲ တကယ့်ပျော်စရာကြီး ဖြစ်နေတယ်။ စိုပြေလှပအေးချမ်းလိုက်တာ။

စောစောကတည်းက မေတ္တာတစ်ခုတည်းပဲ လိုနေခဲ့တာ။ တစ်ခုတည်းလိုတာတောင် တောကြီး ရုပ်ပျက်ဆင်းပျက် အကျည်းတန် အရုပ်ဆိုးသွားတယ်။ အဲဒီလိုနေတဲ့ မေတ္တာတစ်ခုတည်းကို ရဟန်းများက သဒ္ဓါ၊ သတိ၊ ဝီရိယ ကြီးကြီးနဲ့ ဖိကြိုးစားလိုက်တော့ တောကြီးဟာ ဘက်စုံ လှသွားတော့တာပေါ့။ ရောက်သူတိုင်း မပြန်ချင်လောက်အောင်, နတ်တွေကလည်း မပြန်စေချင်လောက်အောင် ဆွဲဆောင်မှု သိပ်ကောင်းတဲ့ နေရာဖြစ်သွားတယ်၊ လူလှမှ နေရာလှမှာပေါ့။

အဲဒါနဲ့ ရဟန်းတော်များ အေးအေးချမ်းချမ်း တရားအားထုတ်ရလို့ သမာဓိတွေရကြတယ်ပေါ့။ ဝိပဿနာကိုပါ အဆက်မပြတ် ဆက်ပြီး အားထုတ်လိုက်ကြတော့ ဝါမကျွတ်ခင် ဝါတွင်းမှာပဲ အကုန် ရဟန္တာ ဖြစ်ကုန်ကြတယ်လို့ဆိုတယ်။ မေတ္တာအကူအညီမပါခင်က လုံးဝ အလုပ်မဖြစ်ပါဘူး။ မေတ္တာအကူအညီ ပါတော့မှပဲ အလုပ်တွေ အောင်မြင်တော့တာပါ၊ ဒါကြောင့် တရားအားထုတ်တာတောင် "မေတ္တာအရင်ပို့ပါဦး" လို့ လမ်းညွှန်ရာရောက်သွားတယ်ပေါ့။

မေတ္တာမပါရင် ရောက်လေရာ ရန်သူတွေနဲ့နေရသလို ပူလောင်ခြောက်ကပ်ကြီး။ မေတ္တာပါရင်တော့ ဘယ်နေရာရောက်ရောက် ဆွေရင်း မျိုးရင်းတွေလို ချစ်ကြ ခင်ကြ မြတ်နိုးကြနဲ့ သိပ်ကြည်နူးစရာကောင်းတယ်၊ အေးချမ်းစိုပြေတယ်။

သာသနာအတွင်း မေတ္တာဟာ ရတနာသုံးပါးကို မှီခိုခွင့်ရတာလည်းတစ်ကြောင်း, ဝိပဿနာနဲ့ အထွဋ်တင်ခွင့် ရတာလည်းတစ်ကြောင်းဆိုတော့ သာသနာပမေတ္တာထက် ယှဉ်မရအောင် စွမ်းအား မြင့်မားပါတယ်၊ မေတ္တာကြောင့် စိတ်ငြိမ်လွယ်တယ်။ သမာဓိရလွယ်တယ်။ စိတ်ငြိမ်တော့ ဝိပဿနာ ရှုပွားလို့ လွယ်တယ်။

## ၄။ မေတ္တာထုံမွှမ်း လူ့အစွမ်း

- **ယုံကြည်ကျန်းမာ၊ ရိုးဖြောင့်ကာ၊ မှန်စွာအားထုတ်မှု။**
- **ပညာတရား၊ ဤငါးပါး၊ ရှိငြားစွမ်းတဲ့ လူ။**
- **မေတ္တာထုံမွှမ်း၊ လူ့အစွမ်း၊ ထူးဆန်းအံ့ဘွယ်ဟူ။**

မေတ္တာနဲ့ လူ့အစွမ်းပြလိုသူများအတွက် ဘုရားရှင်က မေတ္တာရှေ့ပြေးကျင့်စဉ် ၁၅-ချက်ကို ဟောထားပါတယ်။

ဘာဝနာရှေ့ပြေးကျင့်စဉ် ၁၅-ချက်လည်း ဒါပါပဲ။ မေတ္တာအရာဖြစ်လို့သာ မေတ္တာလို့ ပြောတာပါ။ ဘယ်ဘာဝနာပွားပွား ဒီကျင့်စဉ်အတိုင်းပဲ လုပ်ရမှာပါ။ ၁၅-ချက်ထဲမှာ လိုရင်းအချုပ်ကတော့ အစဆုံးဖြစ်တဲ့ "သက္ကော"ပဲ၊ စွမ်းနိုင်ရမယ်တဲ့။

မေတ္တာထုံမွှမ်း လူ့အစွမ်းပြလိုသူဟာ ယုံကြည်ချက် သဒ္ဓါတရားရှိရမယ်။ ကျန်းမာရေး ကောင်းရမယ်၊ ရိုးဖြောင့်ရမယ်၊ စွမ်းအားပေါ်အောင် မှန်ကန်စွာအားထုတ်နိုင်ရမယ်၊ အမှန်အတိုင်း ကြည့်ရှုသုံးသပ် ဆုံးဖြတ်နိုင်တဲ့ အသိပညာရှိရမယ်၊ ဒီ ၅-ခုရှိရင် စွမ်းနိုင်တယ်။ စွမ်းနိုင်ရင် မေတ္တာ အလုပ်လုပ်နိုင်တာပဲ။ စွမ်းနိုင်သူထံသာ မေတ္တာက ရောက်လာနိုင်တယ်။

ဘာသာတရားဆိုတာ ကိုးကွယ်ရုံသက်သက် မဟုတ်ဘူး။ ဘဝထဲမှာ လက်တွေ့အသုံးချရမှာပါ။ လူ့အလုပ်တွေနဲ့ တရားအလုပ် နှစ်ခြမ်းခွဲဖို့ အချိန်မလောက်ပါဘူး။ လူ့တစ်သက်ရဲ့ အချိန်ဟာ နည်းနည်းလေးပါ။ သာသနာအတွင်း လူ့တစ်သက်မှာ အချိန်တိုင်း တိုင်းတာ ကန့်သတ် ဆုံးဖြတ်လို့ မရနိုင်အောင် တန်ဖိုးသိပ်ကြီးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဆိုခဲ့ပြီးတဲ့ စွမ်းရည်ငါးချက်ရှိရင် သီးခြား အချိန်ယူလို့လည်း အံ့ဖွယ်လူ့စွမ်းအားတရား ဖော်ထုတ်နိုင်တယ်။ မအားမလပ်တဲ့ လူ့အလုပ်တွေနဲ့ တွဲလို့လည်းရအောင် ဖော်ထုတ်နိုင်တယ်။ လူ့ဘဝမှာ ဘာပဲလုပ်လုပ်၊ ဘာပဲရှိရှိ ယူစရာကတော့ ကောင်းမှုတရား တစ်ခုတည်းပါ။

လူ့ဘဝရဲ့အနှစ်ချုပ်က ကောင်းမှုတရား တစ်ခုတည်းပဲ၊ လူ့တစ်ဘဝလုံး အရေးအကြီးဆုံးကလည်း ကောင်းမှုတရား အလုပ်တစ်ခုတည်းပဲ။

ကျောက်ဆစ်သမားဟာ အလွန်မာတဲ့ ကျောက်တုံးကို ပုံကောင်းဖော်ထုပေးနိုင်သလို၊ ကျွမ်းကျင်တဲ့ ပန်းပုဆရာဟာ သစ်တုံးတွေကို လှပတဲ့ပုံ ဖော်ပေးနိုင်သလို၊ ကျွမ်းကျင်တဲ့ တရား အသိဉာဏ်ပညာရှိသူဟာလည်း လုပ်နေရသမျှ လူ့အလုပ်တွေ၊ ကြုံတွေ့နေရသမျှ လူ့အာရုံတွေ အားလုံးကို ကောင်းမှုတရားပုံပေါ်အောင် ဖော်ယူတတ်ပါတယ်။ ဖော်ယူတတ်မှလည်း လူ့ဘဝ တွက်ကိန်းကိုက်မှာပါ။

မေတ္တာထုံမွမ်း လူ့အစွမ်းဟာလည်း ကျွမ်းကျင်သူရဲ့ စိတ်ဝင်စားဖွယ်လုပ်ငန်းတစ်ရပ်ပဲ။ အလုပ်နဲ့ လုပ်ခ တွဲပါပြီးသားပါ။ ဘုရားဟောထားတဲ့ မေတ္တာသုတ်မှာ မေတ္တာပွားများ ပို့လွှတ်နည်း ဇကေက (၁) နည်း၊ ဒုက (၄) နည်း၊ တိက (၃) နည်း အကျိုးမဲ့ မရောက်ကင်းပျောက်အောင် တောင့်တတဲ့ မေတ္တာ (၃) နည်း ပေါင်းတော့ အကျဉ်းချုပ် (၁၁) နည်းပေါ့။

နည်းနည်းချဲ့လိုက်ရင်ဇကေက (၁) ကြိမ်၊ ဒုက (၈) ကြိမ်၊ တိက (၉) ကြိမ် အကျိုးမဲ့ ကင်းအောင် ပို့တာ (၃) ကြိမ်၊ ပေါင်းတော့ (၂၁) နည်းပေါ့။

ရသလောက်ချဲ့ရင်တော့ ဇကေက (၁) ကြိမ်၊ ဒုက (၈) ကြိမ် ၊ တိက (၉) ကြိမ်၊ ပေါင်း (၁၈) ကြိမ်ကို "ဘေးကင်းကြပါစေ၊ ကိုယ်ချမ်းသာကြပါစေ၊ စိတ်ချမ်းသာကြပါစေ" ဆိုတဲ့ သုံးမျိုးနဲ့ မြှောက်ပွားလိုက်ရင် (၅၄) ကြိမ်ပေါ့။ အကျိုးမဲ့ကင်းအောင်ပို့တဲ့ (၃) ကြိမ် ထပ်ထည့်လိုက်တော့ မေတ္တာပို့ (၅၇) နည်း (၅၇) ကြိမ်ဖြစ်သွားတယ်။ ဘယ်နည်းနဲ့ ပွားပွား၊ ဘယ်လိုပဲပို့ပို့ သမာဓိရဖို့သာ အဓိကပါ။

ကိုယ့်စိတ်မှာ လိုက်ကာနှစ်ချပ် ကာထားတာရှိတယ်။ ထကြွသောင်းကျန်းလှုပ်ရှားနေတဲ့ ကိလေသာ နီဝရဏလိုက်ကာကို သမာဓိနဲ့ဖွင့်ရတယ်။အမြစ်တွယ်နေတဲ့ အတ္တဒိဋ္ဌိလိုက်ကာကို ဝိပဿနာနဲ့ ဖွင့်ရပါတယ်။ စိတ်ဓာတ်ငြိမ်သက် ငြိမ်းချမ်းတာဟာ အမှန်သိဖို့ အမှန်သိတာဟာ နောက်ဆုံး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အဆင့်ဆင့်တက်နိုင်ဖို့ပါပဲ။

## ၅။ မေတ္တာအလှ လူ့ဘဝ

- **ဘာသာအားလုံး၊ ရှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး။**
- **လူမျိုးအားလုံး၊ ရှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး။**
- **သတ္တဝါအားလုံး၊ ရှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး။**

တောထဲက နတ်တွေရဲ့ တန်ခိုးတွေကို ရဟန်း ၅၀၀ ရဲ့ မေတ္တာစွမ်းအားနဲ့ အနိုင်ယူနိုင်တယ်ဆိုတော့ မေတ္တာတရားဆိုတာ တကယ့် လူ့စွမ်းအားဆိုတာ သိနိုင်ပါတယ်။ မေတ္တာဟာ လောကထဲမှာ လူ့အလှဆုံး အင်အားပဲ။

ကမ္ဘာ့ဘာသာဝင်အမျိုးမျိုးရှိတဲ့ထဲမှာ မေတ္တာတရားကို လက်မခံနိုင်တဲ့ ဘာသာဝင်ရယ်လို့ လုံးဝမရှိပါဘူး။ မေတ္တာဟာ ဘာသာဝင်အားလုံးတို့ရဲ့ ရှင်ပြုံးကြည်သာ ပေါင်းဆုံရာဖြစ်တဲ့ တစ်ခုတည်းသော အဖြူရောင်တရားပါ။ လူတွေဟာ ကိုယ်ကိုယ်တိုင် မေတ္တာမပွားနိုင်တောင်မှ မေတ္တာရှင်လူသားတွေရဲ့ မေတ္တာစွမ်းအားကိုတော့ အမြဲ မျှော်လင့်တောင့်တ အားကိုးနေကြပါတယ်။

ကမ္ဘာ့လူမျိုးပေါင်းစုံ အမျိုးမျိုးရှိတဲ့ထဲမှာ မေတ္တာကို လက်မခံနိုင်တဲ့ လူမျိုးရယ်လို့ ဘယ်လူမျိုးမှ မရှိပါဘူး။ ပြီးတော့ လောက သတ္တဝါအနန္တတွေထဲမှာလည်း မေတ္တာကို လက်မခံနိုင်တဲ့ မလိုလားတဲ့ သတ္တဝါရယ်လို့ မရှိနိုင်ပါဘူး။ ကိုယ်ကိုယ်တိုင် အကြောင်းအမျိုးမျိုးကြောင့် မေတ္တာကို လက်ကိုင်မပြုနိုင်ကြပေမယ့် မေတ္တာရှင်များရဲ့ မေတ္တာကိုတော့ အစဉ်အားကိုးနေကြပါတယ်။

တိရစ္ဆာန်လေးတွေတောင် မေတ္တာရှင် လူသားတွေထံက မေတ္တာကို စောင့်မျှော်အားကိုး နေကြသလို မေတ္တာရှင်တွေရဲ့ မေတ္တာအစောင့်အရှောက်ကို ထိထိရောက်ရောက် ရရှိသွားရင် ဘေးရန်ကင်းဝေး


www.burmeseclassic.com

www.burmeseclassic.com


ငြိမ်းအေးချမ်းသာခွင့်ရရှိနေကြပါတယ်။ မေတ္တာဆိုတာ လူမျိုးအားလုံး သတ္တဝါအားလုံးတို့ရဲ့ ရှင်ပြုံးကြည်သာ ပေါင်းဆုံရာဖြစ်တဲ့ တစ်ခုတည်းသော အဖြူရောင်တရားပါ။

ဘာသာဝင်အားလုံး လူမျိုးအားလုံး သတ္တဝါအားလုံးဟာ မေတ္တာကို လက်ခံနိုင်ကြပေမယ့် အကြောင်းမလုံလောက် မပြည့်စုံရင် အားလုံးတော့ မေတ္တာပွားနိုင်ကြမယ်မဟုတ်ပါဘူး။ ဘယ်သူတွေ ပွားပွား၊ မပွားပွား လူသားအစစ်ဖြစ်နေတဲ့ အကြောင်းလည်း ပြည့်စုံလုံလောက်နေတဲ့ မိမိတို့ကတော့ မဖြစ်မနေ ပွားပေးမှ လူသားတာဝန် ကျေကြမှာဖြစ်တယ်။

အင်အားအလွန်ကောင်းတဲ့ မြတ်ဗုဒ္ဓ သာသနာနဲ့ တွေ့ကြုံနေရတဲ့ မိမိရဲ့လူ့ဘဝကို ကိုယ်လည်းလှ၊ သူလည်းလှ ခုရောနောင်ပါအေးချမ်းရတဲ့ မေတ္တာနဲ့အလှဆင်ပြီး တန်ဖိုးတက်အောင် မြှင့်တင်အသုံးချတတ်ဖို့ အထူးပဲလိုအပ်ပါလိမ့်မယ်။ သတိမြဲမှုလည်း မေတ္တာစွဲပါလိမ့်မယ်။

## ၆။ မေတ္တာတစ်ခု အားလုံးခု

■ **သုခိနော ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။**

■ **အားလုံးသတ္တဝါ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**

အရင်ဆုံးရှိသမျှ သတ္တဝါအားလုံးကို တစ်ပေါင်းတည်းစိတ်ထဲမှာစုပြီး မေတ္တာပွားပုံကို ဟောထားတယ်။ ဧကကလို့ ခေါ်ပါတယ်။ ဘယ်သူ့ကိုပဲပို့ပို့ ဘယ်လိုပဲပွားပွား မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကိုမြင်အောင် ဖော်ယူကြည့်ရှုတတ်မှ မေတ္တာပို့လို့ ဖြစ်နိုင်ပါတယ်။ ကောင်းကွက်မြင်မှ ကောင်းကျိုးဆောင်ပေးနိုင်မှာပါ။ အာရုံနှင့်စိတ် နေရာမှန်မှ မေတ္တာခံပုဂ္ဂိုလ်ထံ မေတ္တာဓာတ်တွေ ရောက်မယ်။ မေတ္တာပို့သူမှာလည်း မေတ္တာသမာဓိစွမ်းအားတွေ ဖြစ်ပေါ်တိုးတက်မြင့်မားသွားမယ်။

မိမိတို့ရဲ့ ဘဝသံသရာခရီးဟာ အစမရှိတာဖြစ်လို့ အလွန်ရှည်ခဲ့လှပါပြီ။ ပုံစံမျိုးစုံနဲ့ ကျင်လည်ခဲ့ကြရပြီ။ ဘဝသံသရာဆိုတာ ခန္ဓာအစဉ်ကိုပဲ ပြောတာပါ။ ဒီလောက်ရှည်လျားလှတဲ့ သံသရာခရီးရှည်အတွင်း အလွန်များလှတဲ့ အနန္တသတ္တဝါတွေနဲ့ မိမိတို့တစ်တွေအားလုံး ဆွေမျိုး တော်စပ်ခဲ့ကြဖူးပါပြီ။ ဆွေမျိုးမတော်ဖူးသူ တစ်ကောင်တစ်ယောက်မှ မရှိတော့ပါဘူး။ အားလုံး မိဟောင်း၊ ဖဟောင်း၊ ဆွေဟောင်း၊ မျိုးဟောင်းတွေချည်းပဲ။

သတ္တဝါအားလုံးနဲ့ ဆွေမျိုးစပ်ယူလိုက်ရင်လည်း မေတ္တာခံပုဂ္ဂိုလ်တွေရဲ့ အခုမကောင်းရင်တောင်မှ ဟိုတုန်းကကောင်းခဲ့တာတွေ ပေါ်လာမှာပါ။ ဘယ်သူပဲဖြစ်ဖြစ် မဖြစ်မနေရှာကြံတတ်ရင် ကောင်းကွက် တစ်ခုခုတော့ ရှိနေတတ်စမြဲပါ။ ကောင်းကွက်ကို ဖော်ယူနိုင်မှပဲ မေတ္တာပို့လွှတ် ပွားများလို့ ရမှာဖြစ်တယ်။

တဏှာလည်း ကောင်းကွက်ကိုရှာချစ်တတ်တာပါပဲ၊ ဒါပေမယ့် မေတ္တာနဲ့တဏှာ သဘာဝ မတူကြပါဘူး။ တဏှာချစ်ကပူတယ်၊ မေတ္တာချစ်က အေးတယ်။ တဏှာချစ်က ခွဲခွာလို့မရဘူး၊ မေတ္တာချစ်က ခွဲခွာလို့ရတယ်။ မေတ္တာရဲ့သဘောက ကိုယ်နဲ့အတူနေရတာ၊ မနေရတာ လိုရင်းမဟုတ်ဘူး။ ကိုယ့်ကြောင့် သူချမ်းသာရင်ပြီးတာပဲ။ တဏှာချစ်က အပြစ်ရှိတယ်၊ အကုသိုလ်ပဲ။ မေတ္တာချစ်က အပြစ်ကင်းတယ်၊ ကုသိုလ်ပေါ့။

ပြီးတော့ တဏှာချစ်က ကိုယ့်အတွက်ငဲ့တယ်၊ ကိုယ့်အတွက်ပါတုန်းပဲ ချစ်မှာပဲ။ ကိုယ့်အတွက်မပါတာနဲ့ ချက်ချင်း မုန်းသွားတတ်ပါတယ်။ မေတ္တာချစ်က သူ့အတွက် ဦးစားပေးတယ်၊ ငဲ့တယ်၊ စကတည်းက သူ့အတွက် ဦးစားပေးထားတာဆိုတော့ မုန်းစရာမလိုတော့ဘူး။ တဏှာချစ်က ဘဝနာကို ဖျက်ဆီးတယ်။ ဘဝကို နာသွားစေတယ်။ မေတ္တာချစ်က ဘဝနာကို ဖြစ်ပေါ်တိုးပွားစေတယ်။ စွမ်းအား တန်ခိုးတိုးသွားစေတယ်။ တဏှာချစ်ဆိုတာ စွမ်းအားတန်ခိုးတွေ မဝင်ရောက်နိုင်အောင် တားမြစ်ပိတ်ပင်တတ်တဲ့ကြောင့် "မြစ်တာချစ်" ပဲ။ နောက်ဆုံး သောကပရိဒေဝစတဲ့ ဆူးတွေနဲ့ ဆွဲခြစ်ပစ်တတ်တဲ့ကြောင့် "ခြစ်စရာ" ဆူးလည်း ဖြစ်တယ်။

မေတ္တာပို့ပုံကို ၃-မျိုးပြထားတယ်။

(၁) **သုခိနောဟောန္တု** - ၉၆-ဖြာ ရောဂါကင်းရှင်းကိုယ်ချမ်းသာခြင်း ရှိကြပါစေ၊ ကိုယ်ချမ်းသာတာနဲ့အနာရောဂါ ကင်းရှင်းလို့ကျန်းမာတာအဓိပ္ပါယ်အတူတူပါပဲ။

(၂) **ခေမိနောဟောန္တု** - တွင်းပနှစ်တန် ဘေးရန်ကင်းဝေး ငြိမ်းအေး ခြင်းရှိကြပါစေ၊ ဘေးရန်ကင်းဝေး ငြိမ်းအေးကြပါစေ၊ အဝေရာဟောန္တုဆိုတာနဲ့ အတူတူပါပဲ။


www.burmeseclassic.com

www.burmeseclassic.com


(၃) **သုခိတတ္တာဟောန္တု** - နှလုံးစိတ်ဝမ်း ရွှင်ကြည်လန်း၍ အေးချမ်းသောစိတ် ရှိကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ စိတ်ချမ်းသာကြပါစေ။

၃-ခုပေါင်းတော့ "ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ"လို့ ပို့လွှတ်ရုံပေါ့။

"အားလုံးသတ္တဝါ ဘေးရန်ကွာ ချမ်းသာကြပါစေ" ဆိုတာက မှတ်လို့လွယ်အောင် စီကုံးထားတာပါ။ "ချမ်းသာကြပါစေ" ဆိုတဲ့စကားမှာ ကိုယ်ချမ်းသာ, စိတ်ချမ်းသာ ၂-မျိုးလုံး ပါဝင်သွားတယ်။ တကယ်မေတ္တာပို့တော့ "ဘယ်သူမဆို သတ္တဝါအားလုံး ဘေးရန်ကင်းလို့ ကျန်းမာ ချမ်းသာကြပါစေ" လို့ ဒါမှမဟုတ် "သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ၊ ကိုယ်ကျန်းမာကြပါစေ၊ စိတ်ချမ်းသာကြပါစေ" လို့ စိတ်နဲ့ညွတ်ပြီး ပို့လွှတ်ရုံပါပဲ။ အစီအစဉ်ကတော့ အာရုံကို ပေါ်အောင် ဖော် ကောင်းကွက်ကို တွေ့အောင်ရှာပြီး ကောင်းကျိုးကို ဆောင်ပေးလိုက်တာပါ။ ဒီလို မေတ္တာပို့လိုက်တာနဲ့ အားလုံးပဲ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြမှာလားဆိုတော့ နောက်က ဥပေက္ခာနဲ့လည်း ဘောင်ခတ်ပေးရဦးမယ်။ မေတ္တာခံ ပုဂ္ဂိုလ်တွေရဲ့ ကံကလည်း ရှိသေးတာကိုး၊ သူ့ကံနဲ့သူပေါ့။ မေတ္တာနှင့်ထိုက်တန်သူတွေပဲ မေတ္တာရဲ့ရလဒ်ကို ခံစားခွင့်ရကြမှာပါ။ ပို့သူကတော့ အားလုံးဆီ ရောက်အောင်ပဲ ပို့ပေးရမယ်။ ထိုက်တန်တဲ့ မေတ္တာခံပုဂ္ဂိုလ်တွေပဲ ရနိုင်ကြမှာပါ။ ဘာပဲပြောပြော မေတ္တာပို့သူမှာတော့ မေတ္တာ၊ သမာဓိ အံ့ဖွယ်စွမ်းအားများ ထင်ကျန်နေခဲ့မှာပါ။ အဆင့်မြင့် စိတ်တွေပေါ်လာမှာ၊ ဓမ္မနဲ့ ဂုဏ်တင်ပေးနေတဲ့ လောကအကျိုးဆောင်အဖြစ် ဂုဏ်တက်သွားမှာ သေချာပေါက်ပါ၊ လောက အတွင်းရေးမှူးပေါ့။

### ၄။ ဓမေတ္တာကိုးခွဲ နှစ်မျိုးခွဲ

(က) တပ်မက်တတ်သူ၊ကြောက်တတ်သူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
မတပ်မက်သူ၊ မကြောက်သူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
(ခ) မြင်အပ်ဘူးသူ၊ မြင်နိုင်သူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
မမြင်ဘူးလတ်၊ မမြင်အပ်ပါ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
(ဂ) အဝေးဒေသ၊ နေကြသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
အနီးဒေသ၊ နေကြသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
(ဃ) ဘဝဆုံးသူ၊ ဖြစ်ပြီးသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
ဘဝရှာတုန်း၊ မဆုံးသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
ဖွားပြီးသူမှာ၊ ဘေးရန်ကွာချမ်းသာကြပါစေ။
ရက်မစေ့ငြား၊ မဖွားသေးပါ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။

သတ္တဝါအားလုံးကို တစ်ခုတည်းပေါင်းပြီး အကျဉ်းချုပ်မေတ္တာပို့နည်းကို ပြပြီးတဲ့အခါ ဒုကတိကနည်းနဲ့ ၂ စု ၃ စုခွဲပြီး အကျယ်ချဲ့မေတ္တာ ပို့နည်းကို ဆက်ပြတယ်။ နောက်တစ်နည်းက အာရုံတစ်ခုပြီးတစ်ခု ခွဲပို့ရင် အာရုံအဆင့်ဆင့် သမာဓိရင့်ကျက် မြင့်တက်လာနိုင်တာဖြစ်လို့လည်း ဒုကတိကနည်းကို ဆက်ပြတာပါ။ နောက်တစ်နည်းပြောရရင် အာရုံအမျိုးမျိုး ခွဲပို့တော့ ထင်ရှားရာ အာရုံတစ်ခုမဟုတ်တစ်ခုမိပြီး သမာဓိရလာနိုင်တာဖြစ်လို့လည်း ဒုကတိကနည်းကို ဆက်ပြတာပဲ။

(က) ၂-စုစီခွဲပို့တဲ့နည်းက ၄-နည်းရှိပါတယ်။ ဘယ်နည်းနဲ့ပို့ပို့ သတ္တဝါအားလုံး ကုန်တာချည်းပါပဲ။ ဘယ်သူမှ မကျန်ပါဘူး။ ပထမက တသ ထာဝရဒုက်ပါ။ တသဆိုတာ ရာဂမကင်းသေးလို့ တပ်မက်တတ်တဲ့, ဒေါသမကင်းသေးလို့ ကြောက်တတ်တဲ့ ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တွေပါ၊ သူတို့ အားလုံးလည်း ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေလို့ ပို့လွှတ်ပေးရမယ်။

ထာဝရဆိုတာ ရာဂကင်းပြီးလို့ မတပ်မက်သူတွေ, ဒေါသကင်းပြီးလို့ ကြောက်လန့်ခြင်း ကင်းသူတွေ အဓိကရဟန္တာတွေပေါ့။ အနာဂါမ်လည်း ဒေါသကင်းတာပါပဲ။ အခြားအခြား အချို့ပုဂ္ဂိုလ်တွေလည်း တရားအင်အားရှိသလောက် တပ်ခြင်း၊ ကြောက်ခြင်း အနိုက်အတန့်ကင်းကြတာပါပဲ။ ဒီမှာတော့ ရဟန္တာအဓိကပါ၊ အဲဒီပုဂ္ဂိုလ်တွေလည်း မေတ္တာပို့ပေးရမယ်။

(ခ) ပြီးတော့ ဒိဋ္ဌ အဒိဋ္ဌဒုက်တဲ့။ ဒိဋ္ဌဆိုတာ တစ်ချိန်တုန်းက တစ်နေရာရာမှာ တွေ့မြင် ခဲ့ဖူးသူတွေ၊ တိရစ္ဆာန်တွေထိပေါ့၊ ဒါလည်းဒိဋ္ဌ။ နောက်တစ်မျိုးက အကြောင်းအမျိုးမျိုးကြောင့် မမြင်ခဲ့ ဖူးသေးပေမယ့်


www.burmeseclassic.com

www.burmeseclassic.com


တွေ့ဆုံလာရင်မြင်လို့ ဖြစ်နိုင်သူတွေ၊ မျက်စိနဲ့ မြင်ကောင်းသူတွေ ဒါလည်း ဒီဋ္ဌပဲ၊ ၂-မျိုးပေါ့။ အားလုံးမေတ္တာလွှမ်းခြုံပေးရမယ်။

အကြောင်းမညီသေးလို့ ယခုထိမတွေ့မြင်ဖူးသူတွေလည်း အဒိဋ္ဌ၊ မှန်ဘီလူးတို့ အဘိဉာဏ် မျက်စိတို့နဲ့ ကြည့်ရင် မြင်နိုင်လောက်ပေမယ့် ပကတိမျက်စိနဲ့ မမြင်နိုင်သူတွေ၊ အလွန်သေးငယ်တဲ့ ပိုးမွှားလေးတွေ၊ အဘိညာဏ်မျက်စိနဲ့တောင် မြင်လို့မဖြစ်နိုင်တဲ့ ရုပ်မရှိတဲ့ အရူပဗြဟ္မာကြီးတွေ၊ အောက်အောက် လူနတ်ဗြဟ္မာတွေ မမြင်နိုင်တဲ့ အထက်အထက်နတ်ဗြဟ္မာတွေ၊ ဒါတွေလည်း အဒိဋ္ဌပဲ။ "မမြင်ဖူးသူ မမြင်နိုင်သူတွေအားလုံး ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ" လို့ မေတ္တာ လွှမ်းခြုံပေးရမယ်။ အသံလွှင့်ရုံ စသည်က ပို့လွှတ်လိုက်တဲ့ ရုပ်ဓာတ်တွေတောင် ပို့ရင်ရောက်သေးတာပဲ။ နာမ်ဓာတ်က ပိုရောက်ရမှာပေါ့။

(ဂ) တတိယက ဒူရသန္တိကဒုက်တဲ့။ အဝေးနေသတ္တဝါနဲ့ အနီးနေသတ္တဝါပေါ့။ ဘယ်လောက်က အဝေး၊ ဘယ်လောက်ကအနီးလို့ ပေတွေ၊ ကိုက်တွေ၊ မိုင်တွေနဲ့ အတိအကျ တိုင်းတာစရာ မလိုပါဘူး။ ကိုယ့်စိတ်ကြိုက် ပိုင်းနိုင်ပါတယ်။ ဝေးချင်သလောက် ဝေးနိုင်တယ်။ နီးချင်သလောက်လည်း နီးနိုင်တယ်။ ကိုယ့်ခန္ဓာအပြင်ဘက် ကိုယ့်နေရာအပြင်ဘက်ကစ ဒီစကြာဝဠာ၊ ဒီကမ္ဘာ အပြင်ဘက်ထိ ကြိုက်သလို အဝေးကို သတ်မှတ်နိုင်တယ်။ ကိုယ့်ခန္ဓာ အတွင်းပိုးမွှားတွေ၊ ကိုယ့်နေရာ အတွင်းနေသူတွေကစ ဒီစကြာဝဠာ ဒီကမ္ဘာအတွင်းထိ လိုသလို အနီးကိုလည်း သတ်မှတ်နိုင်တယ်။ ဒါတွေလည်းခွဲပြီး မေတ္တာ ပို့လွှတ်ပေးရမယ်။ သူတို့ချမ်းသာဖို့နဲ့ ကိုယ်သမာဓိရဖို့ အဓိကပါ။

(ဃ) စတုတ္ထက ဘူတသမ္ဘဝေသီဒုက်တဲ့။ ဘဝသံသရာ လမ်းဆုံးပြီဖြစ်လို့ ဖြစ်ခြင်းကိစ္စ ပြီးဆုံးသွားတဲ့ ရဟန္တာတွေက ဘူတ၊ ဘဝလမ်းမဆုံးသေးလို့ ဘဝသံယောဇဉ်မကင်းသေးလို့ ဘဝဖြစ်ကြောင်း ကံကိုရှာနေဆဲ သေက္ခပုထုဇဉ်တွေက သမ္ဘဝေသီ၊ နောက်တစ်နည်းပြောရင် မွေးဖွားပြီးတဲ့ သတ္တဝါတွေက ဘူတ၊ အချိန်မစေ့လို့ မဖွားမြင်သေးသူအားလုံး သမ္ဘဝေသီပေါ့။ ဒါတွေကိုလည်း ခွဲပြီး "ဘေးရန်ကင်းလို့ ချမ်းသာကြပါစေ" လို့ မေတ္တာပို့ပေးရမယ်။ ဘယ်လိုပဲခွဲခွဲ ဘယ်သူမှမကျန်ဘူး။ကုန်တာချည်းပဲ။ သတ္တဝါအားလုံးထဲ အကျုံးဝင်တာချည်းပဲ။ အဲဒါ ဒုက ၄-ဝါရ။

## ဂ။ မေတ္တာအနံ့ သုံးမျိုးဖြန့်

(က) ရှည်သောသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
တိုသောသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
ရှည်တိုကြားမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
(ခ) ကြီးသောသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
ငယ်သောသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
ကြီးငယ်ကြားမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
(ဂ) ဆူဖြိုးသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
ကြုံလှီသူမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။
ဆူကြုံကြားမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။

(က) ၃-စုစီခွဲပို့တဲ့ တိကနည်းက ၃-နည်းရှိတယ်။ ၃-စုစီခွဲပို့တော့လည်း ဘယ်သူမှမကျန်ဘူး။ အားလုံး ကုန်တာချည်းပဲ။ ပထမက ဒီဃရဿမဇ္ဈိမတိက်တဲ့။ မြွေ၊ နဂါး၊ ငါး၊ ဖွတ်စတဲ့ ခန္ဓာကိုယ်ရှည်တဲ့ သတ္တဝါတွေ၊ ကြွက်၊ ဖား စတဲ့ ခန္ဓာကိုယ်တိုတဲ့ သတ္တဝါတွေ၊ မြင်း၊ နွား၊ ကျွဲ၊ ဝက်စတဲ့ မရှည်မတို အလတ်စားသတ္တဝါတွေ၊ ပြီးတော့ တစ်မျိုးတစ်မျိုးစီမှာလည်း ရှည်တိုအလတ် ၃-မျိုးစီခွဲလို့ ရတယ်။ လူဆိုလည်း လူရှည်၊ လူပု၊ လူလတ်ပေါ့။ ငါးဆိုလည်း ငါးရှည်၊ ငါးတို၊ ငါးလတ်ပေါ့။ ပေတံတွေ ကြိုးတွေနဲ့ တိုင်းတာစရာ မလိုပါဘူး။ ကိုယ့်စိတ်ထဲမှာရှည်ချင်သလိုရှည်၊ တိုချင်သလိုတိုပါ။ ကိုယ့်စိတ်ကြိုက် ပိုင်းခြား ကန့်သတ်နိုင်ပါတယ်။ မေတ္တာပြန့်နှံ့ဖို့နဲ့ ကိုယ့်မှာ သမာဓိရဖို့သာ လိုရင်းပါ။ ပညတ်စကားတွေပဲ။ "ခန္ဓာကိုယ်ရှည်သူတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ"လို့ မေတ္တာလွှမ်းခြုံပေးရုံပေါ့။

(ခ) ဒုတိယက မဟန္တ အဏုက မဇ္ဈိမတိက်တဲ့။ ငါး၊ လိပ်၊ ဆင်၊ ရာဟု အသူရိန်နတ်ကြီး စတဲ့ ခန္ဓာကိုယ်ကြီးတဲ့ သတ္တဝါတွေ၊ သန်း၊ ကြမ်းပိုး၊ ပုရွက်ဆိတ်စတဲ့ ခန္ဓာကိုယ်ငယ်တဲ့ သတ္တဝါလေးတွေ၊ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပကတိမျက်စိနဲ့ မမြင်နိုင်တဲ့ သေးသေးမွှားမွှားအကောင်ကလေးတွေ၊ ခွေး၊ ကြောင်၊ ကျွဲ၊ နွားစတဲ့ မကြီးမငယ် အလတ်စား သတ္တဝါတွေ ခွဲပြီး မေတ္တာပို့ရမယ်။

ပြီးတော့ တစ်မျိုးတစ်မျိုးစီမှာလည်း ကြီးငယ် အလတ် ၃-မျိုးစီခွဲလို့ရတယ်။ လူဆိုလည်း လူကြီး၊ လူငယ်၊ လူလတ်ပေါ့။ ငါးဆိုလည်း ငါးကြီး၊ ငါးငယ်၊ ငါးလတ်ပေါ့။ ပေတံတွေ ကြိုးတွေနဲ့ အကြီးအငယ် တိုင်းတာစရာ မလိုပါဘူး။ ကိုယ့်စိတ်ကြိုက် ပိုင်းခြားကန့်သတ်နိုင်တယ်။ ကြီးချင်သလို ကြီးနိုင်တယ်။ ငယ်ချင်သလို ငယ်နိုင်တယ်။ မေတ္တာနှံ့ဖို့နဲ့ သမာဓိရဖို့သာအဓိကပဲ "ခန္ဓာကိုယ်ကြီးသူတွေ၊ ငယ်သူတွေ၊ မကြီးမငယ် အလယ်အလတ်သတ္တဝါတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ" လို့ တစ်ခုစီခွဲပြီး မေတ္တာ ဖြန့်ပွားပေးရုံပေါ့။

(ဂ) တတိယက ထူလ အဏုက မဇ္ဈိမတိက်တဲ့။ ခရု၊ ယောက်သွား၊ လိပ်စတဲ့ ခန္ဓာကိုယ် ဝန်းဝိုင်းတဲ့ သတ္တဝါတွေ၊ ကြွေ၊ ဝက်စတဲ့ ခန္ဓာကိုယ်ဆူဖြိုး ဝဖြိုးတဲ့ သတ္တဝါတွေ၊ အိမ်မြှောင်၊ တီကောင် စတဲ့ ခန္ဓာကိုယ် ကြုံလှီသေးငယ်ပိန်တဲ့သတ္တဝါတွေ၊ ခွေး၊ ကြောင်၊ ကြက်စတဲ့ မဝမပိန် အလတ်စား သတ္တဝါတွေ၊ တစ်မျိုးတစ်မျိုးစီမှာလည်း အဝအဖိုင်နဲ့ မဝမပိန်တွေ၊ လူဆိုလည်း လူဝလူပိန်နဲ့ မဝမပိန် လူတွေ၊ အဲဒါတွေကို တစ်ခုစီခွဲပြီး မေတ္တာဓာတ်လွှမ်းခြုံပေးရမယ်။ တိုင်းတာစရာ မလိုပါဘူး။ ပညတ်စကားတွေပဲ။ လိုသလို ပိုင်းခြားကန့်သတ် ပို့လွှတ်ပေးနိုင်တယ်။ "ဆူဖြိုးဝန်းဝိုင်းသူတွေ၊ ဝဖြိုးသူတွေ + ကြုံလှီသေးငယ်ပိန်သူတွေ + မဝမပိန် အလယ်အလတ်သတ္တဝါတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ" လို့ အာရုံကိုဖော် ကောင်းကွက်ကိုရှာ ကောင်းကျိုးကို ဆောင်ပေးလိုက်ရုံပေါ့။ အဲဒါတိက ၃-ဝါရ။

## ၉။ မေတ္တာတန်ခိုး အဆိုးကင်းစေ

- ■ **သတ္တဝါများ၊ စိတ်ထားညစ်ကျူ၊ လှည့်ပတ်မှု၊ မပြုရှောင်ပါစေ။**
- ■ **မထီမဲ့မြင်၊ အထင်သေးမှု၊ ထောင်လွှားမှု၊ မပြုရှောင်ပါစေ။**
- ■ **ကြီးနိုင်ငယ်ညှင်း၊ ဆင်းရဲစေလို၊ ညှင်းဆဲလိုမှု၊ နှိပ်စက်မှု၊ မပြုရှောင်ပါစေ။ မေတ္တာတန်ခိုး၊ မကောင်းကျိုး၊ အဆိုးကင်းပါစေ။**

ပြဆိုခဲ့ပြီးတဲ့ မေတ္တာပို့နည်း ၈-မျိုးက ချမ်းသာရဖို့ ကောင်းကျိုးတိုးဖို့ တောင့်တတဲ့ မေတ္တာနည်းပါ။ ယခုဆက်ပြမယ့်နည်း ၃-မျိုးကတော့ ဆင်းရဲမရောက်ဖို့ မကောင်းကျိုးကင်းဖို့ တောင့်တတဲ့ မေတ္တာပို့နည်းဖြစ်တယ်။ ကောင်းတာရဖို့လိုသလို မကောင်းတာကင်းဖို့လည်း လိုတာပါပဲ။

"သတ္တဝါအချင်းချင်း လူသားအချင်းချင်း ကောက်ကျစ်စဉ်းလဲ လှည့်ပတ်မှု မပြုပါစေ သတည်း ။ အချင်းချင်း ကောက်ကျစ်စဉ်းလဲ လှည့်ပတ်မှုကင်းကြပါစေ" လို့ အားလုံးအပေါ် မေတ္တာ စိတ်ညွှတ် ပို့လွှတ်ပေးရမယ်။ လှည့်ပတ်ခံရသူရော လှည့်ပတ်သူရော ဆင်းရဲကြောင်းသာဖြစ်တာကြောင့် ဆင်းရဲကင်းကြဖို့ မေတ္တာပို့ပေးခြင်းဖြစ်တယ်။

ပြီးတော့ " အချင်းချင်းမထီမဲ့မြင် အထင်သေးမှု ထောင်လွှားမှုမပြုဘဲ ရှောင်ကြပါစေ။ မထီမဲ့မြင် အထင်သေးမှု ထောင်လွှားမှု ကင်းကြပါစေ" လို့လည်း ပို့လွှတ်ပေးရမယ်။ မာန်ထောင်သူ မထီမဲ့မြင် ပြုခံရသူ နှစ်ဘက်လုံး ဆင်းရဲကြောင်းဖြစ်တာကြောင့် ဆင်းရဲတွေ၊ မကောင်းကျိုးတွေ ကင်းကြဖို့ မေတ္တာလွှမ်းပေးတာပါ။

နောက်တစ်ခုက "ကြီးနိုင်ငယ်ညှင်းဆင်းရဲ စေလိုတဲ့စိတ်၊ ညှင်းဆဲနှိပ်စက်လိုတဲ့စိတ် ကင်းကြပါစေ ။ အချင်းချင်းဆင်းရဲမှုကို မလိုလားကြပါစေလင့်" လို့လည်း မေတ္တာလွှမ်းပေးရမယ်။ မေတ္တာသုတ်လာ မေတ္တာပို့နည်းဟာ ဒါအကုန်ပဲ။

## ၁၀။ မေတ္တာအကျိုး လှူတန်ခိုး

- ■ **စွမ်းအင်မေတ္တာ၊ ပွားသူမှာ၊ ချမ်းသာအိပ်နိုး၊ မြင်မက်သည်။**
- ■ **လူနတ်စသား၊ မေတ္တာထား၊ အများချစ်ကြသည်။**
- ■ **နတ်ကောင်းနတ်မြတ်၊ စောင့်ရှောက်လတ်၊ ဘေးလွတ်ကင်းဝေးသည်။**
- ■ **လက်နက်မီးတောက်၊ အဆိပ်ပျောက်၊ မရောက်ရှောင်ကွင်းသည်။**
- ■ **စိတ်ခါတ်ငြိမ်လွယ်၊ မျက်နှာဝယ်၊ ချစ်ဖွယ်အဆင်း ကြည်လင်သည်။**



www.burmeseclassic.com

www.burmeseclassic.com


- ■ **မတွေမဝေ၊ သေရပေ၊ လားလေ ဖြဟ္မာပြည်။**
- ■ **မေတ္တာအကျိုး၊ ဆယ့်တစ်မျိုး၊ တန်ခိုးတက်လာသည်။**
- ■ **ဝိပဿနာ၊ မြတ်ချမ်းသာ၊ လွယ်စွာပွားနိုင်သည်။**
- ■ **ဘဝစည်းစိမ်၊ မမှေးမှိန်၊ ဂုဏ်ရှိန်တက်ရသည်။**
- ■ **ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာ၊ မှန်စွာလက်ငင်းရရှိသည်။**
- ■ **မေတ္တာအကျိုး၊ နောက်သုံးမျိုး၊ တန်ခိုးတက်ပြန်သည်။**

မေတ္တာပို့တဲ့အခါ မေတ္တာခံပုဂ္ဂိုလ်ထံက ဘာမှမျှော်နေဖို့မလိုဘူး။ သူကပေးမှာမှ မဟုတ်ပဲ။ မေတ္တာကသာ ပေးမှာပါ။ မေတ္တာကို မေတ္တာနဲ့တူအောင်လုပ်ဖို့သာ ကိုယ့်အလုပ်ဖြစ်တယ်။ မေတ္တာကို စွမ်းအားပါအောင် ပို့လွှတ်ပွားများရင် မေတ္တာအကျိုး ၁၁-မျိုးရနိုင်တယ်။ ၁၁-မျိုးဆိုတာ

(၁) ချမ်းချမ်းသာသာအိပ်ရတယ်။ စျာန်ဝင်စားနေသလိုပဲငြိမ်းချမ်းတယ်။ တရားမပါဘဲ အိပ်ရင် နေ့ချင်းပြန်သေတာပဲ။
(၂) ချမ်းချမ်းသာသာ အိပ်ရာကနိုးရတယ်။
(၃) ကောင်းတဲ့အိပ်မက် မြင်မက်ရတယ်။
(၄) လူချစ်ခံရတယ်။
(၅) နတ်နှင့်တကွလူမဟုတ်တဲ့ သတ္တဝါတွေရဲ့ ချစ်ခင်မှုကိုခံရတယ်။ ချစ်တော့ မနှောက်ယှက်ဘူးပေါ့။
(၆) နတ်ကောင်းတွေ စောင့်ရှောက်ကြတယ်။စောင့်ရှောက်တော့ ဘေးရန်ကင်းလို့ ချမ်းသာရတယ်ပေါ့။
(၇) မီးပူမလောင်နိုင်ဘူး၊ အဆိပ်မထိနိုင်ဘူး၊ လက်နက်မထိနိုင်ဘူး။
(၈) အအေးဓါတ်နဲ့စတာဖြစ်လို့ စိတ်တည်ငြိမ် အေးချမ်းလွယ်တယ်။ သမာဓိရလွယ်တယ်။
(၉) စိတ်နှလုံး စင်ကြယ်အေးချမ်းတာဖြစ်လို့ မျက်နှာအဆင်း ကြည်လင်တယ်။ ကျက်သရေ အလွန်ရှိတယ်။
(၁၀) မတွေမဝေအိပ်ပျော်သွားသလို သက်သက် သာသာသေရတယ်။ အနေသာလှတာ မဟုတ်ဘူး၊ အသေလဲစိတ်ချရတယ်။
(၁၁) ရဟန္တာမဖြစ်သေးရင် မေတ္တာကြောင့် စျာန်ရလို့ သေသွားပြီးတဲ့နောက် ဆင်းရဲနည်းပါး ချမ်းသာများတဲ့ ဗြဟ္မာပြည်ကို ရောက်ရတယ်။

ဒီ ၁၁-မျိုးက သုတ္တန်နည်းပေါ့။

ပြီးတော့ -

(၁) မေတ္တာဟာသမာဓိရလွယ်တော့ ဝိပဿနာဉာဏ် ဖော်ထုတ်ရတာ ချမ်းသာလွယ်ကူတယ်။ စိတ်ထဲမှာ အလုံးအကျိတ်အခဲ ကင်းနေတာဖြစ်လို့ ဘယ်နေရာရှုရှု ဉာဏ်ပွင့်တယ်။
(၂) ဘဝစည်းစိမ်မြင့်တက်ပြီး တည်ငြိမ်ရင့်ကျက်စေတယ်။
(၃) မျက်မှောက်ဘဝမှာပဲ ချက်ချင်းလက်ငင်း စိတ်ချမ်းသာစေတယ်။ ဒီ ၃-မျိုးက အဘိဓမ္မာနည်းပေါ့။ မေတ္တာရဲ့ လုပ်ခရလဒ်ဟာ သိပ်ကြီးကျယ်တယ်။

## ၁၁။ မေတ္တာသတိ အမှန်သိ

- ■ **ပုဂ္ဂိုလ်သတ္တဝါ၊ မရှိပါ၊ ခန္ဓာနာမ် ရုပ်စု။**
- ■ **ငါ ငါ့ဥစ္စာ၊ မဟုတ်ပါ၊ ခန္ဓာဉာဏ်ဖြင့်ရှု။**
- ■ **ရုပ်နာမ်ခန္ဓာ၊ မမြဲပါ၊ ကောင်းစွာ ဉာဏ်ဖြင့်ရှု။**
- ■ **ဒိဋ္ဌိကင်းကွာ၊ သန့်ရှင်းကာ၊ ရောက်လာ မဂ် ဖိုလ်စု။**
- ■ **ဆင်းရဲငြိမ်းရာ၊ နိဗ္ဗာန်မှာ၊ ကောင်းစွာ မျက်မှောက်ပြု။**
- ■ **မေတ္တာသတိ၊ အမှန်သိ၊ အကြည့်မှန်၍ ငြိမ်းအောင်ပြု။**

ကိလေသာနီဝရဏလိုက်ကာကို မေတ္တာ၊ သမာဓိနဲ့ ဖွင့်ပြီးတဲ့နောက် အတ္တဒိဋ္ဌိလိုက်ကာကို ဝိပဿနာနဲ့ ဖွင့်ဖို့ ဒိဋ္ဌိဉ္စအနုပဂ္ဂမ္မ” လို့ ဘုရားရှင်က ဆက်ဟောတာပါ။ သမာဓိနဲ့ လမ်းဆုံးသေးတာမှ မဟုတ်ပဲ။



www.burmeseclassic.com

www.burmeseclassic.com


သာသနာ့အနှစ် မင်ဖိုလ်ရမှပဲ လမ်းဆုံးမှာပါ။ အတ္တဒိဋ္ဌိအမှောင်ကို ဖြိုခွင်းနိုင်မှ မဂ် ဖိုလ် အလင်းက ပေါ်လာမှာ ဖြစ်တယ်။ ဝိပဿနာနဲ့ တစ်စတစ်စ ဖြိုခွင်းပေးရမယ်။

မေတ္တာဟာ သတ္တဝါပညတ်ကို အာရုံပြုတာဖြစ်လို့ အတ္တဒိဋ္ဌိနဲ့ အလွန်နီးစပ်နေတယ်။ ပညတ်ဆိုတာ စကားပြောဖို့ အလုပ်ဖြစ်ဖို့သာဖြစ်တယ်။ ပရမတ်ကတော့ အမှန်သိဖို့ အပူငြိမ်းဖို့ပဲ၊ စကားပြောဖြစ်ရုံ အလုပ်ဖြစ်ရုံနဲ့ အမှန်လည်းမသိ၊ အပူလည်း မငြိမ်းနိုင်သေးဘူး။ အရှိအတိုင်း တကယ်သိမှ အမှန်သိလို့ အပူငြိမ်းတယ်။ အရှိကို တကယ်သိမှ ပညာအစစ် ဉာဏ်အစစ်ပါ။ အရှိကို တကယ်နိုင်မှပဲ ဉာဏ်ပညာလို့ ခေါ်ပါတယ်။

သီလနဲ့ ကိုယ်နှုတ်အမူအရာတွေ အပြစ်ကင်းအောင် စောင့်စည်းသန့်စင်ပေးတာက သီလ ဝိသုဒ္ဓိ၊ သမာဓိနဲ့ စိတ်ကို ကိလေသာ နီဝရဏ ထကြွမှုကင်းအောင် သန့်စင်ပေးတာက စိတ္တ ဝိသုဒ္ဓိ၊ ဝိပဿနာပညာနဲ့ စိတ်ထဲမှာ အထင်အမြင် လွဲမှားမှုတွေကင်းအောင် ရှုမှတ်သန့်စင်ပေး တာက ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမ်ရုပ်ခွဲခြားမှုကစ အဆင့်ဆင့် အသိဉာဏ်စင်ကြယ်အောင် မြှင့်တင်ပေးရပါတယ်။

မေတ္တာပို့လွှတ်တဲ့အခါ မေတ္တာစိတ်ရယ်၊ စိတ်နဲ့ယှဉ်တွဲနေတဲ့ စေတသိက်တွေရယ် ဒါတွေက နာမ်ပေါ့။ စိတ်စေတသိက်တွေရဲ့ မှီရာဝတ္ထု၊ ဝတ္ထုရဲ့ မှီရာမဟာဘုတ်၊ မဟာဘုတ်ကိုမှီတဲ့ တရားတွေ အားလုံးရုပ်ပေါ့။ မေတ္တာနှင့်အတူ ဥပါဒ်တဲ့၊ မေတ္တာကြောင့်ဖြစ်တဲ့ ရုပ်တွေလည်း ရုပ်ပဲပေါ့။ မေတ္တာခံပုဂ္ဂိုလ်သန္တာန်မှာလဲ ပညတ် အဖုံးကို ဉာဏ်နဲ့ ခွာလိုက်ရင် ရုပ်နာမ်တွေချည်းပဲ။ မေတ္တာသမာဓိကို အခြေခံလို့ ပေါ်လာသမျှ ရုပ် နာမ်တွေကို ရှုမယ်ဆိုရင်လည်း ရှုဉာဏ်က နာမ်ပေါ့။ အရှုခံက ရုပ်နာမ်ပေါ့။ ရုပ်နာမ်ကလွဲလို့ ဘယ်သူ ဘယ်ဝါ ဘယ်သတ္တဝါမှ မရှိပါဘူး။ ပညတ်ဆိုတာ စကားပြောဖြစ်ရုံ ပညတ်ထားတာ၊ တကယ်ရှိတာ မဟုတ်ဘူး။ တကယ်ရှိတာကရုပ်နာမ်ပဲ။ ဝိပဿနာဉာဏ်ရဲ့ ကျက်စားရာ အာရုံကလည်း ရုပ်နာမ်ပါ။ ဒါဆို အတ္တဒိဋ္ဌိကို စတင်ဖြိုခွင်းနေပြီပေါ့။

ရုပ်နာမ်တွေထဲမှာ ငါလည်းမပါ၊ ငါ့ဟာလည်းမရှိ၊ သိတတ်တဲ့စိတ်နဲ့ သိစရာရုပ်နာမ်အားလုံး (ဒါမှမဟုတ်) ရှုဉာဏ်နဲ့ အရှုခံရုပ်နာမ်အားလုံး အကြောင်းရှိတာကြောင့် ဖြစ်၊ အကြောင်းရှိသလောက် ဖြစ်၊ အကြောင်းရှိသလိုဖြစ်၊ ကန့်သတ်ချိန် ခဏစေ့တော့ပျက်၊ ပျက်တိုင်းနှိပ်စက်၊ ဆိုင်ခွင့်သာပေး အပိုင်ပေးတာ တစ်ခုမှမပါ၊ အလိုမလိုက် အကြိုက်မပါ အနှစ်မရှိ၊ အနှစ်မရှိလို့ပျက်၊ ပျက်လို့ဆင်းရဲ၊ ဆင်းရဲလို့ အလိုမလိုက် အနှစ်မရှိ၊ ၃-ခုလှည့်ပတ်သွားနေတာပဲ၊ ဉာဏ်နဲ့မှီအောင် လိုက်ရုံပေါ့။

ဝိပဿနာရှုတယ်ဆိုတာ ရုပ်နာမ်ကိုအနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ မှတ်မှတ်ရရ မှတ်သားတားတာပါ။ အမှတ်တစ်ခုခုနဲ့ လူတစ်ယောက်ကို မမေ့အောင် မှတ်သားထားသလိုပါပဲ။ ရုပ်နာမ်ကို အမှတ် ၃-ခုနဲ့ မမေ့အောင် မှတ်နေတာ။ အနိစ္စတစ်ချက်ပိုင်ရင် ဒုက္ခနဲ့အနတ္တကို မြင်ပြီးသားပါ။ မြင်အောင်လည်း ခန္ဓာတီဗွီ နေ့စဉ် ကြည့်ရမယ်။ ခန္ဓာတီဗွီကြည့်ပေးမှ ခန္ဓာက ထုတ်လွှင့်ပေးနေတဲ့ ရုပ်နာမ်သတင်းတွေ အဆက်မပြတ် အမှန် သိခွင့် ရသွားမယ်။

မေတ္တာတစ်ခေါက် ပို့လွှတ်လိုက်၊ မေတ္တာစိတ်နှင့်ဆိုင်ရာ ရုပ်နာမ်တွေကို ရှုလိုက် (ဒါမှမဟုတ်) စိတ်ငြိမ်အောင် မေတ္တာသမာဓိ ထူထောင်၊ သတိ သမာဓိအားနဲ့ ဉာဏ်ကိုဖော်၊ တစ်ခုခုကို စူးစိုက်လို့ပဲဖြစ်ဖြစ် ပေါ်ရာပေါ်ရာ စူးစိုက်လို့ပဲဖြစ်ဖြစ် ရှုပေးလိုက်နဲ့ ရုပ်နာမ်ကို သုံးသပ်နေရမှာပဲ။

မြစ်ထဲစီးနေတဲ့ရေကို စိုက်ကြည့်ရင် မျက်စိအောက် ရေရောက်လာလိုက်၊ အောက်စီးသွားလို့ ပျောက်သွားလိုက်၊ ပျောက်သွားစီးသွားတဲ့ရေနေရာမှာ ရေအသစ်က ပြန်အစားထိုးလိုက်နဲ့ ရေတွေ တစ်ကန့်စီ မရပ်မနား ပြောင်းလဲနေတာကို မြင်ရမယ်။ ရုပ်နာမ်တွေလည်း သတိရှေ့ထား ဉာဏ်တရားနဲ့ ရှုသွားရင် တစ်ခုဖြစ်လိုက်၊ ပျောက်သွားလိုက်၊ နောက်တစ်ခုပြန်အစားထိုးလိုက်၊ ဖြစ်ဆိုတာနဲ့ပျက်၊ ဖြစ်ဆိုတာနဲ့ပျက် တစ်စက္ကန့်တောင် ရပ်နေတာ မတွေ့ရ တစ်စက္ကန့်အတွင်း အကြိမ် သိန်းနှင့်ချီ ပြောင်းလဲနေကြတာကို လက်တွေ့ မြင်သွားမယ်။

"အားလုံး ချမ်းသာကြပါစေ"

တိပိဋက ယောဆရာတော်
၁၃၆၇-ခုနှစ်၊ ကဆုန်လ။ (၂၀၀၅-မေလ)



www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကရေ ဓမ္မလက်ဆောင် (၃၃)

# မေတ္တာလွှမ်းခြုံ ဘေးရန်လုံ

## [ခန္ဓသုတ်]

## နမော သဗ္ဗဝေရသမတိက္ကန္တဿ

### ၁။ မေတ္တာလွှမ်းခြုံ ဘေးရန်လုံ

ယဿ သဗ္ဗမဟောရတ္တံ၊ အဟိံသာယ ရတော မနော။
မေတ္တံ သော သဗ္ဗဘူတေသု၊ ဝေရံတဿ န ကေနစိ။
(သံ - ၁ - ၂၁၀)

၁။ ကိုယ့်ကိုကိုယ်ခြောက်၊ အလွန်ကြောက်၊ မှတ်လောက်ကြောက်စရာ။
၂။ သက်မဲ့သက်ရှိ၊ နှောင့်ယှက်ဘိ၊ မှတ်သိကြောက်စရာ။
၃။ စည်းကမ်းဖေါက်က၊ ပြစ်ဒဏ်ရ၊ မှတ်ကြကြောက်စရာ။
၄။ တရားမကြွယ်၊ အထုပ်ငယ်၊ အပါယ်ခြောက်တဲ့ ကြောက်စရာ။
၅။ အို နာ သေမှု၊ ဆင်းရဲစု၊ မှတ်ရှုကြောက်စရာ။

- **ကြောက်လန့်စဖွယ်၊ အန္တရာယ်၊ ၅-သွယ်ရှိသည်သာ။**
- **သတိရှိသူ၊ ဉာဏ်ကိုကူ၊ အပူဘေးရန်ကင်းလွတ်ပါ။**
- **သက်ရှိဘေးရန်၊ ပပျောက်ရန်၊ စေန်မေတ္တာပွားရမှာ။**
- **မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊ အကုန်စိတ်ချမ်းသာ။**

မိမိတို့နေထိုင်ရာလောကဆိုတာ ဘေးရန်ကို ဖန်တီးပေးတတ်တဲ့ အဝိဇ္ဇာ၊ တဏှာ ဦးဆောင်နေတာဆိုတော့ ကြောက်စရာဘေးရန် အလွန်ပေါပါတယ်။ လူ့လောကမှာ တွေ့ကြုံနေရတဲ့ ကြောက်စရာဘေးရန်တွေက တူရာပေါင်းလိုက်ရင် ၅-မျိုးရှိပါတယ်။ ၅-မျိုးဆိုတာ -

(၁) ကိုယ့်ဟာကိုယ် အခြောက်ခံရတဲ့ ကြောက်စရာ၊ အဝိဇ္ဇာဦးစီးတဲ့ ကိလေသာအပူအရှုပ်တွေကြောင့် မလုပ်သင့်တာလုပ်မိ လုပ်သင့်တာမလုပ်မိတော့ ကိုယ့်ဟာကိုယ် မကျေနပ်လို့ စွပ်စွဲခြိမ်းခြောက်ခံရတယ်။ ချွတ်ချော်တဲ့အတိတ်ဟာ ပစ္စုပ္ပန်တိုင်း လိုက်ခြောက်တယ်။ မသေချာတဲ့ ပစ္စုပ္ပန်လည်း အနာဂတ်ကို လှမ်းခြောက်တာပဲ။ ကိုယ့်အကြောင်းကိုယ် သိထားတာဖြစ်လို့ ကိုယ့်ဟာကိုယ် အခြောက်ခံရတာက သူများခြောက်တာထက်ပိုပြီး ကြောက်လန့်တုန်လှုပ် ပူလောင်ရတတ်ပါ တယ်။

(၂) အပြင်က သက်မဲ့သက်ရှိတွေ အခြောက်ခံရတဲ့ ကြောက်စရာက တစ်မျိုး၊ ကိုယ့်မှာ သတိမေတ္တာကိုယ်ခံအားနည်းရင် နည်းသလောက် သက်မဲ့သက်ရှိ အနှောင့်အယှက်မျိုးစုံတွေရဲ့ မထီမဲ့မြင်ပြုတာ ခြောက်လှန့်တာ ခံနေရပါတယ်။ ကိုယ့်ကို နှောင့်ယှက်ဖျက်ဆီးပစ်မယ့် ဘေးရန်တွေက နီးနီးလေးမှာလည်း ရှိတယ်။ အဝေးမှာလည်း အများကြီးပဲ။

(၃) သတ်မှတ်ထားတဲ့ စည်းကမ်းဖောက်မိလို့ အပြစ်ပေးအရေးယူခံရတဲ့ ကြောက်စရာက တစ်မျိုး၊ နားမလည်မှုတွေ၊ သတိအားနည်းမှုတွေ၊ စိတ်မနိုင်မှုတွေ၊ မပြတ်သားမှုတွေကြောင့် နေရာအသီးသီးမှာ သတ်မှတ်


www.burmeseclassic.com

www.burmeseclassic.com


ဘောင်ခတ်ထားတဲ့ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်မိရင် အပြစ်ပေးအရေးယူတာ ခံရတတ်တယ်။ တကယ်ကြုံလာရင် တကယ်ပဲ ကြောက်စရာကောင်းတာပါ။

(၄) တရားမလုံလောက်လို့ အပါယ်ဘေး ခြိမ်းခြောက်ခံရတဲ့ ကြောက်စရာက တစ်မျိုးပါ။ မျက်မှောက်လူ့ဘဝမှာ စည်းကမ်းဖောက်ဖျက်သူကို အပြစ်ပေးဖို့ အကျဉ်းထောင်ဆိုတာ ရှိနေရသလိုပဲ သံသရာမှာလည်း တရားမလုံလောက်သူကို အပြစ်ပေးဖို့ အပါယ်ဘုံဆိုတာ ရှိနေပါတယ်။ ကောင်းမှုတရားဆိုတာ လူ့ဘဝရဲ့ အနှစ်ချုပ်ပဲ။ လူ့ရဲ့ ပဓာနစွမ်းအားလည်း ဖြစ်ပါတယ်။ ကောင်းမှုတရားကိုမှ ရအောင်မယူနိုင်ရင် လူ့ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိပါဘူး။ ရှိသင့်တာမရှိလို့ မရှိသင့်တာ ရှိနေရင် အချိန်တိုင်း အပါယ်ဘေး ခြိမ်းခြောက်တာ ခံနေရမှာပါ။ ဆင်းရဲပမာဏ အချိန် အကန့်အသတ် ဘာတစ်ခုမှ ခန့်မှန်းလို့မရတဲ့ နေရာကို သွားရမှာဆိုတော့ တွေးကြည့်ရင် ကြောက်စရာကြီးပဲ။

(၅) အို၊ နာ၊ သေ၊ သံသရာ ဆင်းရဲဘေး ခြိမ်းခြောက်ခံရတဲ့ ကြောက်စရာကတစ်မျိုး၊ ခန္ဓာရှိနေသမျှ ဘယ်သူမှရှောင်လို့မရနိုင်တဲ့ ကြောက်စရာမျိုးပေါ့။ ဘဝတစ်ခုရောက်လာပြီ ဆိုကတည်းက အမြဲခြိမ်းခြောက်နေကြတော့တာပါ။ အဲဒီလို ၅-မျိုးရှိတယ်။

သတိဉာဏ်ရှိလို့ ကောင်းမှုပြည့်စုံအောင် ကြိုးစားနေသူမှာ ကိုယ့်ဟာကိုယ်လည်း အခြောက်မခံရဘူး။ ကိုယ့်ဟာကိုယ် အကွက်စေ့အောင် ကျေနပ်လောက်အောင် ဖြည့်ကျင့်ထားသူဟာ ဘာကြောက်စရာ လိုသေးသလဲ။ အမြဲရွှင်လန်းအားတက်နေမှာပေါ့။ သတိဉာဏ်ရှိရင် သက်မဲ့ အန္တရာယ်လည်း ကင်းဝေး သွားမယ်။ သက်ရှိ အန္တရာယ်ကင်းဖို့ကျတော့ မေတ္တာပါ လွှမ်းခြုံပေးရဦးမယ်။ သတိဉာဏ်ရှိနေမှတော့ စည်းကမ်းဖောက်မှာလည်းမဟုတ်လို့ ပြစ်ဒဏ် ကြောက်စရာလည်း ကင်းရတော့မှာပေါ့။ အပါယ်ဘေး ဆိုတာလည်း ကင်းဝေးရမှာ သေချာပေါက်ပါ။

သတိဉာဏ်ကြီးမားသူအတွက် အို၊ နာ၊ သေ၊ သံသရာဘေးတွေဟာ လောလောဆယ် လွတ်မြောက်သွားတာ မဟုတ်ပေမယ့် ကြောက်နေရမယ့် ဘေးရန်တွေမဟုတ်တော့ပဲ ခန္ဓာကိုအမြန် အသုံးချဖို့ တွန်းအားများသာ ဖြစ်သွားရပါတယ်။ ရှောင်လွှဲပစ်လို့မှ မရတော့ရဲအောင် ကြိုးစားထားရုံပေါ့။ တစ်စတစ်စ နည်းသွားအောင်လည်း သတိထားကြိုးစားရမှာပဲ။ နောက်ဆုံးတော့ လုံးဝ ရပ်စဲသွားအောင် သာသနာနဲ့တွေ့တုန်း အစွမ်းကုန် အားခဲထားရမှာဖြစ်တယ်။

တကယ်တော့ မေတ္တာလွှမ်းခြုံနိုင်ရင် မေတ္တာလို့ပြောရင် သတိလည်းမကင်းနိုင်တာဖြစ်လို့ သတိကောင်းရင် အဆိုးနည်း-အကောင်းများတတ်တဲ့ကြောင့် ဘေးရန်အားလုံး လုံခြုံနိုင်ပါတယ်။ ပြီးတော့ မေတ္တာဆိုတာ ကိုယ့်ကိုသာ ဘေးရန်လုံစေတာ မဟုတ်ဘူး။ သူများတွေကိုပါ ဘေးရန်လုံအောင် စွမ်းဆောင် ပေးနိုင်ပါတယ်။ သတိက ကိုယ့်ကိုစောင့်ရှောက်ရင်း သူ့ကိုပါစောင့်ရှောက်ပေးတယ်။ မေတ္တာက သူ့ကိုစောင့်ရှောက်ရင်း ကိုယ့်ကိုပါ စောင့်ရှောက်ပေးတယ်။ ဒီတော့လုံခြုံရောပေါ့။ မေတ္တာလွှမ်းခြုံတတ်ရင် ခန္တီ၊ ကရုဏာ၊ မုဒိတာတို့လည်း အကျုံးဝင်သွားတယ်။ သူတော်ကောင်းလမ်းစဉ် လေးချက်ပါပဲ။

## ၂။ လွှမ်းခြုံမေတ္တာ ဘေးရန်ကွာ

- **မြွေမျိုးများစွာ၊ လွှမ်းခြုံကာ၊ မေတ္တာပွားကြလေ။**
- **သူရောကိုယ်ပါ၊ ဘေးရန်ကွာ၊ ချမ်းသာကြရပေ။**
- **ဝိရူပက္ခ (ရောပထ + ဆဗျာပုတ္တ + ကဏှာဂေါတမ) နာမထင်ရှား၊ မြွေနဂါးမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- **ဝိရူပက္ခ (ရောပထ + ဆဗျာပုတ္တ + ကဏှာဂေါတမ) နာမထင်ရှား၊ မြွေနဂါးနှင့်၊ များပြားလှစွာ၊ ငါ့မေတ္တာ၊ ကောင်းစွာတွေ့ပါစေ။**
- **တဥ-ပူတိ၊ အင်္ဂမုခ၊ သတ္တတစ်ဖြာ၊ ၄-မျိုးမှာ၊ ချမ်းသာကြပါစေ။**
- **ဒဥ-ဒိဥ၊ ဖုဥ-ဝိတာ၊ ၄-မျိုးမှာ၊ ချမ်းသာကြပါစေ။**
- **မျိုးရေပေါ်များ၊ မြွေနဂါးနှင့်၊ ကြီးမားလှစွာ၊ ငါ့မေတ္တာ၊ ကောင်းစွာတွေ့ပါစေ။**


www.burmeseclassic.com

www.burmeseclassic.com



မြွေနဂါးမျိုးဟာ လူတွေကိုခြိမ်းခြောက်နေတဲ့ အန္တရာယ်အယှက် အန္တရာယ်တစ်မျိုးပါ။ ဦးပဥ္စင်း အညာဒေသကိုသွားတုန်းက ကားလမ်းဘေးမှာ လူတွေဝိုင်းအုံနေကြတာတွေ့လို့ 'ဘာဖြစ်ကြတာလဲ' လို့ မေးကြည့်တော့ 'လူငယ်တစ်ယောက် ပိုးထိသွားတယ်' လို့ သိရပါတယ်။ မြွေပေါက်ခံရလို့ သေသွားတယ်ပေါ့။ မြွေကို ကြောက်ရတာက အသက်သေဆုံး ပျက်စီးရလောက်အောင် ပြင်းထန်လှတဲ့ အဆိပ်ကြောင့်ပါ။ မေတ္တာဟာ အဆိပ်နိုင်တဲ့ ဆေးပါ။ သစ္စာတွဲတဲ့မေတ္တာက ပိုအစွမ်းထက်ပါတယ်။

ဘုရားလက်ထက်က ရဟန်းတစ်ပါး အလုပ်လုပ်ရင်း မြွေကိုက်ခံရလို့ ပျံတော်မူသွားတော့ ရဟန်းများက ဘုရားထံသွားပြီး အကြောင်းစုံလျှောက်ကြတယ်။ ဘုရားရှင်က 'မြွေတွေကို မေတ္တာမပို့လို့ မြွေကိုက်ခံရတာ ဖြစ်ကြောင်း' နဲ့ 'မြွေတွေကိုလည်း သီးခြား မေတ္တာပို့ရမှာဖြစ်ကြောင်း' မိန့်ကြားတော်မူပါတယ်။ မြွေဆို နဂါးလည်း ပါရောပေါ့။

ဝိရူပက္ခ၊ ဧရာပထ၊ ဆဗျာပုတ္တ၊ ကဏှာ ဂေါတမရယ်လို့ မြွေ ၄-မျိုးရှိပါတယ်။ 'ဝိရူ ပက္ခမြွေနဂါးမျိုးတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ' လို့ တစ်မျိုးစီ၊ တစ်မျိုးစီ သီးခြားခွဲပြီး မေတ္တာလွှမ်းခြုံ ပြန့်ပွားပေးရုံပေါ့။

မြွေဆိုတာ-

(၁) အကိုက်ခံရသူတစ်ကိုယ်လုံး တောင့်တင်းခိုင်မာသွားအောင် အဆိပ်ပြင်းတဲ့ ကဋ္ဌမုခမြွေမျိုး၊

(၂) အကိုက်ခံရသူရဲ့ အသားထဲက အရေယိုထွက်လာသည်ထိ ပုပ်သွားလောက်အောင် အဆိပ်ပြင်းတဲ့ ပူတိမုခမြွေမျိုး၊

(၃) အကိုက်ခံရသူရဲ့ တစ်ကိုယ်လုံး မီးလောင်မြိုက်ခံရသလို ပူလောင်သွားလောက်အောင် အဆိပ်အပူရှိန် သိပ်ပြင်းတဲ့ အဂ္ဂိမုခမြွေမျိုး၊

(၄) အကိုက်ခံရသူရဲ့ တစ်ကိုယ်လုံး တစ်ပိုင်းစီ တစ်ပိုင်းစီ အပိုင်းပိုင်းပြတ်သွားလောက်အောင် အဆိပ် ပြင်းထန်တဲ့ သတ္ထမုခမြွေမျိုးရယ်လို့ ၄-မျိုးရှိတယ်။

အဲဒီ ၄-မျိုးမှာလည်း တစ်မျိုး တစ်မျိုးမှာ

(၁) အကိုက်ခံရရင် အဆိပ်တက်သွားစေနိုင်တဲ့ ဒဋ္ဌဝိသမြွေမျိုး၊

(၂) မြင်ရရုံနဲ့ အဆိပ်တက်သွားစေနိုင်တဲ့ ဒိဋ္ဌဝိသမြွေမျိုး၊

(၃) မြွေထိခံရရုံနဲ့ အဆိပ်ကူးစက်ပြန့်သွားစေနိုင်တဲ့ ဖုဋ္ဌဝိသမြွေမျိုး၊

(၄) လေထိခံရရုံနဲ့ အဆိပ်ကူးစက်သွားစေနိုင်တဲ့ ဝါတဝိသမြွေမျိုးလို့ ၄-မျိုးစီ ရှိလာပြန်တယ်။

ဝိရူပက္ခစတဲ့မြွေ ၄-မျိုးဟာ အကိုက်ခံရရင် အဆိပ်တက်သွားစေနိုင်တဲ့ ဒဋ္ဌဝိသမြွေမျိုးတွေလို့ ဆိုပါတယ်။

မြွေမှာရှိတဲ့ သူတို့ရဲ့ကံအကျိုးကြောင့် ရလာတဲ့သဘာဝအဆိပ်တွေဟာ သိပ်ကြောက်စရာကောင်းလောက်အောင် ပြင်းထန်ပါတယ်။ သူတို့က လက်ဦးရင် အဆိပ်ထိခံရသူဟာ သေသည်ထိ ဒုက္ခရောက်ရတတ်ပါတယ်။ အရှင်သာရိပုတ္တရာရဲ့ညီတော် အရှင်ဥပသေနဟာ တစ်နေ့တော့ လိုဏ်ဂူထဲ သင်္ကန်းချုပ်နေတုန်း အမိုးပေါ်က မြွေငယ်တစ်ကောင် အရှင်မြတ်ရဲ့ပခုံးပေါ် ကျလာတယ်လို့ဆိုတယ်။ မြွေက ထိရုံနဲ့ အဆိပ်ပြန့်စေနိုင်တဲ့ ဖုဋ္ဌဝိသမြွေမျိုးတဲ့။ တစ်ကိုယ်လုံး အဆိပ်ပြန့်ဆင်းလာတာကို အရှင်မြတ်ကသိတော့ လိုဏ်ဂူထဲ ခန္ဓာမပျက်စီးရအောင် တန်ခိုးနဲ့ အဓိဋ္ဌာန်လိုက်တယ်။

ခန္ဓာမပျက်စီးသေးမီ ခုတင်ပေါ်တင်၊ အပြင်ထုတ်ပေးဖို့ ရဟန်းများကို ခိုင်းလိုက်တယ်။ ရဟန်းများက အရှင်ဥပသေနကို ခုတင်ပေါ်တင်ပြီး လိုဏ်ဂူအပြင်ဘက် ထုတ်လိုက်တယ်။ လိုဏ်ဂူအပြင်ဘက်ရောက်တာနဲ့ အရှင်ဥပသေနရဲ့ခန္ဓာဟာ ခုတင်ပေါ်တင်ပဲ ဖွဲဆုပ်များလို ပြန့်ကြဲသွားသတဲ့။ ခန္ဓာပျက်စီးသွားပြီပေါ့။ မြွေဆိုးက လက်ဦးသွားပြီကိုး။

ယနေ့ မျက်မှောက်ခေတ်မှာလည်း အဏုမြူ လက်နက်တို့၊ ဗျူကလီယား(ညျူကလီယား) အဆိပ်ငွေ့ လက်နက်တို့ စတဲ့ လူလုပ်တဲ့ အဆိပ်ငွေ့တွေ လောကထဲမှာရှိနေကြပါတယ်။ ပင်ရင်း အဆိပ်ကတော့ လောဘ၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါသ၊ မောဟပါ။ ဒီအဆိပ်ငွေ့တွေ ထိခံရရင်လည်း ချက်ချင်း လောင်ကျွမ်း ကြွေမှ ပျက်စီးသွားစေနိုင်တာပဲ။ သူက လက်ဦးရင်တော့ ခံရမှာပါပဲ။ ပုထုဇဉ်လူသားဟာ ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ပါ။ သူတို့ပဲ ကောင်းကျိုးပြု အလုပ်တွေ လုပ်ပေးတယ်။ သူတို့ပဲ ကြောက်လန့်စရာတွေ ဖန်တီးပြီး ခြိမ်းခြောက်နေကြတယ်။

သဘာဝအဆိပ်တွေပဲဖြစ်ဖြစ်၊ လူလုပ်တဲ့ အဆိပ်တွေပဲဖြစ်ဖြစ်၊ ဘယ်အဆိပ်မျိုးကိုမဆို မေတ္တာစွမ်းရည်က အနိုင်ယူ လွှမ်းမိုးနိုင်ပါတယ်။ မေတ္တာအကျိုးအာနိသင်တွေထဲမှာ အဆိပ်လက်နက် မထိနိုင်ဘူး၊ မီးမလောင်နိုင်ဘူးဆိုတဲ့ အံ့ဖွယ်အာနိသင်တစ်ခု ပါဝင်ပါတယ်။ ကိုယ်က လက်ဦးထားဖို့တော့ လိုမယ်ပေါ့။ သတိမြဲမှပဲ ဖြစ်မှာပါ။

ဘေးရန်မရောက်မီ ကြိုတင်ကာကွယ်ထားတာက ပိုစိတ်အေးရပါတယ်။ 'ကဌမုခ မြွေမျိုးတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ' ၊ 'အဆိပ်ထုတ်လုပ်နေသူတွေ၊ အဆိပ်ရှိသူတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ'၊ 'ဒဌဝိသမြွေမျိုးတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာ ကြပါစေ'၊ 'သတ္တဝါတွေအားလုံး ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာပါစေ' လို့ လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက် စိတ်ပါလက်ပါ စူးစူးစိုက်စိုက် မေတ္တာနဲ့အောင် ဖြန့်ပွားပေးဖို့ အထူးလိုအပ်မှာပါ။ မေတ္တာရှင်ဟာ လောကရဲ့အကျိုးဆောင် အတွင်းရေးမှူးပဲ။ သူချမ်းသာအောင် ကူညီစောင့်ရှောက်ရင် ကိုယ်လည်း ဧကန် ချမ်းသာရမှာပေါ့။

## ၃။ သတ္တဝါစုံ မေတ္တာခြံ

- **ခြေထောက်မပါ (ခြေ ၂-ချောင်းပါ + ခြေ ၄-ချောင်းပါ + ခြေထောက်များစွာ)၊ သတ္တဝါ၊ ချမ်းသာကြပါစေ။ (ခြေထောက်မပါ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေဟုလည်း ဆိုနိုင်၊ ပို့နိုင်သည်)**
- **ခြေထောက်မပါ (ခြေ ၂-ချောင်းပါ + ခြေ ၄-ချောင်းပါ + ခြေထောက်များစွာ) သတ္တဝါလည်း၊ ငါ့လိုပဲ၊ ညှင်းဆဲကင်းပါစေ။**
- **သတ္တဝါများ၊ စိတ်ကောင်းထား၍၊ အများသူငါ၊ ကိုယ်ချင်းစာ၊မေတ္တာရှိပါစေ။**
- **အားလုံးသတ္တဝါ၊ ဘေးရန်ကွာ၊ ကောင်းတာတွေ့ပါစေ။**
- **ဘေးရန်ကြောင့်ကြ၊ ဒုက္ခကင်းကွာ၊အေးမြကာ၊ ချမ်းသာကြပါစေ။**
- **သတ္တဝါစုံ၊ မေတ္တာခြံ၊ အကုန်ချမ်းသာပေ။**

လောကထဲမှာ ကြောက်စရာအကောင်းဆုံးအဆိပ်က ဒေါသပါ။ ဒေါသအဆိပ်ကို အဒေါသ ဆေးနဲ့ ကာကွယ်ကုသ ဖြေပေးနေရတဲ့သဘောပါ။ အဒေါသဆိုတာ -

(၁) ကုသိုလ်စိတ်ဖြစ်တိုင်း၊ ကုသိုလ်လုပ်တိုင်း ပါဝင်နေတဲ့ ဒေါသအပူကင်းနေတဲ့ သာမန် အဒေါသ, သတိထားတိုင်း ဒေါသကင်းနိုင်ပါတယ်။

(၂) သည်းခံခွင့်လွှတ် သဘောထားကြီးတတ်တဲ့ အခံဓာတ် အဒေါသ၊

(၃) သူရောကိုယ်ပါ ချမ်းသာစေနိုင်တဲ့ ဘာဝနာအဖြစ်ရောက်သွားတဲ့ မေတ္တာ အဒေါသရယ်လို့ ၃-မျိုး ရှိပါတယ်။

ဒေါသဆိုတာ လောကရဲ့ အကြီးမားဆုံး ခွဲအားပါ။ နှစ်ယောက်တည်းတောင် အတူနေလို့ မဖြစ်အောင် ခွဲပစ်တတ်ပါတယ်။ မေတ္တာကတော့ အကြီးမားဆုံးဆွဲအားပါ။ အများကြီးကို အတူနေနိုင်အောင် စုစည်းပေးပါတယ်။ ပြီးတော့ လူ့နှလုံးသားတွေထဲမှာ ဒေါသနှလုံးဟာ အကျည်း အတန်ဆုံး အရုပ်အဆိုးဆုံးပါ။ မေတ္တာနှလုံးကတော့ အလှဆုံးပါ။

သတ္တဝါအစုံကို မေတ္တာခြံပေးရမယ်။ ခြေထောက်ကိုကြည့်ပြီး သတ္တဝါ ၄-မျိုးရှိတယ်။

(၁) မြွေ ငါး စတဲ့ ခြေထောက်မပါတဲ့သတ္တဝါ၊

(၂) လူ ငှက် စတဲ့ ခြေထောက် ၂-ချောင်းရှိတဲ့သတ္တဝါ၊

(၃) ကျွဲ နွား စတဲ့ ခြေထောက် ၄-ချောင်းရှိတဲ့ သတ္တဝါ၊

(၄) ကင်း ပင့်ကူ စတဲ့ ခြေထောက်များတဲ့ သတ္တဝါ၊ အဲဒီ ၄-မျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ခြေထောက်မပါတဲ့သတ္တဝါတွေ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ' လို့ တစ်မျိုးစီ ခွဲပြီး မေတ္တာလွှမ်းခြုံ ဖြန့်ပွားပေးရမယ်။ ကျန်တာလည်း အတူတူပေါ့။ ပြီးတော့ 'ငါက သင်တို့ကို မေတ္တာထားလို့ မညှင်းဆဲသလို သင်တို့လည်း ငါ့ကိုမညှင်းဆဲဘဲ မေတ္တာထားကြပါ' လို့ တောင့်တတဲ့ မေတ္တာမျိုးလည်း ဖြန့်ပွားပေးနိုင်ပါတယ်။ 'သင်တို့ သတ္တဝါတွေအချင်းချင်းလည်း ကိုယ်ချင်းစာကြ၊ မေတ္တာထားကြပါ' လို့ မေတ္တာနဲ့ အချင်းချင်း ချမ်းသာအောင် စွမ်းဆောင်ပေးနိုင်ဖို့ မေတ္တာနဲ့ ချမ်းသာအောင်နေတတ်ဖို့ တောင့်တတဲ့ မေတ္တာမျိုးလည်း ဖြန့်ပွားပေးရမှာပဲ။ ကိုယ့်ကြောင့်လည်း သူတို့ချမ်းသာဖို့ သူတို့ကြောင့်လည်း ကိုယ်ချမ်းသာဖို့၊ သူတို့ကြောင့်လည်း သူတို့ချမ်းသာဖို့ စွမ်းဆောင်ပေးရတဲ့ သဘောမျိုးပါ။

ပြီးတော့ အမျိုးအစားမခွဲခြားဘဲ သတ္တဝါအားလုံးကိုလည်း တစ်ပေါင်းတည်း လွှမ်းခြုံပြီး မေတ္တာ ဖြန့်ပွားပေးရမယ်။ 'သတ္တဝါအားလုံး ဘေးရန်ကင်းလို့ ကောင်းတာတွေ့ကြပါစေ၊ ဘေးရန် ကြောင့်ကြ ဒုက္ခကင်းဝေး ငြိမ်းအေးချမ်းသာကြပါစေ' လို့ အားလုံးစုစည်းပြီး မေတ္တာ ခြုံပေးရုံပါပဲ။ မေတ္တာခြုံမှ လုံပါတယ်။ မေတ္တာ မခြုံနိုင်ရင် နှစ်ယောက်တည်းတောင် မလုံပါဘူး။ ကိုယ့်နေအိမ်ထဲ ကျောင်းထဲမှာတောင် မလုံတော့ပါဘူး။ မေတ္တာစိတ်ထား စွမ်းအားသာ ပြန့်ပွားသွားရင် မိုးလေဝသ ရာသီဥတုကလည်း မှန်မှန်ကန်ကန် ကောင်းကျိုး ပြုပေးမယ်။ မြေကြီးကလည်း ကမ္ဘာ့လူသားအားလုံး ပြည့်စုံလုံလောက်အောင် ဝအောင်ကျွေးပေးမှာ သေချာ ပါတယ်။ လောကသတ္တဝါတွေထဲမှာ လူသာပဓာနအကျဆုံးပါ။ လူကောင်းရင် အားလုံးကောင်းပေးကြမယ့် သဘောရှိပါတယ်။

## ၄။ သစ္စာထုံ့မွှမ်း မေတ္တာစွမ်း

- **ဗုဒ္ဓ ဓမ္မ သံဃ သုံးဖြာ၊ ရတနာ၊ ဂုဏ်မှာ များလှပေ။**
- **နှိုင်းယှဉ်တိုင်းတာ၊ ကိလေသာ၊ ကင်းကွာမရှိချေ။**
- **မြွေကင်းများစွာ၊ သတ္တဝါကား၊ အညံ့စား၊ စွမ်းအားမရှိချေ။**
- **နှိုင်းယှဉ်တိုင်းတာ၊ ကိလေသာဟူ၊ အရှုပ်ထူ၊ အပူပြည့်၍နေ။**
- **ရတနာဂုဏ်၊ ပွားများထုံ၊ လုံခြုံအေးမြပေ။**
- **အားလုံးသတ္တဝါ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**

ခန္ဓသုတ်မှာ မေတ္တာဖြန့်ပွားပုံတွေပြပြီးတော့ 'အပ္ပမာဏော ဗုဒ္ဓေါ၊ အပ္ပမာဏော ဓမ္မော၊ အပ္ပမာဏော သံဃော' လို့ ဆက်ပြတယ်။ 'ပမာဏဝန္တာနိ သရီသပါနိ' လို့လည်း ဆက်ပြထားပြန် တယ်။ ဒါက ရတနာသုံးပါးရဲ့ အံ့ဖွယ်ဂုဏ်ကို ချီးမွမ်းရင့်ကျူး ဝတ်ကူးယူပြီး နှောင့်ယှက်တတ်တဲ့ သတ္တဝါတွေရဲ့အန္တရာယ် မရောက်အောင် အကာအကွယ် အရံအတားပြုလုပ်ပေးတဲ့သဘောပါ။ ပြီးတော့ ရတနာသုံးပါးထံမှာ စိတ်ဆေးကြောသန့်စင်၊ စိတ်ကောင်းထုတ်ယူပြီး စိတ်ကောင်းလာမှ မေတ္တာပို့ပေးတာလည်းဖြစ်တယ်။ 'မေတ္တာအစွမ်းထက်အောင် သစ္စာထုံမွှမ်းပေးတာပါ' လို့ ပြောရင်လည်း ဖြစ်နိုင်တာပါပဲ။

ရတနာသုံးပါးမှာ နှိုင်းယှဉ်တိုင်းတာ ကန့်သတ်လို့မရနိုင်တဲ့ အံ့ဖွယ်လောကုတ္တရာဂုဏ် စွမ်းရည်တွေက အဆုံးအပိုင်းအခြားမရှိ အနန္တပါ။ အများကြီးပေါ့။ လောကီဂုဏ်စွမ်းရည်တွေတောင် နည်းတာမှမဟုတ်ဘဲ ရေတွက်လို့မရနိုင်အောင် အများကြီးပါ။ ဒီများပြားလှတဲ့ ဂုဏ်စွမ်းရည်တွေ အားလုံးဟာ နှိုင်းယှဉ်တိုင်းတာ ကန့်သတ်ပေးတတ်တဲ့ ကိလေသာတွေကို တွန်းလှန် ခြေကန် ဖြိုခွင်း အပြတ်ရှင်း အနိုင်ယူပြီးမှ ရလာခဲ့တာတွေပါ။ ဒါကြောင့် ရတနာသုံးပါးမှာ နှိုင်းယှဉ်တိုင်းတာ ကန့်သတ်ပေးတတ်တဲ့ ကိလေသာ လုံးဝမရှိတော့ပါဘူး။

လောကမှာရှိနေတဲ့ ဆင်းရဲ အပူ၊ အရှုပ် ပြဿနာ အန္တရာယ်အားလုံးဟာ ကိလေသာက မြစ်ဖျားခံတာပါ။ လောဘ၊ ဒေါသ၊ မောဟဆိုတာ ဘေးရန်အပူဝင်ပေါက် သုံးပေါက်ပဲ။ ရတနာသုံးပါးက ကိလေသာကို အကုန်နိုင်တာဆိုတော့ ကိလေသာကလည်း ရတနာသုံးပါးကိုပဲ ကြောက်တာပါ။ ရတနာသုံးပါးကလွဲရင် ဘာကိုမှမကြောက်ဘူး။ ဒါကြောင့် ဘေးရန်ဆင်းရဲ အပူမလိုချင်သူတိုင်း မနက်အိပ်ရာထတာနဲ့ ရတနာသုံးပါးထံ ချဉ်းကပ်ကြရတာဖြစ်တယ်။

လောဘ၊ ဒေါသ၊ မောဟက ဗုံးကြဲတဲ့ လေယာဉ်သုံးစင်းနှင့်တူတယ်လို့ ဆိုနိုင်တယ်။ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတဲ့ ရတနာသုံးပါးကတော့ ဗုံးခိုကျင်း ၃-ကျင်းနှင့်တူတယ်လို့ပြောရင် ဖြစ်နိုင်တယ်။ မိမိတို့တစ်တွေ ကြုံတွေ့နေရတဲ့



www.burmeseclassic.com

www.burmeseclassic.com


ဆင်းရဲ အပူ အရှုပ်အားလုံးဟာ လောဘ၊ ဒေါသ၊ မောဟက ကြဲချလိုက်တာတွေချည်းပဲ။ အတိတ်မကောင်းမှုကြောင့်ရနေတဲ့ မျက်မှောက်မကောင်းကျိုးတွေဟာလည်း အတိတ်ဘဝ လောဘ၊ ဒေါသ၊ မောဟတွေကပဲ ကြဲချလိုက်လို့ ခံနေရတဲ့ဒဏ်ချက်တွေပါ။

ရတနာသုံးပါးထံ ဆည်းကပ်ကြတယ်ဆိုတာ 'ဗုဒ္ဓဘာသာဝင် ' ဆိုတဲ့ နာမည်ခံယူဖို့ မဟုတ်ဘူး။ နာမည်ဟာ လိုရင်းမဟုတ်ဘူး။ တကယ်အခက်အခဲကြုံလာရင် နာမည်က ဘာမှမတတ်နိုင်ပါဘူး။ ကိုယ်မလိုချင်တဲ့ ဆင်းရဲအပူအရှုပ်တွေ ကြောက်လန့်စရာတွေကို ဖန်တီးဖော်ထုတ်ပေးနေတဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို ကိုယ့်အင်အားနဲ့ချည်း မနိုင်သေးလို့ ဒါတွေကိုနိုင်ချင်တဲ့ကြောင့် ဆည်းကပ်တာပါ။ ကိုယ်မလိုချင်တာတွေကို အနိုင်ယူ လွှမ်းမိုးနိုင်တဲ့ အင်အားက ရတနာသုံးပါးမှာပဲ ရှိတာကိုး။

ကိလေသာဆိုတာ 'ဒီပုဂ္ဂိုလ်ဟာ ဒီ လောက်ပဲ'၊ 'လောဘကြီးသူပဲ'၊ 'ဒေါသကြီးသူပဲ'၊ 'သိက္ခာကင်းမဲ့သူပဲ' လို့ နှိုင်းယှဉ်တိုင်းတာ ကန့်သတ်ပေးတတ်ပါတယ်။ တစ်ချို့ 'သူတော်ကောင်း' လို့ အထင်ကြီးခံနေရပေမယ့် ကိလေသာဖြစ်စရာအာရုံနဲ့ စမ်းကြည့်လိုက်ရင် မျက်နှာပျက်အရှက်ကွဲပြီး 'သူယုတ်မာအဖြစ်' ပေါ်လွင်သွားပါတယ်။ အညံ့စားဖြစ်အောင် လျှော့ချ တိုင်းတာ သတ်မှတ်ပေးတတ်တဲ့ ကိလေသာတွေဟာ ရတနာသုံးပါးမှာ လုံးဝမရှိပါဘူး။ ဒါကြောင့်လည်း အကောင်းဂုဏ်တွေဟာ တိုင်းတာကန့်သတ်လို့ မရနိုင်အောင် အလွန်များပြားနေတာပါ။ မြွေ ကင်း စတဲ့ အန္တရာယ်ပြုတတ်တဲ့ သတ္တဝါတွေဆိုတာ တိုင်းတာကန့်သတ်ပေးတတ်တဲ့ ကိလေသာတွေပြည့်နေတာဖြစ်လို့ အကောင်းဂုဏ် ဘာမှမရှိတဲ့ အညံ့စားတွေပါ။ ရတနာသုံးပါး စွမ်းရည်က ဒီအန္တရာယ်လောက်ကို အရေအတွက် မထားပါဘူး။

'ရတနာသုံးပါးမှာ ဘာအပူမှမရှိ၊ ဂုဏ်စွမ်းရည်ကလည်း ရေတွက်လို့မရအောင် အများကြီး' လို့ အာရုံပြုပွားထုံလိုက်ရင်ပဲ ဘေးရန်ကင်းစေနိုင်တဲ့ စွမ်းရည်သတ္တိတွေ ကိုယ့်မှာရလာပါပြီ။ ဆက်ပြီး မေတ္တာပို့လွှတ်ပွားများလိုက်ဦးမယ်ဆိုရင် စွမ်းအားတန်ခိုးပိုတိုးလာမှာပေါ့။ 'အရဟံ' စတဲ့ အခြားဂုဏ်တော်တွေကို ပွားလို့ပဲဖြစ်ဖြစ် 'နမောတဿ' စတဲ့နည်းနဲ့ ရှိခိုးလို့ပဲဖြစ်ဖြစ် ပြီးတာနဲ့ မေတ္တာဆက်ပို့ရင်လည်း စွမ်းရည်အတူတူပါပဲ။

'ရတနာသုံးပါးဆိုတာ ဘာအပူမှမရှိ၊ ဂုဏ်စွမ်းရည်က ရေတွက်လို့မရအောင် အများကြီး မြွေ၊ ကင်း စတဲ့ ကြောက်စရာ သတ္တဝါတွေက အပူတွေအပြည့်၊ ဘာဂုဏ်စွမ်းရည်မှမရှိတဲ့ အညံ့စားတွေ' ၊ 'ဤအမှန်စကားကြောင့် ငါဟာ ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာပါစေ'၊ 'ဤအမှန်စကားကြောင့် သင်ဟာ၊ ဒီလူတွေဟာ ဘေးရန်ကင်းလို့ ကျန်းမာ ချမ်းသာကြပါစေ' လို့ သစ္စာတွဲတဲ့ မေတ္တာမျိုးကိုလည်း ပို့လွှတ်နိုင်ပါတယ်။ ရတနာသုံးပါးနှင့် ဆက်စပ်တဲ့ အခြားဂုဏ်ပုဒ်များ နဲ့ သစ္စာဆိုလို့လည်း မေတ္တာဖြန့်ပွားနိုင်ပါတယ်။ သစ္စာဆိုတာ မှန်ရင်ပြီးတာပဲ။ သစ္စာထုံမွမ်းတဲ့ မေတ္တာက မေတ္တာရိုးရိုးထက် ပိုစွမ်းပါတယ်။

## ၅။ စွမ်းအားတိုးတက် မေတ္တာဆက်

- **စွမ်းအားတိုးတက်၊ မေတ္တာဆက်၊ ကောင်းကွက်မြင်ပါစေ။**
- **ငြိမ်သက်သေချာ၊ အေးမြစွာ၊ မေတ္တာပို့လွှတ်လေ။**
  - **(က) ငါ၏ကိုယ်မှာ၊ ဘေးရန်ကွာ၊ ချမ်းသာရပါစေ။**
  - **(ခ) ချစ်ခင်မြတ်နိုး၊ အားကိုးထိုက်ပါ၊ လူများစွာ၊ ချမ်းသာကြပါစေ။ ကျေးဖူး ပေးဖူး၊ ကူညီဖူးသည့်၊ ကျေးဇူးကြီးပါ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။**
  - **(ဂ) ကျေးဇူးမပြု၊ ရန်မပြုတတ်၊ ကြားနေတတ်ပါ၊ သတ္တဝါ၊ ချမ်းသာကြပါစေ။**
  - **(ဃ) ဘေးရန်ပြုလတ်၊ နှောင့်ယှက်တတ်ငြား၊ ရန်သူများမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- **မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊ အကုန်ချမ်းသာပေ။**

အတန်းပညာသင်ကြားသူတွေဟာ တစ်တန်းအောင်သွားမှ နောက်တစ်တန်းတက်ရသလို မေတ္တာစွမ်းအားတိုးတက်လိုသူဟာလည်း လွယ်ရာကနေ တစ်ဆင့်ပြီးတစ်ဆင့် တက်ရပါတယ်။ စွမ်းအားတိုးတက်ရေး မေတ္တာလေးမျိုးဆိုတာရှိတယ်။


www.burmeseclassic.com

www.burmeseclassic.com


(၁) ကိုယ့်ဟာကိုယ် အရင်ပို့
(၂) ပြီးမှ ချစ်ခင်မြတ်နိုးသူတွေပို့
(၃) အဲဒါ အောင်မှ အလယ်အလတ် ကြားနေပုဂ္ဂိုလ်တွေပို့
(၄) ရန်သူကို နောက်ဆုံးပို့

ရန်သူကိုတောင် ပို့လွှတ်လွှမ်းခြုံ ဖြန့်ပွားနိုင်ရင် ကိုယ့်မေတ္တာအောင်ပြီပေါ့။

(၁) ကိုယ့်ဟာကိုယ် မေတ္တာပို့တယ်ဆိုတာ မေတ္တာစိတ်ထူထောင်တာပါ။ အလှူ လုပ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ လှူဖို့ အရင်ဆုံး လှူ စရာပစ္စည်း စုရတယ်။ ကိုယ့်မှာ လှူစရာပစ္စည်းရှိပြီးမှ သူများကို ပေးလို့ဖြစ်မယ်။ မေတ္တာပို့ချင်သူဟာလည်း မေတ္တာစိတ်တွေ အရင်စုရတယ်။ ကိုယ့်မှာ မေတ္တာစိတ်တွေရှိပြီးမှပဲ သူများချမ်းသာအောင် မေတ္တာပို့လို့ ဖြစ်နိုင်မှာပါ။ ကိုယ့်ဟာကိုယ် အချစ်ဆုံးပဲဆိုတော့ 'ငါဘေးရန်ကင်းလို့ ချမ်းသာရပါလို၏၊ ချမ်းသာပါစေ' လို့ ထပ်တလဲလဲ လေ့ကျင့်ပေးရင် နည်းလမ်းမှန်တဲ့ မေတ္တာစိတ် ချစ်စိတ်တွေ ဖြစ်ပေါ်တိုးပွားလာတတ်ပါတယ်။

ပြီးတော့ ကိုယ့်ဟာကိုယ် မေတ္တာပို့တာဟာ သူများအပေါ်မေတ္တာပို့ဖို့ ကိုယ်ချင်းစာစိတ် ဖော်ထုတ်ပေးတာပါ။ 'ငါဘေးရန်ကင်း ချင်သလို သူတို့လည်း ဘေးရန်ကင်းချင်ကြမှာ၊ သူတို့ ဘေးရန် ကင်းကြပါစေ'၊ 'ငါချမ်းသာချင်သလို သူတို့လည်း ချမ်းသာချင်ကြမှာ၊ သူတို့ ချမ်းသာကြပါစေ' လို့ ကိုယ်ချင်းစာစိတ်ကို ရှေ့က ထားလိုက်တော့ သူများအပေါ် ချမ်းသာစေချင်တဲ့စိတ် ဖော်ထုတ်ရတာလွယ်တာပေါ့။

(၂) ကိုယ့်ဟာကိုယ်မေတ္တာပို့လို့ မေတ္တာ စိတ်ထူထောင်လေ့ကျင့်ပြီးရင် ချစ်စရာ ပိယ ပုဂ္ဂိုလ်များကို မေတ္တာလွှမ်းခြုံ ပို့လွှတ်ပေးရမယ်။ ပထမတန်းအောင်လို့ ဒုတိယတန်း တက်သလိုပေါ့။ ပိယပုဂ္ဂိုလ် ၂-မျိုးလို့ ဆိုနိုင်တယ်။ ၂-မျိုးက -

(က) ကိုယ့်ကို တိုက်ရိုက် မကူညီဖူးပေမယ့် အကျင့်သိက္ခာလည်းကောင်း၊ အများအကျိုးလည်း ဆောင်တတ်တဲ့ ချစ်ခင်မြတ်နိုး အားကိုးထိုက်တဲ့ လူတွေရယ်၊

(ခ) ကိုယ့်ကို တိုက်ရိုက်ကျွေးဖူး ပေးဖူး ကူညီဖူးတဲ့ ကျေးဇူးရှင်တွေရယ်၊ လူတင်မက ကျွဲတွေ နွားတွေထိပေါ့။

အဲဒါတွေကို ပုံဖော်ပြီး 'ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ' လို့ ကြိမ်ဖန်များစွာ မေတ္တာစိတ် လွှမ်းခြုံ ဖြန့်ပွားပေးရမယ်။ ပိယဆိုတော့ ကောင်းကွက်ပေါ်ပြီးသားပါ။

(၃) ပြီးတော့ နောက်တစ်ဆင့်တက်ရမယ်။ ကိုယ့်ကိုကျေးဇူးလည်း မပြုတတ်၊ ရန်လည်း မလုပ်တတ်၊ မနှောင့်ယှက်တတ်တဲ့ကြားနေ မဇ္ဈိမပုဂ္ဂိုလ်တွေကို မေတ္တာပို့ရမယ်။ မေတ္တာပို့ရင် မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကို မြင်အောင်ကြည့်နိုင်မှ ပို့လို့ရနိုင်တာပါ။ မကူညီပေမယ့် မနှောင့်ယှက်တာဟာ ကြားနေပုဂ္ဂိုလ်ရဲ့ မြတ်နိုးဖွယ် ကောင်းကွက်ပဲ။ 'မကူညီချင်နေပါ၊ မနှောင့်ယှက် ပါနဲ့' လို့ လူတွေ ပြောတတ်ကြတယ် မဟုတ်လား၊ အာရုံကိုပုံဖော်ပြီး ကြိမ်ဖန်များစွာ ဖြန့်ပွားပေးရမယ်။

(၄) နောက်ဆုံးတက်ရမယ့် စတုတ္ထဆင့်ကတော့ အခက်ဆုံးပါ။ ဒီအဆင့် အောင်သွားရင် မေတ္တာအောင်လက်မှတ်ဘွဲ့ရတော့မှာပဲ။ နောက်ဆုံးအဆင့်က ကိုယ့်ကိုနှောင့်ယှက် ရန်လုပ်နေတတ်သူကို မေတ္တာပို့ရမှာဖြစ်တယ်။ လူ၊ တိရစ္ဆာန် ဘယ်သူပဲဖြစ်ဖြစ်ပေါ့။ မေတ္တာဆိုတာ သူများအပေါ် မိတ်ဆွေစိတ်၊ မိခင်စိတ်မျိုး ထားတာပါ။ ကောင်းကွက်ကို မြင်အောင်ကြည့်နိုင်မှ မေတ္တာပို့လို့ ဖြစ်နိုင်မယ်။ ရန်သူကို မေတ္တာပို့ရင်လည်း ကောင်းကွက်ကို တွေ့အောင် ရှာယူနိုင်မှ ပို့နိုင်မှာပါ။

ယခု နှောင့်ယှက်နေဆဲဖြစ်သူကိုပဲ ဖြစ်ဖြစ်၊ အရင်က နှောင့်ယှက်ခဲ့ဖူးသူကိုပဲဖြစ်ဖြစ်၊ အာရုံကို ပုံဖော်ပြီး မေတ္တာပို့စမ်းကြည့်ပါ။ မေတ္တာပို့လို့ မရဘူးဆိုရင် ဒါဟာအဖြေပဲ။ အောင်မှတ် မရဘူးပေါ့။ အောင်မှတ်ရဖို့ ဆက်ကြိုးစားရမယ်။ မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကို မြင်အောင် ကြည့်ဖို့လိုမယ်။ ကိုယ်က သူ့ကို မေတ္တာပို့လို့ မရသေးပါဘူးလို့ သိရတာဟာ ကောင်းကွက်တစ်ခုပဲ။ သူစမ်းလို့ ကိုယ်မစွမ်းသေးမှန်းသိရတာ။ အကောင်းရဲ့ ကြံ့ခိုင်မှုကို အဆိုးနဲ့စမ်းရတာကိုး။ ကိုယ်မစွမ်းမှန်းသိလို့ စွမ်းအောင်ကြိုးစားဖြစ်တာမျိုး၊ ကိုယ်ဘာမှ မဟုတ်သေးမှန်းသိလို့ ဟုတ်အောင်ကြိုးစားဖြစ်တာမျိုးတွေဟာ သူ့ကျေးဇူးကြောင့်ပါ။ သူ့ကျေးဇူးကြောင့် ကိုယ့်ဟာကိုယ် တိုးတက်အောင် ကြိုးစားဖြစ်တာဖြစ်လို့ သူဟာ ကိုယ့်ကျေးဇူးရှင်ပဲ။ ကိုယ့်ကို တိုးတက်အောင် ကူညီပေးဖော်ရတာကိုး။



www.burmeseclassic.com

www.burmeseclassic.com


ပြီးတော့ သူဟာ ကိုယ့်အပေါ်လောလောဆယ်မကောင်းပေမယ့် ဟိုတုန်းက ကောင်းခဲ့ဖူးတာတွေ ရှိတတ်ပါတယ်။ ဖော်ကြည့်ရင် ပေါ်လာတတ်ပါတယ်။ ဒါတင်မကသေးဘူး။ ကိုယ့်အပေါ် ယခု မကောင်းရင်တောင် သူများတွေအပေါ် ကောင်းနေတတ်ပါတယ်။ သူများ ချမ်းသာအောင် ဆောင်ရွက်ပေးနေတာတွေ တွေ့ရတတ်ပါတယ်။ ဒါဟာလည်း ကောင်းကွက်ပါပဲ။ ပြီးတော့ မိမိတို့ရဲ့ ဘဝသံသရာခရီးဟာ ရှည်ခဲ့လှပြီဖြစ်လို့ ဆွေမျိုးမတော်စပ်ဖူးသူ တစ်စုံတစ်ယောက်မှ မရှိတော့ပါဘူး။ ယခု နှောင့်ယှက်ရန်လုပ်နေသူဟာလည်း ဟိုတစ်ချိန်တုန်းက ကိုယ့်ကို အစွမ်းကုန်ချမ်းသာအောင် ကူညီစောင့်ရှောက်ခဲ့ဖူးတဲ့ မိဘအရင်းစသည် ဖြစ်ခဲ့ဖူးပြီးသားပါ။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ စိမ်းကားအောင် လုပ်ပစ်တတ်တဲ့ တရားဆိုးတွေကြောင့် တစ်စိမ်းတွေ ပြန်ဖြစ်ကုန်ကြတာပါ။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ရန်တရားတွေကြောင့် ရန်သူတွေ ပြန်ဖြစ်ကုန်ရတာပါ။ တစ်ချိန်က ကောင်းကျိုးဆောင်ခဲ့ဖူးတဲ့ ကောင်းကွက် ရှိနေပါတယ်။

ရေဆာနေသူဟာလမ်းသွားရင်း လမ်းဘေးက မှော်တွေဖုံးနေတဲ့ ရေကန်ကိုတွေ့ရင် မှော်ကို ဖယ်ပြီး ရေကောင်းကို ရွေးယူသောက်သလို မေတ္တာစွမ်းအားတန်ခိုးလိုချင်သူဟာလည်း နှောင့်ယှက်ရန်လုပ်သူရဲ့ မကောင်းကွက်တွေကို ဉာဏ်သတိနဲ့ ဖယ်ပြီး ကောင်းကွက်ကို မဖြစ်မနေ ဖော်ယူမေတ္တာပို့ရမယ်။

မကြောက်ဘဲရဲရဲသာပို့ပါ။ သူ့ကို ကြောက်စရာမလိုဘူး။ မေတ္တာရှင်ကို ဘယ်လိုမှ ရန်မမူနိုင်ပါဘူး၊ သူ့ဆီက မျှော်စရာလည်းမလိုဘူး။ သူက ကောင်းကျိုးပေးမှာမဟုတ်ဘဲ မေတ္တာကသာ ကောင်းကျိုးပေးမှာဖြစ်လို့ မေတ္တာစိတ်ကိုသာ အကောင်းဆုံးဖြစ်အောင် ဖန်တီးယူပါ။ တစ်စတစ်စ မေတ္တာအစစ်တွေဖြစ်ပြီး မုန်းစိတ်တွေကင်းသွားလိမ့်မယ်။ ကိုယ့်မေတ္တာ အားကောင်းလာသလောက် သူ့မေတ္တာ ပေါ်လာလိမ့်မယ်။ မေတ္တာဟာ အသွားရှိသလောက် အပြန်လာပါတယ်။ ရန်လုပ်ချင်သူမှာ ရန်စိတ် ပျောက်ပြယ်သွားလိမ့်မယ်။ နှောင့်ယှက်တတ်သူမှာ နှောင့်ယှက်ချင်စိတ် ပျောက်သွားလိမ့်မယ်။ မကြာမီ ပြန်ချစ်ပါလိမ့်မယ်။ နောက်တော့ ရင်းနှီးသွားပါလိမ့်မယ်။ ဒါဆိုအောင်ပြီပဲ။ မုန်းသူကို ချစ်အောင်လုပ်နည်းက မေတ္တာတစ်ခုပဲရှိတာ။

## ၆။ မေတ္တာခြံလွှမ်း ဘေးမသန်း

- **အတူနေလတ်၊ လူနှင့်နတ်ဟူ၊ အုပ်ချုပ်သူပါ၊ မြို့ရွာလူစုံ၊ အားလုံးကုန်၊ လွှမ်းခြုံမေတ္တာပို့ရသည်။**
- **ဆရာ-ဒကာ၊ ဆရာ-တပည့် မိတ်ဆွေထည့်ပြား၊ မိသားစုဟူ၊ ပြည်သူ-စိုးရ၊ ဤငါး၀၊ လွှမ်းရမေတ္တာခြုံရသည်။**
- **ပြသူ-သင်သူ၊ ချီးမြှောက်သူ၊ ကြည်ဖြူ မေတ္တာလွှမ်းရမည်။**
- **သံဃာနှင့်လူ၊ အုပ်ချုပ်သူ၊ အတူမေတ္တာထားရမည်။**
- **မေတ္တာခြုံလွှမ်း၊ ဘေးမသန်း၊ အေးချမ်းရလေသည်။**

ဘေးရန်လုံခြုံငြိမ်းချမ်းဖို့ လွှမ်းခြုံရေး မေတ္တာ ငါးမျိုးရှိတယ်။ မေတ္တာဓာတ်တွေ ပျံ့နှံ့စိမ့်ဝင်နေမှ အပြန်ပြန်အလှန်လှန် ကောင်းကျိုးပြုနေကြမှာပါ။ ကိုယ့်မေတ္တာနဲ့ သူ့ကို စောင့်ရှောက်၊ သူ့မေတ္တာနဲ့ ကိုယ့်ကို စောင့်ရှောက် ပေးကြရမယ်။ သူ့ကိုစောင့်ရှောက်ပေးလိုက်တာနဲ့ ကိုယ်လည်း လုံခြုံပြီးသားပါ။

မေတ္တာဆိုတာ ကိုယ့်မှာရှိပြီးမှ သူ့ကို ပို့လွှတ်ရတာဆိုတော့ ကိုယ့်မှာရှိထားတဲ့ မေတ္တာစိတ်က ကိုယ့်ကို ငြိမ်းချမ်းအေးမြအောင် ကျေးဇူးပြုတတ်စမြဲပါ။ သတိကောင်းနေမှ ကိုယ့်မှာ မေတ္တာစိတ် ပြည့်ပြည့်ဝဝ ရှိနိုင်ပါတယ်။ သတိဆိုတာ တစ်ကိုယ်ရေအားပဲ။ တစ်ကိုယ်ရေအားကောင်းရင် စုပေါင်းအားဖြစ်တဲ့ မေတ္တာလည်း ကောင်းမှာ သေချာပေါက်ပါ။

လွှမ်းခြုံရေးမေတ္တာ ၅-မျိုးဆိုတာ

(၁) အတူနေလူတွေအပေါ် နေ့စဉ် မေတ္တာလွှမ်းခြုံထားရတယ်။ ပုထုဇဉ်တွေ အချင်းချင်း ပေါင်းစုနေကြတာဆိုတော့ အပြန်အလှန် အပူဓာတ်မလွှမ်းမိုးမီ မေတ္တာအအေးဓာတ်ကို ကြိုတင် လွှတ်ထားရမယ်။ မိသားစုအချင်းချင်း၊ သီတင်းသုံးဖော်အချင်းချင်း၊ အတူနေအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်း မေတ္တာလက်ဦးအောင် လွှမ်းထားမှ အေးချမ်းပါတယ်။ မေတ္တာရေမဖြန်းရင် ဒေါသအပူ ပြဿနာဖုံတွေ ထပြီး မွှန်းကျပ်နေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


(၂) ပတ်ဝန်းကျင်မှာရှိနေတဲ့ နတ်တွေအပေါ် ပကတိမျက်စိနဲ့ မမြင်ရပေမယ့် စိတ်နဲ့ အာရုံပြုမှန်းဆပြီး မေတ္တာစာတ် လွှမ်းခြုံပေးရမယ်။ သူတို့လည်း မေတ္တာရေမဖြန်းရင် ဖုံပူတွေ ထတတ်တယ်။ ကိုယ်က မေတ္တာထားရင် သူတို့ကလည်း မေတ္တာနဲ့ပဲ ပြန်ပြီး ကူညီစောင့်ရှောက်ပေးကြတယ်လို့ ဆိုပါတယ်။

မေတ္တာသုတ်မှာလာတဲ့ ရဟန်းတော်-၅၀၀ဟာ စောစောက တောထဲမှာ မေတ္တာမပို့ဘဲ တရားအားထုတ်မိကြလို့ နတ်တွေနှောင့်ယှက်ခံကြရတယ်။ ဖုံပူတွေထတယ်ပေါ့။ အလုပ်မဖြစ်လို့ တောထဲက ထွက်ပြေးကြရတယ်။ ဘုရားထံက မေတ္တာနည်းကို သင်ယူလေ့လာပြီး တောထဲပြန်လာ မေတ္တာပွား အားထုတ်ကြတော့ နတ်တွေရဲ့ ကူညီစောင့်ရှောက်မှုကို ရတာကြောင့် မကြာမီ ရဟန္တာ ဖြစ်ကြတယ်လို့ဆိုတယ်။

ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ကိုယ့်ကျောင်းနားမှာရှိနေတဲ့ သပြေပင်ကြီးရဲ့ အကိုင်းအခက်တွေကို ကျောင်းသားကိုရင် အကူအညီနဲ့ ခုတ်ဖြတ်ချလိုက်တော့ မကြာမီနေရာက မထနိုင်လောက်အောင် မကျန်းမမာ ဖြစ်တော့တာပဲ။ ဘယ်တုန်းကမှ မဖြစ်ဖူးဘဲနဲ့ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲပြီး ချာချာလည်နေအောင် ခေါင်းမူးနေတယ်။ ဆရာစုံ ဆေးစုံနဲ့ကုလို့လည်း မပျောက်ဘူး။ အမိုးပေါ်က မြွေတွေဟာ တစ်ကောင် ခြောက်လွှတ်လိုက်၊ တစ်ကောင် ပြန်ကျလာလိုက်နဲ့ စိတ် ချောက်ခြားစရာတွေ ကြုံနေရတယ်။

တပည့်ရဟန်းငယ်က လျှောက်တယ်။ 'ဘုန်းကြီးဘုရား ဒါဟာ နတ်တွေရဲ့လက်ချက်ပဲ ဖြစ်ရမယ်ဘုရား၊ သစ်ကိုင်းခုတ်မိလို့ ကလဲ့စားချေ တုန့်ပြန်တာ ဖြစ်မှာပါ။ ကိုယ်က နည်း သိပြီးသားပဲ။ မေတ္တာပို့ အမျှဝေပေးရင် သူတို့ရဲ့ နှောင့်ယှက်မှုတွေကို ပြန်ရုပ်သိမ်းသွားမှာပါဘုရား'

ဒါနဲ့ 'ရတနာသုံးပါးစွမ်းအားက အနန္တ၊ နတ်စွမ်းအားက ရတနာသုံးပါးရဲ့အောက်က' လို့ သစ္စာပြုပြီး မေတ္တာကို အဆက်မပြတ်ပွားတော့တာပဲ။ အလှူတွေပါလုပ်ပြီး နတ်တွေကို အထူးအမျှဝေတယ်။ တော်တော်နေကောင်းသွားတယ်။

ကျောင်းပေါ်ကဆင်း သပြေပင်အောက်သွားပြီး တောင်းလည်းတောင်းပန်တယ်။ မေတ္တာလည်း ရပ်တယ်။ 'အို-ဆွေမျိုးနတ်တွေ၊ သင်တို့ရှိတာ ငါမသိလို့ အမှတ်တမဲ့သစ်ကိုင်း ခုတ်မိတာပါ၊ ငါ့ကြောင့် သင်တို့ ဆင်းရဲသွားတယ်ဆိုရင် အထူး တောင်းပန်ပါတယ်၊ ဆင်းရဲစေချင်လို့ တမင်လုပ်တာ မဟုတ်ဘူး၊ ဒါမတော်တဆ ကိစ္စပါ၊ သင်တို့ သည်းခံခွင့်လွှတ် ကျေအေးကြပါ၊ ငါပြုနေသမျှ ကောင်းမှုအားလုံးရဲ့အဖို့ကို အမျှပေးပါတယ်၊ အမျှရလို့ ချမ်းသာကြပါစေ'

'တစ်ခု မေတ္တာရပ်ခံ တောင်းပန်ချင်တာက သင်တို့မှာ သစ်ပင်ခုတ်သူကို စိတ်မဆိုး၊ ရန် မလုပ်ရဘူး၊ မလိုက်နာရင် နတ်စည်းဝေးပွဲ တက်ခွင့်မပြုဘူးလို့ သစ်ပင်ကျင့်ဝတ်ရှိတယ်မဟုတ်လား၊ ကိုယ်က အထက်နတ်တွေလောက် ဘုန်းကံမကြီးလို့ လူတော လာနေရတာ၊ လူတွေ အသုံးကိစ္စ ကြုံလာရင် သစ်ပင် ခုတ်ကြမှာပဲ၊ အဲဒီအခါ သစ်ပင်ခုတ်သူကို စိတ်မဆိုးဘဲ သဘောထားကြီးကြီးနဲ့ လူသူကင်းလွတ်တဲ့ နောက်တစ်နေရာ ပြောင်းနေရုံပဲ မဟုတ်လား'

'ဒါကြောင့် ဟိုဘက် လူသူလွတ်တဲ့ နေရာတွေမှာ သစ်ပင်ကြီးတွေ ရှိတယ်၊ အဲဒီမှာ ကိုယ့်စိတ်တိုင်းကျ ကြိုက်တာရွေး နေရုံပေါ့။ အဲဒီမှာပဲ ချမ်းချမ်းသာသာ သွားနေကြပါ၊ သင်တို့က သူများအပေါ်မေတ္တာထားမှ သူများတွေကလည်း သင်တို့အပေါ် မေတ္တာထားကြမှာပေါ့။ ငါတို့ကိုလည်း သင်တို့က ချမ်းသာအောင် မေတ္တာနဲ့ ကူညီစောင့်ရှောက်ကြပါ၊ ငါတို့ကလည်း သင်တို့ကို ချမ်းသာအောင် မေတ္တာနဲ့ ကူညီစောင့်ရှောက်မယ်၊ ကဲ . . ချမ်းသာတဲ့နေရာ သွားကြပေါ့'

နတ်တွေ တော်တော်ကျေနပ်သွားပုံပေါ်တယ်။ နောက်နေ့မှာပဲ ရောဂါတွေ၊ အနှောက်အယှက်တွေ လုံးဝကင်းပျောက်သွားတယ်။ မေတ္တာစွမ်းမှန်းသိတော့ အဲဒီနေ့ကစ မေတ္တာကို မလွှတ်တမ်း ပွားနေခဲ့တော့တာပဲ။ မေတ္တာခြုံတော့ လုံသွားတာပဲ။

(၃) နိုင်ငံ၊ မြို့၊ ရွာ၊ ဌာနအသီးသီးမှာ အုပ်ချုပ်ရေးတာဝန်ယူနေသူအားလုံးတို့အပေါ်မှာလည်း မိဘအရာထားပြီး မေတ္တာလွှမ်းခြုံပေးရမယ်။ ဒါမှလည်း အပြန်အလှန်အချင်းချင်း လုံခြုံ ငြိမ်းအေး ချမ်းသာကြမယ်။

(၄) တစ်မြို့၊ တစ်ရွာ၊ တစ်ရပ်၊ တစ်လမ်းတည်းအတူနေကြရတဲ့ လူတွေအပေါ်လည်း ဆွေမျိုးစိတ်ထားပြီး 'ဘေးရန်ကင်းလို့ ကျန်းမာ၊ ချမ်းသာကြပါစေ' လို့ မေတ္တာလွှမ်းခြုံထားရမယ်။ မေတ္တာက အသွား


www.burmeseclassic.com

www.burmeseclassic.com


ရှိသလောက် အပြန်ရှိပါတယ်။ အနှောင့်အယှက်ပြဿနာမျိုးစုံ ကင်းပြီး နှလုံးစိတ်ဝမ်း အလွန်အေးချမ်း ရပါတယ်။

(၅) မိမိတို့ရဲ့ ဘဝသံသရာက ရှည်ခဲ့လှပြီဆိုတော့ ဆွေမျိုးမတော်ဖူးသူဆိုတာ မရှိသလောက်ပဲ။ ဒီဘဝတွေ့နေရတဲ့ ဆွေမျိုးတွေအပေါ်မှာ မေတ္တာစစ်စစ်ထားနိုင်သလို ဘဝသံသရာ တစ်လျှောက် ဆွေမျိုးဟောင်း တော်စပ်ခဲ့ဖူးတဲ့ သတ္တဝါအားလုံးတို့အပေါ်မှာလည်း မေတ္တာ လွှမ်းခြုံပေးရမယ်။ မေတ္တာခြုံရင် သူရောကိုယ်ပါလုံတယ်။ ဘယ်နေရာရောက်ရောက် ဘယ်သူနှင့်တွေ့တွေ့ ကိုယ့်နေရာရောက်လို့ ကိုယ့်ဆွေမျိုးနှင့် အတူနေရသလိုပဲ ဘေးရန်ကင်းပြီး အလွန်ပျော်ရွှင် ကြည်နူး ဝမ်းသာရပါတယ်။

လွှမ်းခြုံရေးမေတ္တာ ၅-မျိုး နောက်တစ်နည်းရှိသေးတယ်။

(၁) ယခုလို သာသနာရှိနေရင် ဆရာနှင့် ဒကာဆိုတာ အမြဲတမ်းရှိနေမှာပဲ။ ဆရာကလည်း ဒကာအပေါ်မှာ၊ ဒကာကလည်း ဆရာအပေါ်မှာ အချင်းချင်းမေတ္တာခိုင်မြဲကြမှ သာသနာလည်း ကြာကြာ တည်နေနိုင်မယ်။ ဘေးရန်လုံလို့ ငြိမ်းချမ်းမှုတွေလည်း တိုးကြမယ်။

(၂) ဆရာနှင့်တပည့်လည်း အပြန်အလှန် မေတ္တာလွှမ်းခြုံရမယ်။ စာသင်တိုက်တွေမှာ ရှိတဲ့ဆရာတပည့်တွေ, စာသင်ကျောင်းတွေက ဆရာတပည့်တွေ, အခြားဌာနအသီးသီးမှာရှိနေတဲ့ ဆရာ တပည့်တွေအားလုံး အချင်းချင်းမေတ္တာလွှမ်းခြုံပေးမှ လုံခြုံငြိမ်းအေးကြမှာဖြစ်တယ်။ မေတ္တာ မဖြန်းရင် ခြောက်ကပ်ကြီးပဲ။

(၃) မိတ်ဆွေအချင်းချင်းလည်း မေတ္တာလွှမ်း ခြုံထားရမယ်။ ကူညီစောင့်ရှောက်ဖူးသူအားလုံး မိတ်ဆွေလို့ ခေါ်ရင် ဖြစ်နိုင်ပါတယ်။ ဈေးသွားဝယ်ရင် ဈေးရောင်းသူကို မိတ်ဆွေလို့ သဘောထား၊ ဈေးရောင်းသူကလည်း လာဝယ်သူကို မိတ်ဆွေလို့သဘောထားပေါ့။ မိတ်ဆွေလို သဘောထားရင် အချင်းချင်းကျေနပ်သွားမယ်။ ကျေနပ်တော့ မေတ္တာစိတ်ဖော်လို့ရမယ်။ ဒီတော့ အချင်းချင်းပေးတာ ဒါန ဖြစ်သွားမယ်။ အသိဉာဏ်မြင့်သွားရင် သီလ၊ သမာဓိ၊ ဝိပဿနာပါ ရနိုင်မယ်။ ဘာမှမရှုံးဘူး။ အမြတ်တွေ ချည်းပဲ။ သာသနာနှင့်တွေ့သူလက်ထဲ ရောက်တဲ့ပစ္စည်းအားလုံး အဖိုးတန်ချည်းပဲ။

တစ်ခါတစ်ရံ ဆိုက်ကားတို့ ကားတို့ မြင်းလှည်းတို့ငှားစီးတာတောင် မိတ်ဆွေစိတ်ထားတတ်လို့ မေတ္တာဖော်နိုင်ရင် အဖိုးအခပေး ရတာဟာ ဒါနဖြစ်နိုင်တယ်။ ပို့ပေးသူလည်း မေတ္တာထားတတ်ရင် ယာဉ်အလှူ ဖြစ်နိုင်တယ်။ အမြင်ရှင်းသွားရင် အဆင့်မြင့်ကုသိုလ်တွေလည်း နောက်ထပ်ရနိုင်တယ်။ ဟုတ်တယ်၊ မေတ္တာဟာ ကောင်းမှုအားလုံး တိုးပွားစေနိုင်ပါတယ်။

(၄) မိသားစုအချင်းချင်း အတူနေသူအချင်းချင်း မေတ္တာလွှမ်းခြုံပေးမှ လုံခြုံအေးမြမယ်။ မေတ္တာမပါရင် မွန်းကြပ်ပူလောင်ရမှာပဲ။ ဦးတုတ်နှင့်ဒေါ်ပုတ်ဆိုတဲ့ ဇနီးမောင်နှံနှစ်ယောက် ရှိတယ်။ ဦးတုတ်က မဲမဲပုပ်ပုပ် ဝတုတ်ကြီး၊ ဝသလောက် ဒေါသသိပ်ကြီးတယ်။ ဒေါ်ပုတ်လည်း ပုတ်ကြီးလို ဝတုတ်ကြီး၊ တစ်နေ့မှ တည့်အောင်မနေနိုင်တဲ့ လူ့ဝကြီး ဇနီးမောင်နှံပါ။

ဦးတုတ်က ဒေါ်ပုတ်ကို တုတ်ပြ၊ ဓားပြ နေ့တိုင်းခြိမ်းခြောက်၊ အလုပ်သွား အလုပ်ပြန်ဆို ပိုပြီး ဆူပူကြိမ်းမောင်း၊ အိမ်ပေါ်က ခဏ ခဏ နှင်ချ၊ အိမ်က ဒေါ်ပုတ်ရဲ့ မိဘအမွေအိမ်ပါ။ တကယ်ဆို ကိုယ်ကသာ ဆင်းသွားရမှာ။ အိမ်ထဲ တရားသံ တစ်နေ့မှမကြားရ၊ ဆဲဆို ကြိမ်းမောင်း သံပွက်ညံပြီး အပူအခိုးတွေ မွန်နေတယ်။ ဒေါ်ပုတ်ကြီး သေချင်စိတ်ပေါက်လောက်အောင် ပူလောင်ချောက်ချား နေရှာတယ်။

တစ်နေ့တော့ ဦးတုတ်အလုပ်သွားနေတုန်း ဒေါ်ပုတ်က ရွာဦးကျောင်းဘုန်းကြီးထံသွားပြီး အိမ်ထဲက စိတ်ရှုပ်စရာ ကောင်းလှတဲ့ အဖုအထစ် ဆူးငြောင့်ခလုတ်အပူထုတ်တွေကို အကုန် ဖွင့်ဖောက်ပြတယ်။ ဘုန်းကြီးထံ အားကိုးတကြီး အကူအညီတောင်းတယ်။ ဘုန်းကြီးက 'ကဲ . . မိပုတ်၊ ဘုရားဂုဏ် များများပွားပြီး မေတ္တာကို ကြိုးကြိုးစားစား ပို့ကြည့်ပါ' လို့ လိုရင်း လမ်းညွှန်လိုက်တယ်။

ဒေါ်ပုတ်က အိမ်ပြန်၊ ဘုရားများများ ရှိခိုး၊ ဘုရားဂုဏ်ထုံအောင်ပွားပြီး ဦးတုတ်ကို သတိနဲ့ ပုံဖော်၊ ကောင်းကွက်ကို တွေ့အောင်ရှာ၊ ပြုံးကွက်ကို ဖန်တီး၊ အကြိမ်များစွာ မရပ်မနား မေတ္တာ ပို့လွှတ်တယ်။ မေတ္တာက ဦးတုတ်ထံ ထိထိခိုက်ခိုက် ရောက်သွားတယ်။ မေတ္တာအစွမ်းကြောင့် ဦးတုတ်တစ်ယောက် ကိုယ်၊ နှုတ်၊ စိတ် အကုန်သိမ်မွေ့သွားတယ်။ နှစ်ယောက်ဟာ ဘုရားကျောင်းသွားဖက် ကုသိုလ်ပြုဖက် ဖြစ်သွားကြလို့


www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ချမ်းမြေ့ဖွယ် ဖြစ်သွားတယ်။ မေတ္တာဟာ ဒါနကို ပိုမိုလေးနက် ထည်ဝါ စိုပြေသွားစေတယ်။ ကိုယ့်ပစ္စည်းကို သူများလက်ထဲပေးတိုင်း မေတ္တာပို့ပေးရမှာပဲ။ မေတ္တာဟာ သီလကိုလည်း ခိုင်မြဲစေတယ်။ ဘာဝနာကိုလည်း တိုးတက်မြင့်မားစေတယ်။ လူမျိုးမရွေး၊ ဘာသာမရွေး အားလုံး လက်ခံကျင့်သုံးရမယ့် အဖြူရောင်တရားပါ။ မေတ္တာဟာ စိတ်စွမ်းအား တည်ငြိမ်ရင်ကျက် အေးမြသွားစေတယ်။ မေတ္တာပို့တဲ့အခါ အာရုံနှင့်စိတ် နေရာမှန်ဖို့က လိုရင်းပဓာနပဲ။ သတိနဲ့အာရုံကို ပုံဖော်ပြီး ချမ်းသာတဲ့ပုံ ဖန်တီးယူရမယ်။ ကန့်သတ်ချက် မပြည့်မချင်း အာရုံပျောက်မသွားစေရဘူး။ ဒါဆို မေတ္တာစွမ်းအားပေါ်လာမှာပဲ။

ပြီးတော့ မတူးနှင့် မထူးဆိုတဲ့ အပျိုကြီး ညီအစ်မနှစ်ယောက်ရှိတယ်။ တစ်ရွာလုံးရဲ့ မျက်နှာဖုံးဖြစ်တဲ့ ပစ္စည်းအလွန်ပေါတဲ့ ဘုရားဒကာ၊ ဘုရားအမ ကျောင်းဒကာ ကျောင်းအမတွေရဲ့ သမီးတွေပါ။ မိဘရှိစဉ်က ညီအစ်မ အလွန်ချစ်ခင်ညီညွတ်ကြပေမယ့် မိဘ ကွယ်လွန်သွားတဲ့အခါ အမွေကိစ္စကြောင့် မတည့်ကြတော့ဘူး။ ပစ္စည်းအရင်းခံတဲ့ ဒေါသကခွဲ ပစ်လိုက်လို့ နှစ်ယောက်စိတ်ဝမ်းကွဲ သွားကြတယ်။

နှစ်ယောက်မတည့်တော့ နှစ်ထပ်အိမ်မှာ တစ်ယောက်တစ်ထပ်စီနေတယ်။ အတွင်းလှေကား ဖြုတ်၊ တစ်နေရာကနေပြီး အပေါ်တက်လို့ဖြစ်အောင် ပြောင်းတပ်၊ အပေါ်ထပ်မှာ အစ်မ မတူး၊ အောက်ထပ်မှာ ညီမ မထူး နေတယ်။ နှစ်ဝင်းဖြစ်အောင် တစ်နေရာက အုတ်တံတိုင်း ခြားလိုက်တယ်။ မတူးက အပေါ်ထပ်ကနေ ကြမ်းပေါက်တွေဖောက်၊ ရေတွေသွန်ချ၊ အမှိုက်တွေပစ်ချ၊ အပေါ်ထပ် အစ်မက လှမ်းဆဲလိုက်၊ အောက်ထပ် ညီမက ပြန်အော်ဆဲလိုက် တစ်အိမ်လုံး ဘာကျက်သရေမှမရှိ။

မိဘရှိစဉ်က ကိုးကွယ်ခဲ့တဲ့ ဘုန်းကြီးက ဒီအကြောင်းတွေကြားရတော့ ကြွတ်ဆတ်ဆတ် အကြီးမ ပြောလို့ မရမှန်းသိလို့ အငယ်မကို ခေါ်ဆုံးမတယ်။ 'နင်တို့ဟာ အငတ်ငတ် အပြတ်ပြတ် လူမွဲတွေမဟုတ်ဘူး။ ရွာရဲ့ မျက်နှာဖုံး ကျောင်းဒကာ ကျောင်းအမသမီးတွေ၊ နေရတာက အပျိုကြီး နှစ်ယောက်ထဲ၊ ကဲ . . လူဟာ လူလိုနေကြ'၊ 'ကဲ . . မထူး၊ မင်းကအငယ်ဆိုတော့ သည်းခံခွင့်လွှတ်လိုက်၊ အစ်မကို ဝန်ချတောင်းပန် ကန်တော့လိုက်၊ ပြီးတော့ ဖြစ်တဲ့နည်းနဲ့ မေတ္တာပို့၊ မေတ္တာပို့လို့ မရရင် ဘုရားထံမှာ စိတ်ဆေးကြောသန့်စင်ပေး၊ စိတ်ကောင်းထုတ်လုပ်ပေး၊ နင့်အစ်မ နင့်အပေါ် ကျေးဇူးပြုခဲ့တာတွေ အများကြီး၊ ကောင်းကွက်ကိုမြင်အောင် ကြည့်ပြီး မေတ္တာပို့ပေး၊ လူဆိုရင် ပြောတာ နားထောင်ကြ'

မထူး အိမ်ပြန်၊ ဘုရားရှေ့သွား၊ ဘုရားအာရုံပြု၊ စိတ်သန့်စင်၊ ပင်ကိုယ်စိတ်ကောင်းတွေ ပေါ်လာတယ်။ သူ့အစ်မ ပုံဖော်စမ်းကြည့်တော့ အစ်မကျေးဇူးတွေ တန်းစီပေါ်လာတယ်။ ကောင်းကွက်ဖော် ပြုံးကွက်ဖန်တီးပြီး 'ကျေးဇူးရှင်အစ်မ မတူး ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာပါစေ' လို့ လိုက်လိုက်လှဲလှဲ မေတ္တာပို့လိုက်တယ်။ ဘုရားအကူအညီနဲ့ နေ့တိုင်း မေတ္တာပို့နေတော့ အိမ်အပေါ်ထပ်က မတူး မနေနိုင်ဘူး။ အောက်ထပ် ဆင်းပြေးလာတယ်၊ 'ညီမရယ် . . . အစ်မ မှားတာပါနော်၊ အစ်မကို သည်းခံခွင့်လွှတ်ပါ'

'မဟုတ်ပါဘူး အစ်မရယ်၊ ညီမမှားတာပါ' တစ်ယောက်နှင့်တစ်ယောက် ဖြောင့်ချက် ပေးလာကြတယ်။ စောစောက အကြီးမားဆုံး ဒေါသခွဲအားကြောင့် 'နင်မှားတာ နင်မှားတာ'နဲ့ လက်ညှိုးထိုး စွပ်စွဲသွေးကွဲခဲ့ကြတယ်။ အခုတော့ မထူးရဲ့မေတ္တာစွမ်းအားကြောင့် မတူးထံက မေတ္တာတုန့်ပြန်လာတယ်။ မေတ္တာဆိုတာ ကိုယ့်ဆီက အသွားရှိသလောက် သူ့ဆီက အပြန်လာရစမြဲပါ။ မေတ္တာဟာ အကြီးမားဆုံးဆွဲအားပဲ။ အဲဒါနဲ့ ညီအစ်မနှစ်ယောက် စိတ်ဓာတ်ပျော့ပျောင်းပြီး တည့်သွားကြတယ်။ မလုပ်ချင်လို့ မလုပ်နိုင်လို့ မလုပ်ဖြစ်လို့သာ မဖြစ်တာပါ။ တကယ်လုပ်ရင် တကယ်ဖြစ်တာချည်းပါပဲ။

ဘေးကထောင်ထားတဲ့ လှေကားကြီးဖြုတ်၊ အရင်အတိုင်းပြန်တပ်၊ နှစ်ဝင်းခြားပြီး ကာထားတဲ့ အုတ်တံတိုင်းဖြိုချ နှစ်ယောက် ချင်ခင်ညီညွတ်သွားကြတယ်။ ဆရာဘုန်းကြီးထံ မကြာမကြာ သွားပြီး အဆုံးအမကို နာယူကြတယ်။ တရားနဲ့နား တွေ့ဖန်များတော့ အထူးသိမ်မွေ့ပြီး ကောင်းမှုတရားကို နေ့စဉ် မလွှတ်တမ်း ကြိုးစားနိုင်လာကြတယ်။ လူလိုနေနိုင်ပြီဆိုရင် လူ့အလုပ် ဖြစ်တဲ့ကောင်းမှုကို မဖြစ်မနေ လုပ်ရတော့မှာပေါ့။ အထူးအားဖြင့် ဒါန၊ သရဏဂုံ၊ ငါးပါးသီလ၊ မေတ္တာ၊ အနိစ္စာ နုပဿနာ ငါးချက်ကတော့ နေ့စဉ်အမြဲပဲ။

စားဝတ်နေရေးနှင့် တရားတွဲထားတတ်တယ်။ သတိမေတ္တာအထုံ စွဲမြဲလာတော့ ဘဝ အနေရှင်းပြီး စီးပွားရေးလည်း ပိုကောင်းလာတယ်။ သဒ္ဓါ၊ မေတ္တာကောင်းတော့ လောကသာသနာ ကောင်းကျိုးပြု အလုပ်တွေ များများ လုပ်နိုင်ကြလို့ နေရာတကာ လူရာဝင်ပြီး ပွဲလယ်တင့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့တော့ ညအိမ်ဝင်းတံခါးမပိတ်ဘဲ အိပ်မိလို့ ညဥ့်နက်ချိန်မှာ ဓားပြသုံးယောက် ဝင်လာတယ်။ အိမ်တံခါးကိုခေါက်၊ တံခါးကို အတင်းအဖွင့်ခိုင်းကြတယ်။ ညီအစ်မနှစ်ယောက် အိပ်ရာကထလာပြီး ရတနာသုံးပါးဂုဏ်ကို အာရုံပြု စူးစူးစိုက်စိုက်မေတ္တာပို့ရင်း တံခါးနား သွားကြတယ်။

'အား ... ဦးလေးတို့ အစ်ကိုတို့ပါလား လာကြ လာကြ ဝင်ခဲ့ကြပါ၊ တံခါးဖွင့်ပေးရမှာပေါ့'

'ဟိုက် ... နင်တို့ ဦးလေး၊ အစ်ကို တစ်ယောက်မှမပါဘူးကွ၊ ဓားပြတွေ သိရဲ့လား၊ အခုချက်ချင်း ငွေ ၁၀-သိန်းပေးရင်ပေး၊ မပေးရင်အသေပဲ'

'မဟုတ်ပါဘူးရှင်၊ ကျမတို့ရဲ့ ဦးလေးတို့ အစ်ကိုတို့ဆိုတာ ကျွန်မတို့ နေ့စဉ်လုပ်နေကျ ဒါန၊ သရဏဂုံ၊ သီလ၊ မေတ္တာ၊ ဝိပဿနာ ကောင်းမှုတွေကိုခေါ်တာပါရှင်၊ သဒ္ဓါတရား တံခါးဖွင့်ပေးပါတယ်၊ ကောင်းမှုဆွေမျိုးတွေ ဝင်လာခဲ့ကြပါလို့ ပြောတာပါရှင် '

ဓားပြသုံးယောက် ကြောက်လန့်ပြီး ဆင်းပြေးကုန်ကြတယ်။ မေတ္တာလွှမ်းခြုံတော့ ဘေးရန်မျိုးစုံ လုံကြပါတယ်။ အတွင်းလည်းလုံ အပြင်လည်းလုံပေါ့။ သတိမေတ္တာစွမ်းမှုန်း လက်တွေ့ သိကြရတော့ ပိုပိုပြီး ကြိုးစားကြပါတယ်။ တစ်သက်လုံး တရားနဲ့ပဲ ငြိမ်းချမ်းစွာ အလှူဆင်သွားကြတယ်။ ဘဝအနှစ် နေ့စဉ် စုဆောင်းသွားကြပါတယ်။

(၅) နိုင်ငံတော်အစိုးရနဲ့ ပြည်သူပြည်သားတွေ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ ဌာန အသီးသီးတွေမှာ အုပ်ချုပ်သူအကြီးအကဲတွေနှင့် တိုင်း၊ ခရိုင် စသည် အတွင်းမှာ နေထိုင်လုပ်ကိုင်သူတွေ အချင်းချင်းလည်း အပြန်အလှန် မေတ္တာလွှမ်းခြုံပေးကြရမှာဖြစ်တယ်။ မေတ္တာခြုံမှ ဘေးရန်အပူတွေ လုံကြမယ်။ ကြီးပွားတိုးတက် ဖွံ့ဖြိုးမယ်။ အမြဲ ပျော်ရွှင်ကြည်နူး စိတ်ချမ်းသာကြမှာဖြစ်တယ်။

မေတ္တာဆိုတာ ကိုယ့်အတွက်သက်သက် တွက်နေရာက သူ့အတွက်ပါ ထည့်တွက်လိုက်တာပါ။ မေတ္တာထားတတ်ရင် အများသူငါ အားလုံး ကောင်းမှုအလွန်တိုးရပါတယ်။ ကောင်းမှုလောက် တန်ဖိုးကြီးတာ ဘာမှမရှိပါဘူး။ အဲဒါ လွှမ်းခြုံရေးမေတ္တာ ငါးမျိုးပဲ။

နောက် လွှမ်းခြုံရေးမေတ္တာတစ်မျိုးက သာသနာပြုမေတ္တာလို့ခေါ်တဲ့ မေတ္တာပန်း သုံးပွင့်ပါ။ မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်ပေါ့။

(၁) စာပေပို့ချသင်ပြပေးသူ၊ တရားဟောပြော ပြသရေးသားပေးသူတွေ၊

(၂) စာပေနှင့်တရား သင်ယူနာကြားမှတ်သား လေ့လာသူတွေ၊

(၃) မိဘပမာ သဒ္ဓါ မေတ္တာ ပညာနဲ့ ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့ အားပေးသူတွေ အဲဒါ မေတ္တာပန်း သုံးပွင့်ပဲ။

နောက်တစ်နည်းက -

(၁) သာသနာ့ဝန်ထမ်း ရှင်ရဟန်းဆိုတဲ့ သံဃာ၊

(၂) ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့အားပေးနေသူ တိုင်းသားပြည်သူအများ၊

(၃) နိုင်ငံတော်အစိုးရ စတဲ့အုပ်ချုပ်ရေး တာဝန်ခံများ၊ အဲဒါလည်း မေတ္တာပန်း သုံးပွင့်ပဲ။

အဲဒီ ပန်းသုံးပွင့်အချင်းချင်းလည်း အေးမြသန့်စင်တဲ့မေတ္တာ လွှမ်းခြုံနေရမယ်။ 'ဘေးရန် ကင်းလို့ ကျန်းမာ ချမ်းသာကြပါစေ' လို့ ဖြန့်ပွားပေးရမယ်။ အဲဒါမှ သာသနာလည်း ကြာကြာတည်၊ ဘေးရန်မျိုးစုံလည်း လုံမယ်ပေါ့။ ကမ္ဘာနဲ့စာရင် မြန်မာပြည်ဟာ ရတနာသုံးပါး ကျေးဇူး၊ မေတ္တာ ကျေးဇူးကြောင့် သဘာဝ ဘေးဒဏ်ရန်တွေ အလွန်နည်းပါးတဲ့တိုင်းပြည်ပါ။

## ၄။ အသိခြားနား ယင်နှင့်ပျား

- **လောကမျက်မြင်၊ ပျားနှင့်ယင်၊ နှိုင်းယှဉ်ကြည့်နိုင်ကြ။**
- **အသိခြားနား၊ ယင်နှင့်ပျား၊ စွမ်းအားမတူကြ။**
- **ယင်ကောင်ပမာ၊ ရှုပ်ထွေးစွာ၊ ကောင်းတာမစုက။**
- **ခုရောနောင်ပါ၊ ပူလောင်ကာ၊ ချမ်းသာဆုံးရှုံးရ။**



www.burmeseclassic.com

www.burmeseclassic.com


- **ဘုရားကောင်ပမာ၊ ဖြောင့်မှန်စွာ၊ ကောင်းတာစုထားမှ။**
- **ခုရောနောင်ပါ၊ အေးမြကာ၊ ချမ်းသာရနိုင်ကြ။**
- **မေတ္တာလွှမ်းခြုံ၊ ဘေးရန်လုံ၊ အကုန်ချမ်းသာရ။**

လူဆိုတာ တစ်ယောက်တည်းနေလို့ မဖြစ်တော့ နှစ်ယောက်က စ ပေါင်းလို့ရနိုင်သလောက် စုပေါင်းနေကြပါတယ်။ စုပေါင်းပုံမှန်မှ မေတ္တာလွှမ်းခြုံနိုင်လို့ ဘေးရန်တွေ လုံကြမယ်။ စုပေါင်းပုံ မမှန်ရင် ဘေးရန်ပြဿနာတွေ ဝိုင်းအုံနေမှာပဲ။ စုပေါင်းပုံ မမှန်ရင် ယင်ကောင်တွေနှင့် တူသွားမယ်။ စုပေါင်းပုံနည်းလမ်းမှန်ရင်တော့ ပျားကောင်နှင့်တူတယ်ပေါ့။

ယင်ကောင်ရဲ့ ဖွဲ့စည်းပေါင်းစုပုံကိုကြည့်ပါ။ အများနဲ့ စုပေါင်းနေတတ်ကြတာ တွေ့ရပေမယ့် -

(၁) အမျိုးအတွက် ခံယူဦးတည်ချက်မရှိ၊ အမျိုးကို မချစ်။
(၂) စည်းကမ်းမရှိ၊ အချင်းချင်းသစ္စာမရှိ။
(၃) ခွဲဝေအသုံးချ အနစ်နာခံစွန့်လွှတ်မှုမရှိ။
(၄) သဘာဝ အသိတရားမရှိ၊ 'ဘယ်သူ ဘာဖြစ်ဖြစ် ငါတစ်ကောင် ဝဝစားရရင် တော်ပြီ' ဆိုတဲ့ ယုတ်ညံ့အောက်တန်းကျတဲ့ ခံယူချက်နဲ့ တစ်ရုန်းရုန်း တအုံးအုံးနဲ့ ကြုံရာသွား၊ ကြုံရာနား၊ ကြုံရာစား ဘာ စည်းကမ်းမှမရှိ။

ယင်ကောင်မှာ အဆိပ်မရှိပေမယ့် အဆိပ်ထက် ကြောက်စရာကောင်းတဲ့ စည်းကမ်းသစ္စာ လုံးဝကင်းမဲ့မှုကြောင့် ယင်ကောင်အပေါ် ဘယ်သူမှ အယုံအကြည်မရှိကြပါဘူး။ သုတ်သင်ပစ်ရမယ့် အန္တရာယ်ကောင်၊ ပိုလျှံသတ္တဝါလို့သာ အများက မြင်ကြပါတယ်။ လူလည်း -

(၁) အမျိုးဘာသာ သာသနာအတွက် ခံယူဦးတည်ချက်မရှိ၊ အမျိုးကိုမချစ်၊ နာမည်ကို ထိန်းမထားနိုင်။
(၂) စည်းကမ်းမရှိ၊ စည်းကမ်းမလိုက်နာ၊ အချင်းချင်းသစ္စာမရှိ၊ သစ္စာဖောက်တတ်တယ်။
(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်နိုင်မှုမရှိ။
(၄) စဉ်းစားနှိုင်းချိန်နိုင်တဲ့ အသိပညာမရှိ။

အဲဒီ မူပျက်လေးမျိုးနဲ့ စုပေါင်းနေကြရင် ပိုလျှံလူတွေပဲ ဖြစ်သွားမှာပဲ။ ပိုလျှံလူလို့ အချင်းချင်းမြင်နေကြလို့ပဲ တစ်ယောက်နဲ့တစ်ယောက် မတည့်ကြတာတွေ၊ ကွဲကြတာတွေ၊ အဆင်မပြေကြတာတွေ ရှိနေရတာပေါ့။ ဘယ်ဘက်က ကြည့်လို့မှ မလှဘူး၊ ခြောက်ကပ်ကြီးပဲ။

ပျားကောင်တွေကိုကြည့်စမ်းပါ။ အကောင် ရာနဲ့ချီပြီး စုပေါင်းနေကြတယ်။ တိရစ္ဆာန်ဆိုပေမယ့် စည်းကမ်းတကျ ဖွဲ့စည်းပုံစနစ် လေးချက်အတိုင်း နေကြတယ်။

(၁) အမျိုးအတွက် ခံယူဦးတည်ချက်ရှိတယ်၊ အမျိုးကို ချစ်တယ်၊ နာမည်ကို ထိန်းထားနိုင်တယ်။
(၂) စည်းကမ်းရှိတယ်၊ အချင်းချင်းသစ္စာရှိတယ်။
(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်နိုင်မှုရှိတယ်။
(၄) သဘာဝအသိတရားရှိတယ်၊ ပျားကောင်ဟာအဆိပ်ရှိပေမယ့် စည်းကမ်း သစ္စာလည်းရှိ၊ ဖြောင့်လည်းဖြောင့်မတ်တာကြောင့် အများရဲ့ ယုံကြည်စိတ်ချမှုကို ခံယူရတယ်၊ ပျားကောင်စုထားတဲ့ပျားရည်ကို ယုံကြည်စိတ်ချစွာနဲ့ သုံးစွဲကြတယ်။

ပျားကောင်ဟာ အများချမ်းသာဖို့ စားစရာကို ဝီရိယရှိရှိ ကြိုးတင်စုတယ်။ ပျားဆိုတဲ့ နာမည်ကောင်းကို ထိန်းထားနိုင်တယ်။ ဆေးဖက်ဝင်တဲ့ ချိုမြိန်ကောင်းမြတ်တဲ့ပျားရည်ရဖို့ ပန်းပွင့် ရှိရာသွားပြီး ပန်းဝတ်ရည် စုပ်ယူတယ်။ ပန်းပွင့် အလှမပျက်ရအောင် စည်းကမ်းရှိရှိ လိုရာပန်းဝတ်ရည်ကိုသာ စုပ်ယူသွားတယ်။ ယင်ကောင်တွေလို လမ်းဘေးက အမှိုက်ပုံတွေကို ယောင်လို့တောင် မနားဘူး။ မခိုမကပ် အလုပ်လုပ်တယ်။ ညီညီညွတ်ညွတ်လည်း လုပ်တယ်။ ဘယ်သူကမှ နောက်ကလိုက်ပြီး အမိန့်ပေးခိုင်းနေစရာမလိုဘူး။ အမျိုးသားရေးကို ရှေ့တန်းတင်ပြီး မျိုးချစ် စိတ်နဲ့ပဲလုပ်တယ်။

စုပ်ယူလာခဲ့တဲ့ ပန်းဝတ်ရည်တွေကို ကိုယ်ရကိုယ်စား လုပ်မပစ်ဘူး။ စည်းကမ်းသစ္စာရှိရှိနဲ့ အုံရှိရာအရောက်သယ်ဆောင်ပြီး ပေါင်းစုထားတယ်။ ခွဲဝေအသုံးချတယ်။ ပျားအုံဆိုတာ ပျားကောင်ရဲ့


www.burmeseclassic.com

www.burmeseclassic.com



မိသားစုစိတ်ဓာတ်ကို သရုပ်ဖော်ပေးတဲ့အရာပဲ။ အလွန်ချိုမြိန်ကောင်းမြတ်တဲ့ ပျားရည်ဆိုတာ ပျားကောင်ရဲ့ မျိုးချစ်စိတ်ကို ပုံဖော်ပေးတာ။ ခြုံပြောရင် ပျားကောင်ဟာ မိသားစုစိတ်ဓာတ်ရှိတယ်။ မျိုးချစ်စိတ် ပြည့်ဝတယ်။ ကောင်းတာကိုသာ စုတယ်။ လုံ့လရှိရှိ ကြိုးတင်စုတယ်။ ချစ်ခင် ညီညွတ်တယ်။ စည်းကမ်းသစ္စာ ရှိတယ်။ ဒါ့ကြောင့်လည်း နာမည်ကောင်းနေတာပဲ။

သဒ္ဓါ မေတ္တာ ပညာဆိုတဲ့ သာသနာပြု ခွန်အားသုံးခု အားကောင်းတဲ့ လူများဟာလည်း ပျားကောင်ပမာ ဖြောင့်မှန်စွာနဲ့ ဖွဲ့စည်းပုံစနစ် လေးချက်အတိုင်း ပေါင်းစုနေထိုင်တတ်ကြပါ တယ်။ ကိုယ်နဲ့မပေါင်းရင်တောင် အနည်းဆုံး မေတ္တာစိတ်နဲ့တော့ ပေါင်းစုနေတတ်ပါတယ်။

(၁) အမျိုးဘာသာ သာသနာအတွက် တိကျလေးနက်တဲ့ ခံယူဦးတည်ချက်ရှိတယ်၊ မိမိနှင့်အမျိုးကို နည်းမှန်လမ်းမှန်ချစ်တတ်တယ်၊ ဆရာ မိဘတို့ရဲ့ အစဉ်အလာကောင်းနှင့် နာမည်ကောင်းကို ထိန်းထားနိုင်တယ်။

(၂) ကိုယ်ကျင့်သိက္ခာပြည့်ဝပြီး အချင်းချင်း သစ္စာရှိတယ်၊ အချင်းချင်း ယုံကြည်စိတ်ချရ လောက်အောင် ဖြောင့်မတ်တယ်၊ စည်းကမ်းလိုက်နာတယ်၊ စည်းကမ်းစနစ်ကောင်းမွန်တယ်။

(၃) ခွဲဝေအသုံးချ အနစ်နာခံစွန့်လွှတ်မှုရှိတယ်။ အချင်းချင်းရှိတာကိုပေးလို့ အပြန်အလှန် သိတာကို ပြောပြတတ်တယ်။ စွမ်းနိုင်သူက စွမ်းနိုင်တဲ့အခါ စွမ်းနိုင်သလို ကူညီပေးတယ်၊ မိသားစုစိတ်ဓာတ် ရှိတယ်။

(၄) စဉ်းစားနှိုင်းချိန် ချင့်ချိန်ချိန်တွယ် ဆုံးဖြတ်နိုင်တဲ့ အသိပညာလည်းရှိတယ်။ အသိပညာနဲ့ ဘဝတန်ဖိုးတက်အောင် မြှင့်တင်တတ်တယ်။ အလုပ်နှင့်ရလဒ်၊ အကြောင်းနှင့်အကျိုး ချင့်ချိန်တိုင်းတာပြီး အလေအလွင့်မရှိ အကွက်စေ့အောင် ကြည့်ရှုသုံးသပ် လုပ်ဆောင်တတ်တယ်။

အဲဒီ ဖွဲ့စည်းပုံစနစ်လေးချက်အတိုင်း ဝမ်းမြောက်ဝမ်းသာ စုပေါင်းနေထိုင်သူများဟာ ခန္ဓာနှင့်ပစ္စည်းကို အချည်းနှီး မဖြုန်းတီးကြဘူး။ ဉာဏ်သတိနဲ့ ထိန်းသိမ်းပြီး တရားပျားရည်စုရင်း စိုပြေလန်းဆန်း အေးချမ်းစွာနဲ့ နေထိုင်ကျင့်သုံးတတ်ကြတယ်။ တရားပျားရည်ရဖို့ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုတဲ့ ပန်းသုံးပွင့်ထံ နေ့စဉ်ပုံမှန် ချဉ်းကပ် တတ်ကြပါတယ်။

တရားပျားရည် စုဆောင်းနေထိုင်တတ်တဲ့ စွမ်းအားရှင်များဟာ -

(၁) ပစ္စုပ္ပန်တိုင်း ပျော်ရွှင်ချမ်းမြေ့စွာ နေနိုင်စွမ်းရှိကြတယ်။ စိတ်ချမ်းသာအောင် အာရုံနှင့်စိတ် ညှိနှိုင်းနေတတ်တယ်။ တရားဆိုတာ အာရုံနှင့်စိတ်ညှိပေးတဲ့ သွေးညှိဆေးပဲ။

(၂) မိမိရဲ့ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားတွေနဲ့ မိမိ၊ သူတစ်ပါး၊ လောက သာသနာကို သဒ္ဓါ၊ မေတ္တာ၊ ပညာရှေ့ထားပြီး အလှူဆင်ပေးနိုင်ကြတယ်။ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူနိုင်ကြတယ်။ နာမည်ကောင်း ကျန်ခဲ့ကြတယ်။

(၃) နောင်ရေးစိတ်အေးရအောင် ကိုယ်ပိုင်တရားကို အချိန်မီ လုံလုံလောက်လောက် စုဆောင်း ထားနိုင်ကြတယ်။ ဘာပဲကုန်ကုန် တစ်ခုခုကုန်သွားတိုင်း အားကိုးရမယ့်တရား 'အား' ကျန်အောင် သတိဉာဏ်နဲ့ ယူထားနိုင်တယ်။ ဒါဆို လူဖြစ်ကျိုးနပ်ပြီးပေါ့။ ဘဝအမြတ်ထွက်သွားပြီပဲ။

အဲဒီစွမ်းရည် သုံးချက်လုံးရအောင်ယူနိုင်သူများဟာ သူရောကိုယ်ပါ အားကိုးရလောက် အောင် 'အား' ပါနေတတ်ကြပါတယ်။ သူတို့ကို အများက ယုံကြည်စိတ်ချ အားကိုးကြတယ်။ တန်ဖိုးထားလို့ လေးစား မြတ်နိုးကြတယ်။ တကယ်တော့ စွမ်းအားစုံလင်မေတ္တာ ရှင်များကသာ လောကသာသနာကောင်းကျိုးကို ထိရောက်အောင် သည်ပိုးရွက်ဆောင်နိုင်ကြတာပါ။

အထူးအားဖြင့် သတိနှင့်မေတ္တာ လက်ကိုင်ထားသူဟာ ကိုယ့်ဟာကိုယ်လည်း ဘာပြဿနာမှ မရှိ၊ အများနှင့်လည်း ပြဿနာကင်းရှင်းပြီး လုံခြုံငြိမ်းချမ်းပါတယ်။ သာသနာနှင့် တွေ့တုန်း နိဗ္ဗာန်အရောက် သေချာပေါက်ဖြစ်တဲ့ တရားစွမ်းအားကို လုံလည်းလုံ၊ လောက်လည်းလောက်အောင် သတိဉာဏ်ကြီးစွာ ထားပြီး ကြိုးမားအောင် ကြိုးစားကြရုံပေါ့။ ကိုယ့်စိတ်ကလေးကောင်းလို့ ရသလောက် ကောင်းပြလိုက်ရုံပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၇-ခု၊ တော်သလင်းလ (၂၀၀၅-ခု၊ စက်တင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၃၄)

## အလှူဇကျေးဇူး စွမ်းရည်ထူး

## နမောသမ္ဗုဒ္ဓဿ

### ၁၊ စေတနာမှန်ဤ၃-တန်

ပုဗ္ဗေဝ ဒါနာ သုမနော၊ ဒဒံ စိတ္တံ ပသာဒယေ။

ဒတွာ အတ္တမနော ဟောတိ၊ ဧသာ ယညဿ သမ္ပဒါ။

(အံ -၂ -၂၉၆ + ပေတဝတ္ထု ၁၅၉)

၁။ မလှူမီမှာ၊ ဝမ်းမြောက်ရာ၊ ကောင်းစွာသန့်ရှင်းရ။

၂။ လှူဆဲဉာဏ်ယှဉ်၊ စိတ်ကြည်လင်၊ ပျော်ရွှင်အားတက်ရ။

၃။ လှူပြီးသောခါ၊ ကျေနပ်ရာ၊ ဝမ်းသာရွှင်လန်းရ။

- **စိတ်ဓာတ်ဖွံ့ဖြိုး ပေးလှူသောခါ၊ စေတနာမှန်၊ ဤသုံးတန်၊ ထက်သန်ထားရှိရ။**
- **အလှူကျေးဇူး၊ စွမ်းရည်ထူး၊ ချီးကျူးအံ့ဖွယ်ရ။**

'ဒါန' ဆိုတဲ့စကား၊ 'အလှူ' ဆိုတဲ့စကားဟာ အများနားယဉ်နှုတ်ကျိုးနေတဲ့ မြတ်နိုးဖွယ်စကားပါ။ ပေးသူ ယူသူ နှစ်မျိုးလုံးကို ချက်ချင်း ရွှင်ပြုံးအားတက်သွားစေနိုင်တဲ့ စကားမျိုးလည်း ဖြစ်တယ်။ သာသနာပကာလ၊ သာသနာပဒေသ၊ သာသနာပပုဂ္ဂိုလ်တွေမှာ ရှိကြပေမယ့် သာသနာတွင်းကာလ၊ သာသနာတွင်းဒေသ၊ သာသနာတွင်းပုဂ္ဂိုလ်တွေမှာလောက် အရှိန်အဝါ မတောက်ပြောင်ပါဘူး။ သာသနာတွင်းမှာတော့ ရတနာသုံးပါးနှင့် ဆက်စပ်ပြီး လုပ်ရပြောရတာဖြစ်လို့ အရှိန်အဝါ အလွန် တောက်ပြောင်ပါတယ်။

ပေးတိုင်း ဒါနဖြစ်နိုင်တာမဟုတ်ဘူး။ သဒ္ဓါ၊ မေတ္တာ၊ ပညာ ပြည့်စုံလုံလောက်မှ စေတနာ ထက်သန်အားကောင်းပြီး အလှူဒါနဖြစ်နိုင်တာပါ။ သဒ္ဓါကြောင့် အလှူဒါနအလုပ်ကို ကျေကျေနပ်နပ် လက်ခံနိုင်လောက်အောင် စိတ်တွေ ကောင်းမွန်သန့်စင်လာပါတယ်။ သဒ္ဓါဆိုတာ ကုသိုလ်စာရင်းကိုင်ပဲ။ မေတ္တာကြောင့် ကိုယ့်ပစ္စည်းကို လက်ခံယူမယ့် အလှူခံပုဂ္ဂိုလ်အပေါ် ကျေနပ်တဲ့စိတ်တွေ ပေါ်လာတယ်။ သူ့ကို ကောင်းတာ ရသွားစေချင်တယ်။ ကိုယ်ရဖို့ထက် သူရဖို့ကို ဦးစားပေးတယ်။ သူ့အတွက် ကိုယ်က စွန့်လွှတ်ပေးလိုက်ရတာကို သိပ်ဝမ်းသာတယ်။ ကိုယ့်ဟာကို သူ့ဟာ ဖြစ်သွားစေချင်တယ်။ ပညာကြောင့် အပေးအယူလုပ်ငန်းအပေါ် အမြင်ပြတ်သားကျွမ်းကျင်တယ်။ ကိုယ်ပေးတတ်မှ သူရမယ်။ သူယူမှလည်း ကိုယ်ကစွမ်းအားရမယ်လို့ အမြင်ရှင်းတယ်။ အလုပ်ရဲ့ လုပ်ခရလဒ်ကို ပညာက တစ်ပါတည်းပေးသွားတယ်။

ကိုယ့်လက်ထဲက စွန့်လွှတ်ပြီး သူ့လက်ထဲ အရောက်တွန်းပို့ပေးနိုင်တဲ့ ထက်သန်ထူးခြားလှတဲ့ ဒါနစေတနာစွမ်းအားဟာ အရှိန်အဝါသိပ်ကြီးပါတယ်။ ဗုဒ္ဓသာသနာတော်မြတ်ကြီးကိုတောင် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ကျေးဇူးပြုပေးနိုင်တဲ့ အံ့ဖွယ်စွမ်းအားကြီးပါ။ ပစ္စယာနုဂ္ဂဟဖြစ်တဲ့ဒါနကို လက်လွှတ်လိုက်တာနဲ့ ဗုဒ္ဓသာသနာကွယ်ပျောက်သွားမှာပဲ။

သာသနာပြုခွန်အား သုံးခုဖြစ်တဲ့ သဒ္ဓါ၊ မေတ္တာ၊ ပညာအားကောင်းသူများဟာ-

(၁) ပေးရင်လုံလောက်အောင် ပေးတတ်တယ်၊

(၂) အဆက်မပြတ် ပေးတတ်တယ်၊

(၃) စွဲစွဲမြဲမြဲ ဇွဲရှိရှိ ပေးတတ်တယ်၊

(၄) စိတ်ပါလက်ပါ လေးလေးစားစား ပေးတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒီလို အပေးတတ်သူ၊ အပေးစိတ်ဝင်စား သူတွေရှိနေတဲ့ကြောင့်ပဲ မြန်မာ့မြေပေါ်မှာ သာသနာအလုပ်ကို ထိရောက်အောင်လုပ်နိုင်ကြလို့ ထေရဝါဒဗုဒ္ဓသာသနာဟာ ဘယ်တိုင်းပြည်နှင့်မှ ယှဉ်မရအောင် ထွန်းလင်းတောက်ပြောင် တည်တံ့နေတာပါ။

ဒါနကို စိုက်ပျိုးရေးပုံစံနဲ့ ရှုမြင်သုံးသပ်ထားတာဖြစ်လို့ ဒါနလုပ်ငန်းတိုင်း စွမ်းအား ထက်မြက်အောင် စေတနာသုံးတန် ထက်သန်ပြဋ္ဌာန်းဖို့ အထူးလိုအပ်ပါတယ်။

(၁) မလှူမီရှေ့အဖို့မှာလည်း ဝမ်းသာနေရမယ်၊ စိတ်အားတက်ကြွနေရမယ်၊ စေတနာကို မတွန့်မဆုတ် မတုန်လှုပ်အောင် ခိုင်ခိုင်ခံ့ခံ့ ထက်ထက်သန်သန်ထားနိုင်ရမယ်။

(၂) ပေးလှူဆဲခဏမှာလည်း စိတ်ကိုကြည် ကြည်လင်လင်ထားနိုင်ရမယ်၊ အသိဉာဏ် ယှဉ်သန့်စင်နေရမယ်၊ စိတ်ထဲက ခုတ်ပုံရိုက်ယူတဲ့ သဘောလည်းဖြစ်၊ ကိုယ်လုပ်တဲ့ ဒါနအကျိုးကို ကိုယ်ပဲရမှာလည်းဖြစ်တာကြောင့် လှူဆဲ၊ စွန့်လွှတ်ဆဲအချိန်ဟာ အရေးအကြီးဆုံးအချိန်ပါ။

(၃) လှူပြီးတဲ့အခါမှာလည်း ကျေနပ်ဝမ်းမြောက်နေရမယ်၊ ရန်သူမျိုးငါးပါးထက် ကိုယ်က လက်ဦးသွားပုံ၊ လောဘမစ္ဆေရအတွင်းရန်ကို အနိုင်ယူလိုက်ပုံ၊ ပစ္စည်းရဲ့အနှစ်ကို ထုတ်ယူနိုင်ပုံ၊ ဒါနရဲ့ များပြားကြီးကျယ် အံ့ဩဖွယ်ကောင်းကျိုးရလာနိုင်ပုံတွေကို ဉာဏ်နဲ့မြင်အောင်ကြည့်ပြီး ကျေနပ်ဝမ်းသာ နေရမယ်၊ စေတနာသုံးတန်လုံး ထက်သန်ပြတ်သားညီညွတ်မှ အကျိုးပေးတဲ့အခါ အကွက်စေ့သေချာ တတ်ပါတယ်၊ တစ်ခုခုလိုသွားရင် အကျိုးပေးတဲ့အခါလည်း တစ်ခုခုတော့ ဟာသွားတတ်တာပဲ။

## ၂။ အလှူကျေးဇူး စွမ်းရည်ထူး

- **မိမိဥစ္စာ၊ သူ့ဟာဖြစ်လို၊ မေတ္တာပို၊ ကြည်ညိုလေးစား ပေးစွန့်ရ။**
- **ပေးလှူစရာ၊ ကိုယ့်ဥစ္စာ၊ တွယ်တာမှုလည်း ကင်းစင်ရ။**
- **တွယ်တာမှုကင်း၊ အမြင်ရှင်း၊ ချက်ချင်းစိတ်ကြည်ရ။**
- **ဘဝတန်ခိုး၊ ဥစ္စာတိုး၊ ကောင်းကျိုးအနန္တ။**
- **လှူစရာရှိ၊ အကျိုးသိ၊ ယုံဘိ မြတ်ဒါန။**

အလှူဒါနဆိုတာ ကိုယ့်မှာရှိတဲ့ပစ္စည်းကို သူများလက်ထဲရောက်အောင် စွန့်လွှတ်ဖြန့်ကြရတဲ့ အလုပ်ပါ။ သဒ္ဓါ၊ မေတ္တာ၊ ပညာစွမ်းအားကြောင့် စွန့်လွှတ်ရတာဟာပဲ အားရှိစရာ စွမ်းအားတန်ခိုး ဖြစ်နေတယ်။ ဒါနစေတနာဟာ မိမိဥစ္စာကို သူ့ဥစ္စာ ဖြစ်သွားစေလိုတဲ့ မေတ္တာနဲ့လည်း လွှမ်းခြုံထားတာ ဖြစ်ရမယ်။ သူချမ်းသာသွားစေလိုတာမျိုး ဖြစ်ရမယ်။ မျိုးစေ့ကြဲချရာ လယ်ယာသဖွယ် ဂုဏ်ရည်ကြွယ်တဲ့ အလှူခံရဲ့ စွမ်းရည်ကို ကြည်ညိုလေးစားတာ ပါဝင်ရမယ်။ အပင်ပေါက်လို့ အတိုးနဲ့သီးလာမယ့် မျိုးစေ့ပမာ ဒါနစေတနာရဲ့ အင်အားကို ယုံကြည်လက်ခံတဲ့သဒ္ဓါတရား၊ စွမ်းအားကို သိမြင်တဲ့ ပညာတရားနဲ့ မွမ်းထုံထားတာလည်း ဖြစ်ရမယ်။ ရဲဝံ့ပြတ်သားစွာ ပေးစွန့်နိုင်ရမယ်။ ဒါမှလည်း အားကိုးလောက်တဲ့စွမ်းအား ပြည့်ဝနိုင်ပါတယ်။

ပစ္စည်းအပေါ် တွယ်တာကပ်ငြိနေတဲ့ လောဘကို ထိုးဖောက်ရှင်းလင်းနိုင်သလောက်၊ နှမြောတွန့်တိုတဲ့ မစ္ဆေရကို ဖျက်ဆီးပစ်နိုင်သလောက် ဒါနအောင်မြင်ပြီး တကယ်ပျော်ရွှင် အားတက်ရပါတယ်။ ဒါန စွမ်းရည်ပမာဏ ကြီးမားလာသလောက် ကိုယ့်လောဘကို နိုင်နင်းတဲ့ ပမာဏလည်း ကြီးမားလာရပါတယ်။

လှူလိုက်တဲ့အခါ စိတ်အပူအရှုပ် အညစ်အကြေးတွေကို အနိုင်ယူ ဆေးကြောသုတ်သင်ပြီး လှူရတာဖြစ်လို့ ရှင်းခနဲ အားရှိ ပျော်ရွှင် ကြည်နူးသွားရပါတယ်။ ပစ္စည်းအပေါ် တွယ်တာမှုကင်း အမြင်ရှင်းလို့ ချက်ချင်းစိတ်ကြည်ပြီး အားရှိပျော်ရွှင် ကျေနပ်ရပါတယ်။

ပြီးတော့ဒါနဟာ သုဂတိဘဝအကျိုး၊ စည်းစိမ်ဥစ္စာအကျိုးရဖို့ တာဝန်ယူပေးနိုင်တဲ့ စွမ်းအားပါ။ လောကုတ္တရာဆိုတဲ့ လွတ်ငြိမ်းချမ်းသာမှုထိရအောင် စွမ်းဆောင်ပေးနိုင်ပါတယ်။ ဘဝစည်းစိမ် တန်ခိုး အရှိန်အဝါနှင့် ပစ္စည်းဥစ္စာ ရရှိတိုးတက်ပြည့်စုံအောင် နိဗ္ဗာန်ချမ်းသာထိ လိုချင်သမျှ ကောင်းကျိုးရအောင် အာမခံ တာဝန်ယူထားတာဖြစ်လို့ တွေးလိုက်တိုင်း အလွန်ကျေနပ်စရာ ကောင်းလှတဲ့ စွမ်းအားပါ။



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်လက်ထဲမှာ ပေးလှူစရာပစ္စည်းလည်းရှိမှု စိတ်ဓာတ်ကြည်လင် အကျိုးမြင်တဲ့ တကယ် ပေးလှူချင်တဲ့ သဒ္ဓါ၊ ပညာ၊ အင်အားလည်းရှိမှ ဒါနဟာ ဖြစ်ပေါ်အောင်မြင်လာနိုင်ပါတယ်။ စိုက်ပျိုးရေးပုံစံနဲ့ မြင်အောင် ကြည့်တတ်မှလည်း အားတက်စရာကောင်းတာပါ။ ကိုယ့်ရဲ့အလိုက်သိသိ စွန့်လွှတ်မှုကြောင့် တစ်ဖက်ပုဂ္ဂိုလ် ချမ်းသာသွားတာကို တွေ့မြင်လိုက်ရတာကတော့ လက်ငင်း ကြည်နူးစရာ အကောင်းဆုံးပဲ။

ဒါနဟာ ပါရမီ ၁၀-ပါးထဲမှာ ပထမဆုံးပဲ။ အမှတောင့်မှ သီလစောင့်တတ်တာဖြစ်လို့ အမာခံသီလ ကိုလည်း ထိန်းချုပ်ပေးနိုင်တယ်။ ကိုယ်ရောသူပါ စိတ်ဓာတ်နူးညံ့သွားတတ်တာဖြစ်လို့ ဘာဝနာကိုလဲ အထောက်အကူပြုတယ်။

ပြီးတော့ ဒါနဆိုတာ သင်္ဂဟဝတ္ထုလေးပါးထဲမှာလည်း ရှေ့ဆုံးကပါ။ အများနှင့်နေရင် ဒါနပါမှပဲ စိုပြေပါတယ်။ လူမှုဆက်ဆံရေးကို ပြေလည် အကွက်စေ့သွားစေတယ်။ ဒါနလုံလောက်မှ ပစ္စည်းပြည့်စုံ တတ်တာဖြစ်လို့ ပစ္စည်းပြည့်စုံရင် ပညာရေးကိုပါ အဆင်ပြေစေတယ်။ တွေ့ကြုံခဲ့လှတဲ့ ဗုဒ္ဓသာသနာတော်ကို ကြာကြာတည်အောင် ချီးမြှောက်ထောက်ပံ့အားပေးနိုင်တယ်။ ဒါနဟာ မေတ္တာလမ်းစဉ်လည်း ဖြစ်တယ်။

## ၃။ အကြောင်းစုံမှ လှူနိုင်ကြ

- **သဒ္ဓါ-လှူရန်၊ အလှူခံ၊ သုံးတန်စုံမှသာ။**
- **ဒါနတရား၊ ကောင်းမှုများ၊ တိုးပွားပေါ်ထွက်လာ။**
- **ထိုသုံးပါးတွင်၊ သဒ္ဓါလျှင်၊ လွန်ပင်ရခဲပါ။**

ဒါနဆိုတာ သဒ္ဓါတရား, လှူရန် (လှူဖွယ်) ပစ္စည်းဝတ္ထု၊ အလှူခံပုဂ္ဂိုလ်၊ အဲဒီအကြောင်း သုံးပါးစုံမှ ဖြစ်လာနိုင်တယ်။ အဲဒီသုံးပါးထဲမှာ တကယ်ရဖို့ ခက်ခဲတာက သဒ္ဓါတရားပါ။ ဒါနဆိုတာ ကိုယ့်ပစ္စည်းကို သူများလက်ထဲရောက်အောင် အလကားပေးလိုက်ရတာဖြစ်လို့ သဒ္ဓါမပါရင် ဒါနဖြစ်ဖို့ မလွယ်ပါဘူး။ သဒ္ဓါပါမှ ပေးရတာ ကျေနပ်မယ်။ ကျေနပ်မှ ဒါနမှာ တန်ခိုးတက်လာမယ်။ ကိုယ့်မိသားစုတွေ ကိုယ်နှင့် ဆက်စပ်သူတွေကို နေ့စဉ် အကုန်အကျခံ ပေးနေပါလျက်နဲ့ ဒါနမဖြစ်တာဟာ သဒ္ဓါတရား လိုနေလို့ပဲ။ သဒ္ဓါနေရာမှာ တဏှာ ဝင်ရှုပ်နေတာကိုး။

ဘယ်အလုပ်မဆို ခံစားခွင့်အကျိုးရလဒ်ပါတယ်လို့ ယုံကြည်သိမြင်မှ လုပ်ရတာအားရှိတယ်။ လုပ်ချင်တယ်။ ပညာပါတဲ့ သဒ္ဓါတရားက ဒါနရဲ့ စွမ်းအားအကျိုးရလဒ်ကို သိမြင်ယုံကြည်ထားတာ ဖြစ်လို့ ဒါနလုပ်ငန်းကို ရဲရင့်သွားစေတယ်။ ဒါနကို တန်ခိုးတက်သွားစေတယ်။

## ၄။ အပင်စိုက်ပျိုး ဒါနမျိုး

- **အလှူပေးစဉ်၊ စိတ်ကြည်လင်၊ ပျော်ရွှင်အားတက် ဝမ်းသာလေ။**
- **စိုက်ပျိုးသမား၊ ပုံစံထား၊ စွမ်းအားရလဒ် မြင်ပါစေ။**

အလှူဒါနလုပ်ငန်းကို စိုက်ပျိုးရေးပုံစံနဲ့ကြည့်တတ်မှ ပျော်စရာ အားရှိစရာ ကောင်းပါတယ်။ ကုန်သွားတာလောက်ကိုသာမြင်ရင်တော့ ပျော်စရာ အားတက်စရာ မကောင်းပါဘူး။ ဥပမာ- စပါးတစ်တင်းကို လယ်ထဲ၊ ရေထဲ၊ မြေထဲ စိုက်ပျိုးတဲ့အခါ ရေထဲ၊ မြေထဲရောက်သွားတဲ့ စပါးတစ်တင်းဟာ လောလောဆယ် ကုန်သွားတာပဲ။ ဒါပေမယ့် မျိုးစေ့ရဲ့ အပင်ပေါက်နိုင်တဲ့သတ္တိ၊ ပေါက်လာမယ့် အပင်တိုင်းရဲ့အတိုးနဲ့ အသီးသီး ပေးနိုင်တဲ့ သတ္တိကို ယုံကြည်သိမြင်ထားတာကြောင့် ကုန်တယ်လို့မမြင်ဘူး။ နှမြောစရာလို့လည်း မထင်ဘူး။ အတိုးနဲ့ ရလာမှာကို တွက်ဆပြီး ပျော်ရွှင်အားတက်နေရတယ်။

ဒီအတိုင်းပဲ၊ ၁၀၀၀-တန် လှူလိုက်ရင် ၁၀၀၀-တန် ကုန်သွားပေမယ့် ကိုယ့်ပစ္စည်းနှင့် ကိုယ့်စေတနာ နည်းမှန်လမ်းမှန်ပေါင်းမိသွားတဲ့ ဒါနကြောင့် ရလာမယ့် အတိုးအပွား စွမ်းအား ရလဒ်တွေကို ယုံကြည်သိမြင်နေတာဖြစ်လို့ ကုန်တယ်လို့မမြင်ဘူး။ နှမြောစရာလို့လည်း မယူဆဘူး။ ပျော်ရွှင် အားတက်စရာ စွမ်းအားတန်ခိုး အနေနဲ့သာ ရှုမြင်သုံးသပ်တတ်ပါတယ်။ သာသနာ့လမ်းစဉ်မှာ ကုန်သွားတာဟာ 'အား' ပဲ။


www.burmeseclassic.com

www.burmeseclassic.com


## ၅။ အလှူလမ်းစဉ် မြှုလန်းရွှင်

- ■ ဘာဝနာမိုး၊ ဒါနမျိုး၊ စိုက်ပျိုးသီလမြေ။
- ■ ကောင်းကျိုးသုခ၊ အစုံရ၊ မုချသေချာပေ။

နိဗ္ဗာန်ရောက်ကြောင်း အပူငြိမ်းကြောင်း ချမ်းသာကြောင်းလမ်းကောင်းက အကျဉ်းချုပ် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးပဲ ရှိတာပဲ။ လူတွေ ကျင့်ကြံလိုက်နာ လုပ်ဆောင်စရာကိစ္စကလည်း ဒါပဲ။ ဒါန လုပ်ရင်လည်း ဒီသိက္ခာသုံးပါး လမ်းကြောင်းပေါ်ကပဲလုပ်ရမှာ၊ သိက္ခာသုံးပါးလမ်းကြောင်းပေါ်က ဖြတ်သန်းခွင့် မရတဲ့ဒါနဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ကျေးဇူးမပြုနိုင်ဘူး။ လောကီအကျိုးလောက်သာပေးပြီး အချိန်စေ့တော့ ကုန်သွားမှာပဲ။ ကုန်လိုက် ပြန်စုလိုက်၊ ကုန်လိုက် ပြန်စုလိုက်နဲ့ မောနေရဦးမှာပါ။

သိက္ခာသုံးပါးလမ်းကြောင်းပေါ် ဖြတ်သန်းခွင့်ရတဲ့ဒါနကတော့ မဂ်ဖိုလ်နိဗ္ဗာန်ထိလည်း ကျေးဇူးပြုသွားမယ်။ နိဗ္ဗာန်မရောက်မချင်း လောကီကောင်းကျိုးတွေကိုလည်း အံ့ဩဖွယ်ကောင်းလောက်အောင် လျှမ်းလျှမ်းတောက် ပေးသွားမယ်။ အကျိုးပေးလို့ ကုန်သွားဖို့ မပြောနဲ့ဦး၊ အလျော့တောင် မပြတော့ဘူး။ မဂ်ဖိုလ်နိဗ္ဗာန် ဗောဓိဉာဏ်ကိုဦးတည်ပြီး သိက္ခာသုံးပါးလမ်းစဉ်နဲ့ ဖြည့်ကျင့်ကြိုးစားတဲ့ ဘုရားအလောင်းများရဲ့ ဒါနဟာ ပါရမီမြောက်သွားလို့ အကျိုးပေးလို့မကုန်နိုင်ဘူး။ အကျိုးပေးလိုက် ကုန်လိုက်သာဆိုရင် ဘယ်ပါရမီ ပြည့်နိုင်တော့မှာလဲ။ ဘယ်သူပဲဖြစ်ဖြစ် အလှူလုပ်ရင် နိဗ္ဗာန် ဦးတည်ပြီး သိက္ခာသုံးပါးလမ်းစဉ်နဲ့ ဘယ်တော့မှ အကျိုးပေးလို့ မကုန်နိုင်တဲ့ နောက်ထပ် အတိုးချည်းသာ ပြနေမယ့် ပါရမီဒါနမျိုးဖြစ်အောင် သတိရှေ့ထား ကြိုးစား ပြုလုပ်ထားမိဖို့ အထူးပဲ လိုအပ်မှာပါ။ လုပ်ရမယ့်အတူတူ သေချာပေါက်လုပ်ထားမှ စိတ်အေးရမယ်။

သိက္ခာသုံးပါးဆိုတာ သီလ၊ သမာဓိ၊ ပညာပေါ့။ သမာဓိ၊ ပညာကို ဘာဝနာလို့ခေါ်တယ်။ ဒါနက မျိုးစေ့၊ သီလက မြေ၊ ဘာဝနာက မိုးရေပေါ့။ အလှူလုပ်ရင် မေတ္တာစတဲ့ သမာဓိလည်း ပါရမယ်။ စိတ်ငြိမ်မှ စွမ်းအားတိကျ ပြည့်ဝမှာဖြစ်တယ်။

ပြီးတော့ အတိတ်ခန္ဓာတွေ လက်ညှိုးထိုး ပြစရာမရှိအောင် ကုန်ဆုံးပျောက်ပျက်ခဲ့ပြီဆိုတော့ ပစ္စုပ္ပန်ခန္ဓာလည်း တဖြုတ်ဖြုတ်ကုန်နေတုန်း ပျက်နေတုန်းပဲ။ နိဗ္ဗာန်မရောက်မချင်း ကံကြောင့် ရလာမယ့် အနာဂတ်ခန္ဓာတွေလည်း ဧကန် ကုန်ဆုံးပျက်စီးဦးမှာပဲ။ ဒီလို အနိစ္စ သဘောပေါ်အောင် ဉာဏ်ယှဉ်လှူဒါန်းဖို့ လိုမယ်။ အနိစ္စတစ်ချက်ပိုင်ရင် ဒုက္ခ၊ အနတ္တလည်း မြင်ပြီးသားပါ။ ဉာဏ်သွင်းတော့ အစွဲကင်းပြီး အရှိန်အဝါ ကြီးမားတယ်ပေါ့။ ဒီလို သမာဓိ၊ ဝိပဿနာ၊ ပညာဆိုတဲ့ ဘာဝနာမိုးလည်း လုံလောက်အောင် သွန်းလောင်း ထည့်ပေးရမယ်။ ရေလုံလောက်မှ အစွမ်းကုန် သန်စွမ်း ဖွံ့ဖြိုးမှာပေါ့။

ပြီးတော့ဒါနမျိုးစေ့ကို ကောင်းမွန်သန့်စင် ပြည့်စုံတဲ့ သီလမြေပေါ်မှာတည်အောင် စိုက်ပျိုးရမယ်။ အလှူရှင်မိမိရဲ့သီလနှင့် အလှူခံ သူတစ်ပါးရဲ့သီလ နှစ်မျိုးလုံးပေါ့။ အလှူခံသူတစ်ပါးရဲ့သီလ မပါဝင်ရင်တောင်မှ အလှူရှင် မိမိဘက်ကတော့ သီလခိုင်မာပြည့်စုံနေရမယ်။ သီလဆိုတာ ဘဝ သံသရာခရီးသည်များရဲ့ နောက်ဆုံးလက်ကျန်ပစ္စည်းပဲ။ သီလပဲမကျန်တော့ဘူးဆိုရင် သုဂတိဘဝ သံသရာခရီးမှာ သွားနိုင်ခွင့် မရှိတော့ပါဘူး။ အနည်းဆုံး ငါးပါးသီလတော့ လူတွေမှာရှိထားမှ နောင်ရေး အဆင်ပြေမှာပါ။ သိက္ခာသုံးပါးစွမ်းအားနဲ့ ပြုလုပ်ထားတဲ့ဒါနကသာ လောကီ လောကုတ္တရာ ပြည့်ဝစုံလင်အောင် အစုံလည်း အကျိုးပေးမယ်။ အကျိုးပေးလို့လည်း မကုန် နိုင်တော့ဘူး။ ဒါကြောင့် အလှူလုပ်ရင် ကျွမ်းကျင်ဖို့ အထူးလိုအပ်ပါတယ်။ သတိမြဲဖို့လည်း လိုမှာပါပဲ။

## ၆။ အလှူအတွက် ရည်ရွယ်ချက်

- ■ ၁။ လှူခံရောက်လာ၊ ကြုံလို့သာ၊ ရှိတာပေးတတ်သည်။
- ■ ၂။ ကြောက်တဲ့ကြောင့်လဲ၊ ပေးတတ်မြဲ၊ မလွဲဖြစ်တတ်သည်။
- ■ ၃။ ကိုယ့်အားပေးခဲ့၊ ကျေးဇူးငဲ့၊ တစ်လှည့်တစ်ဖန် ပေးတတ်သည်။
- ■ ၄။ ကိုယ့်အားပေးမှာ၊ မျှော်လင့်ကာ၊ ရှိတာပေးတတ်သည်။
- ■ ၅။ ကောင်းသည့်အရာ၊ သိမှတ်ကာ၊ ကောင်းစွာပေးတတ်သည်။


www.burmeseclassic.com

www.burmeseclassic.com


- **၆။ မပေးမတော်၊ ပေးမှတော်၊ သိသော်ပေးတတ်သည်။**
**(သနားကြင်နာ၊ ကိုယ်ချင်းစာ၊ ရှိတာပေးတတ်သည်။)**
- **၇။ နာမည်ကြီးလို၊ ကျော်ကြားလို၊ အပိုဖြစ်အောင်ပေးတတ်သည်။**
- **၈။ စိတ်ဓာတ်မြင့်တင်၊ စွမ်းအားရှင်၊ ဖြစ်ချင်လို၍ ပေးတတ်သည်။**
- **ဤ ၈-မျိုးမှာ၊ နောက်ဆုံးသာ၊ မှန်စွာကောင်းမြတ်သည်။**

ကိုယ့်လက်ထဲမှာရှိတဲ့ပစ္စည်းကို သူတစ်ပါးလက်ထဲရောက်အောင် ပေးကမ်းစွန့်ကြဲ လှူဒါန်းကြတဲ့အခါ ရည်ရွယ်ချက် ၈-မျိုးထဲက တစ်မျိုးမျိုးနဲ့ ပေးတတ်ကြပါတယ်။

(၁) မိမိထံ အလှူခံပုဂ္ဂိုလ်ရောက်လာလို့ ကြုံကြိုက်တဲ့ကြောင့် ပေးလှူတတ်တယ်။ ဘာရယ်လို့ သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်မထားပါဘူး၊ ကြုံတာနဲ့ပေးတာမျိုးပါ၊ ပေးတတ်ရင် ဒါနဖြစ်ပါတယ်။

(၂) အပါယ်ဘေးနှင့် ကဲ့ရဲ့ခံရမယ့်ဘေးကိုကြောက်တဲ့ကြောင့် ပေးလှူတတ်တယ်၊ မတတ်သာလို့ ပေးရတဲ့ အားနာပါးနာအလှူမျိုးလည်း ပါမှာပေါ့။

(၃) တစ်ချိန်က သူက ကိုယ့်အတွက်ပေးခဲ့ဖူးတာကို မိမိက ကျေးဇူးတုန့်ပြန်လိုတာကြောင့် ပေးလှူတတ်တယ်၊ သားသမီးက မိဘအတွက် ပေးတာမျိုးပေါ့။

(၄) နောင်အခါ သူက ကိုယ့်အတွက် တစ်ဖန်ပြန်ပေးစေလိုတဲ့ သဘောမျိုးနဲ့ အလှူခံ ပုဂ္ဂိုလ်ထံက မျှော်လင့်ချက်ထားတဲ့ကြောင့် ပေးလှူတတ်တယ်၊ မိဘက သားသမီးအတွက် ပေးတာမျိုးပေါ့။

(၅) ဒါနဟာ ကောင်းတဲ့အလုပ်ပဲလို့ ခံယူထားတဲ့ကြောင့် ပေးလှူတတ်တယ်၊ ဘာရည်ရွယ်ချက်မှ ထူးမရှိဘူး၊ ကုသိုလ်ဖြစ်လောက်သာလုပ်တဲ့ ဒါနမျိုးပေါ့။

(၆) အလှူခံပုဂ္ဂိုလ်တွေကို သနားတဲ့ကြောင့် (ငါတို့မပေးရင် သူတို့စားရမှာမဟုတ် ဘူး၊ မပေးရင် မတော်ပေဘူးလို့ သနားတဲ့ကြောင့်) ပေးလှူတတ်တယ်၊ ဒုက္ခိတတွေကို သနားလို့ ကူညီတာမျိုးပေါ့။

(၇) ကောင်းသတင်း နာမည်ကျော်ကြားချင်တဲ့ကြောင့် ပကာသနစိတ်နဲ့ ပေးလှူတတ် တယ်၊ ကုသိုလ်တောင်မလိုချင်တော့ဘဲ နာမည်ကြီးချင်လို့သာ ပေးတာမျိုးပေါ့၊ ဒါနကံတံခါး ကိုပိတ်ပြီးပေးတာဆိုတော့ ကောင်းကျိုးမျှော်လို့မရတဲ့ အပေးမျိုးပါ။

(၈) စိတ်လှချင်တဲ့ကြောင့် စိတ်စွမ်းအားတက်ချင်တဲ့ကြောင့် ပေးလှူတတ်တယ်။ နိဗ္ဗာန် ဦးတည်ပြီး သိက္ခာသုံးပါးနဲ့ အလှဆင်လှူတဲ့အလှူမျိုးပါ။

အဲဒီရည်ရွယ်ချက် အကြောင်း ၈-မျိုးနဲ့ လှူတဲ့အလှူ ၈-မျိုးထဲမှာ နောက်ဆုံးနံပါတ် (၈) အလှူမျိုးသာ အကောင်းမြတ်ဆုံး၊ အထက်တန်းအကျဆုံး ဖြစ်ပါတယ်။ အလှူလုပ်တိုင်း ရည်ရွယ်ချက် ကောင်းကောင်း လမ်းကြောင်းရှင်းရှင်း အစီအစဉ်မှန်မှန်နဲ့ လုပ်တတ်ဖို့ အထူးသတိထား ကြိုးစားရမယ်။

## ၇၊ အကြောင်း ၅-ရပ် အလှူမြတ်

- **ရိုသေစိတ်ဖြူ၊ ကိုယ်တိုင်လှူ၊ ရယူနိုင်သည့်ပုံ။**
- **ဉာဏ်ကိုရှေ့ထား၊ ပေးလှူငြား၊ စွမ်းအားသုံးမကုန်။**
- **ရလဒ်ကိုမြင်၊ ပေးလှူလျှင်၊ စွမ်းအင်လွန်ပြည့်စုံ။**

ဒါနအကောင်းစားဖြစ်အောင် စနစ်တကျ မူချပြီး ပေးလှူတတ်ရမယ်။ လှူပုံက-

(၁) ရိုရိုသေသေ လှူရမယ်။ လှူဖွယ်ပစ္စည်းကိုလည်း သပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း၊ ကောင်းကောင်းမွန်မွန် ပြုပြင်စီမံပြီး လှူရမယ်။ အလှူခံပုဂ္ဂိုလ်ကိုလည်း လေးလေးစားစား တန်ဖိုးထားလို့ ကောင်းမွန်သန့်ရှင်းတဲ့နေရာမှာ နေစေပြီး ပေးလှူရမယ်။ ခြေစုံရပ် ဒူးစုံယှက်ပြီး လက်နှစ်ဖက်နဲ့ သေသေချာချာ လှူရမယ်။



www.burmeseclassic.com

www.burmeseclassic.com



(၂) စိတ်ပါလက်ပါနဲ့ စိတ်အားထက်သန်စွာ လှူရမယ်။ ဒါနလုပ်ငန်းကို အထူးအဆန်း ဖွံ့ဖြိုးဖွယ် တစ်ခုအနေနဲ့ စိတ်ထဲမှာသဘောထားပြီး စိတ်ပါဝင်စားစွာ လှူရမယ်။ ကိုယ်နဲ့သာ ရှိသေတဲ့ အမှုအရာကို ပြရမှာ မဟုတ်သေးဘူး။ စိတ်နဲ့လည်း ထက်သန်တက်ကြွ စိတ်ပါဝင်စား တန်ဖိုးထားရမယ်လို့ ဆိုလိုပါတယ်။

(၃) ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက်လှူရမယ်။ သူများကို ခိုင်းတာလည်း ကုသိုလ်တော့ ဖြစ်တာပါပဲ။ ခိုင်းပြီးလှူတာထက် ကိုယ်တိုင်လှူတာက ပိုပြီး အကျိုးပေး သာလွန်ပါတယ်။

(၄) လွှင့်ပစ်သလိုမဟုတ်ဘဲ ပစ္စည်းရဲ့အနှစ်ကို ထုတ်ယူတဲ့အနေနဲ့ အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက် ပူဇော်တဲ့ အနေနဲ့လှူရမယ်။ မလိုချင်လို့ စွန့်ပစ်တာမျိုး မဟုတ်ရဘူး။ စွမ်းအားကိုရအောင် ယူတဲ့အနေနဲ့ ပေးလှူရမယ်။

(၅) ကံ ကံရဲ့အကျိုး ဧကန်ရောက်လာမှာပဲလို့ ယုံကြည်သိမြင်ပြီး အသိဉာဏ်ရှေ့ထား လှူရမယ်။ မျိုးစေ့စိုက်ပျိုးတဲ့ပုံစံနဲ့ ရောက်လာမယ့် အတိုးစွမ်းအားများကို ရှင်းရှင်းလင်းလင်း ဉာဏ်နဲ့ ကြည့်လှူရမယ်။ အလှူရဲ့ရလဒ်ကို မြင်အောင်ကြည့်ရမယ်။

ရှေးတုန်းက ပါယာသိမြို့စားနှင့်ဥတ္တရတို့ ဆရာတပည့်နှစ်ဦး ရှိခဲ့ဖူးတယ်။ မြို့စားကြီးက အလှူလုပ်ပေမယ့် ရိုသေလေးစားမှုလဲ မရှိဘူး။ စိတ်အားထက်သန်မှုလဲ မရှိလှဘူး။ ကိုယ်တိုင်လဲ တစ်ခါမှမလှူဘူး။ ပစ္စည်းထုတ် ပေးပြီး တပည့်ဥတ္တရကိုသာ အလှူခိုင်းတယ်။ မလိုချင်လို့ လွှင့်ပစ်သလိုသာ ပေးနေတယ်။ ဉာဏ်လဲ မပါဘူး။ ဒါကြောင့် ကွယ်လွန်သွားတဲ့ ခါ အလွန်အောက်တန်းကျတဲ့ စာတုမဟာရာဇ်နတ်မျိုး အညံ့စားနတ် ဖြစ်သွားတယ်။

တပည့်ဥတ္တရကတော့ သူများပစ္စည်းနဲ့ လှူပေမယ့် ရိုသေလေးစားတယ်။ စိတ်အား ထက်သန်တယ်။ ကိုယ်တိုင်လှူတယ်။ စွမ်းအားကို ယူတဲ့အနေနဲ့ အသိဉာဏ် ရှေ့ထားလှူတယ်။ ဒါကြောင့် ကွယ်လွန်တဲ့အခါ အလွန် အထက်တန်းကျတဲ့ တာဝတိံသာနတ်မျိုး အဆင့်မြင့်နတ် ဖြစ်သွားတယ်။ ကောင်းမှုဆိုတာ ရှိသလောက်ပဲ ကောင်းကျိုးပေးနိုင်တာကိုး။

## ၈၊ အထက်တန်းစား ဒါနအား

- ■ ၁။အလှူပေးသူ၊ သီလယူ၊ စင်ဖြူအကျင့်ရှိပါစေ။
- ■ ၂။အလှူခံလည်း၊ သီလမြဲဘိ၊ အကျင့်ရှိ၊ အသိထူးပါစေ။
- ■ ၃။လှူဖွယ်ဝတ္ထု၊ စင်ကြယ်မှု၊ ရှေးရှုတတ်ရပေ။
- ■ ၄။အလှူပေးစဉ်၊ စိတ်ကြည်လင်၊ ပျော်ရွှင်အားတက် ဝမ်းသာလေ။
- ■ ၅။စိုက်ပျိုးသမား၊ ပုံစံထား၊ စွမ်းအားရလဒ် မြင်ပါစေ။
- ■ ၆။ရှေ့နောက်အတွင်း၊ အပူကင်း၊ သန့်ရှင်းစင်ကြယ်စေ။
- ■ အထက်တန်းစား၊ ဒါနအား၊ ထူးခြားမြင့်တက်ပေ။

အထက်တန်းစားဒါနဖြစ်ဖို့ဆိုရင်-

(၁) အလှူပေးပုဂ္ဂိုလ်ဟာ သီလနှင့်ပြည့်စုံ ရမယ်၊ မလှူခင်ကတည်းက သီလပြည့်စုံ စင်ကြယ်နေရမယ်။

(၂) အလှူခံပုဂ္ဂိုလ်လည်း သီလနှင့်ပြည့်စုံရမယ်၊ သီလဟာ လူရဲ့အလှဆုံးတန်ဆာဆိုတော့ သီလပါမှပဲ ဒါနက ထည်ဝါမှာဖြစ်တယ်။

(၃) လှူဖွယ်ပစ္စည်းဝတ္ထုက တရားသဖြင့် ရှာလို့ရတဲ့ သန့်ရှင်းစင်ကြယ်တဲ့ပစ္စည်း ဖြစ်မယ်။

(၄) အလှူပေးနေစဉ်အခါ စိတ်ကြည်လင်နေရမယ်။

(၅) စိုက်ပျိုးရေးသမားရဲ့ အသိမျိုးလို အကျိုးရလဒ်ကိုသိမြင်ပြီး လှူရမယ်။

(၆) အလှူရဲ့ရှေ့ပိုင်းမှာရော နောက်ပိုင်းမှာပါ အပူစိတ် လုံးဝ မပါဝင်စေရဘူး၊ အစ၊ အလယ်၊ အဆုံး အပူကင်းလို့ အေးချမ်းရမယ်။ အဲဒီအလှူမျိုးဟာ အကျိုးပေး ကြီးကျယ် ဖွံ့ဖြိုး များပြားလှတဲ့ အထက်တန်းစား အလှူမျိုးဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com


## ၉။ အပေးတတ်မှ ကောင်းကျိုးရ

- **နိဗ္ဗာန်ရည်မှန်း၊ ဉာဏ်ပြဓာန်း၊ ရွှင်လန်းတက်ကြွစေ။**
- **သိက္ခာသုံးဖြာ၊ လမ်းကြောင်းမှာ၊ ကောင်းစွာဖြောင့်တန်းစေ။**
- **ရှေ့နောက်အတွင်း၊ အပူကင်း၊ သန့်ရှင်းစင်ကြယ်စေ။**
- **အဆင့်မြင့်လှ၊ ကျိုးကြီးရ၊ အေးမြအဆင်ပြေ။**
- **အပေးတတ်မှ၊ ကောင်းကျိုးရ၊ မုချသေချာပေး။**

စွမ်းအားသတ္တိမကုန်နိုင်တဲ့ ပါရမီအနှစ် ဒါနအစစ်ရဖို့ကျတော့ -

(၁) နိဗ္ဗာန်ကို ရည်မှန်းချက်ထားပြီး လှူရမယ်၊ ဒုက္ခအားလုံးလွတ်တာက နိဗ္ဗာန်တစ်ခုတည်းပဲရှိတာ။

(၂) ဉာဏ်ပြဓာန်းလှူရမယ်၊ ရှိလို့လှူတာထက် သိလို့လှူတာကို ဦးစားပေးရမယ်၊ ရှိဖို့ထက် သိဖို့ကို ရှေ့တန်းတင် ဦးတည်ရမယ်၊ အကျိုးကို သိမြင်တဲ့ဉာဏ်၊ ခန္ဓာအရှိကို အရှိအတိုင်း သိတဲ့ဉာဏ်၊ ဦးဆောင်လှူရမယ်၊ အရှိကိုတကယ်နိုင်မှ ဉာဏ်အစစ်ပါ၊ ယခုဘဝ လှူဆဲခဏမှာ ဖြစ်နေတဲ့ ရုပ်နာမ်အားလုံးလည်း ဆင်းရဲအစုတွေပဲ၊ ကံကြောင့် နောက်ထပ်ရလာမယ့် ရုပ်နာမ် (ဘဝခန္ဓာ) အားလုံးလည်း ဆင်းရဲ အစုချည်းပဲ၊ ဘာလာလာ ဒါတွေချည်းပဲ လာမှာ၊ လာသမျှ ဉာဏ်နဲ့ အဖမ်းတတ်ဖို့ လိုမယ်။

လမ်းပေါ်မှာပြေးနေတဲ့ အဆိပ်ပြင်းတဲ့ မြွေဆိုးကိုဖမ်းတဲ့အခါ နောက်ကအပြေးလိုက်ပြီး အမြီးကို ကိုင်ဖမ်းရင် မြွေဆိုးက ဖမ်းသူကို ပြန်ကိုက်လိုက်မှာပဲ။ ဖမ်းသူဟာ ဒီနေရာတင်ပဲ ဒုက္ခရောက်သွားနိုင်တယ်။ အလှူလုပ်သူ ကုသိုလ်ပြုသူဟာလည်း ကုသိုလ်ကံကြောင့် ရရှိလာမယ့်ဘဝ ခန္ဓာမြွေဆိုးကို အဝိဇ္ဇာ၊ တဏှာနဲ့ နောက်ကလိုက် အမြီးကိုင် ဖမ်းရင်တော့ ဒုက္ခရောက်ရမှာ သေချာပေါက်ပါ။ 'ကုသိုလ်လုပ်ပြီး ငိုရတယ်' လို့ ဆိုရလောက်အောင် ခန္ဓာမြွေဆိုး ပြန်ကိုက်တာခံရမယ်။ ကိုယ်မကျွမ်းကျင်လို့ ခံရတာပါ။ ဉာဏ်မပါရင် လုပ်သမျှ ဒုက္ခချည်း ပေါ်လာတတ်တယ်။

မြွေဆိုးဖမ်းတဲ့အခါ တုတ်တို့ ကြိုးတို့နဲ့ ဖိညှပ်ဖမ်းရင် မြွေဆိုး မကိုက်နိုင်ပါဘူး။ လူက လက်ဦးလို့ အဖမ်းကျွမ်းကျင်ရင် အဆိပ်ပြင်းတဲ့မြွေဆိုးကိုနိုင်ပါတယ်။ အဆိပ်ကို စနစ်တကျ ထုတ်ယူပြီး ဓါတ်သဘာဝ ပစ္စည်းတွေနဲ့ ဆေးဖော်စပ်လိုက်ရင် မြွေဆိပ်ဟာ အဆိပ်ဖြေဆေး အသက်ကယ်ဆေး ဖြစ်သွားတယ်။ မြွေကလက်ဦးရင် အဆိပ်ဟာဘေးပေါ့။ လူက ဉာဏ်နဲ့လက်ဦးပြန်တော့ အဆိပ်ဟာဆေးပေါ့။

အဆိပ်ပြင်းတဲ့ ဒုက္ခခန္ဓာမြွေဆိုးဟာလည်း သူကလက်ဦးရင် ဒါမှမဟုတ် အဝိဇ္ဇာ၊ တဏှာက လက်ဦးရင် အစ၊ အလယ်၊ အဆုံး အကုန်လုံး ဘေးဒုက္ခချည်းပဲ။ ကိုယ်ကလက်ဦးရင် ဒါမှမဟုတ် ဉာဏ်က လက်ဦးရင် အပူအဆိပ်ဖြေပေးတဲ့ အဆိပ်ဖြေဆေး၊ မသေရာနိဗ္ဗာန် ရစေနိုင်တဲ့ မသေကြောင်း အကျင့်ကောင်းကို ဖော်ထုတ်ပေးတဲ့ မသေဆေး၊ အသက်ကယ်ဆေးတွေ ရနိုင်တယ်။

သူကလက်ဦးတော့ ဘေး၊ ကိုယ်ကလက်ဦးတော့ ဆေး၊ ဒါမှမဟုတ် အဝိဇ္ဇာ၊ တဏှာ လက်ဦးတော့ ဘေး၊ သတိဉာဏ် လက်ဦးတော့ ဆေးပေါ့။ ကျွမ်းကျင်ရင် ဘဝခန္ဓာအဆိပ်တုံးက မသေဆေးဖော်ဖို့ ကောင်းတယ်ပေါ့။

ပြီးတော့ နိဗ္ဗာန်မရမီ ဘဝခန္ဓာ ဆုတောင်းယူနေကြတယ်ဆိုတာ အထက်ကို တက်ဖို့ ငြမ်းဆင်တဲ့ သဘောပါ။ ငြမ်းဆိုတာ ကိစ္စပြီးရင် ဖျက်ချခံရသလို ဘဝခန္ဓာငြမ်းလည်း အချိန်စေ့ရင် ဖျက်ချခံရမှာပဲ။ အထက်ကိုတက်လို့ဖြစ်ဖို့ပဲ အရေးကြီးတာပါ။ ဒါကြောင့် အလှူလုပ်ရင် ဉာဏ်ဦးဆောင်ရမယ်။

(၃) ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစွာ လှူရမယ်။ 'လှူတယ်ဆိုတာ ယူတာ' လို့ အမြင် ရှင်းရှင်းနဲ့ ကြည့်ပြီး ဝမ်းသာနေရမယ်။

(၄) အောင်ပွဲတစ်ခုရလိုက်သလို တက်တက်ကြွကြွ လှူရမယ်။ ရန်သူမျိုး ငါးပါးထက် လက်ဦးသွားပုံ၊ လောဘမစ္ဆေရအတွင်းရန်ကို အနိုင်ယူထားပုံကိုကြည့်တတ်ရင် တကယ် တက်ကြွလောက်တဲ့ အောင်ပွဲကြီးပဲ။ ဒါကြောင့်လည်း ကောသဋကပုဏ္ဏားကြီးဟာ ခြံထည် အဝတ်ဟောင်းလေးကို ဘုရားထံ လှူပြီးတဲ့အခါ 'ငါအောင်ပြီ ငါအောင်ပြီ' လို့ ကျူးရင့်ခဲ့တာ ဖြစ်မှာပဲ။


www.burmeseclassic.com

www.burmeseclassic.com


(၅) သိက္ခာသုံးပါး လမ်းကြောင်းရှင်းပြီး လှူရမယ်။ ဒုက္ခအပူထွက်ပေါက်က ဒီ တစ်ပေါက်ပဲရှိတာ။ ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်းလမ်းကလည်း ဒီတစ်လမ်းပဲရှိတာဆိုတော့ ဒီလမ်းက သွားမှ ဒါနက နိဗ္ဗာန်ထိ ကျေးဇူးပြုမှာကိုး။

(၆) ရှေ့နောက်အတွင်း အပူကင်းရမယ်။ အပူကင်းအောင် သတိနဲ့ ရှေ့နောက် ဆက်စပ် သန့်ရှင်းထားရုံပေါ့။ ဒါဟာလည်း အထက်တန်းစားအလှူမျိုးပဲ။

## ၁၀။ အလှူ ၈-မျိုး စွမ်းရည်တိုး

- **စင်ကြယ်-မွန်မြတ်၊ လျော်လျောက်ပတ်၊ အပ်စပ်သည်ကိုလှူ။**
- **အလှူခံမြတ်၊ ရွေးချယ်လတ်၊ မပြတ်မပြတ်လှူ။**
- **လှူဆဲကြည်လင်၊ လှူပြီးလျှင်၊ စိတ်တွင် ကျေနပ်မှု။**
- **သူတော်ကောင်းများ၊ ပြုလုပ်ငြား၊ ၈-ပါးဒါနဟူ။**

ပညာရှိသူတော်ကောင်းများ စွမ်းအားတိုး တက်ထက်မြက်အောင် လှူနည်း ၈-မျိုး ရှိပါတယ်။

(၁) သန့်ရှင်းစင်ကြယ်လှပတဲ့ ပစ္စည်းကို လှူတယ်၊ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဖြစ်အောင် မွမ်းမံ ပြုပြင်လှူတယ်။

(၂) ကိုယ်သုံးတာထက် မွန်မြတ်တဲ့ပစ္စည်းကို လှူတယ်။

(၃) သင့်လျော်လျောက်ပတ်တဲ့အခါမှာ လှူတယ်။ လိုအပ်တဲ့အခါမှာ လိုအပ်တာကို လှူတယ်။

(၄) အလှူခံပုဂ္ဂိုလ်နှင့် လျောက်ပတ်အပ်စပ်တဲ့ ပစ္စည်းကိုပဲ ရွေးလှူတယ်။

(၅) လှူရင် အကျိုးကြီးနိုင်မယ့် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ပြီး လှူတယ်။

(၆) မကြာမကြာ မပြတ်မပြတ်လည်း လှူတယ်။

(၇) လှူစဉ်အခါ စိတ်ကို ကြည်လင်အောင်ရှင်းပြီး သဒ္ဓါ ပညာ ရှေ့ထား လှူတယ်။

(၈) လှူပြီးတဲ့အခါ ဝမ်းသာအားရ ကျေနပ်မှုရသွားတယ်။

အဲဒီအလှူဟာ ပညာရှိသူတော်ကောင်းတို့ရဲ့ လှူနည်းပဲ။

## ၁၁။ သူတော်စဉ်ပြု မှု ၅-ခု

- **၁။အလှူပေးစဉ်၊ စိတ်ကြည်လင်၊ ရုပ်သွင်လှပေသည်။**
- **၂။ရိုသေလှစွာ၊ လှူဒါန်းပါ၊ ဩဇာပြောင်းရသည်။**
- **၃။လိုသည့်အခါ၊ လှူဒါန်းရာ၊ လိုချိန်မှာရသည်။**
- **၄။မငြိမကပ်၊ လှူဒါန်းလတ်၊ အမြတ်သုံးရသည်။**
- **၅။မထိမပါး၊ လှူဒါန်းငြား၊ ၅-ပါး ရန်ကင်းသည်။**
- **သူတော်စဉ်ပြု၊ မှု ၅-ခု၊ လှူမှု မှန်ကန်သည်။**

ပညာရှင် သူတော်စင်များဟာ မှု ၅-မျိုး ချမှတ်ပြီး လှူလေ့ရှိတယ်။

(၁) သဒ္ဓါတရားထက်သန်စွာနဲ့ ယုံယုံကြည်ကြည်လှူတယ်၊ သဒ္ဓါတရားနဲ့ စိတ်ကြည်လင်အောင် သန့်စင်ထားပြီးမှလှူတယ်၊ စိတ်ကြည်လင်မှုကြောင့် ရုပ်သွင်လှပတဲ့ အကျိုးရမယ်။

(၂) ပစ္စည်းကိုလည်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း မွမ်းမံပြုပြင်, အလှူခံကိုလည်း လေးစားပြီး ရိုရိုသေသေလှူတယ်၊ ရိုသေမှုကြောင့် အများအပေါ် ဩဇာပြောင်းတဲ့အကျိုး၊ အများ လေးစားခံရတဲ့ အကျိုးရတယ်။

(၃) လိုအပ်တဲ့အခါမှာ လိုအပ်တာကို လှူတယ်၊ အလိုက်သိမှုကြောင့် လိုအပ်ချိန်မှာ လိုတာကို ရတယ်ဆိုတဲ့ အကျိုးပေးတယ်။


www.burmeseclassic.com

www.burmeseclassic.com


(၄) အလှူခံနှင့် လှူဖွယ်ဝတ္ထုအပေါ် မငြိုကပ် မတွယ်တာပဲ လွတ်လွတ်ကျွတ်ကျွတ်၊ ပြတ်ပြတ်သားသား လှူတယ်၊ မငြိမကပ် လွတ်လပ်ပြတ်သားမှုကြောင့် အမွန်အမြတ်ကိုပဲ သုံးဆောင်ရတဲ့အကျိုးရတယ်။

(၅) မိမိနှင့်သူတစ်ပါးကို မထိပါး မပုတ်ခတ်ပဲလှူတယ်၊ အပြိုင်အဆိုင်စိတ်မျိုးနဲ့ မလှူပဲ ပစ္စည်းရဲ့ အနှစ်ကို ထုတ်ယူတဲ့အနေနဲ့ လှူတယ်၊ မထိပါးမှုကြောင့် ရန်သူမျိုး ၅-ပါးဘေးမှ ကင်းလွတ်တဲ့အကျိုးရတယ်။ အဲဒါဟာ ပညာရှင်သူတော်စဉ်များရဲ့ လှူပုံလှူနည်းပဲ။

## ၁၂။ အလှူအကျိုး ၅-မျိုး

- **၁။အလှူပေးငြား၊ မေတ္တာထား၊ အများချစ်ကြသည်။**
- **၂။ငြိမ်သက်ကြည်လင်၊ သူတော်စင်၊ ထွက်ဝင်ချဉ်းကပ်ကြုံရသည်။**
- **၃။ကောင်းသတင်းများ၊ လွှန်ကျော်ကြား၊ ပြန့်သွားရလေသည်။**
- **၄။ကိုယ်ကျင့်တရား၊ ပြည့်စုံငြား၊ ခံညားထည်ဝါ ရဲရင့်သည်။**
- **၅။ဘဝတစ်လျှောက်၊ ကောင်းရာရောက်၊ စားသောက်သုံးဆောင် ပြည့်စုံသည်။**
- **အလှူအကျိုး၊ ဤ ၅-မျိုး၊ တန်ခိုးတက်လာသည်။**

သဒ္ဓါဖွေးဖြူ မေတ္တာကူပြီး စင်ကြယ်သန့်ရှင်း တွယ်တာမှုကင်းတဲ့စိတ်နဲ့ အလှူခံလက်ထဲ စွန့်ကြဲလိုက်တာကို အလှူဒါနလို့ ခေါ်တာပါ။ စိတ်စွမ်းအားတန်ခိုးပါမှ ဒါနကောင်းမှု ဖြစ်နိုင်ပါတယ်။ ဒါနဆိုတာ ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေတဲ့ ပစ္စည်းဉစ္စာထဲက အနှစ်ကိုထုတ်ယူခြင်းလည်း ဖြစ်တယ်။ စွမ်းအားအပင်ပေါက်ဖို့ မျိုးစေ့ စိုက်ပျိုးတာလည်း ဖြစ်တယ်။ အတိုးအာမခံ စိတ်ချရတဲ့ ဘဏ်တိုက်မှာ အပ်နှံထားခြင်းမျိုးလည်း ဖြစ်တယ်။ ပစ္စည်းလုံခြုံရေးအတွက် မီးခံသေတ္တာထဲ ထည့်ထားခြင်းမျိုးလည်းဖြစ်တယ်။ သာသနာကြာကြာ တည်အောင် ထောက်ကန်ပေးနိုင်တဲ့ ခွန်အားကြီးလည်း ဖြစ်တယ်။

အလှူစစ်စစ်လုပ်ထားလိုက်ရင် လူမျိုးမရွေး ဘာသာမရွေး ဒါနရှင်မှန်သမျှ ရနိုင်တဲ့ အကျိုးငါးမျိုး ရှိပါတယ်။ 'ပေးပါ' လို့ ကိုယ်ကတောင်းနေဖို့မလိုဘဲ သူက အလိုအလျောက်ပေးနိုင်တဲ့ စွမ်းအားတန်ခိုး ကောင်းကျိုးပါ။

(၁) ဒါနဆိုတာ မေတ္တာလုပ်ငန်းစဉ်ဖြစ်တဲ့ကြောင့် ဒါနရှင်ဟာ လူချစ်လူခင်ပေါတယ်၊ ကိုယ့်အပေါ် မေတ္တာရှိသူ၊ ချစ်ခင်မြတ်နိုး လေးစားသူ များပြားတယ်။

(၂) ပညာရှိသူတော်ကောင်းတွေနဲ့ ပေါင်းသင်းဆက်ဆံ တွေ့ကြုံခွင့်ရတယ်၊ တိုးတက်ကြီးပွားကြောင်း အခွင့်ကောင်းရနိုင်တယ်ပေါ့။

(၃) ကောင်းသတင်း ကျော်စောတယ်။

(၄) လူ့ကျင့်ဝတ် မကင်းကွာဘူး၊ စည်း ကမ်းသီလကိုလည်း မကျိုးမပေါက်အောင် ထိန်းသိမ်းနိုင်စွမ်းရှိတယ်၊ ကိုယ်ကျင့်တရားပြည့်စုံပြီး ပရိသတ်အလယ် ခံညားထည်ဝါ ရဲရင့်တယ်။ မေတ္တာလမ်းစဉ်လိုက်နေသူဖြစ်တဲ့ကြောင့် ပရိသတ်အတွင်း ကျက်သရေရှိရှိ မျက်နှာပန်းလှလှ ရဲရဲဝံ့ဝံ့ ရွှင်ရွှင်လန်းလန်း ဝင်ထွက်သွားလာနိုင်တယ်။

(၅) ဒါနဟာ သီလကိုပါကျေးဇူးပြုတဲ့ကြောင့် သေပြီးတဲ့နောက် ဘဝတစ်လျှောက် ပစ္စည်းပြည့်စုံတဲ့ဘဝကောင်းကို ရောက်ရတယ်။ စားဝတ်နေရေး နောက်ဆံမတင်းရအောင် ပြည့်စုံပါတယ်။ အဲဒီ ၅-မျိုးက ဒါနရှင်အားလုံး မတောင်းဘဲ အလိုလိုရနိုင်တဲ့ ဘုံဆိုင်လောကီ ကောင်းကျိုးတွေပါ။

ဗုဒ္ဓသာသနာနှင့် တွေ့ကြုံနေသူများကတော့ သူက အလိုအလျောက်ပေးထားတဲ့ လောကီအကျိုးလောက်နဲ့ တင်းတိမ်ကျေနပ်နေလို့ မဖြစ်ဘူး။ လောကီအကျိုး ဘယ်လောက်ပဲ ကောင်းတယ်ပြောပြော နောက်ဆုံးပျက်မှာပဲ။ ဆင်းရဲနဲ့ပဲ အဆုံးသတ်ရမှာ။ ဒါကြောင့် သိက္ခာသုံးပါး လမ်းကြောင်းပေါ်ရောက်အောင် စိတ်အစဉ်ကို မြှင့်တင်ပေးပြီး လောကုတ္တရာ ချမ်းသာရနိုင်သည်ထိ ဦးတည်ပေးရမှာဖြစ်တယ်။ လမ်းမှန်ရင် နိဗ္ဗာန်ထိ ပေးနိုင်တဲ့ သတ္တိရှိနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းဆိုတာ လောဘမစ္ဆေရနဲ့ ဆုပ်ကိုင်ထားရင် ကိုယ်ပိုင်မကျန်ဘဲ ပြန့်ကြဲသွားတတ်ပါတယ်။ သဒ္ဓါ၊ မေတ္တာ၊ ပညာရှေ့ထားပြီး ဒါနလမ်းစဉ်နဲ့ ဖြန့်ကြဲပေးလိုက်ရင် ကိုယ်ပိုင်စွမ်းအား အတိုးအပွားတွေ ဆုပ်မိကိုင်မိ ဖြစ်လာတတ်ပါတယ်။ ဒါနကြောင့် မွဲသူ ရှေးကလည်း မရှိ၊ ယခုလည်း မရှိပါဘူး။ နောင်လည်း ရှိမှာမဟုတ်ဘူး။

## ၁၃။ မတူအကျိုး လူ ၄-မျိုး

- **၁။ ကိုယ်တိုင်လှူဒါန်း၊ မတိုက်တွန်းပါ၊ ဖြစ်လေရာဝယ်၊ ဥစ္စာကြွယ်လည်း၊ ခြွေရံနဲ၊ အမြဲအားငယ်ရ။**
- **၂။ တိုက်တွန်းရုံသာ၊ မလှူပါက၊ ဘဝစုန်ဆန်၊ ခြွေရံပေါလည်း၊ ဥစ္စာမွဲ၊ အမြဲစိတ်ပူရ။**
- **၃။ ကိုယ်မလှူဒါန်း၊ မတိုက်တွန်းပါ၊ ဖြစ်လေရာဝယ်၊ ဥစ္စာလည်းမွဲ၊ ခြွေရံနည်း၊ ဆင်းရဲပင်ပန်းရ။**
- **၄။ ကိုယ်တိုင်လှူဒါန်း၊ တိုက်တွန်းတတ်ပါ၊ ဖြစ်လေရာဝယ်၊ ဥစ္စာပေါများ၊ ခြွေရံပွား၊ စွမ်းအားပြည့်စုံရ။**
- **မတူအကျိုး၊ လူ ၄-မျိုး၊ တန်ဖိုးမညီကြ။**

(၁) ကိုယ်တိုင်သာလှူလို့ သူတစ်ပါးကို လှူဖို့မတိုက်တွန်းရင် (အလှူမခိုင်းရင်) ဘဝ သံသရာမှာ ဖြစ်တဲ့အခါ ပစ္စည်းသာ ပေါများကြွယ်ဝတတ်ပြီး အခြံအရံ ပရိသတ်မရှိတတ်ဘူး၊ အားငယ်ရတတ်တယ်။

(၂) သူတစ်ပါးကိုသာ လှူဖို့တိုက်တွန်းပြီး (အလှူခိုင်းပြီး) ကိုယ်တိုင်မလှူပြန်တော့ အခြံအရံ ပရိသတ်သာ ပေါများပြီး ပစ္စည်းဥစ္စာ မပြည့်စုံတတ်ဘူး။ ဒါလည်း မစုံတော့ စိတ်ပူရဦးမှာပဲ။

(၃) နှစ်မျိုးလုံးမလုပ်သူမှာ နှစ်မျိုးလုံး မပြည့်စုံတတ်ဘူး။ သံသရာတစ်လျှောက် အမြဲ ဆင်းရဲ ပင်ပန်းနေရမှာပါ။

(၄) နှစ်မျိုးလုံးလုပ်သူသာ နှစ်မျိုးလုံး ပြည့်စုံတတ်တယ်။ အဲဒီလို အလုပ်နှင့်တူညီတဲ့ အကျိုးရပုံကိုလည်း သတိပြုထားဖို့ လိုပါလိမ့်မယ်။ ဒါမှ အလုပ် အကွက်စေ့မှာပေါ့။

## ၁၄။ ပစ္စည်းရွေးချယ် နည်း ၃-သွယ်

- **၁။ အညံ့ကိုသာ၊ ရွေးလှူတာ၊ မှတ်ပါ ကျွန်ဒါန။**
- **၂။ ကိုယ်နှင့်တန်းတူ၊ ပေးတတ်မူ၊ ထိုသူ သဟာယ။**
- **၃။ မြတ်သည်ကိုပင်၊ ရွေးတတ်လျှင်၊ သခင်အလှူပ။**

ပစ္စည်းရွေးချယ်မှုကို အကြောင်းပြုပြီး အလှူလုပ်ပုံ သုံးမျိုးရှိတယ်။

(၁) ကိုယ်သုံးတဲ့ပစ္စည်းအောက် ယုတ်ညံ့တဲ့ ကိုယ်မလိုချင်တဲ့ပစ္စည်းအညံ့ကို ရွေးလှူတာကို ဒါသဒါန = ကျွန်အလှူလို့ခေါ်တယ်၊ တဏှာက ကောင်းတာကို ကိုယ့်ဘက်ယက်ထားပြီး မကောင်းတာကိုသာ ရွေးပေးလိုက်တော့ အောက်တန်းကျသွားတာပေါ့၊ အရည်အသွေးမမီတဲ့ကြောင့် အကျိုးပေးတော့လည်း အညံ့စားတွေချည်း ရနေမှာပဲ။

(၂) ကိုယ်သုံးတဲ့ပစ္စည်းနှင့် အမျိုးအဆင့် အတန်းတူပစ္စည်းကိုလှူရင် သဟာယဒါန = မိတ်ဆွေ သူငယ်ချင်းအလှူလို့ ခေါ်တယ်၊ အကျိုးရတဲ့အခါလည်း အရည်အသွေးမီမှာပေါ့။

(၃) ကိုယ်သုံးတဲ့ပစ္စည်းထက် သာလွန်တဲ့ ပစ္စည်းအမွန်အမြတ်ကိုလှူရင်တော့ သာမိဒါန = အရှင်သခင် အလှူလို့ခေါ်တယ်၊ အကျိုးပေးတော့လည်း သူမတူအောင် အရည်အသွေး သာလွန်တဲ့ အကောင်းစားတွေချည်း ရမှာပေါ့၊ အဲဒီလိုပစ္စည်းရွေးချယ်ပုံကိုအကြောင်းပြုပြီး အကျိုးထူးပုံကိုလည်း သတိထားဖို့လိုမှာပဲ၊ ကိုယ်ဖန်တီးခွင့်ရှိတဲ့အကြောင်းကံကို ဖန်တီးနိုင်စွမ်းရှိတဲ့ အသိဉာဏ်ရှိတုန်း အကွက်စေ့အောင် ပြုပြင် ဖန်တီးထားရမှာပဲ၊ အကျိုးပေးလာရင်တော့ မဖန်တီးနိုင်တော့ ဘူး၊ ရှိတာကိုပဲ ယူရတော့မှာပါ။

## ၁၅။ အလှူ့ရှေ့ပြေး စွမ်းရည်လေး

- **အသက်ဥစ္စာ၊ ဤနှစ်ဖြာ၊ မှန်စွာမမြဲရှု။**
- **ပစ္စည်းဥစ္စာ၊ ဘုံဆိုင်သာ၊ စိတ်မှာနှလုံးပြု။**



www.burmeseclassic.com

www.burmeseclassic.com


သတိ သမာဓိမပါဘဲ ကုသိုလ်လုပ်ရင် ကုသိုလ်လုပ်တဲ့အခါ သတိ၊ သမာဓိအားနည်းရင် တကယ် အားကိုးရမယ့် ကုသိုလ်စွမ်းအား တရားတွေ ယိုကျကုန်မယ်။ ကျန်နေတာတွေကလည်း ကိလေသာကျီးတွေ ပေကျံနေလို့ အသုံးဝင်မှာမဟုတ်ဘူး။ ဒါကြောင့် သတိ၊ သမာဓိနဲ့ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် လုပ်ရမယ်။ ဒါမှ လုပ်သလောက် အရာရောက်မှာပေါ့။

(၂) ရှိတာကို အရှိအတိုင်း မြင်အောင် ကြည့်ရှုတတ်ရမယ်။ အရှိကို အသိနဲ့ အနိုင်ယူနိုင်တာဟာ လူရဲ့ အဓိကစွမ်းအားပဲ။ ရှိတာကိုသိမှ ကုသိုလ်ပြည့်ဝမှာပေါ့။

(၃) ကုန်သွားတာနဲ့ ကိုယ့်မှာအားတွေ အပြည့်ကျန်နေခဲ့ရမယ်။ သာသနာတော် နည်း ကတော့ ကုန်တာဟာ 'အား' ပဲ။ ဘာပဲကုန်ကုန် ဉာဏ်နဲ့ 'အား' တစ်ခုခုကျန်နေခဲ့အောင် ဆွဲယူထားနိုင်ရမယ်။

ဒါကြောင့် ရေစက်ချတဲ့အခါ အပေါ်ခွက်ထဲမှာရှိတဲ့ရေစင်ရေအေးကို အောက်ကခွက်ထဲမှာ ငြိမ်သက် သေချာအေးချမ်းစွာ လောင်းထည့်လိုက်ရမယ်။ ဒါဆို သဒ္ဓါဖွေးဖြူ မေတ္တာကူတဲ့ ကိုယ့်အလှူ အောင်သွားပြီပဲ။ ဆက်ပြီး နိဗ္ဗာန်ကိုအထွဋ်ထား အနားကွပ်ကာ လိုရာဆုကိုတောင်းပြီး အမျှပေးဝေလိုက်ရုံပေါ့။

အမှန်တော့ အလှူဆိုတာ 'ဒါနံပရိစ္စာဂ လက္ခဏံ' လို့ ဆိုထားတဲ့အတိုင်း ကိုယ့်ပစ္စည်းကို အလှူခံ ပုဂ္ဂိုလ်လက်ထဲမှာ စေတနာသုံးတန်ခြံရံပြီး သဒ္ဓါ မေတ္တာ ပညာစစ်စစ်နဲ့ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲလိုက်တဲ့ သဘောပါ။ ကိုယ်နဲ့ပဲစွန့်စွန့် နှုတ်နဲ့ပဲစွန့်စွန့် ကိုယ်နှုတ်နဲ့ပဲစွန့်စွန့် စေတနာ ပြတ်သားရင် ဒါန မြောက်သွားပါတယ်။ စွန့်လိုက်ပြီးတာနဲ့ ရေစက်မချပေမယ့် အလှူပြီးမြောက်သွားတော့တာပါ။

စာပေကျမ်းဂန်တွေထဲမှာ အများအားဖြင့် အလှူရှင်က အလှူခံပုဂ္ဂိုလ် လက်ထဲမှာထည့်ပြီး ဆက်ကပ်လှူဒါန်းလို့မဖြစ်နိုင်တဲ့ မြေတို့၊ ကျောင်းစတဲ့အဆောက်အဦးတို့၊ သက်ရှိသတ္တဝါကြီးကြီးတို့လို ပစ္စည်းများကို စွန့်ကြဲလှူဒါန်းကြတဲ့အခါ သက္ကစ္စမြောက်အောင် သက်သေခံတဲ့အနေနဲ့ ရေစက်ချပြီး လှူဒါန်းကြတာကို တွေ့ရပါတယ်။

ဘုရားအလောင်းတော်က ဆင်ကိုလှူဒါန်းတဲ့အခါ ဆင်နှာမောင်းကို အလှူခံလက်ထဲ ထည့်ပြီး အလှူစိတ်ကို ကိုယ်စားပြုတဲ့ အေးမြကြည်လင် သန့်စင်တဲ့ နံ့သာရေ အနည်းငယ်ကို ကရားနဲ့ယူပြီး သွန်းလောင်းသွန်ချ လှူဒါန်းတာကို တွေ့ရတယ်။ အလှူခံရှိနေလို့ ရေစက်ခွက် မပါတော့ဘူး။ နှာမောင်းကို လက်ထဲထည့်လိုက်ရင် ဆင်တစ်ကောင်လုံးလှူရာရောက်တော့ လှူဖွယ်ကို ကိုယ်စားပြုစရာလည်း မလိုတော့ဘူး။ အလှူစိတ်ကို ကိုယ်စားပြု သက်သေခံရုံလောက်ပဲ ရေသွန်းလောင်းသွန်ချတဲ့ သဘောပါ။

ဘုရားအလောင်းတော်ကပဲ ဇနီး၊ သား၊ သမီးကို လှူဒါန်းတဲ့အခါ လှူဖွယ်ဝတ္ထုနှင့် အလှူစိတ်ကို ကိုယ်စားပြုတဲ့ အေးမြကြည်လင်သန့်စင်တဲ့ နံ့သာရေအနည်းငယ်ကို ကရားနဲ့ယူပြီး အလှူခံပုဂ္ဂိုလ်လက်ထဲမှာ လောင်းထည့်လိုက်တာကို တွေ့ရတယ်။ အလှူခံရှိနေလို့ ရေစက်ခွက် မပါတော့ဘူး။ လှူဖွယ်ဝတ္ထု ရှိနေပေမယ့် အလှူခံလက်ထဲ ထည့်လှူလို့ အဆင်မပြေတော့ ရေကိုပဲကိုယ် စားပြုထည့်လိုက်တာပါ။ ရေကပဲ အလှူစိတ်ကိုပါ ကိုယ်စားပြု သက်သေခံသွားတယ်။

ဗိမ္ဗိသာရမင်းက ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းတဲ့အခါ၊ အနာထပိဏ်သူဌေးက ဇေတဝန် ကျောင်းကို လှူဒါန်းတဲ့အခါမှာလည်း လှူဖွယ်ဝတ္ထုနှင့်အလှူစိတ်ကို ကိုယ်စားပြုတဲ့ အေးမြကြည်လင် သန့်စင်တဲ့ နံ့သာရေကို ရွှေကရားနဲ့ မြတ်စွာဘုရားလက်ထဲမှာ လောင်းထည့်ပြီး လှူတာကိုတွေ့ရတယ်။ လှူဖွယ်ကို လက်ထဲထည့် ဆက်ကပ်လို့မှ မဖြစ်နိုင်တာကိုး။

ရေကို အလှူခံလက်ထဲမှာပဲ လောင်းလောင်း၊ ကိုယ်စားလည်ခွက်ထဲမှာပဲ လောင်းလောင်း၊ မြေကြီးပေါ်မှာပဲလောင်းလောင်း သက္ကစ္စမြောက်ပစ္စည်းကို စွန့်ကြဲခြင်းကိစ္စ ပြီးမြောက်အောင်မြင်သွားဖို့သာ အဓိကပါ။

ရဟန်းတော်များနှင့်မအပ်စပ်တဲ့ ရွှေငွေကိုလှူတဲ့အခါ အလှူခံလက်ထဲမှာ လှူဖွယ်ပစ္စည်းကို ထည့်ကပ်လို့ မသင့်တော်တာကြောင့် ရေကိုလှူဖွယ်ဝတ္ထုရဲ့ကိုယ်စားပြုပြီး အလှူခံလက်ထဲမှာ ရေကိုလောင်းထည့်လို့ပဲဖြစ်ဖြစ်၊ ခွက်ထဲမှာ ရေကိုလောင်းထည့်လို့ပဲဖြစ်ဖြစ်၊ မြေကြီးပေါ်မှာ ရေကို သွန်ချလို့ပဲဖြစ်ဖြစ် လှူရင် ဖြစ်တာပါပဲ။ ရေစက်မချဘဲ နှုတ်နဲ့ အပ်စပ်အောင် လျှောက်ထားပြီး လှူလိုက်ရင်လည်း အလှူကိစ္စ ပြီးမြောက်သွားတာပါ။


www.burmeseclassic.com

www.burmeseclassic.com



နှုတ်နဲ့စွန့်ရင်လည်း စွန့်တာပဲကိုး။ ကိုယ့်စေတနာ တကယ်ပြတ်သားရင် ရေတို့ ခွက်တို့နဲ့ သက်သေမခံပဲလည်း ပြီးနိုင်တာပဲ။

ရဟန်းတော်များ ကြာရှည်ထားပြီးသုံးစွဲ ကြမယ့်မုန့်ပုံးတို့ ဖျော်ရည်ဘူးတို့ သကြားတို့ စတဲ့ ပစ္စည်းတွေကို လှူတဲ့အခါမျိုး၊ ရဟန်းတော်များကိုင်လို့ မသင့်တော်တဲ့ဆန်တို့၊ ဆီတို့၊ ငါးပိ၊ ငါးခြောက်တို့လို ပစ္စည်းတွေကို လှူတဲ့အခါမျိုးမှာလည်း အလှူခံလက်ထဲ ကပ်လှူလို့မသင့်တော်တာကြောင့် သင်္ဘောစွမြောက်အောင် ရေစက်ချ လှူနိုင်ပါတယ်။ ရေစက်မချဘဲ နှုတ်နဲ့လျှောက်ပြီးလှူရင်လည်း အလှူမြောက်တာပါပဲ။

ညနေအခါမျိုးမှာ စားသောက်ဖွယ်တွေကို ရဟန်းတော်များထံ သွားလှူတဲ့အခါမှာလည်း အလှူခံလက်ထဲမှာ ကပ်လို့ဖြစ်တဲ့ ပစ္စည်းဖြစ်ပေမယ့် လှူတဲ့အချိန်က ကပ်ရမယ့်အချိန် မဟုတ်တာကြောင့် သင်္ဘောစွမြောက်အောင် ရေစက်ချ လှူနိုင်ပါတယ်။ ရေစက်မချဘဲ နှုတ်နဲ့ လျှောက်ပြီးလှူရင်လည်း အလှူမြောက်ပါတယ်။ စေတနာသုံးတန် ပြတ်သားရင်ပြီးတာပဲ။

အတိုချုပ်ကတော့ အလှူခံလက်ထဲမှာ ထည့်လှူလို့မဖြစ်တဲ့ ပစ္စည်းအားလုံးကိုလှူတဲ့အခါ ရေကို ကိုယ်စားလှယ်အဖြစ်ထားပြီး ရေစက်ချ လှူဒါန်းနိုင်ပါတယ်။ ရေစက်မချဘဲ နှုတ်နဲ့ပြောဆို လှူဒါန်းရင်လည်း အလှူမြောက်ပါတယ်။

အလှူခံလက်ထဲမှာ ချက်ချင်းထည့်လှူလို့ဖြစ်တဲ့ ပစ္စည်းမျိုးကို လှူတဲ့အခါ၊ ရဟန်းတော်များ ချက်ချင်းစားသောက် သုံးစွဲမယ့် ဆွမ်း၊ ဆေး၊ သစ်သီးဖျော်ရည်တို့လို ပစ္စည်းမျိုးကို လှူတဲ့အခါမှာတော့ ရေစက်မချပေမယ့် အလှူခံလက်ထဲ ပစ္စည်းရောက်သွားတာနဲ့ အလှူပြီးမြောက်သွားတာပါ။

ရဟန်းသာမဏေအချင်းချင်း သင်္ကန်း၊ စာအုပ်၊ ခဲတံတို့လို ပစ္စည်းလှူတဲ့ အခါမျိုး၊ ဒကာ ဒကာမများက သံဃာတော်များအား ဆွမ်းခဲဖွယ် လောင်းလှူတဲ့အခါမျိုး၊ ဘယ်သူက ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် ရုတ်တရက် ရှောင်တခင် သဒ္ဓါတရား ပေါ်ပေါက်လာလို့ လှူတဲ့အခါမျိုးတွေမှာ ရေစက်မချ ကြတော့ပါဘူး။ ရေစက်မချလည်း ပြီးနေပြီပဲ။ နိဗ္ဗာန်ဦးတည်ပြီး ကိုယ့်ပစ္စည်းကို အလှူခံလက်ထဲ စွန့်ကြလိုက်တဲ့အချိန်ကစလို့ အလှူက ပြီးမြောက် အောင်မြင်သွားပြီကိုး။

ယခုကာလမှာတော့ ဘယ်လိုပစ္စည်းကိုပဲ လှူလှူ ဘယ်သူ့ထံပဲလှူလှူ အေးအေးဆေးဆေး အချိန်များများ ယူပြီး လှူကြတဲ့အခါ ရေစက်ချ လှူကြတယ်။ ရေစက်ချပွဲလုပ်ကြတယ်။ အချိန်များများ မပေးနိုင်လို့ ခပ်သုတ်သုတ် ခပ်မြန်မြန်လှူတဲ့အခါ ရေစက်မချကြတော့ဘူး။ ဉာဏ်နဲ့နိဗ္ဗာန်ဦးတည်ပြီး ကိုယ်နဲ့ဖြစ်ဖြစ် နှုတ်နဲ့ဖြစ်ဖြစ် လှူလိုက်ကြတယ်။ အလှူပြီးမြောက် အောင်မြင်တာပါပဲ။

ဘာပဲဖြစ်ဖြစ် ရေစက်ချလှူကြတာဟာလည်း သင်္ဘောစွမြောက် ရှိသေလေးစားတန်ဖိုးထားပြီး မြတ်မြတ်နိုးနိုး လှူတဲ့သဘောကို ဆောင်နေတာလည်းဖြစ်၊ အလှူပွဲရဲ့ သက်သေသဘောကို ဆောင်နေတာလည်းဖြစ်လို့ အလွန်ကောင်းတဲ့ နည်းစနစ်ဖြစ်ပါတယ်။ ဉာဏ်တော့ပါဖို့ လိုမှာပါ။ အလှူပြီးမြောက်သွားပေမယ့် ရေစက်ချပွဲ ပြန်လုပ်တော့ အပရ စေတနာ ပြန်ပွားတာပေါ့။ ကိုယ့်ကုသိုလ်ကို သူက သာဓုခေါ်၊ သူ့ကုသိုလ်ကို ကိုယ်က သာဓုခေါ်ရတော့ ကုသိုလ်တွေ အများကြီး ပြန်တိုးရပါတယ်။ ပြီးတော့ ကုသိုလ်ပြုဖက် ဘဝရေစက်ဆုံသူတွေ၊ နိဗ္ဗာန်ထိအတူသွားရမယ့် ပါရမီဖြည့်ဖက် ခရီးသွားဖော်တွေလည်း ထပ်တိုးတာပေါ့။

ရေစက်ချတာဟာ အလှူမြောက်အောင် ချတာမဟုတ်ပါဘူး။ သင်္ဘောစွသဘော၊ သက်သေသဘောသာ ဖြစ်ပါတယ်။ စေတနာထက်သန်စွာနဲ့ စွန့်ပြီးတဲ့အချိန်ကစ အလှူမြောက်ပြီးသားပါ။ 'ရေစက်မချရသေးလို့ ငါ့အလှူ မအောင်သေးဘူး၊ ရေစက်မချရသေးရင် အသေဖြောင့်မှာမဟုတ်ဘူး' လို့ ရေစက်ချကိစ္စကို စိတ်ထဲစွဲနေဖို့ မလိုပါဘူး။ စွဲနေရမယ့် ကိစ္စလည်းမဟုတ်ပါဘူး။ စုပေါင်းရေစက်ချပွဲတွေ ကျင်းပပြုလုပ်ကြတဲ့အခါ တစ်ချို့က ရေစက်ခွက်ကိုင်တယ်။ တစ်ချို့က မကိုင်ရဘူး။ ရေ က်ခွက် မကိုင်ရသူတွေက 'ငါ့အလှူ အောင်မှာမဟုတ်ဘူး' လို့ မစွဲသင့်ပါဘူး။ ရေစက်မချဘဲ ကိုယ့်အလှူ အောင်နေပြီပဲ။

ယခုကာလ ရေစက်ချပွဲတွေမှာ အများအားဖြင့် အလှူခံရဟန်းကိုယ်တိုင်ဖြစ်စေ, အလှူခံများကိုယ်စား ရဟန်းတော် တစ်ပါးပါးကဖြစ်စေ ရှေ့ကတိုင်ပြီး ချပေးသမျှ လှူပုံ၊ ဆုတောင်းပုံ၊ အမျှဝေပုံ အားလုံးကို အလှူရှင်များက လိုက်ဆိုနေကြရတာကပဲ များပါတယ်။ ရှေ့ကချပေးလိုက် နောက်ကလိုက်ဆိုလိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဆိုနေရင်းမှာ လက်ကလဲရေစက်ချနေရတယ်။ တချို့လက်ထဲက ခွက်လွတ်ကျသွားတယ်။ တချို့လည်း ရေစက်ချလိုက်ဆိုလို့ မပြီးမီ ရေကုန်သွားလို့ ရေပြန်ထည့်ရတယ်။ စိတ်တည်ငြိမ်တဲ့ သဘောမရှိဘူး။ တစ်စက်ချင်းချနေရလို့ လက်ညောင်းလာတတ်တယ်။

အရေးကြီးတာက လှူနေစဉ် စိတ်ဓာတ် ငြိမ်သက်ငြိမ်းချမ်းပြီး ဉာဏ်ပွင့်လန်းနေဖို့ပါ။ ကိုယ့်ဟာကိုယ် လုပ်တတ်ရင်လဲ ကိုယ့်ဟာကိုယ်ပဲ ခွက်ထဲမှာ ရေကို တစ်ခါတည်းလောင်းချလိုက်ပြီး ဆုတောင်း အမျှပေးလိုက်ရုံပဲ။ ရေလောင်းတဲ့ အချိန်မှာတော့ နှုတ်ကမဆိုပေမယ့် စိတ်ကညွတ်ရင် ပြီးသွားတာပါ။

ပြီးတော့ တချို့က ကိုယ့်ဟာကိုယ်လုပ်ထားခဲ့တဲ့ အလှူတစ်ခုခုကို ရဟန်းတစ်ပါးပါးနှင့် တွေ့ရတဲ့အခါ စာရွက်ထဲ အလှူစာရင်းတွေရေးပြီး 'ဒါလေးကို ရေစက်ချပေးပါဘုရား' လို့ ရေစက်ချပေးဖို့ လျှောက်တတ်တာတွေ မကြာမကြာ တွေ့ရဖူးတယ်။ ရဟန်းပါးစပ်ထဲ ထည့်ဆိုလိုက်မှ အလှူဟာ တရားဝင်ပြီး မြောက်တယ်လို့ ထင်ထားပုံလည်းပေါ်ပါတယ်။ အမှန်တော့ ရေစက်ချတာဟာ အလှူခံရဟန်းရဲ့အလုပ် မဟုတ်ပါဘူး။ အလှူရှင်ရဲ့ အလုပ်သာ ဖြစ်ပါတယ်။ အလှူရှင်ကိုယ်တိုင် လုပ်ရမယ့် အလုပ်ပါ။ ရဟန်းတော်များက ရှေ့ကချပေးတယ်ဆိုတာက အလှူရှင်များ ဖြစ်သင့်တဲ့အရာ၊ ဖြစ်စေချင်တဲ့အရာတွေကို မှန်ကန်ပြည့်စုံအောင် လမ်းကြောင်းခင်းပေးခြင်းသာ ဖြစ်ပါတယ်။ အလှူရှင်ရဲ့ အလှူအတွက် အကျိုးဆောင် ရှေ့နေ လုပ်ပေးတာမဟုတ်ပါ ဘူး။ တရားဟောပေးတာဟာလည်း သိသင့်တာ သိဖို့ပါ။

ရှေ့က ဆရာတော်တစ်ပါးပါး ချပေးတာကို နောက်ကလိုက်ဆိုရရင်လည်း လိုက်မဆိုမီမှာ ဖြစ်ဖြစ်၊ လိုက်ဆိုနေတုန်း အလှူပိုင်းရောက်လာရင်ပဲဖြစ်ဖြစ် အားလုံးဆိုပြီးမှပဲဖြစ်ဖြစ် ရေကို တစ်ခါတည်း ခွက်ထဲ လောင်းထည့်လိုက်ရင်ပြီးတာပါပဲ။ ရေစက်မချဘဲတောင် အလှူက မြောက်နေပြီးသားပါ။

ယခုကာလမှာ လှူဖွယ်ကပ်လှူပြီးမှ ရေစက်ချတာက များပါတယ်။ ရေဆိုတာ သက်သေခံ ကိုယ်စားလှယ်လောက်ပဲဆိုတော့ တကူးတကန့် ရေအပေါ် အချိန်ကုန် အပင်ပန်းခံပြီး ကြောင့်ကြစိုက်ဖို့ မလိုပါဘူး။ မူလ လှူဖွယ်ပစ္စည်းကိုတောင် အကြာကြီး ကိုင်မထားဘဲနဲ့ ကိုယ်စားလည်ပစ္စည်းဖြစ်တဲ့ ရေထည့်ထားတဲ့ခွက်ကို အညောင်းခံပြီး အကြာကြီးကိုင်ထားဖို့လည်း မလိုပါဘူး။

လှူနေဆဲအချိန်မှာ အလှူခံ၊ လှူဖွယ်ဝတ္ထု၊ အလှူစေတနာအပေါ် စူးစိုက် တည်ငြိမ် အေးချမ်း ကြည်လင်ပြီး အောင်ပွဲတစ်ခုအဖြစ် ကျေနပ်သွားဖို့သာ ပဓာနပါ။ နိဗ္ဗာန်ရောက်သည်ထိ သံသရာတစ်လျှောက် ဘယ်တော့မှ မလျော့နိုင် မကုန်နိုင်အောင် ပိုင်တော့မှာဖြစ်တဲ့ ကိုယ်ပိုင်အစစ်ဖြစ်သွားပါပြီ။ ဒါမှပဲ စိတ်အေးရမယ်။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်

၁၃၆၇-ခု၊ တန်ဆောင်မုန်းလ (၂၀၀၅-ခု၊ နိုဝင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com



တိပိဋကယောဆရာတော် ၏

တိပိဋကဓရ ဓမ္မလက်ဆောင် (၃၅)

# နှုတ်ဆက်မင်္ဂလာ

## နမော မင်္ဂလဒေသကဿ

### ၁။ နှုတ်ဆက်မင်္ဂလာ

အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ ။

( မင်္ဂလသုတ်)

- **မကောင်းတာဖြတ်၊ ကောင်းရာညွှတ်၊ မြင့်မြတ်မင်္ဂလာ။**
- **ကြီးပွားဘို့ရန်၊ အကြောင်းမှန်၊ ကေန်မင်္ဂလာ။**
- **မကောင်းမှုရှင်း၊ ကောင်းမှုသွင်း၊ လိုရင်းမင်္ဂလာ။**
- **သတိဉာဏ်ကူ၊ အပူ "နှုတ်" ကာ၊ အေးတာကို "ဆက်"ရှေ့ကိုတက်၊ နှုတ်+ဆက် = မင်္ဂလာ"။**
- **သတိရှေ့ထား၊ တရားမမေ့၊ ဘုရားတွေ့ ပျော်မွေ့မင်္ဂလာ။**

"မင်္ဂလာ" ဆိုတာ ဗုဒ္ဓသာသနာနှင့် ဆက်စပ်တဲ့စကားပါ။ နားယဉ်နှုတ်ကျိုး အသုံးတွင်ကျယ်နေတဲ့ အလွန်သုတိသာလို့ နားဝင်ချိုလှတဲ့ စကားတစ်ခွန်းဖြစ်ပါတယ်။ "မင်္ဂလာ" ဟာ မြန်မာစကား အစစ် မဟုတ်ပါဘူး။ "မင်္ဂလ" ဆိုတဲ့ ပါဠိစကားကို (ရေးချထည့်ပြီး) မြန်မာသံနဲ့ ပြောနေကြတာဖြစ်တယ်၊ "ရတန" ဆိုတဲ့ ပါဠိစကားကို (ရေးချလည်းထည့် လျှာလိပ်သံလည်းဖျောက်ပြီး) "ရတနာ (ယတနာ)" လို့ မြန်မာသံနဲ့ ပြောဆိုနေကြတဲ့ စကားသံမျိုးလိုပါပဲ။

"မင်္ဂလာ" ဆိုတာ နှုတ်ဆက်တာပါ။ နှုတ်ဆက်တဲ့အခါ စကားမင်္ဂလာ, တရားမင်္ဂလာလို့ ၂-မျိုးရှိတယ်။ စကားအားဖြင့် နှုတ်ဆက်ခြင်း, တရားအားဖြင့် နှုတ်ဆက်ခြင်း နှစ်မျိုးပေါ့။ တစ်ဦးနှင့် တစ်ဦး စတွေ့တဲ့အခါ "မင်္ဂလာပါဘုရား" "မင်္ဂလာပါခင်ဗျာ" "မင်္ဂလာပါရှင်" လို့ နှုတ်ခွန်းဆက် စကားပြောကြတာက စကားမင်္ဂလာပါ။

ပူလောင်ရှုပ်ထွေးမှုတွေကို နှုတ်ပြီး ငြိမ်းအေးမှုတွေနဲ့ဆက်လို့ ရှေ့ကိုတိုးတက်ဖို့ လက်တွေ့ တရားကျင့်နေတာက တရားမင်္ဂလာပဲ။ အကုသိုလ်ကို နှုတ်လို့ ကုသိုလ်နဲ့ဆက်ပေးတာမျိုးပေါ့။ နောက်ဆုံးတော့ ကိလေသာ အကုန်နှုတ်လို့ မဂ်ဖိုလ်နဲ့ဆက်မယ်။ ဆင်းရဲအပူအားလုံးနှုတ်လို့ အငြိမ်းချမ်းဆုံး နိဗ္ဗာန်နဲ့ ဆက်မယ်ပေါ့။ ဒါတွေ အားလုံးတရားမင်္ဂလာတွေပါ။ အထွဋ်အထိပ်မင်္ဂလာကတော့ မဂ်ဖိုလ်နိဗ္ဗာန်ပေါ့။

စကားမင်္ဂလာလောက်နဲ့ လူ့ဆင်းရဲအပူ တွေမရှုပ်သိမ်း မချုပ်ငြိမ်းနိုင်ပါဘူး။ တရားမင်္ဂလာကသာ လူ့အပူတွေကို လျော့အောင် နည်းအောင် ပါးအောင် ကုန်အောင် ချုပ်ငြိမ်းအောင် လုပ်ပေးနိုင်ပါတယ်၊ ဒါကြောင့် တရားသာ မင်္ဂလာအစစ်ပါ၊ အချုပ်ကတော့ သတိပဲ။

သတိမြဲမှ တရားမင်္ဂလာ ပြည့်ဝစုံလင်မယ်၊ တိကျမယ်၊ စေ့စပ်သေချာမယ်၊ တရားမမေ့မှဘဲ ဘုရားနှင့် အမြဲတွေ့ခွင့်ရမယ်။ ဉာဏ်နဲ့တွေ့နေတယ်ပေါ့၊ သတိလွတ်ရင် မင်္ဂလာမရှိတဲ့ ဒုက္ခခန္ဓာထုပ်ကြီးဟာ သတိထားကြည့်တော့ မင်္ဂလာချင်းဆက်စပ်မိသွားအောင် ကောင်းကျိုးပြုပေးမှာ သေချာပေါက်ပါ။

### ၂။ နှုတ်ဆက် နှုတ်ဆက်, လွှတ်သက်

- **ရလာသမျှ၊ တစ်ခဏ၊ မှချကုန်ရမှာ။**
- **သူနှုတ်သွားလျှင်၊ အသိဝင်၊ စွမ်းအင်ဆက်ပေးရာ။**
- **သတိဉာဏ်ကူ၊ အပူနှုတ်ကာ၊ အေးတာကိုဆက်၊ ရှေ့ကိုတက်၊ နှုတ် + ဆက် = မင်္ဂလာ။**



www.burmeseclassic.com

www.burmeseclassic.com


လူတွေနေ့စဉ်လုပ်နေတဲ့ အလုပ်တွေကို တူရာပေါင်းလိုက်ရင် "နှုတ် - ဆက်" နှစ်ခုတည်းပဲ၊ လောက "နှုတ်-ဆက်" ၊ ဓမ္မ "နှုတ်-ဆက်" လို့တော့ နှစ်မျိုးကွဲတယ်ပေါ့။ မနက်စာ ဝအောင် စားလိုက်တယ်၊ ညနေ ဆာပြန်ရော၊ ဒါနှုတ်တာ။ ဆာတော့ ညစာ ပြန်စားရပြန်တယ်၊ ဒါက ဆက်တာ။ နှုတ်လိုက် ဆက်လိုက်၊ ဆက်လိုက် နှုတ်လိုက်နဲ့ ပြီးမယ့်နေ့လည်း မရှိဘူး။

ပြီးတော့ ဝတ်ရေးနေရေးလဲ ဒီအတိုင်းပဲ ဟောင်းလိုက် လဲလိုက်။ လဲလိုက် ဟောင်းလိုက်၊ စုတ်လိုက် ချုပ်လိုက်၊ ချုပ်လိုက် စုတ်လိုက်၊ ပေါက်လိုက် ဖာလိုက်၊ ဖာလိုက် ပေါက်လိုက်၊ ပျက်လိုက် ပြင်လိုက်၊ ပြင်လိုက် ပျက်လိုက်နဲ့ "နှုတ်-ဆက်" အလုပ်ချည်းပါပဲ၊ ပြီးနိုင်တယ်လို့မရှိပါဘူး။

စီးပွားဥစ္စာတွေကိုလဲ ကြည့်ပါ။ ရှာလိုက် ရလိုက် ကုန်လိုက်၊ ကုန်လိုက် ရှာလိုက် ရလိုက်နဲ့ "နှုတ်-ဆက်" ချည်းပဲ၊ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေ သုံးစွဲလိုက်လို့ ကုန်သွားတာက အနှုတ်၊ နောက်ထပ် ပြန်ရှာလို့ ရလာတာက အဆက်ပေါ့။

မနေ့ကတွေ့ခဲ့ရတဲ့ အချိန်အရွယ်တွေ ကုန်ဆုံးသွားခဲ့ကြတာတွေက နှုတ်သွားတာ၊ ဒီနေ့ အချိန်အရွယ်တွေ ဆက်တွေ့နေရတာက ဆက်ပေးနေတာ၊ ဒါလဲ "နှုတ်-ဆက်" ပဲ၊ တစ်ရက်ကုန်သွားတိုင်း နောက်ကိုကြည့်ရင် ဒီဘဝ အသက်ရှင်ခွင့် တစ်ရက် နှုတ်သွားတယ်။ ရှေ့ကိုကြည့်ရင် နောက်တစ်ရက် ကြီးလာလို့ တစ်ရက်ဆက် တိုးတယ်ပေါ့။ မနေ့က ရုပ်နာမ်တွေ မနေ့ကပဲ ကုန်ဆုံးပျက်စီးခဲ့ကြရတာက နှုတ်သွားတာ၊ အကြောင်းစုံသေးလို့ ဒီနေ့ ရုပ်နာမ်တွေ ဆက်ဖြစ်နေကြတာက ဆက်ပေးတာ၊ လူ့တစ်သက်လုံး "နှုတ်-ဆက်" ချည်းပဲ။

ဒီနှုတ်ဆက်မျိုးတွေက သတိဉာဏ်မပါရင် လောက "နှုတ်-ဆက်"သာဖြစ်လို့ မင်္ဂလာအစစ် မဖြစ်နိုင်ဘူး။ ငြိမ်းအေးမှုကို နှုတ်ပြီးပူလောင်ရှုပ်ထွေးမှုကို ဆက်ပေးမှာဖြစ်လို့ပါ။ သတိဉာဏ်သွင်းပေးရင် ဝိပဿနာ အခြေခံလည်းပေါ်တယ်။ သီလ၊ သမာဓိ၊ ပညာစွမ်းအားလည်း တက်နိုင်တယ်။ ဒါမှဓမ္မ "နှုတ်-ဆက်" ဖြစ်နိုင်တယ်။ မင်္ဂလာအစစ်ဖြစ်သွားနိုင်တယ်ပေါ့။ ဘယ်အလုပ်ပဲ လုပ်လုပ်၊ ဘာပဲဖြစ်ဖြစ် ဘာပဲပျက်ပျက်၊ ဘာပဲပြောင်းပြောင်း၊ မကောင်းမှုကင်းရှင်းလို့ ကောင်းမှုဖြည့်သွင်းနိုင်မှ မင်္ဂလာအစစ် ဖြစ်မှာပါ။

## ၃။ သတိကိုင်စွဲ နှုတ်ဆက်ပွဲ

- **လောကတွင်းမှာ၊ ကိုယ်ပိုင်တာ၊ ဘယ်ဟာတွေမှ မရှိကြ။**
- **ဆိုင်သလောက်သာ၊ ပြင်နိုင်တာ၊ ကိုယ့်ဟာ ခဏရ။**
- **ဆိုင်ရုံသာဆိုင်၊ ကိုယ်မပိုင်၊ မခိုင်ပျက်ကြရ။**
- **ဆိုင်သမျှလည်း၊ မရပ်ပဲ၊ အမြဲနှုတ်နေကြ။**
- **နှုတ်သမျှလည်း၊ သတိစွဲ၊ အမြဲဆက်ပေးရ။**
- **ဆက်တတ်မှသာ၊ ကိုယ်ပိုင်တာ၊ ကောင်းစွာ ကျန်ခဲ့ကြ။**
- **သတိကိုင်စွဲ၊ နှုတ်ဆက်ပွဲ၊ အမြဲအေးချမ်းရ။**

လူ့ဘဝမှာ တရားကလွဲလို့ ဘာတစ်ခုမှ ပိုင်တာမရှိပါဘူး။ ကိုယ့်ခန္ဓာကိုတောင် မပိုင်ပါဘူး။ ကိုယ်နှင့်ဆက်စပ်သမျှ အရာအားလုံးဟာလည်း ဆိုင်ရုံသာဆိုင်တဲ့ အင်္ဂါတွေပါ။ ဘာမှ ပိုင်ခွင့်မရှိပါဘူး။ ဆိုင်တော့လဲ တစ်ခဏလေးပါ။ ကန့်သတ်ချိန်ပြည့်တာနဲ့ အားလုံးပျောက်ကွယ်သွားကြမှာပါ။ အပိုင်ပဲ လိုချင်တယ်ဆိုရင်တော့ မပိုင်တဲ့အင်္ဂါတွေကိုပိုင်တဲ့ တရားနဲ့ အမြန်လဲလှယ်ယူရုံပေါ့။

ကိုယ်နှင့်ဆိုင်သမျှ အားလုံးဟာလည်း ဘာတစ်ခုမှရပ်တန့်မနေဘဲ အမြဲဆွဲနှုတ်ခံနေရပါတယ်။ ဆွဲနှုတ်နေပုံက သုံးမျိုးပါ။

(၁) တားမရတဲ့ သဘာဝ အနှုတ်မျိုး၊

(၂) လိုအပ်လို့ နှုတ်ယူနေရတဲ့ အနှုတ်မျိုး၊

(၃) မလိုအပ်လို့ နှုတ်ပစ်နေရတဲ့ အနှုတ်မျိုး ဒီ သုံးမျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com


(၁) တားမရတဲ့ သဘာဝအနှုတ်ဆိုတာ ခန္ဓာမှာ ပြုပြင်ပေးသမျှ အချိန်စေ့တော့ ပျက်သွားတာမျိုး၊ စားသောက်ပြီးနောက် ပြန်ဆာတာမျိုး၊ ကိုယ်ကျန်းမာမှု နုပျိုမှု - ရုပ်ဆင်းပြည့်စုံမှု၊ အသက်ရှင်ခွင့် အပိုင်းအခြား-ခွန်အားများကို အချိန်နှင့်ထပ်တူ နှုတ်ယူတာမျိုး၊ ကိုယ်နှင့်ဆိုင်တဲ့ စီးပွားဥစ္စာများ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ပျက်သွားတာမျိုး၊ ကိုယ့်ဆွေမျိုး မိတ်ဆွေများနှင့် ရှင်ကွဲ - သေကွဲ ကွဲရတာမျိုးတွေပေါ့၊ ဘယ်နည်းစနစ်နဲ့မှ တားမရနိုင်ဘူး။ ဘယ်သူမှလည်း တားမြစ်နိုင်စွမ်း မရှိပါဘူး။

ပြီးတော့ အအေး - အပူ - ထမင်း ဆာတာ - ရေငတ်တာ - ကျင်ကြီးကိစ္စ - ကျင်ငယ်ကိစ္စ-ထိနမိဒ္ဓကြောင့် အိပ်ချင်ထိုင်းမှိုင်းတာ - အို-နာ-သေ ဆိုတဲ့ လူ့အလို မလိုက်တဲ့ကိစ္စ ၁၀-မျိုးကလည်း တားမရနိုင်တဲ့ သဘာဝအနှုတ်တွေပါပဲ။

(၂) လိုအပ်လို့ နှုတ်ယူနေရတဲ့ အနှုတ်ဆိုတာ အဓိကတော့ မိမိရှာဖွေ စုဆောင်းထားတဲ့ စီးပွား ဥစ္စာထဲက နေ့စဉ်လိုအပ်သမျှ နှုတ်ယူနေရတာမျိုးပါ။ ပစ္စည်းထွက်ပေါက် ငါးပေါက်ဖြစ်တဲ့ မိမိစားသောက်သုံးစွဲဖို့၊ ကျေးဇူးရှင်တွေ ကျေးဇူးဆပ်ဖို့၊ မိသားစုပေးဖို့၊ ဆွေမျိုးမိတ်ဆွေတွေပေးဖို့၊ အလှူလုပ်ဖို့၊ နှုတ်ယူရတာမျိုးပေါ့။ ဈေးရောင်းသူ ကား၊ ဆိုက်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်နဲ့ ပို့ပေးသူတွေကို အဖိုးအခပေးတဲ့အခါ မိတ်ဆွေစိတ်ထားပြီး ပေးပေါ့။ အခွန်ဆောင်ရတာတွေကို အလှူလုပ်တယ်လို့ သဘောထားပေါ့။ ဒါတွေက လိုအပ်လို့ နှုတ်ယူနေရတဲ့ အနှုတ်တွေပဲ။

(၃) မလိုအပ်လို့ နှုတ်ပစ်နေရတဲ့ အနှုတ်ဆိုတာ ခန္ဓာမှာ အပူ အရှုပ် အညစ်တွေကို ဖယ်ထုတ်နေရတဲ့ အလုပ်ပါ။ မဆုံးနိုင်တဲ့ လူမှုဒုက္ခ ပြဿနာ အပူအရှုပ်တွေ၊ အနှောင့်အယှက် အန္တရာယ်တွေကို ဖန်တီးတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ မလိုအပ်တာတွေပဲ၊ သူတို့ရှိရင် မလိုအပ်တဲ့ ကိလေသာအကုသိုလ် အပူအရှုပ် အညစ်တွေပါ တွဲပါလာတယ်၊ မလိုအပ်တော့ ကိုယ်စွမ်းနိုင်တဲ့နည်းနဲ့ နှုတ်ပစ်နေရမှာပါ။

လုံးဝကျွတ်ထွက်သွားအောင် နှုတ်မပစ်နိုင်သေးပေမယ့် တစ်စတစ်စ တစ်နိုင်တစ်နိုင်စီ ခွာလို့၊ ကန့်လို့၊ သန့်လို့ ထိန်းချုပ်လို့ ပေးနေရမယ်၊ မနိုင်သေးပေမယ့် မလိုအပ်တာဆိုတော့ ဘုရားအား၊ တရားအားကို မှီပြီး နေ့စဉ် အကန့်လိုက် နှုတ်ပစ်နေရမှာပဲ၊ ကိုယ်ကမနှုတ်နိုင်ရင် သူကကိုယ့်ရဲ့ အံ့ဖွယ် လူ့စွမ်းရည်တွေ ခန်းခြောက်ပြောင်ခါသွားအောင် နှုတ်ပစ်နေမှာပါ။

ပြီးတော့ ခန္ဓာကိုယ်မှာ ဒုက္ခဖြစ်စေတတ်၊ ကျန်းမာရေးကို ထိခိုက်ဆုံးရှုံးစေတတ်တဲ့ အညစ်အကြေး အမျိုးမျိုးကိုလည်း နေ့စဉ် နှုတ်ပစ် ဖယ်ရှားနေရပါတယ်။ လိုအပ်တာမရှိရင် ဆင်းရဲ ရသလို မလိုအပ်တာတွေ ရှိနေရင်လည်း တကယ်ဆင်းရဲပါတယ်။ ခန္ဓာမှာ မလိုအပ်လို့ နှုတ်ပစ်စရာတွေ အများကြီးပဲ။

ဒါတင်မကသေးဘူး၊ အိမ်ထဲ၊ ကျောင်းထဲမှာ ပိုလျှံပစ္စည်းဖြစ်တဲ့ အမှိုက်တွေကိုလည်း မလိုအပ်လို့ နှုတ်ပယ်စွန့်ပစ်နေရပါတယ်။ အိမ်ဝင်း၊ ကျောင်းဝင်းထဲ အမှိုက်တွေ ရှင်းပစ်နေရတာဟာလည်း မလိုအပ်လို့ နှုတ်တာပဲ၊ ရေချိုးတာ အဝတ်လျှော်တာတွေဟာလည်း မလိုအပ်တာတွေ ကင်းစင်သွားအောင် ဖယ်ရှားနှုတ်ပစ်တာပဲ မဟုတ်လား။ ခန္ဓာကိုယ် အပြင်ဘက်မှာလည်း မလိုအပ်လို့ နှုတ်ပစ်စရာတွေ အများကြီးတွေ့ရမယ်။

ဘယ်နည်းနဲ့ပဲ နှုတ်နှုတ်၊ အနှုတ်နောက်က သတိဉာဏ်နဲ့ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ကောင်းမှုစွမ်းအား ကျန်နေခဲ့အောင် ဆက်ပေးဖို့က ကိုယ့်အလုပ်ပဲ၊ အဆက်တတ်မှ ကိုယ်ပိုင်ကျန်လို့ စိတ်အေးရမယ်။ အနှုတ်တွေက သိပ်မြန်နေတာဖြစ်လို့ အဆက်ကလည်း မြန်နိုင်သမျှ မြန်ပေးမှ အချိန်မီ ဘဝအနှစ် ပေါ်လာမှာပါ။

အယုတ်စွဆုံး ခန္ဓာမှာရောဂါဖြစ်လို့ နေထိုင်မကောင်းတာတို့၊ ပစ္စည်းသုံးမဖြစ်လို့ အမှိုက်ပုံးထဲ ပစ်လိုက်ရတာတို့၊ ပစ္စည်းသူခိုး ခိုးခံရလို့ ပျောက်သွားတာတို့၊ ရန်သူမျိုး ငါးပါးကြောင့် ပျောက်ပျက်ကုန်ဆုံးသွားတာတို့ စတဲ့ အနှုတ်တွေရဲ့ နောက်က စိတ်အပူကို သတိဉာဏ်နဲ့ ဆက်နှုတ်ပေးပြီး ဝိပဿနာ စွမ်းအားကောင်းတွေ အစားသွင်း ဆက်ပေးနိုင်ရင် ဘယ်အနှုတ်ကြောင့်မှ လူဟာ မရှုံးနိုင်ပါဘူး။ နှုတ်သွားတိုင်း တရားအမြတ် ကျန်နေခဲ့မှာပါ။

စိန်ရွှေရတနာဆိုင် ဖွင့်လှစ်ရောင်းချနေသူဟာ အဖိုးအခမရဘဲ ရတနာတွေ သူခိုး ခိုးခံလိုက်ရရင် အိပ်မရ၊ စားမရ၊ နေမရ၊ ထိုင်မရအောင် စိတ်ဆင်းရဲ ပူလောင်သွားမှာပဲ၊ အနှုတ်နောက်က ဘာမှ မဆက်ခဲ့ပဲကိုး။

www.burmeseclassic.com

www.burmeseclassic.com


တကယ်လို့ လူတွေက အဖိုးအခ အမြတ်များများပေးပြီး ဝယ်ယူသွားကြမယ်ဆိုရင် ရတနာတွေ နှုတ်သွားတိုင်း အားတက် ပျော်ရွှင်သွားမှာပါ။ ရောင်းသူဟာ ရောင်းကုန်ပစ္စည်း ကုန်သွားလေ သဘောကျလေပဲ။ နှုတ်သလောက် ဆက်ခဲ့တာကိုး။

နှုတ်တိုင်း ဆက်တတ်ဖို့ ဆက်တိုင်း တရားစွမ်းအားရရှိတိုးပွားဖို့ဆိုရင် -

(၁) ဘာမဆို သတိ သမာဓိနဲ့ အေးအေးဆေးဆေး စူးစူးစိုက်စိုက် တည်တည်ငြိမ်ငြိမ် လုပ်တတ်ရမယ်။ စိတ်ပေါက်ကိုဖှာ၊ စိတ်စုတ်ကိုချုပ်၊ စိတ်ညစ်ကို ဆေးကြောပေးရမယ်ပေ့ါ။ ဒါမှ တကယ်ယူရမယ့် တရားစွမ်းအားတွေ မယိုမဖိတ် အပြည့်ကျန်မယ်၊ ရသမျှ သန့်ရှင်းစင်ကြယ်မယ်။

(၂) သတိ သမာဓိကောင်းရင် (စိတ်ငြိမ်ရင်) ဉာဏ်ပေါ်တာဖြစ်လို့ ဉာဏ်နဲ့ အရှိကို အရှိအတိုင်း ကြည့်ရှုသုံးသပ် ဆုံးဖြတ်တတ်ရမယ်။ အရှိကို အသိနဲ့ အနိုင်ယူနိုင်တာဟာ လူရဲ့ အဓိကစွမ်းအားပဲ၊ အရှိကို အသိနဲ့ အနိုင်ယူနိုင်သလောက်သာ ကောင်းမှုတရားရနိုင်တာပါ။

(၃) ဘယ်အရာတွေ ဘယ်လိုနည်းနဲ့ပဲကုန်ကုန် တစ်ခုခု ကုန်ဆုံးသွားတိုင်း စွမ်းအားတစ်ခုခု ကျန်နေခဲ့အောင် သတိဉာဏ်နဲ့ ဆွဲယူထားလိုက်ရမယ်။

ဒီလိုဆိုရင် တားမရတဲ့ သဘာဝအနှုတ်တွေရဲ့ နောက်ကလည်း အပူတွေကို သတိဉာဏ်နဲ့ နှုတ်ပြီး အေးချမ်းတဲ့ တရားစွမ်းအားတွေကို အရည်အသွေးပြည့်အောင် ဆက်ပေးနိုင်မယ်။ စုထားတဲ့ ပစ္စည်းတွေကို လိုအပ်လို့ နှုတ်ယူပြီး ဒါနစတဲ့ ကောင်းမှုတွေနဲ့လည်း နောက်က ဆက်ပေးနိုင်မယ်။ မလိုအပ်တာတွေ နှုတ်ပစ်ပြီး လိုအပ်တဲ့ တရားတွေနဲ့ အကွက်စေ့အောင် ဆက်ပေးနိုင်မယ်။ ဒါဆို " နှုတ် + ဆက် = မင်္ဂလာ " အစစ်ဖြစ်ပြီပဲ။

## ၄။ ရတနာလည်း 'နှုတ် + ဆက်' ပဲ

- **ဗုဒ္ဓေါဝ မင်္ဂလော လောကေ၊ ဓမ္မော သံဃော စ မင်္ဂလော။**
- **မင်္ဂလံ သရဏာဂမနံ၊ မင်္ဂလာနိ ပဝုရေ။**
- **ကိလေသာရှုပ်၊ အပူနှုတ်ကာ၊ ရတနာ၊ ကောင်းစွာ ပေါ်ပေါက်သည်။**
- **၃-ပါးမြတ်စွာ၊ ရတနာကြောင့် သူငါအများ၊ စိတ်ထားညစ်ကျူ၊ ကင်းအောင်ပြု၊ ကောင်းမှုရနိုင်သည်။**
- **ရတနာလည်း၊ နှုတ်+ဆက်ပဲ၊ ထူးကဲမြင့်မြတ်သည်။**

ကိလေသာအပူ အရှုပ်အားလုံးကို ဝါသနာအထုံငွေ့ပါမကျန်ရအောင် ပယ်နှုတ်ပြီးမှ သဗ္ဗညုတဉာဏ်ကို ရခဲ့တာဖြစ်လို့ မြတ်ဗုဒ္ဓလည်း "နှုတ်+ဆက်" ပါပဲ၊ အရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာကို နှုတ်ပြီးမှ သဗ္ဗညုတဉာဏ်နဲ့ဆက်ခဲ့လို့ ဗုဒ္ဓဖြစ်ခဲ့တာပေ့ါ။ လောကထဲမှာ နှုတ်+ဆက်ပြီး ဘုရား ပွင့်လာတာပါ။

နှုတ် + ဆက်မှပဲ တရားလည်း ပေါ်ပေါက်နိုင်တာပါ၊ ကိလေသာကို နှုတ်နိုင်မှ မဂ်ဖိုလ်နဲ့ ဆက်လို့ ဖြစ်ပါတယ်။ အတိအကျပြောရရင် မဂ်နဲ့ ကိလေသာကို ပယ်နှုတ်ပြီး ဖိုလ်နဲ့ဆက်တာပါ။ ဆင်းရဲအားလုံး နှုတ်ပစ်နိုင်မှ အငြိမ်းချမ်းဆုံးနိဗ္ဗာန်နဲ့ ဆက်နိုင်ပါတယ်၊ ပရိယတ်တရားကတော့ ကိလေသာကို တစ်ခဏစီ တစ်ခဏစီ အခိုက်အတန့် ပယ်နှုတ်ပြီး စွမ်းအားကို ဆက်ပေးဖို့ မှန်ကန်တိကျတဲ့ လမ်းညွှန် နည်းစနစ်ပါ၊ ပရိယတ်ပြောရင် ပဋိပတ်လည်းပါရောပေ့ါ၊ သေချာအောင် ပြောရင် ပရိယတ်လမ်းစဉ်နည်းစနစ်နဲ့ ကိလေသာကို အကန့်အလိုက် ပယ်ခွာနှုတ်ပေးနိုင်မှ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ ပဋိပတ်စွမ်းအားကို ဆက်လက် ရယူနိုင်တာပါ၊ ဒါကြောင့် တရားလည်း လောကထဲမှာ နှုတ်+ဆက်ရင်းနဲ့ ပေါ်ပေါက်လာရတာပါ။

သံဃာလဲ နှုတ်+ဆက်နိုင်လို့ပဲ ပေါ်လာရပါတယ်။ အရိယာဖြစ်တဲ့ ပရမတ္ထသံဃာက မဂ်နဲ့ ကိလေသာကို ပယ်နှုတ်ပြီး ဖိုလ်နဲ့ ဆက်တယ်၊ ပုထုဇဉ်ဖြစ်တဲ့ သမ္မုတိသံဃာကတော့ ပရိယတ်လမ်းစဉ်နဲ့ တစ်ခဏစီ အကန့်လိုက် ပယ်နှုတ်ပြီး ပဋိပတ်စွမ်းရည်နဲ့ ဆက်ပါတယ်။ မဂ်ဖိုလ်ရရေးအတွက် ပရိယတ်၊ ပဋိပတ်နဲ့ နှုတ်+ဆက် နေရတာပါ။ အားလုံး နှုတ်+ဆက် ချည်းပါပဲ။

ရတနာသုံးပါးဟာ လောကအပူကိုနှုတ်လို့ ဓမ္မအအေးနဲ့ ဆက်နိုင်တဲ့ကြောင့် တကယ့် မင်္ဂလာအစစ်ပါ၊ ရတနာသုံးပါးဆည်းကပ်တာဟာ အပူနှုတ်လို့ အအေးဆက်ဖို့ပဲဖြစ်တယ်၊ အပူကို တကယ်နိုင်တာက ရတနာသုံးပါးပဲ ရှိတာကိုး။



www.burmeseclassic.com

www.burmeseclassic.com


ရတနာသုံးပါးကို အမှီပြုလို့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတရား ကြိုးစားနေကြတာဟာလည်း ဆင်းရဲနှုတ်လို့ ချမ်းသာဆက်ဖို့သာဖြစ်ပါတယ်၊ ဆင်းရဲကြောင်းမကောင်းမှုကို နှုတ်နိုင်မှ ချမ်းသာကြောင်း ကောင်းမှုကို ဆက်နိုင်မှာပါ။

"သဗ္ဗပါပဝိနာသနံ" ဆိုတဲ့ မင်္ဂလသုတ် စကားပိုုးအတိုင်း မကောင်းမှုဖျက်ဆီးတဲ့အလုပ် မကောင်းမှု ပါးအောင် နည်းအောင် ကင်းအောင် ကျင့်ဆောင်တဲ့အလုပ်ကို မင်္ဂလာလို့ ခေါ်တယ်၊ မကောင်းမှု ကင်းရင် ကောင်းမှု ဖြည့်သွင်းနိုင်တာဖြစ်လို့ ကောင်းမှု ဖြည့်သွင်းနေရင်လည်း မကောင်းမှု ကင်းသွားတာဖြစ်လို့ ကြီးပွား တိုးတက်ကြောင်း ကောင်းမှုအလုပ်ကိုလည်း မင်္ဂလာလို့ပဲ ခေါ်ပါတယ်၊ မကောင်းမှုနှုတ်နိုင်မှ ကောင်းမှု ဆက်နိုင်မှာ ဖြစ်သလို ကောင်းမှုဆက်နိုင်မှုလည်း မကောင်းမှု နှုတ်နိုင်မှာပါ၊ ကောင်းမှုတွေ နှုတ်ပြီး မကောင်းမှုတွေ ဆက်နေရင်တော့ ပြောင်းပြန်ကြီး ဖြစ်သွားလို့ မင်္ဂလာတွေ ပျက်ကုန်တော့မှာပါ၊ နှုတ်သင့်တာကို နှုတ်လို့ ဆက်သင့်တာကို ဆက်ပေးမှ မင်္ဂလာအစစ် ဖြစ်မှာပဲ၊ ရတနာသုံးပါးဆိုတာ နှုတ်သင့်တာ နှုတ်ဖို့ ဆက်သင့်တာ ဆက်တတ်ဖို့ ပေါ်လာတာပါ။ ဒါကြောင့် မင်္ဂလာအစစ် ဖြစ်ပါတယ်၊ ရတနာလည်း မင်္ဂလာလိုပဲ နှုတ်ဆက်တာပဲပေါ့။

## ၅။ တိမ်တိုက်ပမာ သံသရာ

- **တိမ်တိုက်ပမာ၊ သံသရာ၊ တွေ့လာတစ်ခဏ။**
- **လေကြောင့်ကွဲကာ၊ ပျက်ရရှာ၊ လျှင်စွာပျောက်သွားကြ။**
- **သူနှုတ်သွားလျှင်၊ အသိဝင်၊ စွမ်းအင်ဆက်ပေးရ။**
- **သတိဉာဏ်ကူ၊ အပူနှုတ်ကာ၊ အေးတာကိုဆက်၊ ရွှေ့ကိုတက်၊ နှုတ်ဆက်သူတွေ စိတ်အေးရ။**
- **နှုတ် + ဆက်မင်္ဂလာ၊ တိုးပွားကာ၊ ကောင်းတာအကုန်ရ။**

ဘဝသံသရာ ခရီးသည်တွေဖြစ်ကြတဲ့ မိမိတို့ဟာ ကောင်းကင်ပြင်က တိမ်တိုက်တွေလို တစ်ခဏသာ အချင်းချင်း တွေ့ဆုံခွင့်ရကြပါတယ်၊ ကောင်းကင်က တိမ်တွေဟာ ကိုယ့်သဘောနဲ့ ရပ်တည်သွားလာ လှုပ်ရှားခွင့် မရှိပါဘူး၊ လေတွန်းအားနဲ့သာ ရွေ့လျားနေကြပါတယ်။

ပင်လယ်ရေငွေ့စတဲ့ အရာတွေဟာ လေအဟုန်နဲ့ ကောင်းကင်ပေါ်တက်ရောက် သွားကြတယ်၊ သွားတုန်းကတော့ တစ်စုနှင့် တစ်ခုလမ်းမတူကြဘူး၊ တစ်လမ်းစီပဲ၊ လေကတွေ့ဆုံပေးလိုက်လို့ တစ်စုနဲ့တစ်စု ပေါင်းမိသွားကြတာ၊ ထူထပ်တဲ့ တိမ်တိုက်ကြီးတွေတောင် ဖြစ်သွားကြတယ်။

ဒါပေမယ့် မကြာလိုက်ပါဘူး၊ လေကခွဲ ပစ်လိုက်လို့ တစ်စုနှင့်တစ်စု ကွဲသွားကြပြန်တယ်၊ ဟိုလွင့် ဒီလွင့်နဲ့ပဲ တစ်ချို့ပျောက်ကွယ်သွားကြတယ်၊ လေအဟုန်နဲ့ ရွေ့လျားနေတုန်း တစ်ခါတစ်ရံ တစ်ချို့တိမ်တွေ ဆင်ရုပ် မြင်းရုပ် လူရုပ်တွေလို ပုံသဏ္ဌာန်ပေါ်လာတတ်ကြတယ်၊ ဒါပေမယ့် မကြာပါဘူး၊ တစ်ခဏလေးပါ။

တစ်ချို့တိမ်တွေကျတော့ လေအကူနဲ့ အရည်ပျော်ကျပြီး မိုးရေအဖြစ် ပြိုကျသွား ကြတယ်၊ တိမ်တွေကို သတိထားကြည့်တတ်ရင် သံဝေဂဖြစ်စရာ တရားတစ်ပုဒ်ပဲ၊ ဒါကြောင့် တိမ်ဆိုတာ-

(၁) လေကြောင့် တစ်စုနှင့်တစ်စု ပေါင်းမိတယ်၊
(၂) မကြာမီ လေက ခွဲပစ်လိုက်လို့ လေကြောင့်ပဲ ကွဲရပြန်တယ်၊
(၃) လေအဟုန်နဲ့ ပြေးတုန်း လေကြောင့်ပဲ အရုပ်တွေလို ပုံသဏ္ဌာန်ပေါ်လာရတယ်၊
(၄) လေအကူနဲ့ အရည်ပျော်ကျလို့ လေကြောင့်ပဲ မိုးရေအဖြစ် ပြိုကျကြတယ်၊

တိမ်အားလုံးကို လေက ခြယ်လှယ်စီမံသွားတာပဲ။

ဘဝသံသရာခရီးသည်တွေလဲ တစ်ဘဝနဲ့တစ်ဘဝ ကူးပြောင်းကြတဲ့အခါ အသီးသီး ကံ ကိုယ်စီနဲ့ ဘဝတစ်ခုကို ရောက်လာကြတာပါ၊ လာတုန်းက မတူကြဘူး၊ ကံဆိုတဲ့ လေက ပေါင်းဆုံ ပေးလိုက်လို့ သားအမိ သားအဖ ညီအစ်ကို မောင်နှမ ဆွေမျိုး ဆရာတပည့် သီတင်း သုံးဖော်တွေ ရယ်လို့ တစ်ခဏတွေ့ဆုံကြရတာပါ၊ ကံဆုံပေးလို့ ခဏတွေ့နေလိုက်ကြတာ မခွဲချင်လောက်အောင် အလွန်ပျော်စရာကောင်းတဲ့ အသိုင်းအဝိုင်း (အသိုက်အဝန်း) ကြီးတောင် ဖြစ်သွားကြပါတယ်။


www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် မကြာလိုက်ပါဘူး၊ ကံဆိုတဲ့ လေကခွဲပစ်လိုက်လို့ အချင်းချင်း ပေါင်းဆုံနေရာက ရှင်ကွဲသေကွဲ ကွဲကြရပြန်တယ်၊ ဒီနေရာမှာ အတိတ်ကံ ပစ္စုပ္ပန်ကံ နှစ်မျိုးလုံးပဲ လေဟုန်အရာမှာ တည်ကြပါတယ်၊ ကံနှစ်မျိုး လေအဟုန်နဲ့ သွားလာလှုပ်ရှားနေတုန်း အဆင့်မျိုးစုံ ပုံစံမျိုးစုံ ပေါ်လာကြပေမယ့် ဘာမှမကြာလိုက်ပါဘူး၊ တစ်ခဏလေးပါ။

အချို့ပုဂ္ဂိုလ်များရဲ့ သက်မဲ့သက်ရှိ အရာများဟာ ကံ နှစ်မျိုးဆိုတဲ့ လေက ဖြိုချတာ ခံလိုက်ရလို့ အကုန်လုံးပျောက် ကွယ်ပြိုကျပျက်စီးကြရတယ်၊ ဘဝသံသရာ ခရီးသည်များဟာ ကိုယ့်သဘောနဲ့ကိုယ် ရပ်တည်ကန့်သတ်ခွင့်မရှိပါဘူး၊ ကံစီမံသလိုသာ ရပ်တည်လှုပ်ရှား နေကြရတာပါ။

ဒါကြောင့် သံသရာခရီးသည်ဖြစ်တဲ့ သတ္တဝါဆိုတာ -

(၁) ကံလေကြောင့် တစ်ဦးနှင့်တစ်ဦး ပေါင်းမိတယ်၊

(၂) မကြာမီ ကံလေကခွဲပစ်လိုက်လို့ ကံလေကြောင့်ပဲ ကွဲရပြန်တယ်၊

(၃) ကံလေအဟုန်နဲ့ပြေးနေတုန်း ကံလေကြောင့်ပဲ အဆင့်မျိုးစုံ ပုံစံမျိုးစုံ ပေါ်လာရတယ်၊

(၄) ကံလေက ဖြိုချလိုက်လို့ ကံလေကြောင့် ပဲရှိသမျှ အကုန်ပျောက်ကွယ် ပြိုကျ ပျက်စီးသွားရတယ်။

ကံလေက စီမံခြယ်လှယ်သမျှ သတ္တဝါတွေ လူးလိုမ့်ခံနေကြရတယ်။ ကိုယ့်ကံကို ကိုယ့်ဟာကိုယ် ကြိုက်သလိုဖန်တီးပြုလုပ်ခဲ့ကြ တာပဲ၊ ယခုလောလောဆယ်လဲ ကိုယ်ကြိုက် သလိုဖန်တီးပြုလုပ်နေကြတုန်းပဲ၊ ကိုယ့်စိတ်ကြိုက်ဖန်တီးထားတဲ့ ကံက စီမံတာကို ကျေနပ်ရုံပေါ့။

မိမိမှာရှိနေတဲ့ အရှိအားလုံးဟာ ကိုယ်ရှိ စေချင်သလောက် ရှိနေကြမှာမဟုတ်ဘူး၊ သူရှိနိုင်သလောက်သာရှိပြီး ကန့်သတ်ချိန်စေ့ ရင် ကိုယ့်ကို ကျောပေးခွဲခွာသွားကြမှာ ချည်းပဲ၊ ဘယ်အရာကိုမှ မိမိက အပိုင်ဆုပ် ကိုင်ထားခွင့်မရှိဘူး။ ကိုယ့်အရှိတွေ ကိုယ့်ထံက ခွဲခွာလို့ ကုန်ဆုံးသွားတိုင်း ကိုယ်က အေးမြစွာ နှုတ်ဆက်တတ်ဖို့ အထူးပဲလို အပ်မှာပါ။

"နှုတ်ဆက်" ဆိုတာ နှုတ်ပြီးဆက်တာ ကိုပြောတာ၊ သတိ ဝီရိယ သမာဓိနဲ့ အပူကို နှုတ်လို့ ဉာဏ်နဲ့ ဒါန သီလ သမာဓိ ဝိပဿနာ အအေးဓာတ်ကို ဆက်ပေးရ မယ်၊ သတိဉာဏ်နဲ့ မကောင်းမှု အရှုပ် အညစ်များကို နှုတ်လို့ သတိဉာဏ်နဲ့ပဲ သန့်ရှင်းစင်ကြယ်တဲ့ ကောင်းမှုစွမ်းအား မြတ်တရားကို ဆက်ပေးတတ်ရမယ်။

နှုတ်ဆက်တတ်မှလဲ စိတ်အေးရမယ်၊ ကုန်ဆုံးသွားတာဟာ "အား" ပဲကျန်နေခဲ့ရ မယ်၊ အရှိတွေ "နှုတ်" သွားတော့ "အား" နဲ့ဆက်ပေါ့၊ သတိဉာဏ်ဟာ အကုန်ကို အရဖုံးပြီး ပြုံးစရာ "အား" ကို ဖော်ထုတ် ပေးတယ်၊ အနှုတ်နှင့် အဆက် ကျွမ်းကျင်ဖို့ ပညာပွားအောင် လေ့လာသင်ယူနာကြား နေကြရတာပဲ၊ ဒါမှ "နှုတ်+ဆက် မင်္ဂလာ" နေ့တိုင်း တိုးနေမယ်။

## ၆။ ဒီဘူတာမှာ ခဏလေးရပ်မှာ

- **ဘဝခန္ဓာ၊ သံသရာ၊ မောင်းလာ ရထားတွဲ။**
- **လူ့ဇာဘူတာ၊ ဆိုက်ရောက်လာ၊ ရပ်မှာ ခဏဘဲ။**
- **ကိုယ်ပိုင်ဥစ္စာ၊ တင်စရာ၊ မှီရာမိအောင်ဆွဲ။**
- **ကိုယ့်လက်မှတ်မှာ၊ တစ်စောင်သာ၊ ဖြတ်ပါသတိစွဲ။**
- **ဘဝတစ်ခေါက်၊ ခဏရောက်၊ မကြောက်ရအောင် အားရှိမြဲ။**

မိမိတို့ကို တင်ဆောင်သယ်ယူလာခဲ့တဲ့ ဘဝခန္ဓာ သံသရာရထားတွဲကြီး ခုတ်မောင်း လာခဲ့တာ ကြာလှပြီပဲ၊ ကျောက်မီးသွေးတို့ လောင်စာဆီတို့နှင့်တူတဲ့ ဒုက္ခသစ္စာမီး လောင်စာတွေ ထည့်မောင်းခဲ့တာဆိုတော့ တကယ့်မီးရထားတွဲပါ။ ခေါင်းတွဲက အဝိဇ္ဇာ မောင်းနေတာက တဏှာဆို တော့ ခန္ဓာရထားတွဲကြီး တိမ်းမှောက်ပြီး အပါယ်ကို လိမ့်ကျသွားလို့ ဒုက္ခရောက်ခဲ့ရတာတွေ, ခန္ဓာရထားတွဲလမ်းချော်ခဲ့လို့ ကသိကအောက် ကမောက်ကမဖြစ်ခဲ့ရ ပူလောင်ခဲ့ရတာတွေ ရေတွက် လို့ မရအောင် များလှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com


အစမထင်သံသရာကစ မောင်းနှင်လာခဲ့တဲ့ ဘဝခန္ဓာ သံသရာရထားတွဲကြီးဟာ ယခု လူ့ဘဝဘူတာမှာ ဆိုက်ရောက်နေပါတယ်၊ ရထားရပ်ချိန် ခဏလေးပါ၊ မကြာခင်ပဲ ရထားပြန်ထွက် တော့မယ်၊ အိုတာနှင့် နာတာဆိုတဲ့ သတိပေး ဥသြ နှစ်ချက်ဆွဲနေပြီပဲ၊ ဆုတ်ကပ်ကာလ လူ့ဘဝရဲ့ အသက်ရှင်ခွင့် အသက်တမ်းက ဘာမှကြာတာမဟုတ်ဘူး၊ နှစ်ပေါင်း ဆယ်ဂဏန်းလေးပဲရှိတာ၊ ရာဂဏန်းရောက်ဖို့ မလွယ်လှဘူး၊ တာဝတီံသာနတ်တစ်ရက်တောင် ပြည့်မှာမဟုတ်ဘူး၊ လူ့ဘဝ နှစ်ပေါင်း (၁၀၀) ရှိမှ တာဝတီံသာနတ်သက် တစ်ရက်ပဲ ရှိသေးတာကိုး။

လောကဘူတာတွေမှာ ရထားရပ်ကြတာဟာ အမြဲနေဖို့ရပ်တာမဟုတ်ဘူး၊ အကြာကြီးလည်း မရပ်ဘူး၊ အတင်အချလုပ်ရုံ ခဏလေးရပ်တာ၊ နောက်ဘူတာက လိုက်လာတဲ့ ခရီးသည်တွေ ဒီဘူတာမှာ ဆင်းကြမယ်ဆိုရင်ချထားခဲ့၊ ဒီဘူတာက ရှေ့ကို လိုက်မယ့်ခရီးသည်တွေရှိရင် တင်သွား၊ အတင်အချကိစ္စပြီးသွားရင် ရထားဆက်ထွက်ပေါ့၊ ကုန်တင်ရထားတွဲလည်း ဒီလိုပါပဲ၊ အတင်အချ လုပ်ရုံ ခဏရပ်ပြီး ဆက်ထွက်သွားတာပဲ။

ယခု လူ့ဘဝဘူတာမှာ ဘဝခန္ဓာ မီးရထားတွဲကြီးခဏရပ်နေတာဟာလည်း အတင်အချ လုပ်ရုံပါပဲ၊ ချခဲ့ရမှာတွေက ဒီခန္ဓာအဟောင်းကိုလည်း ဒီဘူတာမှာပဲ ချခဲ့ရမယ်၊ ဒါ့ကြောင့် သိပ်အလို မလိုက်နဲ့ သိပ်မညာနဲ့၊ ယူသွားရမယ့် ပစ္စည်းမဟုတ်ဘူး၊ ချထားခဲ့ရမယ့်ပစ္စည်းဖြစ်နေတယ်၊ ခန္ဓာ ဝန်ချတာတော့မဟုတ်သေးဘူး၊ အဟောင်းအသစ်လဲရုံပဲ၊ ရဟန္တာဖြစ်မှပဲ ခန္ဓာဝန်ချနိုင်မှာကိုး။

ပြီးတော့ လွှင့်ပစ်ခဲ့ရမှာကို ပြောတာလည်း မဟုတ်ဘူး၊ ဘဝအနှစ်တရားတွေ ရသလောက် စစ်ထုတ်၊ ညှစ်ထုတ်၊ ဆွဲထုတ်၊ ယူပြီး ထားပစ်ခဲ့ရမှာကို ပြောတာပါ၊ နှမ်းကို ဆီညှစ်ပြီးမှတော့ နှမ်းဖတ်လောက်ကို တွယ်တာဖို့ မလိုတော့ပါဘူး၊ ပစ်ထားခဲ့ရုံပေါ့၊ ကြံချောင်းကို ကြံရည်ညှစ် ထုတ်ပြီးမှတော့ ကြံဖတ်လောက်ကို မက်မောနေဖို့ မလိုတော့ဘူး၊ မငဲ့မကွက်ပစ်ထားခဲ့ရုံပဲ၊ ဥပမာ ပြောလိုက်ရင် ဆိုလိုရင်းကို နားလည်ပြီးသားပါ။

နောက်ပြီးတော့ တစ်သက်လုံး ရှာဖွေစု ဆောင်းထားခဲ့သမျှ ပစ္စည်းဥစ္စာတွေ အသုံး အဆောင်တွေ အားလုံးလည်း ဒီဘူတာမှာပဲ ချခဲ့ရမှာပါ၊ ဒါလဲ ပစ္စည်းအဆီအနှစ်တရား တွေ စစ်ထုတ်၊ ညှစ်ထုတ်၊ ဆွဲထုတ်ယူပြီးမှ ထားခဲ့ရမှာကို ပြောတာပါ၊ အဆီအနှစ်ပါ လာမှာတော့ အခွံကို မငဲ့မကွက် ပစ်ထားခဲ့ရုံပေါ့၊ ပစ္စည်းအလေးချိန်ကြောင့်တော့ အောက်ကိုလိမ့်ကျသွားတာမျိုး မဖြစ်သင့်ပါဘူး။

ဒါတင်မကသေးဘူး၊ ကံဆုံပေးလို့ တွေ့ရတဲ့ ဆွေမျိုးတွေအားလုံး ဒီဘူတာမှာ အကုန်ချ ထားခဲ့ရမယ်၊ တွေ့ကြုံတုန်း ကောင်းမှုတရားအမြတ်ရအောင် ယူထားလိုက်ပေါ့၊ သူတို့ကိုလည်း ကောင်းမှုတရား အမြတ်ရအောင် ကူညီပေးလိုက်ရုံပေါ့၊ အပြန်အလှန် ကောင်းမှုတရားရအောင် ကူညီနိုင်ရင် လူ့တာဝန်ကျေပါပြီ၊ လူ့ဘဝ အနှစ်က ကောင်းမှုတရားပဲ။

ဘဝသံသရာက ရှည်လျားခဲ့လှပြီဆိုတော့ ဆွေမျိုးမတော်ဘူးသူဆိုတာ မရှိတော့ပါဘူး၊ ဆွေမျိုးချင်းတောင် ထပ်နေပြီပဲ၊ ဆွေမျိုးဖြစ်လိုက် တစိမ်းပြန်ဖြစ်လိုက်၊ တစိမ်းဖြစ်လိုက် ဆွေမျိုး ပြန်ဖြစ်လိုက်နဲ့ အပြောင်းအလဲတွေလည်း များခဲ့လှပြီပဲ၊ တစိမ်းဖြစ်အောင်လုပ်တတ်တဲ့ လောဘ ဒေါသ မောဟတွေခြားသွားရင် ဆွေမျိုးကနေ တစိမ်းတွေဖြစ်ပြန်ရော၊ ဆွေမျိုးစပ်ပေးတတ်တဲ့ သဒ္ဓါ မေတ္တာ ပညာတွေ ဝင်လာပြန်တော့ တစိမ်းကနေ ဆွေမျိုးဖြစ်သွားကြ ပြန်တယ်။ အပြောင်း အလဲမရှိတာက ကောင်းမှုဆွေမျိုးပါ၊ ကိုယ့်နောက်က ဘယ်သူမှ မလိုက်ခဲ့ချင်နေပါစေ၊ ကုသိုလ် ကောင်းမှု တရားဆိုတဲ့ အဖေ အမေ ဆွေမျိုးတွေပါလာခဲ့ရင် အားရှိပါပြီ။

## ၅။ တင်သွားရမှာက တစ်ခုတည်း

- **ကုသိုလ်တစ်ခု၊ များအောင်စုက၊ နောက်ဘဝ၊ ကိစ္စအားလုံး ပြီးနိုင်သည်။**
- **ကုသိုလ်ကိုသာ၊ တင်သွားပါ၊ မှန်စွာ စိတ်အေးသည်။**

ဒီလူ့ဘဝဘူတာမှာ အတင်အချလုပ်ရုံ ခဏရပ်နေတဲ့ ဘဝခန္ဓာရထားတွဲပေါ် တင်သွား ရမှာက ကုသိုလ်တစ်ခုတည်းပါ၊ ကုသိုလ်တစ်ခုလုံလောက်အောင် ယူသွားရင် ကိစ္စအားလုံးပြီးပါတယ်၊ လောကမှာ တစ်နေရာကနေ တစ်နေရာကို ခရီးသွားတဲ့ အခါ ဆန်အိတ်တွေ ဆီပုံးတွေ အိုးခွက်တွေ စတဲ့ ပစ္စည်းမျိုးစုံတွေကို အလေးခံ အရှုပ်ခံ သယ်ယူနေစရာမလိုပဲ ပိုက်ဆံတစ်ခုကို လုံလောက် အောင်ယူသွားရင်


www.burmeseclassic.com

www.burmeseclassic.com


ခရီးတစ်လျှောက်လုံးအတွက် ကိစ္စအားလုံးပြီးနိုင်ပြီပဲ၊ နိဗ္ဗာန် ထိသွားရမယ့် သံသရာခရီးတစ်လျှောက်အတွက်လဲ ကုသိုလ်တစ်ခုပြည့်စုံရင် ကိစ္စ အားလုံးပြီးနိုင်ပြီပေါ့၊ ကုသိုလ် လုံလောက်ရင် စိတ်အေးရပြီပဲ။

ယခု လူ့ဘဝဘူတာမှာ ဗုဒ္ဓသာသနာ ရတနာကြောကြီးရှိနေတော့ ကုသိုလ်ကို လိုချင်သလောက် ရယူနိုင်ပါတယ်၊ ဒီဘူတာမှာ ကုသိုလ်ဟာ ခြွေတာရေးပစ္စည်းမဟုတ်ပါ ဘူး၊ ရှားပါးမှ ခြွေတာရတာပါ၊ ကုသိုလ်ရခွင့် ရှားပါးတာမှမဟုတ်ပဲ၊ ပြီးတော့ ကုသိုလ် ဆိုတာ ခွဲတမ်းနဲ့ယူရမယ့် အရာမျိုးမဟုတ် ဘူး၊ ကိုယ်ရနိုင်သလောက် အမြန်ယူလိုက် ရုံပဲ။

ကုသိုလ်ဆိုတာ "ကုသလ" ဆိုတဲ့ ပါဠိ နဲ့ဆက်နွယ်တဲ့ စကားပါ၊ မြန်မာလိုရှင်းရှင်း ပြောရင် စိတ်ကောင်းမှ ရနိုင်တာကြောင့် "ကောင်းမှု" လို့ခေါ်ပါတယ်၊ တရားစွမ်းအားနဲ့ တန်အောင် စိတ်တွေ ကောင်းနေမှ တရားစွမ်းအားကို ရနိုင်ပါတယ်၊ ပြီးတော့ အဆိုး တွေကို အနိုင်ယူနိုင်လောက်အောင် အကောင်းတွေကို ပိုင်လောက်အောင် အရှိန်အဝါကြီးလွန်းလို့ ကုသိုလ်ကို "လူ့ အရှိန်အဝါ, လူ့စွမ်းအား, လူ့တန်ခိုး" လို့ ခေါ်ပါတယ်၊ ဒါကြောင့် "ကုသိုလ်လုပ်ပါ" ဆိုတာ "လူဆိုတာ လူ့အရှိန်အဝါနဲ့နေရ တယ်၊ လူ့စွမ်းအား, လူ့တန်ခိုးနဲ့ နေရတယ်" လို့ဆိုလိုတာပါ၊ အရှိကိုအသိနဲ့နိုင်ပြီဆိုရင် လူ့အရှိန်အဝါတွေကို ပိုင်ပြီပေါ့။

ရှေးရှေးပုဂ္ဂိုလ်တွေစီးသွားတဲ့ ဘဝခန္ဓာ ရထားတွဲတွေ ထွက်ခွာသွားကြတာကို ကိုယ်တွေမြင်လိုက်ရပြီဆိုတော့ ကိုယ်စီးတဲ့ ရထားတွဲလဲ မကြာမီထွက်ခွာတော့မှာလို့ နားလည်ရလိမ့်မယ်၊ သတိပေး ဥသြတွေလဲ ဆွဲနေပြီပဲ၊ ကိုယ်စီးတဲ့ရထား မထွက်ခွာမီ တင်သွားရမယ့် ကုသိုလ်တရားများလဲ များအောင် , ကောင်းလဲကောင်းအောင်, မြန်လဲ မြန်အောင် , သတိထားကြိုးစားနိုင်မှ အချိန်မီ တော့မယ်၊ ဘာပဲလုပ်လုပ် ကုသိုလ်ရဖို့ မီရာမိအောင် ဆွဲမှဖြစ်မယ်။

ဟော - မရဏ ဥသြရှည်ကြီးဆွဲရင် ဒီဘူတာက ရထားတွဲကြီး အပြီးထွက်ခွာ တော့တာတဲ့၊ ကျန်ရစ်ခဲ့သူတွေကို တရား သဘောနဲ့ နှုတ်ဆက်ခဲ့တယ် , အပူနှုတ်လို့ အအေးနဲ့ဆက်တဲ့ နှုတ်ဆက်မျိုးတော့ မဟုတ်ပါဘူး၊ နှုတ်ခွန်းဆက်သွားတဲ့ သဘောမျိုးပါ၊ နှုတ်ဆက်ပုံက "ဟဲ့ - ငါ့ဆွေမျိုးတွေ သင်တို့အားလုံးနေရစ်ခဲ့ကြတော့၊ သင်တို့နှင့်ငါဟာ ဒီဘဝမှာ ဒါပဲ, ဒီလောက်ပဲ တွေ့ဆုံခွင့်ရှိတယ်၊ သင်တို့ကိုချစ်ပေမယ့် တစ်ယောက်မှ ခေါ်သွားလို့မရဘူး၊ အားလုံး နေရစ်ခဲ့ကြ " တဲ့ ချထားခဲ့ရမှာတွေဆိုတော့ အကုန်ချပစ်ခဲ့ရပြီပေါ့။

ပြီးတော့ ပစ္စည်းတွေကိုပါ နှုတ်ဆက် ထားခဲ့တယ်၊ " ဟဲ့ --- ငါတစ်သက်လုံးရှာ ဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေ , အသုံး အဆောင်တွေ၊ သင်တို့အားလုံး နေရစ်ခဲ့ကြတော့၊ သင်တို့နှင့်ငါဟာ ပိုင်ဖို့မပြောနဲ့ ဆိုင်တောင်မဆိုင်တော့ဘူး၊ ကျန်ရစ်သူတွေ ဝေသုံးကြ၊ ကျန်ရစ်သူတွေ ထင်သလို လုပ်ကြ" တဲ့၊ သေသေချာချာ စဉ်းစားကြည့် ရင် သံဝေဂဖြစ်စရာကြီးပဲ၊ အသက်ထင်ရှား ရှိစဉ်တုန်းက ကိုယ်ပိုင်တဲ့ပစ္စည်းတွေ ပေါ လိုက်တာ၊ မရဏဥသြရှည်ဆွဲလို့ ထွက်ခွာသွားကတည်းက ကိုယ်ပိုင်တဲ့ ပစ္စည်းမပြောနဲ့, ဆိုင်တဲ့ ပစ္စည်းတောင် မကျန်ခဲ့တော့ဘူး ဆိုပဲ၊ ဟုတ်တယ်၊ ချထားခဲ့ရမယ့် ပစ္စည်းတွေ ဖြစ်နေတာကိုး။

## ၈။ ပို့ဆောင်ရင် နှုတ်ဆက်ပါ

- **ခဏရောက်လာ၊ ပြန်သွားပါ၊ ကောင်းစွာ ပို့ဆောင်လေ။**
- **ပို့ဆောင်ပေးက၊ နှုတ်ဆက်ရ၊ အေးမြ ကြည်လင်ပေ။**

မရဏဥသြရှည်ဆွဲလို့ ဘဝခန္ဓာရထား ထွက်သွားတဲ့အခါ ကျန်ရစ်သူတွေလိုက်လို့ မဖြစ်တော့ မလိုက်ကြတော့ဘူး၊ ဒါပေမယ့် လိုက်ရတဲ့ တစ်နေရာတော့ ရှိသေးတယ်၊ ဘာလို့လဲဆိုတော့ သက်သေခံ ဥတုဇရုပ်ကလာပ် အလောင်းကောင်ကြီး ကျန်နေခဲ့လို့ပဲ၊ အိမ်မှာထားမဖြစ်လို့ သုသာန် လိုက်ပို့ရဦးမယ်၊ ပို့ဆောင်ရင်တော့ နှုတ်ဆက်ရမှာပဲ။

လောကမှာ ကိုယ့်အိမ်ကို အလွန်ချစ်ခင် ရင်းနှီးတဲ့ ရပ်ဝေးက မိတ်ဆွေ ဆွေမျိုးတွေ ခဏလာပြီး ပြန်သွားတဲ့အခါ လိုက်ပါပို့ဆောင်ကြတယ်၊ ရထားနဲ့ပြန်မယ်ဆိုရင် ဘူတာအထိ လိုက်ပို့၊ ရထားထွက်ချိန်ထိ


www.burmeseclassic.com

www.burmeseclassic.com



စောင့်ပြီး ရထားထွက်သွားတာနဲ့ နှုတ်ဆက်ပြီးပြန်ခဲ့တယ်၊ လေယာဉ်နဲ့ ပြန်မယ်ဆိုရင် လေဆိပ်ထိလိုက်ပို့၊ လေယာဉ်ထွက်သွားတာနဲ့ နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။

ဒါမျိုးလိုပဲ၊ ကိုယ့်အိမ်ခဏရောက်လာတဲ့ သံသရာဧည့်သည် ဆွေမျိုးပြန်သွားတော့ အလောင်းကို သုသာန်အရောက်ပို့ဆောင်ပြီး နှုတ်ဆက်ရဦးမယ်၊ သတိဉာဏ်ကူမှ နှုတ်ဆက်လို့ ဖြစ်မှာပါ၊ သတိလွတ်ရင်တော့ နှုတ်မဆက်နိုင်တော့ဘူး၊ ငိုကြပူဆွေးကြ တော့တာပဲ၊ အဆိုးဆုံးအချိန်ကတော့ အလောင်းကို မြေမြှုပ်မီးရှို့ဖို့ တာဝန်ရှိသူတို့ လက်ထဲအပ်လိုက်ရတဲ့ အချိန်ပေါ့၊ သတိ လက်လွှတ် ရုပ်ပျက်ဆင်းပျက် ရှူးမတတ် ငိုကြတယ်။ သေလုမတတ် မေ့မျောသွားအောင် ပူလောင် ကြတယ်၊ ဒါနှုတ်ဆက်ပွဲမဟုတ်ဘူး၊ အခဲမကျေနိုင်တဲ့ ရန်ပွဲလို့ခေါ်တယ်။

မြေမြှုပ်မီးရှို့ တာဝန်ရှိသူတွေမှာ ကျန်ရစ်တဲ့ဆွေမျိုးတွေ ငိုကြ ပူကြတာကိုမြင်ရလို့ သနားစိတ် ဖြစ်ပေါ်လာနိုင်တယ်ပေါ့၊ သနားလွန်းတော့ "ခင်ဗျားတို့ ဆွေမျိုးအလောင်းကို တော်တော် နှမြော နေကြပုံပေါ်တယ်၊ အလွန်သနားစရာကောင်းလောက်အောင် ငိုကြွေး ပူဆွေးနေကြတယ်၊ ကဲဗျာ - ဒီလောက် နှမြောနေရင်လဲ အလောင်းကို ကျုပ်တို့မြေမမြှုပ် မီးမရှို့တော့ပါဘူး၊ ခင်ဗျား တို့ထံ အလောင်းကို ပြန်ပေးလိုက်ပါတယ်၊ ခင်ဗျားတို့ ဆွေမျိုးအလောင်းကို အိမ်ပြန် သယ်သွားကြပါ တော့ဗျာ " လို့ တကယ်လို့ ပြောလိုက်ရင် ဆွေမျိုးတွေက အလောင်းကို အိမ်ပြန်သယ်ယူသွားကြ မှာတဲ့လား။

အလောင်းကို အိမ်မှာထားလို့ မဖြစ်နိုင်တော့လို့ပဲ မြေမြှုပ်မီးရှို့ဖို့ သုသာန်လာပို့တာပဲ၊ ဘယ်သူက အိမ်ကို ပြန်သယ်ယူ တော့မှာတဲ့လဲ၊ ကျန်ရစ်တဲ့ဆွေမျိုးတွေ ငိုကြွေး ပူဆွေးနေကြတာက အလောင်းကို နှမြောလို့မှ မဟုတ်ဘဲ၊ သတိလွတ်နေလို့ အတိတ်, အနာဂတ်တွေ ရောထွေးပြီး ပူနေကြတာပါ။

ဘရိတ်ထိန်းမမိတဲ့ မော်တော်ကားဟာ ဟိုတိုက် ဒီတိုက် တိုက်တတ်သလို သတိဆိုတဲ့ ဘရိတ်ထိန်းမမိလို့ စိတ်တွေ ဟိုတိုး ဒီတိုက်နဲ့ ပူဆွေးနေတာပါ၊ ပစ္စုပ္ပန်အရှိကို တကယ်သတိထား ကြည့်တတ်ရင် ပူဆွေး ငိုကြွေးနေစရာ ဘာမှမရှိပါဘူး။

သတိရှိသူကတော့ "ပို့ဆောင်ရင်နှုတ် ဆက်ရမှာ" လို့နားလည်ပါတယ်၊ ပြီးတော့ "ငါပူဆွေး ငိုကြွေးလိုက်လို့ သေသူ အသက်ပြန်ရှင်မှာလည်း မဟုတ်၊ ပြန်လာတော့မှာလည်း မဟုတ်၊ ဆင်းရဲ ပင်ပန်းရုံက လွဲလို့ ဘာအကျိုးမှမရှိ " လို့ အမှန် သိလာတယ်။

" သေသွားသူအတွက်ရော, ကိုယ့်အတွက်ရော အကျိုးရှိတာကိုပဲ ငါလုပ်သင့်တယ်" လို့ အမြင်ရှင်း လာတယ်၊ ဒါကြောင့် အလောင်းနားကို သေသေချာချာသွားပြီး ဘာဝနာအသိပေါ်လာအောင် နှလုံးသွင်း ဆင်ခြင်ပွားများလိုက်တယ်။

ဖြစ်လာရင် အားလုံး သေရမယ့်သဘော၊ သေပြီးလို့ အကောင်ပုပ် ဘဝ ရောက်သွားရင် လုံးဝ မတင့်တယ်တဲ့ သဘော၊ ခန္ဓာ မှန်သမျှ မခိုင်မြဲလို့ ပျက်စီးတတ်တဲ့သဘော၊ ဆင်းရဲအောင် ညှင်းဆဲတဲ့ သဘော၊ အနှစ်မရှိ အလိုမလိုက် အစိုးမရတဲ့ သဘောတွေကို သတိဉာဏ်သွင်းပြီး ကျကျနန ရှုပွားလိုက်တယ်၊ အပူတွေငြိမ်းပြီး ငိုချင်စိတ်တွေပျောက်သွားတယ်၊ ဒီလိုအချိန်မျိုးမှာ ကုသိုလ်လုပ်ပြီး အမျှ ပေးဝေလိုက်ရင် သေသွားသူအတွက် တကယ်အကျိုးရှိသွားမယ်၊ ကိုယ့်အတွက်တော့ ဧကန်အကျိုးရှိပြီးသားပါ၊ ဒါမျိုးကို အပူကိုနှုတ်လို့ အအေးနဲ့ဆက်တယ်လို့ခေါ်တယ်၊ ဒါမှ နှုတ်ဆက်ပွဲ အစစ်ပဲ၊ ဒါဆို "နှုတ်+ ဆက်=မင်္ဂလာ" ဖြစ်ပြီပေါ့။ လောကကတော့ ဒါမျိုးကို မင်္ဂလာလို့ ခေါ်ကြမယ် မဟုတ်ဘူး၊ သာသနာဘက်ကတော့ အာရုံဟာ လိုရင်းမဟုတ်၊ အကုသိုလ်အပူကင်းလို့ ကုသိုလ်အအေးသွင်းနိုင်ရင် မင်္ဂလာချည်းပဲ၊ ဘာဝနာဆိုတာ ကြီးပွားချမ်းသာကြောင်း မင်္ဂလာ အလုပ်ပဲကိုး။

## ၉။ လက်မှတ်တစ်စောင်ပဲ ဖြတ်ပါတော့

- **အိုနာသေမှု၊ ဆင်းရဲစု၊ ကြည့်ရှု သုံးသပ်လျှင်။**
- **နိဗ္ဗာန်လက်မှတ်၊ တစ်စောင်ဖြတ်၊ ဖြောင့်မတ်သေချာ ကြိုးစားချင်။**

သူများတွေရထားတဲ့ ခန္ဓာရော, ကိုယ်ရထားတဲ့ခန္ဓာရော အို နာ သေ ဆင်းရဲ အစု ချည်းပဲ၊ သူများတွေ အိုကြ၊ နာကြ၊ သေကြ၊ ဆင်းရဲကြတာကိုလည်း နေရာများစွာ အကြိမ်များစွာ တွေ့ခဲ့ဖူးကြပြီပဲ၊ ကိုယ့်ခန္ဓာလည်း



www.burmeseclassic.com

www.burmeseclassic.com


အိုတုန်း၊ နာတုန်း၊ ဆင်းရဲနေတုန်းပါ၊ သေဖို့လည်း တစ်စတစ်စ နီးနေပြီ၊ သေမှာလည်း သေချာပေါက်ပဲ၊ သာသနာကျေးဇူးကြောင့် ဆင်းရဲအားလုံး ချုပ်ငြိမ်းတဲ့အရာဟာ နိဗ္ဗာန်တစ်ခုတည်းပဲ ရှိတယ်လို့လည်း သေသေချာချာ သိခွင့်ရနေကြပြီ။

သုဂတိဘဝထဲပါဝင်တဲ့ လူ့ဘဝရလာတာတောင် ဘဝဆိုတာ အတော်ရုန်းရတာပဲ၊ အို၊ နာ၊ သေထက် လက်ဦးအောင်လည်း အားချင်းယှဉ်ပြိုင်ပြီး ကြိုးစားရတယ်၊ နောက်ဆုံး ကိုယ်ကပဲ နောက်ကျလို့ ရှုံးတာက များတယ်၊ အို၊ နာ၊ သေရင်ဆိုင်ရလို့ အားပြိုင် ရုန်းကန်ကြိုးစားတော့လဲ ကိုယ်ကပဲ အောက်ကျလို့ ရှုံးရပြန်တယ်။

ပုထုဇဉ်ပီပီ စိတ်အစဉ်မှာ အမြစ်တွယ်နေပြီး အကြောင်းဆုံတိုင်း ဖြစ်ပေါ်လာတဲ့ ကိလေသာနဲ့ အားပြိုင် ရုန်းရတာဟာ အခက်ခဲဆုံးပဲ၊ ကုသိုလ်အရ နည်းနေတတ်တာဟာ ကိလေသာကို ထိုးဖောက်ဖြတ်သန်းဖို့ ခက်ခဲလွန်းလို့ပါ၊ ဆင်းရဲအပူအားလုံး ကိလေသာက မြစ်ဖျားခံတာဆိုတော့ ကိလေသာကို မနိုင်တိုင်း ဆင်းရဲ အပူရှိန် တိုးလာပါတယ်။

ဒီတော့ ဗုဒ္ဓသာသနာကပေးထားတဲ့ အသိဉာဏ်နဲ့ကြည့်လိုက်ရင် ခန္ဓာဒုက္ခရဲ့ ခက်ခဲ ကြီးကျယ်ပုံတွေ၊ ခန္ဓာဒုက္ခရဲ့ လက်သည်တရားခံတွေ၊ ခန္ဓာအပေါ် ကိလေသာ လွှမ်းမိုးခြယ်လှယ်မှု အားကြီးပုံတွေ၊ ခန္ဓာ ဒုက္ခလွတ်ကြောင်း နည်းလမ်းကောင်းတွေ၊ နိဗ္ဗာန်သာ ဒုက္ခလွတ်မြောက်ရာ အစစ်ဖြစ်ပုံတွေကို အတိအကျ အသေအချာ သိရပြီဆိုတော့ လုပ်သင့်တာ အမြန်လုပ်ထားရုံပေါ့။

ဒီဘူတာကစ လက်မှတ်တစ်စောင်တည်းပဲ ဖြတ်ရမှာဖြစ်တယ်၊ နိဗ္ဗာန်လက်မှတ်ပေါ့၊ နိဗ္ဗာန် လက်မှတ် တစ်စောင်ဖြတ်ရင်ပဲ လုံလောက်ပါပြီ၊ နိဗ္ဗာန်မရောက်ခင် ကြားဘူတာတွေမှာ အတင်အချလုပ်ရုံ ခဏစီ ရပ်မှာပေါ့၊ ကြားဘူတာတွေအတွက် လက်မှတ် သီးခြား ဖြတ်စရာ မလိုပါဘူး။

ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ခေါင်းကို ကိုင်လိုက်ရင် အကုန်လုံးဖမ်းမိပြီပေါ့၊ နိဗ္ဗာန်ဟာ တဏှာရဲ့ ဆန့်ကျင်ဖက်ဖြစ်လို့ နိဗ္ဗာန်ဆိုရင် တဏှာအနားမကပ်ရဲဘူး၊ တဏှာ ခြံရံတာ နည်းတော့ လောကီ အကျိုးတွေ ပေးတော့လည်း လျှမ်းလျှမ်းတောက် ပြည့်ပြည့်ဝဝပဲ ပေးတတ်ပါတယ်၊ ဒါဆို နိဗ္ဗာန်လက်မှတ်တစ်စောင်ပဲ ဖြတ်ကြရုံပေါ့၊ ဒါမှ ဒုက္ခအားလုံး နှုတ်ပြီး သုခအစစ်နဲ့ဆက်ပေးတဲ့ အထွဋ်အထိပ် "နှုတ် + ဆက် = မင်္ဂလာ" ဖြစ်မယ်ပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်

၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလ (၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ )

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

၁။ ဘုန်းတော် ၆-ဆူ ပြည့်တော်မူ၍ နတ်လူဦးခိုက်၊ ပူဇော်ထိုက်ငြား၊ တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကို၊ ကြည်ညိုမြတ်နိုး၊ ဦးနှိမ်ချိုး၊ ရှိခိုးပါ၏ဘုရား။

၂။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ (ဒုတိယမ္ပိ၊ တတိယမ္ပိ)

- **တရားလုံးစုံ၊ အကုန်သိမြင်၊ ဘုရားရှင်ကို၊ ကြည်လင်လေးမြတ်၊ ရှိသေညွတ်၊ ဆည်းကပ်ပါ၏ဘုရား။**
- **ဆင်းရဲကင်းပျောက်၊ ချမ်းသာရောက်အောင်၊ စွမ်းဆောင်တတ်ငြား၊ မြတ်တရားကို၊ လေးစားချစ်ခင်၊ ကြည်လင်လေးမြတ်၊ ရှိသေညွတ်၊ ဆည်းကပ်ပါ၏ဘုရား။**
- **ကောင်းစွာကျင့်ငြား၊ ၈-ပါးသံဃာ၊ အရိယာကို၊ ကောင်းစွာလေးမြတ်၊ ရှိသေညွတ်၊ ဆည်းကပ်ပါ၏ ဘုရား။**
- **ဘုရားဂုဏ်တော်၊ ဉာဏ်ဖြင့်ဖော်၍၊ ပုံတော်အတွင်း၊ ဂုဏ်တော်သွင်းကာ၊ စိတ်မှာထုံထား၊ နှလုံးသား၊ ဘုရားတည်ပါ၏။**
- **စာသိ - ကျင့်သိ၊ ထိုးထွင်းသိဟု၊ အသိသုံးပါး၊ တရား၏ဂုဏ်၊ စိတ်ဝယ်ထုံထား၊ နှလုံးသား၊ တရားတည်ပါ၏၊**



www.burmeseclassic.com

www.burmeseclassic.com


- **သုံးပါးမြတ်စွာ၊ ရတနာကို၊ ကောင်းစွာကြည်ရှု ကိုယ်စားပြုသည့်၊ သံဃာ၏ဂုဏ်၊ စိတ်ဝယ်ထုံထား၊ နှလုံးသား၊ စွမ်းအားတည်ပါ၏။**
- **သရဏဂုံ၊ စိတ်ဝယ်ထုံ၊ လုံခြုံစွမ်းအားပြည့်။**
- **သတိဉာဏ်ကူ၊ အပူနှုတ်ကာ၊ အေးတာကိုဆက်၊ ရွှေ့ကိုတက်၊ နှုတ်ဆက်သူတွေစိတ်အေး၏။**

၃။ (က)ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

-သူ၏အသက်၊ ရက်စက်မညှာ၊ နှိပ်စက်တာ၊ သတ်တာရှောင်ပါမည်။

(ခ)အဒိန္နာဒါနာ ဝေရမဏီ သိက္ခာ ပဒံ သမာဒိယာမိ။

-သူမပေးတာ၊ သူ့ဥစ္စာ၊ ခိုးတာရှောင်ပါမည်။

(ဂ)ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

-ကာမဂုဏ်မှဲ၊ ကျင့်ဖောက်လွဲ၊ ရဲရဲရှောင်ပါမည်။

(ဃ) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

-မဟုတ်မှန်တာ၊ လှည့်ပတ်တာ၊ လိမ်တာရှောင်ပါမည်။

(င) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

-အရက်သေစာ၊ သောက်စားတာ၊ မူးတာရှောင်ပါမည်။

- **၅-ပါးသီလ၊ စောင့်ထိန်းက၊ ဘဝခန္ဓာ လုံခြုံသည်။**
- **သမာဓိအား၊ တိုးအောင်ပွား၊ စိတ်ထားလုံခြုံသည်။ (မေတ္တာတရား၊ အစဉ်ပွား၊ စွမ်းအားတိုးတက် လုံခြုံသည်။)**
- **ဝိပဿနာ၊ ရှုပွားပါ၊ မှန်စွာတရားလုံခြုံသည်။ (အနိစ္စဟု၊ မြင်အောင်ရှု၊ ပူမှုကင်းလွတ်သည်)**
- **သတိဉာဏ်ကူ၊ အပူနှုတ်ကာ၊ အေးတာကိုဆက်၊ ရွှေ့ကိုတက်၊ နှုတ်ဆက်သူတွေ စိတ်အေးသည်။**

"မင်္ဂလာ"ဆိုတာ နှုတ်ဆက်တာပဲ။ "မင်္ဂလာပါ ခင်ဗျာ" ဆိုတာက စကားနှုတ်ဆက်တာ။ မကောင်းမှုကို နှုတ်လို့ကောင်းမှုနဲ့ဆက်တာက တရား နှုတ်ဆက်တာ။ ဘယ်နှုတ်ဆက်မျိုးပဲဖြစ်ဖြစ် မကောင်းမှုကင်းလို့ ကောင်းမှုဖြည့်သွင်းနိုင်မှ မင်္ဂလာ အစစ်ဖြစ်မယ်။ ဒါမှလည်း အပူဆင်းရဲကို နှုတ်ပြီး အအေးချမ်းသာနဲ့ ဆက်နိုင်မှာကိုး။

လူ့တစ်ဘဝလုံး တူရာပေါင်းလိုက်ရင် နှုတ်တာနှင့်ဆက်တာ နှစ်ခုပဲရှိတယ်။ မင်္ဂလာဖြစ်တာနှင့် မဖြစ်တာတော့ ကွာခြားမှာပေါ့။

မနက်စာ စားပြီး ညနေပြန်ဆာတာက နှုတ်တာ၊ ဆာတော့ ညစာပြန်စားတာက ဆက်တာ၊ အဝတ်ဟောင်းတာက နှုတ်တာ၊ အသစ်လည်းတာက ဆက်တာ၊ စုတ်တာ ပေါက်တာက နှုတ်တာ၊ ချုပ်တာ ဖာတာက ဆက်တာ၊ ညစ်နွမ်းတာက နှုတ်တာ၊ လျှော်ဖွပ်တာက ဆက်တာ၊ ပျက်တာက နှုတ်တာ၊ ပြင်တာက ဆက်တာ၊ ရှာထားတာတွေ ကုန်သွားတာက နှုတ်တာ၊ ရှာလို့ပြန်ရတာက ဆက်တာ၊ ရုပ်နာမ်တွေ မခိုင်မြဲလို့ ပျက်သွားတာက နှုတ်တာ၊ အကြောင်းရှိလို့ ပြန်ဖြစ်တာက ဆက်တာ၊ ရေလို့မပြီးနိုင် မကုန်နိုင်အောင် နှုတ်ဆက်တွေ အများကြီးပဲ၊ သတိဉာဏ်သွင်းရင် အားလုံး မင်္ဂလာဖြစ်နိုင်ပါတယ်။

ရတနာသုံးပါးလည်း အနှုတ်မှန်လို့ အဆက်ကောင်းတဲ့ကြောင့်မင်္ဂလာပဲ၊ အရဟတ္တမဂ်နဲ့ ကိလေသာကို အပြီးသတ် အကုန်ပယ်နှုတ်လို့ အရဟတ္တဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်နဲ့ စွမ်းအားကို ဆက်ပြီး ဗုဒ္ဓဖြစ်ခဲ့တာဆိုတော့ ဗုဒ္ဓလည်း နှုတ်ဆက်ပါပဲ။ မင်္ဂလာအစစ်ပေါ့။ ပြီးတော့ ဗုဒ္ဓဟာ အပူငြိမ်းကြောင်း လမ်းမှန်ကောင်းများကို ဟောညွှန်ကြားပြီး သတ္တဝါတွေရဲ့ မိုက်မှောင်ပူလောင်မှုတွေကို နှုတ်ပေးတယ်၊ ဉာဏ်အလင်းဆောင်လို့ ငြိမ်းအေးမှုတွေနဲ့ ဆက်ပေးတယ်။ အမှားကိုနှုတ်ပြီး အမှန်ကို ဆက်ပေးတယ်။ ဒါကြောင့်လည်း မင်္ဂလာအစစ်ပေါ့။

မဂ်ဖိုလ်နိဗ္ဗာန်ရရေးအတွက် ပရိယတ်လမ်းစဉ်နဲ့ ကိလေသာကို အကန့်လိုက် နှုတ်ခွာဖယ်ရှားပြီး ပဋိပတ်စွမ်းအားနဲ့ ဆက်ပေးရတယ်။ မဂ်နဲ့ကိလေသာကို နှုတ်၊ ဖိုလ်နဲ့ စွမ်းအားတွေကိုဆက်၊ ပြီးတော့


www.burmeseclassic.com

www.burmeseclassic.com


ဒုက္ခအကုန်လုံးကိုနှုတ်၊ အချမ်းသာဆုံး နိဗ္ဗာန်နဲ့ဆက်ပေ့ါ။ နိဗ္ဗာန်နောက်တော့ ဆက်စရာရှိလဲ မရှိတော့ဘူး။ ဆက်ဖို့လည်းမလိုတော့ဘူး။ နိဗ္ဗာန်ရောက်တော့မှ နောက်ဆုံးနှုတ်ဆက် တယ်လို့ ပြောလို့ဖြစ်မယ်။ ဒါကြောင့် တရားလည်း နှုတ် + ဆက် = မင်္ဂလာ အစစ်ပါ။

ပုထုဇဉ်သံဃာက ပရိယတ်လမ်းစဉ်နဲ့ ကိလေသာကို အကန့်လိုက်နှုတ်ပြီး ပဋိပတ်စွမ်းအားနဲ့ ဆက်ပေးတယ်။ ဒါကြောင့် ပုထုဇဉ်ဖြစ်ပေမယ့် အားကိုးစရာမင်္ဂလာဖြစ်နေတာပါ။ အရိယာ သံဃာကတော့ မဂ်နဲ့ ကိလေသာကို နှုတ်ပြီး ဖိုလ်နဲ့စွမ်းအား ဆက်ပေးပါတယ်။ ပြီးတော့ ကိုယ်တိုင်ကျင့်ရုံမျှသာမက ဗုဒ္ဓရဲ့ လမ်းညွှန်ချက်နည်းအတိုင်း ထပ်ဆင့်ဟောပေးပြီး သတ္တဝါတွေရဲ့ ဒုက္ခအပူတွေကို နှုတ်ပေးတယ်။ ငြိမ်းအေးချမ်းသာမှုတွေနဲ့ ဆက်ပေးတယ်။ ဒါကြောင့် သံဃာလည်း နှုတ်+ဆက် = မင်္ဂလာအစစ်ပါ။

ဘုရားရှိခိုးတာတို့ , ဘုရားဂုဏ်တော် ပွားတာတို့ ရတနာသုံးပါး ဆည်းကပ်တာတို့ဟာလည်း ကိုယ့်ရဲ့အပူဒုက္ခကို နှုတ်ဖို့ ငြိမ်းအေးချမ်းသာကိုဆက်ဖို့လုပ်တဲ့ အလုပ်တွေပဲ။ ရတနာသုံးပါးစွမ်းအားနဲ့ ပုထုဇဉ်ရဲ့ ဓာတ်ဆိုးတွေကို ဖယ်ရှားအနိုင်ယူပြီး ရတနာသုံးပါးရဲ့ ဓာတ်ကောင်းတွေ ကိုကူးပြောင်းယူ တာလည်းဖြစ်တယ်။ ဓာတ်ဆိုး နှုတ်လို့ ဓာတ်ကောင်းဆက်တဲ့ နှုတ်ဆက်ပဲပေ့ါ။

ဘုရားလက်ထက်က ဖိုးညဏ်ဆိုတဲ့ ကလေးသူငယ်လေးတစ်ယောက် မြို့အပြင်ဘက် သင်္ချိုင်းကုန်းမှာ အိမ်ခဏ ပြန်သွားတဲ့ သူ့အဖေကိုမျှော်ရင်း လှည်းအောက်မှာ အိပ်ပျော်သွားတယ်။ ဘုရားရှိခိုးပြီးမှ အိပ်တာပါ။ ညဥ့်နက်တော့ ဘီလူးကြီးက ဖိုးညဏ်ကို စားဖို့ခြေထောက်ကို လာဆွဲတယ်။ ဖိုးညဏ် လန့်နိုးပြီး "နမော ဗုဒ္ဓဿ" လို့ ဆိုလိုက်တယ်။ ဗုဒ္ဓဂုဏ် ထုံနေတဲ့သဘောပေ့ါ။ ဘီလူးကြီး မနှောင့်ယှက်နိုင်တော့ဘဲ မိဘယောင်ဆောင်ပြီး ဖိုးညဏ်ကို စောင့်ရှောက် ကျွေးမွေးရတယ်။ နောက်တော့ ဘုရားထံက တရားနာရလို့ ဖိုးညဏ် မဂ်ဖိုလ်ရသွားတယ်။ ဘီလူးဘေးရန်ကိုနှုတ်ပြီး မဂ်ဖိုလ်ထိ ကောင်းကျိုးစွမ်းအားတွေနဲ့ ဆက်ပြလိုက်တယ်။ ဖိုးညဏ်လေး ဘီလူးနဲ့တွေ့ရတာ သိပ်မင်္ဂလာ ရှိတယ်။ ကိုယ်ဘယ်လောက် စွမ်းနေတယ်ဆိုတာ ဘီလူးက စမ်းသပ်ပေးတာကိုး။ ဘေးရန်ကိုနှုတ်ပြီး မဂ်ညဏ် ဆက်နိုင်တယ်ပေ့ါ။ ဘုရားလက်ထက်ကပဲ ရွာတန်းရှည်မြို့က ကိုမျိုး-မဆုတို့ရဲ့ သားလေး မောင်ကံဆိုးဟာ ၇-ရက်မြောက်မှာ ဘီလူးစာ ဖြစ်ရတော့မယ့်ဆဲဆဲ ရတနာသုံးပါးစွမ်းအားကြောင့် ဘေးရန်လွတ်ပြီး အသက် ၁၂၀-ရှည်ခဲ့တယ်။ သောတာပန်တောင် ဖြစ်သွားတယ်။ တရားစွမ်းအား ရှိသူအတွက် ကြောက်စရာ ဘေးရန်အားလုံး နှုတ်ဆက်နိုင်ဖို့ ပေါ်လာတာချည်းပဲ။

၁၆-နှစ်သာရှိသေးတဲ့ သူဌေးသား မောင်ရွှေချော မမာမကျန်းဖြစ်တော့ ပစ္စည်းကုန်မှာစိုးတဲ့ သူ့အဖေဦးရွှေတွန့်က နည်းမှန် လမ်းမှန် ဆေးကုမပေးဘူး။ လူမမာ လာမေးသူတွေက သူ့ပစ္စည်းတွေကို မြင်သွားမှာ စိုးလို့ ဦးရွှေတွန့်ဟာ သားရွှေချောကို အိမ်ခန်း အပြင်ဘက် ထုတ်ထားလိုက်တယ်။ အနားမှာ စောင့်ရှောက်နေတာလည်း မဟုတ်ဘူး။ သားရှိပေမယ့် သားလို မချစ်တတ်ဘူးပေ့ါ။ လူမမာ ရွှေချောဟာ ဟိုဘက်နဲ့ ဒီဘက်တောင် ကိုယ့်ဟာကိုယ် မလှည့်နိုင်တော့ဘူးဆိုပဲ။ မြတ်စွာဘုရားကြွလာပြီး ရွှေချော မြင်နိုင်လောက်အောင် ရောင်ခြည်တော် လွှတ်လိုက်တယ်။ ဘုရားကို စိတ်ကြည်ကြည်လင်လင်နဲ့ ဖူးမြင်ရင်း အာရုံပြုပူဇော်ရင်း ရွှေချောကွယ်လွန်ပြီး တာဝတိံသာ နတ်ပြည်မှာ ဉာဏ်ကြီးတဲ့ နတ်သားသွားဖြစ်တယ်။ မကြာမီ ဘုရားထံက တရားနာရလို့ သောတာပန် ဖြစ်သွားတယ်။ ဘုရားအာရုံပြုရတဲ့ ကောင်းမှုကြောင့် ခိုကိုးရာမဲ့ နိမ့်ကျတဲ့ဘဝကို နှုတ်ပြီး အဆင့်မြင့် မဂ်ဖိုလ်နဲ့ ဆက်ပေးနိုင်တယ်။ သူဌေးသား ဆိုပေမယ့် သားလိုမချစ်တတ်တဲ့ ဖခင်နဲ့တွေ့ရတော့ ခိုကိုးရာမဲ့တာပေ့ါ။ လောကအဆိုးအားလုံး ဉာဏ်ရှိသူတွေ အကောင်းနဲ့ ဆက်ယူဖို့ချည်းပါ။

ဖခင်ကိုသတ်မိလို့ ပူလောင်လှတဲ့ ဘုရင်အဇာတသတ်ဟာ ရတနာဂုဏ် စိတ်မှာထုံပြီး အပူကိုနှုတ်လို့ အအေးနဲ့ ဆက်နိုင်ခဲ့တယ်။ အပါယ်ပြစ်ဒဏ် ရာခိုင်နှုန်း ၉၀-မက သက်သာသွားပြီး စိတ်အေးချမ်းစွာ ကောင်းမှု ပြုနိုင်ခဲ့တယ်။ ရတနာသုံးပါးစွမ်းအားဟာ ဘယ်လိုအကြောင်းကြောင့်ဘဲပူပူ နှုတ်နိုင်သလောက် အပူ သက်သာစေပြီး ဆက်နိုင်သလောက် အေးချမ်းစေတတ်ပါတယ်။ သတ္တဝါတွေနှုတ်ဆက်ဖို့ပဲ ရတနာသုံးပါး ပေါ်လာတာကိုး။



www.burmeseclassic.com

www.burmeseclassic.com


ငါးပါးသီလစတဲ့ သီလဖြည့်တာလည်း နှုတ်ဆက်တာပါပဲ။ မိမိကိုရော သူတစ်ပါးကိုပါ ဆင်းရဲပူလောင်စေတတ်တဲ့ မတရားစု မကောင်းမှုကို ပယ်နှုတ်ပြီး ချမ်းသာအေးချမ်းစေမယ့် တရားအစု ကောင်းမှုနဲ့ ဆက်ပေးတာကိုး။ အကျိုးပေးတော့လည်း အဆိုးကိုနှုတ်ပြီး အကောင်းနဲ့ ဆက်ပေးဦးမှာဖြစ်တယ်။

မေတ္တာပို့တာ သမာဓိပွားတာဟာလည်း ဒေါသစတဲ့ အပူအရှုပ်တွေကိုနှုတ်ပြီး အေးချမ်း တည်ငြိမ်တဲ့ စွမ်းအားနဲ့ ဆက်ပေးတာပဲ။ အကျိုးပေးတော့လည်း ဘေးရန်အပူကိုနှုတ်ပြီး အေးချမ်းတဲ့ အံ့ဖွယ်ကောင်းကျိုးနဲ့ ဆက်ပေးတယ်။ အလုပ်ရော အကျိုးရလဒ်ပါ နှုတ်ဆက်ချည်းပဲ။

ဟံသာဝတီပဲခူးခေတ်က မိစ္ဆာဒိဋ္ဌိ တိဿမင်းက လွှင့်ပစ်တဲ့ ဗုဒ္ဓရုပ်ပွားတွေကို တလထော် အမျိုးသမီးက ကောက်ယူကိုးကွယ်တယ်။ ဆန့်ကျင်ဘက်လုပ်တယ်ဆိုပြီး တိဿမင်းက သေဒဏ်ပေးလိုက်တယ်။ တလထော်ဟာ ထိတ်လန့်တုန်လှုပ်ဖွယ်ဘေးရန်ကို ရတနာဂုဏ်ပွားထုံလို့ မေတ္တာ ပို့လွှတ်ပွားများပြီး နှုတ်ပယ်လိုက်တယ်။ အေးချမ်းတဲ့ အံ့ဖွယ်စွမ်းအားနဲ့ ဆက်နိုင်တယ်။ ပသေနဒီ ကောသလမင်းကြီးက အပြစ်ပေးခံရလို့ ထောင်ကျတဲ့ ဦးဉာဏ်ထူးဟာလည်း မေတ္တာပွားပြီး အပူကို နှုတ်လိုက်တယ်။ အေးချမ်းတဲ့ သမာဓိဉာဏ်နဲ့ ဆက်နိုင်လို့ သောတာပန် ဖြစ်သွားတယ်။ လောက က ပေးလာသမျှ ကြောက်လန့်တုန်လှုပ်ဖွယ် အားလုံးဟာ မေတ္တာရှင် အတွက် နှုတ်ဆက်အစွမ်းပြဖို့ချည်းပဲ။

ဝိပဿနာရှုတာလဲ နှုတ်ဆက်ပါပဲ။ ရုပ်နာမ်တွေ မခိုင်မြဲလို့ ပျက်တာက နှုတ်တာ၊ အကြောင်းစုံလို့ ပြန်ဖြစ်တာက ဆက်တာ၊ ရုပ်နာမ်ဖြစ်ပျက်ကို သတိနဲ့ဖမ်း၊ ဉာဏ်နဲ့ရှုတာက အပူအရှုပ် အစွဲတွေကို နှုတ်ပြီး အေးချမ်းသန့်စင် စူးရှထက်မြက်တဲ့ ဉာဏ်အမြင်စွမ်းအားနဲ့ ဆက်တာပါ။ သတိ ဉာဏ်မြဲအောင် ပွားထုံထားတဲ့ ယောဂီရဟန်းတစ်ပါးဟာ ကျားကိုက်ခံရတော့ ကျားပါးစပ်ထဲမှာပဲ ကိလေသာ အပူအရှုပ် ဒုက္ခတွေကို နှုတ်ပြီး ရဟန္တာဖြစ်အောင် ဆက်နိုင်ခဲ့တယ်။ ဒုက္ခအပူ မှန်သမျှဟာ ဉာဏ်ကြီးရှင်တွေ နှုတ်ဆက်ဖို့ချည်းပဲ။ မင်္ဂလာဖြစ်ဖို့ချည်းပဲပေါ့။ နိဗ္ဗာန်ရောက်မှ နှုတ်ဆက်တဲ့ မင်္ဂလာပြီးဆုံးတော့မှာကိုး။

လောကမှာ တစ်နှစ်တစ်ခါ မွေးနေ့လုပ်ကြတယ်ဆိုတာလည်း နှုတ်ဆက်တာပါပဲ။ တစ်နှစ်ကုန်သွားရင် နောက်ကိုပြန်ကြည့်လိုက်တော့ ဒီဘဝမှာ ကံက ကန့်သတ်ပေးထားတဲ့ အသက်ရှင်ခွင့် အချိန်တွေထဲက နောက်ထပ် တစ်နှစ် နှုတ်သွားတာကို တွေ့ရမယ်။ ရှေ့ကိုကြည့်လိုက်တော့ နောက်ထပ် ဂဏန်းတစ်လုံး တိုးပြီး ရေတွက်လိုက်ရတယ်။ မနှစ်က ၁၀-နှစ်ဆိုရင် ယခု ၁၁-နှစ် ဖြစ်မှာပေါ့။ အသက်ရှင်ခွင့် နှုတ်ပြီး အရေအတွက် ဆက်ပေးရတယ်ပေါ့။ နှုတ်ဆက်ပါပဲ။

သူ့ဟာသူ နှုတ်ဆက်ရုံနဲ့ မင်္ဂလာမဖြစ်နိုင်သေးဘူး။ သတိဉာဏ်ကူမှ အပူကိုနှုတ်လို့ အအေးနဲ့ဆက်ပေးတဲ့ ကောင်းမှုမင်္ဂလာ ဖြစ်နိုင်မယ်။ ဆက်ရေတွက်ရတဲ့ ဂဏန်းတစ်လုံးဟာ သူခိုး ဂဏန်းမဖြစ်ဘဲ တန်ခိုးဂဏန်းဖြစ်ဖို့ အရေးကြီးတယ်။ ဒါဆိုရင် နေ့တိုင်း မွေးနေ့ကုသိုလ်လုပ်ပေးနိုင်မှ တစ်နှစ်ပြည့်တော့ နှစ်ချုပ်စာရင်း ကောင်းကောင်း ပြနိုင်မယ်။ ဆက်ရေတွက်ရတဲ့ တန်ခိုးဂဏန်း အရှိန်အဝါ ကြီးနိုင်မယ်ပေါ့။ သူခိုးနှင့်တန်ခိုး ပြိုင်ရင် တန်ခိုးနိုင်မှ စိတ်အေးရမယ်။ တန်ခိုးဂဏန်းကြီးဖို့ ညတိုင်း ရက်ချုပ်ပြန်လုပ်။ တစ်ပတ်ပြည့်တော့ ပြန်ပေါင်း၊ တစ်လကုန်တိုင်း လချုပ်ပြန်လုပ်၊ တစ်နှစ်ပြည့်တော့ နှစ်ချုပ်ပြန်ပေါင်းလိုက်ရင် တန်ခိုးဂဏန်းကြီးပြီး နှုတ်ဆက်မင်္ဂလာ အစစ်ဖြစ်သွားလို့ အားရှိရမယ်ပေါ့။

စက္ကန့် မိနစ်ကစ အချိန်ပြောင်းတိုင်း နှုတ်ဆက်တာပဲ။ ရက်လတွေ၊ နှစ်တွေ ပြောင်းတာလည်း နှုတ်ဆက်တာပါ။ အဟောင်းနှုတ်လို့ အသစ်ဆက်တာပေါ့။ နှစ်သစ်ကူးတယ်ဆိုတာလည်း နှုတ်ဆက်တာ၊ ဘဝကူး ပြောင်းတယ်ဆိုတာလည်း နှုတ်ဆက်တာ၊ အားလုံး နှုတ်ဆက်တာချည်းပဲ။ နှုတ်ဆက်အားလုံး မင်္ဂလာဖြစ်ဖို့ သတိဉာဏ် အမြဲကိုင်စွဲရမယ်။ အချုပ်ကတော့ သတိပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၈ ခုနှစ်၊ ပြာသိုလ (၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ)



www.burmeseclassic.com

www.burmeseclassic.com



# တိပိဋကရေ ဓမ္မလက်ဆောင် (၃၆)

# မေတ္တာတရား လူ့စွမ်းအား

## နမော ဓန္တိမေတ္တာဗလဿ

မေတ္တတာရား လူ့စွမ်းအား

ယော စ မေတ္တေန စိတ္တေန၊ သဗ္ဗပါဏာနု ကမ္ပတိ။

ဗဟုံ ဟိ သော ပသဝတိ၊ ပုညံ တာဒိသကော နရော။

(ဝါရဏ ထေရ ဂါထာ)

- **မေတ္တာစိတ်မြတ်၊ အအေးဓါတ်၊ ပို့လွှတ်စောင့်ရှောက်သူ။**
- **သူ့ကိုစောင့်ရှောက်၊ ကိုယ့်ဂုဏ်မြောက်၊ ထွန်းတောက်စွမ်းအားဖြူ။**
- **စိတ်ကောင်းထားပြန်၊ စွမ်းအားမှန်၊ ကိုယ့်ထံတုန့်ပြန်ဟူ။**
- **မေတ္တာပေါင်းစု၊ အကျိုးပြု၊ ကောင်းမှုတစ်လူလူ။**
- **ကောင်းမှုတိုးပွား၊ ချမ်းသာများ၊ မြင့်မားအောင်လံထူ။**
- **မေတ္တာတရား၊ လူ့စွမ်းအား၊ ထူးခြားအံ့ဖွယ်ဟူ။**

တရားချစ်ခင် စိတ်ကောင်းဝင်နေသူဟာ မေတ္တာစိတ်မြတ်အအေးဓာတ်နဲ့ လောကလူသား သတ္တဝါများတို့ အပေါ်မှာ "အားလုံး ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ" လို့ အစဉ် စောင့်ရှောက် ချီးမြှောက် ပေးတတ်ပါတယ်၊ ဒီလိုပုဂ္ဂိုလ်မျိုးမှာ ချမ်းသာကြောင်း ကောင်းမှုတရားတွေ အလွန်တိုးပွားရပါတယ်၊ သူတစ်ပါးကို မေတ္တာနဲ့ချီးမြှောက်စောင့်ရှောက်ရင် ကိုယ့်ဂုဏ်လည်း အလိုလို ပြောင်မြောက်လာတာပါ၊ ဖြူဖွေးသန့်စင်တဲ့ တရားစွမ်းအားတွေလည်း တစ်ခုပြီးတစ်ခု ထွန်းတောက် ပေါ်ပေါက်လာရပါတယ်။

သန့်စင်မွန်မြတ်အေးချမ်းတဲ့ ကိုယ့်စိတ်ကောင်းဟာ ကိုယ့်ထံကို စွမ်းအားအမှန်အတိုင်း တုန့်ပြန် ပေးတတ်စမြဲပါ၊ ကောင်းမှုဆိုတာ ချမ်းသာရဲ့နာမည်ဆိုတော့ ကောင်းမှု ရှိနေသလောက် အပူငြိမ်းပြီး ချမ်းသာရမှာ သေချာပေါက်ပါ၊ ကောင်းမှုကုသိုလ်ရတာဟာ ပျော်ရွှင်အားတက်ဖို့ အကောင်းဆုံးဖြစ်တယ်၊ လောကမှာရှိတဲ့ ရစရာတွေထဲမှာ ကိုယ့်ကို အားလုံးတာဝန်ယူမယ့်၊ ဘယ်တော့မှလည်း မကုန်နိုင်တော့မယ့် ကောင်းမှုတရားကို ရတာဟာ ဝမ်းသာကြည်နူး အားတက်ဖို့ အကောင်းဆုံးပါ။ အထူးအားဖြင့်တော့ နိဗ္ဗာန် မဂ် ဖိုလ် ဦးတည်ထားတဲ့ ကောင်းမှုမျိုးပေါ့၊ ကုသိုလ်ရမှ လူရဲ့ အောင်ပွဲအစစ် ဖြစ်တယ်။

ကောင်းမှုကုသိုလ်ဆိုတာ လူ့အရှိန်အဝါ တန်ခိုးဖြစ်တာကြောင့် ကိုယ်မလိုချင်တဲ့ ဆင်းရဲအပူ အားလုံးကိုလည်း လျော့နည်းကုန်ဆုံးအောင် လုပ်ပေးနိုင်တယ်၊ ကိုယ်လိုချင်တဲ့ ချမ်းသာအားလုံး ရအောင်လည်း စွမ်းဆောင်ပေးနိုင်တယ်၊ လောကကိုပါ အနိုင်ယူလွှမ်းမိုးနိုင်တာဖြစ်လို့ လောကထဲမှာ ကောင်းမှုကုသိုလ် တရားလောက် အဖိုးတန်တာ ဘာတစ်ခုမှ မရှိပါဘူး။ သူများကို ချမ်းသာစေချင်တဲ့ မေတ္တာတရားထားသူဟာ ကိုယ့်ကိုချမ်းသာစေချင်တဲ့ စိတ်ကောင်းလဲ ရှိပြီးသားပါ၊ ကိုယ့်မှာ စိတ်ကောင်းအောင်လုပ်ပြီးမှ သူ့ထံမေတ္တာပို့လို့ ဖြစ်နိုင်တာကိုး။ စိတ်ကောင်းရင် ဘယ်ကောင်းမှုမဆို လုပ်လို့ ဖြစ်နိုင်ပြီပဲ၊ ဒီတော့ ကောင်းမှုအစုံ ရရှိ တိုးပွားနိုင်တယ်ပေါ့၊ ဒါကြောင့် မေတ္တာတရားဟာ တကယ့်လူ့စွမ်းအားပါ။

### ၂။ ကုသိုလ်ထုံမွမ်း လူ့အစွမ်း

- **အသိထူးခြား၊ လူ့စွမ်းအား၊ တရားမြင်နိုင်ပါ။**
- **အလုပ်ကိစ္စ၊ များလွန်းလှ၊ မုချတရားရနိုင်ပါ။**



www.burmeseclassic.com

www.burmeseclassic.com



- **တွန်းအားအမှန်၊ များလှပြန်၊ ဓကန်တရားတိုးနိုင်ပါ။**
- **လူ၏ဘဝ၊ မကြာလှလည်း သတိစွဲ၊ အမြဲတရားတက်နိုင်ပါ။**
- **ကုသိုလ်ထုံမွှမ်း၊ လူ့အစွမ်း၊ ချီးမွမ်းထိုက်သည်သာ။**

သတ္တဝါအားလုံးတွေထဲမှာ လူသာပဓာနပါ။ လောကမှာ ဆုတ်ကပ်ကာလ၊ တက်ကပ်ကာလတွေဆိုတာ လူကိုကြည့် သတ်မှတ်ထားတာပါ။ အကုသိုလ်သိပ်များလို့ ကုသိုလ်လျော့ပါးလာရင် လူ့သက်တမ်း ဆုတ်လာရတယ်၊ လူ့အရည်အချင်းတွေလည်း တစ်စတစ်စ ယုတ်လျော့သွားတယ်ပေါ့၊ ကုသိုလ်များလို့ အကုသိုလ် လျော့ပါးအောင် ထိန်းသိမ်းနိုင်ပြန်တော့ လူ့သက်တမ်း တိုးတက်လာရတယ်၊ လူ့အရည်အချင်းတွေလည်း အံ့ဩဖွယ်ကောင်းလောက်အောင် တစ်စတစ်စ မြင့်မားလာပါတယ်၊ တကယ်တော့ ကောင်းမှုကုသိုလ်ဟာ လူ့အစွမ်းပါ။

လူဆိုတာ တကယ့်စွမ်းအားရှင်တွေဖြစ်တယ်၊ ပုထုဇဉ်လူသားသန္တာန်မှာ လူ့အရှိန်အဝါ စွမ်းအား တန်ခိုးတွေ အံ့ဖွယ်ကောင်းလောက်အောင် ရှိနေကြတယ်၊ လောဘ၊ ဒေါသ၊ မောဟတွေက ဖုံးကွယ်လျှို့ဝှက် ထားကြလို့ တိမ်မြုပ်ကွယ်ပျောက်နေကြတာပါ၊ ဒီကိလေသာနဲ့ စိတ် ခပ်ခွာခွာ ခွဲပေးနိုင်ရင်ပဲ လူ့အရှိန်အဝါတွေ ပေါ်လာပါတယ်၊ ပေါ်လာတာနဲ့ လိုရာကုသိုလ်ကို ဉာဏ်နဲ့ ဖန်တီးယူရတာပါ။

ပုထုဇဉ်လူသားမှာ ကုသိုလ်ဖြစ်ခွင့်ထက် အကုသိုလ်ဖြစ်ခွင့်က ပိုများပါတယ်၊ အကောင်းဓာတ်ထက် အဆိုးဓာတ်က ပိုပြီးထုထည်ပမာဏ ကြီးမားတာကိုး။ ကြီးမှာပေါ့ ပုထုဇဉ်ပဲ၊ ကုသိုလ် တစ်ခုဖြစ်ဖို့ နက်ရှိုင်းထူထပ်လှတဲ့ ကိလေသာ အမှောင်ထုကို မနည်းတိုးဖောက် ယူရတာပါ၊ ဒါကြောင့် ထုထည်ကြီးမားလှတဲ့ ကိလေသာကို ဖြတ်ကျော်ထိုးဖောက်ပြီး ကုသိုလ်ကို စိတ်အား ထက်သန်စွာ လုပ်နိုင်တဲ့ ပုထုဇဉ်မျိုးကို လှိုက်လှိုက်လှဲလှဲ ချီးကျူးထိုက်ပါတယ်၊ ဒါမှ တကယ်စွမ်းတာပါ။

ကုသိုလ်ဆိုတာ လူ့စွမ်းအားဆိုတော့ လူနှင့်အထိုက်တန်ဆုံးပါ၊ လူဆိုတာလည်း စွမ်းအားရှင်ဆိုတော့ ကုသိုလ်ဖော်ထုတ်ဖို့ အကောင်းဆုံးပါ။

(၁) လူဆိုတာ အသိထူးခြားတယ်၊ ပညာရှိ သူတော်ကောင်းတွေရဲ့ အကူအညီနဲ့ နည်းမှန်လမ်းမှန် ဖော်ထုတ်တတ်ရင် အံ့ဖွယ်အသိဉာဏ်တွေ ပေါ်လာနိုင်တယ်၊ ပြီးတော့ သံဝေဂဖြစ်ဖွယ် တွန်းအားတွေ များလွန်းလို့ သတိကောင်းတတ်တယ်၊ သတိကောင်းရင် သမာဓိဉာဏ်ဖော်လို့ လွယ်တာပေါ့၊ ဉာဏ်ပွင့်တော့ ကုသိုလ်လာဘ်မြင်တယ်၊ နေ့စဉ် လုပ်ကိုင် ဆောင်ရွက် သွားလာ လှုပ်ရှားရင်း ကုသိုလ်ယူတတ်တယ်၊ ကုသိုလ် ယူတတ်လောက်အောင်သိမှ တကယ့် လူ့အရည်အချင်းပါ။

(၂) ပြီးတော့လူဟာ အလုပ်ကိစ္စအလွန်များတယ်၊ မနက်စာထမင်းလေး တစ်ထပ်စားဖို့တောင် အချိန်တွေအများကြီးပေးပြီး အလုပ်လုပ်ကြရတယ်မဟုတ်လား၊ သူ့ဟာသူ မများစေပဲ သတိဉာဏ်သွင်းပြီး ကိုယ့်အစီအစဉ်နဲ့ များနေရင် အလုပ်များတာဟာ တရားဝင်ပေါက် များနေတာပါ၊ သတိဉာဏ်ရှိရင် အလုပ်များပေမယ့် မရှုပ်ပါဘူး၊ မအားတာ အလုပ်ပဲ၊ လောကမှာ အလုပ်များများ လုပ်ရသူကို စီးပွားရေး ကောင်းတယ်လို့ ပြောကြသလို အလုပ်ကိစ္စများတဲ့ လူတွေကိုလည်း တရားစီးပွားရေး သိပ်ကောင်းတယ်လို့ ပြောထိုက်တာပေါ့၊ သတိဉာဏ် လမ်းခင်းပေးရင် အလုပ်အားလုံး တရားဘက်ရောက်သွားနိုင်တယ်၊ ဘာမဆို အသွားတတ်ရင် လမ်းချည်းပဲ။

(၃) နောက်ပြီး လူမှာ တွန်းအားအလွန်ပေါတယ်၊ တွန်းအားတွေက အတွင်းမှာရော အပြင် မှာရော အစုံရှိတယ်၊ အတွင်းမှာလည်း အိုခြင်း၊ နာခြင်း စသည်ပေါ့၊ အပြင်မှာလည်း လောကဓံ ပုံစံမျိုးစုံပေါ့၊ လူ့တွန်းအားဟာလည်း သွားဖို့၊ မွဲသွားဖို့ တွန်းတာမဟုတ်ဘူး၊ တရားအလုပ် စွဲမြဲသွားဖို့ တွန်းပေးတဲ့ အဖိုးတန်တွန်းအားပါ၊ လူကို ကူညီတယ်လို့ ဆိုရမှာပေါ့၊ တွန်းအားမရှိရင် လူဟာဆင်ခြေပေးတယ်၊ နှေးတယ်၊ ဟိုရွှေ့ဒီရွှေ့ လုပ်ချင်တယ်၊ တွန်းအားပေါ်တော့ အလုပ်တွင်ကျယ်တာပေါ့၊ အထူးအားဖြင့် လူ့ရဲ့ အိုခြင်း၊ နာခြင်းဟာ တန်ဖိုးကြီးတဲ့ တွန်းအားပဲ၊ အချိန်မဆွဲရအောင်လည်း တွန်းအားပေးတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို မြင်အောင်လည်း လက်တွေ့ကျကျ ပြပေးတယ်၊ တွန်းအားများလွန်းလို့လည်း လူ့ဘဝဟာ တရားနဲ့ ထိုက်တန်တာပါ၊ လူ့တစ်ဘဝသက်တမ်း မများလှပေမယ့် အချိန်ထိန်းကိရိယာ သတိ တပ်ဆင်ပေးရင် အမြဲ တရားစွမ်းအားတက်နိုင်ပါတယ်၊ အချိန်မီနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ ကုသိုလ်ဂုဏ်သိရ် လူ့အရှိန်

- လူ့ဘဝတွင်၊ ရောက်လာစဉ်လည်း၊ ကုသိုလ်ဘဲ၊ မလွဲပါခဲ့ပါ။
- မပြန်သေးခင်၊ ရောက်နေစဉ်လည်း၊ ကုသိုလ်ဘဲ၊ အမြဲကိုင်ရမှာ။
- အချိန်စေ့က၊ ပြန်သွားရလည်း၊ ကုသိုလ်ဘဲ၊ ရဲရဲယူသွားရာ။
- ကုသိုလ်လုပ်သား၊ ကုသိုလ်များ၊ ယူသွားရမှာပါ။
- ကုသိုလ်မွေ့၊ လူ့ဘဝ၊ လုပ်ခ ရလဒ်ပါ။
- စိတ်ဓါတ်တွေပေါ့၊ ကုသိုလ်လျော့၊ အားပျော့လည်းတတ်ပါ။

ကုသိုလ်ဂုဏ်သိရ်၊ လူ့အရှိန်၊ တည်ငြိမ်အေးချမ်းပါ။

လူ့ဘဝမှာ အမြဲစုနေရမှာက ကုသိုလ်တစ်ခုတည်းပါ၊ ဘာပဲလုပ်လုပ် လူ့လက်ထဲမှာ ကုသိုလ်တစ်ခုတော့ ကျန်နေခဲ့ရမယ်၊ ကုသိုလ်ဟာ လူ့ဘဝရဲ့ လုပ်ခရလဒ်ပဲ၊ လူ့ရဲ့ အဓိကစွမ်းအားကလည်း ကုသိုလ်ပါပဲ၊ လူဟာ ဒီလူ့ဘဝကို ရောက်လာတုန်းက ကုသိုလ်အရှိန်နဲ့ လာခဲ့တာပါ၊ ကုသိုလ်အရှိန်မပါဘဲ ဘယ်နည်းနဲ့မှ လူ့ဘဝ ရောက်မလာနိုင်ပါဘူး၊ ဖန်ဆင်းရှင်လို့ခေါ်ရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ယောက်က ပုရွက်ဆိတ်ငယ်တစ်ကောင်ကို ဖမ်းယူပြီး “ဟဲ့ ပုရွက်ဆိတ်ကလေး၊ သင်ဟာ လူ ဖြစ်စေသတည်း” လို့ မန်းမှုတ်ဖန်ဆင်းပေးလို့ လူဖြစ်နိုင်တာမဟုတ်ပါဘူး၊ လူဖြစ်နိုင်လောက်တဲ့ အကြောင်းပြည့်စုံလို့သာ လူဖြစ်လာခဲ့ကြတာပဲ။

အချိန်မတန်သေးလို့ မပြန်သေးခင်လည်း လူဟာ ကုသိုလ်အရှိန်နဲ့ပဲ နေရပါတယ်၊ ပုထုဇဉ်ဆိုတာ ဆေးအရှိန်နဲ့ အသက်ရှင်နေရတဲ့ လူမမာလိုပါပဲ၊ ကိလေသာ နူနာယားနာတွေနဲ့ မချိမဆံ့ နေရတော့ ကုသိုလ်ဆိုတဲ့ တရားဆေးအရှိန်နဲ့ ထိန်းထားနိုင်မှ နေသာထိုင်သာ ရှိတာပါ၊ ကုသိုလ်အရှိန်ကို လျော့ထား လိုက်တာနဲ့ အနာတွေ သဲသဲမဲမဲ ပြန်ထလာတာပဲ၊ ကိုယ့်ခန္ဓာ ကိုယ့်ပစ္စည်းတွေနဲ့ လောကအာရုံမျိုးစုံတွေဟာ ကိလေသာနဲ့ ပူးပေါင်းပြီး ကိုယ့်ကို ဝိုင်းနှိပ်စက်ကြတော့တာပဲ၊ နေ့စဉ်လူရဲ့ အားတက်စရာ အရေအတွက်က ကုသိုလ်တစ်ခုတည်းသာရှိတာ ဖြစ်သလို ကုသိုလ်အရှိန်ရှိနေမှပဲ လူ့ဘဝမှာနေလို့ဖြစ်တာပါ။

အချိန်စေ့လို့ ပြန်သွားရင်လဲ ကုသိုလ်တွေ များများယူသွားမှ အပြန်လှပါလိမ့်မယ်၊ ကုသိုလ်က လွဲလို့ ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်မယ့် ယူစရာဖရှိပါဘူး၊ အကုသိုလ်ဟာ ယူလို့ လွယ်ပေမယ့် ယူသွားမိရင်တော့ မရှုမလှ ဒုက္ခပေးမှာပဲ၊ စိတ်မနိုင်လို့ ရထားတာတွေဆိုတော့ ရန်သူတွေပါ။ အရှိကို အသိနဲ့ အနိုင်ယူလွှမ်းမိုးနိုင်မှ ဘဝအနှစ် ကုသိုလ်ရနိုင်မယ်၊ ကိုယ့်စိတ်ကို နိုင်သလောက်ပဲ ကုသိုလ်ပိုင်မှာဖြစ်တယ်၊ ကုသိုလ်အရှိန်ကို လျှော့လိုက်ရင်တော့ အားပျော့ပြီး လဲကျသွားမှာ သေချာတယ်။

ကုသိုလ်ဆိုတာ အရှိန်သိပ်ပြင်းတဲ့ ကိလေသာတွေကို အနိုင်ယူပြီးမှ ရလာတာဖြစ်လို့ အရှိန် သိပ်ကြီးပါတယ်၊ အကုသိုလ်ကို ကုသိုလ်နဲ့ပဲ ပယ်ရတာပါ၊ မီးလောင်ရင် ရေနဲ့ ငြိမ်းသတ်ရသလိုပေါ့၊ ဒါပေမယ့် မီးလက်ဦးရင် မီးက ရေကို နိုင်တတ်သလို အကုသိုလ်ကလက်ဦးရင်လည်း ကုသိုလ်ကို နိုင်တတ်ပါတယ်၊ သတိမြဲမှပဲ ကုသိုလ်လက်ဦးခွင့်ရမှာပါ။

အကုသိုလ်ဆိုတာ သူကကိုယ့်ကို နိုင်သွားတာကိုပြောတာ၊ သူက နိုင်သွားပြီဆိုတော့ သူခိုင်းသမျှ လုပ်ရုံပေါ့၊ သူပေးတာယူရုံပေါ့၊ သူပို့တဲ့နေရာ သွားရုံပေါ့၊ အကုသိုလ်ကိုနိုင်တဲ့ ကုသိုလ်ကိုမှ မလုပ်ချင်ရင်တော့ ခံရမယ်ပေါ့။

ကုသိုလ်ဆိုတာ ကိုယ်က သူ့ကို နိုင်သွားတာပါ၊ ကိုယ်ကနိုင်ရင်တော့ ကြိုက်တာခိုင်း၊ လိုတာတောင်း၊ သွားလိုရာ အပို့ခိုင်းရုံပေါ့၊ နိုင်တာကြောင့်ပဲ ကုသိုလ်လုပ်ပြီး ဆုတောင်းကြတာပါ၊ ကုသိုလ်တစ်ခု ပါသွားရင် ကိစ္စခပ်သိမ်းပြီးတယ်၊ နိဗ္ဗာန်ထိ ဦးတည်ဖို့တော့ သတိဉာဏ်ရှိရမယ်ပေါ့။

## ၄။ အေးမြရွှင်ပြုံး လူ့နှလုံး

- သတိ မေတ္တာ၊ ဉာဏ်နှစ်ဖြာ၊လူ့ရွာအဆိပ်ဖြေ။
- အမှတ်မြဲသော်၊ သတိပေါ်၊ ရွှင်ပျော်အားတတ်ပေ။
- ခန္တီခိုင်မာ၊ ကောင်းကွက်ရှာမှ၊ မေတ္တာရ၊ မုချအေးချမ်းပေ။



www.burmeseclassic.com

www.burmeseclassic.com



- **တစ်ယောက်တည်းပင်၊ စွမ်းအင်အပြည့်၊ တည့်လိုဘိ၊ သတိဖြင့်သာနေ။**
- **အများတကာ၊ ဆက်ဆံရာ၊ မေတ္တာပါမှ အဆင်ပြေ။**
- **သတိကိုကိုင်၊ ကိုယ့်ကိုနိုင်၊ကြံ့ခိုင်စွမ်းအားပြည့်ဝပေ။**
- **မေတ္တာကိုကိုင်၊ သူ့ကိုနိုင်၊ ကြံ့ခိုင်အေးမြပေ။**
- **အေးမြရွှင်ပြုံး၊ လူ့နှလုံး၊ ကျင့်ထုံးစနစ်တွေ။**

တရားတွေကိုနှုတ်ထားလိုက်ရင် လူမှာရှိနေသမျှ အငှားတွေချည်းပဲ၊ အငှားဆိုတာ ပူစရာတွေချည်းဖြစ်လို့ အသိမပါဘဲ ရှိရုံသက်သက်နဲ့ ချမ်းသာနိုင်မှာမဟုတ်ဘူး၊ တရားစုမှပဲ ကိုယ်ပိုင်ရပြီး ချမ်းသာရနိုင်မှာဖြစ်တယ်။

တရားမပါရင် ပစ္စည်း၊ ခန္ဓာအဆိပ်တုံးပဲ နေ့တိုင်းရနေမှာ၊ သတိ မေတ္တာဆိုတာ အဆိပ်ဖြေဆေးပါ၊ သတိက ခန္ဓာအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်၊ မေတ္တာကတော့ ပစ္စည်းအဆိပ်တုံးကို အဆိပ်ဖြေပေးပါတယ်၊ မိမိစွမ်းအားကြောင့် မိမိပစ္စည်းကြောင့် အများချမ်းသာရေးအတွက် ဦးတည်တတ်ရင် လူနှင့်ပစ္စည်း ဖွဲ့စည်းပေါင်းစပ်ပုံ နည်းလမ်းမှန်သွားပြီပေါ့၊ သတိဆိုတာ အမှတ်သညာမြဲမှ ဖြစ်ပေါ်တိုးပွားတယ်၊ မေတ္တာလိုချင်ရင် ခန္တီအမာခံ ကောင်းအောင်လည်း လေ့ကျင့်နိုင်ရမယ်၊ သဘောထား ကြီးပြီး သည်းခံခွင့်လွှတ် အနစ်နာခံနိုင်ရမယ်၊ မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကိုလည်း မြင်အောင် ကြည့်နိုင်ရမယ်၊ ဒါမှ မေတ္တာဖော်ထုတ်လို့ လွယ်မှာပဲ။

သတိဆိုတာ ကိုယ်တစ်ယောက်တည်း တည့်အောင်နေနည်းပဲ၊ တစ်ယောက်တည်း မတည့်လို့ ဒုက္ခရောက်သူတွေ လောကထဲ အများကြီး၊ မေတ္တာကတော့ အများနဲ့တည့်အောင် အဆင်ပြေအောင် နေနည်းပါ၊ သတိရှိရင် ကိုယ့်ကိုနိုင်တယ်၊ မေတ္တာရှိတော့ သူ့ကိုနိုင်တယ်၊ သတိကိုင်မှလည်း မေတ္တာ ပိုင်နိုင်ပါတယ်၊ သတိရှိမှ အလုပ်ဖြစ်တာပါ၊ သတိဆိုတာ တစ်ကိုယ်ရေအား၊ မေတ္တာဆိုတာ စုပေါင်းအားပဲ၊ တစ်ကိုယ်ရေ အားကောင်းမှ စုပေါင်းအား ကောင်းမွန် တိုးတက်လာမယ်။

ဘုရားလက်ထက်က ဆရာတော် ဦးတိဿဆိုတဲ့ ရဟန်းတော်တစ်ပါးဟာ စောစောပိုင်းမှာ စာပေပို့ချ၊ ပရိသတ်ကို စည်းကမ်းတကျ ပိပိရိရိ သေသေသပ်သပ် လမ်းညွှန် သွန်သင် ဆုံးမ အုပ်ချုပ်ပြီး သာသနာပြုပေးတယ်၊ နောက်ပိုင်းတော့ တစ်ပါးတည်း တောထဲကြွလို့ တရားအလုပ်ကို စွဲစွဲမြဲမြဲ အားထုတ်တော်မူပါတယ်၊ သတိ မေတ္တာနှစ်ပါးကို အမြဲလက်ကိုင်ထားတော့ ကိုယ့်ဟာကိုယ်လည်း ပြဿနာဖြစ်စရာမရှိ၊ အများနဲ့လည်း ဘာပြဿနာမှ ဖြစ်စရာမရှိ၊ သိပ်ငြိမ်းချမ်းပါတယ်။

မေတ္တာပြောရင် ခန္တီ၊ ကရုဏာ၊ မုဒိတာလည်း ပါရေပေါ့၊ ခန္တီ၊ ကရုဏာ၊ မေတ္တာ၊ မုဒိတာ၊ ဆိုတာ လူ့ဘဝ ငြိမ်းချမ်းရေး၊ ကမ္ဘာ့ ငြိမ်းချမ်းရေး လမ်းစဉ်လေးချက်ပဲ။ ကိလေသာ မကင်းသေးတဲ့ ပုထုဇဉ်တွေနဲ့ အများဆုံးအတူနေရ တွေ့ဆုံနေရတာဆိုတော့ စိတ်တိုင်းမကျစရာတွေ အများကြီး ရှိနေမှာပါ၊ ကိုယ့်ဟာကိုယ်တောင် စိတ်တိုင်းမကျစရာတွေ အများကြီး၊ စိတ်တိုင်းမကျတိုင်းသာ စိတ်ဆိုးနေရင်လဲ လောကထဲ နေစရာ ရှိမှာ မဟုတ်ဘူး၊ သည်းခံခွင့်လွှတ် သဘောထားကြီးနိုင်မှ အားလုံးနှင့် အဆင်ပြေအောင် နေနိုင်မှာဖြစ်တယ်၊ ဆရာတော်ဦးတိဿဟာ အဲဒီခန္တီကို အမြဲ လက်ကိုင်သုံးတယ်၊ ခန္တီကိုင်မှ မေတ္တာခိုင်မြဲမှာကိုး။

သနားငဲ့ညှာ ကိုယ်ချင်းစာတတ်တဲ့ ကရုဏာကိုလည်း အမြဲလက်ကိုင်ထားတယ်၊ ကရုဏာထားရင် မေတ္တာပွားဖို့ လွယ်ကူသလို မေတ္တာပွားရင် ကရုဏာလည်း မခက်ခဲပါဘူး၊ သတ္တဝါတွေ အချို့ ချမ်းသာတယ် ဆိုရပေမယ့် ဒုက္ခထုပ်ကြီးရထားတော့ သူ့အတိုင်းအတာနဲ့သူ ဆင်းရဲဆိုတာ ရှိနေလို့ သနားစရာချည်းပါပဲ၊ ကရုဏာထားမှလည်း ငြိမ်းချမ်းကြမှာပါ။

ကြီးပွားချမ်းသာပြည့်စုံသူတွေကို တွေ့မြင်ကြားသိရရင် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်တတ်တဲ့ မုဒိတာကိုလည်း အမြဲ လက်ကိုင်ကျင့်သုံးတယ်။ သတ္တဝါအားလုံး ဒုက္ခသစ္စာထုပ်ကြီးရထားလို့ ဆင်းရဲနေကြပေမယ့် အသိတရားရှိလို့ ယူတတ်သလောက် ငြိမ်းချမ်းပြည့်စုံမှုတွေ ဆင်းရဲသက်သာမှုတွေ ရှိတန်သင့်သလောက် ရှိနေတတ်ကြပါတယ်။ ဒါတွေတွေ့ရရင် ဝမ်းသာရတာပဲ၊ မေတ္တာရှိနေရင် မုဒိတာ မခက်ခဲပါဘူး။

"သတ္တဝါတွေ ဘေးရန်ကင်းလို့ ကျန်းမာ ချမ်းသာကြပါစေ" လို့ လွှမ်းခြုံပေးရတဲ့ မေတ္တာကိုလည်း အထူး ဖြန့်ပွားပေးပါတယ်၊ တစ်တောလုံးလည်း ဖြန့်ထားတယ်၊ တစ်လောကလုံးလည်း လွှမ်းခြုံထားတယ်၊ မေတ္တာဓာတ်တွေကြောင့် တောထဲမှာရှိနေတဲ့ တိရိစ္ဆာန်တွေအပါအဝင် သတ္တဝါတွေအားလုံး အချင်းချင်း ချစ်ခင်နေကြတယ်၊ ဘာဘေးရန်မှမရှိဘူး၊ ကျားစတဲ့ သားရဲတိရိစ္ဆာန်တွေတောင် အိမ်ကြောင်၊ အိမ်ခွေးတွေလို



www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ကြီးရဲ့ မေတ္တာရိပ်ကို ခိုလှုံနေကြတယ်၊ တိရိစ္ဆာန်တွေတောင် အရိပ်ခိုလို့ရတယ်ဆိုရင် ဆရာတော်ကြီးရဲ့ မေတ္တာဓာတ်ဟာ အလွန်ကြီးမားကျယ်ပြန့်လို့ ဖြစ်မှာပဲ၊ ငြိမ်းချမ်းရေးလမ်းစဉ်လေးချက်နဲ့ မွမ်းထုံလေ့ကျင့်ထားတာဆိုတော့ မေတ္တာထုထည်က သိပ်ကြီးမှာပါ။

အေးမြရွှင်ပြုံး လူ့နှလုံးလမ်းစဉ်ကို လက်တွေ့ကျကျ ထိထိမိမိကျင့်သုံးနေတဲ့ ဆရာတော်ကြီးရဲ့ ဓမ္မစွမ်းရည်ကြောင့် တစ်တောလုံး အေးမြရွှင်ပြုံးနေကြတယ်။ မေတ္တာရှင်ရှိနေတဲ့ အရပ်ဟာ တကယ်ပျော်ရွှင်ကြည်နူးစရာချည်းပဲ။

## ၅။ ငြိမ်းချမ်းအေးမြ လူ့ဘဝ

- **စိတ်ကောင်းထားကာ၊ ပို့လွှတ်ပါ၊ မေတ္တာအစွမ်းပြ။**
- **လွှမ်းခြုံမေတ္တာ၊ ဓာတ်ကူးကာ၊ ချမ်းသာငြိမ်းအေးရ။**

တစ်နေ့တော့ ဝါရဏဆိုတဲ့ အမျိုးသားတစ်ယောက် ကိစ္စရှိလို့ တောထဲသွားတယ်၊ တောထဲရောက်တော့ မေတ္တာရှင်ဆရာတော်ကြီးရဲ့ မေတ္တာဓာတ် ထိခိုက်သွားလို့ အေးချမ်းလိုက်တာ၊ ပြီးတော့ လူမြင်ကွင်းမှာ လူတောမှာ နေလေ့မရှိတဲ့ ကျား၊ ခြင်္သေ့စတဲ့ သားရဲတိရစ္ဆာန်တွေဟာ ဘယ်သူ့ကိုမှ ရန်မမူဘဲ ငြိမ်သက်အေးချမ်းစွာ နေကြတာကို တွေ့ရတယ်။

ထူးဆန်းတဲ့နေရာဖြစ်လို့ ဟိုဟိုဒီဒီ လိုက်စူးစမ်းလိုက်တော့ မေတ္တာရှင်ဆရာတော်ကြီးကို ဖူးတွေ့ရတယ်၊ ဖူးလို့မဝနိုင်ဘူး၊ ဘာတရားမှ မနာရသေးပဲနဲ့တောင် ငြိမ်းချမ်းလိုက်တာ၊ ကိုယ့်ဟာကိုယ် အနိုင်ယူနိုင်တဲ့ သတိကလည်း တစ်ကိုယ်လုံး လွှမ်းခြုံထား၊ တစ်လောကလုံး လွှမ်းခြုံထားတဲ့ ထုထည်ကြီးမားလှတဲ့ မေတ္တာအားကလည်း ရှိနေတော့ သိပ်ကျက်သရေရှိနေတယ်။

ဝါရဏဟာ ဆရာတော်ကြီးနား ချဉ်းကပ်၊ အရိုအသေပေးပြီး သင့်တော်တဲ့နေရာမှာ ထိုင်နေတယ်၊ ဆရာတော်ကြီးက ဘဝနေနည်း၊ ဘဝအသုံးချနည်းကို ဟောပေးတယ်၊ အထူးအားဖြင့်တော့ ကိုယ်တိုင်လက်တွေ့ကျင့်သုံးနေတဲ့ သတိ၊ မေတ္တာ အဆိပ်ဖြေဆေးနှစ်ပါးရဲ့ စွမ်းရည်ကိုပဲ ဟောတာပါ။

"မောင်ဝါရဏရေ . . . သတိ မေတ္တာကိုင်ထားမှ လောကထဲ နေဖြစ်မှာပါ၊ သတိ၊ မေတ္တာကိုင်ထားနိုင်ရင်တော့ အများတကာ မျက်ရည်ကျစရာအားလုံးဟာ ကိုယ့်အတွက် စွမ်းအားတွေချည်းဖြစ်သွားမယ်၊ အများအတွက် ကြောက်ရွံ့ ထိတ်လန့်စရာတွေဟာ ကိုယ့်အတွက် ရဲရင့်စေတဲ့ အားဆေးတွေချည်းဖြစ်သွားနိုင်တယ်၊ လောကထဲမှာ တရားလောက်စွမ်းတာ တရားပဲရှိတာကွဲ့၊ တရားဆိုတာ လောကကိုနိုင်ဖို့ပေါ်လာတာ၊ တရားကို သတိက ချုပ်ကိုင်ထားတယ်"

"သတိရှိမှ ကိုယ့်ကိုနိုင်မယ်၊ မေတ္တာရှိမှ လောကထဲအဝင်ဆံ့မယ်၊ ပြီးတော့ သတိရှိရင် ကိုယ်တစ်ယောက်တည်း တည့်အောင်နေတတ်တယ်၊ ကိုယ့်ရဲ့အားတွေကို အတွင်းမှာ ထုတ်ယူစုဆောင်းထားနိုင်တယ်၊ မေတ္တာရှိမှလည်း အများနှင့် အဆင်ပြေမှာ၊ သတိက ခန္ဓာအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်၊ မေတ္တာက ပစ္စည်းအဆိပ်တုံးကို အဆိပ်ကင်းအောင်လုပ်ပေးတယ်"

"မောင်ဝါရဏရေ . . လူ့တစ်ဘဝ ခဏလေးရယ်ကွယ်၊ ဘာမှမကြာဘူး၊ တစ်နေ့ နှစ်ထပ် မှန်မှန်စားပြီး သေရမယ့်ရက်ကို ထိုင်စောင့်နေရုံနဲ့တော့ လူ့ဘဝဟာ ဘာမှအဓိပ္ပာယ်မရှိဘူး၊ ဘဝတစ်ခုလုံးရဲ့ အနှစ်ချုပ်က တရားပဲ၊ ကိုယ်က လက်ဦးအောင် ခန္ဓာကို မြန်မြန်သုံးထားပါ"

ဆရာတော်ကြီးက မေတ္တာနဲ့ ဟောတာဆိုတော့ ဝါရဏရဲ့နားထဲ ပစ်သွင်းလိုက်သလို နှလုံးအိမ်ထဲ ထိထိခိုက်ခိုက် ရောက်သွားတယ်၊ ဝါရဏမှာ အသိဉာဏ် ရှင်းကနဲဖြစ်သွားတယ်၊ တိုတောင်းလွန်းလှတဲ့ လူ့တစ်သက်မှာ တရားလက်ဦးမှပဲ ခုရော နောင်ပါ စိတ်အေးရမယ်လို့ အသိတွေ ပေါ်လာတယ်။

ရဟန်းဘဝနဲ့ အားထုတ်မှပဲ တရားအတွက် အချိန်မီ ဘဝတွက်ကိန်း ကိုက်မယ်လို့လည်း အမြင်ရှင်းလာတယ်၊ သဒ္ဓါတရားတွေ ထက်သန်တိုးပွားလာလို့ ရဟန်းပြုလိုတဲ့ဆန္ဒ အလွန်ပြင်းပြလာတယ်။

ဝါရဏအမျိုးသားက ဆရာတော်ကြီးထံ ရဟန်းပြုခွင့်တောင်းတော့ ဆရာတော်ကြီးက သံဃာစေ့အောင် စီမံပြီး ဝါရဏကို ရဟန်းခံပေးလိုက်တယ်၊ အရှင်ဝါရဏလို့ ဖြစ်သွားတယ်၊ မေတ္တာပြည့်ဝတဲ့


www.burmeseclassic.com

www.burmeseclassic.com


ဆရာတော်ကြီးရဲ့တရားတစ်ပွဲဟာ အထူးအောင်မြင်သွားတယ်ပေါ့၊ မေတ္တာရှင်များရဲ့ မိန့်ကြားချက်ဟာ ဆွဲဆောင်မှု အပြည့်ပါတာဖြစ်လို့ အောင်မြင်ကြတာချည်းပါပဲ။

အရှင်ဝါရဏဟာ ဆရာတော်ဦးတိသဆိုတဲ့ အမှီကောင်းကိုရသွားတော့ ဆရာကောင်း တပည့် ဖြစ်သွားတယ်၊ ဆရာလမ်းညွှန် သွန်သင်သမျှ အားလုံး လိုက်နာကျင့်သုံးတယ်၊ ဒီတော့ ဆရာတော် ဦးတိသလဲ တပည့်ကောင်းဆရာ ဖြစ်သွားတာပေါ့၊ ဆရာကောင်းတပည့် ဖြစ်ရတာဟာ တိုးတက်လမ်း ဟင်းလင်းပွင့်သွားသလို တပည့်ကောင်းဆရာ ဖြစ်ရတာဟာလည်း အလွန်ထည်ဝါပြီး အားကိုးစရာ သိပ်ကောင်းလှပါတယ်။

## ၆။ ကိလေသာကို နိုင်မှအလုပ် (အလှုပ် နှင့် အလုပ်)

- **လောကအတွင်းမှာ၊ လှုပ်ရှံသာ၊ ခေါ်တာအလုပ်မှတ်။**
- **သာသနာမှာ၊ ကိလေသာ၊ နိုင်တာအလုပ်မှတ်။**
- **ဘဝလုပ်ခ၊ နေ့တိုင်းရ၊ မှချတိုးစေတတ်။**

လောကကို အဝိဇ္ဇာ တဏှာ ဦးဆောင်တာဆိုတော့ လောကထဲ လုပ်သမျှ လှုပ်ရှံပါပဲ၊ လှုပ်ရှံလောက်ကိုပဲ အလုပ်လို့ ခေါ်နေကြတာပါ။ လောကဝတ် ကျေရုံလောက်ပါ၊ သတိဉာဏ်မပါရင် ဘဝလုပ်ခ တရားစွမ်းအား မရနိုင်ဘူး၊ ဘဝလုပ်ခ မရရင် အလုပ်မဟုတ်ဘူး၊ အလှုပ်တွေပဲ၊ အလှုပ်ဆို ခုရော နောင်ပါ လှုပ်နေရမှာပဲ။

သာသနာမှာ တရားကို သတိဉာဏ် ဦးဆောင်တာဖြစ်လို့ ကိလေသာကိုနိုင်တဲ့အပိုင်း ပါရတယ်၊ ကိလေသာကိုနိုင်မှ အလုပ်ခေါ်တယ်၊ လှုပ်ရှံနဲ့တော့ ကိလေသာကို နိုင်မှာမဟုတ်လို့ အလုပ်စာရင်းထဲ မပါဝင်နိုင်ဘူး၊ လောကအလုပ်က လှုပ်ရှံနဲ့ လုပ်ခပေးပေမယ့် တရားအလုပ်ကတော့ လှုပ်ရှံနဲ့ လုပ်ခမပေးဘူး။

ပရိယတ် ပဋိပတ်အလုပ်တို့၊ သိက္ခာသုံးပါး ဖြည့်ကျင့်တာတို့ စတဲ့အလုပ်တွေဟာ ကိလေသာကို အနိုင်ယူနေရတဲ့ စာရင်းဝင် အလုပ်တွေပါ၊ မုတင်ဆောင်တာကိုပဲကြည့် ကိလေသာကို လှုပ်ခါပစ်နေရတဲ့ အလုပ်ပဲ။

အချုပ်ပြောရရင် လောဘ၊ ဒေါသ၊ မောဟကိုနိုင်မှ တရားအလုပ်ပါ၊ အလုပ်ဖြစ်ဖို့ သတိဉာဏ်က တာဝန်ယူရတယ်၊ အလုပ်ဖြစ်မှ ဘဝလုပ်ခရမယ်၊ နေ့စဉ် မကင်းနိုင်တဲ့ အလုပ်တွေအားလုံး သတိဉာဏ် သွင်းလိုက်ရင် ကိလေသာကိုနိုင်တဲ့ အလုပ်စာရင်းထဲပါသွားမှာပါ။

အလုပ်လုပ်ချင်လို့ ရဟန်းပြုလိုက်တဲ့ အရှင်ဝါရဏဟာ ရဟန်းဘဝရောက်တော့ အလုပ်ကို အလုပ်နဲ့တူအောင် တကယ်လုပ်ပါတယ်၊ ဒီဘဝ နောက်ထပ်ကျန်သေးတဲ့ အချိန်အားလုံး တရားအတွက်သာ သုံးပြီး ဘဝအနှစ်လုပ်ခရလဒ်ကို ရသမျှ ညှစ်ထုတ်ယူတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်၊ အလှုပ်သမားဘဝနဲ့ အချိန်မဖြုန်းတော့ဘဲ  အလုပ်သမားပုံစံနဲ့ စွမ်းအားရအောင် ထုတ်ယူနေတယ်။

ဆရာ့လမ်းစဉ်အတိုင်း သတိမေတ္တာကို မလွတ်တမ်းသုံးပါတယ်၊ ခန္ဓာမှာ သတိအလွတ်မခံဘဲ ကပ်ထားလိုက်တယ်၊ သတိမပြတ် ရှုမှတ်နေတယ်၊ ဆရာတော်ကြီးနှင့်တကွ တောတွင်းမှာရှိတဲ့ သတ္တဝါအားလုံးတို့ အပေါ်မှာ မေတ္တာဓာတ် လွှမ်းခြုံထားလိုက်တယ်၊ ဆရာတပည့်ရဲ့ မေတ္တာကြောင့် တစ်တောလုံး စိုပြေထည်ဝါပြီး ပျော်စရာကြီး ဖြစ်နေတယ်၊ တစ်လောကလုံးလည်း မေတ္တာ လွှမ်းခြုံထားလိုက်တယ်။

အရှင်ဝါရဏဟာ သတိနှင့်မေတ္တာ လက်ကိုင်ကျင့်သုံးတော့ ပျော်လိုက်တာ၊ အချိန်ကုန်မှန်းတောင် မသိတော့ဘူး၊ အလုပ်ဟာအလုပ်နှင့် တူသွားရင် ပျော်တာချည်းပါပဲ၊ လူနှင့်တရား မတွေ့သေးလို့ပါ၊ တွေ့သွားရင် မလွှတ်ချင်တော့ဘူး၊ မလွှတ်ချင်လောက်အောင် တရားက ကောင်းတာကိုး။

တရားနှင့်စိတ် ထိနေသလောက်လည်း အားရှိနေရတယ်၊ အတွေ့နောက်ကျတယ်တောင် ထင်ရလောက်အောင် တရားက ဆွဲအားသိပ်ကောင်းတယ်၊ တရားနှင့်စိတ် ထိတွေ့သွားရင် တကယ် ငြိမ်းချမ်းပါတယ်၊ မငြိမ်းချမ်းအောင် လုပ်တတ်တဲ့ ကိလေသာတွေကို နိုင်နေတာကိုး။

လောကမှာ ဘယ်သူတွေ ဘယ်လောက် ချမ်းသာတယ်ပြောပြော၊ တရားနှင့်တွေ့နေသူလောက် ဘယ်သူမှ မချမ်းသာနိုင်ပါဘူး၊ တရားဆိုတာ အရှိမစုံရင်တောင် အသိနဲ့ အားဖြည့်ပေးတာ၊ ဒါကြောင့် အရှင်ဝါရဏဟာ တစ်ဝါတွင်းလုံး တရားအလုပ်နဲ့ ပျော်နေတယ်၊ အားလည်းရှိတယ်၊ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်တော့ အလုပ်ကလည်း လုပ်ခရလဒ် ထိုက်ထိုက်တန်တန်ပေးတာပေါ့။


www.burmeseclassic.com

www.burmeseclassic.com



## ၇။ မြွေပါနှစ်ကောင် ရန်တွေစောင်

- **လောဘ ဒေါသ၊ မောဟအပူ၊ ပွက်ပွက်ဆူ၍၊ရန်သူဖြစ်ငြား၊ ဤ၃-ပါး၊ စိမ်းကားသွားအောင် လုပ်တတ်သည်။**
- **အချစ်တွေပြယ်၊ မုန်းစိတ်ကြွယ်၊ တကယ်ကြောက်ရသည်။**
- **မြွေပါ ၂-ကောင်၊ ရန်တွေစောင်၊ သေအောင်ကိုက်ကြသည်။**

အရှင်ဝါရဏဟာ တစ်ဝါတွင်းလုံး ဘဝကို တရားထဲမှာ နှစ်မြုပ်ထားပြီး အချိန်ပြည့် အလုပ် လုပ်ပါတယ်၊ တရားအလုပ်နဲ့နေတာဆိုတော့ တစ်ဝါတွင်းအချိန်ဟာ ဘာမှမကြာဘူး၊ ခဏလေးပဲ၊ တရားအားထုတ် နေရပေမယ့် တရားပိုင်ရှင် ဘုရားကို တစ်ခါမှ မဖူးရသေးဘူး၊ တရားသိလေ ဘုရားနှင့် တွေ့ချင်လေ ဖြစ်လာတယ်၊ တရားသဘောပေါက်နားလည်လာလေ ဘုရားတွေ့ချင်တဲ့ ဆန္ဒက ထက်သန်ပြင်းပြလေ ဖြစ်လာတော့ ဘုရားဖူးမသွားဘဲ မနေနိုင်တော့ဘူး၊ ဟုတ်ပါတယ်၊ ဘုရားမြင်မှ တရားမြင်တယ်၊ တရားမြင်မှလည်း ဘုရားမြင်တာပါ။

သီတင်းကျွတ်တော့ ဘုရားဖူးချင်လွန်းလို့ ဆရာတော်ကြီးထံ ခွင့်ပန်ပြီး ဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို ဦးတည်ကြွသွားတယ်၊ တောလမ်းခရီးကို ဖြတ်သန်းပြီး မေတ္တာပို့ရင်း တရားရှုမှတ်ရင်း ကြွသွားတယ်၊ တော်တော်လေးသွားမိတော့ နည်းနည်းခရီးပန်းလာတာနဲ့ အရိပ်ကောင်းတဲ့ လမ်းဘေး သစ်ပင်တစ်ပင်အောက်မှာ ခဏအပန်းဖြေ အနားယူလိုက်ပါတယ်၊ အချိန်မဖြုန်းဘူး၊ မေတ္တာပို့ရင်း တရားမှတ်ရင်းနဲ့ပဲ နေတာပါ။

အရှင်ဝါရဏဟာ သစ်ပင်အောက်ကနေပြီး ခပ်လှမ်းလှမ်းကိုကြည့်လိုက်တယ်၊ လဲနေတဲ့ သစ်တုံးကြီးပေါ်မှာ မြွေပါနှစ်ကောင် ချစ်ချစ်ခင်ခင် ပျော်ရွှင်မြူးတူး ဆော့ကစားနေကြတာကို လှမ်းမြင်ရတယ်၊ မြွေပါဆိုတာ မြွေကိုနိုင်တဲ့ သတ္တဝါပေါ့။

အရှင်ဝါရဏက မေတ္တာရှင်ဆိုတော့ မြွေပါနှစ်ကောင် ချစ်ခင်ညီညွတ် ပျော်ရွှင်နေကြတာကို မြင်ရလို့ သိပ်ဝမ်းသာကြည်နူးနေတယ်၊ "သူတို့လေးတွေ တိရစ္ဆာန်ဆိုပေမယ့် ချစ်ခင်တတ်လိုက်ကြတာဟယ်၊ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် ဆော့ကစားနေကြတာပါကလား"

အရှင်ဝါရဏကြည့်နေတုန်း ဘာမှမကြာဘူး၊ ချက်ချင်းပြောင်းလဲသွားတယ်၊ သူတို့နှစ်ကောင် သစ်တုံးပေါ်မှာ အစာတစ်ခု သွားတွေ့ကြတယ်၊ အစာတွေ့ပြီလည်းဆိုရော လောဘပေါ်လာတယ်၊ ပုထုဇဉ်အပေါ် ဩဇာငြောင်းနေတာက လောဘ၊ ဒေါသ၊ မောဟပါ၊ ပုထုဇဉ်ဆိုတာ တရားလွတ်တိုင်း လောဘ၊ ဒေါသ၊ မောဟ အနိုင်ကျင့်သမျှ ခံနေရတာ၊ လောဘ၊ ဒေါသ၊ မောဟတွေက လူကိုတောင် နိုင်တဲ့ အပူငွေ့တွေ ဖြစ်လို့ တိရစ္ဆာန်လောက်တော့ အသာလေးပဲ။

လောဘ၊ ဒေါသ၊ မောဟဆိုတာ ရန်သူဖြစ်အောင် တစိမ်းဖြစ်အောင် စိမ်းကားသွားအောင် လုပ်တတ်တယ်၊ အစာမြင်တော့ သူဦးကိုယ်ဦး လောဘစိတ်နဲ့ အစာလုကြတယ်၊ လောဘလွှမ်းကဲတော့ ဘယ်သူကမှ အလျှော့မပေး၊ ဝေစား မျှစားဆိုတဲ့ မေတ္တာစိတ်တွေ ခန်းခြောက်ကုန်တယ်။

လောဘ အဆင်မပြေတာနဲ့ ဒေါသက နောက်ကအဆင်သင့်ပဲ၊ လောဘနှင့်ဒေါသ သဘာဝ မတူကြပေမယ့် လောဘနောက်က ဒေါသ ကပ်နေတယ်၊ လောဘအလိုမပြည့်တာနဲ့ ဒေါသက ဘွားကနဲ ပေါ်လာတတ်တယ်။

စောစောက အလွန်ချစ်နေကြတဲ့ မြွေပါနှစ်ကောင်ဟာ အစာပေါ် လိုချင်တပ်မက်မှု လွှမ်းကဲနေတဲ့ကြောင့် ဘယ်သူကမှ အလျှော့မပေးဘဲ လုနေကြတယ်၊ လောဘ အဆင်မပြေတော့ ဒေါသမီး ထတောက်လာတာပေါ့၊ အချစ်ပြယ်ပြီး မုန်းစိတ်ပွားလာကြတယ်၊ ချစ်စရာကနေ ကြောက်စရာကြီးတွေ ဖြစ်ကုန်တယ်။

လုနေတဲ့အစာကို ဘေးမှာချထားလိုက်တယ်၊ တစ်ကောင်က "ဟေ့ကောင် ငါ့ကို ဘာမှတ်တုန်း" တဲ့၊ ဟိုတစ်ကောင်ကလည်း "ဟေ့ကောင် မင်းကကော ငါ့ကိုဘာမှတ်တုန်း" တဲ့၊ အစာ မတွေ့သေးရင် သူတို့ တည့်နေကြဦးမှာ၊ အစာက ရန်တိုက်ပေးသလိုဖြစ်သွားလို့ နှစ်ကောင် မတည့်ကြတော့ဘူး၊ လုနေတဲ့ အစာကိုတောင် အရေးမစိုက်တော့ဘဲ ရန်ထောင်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com


မကြာမီ တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြတော့တာပဲ၊ မလွှတ်ဘဲ ခဲပြီး ကိုက်ထားကြတယ်၊ နှစ်ကောင်လုံးထွေးပြီး ကိုက်လိုက်တာ နှစ်ကောင်လုံး သစ်တုံးပေါ်က လိမ့်ကျ၊ လိမ့်ကျတော့လည်း မလွှတ်ဘူး၊ မလျှော့ဘူး၊ ခဲပြီး ကိုက်ထားလိုက်ကြတာ၊ ဆန့်ငင်ဆန့်ငင်နဲ့ သနားစရာတွေ ဖြစ်နေကြတယ်၊ ရုပ်ရော၊ စိတ်ရော အလွန် ပင်ပန်းလွန်းလို့ မကြာမီ နှစ်ကောင်လုံး သေကုန်ကြတယ်၊ သေအောင်တောင် ကိုက်ကြတယ်၊ ဒေါသများ သိပ်ကြောက်ဖို့ကောင်းတာပဲ။

အရှင်ဝိရဇာဟာ မြွေပါနှစ်ကောင်ရဲ့ အဖြစ်အပျက်ကို ကြည့်နေတုန်း ချက်ချင်း ပြောင်းလဲသွားတာကို မြင်လိုက်ရတော့ အကြီးအကျယ် သံဝေဂဖြစ်သွားတယ်၊ "ဟယ်-ချီးကျူးလို့မှ မကြာသေး၊ အစာတွေ့တော့ ချက်ချင်း ပြောင်းလဲသွားတယ်၊ နှစ်ကောင် မတည့်ကြတော့ဘူး၊ လောဘနဲ့ အစာကို လု၊ ဘယ်သူမှအလျှော့ မပေးတော့ ဒေါသမီးတွေ ပေါက်ကွဲ၊ နှစ်ကောင် ကိုက်လိုက်ကြတာ နှစ်ကောင်လုံး သေကုန်ပြီ၊ ဟယ်-ဒေါသ တယ်ဆိုးပါလား"

## ၈။ ဒေါသကြီးလို့ ပျက်စီးရတယ်

အရှင်ဝိရဇာက မေတ္တာပွားနေသူဆိုတော့ ဒေါသကြောင့် ပျက်စီးရတာကို မြင်တွေ့ရလို့ ထိတ်လန့်တုန်လှုပ်သွားတယ်၊ သနားစိတ်တွေလဲ ဖြစ်ပေါ်လာတယ်၊ အရှင်မြတ်က"မြွေပါတွေ မိုက်တယ်" လို့ ပုဂ္ဂလာဓိဋ္ဌာန်နဲ့ မပြောပါဘူး၊ "ဒေါသ တယ်ဆိုးပါလား" လို့ ဓမ္မာဓိဋ္ဌာန်နဲ့ပဲ ပြောပါတယ်၊ "မြွေပါလေး ၂-ကောင် အစာတွေ့တော့ 'ဒီအစာလေးဟာ မင်းစားလဲ မဝဘူးကွ၊ ငါစားလဲ မဝဘူးကွ၊ မေတ္တာသရုပ်ဖေါ်တဲ့ အနေနဲ့ မင်းတစ်ဝက် ငါတစ်ဝက် စားကြတာပေါ့' ဒီလိုဆို ၂-ကောင်စလုံး ငြိမ်းချမ်းမှာ"

"ဒါမှမဟုတ် တစ်ကောင်ကောင်က သဘောထားကြီးပြီး '၂-ကောင်စားလို့ မလောက်မယ့် အတူတူကွာ၊ ငါ မစားတော့ပါဘူး၊ မင်းပဲ အကုန်စားလိုက်တော့ ' ဒီလိုဆိုရင်လဲ ၂-ကောင်လုံး ငြိမ်းချမ်းကြမယ် " အရှင်ဝိရဇာက မေတ္တာရှင်ဆိုတော့ မေတ္တာတွက် တွက်တာပေါ့၊ သူ့စိတ်မျိုးလိုပဲ ဖြစ်စေချင်တာကိုး။

"ဘာမှမပြောလောက်တဲ့ အစာနည်းနည်းလေးကို ဟိုကလဲ သူပဲ အကုန်လိုချင်တယ်၊ ဒီကလဲ သူပဲ အကုန် လိုချင်တယ်၊ လောဘလွန်ကဲတော့ လောဘက အဆင်မပြေ၊ အဆင်မပြေတော့ ဒေါသမီးတွေ ပေါက်ကွဲ၊ ဒေါသကြောင့် သေဆုံး ပျက်စီးကုန်ကြပါပြီကော၊ တယ်ဆိုးတဲ့ ဒေါသပဲ"။

အရှင်မြတ်က မြွေပါ ၂-ကောင်တင် ရပ်မထားဘူး၊ တစ်လောကလုံး လွှမ်းခြုံကြည့်တယ်၊ "နေ့စဉ် နေ့စဉ် လူတွေအပါအဝင် ဒေါသကြောင့် ပျက်စီးနေရတဲ့ သတ္တဝါတွေအများကြီးပဲ၊ သတ္တဝါတွေဟာ တစ်ကောင်နှင့် တစ်ကောင်၊ တစ်ယောက်နှင့် တစ်ယောက် မေတ္တာနဲ့ ဆွေစိတ် မျိုးစိတ်ထားပြီး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် နေကြမယ်ဆိုရင် လောကကြီး သိပ်ပျော်စရာကောင်းမှာ"

"ချမ်းသာအောင်နေနည်း မသိကြတော့၊ သိပေမယ့် သတိလွတ်နေကြတော့ လောဘ၊ ဒေါသ၊ မောဟ လွှမ်းမိုးခံနေရလို့ မငြိမ်းချမ်းကြဘူး၊ လောကကြီးဟာ ကြောက်စရာ ခြောက်ကပ်ကြီးဖြစ်နေတယ် " သူ့စိတ်ထဲ ထိတ်လန့်တဲ့ သံဝေဂတွေ ဖြစ်နေတယ်။

မေတ္တာပွားနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒေါသအပြစ်ကို ထင်းကနဲမြင်တာပေါ့၊ မိမိတို့လဲ ဒါမျိုးတွေ မြင်နေကြရတာပဲ၊ တစ်ခါတစ်ရံ ခွေး၂-ကောင် ကိုက်တာတို့၊ ကြောင် ၂-ကောင် ကိုက်တာတို့၊ ဇနီးမောင်နှံ ရန်ဖြစ်တာတို့၊ ညီအစ်ကို ညီအစ်မ ရန်ဖြစ်တာတို့ ဆိုတာမျိုးတွေ တွေ့မြင်ရတတ်ပါတယ်၊ မေတ္တာသမာဓိ အလေ့အကျင့် နည်းနေကြတော့ သံဝေဂ မဖြစ်တတ်ကြပါဘူး၊ သံဝေဂစိတ်ဖြစ်နေတဲ့ အရှင်ဝိရဇာ ရှေ့ကို ဆက်ကြွသွားတယ်။

## ၉။ ဒေါသဆိုးပုံ မကောင်းစုံ

- **မြို့ရွာထဲတွင်၊ သူပုန်ဝင်၊ အိမ်မှရှင်ကိုလည်း ရိုက်တတ်သည်။**
- **အဖိုးတန်များ၊ ချန်မထား၊ လုသွားတတ်လေသည်။**
- **နေအိမ်ကိုပါ၊ မီးရှို့ကာ၊ ပြောင်ခါသွားစေသည်။**
- **စိတ်အစဉ်တွင်၊ ဒေါသဝင်၊အိမ်ရှင်စိတ်ကို နှိပ်စက်သည်။**



www.burmeseclassic.com

www.burmeseclassic.com



- **သူတော်ကောင်းဂုဏ်၊ စွမ်းအားစုံ၊ အကုန်ဖျက်ဆီးသည်။**
- **စိတ်၏မိုရာ၊ ရုပ်ခန္ဓာ၊ နစ်နာပင်ပန်းသည်။**
- **ဒေါသအမျက်၊ လူကိုဖျက်၊ အသက်ကိုပါ ဆုံးစေသည်။**
- **ဒေါသဆိုးပုံ၊ မကောင်းစုံ၊ လွှမ်းခြုံကြည့်ရမည်။**

အရှင်ဝါရဏဟာ ဘုရားရှိရာ သာဝတ္ထိ ဇေတဝန်ကျောင်းကို ရောက်သွားတယ်၊ ဘုရားကို ဦးချ၊ သင့်တော်တဲ့နေရာမှာ ထိုင်နေတယ်၊ သူက ဘုရားကို ဘာမှမလျှောက်ပေမယ့် ဘုရားက သူ့အကြောင်းကို အကုန်သိပြီးသားဖြစ်လို့ အရှင်ဝါရဏရဲ့ လက်တွေလုပ်ဆဲ အလုပ်နဲ့လည်း လိုက်လျောညီထွေဖြစ်အောင်၊ နောင်လာနောက်သားများ လိုက်နာမှတ်သားစရာ တရားလမ်းစဉ်လဲ ကျန်ရစ်အောင် "မေတ္တာတရား လူ့စွမ်းအား" တရားကို ဟောကြားတော်မူပါတယ်။

မေတ္တာကိုမဟောမီ ဆန့်ကျင်ဘက် ဒေါသရဲ့အပြစ်ကို ရှေးဦးစွာ ဟောပေးပါတယ်၊ အကောင်းဆိုတာ အဆိုးနဲ့ ယှဉ်တွဲပြမှ ပိုပေါ်လွင်တတ်တယ်၊ အဆိုးရဲ့ ကြောက်စရာကောင်းတဲ့ အပြစ်တွေကို ပြလိုက်မှ အကောင်းရဲ့ဂုဏ်ရည်တွေ ထင်ရှားလာတတ်ပါတယ်၊ အကောင်းရဲ့ ဆွဲဆောင်မှုဟာလည်း အားကောင်းတတ်ပါတယ်။

ဘယ်သူပဲဖြစ်ဖြစ်ပေါ့၊ သူများကို သေစေလိုတဲ့စိတ်နဲ့ ညှင်းဆဲနှိပ်စက် သတ်ဖြတ်သူဟာ ပစ္စုပ္ပန် သံသရာ လောကီ လောကုတ္တရာ ကောင်းကျိုးတွေအားလုံး ဆုံးရှုံးပျက်စီးတတ်တယ်၊ သံသရာမှာ တော်တော်နဲ့ ခေါင်းမဖော်နိုင်အောင် ဒုက္ခရောက်တတ်တယ်၊ အဲဒီလို ဘုရားရှင်က ဒေါသဆိုးပုံကို ဟောကြားတယ်။

ဒေါသဆိုးပုံကို ဥပမာနဲ့ ယှဉ်ကြည့်ရင် လောကမှာ မြို့ရွာထဲ သူပုန်ဓားပြတွေ ဝင်လာတယ်ဆိုပါတော့၊ အိမ်ထဲထိ ဝင်လာတယ်ဆိုပါတော့၊ အိမ့်ရှင်ကိုလည်း ရိုက်တတ်တယ်၊ အိမ့်ရှင်ရဲ့ ကိုယ်မှာဝတ်ထားတဲ့ အဖိုးတန်ပစ္စည်းတွေနဲ့ အိမ်ထဲမှာရှိတဲ့ အဖိုးတန်ပစ္စည်းတွေကိုလည်း ခြိမ်းခြောက်ပြီး လုယူသွားတတ်တယ်၊ ဒါနဲ့ အားမရသေးဘဲ အိမ့်ရှင်နေထိုင်တဲ့ အိမ်ကိုလည်း မီးရှို့ဖျက်ဆီး သွားတတ်တယ်၊ ဒါက လောကဗဟိဒ္ဓရန်သူ ဆိုးပုံပါ။

ဒေါသဟာလည်း ချမ်းသာရဲ့ သူပုန်ခါးပြပဲ၊ လူရဲ့ စိတ်နှလုံးအစဉ်မှာ ဒေါသသူပုန်ဓားပြ ဝင်လာတဲ့အခါ အိမ့်ရှင်စိတ် အရိုက်ခံရတယ်၊ ဒေါသဝင်လာတာနဲ့ ချက်ချင်းစိတ်နာသွားအောင် အရိုက်ခံရတယ်၊ သူတော်ကောင်းရဲ့ အဖိုးတန်သီလ၊ သမာဓိ၊ ပညာဂုဏ်တွေကို လုယူ ဖျက်ဆီးသွားတတ်တယ်၊ ဂုဏ်တွေ နာမည်တွေ ပျက်သွားတတ်တယ်၊ ဒါနဲ့ မပြီးသေးဘူး၊ အိမ်ရှင်စိတ်ရဲ့နေရာ နှလုံးအိမ်နှင့်တကွ ခန္ဓာကြီးတစ်ခုလုံး ပျက်စီးသွားအောင် သေဆုံးသွားအောင် မီးရှို့သလို ဖျက်ဆီးပစ်တတ်တယ်၊ အဲဒီလောက် ဒေါသ ဆိုးတယ်။

ဒေါသဆိုးပုံကို ဘုရားကဟောတော့ အရှင်ဝါရဏရဲ့ဉာဏ်ထဲမှာ လမ်းမှာတွေ့ခဲ့တဲ့ မြွေပါနှစ်ကောင် အကြောင်း ပေါ်လာတယ်၊ "ဩော်-ဒါကြောင့်ကိုး" လို့ စိတ်ထဲမှာ မှတ်ချက်ချမိတယ်၊ "ဒီဒေါသမျိုး ငါ့မှာ မဖြစ်စေရဘူး၊ မေတ္တာကိုပဲ ငါပွားမယ်" လို့ နှလုံးသွင်းမိတဲ့အချိန်မှာ မြတ်စွာဘုရားက "မေတ္တာတရား လူ့စွမ်းအား" တရားကို ဆက်ဟောပါတယ်၊ အစက ပြခဲ့တဲ့ ဂါထာကိုပဲ ဟောတာပါ။ သတ္တဝါအားလုံးကို မေတ္တာစိတ်နဲ့ ချီးမြှောက်စောင့်ရှောက်သူဟာ ချမ်းသာကြောင်း ကောင်းမှုတွေ မြောက်မြားစွာ ဖြစ်ပေါ် တိုးပွားစေတယ်၊ သူရော ကိုယ်ရော ကောင်းမှုအများကြီး ဖြစ်ပေါ်တိုးပွားရတယ်လို့ ဆိုလိုတာပါ၊ ကောင်းမှုဟာ လူ့ဘဝရဲ့ လုပ်ခရလဒ်ပဲဆိုတော့ ကောင်းမှုတိုးအောင် စွမ်းဆောင်နိုင်သူဟာ အဖိုးတန်စွမ်းအားရှင် ဖြစ်ရပါတယ်။

မေတ္တာဆိုတာ ကိုယ့်အတွက်သက်သက် တွက်နေရာကနေပြီး သူ့အတွက်ပါ ထည့်တွက်လိုက်တဲ့ သဘောပဲ၊ အများအပေါ်မှာ မိခင်စိတ်၊ မိတ်ဆွေစိတ်ထားခြင်းလည်းဖြစ်တယ်၊ မေတ္တာ ထားတတ်ရင် အများသူငါ အားလုံး ကောင်းမှု အလွန်တိုးပွားရပါတယ်။

မေတ္တာစိတ်ထားရင် ကောင်းမှုများစွာ ပွားရတဲ့အကြောင်း၊ မေတ္တာစွမ်းအား အလွန်ကြီးမားတဲ့အကြောင်း စသည်ဖြင့် မေတ္တာသဘောကို ဘုရားရှင်က ဟောပြတော့ မေတ္တာအလုပ်ကို ကိုယ့်အကြိုက် စရိုက်လုပ်ငန်းနှင့် လိုက်ဖက်လွန်းလို့ သိပ်သဘောကျသွားတယ်၊ "ဒီလောက်ကောင်းတဲ့ တရား မလွတ်တမ်း ပွားနေတော့မယ်ဟဲ့" လို့လည်း အားရကျေနပ်စွာ ဆုံးဖြတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀။ တရားနှင့်လူ ထိနေမှ အပူမငြိတာ

- ၁။ကောင်းစွာဟောအပ်၊ တရားမြတ်၊ ထပ်ထပ်နာယူပါ။
- ၂။ငြိမ်းအေးသူထံ၊ ချဉ်းကပ်ရန်၊ မှန်မှန်လေ့ကျင့်ရာ။
- ၃။ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၊ မြှင့်တင်ကျင့်သုံးပါ။
- ၄။စိတ်ဓါတ်ငြိမ်းအေး၊ ချမ်းသာရေး၊ မနေးရှုပွားရာ။
- တရားနှင့်လူ၊ ထိနေမူ၊ အပူမငြိပါ။

ဘုရားရှင်က အရှင်ဝါရဏအတွက် မေတ္တာစွမ်းအားကို ဟောကြားပြီးတဲ့နောက် သတိပဋ္ဌာန် ဝိပဿနာလုပ်ငန်းစဉ်တွေကို ဆက်ဟောပါတယ်၊ နောက်ဆုံးဟောတဲ့တရားကို ကောက်ချက်ချလိုက်တော့ -

(၁) ပညာရှိသူတော်ကောင်းတွေ ဟောပြောပေးတဲ့စကားကို သေသေချာချာ ကောင်းမွန်စွာ နာယူရမယ်၊

(၂) ငြိမ်းအေးတဲ့ ပညာရှိသူတော်ကောင်းထံ ချဉ်းကပ်ရမယ်၊

(၃) ဆိတ်ငြိမ်ရာမှာ တစ်ယောက်တည်း ချဉ်းကပ်နေထိုင် ကျင့်သုံးရမယ်၊

(၄) စိတ်ဓါတ်ငြိမ်းအေး အပူဝေးအောင် အဆက်မပြတ် လေ့ကျင့်ပွားများရမယ်၊ လိုရင်းကတော့ ဒါပါပဲ။

အဲဒီထဲမှာ (၁) က ပညာရှိ သူတော်ကောင်းတွေ ကောင်းမွန်စွာ ဟောကြားပေးတဲ့ တရားကို သေသေချာချာ မှတ်မှတ်သားသား နာကြားရမယ်တဲ့၊ စာသင်တိုက်အကြီးအကဲ ဆရာသမားကောင်းများဟာ နေ့စဉ် မပျင်းမရိ လုံ့လရှိရှိ တပည့်ပရိသတ်ကို ဆုံးမစကား ပြောကြားပေးလေ့ ရှိတယ်၊ မေတ္တာနဲ့ နေ့စဉ် တစ်ဖွဖွ သွန်သင်တယ်၊ လိမ္မာယဉ်ကျေး အချိုးကျအောင် လမ်းညွှန်ဆုံးမတယ်။

စာနဲ့ဆုံးမလိုက်၊ နှုတ်နဲ့ဆုံးမလိုက်၊ စာနဲ့ လမ်းညွှန်လိုက်၊ နှုတ်နဲ့လမ်းညွှန်လိုက်ဆိုတော့ ဆုံးမလမ်းညွှန်မှု ရရှိတဲ့ တပည့်ပရိသတ်ဟာ အများအားဖြင့် လိမ္မာယဉ်ကျေးကြတယ်၊ ပိပိရိရိ သေသေသပ်သပ် အချိုးကျကြတယ်။

အိမ်မှာနေတဲ့ လူတွေလည်း တရားခွေရှိရင် တရားခွေ နာ၊ တစ်နေ့ ၁၅-မိနစ် နာရီဝက်ပဲ ဖြစ်ဖြစ်ပေါ့။ တရားပွဲရှိတဲ့အခါ တရားပွဲသွား တရားနာ၊ တရားနှင့်နား မကြာမကြာ ထိနေမှ အပူမငြိတာ၊ အပူကို နိုင်တာက တရားပဲရှိတာ၊ ဒါမှမဟုတ် နားလည်အောင် ရေရေလည်လည် ရေးပြတတ်တဲ့ ပညာရှိ သူတော်ကောင်းတွေ ရေးသားထားတဲ့စာကို တစ်နေ့ ၅-ကြောင်းလောက်ဖြစ်ဖြစ်၊ တစ်မျက်နှာလောက်ဖြစ်ဖြစ်၊ မဖြစ်မနေ ကြိုးစားဖတ်ပေး၊ စာဖတ်တာလည်း တရားနာတာနှင့် အတူတူပဲ။ လောဘ၊ ဒေါသ၊ မောဟဦးစီးတဲ့ အပူတွေက တရားနဲ့ခွာမှ ကွာတာ၊ ဒါကြောင့် နေ့စဉ်မှန်မှန် တရားနာရမယ်၊ တရားစာ ဖတ်ရမယ်၊ ဒါမှ လူ့တန်ခိုး လူ့စွမ်းအား လူ့အရှိန်အဝါ တက်လမ်း ပွင့်သွားမယ်။

(၂) က ငြိမ်းအေးတဲ့ ပညာရှိသူတော်ကောင်းထံ နေ့စဉ်မှန်မှန် ချဉ်းကပ်ရမယ်တဲ့၊ တစ်ယောက်တည်း တောင် တည့်အောင်မနေတတ်တဲ့ ပုထုဇဉ်ရဲ့ ဓာတ်ဆိုးတွေက ငြိမ်းအေးတဲ့ တရားဓာတ်ကောင်းနဲ့ ခွာပေးမှကွာကျမယ်၊ တရားစွမ်းအားအအေးဓာတ်ရှိတဲ့ သူတော်ကောင်းထံ နေ့စဉ် မှန်မှန်ချဉ်းကပ်မှ ကိုယ့်ထံ ဓာတ်ကောင်းရောက်မယ်၊ ဓာတ်ကောင်းရောက်မှလည်း ဓာတ်ဆိုးတွေ ပျောက်နိုင်တယ်။

အနည်းဆုံး မနက်အိပ်ရာထတာနဲ့ ဘုရားထံ ချဉ်းကပ်ရမယ်၊ ဘုရားထံ ချဉ်းကပ်တာလည်း ပညာရှိ သူတော်ကောင်းထံ ချဉ်းကပ်တာနဲ့ အတူတူပဲ။ ဘုရားထံ များများချဉ်းကပ်ရင် ဓာတ်ကောင်း များများရမယ်၊ ဘုရားဟာ ဓာတ်ကောင်း အကြွယ်ဝဆုံး အငြိမ်းအေးဆုံးပဲ မဟုတ်ဟား၊ သတိဉာဏ်နဲ့ အသက်ဂုဏ်သွင်းပြီး ချဉ်းကပ်တတ်ဖို့တော့ လိုတယ်ပေါ့။

ပြီးတော့ လက်တွေ့ငြိမ်းအေးအောင် ကျင့်နေကြတဲ့ သူတော်ကောင်းများထံ ချဉ်းကပ်ဖြစ်အောင် ချဉ်းကပ်ရမယ်၊ ဒါမှ ငြိမ်းချမ်းတဲ့ဓာတ်ကောင်းတွေရနိုင်မယ်၊ ငြိမ်းအေးသူထံ ချဉ်းကပ်မှလဲ ငြိမ်းအေးတဲ့ တရားတွေ၊ ငြိမ်းအေးကြောင်း တရားကောင်းတွေကို နာကြားခွင့်ရနိုင်မယ်။

(၃) က ဆိတ်ငြိမ်ရာမှာ တစ်ယောက်တည်း ချဉ်းကပ်ကျင့်သုံးရမယ်၊



www.burmeseclassic.com

www.burmeseclassic.com


(၄) က စိတ်ဓာတ် ငြိမ်းအေးအပူဝေးအောင် အဆက်မပြတ်လေ့ ကျင့်ပွားများရမယ်တဲ့။ လူသူကင်းပြတ်တဲ့ ဆိတ်ငြိမ်ရာ အရပ်ကို ချဉ်းကပ်ပြီး တစ်ယောက်တည်း ကျင့်သုံးမှုကို လေ့ကျင့်နေရမယ်၊ အခါအားလျော်စွာ ကာယဝိဝေကရအောင် တစ်ယောက်တည်း နေထိုင်ကျင့်သုံးရမယ်၊ သူများတွေက မခွာသေးမီ ကိုယ်ကပဲ လက်ဦးအောင် ခွာထားရမယ်။

အနည်းဆုံး စိတ္တဝိဝေကရအောင်တော့ အမြဲလေ့ကျင့်နေရမယ်၊ ကိလေသာနီဝရဏ အပူအရှုပ်တွေ ကင်းအောင် သတိနှင့် ဝီရိယတွဲပြီး လေ့ကျင့်နေရမှာပဲ၊ သတိနှင့်ဝီရိယ အတွဲမှန်မှ စိတ်မှာ သမာဓိအာနိသင် ပေါ်မယ်၊ စိတ်ငြိမ်သက်ငြိမ်းချမ်းမယ်၊ ဒါမှ သန့်စင်တဲ့ဉာဏ်ပေါ်လာမယ်။

တစ်ယောက်တည်းနေနိုင်အောင် ကြိုးစားရမယ်၊ မကင်းနိုင်လို့ အများထဲမှာ နေထိုင်လုပ်ကိုင်ရ တော့လည်း သတိနှင့်ဝီရိယတွဲတဲ့ အရှိန်ကိုတော့ ရပ်မထားရဘူး၊ အရှိန်ရလာအောင် အားပါလာအောင် လေ့ကျင့်နေရမယ်။

စိတ်ဓါတ်ငြိမ်းအေးအောင် မလေ့ကျင့်နိုင်ရင် အသိဉာဏ်တွေတုံးလို့ အပူနဲ့ပဲအချိန်ကုန်နေမှာပါ "ရှိတယ်' လို့သာ ပြောလို့ဖြစ်မယ်၊ "ချမ်းသာတယ်" လို့ ပြောနိုင်တော့မယ် မဟုတ်ဘူး၊ တရားကင်းဝေးနေရင် ဒီဘဝမှာတောင် ချမ်းသာအောင် မနေနိုင်တော့ဘူး၊ နောင်သံသရာဆိုတာတော့ အဝေးကြီး၊ လောကုတ္တရာ ချမ်းသာအတွက်ဆိုတာတော့ ပိုပြီးဝေးတော့မှာပဲ။

အခါခပ်သိမ်း အလုပ်ခပ်သိမ်း နေရာခပ်သိမ်းမှာ သတိ၊ ဝီရိယ အတွဲမှန်အောင် လေ့ကျင့်ပေးနိုင်ရင် သန့်စင်တဲ့ ဉာဏ်ပေါ်ပြီး လာဘ်မြင်တယ်၊ တရားအားလုံးကို ချုပ်ကိုင်ထားတဲ့ အသိဉာဏ် ပေါ်လွင်ထင်ရှား လာမယ်၊ ဒီလိုဆို နေ့စဉ်လုပ်နေတဲ့ အလုပ်တွေထဲ တရားစွမ်းအားတွေ တန်းစီ ကောက်ယူသွားရုံပဲ၊ စွမ်းအားမျိုးစုံ သိုလှောင်ထားတဲ့ ခန္ဓာဂိုဒေါင်ကြီးထဲမှာ သတိဉာဏ်သော့တံနဲ့ ဖွင့်ပြီး လိုရာကို နေ့စဉ် ထုတ်သုံးနေရုံပဲ၊ ဉာဏ်မရှိရင် ခန္ဓာဟာ ဒုက္ခတုံးကြီး ဖြစ်ပေမယ့် ဉာဏ်ရှိသူအတွက် လိုရာ ထုတ်ယူသုံးစွဲနိုင်တဲ့ ဣစ္ဆာသယ ရတနာအိုးကြီးပါ၊ သာသနာနှင့် တွေ့နေရတာကိုး။

## ၁၁။ မေတ္တာပွားက အောင်ပွဲရ

- **မေတ္တာမပွား၊ ဘေးရန်များ၊ ပေါ်များလှသည်သာ။**
- **မေတ္တာပွားက၊ အောင်ပွဲရ၊ တွင်းပဘေးရန်ကွာ။**
- **ဘေးရန်ကင်းပျောက်၊ စွမ်းအားရောက်၊ ပြီးမြောက်စိတ်ချမ်းသာ။**

မြတ်စွာဘုရားဟောကြားတဲ့ တရားက အရှင်ဝါရဏရဲ့ ကျင့်စဉ်လုပ်ငန်းနဲ့ ကွက်တိ အံကိုက်ဖြစ်နေတယ်၊ အရှင်ဝါရဏဟာ တစ်ဝါတွင်းလုံး ဘုရားဟောတရားတွေကို ဆရာတော် ဦးတိဿထံက နေ့စဉ် နာယူခဲ့ရတယ်၊ ငြိမ်းအေးတဲ့ မေတ္တာရှင် ဆရာတော်ဦးတိဿထံ နေ့စဉ် ချဉ်းကပ်ခွင့်ရခဲ့တယ်၊ ဆရာသမား လမ်းညွှန်ချက်အတိုင်း ဆိတ်ငြိမ်ရာ တစ်ပါးတည်း သွားအားထုတ်တယ်၊ စိတ်ဓာတ်ငြိမ်းချမ်းအောင် မေတ္တာသမာဓိကို အထူး ပွားများပို့လွှတ်တယ်၊ ဝိပဿနာပါ အားထုတ်ခွင့်ရထားခဲ့တယ်။

အထူးအားဖြင့် မေတ္တာပွားများသူဟာ စိတ်ထဲမှာ အလုံးအကြိတ်အခဲတွေ မရှိသလောက် နည်းပါးနေတာ ဖြစ်လို့ ဉာဏ်စိုက်နိုင်သလောက် ဝိပဿနာအသိဟာ ရှင်းကနဲ ရှင်းကနဲပေါ်လာတယ်၊ စိတ်ထဲမှာ အလုံး အကြိတ်အခဲ အရှုပ်အညစ်တွေက အလွန်နည်းနေတော့ စားရသောက်ရ သွားရလာရ လုပ်ရကိုင်ရတာ အားလုံး ရှင်းကနဲ ရှင်းကနဲ ဖြစ်နေတယ်။

လောကထဲ ဆင်နွှဲခဲ့သမျှ ဓမ္မပွဲတွေမှာ အောင်ပွဲအတန်တန်ရလာခဲ့တဲ့ အရှင်ဝါရဏအတွက် ဘုရားရှင် ဟောပြပေးတဲ့တရားက အကြိုက်စရိုက် အလုပ်နှင့် အံဝင်ခွင်ကျဖြစ်နေတယ်၊ အရှင်ဝါရဏ သိပ်သဘောကျ လိုက်တာ။

မြတ်စွာဘုရားက အရှင်ဝါရဏအတွက် ဝိပဿနာလမ်းစဉ်တွေပြပြီး တရား ဆက်ဟောပေးတယ်၊ ဘုရားက ခန္ဓာတိဗ္ဗိကြီး ဖွင့်ပေးတယ်ပေါ့၊ တီဗွီကတော့ ခေတ်စကားအရ ပြောတာပါ၊ ကိုယ့်ခန္ဓာက အဆက်မပြတ် ထုတ်လွှတ်ပေးနေတဲ့ သတင်းမှန်တွေ သိအောင် ဝိပဿနာဉာဏ် အလင်းရောင် ဖွင့်ပြလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com


မေတ္တာသမာဓိနဲ့ စိတ်စင်ကြယ်နေတဲ့ အရှင်ဝါရဏဟာ ခန္ဓာဉာဏ်စိုက်ပြီး ဝိပဿနာ ရှုပွားလိုက်တယ်၊ ခန္ဓာအရှိကို အမှန်အတိုင်းသိသွားတော့ မကြာမီ အရှင်ဝါရဏ ရဟန္တာဖြစ်သွားတယ်၊ အရှင်ဝါရဏ အောင်သွားပြီပေါ့။

အရှင်ဝါရဏ ရဟန္တာဖြစ်ဖို့ အောင်ပွဲရဖို့အတွက် မေတ္တာတရားနဲ့ ဝိုင်းကူပေးကြရပါတယ်၊ ဆရာတော်ဦးတိဿထံကလည်း အကူအညီအများ ကြီးယူခဲ့ရတယ်၊ စပ်ကူးမတ်ကူး မြွေပါနှစ်ကောင်ထံကတောင် သံဝေဂတွေ ရယူခဲ့ရပါသေးတယ်၊ မြတ်စွာဘုရားထံကလည်း စွမ်းအားကောင်း ထုတ်ယူပုံ နည်းလမ်းကောင်းတွေ အများကြီးယူရတယ်။

မေတ္တာကောင်းတဲ့ ဒကာ ဒကာမအပေါင်းတွေထံကလည်း ပစ္စည်းလေးပါး ထောက်ပံ့ကူညီမှုတွေ အများကြီး ရယူခဲ့ရပါတယ်၊ ဒါ့ကြောင့် အစွမ်းပြနိုင်တာပေါ့။

အရှင်ဝါရဏရဲ့ ဘဝအောင်ပွဲမှာ မေတ္တာဟာ အဓိကအခန်းက ပါဝင်နေတာကို တွေ့ရမယ်၊ မေတ္တာမပွားသူမှာ တရား အားထုတ်တာတောင်မှ ဘေးရန် အနှောင့်အယှက်တွေ ပေါ်များနေတတ်ပါတယ်၊ အနှောင့်အယှက်ပေါ်တော့ မအောင်မြင်နိုင်ဘူးပေါ့၊ မေတ္တာပွားမှ ဘေးရန် အနှောက်အယှက် ကင်းတယ်၊ ဒီတော့ဆောင်ရွက်သမျှ ပြီးမြောက် အောင်မြင်တယ်ပေါ့၊ အရှင်ဝါရဏရဲ့လမ်းစဉ်က မိမိတို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ လမ်းညွှန်သင်ခန်းစာပါ။

## ၁၂။ စွမ်းအားမေတ္တာ လှူဥစ္စာ

- **၁။ ငါတို့သုံးစား၊ ပစ္စည်းအားကြောင့်၊ အများသူငါ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- **၂။ ငါတို့ဆည်းပူး၊ ပစ္စည်းထူးကြောင့်၊ ကျေးရွာရှင်မှာ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- **၃။ငါတို့ပေးငြား၊ ပစ္စည်းအားကြောင့်၊ မိသားစုမှာ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- **၄။ ငါတို့ပေးနေ၊ ပစ္စည်းတွေကြောင့်၊ မိတ်ဆွေအများ၊ ဆွေမျိုးများမှာ၊ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- **၅။ ငါတို့လှူဒါန်း၊ ပစ္စည်းစွမ်းကြောင့်၊ ရဟန်းရှင်မှာ ဘေးရန်ကွာ၊ ချမ်းသာကြပါစေ။**
- **စွမ်းအားမေတ္တာ၊ လှူဥစ္စာ၊ ချမ်းသာတိုးပွားပေ။**

လူတွေ နေ့စဉ်ရှာဖွေစုဆောင်းနေကြတဲ့ ပစ္စည်းဥစ္စာတွေဟာ လူတွေရဲ့ ပါရမီဖြည့်ဖက်တွေပါ၊ အလွန်ချစ်ခင်တဲ့ ဆွေမျိုးတွေနဲ့ ရက်ပိုင်း၊ လပိုင်း၊ နှစ်ပိုင်းခွဲထားလို့ ဖြစ်နိုင်ပေမယ့် ပစ္စည်းနှင့် လူကတော့ တစ်ရက်တည်းတောင် ခွဲထားလို့မရပါဘူး၊ ပစ္စည်းနှင့်လူခွဲထားလိုက်ရင် လူမှာ အလုပ်မဖြစ်တော့ဘူး၊ ကိုယ့်ရဲ့ အသက်ရှည်ဖို့ ကျန်းမာဖို့ ခွန်အားတိုးဖို့ ဉာဏ်ပညာပွားဖို့ ကိစ္စအတွက်ပဲ ဖြစ်ဖြစ်၊ လောက သာသနာ အများကောင်းကျိုးပြု ကိစ္စအတွက်ပဲဖြစ်ဖြစ် ပစ္စည်းပါမှ အလုပ်ဖြစ်ပါတယ်။

သာမန်အားဖြင့် ပစ္စည်းဆိုတာ ကိုယ်သုံးဖို့နဲ့ သူ့ပေးဖို့ နှစ်မျိုးခွဲပြောရပေမယ့် ပိုက်ဆံ (ငွေစက္ကူ) ကျတော့ သူ့ပေးဖို့ သက်သက်ပါ၊ တကယ်ပဲ အကုန် သူ့ပေးပစ်မှာပါ၊ ကိုယ့်ရဲ့ စားရေးကိစ္စအတွက် ကိုယ့်ဆီက ပိုက်ဆံ သူ့ကိုပေးမှ သူ့ဆီက စားစရာ ပြန်ရမယ်၊ ပိုက်ဆံကို ကိုက်စားလို့ မဖြစ်ဘူး၊ ကိုယ့်ပိုက်ဆံ သူ့ပေးမှ သူ့ဆီက ဝတ်စရာရမယ်၊ ပိုက်ဆံကို ဝတ်လို့မရဘူး၊ ကိုယ့်ပိုက်ဆံ သူ့ပေးမှ သူ့ဆီက နေစရာရမယ်၊ သူက နေစရာ ဖန်တီးပေးလိမ့်မယ်၊ ပိုက်ဆံပေါ် တက်နေလို့မရဘူး၊ နေမကောင်းတဲ့အခါ ကိုယ့်ပိုက်ဆံ သူ့ပေးမှ သူ့ဆီက ဆေးဝါးပြန်ပေးလိမ့်မယ်၊ သူက ကိုယ့်ရောဂါ ပျောက်အောင် ကုပေးလိမ့်မယ်၊ ပိုက်ဆံကို ထောင်းထု အရည်ဖျော်သောက်လို့ ရောဂါမပျောက်ဘူး၊ အဲဒီလို စသည်ဖြင့် အကုန် သူ့ပေးပစ်လိုက်ရမှာပါ။

ကိုယ့်ပိုက်ဆံ သူ့ပေးတဲ့အခါ ကုန်သွားတာနဲ့ စိတ်စွမ်းအားကျသွားတဲ့ "ကုန်ကျ" ပုံစံနဲ့ မပေးရဘူး၊ ကုန်သွားတာနဲ့ ပြန်ရတဲ့ "ကုန်ရ" ပုံစံနဲ့ ပေးဖို့ လိုလိမ့်မယ်၊ ပြန်ရတော့လည်း တန်ဖိုးညီတဲ့ပစ္စည်း အစားပြန်ရတာလောက်နဲ့ မပြီးစေရဘူး၊ တန်ဖိုးမမှီတဲ့ (တန်ဖိုးမဆုံးဖြတ်နိုင်တဲ့) ကောင်းမှုတရားရအောင်ထိ ပေးတတ်ရမယ်၊ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာထိရအောင် ယူတတ်ရမယ်၊ ဒါဆို သတိဉာဏ် ဦးဆောင်တဲ့ မေတ္တာကို အထူးလိုအပ်မယ်ပေါ့။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းအားလုံး တံခါး ၅-ပေါက်က ပြန်ထွက်သွားကြလိမ့်မယ်၊ ကိုယ့်အစီအစဉ်နဲ့ ထွက်တာကို ပြောတာပါ။ ရန်သူမျိုး ၅-ပါးကြောင့် ထွက်တာကတော့ ကိုယ့်အစီအစဉ်နဲ့ ထွက်သွားတာ မဟုတ်လို့ ဒီမှာ ထည့်မပြောတော့ဘူး၊ ကိုယ့်အစီအစဉ်နဲ့ ထွက်သွားတိုင်း ကောင်းမှုဆိုတဲ့ "ကုန်ရ" ပုံစံ ပေါ်စေရမယ်၊ သဒ္ဓါ၊ မေတ္တာ၊ ပညာ လိုမယ်ပေါ့၊ သတိဉာဏ် ဦးဆောင်နေရမှာပဲ။

(၁) ကိုယ့်ပစ္စည်းတွေထဲက ကိုယ့် စားဝတ်နေရေး၊ ကျန်းမာရေးအတွက် ပစ္စည်း ကုန်သွားတဲ့အခါ အသက်ရှည်ဖို့၊ ကျန်းမာဖို့၊ ခွန်အားတိုးဖို့၊ ဉာဏ်ပညာများဖို့ သုံးတာဖြစ်ရမယ်၊ သက်ရှည်- ကျန်းမာ-ပညာ- ခွန်အားကို အခြေခံပြီး သီလ၊ သမာဓိ၊ ပညာ ဖြည့်တာပါရမယ်၊ ဖြည့်ဖို့လည်း ဦးတည်ရည်ရွယ်ရမယ်၊ ပစ္စည်းကုန်လို့ ကိုယ်တရားရတဲ့ "ကုန်ရ" ပေါ့။

ဒါတင်မကသေးဘူး၊ ကိုယ့်စွမ်းအားကို အခြေခံပြီး သူတစ်ပါးတွေ ချမ်းသာအောင် ဆောင်ရွက်ပေးဖို့ ရည်ရွယ်ချက် ပါရမယ်၊ "ငါ့စွမ်းအားကြောင့် အားလုံး ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ" လို့ မေတ္တာလွှမ်းခြုံပေးရမယ်၊ ကိုယ်လဲ တရားစွမ်းအားတွေရ သူလဲ ချမ်းသာပေါ့၊ ကိုယ့်ပစ္စည်း ကုန်တော့ သူလည်းချမ်းသာရ၊ ကိုယ်လည်း ဒါန၊ သီလ၊ ဘာဝနာ ပြန်ရတဲ့ "ကုန်ရ" ပါပဲ၊ "ကုန်ကျ" မဟုတ်ပါဘူး။

(၂) ကျေးဇူးရှင်တွေအတွက် ပေးတဲ့အခါ သတိဉာဏ် ဦးဆောင်ပြီး မေတ္တာနဲ့ပေးရမယ်၊ ကျေးဇူးရှင်တွေလည်း ဝမ်းသာရ-ချမ်းသာရပေါ့၊ ကိုယ့်မှာလည်း ကျေးဇူးရှင်တွေ ချမ်းသာအောင် ဆောင်ရွက်ပေးရလို့ ကောင်းမှုတွေ ပြန်ရပေါ့၊ စိတ်ကောင်းက တုန့်ပြန်သွားလို့ ကောင်းမှုတွေ ရလိုက်တာပါ၊ ကောင်းမှုရလျှင် ချမ်းသာ ဧကန်လာမယ်၊ ဒါလည်း "ကုန်ရ" ပါပဲ။

(၃) အတူနေ ကိုယ့်မိသားစုတွေ ပေးတော့လည်း မေတ္တာနဲ့ပဲ ပေးပေါ့၊ မေတ္တာ၊ သမာဓိ ရှိရင် ဉာဏ်လည်း ပေါ်ပါတယ်၊ ဒါန၊ သီလ၊ ဘာဝနာ ပုံစံ ကျရမယ်ပေါ့၊ ကိုယ့်ဆီက ကုန်တာမများလှပေမယ့် သူတို့ချမ်းသာရသွားတာရော ကိုယ်က ကောင်းမှုပြန်ရလာတာရော အရက အများကြီးပဲ၊ သတိဉာဏ် ဦးဆောင်မှုကောင်းရင် မဂ် ဖိုလ် နိဗ္ဗာန်ထိ ကျေးဇူးပြုနိုင်တယ်၊ တကယ်ကုန်ရ ကျိုးနပ်တဲ့ "ကုန်ရ" ပါပဲ၊ မိသားစုဆိုတာ ပါရမီဖြည့်ဖက်တွေပါ။

(၄) ဆွေမျိုးတွေ မိတ်ဆွေတွေပေးတော့လည်း မေတ္တာဖြန့်ပွားပို့လွှတ်ပြီးမှ ပေးရမယ်၊ သွေးသားတော်စပ်သူတွေက ဆွေမျိုးအချင်းချင်း ကူညီဘူးသူတွေက မိတ်ဆွေပေါ့၊ ဈေးရောင်းသူဟာ ကိုယ်ဝယ်ယူချင်တဲ့ပစ္စည်းကို ဆိုင်မှာ ရှာထားတဲ့အနေနဲ့ ကူညီတဲ့မိတ်ဆွေ၊ ဆိုက်ကားဆရာ၊ ကားဆရာတို့ဟာလည်း ကိုယ်သွားလိုရာ ပို့ဆောင်ကူညီပေးတဲ့ မိတ်ဆွေတွေပေါ့၊ ကိုယ့်ကိစ္စပြီးအောင် စွမ်းဆောင်ချက်တစ်ခုခုနဲ့ ကူညီပေးသူအားလုံး မိတ်ဆွေပဲ၊ မေတ္တာနဲ့ ကျေကျေနပ်နပ် အဖိုးအခပေးတတ်ရင် ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ပြန်ရမယ်။

၅၀ဝိ/- တန် ငွေစက္ကူကို အဖိုးအခ ပေးတယ်ပဲထားပါ၊ စက္ကူပေါ်ရေးထည့်ထားတဲ့ ၅၀ဝိ/- ဆိုတဲ့ ဂဏန်းက စကားပြောဖြစ်ရုံလေးပါ၊ ပေးသူရဲ့ဉာဏ်က အဆင့်မြင့်ရင် ရလာတဲ့တန်ဖိုးက ရေတွက်ကန့်သတ်လို့ မရနိုင်ပါဘူး၊ ၅၀ဝိ/- တည်းနဲ့ ကံအများကြီး မြင့်သွားမယ်၊ နိုင်ငံအတွက် အခွန်အခ ပေးဆောင်တော့လည်း ဆွေမျိုးမိတ်ဆွေစိတ် ထားပေးရမယ်။ အားလုံး "ကုန်ရ" ချည်း ဖြစ်သွားမယ်၊ အားတက်စရာပေါ့။

(၅) အလှူခံအတွက် ပေးလှူတော့လည်း မေတ္တာပို့ပြီးမှ ပေးရမယ်၊ ကိုယ်ရဖို့ထက် သူချမ်းသာဖို့ ဦးစားပေးရမယ်ပေါ့၊ မေတ္တာပါရင် ဒါနတင်မကဘူး၊ သီလ၊ သမာဓိ၊ ဝိပဿနာ အစုံရသွားမယ်၊ သာသနာလည်း တိုးတက်ကြီးပွားမယ်၊ တရားတွေ ပညာတွေလည်း ပြန့်ပွားသွားမယ်၊ သူလည်းချမ်းသာရ၊ ကိုယ်လည်း မဂ် ဖိုလ် နိဗ္ဗာန်ထိ ရပေါ့၊ ကုန်တာနဲ့ မကာမိအောင် ရတာပါ၊ ဒါလည်း "ကုန်ရ" ပဲပေါ့၊ မေတ္တာတရားဟာ လူ့စွမ်းအားအစစ်ပါ။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၇ ခု၊ ပြာသိုလ (၂၀၀၆၊ ဇန်နဝါရီလ)



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋကဓရ ဓမ္မလက်ဆောင် (၃၇)

## အကုန်အစရ လူ့ဘဝ

## (၆၃–နှစ်ပြည့်အထူးလက်ဆောင်)

## နမောအာသဝက္ခယညာဏဿ

### ၁။ အကုန်အစရလူ့ဘဝ

ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

(ဟဒီ-၂-၁၂၈)

- **ရလာသမျှ၊ တစ်ခဏ၊ မုချကုန်ရမည်။**
- **သူကုန်သွားလျှင်၊ သတိဝင်၊ စွမ်းအင်ဖြည့်ရမည်။**
- **အကုန်အစရ၊ လူ့ဘဝ၊ အရနိုင်မှ ချမ်းသာမည်။**

လူ့တစ်ဘဝလုံး တူရာပေါင်းပြီး အကျဉ်းချုံးလိုက်ရင် ကုန်တာနှင့်ရတာ နှစ်ခုတည်းပါပဲ။ ကုန်တာနှင့် ရတာ နှစ်ခုမှာ ဘယ်ဟာ ပိုကြိုက်သလဲလို့ သူများက မေးခဲ့ရင် မကောင်းတာဆို ကုန်တာ ကြိုက်တယ်၊ ကောင်းတာဆို ကုန်တာ မကြိုက်ဘူး။ ကောင်းတာဆို ရတာ ကြိုက်တယ်၊ မကောင်းတာဆို ရတာ မကြိုက်ဘူးလို့ သာမန်အားဖြင့် ပြောချင်ပြောလိမ့်မယ်။

တရားသဘောကတော့ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ကောင်းကောင်း မကောင်းကောင်း အချိန်စေ့ရင် ကုန်သွားမယ်။ အချိန်မစေ့သေးပေမယ့် ကုန်အောင် လုပ်ပစ်လိုက်ရင်လည်း အချိန်မရွေး ကုန်သွားမှာပဲ။ ကြိုက်ကြိုက် မကြိုက်ကြိုက်၊ ကောင်းကောင်း မကောင်းကောင်း၊ အကြောင်း ပြည့်စုံလုံလောက်ရင် ရမယ်။ အကြောင်းတစ်ခု၊ နှစ်ခုရှိရုံနဲ့ ရချင်မှ ရမယ်။ အကြောင်းစုံမှ ရမှာပဲ။

ဒီလိုဆို ရလာရင် ကုန်သွားမှာ သေချာတယ်ပေါ့။ ကုန်တာချင်းတူရင် ဘယ်လိုကုန်တာ ကြိုက်သလဲ၊ ဘယ်လိုကုန်တာ မကြိုက်ဘူးလဲလို့ ထပ်ခွဲကြည့်ဦးပေါ့။ ကုန်သွားလို့ ကောင်းတာ ရမယ်ဆိုရင် ကြိုက်တယ်၊ ကုန်သွားလို့ ကောင်းတာမရဘဲ မကောင်းတာရမယ်ဆိုရင် မကြိုက်ဘူးလို့ ခွဲပြောမိလိမ့်မယ် ထင်ပါတယ်။

ဈေးရောင်းတဲ့လူလိုပဲ ဖြစ်မှာပေါ့။ ဈေးရောင်းတဲ့လူဟာ ရောင်းကုန်ပစ္စည်းတွေ ကုန် လေ ကြိုက်လေ၊ ကုန်လေ သဘောကျလေ ဖြစ်မှာပါ။ ရောင်းကုန်ပစ္စည်း တစ်ခုမှမကျန်အောင် ကုန်သွားရင်တော့ ဈေးရောင်းသူ အပျော်ဆုံးပေါ့။ ကုန်တဲ့နောက်က ကောင်းတဲ့ အဖိုးအခ အမြတ်အစွန်း များများရတာကိုး။ ကုန်သည်ဆိုတော့ ကုန်သွားတော့လည်း ရှိတဲ့နေရာက ပြန်သယ်ယူပြီး ဆက်ရောင်းမှာပဲ။

တကယ်လို့ ရောင်းကုန်ပစ္စည်း ၄-၅ သိန်းဖိုးလောက် သူခိုး ခိုးခံရလို့ ကုန်သွားရင်တော့ ဈေးရောင်းသူဟာ သိပ်ပြီး စိတ်ဆင်းရဲသွားမှာပဲ။ ကုန်တဲ့နောက်က ကောင်းတာမရဘဲ မကောင်းတဲ့ ဆုံးရှုံးမှုကို ရသွားတာကိုး။

လူ့ဘဝမှာလည်း ဒီလိုပါပဲ။ လူမှာရှိနေသမျှ အားလုံးကုန်မှာချည်းပါ။ အချိန်တွေ ကုန်မယ်။ အရွယ်တွေကုန်မယ်။ သက်မဲ့သက်ရှိ ပစ္စည်းအားလုံးကုန်မယ်။ ဘာမဆို အားလုံးကုန်မယ်။ ကုန်သွားတဲ့နောက်က ကောင်းတာ ရလိုက်မှပဲ ပျော်ရွှင်အားတက်ရမှာပါ။ အကုန်နောက်က အကောင်းမရဘဲ အရှုံးရရင်တော့ ပူရ အားငယ်ရမှာပဲ။ အရှုံးများသလောက် အပူလည်းကြီးမှာပါ။

တစ်နှစ်ပြည့်တိုင်း စကားအနေနဲ့ ပြောနေကြတဲ့ မွေးနေ့ဆိုတာလည်း အကုန်နဲ့အရပါပဲ။ ကံက ကန့်သတ်ထားတဲ့ ဒီဘဝမှာနေရမယ့် အသက်ရှင်ခွင့်တွေထဲက နောက်ထပ်တစ်နှစ် ကုန်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ်အသက်ရှင်ခွင့် တစ်နှစ်လျော့နည်းသွားတယ်ပေါ့။ နောက်ထပ်တစ်နှစ်ဆိုတဲ့ ဂဏန်းတစ်လုံး တိုးပြီး ရလာတယ်။ မနှစ်က ၆၂-နှစ်ဆိုရင် ဒီနှစ် ၆၃-နှစ် ဖြစ်သွားမယ်ပေါ့။

အဲဒီ နောက်ထပ်ရလာတဲ့ ဂဏန်းတစ်လုံးကို ဉာဏ်နဲ့ သေချာခွဲကြည့်ဖို့လိုမယ်။ အခွဲချည်းပဲလား။ အနှစ်အဆံကော ပါရဲ့လား။ သိဖို့လိုမယ်။ တစ်နှစ်လုံး အခွံချည်းသာဆိုရင် ဒီဂဏန်း ဘာအသုံးကျမှာလဲ။ ကိုယ့်ကို ပြန်ခြိမ်းခြောက်နေတဲ့ ကြောက်စရာဂဏန်းပဲ ဖြစ်နေမှာပေါ့။ ခုနက ကုန်ပစ္စည်း သူခိုး ခိုးခံရတဲ့ ဈေးသည်လိုပဲ ပူရတော့မှာပေါ့။ အကုန်နှင့်အရမှာ အကုန်ကပဲ နိုင်သွားပြီပေါ့။ ကိုယ့်ဂဏန်း ထောင်းထု နှိပ်စက်တာကို ကိုယ့်ဟာကိုယ် လူးလှိမ့်ခံရုံပဲပေါ့။

ရလာတဲ့ဂဏန်းတစ်လုံးထဲမှာ ကောင်းမှုတရား အနှစ်အဆံတွေ အပြည့်ပါလာမှ ပျော်ရွှင်အားတက် ကြည်နူးဖွယ် ဖြစ်မယ်။ ဒီလိုဆိုရင် မွေးနေ့ကောင်းမှုဟာ နေ့စဉ်မပြတ် လုပ်နေရမှာဆိုတာ ပေါ်လာပြီပေါ့။ ဒါမှ တစ်နှစ်ပြည့်တိုင်း အနှစ်အဆံတွေ ပြည့်ပြီးပါလာမှာကိုး။ တစ်နှစ်တစ်ခါ လုပ်နေရင်တော့ အနှစ်အဆံပြည့်မှာ မဟုတ်တော့ဘူး။ တစ်နှစ်ပြည့်ရင် နှစ်ချုပ် ပြန်ပေါင်းတာမျိုးပဲ ဖြစ်သင့်တယ်။

ကုန်သွားတိုင်း အားတွေဖြည့်ပေးဖို့အချိန်၊ အာရုံ စိတ်ကို ထိန်းပေးတဲ့သတိကို အထူးလိုအပ်မယ်။ သတိရှိမှ အပူငြိမ်းပြီး စိတ်ငြိမ်မယ်။ စိတ်ငြိမ်မှ ဉာဏ်ပွင့်မယ်။ ဉာဏ်ပွင့်မှ လာဘ်မြင်ပြီး အရများအောင် ယူဖြစ်မယ်။ အကုန်နှင့်အရမှာ အရနိုင်သွားမယ်။ ဒါမှ ယခုလည်း အားရှိလို့ ချမ်းသာမယ်။ နောင်လည်း ချမ်းသာမယ်ပေါ့။

## ၂။ ပိုက်ဆံက စကားပြောနေတယ်

- **အသိမမှန်၊ ကုန်ကျပြန်၊ ပိုက်ဆံတန်ဖိုးမရှိပါ။**
- **ဉာဏ်မရှိက၊ ကုန်၍ကျ၊ ဒုက္ခအပူပွားတတ်ပါ။**
- **အသိမှန်ကန်၊ ကုန်ရပြန်၊ ပိုက်ဆံတန်ဖိုးများလှပါ။**
- **ဉာဏ်ရှိပြန်က၊ ကုန်၍ရ၊ သုခစွမ်းရည်တိုးပွားလာ။**
- **ဂဏန်းမှာကား၊ လူအများ၊ စကားပြောရုံသာ။**

ကိုယ့်လက်ထဲ ၁၀၀၀ိ/- တန် ငွေစက္ကူတစ်ရွက်ရောက်လာတယ်ဆိုပါတော့။ ဒီစက္ကူကို ၁၀၀၀-တန်ငွေ၊ ၁၀၀၀-တန်ပိုက်ဆံလို့ အတည်ပြုစကားပြောနေရင် ဒီငွေစက္ကူက ကန့်ကွက်တယ် ဆိုပဲ။ တရားသဘောနဲ့ ကန့်ကွက်တာပါ။

ကန့်ကွက်ပုံက 'ကျုပ်ကို ဘာဖြစ်လို့ ၁၀၀၀ - တန် ငွေစက္ကူလို့ ပြောရတာလဲဗျာ၊ ဒီလောက်ပဲ အရည်အချင်း ညံ့ကြရသလားဗျာ၊ ကျုပ်ဟာ ၁၀၀၀-တန် မဟုတ်ပါဘူးခင်ဗျာ' တဲ့။

လူက 'ဟဲ့ . . ပိုက်ဆံ၊ နင့်အပေါ် ရေးထည့်ရိုက်နှိပ်ထားတဲ့ဂဏန်းက ၁၀၀၀-ဟဲ့၊ ဒါကို ကြည့်ပြီး နင့်ကို ၁၀၀၀-တန်လို့ ငါတို့ကပြောနေတာ' လို့ ပြောတော့ ပိုက်ဆံက 'ကျုပ်အပေါ် ရေးထည့် ရိုက်နှိပ်ထားတဲ့ ဂဏန်းက မိုးပေါ်က သူ့ဟာသူကျလာတဲ့ဂဏန်း မဟုတ်ပါခင်ဗျာ၊ လူတွေက ရေးထည့် ရိုက်နှိပ်ထားတာပါ၊ ကျုပ်က စက္ကူပဲဗျာ၊ စက္ကူဆိုတာ ထည့်လိုတဲ့ဂဏန်း ထည့်လို့ရမှာပေါ့၊ ၁ိ- လို့ ထည့်ရင် ဖြစ်သလို သိန်း ၁၀၀-လို့ ထည့်လိုက်ရင်လည်း ဖြစ်မှာပဲ။ ဂဏန်းကိုကြည့်ပြီး ကျုပ်ရဲ့တန်ဖိုးကို ဆုံးဖြတ်လို့ မဖြစ်ပါဘူးဗျာ'လို့ ပြန်ပြောတယ်။ တရားသဘောနဲ့ပဲ ပြောတာပါ။

'ဟဲ့ . . ပိုက်ဆံ ဒီလိုဆို နင့်အပေါ် ထည့်ထားတဲ့ဂဏန်းက ဘာလုပ်ဖို့လဲ'

'ကျုပ်အပေါ် ထည့်ထားတဲ့ဂဏန်းက လူတွေ စကားပြောဖြစ်ရုံလေးပါဗျာ၊ ဂဏန်းမပါရင် စကားပြောလို့မှ မဖြစ်ဘဲ၊ ဘယ်လောက်ပေးဝယ်ရတယ်၊ ဘယ်လောက်ယူတယ်၊ ဘယ်လောက်လှူတယ်လို့ ပြောဖို့က ဂဏန်းပါမှ ဖြစ်တာ၊ ကျုပ်အပေါ်က ဂဏန်းက စကားပြောဖြစ်ရုံပဲဗျ၊ ကျုပ်ရဲ့တန်ဖိုးကို မပြဘူး'

'ဟဲ့ . . ပိုက်ဆံ နင့်တန်ဖိုးကို ငါတို့ဘယ်လိုလုပ် သိရတော့မှာလဲ'

'ကျုပ်ကို သုံးစွဲသူရဲ့ အသိဉာဏ်ကိုကြည့်ပြီး ကျုပ်ရဲ့တန်ဖိုးကို သတ်မှတ်ဆုံးဖြတ်ရမှာပါဗျ'

'ကျုပ်ကို သုံးစွဲသူက ဘာဉာဏ်မှမရှိရင် အရက်သောက်၊ ဖဲရိုက်၊ လောင်းကစား၊ မူးယစ်ဆေးဝါး မှီဝဲလိုက်ရင် ကျုပ်အပေါ် ရေးထည့်ထားတဲ့ ၁၀၀၀-ဟာ တန်ဖိုးမဲ့ဂဏန်းပါခင်ဗျ၊ သူ့အတွက် ကျုပ်ဟာ လုံးဝ


www.burmeseclassic.com

www.burmeseclassic.com


တန်ဖိုးမရှိတော့ပါဘူးခင်ဗျ၊ တန်ဖိုးမရှိရုံသာမက ကျူပ်ကြောင့် သူဟာ အကြီးအကျယ် ဒုက္ခရောက်သွားနိုင်ပါတယ်ခင်ဗျ၊ ၁၀၀၀-တန်ကြောင့် ထောင်ဒဏ်လည်း ရသွားနိုင်ပါတယ်ဗျ၊ နံပါတ်ဂဏန်းကို ကြည့်ပြီး တန်ဖိုးသတ်မှတ်ဆုံးဖြတ်လို့ မဖြစ်နိုင်တော့ပါဘူးဗျ၊ အကုန်နှင့်အရမှာ အကုန်က နိုင်သွားပါပြီဗျ'

'တကယ်လို့ သုံးစွဲသူ ဉာဏ်ရှိရင်၊ လောက အသိဉာဏ်သာမက တရားအသိဉာဏ်ပါ ရှိနေခဲ့ရင် ဒီလိုလူအတွက် ကျူပ်မှာ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာစွမ်းအားတွေနဲ့ ကူညီပေးနိုင်တဲ့ သတ္တိတွေ ပါနေပါတယ်။ ကျူပ်ဟာ လူတွေရဲ့ ပါရမီဖြည့်ဘက် အဖော်ကောင်းပါ၊ ကျူပ်ပါမှ လူအလုပ် ဖြစ်ပါတယ်'

'ဟဲ့ . . ပိုက်ဆံ၊ နင့်မှာ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာနဲ့ ကူညီပေးနိုင်တဲ့သတ္တိ ရှိနေတယ်ဆိုတော့ ဒီသတ္တိတွေက နင့်မှာ ဘယ်လောက်စီ ပါဝင်တာလဲဟဲ့'

'ဟုတ်ကဲ့ခင်ဗျာ၊ ဒီပါဝင်တဲ့သတ္တိတွေကို လောကနည်းနဲ့ ခွဲကြည့်လို့ မသိနိုင်ပါဘူးခင်ဗျာ၊ ဓာတ်ခွဲခန်းထဲ ထည့်ခွဲလို့လည်း အဖြေမပေါ်နိုင်ဘူး၊ လောကီခေတ်မှီနည်းစနစ် အသစ်အဆန်းတွေနဲ့ စမ်းသပ်ကြည့်လို့လည်း ဘာအဖြေမှ မပေါ်နိုင်ပါဘူး၊ တရားအသိဉာဏ်နဲ့ ခွဲကြည့်မှပဲ အဖြေမှန် ပေါ်လာနိုင်ပါတယ်။ တကယ်တော့ နည်းမှန်လမ်းမှန် အသိဉာဏ်နဲ့ သုံးတတ်သူအတွက် ကျူပ် ၁-ရွက်လုံး ဒါနချည်းပါပဲခင်ဗျာ၊ ကျူပ် ၁-ရွက်လုံး သီလဆိုလည်း ဟုတ်တယ်၊ သမာဓိဆိုလည်း မှန်တယ်၊ ဝိပဿနာလည်း ဖြစ်နိုင်တယ်၊ အားလုံး ဖြစ်နိုင်တာချည်း ပါပဲဗျာ'

'ဉာဏ်ရှိသူက ကျူပ်ကိုသုံးစွဲရင် ကိုယ့်အတွက် သုံးတာတောင်မှ သီလ၊ သမာဓိ၊ ဝိပဿနာ၊ ပညာတွေ ပြန်ရနိုင်ပါတယ်၊ ကုန်ကျ မဖြစ်စေရဘူး၊ ကုန်ရပဲ ဖြစ်စေရမယ်၊ အကုန်နှင့်အရမှာ အရကသာ နိုင်ရမယ်၊ သီလဖြည့်ဖို့ သုံးရင် သီလပေါ့၊ သတိ ဝီရိယတွဲသုံးနိုင်ရင် သမာဓိပေါ်မယ်၊ ကုန်သွားတာကို ဉာဏ်နဲ့ကြည့်နိုင်ရင် ဝိပဿနာလည်း ရလာမှာပေါ့၊ လိုချင်သမျှ အားလုံးပြီးအောင် ဆောင်ရွက်ပေးနိုင်လို့ ကျူပ်ကို ပိုက်ဆံ ခေါ်တာပဲဗျာ'

'ဉာဏ်နဲ့အပေးတတ်ရင် ကိုယ့်မိသားစု ပေးတာတောင် ဒါနဖြစ်ရမယ်၊ ဈေးဝယ်လို့ အဖိုးအခ ပေးတာတို့၊ ကားငှားစီးလို့ အဖိုးအခပေးတာတို့၊ အခွန်အခပေးဆောင်တာတို့၊ အားလုံး ဒါနချည်းပဲ ကျန်ရမယ်၊ ဒီထက်နက်အောင် ဉာဏ်နဲ့ နှိုက်ယူတတ်ရင် သီလ၊ သမာဓိ၊ ဝိပဿနာတွေပါ နောက်က ဆက်ပါလာမယ်၊ သတိဉာဏ်လွတ်လို့သာ ကုန်ကျဖြစ်ကုန်တာပါ၊ သတိဉာဏ်ရှိသူအတွက် အားလုံး ကုန်ရချည်းပါ'

'ဉာဏ်ရှိသူမှာ ကုန်ရင်ကျသွားတာမျိုး မဖြစ်စေသင့်ဘူး၊ ကုန်သွားတိုင်း စွမ်းအား တစ်ခုခုရလာတာမျိုးပဲ ဖြစ်စေသင့်တယ်၊ ရတော့လည်း တစ်ထောင်ကုန်ရင် တစ်ထောင်တန်ပြန်ရတဲ့ တန်ဖိုးညီရတာမျိုး မဖြစ်စေသင့်ဘူး၊ တန်ဖိုးမမှီတဲ့ သိန်းသန်းကုဋေဂဏန်းနဲ့ တန်ဖိုးမဆုံးဖြတ်နိုင်တဲ့ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာတရား စွမ်းအားရတာမျိုးပဲဖြစ်စေသင့်တယ်'

'ဒီလိုဆို ၁၀၀၀-အကုန်ခံလိုက်ပေမယ့် နိဗ္ဗာန် မဂ်ဖိုလ်ထိ ကျေးဇူးပြုနိုင်တဲ့ ဂဏန်းနဲ့ ရေတွက်လို့ မရနိုင်အောင်များလှတဲ့ တရားစွမ်းအားတွေကို ရတာဆိုတော့ ရတာကအများကြီးပဲ။ အကုန်နှင့်အရမှာ အရက နိုင်သွားရပါတယ်။ နိုင်တာမှ အကြီးအကျယ် နိုင်သွားတာပါ၊ ဒါဆို ကျူပ်အပေါ် ရေးထည့်ရိုက်နှိပ်ထားတဲ့ ၁၀၀၀-ဆိုတဲ့ ဂဏန်းဟာ လူ့အသိဉာဏ်အစွမ်းကြောင့် တိုင်းတာကန့်သတ် ဆုံးဖြတ်လို့မရနိုင်အောင် အများကြီး တန်ဖိုးရှိတယ်ပေါ့၊ ဉာဏ်ရှိတဲ့လူ ဒီလိုပဲ လက်ခံမှာပါ'

ဒါတွေဟာ ပိုက်ဆံက ပြောနေတဲ့စကားတွေပါ။ တရားသဘောနဲ့ပြောတာဆိုတော့ တရားအသိဉာဏ်ရှိတဲ့ လူတွေသာ ပိုက်ဆံပြောတဲ့ စကားကို ကြားသိရမှာပါ။ ပိုက်ဆံဟောတဲ့တရားကို နာကြားရသူတွေ ပိုက်ဆံတွေအပေါ် အမြင်ရှင်းပြီး ပိုက်ဆံကြောင့် မောပန်း ပူလောင်မှုတွေ လျော့သွားကြလိမ့်မယ် ထင်ပါတယ်။ ပိုက်ဆံကြောင့် အမောပြေ ပျော်ရွှင် အားတက်သွားနိုင်ပါတယ်။ အကုန်နှင့်စာရင် အရက များတော့မှာကိုး။

## ၃။ ကုသိုလ်ရတာကမှ တကယ့်လူ့အရေပါ (ကုသိုလ်လုပ်သား)

- **လူ၏ဘဝ၊ ရောက်လာကြလဲ၊ ကုသိုလ်ဘဲ၊ မလွဲပါနဲ့ပါ။**
- **မပြန်သေးခင်၊ ရောက်နေစဉ်လည်း၊ ကုသိုလ်ဘဲ၊ အမြဲကိုင်ရမှာ။**



www.burmeseclassic.com

www.burmeseclassic.com


- **အချိန်စေ့က၊ ပြန်သွားရလည်း၊ ကုသိုလ်ဘဲ၊ ရဲရဲယူသွားရာ။**
- **ကုသိုလ်လုပ်သား၊ ကုသိုလ်များ၊ ယူသွားရမှာပါ။**
- **ကုသိုလ်ဓမ္မ၊ လူ့ဘဝ၊ လုပ်ခရလဒ်ပါ။**
- **စိတ်ဓာတ်တွေပေါ့၊ ကုသိုလ်လျှော့၊ အားပျော့လည်းတတ်ပါ။**
- **ကုသိုလ်ဂုဏ်သိရ်၊ လူ့အရှိန်၊ တည်ငြိမ်အေးချမ်းပါ။**

လူဆိုတာ ကုသိုလ်အရှိန်နဲ့လာခဲ့တာ၊ လူဖြစ်နိုင်လောက်အောင် အကြောင်း ပြည့်စုံလို့လောက်လို့ လူ့ဘဝ ရောက်လာခဲ့တာပါ။ လာတုန်းက အရှိန်ကောင်းခဲ့ပေမယ့် သံသရာခရီးကြမ်းကို ဖြတ်သန်းခဲ့ရတာလဲ တစ်ကြောင်း၊ ဆင်းရဲမျိုးစုံနဲ့လုံးထွေးပြီး အရှုံးပေးခဲ့ရတာကလည်းတစ်ကြောင်းတို့ကြောင့် ဖွားမြင်လာတာနဲ့ အရှိန်တွေ ရပ်သွားရတယ်။ မိဘဆရာ စသူတို့ ဝိုင်းကူကြပေလို့သာ အရှိန် ပြန်တက်လာရတာဖြစ်တယ်။

မိမိတို့အားလုံး ဒီလူ့ဘဝကို ခဏပဲ ရောက်လာကြတာပါ။ အမြဲနေချင်လို့လည်း အမြဲနေခွင့် မရှိပါဘူး။ ဘူတာတစ်ခုမှာ အတင်အချလုပ်ရုံလေး မီးရထားတွဲ ရပ်နေသလိုပါပဲ။ ဒီရပ်ခန့်မှာ အဟောင်းရယ်၊ ကိုယ်နှင့်ဆိုင်သမျှ ပစ္စည်းအားလုံးရယ်၊ ကံဆုံပေးလို့တွေ့ရတဲ့ ဆွေမျိုးအားလုံးရယ် ဒါတွေအားလုံး ဒီဘူတာမှာ ချထားခဲ့ရမယ်။ မီးရထားထွက်တော့ ကုသိုလ်တစ်ခုပဲ တင်သွားရမှာ ဖြစ်တယ်။

ဘဝခန့်မီးရထားတွဲ ဒီဘူတာကမထွက်သေးလို့ မပြန်သေးခင်လည်း လူဆိုတာ ကုသိုလ်အရှိန်နဲ့ပဲ နေနိုင်အောင် သတိထား အမြဲကြိုးစားနေရမယ်။ ပုထုဇဉ်ဆိုတာ ဆေးအရှိန် ဆေးအထိန်းနဲ့ အသက်ရှင်နေရတဲ့ လူမမာလိုဘဲ။ နာကျင်ကိုက်ခဲ ရောဂါသည်းနေတဲ့လူမမာဟာ ဆေးသောက်၊ ဆေးစား၊ ဆေးထိုး၊ ဆေးလိမ်း ပေးလိုက်ရင် ရောဂါသက်သာပြီး နေသာထိုင်သာ ရှိသွားသလိုပေါ့။

ဘဝများစွာ အထုံစွဲခဲ့လို့ မွေးကတည်းက ပါလာခဲ့တဲ့ ကိလေသာရောဂါတွေကြောင့် စိတ် နာကျင်ကိုက်ခဲ ရောဂါသည်းနေတဲ့ ပုထုဇဉ်လူမမာဟာ ကောင်းမှုတရား ဆေးဝါးအရှိန်နဲ့ ထိန်းပေးနိုင်မှ စိတ်နာသက်သာပြီး နေသာထိုင်သာရှိတာပါ။

လူမမာဟာ ဆေးအရှိန် ဆေးအထိန်းကို လျှော့လိုက်ရပ်လိုက်တာနဲ့ ရောဂါပြန်သည်းပြီး အနေခက်တတ်သလို ပုထုဇဉ်လည်း နေ့စဉ်လုပ်နေကျ ကောင်းမှုတရား ဆေးဝါးအထိန်းကို လျှော့လိုက် ရပ်လိုက်တာနဲ့ ကိလေသာရောဂါပြန်သည်းပြီး စိတ်ညစ်စိတ်ရှုပ်စိတ်ပျက် စိတ်ဆင်းရဲစရာတွေချည်းပဲ အဆက်မပြတ် တွေ့ကြုံနေရတော့မယ်။ ကိုယ့်အရှိအားလုံး ကိလေသာနဲ့ပေါင်းပြီး ကိုယ့်ကို ပြန်နှိပ်စက် ကြတော့မယ်။ ဒါကြောင့် နေ့စဉ်လုပ်နေကျ ကုသိုလ်အရှိန်ကို လုံးဝ အလျှော့မပေးသင့်ပါဘူး။

လူ့အရှိတွေထဲမှာ ကုသိုလ်ရှိတာကမှ တကယ့်အရှိပါ။ လူ့အရတွေထဲမှာ ကုသိုလ်ရတာကမှ တကယ့် အရပါ။ ကိုယ်နှင့်ဘယ်တော့မှ မခွဲရတော့ပဲကိုး။ ပြီးတော့ လူ့အသိတွေထဲမှာ ကုသိုလ်ရအောင်ယူနိုင်တဲ့ ကုသိုလ်လာဘ်မြင်တဲ့အသိကမှ တကယ့်အသိပါ။ စားဖြစ်ရုံ သောက်ဖြစ်ရုံလောက် သိတဲ့အသိမျိုးဟာ လူ့အသိအစစ် မဟုတ်သေးပါ။ စားဖြစ်ရုံ သောက်ဖြစ်ရုံလောက်တော့ တိရစ္ဆာန်တွေလည်း အထိုက်အလျောက် သိသားပဲ။

လူရဲ့အဓိကအင်အားက ကုသိုလ်ပဲဆိုတော့ နေ့စဉ်လူတွေ မလွတ်တမ်းကိုင်ထားရမှာက ကုသိုလ်ပဲ။ သတိမြဲအောင် လေ့ကျင့်ပေးရမယ်ပေါ့။ ဒါမှ ဉာဏ်ပေါ်လို့ ကုသိုလ် လာဘ်မြင်မှာကိုး။ နေ့စဉ် ဘာတွေပဲကုန်ကုန် အကုန်နောက်က အခြား ဘာမှ မရချင်နေ၊ ကုသိုလ်တစ်ခုတော့ မဖြစ်မနေ ရအောင် ယူတတ်ရမယ်။ ပစ္ဆိမပွဲမှာ ကုသိုလ်မှီရာဆွဲကိုင်ထားမှ အချိန်စေ့လို့ ပြန်သွားတော့ ကုသိုလ်အရှိန်နဲ့ ပြန်သွားနိုင်မယ်။ ဒါမှ မျက်နှာမငယ် ရမှာပေါ့။

တရားထဲမှာ အရှိန်အဝါအကြီးဆုံးဖြစ်တဲ့ သတိဉာဏ်က လူကို ကုသိုလ်လုပ်သားအဖြစ် တာဝန်ပေးပါတယ်။ ကုသိုလ်လုပ်သားရဲ့လုပ်ခက ကုသိုလ်ပဲပေါ့။ ကုသိုလ်လုပ်သားအဖြစ် တာဝန်မယူနိုင်တဲ့ လူကို အဝိဇ္ဇာ တဏှာက ဇရာလုပ်သား၊ ဗျာဓိလုပ်သား၊ ကိလေသာလုပ်သား၊ ဒုက္ခလုပ်သားဖြစ်အောင် တာဝန်ပေးတော့မှာပဲ။


www.burmeseclassic.com

www.burmeseclassic.com


ကုသိုလ်လုပ်သားဖြစ်နေသူမှာ ဇရာ၊ ဗျာဓိ၊ ကိလေသာ၊ ဒုက္ခတွေ ရှိနေပေမယ့် တစ်ဖက်က ကောင်းမှုစွမ်းအားတရားနဲ့ အားပြိုင် အနိုင်ယူမှုက ရှိနေတဲ့ကြောင့် ဇရာ၊ ဗျာဓိ၊ ကိလေသာ၊ ဒုက္ခလုပ်သားလို့ မခေါ်ရပါဘူး။ ကုသိုလ်လုပ်သားပါပဲ။ အိုခြင်း၊ နာခြင်း၊ ပူလောင်ဆင်းရဲခြင်းတို့ဟာ အသိဉာဏ်ရှိနေသူအတွက် ကုသိုလ်ရဖို့ တွန်းအားကောင်းတွေပါ။

လူဆိုတာ -

(၁) အတိတ်ကုသိုလ်ကံကောင်း ပါခဲ့ရမယ်၊

(၂) နေရာကောင်းမှာ နေခွင့်ရရမယ်၊

(၃) အမှီကောင်းကို ရရမယ်၊

(၄) စိတ်ကောင်းထားတတ်ရမယ်၊

ဒီဘီး ၄-ခု အဆက်မပြတ် လည်ပတ်နေရင် ကုသိုလ်ရခွင့်တွေ များသွားမယ်။ မြန်သွားမယ်။ အရှိန်ကောင်းသွားမယ်။ စင်ကြယ်သွားမယ်။ အကုန်နောက်က အရများသွားမယ်။ ကုသိုလ်ဆိုတာ ချမ်းသာရဲ့နာမည်ပဲ။

လောကမှာ ၄-ဘီးနဲ့ လည်ပတ်မောင်းနှင်နေရတဲ့ မော်တော်ကားဟာ ၁-ဘီးပေါက်သွားရင် မောင်းလို့ မရတော့ဘူး။ ရပ်သွားတယ်။ လူ့ဘဝဘီး ၄-ခုလည်း ဒီလိုပဲ။ ၁-ဘီးပေါက်ရင် မောင်းလို့ မရချင်တော့ဘူး။ ကုသိုလ်လည်ပတ်မှုတွေ ရပ်တန့်သွားတတ်တယ်။ ဘီးမပေါက်ရအောင် သတိဉာဏ်နဲ့ အမြဲစောင့်ရှောက်တတ်ဖို့ လိုမှာပါပဲ။

သတိကင်းလွတ်လို့ စိတ်ဓာတ်တွေ ပေါ့လျော့သွားရင် လူ့အရှိန်အဝါဖြစ်တဲ့ ကုသိုလ်ရခွင့်တွေ လျော့နည်းသွားတော့မှာပဲ။ ကုသိုလ်လျော့ရင် အားပျော့ပြီး လဲသွားတတ်ပါတယ်။ ဒီဘဝမှာလည်း လဲမှာပဲ။ ဘဝကူးတော့လည်း လဲမှာပဲ။ နောင်သံသရာလည်း ဆက်ပြီး လဲနေဦးမှာပဲ။ ကုသိုလ်ဟာ လူ့ရဲ့ဂုဏ်ပါ။ လူ့အရှိန်အဝါလည်း ဟုတ်တယ်။ မိဘဆွေမျိုးအရင်းလည်း ကုသိုလ်ပဲပေါ့။ ကုသိုလ်ရှိမှ တည်ငြိမ်အေးချမ်းမယ်။ သတိဉာဏ်နဲ့ နိဗ္ဗာန်ထိဦးတည်ဖို့တော့ လိုမယ်ပေါ့။

## ၄။ အရှိကိုနိုင်မှ တကယ့်အသိပါ

- **အသိမပါ၊ အရှိမှာ၊ ဖိကာနှိပ်စက်ကြ။**
- **အရှိအတွင်း၊ အသိသွင်း၊ လက်ငင်းစွမ်းအားရ။**
- **အမှန်ကိုကြည့်၊ ဉာဏ်အသိ၊ သတိကောင်းမှ ရနိုင်ကြ။**

လူ့ရဲ့အဓိကစွမ်းအားဆိုတာ အရှိကို အသိနဲ့ အနိုင်ယူနိုင်မှုပါ။ အရှိကို ကောင်းမှုပုံစံနဲ့ ထိုးဖောက်နိုင်မှ လူ့ရဲ့တကယ်အသိပါ။ လူ့အရှိတွေဟာ အသိမပါရင် ရှိသမျှလူကို ဖိစီးနှိပ်စက်နေတတ်ပါတယ်။ အာရုံဖိစီးမှု ဒုက္ခအောက်မှာ လူဟာ ပြားပြားဝပ် မွမ်းကြပ်နေရမယ်။ အသိကင်းသလောက် အရှိကြောင့် ဒုက္ခရောက်ရမှာပဲ။

အရှိမဲ့တဲ့လူဆင်းရဲ၊ အသိမဲ့တဲ့လူဆင်းရဲလို့ ဒုက္ခသည် ၂-မျိုးရှိတယ်။ ရှိသင့်တာတွေ မပြည့်စုံ မလုံလောက်ရင် အရှိမဲ့တဲ့ လူဆင်းရဲပေါ့။ ရှိသင့်တာတွေ ပြည့်စုံလုံလောက်နေပေမယ့် ကိုယ့်အရှိကို လွှမ်းမိုးအနိုင်ယူနိုင်တဲ့ အသိမရှိရင် အရှိ နှိပ်စက်တာ ခံနေရတဲ့ အသိမဲ့တဲ့ လူဆင်းရဲပါ။ ရှိလို့ ဆင်းရဲတာက မရှိလို့ ဆင်းရဲတာထက် ပိုပြီး အခံရခက်တတ်ပါတယ်။

လူဆိုတာ ကိုယ့်အရှိကို အသိနဲ့အနိုင်ယူနိုင်ဖို့ ကြိုးစားနေရပါတယ်။ ကိုယ့်အရှိကို ထိန်းသိမ်းထားသိုမှု မှန်ကန်အောင်လည်း အသိနဲ့ အနိုင်ယူရတတ်ရမယ်။ နည်းမှန်လမ်းမှန် သုံးစွဲတတ်အောင်လည်း အသိနဲ့ပဲ အနိုင်ယူတတ်ရမယ်။

အကြောင်းတစ်ခုခုကြောင့် ကိုယ့်အရှိတွေ ကုန်သွားတော့လည်း အကုန်နောက်က အရတစ်ခုခု မိအောင်ယူနိုင်ဖို့ အသိနဲ့ပဲ အနိုင်ယူတတ်ရမယ်။ သတိအားကောင်းဖို့တော့ လိုမယ်ပေါ့။ အရှိတွေ ရှိနေတုန်း အသိနဲ့ အနိုင်ယူတတ်ဖို့ လိုသလို အရှိတွေ ပျောက်ကွယ်သွားလို့ မရှိတော့လည်း အဲဒီမရှိကိုပဲ အသိနဲ့ အနိုင်ယူနိုင်မှ ငြိမ်းအေးမှာပါ။


www.burmeseclassic.com

www.burmeseclassic.com


လူတွေဟာ နေ့စဉ်အရှိနှင့်အသိ အားပြိုင်နေကြပါတယ်။ လူအများစုဟာ အရှိကိုပဲ အနိုင်ပေးထားကြတာကို တွေ့ရမယ်။ သိဖို့ထက် ရှိဖို့ကိုပဲ အားသန်နေကြလို့ပါ။ အသိမပါဘဲ ရှိချင်ကြတော့ အရှိတွေကို ဝင်ခလုတ်တိုက်ပြီး ချော်လဲလို့ ဒုက္ခရောက်ကုန်တာပေါ့။ လူ့အရှိအားလုံး ကုသိုလ်တရားရဲ့ အထောက်အကူပစ္စည်းတွေသာ ဖြစ်သင့်တယ်။ ဖြစ်အောင်လည်း သတိဉာဏ်ကူရမှာပဲ။

ဘာမဆို ကုန်တိုင်းကုန်တိုင်း ကုန်ကျမဖြစ်စေဘဲ ကုန်ရပုံစံနဲ့ အရပေါ်စေချင်ရင် -

(၁) ဘာမဆို ဘယ်အလုပ်မဆို အေးအေးဆေးဆေးလုပ်တတ်ရမယ်။ တည်တည်ငြိမ်ငြိမ်စူးစူးစိုက်စိုက် လုပ်တတ်ရမယ်။ စိတ်ပါလက်ပါ လုပ်ရမယ်။ အထူးစိတ်ဝင်စားဖို့ လိုမယ်။ စိတ်ပေါက်ကိုဖာ၊ စိတ်စုတ်ကိုချုပ်၊ စိတ်ညစ်ကို ဆေးကြောရမယ်လို့ ဆိုလိုတယ်။ သတိသမာဓိ ကောင်းဖို့ ပြောတာပါ။ သတိသမာဓိ အားနည်းနေရင် ပုံးအပေါက်ကိုလည်း လုံအောင်မဖာ၊ ဆီဂျီးတွေကိုလည်း စင်ကြယ်အောင်မဆေးဘဲ ရေခပ်ထည့်နေသူရဲ့ အလုပ်လို ဖြစ်နေမှာပဲ။ အပင်ပန်းခံလုပ်ပေမယ့် နည်းလမ်းမမှန်တော့ ပုံးထဲ ထည့်သမျှ ရေတွေလည်း အပေါက်ကယိုကျ၊ ကျန်နေတဲ့ ရေတွေကလည်း ဆီဂျီးတွေပေကျံလို့ သုံးမရ၊ အချိန်ကုန် လူပန်း အလကားအလုပ်ဖြစ်သွားမှာပေါ့။ သတိသမာဓိအားနည်းရင် လူ့အလုပ်အားလုံး ဒီလိုပဲဖြစ်သွားတတ်ပါတယ်။

(၂) အရှိကို အရှိအတိုင်း ကြည့်ရှုသုံးသပ် ဆုံးဖြတ်တတ်ရမယ်။ ဉာဏ်ကိုပြောတာပါ။ စိတ်ဓာတ်အေးချမ်းငြိမ်သက်ရင် ဉာဏ်ပွင့်ပါတယ်။ အရှိကို ထိုးဖောက်အနိုင်ယူနိုင်မှု လက်တွေ့နှင့် ပေါင်းစပ်ပြီး သဘောပေါက်နားလည်မှု ဉာဏ်ပညာအစစ်ပါ။ အရှိအတိုင်း သိမြင်နားလည်သွားရင် ကုသိုလ်ရယူခွင့်လမ်းပွင့်သွားပြီပဲ။ ဉာဏ်ရှိသူဟာ ကိုယ့်အရှိတွေထဲမှာနှိုက်ပြီး ကုသိုလ်ယူတတ်တယ်။ ကုသိုလ်ရရင် လူဖြစ်ကျိုးနပ်ပြီပေါ့။

(၃) ဘာပဲကုန်ကုန် အရှိတွေကုန်သွားတိုင်း အသိကျန်နေခဲ့ရမယ်။ ကုန်သွားရင် စွမ်းအားရနေခဲ့ရမယ်ပေါ့။ သတိဉာဏ်ဦးစီးတဲ့ သာသနာ့နည်းလမ်းကတော့ ကုန်သွားတာဟာအားပဲ။ ကိုယ့်မှာရှိတာတွေ အားလုံး ကုန်မှာတွေချည်းပဲဖြစ်နေတော့ ဘယ်အရာတွေ ဘယ်လိုနည်းနဲ့ပဲကုန်ကုန် သတိဉာဏ်နဲ့ (သတိဦးစီးတဲ့ဉာဏ်နဲ့) စွမ်းအားတစ်ခုခုရအောင် ယူထားလိုက်နိုင်ရမယ်။ အကုန်နှင့်အရမှာ အရကပဲ နိုင်ရမယ်ပေါ့။ ရှိတုန်းသာ အသိနဲ့ နိုင်ရမှာမဟုတ်ဘူး။ မရှိတော့လည်း အသိနဲ့ပဲ နိုင်ရမယ်လို့ ဆိုလိုတာပါ။

အရှိတွေ ကုန်နေပုံ ၃-မျိုးရှိတယ်။

(၁) တားမရနိုင်လို့ ကုန်ရတာရယ်၊ ရုပ်နာမ်တွေဖြစ်လာပြီး ပျက်သွားတာမျိုးပေါ့။

(၂) လိုအပ်လို့ ကုန်ရတာရယ်၊ ပစ္စည်းရှာဖွေ စုဆောင်းထားပြီး စားဝတ်နေရေးအတွက် သုံးလို့ကုန်ရတာမျိုးပေါ့။

(၃) မလိုအပ်တာနဲ့ ဖယ်ရှားပစ်လိုက်လို့ ကုန်ရတာရယ်၊ စိတ်ထဲက ကိလေသာကို သိက္ခာသုံးပါး စွမ်းအားနဲ့ ဖယ်ရှားပစ်တာမျိုး၊ ခန္ဓာထဲက အညစ်အကြေးကို စွန့်ပစ်တာမျိုး၊ ကျောင်းထဲ အိမ်ထဲက အမှိုက်တွေ စွန့်ပစ်တာမျိုးတွေပေါ့။ ဘယ်အရာတွေ ဘယ်လိုပဲကုန်ကုန် လူ့လက်ထဲ ကျန်နေခဲ့ရမှာကတော့ တရားစွမ်းအားရလဒ်ပဲ။ လူ့စွမ်းအားတရားရဖို့အတွက် အားဖို့မလိုပါဘူး။ သိဖို့ပဲ လိုတာပါ။ ရလာရင် အားလုံးကုန်မယ်။ ကုန်သွားတိုင်း တရားစွမ်းအား အသိရအောင် ယူထားလိုက်ရမယ်ပေါ့။

မိမိခန္ဓာကိုယ်အပေါ်၊ မိမိရှာထားတဲ့ ပစ္စည်းတွေအပေါ်၊ မိမိကျွေးမွေးစောင့်ရှောက်ထားတဲ့ မိသားစုဆွေမျိုးအပေါ်၊ မိမိကြုံတွေ့နေရသမျှ အာရုံတွေအပေါ်၊ အားကိုးစရာ တရားတွေ့အောင် သတိဉာဏ်နဲ့ ပုံစံချ ရှာရမယ်။ ပုံစံချ ရှာတတ်ရင် ဧကန်တွေ့ပါတယ်။ ကိုယ့်အရှိအားလုံး အသိကူလိုက်ရင် တရားစွမ်းအား ဖော်ထုတ်ပေးနိုင်တာတွေချည်းပါပဲ။

သတိဉာဏ်အားကောင်းအောင် လေ့ကျင့်ထားသူအတွက် ကိလေသာကတောင် တရားစွမ်းအားရအောင် လုပ်ပေးနိုင်တယ်။ လောကမှာ မီးဟာ ပူပေမယ့် နေရာတကျ သုံးတတ်သူအတွက် မလောင်ပါဘူး။ ကောင်းကျိုးတောင် ပြုပေးနိုင်ပါသေးတယ်။ ပုထုဇဉ်လည်း ကိလေသာ မကင်းသေးပေမယ့် သတိဉာဏ်နဲ့ စိတ်ကို နေရာတကျထားတတ်ရင် ကိလေသာမီး မလောင်ပါဘူး။ ကိလေသာကို ဝိပဿနာရှုလို့တောင် ရနိုင်ပါသေးတယ်။ မြွေဆိပ်ကို ဆေးဖော်လို့ ရသလိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ တရားကျင့်တာဟာ ယောနယ်က မြစ်သာမြစ်လို့လှုပ်တာ

- ကိလေသာရေ၊ မျှောချပေ၊ ရောက်လေဒုက္ခပွား။
- ကိလေသာမြစ်၊ ဆန်ကာတက်၊ ရင့်ကျက်လူ့စွမ်းအား။
- စိတ်ပျော့ညံ့က၊ ဖြို့၍ကျ၊ ဘဝရှုံး၍ အပူပွား။
- စိတ်ဓာတ်ခိုင်မာ၊ ကိလေသာ၊ ငုံ့ကာလျှောကျသွား။
- စိတ်ဓာတ်ကိုမြှင့်၊ ဉာဏ်ကိုဖွင့်၊ ဖြည့်ကျင့်မြတ်တရား။

ဦးပဥ္စင်းတို့ယောနယ်မှာ မြစ်သာမြစ်ဆိုတာရှိပါတယ်။ မြစ်သာလို့ ဆိုရလောက်အောင် ပေါ်လွင်တဲ့ ထူးခြားချက် ၂-မျိုးရှိတယ်။ ပထမထူးခြားချက်က မြန်မာပြည်မှာရှိတဲ့ အခြားမြစ်တွေ အားလုံးလောက်နီးပါး မြောက်ကနေ တောင်ကို စီးဆင်းကြပေမယ့် မြစ်သာမြစ်ကတော့ တောင်ကနေ မြောက်ကို ပြောင်းပြန် စီးဆင်းတယ်။ အဲဒါက ထူးခြားချက်တစ်ခုပေါ့။

နောက်ထူးခြားချက်တစ်ခုက မြစ်သာမြစ်ဟာ အထက်က စီးလာတုန်းကတော့ ရိုးရိုးမြေပျော့တွေကို ဖြတ်သန်းစီးဆင်းခဲ့ရတာဖြစ်လို့ မြစ်ရဲ့ဝဲယာကမ်းတွေကို ဖြိုချတိုက်စား နယ်ချဲ့လာခဲ့တယ်။ စွာကျယ်စွာကျယ်နဲ့ လာခဲ့တယ် ဆိုပါတော့။ မြစ်သာမြစ်ရေ ဖြိုချတိုက်စားခံရလို့ မြစ်ရေထဲ လယ်ယာတွေ ပါသွားတာလည်း မနည်းလှတော့ဘူး။ အိမ်တွေ ရွာတွေပါပါသွားလို့ တချို့ရွာတွေ မြစ်နှင့်ဝေးတဲ့နေရာကို ပြောင်းရွှေ့ပြီး အသစ် ပြန်တည်ဆောက်ကြရတယ်။ မြစ်ရေက လူတွေအတွက် ကောင်းကျိုးပြုတန်သင့်သလောက် ပြုပေးပေမယ့် ကမ်းတွေဖြိုချမှုကြောင့် လူတွေ တော်တော် သောကရောက်ရပါတယ်။ အချို့ရွာတွေ အခုထိ မြစ်သာမြစ်ရေ ခြိမ်းခြောက်တာ ခံနေရလို့ ကြောက်လန့်နေကြရတုန်းပဲ။ မြစ်ရေက မြေပျော့ကိုတော့ ဖြိုချင်သလိုဖြို၊ တိုက်ချင်သလိုတိုက်၊ စားချင်သလိုစား၊ ချဲ့ချင်သလိုချဲ့ပေါ့။

ဟိုအောက်က ချင်းတွင်းမြစ်ထဲဝင်ခါနီး ကလေးဝမြို့နားအရောက် ကျောက်တောင်တွေကြား ဖြတ်စီးသွားရတဲ့အခါမှာတော့ မြစ်သာရေဟာ ချဲ့ချင်တိုင်းချဲ့လို့ မရတော့ဘူး။ ကျောက်တောင်ကြားထဲ ကျဉ်းကျဉ်းကြပ်ကြပ် ကပ်ကပ်သပ်သပ် ဖြတ်စီးရလို့ ရေစီးတဲ့ဧရိယာနယ်ပယ် ကျဉ်းမြောင်းသွားတယ်။ မြစ်ဆိုတဲ့နာမည်ပျောက်ပြီး ချောင်းကျဉ်းဆိုတဲ့နာမည် ပြောင်းလဲသွားရတယ်။ ချောင်းတောင်မှ ရိုးရိုးချောင်း မဟုတ်တော့ဘူး။ ကျဉ်းမြောင်းတဲ့ ချောင်းကျဉ်း ဖြစ်သွားတယ်။ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကို စကားခပ်တိုးတိုးလှမ်းပြောရင်တောင် ကြားရတယ်။ ခဲလေးနဲ့ အသာလှမ်းပစ်ရင်တောင် ရောက်တယ်။

ကျောက်တောင်တွေကလည်း 'ဟဲ့ . . မြစ်ရေတွေ တို့ကိုဖြိုချမယ်တော့ မကြံနဲ့ဟေ့၊ နည်းနည်းမှ အလျှော့ မပေးနိုင်ဘူး၊ မင်းတို့ စီးလို့ရတဲ့နေရာကသာ စီးသွားကြ' လို့ မြစ်သာမြစ်ရေကို ပြောနေသလိုပဲ။ မြစ်သာမြစ်ရေတွေကလည်း 'ကောင်းပါပြီခင်ဗျာ၊ ကျုပ်တို့ ခင်ဗျားကို ဖြိုချတိုက်စားနိုင်စွမ်း မရှိတော့လို့ စီးလို့ရတဲ့ နေရာကပဲ ကုတ်ကုတ်ကပ်ကပ် ဖြတ်စီးပါတော့မယ်ခင်ဗျာ' လို့ ပြောနေသယောင်ယောင်ပဲ။ မာန်ကို လျှော့ချခေါင်းငုံ့ပြီး ကြပ်တည်းကျဉ်းမြောင်းစွာ စီးဆင်းသွားရရှာတယ်။

တရားကျင့်တယ်ဆိုတာလဲ ဒီသဘောပဲ။ လွယ်တယ်ဆိုပြီး ကိလေသာရေစုန်အတိုင်း စုန်ဆင်းသွားရင် ဟိုတိုးဒီတိုက်နဲ့ ဒုက္ခရောက်မှာပဲ။ မြစ်သာမြစ်ရေဟာ ဒီပြင်မြစ်တွေနှင့်မတူဘဲ ပြောင်းပြန်စီးသွားသလို တရားကျင့်သူဟာလည်း ကိလေသာမြစ်ရေကို သိက္ခာသုံးပါး လမ်းစဉ်နဲ့ ပြောင်းပြန်ဆန်တက်ရတာပါ။ ဒါမှ စွမ်းအားတိုးတက် ရင့်ကျက်လာမှာဖြစ်တယ်။

တရားမကျင့်မီ စိတ်ဓာတ်ပျော့ညံ့နေစဉ်က ကိလေသာရေတွေဟာ သီလ၊ သမာဓိ၊ ပညာ ကမ်းတွေကို တိုက်စားဖြိုချပစ်လို့ ကမ်းတွေပြိုကျပြီး လူ့စွမ်းအားတွေ ကိလေသာရေတွေထဲပါသွားတော့ သောကအပူတွေ ပွားကြရတယ်။ စိတ်ပျော့ညံ့နေရင် ဖြိုချသမျှ ခံနေရမှာပဲ။ ကျောက်တောင်ကြား ဖြတ်စီးသွားရတဲ့ မြစ်သာမြစ်ရေဟာ ကမ်းကို မဖြိုနိုင်တော့ဘဲ ကြပ်ကြပ်တည်းတည်း ချောင်းကျဉ်းထဲ ဖြတ်စီးရသလို သတိ၊ ဝီရိယ၊ သမာဓိဉာဏ် အရှိန်ကောင်းလာလို့ သိက္ခာသုံးပါးအားနဲ့ စိတ်ဓာတ် ကြံ့ခိုင်လာတဲ့အခါ ကိလေသာ ရေဟာ သိက္ခာသုံးပါးကမ်းကို မဖြိုနိုင်တော့ဘူး။ ပုထုဇဉ်မလို့သာ ကိလေသာ ဖြစ်နေရပေမယ့် ကိလေသာ ရေဟာ သိက္ခာသုံးပါး ကျောက်တောင်ကြားက ကြပ်ကြပ်တည်းတည်း စီးဆင်းနေရတယ်။ ကိလေသာနယ်



www.burmeseclassic.com

ကျဉ်းမြောင်းသွားတယ်ပေါ့။ ရှေးကဖြစ်သွားတဲ့ ကိလေသာတွေကို နောက်က သတိဉာဏ်နဲ့ ဝိပဿနာ ရှုလို့တောင် လွယ်လွယ်ကူကူ ရလာတယ်။

ကျောက်တောင်နှင့်တူတဲ့ သိက္ခာသုံးပါးကမ်းကလည်း 'ဟဲ့--ကိလေသာတွေ ကမ်းတော့ ဖြိုချမယ်မကြံနဲ့၊ ကိလေသာမကင်းသေးတဲ့ ပုထုဇဉ်ဖြစ်လို့ သင်တို့ ဖြစ်လို့ရတဲ့နေရာက ကုတ်ကုတ်ကပ်ကပ် ဖြတ်စီးပြီး ဖြစ်ချင်ဖြစ်ကြ၊ ငါတို့တော့ လုံးဝ လျှော့မပေးနိုင်ဘူး' လို့ ကိလေသာကို အားပြိုင်စိန်ခေါ်လာတယ်။ ကိလေသာကလဲ 'ကမ်းကို ကျုပ်တို့ ဖြိုမချတော့ပါဘူးခင်ဗျာ၊ ရတဲ့နေရာကပဲ အရှိန်လျှော့ ခေါင်းငုံ့ပြီး ဖြတ်စီးသွားပါတော့မယ်ခင်ဗျ' လို့ ပြောနေသယောင်ယောင်ပဲ။

ပုထုဇဉ်ဟာ ကိလေသာမကင်းသေးပေမယ့် ကိလေသာအပေါ်က လွှမ်းအသိနေနိုင်အောင်တော့ သတိရှေ့ထား အထူးကြိုးစားနေရမှာပါ။ အိမ်မှာမွေးထားတဲ့ ခွေးလေး၊ ကြောင်လေးများဟာ အလိုလိုက်မှန်း သိရင် ရောင့်တက်ပြီး လူတွေစားဖို့ ပြင်ထားတဲ့ ထမင်းဝိုင်း၊ ဟင်းဝိုင်းတွေကို ဦးဦးဖျားဖျား ဝင်နှိုက်စား တတ်သလို ကိလေသာတွေလည်း အလိုလိုက်လွန်းရင် လူတကယ် အားကိုးရမယ့် တရားတွေကို ဝင်နှိုက်စား ပစ်တတ်ပါတယ်။

မနက်အိပ်ရာကထလာတာနဲ့ ဘာကိစ္စပဲရှိရှိ ရတနာသုံးပါးကိုပဲ ရှေ့ဆုံးမှာ ထားရမယ်။ ကိလေသာ အမြစ်ရင်းဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟနှင့် မကင်းနိုင်သေးလို့ ရှိနေပေမယ့် ရှေ့ကတော့ မဝင်စေနဲ့။ မိသားစုစာရင်းထဲ ထည့်ပြီး နောက်ဆုံးကပဲ ထားရမယ်။ နောက်ဆုံးက ထားတယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟအပေါ်က လွှမ်းနေနိုင်တဲ့ သဘောကိုပဲ ပြောတာပါ။

အိမ်တစ်အိမ်မှာ ဦးဘ-ဒေါ်မြ-သား မောင်လှလို့ မိသားစုသုံးယောက်ရှိတယ်ဆိုပါတော့။ လောဘ၊ ဒေါသ၊ မောဟကိုထည့်လိုက်ရင် မိသားစု ၆-ယောက်ဖြစ်မယ်ပေါ့။ ပုံစံချကြည့်ရင် -

(၁) ဦးဘ (၂) ဒေါ်မြ (၃) မောင်လှ (၄) မောင်လောဘ (၅) မောင်ဒေါသ (၆) မောင်မောဟ လို့ ဖြစ်လာမယ်ပေါ့။ လောဘ၊ ဒေါသ၊ မောဟကို ကိုယ်ကပဲ နိုင်နေတတ်တဲ့ သဘောပါ။

တကယ်လို့ မနက်အိပ်ရာက ထလာတာနဲ့ အကြောင်းမျိုးစုံပြပြီး ရတနာသုံးပါးကိစ္စကို နောက်ကို ပို့လိုက်မယ်ဆိုရင် မိသားစုပုံစံ ပြောင်းသွားမယ်။ (၁) ဦးလောဘ (၂) ဦးဒေါသ (၃) ဦးမောဟ၊ ကိလေသာတွေက အိမ်ထောင်ဦးစီးဖြစ်သွားမယ်။ (၄) မောင်ဘ (၅) မမြ (၆) မောင်လှလို့ ဖြစ်သွားမယ်။ အိမ်ထောင်ဦးစီး မဟုတ်တော့လို့ ဦးဘ-ဒေါ်မြလို့ မခေါ်နိုင်တော့ဘူး။ အသက်ဘယ်လောက်ပဲ ကြီးကြီး လောဘ၊ ဒေါသ၊ မောဟ ခိုင်းတာပဲ လုပ်နေရတော့မယ်။ ဒါကြောင့် မောင်ဘ-မမြလို့ ဖြစ်သွားမယ်။ ကိလေသာအပေါ်က အသိနေနိုင်အောင် ကြိုးစားနေမှ ကိလေသာ အရှိန် တစ်စတစ်စ လျော့ပါးပြီး ကုန်သွားမှာဖြစ်တယ်။ ဒါမှ တရားစွမ်းအား ရမှာပေါ့။ နောက်တော့ မဂ်နဲ့ ကိလေသာတွေကို ကုန်အောင်ပယ်၊ ဖိုလ်နဲ့ တရားစွမ်းအားတွေ အရယူရမယ်ပေါ့။ နောက်ဆုံးတော့ ဒုက္ခတွေ အားလုံးကုန်၊ အချမ်းသာ ဆုံးနိဗ္ဗာန်ကို ရ ရမှာပဲပေါ့။ ဒါမှ အကုန်အရ လူ့ဘဝအစစ်ပါ။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၇ခု၊ တပို့တွဲလ (၂၀၀၆ခု၊ ဖေဖော်ဝါရီလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ မွေလက်ဆောင် (၃၈)

## မီးသတိပြု

### နဝမ အရပဟာတော

### ၁။ မီးပို့ချောင်ကမီး ရန်သူအစစ်မဟုတ်

ဝယမဗ္ဗာ သဒ်ါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

(ဒီ - ၂ - ၁၂၈)

- ■ **ဆင်ခြင်မှုတွေ၊ ကင်းလွတ်ချေ၊ မီးတွေလောင်တတ်ကြ။**
- ■ **မီးကြောင့်ဝိုတြေး၊ စိတ်ပူဆွေး၊ ဖင့်နှေးဆုတ်ယုတ် ပျက်စီးရ။**
- ■ **ဆင်ခြင်မှုတွေ၊ ပြည့်စုံပေ၊ မိတ်ဆွေပြန်ဖြစ်ကြ။**
- ■ **မီးကြောင့်စွမ်းအား၊ ကုသိုလ်ပွား၊ ထူးခြားမြင့်တက် ပြည့်စုံရ။**
- ■ **မီးသတိပြု၊ စိတ်ကိုလု၊ ကောင်းမှုတိုး၍ စွမ်းအားရ။**

လောကမှာ မီးဟာရန်သူမျိုး ၅-ပါး ထဲပါတယ်လို့ ငယ်ငယ်ကစ အားလုံး ကြားဖူးကြတယ်၊ မီးလောင်လို့ ဒုက္ခရောက်တဲ့လူတွေကို တွေ့မြင်ရတော့ ကြားဖူးတာနဲ့ လက်တွေ့မြင်ရတာ ပေါင်းစပ်ပြီး မီးဟာ ရန်သူလို့ သိနေကြတယ်၊ မီးကို ရန်သူမှန်းသိနေကြတော့ မီးအပေါ် ဘယ်လို သဘောထားကြမလဲ၊ သူခိုး လူဆိုးကို ရန်သူမှန်း သိထားလို့ ကိုယ့်အိမ်ထဲ ဝင်ခွင့်မပေးနိုင်ဘူး၊ သူခိုး၊ လူဆိုး မဝင်နိုင်အောင် အိမ်တံခါးပိတ်တယ်၊ သော့ခတ်တယ်၊ အိမ်စောင့်ထားတယ်။

မီးကိုလည်း 'ဟဲ့ မီး၊ နင်ဟာတို့ရဲ့ ရန်သူဟဲ့၊ နင့်ကို တို့အိမ်ထဲ ဝင်ခွင့်မပေးနိုင်ဘူး၊ မီးဖြတ်ထားမယ်'လို့ တစ်ရက်လောက် ဖြတ်ထားကြည့်စမ်းပါလား၊ လူတွေ အလုပ်မဖြစ်တော့ဘူး၊ မီးဖြတ်တဲ့နေ့ဟာ အလုပ်မဖြစ်တဲ့ နေ့ပဲ၊ မီးနဲ့လူ တစ်ရက်တည်းတောင် ကင်းလို့မရပါဘူး။

မိမိတို့ အလွန်ချစ်တဲ့ သားသမီးတွေ၊ မိဘဆွေမျိုးတွေနဲ့ တစ်ရက်လောက် တစ်ပတ်လောက် ခွဲနေလို့ ဘာမှအရေးမကြီးဘူး၊ ခွဲနေလို့ရတယ်၊ တစ်လလောက် ခွဲနေလည်းရတာပဲ၊ ပညာသင်ကြားမှုစတဲ့ ကိစ္စတွေ ပေါ်လာတဲ့အခါ ၂-နှစ် ၃-နှစ်ခွဲနေလည်း ဖြစ်တာပါပဲ၊ ရက်၊ လ၊ နှစ်နဲ့ချီပြီး ခွဲထားနိုင်ပါတယ်။

ရန်သူဖြစ်တဲ့ မီးနဲ့လူဟာ တစ်ရက်တည်းတောင် ခွဲထားလို့မရဘူး၊ ဆန်ကို ထမင်းချက်ချင်တော့ နေပူထဲ လှမ်းလို့လည်း ထမင်းမဖြစ်၊ ရေထဲစိမ်ထားလို့လည်း ထမင်းမဖြစ်၊ အိုးထဲ ဒီအတိုင်း ထည့်ထားလို့လည်း ထမင်းဖြစ်မှာ မဟုတ်ဘူး၊ မီးနဲ့ချက်မှ ဆန်က ထမင်းဖြစ်မှာ၊ ကိုယ့်ကို ထမင်းချက်ကျွေးတဲ့ မီးကို လက်ညှိုးထိုးပြီး 'ဟဲ့ . . မီး၊ နင်ဟာ ရန်သူပဲ' လို့ ပြောရမှာ အားနာစရာကြီး၊ သူချက်ကျွေးလို့ ထမင်းစားနေရတာ၊ တကယ်တော့ မိတ်ဆွေကြီးပဲ၊ အသက်သခင် ကျေးဇူးရှင်ကြီးပဲ။

မီးမပါလို့ လူအလုပ်မဖြစ်တော့ 'မီးလောင်တတ်သည်၊ မည်သူမျှ မီးမသုံးရ' လို့ မီးကို တားဆီးလို့ မဖြစ်နိုင်ပါဘူး၊ 'လူတိုင်း မီးသုံးပါ၊ သို့သော် လောင်တတ်သည်၊ ထို့ကြောင့် မီးသတိပြု' လို့သာ သတိပေးလို့ ဖြစ်ပါတယ်၊ သားစိမ်း ငါးစိမ်းတွေ ဟင်းသီးဟင်းရွက်တွေ ဟင်းချက်တော့လည်း မီးနဲ့ပဲချက်ရတာ၊ မီးဟာ ဟင်းချက်ကျွေးနေတဲ့ အသက်သခင် ကျေးဇူးရှင်ကြီးပါ။

မှောင်နေတဲ့ ညအခါမှာလည်း မီးဟာ အမှောင်ကိုပယ်ခွင်းပြီး အလင်းဆောင်ပေးပါတယ်၊ ဒီလောက် ကျေးဇူးများလှတဲ့ မီးကို ဘာကြောင့် ရန်သူလို့ ပြောနေကြတာတဲ့လဲ၊ လူတွေကြောင့်ပါ၊ သတိလွတ်လို့ အဆင်ခြင် ကင်းမဲ့တဲ့လူတွေကြောင့် 'မီးဟာရန်သူ' လို့ အပြောခံနေရတာ၊ တရားခံက လူတွေပါ၊ လူတွေက


www.burmeseclassic.com

www.burmeseclassic.com


လောင်တတ်တဲ့မီးကို ပေါ့ပေါ့ဆဆကိုင်ကြလို့ မီးလောင်ရတာပါ။ လူတွေ မီးကိုသုံးတယ်ဆိုတာ ပူလောင်တာကြောင့်ပါ။ မီးဟာ အေးနေရင် သုံးမှာ မဟုတ်ပါဘူး။

မီးဟာ လူနှင့် မကင်းနိုင်လို့ မီးကို နေ့တိုင်း လူတွေ သုံးနေကြရပေမယ့် မီးမှာ ဘာအသိတရားမှ မရှိပါဘူး။ 'ဒါက လူတွေ မလောင်စေချင်တဲ့အရာဖြစ်လို့ ရှောင်သွားမယ်၊ ကျော်သွားမယ်၊ ဒါက လူတွေ လောင်စေချင်တဲ့အရာဖြစ်လို့ ဒါကိုပဲကွက်ပြီး လောင်သွားမယ်' လို့ မီးဟာ မသိတတ်ပါဘူး၊ လူကပဲ သိတတ်တာဖြစ်လို့ သတိထား ဆင်ခြင်သုံးစွဲရုံပေါ့၊ လူဖြစ်စေချင်တာကို လူပဲလုပ်ရုံပေါ့။

မလောင်သင့်တာ မလောင်စေချင်ရင်၊ မဖြစ်သင့်တာ မဖြစ်စေချင်ရင်၊ လောင်သင့်တာကိုပဲ လောင်စေချင်ရင်၊ ဖြစ်သင့်တာ ဖြစ်စေချင်ရင် မီးသတိပြုရမှာပေါ့၊ မီးသတိပြုနိုင်ရင် ကိလေသာလက်ထဲက စိတ်ကို လုယူလို့ရပါတယ်၊ ကိလေသာက သတိလောက် အားကောင်းတာမှ မဟုတ်ပဲ၊ သတိရှိရင် နောက်က ဉာဏ် လိုက်လာတယ်၊ ဒါဆို မီးကြောင့် ကောင်းမှုသာ တိုးပွားတော့မှာပါ။

မီးဟာ လူနှင့်မကင်းနိုင်လို့ နေ့တိုင်း နေရာတိုင်း လူတိုင်း သုံးစွဲနေကြရတော့ သတိလွတ်တိုင်း မီးကြောင့် လူတွေ ဒုက္ခရောက်ကြရတယ်၊ မီးဝါးမျိုဖျက်ဆီးခံရလို့ အသက်အိုးအိမ် စည်းစိမ်တွေရဲ့ ဆုံးရှုံးမှုဟာ တိုင်းတာကန့်သတ် ရေတွက်လို့မရနိုင်အောင် များပြားလှပါပြီ၊ အပြင်မီးကြောင့် အပြင်မီးထက် အဆများစွာ ပူလောင်လှတဲ့ သောကပရိဒေဝစတဲ့ အတွင်းမီး လောင်မြှိုက်ခံရလို့ အရှူးတစ်ပိုင်း ပူလောင်ခဲ့ရတာလည်း များလှပါပြီ။

သတိလွတ်လို့ ပေါ့ဆမှုတွေကြောင့် အတိတ်ကလည်း မီးဝါးခံရလို့ မရေတွက်နိုင်အောင် ဆုံးရှုံးခဲ့လှပြီ၊ ယခုလည်း သတိလွတ်တိုင်း မီးဝါးခံရတုန်း၊ နောင်လည်း သတိလွတ်တိုင်း မီးတွေ လောင်နေကြပေလိမ့်ဦးမယ်၊ အဆင်ခြင်ကင်းမဲ့တဲ့လူတွေကြောင့် မီးနာမည် ပျက်နေရတာပါ။ သတိထား သုံးတတ်ပြန်တော့ မီးကြောင့် ပျော်ရွှင်ချမ်းသာကြရ၊ ကောင်းမှုတိုးကြရတယ်၊ ဒါဆို မီးသတိ ပြုရုံပေါ့၊ မီးနှင့်မှ မကင်းနိုင်ပဲကိုး။

လူတွေနေထိုင်တဲ့ နေအိမ်တိုက်တာ အဆောက်အဦးတွေ၊ လူတွေရဲ့အသုံးအဆောင်တွေ အားလုံး လောင်စာတွေနဲ့ တည်ဆောက်ထားလို့ အချိန်မရွေး မီးလောင်နိုင်တယ်၊ ဒါကြောင့် ဥတုသုံးလီ ၁၂-ရာသီပတ်လုံး 'မီးသတိပြု' လို့ အမြဲသတိပေးနေရတာပါ။ မီးအလွန်လောင်လွယ်တဲ့ ဓာတ်ဆီစတဲ့ လောင်စာရှိတဲ့ နေရာမျိုးဆိုရင် 'ဆေးလိပ် မသောက်ရ' 'မီးသတိပြု' လို့ ရေးပြီး တင်းတင်းကြပ်ကြပ် သတိပေးနေရတယ်၊ ဓာတ်ဆီသယ်ဆောင်တဲ့ ကားကြီးတွေမှာ 'မီးလောင်လွယ် သည်' 'မီးသတိပြု' လို့ သတိပေးထားတာတွေ တွေ့ရမယ်။

ဒါမျိုးလိုပေါ့၊ တရားပိုင်းဆိုင်ရာမှာလည်း ရုပ်နာမ်နှစ်ဖြာ ဒုက္ခသစ္စာ မီးလောင်စာတွေနဲ့ တည်ဆောက်ထားတာဖြစ်လို့ အချိန်မရွေး မီးလောင်နိုင်ပါတယ်၊ အချိန်မရွေးလည်း လောင်နေပါတယ်၊ ဒါကြောင့် 'မီးသတိပြု' လို့ အမြဲသတိပေးနေရမှာပါ။

လောကမှာ မီးမလောင်ခင်လည်း ကာကွယ်ကြရတယ်၊ လောင်လာရင် ငြိမ်းဖို့ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲ စသည် အဆင်သင့် လုပ်ထားကြရတယ်၊ တကယ် မီးလောင်လာပြီဆိုရင်လည်း ရေနဲ့ ပက်လို့ရတာပက်၊ သဲနဲ့ပက်လို့ရတာပက်၊ မီးကပ်နဲ့ ရိုက်လို့ရတာရိုက်၊ မီးချိတ်နဲ့ ဆွဲလို့ရတာဆွဲပေါ့၊ ဘယ်လိုမှ မရတော့ဘူးဆိုရင် မှီရာပစ္စည်းကို မီးချိတ်နဲ့ အတင်းဆွဲယူရုံပေါ့၊ ဆွဲလို့ မှီတဲ့ပစ္စည်းပဲ ကိုယ်ရတော့မယ်၊ ကျန်တာတော့ မီးထဲအကုန် ပါသွားတော့မှာပါ။

တရားအားထုတ်တယ်၊ တရား အလုပ်လုပ်တယ်၊ ကောင်းမှုပြုတယ်ဆိုတာ မီးဟုန်းဟုန်း တောက်လောင်နေတဲ့ ခန္ဓာအိမ်ထဲက အဖိုးတန် သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားတွေကို သတိဉာဏ်မီးချိတ်နဲ့ ဆွဲထုတ်ယူနေကြတာဖြစ်တယ်၊ 'မြန်မြန်ဆွဲကြဟေ့၊ မီးလောင်လို့ ကုန်တော့မယ်၊ ပြောင်တော့မယ်' ဆိုပြီး အမြန် ဆွဲထုတ်နေကြရပါတယ်၊ နှေးနေလို့မဖြစ်ဘူး၊ အမြဲ မီးသတိပြုနေရမယ်။

## ၂။ သစ္စာကိုသိ မီးငြိမ်း၏

- **မီးလောင်နေတာ၊ ဤခန္ဓာ၊ မှန်စွာဒုက္ခမှတ်။**
- **သမုဒယ၊ မီးပေါ့ဆ၊ ဒုက္ခပွါးစေတတ်။**



www.burmeseclassic.com

www.burmeseclassic.com



- **နိရောဓမှာ၊ မီးငြိမ်းရာ၊ မှန်စွာအသိကပ်။**
- **မဂ္ဂသစ္စာ၊ ငြိမ်းသတ်တာ၊ မြဲစွာသတိချပ်။**
- **မီးသတိပြု၊ စိတ်ကိုလု၊ ကောင်းမှုတိုး၍ အပူလွတ်။**
- **သစ္စာကိုသိ၊ မီးငြိမ်း၏၊ သတိထား၍ အကုန်မှတ်။**

သစ္စာလေးပါးလွတ်တဲ့ တရားမရှိတာလည်းတစ်ကြောင်း သစ္စာလေးပါးပြတဲ့ တရားအားလုံးကို အကျဉ်းချုံးထားတာလည်းတစ်ကြောင်းတို့ကြောင့် 'ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ' စကားဟာ သစ္စာလေးပါးကို ပြတယ်လို့ပြောရင် ဖြစ်နိုင်ပါတယ်၊ 'ဝယဓမ္မာသင်္ခါရာ' က ဒုက္ခကို ပြတယ်ပေါ့၊ သင်္ခါရဒုက္ခပြောရင် ဒုက္ခအားလုံး အကျုံးဝင်ပြီပဲ၊ ဒုက္ခဆိုတာ မိုးပေါ်က သူ့ဟာသူ ကျလာတာ မဟုတ်ဘဲ အတိတ်ဘဝတဏှာကြောင့် ဖြစ်ပေါ်လာရတာဖြစ်လို့ ဒုက္ခပြောရင် သမုဒယ လဲပါရောပေါ့၊ ဒါဆို ဒီစကားက သစ္စာနှစ်ပါး ပြနိုင်တယ်ဆိုရမှာပဲ။

'အပ္ပမာဒေန သမ္ပာဒေထ' က သာသနာ့ကျင့်စဉ် မဂ္ဂင်အချုပ်ကို ပြတာဖြစ်လို့ မဂ္ဂကို ပြတယ်ပေ့ါ၊ သတိပြောရင် ကျင့်စဉ်အားလုံး ခြုံငုံမိပြီပဲ၊ လောကီမဂ္ဂပေါ့၊ လောကုတ္တရာမဂ္ဂင်ရောက်ဖို့ လောကီမဂ္ဂကစ လမ်းခင်းရတာပါ၊ လမ်းကြောင်းမှန်ရင် ဦးတည်ချက်ပန်းတိုင် ဧကန်ရောက်ရတာဖြစ်လို့ နိရောဓလည်း ပါရောပေါ့၊ ဒါဆို နောက်စကားက နောက်သစ္စာနှစ်ပါးကို ပြနိုင်တယ်ဆိုရမှာပဲ၊ ဒါ့ကြောင့် 'ဝယဓမ္မာ သင်္ခါရာ' က ဒုက္ခ၊ သမုဒယ၊ 'အပ္ပမာဒေန သမ္ပာဒေထ' က နိရောဓမဂ္ဂ၊ ပေါင်းတော့ သစ္စာလေးပါး ပြတယ်ပေ့ါ။

ဒီလိုဆိုရင် 'ဝယဓမ္မာ သင်္ခါရာ' က မီး၊ 'အပ္ပမာဒေန သမ္ပာဒေထ' က သတိပြုလို့ဆိုရမှာ ဖြစ်တယ်၊ 'မီး' ဆိုတာ ဒုက္ခနှင့် သမုဒယ၊ 'သတိပြု' ဆိုတာ နိရောဓနှင့် မဂ္ဂလို့ ဆိုလိုတယ်ပေ့ါ၊ 'မီးသတိပြု' လို့ ဆိုလိုက်တာနဲ့ သစ္စာလေးပါး အကုန်ပါဝင်သွားပြီ၊ ပြီးတော့ 'ဝယဓမ္မာ သင်္ခါရာ' က အရှိကိုပြတယ်၊ 'အပ္ပမာဒေန သမ္ပာဒေထ'က အသိကိုပြတယ်၊ အရှိကို အသိနဲ့အနိုင်ယူရမယ်လို့ ဆိုလိုပါတယ်၊ အရှိကို အသိနဲ့ အနိုင်ယူနိုင်တာဟာ လူရဲ့ အဓိကစွမ်းအားပဲ၊ မီးသတိပြုဆိုတော့ -

(၁) မီးလောင်နေတာ ဘယ်မှာလဲ၊ ဘယ်ရပ်ကွက်ထဲမှာလဲ?

(၂) မီးလောင်တာ ဘယ်သူပေ့ါဆလို့လဲ၊ ဘာကြောင့်လောင်ရတာလဲ?

(၃) ဒီမီး ဘယ်တော့ငြိမ်းမှာလဲ?

(၄) မီးလောင်နေတာကို လက်ပိုက်ကြည့်မနေဘဲ မီးငြိမ်းသတ်ပေးတာဘယ်သူလဲ?

ဒီလိုမေးလာရင် တရားဖက်ကကြည့်လိုက်တော့ သစ္စာလေးပါးကိုပဲ အစဉ်အတိုင်း ဖြေဆိုရမှာပဲ။

(၁) မီးလောင်နေတာ ဘယ်မှာလဲ?

ရုပ်နာမ်နှစ်ဖြာ ဒုက္ခသစ္စာ ခန္ဓာငါးပါးရပ်ကွက်ထဲမှာ မီးတွေ တဟုန်းဟုန်း တောက်လောင်နေတယ်၊ တစ်ချို့မီးတွေ လောင်နေလိုက်တာ ငြိမ်းမရဘူး၊ ဖြစ်ပျက် သင်္ခါရမီးတွေ၊ အိုနာသေမီးတွေ၊ ကိလေသာ မကောင်းသေးသမျှ လောဘ၊ ဒေါသ၊ မောဟမီးတွေ၊ ကိလေသာ များသလောက် အပြင်ဖက်က သက်မဲ့သက်ရှိ မီးတွေ၊ ကိလေသာ အရင်းခံတဲ့ အပူမီးတွေ၊ တစ်မီးပြီး တစ်မီး အဆက်မပြတ် တောက်လောင်နေကြပါတယ်၊ ရပ်ကြည့်လေ မီးရှိန်ပြင်းလေ၊ သတိလွတ်လေ အပူရှိန်တိုးလေပဲ၊ ရန်ဖြစ်နေတာ ဒုက္ခသစ္စာ ခန္ဓာငါးပါးပဲလို့ ပြောရင်လည်း မှန်ပါတယ်။

(၂) မီးလောင်တာ ဘယ်သူပေ့ါဆလို့လဲ?

မီးလောင်တာ တရားခံရှာလိုက်တော့ သမုဒယသစ္စာကို သွားတွေ့တယ်၊ အဝိဇ္ဇာဦးစီးတဲ့ တဏှာက ဒုက္ခသစ္စာလောင်စာတွေကို ကိုင်တွယ်တဲ့အခါ သိပ်ပေ့ါဆလွန်းတယ်၊ သူပေ့ါဆလို့ မီးတွေ ငြိမ်းမရအောင် လောင်နေတာ ကိုယ့်ဟာကိုယ်ကျွေးတာ၊ မိသားစု ကျွေးတာတွေတောင် သမုဒယသစ္စာရဲ့ ကိုင်တွယ်ပုံ မှားတာကြောင့် အကုန်စာရင်းတွေပြပြီး မီးလောင်ခံရတဲ့ပုံစံနဲ့ ပူလောင်နေကြရတာပဲ မဟုတ်လား၊ အလှူပွဲတွေ လုပ်တာတောင် ပကာသန ရှေ့တန်းတင်မိလို့ ပြီးသွားရင် မီးလောင်ခံရသလို ပူရတတ်သေးတာပဲ၊ သတိ ပညာ ကင်းသလောက် အဝိဇ္ဇာတဏှာ နေရာယူနေမှာပါ၊ ဘဝကို တောင့်တပြီး ကုသိုလ်လုပ်တာဟာ ကိုယ့်မီး



www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ရှိဖို့ လောင်စာထည့်နေတာပဲ၊ ကိုယ့်တရားခံ ကိုယ်ပါ၊ ရန်တိုက်ပေးနေတာ သမုဒယသစ္စာပဲလို့ ပြောရင်လည်း မှန်ပါတယ်။

(၃) ဒီမီး ဘယ်တော့ငြိမ်းမှာလဲ?

ရုပ်နာမ်နှစ်ဖြာ ဒုက္ခသစ္စာ ခန္ဓာလောင်စာချုပ်ငြိမ်းရာဖြစ်တဲ့ နိရောဓသစ္စာ နိဗ္ဗာန်ရောက်မှ ရမှပဲ ဒီမီးတွေ အကုန်ငြိမ်းတော့မှာ၊ နိဗ္ဗာန်ဆိုတာ ဒုက္ခသစ္စာ ခန္ဓာလောင်စာ ချုပ်ငြိမ်းတဲ့တရားပါ၊ ခံစားတဲ့ ချမ်းသာ၊ လွတ်မြောက်တဲ့ ချမ်းသာလို့ ချမ်းသာနှစ်မျိုးရှိတယ်၊ အဝိဇ္ဇာတဏှာက ခံစားတဲ့ ချမ်းသာကို တောင့်တတယ်၊ ခံစားဖို့လောင်စာရှာရတော့ မီးနှင့် လောင်စာတိုးပြီး လောင်ရဦးမှာပဲ၊ သတိ ပညာက လွတ်မြောက်တဲ့ ချမ်းသာကို မြတ်နိုးတယ်၊ လွတ်မြောက်ဖို့ လောင်စာနှင့်မီး ကင်းလွတ်အောင် ကြိုးစားမယ်ပေါ့၊ နိဗ္ဗာန် မရောက်ခင်လည်း အပူကင်းဝေးစွာ နေနိုင်ဖို့ ကြိုးစားမှာပဲ။

ချမ်းသာနှစ်ခု ယှဉ်ပြိုင်လာရင် လွတ်မြောက်တဲ့ ချမ်းသာက အနိုင်ရစမြဲပါ၊ ရောဂါပြင်းထန်စွာ နှိပ်စက်ခံနေရတဲ့ လူမမာမှာ ခံစားဖို့ထက် ရောဂါလွတ်ဖို့က ပိုအရေးကြီးပါတယ်၊ ခံစားဖို့ စုထားတဲ့ ပိုက်ဆံတွေ ဘယ်လောက်ပဲကုန်ကုန် ရောဂါသက်သာပျောက်ကင်းအောင် ဆေးကုတဲ့ထဲ သုံးပစ်လိုက်ရတာပဲ၊ ရှိနေတဲ့ ပိုက်ဆံမလောက်ရင် လက်ဝတ်လက်စားတွေ ထုခွဲရောင်းချမယ်၊ နေအိမ်တွေ၊ အသုံးအဆောင်တွေ ဘာမှ မကျန်ချင်နေပါစေ၊ အကုန်ထုခွဲ ရောင်းချမယ်၊ ရောဂါပျောက်ဖို့ အဓိကပဲ၊ သက်သာရင်တောင် မနည်းပါဘူး။

ရောဂါသက်သာမယ်ဆိုရင် အပြင်ဘက်ကပစ္စည်းတွေ မပြောနဲ့ဦးတော့၊ လက်တစ်ဖက် ဖြတ်ရတာတို့၊ ခြေတစ်ဖက်ဖြတ်ရတာတို့ စတဲ့ အတွင်းအင်္ဂါအစိတ်အပိုင်းတွေ စွန့်လွှတ်အနစ်နာခံရတာတောင် ကျေနပ်လိုက်ရတာပဲ၊ တစ်ခါတစ်ရံ မရှုနိုင် မကယ်နိုင် ပြဿနာမျိုးစုံ ရင်ဆိုင်တွေ့ကြုံရတဲ့အခါ သုံးဆောင်ခံစားဖို့ ထားတဲ့ပစ္စည်းတွေကို လွတ်မြောက်ရေးအတွက် သုံးလိုက်ရတာမျိုးလည်း ရှိတတ်ပါတယ်၊ သုံးဆောင်ခံစားဖို့ ရှာဖွေစုဆောင်းထားတာတွေအားလုံး နောက်ဆုံးတော့ လွတ်မြောက်ရေး ချမ်းသာထဲ လိုက်ပါသွားကြရတာပါ၊ နှစ်ခုပြိုင်ရင် သူကနိုင်တာကိုး။

ဒုက္ခမီးလောင်နေမှန်း တကယ်သိသူမှာလည်း ခံစားဖို့ထက် ဒုက္ခမီးလွတ်ငြိမ်းဖို့သာ အဓိက ဖြစ်မှာပါ၊ နိဗ္ဗာန်ဆိုတာ ခံစားရတဲ့ ချမ်းသာ မဟုတ်ဘဲ လွတ်မြောက်တဲ့ ချမ်းသာမျိုးပါ၊ နိဗ္ဗာန်ရောက်မှ ရန်ပွဲတွေ ငြိမ်းမယ်လို့ ပြောရင်လည်း မှန်တာပါပဲ။

(၄) မီးငြိမ်းသတ်ပေးတာ ဘယ်သူလဲ?

မဂ္ဂသစ္စာက ဒီမီးတွေငြိမ်းအောင် သတ်ပေးနေပါတယ်၊ မဂ္ဂသစ္စာအစစ်ကိုတော့ အရိယာ ဖြစ်မှရမယ်၊ ပုထုဇဉ်မှာ မဖြစ်နိုင်သေးဘူး၊ ပုထုဇဉ်မှာက လောကုတ္တရာ မဂ္ဂသစ္စာရဲ့ အကြောင်းဖြစ်တဲ့ လောကီမဂ္ဂ သစ္စာလောက်ပဲ ဖြစ်နိုင်သေးတာ၊ မဟာကုသိုလ်မှာရှိတဲ့ သီလ၊ သမာဓိ၊ ဝိပဿနာ၊ ပညာဆိုတဲ့ မဂ္ဂင် ၈-ပါး ပေါ့၊ မဂ္ဂင် ၈-ပါးကို ချုံးလိုက်ရင် သိက္ခာသုံးပါး၊ သိက္ခာသုံးပါးကို ပြန်ချုံးလိုက်ရင် အပ္ပမာဒသတိထဲ အားလုံး အကျုံးဝင်သွားတယ်၊ ဒါကြောင့် မီးသတ်သမားဟာ သတိပဲ၊ သတိရှိရင် ဉာဏ်လည်း ပေါ်လာပါတယ်၊ ဒါတွေဟာ ဒုက္ခလွတ်ကြောင်း တရားကောင်းတွေဖြစ်လို့ မီးငြိမ်းသတ်ပေးနေပါတယ်၊ မလောင်အောင်လည်း ကာကွယ်ပေးတယ်၊ လောင်လာရင်လည်း ငြိမ်းပေးတယ်။

ကိုယ့်ကိုကိုယ်ကျွေးရင်လည်း သတိဉာဏ်နဲ့ မီးငြိမ်းရင်း ကျွေးရမယ်၊ မိသားစုကျွေးရင်လည်း မီးငြိမ်းတဲ့နည်းနဲ့ပဲ ကျွေးရမယ်၊ ဘာပဲလုပ်လုပ် သတိရှေ့ထား ဉာဏ်တရားနဲ့ မီးဘေးကာကွယ်ရင်း မီးငြိမ်းသတ်ရင်း လုပ်တတ်ရမယ်၊ အရှိကို တကယ်သိမှ ဉာဏ်ပညာအစစ်ပါ၊ လူ့အလုပ်အားလုံး သတိဦးစီးတဲ့ သိက္ခာသုံးပါး လမ်းကြောင်းပေါ်ရောက်သွားရင် မီးဘေးလွတ်တယ်၊ အပူငြိမ်းတယ်၊ အမှားနည်းတယ်၊ လမ်းဖြောင့်တယ်၊ မြန်မြန်ပြီးတယ်၊ ဘယ်အကောင်းမဆို အချိန်မီ ရနိုင်တယ်၊ မဂ္ဂသစ္စာဟာ ရန်ပွဲတွေ ဖျန်ဖြေပေးတယ်လို့ပြောရင်လည်း မှန်တာပါပဲ။

ဒုက္ခဖြစ်တဲ့ခန္ဓာပေါ် သတိဉာဏ် လွှမ်းမိုးထားနိုင်ရင် ဒုက္ခထုပ် အဖိုးတန် အသုံးဝင်တယ်၊ သမုဒယသစ္စာ နောက်ဆုတ်ပေးတယ်၊ မဂ္ဂသစ္စာလမ်းကြောင်းပေါ်ရောက်တယ်၊ နိဗ္ဗာန်ဘက် ဦးတည်နိုင်တယ်၊ သစ္စာကို ကျင့်သိနည်းနဲ့သိရင် မီးငြိမ်းဖို့ သေချာပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၃။ အမှန်မသိ မီးလောင်၏

- သတိမပါ၊ အသိကွာ၊ မီးမှာ ဆယ့်တစ်ဝ။
- ပူ၍မဆုံး၊ တစ်ဟုန်းဟုန်း၊ ယူကျုံးမရ လောင်တတ်ကြ။
- အမှန်မသိ၊ မီးလောင်၏၊ အသိမှန်မှ ငြိမ်းနိုင်ကြ။
- ဥက္ကဋ္ဌမှာ၊ အဝိဇ္ဇာ၊ တဏှာအတွင်းကျ။
- မီးဆယ့်တစ်တန်၊ ငြိမ်းရာမှန်၊ နိဗ္ဗာန်ဦးတည်ကျင့်သုံးရ။

ခန္ဓာမှာ လောင်နေတဲ့ မီး ၁၁-မျိုး ရှိတယ်၊ လောဘ၊ ဒေါသ၊ မောဟက အရင်းခံ မီးသုံးပါးပါ၊ ဒုက္ခအပူပြဿနာအားလုံး ဒီသုံးပါးက မြစ်ဖျားခံတာ၊ အရင်းမနိုင်ဘဲ အဖျားကိုင်လို့ ဘယ်အပူမှ မငြိမ်းနိုင်ပါဘူး၊ ဟိုနား ဒီနားက စီကနဲ ညံကနဲဆို ဒီသုံးပါးကြောင့်ပဲ၊ အိမ်ထဲမှာ ညီအစ်ကိုမောင်နှမ၊ ဇနီးမောင်နှံတွေ စီကနဲ ညံကနဲ ပူညံပူညံနဲ့ ရန်ဖြစ်ကြရင် ဒီသုံးပါးကြောင့်ပဲ၊ ယုတ်စွအဆုံး လမ်းပေါ်က ခွေးနှစ်ကောင် ကိုက်တာ ဒီသုံးပါးကြောင့်ပါ၊ အရင်းခံ မီးသုံးပါးကြောင့် သတ္တဝါတွေဟာ ပြုံးချင်ရက်နဲ့ ရှုံ့မဲ့နေကြရတယ်၊ ပျော်ချင်ရက်နဲ့ ပူလောင်ခြောက်ကပ်ကြီး ဖြစ်နေကြရတယ်၊ မီးလောင်ခံနေရလို့ မရွှင်လန်းနိုင်ဘဲ အလွန်ပင်ပန်းနေကြရပါတယ်။

မီးသုံးပါးမှာ လောဘကို တဏှာလို့လည်းခေါ်တယ်၊ ရာဂလို့လည်းခေါ်တယ်၊ အခြားနာမည်တွေလည်း အများကြီးပဲ၊ မောဟကိုတော့ အဝိဇ္ဇာလို့လည်းခေါ်တယ်၊ သူလည်း နာမည်တွေ အများကြီးပဲ၊ ဆင်းရဲဒုက္ခအပူ တည်ဆောက်ရေးအဖွဲ့မှာ အဝိဇ္ဇာက ဥက္ကဋ္ဌ၊ ဆင်းရဲဒုက္ခ အပူအားလုံး သူ ကြိုးကိုင်ထားတာ၊ တဏှာက ဆင်းရဲဒုက္ခအပူမျိုးစုံကို အနီးကပ် ဖန်တီးခြယ်လှယ်နေတာဖြစ်လို့ အကျိုးဆောင်အတွင်းရေးမှူးပဲ။

သတ္တဝါတွေ ကိုယ်၊ နှုတ်၊ စိတ်နဲ့ လှုပ်ရှားတိုင်း စေတနာရဲ့ သတ္တိဖြစ်တဲ့ ကံ ကျန်နေခဲ့တယ်၊ စေတနာ ချုပ်ပျောက်သွားလို့ ပေါ်လာတဲ့ သတ္တိပေါ့၊ ကုသိုလ်၊ အကုသိုလ် စေတနာရဲ့ သတ္တိကိုသာ ကံလို့ ခေါ်ပါတယ်၊ အဲဒီကံနှင့် ပူးပေါင်းပြီး အဝိဇ္ဇာ တဏှာက ခန္ဓာသစ် တည်ဆောက်ပေးတယ်၊ အဝိဇ္ဇာ တဏှာ မရှိသူမှာ ကံတွေ ရှိနေသေးပေမယ့် ခန္ဓာတည်ဆောက်ပေးနိုင်စွမ်းမရှိတော့ပါဘူး၊ အပင်ပေါက်နိုင်တဲ့ အဆီအစေးဓါတ် ပိုးကိုက်ခံရရင် မျိုးစေ့ဟာ စိုက်ပေမယ့် အပင် မပေါက်နိုင်သလိုပေါ့။

အဝိဇ္ဇာတဏှာ မကင်းသေးသူရဲ့ စေတနာဟာ အရုပ်တစ်ခုရေးပေးနိုင်တယ်၊ သတ္တဝါတွေဟာ ကိုယ့်အရုပ်ကိုယ်ရေးနေကြတာပါ၊ မိဘဆိုတာ နေရာပေးရုံပါ၊ ပင်ကိုယ်အရုပ်ပေါ်အောင် ရေးမပေးနိုင်ပါဘူး၊ သတ္တဝါတွေဟာ လှအောင်၊ အရုပ်ဆိုးအောင်၊ ဉာဏ် ကောင်းအောင်၊ ဉာဏ် မကောင်းအောင်၊ အသက်ရှည်အောင်၊ အသက်တိုအောင်၊ ကိုယ့်အရုပ်ကိုယ် ရေးနေကြတယ်၊ ကံက ပေးတာထက် ပိုပြီး လိုချင်ပေမယ့် မရနိုင်ကြပါ။

အဝိဇ္ဇာတဏှာနှင့် ပူးပေါင်းပြီး စေတနာရဲ့သတ္တိကံတရားက ဘဝသစ်တစ်ခု တည်ဆောက်ပေးလိုက်လို့ ဇာတိ ပေါ်လာတယ်၊ ဇာတိလည်း မီးပဲ၊ ဘဝတစ်ခုမှာ တွေ့ကြုံရမယ့် ဒုက္ခမျိုးစုံကို လက်ခံဝယ်ယူမယ့် ဒုက္ခအဝယ်ဒိုင် ဖွင့်လိုက်တာကိုး၊ ကုန်ပစ္စည်းအဝယ်ဒိုင်မှာ လာရောင်းသမျှ ကုန်ပစ္စည်းကို ဝယ်ယူရသလို ဇာတိဒိုင် ဖွင့်လိုက်ရင် ဒုက္ခမျိုးစုံ လာရောင်းတိုင်း လက်ခံဝယ်ယူရတော့မှာပေါ့၊ ဇာတိဆိုတဲ့ ဒုက္ခလောင်စာ ခန္ဓာကြီးပေါ်လာလို့ တစ်ဘဝလုံး ဒုက္ခအပူမီးတွေ လောင်တော့မှာပဲ။

ဇာတိဖြစ်လာရင် ဒီအတိုင်း ရပ်နေတာမဟုတ်ဘူး၊ ဇရာသဘောကြောင့် တစ်စတစ်စ ရင့်လာတယ်၊ ကြီးလာတယ်၊ အိုရုပ်ထင်ရှားတာနဲ့ မထင်ရှားတာပဲကွာတယ်၊ အိုတာကတော့ အမြဲရှိနေတာပဲ၊ နတ်ပြဟ္မာတွေမှာ အိုရုပ်မပေါ်ဘူး၊ လူ စတဲ့သတ္တဝါတွေမှာ အိုရုပ်ပေါ်တယ်၊ ဇရာမီး တဟုန်းဟုန်း တောက်လောင်နေတယ်၊ ကလေးငယ်လေးတွေ ငယ်ရာက ကြီးလာတာဟာ ဇရာသဘောပဲ၊ ဇာတိဆိုတဲ့ ဒုက္ခအဝယ်ဒိုင် ဖွင့်ထားတာ ဆိုတော့ ဇရာကလည်း လာရောင်းတာပေါ့။

ဗျာဓိဆိုတဲ့ ရောဂါက ဗျာဓိနာမည်နဲ့ မီး ၁၁-ပါးထဲ တိုက်ရိုက်မပါပေမယ့် ဒုက္ခလို့ပြောရင် ပါရောပေါ့၊ ဒုက္ခက ကာယိကဒုက္ခ၊ စေတသိကဒုက္ခလို့ နှစ်မျိုးရှိတာဖြစ်လို့ ဗျာဓိရောဂါကို ကာယိက ဒုက္ခထဲ ထည့်သွင်းလိုက်ရုံပေါ့၊ ဒါမှမဟုတ် အိုတာနှင့် သေတာ ပြောလိုက်ရင် နာတာလည်းပါနိုင်ပြီပဲ၊ သေလောက်အောင် နာပြီးမှ သေကြရတာကိုး။



www.burmeseclassic.com

www.burmeseclassic.com


ဇရာနှင့် ဗျာဓိက ဖိညှပ်ထားလို့ လူ့အသက်ရှင်ရတာ မချောင်လှဘူး၊ အိုတာနှင့် နာတာ တွဲလာတယ်၊ ဇရာက ဗျာဓိကို 'ဟေ့ သူငယ်ချင်း ဗျာဓိ၊ လာကွာ တို့နှစ်ယောက် အတူသွားရအောင်' လို့ ပြောသတဲ့၊ အတူတွဲသွားပြီး မရဏကို 'ဟေ့ မရဏ၊ လာကွာ တို့နှစ်ယောက် ဒီနားရောက်နေပြီ၊ လာကြိုလှည့်ပါကွ' လို့ လှမ်းခေါ်လိုက်သတဲ့၊ ထောင်းထုနှိပ်စက်လိုက်တာ သေပါရော၊ မသေနိုင်သူ ဘယ်သူရှိလို့လဲ၊ နောက်ဆုံး မရဏမီးလောင်လို့ သေရတာချည်းပဲ။

ကိုယ့်မှာရှိတာတွေ လက်လွှတ်ဆုံးရှုံးသွားတဲ့အခါ စိုးရိမ်ကြေကွဲဝမ်းနည်းရတဲ့ သောကမီးကြောင့် စိတ်နှလုံး ခြစ်ခြစ်တောက် ပူလောင်ရတယ်၊ စိတ်အပူက ရုပ်ဘက်ကိုပါကူးပြီး ရုပ်ပါဆင်းရဲ ပင်ပန်းရပါတယ်၊ စိတ်ထဲက ဝမ်းနည်းတာကို ထိန်းမရတော့ ပါးစပ်က အသံထွက်အောင်ငိုကြွေးရတဲ့ ပရိဒေဝမီး ဆက်လောင်တတ်တယ်၊ ကိုယ်စိတ်ဆင်းရဲတဲ့ ဒုက္ခမီး၊ စိတ်ဆင်းရဲပူလောင်လှတဲ့ ဒေါမနဿမီးတွေလည်း ဇာတိရှိခဲ့တော့ တဟုန်းဟုန်း တောက်လောင်နေကြတယ်။

ပါးစပ်ကထုတ်ငိုလို့ မရလောက်အောင် မေ့မျောသွားလောက်အောင် ပူလောင်လှတဲ့ မီးက ဥပါယာသ မီးပါ။ အပူထဲမှာ အပြင်းထန်ဆုံးမီးပေါ့၊ အပူရှိန်နံပါတ် ကုန်သွားပြီပေါ့၊ တစ်ချို့ ပူလောင်လွန်းအားကြီးလို့ အသက်ပါ ပါသွားကြတယ်၊ ဇာတိရှိထားရင် ဇရာ ဗျာဓိ မရဏမီးတွေဟာ ငြိမ်းမရအောင် လောင်နေကြမှာပါ၊ အို နာ သေ မီးတွေ နောက်ဆုတ်သွားအောင် ဘယ်သူမှ အမိန့်မထုတ်နိုင်ဘူး၊ မတားနိုင်ဘူး၊ အာဏာ မစူးရှနိုင်ဘူး၊ သတိ မီးသတ်သမားလက်ဦးရင် ကိလေသာနဲ့ဆက်စပ်တဲ့ ကျန်တဲ့မီး ၈-ပါးကတော့ မလောင်အောင် ကာကွယ်လို့လည်းရတယ်၊ လောင်လာရင်လည်း အချိန်မီငြိမ်းနိုင်ပါတယ်၊ သတိက ကိလေသာ အပူအပေါ် ဩဇာညောင်းတယ်။

ဘဝခန္ဓာလောင်စာ ခပ်သိမ်းချုပ်ငြိမ်းတဲ့နိဗ္ဗာန် ရတော့၊ ရောက်တော့မှပဲ မီး၁၁-ပါးလုံး ငြိမ်းမှာဖြစ်လို့ သတိရှေ့ထား ဉာဏ်တရားနဲ့ နိဗ္ဗာန်ဦးတည်ပြီး ကောင်းမှုတရား ဖြည့်ကျင့်ရမှာ ဖြစ်တယ်၊ သေချာပေါက်လမ်းကြောင်း တွေ့နေပြီပဲ၊ ဘာပဲလုပ်လုပ် မီးခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုပဲ ဦးတည်ရုံပေါ့။

## ၄။ စုန်ဆန်ခရီး သဘောစီး

- **လောကတဏှာ၊ အဝိဇ္ဇာ၊ လိမ်ညာသွေးဆောင်ဖြားယောင်းသည်။**
- **အောက်ကိုမျှောချ၊ ထိန်းမရ၊ ဒုက္ခအပူပွားရသည်။**
- **သတိပညာ၊ ဖြောင့်မှန်စွာ၊ ကောင်းရာပို့ဆောင်သည်။**
- **စွမ်းအားထက်မြက်၊ ဆန်ကာတက်၊ ရင့်ကျက်အေးချမ်းသည်။**
- **မီးသတိပြု၊ စိတ်ကိုလု၊ ကောင်းမှုတိုး၍ ချမ်းသာသည်။**

အဝိဇ္ဇာတဏှာက လောကနှင့်ဒုက္ခကို ဦးဆောင်တယ်၊ အရှိကို အရှိအတိုင်း မမြင်နိုင်အောင် ဖုံးထားတယ်၊ ချမ်းသာယောင်ဆောင်ပြီး လိမ်ညာ သွေးဆောင် ဖြားယောင်း လှည့်စားထားတယ်၊ သူက ဘဝသံသရာမြစ်ကို မျှောချတဲ့ အစုန်ခရီးပါ၊ အောက်ကို အပြေးခုန်ဆင်းတဲ့ အဆင်းခရီးပါ၊ အဆင်းရဲရင် ဆင်းရဲရမယ်ပေါ့။

အဲဒီအစုန်အတိုင်း မျှောချလိုက်ရင် အထိန်းလမ်းညွှန်မပါတော့ ဟိုတိုးဒီတိုက်နဲ့ ဒုက္ခရောက်တတ်တယ်၊ တိမ်းမှောက်ပြီးတော့လည်း မြုပ်သွားတတ်တယ်၊ နောက်ဆုံးတော့ ဆွေ့ဆွေ့ခုန် ပူရလောင်ရ ငိုရမှာပဲ၊ ဒါနဲ့ မပြီးသေးဘူး၊ အပါယ်ထိအောင် မျှောသွားပြီး မဆုံးနိုင်တဲ့ဒုက္ခတွေ လာတော့မှာပဲ၊ မီးကို ပေါ့ပေါ့ဆဆ ကိုင်တွယ်သုံးစွဲမိရင် လောင်စာရှိသလောက် မပြီးဆုံးနိုင်အောင် လောင်နေတတ်သလို သတိအထိန်းမပါဘဲ အဝိဇ္ဇာ တဏှာနဲ့ ဘဝခန္ဓာကို ကိုင်တွယ်နေရင် ခန္ဓာလောင်စာ ရှိသလောက် ကိလေသာအပူမီး၊ ဆင်းရဲမီး၊ အပါယ်မီးတွေ မဆုံးနိုင်အောင် လောင်နေတော့မှာပဲ။

မြတ်စွာဘုရား ၄၅-ဝါ ပတ်လုံး ဟောကြားလမ်းညွှန်ထားခဲ့တဲ့ ကျင့်စဉ်တရားအားလုံးရဲ့ အနှစ်ချုပ်ဖြစ်တဲ့ သတိနှင့် သတိကြောင့် ပွင့်လင်းလာတဲ့ဉာဏ်က ဓမ္မနှင့်သုခကို ဦးဆောင်တယ်၊ အရှိကို အရှိအတိုင်း ပွင့်ပွင့်လင်းလင်း ဖွင့်ပြပေးတယ်၊ ဘဝသံသရာမြစ်ကြီးကို ဆန်တက်ရတဲ့ အဆန်ခရီး အတက်ခရီးပါ၊ တရားအလုပ်ဆိုတာ ရေစီးသန်လှတဲ့ ကိလေသာမြစ်ရေကို ပြောင်းပြန် ဆန်တက်ရတာပါ၊ သတိဦးစီးတဲ့ ဝီရိယ၊



www.burmeseclassic.com

www.burmeseclassic.com


သမာဓိ၊ ဉာဏ် စက်အရှိန်သိပ်ကောင်းတော့ ရေစီးအရှိန် သိပ်ပြင်းတဲ့ ကိလေသာကို အလွယ်တကူ ဆန်တက်နိုင်တယ်၊ စိတ်ကို လွှတ်မချဘဲ ထိန်းထားနိုင်တော့ မမျောပါဘူး၊ ပုထုဇဉ်သဘာဝ ကိလေသာဖြစ်လာလို့ အစုန်ခရီးဖက် ရောက်သွားရင်တောင်မှ ဟိုတိုးဒီတိုက်မဖြစ်ရအောင်၊ မျောမသွားရအောင်၊ မြုပ်မသွားရအောင်၊ လမ်းဖြောင့်အတိုင်း တည့်တည့်မတ်မတ်သွားနိုင်အောင် အပ္ပမာဒလမ်းစဉ် စက်အရှိန်နှင့် ထိန်းမောင်းနိုင်တယ်၊ အချိန်မီ ထိန်းနိုင်တယ်၊ အပ္ပမာဒလမ်းစဉ်ဆိုတာ ကိလေသာရေစီးသန်တဲ့ ဘဝသံသရာမြစ်ကြောင်းမှာ စုန်ဆန်ခရီး အကုန်စီးလို့ရတဲ့ စက်အလွန်ကောင်းတဲ့ သင်္ဘောကြီးပါ။

အဝိဇ္ဇာတဏှာကို နိုင်အောင်လွှမ်းမိုးနိုင်တဲ့ တရားထိန်းဉာဏ်ဟာ စဉ်းစားတွေးခေါ်ရုံနဲ့ ပေါ်လာတာ မဟုတ်ဘူး၊ သတိ၊ ဝီရိယ၊ သမာဓိနဲ့ ဆင်းရဲမှုတရားခံအပူတွေကို အရှိန်သတ်ပြီးမှ သန့်စင်ပြီးမှ ပေါ်လာတာ ဖြစ်လို့ မီးကို ငြိမ်းအောင် လုပ်နိုင်တယ်။

## ၅။ ပိုက်ဆံအိတ် အမြဲကိုင်ထား

- **ပိုက်ဆံအိတ်မှာ၊ သတိသာ၊ ပညာဉာဏ်ကို ထည့်သွင်းထား။**
- **အသိမှန်ကန်၊ ပညာဉာဏ်၊ ပိုက်ဆံပမာ အားရှိသွား။**
- **ပိုက်ဆံရှိက၊ လိုတာရ၊ ဘဝအနှစ် တိုး၍ပွား။**

မိမိတို့မှာ လက်နှင့်တွေ့နေရတဲ့ လက်တွေ့တွေ နေ့တိုင်းရှိနေပြီးသားပါ၊ လက်တွေ့ကို ဉာဏ်နဲ့ ပေါင်းတတ်ရင် တရားချည်းပဲ၊ ဘဝအနှစ်တရား လက်လွတ်ဆုံးရှုံးရတာဟာ လက်တွေ့တွေ ဉာဏ်နှင့် မပေါင်းမိလို့ပါ၊ သတိလွတ်လို့ ဉာဏ်မပေါ်တာပါ။

လူမှာ ကြပ်တည်းမှု နှစ်မျိုးရှိတယ်၊ အရှိကြပ်တည်းမှုနှင့် အသိကြပ်တည်းမှုပါ၊ နေ့စဉ် ကုန်ကျတဲ့နောက်ကို ရတာကမမှီအောင် မလိုက်နိုင်ရင် အရှိကြပ်တည်းနေတတ်တယ်၊ ဟိုဟာမလောက် ဒီဟာမလောက်၊ ဟိုဟာ မပြည့်စုံ ဒီဟာမပြည့်စုံနဲ့ ပူပန်ကြောင့်ကြမှုတွေ များလွန်းလို ကောင်းမှုတရား စိတ်မဝင်စားနိုင်ဘူး၊ အမွဲတွေထဲမှာ ကုသိုလ်တရားမွဲတာက အောက်တန်းအကျဆုံး မျက်နှာအငယ်ရဆုံးပဲ၊ အမွဲသမား အရှုံးသမားလို့ ဆိုရမှာပဲ။

အရှိတွေ ပြည့်စုံသင့်သလောက် ပြည့်စုံနေပေမယ့် သုတနည်းပါးလို့ပဲဖြစ်ဖြစ်, (သုတရှိပေ မယ့်) သတိကင်းလွတ်နေလို့ပဲဖြစ်ဖြစ် အသိဉာဏ်ကင်းကွာနေရင် အသိကြပ်တည်းတာပဲ၊ ရှိတဲ့နောက်ကို သိတာက မှီအောင် မလိုက်နိုင်ဘူး၊ အသိကြပ်တည်းသူမှာ အရှိအောက် အသိရောက်ပြီး အရှိတွေကြောင့် မွန်းကြပ်ပူလောင် နေတတ်ပါတယ်၊ ကောင်းမှုတရား စိတ်မဝင်စားနိုင်ဘဲ အရှိကြောင့် ဒုက္ခရောက်ရတဲ့ အရှုံးသမား ဖြစ်တတ်ပါတယ်၊ ရှုံးတော့ ကုသိုလ်တရား မွဲသွားရမှာပဲ။

တစ်ခါတုန်းက ရွာတစ်ရွာမှာ 'ငတူး' ဆိုတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတယ်၊ တစ်ချိန်တော့ ငွေတစ်သိန်းကို လွယ်အိတ်ထဲထည့်ပြီး ဈေးဝယ်ဖို့ မြို့ကိုသွားတယ်၊ လမ်းမှာ ရန်သူတွေ့ရင် ခုခံကာကွယ်ဖို့ ထက်တဲ့ ဓားမတစ်ချောင်းကို ခါးမှာ ထိုးချပ်သွားတယ်၊ ဓားသွားဘက်မှာ အအိမ်မပါဘူး။

သွားရင်းသွားရင်းနဲ့ တောအုပ်တစ်ခု အတွင်းရောက်တော့ လမ်းတစ်ကွေ့မှာ လူဆိုးတစ်ယောက်နဲ့ ရင်ဆိုင်တွေ့ရတယ်၊ လူဆိုးလက်ထဲမှာ တုတ်တစ်ချောင်း ကိုင်ထားတယ်၊ ဒီပြင် လက်နက်တော့ မပါပါဘူး၊ လူဆိုးက ငတူးကိုမြင်တော့ 'ဟေ့လူ . . ရပ်ပါ၊ ပါတာ အကုန်ပေး' လို့ တောင်းတယ်၊ ငတူးက 'မပေးနိုင်ဘူး' လို့ ငြင်းတယ်၊ လူဆိုးက 'ဟောဒီမှာ တုတ်မြင်ရဲ့လား၊ သေသွားမယ်' လို့ ပြောတော့ ငတူးက 'ဘာတုတ်ပဲပြပြ မပေးနိုင်ဘူး' လို့ပြောရင်း လက်သီးနဲ့ ရန်သူကို ခုခံကာကွယ်နေတယ်။

ငတူးတစ်ယောက် ခါးမှာချပ်ထားတဲ့ ဓားကို လုံးလုံး မေ့နေတယ်၊ ခါးမှာ ဓားပါလာတာကို သတိမရဘူး၊ ဓားနဲ့ လူဆိုးကို ခုခံကာကွယ်ရင် ငတူး ဧကန်နိုင်မှာ သေချာပေါက်ပဲ၊ ဓားကို မေ့နေလို့ လက်သီးနဲ့ ခုခံနေတယ်၊ ဒီတော့ လူဆိုးက ငတူးရဲ့ခေါင်းကို တုတ်နဲ့ တအားရိုက်ချလိုက်တယ်၊ ငတူး ခေါင်းကွဲပြီး ပက်လက်ကြီး မူးလဲပါရောဗျာ၊ မူးလဲသွားတော့ ခါးမှာ ချပ်ထားတဲ့ဓားက ငတူးရဲ့ခါးတွေ ကျောတွေကို ရှပါလေရော၊ ဓားက အအိမ်မှ မပါပဲကိုး၊ ခါးကို ဓားရှမှပဲ ကိုယ့်မှာ ဓားပါလာမှန်း ငတူး သတိရတော့တာတဲ့၊ အသိနောက်ကျ သွားပါပြီကော။


www.burmeseclassic.com

www.burmeseclassic.com



တေား မူးလဲသွားတာနဲ့ လူဆိုးက တေားရဲ့လွယ်အိတ်ထဲပါလာတဲ့ ငွေတစ်သိန်းကို ယူပြေးသွားတယ်၊ တေားတစ်ယောက် သတိလွတ်လို့ အသိကြပ်တည်းသွားတယ်၊ ယူလာတဲ့ဓားက ရန်သူကို ကာကွယ်ပေးဖို့ မပြောနဲ့၊ ကိုယ့်ကိုတောင် ပြန်ရှလိုက်သေးတယ်၊ စက်ဆုပ်ဖို့ သိပ်ကောင်းတဲ့ ပမာဒပဲ။

တေားမှာ ခုခံကာကွယ်ဖို့ စွမ်းအားရော လက်နက်ရော ရှိနေပါရက်နဲ့ မေ့လျော့ပေါ့ဆမှုကြောင့် ရန်သူကို မခုခံ မကာကွယ်နိုင်ရှာသာမက ရန်သူအရိုက်ခံရလို့ ထိပ်ပေါက်ခေါင်းကွဲ သွေးတွေရဲလို့၊ ဆင်းရဲလိုက်တာ၊ ကျောမှာလည်း ဓားရှခံရလို့ ခါးစုတ်ကျောကွဲ သွေးတွေရဲလို့ပဲ၊ ယူလာတဲ့ ငွေတစ်သိန်းလည်း ရန်သူလက်ထဲ ပါသွားတယ်၊ သတိတစ်ချက်လွတ်တာနဲ့ တေား ဘယ်လောက်ဆုံးရှုံးနစ်နာသွားသလဲ၊ မီးသတိမပြုလို့ တေား ဒုက္ခမီး အကြီးအကျယ် အလောင်ခံလိုက်ရပါပြီကော၊ ရှိလို့ဆင်းရဲတာက မရှိလို့ ဆင်းရဲတာထက် အခံရခက်တယ်ဆိုတာ ဒါမျိုးကို ပြောတာ။

သတိလွတ်လို့ အရှိကြောင့် ဒုက္ခရောက် နေရသူတွေ နေ့စဉ် နည်းတာမှမဟုတ်ပဲ။

လူတိုင်း အပြင်မီးနဲ့မကင်းနိုင်သလို ပုထုဇဉ်တိုင်း အတွင်းကိလေသာမီးနဲ့ မကင်းနိုင်တော့ သတိပြုမှ မီးသက်သာမှာပါ။ ဝီရိယကို သတိနှင့်တွဲပေးနိုင်ရင် ပူတဲ့စိတ်အေးလို့ လှုပ်တဲ့စိတ် ငြိမ်လာတယ်၊ အနည်းဆုံး ရှင်းကနဲ စိုက်ကနဲဆိုတဲ့ ခဏိကသမာဓိ (တစ်ခဏတည်ငြိမ်မှု) ဖြစ်ပေါ်လာရပါတယ်၊ ဒါမှ သန့်စင်တဲ့ ဉာဏ်ဖော်လို့ရတယ်၊ ဒါကြောင့် တရားကို ဦးဆောင်တာ သတိဉာဏ်လို့ ပြောတာပါ။

သတိဉာဏ် ဘယ်လောက်စွမ်းသလဲဆိုတော့ လူ့အပူမှန်သမျှကို စုပ်ထုတ် ဖယ်ရှားပစ်နိုင်တယ်။ သတိ၊ ဝီရိယ၊ သမာဓိဆိုတာ လောဘ၊ ဒေါသ၊ မောဟ အပူငွေ့တွေကို သန့်စင်ဖယ်ရှားပေးနေရတဲ့ အလုပ်ဆိုတော့ အပူမီးကို နိုင်တာပေါ့၊ ပြီးတော့ လက်ထဲမှာရှိတာတွေ ဘယ်ဟာပဲကုန်ကုန် ဘယ်နည်းနဲ့ပဲကုန်ကုန် ဘဝအဆီအနှစ်ဖြစ်တဲ့ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားတွေကျန်အောင် စစ်ထုတ် ညှစ်ထုတ် ဆွဲထုတ် ယူထားလိုက်တယ်၊ 'ငါဘာကြောက်ဖို့ လိုသေးလဲ' လို့ ကြုံးဝါးရဲလောက်အောင် ရဲရင့်အားရှိသွားတယ်၊ ရင့်ကျက်သွားတယ်။

အမြဲကိုင်ထားရမှာက သတိပဲ၊ အပူ အရှုပ်တွေ မကြိုက်ရင် သတိကို ချွေတာလို့ မဖြစ်ဘူး၊ သတိက အဖိုးတန်ဉာဏ်ကို ထည့်သွင်းထားတာဖြစ်လို့ ပိုက်ဆံအိတ်နှင့်တူတယ်၊ သတိရှိမှ ဉာဏ်ပွင့်ပါတယ်၊ သတိဖွင့်ပေးတဲ့ ဉာဏ်ကတော့ ပိုက်ဆံနှင့်တူတယ်၊ ပိုက်ဆံမရှိရင် ဘာမှ မဝယ်နိုင်လို့ ဆင်းရဲရသလို ဉာဏ်မရှိရင် ကိုယ့်ခန္ဓာ၊ ကိုယ့်ပစ္စည်း၊ ကိုယ့်အာရုံတွေထံက အားကိုးစရာ တရား ဘာမှမရနိုင်လို့ အလွန် ဆင်းရဲပင်ပန်း အားငယ်ရပါတယ်။

ဖိုးကူးဆိုတဲ့ လူတစ်ယောက် တရားအားထုတ်တော့ ဘုန်းကြီးက 'ဟဲ့. . ဖိုးကူး၊ တရားအားထုတ်ရင် ပိုက်ဆံအိတ်မပျောက်စေနဲ့၊ ပိုက်ဆံအိတ် အမြဲကိုင်ထား' လို့ ပြောတယ်၊ ဒီတော့ ဖိုးကူးက စောစောက ခေါင်းအုံးအောက်မှာထားတဲ့ ပိုက်ဆံအိတ်ကိုယူပြီး ခါးမှာ အမြဲချပ်ထားလိုက်တယ်၊ တရားပဲထိုင်ထိုင် ထမင်းပဲစားစား စင်္ကြံနိပဲလျှောက်လျှောက် ဘာပဲလုပ်လုပ် ဖိုးကူးက ပိုက်ဆံအိတ်ကို ခါးမှာ အမြဲချပ်ထားတယ်။

သူများတွေက မြင်တော့ 'ဟဲ့ ဖိုးကူး၊ တရားအားထုတ်တာ ဘာလို့ ပိုက်ဆံအိတ်ကြီး ခါးချပ်ထားတာလဲ'လို့ မေးကြတယ်၊ 'ဘုန်းကြီးက တရားအားထုတ်ရင် ပိုက်ဆံအိတ် မပျောက်စေနဲ့၊ ပိုက်ဆံအိတ် အမြဲကိုင်ထားလို့ ပြောတယ်ဗျ' ဆိုတော့ 'ဟဲ့ ဖိုးကူး၊ အဲဒါ တင်စားပြောတာ၊ သတိ ပိုက်ဆံအိတ် မပျောက်စေနဲ့လို့ပြောတာ' 'ဟုတ်လို့လားဗျ' 'ဟုတ်တယ်ဟဲ့၊ တရားအားထုတ်တာနဲ့ နှင့်ပိုက်ဆံအိတ် ဘာဆိုင်လို့တုန်း၊ တရားအားထုတ်ရင် သမာဓိဉာဏ်ပေါ်ဖို့ သတိပိုက်ဆံအိတ် အမြဲကိုင်ထားလို့ ပြောတာ' 'ဟုတ်တယ်နော်' 'ဟုတ်ပါတယ်ကွ ဖိုးကူးရဲ့'လို့ ဆိုတော့မှ ဖိုးကူးက ပိုက်ဆံအိတ်ကို ခေါင်းအုံးအောက်မှာ ပြန်ထားပြီး သတိပိုက်ဆံအိတ် အမြဲကိုင်ပြီး အဖိုးတန် သမာဓိဉာဏ်ပေါ်အောင် သဲသဲမဲမဲ အားထုတ်တော့တာ၊ ဉာဏ်ပိုက်ဆံရှိမှ လိုတာ အကုန်ရမှာကိုး။

### ၆။ ယခုသာ အဖိုးတန်ဆုံး

- ■ ပစ္စုပ္ပန်သာ၊ ရောက်ဆဲမှာ၊ မှန်ဥာ အဖိုးအတန်ဆုံး။
- ■ ပြုလုပ်ဆဲသာ၊ အလုပ်မှာ၊ မှန်စွာ အရေးအကြီးဆုံး။



www.burmeseclassic.com

www.burmeseclassic.com


- **ရောက်ဆဲလုပ်ဆဲ၊ သတိစွဲ၊ အမြဲတွင်အောင်သုံး။**
- **မသုံးမိက၊ အပူရ၊ ဘဝနာ၍ အခွင့်ရှုံး။**
- **အချိန်ကိုထိန်း၊ အပူငြိမ်း၊ တွက်ကိန်းအကိုက်ဆုံး။**
- **တရားကျင့်သုံး၊ ရွှင်ပြုံးအေးမြ၊ လူ့ဘဝ ထူးလှအမြတ်ဆုံး။**

သတိဆိုတာ ပစ္စုပ္ပန်ကို အမြဲတန်ဖိုးထားရပါတယ်၊ လောကမှာ အခုရောက်ဆဲ ပစ္စုပ္ပန်အချိန်သာ အဖိုးအတန်ဆုံးပါ၊ ပစ္စုပ္ပန်တစ်ခုပဲ ချက်ချင်းလက်ငင်း အလုပ်ဖြစ်တာပါ။ မနက်ဖြန်ဟာ စကားပဲ ပြောလို့ရသေးတယ်၊ ဘာမှလုပ်လို့ မရသေးဘူး၊ မနေ့တုန်းကဟာလည်း စကားပဲပြောလို့ ရတော့တယ်၊ ဘာမှ လုပ်လို့ မရတော့ဘူး၊ အခုသာ အလုပ်လုပ်လို့ဖြစ်တာ၊ သတိတစ်ချက် ကိုင်ထားနိုင်ရင် တစ်နေ့တစ်နေ့မှာ ပစ္စုပ္ပန်အလုပ်တွေ အများကြီး ပြီးသွားနိုင်တယ်၊ သေချာတဲ့ ပစ္စုပ္ပန် တစ်ခုဟာ အတိတ်က ဟာကွက်ကိုလည်း ဖာထေးအားဖြည့်ပေးနိုင်တယ်၊ အနာဂတ်ကို အားလုံး တာဝန်ယူနိုင်တယ်။

အလုပ်ထဲမှာ လောလောဆယ် အခုလုပ်နေဆဲအလုပ်သာ အရေးအကြီးဆုံးပါ၊ လောလော ဆယ်လမ်းသွားနေရင် လမ်းသွားတာ အရေးအကြီးဆုံး၊ ထမင်းစားရင် ထမင်းစားနေတာ အရေးအကြီးဆုံး၊ အိမ်ထဲမှာ ကလေးထိန်းနေရင် ကလေးထိန်းတာ အရေးအကြီးဆုံး၊ ထမင်းချက်နေရင် ထမင်းချက်တာ အရေးအကြီးဆုံး၊ ဘာပဲလုပ်လုပ် လုပ်ဆဲအလုပ်သာ အရေးအကြီးဆုံး။

အလုပ်တိုင်း သတိနဲ့ အရေးတကြီး ချပ်ချပ်ရပ်ရပ် ကိုင်တွယ်ပေးလိုက်ရင်အတွင်း မီးလည်း မလောင်ဘူး၊ အနည်းဆုံး သက်သာတယ်၊ အပြင်က မီးဘေးလည်းလွတ်တယ်၊ ပြီးတော့ အလုပ်တစ်ခုဟာ အလုပ်နှင့်တူအောင် စွမ်းအားအပြည့်နဲ့ သပ်သပ်ရပ်ရပ် သေသေချာချာ ပြီးစီးသွားတယ်၊ အလုပ်တစ်ခု ပြီးတာနဲ့ တရားစွမ်းအား ပြည့်စုံမှုတွေ တစ်ခါတည်းပါဝင်သွားတယ်၊ အားတက်စရာကြီးပေါ့။

ရောက်ဆဲအချိန် လုပ်ဆဲအလုပ်တိုင်း သတိအမြဲကိုင်စွဲပေးနိုင်ရင် အားကိုးရမယ့် ကိုယ်ပိုင် စာရင်းဝင် အလုပ်တွေ အများကြီးတွင် ကျယ်သွားမယ်၊ သတိမြဲအောင် လေ့ကျင့်ပေးဖို့ လိုမယ်ပေါ့။

သတိလွတ်တော့ ဘဝနာတယ်၊ သတိကပ်မှ ဘဝနာပေါ်တယ်၊ သတိလွတ်ရင် တမင်ပွားအောင် လုပ်တာ မဟုတ်ပေမယ့် အာရုံနှင့်စိတ် တစ်ခုမှ မကပ်မိတော့ အာရုံထောင်းထုသမျှ ကိလေသာ ထောင်းထုဖိစီး နှိပ်စက်သမျှ လူးလိမ့်ခံနေရတာဖြစ်လို့ စိတ်မှာ အရမ်းနာကျင်နေတယ်၊ စိတ်နာတော့ ရုပ်ပါ နာလာတယ်၊ ဒါကြောင့် ဘဝနာ ပွားတယ်ပြောတာ၊ သတိကပ်ပေးတော့ စိတ်စွမ်းအားတရားတွေ ပေါ်လာတယ်၊ သတိကပ်ရင် ဖျက်အားဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို လွှမ်းမိုးအနိုင်ယူနိုင်ပြီး တက်အားဖြစ်တဲ့ သမာဓိဉာဏ်တွေ တိုးလာမယ်၊ မီးသတိပြုမှ ဘဝနာနဲ့ မီးငြိမ်းနိုင်မယ်ပေါ့။

ပြီးတော့ သတိလွတ်ရင် ရကောက် ရောဂါ၊ သတိကပ်ရင် ယပက်လက်ယောဂီပေါ့။ သတိလွတ်တိုင်း စိတ်အနာ၊ ရုပ်အနာတွေ တိုးတတ်လို့ ရကောက် ရောဂါဖြစ်တယ်၊ အနာသည်ကြီးပေါ့၊ ဘဝနာနှင့် ရောဂါ အတူတူပါပဲ။

သတိကပ်တော့ ယပက်လက် ယောဂီ၊ စွမ်းအားပိုင်ရှင်ကြီးပေါ့၊ ဘဝနာနှင့် ယောဂီအတူတူပဲ၊ သတိကပ်နိုင်ရင် ယောဂီဖြစ်သွားတယ်၊ ထမင်းစားတော့ ထမင်းစား ယောဂီ၊ ထမင်းချက်တော့ ထမင်းချက် ယောဂီ၊ ဘုရားလက်ထက်က ထေရိကာအိမ်ရှင်မလိုပေါ့၊ လမ်းသွားတော့ လမ်းသွား ယောဂီ၊ နေမကောင်းတော့ ဂီလာန ယောဂီ၊ ဘာလုပ်လုပ် အလုပ်တိုင်း စွမ်းအားတွေ ရပါတယ်။

ပြီးတော့ သတိလွတ်ရင် ရတာနာတယ်၊ စောစောကပြောခဲ့တဲ့ ငတူးလို ရတာတွေ အကုန်နာတတ်တယ်၊ အရှိအောက် ပြားပြားဝပ်ရောက်သွားပြီး မွန်းကြပ်ပူလောင် နစ်နာဆုံးရှုံးတတ်တယ်။

သတိကပ်ရင် ရတနာပဲ၊ အဖိုးတန် ဉာဏ်ပေါ်တာကိုး၊ အမှိုက်ပုံးထဲ အမှိုက်ပစ်တာတို့၊ သူခိုး ခိုးခံရလို့ ပစ္စည်းပျောက်တာတို့၊ နေမကောင်းတာတို့၊ နေ့စဉ် စားသောက်နေရတာတို့ စတဲ့ အရာတွေဟာ သတိထားလို့ ဉာဏ်နဲ့ မှီအောင် လိုက်နိုင်ရင် ဝိပဿနာ အခြေခံအသိကို လက်တွေ့ ပေးနေတာလို့ နားလည်သွားမယ်၊ စာတွေ့ကို လက်တွေ့နှင့် ပေါင်းပေးတာပဲ၊ လက်တွေ့နှင့် ဉာဏ် ပေါင်းမိရင် အဖိုးတန်တရားပဲကိုး၊ ရတနာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အချိန်ထိန်းကိရိယာသတိ တပ်ဆင်ထားရင် အပူလည်း ငြိမ်းအေးတယ်၊ မီးသတိပြုတော့ မီးဘေးလည်း လွတ်တယ်ပေါ့၊ ဘဝတွက်ကိန်းလည်း ကိုက်တယ်၊ စားဝတ်နေရေးနှင့်တရား တစ်ပါတည်း တွဲပါသွားတယ်၊ ထမင်းစားတုန်း သတိပါရင် ထမင်းစားတာ တွက်ကိန်းကိုက်တယ်၊ စားရင်း သီလ၊ သမာဓိ၊ ဝိပဿနာ ပါဝင်သွားမယ်။

ဈေးရောင်းတုန်း သတိထားရင် ဈေးရောင်းတာ တွက်ကိန်းကိုက်တယ်၊ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ အစုံ ပါဝင်လာနိုင်တယ်၊ ဈေးရောင်းတာ ပိုက်ဆံရရုံလောက်နဲ့ ဘယ်တွက်ကိန်းကိုက်မှာလဲ၊ ပိုက်ဆံက ဧည့်သည်ပဲ၊ ဒီနေ့ရရင် နောက်နေ့ကုန်မယ်၊ ဒီတစ်ပတ်ရရင် နောက်တစ်ပတ်ကုန်မယ်၊ နောက်ဆုံး ပိုက်ဆံနှင့် လူ ခွဲရမယ်၊ ပိုက်ဆံဟာ ကိုယ့်စာရင်းမှ မဟုတ်ဘဲ၊ ဧည့်စာရင်းတွေပဲ၊ ဧည့်စာရင်းမှတ်နေရုံနဲ့ လူ့ဘဝ ဘာမှ အဓိပ္ပာယ် မရှိဘူး။

ကောင်းမှုတရားသာ လူရဲ့ ကိုယ်ပိုင်စာရင်းဖြစ်တယ်၊ ကောင်းမှုတရားကလွဲရင် ကိုယ့်မှာ ရှိသမျှအားလုံး ကိုယ့်စာရင်းအစစ် မဟုတ်ဘူး၊ နောက်ဆုံး သူများစာရင်းထဲ ပါသွားမှာ၊ ကိုယ်ပိုင် တရားစာရင်း များများရှိမှ မြင့်မြတ်တဲ့လူ ဖြစ်ခွင့်ရမယ်။

မီးသတိပြုပြီး ကြိုးစားတတ်ရင် နေ့စဉ်လုပ်နေကျအလုပ်တွေထဲက ကိုယ်ပိုင်စာရင်းဖြစ်တဲ့ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာအစုံဟာ တွက်ကိန်းကိုက်အောင် ရနိုင်တယ်၊ ဝိပဿနာဆိုတာ ခန္ဓာတီဗွီဖွင့်ကြည့်တာ၊ ခန္ဓာက ထုတ်လွှင့်တဲ့ သတင်းမှန်တွေကို အမှန်သိအောင် လုပ်တာ၊ ခန္ဓာက သတင်းမှန်တွေ ထုတ်လွှင့်နေပေမယ့် ကိုယ်က ဖွင့်မကြည့်တော့ သတင်းမှန်တွေ မသိရဘူး၊ ကိုယ့်ခန္ဓာနှင့် သတင်းဆက်သွယ်ရေးတွေ ပြတ်နေတတ်တယ်၊ သတင်းဆက်သွယ်ရေးပြတ်တော့ မေ့နေတော့မှာပါ၊ မေ့နေရင် မီးသတိမပြုနိုင်တော့လို့ အတွင်းမီး၊ အပြင်မီးတွေ ဝိုင်းနေတော့မှာပဲ။

နောက်တစ်မျိုးပြောရရင် ဝိပဿနာဆိုတာ တရားစွဲတာ၊ တရားစွဲတယ်ဆိုတာ အမှုလုပ်တာ မဟုတ်ဘူး၊ သတိတရားကိုင်စွဲပြီး ဝိပဿနာဉာဏ်နဲ့ ငြိမ်းအောင်လုပ်တာပါ၊ အပူတစ်ခုကို နှစ်ခု မတိုးပွားစေရဘူး၊ အပူတစ်ခုတင်ပဲ ငြိမ်းသွားအောင်လုပ်တာ၊ ဒါ တရားစွဲတာပဲ။

တတိယအရွယ်ကျမှ ဝိပဿနာ တရားအပြင်းအထန် အားထုတ်ထားတဲ့ ယောဂီကြီး ဒေါ်မြက တစ်ခါတစ်ရံ သားသမီး၊ မြေးတွေခိုင်းလို့ အဆင်မပြေတဲ့အခါ အာဏာဆန်သလိုဖြစ်နေတော့ တရားစွဲလိုက်တယ်၊ 'နင်တို့ ငါပြောရင် အာဏာဆန်ကြတယ်၊ ငါ့ခန္ဓာကြီးနဲ့ သိပ်တူတာ၊ ငါ့ခန္ဓာကြီးက နင်တို့ထက်တောင် ပိုအာဏာဆန်သေး၊ ဒီလောက် ပြုပြင်ထားပါရက်နဲ့ မအိုပါနဲ့ ပြောလည်း အာဏာဆန်တယ်၊ မနာပါနဲ့ ပြောလည်း နားမထောင်ဘူး၊ ဖြစ်လာရင် မပျက်ပါနဲ့၊ ပျက်လာရင် မနှိပ်စက်ပါနဲ့ ပြောလည်း အာဏာဆန်တာပဲ၊ ငါ့ခန္ဓာကြီးက နင်တို့ထက် ပိုအာဏာဆန်တယ်' တဲ့ အဲဒါ တရားစွဲတာပဲ၊ ဒေါသ တစ်ချက်မှ မဖြစ်ဘူး၊ မီးသတိပြုတော့ မီးမလောင်ဘူးပေါ့။

### ၇။ မီးသတိပြု ကောင်းတာစု

- **ပုထုဇဉ်မှာ၊ ကိလေသာ၊ ပြင်းစွာ လောင်တတ်ကြ။**
- **သတိရှိလျှင်၊ အသိဝင်၊ သန့်စင်ငြိမ်းအေးကြ။**
- **အာရုံဖေါ်ကာ၊ ကပ်ထားပါ၊ ကောင်းစွာ ထိန်းသိမ်းရ။**
- **မပြီးသမျှ၊ မပျောက်ရအောင်၊ မရောအောင်လည်း၊ သတိစွဲ၊ မြဲမြဲကိုင်ထားရ။**
- **စ လယ် အဆုံး၊ အားလုံးသိဖို့၊ သတိကပ်ကာ၊ ဆက်စပ်ပါ၊ ကောင်းစွာနိုးကြားရ။**
- **အလုပ်တိုင်းမှာ၊ ကိလေသာဝေး၊ စိတ်ဖြူဖွေး၊ အရေးတကြီး လုပ်ဆောင်ရ။**
- **မီးသတိပြု၊ ကောင်းတာစု၊ ကောင်းမှုတိုးစေရ။**

လူတိုင်း နေရာတိုင်း မီးနှင့်မကင်းနိုင်ကြသလို ပုထုဇဉ်တိုင်းလည်း ကိလေသာမီးနှင့် မကင်းနိုင်ကြသေးပါဘူး၊ လောကမီးကို သုံးတာဟာ လောင်ကျွမ်းအောင် ရှို့မြှိုက်ဖို့ မဟုတ်ဘဲ ရင့်ကျက်ဖို့သာ ဖြစ်သလို ကိလေသာမီးနှင့် လူ့အရှိတွေဟာလည်း ပူလောင်ဖို့မဟုတ်ဘဲ စိတ်ဓာတ်ရင့်ကျက် မြင့်တက်ဖို့သာဖြစ်သင့်တယ်၊ သတိ အထူးလိုမယ်ပေါ့၊ သွားတတ်တော့ လမ်းဆိုတဲ့စကားအတိုင်း ဆူးပေါ်တဲ့ လမ်းဟာ ဆူးရှိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com


ဖိနပ်စီးသွားရင် ဆူးမစူးဘဲ လိုရာရောက်အောင် သွားလို့ရတဲ့လမ်း ဖြစ်နိုင်ပါတယ်၊ ကိလေသာ ရှိပေမယ့် သတိဉာဏ်ဖိနပ် စီးသွားရင် ကိလေသာမီး မလောင်ဘဲ လိုရာချမ်းသာ ပန်းတိုင်အရောက် သွားလို့ရတဲ့ တရားလမ်းပဲ ဖြစ်နိုင်ပါတယ်၊ ရှေ့ကဖြစ်သွားတဲ့ ကိလေသာကို သတိဉာဏ်နဲ့ လိုက်ရှုသွားရင် ဆူးတောဖိနပ် စီးသွားသလို ဆူးလည်းမစူး လိုရာလည်း ရောက်နိုင်တယ်။

မီးဖိုထဲ ထမင်းဟင်းချက်ပြုတ်နေသူဟာ နေ့စဉ် မီးပူရှိန်ပြင်းတဲ့ ထမင်းအိုး၊ ဟင်းအိုးတွေ ကိုင်နေရပေမယ့် လက်နှီးလက်ခု၊ အဝတ်ထူထူ ကြားခံကိုင်တွယ်တော့ လက်ကိုအပူ မလောင်အောင် ကိုင်တတ်တယ်၊ ပူပေမယ့် ကြားခံကောင်းလို့ မလောင်ဘူးပေါ့။

လောကမှာ မီးလောင်ရင် ရေနဲ့ငြိမ်းရတာဖြစ်ပေမယ့် ရေများမှ မီးကိုနိုင်တာပါ၊ လက်ဦးမှလည်း နိုင်မှာဖြစ်ပါတယ်၊ မီးကများလို့ လက်ဦးသွားရင်တော့ မီးက ရေကိုနိုင်တော့မှာပါ၊ နေ့စဉ် မီးဖိုထဲမှာ ချက်ပြုတ်နေတဲ့ ပွဲတွေကိုကြည့်ရင် မီးက ရေကို အနိုင်ပေးထားတာ တွေ့ရမယ်၊ မီးသတိပြုတော့လည်း သတိက များလည်းများ အားလည်းကောင်း လက်လည်းဦးမှ အတွင်းမီးကိုရော အပြင်မီးကိုရော ကိုယ်က သေချာပေါက် အနိုင်ယူနိုင်မှာဖြစ်တယ်။

ဘုရားလက်ထက်က လလိုပဲ အမြဲအေးချမ်းအောင်နေတတ်တဲ့ မစန္ဒာဆိုတဲ့ အမျိုးသမီး တစ်ဦးရှိခဲ့ဖူးတယ်၊ မိဘဆွေမျိုးကောင်း၊ ဆရာသမားကောင်းတွေရဲ့ကျေးဇူးကြောင့် သီနားလည်တတ်တဲ့ အရွယ်ကစ လူနှင့်တရား ပေါင်းမိသူပါ၊ မီးလောင်ရင် ငြိမ်းနိုင်ဖို့ ရေများများလည်းရှိတယ်၊ လက်လည်းဦးနေတယ်ပေါ့၊ အရာရာမှာ အသိသတိနဲ့ နိုးနိုးကြားကြား နေထိုင်ကျင့်သုံးနေတတ်သူပါ။

ပွဲရှိလို့ သူများတွေက ပွဲကြည့်ခေါ်ကြတဲ့အခါ 'ဇာတ်ခုံပေါ်ကပွဲဆိုတာ အိမ်ထဲက အကြောင်းအရာတွေကို ယူပြီး ဇာတ်ထုပ်ခင်းပြတာပါ၊ တကယ်ကြည့်ရမယ့်ပွဲက အိမ်ထဲမှာပါ၊ သူများပွဲတွေ ကြည့်မယ့်အစား ကိုယ့်ပွဲကိုယ် ကြည့်တာကပဲ ငြိမ်းအေးနိုင်ပါတယ်' လို့ အမြင်ရှင်းရှင်းနဲ့ ဘယ်တော့မှ ပွဲကြည့်မလိုက်ခဲ့ဘူး။

အရွယ်ရောက်တော့ မိဘများက အမျိုးတူ သူဌေးသားတစ်ဦးနဲ့ နေရာချပေးလိုက်တယ်၊ သူခင်ပွန်း သူဌေးသားက မကြာခင် မစန္ဒာကို ဘာအပြစ်မှမရှိဘဲ အပြီးအပိုင် စွန့်ခွာသွားတယ်၊ မရေတွက်နိုင်အောင် များပြားလှတဲ့ လူ့အပူတွေကို ဉာဏ်သတိနဲ့ စစ်ထုတ်တတ်တော့ အပြုံးလည်း မပျက်၊ ဣန္ဒြေလည်း မပျက်ဘူး၊ ကိုယ့်ပွဲကိုယ် ဉာဏ်သတိနဲ့ မျက်ခြည်မပြတ် ငြိမ်းအေးအောင် ကြည့်တတ်တယ်။

'တရားကလွဲလို့ ဘယ်အရာကိုမှ ကိုယ်ပိုင်တာ မဟုတ်တော့ ဘာတွေပဲ ခွဲခွာသွားသွား တရားအဖော် ကိုယ့်မှာကျန်ခဲ့ရင် ပြီးတာပဲ၊ ကိုယ်ပိုင်စာရင်းဆိုလို့ တရားတစ်ခုပဲရှိတာ၊ ယခု သူက စွန့်ခွာမသွားရင်လည်း တစ်နေ့ကျတော့ သေကွဲ၊ ရှင်ကွဲ တစ်နည်းနည်းနဲ့ ဧကန်ကွဲရမှာပါ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သူက ခွဲပေးတော့ စောစောစီးစီး တရားအလုပ်လုပ် ရတာပေါ့၊ အချိန်မနှောင်းခင် ကိုယ်ပိုင်တရားအဖော်နှင့် တွေ့ခွင့်ရအောင် တွန်းအားပေး ကူညီဖော်ရလိုက်တာ 'လို့ အမြင်ရှင်းရှင်းနဲ့ ငြိမ်းချမ်းစွာ နေတတ်ဖြေတတ်တယ်၊ တရားဆိုတာ နေတတ်ဖို့၊ ဖြေတတ်ဖို့၊ သေတတ်ဖို့ အားယူရတဲ့အလုပ်ပဲ။

ကြိုတင်မီး သတိပြုထားတော့ ဝမ်းနည်းကြေကွဲစရာနဲ့ ကြုံရပေမယ့် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿမီးတွေ မလောင်ရအောင် ကာကွယ်နိုင်တယ်၊ လောင်လာတော့ အချိန်မီ ချက်ချင်း ငြိမ်းပေးနိုင်တယ်၊ ဒါ ဘဝအောင်ပွဲပဲ၊ လူမှုဒုက္ခဆိုတာ လူကို လဲအောင်၊ မွဲအောင် တွန်းတာမဟုတ်ဘူး၊ ရဲဖို့နှင့် အသိစွဲမြဲဖို့ တွန်းပေးတာပါ။

လမ်းသွားရင်း လေခပ်ပြင်းပြင်းတိုက်လို့ ဝတ်ထားတဲ့အဝတ်တွေ ဖရိုဖရဲ ပြန့်လွင့်လာတော့ အဝတ်ကို ချွတ်ပစ်လို့ မဖြစ်ဘူးလေ၊ မလွင့်အောင် မကျွတ်အောင် မကြွအောင် မထအောင် လက်နဲ့ နာနာဖိကိုင်ထား ရတာပဲ မဟုတ်လား၊ ရှောင်မရတဲ့ လောကဓံ လေပြင်းပြင်းတိုက်တော့လည်း သတိလက်လွှတ် တရားအဝတ် ချွတ်ပစ်လို့ မတော်ဘူးပေါ့၊ တရားခိုင်မြဲအောင် သတိဉာဏ်နဲ့ နာနာဖိ ကိုင်ထားရမှာပဲ၊ လောက က အကုန်လုံး ကိုယ့်နောက် လိုက်ပေးနေရင် တရား ဘာလုပ်တော့မလဲ၊ လူနှင့် လောက ပြေလည်အောင် ညှိနှိုင်းပေးဖို့ပဲ တရားပေါ်လာတာ၊ တရားဆိုတာ ဆွဲအားတစ်ခုတည်းနဲ့ မလုံလောက်ဘူး၊ တွန်းအားလည်းပါမှ အချိန်မီ ပြီးနိုင်တာ။


www.burmeseclassic.com

www.burmeseclassic.com


သတိဉာဏ်လက်စွဲပြုပြီး ကိုယ့်ပွဲကိုယ် ကြည့်ထားတဲ့ မစန္ဒာဟာ မီးလောင်မခံဘဲ အမြင်ရှင်းရှင်းနဲ့ သာသနာ့ဝင် တရားအားထုတ်လိုက်တာ မကြာမီ ရဟန္တာဖြစ်သွားတယ်၊ ရဟန္တာဖြစ်တော့ လောကနဲ့ လုံးဝ ပြေလည်သွားပြီပေါ့၊ အေးချမ်းတဲ့လဟာ လောကနှင့် အမြဲ ပြေလည်နေသလို အားလုံးနှင့် အဆင်ပြေအောင် ညှိနှိုင်းနေထိုင်တတ်တဲ့ မစန္ဒာလည်း တရားလက်ဦးသွားတော့ မီးငြိမ်းသွားပြီပဲ၊ အမြဲ မီးသတိပြုနေတာကိုး။

မီးသတ်ကိရိယာ သတိအသုံးချနည်းက-

(၁) အလုပ်လုပ်လိုတဲ့ အာရုံကိုပေါ်အောင်ဖော်ရမယ်၊ ဘာပဲလုပ်ချင်လုပ်ချင် အာရုံကို ပေါ်အောင် ဖော်ပေး၊ ဘုရားရှိခိုးချင်ရင် ဘုရားအာရုံပေါ်ပါစေ၊ မေတ္တာပို့ချင်ရင် မေတ္တာခံ အာရုံပေါ်ပါစေ၊ ထွက်လေ ဝင်လေ စူးစိုက်ချင်ရင် ထွက်လေ ဝင်လေ အာရုံပေါ်အောင်ဖော်၊ ခန္ဓာဉာဏ်စိုက် ဝိပဿနာ ရှုချင်ရင် ခန္ဓာအာရုံဖော်ပေး၊ သွားတာ လာတာ လုပ်တာ ကိုင်တာ ကိစ္စခပ်သိမ်း အာရုံပေါ်မှ အလုပ်ဖြစ်မယ်၊ အလုပ်မဖြစ်မချင်း အာရုံဖော်ပေးရမယ်။

(၂) အာရုံပေါ်လာရင် အာရုံနှင့်စိတ် ချပ်ချပ်ရပ်ရပ် စွပ်မိသွားအောင် ကပ်ပေးရမယ်၊ အာရုံနှင့် စိတ် မကွာအောင်ကပ်ထား။

(၃) အချိန် အကြိမ်လုပ်ငန်း ပမာဏအားဖြင့် ကန့်သတ်ထားတဲ့အလုပ် မပြီးမချင်း အာရုံ မပျောက်အောင် ထိန်းထားရမယ်၊ အာရုံပျောက်ရင် အလုပ်မဖြစ်တော့ဘူး၊ မီးလောင်တတ်တယ်။

(၄) အလုပ်တစ်ခုလုပ်နေစဉ်မှာ အခြားအာရုံ ကြားဖြတ်ဝင်မလာရအောင် ကန့်ထားနိုင်ရမယ်၊ အာရုံရောရင် အလုပ်မျက်ခြည်ပြတ်သွားလို့ တရားစွမ်းအား အဆက်ပြတ်သွားတတ်တယ်၊ ဒါလည်း မီးလောင်တတ်တာပဲ၊ စိတ်ဆိုတာ တစ်ချိန်မှာ အာရုံတစ်ခုတည်းသာ ယူနိုင်တာဖြစ်လို့ အလုပ်တစ်ခုစီသာ သပ်သပ်ရပ်ရပ်ပြီးအောင် လုပ်သင့်ပါတယ်၊ တစ်ခုပြီးမှ နောက်တစ်ခု လုပ်ရမှာပါ။

(၅) အလုပ်တစ်ခု လုပ်နေစဉ်မှာ အစ အလယ် အဆုံး အကုန်သိအောင် ရှေ့အသိနဲ့ နောက်အသိ အသိချင်း ဆက်စပ်ထားရမယ်၊ ဘာပဲလုပ်လုပ် အလုပ်လုပ်နေတုန်းမှာ အစ အလယ် အဆုံး အကုန်သိနေဖို့ လေ့ကျင့်ပေးရမယ်၊ တရားစွမ်းအား ယိုမကျနိုင်အောင် စိတ်ပေါက်ကို လုံအောင် သတိနဲ့ သေသေချာချာ ဖာပေးရမယ်၊ စွမ်းအားပြည့်ဝ ထည်ဝါအောင် စိတ်စုတ်ကို ချုပ်ပေးရမယ်။

(၆) အလုပ်တိုင်း အရေးကြီးတယ်လို့ သဘောထားရမယ်၊ သာသနာနှင့်တွေ့သူမှာ လုပ်နေဆဲ အလုပ်အားလုံး အရေးကြီးပါတယ်၊ အရေးမကြီးတဲ့အလုပ် တစ်ခုမှမရှိဘူး၊ ဒါပေမယ့် တစ်ချိန်မှာ အလုပ်တစ်ခုသာ အရေးကြီးရမယ်၊ ၂-ခု၊ ၃-ခု တစ်ပြိုင်တည်း ပြွတ်သိပ်ပြီး အရေးကြီးရင် ရှုပ်သွားတတ်တယ်၊ မြုပ်သွားတတ်တယ်၊ အရှိအောက် ပိသွားတတ်တယ်။

ဆုတ်ကပ်ကာလ လူ့တစ်သက်ဆိုတာ ဘာမှကြာတာမဟုတ်ဘူး၊ ဆယ်ဂဏန်းလောက်ပဲ ရှိတာ၊ ရာဂဏန်းရောက်ဖို့ မလွယ်ဘူး၊ ကံကောင်းလွန်းလို့ ရာဂဏန်းရောက်ရင်တောင်မှ အိုဒဏ်၊ နာဒဏ် နှိပ်စက်ခံရတာ များလွန်းလို့ ကိုယ့်ခန္ဓာကိုယ် အသုံးချလို့ အဆင်မပြေချင်တော့ဘူး။

ဒီလို သာသနာကို ဘဝတစ်သိန်း တစ်ခါ၊ ကမ္ဘာတစ်သိန်း တစ်ခါတွေ့ဖို့ မလွယ်လှဘူး၊ လောကထဲ သာသနာပေါ်လာတော့လည်း လူတစ်သိန်း တစ်ယောက်တောင် သာသနာကို လက်ခံနိုင်တာမဟုတ်ဘူး၊ ဘုရားသာသနာနှင့် တွေ့ကြုံခွင့်ရတဲ့ လူဖြစ်နေတုန်း အခွင့်ကောင်းတွေ လက်မလွှတ်သေးခင် အချိန်ထိန်းကိရိယာ သတိတပ်ဆင်ပြီး အချိန်မှီ ကိုယ်ပိုင်တရားစွမ်းအားတွေကို နေ့စဉ် တွက်ကိန်းကိုက်အောင် မြန်မြန်ကြိုးစားထားမှ စိတ်အေးကြရမယ်၊ သတိလွတ်တိုင်း အတွင်း အပြင်မီးလည်း လောင်တတ်တယ်၊ ကိုယ်ပိုင်စာရင်းဖြစ်တဲ့ ကောင်းမှုတရားတွေလည်း ဆုံးရှုံးတတ်တယ်၊ ဒါဆို မီးသတိပြုရုံပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၇-ခု၊ နှောင်းတန်ခူးလ (၂၀၀၆-ခု၊ ဧပြီလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကရေ ဓမ္မလက်ဆောင် (၃၉)

## မေတ္တာကျေးဇူးစွမ်းရည်ထူး

### နမောဓန္တိမေတ္တာဖလသဿ

### ၁။ မေတ္တာအစွမ်း စိတ်အေးချမ်း

မေတ္တာဝိဟာရီ ယော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ။
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။
(ဓမ္မပဒ - ၅ ဒု ၃၇၃)

- **ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ကောင်းစွာလက်ခံမှု။**
- **ကောင်းစွာလက်ခံ၊ စွမ်းအားမှန်၊ ဧကန်ရှိလာရ။**
- **စွမ်းအားရှိလာ၊ ငြိမ်းချမ်းစွာ၊ မေတ္တာပွားနိုင်ကြ။**
- **မေတ္တာအစွမ်း၊ စိတ်အေးချမ်း၊ ရွှင်လန်းတည်ငြိမ်လှ။**
- **စိတ်တည်ငြိမ်ဘိ၊ အမှန်သိ၊ အရှိအတိုင်းသိမြင်ကြ။**
- **ဆင်းရဲအားလုံး၊ ချုပ်ပျောက်သုဉ်း၊ ကုန်ဆုံးအေးချမ်းရ။**
- **မေတ္တာကျေးဇူး၊ စွမ်းရည်ထူး၊ ချီးကျူးထိုက်ပေစွ။**

ဒေါ်စန်းစန်းမေ (နဝင်္ဂသုခဆေးတိုက်၊ ဘုန်းကြီးလမ်း) က မင်္ဂလာဗျူဟာ ရွှေရတု အထိမ်းအမှတ် တရားတစ်ပုဒ်လိုချင်တယ်လို့ လျှောက်ထားတောင်းဆိုလာပါတယ်။ ဒါ့ကြောင့် 'မေတ္တာကျေးဇူး စွမ်းရည်ထူး' ဆိုတဲ့ ရွှေရတုလက်ဆောင် တရားတစ်ပုဒ် ပေးလိုက်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်တုန်းကလည်း သူ့ရဲ့အသက် (၅၀) ပြည့်အထိမ်းအမှတ် တရားတစ်ပုဒ် တောင်းခဲ့လို့ 'လူ၏စွမ်းအား မြတ်တရား' ဆိုတဲ့ ရွှေရတုလက်ဆောင် တရားတစ်ပုဒ် ပေးခဲ့ဖူးပါသေးတယ်။

တရားလက်ဆောင်ဟာ တောင်းသူအတွက်ရော၊ ပေးသူအတွက်ရော၊ ယူသူအတွက်ရော နှစ်သက် မြတ်နိုးဖွယ်၊ အားတက် ကြည်နူးဖွယ် အကောင်းဆုံးပါ။ တောင်းသူ မရှိဘဲတောင် ကိုယ်က အလိုက်သိသိနဲ့ ပေးရမယ့် အရာပါ။ လောကမှာ တရားလောက်ကောင်းတဲ့ လက်ဆောင် ရှိတာမှ မဟုတ်ဘဲ။

ဗုဒ္ဓဟာသတ္တဝါများအတွက် အကောင်းဆုံး ဓမ္မလက်ဆောင် ဝေငှပေးဖို့ လောကထဲ ပေါ်ပေါက်လာရ တာပါ။ လောကထဲ ဗုဒ္ဓတစ်ဆူ ပွင့်လာဖို့ အလွန်ခက်ခဲပါတယ်။ ဗုဒ္ဓဆိုတာ ခွဲတမ်းနဲ့ ပွင့်တာမှမဟုတ်ဘဲ။ အလွန်ခက်ခဲတဲ့ ပါရမီကို ရဲရဲရင့်ရင့် စွန့်စွန့်စားစား အနစ်နာခံ ဖြည့်ကျင့်နိုင်သူ အလွန်ရှားတာကိုး။ ပါရမီဖြည့်နိုင်သူ ရှိပြန်တော့လည်း ကမ္ဘာပေါင်းများစွာ ဖွဲ့ရှိရှိ စွဲစွဲမြဲမြဲ ဖြည့်ကျင့်ရတာဖြစ်လို့ အကြာကြီး စောင့်ရတာပါ။ ဒါ့ကြောင့် ဗုဒ္ဓသာသနာနှင့် တစ်ကြိမ်တစ်ခါ တွေ့ဖို့ဆိုတာ အလွန်ခက်ခဲတဲ့ အခွင့်အရေးပဲ။ ဘဝတစ်သိန်း၊ ကမ္ဘာတစ်သိန်းကြာလို့တောင် တစ်ခါတွေ့ဖို့ လွယ်တာမဟုတ်ဘူး။ ဗုဒ္ဓသာသနာနှင့် တွေ့ခွင့် ရသူဟာ ကံအကောင်းဆုံးပေါ့။ ဗုဒ္ဓပွင့်လာလို့ ဗုဒ္ဓသာသနာပေါ်လာရင် ကိုယ်ကလည်း ကံကောင်းဖို့တော့ လိုလိမ့်မယ်ပေါ့။

ဗုဒ္ဓ၊ ဗုဒ္ဓသာသနာနှင့်တွေ့ဖို့ ခက်ခဲလွန်းလှသလို ယုံကြည်လက်ခံနိုင်ဖို့ကလည်း သိပ်ခက်ခဲလှပါတယ်။ တွေ့နေပါရက်သားနဲ့ လက်မခံနိုင်သူတွေ အများကြီး၊ လူထဲမှာတောင် လူတစ်သိန်း တစ်ယောက် လက်ခံနိုင်တာ မဟုတ်ဘူး။ ဒါကလည်း အခက်အခဲတစ်ခုပဲ။ အကောင်းနှင့် ကြုံရင် ကြိုက်တတ်ဖို့က သဒ္ဓါအစစ် လိုတယ်။


www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဟာ သတ္တဝါတွေလိုတာ အကုန်ဝေပေးဖို့ ဓမ္မကိုဖော်ထုတ်ခဲ့တယ်။ ကောင်းတာလိုချင်တဲ့ သတ္တဝါတွေမှာ ထည့်စရာရှိမှ ဝေစုရကြမယ်။ ထည့်စရာဆိုတာ သဒ္ဓါတရားကို ပြောတာ၊ သဒ္ဓါတရား ထည့်စရာမရှိဘဲနဲ့ ကောင်းတာတွေလိုချင်လို့ ရမှာမဟုတ်ဘူး။ ထည့်စရာမလုံရင်လည်း ဝေစုရမှာ မဟုတ်ဘူး။ ထည့်စရာ မသန့်ရှင်းရင်လည်း အကောင်းတွေရဖို့ မလွယ်ဘူး။

ကုသိုလ်တရားလောက်ကောင်းတာ လောကမှာ ဘာမှမရှိဘူး။ ကောင်းမှုလို့လည်း ခေါ်တယ်။ စွမ်းအားတန်ခိုး အရှိန်အဝါလို့လည်း ခေါ်တယ်။ ကုသိုလ်ဟာ လိုတာအကုန်ပေးနိုင်တာကြောင့် လူ့တန်ခိုးပဲ။ ကုသိုလ်ဆိုတာ ပိုက်ဆံပေးဝယ်လို့ ရနိုင်တာမဟုတ်ဘူး။

ခေတ်မီ စက်ကိရိယာယန္တရားတွေနဲ့ ထည့်သွင်းလို့လည်း မရနိုင်ဘူး။ ဘေးလူတွေ ဝိုင်းထည့်ပေးလို့လည်း ရနိုင်တာ မဟုတ်ဘူး။ 'လာကြ လာကြ' လို့ လက်ယပ်ခေါ်လို့လည်း လာနိုင်တာ မဟုတ်ဘူး။ သဒ္ဓါတရား တံခါးဖွင့်ပေးမှ ရနိုင်တာမျိုးဖြစ်တယ်။ သဒ္ဓါတရားဆိုတာ ကုသိုလ်ဝင်ပေါက်ပဲ။

ပြီးတော့ သဒ္ဓါတရားဟာ ကုသိုလ်စာရင်းကိုင်ပါ။ ကုသိုလ်လုပ်ချင်ရင် သဒ္ဓါတရားထံ စာရင်း ပေးသွင်းရတယ်။ စာရင်းထဲမပါရင် ဘာလုပ်လုပ် ကုသိုလ်မဖြစ်နိုင်ဘူး။ သဒ္ဓါတရားရှိမှ စိတ်အားပြည့်ပြီး ကျန်းမာတယ်။ ဓာတ်ဖောက်ပြန်ပြီး ရုပ်မကျန်းမာရင် ဘယ်လောက်ကောင်းတဲ့ အစာကိုပဲ စားစား ခံတွင်းပျက်နေလို့ ကောင်းတဲ့အရသာ မတွေ့နိုင်သလို ဖွတ်အတင်းစားရင်လည်း အန်ပစ်တတ်သလို သဒ္ဓါဓာတ် ဖောက်ပြန်လို့ စိတ်မကျန်းမာရင်လည်း ဘယ်ကုသိုလ်လုပ်လို့မှ တရားအရသာ မတွေ့နိုင်ဘူး။ ဘာလုပ်လုပ် ကုသိုလ်ဆို အန်ထုတ်ပစ်နေမှာပဲ။

သဒ္ဓါစစ်စစ်ရှိရင် ကုသိုလ်ကို သိပ်ချစ်တတ်ပြီပဲ။ အကောင်းဆုံးဖြစ်တဲ့ ဗုဒ္ဓသာသနာ (ဓမ္မ) ကို ကျေကျေနပ်နပ် လက်ခံနိုင်ပြီပေါ့။ သဒ္ဓါရှိရင် ပညာတွဲမှ အမြဲကောင်းနိုင်တယ်။ လမ်းလည်း ဖြောင့်နိုင်တယ်။ ပညာရှိမှ ကောင်းမကောင်း စိစစ်ရွေးချယ်တတ်တယ်။ သဒ္ဓါ ပညာ တွဲမိရင် တော်လည်းတော်၊ ကောင်းလည်းကောင်းနိုင်တာကြောင့် စိတ်ခွန်အား ကောင်းနေပြီပဲ၊ ဒါဆို မေတ္တာစိတ် ဖော်ထုတ်ဖို့ မခက်ခဲ နိုင်တော့ပါဘူး။ မေတ္တာ တကယ် ပွားမယ်ဆို ဖြစ်နိုင်ပါပြီ။

ဗုဒ္ဓသာသနာကို သဒ္ဓါနဲ့ လက်ခံနိုင်စွမ်းရှိလို့ စိတ်ခွန်အားကောင်းသူဟာ မေတ္တာနဲ့ နေနိုင်ရင် မေတ္တာ ပွားများကျင့်သုံးတတ်ရင် စိတ်ငြိမ်သက်ငြိမ်းချမ်းတယ်။ မေတ္တာအစွမ်းကြောင့် စိတ်အေးချမ်းပြီး သမာဓိ ရလွယ်တယ်။ မေတ္တာစွမ်းအားရှင်ဟာ စိတ်ထဲမှာ အလုံးအကြိတ်အခဲတွေ ကင်းနေတာဖြစ်လို့ ဘယ်ဟာပဲ ရှုရှု ဝိပဿနာဉာဏ် ဖော်ထုတ်ရတာ လွယ်ကူတယ်။ စိတ် ငြိမ်သက်ငြိမ်းချမ်းလွယ်တော့ ဝိပဿနာ ရှုမှတ်ပွားများလို့ သိပ်ကောင်းတယ်။ ဉာဏ်ပွင့်လွယ်တယ်။

မဆုတ်မနစ် စွဲစွဲမြဲမြဲဆက်ပွားရင် ဝိပဿနာဉာဏ် အဆင့်ဆင့်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့် ရင့်ကျက်မြင့်တက်ပြီး နိဗ္ဗာန် ကေန်ရဖို့ သေချာပြီးသားပါ။ လမ်းကြောင်းက မှန်နေပြီပဲ။ နိဗ္ဗာန် မရခင်လည်း အပူဝေးလို့ အေးချမ်းပါတယ်။

## ၂။ မင်္ဂလာ မီးသွေးခဲရတု

■ **မေတ္တာမရှိ၊ သတိမထား၊ စွမ်းအားမပါ၊ ရေစရာ၊ လွန်စွာကြောက်လန့်ရ။**

■ **စွမ်းရည်ပဲ့ကျိုး၊ ချမ်းသာညှိုး၊ တန်ဖိုးမတက်ကြ။**

လောကမှာ 'ငွေရတု၊ ပုလဲရတု၊ ရွှေရတု၊ စိန်ရတု' စတဲ့စကားတွေဟာ အလုပ်သဘောနဲ့ အရည်အသွေး ဖြည့်သွင်း ကြိုးစားနေကြတဲ့ အလုပ်လုပ်သူတို့ရဲ့ ဂုဏ်ယူမြတ်နိုး အားတက်ဖွယ် စကားမျိုးတွေပါ။ အလုပ်သဘောမပါဘဲ သူ့ဟာသူ ကြီးနေတဲ့ အကြီးမျိုးကို ဘယ်သူမှ တန်ဖိုးမထားကြပါဘူး။ မေတ္တာလည်းမရှိ သတိလည်းမထား စွမ်းအားလည်း မပါသူတို့ရဲ့ အရေအတွက်ဟာ စွမ်းရည်တန်ခိုးတွေလည်း ပဲ့ကျိုး၊ ချမ်းသာတွေလည်း ညှိုးနွမ်းခန်းခြောက်နေလို့ ဘာမှ တန်ဖိုးမတက်ပါဘူး။ တိုးလာသမျှ အရေအတွက်ဟာ ကြောက်စရာ မျက်နှာငယ်စရာတွေချည်း ဖြစ်နေမှာပါ။ ကိုယ့်ဟာကိုယ် ရေတွက်ရတာမှ အားမရှိတဲ့ ဒီလိုအရေအတွက်မျိုးကို သူများတွေကလည်း တန်ဖိုးထားကြမှာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စကားစပ်မိလို့ ပြောရဦးမယ်။ ရွာတစ်ရွာမှာ ဦးတုတ်နှင့် ဒေါ်ပုတ်ဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်။ ဦးတုတ်ကလည်း နာမည်နှင့်လိုက်အောင် မဲမဲပုပ်ပုပ် ဝတုတ်ကြီး၊ ဝသလောက် ဒေါသ သိပ်ကြီးတယ်။ ဒေါ်ပုတ်ကလည်း ပုတ်ကြီးလိုပဲ ဝတုတ်ကြီး။ တစ်နေ့မှ တည့်အောင်မနေနိုင်ကြဘူး။ နေ့တိုင်း ရန်ဖြစ်နေကြတယ်။

အိမ်ထဲ တစ်နေ့မှ ဘုရားသံ တရားသံ မကြားရ၊ ဆဲဆို ကြိမ်းမောင်းသံတွေချည်းပဲ ပွက်ညံပြီး အပူအခိုးတွေ မွှန်နေတယ်။ သားသမီးတွေတောင် အပူဓာတ်တွေ ကူးစက်ပြီး စိတ်ဓာတ် ပူလောင် ချောက်ချား စိတ်ပျက်နေကြတယ်။

တစ်နေ့တော့ သား မောင်ဦးရဲ့ မင်္ဂလာပွဲအတွက် ဦးတုတ်တစ်ယောက် အလုပ်ရှုပ်နေတယ်။ အပေါင်းအသင်းများက 'ကိုတုတ် အလုပ်ရှုပ်လှချည်လား၊ ဘာတွေလုပ်နေတာလဲ' လို့ မေးကြတော့ 'သားနှင့် ချွေးမ ရန်တိုက်ပွဲ လုပ်ပေးနေတာဗျ' လို့ ဦးတုတ်က ဖြေတယ်။ 'ငါ့သားလည်း ငါ့လိုပဲ ရန်ဖြစ်ဦးမှာပါ' လို့ ဦးတုတ်က တွက်ဆထားပုံပေါ်ပါတယ်။ သား မောင်ဦး ရှေ့တင်ပဲ ပြောတာပါ။ ဒီစကားကြားတော့ သားမောင်ဦးခမျာ စိတ်မချမ်းမသာ ဖြစ်နေရှာတယ်။ 'အဖေ့နှယ် မင်္ဂလာဆောင်တာကို မင်္ဂလာဆောင်တာလို့ပဲ ပြောပါတော့၊ ဘယ့်နှယ် ရန်တိုက်ပွဲ လုပ်တယ်လို့ပ၊ မင်္ဂလာမရှိ လိုက်တာ' လို့ စိတ်ထဲ အောင့်သက်သက် အခံရ ခက်နေရှာတယ်။ အဖေဆိုတော့လည်း နှုတ်နဲ့တော့ ပြန်မပြောရဲပါဘူး။ ဒါပေမယ့် စိတ်ထဲမှာ 'ဘယ်တော့များ ပြန်ပြောလိုက်ရမလဲ' ဆိုတဲ့ အခဲမကြေ စိတ်ကတော့ ပျောက်မသွားဘူး။

တကယ်ပဲ မောင်ဦးတို့ ဇနီးမောင်နှံလည်း နေ့တိုင်းလောက်နီးပါး ရန်ဖြစ်လာကြတယ်။ တစ်ခါတစ်ရံ အိမ်ထဲမှာ ရန်ပွဲနှစ်ပွဲ ဆုံနေတတ်တယ်။ ဦးတုတ်-ဒေါ်ပုတ်ရန်ပွဲနှင့် မောင်ဦး-မပြုံး ရန်ပွဲပေါ့။ မောင်ဦးက သူ့အဖေရဲ့ မင်္ဂလာမရှိတဲ့ စကားကြောင့် သူတို့ဇနီးမောင်နှံ ရန်ဖြစ်နေရတယ်လို့ ထင်နေတယ်။ အမှန်တော့ သူ့အဖေရဲ့စကားကြောင့် ရန်ဖြစ်တာ မဟုတ်ပါဘူး။ မေတ္တာကျေးဇူး စွမ်းရည်ထူးတွေ မရှိလို့ အပူတွေ ကြွပြီး မီးထတောက်တာပါ။

တစ်ချိန်တော့ ဦးတုတ်နှင့် ဒေါ်ပုတ်တို့ရဲ့ မင်္ဂလာအထိမ်းအမှတ်က ၂၅-နှစ် ပြည့်လာသတဲ့။ ဦးတုတ်က ၂၅-နှစ်ဆိုတာ ငွေရတုလို့ ကြားဖူးတော့ မင်္ဂလာငွေရတု အထိမ်းအမှတ် လုပ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေတယ် ဆိုပဲ။ တိုင်ပင်စရာ အဖော်ကလည်း သား မောင်ဦးကလွဲရင် ဘယ်သူမှမရှိ၊ ရန်ဖြစ်ဖက်ဆိုတော့ ဇနီးနှင့်လည်း မတိုင်ပင်ချင်၊ ဒီတော့ သား မောင်ဦးနှင့်ပဲ တိုင်ပင်လိုက်ရတယ်။ 'သားရယ် .. အဖေတို့လဲ မင်္ဂလာ ၂၅-နှစ် ပြည့်ပြီကွယ်၊ ငွေရတု လုပ်ချင်တယ်၊ ဘယ်လိုလုပ်ရင် ကောင်းမယ်ဆိုတာ သား အကြံဉာဏ်လေး ဘာလေး ပေးပါဦးကွယ်'

ဦးတုတ်က သားမောင်ဦးထံ အားကိုးတကြီးနဲ့ အကြံဉာဏ် တောင်းခံပေမယ့် သားဖြစ်သူက အဖေအပေါ် အခဲမကြေနိုင်သေးဘူး။ မင်္ဂလာဆောင်တာကို ရန်တိုက်ပွဲလို့ ပြောခဲ့တဲ့အဖေကို ဘယ်အခါ ဘယ်လို တုန့်ပြန်ရမလဲဆိုတာ အကွက်ချောင်းစောင့်နေခဲ့တာ၊ ဒီတစ်ခါ အကွက်တိုက်ဆိုင်လာပြီပေါ့။ အဖေတောင်းတဲ့ အကြံဉာဏ်ကို မပေးတော့ဘဲ ကလဲ့စားချေတဲ့ စကားကိုသာ ပြောပစ်လိုက်တယ်။

ပြောပုံက 'အဖေရယ် ... အဖေတို့ဟာ ငွေရတုနဲ့ မတန်ပါဘူး၊ နေ့တိုင်း ပူပူလောင်လောင်နဲ့ ရန်ဖြစ်နေကြတာပဲ၊ နေ့တိုင်း ရန်ပွဲတွေနဲ့ချည်း အချိန်ကုန်နေတာ၊ ဘာမှ တန်ဖိုးမရှိပါဘူး၊ လောကမှာ မီးခဲကို ကြည့်ပေါ့ အဖေရာ၊ မီးရှိတော့လည်း ရဲလို့၊ ပူလွန်းလို့ မကိုင်နိုင်ဘူး၊ မီးမရှိတော့လည်း မဲလို့၊ လက်ပေကျံမှာ စိုးလို့ မကိုင်ချင်ဘူး၊ ကိုင်လို့ မကောင်းဘူး၊ အဖေတို့လည်း ဒီအတိုင်းပါပဲ၊ မီးရှိတော့လည်း ရဲလို့၊ မီးမရှိတော့လည်း မဲလို့ ဘာကျက်သရေမင်္ဂလာမှ မရှိ၊ ဒီတော့ အဖေ ဒီလိုလုပ်ပါလား၊ မင်္ဂလာ ငွေရတု လုပ်မယ့်အစား မင်္ဂလာ မီးသွေးခဲရတု လုပ်လိုက်ပါလား' တဲ့။ ဒီတစ်ခါတော့ သူ့အဖေကို နိုင်ပြီဆိုပြီး ပြောချလိုက်တယ်။ ဦးတုတ်က သူ့သား မောင်ဦးပြောတဲ့စကားကို လုံးဝ သဘောမကျပေမယ့် သူ့သား ကလဲ့စားချေ ပြောတဲ့စကားဆိုတာ နားလည်ထားလို့ ဘာမှ ပြန်မပြောပါဘူး။ ကိုယ်က သူ့ကို မဆင်မခြင် ပြောမိထားခဲ့တာကိုး။ အရည်မသွေး မပါတဲ့ အရေအတွက်ကို ဘယ်သူမှ တန်ဖိုးမထားကြပါဘူး။

## ၃။ မေတ္တာစပေါင်းစု ရွှေရတု

■ **စိတ်ကိုသန့်ကာ၊ ကောင်းစွာလုံစေ၊ အားတက်စေ၍၊ အရေအတွက်၊ အားဖြည့်စွက်၊ ဟာကွက်ပြည့်နိုင်ကြ။**



www.burmeseclassic.com

www.burmeseclassic.com


- **ခံယူချက်ပြည့်၊ စည်းကမ်းရှိကာ၊ ပေးကမ်းကာ၊ ပညာပြည့်စုံရ။**
- **နောက်နည်းတစ်တန်၊ သည်းခံသနား၊ ဝမ်းမြောက်ငြား၊ ပွားများမေတ္တာခြံုတတ်ရ။**
- **လေးမျိုးရှိလျှင်၊ စွမ်းအားရှင်၊ အောင်မြင်တိုးတက်ရ။**
- **မေတ္တာပေါင်းစု၊ ရွှေရတု၊ ကောင်းမှုတိုး၍၊ အောင်မြင်ကြ။**

မင်္ဂလာပျူဟာရွှေရတုဆိုတာ မေတ္တာနဲ့ စုပေါင်းအလုပ်လုပ်သူတို့ရဲ့ မြတ်နိုးဖွယ်စကား လုံးပဲ ဖြစ်မှာပါ။ စုပေါင်း အလုပ်လုပ်လာခဲ့တာ နှစ်ပေါင်း-၅၀ ရှိပြီပေါ့။ ရတနာသုံးပါးနှင့် ဆက်စပ်တဲ့ သာသနာအလုပ် လုပ်ရင်း တိုးလာတဲ့အရေအတွက်တွေ ဖြစ်နေတဲ့ကြောင့် ဂုဏ်ယူအားတက်ဖွယ် ကောင်းလှပါတယ်။ ဘယ်တော့မှ မမေ့စကောင်းတဲ့ သာသနာ့သမိုင်းဝင် မြန်မာ့သမိုင်းဝင် ဆဋ္ဌသံဂါယနာအောင်ပွဲကြီးတောင် နှစ်ပေါင်း ၅၀ ရှိလာပြီပဲ။

လောကထဲမှာ သက်မဲ့သက်ရှိအားလုံး ဘာတစ်ခုမှ ရပ်နေတာမဟုတ်တော့ အရေအတွက် ဆိုတာ အမြဲတိုးနေမှာပဲ။ စွမ်းအားမပါဘဲ ရေတွက်နေရင် အရေအတွက်တိုးတိုင်း ရေတွက်သူကို ခြိမ်းခြောက် နေတတ်တယ်။ အလုပ်မလုပ်ဘဲ အချိန်ဖြုန်းနေသူဟာ အချိန်နှင့် အရေအတွက် တိုးနေသလောက် ကြောက်လန့်တုန်လှုပ် အားငယ်နေရမှာပဲ။ အားကိုးစရာမပါတဲ့ အခွဲချည်းဖြစ်နေတာကိုး။

စိတ်ကို သဒ္ဓါနဲ့သန့်၊ သတိနဲ့လုံအောင် ထိန်း၊ ဉာဏ်နဲ့အကွက်စေ့အောင်သုံးနေရင် အရေအတွက် တိုးတိုင်း ရေတွက်သူကို အားတက်ပျော်ရွှင်စေတတ်တယ်။ အချိန်မဖြုန်းဘဲ အလုပ် လုပ်နေသူဟာ အချိန်နှင့် အရေအတွက်တိုးတိုင်း အားတက်နေရတယ်။ အလုပ် အမြဲ လုပ်နေသူကို အချိန်တိုင်းက စွမ်းအားဖြည့်သွင်းပေးဖို့ ကြိုဆိုနေကြပါတယ်။ အချိန်ကို တန်ဖိုးထားသူအတွက် အချိန်ဟာပဲ စွမ်းအားမဟုတ်လား။

လူဆိုတာ စွမ်းအားပိုင်ရှင်ပါ။ စွမ်းအားကို ဖျက်ဆီးပစ်နေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေနှင့် စိတ်ကို ခွာပေးနိုင်သလောက် စွမ်းအား ထုတ်ယူနိုင်ပါတယ်။ ထုတ်ယူတတ်သလောက်လည်း ရနိုင်ပါတယ်။ တစ်ကိုယ်ရေ တစ်ယောက်အားကို သတိဉာဏ်နဲ့ တည်ဆောက်ရတယ်။ စုပေါင်းအားကိုတော့ ခန္တီ၊ မေတ္တာနဲ့ တည်ဆောက်ရပါတယ်။ တစ်ယောက်ကောင်းမှုလည်း အများနှင့်ပေါင်းလို့ ရနိုင်တယ်။

ကောင်းကျိုးပြုအလုပ်တစ်ခုခု စုပေါင်းလုပ်ဖို့ ဖွဲ့စည်းမယ်ဆိုရင် -

(၁) အမျိုးဘာသာ သာသနာအတွက် ခံယူ ဦးတည်ချက်ရှိရမယ်၊ အမျိုးနှင့် သာသနာကို နည်းမှန်လမ်းမှန် ချစ်တတ်ရမယ်။

(၂) စည်းကမ်းနည်းလမ်းရှိရမယ်၊ အချင်းချင်း သစ္စာရှိရမယ်၊ အများယုံကြည် စိတ်ချရ လောက်အောင် စည်းကမ်းကို မြတ်မြတ်နိုးနိုး လိုက်နာရမယ်။

(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်နိုင်ရမယ်၊ ကိုယ့်မှာရှိ သူ့ပေး၊ သူ့မှာရှိ ကိုယ့်ပေး၊ ကိုယ်သိ သူ့ပြော၊ သူသိ ကိုယ့်ပြော၊ ကိုယ်တတ်နိုင် သူ့ကူညီ၊ သူတတ်နိုင် ကိုယ့်ကူညီ အဲဒီလို အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေရမယ်။

(၄) စဉ်းစားဝေဖန် ဆုံးဖြတ်နိုင်တဲ့ အသိဉာဏ် ရှိရမယ်၊ အရှိကို အနိုင်ယူနိုင်တဲ့ အသိဉာဏ် ထက်မြက်အောင် လေ့ကျင့်နေရမယ်။

နောက်တစ်နည်းပြောရရင် -

(၁) အချင်းချင်းနှင့် အများအပေါ် သည်းခံတတ်ရမယ်။

(၂) သနားကြင်နာ ကိုယ်ချင်းစာတတ်ရမယ်။

(၃) သူကြီးပွားတိုးတက်ရင် ဝမ်းသာတတ်ရမယ်။

(၄) အချင်းချင်းနှင့် အများအပေါ် မေတ္တာထားတတ်ရမယ်။

ဒီစနစ် လေးချက်နဲ့ ဖွဲ့စည်းပေါင်းစုနေထိုင် လုပ်ကိုင်ဆောင်ရွက်ကြရင် ဖွံ့ဖြိုးစည်ပင် တိုးတက်တယ်၊ ကြာရှည်ခံတယ်၊ အများလေးစား မြတ်နိုးထိုက်တယ်၊ စွမ်းအားတွေ အမြဲတိုးပွားတယ်။ နှစ်ယောက်တည်းကစ ဘယ်လောက်ပဲ များများ စွမ်းအားပဲ တိုးတက်နေမယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒီလိုစည်းကမ်းရှိတဲ့ အဖွဲ့အစည်းမျိုးကို ပျားကောင်နှင့်တူတယ်လို့ ဆိုနိုင်တယ်။ ပျားကောင်တွေဟာ ဒီလေးချက်အတိုင်းပဲ စုပေါင်းနေထိုင်ကြတာဖြစ်တယ်။ ပျားကောင်တွေ မြင်ရတာဟာ အားတက်စရာပဲ။ ပျားအုံကြီးဆိုတာ ပျားကောင်တွေရဲ့ မိသားစုစိတ်ဓာတ် ပြည့်ဝတဲ့ ညီညွတ်ရေးကို သက်သေပြတာတဲ့။ အလွန်ချိုမြိန် ကောင်းမြတ်တဲ့ ဆေးဖက်ဝင်တဲ့ ပျားရည်ဆိုတာ ပျားကောင်တွေရဲ့ မျိုးချစ်စိတ်ကို သက်သေပြတာတဲ့။ ဒါဆိုရင် မင်္ဂလာဗျူဟာ အဖွဲ့ဆိုတဲ့ ပျားအုံဟာ ညီညွတ်ရေးကို ပြတာပဲဖြစ်ရမယ်။ တိုးတက်အောင်မြင်နေတဲ့ ဓမ္မကိစ္စ ပျားရည်ကလည်း အဖွဲ့ရဲ့ မျိုးချစ်စိတ်ကို သက်သေခံတာပဲ ဖြစ်သင့်တယ်။ အခြားအဖွဲ့အားလုံးလည်း ဒီနည်းပဲ ဖြစ်ရမယ်ပေါ့။ ဒီစနစ် လေးချက်မရှိရင် ယင်ကောင်နှင့်တူတဲ့ ပိုလျှံလူ ဖြစ်သွားမှာပဲ။

ဖွဲ့စည်းပုံစနစ် လေးချက်အတိုင်း မေတ္တာတရားနဲ့ စုပေါင်းနေထိုင်တတ်သူများမှာ ကောင်းမှုတရား အလွန် တိုးပွားရပါတယ်။ ကိုယ့်ကြောင့် သူများတွေမှာလည်း ကုသိုလ်ကောင်းမှု တိုးပွားရရှိ ကြပါတယ်။ ကိုယ်နှင့်ဆက်စပ်သမျှအားလုံး ကုသိုလ်ချည်းပဲ။ ကုသိုလ်ဟာ လူ့ဘဝအနှစ်ဆိုတော့ ကုသိုလ်ရအောင် စွမ်းဆောင်နိုင်ရင် လူဖြစ်ကျိုးနပ်ပြီပေါ့။

ဘုရားလက်ထက်က မြန်မာနာမည်နဲ့ ဦးချစ် - ဒေါ်ခင်ဆိုတဲ့ ဇနီးမောင်နှံနှစ်ယောက် ရှိ တယ်။ 'ချစ်' ဆိုတာလည်း မေတ္တာ၊ 'ခင်' ဆိုတာလည်း မေတ္တာဆိုတော့ မေတ္တာရှင် ဇနီးမောင်နှံပေါ့။ ဒီဖွဲ့စည်းပုံစနစ် လေးချက်အတိုင်းပဲ မေတ္တာတရားနဲ့ စုပေါင်းနေထိုင်ကြတာဖြစ်လို့ မေတ္တာကျေးဇူး စွမ်းရည်ထူး ပိုင်ရှင်တွေပါ။ သူတို့နှစ်ယောက် အလွန်ချစ်ခင် ညီညွတ်ကြတယ်ဆိုပဲ။ ကိုယ်နဲ့ နှုတ်နဲ့ ဆန့်ကျင်ဖက်ဖြစ်ဖို့ဆိုတာ အဝေးကြီး၊ စိတ်နဲ့တောင် ဆန့်ကျင်ဖက် မဖြစ်ကြဘူးတဲ့။ စံပြ ဇနီးမောင်နှံပေါ့။

မိဘအနေအထိုင်မှန်တော့ သားသမီးအပေါ် ဆုံးမရတာ လွယ်ကူတတ်တယ်။ ကိုယ့်ရဲ့ အနေအထိုင် သိက္ခာရှိမှုကြောင့် မိဘကို အတုယူပြီး သားသမီးတွေ နေထိုင်ပြောဆိုတတ်ကြလို့ လိမ္မာနေတတ်ကြတယ်။ တပည့်ကို ဆုံးမရတဲ့ ဆရာလည်း ဒီအတိုင်းပါပဲ။ သိက္ခာဆိုတာ အရှိန်အဝါပဲ မဟုတ်လား။ မေတ္တာရှင် ဦးချစ်-ဒေါ်ခင်တို့ဟာ အိမ်တွင်းအပူတွေ ကင်းရှင်းလို့ စိတ်အမြဲ ပျော်ရွှင်ချမ်းမြေ့ကြတယ်။ လောကနှင့်လည်း အဆင်ပြေအောင် နေတတ်တယ်။ ဒါကြောင့် မင်္ဂလာဖိုလ်ရတော့လည်း အတူတူပဲ ရကြတယ်ဆိုပဲ။

## ၄။ မင်းမလှို့ ပွားနိုင်တာ

- **ဖြစ်လာပြီးက၊ တားမရ၊ ပျက်ရဤခန္ဓာ။**
- **ပျက်မင်း-သေမင်း၊ အကုန်နင်း၊ ယိုယွင်းချုပ်ပျောက်ပါ။**
- **သတိမမူ၊ ဉာဏ်မကူ၊ အပူကြီးစိုးပါ။**
- **သတိအားသွင်း၊ တရားမင်း၊ လမ်းခင်းဆယ်ယူတာ။**
- **အဆိုးကိုနိုင်၊ အကောင်းပိုင်၊ ကြံခိုင်အေးချမ်းပါ။**
- **မေတ္တာကျေးဇူး၊ စွမ်းရည်ထူး၊ ကြည်နူးအားတက်ပါ။**

မြတ်စွာဘုရား နောက်ဆုံးဟောတဲ့ 'ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ' ဆိုတဲ့ စကားနှစ်ခွန်းမှာ 'ဝယဓမ္မာ သင်္ခါရာ'က ပျက်မင်း၊ သေမင်းကို ပြတယ်။ သေမင်းဆိုတာတော့ နှုတ်ကျိုးနေပြီးသားပါ။ သေမင်းဆိုတာ ပုဂ္ဂိုလ်သတ္တဝါကို ပြောတာမဟုတ်ဘူး။ မရဏတရားကိုပဲ ပြောတာ၊ သူက အားလုံးကို လွှမ်းမိုး အနိုင်ယူတယ်။ ဘယ်သူ့မျက်နှာကိုမှ မငဲ့ဘူး။ ဖြစ်လာပြီးမှတော့ ဘယ်နည်းနဲ့မှ တားလို့မရဘူး။ ဘုရားကိုတောင် ချန်ထားတာ မဟုတ်ဘူး။ ဒါကြောင့် သူကချည်း အနိုင်ယူတတ်လွန်းလို့ စကားနဲ့ တင်စားပြီး မရဏကို သေမင်းခေါ်တာပါ။

ဖြစ်လာပြီးရင် ဘယ်လိုမှ တားမရဘူး။ အားလုံးပျက်တာချည်းပဲ။ ပျက်တာက အပျက်ကြီး၊ အပျက်ကလေးလို့ နှစ်မျိုးပါ။ တစ်ဘဝ ကန့်သတ်ချိန်စေ့လို့ သေရတာက အပျက်ကြီး၊ မရဏဆိုတဲ့ သေမင်းပေါ့။ စက္ကန့် မိနစ်မလပ် ဒလစပ် အဆက်မပြတ် ဖြစ်ပြီးတိုင်း ပျက်နေတာက အပျက်ကလေး၊ သူလည်း ဘာကိုမှ မငဲ့ဘဲ ယိုယွင်းချုပ်ပျောက် ပျက်စီးသွားအောင် အနိုင်ယူ လွှမ်းမိုးပြီး အကုန်နင်းချေ ဖျက်ဆီးပစ်တတ်လို့ ပျက်မင်းပဲ။ သေမင်း ပျက်မင်းလို့ ပြောလိုက်ရင် အိုမင်း နာမင်းလည်း ပါသွားပြီပေါ့။


www.burmeseclassic.com

www.burmeseclassic.com



'အပ္ပမာဒေန သမ္ပာဒေထ' က တရားမင်းကိုပြတယ်။ သာသနာမှာ နံပါတ်တစ် အရေးအကြီးဆုံးဖြစ်တဲ့ သတိပေါ့။ လောက က လူကိုနိုင်တယ်။ တရားက လောကကိုနိုင်တယ်။ သတိက တရားကိုနိုင်တယ်။ အဖိုးအတန်ဆုံး ဉာဏ်ကိုလည်း သတိက ဖော်ထုတ်ပေးနိုင်တယ်။ လောကနှင့် ဒုက္ခအပေါ် ဩဇာငြောင်းတယ်။ ဒါကြောင့် တရားမင်းပါ။

လောဘ၊ ဒေါသ၊ မောဟဦးစီးတဲ့ ကိလေသာတွေက ကိလေသာ မကင်းသေးသူအားလုံး ဘယ်သူ့ကိုမှ မညှာတာဘဲ လောင်မြိုက်တတ်တဲ့ကြောင့် 'ပူ' မင်းတွေပဲ။ ကိလေသာအပူဟာ မီးပူရှိန်၊ နေပူရှိန်ထက် အဆများစွာ ပြင်းထန်ပါတယ်။ အပူတွေထဲမှာ အဆိုးဆုံး အပူဆုံးပေါ့။

တရားမင်းဖြစ်တဲ့သတိဟာ သေမင်းကို မသေအောင် မတားနိုင်ပေမယ့် ဘဝအနှစ်တရားကို သေမင်းထက် လက်ဦးအောင် ဆွဲယူပေးနိုင်တယ်။ အချိန်မတန်သေးဘဲ မသေရအောင်လည်း ကွပ်ကဲ စောင့်ရှောက်ပေးတယ်။ အသေတတ် အသေရဲအောင် အားဖြည့်ပေးတယ်။ သတိကို အသိဉာဏ်ရဲ့ မင်းဖြစ်လို့ သိမင်းလို့လည်း ခေါ်နိုင်တယ်။ သတိရှိမှ ဉာဏ်ပွင့်ပြီး အဆင့်မြင့်လူ ဖြစ်နိုင်တာကြောင့် သတိကို လူမင်းလို့လည်း ခေါ်ရင်ဖြစ်ပါတယ်။ လူရဲ့မင်းပေါ့။

သတိဟာ ပျက်မင်းကို မပျက်အောင် မတားနိုင်ပေမယ့် တရားလက်ဦးအောင် ဆွဲယူပေးနိုင်တယ်။ မပျက်တန် မပျက်ရအောင် ကာကွယ်စောင့်ရှောက်ပေးတယ်။ တားမရတဲ့ အပျက်တွေ တွေ့ရတော့လည်း ထိန်းသိမ်းပေးတယ်။ အဖိုးတန်စွမ်းအားကို ရအောင်ယူပေးတယ်။ လောကမှာ မပြုပြင်ရသေးတဲ့ မှန်ပြားတွေဟာ ကိုင်ထားတဲ့လက်ထဲက လွတ်ကျလို့ပဲဖြစ်ဖြစ်၊ အမြင့်တစ်နေရာရာက လိမ့်ကျလို့ပဲဖြစ်ဖြစ် ဖရိုဖရဲ ကျကွဲတဲ့အခါ မှန်စတွေ ဘာမှသုံးမရအောင် အစိတ်စိတ် အမွှာမွှာလည်း ကြေမွပျက်စီးသွားတတ်တယ်။ အနားမှာ ရှိနေတဲ့ လူကိုလည်း မှန်စတွေ ထိမှန်ပြီး သွေးထွက်သံယို ပွန်းပဲ့ထိရှ ဒုက္ခရောက်သွားစေတတ်တယ်။

ဒါမျိုးလိုပဲ။ သတိဉာဏ်အထိန်းမပါဘဲ ဖရိုဖရဲပျက်သွားရတဲ့ရုပ်နာမ်တွေဟာ အဖိုးတန် တရားတစ်ခုမှ ချန်မထားခဲ့ကြဘူး။ အကုန် အလကားဖြစ်သွားကြတယ်။ လူကိုလည်း သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ စတဲ့ အပူမှန်စတွေ ထိမှန်ပြီး ဒုက္ခအပူ ပွားစေတတ်တယ်။

မှန်ဖြတ်ကိရိယာ၊ မှန်ဖြတ်စက်နဲ့ စနစ်တကျ တိုင်းတာထိန်းသိမ်းပြီး မှန်ဖြတ်တဲ့အခါ မှန်တွေ ကွဲသွားပေမယ့် ညီညီညာညာ အချိုးကျကျ လှလှပပ ပေါ်လာတယ်။ လိုသလို သုံးလို့ရတဲ့ အဖိုးတန် မှန်ပြားတွေ ဖြစ်လာကြတယ်။ အကိုင်အတွယ် အထိန်းအသိမ်းကောင်းလို့ မှန်စတွေ ထိမှန် ဒုက္ခရောက်ရတာလည်း မရှိဘူး။

သတိဉာဏ်ရှုကွက် အစီအစဉ်နဲ့ ပျက်ရတဲ့ရုပ်နာမ်တွေကြောင့် အဖိုးတန် ဝိပဿနာဉာဏ်တွေ ကျန်နေခဲ့တယ်။ ရသလောက်ပြောရင် သီလ၊ သမာဓိ၊ ပညာစွမ်းအားကို လှလှပပ ရလိုက်ပါတယ်။ အပူမှန်စ တွေလည်း ဘာမှ မထိလိုက်ပါဘူး။ ပျက်မင်းကို သတိမင်းက နိုင်သွားလို့ပါ။ 'မင်းမလို့ ပွားနိုင်တာ' လို့ ဆိုနိုင်တယ်ပေါ့။ 'မင်းမလို့' ဆိုတာ ခန္ဓာနှင့် ကိလေသာအပေါ် အနိုင်ယူ လွှမ်းမိုးနိုင်တဲ့ အလွန်အားကောင်းတဲ့ သတိဉာဏ် မင်းစိုးရာဇာ အစွမ်းကြောင့် ပွားများအားထုတ်နိုင်တယ်လို့ ဆိုလိုတာပါ။

ခန္ဓာပေါ် သတိဉာဏ်နဲ့ လွှမ်းမိုးအနိုင်ယူမထားနိုင်ရင် ကိလေသာဆိုတဲ့ ပူမင်းက ကြီးစိုးသွားမယ်။ ဖြစ်ပျက်နှစ်တန် နှိပ်စက်ခံနေရတဲ့ခန္ဓာမှာ အဖြစ်ကိုမမြင်ဘဲ အပျက်ကိုသာ မြင်နေရင် ဒေါသဝင်လာတတ်တယ်။ အပျက်ကို မမြင်ရဘဲ အဖြစ်ကိုချည်း မြင်နေရင်လည်း တဏှာဆိုတဲ့ လောဘ ကြီးစိုးတတ်တယ်။ အကောင်းထင်လိုက် လောဘဝင်လိုက်၊ အဆိုးထင်လိုက် ဒေါသဝင်လိုက်နဲ့ ပူရှုပ်နေရမှာပဲ။ လောဘ၊ ဒေါသဖြစ်ရင် မောဟလည်း ပါပြီးသားပါ။ ပူမင်း ကြီးစိုးရင် လူဖျင်း ဖြစ်ရမှာပဲ။

သတိဟာ ပူမင်းဖြစ်တဲ့ကိလေသာကိုလည်း အနိုင်ယူလွှမ်းမိုးနိုင်တယ်။ သတိဖြစ်တာနဲ့ ကိလေသာ ကင်းစင်သွားရတာဖြစ်လို့ သတိမြဲအောင် လေ့ကျင့်ရင်း ကိလေသာပူမင်း မဝင်နိုင်အောင်လည်း ကြိုးစား ပေးနေရမယ်။ ကိလေသာဝင်လာရင် ရှေ့ကဖြစ်သွားတဲ့ ကိလေသာကို နောက်က သတိဉာဏ်နဲ့ ရှုမှတ်ရင်း ဖယ်ရှားပြီး တရားအမြတ်ပေါ်အောင်လည်း ကြိုးစားပေးနေရမယ်။ ကိလေသာအပူကို ဖယ်ရှားပြီး ကောင်းမှုတရားနဲ့ အစားသွင်းပေးနေရမယ်။



www.burmeseclassic.com

www.burmeseclassic.com


သိမင်းဖြစ်တဲ့သတိဟာ ပူမင်းဖြစ်တဲ့ ကိလေသာကို ဉာဏ်ထုတ်ရှုမှတ်ရင်း အပူကို အအေး ပြောင်းပေးနိုင်တယ်။ လောကပန်ကာတို့၊ လေအေးစက်တို့၊ ရေအေးစက်တို့၊ ရေခဲသေတ္တာတို့လိုပေါ့။ ပူတဲ့အချိန်မှာ ပန်ကာဖွင့်ထားရင် အေးလာလို့ နေရတာ ကောင်းသွားတယ်။ ပန်ကာဟာ ပူတဲ့ လျှပ်စစ်မီးရှိနေမှ ခလုတ်နှိပ်ဖွင့်လိုက်ရင် ပန်ကာလည်ပတ်ပြီး လေအအေးဓာတ်ပေးနိုင်ပါတယ်။ ပူမှ အအေးရမယ်ပေါ့။

လေကို အေးအောင်လုပ်ပေးတဲ့ လေအေးစက်တို့၊ ရေကို အေးအောင်လုပ်ပေးတဲ့ ရေအေးစက်တို့လည်း ပူတဲ့ လျှပ်စစ်မီးရှိနေမှပဲ အအေးဓာတ် ပေးနိုင်ကြတာပါ။ ခလုတ်တော့ နှိပ်ရ ဖွင့်ရမယ်ပေါ့။ ရေကို ခဲသည်အထိ အအေးဓာတ်ပေးနိုင်တဲ့၊ ထည့်ထားသမျှ စားသောက်ဖွယ်မျိုးစုံကို မပုပ်မသိုးဘဲ ကြာရှည်ခံအောင် အအေးဓာတ် ပေးစွမ်းနိုင်တဲ့ ရေခဲသေတ္တာဟာလည်း ပူတဲ့မီး ရှိနေမှပဲ အအေးဓာတ်ကို လွှတ်ပေးနိုင်တယ်။ ခလုတ်တော့ နှိပ်ပြီး ဖွင့်ပေးရမှာပေါ့။

အရှိန်သိပ်ပြင်းတဲ့ ကိလေသာ ပူမင်းတွေကိုလည်း ဉာဏ်ပွင့်အောင် သတိခလုတ်နှိပ်ပြီး ဝိပဿနာဉာဏ် အအေးဓာတ်တွေ၊ သီလ ၊သမာဓိ၊ ပညာအအေးဓာတ်တွေ ပြောင်းလဲ ဖော်ထုတ်တတ်ရမယ်။ ပူမင်းဦးစီးတဲ့ လူ့အပူ အားလုံးကို လူမင်း အသိမင်းဖြစ်တဲ့ သတိနဲ့ လွှမ်းမိုးအနိုင်ယူရမယ်ပေါ့။ မင်းမလို့ အေးချမ်းတာပဲ ဖြစ်ရမယ်။ လူ့အပူတွေ အေးချင်ရင် သတိဉာဏ်ခလုတ်တော့ နှိပ်ဖွင့်ရမယ်။

မေတ္တာလည်း သမာဓိအလုပ်ပဲဆိုတော့ သတိမင်းကို အဆက်မပြတ် ထည့်သွင်းမှ စွမ်းအားတက်နိုင်မယ်။ 'မင်းမလို့ ပွားနိုင်တာ' လို ပြောရလောက်အောင် သတိမင်းကို အမြဲကိုင်ထားရမှာပဲ။

## ၅။ လက်ဖျောက်တစ်ချက် စွမ်းအားတက်

- **လက်ဖျောက်တစ်ချက်၊ လျှပ်တစ်ပြက်၊ မျက်စိတစ်မှိတ်တွင်။**
- **အက္ခရာတစ်လုံး၊ ရွတ်နေတုန်း၊ မဆုံးသေးမီတွင်။**
- **မေတ္တာစိတ်မြတ်၊ အအေးဓာတ်၊ ပို့လွှတ်ပေးလိုက်လျှင်။**
- **ဈာန်မဆိတ်သုဉ်း၊ ဘုရားဆုံးမ၊ ကျနလိုက်နာ၊ ကျိုးရှိစွာ၊ ရိက္ခာသုံးသူပင်။**
- **လက်ဖျောက်တစ်ချက်၊ လျှပ်တစ်ပြက်၊ မျက်စိတမှိတ်တွင်။**
- **အက္ခရာတစ်လုံး၊ ရွတ်နေတုန်း၊ မဆုံးသေးမီတွင်။**
- **ရုပ်နာမ်အစု၊ ပြောင်းလဲမှု၊ မှတ်ရှုပေးလိုက်လျှင်။**
- **ကောင်းမှုအားလုံး၊ လွှမ်း၍ဖုံး၊ ထိပ်ဆုံးရောက်သူပင်။**
- **မေတ္တာကျေးဇူး၊ စွမ်းရည်ထူး၊ ချီးကျူးထိုက်တဲ့ လူ့စွမ်းအင်။**

မြတ်စွာဘုရားက သာသနာတွင်းကာလ အချိန်တန်ဖိုးကြီးမားပုံကို လက်ဖျောက်တစ်ချက် တီးကာလနဲ့ ချိန်ထိုးနှိုင်းယှဉ် ပြတော်မူပါတယ်။ လက်ဖျောက်တစ်ချက်ကာလဆိုတာ လျှပ်တစ်ပြက်အချိန် မျက်တောင် တစ်ခါခတ်ဆိုတဲ့ မျက်စိတစ်မှိတ် အချိန်ကလေးမျှသာဖြစ်တယ်။ ပေါ်လွင်အောင် ပြောရရင် က-ခ စတဲ့ အက္ခရာ တစ်လုံးရွတ် အချိန်ကလေးပါ။ စက္ကန့်ပိုင်းကလေးပါပဲ။

လက်ဖျောက်တစ်ချက်တီး အချိန်တိုလေးအတွင်းမှာပဲ မေတ္တာစိတ်မြတ် အအေးဓာတ်ကို ပို့လွှတ် ပေးနိုင်သူဟာ ဈာန်မဆိတ်သုဉ်းသူဖြစ်တယ်ဆိုပဲ။ ဘုရားအဆုံးအမကို ကျန သေချာ လိုက်နာတတ်တဲ့ သာသနာပြုပုဂ္ဂိုလ်လည်း ဖြစ်ခွင့်ရသွားသတဲ့။ တိုင်းသားပြည်သူတွေ ပေးလှူထောက်ပံ့ထားတဲ့ စားဖွယ် ရိက္ခာကိုလည်း အကျိုးရှိရှိ စားသုံးသူ ဖြစ်နိုင်တယ်ဆိုပဲ။ သူရောကိုယ်ရော သိပ်အကျိုးကြီးတယ်ပေါ့။

လက်ဖျောက်တစ်ချက်တီး ကာလအတွင်း မေတ္တာပို့လွှတ်တော့ အက္ခရာတစ်လုံး ရွတ်အချိန်ကလေးပဲ ရှိတာဖြစ်လို့ 'ချမ်းသာပါစေ' လို့ နှုတ်နဲ့ အသံထုတ်ပို့ရင် ပြီးနိုင်မယ်မဟုတ်ဘူး။ နှုတ်နဲ့ပို့ရင် အက္ခရာ ၃ - ၄ လုံး အနည်းဆုံး ရွတ်ရမယ်။ စိတ်နဲ့ညွှတ်ရုံလေးပို့လွှတ်မှပဲ ဒီအချိန်အတွင်း ပြီးနိုင်မှာပါ။ သိမင်း လူမင်း ဖြစ်တဲ့ အချိန်ထိန်းကိရိယာ သတိကို အစွမ်းကုန်သုံးရမှာပဲ။

လက်ဖျောက်တစ်ချက်တီး ကာလအတွင်းမှာပဲ ရုပ်နာမ်အစုတွေရဲ့ မခိုင်မြဲလို့ ပြောင်းလဲနေတဲ့ သဘောကို ဉာဏ်နဲ့ စူးစိုက်ရှုမှတ်ပေးနိုင်ရင် ကောင်းမှုထဲမှာတော့ အမြတ်ဆုံးဆိုပဲ။ အချိန်ထိန်းကိရိယာ အာရုံထိန်း


www.burmeseclassic.com

www.burmeseclassic.com



ကိရိယာ စိတ်ထိန်း ကိရိယာဖြစ်တဲ့ သတိကို အစွမ်းကုန်သုံးမှပဲ ဖြစ်မှာပါ။ အနိစ္စမြင်ရင် ဒုက္ခနှင့် အနတ္တလည်း မြင်နိုင်ပြီးသားပဲ။

လက်ဖျောက်တစ်ချက်ကာလ စွမ်းအားကို ဘုရားရှင်က ဟောပြတော့ အံ့ဩဖွယ် အလွန်ကောင်းလှတဲ့ မိမိတို့ရဲ့ နာမ်စွမ်းသတ္တိ (စိတ်စွမ်းရည်) ကို အားတက်စရာ ကောင်းလောက်အောင် သိမြင်ခွင့် ရသွားတယ်။ မအားမလပ်လောက်အောင် ဘယ်လောက်ပဲ အလုပ်ကိစ္စတွေများပါစေ သတိကောင်းရင် ဒီအချိန်လောက်တော့ လူတိုင်းရအောင် ယူသုံးနိုင်တယ်ဆိုတာ အားတက်စရာအနေနဲ့ နားလည်ခွင့်ရသွားတယ်။

ပြီးတော့ မသိနားမလည်လို့ပဲဖြစ်ဖြစ် သတိလွတ်လို့ပဲဖြစ်ဖြစ် အမိပ္ပာယ်ကင်းမဲ့စွာနဲ့ စည်းမဲ့ကမ်းမဲ့ ဖြုန်းတီးမိခဲ့တဲ့ လက်ဖျောက်တစ်ချက်တီးကာလများစွာကိုလည်း အလွန်နှမြောသွားမိပါလိမ့်မယ်။ နှမြောပေမယ့် ကုန်သွားပြီးတဲ့အချိန်ကို ပြန်ရနိုင်တော့တာမှ မဟုတ်ဘဲ။ တရားတန်ဖိုး နားလည်လို့ သတိဉာဏ်ရှိသူကတော့ ဒီလောက်အဖိုးတန်တဲ့ လက်ဖျောက်တစ်ချက်တီးကာလတွေ နောက်ထပ်မလွတ်ရအောင် အမိဖမ်းယူ အသုံးချတော့မယ်လို့တောင် ဆုံးဖြတ်လိုက်မိလိမ့်မယ်လို့ ထင်ပါတယ်။ လက်ဖျောက်တစ်ချက်တီးကာလဖြစ်တဲ့ စက္ကန့်ပိုင်းအတွင်းမှာ သတိကောင်းရင် မေတ္တာစိတ်ညွတ် ပို့လွှတ်လို့လည်း ရနိုင်တယ်။ ရုပ်နာမ်ခန္ဓာ မခိုင်မြဲလို့ ပြောင်းလဲနေတာကို ပညာစိတ်ညွတ် ရှုမှတ်လို့လည်း ရနိုင်တယ်ဆိုတော့ အားတက်စရာကြီးပဲ။ ဒီပြင် ကုသိုလ်စိတ်တွေလည်း ဒီနည်းအတိုင်းဖော်ထုတ်ရင် ဖြစ်နိုင်တာချည်းပဲဆိုတာ သဘောပေါက် နားလည်ခွင့် ရသွားတယ်။ သိထားရင် လက်တွေ့ သုံးသွားရုံပဲမဟုတ်လား။

ဗုဒ္ဓသာသနာနှင့် တွေ့ကြုံခွင့်ရသူရဲ့အချိန်တိုင်းဟာ လုံးဝ မဖြုန်းရက်လောက်အောင် သိပ်တန်ဖိုးကြီး ပါတယ်။ လက်တွေ့ တကယ်သုံးသွားသူတိုင်း အံ့ဖွယ်စွမ်းအားကို ရသွားကြတာချည်းပါပဲ။

ဘုရားလက်ထက်က ပသေနဒီကောသလမင်းကြီးမှာ မြန်မာနာမည်နဲ့ ဦးဉာဏ်ထူးဆိုတဲ့ ဝန်ထမ်းကောင်း တစ်ယောက် ရှိခဲ့ဖူးတယ်။ လောကီအသိပညာသာမက ဘဝအသုံးချတရား အသိပညာပါရှိတာကြောင့် လူတော်လည်းဟုတ်တယ်။ သဒ္ဓါတရား သိပ်ထက်သန်တဲ့ကြောင့် လူကောင်းလည်း ဟုတ်တယ်။ လူတော် လူကောင်းဟာ စိတ်ထားလည်းတတ်တယ်။ နေရာတကာမှာလည်း အဝင်ဆံ့တယ်။ ဘယ်သူ့အလုပ်ပဲ လုပ်လုပ် ဘာပဲလုပ်လုပ် ဖြူစင်တဲ့ ကုသိုလ်စိတ်နဲ့ အကောင်းဆုံးဖြစ်အောင်လည်း လုပ်ပေးတတ်တယ်။

အသက်မွေးဝမ်းကျောင်းပညာဆိုတဲ့ ခန္ဓာဝန်ထမ်းပညာလောက်နဲ့ လူ့အသိ မလုံလောက်သေးဘူး။ ခန္ဓာအစွမ်းပြ ဘဝအသုံးချပညာပါရှိမှ လူ့အသိ ပြည့်စုံလုံလောက်မယ်ဆိုတာ နားလည်ထားလို့ အလုပ်တာဝန် အလွန်များတဲ့ ကြားထဲက မဖြစ်မနေ အချိန်လုပြီး မကြာမကြာ ကျောင်းသွား တရားနာယူလိုက်သေးတယ်။ တရားနာတာဟာ အားဆေးပါပဲ။ လိမ္မာပါးနပ် ကျွမ်းကျင်သူအတွက် အချိန်ဟာ ယူတတ်ရင် ရနေတာပါပဲ။

တရားနာခွင့်ရထားသူဟာ အများထက် တစ်ပန်းသာပြီးသားပါ။ ဦးဉာဏ်ထူးဟာ တရားနှင့်နား ထိတွေ့ခွင့် များများရတာကြောင့် အများထက် အသိထူးခြားတယ်။

(၁) ပစ္စည်း၊ တရားနှစ်မျိုးလုံးရအောင် မရှာတတ်လို့ ကုသိုလ်မရ ဝမ်းမဝတဲ့ အောက်တန်းစားလူမျိုး၊

(၂) ပစ္စည်းသာရအောင် ရှာတတ်ပြီး တရားရအောင် မရှာတတ်လို့ ကုသိုလ်မရ ဝမ်းသာဝတဲ့ အလတ်တန်းစား လူမျိုး၊

(၃) ပစ္စည်း၊ တရား နှစ်မျိုးလုံး ရအောင်ရှာတတ်လို့ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အထက်တန်းစား လူမျိုးဆိုတဲ့ သုံးမျိုးမှာ ဦးဉာဏ်ထူးဟာ အထက်တန်းစား လူဖြစ်နေတယ်။

ပြီးတော့ -

(၁) အရှင်သခင်ဖြစ်သူက လုပ်ရမယ်လို့ ခိုင်းလို့သာ လုပ်တဲ့ အရှင်ဝန်ထမ်း၊

(၂) လုပ်ရင် လုပ်ခရမယ်ထင်လို့ မျှော်လင့်ချက်နဲ့လုပ်တဲ့ အထင်ဝန်ထမ်း၊

(၃) စေတနာကောင်းနဲ့ လုပ်ရင် သူရောကိုယ်ရော ချမ်းသာမယ်လို့မြင်ပြီး လုပ်တဲ့ အမြင်ဝန်ထမ်းဆိုတဲ့ ဝန်ထမ်းသုံးမျိုးမှာ ဦးဉာဏ်ထူးက အဆင့်မြင့် အမြင်ဝန်ထမ်းမျိုး ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တရားအသိပါ ရထားတဲ့ ဦးဉာဏ်ထူးဟာ 'လူဆိုတာ ကုသိုလ်ကြောင့် လူဖြစ်တာဖြစ်လို့ လူနှင့်ကုသိုလ် ခွဲလို့ မရဘူး။ လူဖြစ်ပါလျက်နဲ့ ကုသိုလ် စိတ်မဝင်စားရင် လူ့လမ်းကြောင်းပေါ်က ပြန်ဆင်းရမှာ၊ ဘာပဲလုပ်လုပ် ကုသိုလ်ရဖို့ အရေးအကြီးဆုံး' လို့ အခြားဝန်ထမ်းတွေထက် အမြင်ထူးနေတယ်။ 'ကံက လူဖြစ်ရုံလောက်သာ တာဝန်ယူတာ၊ လူစစ်ဖို့ကျတော့ ဉာဏ်လိုတယ်' လို့လည်း အသိရှင်းနေတယ်။ ဟုတ်ပါတယ်။ လူဖြစ်ဖို့ ကံက တာဝန်ယူတယ်။ လူစစ်ဖို့တော့ ဉာဏ်က တာဝန်ယူရပါတယ်။ ဉာဏ်ရှိသလောက် လူအစစ် ဖြစ်ခွင့်ရတယ်။ အသိဉာဏ်ထူးလို့ လူအစစ်ဖြစ်ခွင့်ရတာကြောင့်ပဲ ဦးဉာဏ်ထူးလို့ ခေါ်နိုင်တာပါ။

တရားအသိဉာဏ်ထူးခြားတော့ မေတ္တာလည်း ထူးထူးခြားခြား ပွားများ ပို့လွှတ်တတ်တယ်။ ဒါကြောင့် မေတ္တာကျေးဇူး စွမ်းရည်ထူးပိုင်ရှင်လည်း ဖြစ်နေတယ်။ မေတ္တာရှင်များဟာ -

(၁) ဘယ်နေရာရောက်ရောက် ကိုယ့်အရပ်လိုပဲ သဘောထားနေထိုင်တတ်တယ်။

(၂) ဘယ်သူနှင့်တွေ့တွေ့ ကိုယ့်ဆွေမျိုးလိုပဲ သဘောထား ဆက်ဆံတတ်တယ်။

(၃) ဘာပဲလုပ်လုပ် ဘယ်သူ့အလုပ်ပဲလုပ်လုပ် ကိုယ့်အလုပ်လိုပဲ သဘောထားပြီး စိတ်အားထက်သန်စွာနဲ့ လုပ်ပေးတတ်တယ်။ မေတ္တာရှင် ဦးဉာဏ်ထူးဟာ ဒီလမ်းစဉ် မူအတိုင်းပဲ ဆောင်ရွက်နေတာပါ။

ရှင်ဘုရင့်ကိစ္စ၊ နိုင်ငံကိစ္စ၊ အပေါင်းအသင်းရဲ့ကိစ္စ၊ မိသားစုကိစ္စအားလုံး ဘာပဲလုပ်လုပ် 'အလုပ်နှင့် သက်ဆိုင်သူအားလုံး ချမ်းသာကြပါစေ' လို့ မေတ္တာရှေ့ထားပြီး စေတနာကောင်းကောင်းနဲ့ အကောင်းဆုံး ဖြစ်အောင်သာ လုပ်ပေးတတ်တယ်။ ဘယ်သူ့ဆီကမှ ဘာအခွင့်အရေး ရလဒ်ကိုမျှ မျှော်လင့်ချက် မထားပါဘူး။ ကိုယ့်စေတနာဟာ ကိုယ့်ရဲ့ အထိုက်တန်ဆုံး လုပ်ခပဲဆိုတာ ဦးဉာဏ်ထူး အမြင်ရှင်းပြီးသားပါ။ ကိုယ့်ကုသိုလ်က ပေးတာထက်တော့ ဘယ်သူကမှ ပိုမပေးနိုင်ဘူးဆိုတာလည်း သဘောပေါက်ပြီးသားပါ။ ကိုယ်နှင့်တန်တာထက် ပိုရနေရင် မမှန်ကန်တဲ့ နည်းလမ်းနဲ့ရတာ ဖြစ်နေတတ်ပါတယ်။

ဦးဉာဏ်ထူးဟာ သီးခြားအချိန်ယူပြီးတော့ မေတ္တာလည်း အထူးပွားတယ်။ ခန္ဓာဉာဏ်စိုက်ပြီး ဝိပဿနာလည်း အထူးပွားတယ်။ ဘာလို့လဲဆိုတော့ အလုပ်တွေများလွန်းလို့တဲ့။ သူများတွေကတော့ အလုပ်များလွန်းလို့ တရားအလုပ် မလုပ်နိုင်ဘူးလို့ ပြောကြတယ်။ ဦးဉာဏ်ထူးကတော့ အလုပ်များလွန်းလို့ တရားကို အချိန်လု အားထုတ်တာတဲ့။

နေ့စဉ်လုပ်နေရတဲ့ အလွန်များပြားတဲ့ အလုပ်တွေ မရှုပ်ဖို့၊ မမှားဖို့၊ အကန့်လိုက် အချိန်မီပြီးဖို့၊ အလုပ်တိုင်း ကိုယ့်ကို အာမခံ တာဝန်ယူမယ့် တရားစွမ်းအား တစ်ပါတည်း ပါဝင်သွားဖို့၊ ကိုယ့်အလုပ်ကြောင့် အများ ကျေနပ်ဖို့၊ အလုပ်ရဲ့အကျိုးသက်ရောက်မှု ထူးခြားလေးနက်ဖို့၊ အမြင်စူးရှ ထက်မြက်သန့်ရှင်းတဲ့ ဉာဏ်အမြင်ကို အထူး လိုအပ်ပါတယ်။ ထူးခြားတဲ့ ဉာဏ်အမြင်လိုချင်ရင် ဘာဝနာအလုပ် တွဲပေးရမယ်။ ဒါကြောင့်လည်း ဦးဉာဏ်ထူးဟာ မဖြစ်မနေ အချိန်လုပြီး တရားအားထုတ်နေရတာပါ။

ဒါတင် မကသေးဘူး။ ဦးဉာဏ်ထူးဟာ လက်ဖျောက်တစ်ချက် အခွင့်အရေးကိုလည်း အလွတ်မခံဘဲ အလုပ်ကြားမှာ သွားလာလှုပ်ရှားရင်း မေတ္တာပို့လိုက်၊ အနိစ္စရှုလိုက်နဲ့ စိတ်ကို တရားအလုပ်နဲ့ ထုံထားတယ်။ ဒါကြောင့် အလုပ်တိုင်း တရားစွမ်းအား ပါနေတယ်။ အသိရှင်းသူအတွက် မအားတာဟာ တရားအလုပ်ပဲကိုး။

ခိုင်းလိုက်ရင် ဘယ်တော့မှ နောက်ပြန်မကြည့်ရလောက်အောင် စိတ်ချရတဲ့၊ ဘာလုပ်လုပ် မေတ္တာနဲ့ အကောင်းဆုံးဖြစ်အောင် လုပ်တတ်တဲ့၊ ဖြောင့်မတ်တည်ကြည် အေးဆေးလှတဲ့ ဦးဉာဏ်ထူးရဲ့ လုပ်ရည် ကိုင်ရည်ကို ရှင်ဘုရင်က သိပ်သဘောကျ ကျေနပ်တယ်။ တစ်နေ့တော့ ချီးမြှောက်ထိုက်တဲ့ ဦးဉာဏ်ထူးကို ရှင်ဘုရင်က ထိုက်ထိုက်တန်တန် ချီးမြှောက်ပေးလိုက်တယ်။ ရာထူးတွေလည်း တိုးမြှင့်ပေါ့။ နေစရာ၊ ထိုင်စရာ အဆောင်အယောင်တွေလည်း အကုန်တိုးပေါ့။ ခံစားခွင့်တွေလည်း အများထက် ပိုပေးလိုက်တယ်ပေါ့။

ချီးမြှောက်တတ်သူကလည်း လုပ်သင့်လို့ လုပ်သင့်တာ လုပ်ပေးလိုက်တယ်။ ချီးမြှောက်ခံရသူကလည်း ချီးမြှောက်ခံထိုက်လို့ ရသင့်တာတွေ ရလိုက်တယ်။ ဒါဆို ဝမ်းမြောက်စရာကြီးပေါ့။ ဒါပေမယ့် လုပ်ဖော် ကိုင်ဖက်တွေက အမြင်မကြည်ကြတော့ဘူး။ 'ဝန်ထမ်းချင်း တူရက်သားနဲ့ ချီးမြှောက်ပုံ မညီမျှဘူး' လို့ အမြင် တိမ်းစောင်းကုန်တယ်။ မျက်မွေးစူးကုန်တယ်။ မနာလို မုန်းတီးကုန်တယ်။ 'ငါလည်း သူ့လိုတော်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် ကြိုးစားမယ်' ဆိုတဲ့ အမြင်မှန် ဘယ်သူ့မှာမှ ပေါ်မလာကြဘူး။ ကိုယ်ကောင်းပြတာနဲ့ သူတို့ စိတ်ဆင်းရဲကုန်ကြပြီပေါ့။

ပုထုဇဉ်လူသားဟာ ကိလေသာကိုနိုင်တဲ့အခိုက် အံ့ဖွယ်စွမ်းအားရှိပေမယ့် ကိလေသာ ပိတ်ဖုံးခံရပြန်တော့ ကြောက်စရာ ဖြစ်သွားတတ်ပြန်တယ်။ မကောင်းတဲ့လူကိုလည်း 'မကောင်းဘူး' ဆိုပြီးမကြိုက်။ ကောင်းတဲ့ လူကိုလဲ 'ကောင်းတယ်၊ ငါ့နှင့်တူတယ်၊ ငါ့ထက်သာတယ်' ဆိုပြီး မကြိုက်။ မေတ္တာရှင်တို့ရဲ့စိတ်ထားနှင့် ဆန့်ကျင်ဘက် ပြောင်းပြန်ကြီးပဲ။

အဲဒါနဲ့ ဦးဉာဏ်ထူးနှင့် ရှင်ဘုရင်ကွဲအောင် ယုတ္တိမျိုးစုံပြပြီး ကုန်းတိုက်ကြတော့တာပဲ။ ကုန်းတိုက်တာဟာ လူညံ့တွေရဲ့ အလုပ်ပါ။ ကုန်းတိုက်ဖန်များတော့ ရှင်ဘုရင် ယုံတော့တာပေါ့။ ယုံတယ်ဆိုတာ ဆုံးဖြတ်မှု လွဲသွားတာပါ။ သဒ္ဓါတရား မဟုတ်ပါဘူး။ ရှင်ဘုရင်က စိတ်ဆိုးလွန်းလို့ စစ်ဆေးမေးမြန်းဖို့တောင် အချိန်မပေးနိုင်တော့ဘဲ ဦးဉာဏ်ထူးကို ရာထူးဖြုတ်ပစ်ပြီး အကျဉ်းထောင်ထဲ ပို့လိုက်ပါတယ်။ ဦးဉာဏ်ထူး အကျဉ်းသား ဖြစ်သွားပါတယ်။

ဦးဉာဏ်ထူးဟာ 'မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်'၊ 'သစ်ငုတ်မြင့်တုံ့ မြက်မြင့်တုံ့' ဆိုတဲ့ တရားသဘောကို နားလည်ထားတာလည်းတစ်ကြောင်း၊ ဘာပဲလုပ်လုပ် မေတ္တာအရင်းခံ စေတနာမှန်နဲ့ လုပ်ခဲ့တာဖြစ်လို့ 'ကိုယ့်ဘက်မှာ ကိုယ့်စေတနာ အဖော်ရှိနေတယ်' ဆိုတာကို ယုံကြည်ထားတာလည်းတစ်ကြောင်းကြောင့် အပြုံးမပျက်၊ မျက်နှာမပျက် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပါပဲ။ ဒီလောကဓံလောက်တော့ အသာလေးပဲဆိုတဲ့ သဘောပေါ့။

'အကျဉ်းထောင်ထဲရောက်လို့ ငါ့အတွက် သာသနာကွယ်တာမှ မဟုတ်ဘဲ၊ သဒ္ဓါတရားရှိရင် သာသနာ ရှိနေတာပဲ၊ သာသနာနှင့် အတူနေရတဲ့ ငါ့အတွက် ဘာမှ အားငယ်စရာမလို၊ တရားအလုပ်၊ ကုသိုလ်အလုပ် ပိုလုပ်ဖြစ်တာပေါ့' လို့ စိတ်အားတက်နေတယ်။ စိတ်ကောင်းရှိသူဟာ သူများတွန်းချလို့ လဲသွားတာမဟုတ်ဘူး။ အထက်ကိုသာ ထိုးတက်သွားတတ်တယ်။

ထောင်ကျနေတဲ့ ဦးဉာဏ်ထူးဟာ ရှင်ဘုရင်နှင့် လုပ်ဖော်ကိုင်ဖက်တွေကို တစ်ဦးချင်း ပုံဖော်၊ ကောင်းကွက် ကျေးဇူးပြုကွက်တွေကို မြင်အောင်ကြည့်ပြီး လှိုက်လှိုက်လှဲလှဲ စူးစူးစိုက်စိုက် စိတ်ပါလက်ပါ မေတ္တာ ပို့လွှတ်နေတယ်။ မေတ္တာကြောင့် သမာဓိရ၊ သမာဓိအခြေခံနဲ့ ဉာဏ်ကိုဖော်ပြီး ခန္ဓာဉာဏ်စိုက် ဝိပဿနာ ရှုလိုက်တာ ဉာဏ်စဉ် အဆင့်ဆင့်တက်၊ သောတာပတ္တိမဂ်ဉာဏ် ပေါ်လာလို့ အကျဉ်းသား ဦးဉာဏ်ထူး ထောင်ထဲမှာပဲ သောတာပန် ဖြစ်သွားတယ်။ 'ကဲ . . မောင် ဉာဏ်ထူး အလုပ်များတော့ တရားအလုပ် မတွင်ဘူး၊ ရိပ်သာထဲသွားပြီး တရားအလုပ်တွင်အောင် အားထုတ်လိုက်ပါဦး' လို့ ခိုင်းလိုက်သလိုသာ ဖြစ်သွားတယ်။ ကံဆိုးလို့ ဉာဏ်တိုးတယ်ဆိုတာ ဒါမျိုးကို ပြောတာဖြစ်မှာ။ အကျဉ်းထောင်ကို ရိပ်သာဖြစ်အောင် လုပ်ပြလိုက်တယ်။

စူးရှထက်မြက်လှတဲ့ မေတ္တာစွမ်းအားကြောင့် ပသေနဒီကောသလမင်းကြီး မနေနိုင်တော့ဘူး။ ဦးဉာဏ်ထူးကို ချက်ချင်း ထောင်ထဲက အလွှတ်ခိုင်းလိုက်တယ်။ အနားခေါ်ပြီး သည်းခံခွင့်လွှတ်ဖို့ တောင်းပန်ရုံသာမက ခါတိုင်းထက်ပိုပြီးတောင် ချီးမြှောက်ပေးလိုက်သေးတယ်။ လုပ်ဖော်ကိုင်ဖက်တွေလည်း တစ်ယောက်မကျန် အကုန်လာပြီး သည်းခံခွင့်လွှတ်ဖို့ တောင်းပန်ကြတယ်။ မေတ္တာရှင် ဦးဉာဏ်ထူး အစွမ်းကြောင့် အားလုံးပြေလည် ငြိမ်းအေးသွားလိုက်တာ ကြည်နူးစရာ သိပ်ကောင်းတယ်။ သဒ္ဓါကောင်းတဲ့ မေတ္တာရှင်ဟာ ဉာဏ်ပွင့်ပြီး မဂ်ဖိုလ်နိဗ္ဗာန် ဧကန်ရနိုင်တယ်ဆိုတာကိုလည်း ဦးဉာဏ်ထူးက အလုပ်နဲ့ သက်သေပြသွားတယ်။

အဲဒါ **'မေတ္တာကျေးဇူး စွမ်းရည်ထူး'** ပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၈-ခု၊ နှစ်ဦးတန်ခူးလ (၂၀၀၆-ခု၊ ဧပြီလ)



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋကဓရ ဓမ္မလက်ဆောင် (၄၀)

## ၄၅-ဝါ သာသနာ

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁။ ၄၅ –ဝါ သာသနာ

တသ္မာ တီဟာနန္ဒ အတ္တဒီပါ ဝိဟရထ အတ္တသရဏာ
အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

(ဒီ ၂ - ၈၅)

- **ကာယ-စိတ္တ၊ ဓမ္မ-ဝေဒနာ၊ ဤလေးဖြာ၊ စိတ်မှာကပ်၍ထား။**
- **ကိုယ့်လမ်းကိုယ်သွား၊ ကိုယ်ကြိုးစား၍၊ ကိုယ့်အားကိုယ်ကိုး၊ စွမ်းအားတိုး (လွတ်ခန်းနိုး)၊ ကောင်းကျိုးလွန်ကြီးမား။**
- **အဆက်မပြတ်၊ သတိကပ်၊ ရှုမှတ်အသိပွါး။**
- **အရှိကိုနိုင်၊ အသိပိုင်၊ ကြံ့ခိုင်လှ စွမ်းအား။**
- **၄၅-ဝါ၊ သာသနာ၊ သူငါ အားရှိသွား။**

မိမိရဲ့တစ်သက်မှာ မြတ်ဗုဒ္ဓရဲ့ ၄၅-ဝါ သာသနာကို အာရုံပြုပူဇော်နိုင်ဖို့ တရားနှင့် ဆက်စပ်တဲ့ '၄၅' ဂဏန်းကို နှစ်မခြားဘဲ ၃-နှစ်ဆက်တိုက် ရေတွက်ခွင့် ရလိုက်ပါတယ်။ ၃-မျိုးလုံးမှာပဲ ကြုံကြိုက်တိုက်ဆိုင်မှုတွေ တွဲပါနေပါတယ်။

(၁) ၁၃၂၂-ခု၊ နယုန်လမှာ သက်န်းဝတ်ခဲ့တာဆိုတော့ ၁၃၆၇ ခုနှစ်မှာ သက်န်းသက် ၄၅ နှစ် ပြည့်ပါတယ်။ ဒါက ၄၅ ဂဏန်း တစ်လုံးပေါ့။ ဒီဂဏန်းတစ်လုံးကြောင့် ကောင်းမှုများစွာ ဖြစ်ပေါ် တိုးပွားရတယ်။ အဲဒီနှစ်မှာပဲ မိမိအတွက် ကိုရင်ဘဝက ပရိယတ်အခြေခံ ခိုင်မာအောင် သေသေချာချာ အုတ်မြစ်ချပေးခဲ့တဲ့ ကျေးဇူးရှင်ဆရာတော် ဦးသာဂိန္ဒရဲ့ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်နှင့် ကြုံကြိုက်တိုက်ဆိုင်ပါတယ်။ နောက်ထပ် ကောင်းမှုမြောက်မြားစွာ ထပ်တိုးရပြန်ပါတယ်။ လူ့ဘဝအနှစ်ဟာ ကောင်းမှုပဲ။

(၂) ၁၃၂၄-ခု၊ ကဆုန်လမှာ ရဟန်းခံခဲ့တာဆိုတော့ အသက် ၂၀-မှာ တစ်ဝါရတဲ့ သက်စေ့ဝါရ ဖြစ်နေလို့ ယခု ၁၃၆၈-ခုနှစ်မှာ ရဟန်း၄၅-ဝါပြည့်မှာဖြစ်တယ်။ ယခုနှစ် သီတင်းကျွတ်တာနဲ့ ၄၅-ဝါ ပြည့်တော့မှာပါ။ ဒါက '၄၅' ဂဏန်းတစ်လုံးပါ။ ဒီဂဏန်းကြောင့်လည်း ကောင်းမှုများစွာ တိုးနေပါတယ်။ ဆက်ကာဆက်ကာ တိုးနေဦးမှာပဲ။ ယခုနှစ်မှာလည်း မိမိကို အစစအရာရာ ကူညီစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးရှင် မန္တလေးမဟာဝိသုဒ္ဓါရုံ သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တတိလောကရဲ့ သက်တော် ၈၀-ပြည့် ပတ္တမြားရတု အထိမ်းအမှတ်နှင့် ကြုံကြိုက်တိုက်ဆိုင်ရပြန်ပါတယ်။ နောက်ထပ် ကောင်းမှုအများကြီး တိုးပွားရဦးမှာပါ။

(၃) ၁၃၂၄-ခု၊ ကဆုန်လမှာ ရဟန်းခံခဲ့တာဖြစ်လို့ လာမည့် ၁၃၆၉-ခုနှစ်မှာ ရဟန်းသက် ၄၅-နှစ်ပြည့်မှာ ဖြစ်တယ်။ ဒါလည်း ၄၅ ဂဏန်း တစ်လုံးပဲ။ ဒီဂဏန်းကြောင့်လည်း ကောင်းမှုတွေ ထပ်ကာထပ်ကာ မြောက်မြားစွာ တိုးလာဦးမှာပေါ့။ အဲဒီနှစ်မှာတော့ မိမိ ရဟန်းငယ်ဘဝက ပညာ သင်ကြားခဲ့ရတဲ့ ကျေးဇူးရှင် မန္တလေး မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့ နှစ် ၁၀၀-ပြည့် အထိမ်းအမှတ်နှင့် ကြုံကြိုက် တိုက်ဆိုင်ပါလိမ့်ဦးမယ်။ ကောင်းမှုတွေ အများကြီး တိုးရဦးမယ်။ ကောင်းမှုဆိုတာ လူ့ဘဝရဲ့ အထွဋ်အထိပ် စွမ်းအားပဲမဟုတ်လား။

မြတ်ဗုဒ္ဓရဲ့ ၄၅-ဝါ သာသနာကို မြတ်မြတ်နိုးနိုး ပူဇော်ချင်လွန်းလို့ ၄၅-နှစ် သက်န်းသက် ၄၅-ဝါသာသနာ၊ ၄၅-နှစ်ရဟန်းသက်လို့ တရားနှင့်ဆက်စပ်တဲ့ မိမိရဲ့ '၄၅' ဂဏန်းသုံးလုံးကို ဝမ်းမြောက် ကျေနပ်စွာနဲ့



www.burmeseclassic.com

www.burmeseclassic.com


ရေတွက်လိုက်တာပါ။ အသက် ၄၅-နှစ်တုန်းက '၄၅' ဂဏန်းတစ်လုံး ကြုံခဲ့ရပေမယ့် အဲဒီ ၄၅ ထဲမှာ တရားနှင့်မဆက်စပ်တဲ့ ဂဏန်း သုံးပုံတစ်ပုံ ကျော်ကျော်ပါဝင်နေလို့ ကျေကျေနပ်နပ် မရေတွက်ခဲ့ပါဘူး။ ကောင်းမှု တိုးအောင်တော့ ကြိုးစားဖြစ်ခဲ့ပါတယ်။ ယခုရေတွက်ရတဲ့ ဂဏန်းသုံးလုံးက အားလုံး တရားနှင့် ဆက်စပ်တာလည်းဖြစ်၊ နှစ်မခြားဘဲ ဆက်တိုက် ရေတွက်ရ တာလည်းဖြစ်၊ ကြုံကြိုက်တိုက်ဆိုင်မှုတွေနဲ့ တွဲနေတာလည်းဖြစ်တာကြောင့် ဒီ '၄၅' ဂဏန်းသုံးလုံးကို နှစ်နှစ်ခြိုက်ခြိုက် ရေတွက်လိုက်တာပါ။ ကြုံကြိုက်တိုက်ဆိုင်မှုတွေကလည်း ကျေးဇူးရှင်တွေရဲ့ စိန်ရတု၊ ပတ္တမြားရတု၊ ရာပြည့်သုံးမျိုးပဲ။

မြတ်ဗုဒ္ဓဟာ အလောင်းတော်ဘဝက နိယတဗျာဒိတ် ရပြီးရင်တောင်မှ အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရပါတယ်။ နိယတ ဗျာဒိတ်မရခင်ကလည်း အများကြီး ဖြည့်ခဲ့ရပါသေးတယ်။ ဒါပေမယ့် ဘုရားအဖြစ်နဲ့ ၄၅- နှစ်တည်း နေခွင့်ရတာဖြစ်လို့ အချိန် သိပ်နည်းလွန်းပါတယ်။ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး အချိန်ပို အလုပ်လုပ်ခဲ့တာဆိုတော့ မြတ်ဗုဒ္ဓရဲ့ ဗုဒ္ဓကိစ္စ သာသနာ အလုပ်ဟာ ၄၅-နှစ်တည်းနဲ့ပဲ အချိန်ပြည့်စုံ လုံလောက်ပါတယ်။ အပိုအလိုမရှိ ကွက်တိပဲ။

ဘုရားအဖြစ်နဲ့ ၄၅-နှစ်နေခဲ့ရပေမယ့် ပထမဝါ ဝါဝင်ကာလ ဝါဆိုလပြည့်ကစ သာသနာ ဖော်ထုတ်ခဲ့တာဖြစ်လို့ ဝါ-ကို ခေါင်းတပ်ပြီး '၄၅- ဝါ သာသနာ' လို့ တွင်နေတာဖြစ်ပါလိမ့်မယ်။ ဘုရားဖြစ်ပြီးတာနဲ့ ဓမ္မတွေ ပေါ်လာခဲ့သော်လည်း ဥဒါန်းကျူးရင့်ရုံမျှသာ ဖြစ်ပါတယ်။ တရားနာ ပုဂ္ဂိုလ်အတွက် တိုက်ရိုက်ဟောတာ မဟုတ်ပါဘူး။ ဝါဆိုလပြည့်နေ့ရောက်မှ တရားနာသူအတွက် တိုက်ရိုက် စ ဟောတာပါ။

ပထမဝါ ဝါဆိုလပြည့်နေ့မှာ လူသွားလမ်းသုံးလမ်းကို ဟောခဲ့တယ်။

(၁) လောဘ၊ မောဟ ဦးဆောင်တဲ့ မွဲအောင် ဖြုန်းတဲ့လမ်း၊

(၂) ဒေါသ၊ မောဟဦးဆောင်တဲ့ လဲအောင် ရုန်းတဲ့လမ်း၊

(၃) သတိဉာဏ်ဦးဆောင်တဲ့ ရဲအောင် သုံးတဲ့လမ်း၊ ဒီသုံးမျိုးပါ။

တကယ့်အနှစ်ချုပ်ကတော့ မဂ္ဂင် ၈-ပါးဆိုတဲ့ ရဲအောင်သုံးတဲ့လမ်းပါ။ သစ္စာလေးပါးမှာလည်း ကျင့်ရမှာက မဂ္ဂပါပဲ။ မဂ္ဂကို တူရာပေါင်း အကျဉ်းချုံးရင် သိက္ခာသုံးပါးပါ။ သိက္ခာသုံးပါးကို ထပ်ချုံးလိုက်ရင် သတိပဲ။ သတိက ဉာဏ်ကိုဖော်ပေးတာဆိုတော့ ဉာဏ်လည်းပါရောပေါ့၊ သတိဉာဏ်ကိုပဲ အပ္ပမာဒ ခေါ်တာပါ။

နောက်ဆုံးဝါဖြစ်တဲ့ ၄၅-ဝါမြောက်မှာ 'အာနန္ဒာ သင်တို့ဟာ ကာယ-ဝေဒနာ-စိတ္တ- ဓမ္မ ၄-ပါးကို သတိမပြတ် ရှုမှတ်ပွားများပြီး မိမိဆိုတဲ့ မှီခိုအားကိုးရာရှိအောင်နေကြ၊ တရားဆိုတဲ့ မှီခိုအားကိုးရာ ရှိအောင်နေကြ' လို့ သတိပဋ္ဌာန်အလုပ်ကို အနှစ်ချုပ်ထုတ်ဟောထားပါတယ်။ သတိမလွတ် ဉာဏ်မပြတ်ဖို့ပါပဲ။

နောက်ဆုံးသက်တော် ၈၀-လည်းပြည့် ဘုရားသက် ၄၅-နှစ်လည်းပြည့်တဲ့နေ့ ရောက်ပြန်တော့ အပ္ပမာဒတရားနဲ့ပဲ အဆုံးသတ်သွားပါတယ်။ သတိဉာဏ်ပေါ့။ ဒါဆို သတိဉာဏ်ဟာ ၄၅-ဝါ သာသနာရဲ့ ကျင့်စဉ်အချုပ်ဆိုတာ သိနိုင်ပါတယ်။

## ၂။ ခန္ဓာဉာဏ်စိုက် သတိလိုက်

- **ကိုယ့်ခန္ဓာ၌၊ သတိစိုက်၊ ဉာဏ်လိုက်ရှုနေလျှင်။**
- **ကိုယ်မှာဖြစ်ဘိ၊ ဖြစ်တိုင်းသိ၊ သိတိုင်းအပူစင်။**
- **ရှေ့စိတ်ဖြစ်ဘိ၊ နောက်စိတ်သိ၊ သိတိုင်းအပူစင်။**
- **အာရုံနှင့်ထိ၊ ထိတိုင်းသိ၊ သိတိုင်းအပူစင်။**
- **အပူစင်မှ၊ ဖြစ်ပျက်ကြ၊ မုချအမှန်မြင်။**
- **အမှန်မြင်မှ၊ ချမ်းသာရ၊ ဒုက္ခလွတ်မည်ပင်။**

မြတ်ဗုဒ္ဓဟာ နောက်ဆုံးဝါဖြစ်တဲ့ ၄၅-ဝါ မြောက်ရောက်တော့ ဝေသာလီမြို့အနီး ဝေဠုဝရွာငယ်မှာ အရှင်အာနန္ဒာနှင့်အတူ ဝါကပ်တော်မူပါတယ်။ ဝေဠုဝရွာငယ်မှာ သံဃာအများအတွက် နေရာလည်း မလုံလောက် ဆွမ်းလည်းပြည့်စုံမှာမဟုတ်လို့ ရဟန်းများကို ဝေသာလီမြို့ဝန်းကျင်မှာ ဝါကပ်ကြဖို့ စေလွှတ်တော်မူလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဝါကပ်ပြီးလို့ မကြာမီမှာပဲ မြတ်ဗုဒ္ဓမှာ ရှေးကံကြောင့် ခါတ်ဖောက်ပြန်လို့ အလွန်ကြမ်းတမ်းတဲ့ အနာရောဂါကပ် ရောက်လာတော့ သေလောက်အောင် (ပရိနိဗ္ဗာန်စံရလောက်အောင်) အလွန်ပြင်းထန်တဲ့ ဝေဒနာတွေ ဖြစ်ပေါ်လာကြပါတယ်။ ခန္ဓာရှိသူအားလုံး ခန္ဓာဒုက္ခကို ရကြပါတယ်။ အကြောင်းနှင့် ဆက်စပ်နေတဲ့ ခန္ဓာဆိုတော့ အကြောင်းဖောက်ပြန်မှု ကြီးမားသလောက် ခန္ဓာဒုက္ခလည်း ကြီးမားလှပါတယ်။

မြတ်ဗုဒ္ဓဟာ ဝေဒနာနှိပ်စက်မခံရအောင် မဆင်းရဲ မပင်ပန်းရအောင် သတိဉာဏ်နဲ့ ရှုမှတ်သည်းခံတော်မူပါတယ်။ အရှိကို အသိက အနိုင်ယူ လွှမ်းမိုးသွားတယ်ပေါ့။ ပုရွက်ဆိတ်တန်းဟာ အဝေးကနေကြည့်ရင် တစ်တန်းတည်း ထင်ရပေမယ့် အနီးကပ်ကြည့်လိုက်တော့ တစ်ကောင်စီ သွားနေတာမြင်ရမယ်။ ဝေဒနာလည်း သတိဉာဏ်မပါဘဲ အဝေးကြည့်ကြည့်ရင် တစ်တန်းတည်းဖြစ်လို့ ကြီးကျယ်နေတော့ အခံရခက်မှာပဲ။ သတိနဲ့စပ် ဉာဏ်နဲ့ကပ်ပြီး အနီးကပ် ရှုမှတ်နေရင် တစ်ခုစီ ဖြစ်ပျက်နေတာမြင်ရလို့ ဝေဒနာ သေးငယ်သွားတော့ အခံရ မခက်တော့ဘူးပေါ့။

ဝေဒနာပရိဂ္ဂဟဉာဏ် ဝေဒနာ နုပဿနာသတိပဋ္ဌာန်နဲ့ အပေါ်တည့်တည့်က စိုက်ပြီး ရှုလိုက်ရင် ဝေဒနာတွေရဲ့ ခဏတိုင်း ဖြစ်ပျက်ပြောင်းလဲနေတဲ့ သဘောကိုပဲ မြင်နေရတယ်။ အနိစ္စမြင်ရင် ဒုက္ခနှင့် အနတ္တလည်း မြင်ရပြီးသားပဲ။ ပိဿာ-၁၀၀ ရှိတဲ့ ဝန်ထုပ်ဟာ တစ်ပေါင်းတည်း ပေါင်းထမ်းရင် လေးလို့ မနိုင်ပေမယ့် ၁-ပိဿာ ၂-ပိဿာစီ ခွဲသယ်ရင် ပေါ့လို့ နိုင်သွားတယ်။ ဝေဒနာလည်း တစ်တန်းတည်း ကြည့်ရင် များလို့ လေးတော့ အခံရခက်ပေမယ့် တစ်ခုစီ စိုက်ကြည့်ရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်တဲ့ ဝေဒနာကို တစ်ကန့်ချင်း မြင်နေရလို့ နိုင်သွားတော့ သည်းခံနိုင်တာပေါ့။

မြတ်ဗုဒ္ဓဟာ ဘယ်သူ့ကိုမှ အသိမပေးဘဲ ပရိနိဗ္ဗာန်စံဖို့ မသင့်တော်သေးတာဖြစ်လို့ အနာရောဂါကို ဝီရိယအစွမ်းနဲ့ တွန်းလှန်ဖယ်ရှားပြီး အသက်ရှည်အောင် ပြုစီမံတတ်တဲ့ ဖလသမာပတ်ကို ဝင်စား နေလိုက်ပါတယ်။ ဘုရားဖြစ်ခါနီးတုန်းကလို ရူပသတ္တက နာမသတ္တကနည်းနဲ့ မဟာဝိပဿနာကို အကြိမ်လည်းများ အချိန်လည်းများအောင် အကြီးအကျယ် ပွားများပြီး အဲဒီ မဟာဝိပဿနာနဲ့ပဲ အနာရောဂါကို ဖယ်ခွာ လိုက်ပါတယ်။ ပြီးတော့ 'ဆယ်လအတွင်း ဤခန္ဓာ၌ ဤရောဂါဝေဒနာ နောက်ထပ် မဖြစ်စေသတည်း'လို့ အဓိဋ္ဌာန်ပြီး ဖလသမာပတ် ဝင်စားနေလိုက်တာပါ။ မဟာဝိပဿနာအခြေခံတဲ့ အရဟတ္တဖိုလ်သမာပတ်ကို ဇီဝိတသင်္ခါရလို့လည်းခေါ်တယ်။ အာယုသင်္ခါရလို့လည်းခေါ်တယ်။ အာယုပါလကလို့လည်းခေါ်တယ်။ အသက်ကို ဖြတ်တောက်ပစ်နိုင်လောက်အောင် ပြင်းထန်တဲ့ ရောဂါဝေဒနာကို ဟန့်တားပြီး အသက်ရှည်အောင် ပြုပြင်စောင့်ရှောက်ပေးနိုင်တာကိုး။ အဲဒီသမာပတ်အစွမ်းကြောင့် ကဆုန်လပြည့်ထိ ၁၀-လအတွင်း နောက်ထပ်ပေါ်မလာတော့ဘဲ ရောဂါဝေဒနာ ငြိမ်းစဲသွားပါတော့တယ်။ လောကနှင့် ဒုက္ခအပေါ် သြဇာပြောင်းတဲ့ သတိဉာဏ်တရားအစွမ်းပဲပေါ့။ လောကထဲမှာ တရားသာ အံ့သြစရာအကောင်းဆုံးပါ။

နာလန်ထပြီးကာစ မြတ်ဗုဒ္ဓက 'အာနန္ဒာ၊ ယခု ငါဘုရား အိုပြီ၊ ကြီးပြီ၊ နောက်ဆုံးအရွယ် ရောက်ပြီ၊ အသက် ၈၀-အရွယ်ရှိပြီ (အသက်-၈၀တွင်းရောက်ပြီ)၊ ကြိုးတုပ်ပြီး မောင်းနှင်နေရတဲ့ လှည်းအိုကြီးလို အရဟတ္တဖိုလ် ကြိုးတုပ်ထားမှပဲ နေသာထိုင်သာ ရှိတော့တယ်၊ ဖလသမာပတ်ဝင်စားနေမှ ခန္ဓာဒုက္ခသက်သာပြီး ချမ်းသာခွင့် ရတော့တယ်၊ သင်တို့လည်း ဖလသမာပတ်ချမ်းသာ၊ တရားချမ်းသာနဲ့ နေနိုင်အောင် တရားအားကိုးရာရအောင် သတိပဋ္ဌာန် ၄-ပါး ရှုပွားနေကြ' လို့ မိန့်ကြားတော်မူပါတယ်။ အချုပ်ကတော့ သတိဉာဏ် အမြဲကိုင်ထားဖို့ပါပဲ။

ရုပ်အပေါင်း၊ ဝေဒနာ၊ စိတ်၊ သညာ သင်္ခါရတရားတို့ကို လွယ်လွယ်ပြောရရင် ခန္ဓာ ၅-ပါးကို သတိဉာဏ်စိုက် ရှုမှတ်နေဖို့ပါပဲ။ သတိနဲ့ အာရုံကို သိမ်းဆည်းရမယ်။ ဝီရိယနဲ့ ကိလေသာကို နှိမ်နင်းရမယ်။ ဉာဏ်နဲ့ အရှိအတိုင်း ခွဲခြမ်းစိတ်ဖြာ ကြည့်ရမယ်။ ခန္ဓာအပေါ် နစ်မြုပ်စူးဝင်နေတဲ့ ကိလေသာ အပူအရှုပ် ဆူးငြောင့်ခလုတ် ကင်းစင်သွားဖို့နဲ့ ခန္ဓာအရှိကို အမှန်သိဖို့က ပဓာနပါ။

ဝင်လေထွက်လေကို အဆက်မပြတ် မှတ်နေတာမျိုး၊ သွား ရပ် ထိုင် လျောင်း ဣရိယာပုထ် ၄-ပါးကို ခွဲသိနေတာမျိုး၊ ရှေ့တိုးနောက်ဆုတ် စတဲ့အမူအရာအားလုံးကို ကွဲကွဲပြားပြား ခွဲခြားသိနိုင်အောင် လေ့ကျင့်နေတာမျိုး၊ ဆံပင် မွေးညှင်း စတဲ့ ကိုယ်အစိတ်အပိုင်းတွေကို ခွဲခြား ဆင်ခြင်နေတာမျိုး၊ ခါတ်လေးပါး ခွဲခြား ဆင်ခြင်တာမျိုး၊ အသုဘရုပ်ကို ရှုနေတာမျိုးတွေက ရုပ်အပေါင်းကို ရှုတာပါ။ ကာယာနုပဿနာ သတိပဋ္ဌာန်ပေါ့။ ရုပ်အပေါင်းကို 'ရုပ်အပေါင်း' လို့ ရှုရင် ရှုဖန်များတော့ ရုပ်တွေ ပေါင်းစုနေတာ၊ ငါကောင်၊


www.burmeseclassic.com

www.burmeseclassic.com



သူကောင်၊ ဘာကောင်တွေမှ မရှိဘူးလို့ အမှန်အတိုင်း သိလာရတယ်။ သတိစိုက်ကြည့်တော့ စိတ်ငြိမ်ပြီး ဉာဏ်ပွင့်လာလို့ မှန်တာ သိရတာပေါ့။

ပြီးတော့ အကြောင်းရှိသလို အကြောင်းရှိသလောက် အကြောင်းရှိတာကြောင့် ရုပ်တွေ ဖြစ်နေကြတယ်၊ အသိစိတ်အခြေခံနဲ့ ရုပ်တွေ လှုပ်ရှားနေကြရတယ်၊ ဘယ်အချိန်မှ ရုပ်မနေကြဘဲ အဆက်မပြတ် ပြောင်းလဲနေကြတယ်၊ အမြဲညှဉ်းဆဲနေကြတယ်၊ ကိုယ့်အလို တစ်ချက်မှ မလိုက်ကြဘူးဆိုတာတွေကို ရှင်းရှင်းလင်းလင်း သိလာရတယ်။ သတ်သတ်မှတ်မှတ် ကြည့်တတ်ရင် ပြတ်ပြတ်သားသား သိရတာပါ။ ရုပ်ကို ရုပ်လို့ မြင်နေမှတော့ ရုပ်ရဲ့သဘောတွေကို အကုန်သိရတော့တာပေါ့။ အသိရှင်းနေသလောက် မခံချင်စရာကောင်းတဲ့ ရုပ်ရဲ့ အဆိုးသဘောတွေအပေါ် သည်းခံခွင့်လွှတ်နိုင်တဲ့ ရင့်ကျက်တဲ့စိတ်ဓာတ် အရည်အချင်းတွေ တိုးတက်လာရပါတယ်။

ဆင်းရဲချမ်းသာ ဝေဒနာအားလုံးကို ကောင်း၊ မကောင်း စိတ်အားလုံးကို သညာ သင်္ခါရဆိုင်ရာ ကောင်း၊ မကောင်း တရားအားလုံးကို ဒါမှမဟုတ် ခန္ဓာ ၅-ပါးဆိုင်ရာ အကောင်းအဆိုး တရားအမျိုးမျိုးကို 'ဝေဒနာ'လို့၊ 'စိတ်' လို့၊ 'ဓမ္မ' လို့ ရှုနေရင်လည်း ရှုဖန်များတော့ ရုပ်အပေါ် အမြင်ရှင်းနေသလိုပဲ ဝေဒနာ၊ စိတ်၊ ဓမ္မအပေါ် အမြင် ရှင်းသွားရပါတယ်။ သညာ သင်္ခါရဆိုင်ရာ တရားကိုသာ ဓမ္မလို့ ခေါ်နိုင်တာမဟုတ်ဘဲ ခန္ဓာငါးပါးဆိုင်ရာ ရှုစရာတရားအားလုံးကိုလည်း ဓမ္မလို့ပဲခေါ်ရင် ဖြစ်နိုင်ပါတယ်။ ခန္ဓာဆိုင်ရာ ဘာကိုပဲရှုရှု ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်နိုင်တယ်ပေါ့။

သတိပဋ္ဌာန်ဆိုတာ သိတတ်တာရော၊ သိစရာရော နှစ်မျိုးလုံးကိုပဲ ခေါ်တာပါ။ သိတတ်တဲ့ သတိကို ရုပ၊ ဝေဒနာ၊ စိတ်၊ ဓမ္မအပေါ် ကိလေသာ ကြားမညပ်ဘဲ ကပ်တည်နေနိုင်တာကြောင့် သတိပဋ္ဌာန်လို့ ခေါ်တယ်။ ရုပ်၊ ဝေဒနာ၊ စိတ်၊ ဓမ္မဆိုတဲ့ သိစရာအာရုံလေးမျိုးကိုလည်း သတိရဲ့ စွဲစွဲမြဲမြဲ ကပ်တည်နေရာ ဖြစ်တာကြောင့် သတိပဋ္ဌာန်လို့ပဲ ခေါ်ပါတယ်။ ဒီနေရာမှာတော့ အာရုံပေါ် ကပ်တည်တတ်တဲ့ သိတတ်တဲ့ သတိကို သတိပဋ္ဌာန်ခေါ်တာပါ။ သိစရာ အာရုံလေးမျိုးက သတိရဲ့ သီတင်းသုံးရာ စံကျောင်းပေါ့။ သိတတ်တဲ့ သတိကတော့ စံကျောင်း ၄-ဆောင်ပေါ် လှည့်ပတ်သီတင်း သုံးနေတဲ့ ဆရာတော်ကြီးပေါ့။ အဲဒီလို မြတ်မြတ်နိုးနိုး ဝေါဟာရ တပ်ပြောရင်လည်း ဖြစ်နိုင်တာပဲ။ အရှိန်အဝါအကြီးဆုံးတရားကိုး။

အာရုံလေးမျိုးကို လွယ်လွယ်ချုံးပြောရင် ခန္ဓာငါးပါးပါပဲ။ ခန္ဓာအပေါ် အဆက်မပြတ် အသိကပ်ပြီး သတိဉာဏ် စိုက်နေရတာကိုပဲ သတိပဋ္ဌာန်အလုပ်လို့ ခေါ်တာပါ။ အာရုံတစ်ခုခုအပေါ် အပူလည်း ကင်း အသိရှင်းအောင် ခပ်ကြာကြာ စူးစိုက်လေ့ကျင့်ပေးပြီး အခြားအာရုံတွေအပေါ်လည်း သတိကပ်ပေးနေရမှာပဲ။ တစ်နေ့လုံး ဘာပဲလုပ်လုပ် အာရုံတိုင်း 'ရှင်းကနဲ ရှင်းကနဲ' သတိကပ်ပေးနိုင်အောင် လေ့ကျင့်ပေးနေရမယ်။ အသိအပေါ် အာရုံက လွှမ်းဖိမသွားစေဘဲ အသိကသာ အာရုံအပေါ် အနိုင်ယူ လွှမ်းမိုးနိုင်အောင် သတိ အမြဲကိုင်ထားဖို့ အထူးလိုမှာပါ။ သတိစွဲတော့ သမာဓိမြဲပြီး စိတ်ဓာတ် ခိုင်မာ ရင့်ကျက် တည်ငြိမ် အေးချမ်းလာမယ်။ ဒီတော့ ဉာဏ်ပွင့်လာမယ်။ အရှိအတိုင်း ပွင့်ပွင့်လင်းလင်း အမှန်သိသွားမယ်။ ဆင်းရဲအပူကို အနိုင်ယူနိုင်တဲ့စွမ်းအား၊ ချမ်းသာငြိမ်းအေးမှုကို အပိုင်ယူပေးတဲ့စွမ်းအားကို တစ်ပြိုင်တည်း ရသွားမယ်။ ခုချမ်းသာရင် နောင်ချမ်းသာဖို့ သေချာပြီပေါ့။

## ၃။ ယူအား

- **ဖြစ်လာပြီးက၊ ပျက်စီးရငြား၊ ပြောင်းရွှေ့သွား၊ ပျက်အားခန္ဓာ ကြီးစိုးသည်။**
- **အရှိဖြင့်လွှမ်း၊ စိတ်တွေမွန်းငြား၊ လောင်မြိုက်သွား၊ ပူအားခန္ဓာ လွှမ်းမိုးသည်။**
- **အပျက်အပူ၊ အနိုင်ယူငြား၊ ဆွဲထုတ်သွား၊ ယူအား အမြဲကိုင်ရမည်။**
- **ပျက်အား ပူအား၊ ဤနှစ်ပါး၊ ယူအား နိုင်ရမည်။**
- **၄၅-ဝါ၊ သာသနာကြောင့်၊ သူ ငါအများ၊ အားရှိသွား၊ ထူးခြားမြင့်မြတ်သည်။**

၄၅-ဝါ သာသနာရဲ့ အကျဉ်းချုပ် စကားဖြစ်တဲ့ 'ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ' ဆိုတဲ့ စကားနှစ်ခွန်းမှာ 'ဝယဓမ္မာ သင်္ခါရာ' က 'ပျက်အား, ပြောင်းရွှေ့အား' ကို ပြတယ်။ 'အပ္ပမာဒေန သမ္ပာဒေထ'



www.burmeseclassic.com

www.burmeseclassic.com


က 'ယူအား' ကို ပြတယ်။ 'ယူအား' ပျောက်နေရင် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ 'ပူအား' ရောက်လာတတ်တယ်။ ဒီတော့ လူ့ဘဝမှာ (၁) ပျက်အား၊ ပြောင်းအား (၂) ပူအား (၃) ယူအားလို့ အား ၃-မျိုးရှိတယ်ပေါ့။

ပျက်အား၊ ပြောင်းအား ကြီးစိုးနေတဲ့ခန္ဓာအပေါ် ပူအားနှင့် ယူအားက အားပြိုင် နေရာလုနေကြတာပါ။ ခန္ဓာဘောလုံးကွင်းမှာ စိတ်ဘောလုံးကို ပူသင်းနှင့် ယူသင်း ၂-သင်း အားပြိုင် လုနေကြတယ်လို့ပြောရင်လည်း ဖြစ်နိုင်မှာပါပဲ။

ခန္ဓာမှာ ပျက်အား၊ ပြောင်းအား ကြီးစိုးထားပါတယ်။ ဘယ်အချိန်မှ မရပ်နားဘဲ အမြဲ ကြီးစိုးနေတာပါ။ သူ့ရဲ့ စိန်ခေါ်သံကို အာရုံစိုက်ကြည့်ပါ။ 'ဟေ့ . . သင်တို့ ဆိုင်သလောက်တော့ ပြင်ကြပေါ့၊ တတ်နိုင်သလောက် ပေးကြ၊ ကျွေးကြပေါ့၊ လောကထဲ အကောင်းဆုံးလို့ အသိအမှတ်ပြုထားတဲ့ အရာတွေနဲ့ပဲ ပြင်ကြည့်ကြပါ၊ ဖြစ်လာသမျှအားလုံး ငါ အကုန် ဖျက်ဆီးပစ်မယ်၊ အကုန်ပျက်ပြမယ်၊ အကုန် ပြောင်းရွှေ့ပစ်လိုက်မယ်၊ ဖြစ်လာပြီးတာတွေ မပျက်ရအောင် ဘယ်စက်ကိရိယာတွေနဲ့ ထိန်းထားချင်ကြသေးသလဲ၊ ဘယ်သိပ္ပံ နည်းပညာတွေနဲ့ ရပ်ထားချင်ကြသေးသလဲ၊ ဘယ်လိုတန်ခိုးနဲ့များ တားထားချင်ကြသေးသလဲ၊ စွမ်းနိုင် လိမ့်မယ်လို့ထင်ရင် စမ်းကြည့်ကြပေါ့' တဲ့။

လူတိုင်း ပျက်အားကို အရှုံးပေးနေကြရပါတယ်။ တရားမကူရင် ပူရုံပဲရှိမယ်။ မနက်စားလိုက် ညနေဆာလိုက်၊ ညနေစားလိုက် မနက်ဆာလိုက်နဲ့ စားလို့ မပြီးနိုင်တာဟာ ပျက်အားပြောင်းအားကြောင့်ပဲ။ ဝတ်ရေးကိစ္စ၊ နေရေးကိစ္စ၊ ကျန်းမာရေးကိစ္စ စတဲ့ ပြုပြင်ရေးကိစ္စတွေ မပြီးနိုင်တာဟာလည်း ခန္ဓာမှာ ပျက်အား ပြောင်းအား ကြီးစိုးနေလို့ပါ။ နေ့တိုင်း စားဝတ်နေရေးကိစ္စတွေ အချိန်မှီ ဆောင်ရွက်ပေးနိုင်ဖို့ နောက်ကနေပြီး စီးပွားရေးကိစ္စနဲ့ အရံသင့်ဖြစ်အောင် ပံ့ပိုးပေးနေရပါတယ်။ တစ်သက်လုံး စားဝတ်နေရေး စီးပွားရေးကိစ္စဟာ ပြီးဆုံးနိုင်မှာ မဟုတ်ပါဘူး။ ပျက်အား၊ ပြောင်းအားက ခန္ဓာမှာ အမြဲရှိနေတာကိုး။ ဒီကိစ္စတွေကို အကြောင်းခံလို့ 'မအားဘူး' ဆိုပြီး ကုသိုလ်တော့ အရှုံးမခံသင့်ဘူး။ ကုသိုလ်ဘောင်ဝင်အောင် ထည့်သွင်းဖို့ နည်းလမ်းကိုပဲ ရှာကြံပေးရမယ်။ ရှာတတ်ရင် နည်းလမ်းရှိပါတယ်။ သာသနာဆိုတာ ဒီလိုနည်းလမ်းတွေပေးဖို့ ပေါ်လာတာပဲ။

စားဝတ်နေရေးနှင့် စီးပွားရေး ၂-ကိစ္စမှာ စီးပွားရေးကိစ္စက နားတန်သင့်တဲ့အချိန်မှာ နားပေးရမှာပဲ။ တာဝန်ယူနိုင်သူရှိရင် လွှဲပြောင်းပေးရမှာပဲ။ စားဝတ်နေရေးကတော့ နားလို့ရတဲ့ကိစ္စ မဟုတ်ဘူး။ သူများကိုလွှဲပြောင်းပေးလို့ရတဲ့ကိစ္စလည်းမဟုတ်ဘူး။ ပျက်အား၊ ပြောင်းအားက ကိုယ့်မှာ အမြဲရှိနေတာကိုး။ စားဝတ်နေရေးဆိုရင် ကျန်းမာရေးကိစ္စလည်းပါရောပေါ့။

ပျက်အားကြီးစိုးနေတဲ့ ခန္ဓာအပေါ် သတိ 'ယူအား' လွတ်တိုင်း ကိလေသာ 'ပူအား' လွှမ်းမိုးထားပါတယ်။ သူ့စိန်ခေါ်သံက 'သင်တို့ ဘာရှာရှာ ဘာစုစု၊ ဘာရှိရှိ၊ အရှိအားလုံး ငါက လွှမ်းဖိထားပြီး သင်တို့ စိတ်နှလုံးကို အမြဲ ပူလောင်အောင် ရှို့မြိုက်နေမှာပဲ၊ မရှိလည်း ပူရမယ်၊ ရှိလည်း ပူရမယ်၊ အရှိတွေ ကုန်သွားရင်လည်း ပူရမယ်၊ သင်တို့ အမြဲ အပူသည်တွေချည်း ဖြစ်နေစေရမယ်' တဲ့။ ဒီ 'ပူအား' က တကယ် ပူလောင်ပြီဆိုရင် နေပူရှိန်၊ မီးပူရှိန်ထက် ပြင်းထန်လှပါတယ်။ လောကထဲမှာ ကိုယ့်ကိုကိုယ် မကျေနပ်လို့ သတ်သေကြတာတွေ၊ အချင်းချင်း ချစ်ခင်နေရာက အချစ်ပြယ်ပြီး ရန်ဖြစ်နေကြတာတွေ၊ ချစ်စရာ သွေးသားအရင်းကိုတောင် ညှဉ်းဆဲ သတ်ဖြတ်မိ ကြတာတွေ၊ လူမှုဒုက္ခ ပြဿနာ အပူမျိုးစုံတွေ စတဲ့ မနှစ်မြို့ဖွယ် စိတ်နှလုံးမချမ်းမြေ့ဖွယ် အနိဋ္ဌာရုံ အားလုံးတွေဟာ ဒီ 'ပူအား' တွေက မြစ်ဖျားခံလာခဲ့ကြတာချည်းပဲ။ တစ်ခါတစ်ရံ ကမ္ဘာကြီး မီးလောင် ပြာကျသွားသည်ထိလည်း အပူရှိန် ပြင်းထန်တတ်ပါတယ်။

ဒီ'ပျက်အား' 'ပူအား' နှစ်ခုလောက်နဲ့သာဆိုရင် ရှာလိုက် ရလိုက် ကုန်လိုက်၊ ပေးလိုက် ကုန်လိုက်၊ ကျွေးလိုက် ကုန်လိုက်၊ ပြင်လိုက် ပျက်လိုက်၊ အိုတာလည်း မရပ်၊ နာတာလည်း မရပ်၊ သေရက်လည်း မလျော့၊ ကိုယ့်ကို အာမခံ တာဝန်ယူမယ့် အရာလည်းပေါ်မလာ၊ တွေးလိုက်တိုင်း မောစရာကြီး ဖြစ်နေတော့မယ်။ ဒီလောက်နဲ့သာဆိုရင် မြင့်မြတ်တဲ့လူ့ဘဝ ရတယ်လို့ မဆိုနိုင်သေးဘူး။ လူ့ဘဝဟာ ဘာမှ အဓိပ္ပာယ်မရှိဘူးလို့ ဆိုရမလို ဖြစ်လာတယ်။ ဘာမှ လက်ဆုပ်လက်ကိုင် ကိုယ်ပိုင်ပြစရာမရှိတော့ အားငယ်စရာကြီးပဲ။ ဒါကြောင့် ဘုရားရှင်က 'အပ္ပမာဒေန သမ္ပာဒေထ' လို့ 'ယူအား'ကို ဆက်ပြထားတာဖြစ်ပါတယ်။

'ယူအား' ဆိုတာ သတိဉာဏ်ကို ပြောတာပါ။ ဉာဏ်တွဲတဲ့ သတိကို အပ္ပမာဒလို့ ခေါ်တာကိုး။ 'ပျက်အား' အပေါ် 'ယူအား' ရဲ့ စိန်ခေါ်သံကိုလည်း သတိထားပြီး အာရုံစိုက်ကြည့်ပါဦး။ 'ဟဲ့-ခန္ဓာ၊ ခန္ဓာဟာ



www.burmeseclassic.com

www.burmeseclassic.com



အပျက်တုံးကြီးဆို တာ ငါနားလည်ပြီးသားပါ၊ ပျက်တာ ပြောင်းတာက သင့်အလုပ်၊ ခန္ဓာအနှစ် ဆွဲထုတ်ယူဖို့က ငါ့ အလုပ်၊ သင် ဆိုးပေမယ့် ငါက အကောင်းရအောင် ယူမယ်၊ အပျက်၊ အပြောင်းတွေ သတိဉာဏ်နှင့် ပေါင်းမိရင် အကောင်းတွေ ပေါ်လာရမယ်၊ ဒီအပျက်၊ အပြောင်းတွေကို အနိုင်ယူဖို့ပဲ တရားပေါ်လာရတာ'တဲ့။

စက္ကန့်မိနစ်မလပ် အဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေတာက အပျက်ကလေး၊ တစ်ဘဝ ကန့်သတ်ချိန်စေ့လို့ သေဆုံးရတာက အပျက်ကြီး၊ အပျက်ကလေးနှင့် အပျက်ကြီးကို ပြောလိုက်ရင် အိုတာ၊ နာတာတွေလည်း ပါရောပေါ့။ အိုတာ၊ နာတာလည်း ပျက်တာပဲကိုး။ ပင်ကိုယ် နုပျိုတဲ့အရွယ်အတိုင်း ထားလို့မရတော့လို့ အရွယ်ပျက်တာက အိုတာ၊ ကျန်းမာတဲ့ ပုံစံအတိုင်း မနေနိုင်တော့လို့ ကျန်းမာရေး ပျက်စီးတာက နာတာ။

သတိဉာဏ် 'ယူအား' က ခန္ဓာ 'ပျက်အား' ထဲက လက်ဦးအောင် တရားစွမ်းအား ဆွဲယူပေးပါတယ်။ ရေစီးအလွန်မြန်တဲ့ မြစ်ထဲချောင်းထဲမှာ အိုးတွေပုံးတွေနဲ့ ရေခပ်တဲ့အခါ ရေအကုန်လုံး ရအောင် မခပ်ယူနိုင်ပေမယ့် ခပ်ယူနိုင်သလောက်တော့ ရမှာပါပဲ။ အပျက်၊ အပြောင်းတွေ အလွန် မြန်လှတဲ့ ခန္ဓာထဲမှာလည်း သတိဉာဏ်အရှိန် အားမကောင်းသေးခင် လွတ်ထွက်သွားတာတွေများနေလို့ စွမ်းအား အရနည်းနေ တတ်ပေမယ့် သတိဉာဏ် 'ယူအား' အရှိန်ကောင်းလာသလောက် တစ်စတစ်စ အရ များလာပါတယ်။

မြင့်ရာက ကျကွဲတဲ့ မှန်ပြားကြီးဟာ အစိတ်စိတ်အမွှာမွှာ ကြည့်မကောင်း ရှုမကောင်း ဖရိုဖရဲ ကွဲပျက်သွားတတ်ပေမယ့် မှန်ဖြတ်စက်နဲ့ စနစ်တကျ ထိန်းသိမ်းဖြတ်လိုက်ရင် မှန်ကွဲတွေဟာ လိုသလို ပုံစံမျိုးစုံနဲ့ လှလှပပ ပေါ်ထွက်လာကြတယ်။ အစီအစဉ်နဲ့ ကွဲတာဆိုတော့ ကွဲပေမယ့် အသုံးဝင်တယ်။ စက္ကူတွေ အဝတ်တွေဟာ တစ်စုံတစ်ခုနဲ့ ရှတ်တရက် ထိခိုက်သွားရင် သုံးမရအောင် ပရမ်းပတာ စုတ်ပြဲသွားတတ်ပေမယ့် ဖြတ်စက်နဲ့ စနစ်တကျ ထိန်းသိမ်းဖြတ်လိုက်ရင် လိုသလို သုံးလို့ဖြစ်တဲ့ ပုံစံနဲ့ လှလှပပတွေ ပေါ်ထွက်လာကြတယ်။

ရုပ်နာမ်ခန္ဓာတွေဟာလည်း သတိဉာဏ် အထိန်းမပါရင် ဘာမှ အသုံးမကျအောင် ကျက်သရေကင်းမဲ့စွာနဲ့ ပရမ်းပတာ ပြိုကွဲပျက်စီးသွားကြပေမယ့် သတိဉာဏ်နဲ့ စနစ်တကျ ထိန်းသိမ်း ရှုမှတ်နေရင် လှပတဲ့ တရားတွေ ကျန်နေခဲ့တာဆိုတော့ အပျက်တိုင်း ကျက်သရေရှိပါတယ်။ တားမရလို့ ပျက်သွားကြပေမယ့် ပျက်တိုင်းပျက်တိုင်း လှပတဲ့ သီလတွေ ကျန်နေခဲ့တယ်။ ထည်ဝါခန့်ညားလှတဲ့ သမာဓိ၊ ဝိပဿနာ၊ ဘာဝနာ စွမ်းအားတွေ ကျန်နေခဲ့ကြပါတယ်။ 'ယူအား' က 'ပျက်အား' ကို အနိုင်ယူနိုင်တော့လည်း အပျက်တွေ လှပ ထည်ဝါ ကျက်သရေ ရှိကြပါတယ်။ ထမင်းဆာလို့ စားတာက 'ပျက်အား' က လူကို အနိုင်ယူလိုက်တာ။ သီလ၊ သမာဓိ၊ ဝိပဿနာ ဖြည့်ကျင့်ရင်း စားတာက 'ယူအား'က'ပျက်အား' ကို အနိုင်ယူတာ။ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေးတွေလည်း ဒီတိုင်းပါပဲ။ လှတာတွေပဲ ကျန်နေခဲ့ပါတယ်။

'ယူအား' က 'ပူအား' ကိုလည်း အားပြိုင် စိန်ခေါ်တယ်။ 'ဟဲ့ - ကိလေသာအပူ အရှုပ် အညစ်တွေ ကိလေသာ ခပ်သိမ်းကို ဝါသနာပါ မကျန်ရအောင် အစပြတ် အမြစ်ပြတ် ငြိမ်းသတ်တော်မူပြီးတဲ့ မြတ်ဗုဒ္ဓရဲ့ အဆုံးအမလမ်းကြောင်းပေါ် သွားနေတဲ့ ငါတို့က သင်တို့လောက်ပူတဲ့ အပူလောက်တော့ ကြောက်ပုံမလားဟယ်၊ ဒီအပူတွေ ငြိမ်းအောင်လုပ်ဖို့ပဲ တရားပေါ်လာတာ၊ အပူမရှိရင် တရား ဘာလုပ်တော့မလဲ' တဲ့။

လောကမှာ ပန်ကာတို့၊ လေအေးစက်တို့၊ ရေအေးစက်တို့၊ ရေခဲသေတ္တာတို့ဟာ အလွန်ပူတဲ့ လျှပ်စစ်မီးအပူရှိန်ကို အမှီပြု အားယူပြီး အအေးဓာတ် ပေးနေကြတာတွေပါ။ ခလုတ်တော့ ဖွင့်ပေးရတယ်ပေါ့။ ခလုတ်မဖွင့်ဘဲ ထားရင်တော့ အပူကြောင့် အေးနိုင်ကြမယ်မဟုတ်ပါဘူး။ ပုထုဇဉ်တွေမှာ နေ့တိုင်း ကိလေသာမီး လာနေပါတယ်။ မီးကို တမင် မျှော်နေစရာမလိုပါဘူး။ မီးလာတဲ့အခါ သတိဉာဏ်ခလုတ် ဖွင့်ပေးလိုက်ရင် သမာဓိ၊ ဝိပဿနာ၊ ဘာဝနာ အအေးဓာတ်တွေ မကြာခင်ပေါ်လာကြပါတယ်။ 'ယူအား' က 'ပူအား' ကို အနိုင်ယူနိုင် ပြန်တော့လည်း အပူကြောင့် စွမ်းအားအမြတ်ပဲ ရလိုက်ပါတယ်။ အပူရှိမှ အအေးရှိပါတယ်။ ပူလာရင် 'ယူအား' သတိဉာဏ်ခလုတ် နှိပ်ဖွင့်ပြီး အအေးဓာတ် ဖော်ထုတ်နိုင်အောင် လေ့ကျင့်ထားဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။

လောက နေပူကြီးထဲ သွားတဲ့အခါ ထီးဆောင်း၊ ဖိနပ်စီးသွားရင် အပူသက်သာခွင့်ရသလို အတွင်းရော အပြင်ပါ အပူအလွန်ပေါလှတဲ့ လူ့ဘဝမှာလည်း သတိဉာဏ် 'ယူအား' ထီးဆောင်း ဖိနပ်စီးသွားရင် နေပျော်ပါတယ်။ အပူသက်သာ ငြိမ်းချမ်းပါတယ်။ မီးဖိုထဲမှာ ထမင်းဟင်းချက်တဲ့ အခါ ပွက်ပွက်ဆူပူနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ထမင်းအိုး၊ ဟင်းအိုးကို လက်နှီးအဝတ် လက်ခုအဝတ် ထူထူခြားပြီးကိုင်ရင် မပူရုံမျှမက အကျိုးတောင် ကြီးမားလှပါတယ်။ လူ့အပူတွေလည်း သတိဉာဏ် အဝတ်ထူထူနဲ့ ကိုင်တတ်ရင် မလောင်ပါဘူး။ ကောင်းကျိုးစွမ်းအားတောင် အများကြီး ရနိုင်ပါသေးတယ်။ ငရဲမီးပူကြားထဲ တရားစွမ်းအား ဝင်ရောက်ဖို့ ခက်ခဲပေမယ့် လူ့အပူတွေ ငြိမ်းဖို့လောက်တော့ တရားက အသာလေးပါ။ တရားအားလုံး သတိဉာဏ်နဲ့ ချုပ်ကိုင်ထားပါတယ်။

## ၄။ လူအား

(၁) ပစ္စည်းတရား၊ နှစ်ပါးလုံးပင်၊ မရလျှင်၊ မမြင်ကန်းနေကြ။
- အရှိမနိုင်၊ စိတ်မခိုင်၊ ယိမ်းယိုင်ရမ်းကားကြ။

(၂) ပစ္စည်းကိုသာ၊ ရအောင်ရှာ၍၊ ကင်းကွာတရား၊ ထိုလူများ၊ စွမ်းအားမစုံကြ။
- အရှိကနိုင်၊ အသိယိုင်၊ ငေးမှိုင်ထမ်းထားရ။

(၃) ပစ္စည်းတရား၊ နှစ်ပါးလုံးပင်၊ ရနိုင်လျှင် အမြင်ပြည့်စုံကြ။
- အရှိကိုနိုင်၊ အသိပိုင်၊ ကြံ့ခိုင်စွမ်းအားရ။
- အရမ်း-အထမ်း၊ အစွမ်းသုံးဖြာ၊ လောကမှာ၊ မှန်စွာရှိနေကြ။
- လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားတတ်မှ ရနိုင်ကြ။
- ပျက်အား-ပူအား၊ ဤနှစ်ပါး၊ ယူအားနိုင်မှ လူအားရ။

'လူအား' ဆိုတဲ့ စကားကိုယူပြီး 'လူအားတွေ ကုသိုလ်လုပ်နိုင်ကြတယ်၊ မအားသူတွေ ကုသိုလ် မလုပ်နိုင်ကြဘူး၊ တရားဆိုတာ လူအားတွေရဲ့အလုပ်၊ မအားသူတွေရဲ့ အလုပ်မဟုတ်ဘူး' လို့ အပေါ်ယံ ပြောကြည့်ရင် နားထဲကြားရတာ တစ်မျိုးကြီးဖြစ်နေမှာပဲ။ ဉာဏ်နဲ့နှိုက်ယူမှ အဓိပ္ပာယ် ပေါ်လာမှာပါ။ 'လူအား' ဆိုတာ လူရဲ့စွမ်းအားကိုပြောတာပါ။ ဘယ်နေရာမဆို ဘယ်အလုပ်မဆို ကုသိုလ်ရအောင်ယူနိုင်တဲ့ အသိဉာဏ်ရှိမှ 'လူ့စွမ်းအား' ပါ။ ကုသိုလ်ရအောင်သိတဲ့အသိကမှ လူ့ အသိအစစ်ပါ။ ကုသိုလ်ရတယ်ဆိုမှ လူ့အရအစစ်၊ ကုသိုလ်များများရှိတယ်ဆိုမှ လူ့အရှိအစစ်ဖြစ်ပါတယ်။ ကုသိုလ်ဆိုတဲ့တရားဟာ လူမလိုချင်တဲ့ အဆိုး မှန်သမျှကိုလဲနိုင်တယ်။ ဖယ်ရှားပစ်နိုင်တယ်။ လူလိုချင်တဲ့ အကောင်းမှန်သမျှ ပိုင်ဖို့လည်း တာဝန်ယူတယ်။ ဒါကြောင့် ကုသိုလ်ရှိတယ် ဆိုမှ 'လူအား' အစစ်ပါ။

လူသုံးမျိုးရှိပါတယ်။ အကန်း၊ တစ်ဖက်မြင်၊ နှစ်ဖက်မြင် ဒါမှမဟုတ် အရမ်း၊ အထမ်း၊ အစွမ်းလို့ သုံးမျိုးပါ။ စီးပွားဥစ္စာကို တရားတဲ့ နည်းလမ်းနဲ့ ရအောင်ရှာနိုင်တဲ့ပညာ၊ ကုသိုလ်ရအောင် ယူနိုင်တဲ့ပညာ နှစ်မျိုးလုံး မရှိရင် နှစ်ဖက်ကန်းတဲ့ အကန်းလို့ခေါ်တယ်။ ကန်းရင် ရမ်းရတော့မှာပေါ့။ ပကတိ မျက်စိ နှစ်ဖက်ကန်းသူဟာ တွဲပေးသူမရှိဘဲ သွားရရင် ဟိုရမ်းရမ်း၊ ဒီရမ်းရမ်း သွားရသလို ရမ်းသွားပေမယ့် လိုရာမရောက်ဘဲ ဒုက္ခသာ ရောက်တတ်သလို ပညာမျက်စိ စုံကန်းသူဟာလည်း အရှိမနိုင် စိတ်မခိုင်ဘဲ ယိမ်းယိုင် ရမ်းကားတတ်ပါတယ်။ သတ်ဖို့ ခိုးဖို့ လိမ်ဖို့ မဟုတ်တာလုပ်ဖို့ ဘာမှ ဝန်မလေးတော့ဘူး။ မလောက်ရင် ထင်တာလုပ်တော့မှာပေါ့။ ခုရောနောင်ပါ အကြီးအကျယ် ဒုက္ခရောက်ရတော့မှာ သေချာပေါက်ပါ။ သူလဲ ကုသိုလ်လုပ်ဖို့ မအားပါဘူး။ အားမရှိဘူးလို့ ဆိုလိုပါတယ်။

ပစ္စည်းရအောင် ရှာနိုင်တဲ့ပညာသာရှိပြီး ကောင်းမှုရအောင် ယူတတ်တဲ့ ပညာမရှိရင် တစ်ဖက်မြင်လို့ ခေါ်တယ်။ တစ်ဖက်မြင်ရုံနဲ့တော့ မစွမ်းသေးဘူး။ ရှိသမျှ ထမ်းထားရုံပဲ။ တရားအသိမပါရင် ဘာလုပ်လုပ် အလုပ်စာရင်း မဝင်သေးဘူး။ အလုပ်မရသေးဘူး။ အထုပ်ပဲ ရနေဦးမယ်။ အရှိက အသိကို နိုင်ထားတော့ အရှိအောက် ပြားပြားဝပ် ထမ်းနေရမယ်။ အထမ်းသမားရဲ့ စားဝတ်နေရေး ကိစ္စအားလုံး ကုန်ရင်ကျသွားတဲ့ 'ကုန်ကျ' ချည်းပဲ ဖြစ်သွားတယ်။ ကုန်ရင် ကုသိုလ်ရတဲ့ 'ကုန်ရ' မဖြစ်နိုင်တော့ဘူး။ ဒီတော့ စိတ်မောရတာပေါ့။ စားဝတ်နေရေးကိုပဲ ထမ်းခလုပ်နေရလို့ အထုပ်နဲ့မတန်အောင် ရှုံးတာပေါ့။ သူလည်း ကုသိုလ်လုပ်ဖို့ မအားပါဘူး။ ကုသိုလ်ကို နည်းမှန် လမ်းမှန်ရအောင်ယူနိုင်တဲ့ ပညာအားမှ မရှိဘဲကိုး။



www.burmeseclassic.com

www.burmeseclassic.com



ပညာနှစ်မျိုးလုံးရှိရင် နှစ်ဖက်မြင်လို့ ခေါ်တယ်။ နှစ်ဖက်မြင်ရင် စွမ်းပြီပေါ့။ အရှိကို တကယ်နိုင်မှ ပညာအစစ်ပါ။ လောကပညာလောက်နဲ့ အရှိကို မနိုင်သေးပါဘူး။ လောက က ပေးတဲ့အထုပ်ကို ထမ်းရုံပဲ တတ်နိုင်ပါသေးတယ်။ တရားပညာပါ ရှိထားမှ တရားပညာရှိတော့လည်း သတိဉာဏ် အမြဲကိုင်ထားမှ ကိုယ့်အရှိတွေကို တကယ်နိုင်တာပါ။ အစွမ်းသမားရဲ့ စားဝတ်နေရေး ကိစ္စအားလုံး ကုန်သွားရင် ကုသိုလ်ပြန်ရတဲ့ 'ဂုဏ်ရ' ချည်း ဖြစ်သွားတယ်။ ကုန်ရင်ကျသွားတဲ့ 'ကုန်ကျ' မရှိတော့ဘူး။ လုပ်ခကုသိုလ်ရတော့ အမောပြေရ စိတ်အေးချမ်းရတယ်ပေါ့။ ကိုယ့်ကို အာမခံတာဝန်ယူတဲ့ စွမ်းအားပါဝင်မှ အလုပ်အစစ်ပါ။ သတိရှိရင် အလုပ်ဖြစ်ပါတယ်။

တရားအသိဉာဏ်ရှိရင် လူအားတွေပါ။ လူအားရှိတယ်လို့ ပြောတာပါ။ ဉာဏ်အားရှိသူမှ ကုသိုလ်အစစ် လုပ်တတ်ပါတယ်။ တရားဟာ လူအားတွေရဲ့အလုပ်လို့ဆိုတာလည်း တရားကို ဉာဏ်အားရှိသူတွေသာ လုပ်နိုင်တယ်လို့ ပြောလိုတာပါ။ ရတနာသုံးပါး ရေခံ၊ မြေခံအလွန်ကောင်းတဲ့ ထေရဝါဒ သာသနာရှိတဲ့ မြေပေါ်မှာ လူဖြစ်ခွင့်ရသူတို့ရဲ့ခန္ဓာဟာ ကုသိုလ်လိုသလောက် ထုတ်ယူလို့ ရနိုင်တဲ့ ကုသိုလ်ဘဏ်တိုက်ပါ။ ဘုရားဂုဏ်အာရုံပြု ပူဇော်ကြတာတွေ၊ ဘုရားရှိခိုးကြတာတွေ၊ ရတနာသုံးပါး ပူဇော်ကြတာတွေ၊ ရတနာသုံးပါးထံက ဓာတ်ကောင်းကူးယူကြတာတွေ၊ တရားနာယူ မှတ်သား ဖတ်ရှုလေ့လာကြတာတွေက ဘဏ်သွင်းတဲ့ အလုပ်ပါ။ ကောင်းမှု ကြိုးစားပြုလုပ်ကြတာတွေက ဘဏ်ထုတ်တဲ့ အလုပ်ပါ။ ထုတ်တော့ အတိုးနဲ့ ချည်းပဲ။

ဘယ်ကုသိုလ်ပဲလုပ်လုပ် ကုသိုလ်ကို ကိုယ့်ခန္ဓာထဲက နှိုက်ထုတ်ယူရတာပါ။ အလှူလုပ်တဲ့ အခါ ဝတ္ထုဒါနကို အပြင်ဘက်မှာ ရှာဖွေစုဆောင်းရပေမယ့် အရေးကြီးတဲ့ စေတနာဒါနကိုတော့ ကိုယ့်ခန္ဓာထဲကပဲ ထုတ်ယူရပါတယ်။ စေတနာဒါနကို အပြင်မှာ သွားရှာလို့ မရပါဘူး။ စေတနာဒါနနှင့် ဝတ္ထုဒါန ပေါင်းမိမှ ဒါနကောင်းမှု ဖြစ်နိုင်တာပါ။ သီလ၊ သမာဓိစွမ်းအားတွေကိုလည်း ကိုယ့်ခန္ဓာထဲကပဲ ထုတ်ယူရပါတယ်။ ဝိပဿနာကိုလည်း ကိုယ့်ခန္ဓာထဲက ထုတ်ယူမှ ရနိုင်ပါတယ်။ အပြင်မှာရှိနေတဲ့ သက်မဲ့၊ သက်ရှိ ခန္ဓာအားလုံး ဘယ်အချိန်မှမရပ်ဘဲ အမြဲပြောင်းလဲနေကြပါတယ်။ ဒါတွေက အနိစ္စတွေပါ။ ဝိပဿနာ မဟုတ်သေးပါဘူး။ အနိစ္စလို့ ရှုမှတ်တတ်တဲ့ အနိစ္စာ နုပဿနာ ဉာဏ်ဖြစ်လာမှ ဝိပဿနာ ဖြစ်တာပါ။ အဲဒီဉာဏ်ကို ကိုယ့်ခန္ဓာထဲက ထုတ်ယူရပါတယ်။ ကိုယ့်မှာရှိတဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေလည်း အဆက်မပြတ် ပြောင်းလဲနေကြတာပါပဲ။ ဒါတွေလည်း ကိုယ့်ဉာဏ်နှင့် ပေါင်းဆုံမိမှ ဝိပဿနာ ဖြစ်နိုင်ပါတယ်။

သာသနခန္ဓဗေဒ, သာသနဘူမိဗေဒ ကျွမ်းကျင်ကြတဲ့ တရားအသိပညာရှင်တွေဟာ ကိုယ့်ခန္ဓာ မြေကြီးထဲက သီလ၊ သမာဓိ၊ ဝိပဿနာအဖိုးတန်စွမ်းအားတွေ ပေါ်ထွက်လာအောင် စွန့်စွန့်စားစား မရမနေ တူးဖော်ထုတ်ယူနေကြပါတယ်။ ကိုယ့်ခန္ဓာ နေ့စဉ်ပြုပြင်နေတာဟာ အသုံးချဖို့ အဖိုးတန်တရား ဖော်ထုတ်ဖို့သာ ဖြစ်ပါတယ်။ မကျန်းမမာဖြစ်လာရင်တောင် အနာထဲက ဝိပဿနာ အခြေခံအသိပေါ်လာအောင် ဖော်ထုတ်ယူလိုက်ပါသေးတယ်။ သာသနဘောဂဗေဒ ကျွမ်းကျင်ပြန်တော့ ကိုယ်ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေထဲက ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားတွေ ပေါ်ထွက်လာအောင် ကိုယ့်ဉာဏ်နဲ့ပေါင်းပြီး ကြိုးကြိုးစားစား တူးဖော်ထုတ်ယူနေကြတယ်။ ဘယ်ပစ္စည်းမှ အလကားအဖြစ်မခံဘူး။ အမှိုက်ပုံးထဲ အမှိုက်အဖြစ် ပစ်လိုက်ရင်တောင်မှ ပစ္စည်းရဲ့ ပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောကို ဉာဏ်သွင်းကြည့်ရှုသုံးသပ်ပြီး ဝိပဿနာအခြေခံ အသိပေါ်အောင် ဖော်ထုတ်ယူနိုင်ပါသေးတယ်။ ဒါ 'လူအား' ပေါ့။

အထမ်းသမားတွေက လူချမ်းသာကို အထုပ်နဲ့ တိုင်းတာကြတယ်။ လက်ထဲမှာ ပိုက်ဆံထုပ်၊ ပစ္စည်းထုပ် များများပြနိုင်မှ ချမ်းသာတယ်လို့ ပြောကြတယ်။ အထင်နဲ့ ပြောတာပါ။ အစွမ်းသမားတွေကတော့ လူ့ချမ်းသာကို အလုပ်နဲ့ တိုင်းတာကြတယ်။ ကောင်းမှုတရား အလုပ်များများပြနိုင်မှ ငြိမ်းအေးချမ်းသာတယ်လို့ ဆုံးဖြတ်နိုင်ကြတယ်။ ဒါက အမြင်နဲ့ပြောတဲ့ အမှန်စကားပါ။ အထုပ်တွေ မရှိတော့ရင်တောင် အလုပ် ကျန်နေသေးရင် ငြိမ်းချမ်းနေတာပါပဲ။ အထုပ်ရှိရှိ၊ မရှိရှိ အမြဲငြိမ်းချမ်းအောင် အလုပ် အမြဲရှိဖို့လိုမယ်။ သတိရှိရင် အမြဲအလုပ် ဖြစ်ပါတယ်။ သတိရှိရင် ဉာဏ်ပေါ်တာဖြစ်လို့ 'လူအား' ဖြစ်လာပါပြီ။ ဘယ်အာရုံ ဘယ်နေရာမဆို ကုသိုလ်တန်းစီကောက်ယူသွားရုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ လုပ်အား

- သတိမပါ၊ အလုပ်မှာ၊ ကင်းကွာတတ်လေသည်။
- အလုပ်ကင်းက၊ ပူလောင်ရ၊ လုပ်ခရှုံး၍ ဆင်းရဲသည်။
- သတိရှေ့ထား၊ အလုပ်များ၊ ထူးခြားမြင့်တက်သည်။
- အလုပ်ရှိက၊ အေးချမ်းရ၊ လုပ်ခတိုး၍ ချမ်းသာသည်။
- သတိတရား၊ အစဉ်ထား၊ လုပ်အားတိုးတက်သည်။
- သဒ္ဓါလွန်ကဲ၊ ပညာနဲ (နည်း)၊ တစ်လွဲယုံတတ်သည်။
- ပညာလွန်ကဲ၊ သဒ္ဓါနဲ (နည်း)၊ စဉ်းလဲကောက်ကျစ်သည်။
- သတိတရား၊ ဤနှစ်ပါး၊ စွမ်းအားညှိပေးသည်။
- လုံ့လလွန်ကဲ၊ အငြိမ်နဲ(နည်း)၊ မစွဲပြန့်လွင့်သည်။
- အငြိမ်လွန်ကဲ၊ လုံ့လနဲ(နည်း)၊ ဖင့်နွဲ့ပျင်းရိသည်။
- သတိတရား၊ ဤနှစ်ပါး၊ စွမ်းအားညှိပေးသည်။
- စွမ်းအားညီမှ၊ ကောင်းကျိုးရ၊ မုချလုပ်အား တိုးတက်သည်။

၄၅-ဝါသာသနာရဲ့ ကျင့်စဉ်အချုပ်ကိုပြတဲ့ 'အပ္ပမာဒေန သမ္ပာဒေထ' စကားက လူကို အလုပ်ပေးတာပါ။ သတိမရှိရင် လူအလုပ်ပြုတ်သွားတယ်။ တစ်လှုပ်လှုပ် မနေမနားလုပ်နေပေမယ့် တရားဝင် အလုပ်မဟုတ်တော့ဘူး။ တရားမပါဝင်တော့ဘူးလို့ပြောတာ။ အထုပ်နှင့်အလှုပ်ပဲ ကျန်တော့တယ်။ ဖြေလိုက် ဖွင့်လိုက်ရင် ကုန်သွားမယ့်အထုပ်၊ မွန်းကျပ်နေအောင် ထမ်းထားရမယ့် အထုပ်၊ အချိန်စေ့တော့ ပြန်အပ်ရမယ့်အထုပ်၊ ပြီးတော့ ဘာမှ မသေချာမရေရာတဲ့ အလှုပ်၊ ဘာမှ အားကိုးလို့မရတဲ့အလှုပ်၊ အချိန်မရွေး ပြောင်းရွှေ့သွားနိုင်လို့ စိတ်တုန်လှုပ်ချောက်ချားစေနိုင်တဲ့ အလှုပ်တွေနဲ့ပဲ နေရတော့မယ်။ အထုပ်ကလည်း မခိုင်မြဲ၊ အလှုပ်ကလည်း မတည်ငြိမ်တော့ စိတ် ပင်ပန်းဆင်းရဲနေရမှာပဲ။

လောက တစ်ချို့အလုပ်သမားတွေ အပြစ်တစ်စုံတစ်ခုကြောင့် အလုပ်ပြုတ်သွားတဲ့အခါ အလုပ်ပြုတ်ရင် လုပ်ခ ခံစားခွင့်တွေပါ ပြုတ်သွားတာဆိုတော့ စားဝတ်နေရေး ကြပ်တည်းပြီး မနေတတ် မထိုင်တတ်နဲ့ စိတ်သောက ရောက်ရတတ်တယ်။ သတိကင်းလွတ်သူဟာလည်း သတိကင်းလွတ်တဲ့ အပြစ်ကြောင့်ပဲ ကိုယ်ပိုင်တရားအလုပ် ပြုတ်သွားတတ်တယ်။ တရားအလုပ်ပြုတ်ရင် စွမ်းအားလုပ်ခပါ ပြုတ်သွားတော့ ငြိမ်းအေးချမ်းသာမှုတွေပါ ပြုတ်ထွက်သွားတာပါ။ အရှိအောက်မှာ ပြားပြားဝပ် မွန်းကျပ် ပူလောင်နေရမှာပဲ။ အလုပ်ပြုတ်ရင် ဒုက္ခရောက်တတ်တယ်။

လောကက လူ့ချမ်းသာစွမ်းအားကို အထုပ်နဲ့ တိုင်းတာသတ်မှတ်ပြတတ်ပေမယ့် တရားကတော့ အလုပ်နဲ့ပဲ ချမ်းသာကို သတ်မှတ်ပြတယ်။ တရားအလုပ်ကိုသာ အလုပ်လို့ ပြောတာပါ။ သတိအားကောင်းမှ တရားအလုပ်ပေါ်လွင်တာပါ။ ဘာလုပ်လုပ် သတိအားကောင်းရင် တရားအလုပ်ချည်းပါပဲ။ ပင်လယ်ရေငုပ်တော့ အပေါ်ယံ ၁၀-ပေ၊ ၉-ပေ လောက်ငုပ်နေရင် ပင်ပန်းရုံကလွဲလို့ ဘာမှ ရမှာမဟုတ်ဘူး။ ရေငုပ်ကိရိယာနဲ့ ပင်လယ်ကြမ်းပြင်ထိ ရေနက်ပိုင်းရောက်အောင် ငုပ်နိုင်မှ ပင်လယ်မှာရှိတဲ့ ရတနာတွေ ရနိုင်မယ်။ ခန္ဓာပင်လယ်ထဲမှာလည်း ဉာဏ်နဲ့ ငုပ်ယူနိုင်မှ တရားစွမ်းအားရမယ်။ ကျောက်တူးသူဟာ အပေါ်ယံ ၄-၅ ပေလောက် တူးနေရုံနဲ့ ကျောက်ရမှာမဟုတ်ဘူး။ ဝါးနှစ်ပြန် သုံးပြန်နက်တဲ့ နေရာထိ ကြိုးစားတူးမှ ကျောက်ရနိုင်မယ်။ ခန္ဓာမြေမှာ ဉာဏ်နဲ့နက်အောင် နှိုက်တူးနိုင်မှ တရားစွမ်းအားကျောက်ရမယ်။ စားဝတ်နေရေး အလုပ်တွေဟာ သတိဉာဏ်ပါမှ 'လုပ်အား' နဲ့ ထိုက်နိုင်ကြမယ်။

အထုပ်လောက်နဲ့ ချမ်းသာစွမ်းအား မဖော်နိုင်သေးဘူး။ အထုပ်ကိုနိုင်တဲ့ဉာဏ် ပေါ်လာမှ အထုပ်က ချမ်းသာစွမ်းအားကို ဖော်ထုတ်ပေးနိုင်မယ်။ အထုပ်ကို ဉာဏ်နဲ့ နက်အောင်တူးရမယ်။ မတူးနိုင်ရင် ပိသွားမယ်။ ဘုရားလက်ထက်က တောဒေယျသူဌေးကြီးမှာ ငွေဒင်္ဂါးသန်း (၈၇၀) ကြွယ်ဝတယ်။ အထုပ်တွေ အများကြီးပဲ။ အထုပ်ကိုနိုင်တဲ့ ဉာဏ်မရှိတော့ အလုပ်နဲ့ချမ်းသာအောင် မဖန်တီးနိုင်လို့ ကွယ်လွန်သွားတဲ့အခါ သူ့အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com


ခွေးကြီးဖြစ်သွားရရှာတယ်။ လူချမ်းသာ မဖြစ်ရတော့ဘဲ သန်း (၈၇၀)တန် ဒုက္ခသည်ကြီး ဖြစ်သွားတော့တာပေါ့။ ဉာဏ်မရှိလို့ အထုပ်ပိသွားတယ်။ အလုပ်မပါရင် ဒါမျိုးပဲဖြစ်ရမှာပါ။

ဘုရားလက်ထက်ကပဲ တာရာဏာသီမှာ ကိုကြွယ်ပေါနှင့် မကြွယ်ဌေးဆိုတဲ့ သူဌေး ဇနီးမောင်နှံရှိတယ်။ နှစ်ဖက်မိဘအမွေ ငွေဒင်္ဂါး သန်း (၁၆၀၀) ရထားတယ်။ အခြားပစ္စည်းတွေလည်း အများကြီးပဲ။ အထုပ်တွေက အများကြီး၊ ဉာဏ်မရှိတော့ အထုပ်ကိုအလုပ်နဲ့ ချမ်းသာအောင် မဖန်တီးနိုင်လို့ နောက်ဆုံးအထုပ်တွေ အားလုံး ကုန်သွားတယ်။ သူများ အလိမ်ခံရတာရော ကိုယ့်ဟာကိုယ် မဆင်မခြင် ဖြုန်းပစ်မိတာရောပေါ့။ ဉာဏ်မဲ့လို့ အလုပ်ပြုတ်ပြီး အထုပ်တွေ ကုန်သွားလိုက်တာ နောက်ဆုံး နှစ်ယောက်လုံး ခွက်စုတ်ကိုင် တောင်းစားရတဲ့ သူတောင်းစားတွေ ဖြစ်သွားတယ်။ ကုန်းကောက်စရာမကျန်အောင် ဆင်းရဲ မွဲတေသွားတယ်။ 'လုပ်အား' မရှိလို့ အထုပ်ပိသွားတယ်။ ထိပ်တန်းသူဌေးတွေ အဆင့်မြင့် လူချမ်းသာတွေ ဖြစ်ခွင့်မရတော့ဘဲ အောက်တန်းအကျဆုံး လူဆင်းရဲတွေဖြစ်ကုန်တယ်။ ကိုယ်ညံ့လို့ ခံရတာပဲ။ ဉာဏ်မဲ့သူအတွက် ရှိဒုက္ခက မရှိဒုက္ခထက် ပိုအခံရခက်တတ်ပါတယ်။

ပြီးတော့ ဘုရားလက်ထက်ကပဲ ဒေါ်ကြွယ်ဆိုတဲ့ သူဌေးကတော်တစ်ဦး ရှိခဲ့ဖူးတယ်။ သားသမီး ၁၄-ယောက်ရှိတယ်။ ပစ္စည်းကလည်း အလွန်ပေါပေါ့။ တရားတော့ သိပ်စိတ်မဝင်စားလှဘူး။ တစ်စတစ်စ အိုမင်းလာတယ်။ တတိယအရွယ်ရောက်လာပြီ။ ခင်ပွန်းသူဌေးကြီးက အသက်ကြီးတော့ ကွယ်လွန်သွားရှာတယ်။ ခင်ပွန်းကွယ်လွန်တော့ ဒေါ်ကြွယ် နေစရာမရှိအောင် စိတ်နှလုံးတွေ ခြစ်ခြစ်တောက် ပူလောင်လိုက်တာ။ ထောက်တည်ရာမရ ဖြစ်နေတယ်။ အရေးထဲ သားသမီး ၁၄-ယောက်က မြွေပူရာကင်းမှောက်ဆိုတာလို ဝိုင်းပြီး အပူကပ်ကြပြန်တယ်။ အမွေခွဲပေးဖို့ အတင်းပူဆာကြတော့တာပေါ့။ ဒေါ်ကြွယ်က သားသမီးအားကိုးနဲ့ ကိုယ့်ဝေစုတောင်မချန်တော့ဘဲ ရှိသမျှ ပစ္စည်း အကုန်ခွဲပေးလိုက်တယ်။ သားသမီး ၁၄-ယောက် အိမ်မှာ တစ်လှည့်စီသွားနေမယ်ပေါ့။

ဒေါ်ကြွယ် ထင်ထားသလို ဖြစ်မလာတော့ဘူး။ 'လုပ်အား' တရားကလည်းမရှိ၊ ပစ္စည်း လက်မဲ့လည်း ဖြစ်သွားပြီဆိုတော့ အရမ်းမျက်နှာငယ်ရပြီ။ သားသမီးတွေအိမ် တစ်လှည့်စီ သွားနေတော့ မျက်နှာမရတော့ဘူး။ သားသမီးအရင်းတွေကတောင် ပြောင်လှောင်ပြက်ရယ်ပြုလာကြတယ်။ အိမ်မှာမနေနိုင်အောင် တိုးတိုးတစ်မျိုး ကျယ်ကျယ်တစ်မျိုး ပြောလာကြတယ်။ သမက်တွေ ချွေးမတွေက ပိုဆိုးပေါ့။ ဘယ်အိမ်မှ သွားချင်စိတ် မရှိတော့ဘူး။ စိတ်အကြီးအကျယ် ထိခိုက်ပူလောင် အားငယ်လာတယ်။ 'ငါမွေးတဲ့မျောက်တွေ ငါ့ကို ပြန်ခြောက်ကုန်ပြီဟဲ့' လို့ သားသမီးတွေအပေါ် ရွံမုန်းစက်ဆုပ်တဲ့စိတ်တွေ ဖြစ်ပေါ်လာတယ်။ လုံးဝ မမြင်ချင် မတွေ့ချင်တော့ဘူး။ 'လုပ်အား' နည်းသူတွေဟာ 'မြုပ်အား' များလွန်းလို့ အရေးကြုံရင် ကယ်သူဆယ်သူ မရှိတော့ဘူး။ ရေနစ်သူကို ဝါးကူနှစ်သလို တွန်းချ ထိုးချ မြှုပ်ချသူတွေသာ ရှိနေတတ်တယ်။ 'လူအား' နည်းသလောက် 'ပူအား' လည်း များတာပဲ။

အလုပ်မပါဘဲ အထုပ်နဲ့ချမ်းသာလုပ်လာတဲ့ ဒေါ်ကြွယ်တစ်ယောက် အထုပ်တွေ ပြောင်ခါသွားပြီ။ တရားကလွဲလို့ ဘာမှ အားကိုးစရာ မရှိတော့ဘူး။ အဲဒါနဲ့ အပေါင်းအသင်းကောင်းတွေရဲ့ အကူအညီနဲ့ ဒေါ်ကြွယ် ကျောင်းရောက် တရားနာခွင့်ရလို့ စိတ်နှလုံး အေးချမ်းသွားတယ်။ တရားပဲ အားကိုးစရာ ရှိတော့တယ်လို့ သိသွားတော့ သာသနာ့ဝင် ဘိက္ခုနီ (ရဟန်းမ) ပြုလိုက်တယ်။ 'မွန်းတိမ်းမှ လှမ်းတဲ့စပါးဟာ နာနာမွေပေးမှ အချိန်မှီခြောက်တော့မယ်' လို့ သတိကြီးစွာထားပြီး နေ့မနား ညမနား အစွမ်းကုန် ကြိုးစား အားထုတ်လိုက်တာ မကြာမီ ရဟန္တာဖြစ်သွားတယ်။ တော်သေးတာပေါ့။

ဒေါ်ကြွယ်တစ်ယောက် 'လုပ်အား' ကောင်းသွားလို့ အထုပ်တွေ မရှိတော့ပေမယ့် ချမ်းသာအောင် နေတတ်သွားပါပြီ။ အထုပ်ကျသွားပေမယ့် အလုပ်က ချမ်းသာအပြည့်ပေးလိုက်ပြီပေါ့။ သားသမီးတွေကို ကျေးဇူးတင်လို့ မဆုံးတော့ဘူး။ သူတို့ခွာပေးလို့ တရားနဲ့တွေ့ရတာ၊ သူတို့ ကပ်နေရင် တရားဝေးနေမှာပဲ။ ဒေါ်ကြွယ်ဟာ 'ပုညစ်' ဘဝက လွတ်ပြီး 'လူစစ်' လူလူကြီး ဖြစ်သွားပြီ။ 'လုပ်အား' ရဲ့ ကျေးဇူးပါ။ 'လုပ်အား' ကောင်းတော့ အခါနှောင်းပေမယ့် အလာကောင်းပါတယ်။ လုပ်နိုင်သလောက် လုပ်ခရှိတယ်ဆိုတာကို သက်သေပြသွားတယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com


၄၅-ဝါသာသနာအချုပ်က သတိပဲ။ ပညာရှိရင် 'လုပ်အား' ထုတ်ယူနည်းကိုသိပေမယ့် 'လုပ်အား' ပြည့်ဖို့ကတော့ သတိမြဲရမှာပါ။ သတိက အချုပ်ကိုး။ သတိလွတ်ရင် အလုပ်ပြုတ်လို့ လုပ်ခရှုံးပြီး ဆင်းရဲပူလောင်ရမယ်။ သတိမြဲမှ အလုပ်ရလို့ လုပ်ခတိုးပြီး ငြိမ်းအေးချမ်းသာရမယ်။ ရှေ့နားမှာ ပြောခဲ့တဲ့ 'ပျက်အား' ကို လက်ဦးပြီး 'ပူအား' ကို လွှမ်းမိုး အနိုင်ယူနိုင်မှ 'လုပ်အား' တွေ တိကျပြည့်ဝနိုင်မှာပါ။ သတိမြဲရမယ်လို့ပဲ ပြောတာပါ။

ရှေးက ကန္ဒရသာလကျောင်းတိုက် ဆရာတော်ကြီးဆိုတာ ရှိခဲ့ဖူးတယ်။ အသိ အကျင့် နှစ်ဖက်လုံး ပြည့်စုံတယ်။ အနေအထိုင်လည်းကောင်း၊ အကျင့်လည်းကောင်း၊ တရားဟောလည်း ကောင်းတော့ ကြည်ညို လေးစား အားကိုးသူတွေအလွန်ပေါတယ်။ တိဿရှင်ဘုရင်ကြီးတောင် ဆရာတော်ကြီးကို ကြည်ညိုအားကိုး လွန်းလို့ ဆရာတော်ကြီးထံ မကြာမကြာ ချဉ်းကပ်တယ်။ တရားနာယူမှတ်သားတယ်။အဆုံးအမ ခံယူတယ်။ ဆရာတော်ကြီးကျေးဇူးကြောင့် တိဿမင်းကြီးမှာ အသိပညာတွေ ပွား၊ စိတ်နေစိတ်ထားတွေတတ်လို့ပေါ့။ လောကနှင့် အဆင်ပြေအောင် တရားနှင့် ညှိပြီး ငြိမ်းငြိမ်းချမ်းချမ်း နေတတ်လာတယ်။

ကန္ဒရသာလဆရာတော်ကြီး သက်တော်-၈၀၊ ဝါတော်-၆၀ ရောက်လာတော့ ဇရာ ဖိစီးထားတဲ့အပေါ်မှာ ဗျာဓိပါ ဝင်ရောက်လာတယ်။ ဗျာဓိက တံခါးခေါက်ပြီး ခြိမ်းခြောက်လာတယ်။ 'ကဲ ကိုယ်တော် ဒီလောက်နေရရင် တော်ပြီလေ၊ တမလွန်ဘဝ ကြွသွားပါတော့' ဆိုတဲ့သဘောမျိုးပေါ့။ ခန္ဓာမှာ အလွန်ပြင်းထန်တဲ့ရောဂါ ဖြစ်ပေါ်လာတယ်။ သေလောက်အောင် ဆိုးဝါးပြင်းထန်လှတဲ့ ဝေဒနာ နှိပ်စက်ခံရတဲ့ကြောင့် သတိတောင် လစ်သွားတယ်။ သတိလွတ်တော့ ပါးစပ်က ကယောင်ကတမ်းတွေ လျှောက်ပြောပြီး အော်ဟစ်ညည်းညူ နေတယ်။ ပျက်အားနှင့် ပူအားက ဝိုင်းရိုက်လိုက်တာ ယူအား ရှုံးသွားပြီပေါ့။ 'ဟဲ့-လုပ်ကြပါဦး၊ ကယ်ကြပါဦး၊ နာလိုက်တာ၊ နာလိုက်တာ၊ နာတာက လွန်လွန်း ဆိုးလွန်းတယ်' လို့ ရုပ်ပျက်ဆင်းပျက် ကြည့်မကောင်း ကြားမကောင်းလောက်အောင် လူးလိမ့်အော်ဟစ်နေတယ်။ တစ်ကျောင်းတိုက်လုံး ဆူညံနေတာပဲ။ 'လုပ်အား' လျော့သွားလို့ 'ရိုက်အား' သာသွားတော့ ရုပ်နာရော စိတ်နာပါ ပြင်းထန်နေတယ်။ သတိဉာဏ် လက်မဦးဘဲ ဝေဒနာလက်ဦးသွားတော့ ပိုခံရတာပေါ့။

ဒီလိုအော်ဟစ်နေတုန်းမှာ ဆရာတော်ကြီးကို အလွန်ကြည်ညိုလေးစားလှတဲ့ တိဿမင်းကြီးဟာ ဆရာတော်ကြီးမဖူးရတာကြာလို့ နောက်လိုက်ပရိသတ်များစွာနဲ့ ကျောင်းရောက်လာတယ်။ ကျောင်းပေါက်ဝ ရောက်တော့ စူးစူးဝါးဝါး အော်သံကြီးကြားရတာနဲ့ မေးတယ်။ 'ဟဲ့ . . မောင်မင်းတို့ ဒီအသံက ဘာသံကြီးတဲ့တုန်း'

'ဘုရင်မင်းတရား အလွန်ကြည်ညိုလှတဲ့ ဆရာတော်ဘုရားကြီးရဲ့ အသံပါတဲ့ဘုရား'

'ဆရာတော်ဘုရားကြီးက ဘာကြောင့် ဒီလောက်တောင် ရုပ်ပျက်ဆင်းပျက် ငယ်သံပါအောင် အော်နေရတာတဲ့တုန်း'

'မှန်လှပါ ရောဂါဝေဒနာ ပြင်းထန်စွာ နှိပ်စက်ခံရလို့ ရောဂါဝေဒနာက အနိုင်ယူထားတော့ ရောဂါဝေဒနာဒဏ် သည်းမခံနိုင်တာကြောင့် အော်ဟစ်နေတာပါတဲ့ ဘုရား'

ဆရာတော်ဘုရားကြီးဆီမှာ မကြာမကြာ တရားနာခဲ့ရတဲ့ တိဿမင်းကြီးက တရားသမား ဆိုတော့ ဝေဖန်တယ်။

'တို့ဆရာတော်ကြီးဟာ သက်တော် ၈၀၊ ဝါတော် ၆၀-ရှိတာတောင်မှ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်တဲ့ ဝေဒနာကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်သိမ်းဆည်း ရှုမှတ်ပွားများတဲ့ အလုပ်ကလေးကိုတောင် မလုပ်ရသေးဘူး၊ သူများအတွက်သာ ငြိမ်းအေးအောင် တရားဟောနိုင်တာ၊ ကိုယ့်အတွက်ကျတော့ ဒီဝေဒနာအခက်အခဲ ကလေးတောင် မဖြေရှင်းနိုင်သေးဘူး၊ ဆရာတော်ကြီးကို ရှိမခိုးနိုင်တော့ဘူး၊ ဗောဓိပင်ကိုပဲ သွားရှိခိုးတော့မယ်' ဆိုပြီး ကျောင်းထဲမဝင်တော့ဘဲ လှည့်ပြန်သွားတယ်။ လောကွတ်ကလေးတောင် ဝင်မမေးတော့ဘူး။

ဆရာတော်ကြီးနား ပြုစုစောင့်ရှောက်နေတဲ့ ဦးပဥ္စင်းလေးက တိဿမင်းကြီး ပြန်သွားတဲ့အကြောင်း ကြားရတော့ ဆရာတော်ကြီး သတိရခိုက် လျှောက်လိုက်တယ်။ 'ဆရာတော်ဘုရား ဘာဖြစ်လို့ တပည့်တော်တို့ကို အရှက်ခွဲရတာလဲဘုရား'

'ဟေ - ဘာဖြစ်လို့လဲကွ'



www.burmeseclassic.com

www.burmeseclassic.com


'ဝေဒနာ သည်းမခံနိုင်လို့ တစ်ကျောင်းတိုက်လုံး ပွက်ညံနေအောင် အော်ဟစ်ညည်းညူနေတဲ့ ဆရာတော်ကြီးရဲ့အသံကို ဆရာတော်ကြီးကို ဖူးဖို့လာနေတဲ့ တိဿမင်းကြီး ကြားသွားတယ်ဘုရား၊ ဆရာတော်ကြီးရဲ့ ငယ်သံပါအောင်အော်နေတဲ့ အသံကိုကြားတော့ သဒ္ဓါတရား သိပ်ကောင်းတဲ့ တိဿမင်းကြီးတောင် စိတ်နှလုံးမသာမယာဖြစ်ပြီး ရှိမခိုးနိုင်ဘူးဆိုပြီး ပြန်သွားပြီဘုရား၊ ဆရာတော်ကြီးက သတိမှ မထားဘဲဘုရား'

တပည့် ဦးပဥ္စင်းလေးက သတိပေးလိုက်တော့ ဆရာတော်ကြီးမှာ သတိကောင်းကောင်း ပေါ်လာတယ်။ အသိတွေလည်း ရှင်းလာတယ်။

'ကဲ မောင်ပဥ္စင်း၊ အပြင်ခဏ ထွက်ပေးစမ်း၊ ခဏလေး အခွင့်ပေးကြစမ်း' ဆိုပြီး ခန္ဓာမှာ အဆက်မပြတ် သတိဉာဏ် ချထားလိုက်တယ်။ တရားလုပ်အား ပြည့်အောင်လုပ်ဖို့ စိတ်အားတင်းလိုက်တယ်။

'သူများတွေငြိမ်းအေးအောင် ငါ တရားဟောတတ်တယ်၊ ငါ့အလှည့်ကျတော့ အော်နေတယ်၊ ဒါ လုံးဝ သဘာဝမကျဘူး၊ ကဲ. . . ဘယ်နားက နာတာလဲ ပြောစမ်း၊ ဟော့. . . ခန္ဓာ၊ နာတာက နင့်အလုပ်၊ နာတာကို နာတယ်လို့ သိအောင်လုပ်ပြီး စွမ်းအားဖော်ထုတ်ဖို့က ငါ့အလုပ်'

သူ့အလုပ် ကိုယ့်အလုပ် နှစ်ခြမ်းခွဲလိုက်ပါတယ်။

'နာတာ ခန္ဓာရဲ့အလုပ်၊ ဒါ ငါ့အလုပ်မဟုတ်ဘူး၊ နာတဲ့အပေါ် ဉာဏ်သတိ စိုက်ပြီး ဝိပဿနာ စွမ်းအား ဖော်ထုတ်ဖို့က ငါ့အလုပ်၊ ငါက ငါနှင့် ဝေဒနာ ရောပစ်လိုက်လို့ ရုပ်ပျက် ဆင်းပျက် ဖြစ်ကုန်ပြီ၊ ငါနှင့် ဝေဒနာ တခြားစီပဲ၊ ဝေဒနာထဲ ငါ ရောထည့်လိုက်လို့ ခါတ်မတည့်တော့ ပြဿနာ ဖြစ်ကုန်ပြီ၊ ဒီတိုင်းသာဆိုရင် အပါယ်ရောက်ရချည်ရဲ့'

ဆရာတော်ကြီးက ဝေဒနာကို သတိနဲ့ မိအောင်ဖမ်းပြီး ဉာဏ်နဲ့ အပေါ်တည့်တည့်ကနေ စိုက်ကြည့်ပွားတော့တာပဲ။ သတိဉာဏ် စိုက်ရှုလိုက်တော့ ဝေဒနာတစ်တန်းတည်း မမြင်တော့ဘူး။ အကြောင်းရှိလို့ ဖြတ်ကနဲပေါ်လာလိုက်၊ အချိန်စေ့တော့ ပျောက်ပျက်သွားလိုက်နဲ့ တစ်ကန့်စီပဲ မြင်နေရလို့ ဝေဒနာ သေးငယ်သွားတော့ သည်းခံနိုင်သွားတယ်။ 'လုပ်အား' အရှိန်ကောင်းသွားတယ်။ ဝိပဿနာဉာဏ် အဆင့်ဆင့်တက်ပြီး ဉာဏ်ရင့်သွားတယ်။ မကြာခင်ပဲ ရဟန္တာ ဖြစ်သွားပါတယ်။ သတိဉာဏ် သွင်းနိုင်ရင် မကျန်းမာတာတောင် အလုပ်ဖြစ်နိုင်တယ်ဆိုတာကို သက်သေပြသွားတာပါ။

ကန္ဒရသာလဆရာတော်ကြီး ရဟန္တာဖြစ်သွားတော့ တပည့် ဦးပဥ္စင်းလေးကို အသိပေးလိုက်တယ်။ 'ကဲ မောင်ပဥ္စင်း၊ ခုနတုန်းက ရှိမခိုးနိုင်ဘူးဆိုပြီး ပြန်သွားတဲ့ တိဿမင်းကြီးဆီ ရှိခိုးချင် ရှိခိုးလှည့်တော့လို့ သွားပြောချေကွာ' တဲ့။

တပည့်ရဟန်းငယ်လည်း ဇောဓိပင်ဘက်ရောက်နေတဲ့ တိဿမင်းကြီးထံသွားပြီး 'ဆရာတော်ကြီးကို ရှိခိုးချင် ရှိခိုးနိုင်ပါပြီ' လို့ ပြောပေးလိုက်ပါတယ်။ တိဿမင်းကြီး ကျောင်းပြန်ရောက်လာလို့ ဆရာတော်ကြီးကို မြင်လိုက်တာနဲ့ ရဟန္တာဖြစ်သွားမှန်း သိသွားတယ်။

'ဆရာတော်ဘုရားကြီး အချိန်ပိုင်းလေးအတွင်းမှာ တရားအလုပ် အားထုတ်လိုက်တာ ရဟန်းကိစ္စ ပြီးသွားပါပြီကော၊ တယ်မြန်လှချည်လား၊ တယ်လည်း စွမ်းလှချည်လား' လို့ ဝမ်းသာအားရ ဦးချကန်တော့ပြီး ပြန်သွားတယ်။ တိဿမင်းကြီးမှာ ကုသိုလ်တွေ အများကြီး တိုးပွားသွားတယ်ပေါ့။

'အပ္ပမာဒေန သမ္ပာဒေထ' ဆိုတဲ့ ၄၅-ဝါ သာသနာ အနှစ်ချုပ်ဘုရားစကားက သတိလွတ်ရင် အလုပ်ပြုတ်တယ်၊ အလုပ်မရှိတော့ဘဲ အထုပ်နှင့်အလှုပ်သာ ကျန်နေတော့တယ်၊ မစွမ်းတော့ဘဲ အထမ်းသမားဘဝနဲ့ ဆင်းရဲပင်ပန်း ပူလောင်နေရမယ်၊ အလုပ်ပြုတ်ရင် စွမ်းအားချမ်းသာတွေပါ ပြုတ်သွားတယ်၊ အလုပ်ပြုတ်သွားတာနဲ့ အာရုံအနိုင်ကျင့်တာခံရလို့ စိတ်သောကရောက်ရတတ်တယ်၊ အမြဲတမ်းအလုပ်ရှိအောင်၊ အလုပ်မပြုတ်အောင်၊ နေ့စဥ်လုပ်သမျှ သိက္ခာသုံးပါး တရား ဘောင်ဝင်အောင် သတိအမြဲထားနေရမယ်လို့ လမ်းညွှန်ပေးတာပါ။ သတိစွဲမှ အမြဲ 'လုပ်အား' ပြည့်နိုင်မှာ ဖြစ်တယ်။ သတိအားကောင်းရင် ဒုက္ခကြီးလေ 'လုပ်အား' ပြည့်လေ၊ ရန်သူနီးလေ 'လုပ်အား' ကြီးလေသာ ဖြစ်တတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ရှေးတုန်းက မဟာတိဿရဟန်းတော်ဟာ တောထဲမှာ တစ်ပါးတည်း တရား အားထုတ်နေတုန်း ခယ်မက သတ်ဖို့လွှတ်လိုက်တဲ့ ရန်သူလူဆိုးတွေလက်ထဲမှာပဲ သတိဉာဏ်စိုက် ပွားများလိုက်တာ ညတွင်းချင်း ရဟန္တာ ဖြစ်ခဲ့ပါတယ်။ ရန်သူလက်ထဲက 'စိတ်ဓာတ်မြှင့်တင် လုပ်အားရှင်' ပေါ့။

ရှေးတုန်းကပဲ တောထဲမှာ တရားအားထုတ်နေတဲ့ ရဟန်းတော်တစ်ပါးကို ကျားဆွဲသွားတော့ ကျားပါးစပ်ထဲမှာပဲ ခန္ဓာဉာဏ်စိုက် ရှုပွားလိုက်တာ ကျားစားလို့ မကုန်မီ ရဟန္တာ ဖြစ်သွားခဲ့ပါတယ်။ ဒုက္ခနှင့်အပြိုင်ကြဲလို့ လွန်ဆွဲပြီး အောင်ပွဲဆင်ခဲ့တဲ့ ကြက်သီးထလောက်အောင် အံ့ဖွယ်ကောင်းတဲ့ 'စွမ်းအားမြှင့်တင် လုပ်အားရှင်' ပေါ့။

'လုပ်အား' ပြည့်ဖို့ သတိပဓာနပါ။ သတိပေးသူရှိမှလဲ အချိန်မီ 'လုပ်အား' ပြည့်တတ်ပါတယ်။ ရှေ့နားမှာပြခဲ့တဲ့ ကန္ဒရသာလ ဆရာတော်ကြီးဟာ တပည့်ရဟန်းငယ်က သတိပေး လျှောက်ထားလိုက်လို့ ချက်ချင်း သတိကပ် ရှုမှတ်အားထုတ်လိုက်တာ တစ်ခဏလေးအတွင်းမှာပဲ 'လုပ်အား' ပြည့်ပြီး ရဟန္တာ ဖြစ်သွားခဲ့တယ်။

ဘုရားလက်ထက်က အရှင်မဟာကဿပရဲ့တပည့်ဖြစ်သူ ရဟန်းလူထွက် သူခိုး ဖိုးလည်ဟာ သေဒဏ်ပေးခံရလို့ တာဝန်ရှိ မင်းမှုထမ်းတွေက ကြိုးတုပ်ရိုက်နှက်သွားတုန်း လမ်းပေါ်မှာ အရှင် မဟာကဿပရဲ့ သတိပေးစကားကြောင့် ချက်ချင်း သတိကပ် အားထုတ်လိုက်တာ စျာန် မဂ်ဖိုလ်တွေရပြီး ပြစ်ဒဏ်ကင်းလွတ်ခွင့် ရသွားတယ်။ ရဟန္တာဖြစ်လို့ ရဟန်းလည်း ပြန်ပြုလိုက်တယ်။ သတိက ဘာကိုမှ စောင့်နေစရာမလိုဘဲ ချက်ချင်း 'လုပ်အား' ပေါ်အောင် စွမ်းဆောင်ပေးနိုင်ပါတယ်။

ဘုရား ပရိနိဗ္ဗာန်စံပြီးကာစက သံဃာစုံတုန်း အရှင်မဟာကဿပဟာ ပထမသင်္ဂါယနာတင်ပွဲ လုပ်ဖို့ စံချိန်မီ အရည်အချင်းပြည့် ရဟန္တာအရှင်မြတ် ၄၉၉-ပါးကို ရွေးချယ်လိုက်တယ်။ သောတာပန်မျှသာ ဖြစ်သေးပေမယ့် ပရိယတ္တိ ဗဟုသုတဂုဏ်ကြောင့် သံဃာ့ဆန္ဒနဲ့ အရှင်အာနန္ဒာကိုလည်း ရွေးချယ်လိုက်တယ်။ ပေါင်းတော့ ၅၀၀-ပေါ့။ ၅၀၀-လုံး ရာဇဂြိုဟ်မှာ ဝါကပ်ကြတယ်။ ရာဇဂြိုဟ်မှာ ပထမ သင်္ဂါယနာတင်ပွဲ လုပ်မှာကိုး။

မဟာသက္ကရာဇ် ၁၄၈-ခု၊ ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့မှာ ပထမသင်္ဂါယနာတင်ဖို့ ရက် သတ်မှတ်ထားပေမယ့် လပြည့်ကျော်၄-ရက်နေ့ရောက်သည်ထိ အရှင်အာနန္ဒာဟာ သောတာပန် အဆင့်ပဲ ရှိသေးတယ်။ အကြောင်းအမျိုးမျိုးကြောင့် 'လုပ်အား' လျော့နေလို့ သုံးလကြာသည်ထိ ရဟန္တာ မဖြစ်သေးပါဘူး။ ရဟန္တာတွေချည်းပဲ သင်္ဂါယနာ တင်ကြမှာဆိုတော့ အရှင်အာနန္ဒာအတွက် အခက်တွေ့နေကြပြီ။ နောက်နေ့ပဲ စည်းဝေးပွဲ စတော့မှာဖြစ်လို့ ရက်ကလည်း သိပ်နီးကပ်နေပြီ။

အခြားကိစ္စတွေအားလုံးပြီးလို့ အဆင်သင့်ဖြစ်နေပေမယ့် အရှင်အာနန္ဒာအေးစက်စက် လုပ်နေတာကို အားမရကြလို့ ရဟန်းတွေ ဝိုင်းပြီး သတိပေးကြရပါတော့တယ်။ တစ်ချို့လည်း 'ဒီရဟန်းတွေထဲမှာ ကိုယ်တော်တစ်ပါးဟာ ညှီနံ့ပုပ်သိုးတဲ့ ကိလေသာအပုပ်နံ့ တထောင်းထောင်း လွှတ်နေတယ်' လို့ စောင်းပြောကြတယ်။

သောတာပန် ဖြစ်နေသေးပေမယ့် ပရိယတ္တိ ဗဟုသုတဂုဏ်ကိုငဲ့ပြီး ရွေးချယ် ထည့်သွင်းပေးခဲ့တာကို ပြန်ပြီး ငဲ့ညှာထောက်ထားရမှန်း မသိဘူး။ ဒီလောက်ထိတော့ လွန်လွန်းတယ်လို့ ဆိုလိုတာပေါ့။ စောင်းပြောတဲ့ ဒီစကားကို အရှင်အာနန္ဒာကြားတော့ 'ဒီပရိသတ်ထဲမှာ ငါတစ်ပါးပဲ ကိလေသာအပုပ်နံ့ ရှိတော့တာ၊ ဒါဟာ ငါ့ကို စောင်းပြောတာ' လို့ သိပါတယ်။ စိတ်ထဲမှာလည်း အလွန်အမင်း ထိတ်လန့်သွားတယ်။

တစ်ချို့လည်း 'ငါ့အရှင်အာနန္ဒာ၊ မနက်ဖြန် သင်္ဂါယနာတင်ဖို့ စည်းဝေးပွဲ စတော့မယ်။ ရဟန္တာတွေချည်းပဲလုပ်မှာ၊ သင်က သောတာပန်အဆင့်က မတက်နိုင်သေးတော့ ဒီစည်းဝေးပွဲတက်လို့ မတော်ဘူး၊ တက်ခွင့် မပြုနိုင်ဘူး၊ ရဟန္တာဖြစ်အောင် အမြန်သတိထား ကြိုးစားပါ' လို့ တိုက်ရိုက်ပဲ ပြောကြပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



အရှင်အာနန္ဒာလို ပိဋကသုံးပုံဆောင် ပရိယတ္တိ ဗဟုသုတကြွယ်ဝနေတဲ့ ပညာရှင်ကြီးအတွက် တရားရှည်ရှည်ဟောဖို့ မလိုတော့လို့ သတိပေးရုံလောက်ပဲ မိန့်ကြားတော်မူကြပါတယ်။ သောတာပန်ဖြစ်ပြီးသားဆိုတော့ ကျင့်နည်းလည်း နားလည်ပြီးသားဖြစ်လို့ သတိပေးရုံဆို လုံလောက်ပါပြီ။ သတိပေးစကားက 'အပ္ပမတ္တော ဟောဟိ' တဲ့။ ၄၅-ဝါ သာသနာရဲ့ အနှစ်ချုပ်သတိပါပဲ။

မထေရ်မြတ်များက ဝိုင်းသတိပေးကြလို့ အရှင်အာနန္ဒာ သတိရသွားပါပြီ။ 'လုပ်အား'ကို မထုတ်ပဲ မနေနိုင်လောက်အောင် စိတ်ဓါတ်တွေ နိုးကြားတက်ကြွလာကြပါတယ်။ ညတွင်းချင်း ရဟန္တာဖြစ်ဖို့ ကျောင်းပြင်ထွက် တစ်ညလုံးစင်္ကြံလျှောက် မနေမနား အပြင်းအထန် အားထုတ်တယ်။ ခန္ဓာမှာ သတိဉာဏ်အမြဲချထားပြီး အဆက်မပြတ် ရှုမှတ်ပွားများနေတယ်။

အရှင်အာနန္ဒာမထေရ်မြတ်ဟာပြီး မြောက်ချင်တဲ့ ဆန္ဒပြင်းပြလွန်းလို့ မနားတမ်း အားထုတ်လိုက်တာ ဝီရိယလွန်ကဲပြီး စိတ်တွေ ပြန့်လွင့်နေတယ်။ 'လုပ်အား' မတက်ဘဲ လျှံထွက်ကုန်တယ်ပေါ့။ နည်းပရိယာယ်ကြွယ်ဝပြီးသားဖြစ်လို့ 'ငါအားထုတ်တာ လွန်နေပြီ၊ ဝီရိယ လွန်လွန်းနေလို့ စိတ်တောင် ပြန့်လွင့်နေပြီ၊ ဝီရိယနှင့် သမာဓိ ညီအောင် ညှိပေးဦးမှ ဉာဏ်ပွင့်မယ်' လို့ သတိပြုမိတဲ့ကြောင့် ကျောင်းထဲဝင် ခုတင်ပေါ်ထိုင် 'ခဏအပန်းဖြေလိုက်ဦးမယ်' ဆိုပြီး လျောင်းလိုက်တယ်။ ကိုယ်ကို စောင်းလိုက်တော့ ခြေနှစ်ဖက်ကလည်း တည်ရာ ခုတင်ပေါ်က အလွတ်၊ ခေါင်းကလည်း ခေါင်းအုံးပေါ်မရောက်သေးခင် အဲဒီတစ်ခဏ အတွင်းလေးမှာပဲ ရဟန္တာ ဖြစ်သွားတယ်။ မြန်လိုက်တာ။ 'လုပ်အား' ပြည့်သွားပြီပေါ့။

အရှင်အာနန္ဒာ ရဟန္တာဖြစ်တာဟာ ဣရိယာပုတ် လေးပါးလွတ်တယ်လို့ဆိုတယ်။ တကယ် မလုပ်လို့ တကယ် မဖြစ်သေးတာပါ။ တကယ်လုပ်တော့လည်း ဘာကြာလို့လဲ။ တစ်ခဏအတွင်း ချက်ချင်းဖြစ်သွားတာပဲ။ သံဃာ့ဆန္ဒလည်း ပြည့်သွားပြီ။ လုပ်ငန်းကိစ္စအတွက်လဲ အားလုံးအဆင်သင့် ဖြစ်သွားပြီ။ အခုမှပဲ ရွေးချယ်ပွဲကိစ္စ ပြီးသွားတော့တယ်လို့ပြောရင်လည်း ဖြစ်နိုင်တာပဲ။ ရဟန္တာဖြစ်မှ အရှင်အာနန္ဒာ စည်းဝေးပွဲတက်ခွင့်ရမှာကိုး။

သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိကို သတိနဲ့ညီအောင်ညှိပြီး ကြိုးစားတဲ့ အရှင်အာနန္ဒာဟာ 'လုပ်အား' စံချိန်မီသွားလို့ ညတွင်းချင်း 'လုပ်အား' ပြည့်ပြီး ရဟန္တာဖြစ်သွားပါတယ်။ သင်္ဂါယနာတင်ပွဲမှာ အရှင်အာနန္ဒာ ပါဝင်ခွင့်ရသွားလို့ ၄၅-ဝါ သာသနာရဲ့ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အလွန်အားတက်စရာ ဖြစ်သွားရပါတော့တယ်။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၈-ခု၊ ဝါဆိုလ (၂၀၀၆-ခု၊ ဇူလိုင်လ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကရေ မွေ့လက်ဆောင် (၄၁)

## လူအား

## ( ၄၅-ဝါ သာသနာ အထိမ်းအမှတ်အထူးလက်ဆောင် )

### နမော ဗုဒ္ဓာယ

(၁၃၆၈-ခု၊ ဝါဆိုလပြည့်ကျော် ၉-ရက်၊ ၂၀၀၆-ခု၊ ဇူလိုင်လ-၁၈ ရက် အင်္ဂါနေ့တွင် ကလေးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၌ ဝါဆိုသင်္ကန်းနှင့် ဆွမ်း, ကျောင်းအလှူပွဲအတွက် အမှတ်တရဟောကြားပေးခဲ့သောတရားဖြစ်သည်။)

### ကုသိုလ်လုပ်တာ လူအား

ယနေ့ ကလေးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒကာကြီး ဦးသိန်းလှိုင်နှင့်တကွ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဒကာဒကာမများ ညီညီညာညာ ပေါင်းစုပြီး ကာလဒါန ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သံဃာ့ဂုဏ် တရားဂုဏ်ကိုအာရုံပြုလို့ ဆွမ်းခဲဖွယ် ဘောဇဉ်နှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ယနေ့ နံနက်အခါမှာ ကလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်အတွင်းရှိ စာချစာသင် သံဃာအပါး-၂၀၀ခန့်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ကလေးမြို့ တောင်ဖီလာ တောရကျောင်းတိုက်အတွင်း ဆောက်လုပ်ဆဲ ဆွမ်းစားကျောင်းကြီးအတွက် ကျောင်းအလှူ လှူဒါန်းခြင်း စသည်ဖြင့် ကောင်းမှုတရား ကြိုးစားပြုလုပ် အားထုတ်ကြတဲ့အခါ 'လူအား' ဆိုတဲ့ တရားတစ်ပုဒ် အာရုံပြုကြမယ်။

'လူအား လူအား' လို့ အမှတ်တမဲ့ အပေါ်ယံပြောလိုက်ရင် 'အားလပ်တဲ့လူတွေ အလုပ် မရှိတဲ့လူတွေ' လို့ အဓိပ္ပာယ်တစ်မျိုး ရောက်ချင်ရောက်သွားနိုင်တယ်။ 'လူအားတွေ ကုသိုလ်လုပ်နိုင်တယ်၊ မအားတဲ့လူတွေ ကုသိုလ် မလုပ်နိုင်ဘူး' လို့ ပြောလိုက်ရင် နားထောင်ရ၊ ကြားရသူစိတ်ထဲ တစ်မျိုးကြီး ဖြစ်နေမှာပေါ့။ ဉာဏ်နဲ့ နှိုက်ယူနိုင်မှ အဓိပ္ပာယ်ပေါ်လာမယ့်စကားပါ။

'လူအား' ဆိုတာ လူရဲ့စွမ်းအားကိုပြောတာ။ ဗုဒ္ဓသာသနာဆိုတာ မြင့်မြတ်ကြီးကျယ်လှတဲ့ လူအားနဲ့ တည်ဆောက်ဖော်ထုတ်ခဲ့ရတာ။ လူအားနဲ့ပဲ စုပေါင်းပြီး သာသနာမပျောက်အောင် ထိန်းသိမ်းစောင့်ရှောက် နေကြရတာ။ လောကအားတွေထဲမှာ လူအားသာ ပဓာနပဲ။

လူအားဆိုတာ တရား၊ တရားနှင့်အတန်ဆုံးဟာ လူပဲ။ လူအားရှိသူဟာ သာသနာကို အနီးကပ် စောင့်ရှောက်ရင်း ကောင်းမှုတရားစွမ်းအားကို နေ့စဉ် တွက်ကိန်းကိုက်အောင်လုပ်တယ်။ လူအားတွေ ကုသိုလ်လုပ်နိုင်တယ်ဆိုတာ အသိဉာဏ်စွမ်းအား အားရှိသူတွေ ကုသိုလ်လာဘ်မြင်လို့ ကုသိုလ် လုပ်နိုင်တယ်လို့ ပြောတာ။ မအားတဲ့လူတွေ ကုသိုလ် မလုပ်နိုင်ဘူးဆိုတာ အသိဉာဏ် လူ့စွမ်းအား မရှိသူတွေ ကုသိုလ် လာဘ်မမြင်လို့ ကုသိုလ် မလုပ်နိုင်ဘူးလို့ပြောတာ။

### လူ ၃-မျိုး

လူဆိုတာ သုံးမျိုးရှိတယ်။ ပါဠိလိုတော့ အန္ဓ - ဧကစက္ခု - ဒွိစက္ခုတဲ့။ မြန်မာပြန်ရင် မျက်စိစုံလုံးကန်းသူ၊ မျက်စိ တစ်လုံးပါသူ၊ မျက်စိ နှစ်လုံးပါသူပေါ့။ အဲဒီသုံးမျိုးမှာ လူအားဆိုတာ မျက်စိနှစ်လုံးပါတဲ့ လူကိုပြောတာ။ ကျန်နှစ်မျိုးက လူအားမစုံဘူး။ အကန်းဆိုတာ ပစ္စည်းဥစ္စာကိုလည်း တရားတဲ့နည်းလမ်းနဲ့ ရှာဖွေစုဆောင်းနိုင်တဲ့ အသိဉာဏ်ပညာမရှိ၊ ကိုယ့်ကို အာမခံ တာဝန်ယူမယ့် ကောင်းမှုတရား စွမ်းအားရအောင် ရှာဖွေစုဆောင်းနိုင်တဲ့


www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်ပညာလည်းမရှိ၊ ပစ္စုပ္ပန် စားဝတ်နေရေးလေး ပြေလည်အောင်တောင်မှ လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အသိဉာဏ်ပညာ မရှိဘူး။ အဲဒီပုဂ္ဂိုလ်မျိုးက အကန်း။

## ကန်းတော့ ရမ်းတယ်

အကန်းကို ဝေါဟာရရှင်းရှင်းနဲ့ခေါ်ရင် အရမ်းသမားပေါ့။ အကန်းဆိုတာ အရမ်းပဲ။ လောက ပကတိမျက်စိ စုံလုံးကန်းတဲ့ပုဂ္ဂိုလ်ဟာ သူများတွဲထူမပေးရင် ဘယ်မှသွားလို့ မရဘူး။ သူ့ကို 'ကဲ . . ကိုယ့်ဟာ ကိုယ်သွား လိုရာ သွားကြည့်စမ်းကွ' လို့ လွှတ်ကြည့်စမ်းပေါ့။ မြင်မှမမြင်တော့ ရမ်းပြီးသွားရမှာ။ လက်နဲ့ ဟိုစမ်းဒီစမ်း ဟိုရမ်းဒီရမ်းသွားရင် ဟိုတိုးဒီတိုက် ဟိုနားချော်လဲ ဒီနားချော်လဲနဲ့ ဒုက္ခ အကြီးအကျယ်ရောက်မှာပဲ။ သွားလိုရာ အရပ်ရောက်အောင်လည်း မသွားနိုင်ပါဘူး။ မမြင်ဘဲ ရမ်းသွားရတာကိုး။

ဒါမျိုးလိုပဲ ပစ္စည်းရှာနိုင်တဲ့ ပညာလည်းမရှိ ကောင်းမှုတရားရှာနိုင်တဲ့ ပညာလည်း မရှိရင် ရမ်းတတ်တယ်။ စားဝတ်နေရေး မပြေလည်တော့ သူများအသက် သတ်မယ်။ သူများပစ္စည်း ခိုးမယ်။ လိမ်ပြောမယ်။ မဟုတ်မတရားတွေ လျှောက်လုပ်မယ်။ ရမ်းတော့ နောင်ရေးမပြောနဲ့။ အခု ပစ္စုပ္ပန်တောင် ချက်ချင်း ဒုက္ခရောက်ရမယ်။

■ **ပစ္စည်း, တရား၊ နှစ်ပါးလုံးပင်၊ မရလျှင်၊ မမြင်ကန်းနေကြ။**

ဉာဏ်ရှိသူအတွက် စီးပွားဉစ္စာရှာစရာတွေ ပေါပေမယ့် ဉာဏ်မရှိတော့ ဘာမှမရ။ ခုလို ထေရဝါဒ ဗုဒ္ဓသာသနာရှိတဲ့တိုင်းပြည်မှာ ကုသိုလ်ဆိုတာ လိုချင်သလောက် ယူတတ်သလောက် လုပ်နိုင်သလောက် ရနိုင်တယ်။ ဉာဏ်မရှိတော့ ဘယ်နား ဘယ်ကုသိုလ် ဆွဲထုတ်ရမယ်ဆိုတာ မသိလို့ ရအောင် မယူနိုင်ဘူး။ ဒါ့ကြောင့် ဒါမျိုးကို ကန်းတယ်လို့ခေါ်တယ်။ ကန်းတော့ ဘာဖြစ်လဲ။

■ **အရှိမနိုင်၊ စိတ်မနိုင်၊ ယိမ်းယိုင်ရမ်းကားကြ။**

ကိုယ့်မှာရှိနေတဲ့ ခန္ဓာအရှိ၊ ပစ္စည်းအရှိ၊ မိသားစုအရှိ၊ အလုပ်တာဝန်အရှိတွေကို တစ်ခုမှ မနိုင်တော့ဘူး။ မနိုင်တော့ စိတ်ဓာတ်တွေလည်း မခိုင်တော့ဘူး။ ကိုယ့်စိတ်ကို ထိန်းနိုင်စွမ်းမရှိဘူး။ အသိဉာဏ် ဦးဆောင်မှု မရှိတော့ ထင်တာ လျှောက်လုပ်တော့တာပဲ။ ထင်ရာ လျှောက်လုပ်ရင် အခုကစ ဒုက္ခရောက်မယ်။ ပစ္စုပ္ပန် မသေချာသူ နောင်ရေး စိတ်မအေးရတော့ဘူး။ အဲဒါ အရမ်းသမား။

လောကမှာ ချစ်စရာအကောင်းဆုံးဟာ လူဖြစ်သလို ကြောက်စရာအကောင်းဆုံးလည်း လူပဲ။ ကြောက်စရာ အကောင်းဆုံးလူဆိုတာ အရမ်းသမားကိုပြောတာ။ အိမ်တွေ တံခါးပိတ်တာ ကြည့်ပါလား။ အိမ်ရှင်တွေ အိမ်ပြင်ထွက်တဲ့အခါ လူအပိုရှိရင် အိမ်စောင့်ထားခဲ့တယ်။ လူပိုမရှိရင် တံခါးပိတ်ခဲ့တယ်။ တံခါးပိတ်တော့လည်း တံခါးစေ့ထားရုံနဲ့ မပြီးဘူး။ သော့ခတ် ခဲ့ရသေးတယ်။ ဘာကြောက်တာလဲ။ ခွေးလောက် ကြောင်လောက်တော့ ဒီလောက် မကြောက်ဘူးဗျ။ အရမ်းသမားကို ကြောက်တာ။ အရမ်းသမားတွေ အိမ်ထဲဝင်ပြီး ဘာမှမကျန်အောင် ခိုးသွားရချေရဲ့ဆိုပြီး အရမ်းသမားကိုကြောက်လို့ တံခါးပိတ်တာ။

## မမြင်ရင် လေးအောင်ထမ်းရမယ်

ဒုတိယလူက မျက်စိတစ်လုံးပါတဲ့လူ၊ ပစ္စုပ္ပန်စားဝတ်နေရေးအတွက် ပစ္စည်းကို နည်းမှန် လမ်းမှန် ရအောင်ရှာနိုင်တဲ့ ဉာဏ်ပညာတော့ရှိတယ်။ ကိုယ့်ကို အာမခံတာဝန်ယူနိုင်တဲ့ တရားစွမ်းအား ရအောင် မယူတတ်။ ယူနိုင်တဲ့ အသိဉာဏ်ပညာမရှိဘူး။ သူက တစ်ဖက်ပဲမြင်တာကြောင့် ဧကစက္ခု မျက်စိ တစ်ဖက်သာ ပါတဲ့လူ။ ဝေါဟာရ ရှင်းရှင်းနဲ့ပြောရင် အထမ်းသမား။ ရသမျှ အကုန် ထမ်းထားရုံပဲ။ ဘာတစ်ခုမှ အစွမ်းမပြနိုင်ဘူး။

ကိုယ့်ခန္ဓာလည်း ထမ်းထားရုံပဲ။ နေ့စဉ် ကျွေးထားရုံပဲ။ ဒီခန္ဓာကို ဘယ်လိုနည်းစနစ်နဲ့ အဖိုးတန်အောင် သုံးရမယ်။ ဒီခန္ဓာထဲ တရားစွမ်းအားတွေ လိုသလောက် ရနိုင်တယ်ဆိုတာ ဘာမှမသိတော့ ကိုယ့်ခန္ဓာ မခိုင်းဖြစ်ဘူး။ မသုံးဖြစ်ဘူး။ ပေးရုံကျွေးရုံလေးပဲ။ စားဝတ်နေရေး ပြေလည်ရုံလောက်ပဲ အလုပ်တစ်ခုလို့ ထင်ပြီးတော့ တစ်ဘဝ အချိန်ကုန်နေတယ်။ ခန္ဓာ၊ ပစ္စည်း၊ မိသားစု၊ အလုပ်တာဝန် အားလုံးထမ်းထားရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဦးဘယ်လူ ဒေါ်ဘယ်လူ ကုသိုလ် မလုပ်သေးဘူးလားဗျ' 'မလုပ်နိုင်သေးပါဘူးဗျာ၊ အလုပ်တာဝန်တွေက ရှုပ်လို့' 'ဘယ်တော့ လုပ်မှာလဲဗျ' 'ဒီလိုပေါ့ဗျာ၊ အလုပ်က အငြိမ်းစားယူခါတော့လည်း လုပ်နိုင်လိမ့်မယ်လို့ ထင်တာပဲ' ဒါတောင် မသေချာသေးဘူး၊ ထင်တာပသေး၊ လောလောဆယ် ဘယ်နားမှာ ဘယ်လို ကုသိုလ် ရနိုင်တယ်ဆိုတာ ဉာဏ်မရှိလို့ လာဘ်မမြင်တော့ ကုသိုလ်ဟာ သီးသန့်လုပ်ရတယ်ထင်ပြီး နောက်ပို့နေတာ။

## ■ ပစ္စည်းကိုသာ၊ ရအောင်ရှာ၍၊ ကင်းကွာတရား၊ ထိုလူများ၊ စွမ်းအားမစုံကြ။

ပစ္စည်းတော့ ရအောင်ရှာနိုင်တယ်။ ကောင်းမှုတရားတော့ ရအောင်မရှာတတ်။ ဒီလိုဆို လူ့စွမ်းအား တစ်ဝက်တောင် မကုန်သေးဘူး။ လူ့စွမ်းရည်တွေ အများကြီး ကျန်နေသေးတယ်။ ဘာလုပ်ဖို့ ချန်ထားတာလဲ။ စွမ်းအားမစုံတော့ ရှိသမျှ ထမ်းထားရမယ်။

## ■ အရှိကနိုင်၊ အသိယိုင်၊ ဝေးမှိုင်ထမ်းထားရ။

ကုသိုလ်ယူတတ်တဲ့ ဉာဏ်မရှိတော့ လောလောဆယ် သူ့အထုပ်တွေဟာ ထမ်းထားရုံပဲ။ မွန်းကြပ်နေအောင် ထမ်းနေရတဲ့ အထမ်းသမားဘဝနဲ့ တစ်ဘဝ ကုန်သွားမယ်။ အရှိက လူကို နိုင်သွားလို့ အထမ်းသမား ဖြစ်နေရတာ။ အရှိအောက်မှာ ပြားပြားဝပ် မွန်းကြပ်ပူလောင်နေရမယ်။

ကုသိုလ်အလုပ်ခိုင်းရင် 'မအားဘူးဗျ၊ အလုပ်တွေရှုပ်တယ်ဗျ' ဆိုတဲ့ စကားမျိုးဟာ အထမ်းသမား ပြောတဲ့စကား။ သူလည်း လူအားမစုံဘူး။ လူ့စွမ်းအားကို ပြည့်စုံအောင် မဖော်ထုတ်နိုင်သေးဘူး။ တရားစွမ်းအား တစ်ခုမှ ရအောင်မယူနိုင်ဘဲ တစ်ဘဝကုန်သွားမှာပဲ။

လောကအတတ်ပညာ တတ်ရုံလောက်နဲ့ လူအားက မစုံသေးဘူး။ လောကအတတ်ပညာ ဆိုတာ လောက ခိုင်းတာလုပ်ဖို့ သင်တာ။ လောကကို အနိုင်ယူပုံ နည်းစနစ်မဟုတ်ဘူး။ လောကကို အနိုင်ယူနိုင်မှ အရှိကိုနိုင်အောင် လွှမ်းမိုးနိုင်မှ တရားဆိုတဲ့အားက ရနိုင်တာ။ အရှိက လူ့အသိကို နိုင်နေရင် ရှိရက်သားနဲ့ ရနိုင်ပါရက်သားနဲ့ ဘာတစ်ခုမှ ရအောင် မယူတတ်ဘူး။ အထမ်းသမားရဲ့ စားဝတ်နေရေးက ကုန်ရင် ကျသွားတယ်။ ကုန်တဲ့နောက်က အရ မလာတော့ဘူး။ ကျသွားတယ်။

ကိုယ့်ကိုကိုယ်ကျွေးတာ မိသားစုကိုကျွေးတာ ကုသိုလ်ရအောင် မကျွေးတတ်ဘူး။ ကုသိုလ်ရစရာ ပေါပါရက်သားနဲ့ ဉာဏ်မရှိလို့ ရအောင်မယူတတ်ဘူး။ သူ့မိသားစုတာဝန် ထမ်းဆောင်တဲ့အခါ အသံလေး နားထောင်ကြည့်။ 'ကျွန်တော်၊ ကျွန်မတို့အိမ်က မိသားစုတွေများတော့ စားအိုးကြီးတယ်၊ တစ်နေ့တစ်နေ့ ဆန်တို့ ဟင်းတို့ ဘယ်လောက်ချက်မှ လောက်တာ၊ ကလေးတွေ ကျောင်းထားရတဲ့ ကျောင်းစရိတ်ကလည်း မသက်သာလှဘူး၊ ရတာက ဘယ်လောက်ပဲရတာ၊ အကုန်အကျက သိပ်များ၊ ဘယ်လိုလုပ် တတ်နိုင်တော့မလဲ၊ တော်တော် စိတ်ညစ်ဖို့ကောင်းတယ်' အဲဒါ အထမ်းသမားရဲ့ စကား။

ကိုယ့်အထုပ်ထဲဖြေကြည့်ရင် အားကိုးရမယ့် တရားတွေအများကြီးပါနေတယ်ဆိုတာ ဘာမှ မသိတော့ အထုပ်ကိုဖြေမကြည့်ဖြစ်ဘူး။ ထမ်းရုံလေးနဲ့ ပြီးနေတော့တာ။

နေ့စဉ် အပင်ပန်းခံကျွေးထားရတဲ့ ငါ့ခန္ဓာ အထုပ်ထဲမှာ အားကိုးရမယ့် တရားတွေ ဘယ်လောက် ပါသလဲ။ နေ့စဉ် အပင်ပန်းခံ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေထဲမှာ ငါ့ကို အာမခံ တာဝန်ယူမယ့် တရားတွေ ဘယ်လောက်ပါသလဲ။ နေ့စဉ် ရှာဖွေကျွေးနေရတဲ့ မိသားစုတွေ အကြောင်းပြုပြီး အားကိုးရမယ့် တရားစွမ်းအားတွေ ဘယ်လောက်တောင်ရသလဲ။ တရားပိုင်းဆိုင်ရာ အသိဉာဏ် မရှိတော့ ဘာမှမသိ၊ အထုပ်ထမ်းထားရုံပဲ။

အထမ်းသမားက အထုပ်ထမ်းခလောက်တော့ ရတယ်။ တစ်နေ့ နှစ်ထပ် မှန်မှန်စားရတယ်။ ဝတ်စရာ၊ နေစရာတွေရတယ်။ လူ့အသုံးအဆောင်တွေရတယ်။ ဒါပေမယ့် ခန္ဓာက အိုထုပ်၊ နာထုပ်၊ သေထုပ်ဆိုတော့ ကိုယ့်ကို အာမလည်း မခံ၊ တာဝန်လည်း မယူဘူး။ တစ်စတစ်စ အိုနေတယ်။ နာနေတယ်။ အပူတွေနဲ့ချည်း အချိန်ကုန်နေတယ်။

သူ့အရှိတွေက လူ့အပေါ်ရောက်နေတော့ မလှုပ်နိုင်အောင် လူကို ဖိထားတော့တာ။ မွန်းကြပ်နေအောင် ဖိထားတော့ ဒါနထွက်ပေါက်လည်း မရှိဘူး။ သီလထွက်ပေါက်လည်း မရှိဘူး။ ဖိထားလို့ အပေါက်ပိတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com


သမထ၊ ဝိပဿနာ၊ ဘာဝနာပေါက်တော့ မရှာနဲ့တော့။ တွေ့ကို မတွေ့တော့တာ။ ဖိထားတော့ မှွန်းကြပ်နေတယ်။ သူလည်း လူအားမရှိဘူး။ လူအားတွေ ပျက်နေတယ်။ ဘဝ အရှုံးသမား ဆိုရမှာပေါ့။

## ဉာဏ်ပညာများမှ လူအား

တတိယလူက 'လူအား' ရှိတယ်။ လူအားဆိုတာ မျက်စိနှစ်လုံးပါတဲ့လူကိုပြောတာ။

■ **ပစ္စည်း၊ တရား၊ နှစ်ပါးလုံးပင်၊ ရနိုင်လျှင်၊ အမြင်ပြည့်စုံကြ။**

ပစ္စည်းရအောင်ရှာနိုင်တဲ့ လောက အသိပညာလည်း လုံလောက်တယ်။ တရားတဲ့နည်းလမ်းနဲ့ စီးပွားဥစ္စာ ရအောင် ရှာတတ်တယ်။ စီးပွားရေးလာဘ် တကယ်မြင်တယ်။ တရားပိုင်းဆိုင်ရာ အသိပညာလည်းရှိတယ်။ ထေရဝါဒဗုဒ္ဓသာသနာရှိတဲ့တိုင်းပြည်၊ ရတနာသုံးပါး ရေခံမြေခံ အလွန်ကောင်းတဲ့ တိုင်းပြည်မှာ နေရတဲ့လူတွေ ကောင်းမှုတရားရဖို့ ဘာမှမခက်ခဲဘူး။ ကုသိုလ်ရှာတတ်ရင် ပိုက်ဆံရှာရတာထက်တောင် လွယ်သေးတယ်။ နေ့စဉ် လုပ်နေကျ စားဝတ်နေရေးထဲမှာပဲ ကုသိုလ်က ပါဝင်နိုင်တာကိုး။

ကောင်းမှုဟာ ဘဝရဲ့ အဓိကရလဒ်ဆိုတော့ ကောင်းမှုပါရအောင်ယူနိုင်တဲ့ အသိဉာဏ်ရှိမှ တကယ်စွမ်းတဲ့ 'လူအား' ပေါ်လာမယ်။ တရားအသိဉာဏ်ပါရှိမှ မြုပ်နေတဲ့ 'လူအား' တွေ ပေါ်အောင် ဖော်ထုတ်နိုင်မယ်။ ဒါမှလည်း လူ့ဘဝ အဓိပ္ပာယ် ရှိမှာပေါ့။

တိုင်းပြည် တည်ဆောက်တော့လည်း လူအားနဲ့ တည်ဆောက်ရတယ်။ လူအားနဲ့ပဲ စောင့်ရှောက် ထိန်းသိမ်း ဆောင်ရွက်ကြရတာ။ လူအားပျော့ရင် လျော့သွားတတ်တယ်။ လျောကျသွားတတ်တယ်။ လူအားမြင့်မှ တိုင်းပြည် တိုးတက်နိုင်တယ်။ လောကထဲမှာ 'လူအား' ဟာ ပဓာန အကျဆုံးပဲ။ 'လူအား' နဲ့ မနိုင်ရင် စက်အားကို သုံးရပေမယ့် 'လူအား' မပါဘဲ စက်ကြီးတွေက အလိုအလျောက် ဘာမှ လုပ်မပေးနိုင်ကြပါဘူး။ 'လူအား' ကူမှ စက်အားပေါ်ပြီး စက်ကြီးတွေ အလုပ်လုပ်နိုင်တာ။ စက်အားကို 'လူအား' နဲ့ ထိန်းချုပ်ထားရတာ။

မော်တော်ယာဉ်တွေ၊ မီးရထားတွေ၊ သင်္ဘောတွေ၊ လေယာဉ်ပျံတွေ၊ စက်ရုံကြီးတွေ စက်အား အလွန်ကောင်းကြပေမယ့် 'လူအား' နဲ့ ကူညီထိန်းချုပ်ပေးနိုင်မှ လူတွေအတွက် နည်းမှန်လမ်းမှန် ကောင်းကျိုး ပြုနိုင်တာပါ။ 'လူအား' ကူမှ စက်အားကောင်းနိုင်တာပါ။ ဆင်ကြီးတွေ အားကောင်းပေမယ့် 'လူအား' မပါဘဲ ဆင်အားတွေ နည်းမှန်လမ်းမှန် ပေါ်မလာနိုင်ပါဘူး။ လူက တုတ်ပြ၊ လှံပြ၊ ချွန်းအုပ်၊ အလုပ်ခိုင်းပေးနိုင်မှ ဆင်ကြီးတွေ ဆင်အားနဲ့ အလုပ်လုပ်နိုင်ကြတယ်။

အခြား သက်မဲ့သက်ရှိအရာတွေလည်း ဘယ်ဟာတွေ ဘယ်လောက် အားကောင်းတယ် ပြောပြော 'လူအား' ကူပေးမှပဲ နည်းမှန်လမ်းမှန် အားကောင်းနိုင်ကြတာပါ။ နတ်ပြဟ္မာအားတွေတောင်မှ 'လူအား' နဲ့ ရသွားကြတာချည်းပဲ။ 'လူအား' နဲ့ပဲ အထက်ကို တက်ကြရတာ။

လောကထဲမှာ 'လူအား' သာ ပဓာနပဲ။ လောကမှာ ဆုတ်ကပ်တက်ကပ်ကို လူတွေလုပ်တာ။ လူအားပျက်တော့ ဆုတ်ကပ်၊ လူ့သက်တမ်းတိုတယ်။ လူအားတက်တော့ တက်ကပ်၊ လူ့သက်တမ်း ရှည်တယ်။ ကုသိုလ်လုပ်တော့လည်း 'လူအား' နဲ့ပဲ လုပ်ရတာ။ 'ကုသိုလ်ကို ဘယ်သူလုပ်သလဲ' 'လူအားတွေလုပ်တယ်' စကားအနေနဲ့ ဒီလိုပြောရမှာပေါ့။ လူအားတွေဆိုတာ အလုပ်မရှိလို့ အားလပ်တာ ပြောတာမဟုတ်ဘူး။ ကုသိုလ်လုပ်နိုင်လောက်အောင် 'အားပြည့်တဲ့လူ' လို့ ပြောတာ။ အားပြည့်လောက်အောင် အသိဉာဏ်လည်း ရှိရမယ်ပေါ့။

'ဒါန ဘယ်သူလုပ်သလဲ'

'လူအားတွေ လုပ်တယ်'

'သီလ ဘယ်သူကျင့်သုံးသလဲ'

'လူအားတွေ ကျင့်သုံးတယ်'

အားရှိတဲ့လူတွေ လုပ်နိုင်တယ်ပေါ့။

'မအားတဲ့လူတွေ မလုပ်နိုင်ဘူး'



www.burmeseclassic.com

www.burmeseclassic.com


မအားတဲ့လူဆိုတာ မအားလပ်တာ ပြောတာမဟုတ်ဘူး။ အားမရှိတာကို ပြောတာ။

'ဘာဝနာ ဘယ်သူတွေပွားကြသလဲ'

'လူအားတွေ ပွားကြတယ်၊ မအားတဲ့ လူတွေ မပွားနိုင်ကြဘူး'

စကားအနေနဲ့ပြောလိုက်တော့ ကြားရ နားထောင်ရတာတစ်မျိုးပေါ့။ ဆိုလိုတာက ဘာဝနာ ပွားနိုင်လောက်အောင် အားရှိသူများ၊ တရားစွမ်းအားရအောင်ယူနိုင်တဲ့ အသိဉာဏ်ရှိသူများသာ ပွားနိုင်ကြတယ်။ အားမရှိတဲ့လူတွေ မပွားနိုင်ကြဘူးလို့ ပြောလိုတာပါ။

## လူ့သားအနှစ် တရားစစ်

လူသားရဲ့အနှစ်ဟာ နောက်ဆုံးတရား တစ်ခုတည်းပဲ။ လူ့ဘဝရဲ့အနှစ်ချုပ်ဆိုတာ ကောင်းမှုတစ်ခုတည်းရယ်၊ ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ဘာသာပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်၊ လူမှန်ရင် အတူတူပဲ။ ကုသိုလ်မှ ရအောင်မယူနိုင်ရင် လူ့ဘဝအနှစ်မရှိဘူး။

မိမိတို့ အစမထင် သံသရာကစ ယနေ့ထိ ကောင်းမှုဆိုတဲ့ကံတရားနဲ့ အားယူလာခဲ့ကြရတာ။ ကောင်းမှုအား သာလွန်မှ အထက်ကို တက်နိုင်ခွင့်ရကြတယ်။ ကောင်းမှုအား ပျော့ညံ့လို့ မကောင်းမှုအားတင်းမာ သာလွန်သွားရင် အောက်ကို ပြန်ဆင်းကြရပြန်တယ်။ တကယ်တော့ တက်ရတာနဲ့ ဆင်းရတာယှဉ်ကြည့်ရင် ဆင်းရတာက ပိုများပါတယ်။ ပုထုဇဉ်ဆိုတာ စိတ်နိုင်တာနဲ့ စိတ်မနိုင်တာ ယှဉ်ကြည့်ရင် စိတ်မနိုင်တာက များတာကိုး။

ကောင်းမှုကို ဘဝရဲ့နောက်ဆုံးလက်ကျန်ပစ္စည်းလို့လည်းခေါ်တယ်။ ကောင်းမှုမှ မကျန်ရင်လည်း အားကိုးစရာ လုံးဝ ရှိမှာမှ မဟုတ်တော့ဘဲ။ ဘဝရဲ့အနှစ်ချုပ်လို့လည်းခေါ်တယ်။ ဘဝရဲ့ လုပ်ခရလဒ်လို့လည်းခေါ်တယ်။ အလုပ်တစ်ခု လုပ်ရင် လောကအဖိုးအခ လုပ်ခရတတ်တယ်။ ဒီရတဲ့ လုပ်ခက မကြာခင် သုံးရင်ကုန်သွားမယ်။ ကုန်သွားမယ့် လုပ်ခလောက်နဲ့ လူ့လုပ်ခတန်ပြီလို့ မဆိုနိုင်သေးဘူး။ မကုန်နိုင်တဲ့လုပ်ခကိုပါ ယူတတ်ဖို့ လိုသေးတယ်။ လူ့ဘဝ လုပ်ခရလဒ်က အဓိက ကတော့ ကောင်းမှုတရားပဲ။

ဒါနရနိုင်တဲ့နေရာမှာ ဒါနရနိုင်လောက်အောင် အသိဉာဏ်ရှိရမယ်။ ဝေယျာဝစ္စသီလ ရနိုင်တဲ့နေရာမှာ ဝေယျာဝစ္စသီလ လိမ္မာပါးနပ်ကျွမ်းကျင်စွာ ယူတတ်ရမယ်။ မေတ္တာစတဲ့ သမာဓိစွမ်းအား ရနိုင်တဲ့နေရာမှာ သမာဓိစွမ်းအား ကျွမ်းကျင်စွာယူတတ်ရမယ်။ ဝိပဿနာစွမ်းအားရနိုင်တဲ့နေရာမှာ ဝိပဿနာစွမ်းအား ကျွမ်းကျင်စွာ ယူတတ်ရမယ်။ ဒီလိုယူတတ်မှ လူ့အား၊ လူ့စွမ်းအား။

ကျွမ်းကျင်တဲ့ ဉာဏ်ရှိသူ၊ သတိအမြဲ ကိုင်ထားသူအတွက် ဝိပဿနာစွမ်းအားက မရှားပါဘူး။ အလုပ်တိုင်း၊ နေရာတိုင်း၊ အခါတိုင်း ရနိုင်ပါတယ်။ ရနိုင်တာကိုတော့ လိမ္မာပါးနပ်စွာ ယူထားမှဖြစ်မယ်။ လူ့ဘဝ လက်ကျန်ပစ္စည်းက ဒါပဲရှိတာကိုး။ ပစ္စည်းဥစ္စာကို နောက်ဆုံး လက်ကျန်ပစ္စည်း လုပ်လို့မရဘူး။ ကုန်ကုန်သွားတယ်။ ဆွေမျိုးကို နောက်ဆုံးလက်ကျန် လုပ်လို့လည်း မရဘူး။ အချိန်စေ့ရင် ခွဲကြရတာ။ ဘယ်တော့မှ မခွဲရတဲ့ လက်ကျန်ပစ္စည်းက တရားပဲရှိတာ။

တရားသိလို့ တရားရှိတဲ့လူဟာ ပစ္စုပ္ပန်မှာ နေတတ်တယ်။ တစ်ယောက်တည်း နေရဲတယ်။ နေတတ်တယ်။ ဘဝကူး ပြဿနာအားလုံး ပြေလည်တယ်။ ပစ္စုပ္ပန်သေချာတော့ နောင်ရေး အကုန် စိတ်အေး ရပြီးသား။ တကယ် စိတ်အေးစေတဲ့ လူ့သားအနှစ်က တရားစစ်ပဲ။

## ဒါပဲရှာနိုင်တော့ ဒါပဲပေါ်မှာပေါ့

တစ်ချို့နိုင်ငံတွေမှာ ပစ္စည်းတွေအလွန် ပေါများကြွယ်ဝနေအောင် ရှာဖွေ စုဆောင်းနေကြတယ်။ ပိုက်ဆံပစ္စည်းတွေ ပေါများနေတဲ့ သူတို့ကို ဘေးကလူတွေက 'လူချမ်းသာတွေ' လို့ သမုတ်ကြတယ်။ ပိုက်ဆံပစ္စည်းကို ကြည့်သမုတ်ကြတာ။ သူတို့မှာ ရှာစရာ ပိုက်ဆံပဲရှိတယ်။ ကုသိုလ်ရှာပုံ နည်းစနစ်မသိလို့ ပိုက်ဆံပစ္စည်းလောက်ပဲ ရှာတတ်တော့ ပိုက်ဆံပစ္စည်းပဲ ပေါမှာပေါ့။

'ဒီအချိန်က ဒါနကွဲ့၊ ဒါနမလုပ်လို့ မဖြစ်ဘူး၊ ကိုယ့်အတွက် ရိက္ခာလိုတယ်၊ ရိက္ခာတောင့်မှ သီလစောင့်နိုင်မယ်၊ တရားကျင့်နိုင်မယ်၊ သူချမ်းသာဖို့လည်း ဝေငှကူညီရမယ်၊ ဒီအချိန်က သီလကွဲ့၊ သီလ


www.burmeseclassic.com

www.burmeseclassic.com


ဆောက်တည်ရမယ့် အချိန်ကွဲ့၊ သီလ မပြည့်လို့ မဖြစ်ဘူး၊ သီလဟာ ဘဝအလှ၊ လူ့အလှပဲ၊ သီလခြံမှ ဘဝလုံမယ်၊ သီလအခြေခံ တောင့်တင်းမှ အထက်တရားကို တက်နိုင်မှာ၊ ဒီအချိန်က သမာဓိကွဲ့၊ သမာဓိ မပွားလို့ မဖြစ်ပါဘူးကွာ၊ မပွားရင် အာရုံ အနိုင်ကျင့်ခံရမှာ၊ စိတ်စွမ်းအား တည်ဆောက်လို့မရဘဲ ပြိုကျကုန်မှာ၊ ဒီအချိန်က ဝိပဿနာကွဲ့၊ သောကပရိဒေဝစတဲ့ လူ့အပူတွေငြိမ်းစေနိုင်တာက ဝိပဿနာပဲရှိတာ၊ ဝိပဿနာ မပွားရင် အာရုံဖိစီးမှု ဒုက္ခအောက်မှာ ပြားပြားဝပ်နေရမယ်၊ ဉာဏ်တွေ ပိတ်ဆို့ကုန်မယ်၊ မလုပ်လို့ မဖြစ်ပါဘူး'၊ အဲဒီ အသိမျိုး မရှိရင်တော့ တစ်ဖက်မြင် တစ်ဖက်ကန်းတဲ့ ဧကစက္ခုပဲ ဖြစ်မယ်။ သူတို့ကို 'ချမ်းသာတယ်'လို့ သမုတ်ပေမယ့် ခုနက ပြောတဲ့ လူသုံးမျိုးထဲမှာ အထမ်းသမားအဆင့်ပါ။ ရှာလိုက် ရလိုက် ကုန်လိုက်, ရှာလိုက် ရလိုက် ကုန်လိုက်ဆိုတဲ့ အထမ်းသမားဘဝနဲ့ပဲ အချိန်ကုန်နေကြတာ။

ပစ္စည်းတစ်ခုပဲရှာတတ်လို့ ပစ္စည်းတစ်ခုပဲ ဖိရှာ၊ ပစ္စည်းပဲရှာတော့ ပစ္စည်းပဲပေါ၊ ပေါပေမယ့် အရှိကို နိုင်တဲ့အသိမရှိရင်၊ အရှိအောက် အသိက ရောက်သွားရင် ခုနပြောတဲ့ အထမ်းသမားပဲ ဖြစ်မှာပဲ။ တရား လမ်းညွှန်သူနှင့်မတွေ့ရလို့ တရားအသိ လက်မဦးရင် အထမ်းသမားဘဝကနေ နောက်တော့ အရမ်းသမား ဖြစ်သွားတတ်ကြတယ်လေ။

အပူထိန်းနည်း, အပူငြိမ်းနည်းကို မသိလို့ အပူဝင်လာတော့ အပူကိုနိုင်အောင် မထိန်းချုပ်နိုင်၊ အပူငြိမ်းအောင်နှိပ်တဲ့ စိတ်ခလုတ်ကိုလည်း မသိ၊ ခလုတ်ကို မကိုင်တွယ်တတ်၊ မနှိပ်တတ်၊ ရုပ်ပိုင်းဆိုင်ရာ ခလုတ်တော့ သူတို့ သိပ်ကျွမ်းကျင်ကြတယ်။

သာသနာနှင့် မတွေ့ရလို့ စိတ်ပိုင်းဆိုင်ရာခလုတ်ကို ဘာမှမသိ၊ ဒါကြောင့် ကိုယ့်အပူကို ကိုယ်မနိုင်တော့ နိုင်ငံခြားက လူတစ်ချို့ တိုက်အမြင့်ကြီးတွေပေါ်တက် ခုန်ချသတ်သေ ကြတာတွေ၊ အဆိပ်သောက် သတ်သေ ကြတာတွေ နိုင်ငံခြားမှာ တယ်ပေါတယ် ဆိုပါလားဗျ။ ထမ်းရာက မနိုင်တော့ ရမ်းရတော့တာပေါ့ဗျာ။ ကမ္ဘာမှာ မူးယစ်ထုံထိုင်းဆေးတွေ ဈေးကောင်းနေရတာဟာလည်း အထမ်းသမားတွေ အထုပ်မနိုင်လို့ ရမ်းသွားကြတာ ကြောင့်ပဲ ဖြစ်မှာပါဗျာ။

## လူ့ချမ်းသာကို အလုပ်နဲ့တိုင်းတာတယ်

လောကလူသား အထမ်းသမားတွေက လူ့ချမ်းသာကို အထုပ်နဲ့တိုင်းတာကြတယ်။ ဒေါ်လာ သန်းချီပြီး ပစ္စည်းထုပ်၊ ငွေထုပ်ကြီးတွေ များများပြနိုင်ရင် လူချမ်းသာလို့ သမုတ်ကြတယ်။ အထုပ်ကို နိုင်တဲ့ အသိမရှိရင် အထုပ်ပိပြီး ဒုက္ခရောက်တတ်တာကို ထည့်မတွက်မိတတ်ဘူး။ အထုပ်ကို မနိုင်ရင် ရှိဒုက္ခဟာ မရှိဒုက္ခထက် ပိုပြီး အခံရခက်တတ်ပါတယ်။ ပစ္စည်းပေါလွန်းလို့ ချောင်လည်လွန်းရင် ဘဝခန္ဓာကို မသုံးဖြစ်ဘဲ မေ့နေတတ်တယ်။

ပစ္စည်းဥစ္စာဆိုတာ လူ့ဘဝရဲ့အနှစ် မဟုတ်သေးပဲ လူ့ဘဝအနှစ် ကောင်းမှုတရားရဲ့ အထောက်အကူ မျှသာ ဖြစ်ပါသေးတယ်။ ပစ္စည်းကို ဉာဏ်နဲ့အားယူပြီး ကောင်းမှုတရား ပေါ်လာအောင် ဖော်ထုတ်တတ်ဖို့ အရေးကြီးပါတယ်။

ဓမ္မလူသား အစွမ်းသမားတွေကတော့ လူ့ချမ်းသာကိုအလုပ်နဲ့ပဲ သတ်မှတ်ကြပါတယ်။ အထုပ် ပေါများ ရုံလောက်နဲ့ လူ့ချမ်းသာလို့ မသတ်မှတ်ကြသေးပါဘူး။ ကောင်းမှုစွမ်းအားပေါ်အောင် အထုပ်ကို ဉာဏ်နဲ့ ထိုးဖောက် အနိုင်ယူနိုင်တဲ့ အလုပ်ပေါ်လာမှ ချမ်းသာကို အတည်ပြု လက်ခံကြတယ်။ အထုပ် မများရင်တောင်မှ လုပ်အားကောင်းရင် ချမ်းသာကို ရယူနိုင်ကြတယ်။

နိုင်ငံခြားက တစ်ချို့လူတွေ မြန်မာကို 'ဆင်းရဲတယ်' လို့ ပြောကြတာက သူတို့လို အထုပ်ကြီးတွေ မပြနိုင်လို့ အထုပ်ကို ကြည့်ပြောတာ ဖြစ်ပါလိမ့်မယ်။ တစ်ချို့နိုင်ငံခြားသားတွေကျပြန်တော့ မြန်မာကို 'ကမ္ဘာ့အချမ်းသာဆုံးလူ' လို့ ပြောကြပြန်တယ်။ စိတ်ချမ်းသာအောင် ဖန်တီးနိုင်တဲ့ အလုပ်ကို ကြည့်ပြောတာ ဖြစ်ပါလိမ့်မယ်။ ထုပ်ထားတဲ့ပစ္စည်းထုပ်တွေ သူတို့လောက်မကြီးပေမယ့် ချမ်းသာအောင် ဖန်တီးနိုင်တဲ့ လုပ်အားက သူတို့ထက် အဆပေါင်းများစွာ သာလွန်နေတာကိုး။ သက်န်း၊ သပိတ်၊ ပရိက္ခရာလောက်နဲ့ တောထဲ ထွက်ပြီး တရားကျင့်နေတဲ့ ယောဂီရဟန်းကို လောကလူသားတွေမြင်သွားရင် 'အဆင်းရဲဆုံးလူ' လို့ ပြောချင် ပြောမှာ၊ အထုပ်မှမရှိဘဲကိုး။ ဓမ္မလူသား မြင်သွားရင်တော့ 'အချမ်းသာဆုံးလူ' လို့ ပြောမှာ ဧကန်ပဲ။ အလုပ်ရှိနေတာကိုး။


www.burmeseclassic.com

www.burmeseclassic.com


'မြန်မာတွေဟာ ငါတို့နှင့်စာရင် ပစ္စည်းထုပ်ကြီးကြီးတွေ မရှိပါပဲနဲ့ ဘယ်လိုများ စိတ်ချမ်းသာအောင် နေကြပါလိမ့်မလဲ။ လူတွေကြည့်တော့လည်း အများအားဖြင့် အေးအေးမြမြ ရွှင်ရွှင်ပြုံးပြုံးနဲ့၊ သဘာဝ ဘေးရန်ခပ်များများကလည်း မြန်မာကို ကျော်ကျော်သွားနေကြတယ်၊ ဘယ်လိုပါ လိမ့်' လို့ စုပ်တစ်သပ်သပ်နဲ့ အံ့သြနေကြတယ်ဆိုပဲ။

သာသနာနှင့် တကယ်တွေ့နေရတဲ့ မြန်မာတွေဟာ ရှိတာနဲ့ တင်းတိမ်ရောင့်ရဲကျေနပ်ပြီး အေးမြတဲ့နှလုံးနဲ့ ရွှင်ပြုံးစွာ နေတတ်ကြတယ်။ တရားနဲ့ အညီတတ်တော့ အသိကပ်ပြီး အေးချမ်းအောင် နေတတ်တာပေါ့။ မြန်မာတိုင်းတော့ မဟုတ်သေးပါဘူး။ သာသနာနှင့် တကယ် ထိထိခိုက်ခိုက် မတွေ့ရသေးတဲ့ မြန်မာတွေ အများကြီး ကျန်နေကြပါသေးတယ်။

နိုင်ငံခြားက လူတွေ အထူးအားဖြင့် အနောက်ဥရောပက လူတွေ မြန်မာပြည် ရောက်လာတဲ့အခါ ပြောကြတယ်။ 'ကမ္ဘာမှာ အချမ်းသာဆုံး လူတွေက ဒီမြေပေါ်မှာ' တဲ့။ အထုပ်ကြည့်ပြောတာ မဟုတ်ဘူး။ အလုပ်ကြည့်ပြောတာ။ အချမ်းသာဆုံးဆိုတာရှိတာနဲ့ ချမ်းသာအောင် နေတတ်တာကို ပြောတာ။

'ဒီလူတွေဟာ ဘာနှင့်တွေ့တွေ့အရှိနဲ့ ချမ်းသာအောင် တကယ်နေတတ်တဲ့ လူတွေပဲ၊ ပိုအံ့သြစရာ ကောင်းတာက သာသနာကို အနီးကပ်စောင့်ရှောက်နေတဲ့ သံဃာထုကြီးကို စားဝတ်နေရေး ကျန်းမာရေးအတွက် အကုန် တာဝန်ယူထားတာ၊ အဲဒါ လူဆင်းရဲတွေရဲ့ အလုပ်မဟုတ်ဘူး၊ လူချမ်းသာတွေရဲ့ အလုပ်၊ အဲဒါ လူစွမ်းကောင်းတွေရဲ့ အလုပ်၊ ဘာနှင့်တွေ့တွေ့ သူတို့ချမ်းသာအောင် တကယ်နေတတ်ပါလား' တဲ့။ နိုင်ငံခြားက လူချမ်းသာ သမုတ်ခံရတဲ့လူတွေ ပြောတဲ့စကားပဲ။ အရှိကိုနိုင်တဲ့ တရားအသိ ရှိတယ်ပေါ့။ ဘုရားသွားလိုက်၊ ကျောင်းသွားလိုက်၊ အလှူတွေလုပ်၊ ကုသိုလ်တွေလုပ် သာသနာကို လူအားနဲ့ စောင့်ရှောက်နေကြတယ်။ သဒ္ဓါ၊ မေတ္တာ၊ သမ္မာဒိဋ္ဌိပညာ ပေါ်တော့ သာသနာမပျောက်အောင် စောင့်ရှောက်ထားနိုင်တဲ့ လူအားရှိတယ်။ ကိုယ့်သန္တာန်မှာ တကယ်ရနိုင်တဲ့ လူ့တရားကို 'လူအား' နဲ့ ဖော်ထုတ်နိုင်တယ်။

## အရှိကနိုင်ရင် ထမ်းထား အရှိကိုနိုင်တော့ စွမ်းအား

ဗုဒ္ဓသာသနာနှင့် တကယ်တွေ့ရသူဟာ အရှိကို တကယ်နိုင်တဲ့အသိတွေ ရထားကြတယ်။ ဒါကြောင့် စိတ်ကြံခိုင်တယ်။ ဘဝအနှစ် စွမ်းအားပိုင်အောင် အရယူနိုင်တယ်။သူက ဘာပဲကြည့်ကြည့် ကုသိုလ် ထုပ်တွေချည်း မြင်နေတော့တာပဲ။ ဒါကြောင့် -

- အရှိကိုနိုင်၊ အသိပိုင်၊ ကြံခိုင်စွမ်းအားရ။

အရှိကို အသိကနိုင်တော့ စွမ်းအားရှင် ဖြစ်သွားတယ်။ ရှိတာကို နိုင်မှ တကယ့် 'လူအား'ပဲ။ သူရဲ့ စားဝတ်နေရေးဟာ ဘယ်တော့မှ ကုန်ကျ မဟုတ်တော့ဘူး။ ကုန်ရင် ပြန်ပြန်ရတဲ့ ကုန်ရချည်းပဲ။

'ငါ့ခန္ဓာကို သီလ၊ သမာဓိ၊ ဝိပဿနာ ပုံစံနဲ့ ကျွေးလိုက်ရဦးမယ်' ဆိုပြီး ကျွေးလိုက်တယ်။ ကျွေးလိုက်တာတော့ ဘယ်နှစ်ထောင်ဖိုး ဘယ်နှစ်ရာဖိုးလို့ ကျွေးလိုက်တာပဲ။ ပြီးသွားတာနဲ့ ရတာက အများကြီးဆိုတော့ ကိုယ့်ကိုကိုယ် ကျေနပ်လိုက်တာ။ 'ဟော့. . . ခန္ဓာ၊ နင့်ကို ရာတန်၊ ထောင်တန်ပဲ ကျွေးနိုင်တာ၊ ဒီလောက်ပဲ တတ်နိုင်တော့ ဒီလောက်ပဲ ကျွေးရတာ၊ နင့်ကို ကျွေးလိုက်လို့ရတာက အများကြီး၊ ခန္ဓာကို သုံးဖို့ ဉာဏ်နဲ့ ဆင်ခြင်ရင်း၊ သီလဖြည့်ရင်း၊ သီလဖြည့်ဖို့ ရည်ရွယ်ရင်း စားလိုက်လို့ သီလတွေ အများကြီးရတယ်'

'မေတ္တာပို့ရင်း၊ စူးစိုက်ရင်း စားလိုက်တာ စားပြီးတာနဲ့ သမာဓိစွမ်းအားတွေ ကျန်နေခဲ့တယ်၊ သိတတ်တာနှင့် သိစရာလေးတွေကို ဉာဏ်သတိကပ်ကြည့်တော့ ရှေ့က သိတတ်တာနှင့် သိစရာလေးတွေ သိသိပြီးရင် ကုန်ကုန်ပျောက်ပျောက်သွားကြ၊ နောက်နောက် သိတတ်တာနှင့် သိစရာတွေ ထပ်ထပ်ပေါ်လာကြ၊ ပထမ ထမင်းလုတ်မှာ သိတတ်တဲ့ အသိစိတ်နှင့် သိစရာ ရုပ်တရား ထမင်းလုတ်ကလေးတွေ ဒုတိယ ထမင်းလုတ် ပါမလာကြတော့ဘူး။ ပထမ ထမင်းလုတ်တင်ပဲ ကုန်သွားကြပြီ။ ပထမ ထမင်းလုတ် မရှိတော့လို့ ဒုတိယ ထမင်းလုတ် ပေါ်လာတာပဲလို့ ရှုမှတ်စားလိုက်တာ ဝိပဿနာ အခြေခံအသိတွေ အများကြီး ကျန်နေခဲ့တယ်။ နင့်ကို ကျွေးရတာ ကျွေးရကျိုးနပ်တယ်။ အမြတ်တွေ အများကြီးကျန်တယ်'

ဒီစွမ်းအားမျိုးက အသိဉာဏ်ရှိသူတိုင်း ရနိုင်တယ်။ အားချိန်လည်း လုံးဝမတောင်းဘူး။ ပိုက်ဆံလည်း တစ်ပြားမှ မတောင်းဘူး။ အသိပဲတောင်းတာ။ အသိကို သတိထဲသိုမှီးထားတယ်။ နှစ်ဖက်မြင်ပုဂ္ဂိုလ်မှာ


www.burmeseclassic.com

www.burmeseclassic.com


ကုသိုလ်ရဖို့ မခက်ခဲဘူး။ ကုသိုလ်မရှားဘူး။ မိသားစုတွေ နေ့စဉ် ကျွေးတော့လည်း ဒီအတိုင်းပဲ။ ကုန်ကျ မဖြစ်ဘူး။ ကုန်ရင် 'လူအား' ပြန်ရတဲ့ ကုန်ရချည်းပဲ ဖြစ်သွားတယ်။ အရှိက အသိကိုနိုင်ရင် ထမ်းထားရပေမယ့် အရှိကို အသိကနိုင်တော့လည်း စွမ်းအားတွေချည်းပါ။

## နိုင်ငံခြားက နတ်ပြည် မြန်မာက လူ့ပြည်

ဒေါ်လာထက်စျေးကောင်းတဲ့ ကမ္ဘာ့အဖိုးအတန်ဆုံးတရားက ဒီမြေပေါ်မှာပဲ လိုသလောက် ရနိုင်တာဖြစ်လို့ မြန်မာ့မြေကို နေရာကောင်း မြေကောင်းလို့ သတ်မှတ်ထားတာ၊ ကံကောင်းမှ ပစ္စည်းဥစ္စာ ရှာလို့ အဆင်ပြေတာကိုး။

တစ်ချို့နိုင်ငံခြားမှာ သွားနေကြတဲ့လူတွေ မြန်မာပြည်ကို ခဏပြန်လာကြတော့ တစ်ချို့လည်း ဘုန်းကြီးအိုကြီးဆီ ရောက်လာတတ်ကြတယ်။ ရောက်လာရင် ဒီကလည်း မေးတတ်တယ်လေ။ 'နတ်ပြည်က ဘယ်နေ့က ဆင်းခဲ့ကြသလဲဗျ၊ လူ့ပြည်မှာ ဘယ်လောက်ကြာအောင် နေကြမလဲဗျ၊ နတ်ပြည်ကို ဘယ်တော့ ပြန်တက်ကြမလဲဗျ၊ လူ့ပြည်ကို ဘာကိစ္စနဲ့ လာခဲ့ကြတာလဲဗျ'

ဒီက ဘုန်းကြီးအိုကြီးက နိုင်ငံခြားတွေ အားလုံးကို နတ်ပြည်လို့ခေါ်လေ့ရှိတယ်။ မြန်မာ့မြေ ကိုတော့ လူ့ပြည်လို့ ခေါ်လေ့ရှိတယ်။ နတ်ပြည်လို့ခေါ်တာက ချမ်းသာကြီးကျယ်လွန်းလို့ခေါ်တာ မဟုတ်ပါဘူး။ ဘဝတွက်ကိန်း မကိုက်တာပါ။ ကောင်းမှုကုသိုလ် မြောက်မြားစွာနဲ့ ယူခဲ့ရတဲ့ လူ့ဘဝကို တစ်ဘဝ ကိစ္စလေးနဲ့ ဖြုန်းပစ်နေကြလို့ အရမ်းနာတယ်။

ဟောဒီ လူ့ပြည်မှာ နေခွင့်ရတဲ့လူတွေကတော့ ကိုယ့်ခြေတစ်လှမ်းကို နိဗ္ဗာန်ထိ အားယူလှမ်းနိုင်တယ်။ ကိုယ့်ထမင်းတစ်လုတ်ကို နိဗ္ဗာန်ထိ အားယူစားတာ။ တစ်ဘဝ အိုစာ၊ နာစာ၊ သေစာ ကျွေးရုံလေးနဲ့ အရှုံး မခံနိုင်ဘူး။ ကိုယ့်စားဝတ်နေရေးကို နိဗ္ဗာန်ထိ အားယူလုပ်တာ။ ကိုယ့် မိသားစုကို နိဗ္ဗာန်ထိ အားယူကျွေးတာ။ သူတို့ကို ကျွေးရ ပေးရတာဟာ တရားစွမ်းအားချည်းပဲ။ ဘာမဆို နိဗ္ဗာန်ထိ အားယူနိုင်တာဖြစ်လို့ ဘဝတွက်ကိန်း ကိုက်တယ်။

ခုန နတ်ပြည်လို့ သမုတ်ခံရတဲ့နေရာမှာ နေတဲ့လူတွေကျတော့ ပစ္စုပ္ပန်စားဝတ်နေရေး ပြေလည်ရင် ပြီးပြီလေဗျာ။ အလွန်အံ့သြစရာကောင်းတဲ့ လူအားများကို တစ်ဘဝကိစ္စလေးနဲ့ ဖြုန်းပစ်နေကြတယ်။ အဲဒီလို ဘဝတွက်ကိန်းမကိုက်တာကြောင့် နတ်ပြည် ခေါ်တာပါ။ ဘဝတွက်ကိန်းကိုက်တာကြောင့် မြန်မာကို လူ့ပြည် ခေါ်တာပါ။

## ကုသိုလ်လိုချင်လို့ လူ့ပြည်ဆင်းခဲ့တာ

'ဘာကိစ္စနဲ့ လူ့ပြည်ဆင်းခဲ့ကြသလဲဗျ' လို့ မေးတော့ တစ်ချို့လည်း အလည်သက်သက် လာကြတာ။ အလည်သက်သက်လာတာတောင်မှ မြန်မာ့မြေကို သူတို့ခြေနဲ့ နင်းမိတာနဲ့ ဘုရားရိပ်၊ တရားရိပ် မေတ္တာရှင်ကြီးတွေရဲ့ အရိပ်ကြောင့် သူတို့စိတ်နှလုံးထဲ အေးချမ်းသွားတယ်ဆိုပဲ။ သူတို့ပြောတာပါ။ တစ်ချို့လည်း ကုသိုလ်ရင်းနှီးမြှုပ်နှံဖို့ လာကြတာဗျ။

'တပည့်တော်တို့က သံဃာအများကြီး ဆွမ်းလောင်းချင်လို့ လာခဲ့တာဘုရား'

'သံဃာအများကြီးဆွမ်းကပ်ချင်လို့ အလှူလုပ်ချင်လို့ လာခဲ့တာဘုရား' တဲ့။

အခု ကလေးမြို့ ပြည်ခိုင်ဖြိုးအဖွဲ့က သံဃာတွေအများကြီး ဆွမ်းကပ်သလိုပေါ့။ သံဃာဆိုတာ ကောင်းမှုမျိုးစေ့ ကြဲချစိုက်ပျိုးရာပဲ။

'ဟိုမှာက စီးပွားရေးအလုပ်တွေနဲ့ လုံးလည်ချာလည်လိုက်နေလို့ မွန်းကြပ် ပူလောင် ပင်ပန်းနေတော့ တစ်နေ့လုံး ကုသိုလ်အတွက် အချိန်မပေးနိုင်ဘူးဘုရား၊ ဒီမှာ ၁၀-ရက်လောက် ရိပ်သာသွား အနားယူပြီး အားရပါးရ ဘာဝနာ ပွားပစ်လိုက်စမ်းမယ်ဆိုပြီးတော့ လာခဲ့တာဘုရား' တဲ့။ ကုသိုလ် ရင်းနှီးမြှုပ်နှံဖို့ ဒီမြန်မာ့မြေ အကောင်းဆုံးဆိုတာ သူတို့ သိတယ်ဗျ။

အကြောင်းအားလျော်စွာ နိုင်ငံခြားသွား နေရပေမယ့် ကုသိုလ် များများစားစား ထက်ထက်မြက်မြက် ပြည့်ပြည့်စုံစုံ လိုချင်ရင် ဟောဒီမြန်မာ့မြေမှာ လာစုကြရတယ်။ လူအား အပြည့်အစုံ လိုချင်ရင် မြန်မာ့မြေ



www.burmeseclassic.com

www.burmeseclassic.com


လာယူကြရတယ်။ ဒေါ်လာတို့၊ ပေါင်စတာလင်တို့ထက် ဈေးအလွန်ကောင်းတဲ့ ကောင်းမှုတရား 'လူအား' တွေက ရတနာ ၃-ပါးနှင့် ထေရဝါဒ ဗုဒ္ဓသာသနာအပြည့်အစုံရှိတဲ့ ဒီမြေပေါ်မှာမှ အပြည့်အစုံ စုဆောင်းလို့ ဖြစ်နိုင်တဲ့အရာတွေ ကိုး။

အများအားဖြင့် ကုသိုလ် ရင်းနှီးမြုပ်နှံဖို့ မြန်မာ့မြေလာကြတာ။ ဒီကနေ ကုသိုလ်လုပ်ပြီး ပြန်သွားရင် ဟိုမှာအလုပ်လုပ်ရတာ တယ်အဆင်ပြေတယ်ဆိုပါလား။ ကံတွေ ဉာဏ်တွေ ပွင့်လို့ စီးပွားရှာရတာ တယ်ကောင်းသတဲ့ဗျ။

## တရားဆက်သွယ်ရေး လိုတယ်

မြန်မာ့မြေပေါ် မွေးဖွားလို့ မြန်မာ့မြေပေါ် နေခွင့်ရပါရက်သားနဲ့ ကံတွေ ဉာဏ်တွေ ပိတ်ပြီး ရှေ့မတိုးနိုင်သေးတဲ့ မြန်မာတွေ အများကြီး ရှိနေပါသေးတယ်။ တရားဆက်သွယ်ရေး များများ လိုပါတယ်။ လောကဆက်သွယ်ရေးတွေ သိပ်ပေါများနေကြပေမယ့် ဓမ္မဆက်သွယ်ရေးတွေ နည်းပါးနေပါသေးတယ်။

'တရားနာတာ၊ တရားစာဖတ်တာ၊ တရား အားထုတ်တာဟာ အဖိုးအဖွားတွေအလုပ်' လို့ ထင်နေရင်တော့ တရားနှင့်တန်တဲ့ 'လူအား'တွေ နည်းမှန်လမ်းမှန် စွမ်းအားပေါ်အောင် အချိန်မီ မသုံးရပဲ အလကားကုန်သွားမှာ နှမြောစရာကြီး ဖြစ်သွားမယ်။

တရားဆိုတာ လတ်ဆတ်တဲ့အရွယ်မှာ လန်းဆန်းတဲ့စိတ်နဲ့ ထိတွေ့ခွင့် ရထားမှ တကယ် အသက်ဝင်ပြီး တကယ် စွမ်းအားပြည့်မှာ ဖြစ်တယ်။ ဒါမှလဲ တကယ်အားကိုးစရာ ရမှာပါ။ မရှုနိုင်၊ မရှိုက်နိုင် ကုန်းကောက်စရာ မရှိအောင် ဒုက္ခရောက်လာခါမှ 'ဟိုသွားကယ်တော်မူပါ' 'ဒီသွားကယ်တော်မူပါ'လို့ လုပ်နေရရင် လူဟာ သိပ်အောက်တန်းကျသွားပါပြီ။ ခိုကိုးရာမဲ့တဲ့တိုင်းပြည်မှ မဟုတ်ပဲ။

လောကကို အနိုင်ယူဖို့၊ လောကက ပေးလာသမျှ ဆင်းရဲအပူတွေကို အနိုင်ယူဖို့ပဲ တရားပေါ်လာတာဖြစ်လို့ လောကထဲမှာ တရားလောက်စွမ်းတဲ့ ခါတ်ကောင်းဆိုတာ မရှိဘူး။ တရားဟာ အကောင်းဆုံး 'ခါတ်ရိုက် ခါတ်ဆင်နည်း' 'ယတြာချေနည်း'ပဲ။ ဆင်းရဲ အပူအန္တရာယ်တွေ ကိုယ့်ဆီ ရုပ်ပျက် ဆင်းပျက် ရောက်မလာသေးခင် ကြိုတင်ကာကွယ်ထားနိုင်ရင် ပိုပြီး စိတ်မအေးရဘူးလား။ သက်သာခွင့် ရသွားရင်တောင် နည်းသလား။

ကိုယ့်ခန္ဓာ၊ ကိုယ့်ပစ္စည်း ကိုယ့်အလုပ်တွေထဲမှာ ကိုယ့်ကို အားလုံး အာမခံ တာဝန်ယူမယ့် တရားစွမ်းအားတွေ လိုသလောက် ယူတတ်သလောက် ရနိုင်ပါရက်သားနဲ့ 'ရနိုင်တယ်၊ ရှိတယ်' လို့ တောင်မှ သိခွင့် မရရင် ညံ့ဖျင်းရာ မရောက်ပေဘူးလား။ ရှိရက်သားနဲ့ သုံးခွင့်မရရင် မရှုံးပေဘူးလား။ ရတနာ ၃-ပါး ရေခံမြေခံ အလွန်ကောင်းတဲ့ မြန်မာ့မြေပေါ် လူဖြစ်ခွင့်ရတာ ဘာအဓိပ္ပါယ်ရှိမှာ တဲ့လဲ။

တရားကင်းကွာနေတဲ့ လူ့ဘဝကို ပုံဖေါ်ကြည့်ပါ။ မပြီးနိုင်တဲ့ အပျက်ကို ပြင်နေရင်း မဆုံးနိုင်တဲ့ အပူကို ဖြတ်သန်းနေရတာကို တွေ့ရမယ်။ 'မပြီးနိုင်တဲ့ အပျက်ကို ပြင်နေရတယ်'ဆိုတာ စားဝတ်နေရေး၊ ကျန်းမာရေး ကိုပြောတာ။ ခန္ဓာရှိနေသမျှ ပြီးနိုင်မှာမှ မဟုတ်ပဲ။ တရားအသိဉာဏ်ရှိသူက အဲဒီ မပြီးနိုင်တဲ့ ကိစ္စထဲမှာ ပြီးနိုင်တဲ့တရားစွမ်းအားတွေ တန်းစီကောက်ယူသွားရုံပဲ။

'မဆုံးနိုင်တဲ့အပူကို ဖြတ်သန်းနေရ တယ်' ဆိုတာ ကိလေသာ မကင်းသေးတာကိုပဲ ပြောတာ။ ကိလေသာ မကင်းသေးတော့ အချိန်မရွေး ပူရမယ်။ မရှိလဲ ပူရမယ်။ ရှိလဲ ပူရမယ်၊ ကုန်လဲ ပူရမယ်။ ဘာမဆို ပူနိုင်တယ်။ အပူကို ထိန်းနိုင်ငြိမ်းနိုင်တာက တရားပဲရှိတာ။ လူဆိုတာ တရားနှင့်တွေ့ဖို့ အရေးအကြီးဆုံးပဲ။ စောစောတွေ့လေ စိတ်အေးရလေ၊ အသီးဦးလေ ကောင်းလေပဲ။

လူတွေ စားဝတ်နေရေး၊ ကျန်းမာရေး လုပ်ရင်း တရားဆက်သွယ်ရေး ရကြဖို့ ဘုန်းကြီးအိုကြီးလဲ ဆက်သွယ်ရေးတာဝန်ကို စွမ်းနိုင်သလောက် ထမ်းဆောင်ပေးနေပါတယ်။ ကိုယ်တိုင်ဟောထားတဲ့ တရားခွေတွေကို အမြောက်အမြား ကူးထားပြီး ကျောင်းရောက်လာသမျှ လူအားလုံးကို စေ့ငအောင် ဓမ္မဒါန အဖြစ် အခမဲ့ ဝေငှပေးနေပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကဓမ္မလက်ဆောင် တရားတော်များ

အရွယ်မရွေး မြန်မာစာဖတ်တတ်သူ အားလုံး ဖတ်ရှုလေ့လာနိုင်အောင် သာမန်လူ နားလည်နိုင်လောက်တဲ့ စကားအသုံးအနှုန်းများနဲ့ အိတ်ဆောင်စာအုပ်ကလေးတွေလဲ အမြောက်အမြား ရေးသား ဖြန့်ဝေပေးနေပါတယ်။ အခမဲ့ ဓမ္မဒါန ဖြန့်ဝေလှူဒါန်းပေးနေတာပါ။

လူတိုင်း ပေါ့ပေါ့ပါးပါး သွားလေရာ ယူဆောင်ဖတ်ရှုလေ့လာနိုင်အောင် အိတ်ဆောင်စာအုပ်ငယ်တွေပဲ စီစဉ်ပေးထားပါတယ်။ ဖြန့်ဝေပေးကမ်း လှူဒါန်းလို့မကုန်နိုင်အောင်လဲ စာအုပ်တွေ သိန်းချီပြီး အမြောက်အမြား ရိုက်နှိပ်ထားပါတယ်။

ကျောင်းရောက်လာသူ အားလုံးအတွက် စာအုပ်၅-မျိုးနှင့် တရား ၁-ခွေစီ အမြဲပေးဝေ လှူဒါန်းနေကျပါ။ နေ့နေ့ညည ဘယ်အခါမဆို ဘယ်နေရာမှာမဆို တရားပွဲရှိရင် လာသမျှ ပရိသတ်အားလုံးအတွက် စာအုပ် ၂-မျိုးစီ စေ့ငအောင် ဝေငှပေးပါတယ်။ လက်လှမ်းမှီရာ စာကြည့်တိုက်တွေမှာလဲ လှူပေးတယ်။ ကိုယ်နှင့် တွေ့သူတိုင်း ဓမ္မလက်ဆောင် စာအုပ် ပေးလေ့ရှိပါတယ်။

အများနားလည်အောင် မြန်မာစကားပြေနဲ့ပဲ ရှင်းရှင်းလေး ဟောပြောရေးသားပေးတယ်။ အများ နားလည်စေလိုတဲ့ မေတ္တာ၊ စေတနာ သက်သက်နဲ့ပဲ ဟောပေးတယ်။ ရေးပေးတယ်။ ဘာအဖိုးအခကိုမှ မျှော်လင့်ချက် မထားပဲ ပြန့်ပွားစေလိုတဲ့ မေတ္တာ စေတနာ စစ်စစ်နဲ့သာ အခမဲ့ဖြန့်ဝေပေးတယ်။ လူတွေ 'လူအား' ပြည့်စုံဖို့ပဲ အဓိကပါ။ ၂-ဖက်မြင် ပညာမျက်စိရှိမှ 'လူအား' ပြည့်စုံပြီး အစွမ်းသမားတွေ ဖြစ်ကြမယ်။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၈-ခု၊ ဝါခေါင်လ (၂၀၀၆-ခု၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com



## တိပိဋကဓရ ဓမ္မလက်ဆောင် (၄၂)

## လူ၏စွမ်းအား ပတ္တမြား

### (ယောတိပိဋက၏ ကျေးဇူးရှင် သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တတိလောက ၏ ပတ္တမြားရတုမွေးနေ့အထူးလက်ဆောင်)

### နမော ဗုဒ္ဓဿ

ယော စ ပုဗ္ဗကာရီ ယော စ ကတညူ ကတဝေဒီ၊
ဣမေ ခေါ ဘိက္ခဝေ ဒွေပုဂ္ဂလာ ဒုလ္လဘာ လောကသ္မိံ။

(အံ-၁-၈၆)

(၁) လာဘ်လည်းမဖက်၊ ဂုဏ်မမက်ပါ၊ မေတ္တာရှေ့ထား၊ တရားဆည်းပူး၊ စွမ်းရည်ထူးဖြင့်၊ ကျေးဇူးပြုတတ်၊ ပုဂ္ဂိုလ်မြတ်၊ မချွတ်ရခဲသည်။

(၂) တရားဆည်းပူး၊ စွမ်းရည်ထူးကြောင့်၊ ကျေးဇူးသိတတ်၊ ထုတ်ဖော်တတ်၊ လူမြတ်ကိုလည်း ရခဲသည်။ ပတ္တမြားထက်၊ တန်ဖိုးတက်သည့်၊ လေးနက်ထူးခြား၊ လူ့စွမ်းအားကြောင့်၊ အများသူငါ၊ အေးမြကာ၊ ချမ်းသာကြလေသည်။ စွမ်းရည်ထူးခြား၊ ပတ္တမြား၊ အများကုသိုလ်တိုးပွားသည်။

လူဟာ အသိဉာဏ်နှင့်အကျင့်သိက္ခာ မြင့်မားသလောက် တန်ဖိုးတက်ပါတယ်။ ဒီလောကထဲမှာ ပတ္တမြားမက တန်ဖိုးကြီးလှတဲ့ စွမ်းရည်ထူးခြား ရှားပါးပုဂ္ဂိုလ် နှစ်မျိုးကို ရခဲတယ်။ ပေါ်ပေါက်လာဖို့ သိပ်ခက်ခဲတယ်လို့ ဘုရားဟောထားပါတယ်။ နှစ်မျိုးဆိုတာ

(၁) လာဘ်လည်းမဖက် ဂုဏ်မမက်ဘဲ သဒ္ဓါ၊ မေတ္တာ၊ ပညာစစ်စစ်နဲ့ ရှေ့ကနေ ကျေးဇူးပြုပေးတတ်၊ ကူညီ စောင့်ရှောက်ပေးတတ်တဲ့ ကျေးဇူးရှင် ပုဂ္ဂိုလ်မျိုး၊ ကိုယ့်အတွက် မငဲ့ကွက်ဘဲ သူများ ကြီးပွားချမ်းသာဖို့ မေတ္တာစစ်စစ်နဲ့ ရှေးဦးမချွတ် ကျေးဇူးပြုတတ်တဲ့ ပုဂ္ဂိုလ်မျိုး၊ ဒါလည်း ရခဲတဲ့ ရှားပါးပုဂ္ဂိုလ်မျိုးပဲ။ ယခု သံတော်ဆင့် ဆရာတော်တို့လို ပုဂ္ဂိုလ်မျိုးပေါ့။

(၂) မိမိကို ကူညီစောင့်ရှောက် ကျေးဇူးပြုခဲ့ဖူးတဲ့ ကျေးဇူးရှင်ရဲ့ကျေးဇူးကို သိတတ် ထုတ်ဖော်တတ်၊ ကျေးဇူးတုန့်ပြန်ဆပ်တတ်တဲ့ ပုဂ္ဂိုလ်မျိုး၊ 'ဘယ်ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုဘယ်လို ကူညီစောင့်ရှောက်ခဲ့ဖူးတယ်' လို့ အသိအမှတ်ပြုတတ်တဲ့ပုဂ္ဂိုလ်မျိုး၊ ဒါလည်း ရခဲတဲ့ ရှားပါးပုဂ္ဂိုလ်မျိုးပါ။ ယခု သံတော်ဆင့် ဆရာတော်ရဲ့ တပည့်တွေလို ပုဂ္ဂိုလ်မျိုးပေါ့။

စွမ်းရည်ထူးခြားတဲ့ ဒီပုဂ္ဂိုလ်နှစ်မျိုးဟာ ပေါ်ပေါက်လာဖို့ ခက်ခဲတဲ့ ရှားပါးပုဂ္ဂိုလ်တွေဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ပုထုဇဉ်ဆိုတာ အများအားဖြင့် လောဘ၊ ဒေါသ၊ မောဟအောက်မှာ ပြားပြားဝပ် နေရတာဖြစ်လို့ ကိုယ့်အတွက်သာ ဦးစားပေးတတ်လွန်းတာကြောင့်ပါ။ ကိုယ့်အတွက်သာ ငဲ့ပြီး အများအတွက် ထည့်မတွက်မိတတ်တာက များနေတတ်တာကြောင့်ပါ။

ရှားပါးပုဂ္ဂိုလ်ထူး နှစ်မျိုးပေါ်လာလို့ တွေ့ကြုံဆက်ဆံခွင့်ရရင် အများသူငါ ချမ်းသာကြရတယ်။ တိုးတက်ကြီးပွား မြင့်မားကြရတယ်။ ကောင်းမှုတရားတွေလည်း အမြောက်အမြား ရရှိ တိုးပွားကြရပါတယ်။ တွေ့ရတဲ့ပုဂ္ဂိုလ်ကို အကြောင်းပြုလို့ ကောင်းမှုတရား ဖြစ်ပေါ်တိုးပွားခွင့် ရမယ်ဆိုရင် ဘယ်သူနဲ့ပဲတွေ့တွေ့ တွေ့ရကျိုးနပ်ပါတယ်။ ကောင်းမှုဆိုတာ ချမ်းသာရဲ့ နာမည်ပဲ။ လူ့ဘဝမှာ ကောင်းမှုတရားလောက် အဖိုးတန်တာ



www.burmeseclassic.com

www.burmeseclassic.com


ဘာမှမရှိပါဘူး။ ကောင်းမှုဟာ ကိုယ်လိုတာ အကုန်ပေးနိုင်တယ်။

ယခု သံတော်ဆင့်ဆရာတော်ဘုရား ဘဒ္ဒန္တတိလောက မဟာထေရ်မြတ်ဟာ လာဘ်ဂုဏ်မဖက် မေတ္တာစစ်နဲ့ အများအကျိုးဆောင်ပေးတတ်တဲ့ ရှားပါးပုဂ္ဂိုလ်ထူး ဖြစ်ပါတယ်။ လေးစားထိုက်သူရဲ့ ဘွဲ့နာမည် မခေါ်သင့်ပေမယ့် ထင်ရှားပေါ်လွင်စေလိုတာကြောင့် ဘွဲ့နာမည် ဖော်ပြလိုက်ရတာပါ။ ဘွဲ့နာမည် မထည့်ရင် ပေါ်လွင်ထင်ရှား ထူးခြားလာမှာမှ မဟုတ်ဘဲ။ သံတော်ဆင့်ဆရာတော် အမည်ရတဲ့ အခြားအခြား ဆရာတော်တွေကလည်း ရှိနေကြတာကိုး။

ယခု သံတော်ဆင့်ဆရာတော်ဟာ ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝါသဝါဘိဝံသမဟာထေရ်မြတ် စတဲ့ ဆရာကောင်းများထံ နည်းခံ ပညာသင်ခွင့်ရလို့ မြန်မာ ဂုဏ်ထူးဆောင်ကျမ်းများနဲ့တွဲပြီး အစိုးရ ဓမ္မာစရိယစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပါတယ်။ သာသန ဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ ရတယ်ပေါ့။ ပါဠိပါရဂူဘွဲ့ထူးကိုပါ ဆွတ်ခူးရရှိ အောင်မြင်ခဲ့ပါတယ်။ ဘဒ္ဒန္တဝါသဝါဘိဝံသမဟာထေရ်မြတ်ကြီးဟာ ရန်ကုန်ကို မပြောင်းရွှေ့မီ 'ဝိသံဝါ' လို့ နာမည်အလွန်ကြီးတဲ့ မန္တလေး ဝိသုဒ္ဓါရုံ သံတော်ဆင့် စာချအကျော် ဆရာတော်ဖြစ်ခဲ့တာကိုး။

သံတော်ဆင့်ဆရာတော်ဟာ ပညာအရည်အချင်း မြင့်မားသလောက် စွမ်းဆောင်ချက်တွေလည်း ကြီးမားပါတယ်။ ထူးချွန်ပြောင်မြောက်အောင် စွမ်းဆောင်နိုင်ပါတယ်။ နှစ်စဉ် ၁၄၀-၁၅၀-ဝန်းကျင် ရှိနေတဲ့ မိမိရဲ့ သံတော်ဆင့်ကျောင်းပရိသတ်ကို ပိပိရိရိ နိုင်နင်းအောင် အုပ်ချုပ်ပြီး စာပေကျမ်းဂန် မှန်မှန်ပို့ချ သင်ပြပေးတော်မူတယ်။ ဆရာတော်ရဲ့ လမ်းညွှန်သင်ပြပို့ချပေးမှုကြောင့် တိပိဋကလောင်းလျာတွေ၊ သက္ကျသီဟ ဓမ္မာစရိယတွေ၊ စေတိယင်္ဂဏ ဓမ္မာစရိယတွေ၊ အစိုးရဓမ္မာ စရိယတွေ၊ အဂ္ဂမဟာအကျော်တွေ၊ ပါဠိပါရဂူတွေ၊ အကျော်အမော်တွေ နည်းတာမှမဟုတ်ဘဲ။ တပည့်ကျော်တွေ အများကြီးပေါ်ထွက်တယ်။

ပြီးတော့ ကိုယ့်ကျောင်းပရိသတ်ရဲ့ စားဝတ်နေရေး ပြည့်စုံအောင် အလွန်ကြောင့်ကြစိုက်တော်မူတယ်။ တပည့်ပရိသတ်ကို သင်္ဂဟဝတ္ထု လေးပါးနဲ့ ချီးမြှောက်လေ့ရှိတာကြောင့် ဆရာတော်ကို တပည့် အားလုံးလောက် နီးပါး ချစ်ခင်မြတ်နိုးကြတာချည်းပဲ။ ဘယ်ပစ္စည်းကိုမှ မက်မက်မောမော ခင်ခင်တွယ်တွယ် စုဆောင်း သိမ်းဆည်းထားလေ့မရှိဘူး။ ခွဲဝေပေးကမ်း လှူဒါန်းလေ့ရှိတယ်။ သူများက လှူဒါန်းတဲ့ ပစ္စည်းကိုလည်း လှူသူ ကျေနပ်ဝမ်းသာအောင် တန်ဖိုးထား သုံးစွဲလေ့ရှိတယ်။ မြတ်မြတ်နိုးနိုး အသိအမှတ်ပြုပေးတတ်တယ်။ ကိုယ့်ကြောင့် သူများ ကုသိုလ်ရအောင် ကိုယ်နှုတ်နဲ့ ပေါ်ပေါ်လွင်လွင် ဆောင်ရွက်ပေးတတ်ပါတယ်။

ရွှေကျင်ဂိုဏ်းကိစ္စ, သာသနာကိစ္စကိုလည်း စိတ်အားထက်သန်စွာ စွမ်းဆောင်ပေးတတ်တယ်။ ဂိုဏ်းအတွင်း အဖုအထစ် အခက်အခဲပေါ်လာရင် ဘယ်လောက်ဝေးဝေး ကိုယ်တိုင် အပင်ပန်းခံ ကြွရောက်ပြီး ပြေလည်အောင် ကြိုးကြိုးစားစား ဖြေရှင်းပေးတတ်တယ်။ ရွှေကျင်ဂိုဏ်း ကြီးပွားရေးအတွက် တက်တက်ကြွကြွ နိုးနိုးကြားကြား အထူးကြောင့်ကြစိုက် ဆောင်ရွက်ပေးလေ့ ရှိတယ်။ ဆရာတော်မှာ အများအကျိုးကို လိုက်လိုက်လှဲလှဲ ဆောင်ရွက်ပေးလိုတဲ့ အကျိုးဆောင်စိတ် အလွန်ပြည့်ဝပါတယ်။ ဆရာတော့်စွမ်းရည်ကို ယုံကြည်စိတ်ချတာကြောင့် ရွှေကျင်ဂိုဏ်းလုံး ဝန်ဆောင်နာယကအဖွဲ့က ဆရာတော်ကို အကျိုးတော်ဆောင် (၁) တာဝန် ပေးအပ်ထားပါတယ်။ အကျိုးတော်ဆောင်ချုပ်ပေါ့။

ဆရာတော်ဟာ သာသနာအတွက်ပေးအပ်လာတဲ့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် တာဝန်၊ နိုင်ငံတော်၊ သံဃမဟာနာယက တာဝန်တွေကိုလည်း ကျေပွန်အောင် အားတက်သရော ဆောင်ရွက်ပေးခဲ့ပါတယ်။ အများဖတ်ရှု လေ့လာနိုင်အောင် ဓမ္မလက်ဆောင် စာအုပ်များကိုလည်း စုစည်းရိုက်နှိပ် ဖြန့်ဝေ လှူဒါန်းလေ့ရှိတယ်။

ပိုအံ့ဩစရာကောင်းတာက ဘုရားဟောတဲ့ ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ပါဠိတော်တွေကို နေ့စဉ်မပျက် အပိုင်းလိုက် ရွတ်ဖတ်တော်မူလေ့ရှိတယ်။ အစအဆုံး တစ်လုံးမကျန် စွဲစွဲမြဲမြဲ ရွတ်လာခဲ့တာ အခေါက်ပေါင်း များစွာ ပေါက်ရောက် ပြီးမြောက်ခဲ့ပြီပဲ။ ပိဋကတ်သုံးပုံဆောင် မဟုတ်ပေမယ့် ပိဋကတ်သုံးပုံ နှံ့စပ် ကျွမ်းကျင်ပါတယ်။ အလွန်ကြီးမားတဲ့ ဝီရိယပဲ။ ဘယ်နေရာရောက်ရောက် မနက်အစောကြီး ထပြီး ပရိတ်ရွတ်လေ့ရှိတယ်။ နှလုံးအိမ်မှာ တရားတွေအများကြီး ထုံထားတယ်။ ဒါ့ကြောင့် ရှားပါးတဲ့



www.burmeseclassic.com

www.burmeseclassic.com


ကျေးဇူးရှင်တစ်ပါးပဲ။

ဆရာတော့် စွမ်းဆောင်ချက်တွေကို ပူဇော်တဲ့အနေနဲ့ နိုင်ငံတော်အစိုးရက 'အဂ္ဂမဟာဂန္ထ ဝါစက ပဏ္ဍိတ' 'အဂ္ဂမဟာပဏ္ဍိတ' 'အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ' ဘွဲ့တံဆိပ်တွေ ဆက်ကပ်လှူဒါန်းခဲ့ပါတယ်။

## ၂။ ကောင်းမှုတိုးပွား ပတ္တမြား

- **လူ့ဘဝမှာ၊ ကောင်းမှုသာ၊ ထူးတာအမြတ်ဆုံး။**
- **ဉာဏ်ကိုရှေးရှု၊ သတိပြု၊ ကောင်းမှုရအောင်ကျိုး။**
- **ကောင်းမှုတိုးပွား၊ ပတ္တမြား၊ ထူးခြားစိတ်နှလုံး။**

၁၃၆၈-ခုနှစ်ဟာ မိမိရဲ့ ရဟန်း ၄၅-ဝါတိတိ ပြည့်တဲ့နှစ် ဖြစ်သလို မိမိရဲ့ကျေးဇူးရှင် မန္တလေး မဟာဝိသုဒ္ဓါရုံ သံတော်ဆင့် ဆရာတော်ဘုရား ဘဒ္ဒန္တတိလောကရဲ့ သက်တော် - ၈၀ တိတိ ပြည့်တဲ့ ပတ္တမြားရတုနှစ်လည်း ဖြစ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ '၄၅-ဝါ သာသနာ' နှင့် 'သက်တော်-၈၀ စွမ်းရည်ကြွယ်' တဲ့ ဂုဏ်တော်တွေကို အာရုံပြု ပူဇော်ဖို့ကောင်းတဲ့ တိုက်ဆိုင်လာတဲ့ ဂဏန်းတွေပါ။ ကိုယ့်ဂဏန်းတွေက ဘာမှမစွမ်းသေးပေမယ့် မြတ်ဗုဒ္ဓရဲ့ အနန္တ စွမ်းရည်ဂုဏ်တော်တွေကို အာရုံပြု ပူဇော်ခွင့်ရတော့ ကောင်းမှုတွေ အများကြီး ရရှိတိုးပွားရတာပေါ့။

မိမိက သီတင်းကျွတ်တာနဲ့ ၄၅-ဝါ ပြည့်တော့မယ်။ ကျေးဇူးရှင် သံတော်ဆင့်ဆရာတော်ဘုရားက သီတင်းကျွတ်လဆန်း ၃-ရက် နေ့မှာ သက်တော် ၈၀-ပြည့်မှာဖြစ်တယ်။ သီတင်းကျွတ် တစ်လတည်းမှာပဲ အပြည့်ချင်း ဆုံနေကြတယ်။ ဂဏန်းနှစ်ခု ချိန်းထားသလိုပဲ တိုက်ဆိုင်နေကြတယ်။ ကောင်းမှုတွေ ပိုတိုးပွားရတာပေါ့။

## ၃။ ကိုယ့်ကိုပြုဘူး သူ့ကျေးဇူး

- **ကိုယ့်ကိုပြုဖူး၊ သူ့ကျေးဇူး၊ အထူးသိထိုက်ပေ။**
- **ကျေးဇူးကိုသိ၊ ထုတ်ဖော်ကြည့်၊ များဘိကောင်းကျိုးတွေ။**

မိမိဟာ မန္တလေး မဟာဝိသုဒ္ဓါရုံ အောင်မြေသာစည်အလယ်ကျောင်းကြီးမှာ ပညာသင်ကြားရင်း ငါးနှစ်တိတိ နေထိုင်ပြီးတဲ့နောက် အထက်တန်းစားမေးပွဲတွေ ဆက်လက်ဖြေဆိုနိုင်အောင် ကြိုးစားလိုတဲ့ ဆန္ဒနဲ့ ရန်ကုန်မြို့၊ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ ပြောင်းရွှေ့နေထိုင်ခဲ့ပါတယ်။

မိမိဟာ ၁၃၂၄-ခု နယုန်လ မန္တလေး မဟာဝိသုဒ္ဓါရုံကို ရောက်ခါစက 'သံတော်ဆင့် စာချအကျော် ဆရာတော် ဦးဝါသဝါဘိဝံသသည် စာပေ အလွန်တော်ကြောင်း၊ စာချလည်း အလွန်ကောင်းကြောင်း၊ ယခုတော့ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်သို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း၊ စာသင်တိုက် အသစ် တည်ထောင်ကြောင်း' သတင်းကောင်းများ ကြားခဲ့ရလို့ စိတ်ဝင်စားခဲ့ပါတယ်။ အဲဒီတုန်းကစ ရန်ကုန် ဝိသုဒ္ဓါရုံကို စိတ်ညွတ်နေခဲ့တာပါ။ ဓာတ်ကူးတယ်လို့ ဆိုရမှာပေါ့။

ရန်ကုန်မပြောင်းမီ ၃-လလောက်အလိုမှာ သံတော်ဆင့်ဆရာတော်ဘုရားထံ အကျိုးအကြောင်းကို လျှောက်တော့ ဝမ်းသာအားရ လက်ခံတာဝန်ယူလိုက်တယ်။ ဒီအကြောင်းကို သံတော်ဆင့်ဆရာတော်ကပဲ ရန်ကုန်ဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံ စာနဲ့ရော ကိုယ်တိုင်တွေ့တော့ နှုတ်နဲ့ရော ကြိုတင်အသိပေး လျှောက်ထားလိုက်တယ်လို့ သိရပါတယ်။

၁၃၂၉-ခု၊ နယုန်လမှာ သံတော်ဆင့်ဆရာတော်ဘုရားရဲ့အကူအညီနဲ့ ရန်ကုန် မဟာဝိသုဒ္ဓါရုံ တိုက်သစ်ကို ရောက်ခဲ့ပါတယ်။ သံတော်ဆင့်ဆရာတော်ဘုရားက 'ယခုလာသော ဦးပဥ္စင်းသည် အနေအထိုင် ကောင်းကြောင်း၊ စာတော်ကြောင်း၊ စာချတာဝန်ပေးလျှင် ထမ်းဆောင်နိုင်လောက်အောင် အရည်အချင်း ရှိကြောင်း' ထောက်ခံစာရေးပြီး ရန်ကုန် ဝိသုဒ္ဓါရုံဆရာတော်ကြီးထံ စာနှင့်အတူ အပ်နှံပေးလိုက်တာပါ။ မသွားတတ်မှာစိုးလို့ သုဝဏ္ဏဝတီ ကျောင်းမှာနေတဲ့ ဦးဇောတိကကိုပါ အဖော်ထည့်လိုက်သေးတယ်။ ဒါတင် မကသေးဘူး။ သူနှင့် ရင်းနှီးတဲ့ ဒကာ ဒကာမတွေထံ 'ဒီဦးပဥ္စင်းအတွက် ဆွမ်းတာဝန်ယူရန်' ကိုပါ စာရေး



www.burmeseclassic.com

www.burmeseclassic.com


ပေးလိုက်သေးတယ်။ မလိုအပ်လို့ မပေးဖြစ်ပါဘူး။

အဲဒီအချိန်တုန်းက ရန်ကုန်ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက သက်တော် ၅၉-နှစ်၊ သံတော်ဆင့် ဆရာတော်ဘုရားက သက်တော် ၄၁-နှစ် ပဲရှိကြပါသေးတယ်။ ရန်ကုန်ရောက်လို့ ဆရာတော်ကြီးထံ သံတော်ဆင့် ဆရာတော်ရဲ့စာကို ကပ်လိုက်တော့ 'ဦးတိလောကစာလား' တဲ့။ 'မှန်ပါဘုရား' 'ဦးတိလောက လျှောက်ပြီးသားပါ' တဲ့။

'ကဲ . . လာ' ဆိုပြီး ဆရာတော်ကြီးကိုယ်တိုင် ပါဠိဝဋံသကာကျောင်းထဲထိ လိုက်ပို့ပေးတယ်။ 'ဒီနေရာမှာ ခဏနေဦး' လို့လည်း နေရာချပေးလိုက်တယ်။ ဒီတုန်းက ပါဠိဝဋံသကာကျောင်းဆိုတာ တစ်ထပ်ကျောင်း ကလေးသာဖြစ်ပြီး ဘုန်းကြီးဦးစန္ဒသိရီ၊ ဘုန်းကြီး ဦးကောဏ္ဍညနှစ်ပါးနှင့် စာချတန်းဝင် စာသင်သားများ နေထိုင်တဲ့ ကျောင်းပါ။ ဝါတွင်းရောက်တော့ ဆရာတော်ကြီးက စာချဆရာတော် ဦးသီလာစာရာဘိဝံသနေတဲ့ ဓမ္မာစရိယ အုတ်ကျောင်းထဲမှာ မိမိကို နေရာချထားပေးလိုက်ပါတယ်။ စာချတန်း မပြီးသေးပေမယ့် အရည်အချင်းကို ယုံကြည်တာနဲ့ စာချဘုန်းကြီးတာဝန်လည်း ပေးအပ်လိုက်ပါတယ်။

သံတော်ဆင့်ဆရာတော်ဘုရားရဲ့ တာဝန်ယူဆက်သွယ် အာမခံမှုကြောင့် ဆရာတော်ဘုရားကြီးဟာ မိမိကို သိပ်ဂရုစိုက်တယ်။ 'နေ့ဆွမ်း ဆွမ်းခံမထွက်နဲ့' လို့လည်း ချီးမြှောက်လိုက်တယ်။ ဆရာတော် ဘုရားကြီးဆီမှာလည်း ကိုယ်က စာ ၂-ဝါတက်၊ ကိုယ်ကလည်း စာသင်သားများကို စာ ၂-ဝါပို့ချလို့ အချိန်ပြည့် အလုပ်လုပ်ခွင့် ကြိုးစားခွင့် ရနေပါတယ်။ အဲဒီနှစ်က ရန်ကုန်ဝိသုဒ္ဓါရုံ ဝါဆိုသံဃာ ၃၅-ပါးပဲ ရှိပါတယ်။

၁၃၃၀-ခု နွေရာသီရောက်တော့ သကျသီဟစာသင်တန်းဖြေဖို့ မန္တလေးရောက်တယ်။ သံတော်ဆင့်ကျောင်းမှာ တည်းခိုနေထိုင်ရင်း လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ စာကြိုးစားခွင့်ရတယ်။ သံတော်ဆင့်ဆရာတော်ဘုရားက စားရေးနေရေး အားလုံးတာဝန်ယူတယ်။ မကြာမကြာ အားပေးစကားလည်း ပြောတယ်။ လမ်းလည်းညွှန်တယ်။

နယုန်လ သကျသီဟစာသင်တန်း စာမေးပွဲဖြေတော့ မိမိက နံပါတ်(၁) နဲ့ အောင်သွားတယ်။ ဝါဆိုလ စာချတန်း အောင်စာရင်းထွက်တော့ မိမိက နံပါတ်(၁) 'အဂ္ဂမဟာအကျော်' နဲ့ အောင်ပြန်တယ်။ သံတော်ဆင့် ဆရာတော်ဘုရားက 'ဘုန်းကြီးတာဝန်ယူပြီး ရန်ကုန်ကို ပို့လိုက်တဲ့ ဦးပဋ္ဌင်း စာလည်းချတယ်၊ စာလည်း ကြိုးစားတယ်၊ ဖြေလိုက်တိုင်း နံပါတ်(၁) တွေချည်းပဲ' လို့ တဖွဖွပြောပြီး ဂုဏ်ယူနေတယ်။

နောက် ၂-နှစ် နွေရာသီမှာလည်း သံတော်ဆင့်ဆရာတော်ဘုရားရဲ့ ကူညီစောင့်ရှောက်မှုနဲ့ သံတော်ဆင့်ကျောင်းမှာ နေထိုင်ကြိုးစားခွင့်ရလို့ အလွန်ခက်တဲ့ သကျသီဟစာချတန်းကို ဖြေလိုက်တာ ၂ နှစ်တည်းနဲ့ ပြီးခဲ့ပြီး နံပါတ်(၁) နဲ့ပဲ အောင်ခဲ့ပြန်ပါတယ်။ အဲဒီတုန်းက မန္တလေးမှာ မိမိနဲ့ ရင်းနှီးတဲ့ ဒကာ ဒကာမ တစ်ယောက်မှ မရှိသေးပါဘူး။ မိမိက တိပိဋကအတွက် စာကျက်တဲ့အခါ သံတော်ဆင့် ဆရာတော်ဘုရားရှေ့မှာ တစ်ချို့ဝိနည်းပါဠိတော်တွေကို ပြန်ပြတော့ ဆရာတော်က ဂရုတစိုက် စာကြည့်ပြီး ကူညီပေးပါတယ်။

နောက်ထပ်လည်း ယနေ့အချိန်ထိ သံတော်ဆင့်ဆရာတော်ဘုရားဟာ မိမိအတွက် အခါအားလျော်စွာ ကူညီစောင့်ရှောက်ပေးနေဆဲပါ။ မိမိအတွက် သံတော်ဆင့်ဆရာတော်ဘုရားရဲ့ ကူညီစောင့်ရှောက် ချီးမြှောက်ကူညီမှုတွေဟာ အတိုင်းအတာပမာဏ သိပ်ကြီးမားလှပါတယ်။ ယနေ့ မျက်မှောက်ခေတ်မှာ အများအသိအမှတ်ပြု လေးစားခံရတဲ့အဆင့်ကို မိမိရောက်ရတာဟာ သံတော်ဆင့်ဆရာတော်ဘုရားတို့ရဲ့ ထုထည်ကြီးမားလှတဲ့ ချီးမြှောက်အားပေးမှုကို ခံယူရတဲ့ကြောင့်ပါ။

ဒါကြောင့်လည်း ကျေးဇူးရှင်သံတော်ဆင့် ဆရာတော်ဘုရားဟာ ရှားပါးတဲ့ အဖိုးတန် ကျေးဇူးရှင် ပတ္တမြားတစ်လုံး ဖြစ်ရတာပါ။

### ၄။ လူ့ဘေးစွမ်းအား ပတ္တမြား

- **တရားကင်းကွာ၊ မချမ်းသာ၊ ရှိတာတွေလည်း အငှားတွေ။**
- **တရားစုမှ၊ ကိုယ်ပိုင်ရ၊ မုချချမ်းသာပေ။**
- **ပစ္စည်း-ခန္ဓာ၊ ရှာရုံသာ၊ ရတာတွေလည်း အဆိပ်တွေ။**
- **သတိ-မေတ္တာ၊ ဤ ၂-ဖြာ၊လူ့ရွာအဆိပ်ဖြေ။**



www.burmeseclassic.com

www.burmeseclassic.com


■ အမှတ်မြဲသော်၊ သတိပေါ်၊ ရွှင်ပျော်အားတက်ပေ။
■ ခန္တီနိုင်မာ၊ ကောင်းကွက်ရှာမှု၊ မေတ္တာရ၊ မုချအေးချမ်းပေ။
■ တစ်ယောက်တည်းပင်၊ စွမ်းအင်အပြည့်၊ တည့်လိုဘီ၊ သတိဖြင့်သာနေ။
■ အများတကာ၊ ဆက်ဆံရာ၊ မေတ္တာပါမှ၊ အဆင်ပြေ။
■ သတိကိုကိုင်၊ ကိုယ့်ကိုနိုင်၊ ကြံ့ခိုင်စွမ်းအား ပြည့်ဝပေ။
■ မေတ္တာကိုကိုင်၊ သူ့ကိုနိုင်၊ ကြံ့ခိုင်အေးမြပေ။
■ လူ၏စွမ်းအား၊ ပတ္တမြားထူးခြားစနစ်တွေ။

သံတော်ဆင့် ဆရာတော်ဘုရားရဲ့ သက်တော် ၈၀-ပြည့် ပတ္တမြားရတုအခါမှာ တရားဆိုင်ရာ ပတ္တမြား ၂-လုံးနဲ့ ပူဇော်မှာဖြစ်ပါတယ်။ သတိနှင့်မေတ္တာကို ပြောတာပါ။

တစ်ချိန်မှာ မြတ်စွာဘုရားဟာ မဂဓတိုင်းမှာရှိတဲ့ မဏိဘဒ္ဒနတ်ဘီလူးကြီးရဲ့ ဘုံဗိမာန်ကို ကြွရောက်တော်မူပါတယ်။ မဏိဘဒ္ဒဆိုတာ မြန်မာလိုတော့ ပတ္တမြားကောင်းလို့ အဓိပ္ပာယ်ရပါ တယ်။ ဘီလူးကြီးရဲ့ နာမည်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ မဏိဘဒ္ဒလို့ ပေးထားတယ်ဆိုတာ မသိရပေမယ့် ဒီအကြောင်းအရာမှာ ပြထားတာက ပြည်တန်ပတ္တမြားထက် အဖိုးတန်လှတဲ့ သတိ၊ မေတ္တာ ပတ္တမြားနှစ်လုံးရဲ့ စွမ်းအားပါ။ လူ့ချမ်းသာ အဆိပ်ဖြေဆေးလို့လည်းခေါ်ရင် ဖြစ်နိုင်တာပဲ။

မဏိဘဒ္ဒနတ်ဘီလူးကြီးဟာ ဘုရားနားချဉ်းကပ်ပြီး သူနားလည်သလို စကားလေးခွန်း လျှောက်ထားတယ်။ ဘုရားထံက အရင်နာကြားဖူးလို့ သိခဲ့ရတဲ့တရားအသိကို အခြေခံပြီး လျှောက်တာပါ။ လေးခွန်းက -

(၁) သတိရှိသူအတွက် ဘယ်အခါမဆို ပစ္စုပ္ပန်တိုင်း အမြဲတမ်းကောင်းတယ်။
(၂) သတိရှိသူဟာ ချမ်းသာအားလုံး ရနိုင်တယ်။
(၃) ယနေ့ သတိရှိနေသူရဲ့ မနက်ဖြန် (အနာဂတ်) ဟာ အကောင်းအမြတ်ချည်းပဲ။
(၄) သတိရှိသူဟာ ဘေးရန်လွတ်မြောက်နိုင်ပါတယ် ဘုရား'

ဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက ရှေ့စကား ၃-ခွန်းကို အပြည့်အစုံ လက်ခံတယ်။ စတုတ္ထစကားကိုတော့ တစ်ဝက်လက်ခံတယ်။ တစ်ဝက်လက်မခံဘူး။ သတိရှိရုံနဲ့ ဘေးရန်အားလုံး မလွတ်နိုင်သေးဘူး။ မေတ္တာကိုပါ ပွားများမှ ဘေးရန်အားလုံး လွတ်နိုင်မယ်လို့ သတိအရေးကြီးသလို မေတ္တာလည်း အရေးကြီးကြောင်း ဘုရားရှင်က ဆက်ဟောပေးပါတယ်။

သတိရှိရင် သက်မဲ့ဘေးရန်မျိုးစုံ လွတ်ဖို့သေချာပေမယ့် သက်ရှိဘေးရန်တွေ လွတ်ဖို့ကတော့ သတိရှိရုံနဲ့ မပြီးသေးဘူး။ မေတ္တာပါ ပို့လွှတ်ပွားများရဦးမယ်လို့ ဆိုလိုပါတယ်။ နှစ်မျိုးလုံး လက်ကိုင်ထားမှ သက်မဲ့သက်ရှိ ဘေးရန်အားလုံး လုံခြုံမယ်ပေါ့။ သတိနဲ့မေတ္တာဟာ လူ့ချမ်းသာ အဆိပ်ဖြေဆေး နှစ်ပါးပဲ။

သတိနှင့်မေတ္တာဟာ သတ္တဝါတွေ မလိုချင်တဲ့ ကြောက်ရွံ့စက်ဆုပ်စရာ ဘေးရန် ဆင်းရဲ အပူအားလုံး ကင်းလွတ်အောင်၊ သတ္တဝါတွေ အလွန်လိုချင်တဲ့ နှစ်သက်မြတ်နိုးစရာ ချမ်းသာ အားလုံးရအောင်၊ စွမ်းဆောင်ပေးနိုင်တာကြောင့် ပတ္တမြားနှစ်လုံးလို့ တင်စားခေါ်ဆိုရလောက်အောင် အလွန် တန်ဖိုးကြီးမြတ်လှပါတယ်။ တရား ၂-ပါးက တန်ဖိုးကြီးမြတ်တယ်ဆိုရင် အဲဒီတရားနှစ်ပါးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်လည်း တန်ဖိုးကြီးမြတ်တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်သွားရပါတယ်။

အဲဒီ သတိ-မေတ္တာ ပတ္တမြားနှစ်လုံးအကြောင်းကို 'အေးမြရွှင်ပြုံး လူ့နှလုံး' ဆိုတဲ့ ဓမ္မလက်ဆောင် (၁၅) ထဲမှာလည်း အထိုက်အလျောက် ပြခဲ့ပြီးတာဖြစ်လို့ ဒီမှာတော့ လိုရင်း အတိုချုပ် သဘောလောက်ပါပဲ။

ပြီးတော့ သတိအကြောင်းကို စိတ်ထိန်းကိရိယာ(၁)၊ အချိန်တန်ဖိုး လူ့တန်ခိုး (၉)၊ တရားဆောင်သူ စိတ်မပူ(၂၅)၊ နှစ်လေးဆယ့်ငါး တရားအချုပ်(၃၀)၊ လူ့အလှဆုံး စိန်တစ်လုံး (၃၁)၊ မီးသတိပြု (၃၈)၊ ၄၅-ဝါ သာသနာ (၄၀)၊ စတဲ့ ဓမ္မလက်ဆောင်တွေထဲမှာ ပါခဲ့ပြီးဖြစ်လို့ ဒီမှာ အတိုချုပ်ပါပဲ။

မေတ္တာအကြောင်းကိုလည်း မေတ္တာပန်းခိုင် သုံးပွင့်ဆိုင်(၁၃)၊ ကျန်းမာရွှင်လန်း မေတ္တာစွမ်း(၂၁)၊ မေတ္တာလက်တွဲ ရာပြည့်ပွဲ (၂၂)၊ မေတ္တာနှလုံး အလှဆုံး(၃၂)၊ မေတ္တာလွှမ်းခြုံ ဘေးရန်လုံ (၃၃)၊ မေတ္တာတရား လူ့စွမ်းအား (၃၆)၊ မေတ္တာကျေးဇူး စွမ်းရည်ထူး(၃၉) စတဲ့ ဓမ္မလက်ဆောင်တွေထဲမှာ ပါခဲ့ပြီးဖြစ်လို့ ဒါလည်း ဒီမှာတော့ အတိုချုပ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com


## ၄။ (၁–၃) သတိရှိရင် စုရော နောင်ပါ ကောင်းတယ်

စကားလေးခွန်းမှာ ပထမနှင့် ဒုတိယစကားက 'သတိရှိရင် ပစ္စုပ္ပန်တိုင်း အမြဲကောင်းတယ်၊ ယနေ့ သတိရှိရင် မနက်ဖြန်လည်း ကောင်းတယ်' တဲ့။ သတိရှိနေသူအတွက် နေ့ရောညပါ ဘယ်အခါမဆို၊ ကောင်းဆိုးနှစ်တန် ဘယ်လောကဓံအာရုံနဲ့တွေ့တွေ့, အမြဲတမ်း ကောင်းတဲ့အချိန်တွေချည်းပဲ။ သူ့မှာ ပြဿဒါးဆိုတာမရှိဘူး။ ရက်ရာဇာချည်းပဲ။

အချိန်ကို မကောင်းအောင်၊ ဆိုးညစ်အောင် လုပ်တတ်တဲ့ ကိလေသာ အပူ အရှုပ် အညစ်တွေကို သတိက နိုင်ပါတယ်။ သတိနှင့် ကိလေသာ တွဲဖြစ်နိုင်တာမှ မဟုတ်ဘဲ။ သတိက ကိလေသာ ဖြစ်လာရင် ချက်ချင်းရပ်သွားအောင် ထိန်းချုပ်ပေးနိုင်တယ်။ မထိန်းချုပ်မိလို့ဖြစ်ပြီး ချုပ်သွားတဲ့ ကိလေသာကိုလည်း ဝိပဿနာဉာဏ်ထုတ်ပြီး ရှုပေးနိုင်တယ်။

အဲဒီလို သတိဟာ တစ်ချို့အဆိုးကို ဖယ်ရှားပစ်နိုင်တယ်။ တစ်ချို့အဆိုးကို အကောင်းအဖြစ် ပြောင်းလဲပေးနိုင်တယ်။ တစ်ချို့အဆိုးအတွက် ခံနိုင်ရည်ရှိအောင် လုပ်ပေးတယ်။ စွမ်းအားမြှင့်ပေးတယ်။ အရှိန်ပြင်းလှတဲ့ ကိလေသာကိုနိုင်ရင် ကိလေသာကြောင့် ဖြစ်လာမယ့် အဆိုးအားလုံးကိုလည်း နိုင်ရောပေါ့။ အဆိုးကို နိုင်တာကြောင့်လည်း သတိရှိရင် ကောင်းတယ်လို့ပြောတာ။

ပြီးတော့ ကင်းပျောက်သွားတဲ့ အဆိုးနေရာမှာ သတိက အကောင်းကို ချက်ချင်း အစားထိုး ဖော်ထုတ်ပေးနိုင်တယ်။ အကောင်းကို ဖြစ်ပေါ်စေတယ်။ ဖြစ်လာရင် ထပ်ကာထပ်ကာ တိုးပွားစေတယ်။ သမာဓိကို တိုးတက်စေတယ်။ ဉာဏ်ကို ပွင့်လင်းစေတယ်။ အချုပ်ကတော့ သတိဆိုတာ ကပ်တာနဲ့ စပ်တာပါပဲ။ အလုပ်ဖြစ်အောင် အာရုံနဲ့စိတ်ကပ်ပေးတယ်။ အလုပ်ဖြစ်လာရင် အသိချင်း စပ်ပေးတယ်။

သတိဆိုတာရောက်ဆဲ ပစ္စုပ္ပန်တိုင်း တန်ဖိုးထားတယ်။ လုပ်ဆဲအလုပ်တိုင်း လေးစားတယ်။ သူ့ဟာသူ ကောင်းလာမှာကို စောင့်မနေဘဲ ဉာဏ်ထုတ်ပြီး မဖြစ်မနေကောင်းအောင် ဖန်တီးယူလိုက်တယ်။ အချိန်က လူကို ကောင်းအောင် လုပ်မပေးနိုင်ဘူး။ လူကသာ အချိန်ကို သတိဉာဏ်နဲ့ ကောင်းအောင် ဖန်တီးယူရမှာ။ လူက ကောင်းအောင် ဖန်တီးယူတဲ့ အချိန်ကသာ လူကို ချမ်းသာအောင် လုပ်ပေးနိုင်မှာဖြစ်တယ်။ တရားအားလုံးကို ချုပ်ကိုင်ထားတာ သတိပဲ။ ကောင်းအောင် ဖန်တီးနိုင်တာကြောင့်လည်း သတိရှိရင် ကောင်းတယ်လို့ ပြောတာပါ။

ဒါကြောင့် သတိရှိရင် ပသေနဒီကောသလမင်းကြီးရဲ့ဝန်ထမ်း ဦးဉာဏ်ထူးတို့လို အကျဉ်းထောင်ထဲ ရောက်နေရင်လည်း ကောင်းတာပဲ။ သတိနဲ့ မေတ္တာသမာဓိကိုဖော် ဝိပဿနာဉာဏ်ကိုထုတ်ပြီး ရှုလိုက်တာ ထောင်ထဲတင်ပဲ သောတာပန်ဖြစ်သွားလို့ပါ။ တရားကြောင့် ထောင်ထဲက ချက်ချင်းလွတ်သွားပါတယ်။

ထေရိကာ အိမ်ရှင်မတို့လို မီးဖိုချောင်ထဲ ချက်ပြုတ်နေရင်လည်း ကောင်းတာပဲ။ သတိနဲ့ သမာဓိဉာဏ်ကို ထုတ်လို့ ရေပူမီးပူကြောင့် ဆန်တွေ ဟင်းသီးဟင်းရွက်တွေ ကျက်ကြ၊ ဖောက်ပြန် ပြောင်းလဲနေကြတာကို အခြေခံထားပြီး ခန္ဓာဉာဏ်စိုက် ရှုလိုက်တာ မီးဖိုထဲမှာပဲ အနာဂါမ်ဖြစ်သွားလို့ပါ။

သက်တော်-၈၀၊ ဝါတော်-၆၀ အရွယ်ရှိတဲ့ ကန္ဒရသာလဆရာတော်ကြီးတို့လို ရောဂါ ပြင်းထန်စွာ နှိပ်စက်ခံရလို့ အိပ်ရာထဲ လဲနေရင်လည်း ကောင်းတာပဲ။ သတိနဲ့ ဝေဒနာကို သိမ်းဆည်းပြီး ဉာဏ်နဲ့ ရှုလိုက်တော့ အိပ်ရာထဲတင်ပဲ ရဟန္တာဖြစ်သွားလို့ပါ။

မဟာတိဿတို့လို ရန်သူလက်ထဲ ပေါင်ချိုးခံပြီး ရောက်နေရရင်လည်း ကောင်းတာပဲ။ သတိနဲ့ ဉာဏ်ကို ဖော်ထုတ်ပြီး ရှုပွားလိုက်တာ ရန်သူလက်ထဲတင်ပဲ ညတွင်းချင်း ရဟန္တာ ဖြစ်သွားလို့ပါ။

တောထဲ တရားအားထုတ်နေတဲ့ ယောဂီရဟန်းတစ်ပါးလို ကျားဆွဲခံရလို့ ကျားပါးစပ်ထဲ ရောက်ရင်လည်း ကောင်းတာပဲ။ သတိနဲ့ကပ် ဉာဏ်ချင်းစပ်ပြီး ခန္ဓာဉာဏ်စိုက် ရှုပွားလိုက်တာ ကျားပါးစပ်ထဲတင်ပဲ ရဟန္တာ ဖြစ်သွားလို့ပါ။

ဒါကြောင့် သတိရှိရင် အမြဲကောင်းတယ်။ ဘာကိုမှ ကောင်းအောင် စောင့်နေဖို့ မလိုဘူး။ ဉာဏ်ထုတ်ပြီး ကောင်းအောင် ဖန်တီးယူနိုင်တယ်။ ပစ္စုပ္ပန်ကောင်းရင် အနာဂတ် ကောင်းပြီးသားပဲ။ အခုသေချာရင် နောင်အခါ စိတ်အေးရတယ်။ ယနေ့ ကောင်းနေရင် နောက်နေ့ သေချာပေါက် ကောင်းမှာပါ။



www.burmeseclassic.com

www.burmeseclassic.com


## ၄။ (၂) သတိရှိရင် ချမ်းသာရနိုင်တယ်

ဒုတိယစကားက 'သတိရှိရင် ချမ်းသာအားလုံးရနိုင်တယ်' တဲ့။ ဓမ္မစကြာသုတ်မှာ ဘုရားရှင်ဟောထားတဲ့ လူသွားလမ်း ၃-လမ်းဆိုတာရှိတယ်။

(က) လောဘ၊ မောဟ ဦးဆောင်တဲ့ 'မွဲအောင်ဖြုန်းတဲ့လမ်း'၊ သတိဉာဏ်မပါဘဲ စားဝတ်နေရေး ကျန်းမာရေး၊ လူမှုရေး လုပ်နေကြတာကိုပြောတာ။ ကုန်တိုင်း ကုန်တိုင်း စွမ်းအားမရဘဲ စွမ်းအားတွေ ကျ ကျ သွားတဲ့ 'ကုန်ကျလမ်း'ပေါ့။ ကုန်လိုက် သယ်လိုက်၊ သယ်လိုက် ကုန်လိုက်နဲ့ မောနေရတဲ့ 'ကုန်သယ်လမ်း' လို့လည်း ဆိုနိုင်တယ်။ ကျက်အောင်ချက်၊ ချက်ပြီး စွမ်းအား ပြန်မရဘဲ ခန္ဓာထဲ သွန်ပစ်သလို ထည့်ထည့်နေရလို့ 'ကျက်သွန်လမ်း' လို့ ပြောရင်လည်း ဖြစ်နိုင်တာပဲ။ တမင်ဖြုန်းတာ မဟုတ်ပေမယ့် ကုန်သွားရင် စွမ်းအားနဲ့ အစားမထိုးနိုင်တော့ ဖြုန်းသလို ဖြစ်သွားတာပေါ့။ အထမ်းသမားတွေရဲ့ ထမ်းထားရတဲ့ လမ်းလို့လည်း ပြောနိုင်တယ်။ ကိလေသာလမ်းဆိုတော့ လောလောဆယ် ချမ်းသာသလိုလိုရှိပေမယ့် အိပ်မက်လိုပါပဲ။ နောက်ဆုံး အပူဆင်းရဲနဲ့ အဆုံးသတ်ရတာပါ။ မသွားသင့်တဲ့ လမ်းကိုး။

(ခ) ဒေါသ၊ မောဟ ဦးဆောင်တဲ့ 'လဲအောင် ရုန်းတဲ့လမ်း'၊ အရမ်းသမားတွေရဲ့ ရမ်းကားတဲ့ လမ်းလို့လည်း ဆိုနိုင်တယ်။ လူမိုက်လမ်းပေါ့။ ဒုက္ခကို ဉာဏ်နဲ့အနိုင်မယူဘဲ ဒုက္ခ အရမ်း ပြတ်ချင်လွန်းလို့ ကိုယ့်ဟာကိုယ် မိုက်မိုက်ကန်းကန်း ညှဉ်းဆဲတော့ ဒုက္ခ ပိုများရတာပေါ့။ ကိုယ့်ဟာကိုယ်တောင် ညှဉ်းဆဲရင် သူများကိုလည်း ညှဉ်းဆဲမှာပဲ။ ခုရောနောင်ပါ အကြီးအကျယ် ဒုက္ခရောက်ရတဲ့ လက်ငင်း ဆင်းရဲ ပူလောင်ရတဲ့ လမ်းပါ။ လူမသွားသင့်တဲ့လမ်းကိုး။

(ဂ) သတိဉာဏ်ဦးဆောင်တဲ့ 'ရဲအောင်သုံးတဲ့လမ်း'၊ အစွမ်းသမားတွေရဲ့ စွမ်းအားပြတဲ့ လမ်းပေါ့။ သတိဉာဏ်ဦးဆောင်ထားတာဆိုတော့ သတိဉာဏ်က လူ့အပူကိုလည်း စုပ်ထုတ် ဖယ်ရှားပစ်တယ်။ တစ်ခုခု ကုန်တိုင်း ကုန်တိုင်း အားကိုးစရာ စွမ်းအားတစ်ခုခု ကျန်ရစ်နေအောင် ဆွဲယူထားလိုက်တယ်။ ကုန်တိုင်း ပြန်ပြန်ရတဲ့ 'ကုန်ရလမ်း'ဆိုရမယ်။ ကုန်တိုင်းစွမ်းအား ကြွယ်ဝလာတဲ့ 'ကုန်ကြွယ်လမ်း' လည်း ဆိုနိုင်တယ်။ သတိရှိတိုင်း အပူငြိမ်းတာဖြစ်လို့ ယခုလည်း ချမ်းသာရတယ်။ ကုန်တိုင်း ချမ်းသာကြောင်း စွမ်းအားရသွားတာဖြစ်လို့ နောင်လည်းချမ်းသာမယ်။ ဒုက္ခကိုနိုင်လို့ သုခကိုပိုင်တဲ့လမ်းဆိုတော့ လောကုတ္တရာ ချမ်းသာနဲ့ပဲ အဆုံးသတ်ရမှာဖြစ်တယ်။ လောကုတ္တရာ ချမ်းသာမရမချင်းလည်း ဆင်းရဲအပူကို လွှမ်းမိုးနိုင်လို့ ငြိမ်းချမ်းရမှာပဲ။ ဒါကြောင့် သတိရှိရင် ချမ်းသာအားလုံးရနိုင်ပါတယ်။

## ၄။ (၃) သတိရှိရင် ဘေးရန်လွတ်တယ်

စတုတ္ထစကားက 'သတိရှိရင် ဘေးရန်လွတ်မြောက်နိုင်တယ်' တဲ့။ သတိလွတ်ရင် အသိ သေနေတတ်တာဖြစ်လို့ ဆင်ခြင်မှု ကင်းနေတတ်တာကြောင့် အမှတ်တမဲ့ မတော်တဆတွေ သိပ်များတတ်တယ်။ မဖြစ်တန်သင့်တာတွေ ဖြစ်လာတတ်တယ်။ ဘေးရန်အန္တရာယ်တွေ များတတ်တယ်။ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ သေချိန်မတန်သေးဘဲ သေရတာတွေတောင် ဖြစ်လာတတ်တယ်။ သတိဆိုတာ သမာဓိဉာဏ်ကို ဖော်ပေးတတ်တာဖြစ်လို့ အသိအမြဲရှင်သန်စေတတ်တယ်။ ဆင်ခြင်မှု ချင့်ချိန်မှု ကောင်းတာကြောင့် မတော်မတဆကင်းတော့ ဘေးရန်လွတ်တယ်ပေါ့။

ပြီးတော့ သတိဆိုတာ အာရုံဖမ်း ကိရိယာပဲ။ မြွေဆိုးဖမ်းတဲ့အခါ အမြီးနဲ့ ကိုယ်ကို ကိုင်ဖမ်းရင် ဖမ်းသူဟာ အဆိပ်ပျံ့အောင် အကိုက်ခံရတတ်တယ်။ အာရုံဖမ်းတော့လည်း သတိမပါဘဲ အမှတ်တမဲ့ဖမ်းရင် ကိလေသာ အဆိပ်ပျံ့အောင် အာရုံက ဖမ်းသူကို ပြန်ကိုက်တတ်ပါတယ်။ အာရုံကြောင့် စိတ်ဆင်းရဲရတယ်ဆိုတာ တကယ်တော့ အာရုံအဖမ်းမတတ်လို့ အာရုံက ပြန်ကိုက်တာ ခံလိုက်ရတာပါ။

မြွေဆိုးကို ပိုင်ပိုင်နိုင်နိုင် ဖိဖိစီးစီး ခေါင်းကိုင်ဖမ်းရင် အကိုက်မခံရဘဲ ဘေးကင်းရန်ကွာ ဖမ်းနိုင်သလို အဆိပ်ကိုထုတ်ပြီး အဆိပ်ဖြေဆေး အသက်ကယ်ဆေးတောင် ဖော်စပ်နိုင်သလို အာရုံဖမ်းတဲ့အခါလည်း သတိညှပ်နဲ့ အာရုံကို ပိုင်ပိုင်နိုင်နိုင် ပိပိရိရိ ချပ်ချပ်ရပ်ရပ် သေသေသပ်သပ် ကိုင်ဖမ်းမှ အာရုံ အကိုက်မခံရဘဲ ဘေးကင်းရန်ကွာ ချမ်းသာခွင့် ရနိုင်မယ်။ နိဗ္ဗာန်ရောက်ကြောင်း မသေဆေးတရား ဖော်စပ်လို့ရမယ်။ အာရုံကြောင့် တရားစွမ်းအားသာ ပေါ်လာပါလိမ့်မယ်။ ပျော်ရွှင်အားတက် ကြည်နူးရပါလိမ့်မယ်။


www.burmeseclassic.com

www.burmeseclassic.com



အရပ်ဒေသတစ်ခုကို ရောက်သွားတဲ့လူတစ်ယောက်ဟာ ဆရာတော်ကြီးတစ်ပါးကို ဖူးချင်တာနဲ့ တူမကို အပို့ခိုင်းတယ်။ ကျောင်းပေါ်ရောက်တော့ တူမက ပါလာတဲ့ ကလေးငယ်ကို ကြမ်းပေါ်သိပ်ပြီး နောက်ကနေ စောင့်နေတယ်။ ဆရာတော်ကြီးကိုဖူးပြီး နောက်ဆုတ်လိုက်တဲ့ အဲဒီလူဟာ တူမရဲ့သားငယ်ပေါ် တက်နင်းမိသွားလို့ ကလေးငယ် လက်ကျိုးသွားတယ်။ သတိလွတ်ရင် ဘေးရန်ဒုက္ခအပူတွေ ပွားရတတ်ပါတယ်။

## ၄။ (၅) သတိရှေ့ထား မေတ္တာပွား

ပဋ္ဌမစကားက 'သတိရှိရုံနဲ့ ဘေးရန်အားလုံး မလွတ်နိုင်သေးဘူး၊ မေတ္တာပါ ပွားများ ပို့လွှတ် ပေးရဦးမယ်' တဲ့။ သက်ရှိ ဘေးရန်အားလုံးလွတ်ဖို့ မေတ္တာလည်း ပွားရဦးမယ်။ မေတ္တာသုတ်မှာလာတဲ့ ရဟန်း-၅၀၀ ဟာ စောစောက သတိမပြတ် ရှုမှတ်နေကြပေမယ့် မေတ္တာမပို့မိကြလို့ ဘေးရန်မလုံဘူး။ နတ်တွေ နှောင့်ယှက်တာ ခံရတယ်။ မေတ္တာပို့တော့မှ နတ်တွေ ချစ်မြတ်နိုးကြလို့ ဘေးရန်လုံပြီး ကိစ္စပြီးမြောက်သည်ထိ တရား အားထုတ်နိုင်ကြတယ်။ မေတ္တာခြံမှ အားလုံးလုံပါတယ်။

လူ့ဘဝမှာ တရားသာ ကိုယ်ပိုင်ဖြစ်တယ်။ ကျန်တာအားလုံး အငှားချည်းပဲ။ တရားရှိသလောက်သာ ချမ်းသာတယ်။ သတိက ခန္ဓာအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်။ မေတ္တာကတော့ ပစ္စည်းအဆိပ်တုံးကို အဆိပ်ဖြေပေးတယ်။ မေတ္တာလွှမ်းခြုံပေးပြီး ပစ္စည်းကို သုံးစွဲဖြန့်ဝေတာကိုပဲ ပစ္စည်းအဆိပ်ဖြေတယ်ပြောတာပါ။ သတိကိုင်မှ မေတ္တာပိုင်ပြီး ပစ္စည်းအဆိပ်ကိုနိုင်ပါတယ်။ ပစ္စည်းကြောင့် ကောင်းမှုတွေရရှိရင် ပစ္စည်းအဆိပ်ပြေတယ်ပေါ့။

သတိရှေ့ထား မေတ္တာပွားရင် အံ့ဖွယ်လူ့စွမ်းအားတွေ အမြောက်အမြား ရရှိတိုးပွားလာကြပါတယ်။ သတိမြဲရင် မေတ္တာစွဲတယ်။ မေတ္တာစွဲရင်လည်း သတိမြဲတာပါပဲ။ ပတ္တမြားနှစ်လုံးက အပြန်အလှန် ကျေးဇူးပြု နေကြတာပါ။ အမှတ်သညာမြဲမှ မလွတ်တမ်း အကွက်ချမှတ်နေမှ သတိ ဖြစ်ပေါ်တိုးပွားလာနိုင်တယ်။ သည်းခံခွင့်လွှတ် အနစ်နာခံ သဘောထားကြီးတတ်တဲ့ ခန္တီအမာခံ ကောင်းအောင် လေ့ကျင့်ပေးနိုင်မှ မေတ္တာ ဖော်ထုတ်ရတာလွယ်မယ်။ မေတ္တာခံပုဂ္ဂိုလ်ရဲ့ ကောင်းကွက်ကို မြင်အောင် ကြည့်နိုင်ဖို့လည်း လိုမယ်။

သတိက ကိုယ့်ဟာကိုယ် တစ်ယောက်တည်း တည့်အောင်နေနည်းကိုပြတယ်။ မေတ္တာက အများနှင့် ဆက်ဆံရတဲ့အခါ အများနှင့် အဆင်ပြေအောင် တည့်အောင် နေနည်းကိုပြတယ်။ သတိရှိရင် ကိုယ့်ကိုနိုင်တယ်။ မေတ္တာရှိတော့ သူ့ကိုနိုင်တယ်။ သတိကိုင်မှလည်း မေတ္တာပိုင်မယ်။

သတိက ကိုယ့်ကိုလုံခြုံအောင် စောင့်ရှောက်ရင်း သူ့ကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးတယ်။ မေတ္တာကတော့ သူ့ကို လုံခြုံအောင် စောင့်ရှောက်ကူညီရင်း ကိုယ့်ကိုပါ လုံခြုံအောင် စောင့်ရှောက်ပေးပါတယ်။ မေတ္တာပြောလိုက်ရင် ခန္တီ၊ ကရုဏာ၊ မေတ္တာ၊ မုဒိတာဆိုတဲ့ သူတော်ကောင်းလမ်းစဉ် လေးချက်လုံး ပါဝင်သွားတယ်။

သတိဆိုတာ ဒါမှမဟုတ် သတိဉာဏ်ဆိုတာ တစ်ကိုယ်ရေအား၊ မေတ္တာဆိုတာ ဒါမှမဟုတ် ခန္တီမေတ္တာ ဆိုတာ စုပေါင်းအား၊ တစ်ကိုယ်ရေအားကောင်းမှ စုပေါင်းအားတည်ဆောက်လို့ရမယ်။ တိုးတက်ကောင်းမွန်မယ်။

သတ္တဝါအားလုံး သံသရာဆွေမျိုးချည်းပဲဆိုတော့ 'သတ္တဝါအားလုံး ဘေးရန်ကင်းလို့ ကျန်းမာ ချမ်းသာ ကြပါစေ'လို့ မေတ္တာ လွှမ်းခြုံပေးရုံပေါ့။

သတိတစ်လုံးပိုင်ရင် မေတ္တာလဲ ပို့လွှတ်နိုင်တာဖြစ်လို့ ပစ္စုပ္ပန်တိုင်း တရားစွမ်းအားနဲ့ စိတ်ချမ်းသာအောင် နေတတ်တယ်။ ကိုယ်အား၊ ဉာဏ်အား၊ ပစ္စည်းအားနဲ့ မိမိ၊ သူတစ်ပါး၊ လောက သာသနာကို အလှူဆင် ပေးနိုင်တယ်။ ဘဝကူး စိတ်အေးရတယ်။ နောင်ရေး သေချာတယ်။ သတိ၊ မေတ္တာ ပတ္တမြား နှစ်လုံးပိုင်ရင် အချမ်းသာဆုံးလူ၊ အသေချာဆုံးလူ ဖြစ်နိုင်ပြီပေါ့။ ဒါဆို လူဖြစ်ကျိုး နပ်ပြီပဲ။ မလွတ်တမ်း ကိုင်ထားရမှာကတော့ သတိပါ။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်

၁၃၆၈-ခု၊ တော်သလင်းလ (၂၀၀၆-ခုနှစ်၊ စက်တင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com



## ယောဆရာတော်နှင့် ဆက်သွယ်မိခြင်း
## (သံတော်ဆင့်ဆရာတော်)

(၂၅-၅-၂၀၀၃)နေ့၌ ရန်ကုန် ဝိသုဒ္ဓါရုံနေ ဝဇီရပါဏိက စာတစ်စောင် ဆက်ကပ်လေသည်။ အကြောင်းမှာ -

'ရန်ကုန် ဝိသုဒ္ဓါရုံ ၄၅-နှစ်ပြည့်အထိမ်းအမှတ် စာအုပ်ထုတ်မည်ဖြစ်၍

(၁) တိုက်တည် ရန်ကုန် ဝိသုဒ္ဓါရုံ ဆရာတော်

(၂) ဒုတိယဆရာတော် ဦးကောဏ္ဍည

(၃) ယောတိပိဋက ဆရာတော်

ဤဆရာတော်သုံးပါးနှင့် စပ်လျဉ်းသော အကြောင်းအရာများ၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်နှင့် ဆက်စပ်သော အကြောင်းအရာများကို ရေးသားရမှာ' တဲ့။

'အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗေါ' ကျရောက်လာသော တာဝန်ကို ထမ်းဆောင်ရပေတော့မည်။ ဖော်ပြပါ မထေရ်သုံးပါးတို့၏အကြောင်းအရာကို စုံလင်စွာ ရေးရလျှင် တစ်ပါး တစ်ပါးအတွက် စာအုပ်ထူကြီး တစ်အုပ် တစ်အုပ်စီ ထွက်လာလိမ့်မည်။ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်လိမ့်မည်။ ထို့ကြောင့် ယောဆရာတော်နှင့် မိမိတို့၏ ဆက်သွယ်ပုံကိုသာ အကျဉ်းချုပ် ဖော်ပြပါမည်။ ယောတိပိဋကဆရာတော်နှင့် ဘယ်လိုဆက်သွယ်ပါသနည်း။

ယခု စာရေးသော သံတော်ဆင့် ဆရာတော်ခေါ် မိမိသည် မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ကျောက်တန်းကျေးရွာ ဇာတိဖြစ်၍ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း၌ သီတင်းသုံးနေသည်။ ယောတိပိဋကဆရာတော်သည် မကွေးတိုင်း၊ ဂန့်ဂေါ မြို့နယ်၊ လက်ပံရွာဇာတိဖြစ်၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အလယ်ကျောင်းကြီး၌ သီတင်းသုံးနေထိုင်သည်။

ပထဝီအနေအထားအားဖြင့် အထက်ပိုင်းချင်းနီးသည်။ ကျောင်းတိုက်တစ်တိုက်တည်းဖြစ်၍ နီးသည်။ ကျောင်းချင်းနီးသည်။ သဘောချင်း တိုက်ဆိုင်၍ ပုဂ္ဂိုလ်ချင်း နီးသည်။ စိတ်ဓာတ်အားဖြင့် တူ၍ နီးသည်။ မကြာခဏ စကားပြောရသဖြင့် ရင်းနှီးသည်။ သကျသီဟ စာမေးပွဲဝင်လိုကြောင်း တိုင်ပင်လေ့ရှိသည်။ ရန်ကုန်မြို့ ဗဟန်း နန္ဒဝန်လမ်း မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်တိုက်တည် ဆရာတော်ထံ၌ ပညာသင်ကြားလိုကြောင်းပြောသည်။

ထိုအခါ ဆရာတော်ထံ အပ်စာ တစ်စောင်ရေးပေးလိုက်သည်။ အပ်စာ၌ 'စာချနိုင်၍ စာချဘုန်းကြီး ခန့်နိုင်ကြောင်း' ရေးသား လျှောက်ထားသဖြင့် စာချဘုန်းကြီးအဖြစ် ခန့်အပ်ခံရသည်။ ဆရာတော်လွန်ခါနီး ကျောင်းများကို ရေစက်ချရာ၌ ဂေါပကရက္ခကအဖြစ် ထည့်သွင်းပေးရန် လျှောက်ထားသဖြင့် ဂေါပကရက္ခကအဖြစ် ထည့်သွင်း၍ ရေစက်ချလေသည်။ ဤကား သံတော်ဆင့် ဆရာတော်ခေါ် မိမိ၏ 'ယော စ ပုဗ္ဗကာရီ' ပေတည်း။

ဒုတိယဆရာတော် ဦးကောဏ္ဍညလွန်တော်မူ၍ ပဓာနနာယက ဖြစ်လာသောအခါ -

(က) သံဃာများကို ဩဝါဒပေးရာ၌ သံတော်ဆင့် ဆရာတော်ကျေးဇူးများကို ထည့်သွင်း၍ ပြောကြားလေ့ရှိသည်။

(ခ) ဆရာတော်အသုံးပြုရန် နဝကမ္မ၊ သံဃာ တော်များအတွက် နဝကမ္မပဒေသာပင်များကို သိန်းဂဏန်းဖြင့် လှူဒါန်းသည်။

(ဂ) အကောင်းဆုံးသင်္ကန်းများ, အကောင်းဆုံးပစ္စည်းများ, မကြာခဏ လှူဒါန်းသည်။

(ဃ) စိန်ရတုသဘင်ပြုလုပ်ရာ၌ သံဃာတော် များအား သင်္ကန်းလှူခြင်း၊ ဆွမ်းကပ်ခြင်းများကို ပြုလုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com


(င) နှစ်စဉ် နှစ်စဉ် ယောဆရာတော်၏ မွေးနေ့၌ အကောင်းစားလှူဖွယ်ပစ္စည်းများကို လှူဒါန်းသည်။
(စ) ရန်ကုန်မြို့သို့ ကြွလာတိုင်း ကြွလာတိုင်း လေယာဉ်ပျံလက်မှတ်ဖြင့် ယာနဒါနပြုလေ့ရှိသည်။
(ဆ) မန္တလေးမြို့သို့ ရောက်တိုင်းရောက်တိုင်း အာမိသပူဇာဖြင့် လာရောက်၍ ပူဇော်လေ့ရှိသည်။

ဤကား ယောတိပိဋကဆရာတော်၏ 'ကတညူ ကတဝေဒီ' ပေတည်း။

ယောတိပိဋကဆရာတော်နှင့် ဘယ်လိုဆက်သွယ်ပါသနည်း။ မေးခွန်း၏အဖြေတည်း။

ဤမျှ အတိုင်းအရှည်ရှိသော ဆောင်းပါးဖြင့် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၏ ၄၅-နှစ်ပြည့် မင်္ဂလာအချိန်အခါ၌ ယောတိပိဋကဆရာတော်အား ဂုဏ်ပြုပါသည်။

ကျန်းမာ ချမ်းသာ အသက်ရှည်စွာ သာသနာပြုနိုင်ပါစေ။

ယောတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ထေရော ဒီဃာယုကော ဟောတု။ .

သံတော်ဆင့်ဆရာတော်
သံတော်ဆင့်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။


www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၄၃)

## စိတ်ကောင်းထားက မိတ်ကောင်းရ

### နဝမ မိတ္တဓေသကဿ

### ၁။ စိတ်ကောင်းထားက မိတ်ကောင်းရ

သယံကတာနိ ပုညာနိ၊ တံ မိတ္တံ သမ္ပရာယိကံ။

(သံ-၁-၃၄)

(၁) အကျိုးလိုကာ၊ ချစ်တတ်ပါ၊ မှန်စွာ မိတ်ဆွေစစ်။

(၂) ဆင်းရဲကင်းပျောက်၊ မကျရောက်အောင်၊ စောင့်ရှောက်ကာကွယ်၊ စွမ်းရည်ကြွယ်၊ ချစ်ဖွယ် မိတ်ဆွေစစ်။

(၃) ကိုယ်နှင့်တန်းတူ၊ မိတ်ဖွဲ့ယူ၊ ချစ်မူမိတ်ဆွေစစ်။

(၄) အတွင်းရေးမှာ၊ ထည့်သွင်းကာ၊ ထားတာ မိတ်ဆွေစစ်။

(၅) လျှို့ဝှက်ချက်များ၊ ထည့်သွင်းထားကာ၊ ယုံအပ်ပါ၊ သစ္စာရှိတာ မိတ်ဆွေစစ်။

- ကိုယ်တိုင်ပြုငြား၊ ကောင်းမှုများ၊ စွမ်းအားပြည့်တဲ့ မိတ်ဆွေစစ်။
- နောက်နောင်ဘဝ၊ နိဗ္ဗာန်ကျအောင်၊ မုချပိုင်ပိုင်၊ ပို့ဆောင်နိုင်၊ ကြံ့ခိုင်မိတ်ဆွေစစ်။
- သစ္စာမဖောက်၊ ကောင်းရာရောက်အောင်၊ ပို့ဆောင်နိုင်ကြောင်း၊ မိတ်ဆွေကောင်း၊ စုပေါင်းအားအစစ်။
- ကိုယ်ကချစ်မှ၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ အမှန်ကောင်းစွာချစ်။

လောကဆိုတာ အဝိဇ္ဇာ တဏှာ ဦးဆောင်တာဖြစ်လို့ အဆိုးတွေ သိပ်ပေါပါတယ်။ အဆိုးကို နိုင်သလောက်သာ ကိုယ့်ဆီကို အကောင်းတွေ ရောက်လာနိုင်ကြမှာဖြစ်တယ်။ အဆိုးတွေကင်းဖို့ အကောင်းတွေ ဖြည့်သွင်းနိုင်ဖို့ ကူညီပေးနိုင်မယ့် မိတ်ဆွေကို အထူးပဲ လိုအပ်ပါတယ်။

မိတ်ဆွေကောင်းရဖို့ အရင်းနှီးဆုံးပေါင်းသင်းရမယ့် ပုဂ္ဂိုလ်ကတော့ မိမိပဲဖြစ်တယ်။ ကိုယ့်ဟာကိုယ် ရင်းရင်းနှီးနှီး ပေါင်းတတ်မှ ကံကောင်းလာမယ်။ ကံကောင်းမှပဲ မိတ်ဆွေကောင်း တွေ့ရမယ်။ အဇ္ဈတ္တ မိတ်ဆွေကောင်းရှိမှ ဗဟိဒ္ဓမိတ်ဆွေကောင်းတွေ ပြည့်လာမယ်။ အတွင်းမှာရော၊ အပြင်မှာရော မိတ်ဆွေကောင်းဆိုတာ ရှိနေရမယ်။ ကိုယ်ကိုယ်တိုင် စိတ်ပါလက်ပါ ပြုလုပ်ထားတဲ့ ကောင်းမှုတရားကမှ တကယ့်မိတ်ဆွေအစစ်ပါ။

(၁) အကျိုးကို လိုလားတဲ့အနေနဲ့ ချစ်တတ်လို့ မိတ်ဆွေခေါ်ပါတယ်။ သွေးသားစပ်သည်ဖြစ်စေ မစပ်သည်ဖြစ်စေ အကျိုးကို တကယ် လိုလိုလားလားချစ်မှ မိတ်ဆွေပါ။ ကိုယ့်ကောင်းမှုကတော့ ကိုယ်က သူ့ကိုချစ်လို့ စိတ်ပါလက်ပါ ပြုလုပ်ထားတာဖြစ်တာကြောင့် သူကလည်း ကိုယ်ချစ်သလောက် ကိုယ့်ကို တုန့်ပြန်ပြီးသားပါ။ ဗဟိဒ္ဓမိတ်ဆွေ ဆွေမျိုးက ဆောင်ရွက်မပေးနိုင်တာကိုတောင် ကုသိုလ်မိတ်ဆွေက ဆောင်ရွက်ပေးနိုင်တာကိုး။

(၂) အကျိုးမဲ့ဆင်းရဲတွေ မကျမရောက် ကင်းပျောက်အောင် စောင့်ရှောက်ကာကွယ် ပေးတတ်လို့လည်း မိတ်ဆွေခေါ်ရတယ်။ ကိုယ့်ကုသိုလ်ကမှ အကျိုးမဲ့ ဆင်းရဲမရောက်အောင် စောင့်ရှောက် ကာကွယ်ပေးနိုင်တဲ့ တကယ့်မိတ်ဆွေစစ်ပါ။ ဗဟိဒ္ဓမိတ်ဆွေက တစ်ခါတစ်ရံ ကိလေသာကြောင့် စိတ်ဖောက်ပြန်ပြီး အကျိုးမဲ့အောင် ဆင်းရဲအောင်လုပ်မိတတ်သေးတယ်။ တစ်ခြားမကြည့်နဲ့ လေ၊ မိဘကတောင်


www.burmeseclassic.com

www.burmeseclassic.com


သားသမီးအကျိုးမဲ့သွားအောင်၊ သားသမီးကတောင် မိဘ အကျိုးမဲ့ဆင်းရဲသွားအောင် လုပ်မိတတ်ကြတာတွေ ရှိနေတတ်သေးတာပဲ။

(၃) သူတစ်ပါးကို ကိုယ့်အပေါ် ညွတ်လာအောင် မိတ်ဖွဲ့ဆွဲဆောင်ယူတတ်လို့လည်း မိတ်ဆွေ ခေါ်တာပါ။ ကိုယ်နဲ့တန်းတူထားပြီး မိတ်ဖွဲ့ယူတတ်တယ်။ ကိုယ့်ကုသိုလ်ကမှ အံ့ဖွယ် စွမ်းဆောင်ချက် ကောင်းကျိုးတွေပြပြီး ကုသိုလ်မလုပ်ဘဲ မနေနိုင်အောင် မိတ်ဖွဲ့ဆွဲဆောင်တတ်တဲ့ မိတ်ဆွေစစ်ပါ။ ကုသိုလ်ကို လက်ခံနိုင်တဲ့ သဒ္ဓါတရားပေါ်ဖို့၊ ကုသိုလ်နှင့် လူပေါင်းမိဖို့၊ လူက ကုသိုလ်ရှင်ဖြစ်သွားဖို့ ကုသိုလ်မိတ်ဆွေက မိတ်ဖွဲ့ ဆွဲဆောင်နေပါတယ်။

(၄) သူ့အကွင်းရေးမှာ ထည့်သွင်းထားတတ်လို့လည်း မိတ်ဆွေခေါ်ရတယ်။ သူက ကိုယ့်ကို ယုံကြည်စိတ်ချစွာနဲ့ အတွင်းကျကျ ချစ်တတ်တယ်ပေါ့။ ကိုယ့်ကို အစစအရာရာ တိုင်ပင်ရမယ့် အတွင်းနေ ပုဂ္ဂိုလ်လို့ သဘောထားနိုင်တယ်ပေါ့။ ကုသိုလ်ကမှ သူနှင့်လူ တစ်သားတည်းဖြစ်အောင် လူကို ကုသိုလ်အတွင်း ဝင်ရောက်နိုင်အောင် ထည့်သွင်းပေးတတ်လို့ တကယ့်မိတ်ဆွေစစ်ပါ။ ကုသိုလ်ရဲ့ အံ့ဖွယ်ထူးဆန်း အကျိုးပေးနိုင်တဲ့ အစွမ်းကို မြင်သာအောင် ထင်ထင်ရှားရှား ဖော်ပြပေးနေတာကပဲ လူကို ကုသိုလ်အတွင်းသား ဖြစ်အောင် လုပ်ပေးနေတဲ့သဘောပါ။

(၅) ကိုယ့်ရဲ့လျှို့ဝှက်ထားရမယ့် အတွင်းရေးကိစ္စတွေမှာ စိတ်ချလက်ချ ထည့်သွင်း ထားထိုက်တယ်။ ယုံကြည်စိတ်ချရလောက်အောင် သစ္စာရှိတယ်။ ဒါကြောင်လည်း မိတ်ဆွေလို့ ခေါ်တယ်။ ကုသိုလ်ကမှ အတွင်းကျကျ ယုံကြည်စိတ်ချစွာ ထည့်သွင်းထားထိုက်တဲ့ သစ္စာအရှိဆုံး မိတ်ဆွေစစ်ပါ။ မိဘ၊ ဆွေမျိုး၊ မိတ်ဆွေအရင်းတွေတောင် မစွမ်းဆောင်နိုင်တဲ့ အရာအားလုံးကို ကုသိုလ်က စွမ်းဆောင်ပေးနိုင်တာကိုး။

ကုသိုလ်မိတ်ဆွေဟာ တမလွန်ဘဝ နိဗ္ဗာန်ကျအောင် မုချအကျိုးဆောင်ပေးနိုင်တဲ့ ကိုယ့်ရဲ့ အကျိုးဆောင် အတွင်းရေးမှူး အစစ်လည်းဖြစ်တယ်။ ဘယ်တော့မှ မလိုတစ်မျိုး လိုတစ်မျိုး မလုပ်ဘဲ အစ အလယ် အဆုံး အကောင်းဘက်ကချည်းနေပြီး ကိုယ့်ကို အမြဲကူညီစောင့်ရှောက်တတ်တာကြောင့် သစ္စာအရှိဆုံး မိတ်ဆွေလည်း ဖြစ်ပါတယ်။

ကုသိုလ်ဆိုတာ ကိုယ်ချစ်တတ်သလောက် သူက ပြန်ချစ်တတ်တဲ့ မြတ်နိုးဖွယ်အကောင်းဆုံး မိတ်ဆွေပါ။ ကိုယ်ချစ်တာထက် သူကပိုချစ်တတ်ပါတယ်လို့တောင် ပြောရင်ဖြစ်နိုင်ပါတယ်။ ကုသိုလ်က ပေးတာလောက်တော့ ဘယ်သူမှ မှီအောင် လိုက်မပေးနိုင်ပါဘူး။ စိတ်ကောင်းထားတတ်သလောက် ကုသိုလ်မိတ်ကောင်းနှင့် တွေ့ခွင့်ရှိတယ်။ ကုသိုလ်မိတ်ကောင်းရှိရင် တစ်ယောက်တည်း နေရဲ၊ သေရဲပြီပေါ့။

## ၂။ မိတ်ကောင်းရှိက လိုတာရ

ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ။

ဂုယှမေဟိ ခေါ ဘိက္ခဝေ တီဟိ အင်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။

(အံ-၁-၂၈၉)

၁။ - ပေးနိုင်ခဲတာ၊ ပေးမှသာ၊ မှန်စွာ မိတ်ဆွေစစ်။

၂။ - ခက်တဲ့ကိစ္စ၊ လုပ်ပေးမှ၊ မုချ မိတ်ဆွေစစ်။

၃။ - သည်းခံဘို့ရန်၊ ခက်ခဲပြန်၊ သည်းခံနိုင်မှ မိတ်ဆွေစစ်။

- စွမ်းရည်သုံးဖြာ၊ ပြည့်စုံပါက၊ စိတ်ချကျေနပ်၊ ဆက်ဆံအပ်၊ မြင့်မြတ်မိတ်ဆွေစစ်။
- ကိုယ်တိုင်ပြုပြား၊ ကောင်းမှုများ၊ စွမ်းအားပြည့်တဲ့ မိတ်ဆွေစစ်။
- ကိုယ်ကချစ်မှ၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ အမှန်ကောင်းစွာချစ်။

လောကမိတ်ဆွေကောင်းရဲ့ အရည်အချင်းကို စွမ်းဆောင်ချက်သုံးမျိုးနဲ့ တိုင်းတာကြည့်ရမယ်။ မိတ်ဆွေကောင်းဟာ -



www.burmeseclassic.com

www.burmeseclassic.com


(၁) ပေးနိုင်ခဲ့တဲ့အရာကို ရက်ရက်ရောရော ပေးတတ်ရမယ်။

(၂) ဆောင်ရွက်နိုင်ခဲ့တဲ့ကိစ္စ (ခက်ခဲတဲ့ကိစ္စ) မျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ရမယ်။

(၃) သည်းခံ ခွင့်လွှတ်နိုင်ခဲ့တဲ့အရာကို သဘောထားကြီးကြီးနဲ့ သည်းခံခွင့်လွှတ်နိုင်ရမယ်။ ဒီသုံးမျိုးနှင့်ပြည့်စုံရင် ပေါင်းသင်းဆက်ဆံထိုက်တဲ့ မိတ်ဆွေကောင်းပဲလို့ ဘုရားရှင် ဟောထားတယ်။

ကိုယ်ကိုယ်တိုင် စိတ်ပါလက်ပါ ပြုလုပ်ထားတဲ့ ကောင်းမှုမိတ်ဆွေဟာလည်း ဒီသုံးမျိုးကို ထိထိရောက်ရောက် အံ့သြလောက်အောင် တကယ်စွမ်းဆောင်ပေးနိုင်ပါတယ်။

(၁) မေတ္တာ သစ္စာပြည့်ဝတဲ့မိတ်ဆွေကောင်းဟာ ပေးနိုင်ခဲတဲ့ပစ္စည်းများနှင့် တကယ်လိုအပ်နေတဲ့ အကူအညီများကို ရက်ရက်ရောရော ထိထိရောက်ရောက် ပေးတတ်သလို ကိုယ်ကိုယ်တိုင် စိတ်အားထက်သန်စွာ ပြုလုပ်ထားလို့ အနှစ်သာရပြည့်ဝနေတဲ့ ကောင်းမှုမိတ်ဆွေကလည်း ပေးနိုင်ခဲတဲ့ အံ့သြစရာ ကောင်းကျိုးများကို ပေးတတ်ပါတယ်။

မိဘအရင်းတောင် မပေးနိုင်တဲ့ အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ဉာဏ်ထူးချွန် ထက်မြက်ခြင်း စတဲ့ အံ့ဖွယ် လောကီ၊ လောကုတ္တရာကောင်းကျိုးများကို ဧကန်ပေးပါတယ်။ လောကထဲမှာ ကိုယ့်အပေါ် အချစ်ဆုံးဆွေမျိုးဟာ မိဘပါ။ မိဘက ကိုယ့်အပေါ် အချစ်ဆုံးဆိုရပေမယ့် ကာလဒေသ ကန့်သတ်ချက်နယ်ပယ်အတွင်းမှာသာ ချစ်နိုင်တာပါ။ ကန့်သတ်ထားတဲ့ အတိုင်းအတာ ကျော်လွန်သွားရင် ဘာမှ မတတ်နိုင်ပါဘူး။ ကောင်းမှုတရားက ကိုယ့်အပေါ် ချစ်ခင်မြတ်နိုးဖွယ် ကောင်းကျိုး ပေးတဲ့အခါ ကန့်သတ်ချက်နယ်မြေ မရှိပါဘူး။

တစ်ခုတော့ ရှိတာပေါ့။ ကာလဝိပတ္တိ၊ ဂတိဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ပယောဂဝိပတ္တိဆိုတဲ့ ဝိပတ္တိ လေးပါးနဲ့ ကြုံကြိုက်လာရင်တော့ ပြုလုပ်ထားခဲ့တဲ့ကောင်းမှုတွေ အကျိုးပေးခွင့်မသာဘဲ အခိုက်အတန့် ရပ်ဆိုင်းနေရတတ်ပါတယ်။ အခါပျက်၊ နေရာပျက်၊ ရုပ်ပျက်၊ အလုပ်ပျက်ဆိုတဲ့ အပျက်လေးမျိုးပေါ့။ ဒါလည်း ခဏ ရပ်ဆိုင်းထားတာပါ။ ကိုယ်လုပ်ထားတဲ့ ကောင်းမှုက သစ္စာဖောက်သွားတာ မဟုတ်ပါဘူး။ အခါအခွင့် မသင့်သေးတာပါ။ အခါအခွင့်သင့်လို့ တကယ်ပေးပြီဆိုတဲ့အခါ ကာလဒေသ ကန့်သတ်ချက် လုံးဝမရှိပါဘူး။

အခါပျက်ဆိုတာ အသိခေါင်းပါး တရားကင်းမဲ့သူတွေ လွှမ်းမိုးတဲ့အခါမျိုး၊ နေရာပျက်ဆိုတာ အပါယ်ဘုံပေါ့။ မကောင်းမှု တစ်ခုခုကြောင့် အပါယ်ရောက်သွားရင် ကောင်းမှုကျက်စားရာဌာန မဟုတ်လို့ အကျိုးပေး ရပ်ဆိုင်းနေရတယ်။ အထူးအားဖြင့် ငရဲဘုံပေါ့။ ငရဲဘုံ ရောက်သွားရင် ငရဲမီးပူ၊ ရေပူ ဆင်းရဲတွေကြားမှာ ကောင်းမှုအကျိုးတွေ ဖြတ်သန်းခွင့်မရဘူး။ လွတ်လာတော့မှ ပေးမယ်ပေါ့။ ငရဲ ရောက်နေတဲ့ ဘုရင်အဇာတသတ်လိုပေါ့။

တစ်ချို့တိရစ္ဆာန်တွေ အတိတ်ကောင်းမှု အကျိုးခံစားခွင့်ရှိကြတယ်။ မင်းသုံးတဲ့ ဆင်၊ မြင်း စသည်နှင့် တစ်ချို့ သူဋ္ဌေးအိမ်က ခွေးတွေလိုပေါ့။ တစ်ချို့ခွေးတွေဟာ သီလပျက်ခဲ့လို့ ခွေးဘဝ ရောက်ရပေမယ့် ဒါနကံပါလာလို့ ဒါနက အကျိုးပေးနေတယ်။ အကောင်းတွေစားလို့၊ မွေ့ယာပေါ် လူ့ရင်ခွင်ပေါ် အိပ်လို့၊ ကားစီးလို့၊ အသုံးအဆောင် အပြည့်အစုံနဲ့ နေရတယ်။ လူတွေက ခွေးကို သိပ်ချစ်ကြတယ်။ ဒါနက ပေးတာပါ။ ကောင်းမှုကတော့ အခွင့်သင့်တိုင်း အကျိုးပေးနေမှာပါ။

ရုပ်ပျက်ဆိုတာ ကြည့်မကောင်းအောင် အရုပ်ဆိုးတာမျိုး၊ အင်္ဂါမစုံတာမျိုးပေါ့။ ဒါမျိုးတွေကို ကောင်းမှုက ပေးလို့ရတာ မဟုတ်ဘူး။ ပုထုဇဉ်ပီပီ မကောင်းမှုလုပ်မိလို့၊ ကောင်းမှုကြားထဲမှာ မကောင်းမှုပါသွားလို့ မကောင်းမှုက ကြားဖြတ်ပေးသွားတာပါ။ ရုပ်ပျက်တဲ့အခါ ကောင်းမှုအားလုံး အကျိုး မပေးရင်တောင် ပေးလို့ဖြစ်တဲ့ကောင်းမှုကတော့ အခွင့်သင့်တိုင်း ပေးနေတတ်ပါသေးတယ်။ အရုပ်ဆိုးတဲ့ ကုသမင်း ရှင်ဘုရင် ဖြစ်နေသလိုပေါ့။

အလုပ်ပျက်ဆိုတာ အလုပ်မှားသွားတာမျိုးပြောတာ။ အသိပညာမရှိလို့ပဲဖြစ်ဖြစ်၊ သတိ လွတ်သွားလို့ပဲ ဖြစ်ဖြစ်၊ မကောင်းမှု အမှားတွေ လုပ်မိနေရင် လုပ်ထားပြီးတဲ့ ကောင်းမှုတွေ အကျိုးပေးခွင့်မရဘူး။ ရပ်ဆိုင်းနေကြရတယ်။ သို့သော် ချက်ချင်း အကောင်းပြောင်းပေးလို့ရပါတယ်။ အမှားမှန်းသိရင် ပြန်ပြင်လို့ ရပါတယ်။ ပြင်တတ်သလောက် ကောင်းကျိုးပေးခွင့် ပွင့်လာရတယ်။ လူဆိုးတွေ သတ်နေခဲ့ရတဲ့ တမ္ဗဒါဌိက သေတော့ နတ်ပြည် ရောက်ရသလိုပေါ့။ သေခါနီးပြုတဲ့ ကုသိုလ်ကြောင့် ရောက်တာပါ။


www.burmeseclassic.com

www.burmeseclassic.com


ကောင်းမှုမိတ်ဆွေဟာ ပိုက်ဆံပေးဝယ်လို့ မရနိုင်တဲ့ အံ့ဖွယ်စွမ်းအားတွေကို ပေးနိုင်ပါတယ်။ လောကထဲမှာ အဝင်အဆံ့ဆုံးဟာ ပိုက်ဆံပါ။ ဒါကြောင့် စိန်ကုန်သည်၊ ရွှေကုန်သည်တွေဟာ အဖိုးတန် စိန်ရွှေတွေကို ငွေစက္ကူနဲ့ လဲလှယ်ရောင်းချနေကြတယ်။ စိန်ရွှေရတနာတွေဟာ အဖိုးတန်ပေမယ့် ပိုက်ဆံလောက် အဝင်မဆံ့ကြပါဘူး။ စားဖွယ်၊ သောက်ဖွယ်၊ အသုံးအဆောင်တွေ ဝယ်ယူချင်ရင် စိန်တုံး ရွှေတုံးကို ဖဲ့ပြီး ဝယ်လို့မလွယ်ဘူး။ အချိန်ကုန် လူပန်းလည်းဖြစ်မယ်။ မှန်းဖဲ့နေရင် ကိုယ်က ရှုံးတတ်တယ်။ တန်ဖိုး သတ်မှတ်ပြီးသား ဖြစ်နေတဲ့ငွေစက္ကူနဲ့ ဝယ်ယူတော့ လွယ်တာပေါ့။ လောကထဲ ပိုက်ဆံ အဝင်ဆံ့ပေမယ့် ကာလဒေသ ကန့်သတ်ချက်ရှိပါတယ်။ ကောင်းမှုမိတ်ဆွေမှာ ကာလဒေသ ကန့်သတ်ချက်မရှိဘူး။ ဘယ်အခါမဆို၊ ဘယ်နေရာမဆို၊ ဘာမဆို လိုတာအကုန်ပေးနိုင်တယ်။ ဘယ်သူတွေ၊ ဘယ်အရာတွေ၊ ဘယ်လောက်စွမ်းတယ်၊ ဟူးဆန်းတယ် ပြောပြော ကိုယ့်ကုသိုလ်က ပေးတာလောက်တော့ စေ့စပ်သေချာ တိကျ ပြည့်ဝအောင် မပေးနိုင်ပါဘူး။

(၂) မေတ္တာ သစ္စာပြည့်ဝတဲ့မိတ်ဆွေဟာ ခက်ခဲတဲ့ကိစ္စများကို စေတနာမှန်နဲ့ မဖြစ်မနေ ပြေလည်အောင် ဆောင်ရွက်ပေးတတ်သလို အနှစ်ပြည့်ဝတဲ့ ကိုယ့်ရဲ့ ကောင်းမှုမိတ်ဆွေကလည်း များတဲ့ မကောင်းကျိုးကို လျှော့ပေးခြင်း၊ နည်းတဲ့ မကောင်းကျိုးကို လုံးဝ ပျောက်ကွယ်သွားစေခြင်း စတဲ့ ခက်ခဲတဲ့ ကိစ္စများကို ပြေလည်အောင် ဆောင်ရွက်ပေးနိုင်ပါတယ်။

မိဘအရင်းတောင် မဆောင်ရွက်နိုင်တဲ့၊ ပိုက်ဆံပေး ဖြေရှင်းလို့တောင် မရနိုင်တဲ့၊ ဘယ်သူ့ အမိန့်နဲ့မှ တားမရနိုင်တဲ့ အခက်အခဲ၊ အကြပ်အတည်းများကို အံ့သြဖွယ် ကောင်းလောက်အောင် ဆောင်ရွက်ဖြေရှင်း တားမြစ် ပေးနိုင်တယ်။ ဘုရင်အဇာတသတ်ရဲ့ မကောင်းမှုအကျိုး လျော့သွားတာမျိုး၊ လူသတ်သမား အင်္ဂုလိမာလရဲ့ အကုသိုလ်အကျိုးတွေ လျော့ပါး ပပျောက်သွားတာမျိုးတွေပေါ့။

တကယ် ဘေးကျပ်နံကျပ် ရင်ဆိုင်တွေ့ကြုံရတဲ့ ပြဿနာအခက်အခဲကို ကိုယ်တိုင်ပြုလုပ်ထားတဲ့ ကောင်းမှုတရားက လွဲလို့ ဘယ်သူဘယ်ဝှာ ဘယ်အရာကမှ အားလုံးပြီးပြတ်အောင် ဖြေရှင်းပေးနိုင်စွမ်း မရှိပါဘူး။ ကောင်းမှုကမှ တကယ့်မိတ်ဆွေပါ။

ကောင်းမှုမိတ်ဆွေဟာ မလိုအပ်တဲ့ ဘေးရန်အန္တရာယ် အနှောင့်အယှက် မကောင်းကျိုး အဆိုးအမျိုးမျိုးကို ကိုယ့်ဆီ ရောက်မလာနိုင်အောင် ကင်းပျောက်သွားအောင် အမိန့်ထုတ် ဖယ်ရှားပစ်နိုင်တာကြောင့် အရှိန်အဝါ အကြီးဆုံးပါ။ ဒီလိုဆိုရင် ကောင်းမှုဟာ လိုအပ်တာကို ရရှိတိုးပွားအောင် မလိုအပ်တာကို လျှော့ပါး ကုန်ဆုံးအောင် လုပ်ပေးနိုင်တဲ့ 'လိုတိုး ပိုလျှော့' လုပ်ပေးနိုင်တဲ့ မိတ်ဆွေစစ်ပဲ။

(၃) မေတ္တာ သစ္စာ ပြည့်ဝတဲ့ လောက မိတ်ဆွေကောင်းဟာ သည်းခံ ခွင့်လွှတ်နိုင်ခဲ့တဲ့ ကိစ္စများကို သဘောထားကြီးကြီးနဲ့ သည်းခံခွင့်လွှတ်တတ်သလို အနှစ် ပြည့်ဝစုံလင်လှတဲ့ ကောင်းမှုမိတ်ဆွေကလည်း ခံနိုင်ရည် ရှိခဲ့တဲ့အရာမှာ ခံနိုင်ရည်ရှိအောင် တည်ငြိမ်ရင့်ကျက်အောင် ဆောင်ရွက်ပေးပါတယ်။

ကောင်းမှုမိတ်ဆွေတွေကြောင့် ငိုစရာတွေ့ပေမယ့် မငိုလိုက်ရဘူး။ ခံနိုင်ရည်ရှိတယ်။ ကြောက်လန့်စရာ တွေ့ပေမယ့် မကြောက်လန့်ရဘူး။ ရဲစွမ်းသတ္တိရှိတယ်။ ပူစရာတွေ့ပေမယ့် မပူရဘူး။ အပြုံးမပျက် တည်ငြိမ် ရင့်ကျက် အေးချမ်းတယ်။ အဆိုးကို သည်းခံနိုင်တယ်။

ကောင်းမှုမိတ်ဆွေဟာ တစ်ချို့အဆိုးတွေကို အကောင်းဖြစ်အောင် ပြောင်းပေးတယ်။ တစ်ချို့ အဆိုးတွေကို ကင်းပျောက်သွားအောင် ဖျောက်ဖျက် ဖယ်ရှားပစ်တယ်။ ပြောင်းမရ ဖျောက်မရတဲ့ အဆိုးတွေနဲ့ ရင်ဆိုင်တွေ့ကြုံလာရင် ခံနိုင်ရည်ရှိအောင် လုပ်ပေးတယ်။

ခံနိုင်ဝန်အင်အား မြောက်မြားစွာနဲ့ တည်ဆောက်ထားတဲ့တံတားကြီးပေါ် အလေးချိန် မြောက်မြားစွာ တင်ထားတဲ့ မော်တော်ကားကြီးတွေ အမြောက်အမြား ဖြတ်သွားကြပေမယ့် မယိုင်လဲ မပြိုကျဘဲ ခံနိုင်ရည်ရှိသလို ကောင်းမှုတရား ခံနိုင်ဝန်အင်အား မြောက်မြားစွာနဲ့ တည်ဆောက်ထားတဲ့ လူ့ခန္ဓာအပေါ် အဆိုးလောကဓံ ကြီးကြီးမားမားတွေ ဖြတ်သွားကြပေမယ့် မတုန်မလှုပ် တည်တည်ငြိမ်ငြိမ် ခံနိုင်ရည်ရှိတယ်။

ရေအောက်မှာ ကျောက်ဆောင် ကျောက်တုံးတွေရှိနေတဲ့ ရေကန်ထဲ ရေပြည့်နေတဲ့အချိန် လူက ဒိုင်ဗင်ထိုးရင် ကြားမှာ ရေတွေခံနေလို့ လူနှင့်ကျောက်ဆောင်မထိသလို ကောင်းမှုတရား မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com


ပေါများသူဟာလည်း အဆိုးပေါ်တဲ့ လောကထဲ နေရပေမယ့် ကြားမှာ ကောင်းမှုတရား မိတ်ဆွေတွေ ခြားထားလို့ လူနှင့်အဆိုးလောကစံ မတွေ့ရတာများတယ်။ တွေ့ရင်လည်း ခံနိုင်ရည်ရှိတယ်။

ဒါကြောင့် ကိုယ်တိုင်စိတ်ပါလက်ပါ အနှစ်ပြည့်ဝအောင် ပြုလုပ်ထားတဲ့ ကောင်းမှုတရားဟာ တကယ့်အရေးကြုံလာတိုင်း တကယ်အားကိုးရတဲ့ကြောင့် စိတ်အချရဆုံး အားအကိုးရဆုံး မိတ်ဆွေစစ်ပါ။ ကိုယ့်ကို ချစ်မြတ်နိုးသူဟာ ကောင်းမှုကို စိတ်အားထက်သန်စွာ ပြုလုပ်တတ်တာဖြစ်လို့ ကိုယ်ဟာ ကိုယ့်ရဲ့ မိတ်ဆွေစစ် ဖြစ်တယ်။ ကုသိုလ်တရားပေါ်လာအောင် ချစ်တတ်မှ တကယ်ချစ်တယ်လို့ ဆိုရမယ်။ မိမိက ကောင်းမှုကို တန်ဖိုးထားသလောက်သာ ကောင်းမှုကလည်း မိမိကို ကောင်းကျိုးပြုနိုင်ပါတယ်။ စိတ်ကောင်းထားသလောက် မိတ်ကောင်းရမယ်။

## ၃။ ရန်သူ မိတ်ဆွေ ခွဲတတ်စေ

- **သဒ္ဓါမထည့်၊ သတိမဲ့၊ လွတ်တဲ့စိတ်တွေ ရန်သူဖြစ်။**
- **သတိသဒ္ဓါ၊ ထိန်းမိတာ၊ စိတ်မှာ မိတ်ဆွေဖြစ်။**
- **အကုသိုလ်ဆိုး၊ မကောင်းကျိုးကား၊ ဆွေရင်းခြား၊ အာဏာခနေ၊ တားမရ၊ မုချရန်သူစစ်။**
- **ကုသိုလ်ကောင်းကျိုး၊ ဆွေမျိုးဥစ္စာ၊ အာဏာမက၊ အားကိုးရ၊ မုချ မိတ်ဆွေစစ်။**

စိတ်ဟာ သဒ္ဓါတရားနှင့် ထိတွေ့ခွင့်မရတိုင်း၊ သဒ္ဓါတရားလက်ထဲက လွတ်သွားတိုင်း၊ သတိအထိန်း ကင်းကွာသွားတိုင်း၊ အကုသိုလ် ရန်သူ ဖြစ်သွားရပါတယ်။ တကယ် ကြောက်စရာကောင်းတာက အတွင်းရန်ပါ။ အတွင်းရန်ဟာ အပါယ်ထိ ဆွဲချတတ်တယ်။ အပြင်ရန်တွေကိုလည်း လက်ယပ်ခေါ်ယူတတ်တယ်။

ပြုလုပ်ထားပြီးတဲ့ အကုသိုလ်ကို အကျိုးမပေးရအောင် ဆွေမျိုးရင်းခြာတွေ ဝိုင်းတားလို့လည်း မရဘူး။ မင်းအမိန့်အာဏာနဲ့ တားဆီးလို့လည်း မရဘူး။ ပစ္စည်းဥစ္စာ အမြောက်အမြား ပေးပြီး တားမြစ်ပိတ်ပင်လို့လည်း မရဘူး။ ဒါကြောင့် အတွင်းရန်သာ ရန်သူအစစ်ပါ။ အပြင်ရန်သူတွေက နည်းအမျိုးမျိုးနဲ့ တားမြစ်လို့ ရတာမျိုးတွေ ရှိတတ်ပါသေးတယ်။

ပြီးတော့ စိတ်ဟာ သဒ္ဓါတရားနှင့် ထိတွေ့သွားတိုင်း၊ သတိနှင့် ထိန်းမိတိုင်း၊ ကုသိုလ်မိတ်ဆွေ ဖြစ်သွားပါတယ်။ ကုသိုလ်ဆိုတာ ဆွေမျိုးရင်းတွေတောင် မပေးနိုင်တာကို ပေးနိုင်ပါတယ်။ ဆွေမျိုးရင်းတွေ မဆောင်ရွက်နိုင်တာကိုလည်း ဆောင်ရွက်ပေးနိုင်တယ်။ ပစ္စည်းဥစ္စာနဲ့ ဖြေရှင်းမပေးနိုင်တာကိုလည်း ဖြေရှင်းပေးနိုင်တယ်။ မင်းအမိန့်အာဏာနဲ့ တားဆီးမပေးနိုင်တဲ့ အရာမျိုးကိုလည်း အံ့ဖွယ် ကောင်းလောက်အောင် တားဆီးပေးနိုင်တယ်။ ဒါကြောင့် ကုသိုလ်သာ မိတ်ဆွေစစ်ပါ။

ကုသိုလ်သာ ချစ်မြတ်နိုးဖွယ် အကောင်းဆုံး၊ သစ္စာအရှိဆုံး၊ လောကထဲ အဝင်အဆံ့ဆုံး မိတ်ဆွေဖြစ်တယ်။ ကိုယ့်ဟာကိုယ် နည်းမှန်လမ်းမှန် ချစ်တတ်သလောက် မိတ်ဆွေနှင့် တွေ့ရမယ်။ သတိမြဲမှလည်း ရန်သူကင်းရှင်းပြီး မိတ်ဆွေစစ်နှင့် တွေ့ဆုံရင်းနှီးခွင့်ရမယ်။

## ၄။ တာဝန်နှစ်ခု ခွဲ၍ရှု

- **ကုသိုလ်အစု၊ ကောင်းမှုတရား၊ မတန်ငြား၊ စိတ်ထားမကောင်းပါ။**
- **စိတ်မကောင်းက၊ ရန်သူရ၊ ဒုက္ခအပူ ပွားတတ်ပါ။**
- **ကုသိုလ်အစု၊ ကောင်းမှုတရား၊ ထိုက်တန်ငြား၊ စိတ်ထားကောင်းမြတ်ပါ။**
- **စိတ်ကောင်းထားက၊ မိတ်ကောင်းရသုခတိုး၍ အေးချမ်းပါ။**
- **အကုသိုလ်မှာ၊ လိုတာမပေး၊ စိတ်မအေးရ၊ ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရပါ။**
- **ကုသိုလ်အစု၊ ကောင်းစွာပြုက၊ စိတ်အေးရအောင်၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန်၊ တာဝန်ယူသွားပါ။**

စိတ်ကောင်း စိတ်ကောင်းဆိုတာ မကောင်းတဲ့စိတ် ဆိုးညစ်တဲ့စိတ် ရှိနေလို့ ပေါ်လာတဲ့ နာမည်ပါ။ အဆိုးရှိနေလို့သာ အကောင်းဂုဏ်တက်တာပါ။ အဆိုးဟာ မကောင်းပေမယ့် အကောင်းကို


www.burmeseclassic.com

www.burmeseclassic.com


ဂုဏ်တင်ပေးပါတယ်။ အဆိုးကို ပြုပြင်ဖယ်ရှားပြီး အကောင်းကို မြှင့်တင် ဆွဲယူ ဖော်ထုတ်ပေးရတာလည်း ဖြစ်ပါတယ်။

ကိုယ့်စိတ် ကောင်း၊ မကောင်း သိချင်ရင် ကုသိုလ်အလုပ်နဲ့သ ၁စမ်းကြည့်ပါ။ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာဆိုတဲ့ ကုသိုလ် မိတ်ဆွေလေးမျိုးထဲက တစ်မျိုးမျိုးနဲ့ပဲ ဖြစ်ဖြစ်၊ လေးမျိုးလုံးနဲ့ပဲ ဖြစ်ဖြစ် စမ်းသပ်ကြည့်လိုက်လို့ အစမ်းမခံဘဲ ရှောင်လွှဲနေရင်၊ ဟိုအကြောင်းပြ ဒီအကြောင်းပြပြီး ငြင်းပယ်နေရင်၊ ဟိုရွှေ့ ဒီရွှေ့လုပ်နေရင် ကိုယ့်စိတ် မကောင်းသေးဘူးလို့ ဆုံးဖြတ်ရမယ်။ ကောင်းမှုနဲ့ မတန်ရင် မကောင်းတဲ့စိတ်ပဲ။

နည်းနည်းမကောင်းတဲ့စိတ်ဟာ အထိန်းလွတ်ရင် မကြာခင် များများမကောင်းတဲ့စိတ် ဖြစ်သွားနိုင်တယ်။ ဆိုးညစ် ပူလောင်တဲ့အဆင့် ရောက်သွားနိုင်တယ်။ စိတ်မကောင်းရင် ကိုယ်လည်း မကောင်း၊ နှုတ်လည်းမကောင်း ဖြစ်သွားနိုင်တယ်။ ဒီလိုဆိုရင် မကောင်းမှု အကုသိုလ် အဆင့်ရောက်အောင် လွန်ကျူးပြစ်မှား မိနိုင်တယ်ပေါ့။ ဒါဆို ရန်သူနှင့် ပက်ပင်းရင်ဆိုင်တိုးရတော့မယ်။ ဆင်းရဲအပူတွေ မဆုံးနိုင်အောင် တိုးပွားလာကြတော့မယ်။

ကုသိုလ်မိတ်ဆွေလေးမျိုးနဲ့ စမ်းကြည့်လိုက်လို့ အစမ်းခံနိုင်ရင် ကောင်းမှုကို နှစ်နှစ်ခြိုက်ခြိုက် ကျေကျေနပ်နပ် လက်ခံနိုင်ရင် ကောင်းမှုအလုပ်ထဲ စိတ်ပါဝင်စားလာရင် ကောင်းမှုကုသိုလ်တရားကို ရင်းရင်းနှီးနှီးဆက်ဆံပေါင်းသင်းရမယ့် ချစ်စရာအကောင်းဆုံး မိတ်ဆွေအဖြစ် မြင်လာရင် ကိုယ့်စိတ် ကောင်းပြီလို့ ဆုံးဖြတ်ရမယ်။ ကောင်းမှုနဲ့တန်ရင် စိတ်ကောင်းပဲ။

အထိန်းကောင်းရင် စိတ်နည်းနည်း ကောင်းရာက များများကောင်းလာမယ်။ စိတ်ကောင်းတော့ ကိုယ်ရော၊ နှုတ်ရော ကောင်းလာမယ်။ ဒီလိုဆို ကောင်းမှုကုသိုလ်တွေ ဖြစ်ပေါ်တိုးပွားလာအောင် ပြုလုပ်အားထုတ်ဖြစ်တော့မှာပေါ့။ မိတ်ဆွေစစ်နှင့် တွေ့ဆုံခွင့်ရပြီး ငြိမ်းအေးချမ်းသာမှုတွေ ရရှိတိုးပွားလာကြတော့မှာပါ။

အကုသိုလ်ဆိုတာ စိတ်မထိန်းနိုင်လို့ ကိုယ့်စိတ်ကိုယ်မနိုင်လို့ စိတ်အစဉ် ပေါက်ကွဲလို့ စိတ် လွတ်ကျသွားလို့ စည်းမဲ့ကမ်းမဲ့ ဖြစ်ပေါ်လာတာဖြစ်လို့ သစ္စာအဖောက်ဆုံး ရန်သူဖြစ်သွားလို့ ကိုယ်လိုတာ ဘာတစ်ခုမှ မပေးနိုင်ဘူး။ မလိုတာဆို အကုန်ပေးမယ်။ အကုသိုလ်ရှိသလောက် စိတ်ခြောက်ခြား ပူလောင်ရမယ်။ စိတ်မအေးရတော့ဘူး။ သူ့ကို ကိုယ်က အကုန်တာဝန်ယူရမယ်။

လောကထဲ အကုသိုလ်ရဲ့တာဝန်ကို ယူနေရသူတွေ အများကြီးပဲ။ အပါယ်ရောက်နေသူ အားလုံး အကုသိုလ်တာဝန် ယူနေရတာ။ လူတွေထဲမှာလည်း အသက်တိုသူ, အနာရောဂါများသူ, ခြေလက်အင်္ဂါမစုံသူ, စီးပွားပျက်သူ စတဲ့လူတွေဟာ အကုသိုလ်တာဝန်ယူနေကြရတာ။ အကုသိုလ် ဆိုတာ သူကကိုယ့်ကို နိုင်ထားတာဆိုတော့ သူပို့တဲ့နေရာသွားရမယ်။ သူပေးတာယူရမယ်။ သူခိုင်းတာ လုပ်ရမယ်။

ကုသိုလ်ဆိုတာ စိတ်ထိန်းနိုင်လို့၊ ကိုယ့်စိတ် ကိုယ်နိုင်လို့၊ စိတ်စည်းကမ်းရှိလို့၊ သစ္စာအရှိဆုံး မိတ်ဆွေ ဖြစ်သွားလို့ ကိုယ်လိုတာ အကုန်ပေးနိုင်တယ်။ မလိုအပ်တာတွေကို ဖယ်ရှားပေးနိုင်တယ်။ ကုသိုလ်တရား ရှိသလောက် စိတ်အေးရမယ်။ သူက ကိုယ့်ကို အကုန်တာဝန်ယူသွားတယ်။

လောကထဲ ကုသိုလ်တရားက တာဝန်ယူထားလို့ ငြိမ်းအေးချမ်းသာသူတွေ၊ အဆင့်မြင့်မားသူတွေ၊ သက်ရှည်ကျန်းမာသူတွေ၊ ဉာဏ်ထူးချွန်မြင့်မားသူတွေ၊ အစစအရာရာ အဆင်ပြေ ချောမွေ့ အောင်မြင်နေသူတွေ၊ လုပ်သလောက် အရာရောက်သူတွေ၊ မနည်းလှပါဘူး။ ကုသိုလ်ဆိုတာ ကိုယ်က သူ့ကို နိုင်ထားတာဆိုတော့ ကိုယ်သွားလိုရာ သူ့ကို အပို့ခိုင်းရုံပဲ။ ကိုယ်လိုတာ သူ့ဆီ အကုန် တောင်းရုံပဲ။ ကိုယ်ဖြစ်လိုတာ သူ့ကို အကုန် ခိုင်းရုံပဲ။ ကုသိုလ်လုပ်ပြီးတိုင်း ဆုတောင်းကြတာဟာ ဒီသဘောပဲ။

ဆုတောင်းတယ်ဆိုတာ ဉာဏ်နဲ့ လမ်းဖြောင့်ပေးတာပါ။ ကိုယ့်ဆန္ဒကို ထုတ်ဖော်ပြတာလည်း ဖြစ်တယ်။ ကိုယ့်ကုသိုလ်ကို လိုရာပုံဖော်ပြီး ဉာဏ်နဲ့ ရသလောက်ချဲ့ယူလိုက်တယ်။ ဉာဏ်နဲ့ပဲ ဆွဲဆန့် ပြီး နိဗ္ဗာန်အထိ ချိတ်ဆက် ထားလိုက်တယ်ပေါ့။ ကုသိုလ်တရားဆိုတာ ဘဝဒုက္ခ ကယ်ဆယ်ရေး တာဝန်ခံပဲ။ ဉာဏ်တော့ အမြဲပါမှဖြစ်မယ်။ ကံကပေးထားတဲ့ ဘဝဒုက္ခက ဉာဏ်နဲ့ဖြတ်မှပဲ ပြတ်နိုင်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ ဖုံးကြဲလာလျှင် ပုန်းထဲဝင်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(ခုဒ္ဒကပါဌ-၁)

- **လောဘ ဒေါသ၊ မောဟအပူ၊ ပွက်ပွက်ဆူ၊ ရန်သူဖြစ်၍ ဖုံးကြဲသည်။**
- **ဖုံးဒဏ်ထိက၊ ပူလောင်လှ၊ ကြွေမွပျက်စီး သွားနိုင်သည်။**
- **ဖုံးကြဲလာလျှင်၊ ပုန်းထဲဝင်၊ သန့်စင်အေးမြ လုံခြုံသည်။**
- **သုံးပါးမြတ်စွာ၊ ရတနာ၊ ပုန်းရာစစ်မှန်သည်။**
- **အပူကင်းလို၊ အေးလွတ်လို၊ပုန်းခိုတတ်ရမည်။**
- **စိတ်ကောင်းထားက၊ မိတ်ကောင်းရမှုချချမ်းသာမည်။**

လူ့ခန္ဓာတစ်ခုလုံးမှာ အဖိုးအတန်ဆုံးအရာဟာ စိတ်ကောင်းပါ။ စိတ်ကောင်းဆိုတာ ရတနာသုံးပါး အာရုံနဲ့လည်း ထိုက်တန်တယ်။ ကောင်းမှုတရားအားလုံးနဲ့လည်း ထိုက်တန်တာပဲ။ ကောင်းကျိုးတရားအားလုံးနဲ့လည်း တကယ်တန်တယ်။ စိတ်ကောင်းမှတော့ အကောင်းအားလုံးနဲ့ တန်ပြီပေါ့။ ကိုယ်က ကောင်းတာကိုး။

ပုထုဇဉ်ဆိုတာ ဘဝသံသရာတစ်လျှောက် ကိလေသာ၊ အပူအရှုပ်၊ အဆိုးအညစ်တွေ အောက်မှာ ပြားပြားဝပ် နေခဲ့ရတာကများလို့ စိတ်ဟာ အလိုလို ကောင်းမလာနိုင်ဘူး။ တမင် ကောင်းအောင်လုပ်ပေးမှ ကောင်းလာနိုင်မယ်။ စိတ်ကို မကောင်းအောင်လုပ်တာက လောဘ၊ ဒေါသ၊ မောဟဦးစီးတဲ့ ကိလေသာ အပူငွေ့တွေပါ။

ကိလေသာအပူငွေ့တွေနှင့် ခွာပေးနိုင်သလောက် ကန့်ပေးနိုင်သလောက် သန့်ပေးနိုင်သလောက်သာ စိတ်ဟာ ကောင်းနိုင်တယ်။ စိတ်ကောင်းသလောက်သာ ကောင်းမှုနဲ့ တန်နေမှာပဲ။ ကောင်းမှုနဲ့ တန်နေမှလည်း ကောင်းမှုပြုလုပ်ရတာ ပျော်ရွှင်အားတက်နေမှာပါ။ အချစ်ဆုံးမိတ်ဆွေနှင့် တွေ့နေရတာကိုး။

စိတ်ကောင်းထားရမယ်ဆိုတာနဲ့ အကုသိုလ်စိတ် လုံးဝမဖြစ်ရဘူးလို့ မဆိုလိုပါဘူး။ ပုထုဇဉ်ဆိုတော့ ဖြစ်တဲ့အခါလည်း ရှိမှာပေါ့။ ကုသိုလ်လမ်း ပိတ်ဆို့မသွားခင် ထိန်းနိုင် သိမ်းနိုင် ကန့်နိုင် သန့်နိုင် ချုပ်နိုင် အုပ်နိုင်ရင် ပြီးတာပဲ။ များတာကိုနည်းအောင်၊ ရှည်တာကို တိုအောင်၊ ထူတာကို ပါးအောင်၊ ကျဲအောင်၊ တစ်စတစ်စ သတိထားထိန်းသိမ်း ပြုပြင်ပေးနေရမှာပါ။ သူ့ဟာသူတော့ ကောင်းမလာနိုင်ဘူး။ အကောင်းများသွားလို့ အဆိုးနည်းသွားရင် တစ်စတစ်စ စိတ်ကောင်းပိုင်ရှင် ဖြစ်သွားမယ်။ သတိမြဲဖို့တော့ လိုမယ်ပေါ့။

ကိလေသာခေါင်းဆောင် လောဘ၊ ဒေါသ၊ မောဟ သုံးပါးက ဖုံးကြဲလေယာဉ် သုံးစင်းနဲ့တူတယ်။ ရတနာသုံးပါးက ဖုံးခိုကျင်း သုံးကျင်းနဲ့တူတယ်။ ရှေးခေတ် ကမ္ဘာစစ်တွင်းတွေတုန်းက ရန်သူတွေဟာ ကောင်းကင်ပေါ်ကနေပြီး လေယာဉ်ပျံတွေနဲ့ လူတွေရှိနေတဲ့ နေရာတွေပေါ် ဖုံးကြဲချတတ်ကြတယ်။

တောရွာ မြို့ပါ ဖုံးခိုကျင်းတွေ အဆင်သင့်ဖြစ်အောင် တူးထားတတ်ကြတယ်။ လူတွေဟာ လေယာဉ်ပျံသံ ကြားတာနဲ့လည်း ကြောက်ကြတယ်။ လေယာဉ်ပျံကို အဝေးက လှမ်းမြင်တာနဲ့လည်း ကြောက်ကြတယ်။ တကယ်တော့ လေယာဉ်ပျံကို ကြောက်တာမဟုတ်ဘူး။ လေယာဉ်ပျံပေါ် ပါလာတဲ့ ဖုံးတွေကို ကြောက်တာပါ။

ဖုံးကြဲမှာ ကြောက်လို့ လေယာဉ်ပျံကို မြင်တာကြားတာနဲ့ နီးရာ ဖုံးခိုကျင်းထဲ ပြေးဝင်ပုန်းကြတာပဲ။ ဝင်မပုန်းရင်လည်း ဖုံးကြဲခံရလို့ ဒုက္ခရောက်ကုန်မှာ။ လူမြင်ရာ လျှောက်ကြနေတာကိုး။ ဖုံးတွေသာ ပါမလာရင် မြင်မြင်ကြားကြား လေယာဉ်ပျံကို ဘယ်ကြောက်လိမ့်မလဲ။ ဝိုင်းတောင် ကြည့်ကြလိမ့်ဦးမယ်။

ဘယ်သူပဲဖြစ်ဖြစ် ပုထုဇဉ်တွေမှာ မနက် အိပ်ရာထလာတာနဲ့ တစ်ပြိုင်နက် လောဘ၊ ဒေါသ၊ မောဟ လေယာဉ်ပျံသုံးစင်းက ဝဲလာပြီ၊ ဖုံးခိုကျင်းထဲ မဝင်ဖြစ်ရင်တော့ ဖုံးကြဲတာခံရတော့မယ်။ ဖုံးခိုကျင်းက သုံးကျင်း ရှိတယ်။ လောကထဲ အပူတွေ အန္တရာယ်တွေ ပေါလွန်းလို့ လုံလုံခြုံခြုံ ခိုလှုံဖို့ ဘုရားရှင် တူးပေးထားတာပါ။ စီမံဖန်တီးပေးထားတာပါ။ ရတနာသုံးပါးပေါ့။



www.burmeseclassic.com

www.burmeseclassic.com


လောဘ၊ ဒေါသ၊ မောဟဟာ ဆင်းရဲ အပူအန္တရာယ်မျိုးစုံကို ဖန်တီးတတ်တာဖြစ်လို့ ဆင်းရဲ အပူအန္တရာယ်အားလုံး သူတို့ဆီကချည်း လာတာဖြစ်လို့ ဗုံးကြီးလေယာဉ်လို့ တင်စားပြောရင် ဖြစ်ပါတယ်။ ဆင်းရဲအပူအန္တရာယ်မျိုးစုံ ဖန်တီးနေတာကိုပဲ ဗုံးကြဲတယ်လို့ စကားအနေနဲ့ တင်စားပြောတာပါ။

ရတနာသုံးပါးက လောဘ၊ ဒေါသ၊ မောဟက ပေးလာသမျှ ဆင်းရဲအပူအန္တရာယ် မရောက်ရအောင် ရောက်လာရင်လည်း ကင်းပျောက်သွားအောင် ခိုလှုံရတာဖြစ်လို့ ဗုံးခိုကျင်းလို့ တင်စားပြောတာ။ ကိလေသာ ကြဲလိုက်သမျှ ဆင်းရဲဗုံးဒဏ်ကာကွယ်ဖို့ ခိုလှုံရတဲ့ကြောင့် 'ဗုံးခိုကျင်း' လို့ ပြောရင် ဖြစ်တယ်။ ဆင်းရဲဗုံးဒဏ် ကင်းလွတ်အောင် ပုန်းအောင်းမှီခိုရတာဖြစ်လို့ 'ပုန်းခိုကျင်း' လို့ ပြောရင်လည်းဖြစ်တာပဲ။

ပါဠိလို ပုညခေါ်တဲ့ ကောင်းမှုတရားကို ပါဠိပျက် ပုဉ်း = ပုန်းလို့ ခေါ်ဆိုကြတယ်။ ကောင်းမှုဆိုတဲ့ ပုဉ်းကံ = ပုန်းကံ = ဘုန်းကံ ကြီးမားများပြား တိုးတက်လိုသူတွေ ယုံယုံကြည်ကြည် မှီခိုဆည်းကပ်ထိုက်တာကြောင့်လည်း ရတနာသုံးပါးကို 'ပုန်းခိုကျင်း' လို့ ပြောလို့ ဖြစ်နိုင်တယ်။ ဘေးရန် ဆင်းရဲ အပူကင်းလွတ်လိုသူတွေ၊ ဘုန်းကံ ကြီးမားလိုသူတွေ၊ ယုံကြည်စိတ်ချစွာနဲ့ ဧကန်မချွတ် ရတနာသုံးပါးကို မှီခိုဆည်းကပ်ကြရမှာပါ။ မခိုလှုံဖြစ်ရင်တော့ ကိလေသာ ဗုံးကြဲတာခံရမှာပဲ။ တစ်ချို့ မနက်အိပ်ရာထချိန် အကြောင်းအမျိုးမျိုးပြပြီး ဗုံးခိုကျင်း မခိုဖြစ်ဘဲ နေတတ်ကြတယ်။

ဗုံးခိုကျင်း မခိုဖြစ်သူတွေအပေါ် မနက်ထလာတာနဲ့ လောဘ၊ ဒေါသ၊ မောဟ လေယာဉ်သုံးစီးက ပျံဝဲပြီး ဗုံးကြဲတော့တာပဲ။ တစ်ခါတစ်ရံ ဗုံးခိုကျင်း မခိုဖြစ်သူတွေရဲ့အိမ်ထဲ အကဲခတ်ကြည့်ပါ။ မိဘ ဆိုသူတွေက သားသမီးဆိုရသူတွေကို အော်လိုက်၊ ငေါက်လိုက်၊ ဆဲလိုက်၊ ဆူလိုက်၊ ရိုက်လိုက် နှက်လိုက်နဲ့ ပွက်ညံနေတာပဲ။ အဲဒါ ဗုံးကြဲတော့တာပဲဗျ။ တစ်ခါတစ်ရံ ဇနီးမောင်နှံ နှစ်ယောက် ထရိုက်ကြတော့မလို ပွက်ညံနေအောင် ရန်ဖြစ်နေတတ်ကြတယ်။ အဲဒါ ဗုံးကြဲတာ။ အလွန်ချစ်စရာကောင်းတဲ့ သွေးသားအရင်း အချင်းချင်းတောင် ဗုံးကြဲမိတတ်ကြတယ်။

ရတနာသုံးပါး ဗုံးခိုကျင်းထဲ လက်ဦးအောင် မဝင်ဖြစ်ရင် အိမ်ထဲမှာ သွေးသားအရင်းတွေ အချင်းချင်း သူ့အပေါ် ကိုယ်က ဗုံးကြဲချလိုက်၊ ကိုယ့်အပေါ် သူက ဗုံးကြဲချလိုက်နဲ့ ကြောက်စရာ စစ်မြေပြင်ကြီးလို ဖြစ်နေတတ်တယ်။ ဗုံးခိုကျင်း မဝင်ဖြစ်ရင် ကျောင်းထဲမှာလည်း အတူတူပါပဲ။

ကိလေသာ အပူအားလုံးကို အနိုင်ယူ အပြတ်ရှင်းပြီးတဲ့ ရတနာသုံးပါး ဗုံးခိုကျင်းထဲ နေ့စဉ် လက်ဦးအောင် ခိုလှုံဖြစ်မှ ဆင်းရဲဗုံးဒဏ် ကင်းလွတ်သက်သာခွင့်ရကြမယ်။ ကိလေသာ အဖြစ်နည်းသွားရင် ကျဲသွားရင်တောင် ဆင်းရဲအပူ လျော့နည်းသွားတာဖြစ်လို့ တကယ် ပုန်းသင့် ခိုသင့်ကြပါတယ်။ သက်သာခွင့်ရရင်တောင် နည်းတာမှမဟုတ်ပဲ။

ဆင်းရဲအပူ ဗုံးဒဏ်ကြောက်လို့ပဲခိုခို၊ အပူအန္တရာယ်လွတ်အောင် ပုန်းအောင်းလိုလို့ပဲခိုခို၊ ပုန်းကံ (ဘုန်းကံ) ကြီးမားများပြားလိုလို့ပဲခိုခို၊ ရတနာသုံးပါးကတော့ တကယ်ပုန်းခိုထိုက်တဲ့ ပုန်းခိုကျင်းပါ။ ပုန်းခိုကျင်းထဲ ဝင်လိုက်တာနဲ့ အလွန် အေးချမ်းရပါတယ်။ ကိလေသာအပူဝေးလို့ စိတ်အေးသွားတာပါ။ နွေရာသီမှာ လူနှင့်နေ နီးတော့ ပူတယ်။ ဆောင်းရာသီမှာ လူနှင့်နေ ဝေးတော့ အေးတယ်။ ရတနာပုန်းခိုကျင်းမဝင်ရင် စိတ်နှင့် ကိလေသာ နီးလွန်းလို့ ပူတယ်။ ရတနာသုံးပါး ပုန်းခိုကျင်းဝင်တော့ စိတ်နှင့်ကိလေသာ ဝေးနေလို့ အေးတယ်။

ကိလေသာအပူကိုနိုင်ပြီးတဲ့ ရတနာသုံးပါး အာရုံနှင့် မကြာမကြာထိတွေ့ခွင့်ရမှ အတွေ့များနေမှ အပူဝေးပြီး စိတ်အေးချမ်းခွင့်ရမယ်။ ဒါမှ စိတ်ကောင်းပေါ်ပြီး မိတ်ကောင်းတွေ ဖော်ယူနိုင်မယ်။ စိတ်ကောင်းများလာရင် ဖြစ်သွားတဲ့ကိလေသာကို သတိနဲ့ နောက်ကလိုက်ဖမ်းပြီး ဉာဏ်နဲ့ ရှုရင်တောင် ဖြစ်လာတယ်။ ကိလေသာကြောင့် ဝိပဿနာတောင် ရနိုင်တယ်ပေါ့။ စိတ်ကောင်းထားသူအတွက် မိတ်ကောင်းတွေ ပေါ်များလှပါတယ်။ ကိလေသာကိုတောင် ဉာဏ်နဲ့ မိတ်ဖွဲ့ယူတတ်တယ်။

## ၆။ ကျောင်းကိုလှူက အားလုံးရ

သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။

(သံ ၁-၂၉)



www.burmeseclassic.com

www.burmeseclassic.com


၁။ - ကျောင်းဆောက်ပေးမှု၊ ခွန်အားလှူ၊လှူသူမှာလည်း ခွန်အားရ။
- အားကောင်းသော်လည်း၊ မခိုင်မြဲ၊ မလွဲပျက်စီးရ။
- တရားခွန်အား၊ ပြည့်လိုငြား၊ စွမ်းအားလွန်တက်ကြွ။
၂။ - ကျောင်းဆောက်ပေးမှု၊ အဆင်းလှူ၊ လှူသူမှာလည်း အဆင်းလှ။
- ရုပ်လှသော်လဲ၊ မခိုင်မြဲ၊ မလွဲပျက်စီးရ။
- တရားကျက်သရေ၊ ပြည့်စုံပေ၊ မသေ့ရလိုလှ။
၃။ -ကျောင်းဆောက်ပေးမှု၊ ချမ်းသာလှူ၊ လှူသူမှာလည်း ချမ်းသာရ။
- လောကီချမ်းသာ၊ မမြဲပါ၊ မုန်စွာ ပျက်စီးရ။
- တရားချမ်းသာ၊ စဉ်မကွာ၊ ကောင်းစွာ အေးလိုလှ။
၄။ - ကျောင်းဆောက်ပေးမှု၊ မျက်စိလှူ၊ လှူသူမှာလည်း အလင်းရ။
-ရုပ်နာမ်နှစ်ဖြာ၊ လင်းပါသော်လည်း၊ မခိုင်မြဲ၊ မလွဲပျက်စီးရ။
-တရားအရှိ၊ တကယ်သိ၍၊ အကြည့်မှန်ကန်၊ သစ္စာဉာဏ်၊ ကေန်ရလိုလှ။
-ကျောင်းဆောက်ပေးမှု၊ လေးမျိုးလှူ၊ လှူသူမှာလည်း လေးမျိုးရ။
- ကျောင်းဆောက်ပေးမှု၊ အားလုံးလှူ၊လှူသူမှာလည်း အားလုံးရ။
- အားလုံးထဲမှာ၊ ဆင်းရဲကွာ၍၊ ငြိမ်းရာအမှန်၊ မြတ်နိဗ္ဗာန်၊ ကေန် ရလိုလှ။
၅။ -ကျောင်းဆောက်ပေးမှု၊ နေရာလှူ၊ လှူသူမှာလည်း နေရာရ။
-လောကနေရာ၊ မမြဲပါ၊ မုန်စွာ ပျက်စီးရ။
-တရားနေရာ၊ ရရှိကာ၊ ကောင်းစွာ အေးလိုလှ။

စိတ်ကောင်းနှင့် ဗုဒ္ဓသာသနာ၊ ဗုဒ္ဓ သာသနာနှင့် စိတ်ကောင်းဟာ အပြန်အလှန် အချင်းချင်း မိတ်ကောင်းပဲ။ စိတ်ကောင်းနဲ့ စောင့်ရှောက်မှ ဗုဒ္ဓသာသနာ တည်တံ့နိုင်သလို ဗုဒ္ဓသာသနာကို မှီခိုခွင့် ရမှလည်း စိတ်ကောင်း မြင့်မားပြည့်ဝနိုင်ပါတယ်။ စိတ်ကောင်းက ဗုဒ္ဓသာသနာကို မှီရတယ်။ ဗုဒ္ဓသာသနာကလည်း စိတ်ကောင်းကို မှီရတယ်ပေါ့။

စိတ်ကောင်းရှိသူဟာ ကိုယ်လည်း ချမ်းသာကြောင်း ကောင်းမှု ရရှိဖို့ သာသနာလည်း ကြာကြာတည်ဖို့၊ စားဝတ်နေရေး ကျန်းမာရေးဆိုင်ရာ ပစ္စည်းလေးပါးကို ကိုယ့်မှာရှိတဲ့ ပစ္စည်းထဲကခွဲပြီး ရက်ရက်ရောရော လှူဒါန်း ထောက်ပံ့တယ်။ ပိုလျှံအောင် စောင့်မနေတော့ဘဲ ကိုယ်သုံးစွဲဖို့ထားတဲ့ အထဲကပဲ ခွဲလှူနိုင်တယ်ဆိုတာ စိတ်ကောင်းအစွမ်းပဲ။

စိတ်ကောင်းနဲ့လှူတဲ့ အလှူတွေထဲမှာ နေရာကျောင်းလဲပါတာဆိုတော့ စိတ်ကောင်းဟာ ကျောင်းရဲ့ မိတ်ကောင်းပဲ။ ကျောင်းဆိုတာ စိတ်ကိုထိန်းကျောင်း အားထုတ်တဲ့နေရာ၊ အမြဲ ကုသိုလ်ပွားတဲ့ နေရာဖြစ်လို့ ကျောင်းဟာလည်း စိတ်ကောင်းရဲ့ မိတ်ကောင်းဖြစ်တယ်။ ဒါဆို စိတ်ကောင်းနဲ့ ကျောင်းဟာ အချင်းချင်း ကျေးဇူးပြုနေတဲ့ မိတ်ကောင်းပဲ။

ကျောင်းဆောက်လှူရင် အားလုံးလှူရာ ရောက်တယ်လို့ ဘုရားဟောထားတယ်။ အားလုံးဆိုတာ ခွန်အား၊ အဆင်း၊ ချမ်းသာ၊ မျက်စိဆိုတဲ့ ပါဠိတော်မှာ ရှေ့နားက ပြဆိုခဲ့ပြီး လေးပါးကို ပြန်ပေါင်းပြတာပါ။ ကျောင်းသာ မဟုတ်ပါဘူး။ တည်းစရာ ခိုစရာ နားနေစရာ ခဏထိုင်စရာ နေရာများကို လှူရင်လည်း အတူတူပါပဲ။

(၁) နေရာကျောင်းလှူဒါန်းရင် အလှူခံအတွက် ခွန်အားကို လှူရာရောက်တယ်။ လုံခြုံတဲ့ အရိပ်ထဲ နေရမှ အားရှိတာကိုး။ စိတ်ကောင်းရှိသူရဲ့ စေတနာကောင်းဟာ ကိုယ့်ထံ တူတဲ့အကျိုးကို တုန့်ပြန်တတ်မြဲဖြစ်လို့ အလှူရှင်လည်း ခွန်အားကောင်းခြင်းအကျိုးကို ကေန်ရမယ်။ ရုပ်ခွန်အားဟာ ဇရာ ဗျာဓိ သဠီရဒဏ် ဖြိုချခံရရင် ပြိုကျသွားရတာဖြစ်လို့ မခိုင်မြဲတာလည်း တစ်ကြောင်း၊ ရုပ်ခွန်အားကောင်းရုံနဲ့ စိတ်အပူ မငြိမ်းနိုင်သေးတာလည်း တစ်ကြောင်းကြောင့် ရုပ်ခွန်အားလောက်နဲ့ မလုံလောက်သေးဘူး။ ဆင်းရဲအပူအားလုံးကို တွန်းလှန်ခုခံနိုင်တဲ့ တရားခွန်အား၊ လောကုတ္တရာခွန်အားအထိ ရရှိဖို့ ဉာဏ်နဲ့ ဆန့်တန်း ဦးတည်ပေးရမယ်။


www.burmeseclassic.com

www.burmeseclassic.com


(၂) ကျောင်းလှူရင် ရုပ်အဆင်းကို လှူရာရောက်တယ်။ အရိပ်ထဲနေရမှ ရုပ်အဆင်း ကြည်လင်တာကိုး။ စေတနာက တုန့်ပြန်လို့ အလှူရှင်လည်း ရုပ်အဆင်းလှတဲ့ အကျိုးရတယ်။ ရုပ်လှရုံလောက်နဲ့ အပူမငြိမ်းသေးလို့ ခိုင်မြဲတာလည်း မဟုတ်လို့ နေရာတကာ အဝင်ဆံ့ထည့်ဝါတဲ့ စိတ်အလှ၊ တရားအလှပါရဖို့ အထူးအားဖြင့် အလှဆုံး လောကုတ္တရာထိရဖို့ ဦးတည်ပေးဖို့လိုမယ်။

(၃) ကျောင်းလှူရင် ချမ်းသာကိုလှူရာရောက်တယ်။ လုံခြုံတဲ့ အရိပ်ထဲ နေရမှ ကိုယ်စိတ် ချမ်းသာပြီး ချမ်းသာကြောင်းတရား အလုပ်ကို စိတ်ချလက်ချ အားထုတ်နိုင်တာကိုး။ အလှူရှင်ထံကိုလည်း စေတနာကောင်းကြောင့် ချမ်းသာအကျိုး တုန့်ပြန်လာပါတယ်။ လောကီချမ်းသာဟာ ခိုင်မြဲတာ မဟုတ်တော့ တရားချမ်းသာပါရဖို့၊ ဘာနဲ့တွေ့တွေ့ စိတ်ချမ်းသာအောင်နေတတ်ဖို့၊ နောက်ဆုံး လောကုတ္တရာ ချမ်းသာအထိရဖို့ ဉာဏ် ဦးဆောင်ပေးရမယ်။

(၄) ကျောင်းလှူရင် အလှူခံအတွက် မျက်စိကို လှူရာရောက်တယ်။ လုံခြုံတဲ့အရိပ်ထဲ နေရမှ မျက်စိ အေးချမ်းကြည်လင်တာကိုး။ ဉာဏ်မျက်စိပွင့်အောင် အားထုတ်နိုင်ခွင့်လည်း ရတာကိုး။ အလှူရှင်လည်း စေတနာကောင်းကြောင့် မျက်စိကောင်းတဲ့ အကျိုးရတယ်။ မျက်စိ မမှုန် မမွဲဘူး။ မျက်စိလင်းတယ်။ ကြည်လင်တယ်။ ပသာဒမျက်စိကောင်းရုံလောက်သာဆိုရင် တစ်လှမ်းလောက်ပဲ မြင်အောင် ကြည့်နိုင်တယ်။ တစ်လှမ်းတောင် အကုန်မမြင်နိုင်ပါဘူး။ ခိုင်မြဲတာလည်း မဟုတ်ဘူး။ လောကီပညာမျက်စိလောက်နဲ့လည်း ကံအရှိ၊ ရုပ်နာမ်ခန္ဓာအရှိ၊ သစ္စာအရှိကို မြင်အောင် မကြည့်နိုင်သေးဘူး။ တရားအမှန်ကို တကယ်သိနိုင်တဲ့ တရားအသိဉာဏ်ရဖို့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိရဖို့ ဉာဏ် ဦးဆောင်ပေးရမယ်။ နောက်ဆုံး နိဗ္ဗာန်ရဖို့အထိပေါ့။

(၅) ကျောင်းဆောက်ပေးရင် အလှူခံအတွက် နေရာရအောင် ပေးလှူတာပဲ။ လှူသူလည်း ဘဝ သံသရာတစ်လျှောက် နေရာကောင်းရဖို့ သေချာပြီးသားပါ။ ရုပ်နေရာရရုံနဲ့ နေရေး မပြေလည်နိုင်သေးဘူး။ ခိုင်မြဲတာလည်း မဟုတ်ဘူး။ စိတ်ထားစရာ တရားနေရာပါရဖို့ နောက်ဆုံး လောကုတ္တရာ နေရာရဖို့ထိ ဉာဏ် ဆန့်တန်း ဦးဆောင်ရမယ်။

အချုပ်ကတော့ သာသနာတွင်းမှာ ဘယ်ကောင်းမှုပဲလုပ်လုပ် ဉာဏ်နဲ့ ဆန့်တန်းပြီး ဘဝလမ်းဆုံး လောကုတ္တရာထိ အမြဲ ဦးတည်ရမယ်။ ဒုက္ခအဆုံးသတ်ဖို့နှင့် ဒုက္ခအဆုံးမသတ်မီ ဒုက္ခသက်သာပြီး ဘဝတိုင်း ခန္ဓာသုံးဖြစ်ဖို့ပေါ့။

## ၄။ ဆယ့်ခုနှစ်မျိုး ကျောင်းအကျိုး

လေဏတ္ထဉ္စ သုခတ္ထဉ္စ၊ ဈာယိတုဉ္စ ဝိပဿိတုံ။
ဝိဟာရဒါနံ သံဃဿ၊ အဂ္ဂံ ဗုဒ္ဓေန ဝဏ္ဏိတံ။
(ဝိ-၄-၂၉၂+၃၁၄)

- **စိတ်ကိုထိန်းကျောင်း၊ ကိန်းအောင်းနိုင်ရန်၊ ချမ်းသာရန်နှင့်၊ ဈာန်သမာဓိ၊ ဝိပဿနာ၊ ပွားဖို့ရာ၊ ကောင်းစွာရည်မှန်းက။**
- **ဘုရားဆူဆူ၊ ကျောင်းအလှူ၊ မှတ်ယူ ချီးမွမ်းကြ။**

ဘုရားရှင်က ကျောင်းကိုစတင်ခွင့်ပြုတော့ သဒ္ဓါကောင်းလှတဲ့ ရာဇဂြိုလ်သူဌေးဟာ နေ့ချင်းပြီး ကျောင်းပေါင်း (၆၀) ဆောက်လုပ် လှူဒါန်းခဲ့တယ်။ အနာထပိဏ်သူဌေးလည်း သာဝတ္ထိမြို့ တောင်ဖက်မှာ သာသနာ့သမိုင်းဝင် ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ သူဌေးကြီးနှစ်ယောက်ဟာ သာသနာ့မိတ်ကောင်းတွေပေါ့။

သူဌေးကြီးနှစ်ဦးရဲ့ ကျောင်းအလှူပွဲမှာ ဘုရားရှင်က ကျောင်းအနုမောဒနာတရားကို အတူတူပဲ ဟောပေးပါတယ်။ ကျောင်းဒကာနှစ်ဦး လှူပုံလည်း အတူတူပဲ။ ဘုရားရှင်ရဲ့ လမ်းညွှန်ချက်နဲ့ ဟောတရားလည်း အတူတူပဲ။ ဘုရားအမှူးရှိတဲ့ သံဃာကို အိမ်ပင့်ဆွမ်းကပ်ပြီး အိမ်ကနေ ကျောင်းရှိရာ အာရုံပြုလို့ ကျောင်းကို လှူကြတာပါ။ ရာဇဂြိုလ်သူဌေးက အရင်ကျပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဘုရားရှင်က ကျောင်းကို သံဃာရည်မှန်းပြီး သံဃာအားလှူဖို့ လမ်းညွှန်တော်မူတယ်။ ပြီးတော့ ကျောင်းအကျိုး ၁၇-မျိုးကို ဟောကြားပေးတော်မူတယ်။ အထက်ပါ ဒေသနာစကားက ကျောင်းအကျိုး ၁၇-မျိုးထဲက အကျိုးလေးမျိုးကိုလည်းပြတယ်။ ကျောင်းအလှူရှင်ရဲ့ ရည်ရွယ်ချက် ဦးတည်ချက်ကိုလည်းပြတယ်။ ကျောင်းအလှူရဲ့ဂုဏ်ကိုလည်း မြင့်တင်ပြတယ်။ ကျောင်းလှူရင် -

(၁) စိတ်ကို လုံခြုံအောင် ထိန်းကျောင်းပြီး ကိန်းအောင်းနိုင်ဖို့

(၂) ကိုယ်စိတ်နှစ်ပါး ချမ်းသာဖို့

(၃) ဈာန်သမာဓိ ပွားနိုင်ဖို့

(၄) ဝိပဿနာ ရှုပွားနိုင်ဖို့ ရည်ရွယ်ဦးတည် ရမယ်လို့လည်းပြတယ်။ သံဃာ့ဂုဏ်ရည်မှန်းရမယ်လို့လည်း လမ်းညွှန်တယ်။ သံဃာမဟုတ်တဲ့ အခြားအလှူခံဆိုရင်လည်း အခြားအလှူခံရဲ့ ဂုဏ်ပေါ့။ ဘာဂုဏ်မှမရှိသူကို ပေးရင်လည်း သနားပေး ပေးပေါ့။ သနားတတ်ရင် ချစ်တတ်တဲ့ မေတ္တာလည်း ပေါ်ပေါက်လာမယ်ပေါ့။

ကျောင်းလှူရင် အလှူရှင်၊ အလှူခံ နှစ်ဖက်လုံး -

(၁) ဘေးရန်အပူ လုံခြုံတယ်၊

(၂) ကိုယ်စိတ်နှစ်ပါး ချမ်းသာတယ်၊

(၃) ဈာန်သမာဓိပွားလို့ လွယ်တယ်၊ စိတ်ငြိမ်သက် ငြိမ်းချမ်းလွယ်တယ်၊

(၄) ဝိပဿနာရှုပွားလို့လွယ်တယ်၊ ဉာဏ်ပွင့်လွယ်တယ်၊

ဒီအကျိုး လေးမျိုးရတယ်လို့လည်းပြတယ်။

ကျောင်းအကျိုး ၁၇-မျိုးက -

၁-၂။ - (၁) အအေး
(၂) မီးပူ(အပူ)၊
ကင်းစင်ဟူ၊ လှူသူမှာလည်း ကင်းစင်ရ။
- နှိပ်စက်ဖောက်ပြန်၊ ဆင်းရဲဒဏ်၊ ပူပန်ငြိမ်းလို့လှူ။

၃။ - သားရဲမတက်၊ မနှောင့်ယှက်ဟူ၊ စိတ်မပူ၊ လှူသူမှာလည်း၊ ဘေးကင်းရ။
- တွင်းပနှစ်ဖြာ၊ ဘေးရန်ကွာ၊ ချမ်းသာအေးလို့လှူ။

၄-၅။ - (၄) မြွေ၊ ကင်း
(၅) ခြင်၊ မှက်၊
မနှောင့်ယှက်ဘဲ၊ လှူသူလည်း၊ အမြဲဘေးကင်းရ။
- အပ အတွင်း ဘေးရန်ကင်း၊ သန့်ရှင်း အေးလို့လှူ။

၆-၇။ - (၆) လေအေး
(၇) မိုးပေါက်၊
မကျရောက်ပါ၊ လှူသူမှာလည်း၊ လုံခြုံမြဲ၊ မလွဲကောင်းကျိုးရ။
- ကိလေသာလေ၊ မိုးပေါက်တွေ၊ မသွေကင်းလို့လှူ။

၈-၉။ - (၈) လေပြင်း
(၉) နေပူ၊ ကင်းလွတ်ဟူ၊ လှူသူမှာလည်း၊ ကင်းလွတ်ရ။
- နှိပ်စက်ပြင်းထန်၊ ဆင်းရဲဒဏ်၊ ဧကန်လွတ်လို့လှူ။

၁၀။ - ကျောင်းဆောက်ပေးမှု လုံအောင်လှူ၊ လှူသူမှာလည်း လုံခြုံရ။
(စိတ်ကိုထိန်းကျောင်း၊ ကိန်းအောင်းနိုင်ပါ၊ လှူသူမှာလည်း၊ လုံခြုံမြဲ၊ မလွဲကောင်းကျိုးရ)
- အပူလုံရာ၊ တရားသာ၊ ကောင်းစွာ ရလို့လှူ။
- ဘေးမျိုးကုန်ရာ၊ နိဗ္ဗာန်သာ၊ မုန်စွာ ရလို့လှူ။



www.burmeseclassic.com

www.burmeseclassic.com


၁၁။ - ကျောင်းဆောက်ပေးမူ၊ ချမ်းသာလှူ၊ လှူသူမှာလည်း ချမ်းသာရ။
- တရားချမ်းသာ၊ စဉ်မကွာ၊ ကောင်းစွာ အေးလိုလှ။
၁၂။ - ကျောင်းဆောက်ပေးမူ၊ ဈာန်ကိုလှူလှူသူမှာလည်း ဈာန်ကိုရ။
(သမထပွား၊ ဈာန်ဝင်စားမူ၊ စွမ်းအားယူ၊ လှူသူမှာလည်း၊ ငြိမ်းအေးရ)
- ဈာန်မှအထက်၊ ဉာဏ်ကိုတက်၊ ရင့်ကျက်စွမ်းလိုလှ။
၁၃။ - ကျောင်းဆောက်ပေးမူ၊ ဉာဏ်ကိုလှူ၊ လှူသူမှာလည်း ဉာဏ်ကြီးရ။
(ဝိပဿနာ၊ ရှုပွားကာလျှင်၊ ဉာဏ်စဉ်စခန်း၊ တက်ကာလှမ်း၊ လှူဒါန်းသူလည်း ဉာဏ်ကြီးရ)
- ဉာဏ်စဉ်မပျက်၊ ဆက်ကာတက်၊ အထက်မဂ်ဖိုလ် ရလိုလှ။
(အဲဒီ ၁၀-၁၁-၁၂-၁၃ လာ အကျိုးလေးမျိုးဆိုတာ အထက်နားကပြခဲ့တဲ့ လေးမျိုးပါပဲ)
၁၄။ - ပစ္စည်းလေးဖြာ၊ ပြည့်စုံကာလျှင်၊ ကျန်းမာရွှင်လန်း၊ မေတ္တာစွမ်း၊ လှူဒါန်းသူလည်း၊ ပေါကြွယ်ဝ။
- တရားဥစ္စာ၊ ပြည့်စုံကာ၊ ကောင်းစွာ အေးလိုလှ။
၁၅-၁၆-၁၇။ - (၁၅) တရားကိုနာ၊
(၁၆) သိမြင်ကာ၊
(၁၇) လောင်စာငြိမ်းနိုင်ကြ။
- အလှူခံသူ၊ လှူဒါန်းသူ၊ အပူကင်းကွာရ။
- ဆရာ ဒကာ၊ သာသနာ၊ ကောင်းစွာ ပြုနိုင်ကြ။
- ဆယ့်ခုနှစ်မျိုး၊ ကျောင်းအကျိုး၊ ချိန်ထိုးဟောညွှန်ပြ။

ကျောင်းအကျိုး ၁၇-မျိုးက လက်ာသံပေါက် ဆောင်ပုဒ်လောက်နဲ့ပဲ သဘောပေါ်လွင်နေတာဖြစ်လို့ ဒီမှာတော့ ဒီလောက်ပဲပေါ့။

## ၈။ ကျောင်းကိုလှူက စွမ်းအားရ

ယော စ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဝိဟာရံ ကာရာပေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။

(အံ ၃-၁၉၇)

**၁။ -သံဃာရည်မှန်း၊ ကျောင်းလှူဒါန်း၊ ထူးဆန်းအံ့ဘွယ် ကျိုးကြီးသည်။**
**(ဒါနစွမ်းအား၊ စုသူများ၊ စီးပွားမေတ္တာ ပြည့်စုံသည်။)**
**၂။ -သရဏဂုံ၊ စိတ်ဝယ်ထုံ၊ လုံခြုံအေးမြသည်။**
**၃။ -ငါးပါးသီလ၊ စောင့်ထိန်းက၊ ဘဝခန္ဓာ လုံခြုံသည်။**
**၄။ -မေတ္တာတရား၊ အစဉ်ပွါး၊ စွမ်းအားပိုင်ရှင် ဖြစ်ရသည်။**
**၅။ -အနိစ္စဟု၊ မြင်အောင်ရှု၊ ပူမှု ကင်းလွတ်သည်။**
**-တရား ၅-မျိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးစည်ပင်သည်။**
**-ရှေ့စွမ်းအားထက်၊ နောက်အားတက်၊ ထက်မြက်သာလွန်သည်။**
**-အလှူလုပ်လျှင်၊ နောက်စွမ်းအင်၊ အစဉ်ပါရမည်။**

လူ့ဘဝရဲ့ အနှစ်ချုပ် လုပ်ခရလဒ်စွမ်းအားက ကောင်းမှုတရား တစ်ခုတည်းပဲ ရှိတယ်။ လာတုန်းက ကောင်းမှုအရှိန်နဲ့ လာခဲ့တာဖြစ်လို့ နေတော့လည်း ကောင်းမှုအရှိန်နဲ့ နေနိုင်အောင် ကြိုးစားရမယ်။ ဒါမှ အပြန်လည်း ကောင်းမှုအရှိန်နဲ့ပဲ ပြန်နိုင်မယ်ပေါ့။ နောင်ရေး တွေးကြည့်ရင် အားရှိဖို့ ကောင်းမှုတစ်ခုကိုပဲ အားပြုရမယ်။

အပူဒုက္ခကြောက်သူ၊ ငြိမ်းအေး ချမ်းသာချင်သူ အားလုံး ကောင်းမှုကို ဇကန် လုပ်ရမှာပါ။ အားအောင် ပစ္စည်းပေါအောင် စောင့်နေဖို့ မလိုဘူး။ သဒ္ဓါ သတိဉာဏ်နဲ့ ကောင်းအောင် ဖန်တီးယူတတ်ရင် အချိန်မရွေး


www.burmeseclassic.com

www.burmeseclassic.com


လုပ်ယူလို့ရပါတယ်။ မအားပဲ လူတိုင်း နေ့စဉ် လုပ်ယူနိုင်တဲ့ တရားစွမ်းအား ကောင်းမှု ၅-မျိုးကို ဝေလာမသုတ်မှာ ဘုရားဟောထားတယ်။ (၁) ဒါန (၂) သရဏဂုံ (၃) ငါးပါးသီလ (၄) မေတ္တာ (၅) အနိစ္စာနုပဿနာ ဒီ ၅-မျိုးပဲ။

ဒီငါးမျိုးဟာ တစ်မျိုးထက်တစ်မျိုး အဆင့်ဆင့် အကျိုးကြီးမားသွားပုံကိုလည်း ပြတယ်။ အလှူလုပ်တဲ့အခါ နောက်လေးမျိုး တွဲဖက်ပေးမှ ဒါနအကျိုး စွမ်းအားတန်ခိုးတွေ ပိုပြီး ကြီးကျယ် ဖွံ့ဖြိုး တိုးတက်သွားပုံကိုလည်း ပြတယ်။ မအားဘဲ နေ့စဉ် လုပ်ယူနိုင်တဲ့ အပေါ့ပါးဆုံး လမ်းစဉ်ငါးချက်ကိုလည်း ပြတယ်။

ဒီငါးမျိုးဟာ သဒ္ဓါ ပညာ သတိ အားကောင်းသူအတွက် ဘာမှ မခက်ခဲပါဘူး။ တာဝန်လည်း မလေးပါဘူး။ စွမ်းအားတန်ခိုး ကောင်းကျိုးကလည်း အလွန်ကြီးကျယ်ပါတယ်။ တရားကို တရားလို စိတ်ဝင်စားသူအတွက် တရားကလည်း တရားလိုပဲ ကိုယ့်အပေါ် အမြဲသစ္စာရှိပါတယ်။ သစ္စာအရှိဆုံး မိတ်ဆွေဟာ ကောင်းမှုတရားပဲ။

(၁) ဒါနကံဟာ ခုရောနောင်ပါ စားဝတ်နေရေး စီးပွားရေးကို ပြည့်ဝစုလင် ပြေလည်စေတယ်။ အူမတောင့်တော့ အမာခံ သီလကိုလည်း ထိန်းချုပ်ပေးနိုင်တယ်။ ကိုယ်ရောသူပါ စိတ်ဓာတ် နူးညံ့သွားတတ်တာဖြစ်လို့ ဘာဝနာကိုလည်း အထောက်အကူပြုတယ်။ လူမှုဆက်ဆံရေးကို ပြေလည် အကွက်စေ့သွားစေတယ်။

ဒါနကြောင့် ပစ္စည်းပြည့်စုံတော့ ပညာရေးကိုပါ အဆင်ပြေစေတယ်။ တွေ့ကြုံခဲလှတဲ့ ဗုဒ္ဓသာသနာကို ကြာကြာတည်အောင် ချီးမြှောက်ထောက်ပံ့အားပေးနိုင်တယ်။ ဒါနဟာ မေတ္တာလမ်းစဉ်လည်းဖြစ်တယ်။ သဒ္ဓါ ပညာပါမှ ကိုယ်ရအောင်ယူတတ်သလို မေတ္တာပါမှ သူရအောင် ပေးတတ်တယ်။

နေ့စဉ် ဘုရားရှင်အတွက် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးကပ်လှူတာအစ မိသားစုအချင်းချင်း ပေးတာ အလယ် သူဆီက ဘာမှ မမျှော်လင့်ဘဲ တိရစ္ဆာန်လေးများ ကျွေးတာအဆုံး စိတ်ထားတတ်ရင် ဒါနချည်းပါပဲ။ ပစ္စည်းအလှူတွေထဲမှာ သံဃာကို ရည်မှန်းပြီး ကျောင်းဆောက်လှူဒါန်းတာဟာ အကျိုးပေး အကြီးကျယ်ဆုံးပါ။ အားလုံးလှူရာ ရောက်တာကိုး။ သံဃာဆိုတာ ကောင်းမှုမျိုးစေ့ ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းလည်း ဖြစ်နေတာကိုး။ ပြီးတော့ သံဃာဟာ ဗုဒ္ဓသာသနာရှိခိုက်သာ တွေ့ကြုံရတဲ့ အထူးဧည့်သည်တွေကိုး။ ဘုရားမရှိတဲ့နောက် သံဃာကပဲ ရတနာသုံးပါးလုံးကို ကိုယ်စားပြုနေရတာကိုး။ အရိယာသံဃာထိ အာရုံယူတတ်ရမယ်။

(၂) ရတနာကို အားကိုးလေးစားထိုက်တဲ့အရာလို့ အသိအမှတ်ပြုလက်ခံနိုင်တဲ့ သဒ္ဓါ ပညာ ဦးစီးတဲ့ ကောင်းမှုစွမ်းအားကို သရဏဂုံလို့ ခေါ်တယ်။ ကိုယ့်အသက်ခန္ဓာကို ရတနာသုံးပါးထံ အပ်နှံလိုက်ခြင်းပါ။ သရဏဂုံဟာ ဒါနထက် အကျိုးကြီးသလို သရဏဂုံ အခြေခံမှ ဒါနဟာ ပိုပြီး အရည်အသွေး မြင့်မားပါတယ်။ သရဏဂုံတည်ရင် သောတာပန်ဖြစ်အောင် အားထုတ်နေတဲ့ အထက်တန်းစား အလှူခံစာရင်းထဲ ပါသွားတယ်။ လှူရင် ကောင်းကျိုးအနန္တ ရစေနိုင်တယ်။ သရဏဂုံကြောင့် အလှူခံရော၊ အလှူပေးသူပါ အရည်အသွေး တောက်ပြောင်ရပါတယ်။ ခုရော နောင်ပါ လုံခြုံအေးမြရပါတယ်။

(၃) ငါးပါးသီလဟာ လူ့ဝတ်ကြောင်များရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေး၊ ပညာရေးဆိုတဲ့ အရေးကိစ္စငါးချက်ကို သာယာဝပြောငြိမ်းအေးအောင် တိုးတက်မြင့်မားအောင် ဘောင်ခတ်အလှဆင်ပေးတဲ့ စည်းကမ်းပါ။ ငါးပါးသီလပါတဲ့ သရဏဂုံဟာ သရဏဂုံ သက်သက်ထက် အကျိုးကြီးမားသလို သရဏဂုံသီလ တည်ပြီးမှ လှူတဲ့အလှူဟာ ပိုပြီး အကျိုး ကြီးမားသွားရတယ်။ ဒါကြောင့် အလှူလုပ်တိုင်း မလှူမီ သရဏဂုံ သီလဆောက်တည်ကြရတာပါ။

သရဏဂုံသီလ တည်နေတဲ့ အလှူခံပုဂ္ဂိုလ်ဟာလည်း အလှူရှင်ကို အကျိုးကြီးသွားစေနိုင်ပါတယ်။ ဒါကြောင့် သူများက အလှူဖိတ်ကြားလို့ သွားရတဲ့ လူ့ဝတ်ကြောင်တိုင်း သရဏဂုံသီလ ဆောက်တည်ပြီး ခန္ဓာအစဉ်ကို သန့်စင်ပြီးမှ သူ့အလှူကို ခံယူသင့်ပါတယ်။ ဒါဟာ သူ့ကို ချီးမြှောက်ခြင်းတစ်မျိုးပဲ။


www.burmeseclassic.com

www.burmeseclassic.com



ငါးပါးသီလတောင် အကျိုးကြီးစေနိုင်ရင် ဒီ့ထက်အဆင့်မြင့်တဲ့ ၈-ပါး၊ ၁၀-ပါးတို့ ရှင်ရဟန်းသီလတို့ ဆိုတာတော့ ပြောစရာ မလိုပါဘူး။ ကေန် အကျိုးကြီးအောင် စွမ်းဆောင်နိုင်ပြီးသားပါ။ သီလဆိုတာ ကောင်းမှု ကောင်းကျိုးအားလုံးရဲ့ ထောက်တည်ရာမြေကြီး။ ဘဝ ခန္ဓာလုံခြုံရေးကိုလည်း သီလက တာဝန်ယူတယ်။

(၄) မေတ္တာဟာ ဒါနထက် သရဏဂုံထက် ငါးပါးသီလထက် အကျိုးကြီးမားသလို အလှူလုပ်တဲ့အခါ မေတ္တာပါမှ ပိုပြီး ဒါနအကျိုး ထက်သန်မြင့်မား ဖွံ့ဖြိုးရပါတယ်။ အလှူရှင်ကလည်း အလှူခံ အပေါ် 'ဘေးရန်ကင်းလို့ ကျန်းမာချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်း ရွှင်ကြည်လန်းလို့ အေးချမ်းကြပါစေ' လို့ မေတ္တာပို့လွှတ် လွှမ်းခြုံပေးတတ်ရမယ်။ အလှူခံကလည်း အလှူရှင်အပေါ် ဒီအတိုင်းပဲ မေတ္တာပို့လွှတ် လွှမ်းခြုံပေးရမယ်။ အလှူလုပ်တိုင်း အလှူမခံမီ သံဃာတော်များ မေတ္တာသုတ်ရွတ်ကြ၊ ပါဠိလို မေတ္တာပို့ကြတာဟာ ဒီသဘောဆောင်ရွက်တာပါပဲ။

မေတ္တာဟာ ဣဿာမစ္ဆေရနယ်ကို ကျဉ်းမြောင်းသွားစေပြီး ဒါနလုပ်ငန်းကို လေးနက်သွားစေတယ်။ စိုပြည်လန်းဆန်း ထည်ဝါစေတယ်။ ကိုယ့်ပစ္စည်းကို သူများလက်ထဲပေးတိုင်းလည်း မေတ္တာပို့ပေးရမှာပဲ။ မေတ္တာဟာ သီလကိုလည်း ခိုင်မြဲစေတယ်။ ဘာဝနာကိုလည်း တိုးတက်မြင့်မားအောင် မြှင့်တင်ပေးတယ်။ မေတ္တာကြောင့် စိတ်ငြိမ်သက် ငြိမ်းချမ်းလွယ်ပြီး စိတ်ထဲမှာ အလုံးအကြိတ်အခဲတွေ ကင်းနေတာဖြစ်လို့ ဘယ်နေရာရှုရှု ဝိပဿနာဉာဏ်ပွင့်တယ်။

(၅) အနိစ္စလို့ မြင်အောင် ရှုနိုင်တဲ့ ဝိပဿနာပညာဟာ ဒါန၊ သရဏဂုံ၊ သီလ၊ မေတ္တာတွေထက် အကျိုးကြီးသလို အလှူလုပ်တဲ့အခါ အနိစ္စာနုပဿနာဉာဏ်ပါဝင်မှ ဒါနအကျိုးကို ပိုမိုထက်သန်စေပါတယ်။ အလှူရှင်၊ အလှူခံ၊ လှူဖွယ်ပစ္စည်းတွေမှာ ရှိနေတဲ့ ရုပ်နာမ်တရားတွေရဲ့ မခိုင်မြဲတဲ့သဘောကို မလှူခင်ဘဲဖြစ်ဖြစ် လှူနေစဉ်ပဲဖြစ်ဖြစ် ဉာဏ်သွင်းကြည့်တတ်ဖို့လိုမယ်။

သိတတ်တဲ့ အသိစိတ်ရော၊ သိစရာ အာရုံပါ တစ်ခုပြီးတစ်ခု အဆက်မပြတ် ပြောင်းလဲသွားနေပုံ၊ အဟောင်းနှင့်အသစ် ချက်ချင်း အလဲအလှယ် လုပ်နေပုံ၊ အဟောင်းနေရာ ဖယ်ပေးမှ အသစ်ပေါ်လာကြပုံ၊ အသစ်ပေါ်လာတိုင်း အဟောင်းချုပ်ပျောက်သွားပုံ၊ အဟောင်းနေရာမှာ အသစ်အစားထိုးမှုက မြန်လွန်းလို့ တစ်တန်းတည်း ထင်နေရပုံ၊ ဘယ်ဟာမှ အခိုင်အမြဲ ရပ်တည်နိုင်ခြင်း မရှိပုံတွေကို သတိနှင့်ကပ်၊ ဉာဏ်နဲ့စပ်ပြီး အနီးကပ်ကြည့်ရှုသုံးသပ်လိုက်ရင် ရုပ်နာမ်တွေရဲ့ အရှိအတိုင်း ပေါ်လာရပါတယ်။

အနိစ္စတစ်ချက်ပိုင်ရင် ဒုက္ခနှင့် အနတ္တလည်း မြင်ရပါတယ်။ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ ရုပ်နာမ်အားလုံးရဲ့ အပြစ်ကို မြင်သွားမှ ခန္ဓာအပေါ် ငြီးငွေ့ပြီး နိဗ္ဗာန်ဖက် စိတ်ညွတ်လို့ ရနိုင်မယ်။ အခိုက်အတံ့ တဏှာကင်းသွားလို့ ဉာဏ်ပွင့်ပြီး ဒါနကောင်းမှုဟာ နိဗ္ဗာန်အထိ ကျေးဇူးပြုသွားနိုင်မယ်။ ဉာဏ်အရှိန်ကြောင့် ကံအရှိန် မြင့်သွားပြီး နိဗ္ဗာန်မရောက်မချင်းလည်း အဆင့်မြင့်ကောင်းကျိုးကို အံ့ဖွယ်ကောင်းလောက်အောင် လျှမ်းလျှမ်းတောက် ပေးပါတယ်။

မလှူမီ သရဏဂုံ သီလဆောက်တည်သန့်စင်လိုက်တော့ ကိုယ်နှုတ်လည်း သန့်ရှင်း၊ မေတ္တာ ပို့လွှတ် ပွားများလိုက်တော့ စိတ်လည်းသန့်စင်၊ ဝိပဿနာရှုလိုက်တော့ အသိလည်းစင်ကြယ်၊ ဒီလို စိတ်ကောင်း ပြည့်ဝချိန်မှာ လှူလိုက်ရင် နိဗ္ဗာန်အရောက် သေချာပေါက်ပို့ပေးမယ့် မိတ်ကောင်းနှင့် တကယ်တွေ့ရပြီပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ)



www.burmeseclassic.com

www.burmeseclassic.com

**တိပိဋကယောဆရာတော် ၏**

**တိပိဋကစရေ ဓမ္မလက်ဆောင် (၄၄)**

**အချစ်ဆုံးဆွေမျိုး**

**နမော ဉာတတ္ထစရိယသသ**

ဝိဿာသပရမာ ဉာတိ။

[ဓမ္မပဒ - ၂၀၄]

**၁။ အချစ်ဆုံးဆွေမျိုး**

- **မိဘသော်လည်း၊ မရင်းနှီးပါ၊ မချစ်တာ၊ ဆွေဉာ ထည့်မသုံး။**
- **သွေးသားမတော်၊ မစပ်သော်လည်း၊ရင်းနှီးချစ်ခင်၊ အကျွမ်းဝင်၊ ခေါ်တွင် ဉာတိသုံး။**
- **ရင်းနှီးမှုသာ၊ ဆွေမျိုးမှာ၊ မှန်စွာ အမြတ်ဆုံး။**
- **ကုသိုလ်အစု၊ ကောင်းမှုတန်ခိုး၊ အစဉ်တိုး၊ ဆွေမျိုးအချစ်ဆုံး။**

'ရေတွက်လို့မဆုံးနိုင်အောင် အလွန်များပြားလှတဲ့ သတ္တဝါအနန္တတွေထဲမှာ သင်တို့နှင့် ဆွေမျိုးမတော်ဖူးသူ မရှိတော့လောက်အောင် သင်တို့ရဲ့ဘဝသံသရာဟာ အလွန်ရှည်လျားလှပြီ ' လို့ ဟောထားတဲ့ မြတ်ဗုဒ္ဓရဲ့စကားရှိပါတယ်။ ဒီစကားအရ သတ္တဝါအားလုံး ဆွေမျိုးဟောင်းတွေချည်းပဲလို့ သိရပါတယ်။ အဟောင်းနှင့် အသစ်ပဲကွာတယ်။ အားလုံး ဆွေမျိုးတွေချည်းပဲ။ အရင်တုန်းက တွေ့ဆုံ တော်စပ်ခဲ့ဖူးတဲ့ ဆွေမျိုးတွေက အဟောင်း၊ ယခု တွေ့ဆုံတော်စပ်ဆဲ ဆွေမျိုးတွေက အသစ်ပေါ့။ အခု အသစ်ဟာလည်း ဟိုတုန်းက တွေ့ဆုံ တော်စပ်ခဲ့ဖူးတဲ့ အဟောင်းပဲဖြစ်မှာပါ။ တစ်ချို့ ဆွေမျိုးတွေနှင့် တွေ့ဆုံ တော်စပ်ခဲ့ရတာက အကြိမ်ကြိမ် ထပ်နေပြီကိုး။

လောကမှာ သွေးသားတော်စပ်သူကို ဆွေမျိုး၊ သွေးသားမတော်စပ်ဘဲ ရင်းနှီးချစ်ခင်သူကို မိတ်ဆွေ သူငယ်ချင်းလို့ ခေါ်ကြတယ်။ သာသနာဘက်မှာတော့ သွေးသားတော်စပ်ပေမယ့် နောက်ပိတ်ဆုံး မိဘ အရင်း ဖြစ်ပေမယ့် ရင်းနှီးချစ်ခင် အကျွမ်းဝင်ခြင်းမရှိရင် အကျိုးမလိုလားရင် ဆွေမျိုးလို့ မခေါ်နိုင်ဘူး။ သွေးသားတော်စပ်တယ်လို့ပဲ ပြောနိုင်တယ်။

သွေးသားမတော်စပ်ပေမယ့် ရင်းနှီးချစ်ခင် အကျွမ်းဝင်လို့ အကျိုးလိုလားရင် ဆွေမျိုးလို့ ခေါ်နိုင်တယ်။ သွေးသားတော်စပ်လို့ ရင်းနှီးချစ်ခင် အကျွမ်းဝင်ရင်တော့ ဘာမှပြောစရာ မလိုတော့ဘူး။ ဧကန် ဆွေမျိုးဖြစ်ပြီးသားပဲ။

ဘုရားရှင်ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဆရာဇီဝကရဲ့ မိခင်အရင်းဟာ သာလဝတီဆိုသူဖြစ်တယ်။ သာလဝတီဟာ ဇီဝကကို ဖွားမြင်ပြီးတာနဲ့ ချက်ချင်း စွန့်ပစ်လိုက်တယ်။ ဖွားမြင်ပြီးကာစ ကလေးလေးကို စကောဟောင်းထဲထည့်ပြီး တံမြက်ချေးအမှိုက်စွန့်ရာအရပ်မှာ စွန့်ပစ်ဖို့ ကျွန်မကို ခိုင်းလိုက်တာပါ။ ကျွန်မကလည်း ခိုင်းတဲ့အတိုင်းပဲ ကလေးကို အမှိုက်ထဲ စွန့်ပစ်လိုက်တယ်။ ဒီလောက် ရက်စက်စိမ်းကားတဲ့ မိခင်မျိုးကို ဆွေမျိုးလို့ မခေါ်နိုင်ဘူး။ သွေးသားတော်စပ်ပေမယ့် ဆွေမျိုး မဟုတ်ဘူးပေါ့။

မနက်စောစောမှာ အမှိုက်ထဲစွန့်ပစ်ထားတဲ့ကလေးငယ်လေးကို ကျီးကန်းတွေ ဝိုင်းအုံနေကြတယ်။ အဲဒီနားက ဖြတ်သွားတဲ့ အဘယမင်းသားဟာ ကျီးကန်းတွေ ဝိုင်းအုံနေတာမြင်တော့ 'ဟေ့ မောင်မင်းတို့ ဟောဟိုမှာ ကျီးကန်းတွေ ဝိုင်းလို့၊ ဆူညံလို့၊ ဘာရှိသလဲသိရအောင် သွားကြည့်ကြစမ်း' လို့ အခြံအရံတွေကို ခိုင်းလိုက်ပါတယ်။ သွားကြည့်ကြတော့ ကလေးလေးကို မြင်ကြတော့တာပေါ့။ 'အရှင်မင်းသား၊ ကလေးငယ်လေး ရှိနေပါတယ်'၊ 'ကလေးငယ်လေး အသက်ရှင်သေး ရဲ့လား' ၊ 'အသက်ရှင်ပါသေးတယ်' ၊ 'ဒါဆို ယူခဲ့ကြကွာ၊ ကောက်ယူ မွေးစားထားလိုက်ရုံပေါ့'။



www.burmeseclassic.com

www.burmeseclassic.com



အဘယမင်းသားဟာ မိခင်စွန့်ပစ်ခံရတဲ့ ကလေးငယ်လေးကို နို့ထိန်းတွေရဲ့အကူအညီနဲ့ ကောက်ယူမွေးစားထားလိုက်တယ်။ ဇီဝကရဲ့ ကုသိုလ်ကံက အဘယမင်းသားနှင့်တွေ့ရအောင် ကြိုးကန်းအကူအညီနဲ့ ဆွေမျိုးစပ်ပေးတဲ့သဘောပါ။ 'အသက်ရှင်သေးရဲ့လား'၊ 'အသက်ရှင်ပါသေး တယ်' ဆိုတဲ့ အမေးအဖြေ စကားကို အကြောင်းပြုပြီး ပါဠိလို 'ဇီဝက' မြန်မာလို 'မောင်သက်ရှည်' လို့ အမည်ပေးထားတယ်။ ကြီးပြင်းသည်အထိ စောင့်ရှောက်ပေးလိုက်လို့ နောက်တော့ ဘုရားရှင်ရဲ့ အလုပ်အကျွေး သမားတော်ကြီး ဆရာဇီဝက ဖြစ်သွားခဲ့ရပါတယ်။ အဘယမင်းသားဟာ သွေးသား မတော်စပ်ပေမယ့် ရင်းနှီးချစ်ခင် အကျွမ်းဝင်ပြီး အကျိုးလိုလားတဲ့ကြောင့် ဆရာဇီဝကရဲ့ဆွေမျိုးအရင်း ဖြစ်တယ်ပေါ့။

သွေးသားစပ်တာပဲဖြစ်ဖြစ်၊ မစပ်တာဘဲဖြစ်ဖြစ်၊ ရင်းနှီးချစ်ခင် အကျွမ်းဝင်ရင် အကျိုးလိုလားရင် သစ္စာရှိရင် ဆွေမျိုးပဲဆိုတာ သိနိုင်ပါတယ်။ သံသရာခရီးသည်အားလုံးရဲ့ အမြဲထာဝရ ချစ်စရာ အကောင်းဆုံးဆွေမျိုးဟာ ကုသိုလ်ကောင်းမှုတရား တစ်မျိုးတည်းသာ ဖြစ်တယ်။ ဒါကြောင့် ဘယ်သူပဲဖြစ်ဖြစ် ကုသိုလ်ကောင်းမှု ရရှိတိုးပွားလာအောင် ရင်းနှီးချစ်ခင်အကျွမ်းဝင်မှ တကယ် ရင်းနှီးချစ်ခင် အကျွမ်းဝင်တယ်လို့ဆိုရမယ်။ ကုသိုလ်တရားလောက် ကြီးကျယ်မြင့်မြတ် ထိရောက်တဲ့ အကျိုးဆောင်ဆိုတာ မရှိတဲ့ကြောင့် အချင်းချင်း ကုသိုလ်တရားရရှိအောင် အကျိုးဆောင်ပေးတတ်မှ တကယ် အကျိုးလိုတယ်လို့ ဆိုနိုင်မယ်။

ပြီးတော့ ကုသိုလ်ကောင်းမှုသာ ကိုယ့်အပေါ် ဘယ်တော့မှ သစ္စာမဖောက်တဲ့၊ သစ္စာ အရှိဆုံး ဖြစ်တာကြောင့် ကောင်းမှုတရား ဖြစ်ပေါ်တိုးပွားအောင် သစ္စာရှိမှလည်း တကယ်သစ္စာရှိတယ်လို့ ဆိုနိုင်မှာဖြစ်တယ်။

## ၂။ လူ့အချစ် ၃-မျိုး

၁။ လောဘ-မောဟ၊ ပေါ့ဆတရား၊ အရုပ်ပွား၊ စိမ်းကားသူတွေချစ်ကြသည်။

၂။ ဒေါသ-မောဟ၊ နှစ်ဝအပူ၊ ပွက်ပွက်ဆူ၊ ရန်သူချစ်(ခြစ်)ကြသည်။

၃။ သတိ-ပညာ၊ ကောင်းစွာပွားတိုး၊ လူ့တန်ခိုး၊ ဆွေမျိုးချစ်ကြသည်။

-တစိမ်း-ရန်ချစ် (ခြစ်)၊ ဆွေမျိုးချစ်၊ အချစ်သုံးမျိုးကွဲပြားသည်။

-ဟန်ချစ်-ရန်ချစ် (ခြစ်)၊ အမှန်ချစ်၊ အချစ်တစ်မျိုး ထူးခြားသည်။

-ကုန်ကျ-ခုန်ချ၊ ကုန်၍ရ၊ သုံးဝတစ်ဖန် ထူးပြန်သည်။

-အချစ်ဆုံးဟု၊ ကောင်းမှုဆွေမျိုး၊ အစဉ်တိုး၊ ကောင်းကျိုးရနိုင်သည်။

ဓမ္မစက္ကပဝတ္တနသုတ်ဆိုတဲ့ ဓမ္မစကြာသုတ်မှာ လူသွားလမ်းသုံးလမ်းကို ရှင်တော်မြတ်ဘုရား ဟောကြားထားပါတယ်။ ကာမသုခလ္လိကာနုယောဂ- အတ္တကိလမထာနုယောဂ-မဇ္ဈိမပဋိပဒါဆိုတဲ့ သုံးမျိုးပါ။ ပါဠိစကားဖြစ်ပေမယ့် အများအားဖြင့် နားယဉ် နှုတ်ကျိုးနေကြပါတယ်။ ဓမ္မစကြာသုတ်ဆိုတာ မရိုးနိုင်မဟောင်းနိုင်တဲ့ သစ္စာစကားနှင့် ကျင့်စရာတရားကို အတိအကျ လမ်းညွှန်ပြထားတာဖြစ်လို့ လူတွေနှင့် အလွန်ရင်းနှီးနေရမယ့် ဒေသနာစကားပါ။

လူသွားလမ်း သုံးလမ်းကို မြန်မာစကားနဲ့ ရှင်းရှင်းပြောရရင် -

(၁) လောဘ မောဟ ဦးဆောင်တဲ့ မွဲအောင် ဖြုန်းတဲ့လမ်း၊

(၂) ဒေါသ မောဟ ဦးဆောင်တဲ့ လဲအောင် ရုန်းတဲ့လမ်း၊

(၃) သတိဉာဏ် ဦးဆောင်တဲ့ ရဲအောင်သုံးတဲ့လမ်းလို့ ပြောရင်ဖြစ်တယ်။

(၁) လောဘ မောဟ ဦးဆောင်ရင် ပျော်ရွှင်ခံစားတယ်လို့ဆိုကြပေမယ့် ကိုယ့်အတွက် တကယ် အားကိုးရမယ့် ကောင်းမှုတရားစွမ်းအားများ ပေါ်ပေါက်မလာဘဲ ခန်းခြောက် ကွယ်ပျောက်သွားကြတာကြောင့် မွဲအောင်ဖြုန်းသလို ဖြစ်သွားတယ်။ လောဘ မောဟဆိုတာ ကုသိုလ်ရတဲ့လမ်းမှ မဟုတ်ဘဲ။ တမင်ဖြုန်းတာ မဟုတ်ပေမယ့် အားကိုးစရာ တရား ဘာမှ ပြန်မရတော့လို့ မွဲသွားအောင် ဖြုန်းပစ်နေသလို ဖြစ်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကုန်သွားရင် ဘာမှပြန်မရဘဲ ကျဆုံးသွားရတဲ့ 'ကုန်ကျ' လမ်း ဆိုရမှာပဲ။ နေပူတော့ ဖုံထူ၊ မိုးရွာတော့ ဗွက်ထတဲ့ အသွားခက်ခဲတဲ့လမ်းနှင့်လည်း တူပါတယ်။ တရားစွမ်းအားတွေ နစ်မြုပ် ချော်ကျကုန်တာကြောင့်ပါ။

(၂) ဒေါသ မောဟ ဦးဆောင်ရင် ကိုယ့်ကိုကိုယ်လည်း သေသည်အထိ ဆင်းရဲအောင် လုပ်မိတတ်တယ်။ သူများကိုလည်း သေသည်အထိ ဆင်းရဲပူလောင်အောင် နှောင့်ယှက် ဖျက်ဆီးမိတတ်တယ်။ ကိုယ့်ကိုရော သူ့ကိုပါ စွမ်းအားဆုံးရှုံး ယိုင်လဲပျက်စီးအောင် လုပ်မိတတ်တာဖြစ်လို့ လဲအောင် ရုန်းသလို ဖြစ်သွားတတ်ပါတယ်။ မိုက်မိုက်ကန်းကန်းနဲ့ တိုက်အမြင့်ကြီးပေါ်တက်ပြီး ခုန်ချတာတို့၊ သစ်ပင်ပေါ်တက်ပြီး လည်ပင်းမှာ ကြိုးကွင်းတပ်ခုန်ချတာတို့၊ ဆူးထဲ မီးထဲ ရေထဲ ချောက်ထဲ ခုန်ချတာတို့ ဆိုတာမျိုးတွေ လုပ်မိတတ်လို့ 'ခုန်ချ'လမ်းလို့လည်း ဆိုနိုင်ပါတယ်။ ဆူးငြောင့်ခလုတ် အလွန်ပေါလွန်းလို့ ခြေတစ်လှမ်းတွင်အောင်တောင် သွားဖို့မလွယ်တဲ့ အလွန်အသွားခက်ခဲတဲ့ လမ်းဆိုးလမ်းပျက်နှင့်လည်း တူပါတယ်။ တရားစွမ်းအားတွေ ချွတ်လွဲချော်လဲကုန်တတ်တာကိုး။

(၃) သတိဉာဏ်ဦးဆောင်ရင် အနေလည်းရဲ အသေလည်းရဲစေနိုင်တဲ့ တကယ်အားကိုးရတဲ့ ဘဝအနှစ် တရားအစစ်များ ပေါ်ပေါက်နိုင်၊ ဖြစ်ပေါ်တိုးပွားရရှိနိုင်တာဖြစ်လို့ ဘဝကို ရဲအောင် သုံးတယ်လို့ ဆိုနိုင်ပါတယ်။ အချိန်ပဲ ကုန်ကုန်၊ ပစ္စည်းဥစ္စာပဲ ကုန်ကုန်၊ ဘဝသက်တမ်းတွေပဲ ကုန်ကုန်၊ ရှိတာတွေ ဘာပဲကုန်ကုန်၊ တစ်ခုခု ကုန်သွားတိုင်း ကုန်သွားတိုင်း အားကိုးစရာ တရားစွမ်းအားတွေ ပြန်ရတာ ဖြစ်တာကြောင့် 'ကုန်ရ' လမ်းလို့လည်း ဆိုနိုင်ပါတယ်။ သွားနိုင်သလောက် ခရီးပေါက်ရောက်တဲ့ အလွန် ချောမွေ့တဲ့ လမ်းချော လမ်းကောင်းနှင့်လည်း တူပါတယ်။ ကြိုးစားသလောက် အရာရောက်တာကိုး။

ဒီလိုဆိုရင် ဒီလမ်း ၃-လမ်းကို

(၁) ကုန်ရင် ကျသွားတဲ့ 'ကုန်ကျ' လမ်း၊

(၂) စိတ်မနိုင်ရင် ခုန်ချတဲ့ 'ခုန်ချ' လမ်း၊

(၃) ကုန်သွားတိုင်း ပြန်ရတဲ့ 'ကုန်ရ'လမ်း လို့လည်း ခေါ်ရင်ဖြစ်နိုင်တယ်ပေါ့။

နောက် နာမည်တစ်မျိုးပြောင်းပြောရင် -

(၁) အထမ်းသမားတွေ ထမ်းထားတဲ့လမ်း၊

(၂) အရမ်းသမားတွေ ရမ်းကားတဲ့လမ်း၊

(၃) အစွမ်းသမားတွေ စွမ်းအားပြတဲ့လမ်း လို့လဲ ခေါ်နိုင်ပါတယ်။

(၁) လောဘ မောဟ ဦးဆောင်ရင် ခန္ဓာထုပ်၊ ပစ္စည်းထုပ်၊ မိသားစုအထုပ်၊ အလုပ် တာဝန်ထုပ် စတဲ့ ဒုက္ခထုပ်အားလုံးကို ထမ်းထားရမယ်။ အထုပ်ကိုဖြေပြီး အသုံးမချတတ်ပါဘူး။

(၂) အထုပ်ကို ထမ်းလို့ မနိုင်ရင် ကိုယ်ရော သူပါ ဆင်းရဲပူလောင် ပင်ပန်းအောင် ဒေါသ မောဟနဲ့ ရမ်းကားတော့မှာပဲ။

(၃) သတိပညာ ဦးဆောင်ရင် ခန္ဓာပစ္စည်း စတဲ့ ဒုက္ခထုပ်အားလုံးကို ဉာဏ်နဲ့ဖြေယူ ထိုးဖောက်ပြီး တရားစွမ်းအားကောင်းမှုတွေ ပေါ်ပေါက်ရရှိလာအောင် ဖော်ထုတ် အစွမ်းပြနိုင်တယ်။

အဲဒီ သုံးလမ်းကို ဝေါဟာရနာမည် တစ်မျိုးပြောင်းပြောရင် ဖြစ်နိုင်သေးတယ်။

(၁) တစိမ်းချစ်

(၂) ရန်သူချစ် (ခြစ်)

(၃) ဆွေမျိုးချစ် သုံးမျိုးပေါ့။

(၁) ပုထုဇဉ် လူသားဆိုတာ အချစ်မရှိဘဲ မနေတတ်ကြဘူး။ ချစ်စရာကို မရမနေ ကြံဖန် ရှာဖွေပြီး အချစ်နဲ့ပဲ အမြဲနေချင်ကြတယ်။ တစိမ်းချစ်၊ ရန်သူချစ် (ခြစ်)၊ ဆွေမျိုးချစ်လို့ ချစ်ပုံ သုံးမျိုးရှိတယ်။ လောဘ မောဟနဲ့ ချစ်တဲ့ သံယောဇဉ်အချစ်ကိုပဲ တစိမ်းချစ်လို့ ပြောတာပါ။

လောဘကို တဏှာ၊ မောဟကို အဝိဇ္ဇာလို့လည်းခေါ်တယ်။ တဏှာက ဒုက္ခမျိုးစုံကို ခြယ်လှယ် ဖန်တီးတယ်။ အဝိဇ္ဇာက ဒုက္ခမျိုးစုံကို ချုပ်ကိုင်ထားတယ်။ ဒုက္ခမလွတ်နိုင်အောင် ကြိုးကိုင်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒီနှစ်ပါးနဲ့သာ ချစ်ရင် ဘယ်နည်းနှင့်မှ အမှန်အတိုင်း မချစ်နိုင်ဘူး။ တစ်မ်းချစ်ပဲ ချစ်နိုင်မှာပဲ။ လောကမှာ ဘာမှ မတော်စပ်တဲ့ တစိမ်းပုဂ္ဂိုလ်ဟာ ကိုယ့်အတွက် ဘာအကူအညီမှ မပေးတတ်လို့ ဘယ်နေရာမှ အားမကိုးရသလို အဝိဇ္ဇာ တဏှာနဲ့ ချစ်နေရတဲ့ တစိမ်းချစ်ဟာလည်း အားကိုးစရာ ဘယ်တရားကိုမှ ဖော်ထုတ်မပေးနိုင်ပါဘူး။ နောက်ဆုံး ရန်သူခြစ်နဲ့ ခြစ်ပြီး ဒုက္ခရောက်သွားမှာပါ။

(၂) ဒေါသ မောဟနဲ့ ချစ်တာက ရန်သူခြစ်ပါ။ ရန်သူခြစ်ဆိုတာ ခွေးရရစ် စသတ်နဲ့ ခြစ်တဲ့ ရရစ်ခြစ်ပေါ့။ ယပင့်ချစ်နှင့် အသံချင်းတူပေမယ့် စာလုံးချင်း မတူပါဘူး။ ခြေသည်း လက်သည်းနဲ့ ကုတ်ခြစ်သလို ဆူးနဲ့ ဆွဲခြစ်သလို ဒဏ်ရာရအောင် ခြစ်တဲ့အခြစ်မျိုးပါ။

အိမ်ထဲ ကြောင်ကလေးတစ်ကောင် အိပ်ပျော်နေတုန်း တစ်ခါတစ်ရံ အိမ်ထဲက လူ တစ်ယောက်ယောက်က ကြောင်ကလေးကို ချစ်လွန်းလို့ ရုတ်တရက် ကောက်ယူ ပွေ့ချီမိတတ်တယ်။ အိပ်ကောင်းနေတဲ့ ကြောင်ကလေး စိတ်ဆိုးလွန်းလို့ အိပ်မှုံစုံမွှားနဲ့ မျက်နှာကိုတောင် မော်မကြည့်တော့ဘဲ လူ့လက်ကို ခြေသည်း၊ လက်သည်းနဲ့ ကုတ်ခြစ်ရုန်းထွက် ဆင်းပြေးတတ်တယ်။ လူ့လက်မှာ သွေးတွေထွက်၊ ဒဏ်ရာတွေ ရနေခဲ့တတ်တယ်။ ကာလဒေသကို မချင့်ချိန်ဘဲ မဆင်မခြင် ချစ်တာဖြစ်လို့ တစိမ်းချစ်လို့ ဆိုရမှာပဲ။ ဒီတော့ ကြောင်ကလည်း လူကို ရန်သူခြစ်နဲ့ ရရစ်ခြစ် ခြစ်သွားတော့တာပေါ့။ လူအချင်းချင်းလည်း သွေးသား စပ်တာရော၊ မစပ်တာရော တစိမ်းချစ် ချစ်ရာက ရန်သူခြစ် ခြစ်သွားကြလို့ ဒုက္ခအပူ ပွားရသူတွေ အများကြီးပဲ။

(၃) သတိ ပညာ ရှေ့သွားပြုပြီး သဒ္ဓါ၊ မေတ္တာ၊ ပညာနဲ့ ကုသိုလ်ရအောင် ချစ်တဲ့ အချစ်က ဆွေမျိုးချစ်ပါ။ ဆွေချစ်မျိုးချစ်နဲ့ ချစ်နိုင်မှပဲ အချစ်ဆုံးဆွေမျိုးဖြစ်တဲ့ ကောင်းမှုတရားနှင့် တွေ့ဆုံခွင့် ရနိုင်မှာဖြစ်တယ်။ ဓမ္မာဓိဋ္ဌာန်အားဖြင့် လူ့အချစ်ဆုံး ဆွေမျိုးဆိုတာ ကောင်းမှုတရား တစ်မျိုးတည်းပဲရှိတာ၊ မိမိနှင့် အမြဲတမ်း အတူတွဲသွားရမယ့် ဆွေမျိုးဟာလည်း ကောင်းမှုတရားပါပဲ။ နိဗ္ဗာန်ဦးတည်ပြုလုပ်ထားတဲ့ ကောင်းမှုဟာ နိဗ္ဗာန်မရောက်မချင်း သတ္တိအနေနဲ့ အမြဲရှိနေမှာပါ။

အတိတ်ဘဝက ယခုဘဝကိုရောက်လာကြရတာဟာ ကုသိုလ်ဆွေမျိုး အရှိန်အဝါကြောင့်ပါ။ ပစ္စုပ္ပန်ဘဝ မိဘဆိုတာ နေရာပေးရုံပဲတတ်နိုင်တယ်။ ပါလာတဲ့အတိတ်ကံကို ပြောင်းပြန် ဖန်တီးနိုင်စွမ်းမရှိဘူး။ တတ်စွမ်းနိုင်သလောက် အခြေအနေပေးသလောက်သာ ကူညီနိုင်ခွင့်ရှိတယ်။ ပစ္စုပ္ပန် တစ်ဘဝလုံးလည်း ကုသိုလ်ဆွေမျိုးကို အမြဲအားပြုနေရတယ်။ ဘေးရန်ပေါ်များတဲ့ လောကထဲ ဘေးရန် လုံခြုံဖို့၊ စိတ်ညစ် စိတ်ရှုပ် စိတ်ပူ စိတ်ဆင်းရဲစရာ ပေါလှတဲ့ လောကထဲ စိတ်ဓာတ် သန့်ရှင်း ရွှင်လန်း အေးချမ်းစွာနေနိုင်ဖို့ ကောင်းမှု ဆွေမျိုးကို အမြဲအားပြုနေရတယ်။ သေရေးနှင့် သံသရာ နောင်ရေးအတွက်လည်း ကုသိုလ်တရားကို အားပြုမှ စွမ်းအားတိုးမြင့် ရဲရင့်မှာပါ။ ပစ္စုပ္ပန်ဘဝ တွေ့ရတဲ့ဆွေမျိုးတွေက ဘယ်သူမှ ဒီအတိုင်း လိုက်လာနိုင်ကြမှာ မဟုတ်ဘူး။

အဲဒီ တစိမ်းချစ်၊ ရန်သူခြစ်၊ ဆွေမျိုးချစ်သုံးမျိုးကို (၁) ဟန်ချစ်၊ (၂) ရန်ခြစ်၊ (၃) အမှန် ချစ်လို့ ခေါ်ရင်လည်း ဖြစ်နိုင်ပါတယ်။

(၁) ဟန်ချစ်ဆိုတာ အရှိကို မသိအောင် ဖုံးဖိပြီး လောဘ မောဟနဲ့ ဟန်ဆောင်ချစ်ရတဲ့ အချစ်မျိုးပါ။

(၂) နောက်တော့မှ ဖုံးထားတာတွေ အကုန်ပေါ်လို့ ဒေါသ မောဟနဲ့ ရန်ခြစ် ခြစ်ပြီး ပူလောင် ဆင်းရဲရတတ်တယ်။

(၃) သတိ ပညာ ဦးစီးတဲ့ ဆွေမျိုးချစ်ကိုပဲ အမှန်ချစ်လို့ပြောတာပါ။ အမှန်ချစ်မှ ဆွေမျိုးစစ်တွေ့မှာပေါ့။

(၁) နတ်တွက်တွက် ဖြုန်းတဲ့လမ်း၊

(၂) ငရဲတွက်တွက် ရှုံးတဲ့လမ်း၊

(၃) လူတွက်တွက် သုံးတဲ့လမ်းလို့လည်း ခွဲပြောနိုင်တယ်။ လူတွက်တွက်မှ လူ့စွမ်းအားရမယ်။

## ၃။ ကုသိုလ်ကိုချစ် ဆွေမျိုးစစ်

- **လောဘ-ဒေါသ၊ မောဟအပူ၊ ပွက်ပွက်ဆူ၍၊ ရန်သူဖြစ်ငြား၊ ဤသုံးပါး၊ စိမ်းကားသွားအောင် လုပ်တတ်သည်။**
- **စိမ်းကားရာမှ၊ ရန်ဖြစ်ရ ဒုက္ခအပူ ပွားတတ်သည်။**



www.burmeseclassic.com

www.burmeseclassic.com


- **သဒ္ဓါ-မေတ္တာ၊ ပညာတန်ခိုး၊ စွမ်းအားတိုး၊ ဆွေမျိုးမိတ်ဆွေ ဖြစ်စေသည်။**
- **စွမ်းရည်ထူးခြား၊ စိတ်ဖြင့်မား၍၊ တရားဆွေမျိုး၊ လူ့တန်ခိုး၊ ကောင်းကျိုးရစေသည်။**
- **ကုသိုလ်ကိုချစ်၊ ဆွေမျိုးစစ်၊ အနှစ်ပိုင်ဆိုင်သည်။**

လူတွေအပါအဝင် သတ္တဝါတွေကို စိမ်းကားသွားအောင်၊ သူစိမ်းပြင်ပ ပုဂ္ဂိုလ် (တစိမ်း) ဖြစ်သွားအောင် လုပ်နေတာက လောဘ၊ ဒေါသ၊ မောဟပါ။ အကျိုးလိုသယောင်ယောင် မိတ်ဆွေယောင်ဆောင်ပြီး ဖျက်ဆီးနေတဲ့ အနီးကပ်ဆုံးရန်သူလည်း ဖြစ်တယ်။ လောကကြီးကို အကျည်းတန် အရုပ်ဆိုးအောင်၊ နေချင်စရာ မကောင်းအောင်၊ ပူလောင်ရှုပ်ထွေး ထိတ်လန့်အောင် လုပ်နေတာလည်း ဒီသုံးပါးပဲ။ ဒီသုံးပါးကြောင့် သွေးသားအရင်းတွေတောင် စိမ်းကားသွားတတ်တယ်။ စိမ်းကားရုံတင်မကဘဲ သိပ်ကြောက်စရာကောင်းတဲ့ ရန်သူတောင် ဖြစ်သွားတတ်ပါတယ်။ ကိုယ့်ဟာကိုယ်တောင် စိမ်းကားမိတတ် ရန်သူဖြစ်တတ်ပါတယ်။ သွေးသားမစပ်ရင်တော့ ပြောဖို့ မလိုဘူး။ ဧကန် စိမ်းကားမှာပါ။

ကိလေသာမကင်းသေးတဲ့ ပုထုဇဉ်တွေမှာ ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် 'ဒီလူအချစ်ဆုံး' လို့ ပုံသေ သတ်မှတ်ဖို့ မလွယ်ပါဘူး။ ကိလေသာကြောင့် အချစ်ဆုံးဆွေမျိုးဟာ အမုန်းဆုံးရန်သူ ဖြစ်သွားနိုင်ပါတယ်။ ကိလေသာဟာ ဆွေမျိုးကနေ တစိမ်း၊ တစိမ်းကနေ ရန်သူဖြစ်အောင် အဆင့်ဆင့် ပြောင်းလဲပစ်တတ်တယ်။ ဘဝတစ်ခုမှာ တွေ့ဆုံတုန်း သွေးသားတော်စပ်နေဆဲဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးကို အချစ်ဆုံးဆွေမျိုးလို့ ပြောချင်ရင် ပြောလို့ ဖြစ်နိုင်ပေမယ့် ဘဝတွေ တစ်စတစ်စ ခြားသွားတဲ့အခါ ဆွေမျိုးတွေဟာ တစိမ်းတွေ ပြန်ဖြစ်တတ်ကြတယ်။ ကိလေသာအပူရှိန် ပြင်းထန်တဲ့ကြောင့် စိုပြေ အေးမြ လန်းဆန်းတဲ့ ဆွေစိတ်မျိုးစိတ်တွေ တစ်စတစ်စ ခန်းခြောက် ပျောက်ပြယ်သွားတတ်တယ်။ ကိလေသာ အပူငွေ့ကြောင့် ဆွေဓာတ်၊ မျိုးဓာတ်၊ အစိုဓာတ်တွေ ခန်းခြောက်ပြီး စိမ်းကားသွားတတ်တယ်။ တစိမ်းတင်မကတော့ပဲ ရန်သူတောင် ဖြစ်သွားတတ်ကြတယ်။

ရန်သူတွေဖြစ်ကြလို့ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖက်နဲ့ တစ်ဖက်၊ ဆဲဆို ကြိမ်းမောင်း စကားများ ရန်ဖြစ်နေကြတဲ့အခါ ပညာရှိ လူကြီးလူကောင်းတစ်ယောက်ယောက်က 'ဟဲ့. . . ဟဲ့ သင်တို့ ရန်မဖြစ်ကြနဲ့၊ ရန်ဖြစ်ရမယ့် လူတွေ မဟုတ်ဘူး၊ သင်တို့ဟာ ဟိုတစ်ချိန်တုန်းက သွေးသားအရင်းတွေ တော်စပ်ဖူးခဲ့ကြတယ်။ ဟိုတုန်းက သားအဖ အရင်း၊ သားအမိ အရင်း၊ ညီအစ်ကို မောင်နှမအရင်းတွေ ဖြစ်ခဲ့ကြလို့ ရန်မဖြစ်သင့်ဘူး'လို့ ကြားဝင်စေ့စပ် ဖျန်ဖြေပြောဆိုလာရင် အပြောခံရသူတွေက 'ဘာဆိုင်လို့လဲ' လို့ ပြန်ပြောကြမှာပဲ။ ဟုတ်တယ်လေ။ ဟိုတုန်းက ဆိုင်ချင် ဆိုင်ခဲ့ပေမယ့် အခုတော့ ဘာဆိုင်တာမှ မဟုတ်တော့ဘဲ။

တစ်ချို့ ဘဝတောင်မခြားသေးဘဲနဲ့ ဆွေမျိုးက ရန်သူဖြစ်သွားကြတာတွေ အများကြီး ရှိတယ်။ တစ်ချို့ မိဘတွေဟာ သားသမီးတွေ ငယ်စဉ်အခါ ကုသိုလ်အရှုံးခံပြီး သားသမီးကို ချစ်မိတတ်ကြတယ်။ ပညာရှိများက ကုသိုလ်သာ ဆွေမျိုးရင်းလည်းဖြစ်၊ ဘဝအနှစ် ကိုယ်ပိုင်လည်းဖြစ်တာကြောင့် ကုသိုလ်ကို မဖြစ်မနေလုပ်ဖို့ တိုက်တွန်းပြောကြားတဲ့အခါ 'သားသမီးတွေငယ်နေသေးလို့ သားကိစ္စ သမီးကိစ္စတွေနဲ့ လုံးလည်ချာလည် လိုက်နေလို့ ကုသိုလ်မလုပ်နိုင်သေးဘူး၊ ကုသိုလ်လုပ်ဖို့ အချိန်မရသေးဘူး' လို့ ဆင်ခြေပေး အကြောင်းပြပြီး ကုသိုလ်ကို ငြင်းပယ်မိတတ်ကြတယ်။

သူ့အကြောင်းပြဟာ သူ့ဟာနဲ့သူတော့ မှန်သလိုလိုရှိပေမယ့် တရားကတော့ လက်ညှိုးနဲ့ ထိုးသလို တည့်တည့်ကြီး ပြောလာပါတယ်။ 'ကုသိုလ်အရှုံးခံ ချစ်နေရသူဟာ ဆွေမျိုးတဲ့လား၊ ဒီလိုချစ်ရင် ဆွေချစ်မျိုးချစ်လို့ ခေါ်သတဲ့လား၊ ဆွေမျိုးအရင်းနှင့် အဖျား ကွဲအောင်ကြည့်တတ်ရဲ့လား၊ ကုသိုလ်သာ ဆွေမျိုးရင်းဖြစ်တယ်။ ဘဝတစ်ကွေ့ကလေးမှာ ခဏစီ တွေ့ခွင့်ရတဲ့ ဆွေမျိုးတွေက ဆွေမျိုးအဖျားတွေ၊ ဆွေမျိုးရင်းဖြစ်တဲ့ ကုသိုလ် အရှုံးခံချစ်ရင် ဘယ်သူ့ကိုပဲချစ်ချစ် ဆွေမျိုးချစ် မဟုတ်ဘူး။ တစိမ်းချစ်သာ ဖြစ်တယ်။ နောက်တော့ ရန်သူခြစ်နဲ့သာ အဆုံးသတ်ရမယ်။ ပူဖို့ ငိုဖို့ အဆင်သင့်ပြင်ထား' တဲ့။

ဟုတ်ပါတယ်။ ကုသိုလ် အရှုံးခံ ချစ်ရရင် တစိမ်းချစ်ပါ။ ရန်သူခြစ်နဲ့ အဆုံးသတ်ရတတ်ပါတယ်။ မိဘတွေက ကုသိုလ်အရှုံးခံ ချစ်ခဲ့ရတဲ့ တစ်ချို့သားသမီးတွေဟာ အရွယ်ရောက်လာတဲ့အခါ ဘွဲ့တွေရအောင် လောကီပညာတွေတတ်ထားကြပေမယ့် တရားဆက်သွယ်ရေးပြတ်နေရင် မိဘပြောစကားကို တန်ဖိုး မထားချင်ကြဘူး။ နားမထောင်ချင်ကြဘူး။ မိဘတွေကို ခေတ်နောက်ကျသူတွေလို့ ထင်ချင်ထင်နေတတ်တယ်။ နောက်တော့ မိဘသဘောမတူတာတွေကို ထင်မိထင်ရာ တစ်ဇွတ်ထိုး လုပ်မိတတ်ကြတယ်။ မိဘတွေက


www.burmeseclassic.com

www.burmeseclassic.com


သည်းမခံ ခွင့်မလွှတ်နိုင်ကြတော့လို့ အမွေပြတ် စွန့်လွှတ်ပစ်တတ်ကြတယ်။ အဲဒါ ရန်သူခြစ် ခြစ်တော့တာပဲ။ ငယ်စဉ်က တစိမ်းချစ်နဲ့ အချိန်ကုန်ခဲ့လို့ ကုသိုလ် အညွန့်တုံးခဲ့ရတယ်။ ကြီးတော့လည်း ရန်သူခြစ်ကြောင့် ကုသိုလ် ဆုံးရှုံးရတယ်။ ဆွေမျိုးရင်းဖြစ်တဲ့ ကုသိုလ်ပဲ ဆုံးရှုံးရတယ်ဆိုရင် ဆွေဝေးမျိုးဝေးလို့ ဆိုနိုင်တယ်ပေါ့။

လောဘ၊ ဒေါသ၊ မောဟတွေကြောင့် သွေးသားအရင်းချင်းတောင် စိမ်းကားမိတတ်ကြတယ်။ ကိုယ့်ဟာကိုယ်တောင် စိမ်းကားမိတတ်လို့ ကိုယ့်အတွက် ကုသိုလ်ရှုံးရတတ်တယ်။ ကိုယ်ရှာထားတဲ့ ပစ္စည်းတွေနဲ့လည်း စိမ်းကားပြီး ကုသိုလ်ရှုံးလို့ အကုသိုလ် အပွားရတတ်ပါတယ်။ သွေးသားမစပ်သူ ဆိုရင်တော့ ဘာပြောစရာလိုမှာလဲ၊ ကေန် စိမ်းကားပြီးသားပါ။ တစိမ်းကနေ ရန်သူတောင် ဖြစ်သွားတတ်ပါတယ်။ လောကမှာ အလွန်သံယောဇဉ်ကြီးသူတွေ ရှင်ကွဲ၊ သေကွဲ ကွဲကြတဲ့အခါ ယူကျုံးမရ ရူးမတတ် ပူဆွေးသောက ရောက်ကြရတယ်ဆိုတာ၊ ဖြေဆည်မရအောင် ကြေကွဲဝမ်းနည်းကြရတယ်ဆိုတာ တစိမ်းချစ်ကနေ ရန်သူခြစ်ကို ရောက်သွားကြရတဲ့ သဘောပါ။ အချစ်ကြီးရင် အမျက်ကြီးတယ်ဆိုတာလည်း ဒီသဘောပါပဲ။

သတိဉာဏ်ဦးဆောင်တဲ့ ဆွေလမ်း မျိုးလမ်းက သွားတတ်ရင် သဒ္ဓါ၊ မေတ္တာ၊ ပညာနဲ့ ဆွေမျိုးချစ် ချစ်တတ်ပါတယ်။ ဆွေမျိုးဆိုတာ ရင်းနှီးရမယ်။ ချစ်ခင်ရမယ်။ အကျွမ်းဝင်ရမယ်။ အကျိုး လိုလားရမယ်။ သစ္စာရှိရမယ်။ ကုသိုလ်ရအောင် ချစ်တတ်တယ်လို့ ဆိုလိုတာပါ။ ကုသိုလ်သာ ကိုယ့်ဆွေမျိုး အရင်းကိုး။ ဆွေမျိုးအဖျားတွေကြောင့် ဆွေမျိုးအရင်း အရှုံးမခံသင့်ဘူးပေါ့။

သဒ္ဓါ၊ မေတ္တာ၊ ပညာကြောင့် သွေးသားမစပ်သူတွေတောင် ရင်းနှီးချစ်ခင် အကျွမ်းဝင်ပြီး ဆွေမျိုး၊ မိတ်ဆွေဖြစ်တတ်ပါတယ်။ ကိုယ့်ဟာကိုယ်တောင် ဆွေမျိုးတော်စပ်သွားရတယ်။ ကိုယ်ရှာထားတဲ့ ပစ္စည်းတွေနဲ့လည်း ဆွေမျိုးတော်စပ်ခွင့်ရပြီး ကုသိုလ် အလွန်ရရှိ တိုးပွားတတ်တယ်။ သွေးသားအရင်းဆိုတော့ အထူးပြောဖို့မလို၊ ရင်းနှီးတဲ့ ဆွေမျိုးမိတ်ဆွေဖြစ်ဖို့ သေချာပေါက်ပါ။

ဘယ်သူပဲဖြစ်ဖြစ် ဘယ်အရာပဲဖြစ်ဖြစ် ကုသိုလ်ရအောင်ဆက်ဆံတတ်ရင် ဆွေမျိုးချည်းပဲ။ ကိုယ့်ကို အကြောင်းပြုလို့ ကိုယ့်ရဲ့စားဝတ်နေရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စကို အကြောင်းပြုလို့ ကောင်းမှုရအောင် စွမ်းဆောင်နိုင်ရင် ကိုယ့်ဟာကိုယ် ဆွေမျိုးတော်တယ်။ မြုပ်နေတာကို သတိနဲ့ဖော် မြောနေတာကို သတိနဲ့ဆယ်ပြီး ဉာဏ်နဲ့ အရှိအတိုင်း အမှန်သိအောင် ကြည့်ရှုသုံးသပ်နိုင်တဲ့ သတိပညာ ရှိနေသူအတွက် စားဝတ်နေရေး, ကျန်းမာရေးစတဲ့ ကိစ္စတွေဟာ သိက္ခာသုံးပါး ဘောင်ဝင်အောင် ဖြည့်လို့ရတဲ့ အလုပ်တွေ ဖြစ်သွားနိုင်ပါတယ်။ သတိဉာဏ်ဆိုတာ နေရာတကာ အလုပ်ခပ်သိမ်း အခါခပ်သိမ်း အဝင်ဆံ့လောက်အောင် အကြီးကျယ်ဆုံးတရားပဲ။

နောက်ပိတ်ဆုံး ကိုယ့်ခန္ဓာမှာ အနာရောဂါဖြစ်ပေါ်လာလို့ နေထိုင်မကောင်းဖြစ်ရင်တောင်မှ ဆွေမျိုးပုံစံနဲ့ ကုသိုလ်ရအောင် ချစ်တတ်တယ်။ ခန္ဓာမှာ အနာပေါ်ပေါက်လာတော့ 'ဟဲ့ အနာ .. သင်က နေရာမှန် ရောက်လာ သကိုးကွဲ့၊ ဒီခန္ဓာဟာ အနာမျိုးစုံရဲ့ တည်နေရာကွဲ့၊ အိုတာ၊ နာတာ၊ သေတာ အကုန်လက်ခံတယ်'။ အဲဒါ ဆွေချစ် မျိုးချစ်ပုံစံနဲ့ ကြိုဆိုတာ။ မကြိုဆိုဘဲ ရန်လုပ်ပြီး နှင်ချလို့လည်း အနာက ပြန်ဆင်းသွားမှာမှ မဟုတ်ဘဲ။ အနာရောဂါဆိုတာ မသိရင်လည်းနာ၊ သိရင်လည်းနာမှာဆိုတော့ အနာရောဂါအပေါ် သတိဉာဏ် ရောက်အောင် တင်ထားလိုက်တယ်။ အရှိပေါ် အသိဉာဏ်ရောက်တော့ အမှန်ပေါ်လာတော့တာပေါ့။ ' ခန္ဓာရဲ့ ပြောင်းလဲဖောက်ပြန်တတ်တဲ့ အနိစ္စသဘော၊ မခံမရပ်နိုင်အောင် ညှဉ်းဆဲတတ်တဲ့ ဒုက္ခသဘော၊ ကိုယ့်အလို မလိုက်ဘဲ အမြဲ ဆန့်ကျင်ဘက်လုပ်နေတဲ့ အနတ္တသဘောကို နေမကောင်းတော့မှပဲ ပိုပြီး သဘောပေါက် နားလည် ခွင့်ရတော့တယ်။ နေမကောင်းတာဟာ အခံရခက်ပေမယ့် ဝိပဿနာလက်တွေ့ သင်တန်းပေးတာပဲ' လို့ အသိ ရှင်းလာတတ်တယ်။ အဲဒါ ခန္ဓာနှင့် အနာကို ဆွေချစ် မျိုးချစ် ချစ်ပြတာပဲ။ ဆွေမျိုးရင်းဖြစ်တဲ့ ကုသိုလ်ရတာကိုး။

သတိဉာဏ်ဆိုတဲ့ ဆွေမျိုးလမ်းပေါ်ရောက်သွားရင် ကိုယ်ရှာလို့ ကိုယ့်ဆီရောက်လာတဲ့ ပစ္စည်းဥစ္စာတွေနှင့်လည်း ဆွေမျိုးတော်စပ်ခွင့် ရသွားတတ်တယ်။ ပစ္စည်းဥစ္စာကို အကြောင်းပြုပြီး ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာစွမ်းအားတွေရရင် ဆွေမျိုးတော်တယ်လို့ ဆိုရပါတယ်။ မရှာဘဲ ရလာတဲ့ အနာ ရောဂါနှင့်တောင် ဆွေမျိုးတော်အောင်လုပ်နိုင်သေးရင် ရှာလို့ရလာတဲ့ ပစ္စည်းဥစ္စာနှင့် ဆွေမျိုးတော်ဖို့ ပိုလွယ်သွားပြီပေါ့။ နောက်ပိတ်ဆုံး ပစ္စည်းတွေ သုံးမဖြစ်အောင် အမှိုက်သရိုက်တွေ ဖြစ်သွားရင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com


ပစ္စည်းရဲ့ သုံးမရအောင် ပြောင်းလဲဖောက်ပြန်တတ်တဲ့ အနိစ္စသဘော၊ သင်္ခါရဒဏ် နှိပ်စက်ခံရလို့ ရတာမလို၊ လိုတာမရတဲ့ မကောင်းတဲ့ ဒုက္ခသဘော၊ ကိုယ့်အလို မလိုက်တဲ့ အနတ္တသဘောကို ဉာဏ်ထဲ သွင်းယူတတ်တယ်။ အဲဒါ ပစ္စည်းကို ဆွေချစ် မျိုးချစ် ချစ်ပြတာပါပဲ။ ဘာမဆို ကုသိုလ်ရအောင်ယူနိုင်ရင် ဆွေမျိုးချည်းပါ။ ကုသိုလ်ရရင် အချစ်ဆုံးဆွေမျိုးနှင့် တွေ့ရပြီပဲ။

## ၄။ မိဘအချစ် ဆွေမျိုးစစ်

- **မိခင်ပမာ၊ စောင့်ရှောက်ကာ၊ သဒ္ဓါသန့်ရှင်းသည်။**
- **ဖခင်ပမာ၊ ဦးဆောင်ကာ၊ ပညာလမ်းညွှန်သည်။**
- **သဒ္ဓါ-ပညာ၊ နှစ်ဖြာမိဘ၊ လိုသမျှ၊ မုချစွမ်းဆောင်ပေးနိုင်သည်။**
- **မိဘနေရာ၊ သတိမှာ၊ ကောင်းစွာရှိရမည်။**
- **အချစ်ဆုံးဟု၊ ဆွေမျိုးစု၊ ကောင်းမှုအစဉ် တိုးပွားသည်။**
- **မိဘအချစ်၊ ဆွေမျိုးစစ်၊ အနှစ်ပိုင်ဆိုင်သည်။**

ကောင်းမှုတရားအားလုံးပဲ အဆိုးဖယ်ရှား အကောင်းပွားစေတဲ့ မိဘဆွေမျိုး ကိစ္စအားလုံး အပြည့်အစုံ ဆောင်ရွက်ပေးနိုင်တာကြောင့် မိဘဆွေမျိုးအရင်းလို့ ဆိုနိုင်ပါတယ်။ အထူးအားဖြင့်တော့ အဲဒီကောင်းမှု ဆွေမျိုးတွေကို ဖြစ်ပေါ်တိုးပွားအောင် လုပ်ပေးနိုင်တဲ့ သဒ္ဓါနှင့် ပညာကို မိဘလို့ တင်စား ပြောဆိုနိုင်ပါတယ်။ သဒ္ဓါက မိခင်၊ ပညာက ဖခင်ပေါ့။

သဒ္ဓါက စိတ်ကို အနီးကပ် ယုယုယယစောင့်ရှောက်ပြီး ကိလေသာနီဝရဏ အညစ်အကြေးတွေ ကင်းအောင်၊ သန့်ရှင်း စင်ကြယ်အောင် သုတ်သင်ရှင်းလင်းပေးတတ်တာကြောင့် မိခင်နှင့် တူပါတယ်။ မိခင်ပမာ စိတ်ကို အတွင်းကျကျ စောင့်ရှောက်ပေးတာဆိုတော့ ကုသိုလ် အတွင်းရေးမှူးပေါ့။ ပညာကတော့ အသိစိတ်ကို မတိမ်းစောင်းအောင် ဦးဆောင်ပေးတယ်။ လမ်းမမှားရအောင် ညွှန်ကြားသွန်သင် ပဲ့ပြင်ဆုံးမပေးတယ်။ အုပ်ချုပ်မှုကောင်းတယ်။ ဒါ့ကြောင့် ဖခင်နှင့်တူတယ်လို့ ဆိုနိုင်တယ်။

သဒ္ဓါ၊ ပညာ မိဘနှစ်ပါးဟာ သားသမီးနှင့်တူတဲ့ သံသရာခရီးသွားများအတွက် လိုအပ်သမျှ အကုန် စွမ်းဆောင်ပေးနိုင်ပါတယ်။ လောကမိဘများဟာ သားသမီးများ ခရီးသွားတဲ့အခါ လမ်းမှာ စားသုံးဖို့ ရိက္ခာလုံလောက်အောင်ပေးလိုက်တယ်။ ပေါ့ပေါ့ပါးပါး သယ်ဆောင်နိုင်အောင်၊ စားဝတ်နေရေးကိစ္စ အားလုံးပြီးစေနိုင်တဲ့ ပိုက်ဆံကို လုံလောက်အောင် ထည့်ပေးလိုက်တယ်။ လမ်းမှာတည်းခိုဖို့၊ လိုအပ်တဲ့ အကူအညီတောင်းဖို့ ရင်းနှီးတဲ့ဆွေမျိုးမိတ်ဆွေရှိတဲ့နေရာကိုပါ လမ်းညွှန်ပေးလိုက်တယ်။

ဒါမျိုးလိုပဲ။ သဒ္ဓါ၊ ပညာ မိဘကလည်း 'သံသရာခရီးသွားဖြစ်တဲ့ သားတို့၊ သမီးတို့ နိဗ္ဗာန် ဦးတည်ချက်ရှိပြီးသား ဖြစ်ရင်တောင်မှ သံသရာခရီးက ဝေးသေးတယ်ကွဲ့။ ကြမ်းလည်းကြမ်း၊ အဆင်းအတက်လည်းများ၊ အန္တရာယ်လည်း ပေါတယ်။ ဒါနရိက္ခာထုပ် မပါရင် အရမ်းဆင်းရဲ ပင်ပန်းလိမ့်မယ်။ ဟိုလူမော်ကြည့်ရ၊ ဒီလူမော်ကြည့်ရ၊ ဟိုလက်ဖြန့်တောင်းရ၊ ဒီလက်ဖြန့်တောင်းရနဲ့ သိပ်မျက်နှာငယ်ရမယ်။ ဒါနမပါလို့ စားဝတ်နေရေး မပြေလည်ရင် သတ်ရ၊ ခိုးရနဲ့ သီလပါ ထိခိုက်တတ်တယ်။ သီလ ထိခိုက်လာရင် သံသရာခရီးဟာ ပိုကြောက်စရာ၊ အားငယ်စရာ ဖြစ်သွားမယ်။ ဒါနကံနည်းရင် စီးပွားရှာရတာ အဆင်မပြေလို့ စားဝတ်နေရေး မပြည့်စုံတော့ ပညာရေး၊ ကုသိုလ်ရေးတွေ အစစအရာရာ ချို့တဲ့ လစ်ဟင်းကုန်တတ်တယ်။ ဆက်မသွားလို့လည်းမဖြစ်၊ သွားပြန်တော့ အလွန်အမင်း ဆင်းရဲပြီး လဲကျသွားတတ်တယ်။ ဒါ့ကြောင့် အစစအရာရာ အဆင်ပြေဖို့ ပေါ့ပေါ့ပါးပါး ဒါနရိက္ခာထုပ်ကို ယူသွားကြ' လို့ ဒါနရိက္ခာထုပ်ကို ပြည့်စုံ လုံလောက်အောင် ထည့်ပေးလိုက်တယ်။ သဒ္ဓါ ပညာ ပြည့်စုံသူမှာ ဒါနမလုပ်ဘဲ မနေနိုင်လောက်အောင် စိတ်အားထက်သန် တက်ကြွပြီး မဖြစ်မနေ ဇောကန် ဒါနလုပ်နိုင်တာကိုပဲ စကားအနေနဲ့ တင်စားပြောတာပါ။ ဒါနဟာ ဉာဏ်ရှိသူအတွက် အားလုံးအဆင်ပြေအောင် စွမ်းဆောင်နိုင်ပါတယ်။

လောကမိဘဟာ သားသမီးခရီးသွားရင် အထက်တန်းကျကျ၊ ချမ်းချမ်းသာသာ၊ နေရာကောင်းနဲ့ သွားနိုင်အောင်၊ ယာဉ်ရထားကောင်း စီးနိုင်အောင်၊ နေရေးထိုင်ရေး သွားရေးလာရေး အားလုံးအဆင်ပြေအောင် လိုအပ်သမျှ ခရီးစရိတ် အပြည့်အစုံပေးလို့ စီမံဆောင်ရွက်တတ်သလို သဒ္ဓါ ပညာ မိဘဟာလည်း ကိုယ်ကျင့်သီလ


www.burmeseclassic.com

www.burmeseclassic.com


လမ်းစရိတ် အပြည့်အစုံ စီမံပေးလိုက်တယ်။ သုဂတိ ဘဝကောင်းတွေကို ဖြတ်သန်းပြီး မဂ္ဂင်လမ်းကြောင်းအတိုင်း ဖြောင့်ဖြောင့်သွားနိုင်အောင် ဆောင်ရွက်ပေးလိုက်တယ်။ သဒ္ဓါ ပညာရှိသူဟာ သီလကို မြတ်မြတ်နိုးနိုး တန်ဖိုးထား ကျင့်သုံးတတ်တယ်။ ကိုယ်နှုတ် စည်းကမ်းကို အတိအကျ အပြည့်အဝ လိုက်နာတတ်ပါတယ်။

လောကမိဘဟာ ခရီးသွားတဲ့ သားသမီးအတွက် တစ်ယောက်တည်းဖြစ်ရင် အဖော်ပါ ထည့်ပေးလိုက်တယ်။ လုံလုံခြုံခြုံ သွားနိုင်အောင် ထီး၊ ဖိနပ် အပြည့်အစုံ ပေးလိုက်တယ်။ တည်းခိုဖို့ နေရာကို သေချာအောင် လမ်းညွှန်တတ်တယ်။ သဒ္ဓါ ပညာ မိဘလည်း စိတ်လုံခြုံအောင် ကိလေသာနှင့် အာရုံမျိုးစုံ နှောင့်ယှက်မခံရအောင် သမာဓိအဖော်ကိုပါ ထည့်ပေးလိုက်တယ်။ စိတ်ဓာတ် အေးချမ်း တည်ငြိမ် လုံခြုံစွာ သွားလာနေထိုင် တည်းခိုနိုင်အောင် သမာဓိ ထီး၊ ဖိနပ် နေရာကောင်းကို သေသေချာချာ စီမံပေးလိုက်တယ်။ ပညာဆိုတာ နာကြားလေ့လာထားတဲ့ ပညာနှင့် စဉ်းစားထားတဲ့ပညာကို ပြောတာပါ။ ဘဝအသုံးချ ပညာပေါ့။ သဒ္ဓါ ပညာကောင်းရင် သမာဓိကို လေးလေးစားစား တကယ်ပွားများတတ်ပါတယ်။

လောကမှာ ခရီးသွားတဲ့အခါ ရာသီဥတုအပြောင်းအလဲ၊ နေရာဒေသဌာန အပြောင်းအလဲ၊ အစားအသောက် အပြောင်းအလဲကြောင့်ပဲ ဖြစ်ဖြစ်၊ မတော်တဆ ထိခိုက်မှုကြောင့်ပဲဖြစ်ဖြစ်၊ ခရီးသွားရင်း အနာရောဂါရလို့ နေထိုင်မကောင်းဖြစ်တတ်တယ်။ ဆေးဆရာတို့ ဆေးဝါးကောင်းတို့ဆိုတာ နေရာတိုင်း တွေ့နိုင်တာမဟုတ်တော့ မိဘတွေက သားသမီးတွေ ခရီးသွားရင်း၊ နေမကောင်းရင် သုံးစွဲဖို့ အိမ်သုံးဆေးများကို ပေးတတ်တယ်။ သံသရာခရီးသည်တွေမှာလည်း ရှိရာက မရှိ ဖြစ်သွားလိုက်၊ မြင့်ရာက နိမ့်သွားလိုက်၊ တက်ရာက ကျသွားလိုက် စတဲ့ အပြောင်းအလဲတွေ များလွန်းလို့ စိတ်တွေ နေထိုင်မကောင်း ဖြစ်တတ်တယ်။ စိတ်ဆင်းရဲ ပူလောင် အားငယ်ရတတ်တယ်။ သဒ္ဓါ ပညာ မိဘက စိတ် နေမကောင်းရင် သုံးစွဲဖို့၊ ပျောက်အောင်ကုဖို့ သတိပဋ္ဌာန် ဝိပဿနာ အိမ်သုံး ကျောင်းသုံး ဆေးဝါးကောင်းတွေကို ပေးလိုက်တယ်။ သဒ္ဓါ ပညာ အားကောင်းရင် ဝိပဿနာကို စွဲစွဲမြဲမြဲ ရှုမှတ်ပွားများ အားထုတ်တတ်စမြဲပါ။

လောကခရီးသွားတွေဟာ မိဘ အစီအမံကောင်းတာကြောင့် ရက်ပိုင်းလေးသွားရတာတောင် ပြည့်စုံချမ်းသာကြရသလို သံသရာခရီးသွားတွေလည်း သဒ္ဓါ ပညာရဲ့ အစီအမံကောင်းမှုကြောင့် သံသရာ တစ်လျှောက် ကောင်းမှုစွမ်းအားတွေရလို့ အောက်တန်းမကျရ မျက်နှာမငယ်ရအောင် ပြည့်စုံလုံလောက် ချမ်းသာခွင့် ရကြပါတယ်။ ဘဝကို လိုသလို အသုံးချနိုင်လို့ အချစ်ဆုံး ကောင်းမှုတရား၊ ဆွေမျိုးကောင်းတွေနှင့် ဆက်ကာဆက်ကာ တွေ့ဆုံခွင့် ရနိုင်ကြတယ်။ သဒ္ဓါ ပညာ မိဘနှင့် အတူနေရတဲ့စိတ်ဟာ အမြဲအားရှိနေရတာ ဖြစ်လို့ သဒ္ဓါ ပညာ မိဘ နေစရာ အပ္ပမာဒသတိ နေအိမ်ကို ဆောက်လုပ်ဖန်တီးပေးဖို့ အထူး လိုအပ်ပါလိမ့်မယ်။

အချစ်ဆုံးဆွေမျိုးဖြစ်တဲ့ ကောင်းမှုတရားနှင့် အမြဲတွေ့ဆုံလိုရင်၊ ဆွေဂုဏ် မျိုးဂုဏ် ပြည့်ပြည့်စုံစုံနဲ့ နေလိုရင် သဒ္ဓါ ပညာ မိဘနှင့်အတူ အမြဲနေနိုင်အောင် ကြိုးစားရမယ်။ ဒါဆိုရင် သဒ္ဓါ ပညာ မိဘ အမြဲနေထိုင်နိုင်ဖို့ သတိအိမ်ကြီး အိမ်ကောင်းတစ်လုံးကို ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ပေးထားရုံပေါ့။

## ၅။ မိခင်ချစ်တတ် ဆွေမျိုးမြတ်

- **မိခင်ရင်သွေး၊ မေတ္တာအေး၊ ဖြူဖွေး နို့ရည်ဖြစ်။**
- **ကိလေသာသွေး၊ ဉာဏ်ဖြင့်ဆေး၊ ဖြူဖွေး ကုသိုလ်ဖြစ်။**
- **မိခင်ချစ်တတ်၊ ဆွေမျိုးမြတ်၊ ထူးလတ် အားအစစ်။**

ယခု ၁၃၆၈-ခုနှစ်ဟာ မိမိရဲ့ ရဟန်း ၄၅-ဝါရတဲ့ နှစ်ဖြစ်သလို မိမိရဲ့ မွေးမိခင် ကျေးဇူးရှင်ဖြစ်တဲ့ မယ်တော်ကြီး ဒေါ်တုတ်ခိုင်ရဲ့ ၈၅-နှစ် ပြည့်တဲ့နှစ်လည်း ဖြစ်ပါတယ်။ မယ်တော်ကြီးမှာ သားခြောက်ယောက်၊ သမီးသုံးယောက် ထွန်းကားခဲ့ပေမယ့် သားသုံးယောက်က လူလားမမြောက်မီ ကလေးအရွယ် ငယ်စဉ်ကစ ကွယ်လွန်ခဲ့ကြလို့ ခြောက်ယောက်ပဲ ကျန်ရစ်ခဲ့တယ်။ ခြောက်ယောက်ထဲမှာ အကြီးဆုံးသားနှင့် အငယ်ဆုံးသားက ရဟန်းတွေဖြစ်ကြလို့ သမီးအလတ်က သီလရှင်ဖြစ်တာ ဆိုတော့ မယ်တော်ကြီးဘဝ အရတော်တယ်ပဲ ဆိုရမယ်။ သုံးပါးရဲ့ မယ်တော်ပေါ့။

မယ်တော်ကြီးမှာ ၈၅-နှစ်ရောက်သည်ထိ အသက် ၆ဝ-ကျော် သားကြီးရဟန်းရဲ့ အနီးအပါးမှာ နေထိုင်ရတာလဲဖြစ်၊ မနီးမဝေးအရပ်မှာ သားငယ်ရဟန်း ရှိနေတာလည်းဖြစ်၊ သမီးသီလရှင်နဲ့


www.burmeseclassic.com

www.burmeseclassic.com


အတူနေရတာလည်းဖြစ်၊ မောင်အရင်းနှင့် အတူနေရတာလည်းဖြစ်၊ ရွှေတိဂုံစေတီတော်နှင့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်အနီး ဘုရားရိပ်၊ ကျောင်းရိပ်မှာ နေရတာလည်းဖြစ်၊ ဆေးဆရာကောင်း ဆရာဝန်ကောင်း ဆေးဝါးကောင်းပေါတဲ့ ရန်ကုန်မြို့ကြီးမှာ နေရတာလည်းဖြစ်၊ နားအသင့်အတင့် လေးတာကလွဲလို့ ကျန်းမာရေးအထိုက်အလျောက် ကောင်းနေတာလည်းဖြစ်၊ နေ့စဉ် တရားဘာဝနာ အားထုတ်နေတာလည်း ဖြစ်လို့ အို ကံသိပ်ကောင်းပါတယ်။ ဆွေမျိုးရင်းဖြစ်တဲ့ ကောင်းမှုတရားတွေ နေ့တိုင်း ရရှိတိုးပွားနေတာကိုး။ ကံအား၊ ဉာဏ်အား၊ လုံ့လအားကောင်းနေတဲ့ မိခင်ကြီးကို ပြုစုစောင့်ရှောက် ကျွေးမွေးနေကြရတဲ့ သားသမီးတွေမှာလည်း ကုသိုလ်အများကြီး ရရှိတိုးပွားကြရပါတယ်။ ဒါဆို အချစ်ဆုံးဆွေမျိုးပဲ ဆိုရမှာပေါ့။

ကိုယ့်ကြောင့် သူ့မှာ ကုသိုလ်ရရှိတိုးပွားရင် ကိုယ်လည်း သူ့ရဲ့ဆွေမျိုးပေါ့။ သူ့ကြောင့် ကိုယ့်မှာ ကောင်းမှုတိုးပွားတယ်ဆိုရင် သူလည်း ကိုယ့်ရဲ့ဆွေမျိုးပေါ့။ ဘယ်ဘဝပဲရောက်ရောက် ဘဝတိုင်း ကောင်းမှုတရားသာ ဆွေမျိုးအရင်းဖြစ်တယ်။ နိဗ္ဗာန်ထိ ဦးတည်ပြုလုပ်ထားတဲ့ ကောင်းမှုတရားဟာ နိဗ္ဗာန်မရောက်မချင်း ဘယ်တော့မှ ခွဲဖို့လဲ မလိုတော့ဘူး။ ပုံစံလည်း မပြောင်းလဲနိုင်တော့ဘူး။ ဘဝသံသရာတစ်လျှောက် အထက်တန်းက သွားနိုင်ဖို့ အရင်းခံစွမ်းအားလည်း ဖြစ်တယ်။ ဒါကြောင့် ကောင်းမှုတရားသာ ဆွေမျိုးရင်းပါ။ ဘဝဆက်တိုင်း တော်စပ်ခွင့်ရနေကြတဲ့ ဆွေမျိုးတွေက ဆွေမျိုးအဖျားတွေပါ။ ဘဝတစ်ကွေ့မှာ တွေ့ရတဲ့ ဆွေမျိုးဆိုတာ အတိတ်ကုသိုလ်ကံ ဆွေမျိုးရင်းက ဆုံပေးလို့ တွေ့ခွင့်ရတာလည်းတစ်ကြောင်း၊ ခဏသာတွေ့ရတာလည်းတစ်ကြောင်း၊ အချိန်စေ့ရင် ဧကန်ခွဲရမှာလည်း တစ်ကြောင်း၊ ခွဲရတဲ့အခါ ဆွေမျိုးရင်း တရားခံမရှိရင် ရူးမတတ် ပူလောင်ရမှာလည်း တစ်ကြောင်း၊ ဘဝတွေ ခြားသွားရင် ကိလေသာ အပူရှိန်ကြောင့် ဆွေမျိုးစာတ်တွေ ခန်းခြောက်ပြီး တစိမ်းရန်သူတွေ ပြန်ဖြစ်နိုင်တာလည်း တစ်ကြောင်းတို့ကြောင့် ဆွေမျိုးဖျားတွေဖြစ်တယ်။ ဘယ်သူ့ကိုမှ အမြဲ ဆုပ်ကိုင်ထားလို့မရဘဲကိုး၊ အဖျားကြောင့် အရင်းမရှုံးဖို့ အထူးသတိထားရမှာ ဖြစ်ပါတယ်။ အဖျားတွေဟာ အရင်းတွေတိုးဖို့ အကြောင်းသာ ဖြစ်သင့်ပါတယ်။ အဖျားကြောင့် အရင်းတိုးမှလည်း အဖျားတွေကို အရင်းလို့ခေါ်ရတာ အဆင်ပြေမှာပေါ့။

အချင်းချင်း ကုသိုလ်ရအောင် ချစ်တတ်မယ်ဆိုရင် သွေးသားမစပ်ဘဲတောင် ဆွေမျိုးလို့ ခေါ်နိုင်သေးတာပဲ။ သွေးသားစပ်သူဆိုရင် ဘာပြောဖို့ လိုမှာလဲ။ ဧကန် ဆွေမျိုးပဲပေါ့။ သွေးသားအရင်းတောင် ကုသိုလ်ရအောင် မချစ်တတ်ရင် ဆွေမျိုးလို့ မခေါ်နိုင်ဘူး။ သွေးသားမစပ်သူဆိုတော့ ဘာပြောစရာလိုမှာလဲ။ ဧကန်တစိမ်းပဲပေါ့။ ဘယ်သူ့ကိုပဲ ချစ်ချစ်၊ ဘာကိုပဲချစ်ချစ်၊ ကုသိုလ်ရအောင် ချစ်တတ်မှ ဆွေချစ်မျိုးချစ် ဖြစ်ခွင့်ရမယ်။ ကုသိုလ်သာ အဆိုးအားလုံးကို အကုန် အနိုင်ယူ ဖယ်ရှားပစ်နိုင်ပြီး အကောင်းအားလုံး အကုန်ရအောင် လုပ်ပေးနိုင်တာကြောင့် ဆွေမျိုးရင်းပဲ။ ဆွေမျိုးတာဝန် အားလုံး ကျေပွန်တာကိုး။

တစ်ခြားဟာ မကြည့်နဲ့လေ။ လောဘ၊ ဒေါသ၊ မောဟ ဦးစီးတဲ့ ကိလေသာတွေတောင်မှ သတိဉာဏ်နဲ့ ရှုမှတ်နိုင်ရင် ဝိပဿနာ ကုသိုလ်ဆွေမျိုး တော်နိုင်သေးတာပဲ။ ကိလေသာဟာ ဆွေမျိုးတော်ခွင့် ရှိပေမယ့် အရင်းတော့ မဟုတ်ဘူး။ ဝမ်းကွဲဆွေမျိုးလို့ ဆိုရမယ်။ တိုက်ရိုက် ဆွေမျိုး တော်ရတာမဟုတ်ဘဲ တစ်ဆင့် (ထပ်ဆင့်) တော်ရတာ ဖြစ်လို့ပါ။ ကိလေသာဖြစ်ပြီးလို့ ချုပ်ပျောက်သွားတဲ့အခါ သတိနဲ့ မိအောင်ဖမ်းပြီးမှ ချုပ်ပျောက်သွားတဲ့ ကိလေသာကို ဉာဏ်နဲ့ ရှုရတာပါ။ ဒါကြောင့် သေမှတော်ရတဲ့ ဆွေမျိုးလို့လည်း ဆိုနိုင်တယ်။

ကိလေသာနှင့် သတိဉာဏ် သဘာဝမတူတဲ့ကြောင့် ကိလေသာဖြစ်နေတုန်းမှာတော့ သတိဉာဏ် မဖြစ်နိုင်ဘူး။ ကိလေသာ ခဏစေ့လို့ ချုပ်ပျောက်သွားတော့မှ သတိနဲ့ဖမ်း ဉာဏ်နဲ့ ရှုနိုင်တာပါ။ သတိဉာဏ် ပေါ်လာတာနဲ့ သဘာဝမတူတဲ့ ကိလေသာဟာ ဆက်မဖြစ်နိုင်ဘဲ အခိုက်အတန့် ရပ်ဆိုင်းသွားပါတယ်။ ကိလေသာ ဆက်မဖြစ်အောင် ထိန်းထားနိုင်တယ်ပေါ့။ သဘာဝမတူတော့ သတိဉာဏ်ဖြစ်တုန်း ကိလေသာ တွဲမဖြစ်နိုင်ဘဲကိုး။

မိခင်ရဲ့ နီရဲနေတဲ့ နှလုံးသွေး၊ ရင်သွေးဟာ သားသမီးကောင်းကျိုးကို လိုလားလှတဲ့ မိခင်မေတ္တာကြောင့် သားသမီးအပေါ် ချစ်ခင်တဲ့ မိခင်မေတ္တာကြောင့် နို့အုံထဲ ရောက်သွားတာနဲ့ ဖြူဖွေးတဲ့ နို့ရည်ဖြစ်သွားရတယ်လို့ ဆိုပါတယ်။ ထူးဆန်းတဲ့ သဘာဝတစ်ခုပါ။ သဘာဝလမ်းကြောင်း ဖြစ်နေတာကြောင့် သားသမီးအပေါ် မိခင်က သံယောဇဉ်နဲ့ ချစ်နေရင်လည်း ဖြူဖွေးတဲ့ နို့ရည်ကတော့ ဆက်ထွက်နေမှာပဲ။

ရှေ့နားမှာပြခဲ့တဲ့ ဆရာဇီဝကရဲ့မိခင်က သားကို စွန့်ပစ်တယ်ဆိုတာလည်း သားကိုမချစ်လို့တော့ ဟုတ်ပုံမပေါ်ဘူး။ ဘဝပေး အခြေအနေအရ မတတ်သာလို့ လုပ်ရပုံ ပေါ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဇယဒ္ဒိသဇာတ်မှာ လာတဲ့အကြောင်းအရာတစ်ခု ရှိတယ်။ အတိုချုပ် ချုံးပြောရင် ပဉ္စာလမင်းကြီးရဲ့ မိဖုရားကြီးမှာ သားဖွားမြင်တော့၊ ဖွားတိုင်း ဖွားတိုင်း အတိတ်ဘဝက ရန်သူ ဖြစ်ခဲ့ဖူးတဲ့ ဘီလူးမက ယူယူပြီး စားပစ်လိုက်တာ နှစ်ကြိမ်တောင် ရှိပြီဆိုပဲ။ တတိယအကြိမ် သားဖွားခါနီးတော့ မင်းကြီးရဲ့အစီအမံနဲ့ အစောင့်အကြပ်တွေ ထူထပ်တင်းကြပ်စွာ ချထားတယ်။ အဲဒီကြားထဲကပဲ ဘီလူးမက အတင်း တိုးဝင်လာပြီး တတိယ ဖွားမြင်တဲ့သားကိုလည်း စားဖို့ လုယူ ဆွဲခေါ်သွားတယ်။ အစောင့်အကြပ်တွေ နောက်က အတင်းပြေး လိုက်လာနေကြလို့ ကလေးကို စားဖို့ အချိန်မရတော့ ကလေးကို ချီပြေးရင်း တစ်နေရာ ငုံ့ဝင်လိုက်တော့ ဘီလူးမရဲ့ နို့သီးနှင့် ကလေးငယ်ရဲ့ ပါးစပ်ထိသွားလို့ ကလေးငယ်က သူ့ကို နို့တိုက်တယ် ထင်မှတ်ပြီး ဘီလူးမရဲ့နို့ကို စို့တော့တာတဲ့။ ဘီလူးမကလည်း နို့စို့နေတဲ့ ကလေးအပေါ် သားလိုချစ်ပြီး မိခင်စိတ် ပေါ်လာသတဲ့။ စားဖို့ယူလာခဲ့တဲ့ ကလေးကို မစားဖြစ်တော့ဘဲ မိခင်စိတ်ထားနဲ့ သားလိုချစ်ပြီး နို့တိုက်မွေးမြူ စောင့်ရှောက်ခဲ့ပါသတဲ့။ သားချစ်တဲ့မိခင် စိတ်စွမ်းရည်ကြောင့် ဖြူဖွေးတဲ့နို့ရည်တွေ ထွက်တယ်ဆိုပဲ၊ ဘီလူးမက မွေးစားသားလေးကြီးလာတော့ နို့မတိုက်တော့ဘဲ သူစားနေကျ လူသားကိုပဲ ကျွေးတော့တာတဲ့။ မင်းသားလေး လူသားစားနေရတယ်။ ပေါရိသာဒပေါ့။ ဆိုလိုတာက စားဖို့ ကလေးကိုယူသွားတဲ့ ဘီလူးမမှာတောင် မိခင်စိတ်ပြောင်းပြီး သားချစ် ချစ်တတ်လာရင် နီရဲတဲ့သွေးက ဖြူဖွေးတဲ့ နို့ရည်အဖြစ် ပြောင်းပေးရတယ်ဆိုတဲ့ သဘောပါ။ မိမိလည်း မယ်တော်ကြီး တိုက်ကျွေးတဲ့ မေတ္တာနို့ရည်ကို သုံးနှစ်ကြာအောင် သောက်စို့ခဲ့ရသူ ဖြစ်ပါတယ်။ သားဦးဖြစ်တာကြောင့် သုံးနှစ် နို့တိုက်ပေးခဲ့ရတယ်လို့ မယ်တော်ကြီးက ပြောပါတယ်။

လောဘ၊ ဒေါသ၊ မောဟနှင့် ယှဉ်တွဲနေရတဲ့ နီရဲမဲပုပ်နေတဲ့စိတ်ဟာလည်း သတိဉာဏ် ဦးဆောင်တဲ့ ဆွေလမ်းမျိုးလမ်းပေါ်ရောက်လာရင် ဖြူဖွေးသန့်စင်တဲ့ ကောင်းမှုနို့ရည်အဖြစ် ပြောင်းလဲပေးရပါတယ်။ ဆွေလမ်းမျိုးလမ်းပေါ်ရောက်လာရင် ခန္ဓာပစ္စည်း အရှိအားလုံးကို အကြောင်းပြုလို့ ကုသိုလ်ဆွေမျိုးတွေနဲ့ချည်း တွေ့ဆုံရရှိနေမှာဖြစ်တယ်။ ကောင်းမှုကုသိုလ် ကံတရားဟာ အချစ်ဆုံးဆွေမျိုးပဲ။

တကယ့်အချစ်ဆုံး ဆွေမျိုးအစစ်ကတော့ သတိဉာဏ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ထိ ဦးတည်ထားတဲ့ ပါရမီအနှစ် ကုသိုလ်စစ်ပါ။ သားငါးများချက်ပြုတ်ပြီးရင် လူမစားခင် ကြောင် ဝင်နှိုက်မစားနိုင်အောင် ကြောင်အိမ်စတဲ့ လုံခြုံတဲ့နေရာမှာ ထည့်သွင်း သိမ်းထားရသလို ကုသိုလ်လုပ်ပြီးတိုင်း တဏှာကြောင် ဝင်မနှိုက်ရအောင် သတိဉာဏ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်အာရုံထိ လုံလုံခြုံခြုံ ထည့်ထားရမယ်။ ဦးတည် ဆုတောင်းထားတာကို ပြောတာ၊ ကြောင်ဟာ ကြောင်အိမ်ကို မထိုးဖောက်နိုင်သလို တဏှာကြောင်ဟာလည်း ကိုယ့်နယ်ပယ်မဟုတ်လို့ ကိုယ့်အာရုံမဟုတ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန် အာရုံထဲမှာ ထည့်ထားတဲ့ကုသိုလ်ကို မထိုးဖောက် မခြယ်လှယ်နိုင်ဘူး။ တဏှာဟာ လောကုတ္တရာတရားကို အာရုံပြုနိုင်တာမဟုတ်လို့ သူ့အာရုံမဟုတ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို စိတ်မဝင်စားဘူး။ 'နိဗ္ဗာန် မလိုချင်သေးဘူး' ဆိုတာ တဏှာအပြောခိုင်းလို့ ပြောရတဲ့ စကားပါ။

ဒါကြောင့် သတိဉာဏ် ဆွေလမ်းမျိုးလမ်း သေသေချာချာခင်းပြီး ခန္ဓာပစ္စည်း အရှိတွေထဲက ကောင်းမှုဆွေမျိုးတွေ မြန်မြန်လည်း ရအောင်၊ များများလည်း ရအောင်၊ ကောင်းကောင်း မွန်မွန်၊ ပြည့်ပြည့်စုံစုံလည်း ရအောင် အထူးကြိုးစားထားဖို့ လိုမယ်။ ပြုလုပ်ပြီးသမျှ ကောင်းမှုအားလုံးကို မဂ်ဖိုလ် နိဗ္ဗာန်ထိ မြင့်တဲ့နေရာ တင်ထားဖို့၊ လုံတဲ့နေရာထည့်ထားဖို့လည်း လိုမယ်။ လုံခြုံတဲ့ ကုသိုလ်ဟာ နိဗ္ဗာန် မရောက်မချင်းလည်း အထက်တန်းစား အကျိုးကိုချည်းပဲ ပေးသွားတယ်။ သတိဉာဏ် လျှောက်လမ်းက သွားတာကိုး။

နေ့စဉ် အိပ်ရာထလာတာနဲ့ ဘုရားရှေ့အရင်သွား၊ သတိဉာဏ် အရင်ဖော်၊ သတိနဲ့ မြုပ်နေတာတွေကို ဖော်၊ မြောနေတာတွေကို ဆယ်၊ ဉာဏ်နဲ့စေ့စေ့စပ်စပ် ကြည့်၊ စိတ်ကောင်းဉာဏ် ရအောင် ယူ, အိမ်ဦးခန်းနှင့် အိမ်နောက်ဖေးအပေါ်ထပ်နှင့် အောက်ထပ် ကုသိုလ်လျှောက်လမ်းခင်းထား၊ အခြား ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ်၊ သတိဉာဏ် လျှောက်လမ်းခင်းထား၊ ကုသိုလ်ကို တန်းစီ ကောက်ယူသွားရုံပဲ။ ဒါမှ အချစ်ဆုံးဆွေမျိုးနှင့် ငြိမ်းငြိမ်းချမ်းချမ်း အမြဲ အတူနေခွင့်ရမယ်။ ဒါဆို လူဖြစ်ကျိုးနပ်ပြီပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၈-ခု၊ နတ်တော်လ၊ (၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၄၅)

## ဧည့်သည်

### နမော ဿုဂတဿ

### ၁။ ဧည့်သည်

■ ခဏရောက်လာ၊ ချိန်ခါစေ့က၊ ပြန်သွားကြ၊ ဘဝဧည့်သည်တွေ။

၁။ ■ ရောက်လျှင်ဝမ်းသာ၊ ပြန်ခါဝမ်းနည်း၊ ဆုံရှုံကွဲ၊ ကြုံမြဲဧည့်သည်တွေ။

၂။ ■ မလာစေချင်၊ ပြန်လျှင်ဝမ်းသာ၊ စိတ်အေးပါ၊ ဖန်ခါကြုံရဧည့်သည်တွေ။

■ အမြဲနေငြား၊ ပြန်မသွား၊ တရားအိမ်မှီရှင်ပေ။

■ ဧည့်သည်လာမှု၊ အကြောင်းပြု၊ ကောင်းမှုတိုးအောင် ကြိုးစားလေ။

ကိုယ့်ထံ ခဏရောက်လာပြီး အချိန်စေ့လို့ ပြန်သွားတတ်သူကို ဧည့်သည်လို့ ခေါ်ပါတယ်။ ဖိတ်ကြားလို့ ရောက်လာတဲ့ ဧည့်သည်၊ မဖိတ်ကြားဘဲ ရောက်လာတဲ့ ဧည့်သည်လို့ နှစ်မျိုးရှိပါတယ်။ ဖိတ်ကြားလို့ ရောက်လာတဲ့ ဧည့်သည်အရေအတွက်ကို ခန့်မှန်းလို့ ဖြစ်နိုင်ပေမယ့် မဖိတ်ကြားဘဲ ရောက်လာတဲ့ ဧည့်သည် အရေအတွက်ကို ခန့်မှန်းဖို့ မလွယ်ပါဘူး။ ဖိတ်ကြားလို့ ရောက်လာတဲ့ ဧည့်သည်မှာတောင်မှ အဖော်ဧည့်မြှောင်တွေ ပါလာတတ်ပါသေးတယ်။

မဖိတ်ကြားဘဲ ရောက်လာတတ်တဲ့ ဧည့်သည်ဆိုတာ နေရာ၊ အချိန်၊ ပုဂ္ဂိုလ်၊ အရေအတွက် ဘာမှ ခန့်မှန်းလို့ မရပါဘူး။

ဘယ်နေရာကမဆို ဘယ်အချိန်မဆို ဘယ်သူမဆို ဘယ်လောက်မဆို ရောက်လာနိုင်ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ဧည့်သည်နှင့် မကင်းနိုင်သူထံ ဧည့်သည်ကတော့ လာနေမှာပါ။

ကိုယ့်ထံ လာရောက်တတ်တဲ့ ဧည့်သည်က နှစ်မျိုးရှိတယ်။

(၁) ရောက်လာရင် ဝမ်းမြောက်ဝမ်းသာဖြစ်ရ၊ ပျော်ရွှင်ကြည်နူး အားတက်ရပြီး ပြန်သွားတဲ့အခါ ဝမ်းနည်း ပူဆွေး အားငယ်ရ၊ လွမ်းဆွတ် တသ နှမြောနေရတဲ့ ဧည့်သည်မျိုး လာရင် သဘောကျတယ်၊ ပြန်သွားရင် သဘောမကျဘူးပေါ့။

(၂) မလာစေချင်သူဖြစ်လို့ ရောက်လာရင် ဝမ်းနည်းပူဆွေး အားငယ်ရပြီး ပြန်သွားတော့ ဝမ်းမြောက်ဝမ်းသာဖြစ်ရ၊ ပျော်ရွှင်ကြည်နူး အားတက်ရတဲ့ ဧည့်သည်မျိုး လာရင် သဘောမကျဘူး၊ ပြန်သွားရင် သဘောကျတယ်ပေါ့၊ ဒီနှစ်မျိုးပါ။

ခဏရောက်လာပြီး အချိန်စေ့ရင် ပြန်သွားတတ်တဲ့ ဧည့်သည်တွေထဲမှာ ကိုယ်ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေလည်း ပါတာပဲ။ ပစ္စည်းဆိုတာ ကိုယ့်ဆီမှာ အမြဲမနေဘဲ အချိန်တန်ရင် တစ်နည်းနည်းနဲ့ ကိုယ့်ဆီက ထွက်ခွာပြီး ပြန်သွားကြမှာချည်းပါ။

ဘဝသံသရာနဲ့ ခြုံကြည့်ရင် ကိုယ့်ရဲ့ဆွေမျိုး မိတ်ဆွေအပေါင်းအသင်းအားလုံးလည်း ဧည့်သည်တွေ ချည်းပဲ။ ကံက ကန့်သတ်ထားတဲ့ အချိန်အပိုင်းအခြားအတွင်း ခဏသာရောက်လာကြပြီး ကန့်သတ်ချိန်စေ့ရင် အားလုံး ပြန်သွားကြရမှာချည်းပါ။ ဒီလိုဆိုရင် ကိုယ့်ရဲ့ဘဝခန္ဓာတောင် ဧည့်သည်စာရင်းထဲ ပါဝင်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com


ဘယ်ဘဝမှာမှ အတည်တကျ နေခွင့်မရဘဲ အချိန်အကန့်အသတ်နဲ့ ရောက်လာပြီး ကန့်သတ်ချိန် ပြည့်တာနဲ့ အားလုံးပြန်ကြရမှာကိုး။

သတိဉာဏ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ဦးတည်ပြီး စိတ်အားထက်သန်စွာ ပြုလုပ်အားထုတ်ထားတဲ့ ကောင်းမှုစွမ်းအား မြတ်တရားကတော့ နိဗ္ဗာန်မရောက်မချင်း ကိုယ့်ဆီက ဘယ်တော့မှ ပြန်မသွားတော့မယ့် အိမ်ရှင်အစစ်ပါ။ ဘဝခန္ဓာတွေသာ ပြောင်းကြမယ်။ ပါရမီကောင်းမှုကတော့ အပြောင်းအလဲ မရှိတော့ဘူး။ အတိုးတွေသာ ရောက်လာကြတော့မယ်။ ကုန်လည်းမကုန်တော့ဘူး။ လျော့လည်း မလျော့တော့ဘူး။ ပြောင်းလည်း မပြောင်းတော့ဘူး။ စွမ်းရည်သတ္တိအနေနဲ့ အမြဲလိုက်ပါနေမှာဖြစ်တယ်။ ဘုရားအလောင်းတော်ရဲ့ ပါရမီ ကောင်းမှုတွေ အဆက်မပြတ် လမ်းဆုံးထိ လိုက်နေကြတာဟာ ခိုင်လုံတဲ့ အထောက်အထားပဲ။

နေ့စဉ်သုံးစွဲလို့ ကုန်ဆုံးသွားတဲ့ပစ္စည်းတွေ၊ အချိန်အရွယ်တွေ၊ အားလုံး အနှုတ်ခံရလို့ တစ်ရက်နဲ့ တစ်ရက် မလိုက်နိုင်ကြပါဘူး။ ဧည့်သည်တွေဖြစ်လို့ အချိန်စေ့တိုင်း ပြန်သွားကြတယ်ပေါ့။ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းအားလုံးလည်း ဧည့်သည်တွေဖြစ်လို့ အချိန်တန်ရင် ပြန်သွားကြမှာ ဖြစ်တယ်။ ကောင်းမှုတစ်မျိုးတည်းသာ မပြန်ဘဲ နေခဲ့မှာဆိုတော့ ဘယ်လိုဧည့်သည်နဲ့ပဲ ကြုံရကြုံရ ဘယ်လိုဧည့်သည်ပဲ လာလာ တွေ့ဆုံရသမျှ ဧည့်သည်တွေကို အကြောင်းပြုပြီး ကောင်းမှုတရားကို မလွတ်တမ်း ယူထားလိုက်ရုံပေါ့။

ဧည့်သည်တွေ နှုတ်သွားတိုင်း အိမ်ရှင်ကောင်းမှုနဲ့ ဆက်ပေးရမယ်။ အနှုတ်နဲ့အဆက် စပ်မိသွားရင် မင်္ဂလာကောင်းမှု ကျန်နေခဲ့တယ်။ မင်္ဂလာဆိုတာ နှုတ်ဆက်တာပဲ။ တစ်ရက်နှင့် တစ်ရက်၊ တစ်လနှင့်တစ်လ၊ တစ်နှစ်နှင့်တစ်နှစ်၊ တစ်ဘဝနှင့်တစ်ဘဝ ကူးပြောင်းတိုင်း အနှုတ်မခံရတဲ့ မင်္ဂလာရထားကို စီးသွားရုံပေါ့။

## ၂။ လူ့မမာ နှင့် လူ့မနာ

- **ရုပ်၏အနာ၊ စိတ်အနာ၊ အနာ နှစ်မျိုးရှိ။**
- **ရုပ်၏အနာ၊ ပျောက်လွယ်ပါ၊ စိတ်နာပျောက်ရန် ခက်ခဲ၏။**
- **စိတ်၏အနာ၊ တိုးပွားလာ၊ ရုပ်နာပိုဆိုး၏။ (လူ့မမာ)**
- **စိတ်၏အနာ၊ ကင်းရှင်းလာ၊ ရုပ်နာအကျိုးရှိ။ (လူ့မနာ)**
- **စိတ်နာပျောက်ရန်၊ အသိဉာဏ်၊ လမ်းမှန်ရှာ၍ကြည့်။**
- **ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ စိတ်နာပျောက်အောင် ကုပေး၏။**
- **စိတ်နာပျောက်မှ၊ ငြိမ်းအေးရ၊ ဒုက္ခအပူ လွတ်နိုင်၏။**

လူ့ခန္ဓာမှာ ရုပ်အနာ၊ စိတ်အနာလို့ အနာနှစ်မျိုး ရှိပါတယ်။ ရုပ်ရှိနေရင် ဖြစ်ပျက်နှစ်တန် နှိပ်စက်ခံ နေရတဲ့ သဘောရ အနာဒဏ် အမြဲရှိနေတယ်။ ဣရိယာပုထ် တစ်ခုနာရင် တစ်ခုနဲ့ ပြောင်းလဲပေးနေလို့သာ သက်သာခွင့်ရနေတာပါ။ ဣရိယာပုထ်တစ်ခုတည်း မပြောင်းမလဲ နေမိနေရာ နေစမ်းကြည့်ပါ။ ညောင်းညာကိုက်ခဲ ထုံကျင်တဲ့ အနာတွေ ထင်ထင်ရှားရှား ပေါ်လာပါလိမ့်မယ်။ ရုပ်ရှိရင် အနာရှိပါတယ်။ စိတ်မှာလည်း ဖြစ်ပျက်ရှိပေမယ့် ရုပ်မှာလို အနာ မထင်ရှားပါဘူး။

အထူးအားဖြင့်တော့ အတွင်းက အကြောင်းဖောက်ပြန်လို့ပဲဖြစ်ဖြစ်၊ အပြင်က အကြောင်းတစ်ခုခုကြောင့် မတော်တဆ ထိခိုက်ဒဏ်ရာရလို့ပဲဖြစ်ဖြစ် ပေါ်ပေါက်ရရှိလာတဲ့ အနာမျိုးဟာ ရုပ်အနာပါ။ တူရာ ပေါင်းပြောရင်တော့ အကြောင်းဖောက်ပြန်လို့ ရုပ်ခန္ဓာမှာ ဖြစ်ပေါ်ရရှိလာတဲ့ အနာဟာ ရုပ်အနာပါပဲ။ သဘောရဒဏ် နှိပ်စက်ခံရတဲ့အနာက အမြဲရှိနေတာဖြစ်လို့ အိမ်ရှင်အနာပေါ့။ အကြောင်းဖောက်ပြန်မှ ပေါ်လာတဲ့ အနာကတော့ ဧည့်သည်အနာပေါ့။ ဒါလည်း မပြန်တော့ဘဲ မသေမချင်း အမြဲ နှိပ်စက်နေတော့မယ် ဆိုရင် အိမ့်ရှင်အနာပဲ ဖြစ်သွားမှာပါ။

သာမန်အားဖြင့် စိတ်မှာ ကိလေသာတစ်ခုခုဖြစ်လာရင် စိတ်အနာပါ။ ကိလေသာ အားလုံး စိတ်အနာချည်းပဲ။ ဒါပေမယ့် လူတွေဟာ ကိလေသာဖြစ်တိုင်း 'စိတ်နာတယ်' လို့ မပြောကြပါဘူး။ လောဘတို့လို ကိလေသာမျိုးဆိုရင် မဖြစ်ဖြစ်အောင် ဖန်တီးပြီး အပျော်တမ်းအရသာတောင် ခံစားလိုက်ကြပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဒေါသ၊ ဒေါမနဿတို့ကို ပူလောင်မှုန်းတီးမှုမျိုး ဖြစ်လာမှ 'စိတ်နာလိုက်တာ' လို့ ပြောကြပါတယ်။ စိတ်တကယ် ပူလောင်လာရင် တကယ်ပဲ မခံမရပ်နိုင်အောင် နာတတ်တာပါ။

ရုပ်နာ၊ စိတ်နာနှစ်မျိုးမှာ ရုပ်အနာက ဆေးတွေ့ရင် ပျောက်လွယ်တတ်ပေမယ့် စိတ်အနာကတော့ ဆေးတွေ့ဖို့ ခက်ခဲလို့ အပျောက်နှေးနေတတ်ပါတယ်။ တရားဆေးနှင့်တွေ့မှပဲ စိတ်နာ ပျောက်မှာကိုး။ ရုပ်အနာကို သည်းခံနိုင်တတ်ကြပေမယ့် စိတ်အနာကို သည်းခံနိုင်စွမ်း ရှိသူနည်းပါးတယ်။ သည်းမခံနိုင်ကြလို့ ကိုယ့်ကိုရော သူ့ကိုပါ အသက်ဆုံးရှုံးသည်အထိ ဆက်ပြီး ဒုက္ခအပူ ပေးမိတတ်ကြပါတယ်။ သမထ ဝိပဿနာ တရားဆေးနဲ့ ကုမှ စိတ်အနာ သက်သာပျောက်ကင်းနိုင်ပါတယ်။ ဆေးမှူးချုပ်က သတိပါပဲ။

အနာရှိတဲ့လူဟာ လူမမာ၊ လူမနာလို့ နှစ်မျိုးရှိတယ်။ ရုပ်အနာ ပေါ်ပေါက်လာလို့ စိတ်ဓာတ်တွေကျ၊ စိတ်တွေအားငယ်ပြီး ပူလောင်လာရင် ကုသိုလ်အတွက် စိတ်မမာတော့တဲ့ကြောင့် လူမမာ ဖြစ်သွားရတယ်။ တစ်ချို့ဆိုရင် ရုပ်နာ ကင်းရှင်းကျန်းမာနေပါရက်သားနဲ့ အာရုံ ဖိစီးမှုဒဏ်ကြောင့် စိတ်ဓာတ်တွေကျပြီး ပူလောင်နေတတ်ကြတယ်။ ဒါလည်း လူမမာဘဲ။ ရုပ်နာရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စိတ်နာရှိနေရင် လူမမာချည်းပဲ။ ကုသိုလ်အတွက် စိတ်မကြံ့ခိုင်တော့ပဲကိုး။

ရုပ်အနာရှိပေမယ့် သတိဉာဏ်ကောင်းလို့ အနာပေါ်အသိရောက်အောင် လွှမ်းမိုးနိုင်တာကြောင့် စိတ်အနာ ကင်းရှင်းနေရင် လူမနာဘဲ။ စိတ်မနာတော့ ကုသိုလ်အတွက် စိတ်ကြံ့ခိုင်နေတာဖြစ်လို့ လူမနာပဲကိုး။ စိတ်မနာသူအတွက် ရုပ်အနာဟာ အကျိုးတောင်ရှိတတ်ပါသေးတယ်။ ရှေးတုန်းက တောထဲမှာ တစ်ပါးတည်း တရားအားထုတ်နေတဲ့ မဟာတိဿဟာ ညအခါ လူဆိုးတွေ လာဝိုင်းတော့ အာမခံပေးတဲ့အနေနဲ့ ပေါင်နှစ်ဖက် ရိုက်ချိုးပြီး သဲသဲသဲမဲ တရားအားထုတ်လိုက်တာ နံနက်မလင်းမီ ရဟန္တာ ဖြစ်သွားတယ်ဆိုပဲ။ စိတ်မနာတော့ လူမနာဘူး။ လူမနာတော့ ရုပ်နာ အကျိုးရှိတယ်။

ရှေးတုန်းက တောထဲမှာ တရားအားထုတ်နေတဲ့ ရဟန်းတစ်ပါး ကျားကိုက်ခံရတော့ ကျားပါးစပ်ထဲမှာ ကျားစားခံရင်း တရားအားထုတ်လိုက်တာ ကျားစားလို့ မကုန်မီ ရဟန္တာဖြစ်သွားတယ်ဆိုပဲ။ စိတ်မနာလို့ လူမနာတော့ ရုပ်နာဟာ သိပ်အကျိုးရှိတာပေါ့။ အပြန်အားဖြင့် စိတ်နာလို့ လူနာရင် လူမမာဖြစ်ပြီး အလွန် အကျိုးဆုတ်ယုတ် နစ်နာတတ်တယ်ပေါ့။

ရုပ်နာ၊ စိတ်နာ နှစ်မျိုးမှာ စိတ်နာကို ပိုကြောက်ရတာပါ။ စိတ်မနာရင် ရုပ်နာပေမယ့် ဘဝအနှစ် တရားစွမ်းအား မဆုံးရှုံးနိုင်ပါဘူး။ သတိလွတ်ရင် အချိန်မရွေး စိတ်နာတတ်တယ်။ ရုပ်လေဖြတ်ရင် သွားလာ နေထိုင် လှုပ်ရှားရေး အဆင်မပြေတတ်သလို သတိလွတ်လို့ စိတ်လေဖြတ်ရင် တရားအတွက် ဘာမှ အဆင်မပြေဘဲ ခက်ခဲနေတတ်ပါတယ်။ လူမနာဖို့ သတိအချုပ်ပဲ။ ဒုက္ခ အနာအားလုံးအပေါ် ဩဇာ အညောင်းဆုံးက သတိပဲကိုး။ သတိဉာဏ်နဲ့ ရှုဖန်များရင် စိတ်နာသာမက ရုပ်နာပါ ပျောက်ကင်းသွားတတ်တယ်။ သတိဉာဏ်ဆိုတာ ဆေးစာရင်းဝင် ဗောဇ္ဈင်တရားပါ။

## ၃။ အဆိုးဟာ အကောင်းကို ဂုဏ်တင်ပေးတယ်

- **ရောဂါကြောင့်သာ၊ ဆေးဆရာ၊ စွမ်းတာ သိနိုင်သည်။**
- **ရုပ် နာမ် ခန္ဓာ၊ ကိလေသာဟူ၊ အပူကြောင့်သာ၊ ကောင်းစွာကျင့်တတ်၊ သူတော်မြတ်၏၊ မြင့်မြတ်ထူးဆန်း၊ လွှအစွမ်း၊ ဖြစ်ထွန်းပေါ်လာသည်။**
- **ရောဂါအများ၊ ရှိနေငြား၍၊ ဆေးဝါးစွမ်းအင်၊ အာနိသင်၊ ပေါ်လွင်ထင်ရှားသည်။**
- **ရုပ်နာမ်ခန္ဓာ၊ ကိလေသာဟူ၊ အပူအများ၊ ရှိနေငြား၍၊ တရားစွမ်းအင်၊ အာနိသင် ပေါ်လွင် ထင်ရှားသည်။**
- **အဆိုးကြောင့်သာ၊ အကောင်းမှာ၊ မြင့်ကာ တိုးတက်သည်။**

လောကမှာ ဉာဏ်မရှိသူအတွက် အဆိုးကြောင့် ဂုဏ်ပျက်တတ်သော်လည်း ဉာဏ်ရှိသူအတွက်တော့ အဆိုးကြောင့်ပဲ ကောင်းဂုဏ် တက်ရပါတယ်။ မြတ်ဗုဒ္ဓရဲ့ 'အရဟံ' ဂုဏ်ကို ပဲကြည့်ပါ။ အဆိုးဆုံး ကိလေသာကို အကောင်းဆုံးနည်းနဲ့ အကြွင်းမဲ့ လုံးဝ အနိုင်ယူနိုင်လို့ ရထားတဲ့ ဂုဏ်ပုဒ်ပါ။ ကိလေသာ အဆိုးကြောင့် ဘုရားရှင် ဂုဏ်တက်ရတာပါ။ အဆိုးဆုံးကို နိုင်ထားလို့ အကောင်းဆုံး ဖြစ်သွားတာကိုး။


www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အင်္ဂုလိမာလ၊ အာဠဝကဘီလူး၊ နာဠာဂိရိဆင် စတဲ့ မိုက်ရိုင်း ကြမ်းတမ်း ဆိုးသွမ်းသူတွေကို အကောင်းဆုံးနည်းနဲ့ အလိမ္မာ အယဉ်ကျေးဆုံးဖြစ်အောင် သွန်သင်ဆုံးမပေးနိုင်လို့ 'ပုရိသဒမ္မသာရထိ' ဂုဏ်ပုဒ်ကို ရရှိထားတာပါ။ အဆိုးကိုနိုင်လို့ ရထားတာဖြစ်တယ်။

လူ့လောကမှာ မကောင်းတဲ့ အနာရောဂါတွေရှိနေတာကြောင့် ဆေးဆရာတွေ ဆရာဝန်တွေရဲ့ စွမ်းရည်ကောင်းကို သိနိုင်တာပါ။ ဆိုးဝါးတဲ့ အနာရောဂါနဲ့ အားပြိုင် အနိုင်ယူ စိန်ခေါ်နိုင်ဖို့ပဲ ဆေးပညာတွေ တတ်ကျွမ်းအောင် လေ့လာ သင်ယူထားကြတာကိုး။ ဆေးဆရာတွေ ဆရာဝန်တွေရဲ့ တတ်မြောက်ကျွမ်းကျင်တဲ့ဆေးပညာဟာ အနာရောဂါအဆိုးတွေပေါ်ပေါက်လာရင် နောက်ဆုတ် အရှုံးပေးဖို့ သင်ယူလေ့လာထားတာမဟုတ်ဘူး။ အားပြိုင်အနိုင်ယူဖို့သာ သင်ယူ လေ့ကျင့်ထားတာဖြစ်တယ်။ ဆေးဆရာဆိုတာ အဆိုးကိုနိုင်လို့ ရတဲ့ အကောင်းဂုဏ်ပါ။

လူ့ခန္ဓာမှာ အလွန်ဆိုးဝါးတဲ့ ရုပ်နာမ်ခန္ဓာ ဆင်းရဲနှင့် ကိလေသာအပူတွေ ရှိနေတာကြောင့် တရားကျင့်တဲ့ သူတော်ကောင်းရဲ့စွမ်းအားကို အတုယူ အားကျ ကြည်ညိုဖွယ်အဖြစ် သိခွင့်ရနိုင်တာဖြစ်တယ်။ ဆင်းရဲအပူနဲ့ အားပြိုင် အနိုင်ယူ စိန်ခေါ်နိုင်ဖို့ပဲ တရားကို လက်တွေ့ကျင့်တာကိုး။ တရားကျင့်တာဟာ ဆင်းရဲအပူနှင့် ရင်ဆိုင်လာရင် နောက်ဆုတ် အရှုံးပေးဖို့ မဟုတ်ဘူး။ အားပြိုင် အနိုင်ယူဖို့သာ ဖြစ်တယ်။ သူတော်ကောင်းဆိုတာ ဆိုးဝါးတဲ့ ဆင်းရဲအပူကို နိုင်လို့ရတဲ့ အကောင်းဂုဏ်ပဲ။

အနာရောဂါကြောင့် ဆေးဝါးရဲ့ ထူးခြားတဲ့အာနိသင်စွမ်းအားပေါ်လာရတာပါ။ ဆေးဝါးရဲ့ အဓိက စွမ်းရည်ဟာ ဆိုးဝါးတဲ့ အနာရောဂါကို အနိုင်ယူဖို့ပဲ။ ဆေးဝါးဆိုရင် အနာရောဂါကို တကယ် နိုင်ရမယ်ပေါ့။ ခန္ဓာဆင်းရဲနှင့် ကိလေသာ အပူတွေကြောင့် 'ဆင်းရဲကင်းကြောင်း တရားကောင်း' 'အပူငြိမ်းကြောင်း တရားကောင်း' လို့ တရားရဲ့ အံ့ဖွယ်စွမ်းအင်အာနိသင်များ ထူးထူးခြားခြား ပေါ်လာရပါတယ်။ ဆိုးဝါးတဲ့ အနာရောဂါဟာ ဆေးဝါးအာနိသင်နှင့် ဆေးဆရာရဲ့ စွမ်းအင်ကို ဖော်ထုတ်ပေးတတ်သလို ရုပ်နာမ် ခန္ဓာဆင်းရဲနှင့် ကိလေသာ အပူရှိန်များဟာလည်း တရားစွမ်းအင် အာနိသင်နှင့် သူတော်ကောင်းစွမ်းအားကို ဖော်ထုတ် ဂုဏ်တင်ပေးတဲ့ တွန်းအားကြီးများဖြစ်တယ်။

ရောဂါကြီးလေ ဆေးဆရာအစွမ်းနှင့် ဆေးအစွမ်း ပိုပြီး ပေါ်လွင်လေ ဖြစ်ရသလို ဒုက္ခအပူ ကြီးလေ လူ့အစွမ်းနှင့် တရားအစွမ်း ပိုပြီး ပေါ်လွင်ထင်ရှားလာလေသာ ဖြစ်တတ်ပါတယ်။ လောကမှာ ဘယ်အရာမဆို အကောင်းရဲ့ကြံ့ခိုင်မှုကို အဆိုးနဲ့ စမ်းသပ်ရတာပါ။ အဆိုးနဲ့ နည်းမျိုးစုံ အစမ်းခံနိုင်မှ အကောင်းလို့ အတည်ပြုကြပါတယ်။

လူ့သန္တာန်မှာ တရားစွမ်းအားတက် မတက် သိလိုရင် ကိလေသာ ဖြစ်စရာအာရုံ ဆင်းရဲဒုက္ခ လောကဓံ အာရုံများနဲ့ စမ်းကြည့်ရတယ်။ အစမ်းခံနိုင်ရင် တရားစွမ်းအားတက်နေပြီလို့ သိနိုင်တယ်။ အစမ်းမခံနိုင်ရင် ဘာမှမရှိသေး ဘာမှမစွမ်းသေးလို့ နားလည်ရပါတယ်။

လူ့ဘဝအဆိုးတွေဟာ လူကို အောက်ကို လိမ့်ကျသွားအောင် တွန်းချပစ်ဖို့ မဟုတ်ပါဘူး။ အပေါ်ကို တက်သွားအောင်၊ လူ့အရည်အချင်း မြင့်မားသွားအောင် တွန်းတင်ပေးတဲ့ တွန်းအားကြီးတွေဖြစ်လို့ လူရဲ့ တကယ့် ကျေးဇူးရှင်ကြီးတွေပါ။ အဆိုးကိုခံနိုင်မှ တကယ့်လူ့စွမ်းအားပါ။ အဆိုးကို ခံနိုင်ဖို့ လိုသလို အကောင်းကို ခံနိုင်ဖို့လည်း သတိထားနေရမှာပဲ။ ဘာကြောင့်လဲဆိုတော့ လောကထဲက အကောင်းဆိုတာ အချိန်မရွေး အဆိုးဘက်ကို ပြောင်းလဲသွားတတ်တာကြောင့်ပါ။

## ၄။ ကုသိုလ်ကိုချစ် မိတ်ဆွေစစ်

- **တစိမ်း-ရန်ခြစ်၊ မိတ်ဆွေချစ်၊ အချစ်သုံးမျိုးရှိ။**
- **ညီ့ချစ်-ရန်ခြစ်၊ အိမ့်ရှင်ချစ်၊ အချစ်တစ်မျိုး ထူးခြား၏။**
- **ကပ်ချစ်-ခွာခြစ်၊ ကပ်ခွါချစ်၊ အချစ်တစ်မျိုး ထူးပြန်၏။**
- **အချစ်တတ်မှု၊ မိတ်ဆွေဟူ၊ အပူကင်းရ၏။**
- **ကုသိုလ်ကိုချစ်၊ မိတ်ဆွေစစ်၊ အနှစ်ပိုင်ဆိုင်၏။**



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ကိုကိုယ်ပဲ ချစ်ချစ်၊ သက်မဲ့ သက်ရှိ ဘာကိုပဲချစ်ချစ်၊ အချစ်ဟာ သုံးမျိုးရှိပါတယ်။

(၁) လောဘ မောဟ ဦးဆောင်တဲ့ တစိမ်းချစ်၊
(၂) ဒေါသ မောဟ ဦးဆောင်တဲ့ ရန်သူခြစ် ( ရရစ်ခြစ်ပေါ့ )
(၃) သတိဉာဏ်ဦးဆောင်တဲ့ မိတ်ဆွေချစ် ဒီသုံးမျိုးပဲ။

နောက်တစ်မျိုး ပြောရရင်

(၁) ငည့်သည်ချစ်
(၂) ရန်သူခြစ်
(၃) အိမ့်ရှင်ချစ်လို့ သုံးမျိုး ရှိတယ်ပေါ့။

နောက်တစ်နည်း ထပ်ပြောရရင်

(၁) မခွာချင်တဲ့ အကပ်ချစ်
(၂) မကပ်ချင်တဲ့ အခွါခြစ်
(၃) ကပ်လို့ ခွာလို့ အကုန်ရတဲ့ ကောင်းကျိုးပြုအချစ်လို့ အချစ် သုံးမျိုး ကွဲပြားတယ်ပေါ့။

ပြီးတော့ -

(၁) ချမ်းသာယောင်ဆောင်ပြီး (ချမ်းသာနဲ့စပြီး)ဆင်းရဲအပူနဲ့အဆုံးသတ်ရတဲ့အချစ်
(၂) ဆင်းရဲအပူနဲ့စပြီး ဆင်းရဲအပူနဲ့ အဆုံးသတ်ရတဲ့ ကြမ်းတမ်းတဲ့အခြစ် (ရရစ်ခြစ်ပေါ့)
(၃) ငြိမ်းအေးချမ်းသာမှုနဲ့စပြီး ငြိမ်းအေးချမ်းသာမှုနဲ့အဆုံးသတ်ရတဲ့ သိမ်မွေ့တဲ့အချစ်လို့ ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။

ဘာကိုပဲချစ်ချစ် မိတ်ဆွေချစ်၊ အိမ့်ရှင်ချစ်၊ ကောင်းကျိုးပြုအချစ်နဲ့ ချစ်မှ ချမ်းသာကြောင်း ကောင်းမှုမိတ်ဆွေနှင့် တွေ့ဆုံရမှာဖြစ်တယ်။ ကိုယ့်ခန္ဓာမှာ အနာရောဂါ ရောက်လာရင်တောင်မှ မိတ်ဆွေချစ်နဲ့ ချစ်မှ အကျိုးရှိမယ်။

ယခုနှစ်မှာ မိမိရဲ့ရဟန်း ၄၅-ဝါ ပြည့်ပါတယ်။ ထူးထူးခြားခြား မှတ်မှတ်ရရ အထူးဧည့်သည် နှစ်ကြိမ် ရောက်လာတယ်။ စောစောက ပြောခဲ့တဲ့ 'ရောက်လာရင် သဘောကျလို့ ပြန်သွားရင် သဘောမကျတဲ့ ဧည့်သည်၊ ရောက်လာရင် သဘောမကျဘဲ ပြန်သွားမှ သဘောကျတဲ့ ဧည့်သည်' ဆိုတဲ့ ဧည့်သည်နှစ်မျိုးမှာ ဒုတိယ ဧည့်သည်မျိုးပါ။

ပထမအကြိမ်က ဝါကျွတ်ပြီးခါစ အချိန်ဖြစ်တယ်။ အကြောင်းဖောက်ပြန်လို့ လေချုပ်ပြီး ဝမ်းဗိုက် အောင့်တာပါ။ တစ်ပတ်ခန့် ခံရပါတယ်။ စာချ၊ တရားဟော စတဲ့ အလုပ်တွေ လုံးဝ အပျက်မခံပါဘူး။ ဝမ်းဗိုက်ကို လက်နဲ့နှိပ်ပြီး မဖြစ်မနေ ပို့ချဟောပြောပေးခဲ့ပါတယ်။ 'မထနိုင်လောက်အောင် အိပ်ရာထဲ တုံးလုံးပက်လက် မလဲသေးသမျှ ငါ့အလုပ် ပျက်မခံနိုင်ဘူး' လို့ ကိုယ်က စွဲစွဲမြဲမြဲ ခံယူထားတာကိုး။ စိတ်မနာတော့ လူမနာ၊ လူမနာတော့ လူမမာလို့ ဘေးကလူတွေ မသိလိုက်ကြဘူးပေါ့။ မှတ်လည်းနာ၊ မမှတ်လည်းနာမှာ ဆိုတော့ အမှတ်နဲ့နာရတာဖြစ်လို့ ခံနိုင်ရည်ရှိပြီး အနာရောဂါကြောင့် တရားအမြတ် ကျန်ပါတယ်။ ခန္ဓာရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပိုပြီးပေါ်လွင်တာပေါ့။ တစ်ပတ်မပြည့်မီ ဧည့်သည်ပြန်သွားတယ်။

ဒုတိယအကြိမ်က ဒီဇင်ဘာလ ကုန်ခါနီး အချိန်ပါ။ ခရစ်နှစ်သစ်ကူးပွဲအတွက် သီးသန့်လာလည်တဲ့ အထူးဧည့်သည်နှင့် တူပါတယ်။ ကမ္ဘာအေးမှာ တိပိဋက ရွေးချယ်ပွဲ စတင်ကျင်းပပြီးကာစအချိန် ဖြစ်ပါတယ်။ မိမိက တိပိဋက ဩဝါဒါစရိယ တာဝန်ထမ်းဆောင်ဆဲဖြစ်လို့ နေ့စဉ်သွားရောက် စောင့်ကြပ်ကူညီပေးပြီး ညနေစာဝါအမှီ ကျောင်းကို ပြန်လေ့ရှိပါတယ်။

၂၉-ရက်နေ့ ညနေကျောင်းပြန်ဖို့ သံဃာစင် စင်မြင့်ပေါ်က အောက်ကိုဆင်းတော့ အောက်ကို ရောက်ခါနီးမှာ ခြေချော်ပြီး လဲသွားပါတယ်။ လဲနေစဉ် ဘယ်နားကမှ ပြောရလောက်အောင် နာကျင်တာ မရှိပါဘူး။ လဲလဲချင်း ချက်ချင်းအမြန် ထပစ်လိုက်တာပါ။ ရုပ်ပျက်ဆင်းပျက် လဲတဲ့ အလဲမျိုးလည်း မဟုတ်ပါဘူး။ သတိအကြောင်းကိုလည်း တဖွဖွဟော၊ ကိုယ်တိုင်လည်း အချိန် ခပ်များများမှာ သတိကို လက်ကိုင်သုံး၊



www.burmeseclassic.com

www.burmeseclassic.com


ကောင်းမှုများစွာကိုလည်း မကြာမကြာ ပြုလုပ်နေတာဖြစ်လို့ လဲပေမယ့် မပြောလောက်တဲ့ ကြောင်ကျကလေးပါ။ အသေးအဖွဲပါ။ 'ကိုယ်ညံ့လို့ ဖြစ်တာကို ကိုယ့်ဟာကိုယ်ပဲ ခံပေါ့' လို့ ကိုယ့်ဟာကိုယ် ပြောလိုက်ပါတယ်။

ကျောင်းရောက်တော့ ချနေကြ စာဝါကို ချတယ်။ ညအခါရောက်တော့ မြို့ထဲသွားပြီး ညတရားပွဲ ဟောပါသေးတယ်။ နောက်နေ့ရောက်တော့ ညာဘက်လက်မောင်းရင်း အနည်းငယ် နာလာတာနဲ့ ဆေးလိမ်းနေတာကို ဆရာဝန် သိသွားလို့ ဆေးရုံအတင်းပင့်ပြီး ဓာတ်မှန်ရိုက်တော့တာပဲ။ 'အရိုးနည်းနည်း အက်သွားကြောင်း၊ သိပ် အရေးမကြီးလှကြောင်း၊ တစ်ပတ်လောက် ငြိမ်ငြိမ်နေလိုက်တာနဲ့ မကြာခင် ပျောက်သွားမှာ ဖြစ်ကြောင်း' ဆရာဝန်က ပြောပါတယ်။ ညတရားပွဲ တစ်ပတ်နားထားပြီး တပည့်တွေကို ကိုယ်စား အဟောခိုင်းလိုက်တော့ အဆင်ပြေသွားပါတယ်။ တပည့်တွေကိုလည်း တရားဟော အရည်အချင်း မြှင့်ပေးရာရောက်၊ ကိုယ်လည်း အနားယူရာရောက်ပေါ့။ ကျောင်းတွင်းအလုပ်တွေ တစ်ရက်မှ မပျက်ပါဘူး။ ညာဘက်လက်တင်ပဲ ငြိမ်ငြိမ်ထားရတာဆိုတော့ ဘယ်ဖက်လက် ကျန်နေတာကိုး။ ကိုယ့်အခက်အခဲတွေ ဘာမှ ကြောင့်ကြမစိုက်ရဘဲ အလိုအလျောက် ပြေလည်နေကြတာကို အံ့သြစရာ တွေ့နေရတယ်။ တရားအစွမ်းပေါ့။

## ၅။ ခဏလာတာလား၊ အမြဲနေမှာလား

ငြိမ်ငြိမ်လေး တစ်ပတ် အနားပေးထားရတဲ့ ညာဘက်လက်မောင်းရင်းက အနာကို ဉာဏ်နဲ့ ကြိုဆိုလိုက်ပါတယ်။

'ဟဲ့ အနာ၊ လာခဲ့ပါကွာ၊ ကျေကျေနပ်နပ် ကြိုဆိုပါတယ်၊ မင်းအတွက် သီးသန့်နေရာပေးထားပါတယ်၊ ခန္ဓာဆိုတာ အနာမျိုးစုံရဲ့ နေရာပဲ၊ ခန္ဓာမရှိဘဲ အနာနေနိုင်တာ မဟုတ်ဘူး'

'ဟဲ့ အနာ၊ သင်က ကိုယ့်နေရာ ကိုယ်လာခဲ့တာကိုးကွ၊ ကိုယ့်နေရာ ကိုယ်လာနေတာကို အလွန် ကျေနပ်ပါတယ်၊ နေချင်သလောက်နေပါ'

ဧည့်သည်ဆိုတော့ ကြိုဆိုရုံပဲပေါ့၊ မကြိုဆိုဘဲ နှင်ချလို့လည်း ပြန်သွားမှာမှ မဟုတ်ဘဲ၊ ပြီးတော့ ဉာဏ်နဲ့ အနာကို မေးကြည့်တယ်။

'ဟဲ့ အနာ၊ သင်က ငါ့ခန္ဓာအပေါ်ရောက်လာတော့ ခဏ လာတာလား၊ အမြဲနေမှာလား'

'အမြဲမနေပါဘူး ကိုယ်တော်၊ ခဏနေပြီး ပြန်သွားရမယ့် ဧည့်သည်ပါ '

'ဧည့်သည်ဆိုတော့ မေးရဦးမယ်၊ ဘယ်လိုလဲ၊ တစိမ်းလား၊ ရန်သူလား၊ မိတ်ဆွေလား'

'ဒီအမေးကိုဖြေဖို့ကတော့ ကိုယ်တော့် စိတ်နေစိတ်ထားအပေါ်မှာ မူတည်ပါတယ် ကိုယ်တော်၊ ကိုယ်တော်က ကျုပ်ကို တစိမ်းလို သဘောထားရင် ကျုပ်ဟာ တစိမ်းပေါ့၊ ဘာမှ မကူညီနိုင်ဘူး'

'ကိုယ်တော်က ကျုပ်ကို ရန်သူလို သဘောထားရင် ကျုပ်ဟာ ကိုယ်တော့် ရန်သူပဲပေါ့၊ ဓါးပြ (ဒမြ) ဆိုရမှာပဲ၊ ကိုယ်တော့် ကိုယ်ချမ်းသာ စိတ်ချမ်းသာအားလုံး အဖိုးတန် ကုသိုလ်အားလုံးကို အကြမ်းဖက်ပြီး လုယက် တိုက်ခိုက် ယူသွားမှာပါ၊ အမြဲ ညှဉ်းဆဲ နှိပ်စက်နေမှာပေါ့'

'ကိုယ်တော်က ကျုပ်ကို မိတ်ဆွေလို သဘောထားနိုင်ရင် ကျုပ်ဟာ ကိုယ်တော့် မိတ်ဆွေပဲ ဖြစ်ရမှာပါ၊ လိုအပ်သမျှ အားလုံး ကူညီပေးပါမယ်၊ ကိုယ်တော့်ကို နှိပ်စက်ဖို့ လာတာမဟုတ်ဘူး၊ ကူညီဖို့ လာတာ'

'ဘာတွေ ကူညီမလို့တုန်း'

'ခန္ဓာရဲ့ ပြောင်းလဲဖောက်ပြန်တတ်တဲ့ အနိစ္စသဘော၊ ဆင်းရဲအောင် ညှဉ်းဆဲတတ်တဲ့ ဒုက္ခသဘော၊ အစိုးမရ၊ အနှစ်သာရမရှိ၊ အလို မလိုက်တတ်တဲ့ အနတ္တသဘောတွေ ပေါ်လာအောင် ဖော်ထုတ်ပေးမယ်လေ၊ အနာနဲ့ဆိုတော့ ပိုလက်တွေ့ကျတာပေါ့၊ လူ့ဘဝမှာ ဒီအသိဉာဏ်ရဖို့ အရေးအကြီးဆုံးပဲ'

'အေးကွာ၊ ဟုတ်လိုက်တာ အနာရေ . . သင်ရောက်လာတော့မှ ခန္ဓာရဲ့အနိစ္စသဘော ပိုပေါ်တော့တာ၊ နေသာထိုင်သာ အဆင့်ကနေ မနေသာ မထိုင်သာအဆင့်ကို ပြောင်းလဲသွားလိုက်တာ ထင်ထင်ရှားရှားကြီးပဲ၊ ဘာတစ်ခုမှ မခိုင်မြဲပါလား'



www.burmeseclassic.com

www.burmeseclassic.com


'ခန္ဓာဆိုတာ ဒီလို ဆင်းရဲအောင် ညှဉ်းဆဲနေတာပါပဲလား၊ ဆင်းရဲနှိပ်စက်သမျှ ခံနေရတာပါပဲလား ဆိုတာ ပေါ်လွင်လိုက်တာကွယ်၊ ခန္ဓာရဲ့ ဒုက္ခသဘောကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြလိုက်တာပဲ'

'အနာရောက်လာတော့မှ ခန္ဓာရဲ့ အနတ္တသဘော ပိုပေါ်တာပဲ၊ ခန္ဓာဟာ ကိုယ်က ပြုပြင်ကျွေးမွေး လိုသမျှ ပေးထားပေမယ့် ကိုယ့်အလို တစ်ချက်မှ မလိုက်၊ ကိုယ့်အလိုအကြိုက်နှင့် အမြဲ ဆန့်ကျင်ဖက်လုပ်နေတဲ့ သဘောကိုသာ ထင်ထင်ရှားရှား ဖော်ပြပေးနေတယ်၊ အနာရေ- သင့်ကြောင့် ငါ မရှုံးစေရဘူး၊ အမြတ်ပဲ ယူမယ်'

'ဟုတ်ပါတယ် ကိုယ်တော်၊ ကိုယ်တော့်အတွက် အကောင်းဆုံး သာသနာ့လက်ဆောင် ပေးဖို့ ကိုယ်တော့်ခန္ဓာပေါ် အလည်အပတ် ရောက်လာတာပါ၊ ကူညီဖို့လာတဲ့ အထူးဧည့်သည်ပါ'

'အေး . . . ဟုတ်တယ်၊ မင်းလို ဧည့်သည် ရောက်လာလို့ ငါ့မှာ တရားအကူအညီတွေ အများကြီးရတယ်၊ ဘဝရဲ့အနှစ်က တရားပဲ၊ နောင်လည်း အခါအားလျော်စွာ လာလည်ပါ၊ အခုလည်း ရောက်တုန်းရောက်ခိုက် ဖြည်းဖြည်းမှပဲ ပြန်ပေါ့'

'ဖြည်းဖြည်းမှ ပြန်လို့ဖြစ်မှာမဟုတ်ဘူး ကိုယ်တော်၊ အခုတောင် ကိုယ်တော့် ဒကာ ဒကာမတွေ၊ တပည့်တွေက ဆရာဝန်အကူအညီနဲ့ ကျုပ်ကို မောင်းနှင် ဖယ်ထုတ်နေကြပြီ' 'ကိုယ်တော့်ဆီ အထူးဧည့်သည် အဖြစ်နဲ့ လာလည်ရတာ သိပ်အကျိုးရှိတယ် ကိုယ်တော်၊ တစ်ချို့ပုဂ္ဂိုလ်တွေဟာ ဒီအနာလောက် ခန္ဓာပေါ် ရောက်လာရင် စိတ်ဘက်ကို အနာကူးစက်လို့ စိတ်တွေအားငယ်ပြီး လူမမာ ဖြစ်သွားတတ်တယ်၊ နေမကောင်းဘူး ဆိုပြီး အလုပ်တွေ ဘာမှ မလုပ်တော့ဘဲ နားပစ်တတ်တယ်'

'ကိုယ်တော်က ကျုပ်လာလို့ တစ်ရက်မှလည်း အလုပ်မပျက်၊ သူများတွေက မေးတော့လည်း 'ဘာမှ မပြောလောက်ပါဘူး၊ အသေးအဖွဲလေးပါ' လို့ အနာကို မကြောက်တဲ့ စကားမျိုးနဲ့ ဖြေတယ်၊ တရားအသိဉာဏ် ဦးဆောင်ထားတော့ စိတ်မနာ၊ စိတ်မနာလို့ လူမနာ၊ ဒါကြောင့် လူမမာပုံစံနဲ့ တစ်ရက်မှ မတွေ့လိုက်ရဘူး ကိုယ်တော်၊ ဒါကို ကျုပ် ဂုဏ်ယူလို့ မဆုံးပါဘူး' 'ဟုတ်ပါတယ်ကွာ၊ အနာဆိုတာ တရားရဲ့ တွန်းအားပဲ၊ အနာကြောင့် တရားအသိ ဖြစ်ပေါ် တိုးပွားတယ်ဆိုရင် ဒီအနာမျိုးကို မြင့်မြတ်တယ်ပဲ ဆိုရမှာပေါ့၊ ရှေးတုန်းက မဟာတိဿ ရဟန်းဟာ လူဆိုးတွေက သတ်မယ်လို့ ဝိုင်းလာတော့ အနာပေါ်အောင် ပေါင်ကို ရိုက်ချိုးပြီး တရားအားထုတ်ခဲ့တာ ရဟန္တာဖြစ်သွားတယ်လေ'။

## ၆။ စ-လိုက်ရင် ကားတတ်တဲ့ 'စ-ကား'

- **မဟုတ်စကား၊ စ-လိုက်ပြား၊ အဖျားရှုး၍ ကားတတ်ပါ။**
- **အဟုတ်စကား၊ စ-လိုက်ပြား၊ စည်ကားတိုးတက် စိတ်ချမ်းသာ။**

စကားဆိုတာ မဟုတ်တဲ့အရာမှာ စ-လိုက်ရင် ချဲ့ကားသွားတတ်တဲ့ စ-ကားတဲ့။ ဟုတ်တဲ့ အရာမှာ စ-လိုက်ရင် စည်ကားတိုးတက် စိတ်ချမ်းသာ သွားစေနိုင်တဲ့ စကားတဲ့။ စည်ပြီး ထွန်းကားသွားတဲ့ စည်ကားပေါ့။

မိမိရဲ့ လဲလို့ရတဲ့ လက်မောင်းရင်းအနာကလေးကို အကြောင်းပြုပြီး စလိုက်လို့ ကားသွားကြပုံတွေ ကြားသိရတယ်။ ကိုယ့်ကိုလူတွေ ဒီလောက်တောင် စိတ်ဝင်စားနေကြတာပါပဲလားလို့ ဂုဏ်ယူ ဝမ်းမြောက် ရပါတယ်။ ဟုတ်တယ်လေ၊ လမ်းဘေးက ကူလီ အလုပ်သမားတစ်ယောက် လဲကျသွားလို့ ခြေကျိုးသွားရင် ဘယ်သူက အချိန်ကုန်ခံပြီး စကားတစ်ခု လုပ်ပြောနေမှာလဲ။

စ-လို့ ကားသွားပုံလေးတွေထဲက တစ်ချို့ကို ပြောပြပါမယ်။ တစ်ချို့က တဆင့်ပြောတာ၊ တစ်ချို့က ကိုယ့်ကို တိုက်ရိုက်ပြောတာ။

အရိုးဆရာဝန်က ပြောတဲ့စကားက-



www.burmeseclassic.com

www.burmeseclassic.com


'ကံကောင်းပါတယ်ဘုရား၊ အရိုးနည်းနည်း အက်သွားရုံလေးပါ၊ အရိုးကျိုးတာ မဟုတ်လို့ သိပ်အရေးမကြီးလှပါဘူး၊ တစ်ပတ်လောက် ငြိမ်ငြိမ်နေလိုက်တာနဲ့ မကြာခင် ပျောက်သွား၊ ကောင်းသွားမှာပါ' တဲ့။ စကားက ဒါပါပဲ။ 'တပည့်တော်တို့လည်း ဝေယျာဝစ္စ ကုသိုလ် အချောင်ရတာပေါ့ ဘုရား' လို့ ဝမ်းမြောက် ရွှင်လန်းစရာ စကားလေးတောင် ထည့်ပြောလိုက်သေးတယ်။

ဒီစကားတွေထဲမှာ 'အရိုးအက်' ဆိုတဲ့စကားကို လိုသလို အဆင့်ဆင့် ချဲ့ကားသွားကြတာ တွေ့ရပါတယ်။ 'ယောဆရာတော် ချော်လဲလို့ လေဖြတ်သွားသတဲ့' 'ပေါင်ကျိုးသွားတာတဲ့' 'ခြေထောက် နှစ်ဖက်လုံး သွက်သွက်ခါ ကျိုးသွားသတဲ့' 'လက်နှစ်ဖက်လုံး ထက်ပိုင်း ကျိုးသွားတာတဲ့' 'ညှပ်ရိုးတွေ နံရိုးတွေ ကျိုးသွားတယ်ဆိုပဲ' 'အခု ဆေးရုံတက်နေရတာတဲ့' စတဲ့ စကားတွေ ချဲ့ကားသွားကြတာတွေ တော်တော်များပါတယ်။ တစ်ယောက်က စ-ပြောလိုက်တော့ သူတို့စိတ်ထဲ ထင်သလို ချဲ့ကားသွားကြတာကိုး။ ဂုဏ်ရှိတဲ့ အကောင်းစကားဆိုရင် အသံချဲ့စက်နဲ့ အော်ပြောတာတောင် တော်တော်နဲ့မပြန့်ဘူး၊ မဟုတ်တရုတ်စကားက တိုးတိုးလေး စပြောလိုက်တာနဲ့ သူ့ဟာသူ အလိုလို ချဲ့ကားသွားတတ်တယ်။

'အရှင်ဘုရား၊ ဆေးရုံမှာ ဘယ်လောက်ကြာသလဲ၊ ခြေထောက်ကျိုးသွားတယ် ကြားရတာ အခု ခြေထောက် ထောက်နိုင်ပြီလား၊ လမ်းသွားနိုင်ပြီလား' 'အကျိုးပေးတယ်လို့ ကြားရတယ်၊ အခု နာသေးသလား' စတဲ့ စကားတွေနဲ့ မေးကြတယ်။ တော်တော် စိတ်ဝင်စားနေကြတာပဲ။ ခန္ဓာဟာ သူတို့ပြောသလို အချိန်မရွေး ပြောင်းလဲ ဖောက်ပြန်သွားတတ်တဲ့ သဘောရှိပါတယ်။

တရားပွဲတစ်ခုမှာ တရားဟောဖို့သွားတော့ လမ်းဘေးက လူငယ်တွေ ပြောနေတဲ့အသံ ကြားရတယ်။ 'ဟိုဟာ ယောဆရာတော်ပဲ၊ ဆေးရုံတက်တယ်ဆိုတဲ့စကားဟာ မဟုတ်နိုင်ပါဘူး၊ ထင်တာ လျှောက်ပြောတာ ဖြစ်မှာ' တဲ့။

တစ်ချို့ကတော့ အပြောတတ်ကြတယ်။ 'တပည့်တော်တို့ ကြားရတာက တစ်ခြား၊ အရှင်ဘုရားကို တွေ့ရတာက တခြား၊ ကျန်းကျန်းမာမာနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာ ဘုရား' တဲ့။ စကားဆိုတာ ပြောချင်သလို ဖြစ်မှာပဲ။ မဟုတ်တရုတ် စကားဟာ စ-လိုက်ရင် ကားတတ်တယ်ပေါ့။

တစ်လပြည့်တာနဲ့ ဧည့်သည် ပြန်သွားပါပြီ။ နောက်ထပ်လည်း အခါအားလျော်စွာ လာလည်ဖို့ ဖိတ်ခေါ်လိုက်ပါသေးတယ်။ ဧည့်သည် တွန်းအားကောင်းမှ တရားမြန်မြန် တက်မှာကိုး။

တရားဆိုတာ အို၊ နာ၊ သေ၊ ဒုက္ခ၊ ကိလေသာအပူနဲ့ အားပြိုင် ကျင့်ရတာပါ။ ဒုက္ခ-ကိလေသာထက် လက်ဦးဖို့ လိုသလို ဒုက္ခ-ကိလေသာ ဝင်ရောက်လာရင်လည်း ကိုယ်ကပဲ နိုင်ဖို့ လိုပါတယ်။ ဒုက္ခနှင့် ကိလေသာဟာ တရားရဲ့ အဓိက ပစ်မှတ်ပဲ။ လောကမှာ ဘောလုံးပွဲတို့ လက်ဝှေ့ပွဲ တို့ဆိုတာ တစ်ဖက်တည်းနဲ့ ပွဲ မဖြစ်ဘူးလေ။ နှစ်ဖက်ရှိမှပွဲဖြစ်တာ။ ဟိုဖက်ကိုနိုင်မှ အောင်ပွဲလို့ သတ်မှတ်တယ်။ ဒုက္ခနှင့် ကိလေသာကို အကန့်လိုက် အနိုင်ယူနိုင်မှ တရားအောင်ပွဲဖြစ်မယ်။ ဒုက္ခနှင့် ကိလေသာက အမည်းသင်းပေါ့။ သတိဦးစီးတဲ့ ကိုယ့်ဘက်တရားက အဖြူသင်းပါ။ အဖြူ တစ်သင်းလုံး ထိန်းထားနိုင်တာက သတိပဲ။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
(၁၃၆၈ ခုနှစ်၊ တပေါင်းလ) ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ


www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကရေ မွေ့လက်ဆောင် (၄၆)

# ၄၅-နှစ်ရဟန်းသက်

# (ရဟန်းဘဝဒုလ္လဘာ)

## နမော ဒုလ္လဘရတနဿ

### ၁။ နှစ်လေးဆယ့်ငါးအသွားခဲခက် ရဟန်းသက်

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ-ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊
ဒုလ္လဘော မနုဿတ္တပဋိလာဘော၊ ဒုလ္လဘာ သမ္ပတ္တိ။
(သံ ၁-၄၄နှင့် သုတ္တနိ-၄၄-တို့၌ သဒ္ဓါသမ္ပတ္တိ ဟုရှိ၏။ အံ ၁-၄၄ ၌ ခဏသမ္ပတ္တိဟု ရှိ၏၊)
ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊ ဒုလ္လဘံ သဒ္ဓမ္မဿဝနံ။
(ဒီ ၁-၄၄-၄၇၊ သံ ၁-၄၄-၂၂၅၊ အံ ၁-၄၄-၄၉၊)
(သုတ္တနိ-၄၄-၁၂၀-၌ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿ ပဋိလာဘော ဒုလ္လဘော၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ၊ ပဗ္ဗဇ္ဇာ ဒုလ္လဘာ၊ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ လောကသ္မိံ-ဟု ရှိ၏၊)
(မိမိတို့ နှုတ်တက်ရထားသော ဒုလ္လဘ ၅-ပါး ပါဠိနှင့် တစ်ချို့ မတူတတ်လှ။)

၁။ ဘုရားပွင့်ရာ၊ ချိန်အခါ၊ လွန်စွာကြုံခဲသည်။

၂။ အတိတ်အကြောင်း၊ ပြည့်စုံရှောင်း၍၊ ကံကောင်းထောက်မ၊ လူ့ဘဝ၊ မုချရခဲသည်။

၃။ ဂုဏ်ရည်လွှမ်းခြုံ၊ စွမ်းအားထုံ၊ ပြည့်စုံရခဲသည်။

၄။ ကာင်းမှု များ - မြန်၊ ကောင်းမွန်ထူးဆန်း၊ စိတ်အေးချမ်းသည့်၊ ရဟန်းအဖြစ်၊ ရှင်အဖြစ်၊ စင်စစ်ရခဲသည်။

၅။ - အမှားကင်းစင်၊ စိတ်ကြည်လင်၍၊ အမြင်ထူးခြား၊ အသိပွားဖို့၊ တရားကိုနာ၊ ကျင့်သုံးတာ၊ မှန်စွာရခဲသည်။
အခွင့်ငါးထွေ၊ ရရှိနေ၍၊ သတိရှေ့ထား၊ စွမ်းအားကိုဖြည့်၊ ကြိုးစားကြည့်သော်၊ အသိစင်ကြယ်၊ စွမ်းရည်ကြွယ်ကာ၊ ထူးခြားလာ၊ သိက္ခာပြည့်နိုင်သည်။
- နှစ်လေးဆယ့်ငါး၊ အသွားခဲခက်၊ ရဟန်းသက်၊ အားတက်စရာ ကြုံရသည်။

မြတ်ဗုဒ္ဓဟာ ဘုရားအဖြစ်နဲ့ ၄၅-နှစ်ပတ် လုံး မနေမနား တရားအလင်းရောင် ညှိထွန်း ဆောင်ပေးတော်မူခဲ့ပါတယ်။ ညှိထွန်းအား သိပ်ကောင်းလွန်းလို့ ယနေ့အထိ မမှောင်သေးပါဘူး။ နှစ်ပေါင်း ထောင်ချီပြီး ခေတ်တွေ စနစ်တွေ အမျိုးမျိုး ပြောင်းလဲခဲ့ပေမယ့် မြတ်ဗုဒ္ဓရဲ့ တရားအလင်းရောင်ကတော့ အပြောင်းအလဲမရှိဘဲ တရားနှင့် ထိုက်တန်သူတွေရဲ့ စိတ်အစဉ်မှာ ယနေ့ထိ လင်းထိန်ထောက်ပနေဆဲ အအေးဓာတ်ပေးနေဆဲပါ။ အတည်ငြိမ် အမှန်ကန်ဆုံး ကျင့်စဉ်ဖြစ်နေတာကိုး။

မြတ်ဗုဒ္ဓဟာ ဘုရားအဖြစ်နဲ့ ၄၅-နှစ်တည်း နေခွင့်ရတာဖြစ်လို့ အချိန် သိပ်နည်းလွန်းတော့ ဝီရိယများစွာ စိုက်ထုတ်ပြီး အချိန်ပို အလုပ်လုပ်ခဲ့တဲ့ကြောင့် ဗုဒ္ဓကိစ္စ အားလုံး အချိန်မီ ပြီးခဲ့ပါတယ်။ ၄၅-နှစ်တည်းနဲ့ပဲ အချိန် ပြည့်စုံလုံလောက်ပါတယ်။ အချိန်နဲ့ အလုပ်ဟာ အပိုအလိုမရှိ ကွက်တိပဲ။ အချိန်နည်းပြီး အလုပ်ကိစ္စများတဲ့ ပုဂ္ဂိုလ်များအတွက် အတုယူစရာ နည်းပေးခဲ့တယ်။ ခေတ်ကောင်းတွေလည်း ကူးပေးခဲ့ပါတယ်။ ပါရမီဖြည့်စဉ်ကသာ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့တာမဟုတ်ဘဲ ပါရမီ ဖြည့်ပြီးလို့


www.burmeseclassic.com

www.burmeseclassic.com


ဘုရားဖြစ်တော့လည်း ကိုယ်ကျိုးစွန့် အနစ်နာခံ ကြိုးစားတော်မူခဲ့ပါတယ်။ အများအတွက်ပဲ ဘုရားဖြစ်အောင် ကြိုးစားခဲ့တာကိုး။

အဝိဇ္ဇာမှောင်ထု ပိတ်ဖုံးနေလို့ အသိဉာဏ် အလင်းမရဘဲ မှောင်ကျနေတဲ့ လောကအတွင်းမှာ ဗုဒ္ဓအဖြစ်နဲ့ ၄၅-နှစ်ပတ်လုံး မနေမနား တရားအလင်းရောင် ညှိထွန်း ပေးတော်မူခဲ့တယ်။ မြတ်ဗုဒ္ဓရဲ့ ၄၅-နှစ် ဘုရားသက် = ၄၅ နှစ် တရားသက်ကို အာရုံပြုပူဇော်ဖို့ မိမိရဲ့ တစ်သက်တာအတွင်း တရားနဲ့ဆက်စပ်တဲ့ ၄၅-ဂဏန်းကို နှစ်မခြားဘဲ ၃-နှစ်ဆက်တိုက် ထူးထူးခြားခြား ရေတွက်ခွင့် ရလိုက်ပါတယ်။ ကုသိုလ်ကံ ထူးတယ် ဆိုရမှာပေါ့။ ၃-မျိုးလုံးမှာပဲ ကြုံကြိုက်တိုက်ဆိုင်မှုတွေ တွဲပါနေတာဖြစ်လို့ ကုသိုလ် ပိုတိုးရပါတယ်။ ကောင်းမှုကုသိုလ်ဆိုတာ လူ့ဘဝရဲ့ အဓိကလုပ်ခ ရလဒ်ပဲမဟုတ်လား။

(၁) မိမိဟာ ၁၃၂၂-ခုနှစ်၊ နယုန်လမှာ ဒုတိယအကြိမ် ရှင်သာမဏေပြုခဲ့တာဖြစ်လို့ ၁၃၆၇-ခုနှစ်၊ နယုန်လမှာ သက်နိုးသက် ၄၅-နှစ် ပြည့်ခဲ့ပါတယ်။ ဒါက ၄၅ ဂဏန်း တစ်လုံးပါ။ ကောင်းမှု များစွာ ပြုခွင့် ရပါတယ်။ အဲဒီနှစ်မှာ မိမိအတွက် ကိုရင်ဘဝက ပရိယတ္တိပညာ အခြေခံ ခိုင်မာအောင် အုတ်မြစ် ချပေးတော်မူခဲ့တဲ့ ကျေးဇူးရှင် ဆရာရင်း ရွာကန်လှဆရာတော် ဦးသာကိန္ဒရဲ့ သက်တော် ၇၅-နှစ်ပြည့် စိန်ရတုမွေးနေ့နှင့် ကြုံကြိုက် တိုက်ဆိုင်လာပါတယ်။ ဆရာတော့် စိန်ရတုမွေးနေ့အတွက်လည်း မိမိက သိန်း-၁၀၀ ကျော် စွန့်ကြပြီး ကောင်းမှု ပြုခွင့်ရလို့ ကုသိုလ်များစွာ ရရှိ တိုးပွားရပါတယ်။ ထူးတဲ့ ၄၅ - ပေါ့။

(၂) ပြီးတော့ ၁၃၂၄-ခုနှစ်မှာ ရဟန်းခံခဲ့တာဖြစ်လို့ အသက် ၂၀-မှာ တစ်ဝါရတဲ့ သက်စေ့ဝါရ ဖြစ်တဲ့ကြောင့် ၁၃၆၈-ခုနှစ်မှာ ရဟန်း ၄၅-ဝါ ရပါတယ်။ ဒါက ၄၅-ဂဏန်း တစ်လုံးပေါ့။ ကောင်းမှုများစွာ ပြုရပါတယ်။ အဲဒီနှစ်မှာ မိမိကို ရဟန်းငယ်ဘဝကစ ယနေ့အထိ အစစ အရာရာ ကူညီစောင့်ရှောက်ပေးခဲ့တဲ့ ကျေးဇူးရှင် သံတော်ဆင့် ဆရာတော် ဦးတိလောကရဲ့ သက်တော် ၈၀-ပြည့် ပတ္တမြားရတု မွေးနေ့နှင့် ကြုံကြိုက် တိုက်ဆိုင်လာပါတယ်။ ဆရာတော့် ပတ္တမြားရတုအတွက်လည်း မိမိက သိန်းပေါင်းများစွာတန်တဲ့ ပစ္စည်းများစွာ စွန့်ကြပြီး ကောင်းမှုပြုခွင့် ရခဲ့ပြန်တယ်။ ကုသိုလ် ထပ်တိုးရတာဖြစ်လို့ ထူးတဲ့ ၄၅ - ပါပဲ။

(၃) နောက်ပြီးတော့ ၁၃၂၄-ခုနှစ်၊ ကဆုန်လမှာ ရဟန်းခံခဲ့တာဖြစ်လို့ ၁၃၆၉-ခုနှစ်၊ ကဆုန်လမှာ မိမိရဲ့ ရဟန်းသက် ၄၅-နှစ် ပြည့်ပါတယ်။ ဒါလည်း ၄၅-ဂဏန်း တစ်လုံးပဲ။ ကောင်းမှုများစွာ ပြုရပါတယ်။ အဲဒီနှစ်မှာလည်း ကြုံကြိုက်တိုက်ဆိုင်မှု နှစ်ခုတွေ့ရတယ်။ တစ်ခုက ရဟန်းငယ်ဘဝကစ ယနေ့ထိ ဆရာသမားအရင်းလို ချစ်ခင်ကြည်ညို လေးစားခဲ့ရတဲ့ စုဒ္ဒသမ (၁၄-ပါးမြောက်) ရွှေကျင်သာသနာပိုင် ကျေးဇူးတော်ရှင် မန္တလေး မဟာဝိသုဒ္ဓါရုံ ဇယမေဒနီ ဝါဆိုဆရာတော် ဘဒ္ဒန္တအဂ္ဂိယ မဟာထေရ်မြတ်ကြီးရဲ့ သက်တော် ၉၀-ပြည့် နဝရတ်ရတုမွေးနေ့နှင့် ကြုံကြိုက်တိုက်ဆိုင်ခွင့် ရခြင်းပါ။ ဆရာတော့် နဝရတ်ရတုအတွက် မိမိက သိန်းပေါင်းများစွာတန်တဲ့ ပစ္စည်းများ စွန့်ကြပြီး ကုသိုလ်ပြုခွင့်ရလို့ ကောင်းမှုများစွာ ထပ်တိုးရပါတယ်။

နောက်တစ်ခုက မိမိရဟန်းငယ်ဘဝက ၅-နှစ်ပတ်လုံး ပရိယတ္တိပညာသင်ကြားခဲ့ရတဲ့ ကျေးဇူးရှင် မန္တလေး မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့ နှစ် ၁၀၀-ပြည့်အထိမ်းအမှတ်နှင့် ကြုံကြိုက်တိုက်ဆိုင်ခွင့်ရခြင်း ဖြစ်ပါတယ်။ မစိုးရိမ်ကျောင်းတိုက်မှာ မိမိ မနေခဲ့ဘူးပေမယ့် မိမိနေရာ မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် မစိုးရိမ်ကျောင်းတိုက်ဟာ လမ်းလေးပဲခြားတာဆိုတော့ ဝိသုဒ္ဓါရုံကနေ မစိုးရိမ်ကိုသွားပြီး စာပေသင်ကြားခွင့် ရခဲ့တာပါ။ မိမိရဲ့ပညာ ဖွံ့ဖြိုးအောင် စွမ်းဆောင်ပေးခဲ့တဲ့ မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့ နှစ်၁၀၀-ပြည့်ပွဲမှာလည်း မိမိက သိန်း ၁၀၀-ကျော် စွန့်ကြပြီး ကောင်းမှု ပြုခွင့်ရဦးမှာဖြစ်လို့ ကုသိုလ်အများကြီး တိုးဦးမှာဖြစ်တယ်။ လာမည့် တန်ဆောင်မုန်းလမှာ နှစ် ၁၀၀-ပြည့်မှာပါ။ ပိုထူးတဲ့ ၄၅-ပေါ့။ ၃-နှစ်ဆက်တိုက် ရေတွက်ခွင့်ရတဲ့ ၄၅-ဂဏန်း ၃-လုံးစလုံးမှာပဲ ကျေးဇူးရှင်တွေရဲ့ စိန်ရတု၊ ပတ္တမြားရတု၊ နဝရတ်ရတု၊ ရာပြည့်တွေနှင့် ကြုံကြိုက်တော့ ပိုကြည်နူးရတာပေါ့။

ယခုလို ဝမ်းမြောက်ကြည်နူး ကုသိုလ်ထူးကို ရရှိတိုးပွားစေနိုင်တဲ့ ၄၅-ဂဏန်းများကို ဝမ်းသာအားရ ရေတွက်ခွင့် ရနေခြင်းဟာ ဒုလ္လဘအခွင့်အရေး ၅-မျိုးကို ရရှိထားတဲ့ကြောင့်ပါ။

(၁) ကြုံကြိုက်ခဲလှတဲ့ ဘုရားသာသနာနှင့် တွေ့ဆုံခွင့်ရတယ်။

(၂) ကံကောင်းထောက်မလို့ သာသနာတွင်းမှာ ရခဲလှတဲ့လူ့ဘဝကို ရထားတယ်။



www.burmeseclassic.com

www.burmeseclassic.com


(၃) တရားရှိတဲ့နေရာကောင်းမှာလည်း နေခွင့်ရတယ်။ တရားအသိ ပြည့်သွင်းနိုင်အောင် မျက်စိနားလဲပြည့်စုံ၊ တရားကို ကျေကျေနပ်နပ် လက်ခံနိုင်လောက်အောင် သဒ္ဓါတရားလည်း အထိုက်အလျောက်ရှိ၊ တရားလမ်းညွှန်ပေးတတ်တဲ့ ပညာရှိများနှင့်လည်း တွေ့ခွင့်ရတဲ့ ဂုဏ်ရည် အခွင့်အရေးများကိုပါ ဆက် ရထားပြန်တယ်။

(၄) ဘဝအနှစ်ကောင်းမှုတွေ များလည်းများ၊ မြန်လည်းမြန်၊ ကောင်းလည်းကောင်း၊ ရှင်းလည်းရှင်းအောင် ကြိုးစားအားထုတ်ခွင့်ရနိုင်တဲ့ သာသနာ့တာဝန်ကို အနီးကပ်ထမ်းဆောင်ရတဲ့ ရှင်ရဟန်းဘဝကိုပါ ရလိုက်ပြန်တယ်။

(၅) အမှားကင်းစင် အမှန်မြင်ကြောင်း တရားကောင်းများကို သင်ယူနာကြား လေ့လာခွင့်ပါ ရထားလိုက်ပြန်တော့ ခန္ဓာနှင့်ဉာဏ်၊ လူနှင့်တရား ဆက်သွယ်မိသွားတယ်။

ရှင်ရဟန်းများမှာ ဒုလ္လဘအခွင့်အရေး ၅-မျိုးလုံးရနိုင်ပြီး လူဝတ်ကြောင်များမှာတော့ စတုတ္ထကလွဲရင် ကျန် ၄-မျိုးကို ရနိုင်ပါတယ်။ အချုပ်ကတော့ လူသာ တရားနှင့် အထိုက်တန်ဆုံးဖြစ်လို့ -

(၁) လူဖြစ်ဖို့ ခက်ခဲတယ်၊

(၂) သုံးလို့ဖြစ်တဲ့လူဖြစ်ဖို့ ပိုခက်ခဲတယ်၊

(၃) သုံးတတ်တဲ့လူဖြစ်ဖို့ ဒီထက် ပိုခက်ခဲတယ်၊

(၄) သုံးနိုင်တဲ့လူဖြစ်ဖို့က ဒါထက် ပိုခက်ခဲပြန်တယ်၊

(၅) 'ငါတော့ လူဖြစ်ကျိုးနပ်ပြီ' လို့ ကြုံးဝါးကျူးရင့်ရဲလောက်အောင် တကယ်သုံးဖြစ်တဲ့လူဖြစ်ဖို့ကတော့ အခက်ခဲဆုံးပါ။

တကယ်သုံးဖြစ်မှပဲ လူ့စွမ်းအား လက်ငင်းပေါ်မှာကိုး။

ရဟန်းဖြစ်ကျိုးနပ်ဖို့က ပိုပြီး အလွန့်အလွန် ခက်ခဲလှပါတယ်။ '၄၅-နှစ် ရဟန်းသက်' ခရီးကို မိမိဟာ ပုထုဇဉ်ပီပီ ခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ရပါတယ်။ ခရီးကြမ်းလို့တော့ မဟုတ်ပါဘူး၊ မြင့်မားလွန်းလို့ ခက်ခဲတာပါ။ ရဟန်းဖြစ်နေမှတော့ ခက်ခဲပေမယ့် သတိအမြဲထားပြီး သိက္ခာပြည့်အောင် ဖြည့်ကျင့်ကြိုးစားရုံပေါ့။

## ၂။ လူ့သဘာဝ မြတ်ဗုဒ္ဓမှာ လိုက်ရပါ

- **ဘုရားအဖြစ်၊ နှစ်အသင်္ချေ၊ နေနိုင်ပေ၊ ကံတွေများလှပါ။**
- **လူ့သဘာဝ၊ လိုက်လျောရငြား၊ လေးဆယ့်ငါး၊ နည်းပါးကျန်ရစ်ပါ။**

ဘုရားရှင်တိုင်း ပါရမီကံတော် အနန္တကို ပြည့်ဝပိုလျှံနေအောင် ဖြည့်ကျင့်ခဲ့ပြီးမှ ဘုရားဖြစ်တော်မူခဲ့ကြတာချည်းပါ။ ဘုရားရှင်အားလုံး သက်တော်နှစ်ပေါင်း အသင်္ချေ့ရှည်ရှည် နေနိုင်လောက်အောင် ကံတော်အနန္တ ရှိခဲ့ကြပါတယ်။ သက်တော် အသင်္ချေ့ရှည်အောင် အကျိုးပေးနိုင်တဲ့ ကံပါခဲ့ကြပါတယ်။ ကံတော် အနန္တဖြစ်လို့ သက်တော်အသင်္ချေ အနန္တ ရှည်နိုင်ပါတယ်။ ဒါပေမယ့် ဘုရားဆိုတာ ဘုရားအစွမ်းနှင့်တရား အစွမ်းပြဖို့ ဘုရားဖြစ်ခဲ့တာဖြစ်လို့ လူ့လောက လူ့သဘာဝနောက်ကိုသာ လိုက်လျောခဲ့ကြရပါတယ်။

လူအဖြစ်ထင်ရှားအောင် လူအဖြစ်ထင်ရှားမှ သတ္တဝါများက တရားကို လေးစားလာအောင် လူ့သဘာဝကို ထင်ရှားအောင် ပြပေးရပါတယ်။ ခမည်းတော်၊ မယ်တော်၊ မိဖုရား၊ သားတော်၊ ဖွားရာနေရာအရပ်၊ ထီးနန်းစတဲ့ ဆွေမျိုးနှင့် အသုံးအဆောင်အမျိုးမျိုးတွေဟာ နောက်ဆုံးဘဝ ဘုရားအလောင်းရဲ့ လူ့သဘာဝ ထင်ရှားအောင် သက်သေ ထူပြပေးကြရတာပါ။

တကယ်လို့ နတ်ကဘုရားဖြစ်ခဲ့ရင် ထူးဆန်းတာတွေ တွေ့ရတိုင်း 'စွမ်းတာပေါ့ နတ်ပဲ' လို့ဆိုပြီး 'နတ်ပဲ နတ်ပဲ' ကချည်း ဖုံးလွှမ်းသွားတော့မှာပါ။ ဘုရားအစွမ်း၊ တရားအစွမ်းက ပေါ်လွင်လာမှာ မဟုတ်တော့ပါဘူး။ လူ့သဘာဝကို လိုက်လျောရတဲ့ ထင်ရှားတဲ့ သက်သေခံ အထောက်အထားတွေ ရှိနေတော့ 'လူမှ ဟုတ်ရဲ့လား'လို့ ဘာမှ ယုံမှား သံသယဖြစ်စရာ မလိုတော့ဘူးပေါ့။


www.burmeseclassic.com

www.burmeseclassic.com



ကံတော်အနန္တကြောင့် အသက်နှစ်ပေါင်း အသင်္ချေနေနိုင်တဲ့ ဘုရားရှင်ရဲ့သက်တော်ကို လူ့လောက လူ့သဘာဝက သုံးကြိမ် ဖြတ်ယူထားလိုက်ပါတယ်။ တကယ်ဖြတ်ယူတာ မဟုတ်ပေမယ့် သဘာဝအားဖြင့် ဖြတ်ယူသလိုဖြစ်သွားရတာပါ။

(၁) ပထမက ။ ဘုရားဆိုတာ လူတွေရဲ့ အသက်တစ်သိန်းတမ်းအထက်မှာ ပွင့်ရိုးထုံးစံ မရှိပါ။ အိုတာ၊ နာတာ၊ သေတာကို တော်တော်နှင့် မမြင်ရအောင် အသက်ရှည်လွန်းတော့ တရားဟောရတာ မလွယ်လို့ပါ။ သစ္စာလေးပါး ဝိပဿနာတရားပြရတာ ခက်ခဲလွန်းလို့ပါ။ ဘုရားဆိုတာ အလုပြဖို့ ပွင့်တာ မဟုတ်ဘဲ လောကသတ္တဝါများ အကျိုးရှိဖို့သာ ပွင့်တာဖြစ်လို့ အကျိုးရှိတဲ့ အချိန် ပွင့်မှပဲ အကျိုးရှိမှာ ဖြစ်ပါတယ်။

ပြီးတော့ အသက်တစ်ရာတမ်း အောက်မှာလည်း ဘုရားမပွင့်ပါဘူး။ ကိလေသာ အလွန့် အလွန် ထူပြောလွန်းလို့ တရားဟောရတာ မလွယ်လို့ပါပဲ။ ဒီလိုဆိုတော့ ဘုရားရှင်ဟာ အသက် နှစ်ပေါင်း အသင်္ချေ မနေရတော့ဘဲ အသက်တစ်သိန်းတမ်းတင် ဖြတ်တောက်ခံလိုက်ရပါတယ်။ ဒါဟာ သဘာဝပါ။

(၂) ဒုတိယက ။ မျက်မှောက်လက်ရှိ ရောက်နေဆဲ လူ့သက်တမ်းကို ကျော်လွန်ရိုး ထုံးစံမရှိပါ။ ရောက်ရှိဆဲ လူ့သက်တမ်းကိုသာ လက်ခံရပါတယ်။ ယခု ဂေါတမဘုရားကို ကြည့်ပါ။ လူတွေရဲ့ အသက် ၁၀၀-တမ်းမှာ ပါရမီ ပြည့်လာတာဆိုတော့ တစ်သိန်းတမ်းကို လက်မခံရတော့ဘဲ ရောက်ရှိဆဲ ၁၀၀-တမ်းကိုသာ လက်ခံရလိုက်ပါတော့တယ်။ ဒါက သဘာဝအားဖြင့် ဒုတိယ ဖြတ်တောက်ခံရခြင်းပါ။

(၃) တတိယက ။ ရောက်ရှိဆဲ လူ့သက်တမ်းကို လက်ခံလိုက်ရသော်လည်း သက်တမ်းပြည့်အောင် မနေရပါဘူး။ သဘာဝအားဖြင့် ရောက်ဆဲလူ့သက်တမ်းရဲ့ ၅-ပုံ ၁-ပုံကို နှုတ်လိုက်ပြန်တယ်။ ဒါ့ကြောင့် ယခု ဂေါတမဘုရားရှင်ဟာ ၁၀၀-တမ်းမှာ ပွင့်တော်မူသော်လည်း ၅-ပုံ ၁-ပုံ နှုတ်လိုက်ပြန်တော့ ၁၀၀-ပြည့်အောင် မနေရဘဲ သက်တော် ၈၀-ပြည့်ရုံသာ နေရပါတော့တယ်။ တာဝတိံသာနတ် တစ်ရက်တောင် မပြည့်တော့ပါဘူး။ လူ့ပြည်မှာ နှစ်ပေါင်း-၁၀၀ရှိမှ တာဝတိံသာ နတ်သက် တစ်ရက်ပဲ ရှိသေးတာကိုး။

သက်တော် ၃၅-နှစ်မှာ ဘုရားဖြစ်လို့ သက်တော် ၈၀-မှာ ပရိနိဗ္ဗာန် စံတော်မူတာဆိုတော့ ဘုရားအဖြစ်နဲ့ ၄၅-နှစ်သာ နေရပါတော့တယ်။ စတုမဟာရာဇ်နတ် တစ်ရက်တောင် မပြည့်တော့ပါဘူး။ လူ့ပြည်မှာ နှစ် ၅၀-ရှိမှ စာတုမဟာရာဇ်နတ်သက် တစ်ရက်ပဲရှိသေးတာကိုး။

သက်တော်တိုလွန်းလို့ အများအတွက် အချိန်ပိုအများကြီးပေးပြီး အလုပ်လုပ်ရပါတယ်။ ကိုယ်တော့်အတွက် နေ့စဉ် ကျိန်းစက်အနားယူ ချိန် ၁-နာရီ မိနစ် ၂၀-ခန့်သာ ရှိပါလိမ့်မယ်။ လောကအတွက် အချိန်ပြည့် အလုပ်လုပ်သွားတာကြောင့် ဗုဒ္ဓဝေနေယျသတ္တဝါလည်း တစ်ယောက်မှ မကျန်ခဲ့ပါဘူး။ ဟောရမယ့် တရားလည်း တစ်လုံးမှ မကျန်ခဲ့ပါဘူး။ အားလုံး ပြီးပြည့်စုံသွားပါတယ်။

အချိန်တိုလွန်းပေမယ့် တရားကို အပြည့်အစုံဟောခဲ့တာဆိုတော့ ယနေ့ထိ သုံးလို့မကုန်နိုင်လောက်အောင် စွမ်းအားက အနန္တပါ။ ဘုရားကိုယ်စား ပရိယတ္တိတရားတွေ ထားခဲ့တာဖြစ်လို့ တရားရှိနေသေးသမျှ ဘုရားရှိနေသေးတယ်လို့ ဆိုနိုင်ပါတယ်။ ဗုဒ္ဓသာသနာနှင့် တွေ့ကြုံခိုက် ဆင်းရဲအပူအားလုံးကို အချိန်မရွေး ငြိမ်းအေးချမ်းသာကြောင်း တရားစွမ်းအားကောင်းဖြစ်အောင် ပြောင်းလဲ အသုံးချခွင့် ရနိုင်ပါတယ်။ အဆိုးမှန်သမျှကို အနိုင်ယူဖို့ပဲ သာသနာပေါ်ပေါက်လာတာကိုး။

## ၃။ ဤသာသနာ ကောင်းစွာတွေ့ကြုံ ဘဝဂုဏ်

- **ပညာနည်းပါး၊ သဒ္ဓါရှား၊ စွမ်းအားမစုံက။**
- **ကောင်းတာမြင်လည်း၊ မတွေ့ဘဲ၊ ချွတ်လွဲတတ်ကြရ။ (ကောင်းတာကြုံလဲ၊ မကြိုက်ဘဲ၊ ချွတ်လွဲတတ်ကြရ။)**
- **ပညာပေါများ၊ သဒ္ဓါပွား၊ စွမ်းအားပြည့်စုံက။**
- **ဤသာသနာ၊ ကောင်းစွာတွေ့ကြုံ၊ ဘဝဂုဏ်၊ ပြည့်စုံအေးချမ်းရ။**

ကံကောင်းလို့ ဘုရား တရားရှိတဲ့နေရာမှာ နေရပေမယ့် သဒ္ဓါနဲ့စိတ်ကို မသန့်ရှင်းနိုင်ရင် ပညာနဲ့ အမြင်ရှင်းအောင် မကြည့်နိုင်ရင် ဘုရားကို မြင်ရပါရက်နဲ့ မတွေ့ရဘူး။ သာသနာနှင့် ကြုံရပါရက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်နိုင်ဘူး။ နှလုံးသားထဲ အသိစိတ်ထဲ တရားစွမ်းအား မရောက်ပဲ ဆုံးရှုံးနစ်နာတတ်ပါတယ်။ ကံကောင်းကို ဉာဏ်ကောင်း စိတ်ကောင်းနဲ့ ကြိုဆိုနိုင်မှ စည်ပင်ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။

အရှင်ဒေဝဒတ်ဟာ ဘုရားရဲ့ဆွေမျိုးဖြစ်ရုံသာမက တန်ခိုးရှင် ရဟန်းတောင် ခဏ ဖြစ်ခဲ့ရပါသေးတယ်။ ဒါပေမယ့် သဒ္ဓါ ပညာ နွမ်းပါးခဲ့လို့ ဘုရားကို မြင်ရုံသာမြင်ရပြီး တကယ်မတွေ့ခဲ့ရပါဘူး။ အသိစိတ်ထဲ ဘုရားရော တရားပါ မရောက်ခဲ့ပါဘူး။ ဘုရားကိုတော်လှန်၊ တရားကို အဆိပ်ပမာ ထွေးအံ မိခဲ့လို့ ယနေ့အထိ အဝီစိ ငရဲမှာ ပူလောင်စပ်ခါးတဲ့ ဆင်းရဲကို ခံနေရတုန်းပါ။ တကယ်တော့ မရှိတာထက် မသိတာက ပိုခက်ပါတယ်။

ဘုရင် အဇာတသတ်ဟာလည်း တိဟိတ်ဉာဏ်ကြီးရှင် ဖြစ်ပေမယ့် ဘုရားကို မြင်ရုံသာမြင်ရပြီး အတွေ့နောက်ကျသွားခဲ့လို့ ဖခင်ကို သတ်မိသည်အထိ အမှားကြီး မှားခဲ့ပါတယ်။ နောက်ပိုင်းရောက်မှ ဘုရားနှင့်တွေ့ရလို့ အဝီစိငရဲမှ လွတ်လောက်အောင် ပြစ်ဒဏ်သက်သာခဲ့သော်လည်း ခြေလွန်လက်လွန် အမှားကြီးက လက်ဦးသွားမိခဲ့လို့ လောဟကုမ္ဘီငရဲငယ်မှာ ယနေ့ထိ ပူလောင်တဲ့ ဆင်းရဲကို ခံနေရတုန်းပါ။ နှစ်ပေါင်း-၆၀၀၀၀ (ခြောက်သောင်း) ကြာအောင် ခံနေရမှာပါ။ အကောင်းဆိုတာ လက်ဦးလေ စိတ်အေးရလေ၊ ကြိုတင်လေ စိတ်ချရလေပဲ။

ဘုရင်အဇာတသတ်ရဲ့ အမတ်ချုပ်ကြီးဖြစ်တဲ့ ဝဿကာရဟာလည်း ဘုရားသာသနာနှင့် ကြုံရပေမယ့် မကြိုက်ခဲ့ပါဘူး။ အရှင်မဟာကစ္စည်း ရဟန္တာကို 'မျောက်ကြီး' လို့ နှုတ်နဲ့ ပြောဆို ပြစ်မှားမိခဲ့တာကြောင့် သေတော့ မျောက်ကြီး ဖြစ်သွားရရှာတယ်။ ကိုယ့်တရားခံအစစ်ဟာ ကိုယ်ပါပဲ။

သိန်း-၈၇၀၀ ကြွယ်ဝတဲ့ တောဒေယျ သူဌေးကြီးဟာလည်း ဘုရားကို မြင်ရုံသာ မြင်ရပြီး အသိစိတ်ထဲ ဘုရားမရောက်တော့ မတွေ့လိုက်ရဘူး။ တရားဝေးခဲ့ရတယ်။ ပစ္စည်းစွဲလမ်းမှု လောဘက ကြီး၊ နှမြောမှု မစ္ဆေရကထူ၊ ဒေါသအပူက အလွန်များလွန်းလို့ သေတော့ သူ့အိမ်ထဲ ခွေးကြီး ဖြစ်ရတယ်။ လူ့ချမ်းသာကို အထုပ်နဲ့ မတိုင်းတာပါဘူး။ အထုပ်ကိုနိုင်တဲ့ အလုပ်နဲ့သာ တိုင်းတာ သတ်မှတ် ဘောင်ခတ်ထားပါတယ်။ အသိမရှိသလောက် အထုပ်ပိပြီး ဒုက္ခရောက်တတ်စမြဲပါ။

ဘုရားရှင်ရဲ့ ဦးရီးတော် သုပ္ပဗုဒ္ဓဟာလည်း ဘုရားရှင်ရဲ့ ဆွေမျိုးရင်း ဖြစ်ခဲ့ရပေမယ့် အသိစိတ်ထဲ ဘုရားမရောက်ခဲ့တော့ မြင်ရက်သားနဲ့ မတွေ့ခဲ့ရဘူး။ ဘုရားကို ရန်လုပ်မိလို့ မြေမျိုခံရရှာတယ်။ နောက်ဆုံးတော့ ကိုယ့်တရားကလွဲလို့ ဘယ်သူမှ ကိုယ့်ကို ကယ်တင်နိုင်ကြမှာ မဟုတ်ပါဘူး။

ကဿပဘုရား သာသနာတုန်းက ပိဋကအမော် စာချအကျော် ဆရာတော် အရှင်ကပိလဟာ ပိဋကသုံးပုံ တစ်ဖက်ကမ်းခတ် ပါရဂူမြောက် တတ်ကျွမ်းပြီး နှစ်ပေါင်းများစွာ စာပေ ပို့ချနေခဲ့သော်လည်း အသိစိတ်ထဲ ဘုရားနှင့်တရား လေးလေးနက်နက် မရောက်ခဲ့လို့ ကြုံရုံသာကြုံပြီး မကြိုက်လိုက်ရဘူး။ စာပေနှင့်ဘဝကို အလွဲသုံးစားလုပ်မိလို့ သေတော့ ငရဲကျရရှာတယ်။ ပျံတော်မမူရဘဲ လျှိုးတော်မူရရှာတယ်။ အကျင့်မပါတဲ့ အသိဟာ အသိသေနေတာဖြစ်တဲ့ကြောင့် တကယ့်အရေးမှာ ကိုယ့်ကို မကယ်နိုင်သေးပါဘူး။

ကဿပဘုရား သာသနာတုန်းကပဲ ဒု-သ-န-သောလို့ နာမည်ကြီးတဲ့ သူဌေးသား လေးယောက်ဟာလည်း သာသနာနှင့် ကြုံခဲ့ရပေမယ့် မကြိုက်ခဲ့ရပါဘူး။ အသိထဲ တရားမရောက်ဘဲ ဘဝနှင့်ပစ္စည်း ကုဋေ-၄၀ (သိန်း-၄၀၀၀)ကို အလွဲသုံးစားလုပ်ပြီး မကောင်းမှုကိုသာ တစ်ဘဝလုံး လွန်ကျူးနေမိခဲ့လို့ သေတော့ လောဟကုမ္ဘငရဲကို ရောက်ကြရတယ်။ ယနေ့ထိ ပူလောင်လှတဲ့ ငရဲဒုက္ခကို ခံနေကြရတုန်းပဲ။ ငရဲ ရောက်တော့မှ လူ့ဘဝတန်ဖိုးကို သိကြတယ်ဆိုပဲ။ နောင်တဆိုတာ နောင်မှ တ ရတာဖြစ်လို့ ပူရုံကလွဲလို့ ဘာမှ အကျိုး မရှိတော့ပါဘူး။

ယခု ဘုရားလက်ထက်မှာ ဗာရာဏသီမြို့က ကိုကြွယ်ပေါ်နှင့် မကြွယ်ဌေးတို့ ဇနီးမောင်နှံဟာ မိဘအမွေကုဋေ-၁၆၀ (သိန်း-၁၆၀၀၀) ရခဲ့ကြတယ်။ အရိယာ ဖြစ်နိုင်လောက်အောင်လည်း အတိတ်ကံ အမွေ ပါခဲ့ကြတယ်။ ဒါပေမယ့် တရားဆက်သွယ်ရေးမရှိတော့ ဘဝအသိမဲ့ခဲ့ကြတယ်။ အသိထဲ တရားမရောက်ဘဲ လူညံ့လူဖျင်းတွေသာ ဖြစ်သွားကြတယ်။ အမွေလည်းအကုန်ဆုံး၊ အိမ်နှစ်လုံးလည်း လက်လွတ်ပြီး ဗလာသုညတွေ ဖြစ်သွားကြပါတယ်။ အရိယာလည်း မဖြစ်၊ သူဌေးလည်း မဖြစ်ကြရတော့ဘဲ ကျက်သရေမဲ့တဲ့ သူတောင်းစားဘဝနဲ့ ဘဝနိဂုံး ချုပ်ခဲ့ကြရတယ်။ သာသနာနှင့်ကြုံပေမယ့် မတွေ့လိုက်ရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


သဒ္ဓါကြွယ်ပေမယ့် ပညာငယ်နေရင်လည်း သာသနာနှင့် ကြုံရက်သားနဲ့ လွဲတတ်ပါတယ်။ ယခု ဘုရားလက်ထက်က တစ်ဦးတည်းသော သူဌေးသား အရှင်သုဒိန်ဟာ သဒ္ဓါတရား ကောင်းလွန်းလို့ အသက်နှင့် လဲလှယ်ပြီး ရဟန်းပြုခဲ့သူ ဖြစ်ပေမယ့် ချင့်ချိန်နိုင်တဲ့ ပညာနည်းပါးတော့ အမှားကို ကျူးလွန်မိပြီး တစ်ဘဝလုံး ပူလောင်မှုနဲ့ပဲ အဆုံးသတ်ခဲ့ရတယ်။ သာသနာတွင်း ရောက်တာတောင် သာသနာနှင့် မတွေ့လိုက်ရဘူး။ နစ်နာလိုက်တာ။

အသိမရှိရင် သူများအိမ် ဝင်ရောက်တည်းခိုရဖို့ဆိုတာ အသာထား၊ ကိုယ့်ခန္ဓာမှာတောင် တည်းခိုလို့ မရပါဘူး။ ဘယ်အာရုံမှာမှ လုံလုံခြုံခြုံ တည်းခိုခွင့် ရမှာလည်း မဟုတ်ပါဘူး။ ဘဝအသိဆိုတာ လူ့မျက်လုံးပဲ။ လူ့မျက်လုံး မရှိရင် ဒုက္ခထွက်ပေါက်တရားကို မသိမြင်နိုင်အောင် အဝိဇ္ဇာက ဘဝကို မှောင်ချထားလိုက်တယ်။ ဒီတော့ တဏှာက အရှုပ်အပူထဲ ပိတ်လှောင်ထားပြီး ဆင်းရဲမျိုးစုံ ဒုတ်တွေနဲ့ အချိန်ပြည့် ရိုက်နှက်နေတော့တာပဲ။

ကံကောင်းလို့ ဘုရားတရားရှိတဲ့နေရာမှာ နေရသူဟာ သဒ္ဓါနဲ့စိတ်ကို သန့်ရှင်းလို့ ပညာနဲ့ အမြင်ရှင်းအောင် ကြည့်နိုင်ရင် ဘုရားကို မြင်တိုင်း တွေ့နိုင်တယ်။ သာသနာနှင့် ကြုံတော့လည်း ကြိုက်နိုင်တယ်။

ယခု ဘုရားလက်ထက်မှာ ရာဓဆိုတဲ့ အမျိုးသားကြီးတစ်ယောက် ရှိခဲ့ဖူးတယ်။ အသက်အရွယ် ကြီးလာတော့ မိသားစုတွေက သူ့ကို တန်ဖိုး မထားကြတော့ဘူးတဲ့။ လူအိုကြီးမို့လို့ အိမ်မှာ ပိုတယ် ရှုပ်တယ်လို့ ထင်လာကြတယ်။ မထေမဲ့မြင် အပေါ်စီး ဆက်ဆံချင်ကြတယ်။ ပြက်ရယ်ပြု ပြောင်လှောင်ချင်ကြတယ်။ ကိုယ်က အိမ်ထောင်ဦးစီးဖြစ်ပေမယ့် ကိုယ့်မိသားစုကို ဘာတစ်ခုမှ စီမံခန့်ခွဲပိုင်ခွင့် မရှိတော့ဘူး။ ရာဓကြီးဟာ အလိုက်မသိတတ်တဲ့ မိသားစုနှင့် အတူ နေရမှာကို ရွံမုန်းစက်ဆုပ် ငြီးငွေ့သွားတယ်။ သူတို့ကလဲ ကိုယ့်ကို မခင်တွယ်ကြတော့၊ ကိုယ်ကလည်း သူတို့ကို လုံးဝ မခင်တွယ်တော့ဘူး။ တရားကျင့်လိုသူအတွက် ဒါဟာ အခွင့်အရေး အောင်ပွဲတစ်ခုပဲ။ ဘာမှ ထူးဖြတ်ဖို့ မလိုတော့ဘူး။ အလိုလို ပြတ်နေပြီးသား၊ လောကဖက်က ဒိုးပြရင် တရားဘက်က ကောင်းပြရုံပဲ မဟုတ်လား။ သာသနာနှင့်တွေ့ဖို့ မိသားစုတွေက သံယောဇဉ် ပြတ်လောက်အောင် စိမ်းကားပြပြီး ကူညီလိုက်ကြတယ်။ တရားအတွက် ကျေးဇူးတင်စရာကြီးပဲ။

မိသားစုနှင့် အတူမနေလိုတော့ဘဲ ရဟန်းပြုလိုတဲ့ဆန္ဒနဲ့ ဘုရားသီတင်းသုံးရာ ကျောင်းကို သွားပြီး ဝေယျာဝစ္စ ပြုနေတယ်။ ရာဓကြီး လမ်းတစ်ဝက်မက အောင်သွားပြီပေါ့။ ရဟန်းတော် တစ်ပါးချင်းထံ သွားပြီး ရဟန်းပြုခွင့် တောင်းပေမယ့် 'လူအိုကြီး' ဆိုပြီး ဘယ်ရဟန်းကမှ လက်မခံကြဘူး။ ခွင့်လည်း မပြုကြဘူး။ တစ်နေ့တော့ အရှင်သာရိပုတ္တရာရဲ့ ချီးမြှောက်မှုနဲ့ ရဟန်းအဖြစ် ရသွားတယ်။ ရာဓကြီးက ဟိုတစ်ချိန်တုန်းက အရှင်သာရိပုတ္တရာအတွက် ဆွမ်းတစ်ဇွန်း လောင်းလှူခဲ့ဖူးတယ်ဆိုပဲ။ အဲဒီ ဆွမ်း တစ်ဇွန်း ကျေးဇူးကြောင့် အရှင်သာရိပုတ္တရာက ရာဓကို သပိတ်သင်္ကန်း ပေးစွန့်ပြီး ရဟန်းပြု ပေးလိုက်တာတဲ့။ ချီးကျူးစရာပဲ။

တစ်သက်လုံး ကျွေးမွေးစောင့်ရှောက် ကူညီထားခဲ့ရတဲ့ ကိုယ့်သွေးသားအရင်းဖြစ်တဲ့ မိသားစုတွေက ဘာကျေးဇူးမှမသိဘဲ မိုက်ရိုင်းစွာ စိမ်းကားလိုက်ကြပေမယ့် ဆွမ်းတစ်ဇွန်းကို တစ်ကြိမ်မျှသာ လောင်းလှူ ကူညီခဲ့ရဖူးတဲ့ အရှင်သာရိပုတ္တရာက ကျေးဇူးသိပြီး ဥပဇ္ဈာယ်ပြု ရဟန်းခံပေးလိုက်တယ်ဆိုတော့ ကြက်သီး ထစရာ ကောင်းလောက်အောင် အံ့သြချီးကျူးစရာကြီးပဲ။

အရှင်သာရိပုတ္တရာက အသက်အရွယ်ကြီးမှ ရဟန်းပြုခွင့်ရတဲ့ အရှင်ရာဓ မျက်နှာမငယ်ရ အားမငယ် ရအောင် စားရေးနေရေးပါမကျန် အကုန်တာဝန်ယူလိုက်တယ်။ ချီးမြှင့်ပေးကမ်းထားတယ်။ နေ့တိုင်း အနားခေါ်လို့ ဟောပြောဆုံးမပေးပြီး တရားနဲ့လည်း ချီးမြှောက်ပေးပါတယ်။ အရှင်ရာဓဟာ ပြောဆို ဆုံးမလို့ သိပ်ကောင်းတယ်ဆိုပဲ။ ဆရာသမားစကားကို သိပ်ပြီး တန်ဖိုးထား လေးစားသတဲ့။ ဆုံးမတဲ့အတိုင်း တကယ် ကျင့်သုံးအားထုတ်သတဲ့။ 'မွန်းတိမ်းမှ လှန်းတဲ့စပါးဟာ နာနာမွေပေးမှ အချိန်မှီ ခြောက်တော့မယ်' လို့ သဘောထားပြီး သဲသဲမဲမဲ စွဲစွဲမြဲမြဲ တရားအလုပ် အားထုတ်လိုက်တာ မကြာမီ ရဟန္တာဖြစ်သွားသတဲ့။ သာသနာနှင့် တကယ်တွေ့သွားပြီပဲ။ အခါနှောင်းပေမယ့် အလာကောင်းပါတယ်။

ကမ္ဘာကျော်လူဆိုးကြီး အင်္ဂုလိမာလဟာ လူ-၁၀၀၀ နီးပါးကို မဆင်မခြင် မိုက်မိုက်ကန်းကန်း သတ်ဖြတ်ခဲ့သူ ဖြစ်ပေမယ့် ကံကြီးမထိုက်သေးတော့ ဘုရားနှင့် တွေ့ရတဲ့အခါ တရားနာရလို့ သဒ္ဓါ ပညာတွေ ရရှိ တိုးပွားခဲ့တယ်။ ရဟန်းအဖြစ်နဲ့ တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားခဲ့တယ်။ ဘုရားကို မြင်တော့



www.burmeseclassic.com

www.burmeseclassic.com


တွေ့ရတယ်။ သာသနာနှင့်ကြုံတော့ ကြိုက်နိုင်တယ်။ သဒ္ဓါ ပညာ ပြည့်စုံတဲ့အတွက် သာသနာနှင့်တွေ့ရလို့ ကောင်းကျိုးချမ်းသာ ရသွားသူတွေ အများကြီးပဲ။ နာဠာဂီရိဆင်တို့၊ ဗုဒ္ဓရက္ခိတ ကြက်တူရွေးတို့၊ လင်းနို့သား ၅၀၀-တို့၊ ဖားတို့ စတဲ့ တိရစ္ဆာန်တွေတောင် သာသနာနှင့် တွေ့ခွင့်ရလို့ တိရစ္ဆာန်အလျောက် ကောင်းကျိုး ရသွားကြသေးတာပဲ။ လူဆိုတော့ ဘာပြောစရာလိုတော့မှာလဲ။ သာသနာဟာ သတ္တဝါတွေအတွက်ပဲ ပေါ်ပေါက်လာတာ ဖြစ်လို့ တကယ့်အားကိုးစရာကြီးပါ။

## ၄။ အသိထူးချွန် လမ်းကောင်းမှန် စကန်ကောင်းတာရ

- **အဝတ်မပါ၊ ရှက်စရာ၊ ဗလာကိုယ်ထီးနေ။**
- **ထိုင်ရာမှထ၊ ဖုံခါရ၊ ရှုပ်လှအလုပ်တွေ။**
- **ဆံပင်များကို၊ ရိတ်လိုသောခါ၊ ညှပ်ဖြင့်သာ၊ ဆွဲကာနှုတ်ရချေ။**
- **တိတ္ထိညစ်နွမ်း၊ ရှင်ရဟန်း၊ ပင်ပန်းလွန်းလှချေ။**
- **အဆိုးကိုပင်၊ အကောင်းထင်၊ အမြင်လွဲလှပေ။**
- **သဲကိုညှစ်က၊ ဆီမရသို့၊ ဒုက္ခတွေသာ၊ တိုး၍လာ၊ လူညာအလုပ်တွေ။**
- **လမ်းကြောင်းမရှိ၊ နည်းမသိက၊ လုပ်သမျှမှာ၊ ဒုက္ခသာ၊ ကြီးစွာဆင်းရဲပင်ပန်းချေ။**
- **လမ်းကြောင်းလည်းရှိ၊ နည်းကိုသိက၊ လုပ်သမျှမှာ၊ စွမ်းအားပါ၊ ကောင်းရာရောက်၍ ချမ်းသာပေ။**

နည်းလမ်းမမှန်ရင် ကောင်းတာလိုချင်ပေမယ့် ရနိုင်မှာမဟုတ်ပါဘူး။ ဒုက္ခအပူ လွတ်ချင်လွန်းလို့ ပင်ပန်းကြီးစွာ အဆင်းရဲခံ ကျင့်နေတတ်ကြတဲ့ သာသနာပအယူရှိသူ တစ်ချို့အကြောင်းစာထဲမှာ တွေ့ရဖူးတယ်။ သူတို့ ရဟန်းပြုကြတော့ -

(၁) အဝတ်မဝတ်ဘဲ ဗလာကိုယ်ထီး ကိုယ်တုံးလုံး ချွတ်နေတယ်။ ခြိုးခြံလိုက်တာ အဝတ်တောင် မဝတ်တော့ဘူးတဲ့။

(၂) အဝတ်မဝတ်တော့ ကြမ်းပေါ်၊ မြေကြီးပေါ်ထိုင်ပြီး ထိုင်ရာမှထတိုင်း တင်ပါးဖုံပေလို့ ဖုံခါထရတယ်တဲ့။

(၃) ကတုံးတုံးလိုတဲ့အခါ သင်တုန်းဓါးနဲ့ မရိတ်ဖြတ်ဘဲ ထန်းစေ့မှုတ်နဲ့ညှပ်ပြီး ဆံပင်ဆွဲနှုတ်တာတဲ့။

တစ်ချို့များ ပခုံးလောက်နက်တဲ့တွင်းကိုတူး၊ တွင်းထဲမှာ လူကိုမတ်တတ်ချ၊ ပခုံးနှစ်ဖက်ပေါ် ပျဉ်ချပ် တစ်ချပ်စီ တင်၊ ပျဉ်တစ်ချပ်စီပေါ် လူနှစ်ယောက်စီ ဝိုင်းနင်း၊ မလှုပ်မရှန်းနိုင်အောင် ဖိညှပ်ချုပ်ထားပြီးမှ ခေါင်းက ဆံပင်ကို ဆွဲနှုတ်တာတဲ့။ ဒါမှ ကိလေသာတွေ ထွက်ပြေးပြီး ဆင်းရဲလွတ်ငြိမ်းမယ်လို့ ယူဆကြတယ်ဆိုပဲ။ ဒုက္ခတွေတိုး ပိုဆိုးပြီး မချိမဆန့် ဆင်းရဲပင်ပန်းရှာမှာပါ။

ဘုရားရှင်က 'ဒီလိုအလွဲအမှားတွေ ထင်ရာလျှောက်လုပ်နေတာထက် ဘာမှမလုပ်ဘဲ အပျင်းထူပြီး ငြိမ်နေတာကပဲ ချမ်းသာခွင့် ရနိုင်သေးတဲ့အကြောင်း' မိန့်ကြားထားတာ ရှိပါတယ်။ ဒုက္ခရောက်မယ့် အလုပ်ကို ထင်ရာလျှောက်လုပ်နေသူထက် အပျင်းထူနေသူက သက်သာခွင့် ရနိုင်သေးတယ်လို့ ဆိုလိုတာပါ။ လူပျင်း ချမ်းသာဆိုတာလည်း ဒါပါပဲ။

အလုပ်မှန်အရာမှာ မလုပ်ဘဲ အပျင်းထူရင် ဆင်းရဲတယ်။ ကြိုးစားအားထုတ် အလုပ်လုပ်မှ ချမ်းသာမယ်။ အလုပ်မှား အရာမှာတော့ မလုပ်ဘဲ အပျင်းထူရင် ချမ်းသာတယ်။ သက်သာခွင့် ရတယ်။ ကြိုးစားအားထုတ် အလုပ်လုပ်ရင် ဆင်းရဲမယ်။ လှုပ်လေမြုပ်လေ နှုတ်လေမြုပ်လေနဲ့ ဒုက္ခတွင်းထဲပဲ နစ်မြုပ်သွားမယ်။

မောဟ မကင်းသေးသမျှ အမှားဆိုတာ တွေ့ရစမြဲပါပဲ။ အမှားဆိုတာ 'လွဲမှား' 'စွဲမှား' လို့ နှစ်မျိုးရှိတယ်လို့ ဆိုရမယ်။ ဒိဋ္ဌိမပါတဲ့ မောဟအမှားက လွဲမှား၊ ဒိဋ္ဌိပါလာရင် စွဲမှားပေါ့။ လွဲမှားက အမှန် ပြင်ပေးနိုင်သူနှင့်တွေ့လို့ ပြင်ပေးလိုက်ရင် အမှန် ဖြစ်သွားတတ်ပါတယ်။ စွဲမှားမျိုးကတော့ ဘုရားရှင်တောင် ပြင်ပေးလို့ မရလောက်အောင် စွဲနေတာဖြစ်လို့ ပြင်မရတဲ့ အမှားမျိုးပါ။


www.burmeseclassic.com

www.burmeseclassic.com


ဘုရားရှင်လက်ထက်က အရှင်ဗာကုလရဲ့ ငယ်သူငယ်ချင်း အစေလကဿပဟာ စောစောက အညတိတ္ထိတို့ထံမှာ ပြဆိုခဲ့ပြီးတဲ့နည်းအတိုင်း ရဟန်းပြုနေသူဖြစ်တယ်။ အချိန်ကြာမြင့်စွာ အပင်ပန်းခံ ကျင့်နေပေမယ့် သဲကို ဆီညှစ် ဆီ မထွက်သလို ဘာမှကောင်းကျိုး မရှိတဲ့အလုပ် မှားမှန်းသိလို့ အရှင်ဗာကုလထံ ပြေးလာတယ်။ အလုပ်မှန်ကို နည်းခံပြီး ရဟန်းပြု အားထုတ်လိုက်တာ ရဟန္တာ ဖြစ်သွားတယ်လို့ ဆိုတယ်။ သူအမှားက ပြုပြင်လို့ရတဲ့ လွဲမှားမျိုးပါ။ အစေလကဿပဟာ အရှင်ဗာကုလဟောတဲ့တရားကို နာရလို့ သဒ္ဓါ ပညာဖြစ်ပေါ် တိုးပွားပြီး သာသနာနှင့် တကယ် တွေ့သွားရတယ်ပေါ့။

ဒီလို အမှားမျိုးတွေနဲ့ အချိန်ကုန်နေသူ အတွက် '၄၅' နှစ် စတဲ့ ဂုဏ်ယူစရာ အရေအတွက်တွေ ပေါ်မလာနိုင်ပါဘူး။ တိုးလာသမျှ အရေအတွက်တွေက ကြောက်စရာ စိတ်ပျက် အားငယ်စရာတွေချည်း ဖြစ်နေမှာပါ။

ယခုလောကထဲမှာ မြတ်ဗုဒ္ဓရဲ့အဆုံးအမ တရားလမ်းကြောင်း အမှန် ရှိနေပါတယ်။ လမ်းကြောင်း ရှိပေမယ့် ဆက်သွယ်ပေးသူ မရှိရင် နည်းလမ်းသိရမှာမဟုတ်လို့ နှမြောစရာအချိန်တွေ အလကား ကုန်နေဦးမှာပဲ။ ဆက်သွယ်ပေးသူတွေရှိမှပဲ နည်းလမ်းကို အမှန်သိပြီး အချိန်နှင့်ဘဝကို အဖိုးတန်အောင် အချိန်မှီ အသုံးချနိုင်မှာပါ။ ဒါမှ ရေတွက်နေရသမျှ အားတက် ကြည်နူးစရာတွေချည်း ဖြစ်နိုင်မှာ သေချာတယ်။

မိမိတို့ဟာ မြတ်ဗုဒ္ဓရဲ့တရားလမ်းကြောင်း အမှန်လည်းရှိနေလို့၊ လမ်းကြောင်းအရှိကို သိခွင့်ရအောင် ဆရာတော် သံဃာတော်များကလည်း ဆက်သွယ်ပေးကြပေလို့ '၄၅' နှစ် စတဲ့ အရည်အသွေးပါတဲ့ ဂုဏ်ယူစရာ အရေအတွက်တွေကို ရဲရဲရေတွက်နိုင်ကြတာဖြစ်ပါတယ်။

## ၅။ ကောင်းမှုထုံမွှမ်း မြတ်ရဟန်း အစွမ်းပြနိုင်စေ

- **ဥဒေါင်းပမာ၊ ဝတ်ကြောင်မှာ၊ တူကာ အဆင်းလှ။**
- **လှစေကာမူ၊ အကျင့်ဟူ၊ အပူများ၍ မတွင်ကြ။**
- **ရှင်ရဟန်းမှာ၊ သန့်ရှင်းကာ၊ ဟသ်ာပုံသို့ပြ။**
- **လူလောက်မလှ၊ ရှင်းလှသော်လဲ၊ အကျင့်စွဲ၊ အမြဲတွင်အောင်ရှန်းနိုင်ကြ။**
- **ဥတ်-ကမ္ဘဝါ၊ သိမ်-သံဃာဟု၊ ပေါင်းကာစု၊ ဝတ္ထု ၅-ပါး ပြည့်စုံရ။**
- **နှစ်ရာ့နှစ်ဆယ်၊ ခုနစ်သွယ်ကို၊ ကိုယ်ဝယ်ဆင်မြန်း၊ မြတ်ရဟန်း၊ အစွမ်းပြနိုင်ကြ။**
- **ကောင်းမှုထုံမွှမ်း၊ မြတ်ရဟန်း၊ အစွမ်းပြနိုင်ရ။**

'ရှင်ရဟန်း' ဆိုတဲ့စကား 'ရှင်ပြု ရဟန်းခံ' ဆိုတဲ့စကားဟာ ထေရဝါဒသာသနာရှိတဲ့ နေရာ အခါမျိုးမှာမှ ပြောနိုင်ကြားနိုင်တဲ့ စကားမျိုးပါ။ ဗုဒ္ဓသာသနာရှိတဲ့နေရာ၊ အခါမှပဲ လုပ်လို့ ဖြစ်နိုင်တာမျိုးပါ။

နေ့စဉ် မြတ်မြတ်နိုးနိုး ရေတွက်ယူနေရမယ့် လူ့ဘဝရဲ့အနှစ်ချုပ်က ကုသိုလ်တစ်မျိုးတည်းပါ။ စိတ်ကောင်းမှ ရနိုင်တာကြောင့် ကောင်းမှုလည်း ဟုတ်တယ်။ အဆိုးကို နိုင်လို့ အကောင်းကို ပိုင်ဖို့ တာဝန်ယူတာကြောင့် အရှိန်အဝါ၊ စွမ်းအား၊ တန်ခိုးလို့လည်း ခေါ်နိုင်ပါတယ်။ လူဟာ အရှိန်အဝါနဲ့ နေနိုင်ဖို့ အရေးကြီးပါတယ်။

လူဆိုတာ ကုသိုလ်အရှိန်နဲ့ လာခဲ့တာ၊ လူဖြစ်နိုင်လောက်အောင် အတိတ်ကုသိုလ်က လုံလောက်လို့ လူ ဖြစ်ခဲ့တာ။ နေတော့လည်း ကုသိုလ်အရှိန်နဲ့ပဲ နေနိုင်အောင် ကြိုးစားနေရမယ်။ လူ့ဘဝရဲ့ အဓိက တာဝန်က ကုသိုလ် ရရှိတိုးပွားရေးပါ။

ကုသိုလ်ရဲ့သဘောက အပြစ်မရှိဘူး။ ကောင်းကျိုးကိုပဲ ပေးတယ်။ ကုသိုလ်အရှိန်နဲ့ လူဖြစ်ရသူဟာလည်း အပြစ်ကင်းအောင် နေနိုင်ရမယ်။ မိမိ၊ သူတစ်ပါးကောင်းကျိုး ဆောင်ပေးနိုင်ရမယ်။ စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေး ဘာပဲလုပ်လုပ် အပြစ်ကင်းအောင် လုပ်နိုင်ဖို့ လိုမယ်။ ကိုယ့်ကို အာမခံ တာဝန်ယူနိုင်မယ့် ကောင်းကျိုးပြု ကောင်းမှုစွမ်းအား ပေါ်အောင်လည်း သတိဉာဏ်နဲ့ ဖော်ထုတ်ယူရမယ်ပေါ့။ ဒါမှ အပြန်လည်း ကုသိုလ်အရှိန်နဲ့ပဲ ပြန်နိုင်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com


ဘဝအနှစ်ကောင်းမှုကို ယူတဲ့အခါ လူ့ဝတ်ကြောင်ဘဝထက် ရှင်ရဟန်းဘဝနဲ့ ယူရတာက များများလည်း ရနိုင်တယ်။ မြန်မြန်လည်း ရနိုင်တယ်။ ပိုလည်း စင်ကြယ်ကောင်းမွန်နိုင်တယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ သစ်ပင်တက်တဲ့ လူလိုပေါ့။ အသီးမှည့်ရှိတဲ့ သစ်ပင်ပေါ်တက် ဆွတ်ခူးတဲ့အခါ သစ်ပင်ခေါင်ဖျားရောက်အောင် တက်ခူးတဲ့လူဟာ များများ မြန်မြန်ရအောင် ကောင်းတာကိုရွေးပြီး ဆွတ်ခူးနိုင်ပေမယ့် ခြေချော်လက်ချော်ပဲ ဖြစ်ဖြစ်၊ သစ်ကိုင်းဖျား ကျိုးပဲ့သွားလို့ပဲ ဖြစ်ဖြစ် အောက်ကို လိမ့်ကျရင်တော့ မသေဘူးဆိုရင် ကံကောင်းလို့ပဲ။ ရုပ်ပျက်ဆင်းပျက် မချိမဆံ့ ကျိုးပဲ့ ကွဲပြဲကုန်မှာတော့ သေချာပေါက်ပါ။

အောက်ဆုံး သစ်ပင်ခွကြားလောက်တက်ပြီး ဝါးရှည်ရှည်နဲ့ အဝေးက လှမ်းဆွတ်ခူးသူကတော့ အရနည်းလို့ နှေးနေပေမယ့် မတော်တဆ ခြေချော်လက်ချော် ကျသွားရင် ပွန်းပဲ့ရုံလောက်ပါပဲ။ သစ်ပင်ခေါင်ဖျားက လိမ့်ကျသူလောက် အကျ မနာတတ်ပါဘူး။

ရှင်ရဟန်းဘဝလည်း အမြင့်ကြီးတက်ရတာဖြစ်လို့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဉာဏ်အားနည်းရင် လူ့ဝတ်ကြောင် ဘဝထက် အကျနာတတ်ပါတယ်။ ပရိယတ်၊ ပဋိပတ်ကို လွှတ်ထားလိုက်ရင် အားလပ်ချိန် သိပ်များသွားတော့ အထိန်းအကွပ်မရှိ တွေးချင်ရာ လျှောက်တွေး၊ အတွေးလွန်သွားတော့ ထိန်းမရ သိမ်းမရ ပြောချင်ရာ လျှောက်ပြော၊ စည်းဘောင်ကျော်ပြီး လုပ်ချင်ရာ လုပ်မိသွားရင် လူ့ဝတ်ကြောင်တွေထက် ပိုပြီး အကုသိုလ် များတတ်၊ မြန်တတ်တာကိုလည်း အထူးသတိထားဖို့ လိုမှာပါ။ ပရိယတ်၊ ပဋိပတ် ကြိုးစားနေသူအတွက် အားလပ်ချိန် မရှိသလောက် နည်းနေတော့ အကုသိုလ်ဖြစ်ချိန် သိပ်နည်းနေတတ်ပါတယ်။

ဘုရားရှင်က 'လူ့ဝတ်ကြောင်ဟာ ဒေါင်းနှင့်တူတယ်။ ရှင်ရဟန်းဟာ ဟင်္သာနှင့်တူတယ်' လို့ ဥပမာ ပေးထားတယ်။ ဒေါင်းဟာ လှပေမယ့် အမြီးအမောက် အတောင်ကိုးရိုးကားရားနဲ့ ဟိုတိုးဒီတိုက် အငြိအတွယ် များလွန်းလို့ ပျံသွားရတာ မတွင်ဘူး။ လေးလည်း လေးတယ်တဲ့။ ဟင်္သာဟာ ဒေါင်းလောက် မလှပေမယ့် ငြိစရာမရှိလို့ ပျံရတာ တွင်တယ်။ အရှိန်ကောင်းလို့ မြန်တယ်တဲ့။ ပေါ့ပေါ့ပါးပါး ရှိတယ်တဲ့။

လူ့ဝတ်ကြောင်ဘဝဟာလည်း စိတ်တိုင်းကျ ဝတ်စားဆင်ယင် ပြုပြင်နေကြတာဖြစ်လို့ ရှင်ရဟန်းဘဝထက် လှပေမယ့် အာရုံ အငြိအတွယ် များလွန်းတော့ နှေးတယ်၊ လေးတယ်တဲ့။ ကုသိုလ်လုပ်ရတာ မတွင်ဘူးတဲ့။ ရှင်ရဟန်းဘဝကတော့ ကတုံးလည်းတုံး၊ ဖန်ရည်စွန်းတဲ့အဝတ်ကို ပုံစံဖျက် ချုပ်ဝတ်ထားရတာလဲဖြစ်လို့ လူ့ဝတ်ကြောင်လောက် မလှပေမယ့် ငြိတွယ်စရာမရှိတော့ ရှင်းရှင်းသွားနိုင်တယ်။ သီလအရှိန် ကောင်းတော့ မြန်တယ်တဲ့။ ကောင်းမှုကို မြန်မြန်များများလိုချင်လို့ ရှင်ရဟန်း ဝတ်တာပါ။ အမျိုးသမီးများ ဘိက္ခုနီ မရှိတဲ့နောက် သီလရှင် ဝတ်ကြတာဟာလည်း ကောင်းမှုတွေ မြန်ချင် များချင်လို့ပါ။

ပြီးတော့ သမ္မုတိရဟန်းခံတဲ့အခါ -

(၁) အသံမှန် နေရာမှန်နဲ့ ရှေးဦးစွာ ဝတ်ကိုလည်း တစ်ကြိမ်ရွတ်ဆိုရမယ်။

(၂) အသံမှန်နေရာမှန်နဲ့ ကမ္မဝါစာကိုလည်း သုံးကြိမ်ရွတ်ဆိုရမယ်။

(၃) အပြစ်ကင်းတဲ့သိမ်ကောင်းထဲမှာ ရဟန်းခံတာလည်း ဖြစ်ရမယ်။

(၄) သိမ်ဝင်ရဟန်းဖြစ်တဲ့သံဃာ အနည်းဆုံး ငါးပါးရှိရမယ်။ မဇ္ဈိမဒေသမှာတော့ ၁၀-ပါး ရှိရမယ်။

(၅) သတ်မှတ်တားမြစ်ထားတဲ့ အပြစ်လုံးဝကင်းစင်တဲ့ အသက်-၂၀ ပြည့်သူ လူသား စစ်စစ် ရဟန်းလောင်းလည်း ဖြစ်ရမယ်။

ဒီငါးပါးပြည့်စုံမှ ရဟန်းလောင်းဟာ အကျဉ်း-၂၂၇ သွယ်၊ အကျယ် ကုဋေ-၉၀၀၀ ကျော်ရှိတဲ့ သိက္ခာပုဒ်ကျင့်ဝတ်သီလကို လိုက်နာကျင့်သုံးရတဲ့ အဆင့်မြင့်ရဟန်း ဖြစ်သွားနိုင်ပါတယ်။ ပရမတ္ထ အရိယာ သံဃာဆိုတာ သမ္မုတိပုထုဇဉ်သံဃာကနေပြီး သိက္ခာသုံးပါး လမ်းစဉ်နဲ့ အဆင့်ဆင့် တက်သွားရတာမျိုးပါ။

## ၆။ ကိုယ်လဲဘုန်းကြီး သူ့ဘုန်းကြီး အကြီးမှန်ပါစေ

- **ကောင်းဆိုးနှစ်တန်၊ လောကဓံကို၊ သည်းခံအောင့်အည်း၊ ချုပ်တည်းတတ်ပါ၊ ခန္တီမှာ၊ မှတ်ပါ အားအစွမ်း။**
- **ငြိမ်ငြိမ်နေကာ၊ ငြိမ်းအေးစွာ၊ ကျင့်ပါ ကိုယ့်လုပ်ငန်း။**


www.burmeseclassic.com

www.burmeseclassic.com


- **သိက္ခာလက္ခဏ်ရွေ၊ ကျက်သရေ မှတ်လေ မြတ်ရဟန်း။**
- **ဘုန်းကံလည်းကြီး၊ ဉာဏ်လည်းကြီး၊ ဘုန်းကြီး စိတ်အေးချမ်း။**

သံဃာဟာ လောကလူအများ ကောင်းမှုမျိုးစေ့ ကြဲချစိုက်ပျိုးဖို့၊ ကောင်းမှု ဖြစ်ပေါ်တိုးပွားဖို့ ပေါ်ပေါက်လာတာပါ။ သမ္မုတိသံဃာထဲမှာပါတဲ့ ရဟန်းကို 'ဘုန်းကြီး' လို့ ခေါ်ကြတယ်။ လူတွေထက် သီလဘုန်း၊ သမာဓိဘုန်း၊ ပညာဘုန်းကြီးအောင် ကြိုးစားနေသူဖြစ်လို့ပါ။ မိမိနှင့် ဆက်စပ်ခွင့်ရသူတွေ ကောင်းမှုဘုန်းကံ ဖြစ်ပေါ်တိုးပွားအောင် ကျင့်ဆောင်ပေးနေရတာဖြစ်လို့လည်း 'ဘုန်းကြီး' လို့ ခေါ်နိုင်တယ်။ လူတွေ ဘုန်းကြီးကြောင်း (ကောင်းမှုကြီးကျယ်ကြောင်း) ပုဂ္ဂိုလ်ပေါ့။

ရဟန်းဆိုတာ ကောင်းဆိုးနှစ်တန် လောကဓံကို သည်းခံ အောင့်အည်း ချုပ်တည်းနိုင်ရမယ်။ လူ့ဝတ်ကြောင်တွေထက် ခံနိုင်မှုစွမ်းအား၊ ရင့်ကျက်မှုစွမ်းအား သာလွန်အောင် ခန္တီအားကို သုံးပြီး လေ့ကျင့်နေရပါတယ်။ အကောင်းလောကဓံကြောင့် လောဘအစွန်း မထွက်ရအောင်၊ အဆိုးလောကဓံကြောင့် ဒေါသအစွန်းဖက် ရောက်မသွားအောင် ထိန်းသိမ်းလေ့ကျင့်ပေးနိုင်မှ သာမန်လူထက် ရင့်ကျက်မှာပေါ့။ ရဟန်းလို့ ပြောရင် ရှင်လည်း အတူတူပဲ။ ခန္တီဆိုတာ ရှင်ရဟန်းရဲ့ ခွန်အားပါ။

ပြီးတော့ ရဟန်းဟာ ကိုယ်နှုတ်ကို သီလနဲ့၊ စိတ်ကို သမာဓိနဲ့ ငြိမ်အောင် ထိန်းရတယ်။ ဝိပဿနာနဲ့ အပူငြိမ်းအောင် ကျင့်ရတယ်။ သီလဆိုတာ ကိုယ်နှုတ်ရဲ့ စည်းကမ်း၊ သမာဓိဆိုတာ စိတ်ရဲ့စည်းကမ်း၊ ဝိပဿနာဆိုတာ အသိရဲ့စည်းကမ်းပါ။ စကားပြောဖြစ်ရုံ သိတာမဟုတ်ဘဲ အရှိကို တကယ်သိမှ ပညာအစစ်ပါ။ အရှိကို နိုင်ဖို့ပဲ အသိပညာကို ဖြစ်ပေါ်တိုးပွားအောင် လုပ်ရတာပါ။ ရဟန်းဆို ရှင်လည်း အတူတူပဲပေါ့။ သိက္ခာသုံးပါးဟာ ရှင်ရဟန်းရဲ့ အလုပ်ပါ။

ပြီးတော့ ရဟန်းဆိုတာ လက္ခဏ်ရွေရ သိက္ခာပြည့်ပြည့် ကျင့်သုံးနေထိုင်နိုင်အောင် ကြိုးစားလေ့ကျင့်နေရပါတယ်။ အသွင်သဏ္ဌာန်က လူ့ဝတ်ကြောင်နှင့်မတူတော့ အရည်အသွေးလည်း လူ့ဝတ်ကြောင်ထက်သာအောင် မြှင့်တင်ပေးနိုင်မှ အဆင့်မြင့်ပုဂ္ဂိုလ်ဖြစ်ပြီး ဘုန်းကံပါရမီ ကြီးမားနိုင်မယ်။ မိမိနှင့် ဆက်စပ်ခွင့်ရသူ လူတွေလည်း မိမိကို အကြောင်းပြုပြီး ဘုန်းကံပါရမီ ကြီးမားခွင့် ရကြမယ်။ ဒါမှ 'ဘုန်းကြီး' အစစ် ဖြစ်မှာပါ။ ရှင်လည်း အတူတူပေါ့။ လက္ခဏ်သိက္ခာဟာ ရှင်ရဟန်းရဲ့ အလှကျက်သရေပါ။

## ၅။ တရားကျင့်ကာ ကောင်းတာလုပ်တတ် ရဟန်းမြတ်

- **သံသရာဘေး၊ ဉာဏ်ဖြင့်တွေး၊ မနေးရှုတတ်၊ ရဟန်းမြတ်။**
- **ကိလေသာတွေ၊ ဖျက်ဆီးပေး၊ မှတ်လေ ရဟန်းမြတ်။**
- **အလှူရှင်များ၊ ကောင်းမှုပွားဖို့၊ တရားကျင့်ကာ၊ ခံယူပါ၊ တောင်းတာ ရဟန်းမြတ်။**
- **တရားကြောင့်သာ၊ မြင့်မြတ်ပါ၊ မြဲစွာသတိချပ်။**

သတိရှေ့ထား ဉာဏ်တရားနဲ့ အလွန်ကြောက်မက်ဖွယ်ကောင်းလှတဲ့ သံသရာ ဝဋ်ဆင်းရဲဘေးကို မြင်အောင်ကြည့်ရှု သုံးသပ်တတ်လို့ ရဟန်း ခေါ်တာပါ။ လူတိုင်း ဆင်းရဲကြောက်ကြပေမယ့် သတိဉာဏ်ကင်းနေရင် ဆင်းရဲက လူနှင့် ခွာကိုမခွာဘူး။ လူတိုင်း ချမ်းသာ လိုချင်ကြပေမယ့် သတိဉာဏ် မရှိရင် ချမ်းသာက လူကို 'နေခဲ့ဟဲ့ နေခဲ့ဟဲ့' လို့ ကျောပေးပြီး ပြေးနေတယ်။ ဆင်းရဲလွတ်ကြောင်း ကောင်းတာလုပ်မှ ဆင်းရဲ လွတ်မှာပါ။

ဆင်းရဲတွေ ဘေးရန်တွေ ကြောက်စရာတွေ ရှိရက်သားနဲ့ မမြင်ရအောင် အဝိဇ္ဇာက ဖုံးထားတယ်။ ကလေးများ ဖုံထဲ ကစားနေတဲ့အခါ လူကြီးတွေလာလို့ မမြင်စေချင်တဲ့အရာရှိရင် ဖုံဖို့ပစ်သလို အဝိဇ္ဇာကလည်း ဉာဏ်ဆိုတဲ့လူကြီး မမြင်ရအောင် ဒုက္ခကို ဖုံဖို့ပစ်တတ်တယ်။ မကျန်းမာလို့ နေထိုင်မကောင်းဖြစ်တဲ့အခါ သတိထားကြည့်ရင် ဒုက္ခကို မြင်လာတတ်ပါတယ်။ 'ဒီရောဂါပျောက်လို့ နေကောင်းလာရင်တော့ ကောင်းမှုတရားကို မနေမနား ပြင်းပြင်းထန်ထန် ကြိုးစားတော့မယ်' လို့ ဆုံးဖြတ်မိတတ်တယ်။ ဒါပေမယ့် တကယ် နေကောင်းလာပြန်တော့ အဝိဇ္ဇာက ဉာဏ်ဆိုတဲ့လူကြီး မမြင်ရအောင် ဒုက္ခကို ဖုံဖို့သလို ဖုံးပစ်လိုက်တယ်။ နေကောင်းသွားရင် တရားမေ့သွားတတ်ပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com


ရဟန်းဆိုတာ အဝိဇ္ဇာအဖုံးကို ဉာဏ်နဲ့ခွာပြီး သံသရာဝဋ်ဆင်းရဲဘေးကို စေ့စေ့စပ်စပ် ကြည့်ရှု သုံးသပ်ဆုံးဖြတ်တတ်တယ်။ ရဟန်းဆို ရှင်လည်းပါရောပေါ့။ ဒီစကားက ရှင်ရဟန်းများရဲ့ ရည်ရွယ်ချက်နှင့် ပန်းတိုင်ကို ပြတယ်။ သံသရာဘေးကို ဉာဏ်နဲ့တွေးကြောက်လို့ သံသရာဘေးက လွတ်မြောက်ချင်လို့ ရှင်ရဟန်း ပြုကြတာ ဖြစ်လို့ပါ။ ရည်မှန်းချက် မပျောက်အောင် သတိအမြဲရှိဖို့ လိုမယ်။

ပြီးတော့ ကိလေသာကို ဖျက်ဆီးနေတတ်လို့လည်း ရဟန်းလို့ ခေါ်ပါတယ်။ ရှင်လည်း အတူတူပေါ့။ အဲဒါက ရှင်ရဟန်းရဲ့ အလုပ်ကိစ္စကို ပြတယ်။ သံသရာဝဋ်ဆင်းရဲဘေးတွေဟာ မိုးပေါ်က သူ့ဟာသူ ကျလာတာ မဟုတ်ဘူး။ ကိလေသာတွေကြောင့် ပေါ်ပေါက်လာရတာပါ။ ဆင်းရဲဒုက္ခ ပြဿနာ အပူအားလုံး ကိလေသာက မြစ်ဖျားခံတာ။ ဆင်းရဲကြောက်ရင် ဆင်းရဲကြောင်း ကိလေသာတွေကို ဖျက်ဆီးဖို့ ကြိုးစားရမှာပဲ။

တန်ဖိုးမဆုံးဖြတ်နိုင်တဲ့ ရှင်ရဟန်းဘဝကို လာဘသက္ကာရတွေနဲ့ တိုင်းတာဆုံးဖြတ်ခဲ့နေရရင် အရမ်းနစ်နာဆုံးရှုံးတယ်။ ရှက်စရာလည်း ကောင်းတယ်။ လာဘသက္ကာရအားလုံးကို တံတွေးပေါက်ပမာ စွန့်ပယ်တော်မူပြီးတဲ့ ဘုရားရှင်ကလည်း အပြင်းအထန် ကဲ့ရဲ့ရှုတ်ချတော် မူမှာပါ။

လမ်းလုပ်သားများဟာ လမ်းခင်းဖို့ ကျောက်ထုကြသလို တရားလုပ်သားရှင် ရဟန်းများလည်း သိက္ခာသုံးပါး မဂ္ဂင်လမ်းခင်းဖို့ စိတ်ဆိုတဲ့ ကျောက်ကို ဒါမှမဟုတ် စိတ်နှင့် ယှဉ်တွဲနေတဲ့ ကိလေသာဆိုတဲ့ ကျောက်ကို ဝီရိယတူနဲ့ နာနာထုကြရတယ်။ ကွဲအောင် ထုခွဲ ကြရတယ်။ ကျောက်က ထုရင်း ထုရင်း ချော်ချော်သွားတတ်လို့ မချော်ရအောင် သတိလက်နဲ့ သေချာကိုင်ပြီး ထုရမှာပဲ။

ကိုယ့်လက်အင်အားနဲ့ ရွေ့လို့မဖြစ်နိုင်တဲ့ အဆောက်အဦးကြီးကို လက်နဲ့ တွန်းရွေ့နေသူ၊ ကိုယ့်လက်အင်အားနဲ့ တွန်းလှဲလို့ မဖြစ်နိုင်တဲ့ အလွန်ကြီးမားတဲ့ သစ်ပင်ကြီးကို လက်နဲ့ တွန်းလှဲနေသူဟာ တကယ်အလုပ်လုပ်တာ မဟုတ်ပါဘူး။ ဉာဏ်နဲ့ မချင့်ချိန်ဘဲ မတန်မရာ လုပ်နေသူကို အလုပ် လုပ်တယ်လို့ မဆိုနိုင်ဘူး။

ကိုယ်နိုင်တဲ့ အလုပ်တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်နေသူကိုသာ တကယ် အလုပ် လုပ်တယ်လို့ ဆိုနိုင်တယ်။ ဒါကြောင့် အပူကင်းဝေး ချမ်းသာရေးအတွက် ကိုယ်နိုင်သလောက်စီ အကန့်လိုက် အကန့်လိုက် ပိုင်းပြီး တာဝန်ကျေပွန်အောင် လုပ်နေရမှာဖြစ်တယ်။ မလုပ်ဘဲနေလို့လည်း မဖြစ်ပါဘူး။

ကိလေသာနီဝရဏတွေဟာ ကောင်းမှုတရား လူ့စွမ်းအားတွေ နည်းနည်းကလေးတောင် ဖြတ်သန်းခွင့် မရအောင် တရားလမ်းကြောင်း ပိတ်ထားတတ်တယ်။ မအားလို့ လူ့စွမ်းအား မတက်တာမဟုတ်ဘူး။ လမ်းပိတ်ထားလို့ ပိတ်ထားတဲ့ လမ်းကို မဖွင့်တတ်လို့ မရတာပါ။ သတိ၊ ဝီရိယ၊ သမာဓိနဲ့ ဖွင့်ပေးရမှာဖြစ်တယ်။ ကိလေသာ ဖျက်ဆီးတယ်ဆိုတာ တရားလမ်းဖွင့်ပေးတာပါပဲ။

အိုးခွက်ပန်းကန်တွေဟာ စားသောက်သုံးစွဲပြီးတိုင်း မဆေးကြောဘဲ သုံးစွဲနေရင် အဆင်း၊ အနံ့ အရသာတွေ ဖောက်ပြန်ပြီး ရွံစရာကြီး ဖြစ်ကုန်တတ်သလို စိတ်လည်း သမာဓိနဲ့ မဆေးကြောရင် ညစ်ပတ်ပေကျံပြီး ရွံစရာကြီး ဖြစ်သွားတတ်ပါတယ်။ စိတ်မသန့်ရှင်းရင် လူလည်း စက်ဆုပ်စရာကြီး ဖြစ်သွားနိုင်တယ်။

စားသောက် သုံးစွဲပြီးတိုင်း အိုးခွက်ပန်းကန်ကို ပြောင်စင်အောင် ဆေးကြောရသလို စိတ်လည်း နေ့တိုင်း သမာဓိနဲ့ ဆေးကြောပစ်ရတယ်။ စိတ်ကို မဆေးဘဲပစ်ထားကြလို့ ညစ်ပေကုန်တာပါ။ နေ့စဉ် အလုပ်ကိစ္စတိုင်း ဒီစိတ်ချည်း သုံးနေရတာဆိုတော့ စင်ကြယ်အောင် ဆေးကြောပေးမှပဲ သုံးလို့ အဆင်ပြေမှာပါ။

ပုထုဇဉ်ဆိုတော့ ကိလေသာဟာ ဖြစ်တော့ ဖြစ်မှာပဲ။ ဒါပေမယ့် ဘုရားအား၊ တရားအားနဲ့ အနည်းဆုံး ခပ်ခွာခွာလေးတော့ ခွာပေးနေရမှာပဲ။ ဒါမှလည်း တရားဝင်ပေါက် ပွင့်သွားမယ်။ နေပူထဲမှာ ပစ်စလက်ခတ် ရေငတ်ခံထားတဲ့ ပန်းပင်နှင့် နေ့စဉ် ရေမှန်မှန် ဖြန်းထားတဲ့ ပန်းပင်ဟာ လန်းဆန်းပုံချင်း မတူနိုင်ကြသလို စိတ်နှင့်ကိလေသာ ပူးကပ်နေသူနှင့် ခပ်ခွာခွာ ထားနိုင်သူတို့ရဲ့အစွမ်းဟာ ဘယ်လိုမှ မတူနိုင်ပါဘူး။

ရှင်ရဟန်းများရဲ့ ကြည်လင်ရွှင်လန်းချမ်းမြေ့တဲ့ အလှကျက်သရေကို ကိလေသာအပူနှင့် စိတ်ခွာထားနိုင်သလောက်သာ ရနိုင်ပါတယ်။ သီလ၊ သမာဓိ၊ ပညာအားကို လက်တွေ့အသုံးချပြီး မျက်ခြည်မပြတ် ကိလေသာကို ဖြိုဖျက်နေရမှာပဲ။ ရှင်ရဟန်းရဲ့ အဓိက အလုပ်ကလည်း ဒါပဲ။ အတိုချုပ်ကတော့ သတိရှေ့ထား ဉာဏ်တရားနဲ့ အဆက်မပြတ် ကိုယ့်အလုပ် ကိုယ်လုပ်နေရတာပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တောင်းတတ်တာကြောင့်လည်း ရဟန်းလို့ခေါ်တယ်။ ရှင်လည်းအတူတူပေါ့။ တောင်းတယ်ဆိုပေမယ့် သူတောင်းစားလို ဣန္ဒြေသိက္ခာမဲ့စွာ တောင်းတာကို ပြောတာမဟုတ်ဘူး။ အလှူရှင်များ ကောင်းမှုပွားအောင် အရိယာတို့ရဲ့ တောင်းခြင်းလို့ဆိုတဲ့ သိက္ခာရှိတဲ့ ကိုယ်အမူအရာနဲ့ လှူဖွယ်ပစ္စည်း အလှူခံတာကို ပြောတာပါ။ ရှင်ရဟန်းများရဲ့ အသက်ရှင်ရေးဟာ အလှူရှင် ဒကာ ဒကာမများရဲ့ သဒ္ဓါ၊ မေတ္တာ၊ စေတနာကို မှီခိုနေရတယ်လို့ ဆိုလိုတာပါ။

ဒီစကားဟာ အလှူရှင် ဒကာ ဒကာမများအတွက်လည်း အားပေးရာ ရောက်တယ်။ 'ရှင် ရဟန်းတွေရဲ့ အသက်ရှင်ရေးဟာ သင် ဒကာ ဒကာမတွေနှင့် ဆက်စပ်နေတယ်။ သင် ဒကာ ဒကာမတွေရဲ့ လက်ထဲမှာ ရှိနေတယ်။ ရှင်ဆ ရဟန်းတွေဟာ သင်တို့ရဲ့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုတရား ရရှိတိုးပွားဖို့ အမိုကောင်းများ ဖြစ်တယ်။ ကြီးပွားချမ်းသာကြောင်း ကောင်းမှုမျိုးစေ့ ကြဲချစိုက်ပျိုးရာ လယ်ယာမြေကောင်းများ ဖြစ်ကြတယ်'လို့ အားပေးရာရောက်ပါတယ်။

ရှင်ရဟန်းတွေအတွက်လည်း မာန်မာနကို ချိုးနှိမ်ရာရောက်တယ်။ 'ငါ့မှာ ဘာတွေပဲရှိရှိ၊ သူများရဲ့ ပေးစာကမ်းစာတွေချည်းပဲ။ ဒါတွေကြောင့် ဘာမှ ခြေဖျားထောက် မော်ကြွားစရာမရှိ၊ ဒါတွေနှင့် ထိုက်တန်အောင် မနေထိုင်တတ်ရင် ရှုပ်ပျက်ဆင်းပျက် ထိုးကျသွားနိုင်တယ်။ ဘာပဲ ရှိလာရှိလာ အရှိကို အသိနှင့်တွဲပြီး တရားစွမ်းအားပေါ်အောင်သာ အသုံးချမယ်' လို့ မာန်မာနကို ချိုးနှိမ်ပြီး တရားအတွက် တွန်းအားပေးရာ ရောက်တယ်။ ရှင်ရဟန်းတွေနှင့် ဒကာ ဒကာမတွေ အချင်းချင်း အမှီပြုနေကြတယ်ဆိုတာ ကောင်းမှုတရားအတွက်သာ ဖြစ်ရမှာပါ။ အပြန်ပြန် အလှန်လှန် ဝမ်းမြောက်ကြည်နူးဖွယ်သာ တိုးပွားနေရမှာဖြစ်ပါတယ်။

ထေရဝါဒသာသနာ ရှိနေတာကြောင့် သာသနာကိုမှီပြီး ကောင်းမှုတရားနဲ့ အစွမ်းပြနိုင်ကြတာပါ။ ထေရဝါဒဆိုတာ ပရိယတ္တိသုတ၊ သီလ၊ သမာဓိ၊ ပညာ၊ လေးမျိုး မြဲမြံ ခိုင်ခံ့ တည်ငြိမ်တော်မူကြတဲ့ အရှင်မဟာကဿပ စတဲ့ ထေရ်အရှင်မြတ်ကြီးမှ စပြီး ယနေ့ လက်ရှိဆရာတော်တွေထိ အပြောင်းအလွဲမရှိ တသမတ်တည်း ဟောပြောပို့ချ သင်ယူကြိုးစားခဲ့ကြရတဲ့လမ်းစဉ်ကို ပြောတာပါ။

တသမတ်တည်း အပြောင်းအလဲမရှိ တည်ငြိမ်စွာကြိုးစားရတဲ့ ထေရဝါဒလမ်းစဉ်ဆိုတာ-

(၁) ဘုရားရှင်ရဲ့ စကားတွေထဲမှာ ဘုရားဟော မဟုတ်တဲ့ စကားတွေကို နောက်ထပ် မထည့်ရဘူး၊ မဖြည့်စွက်ရဘူး။

(၂) ဘုရားဟောထားတဲ့ စကားလုံးတွေထဲက ဘယ်စကားကိုမှ ဖြုတ်မပစ်ရဘူး။ ထုတ်ပယ်မပစ်ရဘူး။

(၃) ဘုရားရှင်ရဲ့စကားတွေကို ပုံစံပြောင်းပြီး မပြင်ရဘူး၊ မူရင်းအတိုင်းပဲထားရမယ်၊ ဒါဟာ ထေရဝါဒမူပဲ၊ မူရင်းမပျောက်တော့ ကျင့်စဉ် လမ်းကြောင်းနည်းစနစ်တွေ ပျောက်မသွားဘူး။

မဟာယာနမူဆိုတာ ထေရဝါဒမူရဲ့ပြောင်းပြန်ပဲ။ ဒါကြောင့် မူရင်း တစ်စတစ်စ ပျောက်တယ်။ မူရင်း ပျောက်တော့ ကျင့်စဉ်လမ်းလည်း ပျောက်သွားတယ်။ မြန်မာပြည်မှာ ဆရာ၊ ဒကာ ညီညာပေါင်းစုပြီး သာသနာကို ချီးမြှောက်နေကြတယ်ဆိုတာ ထေရဝါဒလမ်းစဉ် မပျောက်အောင် လိုက်နာ ထိန်းသိမ်း စောင့်ရှောက်နေကြတာပဲ။ ထေရဝါဒဆိုတာ ရဟန်းမြတ်လမ်းစဉ်ပါ။

## ၈။ ကျရာတာဝန် စိတ်အားသန် ဧကန်ထမ်းဆောင်ရ

- **သိအောင်လေ့လာ၊ သိတာကိုကျင့်၊ လုပ်ပိုင်ခွင့်၊ တိုးမြှင့်ပေးရမှာ။**
- **ခန္ဓာငါးရပ်၊ ညဏ်ခေါင်းတပ်၍၊ စားဝတ်နေရေး၊ ကျန်းမာရေးဟု၊ စုံအောင်ပြု၊ လူမှုတာဝန်ပါ။**
- **ကုသိုလ်အစု၊ ကောင်းမှုတာဝန်၊ ဧကန်ကျေမှ၊ လူ့ဘဝ၊ မုချအေးချမ်းပါ။**
- **နေတတ်-ဖြေတတ်၊ အသေတတ်၊ မြင့်မြတ်လူ့ခန္ဓာ၊**
- **ကျရာတာဝန်၊ စိတ်အားသန်၊ ဧကန်ထမ်းဆောင်ရာ။**



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ကုသိုလ်အရှိန်နဲ့ လူ့ဘဝကို ရောက်လာလို့ ကုသိုလ်အရှိန်နဲ့နေပြီး ကုသိုလ်အရှိန်နဲ့ပဲ ရှေ့ဆက်သွားရမှာပါ။ လာတုန်းကလည်း ကုသိုလ်နဲ့၊ နေတော့လည်း ကုသိုလ်နဲ့၊ ပြန်တော့လဲ ကုသိုလ်နဲ့ပေါ့။ ဒါကြောင့် လူ့ဘဝရဲ့ အဓိကတာဝန်က ကုသိုလ်ရရှိတိုးပွားရေး တစ်ခုတည်းပါ၊ ကိုယ်လည်း နေ့စဉ် ကုသိုလ် ရရှိ တိုးပွားအောင် ကြိုးစားနေရမယ်။ ပတ်ဝန်းကျင် လက်လှမ်းမှီသလောက် သူ့ကိုလည်း ကုသိုလ် ရရှိ တိုးပွားအောင် ကူညီပေးနေရမယ်။ သူ့ကြောင့်လည်း ကိုယ့်မှာ ကုသိုလ်ရရမယ်။ ကိုယ့်ကြောင့်လည်း သူ့မှာ ကုသိုလ် ရရမယ်။ ဒါမှ လူ့တာဝန်ကျေမယ်။

လူဆိုတာ ဘယ်တာဝန်တွေ ဘယ်လောက်ပဲကျေကျေ ကုသိုလ်တာဝန်မကျေရင်တော့ စိတ်အေးရမှာ မဟုတ်ပါဘူး။ ကုသိုလ်တာဝန်ကျေမှပဲ တကယ်စိတ်အေးရမှာပါ။

တာဝန်ကျေအောင် ထမ်းဆောင်နိုင်ဖို့ အသိဉာဏ် အရည်အချင်းရအောင် ဖတ်ရှုနာယူ သင်ကြား လေ့လာရတယ်။ သိအောင်လုပ်ရတယ်။ ရထားတဲ့ အသိဉာဏ်ကို လက်တွေ့ လုပ်ငန်းခွင်ထဲမှာ အံဝင်ခွင်ကျ ထည့်သွင်း အသုံးချတတ်ရတယ်။

'လူဆိုတာ ကုသိုလ်တာဝန်ထမ်းဆောင်ရမယ်' လို့ ပြောရတာက တစ်ဖက်က အကုသိုလ် ရှိနေလို့ပါ။ ပြီးတော့ ဆင်းရဲတွေလည် ရှိနေလို့ပါ။ ချုံးပြောတော့ အပူနှင့် ဆင်းရဲပေါ့။ တစ်ဖက်က အကုသိုလ်နှင့် ဆင်းရဲ ရှိနေတာကို တကယ်သိရှိနားလည်ဖို့ အကုသိုလ်ကို ဖြတ်ကျော် အနိုင်ယူဖို့ ဆင်းရဲကို လွှမ်းမိုးနိုင်ဖို့ ကိုယ့်အရှိထဲက ကုသိုလ်ကို နည်းမှန်လမ်းမှန် ဆွဲယူတတ်ဖို့ ကျွမ်းကျင်တဲ့ တရားအသိဉာဏ်ကို အထူး လိုအပ်ပါတယ်။ ဒါကြောင့် သိအောင် လုပ်နေရတာပါ။

လောက ဘောလုံးပွဲဟာ တစ်သင်းတည်းနဲ့ ပွဲမဖြစ်ဘူး။ နှစ်သင်းရှိမှ ပွဲဖြစ်တာ၊ နှစ်သင်းလုံးရဲ့တာဝန်က တစ်ဖက်အသင်းကို အနိုင်ယူနိုင်ဖို့ပဲ။ အနိုင်ယူနည်းကို လေ့လာသင်ယူကြရတယ်။ ကြိုတင် လေ့ကျင့်ကြရတယ်။ ဒါမျိုးလိုပဲ တစ်ဖက်မှာရှိနေတဲ့ အကုသိုလ်ကို အနိုင်ယူနိုင်မှ လူ့တာဝန်ကျေမယ်။ နိုင်အောင် လေ့လာရတယ်။ လေ့ကျင့်ရတယ်။ အကုသိုလ်ကို နိုင်ရင် ဆင်းရဲလည်း လွှမ်းမိုး နိုင်တော့တာပါ။

စားဝတ်နေရေး ကျန်းမာရေးတာဝန် ထမ်းဆောင်တဲ့အခါ ရုပ်ရဲ့တာဝန်မျှသာမကပဲ စိတ်ပိုင်းဆိုင်ရာ ခန္ဓာလေးပါးရဲ့ တာဝန်ကိုပါ ကျေပြွန်အောင် ထမ်းဆောင်တတ်ရမယ်။ ရုပ်အစာသာ ကျွေးရမှာမဟုတ်ဘဲ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ကောင်းမှုများ ပြုလုပ်လို့လည်း စိတ်အစာပါ ကျွေးနေရမယ်။ ဒါမှ အားရှိမှာပေါ့။ ရုပ်အစာ ကျွေးရင်းနဲ့လည်း သတိဉာဏ်တွဲလို့ စိတ်အစာပါ တွဲကျွေးနိုင်တယ်။ သီးသန့် အချိန်ယူလို့လည်း စိတ်အစာကျွေးနိုင်တယ်။ သတိဉာဏ်ပါရင် ဘာလုပ်လုပ် စိတ်အစာ မှီဝဲနေရမှာပဲ။

ရုပ်အဝတ်ပေးရင် သီလ၊ သမာဓိ၊ ပညာ စိတ်အဝတ်လည်း ပေးရမယ်။ ရုပ်နေရာပေးရင် ဘုရားအာရုံ၊ တရားအာရုံ၊ ကုသိုလ်အာရုံ၊ သတိပဋ္ဌာန်အာရုံဆိုတဲ့ စိတ်နေရာလည်းပေးမှ လူ့တာဝန်ကျေမယ်။ ခုကာလ တစ်ချို့နိုင်ငံခြားကလူတွေ စိတ်ပူလောင်လာတဲ့အခါ တိုက်အမြင့်ကြီးပေါ်ကနေ ခုန် ခုန်ချ ကြတယ်ဆိုတာ စိတ်နေရာ မရှိလို့ဘဲ။ ရုပ်နေရာရှိပေမယ့် စိတ်နေရာမရှိရင် ဘဝဟာ လုံးဝ မလုံခြုံပါဘူး။

ရုပ်ကျန်းမာရေးအတွက် ရုပ်ဆေး မှီဝဲ ပြုပြင်ပေးရသလို စိတ်ကျန်းမာရေးအတွက် တရားဆေး မှီဝဲ ပြုပြင်ပေးနေရမယ်။ ခန္ဓာငါးပါးလုံးရဲ့တာဝန်ကို ပြည့်စုံအောင် ထမ်းဆောင်ပေးနိုင်မှ ကုသိုလ်တာဝန်ပါ ထမ်းဆောင်ရာ ရောက်လို့ လူ့တာဝန်ကျေမှာဖြစ်တယ်။

ခန္ဓာငါးပါးလုံး တာဝန်ကျေမှ အကောင်းအဆိုး ဘာနှင့်တွေ့တွေ့ တရားအသိနဲ့ညှိပြီး ငြိမ်းချမ်းစွာ နေတတ်မယ်။ အမေးအမျိုးမျိုးကိုလည်း အမှန်အတိုင်းဖြေတတ်မယ်။ ဘဝအခက်အခဲ အရှုပ်အထွေး အမျိုးမျိုးကိုလည်း တရားနဲ့ ညှိပြီး ငြိမ်းချမ်းစွာ ပြေလည်ငြိမ်းအေးအောင် ဖြေရှင်းတတ်မယ်။ အနေတတ် အဖြေတတ်ရင် အသေတတ်ဖို့လည်း သေချာပြီးသားပါ။ ဒါဆို လူဖြစ်ကျိုး နပ်ပြီပေါ့။

## ၉။ စွမ်းနိုင်သမျှ ထမ်းဆောင်ရ ဘဝကိုယ့်တာဝန်

ဦးပဥ္စင်းဟာ အတိတ်အကြောင်းစုံများနှင့် ပစ္စုပ္ပန်အကြောင်းစုံများ ပေါင်းဆုံမိလို့ သာသနာတာဝန်ကို ထမ်းဆောင်ဖို့ လက်ခံလိုက်ပါတယ်။ သာသနာ့တာဝန်ကို လက်ခံလိုက်တာနဲ့ ကုသိုလ်တာဝန်ပါ ဝင်သွားပြီပဲ။ ၁၃၂၂-ခု၊ နယုန်လဆန်း ၈-ရက်နေ့မှာ ဒုတိယအကြိမ် ရှင်သာမဏေ ဝတ်လိုက်ပါတယ်။ ၁၃၂၄-ခု၊ ကဆုန်



www.burmeseclassic.com

www.burmeseclassic.com


လပြည့်ကျော် ၈-ရက်နေ့မှာ ရဟန်းအဖြစ် ရောက်ခဲ့ပါတယ်။ ဒကာ ဒကာမတွေက အကြိမ် ၂၇၀ ခန့် သိက္ခာ ထပ်ခဲ့ကြတယ်။ ယခု ၄၅-နှစ်တိတိ ပြည့်ပါပြီ။ ဦးပဥ္စင်းရဲ့ ရဟန်း ၄၅-ဝါလုံး ဝိသုဒ္ဓါရုံတွေချည်းပဲ။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်မှာ ၅-ဝါနှင့် ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်မှာ ဝါ-၄၀ တိတိပါ။

တာဝန်ထမ်းဆောင်နိုင်အောင် ပရိယတ္တိပညာကို သင်ယူခဲ့ပါတယ်။ သတ်မှတ်ထားတဲ့ ပရိယတ္တိ စာမေးပွဲများကိုလည်း ဖြေဆိုခဲ့တယ်။ ရဟန်းတစ်ဝါရမှ ပထမငယ်ကို စဖြေတယ်။ စာချတန်းထိ အဆင့်ဆင့် အောင်ခဲ့လို့ သာသနဓဇ ဓမ္မာစရိယဘွဲ့ရတယ်။ စာချတန်းသုံးကျမ်းမှာ တစ်နိုင်ငံလုံး ပထမရလို့ အဂ္ဂမဟာအကျော်ဘွဲ့ကိုပါ ပူးတွဲရခဲ့တယ်။ မြန်မာဂုဏ်ထူးအောင်လို့ သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ကို ဆက်ရခဲ့တယ်။ ပါဠိလိုဖြေဆိုအောင်မြင်လို့ ဝိနယပါဠိပါရဂူ၊ ပဋ္ဌိသမ္ဘိဒါ မဂ္ဂပါဠိပါရဂူဆိုတဲ့ ပါဠိဂုဏ်ထူး နှစ်ဘွဲ့ကိုလည်း ဆက်ရခဲ့ပြန်တယ်။

အများက ခက်လှတယ်လို့ ညည်းတွားနေရတဲ့ မန္တလေး သက္ယသီဟစာမေးပွဲကို စာသင်တန်းရော စာချတန်းပါ နံပါတ်(၁)ကချည်းပဲ ဖြေဆိုအောင်မြင်ခဲ့တယ်။ စာချတန်းကို ၂-နှစ်တည်းနဲ့ ပြီးအောင် ဖြေနိုင်ခဲ့တယ်။ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့ကို ရခဲ့တယ်။ သက္ယသီဟဘွဲ့လို့ ခေါ်ကြတယ်။

ရန်ကုန် စေတိယင်္ဂဏစာမေးပွဲမှာ စာသင်တန်းရော စာချတန်းပါအောင်ခဲ့လို့ စေတိယင်္ဂဏပရိယတ္တိ ဓမ္မာစရိယဂဏဝါစကဘွဲ့ကို ရခဲ့တယ်။ စေတိယင်္ဂဏနှင့် သက္ယသီဟအောင်လို့ 'အရှင်သိရိန္ဒ' ဆိုတဲ့ ဘွဲ့ရှိုးရိုးက နေပြီး 'အဘိဝံသ' ဘွဲ့ ထပ်တိုးလို့ 'အရှင်သိရိန္ဒာဘိဝံသ' ဖြစ်လာ ရတယ်။

နောက်ဆုံးဖြစ်တဲ့ တိပိဋကရွေးချယ်ပွဲမှာ သင်ရိုးပိဋကသုံးပုံကို ပြန်ဆိုရေးဖြေခဲ့တော့ အာဂုံ၊ ရေးဖြေ နှစ်မျိုးလုံး ပြီးဆုံးအောင်မြင်ခဲ့လို့ 'တိပိဋကဓရ တိပိဋကကောဝိဒ' ဘွဲ့ကိုရခဲ့တယ်။ အဲဒီဘွဲ့ကို အကြောင်းပြုပြီး နိုင်ငံတော်အစိုးရက 'တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက' ဘွဲ့ကိုပါ ဆက်ကပ်ပေးခဲ့တယ်။

ကိုယ့်အောင်မြင်မှုကို ကိုယ့်ဟာကိုယ် ဖော်ပြရတာက ကြွားလိုလို့မဟုတ်ပါဘူး။ ၄၅-နှစ် ရဟန်းသက် ဘဝကို မှတ်တမ်းတင်ပြတာပါ။ ဒါပါမှ မှတ်တမ်းပြည့်စုံမှာပဲ။ စာမဖွဲ့လောက်တဲ့ အခြား စာမေးပွဲတစ်ချို့ကို အောင်မြင်လို့ နိကာယ်ဆိုင်ရာ ဘွဲ့တစ်ချို့ကိုလည်း ရခဲ့ပါသေးတယ်။ တစ်ချို့က 'ဒေါက်တာ' 'ပီအိတ်ချ်ဒီ' စတဲ့ လောကီနှင့် ဆက်နွယ်တဲ့ ဘွဲ့ကိုပါထပ်ယူဖို့ ကမ်းလှမ်းလာကြပါသေးတယ်။ ဒါပေမယ့် ကိုယ့်ရဲ့စွန့်စားမှုနဲ့ ရထားတဲ့ 'တိပိဋက' ဘွဲ့ကို ဝါးမျို လွှမ်းမိုးသွားတာ မခံလိုတဲ့ကြောင့် လက်မခံဘဲ ငြင်းပယ်ခဲ့ပါတယ်။ ရခဲ့သမျှ စာမေးပွဲဂုဏ်အားလုံးကို 'တိပိဋက' ဂုဏ်ထဲမှာ ပေါင်းထည့်လိုက်ပြီး 'တိပိဋကယောဆရာတော်' လို့ တစ်လုံးတည်း စုပေါင်းသုံးလိုက်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ ၄၅-နှစ်ဟောထားတဲ့ ပိဋကသုံးပုံ စကားဖြစ်တဲ့ 'တိပိဋက' ဆိုတဲ့ ဂုဏ်ထက် ဘယ်ဂုဏ်ကိုမှ မြတ်နိုးစရာမရှိပါဘူး။ တိပိဋက ပရိယတ္တိနောက်က တိပိဋကပဋိပတ္တိ ဆက်ရှုပဲ ရှိတော့တာပါ။

ဦးပဥ္စင်းရဲ့ ဘဝမှတ်တမ်းတစ်ချို့ကို ၄၅-နှစ်တရားသက် (ဓမ္မလက်ဆောင်-၂၉) စာအုပ်ထဲမှာ ဖော်ပြထားခဲ့ပြီးဖြစ်လို့ ဒီမှာတော့ နောက်ဆက်တွဲ မှတ်တမ်း အတိုချုပ်လောက်ပဲ ပြမှာပါ။

ဓမ္မတာဝန်ထမ်းဆောင်ဖို့ အသိဉာဏ် အရည်အချင်းဟာ ပြီးပြည့်စုံနိုင်တယ်လို့ မရှိနိုင်တော့ ယနေ့ထိ လေ့လာရဆဲ လေ့ကျင့်ရဆဲပါ။ စာမေးပွဲတွေအောင်လို့ ရထားတဲ့ အသိလောက်နဲ့လည်း လုံလောက်သေးတာ မဟုတ်ဘူး။ ကိုယ်သိထားတဲ့ထဲက ကိုယ် လက်လှမ်းမှီသလောက် ယူပြီးတော့လည်း လက်တွေ့ သုံးနိုင်သလောက် သုံးရတာပေါ့။ သူများအတွက်လည်း စွမ်းနိုင်သလောက် သင်ပြပို့ချပေးတယ်။ ဟောပြော လမ်းညွှန်ပေးတယ်။ ဓမ္မလက်ဆောင် စာအုပ်ငယ် ၄၅-မျိုးကိုလည်း အခမဲ့ ရေးသား ရိုက်နှိပ် ဖြန့်ဝေလှူဒါန်းခဲ့တယ်။ ယခုလည်း ဖြန့်ဝေ လှူဒါန်းနေဆဲပါ။ သိန်းချီ ရိုက်နှိပ်ထားပါတယ်။

ဟောတရားခွေများကိုလည်း စာအုပ်အဖြစ်ပြောင်းပြီး စာအုပ်အမျိုးပေါင်း ၃၀-ကျော် ရိုက်နှိပ် ဖြန့်ဝေခဲ့တယ်။ ဘုရားတရားတွေကို သာမန်လူနားလည်တဲ့ စကားအသုံးအနှုန်းများနဲ့ ဖြန့်ဝေပေးခဲ့လို့ ရဟန်းရှင်လူအများ အသိဉာဏ် တိုးပွားခွင့် ရကြပါတယ်။ ဟောတရားခွေ မြောက်မြားစွာကိုလည်း ကူးပွားပြီး အခမဲ့ လှူပေးပါတယ်။ ဓမ္မာစရိယစာသင်သားများအတွက် ဓမ္မာစရိယလမ်းပြကျမ်းကိုလည်း ရေးသားရိုက်နှိပ် ဖြန့်ဝေပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## တိပိဋကယောဆရာတော် ၏

ရန်ကုန်မြို့ ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် တိုက်ခွဲများဖြစ်တဲ့ ရန်ကုန်မြို့ မြောက်ဒဂုံ၊ ၄၂-ရပ်ကွက် ထေရဝါဒဓမ္မရောင်ခြည်စာသင်တိုက်၊ ကလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ကလေးမြို့ တောင်ဖီလာ တောရ စာသင်တိုက်လေးတိုက်တို့ရဲ့ ကြီးပွားတိုးတက်စည်ပင် ဖွံ့ဖြိုးရေးအတွက် အထူး ကြောင့်ကြစိုက် စောင့်ရှောက်ပေးတယ်။ ခန္တီမေတ္တာကို အများဆုံးသုံးပြီး သိမ်သိမ်မွေ့မွေ့ အုပ်ချုပ်တယ်။ ကုသိုလ်ဝန်ထမ်းဖြစ်တာကြောင့် ပြဟ္မဝိဟာရ လမ်းစဉ်လေးချက်၊ သင်္ဂဟဝတ္ထု လေးပါးကို လက်ကိုင်သုံးပြီး ကုသိုလ်ရအောင် အုပ်ချုပ်တယ်။

ဘာသာရေးအသင်းအဖွဲ့ပေါင်းစုံတို့ရဲ့ ဩဝါဒါစရိယ ဦးဆောင်နာယကအဖြစ်နဲ့လည်း အမျိုးဘာသာ သာသနာအတွက် စိတ်ပါလက်ပါ အားတက်သရော စွမ်းနိုင်သမျှ ဆောင်ရွက်ပေးပါတယ်။ စေတီတော်၊ ဓမ္မာရုံ၊ ဆေးရုံ၊ ဘုန်းကြီးကျောင်း၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း စတဲ့ ကုသိုလ်ရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ လိုအပ်တဲ့အရာတွေကို သိန်းပေါင်းများစွာစွန့်ကြဲပြီး လှူဒါန်း ကူညီ ထောက်ပံ့ အားပေးခဲ့ပါတယ်။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်တာဝန်ကို ၁၀-နှစ်၊ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ တာဝန်ကို ၁၂-နှစ် ထမ်းဆောင်ပြီး သာသနာအတွက် အားတက်သရော ဆောင်ရွက်ပေးခဲ့တယ်။ ယခု ဆဋ္ဌအကြိမ် သံဃာ့အဖွဲ့အစည်းမှာတော့ လုံးဝရှောင်လွှဲငြင်းပယ်လို့ မရနိုင်တာကြောင့် နိုင်ငံတော် သံဃမဟာနာယက တာဝန်ကို ယူလိုက်ရပါတယ်။ ကျရာတာဝန်ကို ကျေအောင်ထမ်းရုံပေါ့။ ၄၅-နှစ် တရားသက်ရဲ့ အနှစ်ချုပ်သတိကို ကိုင်ထားရုံပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
(၁၃၆၈-ခု၊ နှောင်းတန်ခူးလ) ၂၀၀၇-ခုနှစ်၊ ဧပြီလ



www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကရေ ဓမ္မလက်ဆောင် (၄၇)

# စိတ်အေးစရာ သာသနာ

(တိပိဋကယောဆရာတော်၏
ရဟန်းသက် ၄၅–နှစ်ပြည့် နှင့် မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီး၏
နှစ်–၁၀၀ပြည့် အထူးလက်ဆောင်)

## နမော သဿ ဓမ္မဒေသကဿ

သုဝေါ ဝဒတိ ဝါစမ္ပိ၊ မက္ကဋ္ဌောပိစ နစ္စကော။
မနုဿောဟိ သုသိက္ခိတော၊ ကော အဒန္တော မဟာမုနိ။

**မနုဿောဟိ** - စကားကျွမ်းကျင်၊ စွမ်းအင်ထူးခြား၊ လူအများတို့က၊ **သုသိက္ခိတော** -ကောင်းစွာမချွတ်၊ သင်ပေးအပ်ပါပေသော၊ **သုဝေါပိ** - အသိကင်းဝေး၊ တောထဲက ကြက်တူရွေး ငှက်ပင်သော်လည်း၊ **ဝါစံ**- သင်ပြုအပ်ငြား၊ လူ့စကားကို၊ **ဝဒတိ**-အများတကာ၊ နားလည်လာအောင်၊ ကောင်းစွာမချွတ်၊ ပြောပြတတ်ပါသေး၏။

**မနုဿောဟိ** - အကကျွမ်းကျင်၊ စွမ်းအင်ထူးခြား၊ လူအများတို့က၊ **သုသိက္ခိတော** - ကောင်း စွာမချွတ်၊ သင်ပေးအပ်ပါပေသော၊ **မက္ကဋ္ဌောပိ** - အသိထုံထိုင်း၊ တောထဲက မျောက်ရိုင်းပင်သော်လည်း၊ **နစ္စကော**- လူအများက၊ သဘောကျအောင်၊ ကပြတတ်ပါသေး၏။

**မနုဿောဟိ** - အကျင့်လည်းရှိ စွမ်းအားပြည့်၍၊ အသိထူးခြား၊ ပညာရှိလူအများတို့က၊ **သုသိက္ခိတော** - နည်းမှန်လမ်းမှန်၊ စနစ်မှန်အောင်၊ စွမ်းအားဆောင်ကာ၊ ကောင်းစွာ မချွတ်၊ သင်ပေးအပ်ပါပေသော။ **မဟာမုနိ** - အသိထူးလှ၊ မြတ်ဗုဒ္ဓ၏၊ ဆုံးမနာယူ၊ လိုလ ကူငြား၊ ဝါကဲ့သို့သော လူသားသည်ကား၊ **ကော အဒန္တော** - အဘယ်မှာလျှင် မလိမ္မာ မယဉ်ကျေးဘဲ ရှိရာအံ့နည်း။ **ဒန္တော ဧဝ** - စိတ်အစဉ်အေး၊ ယဉ်ကျေးရမည်သာလျှင်၊ **ဟောတိ** - စိတ်အေးစရာ၊ သာသနာကြောင့်၊ ကောင်းစွာမသွေ၊ ဖြစ်ရပါပေသတည်း။

### ၁။ ငါကားလူသား, ငါလူသား (လူ့ပဲလုပ်ရင် ဖြစ်ရမှာပေါ့)

- **ကြက်တူရွေးပင်၊ စကားသင်ငြား၊ လူ့စကား၊ ပြောကြားတတ်ပေ၏။**
- **မျောက်ကလေးပင်၊ လူတို့သင်ငြား၊ လူ့အလား၊ ထူးခြားက-တတ်၏။**
- **ကောင်းစွာလေ့လာ၊ ကောင်းစွာကျင့်ငြား၊ ငါလူသားမှာ၊ မစွမ်းရာ၊ ဘယ်ဟာ -ဘာမရှိ။**
- **လိမ္မာယဉ်ကျေး၊ အစဉ်အေးကာ၊ စိတ်ချမ်းသာ၊ ကောင်းစွာရနိုင်၏။**
- **စိတ်အေးစရာ၊ သာသနာကြောင့်၊ ကောင်းစွာကျင့်ရန်၊ အကျင့်မှန်၊ ဧကန်အကုန်ရှိ။**

ကိုယ့်အောက်ယုတ်နိမ့်တဲ့ တိရစ္ဆာန် သတ္တဝါလေးတွေကိုကြည့်ပြီး ကိုယ့်ဟာကိုယ် အားပေးတဲ့ ဂါထာလေးတစ်ခုပါ။

ယုတ်ညံ့အောက်တန်းကျတဲ့ တိရစ္ဆာန် သတ္တဝါလေးတွေတောင် လမ်းညွှန်ကောင်းရရင် လိမ္မာယဉ်ကျေးပြီး အဖိုးတန်တွေ ဖြစ်သွားနိုင်ကြသေးတယ်ဆိုရင် ဗုဒ္ဓအဆုံးအမကို နာယူမှတ်သား ဖြည့်ကျင့်ခွင့် ရနေတဲ့ ငါလိုလူသားတစ်ယောက် ဘာလို့ မလိမ္မာ မယဉ်ကျေးဘဲ နေရမှာလဲ၊ ဧကန် လိမ္မာယဉ်ကျေး အေးချမ်းရမယ်၊ ဘာလို့ အဖိုးမတန်ဘဲ နေရမှာလဲ၊ ဧကန် အဖိုးတန်ရမှာပေါ့လို့ ကိုယ့်ဟာကိုယ် အားပေးတာပါ။

အသိထူးခြားတဲ့လူတွေက စကားပြောတတ်အောင်သင်ပေးရင် အသိကင်းဝေးတဲ့ တောထဲက ကြက်တူရွေးငှက်တောင်မှ အများနားလည်အောင် စကားပြောတတ်ပါသေးတယ်။ ပြောတော့လည်း


www.burmeseclassic.com

www.burmeseclassic.com


သင်ပြပေးသူက 'ရွှေခဲ' တို့ 'တိုက်ကျော်' တို့လောက် သင်ပြပေးရင် ကြက်တူရွေးကလည်း ဒီလောက်ပဲ ပြောတတ်မှာ စိတ်မအေးရဘူး။ တိရစ္ဆာန်ဆိုတာတော့ မပြောနဲ့တော့၊ ဒီလိုပြောရင်လည်း ဖြစ်တာပါပဲ။

ဦးပဥ္စင်းဟာ အသက် ၁၈-နှစ်အရွယ် ၁၃၂၂-ခု နယုန်လဆန်း ၈-ရက်နေ့က ဂန့်ဂေါမြို့နယ် ကန်တောရကျောင်းတိုက်မှာ ပထမ ကန်တောရဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုပြီး ဒုတိယအကြိမ် ရှင်သာမဏေ ပြုခဲ့ပါတယ်။ မိမိဟာ သက်တော် ၉၆-နှစ်ရှိ ပထမ ကန်တောရ ဆရာတော်ဘုရားကြီးရဲ့ နောက်ဆုံးတပည့်ပါ။ ဆရာဘုန်းကြီး ဦးနန္ဒိမာက 'ရှင်သိရိန္ဒ' လို့ ဘွဲ့နာမည် ချီးမြှင့်ပေးပါတယ်။

အသက် ၁၄-နှစ်အရွယ် ၁၃၁၈-ခု နှောင်းတန်ခူးလဆန်း ၁၄-ရက်နေ့က ဇာတိလက်ပန် ရွာကျောင်းမှာ လက်ပန်ဆရာတော် ဦးတိဿကို ဥပဇ္ဈာယ်ပြုပြီး ပထမအကြိမ် ကိုရင်ဝတ်ခဲ့တယ်။ အဲဒီတုန်းက ခဏဝတ်တာပဲဆိုပြီး ဆရာဘုန်းကြီးက ဘွဲ့နာမည် မပေးခဲ့ပါဘူး။

ကန်တောရမှာ ဒုတိယအကြိမ် ကိုရင်ဝတ်တဲ့နေ့ ညဘုရားဝတ်တက်ပြီးတဲ့အချိန် တိုက်အုပ်ဆရာတော် ဦးဝိသုတက 'လက်ပန် ကိုရင်လာခဲ့ဦး' လို့ ခေါ်တာနဲ့ ဆရာတော်ထံ တစ်ပါးတည်း ရောက်သွားပါတယ်။ ယခုနှစ် အစိုးရစစ် သတ္တမတန်းစာမေးပွဲမှာ ကန်တစ်ကျောင်းလုံး တစ်ယောက်တည်းသာ အောင်တဲ့ လက်ပန်သား ကျောင်းသားတစ်ယောက် ကန်တောရမှာ အမြဲတမ်း ကိုရင် လာဝတ်တယ်ကြားလို့ ခေါ်တာပါတဲ့။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ အလွန်အားကြီးလှတဲ့ ကန်တောရတိုက်အုပ်ဆရာတော်ကြီးဟာ မိမိကို ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲ ချီးမွမ်းအားပေးတဲ့စကားတွေ တော်တော်ကြာအောင် မိန့်ကြားပေးပါတယ်။ စပ်ရာစပ်ရာ ဆုံးမစကားတွေလည်း ပြောပေးတယ်။ ဆရာတော်ကြီးစကားတွေ ကြားရတော့ 'ငါတော့ နေရာကောင်းရောက်ပြီဟဲ့' လို့ စိတ်ထဲမှာ ကိုယ့်ဟာကိုယ် ကြုံးဝါးမိလောက်အောင် သိပ်ပြီး အားတက်သွားတာပေါ့။

နောက်တော့ ဆရာတော်ကြီးက အထက်မှာ ဖော်ပြခဲ့တဲ့ ဂါထာကလေးကို ရွတ်ရွတ်ပြီး အားပေး ဆုံးမပါတယ်။ 'ကြက်တူရွေးတောင် လူတွေက စကားသင်ပေးရင် စကားပြောတတ်သေးတာကွဲ့၊ တောထဲက မျောက်ရိုင်းတောင် လူတွေ အက သင်ပေးရင် အများသဘောကျအောင် က တတ်သေးတယ်။ တိရစ္ဆာန်တောင် နည်းမှန်လမ်းမှန်သင်ပေးရင် တတ်သေးတာ လူဆိုတာတော့ မပြောနဲ့၊ ဆရာသမားကောင်းတွေက သင်ပေးရင် တကယ်တတ်ပါတယ်။ ကြိုးစား၊ ဘာမှအားမငယ်နဲ့၊ ဘာမဆို လိုတာပြော၊ အနာဂတ်သာသနာက ကိုရင်တို့ လက်ထဲမှာပဲ ရှိတယ်။ စာတတ်အောင်လည်း လုပ်၊ အကျင့်ကောင်းအောင်လည်း နေ၊ ကိုယ့်ဟာကိုယ် အားကိုးရအောင်လည်း နေ၊ အများရဲ့ အားကိုးရာဖြစ်အောင်လည်း ကြိုးစား၊ ဒါမှ သက်န်းဝတ်ရကျိုးနပ်မှာ၊ လုပ်ပဲ၊ လုပ်ရင် ဖြစ်ရမှာပေါ့' တဲ့။

ဆရာတော်ကြီးတို့ရဲ့ မေတ္တာရိပ်အောက်မှာနေရတာဟာ ပြောမပြတတ်လောက်အောင် အေးချမ်းလှပါတယ်။ နေ့စဉ် ပဲပြုတ်နှင့် ချဉ်ဟင်းလောက် ပင်တိုင်ထား စားနေရပေမယ့် ဆရာ့မေတ္တာရိပ်က မခွာချင်လောက်အောင် အလွန်ပျော်တယ်။ နောက်လည်း မကြာမကြာခေါ်ပြီး အားပေးဆုံးမပါတယ်။

## ၂။ မကောင်းဘဲ မများချင်နဲ့

- **အကောင်းမပါ၊ များရုံသာ၊ ရှိလာသမျှ ဆင်းရဲသည်။**
- **အကောင်းပါမှ၊ များလာက၊ မုချချမ်းသာမည်။**
- **များလာဖို့ထက်၊ ကောင်းဖို့တွက်သော်၊ စွမ်းအားပေါ်၊ ရှင်ပျော်အားတက်သည်။**
- **လောကအရာ၊ ဝေစုမှာ၊ ရှိတာရနိုင်သည်။**
- **တရားအရာ၊ ဝေစုမှာ၊ သိတာရနိုင်သည်။**
- **အရှိကိုနိုင်၊ အသိပိုင်၊ ကြံခိုင်စွမ်းအားပြည့်ဝသည်။**

ကိုရင်ဝတ်ပြီးလို့ နောက်တစ်ပတ်လောက်ရှိပြီဆိုရင်ပဲ ဥပဇ္ဈာယ်ဆရာတော်ဖြစ်တဲ့ သက်တော်ရှည် ပထမ ကန်တောရဆရာတော်ကြီးက 'လက်ပန်ကိုရင်ကို လွှတ်လိုက်စမ်း' လို့ ကိုရင်တစ်ပါး ကို အခေါ်ခိုင်းလိုက်တယ်။ ဆရာတော်ကြီးက ဥပမိရုပ်ခန့်ခန့်ကြီး၊ သက်တော်ရွယ်တော် ကြီးသလောက် ဣန္ဒြေသိက္ခာ ကြီးမား


www.burmeseclassic.com

www.burmeseclassic.com


ရင့်ကျက်တော်မူတယ်။ တပည့်များကို ဆိုဆုံးမတဲ့အခါ ဖော်ဖော်ရွေရွေ ရွှင်ရွှင်လန်းလန်းနဲ့ စိတ်ဝင်စားအောင်၊ နားထဲ ပစ်သွင်းလိုက်သလို အသိစွဲသွားအောင် ပြောတတ်တယ်။ အဝေးက ကြည့်ရင် အနားမကပ်ရဲလောက်အောင် ဥပမိက္ခန္ဓြေ ရင့်ကျက်ကြီးမားသလောက် အနားရောက်သွားရင် အနားက မခွာချင်လောက်အောင် မေတ္တာ၊ ကရုဏာ ဆွဲအား သိပ်ကြီးပါတယ်။ အေးအေးလေးနဲ့ နားဝင်အောင် ပြောတတ်တယ်။

ဆရာတော်ကြီးအနားရောက်သွားတော့ -

'လက်ပန်ကိုရင် ပျော်ရဲ့လားကွဲ့'

'မှန်ပါ၊ ပျော်ပါတယ်ဘုရား'

'အေး . . အေး၊ ပျော်အောင်နေ၊ ပျော်အောင်နေတယ်ဆိုပေမယ့် အကုသိုလ်နဲ့ ပျော်တာတော့ မကောင်းဘူး၊ ကုသိုလ်နဲ့ ပျော်မှပဲ အကျိုးရှိမယ်၊ ဒါကြောင့် ကုသိုလ်နဲ့ ပျော်အောင်နေနော် ကိုရင်'

'မှန်ပါဘုရား'

'လက်ပန်ကိုရင်၊ မကောင်းတာ ၁၀၀ နဲ့ ကောင်းတာတစ်ခုဆိုရင် ဘယ်ဟာကို ယူမလဲ၊ ဘယ်ဟာကို ပိုကြိုက်သလဲ'

'ကောင်းတာတစ်ခုကိုပဲ ယူမှာပါဘုရား၊ ကောင်းတာကိုပဲ လိုချင်ပါတယ်၊ မကောင်းတာတော့ ဘယ်လောက်များများ မလိုချင်ပါဘုရား'

'အေး . . အဲဒါမှန်သကွဲ့၊ မကောင်းတာ ၁၀၀ ဆိုတာ အရေအတွက်များပေမယ့် အရည်အသွေး မပါတော့ ကိုယ့်မှာ ရှိလာသလောက် ကြောက်ရတယ်၊ အကောင်းတစ်ခုက နည်းပေမယ့် အရည်အသွေးပါတော့ ရှိရင် စိတ်အေးရတယ်၊ အဆိုးတွေ တိုးလာသလောက် ဆင်းရဲရမယ်၊ အကောင်းတွေ တိုးလာသလောက်ပဲ ချမ်းသာရမယ်၊ များဖို့ထက် ကောင်းဖို့ ဦးစားပေး ကြိုးစား၊ မကောင်းဘဲ မများချင်နဲ့၊ အရေအတွက် များဖို့ထက် အရည်အချင်းရှိအောင် ကြိုးစားနော်' လို့ ဆုံးမတော်မူတယ်။

နောက်တစ်ခါ ဆရာတော်ကြီးက 'လက်ပန်ကိုရင်၊ ဘာလုပ်ဖို့ ပညာသင်ရတာလဲ' လို့ ကိုယ့်ဟာကိုယ် မေးခွန်းထုတ်ပြီး 'ပညာသင်တယ်ဆိုတာ အရှိကို အသိက အနိုင်ယူဖို့ သင်ရတာ၊ အရှိကို နိုင်တဲ့ အသိကမှ ပညာအစစ်ဖြစ်တယ်၊ အရှိကို အသိက မနိုင်ရင် အရှိ နှိပ်စက်တာ ခံနေရတယ်၊ ကိုယ့်မှာ ရှိလာသမျှ အသိက နိုင်နေအောင် ပညာ တကယ်တော်အောင် ကြိုးစား၊ ဒါမှ သက်န်းဝတ်တာ အကျိုးရှိမယ်' လို့ ကိုယ်တိုင်ဖြေကြား ဆုံးမခဲ့ပါတယ်။ မိမိစိတ်ထဲမှာ အသိစွဲသွားပါတယ်။

အရှိဆိုတာ ကံက အကန့်အသတ်နဲ့ပေးထားလို့ နေ့စဉ် ပြုပြင်စောင့်ရှောက်နေရတဲ့ ခန္ဓာအရှိရယ်၊ ခန္ဓာကိုအရင်းတည်ပြီး ကံအား၊ ဉာဏ်အား၊ လုံ့လအားနဲ့ ရှာဖွေစုဆောင်းထားတဲ့ စီးပွားဥစ္စာအရှိရယ်၊ ကိုယ်နှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာတဲ့ ဆွေမျိုးမိတ်ဆွေအရှိတွေ၊ လူဆိုရင် သားသမီးအရှိတွေ၊ ရဟန်းဆိုရင် တပည့်တပန်း သီတင်းသုံးဖော်အရှိတွေ အားလုံးပေါ့။ အတွင်းရှိ အပြင်ရှိလို့ အကျဉ်းချုံးပြောရင်လည်း ရတာပါပဲ။

ခန္ဓာအရှိရဲ့ သဘာဝအမှန်ကို ဉာဏ်အသိက နိုင်နင်းလွှမ်းမိုးမထားနိုင်ရင် ခန္ဓာ နှိပ်စက်သမျှ လူးလိမ့်ခံနေရမယ်။ ဉာဏ်အမြင်ကန်းတဲ့ ခန္ဓာဝန်ထမ်းဟာ အလွန်ပင်ပန်းလှပါတယ်။ ခန္ဓာအရှိကို သတိဉာဏ်နဲ့ သီလ၊ သမာဓိ၊ ဝိပဿနာပေါ်အောင် အနိုင်ယူ လွှမ်းမိုးထားရမယ်။

ပစ္စည်းအရှိကိုတော့ သတိဉာဏ်နဲ့ပဲ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာစွမ်းအား ကျန်နေခဲ့အောင် အနိုင်ယူ လွှမ်းမိုးနိုင်ရမယ်။ ပစ္စည်းအရှိအပေါ် ကိုယ်က သတိဉာဏ်နဲ့ အနိုင်မယူနိုင်ရင် ကြောင့်ကြရ၊ ပူပန်ရ၊ စောင့်ရှောက်ရ၊ ခိုက်ရန်ဖြစ်ရ၊ လက်နက်ကိုင်ရ၊ စိုးရိမ်ကြောက်ကွဲ ဝမ်းနည်းရ၊ ငိုကြွေးရဆိုတဲ့ အပူတွေနဲ့ ညှပ်ဖိနှိပ်စက်တာ ခံနေရမယ်။ သတိဉာဏ်ကင်းမဲ့ရင် ရှိချင်တာလည်း ကိုယ်ပဲ၊ အရှိကို မနိုင်တာလည်း ကိုယ်ပဲ၊ အရှိကြောင့် ဆင်းရဲပူလောင်နေရတာလည်း ကိုယ်ပဲ ဆိုတာမျိုး ဖြစ်သွားမယ်။ ရှိဒုက္ခဟာ မရှိဒုက္ခထက် အခံရ ခက်တတ်တယ်။ သာသနာဆိုတာ အရှိကို အနိုင်ယူတတ်ဖို့ လောကထဲမှာ ပေါ်လာတာပါ။ ဒါကြောင့် စိတ်အေးစရာ ဖြစ်ရတာပါ။

ဒုတိယအကြိမ် ကိုရင်ဝတ်စက သက်တော်ရှည် ပထမ ကန်တောရဆရာတော်ကြီး မိန့်ကြားခဲ့တဲ့ -

(၁) 'များဖို့ထက် ကောင်းဖို့ အရေးကြီးတယ်' ဆိုတဲ့ လမ်းညွှန်ချက်နဲ့



www.burmeseclassic.com

www.burmeseclassic.com


(၂) 'အရှိကို အသိက အနိုင်ယူရမယ်' ဆိုတဲ့ ဘဝအသုံးချ နည်းဗျူဟာစကားများဟာ ရိုးစင်း နေပေမယ့် ဘဝအမြင် ရှင်းသွားစေပါတယ်။ နောက်လည်း မကြာမကြာ အနားခေါ် ဆုံးမပါတယ်။ ကိုရင်ဝတ်ခါစက ဆရာတော်ကြီးနှစ်ပါးနှင့် တွေ့ခွင့်ရတာဟာ မိမိအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်ကြီးများပါ။ ပညာရှိ သူတော်ကောင်းကြီးတွေဟာ တစ်ခဏလေး တွေ့ဆုံခွင့် ရရင်တောင် နိဗ္ဗာန်မရောက်မချင်း တစ်သံသရာလုံး အစောင့်အရှောက်ပေးနိုင်တာကိုး။

လောကဝေစုဆိုတာ အရှိအတိုင်း ယူရတာ။ ရှိတာကိုယူရတော့ ရှိတဲ့အတိုင်းပဲ ရမှာပဲ။ တကယ်ရှိနေတာက ဒုက္ခအပူတွေပဲဆိုတော့ ဒုက္ခအပူတွေကိုပဲ အမြဲရနေတော့မှာပါ။ တရားဝေစုကတော့ အရှိထဲက အသိနဲ့ နှိုက်ယူသလောက်ပဲ ရနိုင်ပါတယ်။ ရှိသလောက် မရဘဲ သိသလောက်ပဲ ရနိုင်တယ်။ အရှိကို အသိက နိုင်နေမှလည်း အရှိထဲ စေ့စေ့စပ်စပ် နှိုက်ယူတတ်မယ်။ ဒါမှ စိတ်အေးစရာ တရားဝေစု ပိုင်ဆိုင်ခွင့်ရနိုင်မယ်။

## ၃။ စိတ်အေးစရာ သာသနာ

- **မိတ်ကောင်းကိုရှာ၊ တရားနာ၊ ကောင်းစွာစိတ်ကိုထား။**
- **အသိအကျင့်၊ ဘက်စုံမြင့်၊ ဆင့်ဆင့်ပညာပွား။**
- **စိတ်အေးစရာ၊ သာသနာကြောင့်၊ ကောင်းစွာကျင့်ကြံ၊ အကျင့်မှန်၊ ဧကန်အားရှိသွား။**

သာသနာဆိုတာ လူ့လုပ်ငန်းအစီအစဉ်၊ လူသွားလမ်းကြောင်း၊ လူ့ဦးတည်ချက် သုံးမျိုးကို သတ်မှတ်ပေးတာပါ။ သာသနာဆိုတဲ့တရားဟာ လောကကို အနိုင်ယူဖို့ ပေါ်လာတာဖြစ်တယ်။ လူရဲ့ အဓိက အင်အားကလည်း တရားပဲ။ တရားစွမ်းအားရဖို့ လက်တွေ့ကျင့်ရမယ်။ ကျင့်တတ်တဲ့ အသိ သိုမှီးထားရမယ်။ တရားနှင့် အဆက်အသွယ် ရထားရမယ်။ ဆက်သွယ်ပေးသူ ရှိရမယ်။ ဒါဆိုရင် စိတ်အေးစရာ တရားစွမ်းအား ရမှာ သေချာပေါက်ပါ။

တရားနှင့်ဆက်သွယ်ပေးတဲ့ ပညာရှိသူတော်ကောင်းတွေနှင့် တွေ့ရမှ တရားနာယူရတဲ့ အဆက်အသွယ် ရမယ်။ လူ့တစ်ကိုယ်လုံး တရားသွင်းစရာ မျက်စိ၊ နား နှစ်ပေါက်ပဲရှိတာ။ တရားနာကြားတယ်လို့ ပြောလိုက်ရင် တရားစာဖတ်တာလည်း ပါသွားတာပဲ။ တရားဆက်သွယ်ရေးရမှ စိတ်ကို နည်းမှန်လမ်းမှန် ကောင်းမွန်အောင် ထိန်းသိမ်းတတ်၊ ထားတတ်တယ်။ စိတ်ထားတတ်တယ်ပေါ့။ ဒါမှ လက်တွေ့အသုံးချပြီး ကျင့်တတ်တယ်။ ကျင့်တတ်သလောက် ကျင့်နိုင်သလောက် စိတ်အေးစရာ စွမ်းအားတွေ ရောက်လာမှာ သေချာပေါက်ပါ။ ရအောင်ယူတဲ့ပညာ၊ ထိန်းသိမ်းတဲ့ပညာ၊ အသုံးချတဲ့ ပညာကနေပြီး ထိုးထွင်းသိတဲ့ ပညာထိ တက်နိုင်လို့ လုံးဝ စိတ်အေးရမှာဖြစ်တယ်။

ဘုရားလက်ထက်တုန်းက ကုရုတိုင်းဆိုတာရှိတယ်။ သတိပဋ္ဌာန်အလုပ် အလွန်ခေတ်စားနေတဲ့ နေရာပေါ့။ အိမ်ရှင်မတွေ အချင်းချင်း တွေ့ကြတဲ့အခါ သားသမီး စကား၊ စီးပွားရေး စကားတွေ မပြောကြဘူး။ ဒါတွေက တစ်သံသရာလုံး ပြောခဲ့တဲ့ စကားတွေပဲ။

တရားလမ်းညွှန်ပေးတတ်တဲ့ ပညာရှိ သူတော်ကောင်းတွေထံက ဘဝ အသုံးချ သတိပဋ္ဌာန်တရားတွေ နာကြားခွင့် ရကြတာဖြစ်လို့ တရားအသိ ထူးထူးခြားခြား ရရှိထားကြတယ်။ စကားပြောတော့လည်း တရားစကားပဲ ပြောကြသတဲ့။ လူ့ဘဝမှာ တကယ်စကားတစ်ခုလုပ်ပြီး ပြောစရာက တရားပဲရှိတာ။ အိမ်ရှင်မတွေ တစ်ယောက်နှင့်တစ်ယောက် တွေ့ကြရင် 'ညီမက ဘာတရား အားထုတ်သလဲ'

'အစ်မက ဘယ်တရား လက်ကိုင်ထားလဲ'

'မ-ဘယ်သူက ဘယ်တရားနဲ့ ဘဝကိုအသုံးချနေသလဲ' လို့ မေးကြတာတဲ့။

တကယ်လို့များ တစ်ယောက်ယောက်က အဖြေပေးတယ်ဆိုပါတော့။ 'စားဝတ်နေရေး၊ စီးပွားရေး၊ လူမှုရေးတွေနဲ့ ဖတ်ဖတ်မော လုံးလည်ချာလည် လိုက်လို့ အချိန်မရတော့ ဘယ်တရားမှ အားမထုတ်နိုင်ပါဘူး'လို့ ပြောလိုက်မိရင် အားမနာတမ်း ဝိုင်းပြီး အပြစ်တင်စကား ပြောကြတာတဲ့။

'မိရတ္တု တဝ ဇီဝတံ - သင့်အသက်ရှင်ခြင်းဟာ သိပ်စက်ဆုပ်စရာကောင်းတယ်၊ ကိုယ်ကလည်း လိုသမျှ ပေးထားရ ကျွေးထားရသေး၊ ကိုယ့်ကိုလည်း အမြဲနှိပ်စက် ခြိမ်းခြောက်နေသေး၊ ကိုယ့်ရန်သူ


www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ပြန်ကျွေးနေရတာ ရှုံးတယ်' တဲ့။ ဟုတ်ပါတယ်။ ကိုယ်ကသာ ပေးပြီး သူ့ဆီက ဘာမှပြန်မရရင် တကယ်ရှုံးတာပါ။ ဆိုကြပါစို့ ၁၀-သိန်းပေးဝယ်ထားရတဲ့ ပစ္စည်းတစ်ခုကိုတစ်သိန်း နဲ့ ပြန်ရောင်းရရင် ရှုံးတယ်ပဲ ပြောကြမှာပါ။ ရှုံးပေမယ့် ၁၀-ပုံ ပုံ ၁-ပုံတော့ ပြန်ရပါသေးတယ်။ ကိုယ့်ခန္ဓာကို နေ့စဉ် ထောင်ကုန် သောင်းကုန်ခံ ကျွေးနေရတော့ ကိုယ့်ခန္ဓာက ကိုယ့်ကို ဘာတွေများ ပြန်ပေးလို့လဲ။ အညစ်အကြေးတွေ ပြန်ပေးလိုက်၊ အပုပ်အရုပ် အညစ်တွေ ပြန်ပေးလိုက်၊ အို၊ နာ၊ သေ၊ ဒုက္ခတွေ ပြန်ပေးလိုက်နဲ့ ကိုယ်မလိုချင်တာတွေချည်း ပြန်ပေးနေတယ်။ ကိုယ်က သူ့ကို ကျွေးထားရပေမယ့် သူ့ဆီက အပုံ ၁၀၀၀-ပုံလို့ ၁-ပုံတောင် ပြန်ပေးရဲ့လား၊ ဒါက ပိုမရှုံးဘူးလား၊ ဟုတ်တယ်၊ သိပ်ရှုံးတာပေါ့။

ပြီးတော့ 'ဇီဝမာနာပိ တွံ့ မတသဒိသာ ▪ သင်ဟာ အသက်ရှင်တယ် ဆိုရပေမယ့် အသေကောင်ကြီးနှင့် အတူတူပဲ။ စိတ်အေးစရာ ဘာတစ်ခုမှရအောင် မယူနိုင်ရင် အသေကောင်နှင့် ဘာထူးသေးသလဲ' လို့ ကဲ့ရဲ့ကြတာတဲ့။

ဟုတ်တယ်။ တရားအကုန်လုံးကို သတိက ချုပ်ကိုင်ထားတာဆိုတော့ သတိမရှိရင် အသိတွေ သေကုန်ပြီပဲ။ ပကတိ အသေကောင်ကြီးဟာ ဘာတစ်ခုမှ မစွမ်းဆောင်နိုင်တော့သလို သတိကင်းလို့ အသိ သေနေသူဟာလည်း အားကိုးစရာ တရားစွမ်းအားရဖို့ ဘာမှ မစွမ်းဆောင်နိုင်ဘူး။ သတိဆိုတာ အသိထဲ အသက်သွင်းပေးတာ။

'တရားအလုပ် ဘာမှမလုပ်နိုင်ဘူး' လို့သာ အဖြေပေးမယ်ဆိုရင် 'သူများတွေမှာ လက်ထဲမှာ ကိုင်ထားတာ ကုသိုလ်ထုပ် ဖြစ်ရမယ်ဆိုပြီး တည်ငြိမ်ရင့်ကျက် အေးချမ်းစွာနဲ့ စွမ်းအားတွေရအောင် ယူနိုင်ပါရက်သားနဲ့ သင်တစ်ယောက် တယ်ညံ့ဖျင်းပါလား၊ သင့်သန္တာန်မှာ သာသနာ ကွယ်နေပြီ' ဆိုပြီး ဝိုင်းကဲ့ရဲ့ကြတယ်ဆိုပဲ။

ဒီလို မေးလိုက်လို့ တစ်ယောက်ယောက်က ဖြေတယ်ဆိုပါတော့။ 'ကာယာနုပဿနာ ကိုင်နေရတာပေါ့၊ ခန္ဓာကိုယ်မှာ လှုပ်တိုင်း လှုပ်တိုင်း ဘယ်ဟာမှ အလွတ်မခံနိုင်ဘူး၊ ဘယ်ပစ္စုပ္ပန်မှ အလွတ်မခံနိုင်ဘူး၊ အားအောင်လည်း မစောင့်နိုင်ဘူး၊ အို၊ နာ၊ သေထက် ကိုယ်က လက်ဦးထားမှ ဖြစ်မှာ'

'ခန္ဓာက ရှိနေတော့ ခန္ဓာအလုပ်လည်း လွှတ်ထားလို့ ဖြစ်တာမှမဟုတ်ဘဲ။ ခန္ဓာအလုပ်ထဲ ဉာဏ်လေး ထည့်ပြီးတော့ ကာယာနုပဿနာဖြစ်အောင် လုပ်ရတာပဲ၊ ဝေဒနာနုပဿနာ ကိုင်ထား ရတာပဲ၊ စိတ်ကလေးကို ဘယ်အချိန်မှ အလွတ်မခံဘဲ သတိဉာဏ်နဲ့ စောင့်ကြည့်ပြီး ရှုနေရတာပဲ' လို့ ပြောလိုက်ရင် ဝိုင်းပြီး ချီးမွမ်းစကားပြောကြတာတဲ့။

'တဝ ဇီဝိတံ သုဇီဝိတံ ▪ သင်ရဲ့ အသက်ရှင်ခြင်းဟာ ကိုယ့်ကို ပြန်ကယ်မယ့် အသက်ဖြစ်နေလို့ ကောင်းတဲ့ အသက်ရှင်ခြင်းပဲ၊ ကိုယ့်ကို ငြိမ်းအေးချမ်းသာအောင် ဒုက္ခ အကုန်လွတ်အောင် စွမ်းဆောင်ပေးနိုင်တဲ့ အားကိုးစရာ အသက်ကလေးဖြစ်နေတယ်၊ သင့်ရဲ့ အသက်ရှင်ခြင်းဟာ အလွန် စွမ်းအားကောင်းတယ်၊ အသက်ရှင်ရကျိုးနပ်တယ်' တဲ့။

ဟုတ်ပါတယ်။ လူဆိုတာ တရားနှင့် အတန်ဆုံးဖြစ်လို့ သတိဉာဏ်နဲ့ အသိထဲ အသက်သွင်းပေးမှ ဘဝအနှစ် တရားစွမ်းအားရနိုင်မယ်။ ဒါမှလည်း အသက်ရှင်ရတာ တန်ဖိုးရှိမယ်။ တရားဆိုတာ အဆိုးအားလုံးကို အနိုင်ယူနိုင်တာဖြစ်လို့ လူ့အရှိန်အဝါပါပဲ။ လူ့စွမ်းအားတန်ခိုးလို့ ပြောရင်လည်း မှန်တာပါပဲ။

ပြီးတော့ 'တဝတ္ထာယ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပန္နော ▪ မြတ်စွာဘုရားဟာ သင်လို သူတော်ကောင်းအတွက် ပွင့်ထွန်း ပေါ်ပေါက်တော်မူခဲ့တာ၊ သင်ဟာ သိပ်ကောင်းမြတ်တဲ့ ဘဝကောင်းကို ရတာပဲ' လို့လည်း ချီးမွမ်း စကား ပြောကြားကြပါသတဲ့။ ဟုတ်ပါတယ်၊ ဘုရားသာသနာနှင့် တွေ့ရသူဟာ ရတနာကြောပေါ် ရောက်နေပြီပဲ။ ကိုယ့်ခန္ဓာ၊ ကိုယ့်ပစ္စည်းထဲက လိုရာတရားကို လိုသလောက် ဉာဏ်နဲ့ ဖော်ထုတ်ယူရုံပါ။

## ၄။ အသိထူးခြား မြတ်တရား

- **ပစ္စည်းခန္ဓာ၊ ကိုယ့်မှာအရှိ၊ အမှားကြည့်လတ်၊ မသိတတ်က၊ သုံးမရ၊ ဒုက္ခရောက်တတ်သည်။**
- **ပစ္စည်းခန္ဓာ၊ ကိုယ့်မှာအရှိ၊အမှန်ကြည့်က၊ အသိထူးခြား၊ မြတ်တရား၊ ထင်ရှားပေါ်လာသည်။**
- **အရှိကိုနိုင်၊ အသိပိုင်၍၊ ကြံ့ခိုင်ထူးခြား၊ တရားရှိမှ၊ စွမ်းအားရ၊ မုချချမ်းသာမည်။**



www.burmeseclassic.com

www.burmeseclassic.com


သတိပဋ္ဌာန်တရား အလွန်ခေတ်စားနေတဲ့ အဲဒီအချိန်တုန်းက ကုရုတိုင်းမှာ ဘိက္ခုနီ အမြောက်အမြား စုပေါင်း သီတင်းသုံးနေထိုင်တဲ့ ကျောင်းတိုက်တစ်တိုက်ရှိတယ်။ ဘိက္ခုနီရှိရင် သိက္ခမာန် သာမဏေရီတို့လည်း ရှိရမှာပါပဲ။ အချိန်နှင့်ဘဝကို မဖြုန်းတီးဘဲ ပရိယတ်၊ ပဋိပတ် ကိုယ်ပိုင်လုပ်ငန်းနှစ်ရပ်ကို အစွမ်းကုန် ကြိုးစား အားထုတ်နေကြပါတယ်။

သာသနာနှင့် တကယ်တွေ့နေရသူဟာ အချိန်၊ ဘဝ၊ ပစ္စည်းကို လုံးဝ မဖြုန်းတီးကြပါဘူး။ သာသနာနှင့် မတွေ့ရသူတွေသာ ရသမျှ ရှိသမျှ အကုန်ဖြုန်းပစ်နေကြတာပါ။ ဖြုန်းတယ်ဆိုတာ အလကားကုန်သွားတာ မဟုတ်ဘူး။ ကိုယ့်ကို လောင်မြိုက်မယ့် အပူတွေကို စုနေတာဖြစ်တယ်။

ဉာဏ်ပညာအသိဆိုတာ၊ အထူးအားဖြင့် တရားပိုင်းဆိုင်ရာ ဉာဏ်ပညာအသိဆိုတာ ကိုယ့်အရှိတွေကို အနိုင်ယူလွှမ်းမိုးဖို့၊ အဖိုးတန်အောင် အသုံးချဖို့သာ ဖြစ်ပါတယ်။ အရှိကို တကယ်နိုင်မှလည်း ပညာအစစ်ပါ။

တရားအသိမရှိရင် ကိုယ့်ရဲ့ခန္ဓာနှင့် ပစ္စည်းအရှိကို နည်းမှန်လမ်းမှန် မကြည့်တတ်လို့ အသိ လွဲချော်နေတတ်တယ်။ အရှိနှင့်အသိ အံကိုက်မဖြစ်တော့ အရှိအောက်မှာ အသိရောက်ပြီး အရှိရဲ့ ဖိစီးမှုကြောင့် မွန်းကြပ်ပူလောင်နေရတတ်တယ်။ အရှိကို အဖိုးတန်အောင် မသုံးနိုင်ဘဲ အရှိဆိုတဲ့ အထုပ်ကို ထမ်းပြီး ဆင်းရဲပင်ပန်းနေတတ်ပါတယ်။ အရှိတွေ ရှုပ်ပွပြီး ဒုက္ခရောက်တတ်ပါတယ်။ အထုပ်ကို ထမ်းလို့မနိုင်တော့ အရှိတွေနဲ့ ရမ်းကားပြီး အထမ်းသမားကနေ အရမ်းသမားလည်း ဖြစ်သွားတတ်ပါတယ်။ အသိမရှိရင် ရှိဒုက္ခဟာ မရှိဒုက္ခထက် ပိုအခံရ ခက်တတ်ပါတယ်။

တရားအသိ လက်ဦးနေမှပဲ အသိအောက်မှာ ခန္ဓာနှင့်ပစ္စည်းအရှိတွေ ရောက်သွားပြီး အရှိကို အသိနဲ့ အဖိုးတန်အောင် အသုံးချနိုင်မှာပါ။ ကိုယ့်ကို အာမခံ တာဝန်ယူမယ့် တရားစွမ်းအား ပေါ်အောင် ဖော်ပေးနိုင်မှ အသုံးချတယ်လို့ ခေါ်တာပါ။ အရှိတွေ ကုန်သွားရင် ကျမသွားဘဲ စွမ်းအား ပြန်ရလာမှ စိတ်အေးရမယ်။ ကုန်ကျဖြစ်ရင် စိတ်အားငယ်ရမယ်။ ကုန်ရဖြစ်မှ စိတ်အားရှိမှာ ဖြစ်တယ်။ အရှိကို အသိက နိုင်မှ အစွမ်းသမား ဖြစ်နိုင်မယ်။

စိတ်အေးရဖို့အတွက် ကိုယ့်အရှိတွေကို နိုင်ရုံနဲ့ မပြီးသေးဘူး။ ကိလေသာအပူကို နိုင်ဖို့လည်း လိုသေးတယ်။ ပုထုဇဉ်အနေနဲ့ ကိလေသာအပူကို လုံးဝ အနိုင်မယူနိုင်သေးပေမယ့် စိတ်နှင့်အပူ ခွာပေးရုံ၊ ကန့်ပေးရုံ၊ သန့်ပေးရုံ၊ ထိန်းပေးရုံလောက်တော့ စွမ်းနိုင်ပါတယ်။ ဘုရားအား၊ တရားအားကို အကူအညီ ယူရမှာပေါ့။ အထူးအားဖြင့် သာသနာမှာ အားအကောင်းဆုံးဖြစ်တဲ့ သတိကို အကြိမ်များများ ကိုင်နိုင်အောင် စိတ်နှင့်သတိ အတွဲများအောင် လေ့ကျင့်ပေးနေရမယ်ပေါ့။ သတိနှင့် ကိလေသာ တွဲဖြစ်နိုင်တာမဟုတ်တော့ သတိဖြစ်တိုင်း ကိလေသာအပူကင်းပါတယ်။

အဲဒီကျောင်းတိုက်ထဲမှာ နေထိုင်ကြတဲ့ ဘိက္ခုနီ၊ သိက္ခမာန် သာမဏေရီတွေဟာ အရှိတွေကိုလည်း အသိနဲ့ အနိုင်ယူနိုင်ဖို့၊ အပူတွေကိုလည်း သတိနဲ့ လွှမ်းမိုးနိုင်ဖို့ မမေ့မလျော့ လေ့ကျင့်နေကြတယ်။ ပရိယတ်ကို ပဋိပတ်နဲ့ အသက်သွင်းလို့၊ ပဋိပတ်ကို ပရိယတ်နဲ့ မတိမ်းစောင်းအောင် ထိန်းကျောင်းလို့ နေ့ညမစဲ သဲသဲမဲမဲ ကြိုးစားနေကြပါတယ်။ သာသနာအတွက် အားတက်စရာလည်း ကောင်း၊ ကြည်ညိုစရာလည်း ကောင်းပေါ့။

## ၅။ လိမ္မာယဉ်ကျေး ကြက်တူရွေး

- **လူတို့သင်ငြား၊ လူ့စကား၊ ပြောကြားတတ်ပေ၏။**
- **လူတို့သင်ငြား၊ လူ့တရားလည်း၊ ပြောတတ်မြဲ၊ စိတ်ဖွဲ့ထက်သန်၏။**
- **အကျင့်အမှန်၊ သင်ပေးပြန်လည်း၊ ကျင့်တတ်မြဲ၊ ထူးကဲအမှန်သိ။**
- **လိမ္မာယဉ်ကျေး၊ ကြက်တူရွေး၊ စိတ်အေးရပေ၏။**
- **ဟောသူရှိမှ၊ နာယူရ၊ ဘဝအမြင့်ရှင်းနိုင်၏။**

တစ်ချိန်မှာ ကချေသည် ဇာတ်သမားတစ်ယောက်ဟာ တောထဲက ကြက်တူရွေးငှက်ကလေး တစ်ကောင်ကို ဖမ်းယူ မွေးစားထားပြီး လူ့စကား သင်ပေးထားတယ်။ ဇာတ်သမားဆိုတော့ ဇာတ်သမား စကားလောက်ပဲ သင်ပေးတတ်မှာပေါ့။ တရားစကားတော့ ဘယ်သင်ပေးတတ်မလဲ။ ဇာတ်သမားက စကားသင်ပေးထားတဲ့ ကြက်တူရွေးဟာ တော်တော်ကြာလာတော့ လူ့စကား ပြောတတ်တယ်။ သူများတွေ ပြောတာလည်း နားလည်တယ်။


www.burmeseclassic.com

www.burmeseclassic.com


ဇာတ်သမားဟာ စကားအတော်ပြောတတ်နေတဲ့ကြက်တူရွေးကို သွားလေရာ ခေါ်သွားတတ်တယ်။ သွားရင်းသွားရင်းနဲ့ ခုနက ဘိက္ခုနီတွေ သီတင်းသုံးနေထိုင်တဲ့ ကျောင်းဝင်းထဲ ရောက်သွားတော့ အရိပ်ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ အပန်းဖြေ အနားယူနေတယ်။ သူပြန်သွားတော့ ကြက်တူရွေးငှက်ကလေးကို ဘိက္ခုနီကျောင်းတိုက်ထဲမှာပဲ ချန်ထားခဲ့တယ်။ ကျန်နေခဲ့တာလည်း ဖြစ်နိုင်တယ်ပေါ့။

ကြက်တူရွေးကလေး ကျန်နေခဲ့တာ ကံကောင်းတယ်ဆိုရမယ်။ သာသနာနှင့်တွေ့ဖို့ အကြောင်း ဖြစ်သွားလို့ပါ။ ဘိက္ခုနီတွေက ကြက်တူရွေးငှက်ကလေးကိုမြင်ကြတော့ ကောက်ယူမွေးစား စောင့်ရှောက်ထားလိုက်ကြတယ်။ 'ဗုဒ္ဓရက္ခိတ' လို့လည်း နာမည်ပေးထားလိုက်တယ်။ ဘုရားစောင့်ပေါ့။ ဘုရားရဲ့ အစောင့်အရှောက်ကို ရပြီပေါ့။ ဘုရားရဲ့ အစောင့်အရှောက်ရရင် ရတနာ သုံးပါးလုံးရဲ့ အစောင့်အရှောက်၊ သာသနာရဲ့ အစောင့်အရှောက်ကိုလည်း ရပြီပေါ့။ စိတ်အေးစရာပဲ။

ဇာတ်သမားလက်ထဲကစ စကားပြောတတ်နေတဲ့ ကြက်တူရွေးငှက်ကို ဘိက္ခုနီ၊ သိက္ခမာန် သာမဏေရီ တွေက တရားစကားပါ သင်ပေးကြတယ်။

'ဟေ့ ဗုဒ္ဓရက္ခိတ၊ မင်းအခုရောက်နေတဲ့နေရာဟာ အချိန်ဖြုန်းနေသူ၊ အပျော်စုနေသူတို့ရဲ့ နေရာမဟုတ်ဘူး၊ အချိန်နှင့်ဘဝကို အဖိုးတန်အောင် အသုံးချနေသူ၊ တရားစွမ်းအား စုဆောင်း နေသူတို့ရဲ့ နေရာသာဖြစ်တယ်။ သူတော်ကောင်းတွေထဲ ရောက်နေသူဟာ ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်အတိုင်းအတာနှင့် ကိုယ်၊ ကိုယ့်အင်အား ရှိသလောက် ဘဝကို အသုံးချနေရမှာပဲ။ ဒါကြောင့် မင်းလည်း အလကားနေလို့ မဖြစ်ဘူး။ တရားအလုပ် လုပ်ရမယ်'

ပရိယတ်ဆိုတာ လမ်းတို၊ လမ်းရှည် နှစ်မျိုးရှိတယ်။ ရိပ်သာတွေမှာ ယောဂီတွေ ရှုမှတ်တတ်ရုံ ဖြတ်လမ်းနည်းနဲ့ သင်ပြပေးတာက လမ်းတိုနည်းပေါ့။ လူတွေ လိုက်နာကျင့်သုံးတတ်အောင် ကောက်နုတ်ချက်တွေ ဟောပြောရေးသား လမ်းညွှန်ပေးရတာတွေဟာလည်း လမ်းတိုနည်းတွေပါပဲ။

ပရိယတ္တိစာသင်တိုက်ကြီးတွေမှာ အခြေခံကျမ်းစာတွေကစလို့ ပိဋကသုံးပုံထိ ပို့ချ သင်ယူ ကြိုးစား နေကြရတာက လမ်းရှည်နည်းပါ။ သာသနာ ကြာကြာတည်ဖို့အတွက် လမ်းရှည်နည်းကိုပဲ အားကိုးနေရပါတယ်။

ဘိက္ခုနီတွေက ဗုဒ္ဓရက္ခိတ ကြက်တူရွေးလေးကို လမ်းတိုနည်းနဲ့ စာသင်ပေးကြတယ်။ သင်ပေးတဲ့ တရားစာက တစ်ခွန်းတည်းရယ်၊ 'အဋ္ဌိ အဋ္ဌိ = အရိုးစု အရိုးစု' တဲ့။

'ကဲ ဗုဒ္ဓရက္ခိတ၊ ဒါလေးကိုပဲ မင်းခဏခဏရွတ်ကွာ' လို့ သင်ပေးပြီး အဆိုခိုင်းကြတယ်။ ကြက်တူရွေးကလည်း သင်ယူပြီး နှုတ်တက်နေအောင် မကြာမကြာ ရွတ်ဆိုနေတယ်။

သစ်ပင်ပေါ် ပျံသွားတောလည်း 'အဋ္ဌိ အဋ္ဌိ = အရိုးစု အရိုးစု'၊ ဟိုနားဒီနား သွားတော့လည်း 'အဋ္ဌိ အဋ္ဌိ = အရိုးစု အရိုးစု' ဒါချည်း ရွတ်နေတယ်။ ကိုယ့်နေရာကိုယ်နေတော့လည်း ဒါကိုပဲ ရွတ်ဆိုနေတယ်။ ကြက်တူရွေးလေးဟာ နာမည်နှင့်လိုက်အောင် ပြောစကားကို တော်တော် နားထောင်တတ်သားပဲ။

ရက်တော်တော်များလာတော့ တော်တော် အထုံရလာတယ်။ နှုတ်ကျိုးလို့ ကျေညက်လာတယ်။ ဘာမှတော့ သူ နားမလည်သေးပါဘူး။ သင်ပေးလို့သာ ဆိုနေတာပါ။ ကြက်တူရွေးလေး လမ်းတိုနည်းနဲ့ စာသင်နေလိုက်တာ 'အဋ္ဌိ အဋ္ဌိ = အရိုးစု အရိုးစု' လို့ နှုတ်နဲ့ ကျွမ်းကျင်စွာ ဆိုတတ်နေပြီ။

## ၆။ စာသိ ကျင့်သိ ၂-မျိုးညှိ

- **အကျင့်မပါ၊ သိရုံသာ၊ စိတ်မှာ အားမပြည့်။**
- **အသိမတွဲ၊ ကျင့်ရုံလည်း၊ ချွတ်လွဲတတ်ချေ၏။**
- **အသိတွဲကာ၊ အကျင့်ပါ၊ စိတ်မှာ စွမ်းအားပြည့်။**

ပရိယတ်ဆိုတဲ့ စာသိကို ပဋိပတ်ဆိုတဲ့ ကျင့်သိနှင့် တွဲပေးရမှာဖြစ်တယ်။ စာသိသာရှိပြီး ကျင့်သိမပါရင် စိတ်အားမပြည့်ပါဘူး။ အသိဟာ မရှင်သန်ဘဲ သေနေတတ်ပါတယ်။ စာသိမပါဘဲ ကျင့်ပြန်တော့ လမ်းများ ချွတ်ချော်တတ်တယ်။ စာသိနှင့်ကျင့်သိ တွဲမိမှပဲ အသိတွေရှင်သန်ပြီး စိတ်စွမ်းအား ပြည့်ဝလာနိုင်ပါတယ်။

ဘိက္ခုနီတွေက ဗုဒ္ဓရက္ခိတ ကြက်တူရွေးလေးရဲ့ စာသိကို ကျင့်သိနှင့် ပေါင်းစပ်ပေးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com


'ကဲ . . ဗုဒ္ဓရက္ခိတ၊ လာဟေ့ အဲဒီ အဋ္ဌိ အဋ္ဌိ ။ အရိုးစု အရိုးစု ဆိုတာကို မြင်အောင် အလုပ်ပေးမယ်ကွာ'

သူတို့ကျောင်းဝင်းထဲမှာ တရားပြတဲ့အခါ လက်တွေ့အသုံးချဖို့ စုဆောင်းထားတဲ့ ကြက်ရိုးတို့၊ ငှက်ရိုးတို့ စတဲ့ အရိုးတွေရှိတယ်။ အဲဒီအရိုးတွေကို ဗုဒ္ဓရက္ခိတ ကြက်တူရွေးအနားကို ယူလာပြီး ပြကြတယ်။

'ဟေ့ . . . ဗုဒ္ဓရက္ခိတ၊ မင်းနှုတ်က တတွတ်တွတ်ရွတ်ဆိုနေတဲ့ အဋ္ဌိ အဋ္ဌိ ။ အရိုးစု အရိုးစု ဆိုတာ ဟောဒီအရိုးတွေကို ပြောတာ၊ သေသေချာချာ မြင်အောင်ကြည့်စမ်း'

'အဲဒီအရိုးဆိုတာ မင်းခန္ဓာထဲမှာလည်း ရှိတာပဲကွ၊ မင်းက တင့်တယ်တယ်၊ လှတယ်လို့ ထင်နေတဲ့ အပေါ်က အမွေးတွေကို နှုတ်ပစ်လိုက်ရင်၊ အပေါ်က အရေခွံကို ခွာချလိုက်ရင်၊ အသားတွေကို ခွာချလိုက်ရင်၊ မင်းခန္ဓာထဲမှာလည်း အရိုးတွေပေါ်လာမှာပဲ' အဲဒီလို ထပ်တလဲလဲ ပြောပြကြတယ်။

တရားအလုပ်ဆိုတာ ကြိုးကြပ်ကွပ်ကဲသူရှိမှ ပိုအားထုတ်ဖြစ်တယ်။ ကိုယ့်သဘောနဲ့ကိုယ်ဆို လုပ်ချင်မှ လုပ်ဖြစ်တာ၊ မလုပ်ဖြစ်တာက များပါတယ်။ ဗုဒ္ဓရက္ခိတဟာ ကြိုးကြပ်ကွပ်ကဲသူ ပညာရှင် မေတ္တာ ကရုဏာရှင်တွေရှိနေတော့ ယောဂီ ဖြစ်မှန်းမသိ ဖြစ်သွားတယ်။

ဗုဒ္ဓရက္ခိတကြက်တူရွေးလေး တရားထိုင်နေရတယ်။ ဘေးနားမှာချထားတဲ့ ကြက်ရိုး ငှက်ရိုးတွေကို ပသာဒမျက်လုံးနဲ့ လှမ်းကြည့်လိုက်ပြီး မျက်စိမှိတ်လိုက်တယ်။

'ငါ့ခန္ဓာထဲမှာလည်း ဒါတွေရှိတယ်နော်၊ ဟောဒီ အမွေးတွေ၊ အရေတွေ၊ အသားတွေကို အကုန် ဖယ်ရှားလိုက်မယ်ဆိုရင် အရိုးတွေစုနေတဲ့ အရိုးစုကြီးပါလား' မျက်စိလေးမှိတ်ပြီး ခန္ဓာထဲက အရိုးတွေကို အာရုံပြုလိုက်တယ်။ ရုတ်တရက် ကြည့်လိုက်တော့ အိပ်ငိုက်နေတယ် ထင်ရတယ်။ ဘယ်ဟုတ်မလဲ၊ ယောဂီလေး တရားအားထုတ်နေတာ။

'ဘူတံ ဘူတတော ပဿတိ ။ အရှိကို အရှိအတိုင်း ပွင့်ပွင့်လင်းလင်း မြင်အောင် ကြည့်တာဟာ တရားပဲ။ ဘေးနားမှာ ချထားတဲ့ ကြက်ရိုးငှက်ရိုးတွေကို ပသာဒမျက်လုံးနဲ့ ဖွင့်ကြည့်လိုက်၊ မျက်လုံးကို မှိတ်ပြီး အသိစိတ်နဲ့ ခန္ဓာထဲကအရိုးတွေကို မှန်းကြည့်လိုက်နဲ့ ကြက်တူရွေးလေး တရား မှတ်နေတယ်။

အဲဒီလို နေ့စဉ်နေ့တိုင်း အနားပေးချိန်မှာ အနားပေးလိုက်၊ အလုပ်ချိန်မှာ ခေါင်းလောင်းထိုး အချက်ပေး ခေါ်ပြီး တရားထိုင်ခိုင်းလိုက်နဲ့ ဘိက္ခုနီတွေက အချိန်မှန် ကြီးကြပ်စေခိုင်းပေးနေကြတယ်။ တကယ် ကံကောင်းလိုက်တဲ့ ကြက်တူရွေးလေးပေါ့။

'ကဲ . . . ဗုဒ္ဓရက္ခိတ လာခဲ့၊ အလုပ်လုပ်ဖို့အချိန်ရောက်ပြီ၊ ကဲ ကဲ တရားမှတ်နေတော့'

အရိုးတွေချထားတဲ့နေရာမှာ ကြက်တူရွေးကို တရားထိုင် တရားမှတ်ခိုင်းနေကြတယ်။ ရက်တွေ တော်တော်များလာတော့ အလေ့အကျင့် ထုံလာတယ်။ စောစောပိုင်းမှာတော့ သညာသိပေါ့။ နောက်ပိုင်းမှာ အသိစိတ်ကလေးတွေ ဝင်လာတယ်။ တိရစ္ဆာန်ဆိုတော့ တိရစ္ဆာန်လောက်ပဲ သိနိုင်မှာပါ။ လူရဲ့အသိကိုတော့ မှီချင်မှလည်း မှီမယ်ပေါ့။ အချိန်တွေ အကြိမ်တွေများလာတော့ အထုံက တော်တော်များလာပါတယ်။ နေ့စဉ် အချိန်မှန် တရားထိုင်ခွင့်၊ တရားအလုပ် အားထုတ်ခွင့် ရနေတာကိုး။

## ၇။ အဆိုးဖြင့်စမ်းတရားစွမ်း

- **အဆိုးကြောင့်သာ၊ အကောင်းမှာ၊ ကောင်းစွာပေါ်လွင်၏။**
- **အဆိုးဖြင့်စမ်း၊ တရားစွမ်း၊ တက်လှမ်းနိုင်ဟုသိ။**

တရားရဲ့အကောင်းဂုဏ်ဟာ အဆိုးကြောင့်သာ ပေါ်လွင်နေတာပါ။ အကောင်းရဲ့ ကြံ့ခိုင်မှုကို အဆိုးနဲ့ စမ်းသပ်ရတယ်။ အဆိုးနဲ့ နည်းမျိုးစုံ အစမ်းခံနိုင်မှ အကောင်းလို့ အတည်ပြုနိုင်တာပါ။ လောကအဆိုး အားလုံးဟာ အကောင်းရဲ့ တွန်းအားချည်းပါပဲ။

တစ်နေ့တော့ ဗုဒ္ဓရက္ခိတ ကြက်တူရွေးရဲ့ တရားအကောင်းစွမ်းရည်ကို စမ်းသပ်စစ်ဆေးပေးတဲ့ ကြောက်လန့်ဖွယ် အဆိုးတစ်ခု ပေါ်လာတယ်။ ဆောင်းရာသီ နံနက်ခင်းကာလ အရှေ့က နေထွက်ကာစ အချိန်မှာ ချမ်းအေးတာနဲ့ ကျောင်းဝင်းထဲက တိုင်ထိပ်မှာနားပြီး ဗုဒ္ဓရက္ခိတ နေဆာ လှုံနေတယ်။ နေဆာ လှုံချင်တဲ့ စိတ်ဆန္ဒ စောနေတာဖြစ်လို့ တရားအမှတ် လွတ်နေတယ်။


www.burmeseclassic.com

www.burmeseclassic.com


ကောင်းကင်ပေါ်မှာ အစာရှာရင်း ပျံဝဲနေတဲ့ သိမ်းငှက်ကြီးတစ်ကောင်က တိုင်ထိပ်မှာ နေဆာလှုံနေတဲ့ ဗုဒ္ဓရက္ခိတ ကြက်တူရွေးကို မြင်ပါလေရော။ 'ဟော . . ဟိုမှာ ကြက်တူရွေး တစ်ကောင်၊ အနားမှာလည်း ဘယ်သူမှ မရှိဘူး၊ အတော်ပဲ၊ ငါတော့ အစာရပြီဟဲ့' လို့ ကောင်းကင်ပေါ်ပျံဝဲနေရာက ထိုးစိုက်ဆင်းလာပြီး ဗုဒ္ဓရက္ခိတကို ထိုးသုတ် ဖမ်းယူသွားပါလေရော။

ဗုဒ္ဓရက္ခိတ ယောဂီလေး သိမ်းငှက်ကြီး ထိုးသုတ်လို့ ပါသွားပြီလေ။ တရားမှတ်လွတ်နေတဲ့ ဗုဒ္ဓရက္ခိတဟာ ရုတ်တရက် ထိတ်လန့်ပြီး ကြောက်အားလန့်အားနဲ့ စူးစူးဝါးဝါး အော်ချလိုက်တယ်။

သူ့အသံကို ခပ်လှမ်းလှမ်းမှာရှိနေတဲ့ ဘိက္ခုနီတွေ သိက္ခမာန်တွေ သာမဏေမတွေ ကြားကြလို့ ကောင်းကင်ပေါ်မော့ကြည့်လိုက်တော့ 'ဟယ် ဗုဒ္ဓရက္ခိတလေးကို သိမ်းငှက်ကြီး ချီသွားပြီဟေ့' ဆိုပြီး လက်လှမ်းမှီရာ တုတ်တွေ၊ ခဲတွေ ကောက်ယူ အတင်းပြေးလိုက်ပြီး ချောက်ကြတယ်။ ပါးစပ်ကလည်း အော်၊ တုတ်တွေ၊ ခဲတွေနဲ့လည်း လိုက်ပစ်ကြတယ်။

'ဟဲ့. . . သိမ်းငှက်ကြီး၊ သူတော်ကောင်းကို မပြစ်မှားရဘူးဟဲ့၊ သူတော်ကောင်းကို မသတ်ကောင်းဘူးဟဲ့၊ လွှတ်ခဲ့ လွှတ်ခဲ့' အဲဒီလို နောက်က အော်သံတွေပေး၊ ခဲတွေ တုတ်တွေနဲ့ လိုက်ပစ်ကြတော့ ကံအားလျော်စွာ သိမ်းငှက်ကြီးက ဗုဒ္ဓရက္ခိတ ကြက်တူရွေးလေးကို လွှတ်ချလိုက်တယ်။ ဗုဒ္ဓရက္ခိတဟာ ကောင်းကင်ကနေ မြေပေါ် တစ်စတစ်စ ရောက်လာတော့ အကြီးဆုံး ဘိက္ခုနီမက ယုယုယယ ကောက်ယူပွေ့ချီပြီး ပြောတယ်။ တရားစစ်တဲ့သဘောပါ။

'ဟဲ့ ဗုဒ္ဓရက္ခိတ၊ မင်းကို သိမ်းငှက်ကြီး ချီသွားလိုက်တာကွယ်၊ ငါတော့ ဒီတစ်ခါ မင်းသေပြီလို့ အောက်မေ့တာ၊ သိမ်းငှက်အစာဖြစ်ပြီလို့ ထင်လိုက်တာ'

'ကဲ ပြောစမ်းပါဦး၊ သိမ်းငှက်ကြီးက မင်းကို ထိုးသုတ်ချီသွားတော့ မင်းစိတ်ထဲ ဘယ်လိုနေသလဲ၊ ပြောစမ်း' 'ဘဝအခက်အခဲကြုံတဲ့အခါ အခက်အခဲကို မင်းဘယ်လို ဖြေရှင်းတယ်ဆိုတာ ငါ့ကို ပြောပြစမ်း' တရားစစ်တာပါ။

ဗုဒ္ဓရက္ခိတဟာ ဇာတ်သမားတွေ လက်ထဲမှာတုန်းက ရိုးရိုးအရပ်စကားပဲ ပြောတတ်တယ်။ ဘိက္ခုနီတွေ လက်ထဲရောက်တော့ တရားစကားတွေပါ ကောင်းကောင်းပြောတတ်နေပြီ။

'ရှင်မတို့၊ ကျွန်ုပ်ဟာ တိုင်ထိပ်မှာ နေဆာလှုံနေတုန်း နေဆာလှုံချင်တဲ့ဆန္ဒစောနေတာ ဖြစ်လို့ တရားမှတ် လွတ်နေပါတယ်၊ ဒီအချိန်မှာ သိမ်းငှက်ကြီးက ကောင်းကင်က ထိုးစိုက်ဆင်းလာပြီးတော့ ကျွန်ုပ်ကို ထိုးသုတ် ဖမ်းဆီးသွားပါတယ်။ အမှတ်တမဲ့နေတဲ့အချိန် တရားမှတ်လွတ်နေတဲ့ အချိန်ဖြစ်လို့ ကြောက်အားလန့်အားနဲ့ ကယောင်ကတမ်း အော်မိပါတယ်၊ ခဏကြာတော့ ရှင်မတို့ သင်ပြပေးတဲ့ တရားတွေ အသိစိတ်ထဲမှာ ပေါ်လာတယ်'

'ပေါ်လာပုံက ဩော် - အရိုးစုကြီးတစ်ခုက အရိုးစုလေးတစ်ခုကို ချီသွားပြီ၊ ချီသွားတဲ့ သိမ်းငှက်ကြီးကိုလည်း အရိုးစုလို့ မြင်လာတယ်၊ အချီခံရတဲ့ ကျွန်ုပ်ရဲ့ခန္ဓာကိုယ်ကိုလည်း အရိုးစုလို့ပဲ မြင်လာပြီး ဩော် - အရိုးစုကြီးတစ်ခုက အရိုးစုလေးတစ်ခုကို ချီသွားလိုက်တာ၊ အချီခံရတဲ့ အရိုးစုလေး ဘယ်နေရာတင်များ ဖရိုဖရဲ ပြိုကျ ပျက်စီးသွားရမယ်မသိဘူး၊ ခိုင်မြဲတာမှ မဟုတ်ဘဲလို့ အသိစိတ်တွေ ပေါ်လာပါတယ်'

'အဲဒီ အသိစိတ်တွေ ဝင်လာတဲ့အချိန်ကစပြီး ကြောက်လည်း မကြောက်တော့ဘူး၊ အော်လည်း မအော်တော့ဘူး၊ အဲဒီအချိန်မှာ ရှင်မတို့ ဝိုင်းချောက်လိုက်လို့ သိမ်းငှက်ကြီးက ကျွန်ုပ်ကို လွှတ်ချထားခဲ့ပါတယ်'လို့ ရေရေလည်လည် ပြောပြတော့ ဘိက္ခုနီကြီးနှင့်တကွ ဘိက္ခုနီတွေ သိက္ခမာန်တွေ သာမဏေမတွေ အားလုံးဝိုင်းပြီး သာဓုခေါ်ကြ၊ ကောင်းချီးပေးကြတယ်။ တရားစစ်တာ အောင်သွားတယ်ပေါ့။ သိမ်းငှက်ကြီး ထိုးသုတ် ဖမ်းဆီးခံရလို့သာ ဗုဒ္ဓရက္ခိတရဲ့ တရားစွမ်းအား တက်နေမှန်း သိခွင့်ရသွားတာပါ။ တရားတက်မှန်း သိရအောင် အဆိုးနဲ့ စမ်းသပ်ပေးလိုက်တာပါ။

'သာဓု သာဓု ဗုဒ္ဓရက္ခိတ၊ မင်းတော်လိုက်တာကွယ်၊ မင်းဟာ ကိုယ့်ခန္ဓာ အခက်အခဲကို တရားနဲ့ ဖြေရှင်းတတ်နေပါပြီကော၊ မင်းဟာ စိတ်အေးစရာ သာသနာနှင့် ကောင်းကောင်းတွေ့နေပြီပဲ၊ လူဖြစ်ရက်သားနဲ့ မင်းလောက်တောင်မှ မသိသေးတဲ့ လူတွေ လောကထဲမှာ အများကြီး ရှိနေသေးတယ်၊ မင်းလို ဘဝအခက်အခဲကို ပြေလည်အောင် ဖြေရှင်းနိုင်တဲ့ စွမ်းအားရှိသူတွေ အလွန်နည်းတယ်'



www.burmeseclassic.com

www.burmeseclassic.com


'မင်းဟာ သာသနာနှင့်တွေ့ရလို့ ပညာရှိသူတော်ကောင်းတွေနှင့် တွေ့ခွင့်ရလို့ လမ်းညွှန်ချက်ကို ကောင်းကောင်းရတာကြောင့် တိရစ္ဆာန်ပင် ဖြစ်သော်လည်း စိတ်အေးစရာ စွမ်းအားကို ရနေပြီပဲ'

'ငါဟာ တိရစ္ဆာန်ပဲဟဲ့ဆိုပြီး အားမငယ်နဲ့နော်၊ ဒီဘဝမှာ မဂ်ဖိုလ်မရနိုင်ပေမယ့် ဒီဘဝက ကွယ်လွန်သွားတဲ့အခါ သုဂတိဘဝရောက်ဖို့ သေချာပြီ၊ သုဂတိဘဝမှာ ဆက်အားထုတ်ရင် မဂ်ဖိုလ်ရဖို့ သေချာသွားပြီ ဗုဒ္ဓရက္ခိတ' လို့ အားပေးစကားပြောကြတယ်။

'ကဲ . . ဗုဒ္ဓရက္ခိတ၊ တရားဟာ ဘယ်လောက်စွမ်းတယ်ဆိုတာ မင်းလက်တွေ့သိရပြီပဲ၊ ဒီလောက်စွမ်းတဲ့ တရားကို မင်းဆက်အားထုတ်ရုံပေါ့၊ ခါတိုင်းထက် ပိုကြိုးစားရုံပဲ မဟုတ်လား' ဆိုပြီး ဗုဒ္ဓရက္ခိတကို ခါတိုင်းထက် ပိုပြီး တရားထိုင်ခိုင်း အားထုတ်ခိုင်းကြတယ်။

ဗုဒ္ဓရက္ခိတဟာ တရားစွမ်းမှန်းကိုလည်း လက်တွေ့သိရ၊ ကြီးကြပ်လမ်းညွှန်သူတွေကလည်း အလွန် ကောင်းကြတော့ ခါတိုင်းထက် ပိုကြိုးစားပါတယ်။ ကြည့်လိုက်တော့ တိရစ္ဆာန်ကလေး၊ အလုပ် လုပ်ရတာက ယောဂီအလုပ်၊ ဒီလိုဆိုတော့ လူတွေအတွက် အားတက်စရာ ပေါ်လာတယ်ပေါ့။

'ဟယ် ငါ တိရစ္ဆာန်မှ မဟုတ်ဘဲ၊ ငါ ကြက်တူရွေးငှက်မှ မဟုတ်ဘဲ၊ ငါဟာ လူစစ်စစ် တစ်ယောက်ပဲ၊ ငါလည်း ငါ့အတိုင်းအတာနှင့်ငါ အားထုတ်ရင် ဖြစ်ရမှာပေါ့' လို့ ချက်ချင်း အားမထုတ်ဘဲ မနေနိုင်လောက်အောင် အားတက်စရာ ပေါ်လာရမှာပါ။ သာသနာနှင့် တကယ်တွေ့ရင် တိရစ္ဆာန်တောင် စိတ်အေးရပါတယ်။

## ၈။ လိမ္မာယဉ်ကျေး မျောက်ကလေး

- **လမ်းညွှန်ကောင်းများ၊ မရငြားသော်၊ လူသားတို့ပင်၊ စိတ်ရိုင်းဝင်၊ အမြင်မှား၍ မိုက်တတ်သည်။**
- **အသိပညာ၊ ကြွင်နာသနား၊ မေတ္တာထားသည့်၊ လမ်းညွှန်ရှိက၊**

အသိထုံထိုင်း၊ တောမျောက်ရိုင်းပင်၊ စိတ်ကောင်းဝင်ကာ၊ ငြိမ်သက်ပါ၊ လိမ္မာယဉ်ကျေးသည်။

ပုထုဇဉ်ဆိုတာ အထိန်းတွန်းအား လမ်းညွှန်ကောင်းကို အမြဲပဲလိုအပ်နေပါတယ်။ လမ်းညွှန်ကောင်း မရဘဲ ရှေ့ကိုလည်း မသွားနိုင်ဘူး။ အပေါ်ကိုလည်း မတက်နိုင်ဘူး။ လူတောင်မှ လမ်းညွှန်ကောင်းကို မရရင် စိတ်ရိုင်းတွေဝင်လို့ အမြင်မှားပြီး မိုက်တတ်သေးတာ၊ တိရစ္ဆာန်ဆိုတော့ ဘာပြောဖို့ လိုမှာလဲ။

ပညာလည်းရှိ မေတ္တာ၊ ကရုဏာလည်း ပြည့်ဝတဲ့ ပညာရှိ သူတော်ကောင်းတွေရဲ့ လမ်းညွှန်ကောင်းကို ရရင် တောမျောက်ရိုင်းလို တိရစ္ဆာန်တွေတောင်မှ စိတ်ကောင်းဝင်ပြီး လိမ္မာယဉ်ကျေး တတ်သေးတာ၊ လူဆိုတော့ ဘာပြောဖို့ လိုမှာလဲ။

လူတွေက သင်ပေးရင် တောထဲက မျောက်ရိုင်းတောင် က တတ်တယ်ဆိုတာက သဘာဝကို ပြောတာပါ။ တရားနဲ့ မြှင့်ပြောရရင် ပညာရှိ သူတော်ကောင်းတွေရဲ့ လမ်းညွှန်ကောင်းကိုရရင် သာသနာနှင့် တွေ့ခွင့်ရရင် မျောက်တောင် စိတ်အေးရတယ်လို့ မြှင့်ပြောလို့ရတယ်။

တောရဆောက်တည်နေတဲ့ ဆရာတော်ကြီး တစ်ပါးရှိတယ်။ ဆရာတော် ဦးမေဓာဝီတဲ့။ မေတ္တာ ကရုဏာ တရား အလွန်အားကြီးတယ်။ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်သိက္ခာ အလွန် အားကောင်းတယ်။ လူရဲ့ အဓိက အရှိန်အဝါက သိက္ခာသုံးပါးပဲ။

ဆရာတော်ကြီးက စောစောပိုင်းမှာ တစ်ပါးတည်းပဲ သီတင်းသုံးတယ်။ နောက်ပိုင်းမှာ ကျောင်းသား နှစ်ယောက် ရောက်လာတယ်။ တစ်ယောက်က အောင်ကောင်း၊ တစ်ယောက်က အောင်မောင်းတဲ့။ ဆရာတော်ကြီးက ကျောင်းသားနှစ်ယောက်ကို ငဆွေနှင့် ငပွေလို့ နာမည် ပြောင်းပေးထားတယ်။

ငဆွေနှင့် ငပွေဆိုတာ လူမဟုတ်ဘူး။ မျောက်နှစ်ကောင်၊ မျောက်နှစ်ကောင်က ဆရာတော်ကြီးထံ ဘယ်လို ရောက်လာသလဲဆိုတော့ ဇာတ်သမားတွေဟာ တောထဲက မျောက်နှစ်ကောင်ကို ဖမ်းယူပြီး အမျိုးမျိုး အက သင်ပေးကြတယ်ဆိုပဲ။ အောင်ကောင်းနှင့် အောင်မောင်းလို့လည်း အမည် ပေးထားကြသတဲ့။ စည်းကိုက်ဝါးကိုက် က တတ်အောင် သီချင်းနှင့် အက၊ အတီးအမှုတ်နှင့် အက ကိုက်ညီအောင် ထပ်တလဲလဲ သင်ပေးကြသတဲ့။ သင်ပေးဖန်များတော့ မျောက်နှစ်ကောင် အက ကောင်းကောင်းတတ်လာကြသတဲ့။


www.burmeseclassic.com

www.burmeseclassic.com


အကကောင်းတဲ့ မျောက်နှစ်ကောင်ကို ဇာတ်သမားတွေက သွားလေရာ အမြဲခေါ်သွားကြတယ်။ လူတွေကလည်း မျောက်နှစ်ကောင် က တာကို သိပ်သဘောကျကြတယ်ဆိုပဲ။ ဘယ်မင်းသမီး၊ ဘယ်မင်းသားတွေ ဘယ်လောက် အက ကောင်းတယ်ပြောပြော အောင်ကောင်းနှင့် အောင်မောင်းမပါရင် ပွဲမစည်တဲ့အဆင့် ရောက်သွားတော့တာ၊ ဒီလောက်ထိ သူတို့က အသုံးဝင် တွင်ကျယ်နေကြတာ။

တော်တော်လေးကြာတော့ မျောက်နှစ်ကောင်က ဘယ်နေရာမဆို သူတို့ပါမှ ပြီးမှန်း၊ အရေးပါမှန်း သိလာကြလို့ မာန်တက်လာကြတယ်။ ကျွတ်ဆတ်ဆတ် မာကျောကျော လုပ်ချင်လာကြတယ်။ တိရစ္ဆာန်ပေမယ့် သညာသိတော့ ရှိတာကိုး။

တစ်ခါတစ်ရံ ဇာတ်သမားတွေက တစ်နေရာက တစ်နေရာကို သွားတော့မယ်ဆိုတဲ့အခါ မျောက်နှစ်ကောင်ကို ရှာမတွေ့တော့ဘူး။ လည်နေကြတယ်။ တွေ့ပြန်တော့လည်း ခေါ်မရဘူး။ ကျွတ်ဆတ်ဆတ် မာကျောကျော ပေကပ်ကပ် လုပ်လာတယ်။ နောက်တော့ အရှင်သခင်ကို အန်တုလာတယ်။ ရန်လုပ်လာတယ်။ တစ်ခါလည်းမက နှစ်ခါလည်းမက ခဏခဏ ဖြစ်လာတော့ ဇာတ်သမားတွေ စိတ်ပျက်လာကြတယ်။

'မျောက်နှစ်ကောင်ကို တတ်ကျွမ်းအောင် သင်ထားပြီးသားဆိုတော့ သတ်ပစ်ရမှာလည်း နှမြောဖို့ကောင်းတယ်။ မျောက်နှစ်ကောင်ကလည်း ပြောမရဆိုမရ ဖြစ်နေပြီ။ မနိုင်တော့ဘူး။ ကဲ . . ဘယ်လို လုပ်ကြမလဲ'

မျောက်နှစ်ကောင်အကြောင်း ဆွေးနွေးတိုင်ပင်ကြတော့ တစ်ချို့က အကြံပေးတယ်။

'ဟိုနားက တောရကျောင်းမှာ ဆရာတော် ဦးမေဓာဝီဆိုတာရှိတယ်၊ ဆရာတော်ဟာ မေတ္တာ၊ ကရုဏာတရား အားကြီးတယ်၊ သီလ၊ သမာဓိ၊ ပညာ၊ အကျင့်သိက္ခာလည်း အားကောင်းတယ်၊ အရပ်ထဲမှာ မိဘတွေ ဆိုဆုံးမလို့မရတဲ့ သားဆိုးတွေ ဆရာတော်ဆီ ရောက်သွားရင် လိမ္မာတာချည်းပဲ၊ မိဘတွေ လက်မြှောက်အရှုံးပေးရတဲ့ ကလေးဆိုးတွေ၊ အရက်သမား၊ ဘိန်းသမားတွေ ဆရာတော့်ဆီ ပို့လိုက်ရင် လိမ္မာကြတာချည်းပဲ၊ အဲဒီလောက် ဆရာတော်မှာ အရှိန်အဝါရှိတယ်၊ ဒါကြောင့် ဒီမျောက်နှစ်ကောင်ကိုလည်း ဆရာတော်ထံ ပို့လိုက်ကြစို့လားကွာ'

'ဟာ . . . ကောင်းသားပဲ' လို့ အများသဘောတူကြလို့ အောင်ကောင်း၊ အောင်မောင်းဆိုတဲ့ မျောက်နှစ်ကောင်ကိုခေါ်ပြီး တောရကျောင်းဆရာတော် ဦးမေဓာဝီထံ သွားကြတယ်။ မျောက်နှစ်ကောင် မကောင်းတော့ ကျောင်းကို ပို့ချင်ကြပြီပေါ့။ တောရကျောင်းကို ရောက်တော့ ဆရာတော်ကို လျှောက်ကြတယ်။

'ဆရာတော်ဘုရား၊ တပည့်တော်တို့ လာရတဲ့အကြောင်းက ဟောဒီ မျောက်နှစ်ကောင်ကို ဆရာတော့်ထံ အပ် မလို့ပါဘုရား၊ မျောက်နှစ်ကောင်ဟာ စကားမပြောတတ်ပေမယ့် လူပြောတဲ့ လူ့စကားကိုတော့ ကောင်းကောင်း နားလည်ပါတယ်ဘုရား၊ တပည့်တော်တို့က ဇာတ်သမားတွေ ဆိုတော့ အက သင်ပေးထားလို့ အကလည်း တတ်မြောက်ကျွမ်းကျင်ပါတယ် ဘုရား၊ စောစောပိုင်းက တပည့်တော်တို့ ပြောဆိုဆုံးမလို့ ရပေမယ့် အခုတော့ ဆုံးမလို့ မရတော့ဘူးဘုရား၊ တပည့်တော်တို့ မျောက်နှစ်ကောင်ကို မနိုင်တော့ဘူးဘုရား'

'ဒီမျောက်နှစ်ကောင်ဟာ ဆရာတော့်လက်ထဲရောက်လို့ ဆရာတော်ဘုရားရဲ့ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာ၊ ကရုဏာစွမ်းအားနဲ့ ဆုံးမသွန်သင်ပေးလိုက်မယ်ဆိုရင် လူလောက်တောင် အသုံးဝင်သွားနိုင်ပါတယ် ဘုရား၊ ဒါကြောင့် မျောက်နှစ်ကောင်ကို သနားသောအားဖြင့် လက်ခံတော်မူပါ ဘုရား'

'အေး . . . အေး၊ ထားခဲ့ကြပေါ့ကွာ၊ မကောင်း ကျောင်းပို့ဆိုတာ ဒါခေါ်တာပေါ့၊ ထားခဲ့ ထားခဲ့'

မျောက်ကလေးနှစ်ကောင်ကို ဆရာတော်ထံ အပ်ထားခဲ့ပြီး ဇာတ်သမားတွေ ပြန်သွားကြတယ်။

ဆရာတော်က မျောက်နှစ်ကောင်ကို တရားစကားလေးတွေ အမျိုးမျိုးပြောပြ ဆုံးမသွန်သင်ပေးတယ်။

မျောက်နှစ်ကောင်မှာ အောင်ကောင်းက ပြောလို့ဆိုလို့ ကောင်းတယ်။ အောင်မောင်းကတော့ ပြောရတာ တယ် မကောင်းချင်လှဘူး။ ဆရာတော် ဆွမ်းဘုဉ်းပေးတဲ့အခါ သူတို့ကို ကျောင်းသားလိုပဲ သဘောထားပြီး အနားကိုခေါ်တယ်။ 'လာခဲ့ကြဟဲ့ . . မင်းတို့နှစ်ကောင်၊ ဒီနားမှာ ထိုင်နေကြ၊ ဘယ်မှ မသွားကြနဲ့' အောင်ကောင်းက ပြောတဲ့အတိုင်း နားထောင်တာ များတယ်။ အောင်မောင်းက တစ်ခါတစ်ရံ ဖောက်ဖောက်ပြီး ထထ က တယ်။


www.burmeseclassic.com

www.burmeseclassic.com


အောင်မောင်း ထ က တဲ့အခါ ဆရာတော်က ပြောတယ်၊ 'ဟဲ့ အောင်မောင်း၊ လူတွေက ပွဲကြည့်ချင်တော့ လူတွေရှေ့မှာ က ရတာပေါ့ကွာ၊ သူတို့က ကြည့်ချင်တာကိုးကွ၊ ဘုန်းကြီးက ပွဲကြည့်တာမဟုတ်တော့ မင်း က နေလည်း အလကားပါကွာ၊ ညောင်းရုံပဲ ရှိမှာပေါ့၊ က မနေပါနဲ့ကွာ၊ ထိုင်သာ နေစမ်းပါ'

ဆရာတော်က မေတ္တာ ကရုဏာရှင်ဆိုတော့ မငေါက်ပါဘူး။ အကျိုးနဲ့ အကြောင်းနဲ့ ချိုချိုသာသာပဲ ပြောပေးပါတယ်။ ခဏပဲ ပြောလို့ရတယ်။ တော်တော်ကြာတော့ ထဖောက်ပြီး က ပြန်တာပဲ။ က ပြန်တော့လည်း ဆရာတော်က စိတ်ရှည်လက်ရှည် ဆုံးမပေးပြန်တယ်။

အောင်ကောင်းက ပြောဆိုရတာ လွယ်တယ်။ 'ဟဲ့ အောင်ကောင်း၊ သရက်သီး ကြွေကျနေတယ်ကွ၊ မင်းတို့ ကောက်ယူပြီး ကပ်ပေးမှ ဘုန်းကြီးက စားလို့ဖြစ်တာကွ' ဆိုတော့ မျောက်ကလေး အောင်ကောင်းက ကြွေကျတဲ့ သရက်သီးကို သွားကောက်ယူ၊ ရေဆေးပြီးမှ လာကပ်တယ်။

အခြေအနေကို အကဲခတ်လိုက်တော့ အောင်ကောင်းက ပြောဆိုဆုံးမလို့ ကောင်းတယ်။ ဆွေမျိုးလိုပဲ အားကိုးရတာဖြစ်လို့ သူ့ကို 'ငဆွေ'၊ အောင်မောင်းက ကျွတ်ဆတ်ဆတ်နိုင်ပြီး အလည်အပတ် များလွန်းလို့ 'ငပွေ'၊ အဲဒီလို ဆရာတော်က နာမည် ပြောင်းပေးထားတယ်။

## ၉။ အရှိန်းကင်းမျောက် အယဉ်ရောက်

■ **သနားကြင်နာ၊ ကိုယ်ချင်းစာ၊ မေတ္တာစွမ်းအားပြည့်။**

■ **သိက္ခာပြည့်ဝ၊ နှလုံးလှ၊ ဆုံးမလိုက်လျှင် လိုက်နာ၏။**

■ **မျောက်ကလေးပင်၊ လိမ္မာယဉ်ကျေး၊ စိတ်ဖြူဖွေး၊ ငြိမ်းအေးရလေ၏။**

ဆုံးမသွန်သင် အုပ်ချုပ်သူဟာ ဆုံးမခံရသူကို တုတ်ပြ၊ ဒဏ်ပြ၊ အော်ဟစ် ဆူပူ ငေါက်ငမ်းရုံနဲ့သာဆိုရင် ပင်ပန်းဆင်းရဲတာကလွဲရင် အရာ မရောက်တတ်ပါဘူး။ မေတ္တာ ကရုဏာလည်းရှိမှ သိက္ခာလည်း ပြည့်ဝမှ ဆုံးမခံရသူအပေါ် အရှိန်အဝါ ဩဇာညောင်းတတ်ပါတယ်။

ဆရာတော် ဦးမေဓာဝီဟာ သနား ကြင်နာ ကိုယ်ချင်းစာတဲ့ ကရုဏာကလည်းရှိ၊ မေတ္တာတရားကလည်း အားကောင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာကလည်း ပြည့်ဝတော့ မျောက်နှစ်ကောင်အပေါ် ဩဇာညောင်း နေတယ်။ မပျင်းမရိ ထပ်တလဲလဲ အထုံရနေအောင်လည်း ဆုံးမသွန်သင် ဟောပြောပေးတယ်။ အရှိန်အဝါ ကောင်းတော့ မျောက်ကလေးတွေ တစ်စတစ်စ နားထောင် လိုက်နာလာကြတယ်။

ဆရာတော်က နေ့တိုင်း တရားစကားတွေ ပြောပြပေးတယ်။ တိရစ္ဆာန်ဆိုတော့ တိရစ္ဆာန်လောက်ပဲ သိအောင် ပြောနိုင်မှာပေါ့။ လူလောက်တော့ သိအောင် မပြောနိုင်ဘူးပေါ့။ ဒါပေမယ့် အကြိမ်များတော့ အထုံရလာလို့ နားယဉ်လာကြတယ်။

တစ်စတစ်စ ယဉ်ကျေးလာတဲ့ မျောက်နှစ်ကောင်ကို ဆရာတော်က ကျောင်းသားတွေလိုပဲ ခိုင်းခိုင်း ပေးပါတယ်။ 'ကဲ သွားကြ၊ ရေထမ်းချေကြဟေ့၊ ဟောဟိုတွင်းထဲမှာ ရေသွားခပ်ကြ'

မျောက်ကလေးနှစ်ကောင်ဟာ ရေပုံးလေး တစ်ပုံးစီယူပြီး ရေတွင်းထဲကရေကို တစ်ကောင်တစ်ပုံး ခပ်ယူလာခဲ့ကြတယ်။ အောင်မောင်းလည်း ခိုင်းလို့ တော်တော် ဟန်ကျနေပါတယ်။

အဲဒါနဲ့ နေ့တိုင်း ရေခပ်ခိုင်း၊ တံမြက်လှည်းခိုင်း၊ အမှိုက်ကျုံးခိုင်း၊ ကျောင်းဝေယျာဝစ္စတွေ ခိုင်းပေး နေတယ်။ ဒါတင်မကသေးဘူး။ တစ်စတစ်စ စည်းရုံးလာလိုက်တာ ညနေ နေဝင်ခါနီးရောက်တော့ သံချောင်းလေး ခေါက်ပြီး ခေါ်လိုက်တယ်။ 'ကဲ . . မင်းတို့ ဒီသံချောင်း ခေါက်သံကြားရင် ကြားတဲ့အချိန်၊ ကြားတဲ့နေရာက ချက်ချင်း အမြန်ပြေးလာခဲ့နော်' လို့ သင်ပေးထားတယ်။

နေဝင်တော့ သံချောင်းလေး ခေါက်လိုက်တယ်။ ကျောင်းသားလေးနှစ်ယောက် ကျောင်းပေါ် ပြေးတက်လာကြတယ်။ 'ကဲ . . လာကြ၊ ဒီနားမှာ ထိုင်ကြ၊ ဟောဟိုမှာ မြင်ရဲ့လား၊ အဲဒါ ဘုရား ခေါ်တယ်ကွ၊ ဦးသုံးကြိမ်ချ ရှိခိုး၊ ကုသိုလ်ရတယ်ကွ' ပထမတော့ သညာသိနဲ့ သိရုံ သင်ပေးရတာပေါ့။

နောက်တော့ အသိစိတ်ကလေးတွေ တိုးလာအောင် သေသေချာချာပြောပြပြီး ဘုရား ရှိခိုးခိုင်းတယ်။ မျောက်နှစ်ကောင် ဘုရားရှိခိုးတတ်လာတယ်။ အဲဒီလိုနဲ့ ဆရာတော်က စည်းရုံး သွားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com


တရားထိုင်ခိုင်းတဲ့အဆင့်တောင်ရောက်လာတယ်။ ကြည့်လိုက်တော့ မျောက်နှစ် ကောင်၊ အလုပ်လုပ်ရတာက ယောဂီအလုပ်၊ တရားစွမ်းအားပေါ်အောင် ထုတ်ယူရတဲ့ တရား အားထုတ်တဲ့အလုပ်။

'ကဲ မင်းတို့ ခန္ဓာကိုယ်မှာ ဟောဒီလို လှုပ်နေတယ်နော်၊ အသိစိတ် စိုက်ထားနော်၊ ဘယ်မှ စိတ်မရောက်စေနဲ့၊ ဟောဒါလေး တစ်ခုတည်းမှာပဲ စိတ်စိုက်ထားနော်' လို့ လက်တွေ့သင်ပေးတယ်။ ကျွတ်ဆတ်ဆတ်မာကျောကျောဖြစ်နေတဲ့ အောင်မောင်းတောင် တစ်ချိန်ထက်တစ်ချိန် လိမ္မာယဉ်ကျေးလာတယ်။ နောက်မကြာမီ နှစ်ကောင်လုံး လိမ္မာသွားကြတယ်။

'ဆရာတော်ရဲ့ သီလ၊ သမာဓိ၊ ပညာ၊ မေတ္တာစွမ်းအားနဲ့သာ ဆုံးမသွန်သင်ပေးလိုက်ရင်တော့ ဒီမျောက်နှစ်ကောင်ဟာ လူလောက်တောင် အသုံးကျမှာဘုရား' လို့ ဇာတ်သမားတွေ လျှောက်သွားတဲ့အတိုင်း အခုတော့ လူလောက် အသုံးကျနေကြပါပြီ။

မျောက်နှစ်ကောင်ဟာ နေ့စဉ် အချိန်မှန်မှန် ရေခပ်ရတယ်။ တံမြက်လှည်းရ၊ အမှိုက်ကျုံးရတယ်။ ဘုန်းကြီးဆွမ်းကပ်ရတယ်။ ဝေယျာဝစ္စလုပ်ရတယ်။ ဘုရားရှိခိုးရတယ်။ တရားထိုင်ရတယ်။ သင်ပြပေးတဲ့ ဆရာတော်ကလည်း တကယ်စွဲစွဲမြဲမြဲ ဖွဲ့ရှိတာကိုး၊ တကယ်လည်း စိတ်ဝင်စားတာကိုး။

မျောက်နှစ်ကောင် လိမ္မာယဉ်ကျေးလာပြီဆိုတော့ ဆရာတော်ကလည်း အားပေးစကား ပြောရတာပေါ့။ 'ဟေ့ - အောင်ကောင်းတို့ အောင်မောင်းတို့၊ မင်းတို့ တော်တော် လိမ္မာနေကြပြီပဲကွာ၊ ဆက်ကြိုးစားကွ၊ မင်းတို့ဟာ ဒီ့ပြင်မျောက်တွေနဲ့တော့ တခြားစီဖြစ်သွားပြီ၊ ပုံစံက မျောက်လို့ ဆိုရပေမယ့် အသိတရားက လူလို ဖြစ်ကုန်ကြပြီ'

'ငါ တိရစ္ဆာန်ပဲဆိုပြီး အားမငယ်ကြနဲ့နော်၊ ပညာရှိ သူတော်ကောင်းတွေနှင့် တွေ့ခွင့်ရလို့ သာသနာနှင့် တကယ်ကြုံရပြီဆိုရင် စိတ်အေးရပြီကွ၊ ဒီဘဝကွယ်လွန်လို့ နောက်ဘဝရောက်ရင် သုဂတိဘဝရမှာ သေချာသွားပြီ၊ သုဂတိဘဝမှာ ဆက်အားထုတ်လိုက်ရင် မင်းတို့ မဂ်ဖိုလ်ရဖို့ သေချာပါပြီကွာ' လို့ မကြာမကြာ အားပေးစကား ပြောပေးတယ်၊ ပညာရှိ သူတော်ကောင်းတွေ လက်ထဲရောက်သွားလို့ သာသနာနှင့် တွေ့ခွင့်ရရင် လူမပြောနဲ့၊ တိရစ္ဆာန်တောင် စိတ်အေးရလို့ အားရှိဖို့ သိပ်ကောင်းပါတယ်။

## ၁၀။ လိမ္မာယဉ်ကျေး ဖားကလေး

- **တရားမနာ၊ ကောင်းမှုမှာ၊ဝေးကွာတတ်လေသည်။**
- **တရားနာမှ၊ မြတ်ပုညာ၊ တက်ကြွဝမ်းသာပြုနိုင်သည်။**
- **တရားမနာ၊ မဂ်ဖိုလ်မှာ၊ ဝေးကွာတတ်လေသည်။**
- **တရားနာငြား၊ မဂ်ဖိုလ်များ၊ စွမ်းအားဖြင့်တက်ရနိုင်သည်။**
- **တရားနာပေး၊ စိတ်ဖြူဖွေးဖားလေးတောင်မှ စိတ်အေးသည်။**

လောဘ၊ ဒေါသ၊ မောဟ မတရားမှုတွေကို အနိုင်ယူနိုင်မှ ဆင်းရဲအပူတွေကို လွှမ်းမိုးနိုင်မှ တရားလို့ ခေါ်တယ်။ အထူးအားဖြင့်တော့ သတိဉာဏ်ဦးစီးတဲ့ လက်တွေ့ကိုယ်ကျင့်တရားပေါ့။ တရားနာတယ်ဆိုတာ ဘဝအသုံးချပုံ နည်းစနစ်ကို လေ့လာသင်ယူတာဖြစ်တယ်။ သိပြီးရင် ကျင့်ရမှာပဲ။

တရားမနာရရင် စိတ်မှာ ကိလေသာ ပိတ်ဖုံးပြီး ကောင်းမှုလည်းဝေး၊ မဂ်ဖိုလ်လည်း ဝေးနေတတ်တယ်။ တရားစာဖတ်တာလည်း တရားနာတာပါပဲ။ တရားနာတာနှင့် အတူတူပါပဲ။ နည်းမှန်လမ်းမှန် ညွှန်ပြပေးသူရဲ့ တရားကို နာကြားရရင် တိရစ္ဆာန်တောင် စိတ်အေးရတယ်။ လူဆိုတာတော့ ဘာပြောဖို့လိုမှာလဲ။

တစ်ချိန်တုန်းက မြတ်စွာဘုရား စမ္ပာမြို့နားက ရေကန်အနီးမှာ စမ္ပာမြို့သူမြို့သားတွေကို တရားဟောနေတုန်း ဖားလေးတစ်ကောင် ရေကန်ထဲက ခုန်တတ်လာတယ်။ တရားဟောတဲ့ အနားရောက်တော့ တရားသံကြားရတယ်။ အကြောင်းအကျိုး အကောင်းအဆိုးကို ခွဲခြားမသိပေမယ့် အေးချမ်းတဲ့ တရားသံကို နားထောင်ကောင်းတာနဲ့ ရှေ့မသွားဘဲ ရပ်ပြီး ဖားလေး တရားနာနေတယ်။ မြတ်ဗုဒ္ဓရဲ့အသံတော်က အရှိန်အဝါ သိပ်ကြီးမားတာကိုး။

အဲဒီအချိန်မှာ နွားကျောင်းသားတစ်ယောက်ဟာ လူစုစုဝေးဝေးမြင်တာနဲ့ ရောက်လာတယ်၊ တရားနာဖို့ မဟုတ်ဘူး၊ လူစုလူဝေးကို ကြည့်ဖို့လာတာ၊ သံချွန်တပ်ထားတဲ့ တုတ်တစ်ချောင်း ကိုင်လာတယ်။ သံချွန်တပ်တဲ့


www.burmeseclassic.com

www.burmeseclassic.com


ဘက်ကို အောက်ကထားလို့ မြေကြီးပေါ်တုတ်ထောက်ပြီး လူတွေကို မော့ကြည့်နေတယ်။ လူဖြစ်တဲ့ နွားကျောင်းသားက တရားမနာဘူး။ တိရစ္ဆာန်ဖြစ်တဲ့ ဖားက တရားနာနေတယ်။ ပြောင်းပြန်ကြီးပေါ့။

နွားကျောင်းသား ထောက်ထားတဲ့တုတ်က တရားနာနေတဲ့ ဖားကျောပေါ် အမှတ်တမဲ့ ထောက်မိသွားတယ်။ သံချွန်ထောက်ခံရတာတောင် ဖားက ကြည်ကြည်လင်လင်နဲ့ တရားနာနေတယ်။ ကြာတော့ ဘယ်ခံနိုင်မလဲ၊ တရားနာနေတဲ့ ဖားလေး သေသွားရှာတယ်။ တရားနာရတဲ့ ကျေးဇူးကြောင့် ဖားလေးဟာ တာဝတိံသာနတ်ပြည်မှာ ဉာဏ်ကြီးတဲ့ တိဟိတ်နတ်သား သွားဖြစ်တယ်။ ကောင်းဖို့လို့ ဆိုးပေးတယ် ဆိုရမှာပေါ့။

နတ်ပြည်ရောက်သွားပေမယ့် အောက်ခြေမလွတ်ဘူး။ တရားနာရလို့ ဉာဏ်ပွင့်နေတာဆိုတော့ ဘဝအမြင်ရှင်းနေတယ်။ 'ဘယ်လောက်ကြီးကျယ်တဲ့ စည်းစိမ်ပဲဖြစ်ဖြစ် ဘာတစ်ခုမှ ကိုယ်မပိုင်ပုံ၊ ဘယ်အရာမှ မခိုင်မြဲပုံ၊ တရားကြောင့်သာ နိမ့်ရာမှမြင့်ရာ ရောက်လာပုံ၊ တရားလွတ်ရင် အပါယ် ပြန်ရောက်သွားနိုင်ပုံ၊ တိရစ္ဆာန်နားနဲ့ နာကြားရတဲ့ တရားတောင် ဤမျှလောက် အကျိုးကြီးနေသေးရင် နတ်နားနဲ့ဆက်နာရင် ဒီထက် အဆများစွာ အကျိုးကြီးသွားနိုင်ပုံ' တွေကို ဉာဏ်နဲ့ စေ့စေ့စပ်စပ် ကြည့်ရှုဆင်ခြင်ပြီး တရားလက်ဦးအောင် ချက်ချင်း ဘုရားထံသွား နာယူလိုက်တယ်။ ခန္ဓာဉာဏ်စိုက်ပြီး လက်တွေ့ပွားရင်း တရားနာတာဆိုတော့ ဖားနတ်သား သောတာပန် ဖြစ်သွားတယ်။ ဖားနတ်သားဆိုတာ ဖားဘဝက ရောက်လာတဲ့ နတ်သားကိုပြောတာပါ။

သောတာပန်ဖြစ်တော့ ဘဝအာမခံ ရသွားပြီ။ တာဝတိံသာနတ်ပြည်ကိုပဲ ပြန်သွားပါတယ်။ သာသနာနှင့် တွေ့ကြုံခွင့်ရရင် ဖားတောင် စိတ်အေးရတယ်ပေါ့။

## ၁၁။ ဘဝဇာတ်ခုံပုံစံခုံ

- **ဇာတ်ညွှန်းသမား၊ ကံတရား၊ ညွှန်ကြားလိုက်သမျှ။**
- **ဘဝဇာတ်ခုံ၊ ပုံစံခုံ၊ ကခုန်လှုပ်ရှားရ။**
- **စိတ်ကခြယ်လှယ်၊ အသွယ်သွယ်၊ ဆက်နွယ်အစွမ်းပြ။**
- **အမှန်မကြည့်၊ အသိမကွဲ၊ အမြင်လွဲ၊ ငိုပွဲရယ်ပွဲရ။**
- **အကြောင်းသိသူ၊ အမှန်ယူ၊ စင်ဖြူအေးချမ်းရ။**
- **စိတ်အေးစရာ၊ သာသနာကြောင့်၊ သူငါအများ၊ ချမ်းသာပွား၊ ထူးခြားမြင့်တက်ရ။**

အတိတ်ကံဇာတ်ညွှန်းဆရာက ညွှန်ကြားလိုက်တဲ့အတိုင်း ပစ္စုပ္ပန်ဘဝမှာ ပုံစံခုံနဲ့ ကခုန် လှုပ်ရှားနေကြရပါတယ်။ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာအားနည်းတဲ့စိတ်က ခြယ်လှယ်ပေးလိုက်ရင် ညှိုးပုပ်တဲ့ ကံရုပ်ကို ဆိုးယုတ်တဲ့ မမှန်အလုပ်တွေနဲ့ လွှမ်းခြုံပြီး ရုပ်ပျက်ဆင်းပျက် သရုပ်ဆောင်ရတတ်ပါတယ်။ ထိန်းမနိုင် သိမ်းမရ ဘီလူးကြမ်း ကြမ်းပြီး စက်ဆုပ် ရွံရှာစရာ ကြောက်လန့်စရာ ပုံစံနဲ့လည်း ရမ်းကားနေမိတတ်ပါတယ်။ နိမ့်လိုက်၊ မြင့်လိုက်၊ ငိုလိုက်၊ ရယ်လိုက်နဲ့လည်း မတည်မငြိမ် တုန်လှုပ်ချောက်ခြားနေတတ်ပါတယ်။

ပညာရှင် မေတ္တာရှင်တို့ရဲ့ လမ်းညွှန်ချက်ကိုရလို့ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာအားကောင်းလာရင် ခံ့ညားတဲ့ ကံရုပ်ကို စွန့်စားတဲ့ ဉာဏ်အလုပ်နဲ့ အလှဆင်ပြီး ထည်ထည်ဝါဝါ လှလှပပ ကျက်သရေရှိရှိ သရုပ်ဆောင်ရတတ်ပါတယ်။ အထိန်းတွန်းအား လမ်းညွှန်ကောင်းနဲ့ အရာရာ အကျိုးရှိအောင် စွမ်းဆောင်ပေးရင် တည်တည်ငြိမ်ငြိမ် နေထိုင်တတ်တယ်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝတဲ့ ဦးပြားနဲ့ ဒေါ်ဦးဆိုတဲ့ ရွာရဲ့ မျက်နှာဖုံး ဇနီးမောင်နှံနှစ်ဦး ရှိခဲ့ဖူးတယ်။ ပစ္စည်းပေါတဲ့ ဇနီးမောင်နှံမှာ သားလေးတစ်ဦးတည်းသာ ရှိတယ်။ သားလေးက မျက်လုံးပြူးပြူးနဲ့ အရုပ်ခပ်ဆိုးဆိုး၊ သားလေးရဲ့ ရုပ်လုံးလည်းပေါ်အောင် အဖေဦးပြားနှင့် အမေဒေါ်ဦးတို့ နာမည်နှစ်မျိုးလုံးလည်းပါအောင် ပြားနှင့်ဦးကို ပေါင်းစပ်ပြီး 'ငပြူး' လို့ နာမည် ပေးထားလိုက်တယ်။

အရုပ်ဆိုးပေမယ့် ချစ်စရာသားလေးတစ်ဦးတည်းသာရှိလို့ မိဘနှစ်ပါးက သိပ်အလိုလိုက်လွန်းတော့ ငပြူးဟာငယ်ငယ်ကတည်းကစ အလွန်ဆိုးတယ်။ အရွယ်ရောက်လို့ ပညာသင်ဖို့ ကျောင်းထားတော့ ပညာမသင်ဘဲ ခဏခဏ ကျောင်းပြေးတယ်။ ကျောင်းမပြေးတဲ့အခါလည်း ဟိုလူနှင့် ရန်ဖြစ်၊ ဒီလူနှင့်ရန်ဖြစ်။


www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ပစ္စည်းတွေပေါပေမယ့် ခိုးတာ ဝှက်တာ ဝါသနာပါတယ်။ ဟိုလူ့ပစ္စည်း ယူလာ၊ ဒီလူ့ပစ္စည်း ခိုးလာနဲ့ အကျင့်စာရိတ္တ မကောင်းဘူး။ မိဘက လိုသမျှ အကုန်ပေးထားပေမယ့် ခိုးချင်တဲ့ ဝါသနာကို မဖျောက်နိုင်တော့ သူများပစ္စည်း ခိုးလို့ ခဏခဏ အရိုက်အနှက်ခံရတယ်။

မိဘကချစ်လွန်းလို့ အလိုလိုက်ထားတော့ ပညာကို ကောင်းကောင်းမသင်၊ ကျောင်းပြေးလိုက်၊ ရန်ဖြစ်လိုက်ဆိုတော့ အိမ်မှာပဲ ထားရတော့တယ်။ အိမ်မှာထားတော့လည်း ကောင်းကောင်းမနေ၊ ငယ်ငယ်လေးနဲ့ အရက်သောက်တတ် ဖဲရိုက်တတ်နေပြီ။ အရပ်ထဲက လူဆိုးမှန်သမျှ အကုန်ပေါင်းတယ်။ အိမ်မှာရှိတဲ့ ပစ္စည်းတွေလည်း သားတစ်ယောက်တည်း ဖြုန်းတာနဲ့ လုံးပါးပါးလို့ တစ်စတစ်စ မွဲတေလာပြီ။

တစ်နေကုန် အပြင်မှာလည်ပတ်ပြီး အိမ်ပြန်ပြန်လာရင်လည်း မူးမူးရူးရူးနဲ့၊ တစ်ခါတစ်ရံ ရွာထဲက လမ်းပေါ်မှာ မူးလဲနေလို့ မိခင်ဖြစ်သူ သွားတွဲခေါ်လာရတယ်။ အမေလုပ်သူက သားချစ်အတွက် ထမင်းဝိုင်းကျကျနနပြင်ပြီး စားကောင်းသောက်ဖွယ် ဟင်းလျာမျိုးစုံနဲ့ ချူးခပ်ကျွေးပေမယ့် စိတ်တိုင်းမကျရင် ထမင်းပန်းကန်ကို လွှင့်ပစ်တယ်။ ဟင်းတွေအကုန် သွန်ပစ်တယ်။ ပန်းကန်တွေ ရိုက်ခွဲတယ်။ ထမင်းဝိုင်းကို ခြေနဲ့ ကန်ပစ်တယ်။ မိခင်ဒေါ်ဦးတစ်ယောက် သားမိုက်ကြောင့် မျက်ရည် ပေါက်ပေါက် ကျရတယ်။ ဒါမျိုး ခဏခဏ ကြုံရတယ်။

မကြာမကြာ မအေကို ကြိမ်းလား မောင်းလားလုပ်တယ်။ မအေဖြစ်သူက 'မဆဲရင်တော်ပြီ' ဆဲတော့လဲ 'မရိုက်ရင်တော်ပြီ' ရိုက်တော့လည်း 'မသတ်ရင်တော်ပြီ' လို့ သားဆိုးကို ခွင့်လွှတ်ပြီး ချစ်ရှာတယ်။

မိခင်ဖြစ်သူက 'ဩော် . . . ငါဟာ ငရုတ်သီးကြိုက်တဲ့ လူလို ဖြစ်နေပြီ၊ ငရုတ်သီး ကြိုက်လွန်းလို့ စားတော့ ပါးစပ်အငြိမ်မနေရ၊ တစ်ရှီးရှီး တဟားဟားနဲ့ ဘယ်လောက်စပ်စပ် ကြိုက်တော့ စားတာပဲ'

'ဒါမျိုးလိုပဲ သားတစ်ယောက်တည်းဆိုတော့ မချစ်ပဲလည်း မနေနိုင်၊ ချစ်တော့လည်း ချစ်မှန်းသိလို့ သားက ဒုက္ခပေးတယ်၊ ဆိုးပေမယ့် အချစ်မလျှော့နိုင်၊ ချစ်သလောက် အပူပွားရ၊ တယ်လည်း စိတ်ဆင်းရဲ ရပါလား' လို့ ညည်းတွားရှာတယ်။

ဖခင်ဖြစ်သူ ဦးပြားမှာ ပင်ကိုယ် ရောဂါခံကလည်းရှိ၊ သားဆိုးရဲ့ ရမ်းကားမှုကြောင့်လည်း စိတ်တွေ ထိခိုက် ပူလောင်ပြီး ဆင်းရဲနှင့်အပူကို ခံနိုင်စွမ်းမရှိတော့လို့ အရွယ်ကောင်းတုန်းမှာပဲ ကွယ်လွန်သွားရရှာတယ်။

သားအမိနှစ်ယောက်သာ ကျန်တော့ပေမယ့် သားပြေးကတော့ ဆိုးမြဲဆိုးလျက်ပဲ။ မိခင်ဒေါ်ဦးမှာ သားဖြုန်းလို့ ပစ္စည်းတွေလည်းကုန်ဆုံး၊ အားကိုးရတဲ့ ခင်ပွန်းလည်း ကွယ်လွန်သွားတော့ ကိုယ်စိတ်တွေ ဆင်းရဲပင်ပန်းပြီး ကျန်းမာရေး ပျက်လာလိုက်တာ လူရုပ်တောင် မပေါ်ချင်တော့ဘူး။

မကျန်းမာပေမယ့် သားဆိုးအတွက် ဆင်းဆင်းရဲရဲ အလုပ်လုပ်ပြီး ရှာကျွေးနေရတယ်။ နောက်ဆုံး ဈေးတောင်းကို ခေါင်းပေါ်ရွက်လို့ ရာသီပေါ်သီးနှံလေးတွေထည့်ပြီး အရပ်ထဲ လိုက်ရောင်းနေရတယ်။ ရရာကြုံရာ အလုပ်လုပ်ပြီး ရှာနေရတယ်။ ဒါလည်း ရသမျှ ပြေးက ဖြုန်းတာပဲ။ ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ သားဆိုးဆိုတော့ သားရတနာမဟုတ်ဘဲ သား ရ တာ နာ ဖြစ်နေတယ်။

ပစ္စည်းပေါများတုန်းကတောင် အခိုးအဝှက် ဝါသနာပါခဲ့တဲ့ပြေးဟာ ပစ္စည်းမရှိ ဆင်းရဲ မွဲတေတဲ့ဘဝ ရောက်တော့ ပိုခိုးတော့တာပေါ့။ တွေ့ရာကြုံရာပစ္စည်း အကုန်ခိုးပဲ။ ခိုးလို့ရသမျှ ပစ္စည်းကို ရောင်းချပြီး ရောင်းလို့ရတဲ့ပိုက်ဆံနဲ့ အရက်သောက် ဖဲရိုက်ပစ်လိုက်တာပဲ။

တစ်နေ့သောညမှာတော့ ပြေးတစ်ယောက် ရွာထဲကလမ်းပေါ်မှာ ထိပ်ပေါက် ခေါင်းကွဲ သွေးရဲရဲနဲ့ မူးလဲနေတယ်။ သတိမရဘဲ မေ့မြောနေတယ်။ စက်ဆုပ် ရွံမုန်းစရာ ရွာရဲ့ချဉ်ဖတ်ဖြစ်နေလို့ မလိုမုန်းတီးသူ လူတစ်စုက ဝိုင်းရိုက်ပြီး ပစ်ထားခဲ့ကြတာပါ။ လက်တစ်ဖက်လည်း ကျိုးသွားတယ်။ မိဘ စိတ်ဆင်းရဲအောင် လုပ်တဲ့ သားဆိုးဆိုတာ ဒီလိုဒုက္ခမျိုး ရောက်ရမှာပဲ။ ရိုက်သူတွေကတော့ အသေရိုက်တာနှင့်တူတယ်။ မသေတာဘဲ တော်ရသေးတာပေါ့။

မိခင်ဒေါ်ဦး ဒီသတင်းကြားတော့ ငိုပြီးရောက်လာ၊ နီးစပ်ရာ ဆွေမျိုးတွေ အကူအညီနဲ့ အိမ်ကို ထမ်းပိုးသယ်ယူ၊ ရှိစုမဲ့စုလေးတွေ ထုခွဲရောင်းချလို့ ရတာလေးနဲ့ သားကို ဆေးကုပေးတော မကြာမီ သက်သာ ပျောက်ကင်းသွားတယ်။ လက်တစ်ဖက်ကျိုးတာလည်း ကောင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ကမ်းကုန်အောင်ဆိုးပြီးတဲ့ ပြေပြဲဟာ အဖော်ကောင်းတာနဲ့ ရွာဦးဘုန်းကြီးကျောင်းကို လိုက်သွားတယ်။ မေတ္တာ ကရုဏာပြည့်ဝတဲ့ ပညာရှိဆရာတော်ကြီး ဦးတိဿ သီတင်းသုံးနေတယ်။ ပြေပြဲရဲ့ ငယ်ဆရာပါ။ ရွာဦးကျောင်းဟာ ပြေပြဲငယ်ငယ်က ပညာမသင်ဘဲ ခဏခဏ ကျောင်းပြေး၊ မကြာမကြာရန်ဖြစ်၊ မကြာခဏ ခိုးဝှက်နေခဲ့တဲ့ နေရာပါ။

ဆရာတော်ကြီးဟာ ပြေပြဲရဲ့ဆိုးမှုတွေကို ငယ်စဉ်ကလည်း မြင်ခဲ့ရတယ်။ အရွယ်ရောက်လို့ တစ်ဆိုးတည်း ဆိုးပေနေတဲ့ သတင်းကိုလည်း တစ်ဆင့်ကြားသိရပြီးသားပါ။ ပညာရှင် မေတ္တာရှင်ပီပီ ပြေပြဲရဲ့ဆိုးပြစ်တွေကို ပြီးပြီးသားတွေဖြစ်နေလို့ ခွင့်လွှတ်လိုက်ပါတယ်။ ကမ်းကုန်အောင် ဆိုးမိုက်ပြီးသူဟာ လမ်းကြောင်းပြောင်းပေးသူ ရှိရင် ကမ်းကုန်အောင် ပြန်ကောင်းတတ်တာကိုလည်း ဆရာတော်ကြီးက မြော်မြင်ပြီးသားပါ။

ဆရာတော်ကြီးက ပြေပြဲကို သူရောကိုယ်ပါ၊ ခုရောနောင်ပါ စိတ်ချမ်းသာအောင် စွမ်းဆောင်ပေးနိုင်တဲ့ အဖိုးတန်လူဖြစ်ဖို့ လမ်းညွှန် သွန်သင်ပေးပါတယ်။ 'ဟဲ့ . . မောင်ပြဲ၊ လူဆိုတာ-

(၁) ဘာနှင့်တွေ့တွေ့ တွေ့သမျှနှင့် အဆင်ပြေအောင် တရားအသိနှင့် ညှိပြီး တည်တည်ငြိမ်ငြိမ်၊ ရင့်ရင့်ကျက်ကျက်၊ အေးအေးချမ်းချမ်း နေနိုင်အောင် ကြိုးစားရမယ်၊ ပစ္စုပ္ပန် သေချာမှ နောင်ရေး သေချာမယ်၊ အခု ကောင်းလို့ရတဲ့နေရာက စ ကောင်းလိုက်တာပဲ စိတ်အေးရမယ်။

(၂) ကိုယ့်အင်အားနဲ့ကိုယ်ရောသူပါ လောကရေး သာသနာပါ လုပ ထည်ဝါအောင် အလှဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူနိုင်ရမယ်၊ နာမည်ကောင်း ကျန်ရမယ်၊

(၃) ဘဝကူး စိတ်အေးရမယ်၊ ဒါမှ လူဖြစ်ကျိုးနပ်သူဖြစ်ခွင့်ရမယ်'

'တရားနဲ့ အဖတ်ဆယ်နိုင်မှ အဆိုးကို ဖုံးဖိနိုင်မယ်၊ ပိုက်ဆံမကုန်ဘဲ ချက်ချင်း အကျိုးသက်ရောက် စေနိုင်တဲ့ ကုသိုလ်ရအောင်နေနည်းက -

(၁) သရဏဂုံသုံးပါးမြဲဖို့

(၂) ငါးပါးသီလလုံဖို့

(၃) မေတ္တာတရား ထားဖို့၊ ပွားဖို့ ဒီ ၃-ခုကို မလွတ်တမ်းကိုင်ပြီး လက်တွေ့ကျင့်သုံးပါ'

'ကြက်တူရွေးတောင် စကားသင်ပေးရင် တတ်သေးတာ၊ စကားတင်မက တရားတောင် သင်ပေးလို့ ရတယ်၊ မင်းက လူပဲ၊ သင်ယူ လေ့လာရင် ဘာမတတ်ဘဲ နေရမှာလဲ'

'မျောက်တောင် သင်ပေးရင် လူပြောတဲ့စကားကို နားလည်တယ်၊ စကားတင်မကဘူး၊ တရားသင်ပေးလို့တောင်တတ်တယ်၊ မင်းက လူဆိုတော့ ပိုတတ်ရမှာပေါ့၊ တိရစ္ဆာန်ထက်သာတဲ့ လူ့အရည်အချင်းက ဉာဏ်ပဲ'

'ဖားတောင် တရားနာရလို့ သေတော့ နတ်ပြည်ရောက်၊ ဉာဏ်ကြီးတဲ့ နတ်သားဖြစ်၊ နတ်သားဘဝနဲ့ တရားဆက်နာလိုက်တာ သောတာပန်ဖြစ်တယ်၊ မင်းက လူပဲ ဘာလို့ မစွမ်းရမှာလဲ၊ အမှားကို အမှားမှန်းသိလို့ ပြုပြင်တာဟာ ဘယ်တော့မှ နောက်မကျဘူးကွ'

ဆရာတော်ကြီးက လူပြိန်း နားလည်အောင် ချက်ချင်း အလုပ် လုပ်ချင်အောင် ဟောပြပေးတယ်။

ရွာထဲမှာ မောင်ဘယ်သူတို့ အနေအထိုင် အလုပ်အကိုင်မတတ်လို့ အစစအရာရာ အောက်ကျ ဆင်းရဲရပုံ၊ မောင်ဘယ်သူတို့က အနေအထိုင် အလုပ်အကိုင်ကောင်းလို့ ဘယ်ပုံ ဘယ်နည်း ကြီးပွားတိုးတက် ချမ်းသာ နေကြပုံတွေကိုလည်း အနီးကပ် သက်သေအဖြစ် ထုတ်ပြဆုံးမပေးတယ်။ စာထဲပေထဲမှာ ပါတဲ့ အကြောင်းအရာ ဇာတ်လမ်းဝတ္ထုများကိုလည်း ထုတ်နှုတ် ပြောပြပေးတယ်။

မေတ္တာပြည့်ဝတဲ့ ဆရာတော်ကြီးရဲ့ တရားလမ်းညွှန် သွန်သင်ဆုံးမစကားတွေကို ပြေပြဲ သိပ် စိတ်ဝင်စားသွားတယ်။ မှန်ထောင်ကြည့်သလို ကိုယ့်ဟာကိုယ် အသိစိတ်နဲ့ ပြန်ကြည့်လိုက်တယ်။

'အင်း. . . ငါလုပ်နေတာ မဟုတ်တော့ဘူးနော်၊ ငါ့ရဲ့နေထိုင်ပုံကလည်း ဘာတစ်ခုမှ အချိုး မကျတော့ဘူး၊ ဖအေ ရှိတုန်းကလည်း ငါ ဆိုးခဲ့ ပေခဲ့တယ်၊ ငါ့ကြောင့်ပဲ ငါ့ဖအေ စိတ်ထိခိုက်ပြီး အသက်တိုခဲ့ရတာ၊ မအေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းကျန်တော့လည်း ငါဆိုးတုန်း၊ မိုက်တုန်း၊ ဒုက္ခပေးတုန်းပဲ၊ မအေဟာ ကျန်းမာရေး ကောင်းတာလည်း မဟုတ်ဘူး၊ မအေ မုဆိုးမကြီးဟာ ပစ္စည်းက မွဲ၊ ကျန်းမာရေးက နည်း၊ စိတ်က ဆင်းရဲတဲ့ ကြားထဲကပဲ ငါ့အတွက် မဖြစ်မနေ ခက်ခက်ခဲခဲ၊ ဆင်းဆင်းရဲရဲ၊ ပင်ပင်ပန်းပန်းနဲ့ ရအောင် ရှာပေးနေရတယ်၊ ရသမျှလည်း ငါအကုန် ဖြုန်းပစ်တာပဲ၊ စောစောက ငါတို့အိမ်မှာ ပစ္စည်းဥစ္စာ အလွန်ပြည့်စုံ ကြွယ်ဝ ပေါများ ခဲ့တယ်၊ ငါ ဆိုးပေပြီး ဖြုန်းပစ်တာနဲ့ပဲ တစ်အိမ်လုံး မွဲပြာကျသွားရတာ၊ ဟဲ့-ငပြူး ဒီလောက် အသိခေါင်းပါး မိုက်ကန်းရင် လူ မဟုတ်တော့ဘူး၊ အိမ်မှာ မွေးထားတဲ့ ခွေးလောက်၊ ကြောင်လောက်တောင် တန်ဘိုး မရှိတော့ဘူး၊ ငါ့သူငယ်ချင်း မောင်ခင်၊ မောင်ချစ်တို့ကို ကြည့်စမ်း၊ မိဘစကား နားထောင်လိုက်ကြတာ နေပုံထိုင်ပုံ အချိုးကျလို့၊ လိမ္မာလို့ သူတို့မိဘတွေ စိတ်ချမ်းသာလိုက်ကြရတာတွေ၊ တယ်တော် တယ်ကောင်း၊ ဩော် . . . ငါကတော့ တယ်ဆိုး တယ်မိုက်ပါလား၊ အချိုးမပြောင်းရင်တော့ အပါယ်ငရဲ သွားဖို့ပဲ ရှိတော့တယ်၊ အမြန်ပြင်လိုက်မှပဲ ဖြစ်တော့မယ်၊ ဆရာတော်ကြီးက အမှားကို ပြုပြင်တာဟာ နောက်ကျတယ် မရှိဘူးတဲ့'

ငပြူးတစ်ယောက် တရား သွားနာလိုက်တာ ကိုယ့်တရားခံ ကိုယ်ရှာတတ်သွားတယ်။ သဒ္ဓါတရား တံခါး ဟင်းလင်း ပွင့်သွားတယ်ပေါ့။ အဲဒီအချိန်ကစ မောင်ပြူးစိတ်ထဲမှာ မိခင်ကြီးကို သနားကြင်နာတဲ့ ကရုဏာစိတ်၊ ချစ်ခင်မြတ်နိုးတဲ့ မေတ္တာစိတ်တွေ ပေါ်လာပြီး အချိုး ပြောင်းလဲပြုပြင်ဖို့လည်း ဆုံးဖြတ်လိုက်တယ်။

## ၁၂။ အမှားပြင်က နောက်မကျ

- **မောဟတရား၊ မကင်းငြား၊ မိုက်မှားတတ်လေပါ။**
- **အမှားပြင်က၊ နောက်မကျ၊ သိကပြင်လိုက်ပါ။**
- **အမှားကိုပြင်၊ အမှန်မြင်၊ ကြည်လင်စိတ်အေးပါ။**

ပုထုဇဉ်ဆိုတာ မောဟ မကင်းသေးတော့ ဆင်ခြင်မှု ကင်းသလောက် မှားတတ် မိုက်တတ်တာပဲ။ ဒိဋ္ဌိ မပါတဲ့ မောဟအမှားက လွဲမှားတဲ့ ဒိဋ္ဌိ ပါလာရင်တော့ စွဲမှားတဲ့၊ စွဲမှားကို ပြင်လို့ မရပေမယ့် လွဲမှားကိုတော့ ပြင်လို့ရပါတယ်။ မှားမှန်းသိတာနဲ့ တစ်ပြိုင်နက် ချက်ချင်းပြင်လိုက်ပါ။ အမှားကို အမှန်ပြင်တာဟာ ဘယ်တော့မှ နောက်ကျတယ် မရှိပါဘူး။ မှားမှန်းသိတာနဲ့ ပြင်တတ်ရမယ်။ ပညာရှိတွေ ပြင်ပေးတာကိုလည်း မြတ်မြတ်နိုးနိုး ခံယူတတ်ရမယ်။

ငပြူးဟာ အရက်ဝိုင်းကခေါ်တော့လည်း မသွားတော့ဘူး။ 'အကျိုးမရှိတဲ့ အရှုံးအလုပ်တွေ၊ မူးရူးတော့ ကိုယ့်ကြောင့် သူလည်း စိတ်ဆင်းရဲရ၊ ကိုယ်လည်း အောက်ကျနောက်ကျဖြစ်၊ ဘာမှ ကောင်းကျိုးမရှိ၊ တော်ပြီ၊ မသွားတော့ဘူး' တဲ့။ ဖဲဝိုင်းနားလည်း မသွားတော့ဘူး။ 'ငါ ဖဲရိုက်လို့ ဘယ်လောက်ချမ်းသာဖူးလို့လဲ၊ နောက်ဆုံး မွဲတာပဲ။ သူများတွေလည်း အထင်သေးခံရတယ်။ အလကားအလုပ် ငါမလုပ်တော့ဘူး' တဲ့။ ချင့်ချိန်တတ်တဲ့ ဉာဏ်တွေပေါ်လာတယ်။

သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာတွေ ဖြစ်ပေါ်တိုးတက်လာတော့ စင်ကြယ်မြင့်မြတ်တဲ့ လူ့ စိတ်ဓာတ်တွေ ပေါ်လာတယ်။ သရဏဂုံ သီလလည်း မြဲလာတယ်။ မေတ္တာလည်း ပွားတတ်လာတယ်။ စီးပွားရှာတဲ့ အလုပ်ကိုလည်း ဉာဏ်ယှဉ်ပြီး လုပ်တတ်လာတယ်။ ရွာဦးကျောင်း ဘုန်းကြီးထံလည်း မကြာမကြာသွားလို့ တရားနာယူတယ်။

အိမ်ပြန်ရောက်ပြီဆိုရင် မီးဖိုချောင်ဝင်ပြီး 'အမေ အသာနေတော့၊ အသက်ကြီးပြီ၊ အေး အေးချမ်းချမ်းပဲနေတော့၊ သားပဲလုပ်တော့မယ်' ပါးစပ်ကလည်းပြော ကိုယ်တိုင်လည်းချက်ပြုတ်လို့ မိခင်ကြီးကို ကျွေးမွေးတယ်။ စောင့်ရှောက်တယ်။ ည အိပ်ရာဝင်တဲ့အခါမှာလည်း မိခင်ကြီးကို ခြေဆုပ်လက်နယ် နင်းနှိပ် ပြုစုတယ်။ နေ့တိုင်းပဲ မိခင်ကြီး ကုသိုလ်ပြုနိုင်အောင် တရားဘာဝနာ အားထုတ်နိုင်အောင် ကူညီပေးတယ်။

မိခင်ဒေါ်ဦးတစ်ယောက် ဝမ်းသာလိုက်ရတာ။ နောက်ထပ် သားလိမ္မာတစ်ယောက် မွေးဖွား လာတယ်လို့တောင် ထင်မိသွားတယ်။ 'ငါ . . . အခုမှ သားရတနာ ရတာ၊ ရ တာ နာ မဟုတ်တော့ဘူး၊ ငါ့သားလေး ရတနာ ဖြစ်နေချိန်မှာ ကိုပြားတစ်ယောက် မြင်စမ်းစေချင်တယ်၊ သူ့အဖေ အသေစော လိုက်လေခြင်း' ဆိုပြီး မျက်ရည်တောင် ကျရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငပြူးဟာ ရပ်ရွာ ကောင်းကျိုးပြုအလုပ်တွေကိုလည်း ဘယ်သူ အသိအမှတ်ပြုပြု၊ မပြုပြု စိတ်ပါလက်ပါ လုပ်ပေးတယ်။ ပတ်ဝန်းကျင်ကလည်း ငပြူးအပေါ် သဘောထားအမြင်တွေ ပြောင်းလာကြတယ်။ ရိုက်ပုတ်စရာ လူယုတ်လို့မမြင်ကြတော့ဘဲ ချစ်စရာလူကောင်းလို့ မြင်လာကြတယ်။

'ဟယ် . . . လူမိုက် ငပြူးတစ်ယောက် ဘယ်လို ဖြစ်သွားတာပါလိမ့်၊ မသေသေးဘဲ ဘဝပြောင်း သွားလိုက်တာ' ဆိုပြီး သိပ်အံ့ဩနေကြတယ်။ ချစ်ခင်မြတ်နိုး တန်ဖိုးထားလာကြတယ်။ 'ငပြူးရယ် . . . မင်းဟာ တို့ရွာထဲမှာ အဖိုးတန်လူတစ်ယောက် ဖြစ်လာပါပြီကော' လို့ ချီးမွမ်းစကား ပြောကြားကြတယ်။

မိခင်ကြီးက သားလိမ္မာငပြူးကို အိမ်ထောင်ချပေးဖို့ နားချလာတယ်။ ငပြူးက လက်မခံဘူး၊ ငြင်းတယ်။ 'ဟာ . . . အမေ မဖြစ်ပါဘူး၊ အမေနှင့်ကျွန်တော် မခွဲနိုင်ပါဘူး၊ ကျွန်တော့်မေတ္တာကို အမေတစ်ဦးတည်း အတွက်ပဲ အပြည့်အဝ ပေးချင်ပါတယ်။ အမေ မရှိတဲ့နောက် ကျွန်တော် ရဟန်းပဲ ပြုပါရစေ' လို့ တောင်းပန်တယ်။ ဘယ်လိုမှ အိမ်ထောင်ချပေးလို့ မရဘူး။

ငပြူးတစ်ယောက် မိခင်ကြီးကို ပြုစုလုပ်ကျွေးရင်း စီးပွားရေး အလုပ်လုပ်တယ်။ စီးပွားရေးတွေ အလွန် အောင်မြင်လို့ ပြန်လည် ကြွယ်ဝလာတယ်။ သားအမိနှစ်ယောက် အရင်လိုပဲ ပြည့်ပြည့်စုံစုံ ကျက်သရေရှိရှိ နေနိုင်လာတယ်။ ကြီးပွားတိုးတက်လာတော့ ငပြူး အောက်ခြေမလွတ်ဘူး။ 'ငါ လိမ္မာတာဟာ ဘုရားရှင်ရဲ့ သာသနာကြောင့်ပဲ' ဆိုပြီး သာသနာရဲ့ကျေးဇူးကို သိလို့ သာသနာတော်ကို အားပေးချီးမြှောက်တယ်။ ပကာသနမဖက် ဒါနစစ်စစ်ဖြစ်အောင် လုပ်တတ်တယ်။

ပစ္စည်းနှင့်ခန္ဓာကို မှန်မှန်ကန်ကန် အဖိုးတန်အောင် အသုံးချတတ်နေပြီ။ သရဏဂုံသီလ မေတ္တာကြောင့် အရာရာမှာ အောင်မြင်သူဖြစ်နေပြီ။ အောင်မြင်လေ ကုသိုလ်တိုးလုပ်လေ၊ ကုသိုလ် တိုးလုပ်လေ အောင်မြင်လေပဲ။

ဘယ်နေရာကြည့်ကြည့် 'ဦးပြားကို ရည်စူး၍ ဒေါ်ဦးနှင့်သား-မောင်ပြူး ကောင်းမှု' ဆိုတဲ့ အလှူရှင် ဆိုင်းဘုတ်တွေချည်း တွေ့နေရတယ်။ လမ်းဘေးရေအိုးစင်မှာလည်း ဒီဆိုင်းဘုတ်၊ ခရီးသည်တွေ နားဖို့ လမ်းဘေးမှာ ဆောက်ထားတဲ့ ဇရပ်မှာလည်း သူတို့နာမည်၊ ဘုန်းကြီးကျောင်းမှာလည်း သူတို့ ကောင်းမှုပဲ။ ရွာဦးက စေတီမှာလည်း သူတို့နာမည် မလွတ်ဘူး။

ကုသိုလ်လုပ်တိုင်း အသိဉာဏ် ဦးစီးတယ်။ နိဗ္ဗာန်ကို ရည်မှန်းချက်ထားလုပ်တယ်။ 'ငါဟာ ဤကောင်းမှုကြောင့် နိဗ္ဗာန်ကို အမြန်ဆုံး ရပါရစေ၊ စောစောတုန်းကလို အမိုက် အရူးအမူးတော့ ဘယ်တော့မှ မဖြစ်ပါရစေနဲ့၊ ကိုယ့်ကိုရော သူ့ကိုပါ အလင်းဆောင်ပေးနိုင်တဲ့ ပညာရှိသူတော်ကောင်းပဲ ဖြစ်ပါရစေတော့၊ စိတ်ချမ်းသာကြောင်း တိုးတက်ကြောင်းဖြစ်တဲ့ ပညာရှိ သူတော်ကောင်းတွေနှင့်ချည်းသာ တွေ့ပါရစေတော့'လို့ ဆုတောင်းတယ်။

ဘုရားဒကာ၊ ကျောင်းဒကာ၊ သာသနာ့ဒကာ မောင်ပြူးဟာ မိခင်ကြီး ကွယ်လွန်သွားပြီးနောက် ရှိသမျှ စည်းစိမ်ဥစ္စာအားလုံးကို သာသနာအတွက် အကုန် စွန့်ကြဲ လှူဒါန်းလိုက်ပြီး ဆရာတော်ကြီး ဦးတိသထံမှာ ရဟန်းပြုလိုက်တယ်။ ဆရာတော်ကြီးရဲ့ လမ်းညွှန်မှုအောက်မှာ နေရတော့ စာပေလည်း တော်တော် တတ်ကျွမ်းတယ်၊ အကျင့်သိက္ခာ ပြည့်ဝလို့ အနေအထိုင်လည်း ကောင်းတယ်။

ဦးပဥ္စင်းငပြူးဟာ ပြုပြင်ခွင့်ရတဲ့ ဘဝကောင်းတစ်ခု ရခိုက် အမှန်ဆုံးနှင့် အမြန်ဆုံးဖြစ်အောင် အစွမ်းကုန် ပြုပြင် ကြိုးစားနေတယ်။ တရားဟော တရားပြလည်း အလွန်ကောင်းတယ်။ ဆရာသမား ပေးထားတဲ့ ဘွဲ့နာမည်မတွင်ဘဲ ငယ်နာမည်သာတွင်နေတယ်။ 'ဦးပဥ္စင်း မောင်ပြူး တရားဟော သိပ်ကောင်းတယ်' လို့ ကျော်ကြားလာတယ်။ 'ဦးပဥ္စင်း ပြူးက ဘုန်းကြီး ပြူး၊ ဘုန်းကြီး ပြူးက ဆရာတော် ပြူး' လို့သာ တွင်သွားတော့တယ်။

ဒီ 'ပြူး' ဆိုတဲ့နာမည်ကိုပဲ သူက ဂုဏ်ယူတယ်။ ငယ်စဉ် အမိုက် အရူးအမူးဘဝက ရစရာမရှိအောင် စက်ဆုပ် ရွံရှာစရာကောင်းလောက်အောင် ပျက်ခဲ့ရတဲ့ 'ငပြူး' နာမည်ပျက်ကို နာမည်မပြောင်းဘဲ 'ဦးပဥ္စင်း ပြူး၊ ဘုန်းကြီး ပြူး၊ ဆရာတော် ပြူး' လို့ တရားနဲ့ အရောင်ပြောင်းထားတဲ့ နာမည်ဖြစ်နေလို့ပါ။ အမိုက်ဘဝက



www.burmeseclassic.com

www.burmeseclassic.com


ပျက်ခဲ့ရတဲ့ 'ငပြူး' ဆိုတဲ့ အမည်းရောင်ကို အလိမ္မာ ရဟန်းဘ၀မှာ တရားရောင် တောက်ပြောင်ပြီး တက်လာတဲ့ 'ဦးပဥ္စင်း ပြူး' ဆိုတဲ့ အဖြူရောင်နဲ့ ဖုံးအုပ်ပေးလိုက်တယ်ပေါ့။ နာမည်မပြောင်းဘဲ အဟောင်းကို ဆေးရောင် ပြောင်းသုတ်လိုက်တာပါ။

အရွယ်တော်တော်ရလာတော့ ဆရာတော့်ထံ ခွင့်ပန်ပြီး တောထဲ တစ်ပါးတည်း သွားနေတယ်။ ဘာကိုမှ မငဲ့ကွက်တော့ဘဲ တောထဲမှာ တရားတစ်ခုတည်းသာ သဲသဲမဲမဲ၊ စွဲစွဲမြဲမြဲ အားထုတ်နေပါတော့တယ်။ အချိန်အားလုံး မဂ်ဖိုလ်နိဗ္ဗာန်ရရေးအတွက်သာ အသုံးချနေတယ်။ ခန္ဓာမှာ သတိဉာဏ် အမြဲချ ရှုမှတ်အားထုတ် နေပါတယ်။ တရားကလွဲရင် ဘာကိုမှ သူမလိုချင်တော့ဘူးတဲ့။ ဒီလိုဆို တကယ် စိတ်အေးရပြီပေါ့။

## ၁၃။ ချိန်သီးလက်တံ စွမ်းအားမှန်

- **သတိပညာ၊ ချိန်သီးမှာ၊ ကောင်းစွာတပ်ထားမှ၊**
- **လုံ့လသဒ္ဓါ၊ လက်တံမှာ၊ မှန်စွာလည်ပတ်ကြ၊**
- **လူ၏စွမ်းအား၊ မြတ်တရား၊ စိတ်ထားကောင်းမှ ရနိုင်ကြ၊**
- **စိတ်အေးစရာ၊ သာသနာ၊ ကောင်းစွာတွေ့ဆုံရ။**

သာသနာ့ကျင့်စဉ်အချုပ်က ချိန်သီးနှင့် လက်တံပဲ။ အာရုံနှင့်စိတ်ကို ကိလေသာ ကြား မညှပ်ရအောင် ကပ်ပေးပြီး အသိချင်း စပ်ပေးတဲ့ သတိရယ်၊ အာရုံအရှိကို ကွဲကွဲပြားပြား ခွဲခြားသိတဲ့ ပညာရယ်၊ ဒီနှစ်ပါးက စိတ်ရဲ့ ချိန်သီးပါ။ အကောင်းမှန်သမျှကို စိတ်ချလက်ချ ကျေကျေနပ်နပ် လက်ခံပေးတဲ့ သဒ္ဓါရယ်၊ အတွင်းမှာ အားကိုးစရာ စွမ်းအားပေါ်လာအောင် ရဲရဲရင့်ရင့် ဖော်ထုတ်ပေးတဲ့ ဝီရိယရယ် ဒီနှစ်ပါးကတော့ စိတ်ရဲ့ လက်တံပါ။

ချိန်သီးပြုတ်ရင် လက်တံ ပြုတ်တယ်။ ချိန်သီးရပ်ရင် လက်တံ ရပ်တယ်။ ချိန်သီးစောင်းတော့ လက်တံ စောင်းတယ်။ ချိန်သီးသွားနေမှ လက်တံမှန်မှန် လည်ပတ်မယ်။ ဒါမှ စိတ်အေးစရာ သာသနာနှင့် တကယ်တွေ့ရမယ်။

ချိန်သီးပြုတ်နေ၊ ရပ်နေရင် လက်တံပြုတ်တယ်၊ ရပ်တယ်။ လက်တံနှစ်ချောင်းမှာ သဒ္ဓါ လက်တံ ပြုတ်သွား ရပ်သွားတယ်။ ဝီရိယ လက်တံ လည်ပတ်နေပေမယ့် အပူ ငြိမ်းအေးချမ်းသာတဲ့ဘက် ရှေ့တည့်တည့်ကို မလည်ပတ်တော့ဘဲ အပူတိုးလို့ ချမ်းသာညိုးတဲ့ နောက်ဘက်ကို ပြောင်းပြန်လည်သွားတယ်။ နောက်ပြန် လည်နေတယ်ပေါ့။ အို၊ နာ၊ သေ၊ ဒုက္ခအပူဘက် ပြန်လည်နေတယ်။

သတိ ပညာ ချိန်သီးတပ်လို့ သွားနေမှ သဒ္ဓါ၊ ဝီရိယလက်တံဟာ အပူငြိမ်းအေး ချမ်းသာတဲ့ ဘက် ရှေ့တည့်တည့်ကို ဖြောင့်ဖြောင့် လည်ပတ်ပေးပါတယ်။ သဒ္ဓါကြောင့် စိတ်တွေလည်း သန့်ရှင်း ကောင်းမွန် သွားတယ်။ စိတ်ကောင်းဟာ ကောင်းမှုအားလုံးနှင့် ထိုက်တန်တာဖြစ်လို့ ကောင်းမှု အားလုံးကို နိုင်နိုင်နင်းနင်း ရဲရဲရင့်ရင့် လက်ခံနိုင်တယ်။ လက်ခံနိုင်ရင် တားမရတော့ဘူး။ ဧကန် ကောင်းတာ လုပ်တော့မှာပါ။ ဘာပဲလုပ်လုပ် ချိန်သီးတပ်ရင် လက်တံလည်ပတ်ပြီး အကောင်းချည်း ရနေလို့ ဧကန် စိတ်အေးရမယ်။ ထမင်းစားတော့ ထမင်းစားယောဂီ၊ လမ်းသွားတော့ လမ်းသွား ယောဂီ၊ မအားအောင် အလုပ်လုပ်တော့ အလုပ်ယောဂီ ဖြစ်သွားပြီ။ စွမ်းအားတွေချည်းရမှာပါ။ အချုပ်က သတိပဲ။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
(၁၃၆၉-ခု၊ ပထမဝါဆိုလ) ၂၀၀၇-ခုနှစ်၊ ဇူလိုင်လ



www.burmeseclassic.com

www.burmeseclassic.com


## တိပိဋကဓရ ဓမ္မလက်ဆောင် (၄၈)

## တစ်ခါလာလည်း ဒါပါပဲ

### နမော တဿ ဘဂဝတော

### ၁။ တစ်ခါလာလည်း ဒါပါပဲ

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

(ဒီ - ၂ - ၁၂၈)

- **တစ်ခါလာလည်း၊ ခန္ဓာပဲ၊ အမြဲပြင်ရသည်။**
- **တစ်ခါလာလည်း၊ ခန္ဓာပဲ၊ အမြဲပျက်နေသည်။**
- **တစ်ခါလာလည်း၊ အိုနာပဲ၊ အမြဲနှိပ်စက်သည်။**
- **တစ်ခါလာလည်း၊ ရှုပ်ညစ်ဆဲ၊ အမြဲပူလှသည်။**
- **တစ်ခါလာလည်း၊ ကုသိုလ်ပဲ၊ အမြဲယူရမည်။**
- **ပြင်လိုက် - ပျက်လိုက်၊ နှိပ်စက်လိုက်နှင့်၊ ပူအိုက်ရှုပ်ထွေး၊ စိတ်ညစ်ထေးဘိ၊ သတိပညာ၊ မြဲစွာကိုင်စွဲ၊ မှီရာဆွဲမှ၊ စိတ်အေးရ၊ မုချချမ်းသာမည်။**
- **တစ်ခါလာလဲ၊ ဒါပါပဲ၊ ထူးကဲ လူ့စွမ်းရည်။**
- **ကိုယ်ပိုင်စွမ်းအား၊ တရားရမှ၊ လူ့ဘဝ၊ မုချမြင့်မြတ်သည်။**

"တစ်ခါလာလည်း ဒါပါပဲ" ဆိုတဲ့စကားဟာ လမ်းမှန်အတိုင်း မသွားနိုင်သူ၊ လမ်းမှားနေသူအတွက် ကဲ့ရဲ့ပြစ်တင် ရှုတ်ချတဲ့ စကားပါ၊ မူးယစ်သောက်စား ရမ်းကားနေသူ၊ အမှားတစ်ခုကို ထပ်တစ်လဲလဲ လုပ်နေသူကို တွေ့ရရင် "မင်းကွာ တစ်ခါလာလည်း ဒါပဲ၊ တစ်ခါလာလည်း ဒါပဲ၊ အခုထိ မင်း မပြင်သေးဘူးလား၊ မင်း တော်တော်ပေသကိုးကွ" လို့ ကဲ့ရဲ့ပြစ်တင်စကား ပြောတတ်ကြတယ်။

လမ်းမှန်အတိုင်း စွဲစွဲမြဲမြဲ ဖွဲ့ရှိရှိ သွားနေသူ၊ လမ်းမှန်နေသူအတွက်တော့ ဒီစကားဟာ ချီးမွမ်းဂုဏ်တင်တဲ့ စကားမျိုးပါ " အို - မင်းကတော့ တစ်ခါလာလည်း ဒါပဲ တစ်ခါလာလည်း ဒါပါပဲ၊ နေ့စဉ်မပျက် စွဲစွဲမြဲမြဲ လုပ်နိုင်လိုက်တာကွယ်၊ တယ်တော်ပါလား၊ တယ်လည်း ဖွဲ့ရှိပါလား" လို့ ချီးမွမ်းဂုဏ်တင် စကား ပြောတတ်ကြတယ်။

လူဆိုတာ အလုပ်သမားဖြစ်လို့ အလုပ်လုပ်ဖို့ လူဖြစ်လာတာဖြစ်လို့ အလုပ် လုပ်တတ်တဲ့ အရွယ်၊ အလုပ် လုပ်နိုင်တဲ့အရွယ်ကစ အလုပ်လုပ်နေကြရပါတယ်၊ လမ်းမှားလိုက်နေသူလည်း အမှန် မသိသေးသမျှ အမှန်အတိုင်း မလိုက်နိုင်သေးသမျှ ဒီအမှားကိုပဲ ဆက်ကာဆက်ကာ လုပ်နေမှာပဲ၊ လမ်းမှန် လိုက်နေသူလည်း အမှန် သိနေသေးသမျှ အမှန်အတိုင်း လိုက်နိုင်သေးသမျှ ဒီအမှန်ကိုပဲ ထပ်တစ်လဲလဲ လုပ်နေမှာပါ၊ တစ်ခါလာလည်း ဒါပါပဲပေါ့။

ဒီ "တစ်ခါလာလဲ ဒါပါပဲ" ဆိုတဲ့သဘော ပေါ်လွင်အောင် ကိုယ့်ရဲ့ တစ်ဘဝလုံးကို ဉာဏ်နဲ့ ချိုင့် ကြည့်စမ်းပေါ့၊ ကြည့်တတ်ရင် ဉာဏ်ထဲမှာ ထင်ထင်ရှားရှား ပေါ်လာပါလိမ့်မယ်။

(၁) တစ်ခါလာလည်း ဒါပဲ ပြင်နေရတယ်၊ တစ်ခါလာလည်း ဒါပဲ ပြင်နေရတယ်၊ စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စတွေနဲ့ နေ့စဉ် လိုအပ်သမျှ ဖြည့်ဆည်းပေးပြီး ပြုပြင်နေရပါတယ်။ ပြင်လိုက်တိုင်း ပျက်ပျက်သွားတဲ့ကြောင့် ပြင်လို့မပြီးနိုင်တာပါ၊ ပြင်လိုက် ပျက်လိုက်၊ ပျက်လိုက် ပြင်လိုက်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



(၂) တစ်ခါလည်း ဒါပဲပျက်တယ်၊ တစ်ခါလာလည်း ဒါပဲပျက်တယ်၊ ဒီခန္ဓာလည်း ပြုပြင်လိုက်တိုင်း ပျက်တာပဲ၊ ခန္ဓာနှင့်ဆက်စပ်တဲ့ သက်မဲ့ပစ္စည်း ဝတ္ထုတွေလည်း ပြုပြင်လိုက်တိုင်း ပျက်တာပဲ၊ မခိုင်မာတဲ့ အရာတွေနဲ့ ပြုပြင်ထားတာဖြစ်လို့ ပြိုကျ ပျက်စီးရတာပါ။

(၃) တစ်ခါလာလည်း ဒါပဲ နှိပ်စက်တယ်၊ တစ်ခါလာလည်း ဒါပဲ နှိပ်စက်တယ်၊ ပျက်တိုင်းလည်း နှိပ်စက်တယ်၊ ပြောင်းလဲတိုင်းလည်း နှိပ်စက်တယ်၊ အိုတာနှင့် နာတာကိုပြောတာပါ။ မရဏတွင်းထဲ အရောက် ခြေထောက်နှစ်ဖက်နဲ့ လိမ့်ကန်နေသလို အဆက်မပြတ် ကန်နေတာပဲ၊ ဒုက္ခခန္ဓာကို ရထားတာကိုး။

(၄) တစ်ခါလာလည်း ဒါပဲပူတယ်၊ တစ်ခါလာလည်း ဒါပဲပူတယ်၊ ကိလေသာ မကင်းသေးတာကို ပြောတာပါ။ မရှိလည်းပူ ရှိလည်းပူပါပဲ၊ သတိလွတ်တိုင်း အပူချင်း ထပ်နေတတ်ပါတယ်။

(၅) တစ်ခါလာလည်း ဒါပဲယူပါ၊ တစ်ခါလာလည်း ဒါပဲယူပါ၊ ပြင်လိုက်၊ ပျက်လိုက်၊ နှိပ်စက်လိုက်၊ ပူလိုက်နဲ့သာဆိုရင် လူ့ဘဝဟာ ဘာမှ တန်ဖိုးမရှိ။ ဘာမှလည်း အဓိပ္ပာယ်မရှိ၊ ဂုဏ်ယူစရာလည်း ဘာမှမပါ။ ဒါကြောင့် လူ့ဘဝရလဒ်ဖြစ်တဲ့ ကောင်းမှုတရားကို အပ္ပမာဒခေါ်တဲ့ သတိဉာဏ်နဲ့ တစ်ခါလာလည်း ရအောင်ယူပါ၊ နောက်တစ်ခါလာလည်း ဒီကောင်းမှုတရားကိုပဲ အရယူပါ၊ ဒါမှပဲ မြင့်မြတ်တဲ့ လူ့ဘဝ ဖြစ်ခွင့်ရမှာပေါ့။

## ၂။ တစ်ခါလာလည်း ဒါပဲပြုပြင်

- **မသိတဏှာ၊ ရှေ့သွားကာ၊ ပြင်တာ မမြင့်မြတ်။**
- **သတိပညာ၊ ရှေ့သွားကာ၊ ပြင်တာ လွန်မြင့်မြတ်။**
- **လူ၏စွမ်းအား၊ တရားရမှ၊ လူ့ဘဝ၊ မုချရကျိုးနပ်၊**

ဒီခန္ဓာကိုရော ဒီခန္ဓာနှင့် ဆက်စပ်သမျှ သက်မဲ့သက်ရှိတွေကိုရော ပြုပြင်လာခဲ့တာလည်း ကြာလှပါပြီ၊ အခုထိပြင်လို့ မပြီးသေးဘူး၊ ပြင်ရတုန်း ပြင်ရဆဲပဲ၊ နောက်ထပ် တစ်သက်လုံး ဆက်ပြင်လို့လည်း ပြီးမှာ မဟုတ်ဘူး၊ နိဗ္ဗာန်မရောက်မချင်း ဘဝတိုင်း နောက်ထပ် ဆက်ပြင်နေလည်း မပြီးနိုင်ပါဘူး၊ ပြင်လိုက်တိုင်း အချိန်စေ့တော့ ပျက်သွားတာကိုး။

" တစ်ခါလာလဲ ဒါပါပဲ " ဆိုတဲ့စကားက စကားချင်း အလုပ်သဘောချင်း တူတာကို ပြောတာပါ၊ ရလဒ်ကတော့ တစ်ခုနှင့် တစ်ခု၊ တစ်ခါနှင့် တစ်ခါ တူရမှာ မဟုတ်ပါဘူး၊ တစ်ခါထက် တစ်ခါ တိုးလာရ၊ ပွားလာရ၊ များလာရ၊ ပိုလာရ၊ မြင့်လာရမှာပါ၊ ရလဒ်ပိုများလာအောင်လည်း သတိထား ကြိုးစားနေရမှာပဲ။

ပြုပြင်ကြတဲ့အခါ အဝိဇ္ဇာတဏှာနဲ့ ပြုပြင်တာကတစ်မျိုး၊ သတိပညာနဲ့ ပြုပြင်တာက တစ်မျိုးလို့ နှစ်မျိုး ရှိပါတယ်၊ အဝိဇ္ဇာတဏှာနဲ့ ပြုပြင်တာက အမြတ်မထွက်ဘဲ အရှုံးထွက်တဲ့ ပြုပြင်ခြင်းမျိုးပါ၊ သတိပညာနဲ့ ပြုပြင်တာက လူ့ဘဝ ရကျိုးနပ်အောင် လူ့စွမ်းအားပြန်ရတဲ့ မြင့်မြတ်တဲ့ ပြုပြင်ခြင်းမျိုးပါ၊ တစ်ခါလာလည်း ဒီအမြတ်ပဲရအောင် သတိပညာ ဦးဆောင်ပြီး ပြုပြင်တတ်ဖို့ လိုပါတယ်၊ အဝိဇ္ဇာအမှောင်ထုက သိပ်ထူထပ်လွန်း အားကြီးတော့ သတိဦးစီးတဲ့ ပညာဉာဏ်ဟာ အဝိဇ္ဇာ မှောင်ထုကို ထိုးဖောက် စူးဝင်နိုင်ဖို့အတွက် ချွန်ထက်ဖို့လည်း လိုတယ်၊ စွမ်းအား သန်မာကြီးမားဖို့လည်း လိုတယ်၊ ဒါမှ အမှောင်ဖြိုခွင်းပြီး အလင်းဆောင်နိုင်မှာပါ။

စားရေးကိစ္စအတွက် ကိုင်နေကျ ထမင်းအိုး ဟင်းအိုးကို ကိုင်၊ ထည့်နေကျ ဆန်-ရေ-ဟင်းသီးဟင်းရွက်-ဆီ-ဆား စသည်ထည့်၊ တင်နေကျ မီးဖိုပေါ် တင်၊ ထည့်နေကျ လောင်စာ၊ ထင်း စသည် ထည့်၊ ချက်နေကျ ပုံစံအတိုင်း မီးထိုး၊ အပူရှိန်ပေး ချက်၊ ကျက်လာတော့ စားနေကျစားပွဲ၊ ပန်းကန်၊ ဇွန်းတွေနဲ့ပဲစား၊ စားပြီးတာနဲ့ ဆေးနေကျ ရေ၊ ဆပ်ပြာနဲ့ပဲ ဆေး၊ ထားနေကျနေရာ အတိုင်းပြန်ထား၊ တစ်ခါလာလည်း ဒီအတိုင်းပါပဲ၊ " တစ်ခါလာလည်း ဒါပါပဲ " လို့ စကားအနေနဲ့ ပြောပေမယ့် အလုပ်သဘောပဲ အရင်ဟာနှင့်တူတာပါ၊ ရလဒ်စွမ်းအားကိုတော့ အရင်ဟာထက် ထူးခြားလာအောင် သတိထား ကြိုးစားပေးရမှာဖြစ်တယ်။

သတိကောင်းသလောက် စိတ်ငြိမ်လို့ ဉာဏ်ပွင့်လာမယ်၊ လေ့လာဆည်းပူးထားတဲ့ ဘဝ အသုံးချ ဉာဏ် ရှိထားဖို့လည်း လိုပါတယ်။ ဉာဏ်ပွင့်လာသလောက် မိသားစုစားသောက်ဖို့ သီးခြား အလှူလုပ်ဖို့ စီမံပေးရတိုင်း



www.burmeseclassic.com

www.burmeseclassic.com


ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာစွမ်းအားများ ရလာနိုင်ပုံတွေ၊ မိမိ စားသောက်ဖို့ စီမံရတိုင်း သီလ၊ သမာဓိ၊ ဝိပဿနာ စွမ်းအားများ ရလာနိုင်ပုံတွေ၊ သိခွင့် ရလာတယ်၊ တရားရလဒ် မြင်လာတယ်၊ သိမြင်လာတော့ သိသလောက် ယူတတ်တာပေါ့၊ စားရတဲ့နောက်က တရားစွမ်းအားပါ ဆက်ရတော့ မြင့်မြတ်တာပေါ့၊ အားလည်း ပိုပြည့်သွားတာပေါ့။

နေ့စဉ် စားသောက်နေရတဲ့သဘောကိုလည်း ဉာဏ်ထဲ ထည့်ကြည့်ဖို့လိုမယ်၊ လူဖြစ်ပေမယ့် အာဟာရအား မပါရင် လှုပ်ရှားနိုင်စွမ်း မရှိပါဘူး၊ တစ်နေ့တာ လှုပ်ရှားနိုင်လောက်အောင်တောင် အား မလုံလောက်ပါဘူး၊ ထမင်းဟင်း စတဲ့ စားသောက်ဖွယ်တွေထံက အငှားအားများကိုယူပြီး ဖြည့်ပေးမှ လှုပ်ရှားနိုင်တယ်၊ လောကကိစ္စ၊ ဓမ္မကိစ္စမျိုးစုံ လုပ်ကိုင်နိုင်ဖို့ အာဟာရအားများကို ချေးငှား သုံးနေရပါတယ်၊ ခန္ဓာ မော်တော်ယာဉ်ကို မဂ္ဂင်ယာဉ်ကြောပေါ် တစ်နေ့တာ မောင်းနှင်လို့ရအောင် စက်ဆီ၊ ဓာတ်ဆီထည့်ပေးသလို အားဖြည့်ပေး နေရတာပါ။ ဘာပဲပြောပြော လူ့ခွန်အားဟာ အာဟာရဆိုတဲ့ သူတစ်ပါးကို မှီခိုနေရတာပါ၊ သူတစ်ပါးအားကို မှီပြီး ကိုယ့်အား ပေါ်လာအောင် ဖော်ထုတ်ယူတတ်ဖို့ အလွန် အရေးကြီးပါတယ်။ အားတွေ ငှားပြီး မသုံးရဘဲ၊ ကိုယ်ပိုင်အား မဖော်ထုတ်လိုက်ရပဲ အလကား ကုန်သွားရင်တော့ ညံ့လွန်းရာ ရောက်ပါတယ်။

စားရေးအတွက် နေ့စဉ် ရှာနေကျ နည်းအတိုင်းပဲ ရှာ၊ အရင်အတိုင်းပဲ စားဖြစ်အောင် စီမံ၊ စားနေကျအတိုင်း စားသင့်တဲ့ အချိန်မှာ ဒါကိုပဲ စား၊ အရင် နည်းအတိုင်းပဲ စား၊ တစ်ခါလာလည်း ဒါပါပဲ၊ အရက်သေစာ မူးယစ်ဆေးဝါးတွေလည်း အရင်စားသောက်နေကျပဲဆိုပြီး ဆက်မစားသောက်သင့်ပါဘူး၊ အပြစ်လည်းများ၊ စွမ်းအားလည်း ကျဆင်းစေတတ်တဲ့ လူ့အပါယ်စာဖြစ်နေတာကိုး။ စားသင့်တဲ့ အစာကို စားနေကျအတိုင်း စားတော့ လိုအပ်တဲ့ တရားစွမ်းအားပါ ရအောင် သတိထားပြီး ယူနေကျအတိုင်းယူနိုင်ရမယ်၊ တစ်ခါလာလည်း ဒါပါပဲ၊ သတိပြုရမှာက မိမိ နေ့စဉ် လုပ်ကိုင်နေရတဲ့ အလုပ်အားလုံးဟာ ဗုဒ္ဓသာသနာ ရတနာကြောပေါ်က အလုပ်တွေချည်းဖြစ်နေလို့ ဘာပဲလုပ်လုပ် လောကကိစ္စမျှသာမက ဓမ္မကိစ္စပါ ပြီးနိုင်တယ်ဆိုတဲ့ အချက်ပဲ။

ဝတ်နေကျအဝတ်ကို အရင်အတိုင်းပဲဝတ်၊ လူ့ယဉ်ကျေးမှု စည်းကမ်းဘောင်အတွင်းကပဲ ဝတ်၊ ပင်ကိုယ် အဝတ်လောက်နဲ့ မလုံလောက်သေးဘူး ထင်သူတွေကတော့ လက်ဝတ်လက်စား အလှတန်ဆာတွေကိုပါ ဝတ်ဆင်ကြတယ်၊ ပန်းနံ့သာတွေပါ ထပ်ဆောင်းပေးကြတယ်၊ စေ့စပ်သေချာအောင် မှန်ရှေ့သွားပြီး ပြင်ဆင်ကြတယ်၊ တစ်ခါလာလည်း ဒါပါပဲ၊ အလုပ်နှင့် စကားက အရင်အတိုင်း တူနေပေမယ့် အရင်နှင့် မတူတဲ့ တရားစွမ်းအားကိုတော့ သတိထား ကြိုးစားယူရမယ်။

နေနေကျ နေရာမှာ နေနေကျ အတိုင်းပဲနေ၊ တတ်နိုင်သူများက ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ် နေရာများကိုပါ စီမံကြတယ်၊ ပင်ကိုယ်နေရာကိုလဲ အဆင့်မြှင့်ပေးကြတယ်၊ တစ်ခါလာလည်း ဒါပါပဲ၊ စကားနှင့် အလုပ် အရင်နှင့် တူနေပေမယ့် မတူတဲ့ တရားပါ ပါလာအောင်တော့ အထူး သတိပြုရမယ်၊ တရားချင်း တူရင်တောင် အရင် ရတာထက် အခုရတာက စွမ်းအားပိုလာရမယ်။

ကျန်းမာရေးအတွက်လည်း လုပ်နေကျအတိုင်း လုပ်၊ လေ့ကျင့်နေကျအတိုင်း လေ့ကျင့်၊ နေမကောင်း ဖြစ်နေရင် မှီဝဲနေကျ ဆေးကို မှီဝဲနေကျအတိုင်းပဲ မှီဝဲ၊ တစ်ခါလာလည်း ဒါပါပဲ၊ အခြား လိုအပ်သမျှ ပြုပြင်ဆောင်ရွက်စရာ ကိစ္စအားလုံးကိုလည်း အရင်အတိုင်းပဲ ဆက်လုပ်၊ ပြုပြင်ရမယ့် ခန္ဓာကို ရထားတာ ဆိုတော့၊ ပြုပြင်ပေးသမျှလည်း ပျက်ပျက်၊ ပြောင်းပြောင်းသွားတာဆိုတော့ မပြီးနိုင်အောင် တစ်ပြင်တည်း ပြင်နေရမှာပဲ၊ ပြင်တိုင်း ပြင်တိုင်း အရင် ရတာထက် ပိုမိုထူးခြားတဲ့ အားကိုးစရာ တရားစွမ်းအား ပါလာအောင် လိမ္မာပါးနပ် ကျွမ်းကျင်စွာ ဆွဲယူထားတတ်ရမယ်။ တရားအသိဉာဏ် ရအောင် လေ့လာ ဆည်းပူးကြတယ်ဆိုတာ ကိုယ့်ခန္ဓာနှင့်ဉာဏ် ဆက်သွယ်ရေး လုပ်ပေးတာပါ၊ ကိုယ့်ခန္ဓာမှာ အဆိုးဆုံးအရာ ဘာတွေ ရှိနေသလဲ၊ အကောင်းဆုံးအရာ ဘာတွေ ရယူနိုင်သလဲဆိုတာတွေ သိထားဖို့ဖြစ်တယ်။

## ၃။ တစ်ခါလာလည်း ပျက်တာပဲ

- မခိုင်မြဲကြ၊ ပြင်သမျှမှာ၊ ပျက်ရပါ၊ မြဲစွာသတိချပ်။
- မသိတဏှာ၊ ရှေ့သွားကာ၊ ပျက်တာ ကဲ့ရဲ့အပ်။


www.burmeseclassic.com

www.burmeseclassic.com


■ **သတိပညာ၊ ရှေ့သွားတာ၊ ပျက်တာ ချီးမွမ်းအပ်။**

■ **လူ၏စွမ်းအား၊ တရားရမှု၊ လူ့ဘဝ၊ မုချပျက်ကျိုးနပ်။**

■ **ပျက်ရသော်လည်း၊ ဝမ်းမနည်း၊ ထူးကဲလွန်မြင့်မြတ်။**

ဒီခန္ဓာရော ဒီခန္ဓာနှင့် ဆက်စပ်တဲ့အရာတွေရော မခိုင်မာတဲ့အရာတွေနဲ့ ပြုပြင်ထားတာ ဖြစ်လို့ အချိန်စေ့တိုင်း ပြုကျ ပျက်စီးရပါတယ်၊ မနက်စာ ဝအောင် စားထားလိုက်ပေမယ့် ညနေကျတော့ ပြန်ဆာတယ်၊ ညနေအဝ ထပ်စားလိုက်ပြန်တော့လည်း နောက်နေ့ မနက်ကျတော့ ဆာပြန်တယ်၊ စားထားသမျှ ဝမ်းမီးသခင်ရ မီးလောင်သွားလို့ ပျက်ပြုန်းကုန်ဆုံးသွားကြတယ်၊ အသား အသွေး စသည် ပြောင်းလဲသွားကြတယ်၊ တစ်ခါလာလည်း ဒီတိုင်းပဲ၊ ဒါကြောင့် စားလို့ ကျွေးလို့ မပြီးနိုင်တော့တာပါ။

စက္ကန့် မိနစ်မလပ် ဒလစပ်လည်း ဖြစ်တိုင်းဖြစ်တိုင်း အဆက်မပြတ် ပျက်ပျက်နေကြတယ်၊ တစ်စက္ကန့် အတွင်း အကြိမ်သိန်းချီ ပျက်နေကြတာပါ၊ ဒီအပျက်ကတော့ ဝိပဿနာဉာဏ်နဲ့ ကြည့်မှ မြင်နိုင်တဲ့အရာပါ၊ ပြင်တိုင်း ပျက်နေလို့လည်း နောက်က လိုက်ပြင်လို့ မပြီးနိုင်တော့တာပါ။

အချိန်တန်လို့ အပျက်ကြီးနဲ့လည်း ပျက်နေကြတယ်၊ အချိန်မတန်သေးပေမယ့် ပျက်စေနိုင်တဲ့ အကြောင်း အမျိုးမျိုးကြောင့်လည်း ပျက်စီးနေကြတယ်၊ ပန်းကန်ကျကွဲတာတို့၊ ဖိနပ်ကြိုး ပြတ်သွားတာတို့၊ မျက်မှန်ကိုင်း ကျိုးသွားတာတို့၊ အဝတ်စုတ်ပြဲသွားတာတို့၊ ကားချင်းတိုက်မိလို့ နှစ်စီးလုံး ပျက်သွားတာတို့ စတဲ့ အပျက်တွေဟာ ကြည့်တတ်သလောက် မြင်နိုင်တဲ့အရာတွေပါ၊ လူတောင် မတော်တဆ အကြောင်းကြောင့် အချိန်မရွေး သေနိုင်တာပဲ၊ မတော်တဆ အကြောင်း မပေါ်ပေါက်ရင်တောင် ကန့်သတ်ချိန်စေ့ရင် အားလုံး ပျက်ရ၊ သေရမှာ ချည်းပါ၊ အနှစ်အစိုင် အခိုင်အမာ ဘာတစ်ခုမှ မပါတော့ ဘာမှ မခိုင်မြဲဘဲကိုး။

ကိုယ့်ခန္ဓာရော ကိုယ့်ခန္ဓာနှင့် ဆက်စပ်တဲ့အရာတွေရော သူများခန္ဓာတွေရော သူများခန္ဓာနှင့် ဆက်စပ်သမျှတွေရော အားလုံးဟာ ဘာတစ်ခုမှ ခိုင်မာတာ မဟုတ်တော့ အပျက်ကလေး အပျက်ကြီးပုံစံနဲ့ ဧကန် ပျက်ကြရပါတယ်၊ အတိတ်ကလည်း လက်ညှိုး ထိုးပြစရာမကျန်အောင် အားလုံး ပျက်ခဲ့ကြပါပြီ၊ အခုလည်း ပျက်တုန်း ပျက်ဆဲပဲ၊ နောင်လည်း ဖြစ်တိုင်း ပျက်ကြဦးမှာပါ။

ပျက်ကြရတဲ့အခါ အဝိဇ္ဇာ တဏှာ ဦးစီးတဲ့ ပမာဒလက်ထဲမှာ ပျက်ရရင် အပျက်တွေ မလှဘူး၊ ကျက်သရေ မဲ့ကုန်ရတယ်၊ အမြင့်မှာ တင်ထားတဲ့ မှန်ပြားကြီး မတော်တဆ လိမ့်ကျလို့ သုံးမရအောင် ဖရိုဖရဲ ရုပ်ပျက်ဆင်းပျက် ကွဲသွားတာနှင့် တူတယ်၊ မှန်ပြားကြီး ကျကွဲတဲ့အခါ အနားမှာ လူရှိရင် မှန်စထိပြီး လူကို သွေးထွက်သံယို ဒုက္ခဖြစ်စေတတ်သလို နေ့စဉ် ကြုံတွေ့နေရတဲ့ အပျက်တွေကြောင့် ပူဆွေးအားငယ်ပြီး စိတ်ဒုက္ခ ရောက်စေတတ်ပါတယ်။

မှန်ပြားကို သေသေချာချာ ထိန်းသိမ်းကိုင်တွယ်ပြီး၊ မှန်ဖြတ်စက်၊ မှန်ဖြတ်စိန်၊ မှန်ဖြတ် ကိရိယာနဲ့ ဖြတ်လိုက်ရင် မှန်ကွဲပေမယ့် အကွဲတွေ အသုံးဝင်အောင် လှတယ်၊ ကျက်သရေ ရှိတယ်၊ အထိန်းအသိမ်း ကောင်းလို့ မှန်စ ထိမှန်တာမရှိဘူး၊ အပ္ပမာဒခေါ်တဲ့ သတိဉာဏ်လက်ထဲမှာ ပျက်ရတဲ့ အပျက်တွေဟာလည်း သီလသမာဓိ ဝိပဿနာပညာပုံစံနဲ့ လှလှပပ ထည်ထည်ဝါဝါ ကျန်နေခဲ့ပါ တယ်၊ ပျက်ရတာချင်း တူရင် လှပတဲ့အပျက်နဲ့ ပျက်မှ စိတ်အေးရမယ်ပေါ့၊ စိတ်ဆင်းရဲမှုန်စတွေ ထိစရာလည်း မရှိဘူး၊ အပျက်အကွဲ လှအောင် သတိမှန်ဖြတ်စိန်ကို ကိုင်ထားရုံပေါ့။

## ၄။ တစ်ခါလာလည်း ဒါပဲနှိပ်စက်

■ **ဒုက္ခခန္ဓာ၊ ရထားပါ၊ အိုနာနှိပ်စက်မြဲ။**

■ **သတိကိုင်ထား၊ အိုနာငြား၊ စွမ်းအားတိုးတက်ရဲ။**

ဒီခန္ဓာဟာ " အစ္စဝ အစ္စဝ " နဲ့ ဒုက္ခသရုပ်ကို ထုတ်ပြရင်း မွေးဖွားလာခဲ့ရတာဖြစ်လို့ ဒုက္ခ ခန္ဓာအစစ်ပါ၊ ဒါကြောင့် ရှောင်လွှဲလို့မရအောင် ဒုက္ခနှိပ်စက်တာကို ခံရမှာပါ၊ ဇာတိဆိုတာ ဒုက္ခ အဝယ်ဒိုင် ဖွင့်လိုက်တာဖြစ်လို့ နှိပ်စက်မယ့် ဒုက္ခမျိုးစုံ လာသွင်းတော့မှာပဲ၊ ဖွားလာတဲ့နေ့ကစ မသေမချင်း တငွေ့ငွေ့လောင်နေမယ့် မီးကတော့ အိုခြင်းနှင့် နာခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com


ဇရာသဘောကြောင့် ခန္ဓာဟာ တစ်စတစ်စ ကြီးလာ ရင့်လာရတယ်၊ မလှုပ်နိုင်လောက်အောင် အိုမင်းသွားသည်ထိ ရင့်သွားမှာပါ။ ခန္ဓာဆိုတာ ဇရာမီးရဲ့ လောင်စာကိုး၊ အိုတယ်ဆိုတာ လက်ရှိဘဝ အညာကနေ ကြွေကျဖို့ မှည့်ရင့်လာတဲ့သဘောပဲ။ လူအိပ်ပေမယ့် အိုတာကတော့ မအိပ်ပါဘူး၊ လူက မောပန်းလို့ နားပေမယ့် အိုတာကတော့ အနားမယူဘဲ အဆက်မပြတ် လောင်မြိုက်နေပါတယ်။ ပင်ကိုယ်နုပျိုတဲ့သဘောကို တစ်စတစ်စ ညှိုးနွမ်းခြောက်သွေ့သွားအောင် အပူရှိန် ပေးနေပါတယ်၊ ဖုံးမရ ဖိမရအောင် အိုရုပ်တွေ ပေါ်လွင် ထင်ရှားလာရတယ်၊ ဟန်ဆောင်လို့မရအောင် ခွန်အားတွေ ယိမ်းယိုင်ပြိုကျလာတယ်၊ သေသည်ထိ ဒီတိုင်းပဲ နှိပ်စက်ညှဉ်းဆဲသွားမှာပါ၊ ဘယ်လို စက်ကိရိယာ နည်းပညာတွေနဲ့မှ ရပ်တန့်ထိန်းထားလို့ မရနိုင်ပါဘူး၊ တစ်ခါလာလည်း ဒါပဲ နှိပ်စက်နေပါတယ်။ အိုရမယ့်သဘောရှိတဲ့ ခန္ဓာဖြစ်နေလို့ အိုတာ ဖြစ်တာကြောင့် သူ့တာဝန်ကျေပါတယ်။

ခန္ဓာဟာ အကြောင်းတရားတွေနဲ့ စုပေါင်းတည်ဆောက်ထားတာဖြစ်လို့ အကြောင်းတရားတွေ ပြောင်းလဲ ဖောက်ပြန်တိုင်း အနာပေါ်ပြီး အနာနဲ့ ညှဉ်းဆဲနှိပ်စက်တာကို ခံရပါတယ်၊ သစ်သီးဟာ မမှည့်သေးမီ ပုပ်ပြီး ကြွေကျတတ်သလို ခန္ဓာဟာလည်း မအိုသေးမီ အနာကြောင့် ကြွေကျ သေဆုံးရတတ်ပါတယ်၊ တစ်ခါတစ်ရံ သစ်သီးဟာ လေပြင်းတိုက်ခတ်လို့ပဲဖြစ်ဖြစ်၊ လူတစ်ယောက်ယောက်က တုတ်နဲ့ ရိုက်ချလို့ပဲဖြစ်ဖြစ် မမှည့်မရင့်သေးမီ အညာပြုတ်ပြီး ကြွေကျတတ်သလို သေချိန်မရောက် သေးမီ အကြောင်းတစ်ခုခုကြောင့် ရုတ်တရက် အနာရလာပြီး ဒီအနာကြောင့်ပဲ ကြွေကျ သေဆုံးရတတ်တယ်၊ အနာကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေသေးရင်တောင် အိုတာနှင့်တွဲပြီး အနာဟာ မသေမချင်း နှိပ်စက်နေတတ်တယ်၊ အိုလာတာကြောင့်ပဲ ဟိုကနာ ဒီကနာနဲ့ အနာတွေ တိုးတိုး လာကြတာမျိုးလည်းရှိပါတယ်။ အကြောင်းဖောက်ပြန်လို့ ဖြစ်ပေါ်တဲ့အနာ ကြီးကြီးကျယ်ကျယ် မရှိရင်တောင်မှ သဒ္ဒါရဒဏ် နှိပ်စက်ခံရတဲ့ အနာကတော့ အမြဲရှိနေပါတယ်၊ ရုပ်ရှိရင် အနာအမြဲ ရှိနေပါတယ်၊ ခန္ဓာဟာ နာမီးရဲ့ လောင်စာကိုး၊ နာရမယ့် သဘောရှိတဲ့ ခန္ဓာဖြစ်နေလို့ နာတာ ဖြစ်တာကြောင့် သူ့တာဝန်ကျေပါတယ်။

အကြောင်းဖောက်ပြန်လို့ ရတဲ့အနာဟာ ဆေးကုလို့ ပျောက်တတ်သော်လည်း သဒ္ဒါရဒဏ် နှိပ်စက်ခံရတဲ့ အနာကတော့ ဆေးကုလို့ မပျောက်နိုင်ပါဘူး၊ အကြောင်းဖောက်ပြန်လို့ နာရတဲ့ အနာတောင် မသေမချင်းဘဲ နှိပ်စက်ညှဉ်းဆဲနေတော့မယ်ဆိုရင် ဆေးကုလို့ မပျောက်တော့ပါဘူး၊ အကြောင်းဖောက်ပြန်လို့ နာတဲ့အနာ မရှိရင်တောင် ဆာနာကတော့ အမြဲရှိနေမှာပဲ၊ ဆာနာဟာ ဆေးကုလို့ မပျောက်နိုင်ဘူး၊ ခဏစီ သက်သာရုံသာ တတ်နိုင်တယ်။ တစ်ခါလာလည်း ဒါပဲ နှိပ်စက်နေမှာပဲ။ အိုခြင်းနှင့် နာခြင်းဟာ ခြေထောက်နှစ်ဖက်နဲ့ လှိမ့်ကန်နေသလို ကိုယ် ပြုပြင် ကျွေးမွေးစောင့်ရှောက်ထားတဲ့ခန္ဓာကို မရဏာတွင်းထဲအရောက် ပမာမခန့်လုပ်ပြီး လှိမ့်ကန်နေကြပါတယ်။ အိပ်ချိန်မရှိ၊ အကြားမရှိ၊ အနားမရှိ ဒလစပ် အဆက်မပြတ် လှိမ့်ကန်နေကြတာပါ။

ပမာဒလက်ထဲမှာ အိုရ၊ နာရတာဟာ ဘာကျက်သရေမှမရှိဘူး၊ ဆင်းရဲပူလောင်ရတာက လွဲလို့ ဘာအကျိုးအမြတ်မှလည်း မရဘူး၊ အပ္ပမာဒ သတိဉာဏ်လက်ထဲမှာ အိုရ နာရတာက သီလ၊ သမာဓိ၊ ပညာ ပုံစံနဲ့ ထည်ထည်ဝါဝါ လှလှပပတွေ ကျန်နေခဲ့တာဖြစ်လို့ ကျက်သရေရှိတယ်၊ တရားစွမ်းအား အကျိုးအမြတ် ရတယ်၊ ရုပ်အိုရ၊ နာရပေမယ့် စိတ်မအို မနာဘူး၊ အို၊ နာတာဟာ တရားရဲ့ တွန်းအားလည်းဖြစ်တယ်၊ ဉာဏ်ရဲ့ အရှုခံ အာရုံလည်းဖြစ်တယ်၊ ဒီဒုက္ခရှိလို့ပဲ တရားကျင့်ရတာကိုး။ ဒုက္ခဟာ တရားရဲ့ ပစ်မှတ်ပဲ။

## ၅။ တစ်ခါလာလည်း ပူတာပဲ

- **ပူလောင်ညစ်နွမ်း၊ အမြင်ကန်းစေ၊ ပင်ပန်းစေ၊ နွမ်းစေကိလေသာ။**
- **ကောင်းတာတားမြစ်၊ လွန်နှိပ်စက်၊ စိတ်ဖျက်ကိလေသာ။**
- **တစ်ခါလာလည်း၊ ပူတာပဲ၊ အမြဲရှုပ်ညစ်ပါ။**
- **သတိရှေ့ထား၊ သိက္ခာပွား၊ ပယ်ရှားထိန်းချုပ် တန့်သတ်ခွါ။**

သံချေးက သံကို ဖျက်ဆီးသလို စိတ်ရဲ့ အပူအခိုးအငွေ့ ကိလေသာဟာ စိတ်ကိုမှီပြီး စိတ်ကို ဖျက်ဆီးနေပါတယ်၊ စိတ်ထဲ ကိလေသာ ဝင်လာရင် စိတ်ရဲ့ ထိန်းချုပ်နိုင်တဲ့ ကိုယ်ပိုင်စွမ်းအား ပျက်ပြယ် သွားရတယ်။


www.burmeseclassic.com

www.burmeseclassic.com


ကိလေသာဟာ ကိုယ်တိုင်က အပူရှိန်ပြင်းတာကြောင့် အေးမြတဲ့စိတ်ကို ပူလောင်စေတယ်၊ စိတ်ပူရင် လူလဲ ပူရတော့တာပေါ့၊ စင်ကြယ်တဲ့စိတ်ကို ညစ်နွမ်းစေတယ်၊ အဝိဇ္ဇာအမှောင် ဦးစီးနေတာဖြစ်လို့ တရားအရှိကို လုံးဝမမြင်ရအောင် ဖုံးအုပ်ထားလိုက်တယ်၊ အမြင်ကန်းသွားအောင် လုပ်လိုက်တယ်ပေါ့၊ ကိလေသာ အပူထုပ်ကြီးကို အကန့်အသတ်မရှိ ထမ်းဆောင်ထားရလို့ စိတ်ကို မရွှင်မလန်း ပင်ပန်းနွမ်းနယ်စေတယ်၊ ကောင်းမှုပြုခွင့် အားလုံးကို တားမြစ်ပိတ်ပင်ထားလိုက်တယ်၊ စိတ်ကို နာကျင်ပျက်စီးအောင် နှိပ်စက်ညှင်းပန်း ဖျက်ဆီးပစ်တယ်၊ ဘဝကူး အာမခံချက်ကိုတောင် မွေနှောက် ဖျက်ဆီးပစ်တတ်တယ်။

စိတ်မှာ ကိလေသာ ဝင်လာရင် ပူလောင်ညစ်နွမ်း ပင်ပန်းရှုပ်ထွေးနေလို့ ကိုယ့်စိတ်ကို ကိုယ် စိတ်ကြိုက် လိုသလို သုံးလို့မရတော့ဘူး၊ ကိလေသာဆိုတာ မျက်စိနဲ့ ကြည့်လို့ရတဲ့အရာလည်း မဟုတ်ဘူး၊ လက်နဲ့ ကိုင်ကြည့်လို့လည်း တွေ့ရတာမဟုတ်ဘူး၊ ခေတ်မီစက်ကိရိယာမျိုးစုံနဲ့ စမ်းကြည့်လို့လည်း မတွေ့နိုင်ဘူး၊ စိတ်မှာ ကိလေသာဝင်လာရင် တကယ် ပူလောင် ညစ်နွမ်း ရှုပ်ထွေးတာလည်း အမှန်ပဲ၊ သတိထားကြည့်မှ ကိလေသာ ရှိနေတာကို သိရတယ်၊ ဗုဒ္ဓသာသနာ ကျေးဇူးကြောင့်သာ ကိလေသာကို သိခွင့်ရတာပါ။

ကိုယ့်မှာ ကိလေသာဖြစ်ရင် ကိုယ့်ကိလေသာကြောင့် ကိုယ်လည်း ပူရ၊ ကိုယ့်အပူက သူ့ကို ဟတ်ပြီး သူလည်းပူရ၊ သူ့မှာ ကိလေသာဖြစ်တော့ သူ့ကိလေသာကြောင့် သူလည်း ပူရ၊ သူ့အပူတွေ လျှံထွက်ပြီး ကိုယ့်ဆီ ဟတ်လာတော့ သူ့ကြောင့်ပဲ ကိုယ်လည်းပူရပေါ့၊ အပူချင်းထပ်ပြီး မွန်းကြပ်နေရတတ်တယ်။

ဘာရှာရှာ၊ ဘာစုစု၊ ဘာရှိရှိ ကိလေသာက အရှိအားလုံးကို လွှမ်းဖိထားပြီး စိတ်နှလုံး ပူလောင်အောင် အမြဲ ရှို့မြှိုက်နေမှာပဲ၊ မရှိလည်း ပူရမယ်၊ ရှိလည်း ပူရမယ်၊ အရှိတွေ ကုန်သွားရင်လည်း ပူရမယ်၊ အမြဲ အပူသည်ကြီး ဖြစ်နေရမှာပါ။

ကိလေသာ တကယ် ပူလောင်ပြီဆိုရင် နေပူရှိန်၊ မီးပူရှိန်ထက် ပြင်းထန်လှပါတယ်၊ လောကထဲမှာ ကိုယ့်ကိုကိုယ် မကျေနပ်လို့ သတ်သေကြတာတွေ၊ အချင်းချင်း ချစ်ခင်နေရာက အချစ်ပြယ်ပြီး ရန်ဖြစ် နေကြတာတွေ၊ ချစ်စရာ သွေးသားအရင်းကိုတောင် ညှဉ်းဆဲ သတ်ဖြတ်မိကြတာတွေ၊ မဆုံးနိုင်တဲ့ လူမှု ဒုက္ခ ပြဿနာ အပူမျိုးစုံတွေ စတဲ့ မနှစ်မြို့ဖွယ် စိတ်နှလုံးမချမ်းမြေ့ဖွယ် အနိဋ္ဌာရုံ အားလုံးတွေဟာ ဒီကိလေသာ အပူရှိန်က မြစ်ဖျားခံလာခဲ့ကြတာချည်းပဲ။ တစ်ခါတစ်ရံ ကမ္ဘာကြီး မီးလောင်ပြာကျသွားသည်ထိလည်း အပူရှိန် ပြင်းထန်တတ်ပါတယ်။

ကိလေသာ အပူအားလုံးကို အဝိဇ္ဇာခေါ်တဲ့ မောဟက ချုပ်ကိုင်ထားတယ်၊ မောဟမှောင်ထဲမှာ နေရတဲ့ စိတ်ကို လောဘနှင့် ဒေါသက နှစ်ဖက် ညှပ်ထောင်းနေပါတယ်၊ သတိလွတ်တိုင်း ကောင်းတာနှင့်တွေ့ရင် လောဘ ဖြစ်တယ်၊ လောဘ အလိုမပြည့်တာနဲ့ ဒေါသ ပေါ်လာတတ်တယ်၊ စိတ်တိုင်းမကျတိုင်းလည်း ဒေါသ ဖြစ်တတ်တာပဲ၊ သတိနဲ့ မထိန်းနိုင်ရင် စိတ်အပူရှိန် တိုးပြီး ရုပ်ဘက်ကိုပါ အပူ ကူးလာတတ်တယ်၊ ကိုယ့်အပူကို ကိုယ်မထိန်းနိုင်ရင် သူ့ဘက်ကိုပါ အပူတွေကူးပြီး အပူရဲ့ နယ်ပယ် ကျယ်ပြန့်သွားနိုင်တယ်၊ သတိလွတ်ရင် တစ်ခါလာလည်း ဒါပဲ ပူမှာပဲ။

လောကထဲမှာ ကိလေသာကို နှုတ်လိုက်ရင် ဘာမှ ပူစရာ ကြောက်စရာမှ မရှိတော့ဘူး၊ ကိလေသာကို နိုင်တာကလည်း အပူထိန်း သတိဦးစီးတဲ့ သိက္ခာသုံးပါးပဲရှိတာ၊ ဒါကြောင့် ကိလေသာကို တစ်စတစ်စ နိုင်အောင် သိက္ခာသုံးပါးနဲ့ ပယ်ရှား ဖယ်ထုတ်နေရမယ်၊ ထိန်းချုပ် ကန့်သတ် ပေးနေရမယ်၊ ခွာပေးနေရမယ်။

အလွန်ပူတဲ့ လျှပ်စစ်မီးလာတဲ့အခါ ပန်ကာ၊ လေအေးစက်၊ ရေအေးစက်၊ ရေခဲသေတ္တာ တို့ကို ခလုတ်နှိပ်ဖွင့်ပေးလိုက်ရင် အအေးဓာတ်တွေပေါ်လာရသလို အလွန်ပူတဲ့ ကိလေသာမီး ဖြစ်ပေါ်လာတဲ့အခါလည်း အပ္ပမာဒ လုတ်ကိုနှိပ်ဖွင့်ပေးလိုက်ရင် သီလ သမာဓိ ပညာ အအေးဓာတ် တွေ ပေါ်လာရမှာပေါ့။

## ၆။ တစ်ခါလာလည်း ကုသိုလ်ပဲယူ

- လူ့ဘဝမှာ၊ ကြီးကျယ်ပါ၊ ထူးတာ မြတ်ဓမ္မ။
- ကုသိုလ်ဖြင့်သာ လာခဲ့ပါ၊ ထူးတာ လူ့ဘဝ။


www.burmeseclassic.com

www.burmeseclassic.com


- **ကုသိုလ်ဖြင့်နေ၊ ငြိမ်းအေးစေ၊ ထူးလေ လူ့ဘဝ။**
- **ကုသိုလ်ဖြင့်ပြန်၊ စိတ်အားသန်၊ ထူးချွန်လူ့ဘဝ။**
- **တစ်ခါလာလဲ၊ ကုသိုလ်ပဲ၊ အမြဲယူနေရ။**

လူ့ဘဝမှာ ကြီးကြီးကျယ်ကျယ် စကားတစ်ခုလုပ်ပြီး ပြောစရာ အထူးအဆန်းက ကောင်းမှုတရားတစ်မျိုးတည်းပဲရှိတာ၊ လူတွေပြောတဲ့စကားက သုံးမျိုးရှိတယ်၊ ငရဲစကား၊ နတ်စကား၊ လူစကားတဲ့၊ ကိုယ့်အကြောင်းပဲပြောပြော၊ သူ့အကြောင်းပဲ ပြောပြော၊ စိတ်ညစ်စရာ စိတ်ဆင်းရဲစရာ စိတ်အပူပွားစရာတွေချည်း ပြောနေရင် ငရဲစကားပေါ့၊ ကိုယ့်အကြောင်း၊ သူ့အကြောင်းပြောတဲ့အခါ နတ်စည်းစိမ်နှင့်ယှဉ်ကြည့်ရင် ဘာမှ မပြောပလောက်တဲ့ လူ့စီးပွားချမ်းသာနှင့် စပ်တဲ့စကားတွေကို လောဘ၊ မောဟနဲ့ ကြီးကြီးကျယ်ကျယ် စကားတစ်ခုလုပ်ပြီး ချဲ့ပြောနေရင် နတ်စကား ဆိုရမှာပေါ့။

ကုသိုလ် အကုသိုလ်စကားကို ပြောရင်တော့ လူ့စကားပါ၊ အကုသိုလ် စကားကို ပြောတာက ရှောင်ဖို့ဆင်ခြင်ဖို့ ပြောတာပါ၊ ကုသိုလ်စကားကို ပြောတာကတော့ ဆောင်ဖို့ ဖြစ်ပေါ်တိုးပွားအောင် လုပ်ဖို့ဖြစ်တယ်၊ လူ့အတွေးကို တွေးထားလို့ လူ့စကားကို ပြောဖြစ်တာပဲ၊ လူ့စကားပြောတော့ လူ့အလုပ်လည်း လုပ်ဖြစ်မှာ သေချာပေါက်ပါ။ လူဆိုတာ အပြစ်မရှိ ကောင်းကျိုးပေးတတ်တဲ့ ကုသိုလ်ကြောင့် လူဖြစ်လာခဲ့တာဖြစ်လို့ အပြစ်ကင်းအောင် နေရမယ်၊ မိမိ၊ သူတစ်ပါး ကောင်းကျိုးပြုအလုပ်ကို မဖြစ်မနေ ကြိုးစား လုပ်ပေးရမယ်၊ ဒါဟာ လူ့အလုပ်ပဲ။

ပုထုဇဉ်ဟာ ကိလေသာ မကင်းသေးလို့ အကောင်း အဆိုး နှစ်မျိုးလုံး အစုံလုပ်ခဲ့ပေမယ့် ကိလေသာကို ထိန်းချုပ်ကန့်ခွာနိုင်တုန်း ကောင်းတာကို တကယ်ကောင်းအောင် လုပ်ခဲ့နိုင်တာကြောင့် အဲဒီ အကောင်းတရားကြောင့်ပဲ လူ့ဘဝ ရောက်လာရတာပါ။ အဆိုးနှင့် အကောင်းမှာ အကောင်းတရားက အားလည်း ကောင်းလို့၊ လက်လည်း ဦးလို့ လူ့ဘဝအရောက် ပို့လိုက်တာပေါ့၊ အဆိုးဟာ အကောင်းထက် ပိုလွယ်ကူတာဖြစ်လို့ အချိန်မရွေး အဆိုးဘက် ပြန်လှည့်ပြီး အောက်ကို ပြန်ထိုးကျသွားနိုင်တာကိုလည်း အထူး သတိထားဖို့ လိုပါလိမ့်မယ်။

ပုထုဇဉ်မှာ အကောင်းချည်း မဟုတ်ပေမယ့် အကောင်းဖြစ်တဲ့ ကုသိုလ်လက်ဦးတာကြောင့်ပဲ လူ့ဘဝ ရောက်လာရတာပါ။ ထူးတဲ့ ကုသိုလ်ကြောင့်ပဲ ထူးတဲ့ လူ့ဘဝ ရလာတာပေါ့၊ ဟိုတုန်းက ထူးတဲ့ ကုသိုလ်တွေကို ကိလေသာကြားထဲက ဆွဲလုပြီး ရအောင်ယူနိုင်ခဲ့ရင် အခုဘဝမှာလည်း အဲဒီ ထူးတဲ့ကုသိုလ်တွေ ရအောင် မဖြစ်မနေ သတိထား ကြိုးစားဖို့ လိုမယ်ပေါ့၊ ဟိုတုန်းကရရင် အခုဘာလို့ မရဘဲ နေရမလဲ၊ ဟိုတုန်းကလည်း ပုထုဇဉ်၊ အခုလည်း ပုထုဇဉ်ပဲ မဟုတ်လား၊ သတိရှေ့ထားပြီး ကိလေသာကို ထိန်းချုပ်ရပ်တန့်ဖယ်ခွာလို့ ကောင်းမှုတရားတွေရအောင် ကြိုးစားယူနိုင်မှ ထူးတဲ့ လူ့ဘဝကို ရကျိုးနပ်မယ်၊ နေတုန်းလည်း ကုသိုလ်နဲ့ပဲ နေနိုင်ရမယ်ပေါ့၊ ဒါမှ မနေရလို့ သေရတဲ့အခါ ကုသိုလ်နဲ့ပဲ ပြန်နိုင်မှာပါ၊ အပြန်ခရီးမှာလည်း ကုသိုလ်ပါသွားမှ ထူးတဲ့ လူ့ဘဝလို့ ဆိုနိုင်မှာပဲ။

လူ့ဘဝမှာ ကုသိုလ်အလုပ်ဟာ အရေးအကြီးဆုံး အလုပ်ဖြစ်သလို အကြီးကျယ်ဆုံး အမြင့်မြတ်ဆုံး အလုပ်လည်း ဖြစ်ပါတယ်၊ နေ့စဉ် ကိုယ်ရရှိထားတဲ့ အချိန်တွေနှင့် ကိုယ်လုပ်လို့ရနေတဲ့ ကုသိုလ်တရားများ အချိန်နှင့် ရလဒ်ကွာခြားမှုမရှိရအောင် ရှိရင်တောင် သိပ်ပြီး မကွာဟရအောင် အပ္ပမာဒခေါ်တဲ့ သတိဉာဏ်စာရင်းစစ်က အထူးကြပ်မတ် စစ်ဆေးနေဖို့လည်း တကယ်လိုအပ်ပါလိမ့်မယ်။

နေ့စဉ် မကင်းနိုင်လို့ လုပ်နေရတဲ့ လူ့အလုပ်အားလုံး ကုသိုလ်ဘက်မှာ ပေါင်းစုမိအောင် ကုသိုလ်ဖက်ကို ဦးတည်နိုင်အောင် သတိဉာဏ်နဲ့ စိတ်ကို တည့်မတ်ထိန်းကျောင်း ပေးရမယ်၊ ဘာလုပ်လုပ် ကုသိုလ်အလုပ်ထဲ ပေါင်းမိအောင်၊ ဘာရရ ကုသိုလ်ရတဲ့ထဲ ပါဝင်သွားအောင်၊ ဘာရှိရှိ ကုသိုလ်ရှိတာနှင့် ဆက်စပ်မိသွားအောင်၊ သတိဉာဏ် ဦးဆောင်နိုင်ဖို့ ကြိုးစားပေးနေရမယ်။ ကုသိုလ်အလုပ်ထဲ ပါသွားအောင် သတိဉာဏ် ခေါင်းလှည့်ပေးရမယ်။

နေ့စဉ် သတိဉာဏ်ရှိနေရင် ခန္ဓာပြင်တဲ့ထဲ၊ ပျက်တဲ့ထဲ၊ နှိပ်စက်တဲ့ထဲ၊ ပူတဲ့ထဲမှာ ကုသိုလ်တရားကို မရရအောင် ဆွဲထုတ်ယူနိုင်ပါတယ်။ အလုပ်တွေထဲမှာ မြုပ်နေတဲ့ ကုသိုလ်တရားအားလုံးကို သတိဉာဏ်က


www.burmeseclassic.com

www.burmeseclassic.com


ပေါ်လာအောင် ဖော်ထုတ်ပေးနိုင်ပါတယ်။ သတိဉာဏ်ဟာ ဒုက္ခအပူ အားလုံးအပေါ် လွှမ်းမိုးနိုင်တဲ့ ဩဇာအငြောင်းဆုံး အရှိန်အဝါ အကြီးဆုံးတရားပဲ၊ သတိနဲ့ ကိလေသာ ငါးတွေကို ဖမ်း၊ သမာဓိနှင့် လဲလှယ်ရောင်းပစ်လိုက်၊ ဉာဏ်ဖော်ပြီး ဝိပဿနာနဲ့ ရင်လည်း ချက်စားပစ်လိုက်ပေါ့။ ကိုယ့်ကို အစအဆုံး အားလုံးအာမခံ တာဝန်ယူနိုင်တဲ့ အချိန်တွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေ ပြောင်းလဲသွားကြပေမယ့် ဘယ်တော့မှ ဟောင်းနွမ်းပြိုကျ ပြောင်းလဲမသွားနိုင်တဲ့အရာဆိုလို့ နိဗ္ဗာန်ဦးတည်ထားတဲ့ ကောင်းမှုတရား တစ်မျိုးတည်းပဲရှိတာဖြစ်လို့ ကျားကုတ်ကျားခဲ၊ သဲသဲမဲမဲ ကုသိုလ်ကို အရ ယူနေရမှာပါ၊ စေတနာ ချုပ်ပျောက်သွားတော့အချိန်အဝါ သတ္တိ ကျန်နေခဲ့တယ်၊ တစ်ခါလာလည်း ဒီကုသိုလ် သတ္တိရအောင်ပဲ ယူနေရမယ်။

## ၄။ တစ်ခါလာလည်း ခါပဲဆွေမျိုး

- **ဘဝတစ်ကွေ့၊ ခဏတွေ့တာ၊ ဆွေမျိုးမှာ၊ မှတ်ပါအဖျားတွေ။**
- **ကိုယ်တိုင်ပြုလုပ်၊ ကုသိုလ်ထုပ်မှာ၊ ဆွေမျိုးသာ၊ မှတ်ပါအရင်းတွေ။**
- **တစ်ခါလာလဲ၊ အရင်းပဲ၊ အမြဲတွေ့အောင်နေ။**

ဘဝသံသရာတစ်ကွေ့မှာ တစ်ခဏစီသာ တွေ့ခွင့်ရတဲ့ ဆွေမျိုးအားလုံးဟာ ဆွေမျိုး အဖျားတွေပါ၊ ကိုယ်ကိုယ်တိုင် စိတ်ပါလက်ပါ ပြုလုပ် အားထုတ်လို့ရထားတဲ့ ကောင်းမှုကုသိုလ်တရားတွေကတော့ မိမိရဲ့ဆွေမျိုးအရင်းတွေပါ၊ အရင်းနှင့်အဖျားဟာ အပြန်ပြန်အလှန်လှန် ကျေးဇူးပြုနေကြတယ်၊ အရင်းကောင်းတွေကြောင့် အဖျားကောင်းတွေနှင့် တွေ့ခွင့်ရသလို အဖျားကောင်းတွေကြောင့်ပဲ အရင်းကောင်းတွေ နောက်ထပ်ရရှိ တိုးပွားလာကြရပါတယ်။

တစ်ချို့လူတွေဟာ ဆွေမျိုးနှင့်ခွဲပြီး ပစ္စည်းရှာကြတယ်၊ ပစ္စည်းနှင့်ခွဲပြီး ကုသိုလ် ရှာကြပြန်တယ်၊ ကုသိုလ်နှင့်လူ ထပ်ခွဲဖို့ မလိုတော့ဘူး၊ ခွဲလို့လည်း မရတော့ဘူး၊ ကုသိုလ်ထက် အရေးကြီးတဲ့ ကိစ္စ လူ့ဘဝမှာဘာမှ မရှိတော့ဘူး၊ ကုသိုလ်ဟာ ဘဝရဲ့ အထွဋ်အထိပ်ကိစ္စပဲ၊ ဆွေမျိုးရင်း ကုသိုလ်နှင့် အချိန်မရွေးတွေ့ခွင့်ရှိပါတယ်။

ဘဝသံသရာတစ်ကွေ့မှာ တွေ့ရတဲ့ ဆွေမျိုးအားလုံးဟာ -

(၁) ကောင်းမှုကုသိုလ် ဆွေမျိုးရင်းက ဆုံပေးလို့သာ တွေ့ခွင့်ရတာပါ။ "ဘဝရေစက် ဆုံတယ်" ဆိုတဲ့ စကားမျိုးပါပဲ၊ အရင်း ညံ့ရင် အဖျား ညံ့တယ်၊ အရင်းကောင်းမှ အဖျားကောင်းတယ်၊ အရင်းကြောင့်အရင်းရှိသလောက် တွေ့ရတာဖြစ်လို့ ဆွေမျိုးအဖျားတွေပါ။

(၂) ပြီးတော့ ကံဆုံပေးသလောက် ခဏသာ တွေ့ခွင့်ရပါတယ်၊ ကံက နှစ်ပေါင်း ၅၀ ဆုံပေးရင်နှစ်ပေါင်း ၅၀ ပဲ တွေ့ခွင့်ရမယ်၊ ၁၀ နှစ် ဆုံပေးရင် ၁၀ နှစ်ပဲ တွေ့ခွင့်ရမယ်၊ လပိုင်း၊ ရက်ပိုင်းလောက်ပဲဆုံပေးရင် လပိုင်း၊ ရက်ပိုင်းလောက်ပဲ တွေ့ခွင့်ရမယ်၊ ကောင်းကင်ပေါ်က တိမ်တွေဟာ ကိုယ့်သဘောအတိုင်းသွားလာလှုပ်ရှားခွင့် မရှိဘူး၊ လေရဲ့စီမံ ခြယ်လှယ်မှုကို ခံနေကြရတယ်၊ လေက ဆုံပေးတော့ ပေါင်းစုမိကြတယ်၊ လေက ခွဲပစ်လိုက်တော့ ကွဲရပြန်တယ်၊ လေက ဖြိုချတော့ အရည်ပျော် ပြိုကျရတယ်၊ သံသရာခရီးသည်တွေလည်းဒါမျိုးပဲ၊ ကံဆိုတဲ့ လေရဲ့ စီမံခြယ်လှယ်မှု ခံနေရတယ်၊ ကံက ဆုံပေးတော့ တွေ့ရတယ်၊ ကံက ခွဲပစ်လိုက်တော့ကွဲရပြန်ရော၊ ကံက ဖြိုချလိုက်ရင် ပြိုကျရတယ်၊ အရင်းဆုံပေးသလောက် ခဏသာ တွေ့ရတာဖြစ်လို့လည်းအဖျားတွေပါ။

(၃) ကံက ကန့်သတ်ထားတဲ့ အချိန်စေ့ရင် ဧကန် ခွဲခွါကြရမယ်၊ အရင်းမှာ ခွဲစရာမရှိဘူး၊ အဖျားကတော့ ခွဲရမယ်၊ ၁၀ယောက် ရှိရင် ၁၀ ခါ ခွဲရမယ်၊ ချစ်ချစ်၊ မချစ်ချစ် ဧကန် ခွဲရမယ်၊ အရင်းကန့်သတ်ထားတဲ့အချိန် စေ့တာနဲ့ ခွဲခွာရတာဖြစ်လို့လည်း အဖျားတွေပါ။

(၄) ခွဲခွာကြရတဲ့အခါ ဆွေမျိုးရင်းဖြစ်တဲ့ ကောင်းမှုတရား အားနည်းရင် ရှူမတတ် သေလုမျောပါးသောက ပရိဒေဝမီးတွေ တောက်လောင်ကြရလိမ့်ဦးမယ်၊ အရင်းမှာ မီးတောက်စရာ မရှိဘူး၊ အဖျားကြောင့်သာမီးတောက်တာ၊ အရင်းအားကောင်းရင် မီးမတောက်ပါဘူး၊ သတိလွတ်လို့ မီးထတောက်ရင်တောင် ချက်ချင်းပြန်ငြိမ်းလို့ ရပါတယ်၊ အရင်း အားနည်းရင်တော့ ငြိမ်းမရအောင် တောက်လောင်နေတတ်ပါတယ်၊ အရင်းအားနည်းရင် အဖျား ကျိုးပဲ့သွားတာနဲ့ အပူမီးတောက် လောင်ရတာဖြစ်လို့ အဖျားတွေပါ။



www.burmeseclassic.com

www.burmeseclassic.com


(၅) နောက်ပြီးတော့ ဘဝတွေ ခြား ကာလတွေ ခြားသွားတဲ့အခါ လောဘ၊ ဒေါသ၊ မောဟ အပူရှိန်တွေကြောင့် စိုပြေလန်းဆန်း အေးမြတဲ့ ဆွေချစ် မျိုးချစ်၊ ဆွေဓာတ် မျိုးဓာတ်၊ ဆွေစိတ် မျိုးစိတ်တွေ တစ်စတစ်စ ခန်းခြောက်သွားပြီး တစိမ်းတွေ ပြန်ဖြစ်သွားနိုင်တယ်၊ တစိမ်းတင် မကတော့ဘဲ ရန်သူတောင် ပြန်ဖြစ်သွားနိုင်တယ်၊ " ဘယ်သူဟာ ငါ့ဆွေမျိုးပဲ " လို့ ဘယ်သူ့ကိုမှ ပုံသေ ဆုပ်ကိုင်ထားလို့ မရနိုင်တာကြောင့် အဖျားတွေပါ၊ မိုးရာသီအခါ ဆောင်းရာသီအခါမှာ အေးမြတဲ့ ရေပြင်ကြီး ဖုံးလွှမ်းထားတဲ့ မြေပြင်ကြီးဟာ နွေရာသီအခါရောက်တော့ နေပူရှိန်ကြောင့် ရေတွေ ခန်းခြောက်ပြီး မြေကြီးတွေ ပတ်ကြားကွဲအက် ကုန်ရသလို ကံဆိုတုန်း အေးမြတဲ့ ဆွေချစ်မျိုးချစ်နဲ့ လွှမ်းခြုံထားတဲ့ ဆွေမျိုးတွေဟာ ဘဝတွေ၊ ကာလတွေ ခြားသွားတော့ ကိလေသာအပူရှိန်ကြောင့် ဆွေချစ် မျိုးချစ် အအေးဓာတ်ရေတွေ ခန်းခြောက်ပြီး တစိမ်းရန်သူပုံစံနဲ့ ပတ်ကြားတွေ ကွဲအက်ကုန်တတ်တယ်၊ တစ်ချို့ဆွေမျိုးတွေ ဘဝမခြားသေးဘဲတောင် စိတ်အပူရှိန်ကြောင့် အအေးဓာတ်တွေ ခန်းခြောက်ပြီး ပတ်ကြားကွဲအက် ကုန်ကြတယ်လေ။

ကိုယ်တိုင် စိတ်ပါလက်ပါ ပြုလုပ်ထားတဲ့ ကောင်းမှုတရားတွေက ဆွေမျိုး အရင်းအခြာတွေပါ၊ ဟုတ်တယ်လေ၊ အတိတ်ဘဝက ယခုဘဝကို ကုသိုလ်ဆွေမျိုးရင်း အရှိန်အဝါနဲ့ ရောက်လာကြတာပါ၊ အတိတ်ဘဝက တွေ့ခဲ့ရတဲ့ ဆွေမျိုးအဖျားတွေကို အတိတ်ဘဝမှာပဲ ထားပစ်ခဲ့ရပါတယ်၊ အရင်းကိုပဲ ခေါ်ယူနိုင်ခဲ့တာပါ၊ ပစ္စုပ္ပန် မိဘတွေက နေရာပေးရုံပဲ တတ်နိုင်တာ၊ ပြီးတော့ ကိုယ့်ကံ ပါသလောက်ပဲ သူတို့က ကူညီနိုင်တယ်၊ ကံပါတာထက် ပိုပြီး ဘာမှ မကူညီနိုင်ပါဘူး၊ တကယ့် အရေးကြုံလာရင် အဖျားက အရင်းကို ဘာမှ ကျော်လို့မရပါဘူး။

တစ်နေ့တော့ ဦးပဥ္စင်းထံ ဥပုသ်သီလ လာယူတဲ့ ဦးပဥ္စင်းရဲ့ မွေးမိခင် မယ်တော်ကြီးကို စကားမရှိ စကားရှာ မေးမိပါတယ်၊ " မယ်တော်ကြီးက သားသမီးတွေ ၉-ယောက်တောင် ဖွားမြင်ပြီးတော့ ဘာဖြစ်လို့ ၆-ယောက်တည်း ချန်ထားခဲ့ပြီး သား ၃-ယောက်ကို ငယ်ငယ်ကလေးတွေနဲ့ အိမ်ပေါ်က နှင်ချရတာလဲ၊ သားသမီးတွေအပေါ် မေတ္တာ ကရုဏာထားပုံ ညီမျှတယ်လို့ ဆိုနိုင်ပါ့မလား"၊ သား ၃-ယောက် အရွယ်မရောက်မီ ကလေးငယ်ဘဝနဲ့ သေဆုံးသွားကြတာကို ရည်ရွယ်ပြီး မေးတာပါ။

မယ်တော်ကြီးက ဖြေတယ် " တပည့်တော်မ နှင်ချတာ မဟုတ်ဘူး၊ သူတို့ကံနဲ့ သူတို့လာပြီး သူတို့ကံနဲ့ သူတို့ ပြန်သွားကြတာ၊ သူတို့မှာ အသက်တိုစေနိုင်တဲ့ ကံပါလာလို့ အသက်တိုတိုနဲ့ သေကုန်ကြရတာ၊ တပည့်တော်တို့က သူတို့ကံပါတာထက်ပိုပြီး ကူညီနိုင်ခွင့် မရှိဘူး၊ တားလို့လည်း မရနိုင်ဘူး၊ သူတို့ရဲ့ ကံက အရင်းတွေ၊ တပည့်တော်တို့က အဖျားတွေ၊ အရင်းကို အဖျားက ကျော်လို့ မရဘူး ဘုရား"

"ကျန်တဲ့ ၆-ယောက်ကိုလဲ တမင်ချန်ပြီး တားထားတာမဟုတ်ဘူး၊ သူတို့မှာ အသက်ရှည်စေနိုင်တဲ့ ကံ ပါလာလို့ အသက်ရှည်ရှည် နေကြရတာ"၊ " သားသမီး အားလုံးအပေါ် မေတ္တာ ကရုဏာ အတူတူပဲ ထားပါတယ်၊ ဒါပေမယ့် သူ့ကံနဲ့ သူပဲ"။

ဦးပဥ္စင်းက ဆက်မေးပါတယ် " ကျန်တဲ့ ၆-ယောက်ထဲမှာလည်း အကြီးဆုံးသားနှင့် အငယ်ဆုံးသားကို အိမ်ပေါ်က ဆင်းသွားဖို့ သာသနာမှာ ဝင်ပြီး ဘုန်းကြီးလုပ်နေဖို့ နှင်ချလိုက်ပြန်တယ်၊ ဒါကော မေတ္တာ ကရုဏာထားပုံ ညီမျှရဲ့လား၊ ကျန်တဲ့ သားသမီးတွေနှင့် သွေးခွဲရာ မရောက်ဘူးလား"

သူ ဆက်ဖြေတယ် "တပည့်တော်မ နှင်ချတာမဟုတ်ဘူး၊ ဘုန်းကြီးဖြစ်စေနိုင်တဲ့ ကံပါခဲ့လို့ သူတို့ ဘုန်းကြီး ဖြစ်ကြတာ၊ သူတို့မှာ ပါလာတဲ့ကံ ဆွေမျိုးရင်းက တပည့်တော်တို့ ဆွေမျိုးဖျားတွေထက် သာတယ်၊ သူတို့ရဲ့ အရင်းတွေကို တပည့်တော်တို့ အဖျားတွေက ကျော်လို့မရဘူး၊ တားလို့တောင် ရမှာမဟုတ်ဘူး"

"ဘုန်းကြီး ဖြစ်စေနိုင်တဲ့ကံ မပါသူကို အတင်းအဝတ်ခိုင်းလို့တောင် မရပါဘူး" မယ်တော်ကြီးပြောတဲ့ စကားတွေဟာ အမှန်တရားတွေချည်းပါ။

ပစ္စုပ္ပန်ဘဝမှာလည်း ကောင်းမှုဆွေမျိုးရင်းကိုပဲ အားပြုနေရတာပါ၊ တကယ့်အရေးကြုံလာရင် အဖျားတွေ ဘာမှ မတတ်နိုင်ကြပါဘူး၊ ချစ်ပေမယ့် လက်ပိုက် ကြည့်နေရတာပါ၊ အရေးကြုံတိုင်း အရင်းကိုပဲ အားကိုးနေရတယ်။ သေနေ့ကို မျှော်ကြည့်ရင်လည်း အရင်းတွေပေါ်များမှ သေတတ်မယ်၊ သေရဲမယ်၊ သေတဲ့နောက် အနာဂတ်ကာလကို မျှော်မှန်းကြည့်တော့လည်း အရင်းတွေ ပေါ်များမှ အားရှိမှာ ဖြစ်တယ်။ နိဗ္ဗာန်ထိ သွားရမယ့် သံသရာခရီးရှည်ကြီးမှာ အရင်းကောင်းမှ အဖျားကောင်းတွေနှင့် တွေ့ရမယ်၊ အဖျားကောင်းတွေနှင့်တွေ့မှ အရင်းကောင်းတွေ ပြန်တိုးမယ်၊ တစ်ခါလာလည်း ဒီဆွေမျိုးရင်းကိုပဲ အားကိုးရမယ်၊ ဒီဆွေမျိုးရင်းတိုးဖို့ပဲ အမြဲ ကြိုးစားနေရမယ်။


www.burmeseclassic.com

www.burmeseclassic.com


အဖျားကြောင့် အရင်း မရှုံးဖို့၊ အရင်း မလဲဖို့၊ အရင်း မပျောက်ဖို့၊ အရင်း မပြုတ်ဖို့၊ အထူး သတိပြုရမယ်၊ အဖျားကြောင့် အရင်းတိုးဖို့သာ သတိထား ကြိုးစားပေးရမယ်။ ဘယ်ဆွေမျိုးအဖျားနှင့်ပဲတွေ့တွေ့၊ ဘယ်ဆွေမျိုးကိုပဲ ချစ်ချစ်၊ ကုသိုလ်ရအောင် ရင်းနှီးချစ်ခင် အကျွမ်းဝင်မှ ဆွေမျိုးအစစ် ဖြစ်ခွင့်ရမယ်၊ ကုသိုလ်အရှုံးခံ ချစ်ရင်တော့ ဆွေမျိုးချစ် မဟုတ်ပါဘူး၊ တစိမ်းချစ်ပဲ ဖြစ်သွားမှာပါ။ နောက်ဆုံးရောက်တော့ ကယ်သူမရှိ ဆယ်သူမရှိဘဲ မြုပ်မျောသွားတတ်ပါတယ်။

## ၈။ ခေတ်လိုက်တတ်တယ် သတိထား

- **သတိမမူ၊ ဉာဏ်မကူ၊ အပူဆင်းရဲ ခေတ်လိုက်သည်။**
- **သတိဉာဏ်ကူ၊ အပူဆင်းရဲ၊ ချုပ်ပျောက်စဲ၊ အမြဲအေးချမ်းသည်။**
- **ခေတ်မလိုက်အောင်၊ သတိဆောင်၊ မြင့်ခေါင်လူ့စွမ်းရည်။**

လောကမှာ ရေဆီ စတဲ့လောင်စာတွေကြောင့် လျှပ်စစ်ခေတ်အား ပေါ်လာတာပါ၊ ရေဆီ စတဲ့ လောင်စာအဆင့်မှာ သိပ်ကြောက်စရာ မလိုလှပေမယ့် လျှပ်စစ်ခေတ်အား ဖြစ်သွားရင်တော့ ကြောက်စရာ အန္တရာယ်အဖြစ် ရောက်သွားတယ်၊ သတိမထားရင် အကိုင်အတွယ်မတတ်ရင် လျှပ်စစ်ခေတ်အားဟာ လူကို ချက်ချင်း သေဆုံးသွားစေနိုင်တယ်၊ သတိထားရင် အကိုင်အတွယ်တတ်ရင် အသက်ရှည်ကြောင်း၊ ချမ်းသာကြောင်း စွမ်းအားကောင်းတွေ ရရှိတိုးပွားရပါတယ်။

ပုထုဇဉ်လူသားရဲ့ ဆင်းရဲအပူခေတ်အားတွေဟာလည်း သတိမထားရင် အကိုင်အတွယ် မတတ်ရင် အသက်ဆုံးရှုံးသည်အထိ အဆိုးကို ဖြစ်စေတတ်ပါတယ်၊ သတိထား ကိုင်တွယ်တတ်ရင် ဆင်းရဲအပူဟာ ငြိမ်းအေးချမ်းသာကြောင်း အကောင်းတရားတွေ ရရှိပေါ်ပေါက်လာအောင် ဖော်ထုတ်ပေးနိုင်ပါတယ်။

ကုသိုလ်လုပ်တာဟာ အဲဒီသေစေနိုင်တဲ့ ဆင်းရဲအပူတွေထဲက အကောင်းတွေကို ဆွဲထုတ်ယူနေတာပဲ၊ ကုသိုလ်ကိုမှ ရအောင် မယူနိုင်ရင် ကောင်းတာ ဘာတစ်ခုမှ ရမှာမဟုတ်ဘူး၊ သတိမထားရင် ဆင်းရဲအပူတွေဟာ အဆိုးချင်း ထပ်နေအောင်၊ ငိုချင်စိတ် ပေါက်လောက်အောင်၊ ရှူးရလောက်အောင်၊ သေချင်စော်နံလောက်အောင် ခေတ်လိုက်နေတတ်ပါတယ်၊ ဒါကြောင့် အထူး သတိထားနေဖို့လိုမယ်။

ပြီးတော့ ပုထုဇဉ်ဘဝမှာ "အားပြိုင်ပွဲ" တွေ ရှိနေပါတယ်။

(၁) အရှိနှင့် အသိကလည်း စွမ်းရည်ပြဖို့ ပြိုင်နေတယ်၊ အရှိနောက်ကို အသိက မှီအောင် မလိုက်နိုင်ရင် အရှိက နိုင်သွားတယ်၊ ခန္ဓာ - ပစ္စည်း - ဆွေမျိုး - အလုပ် - ဒုက္ခအရှိတွေပေါ့၊ အရှိအောက်မှာ ပြားပြားဝပ် မှောက်ကြပ်ပြီး ဆင်းရဲအပူခေတ်တွေ မဆုံးနိုင်အောင် လိုက်နေတတ်တယ်၊ ရှိဒုက္ခဟာ မရှိဒုက္ခထက် ပိုအခံရခက်တယ်၊ အရှိကိုနိုင်ဖို့ အသိကိုရအောင် ယူနေရတယ်၊ ဘဝ အသုံးချနည်း သိအောင် လေ့လာရမယ်၊ သိလာရင် သတိနဲ့ ထိန်းထားရမယ်၊ သတိနဲ့ အသိကို ဖော်ပေးရမယ်၊ အသိက နိုင်မှ လူ့စွမ်းရည် ပေါ်လာမယ်၊ သတိလွတ်ရင် အဆိုးခေတ်လိုက်တတ်တယ်၊ သတိထားပေါ့။

(၂) အဝိဇ္ဇာတဏှာနှင့် သတိပညာကလည်း စိတ်ကိုဦးဆောင်ဖို့ အားပြိုင် နေရာလုနေတယ်၊ အဝိဇ္ဇာ တဏှာက လောက = ဒုက္ခ ဦးဆောင်ပေါ့၊ သတိပညာက ဓမ္မ = သုခ ဦးဆောင်ပေါ့၊ အဝိဇ္ဇာ တဏှာက တစ်သံသရာလုံး ထုံနေခဲ့ပြီဆိုတော့ အဖြစ်များပါတယ်၊ သတိ ပညာ မဝင်သမျှ သူတို့ချည်း ဦးဆောင် နေတော့တာပါ၊ တဏှာက ပေါ့လို့ အဝိဇ္ဇာက ဆတာကြောင့် ပေါ့ဆပြီး အကုသိုလ်ခေတ်ချင်း တူတဲ့ အပူအရှုပ် ခေတ်တွေလိုက်လာတတ်တယ်၊ အမှန်မသိတဲ့ အဝိဇ္ဇာ၊ အဆုံးမရှိနိုင်တဲ့ တဏှာကြောင့် မဆင်မခြင် ထင်တာ လုပ်မိလို့ မဆုံးနိုင်တဲ့ အကုသိုလ်ခေတ်တွေ လိုက်လာကြတော့မယ်။ သူတို့နောက်က ဆင်းရဲအပူခေတ်တွေပါ မဆုံးနိုင်အောင် လိုက်လာတတ်တယ်၊ လူ မဟုတ်တော့ဘဲ ပူ ဖြစ်သွားတတ်တယ်၊ သတိပညာ ဦးဆောင်နေရာရမှ ခေတ်ချင်းတူတဲ့ ကောင်းမှုတရားတွေ လိုက်လာပြီး ကောင်းမှုကောင်းကျိုး အကောင်းတွေ ပေါ်လာကြမယ်၊ သတိလွတ်ရင် အကုသိုလ် ဆင်းရဲအပူခေတ်လိုက်တတ်တယ်၊ သတိထားပေါ့။

(၃) အကုသိုလ်နှင့် ကုသိုလ်ကလည်း ဖြစ်ပေါ်ရရှိဖို့ အားပြိုင်နေရာလုနေတယ်၊ သတိလွတ်ရင် စိတ်ဟာ အောက်ကို လွတ်ကျပြီး လျှောဆင်းရတာဖြစ်လို့ အကုသိုလ်ဖြစ်ရတာက ပိုလွယ်တယ်၊ သတိနဲ့ ထိန်းပြီး အထက်ကိုတင်လုပ်ရတာဖြစ်လို့ တက်ရတာကြောင့် ကုသိုလ်က အကုသိုလ်လောက် အဖြစ်မလွယ်ဘူး၊ အကုသိုလ် ဖြစ်လာရင် ခေတ်ချင်းတူတဲ့ ဆင်းရဲအပူခေတ်တွေ မဆုံးနိုင်အောင် လိုက်နေတတ်တယ်၊ အဆင်းရဲရင်


www.burmeseclassic.com

www.burmeseclassic.com


ဆင်းရဲဓာတ်တွေချည်း လိုက်နေမှာပဲ၊ အောက်ကိုချည်း ဆွဲချနေတော့မှာပဲ၊ သတိဉာဏ် ရှေ့ကနေမှ လမ်းမှန်အတိုင်း ဆင်ခြင်နှလုံးသွင်းတတ်ပြီး ကိုယ့်အတွက် လိုချင်တဲ့ အကောင်းကို ပေးနိုင်တာဟာ ကုသိုလ်ပဲ ရှိတယ်လို့သိပြီး ကုသိုလ်ကို လုပ်ဖြစ်တာပါ၊ ကုသိုလ်အဖြစ်များမှပဲ သက်သာခွင့်ရပြီး အေးချမ်းရမှာဖြစ်လို့ ကုသိုလ်အဖြစ်များအောင် သတိ ထားနေရမှာပဲ၊ သတိလွတ်ရင် အဆိုးဓာတ်တွေ လိုက်တတ်တယ်၊ သတိထားပေ့ါ။

(၄) အတိတ်က ပြုလုပ်ခဲ့ပြီးတဲ့ အကုသိုလ်ကံနှင့် ကုသိုလ်ကံကလည်း အကျိုးပေးဖို့ အားပြိုင်နေရာလုနေတယ်၊ ဘဝပျက်ခေါ်တဲ့ အပါယ်ရောက်ရင်၊ ရုပ်ဆင်းပျက်ရင်၊ အခါပျက်ရင်၊ အလုပ်ပျက်ခေါ်တဲ့ အမှားတွေလုပ်မိရင်၊ အကုသိုလ်ကံ အကျိုးပေးခွင့် လမ်းပွင့်သွားတတ်တယ်၊ ဘဝကောင်းခေါ်တဲ့ လူ့ဘုံနတ်ဘုံ ရောက်ရင်၊ ရုပ်ဆင်းပြည့်စုံရင်၊ အခါကောင်းရင်၊ အလုပ်ကောင်း ခေါ်တဲ့ အမှန်တွေလုပ်မိရင်၊ ကုသိုလ်ကံ အကျိုးပေးခွင့် ရနေတတ်တယ်။

သတိဉာဏ်ကင်းလွတ်လို့ မဆင်မခြင် အမှားတွေလုပ်မိရင် အလုပ်ပျက်သွားတတ်တယ်၊ အားထုတ်မှု မှားတဲ့ ပယောဂဝိပတ္တိခေါ်တာပေ့ါ၊ အလုပ်မှားရင်ပဲ အကုသိုလ်ကံတွေပါ ပူးပေါင်းပြီး မကောင်းကျိုးတွေ အဆက်မပြတ် ပေးတတ်တယ်၊ အကုသိုလ် အမှားတစ်ခုခုကြောင့် အပါယ်ရောက်သွားရင် ဘဝပျက်သွားပြီ၊ ချွတ်ချော်တိမ်းပါးသွားပြီ၊ ဂတိဝိပတ္တိ ခေါ်တာပေ့ါ၊ ဘဝပျက် ရောက်သွားရင် ပြုလုပ်ထားခဲ့တဲ့ ကုသိုလ်ကံတွေ အခွင့်မသာလို့ အကျိုးမပေးဘဲ ရပ်နေကြရတယ်။

အကုသိုလ်ဓာတ်ချင်းတူလို့ မကောင်းမှု အကုသိုလ်ကံတွေ တစ်ခုပြီးတစ်ခု အဆက်မပြတ် အကျိုးပေးနေတတ်တယ်၊ အကုသိုလ် ဓာတ်ဆိုးလိုက်နေတုန်းဖြစ်လို့ အတိတ်က ပါလာခဲ့တဲ့ အကုသိုလ်ကံဟောင်းတွေ ဆက်လိုက်နေတတ်တယ်၊ အကုသိုလ် ကံဟောင်းတွေထဲမှာ ကံကြီးထိုက်တဲ့ အကုသိုလ် ကံဟောင်းတွေတော့ လုံး၀ မရှိတော့ပါဘူး၊ အကုသိုလ်ကံကြီးတွေ မရှိတော့လို့ဘဲ လူ့ဘဝ ရောက်လာတာကိုး။

အပါယ်ရောက်ရင် အကုသိုလ်ကံ ဓာတ်ဆိုးချင်းစပ်ပြီး မကောင်းကျိုးချင်း ထပ်နေအောင် ပေးနေတတ်တယ်၊ သူတို့ရဲ့အခွင့် သာနေတာကိုး၊ အကုသိုလ်ကံတစ်ခုက အပါယ်ဘဝတစ်ခု၊ အကုသိုလ် ကံတစ်ခုက အပါယ်ဘဝတစ်ခုနဲ့ ပေးနေလိုက်တာ ဘဝ အသေချော် အနန္တ ရေတွက်လို့မရအောင် အပါယ်ခန္ဓာ သံသရာချင်း စပ်နေအောင် ဓာတ်လိုက်နေတတ်တယ်၊ ဘဝကောင်းကို တော်တော်နဲ့ ရောက်မလာဘဲ အပါယ်မှာချည်း ဘဝတွေ ရေမရအောင် ဓာတ်လိုက်နေသူတွေ အများကြီး ရှိတယ်ဆိုပဲ။ အပါယ်အပေါက် တစ်ခါလောက် ကျွံကျရင် ပါလာတဲ့ အကုသိုလ်ကံတွေက မပြီးဆုံးနိုင်အောင် ဝိုင်းကိုက်တတ်တဲ့သဘောကို ဉာဏ်နဲ့ စေ့စေ့စပ်စပ် ကြည့်ပြီး အပါယ်ချော်မကျဖို့ သတိကြီးကြီး ထားရလိမ့်မယ်၊ အကုသိုလ်နည်းဖို့၊ ကုသိုလ်မှန်း သိတုန်းက ကုသိုလ်များဖို့ အထူး ကြိုးစားရလိမ့်မယ်၊ အဲဒီလို ပုထုဇဉ်မှာ "အားပြိုင်ပွဲ" တွေ အမျိုးမျိုး ရှိနေကြပါတယ်၊ အတိုချုပ်တော့ အဆိုးနှင့် အကောင်း ပြိုင်နေကြတာပါ။ အကောင်းနိုင်ဖို့ အားအကောင်းဆုံး သတိကို အမြဲ လက်ကိုင်ထားရလိမ့်မယ်။ သတိလွတ်ရင် အပါယ်အဆိုးဓာတ်တွေ မဆုံးနိုင်အောင် လိုက်နေတတ်တယ်၊ သတိထားပေ့ါ။

## ၉။ အနာကင်းရေး ပိုးသတ်ဆေး

- **သတိမထား၊ အသိမှား၊ ပိုးမွှားကိုက်တတ်သည်။**
- **သတိမပြတ်၊ အစဉ်မှတ်၊ ပိုးသတ်ပေးရမည်။**
- **အနာကင်းရေး၊ ပိုးသတ်ဆေး၊ သောက်ပေးတတ်ရမည်။**

ဆင်းရဲအပူမှန်သမျှ ကိလေသာပိုးမွှား ကိုက်တာခံရလို့ ပေါ်ပေါက်လာတာချည်းပဲ၊ ဒီပိုးတွေ သေဖို့၊ ပိုးကိုက်သက်သာဖို့ အနည်းဆုံး ကာကွယ်နိုင်ဖို့ ဘုရားရှင်က သမာဓိ ဝိပဿနာဆိုတဲ့ သတိပဋ္ဌာန် ပိုးသတ်ဆေးကို ဖော်စပ်ပေးထားပါတယ်။

ဒီဆေးကို နေ့စဉ် များများသုံးစွဲပေးမှ ပိုးမွှား ကင်းစင်ပြီး စိတ်နာ သက်သာသွားမယ်၊ တစ်စတစ်စ စိတ်နာ ကင်းသွားမယ်၊ စိတ်နာကင်းတော့ ဆင်းရဲတွေကိုလည်း လွှမ်းမိုး အနိုင်ယူနိုင်မယ်၊ အဓိက ကတော့ ကိလေသာ အပူကို သတိ၊ ဝီရိယ၊ သမာဓိ၊ ဉာဏ်နဲ့ အနိုင်ယူနေဖို့ပါပဲ၊ တစ်ခါလာလည်း ဒါပါပဲ။

အပူကို နိုင်ရင် ဆင်းရဲကိုလည်း လွှမ်းမိုးနိုင်ပါတယ်၊ အမြဲ ကိုင်ထားရမှာက အပ္ပမာဒဆိုတဲ့ သတိဉာဏ်ပဲ၊ သတိမပြတ် ရှုမှတ်နေရင် သတိနှင့် ကိလေသာ တွဲမဖြစ်နိုင်တဲ့ကြောင့် ကိလေသာ ပိုးမွှားတွေ အကန့်လိုက်


www.burmeseclassic.com

www.burmeseclassic.com



ကင်းစင်နေပါတယ်၊ ဒါမှ စိတ်ငြိမ်လို့ အပူငြိမ်းမယ်၊ ဒါမှ ခန္ဓာအရှိကို အမှန်တကယ်သိတဲ့ ဉာဏ်ပေါ်လာမှာပါ။ သတိဉာဏ် ကင်းလွတ်တိုင်း ကိလေသာ ပိုးမွှားတွေ ကိုက်တာခံရပြီး စိတ် နေမကောင်း ဖြစ်တတ်ပါတယ်။

ဦးပဋ္ဌင်းဟာ လွန်ခဲ့တဲ့ ကဆုန်လဆုတ် (၇)ရက် ( ၇-၅-၂၀၀၇ ) ရက်နေ့က ဆေးရုံကို မမျှော်လင့်ဘဲ ရုတ်တရက် ရောက်သွားခဲ့ရပါတယ်၊ နောက်ထပ် အထူး ဧည့်သည်ရောက်လာလို့ပါ၊ နောက်နေ့ (ကဆုန်လဆုတ် ၈-ရက်နေ့ ) မှာ ဦးပဋ္ဌင်းရဲ့ ရဟန်းသက် ၄၅-နှစ်တိတိ ပြည့်တဲ့ အထိမ်းအမှတ် အလှူပွဲကြီး ပြုလုပ်ဖို့ အဆင်သင့်ဖြစ်အောင် အားလုံး ကြိုတင် ပြင်ဆင်ထားပြီးတဲ့နေ့လည်း ဖြစ်ပါတယ်။

အဲဒီနေ့ နံနက်အရုဏ်ဆွမ်းအလှူရှင်အတွက် ရေစက်ချ တရားဟောတော့လည်း အကောင်းပဲ၊ အရုဏ်ဆွမ်း စားချိန်မှာလည်း အားလုံးအကောင်းပဲ၊ နံနက် ၇ နာရီခွဲလောက်မှာ ရုတ်တရက် အဖျား ဝင်လာတယ်၊ ဦးပဋ္ဌင်းဟာ ၄-၅-၈ နှစ်ကြာလို့ တစ်ခါ ဖျားခဲ့ပါတယ်၊ နှစ်ပေါင်းတော်တော်ကြာမှ တစ်ခါလောက်သာ ဖျားတတ်ပြီး ဖျားလာရင်လည်း တော်တော်နဲ့ မပျောက်တတ်ပါဘူး၊ ရက်တော်တော် ကြာအောင် ဖျားနေတတ်ပါတယ်။

အဲဒီနေ့ နံနက် ၇ နာရီခွဲလောက်အချိန် အဖျား တော်တော်တက်ပေမယ့် ဆေးစား ဆေးသောက် ဘာတစ်ခုမှ မလုပ်ဘဲ ထိုင်ခုံပေါ်မှာ သင်္ကန်းထူထူခြုံပြီး ထိုင်နေပါတယ်၊ နေ့ဆွမ်းမှာ တရားဟောစရာ ရှင်ပြု အလှူ တစ်ခုလည်းရှိနေပါတယ်၊ " ဖျားနေလို့ တရားမဟောနိုင်ဘူး၊ မင်းတို့ပဲ တရားဟောပေးလိုက်ကြ " လို့ တပည့်တွေကို အဟောခိုင်းလိုက်ရင်ပြီးတာပဲ၊ ခိုင်းစရာ တပည့်တွေလည်း အဆင်သင့် ရှိနေပြီးသားပဲ၊ ဒါပေမယ့် "ငါ့မှာ တာဝန်ရှိသေးတယ်" ဆိုတဲ့အသိနဲ့ ဘယ်သူ့ကိုမှ တာဝန်မပေးတော့ဘဲ ၉ နာရီခွဲလောက်မှာ ကိုယ်တိုင်ပဲ တရားဟောမယ့် နေရာကို သွားရောက် ထိုင်နေလိုက်ပါတယ်၊ ပရိသတ်က ကန်တော့ပြီးတာနဲ့ သီလပေးတယ်၊ သီလပေးပြီးတော့ တရားမဟောမီ မှာ ဟန်ဆောင် သည်းခံ အောင့်အည်း ချုပ်တည်းထားရတဲ့ ရုပ်ခန္ဓာကြီးဟာ ပင်ပန်းနွမ်းနယ်လွန်းလို့ ခံနိုင်စွမ်း မရှိတော့ဘဲ မိုက်ကနဲ မူးလဲသွားပါတော့တယ်၊ လဲပြီးတာနဲ့ ဘာမှ သတိ မရတော့ပါဘူး၊ မေ့ဆေး ထိုးလိုက်သလိုပဲ တစ်ခါတည်း မေ့သွားတယ်။

သတိရလာတာနဲ့ မျက်စိဖွင့်ကြည့်လိုက်တော့ အိပ်ရာပေါ်ရောက်နေတယ်၊ လူတွေလည်း အများကြီး ဝိုင်းလို့ပဲ၊ ဆရာဝန်တွေပါ အဆင်သင့် ရောက်နေကြတယ်၊ "ဘယ် ဆေးရုံတင်ရင် ကောင်းမလဲ" လို့ တိုင်ပင် ဆွေးနွေးနေကြတာကိုလည်း ကြားနေရတယ်၊ နောက်ဆုံးတော့ "နိုင်ငံတော်ဘုန်းကြီးဖြစ်လို့ နိုင်ငံတော်ဆေးရုံပဲ တင်ကြတာပေါ့" လို့ ဆုံးဖြတ် အတည်ပြုတာကိုလည်း ကြားလိုက်တယ်၊ ပြီးတော့ ဦးပဋ္ဌင်းကို ပြောကြတယ် "အရှင်ဘုရား သိပ်အလုပ်များလို့ ပင်ပန်းနေပါတယ်၊ ဆေးရုံသွားပြီး ၂-ရက် ၃-ရက်လောက် အနားယူမှ ကောင်းမယ်" တဲ့၊ ဦးပဋ္ဌင်းက "မနက်ဖြန် အလှူကြီး ပေးရဦးမယ်လေ၊ အလှူပြီးမှ သွားရရင် မကောင်းဘူးလား" လို့ပြောတော့ "ရပါတယ်ဘုရား၊ တပည့်တွေ ကြည့်လုပ်ပါလိမ့်မယ်" လို့ပြောပြီး ဆေးရုံကားပေါ် အတင်း ဝိုင်းတင်လိုက်ကြပါရော၊ နေ့လည်ချိန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူး ကြပ်မတ်ဆောင်ကို ရောက်သွားတယ်၊ "တာဝန်ရှိတယ်" ဆိုပြီး နိုင်ငံတော် အကြီးအကဲများထံလည်း သတင်းပို့ အကြောင်းကြားလိုက်ကြတယ်ဆိုပဲ။ ညနေပိုင်းရောက်တော့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်ရယ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေရယ်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဌေးဝင်းရယ်၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ရယ်၊ နိုင်ငံတော်အကြီးအကဲတွေ ဆေးရုံကို လာတွေ့ကြပြီး လိုအပ်တာတွေ လမ်းညွှန် စီစဉ် ပေးသွားကြပါတယ်၊ နောက်နေ့တွေမှာလည်း ဆက်ပြီး လမ်းညွှန် စီစဉ်ပေးကြပါတယ်။

နိုင်ငံတော်အကြီးအကဲတွေရဲ့ လမ်းညွှန်စီစဉ်မှု၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာနှင့် ဒုတိယ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်သက်ဝေ နှစ်ဦးတို့ရဲ့ အထူးကြပ်မတ်မှု၊ ဆေးကုသရေး တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ ဦးနေဝင်း စတဲ့ ဆရာဝန်ကြီးတွေရဲ့ ကြပ်မတ်ကုသမှု၊ အထူး သူနာပြုတွေရဲ့ ပြုစု စောင့်ရှောက်မှု၊ ကောင်းတာကြောင့် အစစ အရာရာ ပြည့်စုံနေပါတယ်၊ ကိုယ့်မှာ ရှိနေတဲ့ ဝေဒနာထက် ဂရုစိုက်မှုတွေက ပိုများနေပါတယ်။

တိုက်အုပ်ဘုန်းကြီး နှစ်ပါးနှင့် ဒကာ ဒကာမတွေ၊ ကပ္ပိယဒကာတွေကလည်း မျက်ခြည်မပြတ် အထူး စောင့်ကြပ် စီစဉ်ပေးနေကြတယ်၊ ဆရာတော်၊ သံဃာတော်တွေ၊ ဧည့်သည်တွေလည်း အဆက်မပြတ် လာတွေ့ နေကြပါတယ်၊ " စိုးရိမ်စရာ ဘာမှ မရှိကြောင်း၊ အနားယူနေခြင်းသာ ဖြစ်ကြောင်း" ပြောပြီး တာဝန်ရှိသူမှ



www.burmeseclassic.com

www.burmeseclassic.com



အပ မည်သူမျှ မလာကြဖို့ တားမြစ်ထားလိုက်ရပါတယ်။ ဆေးရုံရောက်ခိုက် ဌာနပေါင်းစုံက ထိပ်တန်း ဆရာဝန်ကြီးတွေ လာရောက်တွေ့ဆုံ ကြည့်ရှုစမ်းသပ်ပေးကြပါတယ်၊ နည်းစနစ်ပေါင်းစုံနဲ့လည်း ခန္ဓာမှာ ရောဂါ ရှာဖွေပေးကြတယ်၊ အဖျားကလွဲလို့ ဘာရောဂါမှ ကြီးကြီးကျယ်ကျယ် မရှိပါဘူး၊ အဆီ တစ်ခုတော့ နည်းနည်း သတိပြုစရာ ရှိတယ်ပေါ့၊ မဖျားတာကြာပြီဖြစ်လို့ အဖျားက တက်လိုက်ကျလိုက်ပဲ၊ ၃-ရက်ပါပဲ၊ နောက် ၂-ရက်ကတော့ အနားယူရုံပါ။ ဆေးရုံမှာ အားလုံး ၅-ည ကြာပါတယ်။

ကျောင်းမှာ အဖျားတက်နေတုန်းက ဘယ်သူ့ကိုမှလည်း မပြော, ဘာကုသမှုမှလည်း မလုပ်၊ ငုတ်တုတ်ထိုင်နေပြီး အဖျားတက်နေတဲ့ ကြားထဲက တရားဟောမယ်လို့ ထလုပ်လိုက်ပြန်တော့ "ကိုယ်တော်ဟာ တော်တော်ပေတာပဲ၊ ကိုယ့်ကျန်းမာရေး ကိုယ် ဂရုမစိုက်ဘူး " လို့ အပြစ်ပြောရင်လည်း ဖြစ်မှာပါပဲ၊ " ဝေဒနာကို တော်တော် သည်းခံနိုင်တယ်၊ ကိုယ့်ကြောင့် သူများတွေ တာဝန် မပိုစေရဘူး၊ ကိုယ့်ရဲ့ ကျန်းမာရေးနှင့် အသက်ကိုမငဲ့ဘဲ အများအကျိုးကို မပြတ်မနေ ဆောင်ရွက်ပေးတယ်" လို့ ချီးမွမ်းစကားတွေ ကြံကြံဖန်ဖန် ပြောရင်လည်း ဖြစ်မှာပါပဲ၊ ဒါကတော့ စကားပဲ၊ ပြောချင်သလို ဖြစ်မှာပေါ့။

ဘာပဲပြောပြော အသက် ၆၅ နှစ် ရောက်သည်ထိ တစ်ခါမှ မရောက်ဖူးသေးတဲ့ ဆေးရုံကို ရောက်သွားရတာဟာ ပေတေခြင်းရဲ့ ရလဒ်အမြတ်ပဲ၊ "တပည့်တော်တို့လက်ထဲ ရောက်တုန်း အကုန် စစ်ဆေးမယ်ဘုရား" လို့ ဆေးရုံအုပ်ကြီးက ပြောပြီး တစ်ကိုယ်လုံး နည်းမျိုးစုံနဲ့ ဆေးစစ်ခွင့် ရခဲ့တယ်၊ နိုင်ငံတော် အကြီးအကဲတွေရဲ့ ထုထည်ကြီးမားတဲ့ မေတ္တာ၊ စေတနာတွေ၊ ပြည်သူလူထုတွေရဲ့ ကြီးမားများပြားတဲ့ မေတ္တာဓာတ်တွေကို လက်တွေ့ ပိုမို နားလည်သဘောပေါက်ခွင့်ရခဲ့တယ်။

မျက်ခြည်မပြတ် အနီးကပ် စောင့်ကြပ်ပြီး ကုသပေးနေကြတဲ့ ဆရာဝန်ကြီးတွေ၊ အထူး သူနာပြုတွေရဲ့ မေတ္တာ၊ ကရုဏာ အရင်းခံတဲ့ ထက်သန်ထူးခြား ကြီးမားများပြားလှတဲ့ စေတနာတွေကို လက်တွေ့ နားလည်ခွင့် ရခဲ့ရတယ်၊ " အရှင်ဘုရားကို ဆေးကုရတာ တပည့်တော်တို့မှာ သိပ်ကုသိုလ်ရတယ်ဘုရား၊ တကယ် စိတ်ချမ်းသာကြရတယ်၊ အလွန် ပျော်ရွှင်ကြည်နူး ဝမ်းမြောက်ကြရပါတယ် ဘုရား " လို့ လျှောက်ကြတယ်၊ " ဆေးရုံတက်တော့မှ ငါ့မှာ ဆွေမျိုးတွေ တယ် ပေါများလှချည်လား " လို့လည်း အထူး အားတက်ရပါတယ်။ ပြီးတော့ သံဝေဂဖြစ်စရာ လူနာ အမြောက်အမြားကိုလည်း သတိထား ကြည့်ခွင့်ရခဲ့တယ်။

အထူး ပြောလိုတာကတော့ ပိုးသတ်ဆေး ကိစ္စပါ၊ ဆရာဝန်တွေ၊ သူနာပြုတွေ တိုက်ကျွေးသမျှ ဆေး၊ ထိုးပေးသမျှ ဆေး အားလုံးကို "ဘာဆေးလဲ၊ ဘာကြောင့်လဲ " ဆိုတာ လုံးဝမမေးဘဲ " သူတို့က ရောဂါ ပျောက်စေချင်လို့ ပေးတာ၊ ငါလည်း ရောဂါပျောက်ဖို့ လက်ခံရုံပဲ " လို့ ကြည်ကြည်ဖြူဖြူ မညည်းမညူ အေးအေးချမ်းချမ်း လက်ခံ သုံးစွဲခဲ့ပါတယ်၊ အများက လူမမာလို့တောင် မထင်ကြရပါဘူး၊ စမ်းကြည့်မှ ဖျားနေမှန်း သိတာပါ၊ အထူးအားဖြင့်တော့ ဘုရားဖော်စပ်ပေးတဲ့ သမာဓိ၊ ဝိပဿနာ၊ သတိပဋ္ဌာန် ပိုးသတ်ဆေးကို အကြိမ်လည်း များ၊ အချိန်လည်း များအောင် သုံးစွဲခွင့် ရခဲ့ပါတယ်။

မေတ္တာကို တစ်ကန့်စီ ဖြန့်ပွားလိုက်၊ ခန္ဓာဉာဏ်စိုက်လိုက်၊ ဘာမှ အထူး ကြောင့်ကြမစိုက်ရဘဲ အဆင်သင့်ရှိနေတဲ့ ထွက်လေ၊ ဝင်လေကို သတိဉာဏ် စိုက်မှတ်လိုက်၊ တစ်ခုခုကို သတိဉာဏ် စိုက်လိုက်နဲ့ ကိလေသာ ပိုးမွှားတွေကို ကန့်ခွာပေးနေရလို့ တော်တော် အလုပ်ဖြစ်ပါတယ်၊ ခန္ဓာရဲ့ ထင်ရှားပေါ်လွင်တဲ့ အနိစ္စ - ဒုက္ခ - အနတ္တ အမှတ်အသားသုံးခုကိုလည်း ပိုမှတ်မိသွားတယ်၊ စိတ်မနာတော့ လူမနာဘူးပေါ့၊ ရုပ်နာတာလည်း တရားအကျိုးအမြတ်တွေ ရပါတယ်။ ပြီးတော့ ကိုယ်လည်း အနေမကြပ်၊ ကိုယ့်ကြောင့် သူများတွေလည်း အနေမကြပ်၊ အားလုံး စိတ်နေချောင်ချိ အေးချမ်းပြီး ကုသိုလ် အလွန် တိုးပွားကြရပါတယ်။ ဒီဘဝမှာ မရောက်ဘူးသေးတဲ့ ဆေးရုံကို ဒေသန္တရ ဗဟုသုတသဘောမျိုးနဲ့ ၅-ရက် ခရီးထွက်လိုက်ရတာ လက်တွေ့တရား အမြတ်တွေ အများကြီး ရခဲ့ပါတယ်။

ဟုတ်တယ်လေ၊ တစ်ခါလာလဲ ဒီကုသိုလ်ပဲ ယူနေရမှာပဲ၊ တစ်ခါလာလည်း ဒီသတိဉာဏ်ကိုပဲ ထုတ်သုံး၊ တစ်ခါလာလည်း ခန္ဓာကို အနိစ္စ ဒုက္ခ အနတ္တလို့ပဲ မှတ်၊ ဒါမှ ကိလေသာ ပိုးမွှားအားလုံး ကင်းစင်တဲ့ မဂ်ဖိုလ်ရပြီး ဆင်းရဲအားလုံး ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရနိုင်မှာပါ။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်

၁၃၆၉ ခုနှစ်၊ ဝါခေါင်လ (၂၀၀၇ ခုနှစ်၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကရေ မဇ္ဈလက်ဆောင် (၄၉)

# လူ့ဘဝထဲ စာမေးပွဲ

( ယောဆရာတော်၏ ရဟန်းသက် ၄၅–နှစ်ပြည့် အထိမ်းအမှတ်နှင့် မန္တလေးမြို့ မန်းရိမ်ကျောင်းတိုက်ကြီး၏ နှစ်၁၀၀–ပြည့် အထိမ်းအမှတ်အတွက် အထူးလက်ဆောင်ဖြစ်သည် )

## နမောဗုဒ္ဓနသဿ

### ၁။ လူ့ဘဝထဲ စာမေးပွဲ

ပညာယ ပရိသုဇ္ဈတိ။

(ဟသံ ၁-၂၁၇)

- **သင်ယူနာကြား၊ ဖတ်ရှုပြား၊ စဉ်းစားဆင်ခြင်က။**
- **လူ့ဘဝတွင်၊ လုပ်ငန်းခွင်၊ အစဉ်သတိရှိနေမှု။**
- **အသိထူးကာ၊ ဉာဏ်ပွင့်လာ၊ ပညာတိုးပွားရ။**
- **လူ့ဘဝထဲ၊ စာမေးပွဲ၊ အမြဲဖြေဆိုရ။**
- **ဖြေသမျှမှာ၊ အောင်မြင်ပါ၊ ဝမ်းသာရွှင်လန်း အားတက်ကြ။**

လူ့ဘဝမှာ စာတွေ့စာမေးပွဲ၊ လက်တွေ့စာမေးပွဲလို့ ဖြေစရာ စာမေးပွဲ ၂-မျိုးရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် စာတွေ့စာမေးပွဲကို မဖြေဖြစ်ခဲ့ရင်တောင်မှ လက်တွေ့စာမေးပွဲကိုတော့ လူတိုင်း ဘယ်သူမဆို ရှောင်မရအောင် အားလုံးဖြေဆိုကြရပါတယ်။ ဖြေဆိုပြီး ဖြေဆိုဆဲ ဖြေဆိုလတ္တံ့ပါ။ လူ့ဘဝဆိုတာကလည်း ဖြေဖို့ရလာတာဖြစ်တယ်။

စာတွေ့စာမေးပွဲကို သတ်မှတ်ထားတဲ့ နေ့ရက်အချိန်မှာ သတ်မှတ်ထားတဲ့နေရာကိုသွားပြီး ကန့်သတ်ထားတဲ့ ဘာသာရပ်တစ်ခုစီ ဖြေကြရတယ်။ ကန့်သတ်ထားတဲ့ နေ့ရက်၊ အချိန်၊ ဘာသာရပ် စေ့သွားတာနဲ့ စာမေးပွဲ ဖြေပြီးပြီလို့ ပြောကြတယ်။ အောင်မှတ်မရသူကို ရှုံးတယ်၊ အောင်မှတ်ရသူကို အောင်တယ်လို့ အသိအမှတ်ပြုကြတယ်ပေါ့။

ဘဝထဲက လက်တွေ့စာမေးပွဲကိုတော့ တစ်သက်လုံး နေ့တိုင်းဖြေနေရမှာပါ။ လက်တွေ့ စာမေးပွဲ အောင်မြင်အောင် ဖြေဆိုနိုင်ဖို့အတွက် စာတွေ့အသိတွေရအောင် လေ့လာနေကြရ၊ လေ့ကျင့် နေကြရပါတယ်။ စာတွေ့အသိတွေ လုံလောက်မှုရှိမရှိ စမ်းသပ်တဲ့အနေနဲ့ စာတွေ့စာမေးပွဲကို ဖြေဆိုနေရတာပါ။ စာတွေ့စာမေးပွဲဟာ လက်တွေ့စာမေးပွဲရဲ့ အခြေခံပါ။ အကြောင်းမသင့်လို့ စာတွေ့စာမေးပွဲ မအောင်ရင်တောင် လက်တွေ့စာမေးပွဲ ဧကန်အောင်ဖို့တော့ အထူးကြိုးစားနေရမှာဖြစ်တယ်။

စာတွေ့အသိဟာ ဘဝထဲမှာ တကယ်လက်တွေ့အသုံးချလို့ဖြစ်မှ အဖိုးတန်ပါတယ်။ စာတွေ့ အသိ အားလုံး ဘဝထဲမှာ လက်တွေ့အသုံးချဖို့ချည်းသာဖြစ်ပါတယ်။ စာတွေ့စာမေးပွဲအောင်ရုံနဲ့ တကယ့်အောင်မြင်မှု မဟုတ်သေးဘဲ ဘဝထဲက လက်တွေ့စာမေးပွဲအောင်မှ တကယ့်အောင်မြင်မှုပါ။ စာတွေ့စာမေးပွဲကလည်း လောကစာတွေ့၊ ဓမ္မစာတွေ့လို့ ၂-မျိုးရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com


ဦးပဥ္စင်းဟာ လောကစာတွေ့စာမေးပွဲ၊ ဓမ္မစာတွေ့စာမေးပွဲတွေ ဖြေဆိုနိုင်ဖို့ ကိုယ့်ရဲ့ဇာတိ လက်ပန်ရွာ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ အခြေခံအစပျိုးပြီး လေ့လာသင်ယူခဲ့ရတယ်။ ဘဝထဲက လက်တွေ့စာမေးပွဲ ဖြေနိုင်ဖို့လည်း အဲဒီရွာဦးကျောင်းကပဲ အစပျိုးခဲ့ရတယ်ဆိုပါတော့။ အတိတ်ဘဝက ကံနှင့် တွဲတဲ့ဉာဏ် အထိုက်အလျောက်ပါလာခဲ့လို့ အစကတည်းကစလို့ ပညာရေး အထိုက်အလျောက် အဆင်ပြေခဲ့ပါတယ်။ နောက်ကျတာတစ်ခုပဲ ပြောစရာရှိတယ်။ ၁၀-နှစ်သားအရွယ်ရှိမှ က-ခ စ သင်ရတာကိုး။ ဒါကတော့ နောက်ကျအောင်ဖန်တီးခဲ့တဲ့ ကိုယ့်ကံလို့ပဲ ဆိုရမှာပေါ့။ ကိုယ့်ကံကို ဖန်တီးတဲ့အခါ ဒါဟာ သတိပြုစရာအချက်ပဲ။

အခုကာလမှာ ၁၀-နှစ်သားအရွယ်ဆိုတာ လောကဘက်မှာလည်း ၄-တန်းလောက် ရောက်နေပြီလေ။ သာသနာဘက်မှာလည်း ကိုရင်လေး ဝတ်လို့ သုတ်စဉ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်တွေ စ သင်နေရပြီပေါ့။ ဦးပဥ္စင်းကတော့ အတိတ်က ကံကောင်းဉာဏ်ကောင်းအလုပ်တွေကို နောက်ကျအောင် အချိန်ဆွဲခဲ့တာကြောင့် ပညာရေး အဆင်ပြေတယ်ဆိုရပေမယ့် အများကြီးနောက်ကျခဲ့ပါတယ်။ ၁၀-နှစ်သားအရွယ်ရှိမှ စာနှင့် စတွေ့ရတယ်။ ၁၈-နှစ်သားအရွယ်ရှိမှ ကိုရင်ဝတ်ပြီး သုတ်စဉ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်တွေ စသင်ခဲ့ရတယ်။

လက်ပန်ရွာဦး ဘုန်းတော်ကြီးကျောင်းမှာ ၁-နှစ်ခွဲခန့် အခြေခံတွေသင်ယူခဲ့ပြီး လောက စာတွေ့စာမေးပွဲတွေဖြေဖို့ လက်ပန်ရွာ အစိုးရ မူလတန်းက ကျောင်းဆရာတွေထံမှာ ၄-နှစ်ခန့်၊ ကန်ရွာ အစိုးရအလယ်တန်း ကျောင်းက ကျောင်းဆရာ၊ ဆရာမတွေထံမှာ ၃-နှစ် လေ့လာသင်ယူခဲ့ရတယ်။ အထစ်အငေါ့ ဘာတစ်ခုမှမရှိဘဲ အားလုံးအဆင်ပြေပါတယ်။ ဖြေဆိုခဲ့သမျှ လောက စာတွေ့စာမေးပွဲအားလုံး အဆင့်မြင့်မြင့် အောင်ခဲ့တာချည်းပဲ။

အလယ်တန်းပညာ သင်ယူအောင်မြင်ပြီးတာနဲ့ ကန်တောရကျောင်းတိုက်မှာ ကိုရင်ဝတ်ပြီး ဓမ္မ စာတွေ့စာမေးပွဲဖြေဖို့ သုတ်စဉ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်က စ အခြေခံရအောင် သင်ယူလေ့လာခဲ့တယ်။ ကန်တောရမှာ ၂-နှစ် ကြာပါတယ်။

၁၃၂၄-ခုနှစ်မှ ၁၃၂၈-ခုနှစ်ထိ ၅-နှစ်ပတ်လုံး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှာ နေထိုင်ပြီး ဓမ္မ စာတွေ့စာမေးပွဲအတွက် သင်ယူလေ့လာခဲ့တယ်။ မဟာဝိသုဒ္ဓါရုံတိုက်သစ်နှင့် မစိုးရိမ် ကျောင်းတိုက်ဆိုတာ လမ်းလေးပဲခြားတာဆိုတော့ မဟာဝိသုဒ္ဓါရုံကနေ မစိုးရိမ်ကိုသွားပြီးတော့လည်း စာပေသင်ကြား လေ့လာခွင့် ရခဲ့ပါတယ်။

မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ကြီးထဲသွားပြီး ဆရာတော် ဦးဝိစိတ္တာဘိဝံသ၊ ဦးစန္ဒော ဘာသာဘိဝံသ၊ ဦးကောသလ္လ(လေး)၊ ဦးသိရိန္ဒာဘိဝံသ၊ ဦးကောဝိဒါဘိဝံသ၊ ဦးရာဇဓမ္မာဘိဝံသ၊ ဦးဝိပုလ၊ ဦးကဠနန္ဒာစာရ၊ ဦးဓမ္မာနန္ဒတို့ထံမှာ နည်းစနစ်ရအောင် ကျကျနန သင်ကြားခဲ့ရပါတယ်။ (မစိုးရိမ် နှစ် ၁၀၀-ပြည့်ကို ပူဇော်တဲ့အနေနဲ့ မစိုးရိမ်ဆရာတော်များရဲ့ ဘွဲ့အမည်ကို သီးသန့် ဖော်ပြလိုက်တာပါ) ဓမ္မ စာတွေ့စာမေးပွဲ ဖြေဆိုနိုင်ဖို့ နည်းစနစ်မျိုးစုံကို မန္တလေး မစိုးရိမ်ကျောင်းတိုက်ကြီးထဲက ရရှိခဲ့တယ်။ ဒါ့ကြောင့် ဖြေဆိုခဲ့သမျှ ဓမ္မ စာတွေ့စာမေးပွဲအားလုံး အဆင်ပြေခဲ့ပါတယ်။

ရန်ကုန်ရောက်တော့ အထိုက်အလျောက် ဆက်လေ့လာပြီး အထက်စာမေးပွဲများကိုလည်း ဆက်ဖြေခဲ့တယ်။ တိပိဋက ပြီးသွားတာနဲ့ စာတွေ့စာမေးပွဲအားလုံး ပြီးဆုံးသွားတယ်။ ဒီလောက်နဲ့ပဲ တော်လောက်ပြီပေါ့။ နောက်ကျတာကလွဲလို့ အားလုံးအဆင်ပြေတယ်။ ဓမ္မစာတွေ့စာမေးပွဲဖြေဖို့ လေ့လာရင်းနဲ့ ဘဝထဲက လက်တွေ့စာမေးပွဲဖြေဖို့အတွက်ပါ လေ့လာပြီးသား ဖြစ်သွားတယ်။ သိတာဟာ ကျင့်ဖို့ပဲ။ လက်တွေ့စာမေးပွဲကို အထိုက်အလျောက်လည်း ဖြေခဲ့ပြီ၊ ယခုလည်း ဖြေနေဆဲ၊ တစ်သက်လုံး ရှေ့ဆက်လို့လည်း ဖြေနေရဦးမယ်။ မပြီးသေးပါဘူး။

လူ့ဘဝထဲမှာ လက်တွေ့ဖြေဆိုနေရမယ့် ကျင့်သိများများရဖို့ စာသိများများရအောင် လုပ်ပေးရမယ်။ ပညာရှိများထံမှာ လေ့လာသင်ယူရမယ်။ နာကြားမှတ်သားထားရမယ်။ ပညာရှိများရဲ့ လမ်းညွှန်ချက် စာအုပ်များကို ဖတ်ရှုလေ့လာထားရမယ်။ လေ့လာမှတ်သားထားပြီးတာတွေကိုလည်း ပြန်ပေါ်လာအောင် ဉာဏ်နဲ့ စဉ်းစားဆင်ခြင် ဖော်ယူတတ်ရမယ်။ အသိကို သတိနဲ့ ထိန်းထားနိုင်ရမယ်။ သတိရှိမှ စိတ် ငြိမ်သက် ငြိမ်းချမ်းပြီး ဉာဏ်ပွင့်လာနိုင်တယ်။ ဉာဏ်ရှိမှ ဖြေနိုင်မယ်။ 'ဘာရသလဲ၊ ဘယ်လိုလဲ' စတဲ့ အမေး အမျိုးမျိုးကိုလည်း


www.burmeseclassic.com

www.burmeseclassic.com


လက်တွေ့အလုပ်သဘောနဲ့ အမှန်အတိုင်း ဖြေပြနိုင်မယ်။ ဘဝအခက်အခဲ၊ အကြပ်အတည်း၊ အရှုပ်အထွေးအမျိုးမျိုးကိုလည်း တရားနဲ့ညှိပြီး ငြိမ်းအေးပြေလည်အောင် ဖြေရှင်းတတ်မယ်။ အလုံးအကျိတ်အခဲတွေကို ဖြေဖျောက်ချေဖျက်တတ်မယ်။ အဖြေတတ်ရင် အနေတတ်ဖို့နှင့် အသေတတ်ဖို့လည်း သေချာပြီးသားပါ။

## ၂။ ဉာဏ်ရှိမှ အမှန်သိမယ်

- **ကံနှင့်တွဲကာ၊ ဉာဏ်မပါ၊ ပညာဖန်တီး ခက်ခဲသည်။**
- **ကံနှင့်တွဲကာ၊ ဉာဏ်လည်းပါ၊ ပညာဖန်တီး လွယ်ကူသည်။**
- **ပညာရှိမှ၊ ဖြေနိုင်ကြ၊ မုချအောင်မြင်မည်။**

ဘဝထဲမှာ စာမေးပွဲတွေ အောင်မြင်ဖို့ ပညာအရည်အချင်း လိုပါတယ်။ တရားဘက်မှာ ဉာဏ်နှင့်ပညာ အတူတူပဲသုံးပါတယ်။ ဉာဏ်ဆိုတာ ဉာဏဆိုတဲ့ ပါဠိကလာတာ၊ ပညာကတော့ ပါဠိအတိုင်း သုံးနေတဲ့ စကားပါ။ အမှန်အတိုင်း သိရှိနားလည်သဘောပေါက်တဲ့ ထူးခြားတဲ့ အသိပါပဲ။ စကားအနေနဲ့တော့ ဉာဏ်နှင့် ပညာကို ခွဲပြောကြတယ်။ အတိတ်ဘဝက ကံနှင့်တွဲပါလာတဲ့ အခြေခံအသိကို ဉာဏ်လို့ ခေါ်ကြတယ်။ ပညာရှိသူတော်ကောင်းတွေရဲ့အကူအညီနဲ့ တတ်မြောက် ကျွမ်းကျင် နားလည်သဘောပေါက်လာတဲ့ ထူးခြားတဲ့ အသိကိုတော့ ပညာလို့ ခေါ်ကြတယ်။ ဉာဏ်ကောင်းမှ ပညာသင်လို့ တတ်လွယ်တယ်ဆိုတဲ့ သဘောပေါ့။

ဘာပဲပြောပြော ဉာဏ်ပညာအရည်အချင်းရှိမှ ဘဝစာမေးပွဲအောင်မှာပါ။ အဲဒီဉာဏ်ပညာက ပင်ကိုယ်ဉာဏ်ပညာ၊ ဖန်တီး ဉာဏ်ပညာလို့ ၂-မျိုးရှိတယ်။ နောက်တစ်နည်းပြောရရင် အရင်းအနှီး ဉာဏ်ပညာ၊ အတိုးအပွါး ဉာဏ်ပညာလို့ ၂-မျိုးပါ။ အတိတ်ဘဝက ကံနှင့်တွဲပါလာတဲ့ အခြေခံ အသိဉာဏ်စွမ်းကိုပဲ ပင်ကိုယ်ဉာဏ်ပညာ၊ အရင်းအနှီး ဉာဏ်ပညာလို့ ခေါ်တာပါ။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်တဲ့ ပညာရှိသူတော်ကောင်းတွေက လမ်းညွှန်သင်ပြပေးလို့ တတ်မြောက်ကျွမ်းကျင်လာတဲ့ အသိပညာကို ဖန်တီး ဉာဏ်ပညာ၊ အတိုးအပွါး ဉာဏ်ပညာလို့ ဆိုရပါတယ်။

စာတွေ့ပဲဖြစ်ဖြစ် လက်တွေ့ပဲဖြစ်ဖြစ် ဘဝစာမေးပွဲကို တကယ်ဖြေတဲ့အခါ ဖန်တီးဉာဏ် ပညာ၊ အတိုးအပွါး ဉာဏ်ပညာကိုပဲ အားကိုးပြီး အသုံးချဖြေရတာပါ။ စီးပွါးရေး လုပ်တာတောင် အရင်းအနှီးရှိမှ လုပ်ရတာ အဆင်ပြေတယ်။ ဘဝ စာမေးပွဲဖြေဆိုဖို့ ပညာရအောင် လေ့လာတော့လည်း ပင်ကိုယ်ဉာဏ်၊ အရင်းအနှီးဉာဏ် ရှိတန်သင့်သလောက် ရှိထားမှ အဆင်ပြေနိုင်ပါတယ်။

အတိတ်ဘဝ ကုသိုလ်ကံ ဖန်တီးခဲ့စဉ်က လူဖြစ်စေနိုင်တဲ့ ကုသိုလ်လောက်သာ လုပ်ခဲ့ပြီး ဉာဏ်ရင်းနှီးမြှုပ်နှံမှု မပါခဲ့ရင် ဉာဏ်မတွဲခဲ့ရင် ပင်ကိုယ်ဉာဏ် အားနည်းတတ်ပါတယ်။ ပင်ကိုယ်ဉာဏ် အားနည်းရင် ဖန်တီးဉာဏ် ဖော်ထုတ်ဖို့ ပညာသင်ရတဲ့အခါ မျက်နှာငယ်ရတတ်တယ်။ သင်ယူရတာ ခက်ခဲတတ်တယ်။ လောကီပညာ၊ တရားပိုင်းဆိုင်ရာပညာ ဘာသင်လို့မှ မတတ်ဘူး။ သူများနှင့် တန်းတူ မလိုက်နိုင်ဘူး။ အရာရာမှာ သူများရဲ့နောက်ကချည်းပဲ။ ကုသိုလ်ကို ဖြစ်ကတတ်ဆန်း ပြီးစလွယ်လုပ်နေရင်တော့ သံသရာမှာ ပညာအတွက် အမြဲတမ်း မျက်နှာငယ်နေကြရဦးမှာပါ။

ပင်ကိုယ်ဉာဏ်အားနည်းရင် ပညာသင်ယူသူ မိမိသာ မျက်နှာငယ်ရတာမဟုတ်ဘူး။ မိမိကို ပညာသင်ပြပေးတဲ့ဆရာပါ မျက်နှာငယ်ရတတ်တယ်။ ‘ငါက ဒီလောက်တောင် သင်ပြပေးရက်သားနဲ့ နင်ဘာမှ မတတ်ဘူး၊ သိပ်ဉာဏ်လေးတဲ့ကောင်ပဲ’ လို့ ညည်းတွားမိတတ်တယ်။ စိတ်တိုပြီး ခေါင်းကို လက်သီးနဲ့ ထိုးမိတတ်တယ်။ တုတ်နဲ့ရင်လည်း ရိုက်မိတတ်တယ်။

တစ်ချို့ စိတ်တိုတတ်တဲ့ ဘုန်းကြီးများ ကျောင်းသားကိုရင်ကို စာသင်ပြပေးတဲ့အခါ တော်တော်နဲ့ သဘောမပေါက်နိုင် နားမလည်နိုင်လို့ ဘုန်းကြီး စိတ်တိုလာပြီး ကြိမ်လုံးနဲ့ တစ်ဖြန်းဖြန်း ရိုက်မိတတ်တယ်။ အနားမှာ ရိုက်စရာ တုတ် အဆင်သင့်မရှိရင် အနားမှာချထားတဲ့ ထွေးခံနဲ့ ကိုင်ပေါက်မိတတ်တယ်။ တတ်သိနားလည်စေချင်တဲ့ မေတ္တာ၊ ကရုဏာတွေပျောက်ပြီး ပေါက်ချင် ပေါက်၊ ကွဲချင် ကွဲ၊ ပြဲချင် ပြဲ၊ ဖြစ်ချင်ရာဖြစ်၊ တွေ့ရာနဲ့ ကိုင်ပြီး ရိုက်မိ၊ ပေါက်မိတတ်တယ်။ စိတ်တိုနေမှတော့ စဉ်းစား နှိုင်းချိန် ဆင်ခြင်မှုတွေ ကွယ်ပျောက်နေတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


ဦးပဥ္စင်း ဘုန်းကြီးကျောင်းသားဘဝတုန်းက ညီအစ်ကို ကျောင်းသားနှစ်ယောက် တွေ့ခဲ့ရဖူးတယ်။ ဉာဏ်သိပ်လေးတယ်။ ဘာစာသင်လို့မှ မတတ်၊ အဲဒီခေတ်က သင်ပုန်းကြီးစာ မကုန်မချင်း ဘုန်းကြီးက တိုက်ရိုက် သင်ပြမပေးဘဲ ကျောင်းသားကြီးက ကျောင်းသားငယ်ကို သင်ပြပေးဖို့ လွှဲအပ်ထားတယ်။ ကျောင်းသားကြီးကပဲ ဆရာလုပ်ပြီး သင်ပြပေးရတယ်။ သင်ပုန်းကြီးစာကုန်သွားမှ ဘုန်းကြီးဆီမှာ စာတက်ခွင့်ရတော့တာ။

သူတို့နှစ်ယောက်ကို စာသင်ပြပေးတဲ့ ကျောင်းသားကြီးက စိတ်တိုတတ်တယ်။ ကျောင်းသားကြီးက သူတို့နှစ်ယောက်ကို စာသင်ပေးတော့ ဉာဏ်လေးလွန်းလို့ ဘာစာမှ တတ်အောင် သင်ပေးလို့ မရ၊ အဆို ခိုင်းတော့လည်း ကြောက်လည်းကြောက် လေးလည်းလေးတော့ မဆိုနိုင်ဘူး။ နေ့တိုင်း တွန့်ထစ်နေတယ်။ ကျောင်းသားကြီးက စိတ်မရှည်နိုင်တော့ဘဲ လက်ဝါးနဲ့ ပါးတွေ နားတွေကို တဖြန်းဖြန်းရိုက်တော့ နာလွန်းလို့ ညီအစ်ကိုနှစ်ယောက် တရှုံ့ရှုံ့ ငိုနေရတယ်။ လက်နဲ့ အရေးခိုင်းပြန်တော့ တုန်တုန်ရီရီနဲ့ ဟိုခြစ်ဒီဆွဲ လုပ်နေတယ်။ ဆရာကျောင်းသားကြီး စိတ်တိုလွန်းလို့ လက်ကို တုတ်နဲ့ တအားရိုက်ချလိုက်ပြန်ရော၊ နာလွန်းလို့ တစ်ငိုတည်း ငိုနေကြရရှာတယ်။

'မင်းတို့နှစ်ယောက် ဘုန်းကြီးကို လျှောက်ရဲရင် လျှောက်စမ်းနော်၊ လျှောက်ရင်တော့ မင်းတို့ နှစ်ယောက် သေပြီသာမှတ်' လို့ ခြိမ်းခြောက်ဟိန်းဟောက်ထားတာဆိုတော့ ဘုန်းကြီးလျှောက်ဖို့ မပြောနဲ့ ဘုန်းကြီး ကြားအောင်တောင် အသံထုတ် မငိုရဲရှာကြဘူး။ နေ့တိုင်း ခဏခဏ အရိုက်ခံနေရတယ်။ ဒါတင်မကဘူး။ ကန့်ကူတံနဲ့ ခေါင်းကို ခဏခဏ ထိုးတာခံရလို့ ခေါင်းမှာလည်း အပေါက်အပြဲ ဒဏ်ရာချင်း ထပ်နေတယ်။ ညီအစ်ကိုနှစ်ယောက်ဟာ ဆရာကျောင်းသားကြီးနဲ့ မတွေ့ချင်လောက်အောင် ကြောက်လန့် ရွံမုန်းနေကြလို့ ခဏခဏ ကျောင်းက ထွက်ပြေးနေကြတယ်။

ကျောင်းပြေးတဲ့အကြောင်း သူတို့အဖေထံ သတင်းပို့တော့ အဖေက သားနှစ်ယောက်ကို တွေ့အောင်ရှာ၊ တွေ့တော့ ခြေရေလက်ရော ကြိုးနဲ့တုပ်၊ တုတ်နဲ့ ခြေတွေလက်တွေကို တအားရိုက်တော့ နာလွန်းလို့ စူးစူးဝါးဝါး အသံကုန်ဟစ်ပြီး ငိုလိုက်ကြတာတဲ့။ နောက်တော့ သူတို့အဖေက သူတို့အကြောင်းကို စေ့စေ့စုံစုံ သိသွားလို့ 'စာသင်ရင်း သေသွားကြရချေရဲ့' ဆိုပြီး ကျောင်းက နှုတ်လိုက်တယ်။ အိမ်မှာပဲ အလုပ်ခိုင်းထားတော့တယ်။ အိမ်မှာလည်း ဘာမှ အရာမရောက်ကြပါဘူး။

ပင်ကိုယ်ဉာဏ်နည်းသူဟာ တရားနာတော့လည်း နားနဲ့ အသံကို ကြားရပေမယ့် ဘာကို ဆိုလိုတယ်ဆိုတာ ဘာမှ မသိဘူး။ နားမလည်ဘူး။ သဘောမပေါက်ဘူး။ တရားအားထုတ်တော့လည်း ညောင်းတာပဲရှိတယ်။ ဘာသမာဓိ ဉာဏ်မှ မပေါ်ဘူး။ ပင်ကိုယ်ဉာဏ်နည်းရင် အစစအရာရာ နေရာတကာမှာ မျက်နှာငယ်ရ အောက်တန်းကျရပါတယ်။ ဉာဏ်မပါရင် ဉာဏ်နည်းရင် ကိုယ့်ဟာကိုယ်တောင် လိမ်တတ်တယ်။ ကိုယ့်ဟာကိုယ် အလိမ်ခံရလို့ပဲ အကုသိုလ်တွေ လုပ်မိကြတာပါ။ အတိတ်ဘဝက ကံနှင့် တွဲပါလာတဲ့ ပင်ကိုယ်ဉာဏ် ကောင်းမှ ပညာရှိတွေရဲ့အကူအညီနဲ့ ဖန်တီး ဉာဏ်ပညာ ဖော်ထုတ်လို့ လွယ်ပါတယ်။ ဖန်တီး ဉာဏ်ပညာ လုံလောက်မှ ဘဝစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်မှာဖြစ်တယ်။

## ၃။ ရင်းနှီးမြှုပ်နှံ ပင်ကိုယ်ဉာဏ်

- **ကုသိုလ်လုပ်က၊ ဉာဏ်တွဲမှ၊ ကြီးလှ ဉာဏ်ပညာ။**
- **ဟောပြပေးကာ၊ ကောင်းတာသင်ပြား၊ တရားပူဇော်၊ သန့်ရှင်းသော်၊ ကြီးသော် မြတ်ပညာ။**
- **ကုသိုလ်ပြုပြီး၊ ဉာဏ်ကြီးဘို့ရန်၊ စိတ်ရည်သန်၊ စေနဉာဏ်ကြီးပါ။**
- **ပညာကြီးက၊ ဉာဏ်ကြီးလှ၊ မုချဖြေနိုင်ပါ။**
- **ဖြေနိုင်ပါက၊ လူ့ဘဝထဲစာမေးပွဲ၊ မလွဲအောင်ရမှာ။**

ဘဝစာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ဖို့ ဖန်တီးဉာဏ်ခေါ်တဲ့ အတိုးအပွားပညာ ပြည့်စုံရမယ်။ ဒီဉာဏ်ပညာပြည့်စုံဖို့ ပင်ကိုယ်ဉာဏ်ခေါ်တဲ့ အရင်းအနှီးပညာ ရှိထားဖို့လိုမယ်။ ဒါ့ကြောင့် ဉာဏ်ကြီးရှင် မြတ်ဗုဒ္ဓရဲ့သာသနာတော်ကြီးနှင့် တွေ့ကြုံခိုက် နောက်ထပ်ဘဝသံသရာမှာ ဉာဏ်အတွက် ဘယ်တော့မှ မျက်နှာမငယ်ရအောင်၊ ဘယ်တော့မှ အောက်တန်းမကျရအောင် သတိကြီးစွာထားပြီး ဉာဏ် ရင်းနှီးမြှုပ်နှံ ထားရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တကယ်အားကိုးရမယ့် ကောင်းမှုကုသိုလ်ကို လုပ်တဲ့အခါ သူများက ခိုင်းလွန်းလို့ မတတ်သာလွန်းလို့ လုပ်တာမျိုးမဟုတ်ဘဲ အမြင် စူးရှထက်မြက်တဲ့ ဉာဏ်နှင့် တွဲလုပ်ရမယ်။ အကြောင်းနှင့် အကျိုး ဆက်သွယ်ပြီး သဘောပေါက်နားလည်တဲ့ အသိဉာဏ်ကို ရှေ့က ထားရမယ်။ ကုသိုလ် လုပ်တဲ့အထဲမှာ အဲဒီဉာဏ် ပါဝင်ရမယ်။

ကုသိုလ်လုပ်တိုင်း အကြောင်းကြောင့် အကျိုးဖြစ်ရပုံ၊ အကြောင်းရှိသလောက်သာ အကျိုး ရနိုင်ပုံ၊ အကြောင်းရှိသလိုသာ အကျိုးပေးတတ်ပုံ၊ အကျိုး ရလိုသလောက်အကြောင်းကို ဖန်တီးရပုံ၊ အကျိုး မြင့်မားလိုလျှင် အကြောင်းကို မြှင့်ပေးရပုံ စတဲ့ အကြောင်းနှင့် အကျိုးကို နှိုင်းယှဉ်တိုင်းတာ ချင့်ချိန်တတ်တဲ့ ဉာဏ်နှင့် ယှဉ်တွဲ လုပ်ရမယ်။ အဲဒီဉာဏ်ကို ရှေ့တန်းတင်ရမယ်။

ပြီးတော့ အဆက်မပြတ် လည်ပတ်နေတဲ့ ရုပ်၊ နာမ်၊ ခန္ဓာ သံသရာစက်ဝိုင်းကို ဉာဏ်နဲ့ ဖြတ်ပေးနေရမယ်။ အမြစ်ပြတ်မှ အဖြစ်ရပ်မှာဖြစ်လို့ လည်ပတ်အောင်လုပ်နေတဲ့ အဝိဇ္ဇာ၊ တဏှာ၊ ကံကို ဉာဏ်နဲ့ ကန့် ခွာ ထိန်းချုပ်ပေးနေရမယ်။ အတိတ်က ဖြစ်ခဲ့ပြီးသမျှ ရုပ်၊ နာမ်၊ ခန္ဓာအားလုံး လက်ညှိုးထိုးပြစရာ မကျန်အောင် ချုပ်ပျောက်သွားခဲ့ကြတာတွေ၊ ယခုလည်း ဖြစ်တိုင်းဖြစ်တိုင်း မရပ်မနား ပြောင်းလဲ ပျက်စီးနေကြတာတွေ၊ နောက်ထပ်လည်း ဘယ်ဘဝမှာ ဘာပဲဖြစ်ဖြစ် ဧကန် ပျက်စီးရမှာတွေ၊ ဘာတစ်ခုမှ မခိုင်မြဲပုံတွေ၊ ဆင်းရဲ အစုသာ ဖြစ်နေပုံတွေကို ဉာဏ်နဲ့ စေ့စေ့စပ်စပ် ကြည့်ရှု သုံးသပ်ပေးရမယ်။ ဒီဉာဏ် အထုံပါနေမှ ဘဝတိုင်း ဖန်တီးဉာဏ် ဖော်ထုတ်လို့လည်း လွယ်မယ်။ နိဗ္ဗာန်လမ်းလည်း ဖြောင့်သွားမယ်။ ဘဝတိုင်းလည်း ဘဝစာမေးပွဲ အောင် အောင် ဖြေနိုင်မယ်။

ဘာဂုဏ်ပကာသန လာဘ်လာဘကိုမှ မမျှော်လင့်ဘဲ နားထောင်နာကြားသူတွေ တရား အသိဉာဏ် ပွားဖို့ ကိုယ်တတ်သိ နားလည်ထားတဲ့တရားကို ဟောပြောပေးရမယ်။ ကိုယ်နားလည်ထားတဲ့ တရားအသိဉာဏ် များကို အများ နားလည်သဘောပေါက် အသိရှင်းအောင် ရေးသားဖြန့်ဝေပေးရမယ်။ ရေးပေးတာဟာလည်း ဟောပေးတာနှင့်အတူတူပါပဲ။ ဓမ္မစာပေသင်တန်းတွေ ဖွင့်လှစ် သင်ပြပေးတာမျိုးဟာလည်း ဉာဏ် ရင်းနှီးမြှုပ်နှံတဲ့ အလုပ်ပဲ။ ကိုယ့်ရဲ့တပည့်၊ သားသမီးများ လိမ္မာယဉ်ကျေးအောင် တရားလမ်းကြောင်းပြ ဆုံးမသွန်သင်ပေးတာမျိုးဟာလည်း ဉာဏ်ကောင်းကြောင်း အလုပ်ပါ။ ကိုယ်တတ်သိထားတဲ့ စာပေကျမ်းဂန် များကို ဘယ်လာဘ်ကိုမှ မမျှော်လင့်ဘဲ အများနားလည်အောင် လမ်းညွှန်ပို့ချ သင်ပြပေးတာဟာလည်း ဉာဏ်ကောင်းကြောင်းပဲ။

အပြစ်ကင်းတဲ့ လောကီ အတတ်အပညာကောင်းတွေကို သင်ယူသူတို့ထံက ဘာမှ မျှော်လင့်ချက် မထားဘဲ တတ်မြောက်နားလည်စေလိုတဲ့ စေတနာကောင်းနဲ့ မေတ္တာ ကရုဏာ ခြံရံပြီး သင်ပြပေးတာ မျိုးဟာလည်း ဉာဏ်ရင်းနှီးမြှုပ်နှံတဲ့ အလုပ်ထဲမှာ အကျုံးဝင်ပါတယ်။ ကိုယ့်ရဲ့ သားသမီးဆွေမျိုးများကို ပညာသင်နိုင်အောင် ကျောင်းထားပေးကြ၊ ကျောင်းအပ်ပေးကြ၊ ကူညီပေးကြတာဟာလည်း တကယ် စေတနာ သန့်ရှင်း ထက်သန်ရင် ကိုယ့်ရဲ့ ဉာဏ် ရင်းနှီးမြှုပ်နှံတဲ့ အလုပ်ဖြစ်တယ်ဆိုတာ သတိပြုသင့်ပါတယ်။ အခွင့်ကောင်း မလွတ်ဖို့ပါပဲ။

ဉာဏ် အလွန်လေးလံတဲ့ ကလေးသူငယ်များကို စာပေပညာ သင်ပြပေးတဲ့အခါ လုံးဝ စိတ်မတိုဘဲ စိတ်ရှည်လက်ရှည်၊ ဇွဲရှိရှိ မေတ္တာ ကရုဏာအပြည့်နဲ့ မတတ်မချင်း သင်ပြပေးနိုင်ရင် သင်ပြပေးသူဟာ တောင်တွင်းခင်ကြီးပျော်တို့လို ဉာဏ် အလွန်ကြီးကျယ်ထက်မြက်တဲ့ မကာရလောပ ပညာရှင်တောင် ဖြစ်နိုင်ခွင့် ရှိတာကိုလည်း သိထားသင့်ပါတယ်။

တရားဟောတတ်တဲ့ပုဂ္ဂိုလ်များ တရားဟောနိုင်အောင် လှူဒါန်းပူဇော်တာမျိုးတွေ၊ ဓမ္မပူဇာ တာဝန်ယူ လှူဒါန်းပြီး တရားပွဲ ဖြစ်မြောက်အောင် ပြုလုပ်ပေးတာမျိုးတွေ၊ စာချဘုန်းကြီးများ စာသင်ပြ ပို့ချပေးနိုင်အောင် လှူဒါန်းပူဇော်တာမျိုးတွေ၊ ဓမ္မပူဇာ တာဝန်ယူ လှူဒါန်းပြီး ဓမ္မစာပေသင်တန်း ဖြစ်မြောက်အောင် စီမံ ပေးတာမျိုးတွေ၊ စာပေပညာ ထူးချွန်အောင်မြင်သူများကို ဆု ချီးမြှင့်လှူဒါန်း ပူဇော်တာမျိုးတွေဟာလည်း တကယ် အရေးပါ အရာရောက်တဲ့ ဉာဏ်ရင်းနှီးမြှုပ်နှံတဲ့ အလုပ်တွေ၊ ပင်ကိုယ်ဉာဏ် ကောင်းခြင်းရဲ့ အကြောင်းတွေပါ။

ဒါတင် မကသေးဘူး။ ဘုရားကျောင်းကန်တွေ၊ လူသွားလမ်းတွေမှာ တံမြက်လှည်း၊ ကြမ်းတိုက်၊ အမှိုက်ကျုံး၊ အညစ်အကြေး ဆေးကြောသန့်စင် ရှင်းလင်းတဲ့ သန့်ရှင်းရေး အလုပ်တွေဟာလည်း ပင်ကိုယ်ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com


ကောင်းခြင်းရဲ့ အကြောင်းတွေဖြစ်တယ်။ မိလိန္ဒမင်း၊ အရှင်နာဂသေန (အရှင်နာဂသိန်) တို့ရဲ့ အမေးအဖြေ အဖြေအရာမှာ သူမတူအောင် ဉာဏ်ကြီးကျယ် ထက်မြက် ကျွမ်းကျင်တာဟာ သန့်ရှင်းရေး အလုပ်ကို အခြေခံ ခဲ့တယ်လို့ သိရပါတယ်။

ပြီးတော့ သန့်သန့်ရှင်းရှင်း ဝတ်စားနေထိုင် လုပ်ကိုင်တတ်တာမျိုး၊ စိတ်ကို သမာဓိလုပ်ငန်းနဲ့ သန့်စင်ပြီး စိတ် သန့်သန့်ရှင်းရှင်း နေတတ်တာမျိုးဟာလည်း ဉာဏ်ပွင့်ခြင်းရဲ့အကြောင်းပါ။

နောက်ပြီးတော့ ကုသိုလ်လုပ်တိုင်း လုပ်တိုင်း 'ဤကောင်းမှုကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ရရပါလို၏၊ ဘဝတိုင်း ဉာဏ်ထူးချွန် ထက်မြက်ရပါလို၏၊ ဉာဏ် ကြီးကျယ်ရပါလို၏၊ ဉာဏ် ကောင်းရပါလို၏'လို့ ဆုတောင်းပြီး ကုသိုလ်ပြုရင်လည်း ကံနှင့်တွဲလို့ ဉာဏ် ပါလာတတ်ပါတယ်။ အဲဒီလို ကုသိုလ်လုပ်စဉ်က ဉာဏ်နှင့် တွဲလုပ်ခဲ့လို့၊ ဉာဏ်အတွက် ရှေ့တန်းတင်ခဲ့လို့၊ ကံနှင့် တွဲပါလာတဲ့ ဉာဏ်ကို ပင်ကိုယ်ဉာဏ်လို့လည်း ခေါ်တယ်။ ရင်းနှီးမြှုပ်နှံထားတဲ့ အရင်းအနှီးဉာဏ်လို့လည်း ခေါ်တယ်။

ပင်ကိုယ်ဉာဏ်၊ အရင်းအနှီးဉာဏ်ပါလာရင် ဖန်တီးဉာဏ်၊ အတိုးအပွားဉာဏ် ဖော်ထုတ်ရတာ သိပ်လွယ်ကူပါတယ်။ ပင်ကိုယ်ဉာဏ် ကောင်းပေမယ့် မဖော်ထုတ် မသင်ယူရင် ပညာ ပေါ်မလာနိုင်ဘူး။ ဖော်ထုတ်သင်ယူပေမယ့် ပင်ကိုယ်ဉာဏ် မကောင်းရင်လည်း ပညာ ပေါ်မလာနိုင်ဘူး။ ပင်ကိုယ်ဉာဏ်လည်း ကောင်းမှ၊ ဖော်ထုတ်သင်ယူမှုလည်း ရှိမှ ဖန်တီးဉာဏ်ပညာ၊ အတိုးအပွား ဉာဏ်ပညာကို လွယ်လွယ်ကူကူ ဖော်ထုတ်လို့ ရနိုင်တယ်။

ကံနှင့် တွဲပါလာတဲ့ ပင်ကိုယ်ဉာဏ်ကောင်းရင် လောကပညာ၊ ဓမ္မပညာ ဘာပဲသင်သင် တတ်မြောက်လွယ်တယ်။ သင်ယူသူသာ မျက်နှာပန်းလှတာ မဟုတ်ဘူး။ သင်ပြပေးသူပါ မျက်နှာပန်းလှတယ်။ 'ငါသင်ပြပေးတာက တစ်ထွာလောက်ပဲ ရှိသေးတယ်၊ မင်းတတ်မြောက်နေတာက တစ်တောင်လောက်တောင် ရှိနေပြီပဲ၊ သိပ်ဉာဏ်ကောင်းတဲ့ ကလေးပါလား' လို့ ဝမ်းသာအားရပေါ့။

ဉာဏ်ကောင်းရင် တရားနာတော့လည်း ခဏလေးနဲ့ သဘောပေါက်လွယ်တယ်။ စာဖတ်တော့လည်း လွယ်လွယ်နဲ့ နားလည်တယ်။ တရားအားထုတ်တော့လည်း သမာဓိဉာဏ် ရလွယ်တယ်။ ဒီလို ပုဂ္ဂိုလ်မျိုးဟာ ဘဝ စာမေးပွဲမှာ အကုန် အောင်နိုင်တယ်။ ပင်ကိုယ်ဉာဏ် ကောင်းပေမယ့် ပညာရှိ သူတော်ကောင်းတွေထံက နည်းပေးလမ်းပြ အသိပညာကိုတော့ ယူရတယ်။ လက်တွေ့ အသုံးချတော့မယ်ဆိုရင် သတိကို အမြဲ ကိုင်ထားရတယ်။ သတိဆိုတာ အသိဉာဏ် သိုမှီးသိမ်းဆည်းထားတဲ့ ဗိုက်ဆံအိတ်ပဲ။ အသိဉာဏ် ဘဏ်တိုက်လို့လည်း ဆိုနိုင်တယ်။ သတိရှိမှ နောက်က ဉာဏ် ပေါ်လာတာ။ သတိ၊ ဝီရိယ၊ သမာဓိနဲ့ ကြိုးစား ဖော်ထုတ်လို့ရတဲ့ ဉာဏ်ကိုလည်း ဖန်တီး ဉာဏ်ပညာ၊ အတိုးအပွား ဉာဏ်ပညာလို့ပဲ ဆိုရပါတယ်။ အရေးကြုံရင် ဒါကိုပဲ အားကိုးပြီး အသုံးချရမှာပါ။

## ၄။ ဆင်္ခြုံးဖြင့်စ လူ့ဘဝ

- **ပူ၍မဆုံး၊ ဆင်းရဲတုံး၊ အရှုံးဖြင့်ပင် စခဲ့ပါ။**
- **တွန်းကြ တိုက်ကြ၊ လူ့ဘဝ၊ ဒုက္ခမျိုးစုံတာ။**
- **အများမကူ၊ ဆွဲမထူငြား၊ ပစ်၍ထား၊ လူလားမမြောက်ပါ။**
- **အများကြည့်ရှု၊ ပေါင်းစုကူညီ၊ လူ့စွမ်းရည်တိုး၊ လူ့တန်ခိုး၊ တန်ဖိုးတက်နိုင်ပါ။**
- **အရှုံးဖြင့်စ၊ လူ့ဘဝမှာ၊ ဗိုင်းကူပါလျှင်၊ တတ်အောင်သင်၊ အောင်မြင်တိုးတက်မှာ။**

မိမိတို့အားလုံး အရင်ဘဝကနေ ဒီဘဝကို ရောက်လာကြတာပါ။ ပါလာတဲ့ အကုသိုလ်ကံတွေကို ကုသိုလ်ကံတွေက အနိုင်ရလို့ လူ ဖြစ်လာကြတာဖြစ်တယ်။ ဒါပေမယ့် သံသရာကို ချုပ်ကိုင်ထားတဲ့ အဝိဇ္ဇာ တဏှာ ကြိုးတန်းကို ကိုင်ပြီး မှောင်နဲ့မည်းမည်း လာခဲ့ရတယ်။ သံသရာလမ်းခရီးကြမ်းထဲမှာ အို၊ နာ၊ သေ၊ ဆင်းရဲမျိုးစုံနဲ့ မရှုမလှ နပန်းလုံးခဲ့ရတယ်။ နောက်ဆုံးတော့ ကိုယ်ကပဲ မချိမဆန့် ဆန့်ငင်ဆန့်ငင်နဲ့ အရှုံးပေးခဲ့ရတယ်။ မတတ်သာလွန်းလို့ အရှုံးပေးရဖန်များတော့ ခဲမကျေစိတ်တွေနဲ့ အံကြိတ်ပြီး လာခဲ့ရတာ။ လောဘ၊ ဒေါသ၊ မောဟ ဆူး ၃-ချောင်းပေါ် တက်နင်းမိပြီး ဆူး အတန်တန်စူးလို့ မချိမဆန့် ပင်ပန်းကြီးစွာနဲ့ ပူပူလောင်လောင် လာခဲ့ရတာ။


www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အပူအရှုပ် ကြိုးတန်းလန်းနဲ့ လာခဲ့ရတာလည်းတစ်ကြောင်း၊ ဆင်းရဲမျိုးစုံနဲ့ နပန်းလုံးခဲ့ရလို့ နောက်ဆုံး အရှုံးပေးခဲ့ရတာလည်းတစ်ကြောင်း၊ ဆူးပေါ်တက်နင်းမိလို့ ဆူးဒဏ်ရာတွေနဲ့ မချိမဆန့် လာခဲ့ရတာလည်း တစ်ကြောင်းတို့ကြောင့် အသိဉာဏ်တွေ ဆက်သွယ်ရေး ပြတ်သွားတယ်။ အရင်ဘဝတွေက ပညာရှိ အခေါ်ခံရသူတွေတောင် ဒီလို အခက်အခဲတွေကြောင့် အသိဉာဏ် ဆက်သွယ်ရေး ပြတ်သွားတယ်။ ပညာသိ မပြောနဲ့တော့၊ သညာသိတောင် မရှိတော့ဘူး။ စိတ်သိ၊ ဝိညာဏ်သိဆိုတဲ့ အသိနည်းနည်းလေး မှုန်ဝါးဝါးလေးပဲ ကျန်တော့တယ်။ ဒါကြောင့် 'အူဝဲအူဝဲ'နဲ့ ဒုက္ခသည် အရှုံးသမားပုံစံနဲ့ ဖွားလာရတယ်။ အဝိဇ္ဇာ တဏှာ ကြိုးတန်းလန်းနဲ့ လာခဲ့ရတော့ အမြင်ခရီးသည်မဟုတ်ဘဲ အထင်ခရီးသည် ဖြစ်နေတယ်။ အထင်နဲ့ ရမ်းဆပြီး လုပ်မိရင် ဘဝစာမေးပွဲ ရှုံးလို့ ဒုက္ခရောက်ရတတ်ပါတယ်။

အဝိဇ္ဇာ တဏှာ ကြိုးတန်းလန်းနဲ့ လာခဲ့ရလို့ပဲ ကိုယ့်ကြိုးနဲ့ကိုယ် ရစ်ပတ်ပြီး ရှုပ်ယှက်ခတ်၊ ကယောင်ကတမ်း ချာချာလည် ပြေးနေရတတ်တယ်။

လူ့ဘဝမှာ စာမေးပွဲရှုံးသူပုံစံနဲ့ စခဲ့ကြရတာချည်းပဲ။ 'ကျွန်တော် လူပါခင်ဗျာ၊ ကျွန်မ လူတစ်ယောက်ပါ'လို့ အောင်မြင်သူတစ်ယောက်ရဲ့ပုံစံနဲ့ အောင်လံ စိုက်ထူပြီး ပြုံးပြုံးလေး လာခဲ့ကြတာ မဟုတ်ဘူး။ အရင်ဘဝက သူများတွေကို နားလည်တတ်မြောက်အောင် သင်ပြလမ်းညွှန်ပေးခဲ့တဲ့ ပညာရှိကြီးပါလို့ ပြောရင်တောင် ယုံစရာ မရှိတော့ဘူး။ တစ်ခါတည်း အသိဉာဏ်တွေ သုညဖြစ်သွားတယ်။ တစ်အိမ်လုံး ဘာမှမကျန်ဘဲ အားလုံး ပြောင်ခါသွားအောင် မီးလောင်ခံရသူဟာ မေတ္တာ၊ ကရုဏာအားကြီးတဲ့ ပရဟိတ စေတနာရှင်တွေရဲ့ အကူအညီနဲ့ ပြန်လည်ထူထောင်ရသလို ဆင်းရဲ အပူတွေ ကြိတ်ချေတာခံရလို့ အသိတွေ သုညဖြစ်သွားတဲ့ ဒုက္ခသည် အရှုံးသမားလေးဟာလည်း မိဘ၊ ဆရာစတဲ့ ဘဝသင်တန်း နည်းပြဆရာတွေရဲ့ အကူအညီနဲ့ အသိဉာဏ်ကို ပြန်ဖော်ထုတ်ရပါတယ်။

လူ့ဘဝမှာ အတွန်းအတိုက်တွေကလည်း သိပ်ပေါတယ်။ နေပူကြီးထဲ ထီး၊ ဖိနပ်မပါဘဲ သွားရင် လူးလိမ့် နေရလောက်အောင် ဆွေ့ဆွေ့ခုန် ပူရသလို တရားအခုအခံမရှိရင် တကယ် လူးလိမ့်ရလောက်အောင် ပူလွန်းလှလို့ ဘဝစာမေးပွဲမှာ သုညချည်းရပြီး ကျရှုံးရဖို့ သေချာတယ်။ အတွန်းအတိုက် မေးခွန်းတွေ ပေါလို့လည်း ဘဝစာမေးပွဲ အောင် အောင် ဖြေနေရတာ၊ အသက်ကြီးလာလေ ဆင်းရဲအပူရဲ့ နယ်ပယ်က ကျယ်ဝန်းလာလေ၊ အသက်ကြီးလာလေ အတွန်းအတိုက် ပေါလာလေပဲ။ သစ်ပင်များလိုပဲ။ မျိုးစေ့ထဲက ထွက်ခါစ ပေါက်ခါစ သစ်ပင်လေးတွေ လေတိုက်ခံရတာ သက်သာတယ်။ ကြီးလာလေ လေတိုက်ခံရလေ၊ မြင့်လာလေ လေများများ တိုက်ခံရလေပဲ။ လူ့ဘဝလည်း ဒီအတိုင်းပဲ။ ကြီးလေ လောကဓံလေ ဒုက္ခလေ အတိုက်ခံရလေ၊ ကြီးလေ အတွန်းအတိုက်များလေ၊ အတွန်းအတိုက်များလွန်းလို့ တစ်ချို့ဆိုရင် ဖုံးဖုံး လဲသွားတာ၊ ထူလို့ မရအောင် လဲသွားသူတွေရှိတယ်။

လူဆိုတာ ကိုယ်တစ်ယောက်တည်း ကိုယ့်ဟာကိုယ် ကြီးလို့မရဘူး။ ပတ်ဝန်းကျင် အများရဲ့ အကူအညီနဲ့ ကြီးရတယ်။ မိဘစတဲ့ ဘဝ သင်တန်းနည်းပြဆရာတွေရဲ့ အကူအညီကို ရမှ ကြီးနိုင်တယ်။ အစက ရှုံးခဲ့တဲ့ ဘဝ စာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ဖို့ ဘဝသင်တန်း နည်းပြဆရာတွေရဲ့ နည်းပေးလမ်းပြ သွန်သင်ညွှန်ကြားမှုကို အများကြီးရအောင် ယူရတယ်။ ဖွားမြင်လာပြီးတဲ့ သားငယ်၊ သမီးငယ်ကို မိဘတွေက မကူညီဘဲ 'ကဲ . . သားတို့ သမီးတို့ အဖေတို့ အမေတို့က ဖွားမြင်ပေးလိုက်ကြပြီ၊ အဖေတို့ အမေတို့ရဲ့ တာဝန်ကျေပြီ၊ ကိုယ့်ဟာကိုယ် သွားကြ၊ ကိုယ့်ဟာကိုယ် ရှာစားကြ' လို့ ပစ်ထားလိုက်ရင် ဘယ်လိုနည်းနဲ့မှ လူလားမမြောက်တော့ဘဲ ပျက်စီးသွားကြမှာပါ။

မိဘစတဲ့ ဆွေမျိုးတွေ ဘဝသင်တန်း နည်းပြဆရာတွေက ဝိုင်းအုံ ဖေးမကူညီ စောင့်ရှောက်ပေးကြမှ လူလားမြောက်နိုင်ကြမယ်။ လူ့စွမ်းရည်တွေ အဆင့်ဆင့် တိုးလာနိုင်ကြမယ်။ လူ့အရှိန်အဝါ တန်ခိုးတွေ တက်လာနိုင်ကြမယ်။ အသိတွေကြွယ်ပြီး လူ့တန်ဖိုးတွေ မြင့်မားလာနိုင်ကြမယ်။ အများ ကူညီမှ လူပီသနိုင်ကြမယ်။ လူ့ အရည်အချင်းတွေ ပြန်ပေါ်လာနိုင်ကြမယ်။

အများမကူ ဆွဲမထူရင် ဘယ်သူမှ လူ မပီသနိုင်ပါဘူး။ ဖွားမြင်တုန်းက ပါလာခဲ့တဲ့ ခြေ၊ လက်၊ အင်္ဂါ အစိတ်အပိုင်းများ သုံးစွဲတတ်ဖို့တောင် အများက ကူညီဖေးမ သင်ပြပေးကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၅။ အဝတို့ သူညတ ပြန်စရို့

- အပူနှင့်တွဲ၊ ဆင်းရဲမျိုးစုံ၊ ဝိုင်း၍အုံ၊ စုပြုံနှိပ်စက်သည်။
- ကိုယ်စိတ်ညှိုးနွမ်း၊ အမြင်ကန်းကာ၊ပင်ပန်းရှာသဲ၊ အားမရှိ၊ အသိပျောက်ခဲ့သည်။
- လူ၏ဘဝ၊ သုညက၊ ပြန်စနိုင်မှ တိုးတက်မည်။

ဖွားမြင်ကာစ သားလေးတွေ သမီးလေးတွေမှာ အပူတွဲတဲ့ဆင်းရဲမျိုးစုံရဲ့ ဝိုင်းအုံ စုပြုံ နှိပ်စက်တာကို ခံလိုက်ရလို့ ကိုယ်စိတ် ညှိုးနွမ်းပင်ပန်းကြရရှာတယ်။ အင်အားတွေ ချိနဲ့သွားရုံသာမက အမြင်တွေ ကန်းပြီး အသိတွေ ပျောက်ဆုံးကုန်တယ်။ အသိတွေ ဗလာသုည ဖြစ်သွားကြရတယ်။ ပညာသိ လုံးဝ ပျောက်ကွယ်သွားတယ်။ သညာသိတောင် မပြည့်စုံတော့ဘူး။ စိတ်သိ၊ ဝိညာဏ်သိဆိုတဲ့ အသိတည်းတည်းလေးပဲ ကျန်တော့တယ်။

ဖွားမြင်ပြီးကာစကဆိုရင် မိဘတွေမှာ 'ဟဲ့ ငါ့သားလေး၊ ဟဲ့ ငါ့သမီးလေး လူမှ ဟုတ်ရဲ့လားဟဲ့၊ ဘာမှလည်း မသိနားမလည်တော့ပါလား၊ အသိတွေ သုည ဖြစ်ကုန်ပါပြီကော၊ လူမဟုတ်ဘူး ထင်တယ်' လို့ သံသယ ဖြစ်စရာပဲ။ သညာသိမစုံသေးလို့ ဖွားမြင်ကာစအရွယ်မှာ စကားပြောသင်လို့ မရသေးဘူး။ လမ်းသွား သင်လို့လည်း မရသေးဘူး။ သိပ်ပင်ပန်းနေသေးတယ်။ သညာသိ အား မကောင်းသေးဘူး။ အသိတွေ ဖော်လို့ မပေါ်သေးဘူး။

နောက်တော့ တစ်စတစ်စ အပန်းပြေလာလို့ သညာသိလေးတွေ ဖော်လို့ရလာတယ်။ အဲဒီတော့မှ စကားပြော သင်လို့ ရလာတယ်။ လမ်းသွား သင်လို့ ဖြစ်လာတယ်။ သိသင့်တဲ့ လောကအသိလေးတွေ သိအောင် သင်ပြပေးလို့ ရလာတယ်။ သညာသိ အား ကောင်းလာတာနဲ့ မိဘစတဲ့ ဘဝသင်တန်း နည်းပြဆရာတွေက ဘဝအခြေခံအသိတွေ တတ်မြောက်နားလည်လာအောင် နှုတ်နဲ့ တတွတ်တွတ် မပျင်းမရိ သင်ပြ ပေးနေကြရတယ်။ ကိုယ်သိထားသမျှတော့ အကုန် သင်ပေးရတာပေါ့။

နောက်ပိုင်း ပညာသင်ရမယ့်အရွယ် ရောက်လာတော့ ပညာသက်သက် သင်ပေးတဲ့ ဆရာတွေ လက်ထဲမှာ လောကပညာ သင်ဖို့ သားသမီးတွေကို အပ်လိုက်တယ်။ ကျောင်းရောက်တော့ ဆရာတွေက အများအားဖြင့် ဝ-လုံးက စ သင်ပေးကြတယ်။ သူတို့ကတော့ လွယ်တဲ့နေရာက စ သင်ပေးတာဖြစ်မှာပါ။ ဝ-လုံးဆိုတော့ မှတ်ရ၊ ရေးရတာ လွယ်တယ်။ အက္ခရာ ပြောင်းလဲရတာ လွယ်တယ်။ ဘယ်လို ပူးလိုက်ရင် ဘာဖြစ်သွားတယ်၊ ဘယ်ဘက်က ဘာကို ဖွဲ့လိုက်ရင် ဘယ်လိုဖြစ်သွားတယ်၊ ဘယ်နားက ဘာထည့်လိုက်ရင် ဘာဖြစ်သွားတယ်လို့ အက္ခရာ ပြောင်းလဲလိုက်ရုံပဲ။

တရားဖက်က ကြည့်ရင်တော့ ဘဝကို သုညက ပြန်စတယ်လို့ ဆိုနိုင်တယ်။ ဝ-လုံးဆိုတာ သုညပဲလေ။ 'ကဲ . . သားတို့ သမီးတို့ရေ ဘဝကို သုညက ပြန်စကြစို့ကွယ်' ဆိုတဲ့ သဘောမျိုးပေါ့။ ဒီလိုဆိုရင် ကလေးတွေက 'ကျွန်တော်တို့ ကျွန်မတို့မှာ အရင်ဘဝက ၁၀-တန်းအောင်ပြီးသားတွေပါ၊ ဒီဘဝမှာ တက္ကသိုလ်ကစပြီး တက်ပါရစေ' လို့ ပြောချင်လည်း ပြောမယ်ပေါ့' 'ဩော် . . သားတို့ သမီးတို့မှာ တက္ကသိုလ် အရည်အချင်း မပြောနဲ့၊ သူငယ်တန်း အရည်အချင်းတောင် မရှိတော့ဘူး၊ သံသရာခရီးကြမ်းကို ဖြတ်သန်းခဲ့ရတာ အသိတွေ ပျောက်သွားကုန်လို့ အရင်ဘဝနှင့် ဆက်သွယ်ရေး ပြတ်သွားလို့ အသိတွေ သုညဖြစ်သွားပြီ၊ သုညကပဲ ပြန်စရအောင်ပါ' လို့ ဆိုတဲ့အနေနဲ့ ဝ-လုံးက စသင်ပေးတယ်လို့ တရားဘက်က ပြောရင်ရပါတယ်။

အဲဒီလိုနဲ့ ဆရာတွေက လောကပညာတွေ သင်ပေးလိုက်ကြတာ၊ သားသမီးတွေမှာ တစ်စတစ်စ အတန်းတွေ ရလို့ ၁၀-တန်းထိအောင်၊ တက္ကသိုလ် ပညာဆက်သင်၊ ဘွဲ့တွေများ ရသွားကြတယ်။ ဘွဲ့ရတော့ အလုပ်တွေလည်း ရလို့ပေါ့။ ဘွဲ့ရလို့ အလုပ်ရတော့ ဘဝစာမေးပွဲ ဖြေဆိုတဲ့ကိစ္စ ပြီးပြီတဲ့လား။ မပြီးသေးဘူး။ လောကအတတ်ပညာလောက်နဲ့ မလောက်သေးဘူး။ လောကပညာ အသိဆိုတာ လောကအောက်က သွားဖို့ နေဖို့ လုပ်ကိုင်ဆောင်ရွက်ဖို့၊ လောကခိုင်းတာ လုပ်ဖို့၊ လောကနောက်က လိုက်ဖို့ လူ့ဘဝကို ခြေထောက် တပ်ပေးတဲ့အဆင့်ပဲ ရှိသေးတယ်။ လောကကို အနိုင်ယူပုံ နည်းစနစ် မဟုတ်သေးလို့ ဘဝထဲက လက်တွေ့စာမေးပွဲကို တကယ်အောင်မြင်အောင် မဖြေဆိုနိုင်သေးဘူး။ လက်တွေ့စာမေးပွဲ ဖြေဆိုနိုင်ဖို့ လောကကို အနိုင်ယူပုံ နည်းစနစ်ဖြစ်တဲ့ တရားအသိလည်း လိုသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


## ၆။ ဘဝနည်းပြသင်တန်း

- **တရားမပါ၊ လူ့ခန္ဓာ၊ ချမ်းသာ-အား-မပြည့်။**
- **အတောင်ကျိုးငြား၊ ငှက်အလား၊ စွမ်းအားဆုံးရှုံး၏။**
- **တရားပါငြား၊ လူ့စွမ်းအား၊ ထူးခြားမြင့်တက်၏။**
- **သင်ယူနာကြား၊ ဖတ်ရှုငြား၊ စဉ်းစား အမှန်သိ။**
- **တရားလေ့လာ၊ ဖြည့်ကျင့်ပါက၊ လူ့ဘဝထဲ၊ စာမေးပွဲ၊ မလွဲအောင်နိုင်၏။**

လောကပညာ အသိဆိုတာ သညာကို အခြေခံပြီး အပေါ်ယံ တည်ဆောက်ထားတာဖြစ်လို့ ကံအရှိ၊ ခန္ဓာရှိကို ထွင်းဖောက်မသိနိုင်ဘူး။ ဓမ္မပညာ အသိကတော့ သတိအခြေခံလို့ နက်နက်တူးပြီး တည်ဆောက်ထားတာ ဖြစ်တာကြောင့် ကံအရှိ၊ ခန္ဓာအရှိကို ထွင်းဖောက်သိနိုင်တယ်။ အသိအား စူးရှထက်မြက်တယ်။ လောကကို နိုင်တယ်။

ငှက်မှာ ခြေထောက်လည်း ရှိတယ်။ တောင်ပံလည်း ရှိတယ်။ ခြေထောက်ကို အခိုက်အတန့် သွားဖို့၊ လာဖို့၊ နားဖို့၊ နေဖို့ သုံးတာ၊ အရေးကြုံလာရင် တောင်ပံကို အားကိုးတယ်။ ရန်သူက နောက်ကနေ ခဲနဲ့၊ တုတ်နဲ့ ပစ်လာရင် ဖမ်းဆီးဖို့ လိုက်လာရင် ခြေထောက်နှစ်ဖက်နဲ့ ပြေးလို့ မလွတ်နိုင်ဘူး။ တောင်ပံနဲ့ ပျံမှ ဘေးရန်လွတ်နိုင်မယ်။ တောင်ပံနဲ့ပျံတော့လည်း ခြေထောက်နဲ့ အားယူရသေးတာ၊ အဝေးကို သွားမယ်ဆိုရင်လည်း ငှက်ဟာ တောင်ပံနဲ့ပဲ ပျံရတာ။

လောကအရှိနှင့် လောကအသိဆိုတဲ့ လူ့ခြေထောက်နှစ်ဖက်ကိုလည်း အခိုက်အတန့် သွားဖို့၊ နားဖို့၊ နေဖို့၊ စားဖို့၊ သောက်ဖို့ လုပ်ကိုင်ဆောင်ရွက်ဖို့ပဲ သုံးရတာပါ။ အရေးကြုံလာရင် တရားတောင်ပံကိုပဲ အားကိုးရတယ်။ အပူအရှုပ် အညစ်မျိုးစုံတွေ၊ ဆင်းရဲမျိုးစုံတွေ၊ ဘေးရန်အန္တရာယ် အနှောက်အယှက်မျိုးစုံ လောကဓံ အမျိုးမျိုးတွေ လိုက်လာတဲ့အခါ ခြေထောက်နှစ်ဖက်နဲ့ လွတ်အောင် မပြေးနိုင်ဘူး။ တရားတောင်ပံနဲ့ ပျံမှ လွတ်နိုင်မယ်။

နိုင်ငံခြားက တစ်ချို့လူတွေဟာ စိတ်ဆင်းရဲပူလောင်လာတဲ့အခါ ဖြေနည်းမသိတော့ တိုက် အမြင့်ပေါ်ကနေ အောက်ကို ခုန် ခုန် ချကြတယ်ဆိုပဲ။ ဒါမျိုးဟာ တောင်ပံကျိုးတဲ့လူတွေ လုပ်တဲ့အလုပ်ပါ။ စိတ်ညစ် စိတ်ရှုပ်လာရင် အရက်သောက်ကြ၊ မူးယစ်ဆေးဝါးတွေ သုံးစွဲကြတာဟာလည်း တောင်ပံကျိုးသူတွေ လုပ်တဲ့အလုပ် ဖြစ်တယ်။ ခြေထောက်နှစ်ဖက် သန်မာပေမယ့် တောင်ပံကျိုးတော့ ဟိုတိုး ဒီတိုက်ပေါ့။ တောင်ပံပါသူ၊ ကောင်းသူတွေက ဒါမျိုး မလုပ်ပါဘူး။

ငှက်ဟာ အဝေးကို တောင်ပံနဲ့ ပျံသလို လူလည်း နိဗ္ဗာန်ထိသွားရမယ့် အနာဂတ်ကာလ နောက်ဘဝ အဝေးကို တရားတောင်ပံနဲ့ ပျံသွားနိုင်မှ စိတ်ချရမယ်။ တရားအသိဆိုတာ လောက အပူဆင်းရဲ အပေါ်က လွှမ်းမိုးပျံသန်းနိုင်တာဖြစ်လို့ လူ့တောင်ပံပါပဲ။

လောကအပေါ် လွှမ်းမိုးပျံသန်းနိုင်ဖို့ ဘဝထဲက လက်တွေ့စာမေးပွဲကို အောင်မြင်အောင် ဖြေဆိုနိုင်ဖို့ တရားအသိပညာကို အရ ယူနေရမယ်။ သင်ယူ နာကြား ဖတ်ရှု လေ့လာရင် တရားအသိ ရနိုင်တယ်။ သိလာတော့ လက်တွေ့ကျင့်သုံးပြီး ဘဝစာမေးပွဲကို အောင်အောင်မြင်မြင် ဖြေဆိုနိုင်မှာပေါ့။

ကျောင်းတွေမှာ တစ်တန်းပြီးတစ်တန်း ဖြေဆိုနေကြတာက စာတွေ့စာမေးပွဲတွေ၊ တကယ့် စာမေးပွဲကြီးတွေ မဟုတ်သေးဘူး။ လက်တွေ့ ဘဝစာမေးပွဲ ဖြေဆိုနိုင်ဖို့ စာတွေ့နဲ့ လေ့ကျင့်နေကြတာ၊ တကယ့် လက်တွေ့စာမေးပွဲကို လောကအလုပ်တွေကြားထဲမှာ တကယ်ဖြေရမှာ၊ ဖြေနိုင်အောင် သင်ယူနာကြား လေ့လာတဲ့အနေနဲ့ ဘဝနည်းပြသင်တန်းတွေ တက်ပေးရမှာ။

စာတွေ့စာမေးပွဲကို နေ့ရက်၊ အချိန်၊ နေရာ ဘာသာရပ်အလိုက် ကန့်သတ်ဖြေရပေမယ့် လက်တွေ့စာမေးပွဲကိုတော့ တစ်သက်လုံး နေ့တိုင်း၊ အချိန်တိုင်း၊ နေရာတိုင်း၊ အလုပ်တိုင်း ဖြေနေရမှာပါ။ အကန့်အသတ် မရှိပါဘူး။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တံခါး ၆-ပေါက်ကနေပြီး နေ့တိုင်း မေးခွန်းထုတ်နေတယ်။ 'ဘယ်လိုလဲ' 'ဘာရလိုက်သလဲ' စတဲ့ မေးခွန်းတွေပေါ့။ လက်တွေ့စာမေးပွဲ မေးခွန်းတွေက စာရွက်ထဲ ရေးပြီး မေးတဲ့မေးခွန်း မဟုတ်တော့ မေးခွန်းကို မျက်စိနဲ့လည်း မမြင်ရဘူး။ နှုတ်နဲ့ အသံထုတ်မေးတဲ့



www.burmeseclassic.com

www.burmeseclassic.com


မေးခွန်းမဟုတ်တော့ နားနဲ့လည်း မကြားရဘူး။ တရားသဘောနဲ့ မေးတဲ့မေးခွန်းတွေသာ ဖြစ်တာကြောင့် ကျွမ်းကျင်တဲ့ တရားအသိဉာဏ်ရှိမှပဲ မေးခွန်းကို သိမြင်နားလည် သဘောပေါက်ပြီး အောင်မြင်အောင် ဖြေနိုင်မှာ ဖြစ်တယ်။ ဖြေတော့ ဉာဏ်နဲ့ပဲ ဖြေရမယ်။ လက်တွေ့ အလုပ်လုပ်ပြလို့လည်း ဖြေပြရမယ်။

ပညာအရည်အချင်း မရှိရင်တော့ ဘဝစာမေးပွဲရှုံးမှာပဲ။ 'မရှိတော့လည်း ဆင်းရဲတယ်ဗျာ၊ ရှိတော့လည်း တယ်ဒုက္ခရောက်ပါလား' ဆိုတာမျိုးတွေဟာ စာမေးပွဲရှုံးသူရဲ့ အသံတွေပဲ။ စိတ်ညစ် စိတ်ရှုပ်နေရတာတွေ၊ စိတ်ပျက် စိတ်ဆင်းရဲနေရတာတွေ၊ ပြဿနာ တစ်ခုပြီးတစ်ခု ရင်ဆိုင်နေရ၊ ပူလောင်နေရသူတွေ အားလုံးဟာ လက်တွေ့ဘဝစာမေးပွဲ ရှုံးနေကြသူတွေချည်းပဲ။ အောင် အောင် ဖြေတတ်ဖို့ ဘဝနည်းပြသင်တန်း တက်ပေးမှဖြစ်မယ်။

ကိုတိုးနှင့်မမိုးဆိုတဲ့ ဇနီးမောင်နှံနှစ်ယောက်ဟာ ဝါတွင်းမှာ တစ်လှည့်စီ ကျောင်းသွား၊ ဥပုသ်စောင့်၊ တရားနာ၊ တရားအားထုတ်ပြီး မိုးချုပ်မှ အိမ်ပြန်လေ့ရှိတယ်။ တစ်ယောက်တစ်လှည့် အိမ်စောင့်ကြတယ်။ တစ်ချိန်တော့ မမိုးက အိမ်စောင့်အလှည့်၊ ကိုတိုးက ကျောင်းသွား၊ ဥပုသ်စောင့်၊ တရားနာအလှည့်၊ မိုးချုပ်မှ အိမ်ပြန်မှာပေါ့။

မမိုးအိမ်စောင့်တော့ ကိုတိုးရဲ့မိတ်ဆွေတွေ အိမ်ကိုလာတာ ကိုတိုးနှင့် မတွေ့ကြလို့ မေးကြတယ်။

'မမိုး၊ ကိုတိုး ဘယ်သွားလဲ'

'သင်တန်းသွားတက်တယ်'

တရားနာသွားတာကို တရားနာသွားတယ်လို့ မပြောဘူး။ သင်တန်းသွားတတ်တယ်လို့ ပြောတယ်။

'ဘာသင်တန်းသွားတက်တာလဲ မမိုး'

'ဘဝနည်းပြသင်တန်းတဲ့'

'ဘာတွေ သင်ပေး တာလဲ'

'ထမင်းစားနည်းသင်ပေးတယ်'

'မမိုးရယ် ထမင်းစားနည်း သင်ဖို့လိုသေးသလား'

'လိုတာပေါ့၊ အကုန်စာရင်းပြပြီး ဘဝစာမေး ပွဲရှုံးသူပုံစံနဲ့ အရှုံးခံပြီး မစားရဘူးတဲ့၊ သီလ၊ သမာဓိ၊ ဝိပဿနာတရား အရစာရင်းပြပြီး အောင်မြင်သူပုံစံနဲ့ စားရမှာတဲ့၊ မိသားစု ထမင်းကျွေးနည်း သင်တန်းကို ကိုတိုး သွားတက်နေတယ်၊ ကိုယ့်မိသားစု ကျွေးတဲ့အခါ အကုန်စာရင်းပြပြီး ပူပူလောင်လောင် မကျွေးရဘူးတဲ့၊ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာအရ စာရင်းပြပြီး အောင်မြင်သူပုံစံနဲ့ ပြုံးပြုံးလေး အေးအေးချမ်းချမ်း ကျွေးရမှာတဲ့'

'ကိုတိုး အရောင်းအဝယ်လုပ်နည်း သင်တန်း သွားတက်တယ်၊ ရောင်းဝယ်တဲ့အခါ ပိုက်ဆံ ရရုံလေး ရောင်းဝယ်ရမှာ မဟုတ်ဘူးတဲ့၊ တစ်ပါတည်း ဒါန၊ သီလ၊ ဘာဝနာ ပါသွားအောင် ရောင်းရ၊ ဝယ်ရမှာတဲ့'

'ကိုတိုး ရုံးအလုပ် လုပ်နည်း သွားသင်နေတယ်၊ ရုံးအလုပ် လုပ်တဲ့အခါ အချိန်ကုန်ရုံလေး၊ လခရရုံလေး၊ မလုပ်ရဘူးတဲ့၊ သီလ၊ သမာဓိ၊ ဝိပဿနာ တစ်ပါတည်းရအောင် အရစာရင်းပြပြီး အောင်မြင်သူပုံစံနဲ့ လုပ်ရမှာတဲ့'

'ကိုတိုး နာနည်း သင်တန်း သွားတက်နေတယ်၊ နေမကောင်းတဲ့အခါ ဒီအတိုင်း ရှုံ့မဲ့ ညည်းတွား မနေရဘူးတဲ့၊ သတိဉာဏ်နဲ့ တရားစွမ်းအားတွေအရယူလို့၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ဉာဏ်နဲ့ ကြည့်ရှု သုံးသပ်လို့ အောင်မြင်သူပုံစံနဲ့ နာရမှာတဲ့၊ သိနာ၊ မသိနာ နှစ်မျိုးမှာ မသိနာပုံစံနဲ့ မရှုံးစေရဘူးတဲ့၊ သိနာပုံစံနဲ့ မြတ်အောင်၊ အောင်မြင်အောင် နာရမှာတဲ့'

'ကိုတိုးက သေနည်း သင်တန်းကိုပါ သွားတက်တယ်၊ ဘဝတစ်ခုလုံးမှာ ဘယ်လိုမေးခွန်းတွေပဲ လာလာ အကုန်လုံးအောင် အောင် ဖြေတတ်ဖို့ ဘဝနည်းပြသင်တန်း သွားတက်နေတယ်'

မမိုးက အရင့်အရင် ဥပုသ်နေ့တွေတုန်းက သူကိုယ်တိုင် သင်တန်းသွားတက်ပြီး အိမ်ထဲမှာ အောင်မြင်သူ ပုံစံနဲ့ လက်တွေ့ အသုံးချနေတာဆိုတော့ ရေရေလည်လည် ပြောပြတတ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com


တရားနာတာဟာ ဘဝနည်းပြ သင်တန်းတက်တာ၊ မသိသေးတာသိအောင်၊ သိပြီးသားတွေ သတိပေါ်လာအောင်၊ အသိတွေ နောက်ကျမသွားရအောင်၊ သင်တန်းမတက်လို့ မဖြစ်ဘူး၊ တက်ရမှာပဲ။ ကိုယ့်အတွက် ပေးထားတဲ့ ဘဝသက်တမ်းတစ်ခုက ကြာမှ မကြာဘဲ။ တစ်နေ့ ထမင်းနှစ်ထပ် မှန်မှန်ကျွေးပြီး သေရမယ့်ရက် ထိုင်စောင့်နေရုံနဲ့တော့ လူ့ဘဝ အရှုံးမခံသင့်ဘူး။ ဒီ လူ့ဘဝ ရဖို့ အတိတ်က ကုသိုလ်ကံ အရင်းအနှီး အများကြီး စိုက်ခဲ့ရတာ။ အမြတ်မရရင်တောင် အရင်းတော့ ပြန်ပေါ်မှ ကောင်းမယ်။ ဘဝထဲက လက်တွေ့စာမေးပွဲကို အောင် အောင် ဖြေနိုင်မှ အရင်းပြန်ရမယ်။ အမြတ်တွေပါ ပေါ်လာကြမယ်။

အလာတုန်းက မသိလို့ အရှုံးသမားပုံစံနဲ့ လာခဲ့ရပေမယ့် အောင်မြင်သူပုံစံနဲ့ ပြန်နိုင်အောင်၊ မပြန်သေးခင်လည်း အောင်မြင်သူပုံစံနဲ့ နေထိုင်တတ်အောင် လက်တွေ့တရားဖြည့်ကျင့်ပေးမှ ဖြစ်မယ်။ အောင်မြင်ဖို့ ပညာ အရည်အချင်း လိုပါတယ်။

ပညာဆိုတာ စစ်ဆေးတယ်။ စစ်ပေးတယ်။ အစစ်ကို ရွေးတယ်။ ဒါ ပညာရဲ့ အလုပ်၊ ဒါနလုပ်တော့ ဟုတ် မဟုတ်၊ ပကာသနတွေ ရော မရော၊ စေတနာ စစ် မစစ်၊ သီလ ကျင့်သုံးတော့ မှန် မမှန်၊ ဘာဝနာ ပွားတော့ စွမ်းအား ပြည့် မပြည့်၊ ဘာပဲလုပ်လုပ် ပညာက မှန်အောင် စစ်ဆေးပေးတယ်။

မြူမှုံတွေ မလိုအပ်တဲ့ အဖတ်အကာတွေ မပါဝင်ရအောင်၊ စင်ကြယ်အောင်၊ သောက်သုံးလို့ဖြစ်အောင် ရေစစ်နဲ့ ရေကို စစ်ပေးရသလို နိဗ္ဗာန်ထိ သယ်ဆောင်သွားရမယ့် ကောင်းမှုတွေ မလိုအပ်တာတွေ မပါရအောင် စင်ကြယ်သန့်ရှင်းသွားအောင် အားကိုးရမယ့် တရားစွမ်းအား အပြည့်ပါအောင် စစ်ဆေးပါတယ်။ ပညာက ကောင်းအောင် စစ်ပေးတယ်။

အယောင်ဆောင် အတုတွေ မပါဝင်ရအောင် အစစ်အမှန်တွေချည်းရအောင် ကြည့်ရှု သုံးသပ် ဆုံးဖြတ်ပြီး ရွေးချယ်ပေးတယ်။ ဒါမှလည်း လက်တွေ့ဘဝစာမေးပွဲကို အောင် အောင် ဖြေဆိုနိုင်မှာပါ။

## ၇။ နည်းလမ်း ၄–သွယ် ပညာကြွယ်
## (ပြဋ္ဌာန်းချက်စုံ အကုန်ကြိုးစား)

- **ပြဋ္ဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။**
- **အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။**
- **ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာဖွဲ့ရှိရ။**
- **အလုပ်လေးစား၊ ရိုသေငြား၊ စွမ်းအား လွန်တက်ကြွ။**
- **နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊ ခန့်ထည်(ထယ်) စွမ်းပြည့်ဝ။**
- **တရားလေ့လာ၊ ဖြည့်ကျင့်ပါက၊ လူ့ဘဝထဲ၊ စာမေးပွဲ၊ မလွဲအောင်နိုင်ကြ။**

ဗုဒ္ဓအောင်လက်မှတ် ဘွဲ့တံဆိပ်ကြီးကို ရရှိတော်မူတဲ့ မြတ်စွာဘုရားဟာ ပါရမီဖြည့်စဉ် အလောင်းတော်ဘဝက ဧကန် အောင်မြင်ဖို့အတွက် ပညာရေးလမ်းစဉ် လေးချက်ကို အတိအကျ လက်တွေ့ ကျင့်သုံးပြခဲ့ပါတယ်။ နည်းလမ်းလေးသွယ် ပညာကြွယ်လို့ ခေါ်ရမှာပေါ့။ နည်းလမ်းမှန်လို့ပဲ တွင်းပနှစ်တန် ဘေးရန်များစွာ အရာရာကို လုံးဝဥဿုံ အကုန်အစင် အောင်မြင်တော်မူပြီး ဗုဒ္ဓဧကန် ဖြစ်တော်မူခဲ့တာပါ။ လမ်းစဉ် လေးချက်ဆိုတာ -

(၁) ပြဋ္ဌာန်းချက်အားလုံး အကုန်ကြိုးစားရတယ်။

(၂) အဆက်မပြတ် မှန်မှန်ကြိုးစားရတယ်။

(၃) သတ်မှန်ချိန် မပြည့်မချင်း ဖွဲ့ရှိရှိ စွဲစွဲမြဲမြဲ ကြိုးစားရတယ်။

(၄) အလုပ်ကို လေးလေးစားစား တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုး ကြိုးစားရတယ်။

(၁) ပထမက ပြဋ္ဌာန်းချက်အားလုံး အကုန်ကြိုးစားရမယ်။ ဘုရားအလောင်းတော်ဟာ ဘုရားဖြစ်ကြောင်းဖြစ်တဲ့ ပြဋ္ဌာန်းချက် အားလုံးကို ကျေညက်အောင် ထုံနေအောင် အကုန် ကြိုးစားခဲ့ပါတယ်။ ပြဋ္ဌာန်းချက်တွေက အလွန်ခက်ခဲတဲ့ ပါရမီ ၁၀-ပါး၊ အပြား- ၃၀၊ စွန့်ခြင်းကြီး ၅-ပါး၊ စရိယာ ၃-ပါးတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဗဟိဒ္ဓ စည်းစိမ်ဥစ္စာတွေ၊ အဇ္ဈတ္တခန္ဓာ အစိတ်အပိုင်းတွေကို စွန့်လွှတ်အနစ်နာခံဖို့ ဆိုတာတော့ မပြောနဲ့တော့၊ အသက်ကိုတောင် အရေးအတွက်မထား၊ မငဲ့ကွက်ဘဲ အနစ်နာခံ စွန့်လွှတ်ရပါတယ်။ ဒီကဲ့ကဲ့လုပ်တဲ့ ပြဋ္ဌာန်းချက် လုပ်ငန်းတွေ တစ်ခုမကျန် အကုန်လုံး ဖြည့်ကျင့်ကြိုးစားခဲ့လို့ အောင်စရာ မှန်သမျှ အကုန်အောင်ပြီး ဘုရားဖြစ်ခဲ့တာပါ။

စာတွေ့စာမေးပွဲ ဖြေဆိုမယ့်ပုဂ္ဂိုလ်တွေလည်း ပြဋ္ဌာန်းချက်အားလုံး ကုန်အောင်ကြိုးစားရမယ်။ တစ်နှစ်တာ ကိုယ်နှင့် တန်ရုံလေး ပြဋ္ဌာန်းထားတာပဲ။ ခန္ဓာအစိတ်အပိုင်းတွေကို စွန့်စရာလည်း မပါ၊ အသက်ကို စွန့်စရာလည်း မပါ၊ ၆-ဘာသာ ပြဋ္ဌာန်းထားရင် ၆-ဘာသာလုံး၊ ၆-ဘာသာမှာလည်း ပြဋ္ဌာန်းစာအုပ် အားလုံးကုန်အောင်၊ စုံအောင် လေ့လာကြိုးစားရမယ်။ မှတ်စုဆိုတာတော့ ကျက်လို့ မှတ်လို့ လွယ်အောင် ထုတ်ချင်ထုတ်ပေါ့။ လေ့လာတာတော့ အားလုံးအကုန် လေ့လာရမှာပဲ။ တစ်မှတ် နှစ်မှတ် လိုလို့ တစ်ဘာသာ ရှုံးရင်လည်း ကျမှာပဲကိုး။ ဘုရားလောင်းဟာ အကုန်ကြိုးစားခဲ့လို့ သေချာပေါက် ဧကန် အောင်ခဲ့သလို ကိုယ်လည်း တကယ်အောင်ဖို့ အကုန်ကြိုးစားရမှာပါ။

သိတာလေးနဲ့တိုးလို့ အောင်တာကတော့ ကြက်ကန်းဆန်အိုး တိုးမိတာနှင့် တူမှာပဲ။ ကြက်ကန်းဟာ ဟိုဟိုဒီဒီ ရမ်းပြီး လျှောက်သွားလိုက်တော့ ဆန်အိုးနဲ့ တိုးမိလို့ ဆန်အဝစားရတယ်။ နောက်ထပ် ဆာလို့ စားမယ်ဆိုတော့ မရှာတတ်တော့ဘူး။ ကျွေးသူမရှိရင် ငတ်သေရုံပဲ ရှိတော့တယ်။ သိတာလေးနဲ့ တိုးလို့ အောင်ရုံနဲ့တော့ ဘဝထဲမှာ အသုံးမတည့်သေးဘူး။ စာမေးပွဲ အောင်လက်မှတ် ရရုံလောက်နဲ့ ဘဝထဲမှာ နေမဖြစ်သေးဘူး။ ကိုယ်မသိသေးတာတွေ အများကြီး ကျန်သေးတယ်။ တကယ့်စာမေးပွဲက ဘဝထဲမှာပါ။

ဘဝထဲမှာ လက်တွေ့စာမေးပွဲ ဖြေမယ့်ပုဂ္ဂိုလ်များလည်း လူ့ဘဝရဲ့ ပြဋ္ဌာန်းချက်အားလုံးကို ကုန်အောင်၊ စုံအောင် ကြိုးစားနေရမယ်။ ပြဋ္ဌာန်းချက်က ၄-မျိုးပါ။ (၁) ဒါနဘာသာရပ် (၂) သီလဘာသာရပ် (၃) သမာဓိဘာသာရပ် (၄) ဝိပဿနာဘာသာရပ်ပေါ့။

လုပ်စရာကောင်းမှုအားလုံး တူရာပေါင်းလိုက်ရင် ဒီလေးမျိုးထဲမှာ ပါဝင်သွားတယ်။ လောကမှာ ပြောနေကြတဲ့ 'ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ' စတဲ့ ဘာသာတွေက လိုရင်းမဟုတ်ဘူး။ ကောင်းမှုဆိုတဲ့ လူ့ဘာသာရပ် လေးခုက အဓိကပဲ။

လူမှန်ရင် လေးဘာသာ အောင်ရမယ်။ တစ်ဘာသာ ကျရင်လည်း အောင်မြင်သူစာရင်းထဲ ပါမှာ မဟုတ်ဘူး။ ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ်၊ ဘာသာမဲ့ပဲဖြစ်ဖြစ် ဘာသာရပ်လေးခုကို အောင်မြင်မှ နေတတ်မယ်၊ ဖြေတတ်မယ်၊ သေတတ်မယ်။ လူ့ဘဝရဲ့ နောက်ဆုံး ကိုယ်ပိုင်စာရင်းဆိုလို့ ဘာသာရပ်လေးခုဆိုတဲ့ ကောင်းမှုတစ်မျိုးတည်းပဲ ရှိတာ။ လူ့ဘဝရဲ့နောက်ဆုံး အသားတင်အမြတ်ကလည်း ဒါပဲရှိတာ။ 'မရှိတော့ ဆင်းရဲတယ်ဗျာ၊ ရှိတော့လည်း တယ် ဒုက္ခရောက်ပါလား' ဆိုတဲ့ အသံဟာ ဘဝစာမေးပွဲ ရှုံးသူရဲ့ အသံပဲ။ ခုကာလမှာ ဖြတ်ကနဲဆို တိုက်အမြင့်ပေါ်က ခုန်ချကြတာမျိုးတွေ၊ ထစ်ကနဲဆို အဆိပ် ထသောက်တာမျိုးတွေ၊ ကိုယ့်ဟာကိုယ် ရန်ရှာတာမျိုးတွေ၊ အရက်သေစာ မူးယစ်ထုံထိုင်းဆေး မှီဝဲ သုံးစွဲကြတာမျိုးတွေဟာ ဘဝစာမေးပွဲ ရှုံးသူတွေရဲ့အလုပ်တွေ ပုံစံတွေချည်းပဲ။

လူတွေပြောနေကြတဲ့ ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဆိုတဲ့ စကားသုံးခွန်းမှာ ပထမအရွယ်မှာ ပညာရှာရမယ်ဆိုတဲ့ စကားဟာ အများအားဖြင့် မှန်တယ်ပဲ ထားလိုက်ပါ။ တကယ်တော့ ပညာဟာ ရှာလို့ မကုန်နိုင်တာကြောင့် ဒုတိယအရွယ်၊ တတိယအရွယ်မှာလည်း လိုအပ်လာတိုင်း ပညာဟာ ဆက်ရှာနေရမှာပဲ။ ပထမအရွယ်မှာ ပညာရှာရမယ်ဆိုတဲ့ စကားဟာ ပုံသေ မဟုတ်ဘူး။ အများအားဖြင့်တော့ မှန်တယ်ပေါ့။

ဒုတိယအရွယ်မှာ စီးပွား ဥစ္စာရှာရမယ်ဆိုတဲ့ စကားလည်း အများအားဖြင့် မှန်တယ်ပဲ ထားပါ။ ဒါပေမယ့် ဘဝပေး အခြေအနေအရ ပထမအရွယ်ကလေးဘဝမှာပဲ စီးပွားရှာနေရသူတွေ၊ တတိယအရွယ် အဘိုးကြီး အဘွားကြီးဖြစ်မှ စီးပွားရေး လုပ်နေရသူတွေလည်း မနည်းလှပါဘူး။ စကားအနေနဲ့ သတ်မှတ်ထားပေမယ့် အလုပ်ကတော့ ဘဝအခြေအနေအပေါ် မူတည်တယ်ပေါ့။

တတိယအရွယ်မှာ တရားရှာရမယ်ဆိုတဲ့ စကားကိုတော့ ပုံသေ သတ်မှတ်ထားလို့မရဘူး။ သတ်မှတ်ထားဖို့လည်း မလိုဘူး။ တတိယအရွယ်ထိ အသက်ရှည်ရမယ်၊ နေရမယ်လို့လည်း ဘယ်သူမှ အာမ



www.burmeseclassic.com

www.burmeseclassic.com



မခံ တာဝန်မယူနိုင်ဘူး။ စိတ်ညစ်စရာ၊ စိတ်ရှုပ်စရာ ချဉ်ပေါက်လောက်အောင် စိတ်ပျက်စရာကောင်းတဲ့ လူမှုဒုက္ခ ဘဝပြဿနာတွေဟာလည်း တတိယအရွယ်ရောက်မှ တွေ့ရတာမဟုတ်ဘူး။ လူ့ဘဝ ရောက်လာကတည်းကစလို့ အရွယ်တိုင်း၊ အချိန်တိုင်း၊ နေရာတိုင်း ရှောင်မရအောင် တွေ့နိုင်တဲ့ အရာတွေချည်းပဲ။ ဒီအပူအရှုပ်တွေကို စုပ်ထုတ်ဖယ်ရှားပစ်နိုင်တာက ကောင်းမှုဆိုတဲ့ တရားတစ်ခုတည်းပဲ ရှိတာ။

တရားဆိုတာ လူ့အရှိန်အဝါ တန်ခိုးပါ။ အပူ အရှုပ် အဆိုးဟူသမျှကို တရားက အနိုင်ယူ လွှမ်းမိုးနိုင်တယ်။ အဆိုးကို နိုင်ဖို့ပဲ တရားအလုပ် လုပ်ရတာ၊ လူ့အဆိုးကလည်း မွေးဖွားကတည်းက 'အူဝဲ အူဝဲ' နဲ့ စခဲ့ပြီပဲ။ အဆိုးအားလုံး အနိုင်ယူဖို့ ဘဝစာမေးပွဲ အောင်ဖို့ ၄-ဘာသာလုံး အကုန် ကြိုးစားရမယ်။ သိအောင် လေ့လာရမယ်။ အလုပ်ဖြစ်အောင် လေ့ကျင့်ရမယ်။

## ၀၊ အကြားမရှိမှ စွမ်းအားပြည့်မယ်

- **အဆက်မပြတ်၊ သတိကပ်၊ မချွတ်တိုးအောင် ကြိုးစားလေ။**
- **ရှေ့နောက်အသိ၊ ဆက်စပ်ဘိ၊ အကြည့်မှန်ကန်စေ။**
- **မေးလေသမျှ၊ ဖြေနိုင်ကြ၊ မုချအောင်မြင်ပေ။**

ဒုတိယက အဆက်မပြတ် မှန်မှန်ကြိုးစားရမယ်။ ဘုရားအလောင်းတော်ဟာ နိယတ ဗျာဒိတ်ရတဲ့ နေ့က စလို့ အထွင့်အထိပ် မရောက်မချင်း တစ်ဘဝမှ အနားမယူဘဲ အကြားမရှိ အနားမရှိ ကြိုးစားခဲ့ပါတယ်။ ခက်ခဲတဲ့ အလုပ်တွေဖြစ်လို့ ရုပ်ပင်ပန်းဆင်းရဲပေမယ့် မဟာကရုဏာအစွမ်းနဲ့ ထုံထားတာဖြစ်တာကြောင့် စိတ် မပင်ပန်းပါဘူး။ ရှေ့အသိနှင့် နောက်အသိ ဆက်စပ်မိအောင် ရှေ့အသိက နောက်အသိကို ကျေးဇူး ပြုနေအောင်၊ ရှေ့စွမ်းရည်က နောက်စွမ်းရည်ကို အားဖြည့်ပေးနိုင်အောင် အဆက်မပြတ် ဖြည့်ကျင့်ခဲ့တာကြောင့် ကေန်အောင်မြင်ပြီး ဘုရားဖြစ်ခဲ့တာပါ။ ပြတ်တောင်း ပြတ်တောင်း လုပ်တာမဟုတ်ဘဲ အဆက်မပြတ် လုပ်တာဆိုတော့ စွမ်းအားက အံ့ဩစရာ ကောင်းလောက်အောင် တကယ်ပြည့်တာပါ။

စာတွေ့စာမေးပွဲ ဖြေမယ့်ပုဂ္ဂိုလ်တွေလည်း ပြဋ္ဌာန်းချက်ဘာသာရပ်တွေကို နေ့စဉ် အဆက်မပြတ် မှန်မှန် လေ့လာ ကြိုးစားရမယ်။ မလုပ်တစ်ချက်၊ လုပ်တစ်ချက် ပြတ်တောင်း ပြတ်တောင်း လုပ်နေရင် အသိချင်း စပ်မိမှာ မဟုတ်ဘူး။ ရပြီးသား အသိတွေ ပြန်ပျောက်ကုန်တတ်တယ်။ ရှေ့အသိ နောက်အသိ ကွင်းဆက်မမိဘဲ တော်တော်နဲ့ အရည်အချင်း မပြည့်နိုင်တော့ဘူး။ ဖြေတော့လည်း အမေးနောက်ကို အသိမှီအောင်မလိုက်နိုင်လို့ ကျရှုံးမှာပဲ။ ရှေ့အသိနှင့် နောက်အသိ၊ ရှေ့အရည်အချင်းနှင့် နောက်အရည်အချင်း အဆက်မပြတ် နေ့စဉ် ကြိုးစားမှ ပညာပြည့်ဝပြီး မေးသမျှ ဖြေနိုင်လို့ မုချ အောင်နိုင်မှာ ဖြစ်တယ်။

ဘဝထဲက လက်တွေ့စာမေးပွဲဖြေမယ့် ပုဂ္ဂိုလ်ဟာလည်း ၄-ဘာသာလုံး နေ့စဉ် အဆက်မပြတ် ကြိုးစားဖို့ လိုမှာပါ။ လက်တွေ့စာမေးပွဲဆိုတာ နေ့စဉ် လေ့လာရင်း လေ့ကျင့်ရင်းနဲ့ပဲ ဖြေနေရမှာ၊ စာတွေ့စာမေးပွဲလို စာမေးပွဲရက်ကို စောင့်မျှော်နေစရာ မလိုဘူး။ နေ့စဉ် စာမေးပွဲရက်တွေချည်းပဲ။ နေရာတိုင်း စာဖြေဌာနချည်းပဲ။ အချိန်တိုင်း စာမေးပွဲ ဖြေချိန်ချည်းပဲ။ အလုပ်တိုင်း စာမေးပွဲချည်းပဲ။

လက်တွေ့စာမေးပွဲအောင်ဖို့ ပညာအရည်အချင်း မြင့်မားအောင် လေ့လာရမယ်။ လေ့ကျင့်ရမယ်။ ဘယ်လောက် မြင့်မားရမလဲဆိုရင် အရှိအပေါ်က အသိ နေနိုင်လောက်အောင် မြင့်မားရမယ်။ လူဆိုတော့ လူနှင့် မကင်းနိုင်တဲ့ ပစ္စည်း၊ ဆွေမျိုး၊ အလုပ်တာဝန် စတဲ့ အရာတွေလည်း ရှိနေမှာပဲ။ ဘဝဆိုတော့ ခန္ဓာနှင့် ဒုက္ခတွေလည်း ရှောင်မရအောင် ရှိနေကြမှာပါ။ ပုထုဇဉ်ဆိုတော့ မကင်းနိုင်တဲ့ ကိလေသာလည်း ရှိနေမှာပေါ့။ ကိလေသာရှိရင် ကိလေသာရဲ့ နောက်လိုက်ဖြစ်တဲ့ အပူအရှုပ် အညစ်တွေလည်း ပါသင့်သလောက် ပါလာတော့မှာပေါ့။ အဲ့ဒီလို စတဲ့၊ မကင်းနိုင်တဲ့ အရှိတွေရဲ့အပေါ်က အသိနေနိုင်မှ လူ့ဘဝထဲက လက်တွေ့စာမေးပွဲကို ဖြေလိုက်တိုင်း အောင်မြင်နိုင်မှာပါ။

အရှိအပေါ်က အသိ နေနိုင်ဖို့ဆိုရင် အသိအပေါ်က သတိများများ နေနိုင်အောင် လေ့ကျင့်ပေးရမယ်။ လှေ၊ သမ္ဗာန်၊ မော်တော်၊ သင်္ဘောများဟာ လှော်ခတ်အား စက်အားလည်း ကောင်းမှ၊ ရေလည်းလုံမှ ရေပေါ်က သွားနိုင်ပြီး လူကို လိုရာရောက်အောင် သယ်ယူပို့ဆောင်ပေးနိုင်တယ်။ လှော်ခတ်အား၊ စက်အား ရပ်သွားရင် မျောသွားမယ်။ ဝမ်းဗိုက်ပေါက်လို့ ရေဝင်လာရင် မြုပ်သွားမယ်။ လှေ၊ သမ္ဗာန်၊ မော်တော်၊ သင်္ဘောတွေ ရေအောက် ရောက်သွားပြီး စီးလာတဲ့လူတွေ ဒုက္ခရောက်ကုန်မယ်။ ပါလာတဲ့ပစ္စည်းတွေ အကုန် ပျက်စီးကုန်မယ်။



www.burmeseclassic.com

www.burmeseclassic.com


လူလည်း သတိအားကောင်းမှ အသိလုံခြုံပြီး အရှိအပေါ်က အသိနေနိုင်လို့ လိုရာပန်းတိုင် ရောက်နိုင်မယ်။ အစစအရာရာ အောင်မြင်မယ်။ သတိအား ရပ်သွားရင် လူရော စိတ်ရော မျောသွားမယ်။ အသိတွေပေါက်ပြီး အရှိအောက် ရောက်သွားမယ်။ အရှိအောက်မှာ အသိတွေ မြုပ်သွားမယ်။ မွန်းကျပ်ပူလောင်ပြီး ဒုက္ခရောက်မှာပေါ့။ ဒါဆို အကုန်ရှုံးတော့မှာပဲ။

နေ့စဉ် မနက် အိပ်ရာထလာတာနဲ့ စိတ်ထဲမှာ ဘုရားအာရုံ၊ တရားအာရုံ ဖြတ်သန်းခွင့်ရမှ သတိပေါ်လာပြီး အရှိအပေါ်မှာ အသိနေနိုင်မှာဖြစ်တယ်။ ဘုရားတရား အာရုံကသာ ကိလေသာကို နိုင်တာဆိုတော့ ဘုရားတရား အာရုံနဲ့ပဲ စိတ်နှင့် ကိလေသာ ခွါခွါပေးရမယ်။ ကောင်းမှုတရားတွေ ဝင်လာနိုင်သည်ထိ ခွါခွါပေးရမှာဖြစ်တယ်။

## ၉။ နေ့တိုင်း ဘာသာစုံအောင်ရမယ်

- **နေ့စဉ်မှန်မှန်၊ သတိဉာဏ်သွင်း၊ သိုင်းကွက်နင်းကာ၊ ပူတာကိုရှောင်၊ ဖြူတာဆောင်၊ ကောင်းအောင် စိတ်ကို ထား။**
- **နေ့စဉ်လောက်လုံ၊ ဘာသာစုံ၊ အကုန်အောင်၍ အားရှိသွား။**

ပုထုဇဉ် လူ့ခန္ဓာမှာ အဆိုးဆုံးအရာက ဒုက္ခနှင့် ကိလေသာပါ။ ဆင်းရဲနှင့် အပူပေါ့။ အကောင်းဆုံး အရာကတော့ ကောင်းမှုတရားပါ။ အဆိုးဆုံးကို ဖြတ်ကျော် ရှောင်တိမ်းနိုင်မှ အကောင်းဆုံးနှင့် တွေ့နိုင်မယ်။ အဆိုးဆုံး နှစ်မျိုးမှာ ဆင်းရဲကို ရှောင်တိမ်းလို့မရဘူး။ ခဏ သက်သာရုံပဲ တတ်နိုင်တယ်။ အပူကိုတော့ ရှောင်တိမ်းလို့ ရတယ်။ 'အပ္ပမာဒေန သမ္မာဒေထ' ဆိုတဲ့စကားဟာ အပူကို ရှောင်တိမ်းပုံ နည်းစနစ်ပဲ။ သတိနှင့် ကိလေသာ တွဲမဖြစ်နိုင်ဘဲကိုး။ သတိပြောရင် ဉာဏ်လည်း ပါရောပေါ့။ အပူကို ရှောင်တိမ်းနိုင်တာနဲ့ ဆင်းရဲလည်း သတိဉာဏ်အောက်ကို ရောက်သွားတယ်။ သတိဉာဏ်နဲ့ ဆင်းရဲကိုပါ လွှမ်းမိုးသွားတယ်။ အတိုချုပ်တော့ အရှိကို အသိနဲ့ နိုင်သွားတယ်ပေါ့။

အပူ အရှုပ် အညစ်တွေ ပေါလှတဲ့ လူ့လောကထဲမှာ သတိဉာဏ်နဲ့ တရားသိုင်းကွက် နင်းပြီး အပူ အရှုပ် အညစ်တွေကို ရှောင်တိမ်းတတ်အောင် လေ့ကျင့်နေရမယ်။ ပြီးတော့ အကောင်းဆုံး တရားကို ရနိုင်တဲ့ လူ့ဘဝထဲမှာ သတိဉာဏ်နဲ့ပဲ တရားသိုင်းကွက်နင်းပြီး ဘဝအနှစ် အကောင်းဆုံးတရားတွေ ရအောင် နှိုက်ယူတတ်ဖို့ အထူး ကြိုးစား လေ့ကျင့်နေရမယ်။ နောက်ဆုံး ကိုယ်ပိုင်စာရင်းဆိုလို့ ဒါပဲ ကျန်မှာကိုး။ ဘဝတစ်ခုလုံးရဲ့ အနှစ်ချုပ်ကလည်း ဒါပဲ။ ဒါ့ကြောင့် နေ့တိုင်း မနက်အိပ်ရာ ထလာတာနဲ့ ဘုရားရှေ့မှာ စိတ်ကို အရင် သန့်စင်ပေးရမယ်။ စားဝတ်နေရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတာဝန်အားလုံးကို ၄-ဘာသာလုံး ဘောင်ဝင်အောင် သတိဉာဏ်နဲ့ တည့်မတ်ပေးရမယ်။ ခန္ဓာနှင့် ပစ္စည်းအားလုံးကို ဘဝစာမေးပွဲအတွက် လေ့လာဖို့ လေ့ကျင့်ဖို့ သင်ထောက်ကူ ပစ္စည်းတွေလို့ သဘောထားရမယ်။

လူ့ဘဝမှာ နေ့တိုင်း ကောင်းမှုတရား ရရှိတိုးပွားရေးဟာ အရေးအကြီးဆုံးကိစ္စ ဖြစ်တာကြောင့် နေ့စဉ်လုပ်နေတဲ့ အလုပ်အားလုံး ကောင်းမှုတရားနှင့် ပေါင်းမိအောင် သတိဉာဏ်နဲ့ ခေါင်းလှည့်ပေးရမယ်။ ဘယ်အလုပ်ပဲ လုပ် လုပ် ကုသိုလ်ဘက်ကို ခြေကန်ထားလို့ မဖြစ်ဘူး။ အမြဲ ခေါင်းလှည့်ထားဖို့ လိုမယ်။ သတိစွဲလို့ အသိမြဲရင် အရှိအပေါ်မှာ အသိ နေနိုင်တာဖြစ်တာကြောင့် ကုသိုလ်ဘက်ကို ခေါင်းလှည့်ထားလို့ ရပါတယ်။

နေ့စဉ်လုပ်နေရတဲ့ လူ့အလုပ်တွေက ရပ်ထားလို့လည်းမဖြစ်၊ နားလို့လည်း မဖြစ်တော့ လုပ်နေကျအလုပ်၊ တွေ့နေကျ အာရုံတွေထဲမှာပဲ မှီတဲ့နေရာက မှီရာကုသိုလ်ကို ဆွဲယူတတ်အောင် လေ့လာထားဖို့ လေ့ကျင့်နေဖို့လိုမယ်။ ရေစီးနေတဲ့မြစ်ကြီးထဲမှာ သစ်တုံးတွေ ထင်းတုံးတွေ မျောလာလို့ ဆယ်ယူလိုတဲ့ ကမ်းပေါ်က လူဟာ 'အိုမြစ်ကြီး၊ သစ်တုံးတွေ ထင်းတုံးတွေ ဆယ်ယူချင်လို့ ရေစီးတာ ခဏရပ်ပေးပါ' လို့ အရပ်ခိုင်းဖို့ ကိုယ့်အလုပ် မဟုတ်ဘူး။ အရပ်ခိုင်းလို့ ရမှာလည်း မဟုတ်ဘူး။ မော်တော်၊ လှေ၊ သမ္ဗာန်၊ ဗျူးတောင်းနဲ့ စီးနေတဲ့ မြစ်ရေထဲ ကူးခတ်လို့ပဲ ဖြစ်ဖြစ်၊ လက်ပစ်ကူးတတ်ရင် လက်နဲ့ကူးလို့ပဲ ဖြစ်ဖြစ်၊ မှီရာ သစ်တုံး၊ ထင်းတုံးကို ဆယ်ယူဖို့သာ ကိုယ့်အလုပ်ပါ။ နေ့စဉ် လုပ်ကိုင် တွေ့ကြုံနေရတဲ့ လုပ်ငန်းကိစ္စတွေထဲမှာ မရပ်မနား ရုန်းကန်လှုပ်ရှားနေရတဲ့ ဘဝ ရေစီးကြောင်းထဲမှာ သတိဉာဏ်နဲ့ ကူးခတ်ပြီး မှီရာ ကောင်းမှုတရားကို ဆွဲယူဖို့သာ ကိုယ့်အလုပ်ဖြစ်တယ်။ အားချိန် စောင့်နေဖို့ဟာ ကိုယ့်အလုပ်မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နည်း မသိသေးရင် ဖတ်ရှုနာကြား မေးမြန်းလေ့လာပေ့ါ။ နည်း သိတာနဲ့ အချိန်မဆိုင်းဘဲ လက်တွေ့ လေ့ကျင့်စမ်းကြည့်ပေ့ါ။ ကိုယ့်အသိဟာ ကိုယ့်အလုပ်ထဲ ချကြည့်လိုက်ရင် အားကိုးစရာ တရားစွမ်းအား ပေါ်ပေါက်ရရှိလောက်အောင် အံဝင်ခွင်ကျဖြစ်မှ အဖိုးတန်တဲ့ တကယ့်အသိဖြစ်မှာပါ။ လက်တွေ့ လေ့ကျင့်နေတာဟာပဲ လူ့ဘဝထဲက စာမေးပွဲကို တကယ်ဖြေဆိုနေတာ ဖြစ်တယ်။ နေ့တိုင်း ဘာသာစုံ ၄-ဘာသာလုံး အောင် အောင် ကြိုးစားနေရမှာပါ။

၄-ဘာသာထဲမှာ ဒါန ဘာသာရပ်ဟာ အလွယ်ဆုံးပါ။ ဒါနက စေတနာဒါန၊ ဝတ္ထုဒါနလို့ ၂-မျိုးရှိတယ်။ ဝတ္ထုဒါနဆိုတာ လှူဖွယ်ပစ္စည်းပါ။ စေတနာဒါနဆိုတာ ဒါနကံ အဖြစ် ရောက်ရှိသွားပြီး အကျိုးပေးမယ့် စေတနာပါ။ ဝတ္ထုဒါနကို အပြင်ဘက်မှာ စီမံလို့ရပေမယ့် စေတနာဒါနကိုတော့ အပြင်ဘက်မှာ စီမံလို့ မရဘူး။ ခန္ဓာအတွင်းမှာပဲ သတိဉာဏ် ဦးဆောင်ပြီး သဒ္ဓါ၊ မေတ္တာ၊ ပညာနဲ့ မွမ်းထုံလို့ ဖော်ထုတ်မှ ရနိုင်တယ်။

မနက်အိပ်ရာထလာတာနဲ့ သက်တော်ထင်ရှား ဘုရားရှင်ရဲ့ဂုဏ်ကို အာရုံပြုပြီး အနည်းဆုံး ရေတော့ လှူနိုင်တယ်။ ဒီထက် တတ်နိုင်ရင် ပန်း၊ ဆီမီး၊ နံ့သာ၊ ဆွမ်းခဲဖွယ်တွေ၊ သက်န်းစတဲ့ အသုံးဆောင် မျိုးစုံတွေ၊ ညနေဖျော်ရည်တွေ လှူလို့ဖြစ်ပါတယ်။ သက်တော်ထင်ရှား ဘုရားကို အာရုံပြုနိုင်ဖို့ကတော့ သဒ္ဓါပညာ လိုတယ်။ ဘုရားရှေ့မှာ စိတ်ကို သန့်စင်ပြီးရင် ကိုယ့်မိသားစုကို စားသောက်ဖွယ် ကျွေးတော့ ဒါနဖြစ်အောင် ကျွေးရမယ်။ မိသားစုတွေကို ပါရမီဖြည့်ဖက် ကုသိုလ်ပြုဖက်လို့ ဉာဏ်နဲ့မြင်အောင် ကြည့်တတ်မှ စိတ် ပေ့ါပါးကြည်လင်မယ်။ ထမ်းထားရမယ့် ဝန်ထုပ်ကြီးတွေလို့ အမြင်မှားနေရင်တော့ စိတ်လေးလံရှုပ်ထွေးပြီး ပေးတိုင်း ကုန်ကျ ဖြစ်နေမှာပဲ။ ဒါဆို စာမေးပွဲ ရှုံးမှာပေ့ါ။

စိတ်အမြင်မကြည်ရင် ပေးနေရပေမယ့် ဒါနဖြစ်မှာမဟုတ်ဘူး။ အမှန်တော့ ပေးတယ် ဆိုတာ မြန်မာစကား၊ ဒါနဆိုတာ ပါဠိစကားပဲ။ မြန်မာလို ပေးရက်သားနဲ့ ပါဠိလို ဒါနမဖြစ်ဘူးဆိုတော့ နစ်နာတာပေ့ါ။ ပေးရက်သားနဲ့ အားကိုးစရာ ကောင်းမှုမရဘူးလို့ ဆိုလိုတာပါ။ စားစရာ၊ ဝတ်စရာ၊ နေစရာ၊ ဆေးဝါး၊ ပညာသင်စရိတ် စတဲ့ ပေးစရာတွေ ဘာပဲပေးပေး စိတ်စေတနာကို သဒ္ဓါ၊ မေတ္တာ၊ ပညာနဲ့ သန့်စင်ပြီးမှ ပေးရမယ်။ ပေးရတိုင်း လက်တွေ့စာမေးပွဲမှာ ဒါန ဘာသာရပ်ကို ဖြေနေပြီလို့ သိရမယ်။ ဖြေရင် အောင်မှပဲ စိတ်အေးရပါတယ်။ 'မိသားစုတွေအတွက် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာတွေ နေ့တိုင်း ပေးနေရတာဖြစ်လို့ အကုန်အကျများလွန်းတယ်၊ မတတ်နိုင်အောင်ဖြစ်နေပြီ၊ စိတ်ညစ်စရာကြီး' လို့ ညည်းတွားပြီး ပေးနေရင် ဘဝစာမေးပွဲ ကျရှုံးသွားပြီ။ အလွယ်ဆုံး ဒါနဘာသာရပ်ကိုတောင် ကျေညက်အောင် မလေ့လာရသေးတဲ့ သဘောပဲ။ လက်တွေ့စာမေးပွဲ ရှုံးတာက စာတွေ့စာမေးပွဲရှုံးတာထက် နစ်နာတယ်။

အပိဇ္ဇာ တဏှာနဲ့ ကံကိုမှောက်ပြီး မပေးဘဲ သတိပညာနဲ့ ကံကိုလှန်ပြီး ပေးရမယ်။ သဒ္ဓါ ပညာနဲ့ ကံကောင်းကို ခံယူထားနိုင်ရမယ်။ ဆွေမျိုးမိတ်ဆွေ ဘယ်သူ့ကိုပဲပေးပေး စိတ်ကိုသန့်စင်ပြီး ဒါနဖြစ်အောင် ပေးတတ်ရမယ်။ ဈေးရောင်းသူ၊ ကား၊ ဆိုက်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်နဲ့ ပို့ပေးသူများကို အဖိုးအခ ပေးရတဲ့အခါ မိတ်ဆွေစိတ် ထားပေးရင် ဒါနဖြစ်နိုင်တယ်။ နိုင်ငံတော်အတွက် အခွန်ဆောင်တဲ့အခါလည်း ဆွေမျိုးမိတ်ဆွေစိတ်ထားပြီးပေးတတ်ရင် ဒါနဖြစ်နိုင်တယ်။ အဆင့်မြင့်မြင့် စိတ်ထားတတ်ရင် ၄-မျိုးလုံးရလို့ ၄-ဘာသာလုံးတောင် အောင်နိုင်ပါတယ်။

သိက္ခာပြည့်ဝတဲ့ အဆင့်မြင့် အလှူခံပုဂ္ဂိုလ်မြတ်များအတွက် လှူဖို့လည်း မဖြစ်မနေ စီမံတတ်ရင် ရပါတယ်။ ကိုယ်စားသောက်သုံးစွဲဖို့ စီမံထားတဲ့ထဲက အနည်းငယ်စီ ခွဲယူလို့ပဲဖြစ်ဖြစ်၊ နေ့စဉ် ထမင်းချက်ပြုတ် ခါနီးမှာ ဆန်တစ်ဇွန်းစီ ခွဲယူထားလို့ပဲဖြစ်ဖြစ်၊ နေ့စဉ် လုပ်ခထဲက အနည်းငယ်စီ ခွဲယူစုဆောင်းလို့ပဲဖြစ်ဖြစ်၊ စီမံတတ်ရင် အလှူဆိုတာ ဖြစ်ပါတယ်။ နိဗ္ဗာန်ဦးတည်လှူမှုလည်း ဂုဏ်ထူးမှတ်ရမယ်။

သီလဘာသာရပ်လည်း နေ့တိုင်း အောင်မြင်အောင် ကြိုးစားနေရမယ်။ လူဆို လူ့သီလ၊ ရှင်ဆို ရှင့်သီလ၊ ရဟန်းဆို ရဟန်းသီလပေ့ါ။ ရဟန်းသီလဆိုတာ ဆောက်တည်စရာမလိုဘူး။ သိမ်ထဲ သံဃာက ကမ္မဝါဖတ် ရဟန်းခံပေးလိုက်ပြီးတဲ့အချိန်ကစ ရဟန်းသီလတွေ တည်ရှိခဲ့ပြီးသားပါ။ လုံခြုံအောင် သဒ္ဓါ၊ သတိ၊ ဝီရိယဉာဏ်နဲ့ အဆက်မပြတ် စောင့်ထိန်းနေရုံပဲ။ အပြစ် အနာအဆာ ပေါ်လာရင် ကုစားလိုက်ရုံပဲ။ ကုစားမရအောင် သီလပျက်သွားရင်လည်း ရဟန်းအဖြစ်ကို စွန့်လိုက်ပြီး လူသီလ၊ ရှင်သီလကို ပြောင်းယူလိုက်ရုံပဲ။ ဒါဆို သီလ ဘာသာရပ် အောင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်သီလတွေထဲမှာ ရှင်သာမဏေသီလဟာ တစ်ပါးချင်း ဆောက်တည်နေဖို့မလိုဘဲ သရဏဂုံ ဆောက်တည်ရုံနဲ့ ပြီးပြည့်စုံသွားတယ်။ သရဏဂုံ ရိုးရိုးတော့မဟုတ်ဘူး။ ဆရာ တပည့် နှစ်ဖက်လုံး အသံမှန် နေရာ မှန်နဲ့ ပီပီသသ ရွတ်ထားတဲ့ သရဏဂုံအထူးပါ။ သီလပျက်သွားရင် ရဟန်းထံမှာ သရဏဂုံ ပြန်တောင်းပြီး ဆောက်တည်ရတယ်။ ကိုယ့်ဟာကိုယ် ဆောက်တည်လို့ သီလ မရနိုင်ဘူး။ သီလရှင်သီလကတော့ လူဝတ်ကြောင် ဥပုသ်သည်ရဲ့သီလနှင့် အတူတူပဲဖြစ်လို့ သီလလိုချင်ရင် တစ်ပါးချင်းဆောက်တည်မှ ရနိုင်ပါတယ်။ ပျက်သွားရင် ကိုယ့်ဟာကိုယ်ပဲ ဖြစ်ဖြစ်၊ သူများဆီမှာပဲဖြစ်ဖြစ်၊ ပြန်ဆောက်တည်လိုက်ရင် သီလပြန်တည်သွားတာပဲ။

ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် လူသားအားလုံး အမြဲမပြတ် လိုက်နာကျင့်သုံးရမယ့် ကိုယ်ကျင့်သီလကတော့ ၅-ပါး သီလပဲ။ သီလဆိုတာ မြန်မာလို စည်းကမ်းပါ။ ၅-ပါးသီလဟာ စကြာဝတေးမင်းများရဲ့ စည်းကမ်းဥပဒေဖြစ်တယ်။ လူသားအားလုံးကို တစ်ယောက်တည်းသာ ဦးစီးပြီး အုပ်ချုပ်ရတဲ့ စကြာဝတေးမင်းဟာ ၅-ပါးသီလဆိုတဲ့ စည်းကမ်းဥပဒေ ၅-ချက်တည်းနဲ့ ငြိမ်သက် ငြိမ်းချမ်း လုံခြုံအောင် အုပ်ချုပ်ပါတယ်။

၅-ပါးသီလဟာ သာသနာတွင်းမှာရော သာသနာပမှာပါ အမြဲရှိနေရတဲ့ လူသားစည်းကမ်းပါ။ သာသနာတွင်းမှာ သရဏဂုံတွဲပါလာလို့ သရဏဂုံကြောင့် ပိုပြီး အရည်အသွေး တောက်ပြောင်ပါတယ်။ ဆောက်တည်ထားတာ မဟုတ်ပေမယ့် သူ့အသက်ကိုသတ်ဖို့ ကြုံလာရင်၊ သူ့ပစ္စည်းကို ခိုးဖို့ ကြုံလာရင်၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်သုံးခွင့်ကြုံလာရင် ကိုယ့်ရဲ့ အမျိုးဇာတ် အရွယ်ဂုဏ် စသည်ကို ဆင်ခြင်ပြီး မလွန်ကျူးဘဲ ရှောင်ကြဉ်နိုင်ရင် သီလဘာသာရပ် အောင်မြင်တာပါပဲ။ ဒီပြင် ပြစ်မှုတွေလည်း ဒီအတိုင်းပါပဲ။

ဆောက်တည်ထားတာကတော့ သတ်သတ်မှတ်မှတ်ရှိတာပေါ့။ မနက်အိပ်ရာထလာတာနဲ့ ဘုရားရှေ့ သွားလို့ သရဏဂုံ သီလဆောက်တည်ပြီး အလှုဆုံးတန်ဆာကို ဆင်ထားလိုက်ရုံပဲ။ အပြင်ဘက်က အလှ တန်ဆာတွေကို မဆင်ခြင်နေပါ။ အတွင်း အလှတန်ဆာကိုတော့ အမြန် ဆင်ထားလိုက်ရမယ်။ ခုလည်းလှ နောင်လည်းလှ၊ ခုလည်းလုံ နောင်လည်းလုံပေါ့။ အရင့်အရင်နေ့တွေက ဆောက်တည်ခဲ့ပြီးသား ဖြစ်ပေမယ့် နောက်ထပ် နေ့တိုင်း ဆောက်တည်တော့ ပိုပြီး သစ်လွင်တောက်ပ သန့်ရှင်းစင်ကြယ်တာပေါ့။ 'ငါဟာ ဒီနေ့ ရတနာသုံးပါး ဦးထိပ်ထားမယ်၊ လူ့စည်းကမ်း မဖောက်ဘူး၊ ကောင်းကောင်းမွန်မွန်နေမယ်' ဆိုတဲ့ သဘောပေါ့။

သူ့အသက်သတ်ဖို့ ကြုံလာရင် သူ့ကို ကိုယ်က သတ်လိုက်ရင် သူဒုက္ခရောက်နိုင်ပုံ ၊ ကိုယ့် စေတနာဆိုးက ကိုယ့်ထံ အဆ ထောင်သောင်းမက ဆိုးကျိုးတုန့်ပြန်နိုင်ပုံ၊ သတ်လို့ရတဲ့ ခံစားခွင့်က နည်းနည်းကလေးသာဖြစ်လို့ ကိုယ်ခံရမယ့် ဒုက္ခက များလွန်းတာကြောင့် ခံစားခွင့်နှင့် ခံရမယ့်ဒုက္ခ မညီမျှဘဲ အဆမတန် ကွာခြားနေပုံတွေကို ဉာဏ်နဲ့ စဉ်းစားဆင်ခြင်ပြီး မသတ်ဘဲ ရဲရဲရှောင်ကြဉ်လိုက်တယ်။ ပညာအရည်အချင်းရှိတော့ သီလ ဘာသာရပ် အောင်တယ်ပေါ့။

သူ့ဥစ္စာ ခိုးယူနိုင်ခွင့်ကြုံလာတော့ 'သူ ပင်ပင်ပန်းပန်းနဲ့ ရှာထားတဲ့ပစ္စည်းကို ကိုယ်က ခိုးလိုက်ရင် သူ့ကို နှိပ်စက်ရာရောက်ပုံ၊ ကိုယ့်စေတနာဆိုးက ကိုယ့်ထံ အဆမတန် ဆိုးကျိုးတုန့်ပြန်နိုင်ပုံ၊ အများသိသွားရင် မျက်နှာပျက် အရှက်ကွဲရပုံ၊ ဘဝတိုင်း ပစ္စည်းမဲ့တေ ဆင်းရဲနိုင်ပုံ၊ ခံစားခွင့်နှင့် ခံရမယ့် ဆိုးကျိုး အဆမတန်ကွာခြားပုံ' တွေကို ဉာဏ်နဲ့တွေးပြီး မခိုးဘဲ ရှောင်လိုက်တယ်။ ဒါလည်း ပညာအရည်အချင်းပဲ။

အရက်သေစာ မူးယစ်ဆေးဝါး သောက်သုံးခွင့်ကြုံလာပြန်တော့ 'ကောင်းကျိုးပြု လူ့အစား အစာမဟုတ်ပုံ၊ လူစိတ်ပျောက်ပြီး အရူးစိတ်သာ ပေါ်ပေါက်စေနိုင်တဲ့ကြောင့် အရူးအလုပ်သာဖြစ်ပုံ၊ ကိုယ်ရောသူပါ ဒုက္ခရောက်ရတတ်ပုံ၊ ဘဝသံသရာတစ်လျှောက် အရူးသာဖြစ်ရတတ်ပုံ' တွေကို ဉာဏ်နဲ့ ချင့်ချိန်တွေးတောပြီး မသောက်ဘဲ ရှောင်လိုက်တယ်။ ပညာအရည်အချင်းရှိတော့ သီလ ဘာသာရပ်အောင်ပြန်ရော။ ဒီပြင် သီလပိုင်း ဆိုင်ရာတွေမှာလည်း ဒီအတိုင်းပဲ။ နေ့တိုင်း အောင်မြင်အောင် ကြိုးစားနေရမယ်။ ဒါမှ အဖိုးတန်လူဖြစ်မယ်။

သတိ ဝီရိယတွဲလေ့ကျင့်ရတဲ့ သမာဓိဘာသာရပ်ကိုလည်း နေ့စဉ် ရရှိ တိုးတက်အောင်မြင်အောင် မှန်မှန်ကြိုးစားနေရမယ်။ သမာဓိ ရှိသင့်သလောက်ရှိမှ လှုပ်တဲ့စိတ်ငြိမ်မယ်။ စိတ် စည်းကမ်းရှိလာမယ်။ ပူတဲ့စိတ် ငြိမ်းအေးလာမယ်။ အချိန်နှင့်အင်အား ဖြုန်းတီးမှုကို ထိန်းချုပ်နိုင်လာမယ်။ စိတ်ဓာတ်ကြံ့ခိုင်ပြီး အာရုံဖိစီးမှုဒုက္ခ သက်သာလာမယ်။ ဉာဏ်ပွင့်လို့ လာဘ်မြင်လာမယ်။ အလုပ်များပေမယ့် မရှုပ်ဘူး။ အလုပ်များတာဟာ တရားဝင် ပေါက်များတာပဲလို့ မြင်လာမယ်။ သမာဓိဟာ ကိလေသာကို အနိုင်ယူ ရှောင်တိမ်းရတဲ့အလုပ်ဖြစ်လို့ စိတ်တန်ခိုးအရှိန်အဝါ တက်စေတယ်။ စိတ်သောင်းကျန်းမှုကို ထိန်းချုပ်နိုင်တော့

www.burmeseclassic.com



ကိုယ်နှုတ်သောင်းကျန်းမှုပါ ထိန်းချုပ်နိုင်တာကြောင့် သီလကိုပါ လုံခြုံသွားစေတယ်။ စိတ်စင်ကြယ်တော့ ပညာကိုပါ ဖော်ထုတ်ပေးနိုင်တယ်။

နေ့တိုင်း မနက်အိပ်ရာထလာတာနဲ့ ဘုရားအာရုံပြု ရှိခိုး၊ ဂုဏ်တော်ပွား၊ တစ်လောကလုံး လွှမ်းခြုံပြီး မေတ္တာပို့၊ အမြဲတွေ့နေရတဲ့ ထွက်လေဝင်လေကို စူးစိုက်ပေး၊ ၅-မိနစ်လည်း မနည်းပါဘူး။ စိတ်ကို လွှတ်ထားသူထက်တော့ ၅-မိနစ်သမားက စွမ်းအားသာနေပါပြီ။ ဘုရားရှေ့မှာပဲ ဘာသာစုံ ၄-ဘာသာ အောင် အောင် စတင် လေ့ကျင့်သင့်ပါတယ်။ အိမ်အလုပ်တွေထဲမှာလည်း စိတ်ကို လွှတ်မထားဘဲ သတိနဲ့ ရှင်းကနဲ စိုက်ကနဲဖြစ်နေအောင် လေ့ကျင့်နေရမှာပဲ။ ပုထုဇဉ်ဖြစ်လို့ ကိလေသာ မကင်းသေးပေမယ့် ကိလေသာအပေါ်က အသိများများနေနိုင်အောင်တော့ သတိထား လေ့ကျင့်နေရမယ်။ အတိုင်းအတာတစ်ခုစီ ကန့်ခွာ ထိန်းချုပ်ပေးနေရင်လည်း သမာဓိဘာသာရပ် အောင်မြင်ပါတယ်။

ဝိပဿနာပါ ပါဝင်မှ ဘာသာစုံအောင်မှာဆိုတော့ နေ့စဉ် လေ့ကျင့်နေရမယ်။ နည်းမသိသေးရင် ဖတ်ရှုနာကြားလေ့လာပေးရမယ်။ ရှေ့နောက်စပ်နေအောင် ဒလစပ် မရှုမှတ်နိုင်ရင်တောင် နေ့စဉ် လုပ်ကိုင်တွေ့ကြုံနေရတဲ့ အလုပ်အာရုံထဲမှာ ဉာဏ်လေးတော့ ထည့်သွင်းပေးထားမှဖြစ်မယ်။ ကိုယ့်ခန္ဓာ၊ ကိုယ့်ခန္ဓာနှင့် ဆက်စပ်တဲ့ အရာအားလုံးအပေါ်မှာ သိတတ်တာနှင့် သိစရာကလွဲလို့ ဘာမှမရှိပုံ၊ သိတတ်တာရော သိစရာရော မရပ်မနား ပြောင်းသွားနေကြပုံ၊ ဘာတစ်ခုမှ မခိုင်မြဲပုံ၊ အမြဲ ညှဉ်းဆဲနေပုံ၊ ကိုယ့်အလို လုံးဝ မလိုက်ပုံတွေကို ဉာဏ်သွင်းကြည့်ရှု သုံးသပ်ပေးရမယ်။

နေ့စဉ်အလုပ်ထဲမှာ သတိဉာဏ်နဲ့ဖော်ပေးရင် ပေါ်လာတယ်။ ကျောက်တူးသလို ရွှေကျင်သလိုပဲပေါ့။ ကျောက်ထွက်တဲ့နေရာဖြစ်ပေမယ့် တူးဖော်သူမရှိရင် မပေါ်ဘူး။ တူးဖော်သူရှိမှ ပေါ်တယ်။ ရွှေထွက်တဲ့နေရာဖြစ်ပေမယ့် ရွှေကျင်သူမရှိရင် မပေါ်ဘူး။ မြုပ်နေတယ်။ ရွှေကျင်သူရှိမှ ဖော်ထုတ် စစ်ထုတ်ပေးသူရှိမှ ရွှေပေါ်လာတယ်။ လူ့ခန္ဓာလည်း အဖိုးတန် တရားရတနာ ထွက်နိုင်တဲ့ နေရာပဲ။ ဖော်မပေးရင် မြုပ်နေတယ်။ သတိဉာဏ်နဲ့ ဖော်ပေးလိုက်ရင် ရှိတာအကုန် ပေါ်ထွက်လာတယ်။ သတိနဲ့ဖော်၊ ဉာဏ်နဲ့ရှုပေါ့။

နေ့တိုင်း မနက်ဝအောင်စားလိုက်တယ်။ ညနေဆာပြန်ရော။ အသားအသွေး စသည် ပြောင်းလဲသွားကြတယ်။ ဝမ်းမီး သင်္ခါရမီးတွေ လောင်ကျွမ်းသွားကြတယ်။ ကုန်ခန်းသွားကြတယ်။ ဘယ်စက်ကိရိယာနဲ့မှ ထိန်းထားလို့ မရဘူး။ ဘယ်နည်းပညာနဲ့မှ ရပ်ထားလို့ မရဘူး။ ဘာမှ မခိုင်မြဲတဲ့သဘောကို ပြနေတယ်။ ဒီဘက်က ဖြည့်ပေးလိုက်၊ ဟိုဘက်က ဖြိုချလိုက်နဲ့ ဘာတစ်ခုမှ အမြဲ ဆုပ်ကိုင်ထားလို့မရဘူး။ အငှားဖြည့်ထားတဲ့ အားတွေ လျော့သွားတော့ ဗိုက်ဆာလာတယ်။ ဒုက္ခသဘောကို ပြတယ်ပေါ့။ ဆာတော့ ရက်ရွှေ့လို့ မရဘူး။ သူ့နောက်ကိုလိုက်ပြီး ဆာတဲ့နေ့ ဆာတဲ့အချိန်မှာပဲ ဧကန်ကျွေးရမယ်။ ကိုယ့်အလို သူက မလိုက်တော့ အနတ္တသဘောကိုပြတယ်ပေါ့။ ပညတ်ကို အခြေခံပေမယ့် ရုပ်နာမ် ပရမတ်အတွင်း ဉာဏ်သွင်းနိုင်ခြင်းရဲ့ အခြေခံအသိတွေပါ။ ဉာဏ်သွင်းတတ်ရင် ဝိပဿနာဘာသာရပ် အောင်မှတ်ရနိုင်ပါတယ်။

မီးဖိုချောင်ထဲ ချက်ပြုတ်တဲ့နေရာဝင်လိုက်တာနဲ့ သတိထားကြည့်တတ်ရင် ထင်ရှားတဲ့ အပြောင်း အလဲတွေကို ဉာဏ်နဲ့ မြင်နေရမှာပါ။ အကျဉ်းချုပ်တော့ စားဝတ်နေရေးအလုပ်အားလုံး နေ့စဉ် လက်တွေ့ စာမေးပွဲ ဖြေနေရတာပါ။ ကိုယ့်ကို အာမခံ တာဝန်ယူမယ့် တရားကျန်နေခဲ့မှ အောင်မြင်တယ်လို့ ခေါ်တာပါ။

## ၁၀။ လမ်းကြောင်းအမှန် စိတ်ဖွဲ့သန်

- **လမ်းကြောင်းအမှန်၊ စိတ်ဖွဲ့သန်၊ ဧကန်ဖွဲ့မြဲမှ။**
- **ခါတ်ကောင်းလည်းထုံ၊ စွမ်းအားလုံ၊ ပြည့်စုံသေချာရ။**
- **မေးလိုက်သောခါ၊ ဖြေနိုင်ပါ၊ ကောင်းစွာ အောင်မြင်ရ။**

တတိယက သတ်မှတ်ချိန်မပြည့်မချင်း ဖွဲ့ရှိရှိ စွဲစွဲမြဲမြဲ ကြိုးစားရမယ်။ ခါတ်ကောင်းများ ထုံနေအောင် ကာလရှည်ကြာ ဖွဲ့ရှိရမယ်။ ဘုရားလောင်းဟာ ကမ္ဘာလောကထဲမှာ ဖွဲ့အရှိဆုံး ပုဂ္ဂိုလ်ထူးကြီးပါ။ နိယတ ဗျာဒိတ် မရခင်ကလည်း အကြာကြီး ဖွဲ့ရှိခဲ့ရတယ်။ နိယတ ဗျာဒိတ်ရပြီးတော့လည်း အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ဖွဲ့ရှိရပါတယ်။ ဘဝဆိုတာ ရေလို့မရအောင် အများကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေးတဲ့ အမိန့်ကို ကိုယ့်ဟာကိုယ်နာခံပြီး အကြာကြီး ဖွဲ့ရှိခဲ့တာဖြစ်လို့ တကယ်အံ့ဩစရာကြီးပါ။ အသက်ကိုပါ စွန့်ရလောက်အောင် အလွန်ခက်ခဲလှတဲ့ ဘာသာရပ်တွေကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဖွဲ့ရှိရှိ ကြိုးစားခဲ့လို့ ဗုဒ္ဓဆိုတဲ့ဘွဲ့တံဆိပ် အောင်လက်မှတ်ကိုရခဲ့တာပါ။ 'ကိုယ်တစ်ယောက် အနစ်နာခံလိုက်ရင် သတ္တဝါအများကြီး ဒုက္ခ လွတ်ကြ ချမ်းသာကြမယ်' ဆိုတာ သိမြင်ထားလို့ပါ။

တစ်နှစ်တစ်တန်းအောင်ဖို့ ကြိုးစားနေကြတဲ့ စာတွေ့စာမေးပွဲသမားတွေလည်း ကိုယ်နှင့် တန်ရုံ ပြဋ္ဌာန်းထားတဲ့ ဘာသာရပ်တွေကို တစ်နှစ် မပြည့်မချင်း စွဲစွဲမြဲမြဲ ဖွဲ့ရှိရှိ ကြိုးစားရမှာပဲ။ လေ့လာထားပြီးသား အသိပညာတွေ တစ်သက်လုံး မမေ့နိုင်လောက်အောင် ထုံနေဖို့လိုမယ်။ အောင်မြင်လိုသူဟာ အလုပ်အောက်ကို စိတ်က မဝင်ရဘူး။ အလုပ်အပေါ် အသိစိတ်က နေနိုင်အောင် ကြိုးစားရမယ်။ ဆင်းရဲကိုလည်း သည်းခံနိုင်မှ ချမ်းသာကိုလည်း အနစ်နာခံ စွန့်လွှတ်နိုင်မှ စွဲစွဲမြဲမြဲ ဖွဲ့နဲ့ ကြိုးစားနိုင်တာပါ။ ဆင်းရဲကြီးကြီးကို ကြောက်ရင် ဆင်းရဲသေးသေးကို သည်းခံနိုင်ရမယ်။ ချမ်းသာ ကြီးကြီးကိုလိုချင်ရင် ချမ်းသာသေးသေးကို စွန့်နိုင်ရမယ်။

ဘဝထဲက လက်တွေ့စာမေးပွဲကို ဧကန်ဖြေရမယ့် ပုဂ္ဂိုလ်တွေလည်း တရားတန်ဖိုးကိုသိရတဲ့ အချိန် အရွယ်ကစ တစ်သက်လုံး စွဲစွဲမြဲမြဲဝတ်ထားပြီး ကြိုးစားမှ တကယ်အောင်မှာပါ။ တကယ် အောင် အောင် တကယ်လည်း ဖွဲ့ရှိရမယ်လေ။ တရားလွှတ်တိုင်း ကိလေသာကလည်း ပူးကပ်လိုက်နေတာ၊ ကိလေသာနောက်က ဆင်းရဲအပူတွေကလည်း ထက်ချပ်မကွာ တန်းစီလိုက်နေကြတာ၊ ဒါတွေလွှတ်ဖို့ ဖွဲ့ရှိရှိ ကြိုးစားနေရမှာ၊ အရှိန်ရပ်လိုက်ရင် မောဟအမှောင်ကဖုံးလွှမ်းသွားလို့ အသိတွေ ပျောက်ကုန်တတ်တယ်။ အသိတွေ ပြတ်စဲသွားတတ်တယ်။ ဖွဲ့ရှိမှ အသိတွေ စွဲမြဲနေမှာ ဖြစ်တယ်။

ဖွဲ့ရှိရှိ ဘုရားရေကပ်၊ ပန်းကပ်၊ ဆီမီးကပ်၊ သရဏဂုံ သီလမြဲအောင်လေ့ကျင့်၊ ဘုရားဂုဏ်နှင့် မေတ္တာထုံနေရမယ်။ ဝိပဿနာ အသိစွဲမြဲနေအောင် သတိထား လေ့ကျင့်ပေးရမယ်။ လုပ်နိုင်တဲ့ အတိုင်းအတာကနေပြီး မဖြစ်မနေစတင်လို့ တစ်စတစ်စ တစ်နိုင်တစ်နိုင်စီ တိုးတိုးပေးနေရမယ်။ စွဲစွဲမြဲမြဲလုပ်နိုင်အောင် လေ့ကျင့်နေရမယ်။ တရားကင်းကွာရင် လောကအနိုင်ကျင့်တာခံရလို့ စာမေးပွဲရှုံးမယ်။ တရားနှင့်လူတွဲထားမှ လောကအပေါ် လွှမ်းမိုးနိုင်ပြီး လက်တွေ့ဘဝ စာမေးပွဲ ဧကန်အောင်နိုင်မယ်။ အချုပ်ကတော့ သတိ ဝီရိယပဲ။

## ၁၀။ အလုပ်လေးစား စွမ်းအားတိုးမြှင့်

- **အလုပ်လေးစား၊ စိတ်အားထက်သန်၊ ကြိုးစားပြန်၊ ဧကန်တိုးပွါးရ။**
- **ခတ်ကောင်းတည်လျက်၊ စွမ်းအားတက်၊ ရင့်ကျက်ထူးခြားလှ။**
- **လူ့ဘဝထဲ စာမေးပွဲမှာ၊ ဖြေတိုင်းသာ၊ ကောင်းစွာအောင်မြင်ကြ။**

စတုတ္ထက အလုပ်ကို လေးလေးစားစား တန်ဖိုးထားပြီး မြတ်မြတ်နိုးနိုး ကြိုးစားရမယ်။ အရေအတွက် ပြည့်ရုံနဲ့မပြီးသေးဘူး။ အရေအတွက် တိုးလာသလောက် အရည်အသွေးပါ ပြည့်လာဖို့လိုမယ်။ ဘုရားအလောင်းဟာ အသက်ပါ စွန့်လွှတ်ပြီး ဖြည့်ကျင့်ရတဲ့ အလွန်ခက်ခဲတဲ့ ပါရမီ ဘာသာရပ်တွေကို စိတ်ပါလက်ပါ လေးလေးစားစား ဖြည့်ကျင့်ကြိုးစားခဲ့တယ်။ သဗ္ဗညုတဉာဏ်တော်ကြီးကိုရရင် အများအတွက် ဒုက္ခလွတ်ကြောင်း ချမ်းသာတိုးပွားကြောင်း နည်းလမ်းကောင်းများကို အတိအကျ အပြည့်အဝ လမ်းညွှန်ပေးနိုင်မှာဖြစ်လို့ အသက်ပေးပြီး ဒုက္ခခံရတာကိုပဲ စိတ်ဝင်စားနေရတာပါ။ စိတ်ဝင်စားလွန်းလို့ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကာလမျိုးကို ကြာတယ်လို့ မထင်ဘူးတဲ့။ မနက်ဖြန် သဘက်လောက်ပဲ စိတ်ထဲမှာ ထင်နေတယ်ဆိုပဲ။ အထူးစိတ်ဝင်စားလို့လည်း ဗုဒ္ဓအောင်လက်မှတ်ကို ဧကန်ရခဲ့တာပါ။

စာတွေ့စာမေးပွဲဖြေမယ့် ပုဂ္ဂိုလ်တွေလည်း ကိုယ်နှင့်ဆိုင်တဲ့ ပြဋ္ဌာန်းချက် ဘာသာရပ်တွေကို စိတ်ပါ လက်ပါ လေးလေးစားစား သင်ယူလေ့လာဖတ်ရှုရမယ်။ ပညာရေးအလုပ်အားလုံး အထူး စိတ်ဝင်စားရမယ်။ စာဖြေရမယ့်ပုဂ္ဂိုလ်ဟာ ကိုယ်ဖြေရမယ့် အလုပ်အပေါ် စိတ်ဝင်စားမှုလည်း သဘာဝကျမယ်လေ။ တကယ်စိတ်ဝင်စားရင် ဧကန် ထူးထူးချွန်ချွန်နဲ့ အောင်ရမှာပါ။ ဉာဏ်လေးသူတွေတောင် တကယ် စိတ်ဝင်စားရင် အောင်မြင်နေကြတာကို အံ့ဩစရာ တွေ့နေရပါတယ်။

ဘဝထဲက လက်တွေ့စာမေးပွဲ ဖြေနေရသူအားလုံးဟာလည်း လေးဘာသာလုံး စိတ်ပါလက်ပါ လုပ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com


တကယ်စိတ်ဝင်စားသူအတွက် တကယ်ပျော်စရာ အလုပ်တွေပါ။ လူ့ဘဝရဲ့ နောက်ဆုံး ကိုယ်ပိုင်အနှစ်ချုပ်က ဒါပဲ။ စိတ်သန့်ရှင်းမှု တရားဝင်ပေါက်ပွင့်မှာဆိုတော့ တစ်ရက်ကို တစ်သက်လောက် တန်ဖိုးထားပြီး ဘုရားအာရုံ တရားအာရုံနဲ့ နေ့စဉ် စိတ်ကို သန့်စင်ပေးရမယ်။

ဘာမဆို တစ်နိုင်တစ်နိုင် တစ်ကန့်တစ်ကန့်စီ စိတ်ဝင်စားပေးရမယ်။ ၅-မိနစ်လောက်စီပဲ နိုင်သေးတယ်ဆိုရင် ၅-မိနစ်လောက်စီ စိတ်ဝင်စားကြည့်ပေါ့။ စိတ်မဝင်စားရင် ဘာလုပ်လုပ် တရားစွမ်းအားကျန်မှာမဟုတ်လို့ ဘဝစာမေးပွဲ ရှုံးမှာပဲ။ ဘုရားကို စိတ်ပါလက်ပါ အာရုံပြု ရှိခိုးပေါ့။ ဘုရားကို ရေစတဲ့ လှူဖွယ် လှူတော့ စိတ်ပါလက်ပါ လှူပေါ့။ ဘုရားဂုဏ် စိတ်ပါလက်ပါ ပွား၊ စိတ်ပါ လက်ပါ မေတ္တာပို့၊ ထွက်လေဝင်လေအပေါ် စိတ်ပါလက်ပါ စူးစိုက်၊ ဘာမဆို စိတ်ပါလက်ပါ စူးစိုက်၊ ခန္ဓာအပေါ် စိတ်ပါလက်ပါ ဉာဏ်စိုက်ပေး၊ တစ်စတစ်စ စိတ်ဝင်စားမှုတွေ တိုးလာပါလိမ့်မယ်။ အသိရှုပ်ထွေးမှုတွေ ကင်းစင်ပြီး အမြင်တွေလည်း ရှင်းလာပါလိမ့်မယ်။

ကိုယ့်ဟာကိုယ်ကျွေးရင် သတိဉာဏ်နဲ့ စိတ်ပါလက်ပါ ကျွေး၊ သီလ-သမာဓိ-ဝိပဿနာ သုံးဘာသာ အောင်သွားမယ်။ လက်သာပါပြီး အသိစိတ်မပါရင်တော့ ကျွေးတိုင်း စာမေးပွဲ ရှုံးနေမှာပဲ။ ကိုယ့်မိသားစုကို ကျွေးတော့ ကျွေးတိုင်း စိတ်ပါလက်ပါ ကျွေးကြည့်၊ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ လေးဘာသာ အောင်သွားမယ်။ ကျေကျေနပ်နပ်ကျွေးတော့ ဒါနပေါ့။ ကျင့်ဝတ်သဘောအရ သီလပါလာမယ်ပေါ့။ မေတ္တာရှေ့ထားပြီး စိတ်တည်တည်ငြိမ်ငြိမ် စူးစူးစိုက်စိုက် ကျွေးရင် သမာဓိပေါ့။ ကုန်သွားတတ်တဲ့သဘောကို ဉာဏ်သွင်းကြည့်ရင် ဝိပဿနာ အခြေခံအသိ ပါဝင်လာမယ်ပေါ့။ တရားပါလည်းကျွေး မပါလည်းကျွေးဆိုတော့ တရားပါရင် အမြတ်ကျန်တာပေါ့။

သတိဉာဏ်နဲ့ စိတ်ဝင်စားရင် ဘာလုပ်လုပ် သုံးဘာသာအောင်မယ်။ ဘာပေးပေး လေးဘာသာ အောင်မယ်။ အမှိုက်ပစ်တော့ စိတ်ဝင်စားရင် သုံးဘာသာအောင်မယ်။ ဖောက်ပြန်တာက အနိစ္စ၊ မကောင်းတာက ဒုက္ခ၊ အလိုမလိုက်တာက အနတ္တ၊ ဒါကို သိအောင်လုပ်တော့ ဝိပဿနာ အခြေခံအသိ ရမယ်ပေါ့။ ဒါဆို သီလနှင့် သမာဓိ အလိုအလျောက် ပါနေပြီးသားပါ။ ကိုယ်၊ စိတ် နေထိုင်မကောင်းလို့ သတိဉာဏ်နဲ့ စိတ်ဝင်စားနိုင်ရင်လည်း သုံးဘာသာအောင်မှာပဲ။ မင်္ဂဖိုလ်နိဗ္ဗာန်ထိ ဦးတည်နိုင်ရင် ဂုဏ်ထူးမှတ် ရပါတယ်။ အချုပ်ကတော့ သတိဉာဏ်ပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လ (၂၀၀၇-ခုနှစ်၊ နိုဝင်ဘာလ)



www.burmeseclassic.com

www.burmeseclassic.com


# တိပိဋကဓရ ဓမ္မလက်ဆောင် (၅၀)

# ခန္ဓာကိုယ်ထဲဘောလုံးပွဲ

## ( ယောဆရာတော်၏ ၆၅/၄၆ အထိမ်းအမှတ် အထူးလက်ဆောင် )

## နမောဇိနဿ

### ၁။ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ

အတ္တာ ဟဝေ ဇိတံ သေယျော။

(ဓမ္မပဒ)

- ■ ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊ ဆင်နွဲတတ်ပါစေ။
- ■ စိတ်ဘောလုံးမှာ၊ ကန်စရာ၊ ပတ်ချာလှည့်၍နေ။
- ■ အဖြူအသင်း၊ အမည်းသင်း၊ နှစ်သင်းယှဉ်ပြိုင်နေ။
- ■ အဖြူအသင်း၊ ပေါ့ဆခြင်းကြောင့်၊ ညှိဖျင်းသွားကာ၊ အမည်းသာ၊ များစွာဂိုးသွင်းနေ။
- ■ ဂိုးရှုံးပြန်က၊ အပူရ(အပါယ်ကျ)၊ ဒုက္ခပင်လယ်ဝေ။
- ■ အဖြူအသင်း၊ စိတ်အားတင်းသော်၊အနိုင်ပေါ်၊ ရှင်ပျော်အားတက်ပေ။
- ■ အမည်းအသင်း၊ ဂိုးပြန်သွင်းက၊ လုံ့လကိုတွန်း၊ သတိစွမ်း၊ ဂိုးဖမ်းတတ်ပါစေ။
- ■ ဒါနတစ်ဖြာ၊ သိက္ခာသုံးပါး၊ စွမ်းအားကိုညှစ်၊ ကြိုးစားတက်ရင်း၊ သတိခင်း၊ ဂိုးသွင်းလိုက်ပါလေ။
- ■ ဆင်းရဲမလို၊ ချမ်းသာလိုသူ၊ အဖြူသင်းသာ၊ နိုင်သင့်ပါ၊ ကောင်းစွာကြိုးစားလေ။
- ■ ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်၊ ကြံခိုင်မြင့်မြတ်ပေ။
- ■ စွမ်းရည်ဖိုင်းဆူ၊ ရအောင်လု၊ ကောင်းမှုပိုင်ပါစေ။

မိမိတို့ရဲ့ ခန္ဓာအစဉ်မှာ နေ့စဉ်နေ့တိုင်း အဆိုးနှင့်အကောင်း အားချင်း ယှဉ်ပြိုင် လုနေရတာကိုပဲ ဥပမာစကားအနေနဲ့ တင်စားပြီး 'ခန္ဓာကိုယ်ထဲဘောလုံးပွဲ' လို့ ပြောတာပါ။ ခန္ဓာကိုယ်ထဲက အဆိုးနှင့် အကောင်း ပြိုင်တဲ့ပွဲလို့ ဆိုလိုပါတယ်။ လောကဘောလုံးပွဲဟာ မြင်ရသူကို တက်ကြွသွားစေတတ်တယ်။ 'ဘောလုံးပွဲ' ဆိုတဲ့ စကားဟာ ကြားရသူကို နိုးကြားထက်သန်သွားစေနိုင်တယ်။ သူများတွေ နှစ်သင်းယှဉ်ပြိုင်နေကြတာကို မြင်ရရင်လည်း ကိုယ်နှင့်ဆက်စပ် သက်ဆိုင်တဲ့အသင်းကိုပဲ အနိုင်ရစေချင်တယ်။ ဒါဆို ကိုယ်နှင့် မဆက်စပ် မသက်ဆိုင်တဲ့ တစ်ဖက်အသင်းကို ရှုံးစေချင်တယ်ပေါ့။ ကိုယ့်ဘက်အသင်းနှင့် သူ့ဘက်အသင်း ယှဉ်ပြိုင်ရရင်လည်း ကိုယ့်ဘက်အသင်းကပဲ အနိုင်ရချင်တယ်။ ဒါဆို သူ့ဘက်အသင်းကိုတော့ ရှုံးစေချင်တယ်ပေါ့။ ကိုယ့်ဘက်အသင်း အနိုင်ရဖို့လည်း သဲသဲမဲမဲ စွဲစွဲမြဲမြဲ ဇွဲ၊ လုံ့လ အကုန်ထုတ် ကြိုးစားတတ်တယ်။

စကားစပ်မိလို့ ပြောရဦးမယ်။ ဦးပဥ္စင်း ကျောင်းသားဘဝတုန်းက ယှဉ်ပြိုင်ခဲ့ရတဲ့ ဘောလုံးပွဲ အကြောင်းပါ။ တစ်ချိန်တော့ ကိုယ့်ရဲ့ သတ္တမတန်းအသင်းနှင့် ဟိုဘက် ဆဋ္ဌမတန်း အသင်းနှစ်သင်း ဘောလုံး ယှဉ်ပြိုင်ကစားဖို့ ဆရာတွေက စီစဉ်ပေးကြပါတယ်။ ဦးပဥ္စင်းဟာ ငယ်ငယ်တုန်းကစ ကာယဗလ မဖွံ့ဖြိုးပါဘူး။ ပိန်ပိန်ပုပု သေးသေးကလေးပါ။ ကစားဖော် ကစားဖက် သတ္တမတန်း ကျောင်းသားတွေက ပြောကြတယ်။ 'သာမောင် ပါရင်တော့ ဒို့ဘက်က ရှုံးပြီးသားပါကွာ၊ သာမောင်က စာသာတော်တာပါကွာ၊ သူများနှင့် ကာယချင်း ယှဉ်ရင်တော့ အပျော့အညံ့သမားပါ' တဲ့။ ကိုယ့်ဘက်မှာ ပိန်တိန်တိန် ပုတုတု ပိစိကွေးကလေးတစ်ယောက် ပါလာတာနဲ့များ အားလျော့လိုက်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကိုယ်ကလည်း အရေးကြုံလာရင် သက်လုံကောင်းဖို့ စိတ်ခွန်အားကို အစွမ်းကုန် မြှင့်လိုက်ပါတယ်။ 'အောင်မယ် . . ငါ့ကိုများ ပိစိကွေးကလေးဆိုပြီး အထင်သေးနေကြတာကိုး၊ ငါ့ရဲ့ စိတ်ခွန်အားရော၊ ရုပ်ခွန်အားပါ အကုန်ထုတ်သုံးလိုက်ရင် ဘာလို့ ကိုယ့်ဘက်က မနိုင်ဘဲ နေရမှာလဲ၊ တာဝန်ရောက်လာမှတော့ ကျေအောင် ထမ်းဆောင်ရုံပဲ' လို့ စိတ်ကို အားတင်ပြီး အစွမ်းကုန် ကြိုးစား ကန်ပါတယ်။ ဒိုင်လူကြီးက အချက်ပေးလိုက်တယ်ဆိုရင်ပဲ မနားတမ်း ကန်တော့တာပဲ။ ကိုယ့်ကို စိတ်မချ၊ အားမရလို့ နောက်တန်းတွေမှာ မထားဘဲ ရှေ့တန်းမှာ တင်ထားကြတယ်။ ဒါကကို ကိုယ့်အစွမ်းပြဖို့ အခွင့်ကောင်း ဖြစ်နေတယ်။

ဟိုဖက်အသင်းက လှိမ့်ကန်လာတဲ့ ဘောလုံးကိုလည်း အရဲစွန့်ပြီး တားဆီး တိုက်ဖျက်တယ်။ ဟိုဖက်အသင်းက တိုက်ဖျက် တားဆီးနေတဲ့ကြားထဲကပဲ သတိဝီရိယ ကြီးကြီးထားပြီး လိမ္မာပါးနပ် ဖျတ်လတ်စွာနဲ့ ဘောလုံးကို ဟိုဘက်အရောက် သယ်ဆောင်သွားတယ်။ အရှောင်အတိမ်း အကွေ့အကောက်နည်းတွေနဲ့ ကြိုးကြိုးစားစား လှိမ့်ကန်တယ်။ ဟိုဘက် အသင်းကလူတွေဟာ ကိုယ့်ထက် ရုပ်ခွန်အား သာလွန်ကြပေမယ့် ကြိုးစားမှုကတော့ ကိုယ့်ကို မှီလိမ့်မယ်မထင်ပါဘူး။ ကိုယ်က တာဝန်စိတ်နဲ့ မဖြစ်မနေ သွက်သွက်လက်လက် ကြိုးစားတာကိုး။ ဒါ့ကြောင့် ပွဲစလို့ မကြာမီ ကိုယ်က ဟိုဖက်ဂိုးကို တစ်ဂိုး သွင်းနိုင်သွားတယ်။

ကိုယ်က တစ်ဂိုးသွင်းပြနိုင်ပြီလဲဆိုရော ပွဲကြည့်သူတွေရော၊ ကစားဖက်တွေကရော ဝိုင်းပြီး ကောင်းချီး ပေးကြတော့တာပဲ။ 'ဟေ့ သာမောင်၊ မင်းမပိန်ဘူးကွ . . ဝတယ်ဟေ့၊ မပုဘူးကွ . . ရှည်တယ်ဟေ့၊ မသေးဘူးကွ . . ကြီးတယ်ဟေ့၊ ဘာလဲကွ-ယောက်ျား . . နိုင်ရမယ်ဟေ့၊ ဆက် ကြိုးစားကွ' တဲ့။ တစ်ဂိုး ရှုံးသွားတော့ ဟိုဘက်အသင်းဟာ ပိုပြီး ကြိုးစားလာတာတွေ့ရတယ်။ ကိုယ့်ဘက်အသင်းကလည်း နိုင်လက်စပေါ်လာတော့ ပိုနိုးကြား တက်ကြွလာတယ်။ ကိုယ်ကလည်း အရှိန်မပျက် ဆက်ကြိုးစားလိုက်တာ လူရှည်ကြီးတွေ ကြားထဲမှာ လူပုကလေး ညပ်ညပ်သွားပေမယ့် စိတ်ဇွဲ ထက်သန်လွန်းလို့ နောက်တစ်ဂိုး ထပ်သွင်းလိုက်နိုင်ပြန်တယ်။ ဟိုဘက်အသင်းက တစ်ဂိုးမှ ပြန်မချေပနိုင်ပါဘူး။ ကိုယ်တစ်ယောက်တည်းပဲ ဂိုးသွင်းလိုက်တာ ကိုယ့်ရဲ့သတ္တမတန်းအသင်းက ဆဋ္ဌမတန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားပါတယ်။

ကိုယ်က ဘောလုံးပွဲ သိပ်ဝါသနာမပါလှပေမယ့် ကျရာတာဝန်ကို ကျေပွန်အောင် မဖြစ်မနေ ထမ်းဆောင်ပေးနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ခဲ့ရပါတယ်။ အချိန်စေ့လို့ ဘောလုံးပွဲပြီးသွားတာနဲ့ ကစားဖက် သတ္တမတန်းကျောင်းသားတွေက မိမိကို တစ်ယောက်တစ်လှည့် ပခုံးပေါ် တင်ထမ်းပြီး 'သာမောင်ရာ၊ မင်း ဒီလောက် စွမ်းလိမ့်မယ်လို့ ငါတို့ မထင်မိခဲ့ဘူး၊ မင်းကယ်လိုက်လို့ ငါတို့အတန်းက နှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်သွားတာ၊ မင်းရဲ့အစွမ်းကို ငါတို့အားလုံး ချီးမွမ်းအံ့သြတယ်ဟေ့' လို့ ဝိုင်းချီးကျူးကြတော့တာပဲ။ သူတို့ ချီးမြှင့်တဲ့ဆုကလည်း ဒါပါပဲ။ ဒါက မှတ်မှတ်ရရ ကျောင်းသားဘဝက ကိုယ့်ရဲ့ စွန့်စားမှုနဲ့ အနိုင်ရခဲ့တဲ့ ဘောလုံးပွဲပါ။

နေ့စဉ် အဆိုးနှင့် အကောင်း အားချင်းလုပြီး ယှဉ်ပြိုင်နေရတဲ့ မိမိခန္ဓာထဲက ပြိုင်ပွဲမှာလဲ ကိုယ်နှင့်ဆိုင်တဲ့ ကိုယ်ပိုင်ပွဲအစစ်ဖြစ်တာကြောင့် ကိုယ်ကပဲ အမြဲနိုင်အောင် မဖြစ်မနေ ကြိုးစားနေဖို့ အထူးလိုအပ်မှာပါ။

## ၂။ ကိုယ့်ဘောလုံးပွဲ နိုင်အောင်ခွဲ

ကိုယ့်ခန္ဓာကိုယ်ထဲက ပွဲကမှ တကယ့်ပွဲပါ။ ကိုယ့်ခန္ဓာက ဘောလုံးကွင်းကြီးပေါ့။ ကိုယ့်စိတ်က ကန်စရာ ဘောလုံးဆိုပါတော့။ စိတ်ဘောလုံးက ခြေနဲ့ကန်ဖို့ မပြောနဲ့၊ လက်နဲ့တောင် ကိုင်လို့မရဘူး။ မျက်စိနဲ့တောင် မြင်ရတာ မဟုတ်ဘူး။ ဝီရိယခြေထောက်နဲ့ ဒီဘက်က ကန်လိုက်ရင် ဟိုဘက်ကို ပတ်ချာလှည့်ပြေးသွားတယ်။ ဟိုဘက်က ကန်လိုက်ပြန်တော့ ဒီဘက်ကို ပတ်ချာလှည့်ပြေး လာခဲ့ပြန်တယ်။ ဖမ်းလို့၊ ထိန်းလို့ တော်တော်ခက်ခဲသား၊ တစ်နေ့ကုန်လို့တောင် ကိုယ့်စိတ် ဘယ်ကို ရောက်နေမှန်း၊ ဘယ်နေရာ နေမှန်း၊ ဘာလုပ်နေမှန်း၊ သိဖို့ သိပ်ခက်တယ်။ မြန်လိုက်တာလည်း မပြောနဲ့။

သရက်ဂုံလေး တစ်ခေါက်ဆုံးအောင်တောင် ရွတ်လို့အဆင်မပြေချင်၊ အမည်းသင်းက ဝင်ဖျက်၊ မေတ္တာလေးတစ်ခေါက်ပို့တာတောင် အစအဆုံး မချောမောချင်၊ အမည်းသင်းဖျက်တာ ခံရတယ်။ ၅-မိနစ် ပြည့်အောင်တောင် ခန္ဓာဉာဏ်စိုက် ဝိပဿနာရှုလို့ မရချင်၊ အမည်းသင်းက ဝင်ဖျက်လို့ ပျက်ပြယ် လည်သွားတယ်။ သတိက အမည်းကို အဖြူ ပြောင်းပေးနေရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်အဆိုးဆိုတဲ့ အမည်းသင်းက တစ်ဖက်၊ ကုသိုလ်အကောင်းဆိုတဲ့ အဖြူသင်းက တစ်ဖက်၊ အဲဒီအသင်းနှစ်သင်းဟာ စိတ်ဘောလုံးကို အားချင်း ယှဉ်ပြိုင်လုနေကြပါတယ်။ အမည်းသင်းဘက်မှာ အတန်း ၃-တန်း ရှိပါတယ်။ ကိုယ်နှုတ်နဲ့ လွန်ကျူးတဲ့ ဝီတိက္ကမ ကိလေသာက ရှေ့တန်း၊ စိတ်ထဲမှာ ထကြွသောင်းကျန်းတဲ့ ပရိယုဋ္ဌာန ကိလေသာက အလယ်တန်း၊ မျိုးမပြတ်သေးလို့ အမြစ်တွယ်နေတဲ့ အနုသယကိလေသာက နောက်တန်းပေါ့။

ကွင်းထဲမှာ လှုပ်ရှားနေတဲ့ လောဘ၊ ဒေါသ၊ မောဟ ဦးစီးတဲ့ ကိလေသာတွေဟာ အားကလည်း ကောင်း၊ သံသရာရှည်ခဲ့လှပြီဆိုတော့ သမ္မာကလည်း ရင့်၊ ရှုပ်ကလည်း ရှုပ်ပေါ့။ မောဟက ဂိုးပေါက်ကနေ စောင့်တဲ့ ဂိုးသမား၊ ဂိုးပေါက်ကို မမြင်ရအောင် ဖုံးအုပ်ထားတယ်။ ရှုပ်ပွနေပေမယ့် တစ်သင်းလုံး ထောင်ထောင် မောင်းမောင်း အားကောင်းမောင်းသန်တွေပါ။

အဖြူသင်းဘက်မှာလည်း အတန်း ၃-တန်းပဲ။ ရှေ့တန်းမှာ ဝိပဿနာပညာ သိက္ခာ၊ အလယ်တန်းမှာ သမာဓိ သိက္ခာ၊ နောက်တန်းမှာတော့ သီလသိက္ခာပေါ့။ ကွင်းလယ်ထဲမှာ လှုပ်ရှား ဖန်တီးနေကြတာက သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာဆိုတဲ့ ဗိုလ် ၅-ပါးတွေပါ။ ဂိုးပေါက်က စောင့်နေတဲ့ ဂိုးသမားက သတိပဲ။

အဖြူအသင်းနှင့် အမည်းအသင်း အားချင်းယှဉ်ကြည့်ရင် အဖြူသင်းက အမည်းသင်းထက် အဆများစွာ အားကောင်းပါတယ်။ ကုသိုလ်ဆိုတာ အကုသိုလ်ကို ပယ်နိုင်တဲ့ ပဟာယက တရားပါ။ မီးကို ငြိမ်းသတ်ပေးရတဲ့ ရေလိုပေါ့။ အမည်းအသင်းက အဖြူအသင်းလောက် အားမကောင်းပါဘူး။ အကုသိုလ်ဆိုတာ ကုသိုလ်နဲ့ ပယ်သတ်ခံရတဲ့ ပဟာတဗ္ဗ တရားပါ။ ရေနဲ့ ငြိမ်းသတ်ခံရတဲ့ မီးလိုပေါ့။

လောကမှာ မီးလောင်ရင် ရေနဲ့ ငြိမ်းသတ်ရပေမယ့် ရေက များလည်းများမှ လက်လည်းဦးမှ မီးကို နိုင်တာပါ။ မီးကများလို့ လက်ဦးသွားခဲ့ရင် မီးကပဲ ရေကို နိုင်တော့မှာပေါ့။ ရေက မီးကို အရှုံးပေးရမှာပါ။ ပြီးတော့ လူဆန္ဒက မီးကိုပဲ အနိုင်ပေးချင်တယ်ဆိုရင်လည်း မီးကပဲ ရေကို နိုင်မှာပါ။ မီးဖက်က လူက ဝင်ကူလိုက်တာကိုး။ လက်တွေ့အမြင်အားဖြင့် ကြည့်လိုက်ရင် မီးဖိုချောင်ထဲမှာ နေ့စဉ် ချက်ပြုတ်နေကြတာဟာ မီးက ရေကို အနိုင်ပေးနေတဲ့ ပွဲတွေပဲ။ မီးက ရေကို နိုင်မှပဲ ထမင်း၊ ဟင်း စားရမှာကိုး။

အကုသိုလ်နှင့် ကုသိုလ်မှာလည်း ဒီအတိုင်းပဲ။ အကုသိုလ်ကို ကုသိုလ်နဲ့ ပယ်သတ်ရပေမယ့် ကုသိုလ်က များလည်းများမှ လက်လည်းဦးမှ အကုသိုလ်ကို အနိုင်ရမှာပါ။ အကုသိုလ်က များလို့ လက်ဦးသွားခဲ့ရင် အကုသိုလ်ကပဲ ကုသိုလ်ကို နိုင်တော့မှာပါ။ လူ့ဆန္ဒက အကုသိုလ်ကိုပဲ အနိုင်ပေးချင်တယ်ဆိုရင်လည်း အကုသိုလ်ကပဲ ကုသိုလ်ကို နိုင်နေတော့မှာပါ။ ပုထုဇဉ်ဆိုတာ ကိလေသာနှင့်အတူ နေရတာကိုပဲ ပျော်စရာလို့ ထင်ချင် ထင်နေတတ်တာကိုး။

အဖြူအသင်းက အမည်းအသင်းထက် အားကောင်းပေမယ့် သတိလွတ်တိုင်း မေ့လျော့ ပေါ့ဆမှုတွေ များလွန်းပါတယ်။ ပစ္စုပ္ပန်ကို တန်ဖိုးမထားဘဲ ဟိုရွှေ့ဒီရွှေ့နဲ့လည်း အချိန်ဆွဲချင်တယ်။ တကယ်လုပ်တော့လည်း လေးလေးစားစား စိတ်ပါလက်ပါ မလုပ်ချင်ဘူး။ ပြီးစလွယ် အပျော်ယံ ရော်ရွတ်ရွတ်ပဲ လုပ်ချင်တယ်။ မေ့တော့ ဖျင်း လာတယ်။ လျော့တော့ ညံ့လာတယ်။ ဒီတော့ အမည်းသင်းက ခေါင်းထောင်ပြီး အနိုင်ကျင့်ချင်လာတယ်ပေါ့။

အဖြူသင်းက စိတ်မပါတပါနဲ့ ပွဲစလာပြီဆိုရင် အမည်းသင်းက ဝင်ဖျက်တော့တာပဲ။ 'ဟဲ့ အဖြူအသင်း၊ မင်းလို လှုပ်တုတ်လှုပ်တုတ်ကို ငါတို့ မကြောက်ဘူးဟေ့၊ ငါတို့က အခုမှစတာ မဟုတ်ဘူး၊ အစမထင် သံသရာကစ ထုံနေခဲ့ပြီဖြစ်လို့ သမ္မာရင့်နေပြီကွ၊ ငါတို့က တစ်ချက်နှစ်ချက်လောက် ကန်လိုက်ရင်ပဲ မင်းတို့လည်းကျပြီး ရှုံးကုန်မှာပါ' လို့ ဆိုပြီး လောဘ၊ ဒေါသ၊ မောဟ ခေါင်းဆောင်တဲ့ အမည်းသင်းက အဖြူသင်းဘက်ကို လှိမ့်ကန်တော့တာပဲ။

အဖြူသင်းမှာ သတိအားနည်းနေတော့ သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့ကလည်း အားပျော့ကုန်တယ်။ အမည်းသင်းရဲ့ကန်ချက်တွေကို ဘာတစ်ခုမှ မခုခံနိုင်တော့ဘူး။ သွင်းလာသမျှ ဂိုးတွေကိုလည်း သတိဂိုးသမားက မိအောင် မဖမ်းနိုင်တော့ဘူး။ ဒီတော့ အမည်းသင်းဘက်က အမည်းဂိုးတွေ တစ်ဂိုးပြီးတစ်ဂိုး အဆက်မပြတ် သွင်းချလိုက်တယ်။ သတ်တဲ့ဂိုးတွေ၊ ခိုးတဲ့ဂိုးတွေ၊ များတဲ့ဂိုးတွေ၊ ဖောက်ပြန်တဲ့ဂိုးတွေ၊ လိမ်ညာတဲ့ဂိုးတွေ၊ မူးရူးတဲ့ဂိုးတွေ၊ မိုက်ရိုင်းတဲ့ဂိုးတွေ၊ ပြဿနာအရှုပ် ဂိုးတွေ၊ ကမ်းကုန်အောင်မိုက်တဲ့ အဆိုးဂိုးတွေ ဆက်ကာဆက်ကာ သွင်းတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com


အဖြူသင်း ဂိုးတွေရှုံးတော့ အပူတွေရ၊ အပါယ်ကိုတောင်ကျပြီး ဒုက္ခတွေ အဆုံးအဆမရှိ ပင်လယ်ဝေ နေရတတ်ပါတယ်။ ကြံစည်သလိုမပြီး၊ လုပ်သလိုမအောင်မြင် အစစအရာရာမှာ ပူလောင်ဆင်းရဲ ပင်ပန်း နေတတ်တယ်။ ဒီတော့မှ အဖြူအသင်း သတိ ပြန်ရလာတတ်တယ်။ သတိက နှိုးဆော်ပေးလိုက်တော့ အဖြူတစ်သင်းလုံး နိုးကြားတက်ကြွလာရတယ်။

## ၃။ အဖြူအသင်း ဂိုးပြန်သွင်း

အဖြူသင်း အားတက်လာတာနဲ့ အမည်းအသင်းကိုပြောတယ်။ ' ဟဲ့-အမည်းသင်း၊ နင်တို့က သမ္မာရင့် ဝါရင့်တွေ ဖြစ်ပေမယ့် ဘာစည်းကမ်းမှ မရှိဘူးကွ၊ စိတ်ဘောလုံးကို အစီအစဉ်မရှိ၊ လမ်းကြောင်းမရှိ၊ ဦးတည်ချက်မရှိဘဲ ထင်ရာ လျှောက်ရမ်းကန်နေကြတာ၊ နင်တို့ အရမ်းသမားတွေကို ငါတို့ လုံးဝ မကြောက်ဘူးကွ၊ တကယ် စိတ်ပါလက်ပါ စည်းကမ်းတကျ ကန်ရင် ငါတို့က ဧကန် နိုင်ပြီးသားပါ' လို့ ဆိုပြီး အမည်းသင်းဘက်ကို မနားတမ်း အဆက်မပြတ် ဒလစပ် ကန်ချလိုက်တာ၊ အဖြူသင်းက အမည်းသင်းကို ကောင်းမှုဂိုးတွေ အပြတ်နိုင်သွားတော့ ပျော်ရွှင်အားတက် ကြည်နူးလို့ မဆုံးပေါ့။ ကုသိုလ်ရတာလောက် ဝမ်းသာစရာ ကောင်းတဲ့အရာ ဘာမှမရှိဘူးလေ။

အဖြူသင်းဘက်က သတိလွတ်လို့ မျက်ခြည်ပြတ်တာနဲ့ အမည်းသင်းဘက်က အဖြူသင်းဘက်ကို လိုမ့်ကန်လာပြန်တာပဲ။ သတိအားနည်းလာတော့ သဒ္ဓါစတဲ့ အကောင်းတရားတွေမှာ ခုခံ တိုက်ဖျက်အား လျော့လာတယ်။ ဒီတော့ အမည်းသင်း ကန်အား ပြင်းထန်လာတာပေါ့။ အဖြူသင်းဘက်မှာရှိတဲ့ ပညာရှေ့တန်းကို ဖြတ်ကျော်ထိုးဖောက်၊ သမာဓိ အလယ်တန်းကိုပါ ဖြတ်ကျော်တိုးဝင်လာတယ်။ သီလ နောက်တန်းကိုပါ ဖြတ်ကျော်ဖောက်ဖျက်ပြီး မကောင်းမှု ဒုစရိုက်ဂိုးတွေ အဆက်မပြတ်သွင်းဖို့ အရှိန်နဲ့ အဟုန်နဲ့ ပြေးလာတယ်။

အမည်းသင်းက သီလနောက်တန်းကိုပါ ဖောက်ဖျက်ဖြတ်ကျော်ဖို့ ပြေးလာတော့ သတိဂိုးသမားက 'ဟေ့ အမည်းသင်း၊ သီလမှ မရှိတော့ဘူးဆိုရင် ဒီလူဟာ ဘာမှ တန်ဖိုးမရှိတော့ဘူးကွ၊ အသေအလဲ ခုခံ ကာကွယ်ရလိမ့်မယ်' လို့ဆိုပြီး စိတ်ဘောလုံးကို တက်ဖမ်းလိုက်ပါတယ်။ ဝီရိယနှင့် တွဲပြီး ရှေ့တိုးဖမ်းလိုက်တာပါ။ ဂိုးသမား အဖမ်းကောင်းလို့ အဖြူသင်းဘက်ကို အမည်းဂိုး မသွင်းနိုင်တော့ပါဘူး။

သတိဂိုးသမားက လောဘ ဒေါသ မောဟပါတဲ့စိတ်ကို 'လောဘ၊ ဒေါသ၊ မောဟပါတဲ့ စိတ်ပဲ' လို့ အမိအရဖမ်းပြီး 'ဘာပါတဲ့ စိတ်ပဲဖြစ်ဖြစ် ဖြစ်ပြီး ပျက်သွားတာဖြစ်လို့ အနိစ္စချည်းပဲ' လို့ ဉာဏ်ဖော်ရှုလိုက်တယ်။ သတိက စိတ်ကို သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာ စတဲ့ အကောင်းတရားတွေလက်ထဲ အချိတ်အဆက်မိသွားအောင် စိတ်ကို ထည့်အပ်လိုက်တယ်။ ဒီတော့မှ အဖြူသင်း အရှိန်ရလာပြီး အမည်းသင်းဘက် ပြေးတက်လာတယ်။

အဖြူသင်းဟာ အရှိန်အဟုန်မြှင့်ပြီး ဝီတိက္ကမ ကိလေသာရှေ့တန်း၊ ပရိယုဋ္ဌာန ကိလေသာ အလယ်တန်း၊ အနုသယ ကိလေသာနောက်တန်းတွေကို အဆင့်ဆင့် ဖြတ်ကျော်လို့ ဒါနဂိုးတွေ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး ဂိုးတွေ တစ်ဂိုးပြီးတစ်ဂိုး အဆက်မပြတ်သွင်းလိုက်ပါတယ်။ အမည်းသင်းဘက် ဂိုးသမား မောဟက ဂိုးပေါက် မမြင်ရအောင် ဖုံးအုပ်ကာကွယ်ထားပေမယ့် အဖြူသင်းဘက် သတိ၊ ဝီရိယ၊ သမာဓိ၊ ဉာဏ်တို့က သိပ်ကောင်းတော့ ဂိုးပေါက်ကို ထိုးဖောက်ပြီး ကောင်းမှုဂိုးတွေရအောင် သွင်းနိုင်ပါတယ်။

ဘယ်သူမဆို အပူဆင်းရဲကို မလိုချင်ကြဘူး။ ငြိမ်းအေးချမ်းသာမှုကိုပဲ လိုချင်ကြတယ်။ ဒါဆိုရင် အဖြူသင်းက အမည်းသင်းကို အမြဲအနိုင်ရနေအောင် သတိထားပြီး မနေမနား ကြိုးစားနေရုံပေါ့။ ကိုယ့်ဟာကိုယ် အနိုင်ယူရတဲ့ ပွဲဟာ လောကအောင်ပွဲတွေထဲမှာ အမြင့်မြတ်ဆုံးပဲ။ ဘယ်သူ့ထံမှ ပြန်မအပ်ရတဲ့ ပါရမီ အနှစ်တရား စွမ်းရည်ဒိုင်းဆုကြီးကို ရမှပဲ စိတ်အေးရမယ်လေ။ ဆိုးလိုက်ကောင်းလိုက် ခဏခဏ ပြောင်းလဲနေတတ်တဲ့ ကိုယ်တစ်ယောက်တည်းကို နှစ်မျိုးခွဲပြီး ဘောလုံးပွဲလို့ စကားနဲ့ တင်စားပြောဆိုတာပါ။

## ၄။ နည်းလမ်းမှန်မှ အောင်ပွဲရ

- **နေပူချိန်မှာ၊ သစ်ရိပ်မှာ၊ ခိုတာ အေးချမ်းလှ။**
- **မိဘဆရာ၊ အရိပ်မှာ၊ ပိုကာ အေးချမ်းလှ။**
- **ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ကြုံတာ ပိုအေးလှ။**



www.burmeseclassic.com

www.burmeseclassic.com


- **တရားရိပ်မွန်၊ ခိုလှုံပြန်၊ ဧကန် အေးချမ်းလှ။**
- **ကောင်းဆိုးနှစ်ဖုံ၊ ယှဉ်ပြိုင်ပုံ၊ အကုန်နားလည်ရ။**
- **ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊ မလွဲအောင်နိုင်ကြ။**
- **ကိုယ့်စိတ်ကိုယ်တွန်း၊ လုံ့လစွမ်း၊ နည်းလမ်းမှန်မှ အောင်ပွဲရ။**

ဆရာတော် ဦးနန္ဒဆိုတဲ့ ဘုန်းကြီးတစ်ပါး ရှိတယ်။ မေတ္တာကရုဏာလည်း အားကြီးတယ်။ ခန္တီတရားလဲ အမြဲ လက်ကိုင်သုံးတယ်။ သိက္ခာလည်း ပြည့်ဝတယ်။ ကိုယ့်ထံ ရောက်လာသူအားလုံး ဘဝနေနည်းတတ်အောင် သင်ပေးတယ်။ ခဏတဖြုတ် ရောက်လာသူကိုလည်း အတိုလေးတွေ သင်ပေးလိုက်တာပဲ။ သာသနာနှင့် တကယ် တွေ့ခွင့်ရအောင် လုပ်ပေးလိုက်တယ်။ ဟုတ်တယ်လေ၊ နေပူထဲသွားနေရသူဟာ လမ်းဘေးက အရိပ်ကောင်းတဲ့ သစ်ပင်ရိပ်မှာ ခဏ ခိုလှုံလိုက်ရရင်ပဲ အတော်အေးသွားတာ။ သစ်ပင်ရိပ်ထက် မိဘရိပ်က ပိုအေးတယ်။ မိဘရိပ်ထက် မေတ္တာ၊ ကရုဏာ၊ သိက္ခာ ပြည့်ဝတဲ့ ဆရာသမားကောင်းရဲ့ အရိပ်ခိုရတာက ပိုအေးချမ်းတယ်။ ဆရာသမားရိပ်ထက် တရားရိပ်၊ သာသနာရိပ်ဟာ အအေးချမ်းဆုံးပါ။ တရားနှင့် သာသနာနှင့် တွေ့သူသာ ခုရောနောင်ပါ တကယ် စိတ်အေးကြရပါတယ်။

တစ်နေ့တော့ ၁၀-နှစ်သားအရွယ် ကျောင်းသားလေး မောင်သောင်းနိုင်ကို ရှင်ပြုဖို့ ဆရာတော်ဦးနန္ဒထံ လာအပ်တယ်။ ဆရာတော်က ကျောင်းသားလေးရဲ့ ဝါသနာစရိုက်ကို မသိမသာ အကဲခတ်တယ်။ ကျောင်းသားလေး ဘောလုံးကန် ဝါသနာပါမှန်း ဆရာတော် သိသွားတယ်။ အဝတ်ကလေးကို လုံးလို့ပဲဖြစ်ဖြစ် သစ်သီးလေးတစ်လုံးလုံးကိုပဲဖြစ်ဖြစ် သူတစ်ယောက်တည်း ဘောလုံးလို ကန်ကန် ကစားနေတာတွေ့ရတယ်။

ဘောလုံးကန် ဝါသနာပါတဲ့ မောင်သောင်းနိုင်အတွက် ဆရာတော်က ကျောင်းသားလေး ဘဝကအစ သာသနာ့အသိတွေ သွင်းပေးပါတယ်။ သာမဏေဆိုင်ရာ သိသင့်တာတွေသိအောင် သင်ပေးပြီးတာနဲ့ ကိုရင် ဝတ်ပေးလိုက်တယ်။ ရှင်သောမလို့ ဘွဲ့အမည် ပေးထားလိုက်တယ်။ ကိုရင်တစ်ပါးတည်းကို ဆရာတော်က စိတ်ပါလက်ပါ စာပေပို့ချ သင်ပြပေးတယ်။ မပျင်းမရိ ဆုံးမသွန်သင် လမ်း ညွှန်မှုလည်းပေးတယ်။ တစ်ပါးတည်းရှိတော့ကော ဘာဖြစ်လဲ၊ သာသနာဟာ သာသနာပဲ၊ ပြန့်အောင် ဖြန့်ရမှာပဲလေ။

နာရှုံလေးနဲ့ အေးချမ်းစေတဲ့ တရား၊ ကျင့်လိုက်ရင် ကျင့်နိုင်သလောက် ငြိမ်းအေးချမ်းသာစေနိုင်တဲ့ တရား၊ တစ်ယောက်တည်းပဲဖြစ်ဖြစ် ဖြန့်ပေးရမယ်။ သူ့နောက်မှာ တရား ကျေးဇူးပြုခံရမယ့် ပရိသတ်တွေ အများကြီးရှိနေတယ်လေ။ လောကစီးပွားရေးသမားလို အလုပ်သမား ဘယ်နှစ်ယောက်ရှိရင် ဘယ်လောက် ရမယ်ဆိုတဲ့ အတွက်မျိုးနဲ့ တွက်လို့မဖြစ်ဘူး။ အဲဒီတစ်ယောက်တည်းရဲ့နောက်မှာ သာသနာ ပြန့်အားနှုန်းက အများကြီးပဲ။

ဘောလုံးဝါသနာပါတဲ့ ကိုရင်လေး သောမကို ဆရာတော်ဦးနန္ဒက ဘောလုံးနည်းပြသင်တန်းတွေ ပေးနေတယ်။ 'လာကွာ ကိုရင်လေး၊ တစ်နေ့တစ်နေ့ စာတစ်ပုဒ်ပဲကျက် ဘာမှ ဝန်မလေးဘူးကွ' စာကျက်ခိုင်းတယ်။ စာတက်ခိုင်းတယ်။ သင်ပြပေးတယ်။ ရိုက်လည်း မရိုက်၊ ဆူလည်း မဆူ၊ ငေါက်လည်း မငေါက်၊ အားပေးစကားလေးတွေသာ ပြောပေးတယ်။ 'ကဲ- ကိုရင်လေး ကျက်ပြီးတဲ့စာ ပြန်ပြပါဦးကွ'။ ကိုရင် စာတစ်ပုဒ် အလွတ်ပြန်ပြနိုင်တော့ 'ဟာ . . ကိုရင်လေး သိပ်ဉာဏ်ကောင်းတာ၊ စာ ခဏလေး ရပါလားကွယ်'။ သာသနာဆိုတာ ဒီလိုအားပေးမှ စည်ပင်မှာပေါ့။

'ကိုရင်ရယ်၊ တစ်နေ့တစ်ပုဒ်တည်း ကျက်နေရင်၊ သင်နေရင် ကိုယ့်ရဲ့ကံနှင့် ဉာဏ်ကို မထိမ့်မြင် လုပ်ရာ ရောက်တယ်ကွ၊ ဟော့ ကံတွေ၊ ဉာဏ်တွေ မင်းတို့ဘယ်လောက်ပဲကောင်းကောင်း ငါးအကုန် ထုတ်မသုံးနိုင်ဘူး၊ ချန်ထားရလိမ့်မယ်လို့ မထိမ့်မြင်လုပ်ရာ ရောက်တယ်'၊ 'တစ်နေ့ ၁၀-ပုဒ်၊ အပုဒ်-၂၀ ရနိုင်လောက်တဲ့ ကံတွေ၊ ဉာဏ်တွေ ပါရက်သားနဲ့ တစ်ပုဒ်တည်းသာ ကျက်နေရင် ကျန်တဲ့ ကံကောင်း၊ ဉာဏ်ကောင်းတွေကို မထိမ့်မြင်လုပ်ပြီး ဖြုန်းပစ်တာနှင့် တူတယ်ကွ'။ ဘုန်းကြီးက အပြောလည်းကောင်း၊ စည်းရုံးရေးလည်း ကောင်းတယ်။ ဒါကြောင့် တစ်နေ့ ၁၀-ပုဒ်၊ အပုဒ်-၂၀ တိုးတိုး ကျက်တယ်။ ဆရာ အားပေးကောင်းတော့ စိတ်ဓာတ် ဖွံ့ဖြိုးစည်ပင်တာကိုး။

ပြီးတော့ စာသိနဲ့ မပြီးသေးလို့ အကျင့်ပါ ထည့်ပေးတယ်။ အိုးထဲ ပုံးထဲထည့်ထားတဲ့ စပါး၊ ပဲ၊ နှမ်းတွေဟာ အဖုံးအပိတ်မရှိရင် ပိုးဝင် ကိုက်တတ်သလို စာသိသာ ရှိပြီး အကျင့် မရှိရင် ကိလေသာပိုး ဝင်ကိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ခံရတတ်တယ်။ ဒါကြောင့် လုံခြုံအောင် ပဋိပတ်အဖုံး အပိတ်ပါ ထည့်ပေးတယ်။ ကိုရင်လေး သောမ ကျောင်းသားဘဝက ဘောလုံးဝါသနာပါတယ်ဆိုတာ သိထားတော့ ဘုန်းကြီးက ဘောလုံးစကားနဲ့ သိမ်းသွင်း စည်းရုံးလိုက်တယ်။

ဘုန်းကြီးက ညပိုင်းရောက်တော့ 'လာဟေ့ ကိုရင်၊ ဘောလုံးကန်ရအောင်ကွ' လို့ ခေါ်လိုက်တယ်။ ကိုရင်က 'ဟယ် ငါကိုရင် ဖြစ်နေပါပြီ၊ ဘုန်းကြီးက ဘောလုံးကန်ဖို့ ခေါ်နေတယ်၊ ဘယ်သူနှင့် ကန်ရမှာပါလိမ့်၊ ဘုန်းကြီးနှင့်သာ ကန်ရရင်တော့ ငါရှုံးမှာ' ကလေးဆိုတော့ ကလေးတွေး တွေးတာပေါ့။

ဘုန်းကြီးခေါ်တော့ ကိုရင်သွားတယ်။ 'လာ ကိုရင် တင်ပလ္လင်ခွေ ထိုင်စမ်းကွာ၊ ခါးလေး ဖြောင့်ဖြောင့်ထား၊ ခေါင်းလေး မတ်မတ်ထား၊ မျက်စိလေးလည်း မှိတ်ထား၊ နှာသီးဖျားမှာ အသိစိတ် စိုက်ထား၊ ဝင်လေ ဝင်လာရင် ဝင်တယ်လို့ သိ၊ ထွက်လေ ပြန်ထွက်လာရင် ထွက်တယ်လို့ သိ၊ ဝင်တုန်း ထွက်တုန်းလေး သိအောင် လုပ်နေရုံပဲကွ၊ ဘာမှ မခက်ဘူး' ခန္ဓာ ဘောလုံးကန်နည်း သင်ပေးတယ်။

ကိုရင်လေး တစ်ချက်နှစ်ချက်လောက် မှတ်၊ တစ်မိနစ် နှစ်မိနစ်လောက်မှတ်ပြီးတာနဲ့ 'ကဲ ကိုရင် တစ်ဂိုး နိုင်သွားပြီ၊ တော်ပြီ' လို့ ပြောလိုက်တယ်။ ဘောလုံးသမားကို ဘောလုံးစကားနဲ့ ပြောတော့ အားတက်သွားတာပေါ့။ ညစဉ် နည်းနည်းစီ တိုးတိုးခိုင်းတယ်။ ၅-မိနစ် ပြည့်ရင် 'တစ်ဂိုးနိုင်ပြီ' လို့ပြောတယ်။ နောက်ညတွေရောက်တော့ ၁၀-မိနစ်ပြည့်အောင် အမှတ်ခိုင်းပြီး 'ဂိုးနိုင်ပြီ' လို့ပဲပြောတယ်။ ကိုရင်က အနိုင်ဂိုးချည်း ရနေတော့ ပျော်နေတာပေါ့။

တစ်နေ့တော့ ဘုန်းကြီးက စမ်းကြည့်တယ်။ 'လာဟေ့ ကိုရင်၊ ဘောလုံးကန်ရအောင်၊ ကဲ ထိုင်ကွာ၊ မနေ့တုန်းကအတိုင်း မှတ်ကွာ' တစ်ခွန်းပဲ ပြောတယ်။ ကိုရင်လည်း မှတ်နေလိုက်တာ၊ နာရီဝက်လောက် ကြာသွားပေမယ့် ဘုန်းကြီးက တစ်ခွန်းမှ မပြောဘူး။ ခါတိုင်းဆို ၅-မိနစ်၊ ၁၀-မိနစ်လောက်ရှိရင် ဂိုးနိုင်ပြီလို့ ပြောတယ်။ အခုဆို ကြာလှပြီ၊ ဘာမှ မပြောဘူး။ ညောင်းလာပြီ၊ ကိုက်လာပြီ၊ ထုံကျဉ်လာပြီ၊ တော်တော် အခံရခက်နေပြီ။

'ဘုန်းကြီးဘုရား . . ဘုန်းကြီးဘုရား' ငိုသံပါလေးနဲ့ ခေါ်လာတယ်။

'ဟေ ဘာလဲ ကိုရင်၊ အနားမှာရှိပါတယ်ကွယ့်'

'တပည့်တော် ညောင်းလှပြီဘုရာ့'

'ဟဲ့ ကိုရင်၊ ဂိုးနိုင်ပြန်ပါပြီကောဟ'

'မဟုတ်ဘူးဘုရား၊ တပည့်တော် ဂိုးရှုံးပြီဘုရား'

'ဘယ်နှစ်ဂိုးရှုံးတာလဲဟဲ့'

'အများကြီးဘုရား'

'အများကြီး မရှုံးစေနဲ့လေ၊ တင်းထားတင်းထား ညောင်းတာ ညောင်းမှန်းသိရင် ဂိုးနိုင်တယ် ခေါ်တာပေါ့ကွ'

'ကြည့်စမ်း . . ကိုရင်၊ နာရီဝက်ကလေး ထိုင်တာတောင် ဒုက္ခတွေ ပြလာပြီ၊ ဒီဒုက္ခက အခုမှ စတာ မဟုတ်ဘူး၊ ကြာလှပြီ၊ ပြောင်းလဲပြီး ဖုံးဖိထားလို့ မသိချင်ယောင်ဆောင်နေလို့ မသိရတာ၊ အခု ငြိမ်ပြီး အကဲခတ် ကြည့်လိုက်တော့ ပေါ်လာတာပဲ၊ ဒီဒုက္ခတွေ လွတ်ဖို့ မလွတ်သေးခင် ခံနိုင်ရည်ရှိဖို့ တရားအလုပ် လုပ်တာကွဲ့၊ မလျှော့နဲ့ ယောက်ျားပီပီ တင်းတင်းရင်းရင်း ကြိုးစားစမ်းပါ'

'ကိုရင် . . လောက ဘောလုံးပွဲကိုသာ စိတ်ဝင်စားရမှာ မဟုတ်ဘူး၊ ခန္ဓာ ဘောလုံးပွဲလဲ စိတ်ဝင်စားမှ ဖြစ်မယ်၊ ခန္ဓာက ဘောလုံးကွင်းကွဲ့၊ စိတ်က ဘောလုံး၊ ကိလေသာက အမည်းသင်း၊ တရားက အဖြူသင်း၊ သဒ္ဓါစတဲ့ တရား အဖြူသင်းက ကိလေသာ အမည်းသင်းကို နိုင်အောင်ကန်နိုင်မှ အပူငြိမ်းပြီး ဒုက္ခကိုပါ အနိုင်ယူ လွှမ်းမိုးနိုင်သွားမယ်၊ တစ်စတစ်စ အဖြူသင်းကချည်း နိုင်နေအောင် နေ့တိုင်း တိုးတိုးပြီး ကြိုးစား ပေးစမ်းပါကွယ်'



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးက ကိုရင်လေးကို အသိရော အကျင့်ပါ စည်းရုံးပေးတယ်။ လမ်းညွှန်သွန်သင်ပေးတယ်။ တိုတိုချုံး ပြောလိုက်တော့ ဆရာသမားကောင်းရဲ့ အေးမြတဲ့ အရိပ်ကို ခိုလှုံခွင့်ရလို့ အသိအကျင့် ဘက်စုံ မြင့်သွားတယ်၊ အရွယ်ရောက်တော့ ရဟန်းခံ၊ ကြီးလာတော့ 'ဆရာတော်ကြီး ဦးသောမ . . ဆရာတော်ကြီး ဦးသောမ' နဲ့ စာလည်းတတ်၊ အနေအထိုင်လည်းကောင်း၊ အကျင့် သိက္ခာလည်းပြည့်ဝ၊ အဟောအပြော အသင်အပြလည်း ကျွမ်းကျင်တဲ့ ထိပ်တန်း သာသနာပြု ပုဂ္ဂိုလ်ကြီး ဖြစ်သွားတယ်။ ခန္ဓာ ဘောလုံးပွဲမှာ အနိုင်ရသွားတယ်ပေါ့။

## ၅။ စိတ်အားတင်းက အနိုင်ရ

- **စိတ်ကိုမနိုင်၊ စွမ်းအားယိုင်၊ ဒေးမှိုင်လျှောကျ အောက်လမ်းကို။**
- **စိတ်ကိုနိုင်မှ၊ တက်နိုင်ကြ၊ ရောက်ရ အထက်ကို။**
- **ဆင်းကြသူမှာ၊ များလှစွာ၊ မြေမှာရှိတဲ့ မြေမှုန့်လို။**
- **တက်နိုင်သည့်ဖွဲ၊ အလွန်နည်း၊ လက်သည်းပေါ်က မြေမှုန့်လို။**
- **စိတ်အားတင်းက၊ အနိုင်ရ၊ တက်ရ အထက်ကို။**

ကိလေသာအမည်းသင်းက စိတ်ကိုလွှမ်းမိုးထားလို့ စိတ်ကိုမနိုင်တာပါ။ စိတ်ရဲ့ ထိန်းချုပ်နိုင်တဲ့ ပင်ကိုယ်စွမ်းအားတွေ ယိမ်းယိုင်ပြီး အောက်ကို လျှောကျရတာပါ။ အမည်းသင်းကို သတိ၊ ဝီရိယ၊ သမာဓိဉာဏ်နဲ့ လွှမ်းမိုး ဖယ်ရှားနိုင်မှ စိတ်ကို နိုင်ပြီး စိတ်ရဲ့ ထိန်းချုပ်နိုင်တဲ့ ပင်ကိုယ်စွမ်းအားတွေ ပေါ်လာရတယ်။ အထက်ကို ရောက်အောင် တက်နိုင်တယ်။ အောင်ပွဲဆင်နိုင်တယ်။

စိတ်မနိုင်လို့ ဆင်းရသူ ကျရှုံးသူတွေက မဟာပထဝီ မြေကြီးပေါ်မှာရှိတဲ့ မြေမှုန့်တွေလောက် များတယ်ဆိုပဲ။ စိတ်နိုင်လို့ တက်နိုင်သူ၊ အောင်မြင်သူကတော့ လက်သည်းခွံပေါ်မှာရှိတဲ့ မြေမှုန့်လောက်ပဲ အလွန် နည်းလှပါသတဲ့။ စိတ်အားတင်းပြီး ကြိုးကြိုးစားစား စွဲစွဲမြဲမြဲ ဖွဲ့ရှိရှိ တက်နိုင်မှ အထက်ကို တက်ရောက် နိုင်မယ်။ အဖြူသင်းက အောင်ပွဲဆင် အနိုင်ရနိုင်မယ်။

တရားသုတရှိလို့ ဉာဏ်မျက်လုံးကောင်းပြီး ဘဝအမြင် ရှင်းအောင် ကြည့်တတ်တဲ့ ဒေါ်ကြည်အေးဆိုတဲ့ ယောဂီတစ်ယောက် ရှိတယ်။ ဥပုသ်နေ့တစ်နေ့ နေ့လည်အချိန်မှာ အိမ်ကနေ ရိပ်သာကျောင်းကို ဥပုသ်စောင့် တရားနာ တရားထိုင်ဖို့ သွားတယ်။ သဘော်ဆိပ်ကမ်းဘက်က လှည့်သွားတော့ အာရုံတစ်ခု တွေ့ရတယ်။ ဘယ်အာရုံမဆို မကြည့်တတ်သူအတွက် အကုသိုလ် ဖြစ်စရာချည်းပဲ။ ကြည့်တတ်သူအတွက်တော့ တရားချည်းပါ။

ဒေါ်ကြည်အေးက တရားမျက်လုံးကောင်းတော့ တရားပုံစံနဲ့ပဲ ကြည့်ပါတယ်။ မြင်တွေ့ရတဲ့အာရုံက မှုတူးဆိုတဲ့ ကူလီတစ်ယောက် ကုန်တင်ကားကြီးပေါ်က ဆန်အိတ်တွေကို တစ်အိတ်ချင်းထမ်းပြီး ဟိုအဝေး မြစ်ထဲမှာရှိတဲ့ သင်္ဘောပေါ်အရောက် ထမ်းပို့နေတဲ့ မြင်ကွင်းပါ။ သာမန်အားဖြင့် ကူလီဆန်အိတ် ထမ်းတာကို စကားတစ်ခုလုပ် ပြောစရာလည်း မလို၊ အချိန်ကုန်ခံ ကြည့်နေစရာလည်း မလို၊ ကြည့်တတ်ရင်တော့ တရားပဲ။

နေ့လည်ဆိုတော့ နေကလည်း ပူလိုက်တာ၊ နေပူကြီးထဲ ဝေးလံတဲ့ သဲပြင်ကြီးပေါ်ဖြတ်၊ ဆန်အိတ်ကြီး ထမ်းပို့နေတယ်။ တော်တော်နက်တဲ့ ချောက်တစ်ခုပေါ် တံတားခင်းထားတယ်။ တံတားမှာ လူတစ်ယောက်သာ လျှောက်လောက်တဲ့ ပျဉ်ပြားတစ်ချပ်ပဲရှိတယ်။ ဘေးက ကိုင်စရာလည်း မပါဘူး။

ဒေါ်ကြည်အေးက သံသရာခရီးသည် အားလုံးခြုံပြီး ဉာဏ်နဲ့ ဖြန့်ကြည့်တယ်။ 'သံသရာခရီးသည်တွေလဲ မှုတူးလိုပဲနော်၊ သူများအထုပ်ကြီးတွေကို ကိုယ့်အထုပ်လုပ်ပြီး ထမ်းနေလိုက်ကြတာ၊ ဝေးလံတဲ့ သံသရာ ခရီးရှည်ကြီးမှာ အတွင်းကပူ အပြင်ကပူနဲ့ ပူလို့ ပူမှန်းလည်း မသိ'။

'မှုတူးသွားတဲ့လမ်းမှာ ချောက်ကြီးရှိသလို ချောက်မှာခင်းထားတဲ့တံတားကလည်း ပျဉ် တစ်ချပ်သာ ရှိသလို၊ ဘေးမှာ ကိုင်စရာ မပါသလို၊ သံသရာ ခရီးသည်တွေလည်း ဒီဘဝနဲ့ နောက်ဘဝ ကူးဖို့ ငါးပါးသီလ တံတားခင်းတော့ တစ်ပါးတောင် ကောင်းကောင်း မလုံချင်ကြဘူး၊ ဘေးက သမာဓိ ကိုင်စရာလည်း မပါ၊ အပါယ်ချောက်ထဲ လိမ့်ကျစရာကြီးနော်' ဒေါ်ကြည်အေး ကြည့်တတ်တယ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com


မူတူးဟာ ဆန်အိတ် (၁၀) အိတ်လောက် ထမ်းပို့ပြီး မောတာနဲ့ ကားနားလာ မတ်တပ်ရပ် အနားယူနေတယ်။ စကားပြောခွင့် ကြုံတာနဲ့ ဒေါ်ကြည်အေးက စကားပြောတယ်။ 'ဟဲ့ မူတူး၊ ဒီဆန်အိတ်တွေဟာ ဘယ်သူ့ ဆန်အိတ်တွေလဲဟဲ့' 'သူဌေးကြီး ဆန်အိတ်တွေဗျ' 'သူဌေးကြီး ဆန်အိတ်တွေကို နင်က ဘာဆိုင်လို့ ထမ်းနေတာလဲ' 'သူဌေးကြီးက ဆန်တစ်အိတ်ထမ်းရင် ငါးမူး ငါးမူး ပေးတယ်ဗျ၊ ထမ်းခ ငါးမူး ငါးမူးရလို့ ထမ်းတာ'။

'ဒီပြင် ထမ်းတဲ့လူတွေကော မရှိဘူးလား' 'အများကြီးရှိတယ်၊ ကျွန်တော်က ဘယ်ပေးနိုင်မလဲဗျ၊ သူများကို ငါးမူး ဖွဲ့မပေးနိုင်ဘူး၊ ကျွန်တော့်ဝင်ငွေက ဒါပဲရှိတာ' 'ဆန်အိတ်တွေက ဘယ်လောက်ရှိလဲ' 'ငါးဆယ်လောက် ရှိမယ်၊ တစ်နေ့လုံး ကြိုးစားထမ်းရင် (၂၅)ကျပ်လောက်တော့ ရမှာပေါ့ဗျ'။

'မူတူး၊ ဒီဆန်အိတ်တွေကို ကုသိုလ်စိတ်နဲ့ ထမ်းတာလား၊ သူဌေးကြီး ချမ်းသာပါစေလို့ မေတ္တာပို့ပြီး ထမ်းတာလား၊ ဒီဆန်ကို စားသုံးကြမယ့် လူတွေအားလုံး ချမ်းသာကြပါစေလို့ မေတ္တာပို့ပြီး ထမ်းတာလား၊ ဝေယျာဝစ္စကုသိုလ်စိတ်နဲ့ ထမ်းတာလား၊ ဘယ်လှမ်းတယ် ညာလှမ်းတယ်လို့ သတိပဋ္ဌာန် အသိစိတ်ကလေးတွေနဲ့ ရှုမှတ်ရင်းထမ်းတာလား'။

'ဟာ . . အစ်မရယ်၊ ကျွန်တော် ကုသိုလ်လိုချင်လို့ ထမ်းတာ မဟုတ်ဘူးလေ၊ သူဌေးကြီးကို မေတ္တာပို့ရအောင်က သူဌေးကြီး ချမ်းသာလည်း ကျွန်တော် ဘာရမှာမှတ်လို့၊ လူတွေ ဒီဆန် စားရတော့ကော ကျွန်တော် ဘာရမှာမှတ်လို့ ကျွန်တော်ကတော့ ဆန်တစ်အိတ်ထမ်း ငါးမူးရရင် တော်ပြီဗျာ'

မူတူးရဲ့အဖြေဟာ ဒေါ်ကြည်အေးအတွက် တရားတစ်ပုဒ်ပဲ။ 'သံသရာခရီးသည် အများစုဟာလည်း မူတူးလိုပဲ၊ တန်ဖိုးမဆုံးဖြတ်နိုင်တဲ့ သာသနာတော်ထဲမှာ ဘယ်အထုပ်ကိုင်ကိုင် အဖိုးတန် တရားထုပ်ကြီးတွေချည်း၊ အဲဒါကို ငါးမူးနဲ့ တန်ဖိုးဖြတ်နေသူတွေ အများကြီးပါလား' ၊ 'မူတူးထမ်းတဲ့ ဆန်အိတ်တွေထဲမှာ တကယ် ယူတတ်ရင် သီလ၊ သမာဓိ၊ ဝိပဿနာတွေ အများကြီးပါတယ်။ ဒါပေမယ့် မလိုချင်ဘူးတဲ့၊ တစ်အိတ် ငါးမူးရရင် တော်ရောပေါ့တဲ့'။ သူ့မှာ သာသနာ့မျက်လုံးပါတော့ အကြည့်တတ်တာပေါ့။

## ၆။ တရားနာတာ နားပူသတဲ့

ဒေါ်ကြည်အေးက မူတူးကို သနားလို့ပြောတယ်။ 'မူတူးရယ် နေကလည်း ပူလိုက်တာ၊ လမ်းကလည်း ကြမ်း၊ သဲပြင်ကြီး လျှောက်ရတာလည်း အဝေးကြီး၊ ဟိုနားတံတားက ပျဉ်တစ်ချပ်ပဲ ခင်းထားတာ၊ ဘေးက ကိုင်စရာလည်းမရှိဘူး၊ ချောက်ကလည်း အနက်ကြီး၊ ဆန်အိတ်ကြီးထမ်းရင်းနဲ့ အမှတ်တမဲ့ ချောက်ထဲ လိမ့်ကျသွားရင် ကျိုးပဲ့ကွဲပြဲပြီး အကြီးအကျယ် ဒုက္ခရောက်သွားမယ်'

'ကိစ္စမရှိဘူးအစ်မ' ပြုံးပြုံး ပြုံးပြုံးနဲ့ ဆန်အိတ်ကြီး ထမ်းနေတယ်။ ခရီးကြမ်းကြီး လျှောက်နေရတာ မောပန်းရမှန်းလည်း မသိဘူး။ ဒီလောက်လေးလံတဲ့ အထုပ်ကြီး ထမ်းနေရတာ ငါးမူးလေးနဲ့ ကျေနပ်လို့ ပျော်လို့။ ဘဝ သံသရာခရီးသည်တွေလည်း သိန်းသန်းကုဋေမကတန်တဲ့ ကုသိုလ်ထုပ်ကြီးတွေကို ထမ်းနေရ ပါရက်သားနဲ့ ငါးမူးအသိလေးနဲ့ ပျော်နေကြသူတွေ အများကြီးပဲ။

ဒါနဲ့ မူတူးကို ဆက်ပြောတယ်။ 'မူတူး မင်းဟာက တစ်နေ့လုံးထမ်းမှ (၂၅) ကျပ်ပဲရမှာ၊ နေကလည်း ပူ၊ လမ်းကလည်း ကြမ်း အခန့်မသင့်ရင် ချောက်ထဲ လိမ့်ကျနိုင်သေးတယ်၊ လုပ်အားနှင့် လုပ်ခ မကာမိပါဘူးကွယ်' 'ဒီနေ့ ဥပုသ်နေ့ကွဲ့၊ ဟိုနားက ရိပ်သာကျောင်းကို သွားမယ်၊ ဥပုသ်စောင့်ဖို့၊ တရားနာဖို့၊ တရားထိုင်ဖို့ လိုက်ခဲ့၊ အလွန်ဆုံး (၂) နာရီပဲကြာမယ်၊ မင်း ၂-နာရီ အချိန်ပေးနိုင်ရင် ဆုငွေတစ်ထောင်ပေးမယ်၊ အေးအေး ချမ်းချမ်းလေးနဲ့ တစ်ထောင်ရမယ်၊ လိုက်ခဲ့'

'ဟာ အစ်မ မဖြစ်ဘူးဗျာ၊ တရားနာတာ အရမ်းနားပူတယ်၊ တရားထိုင်တာ ခါးပူ၊ ခါးညောင်း၊ သိပ်ဆင်းရဲပင်ပန်းတယ်၊ ဒီမှာ ဆန်အိတ်ထမ်းတာက ခေါင်းပူရုံ၊ ကျောပူရုံ၊ ခြေထောက် ညောင်းရုံပဲရှိတာ၊ နားပူ၊ ခါးပူလို့ရတဲ့ တစ်ထောင်ကိုတော့ မယူပါရစေနဲ့ဗျာ၊ ခေါင်းပူ၊ ကျောပူလို့ရတဲ့ (၂၅)ကျပ်ပဲ ကျွန်တော် ကျေနပ်ပါပြီ'


www.burmeseclassic.com

www.burmeseclassic.com



တူးတူးခါးခါး ငြင်းပယ်တယ်။ ဒါလည်း ဒေါ်ကြည်အေးအတွက် တရားတစ်ပုဒ်ပဲ။ 'ဩော်-မရှိတာထက် မသိတာခက်ဆိုတာ ဒါပဲ၊ လမ်းဖွင့်ပေးရက်သားနဲ့ ရလဒ်ကိုမမြင်၊ သွားနေကျ ဒရွတ်တိုက်ကြီးပဲ ဆက်သွားချင်တယ်၊ ကြိုးလေး နည်းနည်းဖြေပြီး ရုန်းရမှန်းလည်း မသိ၊ ထွက်ဖို့ လမ်းပေါက် ရှိရက်သားနဲ့ ပေတေတေ လုပ်နေတဲ့ သတ္တဝါတွေ အများကြီးပါလား' မူတူးအတွက် အဖြူသင်းနှင့် အမည်းသင်း ကန်ကြတာ အဖြူသင်းဘက်က အကြီးအကျယ် ရှုံးသွားတဲ့ သဘောပေါ့။

မူတူးကိုခေါ်မရလို့ထားခဲ့ပြီး ဒေါ်ကြည်အေးတစ်ယောက်တည်း ရိပ်သာကို ဆက်သွားတယ်။ ရောက်ပါပြီ။ ဥပုသ်သီလယူ၊ တရားပြဘုန်းကြီးက တစ်နာရီလောက် အလုပ်ပေးတရား ဟောပေးတယ်။ ခန္ဓာဘောလုံးကွင်းမှာ ဘောလုံးကန်ဖို့ အကွက်ချ နည်းပြပေးတယ်ပေါ့။ ပြီးတော့ ယောဂီ အားလုံး ၁-နာရီ တရားထိုင်ခိုင်းတယ်။ လက်တွေ့ ဘောလုံးကန်ခိုင်းတယ်။ ယောဂီအားလုံး ခန္ဓာဉာဏ်စိုက် ဝိပဿနာ အလုပ်လုပ်နေကြပြီ။ ယောဂီတွေ ခန္ဓာဘောလုံးကွင်းထဲမှာ စိတ်ဘောလုံးကို အဖြူသင်းနှင့် အမည်းသင်း လုကန်နေကြပြီ။

ဒေါ်ကြည်အေးလည်း ဘောလုံးစကန်နေပါပြီ၊ ၅-မိနစ်၊ ၁၀-မိနစ်လောက် ရောက်သွားပေမယ့် ခန္ဓာပေါ် ဉာဏ်ချလို့ မရ၊ မျက်စိမှိတ်လိုက်တာနဲ့ မီးဖိုချောင်ထဲက အိုးတွေ၊ ခွက်တွေ၊ တောင်းတွေ ပေါ်လာလိုက်၊ ဈေးဆိုင်ထဲက ရောင်းကုန်ပစ္စည်းတွေ ရောင်းခပိုက်ဆံတွေ ပေါ်လာလိုက်နဲ့ အာရုံနှင့် စိတ် ကပ်မရအောင် ဖြစ်နေတယ်။ ဘောလုံးပွဲ စရုံ စ ရသေး၊ အဖြူသင်း ဂိုးရှုံးနေပြီ။ အမည်းသင်းကချည်း အဆက်မပြတ် ဂိုးသွင်းနေတယ်။ အဖြူသင်းက ပြန်မချေပနိုင်၊ သတိလွတ်နေတော့ သွင်းလာသမျှ အမည်းဂိုးတွေကိုလည်း မိအောင် မဖမ်းနိုင်၊ လွတ်လွတ်သွားတယ်။

အချိန်တော်တော်ကြာသွားပေမယ့် မှတ်လို့ အဆင်မပြေ ဖြစ်နေတယ်။ ရှော်ရွတ်ရွတ်ကြီး၊ တစ်ချက်မှမမိ၊ အရှုံးသမားပုံစံနဲ့ အိမ်ပြန်ရတော့မလို ဖြစ်နေတယ်။ မူတူးကို တရားဟောခဲ့တုန်းကတော့ ဟုတ်တိပတ်တိကြီး၊ ကိုယ်တိုင် လက်တွေ့စမ်းကြည့်တော့ ဟန်မကျ၊ ဟိုဘက်ကချည်း တစ်ဖုံးဖုံး ဂိုးသွင်းနေတော့ ဂိုးရှုံးလွန်းလို့ တော်တော် စိတ်ညစ်လာတယ်။ 'ဒီနေ့ ငါ တရားထိုင်ရတာ ဘာဖြစ်နေမှန်းမသိဘူး၊ အာရုံနှင့်စိတ် အဆင်မပြေဘဲ ပြဿနာဖြစ်နေတယ်'။

## ၇။ ကိုယ့်ကိုနိုင်မှ အာဂလူ

ဒေါ်ကြည်အေးက တရားမှတ်လို့ အဆင်မပြေတော့ 'တရားထိုင်တာဟာ ကိုယ့်သဘောနဲ့ ကိုယ် ထိုင်တာပဲလေ၊ တစ်နာရီ မပြည့်တော့ကော ဘာဖြစ်သေးလဲ၊ နာရီဝက်ပြည့်ရင် တိတ်တိတ်ကလေးပဲ ထ ပြန်တော့မယ်'။ အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ပြီးမှ မူတူးကို ဖျတ်ကနဲ သတိရလာတယ်။

'ဟဲ့ ကြည်အေး . . လောကရှုံးပွဲတွေထဲမှာ ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ပွဲဟာ အယုတ်ညံ့ဆုံး၊ အနစ်နာဆုံး၊ သူများကို အရှုံးပေးရလို့ အပါယ်မကျဘူး။ ကိုယ့်ဟာကိုယ် အရှုံးပေးလိုက်ရင် အပါယ်ခရီးမှာ ခေါင်းမဖော်နိုင်အောင် ဒလိမ့်ကောက်ကွေး လိမ့်ဖို့၊ မျောဖို့၊ မြုပ်ဖို့သာ ပြင်ပေတော့။ ဆင်းရဲအပူအောက်မှာ ပြားပြားဝပ်နေပေတော့၊ ကိုယ့်ဟာကိုယ်ရှုံးရင် ဗလချာ အလကားလူတဲ့။ ကိုယ့်ကိုနိုင်မှ အာဂလူတဲ့နော်'။

'ဟဲ့ ကြည်အေး . . ဟိုမှာ မူတူး သူများဆန်အိတ်ကြီးတွေ ထမ်းပေးရတာ ထမ်းခ ငါးမူး ငါးမူး ရသေးတယ်၊ နင့်ခန္ဓာကြီး ထမ်းရတာ အိုတာပဲ ရတယ်၊ နာတာပဲ ရတယ်၊ သေတာပဲ ရတယ်၊ ငါးမူးလေးတောင် မရဘူး၊ ရှုံးလှချည်လား'

'သူများဆန်အိတ်ကြီးကို ငါးမူးနဲ့ ထမ်းနေသူက ပြုံးပြုံး ပြုံးပြုံးနဲ့၊ မောမှန်း မသိ၊ ပင်ပန်းမှန်း မသိ၊ ဒီမှာ အငိုတိတ်ကြောင်း အပူငြိမ်းကြောင်း ဆင်းရဲလွတ်ကြောင်း၊ ချမ်းသာကြောင်း ဝိပဿနာ တရားကောင်းကို အားထုတ်တာ ရှုံ့မဲ့ရှုံ့မဲ့နဲ့၊ ဈေးဆစ်လိုက်တာ ရှက်စရာကြီး'

သတိခေါင်းဆောင်ဝင်လာတော့ သဒ္ဓါ၊ ဝီရိယ၊ သမာဓိ၊ ပညာတို့လည်း အားတက်လာတယ်။ ရဲရင့်လာတယ်။

'ဘယ့်နှယ် . . ငါဟာ အကျိုးလည်းမဟုတ်၊ အကန်းလည်းမဟုတ်၊ အရူးလည်းမဟုတ်၊ အ အလည်း မဟုတ်၊ သူများတွေလုပ်နိုင်ရင် ငါလည်း လုပ်နိုင်ရမှာပေါ့၊ ၁-နာရီဆို ၁-နာရီပေါ့၊ လဲသေသွားတော့ ဘာဖြစ်သေးလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဟာကိုယ် အားတင်းလိုက်တယ်။ ပျော်လာတယ်။ အားတက်လာတယ်။ သတိကောင်းလာတော့ ခန္ဓာညဏ်စိုက် ရှုရတာ တယ်ကောင်း၊ သိတတ်တာနှင့် သိစရာ အံကိုက် အံကိုက် ဖြစ်သွားတယ်။ ချပ်ကနဲ ချပ်ကနဲနဲ့ မှတ်ရင်း အဖြူသင်း ဂိုးနိုင်နေပြီ။ ဟိုဘက်က ဂိုးသွားလာရင်လည်း သတိနဲ့ ပိုင်ပိုင်နိုင်နိုင် မိအောင် ဖမ်းနိုင်နေပြီ။ ဒေါ်ကြည်အေး ဂိုးနိုင်လာတော့ ခန္ဓာ အဖြစ်အပျက်ကို မြင်လာတယ်။ ခန္ဓာအရှိကို ကျေကျေနပ်နပ် ထောက်ခံနိုင်လာတယ်။

ခန္ဓာအရှိကို သိခွင့်မရတဲ့ ပုထုဇဉ်တွေဟာ ကိုယ့်ခန္ဓာကို ကိုယ်မထောက်ခံနိုင်လို့ ပူကြရ၊ ငိုကြရတာ၊ ခန္ဓာအရှိကို မထောက်ခံဘဲ ကန့်ကွက်နေရင် ဒုက္ခရောက်ရမှာပေါ့။ ဝိပဿနာရှုတာဟာ ကိုယ့်ခန္ဓာအရှိကို ကျေကျေနပ်နပ် ထောက်ခံတာပါ။

'အကြောင်းရှိတော့ ဖြစ်လာတယ်၊ ဘာကြာလည်း အချိန်စေ့တော့ ပျက်သွားပြီ၊ ဒါ သဘာဝပဲ၊ ဟော ညှဉ်းဆဲသွားတော့ ဆင်းရဲလိုက်တာ၊ ဒါလည်း သူ့သဘာဝပဲလေ၊ ကိုယ့်အလိုအတိုင်း ဘာမှမဖြစ်ဘူး၊ ကိုယ့်အလိုနှင့် ဆန့်ကျင်ဘက် အမြဲ လုပ်နေတယ်၊ ဒါလည်း သူ့သဘာဝပဲပေါ့၊ ပျက်တာ နှိပ်စက်တာ ဆန့်ကျင်ဘက်လုပ်တာက နင်တို့ရဲ့ အလုပ်၊ သိအောင် လုပ်ဖို့ မှတ်ဖို့က ငါ့အလုပ်'။ သူ့အလုပ်၊ ကိုယ့်အလုပ် ခွဲကြည့်တတ်တော့ ဒေါ်ကြည်အေး ဂိုးအများကြီး နိုင်လာတယ်။ ကိုယ့်ခန္ဓာသဘောကို ကိုယ်က သိထားမှ ကိုယ်နှင့် ကိုယ့်ခန္ဓာ ဆက်ဆံရေး ပြေလည်မှာပေါ့။

သတိအားကောင်းတော့ မှတ်သိစိတ်နှင့် မှတ်သိစရာအာရုံ ချပ်ချပ်ရပ်ရပ် အံကိုက်ကလေးတွေ ဖြစ်လာတော့ အစွဲတွေလည်း လျော့၊ အပူတွေလည်း ကွာ' ငါ့လောက် သတ္တိရှိသူ ရှိသေးလို့လားဟဲ့' လို့ ကြုံးဝါး ကျူးရင့်ချင်လောက်အောင် စိတ်အားတက်လာတယ်။ တရားထိုင်လို့ ၁-နာရီ ပြည့်သွားတော့ ဘောလုံးပွဲ နိုင်သွားတဲ့ ဒေါ်ကြည်အေးတစ်ယောက် ဝမ်းသာအားရ ကြည်ကြည်လင်လင် အိမ်ပြန်သွားတယ်။

အိမ်မှာလည်း နေ့တိုင်း အိပ်ရာထတာနဲ့ ဘောလုံးကန်တာပဲ။ တရားအလုပ် စလုပ်ပြီးမှ အိမ်အလုပ် လုပ်တယ်။ အိမ်အလုပ်ထဲမှာ တရားအလုပ်ပါအောင် ထည့်သွင်းထားတယ်။ တစ်ခါတစ်ရံ ကိုယ်က ရှုံးတော့မလို ဖြစ်လာတဲ့အခါ မူတူးအာရုံနဲ့ တွန်းအားပေးတတ်တယ်။ 'သူများအထုပ်ကို ငါးမူးနဲ့ ထမ်းသူက ပြုံးပြုံးပြုံးပြုံးနဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ တရားထုပ်ထမ်းရသူက ရှုံ့မဲ့ရှုံ့မဲ့၊ ရှက်ဖို့ ကောင်းလိုက်တာဟယ်၊ ၁-နာရီဆို ၁-နာရီပေါ့၊ လဲသွား ဘာဖြစ်တုန်း'

ဒေါ်ကြည်အေးဟာ တစ်ရက်မှအပျက်မခံဘဲ ကြိုးစားလိုက်တာ အသက်အရွယ်ကြီးလို့ အိုမင်း ရင့်ရော်လာပြီ၊ အသက်ကြီးရင့်သလောက် တရားအသိတွေလည်း မြင့်လာပြီ၊ အိုလာတော့ ခန္ဓာကိုယ်ကလည်း ဝ၊ ရောဂါကလည်း ထူပြောလာတယ်။ ဒါပေမယ့် သူ့ကိုကြည့်ရတာ အလွန် အေးချမ်းတယ်။ 'ကျွန်မ ခန္ဓာကြီးက ကုသိုလ်ထုပ်ကြီး' လို့တောင် ဂုဏ်ယူတတ်လာတယ်။ အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးကို အဖိုးတန် ရတနာအဖြစ် ပြောင်းလဲနိုင်တယ်လို့ ပြောတာ၊ ကိုယ်ကချည်း ဂိုးနိုင်နေတယ်ပေါ့'

'ဟော့. . ခန္ဓာ၊ အိုတာ၊ နာတာ၊ သေတာဟာ မင်းရဲ့အလုပ်၊ တာဝန်ကျေအောင် အိုပါ၊ နာပါ၊ သေပါ၊ ဘဝအနှစ်ထုတ်ဖို့က ငါ့အလုပ်' လို့ ဉာဏ်နဲ့ ခွဲကြည့်ထားတော့ ကောင်းမှုတရား အလုပ်တစ်ရက်မှ အပျက်မခံတော့ဘူး။ သူများတွေကလည်း ချီးကျူးကြတယ်။ 'ဒေါ်ကြည်အေးတို့များ အိုတာအောင် အိုပြုံးလေးရယ်၊ နာတာတောင် နာပြုံးလေးရယ်၊ သေတော့လည်း သေပြုံးလေးနဲ့ သေရဦးမှာ၊ တယ်အရ တော်ပါလား' တဲ့။ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲမှာ အနိုင်ရထားတာကိုး။

နေ့တိုင်း အိပ်ရာထတာနဲ့ ဘောလုံးပွဲ စရမယ်။ ကိုယ့်ဘက်ကချည်း နိုင်အောင် ကြိုးစားကန်ရမယ်။ အိမ်အလုပ်လုပ်ရင်းနဲ့ တရားတစ်ခါတည်း ပါသွားအောင် ကုန်သွားတဲ့အထဲ မကုန်နိုင်တဲ့ တရားစွမ်းအား ပါအောင် သတိထား ကြိုးစားမှ ဘဝအနှစ်ပိုင်မယ်။

ရဟန်းဖြစ်ပြီးစ အရှင်အင်္ဂုလိမာလ ဘောလုံးကန်တော့ စောစောပိုင်းမှာ အမည်းသင်းကချည်း နိုင်နေတယ်။ နောက်တော့ ဘုရားထံက တရားအကူအညီရလို့ သတိ၊ ဝီရိယနဲ့ အားတင်းပြီး ကြိုးစားလိုက်တာ အရဟတ္တဖိုလ် ဒိုင်းဆုရလို့ ရဟန္တာဖြစ်သွားသည်ထိ ကိုယ်က ဘောလုံးပွဲ နိုင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ၈။ လမ်းကြောင်းသိမှ အောင်နိုင်ကြ

- အမှန်လေးပါး၊ မသိကြား၊ အမှားလမ်းကို လျှောက်။
- အဆုံးမရှိ၊ လမ်းမသိ၊ ရောက်မိ ရောက်ရာရောက်။
- ပူ၍မဆုံး၊ ဆင်းရဲတုံး၊ မီးဟုန်းဟုန်းထထောက်။
- အမှန်လေးပါး၊ သိမြင်ကြား၊ အမှားလမ်းတွေပျောက်။
- အဆုံးမြင်ကာ၊ လမ်းပေါ်လာ၊ ချမ်းသာအစစ်ရောက်။
- ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊ အမြဲအောင်၍ ဂုဏ်ရည်မြောက်။

ဆင်းရဲစစ် အမှန်၊ ဆင်းရဲကြောင်း အမှန်၊ ဆင်းရဲ ငြိမ်းရာကုန်ရာ အမှန်၊ ဆင်းရဲ ငြိမ်းကြောင်းကုန်ကြောင်း အမှန်ဆိုတဲ့ အမှန်လေးပါးကို အမှန်အတိုင်း မသိရင် စိတ်ဘောလုံးကို အမှန်လမ်းကြောင်းအတိုင်း မပို့ဆောင်နိုင် မကန်နိုင်ပါဘူး။ လမ်းမရှိရင် ရှိပေမယ့်၊ မသိရင် စိတ်ဘောလုံးဟာ အမှားလမ်းကို လျှောက်ပြီး စည်းမဲ့ကမ်းမဲ့ ရောက်ချင်သလို ရောက်နေတော့မှာပါ။ ဆင်းရဲတုံးကြီးဟာ မဆုံးနိုင်တဲ့ သမုဒယ အပူမီးရဲ့လောင်မြိုက်မှုကြောင့် ဆင်းရဲအပူမီးတွေ တဟုန်းဟုန်း ထ ထောက်လောင်နေတော့မှာပဲ။

အမှန်လေးပါးကို အမှန်အတိုင်း သိမှ အမှားလမ်းတွေပျောက်ပြီး စိတ်ဘောလုံးကို လမ်းမှန်အတိုင်း ပို့ဆောင်နိုင် ကန်နိုင်မှာဖြစ်တယ်။ အဆုံးလည်းထင် လမ်းလည်းမြင်လို့ လုပ်သလောက် အရာရောက်မယ်။ ချမ်းသာအစစ်ရောက်သည်ထိ အောင်ပွဲအဆင့်ဆင့် ဆင်နွှဲနိုင်မယ်။

နေ့စဉ် ကိုယ်တစ်ယောက်တည်းရဲ့ စိတ်ကိုပဲ အကဲခတ်ကြည့်ပါ။ အမှန်တရားကို နာကြားလေ့လာခဲ့ဖူးပေမယ့် လက်တွေ့ပိုင်းမှာ သတိလွတ်နေရင် အမှန်လမ်းပျောက်နေတတ်ပါတယ်။ ပန်းတိုင်ဦးတည်ချက်လည်း ပျောက်၊ လမ်းလည်းပျောက်ပြီး တစ်နေ့လုံး ကိုယ့်စိတ် ဘယ်ရောက်နေမှန်းလည်း မသိ၊ ဘာလုပ်နေမှန်းလည်း မသိ၊ ကသိကအောက် ကမောက်ကမ ဖြစ်နေတတ်ပါတယ်။

အစီအစဉ် ကင်းမဲ့တဲ့စိတ်နှင့် အစီအစဉ်မရှိဘဲ ဆုံတွေ့နေရတဲ့အာရုံတွေ စည်းမဲ့ကမ်းမဲ့ ထိခိုက်ပြီး ကိလေသာမီးတွေလည်း တောက်၊ မတော်တဆ ဒုက္ခတွေလည်း ရောက်နေတတ်တယ်။ ရည်မှန်းချက်တွေလည်း အရာမရောက်ဘဲ ဖြစ်နေတတ်ပါတယ်။ စိတ်ဆင်းရဲ ပူလောင်ရတတ်တယ်။ မထင်မှတ်တဲ့ ပြဿနာမျိုးစုံတွေနှင့်လည်း ရင်ဆိုင်ရတတ်တယ်။ ဖြစ်ချင်တာက တစ်မျိုး၊ ဖြစ်လာတာက တစ်မျိုးတွေကြောင့် ပင်ပန်းဆင်းရဲရမှာပဲ။ အမည်းသင်းကပဲ ဂိုးနိုင်တော့မှာပေါ့။

သတိထားပြီး အသိတရားနဲ့ နေတတ်ရင် အမှန်လမ်းပေါ် ကိုယ့်စိတ်ရောက်ပြီး ငြိမ်သက် ငြိမ်းချမ်းမယ်။ အစစ အရာရာ အောင်မြင်မယ်။ ချမ်းသာကြောင်း စွမ်းအားကောင်းတွေချည်းပဲ ရနေတတ်တယ်။ အဖြူသင်းက ဂိုးနိုင်နေတော့မှာပါ။

## ၉။ အမှန်သိလျှင် အောင်ပွဲဆင်

- သိ၊ ပယ်၊ ဆိုက်၊ ပွား၊ ဤလေးပါး၊ ထူးခြား သစ္စာစစ်။
- စာသိ - ကျင့်သိ၊ ထိုးထွင်းသိ၊ အသိသုံးမျိုးဖြစ်။
- အသိမပါ၊ သံသရာ၊ လွန်စွာ ဒုက္ခဖြစ်။
- အသိပါမှ၊ ချမ်းသာရ၊ မုချစွမ်းအားတက်။
- ဖြစ်ရ-အိုရ၊ နာကြရ၊ သေရ ဆင်းရဲစစ်။
- မချစ်ယှဉ်တွဲ၊ ချစ်သူကွဲ၊ မလွဲ ဆင်းရဲစစ်။
- ရတာမလို၊ လိုတာမရ၊ ပင်ပန်းလှ၊ မုချ ဆင်းရဲစစ်။
- အကျဉ်းချုပ်မှာ၊ ငါးခန္ဓာ၊ မုန်စွာ ဆင်းရဲစစ်။
- ပြစ်မမြင်ဘဲ၊ ငြိကပ်စွဲ၊ ဆင်းရဲ အကြောင်းဖြစ်။
- ဆင်းရဲချုပ်ရာ၊ နိဗ္ဗာန်မှာ၊ ငြိမ်းရာ တရားစစ်။



www.burmeseclassic.com

www.burmeseclassic.com



- **ငြိမ်းရာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၊ကျင့်ရန် မဂ္ဂင်ရှစ်။**
- **အမှန်လေးပါး၊ မြတ်တရား၊ ဘုရားဟောညွှန်လှစ်။**
- **ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊ အမြဲအောင်၍ စွမ်းအားတက်။**

ဘုရားရှင်ရဲ့ ဟောတရားအားလုံး သစ္စာလေးပါးဘောင်ဝင်တဲ့တရားချည်းပါ။ အရှိအတိုင်း တကယ်သိအောင် လုပ်နေရမယ့်ဒုက္ခ၊ ဒုက္ခကို ဖြစ်စေတတ်လို့ မကောင်းတာကြောင့် ပယ်စွန့်နေရမယ့် သမုဒယ၊ ဒုက္ခနှင့် သမုဒယ အဆိုးနှစ်ပါး လုံးဝကုန်ဆုံး ချုပ်ငြိမ်းသွားလို့ ကောင်းတာကြောင့် ဆိုက်ရောက်နိုင်အောင် ရအောင် အမြဲ ဦးတည်းထားရမယ့် နိရောဓ၊ အကောင်းဆုံး နိရောဓကို ရအောင် ရောက်အောင် လုပ်ပေးနိုင်လို့ ကောင်းတာကြောင့် အမြဲ ဖြစ်ပေါ်တိုးပွားအောင် လုပ်နေရမယ့် မဂ္ဂ၊ အဲဒီလေးပါးကို သစ္စာလေးပါး အမှန်တရားလို့ ခေါ်ပါတယ်။

အဲဒီလေးပါးကို လေ့လာလို့သိတဲ့ စာသိ၊ လက်တွေ့ကျင့်လို့ သိရတဲ့ ကျင့်သိ၊ အမှန်အတိုင်း ထိုးဖောက်သိရတဲ့ ထိုးထွင်းသိ ဆိုတဲ့ အသိ ၃-မျိုးနဲ့ အဆင့်ဆင့်သိအောင် လုပ်နေရမှာပါ။ စာပြော ပြောတော့ ပရိယတ်အသိ၊ ပဋိပတ်အသိ၊ ပဋိဝေဓအသိ ၃-မျိုးပေါ့။ အမှန်မသိဘဲ ဘဝသံသရာ ခရီးသွားနေရင် အလွန်ဆင်းရဲ ပူလောင်လှပါတယ်။ ထင်ရာလုပ်နေရင် မြုပ်မှာ၊ မျောမှာကိုး။ အမှန်သိမှပဲ စွမ်းအားတိုးတက်ပြီး အဆိုးကို အန်တုနိုင်လို့ ချမ်းသာမှာဖြစ်တယ်။ အနည်းဆုံး ဆင်းရဲအပူ သက်သာခွင့်ရဖို့ စာသိတော့ သိအောင် လုပ်ထားရမယ်။

၁။ အရှိအတိုင်း သိအောင်လုပ်ရမယ့် ဒုက္ခသရုပ်ကို ဘုရားရှင် ထုတ်ပြထားတယ်။ အတိတ်ဘဝက ပါလာတဲ့ကံနှင့် အဝိဇ္ဇာ တဏှာ ပူးပေါင်းပြီး တည်ဆောက်ပေးလိုက်တဲ့ ဘဝသစ် ဇာတိရယ်၊ သတ္တဝါတွေဟာ ကိုယ့်အရုပ် ကိုယ် ရေးနေကြတာပါ။ မိဘဆိုတာ နေရာပေးရုံပဲ။ ပင်ကိုယ် အရုပ်ပေါ်အောင် ရေးမပေးနိုင်ကြဘူး။ ဇာတိဆိုတာ ဘဝတစ်ခုမှာ တွေ့ကြုံရမယ့် ဒုက္ခမျိုးစုံကို လက်ခံဝယ်ယူဖို့ ဒုက္ခအဝယ်ဒိုင် ဖွင့်လိုက်တာပါ။ ဇာတိဆိုတဲ့ ဒုက္ခလောင်စာ ခန္ဓာပေါ်လာလို့ တစ်ဘဝလုံး ဒုက္ခအပူမီးတွေ တောက်လောင်ရတာပဲ။ မိခင်ဝမ်းထဲ ပဋိသန္ဓေ နေရတုန်းမှာလည်း အလွန် ဆင်းရဲပါတယ်။

ဇာတိဖြစ်လာရင် ဒီအတိုင်း ရပ်မနေဘူး။ ဇရာသဘောကြောင့် တစ်စတစ်စ ရင့်လာတယ်။ ကြီးလာတယ်။ နောက်တော့ အိုလာတယ်၊ စိတ်နောက်ကို ရုပ်က မလိုက်နိုင်တော့ဘူး။ အလွန် ဆင်းရဲ ပင်ပန်းလောက်အောင် အရွယ်တွေ ဖောက်ပြန် ပျက်စီးလာတယ်။ အိုတယ်ဆိုတာ ပစ္စုပ္ပန်ဘဝ အညာက ကြွေကျဖို့ ရုပ်ခန္ဓာကြီး မှည့်လာတော့တာပဲ။

သဒ္ဓါရဒဏ် နှိပ်စက်ခံရတဲ့ အနာက ခန္ဓာရှိရင် အမြဲရှိတယ်။ ဆာလောင်တဲ့ အနာကလည်း အမြဲရှိနေတယ်။ အကြောင်းဖောက်ပြန်တိုင်း အနာ ပေါ်ရတယ်။ တကယ်နာလာရင် မချိမဆံ့ ခံရတာပါ။ နောက်ဆုံး သေလောက်အောင် နာပြီးမှ သေရတာပါ။ အိုတာနှင့် နာတာပေါင်းပြီး မသေမချင်း ထောင်းထု နှိပ်စက်လိုက်တာ သေပါရော။ မသေနိုင်သူ ဘယ်သူရှိလို့လဲ။ နောက်ဆုံး မရဏမီး လောင်ခံရလို့ အားလုံး သေရတာချည်းပဲ။

မချစ်ခင် မမြတ်နိုးတဲ့ သက်မဲ့သက်ရှိတွေနှင့် အတူယှဉ်တွဲနေရတာလည်း ကိုယ်ရော၊ စိတ်ရော အလွန်ဆင်းရဲရတယ်။ ချစ်ခင်မြတ်နိုးတဲ့ သက်မဲ့ သက်ရှိတွေနှင့် ကွေကွင်း ခွဲခွါရတာလည်း အလွန် ဆင်းရဲပင်ပန်းရတယ်။ လိုတာမရဘဲ မလိုတာ ရတာမျိုး၊ ဖြစ်ချင်တာ မဖြစ်ဘဲ မဖြစ်ချင်တာ ဖြစ်ရတာမျိုး၊ စိတ်တိုင်းကျ မဖြစ်ရတာမျိုးတွေလည်း စိတ်ဆင်းရဲ ပူလောင် ပင်ပန်းရတတ်ပါတယ်။ ဆင်းရဲတွေကို သရုပ်အမျိုးမျိုး ထုတ်ပြနေရသော်လည်း အကျဉ်းချုပ် ဆင်းရဲကတော့ ခန္ဓာ ၅-ပါး ပါ။ ခန္ဓာ ၅-ပါးဆိုတဲ့ မီးလောင်စာ ရှိနေလို့သာ ဆင်းရဲမီးတွေ မဆုံးနိုင်အောင် တဟုန်းဟုန်း တောက်လောင်နေကြရတာပဲ။

၂။ ဒီဆင်းရဲတွေနှင့် ဆင်းရဲမီးလောင်စာ ခန္ဓာရုပ်နာမ်တွေဟာ မိုးပေါ်က အလိုလို ကျလာတာ မဟုတ်ဘူး။ အတိတ်ဘဝက ဘဝခန္ဓာကို လိုလိုချင်ချင် လက်ခံရယူခဲ့တဲ့ ဘဝတဏှာ ခေါ်တဲ့ လောဘကြောင့် ရလာတာပါ။ တဏှာကို ပြောလိုက်ရင် အဝိဇ္ဇာခေါ်တဲ့ မောဟလည်း ပါလာပြီးသား၊ မီးခြစ်ဆံဟာ သူတစ်ခုတည်း မီးတောက်အောင် မလုပ်နိုင်ဘူး။ မီးခြစ်နှင့် ပေါင်းမိလို့ မီးတောက်ရတာ။ တဏှာတစ်ပါးတည်း ဆိုရင် ဒုက္ခမီး တောက်အောင် မလုပ်နိုင်ဘူး။ အဝိဇ္ဇာစတဲ့ အခြားအကြောင်းတွေနှင့် ပေါင်းမိလို့ ဒုက္ခမီး တောက်ရတာပါ။ အဝိဇ္ဇာက ခန္ဓာအပြစ်ကို မမြင်နိုင်အောင် ဖုံးလွှမ်းထားလို့ တဏှာက ခန္ဓာအပေါ် ငြိကပ် စွဲလန်းပြီး



www.burmeseclassic.com

www.burmeseclassic.com



လိုချင်နေတာပါ။ အပြစ်ကို ကြိုတင်မြင်ထားရင် လိုချင်မှာ မဟုတ်ပါဘူး။ စကားအနေနဲ့ အဝိဇ္ဇာ တဏှာလို့ ပြောလိုက်ရင် တရားအနေနဲ့ အခြားယှဉ်ဖက် စေတသိက်တွေလည်း ပါဝင်ပြီးသားပါ။ ခွဲထားလို့ရတာမှ မဟုတ်ပဲ။

၃။ မကောင်းတဲ့ဒုက္ခမီးစာနှင့် သမုဒယမီးတွေဟာ နိဗ္ဗာန်ရမှရောက်မှပဲ လုံးဝ ရုတ်သိမ်း ချုပ်ငြိမ်းကြမှာဖြစ်တယ်။ အဆိုးတွေ ဘာမှမရှိတော့ဘူးဆိုရင် အကောင်းဆုံးပဲ ဖြစ်ရမှာပေါ့။ နိဗ္ဗာန်ဆိုတာ ခံစားရတဲ့ ချမ်းသာမဟုတ်ဘူး။ လွတ်မြောက်ငြိမ်းအေးတဲ့ ချမ်းသာပါ။ အရေးကြုံလာရင် လွတ်မြောက်တဲ့ ချမ်းသာကပဲ လွန်ကဲမြင့်မြတ်ပါတယ်။ လောကထဲမှာ ခံစားဖို့ ရှာဖွေ စုဆောင်းထားတဲ့ စီးပွားဥစ္စာတွေဟာ ရောဂါပြဿနာစတဲ့ အရေးကြုံလာရင် ရောဂါလွတ်မြောက်ရေး၊ ပြဿနာလွတ်မြောက်ရေး ကိစ္စတွေထဲမှာ အကုန်ပါသွားတတ်ကြတာပဲ မဟုတ်လား။

၄။ နိဗ္ဗာန် ကောန်ရှိတယ်ဆိုရင် နိဗ္ဗာန်သွားတဲ့လမ်းလည်း ကောန်ရှိရမှာပေါ့။ မဂ္ဂသစ္စာ ဆိုတဲ့ လမ်း ရှိပါတယ်။ သိက္ခာ ၃-ပါးပါပဲ။ ပုထုဇဉ်အနေနဲ့တော့ လောကီမဂ္ဂပေါ့။ လောကုတ္တရာ မဂ္ဂနှင့် ဆက်မိဖို့ အတွက် လောကီမဂ္ဂက စ လမ်းခင်းပေးနေရပါတယ်။ နေ့စဉ် သတိထားပြီး သိက္ခာ ၃-ပါးလမ်းကြောင်း ခင်းပေးနိုင်ရင် တစ်နေ့လုံး ဘာပဲလုပ်လုပ် ဒုက္ခလွတ်ကြောင်း၊ အပူငြိမ်းကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းချည်းပဲ ဖြစ်သွားတော့မှာပါ။

သစ္စာတရားကို စကားအနေနဲ့ ခွဲပြောရင် ဒုက္ခနှင့် သမုဒယက ဒီခန္ဓာမှာ အဆိုးဆုံး၊ ဆင်းရဲတာနှင့် ပူလောင်တာပေါ့။ မဂ္ဂက ဒီခန္ဓာမှာ အကောင်းဆုံး၊ ဆင်းရဲအပူ လွတ်ငြိမ်းအောင် သန့်စင်ပေးတာပေါ့။ နိဗ္ဗာန်ခေါ်တဲ့ နိရောဓကတော့ ခန္ဓာထဲ ပါတာမဟုတ်ဘူး။ ခန္ဓာအပြင်ဘက်က တရားပါ။

ဒုက္ခနှင့် သမုဒယဆိုတဲ့ ခန္ဓာရဲ့အဆိုး ၂-မျိုးမှာ ဒုက္ခက ခန္ဓာရှိရင် ရှောင်တိမ်းလို့ မရဘူး။ သမုဒယက ရှောင်တိမ်းလို့ရတယ်။ သမုဒယနှင့် ကင်းလွတ်အောင် ရှောင်တိမ်းနိုင်ရင် ရှောင်တိမ်းလို့ မရတဲ့ ဒုက္ခ အပေါ်မှာလည်း အနိုင်ယူ လွှမ်းမိုးနိုင်သွားပါတယ်။ ရှောင်တိမ်းလို့ရတဲ့ သမုဒယနှင့် ရှောင်တိမ်းနိုင်ဖို့ပဲ အထူး ကြိုးစားနေရမှာပါ။

ဒါဆိုရင် သစ္စာလမ်းကြောင်းနဲ့ ကြည့်ရင်လည်း ခန္ဓာကိုယ်ထဲက ဘောလုံးပွဲရဲ့သရုပ်ပေါ်လာပါတယ်။ ဒုက္ခသစ္စာ ခန္ဓာ ၅-ပါးက ဘောလုံးကွင်း၊ အဝိဇ္ဇာ တဏှာ ဦးစီးတဲ့ သမုဒယ ကိလေသာအဖွဲ့က အမည်းသင်း၊ သိက္ခာ ၃-ပါး မဂ္ဂအဖွဲ့က အဖြူသင်းပါ။ ၂-ဖက် ဂိုးသမားနှင့် အတန်း ၃-တန်းကတော့ အရင်အတိုင်းပဲ။

ဒုက္ခခန္ဓာ ဘောလုံးကွင်းထဲမှာ သမုဒယ ကိလေသာ အမည်းသင်းနှင့် မဂ္ဂ အဖြူသင်း ၂-သင်း ယှဉ်ပြိုင်ပြီး စိတ်ဘောလုံးကို လုနေကြတယ်။ ဘောလုံးကန်နေကြတယ်။ ဟုတ်တယ်လေ၊ အမည်းသင်းက နိုင်သွားရင် ဒီခန္ဓာမှာပဲ အကုသိုလ်တွေ ပွားရ၊ စိတ်ဆင်းရဲ ပူလောင်ရ၊ ပြဿနာတွေ ဖြစ်ရနဲ့ မကောင်းတဲ့ အဆိုးတွေ၊ အခိုးတွေ အကုန်တိုးတော့တာပဲ။ အဖြူသင်းက နိုင်သွားပြန်တော့ ဒီခန္ဓာမှာပဲ ကုသိုလ်တွေ ပွားရ၊ ငြိမ်းအေးချမ်းသာရတယ်။ ဒီဒုက္ခခန္ဓာကို အကြောင်းပြုလို့ ဒါနတွေ တိုးရ၊ သီလ လုံခြုံရ၊ သမာဓိတွေ ပွားရ၊ ဒုက္ခတွေကိုတောင် ဝိပဿနာအာရုံအဖြစ်ထားပြီး ဝိပဿနာ ရှုရတယ်။ အကောင်းတွေ တန်ခိုးတွေ အကုန် တိုးရပါတယ်။

ဆိုးတာလည်း ဒီခန္ဓာမှာပဲ။ ကောင်းတာလည်း ဒီခန္ဓာမှာပဲ။ အကောင်းမယူတတ်တော့ အဆိုးရတယ်။ အဆိုးကို နိုင်တော့ အကောင်းရတယ်။ နေ့တိုင်း ဘောလုံးကန်ရင်း ထမင်းစားနေရတာကိုပဲ ကြည့်ပါ။ သတိမထားရင် အမည်းသင်းလက်ထဲ ထမင်းလုတ်ရောက်ပြီး ဒုက္ခ ထမင်းလုတ်တွေ ဖြစ်သွားမယ်။ သတိထားရင် အဖြူသင်းလက်ထဲ ရောက်လို့ သုခပွားကြောင်း ကုသိုလ် ထမင်းလုတ်တွေ ဖြစ်သွားမှာပဲ။

အဆိုးအကောင်း နေ့စဉ် ယှဉ်ပြိုင်နေရတဲ့ ခန္ဓာဘောလုံးပွဲမှာ အကောင်းဘက်ကချည်း အနိုင်ရအောင် သတိထားပြီး အမြဲကြိုးစားနေရုံပေါ့။

အားလုံးငြိမ်းချမ်းကြပါစေ . . .

တိပိဋကယောဆရာတော်
၁၃၆၉-ခု၊ တပေါင်းလ (၂၀၀၈-ခု၊ မတ်လ)



www.burmeseclassic.com